အရှင်ဇနကာဘိဝံသ
၏

အမှတ်(၂၄)ကျမ်းစာ

# ငှက်ကျော်နိဿယ

[အကျဉ်းချုပ်အဓိပ္ပာယ်ဖြင့် တန်ဆာဆင်ထားပါသည်၊]




၁၃၆၂–ခုနှစ်၊ ၂၀၀၀–ခုနှစ်

စုဗူးဘားဗားဓအော့(ဗ်)ဆေးဗီဥတပုံနှိပ်တိုက်
အမရပူရမြို့

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် (၂၉၉/၂၀၀၀) (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၂၂၄/၂၀၀၀) (၅)

ခုနှစ် - ၂၀၀၀ ခုနှစ်၊ ဧပြီလ။

အုပ်ရေ - ၂၀၀၀

အကြိမ် - ပဉ္စမအကြိမ်

တန်ဖိုး - (၄၅၀ိ)

ထုတ်ဝေသူ - ဦးမောင်မောင်၊ မြဲ (၀၃၂၇၁)
မဟာဂန္ဓာရုံစာပေ
ပိန်းတန်းရပ်၊ အမရပူရမြို့။

ပုံနှိပ်သူ - ဦးမောင်မောင်၊ မြဲ (၀၁၈၂၄)
နယူးဘားမားပိဋကပုံနှိပ်တိုက်
မဟာဂန္ဓာရုံရေပ်ဝင်း။ အမရပူရမြို့။


●●●

# အပြည့်နိဒါန်း

နတွာ နာမျံ ကရိဿာမိ, ဝိဘာဝနိယဝဏ္ဏနံ၊
ဗျာချာနံ ဂုရူနံ မယှ, ဝါစနာမဂ္ဂနိဿိတံ။

နာမျံ–ဂုဏ်တော်ကိုမှတ်, ရှိခိုးအပ်သည့်, သုံးရပ်ရတနာ, မြတ်ဆရာကို၊ နတွာ–ကျမ်းပြီးလွယ်ကြောင်း, ဆုမွန်ကောင်းကို, တောင်းကာရည်စူး, ရှိခိုးဦး၍၊ ဂုရူနံ–ကျော်ကြားထီးတံမျှ, လေးစားရသည့်, ငါ့ကျေးဇူးရှင်, ဆရာသခင်တို့၏လည်းကောင်း၊ မယှံ–ဆရာတို့နည်း, နိဿယည်းကို, မှီး၍နည်းယူ, ကျမ်းပြုသူ၏လည်းကောင်း၊ ဝါစနာမဂ္ဂနိဿိတံ–နှစ်ပေါင်းများဖြင့်, ပို့ချစဉ်က, ရေယဉ်သို့စီး, ကောင်းစွာမှီးသော၊ ဗျာချာနံ–နိဿယည်းဝယ်, အဓိပ္ပာယ်ဖြင့်, ချယ်လှယ်ကျစ်လျစ်, အကျယ်ဖြစ်သော၊ ဝိဘာဝနိယဝဏ္ဏနံ–အဘိဓမ္မတ္ထဝိဘာဝနီ, နာမည်ထင်ပေါ်, ဋီကာကျော်၏, ခေါ်ဝေါ်တင်ဆန်း, အဖွင့်ကျမ်းကို၊ ကရိဿာမိ–ဆရာသီးသီး, နည်းစုံမှီး၍, အပြီးတီထွင်, စီရင်ပါအံ့သတည်း။

## ဤနိဿယကို စီစဉ်ရခြင်း

"အဘိဓမ္မတ္ထဝိဘာဝနီ"မည်သော ဤဋီကာကျော်သည် အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၏အဖွင့်ဖြစ်သော်လည်း သင်္ဂြိုဟ်ကျမ်းလာ သဘာဝဓမ္မတို့ကို သေချာစွာ ဖွင့်ပြသောကျမ်း မဟုတ်ပါချေ၊ အဘိဓမ္မာပါဠိတော်၏ အဖွင့်ဖြစ်သော အဋ္ဌကထာဋီကာကြီးတွေ ရှိနေသောကြောင့် သဘာဝဓမ္မတို့ကို သေချာစွာ ဖွင့်ပြဖို့ရာလည်း ဋီကာကျော်ကျမ်းဆရာမှာ တာဝန်မရှိပါ၊ သို့သော် ဝါကျအနေ အထား, စာအရေးသားကောင်းသော ကျမ်းစာဖြစ်သောကြောင့် မြန်မာနိုင်ငံ ဆရာအဆက်ဆက်ပင် ဤဋီကာကျမ်းကို ဂရုတစိုက် သင်ယူပို့ချခဲ့ကြပေသည်။

မိမိလည်း ဤဋီကာကျော်ကို မလွှဲသာ၍ ပို့ချရသောအခါ "ချနက်နိဿယ တစ်စောင် အဖတ်တင်ရစ်စေတော့"ဟု သဘောထား၍ စာဆိုသောပုဂ္ဂိုလ်များကို ရေးသားစေပါသည်၊ မည်သည့်နိဿယမဆို နိဿယချည်းရေးလျှင် တချို့အရာ၌ အဓိပ္ပာယ်သိဖို့ ခဲယဉ်းသောကြောင့် အဓိပ္ပာယ်ပါ ရေးလေ့ရှိသည်အားလျော်စွာ ဤဋီကာကျော်နိဿယ၌လည်း ထိုက်သင့်သမျှ အဓိပ္ပာယ်ကို ရေးသားထားပါသည်၊ သို့သော် အဘိဓမ္မတ္ထသင်္ဂြိုဟ်၏ အဓိပ္ပာယ်အကျယ်ကို သင်္ဂြိုဟ်ဘာသာဋီကာ၌ ပြခဲ့ပြီးဖြစ်သောကြောင့် ထိုအဓိပ္ပာယ်များအတွက် သင်္ဂြိုဟ်ဘာသာဋီကာကို ညွှန်ပြလျက် ဋီကာကျော်၏အဓိပ္ပာယ်ကို ခပ်ကျဉ်းကျဉ်း ဖော်ပြကာ သင်ယူပို့ချရာ၌ ပေါ့ပါးလွယ်ကူအောင် စီစဉ်ထားပါသည်။

၁၃၂၄–ခု                                        အရှင်ဇနကာဘိဝံသ
တပေါင်းလ

# မှတ်ဖွယ်အကြောင်းအရာစဉ်မာတိကာ

| အကြောင်းအရာစဉ် | | | စာမျက်နှာ |
|---|---|---|---|
| အဗျတ္တ–အဗျတ္တိက | ... | ... | ၄၆၄ |
| အဋ္ဌ နှစ်မျိုး | ... | ... | ၆၂၇ |
| အတုလောပုဒ်အဖွင့် | ... | ... | ၂၆ |
| အတ္ထုပကရဏာဒီနာ | ... | ... | ၆၅ |
| အထင်ရှဦ | ... | ... | ၈၈ |
| အဓိဝစနံ ထားပုံ | ... | ... | ၆၄ |
| အနဝတ္တာနမေဝ... | ... | | ၄၈၄ |
| အနန္တရိတွာ | ... | ... | ၃၀၄ |
| အနက်ပေး သတိပြုဖွယ် | ... | ... | ၁ |
| အနာဂါမိ အဖွင့် | ... | ... | ၁၄၃ |
| အနိမိတ္တံ | ... | ... | ၄၉၉ |
| အပ္ပနာဇောနောင် ကာမဇော မကျ | ... | ... | ၂၉၁ |
| အပါယအဖွင့် | ... | ... | ၃၂၅ |
| အဘိဓမ္မာ၏ ဝစနတ္ထ | ... | ... | ၄၀ |
| အဘိဓမ္မတ္ထသင်္ဂဟ၏ ဝစနတ္ထ | ... | ... | ၄၁ |
| အဘိဓမ္မတ္ထာ၏ ဝစနတ္ထ | ... | ... | ၄၁ |
| အဘိဓေယျ ကရဏပ္ပကာရ | ... | ... | ၁၁ |
| အဘိဝန္ဒိယ အဖွင့် | ... | ... | ၃၉ |
| အရဟတ္တံ | ... | ... | ၁၄၄ |
| အရိယသစ္စာ၏ သစ္စအမည် | ... | ... | ၅၃၆ |
| အဝယဝတ္တော | ... | ... | ၂၁ |
| အဝိဇ္ဇာ၏ ဝစနတ္ထ | ... | ... | ၅၅၁ |
| အသက္ကစ္စဒါန စသည် | ... | ... | ၂၄၂ |
| အသင်္ခါရိက, သသင်္ခါရိက | ... | ... | ၆၈ |
| အသညသတ္တ ခေါ်ပုံ | ... | ... | ၃၃၄ |
| အသညတ်မှ စုတေခဲ့သူ၏ အာရုံ | ... | ... | ၂၃၅ |
| အသုရကာယ | ... | ... | ၃၂၈ |
| အသေက္ခပုဒ်ပြီးပုံ | ... | ... | ၃၁၉ |
| အဟောသိကမ္မ၌ သဒ္ဒါနည်း | ... | ... | ၃၅၃ |
| အာဂမသိဒ္ဓိဝေါဟာရ | ... | ... | ၂၃၃ |
| အာဒိကမ္မိကဿ | ... | ... | ၃၁၀ |
| အာပေါဓာတု | ... | ... | ၄၃၆ |
| အာယတန၏ ဝစနတ္ထ | ... | ... | ၅၃၁ |
| အာရဒ္ဓဝါကျ | ... | ... | ၁၅ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အာရမဏာသဒ္ဒါ၏ ပစ္စယအနက် ... ... | ၂၈၃ |
| အာရမဏ်, အာလမ္ဗနံ ... ... | ၂၂၈ |
| အာရုံငါးပါးတို့ ထင်ပုံ မတူ ... ... | ၂၆၅ |
| အာဝဇ္ဇန၏ ဝစနတ္ထ ... ... | ၁၀၃ |
| အာဝဇ္ဇနတပ္ပရောဝ ... ... | ၃၀၈ |
| အာဝဇ္ဇန်းမပါဘဲ စိတ်ဖြစ်ပုံ ... ... | ၃၀၃ |
| ဣစ္ဆာဝံအဖွင့် ... ... | ၈၃ |
| ဣတရထာ ဟိ ... ... | ၅၃ |
| ဣတ္ထိလိင်္ဂ စသည် ... ... | ၄၄၂ |
| ဣဒမတ္ထိကတာ ... ... | ၆၂၉ |
| ဣဿရဝတာယ ... ... | ၁၆၃ |
| ဥက္ကံသဂတိ ပရိစ္ဆေဒ ... ... | ၄၈၇ |
| ဥပကာရုပကာရ ... ... | ၃၅၅ |
| ဥပ္ပါဒ, ဌိတိ, ဘင်္ဂအဖွင့် ... ... | ၂၅၅ |
| ဥပေက္ခာ ... ... | ၇၀ |
| ဥပေက္ခာသည် သုခနှင့်တူ ... ... | ၁၂၈ |
| ကေဝီသံ သတံ ... ... | ၁၅၁ |
| ကေဂ္ဂတာ၏ ဝစနတ္ထ ... ... | ၁၂၄ |
| ဝေဠုကတွာ ထားနည်း ... ... | ၄၅ |
| ကထေတုကမျတာပုစ္ဆာ ... ... | ၁၆၂ |
| ကဗဠီကာရအာဟာရ ... ... | ၄၄၅ |
| ကမ္မဇ်ဒွ် ကာလသုံးမျိုး ... ... | ၄၈၂ |
| ကရဏပ္ပကာရ ပယောဇနေ ... ... | ၂၀ |
| ကာမကုသိုလ်အပြား ... ... | ၁၁၀ |
| ကာမာဝစရဲ အဖွင့် ... ... | ၅၇ |
| ကာယဝိဇ္ဇီဝိညတ်များ ... ... | ၄၄၉ |
| ကာယောအဖွင့် ... ... | ၉၁ |
| ကိစ္စာပိ ... ... | ၅၄ |
| ကိလေသ၏ ဝစနတ္ထ ... ... | ၅၁၀ |
| ကျမ်းဆရာချင်း လျှောင်ပုံ ... ... | ၃၁၄ |
| ကုဏ္ဍနိ ... ... | ၁၇၈ |
| ကုသလပုဒ်အဖွင့် ... ... | ၁၁၂ |
| ကုဟာန လပနစသည် ... ... | ၁၈၀ |
| ခန္ဓာငါးပါး၏ ဥပမာ ... ... | ၅၂၉ |

| အက္ခရာစဉ် | | | စာမျက်နှာ |
|---|---|---|---|
| ဂဏနပရိစ္ဆေဒေါ | ... | ... | ၁၀၆ |
| ဂဏနသင်္ဂဟော | ... | ... | ၁၄၉ |
| ဂဏုတ္တမော | ... | ... | ၃၈ |
| ဂဟာန, ဝိဂါဟန | ... | ... | ၁၀ |
| ဂါရဝဘာဇနံ | ... | ... | ၅ |
| ဂုဏီဘူတာနမ္ပိ | ... | ... | ၃၄ |
| ဂုရုံ(ဂရုံ) | ... | ... | ၄ |
| ဂေါစရဝိသယ | ... | ... | ၄၄၁ |
| စက္ခုဝိညာဉ်၏ မြင်ခြင်း၌ စောဒနာ | ... | ... | ၂၇၀ |
| စတုဂ္ဂုဏ်၌ ဂုဏအနက် | ... | ... | ၃၄၀ |
| စိတ္တုပ္ပါဒ | ... | ... | ၁၈၅ |
| စိတ္တံ၏ ဝစနတ္ထ | ... | ... | ၄၇ |
| စွန့် | ... | ... | ၃၃၆ |
| ဇိဂုါအဖွင့် | ... | ... | ၉၁ |
| ဈာယန-ဈာပန | ... | ... | ၅၁၃ |
| ဉာဏ် သင်္ခါရအားဖြင့် စိတ်ကွဲပြားပုံ | ... | ... | ၁၁၇ |
| တဏှာ၏ ဒုက္ခကာရဏဖြစ်ပုံ | ... | ... | ၅၄၃ |
| တထာဟိ အဖွင့် | ... | ... | ၁၅ |
| တတ္တအစွဲ | ... | ... | ၂၉၂ |
| တိတ္တိယာပုဒ်ပြီးပုံ | ... | ... | ၄၀၄ |
| တဒါယတ္တဝုတ္တိတာယ | ... | ... | ၄၉ |
| တဒါရမဏ်၏ သမာသ် | ... | ... | ၂၇၃ |
| တဏှာဝဝုတ္တိတ္တာ | ... | ... | ၆၅ |
| တရားက ဆောင်ပုံ | ... | ... | ၃၅ |
| တာနိကို နှစ်မျိုးဖွင့်ပုံ | ... | ... | ၂၆၁ |
| တိရစ္ဆာနယောနိ | ... | ... | ၃၂၆ |
| တေဇောဓာတု | ... | ... | ၄၃၆ |
| တေဘူမက၏ ဝစနတ္ထ | ... | ... | ၅၄၁ |
| ဒဿနဘာဝနာ | ... | ... | ၃၀၄ |
| ဒဏ္ဍဗ္ဘေဒန, ဒဏ္ဍသောဓန | ... | ... | ၃၉ |
| ဒိဋ္ဌ, သုတ, မုတအနက် | ... | ... | ၁၀၄ |
| ဒိဋ္ဌိဂတံ | ... | ... | ၆၆ |
| ဒုက္ခံအဖွင့် | ... | ... | ၉၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ဒုက္ခဒုက္ခစသည် ... ... | ၅၂၅ |
| ဒုက္ခနိရောဓ၏ ဝစနတ္ထ ... ... | ၅၃၉ |
| ဒုက္ခနိရောဓဂါမိနီ၏ ဝစနတ္ထ ... ... | ၅၃၉ |
| ဒုက္ခသမုဒယ၏ ဝစနတ္ထ ... ... | ၅၃၉ |
| ဒေါမနဿအဖွင့် ... ... | ၇၇ |
| ဓာတု၏ ဝစနတ္ထ ... ... | ၅၃၄ |
| ဓိဗ္ဗတံ ... ... | ၄၀၃ |
| နယိဒမေဝံအဖွင့် ... ... | ၉၅ |
| န ဟိ တက်ရာ ... ... | ၄၉ |
| နိဂမန် ... ... | ၈၃ |
| နိဗ္ဗာမတဏ္ဍိကာ ... ... | ၃၂၇ |
| နိဒ္ဒါရဏသမာသ် ... ... | ၃၈ |
| နိဗ္ဗတ္တိတပရမတ္ထဘာဝေန ... ... | ၄၀ |
| နိဗ္ဗာန် ... ... | ၅၅ |
| နိယာမငါးပါး ... ... | ၂၇၆ |
| နိယျာနိကာ ... ... | ၃၂ |
| နိရင်္ဂဏံ ... ... | ၃ |
| နိရယအဖွင့် ... ... | ၃၂၆ |
| နိရာရမဏာဝါဒီတို့၏ အယူ ... ... | ၄၅ |
| နိသတ္တကို သတ္တရှိသလိုပြု ... ... | ၈၇ |
| နေပက္ကံ ... ... | ၃၂၉ |
| နာမ်နှင့်ရုပ် အမြန်အနှေး ... ... | ၂၆၁ |
| ပကရဏာရမ္ဘ ... ... | ၁၉ |
| ပကရဏံ အနက်ဖွင့် ... ... | ၁၀ |
| ပကိဏ္ဏကသင်္ဂဟ ... ... | ၂၀၈ |
| ပစ္စက္ခသိဒ္ဓ စသော (၃)မျိုး ... ... | ၄၉၇ |
| ပဉ္စဝိညာဏဓာတ်စသည် ... ... | ၂၈၄ |
| ပဋိစ္စသမုပ္ပာဒ၏ ဝစနတ္ထ ... ... | ၅၄၇ |
| ပဋိပါဒေတဗ္ဗ၏ အနက် ... ... | ၁၂ |
| ပဋိသန္ဓိပဝတ္တိယံ ... ... | ၂၅၃ |
| ပဌမံ တာဝ ... ... | ၁၀ |
| ပဏာမ၏ တရားကိုယ် ... ... | ၁၆ |
| ပဏာမစေတနာ၏ ဒိဋ္ဌဓမ္မအကျိုးပေးပုံ ... ... | ၁၇ |

| အက္ခရာစဉ် | | | စာမျက်နှာ |
|---|---|---|---|
| ပဏ္ဏာမစေတနာသည် ဥပထမ္ဘက | ... | ... | ၁၈ |
| ပဏ္ဏာမပြုရာ၌ အရိယာသံဃ | ... | ... | ၃ |
| ပတိဃအဖွင့် | ... | ... | ၇၇ |
| ပဋ္ဌမဈာန်စသည်၏ အစဉ် | ... | ... | ၁၂၅ |
| ပထဝီဓာတု | ... | ... | ၄၃၅ |
| ပဒါဝတ္ထိကန္တ, ဝါကျာဝတ္ထိကန္တ | ... | ... | ၃၉ |
| ပန တထာပိ | ... | ... | ၇ |
| ပပဉ္စေန္တိ | ... | ... | ၁၅ |
| ပယောဇနေ၏ ဝစနတ္ထ | ... | ... | ၁၃ |
| ပရမတ္ထော၏ ဝစနတ္ထ | ... | ... | ၄၃ |
| ပရမပုဒ်အနက် | ... | ... | ၉ |
| ပရာမသနအဿာဒနာဘိနန္ဒန | ... | ... | ၂၄၁ |
| ပရိတ္တအာရုံ | ... | ... | ၂၄၆ |
| ပါပါနိ | ... | ... | ၁၀၆ |
| ပိသဒ္ဒါ၏အဖွင့် | ... | ... | ၇၉ |
| ပိသုနာ၌ ပိသုဓာတ်ဟု မှား၏ | ... | ... | ၃၆၆ |
| ပီတိ၏ ဝစနတ္ထ | ... | ... | ၁၂၃ |
| ပေါရာဏောဟိ | ... | ... | ၇ |
| ဖရသဝါစာ | ... | ... | ၃၆၆ |
| ဗဟိဒ္ဓ၌ ဩဇာက မထောက်ပံ့ | ... | ... | ၄၄၆ |
| ဗုဓာတ်၏ ဓာဂရဏဝိကသနအနက် | ... | ... | ၂၄ |
| ဗောဇ္ဈင်္ဂ၏ ဝစနတ္ထ | ... | ... | ၅၂၇ |
| ဗျတိရိတ္တာဗျတိရိတ္တအတ္တ | ... | ... | ၅၀၆ |
| ဘင်ခဏ၌ ရုပ်ကို မဖြစ်စေဝါဒ | ... | ... | ၄၇၄ |
| ဘဝင်လှုပ်ခြင်း၌ စောဒနာ | ... | ... | ၂၆၈ |
| "ဘုရားပွင့်"ဟူသော အခေါ် | ... | ... | ၂၆ |
| ဘုရားရှင်က တရားပူဇော်ပုံ | ... | ... | ၂ |
| မနုပ္ပဝတ္တိ | ... | ... | ၃၀၈ |
| မနုဿ၏ဂုဏ် | ... | ... | ၃၂၈ |
| မနောဒွါရ် ဘဝင်္ဂနှင့် ဝုဋ္ဌိတိ | ... | ... | ၂၂၄ |
| မဟာထေရ် | ... | ... | ၄ |
| မိစ္ဆာစာရော၌ မိစ္ဆာအနက် | ... | ... | ၃၅၉ |
| မိဒ္ဓ၏ ရူပဝါဒီ | ... | ... | ၁၇၃ |
| မောဟကြောင့် အဒိန္နာဒါနဖြစ် | ... | ... | ၃၇၂ |

| အက္ခရာစဉ် | | | တမျက်နှာ |
|---|---|---|---|
| မျက်လုံးလည်း ဥပစာစက္ခု | ... | ... | ၉၀ |
| ယထာဘိနိဟာရ | ... | ... | ၂၉၀ |
| ယထာလာဘ ယောဇနာ | ... | ... | ၁၁၆ |
| ယဒိ+ဧဝံ | ... | ... | ၅၂ |
| ယာထာဝ သရသလက္ခဏာ | ... | ... | ၂၃ |
| ယာနတ္တယမုခေန | ... | ... | ၃၂ |
| ယုဂနဒ္ဓ | ... | ... | ၆၄၇ |
| ယောဇနာထားပုံ | ... | ... | ၄၃ |
| ရဟန္တာ၏စေတနာသည် သင်္ခါရမမည် | ... | ... | ၅၅၅ |
| ရာဂပဏိဓိ | ... | ... | ၁၂၇ |
| ရက္ခသာခါကဲ့သို့ အပေါင်းအစိတ် | ... | ... | ၁၄၉ |
| ရုပ္ပတိ | ... | ... | ၅၁ |
| ရုပ်သက်တစ်ဆယ့်ခြောက်ချက်ဝါဒ | ... | ... | ၂၆၃ |
| လဒ္ဓဂုဏ် | ... | ... | ၅၁ |
| လီနပဒါနံ | ... | ... | ၈ |
| လောကုတ္တရာအဖွင့် | ... | ... | ၆၁ |
| လောလုပ္ပတဏှာ | ... | ... | ၂၄၀ |
| ဝဏ္ဏာယိဿံ | ... | ... | ၅ |
| ဝါယောဓာတု | ... | ... | ၄၃၆ |
| ဝိကာရရုပ်သိပုံ ဥပမာ | ... | ... | ၄၅၇ |
| ဝိစိတောပစိတပါရမီ | ... | ... | ၂၃ |
| ဝိတက်စသည်ကိုသာ ချန်ခေါ်ရပုံ | ... | ... | ၁၂၅ |
| ဝိပါက်အမှန်ဇောအပြန် | ... | ... | ၂၉၄,၅ |
| ဝိပုလ ဝေယျတ္တိယ | ... | ... | ၁၀ |
| ဝိဘာဂ၏ ဥပစာအမည် | ... | ... | ၉၃ |
| ဝိဘာဂ ဝိဘာဂဝန္တ | ... | ... | ၅၆ |
| ဝိသာရဒံ | ... | ... | ၅၆ |
| ဝီထိစိတ်၏ ဥပမာ | ... | ... | ၂၇၄ |
| ဝေရမဏိ(ဏီ) | ... | ... | ၁၇၉ |
| သကဒါဂါမိ အဖွင့် | | ... | ... |
| ၁၄၂ သကသမယ သမယန္တရံ | ... | ... | ၉ |
| သက္ကစ္စံ အာဒရေန | ... | ... | ၄၀ |
| သကတ္တကို ရှေ့က သွင်း၍ ဝိဂြိုဟ်ပြု | ... | ... | ၈၇ |
| သက္ကာယဒိဋ္ဌိ | ... | ... | ၁၈၉ |
| သင်္ခါရေန အရကောက် | ... | ... | ၄၃၇ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| သင်္ခါရော ... ... | ၆၇ |
| သစ္စ၌ တရားအားလုံးပါပုံ ... ... | ၅၄၃ |
| သညာရောဂေါ၌ နည်း ... ... | ၄၀၃ |
| သတ္တပညတ္တိယာ ... ... | ၅၁၇ |
| သတ္တုပကာရ၌ ဥပကာရအနက် ... ... | ၃၁ |
| သဒ္ဒါတူ နှစ်ချက် အတိသယအနက် ... ... | ၈၂ |
| သဒ္ဒမွော ... ... | ၃၇ |
| သနိဒဿန သပ္ပဋိဃရုပ် ... ... | ၄၆၇ |
| သပဘောဒပဝတ္တိကာ ... ... | ၄၂၉ |
| သမ္ပတ္တိ ဝိပတ္တိ ... ... | ၄၀၈ |
| သမ္ဗုဒ္ဓါသုံးပါးဖြင့် ချီးမွမ်းခြင်း ... ... | ၂၈ |
| သမ္ဖပလာပ ... ... | ၃၆၆ |
| သမ္ဗန္ဓောထားရိုး ... ... | ၂၂ |
| သဗ္ဗညုတဉာဏ် အမည်မစွန့် ... ... | ၂၂၁ |
| သမတ္တာနိ ... ... | ၈၄ |
| သမယန္တရ၌ စဉ်းစားဖွယ် ... ... | ၁၀ |
| သမာဓိ၏ ဝစနတ္ထ ... ... | ၁၂၆ |
| သမာဟာရဒွန်၌ ပုံလိင် ဣတ္ထိလိင် ... ... | ၁၈၆ |
| သမ္မာ သာမညအဖွင့် ... ... | ၂၂ |
| သမုဒါယတ္ထော ... ... | ၂၁ |
| သဟကာရိကာရဏ ... ... | ၄၁၇ |
| သဟယောဂေန ... ... | ၃၄ |
| သသမ္ဘာရ ... ... | ၄၃၁ |
| သာမတ္ထိယတော ... ... | ၁၃ |
| သာဝဏ္ဍ ပုဒ်ပြီးပုံ ... ... | ၃၅၀ |
| သိဒ္ဓအမျိုးမျိုး ... ... | ၆၃၁ |
| သီလံ ... ... | ၆၂၉ |
| သုဂတိ ... ... | ၃၂၅ |
| သေက္ခပုဒ်ပြီးပုံ ... ... | ၃၁၇ |
| သောတာပတ္တိမဂ္ဂစိတ္တုံ အဖွင့် ... ... | ၁၄၃ |
| သောမနဿံ အဖွင့် ... ... | ၆၃ |
| ဟဒယဝတ္ထု မဟောခြင်း ... ... | ၄၄၃ |
| ဟေတု၏ ဝစနတ္ထ ... ... | ၅၆၅ |
| ဟေတုဘာဝ ... ... | ၂၁၃ |
| ဟေတုဘာဝေန ဟုတ္တာ ... ... | ၇၆၆ |

# ဋီကာကျော်နိဿယ

## ဂန္ထာရမ္ဘအဖွင့်

**ရတနတ္တယ ပဏာမ** (အဟံ-ငါသည်၊) ဝိသုဒ္ဓကရုဏာညာဏံ - အထူးသဖြင့် စင်ကြယ်သော မဟာကရုဏာ, သဗ္ဗညုတဉာဏ်ရှိတော်မူသော၊ ဗုဒ္ဓံ-ကြွင်းမဲ့ဉဿုံ, အလုံးစုံကို, အကုန်သိမြင်, ဘုရားရှင်ကိုလည်းကောင်း၊ သမ္ဗုဒ္ဓပူဇိတံ-မြတ်စွာဘုရားသည် ပူဇော်တော်မူအပ်သော၊ ဓမ္မံ-မဂ်ဖိုလ်နိဗ္ဗာန်, ဓမ္မက္ခန်ဟု, ဆယ်တန်သောတရားမြတ်ကိုလည်းကောင်း၊ သဒ္ဓမ္မသမ္ဘူတံ-သုံးပါးသောသဒ္ဓမ္မကြောင့် အရိယာဇာတ်အားဖြင်း ကောင်းစွာ ဖြစ်တော်မူသော၊ နိရင်္ဂဏံ-ရာဂစသည့်, ကိလေသာအင်္ဂဏာ ရှိတော်မမူသော၊ သံဃံ-ရှစ်ပါးအရိယာ, မြတ်သံဃာကိုလည်းကောင်း၊ (နမာမိ-ကိုင်းညွတ်ရှိကျိုး, ရှိခိုးပါ၏၊) နတွာ-ကိုင်းညွတ်ရှိကျိုး, ရှိခိုးပြီး၍လည်းကောင်း။ [ဝဏ္ဏာယိဿံ၌ စပ်။]

---

**အနုသန္ဓေ**။ ။ကျမ်း၏အစ၌ အန္တရာယ်ပျောက်ကင်း ကျမ်းပြီးခြင်းအကျိုးငှာ ရတနတ္တယပဏာမကို ပြုတော်မူလိုသော အရှင်သုမင်္ဂလသာမိ ဋီကာဆရာသည် “ဝိသုဒ္ဓကရုဏာညာဏံ”အစရှိသော ဂါထာကို မိန့်၊ ထိုဂါထာ၏လိုရင်းကား-“ဗုဒ္ဓံ ဓမ္မံ သံဃံ နတွာ”တည်း၊ ဘုရား တရား သံဃာ ရတနာသုံးပါးကို ရှိခိုးပြီး၍-ဟူလို။ [ပဏာမစေတနာ၏ အန္တရာယ်ကင်းစေနိုင်ပုံကို ဋီကာဆရာကိုယ်တိုင် ဖွင့်လတ္တံ့။]

### အနက်ပေး သတိပြုဖွယ်

**ပဌမံ ကရေ ပဒစ္ဆေဒံ, သမာသာဒိံ တတော ကရေ၊**
**သမာသာဒေါ ကတေ ပစ္ဆာ, အတ္ထံ နိယျာထ ပဏ္ဍိတော။**

**ပဒစ္ဆေဒ**။ ။ပဏ္ဍိတော-ပညာရှိသည်၊ ပဌမံ-စွာ၊ ပဒစ္ဆေဒံ-ပုဒ်ဖြတ်မှုကို၊ ကရေ-ပြုရာ၏၊ သမာသ်စသည် မတွဲမီ ရှေးဦးစွာ ပုဒ်ဖြတ်မှုကို ပြုရသည်၊ “ပုဒ်ဖြတ်”ဟူရာ၌ သန္ဓိပုဒ်ဖြတ်ရုံမျှမက, ပဒစ္ဆေဒ ပဒစိန္တာ-ဟူသော သံဝဏ္ဏနာနည်းအရ ပုဒ်တစ်ခုကို နာမ် အာချာတ် ဥပသာရ နိပါတ်တွင် မည်သည့်ပုဒ်ဟု ခွဲဖြတ်ရမည်၊ နာမ်အမျိုးမျိုးတွင်လည်း သမာသ်-တဒ္ဓိတ်-ကိတ်-ရုဋ္ဌိနာမ်တို့တွင် မည်သည့်နာမ်ပုဒ်ဟု ခွဲဖြတ်ရဦးမည်၊ ဤအားလုံးကို ပဒစ္ဆေဒဟု ဆိုလိုသည်။

**သမာသာဒိ**။ ။ထို့နောက် သမာသ်ပုဒ်ဖြစ်လျှင် မည်သည့်သမာသ်ဟု ခွဲခြား၍ သမာသ်တွဲ၊ တဒ္ဓိတ်ပုဒ်ဖြစ်လျှင် မည်သည့်တဒ္ဓိတ်ဟု ခွဲခြား၍ တဒ္ဓိတ်ဝိဂ္ဂြိုဟ်ပြု၊ ကိတ်ပုဒ်ဖြစ်လျှင် မည်သည့်သာဓနဟု ခွဲခြား၍ ကိတ်ဝိဂ္ဂြိုဟ်ပြုရသည်၊ တိဿ-ဒိတ္တာပုဒ်တို့ကဲ့သို့ ရုဋ္ဌိပုဒ်ဖြစ်လျှင် ဝိဂ္ဂြိုဟ်မလုပ်ရသော သုဒ္ဓနာမ်ပုဒ်ဟု မှတ်သားထားရသည်၊ မှန်၏-ရုဋ္ဌိပုဒ်, အာချာတ်, ဥပသာရ, နိပါတ်နှင့် အာလုပ်ပုဒ်များ၌ ဝိဂ္ဂြိုဟ်မပြုရ။

**အတ္ထံ နိယျာထ**။ ။သမာသာဒေါ–သမာသ်အစရှိသည်ကို၊ ကတေ–ပြုအပ်ပြီးသော်၊ ပစ္ဆာ–နောက်၌၊ အတ္ထံ–ကို၊ နိယျာထ–ထုတ်ဆောင်ရာ၏၊ ဤသို့ ရှေးဆရာတို့ မိန့်အပ်သည်နှင့်အညီ ပုဒ်တစ်ခုကို သဒ္ဒါနည်းအားဖြင့် သေချာစွာ စိစစ်ပြီးမှ အနက်ပေးရပါသည်၊ ထို့ကြောင့် ဤဋီကာကျော်နိဿယ၌ သဒ္ဒါနက်မလွတ်အောင် အနက်ပေးထားပုံကို သတိပြုပါလေ၊ အဓိပ္ပာယ်ပြရာ၌ကား အကျဉ်းချုပ်မျှ ရေးသားမည်ဖြစ်သောကြောင့် ထိုသဒ္ဒါနည်းများကို ထူးခြားသောပုဒ်၌သာ ခွဲပြပါမည်။ ["နိယျာထ" ၌ နိပုဗ္ဗ–ယာဓာတ်, ထေဝိဘတ်မှ ဧကို ချေ။]

**ဝိသုဒ္ဓပေါဉာဏံ**။ ။ဘုရားရှင်၏ ဂုဏ်တော်များစွာတို့တွင် ကရုဏာနှင့် ပညာသည် အချုပ်အခြာဖြစ်၏၊ ချဲ့ဦးအံ့၊–သတ္တဝါတို့ အပေါ်၌ သနားကရုဏာ ကြီးမားတော်မူသောကြောင့် လက်တော်အနီး၌ ရောက်နေသော နိဗ္ဗာန်ကို စွန့်၍ ဘုရားဖြစ်ဖို့ရန် ဓိဋ္ဌာန်တော်မူခဲ့ပါသည်၊ ထို့ကြောင့် ဘုရားရှင် ဂုဏ်တော်များ၏ အစသည် မဟာကရုဏာတော်တည်း၊ ထို့နောက် ပါရမီတော်များကို ဖြည့်ကျင့်၍ သဗ္ဗညုတဉာဏ်ပညာတော်ကြီးရမှ ဗုဒ္ဓမြတ်စွာအဖြစ်သို့ ရောက်တော်မူ၏၊ ထို့ကြောင့် ဘုရားဖြစ်ကြောင်း တရားသည် ဉာဏ်တော်တည်း၊ စတုဝေသာရဇ္ဇဉာဏ်တော် စသည်များကား သဗ္ဗညုတဉာဏ်တော်မှ ဆက်ပွားသော ဉာဏ်တော်အထူးများသာဖြစ်သည်၊ ဤသို့လျှင် အချုပ်အခြာဖြစ်သော ဂုဏ်တော် ၂ ပါးဖြင့် "ဝိသုဒ္ဓကရုဏာဉာဏံ"ဟု ဘုရားရှင်ကို ထောမနာပြုသည်။

**သမ္ဗုဒ္ဓပူဇိတံ**။ ။တရားတော်ကား ထိုဘုရားရှင်သည် ပူဇော်အပ်သောတရားတော်ဖြစ်ပေသည်၊ ချဲ့ဦးအံ့–ဘုရားရှင်သည် ဘုရားဖြစ်ပြီး၍ မကြာမီပင် (အဇပါလ ညောင်ပင်အောက်၌ သီတင်းသုံးတော်မူစဉ်) "ရိုသေလေးစားစရာ မရှိဘဲ နေရခြင်းသည် မကောင်းချေ၊ အဘယ်သူ့ကို အရိုအသေပြု၍ နေရပါမည်နည်း"ဟု ဆင်ခြင်တော်မူသောအခါ ကမ္ဘာလောက၌ ကိုယ်တော်မြတ်ထက် သီလစသည်သာသော အရိုအသေပြုစရာ တစ်စုံတစ်ယောက်မျှ မြင်တော်မမူရသောကြောင့် "ယံနူနာဟံ ယွာယံ ဓမ္မော မယာ အဘိသမ္ဗုဒ္ဓေါ, တမေဝ ဓမ္မံ သက္ကတွာ ဂရုံ ကတွာ ဥပနိဿာယ ဝိဟရေယျံ–ငါသိအပ်ပြီးသော တရားကိုသာ ရိုသေသမှု အလေးပြု၍ နေရပါမူ ကောင်းလေစွ"ဟု ဆင်ခြင်တော်မူကာ တရားကိုသာ ရိုသေလေးစား ပူဇော်သောအားဖြင့် အာရုံပြု၍ နေတော်မူသည်၊ (သဂါထာဝဂ္ဂ–ဗြဟ္မသံယုတ်)၊ ထို့ကြောင့် တရားတော်၏ဂုဏ်ကို "သမ္ဗုဒ္ဓပူဇိတံ–မဟာကရုဏာနှင့် သဗ္ဗညုတဉာဏ်ရှင် ဖြစ်တော်မူသော ဘုရားရှင်သော်မှ လေးစားကော်ရော် ပူဇော်အပ်သောတရား"ဟု အမြင့်ဆုံး စကားလုံးဖြင့် ချီးကျူးထောမနာလေသည်၊ မှန်၏–တရားတော်ကို ချီးကျူးရာဝယ် ဤဂုဏ်ပုဒ်ထက် မြင့်သောစကားလုံး မရှိတော့ပြီ။

**သဒ္ဓမ္မသမ္ဘူတံ**။ ။သူတော်ကောင်း ကျင့်စဉ်တရားကို နာယူခြင်း, နာယူပြီး၍ ကျင့်ခြင်း, ကျင့်၍သိအပ်သော မဂ်ဖိုလ်နိဗ္ဗာန်တရား, ဤ ၃ ပါးသည် သဒ္ဓမ္မသုံးပါးတည်း၊ ထို သဒ္ဓမ္မကြောင့် အရိယာဇာတ်(အရိယာဘဝ)သို့ ရောက်ရသော အရိယာသံဃာတော်များကို "သဒ္ဓမ္မသမ္ဘူတံ"ဟု ထောမနာပြုသည်။ [သဒ္ဓမ္မတော–ကြောင့်+သမ္ဘူတော သဒ္ဓမ္မသမ္ဘူတော။]

**အာစရိယ ပဏာမ** သာရိပုတ္တံ–သာရိပုတြာမည်တော်မူသော၊ မဟာထေရံ–ဝါ ၂၀ ရပြီး, မဟာထေရ်ဖြစ်တော်မူထသော၊ ပရိယတ္တိဝိသာရဒံ–သုံးပုံပိဋကတ်, ပရိယတ်အတွင်း, ခြသေ့်မင်းသို့, ကင်းသော ရွံ့ရှားခြင်း ရှိတော်မူထသော၊ ဓီရံ–ခိုင်မြဲသော သမာဓိရှိတော်မူထသော၊ ဂါရဝဘာဇနံ–ရိုသေလေးစားအပ်သောပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာ သီလ သမာဓိ စသော ဂုဏ်၏တည်ရာ ဖြစ်တော်မူထသော၊ ဂုရုံ–ကျောက်ထီးတန္တို့, အလေးပြုအပ်, ဆရာမြတ်ကို၊ သိရသာ–ဦးခေါင်းရတနာ, မြတ်အင်္ဂါဖြင့်၊ (ဝန္ဒာမိ–ချီးမွမ်းမြတ်နိုး, ရှိခိုးပါ၏၊) ဝန္ဒိတွာ–ချီးမွမ်းမြတ်နိုး, ရှိခိုးပြီး၍လည်း ကောင်း။ [ဝဏ္ဏာယိသံ၌ စပ်။]

---

**နိရင်္ဂဏံ**။ ။အင်္ဂဏိ ဧတေဟိ (တံသမင်္ဂီပုဂ္ဂလံ နိဟီနဘာဝံ ဂစ္ဆန္တီတိ)အင်္ဂဏာနိ–ရာဂ စသည်ရှိသူ ဟူသမျှ၏ ယုတ်ညံ့သူ၏အဖြစ်သို့ ရောက်ကြောင်းတရားများ။ [ပဏ္ဏာသ–အနင်္ဂဏသုတ်ဋီကာဝိဂ္ဂဟ၊ အဂိဓာတ်, ယုကို အနပြု၊ ပိသောဒရာဒိဂိုဏ်း၊ နတ္ထိ + အင်္ဂဏာနိ ယဿာတိ နိရင်္ဂဏော။]

**အမှာ**။ ။ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ဘုရားနှင့်တရား ရတနာ ၂ ပါးကိုလည်း သံဃာတော်ကြောင့်သာ သိရသည်ဖြစ်၍ သံဃာတော်က အထူးကျေးဇူးများသောကြောင့် သံဃာတော်ကို "သဒ္ဓမ္မသမ္ဘူတံ, နိရင်္ဂဏံ"ဟု ဝိသေသန ၂ ပုဒ်ဖြင့် ထောမနာ ပြုတော်မူသည်ဟု မိန့်လေ့ရှိကြသည်၊ ဤ၌ "သံဃာဟူသည်လည်း ပုထုဇဉ်မဟုတ်, အရိယာချည်းသာ၊ မှန်၏–အန္တရာယ်ကင်းခြင်းဟူသော ဒိဋ္ဌဓမ္မအကျိုးကို မျှော်ကိုး၍ ရှိခိုးရာ၌လည်းကောင်း, သံဃာနုဿတိကမ္မဋ္ဌာန်းစီးဖြန်းရာ၌လည်းကောင်း, (ရတနသုတ်ဝယ်) သံဃာ့ဂုဏ်တော်ကို ဆို၍ သစ္စာပြုရာ၌လည်းကောင်း, "သံဃံ သရဏံ ဂစ္ဆာမိ"ဟူသော သရဏဂုံ ဆောက်တည်ရာ၌လည်းကောင်း, အရိယာသံဃာချည်းသာ ဖြစ်သည်။

**နတွာ**။ ။ဤနတွာပုဒ်နှင့်စပ်၍ "နမာမီတိ နတွာ, အနမိတွာ နတွာ"ဟု ဝိဂ္ဂဟ မပြုရကြောင်းကို သဂြိုဟ်ဘာသာဋီကာ အဘိဓါဒိယပုဒ်အဖွင့်၌ စိစစ်ထားပြီ၊ ["နတွာ–ငြီး၍လည်းကောင်း"ဤ (လည်းကောင်း)သည် ဒုတိယဂါထာ၌ ဝန္ဒိတွာကိုဆည်းသော သမုစ္စည်းတည်း၊ နတွာဟု ရှိခိုးပြီးခြင်း အတိတ်ကြိယာကို တွေ့ရသဖြင့် ရှိခိုးဆဲ ပစ္စုပ္ပန်ကြိယာကိုလည်း (အကျိုးကို အစဉ်လိုက်၍သိရသော)ဖလာနုမာနနည်းအားဖြင့် မှန်းဆ၍ သိနိုင်၏၊ [ဖလ–အကျိုးကို+အနု–အစဉ်လျှောက်၍+မာန–အကြောင်းကို မှန်းဆနိုင်သောနည်း၊] ထို့ကြောင့် "နမာမိ"ဟု ရှိခိုးဆဲ ပစ္စုပ္ပန်ကြိယာကို ထည့်ခဲ့ရသည်၊ ဤသို့ ထည့်နိုင်ပုံကိုလည်း သဂြိုဟ်ဘာသာဋီကာ၌ ပြထားပြီ။

**သာရိပုတ္တံတျာဒီ**။ ။ရတနတ္တယပဏာမကို ပြပြီး၍ ဂုရု(အာစရိယ)ပဏာမကို ပြလိုသောကြောင့် "သာရိပုတ္တံ"စသည်ကို မိန့်၊ ဤဂါထာ၌ လိုရင်းကား "သာရိပုတ္တံ ဂုရုံ ဝန္ဒိတွာ"တည်း၊ သာရိပုတ္တရာမည်တော်မူသောဆရာကိုလည်း ရှိခိုးပါ၏၊ ရှိခိုးပြီး၍–ဟူလို၊

"ဝန္ဒိတွာ–ရှိခိုးပြီး၍လည်းကောင်း"ဟူရာ၌ "လည်းကောင်း"ဖြင့် ဆိုခဲ့ပြီးသော "နတွာ" ကို ပေါင်းသည်၊ "လည်းကောင်း" အနက်ဟောဖို့ရာ စသဒ္ဒါကိုကား ဂါထာဖြစ်၍ အက္ခရာလုံးရေ မပိုစေလိုသောကြောင့်လည်းကောင်း, မပါသော်လည်း သိလောက်သော ကြောင့်လည်းကောင်း မထည့်ဘဲ ထားသည်၊ ထို့ကြောင့် အနက်ပေးရာ၌သာ "လည်း ကောင်း"ထည့်၍ ပေးရသည်၊ စသဒ္ဒါကို ထည့်၍ ပေးလိုကလည်း ပေးနိုင်ပါသည်။

**သာရိပုတ္တံ**။ ။ဤအမည်သည် လက်ျာတော်ရံ အဂ္ဂသာဝကအရှင်သာရိပုတ္တရာ၏ အမည်တည်း၊ ["သာရိယာ–ရူပသာရီမည်သော မယ်တော်၏+ပုတ္တော–သားတော် တည်း၊ သာရိပုတ္တော–သားတော်၊] ထိုအဂ္ဂသာဝကအရှင်မြတ်၏အမည်ကို ယူ၍ (ပညာဉာဏ်တစ်စိတ် တူသောကြောင့်) အရှင်သုမင်္ဂလသာမိ၏ ဆရာတော်ကိုလည်း သဒိသူပစာရအားဖြင့် "သာရိပုတ္တ" ဟု ဆရာတို့က မှည့်ခေါ်ကြသတတ်၊ ထို သာရိပုတ္တရာ အရှင်ကား သီဟိုဠ်ကျွန်းဝယ် ပရက္ကမဗာဟုမင်းလက်ထက်၌ ထင်ရှားခဲ့ သော သာရတ္ထဋီကာဆရာတော် ဖြစ်သည်။

**မဟာထေရံ**။ ။"ထေရ–နဝ–မဇ္ဈိမ"ဟု ၃ မျိုး ခွဲခြားရာ၏၊ ထိုတွင် ရဟန်းဖြစ် သည်မှစ၍ ၅ ဝါ မရသေးသူကို "နဝ–သီတင်းငယ်"ဟုလည်းကောင်း, ၅ ဝါ ရပြီး၍ ၁၀ ဝါ မရသေးသူကို "မဇ္ဈိမ–သီတင်းလတ်"ဟုလည်းကောင်း, ၁၀ ဝါရပြီး သူကို "ထေရ–ထေရ်၊ ဝါ–သီတင်းကြီး"ဟုလည်းကောင်း ခေါ်၏၊ ထို ထေရတွင် လည်း ဝါ ၂၀ မရသေးသူကို "အနုထေရ–ငယ်သောထေရ်"ဟုလည်းကောင်း, ဝါ ၂၀ ရပြီးသူကို "မဟာထေရ–ကြီးသောထေရ်"ဟုလည်းကောင်း, ခွဲခြား၍ ခေါ်ဝေါ်ကြ၏၊ အရှင်သာရိပုတ္တရာကား ဝါ ၂၀ ရပြီးသော မဟာထေရ်–ဆရာတော်ကြီး တည်း။ [မဟန္တော + ထေရော မဟာထေရော။]

**ပရိယတ္တိဝိသာရဒံ**။ ။သာရဒ္ဓနံ–ရွံ့ရှားခြင်း၊ သာရဒေါ–ခြင်း၊ ဝိဂတော+သာရဒေါ ယဿာတိ ဝိသာရဒေါ၊ ပရိယတ္တိယံ–၃ ပုံပိဋကတ်, အလုံးစုံသော ပရိယတ်အရာ၌၊ ဝိသာရဒေါ–ကင်းသော ရွံ့ရှားခြင်းရှိသူတည်း၊ ပရိယတ္တိဝိသာရဒေါ၊ (တော ၃ တောင် အတွင်း၌ ကေသရာဇာခြင်္သေ့မင်းသည် ရွံ့ရှားခြင်းကင်း ရဲတင်းသကဲ့သို့) ပိဋကတ် ၃ ပုံ ပရိယတ်တောရဂုံ အတွင်း၌ ရဲတင်းတော်မူသော ဆရာတော်။

**ဓီရံ**။ ။ဓေတိ တိဋ္ဌတိ တောယာတိ ဓီ=ယုဉ်ဖက်တရားတို့၏ တည်တံ့ကြောင်း သမာဓိ၊ ဓီ+ယဿ အတ္ထီတိ ဓီရော=ပရဝါဒီပုဂ္ဂိုလ်များ၏ လှုပ်ရှားမှုကြောင့်လည်း ကောင်း, ကာမဂုဏ်များ၏ လှုပ်ရှားမှုကြောင့်လည်းကောင်း, မယိမ်းမယိုင် မြဲခိုင်သော သမာဓိရှိသောပုဂ္ဂိုလ်၊ [ဓီသဒ္ဒါသည်"ပညာ"အနက်ကိုလည်း ဟော၏၊ သို့သော် ထိုပညာကို ရှေ့ပုဒ်ဖြင့် ယူပြီး ဖြစ်၍ သမာဓိအနက်ကိုသာ ပေးလိုက်သည်။

**ဂုရုံ**။ ။ဆရာ မိ ဘ, လေးသောဝန် စသည်ကို ဟောရာ၌ "ဂုရုံ, ဂရုံ"ဟု ပါဠိ၌ နှစ်ထွေ အသုံးပြုကြ၏၊ သို့သော် ထောမနိဓိအဘိဓာန်၌ "ဂုရု"ဟုသာရှိသောကြောင့် လည်းကောင်း, ရှေးဆရာတို့လည်း "ရာဇာဓိရာဇဂုရု" စသည်ဖြင့် အသုံးပြုခဲ့သော ကြောင့်လည်းကောင်း ဂုရုပုဒ်ကိုသာ အသုံးပြုလိုက်ပါသည်၊ သက္ကတ၌ "ဂြ" ဓာတ်, ပါဠိ၌ "ဂရ"ဓာတ်သည် သေက, ဥဂ္ဂတ (သွန်းလောင်းခြင်း,ကျော်စောခြင်း)အနက်ကို ဟော၏၊ သက္ကတ၌ ကုပစ္စည်းဟု ဆို၏၊ ပါဠိ၌ ဥပစ္စည်းကြံ၊ ဂရတိ–တပည့်များကို

**ပဋိညာဉ် စသည်** အာဘိဓမ္မိကဘိက္ခုနံ့–အဘိဓမ္မာကို သင်ယူသိတတ်, ရဟန်းမြတ်တို့၏၊ ပရံ့–လွန်စွာ၊ ပီတိဝိဝမုနံ့–ပီတိကို တိုးပွားစေတတ်သော၊ အဘိဓမ္မတ္ထသင်္ဂဟံ–အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကို၊ သမာသေန–အကျဉ်းချုပ်အားဖြင့်၊ ဝဏ္ဏယိဿံ–ဖွင့်ပြပေအံ့။

---

မေတ္တာရေဖြင့် သွန်းဖြန်းတတ်၏၊ ဉာတိ ဂုရု၊ (တစ်နည်း) ဂရယတိ–တပည့်တို့က လည်း မေတ္တာရေဖြင့် သွန်းဖြန်းအပ်၏၊ ဉာတိ ဂုရု၊ (အ)ကို (ဥ)ပြု။

**ဂါရဝဘာဇနံ**။ ။ဂုရုနော–လေးစားအပ်သူ၏ + ဘာဇဝေါ–ဖြစ်ကြောင်းဖြစ်ရာ သီလ သမာဓိ ပညာစသောဂုဏ်တည်း၊ ဂါရဝံ–ဂုဏ်၊ အကြင် သီလစသောဂုဏ်တို့ ကြောင့် အများ၏ လေးစားခြင်းကို ခံရ၏၊ ထို သီလစသောဂုဏ်များကို "ဂါရဝ"ဟု ခေါ်သည်၊ [ဂါရဝယုတ္တောတိ–ဂုရုဘာဝယုတ္တော၊ သာရတ္ထ (ဘဂဝါပုဒ်) အဖွင့်၊] **တစ်နည်း**–"ဂုရုကာရ–အလေးအမြတ်ပြုတတ်သူ"ဟု ဆိုလိုလျက် ကာရပုဒ်ကို ချေ၊ "ဂုရုနော–အလေးပြုတတ်သူ၏+ဘာဇဝေါ–ဖြစ်ကြောင်းဖြစ်ရာ ရိုသေလေးစားခြင်း တည်း၊ ဂါရဝံ–ရိုသေလေးစားခြင်း၊ [ဂါဠ္ဌ ဥကို အာပြု၊ အာဇ္ဇဝံကဲ့သို့တည်း၊] ဂါရဝဿ+ဘာဇနော ဂါရဝဘာဇနော–လေးစားအပ်သူ၏ ဖြစ်ကြောင်းဖြစ်ရာဖြစ်သော သီလစသော ဂုဏ်၏ တည်ရာ၊ ဝါ–လေးစားတတ်သူ၏ ဖြစ်ကြောင်းဖြစ်ရာဖြစ်သော ရိုသေလေးစားခြင်း၏ တည်ရာ။

**ဝဏ္ဏယိဿံတျာဒိ**။ ။ရတနတ္တယပဏာမ, ဂုရုပဏာမတို့ကို ပြပြီး၍ ပဋိညာဉ် စသည်ကို ပြလိုသောကြောင့် "ဝဏ္ဏယိဿံ"စသည်ကို မိန့်၊ လိုရင်းကား–အဘိဓမ္မတ္ထ သင်္ဂဟံ ဝဏ္ဏယိဿံတည်း၊ "အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကို ဖွင့်ပြအံ့"ဟူလို၊ ဤစကား ဖြင့် "ဖွင့်ပြအံ့"ဟု ဝန်ခံမှုပဋိညာဉ်ကိုလည်းကောင်း, "အဘိဓမ္မတ္ထသင်္ဂဟဝဏ္ဏနာ" ဟူသော သာမညအမည်သညာကိုလည်းကောင်း ပြ၏၊ "အဘိဓမ္မတ္ထဝိဘာဝနီ"ဟူသော ဝိသေသသညာကိုကား ထိုထို အပိုင်းအဆုံး၌ ပြလတ္တံ့၊ သမာသေနဖြင့် ကျမ်းပြုပုံ အခြင်းအရာကို ပြ၏၊ "အကျယ်ဖွင့်မည်မဟုတ်ပါ, အကျဉ်းအားဖြင့်သာ ဖွင့်ပါမည်" ဟူလို။ [နိမိတ်, ကတ္တားစသည်ကိုလည်း ရူပသိဒ္ဓိဘာသာဋီကာနည်းမှီး၍ ခွဲပါ။]

**အာဘိဓမ္မိက, ဝိဝမုနံ**။ ။ဤနှစ်ပါဒဖြင့် အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၏ဂုဏ်ကို ပြ၏၊ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းဟူသည် သာမန်ကျမ်း မဟုတ်ပါ၊ အဘိဓမ္မာကို သင်ယူတတ် ကျွမ်းသောပုဂ္ဂိုလ်များ၏ နှစ်သက်မှုပီတိကို အလွန်တိုးပွားစေတတ်သောကျမ်း ဖြစ်ပါ သည်–ဟူလို၊ [အဘိဓမ္မံ + အဓီယန္တိ ဇာနန္တိ ဝါတိ အာဘိဓမ္မိကာ၊] ပရံ–သည် အတိရေကအနက်ဟော ကြိယာဝိသေသနပုဒ်၊ ဝိသေသေန+ဝဍ္ဎေတီတိ ဝိဝမုနော၊ ပီတိယာ+ဝိဝမုနော ပီတိဝိဝမုနော (အဘိဓမ္မတ္ထသင်္ဂဟော)။

**ဝဏ္ဏယိဿံ**။ ။"ဖွင့်ပြပေအံ့" ဟူရာ၌ ရတနာ အပြည့်ရှိသော တိုက်ခန်းကို ဖွင့်လှစ်၍ ပြသကဲ့သို့, ကောင်းမြတ်လှစွာ အနက်အဓိပ္ပာယ်ရတနာတို့ဖြင့် ပြည့်နေသော အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၏ တိမ်မြုပ်ငုပ်နေသော အနက်အဓိပ္ပာယ်ကို ပေါ်လွင်ထင်ရှား အောင် ရေးသားခြင်းကိုလည်း "အဖွင့်"ဟု ခေါ်သည်။

**ကရဏာပွကာရ** ပေါရာဏောဟိ – ရှေး၌ ဖြစ်ပေါ်, ဆရာတော်တို့သည်၊ အနေကာပိ–တစ်ကျမ်းမက များစွာလည်းဖြစ်ကုန်သော၊ ယာ ဝဏ္ဏနာ–အကြင် ဖွင့်ကြောင်းဖွင့်ရာ ဋီကာတို့ကို၊ (ကိဥ္စာပိ)ကတာ–အကယ်၍ကား ပြုအပ်ပါပေကုန်ပြီ၊ ပန–ထိုသို့ပင် ပြုအပ်ပြီးပါကုန်သော်လည်း၊ တာဟိ–ထိုများစွာသောဋီကာတို့ဖြင့်၊ ဣဓ–ဤအဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၌၊ သဗ္ဗတ္ထ–အလုံးစုံသော လီနပဒတို့၌၊ အတ္ထော–အနက်အဓိပ္ပာယ်သည်၊ ဝါ–ကို၊ ဝိညာတဝေ–သိခြင်းငှာ၊ န သက္ကာ–မတတ်နိုင်။

တသ္မာ–ထို့ကြောင့် (များစွာသော ဋီကာဟောင်းတို့ဖြင့် ဤအဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းဝယ် အလုံးစုံသော လီနပဒတို့၌ အနက်အဓိပ္ပာယ်ကို သိခြင်းငှာ မတတ်နိုင်သည်၏အဖြစ်ကြောင့်၊) ဧတ္ထ–ဤအဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၌၊ လီနပဒါနံ–လျှို့ဝှက်တိမ်မြုပ် ငုပ်နေသောပုဒ်တို့၏၊ သာဓိပ္ပာယံ–အဓိပ္ပာယ်နှင့်တကွဖြစ်သော အနက်ကို၊ အဟာပယံ–မယုတ်လျော့စေသည်၊ (ဟုတွာ–ဖြစ်၍လည်းကောင်း၊) ဝိဘာဝန္တော–ထင်စွာပြသည်၊ (ဟုတွာ–လည်းကောင်း၊) ဝဏ္ဏနံ–ဖွင့်ကြောင်းဖွင့်ရာ ဋီကာသစ်ကို၊ သမာသေန–အကျဉ်းချုပ်အားဖြင့်၊ ရစယိဿာမိ–စီရင်ပေအံ့၊ ဣတိ–ရတနတ္တယပဏာမစသည်ကို ဆိုရာစကားရပ်အပြီးသတ်တည်း။

---

**ပေါရာဏောဟိတျာဒိ**။ ။"ဝဏ္ဏယိဿံ သမာသေန အဘိဓမ္မတ္ထသင်္ဂဟံ"ဟူသော ပဋိညာဉ်ကို ကြားသိရသောအခါ အချို့ပုဂ္ဂိုလ်များက "ရှေးဋီကာ များစွာရှိပြီးဖြစ်သောကြောင့် အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို မဖွင့်ထိုက်တော့"ဟု ကန့်ကွက်လိုကြပေလိမ့်မည်၊ ထိုကန့်ကွက်ချက်ကို ကြိုတင်၍ ပယ်ဖျက်လိုသောကြောင့် "ပေါရာဏောဟိ ၊ပေ၊ ရစယိဿာမိ ဝဏ္ဏနံ"ဟူသော နှစ်ဂါထာကို မိန့်သည်၊ ထိုနှစ်ဂါထာ၌ လိုရင်းကား–"ပေါရာဏောဟိ အနေကာပိ ကတာ, ပန ရစယိဿာမိ ဝဏ္ဏနံ"တည်း၊ "ရှေးဆရာတို့သည် အဘိဓမ္မတ္ထသင်္ဂဟကျမ်း၏ အဖွင့်ဋီကာ များစွာတို့ကို ပြုအပ်ပြီးပါပေကုန်ပြီ၊ သို့သော်လည်း အဖွင့်ဋီကာသစ်ကို ရေးရပါဦးမည်"ဟူလို။

**န တာဟိ၊ပေ၊တသ္မာ**။ ။"ရှေးဋီကာများစွာ ရှိပြီးဖြစ်ပါလျက် အဘယ့်ကြောင့် ဋီကာသစ် ရေးဦးမည်နည်း"ဟု မေးဖွယ်ရှိသောကြောင့် "န တာဟိ၊ပေ၊တသ္မာ" မိန့်၊ "ထိုရှေးဋီကာတို့ဖြင့် ဤသင်္ဂြိုဟ်ကျမ်းဝယ် လျှို့ဝှက်တိမ်မြုပ် ငုပ်နေသောပုဒ်တို့၌ အနက်အဓိပ္ပာယ်ကို မသိနိုင်၊ ထို့ကြောင့် ဋီကာသစ် ရေးရပါဦးမည်"ဟူလို။

**လီနပဒါနေတ္ထ၊ ပေ၊ သမာသေန**။ ။"ဋီကာသစ်ရေးလျှင် ဘယ်ပုံဘယ်နည်း ရေးမည်နည်း"ဟု မေးဖွယ်ရှိသောကြောင့် ကျမ်းပြုပုံအချိုးအစား (ကရဏပ္ပကာရ)ကို ပြလိုရကား "လီန၊ပေ၊သမာသေန"ဟု မိန့်၊ "ဤသင်္ဂဟကျမ်း၌ လျှို့ဝှက်တိမ်မြုပ် ငုပ်နေသောပုဒ်တို့၏ အနက်အဓိပ္ပာယ်ကို မယုတ်လျော့စေရ–ပေါ်လွင်ထင်ရှားအောင် ပြလျက် အကျဉ်းချုပ်ရေးပါမည်"ဟူလို၊ ဤကား နှစ်ဂါထာလုံး၏ ပိဏ္ဍတ္ထ(အပေါင်းအဓိပ္ပာယ်)တည်း၊ အဝယဝတ္ထ (အစိတ်အစိတ်ပုဒ်နက်)အချို့ကို ပြဦးအံ့။

**ပေါရာဏောဟိ**။ ။ပုရာ–ရှေး၌+ဘဝါ–ဖြစ်သောဆရာတို့တည်း၊ ပုရာဏာ–တို့၊ "ပုရာတော ဏောစ"ဟူသော မောဂ္ဂလ္လာန်သုတ်ဖြင့် ပုရာနိပါတ်နောင် ဘဝအနက်၌ ဏပစ္စည်းသက်၍ "ပုရာဏော–ရှေး၌ဖြစ်သည်"ဟု ဖြစ်၏၊ ထို့နောက် "ပုရာဏော ယေဝ ပေါရာဏော"ဟု ပြု၍ သွတ္တ၌ ဏပစ္စည်း သက်။

**အနေကာပိ**။ ။န+ဧကာ အနေကာ၊ "ပိသည် ဧကကို ပေါင်းသော သမ္ပိဏ္ဍန"ဟု မဏိမဉ္ဇူသာ ဆို၏၊ တစ်ကျမ်းမက အများကြီး ပြုခဲ့ကြပြီ–ဟူလို၊ အစိတ်အစိတ် (၁ ကျမ်း, ၂ ကျမ်း)စသည်ကို ဆည်းသော အဝယဝသမုစ္စည်းလည်းသင့်၏။

**ပန**။ ။"တထာပိ"ဟု အနက်ဖွင့်ရသော ဤ (ပန)မျိုးရှိရာ၌ ရှေ့ဝါကျဝယ် "ကိဉ္စာပိ"ဟု ထည့်ရရိုးတည်း၊ ချဲ့ဦးအံ့–ဤဂါထာကို စုဏ္ဏိယအတိုင်းရေးလျှင် "ပေါရာဏောဟိ အနေကာပိ ယာ ဝဏ္ဏနာ ကတာ"ဟု တစ်ဝါကျ "န ပန တာဟိ ဣဓ သဗ္ဗတ္ထ အတ္ထော ဝိညာတဝေ သက္ကာ"ဟု တစ်ဝါကျဖြစ်၏၊ ထို နှစ်ဝါကျဝယ် နောက်ဝါကျ၌ တထာပိ ထိုက်ရိုက်ဖြစ်စေ, တထာပိဟု အနက်ဖွင့်ရသော (ပန)ဖြစ်စေ ပါရှိလျှင် ရှေ့ဝါကျ၌ "ကိဉ္စာပိ"ရှိရ, မရှိလျှင်လည်း ထည့်ရရိုးဖြစ်၏၊ ထို့ကြောင့် နိဿယ၌ ထည့်၍ အနက်ပေးထားသည်၊ ["ပန–တထာ, နောက်မှာတွေ့, သစေ–ယဒိ, ဟူ၍ရှိ, ကိဉ္စာပိထုတ်လေ"ဟု ရှေးနိယာမ်ရှိသော်လည်း သစေ–ယဒိရှိရာ၌ ကိဉ္စာပိထုတ်ဖို့ ခဲယဉ်း၏။]

**[ဆောင်] ပန–တထာပိ, နောက်မှာရှိ, ကိဉ္စာပိ ရှေ့ထုတ်လေ။**

**အနုသန္ဓေတက်ပုံ**။ ။ထိုသို့ ကိဉ္စာပိပါနေသော ဝါကျကို အနုသန္ဓေတက်သောအခါ နောက်ဆုံး ပဓာနဝါကျနှင့်တွဲဖက်၍ စောဒနာတက် တက်ရိုးတည်း၊ ထိုသို့ တက်သော အခါလည်း "အဖြေမြင်, အတင်သိ, မိ၏ကျမ်းရိုးတည်း"ဟူသော ရှေးနိယာမ်နှင့်အညီ "ကိဉ္စာပိ ပေါရာဏောဟိ အနေကာ ဝဏ္ဏနာ ကတာ၊ တသ္မာ ရစယိဿာမိ ဝဏ္ဏနံ" ဟူသော အဖြေကို ကြည့်၍ ကိဉ္စာပိနေရာဝယ် "နနု"ထည့်, တသ္မာနေရာဝယ် "ကသ္မာ"ထည့်လျက် စောဒနာတက်ရသည်၊ **တက်ပုံ** "အရှင်သုမင်္ဂလသာမိဆရာ... (အာလုပ်ထည့်ရိုး) ရှေးဆရာတို့သည် များစွာသော အဖွင့်ဋီကာတို့ကို ပြုအပ်ကုန်ပြီး မဟုတ်ပါလော၊ ထိုသို့ ပြုအပ်ပြီးဖြစ်ပါလျက် (ဤစကားဆက်လည်း ပါရှိရိုး) အဘယ့်ကြောင့် အဖွင့်ဋီကာသစ်ကို ရေးဦးမည်နည်း"ဟု စောဒနာဖွယ်ရှိသောကြောင့် "ပေါရာဏောဟိ၊ပေ၊ ရစယိဿာမိ ဝဏ္ဏနံ"ဟု မိန့်၊ "ရှေးဋီကာတို့ ရှိပြီးပါသော်လည်း ထိုဋီကာတို့ဖြင့် ငုပ်နေသော=ပုဒ်တို့၏အနက်ကို မသိနိုင်၊ ထို့ကြောင့် အဖွင့်ဋီကာသစ် ကို ရေးဦးမည်"ဟူလို။

**[ဆောင်] ကိဉ္စာပိဟု, ပါ၌ရှိရှု၍, နနုထည့်ကာ, ကသ္မာထည့်လျက်, စောဒနာတက်, အချက်ကျနစေ။**

**ဝါကျခွဲ**။ ။ကိဉ္စာပိထည့်ရသော ဝါကျတို့သည် ရှေးဋီကာတို့ရှိကြောင်းကို ဝန်ခံသော အားဖြင့် စောဒကပုဂ္ဂိုလ်၏အလိုကို မြှင့်တင်ရာရောက်သောကြောင့် အနုဂ္ဂဟတ္ထဝါကျ၊ (သမ္ဘာဝနာဝါကျလည်း ခေါ်၏၊) ကိဉ္စာပိကား အနုဂ္ဂဟတ္ထ(သမ္ဘာဝနာ)ဇောတက၊ ပနဆိုင်ရာဝါကျသည် ရှေးဋီကာတို့၏ နှစ်သက်ဖွယ် မဟုတ်ကြောင်းကို ပြသောကြောင့်

အရစျတ္တဝါကျ(ဂရဟာဝါကျလည်း ခေါ်၏၊) ပနကား အရစျတ္တ(ဂရဟာ)ဇောတကပုဒ်တည်း၊ ထို အရစျတ္တဝါကျသည်ပင် နောက် တသ္မာဝါကျကို ထောက်၍ ဟေတုဝါကျ (ကာရဏဝါကျ)၊ "တသ္မာ၊ ပေ၊ ဝဏ္ဏနံ"ကား ဖလဝါကျ။

**သဗ္ဗတ္ထအတ္ထော**။ ။သဗ္ဗတ္ထကို "သဗ္ဗေသု လီနပဒေသု"ဟု ဖွင့်၏၊ အတ္ထောသည် ပဓာနအားဖြင့် သဏ္ဍာ၌ စပ်ရသော ပဓာနကတ္တားပုဒ်တည်း၊ ထို့ကြောင့် ပဌမန္တ ထားသည်၊ ဝိညာတဝေ၌ကား အပ္ပဓာနကံအဖြစ်ဖြင့် စပ်၊ သဏ္ဍာကား ကိတ်ပုဒ်နှင့် တူသောကြောင့် "ကိတန္တပဋိရူပက"ဟု ခေါ်ရသော နိပါတ်ပုဒ်တည်း။

**လီနပဒါနံ**။ ။တိမ်မြုပ်ငုပ်နေသည်ကား အနက်အဓိပ္ပာယ်တည်း၊ ထိုအနက် အဓိပ္ပာယ်၏ လီနအမည်ကို ပုဒ်၌တင်စား၍ ကာရဏူပစာရအားဖြင့် ပုဒ်ကိုလည်း "လီန"ဟု ခေါ်၏၊ လီယန္တိ နိလီယန္တိ-ငုပ်နေကုန်၏၊ ဣတိ လီနာနိ-ပုန်းကွယ်နေ သကဲ့သို့ ငုပ်နေသော အနက်အဓိပ္ပာယ်များ၊ [လီဓာတ်-ယု၊] လီနာနိ စ+တာနိ+ ပဒါနိစာတိ လီနပဒါနိ။

**သာဓိပ္ပာယံ**။ ။သဏ္ဍာတ၌ အဘိပြာယသည် ပါဠိ၌ အဓိပ္ပာယဟုဖြစ်၏၊ အဓိ+ ပ ပုဗ္ဗ ဣဓာတ်, အပစ္စည်း၊ ထို အဘိပြာယ(အဓိပ္ပာယ)သဒ္ဒါသည် အာသယ(အလို) အနက်ကို ဟော၏၊ အဓိပ္ပီယတေ-လိုလားခြင်း၊ အဓိပ္ပာယော-ခြင်း၊ [ကမ္မသာဓနေ ပြု၍ လိုလားအပ်သောအနက်ကိုလည်း အဓိပ္ပာယဟု ဆိုကြ၏၊] သဟ+အဓိပ္ပာယေန ယော ဝတ္တတီတိ သာဓိပ္ပာယော (အတ္ထော)။

**အဟာပယံ ဝိဘာဝေန္တော**။ ။ဟာဓာတ်, ကာရိတ် ဏာပယ, အန္တပစ္စည်းဖြင့် "အဟာပယံ"ဟု ဖြစ်၏၊ ထိုအန္တနှင့် ဝိဘာဝေန္တော၌ အန္တပစ္စည်းတို့သည် ပစ္စုပ္ပန် အနက်ကို ဟောရိုးဖြစ်သော်လည်း ရစယိဿာမိဟူသော အနာဂတ်ကြိယာနှင့် စပ်ရ သောကြောင့် ဤနေရာ၌ အနာဂတ်အနက်ကို ဟောရသည်၊ [မာနန္တာ ဝတ္တမာနေ စ, လက္ခဏေ ဟေတုကေ သိယုံ၊ ကိတာ ဓာတွတ္ထသမ္ဗန္ဓေ, ဟောန္တိ ကာလန္တရေသွပိ၊ ကစ္စာယနသာရ။] ထို အန္တပစ္စည်းနောင် သက်သော ပဌမာဝိဘတ်လည်း ကြိယာ ဝိသေသနအနက်ကို မဟောနိုင်သောကြောင့် "ဟုတွာ"ဟု မဏိမဉ္ဇူသာ ထည့်သည်၊ "အဟာပယံ-မယုတ်လျော့စေဘဲ၊ ဝိဘာဝေန္တော-ထင်စွာပြလျက်"ဟု ပေးကြရာ၌ "ပဲ-လျက်"တို့သည် ဟုတွာပုဒ်နက်ကို မြှုပ်ထားသော ကြိယာဝိသေသနအနက်များသာ တည်း။

**ရစယိဿာမိ ဝဏ္ဏနံ**။ ။ရှေ့၌ပြခဲ့သော "ဝဏ္ဏယိဿံ"ကို "ရစယိဿာမိ ဝဏ္ဏနံ" ဟု သရုပ်ဖော်သည်၊ "ဖွင့်"ဆိုသည်မှာ အဖွင့်ကို ပေစာ(စာအုပ်)၌ ရေးခြင်းတည်း- ဟူလို၊ "ဣတိ"ကား ဂန္ထာရမ္ဘပြီးကြောင်းကို ပြသော ပရိသမာပနတ္ထနိပါတ်ပုဒ်တည်း။ [ဣတိ၏ အဘိဓာန်လာအနက်တို့တွင် "သမာပန"အနက်ဟု မှတ်ပါ။]

## ဂန္ထာရမ္ဘအဖွင့် ပြီး၏။

**၁။** ပရမဝိစိတ္တနယသမန္နာဂတံ–အလွန်ထူးဆန်းသောနည်းတို့နှင့် ပြည့်စုံထသော၊ သကသမယသမယန္တရဂဟနဝိဂါဟနသမတ္ထံ–မိမိအယူ, တစ်ပါးသူတို့၏အယူဟူသောတောရှုပ်၌ ဉာဏ်ဖြင့်ချဉ်းနင်းဝင်ရောက်ခြင်း၌ စွမ်းနိုင်ထသော၊ သုဝိမလ ဝိပုလ ပညာဝေယျတ္တိယဇနနံ–အလွန်ကင်းသော အညစ်အကြေးရှိသောပြန့်ပြောသောပညာ၏ထက်မြက်သည်၏အဖြစ်ကို ဖြစ်စေတတ်ထသော၊ ·ဣဒံ ပကရဏံ–ဤအဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကို၊ အာရဘန္တော–အားထုတ်တော်မူလိုသော၊ အယံ အာစရိယော–ဤအရှင်အနုရုဒ္ဓါဆရာသည်၊ ပဌမံ တာဝ–အားမထုတ်မီ ရှေးဦးစွာ၊ ရတနတ္တယပဏာမာဘိဓေယျကရဏပ္ပကာရပကရဏာဘိဓာနပယောဇနာနိ–ရတနတ္တယပဏာမ, အဘိဓေယျ, ကရဏပ္ပကာရ, ပကရဏာဘိဓာန, ပယောဇဉ်တို့ကို၊ ဒဿေတုံ–ပြတော်မူခြင်းငှာ၊ သမ္မာသမ္ဗုဒ္ဓန္တျာဒိံ–သမ္မာသမ္ဗုဒ္ဓံအစရှိသော ဂါထာကို၊ အာဟ–မိန့်တော်မူပြီ။

---

**အနုသန္ဓေ။** ။“ဝဏ္ဏယိဿံ သမာသေန”ဟူသော မူလပဋိညာဉ် “ရစယိဿာမိ ဝဏ္ဏနံ”ဟူသော အနုပဋိညာဉ်အားလျော်စွာ ပဋိညာတ ပကရဏ (ဝန်ခံအပ်ပြီးသော ဋီကာကျမ်း)ကို ပြုလိုသောဋီကာဆရာသည် “ပရမ၊ပေ၊မာဟ”ဟူသောပါဌ်ကို မိန့်၊ ဤဋီကာပါဌ်ဖြင့် “သမ္မာသမ္ဗုဒ္ဓမတုလံ”ဂါထာကို အနုသန္ဓေ တက်ပြသည်၊ ထိုအနုသန္ဓေ၏ ဆိုလိုရင်းကား–ပရမဝိစိတ္တနယစသော ဂုဏ်နှင့်ပြည့်စုံသော ဤအဘိဓမ္မတ္ထသင်္ဂဟကျမ်းကို အားထုတ်လိုသော အရှင်အနုရုဒ္ဓါဆရာသည် ရှေးဦးစွာ ရတနတ္တယပ္ပဏာမ စသည်ကို ပြခြင်းငှာ “သမ္မာသမ္ဗုဒ္ဓ စသော ဂါထာကို မိန့်”ဟု ဆိုလိုသည်။

**ပရမ ၊ပေ၊ သမန္နာဂတံ။** ။”ပရံ ပရတ္တံ–လွန်ကဲသည်၏အဖြစ်ကို+မာနတိ–နှိုင်းယှဉ်တတ်ကုန်၏၊ ဣတိ ပရမာ”ဟု ထောမနိဓိ ပြု၏၊ မာဓာတ်, အပစ္စည်း၊ “ဥက္ကဋ္ဌ–လွန်မြတ်ဟူသောအနက်, ပဓာနအနက်”စသည်ကို ဟော၏၊ ဝိသေသေန+စိတ္တာ ဝိစိတ္တာ–အထူးဆန်းကြယ်သောနည်းတို့၊ ပရမာ စ+တေ+ဝိစိတ္တာ စာတိ ပရမဝိစိတ္တာ၊ နီယန္တိ ဉာယန္တိ အတ္ထာ ဧတေဟီတိ နယာ–အနက်အဓိပ္ပာယ်တို့ကို သိအပ်ကြောင်း ကိုးပိုင်းကိုပင် “နယ”ဟု ဆိုလိုသတတ်၊ တစ်ပိုင်းတစ်ပိုင်း၌ အကုသိုလ်စိတ် အဟိတ်စိတ် စသည်ဖြင့် ပိုင်းခြားပုံ သမ္ပယောဂနည်း သင်္ဂဟနည်း စသည်ဖြင့် ပိုင်းခြားပုံများလည်း ဝိစိတ္တနယများပင်တည်း၊ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းသည် ကောင်းလည်း ကောင်းမြတ်, ထူးလည်း ထူးဆန်းသော နည်းများနှင့် ပြည့်စုံသည်–ဟူလို။

**သက ၊ပေ၊ သမတ္ထံ။** ။သမယသဒ္ဒါသည် ပဋိဝေဓ(အသိဉာဏ်)ကို ဟောရင်းတည်း၊ ထိုအသိဉာဏ်ဖြင့် ဖွင့်အပ်သောအဖွင့်များကိုကား (ကာရဏူပစာရအားဖြင့်) သမယ–ဟု ဤနေရာ၌ ယူပါ၊ ထိုအဖွင့်ကိုပင် “အယူ”ဟု ဆိုထားသည်၊ အရှင်အနုရုဒ္ဓါသည် မဟာဝိဟာရဂိုဏ်းသား ဖြစ်၏၊ ထိုကြောင့် မဟာဝိဟာရဝါသီထေရ်တို့၏ အဖွင့်အဋ္ဌကထာကို “သကသမယ”ဟုလည်းကောင်း, ဇေတဝနဝါသီ, အဘယဂိရိဝါသီထေရ်တို့၏ အဖွင့်အဋ္ဌကထာကို “သမယန္တရ”ဟုလည်းကောင်း ဆိုထားသည်၊ [အန္တရော–မိမိဉစွာ အဖွင့်အဋ္ဌကထာမှ တစ်ပါးသော+သမယော–တည်း၊ သမယန္တရော။]

**စဉ်းစားဖွယ်။** ။သမယန္တရ၌ သမယအရကို "ဒိဋ္ဌိ"အနက်ယူ၍ "ထိုမိစ္ဆာဉာဏ်ဒိဋ္ဌိဖြင့် ဖွင့်ပြသောအဖွင့်များကို သမယန္တရ"ဟု ဆိုကြသေး၏၊ ထိုသမယန္တရ၌ အဖွင့်မှန်တွေ များစွာပါသောကြောင့် ထိုအဆိုကို စဉ်းစားသင့်သည်။

**ဂဟန**။ ။ထိုအဖွင့်များသည် သာမန်လူတို့မဝင်ရဲသော တောအုပ်ကြီးနှင့်တူသောကြောင့် "ဂဟန"မည်၏၊ ဂါဟဓာတ် ယုပစ္စည်း၊ ပိသောဒရာဒိဂိုဏ်းဖြစ်၍ အာကိုရသပြု၊ (ထောမနိမိ)၊ ဂါဟတိ–မွေနှောက် ရှုပ်ထွေးနေ၏၊ ဣတိ ဂဟနံ.(တောရှုပ်)၊ [မဏိမဉ္ဇူသာ၌ မုဒ္ဒဇဏဖြင့် "ဂဟဏ"လည်း "တော"အနက်ဟော–ဟု ဆိုရသည်ကို စဉ်းစားပါ၊ ယူခြင်းအနက်ဟောရာ၌သာ သက္ကတဝယ် "ဂြဟ"ဟု ရအက္ခရာရှိသောကြောင့် ထိုရအတွက် နကို ဏပြန်စေရသည်။]

**ဝိဂါဟန**။ ။ဝိဂါဟနလည်း ဝိပုဗ္ဗ+ဂါဟဓာတ်ပင် ဖြစ်၏၊ "အဝဂါဟ–အတွင်းဝင်ခြင်း"အနက်ကို ဟော၏၊ ထိုနှစ်မျိုးသော အဖွင့်အဋ္ဌကထာ တောရှုပ်တိုင်းသို့ (ဉာဏ်ဖြင့်)ချဉ်းနင်းဝင်ရောက်ခြင်းကို "ဝိဂါဟန"ဟု ဆိုသည်၊ သမတ္တေတိ သက္ကောတီတိ သမတ္ထံ၊ သံပုဗ္ဗ+အတ္ထဓာတ် အပစ္စည်း၊ ဤအဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းသည် မိမိကို သင်ယူသူတို့ကို ထိုတောရှုပ်သို့ ဝင်ရောက်ခြင်း၌ စွမ်းနိုင်စေသောကြောင့် အကျိုး၏ အမည်ကို အကြောင်းကျမ်း၌ တင်စား၍ ဖလူပစာရအားဖြင့် ကျမ်းကိုလည်း "သက ၊ပေ၊ သမတ္ထံ"ဟု ဆိုထားသည်၊ [မဏိမဉ္ဇူ၌ ကာရဏူပစာဆိုသည်ကို စဉ်းစားပါ၊] သကသမယ ၊ပေ၊ ဝိဂါဟနေ+သမတ္ထံ သကသမယ ၊ပေ၊ သမတ္ထံ။

**သုဝိမလ ၊ပေ၊ ဓနနံ**။ ။ဝိဂတံ+မလံ ယတောတိ ဝိမလာ၊ သုဋ္ဌု+ဝိမလာ သုဝိမလာ=အလွန်ကင်းသော (အဝိဇ္ဇာစသော) အညစ်အကြေးရှိသောပညာ၊ "ဝိ+ပုလ"၌ ပုလဓာတ်သည် ဝိတ္ထာရအနက်ဟောဟု ထောမနိမိဆို၏၊ ဝိသေသေန+ပေါလတီတိ ဝိပုလာ=အထူးကျယ်ပြန့်သော (ပြန့်ပြောသော) ပညာ၊ သုဝိမလာ စ+ဝိပုလာ စာတိ သုဝိမလဝိပုလာ၊ သုဝိမလဝိပုလာ စ+သာ+ပညာ စာတိ သုဝိမလဝိပုလပညာ၊ ဝေယျတ္တိယံ၌ ဝိယတ္တသဒ္ဒါသည် ဗျတ္တနှင့်တူ၏၊ ဝေယျာကရဏ=ဗျာကရဏတို့ကဲ့သို့တည်း၊ ဗျတ္တကို "ဝိ+အန်စ (အဥ္စ)ဓာတ် တ္တပစ္စည်း"ဟု ထောမနိမိဆိုသည်၊ ထို့ကြောင့် "ဝိယဥ္စတီတိ ဝိယတ္တာ–ထင်ရှားထက်မြက်သောပညာ၊ ဝိယတ္တာယ+ဘာဝေါ ဝေယျတ္တိယံ–ပညာ၏ ထက်မြက်သည်၏အဖြစ်ဟူသော ထက်မြက်ခြင်းဂုဏ်၊ ဓနေတီတိ ဓနနံ၊ တဿ+ဓနနံ သုဝိမလ ၊ပေ၊ ဓနနံ။

**ပကရဏံ ဣဒံ**။ ။ပကာရတော အတ္ထာ ကရီယန္တိ (ပြုစီရင်အပ်ကုန်၏) ဧတ္ထာတိ ပကရဏံ၊ အဘိဓမ္မတ္ထသင်္ဂဟကျမ်းက မိမိ၏ အနီးမျက်မှောက်ကဲ့သို့ ဖြစ်သောကြောင့် "ဣဒံ"ဟု အနီးဟောပုဒ်ဖြင့် ဆိုသည်၊ [အဘိဓေယျ စသည်ကို နောက်၌ ပြအံ့။]

**ပဌမံ တာဝ**။ ။တချို့နေရာ၌ "ပဌမံ–ရှေးဦးစွာ၊ တာဝ–အစဉ်အတိုင်း"ဟု ပေးနိုင်သော်လည်း ဤနေရာ၌ အစဉ်အတိုင်းပြခြင်း မဟုတ်သောကြောင့် ထိုကဲ့သို့ မပေးနိုင်၊ ထို့ကြောင့် ပဌမံကို တာဝ၏ အဖွင့်ဟု မှတ်ပါ။

**ပဌမတ္တေ ကမတ္တေ စ, ဝတ္တဗ္ဗန္တရ ပေက္ခဏေ၊**
**အနုညာတေသု အတ္ထေသု, တာဝသဒ္ဒေါ ပဒိဿတိ။**

ဟိ–ချဲ့ဦးအံ့၊ ဧတ္တ–ဤသမ္မာသမ္ဗုဒ္ဓ အစရှိသောဂါထာ၌၊ သမ္မာသမ္ဗုဒ္ဓ ၊ပေ၊ အဘိဝါဒိယာတိ ဣမိနာ–သမ္မာသမ္ဗုဒ္ဓ ၊ပေ၊ အဘိဝါဒိယဟူသော ဤ ပါဌ်ဖြင့်၊ ရတနတ္တယပဏာမေ–ရတနတ္တယပဏာမကို၊ ဝါ–ရတနာသုံးပါးကို ရှိခိုးကြောင်းစကားကို၊ (အာစရိယေန–အရှင်အနုရုဒ္ဓါဆရာသည်၊) ဝုတ္တော–မိန့်တော်မူအပ်ပြီ၊ အဘိဓမ္မတ္ထသင်္ဂဟတ္တိ ဧတေန–အဘိဓမ္မတ္ထသင်္ဂဟဟူသော ဤပါဌ်ဖြင့်၊ အဘိဓေယျကရဏပ္ပကာရပကရဏာဘိဓာနာနိ–ကျမ်း၏ဟော နက်, ကျမ်းပြုပုံအခြင်းအရာ, ကျမ်း၏အမည်တို့ကို၊ (အာစရိယေန, ဝုတ္တာနိ–မိန့်တော်မူအပ်ကုန်ပြီ၊) [ရှေ့ဝါကျမှ ဝုတ္တောကို "ဝုတ္တာနိ"ဟု လိင်ဝုစ်ပြင်၍ လိုက်စေ၊] (ကသ္မာ–အဘယ်ကြောင့်၊ ဝိညာယတိ–သိအပ်သနည်း၊) အဘိ ဓမ္မတ္ထာနံ–အဘိဓမ္မာအနက်တို့၏၊ (ဘာဝ၌ စပ်၊) ဝါ–တို့ကို၊ (သင်္ဂဟိတ၌ စပ်၊)

---

**ဧတ္တ ဟိ**။ ။ရတနတ္တယပ္ပဏာမစသော အနက်ငါးရပ်ကို ချဲ့ပြလိုသောကြောင့် "ဧတ္တ ဟိ"စသည်မိန့်၊ ဧတ္တမှစ၍ ပယောဇနအကျယ်ပြ "အနာယာသေန သံသိဇ္ဈနတော" တိုင်အောင် "ဝိတ္ထာရဝါကျကြီးတစ်ရပ်"ဟု မှတ်ပါ၊ ထိုဝါကျကြီးတွင်မှ အစိတ် အစိတ် ဝါကျငယ်များ ထွက်လာလိမ့်ဦးမည်၊ ဟိသည် ဝိတ္ထာရဇောတက (အကျယ်စကားရပ် ဖြစ်ကြောင်းကို ထွန်းပြသော)နိပါတ်၊ ဝိတ္ထာရဝါကျမှန်လျှင် သူ၏တွဲဖက် သင်္ခေပဝါကျ ရှိမြဲတည်း၊ ထို့ကြောင့် "ပရမဝိစိတ္တ ၊ပေ၊ မာဟ"ဟူသော ရှေ့ဝါကျကို သင်္ခေပဝါကျဟု မှတ်ပါ၊ ဝါကျတစ်ရပ်လုံးကို သင်္ခေပဟု နာမည်တပ်ရိုး ရှိသော်လည်း အမှန် အကျဉ်းသင်္ခေပမှာ "ရံတနတ္တယ ၊ပေ၊ ပယောဇနာနိ" တစ်ပုဒ်သာတည်း။

**အဘိဝါဒိယာတိ ၊ပေ၊ ဝုတ္တော**။ ။ရတနတ္တယပ္ပဏာမ–ဟူသည် သင်္ဂြိုဟ်ကျမ်းပြု ဆရာ အရှင်အနုရုဒ္ဓါ၏ ရတနာသုံးပါးကို ရှိခိုးကြောင်းစကားတည်း၊ ထိုစကားကို "အဘိဝါဒိယ"ပုဒ်ဖြင့် ပြ၏၊ ရတနတ္တယဿ–ကို+ပဏာမော–ကိုင်းညွတ်ခြင်း၊ "ကိုယ်ဖြင့် ကိုင်းညွတ်၍ လက်အုပ်ချီခြင်း ဝပ်ချခြင်းကို ကာယပဏာမ, သမ္မာသမ္ဗုဒ္ဓ မတုလံ–စသောဂါထာကို နှုတ်ဖြင့် ရွတ်ဆိုခြင်းကို ဝစီပဏာမ, စိတ်ဖြင့် ဘုရားကို အာရုံပြုခြင်းကို မနောပဏာမ"ဟု ခေါ်သည်။

**အဘိဓမ္မတ္ထ ၊ပေ၊ ဘိဓာနာနိ**။ ။တစ်ကျမ်းလုံး၏ အနက်အဓိပ္ပာယ်များကို အဘိဓေယျ–ကျမ်း၏ဟောနက်ဟု ခေါ်၏၊ အဘိဓီယတေ–တစ်ကျမ်းလုံးသည် ဟောအပ်၏၊ ဣတိ အဘိဓေယျော၊ [အဘိပုဗ္ဗ–ဓာဓာတ်၊ ဏျကို ဓာတွန် အာနှင့်တကွ ယေျပြု၊] ကျမ်းပြုပုံ ရေးပုံအခြင်းအရာကို "ကရဏပ္ပကာရ"ဟု ခေါ်၏၊ ပကရီယတိ ဧတေနာတိ ပကာရော–ပြုကြောင်းပြုပုံ အခြင်းအရာ၊ ကရဏဿ–ကျမ်းပြုခြင်း (ကျမ်းပြုပုံ) ၏+ပကာရော–အခြင်းအရာတည်း၊ ထိုအခြင်းအရာဟူသည်လည်း ကျမ်းပြုပုံ အချိုးအစား–ပြုပုံပြုနည်း (ရေးသားပုံအစီအစဉ်)တည်း၊ ကျမ်း၏အမည်ကို "ပကရဏာ ဘိဓာန"ဟု ခေါ်၏၊ ပကရဏဿ–ကျမ်း၏+အဘိဓာနံ–အမည်တည်း၊ ပကရဏာ ဘိဓာနံ–မည်၊ ထိုအဘိဓာနကို–သညာ"ဟုလည်း ခေါ်နိုင်၏၊ ထိုအဘိဓေယျစသော သုံးပါးကို အဘိဓမ္မတ္ထသင်္ဂဟပုဒ်ဖြင့် ပြသည်။

ဣဓ–ဤသင်္ဂြိုဟ်ကျမ်း၌၊ သင်္ဂဟေတဗ္ဗဘာဝဒဿနေန(တစ်နည်း)သင်္ဂဟိတဘာဝဒဿနေန–သိမ်းယူအပ်ကုန်သည်၏အဖြစ်ကို ပြခြင်းဖြင့်၊ တေသံ–ထိုအဘိဓမ္မာအနက်တို့၏၊ ဝါ–တို့ကို၊ သမုဒိတေန–အပေါင်းဖြစ်သော၊ ဣမိနာ–ဤသင်္ဂြိုဟ်ကျမ်းဖြင့်၊(တစ်နည်း)ဣမိနာ သမုဒိတေန–ဤသင်္ဂြိုဟ်တစ်ကျမ်းလုံးဖြင့်၊ ပဋိပါဒေတဗ္ဗဘာဝဒီပနတော (တစ်နည်း) ပဋိပါဒိတဘာဝဒီပနတော–

**အဘိဓမ္မတ္ထာနံ ၊ပေ၊ ပရိဒီပနတော စ**။ ။အဘိဓမ္မတ္ထသင်္ဂဟံပုဒ်ဖြင့် အဘိဓေယျစသည်ကို ပြ၏–ဟု အဘယ်ကြောင့် သိနိုင်သနည်းဟု့ အကြောင်းကို မေးဖွယ်ရှိသောကြောင့် "အဘိဓမ္မတ္ထာနံ ၊ပေ၊ ပရိဒီပနတော"ဟု မိန့်၊ အဘိဓမ္မတ္ထာနံ–စသော ဤဝါကျသည် ဉာပကဟေတုဝါကျ၊ အဘိဓမ္မတ္ထသင်္ဂဟန္တိ ဧတေနစသော ရှေ့ဝါကျသည် ဉာပေတဗ္ဗဖလဝါကျတည်း၊ မှန်၏–"တေသံ ဣမိနာ ၊ပေ၊ ဘာဝဒီပနတော"သည် အဘိဓေယျကို ပြသည်ဟု သိရခြင်း၏အကြောင်းပြ၊ "ကေတ္ထ ၊ပေ၊ ဒီပနတော"သည် ကရဏပ္ပကာရကို ပြသည်ဟု သိရခြင်း၏အကြောင်းပြ၊ "အတ္ထာနုဂတသမညာပရိဒီပနတော"သည် ပကရဏာဘိဓာနကို ပြသည်ဟု သိရခြင်း၏အကြောင်းပြတည်း၊ (ဟိတ်သုံးမျိုးတွင်) ဉာပကဟေတုဝါကျတည်း၊ ထို့ကြောင့် "ဝိညာယတိ"ဟု ထည့်၍ အနက်ပေးရသည်။

**ပက္ခ, ပက္ခန္တရ**။ ။"သမ္မာသမ္ဗုဒ္ဓ ၊ပေ၊ ပဏာမော ဝုတ္တော"သည် စကားတစ်ရပ်တစ်ဖို့ဖြစ်သောကြောင့် ပက္ခဝါကျ၊ အဘိဓမ္မတ္ထသင်္ဂဟ ၊ပေ၊ ပရိဒီပနတော"ဟူသော ဖလ–ဟေတုနှစ်ဝါကျအပေါင်းသည် ရှေ့အဖို့မှ တစ်ပါးသော့ စကားတစ်ဖို့ (စကားတစ်ရပ်)ဖြစ်သောကြောင့် ပက္ခန္တရဝါကျတည်း–ဟုလည်း ခွဲပါ၊ [အန္တရ–(မူလအဖို့မှ) တစ်ပါးတခြားဖြစ်သော+ပက္ခ–အဖို့ (စကားတစ်ရပ်)။]

**သင်္ဂဟေတဗ္ဗ ၊ပေ၊ ဒဿနေန**။ ။"အဘိဓမ္မတ္ထသင်္ဂဟ"ဟူသောပါဌ်ကို ကြည့်ပါ၊ "အဘိဓမ္မတ္ထာ–တို့ကို+သင်္ဂယှန္တိ ဧတ္ထ, ဧတေနာတိ"ဟု ဝစနတ္ထပြုရသောကြောင့် အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းသည် အဘိဓမ္မာခုနစ်ကျမ်း၌ လာသောအနက်တို့ကို သိမ်းယူရာဖြစ်သော (သိမ်းယူကြောင်းသည်လည်းဖြစ်သော)ကျမ်းတည်း–ဟု တိုက်ရိုက်ပြ၏၊ ထို့ကြောင့် "အဘိဓမ္မတ္ထာ ၊ပေ၊ ဒဿနေန"ဟု ဆိုသည်၊ [ဤဒဿနေနကို ဒီပနတော ပရိဒီပနတောတို့၌ ကြိယာဝိသေသန စပ်၊ "သင်္ဂဟေတဗ္ဗ"ဟု အရဟသတ္တအနက်ကို ထွန်းပြသော တဗ္ဗပစ္စည်းဖြင့် ဆိုခြင်းသည်မကောင်း၊ တကယ် သိမ်းယူပြီးဖြစ်သောကြောင့် တပစ္စည်းဖြင့် "သင်္ဂဟိတ"ဟု ဆိုမှကောင်းသည်။

**တေသံ ၊ပေ၊ဘာဝဒီပနတော**။ ။ထိုသို့ တိုက်ရိုက်ပြသဖြင့် ဤအပေါင်းဖြစ်သော သင်္ဂြိုဟ်တစ်ကျမ်းလုံးဖြင့် (အရှင်အနုရုဒ္ဓါသည်) သိစေအပ်သောအနက် (အဘိဓေယျ) ကား အဘိဓမ္မာခုနစ်ကျမ်း၌ လာသောအနက်များပင် ဖြစ်ကြောင်းကိုလည်း သွယ်ဝိုက်၍ ပြပြီးဖြစ်တော့သည်၊ [သွယ်ဝိုက်ပြရာ၌ ဒီပနကြိယာကို သုံးစွဲ၍, တိုက်ရိုက်ပြရာ၌ ဒဿနကြိယာကို သုံးစွဲလေ့ရှိသည်ဟု အမှတ်အသား ပြုကြ၏၊... ပဋိပါဒေတဗ္ဗ၌ ပတိပုဗ္ဗ, ပဒဓာတ်, ဏေ, တဗ္ဗ၊ "ပဒ–ဂတိမှိ၊ ယေ ဂတျတ္ထာ, တေ ဗုဇ္ဈတ္ထာ"နှင့်အညီ "သိစေ"ဟု ပေးသည်၊ ဤ၌လည်း တပစ္စည်းဖြင့် "ပဋိပါဒိတ" ဟု ရှိသင့်၏။]

သိစေအပ်ကုန်သည်၏အဖြစ်ကို ပြခြင်းကြောင့်လည်းကောင်း၊ ဧကတ္ထ–သင်္ဂြိုဟ်တစ်ကျမ်းတည်း၌၊ သင်္ဂယှ–သိမ်းယူ၍၊ ကထနာကာရဒီပနတော–ဆိုပုံ အခြင်းအရာကို ပြခြင်းကြောင့်လည်းကောင်း၊ အတ္ထာနုဂတသမညာပရိဒီပနတော စ–အနက်သို့ အစဉ်လိုက်သောအမည်ကို အဖန်ဖန်ပြခြင်းကြောင့်လည်းကောင်း၊ (ဝိညာယတိ–၏)။

ပန–အဖို့တစ်ပါးကား၊ (အဘိဓေယျ, ကရဏာပွကာရ, ပကရဏာဘိဓာန တို့မှတစ်ပါး ပယောဇဉ်ကို ဆိုဦးအံ့၊) ပယောဇနံ–ကျမ်း၏အကျိုးကို၊ သင်္ဂဟ ပဒေန–သင်္ဂဟပုဒ်ဖြင့်၊ သာမတ္ထိယတော–ပြစွမ်းနိုင်သည်၏အဖြစ်အားဖြင့်၊ (အာစရိယေန–အရှင်အနုရုဒ္ဓါဆရာသည်၊) ဒဿိတမေဝ–ပြအပ်ပြီးတော့သည်သာ၊ (ကသ္မာ–ကြောင့်၊ ဝိညာယတိ–နည်း၊) အဘိဓမ္မတ္ထာနံ–အဘိဓမ္မတ္ထတို့ကို၊

---

**ဧကတ္ထ ။ပေ၊ ဒီပနတော။** ။အဘိဓမ္မတ္ထသင်္ဂဟပုဒ်ကို စဉ်းစားလျှင် "အဘိဓမ္မတ္ထ–အဘိဓမ္မတ္ထတို့ကို+သံ–သိမ်းရုံး၍+ဂဟ–ယူ"ဟူသောအနက်ကို သိရ၏၊ ထို့ကြောင့် အဘိဓမ္မာ၏အနက်အဓိပ္ပာယ်တို့ကို ဤတစ်ကျမ်းတည်း၌ သိမ်းရုံး၍ ယူသောအားဖြင့် ဤကျမ်းကို ပြုစီရင်မည်"ဟု ကျမ်းပြုပုံ (ကျမ်းရေးပုံ)အခြင်းအရာကိုလည်း အဘိဓမ္မတ္ထသင်္ဂဟပုဒ်ဖြင့်ပင် ပြ၏–ဟု သိနိုင်သည်။

**အတ္ထာနု ။ပေ၊ ပရိဒီပနတော။** ။သူ့အနက်အားလျော်စွာ မှည့်ထားသော နာမည်ကို အတ္ထာနုဂတ (တစ်နည်း–အန္ဝတ္ထ)နာမည်ဟု ခေါ်၏၊ ဤသင်္ဂြိုဟ်ကျမ်း၏ "အဘိဓမ္မတ္ထသင်္ဂဟ"ဟူသောအမည်လည်း "အဘိဓမ္မတ္ထတို့ကို သိမ်းယူရာဖြစ်ခြင်း" ဟူသောအနက်အားလျော်စွာ မှည့်အပ်သောနာမည်ဖြစ်၏၊ ဤသို့ အန္ဝတ္ထနာမည် ဖြစ်ကြောင်းကို "အဘိဓမ္မတ္ထသင်္ဂဟံ"ပုဒ်က တိုက်ရိုက်မပြသော်လည်း သွယ်ဝိုက်၍ ထင်ရှားပြသောကြောင့် ကျမ်း၏နာမည် (အဘိဓာန)ကိုလည်း အဘိဓမ္မတ္ထသင်္ဂဟံ ပုဒ်ဖြင့် ပြသည်ဟု သိနိုင်သည်၊ [ထပ်ကာထပ်ကာ ပြရခြင်းဖြစ်သောကြောင့် နောက်ဆုံး ဒီပနတော၌ ပုနပ္ပုနအနက်ဟော ပရိသဒ္ဒါထည့်၍ ထားသည်။]

**ပယောဇနံ ပန။** ။အဘိဓေယျစသည်ကို ပြပြီး၍ ပယောဇဉ်ကို ပြလိုသော ကြောင့် "ပယောဇနံ ပန"စသည် မိန့်၊ ပက္ခန္တရဝါကျတည်း၊ ပနသည် ပက္ခန္တရ ဇောတက၊ သခ်ေပဝါကျတုန်းက ပေါင်း၍ ပြထားပြီး စကားတို့ကို တစ်ခုပြီးတစ်ခု ချဲ့ရာ၌ ရှေ့ဝါကျကို ပက္ခ, နောက်ဝါကျကို ပက္ခန္တရဝါကျဟု အမြဲခွဲပါ။

**[နိယာမ်] ပေါင်းပြီး စိတ်ပြ, နောက်ပက္ခ, ယူကြ ပက္ခန္တ**။

**သာမတ္ထိယတော။** ။ဟေတုနာ သဒ္ဒိံ ပယုဇ္ဇတီတိ ပယောဇနံ=အကြောင်းနှင့် တကွ ယှဉ်စပ်တတ်သောကြောင့် အကျိုးကို "ပယောဇနံ"ဟု ခေါ်၏၊ ဤနေရာ၌ ကျမ်း၏အကျိုး (ဤကျမ်းကို သင်ယူခြင်းကြောင့် ရနိုင်မည့်အကျိုး)ကို "ပယောဇနံ"ဟု ခေါ်သည်၊ သမ္ပသမ္ဗုဒ္ဓမတုလံ စသော ဂါထာဝယ် ထိုအကျိုးကို တိုက်ရိုက်ပြသောပုဒ် မပါသော်လည်း အဘိဓမ္မတ္ထသင်္ဂဟံဝယ် သင်္ဂဟံပုဒ်သည် ထိုအကျိုးကို ပြစွမ်းနိုင်၏၊ ထိုသို့ ပြစွမ်းနိုင်ခြင်းသတ္တိကို "သာမတ္ထိယ"ဟု ခေါ်သည်၊ သမတ္ထဿ–ပြစွမ်းနိုင်သောပုဒ်၏+

ဧကတ္တ–တစ်ခုတည်းသော သင်္ဂြိုဟ်ကျမ်း၌၊ သင်္ဂဟေ–သိမ်းယူခြင်းသည်၊ သတိ–ဖြစ်လသော်၊ (သိမ်းယူခြင်းကြောင့်–ဟူလို၊) တဒုဂ္ဂဟပရိပုစ္ဆာဒိဝသေန–ထိုအဘိဓမ္မတ္ထတို့ကို သင်ယူခြင်း, အဖန်ဖန်မေးခြင်း အစရှိသည်တို့၏အစွမ်းဖြင့်၊ (အာဒိဖြင့် "သဇ္ဈာယန–သရဇ္ဈာယ်ခြင်း, စာအံခြင်း၊ ဓာရဏ–ဆောင်ရွက်မှတ်ထားခြင်း"တို့ကို ယူ၊) တေသံ–ထိုအဘိဓမ္မတ္ထတို့၏၊ သရူပါဝဗောဓေဿ–သရုပ်ကိုထိုးထွင်း၍ သိခြင်း၏လည်းကောင်း၊ တမ္ဗူလိကာယ–ထိုအဘိဓမ္မတ္ထတို့၏သရုပ်ကို သိခြင်းလျှင်အကြောင်းရင်းရှိသော၊ ဒိဋ္ဌဓမ္မိကသမ္ပရာယိကတ္ထသိဒ္ဓိယာစ–မျက်မှောက်ဘဝ၌ ဖြစ်သောအကျိုး, တမလွန်ဘဝ၌ ဖြစ်သော အကျိုးဟူသော သိဒ္ဓိ၏လည်းကောင်း၊ အနာယာသေန–မပင်ပန်းသဖြင့်၊ သံသိဇ္ဈနတော–ပြီးစီးခြင်းကြောင့်၊ (ဝိညာယတိ)။

တတ္ထ–ထိုရတနတ္တယပ္ပဏာမ စသည်တို့တွင်၊ တာဝ–အဘိဓေယျ စသည်တို့မှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌ–ညွှန်ပြအပ်သော၊) ရတနတ္တယပ္ပဏာမပ္ပယောဇနံ–ရတနတ္တယပ္ပဏာမ၏အကျိုးကို၊ ဗဟုဓာ–များသောအပြားအားဖြင့်၊ အာစရိယာ-

ဘာဝေါ–ဖြစ်ကြောင်း ဖြစ်ရာသတ္တိသည်၊ သာမတ္ထိယံ–တ္ထိ၊ ထိုသာမတ္ထိယအားဖြင့် သင်္ဂဟပုဒ်က ပယောဇဉ်ကို ပြသည်။

**အဘိဓမ္မတ္ထာနံ ၊ပေ၊ သံသိဇ္ဈနတော**။ ။ထိုသို့ ပြကြောင်းကို ဘာ့ကြောင့် သိရပါသနည်း–ဟု မေးဖွယ်ရှိသောကြောင့် "အဘိဓမ္မတ္ထာနံ ၊ပေ၊ သံသိဇ္ဈနတော"ဟု မိန့်၊ ချဲ့ဦးအံ့–သင်္ဂဟပုဒ်သည် "အကျဉ်းချုံး၍ သိမ်းယူခြင်း"ဟူသောအနက်ကို တိုက်ရိုက်ဟော၏၊ အဘိဓမ္မတ္ထတို့ကို အကျဉ်းချုံး၍ သိမ်းယူလိုက်လျှင် ထိုကျမ်းကို တက်ခြင်း, အနက်အဓိပ္ပာယ်မေးခြင်းအားဖြင့် သရုပ်သဘောကို သိသောဉာဏ်သည် မပင်ပန်းဘဲ ပြီးနိုင်၏၊ ဤသို့ သရုပ်သဘောကို သိသောအသိဉာဏ်ကို မပင်မပန်း ပြီးစီးနိုင်ခြင်းသည် ဤသင်္ဂြိုဟ်ကျမ်း၏ မုချအကျိုး (အကျိုးရင်း) ပယောဇနတည်း။

ထိုသို့ သိမှုမှတစ်ဆင့်တက်၍လည်း ဤဘဝ၌ အဘိဓမ္မာတတ်သိသူဟု ကျော်စောခြင်းစသောဂုဏ်, သိသည့်အတိုင်း အနေအထိုင် အပြောအဆို စိတ်နေစိတ်ထားပြုပြင်သွားနိုင်ခြင်းစသော ဒိဋ္ဌဓမ္မိက (ဤဘဝအကျိုး)သည်လည်းကောင်း, ထိုကဲ့သို့ ပြုပြင်သွားသဖြင့် နောက်ဘဝမှစ၍ သုဂတိတက်လျက် မဂ်ဖိုလ် နိဗ္ဗာန်တိုင်အောင် အဆက်ဆက် (သမ္ပရာယိက) တမလွန်အကျိုးသည်လည်းကောင်း ဤသင်္ဂြိုဟ်ကျမ်း၏ အနုသိင်္ဂိက အကျိုး (ဆက်သွယ်၍ ဖြစ်ပေါ်နိုင်သောအကျိုးဆက်) ပယောဇနတည်း၊ ထိုအကျိုးရင်း–အကျိုးဆက်များကို သင်္ဂဟပုဒ်တစ်စိတ်က (တိုက်ရိုက်မဟောဘဲ) ကာရဏူပစာရအားဖြင့် သွယ်ဝိုက်၍ ပြစွမ်းနိုင်သည်။

**တတ္ထ**။ ။ရတနတ္တယပ္ပဏာမစသော ပဉ္စကတ္တကို ပြပြီး၍ ထိုပဏာမစသည်ကို ပြရခြင်း၏အကျိုးကို ဖွင့်ပြလိုသောကြောင့် "တတ္ထ"စသည် မိန့်၊ ထိုပဏာမစသော ဆိုင်ရာစကားတစ်ရပ် ပြတ်ပြီးမှ ထိုပဏာမစသည်၏အကျိုးကို ဆက်ပြသောကြောင့် "ပြတ်ပြီးခဲ့ရာ, ဆက်၍လာ, ဝါကျာရမ္ဘပင်"နှင့်အညီ "ဝါကျာရမ္ဘဝါကျ"ဟု နာမည်

ဋီကာဆရာတို့သည်၊ (ကိဋ္ဌာပိ) ပပဉ္စေန္တိ–အကယ်၍ကား ကျယ်ပြန့်စေကြကုန်၏၊ ဝါ–အကယ်၍ကား ချဲ့ကြကုန်၏၊ ပန–ထိုသို့ပင် ချဲ့ကြပါကုန်သော်လည်း၊ ဝိသေသတော–အထူးအားဖြင့်၊ အန္တရာယနိဝါရဏံ–အန္တရာယ်ကို တားမြစ်ခြင်းကို၊ (အာစရိယာ–ကျမ်းပြုဆရာတို့သည်၊) ပစ္စာသီသန္တိ–တောင့်တကြကုန်၏။

တထာဟိ–ထိုစကားမှန်၏၊(“တထာ တံဝစနံ–ထိုစကားသည်၊ ဟိသစ္စံ–မှန်၏”ဟုလည်း ပေးကြသည်၊) သင်္ဂဟကာရေဟိ–အဋ္ဌကထာအကျဉ်းကို ပြုကုန်သောအရှင်ဗုဒ္ဓဃောသဆရာတို့သည်၊ (တစ်ပါးတည်းဖြစ်သော်လည်း ဂရုဂါရဝဖြစ်၍ ဗဟုဝုစ်ဆိုထားသည်၊) တဿာနုဘာဝေန ဟတန္တရာ ယောတိ–တဿာနုဘာဝေန ဟတန္တရာယောဟူ၍၊ ဝုတ္တံ–ဆိုအပ်ပြီ၊ (ပါရာဇိကဏ်ဂန္ထာရမ္ဘအခန်း၌ ဆိုအပ်ပြီ–ဟူလို၊) (တစ်နည်း) ဟိ ယသ္မာ–အကြင်ကြောင့်၊

တပ်ပါ၊ တတ္ထဖြင့် စချီသော်လည်း ဝိတ္ထာရမဟုတ်၊ ဝါကျာရမ္ဘ(ဥပနျာသ)ဝါကျရှိရာ၌ ရှိရာ၌ တွေ့ဟိစသော ရှေ့ဝါကျအပေါင်းကို “အာရဒ္ဓဝါကျ”ဟု နာမည်တပ်ရသည်၊ ဤတတ္ထစသော ဝါကျ၏အဆုံးကား “အဘိဓာနကထနံ ပန ဝေါဟာရသုခတ္ထံ” တိုင်အောင်တည်း၊ [အာရဒ္ဓသဿ–အားထုတ်အပ်ပြီးအနက်ကို+ပကာသကံ–ပြတ်တတ်သော+ဝါကျံ–တည်း၊ အာရဒ္ဓဝါကျံ–ကျ။]

**ရတန ၊ပေ၊ ပစ္စာသီသန္တိ။** ။ရှေ့၌ပြခဲ့သော ပယောဇဉ်သည် ကျမ်း၏အကျိုး ပယောဇဉ်တည်း၊ ဤပယောဇဉ်ကား ရတနာသုံးပါးကို ရှိခိုးရခြင်းအကျိုးကိုပြသော ပဏာမပယောဇဉ်ပြတည်း၊ ထိုပယောဇဉ်ကို ဋီကာဆရာတို့ အမျိုးမျိုးချဲ့ပြကြ၏၊ [ချဲ့ပုံကို သာရတ္ထဋီကာစသည်မှာ ကြည့်ပါ၊] ထိုသို့ အမျိုးမျိုးချဲ့ကြသော်လည်း ကျမ်းဆရာတို့ကား အန္တရာယ်ကို ကာကွယ်နိုင်ခြင်းအကျိုးကိုသာ အထူးလိုလား တောင်းတကြပါသည်၊ [ပပုဗ္ဗ–“ပစိ–ဝိတ္ထာရေ”ဓာတ်ကျမ်း၊ ကာရိတ်ဏေပစ္စည်းဖြင့် “ပပဉ္စေန္တိ”ဟု ဖြစ်၏။]

**ဝါကျခွဲ။** ။“ရတနတ္တယ ၊ပေ၊ ပပဉ္စေန္တိ”သည် ရှေ့ဋီကာတို့ ချဲ့ထားပုံကို ဝန်ခံသော အနုဂ္ဂဟတ္ထ (သမ္ဘာဝနာ)ဝါကျ၊ “ဝိသေသတော ၊ပေ၊ ပစ္စာသီသန္တိ”ကား ထိုအကျယ်ကို မနှစ်သက်သော အရုစျတ္ထ (ဂရဟာ) ဝါကျ၊ “ပန”သည် အရုစျတ္ထ (ဂရဟာ)ဇောတက၊ ဤသို့ ပနရှိသောကြောင့် “ကိဉ္စာပိ”ဟု အနုဂ္ဂဟတ္ထဇောတကကို ထည့်ရသည်၊ [ပေါရာဏေဟိ ၊ပေ၊ ယာ ပန ဝဏ္ဏနာ”တုန်းကနှင့် သဘောတူပင်။]

**တထာဟိ။** ။ဤ“တထာဟိ ၊ပေ၊ ဟတန္တရာယော”သည် ရှေ့စကားကို ခိုင်မြဲအောင် ပြုလိုသောကြောင့် ဒဠှီကရဏယဝါကျတည်း၊ ရှေ့စကားကား ခိုင်မြဲအောင်ပြုအပ်သော ဒဠှီကရဏီယဝါကျတည်း၊ [ဒဠှီယဝါကျဟုလည်း နာမည်တပ်ကြ၏၊] ကျားဖြင့် မထောက်အပ်သောအိမ်အိုသည် ယိမ်းယိုင်လဲပြိုဖွယ် ရှိသကဲ့သို့, အထောက်အကူ ဝါကျမပါလျှင် ခိုင်မြဲဖွယ်မရှိသော ရှေ့စကားကို ဒဠှီကရဏီယ (ခိုင်မြဲအောင် ပြုထိုက်သော, ပြုဖို့လိုနေသော)စကားဟု ခေါ်သည်၊ မှန်၏–“အန္တရာယနိဝါရဏကို တောင်းတကြ၏ ” ဟူသော ရှေ့စကားသည် အထောက် မပါခဲ့သော် စောဒက က

သင်္ဂဟကာရေဟိ–တို့သည်၊ တဿာနုဘာဝေန ဟတန္တ ရာယောတိ–ဟူ၍၊ ဝုတ္တံ–ပြီ၊ တထာ (တသ္မာ)–ကြောင့်၊ ဝိသေသတော–အားဖြင့်၊ အန္တရာယ နိဝါရဏံ–ကို၊ အာစရိယာ–ကျမ်းပြုဆရာတို့သည်၊ ပစ္စာသီသန္တိ–ကုန်၏၊ ဣတိ–ဤသို့၊ ဝိညာယတိ–၏၊ [တဿ–ထို ကောင်းမှုအလျင်၏၊ အာနုဘာဝေန–အာနုဘော်ဖြင့်၊ ဟတန္တရာယော–ပယ်ဖျောက်အပ်ပြီးသော အန္တ ရာယ်ရှိသည်၊ (ဟုတ္វာ)၊ ဝဏ္ဏယိဿံ–ဖွင့်ပြပေအံ့။]

ဟိ–ချဲ့၊ (တစ်နည်း) ဟိ ယသ္မာ–ကြောင့်၊ ရတနတ္တယပဏာမော–ရတနာ သုံးပါးအပေါင်းကို ရှိခိုးခြင်းသည်၊ အတ္ထတော–တရားကိုယ်အနက်အားဖြင့်၊ ပဏာမကြိယာဘိနိပ္ဖာဒိကာ–ရှိခိုးခြင်းအမှုအရာကို ပြီးစေတတ်သော၊ ကုသလ စေတနာ–ကုသိုလ်စေတနာတည်း၊ သာစ–ထိုကုသိုလ်စေတနာသည်လည်း၊ [ဤအလို စသဒ္ဒါသည် ဆိုအပ်ပြီးအနက်ကိုငဲ့သော အပေက္ခာအနက်ရှိ၏၊]

ဖယ်ရှားလျှင် ယိုင်လဲသွားမည့်စကားဖြစ်၏၊ ထို့ကြောင့် "တဿာနုဘာဝေန ဟတန္တ ရာယော"ဟူသော ပါရာဇိကကဏ္ဍအဋ္ဌကထာစကားဖြင့် ထောက်ကူ၍ ပေးရသည်။

**မှတ်ချက်။** ။ဤဝါကျမျိုးကို သာဓကဝါကျ (သက်သေပြစကား)ဟု ခေါ်၍, ရှေ့ဝါကျကို သာဓျဝါကျ (သက်သေဖြင့် ပြီးစေအပ်သောစကား)ဟု ခေါ်၏၊ တစ်နည်း ဆိုပြီးအဓိပ္ပာယ်ကို သိစေတတ်သော အကြောင်းပြစကားဖြစ်သောကြောင့် ဤဝါကျ ကို ဉာပကဟေတုဝါကျဟု ခေါ်၍, ရှေ့ဝါကျကို ဉာပေတဗ္ဗဖလဝါကျဟု ခေါ်သည်၊ ထို့ကြောင့် "ဟိ ယသ္မာ ၊ပေ၊ တထာတသ္မာ ဝိညာယတိ"ဟု တစ်နည်းပေးထားသည်၊ အချို့အရာ၌ ဝိတ္ထာရဝါကျလည်း ဖြစ်နိုင်၏၊ ဤနေရာ၌ကား မဖြစ်နိုင်။

## [နိယာမ်] တထာဟိမှာ, ဉာပကာ, ရံခါချဲ့ မြဲစွဲ။

**ရတနတ္တယပဏာမောဟိ။** ။"အန္တရာယနိဝါရဏအကျိုးကို တောင့်တကြ၏" ဟု ဆရာဆို၏၊ "ထိုအကျိုးကို ရတနတ္တယပဏာမစေတနာသည် အဘယ်နည်းဖြင့် ပြီးစေနိုင်ပါသနည်း"ဟု မေးဖွယ်ရှိသောကြောင့် "ရတနတ္တယပဏာမောဟိ ၊ပေ၊ အပ္ပဝတ္တိံ သာဓေတိ"ဟု မိန့်သည်၊ ဤသို့ "ဝိသေသတော ၊ပေ၊ ပစ္စာသီသန္တိ"ဟူသော ပဓာနဝါကျကို ချဲ့ပြသောကြောင့် ဝိတ္ထာရဝါကျဟု ကြံရသည်၊ တထာဟိ–စသော ဝါကျကား ထိုပဓာနဝါကျ၏ အကူအညီသာဖြစ်၍ အပဓာနဝါကျဖြစ်သောကြောင့် ထိုအပဓာနဝါကျနှင့် မဆက်သွယ်ဘဲ ပဓာနဝါကျနှင့်သာ ဆက်သွယ်၍ အဓိပ္ပာယ် ယူရသည်၊ သာဓေတိနောက်၌ "တသ္မာ"ဟု ဖလဝါကျရှိသောကြောင့် ထိုနောက် ဝါကျထောက်လျှင် ဤဝါကျသည် ဟေတုဝါကျလည်း ဖြစ်နိုင်ရကား "ဟိယသ္မာ"ဟု ဟေတုဇောတကကြံ၍ တစ်နည်း အနက်ပေးသည်။

**အတ္ထတော ကုသလစေတနာ။** ။ရတနတ္တယပဏာမောကို ကုသလစေတနာ၌ စပ်၊ ကိုယ်နှုတ်စိတ်မှုများကိုပြုတိုင်း အရင်းခံစေတနာပါရ၏၊ ထို့ကြောင့် "ရတနတ္တ ယပ္ပဏာမ၏ အရင်းခံတရားကိုယ်မှာ ကုသိုလ်စေတနာဖြစ်သည်"ဟူလို။

(တစ်နည်း) စ–ဆက်ဦးအံ့၊ (စသဒ္ဒါ ဥပနျာသ)၊ သာ–ထိုကုသိုလ်စေတနာသည်၊ ဝန္ဒနေယျ ဝန္ဒကာနံ (ဝန္ဒိတ ဝန္ဒကာနံ)–ရှိခိုးအပ်သော ရတနာသုံးပါး၊ ရှိခိုးတတ်သော ကျမ်းပြုဆရာတို့၏၊ ခေတ္တဇ္ဈာသယ သမ္ပဒါဟိ–ခေတ်၏ ပြည့်စုံခြင်း၊ အဇ္ဈာသယ၏ပြည့်စုံခြင်းတို့ကြောင့်၊ ဒိဋ္ဌဓမ္မဝေဒနီယဘူတာ–ဒိဋ္ဌဓမ္မဝေဒနီယကံ ဖြစ်၍ဖြစ်သည်၊ (ဟုတွာ–ဖြစ်၍၊ ဝါ–ဖြစ်ခြင်းကြောင့်)၊

---

**ပဏာမကြိယာဘိနိပ္ဖာဒကာ။** ။ထိုစေတနာ၏ လှုံ့ဆော်မှုကြောင့် ကာယ ဝိညတ် ဝစီဝိညတ်ဖြစ်၍ ရတနသုံးပါးသို့ ကိုင်းညွတ်ရှိခိုးနေသော အမူအရာ (ရှိခိုးခြင်းကြိယာ) ဖြစ်ရသည်၊ စေတနာ၏လှုံ့ဆော်မှုကြောင့် စိတ်က ရတနသုံးပါး ဂုဏ်တော်ကို အာရုံပြုရသည်၊ ထို့ကြောင့် "ပဏာမကြိယာ (ရှိခိုးခြင်းအမူအရာ)ကို ကုသိုလ်စေတနာက ဖြစ်စေသည်"ဟု ဆိုသည်။

**သာစ ၊ပေ၊ သာဓေတိ။** ။ထိုစေတနာ၏ အစွမ်းသတ္တိကို ဆက်ပြလို၍ "သာ စ ၊ပေ၊ သာဓေတိ"ဟု မိန့်၊ ထိုစေတနာသည် အန္တရာယ်မဖြစ်ခြင်းကို ပြီးစေနိုင်ပါသည်–ဟူလို၊ ဤဆက်ခြင်းသည် စကားအဆက်မပြတ်သေးဘဲ ဆက်ခြင်းတည်း၊ ရှေးဝါကျ၌ စကားတစ်ရပ်ပြတ်ပြီးမှ ဆက်လျှင် "ဝါကျာရမ္ဘ"ဟု ခေါ်၍, မပြတ်သေးဘဲ ဆက်ရာ၌ "ဥပနျာသ"ဟု ခေါ်ကြသည်၊ ထိုနှစ်ဝါကျလုံး၏အဆက်ဖြစ်သော ရှေ့ဝါကျကို "အာရဒ္ဓဝါကျ"ဟု အမည်ပေးကြ၏၊ [ဝါကျသ–စကားတစ်ရပ်ကို၊ အာရမ္ဘော–ဆက်၍ အားထုတ်ခြင်း၊ ဝါကျာရမ္ဘော–ခြင်း၊ ဥပနျာသနံ–ကပ်၍ အနက်ကိုထားခြင်း၊ ဥပနျာသော–ခြင်း၊ ဋီကာကြီးတို့ကား ထိုနှစ်ဝါကျကို သဘောတူဟု ဆို၏၊ အာရဘီယိတ္ထ–အားထုတ်အပ်ပြီ၊ (အားထုတ်၍ပြီးပြီ)၊ ဣတိ အာရဒ္ဓေါ၊ အာရဒ္ဓသ–အားထုတ် အပ်ပြီးအနက်ကို၊ ပကာသကံ+ဝါကျံ, အာရဒ္ဓဝါကျံ။]

**[နိယာမ်]** **ပြတ်ပြီးခဲ့ရာ, ဆက်၍လာ, ဝါကျာရမ္ဘပင်၊**
**မပြတ်စပ်ကာ, ဆက်၍လာ, ဥပနျာသတွင်။**

**ခေတ္တဇ္ဈာသယ သမ္ပဒါဟိ။** ။"ခေတ္တသမ္ပဒါ, အဇ္ဈာသယသမ္ပဒါ"ဟု ခွဲ၊ ခေတ္တဟူသည် ကောင်းမှုမျိုးစေ့တို့ စိုက်ပျိုးရာ ရတနာသုံးပါးတည်းဟူသော လယ်တည်း၊ ထိုရတနာသုံးပါး၏ အပြစ်ကင်း၍ သန့်ရှင်းလှစွာသော ဂုဏ်တော်များနှင့် ပြည့်စုံခြင်းကို "ခေတ္တသမ္ပဒါ"ဟု ခေါ်၏၊ အဇ္ဈာသယဟူသည် အရှင်အနုရုဒ္ဓါ၏ သမ္မာဆန္ဒတည်း၊ ထိုဆန္ဒ၌ ဘယလာဘစသည် မရှော်ဘဲ ဂုဏ်တော်၌သာ စူးစိုက်သော သဒ္ဓါ ပညာ သတိ ဝီရိယ သမာဓိတို့ဖြင့် ထုံမွမ်းထားခြင်းကို "အဇ္ဈာသယသမ္ပဒါ"ဟု ခေါ်၏၊ ရှေ့က ဝန္ဒနေယျကို ခေတ္တသမ္ပဒါနှင့်, ဝန္ဒကကို အဇ္ဈာသယသမ္ပဒါနှင့် အစဉ်အတိုင်း တွဲပါ၊ [ယထာက္ကမနည်းတည်း၊ "ဝန္ဒနေယျ" နေရာဝယ် မုချ ရှိခိုးအပ်ပြီး အနက်ဟော တပစ္စည်းဖြင့် "ဝန္ဒိတ"ဟု ရှိလျှင် ကောင်း၏။]

**ဒိဋ္ဌ၊ပေ၊ဘူတာ။** ။ဒါနပြုရာ၌ ဓမ္မိကလဒ္ဓဖြစ်ခြင်း,ဒါနစေတနာ၏ ကြီးမားထက်သန်ခြင်း, အလှူခံပုဂ္ဂိုလ်၏ အနာဂါမ်–ရဟန္တာဖြစ်ခြင်း, သမာပတ်မှ ထပြီးခါစ ဖြစ်ခြင်း–ဟု အင်္ဂါလေးပါး ပြည့်စုံပြီးမှ ဒိဋ္ဌဓမ္မအကျိုးကို ပေးနိုင်၏၊ ပဏာမစေတနာကား–

ယထာလဒ္ဓသမ္ပတ္တိနိမိတ္တကဿ–အကြင်အကြင် ရအပ်ပြီးသော ဘဝသမ္ပတ္တိ၏ အကြောင်းဖြစ်သော၊ ကမ္မဿ–ဇနကကံအား၊ အနုဗလပ္ပဒါနဝသေန–လျော်သောအားကို ပေးခြင်း၏ အစွမ်းဖြင့်၊ ဝါ–ထောက်ပံ့ကူညီခြင်း၏ အစွမ်းဖြင့်၊ တန္နိဗ္ဗတ္တိတဝိပါကသန္တတိယာ–ထိုဇနကကံသည် ဖြစ်စေအပ်သော ဝိပါက် အစဉ်၏၊ အန္တရာယကရာနိ–အန္တရာယ်ကို ပြုတတ်ကုန်သော၊ ဥပပီဠက ဥပစ္ဆေဒကကမ္မာနိ–ဥပပီဠကကံ, ဥပစ္ဆေဒကကံတို့ကို၊ ပဋိဗာဟိတ္ဂာ–တားမြစ်၍၊ တန္နိဒါနံ–ထို ဥပပီဠက, ဥပစ္ဆေဒကကံဟူသော အကြောင်းရှိကုန်သော၊

---

ခေတ်၏ ပြည့်စုံခြင်း, အဇ္ဈာသယ၏ ပြည့်စုံခြင်းဟူသော အင်္ဂါနှစ်ပါး ပြည့်စုံရုံမျှဖြင့် ရောဂါစသော အန္တရာယ်ကို ကာကွယ်ခြင်းစသော ဒိဋ္ဌဓမ္မအကျိုးကို ပေးနိုင်၏။

**ယထာ ၊ပေ၊ ကမ္မဿ**။ ။ယထာလဒ္ဓသမ္ပတ္တိဟူသည် ယခုအခါ မျက်စိ နား နှာ စသည် စည်းစိမ်ဥစ္စာ စသည်တို့နှင့် ပြည့်စုံစွာရအပ်သော လူ့ဘဝတည်း၊ [ယာယာ+ လဒ္ဓါ–ယထာလဒ္ဓါ၊ ယထာလဒ္ဓါ စ+တံ+သမ္ပတ္တိ စာတိ ယထာလဒ္ဓသမ္ပတ္တိ၊] ဤလူ့ဘဝ သမ္ပတ္တိ၏ အကြောင်းဖြစ်သော ရှေးကံကို "ယထာလဒ္ဓသမ္ပတ္တိနိမိတ္တကကံ"ဟု ခေါ်သည်၊ [ယထာလဒ္ဓသမ္ပတ္တိယာ+နိမိတ္တံ–ယထာလဒ္ဓသမ္ပတ္တိ နိမိတ္တကံ၊ သမာသန္တ–က ပစ္စည်းသက်၊] ထိုကံကား လွန်ခဲ့သောဒုတိယဘဝ၌ ပြုခဲ့သော ဥပပဇ္ဇဝေဒနီယကံလည်း ဖြစ်နိုင်, တတိယဘဝတိုင်အောင် လွန်ခဲ့သောဘဝတို့က ပြုခဲ့သော အပရာပရိယ ဝေဒနီယကံလည်း ဖြစ်နိုင်သည်။

**အနုဗလပ္ပဒါနဝသေန**။ ။ဤဘဝကို စီမံနိုင်သော ထိုအတိတ်ကံကို ဒိဋ္ဌဓမ္မ ဝေဒနီယဖြစ်သော ပဏ္ဏာမစေတနာက အားပေးကူညီခြင်းကို "အနုဗလပ္ပဒါန"ဟု ဆိုသည်၊ အနုဗလပ္ပဒါနဝသေနကို ပတိဗာဟိတွာ သာဓေတိတို့၌ စပ်၊ အားပေးသော အားဖြင့် တားမြစ်၍ အန္တရာယ်ကို ကာကွယ်သည်–ဟူလို၊ ဤစကားဖြင့် ဇနက ဥပတ္ထမ္ဘကစသောကံတို့တွင် "ပဏ္ဏာမစေတနာသည် ဇနကကံမဟုတ်, ဥပထမ္ဘကကံ တည်း"ဟု ပြသည်၊ [အနုရူပံ+ဗလံ–အနုဗလံ၊ အနုဗလဿ=ပဒါနံ–အနုဗလပ္ပဒါနံ၊ တဿ+ဝသော–အနုဗလပ္ပဒါနဝသော။]

**တန္နိဗ္ဗတ္တိတ ၊ပေ၊ သန္တတိယာ**။ ။တံနိဗ္ဗတ္တိတ၌ "ထိုကံ"ဟူသည် ဤဘဝသမ္ပတ္တိ ကို စီမံလိုက်သော ဥပပဇ္ဇဝေဒနီယ, သို့မဟုတ် အပရာပရိယဖြစ်သော ကံတည်း၊ "ထိုကံသည် ဖြစ်စေအပ်သော အကျိုးအစဉ်"ဟူသည် ယခုဘဝ ကမ္မဇရုပ်အစဉ်နှင့် ဝိပါက်စိတ် စေတသိက်အစဉ်တည်း။

**အန္တရာယ ၊ပေ၊ ကမ္မာနိ**။ ။ရှေးရှေးဘဝက ပြုခဲ့မိသော အကုသိုလ်ကံတို့သည် ထိုကမ္မဇရုပ်အစဉ်, ဝိပါက်စိတ်အစဉ်ကို (မကျန်းမာအောင်) အနှောက်အရှက်ပေး သော ဥပပီဠကကံအဖြစ်ဖြင့်လည်း အန္တရာယ်ကို ပြုတတ်ကုန်၏၊ တစ်ခါတည်း သေကြေ၍ အစဉ်ပြတ်သွားအောင် ဥပစ္ဆေဒကကံအဖြစ်ဖြင့်လည်း အန္တရာယ်ကို ပြုတတ်ကြသည်။

**တန္နိဒါနာနံ ၊ပေ၊ အန္တရာယာနံ**။ ။တန္နိဒါနှ၌ "ထိုကံ" ဟူသည် ပြခဲ့သော ဥပပီဠက ဥပစ္ဆေဒကကံများတည်း၊ ကံ စိတ် ဥတု အာဟာရတို့ ပြုစီမံအပ်သော

ယထာဓိပ္ပေတသိဒ္ဓိဝိဗန္ဓကာနံ–အကြင်အကြင် အလိုရှိအပ်သောကျမ်းပြီးစီးခြင်းကို တားမြစ်တတ်ကုန်သော၊ ရောဂါဒိအန္တရာယာနံ–ရောဂါအစရှိသောအန္တရာယ်တို့၏၊ အပ္ပဝတ္တိံ–မဖြစ်ခြင်းကို၊ သာဓေတိ–ပြီးစေနိုင်၏၊ တသ္မာ–ကြောင့်၊ (ထိုသို့ ပဏာမစေတနာ၏ ဒိဋ္ဌဓမ္မဝေဒနီယကံဖြစ်၍ ရောဂါအစရှိသော အန္တရာယ်တို့၏ မဖြစ်ခြင်းကို ပြီးစေနိုင်သည်၏အဖြစ်ကြောင့်၊) ပကရဏာရမ္ဘေ–ကျမ်းကို အားထုတ်စ ကာလ၌၊ ဝါ–ကျမ်း၏ အစ၌၊ ရတနတ္တယပဏာမကရဏံ–ရတနတ္တယပဏာမကို ပြုခြင်းသည်၊ ယထာရဒ္ဓပကရဏဿ–အကြင် အကြင် အားထုတ်အပ်သော ကျမ်း၏၊ အနန္တရာယေန–အန္တရာယ် မရှိသဖြင့်၊ ပရိသမာပနတ္ထဉ္စ–ပြီးစီးခြင်း အကျိုးရှိသည်လည်းကောင်း၊ သောတူနဉ္စ–စာသင်သားတို့၏လည်း၊ (စ–ဖြင့် ကျမ်းဆရာကို ဆည်း၊) ဝန္ဒနာပုဗ္ဗင်္ဂမာယ–ရှိခိုးခြင်း ရှေ့သွားရှိသော၊ ပဋိပတ္တိယာ–အကျင့်ကြောင့်၊ (စာသင်ခြင်းကိုပင်

ဤခန္ဓာကိုယ်ဝယ် ရောဂါစသော အန္တရာယ်ဖြစ်ရာ၌ ဥတု–အာဟာရချို့ယွင်းမှု စိတ်မချမ်းသာမှုတို့သည် နီးကပ်သောအကြောင်းများဖြစ်၍, ထိုကဲ့သို့ ချို့ယွင်းမှု မချမ်းသာမှု ဖြစ်ရခြင်း၏အရင်းခံအကြောင်းမှာ ဥပပီဠက ဥပစ္ဆေဒကကံများ၏ အကျိုးပေးခွင့် ကြုံလာခြင်းတည်း၊ ထို့ကြောင့် "တန္နိဒါနာနံ+ရောဂါဒိ အန္တရာယာနံ" ဟု ဆိုသည်၊ ရောဂါဒိ၌ အာဒိဖြင့် ဘယဆမ္ဘိတတ္တ လောမဟံသတို့ကို မဏိမဥ္ဇူသာ၌ ယူ၏၊ မီးဘေး ရေဘေး စသည်နှင့် ဉာတိဗျသန စသည်တို့ကိုလည်း ယူသင့်၏။

**ယထာ ။ပေ၊ ဝိဗန္ဓကာနံ**။ ။"ကျမ်းပြုဆရာ၏ အလိုရှိအပ်သောအကျိုး" ဟူသည် ကျမ်းပြီးခြင်း အကျိုးတည်း၊ ရောဂါစသည် ဖြစ်နေလျှင် ကျမ်းပြီးအောင် မရေးနိုင်သောကြောင့် ထိုအန္တရာယ်များကို "ယထာ ။ပေ၊ ဝိဗန္ဓက"ဟု ဆိုသည်၊ [ယောယော+အဓိပ္ပေတော· ယထာဓိပ္ပေတံ (ပကရဏ ပရိသမာပနတ္ထော–ကျမ်းပြီးစီးခြင်းအကျိုး)၊ ယထာဓိပ္ပေတဿ–သိဒ္ဓိ–ယထာဓိပ္ပေတသိဒ္ဓိ၊ ဝိဗန္ဓန္တီတိ ဝိဗန္ဓကာ၊ ယထာ ။ပေ၊ သိဒ္ဓိယာ+ဝိဗန္ဓကာ ယထာ ။ပေ၊ ဝိဗန္ဓကာ (ရောဂါဒိ အန္တရာယာ)၊ [ဥ]ပြခဲ့သောဝါကျ၌ ဝီထိမုတ်ပိုင်း–ကမ္မစတုက္ကကို လေ့လာပြီးသူတို့သာ အဓိပ္ပာယ် နားလည်နိုင်မည်။]

**တသ္မာ ။ပေ၊ သံသိဒ္ဓနတ္တဉ္စ**။ ။ဤတသ္မာ စသောဝါကျသည် ဖလဝါကျ, "ရတနတ္တယပဏာမော ဟိ"စသော ရှေ့ဝါကျသည် ကာရဏဝါကျ (ဟေတုဝါကျ) တည်း၊ ဟိတ်သုံးမျိုးတွင် အနန္တရာယပရိသမာပနအကျိုး, ဥဂ္ဂဟနာဒိ သံသိဒ္ဓနအကျိုးကို ပြီးစေသောကြောင့် ဇနကဟိတ်တည်း၊ တသ္မာဖြင့် ရှေ့ကာရဏနှစ်ဝါကျကို စွဲပါ။

**ပကရဏာရမ္ဘေ**။ ။"အာရမ္ဘော ဝီရိယေ ကမ္မေ, အာဒိကမ္မေ"စသောအနက်များတွင် အာရမ္ဘသဒ္ဒါသည် အာဒိကမ္မအနက်ဟော၊ ပကရဏဿ–ကို+အာရမ္ဘော–စတည်ခြင်း (ဝါ–စ၍ အားထုတ်ခြင်း)တည်း၊ ပကရဏာရမ္ဘော=ခြင်း၊ တစ်နည်း– "အာရဘီယတေ ဧတ္ထာတိ အာရမ္ဘော"ဟု ပြု၍ စတည် အားထုတ်ရာကာလကို "အာရမ္ဘ"ဟု ယူပါ။

"ပတိပတ်"ဟု ဆိုသည်)၊ အနန္တရာယေန–သဖြင့်၊ ဥဂ္ဂဟဏဓာရဏာဒိ သံသိဒ္ဓိနုတ္တဥ္စ–သင်ယူခြင်း, ဆောင်ရွက်မှတ်သားခြင်းအစရှိသော ကိစ္စ၏ပြီးစီးခြင်းအကျိုးရှိသည်လည်းကောင်း၊ (ဟောတိ–၏။)

ပန–အဖို့တစ်ပါးကား၊ (ပဏာမကို ဆိုရခြင်း၏အကျိုးမှတစ်ပါး, အဘိဓေယျစသည်ကို ဆိုရခြင်း၏အကျိုးကို ပြဦးအံ့၊) ဝိဒိတာဘိဓေယျဿေဝ–သိအပ်ပြီးသောဟောနက်ရှိသည်သာလျှင်ဖြစ်သော၊ ဂန္ထဿ–ကျမ်း၏၊ဝါ–ကို၊ ဝိညူဟိ–တို့သည်၊ ဥဂ္ဂဟဏာဒိဝသေန–သင်ယူခြင်း အစရှိသည်တို့၏အစွမ်းဖြင့်၊ ပဋိပဇ္ဇိတဗ္ဗဘာဝတော–ကျင့်ထိုက်သည်၏အဖြစ်ကြောင့်၊ အဘိဓေယျကထနံ–အဘိဓေယျကို ဆိုခြင်းသည်လည်းကောင်း၊ သောတုဇနသမုဿာဟဇနနတ္ထံ–စာသင်သားတို့၏ အားတက်သရောကို ဖြစ်စေခြင်း အကျိုးငှာ၊ ကရဏပ္ပကာရပ္ပယောဇနသန္ဒဿနာနိစ–ကျမ်းပြုပုံအခြင်းအရာ ကျမ်း၏အကျိုးတို့ကို ပြခြင်းတို့သည်လည်းကောင်း၊ (ဟောန္တိ)၊ ပန–ကား၊ (အဘိဓေယျ,

---

**သောတူနဥ္စ ။ပေ၊ သံသိဒ္ဓိနုတ္တံ။** ။"ကျမ်းပြီးခြင်း အကျိုးတစ်မျိုးသာလော" ဟု မေးဖွယ်ရှိ၍ "သောတူနဥ္စ"စသည် မိန့်၊ ကျမ်းပြုပုဂ္ဂိုလ်၏ကျမ်းပြီးခြင်းအကျိုး သာမက, စာသင်သားများလည်း ပဏာမကို စ၍ သင်ရသဖြင့် ရှိခိုးခြင်း ရှေ့သွားရှိသော အကျင့်ပတိပတ် ဖြစ်၏၊ ထို ပတိပတ် ကုသိုလ်စေတနာ၏ ထောက်ပံ့မှုကြောင့် အန္တရာယ် ကင်းရှင်းစွာဖြင့် သင်ယူမှတ်သားခြင်း စသော အကျိုးများလည်း ပြီးစီးနိုင်ပါသေးသည်–ဟူလို၊ [သုဏန္တိ–ဆရာ့အထံ၌ နာခံမှတ်သားတတ်ကုန်၏၊ ဣတိ, သောတာရော–သောတုတို့ မည်၏"ဟု ပြု၊ သောတူနဥ္စ၌ စသဒ္ဒါသည် သမုစ္စယ ဇောတက ဖြစ်၍ သောတူနဥ္စ စသောဝါကျကို သမုစ္စယဝါကျ, ရှေ့ဝါကျကို သမုစ္စေတဗ္ဗ ဝါကျ–ဟု ခွဲပြပါ။]

**ဝိဒိတာ ။ပေ၊ ပဋိပဇ္ဇိတဗ္ဗဘာဝတော။** ။"ဤကျမ်းသည် မည်သည့်အနက် အဓိပ္ပာယ် (မည်သည့် အကြောင်းအရာ)ကို ပြသောကျမ်းတည်း"ဟု ကျမ်း၏ ဟောနက်ကို ပြမှသာ ထိုအနက်ကို သိလိုသောစာသင်သားတို့ သင်ယူကြမည် ဖြစ်သောကြောင့် ကျမ်း၏အနက် (အဘိဓေယျ)ကိုလည်း ကျမ်းအစ၌ ဖော်ပြရသည်၊ ဆိုလိုရင်းကား– "အဘိဓေယျကို ပြခြင်းသည် ထိုအနက်ကို အလိုရှိသော စာသင်သားတို့၏ သင်ရခြင်း စသော အကျိုးရှိ၏"ဟူလို၊ [ဝိဒိတော+အဘိဓေယျော ယဿာတိ ဝိဒိတာဘိဓေယျော (ဂန္ထော)၊ အကျင့် ပတိပတ်တစ်မျိုး ဖြစ်သောကြောင့် စာသင်ခြင်း စသည်ကိုပင် "ပတိပဇ္ဇိတဗ္ဗ"ဟု ဆိုထားသည်။]

**ကရဏ ။ပေ၊ သမုဿာဟဇနနတ္ထံ။** ။ကျမ်းပြုပုံ အခြင်းအရာနှင့် ကျမ်း၏ အကျိုးကို သိရမှ "ဤပုံဤနည်း စီရင်ထားသောကျမ်းဖြစ်၍ ငါတို့သင်လျှင် အလွယ်တကူ တတ်နိုင်သည်၊ ဤကျမ်းကို သင်လျှင် မည့်သည့် အကျိုးကို ငါတို့ ရမည်"ဟု သိ၍ အားတက်သရော သင်ယူကြပေလိမ့်မည်၊ ထို့ကြောင့် ကရဏပ္ပကာရ ပယောဇဉ်တို့ကို ကျမ်းအစ၌ ပြခြင်းသည် သောတုဇနတို့ကို အားတက်သရော ဖြစ်စေခြင်းအကျိုး ရှိ၏။

ကရဏပွကာရ, ပယောဇဉ်တို့ကို ဆိုရခြင်း၏ အကျိုးမှတစ်ပါး အဘိဓာနကို ဆိုရခြင်း အကျိုးကို ပြဦးအံ့)၊ အဘိဓာနကထန်–ကျမ်း၏အမည်ကို ဆိုခြင်းသည်၊ ဝေါဟာရသုခတ္ထံ–ခေါ်ဝေါ်ခြင်း၏လွယ်ကူခြင်း အကျိုးရှိ၏၊ ဝါ–ခေါ်ဝေါ်လွယ်ခြင်း အကျိုးရှိ၏၊ ဣတိ အယံ–ဤဆိုအပ်ပြီးကား၊ ဧတ္တ–ဤ သမ္မာသမ္ဗုဒ္ဓမတုလံ အစရှိသောဂါထာ၌၊ သမုဒါယတ္တော–အပေါင်းဖြစ်သော အနက်တည်း၊ ဝါ–အပေါင်းဖြစ်သော ပုဒ်တို့၏ အနက်တည်း။

ပန–ကား၊ (သမုဒါယတ္ထမှတစ်ပါး အဝယဝတ္ထကို ဆိုဦးအံ့)၊ အယံ–ဤ ဆိုအပ်လတ္တံကား၊ အဝယဝတ္တော–အစိတ်ဖြစ်သောအနက်တည်း၊ ဝါ–အစိတ်ဖြစ်သော ပုဒ်တို့၏အနက်တည်း၊ သသဒ္ဓမ္မဂဏုတ္တမံ–သုံးပါးသောသဒ္ဓမ္မ, မြတ်သောအရိယာဂိုဏ်းနှင့် တကွဖြစ်တော်မူသော၊ အတုလံ–ပြိုင်ဘက်ရည်တူ

---

**ဝေါဟာရသုခတ္ထံတိ**။ ။ကျမ်းအစ၌ ကျမ်းနာမည်ကို မပြလျှင် ခေါ်စရာနာမည်ပင် မရှိ၊ ထို့ကြောင့် "အဘိဓမ္မတ္ထသင်္ဂဟံ"ဟု ကျမ်းနာမည်ကို ပြခြင်းသည် ခေါ်၍လွယ်ကူခြင်း အကျိုးရှိ၏၊ [ဣတိကို အယံဟု ဖွင့်သောကြောင့် ဣတိသည် ဣမသဒ္ဒါ၏အနက်)ဟောဟု မဏိမဉ္ဇူဖွင့်၏။]

**သမုဒါယတ္တော**။ ။"ဧတ္ထဟိ"မှ စ၍ "ဝေါဟာရသုခတ္ထံ"တိုင်အောင် ပြအပ်ခဲ့ပြီးသော အနက်အဓိပ္ပာယ်များသည် တစ်ပုဒ်စီတစ်ပုဒ်စီ၏ အနက်အဓိပ္ပာယ်များ မဟုတ်၊ သမ္မာသမ္ဗုဒ္ဓံစသော ဂါထာတစ်ရပ်လုံးအတွက် ပေါင်း၍ ပြအပ်သော အနက်အဓိပ္ပာယ်များ ဖြစ်သည်၊ ဥပမာ–"ရတနတ္တယပ္ပဏာမ"ဟူသောအနက်သည် "သမ္မာသမ္ဗုဒ္ဓမတုလံ, သသဒ္ဓမ္မဂဏုတ္တမံ, အဘိဝါဒိယ"ဟူသော ပုဒ်အပေါင်း၏ အနက်ဖြစ်၏၊ ထိုပဏာမ အကျိုးပယောဇဉ်လည်း ထိုပုဒ်အပေါင်းမှ ထွက်လာသော အနက်ပင်တည်း၊ ဤသို့ စသည်ဖြင့် သမုဒါယတ္ထ ဖြစ်ပုံကို သိပါ၊ [သမ္ဗိဏ္ဏေတွာ+ဥဒေတိ ပဝတ္တေတီတိ သမုဒါယော=ပေါင်း၍ ဖြစ်၏၊ (သံ+ဥ+အယ, ဏ၊ ထောမနိမိဒ္ဓ အစ်ပစ္စည်းဖြင့် "သမုဒါယ"ဟု ရှိ၏)၊ သမုဒါယော စ+သော+အတ္ထော စာတိ သမုဒါယတ္တော၊ (တစ်နည်း) သမုဒါယာနံ–အပေါင်းပုဒ်တို့၏+အတ္ထော သမုဒါယတ္တော၊ ["အယမေတ္ထ သမုဒါယတ္တော"သည် နိဂုံးဝါကျကလေး တစ်ခုတည်း။]

**အဝယဝတ္တော**။ ။အဝယဝသဒ္ဒါသည် "အင်္ဂ–ကိုယ်စသည်တို့၏ အစိတ်အပိုင်း" အနက်ကို ဟော၏၊ အဝယဝေါ စ+သော+အတ္ထောစာတိ အဝယဝတ္တော၊ (တစ်နည်း:) "အဝယဝါနံ+အတ္ထော အဝယဝတ္တော"ဟု ပြု၊ ရှေးက "အဝယဝ–အစိတ်+အစိတ်"ဟု ဝိစ္ဆာအနက် ပေးကြ၏၊ ထိုအဖွင့်ကို မတွေ့ရ၊ သမ္မာသမ္ဗုဒ္ဓံပုဒ်၏ အနက်, အတုလံပုဒ်၏အနက်, ဤသို့ တစ်ပုဒ်စီ၏ အနက်ကို "အဝယဝတ္ထ"ဟု ဆိုသည်၊ ["အယံ ပန အဝယဝတ္တော"သည် နောက်အကျယ်စကားအတွက် စချီသော စကားချီသခေ်ပ ဝါကျကလေးတည်း၊ ပန ကား သမုဒါယတ္ထမှ တစ်ပါးသော အဝယဝတ္ထပက္ခကို ထွန်းပြသော ပက္ခန္တရဇောတကတည်း၊ ထိုပက္ခန္တရဝါကျ၏ နယ်မှာ "ဓောနာတိ ဝါ အဘိဓမ္မတ္ထသင်္ဂဟံ" တိုင်အောင်တည်း။]

ရှိတော်မမူသော၊ သမ္မာသမ္ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ (အဘိဝန္ဒာမိ-ရှိခိုးပါ၏)၊ အဘိဝါဒိယ-ပြီး၍၊ အဘိဓမ္မတ္ထသင်္ဂဟံ-ကို၊ ဘာသိဿံ-ဆိုပေအံ့၊ ဣတိ အယံ-ဤဆိုအပ်ပြီးကား၊ သမ္ဗန္ဓော-ပုဒ်တို့၏စပ်ခြင်းတည်း။

တတ္ထ-ထိုသမ္မာသမ္ဗုဒ္ဓမတုလံ အစရှိသောဂါထာ၌၊ (အတ္ထော-အနက်ကို၊ ဧဝံ-ဤဆိုအပ်လတ္တံ့သောနည်းဖြင့်၊ ဝေဒိတဗ္ဗော-သိထိုက်၏)၊ သမ္မာ(စ)-မဖောက်မပြန်လည်းကောင်း၊ သာမဉ္စ-ကိုယ်တော်တိုင်သာလျှင်လည်းကောင်း၊ သဗ္ဗဓမ္မေ-အလုံးစုံသောတရားတို့ကို၊ အဘိသမ္ဗုဒ္ဓေါ-ထိုးထွင်း၍ သိတော်မူပြီ၊ ဣတိ-ကြောင့်၊ (မဖောက်မပြန် ကိုယ်တော်တိုင်သာ အလုံးစုံသောတရားတို့ကို ထိုးထွင်း၍ သိတော်မူပြီး၏အဖြစ်ကြောင့်၊) သမ္မာသမ္ဗုဒ္ဓေါ-သမ္မာသမ္ဗုဒ္ဓ

---

**သမ္ဗန္ဓော။** ။တစ်ဝါကျနှင့် တစ်ဝါကျ အနုသန္ဓေဆက်ခြင်း ကျမ်း၏အစ၌ အနုသန္ဓေဆက်ခြင်းကို "အနုသန္ဓေသမ္ဗန္ဓ"ဟု ခေါ်၏၊ တစ်ပုဒ်နှင့် တစ်ပုဒ် (စာစပ်သလို) ဆက်သွယ်ခြင်းကို ပဒသမ္ဗန္ဓဟု ခေါ်၏၊ ဤနေရာ၌ ပုဒ်တို့ကို ရှေ့နောက်ပြောင်းလွှဲ၍ ယှဉ်တွဲ ဆက်သွယ်ပြသောကြောင့် ပဒသမ္ဗန္ဓတည်း။

**သမ္ဗန္ဓောထားရိုး။** ။(၁) ကြွင်းကျန်နေသောပါဌ်ကို ထည့်၍ ဖွင့်ရာ၌လည်းကောင်း, (၂) အစပ်ပေးရာ၌လည်းကောင်း, (၃) ဝိသေသန ဝိသေသျ စသည်တို့ ရှေ့နောက် ဖြစ်နေ၍ အစဉ်တည့်အောင် ပြောင်းလွှဲဖွင့်ရာ၌လည်းကောင်း သမ္ဗန္ဓောဟု ထားရိုး ထုံးစံရှိသည်။

**[နိယာမ်] ပါဌ္ဌသေသ, ဒွန္ဒရတစ်ထွေ, ဝိသေ ဝိသေသ်, ရှေ့ဖြစ်နောက်ပြန်, ဤသုံးတန်ကြောင့်, သမ္ဗန္ဓောကို, သဘောကျမ်း၌ ထားမြဲ။**

**သမ္မာ သာမဥ္စ။** ။သမ္မာသမ္ဗုဒ္ဓေါ၌ သမ္မာသည် အဝိပရီတအနက်ဟော ပဋ္ဌမန္တနိပါတ်တည်း၊ သံသည် သယံအနက်ဟော ပဋ္ဌမန္တနိပါတ်ပင်၊ ထိုသံကို "သာမံ"ဟု ဖွင့်သည်၊ သာမဉ္စ၌ စ-ကို "အဝဓာရဏတ္ထ"ဟု မဏိမဉ္ဇူဖွင့်၏၊ သာရတ္ထ (သမ္မာသမ္ဗုဒ္ဓေါအဖွင့်)၌ကား "သာမန္တိ-သယမေဝ"ဟု ဖွင့်၏၊ ထိုသို့ ဖွင့်သဖြင့် ဧဝအနက် ရသင့်၍ အပိုထည့်ခြင်းဟု သိသာ၏၊ သို့ဖြစ်လျှင် သာမဉ္စ၌ စသဒ္ဒါသည် ရှေးက သမ္မာကိုဆည်းသော ရိုးရာသမုစ္စယတ္ထသာဟု သိသာပြန်၏၊ သမ္မာဗုဒ္ဓ-အမှားမရှိ အမှန်အတိုင်း သိတော်မူရုံသာမက+သံဗုဒ္ဓ-သူတစ်ပါးအထံ နည်းမခံရဘဲ ကိုယ်တော်တိုင်လည်း သိတော်မူသည်-ဟူလို။

**သဗ္ဗဓမ္မေ ။ပေ၊ ဘဂဝါ။** ။"အဘိသမ္ဗုဒ္ဓေါ"သည် ဗုဒ္ဓေါ၏အနက်ဖွင့်တည်း၊ သဗ္ဗဓမ္မေ-ကား ဗုဓဓာတ်၏ကံကို ထည့်၍ ဖွင့်ခြင်းတည်း၊ ထိုသို့ ထည့်ရာ၌ "မည်သည့်အရာကို+သိတော်မူသည်"ဟု သိအပ်သောတရားကို တိုက်ရိုက်နာမည် မတပ်သဖြင့် "ဘယ်ဟာမဆို, အလုံးစုံကို အကုန်သိတော်မူသည်"ဟု အဓိပ္ပာယ်ယူနိုင်သောကြောင့် "သဗ္ဗဓမ္မေ"ဟု တရားအားလုံးကို သိမ်းကြုံးလိုက်သည်၊ အကျယ်ကို သဂြိုဟ်ဘာသာ ဋီကာမှာ ရှုပါ၊ "ဘဂဝါ"ကား သမ္မာသမ္ဗုဒ္ဓေါ၏ ဟောနက်ကိုပြသော "အဘိဓေယျ" ပုဒ်တည်း။

မည်တော်မူ၏၊ ဘဂဝါ–မြတ်စွာဘုရားတည်း၊ ဟိ–ချဲ့၊ သော–ထိုမြတ်စွာဘုရားသည်၊ သင်္ခတာသင်္ခတဘေဒံ–သင်္ခတ, အသင်္ခတအားဖြင့်ပြားသော၊ ဝါ–သင်္ခတ, အသင်္ခတဟူသောအပြားရှိသော၊ သကလမ္ပိ–အလုံးစုံလည်းဖြစ်သော၊ ဓမ္မဇာတံ–တရားအပေါင်းကို၊ ယာထာဝသရသလက္ခဏပဋိဝေဓဝသေန–ဟုတ်မှန်သော မိမိ၏သဘောလက္ခဏာကို ထိုးထွင်းကာ သိခြင်း၏အစွမ်းဖြင့်၊ သမ္မာ–မဖောက်မပြန်လည်းကောင်း၊ သယံ ဝိစိတော ပစိတပါရမိတာသမ္ဘူတေန–ကိုယ်တော်တိုင် စူးစမ်းရှာဖွေအပ်, ဆည်းဖူးအပ်ပြီးသော ပါရမီတော်တို့ကြောင့် ကောင်းစွာဖြစ်သော၊ သယမ္ဘုဉာဏေန–သယမ္ဘုဉာဏ်တော်ဖြင့်၊ ဝါ–အလိုလိုဖြစ်သော ဉာဏ်တော်ဖြင့်၊ သာမံ–ကိုယ်တော်တိုင်သာလျှင်လည်းကောင်း၊ ဗုဇ္ဈိ, အညာသိ–သိတော်မူပြီ။

---

**သောဟိ ၊ပေ၊ အညာသိ**။ ။ရှေ့ဝါကျကို အကျယ်ပြသော ဝိဗ္ဘာရဝါကျတည်း၊ [ဝိဂြိုဟ်ပြပြီး ပြုပြီးနောက်, ထိုဝိဂြိုဟ်အနက်ကို ဖွင့်သမ္ဗန္ဓ ဝိဗ္ဘာရဝါကျဟု အမြဲမှတ်ပါ၊] သင်္ခတ–ဟူသည် ရုပ်နာမ်နှစ်ပါးတည်း၊ အသင်္ခတကား နိဗ္ဗာန်ပညတ်တည်း၊ သင်္ခတာ ၊ပေ၊ ဓမ္မဇာတံသည် သဗ္ဗဓမ္မေ၏အဖွင့်၊ "ယာထာဝ ၊ပေ၊ ဝသေန"သည် ဝိဂြိုဟ်၌ပါသော /သမ္မာ၏အဖွင့်၊ သယံ ဝိစိတော ၊ပေ၊ ဉာဏေန"သည် သာမံ၏အဖွင့်၊ ဗုဇ္ဈိ အညာသိသည် ဗုဒ္ဓေါ၏အဖွင့်၊ ထိုသို့ဖွင့်သဖြင့် "ဗုဇ္ဈိတိ ဗုဒ္ဓေါ"ဟု ပြု၊ "ဗုဓဓာတ်, တပစ္စည်းသည် အတိတ်ဟော"ဟု သိစေ၏၊ အညာသိဖြင့် ဗုဓဓာတ်သည် ဇာဂရဏဝိကာသနအနက်ဟော မဟုတ်, ဉာဏအနက်ဟောဟု သိစေသည်။

**ယာထာဝ ၊ပေ၊ ဝသေန**။ ။ယထာ–အကြင် အခြင်းအရာအားဖြင့်+အဝတိ (ဂစ္ဆတိ)–ဖြစ်တတ်၏၊ ဣတိ ယထာဝေါ၊ ယထာဝဿ+ဘာဝေါယာထာဝံ–ဖြစ်တိုင်း၏အဖြစ် (အဟုတ်အမှန်)၊ ရသသဒ္ဒါသည် ဉာဏ်ဖြင့်သိအပ်, သာယာအပ်သောသဘောကို ဟော၏၊ "ရသီယတိ ဉာဏေန အဿာဒီယတီတိ ရသော"ဟု ပြု၊ သဿ–မိမိ၏+ရသော–သဘောတည်း၊ သရသော၊ သရသော ဧဝ+လက္ခဏံ သရသလက္ခဏံ၊ ပထဝီဓာတ်၏ကက္ခဠ (ခက်မာခြင်း)သဘောလက္ခဏာ၊ ဖဿ၏ဖုသနသဘောလက္ခဏာစသည်တည်း၊ ယာထာဝံစ+တံ+သရသ လက္ခဏံစာတိ ယာထာဝ ၊ပေ၊ ဏံ၊ တဿ+ပဋိဝေဓော ယာထာဝ၊ ပေ၊ ပဋိဝေဓော၊ "သမ္မာ+ဗုဒ္ဓ–မဖောက်မပြန် အမှန်အတိုင်းသိခြင်း"ဟူသည် သင်္ခတစသောတရားတို့၏ အမှန်ဖြစ်နေသောသဘောလက္ခဏာကို (ထိုဖြစ်နေသည့်အတိုင်း)သိခြင်းတည်း၊ "တချို့ ပုဂ္ဂိုလ်များ၏ သိခြင်းသည် ဖြစ်နေတာကတစ်မျိုး သိတာကတစ်ဖုံဖြစ်၍ အသိမမှန်ဘဲ လွဲမှားတတ်၏၊ ဘုရားရှင်ကား ထိုသို့မလွဲဘဲ အမှန်ဖြစ်နေသည့်အတိုင်း သိတော်မူသည်"ဟူလို။

**သယံ ၊ပေ၊ သယမ္ဘုဉာဏေန**။ ။ဘုရားအလောင်းတော်သည် ဗျာဒိတ်ရပြီးသောအခါ "ဟန္ဒ ဗုဒ္ဓကရေ ဓမ္မေ, ဝိစိနာမိ ဣတော စိတော"ဟု ကြံတော်မူ၍ ပါရမီတော်များကို စူးစမ်းရှာဖွေတော်မူ၏၊ ထိုသို့ ရှာ၍ တွေ့ပြီးသောအခါ စဆောင်းဆည်းပူးတော်မူ၏၊ ထိုသို့ ရှာဖွေအပ် စုဆောင်းအပ်သော ပါရမီတော်ကြောင့် ဖြစ်ပေါ်လာသော ဉာဏ်တော်ကို "သယံ+ဘူ–အလိုလိုဖြစ်သော + ဉာဏ်"ဟု ခေါ်သည်၊ [ဝိစိယိ သူတိ

ယထာဟ–အဘယ်ကဲ့သို့ ဟောတော်မူသနည်း၊ သယံ ၊ပေ၊ ကမုဒ္ဒိသေယျန္တိ–ဟူ၍၊ (အာဟ–ဟောတော်မူပြီ)၊ (တစ်နည်း) [မယာ–ငါသည်၊ ဝုတ္တဿ–ဆိုအပ်ပြီးသောစကား၏၊ သာခေကံ–သက်သေခံဖြစ်သော၊] ယထာ (ကိံ ဝစနံ)–အဘယ်စကားကို၊ ကော–အဘယ်ပုဂ္ဂိုလ်သည်၊ အာဟ–ဟောတော်မူသနည်း၊ မယာ–သည်၊ ဝုတ္တဿ–၏၊ သာခေကံ–သော၊ သယံ ၊ပေ၊ ကမုဒ္ဒိသေယျန္တိ–ဟူသော၊ ဣဒံဝစနံ–ကို၊ ဘဂဝါ–သည်၊ အာဟ–ဟောတော်မူပြီ၊ [သယံ–ကိုယ်တော်တိုင်၊ အဘိညာယ–ထူးသောဉာဏ်ဖြင့် သိ၍၊ ဝါ–ထူးသော ဉာဏ်ဖြင့် သိခြင်းကြောင့်၊ ကံ–အဘယ်သူ့ကို၊ ဥဒ္ဒိသေယျံ–ဤသူကား ငါ့ဆရာဟု ညွှန်ပြရာတော့အံ့နည်း၊ ဝါ–ညွှန်ပြစရာ ရှိတော့အံ့နည်း။]

အထဝါ–ထို့ပြင် တစ်နည်းကား၊ ဗုဓော တုဿ–၏၊ ဇာဂရဏ, ဝိကာသန တ္ထေသုပိ–နိုးခြင်းအနက် ပွင့်ခြင်းအနက်တို့၌လည်း၊ ပဝတ္တနတော–ဖြစ်ခြင်းကြောင့်၊ သမ္မာ–ကောင်းစွာလည်းကောင်း၊ သာမဉ္စ–ကိုယ်တော်တိုင်သာလျှင်

ဝိစိတာ၊ ဥပစီယိံသူတိ ဥပစိတာ၊ ဝိစိတာ စ+တာ+ဥပစိတာ စာတိ ဝိစိတောပစိတာ၊ ပါရမိယော စေ+ပါရမိတာယော၊ (သွတ္တတဒ္ဓိတ်)၊ ဝိစိတောပစိတာ စ+တာ+ပါရမိတာ စာတိ ဝိစိတော ၊ပေ၊ ပါရမိတာ၊ [တာကြောင့် မိဒ္ဓ ရဿ၊] တာဟိ+သမ္ဘူတံ–ဝိစိတော ၊ပေ၊ သမ္ဘူတံ၊ သယံ+ဘဝတီတိ သယမ္ဘူ၊ [နပုံလိင်ဖြစ်၍ ရဿ၊] သယမ္ဘူ စ+ တံ+ဉာဏံ စာတိ သယမ္ဘူဉာဏံ။]

**ယထာဟ**။ ။ဆိုအပ်ပြီးသောစကားဝယ် သာမံဗုဇ္ဈိ၏သာခေကကို ပြလို၍ "ယထာဟ ၊ပေ၊ မုဒ္ဒိသေယျံတိ"ဟု မိန့်၊ ရှေ့ဝါကျကား ဤသက်သေဖြင့် ပြီးစေအပ်သော သာဓျဝါကျတည်း၊ သာမံ ဗုဇ္ဈိဟူသော ရှေ့စကားကို "ကံ ဥဒ္ဒိသေယျံ–ဘယ်သူကို ဆရာဟု ညွှန်ပြရတော့အံ့နည်း"ဟူသော (ဝိနည်းမဟာဝါ ပါဠိတော်လာ ဥပကအမေးကို ပြန်၍ ဖြေတော်မူသော)ဘုရားရှင်၏ ဤစကားက ခိုင်လုံအောင် သက်သေခံသည်၊ ဤစကား၌ "ဆရာမရှိ"ဟု မိန့်တော်မူလိုရင်းဖြစ်သောကြောင့် "သာမံ ဗုဇ္ဈိ"နှင့် ထပ်တူကျသည်–ဟူလို၊ သာခေကနှင့် သာဓျဝါကျတို့သည် စကားဆိုကွဲသော်လည်း အဓိပ္ပာယ်ထပ်တူကျမြဲတည်း၊ ထိုဝါကျနှစ်ရပ်တွင် နောက်ဝါကျကို ဉာပကဝါကျ, ရှေ့ဝါကို ဉာပျဝါကျဟုလည်း နာမည်တပ်နိုင်သည်၊ [ဉာပေတိ–ရှေ့ဝါကျ၏အနက်ကို သိစေတတ်၏၊ ဣတိ ဉာပကံ၊ ဉာပီယတေ–နောက်စကားဖြင့် သိစေအပ်၏၊ ဣတိ ဉာပျံ၊ ဉာပကဉ္စ+တံ+ဝါကျဉ္စာတိ ဉာပကဝါကျံ၊ ဉာပျဝါကျံ၌လည်း နည်းတူ။]

**အထဝါ**။ ။[ဤအထဝါသည် ပဌမနည်းမှ ဒုတိယနည်းကို ထွန်းပြသော ပက္ခန္တရဇောတက နိပါတ်တည်း၊] ဗုဓောတ်သည် သိခြင်းအနက်အပြင် ဇာဂရဏ ဝိကာသနအနက်များကိုလည်း ဟောရကား–ထိုအနက်များကို ပြလိုသောကြောင့် "အထဝါ"ဟု တက်သည်၊ ထိုတွင် "သမ္မာ ၊ပေ၊ ဝိဂတော"သည် ဇာဂရဏအနက်ဖွင့်၊ "အဗုဇ္ဈိဇာဂရိတိ ဗုဒ္ဓေါ"ဟု ပြု၊ "ဒိန ၊ပေ၊ ဝိကသိတော"ကား ဝိကာသနအဖွင့်တည်း၊ "အဗုဇ္ဈိ ဝိကသီတိ ဗုဒ္ဓေါ"ဟု ပြု၊ ထို့နောက် သမ္မာ+သံတို့နှင့် တွဲပါ။

လည်းကောင်း၊ ပဋိပုဒ္ဓေါ–နိုးတော်မူပြီ၊ အနညပ္ပဋိဗောဓိတော–သူတစ်ပါးတို့ မနိုးစေအပ်သည်၊ ဝါ–သူတစ်ပါးတို့ မနှိုးအပ်သည်၊ ဟုတွာ–၍၊ သယမေဝ– ကိုယ်တော်တိုင်သာလျှင်၊ သဝါသန သမ္မောဟ နိဒ္ဒါယ–ဝါသနာနှင့်တကွ သော, ပြင်းပြင်းပြပြ မောဟတည်းဟူသောအိပ်ပျော်ခြင်းမှ၊ အစ္စန္တံ–စင်စစ်၊ ဝိဂတော–ကင်းတော်မူပြီ၊ ဒိနကရ ကိရဏသမာဂမေန–နေရောင်ခြည်နှင့် ပေါင်းမိခြင်းကြောင့်၊ ပရမ ရုစိရ သိရီသောဘဂ္ဂပ္ပတ္တိယာ–အလွန်နှစ်သက်ဖွယ် အသရေဖြင့် တင့်တယ်သည်၏အဖြစ်သို့ ရောက်ခြင်းအားဖြင့်၊ ဝိကသိတံ– ပွင့်သော၊ ပဒုမံ ဣဝ–ပဒုမ္မာကြာပန်းကဲ့သို့၊ အဂ္ဂမဂ္ဂညာဏသမာဂမေန– အရဟတ္တမဂ်ဉာဏ်နှင့် ပေါင်းမိခြင်းကြောင့်၊ အပရိမိတဂုဏ ဂဏာလင်္ကတ သဗ္ဗညုတညာဏပ္ပတ္တိယာ–မနှိုင်းယှဉ်အပ်သောဂုဏ်တော်အပေါင်းဖြင့် တန်ဆာ ဆင်အပ်သော သဗ္ဗညုတဉာဏ်တော်သို့ ရောက်ခြင်းအားဖြင့်၊ (ဝိကသိတံ၏ ဝိသေသန)၊ သမ္မာ–စွာလည်းကောင်း၊ သယမေဝ–လျှင်လည်းကောင်း၊ ဝိကသိ တော–ပွင့်တော်မူပြီ၊ ဝိကာသံ–ပွင့်ခြင်းသို့၊ အနုပ္ပတ္တော–ရောက်တော်မူပြီ၊ ဣတိ အတ္ထော–ဤကားအနက်။

---

**သမ္မာ ။ပေ၊ ပဋိဗုဒ္ဓေါ**။　　။ဤပါဠိကား လိုရင်းတည်း၊ "အနည ။ပေ၊ ဝိဂတော" ကား ထိုပါဠိ၏အဓိပ္ပာယ်ဖွင့်တည်း၊ အညေဟိ–အခြားသူတို့သည်၊ ပဋိဗောဓိတော– နိုးစေအပ် (နှိုးအပ်)သူတည်း၊ အညပ္ပဋိဗောဓိတော–သူ၊ [ပတိ+ဗုဓ, ကာရိတ် ဏေ ပစ္စည်း ကျေ၊] န+အညပ္ပဋိဗောဓိတော အနညပ္ပဋိဗောဓိတော၊ ဤပုဒ်သည် သယမေဝ၌ ဧဝ၏ နိဝတ္တေတဗ္ဗတ္ထကို ပြသောပုဒ်တည်း။

**သဝါသန ။ပေ၊ နိဒ္ဒါယ**။　　။အလွန်တွေဝေသော မောဟသည် အိပ်ပျော်ခြင်းနှင့် တူ၏၊ ဝါသိယတေတိ ဝါသနာ–စွဲနေစေအပ်သောအထုံ၊ ကုသိုလ်အရာ၌ ကောင်းသော ဆန္ဒကို "ဝါသနာ"ဟု ခေါ်၏၊ အကုသိုလ်အရာ၌ ကိလေသာ၏သတ္တိကို "ဝါသနာ" ဟု ခေါ်၏၊ ထိုသတ္တိနှင့်တကွ ခန္ဓာအစဉ်၌ စွဲကပ်ထုံနေသောမောဟကို "သဝါသန သ မ္မောဟ"ဟု ဆိုသည်၊[သဟ+ဝါသနာယ ယော ဝတ္တတီတိ သဝါသနော၊ သဝါသနော စ+သော+သမ္မောဟောစာတိ သဝါသနသမ္မောဟော၊ သော ဧဝ+နိဒ္ဒါသဝါသန သမ္မောဟနိဒ္ဒါ၊] "ဝါသန ။ပေ၊ ဝိဂတော"ဟူသော ဤစကားဖြင့် သမ္မာ၏အနက်ကို ဖွင့်သည်၊ ရဟန္တာများလည်း မောဟတည်းဟူသောအိပ်ပျော်ခြင်းမှ နိုးကြပါ၏၊ သို့သော် ဝါသနာကျန်နေသေးသောကြောင့် "သမ္မာဗုဒ္ဓ–ကောင်းစွာနိုးသည်"ဟု မဆိုနိုင်၊ ဘုရား ရှင်ကား ဝါသနာမကျန်အောင် နိုးတော်မူသောကြောင့် "သမ္မာဗုဒ္ဓ"ဟု ဆိုနိုင်သည်။

**ဒိန ။ပေ၊ ပဒုမံ**။　　။ဤစကားဖြင့် ပဒုမ္မာကြာပွင့်ကို ဥပမာပြုသည်၊ [ဒိနကရ– နေ့ကိုပြုတတ်သော နေ၊ ကိရဏ–အရောင်၊ ပရမရုစိရ–အလွန်နှစ်သက်ဖွယ်သော+သိရီ၊ သုဘဂဿ+ဘာဝေါ သောဘဂ္ဂံ–တင့်တယ်သည်၏အဖြစ်၊(တင့်တယ်ခြင်း)၊] အရဟတ္တမဂ် ဉာဏ်ရသည်နှင့် တစ်ပြိုင်နက် ဘုရားဂုဏ်တော် အားလုံးဖြင့် တန်ဆာဆင်အပ်သော သဗ္ဗညုတဉာဏ်တော်ကြီးကိုလည်း ရပြီးဖြစ်ရကား–ဘုရားရှင်၏အရဟတ္တမဂ်ဉာဏ်နှင့်

သမ္မာသမ္ဗုဒ္ဓသဒ္ဒဿ–သမ္မာသမ္ဗုဒ္ဓသဒ္ဒါ၏၊ ယထာဝုတ္တဝစနတ္ထယောဂေ–အကြင်အကြင်ဆိုအပ်ပြီးသော ဝစနတ္ထသုံးမျိုးနှင့်ယှဉ်ခြင်းသည်၊ (သတိ) ပိ–ရှိပါသော်လည်း၊ သမ္မာသမ္ဗုဒ္ဓသဒ္ဒဿ–၏၊ [သမ္မာသမ္ဗုဒ္ဓဿပုဒ်သည် ကာကောလောကနနည်း ဖြစ်၍ ရှေ့နောက်နှစ်ဖက် ငဲ့လျက် အနက်ပေးသည်၊] ဘဂဝတိ–မြတ်စွာဘုရား၌၊ သမညာဝသေန–နာမည်တော်၏ အစွမ်းဖြင့်၊ ပဝတ္တတ္တာ–ဖြစ်သည်၏ အဖြစ်ကြောင့်၊ အတုလန္တိ ဣမိနာ–အတုလံဟူသော ဤပုဒ်ဖြင့်၊ ဝိသေသေတိ–ထူးစေ၏၊ ဝါ–အထူးပြု၏၊. တုလာယ–ချိန်ခွင်ပမာ,

---

ပေါင်းမိခြင်းသည် ပဒုမ္မာကြာ၏ နေရောင်နှင့် ပေါင်းမိခြင်းနှင့် တူ၏၊ အပရိမိတဂုဏ်အပေါင်းဖြင့် တန်ဆာဆင်အပ်သော သဗ္ဗညုတဉာဏ်သို့ ရောက်တော်မူခြင်းသည် ပဒုမ္မာကြာ၏ ပရမရုစိရသိရိသောဘဂ္ဂသို့ ရောက်ခြင်းနှင့် တူ၏၊ ထိုသို့ ရောက်ခြင်းသည်ပင် ပဒုမ္မာကြာပန်း၏ ပွင့်ခြင်းနှင့် တူရကား "ဘုရားပွင့်တော်မူခြင်း"ဟု ခေါ်စမှတ်ပြုကြသည်၊ [ဝိကာသံ အနုပ္ပတ္တောကား ဝိကသိတော၏ အဓိပ္ပာယ်ဖွင့်၊ ထိုသို့ ဖွင့်သဖြင့် တပစ္စည်း၏ အတိတ်ကတ္တားဟော ဖြစ်ကြောင်းကို သိစေသည်။]

**ယထာဝုတ္တ ။ပေ၊ ဝိသေသေတိ။** ။သမ္မာသမ္ဗုဒ္ဓံကို ဖွင့်ပြီး၍ အတုလံကို ဖွင့်ပြလိုသောကြောင့် "ယထာဝုတ္တ"စသည် မိန့်၊ သမ္မာသမ္ဗုဒ္ဓံပုဒ်သည် ဝိသေသျ, အတုလံသည် ဝိသေသနတည်း၊ ထိုသို့ ဝိသေသျ ဝိသေသနဖြစ်ရာ၌ "သမ္မာသမ္ဗုဒ္ဓံ"သည် ဆိုခဲ့ပြီးသော "သမ္မာ သာမဉ္စ သဗ္ဗဓမ္မေ အဘိသမ္ဗုဒ္ဓေါ, ပဋိဗုဒ္ဓေါ, ဝိကသိတော" ဟူသော ဝစနတ္ထသုံးမျိုးနှင့်ယှဉ်သောကြောင့် ဘုရားဂုဏ်တော်ကို ထင်ရှားပြနိုင်ရကား အတုလံပုဒ်ဖြင့် အထူးပြုဖွယ်မလိုသည် မဟုတ်ပါလော၊ သို့ပါလျက် အဘယ်ကြောင့် အထူးပြုရပါသနည်းဟု မေးဖွယ်ရှိသောကြောင့် "ယထာဝုတ္တ ။ပေ၊ ပဝတ္တတ္တာ"ဟူသော ပါဌ်ကို မိန့်၊ သမ္မာသမ္ဗုဒ္ဓသဒ္ဒါသည် ဆိုခဲ့ပြီးသော ဝစနတ္ထနှင့်ယှဉ်သော်လည်း ဘုရားအပေါ်၌ ဂုဏ်အားဖြင့်မဖြစ်ဘဲ နာမည်အားဖြင့်ဖြစ်သောကြောင့် (နာမည်ဟောသဒ္ဒါဖြစ်သောကြောင့်) အတုလံဟူသောဂုဏ်ပုဒ်ဖြင့် အထူးပြုရသည်–ဟူလို၊ [ယောဂေပိ၌ ပိကို ဂရဟာဇောတကဟု မဏိမဉ္ဇူ ဖွင့်၏၊ သမ္ဘာဝနာဇောတက ဂရဟာသမုစ္စည်းဟု ထင်သည်၊ သမညာ၌လည်း "သမ+ဉာ"ဟု ခွဲ၍ "သမသ္မိံ (အလုံးစုံသောအရာ၌)+ ဉာယတိ ဇောယာတိ သမညာ"ဟု ထောမနိဓိ ပြု၏။]

**မှတ်ချက်။** ။ဤသို့ ဋီကာဖွင့်သော်လည်း "အလုံးစုံကို အကုန်အစင် ကိုယ်တော်တိုင် သိမြင်ခြင်း "အနက်ကိုပြသော သမ္မာသမ္ဗုဒ္ဓပုဒ်သည် နာမည်မျှကိုဟောသောပုဒ် မဟုတ်နိုင်ပါ၊ ဂုဏ်နှင့်တကွနာမည်ကို ဟောသောပုဒ်ဖြစ်ပါသည်၊ "အတုလ"ဟူသော ဝိသေသနကား အတူမရှိကြောင်းကို ထင်ရှားပြသော ဝိသေသနသာဖြစ်ပါသည်၊ [ဤ ဝိသေသနမျိုးကို "ယထာဘူတကထန ဝိသေသန"ဟု ခေါ်သည်၊ ယထာဘူတ–ဟုတ်မှန်သည့်အတိုင်း+ကထန–ဆိုသော+ဝိသေသန–အထူးပြုသောပုဒ်၊] ဝိသေသေတိ၌ ဝိပုဗ္ဗ–သိသဓာတ်, ကာရိတ်ဏေ "ထူးစေ၏" သဒ္ဒတ္ထ၊ "အထူးပြု၏" အဓိပ္ပာယတ္ထ၊ ဝိသေသနံ၌လည်း ကာရိတ်ကျေ၊ "ဝိသေသေတီတိ ဝိသေသနံ"ဟု ပြု။

ဉာဏ်ပညာဖြင့်၊ သမ္မိတော–နှိုင်းချိန်အပ်သူတည်း၊ တုလျော–ချိန်ခွင်ပမာ, ဉာဏ်ပညာဖြင့် နှိုင်းချိန်အပ်သူ၊ သောယေဝ–ထို တုလျသည်ပင်၊ ယကာရလောပ ဝသေန–ယ အက္ခရာ ကြေခြင်း၏အစွမ်းဖြင့်၊ တုလော–တုလမည်၏၊ အထဝါ–ကား၊ သမ္မိတတ္တေ–သမ္မိတအနက်၌၊ အကာရပစ္စယဝသေန–အပစ္စည်း၏အစွမ်းဖြင့်၊ (တုလော–တုလမည်၏၊ ရှေ့လှည့် စပ်၊) တုလာယ–ဖြင့်၊ သမ္မိတော–တည်း၊ တုလော–သူ၊ တုလော–ချိန်ခွင်ပမာ, ဉာဏ်ပညာဖြင့် နှိုင်းချိန်အပ်သူသည်၊ န–မဟုတ်၊ အတုလော–မဟုတ်၊ သီလာဒီဟိ–သီလအစရှိကုန်သော၊ ဂုဏေဟိ–ဂုဏ်တော်တို့ဖြင့်၊ [ဘိန္နာဓိကရဏ ဝိသေသနအဖြစ်ဖြင့် အသဒိသော၌ စပ်၊] ကေနစိ–တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်နှင့်၊ အသဒိသော–တူတော်မမူသောဘုရားတည်း။

ဝါ–တစ်နည်း၊ တဿ–ဤမြတ်စွာဘုရား၏၊ ဝါ–မှာ၊ တုလော သဒိသော–တူသူသည်၊ နတ္ထိ–မရှိ၊ ဣတိ–ထိုသို့ အတူမရှိသည်၏အဖြစ်ကြောင့်၊ သော–ထိုမြတ်စွာဘုရားသည်၊ အတုလော–မည်တော်မူ၏၊ (ကသ္မာ–ကြောင့်၊ တုလော သဒိသော–တူသူသည်၊ နတ္ထိ–မရှိသနည်း၊) သဒေဝကေ–နတ်နှင့်တကွဖြစ်သော၊ လောကေ–သတ္တလောက၌၊ အဂ္ဂပုဂ္ဂလဘာဝတော–အမြတ်ဆုံးပုဂ္ဂိုလ်၏အဖြစ်ကြောင့်၊ (တုလောသဒိသော–သည်၊နတ္ထိ၊)[သဒေဝကေလောကေ အဂ္ဂပုဂ္ဂလဘာဝတော၏သာဓကကို ပြလို၍ယထာဟစသော ပါဠိကိုမိန့်၊] ယထာဟ–အဘယ်ကဲ့သို့ ဟောတော်မူသနည်း၊ ယာဝတာ ဘိက္ခဝေ

**တုလာယ ၊ပေ၊ တုလော**။　　။တုလာသဒ္ဒါသည် ချိန်ခွင်, ချင့်တောင်း, ချင့်ခွက် တိုင်းတာကြောင်း ကြိုး–ဝါးစသောအနက်ကို ဟောရင်းတည်း၊ “တုလာဝိယာတိ တုလာ”ဟု ပြု၍ ဤနေရာ၌ ထိုချိန်ခွင်စသည်နှင့်တူစွာ တိုင်းတာ နှိုင်းချင့်တတ်သော ဉာဏ်ပညာအနက်ကို ဟော၏၊ သမ္မာ–ကောင်းစွာ+မိတ–နှိုင်းယှဉ်အပ်သူ၊ (မာဓာတ်, တပစ္စည်း၊) ပဌမနည်းဝယ် သမ္မိတအနက်၌ ယပစ္စည်းသက်၍ “တုလျ”ဟု ပြီးမှ ယကို ချေသည်၊ ဤပဌမနည်း၌ ယပစ္စည်းသက်ပြီးလျှင် ချေရသဖြင့် စည်းကမ်းမကျသောကြောင့်ဒုတိယတစ်နည်း ကြံသည်၊ ဤဒုတိယနည်းဝယ် အပစ္စည်းသက်သောကြောင့် ချေဖွယ်မလို၊ နှစ်နည်းလုံး သမ္မိတတဒ္ဓိတ်ချည်းတည်း၊ ရဟန္တာစသောအခြားပုဂ္ဂိုလ်များ၏ သီလအစရှိသောဂုဏ်တို့က ဘုရားရှင်လောက် မကြီးကျယ်သောကြောင့် “သီလအားဖြင့် ဤမျှလောက်သာ ရှိသေး၏၊ ပုထုဇဉ်သာ ဖြစ်သေး၏၊ သောတာပန်လောက်သာ ဖြစ်သေး၏၊ အစွမ်းကုန်အားဖြင့် ရဟန္တာရိုးရိုးသာ ဖြစ်သေး၏” ဤသို့ ဉာဏ်တည်းဟူသောချိန်ခွင် (ရာဇူ)ဖြင့် နှိုင်းချိန်၍ ရနိုင်သူကို “တုလ”ဟု ဆို၏၊ ထိုသို့ နှိုင်းချိန်၍ မရနိုင်သောဘုရားရှင်ကို “အတုလ”ဟု ဆိုသည်။

**နတ္ထိ ၊ပေ၊ ဘာဝတော**။　　။ဤနည်း၌ တုလသဒ္ဒါသည် သဒိသအနက်ဟောတည်း၊ လောက၌ အမြတ်ဆုံးဖြစ်၍ “အတူမရှိ”ဟု ဆိုလိုသည်၊ တုသူ–ပြိုင်သူ ရှိသော်လည်း တစ်ယောက်တလေမျှ မတူသောကြောင့် “အတူမရှိ”ဟု ပေး၊ “အတုမရှိ”ဟု မပေးနှင့်၊

၊ပေ၊အဂ္ဂမက္ခာယတိတိအာဒိ–ယာဝတာ၊ပေ၊အဂ္ဂမက္ခာယတိ ဤသို့ အစရှိသည် တည်း၊ (တစ်နည်း) မယာ ဝုတ္တသ သာဓကံ ယထာ ကိံ ဝစနံ ကော အာဟ–ဟောတော်မူသနည်း၊ မယာ ဝုတ္တသ သာဓကံ ယာဝတာ ၊ပေ၊ အဂ္ဂမက္ခာယတိတိအာဒိ–အစရှိသော၊ ယံဝစနံ–သည်၊ အတ္ထိ၊ တံ ဝစနံ–ကို၊ ဘဂဝါ–သည်၊ အာဟ–ဟောတော်မူပြီ၊ [အာဟနောက်၌ "အာဒိ"ရှိလျှင် ပဌမာဝိဘတ်ကျေပြတည်း၊ အနက်ကိုလည်း ယံ–တံထည့်၍ ပေးပြ၊ ဘိက္ခဝေ– ဘိက္ခုတို့၊ ယာဝတာ–အကြင်မျှ အတိုင်းအရှည်ရှိကုန်သော၊ အပဒါ ဝါ– ခြေမရှိသူမူလည်းဖြစ်ကုန်သော၊ ဒွိပဒါဝါ–ခြေနှစ်ချောင်းရှိသူမူလည်းဖြစ်ကုန် သော၊ စတုပ္ပဒါဝါ–ခြေလေးချောင်းရှိသူမူလည်းဖြစ်ကုန်သော၊ သတ္တာ–သတ္တဝါ တို့သည်၊ (သန္တိ–ရှိကုန်၏၊) တေသံ–ထိုသတ္တဝါတို့တွင်၊ တထာဂတော– မြတ်စွာဘုရားကို၊ အဂ္ဂ အဂ္ဂေါ–အမြတ်ဆုံးဟူ၍၊ အက္ခာယတိ–ဆိုအပ်၏။]

စ–ဆက်၊ ဧတ္တာဝတာ–ဤမျှအတိုင်းအရှည်ရှိသော သမ္မာသမ္ဗုဒ္ဓ, အတုလ ဟူသော ပုဒ်နှစ်ပါးအပေါင်းဖြင့်၊ ဟေတုဖလ သတ္တူပကာရ သမ္ပဒါဝသေန– ဟေတုသမ္ပဒါ, ဖလသမ္ပဒါ, သတ္တူပကာရသမ္ပဒါတို့၏အပြားအားဖြင့်၊ [ဝသ သဒ္ဒါသည် ဘောအနက်ဟော၊] တီဟိ–သုံးပါးကုန်သော၊ အာကာရေဟိ– အခြင်းအရာတို့ဖြင့်၊ဘဂဝတော–မြတ်စွာဘုရားကို၊ ထောမနာ–ချီးမွမ်းခြင်းသည်၊

---

"ယာဝတာ"စသော သာဓကကား အင်္ဂုတ္တရ, ဒသကနိပါတ်, နာထဝဂ် ပါဠိတော် တည်း၊ အာဒိဖြင့် "မင်္ဂါနဋ္ဌဂီကော သေဋ္ဌော ၊ပေ၊ ဒွိပဒါနံစ စက္ခုမာ" စသည်ကို ယူ၊ အဂ္ဂမက္ခာယတိကို "အဂ္ဂေါ+အက္ခာယတိ"ဟု ဖြတ်၊ မောဂ္ဂလာန် (၁) ကဏ္ဍ (၃၇) သုတ်ဖြင့် ဩ ကို (အ) ပြု မ် လာ။

**မှတ်ချက်**။ ။ဋ္ဌကထိုလိင်"တုလာ"ပုဒ်သာ "သာဒိသျ–တူသည်၏အဖြစ်, ဥပမာ, အနက်ဟော"ဟု ထောမနိဓိ၌ တွေ့ရ၏၊ မာဂဓအဘိဓာန်၌လည်း "သဒိ သတ္တေတုလာ"ဟု ဋ္ဌကထိုလိင်ပင်ရှိ၏၊ ထို့ကြောင့် "တုလော(သဒိသော)"ဟု ပုံလိင် ထားခြင်းကို စဉ်းစားသင့်၏၊ "နတ္ထိ တုလာ (သာဒိသျံ) ယဿာတိ အတုလော– နှိုင်းယှဉ်စရာ ဥပမာမရှိသောဘုရား"ဟုပြုမှ အဘိဓာန်တို့နှင့်ညီမည်။

**ဧတ္တာဝတာစ**။ ။သမ္မာသမ္ဗုဒ္ဓ အတုလ ၂ ပုဒ်ဖြင့် ဘုရားရှင်ကို ထောမနာရာ၌ ဘုရားဂုဏ်တော်များစွာ စုံသွားပုံကို ထင်ရှားပြလိုသောကြောင့် "ဧတ္တာဝတာဝ ၊ပေ၊ ထောမနာကတာ ဟောတိ" ဟူသောပါဌ်ကို မိန့်၊(စ)သည် ပြတ်ပြီး ဆက်ပြသော ဝါကျာရမ္ဘဇောတကတည်း၊ သမ္မာသမ္ဗုဒ္ဓ အတုလတို့ကို ဖွင့်ပြရာ "တတ္ထ သမ္မာ သာမဉ္စ"မှ စ၍ "အက္ခာယတိတိအာဒိ"တိုင်အောင် အာရဒ္ဓဝါကျဟုလည်းကောင်း, "ဧတ္တာဝတာ စမှ စ၍၊ပေ၊တာသံ သမ္ဘဝပ္ပသင်္ဂတော"တိုင်အောင် ဝါကျာရမ္ဘဝါကျကြီး ဟုလည်းကောင်း ခွဲ၊ ဧတ္တာဝတာသည် ပရိစ္ဆေဒအနက်ဟော တတိယန္တ နိပါတ်ဟု အဘိဓာန်၌ဆို၏၊ ရူပသိဒ္ဓိ၌ တာဝန္တု ပစ္စယန္တ တတိယန္တတဒ္ဓိတ်နာမ်ဟုလည်း ဆိုသည်။

ဝါ–ကို၊ ကတာ–ပြုအပ်သည်၊ ဟောတိ–၏၊ တတ္ထ–ထိုသမ္ဘာသုံးပါးတို့တွင်၊ ဟေတုသမ္ဘာ နာမ–အကြောင်း၏ ပြည့်စုံခြင်း မည်သည်၊ မဟာကရုဏာ သမာယောဂေါ–မဟာကရုဏာဉာဏ်တော်နှင့် ယှဉ်ခြင်းသည်လည်းကောင်း၊ ဗောဓိသမ္ဘာရသမ္ဘရဏဥ္စ–အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်တို့၏ အဆောက်အဦးဖြစ်သော ပါရမီတော်ကို စုဆောင်းတော်မူခြင်းလည်းကောင်း တည်း။

---

**ဟေတု ၊ပေ၊ ကတာ**။ ။ပုဂ္ဂိုလ်တစ်ပါးသည် အကြောင်းမပြည့်စုံဘဲ (သို့မဟုတ် သာမန်အကြောင်းကလေးဖြင့်) ကြီးကျယ်သောအကျိုးကိုရနေလျှင် ရိုးသားသူမဟုတ် ဟု သမုတ်ကြ၏…၊အကြောင်းကြီးပါလျက် အကျိုးအရနည်းနေကာ ဖလသမ္ဘာ မပြည့်စုံပါလျှင် “ကံ ဉာဏ် ဝီရိယ မစုံလို့”ဟု အထင်သေးခံရတတ်၏…၊ အကြောင်း အကျိုး ပြည့်စုံနေပါလျက် သူတစ်ပါးကျေးဇူးများအောင် မရွက်ဆောင်သောကြောင့် သတ္တူပကာရသမ္ဘာ မရှိပြန်ပါလျှင်လည်း သူတစ်ပါး၏လေးစားမှုကို မခံရဘဲ “ကိုယ်ကျိုးသမား”ဟု အကဲ့ရဲ့ခံရတတ်ပြန်သည်။

ထိုကဲ့သို့မဟုတ်ဘဲ အကြောင်းအကျိုးကြီးကျယ်၍သူတစ်ပါးကျေးဇူးများအောင် ရွက်ဆောင်သူကိုသာ “လူကြီးလူကောင်း–ပညာရှိသူတော်ကောင်း”ဟု ယူဆကြသည်၊ ဘုရားရှင်ကား ထိုပြခဲ့သော ဟေတု ဖလသတ္တူပကာရသမ္ဘာ ၃မျိုးလုံး အစုံအလင် ပြည့်ဝတော်မူ၏၊ ထို့ကြောင့် ဘုရားရှင်ကို ဟေတုသမ္ဘာစသော ၃မျိုးစုံအောင် သမ္ဘာသမ္ပဒ္ဒါ အတုလ်၂ပုဒ်ဖြင့် အကျဉ်းချုပ် ထောမနာလေသည်။

**မှတ်ချက်**။ ။ဟေတု ဖလ သတ္တူပကာရပုဒ်တို့သည်ဒွန်ပုဒ်တည်း၊ ဟေတုစ+ ဖလဥ္စ+သတ္တူပကာရောစာတိ ဟေတုဖလသတ္တူပကာရော၊ တေသံ+သမ္ဘာဟေတု ၊ပေ၊သမ္ဘာ၊ ဒွန်၏ရှေ့၌ဖြစ်စေ, နောက်၌ဖြစ်စေ ရှိသောပုဒ်သည် ပုဒ်တိုင်း၌ ယှဉ်စပ် ရရိုးတည်း၊ ထို့ကြောင့် ဤနေရာ၌ဒွန်၏နောက်က သမ္ဘာပုဒ်ကို ပုဒ်တိုင်းယှဉ်စေ၍ “ဟေတုသမ္ဘာ, ဖလသမ္ဘာ”ဟု တွဲပါ။

**[နိယာမ်] ဒွန်၏ရှေ့နောက်, ပုဒ်နှစ်ထောက်မှာ, ပုဒ်တိုင်းသာ, ယှဉ်ကာစပ်ရမြဲ**။

**တတ္ထ ဟေတုသမ္ဘာနာမ**။ ။[ထို၃မျိုးကို အကျယ်ပြသော ဝိတ္ထာရဝါကျတည်း၊ ထို ဝိတ္ထာရ၏ နယ်မှာ“ တာသံ သမ္ဘဝပ္ပသင်္ဂတော” တိုင်အောင်တည်း၊ “ဟေတု ၊ပေ၊ ကတာ ဟောတိ”သည် သင်္ခေပဝါကျ။] ဒီပင်္ကရာ ဘုရားရှင်၏ခြေတော်ရင်း၌ ဘုရားဖြစ်ဖို့ရန် အဓိဋ္ဌာန်တော်မမူမီ သတ္တဝါတို့အပေါ်၌ကြီးစွာသော မဟာကရုဏာ တော်ဖြစ်ပေါ်၏၊ ထို မဟာကရုဏာကြောင့် ဘုရားဖြစ်ဖို့ရန် ပါရမီအဆောက်အဦး များကို စုဆောင်းတော်မူ၏၊ ဤ အားလုံးသည် ဘုရားဖြစ်ခြင်း၏ အကြောင်းဖြစ်သော ဟေတုတည်း၊ ထို မဟာကရုဏာတော်၏ အခြားသူတို့ ကရုဏာထက် သာလွန် ကြီးမားခြင်း, ပါရမီတော်အဆောက်အဦးများ၏ ပြည့်စုံလုံလောက်တော်မူခြင်းသည် ဟေတုသမ္ဘာတည်း။

ပန–အဖို့တစ်ပါးကား၊ (ဟေတုသမ္ပဒါမှတစ်ပါး ဖလသမ္ပဒါကို ဆိုဦးအံ့၊) ဖလသမ္ပဒါ–အကျိုး၏ပြည့်စုံခြင်းသည်၊ ဉာဏပ္ပဟာနအာနုဘာဝရူပကာယ သမ္ပဒါဝသေန–ဉာဏသမ္ပဒါ, ပဟာနသမ္ပဒါ, အာနုဘာဝသမ္ပဒါ, ရူပကာယ သမ္ပဒါတို့၏အပြားအားဖြင့်၊ စတုဗ္ဗိဓာ–လေးပါးအပြားရှိ၏၊ တတ္ထ–ထို သမ္ပဒါ လေးပါးတို့တွင်၊ သဗ္ဗညုတဉာဏပဒဋ္ဌာနံ–သဗ္ဗညုတဉာဏ်တော်၏ နီးစွာသော အကြောင်းဖြစ်သော၊ မဂ္ဂဉာဏံ–အရဟတ္တမဂ်ဉာဏ်သည်လည်းကောင်း၊ တမ္မူလကာနိ–ထို အရဟတ္တမဂ်ဉာဏ်ဟူသော အကြောင်းရင်းရှိကုန်သော၊ ဒသဗလာဒိဉာဏာနိစ–ဒသဗလဉာဏ်အစရှိသော ဉာဏ်တော်တို့သည်လည်း ကောင်း၊ (အာဒိဖြင့် စတုဝေသာရဇ္ဇဉာဏ် စသည်တို့ကို ယူ၊) ဉာဏသမ္ပဒါ– ဉာဏ်တော်၏ ပြည့်စုံခြင်းမည်၏၊ သဝါသနသကလ သံကိလေသာနံ– ဝါသနာနှင့်တကွဖြစ်သော အလုံးစုံသော သံကိလေသတို့၏၊ အစ္စန္တံ–စင်စစ်၊ အနုပ္ပါဒဓမ္မတာပါဒနံ–ဖြစ်ခြင်းသဘော မရှိကုန်သည်၏ အဖြစ်သို့ရောက် စေခြင်းသည်၊ ပဟာနသမ္ပဒါ–ပယ်ခြင်း၏ပြည့်စုံခြင်းမည်၏၊ ယထိစ္ဆိတ နိပ္ဖါဒနေန–အကြင်အလိုရှိအပ်သော အကျိုးကိုပြီးစေခြင်းဖြင့်၊ အာဓိပစ္စံ– အကြီးအကဲ၏အဖြစ်သည်၊ [အဓိပတိနော+ဘာဝေါ အာဓိပစ္စံ–အစိုးတရ ဖြစ်ခြင်း, အလိုရှိသလို ပြုနိုင်ခြင်း။] အာနုဘာဝသမ္ပဒါ–တန်ခိုးအာနုဘော်၏ ပြည့်စုံခြင်းမည်၏၊ ပန–အဖို့တစ်ပါးကား၊ သကလလောကနယနာဘိသေက ဘူတာ–အလုံးစုံသော သတ္တလောက၏ မျက်လုံး၏အဘိသိက်ရေစင်သဖွယ် ဖြစ်၍ဖြစ်သော၊ လက္ခဏာနုဗျဥ္ဇနပဋိမဏ္ဍိတာ–သုံးဆယ့်နှစ် ပါးသော ယောကျာ်းမြတ်တို့၏လက္ခဏာ, ရှစ်ဆယ့်သော လက္ခဏာတော်ငယ်တို့ဖြင့် တန်ဆာဆင်အပ်သော၊ အတ္တဘာဝသမ္ပတ္တိ–အတ္တဘော၏ပြည့်စုံခြင်းသည်၊ ရူပကာယသမ္ပဒါနာမ–ပုံသဏ္ဌာန်တော် ကိုယ်ကာယ၏ ပြည့်စုံခြင်းမည်၏။

---

**ဖလသမ္ပဒါ ပန**။ ။ ထိုပြည့်စုံသော အကြောင်းကြောင့် ဘုရားဖြစ်တော်မူသော အခါ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်ကို ရခြင်း, ကိလေသာတွေကို ဝါသနာ နှင့်တကွ ပယ်နိုင်ခြင်း, ဘဂဝါဂုဏ်တော်၌ ပြအပ်သော ဣဿရိယ စသည်အပြား ဘုန်းတော်ကြီးမားခြင်း, သိရီဘုန်းတော်၌ လာသည့်အတိုင်း ရုပ်ပုံသဏ္ဌာန်တော်၏ သပ္ပာယ်တော်မူခြင်းများသည် (အကြောင်းကြီးကျယ်ခဲ့သလောက် အကျိုးကြီးကျယ်သော) ဖလသမ္ပဒါတည်း။

**တတ္ထ ၊ပေ၊ ရူပကာယ သမ္ပဒါ နာမ**။ ။ ထို ဖလသမ္ပဒါလေးပါးကို အစဉ်အတိုင်း ချဲ့ပြန်လို၍ တတ္ထ–စသည်မိန့်၊ ရှေ့ဝါကျသည် သင်္ခေပ, တတ္ထမှစ၍ ရူပကာယသမ္ပဒါ တိုင်အောင်ကား ဝိတ္ထာရ၊ ထိုအကျယ်ကိုကား နိဿယအနက်အတိုင်း အဓိပ္ပာယ် သိပါလေ၊ သမ္ပဒါတစ်ပါး ပြီး၍ နောက်တစ်ပါးကို ပြသော ဝါကျတို့၌ ရှေ့ဝါကျကို ပက္ခ, နောက်ဝါကျကို ပက္ခန္တရဟုချည်း ခွဲပါ။ [နုတ္တိ+ဥပ္ပါဒဓမ္မော ယေသံတိ အနုပ္ပါဒဓမ္မာ၊ တေသံ+ဘာဝေါ အနုပ္ပါဒဓမ္မတာ၊ တဿာ+အာပါဒနံ အနုပ္ပါဒဓမ္မတာပါဒနံ။]

ပန–အဖို့တစ်ပါးကား၊ (ဖလသမ္ဗဒါမှတစ်ပါး သတ္တူပကာရသမ္ပဒါကို ဆိုဦးအံ့၊) သတ္တူပကာရော–သတ္တဝါတို့အား လျော်သောကျေးဇူးကို ပြုခြင်းသည်၊ အာသယပ္ပယောဂဝသေန–အာသယ,ပယောဂတို့၏အပြားအားဖြင့်၊ ဒုဝိဓော–၏၊ တတ္ထ–တို့တွင်၊ ဒေဝဒတ္တာဒီသု–ဒေဝဒတ်အစရှိကုန်သော၊ ဝိရောဓိသတ္တေသုပိ–ဆန့်ကျင်ဘက်သတ္တဝါတို့၌သော်မှလည်း၊ နိစ္စံ–အမြဲ၊ ဟိတဇ္ဈာသယတာ–စီးပွား၌ဖြစ်သော အလိုဆန္ဒရှိတော်မူသည်၏အဖြစ်သည်လည်းကောင်း၊ အပရိပါကဂတိန္ဒြိယာနံ–ရင့်ကျက်ခြင်းသို့ မရောက်သေးသော ပညိန္ဒြေ ရှိကုန်သော သတ္တဝါတို့၏၊ ဣန္ဒြိယပရိပါကကာလာဂမနဉ္စ–ပညိန္ဒြေ၏ ရင့်ကျက်ရာကာလကို ဆိုင်းငံ့တော်မူခြင်းသည်လည်းကောင်း၊ အာသယော နာမ–အာသယမည်၏၊ ဝါ–အလိုဆန္ဒတော် မည်၏၊ ပန–ကား၊ (အာသယမှ တစ်ပါး ပယောဂကို ဆိုဦးအံ့၊) တဒညသတ္တာနံ–အပရိပါကဂတိန္ဒြိယသတ္တဝါမှ တစ်ပါးသော ပရိပါကဂတိန္ဒြိယ သတ္တဝါတို့အား၊ (ဒေသနာ၌ စပ်၊) လာဘသက္ကာရာဒိနိရပေက္ခစိတ္တဿ–လာဘ်, ပူဇော်သက္ကာရ အစရှိသော အာမိသ၌ ငဲ့ကွက်ခြင်း မရှိသော စိတ်ရှိသည် ဖြစ်၍၊ ဝါ–စိတ်ရှိသော မြတ်စွာဘုရား၏၊

---

**သတ္တူပကာရော ပန**။ ။ သတ္တာနံ–တို့အား၊ ဥပကာရော–လျော်သောကျေးဇူးကို ပြုခြင်းတည်း၊ သတ္တူပကာရော–ခြင်း၊ [ဥပကာရသဒ္ဒါသည် "ပဓာနဿ–ပဓာနအကျိုးအား+အနုဂုဏဿ–လျော်သောကျေးဇူးကို+သမ္ပဒါန–ပြီးစေခြင်းအနက်ဟော"ဟု ထောမနိဓိဖွင့်၏။] အာသယ–ဟူသည် အဇ္ဈာသယ အလိုဆန္ဒတော်တည်း၊ ထို့ကြောင့် "နိစ္စံ ဟိတဇ္ဈာသယတာ"ဟု ဖွင့်လတ္တံ့၊ ထို အလိုဆန္ဒတော်ကို အရင်းခံ၍ ပညိန္ဒြေ မရင့်သေးသော သတ္တဝါတို့၏ ဣန္ဒြေရင့်ချိန်ကို စောင့်ဆိုင်းတော်မူခြင်းလည်း ကာရဏူပစာရအားဖြင့် အာသယပင်တည်း၊ တရားဟောတော်မူခြင်းသည် လုံ့လ ပယောဂတော်တည်း၊ ဤပြခဲ့သော အာသယပယောဂ ၂ မျိုးကြောင့် သတ္တဝါတို့မှာ တရားထူးရ၍ ဒုက္ခဝဋ်သိမ်းမှအေးငြိမ်းကြရ၏၊ ဘုရားရှင်မှာ ထိုအာသယပယောဂ နှစ်မျိုးလုံး၏ ပြည့်စုံခြင်း (ထိုနှစ်မျိုးလုံး ထက်ထက်သန်သန်ရှိခြင်း)သည် သတ္တူပကာရ၏ ပြည့်စုံခြင်းတည်း။ [ဟိတေ + ပဝတ္တော + အဇ္ဈာသယော ယဿာတိ ဟိတဇ္ဈာသယော၊ တဿ+ဘာဝေါ ဟိတဇ္ဈာသယတာ။]

**တဒညသတ္တာနံ**။ ။ တေဟိ–ထို အပရိပါကဂတိန္ဒြိယသတ္တဝါတို့မှ+အညသတ္တာ–အခြားသော ပရိပါကဂတိန္ဒြိယသတ္တဝါတို့တည်း၊ တဒညသတ္တာ–တို့၊ ပရိပါကံ–တရားဟောတော်မူလျှင် တရားထူးရလောက်အောင် ရင့်ခြင်းသို့၊ ဂတံ–ရောက်သည်တည်း၊ ပရိပါကဂတံ–သည်၊ ပရိပါကဂတံ ဣန္ဒြိယာ (ပညိန္ဒြေ) ယေသန္တိ ပရိပါကဂတိန္ဒြိယာ (သတ္တာ)၊ [ဣန္ဒြိယ အရ ပညိန္ဒြေကိုသာ ဖွင့်ကြသော်လည်း သဒ္ဓါစသော အခြားဣန္ဒြေများလည်း ရင့်မှ တရားဟောတော်မူသည်၊ ထို့ကြောင့် "တိက္ခိန္ဒြိယေ–မုဒိန္ဒြိယေ" စသော ပါဠိတော်၌" သဒ္ဓါဒိဣန္ဒြိယေ" ဟု ဣန္ဒြေငါးပါးလုံးကိုပင် အဋ္ဌကထာတို့၌ ဖွင့်ကြသည်။]

ယာနတ္တယမုခေန–အနိစ္စာနုပဿနာ စသော ယာဉ်သုံးပါးအပေါင်းကို အဦး ပြုသဖြင့်၊ သဗ္ဗဒုက္ခနိယျာနိကမဗ္ဗဒေသနာ–အလုံးစုံသော ဒုက္ခမှ ထွက်မြောက် တတ်သော တရားကို ဟောတော်မူခြင်းသည်၊ ပယောဂေါ နာမ–ပယောဂ မည်၏၊ ဝါ–လုံ့လတော် မည်၏။

တတ္ထ–ထိုသမ္ပဒါတို့တွင်၊ ပုရိမာ–ရှေး၌ဖြစ်ကုန်သော၊ ဒွေ–နှစ်ပါးကုန်သော၊ ဖလသမ္ပဒါ–ဖလသမ္ပဒါတို့ကို၊ သမ္မာသမ္ဗုဒ္ဓန္တိ ဣမိနာ–ဟူသော ဤပုဒ်ဖြင့်၊ ဒဿိတာ–ပြအပ်ကုန်ပြီ၊ ပန–အဖို့တစ်ပါးကား၊ ဣတရာ–ရှေ့နှစ်ပါးမှတစ်ပါး ကုန်သော၊ ဒွေ–ကုန်သော၊ တထာ–ထိုဖလသမ္ပဒါတို့ကိုလည်းကောင်း၊ သတ္တူ ပကာရသမ္ပဒါ စ–ကိုလည်းကောင်း၊ အတုလန္တိ ဧတေန–ဖြင့်၊ ဒဿိတာ–ကုန်ပြီ၊ ပန–အဖို့တစ်ပါးကား၊ တဒုပါယဘူတာ–ထိုဖလသမ္ပဒါ,သတ္တူပကာရသမ္ပဒါတို့၏

---

**ယာနတ္တယ မုခေန**။ ။ယာယန္တိ ဧတေဟီတိ ယာနာနိ–နိဗ္ဗာန်သို့ သွားကြောင်းဖြစ် သော အနိစ္စာနုပဿနာ ဒုက္ခအနတ္တာနုပဿနာဟူသော ဝိပဿနာဉာဏ်သုံးပါး၊ ယာနာနံ+တယံ ယာနတ္တယံ၊ ယာနတ္တယမေဝ+မုခံ–အဦးအစပဓာနတည်း၊ ယာနတ္တယမုခံ၊ ဘုရားတရားတော်များ၌ ထိုဝိပဿနာဉာဏ်သုံးပါးသည် ပဓာနအဖြစ်ဖြင့် ပါရှိကြသည်ချည်း ဟူလို။

**သဗ္ဗဒုက္ခ၊ပေ၊ ဒေသနာ**။ ။နိယျာတိ–ထွက်မြောက်တတ်၏၊ ဣတိ နိယျာနိကော၊ (ဓမ္မော)၊[တရားရှိသောပုဂ္ဂိုလ်၏ ထွက်မြောက်ခြင်းကိုပင် တရားထွက်မြောက်သည်ဟု ဆိုထားသည်။] နိပုဗ္ဗ၊ ယာဓာတ် အနီယပစ္စည်း၊ ယ ကိုက, ဤကို ရဿပြု၊ အနီယ ပစ္စည်းသည် များသောအားဖြင့် ဘောက်ကိုဟောသော်လည်း ဗဟုလံသဒ္ဒါ လိုက်လာခြင်း ကြောင့် အနည်းငယ်အားဖြင့် ကတ္တားကိုလည်း ဟော၏။ [အနီယသဒ္ဒေါ ဗဟုလံ ကတ္တုအဘိဓာယကော ၊ပေ၊ နီကာရဿ ရဿတ္တံ, ယကာရဿ စ ကကာရတ္တံ ကတ္ဝာ နိယျာနိကာတိ ဝုတ္တံ၊ နိယျာနိကဒုက, မူလဋီကာ။]

**ပုရိမာ ဒွေ ဖလသမ္ပဒါ**။ ။ရှေ့ ဖလသမ္ပဒါနှစ်ပါးဟူသည် ဉာဏနှင့်ပဟာန သမ္ပဒါတည်း၊ "သမ္မာသမ္ဗုဒ္ဓ–အလုံးစုံကို သိ" ဟုဆိုသဖြင့် သဗ္ဗညုတဉာဏသမ္ပဒါကို ပြ၏၊ ထို သဗ္ဗညုတဉာဏ်သည် အရဟတ္တမဂ်ဉာဏ်လျှင် အရင်းခံရှိရကား ထို အရဟတ္တမဂ်ဉာဏ် ဖြင့် ကိလေသာအားလုံးကို ဝါသနာနှင့်တကွ ပယ်နိုင်သော ပဟာနသမ္ပဒါကိုလည်း ပြ၏။

**ဣတရာ ၊ပေ၊ အတုလန္တိ ဧတေန**။ ။"ဣတရာ" အရ အခြားသမ္ပဒါဟူသည် ရှေ့နှစ်ပါးမှ တခြားဖြစ်သော အာနုဘာဝနှင့် ရူပကာယဟူသော ဖလသမ္ပဒါတည်း။ "အတုလ" အတူမရှိ" ဟုဆိုသဖြင့် အာနုဘော်လည်း အတူမရှိ, ရူပကာယလည်း အတူမရှိဟု သိသာ၏၊ ထို့ ကြောင့် အတုလံဖြင့် အာနုဘာဝရူပကာယသမ္ပဒါ နှစ် ပါးကိုလည်း ပြ၏၊ သတ္တဝါတို့၏ အကျိုးကို လိုလားသော အဇ္ဈာသယတော်နှင့် တရားဟောတော်မူရာ၌ လုံ့လပယောဂတော်လည်း အတူမရှိရကား ထို အတုလံပုဒ်ဖြင့် သတ္တူပကာရသမ္ပဒါကိုလည်း ပြသည်။

တို့၏ အကြောင်းဖြစ်၍ ဖြစ်သော၊ ဟေတုသမ္ဗန္ဓ–ကို၊ ဒွိဟိပိ–သမ္မာသမ္ဗုဒ္ဓံ အတုလံနှစ်ပုဒ်တို့ဖြင့်လည်း၊ သာမတ္ထိယတော–ပြစွမ်းနိုင်သည်၏အဖြစ်အားဖြင့်၊ ဒဿိတာ–ပြအပ်ပြီ၊ (ကသ္မာ–ကြောင့်၊ ဝိညာယတိ–နည်း၊) တထာဝိဓဟေတု ဇုတိရေကေန–ထိုသို့ အပြားရှိသော အကြောင်းနှစ်ပါး၏ ပြောင်းပြန်အားဖြင့်၊ ဝါ–ထိုသို့ အပြားရှိသော အကြောင်းနှစ်ပါးမှ ကင်းသဖြင့်၊ တဒုဘယသမ္ဗတ္တိန်–ထို နှစ်ပါးစုံသော ဖလသမ္ပဒါ, သတ္တူပကာရ သမ္ပဒါဟူသော သမ္ပတ္တိတို့၏၊ အသမ္ဘဝတော–မဖြစ်ခြင်းကြောင့်လည်းကောင်း၊ အဟေတုကတ္တေ–အကြောင်း မရှိကုန်သည်၏အဖြစ်သည်၊ သတိစ–ရှိပြန်သော်လည်း၊ သဗ္ဗတ္ထ–အလုံးစုံသော သတ္တဝါတို့၌၊ တာသံ–ထိုသမ္ပဒါနှစ်ပါးတို့၏၊ သမ္ဘဝပ္ပသင်္ဂတော–ဖြစ်သင့်ခြင်း ၏ ကပ်ငြိခြင်းကြောင့်လည်းကောင်း၊ (ဝိညာယတိ)။

ဓဝံ–ဤသို့လျှင်၊ ဝါ–သမ္မာသမ္ဗုဒ္ဓံ အတုလံဟူသော ဤနှစ်ပုဒ်တို့ဖြင့်၊ တိဝိဓာဝတ္ထာသင်္ဂဟိတထောမနာပုဗ္ဗင်္ဂမံ–သုံးပါးအပြားရှိသော အခိုက်အတန့် တို့ဖြင့် သိမ်းယူအပ်သော ချီးမွမ်းခြင်း ရှေ့သွားရှိသည်ဖြစ်၍၊(ဝန္ဒိတွာဥ္ဌ စပ်)၊ တံ ဗုဒ္ဓရတနံ–ထိုဘုရားရတနာကို၊ ဝန္ဒိတွာ–ရှိခိုးပြီး၍၊ ဣဒါနိ–ယခုအခါ၌၊ သေသရတနာနမ္ပိ–ဘုရားရတနာမှကြွင်းသော တရားသံဃာရတနာတို့ကိုလည်း၊ ပဏာမံ–ရှိခိုးခြင်းကို၊ အာရဘန္တော–အားထုတ်လိုသော၊ (အာစရိယော–အရှင် အနုရုဒ္ဓါဆရာသည်၊)သဿဒ္ဓမ္မဂဏုတ္တမန္တိ–ဟူ၍၊အာဟ–မိန့်တော်မူ၏။[“ဣဒါနိ အာဟ, ရှိကကေန်, ပစ္စုပ္ပန်ကို, အမှန်အာဟ ဟောလေမြ”နှင့်အညီ ပြုဓာတ် ကို အာဟပြု,တိဝိဘတ်ကို (အ)ပြု၍“အာဟ”ဟု ပစ္စုပ္ပန်ဟော ဖြစ်ရသတတ်။] ဟိ–မှန်၏၊ ဂုဏာဘူတာနံ–အပွဓာနဖြစ်၍ ဖြစ်ကုန်သည်၊ (သမာနာနံ)ပိ– ဖြစ်ပါကုန်သော်လည်း၊ ဝါ–ဖြစ်သည်လည်းဖြစ်ကုန်သော၊ ဓမ္မသံဃာနံ–တို့၏၊

---

**တဒုပါယ ၊ပေ၊ ဒဿိတာ။** ။ ပြခဲ့သောအကြောင်း ဟေတုသမ္ပဒါမရှိလျှင် အကျိုးဖြစ်သော ဖလ–သတ္တူပကာရသမ္ပဒါနှစ်ပါး မဖြစ်နိုင်သောကြောင့်လည်းကောင်း, အကျိုးတရားတို့သည် အကြောင်းမရှိဘဲဖြစ်လာကြ၏ ဟု ဆိုလျှင်လည်း“ သတ္တဝါ အားလုံး၌ ထို အကျိုးနှစ်ပါး ဖြစ်သင့်၏”ဟု ကပ်သီးကပ်သတ် ပြောဆိုဖွယ်ရှိသော ကြောင့်လည်းကောင်း, ဟေတုသမ္ပဒါကို သမ္မာသမ္ဗုဒ္ဓ–အတုလံနှစ်ပုဒ်လုံးက သာမတ္ထိယ အားဖြင့်ပြသည်။ [အကျိုးကို တိုက်ရိုက်ပြသဖြင့် အကြောင်းကိုလည်း ဖလူပစာရနည်း အားဖြင့် ပြစွမ်းနိုင်သည်ကို “ သာမတ္ထိယ”ဟု ဆိုသည်။]

**တိဝိဓာ ၊ပေ၊ ပုဗ္ဗင်္ဂမံ။** ။ ဟေတု, ဖလ, သတ္တူပကာရဟူသော ဘုရားရှင်၏ အခိုက်အတန့်သုံးပါးကို “တိဝိဓံ+အဝတ္ထာ” ဟု ဆိုသည်၊ ထိုသုံးပါးဖြင့် ဘုရား ရှင်၏ ဂုဏ်တော်အားလုံး သိမ်းကြုံးပြီးဖြစ်သောကြောင့်“ တိဝိဓာဝတ္ထာ သင်္ဂဟိတ” ဟု ဆိုသည်၊ “ထိုသုံးပါးဖြင့်သိမ်းယူအပ်သော ချီးမွမ်းခြင်းပဓာနရှိအောင်+ရှိခိုးပြီး၍” ဟု ဝန္ဒိတွာ၌ ကြိယာဝိသေသန စပ်ပါ၊ စာနေဂုံကား ဗုဒ္ဓရတနံ၌ စပ်ရမည်ကဲ့သို့ထင်ရ သည်၊“ တဒေဝံ ဗုဒ္ဓရတနံ တိဝိဓ၊ပေ၊ပုဗ္ဗင်္ဂမံ ဝန္ဒိတွာ” ဟု ရှိမှ စာသွားကောင်းသည်။

အဘိဝါဒေတဗ္ဗဘာဝေါ (တစ်နည်း) အဘိဝါဒိတဘာဝေါ–ရှိခိုးအပ်ကုန်သည်၏ အဖြစ်ကို၊ သဟယောဂေန–အတူတကွယှဉ်ခြင်းကြောင့်၊ ဝိညာယတိ– သိအပ်၏၊ ယထာ–အဘယ်ကဲ့သို့နည်း၊ သပုတ္တဒါရော အာဂတောတိ– သပုတ္တဒါရော အာဂတောဟူသော ဤပြယုဂ်၌၊ ပုတ္တဒါရဿပိ–သား မယား ၏လည်း၊ အာဂမန်–လာခြင်းကို၊ ဝိညာယတိ ယထာ–သိအပ်သကဲ့သို့တည်း၊ ဣတိ–ဤသို့ မှတ်အပ်၏။ [သပုတ္တဒါရော–သားမယားနှင့်တကွ ဖြစ်သော၊ (ပုရိသော–သည်၊) အာဂတော–လာပြီ။]

---

**ဂုဏာဘိဝုဍ္ဍိတာနမ္ပိ ဟိ**။ ။ "သေသရတနာနံပိ ပဏာမံ" ဟူသော ရှေ့စကားကို ခိုင်မြဲစေလို၍ "ဂုဏာ ၊ပေ၊ ဟိ"ဟု မိန့်၊ ဟိသည် ဒဠှီကရဏဇောတက၊ ဂုဏာ၌ ဂုဏသဒ္ဒါ သည် အပ္ပဓာနအနက်ကို ဟော၏၊ (အဘိဓာန်. ၇၈၇) ကြည့်ပါ၊ ထို အပ္ပဓာန ဟူသည်လည်း ဝိသေသနပင်တည်း၊ ဂုဏာ၌ (ဤ)ကား အဘူတတဗ္ဘော အနက်၌ သက်သော စိပစ္စည်းတည်း၊ ဓမ္မသံဃာတို့သည် အခြားနေရာ၌ အပ္ပဓာနမဟုတ်ကြသော် လည်း ဤနေရာ၌ကား ဝိသေသနဖြစ်ခြင်းကြောင့် အပ္ပဓာနကဲ့သို့ ဖြစ်နေကြသည်– ဟူလို၊ "သဟ+သဒ္ဒမ္ဗဂဏုတ္တမေဟိ ယော ဝတ္တတီတိ သသဒ္ဒမ္ဗဂဏုတ္တမော"ဟု ဝိဂြိုဟ်ပြု၍ အရကောက်သောအခါ ဘုရားကိုသာ ရသောကြောင့် ဘုရားရတနာသည် ပဓာနဖြစ်၍ တရားသံဃာတို့မှာ ဘုရားရတနာကို အထူးပြုရသော အပ္ပဓာနဝိသေသန ဖြစ်ကြသည်။ [ဝိသည် ဝိသေသနအပ္ပဓာနဖြစ်ခြင်း နိပ်ချသော ဂရဟာဇောတက။]

**အဘိဝါဒေတဗ္ဗဘာဝေါ**။ ။ [တကယ်ပင် ရှိခိုးသောအရာဖြစ်၍ "အဘိဝါဒိတ ဘာဝေါ" ဟု ရှိသင့်၏။] အဘိဝါဒိတာန်–ရှိခိုးအပ်သော တရားသံဃာတို့၏+ ဘာဝေါ– ဖြစ်ကြောင်းဖြစ်ရာ ရှိခိုးခံရခြင်းကြိယာတည်း၊ အဘိဝါဒိတဘာဝေါ–ယာ၊ "သမ္မာသမ္ဗုဒ္ဓံ" စသောဂါထာဖြင့် အရှင်အနုရုဒ္ဓါရှိခိုးရာ၌ ဘုရားရတနာသာ ရှိခိုးခံရ သည်မဟုတ်, ဝိသေသန အပ္ပဓာနဖြစ်ကြသော တရားသံဃာရတနာတို့လည်း ရှိခိုးခံကြရသည်–ဟူလို။

**သဟယောဂေန ဝိညာယတိ**။ ။ အပ္ပဓာနဖြစ်ပါလျက် တရားသံဃာတို့၏ ရှိခိုးခံရကြောင်းကို အဘယ့်ကြောင့်သိရပါသနည်း ဟုမေးဖွယ်ရှိ၍ "သဟ ၊ပေ၊ ဝိညာယတိ" ဟု မိန့်၊ တရားသံဃာ ရတနာနှစ်ပါးသည် ဘုရားရတနာနှင့် အတူ ယှဉ်ဖက်ဖြစ်သောကြောင့် သိရပါသည်–ဟူလို။ [ယှဉ်ဖက်ဟူသည် "ဘုရား တရား သံဃာ"ဟု ရတနာသုံးပါး အဖြစ်ဖြင့် တွဲဖက်၍ နေခြင်း, တွဲဖက်၍ ပြောလေ့ရှိခြင်း တည်း။]

**ယထာ ၊ပေ၊ အာဂတော**။ ။ "အဘယ်ပုံစံများကို ဥပမာမှတ်ရမည်နည်း"ဟု မေးဖွယ်ရှိသောကြောင့် ယထာ–စသည်မိန့်၊ သဟ+ပုတ္တဒါရေန ယော ဝတ္တတီတိ သပုတ္တဒါရော၊ ဤ ဗဟုဗ္ဗီဟိသမာသ်၌ "သပုတ္တဒါရော" ပုဒ်၏အရ ပဓာနအနက်မှာ ယောကျ်ားတည်း၊ သားမယားတို့ကား "သားမယားနှင့်တကွဖြစ်သော ယောကျ်ား"ဟု ယောကျ်ားကိုအထူးပြုသော ဝိသေသနအပ္ပဓာနတည်း၊ သို့သော် သားမယားနှင့် ယောကျ်ားသည် သဟယောဂ(ယှဉ်ဖော် ယှဉ်ဖက်, သွားဖော် လာဖက်) ဖြစ်သောကြောင့်

တတ္တ–ထို သသင်္ခမ္မဂဏုတ္တမ်ဟူသောပါဠိ၌၊ (ဝစနတ္တော–ဝစနတ္တကို၊ ဇဝံ–ဤ ဆိုအပ်လတ့်သောနည်းဖြင့်၊ ဝေဒိတဗ္ဗော၊) ယောသဘာဝေါ–အကြင်သဘောတရားသည်၊ အတ္တာနံ–မိမိကို၊ (မိမိတည်းဟူသောတရားကို၊) ဓာရေန္တေ–ဆောင်သူတို့ကို၊ စတူသု–န်သော၊ အပါယေသု–တို့၌လည်းကောင်း၊ ဝဋ္ဋဒုက္ခေသုစ–တို့၌လည်းကောင်း၊ အပတမာနေ–မကျသည်တို့ကို၊ ကတွာ–၍၊ ဓာရေတိ–ဆောင်ထားတတ်၏၊ ဣတိ–ကြောင့်၊ သော သဘာဝေါ–သည်၊ ဓမ္မော–ဓမ္မမည်၏၊ စတုမဂ္ဂဖလနိဗ္ဗာနဝသေန–လေးပါးသောမဂ်, လေးပါးသောဖိုလ်, နိဗ္ဗာန်တို့၏အပြားအားဖြင့်၊ နဝဝိဓော–ကိုးပါးအပြားရှိသော၊ ဝါ–တစ်နည်း၊ ပရိယတ္တိယာ–သုံးပုံပိဋကတ်, ပရိယတ်နှင့်၊ သဟ–တကွ၊ ဒသဝိဓော–ဆယ်ပါးအပြားရှိသော၊ ဓမ္မော–ဓမ္မတည်း၊ ဝါ–ဓမ္မကို ရ၏။

ပန–ဆက်၊ ဧတေသ–ဤတရား၏၊ ဓာရဏဋ္ဌ–ဆောင်ခြင်းဟူသည်လည်း၊ ဧတေသ–၏။ [ဧတေသပုဒ်က ကာကောလောကနနည်း ဖြစ်၍ နှစ်ဖက်ငဲ့သောကြောင့် အနက်နှစ်ခါ ပေး။] အပါယာဒိနိဗ္ဗတ္တကကိလေသဝိဒ္ဓံသနံ–အပါယ် အစရှိသည်တို့၌ ဖြစ်စေတတ်သော ကိလေသာကို ဖျက်ဆီးခြင်းတည်း၊ တံ–ထို ကိလေသာ ဖျက်ဆီးခြင်းကို၊ အရိယမဂ္ဂဿ–အရိယာမဂ်၏၊ ဝါ–

---

သပုတ္တဒါရောပုဒ်၏အရ၌ သားမယားပါရသည်၊ "သပုတ္တဒါရော"၏အရ၌ သားမယားပါရကြောင်းကို အဘယ်ထောက်၍ သိရသနည်း–ဟု မေးလျှင် "ပုတ္တဒါရော အာဂတော" ဟူရာ၌ ယောကျ်ားချည်းလာမည် မဟုတ်, သားမယားတို့ပါ လာသည်ကို ထောက်၍ "သပုတ္တဒါရော" အရ၌ သားမယားတို့ပါ ရကြောင်းသိရပါသည်–ဟူလို။

**မှတ်ချက်။** ။ "သဟယောဂေန" ဟူရာဝယ် သသင်္ခမ္မဂဏုတ္တမံ, သပုတ္တဒါရော–တို့၌ သဟ၏ကာရိယ (သ) သဒ္ဒါပါနေရကား "သဟသဒ္ဒါနှင့်ယှဉ်ခြင်းကြောင့်" ဟု အနက်ပေးမိတတ်၏၊ ထိုသို့မပေးမိဖို့ရန် သဒ္ဒတ္ထဘေဒစိန္တာ (၂၅၃–၆) ဂါထာတို့ကို ကြည့်ပါ၊ ဆိုလိုရင်းမှာ သသင်္ခမ္မဂဏုတ္တမံသည် ပယောဂတဂ္ဂုဏဗဟုဗ္ဗီဟိဖြစ်သောကြောင့် ယှဉ်ဘက်သမာသ်ပုဒ်၏ အနက်ရပါသည်–ဟု ဆိုလိုသည်။

**ဝါကျခွဲ။** ။ "ဂုဏဳဘူတာနမ္ပိ၊ပေ၊ဝိညာယတိ"သည် ရှေ့ဝါကျထောက်လျှင် (ဥာပဲက်) ဒဠှီကရဏ၊ "ဟိ"ကား ဒဠှီကရဏဇောတက၊ "ယထာ ၊ပေ၊ အာဂမနံ" ဟူသော နောက်ဝါကျထောက်လျှင်ကား ဥပမေယျဝါကျ၊ "ယထာ ၊ပေ၊ အာဂမနံ"ကား ဥပမာနဝါကျ–ဟု ခွဲ။

**အတ္တာနံ ဓာရေန္တေ။** ။ ပရိယတ်တရားတော်၌ လာသည့်အတိုင်း ကျင့်သူကိုလည်းကောင်း, မဂ်ဖိုလ်ရသူ, နိဗ္ဗာန်အာရုံပြုနေသူကိုလည်းကောင်း "မိမိတည်းဟူသော တရားကို ဆောင်သူ"ဟု ခေါ်၏၊ ထို့ကြောင့် "ဆောင်ခြင်း"ဟူသည် "ကျင့်ခြင်း, ရခြင်း, အာရုံပြုနေခြင်းတည်း"ဟု မှတ်ပါ၊ ထိုသို့ ဆောင်သူကို တရားက ပြန်၍ ဆောင်ပုံမှာ "ဓာရဏဋ္ဌေတ္တ" စသောဝါကျဖြင့် ထင်ရှားလတ္တံ့။

အရိယာမဂ်အတွက်၊ ကိလေသသမုစ္ဆေဒကဘာဝတော–ကိလေသာကို အကြွင်းမဲ့ ဖြတ်တတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ နိဗ္ဗာနသဿ–နိဗ္ဗာန်၏၊ ဝါ–အတွက်၊ အာရမဏဘာဝေန–အာရုံ၏အဖြစ်ဖြင့်၊ တဿ–ထိုအရိယာမဂ်၏၊ တဒတ္ထသိဒ္ဓိဟေတုတာယစ–ထိုကိလေသသမုစ္ဆေဒကိစ္စ ပြီးစီးခြင်း၏အကြောင်း၏ အဖြစ်ကြောင့်လည်းကောင်း၊ နိပ္ပရိယာယတော–ပရိယာယ်မဟုတ်, မုချအားဖြင့်၊ လဗ္ဘတိ–ရအပ်, ရနိုင်၏၊ ပန–အဖို့တစ်ပါးကား၊ ဖလဿ–ဖိုလ်၏၊ ဝါ–ဖိုလ်အတွက်၊ ကိလေသာနံ–တို့ကို၊ ပဋိပဿမ္ဘနဝသေန–တစ်ဖန်ငြိမ်းစေခြင်း၏အစွမ်းဖြင့်၊ မဂ္ဂါနုကူလပ္ပဝတ္တိတော–မဂ်အားလျော်စွာဖြစ်ခြင်းကြောင့်လည်းကောင်း၊ ပရိယတ္တိယာ–၏၊ ဝါ–အတွက်၊ တဒဓိဂမဟေတုတာယစ–ထိုမဂ်ကို ရခြင်း၏ အကြောင်း၏ အဖြစ်ကြောင့်လည်းကောင်း၊ ဣတိ–ဤသို့၊ ဥဘိန္နမ္ပိ–နှစ်ပါးကုန်သော ဖိုလ်,ပရိယတ်တို့၏လည်း၊ ဝါ–တို့အတွက်လည်း၊ ပရိယာယတော–ပရိယာယ်အားဖြင့်၊ လဗ္ဘတိ–ရအပ်, ရနိုင်၏၊ ဣတိ–ဤအဆုံးအဖြတ်ကို၊ ဒဋ္ဌဗ္ဗံ–မှတ်ထိုက်၏။

---

**ဓာရဏာဠ ပန**။ ။ "တရားတော်သည် မိမိကိုဆောင်သူကို အပါယ်မကျအောင် ပြန်၍ ဆောင်၏" ဟူရာ၌ ထို"ဓာရေတိ"အရ ဆောင်ခြင်းကား အဘယ်ပါနည်းဟု မေးဖွယ်ရှိ၍ "ဓာရဏာဠ ပန" ဟု မိန့်သည်၊ အပါယာဒိ၌ အာဒိဖြင့် ဝဋ္ဋဒုက္ခကို ယူ၊ ကာမဘဝဝဋ်ဒုက္ခ, ရူပအရူပဘဝဝဋ်ဒုက္ခတည်း အပါယ်၌ ဖြစ်စေမည့် ဒိဋ္ဌိဝိစိကိစ္ဆာစသော ကိလေသာဝဋ္ဋဒုက္ခ၌ ကြာရှည်စွာ ဖြစ်စေမည့် ရုန့်ရင်းသော မရုန့်ရင်းသော ကာမရာဂ, ရူပရာဂ, အရူပရာဂဟူသော ကံကိလေသာတို့ကို ဖျက်ဆီးခြင်းကိုပင် "ဆောင်ခြင်း" ဟု ခေါ်သည်၊ "ကိလေသာကိုဖျက်ဆီး လိုက်သောအခါ အပါယ်မကျ ဝဋ်ဒုက္ခ၌ ကြာရှည်စွာ မနေရတော့သဖြင့် အပါယ်မကျအောင် ဝဋ်ဒုက္ခ၌မကြာအောင် ဆောင်ရွက်ထားရာရောက်သည်" ဟူလို။

**မှတ်ချက်**။ ။ "စ–ပန ဟု, တကွတက်ရာ, စ နက်မှာဆက်, ပနတက်, ထူးချက်မိပ္ပါယ်စွဲ" ဟု နိယာမ်ဆို၍ "စပန–ဆက်၍အထူး, ပြဆိုဦးအံ့"ဟုပေးကြသော်လည်း ဤနေရာ၌ အထူးဟုဆိုရလောက်အောင် ရှေးဝါကျက သာမညမဟုတ်၊ ထို့ကြောင့်" ပန နိပါတ်သာ ဝါကျာရမ္ဘဇောတက, စနိပါတ်ကား ပြခဲ့သော ဓာရေတိကို ပြန်၍ ငဲ့သော အပေက္ခသာ ဖြစ်သင့်သည်"ဟု ဤနေရာ၌ မှတ်ပါ။

**တံ ၊သေ၊ လဗ္ဘတိ**။ ။ ထိုဆောင်ခြင်း အနက်ကို မဂ်နှင့်ဖိုလ်အတွက်သာ မုချရနိုင်၏၊ ဘာ့ကြောင့်နည်း၊ မဂ်က ကိလေသာကိုသတ်ခြင်း, နိဗ္ဗာန်က အာရုံအပြုခံ၍ ထို သတ်ခြင်းကိစ္စကို ပြီးစေခြင်းကြောင်းတည်း။

**ဖလ ၊သေ၊ ပရိယာယတော**။ ။ဖိုလ်သည် မဂ်သတ်အပ်ပြီးသော ကိလေသာတို့ကို ထပ်၍ ငြိမ်းစေခြင်း (ပဋိပ္ပဿဒ္ဓိသတ္တိ)အားဖြင့် မဂ်နှင့်လျော်စွာ ဖြစ်ခြင်းကြောင့် အကြောင်းမဂ်၏သတ္တိကို အကျိုးဖိုလ်၌တင်စား၍ ကာရဏူပစာ (ပရိယာယ်)အားဖြင့် ဖိုလ်ကလည်း ဆောင်ရာ ရောက်၏၊ ပရိယတ်တရားတော်များကား (နိဿရဏတ္ထဖြင့်

သတံ သပ္ပုရိသာနံ–သူတော်ကောင်းဖြစ်ကုန်သော၊ အရိယပုဂ္ဂလာနံ–အရိယာပုဂ္ဂိုလ်တို့၏ ဓမ္မော–တရားတည်း၊ ဣတိ–ထို့ ကြောင့်၊ သဒ္ဓမ္မော–သဒ္ဓမ္မမည်၏၊ ဝါ–တစ်နည်း၊ သန္တော သံဝိဇ္ဇမာနော–ထင်ရှားရှိသော၊ တိတ္ထိယပရိကပ္ပိတော–တိတ္ထိတို့သည် ကြံဆအပ်သော၊ အတ္တာဝိယ–အတ္တသည်ကဲ့သို့၊ ပရမတ္ထတော–ပရမတ္ထအားဖြင့်၊ ဝါ–အစစ်အမှန် အနက်အားဖြင့်၊ န အဝိဇ္ဇမာနော–ထင်ရှားမရှိ မဟုတ်သော၊ ဓမ္မော–တရားတည်း၊ ဣတိ သဒ္ဓမ္မော၊ ဝါ–တစ်နည်း၊ သွာက္ခာတတာဒိဂုဏယောဂတော–သွာက္ခာတတာ အစရှိသော ဂုဏ်တို့နှင့်ယှဉ်ခြင်းကြောင့်၊ သန္တော ပသတ္ထော–ချီးမွမ်းအပ်သော၊ ဗာဟိရကဓမ္မော ဝိယ–သာသနာပ၌ဖြစ်သော တရားသည်ကဲ့သို့၊ န ကေန္တ နိန္ဒိတော–စင်စစ် ကဲ့ရဲ့အပ်သည် မဟုတ်သော၊ ဓမ္မော–တရားတည်း၊ ဣတိ–ကြောင့်၊ သဒ္ဓမ္မော–မည်၏။

သော–ထိုသံဃာသည်၊ အရိယပုဂ္ဂလာနံ–တို့၏၊ သမူဟဘာဝတော–အပေါင်း၏အဖြစ်ကြောင့်၊ ဂဏော စ–အပေါင်းလည်း၊(ဟောတိ–ဟုတ်၏၊) သုပ္ပဋိပန္နတာဒိ ဂုဏဝိသေသယောဂတော–သုပ္ပဋိပန္နတာ အစရှိသော ဂုဏ်အထူးနှင့်

---

သင်သူတို့မှာ) မဂ်ကိုရခြင်း၏ အကြောင်းဖြစ်သောကြောင့် အကျိုးမဂ်၏ ဓာရဏသတ္တိကို အကြောင်းပရိယတ်၌ တင်စားသော ဖလူပစာ (ပရိယာယ်)အားဖြင့် အပါယ်စသည်၌ မကျအောင်ဆောင်ရာရောက်သည်။

**သဒ္ဓမ္မော**။ ။ သဒ္ဓမ္မပုဒ်၌ ဓမ္မ၏အနက်ကို ပြပြီး၍ "သဒ္ဓမ္မ"ဟူသော သမာသ်ပုဒ်နက်ကို ပြလိုသောကြောင့် "သတံ ၊ပေ၊ သဒ္ဓမ္မော"ဟု မိန့်၊ "သန္တ+ဓမ္မ"ဟု ခွဲ၍ ပဌမနည်း၌ "သတံ+ဓမ္မော သဒ္ဓမ္မော" ဟု ဆဋ္ဌီတပ္ပုရိသ် ပြု၊ သန္တသဒ္ဒါသည် သူတော်ကောင်း အနက်ဟောဟု သိစေလို၍ "သပ္ပုရိသာနံ" ဟု ဖွင့်သည်။

**ဒုတိယနည်း**။ ။"သန္တော+ဓမ္မော သဒ္ဓမ္မော" ဟု ကမ္မဓာရဲပြု၊ သန္တသဒ္ဒါသည် ဝိဇ္ဇမာနအနက်ဟောဟု ဖွင့်သည်၊ "ထင်ရှားရှိ"ဟူသော စကားကို ပေါ်လွင်အောင် ဝိသဒိသူပမာ(မတူသော ပြောင်းပြန်ဥပမာ)ဖြင့် ပြလို၍ "န တိတ္ထိယ၊ပေ၊အဝိဇ္ဇမာနော" ဟု မိန့်၊ တိတ္ထိတို့ ကြံဆအပ်သော အတ္တသည် အမှန်သဘောအားဖြင့် မရှိချေ၊ ပရိယတ်, မဂ်,ဖိုလ်,နိဗ္ဗာန်တို့ကား အမှန်မရှိမဟုတ်, အမှန်ရှိသော ဓမ္မများတည်း ဟူလို။

**တတိယနည်း**။ ။"သန္တော + ဓမ္မော သဒ္ဓမ္မော"ဟုပင် ပြု၊ သန္တသဒ္ဒါသည် ပသတ္ထအနက်ဟော၊ သာသနာပ တိတ္ထိတို့၏ နွားအလေ့အကျင့်စသော တရားသည် ပြောပြစရာ ဂုဏ်မရှိ၍ ကေန် ကဲ့ရဲ့ထိုက်၏၊ ဤ တရားကား ထိုကဲ့သို့ မကဲ့ရဲ့ထိုက်ဘဲ သွာခါတစသော ဂုဏ်ရှိသောကြောင့် ကေန် ချီးမွမ်းထိုက်သည်–ဟူလို။ [သန္တ၏ အနက်များကို အဘိဓာန် (၈၄)မှာ ကြည့်ပါ။]

**ဂဏော စ ၊ပေ၊ ယောဂတော**။ ။ဤဝါကျဖြင့် "ဂဏုတ္တမော" ပုဒ်၏ ကမ္မဓာရဲ သမာသ်ကို ပြသည်၊ [ဥတ္တမ–ဟူသော ဝိသေသနပုဒ် နောက်ကျသော ဝိသေသနပရနိပါတကမ္မဓာရဲတည်း။] "အရိယပုဂ္ဂလာနံ သမူဟဘာဝတော" ဟူသော ဟိတ်ဖြင့်

ယှဉ်ခြင်းကြောင့်၊ ဥတ္တမော စ–မြတ်သည်လည်း၊ (ဟောတိ–ဟုတ်၏၊) ဣတိ–ဤနှစ်ပါးသောသတ္တိကြောင့်၊ ဂဏုတ္တမော–ဂဏုတ္တမ မည်၏၊ ဝါ–တစ်နည်း၊ ဂဏာနံ–ဒေဝ, မနုဿ စသော အပေါင်းတို့ထက်၊ ယထာဝုတ္တဂုဏဝသေန–အကြင် အကြင် ဆိုအပ်ပြီးသော သုပဋိပန္နတာ အစရှိသော ဂုဏ်တို့၏အစွမ်းဖြင့်၊ ဥတ္တမော–မြတ်သောအပေါင်းတည်း၊ ဣတိ–ကြောင့်၊ ဂဏုတ္တမော–မည်၏၊ ဝါ–တစ်နည်း၊ ဂဏေသုဒေဝမနုဿာဒိသမူဟေသု–နတ်အပေါင်း, လူအပေါင်း အစရှိသော အပေါင်းတို့တွင်၊ ယထာဝုတ္တဂုဏဝသေန–ဖြင့်၊ ဥတ္တမော–မြတ်သောအပေါင်းတည်း၊ ဣတိ ဂဏုတ္တမော၊ ယော–အကြင် မြတ်စွာဘုရားသည်၊ သဒ္ဓမ္မေန–သူတော်ကောင်း တရားနှင့်လည်းကောင်း၊ ဂဏုတ္တမေန–မြတ်သော အရိယာအပေါင်းနှင့်လည်းကောင်း၊ သဟ–ကွ၊ ဝတ္တတိ–ဖြစ်၏၊ ဣတိ–ထို့ကြောင့်၊ သော–သည်၊ သသဒ္ဓမ္မဂဏုတ္တမော–

ဂဏ၏ သမူဟအနက်ဟောကြောင်းကို ပြ၏၊ ဂဏီယတေ (သမူဟဘာဝေန) သင်္ချာယတေတိ ဂဏော–အပေါင်းအစုအဖြစ်ဖြင့် တစ်ပေါင်းတည်း ရေတွက်အပ်သောကြောင့် အပေါင်းကို "ဂဏ"ဟု ခေါ်သည်၊ "သုပ္ပဋိပေယောဂတော"ဟူသော ဟိတ်ဖြင့် ဥတ္တမ မည်ခြင်း၏ အကြောင်းကို ပြ၏၊ အကြောင်းမရှိဘဲ မြတ်သည် မဟုတ်, သုပ္ပဋိပန္နတာ စသော ဂုဏ်ရှိသောကြောင့် မြတ်သည်–ဟူလို။

**ဂဏာနံ ၊ပေ၊ ဝသေန**။ ။ဤ နည်း၌ "ဂဏာနံ+ဥတ္တမော"ဟု ဆဋ္ဌီတပ္ပုရိသ် သမာသ်ပြု၊ ဂဏာနံ၌ နံဝိဘတ်လည်း "ထက်"ဟု ပေးရသော အပါဒါန်အနက်ဟော ဟု မှတ်၊ "နတ်အပေါင်း, လူအပေါင်းစသော အပေါင်းတို့ထက်+မြတ်သောအရိယာ ပုဂ္ဂိုလ်အပေါင်း" ဟူလို၊ နောက်နည်း၌ "ဂဏေသု+ဥတ္တမော"ဟု သတ္တမီတပ္ပုရိသ်ပြု၊ သုဝိဘတ်ကို နိဒ္ဓါရဏအနက်ဟောဟု မှတ်၊ "ယထာဝုတ္တဂုဏဝသေန"ကား ဥတ္တမအမည်ရခြင်းကို အထူးပြုသော အဘိန္နဝိသေသနတည်း၊ သုပ္ပဋိပန္နတာ စသော ဆိုအပ်ခဲ့ပြီးဂုဏ်ကို "ယထာဝုတ္တ"ဟု ဆိုသည်။

**မှတ်ချက်**။ ။ များစွာသောသဒ္ဒါကျမ်းတို့ဝယ် နိဒ္ဓါရဏအနက်၌ သမာသ်မတွဲစေလိုကြ၊ သို့သော်" ဉာတညတရဿ"ဟူသော "မူလပဏ္ဏာသ–တဏှာသင်္ခယသုတ်" ပါဠိတော်၌ "သက္ကော ဟိ ပညာတာနံ–တို့တွင်+အညတရော"ဟု အဋ္ဌကထာ ဖွင့်သောကြောင့်လည်းကောင်း "ဉာတညတရေန"ဟူသော (သစ္စကသုတ်) ပါဠိတော် ၌ "ဉာတေသု အဘိညာတေသု ပဉ္စဝဂ္ဂိယတ္ထေရေသု–တို့တွင်+အညတရေန"ဟု အဋ္ဌကထာ ဖွင့်သောကြောင့်လည်းကောင်း နိဒ္ဓါရဏတ္ထ သမာသ်ရှိ၏–ဟု မောဂ္ဂလ္လာန်နိဿယ၌ ဆရာတို့ဆုံးဖြတ်တော်မူကြသည်။ [ဤစကားအရ "ဂဏာနံ–တို့တွင်"ဟုလည်း အနက်ပေးနိုင်၏၊ သို့သော် တစ်နေရာတည်း၌ ဝိဂ္ဂဟနှစ်မျိုး ပြုထားသောကြောင့် နံဝိဘတ်ကို အပါဒါန်အနက်, သုကို နိဒ္ဓါရဏအနက်ဟု ဋီကာဆရာဆိုလို၏ဟု ထင်သည်။]

**သဟ ၊ပေ၊ ဂဏုတ္တမံ**။ ။"သဒ္ဓမ္မေန ဂဏုတ္တမေန စ"ဖြင့် "သဒ္ဓမ္မော စ+ဂဏုတ္တမော စ သဒ္ဓမ္မဂဏုတ္တမော"ဟု ဒွန်သမာသ်ကို ပြ၏၊ ထို့နောက်မှ "သဟ+သဒ္ဓမ္မဂဏုတ္တမေဟိ ယော ဝတ္တတီတိ သသဒ္ဓမ္မဂဏုတ္တမော"ဟု ပြု၊ ဤသို့ ပဌမန္တဖြင့် ထားအပ်သော ပုဒ်ကို "ပဒါနုဝတ္တိကန္တ–ပုဒ်အခိုက်အတန့်၌ ဖြစ်သော အဆုံးရှိသော ပုဒ်"ဟု ခေါ်၏၊

သသသဒ္ဓမ္မဂဏုတ္တမ မည်တော်မူ၏၊ သသဒ္ဓမ္မဂဏုတ္တမံ့–သူတော်ကောင်းတရား, မြတ်သော အရိယာသံဃာ အပေါင်းနှင့်တကွ ဖြစ်တော်မူသော၊ တံသမ္မာသမ္ဗုဒ္ဓံ–ထိုမြတ်စွာဘုရားကို၊ [သဒ္ဓမ္မသုံးနက်ကို မူတည်၍ ဂဏုတ္တမ သုံးချက်ဖြင့် မြွောက်ပြီးလျှင် အားလုံး ကိုးနက် ပေးနိုင်၏။]

အဘိဝါဒိယာတိ–အဘိဝါဒိယဟူသည်ကား၊ ဝိသေသတော–အထူးအားဖြင့်၊ ဝန္ဒိတွာ–ရှိခိုးပြီး၍၊ ဘယလာဘကုလာစာရာဒိ ဝိရဟေန–ကြောက်ခြင်း, လာဘ်, အမျိုးတို့၏ အကျင့်အစရှိသည်တို့မှ ကင်းသဖြင့်၊ သက္ကစ္စံ–ရိုသေစွာ၊

---

မှန်၏–(မည်သည့် ပုဒ်မဆို) တစ်စုံတစ်ခုကို မစပ်သေးဘဲ သူ့ဘာသာ နေရလျှင် ပဋ္ဌမာဝိဘတ်ဖြင့် အဆုံးသတ်လျက် ရှိရသည်၊ "တံသဒ္ဓမ္မဂဏုတ္တမံ"ကား ဝါကျာဝတ္ထိကန္တ (ဂါထာဝါကျ၌ ရှိရင်းအတိုင်း ဒုတိယာဝိဘတ် အဆုံးရှိသော) ပုဒ်တည်း။

**ဒန္တစ္ဆေဒန, သောဓန**။ ။ ဝါကျအခိုက်အတန့်၌ ရှိသော ဒုတိယန္တကို ဖြတ်၍ "ဂဏုတ္တမော" ဟု ပဌမန္တဖြင့် ထားခြင်းကို ဒန္တစ္ဆေဒနနည်း ဟု ခေါ်၏၊ ဆင်စွယ်ကို ဖြတ်လိုက်သကဲ့သို့ နဂိုရှိရင်း ဒုတိယန္တကို ဖြတ်လိုက်ခြင်း–ဟူလို၊ "တံ ။ပေ။ ဂဏုတ္တမံ" ဟု တစ်ဖန် ဒုတိယန္တအတိုင်း ပြုပြင်ခြင်းကို "ဒန္တသောဓန" နည်းဟု ခေါ်၏၊ တုံးတိတိဖြစ်နေသော ဆင်စွယ်ကို နဂိုအတိုင်း ချွန်အောင် သုတ်သင်ပေးခြင်း–ဟူလို။

**ဝိသေသတော ။ပေ။ ဝန္ဒိတွာ**။ ။ အဘိဝါဒိယ၌ အဘိကို "ဝိသေသတော" ဝါဒိယကို "ဝန္ဒိတွာ" ဟု ဖွင့်၏၊ ထိုသို့ ဖွင့်သဖြင့် အဘိဥပသာရသည် ဝိသေသအနက်ဟော၊ ဝါဒိယ၌ စုရာဒိဝဒိဓာတ်သည် ရှိခိုးခြင်း အနက်ဟော–ဟု သိစေအပ်၏၊ [ဝါဒိယ၌ ဝဒဓာတ်, ကာရိတ်ဏေပစ္စည်းကြံလျက် "အဘိဝါဒိယ–ရိုသေစွာ မင်္ဂလာစကားကို ဆိုစေ၍" ဟုလည်း ကြံနိုင်၏၊ ရှိခိုးသောအခါ ရှိခိုးခံရသူက "သုခိတော ဟောတု–ချမ်းသာပါစေ" ဟု မင်္ဂလာစကားကို ဆိုရ၏၊ ထိုသို့ "ဆိုစေခြင်း" ဟူသည်–ရှိခိုးခြင်းပင်တည်း၊ ဤနည်း၌ "အဘိဝါဒိယ–အထူးအားဖြင့် မင်္ဂလာစကားကို ပြောဆိုစေ၍ (သဒ္ဒတ္ထ)၊ ဝါ–ရှိခိုး၍" ဟု အဓိပ္ပာယတ္ထ မှတ်။]

**ဘယ ။ပေ။ ဝန္ဒိတွာတျတ္ထော**။ ။အဘိ၏ ဝိသေသတ္ထကို "ဘယ ။ပေ။ သက္ကစ္စံ" ဟု အဓိပ္ပာယ်ဖော်သည်၊ ရိုသေစွာ ရှိခိုးခြင်းကို "အဘိ–အထူး"ဟု ဆိုလိုသည်–ဟူလို၊ "ဘာ့ကြောင့် ထူးသနည်း, ရိုသေစွာ ဖြစ်သနည်း"ဟု မေးဖွယ်ရှိ၍ "ဘယ ။ပေ။ ဝိရဟေန" ဟိ မိန့်၊ လောကရှိခိုးကြရာ၌ "ကြောက်ခြင်း သို့မဟုတ်–တစ်စုံတစ်ရာ လာဘ်ကို တောင်းတခြင်း, သို့မဟုတ် အမျိုး၏ထုံးစံမှာ တစ်ယောက်နှင့်တစ်ယောက် တွေ့လျှင် ရှိခိုး၍ နှုတ်ဆက်ခြင်းဟူသော အကျင့်ရှိခြင်း, အာဒိဖြင့် ရှိမခိုးလျှင် သူတစ်ပါး ကဲ့ရဲ့တတ်၍ ကဲ့ရဲ့မှာ စိုးခြင်းကို ယူ၊ ဤကား လောက၌ ရှိခိုးခြင်း၏ အကြောင်း အမျိုးမျိုးတည်း၊ ထို အကြောင်းတို့ကြောင့် ရှိခိုးခြင်း မဟုတ်ရကား အရှင်အနုရုဒ္ဓါ၏ ရှိခိုးသည် ထိုရှိခိုးခြင်း အမျိုးမျိုးမှ "အဘိ–ထူးသော ရှိခိုးခြင်း ဖြစ်သည်" ဟူလို။

အာဒရေန–ရိုသေသဖြင့်၊ ကာယဝစီမနောဒွါရေဟိ–ကာယဒွါရ, ဝစီဒွါရ, မနောဒွါရတို့ဖြင့်၊ ဝန္ဒိတွာ–ရှိခိုးပြီး၍၊ ဣတိ အတ္ထော–ဤကား အနက်၊ ဘာသိဿန္တိ–ကား၊ ကထေဿာမိ–ဆိုပေအံ့။

ဇောတ္တ–ဤ ပိဋကဌ်၊ နိဗ္ဗတ္တိတ ပရမတ္ထဘာဝေန–ပညတ်မှ နစ်စေအပ်သော မြတ်သော အနက်၏အဖြစ်ကြောင့်၊ ဝါ–ပညတ်မှ သီးခြားထုတ်ယူအပ်သော မြတ်သော အနက်၏အဖြစ်ကြောင့်၊ အဘိ=ဝိသိဋ္ဌာ–ထူးခြားကုန်သော၊ ဓမ္မာ–သဘောတရားတို့ကို၊ (ဝုတ္တာ–ဟောတော်မူအပ်ကုန်ပြီ၊) ဣတိ အာဒိနာ–ဤသို့ အစရှိသော ဝစနတ္ထကြောင့်၊(တံ–ထိုပိဋကသည်၊) အဘိဓမ္မော–အဘိဓမ္မ မည်၏၊

---

**သက္ကစ္စံ အာဒရေန**။ ။သက္ကစ္စံသည် အဘိ၏ အဓိပ္ပာယ်ဖွင့်တည်း၊ ထူးဆိုသည်မှာ သက္ကစ္စဖြစ်ခြင်း ဟူလို၊ ထို သက္ကစ္စံကို "အာဒရေန" ဟု ဖွင့်ပြန်၏၊ ထိုသို့ ဖွင့်သဖြင့် "သက္ကစ္စံ" သည် အာဒရတ္ထနိပါတ်ဟု သိစေ၏၊ တစ်နည်း–သံပုဗ္ဗ, ကရဓာတ်, တွာပစ္စည်းဖြင့် သံ၌ နိဂ္ဂဟိတ်ချေ, က် လာ၍ "သက္ကစ္စ"ဟုပြီးသော တွာပစ္စယန္တ ကိတ်နောင် ဝါစာသိလိဋ္ဌအကျိုးငှာ နိဂ္ဂဟိတ်လာထားသည်၊ ဥပမာ–ဥပဝဿပုဒ်နောင် နိဂ္ဂဟိတ်လာ၍ "ဥပဝဿံ ခေါ ပန" ဟု ဖြစ်သကဲ့သို့တည်း၊ ဤအလို "သက္ကစ္စံ–ကောင်းစွာပြု၍" ဟု သဒ္ဒတ္ထပေး၊ "အာဒရေန–ရိုသေသဖြင့်"ကား အဓိပ္ပာယတ္ထသာ။

**ကာယ၊ ပေ၊ ဝန္ဒိတွာ**။ ။ကာယဝိညတ်ကို ကာယဒွါရ, ဝစီဝိညတ်ကို ဝစီဒွါရ, ကုသိုလ်စိတ်ကို မနောဒွါရ ဟုခေါ်၏၊ ["ကာယဝိညတ္တိသင်္ခါတေ ကာယဒွါရေ" စသော ဝိထိမုတ်ပါဠိကို သတိပြု။] ထိုဒွါရသုံးပါးဖြင့် လက်အုပ်ချီ၍ နှုတ်ဖြင့်ဆိုကာ စိတ်ပါပါ ရှိခိုးပါသည်–ဟူလို။ [တိသော ဣမာ ဘိက္ခဝေ ဝန္ဒနာ၊ ကတမာ တိသော၊ ကာယေန ဝါစာယ မနသာ၊ (တိကအင်္ဂုတ္တရ–မင်္ဂလဝဂ္ဂ။)

**ကထေဿာမိ**။ ။"ဘာသဓာတ်၏ တောက်ပခြင်း အနက်ကို မယူဘဲ ကထနအနက်ကို ယူပါ"ဟုလည်းကောင်း, ဿံလည်း ကာလာတိပတ္တိ ဿံ မဟုတ်, ဘဝိဿန္တိ ဿံ ဝိဘတ်တည်း–ဟုလည်းကောင်း သိစေလို၍ ဘာသိဿံကို "ကထေဿာမိ" ဟု ဖွင့်သည်။

**နိဗ္ဗတ္တိတ ပရမတ္ထဘာဝေန**။ ။နိ+ဝတ္တိတ၊ ဝတ္တိတ၌ "ဝတု, ကာရိတ်ဏေ, တပစ္စည်းတည်း"နိဝတ္တိယန္တေ–ပညတ်မှ ဆုတ်နစ်စေအပ်ကုန်၏၊ ဣတိ နိဗ္ဗတ္တိတာ၊ "ပညတ်မှဆုတ်နစ်စေ"ဟူသည်မှာ ပညတ်နှင့်မရောဘဲ တစ်သီးတခြား ဖြစ်စေခြင်းတည်း၊ ထိုသို့ တစ်သီးတခြား ဖြစ်စေအပ်သည်ကိုပင် "ပညတ္တိတော ဝိသုံ ဥဒ္ဓဋ–ပညတ်မှ သီးခြား ထုတ်ယူအပ်"ဟု အနက်အဓိပ္ပာယ်ဖွင့်ကြသည်၊ နိဗ္ဗတ္တိတာစ+တေ+ ပရမတ္ထာ စာတိ နိဗ္ဗတ္တိတပရမတ္ထာ၊ "တေသံ+ဘာဝေါ"ဟု ဆက်၊ ဤပုဒ်ကို "အဘိဝိသိဋ္ဌာ" ၌စပ်၊ ပညတ်မှ သီးခြားထုတ်ယူအပ်ကုန်သည်၏ အဖြစ်ကြောင့် "အဘိဝိသိဋ္ဌ–ပညတ်ထက် ထူးခြားသည်"ဟူလို။[ပညတ်မှ သီးခြားထုတ်ပုံကို ဘာသာဋီကာမှာ ရှု။]

အဘိ၊ပေ၊အာဒိနာ။ ။ အဘိကို "ဝိသိဋ္ဌ"ဟု ဖွင့်၏၊ "ဝိသိဋ္ဌာ+ဓမ္မာ ဧတ္ထာတိ အဘိဓမ္မော"ဟု ပြု၊ [ဝိသိဋ္ဌ (ဝိသေသ) ဖြစ်ပုံကို အဋ္ဌသာလိနီအစ "ဓမ္မာတိရေက ဓမ္မဝိသေသဋ္ဌေန" အကျယ်၌ ရှုပါ။] အာဒိနာဖြင့် "ယံ ဧတ္ထ ဝုဒ္ဓိမန္တော" စသည်ဖြင့်

ဓမ္မသင်္ဂဏီအာဒိ သတ္တပကရဏံ–ဓမ္မသင်္ဂဏီ အစရှိသော ခုနစ်ကျမ်း ဟူသော၊ အဘိဓမ္မပိဋကံ–အဘိဓမ္မာပိဋကတည်း၊ တတ္ထ–ထို အဘိဓမ္မာပိဋက၌၊ ဝုတ္တာ–ဟောတော်မူအပ်ကုန်သော အနက်သဘောတို့တည်း၊ အဘိဓမ္မတ္ထာ–အဘိဓမ္မာ၌ ဟောတော်မူအပ်ကုန်သော အနက်သဘောတို့၊ ဧတ္ထ–ဤကျမ်း၌၊ ဝါ–တစ်နည်း၊ ဧတေန–ဤကျမ်းဖြင့်၊ တေ–ထိုအဘိဓမ္မတ္ထတို့ကို၊ သင်္ယှန္တိ–သိမ်းယူအပ်ကုန်၏၊ ဣတိ–ထို့ကြောင့်၊ ဝါ–ထိုသို့ အဘိဓမ္မတ္ထတို့၏ သိမ်းယူရာသိမ်းယူကြောင်း၏ အဖြစ်ကြောင့်၊ (တံ ပကရဏံ–ထိုကျမ်းသည်၊) အဘိဓမ္မတ္ထ သင်္ဂဟံ–အဘိဓမ္မတ္ထ သင်္ဂဟမည်၏၊ [ပကရဏံကို ငဲ့၍ နပုံလိင်ထားသည်၊ ဂန္ထောငဲ့လျှင် အဘိဓမ္မတ္ထသင်္ဂဟော ဟု ပုံလိင်ထားရမည်။]

၂။ ဧဝံ–ဤသို့လျှင်၊ ဝါ–ဤ ဆိုအပ်ပြီးသော ပဌမဂါထာဖြင့်၊ တာဝ–ကျမ်းရင်းစာသားမှ ရှေးဦးစွာ၊ ယထာဓိပ္ပေတပ္ပယောဇနနိမိတ္တံ–အကြင်အကြင် အလိုရှိအပ်သော အကျိုး၏ အကြောင်းဖြစ်သော၊ ရတနတ္တယပဏာမာဒိကံ–ရတနတ္တယပဏာမ အစရှိသော ပုဗ္ဗကိစ္စကို၊ ဝိဓာယ–စီရင်ပြီး၍၊ ဣဒါနိ–ယခုအခါ၌၊ ယေသံ အဘိဓမ္မတ္ထာနံ–အကြင်အဘိဓမ္မတ္ထတို့ကို၊ သင်္ဂဟဏဝသေန–သိမ်းယူခြင်း၏ အစွမ်းဖြင့်၊ ဣဒံ ပကရဏံ–ဤကျမ်းကို၊ ပဋ္ဌပီယတိ–အပြားအားဖြင့် ထားအပ်၏၊ တေ–ထိုအဘိဓမ္မတ္ထတို့ကို၊ တာဝ–နိဒ္ဒေသမှ ရှေးဦးစွာ၊ သင်္ခေပတော–အကျဉ်းချုပ်အားဖြင့်၊ ဥဒ္ဒိသန္တော–သရုပ်အရ ထုတ်ပြလိုသော၊ (အာစရိယော–အရှင်အနုရုဒ္ဓါဆရာသည်၊) အာဟ–မိန့်တော်မူသည်ကား၊ တတ္ထ ဝုတ္တာဘိဓမ္မတ္ထာဒိ–တတ္ထ ဝုတ္တာ အစရှိသည်တည်း၊ (တစ်နည်း)

---

အဋ္ဌကထာတို့၌ ပြအပ်သော ဝစနတ္ထများကို ယူ၍ "ဝုဒ္ဓိမန္တော+ဓမ္မာ အတ္ထာတိ အဘိဓမ္မော"စသည်ဖြင့် ဝစနတ္ထ ပြုပါ၊ "ဓမ္မသင်္ဂဏီ ၊ပေ၊ ပိဋ္ဌကံ"ကား အဘိဓမ္မာ ပုဒ်၏ အဘိဓေယျ (ဟောနက်)ကို ပြသော ပုဒ်တည်း။

**တတ္ထ ဝုတ္တာ အတ္ထာ**။ ။ဤပါဠ်ဖြင့် ဝုတ္တအလယ်ပုဒ်ကြေသော တပ္ပုရိသ်ဝိဂ္ဂဟကို ပြ၏၊ "အဘိဓမ္မေ+ဝုတ္တာ+အတ္ထာ အဘိဓမ္မတ္ထာ" ဟု ပြု၊ [ကျမ်း၏ ဟောနက်ကို "အဘိဓေယျ" ဟု ခေါ်၏၊ ကုသိုလ်စသော တရားများသည် အဘိဓမ္မာပါဠိတော်၏ ဟောနက်တည်း၊ ထို့ကြောင့် "အဘိဓမ္မဿ+အတ္ထာ အဘိဓမ္မတ္ထာ"ဟုလည်း ပြုနိုင်သည်။]

**ဧတေ ၊ပေ သင်္ဂဟံ**။ ။သံ–အကျဉ်းချုံး၍၊ ဝါ–သိမ်းရုံး၍+ဂဟ–ယူရာယူကြောင်းကျမ်း၊ သင်္ဂြိုဟ်ကျမ်းသည် ထိုအဘိဓမ္မတ္ထတို့ကို သိမ်းယူရာ (သိမ်းယူတဲ့ နေရာ) ဖြစ်၏၊ ထို့ကြောင့် "သင်္ယှန္တိ ဧတ္ထ" ဟု အဓိကရဏသာဓနဝိဂြိုဟ် ပြုရ၏၊ ဤသင်္ဂြိုဟ်ကျမ်းဖြင့် ထိုအဘိဓမ္မတ္ထတို့ကို သိမ်းယူရသောကြောင့် သိမ်းယူကြောင်းကျမ်းလည်းဟုတ်၏ ထို့ကြောင့် "သင်္ယှန္တိ ဧတေန" ဟု လည်းကရဏသာဓန ဝိဂ္ဂဟပြုရ၏၊ ထို့နောက် "အဘိဓမ္မတ္ထာနံ+သင်္ဂဟော" ဟု အဘိဓမ္မတ္ထပုဒ်နှင့် ဆဋ္ဌီတပ္ပုရိသ်တွဲ။

**[နိယာမ်] ကရဏသာဓ်, အဓိကရဏသာဓ်, နောက်ပုဒ်မှတ်, ရှေ့ပါဌ်ဆဋ္ဌီတွဲမြဲတည်း။**

ဥဒ္ဒိသန္တော–သော၊ (အာစရိယော) တတ္ထ ဝုတ္တာတျာဒိ–တတ္ထ ဝုတ္တာ အစရှိသော၊ ယံ ဝစနံ–အကြင် စကားသည်၊ အတ္ထိ–၏၊ တံ ဝစနံ–ကို၊ အာပါ–မိန့်တော်မူ၏။

တတ္ထ–ထို တတ္ထဝုတ္တာ အဘိဓမ္မတ္ထာ အစရှိသော စကားရပ်၌၊ တသ္မိံ အဘိဓမ္မေ–ထို အဘိဓမ္မာပိဋကၥ၌၊ သဗ္ဗထာ–ခပ်သိမ်းသော အပြားအားဖြင့်၊ ကုသလာဒိဝသေန–ကုသိုလ်အစရှိသည်တို့၏ အပြားအားဖြင့်လည်းကောင်း၊ ခန္ဓာဒိဝသေန စ–ခန္ဓာအစရှိသည်တို့၏ အပြားအားဖြင့်လည်းကောင်း၊ ဝုတ္တာ–ဟောတော်မူအပ်ကုန်သော၊ အဘိဓမ္မတ္ထာ–အဘိဓမ္မတ္ထတို့သည်၊ ပရမတ္ထတော–ပရမတ္ထအားဖြင့်၊ သမ္မုတိံ–လူအများတို့ ကောင်းစွာ သိအပ်သောပညတ်ကို၊ ထပေတွာ–ထား၍၊ နိဗ္ဗတ္တိတ ပရမတ္ထဝသေန–ပညတ်မှ နစ်စေအပ်သော မြတ်သောအနက်၏အစွမ်းဖြင့်၊ ဝါ–ပညတ်မှ သီးခြားထုတ်ယူအပ်သော မြတ်သော အနက်၏အစွမ်းဖြင့်၊ စိတ္တံ–စိတ်ဟူသော၊ ဝိညာဏက္ခန္ဓော–ဝိညာဏက္ခန္ဓာလည်းကောင်း၊ စေတသိကံ–စေတသိက်ဟူသော၊ ဝေဒနာဒိ က္ခန္ဓတ္တယံ–ဝေဒနာ အစရှိသော ခန္ဓာသုံးပါးအပေါင်းလည်းကောင်း၊ ရူပံ–ရုပ်ဟူသော၊

---

**ဓဝံ ၊ပေ၊ ဝုတ္တာတျာဒိ**။ ။သင်္ဂြိုဟ်ကျမ်း၌ "တတ္ထ ဝုတ္တာဘိဓမ္မတ္ထာ" စသောဂါထာ၏ အနုသန္ဓေဝါကျတည်း၊ အဓိပ္ပေတပ္ပယောဇနဟူသည် အန္တရာယ်ကင်းခြင်း ကျမ်းပြီးခြင်း အကျိုးတည်း၊ ပဋ္ဌပီယတေ၌ "ပ–စိတ်ပိုင်း, စေတသိက်ပိုင်းစသော အပြားအားဖြင့်+ ဋ္ဌပီယတေ–ထားအပ်၏၊ ဝါ–စီရင်ရေးသားအပ်၏"ဟု ကြံပါ၊ တတ္ထဝုတ္တာ စသော ဂါထာသည် ပရမတ္ထလေးပါးကို အကျဉ်းချုပ် ခေါင်းစဉ်၍ ပြသောဂါထာတည်း၊ ထို့ကြောင့် "သင်္ခေပတော ဥဒ္ဒိသန္တော"ဟု ဆိုသည်။

**တသ္မိံ ၊ပေ၊ ဝုတ္တာ**။ ။ဤဋီကာ အလိုအားဖြင့် တတ္ထဝုတ္တာ၌ တတ္ထ၏အစွဲကို အဘိဓမ္မာပိဋက စွဲပါဟု ဆိုလို၏၊ ထိုစွဲပုံ၏ မသင့်ကြောင်းကို ဘာသာဋီကာ၌ ပြထားပြီ။ "နိဗ္ဗာနမိတိ သဗ္ဗထာ"၌ ပါသော သဗ္ဗထာကိုလည်း ဝုတ္တာ၌ စပ်၍ ဓမ္မသင်္ဂဏီပါဠိတော်၌ "ကုသလာ ဓမ္မာ"စသည်ဖြင့် ကုသိုလ်ကို စ၍ ဟောတော်မူ၏၊ ဝိဘင်းပါဠိတော်၌ "ပဉ္စက္ခန္ဓာ ရူပက္ခန္ဓော" စသည်ဖြင့် ခန္ဓာကို စ၍ ဟောတော်မူ၏၊ ထိုသို့ ဟောတော်မူအပ်သော ကုသိုလ်စသောအပြား, ခန္ဓာစသောအပြားကို "သဗ္ဗထာ"ဟု ဆိုလိုသတတ်၊ မဏိမဉ္ဇူဋ္ဌိကား သဗ္ဗထာကို စတုဓာ၌ စပ်၏၊ ခပ်သိမ်းသော (ပြားနိုင်သမျှပြားသော) အပြားအားဖြင့် အဘိဓမ္မတ္ထတို့သည် လေးပါးသာရှိ၏၊ လေးပါးထက် အပိုမရှိ–ဟူလို၊ ပရမတ္ထတောကို "သမ္မုတိံ ၊ပေ၊ ပရမတ္ထဝသေန"ဟု ဖွင့်သည်။

**စိတ္တံ ၊ပေ၊ အသင်္ခတဓမ္မော**။ ။"ဝိညာဏေ စိတ္တကမ္မေ စ, ဝိစိတ္တေ စိတ္တမုစ္စတေ" ဟူသော အဘိဓာန်လာ အနက်တို့တွင် စိတ္တကမ္မ (ပန်းချီရေးဆေးရုပ်)စသော အနက်ကို ယူမည်စိုး၍ စိတ္တံကို "ဝိညာဏက္ခန္ဓော"ဟု ဖွင့်၏၊ စိတ်ဝိညာဉ်ဟူသော အနက်ကို ယူပါ ဟူလို၊ "စေတသာ+နိဗ္ဗတ္တံ" စသည်ဖြင့် ဝစနတ္ထပြု၍ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ် ကိုလည်း ယူမည်စိုးသောကြောင့် စေတသိကံကို "ဝေဒနာဒိက္ခန္ဓတ္တယံ"ဟု ဖွင့်သည်၊

ဘူတုပါဒါယဘေဒတိန္နော–ဘူတရုပ်, ဥပါဒါရုပ်တို့၏ အပြားအားဖြင့် ပြားသော၊ ရူပက္ခန္ဓော–ရူပက္ခန္ဓာလည်းကောင်း၊ နိဗ္ဗာနံ–နိဗ္ဗာန်ဟူသော၊ မဂ္ဂဖလာနံ–မဂ်ဖိုလ်တို့၏၊ အာရမဏဘူတော–အာရုံဖြစ်၍ ဖြစ်သော၊ အသင်္ခတဓမ္မော–အသင်္ခတတရားလည်းကောင်း၊ ဣတိ ဧဝံ–ဤသို့၊ စတုဓာ စတူဟာကာရေဟိ–လေးပါးအပြားတို့ဖြင့်၊ ဋ္ဌိတာ–တည်ကုန်၏၊ ဣတိ အယံ–ဤဆိုအပ်ပြီးကား၊ ယောဇနာ–ပုဒ်, အနက်တို့ကို ယှဉ်စေခြင်းတည်း။ [ယုဇောတ်, ကာရိတ် ဏေပစ္စည်း, ယု ပစ္စည်း။]

တတ္ထ–ထို တတ္ထဝုတ္တာဘိဓမ္မတ္ထာ အစရှိသော စကားရပ်၌၊ (ဝစနတ္ထော ဧဝံ ဝေဒိတဗ္ဗော)၊ ပရမော ဥတ္တမော–မြတ်သော၊ အဝိပရီတော–မိမိ သဘောမှ မဖောက်ပြန်သော၊ အတ္ထော–စိတ်ဖြင့်သိအပ်သော သဘောတည်း၊ [ထိုသဘောကိုပင် အနက်ဟုခေါ်နေကြသည်။] ပရမတ္ထော–မိမိသဘောမှ မဖောက်ပြန်သော

---

ဖွင့်သည်၊ "စေတသိ+နိသိတံ"ဟု ပြု၍ စိတ်၌မှီသော စေတသိက် (နာမ်ခန္ဓာသုံးပါး) ကို ယူပါ–ဟူလို၊ "ပိယရူပံ သာတရူပံ–ရူပံ" ဟူသော ယမိုက်ပါဠိတော်အရ ပိယရုပ်, သာတရုပ်ကို ယူမည်စိုး၍ ရူပံကို "ဘူတုပါဒါယ၊ပေ၊ ရူပက္ခန္ဓော"ဟု ဖွင့်သည်၊ ဘူတရုပ်–ဥပါဒါရုပ် ဟု ၂ မျိုးပြားသော ရုပ်ခန္ဓာကို ရုပ်အရ၌ ယူပါ–ဟူလို၊ နိဗ္ဗာနံပုဒ်က လောဘ စသည်တို့၏ ခေတ္တခဏ (တဒင်္ဂပဟာန်ဖြင့်) ငြိမ်းအေး ခြင်းကိုလည်း ဟောရကား (မဏိမဉ္ဇူ၌ " အရဟတ္တဖိုလ် စသည်ကို ဟောရကား"ဟု ဆို၏၊) ထိုတဒင်္ဂပဟာန (အရဟတ္တဖလ) နိဗ္ဗာန်ကို ယူမည်စိုး၍ "မဂ္ဂ၊ပေ၊အသင်္ခတ ဓမ္မော"ဟု ဖွင့်သည်၊ မဂ်ဖိုလ်၏ အာရုံဖြစ်သော အသင်္ခတနိဗ္ဗာန်ကို ယူပါ–ဟူလို။

**ဧဝံ ၊ပေ၊ ယောဇနာ**။ ။နိဗ္ဗာနမိတိ၌ ဣတိကို "ဧဝံ" ဟု ဖွင့်၏၊ နိဒဿနအနက် ဟော ဟု သိစေ၏၊ စတုဓာကို "စတူဟာကာရေဟိ" ဟု ဖွင့်၏၊ ဓာပစ္စည်း၏ အာကာရအနက်ကိုလည်းကောင်း, တတိယာဝိဘတ် ကြေ၏ဟု လည်းကောင်း သိစေ၏၊ အာကာရ ဟူသည်လည်း ဤနေရာ၌ ပကာရအနက်ပင်တည်း၊ "ဋ္ဌိတာ" ကား စတုဓာ၏ စပ်ပုဒ်ကြိယာလို၍ အပိုထည့်အပ်သော ပုဒ်တည်း၊ ဋ္ဌိတာ မပါသော် လည်း 'စတုဓာ"ပုဒ်က နိပါတပစ္စယန္တပုဒ်ဖြစ်သောကြောင့် "လေးပါးပြားကုန်၏" ဟု ပေးနိုင်၏၊ ဤပြခဲ့သော အဖွင့်များဝယ် ပုဒ်တစ်ခုတစ်ခု၌ အနက်ကို ယှဉ်စေသော အားဖြင့် ဖွင့်အပ်သော အဖွင့်လည်းပါ၏၊ တတ္ထပုဒ်၌ "တသ္မိံ အဘိဓမ္မေ" ဟူသော အဖွင့်မျိုးတည်း၊ ထိုအဖွင့်ကို "အတ္ထယောဇနာ" ဟု ခေါ်၏၊ သဗ္ဗထာကို ဝုတ္တာ၌ စတုဓာကို ဋ္ဌိတာ၌ စပ်၍ပြသော အဖွင့်လည်းပါ၏၊ ထိုအဖွင့်ကို "ပဒယောဇနာ" ဟု ခေါ်၏၊ ထို အတ္ထယောဇနာ ပဒယောဇနာနှစ်မျိုးလုံးပါအောင် "ယောဇနာ" ဟု သာမည ဆိုထားသည်။

**တတ္ထ ၊ပေ၊ ပရမတ္ထော**။ ။ [တတ္ထ၏ စပ်ရာမရှိသောကြောင့် နိဿယ၌ ပါဠိပိုထည့်၍ အနက်ပေးထားသည်။] ပရမတ္ထသဒ္ဒါ၏ ဝစနတ္ထကို စာရှိအတိုင်း သိပါ၊ အဓိပ္ပာယ်ကို သင်္ဂြိုဟ်ဘာသာဋီကာ၌ ပြထားပြီ၊ ပဋ္ဌမဝိဂ္ဂဟ၌ အတ္ထသဒ္ဒါသည် သဒ္ဒါဘိဓေယျ (စိတ္တ–ဖဿ–ပထဝီစသော) သဘောကို ဟော၏၊ ထို သဘောကိုပင် "အရိယတိ–စိတ်ဖြင့်

မြတ်သော အနက်သဘော၊ ဝါ–တစ်နည်း၊ ပရမသ (ဥတ္တမသ)–မြတ်သော၊ ဉာဏသ–ဉာဏ်၏၊ အတ္ထော ဂေါစရော–အာရုံတည်း၊ ဣတိ–ထို့ကြောင့်၊ ဝါ–ထိုသို့မြတ်သောဉာဏ်၏အာရုံ၏အဖြစ်ကြောင့်၊ပရမတ္ထော–ပရမတ္ထမည်၏၊ ယံ ဓမ္မဇာတံ–အကြင် တရားသဘောသည်၊ စိန္တေတိ–သိတတ်၏၊ ဣတိ–ထိုသို့ သိတတ်သည်၏ အဖြစ်ကြောင့်၊ တံ ဓမ္မဇာတံ–သည်၊ စိတ္တံ–စိတ်မည်၏ အာရမဏံ–အာရုံကို၊ ဝိဇာနာတိ–သညာ,ပညာ သိပုံတို့မှ တစ်မျိုးတစ်ဖုံ သိတတ် ၏၊ဣတိ အယံ–ဤသည်ကား၊ အတ္ထော–စိန္တေတိပုဒ်၏အနက်တည်း။[ယထာဟ (ယထာ+အာဟ)–အဘယ်သို့ မိန့်ဆိုသနည်း၊ ဝိသယဝိဇာနနလက္ခဏံ စိတ္တန္တိ– ဟူ၍၊ အာဟ–မိန့်ဆိုပြီ၊ [အဋ္ဌသာလိနီ၌ မိန့်ဆိုသည်၊ စိတ္တံ–သည်၊ ဝိသယဝိဇာနနလက္ခဏံ–အာရုံကို တစ်မျိုးတစ်ဖုံ သိခြင်းလက္ခဏာ ရှိ၏။]

ဟိ–မှန်၏၊ နိဿယသမန္တရာဒိပစ္စယေ–နိဿယပစ္စည်း, သမနန္တရပစ္စည်း အစရှိသော ပစ္စည်းသည်၊ သတိပိ–ရှိပါသော်လည်း၊ အာရမဏေန–နှင့်၊ ဝိနာ–ကင်း၍၊ (တစ်နည်း) ဝိနာအာရမဏေန–အာရုံမရှိဘဲ၊ စိတ္တံ–သည်၊ န ဥပ္ပဇ္ဇတိ–မဖြစ်နိုင်၊ ဣတိ–ထို့ကြောင့်၊ တဿ–ထိုစိတ်၏၊ တံလက္ခဏတာ–ထိုအာရုံကို သိခြင်းလက္ခဏာ ရှိသည်၏အဖြစ်ကို၊ (သင်္ဂဟကာရေန–အဋ္ဌကထာအကျဉ်းကို စီရင်သော အရှင်ဗုဒ္ဓဃောသသည်) ဝုတ္တာ–ဆိုအပ်ပြီ၊ တေန–ဝိသယဝိဇာနန လက္ခဏံ စိတ္တံဟူသော ဤပါဌ်ဖြင့်၊ (တစ်နည်း) တေန–အာရမဏံ ဝိဇာနာတိ ဟူသောဤပါဌ်ဖြင့်၊ နိရာရမဏဝါဒိမတံ–နိရာရမဏဝါဒီပုဂ္ဂိုလ်တို့၏အယူသည်၊

---

သိအပ်၏၊ ဣတိ အတ္ထော"နှင့် အညီ အတ္ထဟုခေါ်၏၊ ထို့ကြောင့် "အတ္ထော–အနက် သဘောတည်း"ဟု ပေးကြ၏၊ "သဘောဖြစ်သောအနက်တည်း"ဟု ဆိုလိုသည်၊ မဏိမဥ္ဇူ ၌ကား "အတ္ထသဒ္ဒါ သဘာဝဝါစက"ဟု ဆိုသည်၊ ဒုတိယဝိဂ္ဂဟ၌ အတ္ထသဒ္ဒါသည် "ဝိသယ(အာရုံ)" အနက်ဟောတည်း၊ ထို့ကြောင့် "ဂေါစရော"ဟု ဖွင့်သည်။

**စိန္တေတိ၊ပေ၊လက္ခဏံ**။ ။စိန္တေတိ စသည်နှင့်တကွ ဝိဂ္ဂဟသုံးမျိုး၏ အဓိပ္ပာယ်ကို လည်း ဘာသာဋီကာ၌ ပြထားပြီ၊ လက္ခဏာဟူသည် ထူးခြားသော အမှတ်အသား တည်း၊ ဥပမာ–လူတစ်ယောက်ကို "မျက်နှာ၌ အမာရွတ်နှင့်လူ" စသည်ဖြင့် မှတ်သား ရသကဲ့သို့တည်း၊ စိတ်မှာလည်း နိဿယစသော အခြားအကြောင်းများ ပြည့်စုံစေကာမူ အာရုံမရှိလျှင် မဖြစ်နိုင်၊ ထို့ကြောင့် အာရုံသိခြင်းကို စိတ်၏ထူးခြားသော လက္ခဏာ(အမှတ်အသား) ဟု ဆိုထားသည်။

**တေန ၊ပေ၊ ဟောတိ**။ ။ "ဝိသယဝိဇာနန လက္ခဏံ စိတ္တံ"ဟု မဆိုသော်လည်း စိတ်၏ "အာရမဏဝိဇာနနလက္ခဏာ" ရှိကြောင်းမှာ ထင်ရှားပြီ မဟုတ်ပါလော၊ "ဝိသယဝိဇာနနလက္ခဏံ စိတ္တံ"ဟူသော ဤစကားဖြင့် အဘယ်အကျိုးရှိသနည်း ဟု မေးဖွယ်ရှိသောကြောင့် "တေန ၊ပေ၊ ဟောတိ" ဟု မိန့်၊ ဤစကားဖြင့် "အာရုံမရှိဘဲ စိတ်ဖြစ်နိုင်၏"ဟူသော အယူမှားကို ပယ်ရှားရခြင်း အကျိုးရှိသည်–ဟူလို။

(ဝါ- အာရုံမရှိဘဲ စိတ်ဖြစ်နိုင်၏ဟု ပြောဆိုလေ့ရှိသော ပုဂ္ဂိုလ်တို့၏ အယူသည်၊) ဝါ-ကို၊ ပဋိက္ခိတ္တံ-ပယ်အပ်ပြီးသည်၊ ဟောတိ-ဖြစ်တော့၏။

ဝါ-တစ်နည်း၊ ကရဏဘူတေန-ကရိုဏ်းဖြစ်၍ ဖြစ်သော၊ ဧတေန (ဓမ္မဇာတေန)-ဤတရားသဘောဖြင့်၊သမ္ပယုတ္တဓမ္မာ-ဖဿအစရှိသော သမ္ပယုတ်တရားတို့သည်၊ စိန္တေန္တိ-အာရုံကို သိကြရကုန်၏၊ ဣတိ-ထို့ကြောင့်၊ ဝါ-ထိုသို့ ဖဿအစရှိသော သမ္ပယုတ်တရားတို့၏ အာရုံကို သိကြောင်း၏အဖြစ်ကြောင့်၊ (တံဓမ္မဇာတံ-သည်) စိတ္တံ-မည်၏၊ အထဝါ-ထို့ပြင် တစ်နည်းကား၊ စိန္တနမတ္တံ-သိခြင်းမျှသည်၊ စိတ္တံ-မည်၏၊ [မတ္တသဒ္ဒါဖြင့် ကတ္တုသတ္တိ, ကရဏသတ္တိကို ကန့်၊ "စိန္တနံ စိတ္တံ"ဟု ဝိဂ္ဂြိုဟ်ပြု။] ဟိ-မှန်၊ ယဒိဒံ(ယော အယံ) သဘာဝဓမ္မော နာမ-အကြင် သဘောတရား မည်သည်၊(အတ္ထိ)၊ ဣဒံ-ဤသဘောတရားမည်သည်၊ ယထာပစ္စယံ-အကြောင်းအားလျော်စွာ၊ ပဝတ္တိမတ္တမေဝ-ဖြစ်ခြင်းမျှသာတည်း၊ ဝေဠု ကတွာ-ဤအကြောင်းကြောင့်၊ သဗ္ဗေသမ္ပိ-ကုန်သော၊ ပရမတ္ထဓမ္မာနံ-တို့၏၊ ဘာဝသာဓနမေဝ-ဘာဝသာဓနကိုသာ၊ နိပ္ပရိယာယတော-ပရိယာယ် မဟုတ်, မုချအားဖြင့်၊ လဗ္ဘတိ-ရအပ်၏၊ ပန-

---

**ပဋိက္ခိတ္တံ**။ ။"အတီတာရမဏံ စိတ္တံ အနာရမဏံ, အနာဂတာရမဏံ စိတ္တံ အနာဂတာရမဏံ"ဟု ကထာဝတ္ထုပါဠိတော် နဝမဝဂ်၌ အနာရမဏဝါဒ ရှိ၏၊ ဆိုလိုရင်းကား-အတိတ်အနာဂတ် အာရုံဆိုတာ ထင်ရှားမရှိ၊ ထို့ကြောင့် အတိတ်အာရုံ အနာဂတ်အာရုံကို အာရုံပြုသောစိတ်သည် "အနာရမဏစိတ်=အာရုံအထင်အရှား မရှိသော စိတ်" ပင်ဖြစ်၏ ဟု ယူကြသတတ်၊ သို့သော် အတိတ် အနာဂတ်အာရုံသည် လွန်ပြီးအဖြစ်, လာလတ္တံ့အဖြစ်ဖြင့် ထင်ရှားရှိသောကြောင့် ထိုဝါဒကို "ဝိသယဝိဇာနနလက္ခဏံ စိတ္တံ"ဟူသော ဤစကားဖြင့် ပယ်သည်။

**ယထာ၊ပေ၊ဓမ္မောနာမ**။ ။သ-ထင်ရှားရှိသော+ဘာဝ-သဘော၊ ဖဿ၌ ဖုသန (အာရုံကို ထိခြင်းအမူအရာ) ထင်ရှားရှိ၏၊ ထိုသို့ ထင်ရှားရှိသော အရာကို "သဘာဝ" ဟု ခေါ်သည်၊ ထို သဘာဝတရားဟူသည် အကြောင်းအားလျော်စွာ ဖြစ်ခြင်းကြိယာမျှသာတည်း၊ မတ္တမေဝ၌ မတ္တသည် အဝဓာရဏအနက်ရှိ၏၊ ဧဝကား ထိုအဝဓာရဏအနက်ကို ခိုင်မြဲစေခြင်းအနက်ရှိ၏၊ ထို မတ္တမေဝဖြင့် ဖြစ်ခြင်းမှတစ်ပါး ဖြစ်တတ်သော ကတ္တုသတ္တိ, အခြားတရားများ၏ ဖြစ်ဖို့ရာ အကြောင်းဖြစ်သော ကရဏသတ္တိများ မရှိဟု ကန့်သည်။ [ဖြစ်ခြင်းဟူသည်လည်း စိတ်၏ သိခြင်း, ဖဿ၏ တွေ့ထိခြင်း, ဤသို့ စသော ထိုထို တရား၏ သဘောတည်း။]

**ဝေဠုကတွာ**။ ။"ဝေဠုကတွာ" ကို နိပါတ်တစ်ပုဒ်တည်းဟုလည်းကောင်း,"ဧဝံ+စ+ကတွာ" နိပါတ်သုံးခုပေါင်းဟုလည်းကောင်း မဏိမဉ္ဇူဖွင့်၏၊ "ဣမိနာ ကာရဏေန"ဟု အနက်ဖွင့်ကြ၏၊ ထို၏ ဟိတ်အနက်ပင်တည်း၊ ဝေဠုကတွာ-ဟု စရိုက်ရာ၌ သာဓကဝါကျလည်း ရှိ, လဒ္ဓဂုဏ်ဝါကျလည်း ရှိ၏၊ ဤနေရာ၌ကား လဒ္ဓဂုဏ်ဝါကျတည်း၊ "သဘာဝဓမ္မ ဟူသည် အကြောင်းအားလျော်စွာ ဖြစ်ခြင်းကြိယာသာ" ဟု ဆိုသဖြင့်

အဖို့တစ်ပါးကား၊ ကတ္တုကရဏဝသေန–ကတ္တုသာဓန, ကရဏသာဓနတို့၏ အစွမ်းဖြင့်၊ နိဗ္ဗစနံ–အနက်ကို ထုတ်၍ ဆိုကြောင်းဝါကျကို၊ ဝါ–ဝိဂ္ဂဟဝါကျကို၊ ပရိယာယကထာတိ–ပရိယာယ်စကားဟူ၍၊ ဒဋ္ဌဗ္ဗံ–မှတ်ထိုက်၏၊ ဟိ–ချဲ့၊ သကသကကိစ္စေသု–မိမိ မိမိ၏ ကိစ္စတို့၌၊ ဓမ္မာနံ–တို့၏၊ အတ္တပဓာနတာ သမာရောပနေန–မိမိပြဋ္ဌာန်းသည်၏အဖြစ်ကို တင်စားခြင်းဖြင့်၊ ကတ္တုဘာဝေါ စ–ကတ္တား၏ အဖြစ်ကိုလည်းကောင်း၊ တဒနုကူလဘာဝေန–ထို ကတ္တား အားလျော်သည်၏အဖြစ်ဖြင့်၊ သဟဇာတဓမ္မသမူဟေ–တကွဖြစ်ဖက် တရား အပေါင်း၌၊ ကတ္တုဘာဝသမာရောပနေန–ကတ္တား၏အဖြစ်ကို တင်စားခြင်းဖြင့်၊ ပဋိပါဒေတဗ္ဗဓမ္မဿ–ပြီးစေအပ်သောတရား၏၊ ဝါ–သိစေအပ်သောတရား၏၊ ကရဏတ္တဉ္စ–ကရိုဏ်း၏ အဖြစ်ကိုလည်းကောင်း၊ ပရိယာယတော၀–သာ၊ လဗ္ဘတိ၊ ပန–ဆက်၊ တထာနိဒဿနံ–ထိုကဲ့သို့ ကတ္တားအဖြစ်, ကရိုဏ်းအဖြစ် ကို ညွှန်ပြခြင်းသည်၊ ဓမ္မသဘာဝဝိနိမုတ္တဿ–တရားသဘောမှ လွတ်သော၊ ကတ္တာဒိနော–ကတ္တားအစရှိသည်၏၊ ဝါ–ကတ္တား, ကရိုဏ်း၏၊ အဘာဝ ပရိဒီပနတ္ထံ–မရှိခြင်းကို ပြရခြင်းအကျိုး ရှိ၏၊ ဣတိ ဝေဒိတဗ္ဗံ။

ဝိစိတ္တကရဏာဒိတောပိ–ဝိစိတ္တကရဏ အစရှိသော အနက်အားဖြင့်လည်း၊ [ပိဖြင့်"အာရမဏံ စိန္တေတိ"ကိုပေါင်း၊] စိတ္တသဒ္ဒတ္ထံ–စိတ္တသဒ္ဒါ၏အနက်ကို၊ (အာစရိယာ–အဋ္ဌကထာဆရာတို့သည်၊) ပပဉ္စေန္တိ–ချဲ့ထွင်ကြကုန်၏၊ (အဋ္ဌ သာလိနီမှာ ချဲ့သည်၊) ပန–ဆက်၊ အယံ–ဤဆိုအပ်လတ့်ကား၊ တွေ–ဤစိတ္တ သဒ္ဒါ၏အနက်ကို ဖွင့်ရာ၌၊ သင်္ဂဟော–အကျဉ်းချုံး၍ ယူကြောင်းဂါထာတည်း၊

ဖြစ်ခြင်းအနက်ပြ ဘာဝသာဓနသာ မုချတ္ထ, ကတ္တု ကရဏသာဓနတို့ကား ကတ္တုသတ္တိ, ကရဏသတ္တိ မရှိဘဲ တင်စားရသော တဒ္ဓမ္မူပစာရတ္ထဟု သိရခြင်းသည် ထိုစကားကြောင့် ရအပ်သော အကျိုးကျေးဇူး ဖြစ်သည်–ဟူလို၊ [လဒ္ဓ+ရအပ်သော+ဂုဏ–ဂုဏ်၊ ဝါ– အကျိုးကျေးဇူး၊ လဒ္ဓဂုဏ်ဝါကျ၏ တွဲဖက်ဖြစ်သော ရှေ့ဝါကျသည် သင့်လျော်သော အနက်ကို ပြသောဝါကျ ဖြစ်၍ ယုတ္တိဝါကျ မည်၏။]

**[နိယာမ်] ဇဝနကတ္တာ, သာဓကော, တစ်ဖြာ လဒ္ဓဂုဏ်။**

**သကသကကိစ္စေသု ဟိ**။ ။ရှေ့စကားကို ချဲ့လို၍ "သကသကကိစ္စေသု ဟိ" စသည် မိန့်၊ အာရုံကို သိခြင်း သဘောဖြစ်သော စိတ်သည် ထိုသိခြင်းကိစ္စ၌ ပြဋ္ဌာန်း သည်၏ အဖြစ်ကို (မိမိပြုလုပ်တတ်သည်၏ အဖြစ်ကို) တင်စား၍ ကတ္တားအဖြစ်လည်း ရနိုင်၏၊ စိတ်က သိရာဝယ် ဖဿစသည်တို့လည်း သဘောတူ လိုက်ပါ၍ သိကြ၏၊ ဤသို့ ဖဿစသည်တို့၏ သိကြောင်းဖြစ်ပြန်ရကား ကရိုဏ်းသဘောလည်း ရနိုင်၏၊ ထိုသို့ မတင်စားဘဲ အစစ်အမှန်အားဖြင့်ကား သိခြင်းကြိယာသာတည်း၊ ထိုသို့ ကတ္တုကရဏသတ္တိကို တင်စားရခြင်းဖြင့် "စိတ်မှတစ်ပါး အတ္တဟူသော ကတ္တား ကရိုဏ်း မရှိတော့"ဟု ပြရခြင်း အကျိုးရှိ၏၊ အကျယ်ကို ဘာသာဋီကာမှာ ရှုပါ။

[ရှေ့၌ ဝိတ္ထာရ မရှိသောကြောင့် "ပန"သည် သခေ်ပဇောတက မဟုတ်၊ ဥပနျာသဇောတကသာ၊] ဝိစိတ္တကရဏာ–ဆန်းကြယ်သော ပန်းချီရုပ်,ပန်းပုရုပ် စသည်ကို ပြုလုပ်တတ်သည်၏ အဖြစ်ကြောင့်၊ ဝါ–ဆန်းကြယ်သော ဂတိ စသည်ကို ပြုတတ်သည်၏ အဖြစ်ကြောင့်၊ [ကရဏာ၌ ဘာဝပ္ပစ္စာနက်။] စိတ္တံ–စိတ္တမည်၏၊ ဝါ–တစ်နည်း၊ အတ္တနော–မိမိဟူသော စိတ်၏၊ ဝါ–မိမိဟူ သော စိတ်က၊ စိတ္တတာယ–အချင်းချင်း မတူထူးဆန်းသည်၏အဖြစ်ကြောင့်၊ စိတ္တံ–မည်၏၊ ဝါ–တစ်နည်း၊ ယံ–အကြင်ဝိပါက်ဝိညာဉ်ကို၊ ကမ္မကိလေသေဟိ–

**ဝိစိတ္တကရဏာ**။ ။စိတ္တံ(ဝိစိတ္တံ)–ဆန်းကြယ်သော ပန်းချီရုပ်,ပန်းပုရုပ်စသည်ကို+ ကရောတိ–ပြုလုပ်တတ်၏၊ ဣတိ စိတ္တကရဏံ၊ "ဝိစိတ္တ"ကား စိတ္တ၏ အနက်ဖွင့် တည်း၊ လောက၌ ပန်းချီအရုပ် ပန်းပုအရုပ်စသော ထူးဆန်းသော အရုပ်များရှိ၏၊ ပန်းချီပန်းပုဆရာတို့၌ အရုပ်ပြုလိုသောစိတ်ဖြစ်၏၊ ထို စိတ်ကြောင့် ဝိညတ်နှင့်တကွ လက်၏လှုပ်ရှားမှု (ရေးမှု ထုမှု) ဖြစ်၏၊ ထိုသို့ ရေးသားထုလုပ်ခြင်းကြောင့် ပန်းချီရုပ် ပန်းပုရုပ်ဖြစ်လာ၏၊ ဤသို့ ပြုလုပ်ရာ၌ အရင်းခံတရားမှာ စိတ်သာတည်း၊ ထို့ကြောင့် "စိတ္တကရဏ"ဟု ဆိုလိုလျက် ကရဏဟူသော နောက်ပုဒ်ကိုချေ၍ "စိတ္တ"ဟု ဖြစ်ရသတတ်၊ ဤ ဝိဂြိုဟ်အရ လှုပ်ရှားမှုကာယဝိညတ်ကို ဖြစ်စေတတ်သော "ဝုဋ္ဌော, ကာမဇော, အဘိညာ"ဟူသော (၃၂)ပါးသော စိတ်တို့သာ ရ၏။

**တစ်နည်း**။ ။စိတ္တံ(ဝိစိတ္တံ)–ဆန်းကြယ်သောဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသ, သတ္တနိကာယကို+ကရောတီတိ စိတ္တကရဏံ၊ ဒေဝ, မနုဿ, နိရယ, ပေတ, တိရစ္ဆာန် ဟူသော ဂတိငါးပါးသည် တစ်ပါးနှင့်တစ်ပါး မတူအောင် ဆန်းကြယ်၏၊ ဝိညာဏဋ္ဌိတိ (၇)ပါး စသည်တို့လည်း ထို့အတူ ဆန်းကြယ်၏ ထို ဆန်းကြယ်သော ဂတိစသည်ကို လောကီကုသိုလ် အကုသိုလ်စိတ်သည် ပြု၏၊ ထို့ကြောင့် "စိတ္တကရဏ"ဟု ဆိုလိုလျက် ကရဏပုဒ်ချေ၍ "စိတ္တ"ဟုပြီးရသည်၊ [မဏိမဉ္ဇူ၌ အခြားနည်းများလည်း ပြသေး၏။]

**အတ္တနော စိတ္တတာယဝါ**။ ။စိတ်တည်းဟူသော မိမိကိုယ်တိုင်ပင် ဇာတိဘူမိ သမ္ပယောဂသင်္ခါရစသောအားဖြင့် တစ်ပါးနှင့်တစ်ပါး မတူကြဘဲ ကွဲလွဲ ဆန်းပြား သောကြောင့် စိတ္တမည်၏၊ ကုသိုလ် အကုသိုလ် အဗျာကတတို့သည် ကုသိုလ်ဇာတ်, အကုသိုလ်ဇာတ်, အဗျာကတဇာတ်အားဖြင့် ကွဲပြားကြ၏၊ ကာမစိတ်စသည်နှင့်, ရူပစိတ်စသည်တို့သည် ဘုံအားဖြင့် ကွဲပြားကြ၏၊ သမ္ပယုတ်နှင့် ဝိပ္ပယုတ်စိတ်တို့သည် သမ္ပယောဂအားဖြင့် ကွဲပြားကြ၏၊ သသင်္ခါရိကနှင့် အသင်္ခါရိကစိတ်တို့သည် သင်္ခါရအားဖြင့် ကွဲပြားကြ၏၊ ဤသို့ စသည်ဖြင့် ကိစ္စ ဒွါရ အာရုံဝတ္ထုအားဖြင့် ကွဲပြားကြပုံကိုလည်း သိပါ၊ ဤ၌ စိတ္တသဒ္ဒါသည် ဝိစိတ္တအနက်ကို ဟောသော အနိပ္ဖန္န ပါဒိပဋိကပုဒ်တည်း။

**မှတ်ချက်**။ ။ဤနည်း၌ စိတ်တစ်ပါးတည်းသည် ဝိစိတ္တ (ထူးဆန်း) မဖြစ်နိုင်၊ ကုသိုလ်နှင့်အကုသိုလ် စသည်ဖြင့် စိတ်နှစ်မျိုးတွဲမှ ဝိစိတ္တ ဖြစ်နိုင်၏၊ ထို့ကြောင့် အပေါင်း၏ စိတ္တအမည်ကို အစိတ်ဖြစ်သော တစ်ပါးစီ၌ တင်စား၍ ဧကဒေသူပစာရ အားဖြင့် "စိတ္တ"ဟု ခေါ်ထားသည်၊ ဥပမာ–"သမုဒ္ဒေါမယာဒိဋ္ဌော"ကဲ့သို့တည်း။

ကံကိလေသာတို့သည်၊ စိတံ–စီအပ်၏၊ ဣတိ–ကြောင့်၊ တံ–ထိုဝိပါက်ဝိညာဉ်သည်၊ စိတ္တံ–မည်၏၊ ဝါ–တစ်နည်း၊ ယံ ဓမ္မဇာတံ–အကြင် တရားသဘောသည်၊ စိတံ–ကံ ကိလေသာတို့ စီအပ်သော ဝိပါက်ဝိညာဉ်ကို၊ တာယတိ–စောင့်ရှောက်တတ်၏၊ ဣတိ(တံဓမ္မဇာတံ) စိတ္တံ၊ တထာ–ထိုမှတစ်ပါး၊ ယံ ဓမ္မဇာတံ–သည်၊ အတ္တသန္တာနံ–မိမိတည်းဟူသောအစဉ်ကို၊ စိနောတိ–စီတတ်၏၊ ဣတိ, တံ ဓမ္မဇာတံ စိတ္တံ၊ စ–တစ်နည်းကား၊ ယံ ဓမ္မဇာတံ–သည်၊ ဝိစိတ္တာရမဏံ–ထူးဆန်းသောအာရုံရှိ၏၊ ဣတိ, တံ ဓမ္မဇာတံ, စိတ္တံ–မည်၏၊ ဣတိ အယံ–ကား၊ သင်္ဂဟော–အကျဉ်းချုံး၍ ယူကြောင်းဂါထာတည်း။

---

**စိတံ ကမ္မကိလေသေဟိ**။ ။အဝိဇ္ဇာ တဏှာတည်းဟူသော ကိလေသာအဖေါ်ပါသော ကံကို "ကမ္မကိလေသ"ဟု ဆိုသည်၊ ထိုကံကိလေသာတို့က ဝိပါက်တည်းဟူသော ဝိညာဉ်စိတ်ကို ဖြစ်စေအပ်သည်ကိုပင် "စီအပ်"ဟု ဆိုသည်၊ ဤနည်း၌ "စိယတေ–ကံ ကိလေသာတို့သည် စီအပ် ဖြစ်စေအပ်၏၊ ဣတိ စိတ္တံ"ဟု ပြု၊ စိဓာတ်, တပစ္စည်း, ဒွေဘော်လာ၊ ဝိပါက်စိတ်ကို အရကောက်။

**စိတံတာယတိ**။ ။ပြအပ်သောနည်းဖြင့် ကံကိလေသာတို့က စီအပ် ဖြစ်စေအပ်သော်လည်း ဘဝင်တည်းဟူသော ဝိပါက်က ဝီထိတို့ အကြားအကြား၌ ဆက်စပ်၍ မပေးလျှင် စိတ်အစဉ်ပြတ်၍ သေရတော့၏၊ ထိုသို့ မသေအောင် စောင့်ရှောက်ထားသောကြောင့် ဘဝင်တည်းဟူသော ဝိပါက်ဝိညာဉ်ကိုပင် "စိတ္တ"ဟု ခေါ်ရပြန်သည်၊ ဤနည်း၌"စိတသဒ္ဒူပပဒ, တာဓာတ်, အပစ္စည်း"ဟု မှတ်ပါ၊ ရှေ့တ၏ အကို သုတ်ကြီးဖြင့် ချေ။

**စိနောတိ အတ္တသန္တာနံ**။ ။"မိမိအစဉ်ကို စီအပ်" ဟူရာ၌ ဇောစိတ်ကို "မိမိ"ဟု ခေါ်၍ ထိုဇောစိတ်သည် အာသေဝနသတ္တိဖြင့် ရှေးရှေးဇောက နောက်နောက်ဇောကို မိမိနှင့်အလားတူဖြစ်အောင် ကျေးဇူးပြုသောအားဖြင့် စီ၍ စီ၍ ချုပ်သွား၏၊ ဤနည်း၌ "စိနောတီတိ စိတ္တံ" ဟု ပြု၍ ဇောစိတ်ကိုသာ အရကောက်ပါ။

**တစ်နည်း**။ ။အနန္တရ သမနန္တရစသော သတ္တိဖြင့် ရှေးရှေးစိတ်သည် နောက်နောက်စိတ်အား ကျေးဇူးပြု၍ ချုပ်သွား၏၊ ထို့ကြောင့် "အတ္တသန္တာန်"အရ ဇောအစဉ်ကိုသာ မယူဘဲ မိမိတည်းဟူသော စိတ်အားလုံးကို ယူ၍ ရှေ့နည်းအတိုင်း ဝိဂ္ဂဟပြုပါ။ [စိဓာတ်, တပစ္စည်း, ဒွေဘော်လာ၊ မဏိမဉ္ဇူ၌ ဤနည်းဝယ် အတ္တသန္တာန်၌ "အတ္တ"သဒ္ဒါသည် "စိတ်" အနက်ဟော ဟုဆို၏၊ အာဘော်ကျမည် မထင်။]

**ဝိစိတ္တာရမဏံ**။ ။စိတ်အားလုံးသည် ဆန်းကြယ်သော အာရုံရှိ၏၊ တစ်ချို့စိတ်သည် ရူပါရုံကို, တစ်ချို့စိတ်က သဒ္ဒါရုံစသည်ကို အာရုံပြု၏၊ ရူပါရုံတွင်လည်း တစ်ချို့စိတ်သည် အဖြူကို, တစ်ချို့က အနီစသည်ကို အာရုံပြုကြ၏၊ ဤသို့ မတူသော ထူးပြားသောအာရုံကို "ဝိစိတ္တ"ဟု ဆို၏၊ ထိုသို့ ဝိစိတ္တအာရုံရှိသောကြောင့် "စိတ္တ" ဟု ခေါ်သည်၊ စိတ္တသဒ္ဒါသည် ဝိစိတ္တအနက်ဟော၊ "ဝိစိတ္တာရမဏ"ဟု ဆိုလိုလျက် အာရမဏဟူသော နောက်ပုဒ်ကို ချေ။

တဒါယတ္တဝုတ္တိတာယ–ထိုစိတ်၌စပ်သော ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့်၊ စေတသိ–စိတ်၌၊ ဘဝံ–ဖြစ်သောတရားတည်း၊ ဣတိ–ထို့ကြောင့်၊ စေတသိကံ စေတသိကမည်၏၊ ဟိ–မှန်၏၊ တံ–ထိုစေတသိက်သည်၊ စိတ္တေန–စိတ်နှင့်၊ ဝိနာ–ကင်း၍၊ အာရမဏဂ္ဂဟဏ သမတ္ထံ–အာရုံကို ယူခြင်း၌စွမ်းနိုင်သည်၊ န ဟောတိ–မဖြစ်၊ (ကသ္မာ–အဘယ့်ကြောင့်၊ ဝိညာယတိ–နည်း၊) စိတ္တေ–စိတ်သည်၊ အသတိ-မရှိလတ်သော်၊ သဗ္ဗေန-အလုံးစုံသောအခြင်းအရာအားဖြင့်၊ သဗ္ဗံ-

---

**တဒါ၊ယေ၊ဝုတ္တိတာယ**။ ။"စိတ္တံ"ပုဒ်ကို ဖွင့်ပြပြီး၍ စေတသိကံပုဒ်ကို ဖွင့်လိုသော ကြောင့် "စေတသိ+ဘဝံ" စသည် မိန့်၊ [စေတ နောင် ဘဝအနက်၌ ဏိက သက်, သ်လာ၊ ဘဝတဒ္ဓိတ်ပုဒ်တည်း။] "စေတသိ+ဘဝံ" ဟူသော ဝိဂ္ဂဟဝယ် စေတသိကို ကြည့်၍ "စိတ်သည် မှီရာအာဓာရ, စေတသိက်က ထိုစိတ်ပေါ်၌ ဖြစ်သော အာဓေယ်" ဟု ထင်မှားဘွယ်ရှိသောကြောင့် "တဒါ၊ယေ၊ဝုတ္တိတာယ" ဟူသော ဟိတ်ကို မိန့်၊ စိတ်ကအာဓာရ, စေတသိက်က အာဓေယ်ဖြစ်သောကြောင့် "စေတသိ+ ဘဝံ" ဟု ဆိုသည်မဟုတ်၊ စေတသိက်ဟူသမျှ စိတ်မပါလျှင်မဖြစ်, စိတ်ပါမှ ဖြစ်နိုင်သည့် အတွက် စိတ်၌စပ်သော ဖြစ်ခြင်း (စိတ်ပါမှဖြစ်နိုင်ခြင်း) ရှိသောကြောင့် "စေတသိ+ ဘဝံ"ဟု ဆိုပါသည်–ဟူလို။

**ဥပမာ**–"ဆရာ၌+တပည့်မှီ၏" ဟူရာဝယ် တပည့်က ဆရာကို တကယ်မှီနေသည် မဟုတ်သော်လည်း တပည့်ဟူသမျှ ဆရာမရှိလျှင် မဖြစ်ထွန်းနိုင်၊ ဆရာရှိမှ ဖြစ်ထွန်း နိုင်သောကြောင့် "ဆရာ၌+မှီ"ဟု (အာဓာရ+အာဓေယ်အဖြစ်ဖြင့်) ဆိုရသကဲ့သို့တည်း၊ ဆိုလိုရင်းမှာ–"တဒါ၊ယေ၊ဝုတ္တိတာယ"ဟူသော ဟိတ်ဖြင့် စိတ်နှင့် စေတသိက်တို့၏ အာဓာရ+အာဓေယ်အဖြစ်ကို ပယ်မြစ်သည်–ဟူလို။ [တသ္မိံ–ထိုစိတ်၌+အာယတ္တာ– စပ်သည်တည်း၊ တဒါယတ္တာ၊ ဤသို့ သတ္တမီတပ္ပုရိသ်ပြုပါ၊ "တေန+အာယတ္တာ"ဟု တတိယာမပြုပါနှင့်၊ တဒါယတ္တာ+ဝုတ္တိ ယဿာတိ တဒါယတ္တဝုတ္တိ (စေတသိကံ) တဒါယတ္တဝုတ္တိနော+ဘာဝေါ တဒါယတ္တဝုတ္တိတာ။]

**နဟိ၊ယေ၊သမတ္ထံ**။ ။စေတသိက်ဟူသမျှ၏ စိတ်မပါလျှင် အာရုံကို မယူစွမ်းနိုင်ခြင်း, စေတသိက်ဟူသမျှ၏ စိတ်၌စပ်သော ဖြစ်မှုရှိရခြင်းကို အထောက်အထားဖြင့် ခိုင်မြဲ စေလိုသောကြောင့် "နဟိ" စသောဝါကျကို မိန့်သည်၊ ဤအလို ဟိ သည် ဒဠှီကရဏ ဇောတက။ တစ်နည်း–"အဘယ့်ကြောင့် စေတသိက်ဟူသမျှသည် စိတ်၌စပ်သော ဖြစ် ခြင်းရှိရသနည်း" ဟု မေးဖွယ်ရှိသောကြောင့် "န ဟိ" စသည် မိန့်၊ "စိတ်မပါလျှင် အာရုံကို မယူစွမ်းနိုင်သောကြောင့် စိတ်၌စပ်သော ဖြစ်ရခြင်း ရှိရသည်"ဟူလို၊ ဤအလို ဟိသည် ဟေတုဇောတကတည်း၊ အနက်ကိုလည်း "ဟိ (ယသ္မာ) တံ စိတ္တေန ဝိနာ အာရမဏဂ္ဂဟဏသမတ္ထံ န ဟောတိ၊ တသ္မာ တဒါယတ္တဝုတ္တိတာ ဟောတိ" ဟု ဖလဝါကျထည့်၍ ပေးပါ။

**[နိယာမ်] န ဟိ တက်ရာ, ဟိတ်နက်မှာ, ဟိတ်ပါ ဒဠှီစွဲ။**

အလုံးစုံအကုန်အစင်၊ (တစ်နည်း)သဗ္ဗေနသဗ္ဗံ–အချင်းခပ်သိမ်း၊ အနုပ္ပဇ္ဇနတော–စေတသိက်တို့၏ မဖြစ်နိုင်ခြင်းကြောင့်၊ ဝိညာယတိ–၏၊ ပန–ကား၊ စိတ္တံ–သည်၊ ကေနစိ စေတသိကေန–အချို့စေတသိက်နှင့်၊ ဝိနာပိ–ကင်း၍လည်း၊ အာရမဏေ–၌၊ ပဝတ္တတိ–ဖြစ်နိုင်၏၊ ဣတိ–ကြောင့်၊ တံ စေတသိကမေဝ–ထိုစေတသိက်သည်သာ၊ စိတ္တာယတ္တဝုတ္တိကံ နာမ–စိတ်၌စပ်သော ဖြစ်ခြင်းရှိသည် မည်၏၊ တေန–ထို့ကြောင့်၊ ဘဂဝါ–သည်၊ မနောပုဗ္ဗင်္ဂမာ ဓမ္မာတိ–ဟူ၍၊ အာဟ–ဟောတော်မူပြီ။ [ဓမ္မာ–စေတသိက်ခန္ဓာ တရား သုံးပါးတို့သည်၊ မနောပုဗ္ဗင်္ဂမာ–စိတ်သာလျှင် ရှေ့သွားခေါင်းဆောင် ရှိကုန်၏။]

တေန–တဒါယတ္တဝုတ္တိတာယဟူသော ဤပါဌ်ဖြင့်၊ သုခါဒိနံ–သုခအစရှိကုန်သော တရားတို့၏၊ အစေတနတ္တနိစ္စတ္တာဒယော–စိတ်စေတနာ မရှိကုန်သည်၏အဖြစ်, မြဲကုန်သည်၏အဖြစ် အစရှိကုန်သော၊ ဝိပ္ပဋိပတ္တိယောပိ–ဖောက်ဖောက်ပြန်ပြန်ကျင့်ခြင်းတို့သည်လည်း၊ ဝါ–မှားမှားယွင်းယွင်းယူခြင်းတို့သည်လည်း၊ ပဋိက္ခိတ္တာ–ပယ်အပ်ပြီးကုန်သည်၊ ဟောန္တိ–ဖြစ်ကုန်၏၊ ဝါ–တစ်နည်း၊ စေတသိ–စိတ်၌၊ နိယုတ္တံ–ယှဉ်သောတရားတည်း၊ စေတသိကံ–စိတ်၌ ယှဉ်သောတရား။

---

**အသတိ၊ပေ၊တော**။ ။"စိတ်မပါလျှင် အဘယ့်ကြောင့် အာရုံကို မယူစွမ်းနိုင်သနည်း"ဟု မေးဖွယ်ရှိ၍" အသတိ" စသည်မိန့်၊ စိတ်မရှိလျှင် စေတသိက်ဟူသမျှ အခါခပ်သိမ်း မဖြစ်နိုင်ခြင်းကြောင့် စိတ်မပါလျှင် အာရုံမယူနိုင်ကြောင်း သိရပါသည်–ဟူလို၊ ဉာပကဟေတုဝါကျဖြစ်၍ "သိနိုင်သနည်း–သိရပါသည်"ဟု မေးရဖြေရ သည်။ ["သဗ္ဗေန–အလုံးစုံသော အခြင်းအရာအားဖြင့်၊ အနုပ္ပဇ္ဇန–မဖြစ်"ဟူသည် ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ခြင်းတည်း၊ သဗ္ဗံ–အလုံးစုံအကုန်အစင်+အနုပ္ပဇ္ဇန–မဖြစ်" ဟူသည် ဘယ်စေတသိက်မျှ မဖြစ်ခြင်းတည်း။]

**စိတ္တံ ပန၊ပေ၊ဝုတ္တိကံ နာမ**။ ။သို့ဖြစ်လျှင် စိတ်လည်း စေတသိက်မပါဘဲအာရုံကို မယူနိုင်ရကား စိတ်ကိုလည်း"စေတသိကာယတ္တဝုတ္တိက" ဟု ဆိုသင့်သည် မဟုတ်လော၊ အဘယ့်ကြောင့် စေတသိက်ကိုသာ "စိတ္တာယတ္တဝုတ္တိက"ဟု ဆိုရသနည်းဟု မေးဖွယ်ရှိသောကြောင့် စိတ္တံပန–စသည်မိန့်၊ စိတ်သည် တစ်ချို့စေတသိက်မပါဘဲ အာရုံ၌ဖြစ်နိုင်, အာရုံကို ယူနိုင်၏၊ ဥပမာ–စက္ခုဝိညာဉ်စိတ်သည် ဝိတက်ဝိစာရ စသည် မပါဘဲ၌ အာရုံကို ယူနိုင်၏၊ ထို့ကြောင့် စိတ်ကို"စေတသိကာယတ္တဝုတ္တိက"ဟု မဆိုဘဲ စေတသိက်ကိုသာ "စိတ္တာယတ္တဝုတ္တိက"ဟု ဆိုရသည်–ဟူလို။ [ဉာဏ်မပိုင်လျှင် စောဒနာဖွယ် ရှိသေးပုံကို ဘာသာဋီကာ၌ ပြထားပြီ။]

**တေန၊ပေ၊ဟောန္တိ**။ ။တဒါယတ္တဝုတ္တိတာယ–ဟူသော ဟိတ်၏လဒ္ဓဂုဏ်ကို ပြလိုသောကြောင့် တေန–စသည်မိန့်၊ ဤ တဒါယတ္တဝုတ္တိတာယဟူသော ဟိတ်ဖြင့် သုခ စသည်ကို "စိတ်စေတနာမရှိ–မြဲ၏"ဟု ယူဆသော မိစ္ဆာဝါဒကို ပယ်ရခြင်းဟူသော

ယံဓမ္မဇာတံ–အကြင် တရားသဘောသည်၊ ရူပ္ပတိ–ဖောက်ပြန်တတ်၏၊ ဣတိ–ထိုသို့ ဖောက်ပြန်တတ်သည်၏ အဖြစ်ကြောင့်၊ တံ ဓမ္မဇာတံ–သည်၊ ရူပံ–ရူပမည်၏၊ (တစ်နည်း) ယံ ဓမ္မဇာတံ–ကို၊ ရူပ္ပတိ–ဖောက်ပြန် စေအပ်၏၊ ဣတိ–ထိုသို့ ဖောက်ပြန်စေအပ်သည်၏ အဖြစ်ကြောင့်၊ တံ ဓမ္မဇာတံ–သည်၊ ရူပံ–မည်၏၊ သီတုဏှာဒိဝိရောဓိပစ္စယေဟိ–အအေး, အပူ အစရှိသော ဆန့်ကျင်ဘက် အကြောင်းတို့ကြောင့်၊ ဝိကာရံ–ဖောက်ပြန်ခြင်းသို့၊ အာပဇ္ဇတိ–ရောက်တတ်၏၊ ဝါ–တစ်နည်း၊ သီတုဏှာဒိပေါပစ္စယေဟိ–တို့သည်၊ ဝိကာရံ–သို့၊ အာပါဒီယတိ–ရောက်စေအပ်၏၊ ဣတိ အယံ–ကား၊ အတ္ထော–ရူပ္ပတိ ဟူသော ဝစနတ္ထ၏ အနက်တည်း၊ တေန–ကြောင့်၊ (သီတ ဥတုအစရှိသော

အကျိုးလည်း ရနိုင်သည်၊ စိတ်ပါမှ ဖြစ်ရသဖြင့် အစေတနတ္တအယူကို ပယ်၏၊ စိတ်၏ အနိစ္စ ဖြစ်ကြောင်းကား ထင်ရှားပြီး ဖြစ်သောကြောင့် စိတ်နှင့်အတူ ဖြစ်ကြရသော သုခ စသည်တို့၏ နိစ္စအဖြစ်ကိုလည်း ပယ်သည်–ဟူလို၊ အာဒိဖြင့် အတ္တအဖြစ်, ဇီဝအဖြစ်, သတ္တအဖြစ်ကို ယူ။

**မှတ်ချက်။**　။"တဒါယတ္တဝုတ္တိတာယ"ဟူသော ဟိတ်၏အကျိုးသည် စေတသိကဝံ တည်း၊ ထိုသို့ အကျိုးတစ်ပါးရပြီးနောက် ထပ်၍ရအပ်သောအကျိုးကို "လဒ္ဓဂုဏ်" ဟု ခေါ်၏၊ ထို့ကြောင့် "တဒါယတ္တဝုတ္တိတာယပါဌ်ဖြင့် စိတ်စေတနာမရှိ–မြဲ၏ဟု ယူဆသော မိစ္ဆာအယူကို ပယ်နိုင်ခြင်းသည် ထို ဟိတ်အတွက် အပိုရအပ်သော လဒ္ဓဂုဏ် အကျိုးတည်း" ဟု မှတ်ပါ။

**[နိယာမ်]　အကျိုးတစ်ပါး, ရှိတုံငြားက, တစ်ပါးအကျိုး, ရရိုးသည်လျှင်, လဒ်ဂုဏ်ပင်ဟု, စာနာရှု, ကျမ်းပြုဉာဏ်အဟုတ်။**

**ရူပ္ပတီတိ၊ပေ၊အတ္ထော။**　။စေတသိကံပုဒ်ကို ဖွင့်ပြီး၍ ရူပံပုဒ်ကို ဖွင့်လိုသောကြောင့် "ရူပ္ပတီတိ"စသည် မိန့်၊ ဝိကာရံ အာပဇ္ဇတိဖြင့် ရူပ္ပတိကို "ကတ္တားဟော"ဟု သိစေ၏၊ "ပစ္စယေဟိ–တို့ကြောင့်"ဟု ဟိတ်အနက်ပေး၊ ဝိကာရံပုဒ်ကို လိုက်စေ၍ "အာပါဒီယတိ" ဖြင့် ရူပ္ပတိကို "ဟေတုကံဟောပုဒ်"ဟု သိစေ၏၊ "ပစ္စယေဟိ–တို့သည်"ဟု ကတ္တား အနက်ပေး၊ ရူပံ၌လည်း ပဌမဝစနတ္ထအလို "ဒိဝါဒိ ရုပဓာတ်, ကတ္တားဟော အပစ္စည်း၊ ရှ၌ ဒီဃပြု၊ ဒုတိယနည်းအလို ကာရိတ်ကြေ, ကံဟော အပစ္စည်း၊ တစ်နည်း– ခန္ဓဝိဘင်းအဋ္ဌကထာ၌ "ဃဋ္ဋီယတိ ပီဠီယတိ" ဟု ဖွင့်သောကြောင့် "သုဒ္ဓကမ္မသာဓန သာ၊ အာပါဒီယတိကား အဓိပ္ပာယ်ဖွင့်တည်း"ဟု ကြံပါ။

**သီတုဏှာဒိ။**　။"သီတုဏှာဒိ"ကား "သီတေနာပိ ရူပ္ပတိ ဥဏှေနာပိ ရူပ္ပတိ" စသော ပါဠိတော်ကို ကြည့်၍ ထည့်အပ်သော အကြောင်းများတည်း၊ ထိုအကြောင်း များသည် မူလဖြစ်နေသော ရုပ်၏ဆန့်ကျင်ဘက် အကြောင်းများ ဖြစ်ရကား "ဝိရောဓိ ပစ္စယ"ဟု ဆိုသည်၊ သီတုဏှာဒိ၌ အာဒိဖြင့် ဇိဃစ္ဆာ (ထမင်းဆာခြင်း) ပိပါသာ (ရေငတ်ခြင်း) ဍံသမကသဝါတာတပသရီသပသမ္ဖဿ (မှက် ခြင်ကိုက်ခြင်း, လေ, နေပူ, မြွေ, ကင်းတို့၏ တွေ့ထိခြင်း) တို့ကို ယူပါ။ [ရုပ်ဖောက်ပြန်ခြင်း၏ အကြောင်းကို

ဆန့်ကျင်ဘက် အကြောင်းတို့ကြောင့် ဖောက်ပြန်တတ်သည်၏ အဖြစ်ကြောင့်၊) ဘဂဝါ–သည်၊ အာဟ–ကား၊ သီတေနပိ ၊ပေ၊ တျာဒိ–သီတေနပိ ၊ပေ၊ ရုပ္ပတိ အစရှိသည်တည်း၊ [သီတေနပိ–အအေးကြောင့်လည်း၊ ရုပ္ပတိ–ဖောက်ပြန်တတ်၏၊ (တစ်နည်း) သီတေနပိ–အအေးသည်လည်း၊ ရုပ္ပတိ–ဖောက်ပြန်စေအပ်၏၊ ဥဏှေနပိဌလည်း နည်းတူ ဆို။]

စ–ဆက်၊ ဧတ္ထ–ဤ ရုပ္ပတိဟူသောပါဠ်၌၊ ရုပ္ပနံ–ဖောက်ပြန်ခြင်းဟူသည်၊ သီတာဒိဝိရောဓိပစ္စယသမဝါယေ–သီတအစရှိသော ဆန့်ကျင်ဘက် အကြောင်းတို့၏ အညီအမျှ တကွဖြစ်ဖြစ်ခြင်းသည်၊ (သတိ–သော်၊) ဝိသဒိသုပ္ပတ္တိယေဝ–ရှေးရုပ်အစဉ်နှင့်မတူသော နောက်ရုပ်အစဉ်၏ဖြစ်ခြင်းသာတည်း၊ ယဒိဧဝံ–ယင်းသို့ဖြစ်လတ်သော်၊[(တစ်နည်း) သီတာဒိဝိရောဓိပစ္စယသမဝါယေ–သည်၊ (သတိ) ဝိသဒိသုပ္ပတ္တိ–သည်၊ ရုပ္ပနံ–ဖောက်ပြန်ခြင်းမည်သည်၊ ယဒိ ဟောတိ–အကယ်၍ ဖြစ်အံ့၊ ဧဝံသတိ–ဤသို့ ဖြစ်လတ်သော်၊] အရူပဓမ္မာနမ္ပိ–နာမ်တရားတို့၏လည်း၊ ရူပဝေါဟာရော–ရူပဟူသော ဝေါဟာရသည်၊ အာပဇ္ဇတိ–ဖြစ်ရာသည် မဟုတ်ပါလော၊ ဣတိ–ဤကား စောဒနာတည်း၊ (ယဒိဧဝံ၊ပေ၊ပဇ္ဇတိဟူသော ဤဝါကျကို စောဒနာဝါကျဟု အမည်ပေး၊) သီတာ၊ပေ၊ဝါယေ သတိ ဝိသဒိသုပ္ပတ္တိ ရုပ္ပနံ, ယဒိပိ ဟောတိ–အကယ်မူလည်း ဖြစ်စေဦးတော့၊ ဧဝံသတိပိ–ဤသို့ ဖြစ်ပါသော်လည်း၊ အရူပဓမ္မာနံ–တို့၏၊ ရူပဝေါဟာရော–သည်၊ နာပဇ္ဇတိ–မဖြစ်၊ ဣတိ–ဤကား အဖြေတည်း၊ ကသ္မာ–ကြောင့်နည်း၊ သီတာဒိဂ္ဂဟဏသာမတ္ထိယတော–သီတ အစရှိသော သဒ္ဒါ၏ အစွမ်းသတ္တိအားဖြင့်၊ ဝိဘူတတရဿေဝ–အထူး ထင်ရှားသည် သာလျှင် ဖြစ်သော၊ ရုပ္ပနဿ–ဖောက်ပြန်ခြင်း၏၊ ဝါ–ကို၊ အဓိပ္ပေတတ္တာ–အလိုရှိအပ်သည်၏ အဖြစ်ကြောင့်တည်း။

---

ပြရာ၌ သီတ–ဥဏှစသော အကြောင်းတို့ကို ပြတော်မူသောကြောင့် "အအေးမိ၍ ရုပ်တစ်မျိုးပြောင်းခြင်း" စသည်ဖြင့် အများမျက်မြင် အထင်အရှား ဖောက်ပြန်သော ရုပ္ပနကိုသာ သီတစသော သဒ္ဒါတို့က ပြစွမ်းနိုင်ခြင်းကို "သာမတ္ထိယ"ဟု ခေါ်သည်။]

**ရုပ္ပနဋ္ဌေတ္တ**။ ။ရုပ္ပတိဟူသော ကြိယာပုဒ်၌ "ရုပ္ပန"ဟူသည် အဘယ်နည်းဟု မေးဖွယ်ရှိသောကြောင့် ရုပ္ပနဋ္ဌေတ္တ–စသည် မိန့်၊ "ဖောက်ပြန်"ဟူသည် သီတစသော ဆန့်ကျင်ဘက်အကြောင်းတို့နှင့် ပေါင်းမိသောအခါ နဂို ဖြစ်မြဲအစဉ်မှ မတူသော ရုပ်အစဉ်တစ်မျိုး ဖြစ်ခြင်းတည်း၊ အကျယ်ကို ဘာသာဋီကာ၌ "ဖောက်ပြန်ပုံ"ဟူသော စာခေါင်းဖြင့် ပြထားပြီ။

**ယဒိဧဝံ၊ပေ၊အာပဇ္ဇတိ**။ ။"ယဒိဧဝံ"ဟု တက်လာလျှင် ယဒိနောက်၌ ကြိယာ ထည့်ရ၏၊ ထို ကြိယာကိုလည်း ရှေ့စကားကို ကိုင်၍ ထည့်ရသည်၊ ဤ၌ "ရုပ္ပနံ ယဒိ ဟောတိ"ဟု ထည့်ထားပုံ ကြည့်ပါ၊ ဧဝံနောက်၌လည်း ကေဝုစ်ဖြစ်လျှင် သတိ, ဗဟုဝုစ်ဖြစ်လျှင် သန္တေသု"ဟု လာရသည်၊ ဤဝါကျကို ပုစ္ဆာ, နာပဇ္ဇတိကို ဝိသဇ္ဇနာ,

ဟိ–လဒ္ဓေါသ ထင်ရှားပြအံ့၊ ဣရထာ–ဤသို့ မဟုတ်လျှင်၊ ရုပ္ပတီတိ အဝိသေသ ဝစနေနေဝ–ရုပ္ပတိဟူသော သာမညသဒ္ဒါဖြင့်သာလျှင်၊ ပရိယတ္တံ–ပြည့်စုံလုံလောက်ပြီ၊ ဣတိ–ထို့ကြောင့်၊ သီတာဒိဂ္ဂဟဏေန–သီတအစရှိသော သဒ္ဒါကို ယူခြင်းဖြင့်၊ ကိံ–အဘယ်အကျိုးရှိအံ့နည်း၊ ပန–ဆက်၊ သီတာဒိနာ–အအေးအစရှိသည်သည်၊ ဖုဋ္ဌဿ–တွေ့ထိအပ်သောရုပ်၏၊ တံရုပ္ပနံ–ထို ဖောက်ပြန်ခြင်းသည်၊ ဝိဘူတတရံ–အထူးသဖြင့်ထင်ရှား၏၊ တသ္မာ–ထိုကြောင့်၊

---

သီတာဒိ၊ပေ၊အဓိပ္ပေတတ္တာကို ဟေတု, နာပ္ပဇ္ဇတိကို ဖလဟု (ထပ်၍) ဝါကျခွဲပါ၊ ဤဝါကျတို့၏ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ။

**[နိယာမ်] ယဒိဇဝံ, နှစ်ပါးပြွမ်းလျက်, တတ်စွမ်းအလျောက်, အပြစ်ကောက်သော်, နောက်စကားကို, မှတ်သားကိုင်ကာ, အပြစ်ရှာလျက်, ယဒိထက်ဝယ်, စွက်သည့်ကြိယာ, အသစ်ရှာ, ဇဝံနောက်မှာ သတိလာ, သန္တေသုလည်း ရံတစ်ခါ။**

**ဣတရထာ ဟိ**။ ။ဣတရထာ, အညထာပုဒ်တို့၏နောက်၌ ဟိ–စ–ပနရောက်လျှင် ထိုဝါကျကို လဒ္ဓေါသဝါကျ, ဗျတိရေကဝါကျဟု အမည်ပေးမြဲ၊ ရှေ့ဝါကျကိုကား စောဒက၏ အလိုအားဖြင့် မသင့်ဟု ယူဆရသောကြောင့် အယုတ္တိဝါကျဟုလည်း ကောင်း၊ ဗျတိရေက၏တွဲဖက် အန္ဝယဝါကျဟုလည်းကောင်း အမည်ပေးရသည်။

**[နိယာမ်] ဣတရထာ, အညထာနောက်, ဟိ.ပနနှင့်, စတစ်လုံးရောက်သော်, လဒ္ဓေါသ–ဗျတိရိတ်ဟု အမည်ပေးမြဲ။**

**အပါဒါန်, လက္ခဏာ**။ ။ထို ဣတရထာ အညထာပုဒ်တို့သည် ပါဒါန်ကိုငဲ့သော အပါဒါနီ ပုဒ်များဖြစ်၏၊ ထို့ကြောင့် ဆိုအပ်ပြီးသော အန္ဝယဝါကျ၏ အနက်ကို ဣတရထာ–အညထာပုဒ်တို့၏ အပါဒါန်ခံပါ၊ ဣတရထာ"သီတ အစရှိသော သဒ္ဒါ၏ သတ္တိကြောင့် ဝိဘူတတရရုပ္ပနကို အလိုရှိအပ်သည်၏ အဖြစ်ဟူသော အနက်မှ (အပါဒါန်) တစ်ပါးသော အပြားအားဖြင့်" ဟုပေး၊"အားဖြင့်"ဟု ဆိုပြီးနောက် စပ်စရာ ပုဒ် မရှိရကား "အတ္ထေ–သာမညရုပ္ပနအနက်ကို+ဂယှမာနေ–ယူအပ်သော်" ဟု လက္ခဏာဝန္တ နှင့် လက္ခဏာပုဒ်ကို ထည့်၍ စပ်ရသည်၊ နိဿယ၌ကား "ဤသို့ မဟုတ်လျှင်" ဟု အလွယ်ပေးထားသည်၊ ပြခဲ့သည့်အတိုင်း အကျယ်ပေးနိုင်သည် ဟု မှတ်ပါ။

**[နိယာမ်] ဣတရထာ, အညထာပုဒ်, ထုတ်၍ရှိက, လက္ခဏာနှင့်–လက္ခဏာဝန်, ဤ နှစ်တန်ကို, အမှန်သွင်းလျက်, အနက်သမ္ဗန်...၊ အပါဒါန်မှာ, အန္ဝယာကို, ခံကာမလွဲ, ထားလေမြဲ။**

**ဆိုလိုရင်း**။ ။ဤဝါကျ၏ ဆိုလိုရင်းမှာ–ဝိဘူတတရရုပ္ပနကို အလိုမရှိဘဲ (ဝိဘူတ–အဝိဘူတဟု မခွဲခြားဘဲ) သာမညရုပ္ပနကိုသာ အလိုရှိလျှင် "သီတေန ဥဏှေန"ဟု အကြောင်းမထည့်ဘဲ "ရုပ္ပတိ"ဟူသော သာမညစကားဖြင့်ပင် အဓိပ္ပာယ်လုံလောက်၏၊ သီတေနပိစသော သဒ္ဒါများအတွက် အကျိုးထူးမရှိတော့၊ အကျိုးထူး မရှိဘဲဆိုသဖြင့် အနတ္ထကဒေါသ ရောက်သည်–ဟူလို။

(ထိုသို့ အအေး အစရှိသည်သည် တွေ့ထိအပ်သော ရုပ်၏ ထိုဖောက်ပြန်ခြင်း၏ အထူးသဖြင့် ထင်ရှားသည်၏ အဖြစ်ကြောင့်၊) ဧတ္ထ–ရုပ္ပတီတိ ရုပ်ပ ဟူသော ဤပါဌ်၌၊ တဒေဝ–ထို ဝိဘူတတရရုပ္ပနကိုသာ၊ အဓိပ္ပေတံ–အလိုရှိအပ်၏၊ ဣတိ ဣမဿ အတ္ထဿ–ဤအနက်ကို၊ ဉာပနတ္ထံ–သိစေခြင်းအကျိုးငှာ၊ သီတာဒိဂ္ဂဟဏံ–သီတ အစရှိသော သဒ္ဒါကို ယူခြင်းကို၊ (ဘဂဝတာ) ကတံ–ပြုတော်မူအပ်ပြီ။

ယဒိဧဝံ–ယင်းသို့ ဖြစ်လတ်သော်၊ (တစ်နည်း:) ဧတ္ထ–ရုပ္ပတီတိ ရုပ်ပဟူသော ဤပါဌ်၌၊ တဒေဝ–ကိုသာ၊ အဓိပ္ပေတံ–၏၊ ဣတိ ဣမဿ အတ္ထဿ–ကို၊ ဉာပနတ္ထံ–ငှာ၊ သီတာဒိဂ္ဂဟဏံ–ကို၊ ယဒိကတံ–အကယ်၍ ပြုအပ်သည်ဖြစ်အံ့၊ ဧဝံသတိ–ဤသို့ ဖြစ်လသော်၊] ကထံ–အဘယ်နည်းဖြင့်၊ ဗြဟ္မလောကေ–ရူပဗြဟ္မာ့ပြည်၌၊ ရူပဝေါဟာရော–ရုပ်ဟူသော အခေါ်အဝေါ်သည်၊ အာပဇ္ဇတိ–ဖြစ်နိုင်ပါအံ့နည်း၊ ဟိ–မှန်၏၊(တစ်နည်း:) ဟိ ယသ္မာ–အကြင့်ကြောင့်၊ တတ္ထ–ထို ရူပဗြဟ္မာ့ပြည်၌၊ ဥပဃာတကာ–ကပ်၍ နှိပ်စက်တတ်ကုန်သော၊ သီတာဒယော–အအေး အစရှိသည်တို့သည်၊ န အတ္ထိ–မရှိကုန်၊ ဣတိ–ထို့ကြောင့်၊ ကထံ–ဖြင့်၊ ဗြဟ္မလောကေ–၌၊ ရူပဝေါဟာရော–သည်၊ အာပဇ္ဇတိ–နည်း၊] ဣတိ–ဤကား စောဒနာတည်း၊ တတ္ထ–ထို ရူပဗြဟ္မာ့ပြည်၌၊ ဥပဃာတကာ–ကုန်သော၊ သီတာဒယော–တို့သည်၊ ကိဉ္စာပိ နတ္ထိ–အကယ်၍ကား မရှိပါပေကုန်၊ ပန–ထိုသို့ပင် မရှိပါကုန်သော်လည်း၊ အနုဂ္ဂါဟကာ–ချီးမြှောက်တတ်ကုန်သော သီတာဒယော–သီတအစရှိသည်တို့သည်၊ ဝါ–သီတ ဥဏှတို့သည်၊ အတ္ထိ–ရှိကုန်၏၊ တသ္မာ–ထို့ကြောင့်၊ (ထိုသို့ အနုဂ္ဂါဟက သီတ ဥဏှတို့၏ ရှိကုန်သည်၏အဖြစ်ကြောင့်၊) တံ ဝသေန–ထို အနုဂ္ဂါဟက သီတ ဥဏှတို့၏ အစွမ်းဖြင့်၊ တတ္ထ–ဤ ရူပဗြဟ္မာ့ပြည်၌၊ ရုပ္ပနံ–ဖောက်ပြန်ခြင်းသည်၊ သမ္ဘဝတိ–ဖြစ်သင့်၏၊ ဣတိ–ဤကား အဖြေတည်း။ [ဖောက်ပြန်နိုင်သောကြောင့် ရူပဝေါဟာရ ဖြစ်နိုင်သည်–ဟူလို။]

---

**တံ ပန၊ပေ၊ကတံ**။ ။ဝိဘူတတရရုပ္ပနသေဝ အဓိပ္ပေတတ္တာကို ပြန်၍ဆက်သော ဝါကျာရမ္ဘတည်း၊ တံပနဝါကျသည် နောက်ဝါကျကို ထောက်လျှင် ကာရဏ, "တသ္မာ၊ ပေ၊အဓိပ္ပေတံ"ကား ဖလ၊ ဣတိ ဉာပနတ္ထံ၊ပေ၊ကတံကား နိဂုံးဝါကျတည်း၊ ဉာပနဒ္ဓ ယုပစ္စည်းကြောင့် "ဣတိ"ကို "ဣမဿ အတ္ထဿ"ဟု ဆဋ္ဌီကံဖြင့် ဖွင့်ကြသည်။

**ယဒိ ၊ပေ၊ အတ္ထိတိ**။ ။ဤကား ဆိုခဲ့ပြီးစကား၌ အပြစ်ပြ၍ စောဒနာသော ဝါကျတည်း၊ အနက်အကျယ်ပေးပုံကို ရှေ့နည်းအတိုင်း သိပါ၊ နဟိတက်လာသော ဝါကျကိုလည်း ဒွိဓာ–ဟောတု နှစ်မျိုးပေးရကြောင်းကို ရှေ့၌ ပြခဲ့ပြီ။

**ကိဉ္စာပိ၊ပေ၊သမ္ဘဝတိ**။ ။"ကိဉ္စာပိ ၊ပေ၊ နတ္ထိ"တိုင်အောင် စောဒကပုဂ္ဂိုလ်၏ (အဘောဂ–ဖြစ်သော)အကြောင်းပြချက်ကို ချီးမြှောက်၍, ပနဖြင့် ထိုစကားကို နှိပ်ချသည်၊ ကိဉ္စာပိကို အနုဂ္ဂဟတ္ထဇောတက,ပနကို ဂရဟာဇောတကဟု မှတ်၍ ထိုအတိုင်း

အထဝါ–ထို့ပြင် တစ်နည်းကား၊ တံသဘာဝါနာတိဝတ္တနတော–ထို ဖောက်ပြန်ခြင်းသဘောကို မလွန်ဆန်နိုင်ခြင်းကြောင့်၊ တတ္ထ–ထိုရူပဗြဟ္မာ့ပြည်၌၊ ရူပဝေါဟာရော–သည်၊ ဟောတိ–ဖြစ်နိုင်၏၊ ဣတိ–ထို့ကြောင့်၊ အတိပ္ပပဥ္စေန–အလွန်ချဲ့ထွင်ကြောင်းစကားဖြင့်၊ အလံ–အကျိုးမရှိတော့ပြီ။

ဘဝါဘဝံ–ဘဝငယ် ဘဝကြီးကို၊ ဝိန(န)တော သံသိဗ္ဗနတော–ချုပ်စပ်တတ်သည်၏အဖြစ်ကြောင့်၊ ("ဝိနနဘာဝတော သံသိဗ္ဗနဘာဝတော"ဟု ဆိုလိုလျက် ဘာဝပ္ပစ္စယကြံ၊)ဝါနသင်္ခါတာယ–ဝါနဟုဆိုအပ်သော၊ တဏှာယ–တဏှာမှ၊ နိက္ခန္တံ–ထွက်မြောက်သော တရားတည်း၊ ဣတိ–ထို့ကြောင့်၊ နိဗ္ဗာနံ–နိဗ္ဗာနမည်၏၊ ဝါ–တစ်နည်း၊ ဧတေန–ဤတရားဖြင့်၊ ရာဂဂ္ဂိအာဒိကော–ရာဂအစရှိသော တစ်ဆဲ့တစ်ပါးသောမီးသည်၊ နိဗ္ဗာတိ–ငြိမ်းအေး၏၊ ဣတိ–ထို့ကြောင့်၊ (ထိုသို့ ရာဂအစရှိသော တစ်ဆဲ့တစ်ပါးသော မီး၏ ငြိမ်းအေးကြောင်း၏ အဖြစ်ကြောင့်၊) တံ–ထို တရားသည်၊ နိဗ္ဗာနံ–နိဗ္ဗာန မည်၏။

---

ဝါကျနာမည် တပ်ပါ၊ "အနုဂ္ဂါဟကာ အတ္ထိ, တသ္မာ"တို့ကား ပရိဟာရက (ပရိဟာရ်) ဆရာက အကြောင်းပြသော စကားတည်း၊ ထိုသို့ အကြောင်းပြဝါကျကို (သူ၏ နှလုံးသွင်း အာဘောဂကို ထုတ်ဖော်ပြသောကြောင့်) အာဘောဂဝါကျ (ဟေတုဝါကျ) ဟု နာမည်တပ်ရသည်။

**အထဝါ**။　။သီတေနာပိ ရုပ္ပတိ–စသော ပါဠိတော်၌ အနုဂ္ဂါဟကအကြောင်း မပါ၊ နိပ်စက်တတ်သော အကြောင်းများသာ ပါသောကြောင့် "အနုဂ္ဂါဟကာ အတ္ထိ" ဟူသောအကြောင်းပြကို အားမရသူတို့အတွက် "အထဝါ"ဟု တစ်နည်းတက်ပြန်သည်၊ ဗြဟ္မာ့ပြည်၌ ရုပ်လည်း သီတစသည်တို့နှင့် တွေ့ရလျှင် ဖောက်ပြန်မည်သာတည်း၊ ထိုသို့ ဖောက်ပြန်ခြင်းသဘောကို မလွန်ဆန်နိုင်ခြင်းကြောင့် "သီတေနပိ ရုပ္ပတိ" စသည်တွင် ဗြဟ္မာ့ပြည်က ရုပ်များလည်း ပါဝင်နိုင်သည်–ဟူလို။ [အတိပ္ပပဉ္စေန=အတိ, ပပုဗ္ဗ, "ပစိ–ဝိတ္ထာရေ"ဟူသောဓာတ်ပင်တည်း၊ ပပဥ္စိယတိ ဧတေနာတိ ပပဥ္စော၊ အတိဝိယ+ပပဥ္စော–အတိပ္ပပဥ္စော=ရူပဗြဟ္မာ့ပြည်၌ ရှိသောရုပ်၏ ရူပအမည်ရခြင်း၏ အကြောင်းကို ပြဖို့ရန် အလွန်ချဲ့ထွင်ကြောင်းစကား။]

**ဘဝါဘဝေါနိဗ္ဗာနံ**။　။ရူပ်ပုဒ်ကို ဖွင့်ပြီး၍ နိဗ္ဗာန်ပုဒ်ကို ဖွင့်လိုသောကြောင့် "ဘဝါဘဝံ" စသည်မိန့်၊ ဘဝ+အဘဝဟု ခွဲ၍ (အ) သည် ဝုဒ္ဓိအနက်ဟော၊ ဝိနနတောကို ကြည့်၍ "ဝိ=သံသိဗ္ဗနေ"ဟု မဏိမဥ္ဇူ၌ ဓာတ်နက်ဆို၏၊ ကိယာဒိ နာပစ္စည်းသက်၍ "ဝိနတိ သံသိဗ္ဗတိ–တစ်ဘဝနှင့်တစ်ဘဝကို ဆက်မိအောင် ချုပ်စပ်တတ်၏၊ ဣတိ ဝါနံ"ဟု ကတ္တုသာဓ်ပြု၊ ယု ကို အနပြု၊ အကို ဒီဃပြု၍ "ဝါန"ဟု ပြီးစေ၊ [ဝိ ဓာတ်မှန်လျှင် ယု ပစ္စည်းဖြင့် ဝိန–ဝါနဖြစ်၍, တောပစ္စည်းဖြင့် "ဝိနတော"ဟုသာ ဖြစ်နိုင်၏၊ ထို့ကြောင့် "ဝိနနတော"ကို စဉ်းစားသင့်သည်။] "ဝါနတော + နိက္ခန္တံ နိဗ္ဗာနံ"ဟု ပြု၊ ဝ ကို ဗ ပြု၍ ဒွေဘော်လာ၊ နိ ဥပသာရလည်း နိက္ခန္တ အနက်ဟော၊ ဒုတိယ နည်း၌ စာရှိအတိုင်း ကရဏသာဓ်ပြု၊ "ဝါ–ဂတိဂန္ဓေသု"ဟု ဓာတ်ကျမ်းရှိသော်လည်း

၃။ ဣဒါနိ–ဥဒ္ဒေသကို ပြပြီးရာ ယခုအခါ၌၊ ယသ္မာ–အကြင်ကြောင့်၊ ဝိဘာဂဝန္တာနံ–ဝေဖန်အပ်သော အပြားရှိကုန်သော၊ ဓမ္မာနံ–တရားတို့၏၊ သဘာဝဝိဘာဝနံ–သဘောကို ထင်ရှားစွာပြခြင်းသည်၊ ဝိဘာဂေန–အကျယ်ဝေဖန်အပ်သောအပြားနှင့်၊ ဝိနာ–ကင်း၍၊ န ဟောတိ–မဖြစ်နိုင်၊ တသ္မာ–ထိုကြောင့်၊ (ထိုသို့ ဝိဘာဂဝန္တ တရားတို့၏ သဘောကို ထင်စွာပြခြင်း၏ ဝိဘာဂနှင့် ကင်း၍ မဖြစ်နိုင်သည်၏ အဖြစ်ကြောင့်၊) ယထာ ဥဒ္ဒိဋ္ဌာနံ–အကြင် အကြင် အကျဉ်းပြအပ်ကုန်ပြီးသော၊ အဘိဓမ္မတ္ထာနံ–အဘိဓမ္မတ္ထတို့၏၊ ဥဒ္ဒေသက္ကမေန–ဥဒ္ဒေသအစဉ်အားဖြင့်၊ ဝိဘာဂံ–ဝေဖန်သော အပြားကို၊ ဒဿေတုံ–ပြခြင်းငှာလည်းကောင်း၊ တာဝ–စေတသိက်, ရုပ်, နိဗ္ဗာန်တို့မှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌ–သော၊) စိတ္တံ–စိတ်ကို၊ ဘူမိဇာတိသမ္ပယောဂါဒိဝသေန–ဘုံ, ဇာတ်, သမ္ပယုတ်အစရှိသည်တို့၏ အပြားအားဖြင့်၊ ဝိဘဇိတွာ–ဝေဖန်၍၊ နိဒ္ဒိသိတုံ–အကျယ်ပြခြင်းငှာလည်းကောင်း၊ အာရဘန္တော–အားထုတ်တော်မူလိုသော၊ အာစရိယော–အရှင် အနုရုဒ္ဓါဆရာသည်၊ အာဟ–မိန့်တော်မူသည်ကား၊ တတ္ထ စိတ္တံ တာဝ တျာဒိ–အစရှိသည်တည်း။ [အစရှိသော "ယံ ဝစနံ အတ္ထိ၊ တံ ဝစနံ အာဟ"ဟုလည်း တစ်နည်းပေးပါ။]

---

"ဓာတူနံ အနေကတ္ထတ္တာ"နှင့်အညီ နိရှေးရှိသော ကြောင့် ဂူပသမနအနက်ဟော၊ [ရာဂါဒိ၌ အာဒိဖြင့် ဒေါသမောဟ ဇရာ ဗျာဓိမရဏာနှင့် သောကပရိဒေဝဒုက္ခဒေါမနဿဥပါယာသတို့ကိုယူ။] တဏှာက ဘဝဆက်ပုံကို ရုပ်ပိုင်းဘာသာဋီကာ နိဗ္ဗာန်ပုဒ် အဖွင့်မှာ ကြည့်ပါ။

**ဣဒါနိ ယသ္မာ ဝိဘာဂဝန္တာနံ**။ ။"စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနမိတိ သဗ္ဗထာ" ဟူသော အကျဉ်းဥဒ္ဒေသကို ဖွင့်ပြ၍ "တတ္ထ စိတ္တံ တာဝ"စသော နိဒ္ဒေသကို ဖွင့်ပြလိုသောကြောင့် ဣဒါနိစသည်ကို မိန့်၊ စိတ်သည် တစ်ခုယုတ် ကိုးဆယ်ရှိ၏၊ စေတသိက်သည်(၅၂)ပါးရှိ၏၊ ရုပ်သည်(၂၈)ပါးရှိ၏၊ သဥပါဒိဒေသ, အနုပါဒိဒေသ အားဖြင့် နိဗ္ဗာန်သည် ၂ မျိုးပြား၏၊ ဤသို့ အကျယ်ဝေဖန်အပ်သော အပြားကို၊ "ဝိဘာဂ"ဟု ခေါ်၏၊ ဝိဘဇီယတေတိ ဝိဘာဂေါ–ဝေဖန်အပ်သောအပြား၊ ထိုသို့ အပြားရှိသော (အကျယ်ဝေဖန်၍ ရနိုင်ကောင်းသော)စိတ်စသော အကျဉ်းချုပ်တရား လေးပါးကို "ဝိဘာဂဝန္တ"ဟု ခေါ်၏၊ ထိုသို့ ဝေဖန်၍ ရကောင်းသော တရားများ၏ သဘောကို ထင်ရှားအောင် ပြလိုလျှင် အကျယ်ဝေဖန်၍ မပြဘဲ မထင်ရှားနိုင်၊ ထို့ကြောင့် အကျယ်ဝေဖန်၍ ပြခြင်းငှာ တတ္ထ စိတ္တံ တာဝ စသည်ကို မိန့်သည်။

**ဒဿေတုံ နိဒ္ဒိသိတုံ**။ ။"ဒဿေတုံ"တိုင်အောင်သော စကားဖြင့် "တတ္ထစိတ္တံ" မှစ၍ ရုပ်ပိုင်း–နိဗ္ဗာန်အပြားဆုံးသည့်တိုင်အောင်မှန်း၍ အနုသန္ဓေတက်သည်၊ "စိတ္တံ တာဝ၊ပေ၊နိဒ္ဒိသိတုံ အာရဘန္တော"တိုင်အောင်သောစကားဖြင့် "သောမနဿသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ"မှ စ၍ "ဧကဝီသသတံ ဗုဓာ"တိုင်အောင် (စိတ်ပိုင်း) စိတ်၏ နိဒ္ဒေသအားလုံးကို မှန်း၍ အနုသန္ဓေတက်သည်။

တာဝသဒ္ဒေါ-တာဝသဒ္ဒါသည်၊ ပဌမန္တိ စေတသ-ပဌမံဟူသော ဤပုဒ်၏၊ အတ္ထေ-အနက်၌၊ ဟောတိ-ဖြစ်၏၊ [တာဝသဒ္ဒါ၏ ပြခဲ့သော အနက် ၄ ပါးတွင် ပဌမတ္ထ-ဟူလို။] ဟိ-မှန်၏၊ ယထာဥဒ္ဒိဋ္ဌေသု-အကြင်အကြင် အကျဉ်းပြအပ်ကုန်ပြီးသော၊ စတူသု-ကုန်သော၊ အဘိဓမ္မတ္ထေသု-အဘိဓမ္မတ္ထ တို့တွင်၊ ပဌမံ-စွာ၊ စိတ္တံ-ကို၊ နိဒ္ဒိသိယတိ-အကျယ်ပြအပ်၏၊ ဣတိ အယံ-ကား၊ တ္ထေ-စိတ္တံတာဝဟူသော ဤပါဌ်၌၊ အတ္ထော-အဓိပ္ပာယ်နက်တည်း၊ အသ-ထိုစိတ်၏၊ စတ္တာရော-၄ ပါးကုန်သော၊ ဝိဓာ(ပကာရာ)-အပြားတို့ သည်၊ သန္တိ-ကုန်၏၊ ဣတိ-ကြောင့်၊ တံ-သည်၊ စတုဗ္ဗိဓံ-စတုဗ္ဗိဓ မည်၏။ [ဝိဓသဒ္ဒါသည် ပကာရအနက်ဟော၊ "စတ္တာရော+ဝိဓာ ယဿ"ဟု ဗဟုဗ္ဗီဟိ ဝိဂ္ဂဟပြုပါ-ဟူလို။]

ပန-ဆက်၊ ယသ္မာ-ကြောင့်၊ စတုဘူမကာ-ဘုံလေးပါး၌ ဖြစ်ကုန်သော၊ ဧတေ ဓမ္မာ-ဤတရားတို့သည်၊ အနုပုဗ္ဗပဏီတာ-အစဉ်အတိုင်းအားဖြင့် မြတ်ကုန်၏၊ တသ္မာ-ထို့ကြောင့်(ထိုသို့ ဘုံလေးပါး၌ ဖြစ်ကုန်သော ဤတရား တို့၏ အစဉ်အားဖြင့် မြတ်ကုန်သည်၏ အဖြစ်ကြောင့်၊) ဟီနုက္ကဋ္ဌုက္ကဋ္ဌတရ တမာနုက္ကမေန-ဟီနစိတ်, ဥက္ကဋ္ဌစိတ်, ဥက္ကဋ္ဌတရစိတ်, ဥက္ကဋ္ဌတမစိတ်တို့၏ အစဉ်အားဖြင့်၊ တေသံ-ထိုစတုဘူမကတရားတို့၏၊ နိဒ္ဒေသော-အကျယ် နိဒ္ဒေသကို၊ ကတော-ပြုအပ်ပြီ၊ ["ကာမာဝစရံ ရူပါဝစရံ အရူပါဝစရံ လောကုတ္တရံ"ဟု စဉ်သည်-ဟူလို၊ အဓိပ္ပာယ်ကို အခြေပြုသင်္ဂြိုဟ်၌ ပြထားပြီ။]

တတ္ထ-ထိုလေးပါးသောစိတ်တို့တွင်၊ (ကာမာဝစရံ၌စပ်၊) ယော သဘာဝေါ-သည်၊ ကာမေတိ-ဝတ္ထုအာရုံ ကာမဂုဏ်ကို လိုလားတောင်းတတတ်၏၊ ဣတိ-ထိုသို့ ဝတ္ထုအာရုံ ကာမဂုဏ်ကို လိုလားတောင်းတတတ်သည်၏အဖြစ်ကြောင့်၊ သော သဘာဝေါ-သည်၊ ကာမော-ကာမ မည်၏၊ ကာမတဏှာ-ကာမဂုဏ်၌

---

**ဘူမိ၊ပေ၊ဝသေန**။ ။ကာမစိတ် ရူပစိတ်စသည်ဖြင့် ဝေဖန်ခြင်း (ခွဲခြားခြင်း)သည် ဘုမ်၏အစွမ်းဖြင့် ခွဲခြားခြင်းတည်း၊ ကုသိုလ် အကုသိုလ် အဗျာကတအားဖြင့် ခွဲခြားခြင်းသည် ဇာတ်၏အစွမ်းဖြင့် ခွဲခြင်းတည်း၊ ဒိဋ္ဌိဂတသမ္ပယုတ်, ဝိပ္ပယုတ်, ဉာဏသမ္ပယုတ်, ဝိပ္ပယုတ်အားဖြင့် ခွဲခြားခြင်းသည် သမ္ပယောဂ၏အစွမ်းဖြင့် ခွဲခြား ခြင်းတည်း၊ အာဒိဖြင့် သင်္ခါရ, ဈာန, အာရမဏ, မဂ္ဂတို့ကိုယူ၍ သသင်္ခါရိက အသင်္ခါရိကအားဖြင့် ခွဲခြင်း, ရူပစိတ်၌ ဈာန်အားဖြင့်, အရူပစိတ်၌ အာရုံအားဖြင့်, လောကုတ္တရာစိတ်၌ မဂ်အားဖြင့် ခွဲခြင်းများကို ယူပါ၊ [အဟိတ်စိတ်၌ စက္ခုစသော မှီရာဝတ္ထု, သမ္ပဋိစ္ဆိုန်းစသော ကိစ္စအားဖြင့် ခွဲရပုံကိုလည်း အာဒိဖြင့် ယူသင့်သေး၏။]

**ကာမေတီတိ၊ပေ၊ကာမာဝစရံ**။ ။"ကာမေတီတိ ကာမော"ဟု ကတ္တုသာဓ်ပြု၍ ဝတ္ထုအာရုံ ကာမဂုဏ်ကို လိုလားတတ်သော ကာမတဏှာကို အရကောက်ပါ၊ ထို့နောက် "အဝစရတိ ဧတ္ထာတိ အဝစရံ"ဟု အဓိကရဏသာဓ်] ပြု၍ "ကာမဿ+

ဂုဏ်၌ဖြစ်သော တဏှာတည်း၊ ဧတ္ထ–ဤစိတ်၌၊ သာ–ထိုကာမတဏှာသည်၊ အာရမဏကရဏဝသေန–အာရုံပြုခြင်း၏အစွမ်းဖြင့်၊ အဝစရတိ–ဖြစ်တတ်၏၊ ဣတိ–ထို့ကြောင့်၊ ဝါ–ထိုသို့ ကာမတဏှာ၏အာရုံပြုခြင်း၏ အစွမ်းဖြင့် ဖြစ်ရာ၏အဖြစ်ကြောင့်၊ တံ–ထိုစိတ်သည်၊ ကာမာဝစရံ–ကာမာဝစရ မည်၏၊

ဝါ–တစ်နည်း၊ ယော ဘဝေါ–အကြင်ဘဝကို၊ ကာမီယတိ–လိုလားတောင်း တအပ်၏၊ ဣတိ–ထိုသို့ လိုလားတောင်းတအပ်သည်၏ အဖြစ်ကြောင့်၊ သော ဘဝေါ–သည်၊ ကာမော–မည်၏၊ ဧကာဒသဝိဓော–တစ်ဆဲ့တစ်ပါး အပြားရှိသော၊ ကာမဘဝေါ–ကာမဘဝတည်း။[ကာမတစ်ဆဲ့တစ်ဘုံ–ဟူလို။] တသ္မိံ–ထို ကာမဘဝ၌၊ ယေဘုယျေန–များသောအားဖြင့်၊ အဝစရတိ– ဖြစ်တတ်၏၊ ဣတိ–ထိုသို့ ကာမဘဝ၌ များသောအားဖြင့် ဖြစ်တတ်သည်၏ အဖြစ်ကြောင့်၊ ကာမာဝစရံ–မည်၏၊ ဟိ–လဒ္ဓဂုဏ်ကား၊ ယေဘုယျေန စရဏာသ–များသောအားဖြင့် ဖြစ်ခြင်း၏၊ ဝါ–ကို၊ အဓိပ္ပေတတ္တာ–အလိုရှိအပ် သည်၏အဖြစ်ကြောင့်၊ ရူပါရူပဘဝေသု-ရူပဘဝ,အရူပဘဝတို့၌၊ ပဝတ္တာသာပိ-

---

အဝစရံ ကာမာဝစရံ=ကိလေသာကာမ၏ အာရုံပြုသောအားဖြင့် ဖြစ်ရာစိတ်"ဟုဆဋ္ဌီ တပ္ပုရိသ် တွဲစေလိုသောကြောင့် "သာ ဧတ္ထ အဝစရတိ"စသည်မိန့်။ [ဤစကားရပ်ကို ဂါထာ၌"ကာမေ အဝစရတီတျေတ္ထ"ဟု အကျဉ်းချုပ်ပြလတ့်။]

**မှတ်ချက်**။ ။အဝစရတိဝယ် အဝသည် အနက်ထူးမရှိ၊ စရဓာတ်၏ ဖြစ်ခြင်းအနက် ကိုသာ ယူ၊ ကာမတဏှာသည် ကာမစိတ်, ယှဉ်ဘက်စေတသိက်, ရုပ်တို့ကို အာရုံပြု ၏၊ ထို့ကြောင့် "ကာမာဝစရံ"အရ ကာမတဏှာ၏ အာရုံပြုသောအားဖြင့် ဖြစ်ရာ ထို စိတ် စေတသိက် ရုပ် အားလုံး ရသော်လည်း ဤနေရာ၌ ဧကဒေသျူပစာရအားဖြင့် ကာမစိတ်ကိုသာ ယူ။

**ကာမီယတိ၊ပေ၊ဝစရံ**။ ။ကိလေသာကာမသည် လိုလားအပ် တောင်းတအပ်သော အရာဝတ္ထုကား တေဘူမက ဝဋ်တရားအားလုံးတည်း၊ သို့သော် ဤနေရာ၌ ဧက ဒေသျူပစာရအားဖြင့် ကာမဘဝကိုသာ အရကောက်ပါ၊ ကာမာဝစရအမည်ရသော စိတ်တွေသည် ကာမဘဝ၌သာ အဖြစ်များ၏၊ ရူပ အရူပဘဝ၌ကား အနည်းငယ်သာ ဖြစ်၏၊ အနည်းငယ်ဖြစ်သော ကာမစိတ်ကိုလည်း ဝီထိမုတ်ပိုင်း–ဘုံ၌ စိတ်ရကို ကြည့်၍ သိပါလေ။ [ဤအကျယ်ကို "ကာမေ ဝစရတီတိ ဝါ"ဟု ဂါထာ၌ ချုံးလတ္တံ့။]

**မှတ်ချက်**။ ။"ယေဘုယျေန"ကို ကြည့်၍ "ကာမာဝစရ"အမည်ကို ယေဘုယျနည်း အားဖြင့်ရသော အမည်ဟု ထင်ဖွယ်ရှိ၏၊ အမှန်မှာ–ယေဘုယျနည်းမဟုတ်, ဝနစရကော– ပ‌ဒ်ကဲ့သို့ တဗ္ဗာဟုလ္လနည်းသာ၊ ထို နည်း၏သဘောကို နည်းလေးဆယ်မှာ လေ့လာပါလေ။

**ယေဘုယျေန ၊ပေ၊ ဥပပန္နော**။ ။ကာမဘုံ၌ ဖြစ်ခြင်းသာမညကို မယူဘဲ ယေဘုယျအားဖြင့် ဖြစ်ခြင်းကို ယူခြင်းကြောင့် အဘယ်အကျိုး ရပါသနည်း– ဟု မေးဖွယ် ရှိ၍ "ယေဘုယျေန ၊ပေ၊ ဥပပန္နော ဟောတိ"ဟု မိန့်၊ ယေဘုယျဖြစ်ခြင်းကို

ဖြစ်သည်လည်း ဖြစ်သော၊ ဣမဿ–ဤစိတ်၏၊ ကာမာဝစရဘာဝေါ–ကာမာဝစရ၏ အဖြစ်သည်၊ ဝါ–ကာမာဝစရဟူသောနာမည်သည်၊ ဥပပန္နော–သင့်လျော်လျောက်ပတ်သည်၊ ဟောတိ–ဖြစ်၏။

ဝါ–တစ်နည်း၊ ကာမဘာဝေါယေဝ–ကာမဘဝသည်ပင်လျှင်၊ [ကာမာဝစရော ဍ္ဍိစပ်။] ဧတ္ထ–ဤကာမဘဝ၌၊ ကာမော–ဝတ္ထုကာမ, ကိလေသာကာမ နှစ်မျိုးသည်၊ အဝစရတိ–ဖြစ်တတ်၏၊ ဣတိ–ကြောင့်၊(ထိုသို့ ကာမနှစ်မျိုး၏ ဖြစ်ရာ၏ အဖြစ်ကြောင့်၊) ကာမာဝစရော–ကာမာဝစရမည်၏၊ တတ္ထ–ထို ကာမာဝစရမည်သောဘဝ၌၊ ပဝတ္တံ–ဖြစ်သော၊ စိတ္တံပိ–စိတ်သည်လည်း၊ (ပိဖြင့် ဘဝကိုပေါင်း၊) နိဿိတေ–မှီတတ်သော စိတ်၌၊ နိဿယဝေါဟာရေန–မှီရာဘဝ၏ နာမည်ဖြင့်၊ ဝါ–မှီရာဘဝ၏ နာမည်ကို တင်စား၍ ခေါ်ဝေါ်ခြင်းဖြင့်၊ ကာမာဝစရော–မည်၏၊ (ကေသုဝိယ–အဘယ်ပြယုဂ်တို့၌ကဲ့သို့နည်း၊) မဉ္စာ ဥက္ကုဋ္ဌိံ ကရောန္တိ တျာဒီသုဝိယ–မဉ္စာ ဥက္ကုဋ္ဌိံ ကရောန္တိ အစရှိသော ပြယုဂ်တို့၌ကဲ့သို့တည်း၊ [မဉ္စာ–လင့်စင်တို့သည်၊ ဥက္ကုဋ္ဌိံ–ကြွေးကြော်ခြင်းကို၊ ကရောန္တိ–ပြုကြကုန်၏၊] ဣတိ–ဤသို့ အစရှိသော အနက်၏ ဖြစ်သင့်ခြင်းကြောင့်

---

အလိုရှိအပ်သောကြောင့် ထိုကာမာဝစရစိတ်တစ်ချို့သည် ရူပဘုံ အရူပဘုံ၌ဖြစ်သော်လည်း (ရူပါဝစရ, အရူပါဝစရဟု အမည်မရဘဲ) ကာမာဝစရနာမည်သာ ဖြစ်မြဲဖြစ်ရခြင်း အကျိုးရှိသည်–ဟူလို။ [လဒ္ဓဂုဏ်ဝါကျ၊ ဥပပတ္တိကို "ယုတ္တိ" ဟု ဖွင့်သကဲ့သို့ ဥပပန္နောကိုလည်း "ယုတ္တော–ဖြစ်သင့်၏, သင့်လျော်၏"ဟု အနက်ဆိုသည်။]

**ကာမဘာဝေါယေဝ ဝါ**။ ။[ကာံမီယတီတိ ကာမော"တုန်းက အရကောက်ခဲ့သော ကာမဘဝခြင်းတူသောကြောင့် "ကာမဘာဝေါယေဝ"ဟု ဧဝသဒ္ဒါဖြင့်ဆိုသည်။] ကာမဘဝသည် "ကာမော အဝစရတိ ဧတ္ထ"ဟူသော ဝစနတ္ထကြောင့် ကာမာဝစရမည်၏၊ ကာမဂုဏ် ၅ပါးဟူသော ဝတ္ထုကာမ, ကာမရာဂဟူသော ကိလေသာကာမ, ဤ ကာမ ၂မျိုးလုံး၏ ဖြစ်ရာဖြစ်သောကြောင့် ကာမဘုံသည် ကာမာဝစရမည်၏–ဟူလို။ [ရူပဘုံ၌ ကိလေသာကာမ မရှိ၊ ဝတ္ထုကာမလည်း ကာမဘုံ၌ကဲ့သို့ အစုံအလင်မရှိ၊ အရူပဘုံ၌ ကာမ ၂မျိုးလုံး မရှိ။]

**တတ္ထ၊ပေ၊ဝိယ**။ ။ထို ကာမဘုံ၌ဖြစ်သော ဌာနီနိဿိတ စိတ်ကိုကား မှီရာဌာနနိဿယဘုံ၏ အမည်ကိုတင်စား၍ ဌာနူပစာရအားဖြင့် "ကာမာဝစရ"ဟုခေါ်သည်၊ ဥပမာ–လယ်တော၌ ဝက်စသည် ခြောက်ဖို့ရာ ထိုးထားအပ်သော လင့်စင်ကို "မဉ္စ"ဟု ခေါ်၏၊ ထိုလင့်စင်ပေါ်၌နေသော လူကိုလည်း ဌာနူပစာရအားဖြင့် "မဉ္စ"ဟု ခေါ်ရသကဲ့သို့တည်း။ [ဤနည်းကို ဌာနူပစာရတောဝါပိ–ဟု ချုံးလတ္တံ့။]

**အတိဝိသာရဏီယာ**။ ။အတ္ထံ–အနက်အဓိပ္ပာယ်ကို+ဝိသာရေတိ–ကျယ်ပြန့်စေတတ်၏၊ ဝါ–ချဲ့တတ်၏၊ ဣတိ ဝိသာရဏီ(ကထာ)၊ အတိဝိယ+ဝိသာရဏီ အတိဝိသာရဏီ၊ [ဝိ ပုဗ္ဗ သရ, ကာရိတ် ဏေ, ယု၊ ဣတ္ထိဇောတက (ဤ) ပစ္စည်း၊ အတိပ္ပပဋ္ဌေနနှင့်

အတိဝိသာရဏိယာ–အလွန် ကျယ်ပြန့်စေတတ်သော၊ ဝါ–အလွန် ချဲ့ထွင်ကြောင်းဖြစ်သော၊ ကထာယ–စကားဖြင့်၊ အလံ–အကျိုးမရှိတော့ပြီ။

စ–အကျဉ်းချုပ်ကား၊ ဧတ္ထ–ဤကာမာဝစရံပုဒ်ကို ဖွင့်ပြရာ၌၊ သင်္ဂဟဂါထာ–သင်္ဂဟဂါထာသည်၊ ဟောတိ–ဖြစ်၏၊ ဧတ္ထ–ဤစိတ်၌၊ ကာမော–ကာမတဏှာသည်၊ အဝစရတိ–ဖြစ်တတ်၏၊ ဣတိ–ကြောင့်၊ တံ–ထိုစိတ်သည်၊ ကာမာဝစရံ–ကာမာဝစရမည်သည်၊ ဘဝေ–ဖြစ်၏၊ ဝါ–တစ်နည်း၊ ကာမေ–ကာမဘဝ၌၊ အဝစရတိ–များသောအားဖြင့် ဖြစ်တတ်၏၊ ဣတိ–ကြောင့်၊ တံ–သည်၊ ကာမာဝစရံ–ကာမာဝစရမည်သည်၊ ဘဝေ–ဖြစ်၏၊ ဝါ–တစ်နည်း၊ ဌာနူပစာရတောပိ–ဌာနူပစာရအားဖြင့်လည်း၊ တံ–ထိုစိတ်သည်၊ ကာမာဝစရံ–မည်သည်၊ ဘဝေ–ဖြစ်၏၊ ဣတိ–ဤသို့သော၊ သင်္ဂဟဂါထာ–သည်၊ ဟောတိ–၏၊ ရူပါရူပါဝစရေသုပိ–ရူပါဝစရံ အရူပါဝစရံ ပုဒ်တို့၌လည်း၊ ဧသေဝ–ဤဆိုအပ်ပြီးသည်သာလျှင်ဖြစ်သော၊ နယော–နည်းကို၊ ယထာရဟံ–စွာ၊ ဒဋ္ဌဗ္ဗော–မှတ်ထိုက်၏။

အဓိပ္ပာယ်တူပင်။] အဋ္ဌသာလိနီ၌လာသော အကျယ်ဝိဂ္ဂဟများ ရှိသေး၏၊ ထိုအကျယ်များကို ပြသဖြင့် သောတုတို့အား အကျိုးမများတော့ပါ–ဟူလို။ [ဤဋီကာဖွင့် သုံးမျိုးလုံး၌ပင် အဝသဒ္ဒါ၏အနက် မပါ၊ အဋ္ဌသာလိနီ၌ကား အဝသဒ္ဒါ၏ သက်ဝင်ခြင်းအနက်လည်း ပါ၏၊ ထိုအနက်က သာ၍ သဘာဝကျသည်။]

**ဟောတိ စေတ္ထ**။ ။"ဟောတိ စေတ္ထ"ဟု လာသမျှ၌ (သင်္ဂဟဂါထာ)သခေ်ပဝါကျဟုမှတ်၍ ကာမာဝစရံပုဒ်ကို ဖွင့်သော ရှေ့ဝါကျ အပေါင်းကို ဝိတ္ထာရဝါကျဟု မှတ်၊ သခေ်ပနှင့် ဝိတ္ထာရသည် အကျဉ်းအကျယ်သာ ကွဲ၏၊ အဓိပ္ပာယ်မှာ တစ်ထပ်တည်း တူမြဲတည်း၊ သင်္ဂဟဂါထာ၌လာသော ဝစနတ္ထများ၏ ရှေ့အကျယ်စကားနှင့် အဓိပ္ပာယ်ထပ်တူကျပုံကို သတိပြုပါ၊ ဆက်ဦးအံ့–ကျမ်းစာတို့၌ အကျယ်,အကျဉ်း နှစ်မျိုးကို ပြလေ့ရှိ၏၊ ထိုသို့ပြရာ၌ ဝိပဉ္စိတညူ(အကျယ်ကြိုက်)ပုဂ္ဂိုလ်တို့က အကျယ်ကို ကြည့်ရမှ အဓိပ္ပာယ်ကို သိသောကြောင့် ထိုသူတို့အလိုကျအောင် အကျယ်ကို ပြရ၏၊ ဥဂ္ဃဋိတညူ(အကျဉ်းကြိုက်)ပုဂ္ဂိုလ်တို့က အကျဉ်းကို သဘောကျသဖြင့် အကျဉ်းကိုလည်း ပြရသည်။

**[နိယာမ်] ဟောတိ စေတ္ထ, စ နက်ရ, သခေ်ပဟု စွဲ။**

**ဧသေဝနယော**။ ။"ကာမော"နေရာ၌ "ရူပံ–အရူပံ"ထည့်၍ "ရူပံ–(ရူပတဏှာ)သည်+အဝစရတိ ဧတ္ထာတိ ရူပါဝစရံ"ဟု ပြ၊ ဒုတိယနည်း၌ ရူပဘဝ အရူပဘဝဟု ဆိုလိုလျက် ဘဝဟူသော နောက်ပုဒ်ကို ချေ၍ "ရူပေ + အဝစရတိ" စသည် ပြ၊ ဤသို့ ပြစေလို၍ "ဧသေဝ နယော ယထာရဟံ ဒဋ္ဌဗ္ဗော"ဟု မိန့်သည်။

ရူပံ ဝစရတီတေ့တ္ထ, ရူပေဝစရတီတိ ဝါ၊
ဌာနူပစာရတောဝါပိ, တံ ရူပါဝစရံ ဘဝေ"ဟု လည်းကောင်း,
"အရူပံ ဝစရတီတေ့တ္ထ ၊ပေ၊ တံ အရူပါဝစရံ ဘဝေ"ဟု လည်းကောင်း သိပါ။

ဥပါဒါနက္ခန္ဓသင်္ခါတလောကတော–ဥပါဒါနက္ခန္ဓာဟုဆိုအပ်သော သင်္ခါရ လောကမှ၊ အနာသဝဘာဝေန–အာသဝေါတရားတို့၏ အာရုံမဟုတ်သည်၏ အဖြစ်ဖြင့်၊ ဥတ္တရတိ–လွန်မြောက်ဆဲ၊ ဣတိ–ထို့ကြောင့်၊ လောကုတ္တရံ–လောကုတ္တရာမည်၏၊ မဂ္ဂစိတ္တံ–မဂ်စိတ်တည်း၊ ဖလစိတ္တံပန–ဖိုလ်စိတ်သည်ကား၊ တတော–ထို ဥပါဒါနက္ခန္ဓာဟုဆိုအပ်သော သင်္ခါရလောကမှ၊ ဥတ္တိဏ္ဏံ–လွန်မြောက်ပြီ၊ ဣတိ–ကြောင့်၊ လောကုတ္တရံ–မည်၏၊ ဝါ–တစ်နည်း၊ ဥဘယမ္ပိ–နှစ်ပါးစုံသော မဂ်စိတ် ဖိုလ်စိတ်သည်လည်း၊ နိဗ္ဗာနေန–နိဗ္ဗာန်နှင့်၊ သဟ–တကွ၊ လောကတော–ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော သင်္ခါရလောကထက်၊ ဝါ–လောကီတရားထက်၊ ယထာဝုတ္တဂုဏဝသေန–အကြင် အကြင်ဆိုအပ်ပြီးသော အနာသဝဘာဝဂုဏ်၏ အစွမ်းဖြင့်၊ ဥတ္တရံ အဓိကံ–လွန်ကဲ၏၊ ဣတိ–ကြောင့်၊ လောကုတ္တရံ–မည်၏။

**၄။** ပန–ဆက်၊ စတူသု–လေးပါးကုန်သော၊ ဣမေသု စိတ္တေသု–တို့တွင်၊ ကာမာဝစရစိတ္တသ–ကာမာဝစရစိတ်၏၊ ကုသလာကုသလဝိပါကကိရိယဘေဒေန–ကုသိုလ်စိတ်, အကုသိုလ်စိတ်, ဝိပါက်စိတ်, ကြိယာစိတ်တို့၏ အပြားအားဖြင့်၊ စတုဗ္ဗိဓဘာဝေ–လေးပါးအပြားရှိသည်၏ အဖြစ်သည်၊ (သတိ)ပိ–ဖြစ်ပါသော်လည်း၊ ပါပါဟေတုကဝဇ္ဇာနံ–အကုသိုလ်စိတ်, အဟိတ်စိတ်တို့သည် ကြဉ်အပ်ကုန်သော၊ ဧကူနသဋ္ဌိယာ–တစ်ခုယုတ်ခြောက်ဆယ်သော၊

**ဥပါဒါန၊ပေ၊တ္တရံ။** ။"လောက+ဥတ္တရ"ဟု ခွဲ၍ "လောက"အရ ဥပါဒါန်၏ အာရုံဖြစ်သော လောကီစိတ် စေတသိက် ရုပ်တို့ကို ယူ၊ ဥပါဒါနက္ခန္ဓသင်္ခါတဟူသော ပါဌ်ဖြင့် သတ္တလောက ဩကာသလောကကို တားမြစ်သည်၊ "လောကတော+ဥတ္တရ–လောကမှလွန်မြောက်"ဟူသည် အာသဝေါတရားတို့၏ အာရုံပြုကို မခံရသောအားဖြင့် လွန်မြောက်ခြင်းတည်း၊ မဂ်ခဏ၌ လွန်မြောက်ဆဲဖြစ်၍ "ဥတ္တရတိ"ဟု ပစ္စုပ္ပန်ဝစနတ္တပြု၍ ဖိုလ်ခဏ၌ လွန်မြောက်ပြီးဖြစ်၍ "ဥတ္တိဏ္ဏံ"ဟု အတိတ်ဟော တပစ္စည်းဖြင့် ဝစနတ္ထပြုသည်၊ ဥဘယမ္ပိ ဝါ–စသောနည်းကား ဥတ္တရသဒ္ဒါသည် အဓိကအနက်ဟော ရုဋ္ဌီပုဒ်ဖြစ်၍ ဝိဂ္ဂြိုဟ် မပြုရ၊ လောကမှ လွန်မြောက်ပုံကို ဘာသာဋီကာ၌ ပြထားပြီ။

**ဣမေသု ပန။** ။တတ္ထ စိတ္တံ တာဝ၊ပေ၊လောကုတ္တရဉ္စေတိ–ဟူသောပါဌ်ဖြင့် စိတ္တံ၏ သရုပ်ပြဝါကျကို ဖွင့်ပြပြီး၍ ယခုအခါ၌ သောမနဿ သဟဂတံ–စသော ပါပါဟေတုက စိတ်တို့ကို ဖွင့်ပြလိုသောကြောင့် "ဣမေသု ပန"စသည် မိန့်။ [လောကုတ္တရဉ္စေတိတိုင်အောင် ဖွင့်ပြီးနောက် "သောမနဿ သဟဂတံ"စသည်ကို ဖွင့်ဖို့ရန် အနုသန္ဓေတက်ပုံကို ထောက်၍ "တတ္ထ ကတမံ ကာမာဝစရံ"ဟု ယခု သင်္ဂြိုဟ်စာအုပ်များ၌ ပါရှိနေသော ဝါကျကို ရှေးဟောင်းဝါကျ မဟုတ်ဟု ဆိုကြသည်။]

**စတုဗ္ဗိဓဘာဝေပိ။** ။ပိသဒ္ဒါသည် အရုစ္စတ္ထဇောတက နိပါတ်ပုဒ်၊ ကိဋ္ဌာပိနောက်၌ ရှိသော "ပန တထာပိ"နှင့် သဘောတူပင်တည်း၊ ကိဋ္ဌာပိရှိရာ၌ ကျမ်းတက်သကဲ့သို့ ဤ၌ "ဝေါဟာရကရဏတ္ထံ, ပါပါဟေတုကေဟိ ပဌမံ ဒဿေန္တော"ကို ကြည့်၍

စိတ္တာနံ–စိတ်တို့၏၊ ဝါ–တစ် နည်း၊ ကေနစုတိယာ–၉၁ ပါးသော၊ စိတ္တာနံ–တို့၏၊ သောဘနနာမေန–သောဘနနာမည်ဖြင့်၊ ဝေါဟာရကရဏတ္ထံ–အခေါ်အဝေါ်ကိုပြုခြင်း အကျိုးငှာ၊ ပါပါဟေတုကမုတ္တာနိ, သောဘနာနီတိ ဝုစ္စရေတိ–ဟူ၍၊ ဧဝံ–ဤသို့၊ ဝက္ခ မာနနယဿ–ဆိုအပ်လတ္တံ့သောနည်းအား၊ အနုရူပတော–လျော်သောအားဖြင့်၊ ပါပါဟေတုကေယေဝ–အကုသိုလ်စိတ်, အဟိတ်စိတ်တို့ကိုသာ၊ ပဌမံ–ရှေးဦးစွာ၊ ဒဿေန္တော–ပြတော်မူလိုသည်၊ ဟုတွာ–ဖြစ်၍လည်းကောင်း၊ ဝါ–ဖြစ်ခြင်းကြောင့်လည်းကောင်း၊ (ဤတိုင်အောင် အကုသိုလ်စိတ် အဟိတ်စိတ်တို့ကို ကျမ်းတက်၏။) တေသု စ–ထိုအကုသိုလ် စိတ် အဟိတ်စိတ်တို့တွင်လည်း၊ ဘဝေသု–ဘဝတို့၌၊ ဂဟိတပဋိသန္ဓိကဿ–ယူအပ်ပြီးသော ပဋိသန္ဓေရှိသော၊ သတ္တဿ–သတ္တဝါ၏၊ အာဒိတော–အစ၌၊ ဝီထိစိတ္တဝသေန–ဝီထိစိတ်အစွမ်းဖြင့်၊ လောဘသဟဂတစိတ္တုပ္ပါဒါနမေဝ–လောဘသဟဂုတ်စိတ္တုပ္ပါဒ်တို့၏သာ၊ သမ္ဘဝတော–ဖြစ်ခြင်းကြောင့်၊ တေယေဝ–ထိုလောဘသဟဂုတ်စိတ်တို့ကိုပင်၊ ပဌမံ–စွာ၊ ဒဿေတွာ–ပြ၍လည်းကောင်း၊ (လောဘမူစိတ်ကို ကျမ်းတက်သည်၊) တဒနန္တ ရံ–ထိုလောဘသဂုတ်စိတ်၏ အခြားမဲ့၌၊ ဒွိဟေတုကဘာဝသာမညေန–ဒွိဟိတ်၏အဖြစ်ဖြင့် သဘောတူသည်၏အဖြစ်ကြောင့်၊ ဒေါမနဿသဟဂတေ(စ)–ဒေါမနဿသဟဂုတ်စိတ်တို့ကိုလည်းကောင်း၊ (ဒေါသမူစိတ်ကို ကျမ်းတက်သည်၊) တဒနန္တရံ–ထို ဒေါမနဿသဟဂုတ်စိတ်တို့၏ အခြားမဲ့၌၊ ဧကဟေတုကေ စ–ဧကဟိတ် ဖြစ်သော မောဟမူစိတ်တို့ကို လည်းကောင်း၊ ဒဿေတုံ–ပြခြင်းငှာ၊ (မောဟမူစိတ်ကို ကျမ်းတက်သည်၊) ႔ သောမနဿသဟဂတန္တျာဒိနာ –

---

ဓောဒနာတက် တက်ပုံကား–အရှင်ဋီကာဆရာ...ကာမဝစရစိတ်သည် ကုသိုလ်စသော အားဖြင့် လေးပါးပြားသည် မဟုတ်လော, ထိုသို့ လေးပါးပြားသောကြောင့် "ကုသလာ ဓမ္မာ, အကုသလာဓမ္မာ, အဗျာကတာဓမ္မာ"နှင့်အညီ ကုသိုလ်စိတ်ကို ရှေးဦးစွာ ပြသင့်လျက် မပြဘဲ အဘယ်အကျိုးငှာ ပါပါဟေတုကတို့ကို ရှေးဦးစွာပြရပါသနည်း–ဟု ဓောဒနာဖွယ်ရှိသောကြောင့် "စတုဗ္ဗိဓောဘဝေပိ ဝေါဟာရကရဏတ္ထံ" ဟု မိန့်၊ လေးပါးပြားသော်လည်း ပါပါဟေတုကမှ လွတ်သောစိတ်တို့ကို "သောဘန"ဟု တပေါင်းတည်းခေါ်ဝေါ်မှုကို ပြုခြင်းအကျိုးငှာ ပါပါဟေတုကစိတ်တို့ကို ရှေးဦးစွာ ပြရသည်–ဟူလို။ ["ဝေါဟာရကရဏတ္ထံ"ကို "ဒဿေန္တော"၌ စပ်။]

**တေသုစ၊ပေ၊ဒဿေတွာ။** ။ဘဝတိုင်း၌ ပဋိသန္ဓေစိတ် ဖြစ်ပြီးနောက် ဘဝင် (၁၅/၁၆) ဖြစ်၊ ထို့နောက်မှ မိမိရခါစဘဝကို နှစ်သက်သော "ဘဝနိကန္တိ"ခေါ် လောဘဇော ဖြစ်၏၊ ထို့ကြောင့် တစ်ဘဝ၌ ဝီထိစိတ်တို့တွင် လောဘမူစိတ်သည် အစဆုံးစိတ်တည်း၊ ဤစကားဖြင့် လောဘမူစိတ်ကို အစဆုံး ပြရခြင်း၏ အကြောင်းကို ပြ၏၊ ဥပ္ပတ္တိက္ကမအာ ဖြင့် လောဘမူစိတ်ကို အစဆုံး ပြရသည်–ဟူလို။

သောမနဿသဟဂတံ အစရှိသောပါဠ်ဖြင့်၊ တာဝ–ဒေါသမူစိတ်မှ ရှေးဦးစွာ၊ လောဘမူလံ–လောဘမူစိတ်ကို၊ ဝေဒနာ၊ပေ၊ဘေဒေန–ဝေဒနာအပြား၊ ဒိဋ္ဌိအပြား၊ သင်္ခါရအပြားအားဖြင့်၊ အဋ္ဌဓာ–ရှစ်ပါးအပြားအားဖြင့်၊ ဝိဘဇိတွာ–ဝေဖန်၍၊ (အာစရိယော–အရှင်အနုရုဒ္ဓါဆရာသည်၊) ဒဿေတိ–ပြတော်မူ၏။

တတ္ထ–ထိုသောမနဿ·သဟဂတံအစရှိသောပါဠ်၌၊ (ဝစနတ္ထော–ကို၊ ဧဝံ–ဖြင့်၊ ဝေဒိတဗ္ဗော–သိထိုက်၏၊) သုန္ဒရံ–သာယာဖွယ်တောင်း, ကောင်းသော၊ မနော–စိတ်တည်း၊ ဣတိ–ထို့ကြောင့်၊ သုမနော–သုမနမည်၏၊ ဝါ–တစ်နည်း၊ တေသ–ဤပုဂ္ဂိုလ်၏၊ တံ–ထိုကောင်းသောစိတ်သည်၊ အတ္ထိ–ရှိ၏၊ ဣတိ–ကြောင့်၊ သော–ထိုပုဂ္ဂိုလ်သည်၊ သုမနော–သုမနမည်၏၊ စိတ္တံ–စိတ်တည်း၊ (ဤစိတ္တံကား သုန္ဒရံ မနောအတွက် အရကောက်တည်း၊) ဝါ–တစ်နည်း၊ တံသမင်္ဂီ ပုဂ္ဂလော–ထိုကောင်းသောစိတ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်တည်း၊(ဤကား တံ ဝါ တေသ အတ္ထိအတွက် အရကောက်တည်း၊) တသ္မိံ–ထိုကောင်းသော စိတ်၌၊ ဝါ–ထို ကောင်းသောစိတ်ရှိသော ပုဂ္ဂိုလ်၌၊ အဘိဓာနဗုဒ္ဓိနံ–သဒ္ဒါ အသိဉာဏ်တို့၏၊ ပဝတ္တိဟေတုတာယ–ဖြစ်ခြင်း၏အကြောင်း၏အဖြစ် ကြောင့်၊ တဿ–ထိုကောင်းသော စိတ်၏၊ ဝါ–ထိုကောင်းသော စိတ်ရှိသော ပုဂ္ဂိုလ်၏၊ ဘာဝေါ–ဖြစ်ကြောင်းတည်း၊ ဣတိ–ထို့ကြောင့်၊ သောမနဿံ–

---

**တဒနန္တရံ၊ပေ၊ဒဿေတိ**။ ။လောဘမူစိတ်၌ လောဘ–မောဟအားဖြင့် ဟိတ် ၂ ပါးရှိသကဲ့သို့ ဒေါသမူစိတ်၌လည်း ဒေါသ–မောဟအားဖြင့် ဟိတ်နှစ်ပါးရှိသောကြောင့် ဟိတ် ၂ပါးရှိခြင်း သဘောတူရကား လောဘမူစိတ်၏အခြားမဲ့၌ ဒေါသမူစိတ်ကို လည်းကောင်း, ထို့နောက်မှ မောဟဟိတ် တစ်ပါးသာရှိသော မောဟမူစိတ်ကိုလည်း ကောင်း ပြသည်၊ ဤ တဒနန္တရံ၊ပေ၊ဒဿေတုံ တိုင်အောင်ပါဠ်ဖြင့် ဒေါသမူ မောဟမူ စိတ်တို့ကို ဆက်၍ ဆိုရခြင်း၏ အကြောင်းကို ပြသည်။

**သုမနော**။ ။"သုန္ဒရံ+မနော"ဖြင့် သု၏ သုန္ဒရအနက်ကို ပြ၏၊ ဤဝိဂ္ဂဟ၏ အရကို "စိတ္တံ"ဟု ပြလတ္တံ့၊ အကုသိုလ်စိတ်ပင်ဖြစ်သော်လည်း သောမနဿသဟဂုတ် စိတ်က သာယာဖွယ်ကောင်းသော သုခနှင့်ယှဉ်သောကြောင့်"သာယာဖွယ်ကောင်းသော အကောင်း"တည်း၊ အနဝဇ္ဇသုခဝိပါက အကောင်းမဟုတ်၊ "တံ တေသ"၌ တံဖြင့် "သုမနော"ကို ညွှန်ပြ၏၊ မနောပုဒ်ကို (ပုံ–နပုံလိင်ဟု အဘိဓာန်၌ဆို၍ ရူပသိဒ္ဓိက ပုံလိင်ခန်းတွင် သွင်းထားသော်လည်း၊) သက္ကတ အဘိဓာန်၌ နပုံလိင်ဟု ဆိုသော ကြောင့် နပုံလိင်ဟုပင် ယူဆ၍ "တံ"ဟု နပုံလိင်ဖြင့် ညွှန်ပြသည်၊ "သုမနော+ တေသ အတ္ထီတိ သုမနော"ဟု ပြုစေလိုရင်းတည်း၊ တံ သမင်္ဂီပုဂ္ဂလောကား ဤအဿတ္ထိတဒ္ဓိတ်၏ အရကောက်တည်း။

**တဿ ဘာဝေါ**။ ။ဤပါဠ်ဖြင့် "သုမနဿ+ဘာဝေါ သောမနဿံ"ဟု ဘာဝတဒ္ဓိတ် ကို ပြ၏၊ "တသ္မိံ အဘိဓာနဗုဒ္ဓိနံ ပဝတ္တိဟေတုတာယ"ဖြင့် ဘာဝ၏အနက်ကို ပြ၏၊ မှန်၏–ဘာဝပုဒ်ကို ဝိဂ္ဂဟပြုလျှင် "ဘဝန္တိ ဗုဒ္ဓိသဒ္ဒါ ဧတေနာတိ ဘာဝေါ"ဟု

. သောမနဿမည်၏၊ [သောမနဿံ–ကောင်းသောစိတ်၏ ဖြစ်ကြောင်း၊ ဝါ–ကောင်းသောစိတ်ရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်း၊] တော်–ဤသောမနဿံ ဟူသောသဒ္ဒါသည်၊ မာနသိကသုခဝေဒနာယ–စိတ်၌ဖြစ်သော သုခဝေဒနာ၏၊ အဓိဝစနံ–အထက်၌ဖြစ်သော သဒ္ဒါတည်း၊ (တစ်နည်း) တော်–ဤသောမနဿံ ဟူသော အမည်သည်၊ မာနသိက သုခဝေဒနာယ–၏၊ အဓိဝစနံ–အမည် တည်း၊ တေန–ထိုသောမနဿဝေဒနာနှင့်၊ သဟဂတံ–တကွဖြစ်သော စိတ် တည်း၊ ကေဝ္ပါဒါဒိဝသေန–တကွဖြစ်ခြင်း အစရှိသည်တို့၏ အစွမ်းဖြင့်၊ [အဋ္ဌကထာကြီးများ၌ "ကေဝ္ပါဒတာဒီဟိ" ဟု ရှိ၏၊] သံသဋ္ဌ–ရောနှောသော စိတ်တည်း၊ ဣတိ–ကြောင့်၊ သောမနဿသဟဂတံ–မည်၏၊ [သောမနဿ သဟဂတံ–သောမနဿဝေဒနာနှင့်တကွ ကေဝ္ပါဒတာအစရှိသည်တို့၏ အစွမ်း ဖြင့် ရောနှောလျက် တကွဖြစ်သောစိတ်၊] ဝါ–တစ်နည်း၊ တေန–နှင့်၊ သဟ–တကွ၊ ကေဝ္ပါဒါဒိဘာဝံ–ကေဝ္ပါဒ အစရှိသည်တို့၏ အဖြစ်သို့၊ ဂတံ–ရောက်သောစိတ်တည်း၊ ဣတိ–ကြောင့်၊ သောမနဿသဟဂတံ–မည်၏၊ [သောမနဿဝေဒနာနှင့် တကွ ကေဝ္ပါဒတာ အစရှိသည်တို့၏ အဖြစ် ရောက်သောစိတ်။]

---

ပြုရ၏၊ အကျယ်ကို ဘာဝတဒ္ဓိတ်ခန်းမှာ ရှု၊ [အဘိဓာနနှင့် သဒ္ဒသည် အနက်အားဖြင့် သဘောတူ၏၊ ပဝတ္တိဟေတုသည် "ဘဝတ္တိ တေန"နှင့် သဘောတူ၏။]

**မာနသိကဿေတံအဓိဝစနံ**။ ။[မာနသိကသုခဖြင့် ကာယိကသုခကို တားမြစ်သည်၊] အဓိ (ဥပရိ)–မာနသိကသုခဝေဒနာ၏ အပေါ်၌+ပဝတ္တံ–ရှင်ဆို အားဖြင့်ဖြစ်သော+ဝစနံ–သဒ္ဒါတည်း၊ အဓိဝစနံ–ဒ္ဒါ၊ "သုမနဿဒ္ဒါ၏ ဖြစ်ကြောင်း, ကောင်းသော စိတ်ရှိသူဟု သိကြောင်းတရား"ဟူရာ၌ မာနသိကသုခ, ကာယိကသုခ, ပီတိတို့နှင့်ဆိုင်ရကား ထိုပီတိနှင့် သုခဝေဒနာတို့၏ အပေါင်းဆိုင်အမည်ကို ဤနေရာ၌ အစိတ်မာနသိက သုခဝေဒနာပေါ် တင်စားသော အတင်ရှင်ဆိုသဒ္ဒါ, ကေဒေသျူပစာဟု သိစေလို၍ "အဓိဝစနံ"ဟု ဖွင့်သည်။ [မဏိမဉ္ဇူ၌ "ကောင်းသောစိတ်ရှိသူ၏ ဖြစ်ကြောင်း"ဟု ဆိုလျှင် "ကောင်းသောစိတ်"ကို ရ၏ဟု ယူမည်စိုး၍, တစ်နည်း–"ယှဉ်ဘက် စေတသိက်အားလုံး"ကို ယူမည်စိုး၍ "မာနသိကဿေတံအဓိဝစနံ"ဟု မိန့်ရကြောင်းကို ဆိုလေသည်။]

[နိယာမ်] အဓိဝစနံ, နာမံရှိက, များလှနက်တွင်, လိုအင်နက်မှီ, ထင်ရှင်ဦး။
အဓိဝစနံ, နာမံရှိရာ, ဥပစာ, မြစ်စွာ ညာဏ်ဖြင့်ရှု။

**တေနၕေသံသဋ္ဌံ**။ ။သဟဂတသဒ္ဒါ၏ အဘိဓာန်လာ တဗ္ဘာဝစသော အနက်တို့ တွင် သံသဋ္ဌအနက်ဟောဟု သိစေလို၍ "သံသဋ္ဌံ"ဟု ဖွင့်သည်၊ သံသဋ္ဌသဒ္ဒါ၏ အနက်များစွာတို့တွင်ကား သဟဇာတအနက်တည်း၊ ဒုတိယဝိကပ်၌ သဟတစ်ပုဒ်, ဂတတစ်ပုဒ်ခွဲ၍ သဟသည် အတူယှဉ်ခြင်းအနက်ဟော၊ ဂတသဒ္ဒါကား ပဝတ္တိအနက် ဟောဟု သိစေ၏၊ [စိတ်နှင့် ဝေဒနာတို့ သံသဋ္ဌဖြစ်ပုံကို ဘာသာဋီကာ၌ ပြထားပြီ။]

ယာဓမ္မဇာတိ–အကြင် တရားသဘောသည်၊ မိစ္ဆာ–မှားသောအားဖြင့်၊ ပဿတိ–မြင်တတ်၏၊ ဣတိ–ကြောင့်၊ သာဓမ္မဇာတိ–သည်၊ ဒိဋ္ဌိ–ဒိဋ္ဌိမည်၏၊ ဟိ–မှန်၏၊ (တစ်နည်း) ဟိယသ္မာ–အကြင့်ကြောင့်၊ သာမညဝစနဿပိ–သာမညသဒ္ဒါ၏လည်း၊ အတ္ထပ္ပကရဏာဒိနာ–အကျိုး, အရာဌာန အစရှိသော အကြောင်းကြောင့်၊ ဝိသေသ ဝိသယတာ–ထူးသော ဟောရာအနက် ရှိသည်၏ အဖြစ် သည်၊ ဝါ–ထူးသောအနက်ကိုဟောနိုင်သည်၊ ဟောတိ–ဖြစ်၏၊ ဣတိ–ထို့ကြောင့်၊ ဣဓ–ဒိဋ္ဌိဂတသမ္ပယုတ္တံဟူသော ဤပါဠ်၌၊ မိစ္ဆာဒဿနမေဝ–မှားသောအားဖြင့် မြင်ခြင်းကိုသာ၊ ဒိဋ္ဌိတိ–ဒိဋ္ဌိဟူ၍၊ (ဘဂဝတာ) ဝုစ္စတိ–ဟောတော်မူအပ်၏၊ ဒိဋ္ဌိယေဝ–မိစ္ဆာအမြင်သည်ပင်၊ ဒိဋ္ဌိဂတံ–ဒိဋ္ဌိဂတ မည်၏၊ (ကသ္မာ–အဘယ့်ကြောင့်နည်း၊) သင်္ခါရဂတံထာမဂတံတျာဒိသုဝိယ–သင်္ခါရဂတံ ထာမဂတံအစရှိသော ပြယုဂ်တို့၌ကဲ့သို့၊ ဂတသဒ္ဒဿ–ဂတသဒ္ဒါ၏၊ တဗ္ဘာဝ ဝုတ္တိတ္တာ–တဗ္ဘာဝဝုတ္တိ၏အဖြစ်ကြောင့်တည်း၊ဝါ–ထိုဒိဋ္ဌိသဒ္ဒါ၏အနက်၌ဖြစ်ခြင်း ရှိသည်၏အဖြစ်ကြောင့်တည်း။ [သင်္ခါရဂတံ–သင်္ခါရ၊ ထာမဂတံ–အားအစွမ်း။]

---

**သာမညဝစနဿပိ ဟိ**။ ။ဒိဋ္ဌိပုဒ်ကို ဝိဂြိုဟ်ပြုရာ၌ "ပဿတီတိ ဒိဋ္ဌိ"ဟုသာ မပြုပါဘဲ မိစ္ဆာသဒ္ဒါထည့်၍ ပြုရခြင်း၏ သင့်လျော်ပုံကို ယုတ္တိဒဋ္ဌီဖြင့် ခိုင်မြဲစေလိုသော ကြောင့်"သာမညဝစနဿပိ ဟိ"စသည်ကိုမိန့်၊ ဤအလို ဟိသဒ္ဒါသည် ယုတ္တိဒဋ္ဌီ ဇောတက၊ နောက်၌ "ဣတိ(တသ္မာ)"ကို ထောက်၍ "ဟိ–ယသ္မာ"ဟု ဟေတု ဇောတကလည်း ဖွင့်ကြ၏။

**ဆိုလိုရင်းမှာ**–ဒိဋ္ဌိသဒ္ဒါသည် သမ္မာဒိဋ္ဌိ (မှန်သောအမြင်)မိစ္ဆာဒိဋ္ဌိ (မှားသောအမြင်) နှစ်မျိုးကို ဟောနိုင်သော သာမညသဒ္ဒါ၏၊ သာမညသဒ္ဒါဟူသမျှလည်း အတ္ထပကရဏ (အကျိုးနှင့်အရာဌာန) လိုက်၍ ဝိသေသအနက်ဟူသော ဟောရာရှိ၏၊ (ဝိသေသ အနက်ကို ဟောနိုင်၏၊) ဤနေရာ၌ကား အကုသိုလ်စိတ်ကို ပြသောအရာတည်း၊ ထို့ကြောင့် အကုသိုလ်အရာအားလျော်စွာ ဒိဋ္ဌိအရ မိစ္ဆာဒိဋ္ဌိဟူသော အနက်ဝိသေသကို ယူရသည်–ဟူလို။

**အတ္ထပကရဏာဒိနာ**။ ။အတ္ထကို"ပယောဇနေ–အကျိုး"ဟု ဖွင့်ကြ၏၊ "သိန္ဓဝံ အာနေဟိ, ရဏာင်္ဂဏံ ပဝိသိဿာမိ–စစ်မြေပြင်သို့ ဝါဝင်မည်၊ သိန္ဓောကို ဆောင်ယူခဲ့" ဟုဆိုရာ၌ သိန္ဓောဆားကို ဆောင်ခဲ့၍ အကျိုးမရှိ၊ သိန္ဓောမြင်းကို ဆောင်ခဲ့မှ အကျိုး ရှိ၏၊ ဤသို့ အကျိုးရှိ–မရှိကို ကြည့်၍ အနက်မှန်ကို ဆုံးဖြတ်ရသည်၊ ထမင်းပွဲပြင် ထားရာ၌ "သိန္ဓဝံ အာနေဟိ"ဟု ဆိုလျှင် "သိန္ဓဝံ–သိန္ဓောဆား"ဟု အနက်ပေးရ၏၊ ဤသို့ ပကရဏ(အရာဌာန)ကို ကြည့်၍လည်း အနက်မှန်ကို ဆုံးဖြတ်ရသည်၊ [ပကရဏ အာဒိနာ၌ အာဒိ၏အနက်ကို ရူပသိဒ္ဓိဘာသာဋီကာ အတီသစန္တ သသုတ်၌ ရှုပါ။]

**တဗ္ဘာဝဝုတ္တိတ္တာ**။ ။တဿ–ထို(တွဲဖက်)သဒ္ဒါ၏+ဘာဝေါ–ဖြစ်ကြောင်းအနက်တည်း၊ တဗ္ဘာဝေါ–ထိုသဒ္ဒါ၏အနက်၊ [အဘိဓာန်လာ ဘာဝသဒ္ဒါ၏ အနက်တို့တွင် "ပဒတ္ထ" အနက်ဟောတည်း၊] တဗ္ဘာဝေ + ဝုတ္တိ ယဿာတိ တဗ္ဘာဝဝုတ္တိ–ထိုသဒ္ဒါ၏ အနက်၌

ဝါ–တစ်နည်း၊ ဒွါဒသဋ္ဌိယာ–(၆၂)ပါးသော၊ ဒိဋ္ဌီသု–မိစ္ဆာအယူတို့၌၊ ဂတံ–ဖြစ်သော တရားတည်း၊ အန္တောဂတံ–အတွင်း၌ဖြစ်သော တရားတည်း၊ ဝါ–ပါဝင်သော တရားတည်း၊ ဣတိ–ကြောင့်၊ ဒိဋ္ဌိဂတံ–ဒိဋ္ဌိဂတမည်၏၊ [ဒိဋ္ဌိဂတံ–၆၂ပါးသော မိစ္ဆာအယူတို့၌ ဖြစ်သောတရား။] ဝါ–တစ်နည်း၊ ဒိဋ္ဌိယာ–မိစ္ဆာအယူ၏၊ ဂမနမတ္တံ–ဖြစ်ခြင်းမျှတည်း၊ ဧတ္ထ–ဤမိစ္ဆာ အယူဖြစ်ရာ၌၊ ဂန္တဗ္ဗော–သိထိုက်သော၊ အတ္တာဒိကော–အတ္တအစရှိသော၊ ကောစိ–တစ်စုံတစ်ခု သောတရားသည်၊ န အတ္ထိ–မရှိတော့၊ ဣတိ–ကြောင့်၊ ဒိဋ္ဌိဂတံ–မည်၏၊ [ဒိဋ္ဌိဂတံ–မိစ္ဆာအယူ၏ဖြစ်ခြင်း၊] ဣဒမေဝ–ဤ ငါ့အယူသည်သာ၊ သစ္စံ–မှန်၏၊ အညံ–အခြားသော အယူသည်၊ မောဃံ–အချည်းနှီးသာတည်း၊ ဣတိ–ဤသို့၊ ပဝတ္တော–ဖြစ်သော၊ အတ္တတ္တနိယာဒိအဘိနိဝေသော–ငါ,ငါ့ဉစ္စာ အစရှိ သောအားဖြင့် မှားမှားယွင်းယွင်း နှလုံးသွင်းခြင်းတည်း၊ တေန–ထိုမိစ္ဆာအယူ နှင့်၊ သမံ–အညီအမျှ၊ ကေဟ္ပာဒါဒီဟိ(ကေဟ္ပာဒတာဒီဟိ)–ကေဟ္ပာဒတာအစရှိ ကုန်သော၊ ပကာရေဟိ–အပြားတို့ဖြင့်၊ ယုတ္တံ–ယှဉ်သောစိတ်တည်း၊ ဣတိ–ထို့ကြောင့်၊ ဒိဋ္ဌိဂတ သမ္ပယုတ္တံ–ဒိဋ္ဌိဂတသမ္ပယုတ်မည်၏၊ [ဒိဋ္ဌိဂတသမ္ပယုတ္တံ–မိစ္ဆာဒိဋ္ဌိနှင့်အညီအမျှ ကေပ္ပါဒတာအစရှိသော အပြားတို့ဖြင့် ယှဉ်သောစိတ်။]

ဖြစ်ခြင်းရှိသော သဒ္ဒါ၊ ဒိဋ္ဌိဂတံ၌ ဂတသဒ္ဒါသည် မိမိအတွက် အနက်သီးခြား မရှိ၊ ထိုဒိဋ္ဌိသဒ္ဒါ၏အနက်၌ ဖြစ်ခြင်းရှိ၏၊ ထိုဒိဋ္ဌိသဒ္ဒါ၏ အနက်ကိုပင် တွဲဖက်၍ ဟော၏၊ ဤပုဒ်မျိုးကို ဒိဋ္ဌိနှင့် ဂတတို့ အနက်အရတူသောကြောင့် တဗ္ဗာဝဝုတ္တိ ကမ္မဓာရဲ သမာသ်ပုဒ်ဟု ခေါ်သည်၊ သင်္ခါရဂတံ ထာမဂတံ၌လည်း သင်္ခါရထာမတို့၏ အနက်ကိုပင် ဂတသဒ္ဒါတို့က တွဲဖက်၍ ဟောကြရသည်၊ အာဒိဖြင့် ဂူထဂတံ(ကျင်ကြီး) မုတ္တဂတံ(ကျင်ငယ်)စသော ပုဒ်များကို ယူ။ [ဤ တဗ္ဗာဝဝုတ္တိသဒ္ဒါများကို "လုံးလုံး အနက်မရှိ"ဟု မမှတ်ရ တွဲဖက်သဒ္ဒါ၏ အနက်ရှိသည်။]

**ဒွါဒသဋ္ဌိယာ ဝါ**။ ။ဤနည်း၌ "ဂတံ–ဖြစ်သောတရားတည်း"ဟုသာ ပေး၊ အန္တောဂတံကား–"(၆၂)ပါးသော မိစ္ဆာအယူ၌ ဖြစ်"ဟူသည် "ပါဝင်ခြင်းတည်း"ဟု ဂတံ၏ အဓိပ္ပာယ်ဖွင့်တည်း၊ "ဒိဋ္ဌီသု+ဂတံ ဒိဋ္ဌိဂတံ"ဟု ပြု၊ [(၆၂)ပါးသော မိစ္ဆာအယူကို သီလက္ခန် ဗြဟ္မဇာလသုတ်မှ မဏိမဉ္ဇူ ယူ၍ ပြထားသည်။]

**ဒိဋ္ဌိယာ ဝါ**။ ။ဤနည်း၌"ဂမနံ–ဖြစ်ခြင်း၊ ဂတံ–ခြင်း၊"ဟု ဘာဝသာဓ်ပြု၊ မတ္တံကား အဝဓာရဏအနက်ဟောတည်း၊ "သဗ္ဗပဒံ သာဝဓာရဏံ" ပရိဘာသာနှင့်အညီ ထို အဝဓာရဏအနက်ကိုလည်း ရသင့်၍ ထည့်သည်၊ ထိုမတ္တံဖြင့် တားမြစ်အပ်သော နိဝတ္တေတဗ္ဗတ္ထကို ပြလို၍ "န ဧတ္ထ၊ပေ၊အတ္ထိ"ဟု အပိုထည့်သည်၊ "ဒိဋ္ဌိယာ+ဂတံ ဒိဋ္ဌိဂတံ"သာ လိုရင်းတည်း၊ ဣဒမေဝ သစ္စံ စသည်ကား ဒိဋ္ဌိဂတံ၏ အဘိဓေယျ တည်း၊ ထို့နောက် သမ္ပယုတ္တံနှင့် တွဲ၊ သမံသည် သံ၏အဖွင့်၊ ကေပ္ပါဒါဒီဟိ ပကာရေဟိ [illegible]ည့် [illegible]ကြောင်း၊ ထို သမ္ပယုတ္တပုဒ်၏ အဓိပ္ပာယ်ကိုလည်း ဘာသာဋီကာ၌ ပြထားပြီ။

ယော ပယောဂေါ-အကြင်ပုဗ္ဗပယောဂသည်၊ စိတ္တံ-တွန့်ဆုတ်သောစိတ်ကို၊ တိက္ခဘာဝသင်္ခါတ မဏ္ဍနဝိသေသေန-ထက်မြက်သည်၏ အဖြစ်ဟုဆိုအပ်သော တန်ဆာထူးဖြင့်၊ သင်္ခရောတိ သဇ္ဇေတိ-ဆင်ပြင်တတ်၏၊ ဣတိ-ကြောင့်၊ သော ပယောဂေါ-ထိုပုဗ္ဗပယောဂသည်၊ သင်္ခါရော-သင်္ခါရမည်၏၊ ဝါ-တစ်နည်း၊ တေန-ဤပုဗ္ဗပယောဂသည်၊ တံ-ထို တွန့်ဆုတ်သောစိတ်ကို၊ ယထာဝုတ္တနယေန-အကြင်အကြင် ဆိုအပ်ပြီးသော တန်ဆာအထူးဟူသော နည်းဖြင့်၊ သင်္ခရိယတိ သဇ္ဇိယတိ-ဆင်ပြင်အပ်၏၊ ဣတိ-ကြောင့်၊ ဝါ-ထိုသို့ ဆင်ပြင်အပ်သည်၏ အဖြစ်ကြောင့်၊ သော ပယောဂေါ-သည်၊ သင်္ခါရော-မည်၏၊ တတ္ထ တတ္ထ ကိစ္စေ-ထိုထိုကိစ္စ၌၊ သံသီဒမာနဿ-တွန့်ဆုတ်နေသော၊ စိတ္တဿ-စိတ်အား၊ အနုဗလပ္ပဒါနဝသေန-လျော်သောအားကို ပေးခြင်း၏အစွမ်းဖြင့်၊ အတ္တနောဝါ-မိမိ၏လည်းကောင်း၊ ဝါ-မိမိ၏ သန္တာန်၌ လည်းကောင်း၊ ပရေသံ ဝါ-တို့၏လည်းကောင်း၊ ဝါ-သူတစ်ပါးတို့၏ သန္တာန်၌လည်းကောင်း၊ ပဝတ္တပုဗ္ဗပယောဂေါ-ဖြစ်သော ပုဗ္ဗပယောဂတည်း။

---

**သင်္ခရောတိ**။ ။သင်္ခါရော၌ သံပုဗ္ဗ, ကရဓာတ်, ဏပစ္စည်းတည်း၊ သံပုဗ္ဗ-ကရဓာတ်သည် "ပြုပြင်-ဆင်ပြင်"အနက်ကို ဟော၏၊ ထို့ကြောင့် သင်္ခရောတိကို "သဇ္ဇေတိ"ဟု ဖွင့်သည်၊ "ဆင်ပြင်"ဟူသော ကြိယာနှင့်လိုက်အောင် တိက္ခဘာဝကို "မဏ္ဍနဝိသေသ-တန်ဆာအထူး"ဟု တင်စား၍(သဒိသူပစာရအားဖြင့်) ဆိုထားသည်၊ ဤအဖွင့်အလို "သင်္ခရောတီတိ သင်္ခါရော"ဟု ကတ္တုသာဓ်ပြု။

**သင်္ခရိယတိ ဝါ**။ ။ဤနည်း၌ "သင်္ခရိယတိ တေနာတိ သင်္ခါရော"ဟု ပြု၊ အဝုတ္တကတ္တုသာဓနဖြစ်သောကြောင့် တေနဟူသော ကတ္တားပုဒ်၏အနက်ကို အရကောက်ရသည်၊ ယထာဝုတ္တနယေနဖြင့် တိက္ခဘာဝသင်္ခါတမဏ္ဍနဝိသေသကို ညွှန်းသည်။

**တတ္ထ တတ္ထ၊ပေ၊ပုဗ္ဗပယောဂေါ**။ ။ဤကား သင်္ခါရောပုဒ်၏ အဘိဓေယျကို ပြသောဝါကျတည်း၊ တတ္ထ တတ္ထ ကိစ္စေဖြင့် အကုသိုလ်အရာ၌ ပါဏာတိပါတစသောကိစ္စ, ကုသိုလ်အရာဝယ် ဒါနပြုမှု သီလစောင့်မှု စသောကိစ္စကို ပြသည်၊ သံသီဒမာနစိတ္တ-ဟူသည် ထိုကိစ္စများကို မပြုလို၍ ပြုဖို့ရန် တွန့်ဆုတ်ပျင်းရိနေသော ထိနမိဒ္ဓပြဋ္ဌာန်းသောစိတ်, မကျန်းမာ မခန့်ကျန်းသူ၏ စိတ်တည်း။

**အနုဗလပ္ပဒါနဝသေန**။ ။အနု-ထို တွန့်ဆုတ်သော စိတ်အားလျော်စွာ+ဗလပ္ပဒါန-အားပေးခြင်း"ဟူသည် ထိုကိစ္စကို မပြုလျှင် ရရှိမည့်အပြစ်, ပြုလျှင် ရရှိမည့်အကျိုးကို ပြောပြခြင်း, တိုက်တွန်းခြင်း, ခြိမ်းခြောက်ငေါက်ငန်းခြင်း, ချော့မော့ခြင်းစသော အမှုတည်း၊ ဤဝသေနကို ပဝတ္တ၌ အဘိန္နဝိသေသန စပ်၊ ဤအနုဗလပ္ပဒါနနှင့် "ပဝတ္တပုဗ္ဗပယောဂ"သည် အရမပြား-ဟူလို။

**အတ္တနောပေ၊ပယောဂေါ**။ ။ "အတ္တနော ပဝတ္တပုဗ္ဗပယောဂေါ, ပရေသံ ပဝတ္တပုဗ္ဗပယောဂေါ"ဟုတွဲ၊ တွန့်ဆုတ်သောစိတ်ကို မိမိဘာသာပြုပြင်ရာ၌ ထိုကိစ္စကို မပြုလျှင် ရမည့်အပြစ်, ပြုလျှင် ရမည့်အကျိုးကို ကြံစည်စဉ်းစားသော မနောပယောဂ လည်း ဖြစ်နိုင်၏၊ အားတက်လာအောင် လက်သီး လက်ရုံးတန်းခြင်း, ပျို့ကဗျာ ဂါထာတို့ကို

ပန–ဆက်၊ သော–ထို ပုဗ္ဗပယောဂသည်၊ အတ္တနော–(သသင်္ခါရိကစိတ် ဟူသော)မိမိ၏၊ ပုဗ္ဗဘာဂပ္ပဝတ္တေ–ရှေ့အဖို့၌ဖြစ်သော၊ စိတ္တသန္တာနစေဝ– စိတ်အစဉ်၌၎င်း၊ ပရသန္တာနေစ–သူတစ်ပါးတို့၏သန္တာန်၌၎င်း၊ ပဝတ္တတိ– ဖြစ်၏၊ ဣတိ–ထို့ကြောင့်၊ တန္နိဗ္ဗတ္တိတော–ထို ပုဗ္ဗပယောဂသည် ဖြစ်စေအပ် သော၊ စိတ္တဿ–နောက်စိတ်၏၊ တိက္ခဘာဝသင်္ခါတော–ထက်မြက်သည်၏ အဖြစ်ဟုဆိုအပ်သော၊ ဝိသေသော–သတ္တိအထူးသည်သာ၊ ဣဓ–ဤ၌ အသင်္ခါရိက သသင်္ခါရိကစိတ်ကို ဖွင့်ပြရာ၌၊ သင်္ခါရော–မည်၏၊ ယဿ– အကြင်စိတ်၏၊ သော–ထိုသင်္ခါရသည်၊ နတ္ထိ–မရှိ၊ တံ–ထိုစိတ်သည်၊ အသင်္ခါ ရံ–အသင်္ခါရမည်၏၊ တဒေဝ–ထိုသင်္ခါရမရှိသော စိတ်သည်ပင်၊ အသင်္ခါရိကံ– အသင်္ခါရိကမည်၏၊ သင်္ခါရေန–နှင့်၊ သဟိတံ–တကွဖြစ်သော စိတ်တည်း၊ သသင်္ခါရိကံ–သင်္ခါရနှင့်တကွဖြစ်သော စိတ်။

---

ရွတ်ဆိုခြင်းစသော ကာယပယောဂ ဝစီပယောဂလည်း ဖြစ်နိုင်၏၊ ဆရာမိဘ မိတ်ဆွေ စသော သူတစ်ပါး၏ ကိုယ်လက်ဖြင့် တိုက်တွန်းမှု ကာယပယောဂ, ပြောဆိုမှု ဝစီ ပယောဂတို့လည်း ဖြစ်နိုင်ကြသည်၊ ထိုပယောဂများကို သသင်္ခါရိကစိတ် မဖြစ်မီ ရှေ့အဖို့၌ ဖြစ်သောကြောင့် "ပုဗ္ဗပယောဂ"ဟု ခေါ်သည်။

**သော ပန၊ပေ၊သင်္ခါရော**။ ။သသင်္ခါရိကံ၌ သဟ၏ (အပြ)ဖြစ်သော (သ)သည် တုလျယောဂ–အတူယှဉ်ခြင်းနက်ကို ဟော၏၊ "သင်္ခါရ"အမည်ရသော"ပုဗ္ဗပယောဂ" ကား ရှေ့အဖို့ကဖြစ်နှင့်သော ပယောဂ, သူတစ်ပါးသန္တာန်၌လည်း ဖြစ်ရသော ပယောဂဖြစ်၍ သသင်္ခါရိကစိတ်နှင့် အတူတကွ(တုလျယောဂ) မဖြစ်နိုင်၊ ထို့ကြောင့် သသင်္ခါရိကစိတ်နှင့် အတူတကွဖြစ်နိုင်ဖို့ရာ "သင်္ခါရ"အရ ထိုပုဗ္ဗပယောဂကြောင့် (တွန့်ဆုတ်သောစိတ်၏) ထက်မြက်လာသော သတ္တိအထူးကို ကာရဏူပစာရအားဖြင့် ကောက်ယူပါ–ဟူလို၊ ကိုသို့ ကောက်ယူသောအခါ နောက်စိတ်သည် ပုဗ္ဗပယောဂ ဟု ခေါ်အပ်သော သင်္ခါရနှင့် အတူတကွဖြစ်သောစိတ် (သသင်္ခါရိကစိတ်) အမည် ရတော့သည်။ [ပုဗ္ဗပယောဂသည် ကာရဏ, ထိုပယောဂကြောင့်ဖြစ်သော ထက်မြက် သော သတ္တိထူးသည် ဖလတည်း။]

**မှတ်ချက်**။ ။မိမိကိုယ်တိုင် ကိစ္စတစ်ခုကို မပြုလိုဘဲ ပျင်းရိနေသော စိတ်အစဉ်ကို စဉ်းစားပါ၊ ထိုအခါ အကျိုးအပြစ်ကို စဉ်စားလိုက်လျှင် အပျင်းပျောက်၍ ထိုကိစ္စကို ပြုလုပ်ဖို့ရန် စိတ်အစဉ်မှာ သတ္တိတစ်မျိုး ပေါ်လာ၏၊ ထိုသတ္တိဟူသည်လည်း အခြားမဟုတ်, ဝီရိယတည်း၊ ထိုဝီရိယသည် အလွန်မထက်သန်ရကား အသင်္ခါရိက စိတ်မှာ ပါသော ဝီရိယလောက် သတ္တိမရှိချေ၊ ထို့ကြောင့် အသင်္ခါရိကစိတ်က သသင်္ခါရိကစိတ်ထက် အမြဲအားဖြင့် သတ္တိသာလွန်သည်–ဟု မှတ်ပါ။

**သော၊ပေ၊ အသင်္ခါရိကံ**။ ။"နတ္ထိ သင်္ခါရော ယဿာတိ အသင်္ခါရံ"ဟု ဗဟုဗ္ဗီဟိ ပြု၍ "ဒုသင်္ခါရမေဝ အသင်္ခါရိကံ"ဟု သွတ္ထ၌ ဏိကပစ္စည်းသက်၊ ["တိက္ခဘာဝသတ္တိ ဟူသော သင်္ခါရမရှိ"ဟု ဆိုသောကြောင့် "အသင်္ခါရိကစိတ်ကို သတ္တိမရှိသောစိတ်"ဟု

စ–ဆက်၊ (တစ်နည်း) စ–သာကေကား၊ တထာ–ထိုဆိုအပ်ပြီးသည့် အတိုင်း၊ ပုဗ္ဗပ္ပယောဂသမ္ဘာေတာ၊ပေ၊ဒိတာတိ–ပုဗ္ဗပ္ပယောဂသမ္ဘာေတာ ၊ပေ၊ ဒိတာဟူ၍ (အာစရိယာ) ဝဒန္တိ–ဆိုကြကုန်၏၊ [ပုဗ္ဗပယောဂသမ္ဘာတော– ပုဗ္ဗပယောဂကြောင့် ကောင်းစွာဖြစ်သော၊ စိတ္တသမ္ဘဝီ–နောက်စိတ်၌ ဖြစ်လေ့ ရှိသော၊ ဝိသေသော–သတ္တိအထူး တန်ဆာအထူးသည်၊ သင်္ခါရော–သင်္ခါရ မည်၏၊ တ္တေ–ဤစိတ်၌၊ တံဝသေန–ထိုသင်္ခါရနှင့်စပ်သဖြင့်၊ အသင်္ခါရိကာ ဒိတာ–အသင်္ခါရိက အစရှိသည်၏ အဖြစ်သည်၊ ဝါ–အသင်္ခါရိက အစရှိသော အမည်သည်၊ ဟောတိ–၏။]

အထဝါ–ထို့ပြင် တစ်နည်းကား၊ သသင်္ခါရိကံ အသင်္ခါရိကန္တိ စ ဇတံ– သသင်္ခါရိကံ အသင်္ခါရိကံဟူသော ဤစကားကိုလည်း၊ ကေဝလံ–တကွဖြစ်ခြင်း နှင့် မဖက်, သက်သက်၊ သင်္ခါရဿ–ပုဗ္ဗပယောဂသင်္ခါရ၏၊ ဘာဝါဘာဝံ– ရှိခြင်း, မရှိခြင်းကို၊ သန္ဓာယ–ရည်ရွယ်၍၊ ဝုတ္တံ–ဟောတော်မူအပ်ပြီ၊ တဿ– ထိုပုဗ္ဗပယောဂသင်္ခါရ၏၊ သဟပ္ပဝတ္တိသဗ္ဘာဝါဘာဝတော–တကွဖြစ်ခြင်း၏ ထင်ရှားရှိသည်၏အဖြစ် ထင်ရှားမရှိသည်၏အဖြစ်ကို၊ (သန္ဓာယ) န (ဝုတ္တံ)– ဟောတော်မူအပ်သည် မဟုတ်၊ ဣတိ–ထို့ကြောင့်၊ ဘိန္နသန္တာနပ္ပဝတ္တိနောပိ– ကွဲပြားသောသန္တာန်၌ ဖြစ်ခြင်းရှိသည်လည်းဖြစ်သော၊ သင်္ခါရဿ–ပုဗ္ဗပယောဂ သင်္ခါရ၏၊ ဣဒမတ္ထိတာယ– ဤ နောက်စိတ်၌ ရှိသည်၏ အဖြစ်ကြောင့်၊

မမှတ်လင့်၊ မပြုမပြင် ပင်ကိုယ်သတ္တိကား ထိုသင်္ခါရသတ္တိထက် သာလွန်လျက် ပါရှိသည်–ဟု မှတ်။] "သင်္ခါရေန+သဟိတံ"စသည်ကား အဓိပ္ပာယ်ဖွင့်သာတည်း၊ ရှေ့နည်းအတိုင်း "သဟ+သင်္ခါရေန ယံ ဝတ္တတီတိ သသင်္ခါရံ၊ သသင်္ခါရမေဝ သသင်္ခါရိကံ"ဟု ပြု။ [တထာ စ–စသည်ကို သာကေဝါကျဟု ယူကြ၏၊ ရှေ့စကားကို ဆက်သော ဥပန္ယာသလည်း ဖြစ်သင့်သည်။]

**အထဝါ**။ ။သဟသဒ္ဒါ၏ တုလျယောဂအနက်ကို ယူသောနည်းမှတစ်ပါး, ဝိဇ္ဇမာန(ထင်ရှားရှိ)အနက်ကို ယူသောနည်းကို ပြလို၍ "အထဝါ"စသည်မိန့်၊ "သင်္ခါရဿ ဘာဝါဘာဝံ သန္ဓာယ"ဖြင့် သင်္ခါရရှိလျှင်, သသင်္ခါရိက, မရှိလျှင် အသင်္ခါရိကဟု ဆိုလိုသည်၊ "န တဿ သဟပ္ပဝတ္တိ သဗ္ဘာဝါဘာဝတော"ဖြင့် ရှေ့နည်းကဲ့သို့ တကွဖြစ်ခြင်း ရှိ–မရှိကို မရည်ရွယ်ပါ–ဟု ဆိုလိုသည်၊ သန္တိ ယာ–ထင်ရှားရှိသော တကွဖြစ်ခြင်း၏+ ဘာဝေါ သဗ္ဘာဝေါ၊ သဗ္ဘာဝေါစ+အဘာဝေါစ သဗ္ဘာဝါဘာဝါ၊ တောပစ္စည်းကို ဒုတိယာ ဝိဘတ်အနက်၌ သက်၊ [သဗ္ဘာဝါဘာဝံ–ဟု ရှိလျှင် သာ၍ စာသွားထုံးစံကျ၏။]

**ဘိန္န၊ပေ၊ဣဒမတ္ထိတာယ**။ ။ရှေ့စိတ်အစဉ်သည် နောက်စိတ်အစဉ်မှ ကွဲပြားသော ကြောင့်လည်းကောင်း, သူတစ်ပါးသန္တာန်၌ဖြစ်သော စိတ်အစဉ်သည် မိမိသန္တာန်၌ ဖြစ်သော စိတ်အစဉ်မှ ကွဲပြားသောကြောင့်လည်းကောင်း, ဘိန္နသန္တာန မည်၏၊ ထို ဘိန္နသန္တာန၌ဖြစ်သောသင်္ခါရ၏၊ ဣမသ္မိံ–ဤနောက်စိတ်၌၊ အတ္ထိတာ–ရှိသည်၏ အဖြစ်တည်း၊ ဣဒမတ္ထတာ–ဖြစ်။

တံ ဝသေန–ထိုသင်္ခါရ၏အစွမ်းဖြင့်၊ နိဗ္ဗတ္တံ–ဖြစ်သော၊ စိတ္တံ–စိတ်သည်၊ (သသင်္ခါရိကံ၌စပ်၊) အဿ–ထိုစိတ်၏၊ သင်္ခါရော–သင်္ခါရသည်၊ အတ္ထိ–ရှိ၏၊ ဣတိ–ဤဝစနတ္ထကြောင့်၊ သသင်္ခါရိကံ–မည်၏၊ (ကသ္မာ–အဘယ့်ကြောင့် နည်း၊) သလောမကော–အမွေးရှိသောလူ၊ ဝါ–အမွေးရှည်သောလူ၊ သပက္ခကော–အတောင်ရှိသောငှက်၊ ဣတိ အာဒီသုဝိယ–ဤသို့ အစရှိသောပြယုဂ်တို့၌ကဲ့သို့၊ သဟသဒ္ဒဿ–သဟသဒ္ဒါ၏၊ ဝိဇ္ဇမာနတ္ထပရိဒီပနတော–ဝိဇ္ဇမာနအနက်ကို ထင်ရှားပြခြင်းကြောင့်တည်း၊ ပန–ကား၊ တဗ္ဗိပရီတံ–ထိုသသင်္ခါရိကစိတ်၏ ပြောင်းပြန်ဖြစ်သောစိတ်သည်၊ တဒဘာဝတော–ထိုသင်္ခါရ၏မရှိခြင်းကြောင့်၊ ဝုတ္တနယေန–ဆိုအပ်ပြီးသောနည်းဖြင့်၊ အသင်္ခါရိကံ–မည်၏။

ဒိဋ္ဌိဂတေန–မိစ္ဆာဒိဋ္ဌိနှင့်၊ ဝိပ္ပယုတ္တံ–မယှဉ်သော စိတ်တည်း၊ ဝိသံသဋ္ဌ–မရောနှောသော စိတ်တည်း၊ ဣတိ–ကြောင့်၊ ဒိဋ္ဌိဂတဝိပ္ပယုတ္တံ–ဒိဋ္ဌိဂတဝိပ္ပ ယုတ္တမည်၏၊ [ဒိဋ္ဌိဂတသမ္ပယုတ္တံ၏ ပြောင်းပြန်အတိုင်း အဓိပ္ပာယ်သိပါ၊] (ယာ ဓမ္မဇာတိ–အကြင်တရားသဘောသည်၊) ဝေဒယမာနာပိ–ခံစားပါသော် လည်း၊ မဇ္ဈတ္တာကာရသဏ္ဌိတာယ–အလယ်အလတ်၌ တည်သော သဘော ရှိသည်၏အဖြစ်ဟူသောအခြင်းအရာ၌ ကောင်းစွာတည်ခြင်းကြောင့်၊ (လျစ်လျူ ရှုခြင်းဟူသောအခြင်းအရာ၌ ကောင်းစွာတည်ခြင်းကြောင့်၊) ဥပပတ္တိတော ယုတ္တိတော–အသင့်အားဖြင့်၊ ဣက္ခတိ အနုဘဝတိ–အာရုံကို ခံစားတတ်၏၊ ဣတိ–ကြောင့်၊ (သာ ဓမ္မဇာတိ–သည်) ဥပေက္ခာ–ဥပေက္ခာ မည်၏၊ ဝါ–တစ်နည်း၊ သုခဒုက္ခာနံ–သုခဒုက္ခတို့အား၊ ဝါ–တို့နှင့်၊ ဥပေတာ ယုတ္တာ–သင့်လျော်သော၊ အဝိရုဒ္ဓါ–မဆန့်ကျင်သော၊ ဣက္ခာအနုဘဝနံ–အာရုံကို

**တံဝသေန၊ပေ၊သသင်္ခါရိကံ**။ ။နောက်စိတ်ကို သသင်္ခါရိကဟု အမည်တပ်ရာ၌ ထိုဘိန္နသန္တာန်၌ဖြစ်သော သင်္ခါရ၏အစွမ်းဖြင့် အမည်တပ်ရသောကြောင့် ထိုသင်္ခါရ ရှိသော နောက်စိတ်သည် "သင်္ခါရော+အဿ အတ္ထိ"ဟူသော ဝစနတ္ထကြောင့် သသင်္ခါရိက မည်သည်–ဟူလို။

**မှတ်ချက်**။ ။ဤ၌လည်း "သံဝိဇ္ဇတိ သင်္ခါရော အဿာတိ သသင်္ခါရံ၊ သသင်္ခါရမေဝ သသင်္ခါရိကံ"ဟု ပြုမှ ဝိဂ္ဂဟအစစ် ဖြစ်မည်၊ သဥ္စေတနိကာပုဒ်ကို ပါရာဇိကဏ် အဋ္ဌကထာ ဝိဂြိုဟ်ပြုသကဲ့သို့တည်း၊ [အသင်္ခါရိကံ၌လည်း "နတ္ထိ သင်္ခါရော အဿာတိ အသင်္ခါရံ၊ အသင်္ခါရမေဝ အသင်္ခါရိကံဟု ပြုစေလို၍ "ဝုတ္တနယေန"ဟု ပထမနည်းကို ညွှန်ပြသည်၊ တဿ+ဝိပရီတံ တဗ္ဗိပရီတံ။]

**မဇ္ဈတ္တာကာရသဏ္ဌိတာယ**။ ။မဇ္ဈေ+ဌိတော+အတ္တာ (သဘာဝေါ) ယဿာတိ မဇ္ဈတ္တံ=အလယ်အလတ်၌ တည့်မတ်သောသဘောရှိသော စိတ်၊ [အတ္တသဒ္ဒါသည် သဘာဝဝါစက၊] မဇ္ဈတ္တဿ+အာကာရော=အလယ်အလတ်၌ တည့်မတ်သော သဘောရှိသောစိတ်၏ အခြင်းအရာ။ ["လစ်လျူရှုသော အခြင်းအရာ"ဟု ဆိုလိုသည်၊] မဇ္ဈတ္တာကာရေ+သဏ္ဌိတာ မဇ္ဈတ္တာကာရသဏ္ဌိတာ။

ခံစားခြင်းတည်း၊ ဣတိ–ကြောင့်၊ ဥပေက္ခာ–မည်၏၊ ["ဥပေတာ+ဣက္ခာ ဥပေက္ခာ"ဟု လုပ်စေလိုရင်းတည်း။] ဟိ–မှန်၏၊ သုခဒုက္ခာဝိရောဓိတာယ–သုခဒုက္ခတို့နှင့် ဆန့်ကျင်ခြင်း မရှိသည်၏အဖြစ်ကြောင့်၊ သော–ဤဥပေက္ခာသည်၊ တေသံ–ထိုသုခဒုက္ခတို့၏၊ အနန္တရမ္ပိ–အခြားမဲ့၌လည်း၊ ပဝတ္တတိ–ဖြစ်နိုင်၏၊ ဥပေက္ခာသဟဂတန္တိ ဣဒံ–ဥပေက္ခာသဟဂတံဟူသော ဤပုဒ်သည်၊ ဝုတ္တနယမေဝ–ဆိုအပ်ပြီးသော နည်းရှိသည်သာ၊ [သောမနဿသဟဂတံ၌ ဆိုခဲ့ပြီ-ဟူလို၊ သောမနဿေနနေရာ၌ "ဥပေက္ခာယ"ဟု ဣတ္ထိလိင်ပြောင်းရုံသာ ထူးသည်။]

ပန–ပရိဟာရပက္ခမှတစ်ပါး စောဒကပက္ခကိုဆိုဦးအံ့၊ ဧတ္ထ–လောဘမူစိတ်၌၊ အညေသုပိ–ဝေဒနာ, ဒိဋ္ဌိ, သင်္ခါရတို့မှ တစ်ပါးလည်းဖြစ်ကုန်သော၊ ဖဿာဒီသု–ဖဿအစရှိကုန်သော၊ သမ္ပယုတ္တဓမ္မေသု–သမ္ပယုတ်တရားတို့သည်၊ ဝိဇ္ဇမာနေသု–ရှိကုန်ပါလျက်၊ ကသ္မာ–အဘယ့်ကြောင့်၊ သောမနဿသဟဂတာဒိ ဘာဝေါဝ–သောမနဿသဟဂတံ အစရှိသည်၏အဖြစ်ကိုသာ၊ (အာစရိယေန–သည်) ဝုတ္တော–နည်း၊ ဣတိ–ဤကားစောဒနာတည်း၊ သောမနဿာဒီနမေဝ–သောမနဿ အစရှိသော တရားတို့၏သာလျှင်၊ (အာဒိဖြင့် ဥပေက္ခာ, ဒိဋ္ဌိ, သင်္ခါရတို့ကို ယူ၊) အသာဓာရဏဘာဝတော–အခြားစိတ်တို့နှင့် မဆက်ဆံကုန်သည်၏ အဖြစ်ကြောင့်တည်း၊ ဣတိ–ဤကား အဖြေတည်း။ [စုံစုံလင်လင် ထည့်လိုလျှင် "အညေသုပိ ဖဿာဒီသု သမ္ပယုတ္တဓမ္မေသု ဝိဇ္ဇမာနေသုပိ ကသ္မာ ဖဿသဟဂတာဒိဘာဝံ အဝတွာ သောမနဿသဟဂတာဒိ ဘာဝေါဝ (အာစရိယေန)ဝုတ္တော"ဤသို့ ထည့်၍ပေး။

ဟိ–ချဲ့၊[ကထံ တတ္ထ, ဟိတ်ပြနောက်မှာ, ဟိရောက်လာ, ချဲ့ကာယူကြမင်း၊] ဖဿာဒယော–ဖဿအစရှိကုန်သော၊ ကေစိ–အချို့စေတသိက်တို့သည်၊ သဗ္ဗစိတ္တသာဓာရဏာ–အလုံးစုံသောစိတ်တို့နှင့် ဆက်ဆံကုန်၏၊ ကေစိ–အချို့စေတသိက်တို့သည်၊ [သဒ္ဓါအစရှိသော စေတသိက်ကို ဆိုသည်၊] ကုသလာဒိသာဓာရဏာ–ကုသိုလ်အစရှိသည်တို့နှင့် ဆက်ဆံကုန်၏၊ မောဟာဒယော စ–

---

**အသာဓာရဏဘာဝတော**။ ။သောမနဿသဟဂတံဆိုလျှင် ဥပေက္ခာသဟဂုတ်စိတ်တို့နှင့် မဆက်ဆံ၊ ဥပေက္ခာသဟဂတံဆိုလျှင် သောမနဿသဟဂုတ်စိတ်တို့နှင့် မဆက်ဆံ၊ ဒိဋ္ဌိဂတသမ္ပယုတ္တံဆိုလျှင် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်တို့နှင့် မဆက်ဆံ၊ ဒိဋ္ဌိဂတဝိပ္ပယုတ္တံဟု ဆိုလျှင် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်တို့နှင့် မဆက်ဆံ၊ အသင်္ခါရိကံဟု ဆိုလျှင် သသင်္ခါရိကစိတ်တို့နှင့် မဆက်ဆံ၊ သသင်္ခါရိကံဟု ဆိုလျှင် အသင်္ခါရိကစိတ်တို့နှင့် မဆက်ဆံ၊ ဤသို့ အခြားစိတ်တို့နှင့် မဆက်ဆံသောကြောင့် သောမနဿစသည်တို့ဖြင့် စိတ်ကို အထူးပြုရပါသည်–ဟူလို။ [ဤအမေးအဖြေ၏အကျယ်ကို ဘာသာဋီကာ၌ ပြထားပြီ။]

မောဟာအစရှိသော စေတသိက်တို့သည်လည်း၊ သဗ္ဗာကုသလသာဓာရဏာ- အလုံးစုံသော အကုသိုလ်စိတ်တို့နှင့် ဆက်ဆံကုန်၏၊ ဣတိ-ထို့ကြောင့်၊ တေဟိ-ထိုဖဿအစရှိသော သမ္ပယုတ်တရားတို့ဖြင့်၊ စိတ္တံ-ကို၊ ဝိသေသေတုံ- အထူးပြုခြင်းငှာ၊ န သက္ကာ-မတတ်ကောင်း၊ ပန-အနွယကား၊ သောမနဿာ ဒယော-သောမနဿ အစရှိသောတရားတို့သည်၊ ကတ္ထစိ စိတ္တေ-အချို့စိတ်၌၊ ဟောန္တိ-ဖြစ်ကုန်၏၊ ကတ္ထစိ(စိတ္တေ)-အချို့စိတ်၌၊ န ဟောန္တိ၊ ဣတိ- ကြောင့်၊ တံဝသေန-ထို သောမနဿအစရှိသည်တို့၏ အစွမ်းဖြင့်၊ စိတ္တဿ- ၏၊ ဝိသေသော-အထူးတည်း၊ ပါကဋော၀-ထင်ရှားသည်သာ။

ပန-ပရိဟာရပက္ခမှတစ်ပါး စောဒကပက္ခကို ဆိုဦးအံ့၊ ကသ္မာ-အဘယ့် ကြောင့်၊ ဧတေ-သောမနဿ အစရှိသောတရားတို့သည်၊ ကတ္ထစိ-၌၊ ဟော န္တိ-ဖြစ်ကုန်သနည်း၊ ကတ္ထစိ-၌၊ န ဟောန္တိ-နည်း၊ ဣတိ-ဤကား အမေး တည်း၊ ကာရဏာဿ-အကြောင်း၏၊ သန္နိဟိတာသန္နိဟိတဘာဝတော-အနီး၌ တည်သည်၏အဖြစ်, အနီး၌ မတည်သည်၏အဖြစ်ကြောင့်၊ (ကတ္ထစိ ဟောန္တိ၊ ကတ္ထစိ န ဟောန္တိ၊) ဣတိ-ဤကားအဖြေတည်း၊ ပန-ဆက်၊ နေသံ-ထို သောမနဿ အစရှိသောတရားတို့၏၊ ကာရဏံ-အကြောင်းသည်၊ ကိံ- အဘယ်နည်း၊ ဣတိ-ဤကား အမေးတည်း၊ (မယာ-ငါသည်၊ ပရိဟာရော- အဖြေကို၊) ဝုစ္စတေ-ဆိုအပ်၏၊ ဝါ-ဆိုဦးအံ့၊ ဟိ-ချဲ့၊ [ဝုစ္စတေဟူသော ပဋိညာဉ်ကို ချဲ့သည်၊] သဘာဝတော-ပင်ကိုသဘောအားဖြင့်လည်းကောင်း၊ ပရိကပ္ပတော ဝါ-ကြံဆခြင်းအားဖြင့်သော်လည်းကောင်း၊ ဣဋ္ဌာရမဏံ-ဣဋ္ဌာရုံ သည်လည်းကောင်း၊ သောမနဿပဋိသန္ဓိတာ-သောမနဿနှင့်ယှဉ်သော ပဋိသန္ဓေရှိသူ၏အဖြစ်သည်လည်းကောင်း၊ အဂမ္ဘီရသဘာဝတာစ-မနက်နဲသော သဘောရှိသူ၏အဖြစ်သည်လည်းကောင်း၊ ဣစ္စ-ဤသောမနဿသဟဂုတ် စိတ် စသည်တို့ ဖြစ်ရာ၌၊ သောမနဿဿ-သောမနဿ၏၊ ကာရဏံ- အကြောင်းတည်း၊ ဣဋ္ဌမဇ္ဈတ္တာရမဏံ-ဣဋ္ဌမဇ္ဈတ္တာရုံသည်လည်းကောင်း၊ ဥပေက္ခာပဋိသန္ဓိကတာ-ဥပေက္ခာနှင့်ယှဉ်သော ပဋိသန္ဓေရှိသူ၏ အဖြစ်သည်

---

**သန္နိဟိတာသန္နိဟိတဘာဝတော**။ ။သံ+နိပုဗ္ဗ ဓာဓာတ်သည် အနီး၌ တည်ခြင်းအနက်ကို ဟော၏၊ "ကာရဏာ၏ အနီး၌တည်ခြင်း-မတည်ခြင်း"ဟူသည်လည်း နီးကပ်သော အကြောင်း၏ဖြစ်ခြင်း-မဖြစ်ခြင်းတည်း၊ သောမနဿဖြစ်ဖို့ရန် အကြောင်းရှိသော ကြောင့် သောမနဿဖြစ်ရသည်၊ ထိုအကြောင်းမရှိသောကြောင့် သောမနဿမဖြစ်-ဟူလို၊ [သန္နိဓာယတိ-အနီး၌ တည်နေ၏၊ ဣတိ သန္နိဟိတံ၊ ကေို ဟပြု၊ ... သဘာဝဣဋ္ဌ, ပရိကပ္ပဣဋ္ဌ စသည်တို့၏ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ။]

**ဝစနတ္ထ**။ ။သောမနဿသမ္ပယုတ္တာ+ပဋိသန္ဓိ ယဿာတိ သောမနဿပဋိသန္ဓိကော၊ [သမ္ပယုတ္တပုဒ်ကျေ၊] တဿ+ဘာဝေါ သောမနဿပဋိသန္ဓိကတာ၊ ဂမ္ဘီရော+သဘာဝေါ ယဿာတိ ဂမ္ဘီရသဘာဝေါ၊ န+ဂမ္ဘီရသဘာဝေါ အဂမ္ဘီရသဘာဝေါ၊ ဝိပန္နာ (ပျက်သော)

လည်းကောင်း၊ ဂမ္ဘီရသဘာဝတာ စ–နက်နဲသော သဘောရှိသူ၏ အဖြစ်သည်လည်းကောင်း၊ ဥပေက္ခာယ–ဥပေက္ခာ၏၊ (ကာရကံ–တည်း) ဒိဋ္ဌိဝိပန္နပုဂ္ဂလသေဝနာ စ–ပျက်သောအယူရှိသော ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ခြင်းသည်လည်းကောင်း၊ သဿတုစ္ဆေဒါသယတာ စ–သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိဟူသော မှီရာရှိသူ၏ အဖြစ်သည်လည်းကောင်း၊ ဒိဋ္ဌိယာ–မိစ္ဆာဒိဋ္ဌိ၏၊ (ကာရကံ–တည်း) ပန–ကား၊ ဗလဝဥတုဘောဇနာဒယော–လျောက်ပတ်အားရှိသော ဥတု,ဘောဇဉ် အစရှိကုန်သော၊ ပစ္စယာ–အကြောင်းတို့သည်၊ အသင်္ခါရိကဘာဝဿ–အသင်္ခါရိက၏အဖြစ်၏၊ (ကာရကံ–တည်း) ဉာတိ–ဤကား အကျယ်တည်း။

အတ္တနော–မိမိ၏၊ ဝါ–မိမိအား၊ အနုရူပကာရဏဝသေန–လျော်သော အကြောင်း၏ အစွမ်းဖြင့်၊ နေသံ–ထို သောမနဿ အစရှိသော တရားတို့၏၊ တသ္မာဥပ္ပဇ္ဇနတော–ထိုသို့ဖြစ်ခြင်းကြောင့်၊ [တသ္မာနောင်, ဟိတ်နှင့်ဆောင်, တူအောင် အနက်ကြံ။] ကတ္တစိ စိတ္တေယေဝ–အချို့စိတ်၌သာလျှင်၊ သမ္ဘဝေါ–ဖြစ်သင့်ခြင်းသည်၊ (ဟောတိ၊) ဉာတိ–ထို့ကြောင့်၊ တေဟိ–ဤသောမနဿ အစရှိသောတရားတို့ဖြင့်၊ စိတ္တဿ–၏၊ ဝိသေသော–အထူးသည်၊ ဝါ–ကို၊ ပညပေတုံ–ပညတ်ခြင်းငှာ၊ ဝါ–အမည်တပ်ခြင်းငှာ၊ သက္ကာ–တတ်ကောင်း၏၊ ဉာတိ–ဤသို့မှတ်အပ်၏၊ ဝေဒနာကတ္တာ–ဤအကြောင်းကြောင့်၊ နေသံ–ထိုသောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကအစရှိသော စိတ်တို့၏

---

(ပျက်သော) ဒိဋ္ဌိ ယဿာတိ ဒိဋ္ဌိဝိပန္နော၊ (ပုဂ္ဂလော) ["ဝိပန္နဒိဋ္ဌိ" ဟု ဆိုလိုလျက် ဝိသေသနပုဒ် နောက်ကျသည်၊] အတ္တသည်လည်းကောင်း, ခန္ဓာငါးပါးဟူသော လောကသည်လည်းကောင်း မြဲ၏ဟုဖြစ်သော အယူသည် သဿတ မည်၏၊ "မမြဲဘဲ သေလျှင် ပြတ်စဲ၏"ဟု ဖြစ်သောအယူသည် ဥစ္ဆေဒ မည်၏၊ သဿတုစ္ဆေဒါ+အာသယော+ယဿာတိ သဿတုစ္ဆေဒါသယော၊ တဿ+ဘာဝေါ သဿတုစ္ဆေဒါသယတာ၊ အာသယလေးမျိုးအကျယ်ကို ပါရာဇိကအဋ္ဌကထာအဖွင့် စသည်၌ ယထာနုလောမသာသနအခန်းမှာ ရှုပါ၊ ထိုခန်းမှ ယူ၍ မဏိမဉ္ဇူလည်း ပြထား၏။

**ဗလဝ ၊ပေ၊ အာဒယော။** ။"ဗလဝ–အားရှိ"ဟူသည် သပ္ပါယဖြစ်ခြင်းတည်း၊ အာဒိဖြင့် သပ္ပါယဖြစ်သော ကျောင်း အိပ်ရာ နေရာဟူသော အာဝါသသပ္ပါယ, သေနာသနသပ္ပါယ, ကိုယ်၏ကျန်းမာခြင်း(ကာယကလ္လတာ)တို့ကို မဏိမဉ္ဇူ ပြ၏၊ အသင်္ခါရိကပဋိသန္ဓိကတာ, အအေး အပူကို ဂရုမစိုက်တတ်ခြင်းဟူသော သီတုဏှာဒိသဟနတာ, ဝီရိယအကျိုးကို မျှော်ကိုးလေ့ရှိခြင်းဟူသော ဝီရိယာနိသံသဒဿာဝိတာ, တို့ကိုလည်း အခြားကျမ်းတို့၌ ပြလေ့ရှိသည်။

**ဝေဒနာကတ္တာ။** ။လဒ္ဓဂုဏ်ဝါကျတည်း၊ စိတ်တို့ကို တစ်ခုနှင့်တစ်ခု ကွဲပြားအောင် ပြုနိုင်သော တရားတို့ဖြင့် စိတ်ကို အထူးပြု၍ (ဝိသေသနကမ္မ,ရ) သောကြောင့် သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက စသည်ဖြင့် စိတ်ရှစ်ပါးလုံးကို

မောဟဟေတုကဘာဝေ–မောဟဟိတ်ရှိကုန်သည်၏အဖြစ်သည်၊ သတိပိ–ဖြစ်ပါသော်လည်း၊ လောဘသဟဂတဘာဝေါ ဝ–လောဘသဟဂုတ်၏အဖြစ်ကိုသာ၊ နိဂမနေ–နိဂုံး၌၊(အာစရိယေန–အရှင်အနုရုဒ္ဓါဆရာသည်၊) ဝုတ္တာ–ဆိုအပ်ပြီ၊

ပန–ဆက်၊ အဋ္ဌန္နမ္ပိ–ရှစ်ပါးလည်းဖြစ်ကုန်သော၊ ဣမေသံ–ဤလောဘမူစိတ်တို့၏၊ အယံ ဥပ္ပတ္တိက္ကမော–ဤဖြစ်စဉ်ကို၊ ဝေဒိတဗ္ဗော–သိထိုက်၏၊ ဟိ–ချဲ့၊ ယဒါ–အကြင်အခါ၌၊ ကာမေသု–ကာမဂုဏ်တို့၌၊ (ကာမဂုဏ်ခံစားခြင်းတို့၌–ဟူလို၊) အာဒီနဝေါ–အပြစ်သည်၊ နတ္ထိ–မရှိ၊ ဣတိ အာဒိနာ–ဤသို့အစရှိသော၊ နယေန–ဖြင့်၊ မိစ္ဆာဒိဋ္ဌိံ–မိစ္ဆာအယူကို၊ ပုရက္ခတွာ–ရှေ့သွားပြု၍၊ ဟဋ္ဌတုဋ္ဌော–ရွှင်လန်းနှစ်သက်သည်၊(ဟုတွာ) သဘာဝတိက္ခေနေဝ–သဘောအားဖြင့် ထက်သည်သာလျှင်ဖြစ်သော၊ အနုဿာဟိတေန–မိမိသူတစ်ပါးတို့အား မတက်စေအပ်သော၊ ဝါ–မတိုက်တွန်းအပ်သော၊(အဓိပ္ပာယတ္ထ)စိတ္တေန–ဖြင့်၊ ကာမေဝါ–ကာမဂုဏ်တို့ကိုမူလည်း၊ပရိဘုဉ္ဇတိ–ခံစား၏၊ ဒိဋ္ဌမင်္ဂလာဒီနိဝါ–ဒိဋ္ဌမင်္ဂလာအစရှိသည်တို့ကိုမူလည်း၊ သာရတော–အနှစ်သာရအားဖြင့်၊ ပစ္စေတိ–

---

တစ်ပါးနှင့်တစ်ပါး ကွဲပြားအောင် သောမနဿစသည်ဖြင့် အထူးပြုရသည်၊ ထိုသို့ ကွဲပြားအောင် အထူးပြုရသောကြောင့်ပင် ဤစိတ်ရှစ်ပါးလုံး၌ မောဟမူလနှင့် ယှဉ်ပါသော်လည်း ထိုမောဟက ဒေါသမူ, မောဟမူစိတ်တို့၌လည်း ယှဉ်သည့်အတွက် ထို ဒေါသမူ–မောဟမူစိတ်တို့နှင့် လောဘမူစိတ်ကို ကွဲပြားအောင် မပြုနိုင်၊ လောဘစေတသိက်ကား ဤစိတ်၌သာ ယှဉ်၍ ဒေါသမူ–မောဟမူစိတ်တို့၌ မယှဉ်သောကြောင့် ကွဲပြားအောင် ပြုနိုင်၏၊ ထို့ကြောင့် ဤစိတ်ကို "မောဟသဟဂတစိတ္တာနိ နာမ"ဟု မဆိုဘဲ လောဘဖြင့် အထူးပြု၍ "လောဘသဟဂတစိတ္တာနိ နာမ"ဟု နာမည်တပ်ရသည်။

**နတ္ထိ ၊ပေ၊ အာဒီနဝေါ့တျာဒိနာ**။ ။ကာမဂုဏ် မှီဝဲရာ၌ သမီးခင်ပွန်းချင်းသော်မှ လောဘပြစ် ရှိသေး၏၊ သို့ပါလျက် "အပြစ်မရှိ"ဟု ယူခြင်းသည် မိစ္ဆာအယူ ဖြစ်၏၊ "မကောင်းကျိုးပေးဖို့ရန် မဟုတ်"ဟု ပယ်လျှင် နတ္ထိကဒိဋ္ဌိတည်း၊ "သေလျှင် ပြီးတာပဲ အကျိုးမပေးနိုင်"ဟု ယူလျှင် ဥစ္ဆေဒဒိဋ္ဌိလည်း ဟုတ်၏၊ အာဒိဖြင့် "သားသမီးမရသော မိဘတို့သည် ငရဲ၌ ဖြစ်ကြ၏၊ သားသမီးရသော မိဘတို့သည် နတ်ပြည်၌ ဖြစ်ရ၏" ဟု အယူရှိ၍ မေထုန်မှီဝဲကြသူများ၏ မိစ္ဆာဝါဒကို ယူပါ။

**မိစ္ဆာဒိဋ္ဌိံ၊ပေ၊ပရိဘုဉ္ဇတိ**။ ။မိစ္ဆာဒိဋ္ဌိံ ပုရက္ခတွာဖြင့် ဒိဋ္ဌိဂတသမ္ပယုတ်ဖြစ်ပုံကို ပြ၏၊ [ပုရ+ကရ+တွာဖြစ်၍ "ပုရက္ခတွာ"မှန်ကြောင်းကို ပုရသမုပပရိဟိ စသော သုတ်မှာ ကြည့်။] "မိစ္ဆာဒိဋ္ဌိကို ရှေ့သွားပြု" ဟူသည် မနောပုဗ္ဗင်္ဂမာကဲ့သို့ ပဓာနဖြစ်သော ရှေ့သွားတည်း၊ ဖြစ်သောအခါ၌မူ အတူတကွ ဖြစ်သည်။

**ဒိဋ္ဌိ၊ ပေ၊ ပစ္စေတိ**။ ။နံနက် စောစော၌ နွားလားဥသဘစသော ကောင်းသော အဆင်းကို မြင်ရလျှင် ကောင်းကျိုးရ၏၊ ["ကောင်းကျိုးရခြင်း၏ ပုဗ္ဗနိမိတ်"ဟု လောက်သာ မယူဆဘဲ "ကောင်းကျိုးပေးခြင်း၏ အကြောင်းဖြစ်၏"ဟု ယူ၏၊] ဤသို့

ယုံကြည်၏၊ တဒါ–ထိုအခါ၌၊ ပဌမံ–ရှေးဦးစွာသော၊ အကုသလစိတ္တံ–အကုသိုလ်စိတ်သည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ပန–အဖို့တစ်ပါးကား၊ ယဒါ–အကြင်အခါ၌၊ မန္ဒေန–နုံ့သော၊ သမုဿာဟိတေန–မိမိ သူတစ်ပါးတို့သည် အားတက်စေအပ်သော၊ ဝါ–မိမိသူတစ်ပါးတို့သည် တိုက်တွန်းအပ်သော၊ စိတ္တေန–ဖြင့်၊ (ကာမေ ဝါ–မူလည်း၊ ပရိဘုဉ္ဇတိ–၏၊ ဒိဋ္ဌမင်္ဂလာဒီနိ ဝါ–မူလည်း၊ သာရတော–အားဖြင့်၊ ပစ္စေတိ–၏၊) တဒါ–ထိုအခါ၌၊ ဒုတိယံ–နှစ်ခုမြောက်ဖြစ်သော၊ (အကုသလစိတ္တံ, ဥပ္ပဇ္ဇတိ။) [သံ+ဥ+သဟဓာတ်, ကာရိတ် ဏေပစ္စည်း၊ တ ပစ္စည်းဖြင့် "သမုဿာဟိတော"ဟု ဖြစ်၏။

ပန–ကား၊ ယဒါ–၌၊ မိစ္ဆာဒိဋ္ဌိံ, အပုရက္ခတွာ–ရှေ့သွားမပြုမူ၍၊ ကေဝလံ–မိစ္ဆာအယူမဖက် သက်သက်၊ ဟဋ္ဌတုဋ္ဌော–(ဟုတွာ) သဘာဝတိက္ခေနေဝ–သော၊ အနုဿာဟိတေန စိတ္တေန,မေထုနံဝါ–မေထုန်ကိုမူလည်း၊ သေဝတိ–မှီဝဲ၏၊ ပရသမ္ပတ္တိံ ဝါ–သူတစ်ပါး၏ စည်းစိမ်ကိုမူလည်း၊ အဘိဇ္ဈာယတိ–ရှေးရှုကြံစည်၏၊ ဝါ–အဘိဇ္ဈာဖြစ်၏၊ ပရဘဏ္ဍံဝါ–သူတစ်ပါး၏ ဘဏ္ဍာကိုမူလည်း၊ ဟရတိ–ခိုးဆောင်၏၊ တဒါ–၌၊ တတိယံ–သော၊ (အကုသလစိတ္တံ ဥပ္ပဇ္ဇတိ၊) ပန–ကား၊ ယဒါ–၌၊ မန္ဒေနသမုဿာဟိတေန စိတ္တေန, မေထုနံ ဝါ–ကိုမူလည်း၊ပေ၊ ဟရတိ–၏၊ တဒါ–၌၊ စတုတ္ထံ–သော၊ (အကုသလစိတ္တံ ဥပ္ပဇ္ဇတိ၊)

---

ကောင်းသောအာရုံတို့ မြင်ရခြင်းကို ဒိဋ္ဌမင်္ဂလာဟု ယူ၏၊ အာဒိဖြင့် သုတမင်္ဂလာ, မုတမင်္ဂလာတို့ကို ယူ၊ "ပြည့်စုံ၏, တိုးပွား၏, ကျက်သရေရှိ၏"စသော စကားသံသည် သုတမင်္ဂလာတည်း၊ ကောင်းသောပန်းနံ့, ကောင်းသောအရသာ, ကောင်းသော အတွေ့အထိကို နံရ, စားသောက်ရ, တွေ့ထိရခြင်းသည် မုတမင်္ဂလာတည်း၊ [အကျယ်ကို ခုဒ္ဒကပါဌ မင်္ဂလသုတ် အဋ္ဌကထာမှာ ရှု။]

**မှတ်ချက်**။ ။မိစ္ဆာဒိဋ္ဌိံ ပုရက္ခတွာ, ဒိဋ္ဌမင်္ဂလာဒီနိဝါ သာရတော ပစ္စေတိတို့ဖြင့် ဒိဋ္ဌိဂတသမ္ပယုတ်ဖြစ်ပုံကို ပြ၏၊ ဟဋ္ဌတုဋ္ဌောဖြင့် သောမနဿသဟဂုတ်ဖြစ်ပုံကို ပြ၏၊ ကာမေ ပရိဘုဉ္ဇတိဖြင့်လည်းကောင်း, ဒိဋ္ဌမင်္ဂလာဒီနိ ဝါ သာရတော ပစ္စေတိ၌ ပစ္စေတိဖြင့်လည်းကောင်း, လောဘသဟဂုတ်စိတ်ဖြစ်ပုံကို ပြ၏၊ သဘာဝ၊ပေ၊စိတ္တေန ဖြင့် အသင်္ခါရိကဖြစ်ပုံကို ပြ၏၊ စိတ္တေနကို ပရိဘုဉ္ဇတိ–ပစ္စေတိတို့၌ လှည့်၍ စပ်၊ [မန္ဒေန–စသည်၌ ထင်ရှားပြီ။]

**ကာမေ ဝါ**။ ။ဝါသဒ္ဒါကို အနိယမတ္ထဟု မဏိမဉ္ဇူ၌ ဖွင့်၏၊ သဒ္ဒါကျမ်း တို့၌ "ယေန ဝါ ကရီယတေ"စသည်ဝယ် အဝုတ္တဝိကပ္ပနတ္ထ (တိုက်ရိုက် မဆိုအပ်သော အနက်ကို ပြုစီရင်ရခြင်း အနက်ရှိ၏)ဟု ဆို၏၊ ထိုဝါဖြင့် ရွှေမှတစ်ပါ.သောဥစ္စာကို ယူရာ၌ ပုဏ္ဏားတို့မှာ အပြစ်မရှိဟု ယူခြင်း, ဆရာ့အသက် မိမိအသက်ကို စောင့်ရှောက်ဖို့ရာ မုသားပြောခြင်း, ဘာတရမင်းတို့ စစ်တိုက်ခန်း, သီတာမိဖုရားကို ဒသဂီရ် ဘီလူးဆောင်ခန်း စသော သမ္ဖပ္ပလာပ ပြောခြင်းများကို ယူ၊ "ထိုသို့ ပြုလုပ်ပြောခြင်း ၌ အပြစ်မရှိ, အကျိုးရှိ၏"ဟု ယူကြသတတ်။

ပန–ကား၊ ယဒါ–၌၊ ကာမာနံ–ဝတ္ထုအာရုံ ကာမဂုဏ်တို့၏၊ အသမ္ပတ္တိ–မပြည့်စုံခြင်းကို၊ အာဂမ္မဝါ–စွဲ၍သော်လည်းကောင်း၊ (ဝတ္ထုအာရုံ ကာမဂုဏ်တို့၏ မပြည့်စုံခြင်းကြောင့် ပျော်ရွှင်ခြင်းမရှိ–ဟူလို၊) အညေသံ–အခြားကုန်သော၊ သောမနဿဟေတူနံ–သောမနဿ၏ အကြောင်းတို့၏၊ အဘာဝေန ဝါ–မရှိခြင်းကြောင့်သော်လည်းကောင်း၊ စတူသုပိ–လေး ပါးလည်းဖြစ်ကုန်သော၊ ဝိကပ္ပေသု–ဝိကပ်တို့၌၊ သောမနဿရဟိတာ–သောမနဿမှ ကင်းကုန်သည်၊ ဟောန္တိ–န်၏၊ တဒါ–၌၊ သေသာနိ–ကြွင်းကုန်သော၊ စတ္တာရိ–န်သော၊ ဥပေက္ခာသဟဂတစိတ္တာနိ–ဥပေက္ခာသဟဂုတ်စိတ်တို့သည်၊ ဥပ္ပဇ္ဇန္တိ–န်၏၊ ဣတိ–ဤသို့သော၊ (အယံ ဥပ္ပတ္တိက္ကမော–ကို၊ ဝေဒိတဗ္ဗော–၏။)

အဋ္ဌပီတိ (တွေ)–အဋ္ဌပိဟူသော ဤပါဠ်၌၊ ပိသဒ္ဒေါ–သည်၊ သမ္ပိဏ္ဍန တ္ထော–သမ္ပိဏ္ဍနအနက်ရှိ၏၊ တေန–ထို ပိသဒ္ဒါဖြင့်၊ (သင်္ဂဟာတိ၌ စပ်၊) ဝက္ခမာနနယေန–ဆိုအပ်လတ္တံ့သောနည်းဖြင့်၊ [ဝီထိမုတ်ပိုင်း၌ ဆိုအပ်လတ္တံ့ နည်းဖြင့်၊] အကုသလကမ္မပထေသု–အကုသလကမ္မပထတို့၌၊ နေသံ–ထို လောဘမူစိတ်တို့၏၊ လဗ္ဘမာနကမ္မပထာနုရူပတော–ရထိုက်သော ကမ္မပထ အားလျော်သောအားဖြင့်၊ ပဝတ္တိဘေဒံ–ဖြစ်ပုံအပြားကိုလည်းကောင်း၊ ကာလ ၊ပေ၊ ရမဏာဒိ ဘေဒေန–ကာလ, ဒေသ, သန္တာန်, အာရုံ အစရှိသည်တို့၏ အပြားအားဖြင့်၊ အနေကဝိဓတမ္ပိ–တစ်ပါးမကများသော အပြားရှိသည်၏ အဖြစ်ကိုလည်းကောင်း၊ သင်္ဂဏှာတိ–သိမ်းယူ၏။

**၅**။ ဒုဋ္ဌု–သာယာဖွယ်မကောင်းသော၊ မနော–စိတ်တည်း၊ ဣတိ–ကြောင့်၊ ဒုမ္မနော–ဒုမ္မနမည်၏၊ ဝါ–တစ်နည်း၊ တေသ–ဤပုဂ္ဂိုလ်၏၊ တံ–ထိုမကောင်း သော စိတ်သည်၊ အတ္ထိ–၏၊ ဣတိ–ကြောင့်၊ သော–သည်၊ ဒုမ္မနော–မည်၏၊

---

**ဝိကပ္ပေသု**။ ။“ဝိသုံ ဝိသုံ ကပ္ပိယန္တိ တိ ဝိကပ္ပာနိ”နှင့် အညီ အသီးအသီး (စကား တစ်ရပ်စီ တစ်ရပ်စီ၊) ပြုစီမံအပ်သော စိတ်လေးမျိုးကို “စတူသု ဝိကပ္ပေသု”ဟု ဆိုသည်၊ မဏိမဉ္ဇူဋီကာ “ယဒါ”ပုဒ်ကို ကြည့်၍ ကာလကောဋ္ဌာသ(ကာလအစု)ကို လည်းကောင်း,(တစ်နည်း) ကာလဘေဒကိုလည်းကောင်း ဝိကပ္ပဟု ဆိုလေသည်။

**အမှာ**။ ။“သောမနဿသဟဂုတ်ထက် ဥပေက္ခာသဟဂုတ်က ထက်မြက်၏” ဟူသော ဝါဒ, အဋ္ဌပိ၌ ပိသဒ္ဒါ၏ သမ္ပိဏ္ဍနတ္ထ ဟူသော အဖွင့်များကို ဘာသာဋီကာ၌ စိစစ်ထားသည်၊ [ပိသဒ္ဒါ၏ သမ္ပိဏ္ဍနအနက်ကိုကား ဤအဖွင့်အတိုင်း ဒေါသမူစိတ် အဆုံးကျမှ ဖွင့်ပြအံ့။]

**ဒုဋ္ဌုမနော စသည်**။ ။ဒုသဒ္ဒါ၏ အနက်များစွာတို့တွင် ဒုဋ္ဌုအနက်ဟော ဟုသိစေလို ၍ “ဒုဋ္ဌုမနော”ဟု မိန့်၊ “မကောင်း”ဟုသည်မှာလည်း အသာတဖြစ်၍ သာယာဖွယ် မကောင်းခြင်းတည်း၊ မဏိမဉ္ဇူဋ္ဌကား “ဒေါသေန ဒူသိတတ္တာ အတ္တော”ဟု ဖွင့်၏၊

တသ–ထို မကောင်းသောစိတ်၏၊ ဝါ–ထို မကောင်းသောစိတ်ရှိသော ပုဂ္ဂိုလ်၏၊ ဘာဝေါ–ဖြစ်ကြောင်းတည်း၊ ဒေါမနဿံ–မကောင်းသောစိတ်၏ ဖြစ်ကြောင်း၊ ဝါ–မကောင်းသော စိတ်ရှိသောပုဂ္ဂိုလ်၏ဖြစ်ကြောင်း၊ တေံ–ဤဒေါမနဿံဟူသော သဒ္ဒါသည်၊ မာနသိကဒုက္ခဝေဒနာယ–စိတ်၌ဖြစ်သော ဒုက္ခဝေဒနာ၏၊ အဓိဝစနံ–အထက်၌ဖြစ်သော သဒ္ဒါတည်း၊ (တစ်နည်း) တေံ–ဤဒေါမနဿံဟူသော အမည်သည်၊ မာနသိကဒုက္ခ ဝေဒနာယ–၏၊ အဓိဝစနံ–အမည်တည်း၊ တေန–ထိုဒေါမနဿဝေဒနာနှင့်၊ သဟဂတံ–ရောနှောလျက်, တကွနက်ဖြစ်သော စိတ်တည်း၊ ဣတိ–ကြောင့်၊ ဒေါမနဿ သဟဂတံ–ဒေါမနဿသဟဂတမည်၏၊ [ဒေါမနဿသဟဂတံ–ဒေါမနဿ ဝေဒနာနှင့် ရောနှောလျက် တကွနက်ဖြစ်သောစိတ်။]

(ယော သဘာဝေါ–သည်၊) အာရမဏေ–အာရုံ၌၊ ပဋိဟညတိ–ထိခိုက်သကဲ့သို့ ဖြစ်တတ်၏၊ ဣတိ–ကြောင့်၊ (သော သဘာဝေါ–သည်၊) ပဋိဃော–ပဋိဃမည်၏၊ ဒေါသော–ဒေါသတည်း၊ ဟိ–မှန်၏၊ ဧသ–ဤဒေါသသည်၊ စဏ္ဍိက္ကသဘာဝတာယ–ကြမ်းတမ်းခြင်းရှိသူ၏ အဖြစ်ဟူသော သဘောရှိသည်၏အဖြစ်ကြောင့်၊ အာရဏံ–ကို၊ ပဋိဟနန္တောဝိယ–ထိခိုက်သကဲ့သို့၊ ပဝတ္တတိ–ဖြစ်၏၊ [ဤ၌ ဝိယသဒ္ဒါသည် ဥပရိက္ချာဇောတကနိပါတ်တည်း၊ ဥပရိ–အထက်၌၊ ဝါ–အလွန်+ချာ–ပြောခြင်း၊ တကယ် မထိခိုက်သော်လည်း ထိခိုက်သကဲ့သို့ အလွန်အကျွံ ပြောကြောင်းစကား။]

---

ထိုအလို "ဒေါသသည် ဖျက်ဆီးအပ်သောကြောင့် မကောင်း"ဟုမှတ်၊ ထို့နောက် "ဒုမ္မနော"အရ စိတ်ရပုံ, ပုဂ္ဂိုလ်ရပုံ, အဘိဓာနဗုဒ္ဓိတို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် "ဒုမ္မနဿ+ဘာဝေါ"ဟု ဝိဂ္ဂဟပြုရပုံကို သောမနဿံအတိုင်း သိလောက်ပြီဖြစ်၍ အကျယ်မပြဘဲ ထားသည်။

**ဒေါမနဿ**။ ။ဒုမ္မနဿ+ဘာဝေါ၌ ဘာဝအနက်ဝယ် ဏပစ္စည်းသက်၍ သ်လာရသည်၊ ထိုသို့ သ်လာရခြင်းမှာလည်း"မနသ်"ဟုသက္ကတ၌ (သ်)ဖျည်းဆုံးသောကြောင့်တည်း၊ ထို့နောက်မှ ဒွေဘော်လာ, မတစ်လုံးချေ, ဝုဒ္ဓိပြု၍"ဒေါမနဿ"ဟု ဖြစ်ရသည်၊ သောမနဿံ၌လည်း နည်းတူ။

**ပဋိဃော**။ ။ပတိပုဗ္ဗ, ဟနဓာတ်, ရပစ္စည်းဖြစ်၍ "ပတိဟညတီတိ ပတိဃော" ဟု ပြုသည်၊ ပတိကို ပဋိပြု၍ "ပဋိဃော"လည်းရှိ၏၊ ဩဠာရိကရုပ်များလည်း ပဋိဃသဘောရှိသောကြောင့် ထိုရုပ်များကို ယူမည်စိုး၍ "ဒေါသော"ဟု အဘိဓေယျ ပြသည်၊ အာရုံ၌ ထိခိုက်ပုံသဘောကို ဘာသာဋီကာ၌ ပြထားပြီ၊ "ပတိဟနန္တော ဝိယ"ဖြင့် ရုပ်တရားခြင်း ထိခိုက်သကဲ့သို့ တကယ်ထိခိုက်သည် မဟုတ်, အာရုံယူရာ၌ ထိခိုက်လိုက်သလို ဖြစ်သွားအောင် ယူပုံ ကြမ်းတမ်းသည်–ဟု ဆိုလိုသည်၊ [စဏ္ဍော ယဿ အတ္ထီတိ စဏ္ဍိကော၊ တဿ+ဘာဝေါ စဏ္ဍိက္ကံ။]

ဒေါမနဿသဟဂတဿ–ဒေါမနဿသဟဂုတ်စိတ်၏၊ ဝေဒနာဝသေန–ဝေဒနာ၏ အပြားအားဖြင့်၊ အဘေဒေ–အပြားမရှိသည်၏ အဖြစ်သည်၊ [အဘေဒဘာဝေ–ဟုဆိုလိုလျက် ဘာဝပ္ပစ္စယ ချေ၊ တစ်နည်း–ဘာဝလောပကြံ။] သတိပိ–ဖြစ်ပါသော်လည်း၊ အသာဓာရဏဓမ္မဝသေန–အခြားစိတ်နှင့် မဆက်ဆံသောတရား၏ အစွမ်းဖြင့်၊ စိတ္တဿ–ဒေါသမူစိတ်ကို၊ ဥပလက္ခဏတ္ထံ–မှတ်သားခြင်းအကျိုးငှာ၊ ဒေါမနဿဂ္ဂဟဏံ–ဒေါမနဿသဒ္ဒါကို၊ ဝုတ္တံ–ဆိုအပ်ပြီ၊ ပဋိဃသမ္ပယုတ္တဘာဝေါပန–ပဋိဃသမ္ပယုတ်၏အဖြစ်ကိုကား၊ ဝါ–ပဋိဃသမ္ပယုတ္တံဟူသော ဝိသေသနကိုကား၊ ဥဘိန္နံ–နှစ်ပါးကုန်သော ဒေါမနဿပဋိဃတို့၏၊ ဧကန္တသဟစရိတာဒဿနတ္ထံ–ဧကန်တကွ ဖြစ်လေ့ရှိသည်၏ အဖြစ်ကို ပြခြင်းအကျိုးငှာ၊ ဝုတ္တော–ပြီ၊ ဣတိ (ဣဒံ သန္နိဋ္ဌာနံ)–ဤအဆုံးအဖြတ်ကို၊ ဒဋ္ဌဗ္ဗံ–မှတ်ထိုက်၏။

စ–ဆက်၊ တတ္ထ–ဤ ဒေါမနဿပဋိဃ နှစ်ပါးတို့တွင်၊ ဒေါမနဿံ–ဒေါမနဿသည်၊ အနိဋ္ဌာရမဏာနုဘဝန လက္ခဏော–အနိဋ္ဌာရုံကို ခံစားခြင်းလက္ခဏာရှိသော၊ ဝေဒနာက္ခန္ဓပရိယာပန္နော–ဝေဒနာက္ခန္ဓာ၌ အကျုံးဝင်သော၊ ဧကော–တစ်ပါးသော၊ ဓမ္မော–တရားတည်း၊ ပဋိဃော–ပဋိဃသည်၊ စဏ္ဍိက္ကသဘာဝေါ–ကြမ်းတမ်းခြင်း ရှိသူ၏ အဖြစ်ဟူသော သဘောရှိသော၊ သင်္ခါရက္ခန္ဓပရိယာပန္နော–သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သော၊ ဧကော–သော၊ ဓမ္မော–တည်း၊ ဣတိအယံ–ဤ ဆိုအပ်ပြီးကား၊ ဧတေသံ–ဤဒေါမနဿ ပဋိဃတို့၏၊ ဝိသေသော–အထူးတည်း၊ စ–ဆက်၊ တတ္ထ–ဤဒေါမနဿသဟဂတံ ပဋိဃသမ္ပယုတ္တံ ဟူသောပါဌ်၌၊ ယံကိဉ္စိ–အမှတ်မရှိ တစ်စုံတစ်ခုသော၊ (သဘာဝဖြစ်ဖြစ်, ပရိကပ္ပဖြစ်ဖြစ်–ဟူလို၊) အနိဋ္ဌာရမဏံ–အနိဋ္ဌာရုံသည်လည်းကောင်း၊ နဝဝိဓအာဃာတဝတ္ထူနိစ–ကိုးပါးအပြားရှိသော အာဃာတဝတ္ထုတို့သည်လည်းကောင်း၊ ဒေါမနဿဿ–ဒေါမနဿ၏၊ ကာရဏံ–အကြောင်းသည်လည်းကောင်း၊ ပဋိဃဿ–၏၊ ကာရဏဉ္စ–သည်လည်းကောင်း၊ (ဟောတိ–၏၊) ဣတိ–ဤသို့၊ ဒဋ္ဌဗ္ဗံ–၏၊ ပန–ဆက်၊ ဒွိန္နံ–န်သော၊ နေသံ စိတ္တာနံ–ထို ဒေါသမူစိတ်တို့၏၊ ပါဏာတိပါတာဒီသု–ပါဏာတိပါတ အစရှိသော အမှုတို့၌၊ တိက္ခမန္ဒပ္ပဝတ္တိကာလေ–ထက်ထက်မြက်မြက်

---

·**အမှာ**။ ။“ဒေါမနဿသဟဂတဿ”မှ စ၍ “အယမေတေသံ ဝိသေသော” တိုင်အောင်လည်းကောင်း, ဒေါမနဿပဋိဃတို့၏ ဖြစ်ကြောင်းကိုလည်းကောင်း, ဤ ဋီကာကျော်နည်းမှီ၍ သင်္ဂြိုဟ်ဘာသာဋီကာ၌ အကျယ်ပြထားပြီ။

**ဒွိန္နံ ပန၊ပေ၊ဝေဒိတဗ္ဗာ**။ ။သူ့အသက်ကို သတ်ရာ၌ အထူးမတိုက်တွန်းရဘဲ ထက်ထက်သန်သန်ပြုလျှင် အသင်္ခါရိက ဒေါသမူစိတ်ဖြစ်၏၊ သူတစ်ပါးက တိုက်တွန်း၍ (သို့မဟုတ် မိမိစိတ်ကို မိမိဘာသာတိုက်တွန်း၍) မထက်မသန်ပြုရလျှင် သသင်္ခါရိက ဒေါသမူစိတ်ဖြစ်၏၊ ဤနည်းဖြင့် ဖရုသဂါစာ,ဗျာပါဒစသည်တို့ ဖြစ်ပုံကိုလည်း သိပါ။

ဖြစ်ရာအခါ, နံ့နံ့ညံ့ညံ့ ဖြစ်ရာအခါ၌၊ ဥပ္ပတ္တိ–ဖြစ်ပုံကို၊ ဝေဒိတဗ္ဗာ–၏၊ ဧတ္ထာပိ–ဤဒေါသမူစိတ်၌လည်း၊ နိဂမနေ–၌၊ ပိသဒ္ဒဿ–ပိသဒ္ဒါ၏၊ အတ္ထော–အနက်ကို၊ ဝုတ္တနယာနုသာရေန–ဆိုအပ်ပြီးသောနည်းကို အစဉ်လိုက်သဖြင့်၊ ဒဋ္ဌဗ္ဗော–၏။

၆။ သဘာဝံ–ထင်ရှားရှိသော သဘောကို၊ ဝိစိနန္တော–စူးစမ်းရှာဖွေလသော်၊ ဝါ–စူးစမ်းရှာဖွေသူသည်၊ တာယ–ထိုသဘောတရားဖြင့်၊ ကိစ္ဆတိ ကိလမတိ–ပင်ပန်းရ၏၊ ဣတိ–ထို့ကြောင့်၊ (ဝါ–ထိုသို့စူးစမ်းရှာဖွေသောသူ၏ ပင်ပန်းကြောင်း၏ အဖြစ်ကြောင့်၊) သာ–ထိုသဘောတရားသည်၊ ဝိစိ+ကိစ္ဆာ–ဝိစိကိစ္ဆာမည်၏၊ အထဝါ–ထို့ပြင်တစ်နည်းကား၊ စိကိစ္ဆိတုံ–ကုစားခြင်းငှာ၊ ဒုက္ကရတာယ–ခဲယဉ်းစွာပြုအပ်သည်၏ အဖြစ်ကြောင့်၊ ဣမိဿာ–ဤသဘောတရား၏၊ ဝိဂတာ–ကင်းသော၊ ဝိစိကိစ္ဆာ (ဉာဏပ္ပဋိကာရော)–ဉာဏ်တည်းဟူသော ဆေးကုခြင်းသည်၊ (အတ္ထိ–ရှိ၏) ဣတိ–ကြောင့်၊ (သာ–ထိုသဘောတရားသည်၊) ဝိ+စိကိစ္ဆာ–ဝိစိကိစ္ဆာမည်၏၊ တာယ–ထိုဝိစိကိစ္ဆာနှင့်၊ သမ္ပယုတ္တံ–အညီအမျှ ဧကုပ္ပါဒတာ အစရှိသော အပြားတို့ဖြင့် ယှဉ်သောစိတ်တည်း၊ ဝိစိကိစ္ဆာသမ္ပယုတ္တံ–ဝိစိကိစ္ဆာနှင့် ၊ပေ၊ ယှဉ်သောစိတ်။

ဥဒ္ဓတဿ–ပျံ့လွင့်တုန်လှုပ်သောစိတ်၏၊ ဘာဝေါ–ဖြစ်ကြောင်းတည်း၊ ဥဒ္ဓစ္စံ–ပျံ့လွင့်တုန်လှုပ်သောစိတ်၏ဖြစ်ကြောင်း၊ ဥဒ္ဓစ္စဿ–ဥဒ္ဓစ္စစေတသိက်၏၊ သဗ္ဗာကုသလသာဓာရဏဘာဝေ–အလုံးစုံသောအကုသိုလ်စိတ်တို့နှင့် ဆက်ဆံသည်၏အဖြစ်သည်၊ (သတိ)ပိ–ဖြစ်ပါသော်လည်း၊ ဣဓ–ဤနောက်ဆုံး အကုသိုလ်စိတ်၌၊ သမ္ပယုတ္တဓမ္မေသု–ယှဉ်ဖက်တရားတို့၌၊ ပဓာနံ–ပြဓာန်းသည်၊ ဟုတွာ–၍၊ ပဝတ္တတိ–ဖြစ်၏၊ ဣတိ–ကြောင့်၊ ဣဒမေဝ–ဤနောက်ဆုံး စိတ်ကိုသာ၊ တေန–ထိုဥဒ္ဓစ္စဖြင့်၊ ဝိသေသေတွာ–အထူးပြု၍၊ (အာစရိယေန–သည်၊) ဝုတ္တံ–မိန့်ဆိုအပ်ပြီ၊ ဧဝဥ္စကတွာ–ဤအခြင်းကြောင့်၊ ဓမ္မုဒ္ဒေသပါဠိယံ–ဓမ္မုဒ္ဒေသပါဠိတော်၌၊ [ဖဿ စသော တရားတို့ကို သရုပ်ထုတ်ပြရာ ဓမ္မသင်္ဂဏီ၌၊]

**ဧတ္ထာပိ ၊ပေ၊ ဒဋ္ဌဗ္ဗော**။ ။ဝီထိမုတ်ပိုင်း၌ လာလတ္တံ့အတိုင်း ပါဏာတိပါတစသော ကမ္မပထ ၇ပါးသည် ဒေါသကြောင့်ဖြစ်နိုင်ရကား ထို ကမ္မပထအပြားအားဖြင့် ဒေါသမူစိတ်အပြားကို ပေါင်း၏–ဟုလည်းကောင်း, အတိတ်စသောကာလ, ကာမ, ရူပ, အရူပဘာဝဟူသော ဒေသအပြားအားဖြင့်လည်းကောင်း, အဇ္ဈတ္တ ဗဟိဒ္ဓစသော သန္တာန်အပြားအားဖြင့်လည်းကောင်း, ရူပါရုံစသော အာရုံအပြားအားဖြင့်လည်းကောင်း ,ရထိုက်သော များစွာသော ဒေါသမူစိတ်အပြားကို ပေါင်း၏–ဟုလည်းကောင်း, ရှေ့လောဘမူစိတ်၏ အဋ္ဌပိအဖွင့်၌ ဆိုအပ်ပြီးသောနည်းကို အစဉ်လိုက်၍ မှတ်ပါလေ။

**အမှာ**။ ။ဝိစိကိစ္ဆာ, ဥဒ္ဓစ္စတို့၏ ဝစနတ္ထနှင့်သဘောကို သင်္ဂြိုဟ်ဘာသာဋီကာ၌ ပြထားပြီ။

သေသာကုသလေသု–ဥဒ္ဓစ္စသဟဂုတ်မှ ကြွင်းသောအကုသိုလ်စိတ်တို့၌၊ ဥဒ္ဓစ္စံ–ဥဒ္ဓစ္စကို၊ ယေဝါပနကဝသေန–ယေဝါပနကတရား၏ အစွမ်းဖြင့်၊ ဝုတ္တံ–ဟောတော်မူအပ်ပြီ၊ ဣဓပန–ဤနောက်ဆုံးစိတ်၌ကား၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတီတိ–ဟူ၍၊ သရူပေနေဝ–သရုပ်သကောင်အားဖြင့်သာ၊ ဒေသိတံ–ဟောတော်မူအပ်ပြီ။

စ–အကျဉ်းချုပ်ကား၊ ဧတ္ထ–ဤဥဒ္ဓစ္စသမ္ပယုတ္တံဟု မိန့်ဆိုရာ၌၊ (သင်္ဂဟဂါထာ–သင်္ဂဟနစ်ဂါထာတို့သည်၊ ဟောန္တိ–ကုန်၏၊ ဥဒ္ဓစ္စံ–ဥဒ္ဓစ္စသည်၊ သဗ္ဗာကုသလယုတ္တံ–အလုံးစုံသော အကုသိုလ်စိတ်တို့နှင့်ယှဉ်သည်၊ (သမာနံ) ပိ–ဖြစ်ပါသော်လည်း၊ အန္တိမာနသေ–နောက်ဆုံးအကုသိုလ်စိတ်၌၊ ဗလဝံ–သတ္တိထင်ရှား, အင်အားရှိ၏၊ ဣတိ–ကြောင့်၊ တံယေဝ–ထို နောက်ဆုံးစိတ်ကိုသာ၊ ဥဒ္ဓစ္စယောဂတော–ဥဒ္ဓစ္စနှင့်ယှဉ်၏ဟူ၍၊ ဝါ–ဥဒ္ဓစ္စသမ္ပယုတ္တံဟူ၍၊ [တောပစ္စည်း ပဋ္ဌမာအနက်ဟော၊ ဣတိကြေ၊] ဝုတ္တံ–မိန့်ဆိုအပ်ပြီ၊ ဟိ–အထောက်သာဓက, ဉာပကကား၊ တေနေဝ–ထိုသို့ နောက်ဆုံးစိတ်၌ အားရှိသည့်အတွက်ကြောင့်သာလျှင်၊ မုနိန္ဒေန–မုနိထွတ်တင်, ဘုရားရှင်သည်၊ သေသေသု–ကြွင်းသော အကုသိုလ်စိတ်တို့၌၊ တံ–ထိုဥဒ္ဓစ္စကို၊ ယေဝါပနကနာမတော–ယေဝါပနက နာမည်ဖြင့်၊ ဝုတ္တာ–ဟောတော်မူပြီး၍၊ ဧတ္ထေဝ–ဤနောက်ဆုံး စိတ်၌သာလျှင်၊ သရူပေန–သရုပ်သကောင်အားဖြင့်၊ ဒေသိတံ–ဟောတော်မူအပ်ပြီ၊ ဣတိ–သို့ (သင်္ဂဟဂါထာ–တို့သည်၊) ဟောန္တိ–ကုန်၏။

ပန–အဖို့တစ်ပါးကား၊ (တစ်နည်း) ပန–ဝိစိကိစ္ဆာသမ္ပယုတ် ဥဒ္ဓစ္စသမ္ပယုတ် ဖြစ်ပုံမှတစ်ပါး ဥပေက္ခာသဟဂုတ် ဖြစ်ပုံကို ဆိုဦးအံ့၊ ဒွေ–နှစ်ပါးကုန်သော၊ ဣမာနိ စိတ္တာနိ–ဤမောဟမူစိတ်တို့သည်၊ မူလန္တရဝိရဟတော–လောဘဒေါသဟူသော အခြားမူလတို့မှ ကင်းခြင်းကြောင့်၊ ဝါ–ကင်းသည့်အတွက်၊ အတိသမ္မူဠှတာယ–အလွန်တွေဝေကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊

**ဣမာနိ ၊ပေ၊ အတိသမ္မူဠှတာယ**။ ။ဥပေက္ခာသဟဂုတ်ဖြစ်ရခြင်း၏ အကြောင်းကို ပြလို၍"ဣမာနိ ပန"စသည် မိန့်၊ ဤစိတ်နှစ်ပါးတို့သည် မောဟမူလမှတစ်ပါးသော လောဘ ဒေါသမူလတို့နှင့် (ရှေးအကုသိုလ် စိတ်များကဲ့သို့) မယှဉ်ကြ၊ ဤသို့မူလ တစ်ပါးမှ ကင်းသည့်အတွက် အလွန်တွေဝေကြသည်၊ ထိုသို့အလွန်တွေဝေကြသော ကြောင့် အလုံးစုံသော အာရုံ၌ ရဇ္ဇန(တပ်မက်ခြင်း) သဘောလည်း မရှိကြ၊ ဒုဿန (စိတ်ပျက်ခြင်း) သဘောလည်း မရှိကြ၊ ရဇ္ဇနသဘော မရှိသောကြောင့် သောမနဿနှင့် လည်း မယှဉ်ကြ၊ ဒုဿနသဘော မရှိသောကြောင့် ဒေါမနဿနှင့်လည်း မယှဉ်ကြ၊ သင့်တော်ရုံသာ အာရုံယူနိုင်သော ဥပေက္ခာနှင့်သာ ယှဉ်ကြရသည်၊ [မူလန္တရဝိရဟတော သည် အတိသမ္မူဠှတာယ၏ အကြောင်းပြဟိတ်ကူ၊ အတိသမ္မူဠှတာယသည် ရဇ္ဇနဒုဿနရဟိတာနိ၏ အကြောင်းပြဟိတ်ကူတည်း၊ ရဇ္ဇနဒုဿနရဟိတာနိလည်း ဥပေက္ခာသဟဂတာနေဝ၏ အကြောင်းပြဖြစ်၍ ဟေတုမန္တ ဝိသေသနပင်တည်း။]

သံသပ္ပနဝိက္ခိပနဝသေန–ထက်ဝန်းကျင်ရွေ့ရှားခြင်း, ပျံ့လွင့်ခြင်း၏အစွမ်းဖြင့်၊ ပဝတ္တဝိစိကိစ္ဆုဒ္ဓစ္စသမာယောဂေန–ဖြစ်သော ဝိစိကိစ္ဆာ ဥဒ္ဓစ္စနှင့် ယှဉ်ခြင်းကြောင့်၊ ဝါ–ယှဉ်သည့်အတွက်၊ စဥ္စလတာယ စ–အလွန် တုန်လှုပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ သဗ္ဗတ္ထာပိ–အလုံးစုံလည်းဖြစ်သော ဣဋ္ဌာရုံ အနိဋ္ဌာရုံ၌လည်း၊ ရဇ္ဇနဒုဿနရဟိတာနိ–တပ်မက်ခြင်း, စိတ်ပျက်ခြင်းတို့မှ ကင်းကုန်သည်၊ (ဟုတ္ဂာ–ဖြစ်၍၊ ဝါ–ဖြစ်ခြင်းကြောင့်၊) ဥပေက္ခာသဟဂတာနေဝ–ဥပေက္ခာသဟဂုတ်တို့ချည်းသာ၊ ပဝတ္တန္တိ–ဖြစ်ကုန်၏။

စ–ဆက်၊ တတောယေဝ–ထို့ကြောင့်ပင်လျှင်၊ (ထိုသို့ သံသပ္ပန ဝိက္ခိပနဖြစ်ခြင်းကြောင့်ပင်လျှင်) သဘာဝတိက္ခတာယ–ပင်ကိုသဘောအားဖြင့် ထက်မြက်သည်၏ အဖြစ်၏လည်းကောင်း၊ ဥဿာဟေတဗ္ဗတာယ–အားတက်စေထိုက်သည်၏ အဖြစ်၏လည်းကောင်း၊ ဝါ–တိုက်တွန်းထိုက်သည်၏အဖြစ်၏လည်းကောင်း၊ အဘာဝတော–မရှိခြင်းကြောင့်၊ နေသံ–ထို မောဟမူစိတ်တို့၏၊ သင်္ခါရဘေဒေါပိ–သင်္ခါရအားဖြင့် ကွဲပြားခြင်းသည်လည်း၊ နတ္ထိ–မရှိ၊ စ–အကျဉ်းချုပ်ကား၊ တွေ–ဤ ဥပေက္ခာသဟဂုတ်ဖြစ်ခြင်း သင်္ခါရဘေဒ မရှိခြင်း၌၊ (သင်္ဂဟဂါထာ–သင်္ဂဟ နှစ်ဂါထာတို့သည်၊) ဟောန္တိ–န်၏၊ (ကိံ–အဘယ်သို့ ဖြစ်ကုန်သနည်း။)

---

**သံသပ္ပန၊ပေ၊စဥ္စလတာယ စ**။ ။သံ–ထက်ဝန်းကျင်+သပ္ပန–ဖြစ်ခြင်း၊ ဘုရားအာရုံတစ်ပါး၌ပင် "ဘုရားဟုတ်မယ် မထင်ဘူး, ဟုတ်တယ်ထင်ပါရဲ့" ဤသို့ ဖြစ်ခြင်းကို "ထက်ဝန်းကျင်ဖြစ်ခြင်း, ဝါ–အငြိမ်မနေဘဲ ရွေ့ရှားခြင်း, ဝါ–ယုံမှားခြင်း"ဟု ခေါ်၏၊ ဤသံသပ္ပနဝသေနဖြင့် ပဝတ္တဝိစိကိစ္ဆာ၏ ဝိသေသနကိုပြသည်၊ ဝိ–အထူးထူး+အဖုံဖုံ+ခိပန–စိတ်ကို အာရုံသို့ ပစ်လွင့်ခြင်း၊ ဤသို့ အာရုံအမျိုးမျိုးသို့ စိတ်ကို ပစ်လွင့်ခြင်းကို "စိတ်ပျံ့လွင့်ခြင်း"ဟု ခေါ်၏၊ ဤဝိက္ခိပနဝသေနဖြင့် ပဝတ္တဥဒ္ဓစ္စ၏ ဝိသေသနကို ပြသည်၊ ထိုသို့ သဘောရှိကြသော ဝိစိကိစ္ဆာ ဥဒ္ဓစ္စတို့နှင့် ယှဉ်ရသောစိတ်သည် အာရုံကို အဘယ်မှာ မလှုပ်မလှက် ငြိမ်သက်စွာ ယူနိုင်ပါအံ့နည်း၊ ထိုသို့ လှုပ်ရှားခြင်းကြောင့် အလုံးစုံသော အာရုံ၌ ရဇ္ဇနဒုဿနမဖြစ်ဘဲ ဥပေက္ခာနှင့်သာ ယှဉ်ကြရသည်၊ စဥ္စလတာယ စ၌ စဖြင့် အတိသမ္မူဠ္ဌတာယကို ပေါင်း၊ အတိသမ္မူဠ္ဌ ဖြစ်ရုံမက စဥ္စလလည်း ဖြစ်သောကြောင့် ရဇ္ဇန ဒုဿန မရှိကြ–ဟူလို။

**တတောယေဝ၊ပေ၊နတ္ထိ**။ ။"ဣမာနိ ပန ၊ပေ၊ ပဝတ္တန္တိ"ဝါကျဖြင့် ဥပေက္ခာဝေဒနာနှင့်သာ တကွဖြစ်ခြင်း၏ အကြောင်းကို ပြပြီး၍ အသင်္ခါရိက သသင်္ခါရိက မဖြစ်ခြင်း၏အကြောင်းကို ပြလိုသောကြောင့် "တတောယေဝ စ ၊ပေ၊ နတ္ထိ"ဟု မိန့်သည်၊ တတောယေဝဖြင့် "သံသပ္ပနဝိက္ခိပနဝသေန ပဝတ္တ"ကို ပြန်ညွှန်းသည်၊ ဂါထာ၌ "သံသပ္ပမာနသ ဝိက္ခိပန္တ သ"ဟူသော ဟေတုမန္တဝိသေသနများကို ထောက်ပါ၊ အာရုံတစ်ပါး၌ ယုံမှားခြင်းဝိစိကိစ္ဆာ,အာရုံအများ၌ ပျံ့လွင့်ခြင်းဥဒ္ဓစ္စနှင့်ယှဉ်နေသော စိတ်မှာ ပင်ကိုထက်မြက်မှုဟူသော သဘာဝတိက္ခတာလည်း မရှိ၊ တိုက်တွန်းမှုကြောင်

ကေဟေတုကံ–ဟိတ်တစ်ပါးသာရှိသော မောဟမူစိတ်သည်၊ မုဋ္ဌတ္တာစေဝ–တွေဝေသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ သံသပ္ပဝိက္ခေပါ စ–ထက်ဝန်းကျင်ရွေ့ရှားခြင်း, ပျံ့လွင့်ခြင်းကြောင့်လည်းကောင်း၊ သောပေက္ခံ–ဥပေက္ခာနှင့်တကွဖြစ်၏၊ သဗ္ဗဒါ–အခါခပ်သိမ်း၊ သင်္ခါရဘေဒတော–သင်္ခါရအပြားအားဖြင့်၊ ဘိန္နံ စ–ကွဲပြားသည်လည်း၊ နော (ဟောတိ)–မဖြစ်၊ (ကသ္မာ–ကြောင့်၊ သင်္ခါရဘေဒတော ဘိန္နံစ နောဟောတိ–နည်း၊) ဟိယသ္မာ–အကြင်ကြောင့်၊ သဗ္ဗဒါ–အခါခပ်သိမ်း၊ သံသပ္ပနမာနသံ–ထက်ဝန်းကျင်ရွေ့ရှားသော၊ ဝါ–ယုံမှားသော၊ ဝိက္ခိပန္တံ သံ–ပျံ့လွင့်သော၊ တံ သံ–ထိုမောဟမူစိတ်၏၊ သဘာဝေန–ပင်ကိုယ်သဘောအားဖြင့်၊ တိက္ခတာ–ထက်မြက်သည်၏ အဖြစ်သည်လည်းကောင်း၊ ဥဿာဟနီယတာ–အားတက်စေထိုက်သည်၏ အဖြစ်သည်လည်းကောင်း၊ ဝါ–တိုက်တွန်းထိုက်သည်၏ အဖြစ်သည်လည်းကောင်း၊ န အတ္ထိ–မရှိ၊ (တသ္မာ–ကြောင့်၊ သင်္ခါရဘေဒတောဘိန္နံ စ နော ဟောတိ–မဖြစ်၊) ဣတိ–သို့၊ (သင်္ဂဟဂါထာ–တို့သည်၊) ဟောန္တိ။

မူလန္တရဝိရဟတော–လောဘဒေါသဟူသော အခြားမူလတို့မှ ကင်းကုန်သည်၏ အဖြစ်ကြောင့်၊ မောဟေန–မောဟဖြင့်၊ မုယှန္တိ–တွေဝေတတ်ကုန်၏၊ အတိသယေန–အလွန်အကဲအားဖြင့်၊ မုယှန္တိ–နှ်၏၊ ဣတိ–ကြောင့်၊ မောမူဟာနိ–တို့ မည်၏။

**၇။** ဣစ္စေဝန္တျာဒိ–ဣစ္စေဝံ အစရှိသော ဝါကျသည်၊ ယထာဝုတ္တာနံ–အကြင် အကြင် ဆိုအပ်ပြီးကုန်သော၊ ဒွါဒသာကုသလစိတ္တာနံ–(၁၂)ပါးသော

---

တိုးတက်လာမည့် ဥဿာဟနီယတာလည်း မရှိနိုင်၊ သဘာဝတိက္ခတာ မဟုတ်သောကြောင့် အသင်္ခါရိကဟု မဆိုရ၊ ဥဿာဟနီယတာ မရှိသောကြောင့် သသင်္ခါရိကဟုလည်း မဆိုရ၍ သင်္ခါရအားဖြင့် စိတ်ကွဲပြားခြင်း မရှိ၊ သင်္ခါရဝိမုတ်စိတ် ဖြစ်သည်–ဟူလို။

**ဂါထာ။** ။မုဋ္ဌတ္တာစေဝသည် အတိသမ္မုဋ္ဌတ္တာယ၏ သင်္ဂဟ၊ သံသပ္ပဝိက္ခေပါသည် သံသပ္ပနဝိက္ခိပနဝသေန၏ သင်္ဂဟ၊ [ပဝတ္တဝိစိကိစ္ဆုဒ္ဓစ္စသမာယောဂေန စဠ္ဌလတာယ တို့ကို ဂါထာဖြစ်၍ ချုံးလိုက်၏။] နောစ ဘိန္နံ သင်္ခါရဘေဒတောသည် "သင်္ခါရဘေဒေါပိ နေသံ နတ္ထိ"၏ သင်္ဂဟ၊ န ဟိ၊ပေ၊နီယတာသည် သဘာဝ၊ပေ၊ အဘာဝတော၏ သင်္ဂဟ၊ အတ္ထိ ၊ပေ၊ သဗ္ဗဒါသည် တတောယေဝ၏ အစွဲနက်ကို ဖော်ပြသော စကားတည်း။

**မောမူဟာနိ။** ။မောဟသဒ္ဒါုပပဒ + မုဟဓာတ်, အပစ္စည်း၊ "မောဟ+မုဟ"ဟု တွေဝေခြင်းအနက်တူကိုဟောသော သဒ္ဒါတူနှစ်ချက်ကြောင့် "အတိသယေန မုယှန္တိ"ဟု မောဟေန မုယှန္တိကို ဖွင့်သည်။ [ အနက်တူသဒ္ဒါ, ဆင့်၍လာ, လွန်စွာအနက်ပေး။] ကြွင်းအဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ။

စိတ်တို့၏၊ နိဂမန်–နိဂုံးတည်း၊ တတ္ထ–ထို ဣစ္စေဝံ အစရှိသောဝါကျ၌၊ ဣတိသဒ္ဒေါ–ဣတိသဒ္ဒါသည်၊ ဝစနဝစနီယသမုဒါယနိဒဿနတ္ထော–သဒ္ဒါအပေါင်း, အနက်အပေါင်းကို ညွှန်ပြခြင်းအနက်ရှိ၏၊ ဧဝံသဒ္ဒေါ–သည်၊ ဝစနဝစနီယပဋိပါဋိသန္ဒဿနတ္ထော–သဒ္ဒါအစဉ်,အနက်အစဉ်ကို ကောင်းစွာညွှန်ပြခြင်း အနက်ရှိ၏၊ ဝါ–တစ်နည်း၊ သေ–ဤ ဣစ္စေဝံ သဒ္ဒါသည်၊ ဝစနဝစနီယနိဂမနာရမ္ဘော–သဒ္ဒါအနက်တို့၏ နိဂုံးကို စတည်ရာ၌၊ (ပဝတ္တော–သော၊) နိပါတသမုဒါယော–နိပါတ်အပေါင်းတည်း၊ ဣစ္စေဝံ ယထာဝုတ္တနယေန–အကြြင်အကြင် ဆိုအပ်ပြီးသောနည်းဖြင့်၊ သဗ္ဗထာပိ–အလုံးစုံသော အပြားအားဖြင့်လည်း၊ သောမနဿုပေက္ခာဒိဋ္ဌိသမ္ပယောဂါဒိနာ–သောမနဿ,

---

**နိဂမန်**။ ။ဤနိဂုံးစကားကို "အပ္ပနာ"ဟုလည်း ခေါ်၏၊ နိဂမိယန္တိ အပ္ပိယန္တိ တွေ့ ဧတေနာတိ ဝါ နိဂမန်၊ တွေ့–ဤဝါကျ၌၊ ဝါ–တစ်နည်း၊ ဧတေန–ဖြင့်၊ ယထာဝုတ္တာ–အကြင်အကြင် ဆိုအပ်ပြီးသော အနက်တို့ကို၊ နိဂမိယန္တိ အပ္ပိယန္တိ–တစ်ပေါင်းတည်း သွင်းအပ်ကုန်၏၊ ဣတိ နိဂမန်၊ ဆိုအပ်ပြီးသော အနက်တို့ကို တစ်ပေါင်းတည်း သွင်းယူရာ ဝါကျ၊ တစ်နည်း–သွင်းယူကြောင်းဝါကျ၊ ဆိုအပ်ပြီးသော အကုသိုလ်(၁၂)ပါးကို "ဣစ္စေဝံ၊ပေ၊ဒွါဒသာကုသလစိတ္တာနိ"ဟူသော နိဂုံးဝါကျ၌ တပေါင်းတည်း သွင်းယူသည်။

**ဣစ္စေဝံ**။ ။"ဣတိ+ဧဝံ"ဟု နိပါတ်ပုဒ် နှစ်ခုဖြစ်၏၊ "ထို နိပါတ်နှစ်ခုလည်း အသီးအသီးအနက် တစ်မျိုးစီကို ညွှန်ပြခြင်း နိဒဿနအနက် ရှိ၏"ဟု သိစေလို၍ တတ္ထ စသည်မိန့်၊ "သောမနဿသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ အသင်္ခါရိကမေကံ" စသည်ကို ဝစနသမုဒါယ(သဒ္ဒါအပေါင်း)ဟု ခေါ်၏၊ ထိုသဒ္ဒါအပေါင်း၏ ဟောနက်ဖြစ်သော "သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်" စသည်ကို ဝစနီယ(အနက်အပေါင်း)ဟု ခေါ်သည်၊ ထိုသောမနဿသဟဂတံစသော သဒ္ဒါအစဉ်, ဟောနက်အစဉ်ကို "ဝစနဝစနီယပဋိပါဋိ"ဟု ခေါ်သည်။

**နိပါတသမုဒါယော ဝါ သေ**။ ။ဤနည်း၌ကား ဣတိနှင့် ဧဝံ နိပါတ် နှစ်ခုကို ပေါင်းထားသော ပုဒ်တည်း၊ ဆိုအပ်ပြီးသော သဒ္ဒါအနက်များကို နိဂုံးအုပ်သော ဝါကျ၏ အစ၌ ဤနိပါတ်အပေါင်းကို သုံးစွဲရိုးပြုကြသည်–ဟူလို၊ ထိုနိပါတ်လည်း တတိယန္တ နိပါတ်တည်း ဟု သိစေလို၍ "ယထာဝုတ္တနယေန"ဟု ဖွင့်သည်၊ သမတ္ထာနိ၌ ကရိဏ်း အဖြစ်ဖြင့် စပ်။

**သဗ္ဗထာပိ**။ ။"သဗ္ဗေနာပိ သမ္ပယောဂါဒိအာကာရေန"သည် လိုရင်းအဖွင့်တည်း၊ အာကာရအနက်၌ ထာပစ္စည်းသက်၍ နာဝိဘတ်ချေထားသည်–ဟု သိစေသည်၊ အာကာရသရုပ်ကို "သောမနဿ ၊ပေ၊ သမ္ပယောဂါဒိ"ဟု ဖော်သည်၊ သဟဂတနှင့် သမ္ပယောဂသည် သဘောတူဖြစ်၏၊ ထို့ကြောင့် သဟဂတကိုပင် "သမ္ပယောဂ"ဟု သုံးစွဲထား၏၊ သောမနဿနှင့်ယှဉ်ခြင်း ဒိဋ္ဌိနှင့်ယှဉ်ခြင်း (အာဒိဖြင့် ဝိပ္ပယောဂသင်္ခါရတို့ကို ယူ၍) သင်္ခါရ ရှိခြင်း–မရှိခြင်း, စသောအပြား၊ို "အာကာရ"ဆိုသည်ဟု မှတ်ပါ။

ဥပေက္ခာ, ဒိဋ္ဌိသမ္ပယုတ် အစရှိသည်လည်းကောင်း၊ [ဣတိ၌ စပ်၊ ဤပါဌ်ဖြင့် လောဘမူစိတ်ကို ပြသည်၊] ပဋိဃသမ္ပယောဂါဒိနာ-ပဋိဃသမ္ပယုတ် အစရှိသည်လည်းကောင်း၊ [ဤပါဌ်ဖြင့် ဒေါသမူစိတ်ကို ပြသည်၊] ဝိစိကိစ္ဆုဒ္ဓစ္စယောဂေန-ဝိစိကိစ္ဆာ ဥဒ္ဓစ္စနှင့်ယှဉ်ခြင်းလည်းကောင်း၊ [မောဟမူစိတ်ကို ပြသည်၊] ဣတိ-ဤသို့၊ သဗ္ဗေနာပိ-အလုံးစုံလည်းဖြစ်သော၊ သမ္ပယောဂါဒိအာကာရေန-သမ္ပယုတ်အစရှိသော အပြားအားဖြင့်၊ ဒွါဒသ-ကုန်သော၊ အကုသလစိတ္တာနိ-တို့သည်၊ သမတ္တာနိ ပရိနိဋ္ဌိတာနိ-ပြီးကုန်ပြီ၊ ဝါ-တစ်နည်း၊ သင်္ဂဟေတွာ-သိမ်းကျုံး၍၊ အတ္တာနိဂဟိတာနိ-ယူအပ်ကုန်ပြီ၊ ဝုတ္တာနိ-ဖွင့်ဆိုအပ်ကုန်ပြီ၊ ဣတိ အယံ-ကား၊ အတ္ထော-အဓိပ္ပာယ်အနက်တည်း။

တတ္ထ-ထိုအကုသလစိတ္တာနိဟူသောပါဌ်၌၊ ကုသလပဋိပက္ခာနိ-ကုသိုလ်၏ ဆန့်ကျင်ဘက်ဖြစ်သော စိတ်တို့သည်၊ အကုသလာနိ-အကုသိုလ်တို့ မည်၏၊ (ကောဝိယ-အဘယ်ကဲ့သို့နည်း၊) မိတ္တပဋိပက္ခော-မိတ်ဆွေ၏ဆန့်ကျင်ဘက်ဖြစ်သူသည်၊ အမိတ္တောဝိယ-အမိတ္တမည်သကဲ့သို့တည်း၊ စ-ဆက်၊ ကုသလာကုသလာနံ-ကုသိုလ် အကုသိုလ်တို့၏၊ ပဋိပက္ခဘာဝေါ-ဆန့်ကျင်ဘက်တို့၏ အဖြစ်ကို၊ ကုသလာကုသလာနံ-တို့၏၊ [နှစ်ဖက်ငဲ့သော ကာကောလောကန နည်း၊] ယထာက္ကမံ-အကြင်အကြင် အစဉ်အတိုင်း၊ ပဟာယကပဟာတဗ္ဗဘာဝေန-ပယ်တတ်ကုန်, ပယ်အပ်ကုန်သည်၏ အဖြစ်ဖြင့်၊ ဝေဒိတဗ္ဗော-သိထိုက်၏။

၈။ အဋ္ဌဓာတျာဒိ-အဋ္ဌဓာ စသော ဂါထာသည်၊ သင်္ဂဟဂါထာ-အကျဉ်းချုပ်၍ ယူကြောင်းဂါထာတည်း၊ လောဘောစ-လောဘလည်းဟုတ်၏၊ သော-ထို လောဘဟူသည်၊ သုပ္ပတိဋ္ဌိတ ဘာဝသာဓနေန-သမ္ပယုတ်တရားတို့၏

**သမတ္တာနိ**။ ။သမတ္တသဒ္ဒါသည် ပရိနိဋ္ဌိတ အနက်ဟော အနိပ္ဖန္န(ဓာတ်ပစ္စည်းတို့ဖြင့် ပြီးစေဖွယ်မလိုသော) ပါဋိပဒိက ပုဒ်တစ်မျိုးတည်း-ဟု သိစေလို၍ "ပရိနိဋ္ဌိတာနိ"ဟု ဖွင့်သည်၊ "သမတ္တာနိ-ပြီးကုန်ပြီ"ဟု ပေး၊ တစ်နည်း-"သံ+အတ္တ"ဟု ခွဲ၊ သံသည် သင်္ဂဟအနက်ဟော၊ အတ္တ၌ အာပုဗ္ဗ+ဒါဓာတ်, တပစ္စည်း၊ ဒကို တ-ပြု၊ အာကိုချေ၊ အာ ဥပသာရကို ရဿပြု၍ ပြီးစေအပ်သော နိပ္ဖန္နပါဋိပဒိကတည်း-ဟု သိစေလို၍ သံကို "သင်္ဂဟေတွာ"ဟုလည်းကောင်း, အတ္တာနိကို "ဂဟိတာနိ"ဟုလည်းကောင်း ဖွင့်သည်၊ "သိမ်းကျုံး၍+ယူအပ်ကုန်ပြီ"ဟု ပေး၊ ဝုတ္တာနိကား အဓိပ္ပာယ်ဖွင့်တည်း။

**ကုသလပဋိပက္ခာနိ**။ ။ဤပါဌ်ဖြင့် အကုသလ၌ အသည် ပဋိပက္ခ (ဝိရုဒ္ဓ) အနက်ဟောဟု သိစေ၏၊ ဥပမာ-မိတ်ဆွေ၏ ဆန့်ကျင်ဘက်ရန်သူကို "အမိတ္တ"ဟု ခေါ်ရာ၌ အသဒ္ဒါသည် ပဋိပက္ခအနက်ကို ဟောသကဲ့သို့တည်း၊ ကုသလနှင့် ပဟာယက, အကုသလနှင့် ပဟာတဗ္ဗ စဉ်ရသည်ကို "ယထာက္ကမ"ဟု ဆိုသည်၊ ကြွင်းသော မှတ်ဖွယ်ကို ဘာသာဋီကာ၌ ပြထားပြီ။

ကောင်းစွာတည်ကုန်သည်၏အဖြစ်ကို ပြီးစေခြင်းကြောင့်၊ ဝါ–ပြီးစေသည့်အတွက်၊ မူလသဒိသတ္တာ–ရေသောက်မြစ်နှင့်တူသည်၏အဖြစ်ကြောင့်၊ မူလဋ္ဌ–မူလလည်းဟုတ်၏၊ ဧတေသံ–ဤစိတ်တို့၏ တံ–ထိုလောဘဟူသော မူလသည်၊ (အတ္ထိ–ရှိ၏၊) ဣတိ–ကြောင့်၊ လောဘမူလာနိ–လောဘမူလမည်ကုန်သော၊ စိတ္တာနိ–စိတ်တို့သည်၊ ဝေဒနာဒိဘေဒတော–ဝေဒနာအစရှိသည်တို့၏ အပြားအားဖြင့်၊ ဝါ–ဝေဒနာအပြား, ယောဂအပြား, သင်္ခါရအပြားအားဖြင့်၊ အဋ္ဌဓာ–ရှစ်ပါးပြားကုန်သည်၊ သိယုံ–ဖြစ်ကုန်၏၊ [ဤပါဌ်ဖြင့်“လောဘော+မူလံ ဧတေသန္တိ လောဘမူလာနိ”ဟု ဗဟုဗ္ဗီဟိကို ပြသည်။]

တထာ–ထို့အတူ၊ [ဒေါသောစ+သော–စသောအဖွင့်ကို ညွှန်းသည်၊] ဒေါသမူလာနိ–န်သော (စိတ္တာနိ) သင်္ခါရဘေဒတော–သင်္ခါရတို့၏ အပြားအားဖြင့်၊ ဒွိဓာ–နှစ်ပါးပြားကုန်သည်၊ (သိယုံ–ကုန်၏၊) မောဟမူလာနိ–မောဟမူလစိတ်တို့သည်၊ [ဤပုဒ်ကိုပင်“သုဒ္ဓေါ ၊ပေ၊ သင်္ခါတာနိ”ဟု ထပ်ဖွင့်သည်၊] ဧတေသံ–ဤစိတ်တို့၏၊ သုဒ္ဓေါ–လောဘ ဒေါသ မဖက် သက်သက်သော၊ မောဟောယေဝ–မောဟသာလျှင်ဖြစ်သော၊ မူလံ–မူလသည်၊ (အတ္ထိ–၏၊) ဣတိ–ကြောင့်၊ မောဟမူလသင်္ခါတာနိ–မောဟမူလဟု ဆိုအပ်ကုန်သော၊ (စိတ္တာနိစ–စိတ်တို့သည်လည်း၊) သမ္ပယောဂဘေဒတော–သမ္ပယုတ်တို့၏ အပြားအားဖြင့်၊ ဒွေ–နှစ်ပါးတို့သည်၊ (သိယုံ–န်၏၊) ဣတိ–ဤသို့လျှင်၊ အကုသလာ–အကုသိုလ်စိတ်တို့သည်၊ ဒွါဒသ–ဆယ့်နှစ်ပါးတို့သည်၊ သိယုံ–န်၏၊ ဣတိအတ္ထော–နက်၊ အကုသလဝဏ္ဏနာ–အကုသိုလ်စိတ်တို့၏ ဖွင့်ကြောင်းဖွင့်ရာ ဋီကာသည်၊ နိဋ္ဌိတာ–ပြီးပြီ။

---

**လောဘော စ ၊ပေ၊ မူလဋ္ဌ**။ ။ဤဝါကျဖြင့် “လောဘနှင့် မူလတို့အရတူကြောင်းကိုသာ ပြ၏၊ ကမ္မဓာရဲသမာသ်ကို ပြသည် မဟုတ်၊ နောက်ဝါကျ၌ တံဖြင့် “လောဘော+မူလံ”နှစ်ပုဒ်ကို ပြန်စွဲရမည်၊ သို့မှ “လောဘော+မူလံ ယေသံ” ဟူသော ဗဟုဗ္ဗီဟိသမာသ်ဝိဂ္ဂဟ ဖြစ်နိုင်မည်၊ “သုပ္ပတိဋ္ဌိတဘာဝ သာဓနေန”သည် မူလသဒိသတ္တာ၏ အကူအညီဟိတ်တည်း။

**မူလသဒိသတ္တာ**။ ။ဤဟိတ်ကား မူလံ၏ နာမလာဘဟိတ်တည်း၊ ရေသောက်မြစ်နှင့် တူသောကြောင့် လောဘကို မူလခေါ်သည်–ဟူလို၊ ဤဟိတ်အရ “မူလံ ဝိယာတိ မူလံ”ဟု ပြု၊ တစ်နည်း သဒိသူပစာကြံ၊ အဘယ့်ကြောင့် ရေသောက်မြစ်နှင့် တူသနည်း–ဟု မေးဖွယ်ရှိသောကြောင့် “သုပ္ပတိဋ္ဌိတ ဘာဝသာဓနေန”ဟု မိန့်၊ ရေသောက်မြစ်သည် သစ်ပင်ကို ကောင်းစွာ တည်တံ့စေသကဲ့သို့, ထို့အတူ ယှဉ်ဖက်တရားတို့ကို ကောင်းစွာအာရုံ၌ စိုက်ဆောက် တည်တန့်စေတတ်သော ကြောင့် မူလနှင့် တူသည်–ဟူလို၊ ဟေတုပစ္စည်း၏ အဓိပ္ပာယ်နှင့် တွဲစပ်ကြည့်ပါ။

**၉။** ဝေ–ဤဆိုအပ်ပြီးသောနည်းဖြင့်၊ မူလဘေဒတော–မူလအပြားအားဖြင့်၊ တိဝိဓမ္ပိ–သုံးပါးအပြားရှိသည်လည်းဖြစ်သော၊ အကုသလံ–အကုသိုလ်စိတ်ကို၊ သမ္ပယောဂါဒိဘေဒတော–သမ္ပယုတ်အစရှိသည်တို့၏အပြားအားဖြင့်၊ ဒွါဒသဓာ–ဆယ့်နှစ်ပါးအပြားအားဖြင့်၊ ဝိဘဇိတွာ–ဝေဖန်ပြီး၍၊ ဣဒါနိ–ယခုအခါ၌၊ အဟေတုကစိတ္တာနိ–အဟိတ်စိတ်တို့ကို၊ နိဒ္ဒိသန္တော–အကျယ်ညွှန်ပြလိုသော၊ (အာစရိယော–သည်၊) တေသံ–ထိုအဟိတ်စိတ်တို့၏၊ အကုသလဝိပါကာဒိဝသေန–အကုသလဝိပါက် အစရှိသည်တို့၏ အပြားအားဖြင့်၊ တိဝိဓဘာဝေ–သုံးပါးအပြားရှိကုန်သည်၏ အဖြစ်သည်၊ (သံတိ) ပိ–ဖြစ်ပါသော်လည်း၊ အကုသလာနန္တ ရံ–အကုသိုလ်စိတ်၏ အခြားမဲ့၌၊ အကုသလဝိပါကေယေဝ–အကုသလဝိပါက်စိတ်တို့ကိုသာ၊ (ဝိဘဇိတုံ၌ စပ်၊) စက္ခာဒိနိဿယ, သမ္ပဋိစ္ဆနာဒိကိစ္စဘေဒေန–စက္ခု အစရှိသောမှီရာ, သမ္ပဋိစ္ဆန်းအစရှိသော ကိစ္စတို့၏အပြားအားဖြင့်၊ သတ္တဓာ–ခုနစ်ပါး အပြားအားဖြင့်၊ ဝိဘဇိတုံ–အကျယ်ဝေဖန်ခြင်းငှာ၊ ဥပေက္ခာသဟဂတံ စက္ခုဝိညာဏန္တျာဒိ–ဥပေက္ခာသဟဂတံ စက္ခုဝိညာဏံ အစရှိသော စကားရပ်ကို၊ အာဟ–မိန့်တော်မူပြီ။

တတ္ထ–ထို ဥပေက္ခာသဟဂတံစက္ခုဝိညာဏံ အစရှိသောစကားရပ်၌၊ (ဝစနတ္ထော–ကို၊ ဧဝံ–ဖြင့်၊ ဝေဒိတဗ္ဗော–၏၊) (ယံမဗ္ဗဇာတံ–သည်၊) ဝိညာဏာမိဋ္ဌိတံ–စက္ခုဝိညာဏ်၏တည်ရာသည်၊ (ဟုတွာ–ဖြစ်၍၊) (တစ်နည်း) ဝိညာဏာမိဋ္ဌိတံ–စက္ခုဝိညာဏ်၏တည်ရာ၏၊ (ပဌမာဝိဘတ် သမ္ဗန်အနက်၌သက်၊) (ဟုတွာ–ဖြစ်ခြင်းကြောင့်၊ တွာပစ္စည်းဘောဟော၊) သမဝိသမံ–ညီညွတ်သော အာရုံ,

**အကုသလာနန္တ ရံ။** ။အကုသလဝိပါက် စသောအားဖြင့် အဟိတ်စိတ် သုံးမျိုး ရှိသော်လည်း အကြောင်းအကုသိုလ်စိတ်၏ အခြားမဲ့ကာလ၌ အကျိုးအကုသလ ဝိပါက်ကို ဆက်၍ပြခြင်းသည် လောက၌ သင့်လျော်လျောက်ပတ်သော (ဩစိတျဂုဏ် ဟု ခေါ်သော) ဂုဏ်တစ်မျိုးရ၏၊ ထို့ကြောင့် အကုသလဝိပါက်တို့ကို ဝေဖန်ခြင်းငှာ ဥပေက္ခာသဟဂတံ စသည်ကို အရှင်အနုရုဒ္ဓါ မိန့်သည်။

**စက္ခာဒိ ။ပေ၊ သတ္တဓာ။** ။အကုသလဝိပါက်စိတ်အဖြစ်ဖြင့် စိတ်တစ်မျိုးတည်းသာ ရှိပါလျက် အဘယ့်ကြောင့် ခုနစ်ပါးပြားရသနည်းဟု မေးဖွယ်ရှိသောကြောင့် စက္ခာဒိနိဿယ စသည် မိန့်၊ မှီရာအားဖြင့်လည်းကောင်း, ကိစ္စအားဖြင့်လည်းကောင်း, ကွဲပြားသောကြောင့် ခုနစ်ပါးပြားရသည်–ဟူလို၊ စက္ခာဒိ၌ အာဒိဖြင့် သောတ ဃာန ဇိဝှါ ကာယတို့ကို ယူ၍ သမ္ပဋိစ္ဆနာဒိ၌ အာဒိဖြင့် သန္တီရဏကိစ္စကို ယူ၊ စက္ခုဝတ္ထု၌ မှီသော စိတ်က တစ်မျိုး၊ပေ၊ကာယဝတ္ထု၌မှီသော စိတ်က တစ်မျိုး, ဤသို့ မှီရာ ကွဲပြားခြင်းကြောင့် စက္ခုဝိညာဏ်စိတ်၊ပေ၊ကာယဝိညာဏ်စိတ် ဟုလည်းကောင်း, မှီရာ ဟဒယဝတ္ထုချင်း တူသော်လည်း ခံယူခြင်းကိစ္စရှိသော စိတ်ကတစ်မျိုး, စုံစမ်းခြင်းကိစ္စ ရှိသော စိတ်ကတစ်မျိုး, ဤသို့ ကိစ္စကွဲပြားခြင်းကြောင့် သမ္ပဋိစ္ဆနစိတ်, သန္တီရဏစိတ် ဟု လည်းကောင်း ကွဲပြားသည်။

မညီညွတ်သော အာရုံကို၊ ဝါ–ကောင်းသော အာရုံ, မကောင်းသော အာရုံကို၊ စက္ခုတိ အာစိက္ခန္တိ ဝိယ ဟောတိ–ပြောပြသကဲ့သို့ ဖြစ်တတ်၏၊ ဣတိ–ထို့ ကြောင့်၊ (တံမေ့ဗာတံ–သည်၊) စက္ခု–စက္ခုမည်၏၊ အထဝါ–ထို့ပြင်တစ်နည်း ကား၊ ရူပံ–ရူပါရုံကို၊ စက္ခတိ အဿာဒေန္တံ ဝိယ ဟောတိ–သာယာသကဲ့သို့ ဖြစ်တတ်၏၊ ဣတိ–ကြောင့်၊ စက္ခု–စက္ခုမည်၏၊ ဟိ–မှန်၏၊ စက္ခတိတိ အယံသဒ္ဒေါ–စက္ခတိဟူသော ဤသဒ္ဒါသည်၊ မဓုံ စက္ခတိ ဗျဉ္ဇနံ စက္ခတိ တျာဒီသုဝိယ–မဓုံစက္ခတိ, ဗျဉ္ဇနံစက္ခတိ အစရှိသောပါဠိရပ်တို့၌ကဲ့သို့၊ အဿာဒနတ္ထော–သာယာခြင်းအနက်ရှိသည်၊ ဟောတိ–ဖြစ်၏၊ [မဓုံ–ပျားရည် ကို၊ စက္ခတိ–သာယာ၏၊ ဗျဉ္ဇနံ–ဟင်းလျာကို၊ စက္ခတိ–သာယာ၏၊] တေန– ထို့ကြောင့်၊ စက္ခုံ ခေါ ၊ပေ၊ ရူပသမ္ဗုဒ္ဓိတန္တျာဒိ–စက္ခုံခေါ ၊ပေ ၊ ရူပသမ္ဗုဒ္ဓိတံ

---

**စက္ခတိ၊ပေ၊စက္ခု**။ ။"စက္ခတိတိ စက္ခု"သာ လိုရင်း၊ "သမဝိသမံ အာစိက္ခန္တံ ဝိယ ဟောတိ"ကား "စက္ခ–အာစိက္ခနေ"ဟု ဓာတ်နက်ရှိသောကြောင့် ထိုဓာတ်နက်ကို ဖွင့်ပြသော ဓာတွတ္ထသံဝဏ္ဏနာတည်း၊ မှန်၏–ဓာတ်တစ်ခု၏ အနက်ကို မထင်ရှား၍ ဖွင့်ပြလိုလျှင် ဓာတ်နက်ကို ရှေ့ကထား၍ ဘူဓာတ်(ဘူဓာတ်၏ပရိယာယ် ဟူဓာတ်) ကရဓာတ်တို့ဖြင့် ဖွင့်ပြရိုးရှိ၏၊ [ဤ၌ ဟူဓာတ်ဖြင့် ဖွင့်ပြ၏၊ နောက်ဃာနံ၌ "ဂန္ဓော ပါဒါနံ ကရောတိ"ဟု ကရဓာတ်ဖြင့် ဖွင့်လတ္တံ့။]

**[နိယာမ်] ခပ်သိမ်းဓာတ်ပင်, နက်မထင်က, သကတ္ထကို, ရှေ့ကသွင်းကာ, ဘူကရာနှင့်, ဖွင့်ကာပြလေစမြဲတည်း။**

**ဝိညာဏ ၊ပေ၊ အစိက္ခန္တံ ဝိယ**။ ။စက္ခုသည် ရုပ်တရားဖြစ်၍ ပြောပြနိုင်သော သတ္တိမရှိသည် မဟုတ်လော– မေးဖွယ်ရှိသောကြောင့် "စက္ခုဝိညာဏာဓိဋ္ဌိတံ ၊ပေ၊ အာစိက္ခန္တံ ဝိယ"ဟု မိန့်သည်၊ စက္ခုဝိညာဏ်သည် ရူပါရုံကို သိတတ်မြင်တတ်၏၊ ထိုဝိညာဉ်၏ တည်ရာဖြစ်သောကြောင့် စက္ခုပသာဒလည်း ရူပါရုံကို သိနိုင်သကဲ့သို့ ဖြစ်၏၊ ထိုသို့ ဖြစ်ခြင်းကိုပင် သမ–ဝိသမကို နုတ်ဖြင့် ပြောသလို ဖြစ်ရကား မပြောတတ်သော်လည်း ပြောသကဲ့သို့ ဖြစ်သည်ဟု ဆိုသည်၊ ဤ ဝိယသည် ဥပရိက္ချာဇောတကတည်း၊ ပြောတတ်သောသတ္တိမရှိဘဲ ရှိသကဲ့သို့ တင်စားထားသော ကြောင့် တဒ္ဓမ္မူပစာလည်း ဟုတ်၏၊ [တစ်ချို့နေရာ၌ ရူပကအလင်္ကာလည်းရ၏၊]

**[နိယာမ်] နိသတ္တိကို, သတ္တိရှိစွာ, ကျမ်းဥမှာ, ဥပစာဥပရိက်, ကျမ်းရိပ်ထောက်ဆ. ရူပက။**

**အထဝါ**။ ။ဤနည်း၌ စက္ခုဓာတ်၏ အဿာဒအနက်ကိုပြသည် "စက္ခတိတိ ဟိ၊ပေ၊အဿာဒနတ္ထော ဟောတိ"ဖြင့် လောက ဥဒါဟရဏ်ကို သက်သေပြ၏၊ တေနာဟ–စသော မဓွိမပဏ္ဏာသ မာဂဏ္ဍိယသုတ်ဖြင့်, သာသနာတော် ဥဒါဟရဏ်ကို သာကေပြသည်၊ [ရူပံ+အာရာမော တေသာဘတိ ရူပါရာမံ၊ ရူပေ+ရတံတိ ရူပရတံ၊ ရူပေန+သမ္ဗုဒ္ဓိတန္တိ ရူပသမ္ဗုဒ္ဓိတံ၊ မာဂဏ္ဍိယသုတ်ဋီကာ၊] ဤသာကေ၌ မွေ့လျော်ခြင်း ဝမ်းမြောက်ခြင်းဟူသည် သာယာခြင်း (အဿာဒ)နှင့် သဘောတူပင်တည်း။

အစရှိသော၊ (ယံ ဝစနံ-သည်၊ အတ္ထိ၊ တံ ဝစနံ-ကို) ဘဂဝါ-မြတ်စွာဘုရား သည်၊ အာဟ-ဟောတော်မူပြီ၊ [မာဂဏ္ဍိယ-မာဂဏ္ဍိယ၊ စက္ခု-စက္ခုပသာဒ သည်၊ (နိဂ္ဂဟိတ်ကား ဝါစာသိလိဋ္ဌ၊) ရူပါရာမံ-ရူပါရုံဟူသော မွေ့လျော်ရာ ရှိ၏၊ ရူပရတံ-ရူပါရုံ၌ မွေ့လျော်တတ်၏၊ ရူပသမ္မုဒိတံ-ရူပါရုံဖြင့် လွန်စွာ ဝမ်းမြောက်တတ်၏။]

ယဒိဓေဝံ-ယင်းသို့ဖြစ်လျှင်၊ [(တစ်နည်း၊) ရူပံ-ကို၊ စက္ခုတိ အဿာဒေန္တံ ဝိယ ဟောတိ-သာယာသကဲ့သို့ ဖြစ်တတ်၏၊ .·. ဣတိ-ကြောင့်၊ စက္ခု-စက္ခု မည်သည်၊ ယဒိ(ဟောတိ)-အကယ်၍ဖြစ်အံ့၊ ဧဝံ(သတိ)-ဤသို့ ဖြစ်လသော်၊] သောတံ ခေါ ၊ပေ၊ ဝစနတော-"သောတံ ခေါ ၊ပေ၊ သဒ္ဒသမ္မုဒိတံ"အစရှိသော ပါဠိရပ်ကို ဟောတော်မူခြင်းကြောင့်၊ သောတာဒီနမ္ပိ-သောတပသာဒအစရှိသည် တို့၏လည်း၊ သဒ္ဒါဒိအဿာဒနံ-သဒ္ဒါရုံ အစရှိသည်ကို သာယာခြင်းသည်၊ အတ္ထိ-၏၊ ဣတိ-ကြောင့်၊ တေသမ္ပိ-ထိုသောတပသာဒအစရှိသည်တို့၏လည်း၊ စက္ခုသဒ္ဒါဘိဓေယျတာ-စက္ခုသဒ္ဒါသည် ဟောအပ်သည်၏အဖြစ်သည်၊ အာပဇ္ဇေယျ-ဖြစ်ရာသည် မဟုတ်လော၊ ဣတိ-ဤကားစောဒနာတည်း၊ နာပဇ္ဇတိ-မဖြစ်၊ (ဣတိ-ဤကားအဖြေတည်း၊) [(တစ်နည်း၊) ရူပံ-ကို၊ စက္ခုတိ အဿာဒေန္တံ ဝိယ ဟောတိ-၏၊ ဣတိ-ကြောင့်၊ စက္ခု-စက္ခုမည်သည်၊ ယဒိပိ ဟောတိ-အကယ်၍ပင် ဖြစ်စေဦးတော့၊ ဧဝံသတိပိ-ဤသို့ပင်ဖြစ်ပါသော် လည်း၊ တေသံ-ထိုသောတပသာဒအစရှိသည်တို့၏၊ စက္ခုသဒ္ဒါဘိဓေယျတာ-သည်၊ နာပဇ္ဇတိ-မဖြစ်၊ ဣတိ-ဤကားအဖြေတည်း၊] ကသ္မာ-နည်း၊ နိရုဠ္ဟတ္တာ-စက္ခုသဒ္ဒါက စက္ခုပသာဒ၌သာ တက်ရောက်သည်၏အဖြစ်ကြောင့် တည်း၊ ဝါ-စက္ခုပသာဒ၌သာ ထင်ရှားသည်၏ အဖြစ်ကြောင့်တည်း။

---

**ယဒိဓေဝံ ၊ပေ၊ အာပဇ္ဇေယျာတိ**။ ။"စက္ခုံ ခေါ မာဂဏ္ဍိယ ရူပါရာမံ"စသော ပါဠိတော်ကို ထောက်၍ စက္ခုတိသဒ္ဒါ၏ အဿာဒနအနက်ကို သိရလျှင် "သောတံ ခေါ မာဂဏ္ဍိယ"စသည်ဖြင့်လည်း ဟောတော်မူရကား "စက္ခုတိ သဒ္ဒံ အဿာဒေတီတိ စက္ခု"ဟု ဝိဂ္ဂဟပြု၍ သောတပသာဒကိုလည်း စက္ခုသဒ္ဒါက ဟောနိုင်ရာရောက်သည် မဟုတ်လော၊ ထို့အတူ"ဃာနံ ခေါ မာဂဏ္ဍိယ"စသော ပါဠိတော်ကို ထောက်၍ ဃာန ဇိဝှါ ကာယပသာဒတို့ကိုလည်း စက္ခုသဒ္ဒါက ဟောနိုင်ရာရောက်သည် မဟုတ်လော-ဟု စောဒနာသည်။

**နာပဇ္ဇတိ, နိရုဠ္ဟတ္တာ**။ ။"နာပဇ္ဇတိ"ဟု ဖြေ၍, ဘာ့ကြောင့် မရောက်သနည်း"ဟု မေးဖွယ် ရှိသောကြောင့် "နိရုဠ္ဟတ္တာ"ဟု အကြောင်းပြသည်၊ နိရုဟတိ-(စက္ခုပသာဒ အပေါ်၌) တက်ရောက်နေတတ်၏၊ ဣတိ နိရုဠ္ဟော၊ စက္ခုသဒ္ဒါက စက္ခုစသော ပသာဒ ငါးပါးလုံးနှင့် ဆက်ဆံသော်လည်း စက္ခုပသာဒ အပေါ်၌သာ (ရှေ့အထက်ကပင်)

ဟိ–ချဲ့၊ သေ စက္ခုသဒ္ဒေါ–ဤစက္ခုသဒ္ဒါသည်၊ ဝါ–ဤစက္ခုဓာတ်သည်၊ ဒဋ္ဌုကာမတာနိဒါနကမ္မဇဘူတပ္ပသာဒလက္ခဏော–ကြည့်ရှုခြင်းငှာ အလိုရှိသူ၏ အဖြစ်ဟူသော တဏှာလျှင် အရင်းခံရှိသော ကံကြောင့်ဖြစ်သောဘူတရုပ်တို့ကို ကြည်လင်စေခြင်း လက္ခဏာရှိသော၊ စက္ခုပ္ပသာဒေယေဝ–စက္ခုပသာဒ၌သာ၊ နိရုဠော–တက်ရောက်၏၊ ဝါ–ထင်ရှား၏၊ (ကေဝိယ–အဘာယ်သဒ္ဒါတို့ကဲ့သို့ နည်း၊) သကုဏာဝိသေသာဒီသု–ငှက်အထူးအစရှိသည်တို့၌၊ (နိရုဠှာ–ကုန်သော၊) မယူရာဒိသဒ္ဒါဝိယ–မယူရအစရှိသောသဒ္ဒါတို့ကဲ့သို့တည်း၊ ပန–ဆက်၊ စက္ခုနာ–စက္ခုပသာဒနှင့်၊ သဟဝုတ္တိယာ–တကွဖြစ်ခြင်းကြောင့်၊ ဘမုကဋ္ဌိပရိစ္ဆိန္နေ–

---

တက်ရောက်နေခဲ့၏၊ ထိုသို့ ကာလကြာရှည်စွာ တက်ရောက်နေသောကြောင့် "စက္ခု" ဟု ဆိုလျှင်"စက္ခုပသာဒ"ဟု အများသိဖြစ်နေခြင်းကို ထင်ရှားသည် ဟုလည်းကောင်း, စက္ခုသဒ္ဒါကို အထင်ရုဠှီ သဒ္ဒါဟုလည်းကောင်း ခေါ်ရသည်၊ ["အထင်"ဟူသည် ထိုစက္ခုပသာဒအနက်၌ ထင်ရှားခြင်းတည်း၊] ရုဠှီသုံးမျိုးကို သဒ္ဒါစစ်မှာ ရှု။

**[နိယာမ်] သကာတ်တစ်ခု, အစုများစွာ, ဆက်ဆံပါလျက်, ထင်ရာစွဲလည်း, အမြဲ ဤရုဠှီပင်တည်း။** [ရှေ့နိယာမ်၌ "အထင်ရုဠှီ" ဟု ဆိုပြီး ဖြစ်၍ "ဤရုဠှီ"ဟု ဆိုသည်၊]

**နိရုဠော**။ ။ဝိသေသာဒီသုတိုင်အောင် ဝိတ္ထာရဝါကျတည်း၊ ထိုဝိတ္ထာရ၌"မယူရာဒိ၊ ပေ၊ဝိသေသာဒီသု"ကို ဥပမာနဝါကျ၊ နိရုဠောစသည်ကို ဥပမေယျဝါကျဟု ခွဲ၊ စက္ခုပသာဒ၏ လက္ခဏာရသ စသည်ကို ပြရာ၌"ဒဋ္ဌုပေ၊ပသာဒလက္ခဏံ"ဟု အဋ္ဌကထာရှိ၏၊ ထိုစကားကိုယူ၍ "ဒဋ္ဌုပေ၊လက္ခဏော"ဟုဆိုသည်၊ ပသာဒရုပ်ဟူသမျှသည် ဘူတပသာဒလက္ခဏာ–တစ်ကလာပ်ထည်း၌ အတူဖြစ်သော ဘူတရုပ်တို့ကို ကြည်လင်စေခြင်း လက္ခဏာရှိ၏၊ ကံပြုစဉ်က ကြည့်ရှုလိုသောတဏှာ အရင်းခံ ပါလာသောကြောင့် ထိုကံကို"ဒဋ္ဌုကာမတာနိဒါနကမ္မ"ဟု ခေါ်၏၊ စက္ခု ပသာဒသည် ထိုကံကြောင့်ဖြစ်သော မဟာဘုတ်တို့ကို ကြည်လင်စေတတ်၏၊ ["ဒဋ္ဌုကာမဿ+ ဘာဝေါ–ဖြစ်ကြောင်းဖြစ်ရာ (ကြည့်လိုသောတဏှာ)တည်း၊ ဒဋ္ဌုကာမတာ+ နိဒါနံ ယဿာတိ ဒဋ္ဌုကာမတာနိဒါနံ (ကမ္မံ)"ဤသို့စသည် ဝိဂ္ဂဟပြု။

**မယူရာ ၊ပေ၊ ဝိသေသာဒီသု**။ ။"မဟိယံ+ရဝတီတိ မယူရော"ဟု ဝိဂ္ဂဟပြု၍ မယူရသဒ္ဒါသည် မြေပေါ်၌+မြည်တွန်တတ်သော သတ္တဝါအားလုံးနှင့် ဆက်ဆံသော်လည်း အထင်ရုဠှီအားဖြင့် "ဒေါင်း"ဟူသော ငှက်အထူး၌သာ ထင်ရှား၏၊ မယူရာဒိ၌ အာဒိဖြင့် မဟိံသ, ဝစ္ဆ, ပက်ဇစသည်ကိုယူ၊ "မဟိယံ+သေတီတိ မဟိံသော" ဟူသော ဝစနတ္ထနှင့်အညီ မဟိံသသဒ္ဒါသည် မြေ၌အိပ်သော သတ္တဝါအားလုံးနှင့် ဆက်ဆံသော်လည်း "ကျွဲ"ဟူသော သတ္တဝါအထူး၌သာ ထင်ရှား၏၊ ဝဒတိ–မြည်တွန်တတ်၏၊ ဣတိ ဝစ္ဆော (နွားငယ်)၊ ပင်္ကေ ဇာတံ ပင်္ကဇံ (ညွန်၌ ဖြစ်သောကြာ)၊ သကုဏာဝိသေသာဒီသု၌ အာဒိဖြင့် ကျွဲသတ္တဝါအထူး, ရေ၌ ပေါက်သောကြာ ဟူသော သစ်ပင်အထူးတို့ကို ယူ။

မျက်မှောင်ရိုးဖြင့် ပိုင်းခြားအပ်သော၊ မံသပိဏ္ဍောပိ–မျက်လုံးတည်းဟူသော အသားအပေါင်းကိုလည်း၊ စက္ခူတိ–စက္ခုဟူ၍၊ ဝုစ္စတိ–ဆိုအပ်၏၊ ပန–ဝါဒန္တရ ကား၊ အဋ္ဌကထာယံ–အဋ္ဌကထာ၌၊ ဓာတူနံ–ဓာတ်တို့၏၊ အနေကတ္ထတ္တာ–များသော အနက်ရှိကုန်သည်၏အဖြစ်ကြောင့်၊ စက္ခတိ သဒ္ဒဿ–စက္ခုသဒ္ဒါ၏၊ ဝါ–စက္ခုဓာတ် ၏၊ ဝိဘာဝနတ္ထတာပိ–ဝိဘာဝနအနက် ရှိသည်၏ အဖြစ်သည်လည်း၊ သမ္ဘဝတိ–ဖြစ်သင့်၏၊ ဣတိ–ဤသို့နှလုံးသွင်း၍၊ စက္ခတိ ရူပံ ဝိဘာဝေတီတိ စက္ခူတိ–စက္ခတိ ရူပံ ဝိဘာဝေတီတိ စက္ခုဟူ၍၊ ဝုတ္တံ–ဆိုအပ်ပြီ၊ [ရူပံ–ကို၊ စက္ခတိ ဝိဘာဝေတိ–ထင်စွာပြတတ်၏၊ ဣတိ–ကြောင့်၊ စက္ခု–စက္ခုမည်၏။]

စက္ခုသ္မိံ–စက္ခုပသာဒ၌၊ ဝိညာဏံ–ဝိညာဉ်တည်း၊ (ကသ္မာ–နည်း၊) တန္နိ သိတတ္တာ–ထို စက္ခုပသာဒ၌ မှီသည်၏အဖြစ်ကြောင့်တည်း၊ ဣတိ–ကြောင့်၊ စက္ခုဝိညာဏံ–စက္ခုဝိညာဏမည်၏၊ တထာဟိ–ထိုစကားမှန်၏၊ တေံ–ဤ စက္ခုဝိညာဉ်ကို၊ စက္ခုသန္နိဿိတ ရူပဝိဇာနနလက္ခဏန္တိ–စက္ခု ၊ပေ၊ ဏံဟူ၍၊ ဝုတ္တံ–အဋ္ဌကထာဆရာတို့ မိန့်ဆိုအပ်ပြီ၊ [(စက္ခုဝိညာဏံ–သည်၊) စက္ခု၊ ပေ၊လက္ခဏံ–စက္ခုပသာဒ၌မှီလျက် ရူပါရုံကို သိခြင်းလက္ခဏာ ရှိ၏၊"စက္ခု သန္နိဿိတံ ဟုတွာ ရူပဿ ဝိဇာနနံ+လက္ခဏံ ဧတဿာတိ စက္ခု ၊ပေ၊ လက္ခဏံ"] ဧဝံ–ဤအတူ၊ သောတဝိညာဏာဒီသုပိ–သောတဝိညာဉ် အစရှိသည် တို့၌လည်း၊ ယထာရဟံ–ထိုက်သည်အားလျော်စွာ၊ ဒဋ္ဌဗ္ဗံ–မှတ်ထိုက်၏။

---

**စက္ခုနာ ၊ပေ၊ ဝုစ္စတိ**။ ။စက္ခုသဒ္ဒါသည် စက္ခုပသာဒ၌ ထင်ရှားနေလျှင် ယခုအခါ ထိုပသာဒနှင့်တကွ မျက်လုံးတစ်ခုလုံးကို "စက္ခု"ဟု ခေါ်နေကြရာ၌ အဘယ်သို့ မှတ်ရမည်နည်းဟု မေးဖွယ်ရှိ၍ "စက္ခု၊ပေ၊ဝုစ္စတိ"ဟု မိန့်၊ သဟာစရဏ(စက္ခုပသာဒနှင့် အတူဖြစ်ဖက်) နည်းအားဖြင့်လည်းကောင်း, ဌာနီပသာဒ၏ စက္ခုအမည်ကို ဌာန တစ်ခုလုံး၌ တင်စား၍ ဌာနျူပစာရအားဖြင့်လည်းကောင်း, မျက်လုံးတစ်ခုလုံးကိုလည်း စက္ခုဟု ခေါ်ရသည်–ဟူလို။

**အဋ္ဌကထာယံ ပန**။ ။သမ္မောဟဝိနောဒနီအဋ္ဌကထာ (အာယတနဝိဘင်း အဖွင့်) ကို အဋ္ဌကထာယံဟု ဆိုသည်၊ ထို၌ စက္ခတီတိ စက္ခု၊ ရူပံ အဿာဒေတိ, ဝိဘာဝေတိ စာတိ အတ္ထော"ဟု ရှိ၏၊ ထိုစကားကိုယူ၍ "အဋ္ဌကထာယံ ပန"ဟု ဆိုသည်၊ ဤနေရာဝယ် စက္ခုဓာတ်၏ အာစိက္ခနတ္ထ, အဿာဒနတ္ထ, ဝိဘာဝနတ္ထ ဟု အနက် သုံးမျိုးကို မှတ်ပါ။

**တန္နိဿိတတ္တာ**။ ။ဤအဖွင့်ကြည့်၍ "စက္ခုသ္မိံ+နိဿိတံ+ဝိညာဏံ စက္ခုဝိညာဏံ" ဟု ပြုကြ၏၊ ဋီကာဆရာ၏ အာဘော်ကျမည် မထင်၊ ဋီကာဆရာကား "စက္ခုသ္မိံ+ ဝိညာဏံ"ဟုသာ ပြုစေလိုဟန်တူသည်၊ "စက္ခုပသာဒ၌+ဝိညာဉ်၊ ဝါ–စက္ခုပသာဒထဲက+ ဝိညာဏ်"ဟု ဆိုလိုသည်။

တထာတိက္ကမိနာ–တထာဟူသော ဤပါဠိဖြင့်၊ ဥပေက္ခာသဟဂတဘာဝံ–ဥပေက္ခာသဟဂုတ်၏ အဖြစ်ကို၊ အတိဒိသတိ–ညွှန်ပြ၏၊ [ဘာသာဋီကာ၌ အကျယ်ပြထား၏၊] ဝိညာဏာဓိဋ္ဌိတံ–၏၊ ဟုတွာ–ဖြစ်ခြင်းကြောင့်၊ သုဏာတိ–ကြားတတ်၏၊ ဣတိ–ကြောင့်၊ သောတံ–သောတမည်၏၊ ဃာယတိ ဂန္ဓောပါဒါနံ ကရောတိ–အနံ့ယူခြင်းကိုပြုတတ်၏၊ ဝါ–နံ့တတ်၏၊ ဣတိ–ကြောင့်၊ ဃာနံ–ဃာနမည်၏၊ ["ဃာ–ဂန္ဓောပါဒါနေ"ဟူသော ဓာတ်နက်ကို ရှေ့ကထား၍ ကရဓာတ်ဖြင့် ဃာယတိကို ဖွင့်သည်၊] ဇီဝိတနိမိတ္တံ–အသက်ရှင်ခြင်း၏အကြောင်းဖြစ်သော၊ ရသော–ရသာရုံသည်၊ ဇီဝိတံ–ဇီဝိတမည်၏၊ တသ္မိံ–ထိုရသာရုံ၌၊ နိန္နတာယ–ညွတ်ကိုင်းသည်၏အဖြစ်ကြောင့်၊ တံ(ဇီဝိတံ) ထိုရသာရုံကို၊ အဝှါယတိ–ခေါ်ဝေါ်သကဲ့သို့ဖြစ်တတ်၏၊ ဣတိ–ကြောင့်၊ နိရုတ္တိနယေန–နိရုတ္တိနည်းဖြင့်၊ ဇိဝှါ–ဇိဝှါမည်၏။

ကုစ္ဆိတာနံ–စက်ဆုပ်အပ်ကုန်သော၊ ပါပဓမ္မာနံ–ယုတ်မာသောအကုသိုလ်တရားတို့၏၊ အာယော(ပဝတ္တိဋ္ဌာနံ)–ဖြစ်ရာတည်း၊ ဣတိ–ကြောင့်၊ ကာယော–ကာယမည်၏၊ ဟိ–ချဲ့၊ ကာယိန္ဒြိယံ–ကာယိန္ဒြေကို၊ ဝါ–သည်၊ ဖောဋ္ဌဗ္ဗဂ္ဂဟဏသဘာဝတ္တာ–ဖောဋ္ဌဗ္ဗာရုံကိုယူခြင်းသဘောရှိသည်၏ အဖြစ်ကြောင့်၊ တဒဿာဒဝသပ္ပဝတ္တာနံ–ထိုဖောဋ္ဌဗ္ဗာရုံကို သာယာခြင်း၏အစွမ်းဖြင့် ဖြစ်ကုန်သော၊ ပါပဓမ္မာနံ–ယုတ်မာသော အကုသိုလ်တရားတို့၏လည်းကောင်း၊ တမ္မူလကာနံ–ထိုဖောဋ္ဌဗ္ဗာရုံကို သာယာခြင်းလျှင်အကြောင်းရင်းရှိကုန်သော၊ ပါပဓမ္မာနံ စ–

---

**ဇီဝိတံ၊ပေ၊နိရုတ္တိနယေန**။ ။ချို, ချဉ်, စပ်, ဖန်, အငံ, အခါး, အရသာများကို စားရမှ အသက်ရှင်သောကြောင့် ဇီဝိတ၏ အကြောင်းဖြစ်သော ရသကို (အကျိုး ဇီဝိတ၏ အမည်ကို အကြောင်းအရသာ၌ တင်စား၍) ဖလူပစာရအာဖြင့် "ဇီဝိတ"ဟု ခေါ်၏၊ "ဇီဝိတံ–အသက်၏ အကြောင်းဖြစ်သော အရသာကို+အဝှါယတိ–ခေါ်သကဲ့သို့ ဖြစ်တတ်၏၊ ဣတိ ဇိဝိတအဝှါ"ဟု ဖြစ်သင့်လျက် ဝဏ္ဏနာသနိရုတ္တိနည်းဖြင့် ဝိ, တ, အ တို့ကို ချေ၍လည်းကောင်း, သံယုဂ်ကြောင့် ဇီ၌လည်း ရဿပြု၍လည်းကောင်း, "ဇိဝှါ" ဟု ပြီးရသည်၊ ["အဝှါယတီတိ အဝှါ၊ ဇီဝိတံ+အဝှါ ဇိဝှါ"ဟု ဝိဂြိုဟ်စစ်ပြု။]

**ကာယော**။ ။"ကု+အာယ"ဟု ခွဲ၊ "အယန္တိ ပဝတ္တန္တိ ဧတ္ထာတိ အာယော"ဟု အဓိကရဏသာနေပြုစေလို၍ "ပဝတ္တိဋ္ဌာနံ"ဟု ဌာနသဒ္ဒါထည့်၍ အနက်ဖွင့်သည်၊ ကုသဒ္ဒါသည် ကုစ္ဆိတအနက်ဟော၊ ကုစ္ဆိတ၏အရကို အကုသိုလ်တရားများ ယူစေလို၍ "ပါပဓမ္မာနံ"ဟု အဘိဓေယျဖွင့်သည်၊ "ကုစ္ဆိတာနံ+အာယော"ဟု ပြုစေလိုရင်းတည်း။

**ကာယိန္ဒြိယံဟိ**။ ။ကုစ္ဆိတာနံ အာယဖြစ်ပုံကို ချဲ့သည်၊ ကာယိန္ဒြေဟူသော ကာယပသာဒသည် ဖောဋ္ဌဗ္ဗာရုံကာမဂုဏ် (မေထုန်အတွေ့)ကို ယူခြင်းသဘော ရှိ၏၊ ထို့ကြောင့် ထို ဖောဋ္ဌဗ္ဗာရုံကို သာယာသော အကုသိုလ်တို့သည်လည်းကောင်း,

တို့၏လည်းကောင်း၊ ဝိသေသကာရဏံ–ထူးသောအကြောင်းတည်း၊ ဣတိ–ကြောင့်၊ တေသံ–ထိုယုတ်မာသော အကုသိုလ်တရားတို့၏၊ ပဝတ္တိဋ္ဌာနံဝိယ–ဖြစ်ရာဌာန ကိုကဲ့သို့၊ ဂဃတိ–ယူအပ်၏၊ [တဒဿာဒ–စသောပုဒ်တို့၌ မဏိမဥ္ဇူဖွင့် မလိုက်ဘဲ အနက်ပေးထားသည်၊]

ဝါ–တစ်နည်း၊ သသမ္ဘာရကာယော–ကာယပသာဒနှင့် တကွဖြစ်သော တစ်ကိုယ်လုံးသည်၊ ကုစ္ဆိတာနံ–စက်ဆုပ်အပ်ကုန်သော၊ ကေသာဒီနံ–ဆံအစရှိသော ကောဋ္ဌာသတို့၏၊ အာယော–ဖြစ်ရာတည်း၊ ဣတိ ကာယော၊ ပန–ဆက်၊ တံသဟစရိတတ္တာ–ထို သမ္ဘာရကာယနှင့်တကွ ဖြစ်သည်၏အဖြစ်ကြောင့်၊ ပသာဒကာယောပိ–ပသာဒကာယကိုလည်း၊ ဝါ–ကာယပသာဒကိုလည်း၊ တထာ–ထိုကာယဟူ၍၊ ဝုစ္စတိ–ဆိုအပ်၏။

ဒု(ကုစ္ဆိတံ)–စက်ဆုပ်ဖွယ်သည်၊ ဟုတွာ–ဖြစ်၍၊ ကာယိကသုခံ–ကာယိကသုခကို၊ ခနတိ–တူးဖြိုတတ်၏၊ ဝါ–ဖျက်ဆီးတတ်၏၊ ဣတိ–ကြောင့်၊ ဒုက္ခံ–ဒုက္ခမည်၏၊ ဝါ–တစ်နည်း၊ ဒုက္ခမံ–ခဲယဉ်းသဖြင့်ခံအပ်၏၊ ဝါ–အခံခက်၏၊ ဣတိ–ကြောင့်၊ ဒုက္ခံ–မည်၏၊ တေသ–ဤသဘောတရား၏၊ ဒုက္ကရံ–ခဲယဉ်းစွာ ပြုအပ်သော၊ ဩကာသဒါနံ–အခွင့်ပေးခြင်းသည်၊ အတ္ထိ–ရှိ၏၊ ဣတိ–ကြောင့်၊ ဒုက္ခံ–မည်၏၊ [ဒုက္ခဖြစ်မှာ ကြောက်လွန်းလို့ ဒုက္ခက တကယ်လို့များ ခွင့်တောင်း

---

ထို သာယာမှုကို အရင်းခံ၍ (ထိုဖောဋ္ဌဗ္ဗာရုံကို ခံစားလို၍) သူတစ်ပါးကို သတ်ရခြင်း, မတရားစီးပွားရှာရခြင်း စသော အကုသိုလ်တွေသည်လည်းကောင်း ထိုကာယပသာဒ ကြောင့် ဖြစ်ရာရောက်၏၊ ထို့ကြောင့် ကာယပသာဒကို "ထိုအကုသိုလ်တို့၏ တည်ရာ အကြောင်းခံတရား"ဟု ဉာဏ်ဖြင့် ယူအပ် သိအပ်၏။

**သသမ္ဘာရကာယောဝါ**။ ။ဤနည်း၌ "ကု"အရ ဆံအစရှိသော ကောဋ္ဌာသကို ယူရ၏၊ ဝစနတ္ထမှာ ရှေ့နည်းအတိုင်းတည်း၊ တစ်ကိုယ်လုံးကို သသမ္ဘာရကာယဟု ခေါ်သည်၊ သမ္ဘရတိ ပဝတ္တတိ ဧတေနာတိ သမ္ဘာရော–ကာယဝိညာဏ်၏ဖြစ်ကြောင်း ကာယပသာဒ ရ၏၊ သဟ သမ္ဘာရေန ယော ဝတ္တတီတိ သသမ္ဘာရော (ကာယပသာဒ နှင့် တကွဖြစ်သော တစ်ကိုယ်လုံး၊) ထို ကာယတစ်ခုလုံး၌ ကာယပသာဒပါဝင်သော ကြောင့် ကာယပသာဒကိုလည်း (သဟစရဏနည်းအားဖြင့်လည်းကောင်း, အပေါင်း၏ အမည်ကို အစိတ်၌ တင်စားသော) ဧကဒေသျူပစာရအားဖြင့်လည်းကောင်း, ကာယဟု ခေါ်ရသည်၊ [မဏိမဥ္ဇူ၌ ဌာနူပစာဟု ဆို၏။]

**ဒုက္ခံ**။ ။ပဌမနည်း၌ ဒုသဒ္ဒါပုဗ္ဗပဒခနဓာတ်, ကွိပစ္စည်း၊ ဒုသဒ္ဒါသည် ကုစ္ဆိတ အနက်ဟော၊ ဒုက္ခဖြစ်သောအခါ သုခမရှိသောကြောင့် ကာယိကသုခကို စက်ဆုပ်ဖွယ် ကောင်းသော ကာယိကဒုက္ခက တူးဖြိုပစ်ရာ ရောက်သည်၊ ဒုတိယနည်း၌ ဒု+ခမုဓာတ် ကွိပင်၊ ဒုက္ခေန+ခမိတဗ္ဗန္တိ ဒုက္ခံ–ခဲယဉ်းစွာ+ခံအပ်သော(အခံခက်သော) ဝေဒနာ–ဟူလို၊ တတိယနည်း၌"ဒု+ခံ"ဟု ခွဲ၊ ဒုသဒ္ဒါသည် ဒုက္ကရအနက်ဟော၊ ခံသည် ဩကာသဒါနအနက်ဟောတည်း၊ [ဒုက္ကရံ+ခံ ယဿာတိ ဒုက္ခံ–ဟု ပြု။]

လာလျှင် ခဲခဲယဉ်းယဉ်း ခွင့်ပေးရသည်–ဟူလို] ဣတိပိ–ဤသို့လည်း၊ အပရေ–တစ်ပါးသောဆရာတို့သည်၊ (ဝဒန္တိ–ဆိုကြကုန်၏၊)

တဒါကာရပ္ပဝတ္တိယာ–ထို လက်ခံသောအခြင်းအရာအားဖြင့် ဖြစ်ခြင်းကြောင့်၊ ပဉ္စဝိညာဏဂ္ဂဟိတံ–ပဉ္စဝိညာဉ်သည် ယူအပ်ပြီးသော၊ ရူပါဒိအာရမဏံ–ရူပါရုံအစရှိသောအာရုံကို၊ သမ္ပဋိစ္ဆတိ–လက်ခံသကဲ့သို့ဖြစ်တတ်၏၊ ဣတိ–ကြောင့်၊ သမ္ပဋိစ္ဆနံ–သမ္ပဋိစ္ဆနမည်၏၊ ယထာသမ္ပဋိစ္ဆိတံ–အကြင်အကြင်လက်ခံအပ်ပြီးသော၊ ရူပါဒိအာရမဏံ–ကို၊ သမ္မာ–ကောင်းစွာ၊ တီရေတိ ဝီမံသတိ–စုံစမ်းတတ်၏၊ ဣတိ–ကြောင့်၊ သန္တီရဏံ–သန္တီရဏမည်၏၊ အညမည ဝိရုဒ္ဓါနံ–အချင်းချင်းဆန့်ကျင်ဖက်ဖြစ်ကုန်သော၊ ကုသလာကုသလာနံ–တို့၏၊ ပါကာ–အကျိုးတို့တည်း၊ ဣတိ–ကြောင့်၊ ဝိပါကာ–ဝိပါကတို့မည်၏၊ တေံ–ဤဝိပါကသဒ္ဒါသည်၊ ဝါ–ဤဝိပါက အမည်သည်၊ ဝိပက္ကဘာဝံ–ရင့်ကျက်ခြင်းသဘောသို့၊ အာပန္နာနံ–ရောက်ကုန်သော၊ အရူပဓမ္မာနံ–နာမ်တရားတို့၏၊ အဓိဝစနံ–အထက်၌ဖြစ်သောသဒ္ဒါတည်း၊ ဝါ–အမည်တည်း၊ ဝေဒ္ဓကတ္တာ–

---

**ပဉ္စ ။ပေ၊ သမ္ပဋိစ္ဆနံ**။ ။"သမ္ပဋိစ္ဆတီတိ သမ္ပဋိစ္ဆနံ"သာ လိုရင်းတည်း၊ "တဒါကာရပ္ပဝတ္တိယာ"ကား လက်ဖြင့်ခံယူတတ်သည် မဟုတ်, ပဉ္စဝိညာဉ်ယူအပ်ပြီးသော အာရုံကို ဆက်၍ ယူရာ၌ ထိုအာရုံကို လက်ခံသကဲ့သို့ ဖြစ်သည်–ဟု သိစေသည်၊ ပဉ္စဝိညာဉ်နောင် ဝီထိစဉ်အားဖြင့် သမ္ပဋိစ္ဆန်းဖြစ်သောကြောင့် "ပဉ္စဝိညာဏဂ္ဂဟိတံ ရူပါဒိအာရမဏံ"ဟု ထည့်သည်၊ ရူပါဒိ၌ အာဒိဖြင့် သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗတို့ကိုသာ ယူ၊ ဓမ္မာရုံကို သမ္ပဋိစ္ဆန်းက အာရုံမပြုနိုင်။

**သမ္မာ ။ပေ၊ သန္တီရဏံ**။ ။သံကို သမ္မာဟုငင်း, တီရေတိကို ဝီမံသတိဟုလည်း ကောင်း, ဖွင့်သည်၊ ဝီထိစဉ်အားဖြင့် သမ္ပဋိစ္ဆန်းနောင် သန္တီရဏဖြစ်သောကြောင့်"ယထာ သမ္ပဋိစ္ဆိတံ ရူပါဒိအာရမဏံ"ဟု ထည့်သည်၊ လောက၌ ဧည့်သည်ရောက်လာလျှင် လက်ခံရ၏၊ လက်ခံပြီးလျှင် ကိစ္စကို မေးမြန်းစုံစမ်းရ၏၊ ထို့အတူ စိတ်အစဉ်မှာ လည်း သမ္ပဋိစ္ဆိန်းက လက်ခံပြီးနောက် ထိုအာရုံကို ဣဋ္ဌအာရုံလား, အနိဋ္ဌအာရုံလား, ဣဋ္ဌမဇ္ဈတ္တ အာရုံလားဟု စုံစမ်းသော တရားတစ်ခု ဖြစ်ပေါ်လာလေသည်။

**အည ။ပေ၊ ဝိပါကာ**။ ။ဝိပါက၌ ဝိဉပသာရသည် ဝိရုဒ္ဓအနက်ဟောတည်းဟု သိစေလို၍"အညမညဝိရုဒ္ဓါနံ"ဟု ဖွင့်သည်၊ ကုသိုလ်သည် အကုသိုလ်ကို ပယ်တတ်သော ပဟာယက တရားတည်း၊ အကုသိုလ်ကား အပယ်သတ် ခံရသော ပဟာတဗ္ဗ တရားတည်း၊ ဤသို့ပဟာယက ပဟာတဗ္ဗ အဖြစ်ဖြင့် အချင်းချင်း ဆန့်ကျင်ဘက် ဖြစ်ကြသည်–ဟူလို၊ "ဝိရုဒ္ဓါနံ+ပါကာတိ ဝိပါကာ"သာ လိုရင်းတည်း။

**ဝိပက္က။ပေ၊အဓိဝစနံ**။ ။ကုသိုလ်အကုသိုလ်တို့၏ အကျိုးတရားများကို "ဝိပါက" ဟုခေါ်လျှင် ထိုကံကြောင့် ဖြစ်ရသော ကမ္မဇရုပ်များလည်း ဝိပါကအမည် ရသင့်သည် မဟုတ်ပါလော–ဟု မေးဖွယ်ရှိသောကြောင့် "ဝိပက္က ။ပေ၊ အဓိဝစနံ"ဟု မိန့်သည်။

ဤအကြောင်းကြောင့်၊ (ဤဝိပါကသဒ္ဒါ၏ အထင်ရှင်္ဃသဒ္ဒါ၏ အဖြစ်ကြောင့်) ကုသလာကုသလကမ္မသမုဋ္ဌာနာနံ–ကုသိုလ်ကံ အကုသိုလ်ကံကြောင့် ဖြစ်ကုန်သည်ဖြစ်၍၊ (သမာနာနံ)ပိ–ဖြစ်ရကုန်သော်လည်း၊ ဝါ–ဖြစ်ရသည်လည်း ဖြစ်ကုန်သော၊ ကဋတ္တာရူပါနံ–ကဋတ္တာရုပ်တို့၏၊ ဝါ–ကမ္မဇရုပ်တို့၏၊ ဝိပါက ဝေါဟာရော–ဝိပါကဟု ခေါ်ဝေါ်ရခြင်းသည်၊ ဝါ–ဝိပါကဟူသော နာမည် သည်၊ နတ္ထိ–မရှိတော့၊ အကုသလဿ–အကုသိုလ်၏၊ ဝိပါကစိတ္တာနိ–အကျိုး ဖြစ်သောစိတ်တို့တည်း၊ အကုသလဝိပါကစိတ္တာနိ–တို့။

**၁၀။** (ယံ ဓမ္မဇာတံ–အကြင် တရားသဘောသည်၊) ကာယစိတ္တံ–ကိုယ်,စိတ် ကို၊ သုခယတိ–ချမ်းသာစေတတ်၏၊ ဣတိ–ကြောင့်၊ (တံ ဓမ္မဇာတံ)၊ သုခံ–သုခမည်၏၊ ဝါ–တစ်နည်း၊ ကာယစိတ္တာဗာဓံ–ကိုယ်နာ, စိတ်နာ နှစ်ဖြာသော ရောဂါကို၊ သုဋ္ဌု–ကောင်းစွာ၊ ခနတိ–တူးဖြိုတတ်၏၊ ဝါ–ဖျက်ဆီးတတ်၏၊ ဣတိ–ကြောင့်၊ သုခံ–သုခမည်၏၊ ဝါ–တစ်နည်း၊ သုခေန–ချမ်းသာသဖြင့်၊ ခမိတဗ္ဗံ–ခံအပ်၏၊ ဣတိ–ကြောင့်၊ သုခံ–မည်၏၊ တေသ–ဤ တရား သဘော၏၊ သုကရံ–လွယ်ကူစွာပြုအပ်သော၊ ဩကာသဒါနံ–အခွင့်ပေးခြင်း သည်၊ (အတ္ထိ–ရှိ၏၊) ဣတိ–ကြောင့်၊ တံ–ထို သဘောတရားသည်၊ သုခံ– မည်၏၊ ဣတိပိ–ဤသို့လည်း၊ အပရေ ဝဒန္တိ။

ပန–ပရိဟာရပက္ခမှတစ်ပါး စောဒကပက္ခကို ဆိုဦးအံ့၊ အကုသလဝိပါက သန္တီရဏံ–အကုသလဝိပါက် သန္တီရဏစိတ်ကို၊ ကေမေဝ–တစ်ပါးတည်းကို သာ၊ (ဘဂဝတာ–သည်၊) ဝုတ္တံယထာ–ဟောတော်မူအပ်သကဲ့သို့၊ [ဘုရားဟော

ဝိပစ္စနံ–ရင့်ကျက်ခြင်း၊ ဝိပက္ကံ–ခြင်း၊ [ဝိပုဗ္ဗ ပစ–ဏျ၊] ဝိပက္ကသဒ်ါတော+ဘာဝေါ ဝိပက္ကဘာဝေါ၊ ဘာဝသဒ္ဒါသည် သဘာဝအနက်ဟော၊ [ဤဝါကျ၏ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ။]

**ဝေဠု ၊ယေ၊ ဝေါဟာရော**။ ။ဝိပါကအမည်၏ အရူပဓမ္မတို့ အပေါ်၌သာ ထင်ရှား သော အထင်ရှင်္ဃ အမည်ဖြစ်သည်–ဟု ဆိုသဖြင့် အဘယ်အကျိုးရပါသနည်း–ဟု မေးဖွယ်ရှိသောကြောင့် "ဝေဠု ကတ္တာ"စသော လဒ္ဓဂုဏ်ဝါကျကို မိန့်၊ ဝိပါကသဒ္ဒါ၏ နာမ်ဝိပါက် အပေါ်၌သာ ထင်ရှားသော အထင်ရှင်္ဃဖြစ်၏ဟု ဆိုသဖြင့် ကံကြောင့် ဖြစ်သော ကဋတ္တာရုပ် (ကမ္မဇရုပ်) များ၏ ဝိပါကအမည် မဖြစ်နိုင်ခြင်းဟူသော အကျိုးရသည်–ဟူလို။

**သုခယတိ**။ ။သုခဓာတ်, ကာရိတ် ဏယပစ္စည်း၊ သုခံ၌ ကာရိတ်ကြေ၊ အပစ္စည်း၊ ["သုခ–ဒုက္ခ တတြိယာယံ–သုခဓာတ်, ဒုက္ခဓာတ်သည် ထိုသုခ ဒုက္ခ၏ အမူအရာ ကြိယာ ဟူသော အနက်၌၊ ဝါ–ချမ်းသာခြင်း, ဆင်းရဲခြင်းအနက်၌၊ ဝတ္တတိ–၏"ဟု ဓာတ်ကျမ်းရှိသည်၊] ကာယိကသုခဝေဒနာသည် ကိုယ်ကိုချမ်းသာစေ၏၊ စေတသိက သုခဝေဒနာကား စိတ်ကို ချမ်းသာစေသည်၊ သုဋ္ဌု ဝါ စသော နောက် သုံးနည်းမှာ ဒုက္ခံ ဝစနတ္ထ၏ ပြောင်းပြန်ဖြစ်သောကြောင့် အဓိပ္ပာယ် ထင်ရှားပြီ။

ပါဠိတော်ကို ရည်ရွယ်သည်၊ သင်္ဂြိုဟ်ကျမ်းကို ရည်ရွယ်လျှင် "အာစရိယေန" ဟု ထည့်ပါ၊] စေ-ဤ့အတူ၊ အဝတွာ-ဟောတော်မမူဘဲ၊ ကသ္မာ-အဘယ့်ကြောင့်၊ ကုသလဝိပါကသန္တီရဏံ-ကုသလဝိပါက် သန္တီရဏစိတ်ကို၊ ဒွိဓာ-နှစ်ပါးအပြားအားဖြင့်၊ ဘဂဝတာ-သည်၊ ဝုတ္တံ-ဟောတော်မူအပ်သနည်း၊ ဣတိ-ဤကား အမေးတည်း၊ ဣဋ္ဌဣဋ္ဌမဇ္ဈတ္တာရမဏဝသေန-ဣဋ္ဌာရုံ ဣဋ္ဌမဇ္ဈတ္တာရုံတို့၏ အပြားအားဖြင့်၊ ဝေဒနာဘေဒ သမ္ဘဝတော-သောမနဿ ဝေဒနာ, ဥပေက္ခာဝေဒနာ အပြား၏ ဖြစ်သင့်ခြင်းကြောင့်၊ အကုသလဝိပါက သန္တီရဏံ-ကို၊ ဧကမေဝ-တစ်ပါးတည်းကိုသာ၊ ဝုတ္တံယထာ-ဟောတော်မူအပ် သကဲ့သို့၊ စေ အဝတွာ, ကုသလဝိပါကသန္တီ ရဏံ-ကုသလဝိပါက်သန္တီ ရဏ ကို၊ ဒွိဓာ-အားဖြင့်၊ ဝုတ္တံ-ပြီ။

ယဒိစေ-ယင်းသို့ဖြစ်လျှင်၊[(တစ်နည်း) ဣဋ္ဌဣဋ္ဌမဇ္ဈတ္တာရမဏဝသေန-ဣဋ္ဌာရုံ, ဣဋ္ဌမဇ္ဈတ္တာရုံတို့၏ အပြားအားဖြင့်၊ ဝေဒနာဘေဒေါ-ဝေဒနာ၏ ကွဲပြားခြင်းသည်၊ ယဒိ သမ္ဘဝတိ-အကယ်၍ဖြစ်သင့်အံ့၊ စေသတိ-ဤသို့ ဖြစ်သင့်လတ်သော်၊] တတ္ထာပိ-ထို အကုသလဝိပါက်သန္တီရဏစိတ်၌လည်း၊ အနိဋ္ဌအနိဋ္ဌမဇ္ဈတ္တာရဏဝသေန-အနိဋ္ဌာရုံ, အနိဋ္ဌမဇ္ဈတ္တာရုံတို့၏ အပြားအား ဖြင့်၊ ဝေဒနာဘေဒေန-ဝေဒနာ၏ ကွဲပြားခြင်းသည်၊ ဘဝိတဗ္ဗံ-ဖြစ်ရာသည် မဟုတ်ပါလော၊ ဣတိ-ဤကား စောဒနာတည်း၊ ဣဒံ-ဤဆိုအပ်ပြီးသော စကားသည်၊ စေ-ဤဆိုအပ်ပြီးသော အနက်အားဖြင့်၊ [(တစ်နည်း) ဣဒံ-ဤဆိုအပ်ပြီးသော ဝေဒနာကွဲပြားခြင်းဟူသောစကားသည်၊ စေ-ဤဆိုအပ်ပြီး သော အာရုံ၏ကွဲပြားခြင်းကြောင့်၊] န (သိယာ)-မဖြစ်နိုင်၊ ကသ္မာ-ကြောင့်၊ န သိယာ-မဖြစ်နိုင်သနည်း၊ အနိဋ္ဌာရမဏေ-၌၊ ဥပ္ပဇ္ဇိတဗ္ဗဿာပိ-ဖြစ်ထိုက် သည်လည်း ဖြစ်သော၊ ဒေါမနဿဿ-ဒေါမနဿ ၏၊ ပဋိဃေန-ဒေါသနှင့်၊ ဝိနာ-ကင်း၍၊ အနုပ္ပဇ္ဇနတော-မဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကေန္တာကုသလ သဘာဝဿ-ကေန်အကုသိုလ်ဇာတ်သဘောရှိသော၊ ပဋိဃဿစ-ဒေါသ၏ လည်း၊ အဗျာကတေသု-အဗျာကတဇာတ်ရှိသောတရားတို့၌၊ အသမ္ဘဝတော-မဖြစ်သင့်ခြင်းကြောင့်လည်းကောင်း၊ (န သိယာ-မဖြစ်နိုင်၊) [ကုသိုလ် စသည် တို့၏ ဇာတိဘေဒ ဖြစ်ပုံကို "ဒွါဒသာကုသလာ နေဝံ" ဂါထာဖြင့် သိပါ။

---

**နယိဒမေဝံ**။ ။ဤကား အဖြေတည်း၊ [ဣဒန္တိ ယထာဝုတ္တဝစနံ၊ ဝေန္တိ ယထာဝုတ္တေန အတ္တေန၊ အထဝါ-ဣဒံယထာဝုတ္တ ဝေဒနာဘေဒ ဝစနံ, ဧဝံယထာဝုတ္တ အာရမဏ ဘေဒေန န သိယာတိ ယောဇနာ၊ (မဏိမဉ္ဇူသာ)၊] ဤအတိုင်း နိဿယပေးထားသည်၊ ဤအဖြေ၏ အဓိပ္ပာယ်ကို ဘာသာဋီကာ "ဝိပါက်အကု, သူ့အမှုမှာ,"စသောလင်္ကာပိုဒ်၌ ပြထားပြီ။

ဟိ–မှန်၏၊ (ရှေ့ဝါကျ၏ဒဋ္ဌီ) (တစ်နည်း) ဟိယသ္မာ–အကြင့်ကြောင့်၊ (နောက်ဝါကျ၏ ကာရဏ) ဘိန္နဇာတိကော–ပြားသော ဇာတ်ရှိသော၊ ဓမ္မော–တရားသည်၊ ဘိန္နဇာတိကေသု–ပြားသော ဇာတ်ရှိသော တရားတို့၌၊ န ဥပလဗ္ဘတိ–မရအပ်၊ ဝါ–မယှဉ်နိုင်၊ တသ္မာ–ထို့ကြောင့်၊ ဝါ–ဤသို့ပြားသော ဇာတ်ရှိသော တရား၏ ပြားသောဇာတ်ရှိသော တရားတို့၌ မရအပ်သည်၏ အဖြစ်ကြောင့်၊ အတ္တနာ–မိမိဟူသော ဒေါမနဿနှင့်၊ သမာနယောဂက္ခမဿ–တူသောယှဉ်ခြင်း၌ ခံ့သောဒေါသ၏၊ အသမ္ဘဝတော–မဖြစ်သင့်ခြင်းကြောင့်၊ အကုသလဝိပါကေသု–တို့၌၊ ဒေါမနဿံ–သည်၊ န သမ္ဘဝတိ–မဖြစ်သင့်၊ ဣတိ–ကြောင့်၊ တဿ–ထိုအကုသလဝိပါက် သန္တီရဏစိတ်၏၊ တံသဟဂတတာ–ထို ဒေါမနဿနှင့်တကွဖြစ်သည်၏အဖြစ်ကို၊ (ဘဂဝတာ) န ဝုတ္တာ–အပ်။

အထဝါ–ကား၊ ဗလဝတာ–အားရှိသော ယောက်ျားသည်၊ ပေါထိယမာနော–ထောင်းထုအပ်သော်၊ ဝါ–ထောင်းထုခံရသော၊ ကောစိ–သော၊ ဒုဗ္ဗလပုရိသော–အားမရှိသော ယောက်ျားသည်၊ တဿ–ထို အားရှိသော ယောက်ျားကို၊ ပဋိပ္ပဟရိတုံ–ပြန်၍ပုတ်ခတ်ခြင်းငှာ၊ အသက္ကောန္တော–မစွမ်းနိုင်သည်၊ (ဟုတွာ) (တသ္မိံ–ထိုအားရှိသော ယောက်ျား၌၊) ဥပေက္ခကော၀–လစ်လျူရှုရတော့သည်သာ၊ ဟောတိယထာ–သို့၊ ဧဝမေဝ–လျှင်၊ အကုသလဝိပါကာနံ–အကုသလဝိပါက်စိတ်တို့၏၊ ပရိဒုဗ္ဗလဘာဝတော–ထက်ဝန်းကျင် အားမရှိကုန်သည်၏ အဖြစ်ကြောင့်၊ အနိဋ္ဌာရမ္မဏေပိ–အနိဋ္ဌာရုံ၌လည်း၊ [ပိသဒ္ဒါသမ္ဘာဝနာဇောတက၊] ဒေါမနဿဖြစ်ဖို့ကောင်းသော အနိဋ္ဌာရုံ၌သော်မှလည်း–ဟူလို၊] ဒေါမနဿုပ္ပါဒေါ–ဒေါမနဿဝေဒနာ၏ ဖြစ်ခြင်းသည်၊ နတ္ထိ–မရှိတော့၊ ဣတိ–ကြောင့်၊ သန္တီရဏံ–အကုသလဝိပါက် သန္တီရဏစိတ်သည်၊ ဥပေက္ခာသဟဂတမေဝ–ဥပေက္ခာသဟဂုတ်သာလျှင်၊ (ဟောတိ–၏၊)

**အထဝါ**။ ။ဤနည်း၌ အားကောင်းသူနှင့် အနိဋ္ဌာရုံ, အားကောင်းသူက ဖိ၍ထောင်းခြင်းနှင့် အနိဋ္ဌာရုံထင်လာခြင်း, အားနည်းသူနှင့် ဥပေက္ခာ, အားကောင်းသူကို ပြန်၍ မထောင်းနိုင်ဘဲ လစ်လျူရှုခြင်းနှင့် အနိဋ္ဌာရုံ၌ ဒေါမနဿ မဖြစ်နိုင်ဘဲ ဥပေက္ခာ ဖြစ်ရခြင်းသည် တူမျှ၏။

**တသ္မိံ ဥပေက္ခကော၀**။ ။စာအုပ်များ၌"တသ္မိံ"ဟု တွေ့ရ၏၊ဥပမေယျဝါကျ၌"အနိဋ္ဌာရမ္မဏေပိ"ကို ကြည့်၍ ထိုတသ္မိံလည်း ပါသင့်၏–' ု ယူဆကြပေလိမ့်မည်၊ သို့သော် "တဿ"ဟူသော ဆဋ္ဌီကံကို ဥပေက္ခကော၌သာ ပဓာနအဖြစ်ဖြင့် စပ်၍ ပဋိပ္ပဟရိတုံ၌ အပဓာနအဖြစ်ဖြင့် စပ်ရမည်ဖြစ်သောကြောင့်လည်းကောင်း, တစ်ဝါကျတည်း၌ ပုဂ္ဂိုလ်တစ်ယောက် (အနက်တစ်ခု)ကို နှစ်ပုဒ်ထပ်၍ ဆိုရိုးမရှိသောကြောင့်လည်းကောင် , တသ္မိံသည် နောက်မှ ထည့်ပါဌ်သာ ဖြစ်၏။

ပန–အဖို့တစ်ပါးကား၊ စက္ခုဝိညာဏာဒီနိ–စက္ခုဝိညာဉ် အစရှိကုန်သော၊ စတ္တာရိ–ကုန်သော၊ ဥဘယဝိပါကာနိပိ–နှစ်ပါးစုံသော အကုသလဝိပါက် ကုသလဝိပါက်စိတ်တို့သည်လည်း၊ ဝတ္ထာရမဏဃဋ္ဋနာယ–ဝတ္ထုအာရုံတို့၏ ထိခိုက်ခြင်း၏၊ ဒုဗ္ဗလဘာဝတော–အားမရှိသည်၏ အဖြစ်ကြောင့်၊ အနိဋ္ဌေ–အလိုမရှိအပ်သော၊ အာရမဏေစ–အာရုံ၌လည်းကောင်း၊ ဣဋ္ဌေပိ–အလိုရှိအပ်သည်လည်းဖြစ်သော၊ [ပိသည် သမ္ဘာဝနာဇောတက၊ သောမနဿဖြစ်လောက်သော ဣဋ္ဌာရုံ၌သော်မှလည်း–ဟူလို၊] အာရမဏေစ–၌လည်းကောင်း၊ ဥပေက္ခာသဟဂတာနေဝ–ဥပေက္ခာသဟဂုတ်တို့ချည်းသာတည်း၊ ဟိ–ချဲ့၊ စတုန္နမ္ပိ–၄ ပါးလည်းဖြစ်ကုန်သော၊ တေသံ–ထို စက္ခုဝိညာဉ်ဒွေးအစရှိသော ဥဘယဝိပါက်စိတ်တို့၏၊ ဝတ္ထုဘူတာနိ–မှီရာဖြစ်၍ဖြစ်ကုန်သော၊ စက္ခာဒီနိ–စက္ခုအစရှိသော ရုပ်တို့သည်၊ ဥပါဒါရူပါနေဝ–ဥပါဒါရုပ်တို့ချည်းသာတည်း၊ အာရမဏဘူတာနိ–အာရုံဖြစ်၍ဖြစ်ကုန်သော၊ ရူပါဒီနိပိ–ရူပါရုံ အစရှိသော ရုပ်တို့သည်လည်း၊ တထာ–ထို ဥပါဒါရုပ်တို့ချည်းသာတည်း။

[“ဥပါဒါရုပ်ချင်းဖြစ်လျှင် အဘယ်သို့ ဖြစ်သေးသနည်း”ဟု မေးဖွယ်ရှိသောကြောင့် “ဥပါဒါရူပကေနစ”စသည်မိန့်၊] စ–ဆက်၊ ဥပါဒါရူပကေန–ဥပါဒါရုပ်သည်၊ (သံဃဋ္ဋန၏ကတ္တား) ဥပါဒါရူပကဿ–ကို၊ [ဆဋ္ဌီကံ] သံဃဋ္ဋန်–ထိခိုက်ခြင်းသည်၊ အတိဒုဗ္ဗလံ–အလွန်အားမရှိ၊ ဝါ–အလွန်အားနည်း၏၊ (ကိမိဝ–အဘယ်ကဲ့သို့နည်း၊) ပိစုပိဏ္ဍကေန–ဝါဂွမ်းအပေါင်းသည်၊ ဝါ–ဝါဂွမ်းဆိုင်သည်၊ ပိစုပိဏ္ဍကဿ–ကို၊ ဖုသနံ–ထိခိုက်ခြင်းသည်၊ အတိဒုဗ္ဗလံ ဝိယ–အလွန်အားနည်းသကဲ့သို့တည်း၊ တသ္မာ–ကြောင့်၊ တာနိ–ထိုစက္ခုဝိညာဉ်ဒွေး အစရှိသော ဥဘယဝိပါက်စိတ်တို့သည်၊ သဗ္ဗထာပိ–အလုံးစုံသော အပြားအားဖြင့်လည်း၊ [သဗ္ဗတ္ထာပိဟု ရှိလျှင် ကောင်း၏၊ အလုံးစုံသော အနိဋ္ဌာရုံ, ဣဋ္ဌာရုံတို့၌လည်းဟု ပေး၊] ဥပေက္ခာသဟဂတာနေဝ–တည်း။

ပန–အဖို့တစ်ပါးကား၊ ကာယဝိညာဏဿ–၏၊ ဖောဋ္ဌဗ္ဗသင်္ခါတဘူတတ္တယမေဝ –ဖောဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော ဘူတရုပ် သုံးခုအပေါင်းသည်သာ၊ အာရမဏံ–အာရုံတည်း၊ ဣတိ–ကြောင့်၊ တံ–ထို ဖောဋ္ဌဗ္ဗာရုံသည်၊ ကာယပ္ပသာဒေ–၌၊

**စက္ခုဝိညာဏာဒီနိ ပန**။ ။စက္ခုဝိညာဏာဒီနိ၌ အာဒိဖြင့် သောတ ဃာန ဇိဝှါဝိညာဉ်များကို ယူ၊ “ဥပေက္ခာသဟဂတာနေဝ”တိုင်အောင် အဓိပ္ပာယ်ကို ဘာသာဋီကာ၌ “နာလော့စေ့စုံ, စိစစ်ကုန်အံ့၊ အာရုံဝတ္ထု, ထိခိုက်မှုက, ဥပါဒါချင်း, ဖြစ်တုံလျှင်း၍, ညှဉ်းညှဉ်းသာသာ, အားနည်းစွာကြောင့်, ရှစ်ဖြာဝိညာဉ်, ပေက္ခာယှဉ်၏”ဟူသော လင်္ကာဖြင့် ပြခဲ့ပြီ၊ [ဤအဓိပ္ပာယ်ကို ဂါထာဖြင့် “ဝတ္ထာလမ္ဗ ၊ပေ၊ မုပေက္ခကံ” ဟု အကျဉ်းချုံး လတ္တံ့။]

သဃ်ငှိတံ–ထိခိုက်သည်၊ (သမာနံ) ပိ–ဖြစ်ပါသော်လည်း၊ [ကာယပ္ပသာဒက ဥပါဒါရုပ်ဖြစ်၍ ထိခိုက်ပုံ မကြမ်းတမ်းသောကြောင့် ပိသဒ္ဒါသည် ဂရဟာဇောတက၊] တံ–ထိုကာယပသာဒကို၊ အတိက္ကမိတွာ–လွန်၍၊ တန္နိဿယေသု–ထိုကာယပ္ပသာဒ၏ မှီရာဖြစ်ကုန်သော၊ မဟာဘူတေသု–တို့၌၊ ပဋိဟညတိ–ထိခိုက်၏၊ စ–ဆက်၊ ဘူတရူပေဟိ–တို့သည်၊ ဘူတရူပါနံ–တို့ကို၊ သဃ်ငှနံ–သည်၊ ဗလဝတရံ–သာ၍အားရှိ၏၊ (ကိမိဝ) အဓိကရဏိမတ္ထကေ–ပေ၏အထက်၌၊ ဝါ–အောက်ခံသံတုံး၏အထက်၌၊ ပိစုပိဏ္ဍကံ–ကို၊ ထပေတွာ–တင်ထား၍၊ ကူဋေန–သံတူဖြင့်၊ ပဟဋကာလေ–ပုတ်ခပ်အပ်ရာ အခါ၌၊ ကူဋဿ–၏၊ ပိစုပိဏ္ဍကံ–ကို၊ အတိက္ကမိတွာ–၍၊ အဓိကရဏိဂ္ဂဟဏံ–ပေကိုယူခြင်းသည်၊ (ဗလဝတရံ) ဝိယ–သာ၍အားရှိသကဲ့သို့တည်း၊ ဝတ္ထာရမဏဃင်္ဃနာယ–ဝတ္ထုအာရုံ ထိခိုက်ပုံ၏၊ တထာဗလဝဘာဝတော–ထိုသို့အားရှိသည်၏အဖြစ်ကြောင့်၊ ကာယဝိညာဏံ–သည်၊ အနိဋ္ဌေ–အနိဋ္ဌာရုံ ၌၊ ဒုက္ခသဟဂတံ–ဒုက္ခဝေဒနာနှင့်တကွဖြစ်၏၊ ဣဋ္ဌေ–၌၊ သုခသဟဂတံ–၏၊ ဣတိ–ဤသို့ မှတ်အပ်၏။

ပန–အဖို့တစ်ပါးကား၊ သမ္ပဋိစ္ဆနယုဂဠံ–သမ္ပဋိစ္ဆိုန်း အစုံသည်၊ အတ္တနာ–မိမိနှင့်၊ အသမာနနိဿယာနံ–မတူသော မှီရာရှိကုန်သော၊ စက္ခုဝိညာဏာဒီနံ–စက္ခုဝိညာဉ် အစရှိသောစိတ်တို့၏၊ အနန္တရံ–၌၊ ဥပ္ပဇ္ဇတိ–ဖြစ်ရ၏၊ [ဝီထိအစဉ်အားဖြင့် ပဉ္စဝိညာဉ်၏ အခြားမဲ့၌ သမ္ပဋိစ္ဆိုန်းဖြစ်ရသည်–ဟူလို၊] ဣတိ–ကြောင့်၊ သမာနနိဿယတော–တူသော မှီရာရှိသော စိတ်မှ၊ အလဒ္ဓါနန္တရပစ္စယတာယ–မရအပ်သော အနန္တရပစ္စည်း ရှိသည်၏ အဖြစ်ကြောင့်၊ [မှီရာမတူသော ပဉ္စဝိညာဉ်စိတ်မှ အနန္တရပစ္စည်းကို ရသည်–ဟူလို၊] သဘာဂူပတ္ထမ္ဘရဟိတော–သဘောတူယောကျ်ား၏ အထောက်အပံ့မှ ကင်းသော၊ ပုရိသော ဝိယ–ယောကျ်ားသည်ကဲ့သို့၊ နာတိဗလဝံ–အလွန်အားမရှိသည်၊ (ဟုတွာ) သဗ္ဗထာပိ–အလုံးစုံသော အခြင်းအရာအားဖြင့်လည်း၊ ဝိသယရသံ–အာရုံ၏ အရသာကို၊ အနုဘဝိတုံ–ခံစားခြင်းငှာ၊ နသက္ကောတိ–မစွမ်းနိုင်၊ ဣတိ–ကြောင့်၊ (အလွန်အားမရှိသည့်အတွက် အာရုံ၏အရသာကို အလုံးစုံ မခံစားနိုင်သောကြောင့်၊) သဗ္ဗတ္ထာပိ–အလုံးစုံသောဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၌လည်း၊]

---

**ကာယဝိညာဏဿ ပန**။ ။ "ဣဋ္ဌေ သုခသဟဂတံ"တိုင်အောင် အဓိပ္ပာယ်ကို "ထို့ပြင် ကာယေ ၊ပေ၊ သုခါဒုက္ခ, ယှဉ်ကုန်ကြ၏"ဟူသော လင်္ကာပိုဒ်ဖြင့် ပြခဲ့ပြီ၊ ["ကာယနိဿယ ၊ပေ၊ မဇ္ဈဝေဒနံ"ဖြင့် ဤအဓိပ္ပာယ်ကို အကျဉ်းချုပ်လတ္တံ့။]

**သမ္ပဋိ၊ပေ၊ဥပေက္ခာသဟဂတမေဝ**။ ။ဤဂါထာ၏အဓိပ္ပာယ်ကို သင်္ဂြိုဟ်ဘာသာဋီကာဝယ် "သမ္ပဋိစ္ဆာ ၊ပေ၊ မုချပေက္ခာ, ယှဉ်ရစွာရှင့်"ဟူသော လင်္ကာပိုဒ်ဖြင့် ပြခဲ့ပြီ၊ [ဂါထာ၌လည်း "သမာန ၊ပေ၊ သမ္ပဋိစ္ဆနံ"ဟု အကျဉ်းချုပ်လတ္တံ့။]

["သဗ္ဗတ္ထာပိ–သဗ္ဗေသုကုသလာဒိအာရမဏေသုပိ–"ဟု မဏိမဉ္ဇူရှိသည်၊] ဥပေက္ခာ သဟဂတမေဝ–တည်း၊ ဝုတ္တပရိယာယတော–ဆိုအပ်ပြီးသော အနက်၏ ပြောင်းပြန်၏ အဖြစ်ကြောင့်၊ ကုသလဝိပါကသန္တီရဏံ–ကုသလဝိပါက် သန္တီရဏစိတ်သည်၊ ဣဋ္ဌဣဋ္ဌမဇ္ဈတ္တာရမဏေသု–ဣဋ္ဌာရုံ, ဣဋ္ဌမဇ္ဈတ္တာရုံတို့၌၊ သုခေါပေက္ခာသဟဂတံ–၏၊ ဣတိ–ဤသို့ မှတ်အပ်၏။

ယဒိဧဝံ–လျှင်၊ [(တစ်နည်း) ဝုတ္တဝိပရိယာယတော–ကြောင့်၊ ကုသလ ဝိပါကသန္တီရဏံ– ဣဋ္ဌဣဋ္ဌမဇ္ဈတ္တာရမဏေသု သုခေါပေက္ခာသဟဂတံ–သည်၊ ယဒိ (ဟောတိ)–အံ့၊ ဧဝံသတိ–သော်၊] အာဝဇ္ဇနဒွယဿ–အာဝဇ္ဇန်းနွေး၏၊ ဥပေက္ခာသမ္ပယောဂံ–ဥပေက္ခာဝေဒနာနှင့် ယှဉ်ခြင်းကို၊ ကသ္မာ–ကြောင့်၊ ဝက္ခတိ–ဆိုလတ္တံ့နည်း၊ တမ္ပိ–ထိုအာဝဇ္ဇန်းနွေးသည်လည်း၊ သမာနနိဿယာ နန္တရံ–တူသောမှီရာရှိသော ဘဝင်စိတ်၏အခြားမဲ့၌၊ ပဝတ္တတိနနု–ဖြစ်သည် မဟုတ်လော၊ ဣတိ–ဤကားစောဒနာတည်း၊ သစ္စံ–မှန်၏၊ [ဥပေက္ခာသမ္ပ ယောဂံဟု ဖြေဆိုလတ္တံ့လည်းမှန်၏, သမာနနိဿယာနန္တရ၌ ဖြစ်သည်လည်း မှန်၏၊] ပန–ထိုသို့ပင်မှန်ပါသော်လည်း၊ တတ္ထ–ထိုအာဝဇ္ဇန်းနွေးတွင်၊ ပုရိမံ– ရှေ့ဖြစ်သော ပဉ္စဒွါရာဝဇ္ဇန်းသည်၊ ပုဗ္ဗေ–ရှေး၌၊ ကေနစိ–တစ်စုံတစ်ခုသောစိတ် သည်၊ အဂ္ဂဟိတေယေဝ–မယူအပ်သေးသည်သာလျှင် ဖြစ်သော၊ အာရမဏေ– ၌၊ ဧကဝါရမေဝ–တစ်ကြိမ်တည်းသာ၊ ပဝတ္တတိ–ဖြစ်ရ၏၊ ပစ္ဆိမမ္ပိ– နောက်ဖြစ်သော မနောဒွါရာဝဇ္ဇန်းသည်လည်း၊ ဝိသဒိသစိတ္တသန္တာနပရာဝတ္တန ဝသေန–သဘောမတူသော ဇောစိတ်အစဉ်ကို လည်စေရခြင်း၏ အစွမ်းဖြင့်၊ ဗျာပါရန္တရသာပေက္ခံ–ဗျာပါရတစ်ပါးကို ငဲ့ခြင်းရှိ၏၊ ဣတိ–ကြောင့်၊ သဗ္ဗထာပိ–လည်း၊ ဝိသယရသံ–ကို၊ အနုဘဝိတုံ–ငှာ၊ န သက္ကောတိ–နိုင်၊ တသ္မာ–ကြောင့်၊ မဇ္ဈတ္တဝေဒနာသမ္ပယုတ္တမေဝ–ဥပေက္ခာဝေဒနာနှင့် ယှဉ်ရ တော့သည်သာ၊ (ဟောတိ–၏) ဣတိ–ဤသို့ မှတ်အပ်၏။

---

**ဝုတ္တ၊ပေ၊သုခေါပေက္ခာသဟဂတံ**။ ။[ဝိ+ပရိ+အယ–အပစ္စည်းဖြစ်၍ "ဝိပရိယယ" ဟု ပါဌ်မှန်ရှိ၏၊] "ဝုတ္တဝိပရိယယ–ဆိုအပ်ပြီး ၏ ပြောင်းပြန်"ဟူသည် မှီရာတူသော သမ္ပဋိစ္ဆိုန်းမှ အနန္တရပစ္စည်းဖြင့် ကျေးဇူးပြုခံရသောကြောင့် (သဘောတူ အထောက် အပံ့ရသကဲ့သို့) အားရှိခြင်းတည်း၊ အဓိပ္ပာယ်ကို "သုံးဖြာသန္တီ ၊ပေ၊ ကုသလဝိပါက်, အယှဉ်ထွက်၏"ဟူသော လင်္ကာပိုဒ်ဖြင့် ပြထား၏၊ အကုသလဝိပါက် အတွက်မှာ "ယဒိဧဝံ တတ္ထာပိ ၊ပေ၊ ဘဝိတဗ္ဗံ" စသည်ဖြင့် ရှေ့၌ အကျယ်ပြခဲ့ပြီ ဖြစ်၍ ဤ၌ အထူး မဆိုတော့ချေ၊ သင်္ဂဟဂါထာ၌လည်း သန္တီရဏမှ စ၍ မပြတော့လတ္တံ့။

**ယဒိဧဝံ ၊ပေ၊ သမ္ပယုတ္တမေဝ**။ ။ဤဝါကျများ၏ အဓိပ္ပာယ်ကို "ပဉ္စဒွါရာ– ဝဇ္ဇနာမူ၊ပေ၊ ဝေဒနာပေက်, ယှဉ်တုံလစ်၏"ဟူသော လင်္ကာပိုဒ်ဖြင့် ပြခဲ့ပြီ။

စ–အကျဉ်းချုပ်ကား၊ ဓွေ–ဤစက္ခုဝိညာဉ်စသည်ဝယ် ဝေဒနာနှင့်ယှဉ်ပုံကို ဖွင့်ပြရာ၌၊ (သင်္ဂဟဂါထာ–တို့သည်၊) ဟောန္တိ၊ (ကိံ–နည်း)၊ ဝတ္ထာလမ္ဗ သဘာဝါနံ–ဝတ္ထုသဘော, အာရုံသဘောရှိကုန်သော၊ ဘူတိကာနံ–ဘူတရုပ်၌ မှီကုန်သော ဥပါဒါရုပ်တို့၏၊ ဃဋ္ဋနံ–ထိခိုက်ခြင်းသည်၊ ဒုဗ္ဗလံ–အားမရှိ၊ ဣတိ–ကြောင့်၊ စက္ခာဒိ–စက္ခုဝိညာဉ် အစရှိသော၊ စတုစိတ္တံ–လေးပါးသော စိတ်သည်၊ ဥပေက္ခကံ–ဥပေက္ခာဝေဒနာရှိ၏၊ ကာယနိဿယဖောဋ္ဌဗ္ဗဘူတာနံ–ကာယပသာဒ၏မှီရာဘူတရုပ်,ဖောဋ္ဌဗ္ဗာရုံဟူသောဘူတရုပ်တို့၏၊ ဃဋ္ဋနာယတု–ထိခိုက်ခြင်း၏ကား၊ ဗလဝတ္တာ–အားရှိသည်၏အဖြစ်ကြောင့်၊ ကာယိကံ–ကာယ၌သာဖြစ်သော၊ ဝိညာဏံ–ကာယဝိညာဉ်သည်၊ မဇ္ဈဝေဒနံ–ဥပေက္ခာဝေဒနာရှိသည်၊ န–မဟုတ်၊ [သုခဒုက္ခဝေဒနာရှိသည်–ဟူလို၊] (သမ္ပဋိစ္ဆနဿ–၏၊) ယသ္မာ–ကြောင့်၊ သမာနနိဿယော–တူသောမှီရာရှိသော၊ အနန္တရပစ္စယော–အနန္တရပစ္စည်းသည်၊ နတ္ထိ–မရှိ၊ တသ္မာ–ကြောင့်၊ သမ္ပဋိစ္ဆနံ–သမ္ပဋိစ္ဆိုန်းသည်၊ အာလမ္ဗေ–အာရုံကိုယူရာ၌၊ ဒုဗ္ဗလံ–အားမရှိသည်၊ (ဟုတ္ဝာ) သောပေက္ခံ–ဥပေက္ခာဝေဒနာနှင့်တကွဖြစ်၏၊ ဣတိ–သို့၊ (သင်္ဂဟဂါထာ–တို့သည်၊) ဟောန္တိ။

ကုသလဿ–ကုသိုလ်၏၊ ဝိပါကာနိ–အကျိုးတို့လည်း ဟုတ်ကုန်၏၊ သမ္ပယုတ္တဟေတုဝိရဟတော–ယှဉ်ဖက်ဟိတ်မှ ကင်းသည်၏ အဖြစ်ကြောင့်၊ (ဘာဝပ္ပဓာနကြံ၊) အဟေတုကစိတ္တာနိ စ–အဟိတ်စိတ်တို့လည်း ဟုတ်ကုန်၏၊ ဣတိ–ဤနှစ်ပါးသောသတ္တိကြောင့်၊ ကုသလဝိပါကာဟေတုကစိတ္တာနိ–ကုသလဝိပါကဟေတုကစိတ်တို့ မည်၏၊ ဟိ–မှန်၏၊ နိဗ္ဗတ္တကဟေတုဝသေန–ဖြစ်စေတတ်သော ဇနကဟိတ်၏အစွမ်းဖြင့်၊ နိပ္ဖန္နာနိ–ပြီးစီးရကုန်သည်၊ (သမာနာနိ)ပိ–ဖြစ်ပါကုန်သော်လည်း၊ ဝါ–ဖြစ်သည်လည်း ဖြစ်ကုန်သော၊ တောနိ–ဤကုသလဝိပါက်အဟိတ်စိတ်တို့သည်၊ သမ္ပယုတ္တဟေတုဝသေနဝ–ယှဉ်ဖက်ဟိတ်၏ အစွမ်းဖြင့်သာလျှင်၊ အဟေတုကဝေါဟာရံ–အဟေတုက

**ကုသလဿ ၊ပေ၊ စိတ္တာနိ**။ ။“ကုသလဿ+ဝိပါကာနိ ကုသလဝိပါကာနိ”ဟု ပဌမပြုပြီးမှ“ကုသလဝိပါကာနိစ+တာနိ+အဟေတုကစိတ္တာနိစာတိ ကုသလာဝိပါကာဟေတုကစိတ္တာနိ”ဟု ပြုစေလိုရင်းတည်း၊ “သမ္ပယုတ္တဟေတုဝိရဟတော”ကား အဟေတုက အမည်ရခြင်း၏ အကြောင်းပြတည်း။

**နိဗ္ဗတ္တက ၊ပေ၊ လဘန္တိ**။ ။“သမ္ပယုတ္တဟေတုဝိရဟတော အဟေတုကစိတ္တာနိ” ဟူသော စကားကို ခိုင်မြဲစေလို၍ “နိဗ္ဗတ္တက ၊ပေ၊ လဘန္တိ”ဟု မိန့်၊ နိဗ္ဗတ္တကနှင့် ဇနကသည် အနက်တူ၏၊ ကုသလဝိပါက်ကို ဖြစ်စေတတ်သော ကုသိုလ်ကံ၌ အလောဘ စသော ဟိတ်များပါ၏၊ ထိုဇနကဟိတ်နှင့် စပ်၍ နာမည်တပ်လျှင် အဟိတ်စိတ်၌ ပါသော

ဟူသော အခေါ်အဝေါ်ကို၊ ဝါ–အဟေတုကဟူသောနာမည်ကို၊ လဘန္တိ–ရ ကုန်၏၊ (ကသ္မာ–ကြောင့်၊ သမ္ပယုတ္တဟေတုဝသေနေဝ–သာလျှင်၊ အဟေတု ကဝေါဟာရံ လဘန္တိ–ရကြကုန်သနည်း၊) ဣတရထာ–ဤသို့မဟုတ်လျှင်၊ မဟာဝိပါကေဟိ–မဟာဝိပါက်စိတ်တို့နှင့်၊ ဣမေသံ–ဤကုသလဝိပါက် အဟိတ်စိတ်တို့၏၊ နာနတ္တာသမ္ဘဝတော–ထူးကုန်သည်၏ အဖြစ်၏ မဖြစ်သင့် ခြင်းကြောင့်၊ (သမ္ပယုတ္တဟေတုဝသေနေဝ အဟေတုကဝေါဟာရံ လဘန္တိ၊)

ပန–ပရိဟာရပက္ခမှတစ်ပါး စောဒကပက္ခကိုဆိုဦးအံ့၊ ဣဓ–ဤကုသလ ဝိပါက်အဆုံး နိဂုံး၌၊ အဟေတုကဂ္ဂဟဏံ–အဟေတုကသဒ္ဒါကို၊ ကတံယထာ– ပြုအပ်သကဲ့သို့၊ ဧဝံ–ဤ့အတူ၊ အကုသလဝိပါကနိဂမနေ–အကုသလဝိပါက် အဆုံး, နိဂုံး၌၊ အဟေတုကဂ္ဂဟဏံ–ကို၊ န ကတံ–မပြုအပ်၊ ဧတ္ထ–ဤသို့ အဟေတုကသဒ္ဒါ မထည့်ခြင်း၌၊ ကာရဏံ–အကြောင်းသည်၊ ကိံ–အဘယ် ပါနည်း၊ ဣတိ–ဤကား အမေးတည်း၊ ဗျာဘိစာရာဘာဝတော–ဗျာဘိစာရ၏

---

ကုသလဝိပါက်ကိုလည်း "သဟေတုကကုသလဝိပါကစိတ္တာနိ နာမ"ဟု နာမည်ရစရာ ရှိ၏၊ ထိုသို့ ဧနကဟိတ်နှင့် စပ်၍ နာမည်မတပ်ဘဲ ယှဉ်ဖက်ဟိတ်နှင့် စပ်၍ နာမည် တပ်ခြင်းဖြစ်ရကား ယှဉ်ဖက်ဟိတ် မပါသောကြောင့် "ကုသလာဝိပါကာဟေတုက" ဟု အဟေတုကအမည်ရသည်–ဟူလို။

**ဣတရထာ ၊ပေ၊ သမ္ဘဝတော**။ ။ယှဉ်ဖက်ဟိတ်နှင့် စပ်၍ နာမည်တပ်ရခြင်း ဟူသော အခြင်းအရာမှတစ်ပါး, ဇနကဟိတ်နှင့်စပ်၍ နာမည်တပ်လျှင် အဘယ်အပြစ် ဖြစ်ဖွယ်ရှိသောကြောင့်ပါနည်း–ဟု မေးဖွယ်ရှိ၍ "ဣတရထာ"စသည် မိန့်၊ ဇနက ဟိတ်နှင့်စပ်၍ နာမည်တပ်လျှင် "သဟေတုကကုသလဝိပါကစိတ္တာနိ နာမ"ဟု တပ်ရ လိမ့်မည်၊ ထိုသို့ တပ်လျှင် မဟာဝိပါက်လည်း သဟေတုကကုသလဝိပါက အမည်ရ သောကြောင့် ဤဝိပါက်နှင့် မဟာဝိပါက်တို့ နာမည်မထူးဘဲ ရှိလိမ့်မည်၊ ထိုသို့ ဝိပါက် နှစ်ပါးတို့ နာမည်မထူးခြားလျှင် ခေါ်ဝေါ်ရာ၌ ရှုပ်ထွေးဖွယ်ရှိ၏၊ ထို့ကြောင့် ဇနကဟိတ် နှင့်စပ်၍ နာမည်မတပ်ဘဲ သမ္ပယုတ်ဟိတ်နှင့် စပ်၍သာ နာမည်တပ်ရသည်–ဟူလို။

• **ကိံပနေတ္ထ ၊ပေ၊ ကတံ**။ ။[မဏိမဥ္ဇူဖွင့်ပုံကို မလိုက်ဘဲ ပေးရိုးအတိုင်း အနက်ပေး ထားသည်၊] ဤပုစ္ဆာဝါကျ၏ ဆိုလိုရင်းကား–ဤကုသလဝိပါက်၏အဆုံး နိဂုံး၌ "ကုသလာဝိပါကာဟေတုကစိတ္တာနိ နာမ"ဟု အဟေတုက(ဝိသေသန)ပါသကဲ့သို့, ရှေ့အကုသလဝိပါက်အဆုံး နိဂုံး၌ "အကုသလဝိပါကစိတ္တာနိ နာမ"ဟု အဟေတုက (ဝိသေသန) မပါခဲ့၊ ဤသို့ မပါရခြင်း၏အကြောင်းကား အဘယ်ပါနည်း–ဟူလို။

**ဗျာဘိစာရာဘာဝတော**။ ။မလိုရာအနက်တို့၏ ပါဝင်လာခြင်းကို "ဗျာဘိစာရ"ဟု ခေါ်၏၊ကုသလဝိပါက်၌ "အဟေတုက"ဟု ဝိသေသနမကူဘဲ "ကုသလဝိပါကစိတ္တာနိ နာမ"ဟုသာ ဆိုလိုက်လျှင် မဟာဝိပါက်,မဟဂ္ဂုတ်ဝိပါက်,လောကုတ္တရာဝိပါက်တို့လည်း "ကုသလဝိပါက" ဖြစ်သောကြောင့် "ကုသလဝိပါကစိတ္တာနိ"ဟူသော သာမညစကား၌

မရှိခြင်းကြောင့်၊ ဝါ–အနေကန်မဟုတ်, ဧကန်၏အဖြစ်ကြောင့်၊ (အကုသလဝိပါကနိဂမနေ–၌၊ အဟေတုကဂ္ဂဟဏံ–ကို၊ န ကတံ–အပ်၊) ဣတိ–ဤကားအဖြေတည်း။

ဟိ–ချဲ့၊ သမ္ဘဝေ–အနက်အများ၏ ဖြစ်သင့်ခြင်းသမ္ဘဝသည်လည်းကောင်း၊ ဗျဘိစာရေစ–အနက်အများ၏ ရှေးရှုပါဝင်လာခြင်း ဗျဘိစာရသည်လည်းကောင်း၊ သတိ–ရှိသော်သာ၊ ဝါ–ရှိမှသာ၊ ဝိသေသနံ–ဝိသေသနသည်၊ သာတ္ထကံ–အကျိုးရှိသည်၊ သိယာ–ဖြစ်၏၊ ပန–ဆက်၊ အကုသလဝိပါကာနံ–အကုသလဝိပါက်စိတ်တို့၏၊ လောဘာဒိသာဝဇ္ဇဓမ္မဝိပါကဘာဝေန–လောဘ အစရှိသော သာဝဇ္ဇတရားတို့၏ အကျိုး၏ အဖြစ်ကြောင့်၊ ဝါ–အကျိုးဖြစ်သည့်အတွက်၊ [သမ္ပယောဂါယောဂတော–ဟူသော ဟိတ်၏ အကူညီ(မူလီ) ဟိတ်ဖြစ်သည်၊] တဗ္ဗိဓုရေဟိ–ထိုလောဘအစရှိသော သာဝဇ္ဇတရားတို့၏ ဆန့်ကျင်ဖက်ဖြစ်ကုန်သော၊ အလောဘာဒီဟိ–အလောဘ အစရှိသော ဟိတ်တို့နှင့်၊ သမ္ပယောဂါယောဂတော–ယှဉ်ခြင်း၏ မသင့်ခြင်းကြောင့်လည်းကောင်း၊ သယံ–မိမိကိုယ်တိုင်၊ အဗျာကတနိရဝဇ္ဇသဘာဝါနံ–အဗျာကတဖြစ်၍ နိရဝဇ္ဇသဘော ရှိသော ဝိပါက်စိတ်တို့၏၊ လောဘာဒိအကုသလဓမ္မသမ္ပယောဂဝိရောဓတော စ–

ထို ဝိပါက်မဟဂ္ဂုတ် လောကုတ္တရာများပါဝင်လာရခြင်းသည် ဗျဘိစာရတည်း၊ ထိုသို့ ဗျဘိစာရရှိသောကြောင့် ထိုဝိပါက်များမပါဝင်နိုင်အောင်"အဟေတုက"ဟု ဝိသေသနကူမရသည်၊ အဟေတုက–ဟု ဆိုလိုက်သောအခါ သဟိတ်ဖြစ်သော ထိုဝိပါက်များမပါဝင်နိုင်ကြတော့၊"အကုသလဝိပါကစိတ္တာနိ"ဟူသော စကား၌ကား ထိုသို့ပါဝင်လာဖို့ရာ အခြား အကုသလဝိပါက်တစ်မျိုး မရှိ၊ ထိုသို့ မရှိခြင်းကို "ဗျဘိစာရ+အဘာဝ"ဟု ဆိုသည်၊ ထိုသို့ ဗျဘိစာရမရှိခြင်းကြောင့် "အဟေတုက"ဟု ဝိသေသနမကူမဘဲ" အကုသလဝိပါကစိတ္တာနိနာမ"ဟု ဆိုခဲ့သည်။

**သတိ ဟိ**။ ။ဝိသေသိတဗ္ဗာနိ တိုင်အောင် "ဗျဘိစာရဘာဝတော"ဟူသော ဟေတုဝါကျ၏ အကျယ်တည်း၊ ဝိသေသနဆိုသည်မှာ သမ္ဘဝ–ဗျဘိစာရနှစ်မျိုးရှိရာ၌သာ ကူမရကျိုးနပ်၏၊ သမ္ဘဝ–ဟူသည် အနက်အများနှင့် ဆက်ဆံလောက်အောင် သာမညဖြစ်နေခြင်းတည်း၊ သမ္ဘဝနံ–အနက်အများ၏ဖြစ်သင့်ခြင်း၊ သမ္ဘဝေါ–ခြင်း၊ [အကျယ်ကို သဂြိုဟ်ဘာသာဋီကာမှာ ရှု။]

**အကုသလ ၊ပေ၊ ယောဂတော**။ ။အကုသလဝိပါက်ဟူသည် လောဘဟိတ် စသော အပြစ်ရှိသော အကုသိုလ်တရားတို့၏ အကျိုးတည်း၊ ထို့ကြောင့် လောဘ စသော ဟိတ်တို့၏ ဆန့်ကျက်ဖက်ဖြစ်သော အလောဘစသော ဟိတ်တို့နှင့် ယှဉ်ဖို့ရန် မသင့်၊ ထိုသို့ မသင့်ခြင်းကြောင့်လည်းကောင်း၊ [ဤစကားဖြင့်"အလောဘ စသော ဟိတ်များနှင့် ယှဉ်၍"သဟေတုက အကုသလဝိပါက်စိတ်ဖြစ်ခြင်း"ဟူသော သမ္ဘဝမရှိ ဟု ပြ၏။]

**သယံ ၊ပေ၊ ဝိရောဓတော စ**။ ။"အလောဘစသော ဟိတ်တို့ မယှဉ်သင့်လျှင် လောဘစသောဟိတ်တို့နှင့် ယှဉ်ပါစေတော့လော"ဟု ပြောဆိုဖွယ်ရှိသောကြောင့် သယံ စသည်မိန့်၊ မိမိဟူသော အကုသလဝိပါက်တို့က အဗျာကတသဘော အပြစ်မရှိသော

လောဘအစရှိသော အကုသိုလ်တရားတို့နှင့်ယှဉ်ခြင်း၏ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်ရင်း၊ ကဒါစိပိ–တစ်ရံတစ်ခါလည်း၊ သဟေတုကာယ–သဟိတ် အဖြစ်၏၊ သမ္ဘဝေါ–ဖြစ်သင့်ခြင်းသည်၊ နတ္ထိ–မရှိ၊ ဣတိ–ထိုသို့ သမ္ဘဝမရှိခြင်း ကြောင့်၊ ဝါ–သမ္ဘဝမရှိသည့်အတွက်၊ အဟေတုကဘာဝါဗျာဘိစာရတော– အဟိတ်အဖြစ်၏ ဗျာဘိစာရမရှိခြင်းကြောင့်၊ ဝါ–အဟိတ်အဖြစ်၏ အနေကန် မဟုတ်သည်၏အဖြစ်ကြောင့်၊ တာနိ–ထိုအကုသလဝိပါက်တို့ကို၊ အဟေတုက သဒ္ဒေန–အဟေတုက သဒ္ဒါဖြင့်၊ နဝိသေသိတဗ္ဗာနိ–အထူးမပြုထိုက်ကုန်။

**၁၁**။ ဣဒါနိ–အဟိတ်ကုသလဝိပါက်တို့ကိုပြပြီးရာ ယခုအခါ၌၊ အဟေတု ကာမိကာရေ–အဟိတ်စိတ်အရာ၌၊ အဟေတုကကိရိယစိတ္တာနိပိ–အဟိတ် ကြိယာစိတ်တို့ကိုလည်း၊ ကိစ္စဘေဒေန–ကိစ္စ၏ အပြားအားဖြင့်၊ [ဖဉ္စဒွါရ၌ ဆင်ခြင်ခြင်းကိစ္စ, မနောဒွါရ၌ ဆင်ခြင်ခြင်းကိစ္စ, ဟသနကိစ္စ အပြားအားဖြင့်၊] တိဓာ–သုံးပါးအပြားအားဖြင့်၊ ဒဿေတုံ–ပြတော်မူခြင်းငှာ၊ ဥပေက္ခာသဟ ဂတံတျာဒိ–ကို၊ (အာစရိယေန) ဝုတ္တံ။

စက္ခာဒိပဉ္စဒွါရေ–စက္ခုအစရှိသော ငါးဒွါရ၌၊ ဃဋ္ဋိတံ–ထိခိုက်သော၊ အာရမဏံ–ကို၊ အာဝဇ္ဇေတိ–ဆင်ခြင်တတ်၏၊ တတ္ထ–ထိုအာရုံ၌၊ အာဘောဂံ– နှလုံးသွင်းမှုကို၊ ကရောတိ–ပြုတတ်၏၊ ဣတိ, ပဉ္စဒွါရာဝဇ္ဇနံ–မည်၏၊ ဝါ– တစ်နည်း၊ (စက္ခာဒိပဉ္စဒွါရေ–၌၊) စိတ္တသန္တာနံ–စိတ်အစဉ်ကို၊ ဘဝင်္ဂဝသေန–

နိရဝဇ္ဇသဘောရှိကြရကား ဓာတ်ချင်းမတူသည့် အကုသိုလ်သဘော–အပြစ်ရှိသည့် သာဝဇ္ဇသဘောရှိသော လောဘအစရှိသောဟိတ်တို့နှင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့် လည်းကောင်း၊ [ဤစကားဖြင့် လောဘစသော ဟိတ်များနှင့် ယှဉ်၍ “သဟေတုက အကုသလဝိပါက်စိတ်” ဖြစ်ခြင်းဟူသော သမ္ဘဝမရှိ–ဟု ပြသည်။]

**ဣတိ ၊ပေ၊ စာရတော**။ ။ဤစကားကား“ဗျာဘိစာရာဘာဝတော”ဟူသောသခ်ေပ စကားကို ပြန်၍အုပ်သော နိဂုံးတည်း၊ ပြခဲ့သောအကြောင်းတို့ကြောင့် သဟေတုကဖြစ် သင့်ခြင်းဟူသော သမ္ဘဝမရှိသည့်အတွက် သဟိတ်ဝိပါက်တို့ ပါဝင်လာဖို့ရန် ဗျာဘိစာရ လည်း မရှိတော့သောကြောင့် [အဟေတုက”ဟု ဝိသေသန မကူမဘဲ ”အကုသလဝိပါက စိတ္တာနိ နာမ”ဟု ဆိုခဲ့ရသည်–ဟူလို။]

**ပဉ္စဒွါရာဝဇ္ဇနံ**။ ။“အာဝဇ္ဇေတီတိ အာဝဇ္ဇနံ”ဟု ပြု၍ “ပဉ္စဒွါရေ+အာဝဇ္ဇနံ ပဉ္စဒွါရာ ဝဇ္ဇနံ”ဟု ဆက်၊ အာဝဇ္ဇေတိကို “အာဘောဂံ ကရောတိ”ဟု ဖွင့်၏၊ “ပဉ္စဒွါရ၌ ထိခိုက်လာ သော အာရုံ ကိုဆင်ခြင်တတ်သောစိတ်”ဟူလို၊ တစ်နည်း...စိတ်အစဉ်ကို ဘဝင်ဆက်၍ မဖြစ်စေဘဲ ဝီထိစိတ်ဖြစ်ဖို့ရန် ညွှတ်စေတတ်သောစိတ်သည် အာဝဇ္ဇနမည်၏၊ [ဒုတိယ နည်း၌ “အာဝဋ္ဋနံ”ဟု ဆိုလိုလျက် ဋကို ဇပြု၍ “အာဝဇ္ဇနံ”ဟုဖြစ်ရသည်၊ “အာဝဋ္ဋေတိ– ဘဝင်အစဉ်ကို ပြန်လည်စေတတ် ပြောင်းလွဲစေတတ်၏၊ ဣတိ အာဝဇ္ဇနံ”ဟု ပြု။]

ပဝတ္တိတုံ–ဖြစ်ခြင်းငှာ၊ ဝါ–ဖြစ်ခွင့်ကို၊ အဒတွာ–မပေးမူ၍၊ ဝီထိစိတ္တဘာဝါယ–ဝီထိစိတ်ဖြစ်ခြင်းငှာ၊ ပရိဏာမေတိ–ညွတ်စေတတ်၏၊ ဣတိ, ပဉ္စဒွါရာဝဇ္ဇနံ၊ ကြိယာဟေတုကမနောဓာတုစိတ္တံ–ကြိယာအဟိတ်ဖြစ်သော မနောဓာတ်စိတ်တည်း။

အာဝဇ္ဇနသသ–အာဝဇ္ဇန်း၏၊ အနန္တရပစ္စယဘူတံ–အနန္တရပစ္စည်းဖြစ်၍ဖြစ်သော၊ ဘဝင်္ဂစိတ္တံ–ဘဝင်စိတ်သည်၊ မနောဒွါရံ–မနောဒွါရ မည်၏၊ (ကသ္မာ–အဘယ့်ကြောင့်နည်း၊) ဝီထိစိတ္တာနံ–တို့၏၊ ပဝတ္တိမုခဘာဝတော–ဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်ကြောင့်တည်း၊ တသ္မိံ–ထိုမနောဒွါရ၌၊ ဒိဋ္ဌသုတမုတာဒိဝသေန–ဒိဋ္ဌသုတမုတအစရှိသည်တို့၏ အစွမ်းဖြင့်၊ အာပါတံ–ရှေးရှုကျခြင်းသို့၊ ဝါ–ထင်ခြင်းသို့၊ အာဂတံ–ရောက်သော၊ အာရမဏံ–ကို၊ အာဝဇ္ဇေတိ၊ ဝါ–

**အာဝဇ္ဇန ။ပေ၊ ဒွါရံ**။ ။ဝီထိစိတ်အစဉ်အားဖြင့် "အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, (တစ်နည်း) မနောဒွါရာဝဇ္ဇန်း"ဟု ရှိ၏၊ ဘဝင်္ဂုပစ္ဆေဒသည် ထိုအာဝဇ္ဇန်းဒွေးအား အနန္တရသတ္တိဖြင့် ကျေးဇူးပြု၏၊ ထို့ကြောင့် အာဝဇ္ဇန်း၏ အနန္တရပစ္စည်းဖြစ်သော ဘဝင်စိတ်ဟူသည် "ဘဝင်္ဂုပစ္ဆေဒ"ဟု ခေါ်အပ်သော ဘဝင်တည်း၊ ထိုဘဝင်္ဂုပစ္ဆေဒကို"မနောဒွါရ"ဟု ခေါ်သည်၊ ["မနောဒွါရံ ပန ဘဝင်္ဂန္တိ ပဝုစ္စတိ"ဟူသော ဒွါရသင်္ဂဟစကားနှင့် သဘောတူပင်။]

**ဝီထိ၊ပေ၊မုခဘာဝတော**။ ။ဘာ့ကြောင့် ထိုဘဝင်ကို "မနောဒွါရ"ဟု ခေါ်ရသနည်းဟု မေးဖွယ်ကို ဖြေသော ဟေတုဝါကျတည်း၊ "ဝီထိစိတ္တာနံ"ဖြင့် မနော၏ အနက်ကို ပြ၏၊"ပဝတ္တိမုခ"ဖြင့် ဒွါရ၏အနက်ကိုပြ၏၊ ဒွါရသဒ္ဒါသည်"မုခ–အကြောင်း" အနက်ဟော–ဟူလို၊ မနာနံ–ဝီထိစိတ်တို့၏+ဒွါရံ–ဝင်ကြောင်းတည်း၊ မနောဒွါရံ–ကြောင်း၊ ထိုဘဝင်က ဝီထိစိတ်၏အစဖြစ်သော အာဝဇ္ဇန်းအား ကျေးဇူးပြုလိုက်သဖြင့် အဆက်ဆက် ဝီထိစိတ်များဖြစ်ရကား "ထိုဘဝင်သည် ဝီထိစိတ်များ၏ ဖြစ်ကြောင်း"ဖြစ်သည်–ဟူလို၊ ["မနောဝေ–ဘဝင်စိတ်သည်ပင်၊+ဒွါရံ–ဝီထိစိတ်တို့၏ ဖြစ်ကြောင်းတည်း၊ မနောဒွါရံ–ကြောင်း"ဟုလည်း တစ်နည်း ဝိဂ္ဂဟပြုသေး၏။]

**တသ္မိံ၊ပေ၊အာဝဇ္ဇေတိ**။ ။ဤဝါကျဖြင့်"မနောဒွါရေ+အာဝဇ္ဇနံ မနောဒွါရာဝဇ္ဇနံ" ဟု ပြ၏၊ မနောဒွါရ၌ အာရုံထင်လာသောအခါ စက္ခုဝိညာဉ်ဖြင့် မြင်အပ်ဖူးသော ဒိဋ္ဌအာရုံ အဖြစ်ဖြင့်သော်လည်းကောင်း, သောတဝိညာဉ်ဖြင့် ကြားအပ်ဖူးသော သုတအာရုံ အဖြစ်ဖြင့်သော်လည်းကောင်း, ဃာနစသောဝိညာဉ် သုံးပါးဖြင့် ရောက်အပ် သိအပ်ဖူးသော မုတအာရုံဖြင့်သော်လည်းကောင်း ထင်လာတတ်၏၊ အာဒိဖြင့် ဥဘယသမ္ဗန္ဓစသည်ကို ယူ၊ [အကျယ်ကို ဘာသာဋီကာ ဝီထိပိုင်း မနောဒွါရခန်းမှာ ရှု။]

**ဒိဋ္ဌအနက်**။ ။စက္ခုဒွါရိကဝီထိနောက်၌ တဒနုဝတ္တိကမနောဒွါရိက ဝီထိစိတ်များ ဖြစ်၏၊ ထိုသို့ဖြစ်ရာ၌ စက္ခုဝိညာဉ်ဖြင့် မြင်အပ်ပြီးသော ရူပါရုံသည် မနောဒွါရ၌ ဆက်လက်၍ ထင်လာ၏၊ ထိုသို့မဆက်ဘဲ မနောဒွါရ သက်သက်၌လည်း ရှေးရှေးက မြင်အပ်ဖူးသော ဒိဋ္ဌအာရုံသည် ထင်လာတတ်၏၊ ထို့ကြောင့် "မြင်အပ်ပြီး, မြင်အပ်ဖူး"ဟု ဒိဋ္ဌပုဒ်၌ အဓိပ္ပာယ် နှစ်ချက် မှတ်ပါ၊ သုတ, မုတတို့၌လည်း နည်းတူ။

တစ်နည်း၊ ဝုတ္တနယေန-ဖြင့်၊ စိတ္တသန္တာနံ-ကို၊ ပရိဏာမေတိ၊ ဣတိ, မနောဒွါရာ ဝဇ္ဇနံ-မည်၏၊ ကြိယာဟေတုက မနောဝိညာဏဓာတု ဥပေက္ခာ သဟဂတစိတ္တံ-ကြိယာအဟိတ်, မနောဝိညာဏဓာတ်ဖြစ်သော ဥပေက္ခာ သဟဂုတ်စိတ်တည်း၊ စ-ဆက်၊ ဣဒမေဝ-ဤမနောဒွါရာဝဇ္ဇန်းကိုပင်၊ ဝါ-သည်ပင်၊ ပဉ္စဒွါရေ-၌၊ ယထာသန္တီရိတံ-အကြင်အကြင် သန္တီရဏသည် စုံစမ်းအပ်ပြီးသော၊ အာရမဏံ-ကို၊ ဝဝတ္ထပေတိ-ပိုင်းခြားသတ်မှတ် ဆုံးဖြတ်တတ်၏၊ ဣတိ-ကြောင့်၊ ဝေါဋ္ဌပနန္တိ စ-ဝေါဋ္ဌပနဟူ၍လည်း၊ ဝုစ္စတိ။

ဟသိတံ-ပြုံးခြင်းကို၊ ဥပ္ပာဒေတိ-၏၊ ဣတိ, ဟသိတုပ္ပာဒံ-ဒမည်၏၊ ခီဏာသဝါနံ-ရဟန္တာပုဂ္ဂိုလ်တို့၏၊ အနောဠာရိကာရမဏေသု-မထင်ရှားသော အာရုံတို့၌၊ ဝါ-သိမ်မွေ့သောအာရုံတို့၌၊ ပဟဋ္ဌာကာရမတ္တဟေတုကံ-ပြုံးခြင်းဟူသော အခြင်းအရာမျှ၏အကြောင်းဖြစ်သော၊ ကြိယာဟေတုကမနော ဝိညာဏဓာတုသောမနဿသဟဂတစိတ္တံ-ကြိယာအဟိတ်မနောဝိညာဏဓာတ် ဖြစ်သော သောမနဿသဟဂုတ်စိတ်တည်း။

---

**ဝုတ္တနယေန ဝါ**။ ။ပဉ္စဒွါရာဝဇ္ဇန်း အဖွင့်၌"ဘဝင်္ဂဝသေန ပဝတ္တိတုံ အဒတွာ ဝိထိစိတ္တဘာဝါယ"ကို ဝုတ္တနယ-ဟု ဆိုသည်၊ မနောဒွါရေ+အာဝဇ္ဇနံ မနောဒွါရာ ဝဇ္ဇနံ"ဟု ပြု၊ ကြိယာ ၊ပေ၊ စိတ္တံ"ကား မနောဒွါရာဝဇ္ဇန်း၏ ဟောနက် အဘိဓေယျကို ပြသော စကားတည်း၊ ထိုစကား၌ "ဥပေက္ခာသဟဂတ"ဖြင့် သောမနဿသဟဂုတ်ကို လည်းကောင်း, "မနောဝိညာဏဓာတု"ဖြင့် မနောဓာတ်ဥပေက္ခာသဟဂုတ်များကို လည်းကောင်း, "အဟေတုက"ဖြင့် သဟိတ်မနောဝိညာဏဓာတ် ဥပေက္ခာသဟဂုတ် များကိုလည်းကောင်း, "ကြိယ"ဖြင့် ဝိပါက်အဟိတ် မနောဝိညာဏဓာတ် ဥပေက္ခာ သဟဂုတ်များကိုလည်းကောင်း တားမြစ်သည်၊ ဝိသေသနမှန်လျှင် (များသောအားဖြင့်) မလိုရာအနက်များ၏ ဝင်လာခြင်းကို တားမြစ်သည်ချည်းတည်း။

**ဣဒမေဝ စ**။ ။ဤဝါကျသည် "မနောဒွါရဝဇ္ဇနမေဝ ပဉ္စဒွါရေ ဝေါဋ္ဌပနကိစ္စံ သာဓေတိ"ဟူသော ကိစ္စသင်္ဂဟ စကားနှင့် သဘောတူပင်တည်း၊ ဝိထိအစဉ်အားဖြင့် သန္တီရဏနောက်၌ ဝုဋ္ဌောဖြစ်ရသောကြောင့် "ယထာသန္တီရိတံ အာရမဏံ"ဟု ဆိုသည်၊ ["ဝဝတ္ထပေတိ" ကြည့်၍ "ဝိ+အဝပုဗ္ဗ ထပဓာတ်, ယုပစ္စည်းမှ, အဝကို ဩ, ဝိ၌ ဣ ချေ, ဩကပ်၍ "ဝေါ"ဟု လည်းကောင်း, ထကို ဋ္ဌပြု, ဒွေဘော်လာ၍ "ဋ္ဌပန" ဟုလည်းကောင်း ပါဠိမှန် ဖြစ်၏။]

**ဟသိတံ**။ ။ဤဝါကျနှင့် စပ်၍ မှတ်ဖွယ်ကို ဘာသာဋီကာ၌ ပြထာပြီ၊ အနောဠာရိက၌ "န+ဩဠာရိက"ဟု ခွဲ၊ ဩဠာရိကမဟုတ်လျှင် သုခုမအာရုံဟု အဖြောင့်ထွက်၏၊ သာမန်လူတို့ မမြင်နိုင် မသိနိုင်အောင် သိမ်မွေ့သော အရိုးစုပြိတ္တာစသော အာရုံများ, သုမနပန်းသည် စသူတို့၏ နောင်ခါ ရလတ္တံ့အကျိုးစသော အာရုံများတည်း၊ [စတုတ္ထ ပါရာဇိက ပါဠိတော်အဆုံးက ပြိတ္တာတို့ကို အရှင်မောဂ္ဂလာန် မြင်ပုံနှင့် ဓမ္မပဒ - သုမနမာလာကာရဝတ္ထု ကြည့်။]

**၁၂။** သဗ္ဗထာပီတိ–သဗ္ဗထာပိဟူသည်ကား၊ အကုသလဝိပါကကုသလဝိပါကကြိယာဘေဒေန–အကုသလဝိပါက် ကုသလဝိပါက်ကြိယာတို့၏ အပြားအားဖြင့်၊ [စက္ခာဒိနိဿယ သမ္ပဋိစ္ဆနာဒိကိစ္စဘေဒေန–ဟုဆိုခဲ့သော အပြားကို ယူမှ "သဗ္ဗထာ–အလုံးစုံအပြား"ကို ယူရာ ရောက်မည် ထင်သည်၊] အဋ္ဌာရသာတိ–အဋ္ဌာရသဟူသော သဒ္ဒါသည်၊ ဂဏနပရိစ္ဆေဒေါ–ဂဏန်းဖြင့် ပိုင်းခြားကြောင်း သဒ္ဒါတည်း၊ အဟေတုကစိတ္တာနီတိ–ဟူသော သဒ္ဒါသည်၊ ပရိစ္ဆိန္နဓမ္မနိဒဿနံ–အဋ္ဌာရသဟူသော ဂဏန်းဖြင့် ပိုင်းခြားအပ်ပြီးသော တရားတို့ကို ညွှန်ပြကြောင်း သဒ္ဒါတည်း၊ အဟေတုကဝဏ္ဏနာ–အဟိတ်စိတ်တို့၏ ဖွင့်ကြောင်းဖွင့်ရာဋီကာသည်၊ နိဋ္ဌိတာ–ပြီးပြီ။

**၁၄။** ဧဝံ–ဤဆိုအပ်ပြီးသောနည်းဖြင့်၊ ဒွါဒသာကုသလ အဋ္ဌာရသာဟေတုကဝသေန–(၁၂)ပါးသောအကုသိုလ်စိတ်၊ (၁၈)ပါးသော အဟိတ်စိတ်တို့၏ အပြားအားဖြင့်၊ သမတိံသ–သော၊ စိတ္တာနိ–တို့ကို၊ ဒဿေတွာ–၍၊ ဣဒါနိ–၌၊ တဗ္ဗိနိမုတ္တာနံ–ထိုအကုသိုလ်စိတ် အဟိတ်စိတ်တို့မှ လွတ်ကုန်သောစိတ်တို့၏၊ သောဘနဝေါဟာရံ–သောဘနဟူသော အခေါ်အဝေါ်ကို၊ ထပေတုံ–ထားခြင်းငှာ၊ ပါပါဟေတုကမုတ္တာနီတျာဒိ–ပါပါဟေတုကမုတ္တာနိ အစရှိသော ဝါကျကို၊ (အာစရိယောန) ဝုတ္တံ၊ အတ္တနာ–မိမိဟူသော အကုသိုလ်သည်၊ အဓိသယိတဿ–ကိန်းအပ်သော သတ္တဝါကို၊ [ပါပနဝယ် ယုပစ္စည်း၌ စပ်၊] အပါယာဒိဒုက္ခဿ–အပါယ်အစရှိသော ဒုက္ခသို့၊ [ပ ပုဗ္ဗ, အပဓာတ်၌ စပ်၊] ပါပနတော–ရောက်စေတတ်သည်၏ အဖြစ်ကြောင့်၊ (ဘာဝပဓာနကြံ၊) ပါပေဟိ–ပါပမည်သော အကုသိုလ်စိတ်တို့မှလည်းကောင်း၊ ဟေတုသမ္ပယောဂါဘာဝတော–ဟိတ်နှင့်ယှဉ်ခြင်း၏ မရှိခြင်းကြောင့်၊ အဟေတုကေဟိစ–အဟေတုကမည်သော စိတ်တို့မှလည်းကောင်း၊ မုတ္တာနိ–

---

**ဂဏနပရိစ္ဆေဒေါ။** ။ဂဏနေန–၁၈ ဟူသော အရေအတွက်ဖြင့်+ပရိစ္ဆေဒေါ–(အဟိတ်စိတ်တို့ကို) ပိုင်းခြားကြောင်း သဒ္ဒါတည်း၊ ဂဏနပရိစ္ဆေဒေါ–အရေအတွက်ဖြင့် ပိုင်းခြားကြောင်းသဒ္ဒါ၊ [မူလပဏ္ဏာသ, အနုဂ်ဏာသုတ်ဋီကာဝိဂ္ဂဟတည်း၊] မဏိမဉ္ဇူ၌ကား "ပရိစ္ဆိန္ဒတိ ဧတေနာတိ ပရိစ္ဆေဒေါ၊ ဂဏနာသင်္ခါတော+ပရိစ္ဆေဒေါ ဂဏနပရိစ္ဆေဒေါ–ဂဏန်းဟူသော ပိုင်းခြားကြောင်း သဒ္ဒါ"ဟု ဖွင့်၏။

**အတ္တနာပေ၊မုတ္တာနိ။** ။"အတ္တနာ၊ပေ၊ပါပနတော"သည် ပါပအမည်ရခြင်း၏ အကြောင်း (သဒ္ဒပဝတ္တိနိမိတ်)ကို ပြသော "နာမလာဘဟိတ်"တည်း၊ "ပါပေန္တိ – မိမိကိန်းရာသတ္တဝါကို အပါယ်စသော ဒုက္ခသို့ ရောက်စေတတ်ကုန်၏၊ ဣတိ ပါပါနိ" ဟုပြု၊ [ပပုဗ္ဗ, အပဓာတ်, ကာရိတ်ကြေ, ယုပစ္စည်း၊] "ဟေတုသမ္ပယောဂါဘာဝတော"

လွတ်ကုန်သော၊ စတုဝီသတိ ကာမာဝစရပဥ္စတိံသ မဟဂ္ဂတလောကုတ္တရ ဝသေန–၂၄ ပါးသော ကာမာဝစရစိတ်, ၃၅ ပါးသော မဟဂ္ဂုတ်လောကုတ္တရာ စိတ်တို့၏ အပြားအားဖြင့်၊ ဧကူနသဋ္ဌိပရိမာဏာနိ–တစ်ခုယုတ်ခြောက်ဆယ် အတိုင်းအရှည်ရှိကုန်သော၊ စိတ္တာနိ–စိတ်တို့ကို၊ [သောဘနစိတ် အကျဉ်းကို ပြသည်၊] အထဝါ–ကား၊ အဋ္ဌ–ကုန်သော၊ လောကုတ္တရာနိ–တို့ကို၊ ဈာနင် ယောဂဘေဒေန–ဈာန်အင်္ဂါတို့၏ ယှဉ်ပုံအပြားအားဖြင့်၊ ပစ္စေကံ–အသီးအသီး၊ ပဉ္စဓာ–ငါးပါးပြားသည်ကို၊ ကတွာ–ပြု၍၊ ဧကနဝုတိပိ–၉၁ ပါးလည်းဖြစ် သော၊ စိတ္တာနိ–တို့ကို၊ [အကျယ်ကို ပြသည်၊] သောဘနဂုဏာဝဟနတော– တင့်တယ်သော ဂုဏ်ကိုဆောင်ထားခြင်းကြောင့်လည်းကောင်း၊ အလောဘာဒိ အနဝဇ္ဇဟေတုသမ္ပယောဂတော–အလောဘ အစရှိသော အနဝဇ္ဇဟိတ်နှင့် ယှဉ်ခြင်းကြောင့်လည်းကောင်း၊ သောဘနာနီတိ–သောဘနမည်ကုန်၏ဟူ၍၊ ဝုစ္စရေ ကထိယန္တိ–ဆိုအပ်ကုန်၏။

**၁၅။** ဣဒါနိ–ယခုအခါ၌၊ သောဘနေသု–သောဘနစိတတ်တို့တွင်၊ ကာမာ ဝစရာနမေဝ–ကာမာဝစရစိတ်တို့၏သာ၊ ဝါ–တို့ကိုသာ၊ ပဋ္ဌမံ–စွာ၊ ဥဒ္ဒိဋ္ဌတ္တာ– ညွှန်ပြအပ်ကုန်ပြီးသည်၏အဖြစ်ကြောင့်၊ တေသုပိ–ထိုကာမာဝစရစိတ်တို့တွင် လည်း၊ အဗျာကတာနံ–ဝိပါက်ကြိယာဟု ဆိုအပ်သော အဗျာကတစိတ်တို့၏၊ ကုသလပုဗ္ဗကတ္တာ–ကုသိုလ်လျှင် ရှေ့သွားရှိကုန်သည်၏ အဖြစ်ကြောင့်၊ ပဌမံ– ဝိပါက်ကြိယာစိတ်တို့မှ ရှေးဦးစွာ၊ ကာမာဝစရကုသလံ–ကာမာဝစရ ကုသိုလ်စိတ်ကိုလည်းကောင်း၊ တတော–ထိုမှနောက်၌၊ တဗ္ဗိပါကံ–ထိုကုသိုလ် ၏ အကျိုးဖြစ်သော ဝိပါက်စိတ်ကိုလည်းကောင်း၊ တဒနန္တရံ–ထိုဝိပါက်စိတ်၏ အခြားမဲ့၌၊ တဒေကဘူမိပရိယာပန္နံ–ထိုတစ်ခုတည်းသော ကာမာဝစရဘုံ၌ အကျုံးဝင်သော၊ ကြိယစိတ္တဉ္စ–ကြိယာစိတ်ကိုလည်းကောင်း၊ ပစ္စေကံ–အသီး အသီး၊ ဝေဒနာဉာဏသင်္ခါရဘေဒေန–ဝေဒနာ, ဉာဏ်, သင်္ခါရတို့၏ အပြား အားဖြင့်၊ အဋ္ဌဓာ–ရှစ်ပါးအပြားအားဖြင့်၊ ဒဿေတုံ–ငှာ၊ သောမနဿ သ ဂတန္တျာဒိ–အစရှိသော ဝါကျကို၊ ဝုတ္တံ။

---

သည် အဟေတုက အမည်ရခြင်း၏ နာမလာဘဟိတ်တည်း၊ "နတ္ထိ+ဟေတု ဧတေသံ တိ အဟေတုကာနိ"ဟု ပြု၊ "ပါပေဟိ အဟေတုကေဟိစ"ဖြင့် ပါပါနိစ+ အဟေတု ကာနိစ ပါပါဟေတုကာနိ" ဟု ဒွန်သမာသ်ကိုလည်းကောင်း, "ပါပါဟေတုကေဟိ+ မုတ္တာနိ ပါပါဟေတုကမုတ္တာနိ"ဟူသော ပဉ္စမီတပ္ပုရိတ်ကိုလည်းကောင်း ပြု၏။

**အလောဘာဒိ ။ပေ၊ ဂတောစ**။ ။ဤဟိတ်သည် အသောဘန အမည်ရခြင်း၏ အကြောင်းကို ပြသော နာမလာဘဟိတ်တည်း၊ ဤဟိတ်ကို ပြောင်းပြန်ပြုလိုက်လျှင် "လောဘစသော သာဝဇ္ဇဟိတ်တို့နှင့် ယှဉ်သော အကုသိုလ်, အလောဘ စသော အနဝဇ္ဇဟိတ်တို့နှင့် မယှဉ်သော အဟိတ်တို့ကို အသောဘန အမည်ပေးထိုက်၏"ဟု အဓိပ္ပာယ်ရကြောင်းကို မဏိမဉ္ဇူဖွင့်၏၊ မိမိအယူကို ဘာသာဋီကာ၌ ပြထားပြီ။

တတ္ထ–ထို သောမနဿသဟဂတံ အစရှိသောဝါကျ၌၊ ယထာသဘာဝံ– အကြင်အကြင်သဘောအတိုင်း၊ ဝါ–သဘောအားလျော်စွာ၊ ဇာနာတိ ပဋိဝိဇ္ဈတိ–ထိုးထွင်း၍ သိတတ်၏၊ ဉာဏ်၊ ဉာဏံ–ဉာဏမည်၏၊ [သဉ္ဇာနာတိ, ဝိဇာနာတိ ကိုယူမည်စိုး၍ “ဇာနာတိ”ကို“ပဋိဝိဇ္ဈတိ”ဟု ဖွင့်သည်၊] သေသံ– ကြွင်းသော ပုဒ်အပေါင်းသည်၊ ဝုတ္တနယမေဝ–ဆိုအပ်ပြီးသောနည်းရှိသည်သာ၊ [သောမနဿသဟဂတံ, သမ္ပယုတ္တံ, ဝိပ္ပယုတ္တံ, အသင်္ခါရိကံ, သသင်္ခါရိကံတို့၏ အကုသိုလ်လောဘမူစိတ်၌ ပြခဲ့သောအဖွင့်ကို ပြန်ညွှန်းသည်၊] စ–ဆက်၊ ဧတ္ထ–ဤသောမနဿသဟဂတံအစရှိသောပုဒ်၌၊ ဗလဝသဒ္ဓါယ–အားရှိသော သဒ္ဓါတရားလည်းကောင်း၊ ဝါ–သဒ္ဓါတရားကောင်းခြင်းလည်းကောင်း၊ (ဋီကာ၌စပ်၊) ဒဿနသမ္ပတ္တိယာ–သိမြင်တတ်သော ဉာဏ်နှင့်ပြည့်စုံခြင်းလည်းကောင်း၊ ဝါ–သမ္မာဒိဋ္ဌိရှိခြင်းလည်းကောင်း၊ ပစ္စယပဋိဂ္ဂါဟကာဒိသမ္ပတ္တိယာ– ပစ္စည်း, အလှူခံပုဂ္ဂိုလ် အစရှိသည်၏ပြည့်စုံခြင်းလည်းကောင်း၊ ဋီကာဝေ မာဒီဟိ–ဤသို့အစရှိကုန်သော၊ ကာရဏေဟိ–အကြောင်းတို့ကြောင့်၊ သောမန ဿသဟဂတတာ–သောမနဿသဟဂုတ်၏ အဖြစ်ကိုလည်းကောင်း၊ [နောက် “ဝေဒိတဗ္ဗာ”၌ လှမ်းစပ်။]

ပညာသံဝတ္တနိက ကမ္မတော–ပညာကိုဖြစ်စေတတ်သော ကံကြောင့်လည်း ကောင်း၊ အဗျာပဇ္ဇလောကူပပတ္တိတော–ဒေါသဗျာပါဒ မရှိသော ဗြဟ္မာ့ပြည်၌ ပဋိသန္ဓေနေရခြင်းကြောင့်လည်းကောင်း၊ ဣန္ဒြိယပရိပါကတော–ပညိန္ဒြေ၏ ရင့်ကျက်ခြင်းကြောင့်လည်းကောင်း၊ ကိလေသဒူရီဘာဝတော စ–ကိလေသာ တို့၏ ဝေးကုန်သည်၏ အဖြစ်လည်းကောင်း၊ ဉာဏသမ္ပယုတ္တတာ– ဉာဏသမ္ပယုတ်၏ အဖြစ်ကိုလည်းကောင်း၊ [ဤအဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ၊] တဗ္ဗိပရိယယေန–ထိုသောမနဿသဟဂုတ်,ဉာဏသမ္ပယုတ်တို့၏ ဖြစ်ကြောင်း တို့မှ ပြောင်းပြန်ဖြစ်သော အကြောင်းကြောင့်၊ ဥပေက္ခာသဟဂတ တာ စေဝ–ကိုလည်းကောင်း၊ ဉာဏဝိပ္ပယုတ္တတာ စ–ကိုလည်းကောင်း၊ (ဝေဒိတဗ္ဗာ–၏၊) အာဝါသ သပ္ပာယာဒိဝသေန–လျောက်ပတ်သော အာဝါသ အစရှိသည်တို့၏ အစွမ်းဖြင့်၊ [အာဒိဖြင့် ဥတုသပ္ပာယ ဘောဇနသပ္ပာယ ပုဂ္ဂလသပ္ပာယတို့ကို ယူ၊] ကာယစိတ္တာနံ–ကိုယ်စိတ်တို့၏၊ ကလ္လဘာဝတော–

---

**ပစ္စယ ၊ပေ၊ သမ္ပတ္တိယာ**။ ။လှူဖွယ်ဝတ္ထုပြည့်စုံမှ ဝမ်းမြောက်နိုင်ရကား လှူဖွယ် ပစ္စည်း၏ ပြည့်စုံလုံလောက်ခြင်း, အလှူခံပုဂ္ဂိုလ်က ဘုရားရဟန္တာ, သို့မဟုတ် ထိုကဲ့သို့ ကြည်ညိုဖွယ်ပုဂ္ဂိုလ်ဖြစ်ခြင်းသည် သောမနဿဖြစ်ခြင်း၏အကြောင်းတည်း၊ အာဒိဖြင့် ဒေသ, ကာလ, မိတ္တ်စသည်ကိုယူ၊ ရှားပါးသောဒေသ, ရှားပါးသောကာလ၌ လှူရမှ သောမနဿဖြစ်လွယ်ကြ၏၊ မိတ်ကောင်းဆွေကောင်းများ ဝိုင်းဝန်းကူညီလျှင် လည်း သောမနဿဖြစ်ကြ၏၊ ထို့ကြောင့် ရှားပါးသော ဒေသကာလကို ဒါနပြုဖို့ရာ ကောင်းသော ဒေသသမ္ပတ္တိဟု ခေါ်၏၊ ဒါနပြုရာ၌ ကူညီသော မိတ်ဆွေများကို မိတ္တသမ္ပတ္တိဟု ခေါ်သည်။

ခံ့ကျန်းကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ပဗ္ဗေ–ရှေး၌၊ ဒါနာဒီသု– ဒါနအစရှိသောပုညကြိယဝတ္ထုတို့၌၊ ကတပရိစယတာဒီဟိစ–ပြုအပ်သော အလေ့အကျင့်ရှိသည်၏အဖြစ် အစရှိသော အကြောင်းတို့ကြောင့်လည်း ကောင်း၊ [အာဒိဖြင့် အတ္တသမ္မာပဏိဓိ, ပုဗ္ဗာစရိယာနုဿရဏ (ရှေ့ဘဝက ကျင့် အပ်ခဲ့သည်ကို ဘုရားအလောင်း အစရှိသူတို့ ပြန်၍ အမှတ်ရခြင်း) စသည်ကို ယူ၊] အသင်္ခါရိကတာ–အသင်္ခါရိက၏ အဖြစ်ကိုလည်းကောင်း၊ တဗ္ဗိပရိယာ ယေန–ထိုအသင်္ခါရိက၏ ဖြစ်ကြောင်းတို့မှ ပြောင်းပြန်ဖြစ်သော အကြောင်း ကြောင့်၊ သသင်္ခါရိကတာစ–ကိုလည်းကောင်း၊ ဝေဒိတဗ္ဗာ–သိထိုက်၏။

ပန–ဆက်၊ တတ္ထ–ထိုစိတ်တို့တွင်၊ ယဒါ–အကြင်အခါ၌၊ ယော–အကြင် ပုဂ္ဂိုလ်သည်၊ ဒေယျဓမ္မပဋိဂ္ဂါဟကာဒိသမ္ပတ္တိံ ဝါ–ပေးလှူထိုက်သော သဘော ရှိသော ပစ္စည်းဝတ္ထု, အလှူခံပုဂ္ဂိုလ် အစရှိသည်တို့၏ ပြည့်စုံခြင်း ကိုသော် လည်းကောင်း၊ အညံ–အခြားသော၊ သောမနဿဟေတုံ ဝါ–သောမန ဿဖြစ်ခြင်း၏ အကြောင်းကိုသော်လည်းကောင်း၊ အာဂမ္မ–စွဲ၍၊ ဟဋ္ဌပဟ ဋ္ဌော–အလွန်ရွှင်လန်းသည်၊ (ယုတ္တာ) [ဤစကားဖြင့် သောမနဿဖြစ်ပုံကို ပြသည်၊] အတ္ထိဒိန္နန္တျာဒိနယပဝတ္တံ–အတ္ထိဒိန္နံ အစရှိသောနည်းဖြင့်ဖြစ်သော၊ သမ္မာဒိဋ္ဌိံ–သမ္မာဒိဋ္ဌိကို၊ ပုရက္ခတွာ–ရှေ့သွားပြု၍၊ [ဤစကားဖြင့် ဉာဏ သမ္ပယုတ်ဖြစ်ပုံကို ပြသည်၊] မုတ္တစာဂတာဒိဝသေန–လွတ်လွတ်ကျွတ်ကျွတ် စွန့်ကြဲခြင်းရှိသည်၏အဖြစ် အစရှိသည်တို့၏ အစွမ်းဖြင့်၊ အသံသီဒန္တော– မဆုတ်နစ်သည်၊ (ဟုတွာ–၍၊ ဝါ–ကြောင့်၊) ပရေဟိ–တို့သည်၊ အနုဿာဟိ တော–အားမတက်စေအပ်သည်၊ ဝါ–မတိုက်တွန်းအပ်သည်၊ (ဟုတွာ) [ဤ တိုင်အောင် အသင်္ခါရိကဖြစ်ပုံကို ပြသည်၊] ဒါနာဒီနိ–ဒါနအစရှိကုန်သော၊ ပုညာနိ–ကောင်းမှုတို့ကို၊ ကရောတိ–ပြု၏၊ တဒါ–ထိုအခါ၌၊ အဿ–ထိုပုဂ္ဂိုလ် ၏၊ စိတ္တံ–သည်၊ သောမနဿသဟဂတံ–သောမနဿသဟဂုတ် ဖြစ်သော၊ ဉာဏသမ္ပယုတ္တံ–ဉာဏသမ္ပယုတ်ဖြစ်သော၊ အသင်္ခါရိကံ–အသင်္ခါရိကသည်၊ ဟောတိ–၏။

ပန–အဖို့တစ်ပါးကား၊ ယဒါ–၌၊ ဝုတ္တနယေနေဝ–ဆိုအပ်ပြီးသော နည်းဖြင့် သာလျှင်၊ ဟဋ္ဌတုဋ္ဌော–ရွှင်လန်းနှစ်သက်သည်၊ (ဟုတွာ) သမ္မာဒိဋ္ဌိံ–ကို၊ ပုရက္ခတွာပိ–ရှေ့သွားပြုလျက်လည်း၊ ဝါ–ရှေ့သွားပြုပါသော်လည်း၊ အမုတ္တ စာဂတာဒိဝသေန–လွတ်လွတ်ကျွတ်ကျွတ် စွန့်ကြဲခြင်း မရှိသူ၏အဖြစ် အစရှိ သည်တို့၏ အစွမ်းဖြင့်၊ သံသီဒမာနော–ဆုတ်နစ်သည်၊ (ဟုတွာ)ဝါ–ဖြစ်၍ သော်လည်းကောင်း၊ ပရေဟိ–တို့သည်၊ ဥဿာဟိတော–သည်၊ ဝါ–သည်၊ (ဟုတွာ) ဝါ–ဖြစ်၍သော်လည်းကောင်း၊ (ဒါနာဒီနိ ပုညာနိ) ကရောတိ၊ တဒါ–၌၊ အဿ–ထိုပုဂ္ဂိုလ်၏၊ တဒေဝစိတ္တံ–ထိုသောမနဿသဟဂုတ် ဉာဏ သမ္ပယုတ်စိတ်သည်ပင်၊ သသင်္ခါရိကံ–သင်္ခါရနှင့်တကွဖြစ်သည်၊ ဟောတိ။

ပန–အဖို့တစ်ပါးကား၊ ယဒါ–၌၊ ဉာတိဇနသ–ဆွေမျိုးလူအပေါင်း၏၊ ပဋိပတ္တိဒဿနေန–ကျင့်ပုံကိုမြင်ရခြင်းကြောင့်၊ ဇာတပရိစယာ–ဖြစ်သော အလေ့အကျက်ရှိကုန်သော၊ ဗာလဒါရကာ–ကလေးသူငယ်တို့သည်၊ [ဆွေမျိုးတို့၏ လှူဒါန်းကြပုံ, ရှိခိုးကြပုံ အခြင်းအရာကို မြင်ရ၍ ရှိခိုးမှု လှူဒါန်းမှု၌ အလေ့အကျက် ရနေသောကလေးများ၊] ဘိက္ခူ–တို့ကို၊ ဒိသွာ–မြင်၍၊ သောမနဿဇာတာ–ဖြစ်သော ဝမ်းမြောက်ခြင်းရှိကြကုန်သည်၊ (ဟုတ္វာ) သဟသာ–အဆောတလျင်၊ ကိဥ္စိဒေဝ–တစ်စုံတစ်ခုသာလျှင်ဖြစ်သော၊ ဟတ္ထဂတံ–လက်၌ ရောက်သောအရာဝတ္ထုကို၊ ဒဒန္တိ ဝါ–ပေးလှူမှုလည်းပေးလှူတတ်ကုန်၏၊ ဝန္ဒန္တိ ဝါ–ရှိခိုးမှုလည်းရှိခိုးတတ်ကုန်၏၊ တဒါ–၌၊ တေသံ–ထိုကလေးတို့၏၊ တတိယံ–သုံးခုမြောက်ဖြစ်သော၊ စိတ္တံ–သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်သည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ပန–ကား၊ ယဒါ–၌၊ ဒေထ–ပေးလှူကြကုန်၊ ဝန္ဒထ–ရှိခိုးကြကုန်၊ ဣတိ–သို့၊ ဉာတီဟိ–ဆွေမျိုးတို့သည်၊ ဥဿာဟိတာ–အားတက်စေအပ်ကုန်သည်၊ ဝါ–တိုက်တွန်းအပ်ကုန်သည်၊ (ဟုတွာ) ဧဝံ–ဤဆိုအပ်ပြီးသည့်အတိုင်း၊ ပဋိပဇ္ဇန္တိ –ကျင့်ကြကုန်၏၊ [ဤဆိုအပ်ပြီးသည့်အတိုင်း လှူဒါန်းမှု ရှိခိုးမှုကို ပြုကြသည်–ဟူလို၊] တဒါ–၌၊ (တေသံ–ထိုကလေးတို့၏၊) စတုတ္ထံ–သော၊ စိတ္တံ–သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ်သသင်္ခါရိကစိတ်သည်၊ ဥပ္ပဇ္ဇတိ။

ပန–အဖို့တစ်ပါးကား၊ ယဒါ–၌၊ ဒေယျဓမ္မပဋိဂ္ဂါဟကာဒီနံ–တို့၏၊ အသမ္ပတ္တိံ ဝါ–မပြည့်စုံခြင်းကိုသော်လည်းကောင်း၊ [ပစ္စည်းဝတ္ထု၏ မပြည့်စုံခြင်း, အလှူခံပုဂ္ဂိုလ်တို့၏ ကြည်ညိုဖွယ် မဖြစ်ခြင်းကို အသမ္ပတ္တိဟု ဆိုသည်၊] အာဂမ္မ–စွဲ၍၊ အညေသံ–ကုန်သော၊ သောမနဿဟေတူနံ–သောမနဿဖြစ်ဖို့အကြောင်းတို့၏၊ အဘာဝံ ဝါ–မရှိခြင်းကိုသော်လည်းကောင်း၊ အာဂမ္မ–စွဲ၍၊ စတူသု–လေးပါးကုန်သော၊ ဝိကပ္ပေသု–ဝိကပ်တို့၌၊ သောမနဿရဟိတာ–သောမနဿ မှ ကင်းကုန်သည်၊ ဟောန္တိ၊ တဒါ–၌၊ သေသာနိ–သောမနဿမှ ကြွင်းကုန်သော၊ စတ္တာရိ–လေးပါးကုန်သော၊ ဥပေက္ခာသဟဂတာနိ–ဥပေက္ခာသဟဂုတ် စိတ်တို့သည်၊ ဥပ္ပဇ္ဇန္တိ–ဖြစ်ကုန်၏၊ ဣတိ–ဤသို့ မှတ်အပ်၏။

အဋ္ဌပိတိ (ဧတ္ထ)–အဋ္ဌပိဟူသော ဤပါဌ်၌၊ (သမတိနိဝိသိဋ္ဌေန–ကောင်းစွာ သက်ဝင်သော၊ဝါ-ပါဝင်သော၊) ပိသဒ္ဒေန-ပိသဒ္ဒါဖြင့်၊ ဒသပုညကြိယာဒိဝသေန–ဆယ်ပါးသော ပုညကြိယဝတ္ထု အစရှိသည်တို့၏ အပြားအားဖြင့်၊ အနေကဝိဓံ–တစ်ပါးမကများသောအပြားကို၊ သမ္ပိဏ္ဍေတိ–ပေါင်း၏၊ [အနေကဝိဓတံ ဟု ရှိသည်ကား မကောင်း၊] တထာဟိ–ထို့ကြောင့်ပင်၊ ကာမေန ပုညဝတ္ထူဟိ၊ပေ၊ ကောဝိဒေါတိ–ကမေန၊ ပေ၊ ဒေါဟူ၍၊ ဝဒန္တိ –ရှေးဆရာတို့ ဆိုကြကုန်၏၊ [ကမေန–အစဉ်အားဖြင့်၊ ပုညဝတ္ထူဟိ–ပုညကြိယဝတ္ထုတို့ဖြင့်လည်းကောင်း၊

ဂေါစရာဓိပတိဟိစ–အာရုံ, အဓိပတိတို့ဖြင့်လည်းကောင်း၊ ကမ္မဟိနာဒိတော စေဝ–ကံ, ဟီနကုသိုလ်အစရှိသော အားဖြင့်လည်းကောင်း၊ နယကောဝိဒေါ–ရေတွက်နည်း၌ ကျွမ်းကျင်သော ပညာရှိသည်၊ ဂဏေယျ–ရေတွက်ရာ၏၊] ဤဂါထာ၏ အဓိပ္ပာယ်ကို ဣမာနိဟိစသည်ဖြင့် ချဲ့လတ္တံ့။

ဟိ–ချဲ့၊ အဋ္ဌ–ကုန်သော၊ ဣမာနိစိတ္တာနိ–တို့သည်၊ ဒသပုညကြိယဝတ္ထု ဝသေန–ဆယ်ပါးသော ပုညကြိယဝတ္ထုတို့၏အစွမ်းဖြင့်၊ ပဝတ္တနတော–ဖြစ်ခြင်းကြောင့်၊ ပစ္စေကံ–အသီးအသီး၊ ဒသဒသ–ဆယ်ပါးစီ ဆယ်ပါးစီတို့သည်၊ (ဟောန္တိ) ဣတိ ကတွာ–ဤအကြောင်းကြောင့်၊ အသီတိ–ရှစ်ဆယ်သော၊ စိတ္တာနိ–တို့သည်၊ ဟောန္တိ၊ တာနိစ–ထိုရှစ်ဆယ်သော စိတ်တို့သည်လည်း၊ ဆသု, အာရမဏေသု–တို့၌၊ ပဝတ္တနတော–ကြောင့်၊ ပစ္စေကံ–အသီးအသီး၊ ဆဂ္ဂုနိတာနိ–ခြောက်ဆဖြင့် မြှောက်အပ်ကုန်သည်၊ (သမာနာနိ–လသော်၊) သာသီတိကာနိ–ရှစ်ဆယ်နှင့်တကွဖြစ်ကုန်သော၊ စတ္တာရိသတာနိ–လေးရာ တို့သည်၊ ဟောန္တိ–န်၏။

ပန–အထူးကား၊ အဓိပတိဘေဒေန–အဓိပတိတို့၏ အပြားအားဖြင့်၊ ဉာဏ ဝိပ္ပယုတ္တာနံ–ဉာဏဝိပ္ပယုတ်ဖြစ်ကုန်သော၊ စတ္တာလီသာဓိကဒွိသတပရိမာ ဏာနံ–လေးဆယ်အပိုအလွန်ရှိသော နှစ်ရာအတိုင်းအရှည်ရှိသောစိတ်တို့၏၊ ဝီမံသာဓိပတိသမ္ပယောဂါဘာဝတော–ဝီမံသာဓိပတိနှင့် ယှဉ်ခြင်း၏ မရှိခြင်း ကြောင့်၊ တာနိ–ထိုနှစ်ရာလေးဆယ်သော စိတ်တို့သည်၊ တိဏ္ဏံ–ကုန်သော၊ အဓိပတီနံ–တို့၏၊ ဝသေန–အစွမ်းဖြင့်၊ တိဂုဏိတာနိ–သုံးဆဖြင့် မြှောက်အပ် ကုန်သည်၊ (သမာနာနိ၊) ဝီသာဓိကာနိ–နှစ်ဆယ် အလွန်ရှိကုန်သော၊ သတ္တသတာနိ–ခုနစ်ရာသော စိတ်တို့သည်၊ (ဟောန္တိ၊) တထာ–ထိုမှတစ်ပါး၊ ဉာဏသမ္ပယုတ္တာနိစ–ဉာဏသမ္ပယုတ်ဖြစ်သော စိတ်တို့သည်လည်း၊ စတုန္နံ–ကုန်သော၊ အဓိပတီနံ, ဝသေန–ဖြင့်၊ စတုဂ္ဂုဏိတာနိ–လေးဆဖြင့် မြှောက်အပ် ကုန်သည်၊ (သမာနာနိ၊) သသဋ္ဌိကာနိ–ခြောက်ဆယ်နှင့် တကွဖြစ်ကုန်သော၊ နဝသတာနိ–ကိုးရာသော စိတ်တို့သည်၊ (ဟောန္တိ၊) ဣတိဇေ–ဤသို့၊ အဓိပတိ ဝသေန–ဖြင့်၊ သဟဿံ–တစ်ထောင်သည်လည်းကောင်း၊ သာသီတိကာနိ–ရှစ်ဆယ်နှင့်တကွဖြစ်ကုန်သော၊ ဆသတာနိစ–ခြောက်ရာသော စိတ်တို့သည် လည်းကောင်း၊ ဟောန္တိ၊ တာနိ–ထို(၁၆၈၀)သောစိတ်တို့သည်၊ ကာယဝစီ မနောကမ္မသင်္ခါတကမ္မတ္တိကဝသေန–ကာယကံ, ဝစီကံ, မနောကံဟု ဆို အပ်သော ကံသုံးပါးအပေါင်း၏အစွမ်းဖြင့်၊ တိဂုဏိတာနိ(သမာနာနိ၊) စတ္တာ လီသာဓိကာနိ–လေးဆယ် အပိုအလွန်ရှိကုန်သော၊ ပဉ္စသဟဿာနိ–ငါးထောင် သော စိတ်တို့သည်၊ ဟောန္တိ၊ တာနိ စ–ထို ငါးထောင့်လေးဆယ်သော စိတ်တို့သည်လည်း၊ ဟီနမဇ္ဈိမပဏီတဘေဒတော–ဟီနကုသိုလ်, မဇ္ဈိမကုသိုလ်,

ပဏီတကုသိုလ်တို့၏ အပြားဖြင့်၊ တိဂုဏိတာနိ (သမာနာနိ၊) ဝီသသတာ ဓိကပဉ္စရသသဟဿာနိ–တစ်ရာ့နှစ်ဆယ် အပိုအလွန်ရှိသော တစ်သောင်း ငါးထောင်သော စိတ်တို့သည်၊ ဟောန္တိ။ [ဤအတိုင်း ဘာသာဋီကာ၌ မြှောက်ပုံ ကို ပြထားပြီ။]

ပန–ဝါဒန္တရကား၊ အာစရိယဗုဒ္ဓဒတ္တတ္ထေရေန–ဆရာဗုဒ္ဓဒတ္တထေရ်သည်၊ သတ္တရသသဟဿာနိ ။ပေ၊ ဝိနိဒ္ဒိသေတိ–သတ္တရသ ။ပေ၊ သေဟူသော၊ ယံ (ဝစနံ)–ကို၊ ဝုတ္တံ–ပြီ၊ တံ–ထိုစကားကို၊ အဓိပတိဝသေန–ဖြင့်၊ ဂဏန ပရိဟာနိံ–ဉာဏဝိပ္ပယုတ်အတွက် ဂဏန်း၏ယုတ်လျော့ခြင်းကို၊ အနာဒိယိ တွာ–မယူမူ၍၊ သောတပတိတဝသေန–သမ္ပယုတ်မြှောက်ပုံအစဉ်၌ ကျရောက် ခြင်း၏အစွမ်းဖြင့်၊ ဝုတ္တံ–ဆိုအပ်ပြီ၊ ဣတိ ဒဋ္ဌဗ္ဗံ၊ [ကာမာဝစရပုညာနိ– ကာမာဝစရကုသိုလ်တို့သည်၊ သတ္တရသသဟဿာနိ–၁၇၀၀၀ တို့သည် လည်းကောင်း၊ ဒွေသတာနိ–နှစ်ရာတို့သည်လည်းကောင်း၊ အသီတိစ–ရှစ်ဆယ် သည်လည်းကောင်း၊ ဘဝန္တိ–ကုန်၏၊ ဣတိ–သို့၊ ဝိနိဒ္ဒိသေ–ညွှန်ပြရာ၏၊] ပန–ဆက်၊ ကာလဒေသာဒိဘေဒေန–ကာလဒေသအစရှိသည်တို့၏ အပြားအားဖြင့်၊ နေသံ–ထို ကာမာဝစရကုသိုလ်တို့၏၊ ဘေဒေါ–အပြားကို၊ အပ္ပမေယျောဝ–မရေတွက်အပ်, မရေတွက်နိုင်သည်သာ၊ (ယာနိ–အကြင် စိတ်တို့သည်၊) ကုစ္ဆိတေ–စက်ဆုပ်အပ်ကုန်သော၊ ပါပဓမ္မေ–အကုသိုလ် တရားတို့ကို၊ သလယန္တိ ကမ္ပေန္တိ–တုန်လှုပ်စေတတ်ကုန်၏၊ ဝိဒ္ဒံသေန္တိ– ဖျက်ဆီးတတ်ကုန်၏၊ ဝါ–တစ်နည်း၊ အပဂမေန္တိ–ကင်းစေတတ်ကုန်၏၊

---

**တံ အဓိပတိ ။ပေ၊ အနာဒိယိတွာ**။ ။အဓိပတိဖြင့် မြှောက်ရာ၌ ဉာဏဝိပ္ပယုတ် အတွက် ယုတ်လျော့ရမည်ကို မလျော့စေဘဲ သမ္ပယုတ်စိတ်ကို မြှောက်သကဲ့သို့ မြှောက်သောကြောင့် ထိုမျှလောက် အရေအတွက် များသွားသည်–ဟူလို၊ ဤသို့ ဝိပ္ပယုတ်အတွက် မလျော့ဘဲ သမ္ပယုတ်မြှောက်နည်းအတိုင်း အဓိပတိလေးပါးဖြင့် မြှောက်ခြင်းကို "သောတပတိတ–သမ္ပယုတ်မြှောက်နည်း အစဉ်၌ ကျရောက်သွားခြင်း"ဟု ခေါ်သည်၊ [အာရုံခြောက်ပါးဖြင့် မြှောက်၍ ရအပ်သော (၄၈၀)ကို သမ္ပယုတ် ဝိပ္ပယုတ် မခွဲဘဲ အဓိပတိလေးပါးဖြင့် မြှောက်ကြည့်ပါ။]

**ကုစ္ဆိတေ ။ပေ၊ ကုသလာနိ**။ ။"ကု+သလ"ဟု ခွဲ၊ ကုသည် ကုစ္ဆိတအနက်ဟော၊ သလယန္တီတိ သလာ၊ [သလဓာတ်, ကာရိတ်ကျေ, အပစ္စည်း၊] ကုစ္ဆိတေ+သလာ ကုသလာ" ဟု ပြု၊ "သလဓာတ်သည် လှုပ်ရှားခြင်းအနက်ဟော"ဟု ဓာတ်ကျမ်းရှိ၏၊ ထိုကြောင့် "ကမ္ပေန္တိ"သည် သလဓာတ်၏ အနက်ဖွင့်တည်း၊ "တုန်လှုပ်"ဟူသည်မှာ "အကုသိုလ် တို့ကို အငြိမ်မနေနိုင်အောင် ဖျက်ဆီးပစ်ခြင်း, စိတ်အစဉ်မှ ကင်းကွာစေခြင်းတည်း"ဟု သိစေလို၍ "ဝိဒ္ဓံသေန္တိ အပဂမေန္တိဝါ"ဟု အဓိပ္ပာယ်နှစ်မျိုးဖွင့်သည်၊ ထိုတွင် အပဂမေန္တိဖြင့် လောကီကုသိုလ်တို့က အကုသိုလ်တို့ကို တဒင်္ဂ ဝိက္ခမ္ဘနအားဖြင့် ကင်းကွာစေခြင်းကို ပြ၏၊ ဝိဒ္ဓံသေန္တိဖြင့် လောကုတ္တရာကုသိုလ်တို့က အကုသိုလ်တို့ကို သမုစ္ဆေဒပဟာန်အားဖြင့်

ဣတိ–ကြောင့်၊ (တာနိ–တို့သည်၊) ကု+သလာနိ–ကု+သလတို့မည်၏၊ အထ ဝါ–ကား၊ ကုစ္ဆိတာကာရေန–စက်ဆုပ်ဖွယ် အခြင်းအရာဖြင့်၊ သန္တာနေ–စိတ် အစဉ်၌၊ သယနတော ပဝတ္တနတော–ဖြစ်တတ်သည်၏ အဖြစ်ကြောင့်၊ (ဘာဝ ပ္ပဓာနကြံ၍) ကုသသခ်ါတေ–ကုသ ဟုဆိုအပ်ကုန်သော၊ ပါပဓမ္မေ–တို့ကို၊ လုနန္တိ ဆိန္ဒန္တိ–ဖြတ်တတ်ကုန်၏၊ ဣတိ, ကုသ+လာနိ–ကုသ+လတို့မည်၏။

အထဝါ–ကား၊ ကုစ္ဆိတေ–ကုန်သော၊ ပါပဓမ္မေ–တို့ကို၊ သာနတော တနု ကရဏတော–နည်းပါးအောင် ပြုတတ်ကုန်သည်၏ အဖြစ်ကြောင့်၊ ဝါ–တစ် နည်း၊ သာနတော ဩသာနကရဏတော–အဆုံးကို ပြုတတ်ကုန်သည်၏ အဖြစ်ကြောင့်၊ ကုသသခ်ါတေန–ကုသဟုဆိုအပ်သော၊ ဉာဏေန–ဉာဏ် သည်၊ ဝါ–တစ်နည်း၊ သဒ္ဓါဒိဓမ္မဇာတေန–သဒ္ဓါ အစရှိကုန်သော ယှဉ်ဖက်တရား အပေါင်းသည်၊ လာတဗ္ဗာနိ–ယူအပ်ကုန်၏၊ သဟဇာတဥပနိဿယဘာဝေန– သဟဇာတအဖြစ် ဥပနိဿယအဖြစ်ဖြင့်၊ ဝါ–သဟဇာတသတ္တိ ဥပနိဿယ သတ္တိဖြင့်၊ ယထာရဟံ–စွာ၊ [သမ္ပယုတ်,ဝိပ္ပယုတ်အားလျော်စွာ–ဟူလို၊] ပဝတ္တေ တဗ္ဗာနိ–ဖြစ်စေထိုက်ကုန်၏၊ ဣတိ, ကုသ+လာနိ–ကုသ+လတို့မည်၏၊ တာနေဝ–ထို ကုသိုလ်စိတ်တို့သည်ပင်၊ ယထာဝုတ္တတ္ထေန–အကြင် အကြင်

ဖျက်ဆီးခြင်းကို ပြုသည်–ဟု ကြံသင့်၏၊မဏိမဉ္ဇူ၌ကား ကမ္မေန္တိဖြင့် တဒင်္ဂပဟာန် (မဟာကုသိုလ်)ကို ပြ၏၊ ဝိဒ္ဓံသေန္တိဖြင့် ဝိက္ခမ္ဘနပဟာန် (မဟဂ္ဂုတ်ကုသိုလ်ကို) ပြ၏၊ အပဂမေန္တိဖြင့် သမုစ္ဆေဒပဟာန်(မဂ်ကုသိုလ့်ကို) ပြ၏–ဟု တစ်နည်းဖွင့်သေး၏။

**အထဝါ ၊ပေ၊ ကုသလာနိ**။ ။ဤနည်း၌လည်း"ကုသ+လ"ဟု ခွဲ၊ ကုသ၌လည်း ကုပုဗ္ဗ သိဓာတ်, အပစ္စည်း၊ "ကုစ္ဆိတေန+သေန္တီတိ ကုသာ"ဟု ပြု၊ ကုသေ+လုနန္တီတိ ကုသလာ၊ "လူ–ဆေဒနေ"ဓာတ်နောင် အပစ္စည်း၊ ထို့ကြောင့် လုနန္တိ ကို"ဆိန္ဒန္တိ" ဟု ဓာတ်အနက်ဖွင့်သည်၊"ဖြတ်"ဟူသည် အကုသိုလ်တို့ကို မဖြစ်အောင်ပယ်ခြင်းတည်း။

**အထဝါ ၊ပေ၊ ကရဏတော**။ ။ဤနည်း၌လည်း "ကုသ+လ"ဟုပင် ခွဲ၊ သို့သော် "ကုသ"အရ အကုသိုလ်ကို မယူဘဲ, ဉာဏ်ကိုလည်းကောင်း, သဒ္ဓါစသည်ကို လည်းကောင်း, ယူဖို့ရန် "ကုစ္ဆိတေ ၊ပေ၊ ကုသသခ်ါတေန,ဉာဏေန သဒ္ဓါဒိဓမ္မဇာတေနဝါ"ဟု ဖွင့်သည်၊ သာဓာတ်သည် ဘူ, ဒိ, ဂဟာဒိ သုံးဂိုဏ်း၌ တနုကရဏအနက် ဩသာန ကရဏအနက်တို့ကို ဟော၏၊ တနုကရဏတောဖြင့် ကာမမဟဂ္ဂုတ် ကုသိုလ်၌ ယှဉ်ခိုက် ဉာဏ်က, သို့မဟုတ် သဒ္ဓါစသည်က နည်းပါးအောင် ပြုတတ်ပုံကိုပြ၏၊ ဩသာနကရဏ တောဖြင့် မဂ်ကုသိုလ်၌ယှဉ်ခိုက် တစ်ခါတည်းကုန်ဆုံးသွားအောင် ပြုတတ်ပုံကို ပြ၏၊ "ကုစ္ဆိတေ+သာတိ တနုံ ကရောတိ, ဩသာနံ ဝါ ကရောတီတိ ကုသံ"ဟု ပြု။

**လာတဗ္ဗာနိ**။ ။ဤ လာတဗ္ဗာနိဖြင့် "ကုသ + လ"၌ လာဓာတ်ဟု ပြ၏၊ ထို လာဓာတ်သည် ဂဟဏအနက်ကို ဟော၏၊ ယူခြင်းဟူသည်လည်း ဉာဏသမ္ပယုတ် ကုသိုလ်၌ ဉာဏ်က ယှဉ်ဖက်ကုသိုလ်များကို သဟဇာတသတ္တိဖြင့် ဖြစ်စေခြင်း, ဉာဏ ဝိပ္ပယုတ်ကုသိုလ်များကို ဉာဏ်က ဥပနိဿယသတ္တိဖြင့် ဖြစ်စေခြင်း, သမ္ပယုတ် ဝိပ္ပယုတ်

ဆိုအပ်ပြီးသော အနက်ကြောင့်၊ ["ကာမေတီတိ ကာမော"စသည်ကိုလည်းကောင်း, "စိန္တေတီတိ စိတ္တံ"ကိုလည်းကောင်း ညွှန်းသည်၊] ကာမာဝစရာနိ စ–ကာမာဝစရတို့လည်း မည်၏၊ ကုသလစိတ္တာနိ စ–ကုသိုလ်စိတ်တို့လည်း မည်၏၊ ဣတိ–ကြောင့်၊ ကာမာဝစရကုသလစိတ္တာနိ–တို့မည်၏။

**၁၆**။ ပန–ဆက်၊ တောနိ–ဤကုသိုလ်စိတ်တို့သည်၊ ပုညကြိယဝသေန–ပုညကြိယဝတ္ထု၏ အစွမ်းဖြင့်လည်းကောင်း၊ ကမ္မဒွါရဝသေန–ကမ္မဒွါရ၏ အစွမ်းဖြင့်လည်းကောင်း၊ ကမ္မဝသေန–ကံ၏အစွမ်းဖြင့်လည်းကောင်း၊ အဓိပတိဝသေန စ–အဓိပတိ၏ အစွမ်းဖြင့်လည်းကောင်း၊ ပဝတ္တန္တိ ယထာ–ဖြစ်ကုန်သကဲ့သို့၊ ဧဝံ–တူ၊ ဝိပါကာနိ–ဝိပါက်စိတ်တို့သည်၊ (ပုညကြိယဝသေန, ကမ္မဒွါရဝသေန, ကမ္မဝသေန, အဓိပတိဝသေန စ–ဖြင့်လည်းကောင်း၊) န ပဝတ္တန္တိ–မဖြစ်ကုန်၊ (ကသ္မာ–ကြောင့်၊) န ပဝတ္တန္တိ–နည်း၊ ဒါနာဒိဝသေန–ဒါနအစရှိသည်တို့၏ အစွမ်းဖြင့်၊ အပ္ပဝတ္တနတော–မဖြစ်ခြင်းကြောင့်လည်းကောင်း၊ ဝိညတ္တိသမုဋ္ဌာပနာဘာဝတော–ကာယဝိညတ် ဝစီဝိညတ်ကို ဖြစ်စေခြင်း၏ မရှိခြင်းကြောင့်လည်းကောင်း၊ အဝိပါကသဘာဝတော–အကျိုးကိုဖြစ်စေခြင်းသဘော မရှိခြင်းကြောင့်လည်းကောင်း၊ ဆန္ဒာဒီနိ–တို့ကို၊ ပုရက္ခတွာ–၍၊ အပ္ပဝတ္တိတောစ–မဖြစ်ခြင်းကြောင့်လည်းကောင်း၊ (ပုညကြိယဝသေန ကမ္မဒွါရဝသေန ကမ္မဝသေန အဓိပတိဝသေန စ) န ပဝတ္တန္တိ–ကုန်၊ တသ္မာ–ကြောင့်၊ တံဝသေန–ထိုပုညကြိယဝတ္ထု စသည်တို့၏ အစွမ်းဖြင့်၊ ပရိဟာပေတွာ–(အရေအတွက်ကို)ယုတ်လျော့စေ၍၊ ယထာရဟံ–စွာ၊ ဂဏနဘေဒေါ–ရေတွက်ခြင်း၏ အထူးအပြားကို၊ ယောဇေတဗ္ဗော–ယှဉ်စေထိုက်၏။

---

နှစ်မျိုးလုံးကိုပင် သဒ္ဒါစသော တရာတို့က သဟဇာတ, ဥပနိဿယသတ္တိဖြင့် ဖြစ်စေခြင်းတည်း–ဟု သိစေလို၍ "သဟဇာတ ။ပေ၊ ပဝတ္တေတဗ္ဗာနိ"ဟု အဓိပ္ပာယ်တွဲဖွင့်သည်၊ "ကုသေန+လာတဗ္ဗာနီတိ ကုသလာနိ"ဟု ပြု၊ [သဟဇာတစသော ပစ္စည်းတို့၏ သဘောကို သုံးချက်စု နားလည်ပြီးသူမှ သိနိုင်မည်။]

**ဒါနာဒိဝသေန အပ္ပဝတ္တနတော**။ ။တောလေးခုကို ပုညကြိယဝသေနစသော ဝသေန လေးခုနှင့် အစဉ်အတိုင်း စပ်ပါ၊ ဒါနာ ။ပေ၊ အပ္ပဝတ္တနတောဖြင့် ပုညကြိယအဖြစ်ဖြင့် မဖြစ်ကြောင်းကို ပြ၏၊ ဝိညတ္တိ။ပေ။ဘာဝတောဖြင့် ကမ္မဒွါရအဖြစ်ဖြင့် မဖြစ်ကြောင်းကို ပြ၏၊ အဝိပါကသဘာဝတောဖြင့် ကံ၏အဖြစ်ဖြင့် မဖြစ်ကြောင်းကို ပြ၏၊ ဆန္ဒာဒီနိ ။ပေ၊ တော စဖြင့် အဓိပတိ၏အဖြစ်ဖြင့် မဖြစ်ကြောင်း ပြသည်၊ [ဒါနစသည်၏အဖြစ်ဖြင့် မဖြစ်နိုင်ပုံမှာလည်း သင်္ဂြိုဟ်ဆိုင်ရာကို ထောက်၍ သိပါလေ၊ ဥပမာ–ဝိညတ်ကို ဖြစ်စေတတ်သော စိတ်များတွင် ဝိပါက်များ မပါပုံကို "ဝေါဋ္ဌပန ကာမာဝစရ ဇဝနာဘိညာ ပန ဝိညတ္တိံပိ သမုဋ္ဌာပေန္တိ"ထောက်ပါ–ဟူလို၊ ဤသို့စသည်ဖြင့် သင်္ဂြိုဟ်သရုပ် အဓိပ္ပာယ် ရိုးရိုးကို နားလည်ပြီးသူသာ ဤအဓိပ္ပာယ်ကို သဘောပေါက်နိုင်မည်။]

ဣမာနိပိ–ဤမဟာဝိပါက်တို့သည်လည်း၊ ဣဋ္ဌဣဋ္ဌမဇ္ဈတ္တာရမဏာဝသေန–ဣဋ္ဌာရုံ ဣဋ္ဌမဇ္ဈတ္တာရုံတို့၏ အစွမ်းဖြင့်၊ ယထာက္ကမံ–အကြင်အကြင် အစဉ်ရှိတိုင်း၊ သောမနဿုပေက္ခာသဟိတာနိ–သောမနဿနှင့်တကွဖြစ်ကုန် ဥပေက္ခာနှင့်တကွဖြစ်ကုန်သည်၊ (ဟောန္တိ) ပဋိသန္ဓာဒိဝသပ္ပဝတ္တိယံ–ပဋိသန္ဓေကိစ္စ အစရှိသည်တို့၏ အစွမ်းဖြင့် ဖြစ်ရာအခါ၌၊ [အစွမ်းဟူရာ၌ ကိစ္စတပ်သည်ကို ဆိုသည်၊] ကမ္မဿ–ကံ၏၊ ဗလဝါဗလဝဘာဝတော–အားရှိသည်၏ အဖြစ် အားမရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ တဒါရမဏပ္ပဝတ္တိယံ–တဒါရုံအဖြစ်ဖြင့် ဖြစ်ရာအခါ၌၊ ယေဘုယျေန–များသောအားဖြင့်၊ ဇဝနာနုရူပတော–ဇောအားလျော်စွာ ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကဒါစိ–တစ်ရံတစ်ခါ၌၊ တတ္ထာပိ–ထိုတဒါရုံအဖြစ်ဖြင့် ဖြစ်ရာအခါ၌လည်း၊ ကမ္မာနုရူပတော စ–ကံအားလျော်စွာ ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ဉာဏသမ္ပယုတ္တာနိ–ဉာဏသမ္ပယုတ်စိတ်တို့သည်လည်းကောင်း၊ ဉာဏဝိပ္ပယုတ္တာနိ စ–တို့သည်လည်းကောင်း၊ ဟောန္တိ၊ ယထာပယောဂံ–အကြင် အကြင် လုလ္လပယောဂကို၊ ဝိနာစ–ကြဉ်၍လည်းကောင်း၊ သပ္ပယောဂဉ္စ–လုလ္လပယောဂနှင့် တကွလည်းကောင်း၊ ယထာဥပဋ္ဌိတေဟိ–အကြင်အကြင် ထင်လာကုန်သော၊ ကမ္မာဒိပစ္စယေဟိ–ကံအစရှိသောအကြောင်းတို့ကြောင့်လည်းကောင်း၊ ဥတုဘောဇနာဒိ

ဣမာနိ ။ပေ၊ သဟိတာနိ။ ။ပိဖြင့် ကုသိုလ်ကို ပေါင်း၊ ကုသိုလ်တို့သာ ဣဋ္ဌာရုံ၌ သောမနဿသဟဂုတ်, ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာသဟဂုတ် ဖြစ်ကြသည်မဟုတ်သေး, ဤဝိပါက်များလည်း ထိုအာရုံအလိုက် ဖြစ်ကြသည်–ဟူလို၊ ဤစကားနှင့်စပ်၍ ဝိပါက်တို့၏ သောမနဿ ဥပေက္ခာသဟဂုတ်ဖြစ်မှု၏ အားရုံအားလျော်စွာ ဖြစ်ရကြောင်းမှာ ဝီထိပိုင်း–တဒါရမဏနိယမ၌ သာ၍ ထင်ရှားလတ္တံ့။

**ပဋိသန္ဓာဒိဝသပ္ပဝတ္တိယံ**။ ။ဝိပါက်စိတ်တို့သည် ပဋိသန္ဓေစသော လေးကိစ္စတပ်ကုန်၏၊ ထိုတွင် ပဋိသန္ဓေ ဘဝင် စုတိကိစ္စ တပ်ခိုက်၌ အားရှိသော တိဟိတ်ဥက္ကဋ္ဌကံကြောင့် ဖြစ် လျှင် ဉာဏသမ္ပယုတ် ဝိပါက်စိတ်ဖြစ်၍, အားမရှိသော တိဟိတ်ဩမကကံစသည်ကြောင့်ဖြစ်လျှင် ဉာဏဝိပ္ပယုတ် ဝိပါက်စိတ်ဖြစ်၏။

**တဒါရမဏပ္ပဝတ္တိယံ**။ ။တဒါရုံကိစ္စတပ်၍ ဖြစ်ရာ၌ကား များသောအားဖြင့် ဉာဏသမ္ပယုတ်ဇောနောင်ဖြစ်လျှင် ဉာဏသမ္ပယုတ် တဒါရုံဝိပါက်စိတ်ဖြစ်၏၊ ဝိပ္ပယုတ်ဇောနောင် ဝိပ္ပယုတ်တဒါရုံဖြစ်၏၊ တစ်ရံတစ်ခါ၌ကား အကုသိုလ်ဇောနောင်လည်း မဟာဝိပါက်သမ္ပယုတ်ဝိပ္ပယုတ်များ ဖြစ်တတ်ကုန်သေး၏၊ ချဲ့ဦးအံ့–ကုသိုလ်ဇောသာ များစွာ ဖြစ်လေ့ရှိသူ၏သန္တာန်၌ တစ်ရံတစ်ခါ အကုသိုလ်ဇော ဖြစ်သော်လည်း ကုသိုလ်ဇောနောက်၌ မဟာဝိပါက် တဒါရုံဖြစ်ရခြင်းက အလေ့အကျက်များနေသောကြောင့် အကုသိုလ်ဇောနောင်လည်း မဟာဝိပါက် တဒါရုံ ဖြစ်ရကား ဇော၏သဘောသို့ မလိုက်ဘဲ ကံအားလျော်စွာ ဉာဏသမ္ပယုတ် ဝိပ္ပယုတ် တဒါရုံများ ဖြစ်ကြရသည်–ဟူလို၊ [ကံဟူရာ၌ ပဋိသန္ဓေကျိုးမျိုးပေးသော ကံကို ယူပါ။]

သပ္ပာယာသပ္ပာယဝသေန–ဥတု ဘောဇဉ် အစရှိသည်တို့၏ လျောက်ပတ် မလျောက်ပတ်၏ အစွမ်းကြောင့်လည်းကောင်း၊ အသင်္ခါရိကသသင်္ခါရိကာနိ–တို့သည်၊ (ဟောန္တိ၊)

**၁၇။** ကိရိယစိတ္တာနမ္ပိ–ကြိယာစိတ်တို့၏လည်း၊ ကုသလေ–၌၊ ဝုတ္တနယေန–ဖြင့်၊ ယထာရဟံ–စွာ၊ သောမနဿသဟဂတာဒိတာ–သောမနဿသဟဂုတ် အစရှိသည်တို့၏အဖြစ်ကို၊ ဝေဒိတဗ္ဗာ–သိထိုက်၏။

**၁၈။** သဟေတုကကာမာဝစရကုသလဝိပါကကြိယစိတ္တာနိတိဧတ္တ–ဟူသော ဤပါဌ်၌၊ သဟေတုကဂ္ဂဟဏံ–သဟေတုကသဒ္ဒါသည်၊ ဝိပါကကြိယာပေက္ခံ–ဝိပါက် ကြိယာကို ငဲ့ခြင်းရှိသော၊ ဝိသေသနံ–ဝိသေသနတည်း၊ (ကသ္မာ၊) ကုသလဿ–၏၊ ဧကန္တသဟေတုကတ္တာ–ဧကန်သဟိတ်၏ အဖြစ်ကြောင့်တည်း၊ ဟိ–ချဲ့၊ ယထာလာဘယောဇနာ–ယထာလာဘယောဇနာနည်းသည်၊ ဝါ–အကြင် အကြင် ရထိုက်သောအနက်၌ ပုဒ်ကိုယှဉ်စေခြင်းသည်၊ ဟောတိ–ရှိ၏၊ (ကိမိဝ–နည်း၊) သက္ခရကထလမ္ပိ မစ္ဆဂုမ္ဗမ္ပိ စရန္တမ္ပိ တိဋ္ဌန္တမ္ပိတျာဒိသု–သက္ခရ၊ပေ၊တိဋ္ဌန္တမ္ပိအစရှိသောပါဠိရပ်တို့၌၊ သက္ခရကထလဿ–ကျောက်စရစ်,

---

**ယတော ၊ပေ၊ သသင်္ခါရိကာနိ**။ ။ယထာပယောဂံ ဝိနာ(ပယောဂမပါဘဲ) ဤပုဒ်ကို "ယထာဥပဋ္ဌိတေဟိ"၌ စပ်၊ ပယောဂမပါဘဲ အလိုလိုထင်လာကြသောကံ, ကမ္မနိမိတ်, ဂတိနိမိတ်များ–ဟူလို၊ သပ္ပယောဂံကိုလည်း ယထာဥပဋ္ဌိတေဟိ၌စပ်၊ ဆွေမျိုးစသူတို့က သေခါနီး၌ ကံစသည် ထင်လာအောင် ပြုပြင်ခြင်းစသော ပယောဂကြောင့် ထင်လာကြသည်–ဟူလို၊ ကမ္မာဒိ၌ အာဒိဖြင့် ကမ္မနိမိတ် ဂတိနိမိတ်ကို ယူ၊ ထိုသို့ ပယောဂမပါဘဲ ထင်လာသော ကံအာရုံစသည်ကြောင့် ပဋိသန္ဓေနေရလျှင် အသင်္ခါရိကပဋိသန္ဓေစိတ်ဖြစ်၍ ပယောဂကြောင့် ထင်လာသော ကံစသည်ကြောင့် ပဋိသန္ဓေနေရလျှင် သသင်္ခါရိက ပဋိသန္ဓေစိတ် ဖြစ်ရသည်၊ ဥတုဘောဇနကြောင့် (အာဒိဖြင့် သေနာသန, ပုဂ္ဂလတို့) သပ္ပာယဖြစ်လျှင် အသင်္ခါရိကဇော စော၍, ထို့နောက် အသင်္ခါရိကတဒါရုံဖြစ်တတ်, အသပ္ပာယ ဖြစ်လျှင် သသင်္ခါရိကဇော စော၍, ထို့နောက် သသင်္ခါရိကတဒါရုံ ဖြစ်တတ်ကြသည်။

**ယထာလာဘယောဇနာ**။ ။သဟေတုက, ကာမာဝစရပုဒ်တို့၏ ဝိသေသနဖြစ်ကြောင်းကို သိဖို့ရန် ရှေးဦးစွာ ဝိဂ္ဂဟပြုကြည့်ပါ၊ ရသင့်သောအနက်၌ ယှဉ်စပ်စေရခြင်းကို "ယထာလာဘယောဇနာ"ဟု ခေါ်၏၊ "သက္ခရကထလံ" စသော ပါဠိသည် သာမညဖလသုတ်၌ လာသောပါဠိတော်တည်း၊ ထို၌ "စက္ခုမာ ပုရိသော တီရေ ဌိတော ပဿေယျ သိပ္ပိကသမ္ဗုကံပိ သက္ခရကထလံပိ မစ္ဆဂုမ္ဗံပိ စရန္တံပိ တိဋ္ဌန္တံပိ"ဟု ရှိ၏၊ ဤပါဠိ၌ သက္ခရကထလတို့သည် မသွားတတ်သောကြောင့် စရန္တံနှင့် မစပ်ရ၊ တိဋ္ဌန္တံနှင့်သာ စပ်ရသည်၊ သိပ္ပိက+ကသမ္ဗုက, မစ္ဆတို့ကား သွားလည်း သွား, ရပ်လည်း ရပ်သောကြောင့် နှစ်ပုဒ်လုံးနှင့် စပ်ရသည်၊ ဤ၌လည်း သဟေတုကပုဒ်ကို (သဟိတ်လား, အဟိတ်လား ဟု ယုံမှားဖွယ် မရှိသောကြောင့်) ကုသလ၌ မစပ်ရ၊ ဝိပါကကြိယာတို့၌သာ စပ်ရသည်၊ ကာမဝစရပုဒ်ကား သုံးပုဒ်လုံး၌ စပ်ရသည်၊ [ယောယော+လာဘော ယထာလာဘံ–အကြင် အကြင် ရထိုက်သောအနက်၊ ယထာလာဘံ–၌၊ ယောဇနာ–ယှဉ်စေခြင်းတည်း၊ ယထာလာဘယောဇနာ–ခြင်း။]

အိုးခြမ်းကွဲ၏၊ စရဏာယောဂတော–လှည့်လည်ခြင်း၏ မသင့်ခြင်းကြောင့်၊ မစ္ဆဂုမ္ဗာပေက္ခာယ–ငါးအပေါင်းကို ငဲ့ခြင်းဖြင့်၊ စရဏကြိယာ–စရဏကြိယာကို၊ ယောဇိယတိဝိယ–ယှဉ်စေအပ်သကဲ့သို့တည်း၊ ဣတိ–ဤသို့ မှတ်အပ်၏၊ [သကွရကထလမ္ပိ–ကျောက်စရစ် အိုးခြမ်းကွဲကိုလည်းကောင်း၊ မစ္ဆဂုမ္ဗမ္ပိ–ငါးအပေါင်းကိုလည်းကောင်း၊ စရန္တံ မ္ပိ–လှည့်လည်သည်ကိုလည်းကောင်း၊ တိဋ္ဌန္တမ္ပိ–ရပ်နေသည်ကိုလည်းကောင်း၊ (ပဿေယျ၊)]

**၁၉။** သဟေတုကာမာဝစရ ပုညပါကကြိယာ–ကာမာဝစရကုသိုလ် သဟိတ် ကာမာဝစရဝိပါက် သဟိတ်ကာမာဝစရ ကြိယာစိတ်တို့ကို၊ ဝေဒနာ ဉာဏသင်္ခါရဘေဒေန–ဝေဒနာ,ဉာဏ်, သင်္ခါရတို့၏ အပြားအားဖြင့်၊ ပစ္စေကံ–အသီးအသီး၊ ဝါ–တစ်ပါးစီတစ်ပါးစီ၊ [သဟေတု ကာမာဝစရ ပုညပါက ကြိယာနံ–တို့၏၊ (ဒုဝိဓတ္တာစသော ဟိတ်တို့၏ သမ္ဗန် ထည့်သည်၊)] ဝေဒနာ ဘေဒတော–ဝေဒနာအပြားအားဖြင့်၊ ဒုဝိဓတ္တာ–နှစ်ပါးအပြား ရှိကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဉာဏဘေဒတော–ဉာဏ်အပြား အားဖြင့်၊ စတုဗ္ဗိဓတ္တာ–လည်းကောင်း၊ သင်္ခါရဘေဒတော–အားဖြင့်၊ အဋ္ဌဝိဓတ္တာ စ–ကြောင့်လည်းကောင်း၊ သမ္ပိဏ္ဍေတွာ–ပေါင်း၍၊ [ကုသိုလ် ဝိပါက် ကြိယာတို့ကို ပေါင်း၍–ဟူလို၊] စတုဝီသတိ–နှစ်ဆယ့်လေးပါးဟူ၍၊ [ဣတိ ကျေ၊] မတာ–သိအပ်ကုန်၏၊ ဣတိ အယံ–ကား၊ ယောဇနာ–တည်း။

နနုစ–စောဒနာပါဦးအံ့၊ (ကိံ–အဘယ်သို့ စောဒနာအံ့နည်း၊) ဝေဒနာ ဘေဒေါ–ဝေဒနာအားဖြင့် စိတ်တို့၏ကွဲပြားခြင်းသည်၊ တာဝယုတ္တော–သင့်ပါစေဦးတော့၊[တာဝသဒ္ဒါ အနုညာတတ္ထ၊] (ကသ္မာ–နည်း၊) တာသံ–ထိုဝေဒနာတို့၏၊ ဘိန္နသဘာဝတ္တာ–သောမနဿဥပေက္ခာအားဖြင့် ကွဲပြားသောသဘော ရှိကုန်သည်၏အဖြစ်ကြောင့်တည်း၊ ဉာဏသင်္ခါရဘေဒေါပန–ဉာဏ်, သင်္ခါရအားဖြင့် စိတ်တို့၏ ကွဲပြားခြင်းသည်ကား၊ ကထံ ယုတ္တော–အဘယ်မှာ သင့်နိုင်ပါအံ့နည်း၊ ဣတိ–ဤသို့၊ နနု စ–စောဒနာပါ၏၊ ဣတိ–ဤကား စောဒနာတည်း။

---

**ပစ္စေကံ ၊ပေ၊ မတာ။** ။ကုသိုလ်, ဝိပါက်, ကြိယာ သုံးမျိုးတွင် တစ်မျိုးစီကို "ပစ္စေကံ"ဟု ဆို၏၊ တစ်မျိုးစီ ဆိုလျှင် သောမနဿ, ဥပေက္ခာဟု ဝေဒနာအားဖြင့် ကုသိုလ်လည်း နှစ်ပါး, ဝိပါက်လည်း နှစ်ပါး, ကြိယာလည်း နှစ်ပါးရှိ၏၊ ထို နှစ်ပါးစီကို ဉာဏ်အားဖြင့် မြှောက်လျှင် သမ္ပယုတ်, ဝိပ္ပယုတ် ကွဲပြား၍ လေးပါးစီ ရှိ၏၊ ထိုလေးပါးစီကို သင်္ခါရအားဖြင့် မြှောက်လျှင် ရှစ်ပါးစီ ရှိ၏၊ ထို ရှစ်ပါး သုံးလီကို ပေါင်းလျှင် နှစ်ဆယ့်လေးပါး ရှိသည်။

**နနုစ။** ။သောမနဿ, ဥပေက္ခာဟု ဝေဒနာနှစ်မျိုး ပြားသောကြောင့် ဝေဒနာ အားဖြင့် နှစ်မျိုးစီ ပြားခြင်းသည် သင့်၏၊ ဉာဏ် သင်္ခါရတို့ကား (ဉာဏ်လည်းတစ်ပါး တိုက်တွန်းမှု သင်္ခါရလည်း တစ်ပါးစီ ဖြစ်၍) အပြားမရှိသောကြောင့် ဉာဏ် သင်္ခါရ အားဖြင့် စိတ်၏ ကွဲပြားခြင်းသည် မသင့်သည် မဟုတ်လောဟု စောဒနာသည်။

ဉာဏသမ္ပယုတ္တ-ဉာဏ် သမ္ပယုတ္တတို့၏၊ ဘာဝါဘာဝကတော-ရှိခြင်း မရှိခြင်း သည် ပြုအပ်သော၊ ဘေဒေါပိ-စိတ်တို့၏ကွဲပြားခြင်းကိုလည်း၊ ဉာဏသမ္ပယုတ္တ ကတော-ဉာဏ် သမ္ပယုတ္တတို့သည် ပြုအပ်သည်သာ၊ ယထာ-ဥပမာကား၊ ဝဿကတော သုဘိက္ခော ဒုဗ္ဘိက္ခောတိ-ဝဿကတော သုဘိက္ခော ဒုဗ္ဘိက္ခော ဟူသည်တည်း၊ [သုဘိက္ခော-လွယ်ကူစွာရအပ်သော ထမင်းရှိရာ အခါကိုလည်း ကောင်း၊ ဝါ-သာယာဝပြော, အစာပေါရာ အခါကိုလည်းကောင်း၊ ဒုဗ္ဘိက္ခော- ခဲယဉ်းသဖြင့်ရအပ်သော ထမင်းရှိရာအခါကိုလည်းကောင်း၊ ဝါ-ငတ်မွတ် ခေါင်းပါး, အစာရှားရာအခါကိုလည်းကောင်း၊ ဝဿကတော-မိုးသည် ပြုအပ် ၏။] တသ္မာ-ကြောင့်၊ ဉာဏသမ္ပယုတ္တကတော-ဉာဏ်သမ္ပယုတ္တတို့သည် ပြုအပ် သော၊ ဘေဒေါ-စိတ်တို့၏ ကွဲပြားခြင်း၊ ဉာဏသမ္ပယုတ္တဘေဒေါ-ဉာဏသမ္ပယုတ္တ ဘေဒ မည်၏၊ ဣတိ-ထို့ကြောင့်၊ တွေ့-ဤဉာဏ် သမ္ပယုတ္တတို့၏ စိတ်ကွဲပြားမှု ကို ပြုရာ၌၊ ကောစိ-သော၊ ဝိရောဓော-ဆန့်ကျင်ခြင်းသည်၊ ဝါ-အပြစ်သည်၊ န-မရှိ၊ ဣတိ-ဤကား အဖြေတည်း။

**၂၀။** ဣဒါနိ-ယခုအခါ၌၊ သဗ္ဗာနိပိ-န်သော၊ ကာမာဝစရစိတ္တာနိ-ကာမာ ဝစရစိတ်တို့ကို၊ သမ္ပိဏ္ဍေတွာ-ပေါင်း၍၊ ဒဿေတုံ-ငှာ၊ ကာမေတေဝီသာတျာ ဒိ-အစရှိသောစကားရပ်ကို၊ (အာစရိယေန၊) ဝုတ္တံ၊ ကာမေဘဝေ-ကာမဘုံ၌၊ [စတု ပညာသေဝ၌ စပ်၊] သတ္တ-ခုနစ်ပါးကုန်သော၊ အကုသလဝိပါကာနိ-အကုသလ ဝိပါက်စိတ်တို့လည်းကောင်း၊ သဟေတုကာဟေတုကာနိ-သဟိတ် အဟိတ် ဖြစ်ကုန်သော၊ သောဠသ-န်သော၊ ကုသလဝိပါကာနိ-တို့လည်းကောင်း၊ ဣတိ ဧဝံ-သို့၊ တေဝီသတိ-နှစ်ဆယ့်သုံးပါးသော၊ ဝိပါကာနိ-တို့လည်းကောင်း [ဣတိ သဗ္ဗထာ၏ ဣတိ၌ စပ်၊] ဒွါဒသ-န်သော၊ အကုသလာနိ-တို့လည်း ကောင်း၊ အဋ္ဌ- န်သော၊ ကုသလာနိ- တို့လည်းကောင်း၊ ဣတိ, ဝီသတိ- နှစ်ဆယ်သော၊ ပုညာပုညာနိ - ကုသိုလ် အကုသိုလ်စိတ်တို့လည်းကောင်း၊

**ဉာဏ ။ပေ၊ ကတော၀။** ။တစ်ချို့စိတ်၌ ဉာဏ်ရှိ၏, တစ်ချို့စိတ်၌ ဉာဏ်မရှိ၊ ထိုသို့ဉာဏ် ရှိ-မရှိ နှစ်ပါးပြားသောကြောင့် စိတ်လည်း ဉာဏ်ယှဉ်သောစိတ်, ဉာဏ်မယှဉ်သောစိတ်ဟု နှစ်မျိုး ကွဲပြား၏၊ ထိုသို့ စိတ်နှစ်မျိုး ကွဲပြားမှုကို ဉာဏ် တစ်ပါးထည်းသည် ပြုအပ် ပြုနိုင်၏၊ [သမ္ပယုတ္တရှိ မရှိ နှစ်မျိုး ပြားသဖြင့် သမ္ပယုတ္တရှိသောစိတ်, သမ္ပယုတ္တ မရှိသောစိတ်ဟု နှစ်မျိုးကွဲပြားမှုကိုလည်း သမ္ပယုတ္တသည် ပြုအပ်၏။]

**ယထာ ။ပေ၊ ဝိရောဓော။** ။ဥပမာ-မိုးကောင်းလျှင် သုဘိက္ခ(သာယာဝပြောသော အခါ)ဖြစ်၏၊ မိုးမကောင်းလျှင် ဒုဗ္ဘိက္ခ(အစာရှားသောအခါ) ဖြစ်၏၊ ထိုသို့ သုဘိက္ခ ဒုဗ္ဘိက္ခ နှစ်မျိုး ကွဲပြားမှုကို မိုးတစ်ခုတည်းက ပြုအပ်သကဲ့သို့ ဖြစ်၏၊ ထို့ကြောင့် "ဉာဏ် သမ္ပယုတ္တတို့က စိတ်နှစ်မျိုး ကွဲပြားအောင် ပြုအပ်၏"ဟူသော စကား၌ ဆန့်ကျင် သောအပြစ် မရှိပါ-ဟူလို၊ ["သုလဘာ+ဘိက္ခာ ဧတ္ထာတိ သုဘိက္ခော"ဟု ဗဟုဗ္ဗီဟိ ပြု၊ သုဘိက္ခံဟု မရှိသောကြောင့် အဗျယီဘော မပြုသင့်၊ ဒုလ္လဘာ+ဘိက္ခာ ယတ္ထာတိ ဒုဗ္ဘိက္ခော။]

တိသော–န်သော၊ အဟေတုကာ–အဟိတ်ကြိယာစိတ်တို့လည်းကောင်း၊ အဠ–န်သော၊ သဟေတုကာ–သဟိတ်ကြိယာစိတ်တို့လည်းကောင်း၊ ဣတိ–သို့၊ ကောဒသ–န်သော၊ ကြိယာ စ–တို့လည်းကောင်း၊ ဣတိ–သို့၊ သဗ္ဗထာပိ–အလုံးစုံသော အပြားအားဖြင့်လည်း၊ ကုသလာကုသလဝိပါကကြိယာန်–တို့၏၊ အန္တောဂဓဘေဒေန–အတွင်း၌ဖြစ်သောအပြားအားဖြင့်၊ [စတုပညာသဠ စပ်၊] ကာလဒေသသန္တာနာဒိဘေဒေန–ကာလ ဒေသ သန္တာန် အစရှိသည်တို့၏ အပြားအားဖြင့်၊ အနေကဝိဓဘာဝေ–တစ်ပါးမက များသော အပြားရှိကုန်သည်၏ အဖြစ်သည်၊ (သတိ၊)ပိ–ဖြစ်ပါသော်လည်း၊ စတုပညာသေဝ–ငါးဆယ်လေးပါးသည်သာလျှင်၊ (ဟောတိ၊) (တစ်နည်း) စတုပညာသေဝ–ဖြစ်သော၊ (စိတ္တာနိ–တို့သည်၊ ဟောန္တိ၊) ဣတိ အတ္ထော–ဤကားအနက်။

**ကာမာဝစရဝဏ္ဏနာ–ကာမာဝစရစိတ်တို့၏ ဖွင့်ကြောင်းဖွင့်ရာ ဋီကာသည်၊ နိဋ္ဌိတာ–ပြီးပြီ။**

၂၁။ ဣဒါနိ–ကာမာဝစရစိတ်တို့ကို ဖွင့်ပြပြီးရာ ယခုအခါ၌၊ တဒနန္တရုဒ္ဒိဋ္ဌ–ထို ကာမာဝစရစိတ်၏ အခြားမဲ့၌ အကျဉ်းပြအပ်ပြီးသော [“ကာမာဝစရံ ရူပါဝစရံ အရူပါဝစရံ”ဟု ကာမာဝစရ၏ အခြားမဲ့၌ ခေါင်းစဉ်၍ ပြအပ်ခဲ့ပြီးသော–ဟူလို၊] ရူပါဝစရဿ–ရူပါဝစရစိတ်၏၊ နိဒ္ဒေသက္ကမော–အကျယ်အစဉ်သည်၊ အနုပ္ပတ္တော–အစဉ်ရောက်ပြီ၊ ဣတိ–ကြောင့်၊ တဿ–ထိုရူပါဝစရစိတ်၏၊ [ဝိဘာဂံ၌ စပ်၊ အချို့စာ၌ တဿ မပါ၊] ဈာနင်္ဂယောဂဘေဒေန–ဈာန်အင်္ဂါတို့၏ ယှဉ်ပုံအပြားအားဖြင့်၊ ပဉ္စဓာ–ငါးပါးအပြားအားဖြင့်၊ ဝိဘာဂံ–ဝေဖန်အပ်သောအပြားကို၊ ဒဿေတုံ–ငှာ၊ ဝိတက္ကဝိစာရပီတိသုခေကဂ္ဂတာ–ဝိတက္ကဝိစာရပီတိသုခေကဂ္ဂတာသဟိတံ–ဝိတက္ကဝိစာရပီတိသုခေကဂ္ဂတာ သဟိတံ အစရှိသော စကားရပ်ကို၊ (အာစရိယော၊) အာဟ–ပြီ၊ ဝိတက္ကော စ–ဝိတက်လည်းကောင်း၊ ဝိစာရော စ–လည်းကောင်း၊ ပီတိ စ–လည်းကောင်း၊ သုခဉ္စ–လည်းကောင်း၊ ဧကဂ္ဂတာ စ–ဧကဂ္ဂတာလည်းကောင်း၊

**သဗ္ဗထာပိ ၊ပေ၊ ဘေဒေန**။ ။သဗ္ဗထာပိကို “ကုသလာ၊ပေ၊ဘေဒေန”ဟု ဖွင့်သည်၊ ကုသလ၌ အတွင်းဝင်သောအပြား ဟူသည် ဝေဒနာဉာဏ် သင်္ခါရ အပြားတည်း၊ အကုသလ၌ အတွင်းဝင်သော အပြားဟူသည် ဝေဒနာ ဒိဋ္ဌိ သင်္ခါရ ပဋိဃ, ဝိစိကိစ္ဆာ, ဥဒ္ဒစ္စအပြားတည်း၊ ဝိပါက၌ အတွင်းဝင်သော အပြားဟူသည် (အဟိတ်ဝိပါက်အတွက်) စက္ခာဒိနိဿယ, သမ္ပဋိစ္ဆနာဒိ ကိစ္စနှင့်(မဟာဝိပါက် အတွက်)ဝေဒနာ ဉာဏ်သင်္ခါရ အပြားတည်း၊ ကြိယာ၌ အတွင်းဝင်သော အပြားဟူသည်၊ (အဟိတ်အတွက်) အာဝဇ္ဇနာဒိကိစ္စ, (မဟာကြိယာအတွက်) ဝေဒနာ ဉာဏ် သင်္ခါရအပြားတည်း၊ ဤအပြားကို “အတွင်းဝင်သောအပြား”ဟု ဆိုသည်၊ ထိုအပြားအားဖြင့် ကာမာဝစရစိတ် ငါးဆယ့်လေးပါးသာ ရှိသည်–ဟူလို။

က္ကတိ–ဤသို့၊ က္ကမာဟိ–ဤဝိတက်၊ပေ၊ကေဂ္ဂတာတို့နှင့်၊ သဟိတံ–တကွ ဖြစ်သောစိတ်တည်း၊ ဝိတက္ကဝိစာရပီတိသုခေကဂ္ဂတာသဟိတ–စိတ်။

တတ္ထ–ထို ဝိတက်ဝိစာရ ပီတိသုခ ဧကဂ္ဂတာတို့တွင်၊ (ယောသဘာဝေါ–သည်၊) အာရမဏံ–အာရုံကို၊ ဝိတက္ကေတိ–ကြံစည်တတ်၏၊ သမ္ပယုတ္တဓမ္မေ–သမ္ပယုတ်တရားတို့ကို၊ အဘိနိရောပေတိ–အာရုံသို့ ရှေးရှုတင်ပေးတတ်၏၊ က္ကတိ, (သောသဘာဝေါ၊) ဝိတက္ကော–ဝိတက္ကမည်၏၊ သော–ထိုဝိတက်သည်၊ သဟဇာတာနံ–တကွဖြစ်ကုန်သော စိတ်စေတသိက်တို့ကို၊ အာရမဏာဘိနိရောပနလက္ခဏော–အာရုံသို့ ရှေးရှုတင်ပေးခြင်း လက္ခဏာရှိ၏၊ ဟိ–ဥပမာဆောင် ထင်အောင်ပြဦးအံ့၊ ကောစိ–တစ်စုံတစ်ယောက်သော၊ ဂါမဝါသီ–ကျေးရွာ၌ နေလေ့ရှိသော၊ ပုရိသော–သည်၊ ရာဇဝလ္လဘံ–မင်းကျွမ်းဝင်သော၊ သမ္ဗန္ဓိနံဝါ–သွေးသားစပ်ခြင်းရှိသော ဆွေမျိုးကိုသော်လည်းကောင်း၊ မိတ္တံဝါ–မိတ်ဆွေကိုသော်လည်းကောင်း၊ နိဿာယ–မှီ၍၊ ရာဇဂေဟံ–မင်း၏ အိမ်တော်သို့၊ (နန်းတော်သို့၊) အနုပဝိသတိ ယထာ–အစဉ်အတိုင်း ဝင်ရသကဲ့သို့၊ ဧဝံ–တူ၊ ဝိတက္ကံ–ကို၊ နိဿာယ–၍၊ စိတ္တံ–သည်၊ အာရမဏံ–သို့၊ အာရောဟတိ–တက်ရောက်ရ၏။

ယဒိဧဝံ–လျှင်၊ [(တစ်နည်း၊) ဝိတက္ကံ နိဿာယ စိတ္တံ အာရမဏံ, ယဒိ အာရောဟတိ–အကယ်၍ တက်ရောက်ရအံ့၊ ဧဝံ(သတိ)–သော်၊] ကထံ–အဘယ်သို့လျှင်၊ ဝါ–အဘယ်နည်းဖြင့်၊ အဝိတက္ကံ–ဝိတက် မရှိသော၊ စိတ္တံ–သည်၊

**ကေဂ္ဂတာစာတိ က္ကမာဟိ**။ ။ဤပါဌ်ဖြင့်"ဝိတက္ကောစ ၊ပေ၊ ဧကဂ္ဂတာစာတိ ဝိတက္က ၊ပေ၊ ဧကဂ္ဂတာယော"ဟု ဒွန်တွဲပြီးမှ "ဝိတက္က ၊ပေ၊ ဧကဂ္ဂတာဟိ+သဟိတံ ဝိတက္က၊ပေ၊ သဟိတံ"ဟု တတိယာတပ္ပုရိသ် တွဲစေလိုသည်၊ "က္ကမေဟိ"ဟု စာအများ၌ ရှိ၏၊"က္ကမာဟိ"ဟု ရှိလျှင်ဒွန်ပုဒ်က ဧကဂ္ဂတာဟူသော အဆုံးပုဒ်၏လိင်သို့ လိုက်ရိုးဖြစ်သောကြောင့် သာ၍ကောင်း၏၊ ထိုအတိုင်း နိဿယ၌ပေးထား သည်၊ "က္ကမေဟိ" ကို အတည်ယူလျှင် "ဤစျာန်အင်္ဂါတို့နှင့်"ဟု ပေးပါ၊ [သဟ+က္ကတံ–ဖြစ်သည်တည်း၊ သဟိတံ–သည်။]

**အမှာ**။ ။ အာရမဏံ ဝိတက္ကေတိ–စသည်တို့၏ အဓိပ္ပာယ်ကို ဘာသာဋီကာ ဝိတက္ကပုဒ်အဖွင့်မှာ ရှုပါ။

**ယထာဟိ ၊ပေ၊ အာရောဟတိ**။ ။ယယာမှစ၍ အာရောဟတိတိုင်အောင် စကားသည် ရှေ့,စကားကို ထင်ရှားပြုတတ်သော တပ္ပာကဋီကရဏဝါကျ၊ "သော ၊ပေ၊ လက္ခဏော"ကား အပါကဋဝါကျ (တစ်နည်း) တပ္ပာကဋီကရဏီယဝါကျ၊ ဟိကား တပ္ပာကဋီကရဏဇောတက၊ ထို တပ္ပာကဋီကရဏဝါကျတွင်လည်း "ယထာ ၊ပေ၊ အနုပဝိသတိ"သည် ဥပမာနဝါကျ "ဧဝံ ၊ပေ၊ အာရောဟတိ"ကား ဥပမေယျဝါကျ၊ ထိုဝါကျတို့၏ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ၊ [ဥပမာဆောင်၍ အကျယ်ပြသော ဝါကျကိုပင် "တပ္ပာကဋီကရဏဝါကျ"ဟု နာမည်တပ်ရသည်။]

[ဒုတိယဈာန်စသည်နှင့် ဒွေပဉ္စဝိညာဉ်တစ်ဆယ်ကို ဆိုသည်၊] (အာရမဏံ–သို့) အာရောဟတိ–တက်ရောက်နိုင်သနည်း၊ ဣတိ–ဤကား အမေးတည်း၊ တမ္ပိ–ထို ဝိတက်မရှိသော စိတ်သည်လည်း၊ ဝိတက္ကဗလေနေဝ–ဝိတက်၏ အစွမ်းကြောင့်သာလျှင်၊ (အာရမဏံ) အဘိနိရောဟတိ–တက်ရောက်နိုင်၏၊ ဟိ–ဥပမာဆောင် ထင်အောင်ပြဦးအံ့၊ သော ပုရိသော–ထိုရွာသားယောကျ်ားသည်၊ ပရိစယေန–အလေ့အကျက်အားဖြင့်၊ [နန်းတော်သို့ ဝင်ဖန်များသဖြင့်–ဟူလို၊] တေန–ထိုဆွေမျိုးနှင့်၊ ဝါ–ထိုမိတ်ဆွေနှင့်၊ ဝိနာပိ–ကင်း၍လည်း၊ နိရာသင်္ကော–ရွံ့ရှားခြင်း မရှိသည်၊ (ဟုတွာ) ရာဇဂေဟံ–သို့၊ ပဝိသတိယထာ–ဝင်နိုင်သကဲ့သို့၊ ဧဝံ–တူ၊ ပရိစယေန–ဖြင့်၊ ဝိတက္ကေန–နှင့်၊ ဝိနာပိ–လည်း၊ အဝိတက္ကံ–သော၊ စိတ္တံ–သည်၊ အာရမဏံ–သို့၊ အဘိနိရောဟတိ–၏၊ (ဣတိ–ဤကား အဖြေတည်း။)

စ–ဆက်၊ ဧတ္ထ–ဧဝံ ပရိစယေန ဝိတက္ကေန အစရှိသောစကားရပ်၌၊ ပရိစယောတိ–ပရိစယောဟူသည်ကား၊ သဝိတက္ကစိတ္တဿ–ဝိတက်နှင့် တကွ ဖြစ်သောစိတ်၏၊ သန္တာနေ–အစဉ်၌၊ အဘိဏှပ္ပဝတ္တိဝသေန–မပြတ် ဖြစ်ခြင်း၏ အစွမ်းဖြင့်၊ နိဗ္ဗတ္တာ–ဖြစ်သော၊ စိတ္တဘာဝနာ–စိတ်၏အထုံတည်း၊ [ဝိတက်နှင့်တကွဖြစ်သော ပဌမဈာန်စသော စိတ်အစဉ်၏ အာရုံသို့ တက်ရာ ဝယ် အထုံရနေခြင်းကို ဘာဝနာဟု ဆိုသည်၊ ဤနည်းကို ဘာသာဋီကာ၌ မရေး၊ နောက်နည်းကိုသာ ရေးသည်၊] အပိ စ–သည်သာ မကသေး၊ ဧတ္ထ–ဤအဝိတက္ကစိတ်တို့တွင်၊ ပဉ္စဝိညာဏံ–ပဉ္စဝိညာဉ်သည်၊ အဝိတက္ကံ–ဝိတက် မရှိသည်၊ (သမာန်)ပိ–လည်း၊ ဝတ္ထာရမဏသင်္ဃဋ္ဋနဗလေန–ဝတ္ထု အာရုံ တို့၏ ထိခိုက်ခြင်း၏အစွမ်းကြောင့်၊ (အဘိရောဟတိ–အာရုံသို့ တက်နိုင်၏၊) ဒုတိယဈာနာဒီနိ စ–ဒုတိယဈာန် အစရှိသော စိတ်တို့သည်လည်း၊ ဟေဋ္ဌိမ ဘာဝနာဗလေန–အောက်၌ဖြစ်သော ဥပစာရဘာဝနာ၏ အစွမ်းကြောင့်၊ အဘိနိရောဟန္တိ–န်၏။

တေန–ထိုသဘောတရားဖြင့်၊ စိတ္တံ–သည်၊ အာရမဏေ–၌၊ ဝိစရတိ–လှည့် လည်သကဲ့သို့ ဖြစ်တတ်၏၊ ဣတိ–ကြောင့်၊ (ထိုသို့ စိတ်၏အာရုံ၌ လှည့်လည် ကြောင်း၏အဖြစ်ကြောင့်၊ သော သဘာဝေါ၊) ဝိစာရော–ဝိစာရမည်၏၊ သော–ထိုဝိစာရသည်၊ အာရမဏာနုမဇ္ဇနလက္ခဏော–အာရုံကို အဖန်ဖန်ပွတ်တိုက် သကဲ့သို့ ဖြစ်ခြင်း လက္ခဏာရှိ၏၊ တထာဟိ–ထိုကြောင့်ပင်၊ သေ–ဤဝိစာရကို၊ အနုသန္ဓာနတာတိ–အနုသန္ဓာနတာဟူ၍၊ (အာရုံ၌ အဖန်ဖန်ဆက်စပ်တတ်သော စိတ်၏ ဖြစ်ကြောင်းဖြစ်ရာဟူ၍၊) နိဒ္ဒိဋ္ဌော–ညွှန်ပြတော်မူအပ်ပြီ၊ စ–ဆက်၊

---

**အာရမဏေ ၊ပေ၊ နိဒ္ဒိဋ္ဌော။** ။"ဝိစရတိ တေနာတိ ဝိစာရော"ဟု ကရဏသာဓ် ပြုလိုရင်းတည်း၊ ကတ္တုသာဓ်, ဘာဝသာဓ်လည်း ပြုနိုင်၏၊ အနုမဇ္ဇနလက္ခဏော၏ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ၊"အနု–အဖန်ဖန်+သံန္ဓာနတာ–ယူအပ်ပြီးအာရုံ၌

ဧတ္ထ–ဤ ဝိတက် ဝိစာရ နှစ်ပါးတို့တွင်၊ ဝိစာရတော–ဝိစာရထက်၊ ဩဠာရိကဋ္ဌေန–အာရုံယူမှု၌ ကြမ်းတမ်းသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ တဿေဝ–ထိုဝိစာရ၏ပင်၊ ပုဗ္ဗင်္ဂမဋ္ဌေန စ–ရှေ့သွား၏ အဖြစ်ကြောင့်လည်းကောင်း၊ ပဌမဇ္ဈာနာဘိဃာတောဝိယ–ခေါင်းလောင်း၏ တီးခတ်ခြင်းကြောင့် ဖြစ်သော ပထမအသံသည်ကဲ့သို့၊ စေတသော–စိတ်၏၊ ပဌမာဘိနိပါတော–အာရုံ၌ ရှေးဦးစွာ ကျရောက်ခြင်းသဘောသည်၊ ဝိတက္ကော–ဝိတက်တည်း၊ အနုရဝေါ ဝိယ–ခေါင်းလောင်း၏ နောက်ထပ် အသံကဲ့သို့၊ ဝါ–ကြေးဟီသံကဲ့သို့၊ (စေတသော) အနုသန္ဓာနတာ–အာရုံ၌ အဖန်ဖန် လှည့်လည်ခြင်း သဘောသည်၊ ဝိစာရော–ဝိစာရတည်း။

စ–သည်သာမကသေး၊ ဧတ္ထ–ဤ ဝိတက် ဝိစာရနှစ်ပါးတို့တွင်၊ စိတ္တဿ–စိတ်၏၊ ပရိပ္ဖန္ဒနဘူတော–တုန်လှုပ်ခြင်းသဘောဖြစ်၍ဖြစ်သော၊ ဝိတက္ကော–ဝိတက်သည်၊ ဝိပ္ဖာရဝါ–အာရုံယူမှု၌ တုန်လှုပ်ခြင်းရှိ၏၊ [ဝိပ္ဖာရဝါ–အာရုံယူမှု၌ တုန်လှုပ်ခြင်းသဘောရှိသော၊ ဝိတက္ကော–သည်၊ စိတ္တဿ–၏၊ ပရိပ္ဖန္ဒနဘူတော –တုန်လှုပ်ခြင်းသဘော ဖြစ်၍ဖြစ်၏–ဟု အစဉ်အတိုင်းလည်းပေး နိုင်သည်၊] အာကာသေ–ကောင်းကင်၌၊ ဥပ္ပတိတုကာမဿ–ပျံတက်ခြင်းငှာ အလိုရှိသော၊ သကုဏဿ–ငှက်ကြီး၏၊ ပက္ခဝိက္ခေပေါဝိယ–အတောင်ခတ် ခြင်းနှင့်လည်း တူ၏၊ ဂန္ဓစေတသော–ဂန္ဓာရုံသို့ အစဉ်လိုက်သော စိတ်ရှိသော၊ ဘမရဿ–ပိတုန်း၏၊ ပဒုမာဘိမုခပါတောဝိယစ–ပဒုမ္မာကြာတောသို့ရှေးရှု ပျံသွား ခြင်းနှင့်လည်း တူ၏၊ ["ပတ–ဂတိမှိ"ဟူသော ဓာတ်နက်အရ "ပျံသွားခြင်း" ဟု သာပေး၊ "ကျခြင်း"ဟု မပေးနှင့်။] စိတ္တဿ–၏၊ နာတိပရိပ္ဖန္ဒဘူတော–အလွန် မတုန်လှုပ်ခြင်းသဘော ဖြစ်၍ဖြစ်သော၊ ဝိစာရော–သည်၊ သန္တဝုတ္တိ–ငြိမ်သက်သော ဖြစ်ခြင်းရှိ၏၊ [သန္တဝုတ္တိ–သော၊ ဝိစာရော–ဝိစာရသည်၊–စသည် ဖြင့် အစဉ်အတိုင်းလည်း ပေးပါ။] အာကာသေ–၌၊ဥပ္ပတိတဿ–ပျံတက်ပြီး

ဆက်စပ်တတ်သော စိတ်၏ဖြစ်ကြောင်း ဖြစ်ရာတရား"ယူအပ်ပြီးသော အာရုံ၌ မိမိရောသမွယုတ်တရားတွေပါ (ခွာမသွားနိုင်အောင်) အဖန်ဖန် အထပ်ထပ် ဆက်စပ်တတ်သော တရား–ဟူလို၊"အနုသန္ဓာနတာ"ဟု ဓမ္မသင်္ဂဏီပါဠိတော်–ဝိစာရ၏ အကျယ်ပြ နိဒ္ဒေသ၌ ဘုရားဟောတော်မူသည်ကို နိဒ္ဒိဋ္ဌော ဟု ဆိုသည်။

**ဧတ္ထ စ ၊ပေ၊ ဘမရဿ**။ ။ဤဝါကျများဖြင့် ဝိတက်နှင့် ဝိစာရအထူးကို ပြ၏၊ ထိုဝါကျများ၏ အဓိပ္ပာယ်ကို ချုံးလျက် "ဝိတက်နှင့်ဝိစာရအထူး"ဟု ခေါင်းတပ်၍ ဘာသာဋီကာ၌ ပြထားပြီ၊ ["သဗ္ဗစေတသိကာစိတ္တကြိယာ နာမ"နှင့်အညီ စေတသိက် ဟူသမျှသည် စိတ်၏အမူအရာချည်း ဖြစ်သောကြောင့် "စိတ္တဿ ပရိပ္ဖန္ဒနဘူတော" စသည်၌ "တုန်လှုပ်ခြင်း"ဟု အမူအရာကြိယာရအောင် ပေးသည်၊ အာရုံကို ယူရာ၌ စိတ်၏ မငြိမ်မသက် လှုပ်လှုပ်ခြင်းသဘောကိုပင် "ဝိတက်"ဟု ခေါ်သည်–ဟူလို၊ ပရိပ္ဖန္ဒန နေရာ၌ "ပရိပ္ဖန္ဒ"ဟုလည်း ရှိ၏။]

သော၊ သကုနသ–၏၊ ပက္ခပ္ပသာရဏံဝိယ–အတောင်ကို ဆန့်တန်းခြင်းနှင့်လည်းတူ၏၊ ဝါ–အတောင်ကို ဆန့်တန်းနေခြင်းနှင့်လည်းတူ၏၊ ပဒုမာဘိမုခပတိတသ–ပဒုမ္မာကြာတောသို့ ရှေးရှုပျံသွားပြီးသော၊ ဘမရသ–၏၊ ပဒုမသ–ပဒုမ္မာကြာတော၏၊ ဥပရိဘာဂေ–အထက်အဖို့၌၊ ပရိဗ္ဘမနံဝိယစ–ရစ်ဝဲခြင်းနှင့်လည်းတူ၏။

(ယာဓမ္မဇာတိ–သည်၊) ကာယစိတ္တံ–ကို၊ ပိဏယတိ တပ္ပေတိ–နှစ်သက်စေတတ်၏၊ ဝါ–တစ်နည်း၊ ပိဏယတိ ဝဍ္ဎေတိ–တိုးပွားစေတတ်၏၊ ဣတိ (သာ ဓမ္မဇာတိ) ပီတိ–ပီတိမည်၏၊ သာ–သည်၊ သမ္ပိယာယနလက္ခဏာ–အာရုံ၌ လွန်စွာမြတ်နိုးခြင်းဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏၊ အာရမဏံ–ကို၊ ကလ္လတော–လျောက်ပတ်သည်၏ အဖြစ်အားဖြင့်၊ ဂဟဏလက္ခဏာ–ယူခြင်းလက္ခဏာရှိ၏၊ ဣတိ–ဤအနက်သည်၊ ဝါ–ကို၊ ဝုတ္တံ–ဆိုအပ်သည်၊ ဝါ–ဆိုလိုသည်၊ ဟောတိ။(ယံ ဓမ္မဇာတံ–သည်၊) သမ္ပယုတ္တဓမ္မေ–ယှဉ်ဖက်တရားတို့ကို၊ သုခယတိ–ချမ်းသာစေတတ်၏၊ ဣတိ–ကြောင့်၊ (တံ ဓမ္မဇာတံ) သုခံ–သုခမည်၏၊ တံ–သည်၊ ဣဋ္ဌာနုဘဝနလက္ခဏံ–ဣဋ္ဌာရုံကို ခံစားခြင်းလက္ခဏာရှိ၏၊ သုဘောဇနရသဿာဒကော–ကောင်းသော ဘောဇဉ်၏ အရသာကို သာယာသော၊ ရာဇာ ဝိယ–မင်းကဲ့သို့တည်း၊ တတ္ထ–ထို ပီတိသုခ နှစ်ပါးတို့တွင်၊ အာရမဏပ္ပဋိလာဘေ–အာရုံကို ရခြင်း၌၊ ဝါ–အာရုံကို ရရာ အခါ၌၊ ပီတိယာ–ပီတိ၏၊ ဝိသေသော–သုခမှ အထူးသည်၊ ပါကဋော–ထင်ရှား၏၊ (ကိမိဝ) ကန္တာရခိန္နသ–ခရီးခဲ၌ ပင်ပန်းသော ယောကျာ်း၏၊ ဝနန္တောဒကဒဿနေ ဝိယ–တော၌ ရေကို မြင်ရခြင်းကဲ့သို့တည်း၊ [(တစ်နည်း) ဝနန္တောဒကဒဿနေ–၌၊ ပီတိယာ–၏၊ ဝိသေသော–သည်၊ ပါကဋောဝိယ–တည်း၊ (ဝနန္တောဒက၌ အန္တ အနက်မရှိ၊)] ယထာလဒ္ဓသ–အကြင် အကြင်

---

**ပိဏယတိ ၊ပေ၊ ပီတိ။** ။ပီတိ၌ ပီဓာတ်, ကာရိတ်ကြေ, တိပစ္စည်း၊ ထိုပီဓာတ်ကိုပင် အနက်တူပရိယာယ်ဖြစ်သော ပိဏဓာတ် ဏယပစ္စည်းဖြင့် ပိဏယတိ ဟု ဝိဂ္ဂဟပြုသည် ပီ–ပိဏဓာတ် နှစ်မျိုးလုံးပင် “တပ္ပန–နှစ်သက်ခြင်း”အနက်ကိုဟော၏၊ ထို့ကြောင့် “တပ္ပေတိ”ဟု ပဌမဖွင့်၏၊ ပီတိဖြစ်သောအခါ စိတ်ဓာတ်သည် တို းပွားနေ သကဲ့သို တက်ကြွ၏၊ ပီတိနှင့်ယှဉ်သောစိတ်ကြောင့် စိတ္တဇရုပ်မှစ၍ ခန္ဓာကိုယ်လည်း ဝဖြိုး တိုးပွား၏၊ ထို့ကြောင့် “ဓာတူနံ အနေကတ္ထတ္တာ”အရ ပီဓာတ်၏ ဝဍ္ဎနအနက်ကိုလည်း တစ်နည်း ဖွင့်သည်။

**သမ္ပိယာ ၊ပေ၊ ဟောတိ။** ။သမ္ပိယေန–အာရုံအပေါ်၌ လွန်စွာနှစ်သက်ခြင်း အားဖြင့်+အယနံ–ဖြစ်ခြင်းတည်း၊ သမ္ပိယာယနံ–ခြင်း၊ သမ္ပိယာယနံ+လက္ခဏံ ယဿာတိ သမ္ပိယာယနလက္ခဏာ–အာရုံကို မြတ်မြတ်နိုးနိုး ယူခြင်းလက္ခဏာ ရှိသည်–ဟူလို၊ ထိုသို့ မြတ်နိုးစွာ ယူခြင်းကိုပင် “ကလ္လတောဂဟဏ”ဟု ဆိုသည်၊ ပဋိဃ (ဒေါသ)၏ အာရုံယူခြင်းသည် ထိခိုက်သကဲ့သို့ ကြမ်းကြမ်းတမ်းတမ်း ယူ၏၊ ပီတိယူပုံကား ထိုသို့ မကြမ်းတမ်းဘဲ သင့်လျော်စွာ ယူသည်–ဟူလို။

ရအပ်ပြီးသောဣဋ္ဌာရုံကို၊ အနုဘဝနေ–ခံစားခြင်း၌၊ ဝါ–ခံစားရာအခါ၌၊ သုခ သဿ–၏၊ ဝိသေသော–ပီတိမှအထူးသည်၊ ပါကဋော–ထင်ရှား၏၊ (ကိမိဝ) ယထာဒိဋ္ဌဉဒကဿ–အကြင်အကြင်မြင်အပ်ပြီးသောရေကို၊ ပါနာဒီသုဝိယ– သောက်ခြင်းအစရှိသည်တို့၌ကဲ့သို့တည်း၊ [(တစ်နည်း) ပါနာဒီသု–တို့၌၊ သုခ သဿ–၏၊ ဝိသေသော–သည်၊ ပါကဋောဝိယ–တည်း၊] ဣတိ–ဤသို့မှတ် အပ်၏၊ [ဒဿနေဝိယ, ပါနာဒီသုဝိယ–ဝါကျတို့သည် ဥပမာနလည်း ဟုတ်၏၊ ပီတိသုခဖြစ်ပုံကိုပြသော ဥဒါဟရဏ်လည်း ဟုတ်၏။]

ဣမဿ–ဤသဘောတရား၏၊ နာနာရမဏဝိက္ခေပါဘာဝေန–အထူးထူး သော အာရုံ၌ ပျံ့လွင့်ခြင်း၏ မရှိခြင်းကြောင့်၊ ဧကံ–တစ်ခုသော၊ အဂ္ဂံ အာရမဏံ–အာရုံသည်၊ (အတ္ထိ) ဣတိ–ကြောင့်၊ (တံဓမ္မဇာတံ–ထိုသဘော တရားသည်၊) ဧကဂ္ဂံ–ဧကဂ္ဂမည်၏၊ စိတ္တံ–စိတ်တည်း၊ တဿ–ထိုတစ်ခုတည်း သောအာရုံ ရှိသောစိတ်၏၊ ဘာဝေါ–ဖြစ်ကြောင်းဖြစ်ရာတည်း၊ ဧကဂ္ဂတာ– တစ်ခုတည်းသော အာရုံရှိသောစိတ်၏ ဖြစ်ကြောင်းဖြစ်ရာ၊ သမာဓိ–သမာဓိ တည်း၊ သော–ထိုသမာဓိသည်၊ အဝိက္ခေပလက္ခဏော–ပျံ့လွင့်တတ်သော ဥဒ္ဓစ္စ၏ ဆန့်ကျင်ဘက်၏အဖြစ်ဟူသောလက္ခဏာရှိ၏၊ ဟိ–မှန်၏၊ တဿ– ထိုသမာဓိ၏၊ ဝသေန–အစွမ်းကြောင့်၊ သသမ္ပယုတ္တံ–ယှဉ်ဖက်စေတသိက်နှင့် တကွဖြစ်သော၊ စိတ္တံ–သည်၊ အဝိက္ခိတ္တံ–မပျံ့လွင့်သည်၊ ဟောတိ–၏။

---

**ဣဋ္ဌာနုဘဝနလက္ခဏံ**။ ။ပီတိသည် နှစ်သက်ရုံသာ နှစ်သက်၏၊ အရသာကို မခံစားနိုင်၊ သုခကား အာရုံ၏ ဣဋ္ဌအရသာကို ခံစားနိုင်၏၊ တောစခန်း၌ မောပန်း နေခိုက်ဝယ် ရေကိုမြင်ရလျှင် ပီတိဖြစ်၏၊ ရေကိုသောက်လျက် အရသာခံစားသောအခါ သုခဖြစ်၏၊ ဤသို့ ပီတိနှင့် သုခတို့၏ သဘောချင်း ထူးခြားပုံကို သိပါ။

**ဧကဂ္ဂတာ**။ ။"ဧကံ အဂ္ဂံ ယဿာတိ ဧကဂ္ဂံ"ဟုသာ ပြုစေလိုရင်းတည်း၊ "အာရမဏံ"ကား အဂ္ဂပုဒ်ကို ရှေ့ကနေ၍ဖွင့်သော အနက်ဖွင့်ဖြစ်သည်၊ ပါဠိအဘိဓာန်၌ အဂ္ဂသဒ္ဒါ၏ အာရုံအနက် မပါသော်လည်း သက္ကတအဘိဓာန်၌ "အဂြ(အဂ္ဂ)"သဒ္ဒါ၏ အာလမ္ဗန အနက်ပါသည်။

**အဝိက္ခေပလက္ခဏံ**။ ။ဝိက္ခေပသဒ္ဒါသည် ပျံ့လွင့်တတ်သော ဥဒ္ဓစ္စကို ဟော၏၊ (အ)သည် ဝိရုဒ္ဓအနက်ဟောတည်း၊ "ဥဒ္ဓစ္စ၏ ဆန့်ကျင်ဖက်"ဟူသည် ဧကဂ္ဂတာပင် ဘည်း၊ ဤသို့ အဝိက္ခေပ၏အရ ဧကဂ္ဂတာရသောကြောင့် လက္ခဏာနှင့် အရ မတူရကား လက္ခဏာနှင့်တွဲသောအခါ "အဝိက္ခေပဘာဝ"ဟု ဆိုလိုလျက် ဘာဝပုဒ် အကျေ ကြ၍ ဝိက္ခေပ၏ ဆန့်ကျင်ဘက် ဧကဂ္ဂတာ၏ ဖြစ်ကြောင်းဖြစ်ရာ မပျံ့လွင့်ခြင်း ကြိယာကို "အဝိက္ခေပ"ဟု ယူပါ၊ ထိုသို့ ယူမှ "အဝိက္ခေပေါ+လက္ခဏံ ယဿာတိ အဝိက္ခေပ လက္ခဏံ"ဟု ပြုနိုင်မည်၊ [ကြွင်းအဓိပ္ပာယ်များကို အခြေပြုနှင့် ဘာသာဋီကာ၌ ပြထားပြီ။]

ဒေသနာက္ကမတောစေ၀–ဟောတော်မူစဉ်အားဖြင့်လည်းကောင်း၊ ဥပ္ပတ္တိက္ကမ တောစ–ရစဉ်အားဖြင့်လည်းကောင်း၊ အာဒိဘူတတ္တာ–အစဖြစ်၍ ဖြစ်သည်၏ အဖြစ်ကြောင့်၊ ပဌမဥ္စ–ပဌမလည်းဟုတ်၏၊ တံ–ထိုပဌမဟူသည်၊ အာရမဏူပ နိဇ္ဈာန တော–ကသိုဏ်းအစရှိသောအာရုံကို စူးစူးစိုက်စိုက် ရှုတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ပစ္စနီကဈာပနတောစ–ဆန့်ကျင်ဘက်နီဝရဏ တို့ကို လောင်စေတတ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊["ဈာယနတောစ– လောင်တတ်သည်၏အဖြစ်ကြောင့်"ရှိလျှင် ကောင်း၏။] ဈာနဉ္စ–ဈာန်လည်း ဟုတ်၏၊ ဣတိ–ဤနှစ်ပါးသော သတ္တိကြောင့်၊ ပဌမဇ္ဈာနံ–ပဌမဇ္ဈာန မည်၏၊ ဝိတက္ကာဒိပဥ္စကံ–ဝိတက်အစရှိသော ဈာန်အင်္ဂါငါးပါး အပေါင်းတည်း၊ ဟိ– မှန်၊ နေမိအာဒိအင်္ဂသမုဒါယေ–အကွပ်တကူအစရှိသော အင်္ဂါတို့၏အပေါင်း၌၊ ရထဝေါဟာရော–ရထားဟူသော အခေါ်အဝေါ်သည်၊ ဟောတိ ဝိယ–သို့၊ (တထာ–တူ၊) ဈာနင်္ဂ သမုဒါယေယေဝ–ဈာန်အင်္ဂါတို့၏ အပေါင်း၌သာလျှင်၊ ဈာနဝေါဟာရော–ဈာန်ဟူသော အခေါ်အဝေါ်သည်၊ ဟောတိ–၏၊ တထာ ဟိ–ထိုစကား မှန်၏၊ ဝိဘင်္ဂေ–ဈာနဝိဘင်းပါဠိတော်၌၊ ဈာနန္တိ ၊ပေ၊ စိတ္တဿေကဂ္ဂတာတိ–ဟူ၍၊ (ဘဂဝတာ) ဝုတ္တံ–ပြီ၊ [ဈာနန္တိ–ဈာနဟူသည် ကား၊ ဝိတက္ကော–ဝိတက်လည်းကောင်း၊ပေ၊စိတ္တဿေကဂ္ဂတာ–စိတ္တဿေ ကဂ္ဂတာလည်းကောင်းတည်း၊] ပဌမဇ္ဈာနေန–နှင့်၊ သမ္ပယုတ္တံ–အညီအမျှ ကော့ပ္ပာဒတာအစရှိသော အပြားတို့ဖြင့်ယှဉ်သော၊ ကုသလစိတ္တံ–ကုသိုလ်စိတ် တည်း၊ ပဌမဇ္ဈာနကုသလစိတ္တံ–ပဌမဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်။

ပန–ပရိဟာရပက္ခမှတစ်ပါး စောဒကပက္ခကို ဆိုဦးအံ့၊ ကသ္မာ–အဘယ့် ကြောင့်၊ အညေသု–ဝိတက်စသည်တို့မှ အခြားကုန်သော၊ ဖဿာဒီသု–န်သော၊ သမ္ပယုတ္တဓမ္မေသု– ယှဉ်ဖက်တရားတို့သည်၊ ဝိဇ္ဇမာနေသု– ထင်ရှားရှိပါ ကုန်လျက်၊ ပဉ္စ–န်သော၊ ဣမေယေဝ–ဤ ဝိတက်စသော တရားတို့ကိုသာ၊ ဈာနင်္ဂဝသေန–ဈာန်အင်္ဂါ၏ အစွမ်းဖြင့်၊ ဝုတ္တာ–ဟောတော်မူအပ်ကုန်သနည်း၊ ဣတိ–ဤကားစောဒနာတည်း၊ (ပရိဟာရော–အဖြေကို၊ မယာ–သည်၊) ဝုစ္စတေ–ဆိုအပ်၏၊ ဝါ–ဆိုဦးအံ့၊ (အညေသု ဖဿာဒီသု သမ္ပယုတ္တဓမ္မေသု, ဝိဇ္ဇမာနေသုပိ–ရှိပါကုန်သော်လည်း၊) ပဉ္စန္နံ–န်သော၊ ဣမေသံယေဝ–တို့၏ သာလျှင်၊ (ဟိတ်၏ သမ္ဗန်ထည့်သည်၊) ဥပနိဇ္ဈာနကိစ္စဝန္တတာယ–အာရုံကို စူးစူးစိုက်စိုက် ရှုခြင်းကိစ္စ ရှိကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ကာမစ္ဆန္ဒာဒီနံ–ကာမစ္ဆန္ဒအစရှိသော နီဝရဏတို့၏၊ ဥဇုပ္ပဋိပက္ခဘာဝတောစ– ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်တို့၏ အဖြစ်ကြောင့်လည်းကောင်း၊ ပဉ္စ–န်သော၊ ဣမေယေဝ ဈာနင်္ဂဝသေန ဝုတ္တာ၊ ဣတိ–ဤကား အဖြေတည်း၊ [ဤဝါကျ များ၏ အဓိပ္ပာယ်ကို "ဝိတက် စသည်ကိုသာ ဈာန်ဟု ခေါ်ရပုံ"ဟု ခေါင်းတပ် ၍ ဘာသာဋီကာ၌ ပြထားပြီ။]

ဟိ–ချဲ့၊ ဝိတက္ကော–သည်၊ အာရမဏေ–၌၊ စိတ္တံ–ကို၊ အဘိနိရောပေတိ–ရှေးရှုတင်တတ်၏၊ ဝိစာရော–သည်၊(အာရမဏေ စိတ္တံ) အနုပ္ပဗန္ဓေတိ–အဖန်ဖန် ဖွဲ့စပ်စေတတ်၏၊ ပီတိ–သည်၊ [စ–ပါသည်ကားပို၏၊] အဿ–ထိုစိတ်၏၊ ပီဏနံ–နှစ်သက်ခြင်းကို၊ (ကရောတိ–ပြုတတ်၏၊) သုခံစ–လည်း၊ [ပီတိကိုပေါင်း၊] (အဿ–ထိုစိတ်၏၊) ဥပဗြူဟနံ–တိုးပွားခြင်းကို၊ ကရောတိ–၏၊ အထ–ထိုအခါ၌၊ သသမ္ပယုတ္တဓမ္မံ–ယှဉ်ဖက်တရားနှင့် တကွ ဖြစ်သော၊ နံ–ထိုစိတ်ကို၊ (အနုဝတ္တာပေန္တိ၌ စပ်၊) ဧတေဟိ–ဤဝိတက်အစရှိ သော တရားတို့သည်၊ အဘိနိရောပနာနုပ္ပဗန္ဓနပီဏနဥပဗြူဟနေဟိ–ရှေ့ရှုတင်ပေးခြင်း, အဖန်ဖန်ဖွဲ့စပ်ခြင်း, နှစ်သက်ခြင်း, တိုးပွားခြင်းတို့ဖြင့်၊ အနုဂ္ဂဟိတာ–ချီမြှောက်အပ်သော၊ ဝါ–အချီမြှောက်ခံရသော၊ ဧကဂ္ဂတာ–ဧကဂ္ဂတာသည်၊ သမာဓာနကိစ္စေန–အာရုံ၌ကောင်းစွာ ထားခြင်းကိစ္စဖြင့်၊ အတ္တာနံ–မိမိသို့၊ အနုဝတ္တာပေန္တိ–လိုက်စေလျက်၊ ဧကတ္တာရမဏေ–တစ်ခုတည်း သောသဘောရှိသောအာရုံ၌၊ သမံ–အညီအမျှလည်းကောင်း၊ သမ္မာစ–ကောင်းစွာလည်းကောင်း၊ အာဓိယတိ–ထားတတ်၏၊ ဣန္ဒြိယသမတာဝသေန– ဣန္ဒြေတို့၏ ညီမျှကုန်သည်၏ အဖြစ်၏အစွမ်းဖြင့်၊ သမံစ–လည်းကောင်း၊ ပဋိပက္ခဓမ္မာနံ–ဆန့်ကျင်ဘက် နီဝရဏတို့၏၊ ဒူရီဘာဝေန–ဝေးကုန် သည်၏အဖြစ်ကြောင့်၊ ဝါ–ဝေးကုန်သည့်အတွက်၊ လီနုဒ္ဓစ္စာဘာ ဝေန–တွန့်ဆုတ်ခြင်း ပျံ့လွင့်ခြင်း၏ မရှိခြင်းအားဖြင့်၊ သမ္မာစ–လည်းကောင်း၊ ထပေတိ–ထားတတ်၏၊ ဣတိဧဝံ–ဤသို့လျှင်၊ ဧတေသမေဝ–ဤဝိတက် စသောတရားတို့၏သာလျှင်၊ ဥပနိဇ္ဈာနကိစ္စံ–အာရုံ၌ စူးစူးစိုက်စိုက်ရှုခြင်းကိစ္စသည်၊ အာဝေဏိကံ–မကင်းမူ၍ဖြစ်သော ကိစ္စတည်း၊ ဝါ–သီးခြားဖြစ်သော ကိစ္စတည်း။ [န+ဝိနာ အဝိနာ၊ အဝိနာ+ဝတ္တတီတိ အာဝေဏိကံ။]

---

**ဝိတက္ကောဟိ**။ ။ဤကား ဝိတ္ထာရဝါကျတည်း၊ ထိုတွင်"ဝိတက္ကော ၊ပေ၊ ဥပနိဇ္ဈာန ကိစ္စံ အာဝေဏိကံ"တို့ကား"ဥပနိဇ္ဈာနကိစ္စဝန္တတာယ"ဟူသော ဟိတ်ပါဌ်၏ အကျယ်တည်း၊ "ကာမစ္ဆန္ဒာဒိ ၊ပေ၊ ပညာပတိရူပသဘာဝတ္တာ"တို့ကား "ကာမစ္ဆန္ဒာဒိနံ ဥဇုပဋိပက္ခ ဘာဝတော" ဟူသော ဟိတ်၏အကျယ်တည်း။

**ဧကတ္တာ ၊ပေ၊ အာဓိယတိ**။ ။ဤစကားဖြင့် သမာဓိ၏ ဝစနတ္ထကိုပြ၏၊ "သံ+အာဓိ"ဟု ခွဲ၍ သံကို သမံ ဟုလည်းကောင်း သမ္မာဟုလည်းကောင်း,ဖွင့်၏၊ "သမံ+(တစ်နည်း:) သမ္မာ+အာဓိယတီတိ သမာဓိ"ဟု ပြု၊ [အာပုဗ္ဗ+ဓာဓာတ်–ကြ္လပစ္စည်း။]

**ဣန္ဒြိယ ၊ပေ၊ ထပေတိ**။ ။ဤဝါကျကား–သမံ–သမ္မာတို့၏ အဓိပ္ပာယ်ကိုလည်းကောင်း, အာဓိယတိ၏ဓာတ်နက်ကိုလည်းကောင်း ဖွင့်သောဝါကျတည်း၊ သဒ္ဓါနှင့် ပညာဣန္ဒြေနှစ်ပါးသည် ညီမျှရ၏၊ ဝီရိယနှင့်သမာဓိဣန္ဒြေနှစ်ပါးလည်း ညီမျှရ၏၊ ဤသို့ ညီမျှအောင် စိတ်ကို ထားခြင်းကို"သမံ အာဓိယတိ"ဟုလည်းကောင်း, [မဏိမဉ္ဇူ၌ ဣန္ဒြေငါးပါးလုံး၏ ညီမျှခြင်းကို "သမံ"ဟု ဆို၏၊ သတိဣန္ဒြေကား ညီမျှစရာမလိုသော ကြောင့် စဉ်းစားပါ၊] ဈာန်၏ဆန့်ကျင်ဘက်ဖြစ်သော ကာမစ္ဆန္ဒနီဝရဏ စသည်တို့၏

ပန–ကား၊ ကာမစ္ဆန္ဒာဒိပဋိပက္ခဘာဝေ–ကာမစ္ဆန္ဒအစရှိသော နီဝရဏတို့၏ ဆန့်ကျင်ဘက်တို့၏ အဖြစ်၌၊ (ဝိတ္ထာရတော–အကျယ်ကို၊ ဇဝံ–ဖြင့်၊ ဝေဒိတဗ္ဗော–သိထိုက်၏၊) သမာဓိ–သမာဓိသည်၊ ကာမစ္ဆန္ဒဿ–၏၊ ပဋိပက္ခော–ဆန့်ကျင်ဘက်တည်း၊ (ကသ္မာ–နည်း၊) [သမာဓိဿ–၏၊ ဘာဝသမ္ပန်ထည့်သည်၊] ရာဂပ္ပဏိဓိယာ–ကာမဂုဏ် အာရုံတို့၌ ရှေ့ရှုထားတတ်သော ရာဂ၏၊ ဝါ–တောင့်တတတ်သောရာဂ၏၊ ဥဇုပစ္စနီကဘာဝတော–ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်တည်း၊ ဟိ–မှန်၊ ကာမစ္ဆန္ဒဝသေန–ကာမဂုဏ်အာရုံတို့၌ ဖြစ်သော ဆန္ဒ၏အစွမ်းဖြင့်၊ နာနာရမဏေဟိ–အထူးထူးသောအာရုံတို့သည်၊ ပလောဘိတဿ–ဖျားယောင်းအပ်သော၊ ဝါ–ဖျားယောင်းအပ်သည်ဖြစ်၍၊ ပရိဗ္ဘမန္တဿ–ထက်ဝန်းကျင်လည်နေသော၊[ကာမဂုဏ်တို့၌ ချာလပတ်ရမ်းနေသော၊] စိတ္တဿ–စိတ်ကို၊ သမာဓာန်–ကောင်းစွာထားခြင်းသည်၊ ဧကဂ္ဂတာယ–ဧကဂ္ဂတာကြောင့်၊ ဟောတိ–ဖြစ်၏။

ပီတိ–သည်၊ ဗျာပါဒဿ–၏၊(ပဋိပက္ခာ–တည်း၊)ကသ္မာ၊ (ပီတိယာ–၏၊) ပါမောဇ္ဇသဘာဝတ္တာ–ဝမ်းမြောက်ခြင်း သဘောရှိသည်၏အဖြစ်ကြောင့်တည်း၊ ဝိတက္ကော–သည်၊ ထိနမိဒ္ဓဿ–၏၊ (ပဋိပက္ခော၊ ကသ္မာ၊ဝိတက္ကဿ–၏၊) ယောနိသော–သင့်လျော်သောအကြောင်းအားဖြင့်၊ သင်္ကပ္ပဝသေန–ကြံစည်ခြင်း၏ အစွမ်းဖြင့်၊ သဝိပ္ဖာရပ္ပဝတ္တိတော–လှုပ်ရှားခြင်းနှင့်တကွ ဖြစ်ခြင်းကြောင့်တည်း၊ [ယောနိသောဖြင့် အကုသိုလ်ဝိတက်၏ မကောင်းကြံစည်မှုကို တားမြစ်သည်၊] သုခံ–သည်၊ အဝူပသမ+အနုတာပသဘာဝဿ–မငြိမ်းအေးခြင်းသဘော, နောင်တတစ်ဖန်ပူပန်ခြင်းသဘောရှိသော၊ ဥဒ္ဓစ္စကုက္ကုစ္စဿ–၏၊ [အဝူပသမနှင့်ဥဒ္ဓစ္စ, အနုတာပနှင့် ကုက္ကုစ္စတွဲ၊] (ပဋိပက္ခံ၊ ကသ္မာ, သုခဿ) ဝူပသန္တသီတလသဘာဝတ္တာ–ငြိမ်သက်ခြင်းသဘော, အေးမြခြင်းသဘောရှိသည်၏ အဖြစ်ကြောင့်တည်း၊ ဝိစာရော–သည်၊ ဝိစိကိစ္ဆာယ–၏၊ (ပဋိပက္ခော၊ ကသ္မာ, ဝိစာရဿ) အာရမဏေ–၌၊ အနုမဇ္ဇနဝသေန–အဖန်ဖန် ပွတ်တိုက်ခြင်း၏အစွမ်းဖြင့်၊ ပညာပတိရူပသဘာဝတ္တာ–ပညာအား

---

ဝေးကွာခြင်းကြောင့် လီန (တွန့်ဆုတ်သော) ကောသဇ္ဇတရား မရှိအောင်ထားခြင်း, ဥဒ္ဓစ္စ၏ မရှိခြင်းကြောင့် စိတ်ကို တွန့်လည်း မတွန့် ပျံ့လည်း မပျံ့လွင့်အောင်ထားခြင်းကို "သမ္မာ **အာဓိယတိ**" ဟု ဆိုသည်၊ အာဓိယတိ၌ ဓာဓာတ်သည် ထပနအနက်ဟောတည်း ဟု သိစေလို၍ ထပေတိ ဟု ဖွင့်သည်။

**ရာဂပ္ပဏိဓိယာ**။ ။[ပ+နိ+ဓာဓာတ်, က္တိပစ္စည်း၊ နကို ဏ ပြု၊ ပဏိဒဟတိ–စိတ်ကို ရှုပါရုံ စသော ကာမဂုဏ် အာရုံတို့၌ ထားတတ်၏၊ [ ဤသို့ ထားခြင်းကို "တောင့်တခြင်း"ဟု ခေါ်သည်၊] က္တိတိ ပဏိဓိ၊ ရာဂေါဝေ+ပဏိဓိ ရာဂပ္ပဏိဓိ၊ [ရာဂပ္ပဏိဓိယာကို ပစ္စနီကဌ် စပ်၊] ဤ ရာဂပ္ပဏိဓိဟူသည် ကာမစ္ဆန္ဒနီဝရဏပင်တည်း။

လျောက်ပတ်သော သဘောရှိသည်၏ အဖြစ်ကြောင့်တည်း၊ ဝါ–ပညာနှင့် တူသော သဘောရှိသည်၏ အဖြစ်ကြောင့်တည်း။

[နိဂုံးကို ပြလို၍ ဝေ–စသည်မိန့်။] ဝေ–လျှင်၊ ဥပနိဇ္ဈာနကိစ္စဝန္တတာယ–လည်းကောင်း၊ ကာမစ္ဆန္ဒာဒီနံ–တို့၏၊ ဥဇုပဋိပက္ခဘာဝတောစ–လည်းကောင်း၊ ပဉ္စ–န်သော၊ ဣမေယေဝ–တို့ကိုသာ၊ ဈာနင်္ဂဘာဝေန–ဖြင့်၊ ဝဝတ္ထိတာ–ပိုင်းခြားသတ်မှတ်အပ်ကုန်ပြီ၊ ဣတိ–ဤသို့မှတ်အပ်၏၊ ယထာဟ–အဘယ် ကဲ့သို့ ဆိုကြကုန်သနည်း၊ ဥပနိဇ္ဈာနကိစ္စတ္တာ ၊ပေ၊ သညိတာတိ–ဥပနိဇ္ဈာန ၊ပေ၊ သညိတာဟူ၍၊ အာဟ–ရှေးဆရာတို့ ဆိုကြကုန်ပြီ၊ [ဥပနိဇ္ဈာနကိစ္စတ္တာ–ကသိုဏ်းအစရှိသော အာရုံကို စူးစူးစိုက်စိုက် ရှုခြင်းကိစ္စရှိကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ကာမာဒိပဋိပက္ခတော–ကာမစ္ဆန္ဒအစရှိသော နီဝရဏတို့၏ ဆန့်ကျင်ဘက်တို့၏ အဖြစ်ကြောင့်လည်းကောင်း၊ အညေသု–ဝိတက် စသည်တို့မှ တစ်ပါးကုန်သော ဖဿအစရှိသော သမ္ပယုတ်တရား တို့သည်၊ သန္တေသုပိ–ရှိပါကုန်သော်လည်း၊ ပဉ္စေဝ–ဝိတက်စသား စေတသိက် ငါးပါးတို့ကိုသာ၊ ဈာနသညိတာ–ဈာန်ဟူ၍ အသိအမှတ် ပြုအပ်ကုန်၏၊ ဝါ–ဈာန်ဟူ၍ အမည်မှည့်အပ်ကုန်၏။]

ပန–ဆက်ဦးအံ့၊ တွေ့–ဤဈာန်အင်္ဂါတို့တွင်၊ ဥပေက္ခာ–သည်၊ သန္တဝုတ္တိ သဘာဝတ္တာ–ငြိမ်သက်သောဖြစ်ခြင်း သဘောရှိသည်၏အဖြစ်ကြောင့်၊ သုခေဝ–သုခ၌ပင်၊ အန္တောဂဓာ–အတွင်းဝင်၏၊ ဣတိ–ဤသို့၊ ဒဋ္ဌဗ္ဗံ–၏၊ တေန–ကြောင့်၊ ဥပေက္ခာသန္တဝုတ္တိတာ ၊ပေ၊ ဘာသိတာတိ–ဟူ၍၊ အာဟ–န်ပြီ၊ [ဥပေက္ခာ–ကို၊ သန္တဝုတ္တိတ္တာ–ငြိမ်သက်သော ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့်၊ သုခမိစ္စေဝ–သုခဟူ၍သာ၊ ဘာသိတာ–ဆိုအပ်ပြီ။]

ပန–ဆက်၊ ပဟာနင်္ဂါဒိဝသေန–ပယ်အပ်သော အင်္ဂါအစရှိသည်တို့၏ အစွမ်းဖြင့်၊ အဿ–ထို ရူပါဝစရစိတ်၏၊ ဝိသေသော–အထူးသည်၊ ဥပရိ–အထက်ဖြစ်သော နဝမပရိစ္ဆေဒ၌၊ အာဝိ–ထင်ရှားစွာ၊ ဘဝိဿတိ–ဖြစ်လတ္တံ့၊

**ဥပေက္ခာ ပန**။ ။ဈာန်အင်္ဂါငါးပါး၏ နီဝရဏငါးပါးတို့နှင့် ဆန့်ကျင်ပုံကို ပြရာဝယ် ဥပေက္ခာဈာန်အင်္ဂါ မပါသေး၊ ဥပေက္ခာသည် အဘယ်၏ ဆန့်ကျင်ဘက်နည်း–ဟု မေးဖွယ်ရှိ၍ ဥပေက္ခာ ပန မိန့်၊ ဥပေက္ခာသည်သန္တသဘောရှိ၏၊ သုခလည်း သန္တသဘော ရှိ၏၊ ထို့ကြောင့်, ဥပေက္ခာသည် သုခ၌ အတွင်းဝင်၏၊ သို့ဖြစ်လျှင် ဥပေက္ခာသည် သုခကဲ့သို့ ဥဒ္ဓစ္စ ကုက္ကုစ္စနီဝရဏ၏ ဆန့်ကျင်ဘက် ဖြစ်သည်–ဟူလို။

**ပဟာနင်္ဂ ၊ပေ၊ ဘဝိဿတိ**။ ။ဤရူပါဝစရစိတ်၌ ပြနေသော ဈာန်စိတ်ငါးပါး၏ အထူးသည်၊ ("ပဉ္စဓာ ဈာနဘေဒေန ရူပါဝစရမာနသံ")နှင့်အညီ ဈာန်အင်္ဂါယှဉ်ပုံအပြား အားဖြင့် ဈာန်စိတ်လည်း ငါးပါးပြားပုံကို ပြသောကြောင့် သမ္ပယောဂအင်္ဂါ၏အစွမ်းဖြင့် ဈာန်စိတ်ငါးပါးကွဲပြားပုံ အထူးတည်း၊ နီဝရဏတို့ကို ပယ်လျှင် ပဌမဈာန်စိတ် ဖြစ်၏၊

အရူပါဝစရလောကုတ္တရေသုပိ–အရူပါဝစရစိတ်, လောကုတ္တရာစိတ်တို့၌လည်း၊ လဗ္ဘမာနကဝိသေသော–ရထိုက်သောအထူးသည်၊ တထာ–ထို့အတူ နဝမ ပရိစ္ဆေဒ၌ ထင်စွာဖြစ်လတ္တံ့၊ အထ–စောဒနာပါဦးအံ့၊ (ကိံ–နည်း၊) ဧတ္ထ–ဤ ရူပါဝစရကုသိုလ်စိတ်၌၊ ကာမာဝစရကုသလေသု ဝိယ–ကာမာဝစရ ကုသိုလ်စိတ်တို့၌ကဲ့သို့၊ သင်္ခါရဘေဒေါ–သင်္ခါရအပြားကို၊ ကသ္မာ–ကြောင့်၊ န ဂဟိတော–မယူအပ်သနည်း၊ ဟိ–အကြောင်းအာဘောဂကို ဆက်၍ပြဦးအံ့၊ ဣဒမ္ပိ–ဤရူပါဝစရကုသိုလ်စိတ်သည်လည်း၊ ဝါ–ကိုလည်း၊ [သင်္ကာ ဝတ္တုံတို့၌ စပ်၊] ကေဝလံ–မဂ္ဂါဓိဂမ မဖက် သက်သက်၊ သမထာနုယောဂဝသေန–သမထကို အဖန်ဖန် အားထုတ်ခြင်း၏ အစွမ်းဖြင့်၊ ပဋိလဒ္ဓံ–ရအပ်သည်၊ (သမာနံ–ဖြစ်လတ်သော်၊) သသင်္ခါရိကံ–သသင်္ခါရိကတည်း၊ မဂ္ဂါဓိဂမဝသေန–မဂ်ကိုရခြင်း၏ အစွမ်းဖြင့်၊ ပဋိလဒ္ဓံ–သည်၊ (သမာနံ) အသင်္ခါရိကံ–တည်း၊ ဣတိ–သို့၊ ဝတ္တုံ–ဆိုခြင်းငှာ၊ သင်္ကာ–တတ်ကောင်းသည် မဟုတ်ပါလော၊ ဣတိ–ဤသို့၊ အထစောဒေမိ–စောဒနာပါ၏၊ ဣတိ–ဤကား စောဒနာတည်း။

---

ဝိတက်ပယ်လျှင် ဒုတိယဈာန်စိတ်ဖြစ်၏၊ ဤသို့စသည်ဖြင့် ပယ်အပ်သော အင်္ဂါ၏ အစွမ်းဖြင့် ဈာန်စိတ်ငါးပါး ထူးခြားပုံလည်း ရှိသေး၏၊ ထို ထူးခြားပုံကား နဝမ ပရိစ္ဆေဒ၌“တတောပဉ္စာယ ပရိဗန္ဓဝိပ္ပဟီနာ”စသည်ဖြင့် ထင်ရှားပါလိမ့်မည်–ဟူလို၊ ပဟာနင်္ဂါဒိ၌ အာဒိဖြင့် ဒုတိယဈာန်ရအောင်အားထုတ်ပုံ တတိယဈာန်ရအောင် အားထုတ်ပုံ စသောအထူးကို ယူသင့်၏။

**တထာ ၊ပေ၊ ဝိသေသော**။ ။တထာဖြင့် ဉပရိ အာဝိ ဘဝိဿတိကို ညွှန်းသည်၊ အရူပ ဈာန်စိတ်သည် ယှဉ်ဖက်အင်္ဂါအားဖြင့် အထူးမရှိသော်လည်း ကောင်းကင်စသော အာရုံအားဖြင့်ထူး၏၊ ထိုအထူးသည်“အာကာသဝဇ္ဇိတ ကသိဏေသု ပန ယံကိဉ္စိ ကသိဏံ ဉဂ္ဃာဋေတွာ”စသည်ဖြင့် နဝမပရိစ္ဆေဒ၌ ထင်ရှားလတ္တံ့၊ လောကုတ္တရာစိတ် သည် ကိလေသာပယ်ခြင်းအားဖြင့်သာ ထူးခြား၏၊ ထို အထူးလည်း“သောတာပတ္တိမဂ္ဂ ဘာဝေတွာ”စသည်ဖြင့် နဝမပရိစ္ဆေဒ၌ ထင်ရှားပါလိမ့်မည်။

**အတ္တွေတ္ထ ၊ပေ၊ ဝတ္တုံ**။ ။အထသဒ္ဒါသည် မင်္ဂလာအနက်ရှိ၏၊ ဧတ္ထကို တန်ဆာ ဆင်ပေးသောပုဒ် ဖြစ်၍ အနက်သီးခြားပေးဖွယ် မလို–ဟု မဏိမဉ္ဇူဖွင့်၏၊ ဆရာတို့ကား နနုကဲ့သို့ စောဒနာဇောတကနိပါတ်ဟု ကြံတော်မူကြသည်၊ ဤ ရူပါဝစရကုသိုလ်၌ သင်္ခါရအပြားကို (ကာမကုသိုလ်၌ကဲ့သို့) မယူအပ်(မဆိုအပ်) သည်မှာ ဘာ့ကြောင့် ပါနည်း၊ ထိုသို့ မေးထိုက်ပုံကိုပြလို၍ “ဣဒမ္ပိဟိ”စသည် မိန့်၊ ကမ္မဋ္ဌာန်းအားထုတ်မှု ပယောဂရှိမှ ရအပ်သော ဈာန်စိတ်သည် သသင်္ခါရိကစိတ်, အထူး အားမထုတ်ရဘဲ မဂ်ရသည်နှင့် တစ်ပြိုင်နက် ရအပ်သောဈာန်စိတ်သည် အသင်္ခါရိကစိတ် ဟုဆိုထိုက်သည် မဟုတ်လောဟု စောဒနာသည်၊ [ဧတ္ထမှ စ၍ န ဂဟိတော တိုင်အောင် စောဒနာဝါကျ၊ ဣဒမ္ပိ ဟိ–စသည်ကား စောဒနာခြင်း၏ အကြောင်းပြသော စောဒကာဘောဂဝါကျ။]

ဣဒံ–ဤသင်္ခါရအပြားကို မယူခြင်းကို၊ ဧဝံ–ဤ သင်စောဒက ပြအပ်သည့် အတိုင်း၊ န (ဒဋ္ဌဗ္ဗံ)–မမှတ်ထိုက်၊ (ကသ္မာ) မဂ္ဂါမိဂမဝသေန–မဂ်ကို ရခြင်း၏ အစွမ်းဖြင့်၊ သတ္တိတော–နောင်အခါဝယ် ဝင်စားနိုင်ကြောင်းသတ္တိအားဖြင့်၊ ပဋိလဒ္ဓဿပိ–ရအပ်သောဈာန်၏လည်း၊ အပရဘာဂေ–နောက်အဖို့၌၊ ပရိကမ္မဝသေနေဝ–ပရိကံ၏အစွမ်းဖြင့်သာလျှင်၊ ဉပ္ပဇ္ဇနတော–ဖြစ်ခြင်းကြောင့်တည်း၊ [စောဒက၏ အကြောင်းပြကို ပယ်ပြီး၍ မိမိအလိုကို ပြလိုသောကြောင့် တသ္မာ စသည် မိန့်၊] သဗ္ဗဿပိ–အလုံးစုံလည်းဖြစ်သော၊ ဈာနဿ–၏၊ ပရိကမ္မသင်္ခါတပုဗ္ဗာဘိသင်္ခါရေန–ပရိကံဟု ဆိုအပ်သော ပုဗ္ဗာဘိသင်္ခါရနှင့်၊ ဝိနာ–၍၊ ကေဝလံ–ပုဗ္ဗာဘိသင်္ခါရမဖက် သက်သက်၊ အဓိကာရဝသေန–အလွန်အကဲ ပြုအပ်သော ရှေးကောင်းမှု၏ အစွမ်းဖြင့်၊ တသ္မာအနုပ္ပဇ္ဇနတော–ထိုသို့ မဖြစ်နိုင်ခြင်းကြောင့်၊ အသင်္ခါရိကန္တိပိ–အသင်္ခါရိကဟူ၍လည်း၊ (ဝတ္တုံ–ငှာ၊န သက္ကာ–မတတ်ကောင်း၊) အဓိကာရေန–နှင့်၊ ဝိနာစ–လည်း၊ ကေဝလံ–အဓိကာရ မဖက် သက်သက်၊ ပရိကမ္မာဘိသင်္ခါရေနေဝ–ပရိကံဟုဆိုအပ်သော ပုဗ္ဗာဘိ သင်္ခါရကြောင့်သာလျှင်၊ တသ္မာ အနုပ္ပဇ္ဇနတော–ကြောင့်၊ သသင်္ခါရိကန္တိပိ–လည်း၊ ဝတ္တုံ န သက္ကာ၊ ဣတိ–ဤကား အဖြေတည်း။

---

**နယိဒမေဝံ**။ ။ဤအသင်္ခါရိက–သသင်္ခါရိကဟု မဆိုခြင်းကို (သင်စောဒက ပြောပြအပ်သော"သမထာနုယောဂဝသေန ပဋိလဒ္ဓံ"စသော) အကြောင်းအားဖြင့် မမှတ်ထိုက်၊ ဘာ့ကြောင့်နည်း၊ "မဂ်ကိုရခြင်း၏ အစွမ်းဖြင့်(မဂ်ရသည်နှင့်တပြိုင်နက်) ရအပ်သောဈာန်" ဟူသည် ထိုမဂ်အခိုက်၌ တကယ်ဖြစ်သေးသည်မဟုတ်, နောင်အခါ ဝင်စားလိုလျှင် ဝင်စားနိုင်ဖို့ရန် သတ္တိအားဖြင့်သာ ရသေးသည်၊ တကယ်ဖြစ်စေလို သောအခါ ပထဝီပထဝီစသည်ဖြင့် စီးဖြန်းမှုပရိကံ ပြုလိုက်ရသေး၏၊ ထိုသို့ ပရိကံ ဟူသော ပုဗ္ဗာဘိသင်္ခါရရှိမှ ဈာန်စိတ် ဉပါဒ်နိုင်သောကြောင့် သင်စောဒကဆိုသည့် အတိုင်း မမှတ်သားထိုက်–ဟူလို။

**တသ္မာ ၊ပေ၊ အသင်္ခါရိကန္တိ ပိ**။ ။တသ္မာနောက်၌ ရှိသော ဟိတ်များကို တသ္မာနှင့် တွဲ၍ပေး၊ [မဏိမဉ္ဇူသာ၌ကား ရှေ့ကဟိတ်ကို ပြန်၍စပ်၏၊] တသ္မာ၊ပေ၊ အသင်္ခါရိကန္တိ ပိ– ဈာန်ဟူသမျှ ပထဝီပထဝီစသည်ဖြင့် စီးဖြန်းမှုပရိကံကို ခေတ္တဖြစ်ဖြစ် ပြုလိုက်ရသေး၏၊ အလွန်လျင်စွာ ဝင်စားနိုင်သူများသော်မှ "ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု"ဟူသော ပရိကံများပြုရသေး၏၊ ထိုပုဗ္ဗာဘိသင်္ခါရမပါဘဲ အဓိကာရ သက်သက်ဖြင့် ဈာန်မဖြစ် နိုင်သောကြောင့် အသင်္ခါရိကဈာန်စိတ်–ဟု လည်း မဆိုသင့်။

**အဓိကာရေန ၊ပေ၊ သသင်္ခါရိကန္တိ ပိ**။ ။[ရှေးဘဝက ဈာန်ရဖို့ရန် လွန်လွန်ကဲကဲ အားထုတ်ခဲ့ခြင်းကို"အဓိ+ကာရ"ဟု ခေါ်၏၊] ထိုအဓိကာရမပါဘဲ ပုဗ္ဗာဘိသင်္ခါရ သက်သက်လည်း ဈာန်ကို မဖြစ်စေနိုင်သောကြောင့် သသင်္ခါရိကဈာန်စိတ် ဟုလည်း မဆိုသင့်၊ [ဤစကားဖြင့် နှစ်ပါးလုံး မဆိုသင့်ကြောင်းကို ပြ၏။]

အထ ဝါ–ကား၊ ပဋ္ဌာဘိသင်္ခါရဝသေနေဝ–ပဋ္ဌာဘိသင်္ခါရ၏အစွမ်းဖြင့် သာလျှင်၊ ဥပ္ပဇ္ဇမာနဿ–ဖြစ်ရသော ဈာန်စိတ်၏၊ ကဒါစိ–တစ်ရံတစ်ခါ၌၊ ဝါ–တစ်ခါတလေမျှ၊ အသင်္ခါရိကဘာဝေါ–အသင်္ခါရိက၏ အဖြစ်သည်၊ န သမ္ဘဝတိ–မဖြစ်သင့်၊ [သမ္ဘဝ မရှိ ဟူလို၊] ဣတိ–ကြောင့်၊ (ထိုသို့ သမ္ဘဝ မရှိသည်၏အဖြစ်ကြောင့်၊) အသင်္ခါရိကန္တိ စ–ဟူ၍လည်း၊ န ဝုတ္တံ–ဟောတော် မမူအပ်၊ ဗျဘိစာရာဘာဝတော–ဗျဘိစာရ၏ မရှိခြင်းကြောင့်၊ ဝါ–သသင်္ခါရိက အဖြစ်၏ အနေကန်မဟုတ် ဧကန်၏အဖြစ်ကြောင့်၊ သသင်္ခါရိကန္တိ စ– ဟူ၍လည်း၊ န ဝုတ္တံ–အပ်၊ ဣတိ–ဤကား အဖြေတည်း။

စ–ဆက်၊ ထွေ–ဤကွမာနိ ပဋ္ဌပိဟူသောပါဠ်၌၊ ပိသဒ္ဒေန–ပိသဒ္ဒါဖြင့်၊ [သင်္ဂဟာတိ–၌ စပ်၊] စတုက္ကပဉ္စကနယဝသေန–စတုက္ကနည်း ပဉ္စကနည်း၏ အစွမ်းဖြင့်၊ သုဒ္ဓိကနဝကော–သုဒ္ဓိကနဝကနည်းလည်းကောင်း၊ (ပဋိပဒါ အာရုံ မဖက် သက်သက်သော ဈာန်ကိုးပါးအပေါင်းလည်းကောင်း၊) တဋ္ဌ–ထို သုဒ္ဓိက နဝကကိုလည်း၊ ဒုက္ခပ္ပဋိပဒါဒန္ဓာဘိညာ၊ပေ၊ဝသေန–ဒုက္ခပ္ပဋိပဒါ ဒန္ဓာဘိညာ, ဒုက္ခပ္ပဋိပဒါခိပ္ပာဘိညာ, သုခပ္ပဋိပဒါဒန္ဓာဘိညာ, သုခပ္ပဋိပဒါ ခိပ္ပာဘိညာတို့၏ အစွမ်းဖြင့်၊ ပဋိပဒါစတုက္ကေန–ပဋိပဒါလေးပါးအပေါင်းနှင့်၊ ယောဇေတွာ– ယှဉ်စေ၍၊ ဒေသိတတ္တာ–ဟောတော်မူအပ်သည်၏အဖြစ်ကြောင့်၊ စတ္တာရော– န်သော၊ နဝကာ–နဝကတို့လည်းကောင်း၊ ပရိတ္တံ ပရိတ္တာရမဏံ၊ပေ၊အပ္ပမာဏာ ရမဏန္တိ–ပရိတ္တံ ပရိတ္တာရမဏံ ၊ပေ၊ အပ္ပမာဏာရမဏံဟူ၍၊ အာရမဏ စတုက္ကေန–အာရုံလေးပါးအပေါင်းနှင့်၊ ယောဇိတတ္တာ–ယှဉ်စေအပ်သည်၏ အဖြစ်ကြောင့်၊ ဝါ–ယှဉ်စပ်၍ ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်၊ စတ္တာရော–န်သော၊ နဝကာ–နဝကတို့လည်းကောင်း၊ ဒုက္ခပ္ပဋိပဒံ ဒန္ဓာဘိညံ ပရိတ္တံ ပရိတ္တာရမဏံ ဒုက္ခပ္ပဋိပဒံ ဒန္ဓာဘိညံ ပရိတ္တံ အပ္ပမာဏာရမဏန္တျာဒိနာ– အစရှိသော၊ အာရမဏပ္ပဋိပဒါမိဿကနယဝသေန–အာရမဏပဋိပဒါတို့ကို

**အထဝါ**။ ။ပဋ္ဌာဘိသင်္ခါရပါရှိမှ ဈာန်စိတ်ဖြစ်ရသောကြောင့် အသင်္ခါရိကအမည် တစ်ရံတစ်ခါမျှ မပါဝင်နိုင်၊ ထို့ကြောင့် အသင်္ခါရိကဟု မဆိုတော့၊ သသင်္ခါရိက လေလားဟု ယုံမှားစရာ မရှိ၊ (သသင်္ခါရိကဖြစ်ကြောင်း ထင်ရှားပြီ၊) ဖြစ်သောကြောင့် သသင်္ခါရိကဟုလည်း ဘုရားရှင် ဟောတော်မမူအပ်၊ စင်စစ်ကား သသင်္ခါရိကပင် ဖြစ်သည်–ဟူလို၊ [ရှေ့နောက်ဝါဒ နှစ်မျိုးကို ဘာသာဋီကာ၌ စိစစ်ထားပြီ၊]

**စတုက္က ၊ပေ၊ နဝကော**။ ။ဓမ္မသင်္ဂဏီပါဠိတော်၌ စတုက္ကနည်းအားဖြင့် ဈာန်လေး ပါး, ပဉ္စကနည်းအားဖြင့် ဈာန်ငါးပါးကို ဟောတော်မူ၏၊ ထို ကိုးပါးကို (ပဋိပဒါအာရုံ တို့နှင့် မရောယှက်ဘဲ ဟောတော်မူအပ်သောကြောင့်) "သုဒ္ဓိကနဝက"ဟု ခေါ်၏၊ သုဒ္ဓေါယေဝ သုဒ္ဓိကော၊ နဝန္နံ+သမူဟော၊ နဝကော၊ သုဒ္ဓိကောစ+သော+နဝကော စာတိ သုဒ္ဓိကနဝကော၊ [နယောကို ငဲ့၍ "နဝကော"ဟု ထားဟန်တူသည်။]

ရောနှောခြင်းနည်း၏အစွမ်းဖြင့်၊ သောဠသ–န်သော၊ နဝကာ–တို့လည်းကောင်း၊ ဣတိ–သို့၊ ပဥ္စဝီသတိ–သော၊ နဝကာ–တို့သည်၊ (ဟောန္တိ၊) ဣတိ ဧဝမာဒိ ဘေဒံ–ဤသို့အစရှိသော အပြားရှိသော ဈာန်စိတ်ကို၊ သင်္ဂဏှာတိ–သိမ်းယူ၏။

၂၂။ [ရူပါဝစရကုသိုလ်ကို ဖွင့်ပြပြီး၍ ရူပါဝစရဝိပါက်ကို ဖွင့်ပြလိုသော ကြောင့်၊ "ဈာနဝိသေသေန"စသည်မိန့်။] ဈာနဝိသေသေန–ဈာန်တည်းဟူသော ကုသိုလ်ကံ အထူးသည်၊ နိဗ္ဗတ္တိတဝိပါကော–ဖြစ်စေအပ်သောအကျိုးသည်၊ ကေန္တ တော–စင်စစ်အားဖြင့်၊ တံတံဈာနသဒိသော–ထိုထို ကုသိုလ်ဈာန်နှင့်တူသည်သာ၊ ဣတိ–ကြောင့်၊ ဝိပါကံ–ဝိပါက်စိတ်ကို၊ ဈာနသဒိသမေဝ–ကုသိုလ်ဈာန်နှင့် တူစွာသာလျှင်၊ ဝိဘတ္တံ–ပြီ၊ ဟိ–မှန်၊ ဣမမေဝ အတ္ထံ–ဤအနက် အဓိပ္ပာယ်ကိုပင်၊ ["ကုသိုလ်နှင့် ဝိပါက်တို့ တစ်ထပ်ထည်းတူ၏" ဟူသော ဤ အနက်အဓိပ္ပာယ်ကိုပင်၊] ဒီပေတုံ–ပြတော်မူခြင်းငှာ၊ ဘဂဝတာ–သည်၊ ဝိပါက နိဒ္ဒေသေပိ–ဝိပါကနိဒ္ဒေသ၌လည်း၊ ကုသလံ–ကို၊ ဥဒ္ဒိသိတွာဝ–ပြပြီး၍သာ လျှင်၊ တဒနန္တ ရံ–ထိုကုသိုလ်၏အခြားမဲ့၌၊ မဟဂ္ဂတလောကုတ္တရဝိပါကာ– မဟဂ္ဂုတ်လောကုတ္တရာဝိပါက်တို့ကို၊ ဝိဘတ္တာ–ဝေဖန်တော်မူအပ်ကုန်ပြီ။

၂၃။ ရူပါဝစရမာနသံ–ရူပါဝစရစိတ်သည်၊ ဈာနဘေဒေန–ဈာန်တို့၏ အပြားအားဖြင့်၊ ပဉ္စဟိ–ငါးပါးကုန်သော၊ ဈာနင်္ဂေဟိ–ဈာန်အင်္ဂါတို့နှင့်လည်း ကောင်း၊ စတူဟိ ဈာနင်္ဂေဟိ, တီဟိ ဈာနင်္ဂေဟိ, ဒွိဟိ ဈာနင်္ဂေဟိ, ပုန–တစ်ဖန်၊

**တံစ ၊ပေ၊ သင်္ဂဏှာတိ**။ ။ထိုကိုးပါးကို ပဋိပဒါလေးပါးဖြင့် မြှောက်၍ နဝက လေးလီဖြစ်၏၊ထိုကိုးပါးကိုပင် ပရိတ္တံ ပရိတ္တာရမဏံစသော အာရုံလေးပါးဖြင့် မြှောက် ၍ နည်းတူဖြစ်၏၊ ထိုကိုးပါး၌ ပဋိပဒါလေးပါး အာရုံလေးပါးကိုရော၍ မြှောက် လျှင် နဝကဆဲ့ခြောက် ဖြစ်၏၊ ထိုအားလုံးပေါင်းလျှင် နဝကနှစ်ဆဲ့ငါးပါးဖြစ်၏၊ ထိုအားလုံးကို ပဥ္စပိဠ်၌ ပိသဒ္ဒါဖြင့်ပေါင်း၍ ဆည်း၍ ယူသည်၊ ဤနည်းများသည် ဓမ္မသင်္ဂဏီ၌တိုက်ရိုက်လာ၏၊အဓိပ္ပာယ်ကိုလည်း ထိုပါဠိတော်အဋ္ဌကထာများမှာ ရှုပါ။

**ဈာန ၊ပေ၊ ဝိဘတ္တာ**။ ။ကာမာဝစရဝိပါက်များသည် ကုသိုလ်နှင့်တူသည်လည်း ရှိ၏၊ ထိုကုသိုလ်က တိဟိတ်ဖြစ်သော်လည်း ဝိပါက်က ဒွိဟိတ် အဟိတ်ဖြစ်၍ မတူသည်လည်း ရှိ၏၊ ရူပဝိပါက်များကား ထိုသို့မဟုတ်, ကုသိုလ်နှင့် တစ်ထပ်ထည်း တူကြသည်၊ ထိုသို့ တစ်ထပ်ထည်းတူကြောင်းကို သိစေတော်မူလိုသောကြောင့်ပင် ဓမ္မသင်္ဂဏီပါဠိတော်ဝယ် ရူပဝိပါက်ကို ဟောတော်မူရာ၌ ရှေးဦးစွာ ရူပကုသိုလ်ကို ဟောတော်မူပြီးမှ ဝိပါက်ကို (ပဌမဈာန်ချင်း, ဒုတိယဈာန်ချင်းစသည်ဖြင့်) ဆက်၍ ဟောတော်မူသည်၊ အရူပ–လောကုတ္တရာဝိပါက်တို့၌လည်း ဤအတိုင်းပင်တည်း၊ [ပါဠိတော်ကြည့်ပါ။]

**ဈာနဘေဒေန**။ ။ဤဈာနဘေဒေနကို"ပဉ္စဟိ ၊ပေ၊ သမ္ပယောဂဘေဒေန"ဟု ဖွင့်သည်၊ ပဉ္စဟိဖြင့် ဝိတက်စသော ဈာန်အင်္ဂါငါးပါးကို ပြ၏၊ ၊ပေ၊ ပုနဒွိဟိဖြင့် သုခဧကဂ္ဂတာ နှစ်ပါး၏ နောက်ထပ်ဖြစ်သော ဥပေက္ခာ ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးကို ပြ၏၊ ထိုသို့ ဈာန်အင်္ဂါယှဉ်ပုံ၏ငါးမျိုး (ငါးနည်း) ပြားခြင်းကို ဈာနဘေဒခေါ်သည်–ဟူလို။

ဒွိဟိ,ဈာနင်္ဂေဟိ–ဈာန်အင်္ဂါတို့နှင့်လည်းကောင်း၊ သမ္ပယောဂဘေဒေန–ယှဉ်ခြင်း၏ အပြားအားဖြင့်၊ ပဉ္စဓာ–ငါးပါးပြားသည်၊ ပဉ္စင်္ဂိကံ–ငါးပါးသော အင်္ဂါရှိသော ဈာန်စိတ်လည်းကောင်း၊ စတုရင်္ဂိကံ–လည်းကောင်း၊ တိဝင်္ဂိကံ–လည်းကောင်း၊ ဒုဝင်္ဂိကံ–လည်းကောင်း၊ ပုန–တစ်ဖန်၊ ဒုဝင်္ဂိကံ–လည်းကောင်း ဣတိ–သို့၊ အဝိသေသေန–အထူးမမ သာမညအားဖြင့်၊ [ကုသိုလ်, ဝိပါက် ကြိယာဟု အထူးမမဘဲ ဈာန်စိတ်သာမညအားဖြင့်၊] ပဉ္စဝိဓံ–ငါးပါးအပြာ ရှိသည်၊ ဟောတိ၊ ပုန–တစ်ဖန်၊ တံ–ထို ငါးပါးပြားပြီးသောစိတ်သည် ပုညပါကကြိယာနံ–ကုသိုလ်ဝိပါက်ကြိယာတို့၏၊ ပစ္စေကံ–အသီးအသီး၊ ပဉ္စန္နံ–ငါးပါးတို့၏၊ ဘေဒါ–ပြားခြင်းကြောင့်၊ ပဉ္စဒသဓာ–တစ်ဆဲ့ငါးပါးပြားသည် ဘဝေ–၏၊ ဣတိ အတ္ထော–ဤကားအနက်၊ ရူပါဝစရဝဏ္ဏနာ–သည် နိဋ္ဌိတာ–ပြီးပြီ။

၂၆။ ဣဒါနိ–ရူပါဝစရစိတ်ကို ဖွင့်ပြပြီးရာ ယခုအခါ၌၊ အရူပါဝစရံ–ကို၊ အာရမ္မဏဘေဒေန–အာရုံတို့၏ အပြားအားဖြင့်၊ စတုဓာ–အားဖြင့် ဝိဘဇိတွာ–ဝေဖန်၍၊ ဒဿေန္တော–ပြတော်မူလိုသည်၊(ဟုတ္တွာ) အာဟ–မိန့်တော် မူသည်ကား၊ အာကာသာနဉ္စာယတနာဒိအာဒိ–အာကာသာနဉ္စာယတန အစရှိ သည်တည်း၊ [(တစ်နည်း) ဒဿေန္တော ဟုတွာ အာကာသာနဉ္စာယတနာတိ အာဒိ–သော၊ ယံ ဝစနံ အတ္ထိ၊ တံ ဝစနံ–ကို၊ အာဟ–၏၊] တတ္ထ–ထို အာကာသာနဉ္စာယတန အစရှိသောစကားရပ်၌၊(ဝစနတ္ထော ဓဝံ ဝေဒိတဗ္ဗော၊) ဥပ္ပာဒါဒိအန္တ ရဟိတတာယ–ဥပါဒ်အစရှိသောအပိုင်းအခြားမှ ကင်းသည်၏ အဖြစ်ကြောင့်၊ အဿ–ထိုကောင်းကင်ပညတ်၏၊ အန္တော–ဥပါဒ် ဘင်ဟူသော အပိုင်းအခြားသည်၊ န–မရှိ၊ ဣတိ–ကြောင့်၊ တံ–ထိုကောင်းကင်ပညတ်သည် အနန္တံ–အနန္တမည်၏။[အန္တကို ဥပ္ပာဒါဒိအန္တ, အကို ရဟိတဟု ဖွင့်၏ ဥပ္ပာဒါဒိ၌ အာဒိဖြင့်ဘင်ကိုယူ၊ အန္တသဒ္ဒါသည် သီမာ(အပိုင်းအခြား) အနက် ဟော၊] အာကာသဥ္စ–ကောင်းကင်ပညတ်လည်း ဟုတ်၏၊ တံ–ထိုကောင်းကင်

---

"ဈာနင် သမ္ပယောဂဘေဒေန"ဟု ဆိုလိုလျက် အင်္ဂသမ္ပယောဂပုဒ်တို့ ကျေသည်–ဟု ဋီကာအလို ကြံပါ၊ [ဤအကြံသည် ဈာနင်္ဂယောဂဘေဒေန, ကတွေကေကံတု ပဉ္စဓာ" ဟူသော လာလတ္တံ့ အသွားနှင့် သဘောတူ၏၊ ဤသို့ဋီကာဖွင့်သလို အကျေ မကြံဘဲ လည်း "ဈာနဘေဒေန–အင်္ဂါငါးပါးရှိသောဈာန်က တစ်မျိုး၊ပေ၊အင်္ဂါနှစ်ပါး ရှိသောဈာန်က တစ်မျိုး, ဤသို့ ဈာန်ငါးမျိုးပြားခြင်းကြောင့်"ဟုလည်း အဓိပ္ပာယ်ရနိုင်သည်သာ။]

**ပဉ္စဓာ**။ ။ဤပဉ္စဓာကို "ပဉ္စင်္ဂိကံ၊ပေ၊ပဉ္စဝိဓံ ဟောတိ"ဟု ဖွင့်၏၊ ရူပါဝစရစိတ် သည် (ကုသိုလ်, ဝိပါက်, ကြိယာဟု မခွဲခြားသေးဘဲ) ဈာန်အင်္ဂါအားဖြင့် ငါးပါး ရှိသော ဈာန်စိတ်ကတစ်မျိုး ၊ပေ၊ တစ်ဖန်နှစ်ပါးရှိသော ဈာန်စိတ်ကတစ်မျိုး, ဤသို့ အားဖြင့် ငါးမျိုးပြားသည်–ဟူလို။

ပညတ်ဟူသည်၊ အနန္တဥ္စ–ဥပါဒ် ဘင်အားဖြင့် အပိုင်းအခြားမရှိ သည်လည်း ဟုတ်၏၊ ဣတိ–ကြောင့်၊ အာကာသာနန္တံ–န္တ မည်၏၊ ကသိဏုဂ္ဃါဋိမာကာသော (ကသိဏ+ဥဂ္ဃါဋိမ+ဣမ+အာကာသော) ကသိုဏ်းကိုးပါးတို့တွင် တစ်ပါးပါးကို ခွာခြင်းကြောင့် ရအပ်သော ကောင်းကင်ပညတ်တည်း။

စ–ဆက်၊ အနန္တာကာသန္တိ–အနန္တာကာသံဟူ၍၊ ဝတ္တဗ္ဗေ–ဆိုထိုက်လျက်၊ အဂျာဟိတောတျာဒီသုဝိယ–အဂျာဟိတော အစရှိသောပုဒ်တို့၌ကဲ့သို့၊ ဝိသေသနဿ–အနန္တ ဟူသော ဝိသေသန၏၊ ပရနိပါတဝသေန–နောက်၌ ကျခြင်း၏ အစွမ်းဖြင့်၊ အာကာသာနန္တန္တိ–ဟူ၍၊ ဝုတ္တံ–ဟောတော်မူအပ်ပြီ၊ ["အာဟိတ+အဂ္ဂိ–ငြိထွန်းအပ်သောမီး"ဟု ဆိုလိုလျက် အာဟိတဟူသော ဝိသေသနပုဒ်ကို နောက်ချ၍ အဂျာဟိတောဟု ဖြစ်ရသကဲ့သို့–ဟူလို၊] အာကာသာနန္တမေဝ–ဥပါဒ်ဘင်အားဖြင့် အပိုင်းအခြားမရှိသော ကောင်းကင် ပညတ်သည်ပင်၊ သကတ္တေ–သကတ်အနက်၌၊ ဘာဝပစ္စယဝသေန–ဘာဝ ပစ္စည်း၏အစွမ်းဖြင့်၊ ဝါ–ဘာဝအနက်ကိုဟောသော ဏျပစ္စည်း၏အစွမ်းဖြင့်၊ အာကာသာနဉ္စံ–အာကာသာနဉ္စ မည်၏၊ အာကာသာနဉ္စမေဝ–အာကာသာနဉ္စ သည်ပင်၊ ဒေဝါနံ–နတ်တို့၏၊ အဓိဋ္ဌာနံ–တည်ရာ နတ်ကွန်းသည်၊ ဒေဝါယတနံ–ဒေဝါယတန မည်သည်၊ ဟောတိ ဝိယ–သို့၊ (တထာ–တူ၊) သသမ္ပယုတ္တဓမ္မဿ–ယှဉ်ဖက်တရားနှင့် တကွဖြစ်သော၊ ဈာနဿ–ဝိတက် အစရှိသော ဈာန်၏၊ အဓိဋ္ဌာနဋ္ဌေန–တည်ရာ၏အဖြစ်ကြောင့်၊ အာယတနံ–တည်ရာလည်း ဟုတ်၏၊ ဣတိ–ကြောင့်၊ အာကာသာနဉ္စာယတနံ–မည်၏၊ ["အာကာသာနဉ္စမေဝ+အာယတနံ အာကာသာနဉ္စာယတနံ"ဟု အဝဓာရဏ ကမ္မဓာရဲ ပြုလိုရင်းတည်း။]

တသ္မိံ–ထိုအာကာသာနဉ္စာယတနအာရုံ၌၊ ဝါ–ဥပါဒ်ဘင်အားဖြင့် အပိုင်းအခြားမရှိသော ကောင်းကင်ပညတ်တည်းဟူသော တည်ရာအာရုံ၌၊ အပ္ပနာပ္ပတ္တံ–အပ္ပနာသို့ ရောက်သော၊ ပဉ္စမာရုပ္ပဈာနမ္ပိ–ပဉ္စမအာရုပ္ပဈာန်ကိုလည်း၊ ဣဓ–ဤအရူပစိတ်အရာ၌၊ အာကာသာနဉ္စာယတနန္တိ–ဟူ၍၊ ဝုတ္တံ–ဟော တော်မူအပ်ပြီ၊ ပထဝီကသိဏာရမဏံ–ပထဝီကသိုဏ်းလျှင် အာရုံရှိသော၊ ဈာနံ–ကို၊ ပထဝီကသိဏန္တိ–ပထဝီကသိဏဟူ၍၊ ဝုတ္တံယထာ–ဟောတော်မူ အပ်သကဲ့သို့တည်း၊ [ဤအဖွင့်ဖြင့် အကြောင်းအာရုံ၏ အာကာသာနဉ္စာယတန အမည်ကို အကျိုးဈာန်ပေါ်၌ တင်စားသော ကာရဏူပစာရတည်းဟု ပြသည်။]

အထဝါ–ကား၊ အဿ–ထိုသဘောတရား၏၊ အာကာသာနဉ္စံ–ဥပါဒ်ဘင် အားဖြင့် အပိုင်းအခြားမရှိသော ကောင်းကင်ပညတ် ဟူသော၊ အာယတနံ–တည်ရာအာရုံသည်၊ အတ္ထိ–ရှိ၏၊ ဣတိ–ကြောင့်၊ (တံ–ထို သဘောတရား သည်၊) အာကာသာနဉ္စာယတနံ–မည်၏၊ ဈာနံ–ဈာန်တည်း၊ [ဤနည်းဝယ်

အာကာသာနဉ္စာယတနအရ ဈာန်ကို ရရာ၌ ဥပစာမဟုတ်, မုချဖြစ်သည်။] တေန–ထိုအာကာသာနဉ္စာယတနဈာန်နှင့်၊ သမ္ပယုတ္တံ–အညီအမျှ ကေုပ္ပါဒတာ အစရှိသော အပြားတို့ဖြင့်ယှဉ်သော၊ ကုသလစိတ္တံ–တည်း၊ အာကာသာနဉ္စာယတနကုသလစိတ္တံ–စိတ်၊ [အာကာသာနဉ္စာယတနကုသလစိတ္တံ–ဥပါဒ် ဘင်အားဖြင့် အပိုင်းအခြား မရှိသော ကောင်းကင်ပညတ်တည်းဟူသော တည်ရာအာရုံ၌ အပ္ပနာသို့ ရောက်သော ပဉ္စမာရုပ္ပဈာန်နှင့် ယှဉ်သော ကုသိုလ်စိတ်၊ (တစ်နည်း) ဥပါဒ် ဘင်အားဖြင့် အပိုင်းအခြားမရှိသော ကောင်းကင်ပညတ် ဟူသော တည်ရာအာရုံရှိသော ပဉ္စမာရုပ္ပဈာန်နှင့်ယှဉ်သော ကုသိုလ်စိတ်၊ ဤသို့ အနက်ကျယ် ပေးပါ။]

ဝိညာဏမေဝ–ဝိညာဏ်သည်ပင်၊ အနန္တံ–အနန္တ တည်း၊ ဝိညာဏာနန္တံ–ဝိညာဏ်သည်ပင်အနန္တ ၊ ဝါ–အနန္တ မည်သောဝိညာဏ်၊ ပဉ္စမာရုပ္ပဝိညာဏံ–ပဉ္စမာရုပ္ပဝိညာဏ်တည်း၊ ဟိ–မှန်၏၊ တံ–ထို ပဉ္စမာရုပ္ပဝိညာဏ်ကို၊ (ဝုစ္စတိ–၌စပ်၊) ဝါ–သည်၊ (သမာန်ပိ၌ စပ်၊) ဥပ္ပာဒါဒိအန္တ ဝန္တံ–ဥပါဒ်အစရှိသော အပိုင်းအခြားရှိသည်၊ (သမာန်)ပိ–ဖြစ်ပါသော်လည်း၊ အနန္တာကာသေ–ဥပါဒ် ဘင်အားဖြင့် အပိုင်းအခြားမရှိသော ကောင်းကင်ပညတ်၌၊ ပဝတ္တနတော– အာရုံပြုသောအားဖြင့် ဖြစ်ခြင်းကြောင့်လည်းကောင်း၊ အတ္တာနံ–မိမိကိုယ်ကို၊ အာရဗ္ဘ–အာရုံပြု၍၊ ပဝတ္တာယ–ဖြစ်သော၊ ဘာဝနာယ–ဒုတိယာရုပ္ပဘာဝနာ၏၊ ဝါ–ကို၊ ဥပ္ပာဒါဒိအန္တံ–ဥပါဒ်အစရှိသော အပိုင်းအခြားကို၊ အဂ္ဂဟေတွာ– မယူမူ၍၊ အနန္တ တော–အနန္တ အားဖြင့်၊ ဖရဏဝသေန–ဖြန့်ခြင်း၏ အစွမ်း ဖြင့်၊ ဝါ–စီးဖြန်းခြင်း၏ အစွမ်းဖြင့်၊ ပဝတ္တနတောစ–လည်းကောင်း၊ အနန္တံ– အနန္တ ဟူ၍၊ ဝုစ္စတိ–ဆိုအပ်၏၊ ဝိညာဏာနန္တ မေဝ–အနန္တ မည်သော ပဉ္စမာရုပ္ပ ဝိညာဉ်သည်ပင်၊ အာကာရဿ–အာအက္ခရာ၏၊ ရဿတ္တံ–ရဿအဖြစ်ကို လည်းကောင်း၊ န ကာရဿ–၏၊ လောပဉ္စ–ကျေခြင်းကိုလည်းကောင်း၊ ကတွာ– ၍၊ ဝိညာဏဉ္စံ–ဝိညာဏဉ္စ မည်၏၊ [ဤ၌လည်း သကတ်အနက်၌ ဏျ ပစ္စည်းသက်၍ ရှေးနည်းအတိုင်း စီရင်ရှီးမည်၊] ဝါ–တစ်နည်း၊ ဒုတိယာရုပ္ပ ဝိညာဏေန–ဒုတိယာရုပ္ပဝိညာဉ်သည်၊ အဉ္စိတဗ္ဗံ ပါပုဏိတဗ္ဗံ–အာရုံပြုသော အားဖြင့် ရောက်ထိုက်၏၊ [ပါပုဏိတဗ္ဗံဖြင့် အဉ္စဓာတ်၏ ဂတိအနက်ကို ပြသည်၊] ဣတိ–ကြောင့်၊ ဝိညာဏဉ္စံ–ဝိညာဏဉ္စ မည်၏၊ [ဤ နည်းကို

---

**အရူပအဖွင့်**။ ။အာကာသာနဉ္စာယတန ကုသလစိတ္တံ–စသောပုဒ်တို့၏ သဒ္ဒါနည်း အရ ပုဒ်ခြင်း တွဲစပ်ပုံကို ဋီကာဖွင့် အစဉ်လိုက်၍ ဘာသာဋီကာ၌ ပြထားပြီ၊ "အာရမဏာနံ အတိက္ကမိတဗ္ဗာနံ" စသည်၌ အောက်အာရုံလွန်ပုံမှာ နဝမပရိစ္ဆေဒ၌ အရူပဈာန်တက်ခန်း ဘာသာဋီကာကို ကြည့်မှ သာ၍ နားလည်ပါလိမ့်မည်။

ဘာသာဋီကာ၌ မရေး၊] တဒေဝ–ထို ဝိညာဏဥ္စသည်ပင်၊ ဒုတိယာရုပ္ပဿ–ဒုတိယာရုပ္ပဈာန်၏၊ အဓိဋ္ဌာနတ္တာ–တည်ရာ၏ အဖြစ်ကြောင့်၊ အာယတနံ–အာယတနမည်၏၊ ဣတိ–ကြောင့်၊ ဝိညာဏဥ္စာယတနံ–န မည်၏၊ သေသံ–ကြွင်းသောအစီအရင်သည်၊ ပုရိမသမံ–ရှေ့နည်းနှင့် တူ၏၊ [ပုရိမသမံ–ဖြင့် "ဝိညာဏဥ္စာယတနေ အပ္ပနာပတ္တံ ဒုတိယာရုပ္ပဈာနမ္ပိ ဣဓ ဝိညာဏဥ္စာယတနန္တိ ဝုတ္တံ၊ အထဝါ ဝိညာဏဥ္စ+အာယတနံ အဿာတိ ဝိညာဏဥ္စာယတနံ၊ ဈာနံ၊ တေန သမ္ပယုတ္တံ ကုသလစိတ္တံ ဝိညာဏဥ္စာယတနကုသလစိတ္တံ"တို့ကို ညွှန်းသည်။]

အဿပဌမာရုပ္ပဿ–ထိုပဌမာရုပ္ပဝိညာဉ်၏၊ ကိဉ္စနံ–စိုးစဉ်း အနည်းငယ်သည်၊ အပ္ပမတ္တကံ–နည်းသောအတိုင်းအရှည်ရှိသည်၊ အန္တမသော–အောက်ထစ်ဆုံးအားဖြင့်၊ ဘင်္ဂမတ္တမ္ပိ–ဘင်မျှလည်းဖြစ်သော၊ အဝသိဋ္ဌံ–အကြွင်းအကျန်သည်၊ န အတ္ထိ–မရှိ၊ ဣတိ–ကြောင့်၊ တံ–ထိုပဌမာရုပ္ပဝိညာဉ်သည်၊ အကိဉ္စနံ–အကိဉ္စန မည်၏၊ ["နတ္ထိ အဿ ကိဉ္စနံ အကိဉ္စနံ"ဟု ပြုစေလိုရင်းတည်း၊ အဿ၏ အစွဲကို ပဌမာရုပ္ပဿဟု ဖွင့်သည်၊ ကိဉ္စနံကို အပ္ပမတ္တကံဟု ဖွင့်၍ ထိုအပ္ပမတ္တကံကိုပင် "အန္တမသော ဘင်္ဂမတ္တမ္ပိ"ဟု ထပ်၍ ဖွင့်သည်၊] တဿ–ထိုစိုးစဉ်းအနည်းငယ်မျှမရှိသော ပဌမာရုပ္ပဝိညာဉ်၏၊ ဘာဝေါ–ဖြစ်ကြောင်းဖြစ်ရာတည်း၊ အာကိဉ္စညံ–စိုးစဉ်းအနည်းငယ်မျှ မရှိသော ပဌမာရုပ္ပဝိညာဉ်၏ ဖြစ်ကြောင်းဖြစ်ရာ၊ ပဌမာရုပ္ပဝိညာဏာဘာဝေါ–ပဌမာရုပ္ပဝိညာဉ်၏ မရှိခြင်းဟူသော နတ္ထိဘာဝပညတ်တည်း၊ တဒေဝ–ထိုပဌမာရုပ္ပဝိညာဉ်၏ မရှိခြင်းဟူသော နတ္ထိဘာဝပညတ်သည်ပင်၊ အာယတနံ–တတိယာရုပ္ပဝိညာဉ်၏ တည်ရာတည်း၊ ဣတိအာဒိ–ဤသို့အစရှိသော အစီအရင်သည်၊ ပုရိမသဒိသံ–ရှေးအစီအရင်နှင့် တူ၏၊ ["တသ္မိံ အပ္ပနာပတ္တံ" စသည်ကို ညွှန်းသည်၊]

သြဠာရိကာယ–ထင်ရှားသော၊ သညာယ–သညာ၏၊ အဘာဝတော–မရှိခြင်းကြောင့်လည်းကောင်း၊ သုခုမာယ–သိမ်မွေ့သော၊ သညာယ–၏၊ အတ္ထိတာယစ–ရှိသည်၏အဖြစ်ကြောင့်လည်းကောင်း၊ သသမ္ပယုတ္တဓမ္မဿ–သမ္ပယုတ်တရားနှင့် တကွဖြစ်သော၊ အဿ–ထိုဈာန်၏၊ သညာ–ထင်ရှားသော သညာသည်၊ နေဝအတ္ထိ–မရှိ၊ အသည် အဝိဇ္ဇမာနသည်ပိ–သညာ မရှိသည်လည်း၊ န–မဟုတ်၊ ဣတိ–ထို့ကြောင့်၊ နေဝသညာနာသညံ–မည်၏၊ စတုတ္ထာရုပ္ပဈာနံ–စတုတ္ထာရုပ္ပဈာန်တည်း၊ ပန–ဆက်၊ ဒီဃံ–ဒီဃကို၊ ကတွာ–၍၊

**သြဠာရိကာယ ၊ပေ၊ သညန္တိ ဝုတ္တံ**။ ။[ဤနည်းကို ဘာသာဋီကာ၌ မရေး၊] သြဠာရိကာယ သညာယအဘာဝတောသည် "နေဝဿ သသမ္ပယုတ္တဓမ္မဿ သညာ အတ္ထိ"၏ ဟိတ်တည်း၊ ထင်ရှားသော သညာ၏မရှိခြင်းကြောင့် သသမ္ပယုတ္တဈာန်ကို "နေဝသည်" ဟု ခေါ်ရသည်–ဟူလို၊ [ "နေဝ+သညာ ယဿာတိ နေဝသညံ" ဟု

နေဝသညာနာသညန္တိ–ဟူ၍၊ ဝုတ္တံ–ပြီ၊ နေဝသညာနာသညမေဝ–တင်ရှားသော သညာကား မရှိ, သိမ်မွေ့သောသညာမရှိ မဟုတ်သော သသမ္ပယုတ္တဓမ္မာန်သည်ပင်၊ မနာယတနဓမ္မာယတနပရိယာပန္နတ္တာ–မနာယတနဓမ္မာယတန၌ အကျုံးဝင်သည်၏အဖြစ်ကြောင့်၊ အာယတနံ–မနာယတနဓမ္မာယတနတည်း၊ ဣတိ, နေဝသညာနာသညာယတနံ–မည်၏။

အထဝါ–ကား၊ သညာဝ–ပင်၊ ဝိပဿနာယ–၏၊ ဂေါစရဘာဝံ–အာရုံ၏အဖြစ်သို့၊ ဂန္တွာ–ရောက်၍၊ နိဗ္ဗိဒါဇနနသင်္ခါတဿ–ငြီးငွေ့ခြင်းကို ဖြစ်စေခြင်းဟု ဆိုအပ်သော၊ ပဋုသညာကိစ္စဿ–ထင်ရှားသော သညာကိစ္စ၏၊ အဘာဝတော–ကြောင့်၊ နေဝသညာစ–နေဝသညာမည်သည်လည်း ဟုတ်၏၊ ဥဏှောဒကေ–ရေနွေး၌၊ တေဇောဓာတု–တေဇောဓာတ်သည်၊ ဝိဇ္ဇမာနာဝိယ–သိမ်မွေ့စွာ ထင်ရှားရှိသကဲ့သို့၊ သင်္ခါရာဝသေသသုခုမဘာဝေန–ထင်ရှားရှိသော သင်္ခါရတို့မှ ကြွင်းသော သိမ်မွေ့သောသင်္ခါရ၏ အဖြစ်ဖြင့်၊ ဝိဇ္ဇမာနတ္တာ–ထင်ရှားရှိသည်၏အဖြစ်ကြောင့်၊ အသညာ–သညာမဟုတ်သည်၊ န–မဟုတ်၊ ဣတိ–ကြောင့်၊ နေဝသညာနာသညာ–နေဝသညာနာသညာမည်၏၊ သာ ဧဝ–ထို နေဝသညာနာသညာသည်ပင်၊ သသမ္ပယုတ္တဓမ္မဿ–သော၊ ဣမဿ ဈာနဿ–၏၊ နိဿယာဒိဘာဝတော–နိဿယ အစရှိသည်၏ အဖြစ်ကြောင့်၊ အာယတနံ–တည်ရာတည်း၊ ဣတိ–ကြောင့်၊ နေဝသညာနာသညာယတနံ–မည်၏၊ [ဤနည်းကို ဘာသာဋီကာ၌ ရေးသည်။]

စ–ဆက်၊ ဧတ္ထ–ဤ နေဝသညာနာသညာယတနံဟူသောပါဌ်၌၊ သညာ ဝသေန–သညာ၏အစွမ်းဖြင့်၊ ဈာနူပလက္ခဏံ–ဈာန်ကို မှတ်သားခြင်းသည်၊ နိဒဿနမတ္တံ–နိဒဿနနည်းမျှသာတည်း၊ (ကသ္မာ–ကြောင့်၊ နိဒဿနမတ္တံ–

သသမ္ပယုတ္တဈာန်ရအောင် ဝစနတ္ထပြုစေလိုရင်းတည်း၊] သုခုမာယ စ သညာယ အတ္ထိ တာယသည် "နာပိ အသည်"၏ ဟိတ်တည်း၊ အသည်ကိုပင် အဝိဇ္ဇာမာနသည်ဟု ထပ်ဖွင့်သည်၊ ["နတ္ထိ+သညာ+ ယဿ(သသမ္ပယုတ္တဈာနဿာ)တိ အသည်၊ န+အသည် နာသည်"ဟု ပြုစေလိုရင်းတည်း၊] ထိုနောက်မှ "နေဝသည်စ+တံ+နာသည် စာတိ နေဝသညာနာသည်"ဟု ပြု၊ နေဝသည၌လည်း ဒီဃပြု၍ "နေဝသညာ" ဟု ဖြစ်သည်၊ [သသမ္ပယုတ္တဈာန် ဟူရာ၌ ဥပေက္ခာ ဧကဂ္ဂတာနှစ်ပါးကို ဈာန်ဟုလည်းကောင်း, ထို နှစ်ပါးနှင့် ယှဉ်ဖက် စိတ်စေတသိက်များကို သမ္ပယုတ်ဟုလည်းကောင်း ယူပါ။]

**နေဝသညာ ၊ပေ၊ နာသညာယတနံ**။ ။သမ္ပယုတ်တရားနှင့် တကွဖြစ်သော ထို ဈာန်ကို အာယတနဖွဲ့လျှင် စိတ်သည် မနာယတန, စေတသိက်များကား ဓမ္မာယတန ဖြစ်၏၊ ထို့ကြောင့် "နေဝသညာနာသညမေဝ+အာယတနံ နေဝသညာနာသညာယတနံ" ဟု ပြစေလို၍ "နေဝ ၊ပေ၊ ပရိယာပန္နတ္တာ"ဟု မိန့်။

သည်၊ ဟောတိ–နည်း) ဟိယသ္မာ–အကြင့်ကြောင့်၊ ဝေဒနာဒယောပိ–ဝေဒနာ အစရှိသော သမ္ပယုတ်တရားတို့သည်လည်း၊ တသ္မိံ ဈာနေ–၌၊ နေဝဝေဒနာ နာဝေဒနာဒိကာယေဝ–နေဝဝေဒနာ နာဝေဒနာ အစရှိသည် မည်ကုန်သည်သာ တည်း၊ ဣတိ–ကြောင့်၊ (နိဒဿနမတ္တံ ဟောတိ၊) နေဝသညာနာသညာ ယတနေန–သသမ္ပယုတ္တဈာန်၏တည်ရာဖြစ်သော နေဝသညာနာသညာနှင့်၊ သမ္ပယုတ္တံ–သော၊ ကုသလစိတ္တံ–တည်း၊ နေဝသညာနာသညာယတနကုသလ စိတ္တံ–သသမ္ပယုတ္တဈာန်၏တည်ရာဖြစ်သော နေဝသညာနာသညာနှင့်ယှဉ်သော ကုသိုလ်စိတ်၊ စ–ဆက်၊ ဧတ္ထ–ဤ အရူပါဝစရကုသိုလ်စိတ်၌၊ (တစ်နည်း) ဧတ္ထ–ဣမာနိ စတ္တာရိပိဟူသော ဤပါဠိ၌၊ ပိသဒ္ဒေန–ဖြင့်၊ အာရမဏာပ္ပဋိပဒါ မိဿကနယဝသေန–အာရုံပဋိပဒါတို့နှင့် ရောနှောခြင်းနည်း၏ အစွမ်းဖြင့်၊ သောဠသက္ခတ္တုကဒေသနံ–တစ်ဆဲ့ခြောက်ကြိမ် ဟောတော်မူအပ်သော ဒေသနာတော်ကိုလည်းကောင်း၊ အညမ္ပိ–အခြားလည်းဖြစ်သော၊ ပါဠိယံ–၌၊ အာဂတနယဘေဒံ စ–လာသောနည်းအပြားကိုလည်းကောင်း၊ သင်္ဂဏှာတိ–သိမ်းယူ၏၊ [ထိုနည်းများကို ဓမ္မသင်္ဂဏီ, အရူပါဝစရနိဒ္ဒေသမှာ ရှု။]

**၃၀။** အာလမ္ဗနာနံ–အာရုံတို့၏၊ အတိက္ကမိတဗ္ဗာနံ–လွန်မြောက်ထိုက်ကုန် သော၊ ကသိဏာကာသဝိညာဏတဒဘာဝသင်္ခါတာနံ–ကသိုဏ်း, ကောင်းကင် ပညတ်, ပဌမာရုပ္ပဝိညာဉ်, ထိုပဌမာရုပ္ပဝိညာဉ်၏ မရှိခြင်းဟူသော နတ္ထိဘော ပညတ်ဟု ဆိုအပ်ကုန်သော၊ ဂေါစရာနံ–အာရုံတို့၏လည်းကောင်း၊ အာလမ္ဗိ တဗ္ဗာနံ–အာရုံပြုထိုက်ကုန်သော၊ အာကာသာဒိ စတုန္နံ–အာကာသအစရှိသော လေးပါးကုန်သော၊ ဂေါစရာနဉ္စ–အာရုံတို့၏လည်းကောင်း၊ ပဘေဒေန–အပြား အားဖြင့်၊ အာရုပ္ပမာနသံ–အရူပစိတ်သည်၊ စတုဗ္ဗိဓံ–လေးပါးအပြားရှိသည်၊ ဟောတိ–၏။

ဟိ–ချဲ့၊ တံ–ထိုအာရုပ္ပစိတ်သည်၊ ယထာက္ကမံ–စွာ၊ ပဌမဈာနာရမဏံ–ရူပ ပဉ္စမဈာန်၏အာရုံဖြစ်သော၊ ကသိဏနိမိတ္တံ–ကသိုဏ်းအာရုံကို၊ အတိက္ကမ္မ– ကျော်လွန်၍၊ တဒုဃ္ဃာဋ္ဋိမေန–ထိုကသိုဏ်းအာရုံကို ခွာခြင်းကြောင့်၊ လဒ္ဓ–ရအပ်သော၊ အာကာသံ–ကောင်းကင်ပညတ်ကို၊ အာလမ္ဗိတွာ–အာရုံပြု၍လည်းကောင်း၊

---

**အာလမ္ဗနာ ၊ပေ၊ ဘေဒေန**။ ။"အာလမ္ဗနပဘေဒေန"ဟူသောပါဠိကို "အာလမ္ဗ နာနံ+ပဘေဒေန"ဟု ဖွင့်သည်၊ ထို အာလမ္ဗနာနံကို"ဂေါစရာနံ"ဟု ဖွင့်၍ ထို ဂေါစရအရ အတိက္ကမိတဗ္ဗအာရုံ, အာလမ္ဗိတဗ္ဗအာရုံနှစ်မျိုး ရကြောင်းကို သိစေလို၍ "အတိက္ကမိ တဗ္ဗာနံ,အာလမ္ဗိတဗ္ဗာနံ"ဟု ဖွင့်ပြန်သည်၊ "အတိက္ကမိတဗ္ဗ"အရ"ကသိဏာ ၊ပေ၊ဘာဝ သင်္ခါတာနံ"ဟုလည်းကောင်း, အာလမ္ဗိတဗ္ဗအရကိုလည်း "အာကာသာဒိ စတုန္နံ"ဟု လည်းကောင်း သရုပ်ဖော်သည်၊ တံ ဟိ စသည်ဖြင့် ထိုအကျဉ်းကို အကျယ်ချဲ့သည်၊ [ဤအဓိပ္ပာယ်များကို အခြေပြု၍လည်းကောင်း, ဘာသာဋီကာ၌လည်းကောင်း ပြထား၏။]

[ဤစကားဖြင့် ပဌမာရုပ္ပဝိညာဉ်၏ အတိက္ကမိတဗ္ဗအာရုံသည် ကသိုဏ်းပညတ်, အာလမ္ဗိတဗ္ဗအာရုံကား ကောင်းကင်ပညတ်ဟု ပြ၏။] တမ္ပိ–ထိုကောင်းကင်ပညတ်ကိုလည်း၊ အတိက္ကမ္မ–၍၊ တတ္ထ–ထိုကောင်းကင်ပညတ်၌၊ ပဝတ္တံ–အာရုံပြုသောအားဖြင့်ဖြစ်သော၊ ဝိညာဏံ–ပဌမာရုပ္ပဝိညာဉ်ကို၊ အာလမ္ဗိတွာ–လည်းကောင်း၊ [ဤစကားဖြင့် ဒုတိယာရုပ္ပဝိညာဉ်၏ အတိက္ကမိတဗ္ဗအာရုံသည် ကောင်းကင်ပညတ်, အာလမ္ဗိတဗ္ဗအာရုံကား ပဌမာရုပ္ပဝိညာဉ်ဟု ပြ၏။] တမ္ပိ–ထို ပဌမာရုပ္ပဝိညာဉ်ကိုလည်း၊ အတိက္ကမ္မ–၍၊ တဒဘာဝဘူတံ–ထို ပဌမာရုပ္ပဝိညာဉ်၏ မရှိခြင်းဖြစ်၍ ဖြစ်သော၊ အကိဉ္စနဘာဝံ–စိုးစဉ်း အနည်းငယ်မျှ မရှိသည်၏ အဖြစ်ဟူသော နတ္ထိဘောပညတ်ကို၊ အာလမ္ဗိတွာ–လည်းကောင်း၊ [ဤစကားဖြင့် တတိယာရုပ္ပဝိညာဉ်၏ အတိက္ကမိတဗ္ဗအာရုံသည် ပဌမာရုပ္ပဝိညာဉ်, အာလမ္ဗိတဗ္ဗအာရုံကား နတ္ထိဘောပညတ်ဟု ပြ၏။] တမ္ပိ–ထို နတ္ထိဘောပညတ်ကိုလည်း၊ အတိက္ကမ္မ–၍၊ တတ္ထ–ထို နတ္ထိဘောပညတ်အာရုံ၌၊ ပဝတ္တံ–အာရုံပြုသောအားဖြင့်ဖြစ်သော၊ တတိယာရုပ္ပဝိညာဏံ–ကို၊ အာလမ္ဗိတွာ–လည်းကောင်း၊ ပဝတ္တတ်–ဖြစ်၏၊ [ဤစကားဖြင့် စတုတ္ထာရုပ္ပဝိညာဉ်၏ အတိက္ကမိတဗ္ဗအာရုံသည် နတ္ထိဘောပညတ်, အာလမ္ဗိတဗ္ဗအာရုံကား တတိယာရုပ္ပဝိညာဉ်ဟု ပြ၏၊ ဤအဓိပ္ပာယ်များကို ကမ္မဋ္ဌာန်းပိုင်း အရူပဈာန်တက်နည်း၌ ထင်ရှားစွာသိရလတ္တံ့။]

ပန–ဗျတိရိတ်ကား၊ ရူပါဝစရကုသလံဝိယ–ရူပါဝစရကုသိုလ်သည်ကဲ့သို့၊ ပုရိမပုရိမ အင်္ဂါတိက္ကမဝသေန–ရှေးရှေး ဈာန်အင်္ဂါကို လွန်မြောက်ခြင်း၏အစွမ်းဖြင့်၊ ပုရိမပုရိမဿပိ–ရှေးရှေး ဈာန်၏လည်း၊ အာရမဏံ–ကို၊ ဂဟေတွာ–၍၊ န ပဝတ္တတိ–ဖြစ်သည်မဟုတ်၊ တေန–ထို့ကြောင့်၊ အာစရိယာ–တို့သည်၊ အာလမ္ဗနာတိက္ကမတော–ပေ၊ဝိဘာဝိနော‌တိ–ဟူ၍၊ အာဟု–န်ပြီ၊ [စတသောပိ–လေးပါးလည်း ဖြစ်ကုန်သော၊ ဣမာ–ဤ အရူပသမာပတ်တို့သည်၊ အာလမ္ဗနာတိက္ကမတော–အောက်အောက် ဈာန်၏ အာရုံကို လွန်မြောက်ခြင်းကြောင့်၊ ဘဝန္တိ–ဖြစ်ကုန်၏၊ တောသံ–ဤ အရူပသမာပတ်တို့၏၊ အင်္ဂါတိက္ကမံ–ဈာန်အင်္ဂါ၏ လွန်မြောက်ခြင်းကို၊ ဝိဘာဝိနော–ပညာရှိတို့သည်၊ န ဣစ္ဆန္တိ–အလိုမရှိကြကုန်။]

**အရူပါဝစရစိတ္တဝဏ္ဏနာ နိဋ္ဌိတာ။**

---

**အမှာ။** ။အရူပဈာန်၌ ဥပေက္ခာ ဧကဂ္ဂတာအင်္ဂါနှစ်ပါးချင်းတူသောကြောင့် ရူပဈာန်ကဲ့သို့ ဈာန်အင်္ဂါကို မလွန်နိုင်သော်လည်း အောက်အောက် အရူပသမာပတ်ထက် အထက်အထက် အရူပသမာပတ်က သာလွန်မွန်မြတ်ကြောင်းကို ဘာသာဋီကာကမ္မဋ္ဌာန်းပိုင်း၌ ပြထားပြီ။

**၃၁။** ဣဒါနိ–အရူပါဝစရစိတ်ကို ဖွင့်ပြပြီးရာ ယခုအခါ၌၊ လောကုတ္တရ ကုသလံ–လောကုတ္တရာကုသိုလ်စိတ်ကို၊ စတုမဂ္ဂယောဂတော–လေးပါးသောမဂ်နှင့်ယှဉ်ခြင်းကြောင့်၊ (စတုဓာ–လေးပါးအပြားအားဖြင့်လည်းကောင်း၊) ဖလဥ္စ–ဖိုလ်စိတ်ကိုလည်း၊ တဒနုရူပပ္ပဝတ္တိယာ–ထိုမဂ်အားလျော်စွာဖြစ်ခြင်းကြောင့်၊ စတုဓာ–လည်းကောင်း၊ ဝိဘဇိတွာ–၍၊ ဒဿေတုံ–ငှာ၊ သောတာပတ္တိမဂ္ဂ စိတ္တန္တျာဒိ–အစရှိသော ဝါကျကို၊ (အာစရိယေန) ဝုတ္တံ–ပြီ၊ နိဗ္ဗာနံ–နိဗ္ဗာန်သို့၊ ပတိသဝနတော, ဥပဂမနတော–ကပ်ရောက်တတ်သည်၏ အဖြစ်ကြောင့်၊ အရိယော–မြတ်သော၊ အဋ္ဌင်္ဂိကော–ရှစ်ပါးသော အင်္ဂါရှိသော၊ မဂ္ဂေါ–မဂ်ကို၊ သောတောတိ–သောတဟူ၍၊ ဝုစ္စတိ–ဆိုအပ်၏၊ ဝါ–တစ်နည်း၊ နိဗ္ဗာနမဟာ သမုဒ္ဒနိန္နတာယ–နိဗ္ဗာန်တည်းဟူသော မဟာသမုဒ္ဒရာသို့ ညွတ်တတ်သည်၏ အဖြစ်ကြောင့်၊ ဝါ–ညွတ်တတ်သည့်အတွက်၊ သောတသဒိသတ္တာ–ရေအယဉ်နှင့် တူသည်၏အဖြစ်ကြောင့်၊ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ သောတောတိ ဝုစ္စတိ။

**စတုမဂ္ဂယောဂတော**။ ။စတုမဂ္ဂပဘေဒေန၌ လာလတ္တံ့အတိုင်း အရိယအဋ္ဌင်္ဂိက မဂ်သည် လေးမျိုးရှိ၏၊ ထိုလေးမျိုးနှင့် ယှဉ်ခြင်းကြောင့် လောကုတ္တရာကုသိုလ်ဟူသော မဂ်စိတ်လည်း လေးမျိုးပြား၏၊ [ယောဂတောကို စတုဓာ၌ စပ်၊]

**ဖလဉ္စ ၊ပေ၊ စတုဓာ**။ ။ဖိုလ်စိတ်သည် မဂ်ပယ်အပ်ပြီးသော ကိလေသာတို့ကို တစ်ဖန်ထပ်၍ ငြိမ်းအေးစေခြင်း ပဋိပဿဒ္ဓိသတ္တိအားဖြင့် မဂ်အားလျော်စွာ ဖြစ်ရ၏၊ ဤသို့ မိမိမဂ်အားလျော်စွာ ဖြစ်ရခြင်းကြောင့် မဂ်လေးပါးပြားသကဲ့သို့ ဖိုလ်လေးပါး ပြားရသည်–ဟူလို။

**နိဗ္ဗာနံ ၊ပေ၊ ဥပဂမနတော**။ ။ဤပုဒ်သည် သောတအမည်ရခြင်း၏ အကြောင်းကို ပြသော နာမလာဘပုဒ်တည်း၊ "သဝတိ ပတိဿဝတီတိ သောတော"ဟု ပြုစေ လိုရင်းတည်း၊ သဝတိ၏ကံကို နိဗ္ဗာနံဟု ထည့်သည်၊ ပတိသဝန၌ သုဓာတ်သည် ဂတိအနက်ဟောဟု သိစေလို၍ "ဥပဂမနတော"ဟု ဖွင့်သည်၊ နိဗ္ဗာန်သို့ အာရုံပြုသော အားဖြင့် ကပ်ရောက်တတ်သောကြောင့် "သောတ" မည်၏–ဟူလို။

**နိဗ္ဗာနမဟာသမုဒ္ဒ ၊ပေ၊ သောတော**။ ။မဟာသမုဒြာသည် တိမိရစသော ငါးကြီး တို့၏လည်းကောင်း, ပုလဲစသော ရတနာတို့၏လည်းကောင်း, တည်ရာဖြစ်သကဲ့သို့ နိဗ္ဗာန်လည်းသောတာပတ္တိမဂ္ဂဋ္ဌစသော အရိယာပုဂ္ဂိုလ်ကြီးတို့၏လည်းကောင်း, ဗောဓိပက္ခိယ တရားရတနာတို့၏လည်းကောင်း (အာရုံပြုလျက်) တည်ရာဖြစ်၏၊ ထို့ကြောင့် နိဗ္ဗာန်သည် မဟာသမုဒြာနှင့် တူ၏၊ မြစ်ကြီးငါးသွယ်မှ ရေအယဉ်သည် မဟာသမုဒြာသို့ သက်ဝင်ရသဖြင့် မဟာသမုဒြာသို့ အမြဲညွတ်လျက် ရှိ၏၊ အရိယ အဋ္ဌင်္ဂိကမဂ်လည်း နိဗ္ဗာန်သို့ သက်ဝင်ရကား နိဗ္ဗာန်သို့ ညွတ်ကိုင်းလျက် ရှိ၏၊ ထို့ကြောင့် ရေအယဉ်နှင့်တူ၏၊ ဤစကားဖြင့် "သဝတိ–စီးသွားတတ်၏၊ ဣတိ သောတော၊ ပကတိ ရေအယဉ် ရ၏၊ သောတော ဝိယာတိ သောတော၊ ရေအယဉ်နှင့် တူသော အဋ္ဌင်္ဂိကမဂ် ရ၏၊ [ထိုအဋ္ဌင်္ဂိကမဂ်သည်ပင် လောကီမဂ်တို့ထက် မြတ်သောကြောင့် "အရိယ"ဟု အမည်ထူး ရသည်။]

တဿ–ထို အရိယမဂ်တည်းဟူသော သောတသို့၊ အာပတ္တိ–အစစွာရောက်ခြင်းသည်၊ အာဒိတော–သကဒါဂါမိမဂ်စသည်တို့၏ အစ၌၊ ပဇ္ဇနံ, ပါပုဏနံ–ရောက်ခြင်းသည်၊ ပဋ္ဌမသမန္နာဂမော–သောတနှင့် ရှေးဦးစွာ ပြည့်စုံခြင်းသည်၊ သောတာပတ္တိ–သောတာပတ္တိမည်၏၊ (ကသ္မာ–ကြောင့်၊) တဿ–ထိုသောတသို့၊ အာပတ္တိ–ရောက်ခြင်းသည်၊ သောတာပတ္တိ–နည်း၊ အာ·ဥပသဂ္ဂဿ–အာ·ဥပသာရပုဒ်၏၊ အာဒိကမ္မနိ–အစအမှုဟူသောအနက်၌၊ ပဝတ္တနတော–ဖြစ်ခြင်းကြောင့်၊ (တဿ–သို့၊ အာပတ္တိ–သည်၊ သောတာပတ္တိ–မည်၏၊) (ယော–အကြင် အရိယအဋ္ဌင်္ဂိကမဂ်သည်၊ ဝါ–ကို၊) နိဗ္ဗာနံ–ကို၊ မဂ္ဂတိ–ရှာမှီးတတ်၏၊ ဝါ–တစ်နည်း၊ နိဗ္ဗာနတ္ထိကေဟိ–နိဗ္ဗာန်ကို အလိုရှိသူတို့သည်၊ မဂ္ဂီယတိ–ရှာမှီးအပ်၏၊ ဝါ–တစ်နည်း၊ ကိလေသေ–ကိလေသာတို့ကို၊ မာရေန္တော–သတ်လျက်၊ (နိဗ္ဗာနံ–သို့၊) ဂစ္ဆတိ–သွားတတ်၏၊ ဣတိ–ကြောင့်၊ (သော–ထိုအရိယအဋ္ဌင်္ဂိကမဂ်သည်၊) မဂ္ဂေါ–မဂ်မည်၏၊ တေန–ထိုမဂ်နှင့်၊ သမ္ပယုတ္တံ–သော၊ စိတ္တံ–တည်း၊ မဂ္ဂစိတ္တံ–စိတ်၊ သောတာပတ္တိယာ–သောတသို့ ရှေးဦးစွာ ရောက်ခြင်းဖြင့်၊ လဒ္ဓံ–ရအပ်သော၊ မဂ္ဂစိတ္တံ–တည်း၊ သောတာပတ္တိမဂ္ဂစိတ္တံ–သောတသို့ ရှေးဦးစွာ ရောက်ခြင်းဖြင့် ရအပ်သော မဂ်စိတ်။

အထဝါ–ကား၊ တေဿ–ဤပုဂ္ဂိုလ်၏၊ အရိယမဂ္ဂသောတဿ–အရိယာမဂ်တည်းဟူသော သောတသို့၊ အာဒိတော–သကဒါဂါမိစသောပုဂ္ဂိုလ်တို့၏ ရှေးဦးစွာ၊ ပဇ္ဇနံ–ရောက်ခြင်းသည်၊ အတ္ထိ–ရှိ၏၊ ဣတိ–ကြောင့်၊ သော–ထို ပုဂ္ဂိုလ်သည်၊ သောတာပတ္တိ–မည်၏၊ ပုဂ္ဂလော–ပုဂ္ဂိုလ်တည်း၊ တဿ (သောတာပတ္တိဿ)–ထိုသောတသို့ ရှေးဦးစွာ ရောက်ခြင်းရှိသော ပုဂ္ဂိုလ်၏၊

---

**တဿ ။ပေ၊ ပဝတ္တနတော**။ ။"သောတဿ+အာပတ္တိ သောတာပတ္တိ"ဟု ပြုစေလိုရင်းတည်း၊ အာပတ္တိကို "အာဒိတော+ပဇ္ဇနံ"ဟု ဖွင့်၍ ပဇ္ဇနံကို ပါပုဏနံဟု ဖွင့်၏၊ ထိုအားလုံးကိုပင် "ပဋ္ဌမသမန္နာဂမော"ဟု အဓိပ္ပါယ် ဖွင့်သည်၊ အာကို အဘယ့်ကြောင့် "အာဒိတော"ဟု ဖွင့်နိုင်သနည်း–ဟု မေးဖွယ်ရှိ၍ "အာဥပသဂ္ဂဿ" စသည်မိန့်၊ အာ ဥပသာရ၏ (အဘိဓာန်၌လာသော အနက်တို့တွင်) အာဒိကမ္မ အနက်၌ ဖြစ်သောကြောင့် "အာဒိတော"ဟု ဖွင့်နိုင်သည်–ဟူလို။

**နိဗ္ဗာနံ ။ပေ၊ မဂ္ဂေါ**။ ။"မဂ္ဂေတီတိ မဂ္ဂေါ, မဂ္ဂီယတီတိ မဂ္ဂေါ"ဟု ပြု၊ မဂ္ဂ–ဂဝေသနေ"ဟု ဓာတ်နက်ရှိ၏၊ "မာရေန္တော ဂစ္ဆတိ"ဟူသော တတိယဝိကပ်၌ကား ဂမုဓာတ်နောင် ကွိပစ္စည်းဖြင့် "မာရေန္တ+ဂ"ဟု ဖြစ်သင့်လျက် နိရုတ္တိနည်းဖြင့် ရေ+န္တတို့ကိုချေ၊ ဂဒွေဘော်လာပြီးမှ သံယုဂ်ကြောင့် အာကိုရဿပြု၍ "မဂ္ဂ" ဟု ပြီးရသည်၊ ["ကိလေသေ+မာရေတီတိ မော, နိဗ္ဗာနံ ဂစ္ဆတီတိ ဂေါ၊ မောစ+ သော+ဂေါစာတိ မဂ္ဂေါ"ဟု ပြုမှ ဝိဂြိုဟ်စစ်ဖြစ်သည်ဟု ဆိုကြ၏၊ သို့သော် "မော"ဟု ပုဒ်တစ်ခု အနေအားဖြင့် မရှိနိုင်သောကြောင့် ထိုစကားကို အနှစ်သာရဟု မမှတ်ထိုက်။]

မဂ္ဂေါ–တည်း၊ သောတာပတ္တိမဂ္ဂေါ–သောတသို့ရှေးဦးစွာ ရောက်ခြင်းရှိသော ပုဂ္ဂိုလ်၏ မဂ်၊ တေန–ထို သောတာပတ္တိမဂ်နှင့်၊ သမ္ပယုတ္တံ–သော၊ စိတ္တံ–တည်း၊ သောတာပတ္တိမဂ္ဂစိတ္တံ–သောတာပတ္တိမဂ်နှင့် ယှဉ်သောစိတ်။

(ယော–အကြင်အရိယာပုဂ္ဂိုလ်သည်၊) သကိံ‌ကေဝါရံ–တစ်ကြိမ်၊ ပဋိသန္ဓိဝသေန–ပဋိသန္ဓေနေခြင်း၏အစွမ်းဖြင့်၊ ဣမံ မနုဿလောကံ–ဤလူ့ပြည်သို့၊ အာဂစ္ဆတိ–ပြန်လာတတ်၏၊ ဣတိ–ကြောင့်၊ (သော–သည်၊) သကဒါဂါမီ–သကဒါဂါမိ မည်၏၊ ဣဓ–ဤလူ့ပြည်၌၊ ပတွာ–သကဒါဂါမ်အဖြစ်သို့ ရောက်ပြီး၍၊ ဣဓ–၌၊ ပရိနိဗ္ဗာယီ–ပရိနိဗ္ဗာန်ပြုခြင်းရှိသော ပုဂ္ဂိုလ်လည်းကောင်း၊ [ဤလူ့ပြည်မှာပင် ဆက်ကာဆက်ကာ အနာဂါမ်, ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံသော ပုဂ္ဂိုလ်–ဟူလို၊] တတ္ထ–ထိုနတ်ပြည်၌၊ ပတွာ–သကဒါဂါမ်အဖြစ်သို့ ရောက်ပြီး၍၊ တတ္ထ–၌၊ ပရိနိဗ္ဗာယီ–လည်းကောင်း၊ ဣဓ–၌၊ ပတွာ–၍၊ တတ္ထ–ထိုနတ်ပြည်၌၊ ပရိနိဗ္ဗာယီ–လည်းကောင်း၊ တတ္ထ ပတွာ ဣဓ ပရိနိဗ္ဗာယီ၊ ဣဓ ပတွာ, တတ္ထ–၌၊ နိဗ္ဗတ္တိတွာ–ဖြစ်ပြီး၍၊ ဣဓ–၌၊ ပရိနိဗ္ဗာယီ–လည်းကောင်း၊ ဣတိ–သို့၊ ပဉ္စသု–ငါးယောက်ကုန်သော၊ သကဒါဂါမီသု–သကဒါဂါမ်ပုဂ္ဂိုလ်တို့တွင်၊ ပဉ္စမကော–ငါးယောက်မြောက်သောသကဒါဂါမ်ပုဂ္ဂိုလ်ကို၊ [ဣဓ ပတွာ တတ္ထ နိဗ္ဗတ္တိတွာ ဣဓ ပရိနိဗ္ဗာယီပုဂ္ဂိုလ်ကို ဆိုသည်၊] ဣဓ–ဤတစ်ကြိမ် ပြန်လာဟူသော စကားရပ်၌၊ အဓိပ္ပေတော–အလိုရှိအပ်၏၊ (ကသ္မာ–ကြောင့်၊)

---

**သကဒါဂါမီ**။ ။[သကိံ+အာဂါမီ၊ နိဂ္ဂဟိတ်ချေ၊ ဣကို အပြု၊ သက္ကတ၌"သကြိတ်"သည် ပါဠိ၌ "သကိံ"ဟု ဖြစ်၏၊ ထို့ကြောင့် (တ်)သည် (ဒ်)ဖြစ်၍ သန္ဓိစပ်၏၊] သကိံ‌သည် တစ်ကြိမ်အနက်ဟော နိပါတ်ဖြစ်၍ "ကေဝါရံ"ဟု ဖွင့်၊ "အာဂစ္ဆတီတိ အာဂါမီ၊ သကိံ+အာဂါမီ သကဒါဂါမီ"ဟု ပြု၊ အာဂစ္ဆတိ၏ ကံကို"ဣမံ မနုဿလောကံ"ဟု ထည့်သည်၊ လာ–ဟူရာ၌ ပဋိသန္ဓေနေသောအားဖြင့် လာခြင်းကို ဆိုလို၏၊ ထို့ကြောင့်"ပဋိသန္ဓိဝသေန"ဟု ဝိသေသန ပြုသည်၊ ထိုဝိသေသနဖြင့် ပဝတ္တိအခါ လာခြင်းကို ကန့်၊"နတ်ပြည်မှ ဤလူ့ပြည်သို့ ပဋိသန္ဓေအားဖြင်းသာ တစ်ကြိမ်လာသူ၊ ပဝတ္တိအခါ၌ကား ဘုရားဖူး တရားနာစသော ကိစ္စဖြင့် အကြိမ်များစွာ လာပါသည်"ဟူလို။

**ဣဓ ၊ပေ၊ အဓိပ္ပေတော**။ ။"ဣဓ"အရ ဤလူ့ပြည်ကိုလည်းကောင်း, "တတ္ထ" အရ ထိုနတ်ပြည်ကိုလည်းကောင်း စွဲပါ၊ ဗြဟ္မာ့ပြည်ရောက်ပြီးသော သကဒါဂါမ်ကား ဤလူ့ပြည်သို့ ပြန်၍ ပဋိသန္ဓေနေခွင့် မရှိ၊ သကဒါဂါမ်ငါးမျိုးကို စာရှိအတိုင်း သိပါ၊ ထိုငါးမျိုးတွင် "သကိံ+အာဂါမီ–တစ်ကြိမ်ပြန်လာ"ဟူသောစကားနှင့်ကား သကဒါဂါမ်ဖြစ်၍ စုတေသောအခါ နတ်ပြည်၌ဖြစ်ပြီးလျှင် ထိုနတ်ပြည်မှ စုတေသောအခါ ဤလူ့ပြည်သို့ ပြန်၍ ဖြစ်သူသာလျှင် လျော်၏၊ ထို့ကြောင့် ထိုပဉ္စမပုဂ္ဂိုလ်သည် မုချ သကဒါဂါမ် မည်၏၊ အခြားပုဂ္ဂိုလ် လေးယောက်ကား သကဒါဂါမ်ချင်း တူသောကြောင့် သဒိသူပစာအားဖြင့် သကဒါဂါမ်အမည် ရကြသည်။

ပဌမကော–ကို၊ ဣဓ–၌၊ အံခိပ္ပေတော–နည်း၊ ဟိ(ယသ္မာ)ကြောင့်၊ သော–ထိုသကဒါဂါမ်ပုဂ္ဂိုလ်သည်၊ ဣတော–ဤလူ့ပြည်မှ၊ ဂန္တွာ–နတ်ပြည်သို့ သွား၍၊ ပုန–တစ်ဖန်၊ သကိံ–တစ်ကြိမ်၊ ဣဓ–ဤလူ့ပြည်သို့၊ အာဂစ္ဆတိ–လာတတ်၏၊ ဣတိ–ထို့ကြောင့်၊ ပဌမကော–ကို၊ ဣဓ–ဤတစ်ကြိမ် ပြန်လာ ဟူသော စကားရပ်၌၊ အခိပ္ပေတော–၏၊ တဿ–ထိုသကဒါဂါမ်ပုဂ္ဂိုလ်၏၊ မဂ္ဂေါ–တည်း၊ သကဒါဂါမိမဂ္ဂေါ–မဂ်။

မဂ္ဂသမင်္ဂိနော–မဂ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်၏၊ တထာဂမနာသမ္ဘဝတော–ထို တစ်ကြိမ် ပြန်လာခြင်း၏ မဖြစ်သင့်ခြင်းကြောင့်၊ ဖလဋ္ဌောယေဝ–ဖိုလ်၌ တည်သောပုဂ္ဂိုလ်သည်သာ၊ သကဒါဂါမီနာမ–သကဒါဂါမီမည်သည်၊ ကိဥ္စာပိ (ဟောတိ)–အကယ်၍ကား ဖြစ်ပါပေ၏၊ ပန–ထိုသို့ ဖြစ်ပါသော်လည်း၊ တဿ–ထိုဖိုလ်ပုဂ္ဂိုလ်၏၊ ကာရဏဘူတော–အကြောင်းဖြစ်၍ဖြစ်သော၊ ပုရိမုပ္ပန္နော–ရှေး၌ဖြစ်သော၊ မဂ္ဂေါ–မဂ်ကို၊ မဂ္ဂန္တရာဝစ္ဆေဒနတ္ထံ–မဂ်တစ်ပါးကို ဖြတ်တားခြင်းအကျိုးငှာ၊ ဖလဋ္ဌေန–ဖိုလ်၌တည်သောပုဂ္ဂိုလ်ဖြင့်၊ ဝိသေသေတွာ–အထူးပြု၍၊ သကဒါဂါမိမဂ္ဂေါတိ–ဟူ၍၊ ဝုစ္စတိ၊ ဧဝံ–ဤအတူ (ဖိုလ်၌ တည်သော ပုဂ္ဂိုလ်ဖြင့် အထူးပြု၍၊) အနာဂါမိမဂ္ဂေါတိ–ဟူ၍၊ ဝုစ္စတိ–၏၊ သကဒါဂါမိမဂ္ဂေန–နှင့်၊ သမ္ပယုတ္တံ စိတ္တံ သကဒါဂါမိမဂ္ဂစိတ္တံ၊ (ယော–သည်၊) ပဋိသန္ဓိဝသေန–ဖြင့်၊ ဣမံ ကာမဓာတုံ–ဤကာမဓာတ်သို့၊ န အာဂစ္ဆတိ–ပြန်မလာတတ်၊ ဣတိ (သော) အနာဂါမီ–မည်၏၊ တဿ မဂ္ဂေါ အနာဂါမိမဂ္ဂေါ၊ တေန သမ္ပယုတ္တံ စိတ္တံ အနာဂါမိမဂ္ဂစိတ္တံ။

(ယော–သည်၊) အဂ္ဂဒက္ခိဏေယျဘာဝေန–မြတ်သော အလှူခံထိုက်သော ပုဂ္ဂိုလ်၏အဖြစ်ကြောင့်၊ [အလှူခံပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံး၏အဖြစ်ကြောင့်–ဟူလို၊] ပူဇာဝိသေသံ–အထူးတလယ် ပူဇော်ဖွယ်ကို၊ အရဟတိ–ခံထိုက်၏၊ ဣတိ (သော) အရဟာ–မည်၏၊ အထ ဝါ–တစ်နည်းကား၊ အနေန–ဤ

**ကိဥ္စာပိ ၊ပေ၊ ဝုစ္စတိ။**　။"သကိံ+အာဂါမီ"အရ တစ်ကြိမ်ပြန်လာသော ပုဂ္ဂိုလ်သည် မဂ္ဂဋ္ဌ မဟုတ်, ဖလဋ္ဌပုဂ္ဂိုလ်တည်း၊ မဂ်၌ တည်ခိုက်ဖြစ်သော ပုဂ္ဂိုလ်သည်(စိတ္တက္ခဏ တစ်ချက်မျှ ဖြစ်ရကား) မပြန်လာနိုင်၊ ထို့ကြောင့် "သကဒါဂါမ်ပုဂ္ဂိုလ်၏ သောတာပတ္တိမဂ်" ဟူရာ၌ အနာဂါမိမဂ်–အရဟတ္တမဂ်တို့နှင့် မရောယှက်စေခြင်းငှာ ဖိုလ်၌ တည်သော သကဒါဂါမီပုဂ္ဂိုလ်ဖြင့် အကြောင်းမဂ်ကို အထူးပြု၍ "သကဒါဂါမ်ပုဂ္ဂိုလ်၏ မဂ်"ဟု ဆိုထားသည်။

**အနာဂါမီ။**　။အနာဂါမ်ဖြစ်လျှင် ကာမရာဂကို လုံးဝပယ်သောကြောင့် ကာမဘုံ၌ ထပ်၍ မဖြစ်တော့၊ ထို့ကြောင့် "အာဂစ္ဆတိ–ကာမဘုံ၌ ပဋိသန္ဓေနေလာတတ်၏၊ ဣတိ အာဂါမီ၊ န+အာဂါမီ အနာဂါမီ"ဟု ပြု၊ [သကဒါဂါမိ မဂ္ဂေါကဲ့သို့ အနာဂါမိ မဂ္ဂေါ၌လည်း ဖလဋ္ဌပုဂ္ဂိုလ်ဖြင့် မဂ်ကို အထူးပြုထားကြောင်းကို "ဧဝံ အနာဂါမိမဂ္ဂေါတိ ဝုစ္စတိ"ဟု ပြခဲ့ပြီ။]

အရိယာပုဂ္ဂိုလ်သည်၊ ကိလေသသင်္ခါတာ–ကိလေသာဟု ဆိုအပ်ကုန်သော၊ အရယော–ရန်သူတို့ကို၊ ဟတာ–သတ်အပ်ကုန်ပြီ၊ ဣတိ–ကြောင့်၊ (ထိုသို့ ကိလေသာတည်းဟူသော ရန်သူတို့ကို သတ်အပ်ပြီး၏ အဖြစ်ကြောင့်၊) သော–ထို အရိယာပုဂ္ဂိုလ်သည်၊ အရဟာ–အရ+ဟာမည်၏၊ ဝါ–တစ်နည်း၊ အနေန–သည်၊ သံသာရစက္ကဿ–သံသရာစက်ဘီး၏၊ အရာ–အကန့်ဒေါက်ဆံဖြစ်ကုန်သော၊ ကိလေသာ–တို့ကို၊ ဟတာ–ဖျက်ဆီးအပ်ကုန်ပြီ၊ ဣတိ–ကြောင့်၊ (ထိုသို့ သံသရာစက်ဘီး၏ အကန့်ဒေါက်ဆံဖြစ်သော ကိလေသာတို့ကို ဖျက်ဆီးပြီး၏ အဖြစ်ကြောင့်၊) သော–သည်၊ အရဟာ–အရ+ဟာမည်၏၊ ဝါ–တစ်နည်း၊ (ယော) ပါပကရဏေ–မကောင်းမှုကိုပြုခြင်း၌၊ ရဟာဘာဝ တော–ဆိတ် ကွယ်ရာအရပ် မရှိသည်၏ အဖြစ်ကြောင့်၊ အရဟာ–အ+ရဟာမည်၏၊ အဋ္ဌမကော–ရှစ်ယောက်မြောက်ဖြစ်သော၊ အရိယပုဂ္ဂလော–တည်း၊ [သောတာပတ္တိ မဂ္ဂဋ္ဌမှစ၍ ရေတွက်ပါ၊] တဿ–ထိုရဟန္တာ၏၊ ဘာဝေါ–ဖြစ်ကြောင်း ဖြစ်ရာတည်း၊ အရဟတ္တံ–ရဟန္တာ၏ ဖြစ်ကြောင်းဖြစ်ရာ၊ [“အရဟန္တတ္တံ”ဟု ဆိုလိုလျက် န္တ ကို ချေထားသည်၊] ဇတံ–အရဟတ္တံ ဟူသော ဤအမည်သည်၊ စတုတ္ထဖလဿ–စတုတ္ထဖိုလ်၏၊ အဓိဝစနံ–တည်း၊ တဿ–ထို အရဟတ္တဖိုလ်၏၊ အာဂမနဘူတော–လာရောက်ကြောင်း ဖြစ်၍ ဖြစ်သော၊ မဂ္ဂေါ–သည်၊ အရဟတ္တမဂ္ဂေါ–မည်၏၊ တေန–ထို အရဟတ္တမဂ်နှင့်၊ သမ္ပယုတ္တံ စိတ္တံ အရဟတ္တမဂ္ဂစိတ္တံ။

ပိသဒ္ဒေန–ပိသဒ္ဒါဖြင့်၊ [ဣမာနိ စတ္တာရိပိ၌ ပိသဒ္ဒါဖြင့်၊] ဧကေကဿ–တစ်ပါးတစ်ပါးသော၊ မဂ္ဂဿ–မဂ်၏၊ နယသဟဿဝသေန–နည်းတစ်ထောင်၏ အစွမ်းဖြင့်၊ စတုန္နံ–လေးပါးကုန်သော မဂ်တို့၏၊ စတုသဟဿဘေဒံ–လေးထောင် အပြားရှိသော၊ (နယံ–နည်းကိုလည်းကောင်း၊) သစ္စဝိဘင်္ဂေ–သစ္စဝိဘင်းပါဠိတော်၌၊ အာဂတံ–လာသော၊ သဋ္ဌိသဟဿဘေဒံ–ခြောက်သောင်း

---

. **အရဟာ**။ ။ပဥ္စမနည်း၌ “အရဟတီတိ အရဟာ”ဟု ပြုစေလိုရင်းတည်း၊[အရဟန္တ နောင် သိသက်၊ န္တ ကို မောဂ္ဂလ္လာန်(၂–၁၅၀)သုတ်ဖြင့် အာပြု၊] ဒုတိယနည်း၌ “အရယော+ ဟနီတိ အရဟာ”ဟု ပြု၊ အရိသဒ္ဒူပပဒ ဟနဓာတ်, ကွိပစ္စည်း၊ အရဟဟု ပြီးသော အခါ သိကို အာ ပြု၊ တတိယနည်း၌“အရိသဒ္ဒူပပဒ ဟနဓာတ်, ကွိပစ္စည်းပင်၊ ပါရာဇိက ဋ္ဌကထာ–အရဟံပုဒ်အဖွင့် ကြည့်ပါ၊ “အရယော+ဟတာ+အနေန” စသည်ကား အဓိပ္ပာယ်နက်သာ၊ မဏိမဉ္ဇူ၌ကား “အရိ+ဟတ, အရ+ဟတ”ဟု ဆိုလိုလျက် နိရုတ္တိ နည်းဖြင့် တကို ချေ၍ “အရဟာ” ပြီးသည်ဟု ဆို၏၊ စတုတ္ထနည်း၌ “နတ္ထိ+ ရဟော ဧတဿာတိ အရဟာ”ဟု ပြု၊ [အဋ္ဌန္နံ+ပူရဏော အဋ္ဌမော၊ က အနက်မရှိ၊ “တဿ+အာဂမနဘူတော မဂ္ဂေါ”ဖြင့် “အရဟတ္တဿ+မဂ္ဂေါ အရဟတ္တမဂ္ဂေါ”ဟု ပြုစေလို၏။]

အပြားရှိသော၊ နယံ–လည်းကောင်း၊ ဟေဋ္ဌာ–အောက်၌၊ ဝုတ္တနယေန–ဖြင့်၊ [အကုသိုလ်စိတ်၏ နိဂုံး စသည်၌ ဆိုအပ်ပြီးသော ကာလ, ဒေသ, သန္တာန် အစရှိသော အပြားဖြင့်၊] အနေကဝိဓတ္တမ္ပိ–တစ်ပါးမကများသော အပြားရှိကုန်သည်၏ အဖြစ်ကိုလည်းကောင်း၊ သင်္ဂဏှာတိ–သိမ်းယူ၏။

တတ္ထ–ထို အပြားတို့တွင်၊ အယံ–ဤဆိုအပ်လတ္တံ့ကား၊ နယသဟဿမတ္တပရိဒီပနာ–နည်းပေါင်းတစ်ထောင်မျှကို ထင်ရှားပြခြင်းတည်း၊ ကထံ–အဘယ်သို့လျှင်၊ (နယသဟဿံ–နည်းပေါင်းတစ်ထောင်သည်၊ ဟောတိ–နည်း၊) တာဝ–သကဒါဂါမိမဂ် စသည်တို့မှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌော–ညွှန်ပြအပ်သော၊) သောတာပတ္တိမဂ္ဂေ–သောတာပတ္တိမဂ်ကို၊ ဈာနနာမေန–ဈာန်အမည်ဖြင့်၊ ပဋိပဒါဘေဒံ–ပဋိပဒါအပြားကို၊ အနာမသိတွာ–မသုံးသပ်မူ၍၊ ကေဝလံ–ပဋိပဒါမဘက်, သက်သက်၊ သုညတော–သုညတမဂ်လည်းကောင်း၊ အပ္ပဏိဟိတော–အပ္ပဏိဟိတမဂ်လည်းကောင်း၊ ဣတိ–သို့၊ ဒွိဓာ–ဖြင့်၊ ဝိဘတ္တော–ဝေဖန်တော်မူအပ်ပြီ၊ [ဓမ္မသင်္ဂဏီပါဠိတော်၌ ဟောတော်မူအပ်ပြီ–ဟူလို၊] ပုန–တစ်ဖန်၊ ပဋိပဒါစတုက္ကေန–ပဋိပဒါစတုက္ကနှင့်၊ ယောဇေတွာ–ယှဉ်စေ၍၊ ပစ္စေကံ–အသီးအသီး၊ စတုဓာ–အားဖြင့်၊ ဝိဘတ္တော–ပြီ၊ [သုညတမဂ်လေးပါး, အပ္ပဏိဟိတမဂ်လေးပါး, ဤသို့ အသီးအသီးလေးပါးစီ၊ ပေါင်းရှစ်ပါးဖြစ်၏၊] ဣတိဧဝံ–သို့၊ ဈာနနာမေန–ဈာန်အမည်ဖြင့်၊ ဒသဓာ–ဖြင့်၊ ဝိဘတ္တော–ပြီ။

တထာ–တူ၊ မဂ္ဂသတိပဋ္ဌာန ၊ပေ၊ စိတ္တနာမေဟိပိ–မဂ္ဂအမည်, သတိပဋ္ဌာန်အမည်၊ပေ၊စိတ္တအမည်တို့ဖြင့်လည်း၊ ပစ္စေကံ, ဒသဒသာကာရေဟိ–ဆယ်ပါးဆယ်ပါးသော အခြင်းအရာတို့ဖြင့်၊ တထာတထာ–ထိုထို အခြင်းအရာအားဖြင့်၊ ဗုဇ္ဈနကာနံ–သစ္စာလေးပါးကို သိမည် ဖြစ်ကုန်သော၊ ပုဂ္ဂလာနံ–တို့၏၊ ဝသေန–ဖြင့်၊ ဝိဘတ္တော–ပြီ၊ [ပါဠိတော်၌ "သမထံ ဘာဝေတိ၊ပေ၊မဂ္ဂံ ဘာဝေတိ"ဟုသာ ရှိ၏၊ ဝိပဿနာ နာမည် မပါ၊] တသ္မာ–ကြောင့်၊ ဈာနဝသေန–ဖြင့်၊ ဒသ–ဆယ်ပါးသောမဂ်တို့လည်းကောင်း၊ မဂ္ဂါဒီနံ–မဂ္ဂအစရှိကုန်သော၊ ဧကူနဝီသတိယာ–တစ်ခုယုတ်နှစ်ဆယ်သော၊ (ဌာနာနံ–ဌာနတို့၏၊) ဝသေန–ဖြင့်၊ ဒသဒသ–တစ်ဆယ်တစ်ဆယ်တို့လည်းကောင်း၊ ဣတိ–သို့၊ ဝီသတိယာ–နှစ်ဆယ်သော၊ ဌာနေသု–ဌာနတို့၌၊ ဒွေနယသတာနိ–နည်းပေါင်း နှစ်ရာတို့သည်၊ ဟောန္တိ၊ ပုန–ဖန်၊ တာနိ–ထိုနည်းနှစ်ရာတို့ကို၊ စတူဟိ–န်သော၊ အဓိပတီဟိ–အဓိပတိတို့နှင့်၊ ယောဇေတွာ–ယှဉ်စေ၍၊ ပစ္စေကံ–အသီးအသီး၊ စတုဓာ–ဖြင့်၊ ဝိဘတ္တာနိ–န်ပြီ၊ ဣတိ ဧဝံ–သို့၊ အဓိပတီဟိ–တို့နှင့်၊ အမိဿေတွာ–မရောမူ၍၊ ဒွေသတာနိ–နှစ်ရာတို့လည်းကောင်း၊ မိဿေတွာ–ရော၍၊ အဋ္ဌသတာနိ–ရှစ်ရာတို့လည်းကောင်း၊ ဣတိ–ဤအပြားအားဖြင့်၊ သောတာပတ္တိမဂ္ဂေ–၌၊နယသဟဿံ–သည်၊ ဟောတိ၊ သကဒါဂါမိမဂ္ဂါဒီသုပိ–၌လည်း၊ တထာ–ထို့အတူ နည်းပေါင်းတစ်ထောင်သည်၊ (ဟောတိ)။

**၃၂။** သောတာပတ္တိယာ–သောတသို့ ရှေးဦးစွာရောက်ခြင်းဖြင့်၊ လဒ္ဓံ–သော၊ ဖလစိတ္တံ–ဖိုလ်စိတ်တည်း၊ ဝါ–တစ်နည်း၊ သောတာပတ္တိဿ–သောတသို့ ရှေးဦးစွာ ရောက်ခြင်းရှိသောပုဂ္ဂိုလ်၏၊ ဖလစိတ္တံ–ဖိုလ်စိတ်တည်း၊ ဝိပါက ဘူတံ–အကျိုးဖြစ်၍ဖြစ်သော၊ စိတ္တံ–တည်း၊ [ဖလစိတ္တံကို ထပ်ဖွင့်သည်၊] သောတာပတ္တိဖလစိတ္တံ–သောတသို့ ရှေးဦးစွာရောက်ခြင်းဖြင့် ရအပ်သောဖိုလ်စိတ်၊ ဝါ–သောတသို့ ရှေးဦးစွာရောက်ခြင်းရှိသောပုဂ္ဂိုလ်၏ဖိုလ်စိတ်၊ [သကဒါဂါမိနော+ဖလစိတ္တံ သကဒါဂါမိဖလစိတ္တံ, အနာဂါမိနော+ဖလစိတ္တံ အနာဂါမိဖလစိတ္တံ–ဟုပြုပါ၊] အရဟတ္တဉ္စ–ရဟန္တာ၏ဖြစ်ကြောင်းဖြစ်ရာလည်း ဟုတ်၏၊ တံ–ထို ရဟန္တာ၏ ဖြစ်ကြောင်းဖြစ်ရာ ဟူသည်၊ ဖလစိတ္တဉ္စ–ဖိုလ်စိတ်လည်း ဟုတ်၏၊ ဣတိ–ဤနှစ်ပါးသောသတ္တိကြောင့်၊ အရဟတ္တဖလစိတ္တံ–မည်၏။

**၃၄။** စတုမဂ္ဂပ္ပဘေဒေနာတိ–စတုမဂ္ဂပ္ပဘေဒေနဟူသည်ကား၊ ဣန္ဒြိယာနံ–ပညာ စသောဣန္ဒြေတို့၏၊ အပါဋဝပါဋဝတရတမ ဘေဒေန–မထက်မြက်ကုန်သည်၏အဖြစ်, ထက်မြက်ကုန်သည်၏အဖြစ်, အထူးသဖြင့် ထက်မြက်ကုန်သည်၏အဖြစ်, အလွန်အကြူး အထူးထက်မြက်ကုန်သည် အဖြစ်၏ အပြားအားဖြင့်၊ ဘိန္နသာမတ္ထိယတာယ–ပြားသောအစွမ်းသတ္တိ ရှိကုန်သည်၏ အဖြစ်ကြောင့်၊ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာသီလဗ္ဗတပရာမာသာနံ–သက္ကာဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသတို့ကို၊ နိရဝသေသပ္ပဟာနံ–အကြွင်းအကျန် မရှိအောင် ပယ်နိုင်ခြင်းလည်းကောင်း၊ [သောတာပတ္တိမဂ်၏ သတ္တိကို ပြသည်။]

---

**အပါဋဝ ၊ပေ၊ ဘေဒေန**။ ။"အပါဋဝ, ပါဋဝ, ပါဋဝတရ, ပါဋဝတမ"ဟု ဆိုလိုလျက် နောက်ပါဋဝ နှစ်ပုဒ်ကို ချေ၊ အပါဋဝဖြင့် သောတာပတ္တိမဂ်၌ ယှဉ်သော ဣန္ဒြေတို့၏ သတ္တိကို ပြ၏ ၊ပေ၊ ပါဋဝတမဖြင့် အရဟတ္တမဂ်၌ယှဉ်သော ဣန္ဒြေတို့၏ သတ္တိကို ပြသည်၊ [တရပစ္စည်းထက် တမပစ္စည်းက အနက်ထူး ရှိ၏၊]

**ဘိန္နသာမတ္ထိယတာယ**။ ။မဂ်စိတ်လေးပါး၌ မဂ္ဂင်ရှစ်ပါး အညီမျှ ယှဉ်ကြ၏၊ ထိုမဂ္ဂင်ရှစ်ပါးတွင် သမ္မာဒိဋ္ဌိ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိတို့သည် ပညိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေတို့တည်း၊ ထို ဣန္ဒြေတို့က မထက်မြက်လျှင် သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ သံယောဇဉ်တို့ကိုသာ ပယ်နိုင်၍ အစဆုံး သောတာပတ္တိမဂ် ဖြစ်၏၊ ထိုဣန္ဒြေတို့က အတော်အတန် ထက်မြက်လျှင် ကာမရာဂ ဗျာပါဒသံယောဇဉ်တို့ကို နည်းပါးသွားအောင် ပယ်နိုင်၍ သကဒါဂါမိမဂ် ဖြစ်၏၊ ထို ဣန္ဒြေတို့က အထူးထက်မြက်လျှင် ထိုကာမရာဂဗျာပါဒသံယောဇဉ်တို့ကို အကြွင်းမရှိအောင် ပယ်နိုင်၍ အနာဂါမိမဂ် ဖြစ်၏၊ ထို ဣန္ဒြေတို့က အစွမ်းကုန် ထက်လျှင် ရူပရာဂစသော သံယောဇဉ် ကျန်သမျှကို ပယ်နိုင်၍ အရဟတ္တမဂ် ဖြစ်၏၊ ဤသို့လျှင် ဣန္ဒြေမထက်–အထက်လိုက်၍ မဂ်လေးပါးပြားသောကြောင့် ထိုမဂ်နှင့် ယှဉ်သောစိတ်လည်း လေးပါးပြားရသည်၊ [ဆောင်ပုဒ်–အခြေပြုသင်္ဂြိုဟ်မှာ ရှု။]

ကာမရာဂဗျာပါဒါနံ–ကာမရာဂဗျာပါဒတို့ကို၊ (အာပါဒနံ၌ စပ်၊) ဝါ–

တို့၏၊ (တနုဘာဝဥ္စ စပ်၊) တနုဘာဝါပါဒနံ–နည်းပါးကုန်သည်၏ အဖြစ်သို့ ရောက်စေခြင်းလည်းကောင်း၊ [သကဒါဂါမိမဂ်၏ သတ္တိကို ပြသည်၊] တေသ မေဝ–ထို ကာမရာဂဗျာပါဒတို့ကိုပင်၊ နိရဝသေသပ္ပဟာနံ–လည်းကောင်း၊ [အနာဂါမိမဂ်၏ သတ္တိကို ပြ၏၊] ရူပါရူပရာဂမာနုဒ္ဓစ္စာဝိဇ္ဇာနံ–ရူပရာဂ, အရူပရာဂ,မာန,ဥဒ္ဓစ္စ,အဝိဇ္ဇာတို့ကို၊ အနဝသေသပ္ပဟာနံ–လည်းကောင်း၊[အရဟတ္တမဂ်၏ သတ္တိကို ပြသည်၊] ကတ္တိ စေ–ဤသို့၊ သံယောဇနပ္ပဟာနဝသေန–သံယောဇဉ်တို့ကို ပယ်ခြင်း၏အစွမ်းဖြင့်၊ စတုဗ္ဗိဓာနံ–န်သော၊ သောတာပတ္တိမဂ္ဂါဒီနံ–သောတာပတ္တိမဂ် အစရှိကုန်သော၊ အဋ္ဌင်္ဂိကမဂ္ဂါနံ–ရှစ်ပါးသော အင်္ဂါရှိသော မဂ်တို့၏၊ သမ္ပယောဂဘေဒေန–ယှဉ်ခြင်း၏ အပြားအားဖြင့်၊ စတုမဂ္ဂသင်္ခါတံ–လေးပါးသောမဂ်ဟု ဆိုအပ်သော၊ လောကုတ္တရကုသလံ–သည်၊ စတုဓာ–ဖြင့်၊ ဟောတိ၊ ပန–အဖို့တစ်ပါးကား၊ ဝိပါကံ–သည်၊ တဿေဝ ကုသလဿ–ထိုလောကုတ္တရာကုသိုလ်၏ပင်၊ ဖလတ္တာ–အကျိုး၏အဖြစ်ကြောင့်၊ တဒနုရူပတော–ထိုမဂ်အားလျော်သောအားဖြင့်၊ တထာ စတုဓာ–ထို့အတူ လေးပါးအပြားအားဖြင့်၊ ဟောတိ၊ [ဂါထာ၌ ပါသော တထာဖြင့် စတုဓာကို ပြန်ညွှန်း၏၊] ကတ္တိ စေ–သို့၊ အနုတ္တရံ–အနုတ္တရစိတ်ကို၊ [၎င်းကို "အတ္တနော ၊ပေ၊ စိတ္တံ"ဟု ထပ်ဖွင့်သည်၊] အတ္တနော–မိမိထက်၊ ဥတ္တရိတရာဘာဝေန–မြတ်သောတရား၏ မရှိခြင်းကြောင့်၊ အနုတ္တရ သင်္ခါတံ–သော၊ လောကုတ္တရံစိတ္တံ–ကို၊ အဋ္ဌဓာ–အားဖြင့်၊ မတံ–၏၊ ကတိ–ကား၊ ယောဇနာ–ပုဒ်တို့ကို ယှဉ်စေခြင်းတည်း။ [ဥတ္တရိတရာဘာဝေနသည် အနုတ္တရ မည်ခြင်း၏ အကြောင်းပြတည်း၊ "နတ္ထိ+ ဥတ္တရံ+ယဿာတိ အနုတ္တရံ"ဟု ပြု၊]

[အဋ္ဌဓာနှင့်စပ်၍ စောဒနာဖွယ်ရှိသောကြောင့် ဤဝါကျကို ဆက်သည်၊] ပန–ဆက်ဦးအံ့၊ ကြိယာနုတ္တရဿ–လောကုတ္တရာကြိယာ၏၊ အသမ္ဘဝတော–မဖြစ်ႏုင့်ခြင်းကြောင့်၊ ဒွါဒသဝိတော–ဆယ့်နှစ်ပါး အပြားရှိသည်၏ အဖြစ်ကို၊ (အႏုစရိယေန–သည်၊) န ဝုတ္တာ–မိန့်တော်မမူအပ်၊ ပန–ပရိဟာရပက္ခမှတစ်ပါး စောဒကပက္ခကို ဆိုဦးအံ့၊ ကသ္မာ–ကြောင့်၊ တဿ–ထိုလောကုတ္တရာကြိယာ စိတ်၏၊ အသမ္ဘဝေါ–သည်၊ (ဟောတိ–နည်း၊) ကတိ–ဤကား အမေး တည်း၊ မဂ္ဂဿ–မဂ်၏၊ ဧကစိတ္တက္ခဏိကတ္တာ–တစ်ခုသော စိတ္တက္ခဏ၌ ယှဉ်သည်၏အဖြစ်ကြောင့်၊ တဿ အသမ္ဘဝေါ ဟောတိ၊ ကတိ–ဤကား အဖြေတည်း၊ ဟိ–ချဲ့၊ (တစ်နည်း) ဟိယသ္မာ–ကြောင့်၊ [နောက်၌ တသ္မာ ရှိသည်၊] မဂ္ဂစိတ္တံ – သည်၊ ပုနပ္ပုနံ – အထပ်ထပ်၊ ယဒိ ဥပ္ပဇ္ဇေယျ –

---

**ကြိယာနုတ္တရဿ၊ပေ၊နဝုတ္တာ**။ ။ဤစကားနှင့် စပ်၍ လောကုတ္တရာကြိယာ မရှိထိုက်ကြောင်းကို ဘာသာဋီကာ၌ အမေး–အဖြေ ပြုလုပ်၍ အကျယ်ပြထားပြီ၊ ဤ၌ စာရှိမျှကိုသာ ရေးအံ့။

အကယ်၍ ဖြစ်အံ့၊ (ဓဝံသတိ၊) တဒုပ္ပတ္တိယာ–ထိုမဂ်စိတ်၏ အထပ်ထပ် ဖြစ်ခြင်းကြောင့်၊ ကြိယာဘာဝေါ–ကြိယာ၏အဖြစ်သည်၊ [သက္ကာ၌ ပဓာနစပ်၊] ဝါ–ကို၊ ဝတ္တုံ–ငှာ၊ သက္ကာ–တတ်ကောင်း၏၊ ပန–စင်စစ်ကား၊ တံ–ထိုမဂ်စိတ်သည်၊ (ဥပ္ပဇ္ဇတိ၌ စပ်၊) ကိလေသသမုစ္ဆေဒကဝသေနေဝ–ကိလေသာတို့ကို အကြွင်းမဲ့ ဖြတ်တတ်သည်၏အစွမ်းဖြင့်သာလျှင်၊ ဥပလဘိတဗ္ဗတော–ရထိုက်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဧကဝါရပဝတ္တေနေဝ–တစ်ကြိမ် ဖြစ်သည်သာလျှင်ဖြစ်သော၊ တေန–ထို မဂ်စိတ်သည်၊ အသနိသမ္ပာတေန–မိုးကြိုး၏ကျရောက်ခြင်းသည်၊ ဝါ–မိုးကြိုးပစ်ခြင်းသည်၊ တရုအာဒီနံ–သစ်ပင် အစရှိသည်တို့၏၊ သမူလဝိဒ္ဓံသနဿ–အမြစ်နှင့်တကွ ဖျက်ဆီးခြင်း၏၊ ဝါ–ကို၊ (သာဓိတံ)ဝိယ–ပြီးစေအပ်သကဲ့သို့၊ (ဓဝံ–တူ၊) တံတံကိလေသာနံ–ထိုထို ကိလေသာတို့၏၊ (အပ္ပဝတ္တိယာ၌ စပ်) အစ္စန္တံ–စင်စစ်၊ အပ္ပဝတ္တိယာ–မဖြစ်ခြင်း၏၊ ဝါ–ကို၊ သာဓိတတ္တာ–ပြီးစေအပ်သည်၏အဖြစ်ကြောင့်၊ ဝါ–ပြီးစေအပ်သည့်အတွက်၊ [ကာတဗ္ဗာဘာဝတော၏ အကူအညီ (မူလီ) ဟိတ်တည်း၊] ပုန–တစ်ဖန်၊ ဥပ္ပဇ္ဇမာနံပိ–ဖြစ်သော်လည်း၊ ဝါ–ဖြစ်သည်လည်း ဖြစ်သော၊ (တံ–ထို မဂ်စိတ်သည်၊) ကာတဗ္ဗာဘာဝတော စ–ပြုထိုက်သော ကိစ္စ၏မရှိခြင်းကြောင့်လည်းကောင်း၊ ဒိဋ္ဌဓမ္မသုခဝိဟာရတ္တံ–မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရခြင်းအကျိုးငှာ၊ ဖလသမာပတ္တိယာဧဝ–ဖလသမာပတ်၏သာလျှင်၊ နိဗ္ဗာနာရမဏဝသေန–နိဗ္ဗာန်ကို အာရုံပြုခြင်း၏အစွမ်းဖြင့်၊ ပဝတ္တနတော စ–လည်းကောင်း၊ ကဒါစိ–တစ်ရံတစ်ခါ၌၊ ဝါ–တစ်ခါတလေမှု၊ သေက္ခာနံ ဝါ–သေက္ခပုဂ္ဂိုလ်တို့၏ သန္တာနိ၌သော်လည်းကောင်း၊ အသေက္ခာနံ ဝါ–လည်းကောင်း၊ န ဥပ္ပဇ္ဇတိ–မဖြစ်၊ တသ္မာ–ကြောင့်၊ သဗ္ဗထာပိ–ခပ်သိမ်းသော အပြားအားဖြင့်လည်း၊ လောကုတ္တရကြိယစိတ္တံ–လောကုတ္တရာကြိယာစိတ် သည်၊ နတ္ထိ–မရှိ၊ ဣတိ–ဤကား အကျယ်အဖြေတည်း။

---

**တံပန ၊ပေ၊ ဥပ္ပဇ္ဇတိ**။ ။ဤဝါကျ၌ "ဥပလဘိတဗ္ဗတော, ကာတဗ္ဗာဘာဝတော, ပဝတ္တနတော"ဟု တော သုံးခုသည် လိုရင်းအကြောင်းများဖြစ်၏၊ တံသည် ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိတို့၏ အရတူကတ္တားတည်း၊ ထို့ကြောင့် "ဥပ္ပဇ္ဇမာနေပိ"ဟု သတ္တမျန္တ မရှိရ၊"တစ်ဝါကျ၌ အရတူလျှင် ဝိဘတ်တူရမည်"ဟူသော ထုံးကို နှလုံးသွင်းပါ၊ ဆက်ဦးအံ့၊ ကိလေသာကို အကြွင်းမဲ့ သတ်ဖို့ရန် မဂ်ကို ရအပ်၏၊ ထိုကိလေသာ သတ်မှုကိုလည်း မဂ်သည် တစ်ကြိမ်တည်းဖြင့် အပြီးပြုနိုင်၏၊ ဥပမာ–မိုးကြိုးသည် တစ်ချက်ထည်းဖြင့် သစ်ပင်ကို အမြစ်ပါပြုတ်အောင် ပစ်နိုင်သကဲ့သို့တည်း၊ ထို့ကြောင့် နောက်ထပ် မဂ်ဥပါဒ်သော်လည်း ကိလေသာသတ်မှုကို ပြုဖွယ်မရှိ၊ ဒိဋ္ဌဓမ္မသုခဝိဟာရ အကျိုးကိုလည်း ဖိုလ်က တာဝန် ယူလျက် ရှိ၏၊ (ဖိုလ်ဝင်စားခြင်းသည် အရိယာ ပုဂ္ဂိုလ်များ၏ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရခြင်းဖြစ်၏၊) ထို့ကြောင့် တစ်ခါ တစ်ရံမျှ နောက်ထပ် မဂ်ဥပါဒ်ဖွယ် မရှိတော့ပြီ။

**၃၅, ၃၆။** ဒွါဒသာကုသလာနေဝန္တျာဒိ–ဒွါဒသာကုသလာနေဝံ အစရှိသော ဂါထာသည်၊ ယထာဝုတ္တာနံ–အကြင် အကြင် ဆိုအပ်ပြီးကုန်သော၊ စတုဘူမိက စိတ္တာနံ–ဘုံလေးပါး၌ဖြစ်သော စိတ်တို့၏၊ ဂဏနသင်္ဂဟော–အရေအတွက်ကို အကျဉ်းချုပ်၍ယူကြောင်း သင်္ဂဟဂါထာတည်း။

ဇဝံ–ဤသို့လျှင်၊ ဇာတိဝသေန–ဇာတ်၏အစွမ်းဖြင့်၊ [ကုသိုလ်, အကုသိုလ်, အဗျာကတဇာတ်အားဖြင့်၊] သင်္ဂဟံ–သင်္ဂဟဂါထာကို၊ ဒသေတွာ–၍၊ ပုန–ဖန်၊ ဘူမိဝသေန–ဘုံ၏အစွမ်းဖြင့်၊ (သင်္ဂဟံ–ကို၊) ဒသေတုံ–ငှာ၊ စတုပညာသဓာ ကာမေတျာဒိ–စတုပညာသဓာ ကာမေ အစရှိသောစကားကို၊ (အာစရိယေန) ဝုတ္တံ–ပြီ၊ [ဌာနဘုံ, အဝတ္ထာဘုံနှင့်စပ်၍ မှတ်ဖွယ်ကို အခြေပြုသင်္ဂြိုဟ်၌ ပြထားပြီ၊] ကာမေဘဝေ–ကာမဘဝ၌၊ ဝါ–ကာမဘုံထဲက၊ စိတ္တာနိ–တို့ကို၊ စတုပညာသဓာ–ငါးဆဲ့လေးပါး ပြားကုန်၏ဟူ၍၊ ဤရယေ–ဆိုရာ၏၊ ရူပဘဝေ–၌၊ ဝါ–က၊ (စိတ္တာနိ–တို့ကို၊) ပန္နရသ–တစ်ဆဲ့ငါးပါးတို့ဟူ၍၊ ဤရယေ–၏၊ အာရုပ္ပဘဝေ–၌၊ ဝါ–က၊ (စိတ္တာနိ–တို့ကို၊) ဒွါဒသ–တို့ဟူ၍၊ ဤရယေ–၏၊ ပန–အဖို့တစ်ပါးကား၊(တစ်နည်း)ပန–အထူးကား၊ အနုတ္တရေ–လောကုတ္တရာဖြစ်သော၊ နဝဝိဓေ–ကိုးပါးအပြားရှိသော၊ ဓမ္မသမုဒါယေ–တရားအပေါင်း၌၊ ဝါ–တရားအပေါင်းထဲက၊ စိတ္တာနိ–တို့ကို၊ အဋ္ဌဓာ–ဟူ၍၊ ဤရယေ–၏၊ ကထေယျ–ဆိုရာ၏၊ ဣတိ အတ္ထော–ဤကား အနက်၊ [ဤရဓာတ်၏ ကထနအနက်ကို ဖွင့်သည်။]

---

**ဂဏနသင်္ဂဟော။** ။အကုသိုလ်စိတ် ဆဲ့နှစ်, ကုသိုလ်စိတ် နှစ်ဆယ်, ဤသို့ စသည်ဖြင့် ရေတွက်ကြောင်း သင်္ချာကို“ဂဏနာ”ဟု ဆိုသည်၊ [ဂဏီယန္တိ စိတ္တာနိ ဧတာယာတိ ဂဏနာ၊ သီလက္ခန်အဋ္ဌကထာ–မဟာသီလ ခန်း၌“ဂဏနာ ဝုစ္စတိ”ဟု ဣတ္ထိလိင်တွေ့ရ၏၊ မဏိမဥ္ဇူ၌“ဂဏနံ”ဟု နပုလ္လိင် ရှိ၏။] ဂဏနာယ–အကုသိုလ် စိတ်စသည်တို့၏ အရေအတွက်ကို+သင်္ဂဟော–အကျဉ်းချုပ်၍ ယူကြောင်း ဂါထာတည်း၊ ဂဏနသင်္ဂဟော၊ [မဏိမဥ္ဇူ၌“ ဂဏနဘူတော+သင်္ဂဟော”ဟု ကမ္မဓာရဲပြု၏၊ စဉ်းစားပါ၊]

**ကာမေ, ရူပေ, အာရုပ္ပေ။** ။ကာမီယတီတိ ကာမော–ကာမတဏှာသည် လိုလား အပ်သော ကာမဘဝ၊ ရူပံ ဧတ္ထ အတ္ထီတိ ရူပေါ–(အရူပဘဝကဲ့သို့) ရုပ်မရှိ–မဟုတ်, ရုပ်ရှိရာဘဝ၊ နတ္ထိ+ရူပံ ဧတ္ထာတိ အရူပေါ၊ အရူပေါယေဝ အာရုပ္ပံ၊ သွတ္ထ၌ ဏျသက်။

**အနုတ္တရေ။** ။“အနုတ္တရေ”အရ နိဗ္ဗာန်နှင့်တကွသော လောကုတ္တရာကိုးပါး အပေါင်းကို ယူ၍, ထိုအပေါင်း၌ ပါဝင်သောစိတ်တို့ကို“အနုတ္တရေ စိတ္တာနိ”ဟု (အပေါင်းအာဓာရ+အစိတ်အာဓေယ်အဖြစ်ဖြင့်) ဆိုသည်၊ ဥပမာ–ရုက္ခေ သာခါ၌ ရုက္ခအရ အကိုင်းအခက်နှင့်တကွသော သစ်ပင်တစ်ပင်လုံးကို ယူ၍, ထိုသစ်ပင်၌ ပါဝင်သော အကိုင်းအခက်ကို “ရုက္ခေသာခါ–သစ်ပင်၌+အခက်”ဟု အပေါင်း အာဓာရ+ အစိတ် အာဓေယ် ဖြစ်သကဲ့သို့တည်း။

စ–ဆက်၊ ဗ္ဗော–စတုပညာသဓာ ကာမေ အစရှိသော ဤဂါထာ၌၊ ကာမ တဏှာဒိဝိသယဘာဝေန–ကာမတဏှာ အစရှိသည်တို့၏ အာရုံ၏အဖြစ် ကြောင့်၊ ကာမဘဝါဒိပရိယာပန္နာနိ–ကာမဘဝအစရှိသည်တို့၌ အကျုံးဝင်ကုန် သော၊ စိတ္တာနိ–တို့ကို၊ သကသကဘူမိတော–မိမိမိမိဘုံမှ၊ အညတ္ထ–အခြားဘုံ၌၊ ပဝတ္တမာနာနိပိ–ဖြစ်ပါကုန်သော်လည်း၊ ကာမဘဝါဒိသုစိတ္တာနိတိ–ကာမဘဝ အစရှိသည်တို့၌ စိတ်တို့ဟူ၍၊ ဝါ–ကာမဘဝ အစရှိသည်တို့ထဲက စိတ်တို့ဟူ၍၊ ဝုတ္တာနိ–န်ပြီ၊ မနုဿိတ္တိယာ–လူမိန်းမ၏၊ ကုစ္ဆိသ္မိံ–ဝမ်း၌၊ နိဗ္ဗတ္တော–ဖြစ်ရ သည်၊ (သမာနော)ပိ–ဖြစ်ပါသော်လည်း၊ ဝါ–ဖြစ်သည်လည်းဖြစ်သော၊ တိရစ္ဆာနဂတော–တိရစ္ဆာန်ကို၊ တိရစ္ဆာနယောနိပရိယာပန္နတ္တာ–တိရစ္ဆာန်မျိုး၌ အကျုံးဝင်သည်အဖြစ်ကြောင့်၊ တိရစ္ဆာနေသွေဝ–တိရစ္ဆာန်တို့၌သာလျှင်၊ သင်္ဂယှတိယထာ–သွင်းယူအပ်သကဲ့သို့တည်း၊ ကတ္တစိ–တစ်စုံတစ်ခုသောဘုံ၌၊ ဝါ–မည်သည့်ဘုံ၌မျှ၊ အပရိယာပန္နာနိ–အကျုံးမဝင်ကုန်သော၊ ဝါ–မပါဝင်ကုန် သော၊ နဝဝိဓလောကုတ္တရဓမ္မသမူဟေကဒေသဘူတာနိ–ကိုးပါးအပြားရှိသော လောကုတ္တရာတရားအပေါင်း၏ အစိတ်အပိုင်း ဖြစ်၍ဖြစ်ကုန်သောစိတ်တို့ကို၊ ရက္ခေသာခါတျာဒိသုဝိယ–ရက္ခေသာခါ အစရှိသောပုဒ်တို့၌ကဲ့သို့၊ အနုတ္တရေ စိတ္တာနီတိ–လောကုတ္တရာတရားအပေါင်း၌ စိတ်တို့ဟူ၍၊ ဝုတ္တာနိ–န်ပြီ။

---

**ဗ္ဗော စ**။ ။"ကာမေဘဝေ စတုပညာသ–ကာမဘဝ၌ စိတ်ငါးဆဲ့လေးပါး"စသည်ဖြင့် ဆိုရာ၌ လောဘမူစိတ် မောဟမူစိတ် စသောစိတ်များသည် ရူပဘဝ, အရူပဘဝ တို့၌လည်း ဖြစ်ကြ၏၊ ထိုအခါ "ကာမဘဝ၌ စိတ်" မဟုတ်တော့ဘဲ "ရူပဘဝ၌စိတ်, အရူပဘဝ၌စိတ်"ဖြစ်ရကား ကာမစိတ်အမည်ပြောင်းမသွားပေဘူးလား–ဟု မေးဖွယ်ရှိ၍ "ဗ္ဗော စ"စသည် မိန့်၊ ရူပ အရူပဘဝ၌ ဖြစ်ရသော်လည်း ကာမတဏှာ၏ အာရုံဖြစ်သော ကြောင့် "ကာမစိတ်"ဟူသော နာမည် မပြောင်းတော့ပြီ–ဟူလို၊ [ကာမတဏှာသည် ကာမစိတ်မှန်သမျှကို ရူပ အရူပဘဝ၌ ဖြစ်သော်လည်း အာရုံ ယူနိုင်သည်သာ၊ ရူပစိတ်အရူပစိတ်တို့၏ အခြားဘဝဝယ် ဖြစ်ကြရာ၌လည်း နည်းတူ။]

**ယထာ ။ပေ၊ သင်္ဂယှတိ**။ ။တိရစ္ဆာန်မှန်လျှင် တစ်ရံတစ်ခါ လူအမိဝမ်းမှာ ပဋိသန္ဓေ နေရသော်လည်း တိရစ္ဆာန်စာရင်း၌သာ ပါဝင်ရသကဲ့သို့တည်း၊ လောဘမူ စသည်က ရူပအရူပ၌ဖြစ်ခြင်းသည် တိရစ္ဆာန်က လူ့အမိဝမ်း၌ ဖြစ်ခြင်းနှင့် တူ၏၊ ရူပအရူပဘုံ၌ ဖြစ်သော်လည်း ကာမဘုံ၌ စာရင်းသွင်းရခြင်းသည် လူ့ဝမ်း၌ ဖြစ်သော်လည်း တိရစ္ဆာန်မျိုးတွင် စာရင်းသွင်းရခြင်းနှင့် တူသည်။

**ကတ္တစိ ။ပေ၊ ဝုတ္တာနိ**။ ။အဓိပ္ပာယ်ကို ရှေ့၌ ဆိုခဲ့ပြီ၊ ရက္ခေသည် အပေါင်းအာဓာရ, သာခါသည် အစိတ်အာဓေယ်ဖြစ်သကဲ့သို့, ထို့အတူ"လောကုတ္တရေ"အရ လောကုတ္တရာကိုးပါးသည် အပေါင်းအာဓာရ, စိတ္တာနိအရ စိတ်ကား (ထိုကိုးပါးတွင် ပါဝင်သော) အစိတ်အာဓေယ် ဖြစ်သည်။

အထဝါ–ကား၊ ကာမေတိ စ–ကာမေဟူသောသဒ္ဒါသည်လည်းကောင်း၊ ရူပေတိ စ–လည်းကောင်း၊ ဥတ္တရပဒလောပနိဒ္ဒေသော–နောက်ပုဒ်ကို ချေခြင်းဖြင့် ညွှန်ပြအပ်သောသဒ္ဒါတည်း၊ အရူပေ–အရူပဘုံ၌၊ ဘဝါနိ–ဖြစ်သောစိတ်တို့တည်း၊ အာရုပ္ပာနိ–အရူပဘုံ၌ ဖြစ်သောစိတ်တို့၊ တေသံ–ဤစိတ်တို့၏၊ ဥတ္တရံ–မိမိထက် လွန်မြတ်သော၊ စိတ္တံ–စိတ်သည်၊ နတ္ထိ–မရှိ၊ ဣတိ–ကြောင့်၊ အနုတ္တရာနိ–တို့မည်၏၊ ဣတိ–ဤသို့ကြံ၍၊ ဥပယောဂဗဟုဝစနဝသေန–ဒုတိယာဗဟုဝုစ်ဝိဘတ်၏ အစွမ်းဖြင့်၊ ကာမေကာမာဝစရာနိ–ကာမဘုံ၌ သက်ဝင်၍ဖြစ်ကုန်သော၊ စိတ္တာနိ–တို့ကို၊ စတုပညာသဓာ–ဟူ၍၊ (ပရမတ္ထဝိဒူ–ပရမတ်မြင်သိ, ပညာရှိသည်၊) ဤရယေ–ဆိုရာ၏၊ ရူပေရူပါဝစရာနိ–န်သော၊ စိတ္တာနိ ပန္နရသ(ပရမတ္ထဝိဒူ) ဤရယေ၊ အာရုပ္ပေ အာရုပ္ပာနိ–အရူပဘုံ၌ ဖြစ်ကုန်သော၊ စိတ္တာနိ ဒွါဒသ(ပရမတ္ထဝိဒူ) ဤရယေ၊ အနုတ္တရေ–မိမိထက် လွန်မြတ်သော စိတ်မရှိကုန်သော၊ လောကုတ္တရာနိ–လောကုတ္တရာဖြစ်ကုန်သော၊ စိတ္တာနိ–တို့ကို၊ အဋ္ဌဓာ–ဟူ၍၊ (ပရမတ္ထဝိဒူ၊) ဤရယေ–၏၊ ဣတိ ဧဝံ–ဤသို့၊ ဧတ္ထ–စတုပညာသဓာ ကာမေအစရှိသော ဤဂါထာ၌၊ သမ္ဗန္ဓော–ပုဒ်တို့၏ ဆက်စပ်ခြင်းကို၊ ဒဋ္ဌဗ္ဗော–မှတ်ထိုက်၏။

**၃၇**။ ဣတ္ထံ–ဤဆိုအပ်ပြီးသောအပြားအားဖြင့်၊ ယထာဝုတ္တေန–အကြင်အကြင် ဆိုအပ်ပြီးသော နည်းဖြင့်၊ ဇာတိဘေဒဘိန္နစတုဘူမိကစိတ္တဘေဒဝသေန–ဇာတ်အပြားအားဖြင့် ပြားသောစိတ်, ဘုံလေးပါးတို့၌ ဖြစ်သောစိတ်တို့၏ အပြား၏ အစွမ်းဖြင့်၊ ဧကူနနဝုတိပ္ပဘေဒံ–တစ်ခုယုတ်ကိုးဆယ် အပြားရှိသည်ကို၊ ကတွာ–၍၊ မာနသံစိတ္တံ–ကို၊ ဝိစက္ခဏာ–အနက်အဓိပ္ပာယ်ကို အထူးအားဖြင့် ထင်ရှားပြတတ်သော ပညာရှိတို့သည်၊ ဝိသေသေန–အထူးအားဖြင့်၊ အတ္တစက္ခဏသဘာဝါ–အနက်အဓိပ္ပာယ်ကို ထင်ရှားပြခြင်းသဘော ရှိကုန်သော၊ ပဏ္ဍိတာ–တို့သည်၊ ဝိဘဇန္တိ–န်၏၊ [“ဝိသေသေန+စက္ခန္တီတိ ဝိစက္ခဏာ”ဟု ပြု၊] အထဝါ–ကား၊ ဧကဝီသံ–နှစ်ဆယ်တစ် အလွန်ရှိသော၊ သတံ–တစ်ရာဟူ၍၊ ဧကုတ္တရဝီသာဓိကံ–တစ်ခုဖြင့် ပိုသော နှစ်ဆယ်အလွန်ရှိသော၊ သတံ–တစ်ရာဟူ၍၊ ဝိဘဇန္တိ–န်၏။

---

**အထဝါ**။ ။ပြခဲ့သောနည်း၌ ကာမေစသည်တို့ကို သတ္တမီဧကဝစနန္တ အနေအားဖြင့် ဖွင့်ပြခဲ့၏၊ ဤနည်း၌ကား ဒုတိယာဗဟုဝစနန္တ အနေအားဖြင့် ဖွင့်ပြသည်၊ ကာမေ ရူပေတို့၌ “အဝစရ”ဟူသော နောက်ပုဒ်ကိုလည်း ချေထား၏၊ အာရုပ္ပေ၌ကား ဘဝအနက်၌ ဏျပစ္စည်းသက်၍, ဒုတိယာဗဟုဝစနန္တ တည်း။

**ဧကဝီသံ သတံ**။ ။“ဧကုတ္တရဝီသာဓိကံ”ဟူသော အဖွင့်ကို ထောက်၍ “ဧကဝီသံ” ဟု ဂါထာ၌ ရှိစေသင့်၏၊ “ဧကေန+ဥတ္တရာ+ဝီသံယဿာတိ ဧကဝီသံ”ဟုလည်း ဗဟုဗ္ဗီဟိ ပြုစေလိုသည်၊ [မောဂ္ဂလ္လာန် (၄)ကဏ္ဍ, (၅၀)သုတ်ဖြင့် “ဧကဝီသတိ+အဓိကာ အသ္မိံ သတေတိ ဧကဝီသံ”ဟု ပြု၍ ဧကဝီသတိနောင် ဥပစ္စည်း (၃ အနုဗန်ရှိသော

**၃၈။** ဈာနင်္ဂဝသေန–ဈာန်အင်္ဂါ၏ အစွမ်းဖြင့်၊ ပဌမဇ္ဈာနသဒိသတ္တာ–လောကီပဌမဈာန်နှင့် တူသည်၏အဖြစ်ကြောင့်၊ ပဌမဇ္ဈာနန္တိ–ပဌမဈာန်လည်း ဟုတ်၏၊ တံ–ထိုပဌမဈာန်ဟူသည်၊ သောတာပတ္တိမဂ္ဂစိတ္တန္တိ–သောတာပတ္တိမဂ်နှင့် ယှဉ်သောစိတ်လည်း ဟုတ်၏၊ ဣတိ–ဤနှစ်ပါးသောသတ္တိကြောင့်၊ ပဌမဇ္ဈာနသောတာပတ္တိမဂ္ဂစိတ္တံ–ပဌမဇ္ဈာနသောတာပတ္တိမဂ်စိတ် မည်၏၊ ဟိ–ချဲ့၊ ပါဒကဇ္ဈာနသမ္မသိတဇ္ဈာနပုဂ္ဂလဇ္ဈာသယေသုပိ–ပါဒကဈာန်, သမ္မသိတဈာန်, ပုဂ္ဂလဇ္ဈာသယတို့တွင်လည်း၊ အညတရဝသေန–တစ်ပါးပါး၏ အစွမ်းဖြင့်၊ တံတံဈာနသဒိသတ္တာ–ထိုထိုဈာန်နှင့် တူသည်၏အဖြစ်ကြောင့်၊ [ဝေါဟာရံ လဘန္တိ၁ စပ်၊] ဝိတက္ကာဒိ အင်္ဂပါတုဘာဝေန–ဝိတက်အစရှိသော အင်္ဂါ၏ထင်ရှားဖြစ်ခြင်းအားဖြင့်၊ စတ္တာရောပိ–န်သော၊ မဂ္ဂါ–မဂ်တို့ကို၊ ဝါ–တို့သည်၊ ပဌမဇ္ဈာနာဒိဝေါဟာရံ–ပဌမဈာန်အစရှိသောအမည်ကို၊ လဘန္တာ–ရကုန်သည်၊ (ဟုတ္တွာ) ပစ္စေကံ–အသီးအသီး၊ ပဉ္စဓာ–ဖြင့်၊ ဝိဘဇ္ဇန္တိ–ဝေဖန်အပ်ကုန်၏၊ [မဂ္ဂါဟူသော ပဌမန္တနှင့်ညီအောင် "ဝိဘဇ္ဇန္တိ"ဟု ကမ္မရုပ် ရှိရမည်၊] တေန–ကြောင့်၊ အာဟ–မိန့်သည်ကား၊ ဈာနင်္ဂယောဂဘေဒေနာတျာဒိ–ဈာနင်္ဂယောဂဘေဒေန အစရှိသည်တည်း၊ [အခြားတစ်နည်း ပေးပါ။]

---

အပစ္စည်း) သက်, တိချေ၊ ကေဝီသံ–နှစ်ဆယ့်တစ် အလွန်ရှိသော" ဟု ဖြစ်၏၊ မဏိမဉ္ဇူဋ္ဌီကား ဤသို့ မောဂ္ဂလ္လာန်တိုက်ရိုက်လာသည့်အတိုင်း မဟုတ်ဘဲ တစ်မျိုး ကြံလေ၏။]

**ဈာနင်္ဂ ။ပေ၊ စိတ္တံ။** ။သောတာပတ္တိမဂ်စိတ်သည် အဘယ့်ကြောင့် "ပဌမဇ္ဈာန" စသည် အမည်ရသနည်းဟု မေးဖွယ်ရှိသောကြောင့် "ဈာနင်္ဂဝသေန ပဌမဇ္ဈာနသဒိသတ္တာ"ဟု မိန့်၊ ဈာန်အင်္ဂါအားဖြင့် လောကီပဌမဈာန်သည် ငါးပါးရှိသကဲ့သို့ ဤ သောတာပတ္တိမဂ်လည်း ငါးပါးရှိရကား လောကီပဌမဈာန်နှင့် တူသောကြောင့် ပဌမဈာနအမည်ရသည်–ဟူလို။

**မှတ်ချက်။** ။"လောကီပဌမဈာန်နှင့် ဈာန်အင်္ဂါ ယှဉ်ပုံချင်း တူသောကြောင့် ပဌမဈာန်အမည်ရ၏"ဟူသော စကားသည် ဋီကာဆရာ အလိုသာတည်း၊ အမှန်မှာ–မဂ်စိတ်ကိုယ်တိုင်မှာပင် ဈာန်အင်္ဂါ ငါးပါးရှိသည့်အတွက် ဘုရားဟောတော်မူအပ်သော အစဉ်အားဖြင့် ပဌမထား၍ ဟောတော်မူသောကြောင့်"ပဌမဇ္ဈာန"ဟုအမည်ရခြင်းသာဖြစ်သည်၊ [ဒုတိယဈာန စသည်၌လည်း နည်းတူ။]

**ပါဒကဇ္ဈာန ။ပေ၊ ဇ္ဈာသယေသုပိဟိ။** ။ပဌမဇ္ဈာနသဒိသတ္တာဟူသော ဟိတ်ကို ချဲ့လို၍ ပါဒကဇ္ဈာန–စသည်ကို မိန့်သည်၊ ထိုအကျယ်လည်း အကျဉ်းစကားကဲ့သို့ ဋီကာဆရာ၏ အလိုသာတည်း၊ စင်စစ်ကား "ဈာနင်္ဂယောဂဘေဒေန"ဟု အရှင်အနုရုဒ္ဓါ မိန့်လတ္တံ့အတိုင်း တစ်ချို့မဂ်၌ ဝိတက်စသော ဈာန်အင်္ဂါငါးပါးယှဉ်ခြင်း ။ပေ၊ တစ်ချို့မဂ်၌ ဥပေက္ခာ ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးသာ ယှဉ်ခြင်း, ဤသို့ ဈာန်အင်္ဂါယှဉ်ပုံက ငါးမျိုးပြားခြင်းကြောင့် မဂ်စိတ်လည်း ငါးမျိုး ပြားရသည်။

တတ္ထ–ထိုပါဒကဈာန် စသည်တို့တွင်၊ [ပါဒကဈာန် သမ္မသိတဈာန် ပုဂ္ဂလဇ္ဈာသယောတို့၌ စပ်၊] ပဌမဇ္ဈာနာဒီသု–လောကီပဌမဈာန် အစရှိသည်တို့တွင်၊ ယံယံဈာနံ–အကြင်အကြင်ဈာန်ကို၊ သမာပဇ္ဇိတွာ–ဝင်စား၍၊ တတော တတော–ထိုထိုဈာန်မှ၊ ဝုဋ္ဌာယ–ထပြီး၍၊ သင်္ခါရေ–တေဘူမကသင်္ခါရတို့ကို၊ သမ္မသန္တဿ–အနိစ္စ, ဒုက္ခ, အနတ္တအားဖြင့် သုံးသပ်သော ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌၊ ဝုဋ္ဌာနဂါမိနိဝိပဿနာ–ဝိဋ္ဌာနဂါမိနီဝိပဿနာသည်၊ ပဝတ္တာ–ဖြစ်၏၊ တံ–ထိုထိုဈာန်သည်၊ [ယံယံနှင့်တူအောင် တံ၌ ဝိစ္ဆာလောပကြံ၊] ပါဒကဈာနံ–ပါဒကဈာန် မည်၏၊ ဝါ–အခြေခံဖြစ်သောဈာန် မည်၏၊ (ကသ္မာ–နည်း၊) ဝုဋ္ဌာနဂါမိနိဝိပဿနာယ–၏၊ ပဒဋ္ဌာနဘာဝတော–နီးစွာသော အကြောင်း၏ အဖြစ်ကြောင့်တည်း၊ ယံယံဈာနံ–ကို၊ သမ္မသန္တဿ–၌၊ သာ–ထိုဝုဋ္ဌာနဂါမိနိဝိပဿနာသည်၊ ပဝတ္တာ–၏၊ တံ–ထိုထိုဈာန်သည်၊ သမ္မသိတဈာနံ–သမ္မသိတဈာန် မည်၏၊ ဝါ–သုံးသပ်သောဈာန် မည်၏၊ မေ–ငါ၏၊ ဝါ–ငါ့မှာ၊ ပဌမဇ္ဈာနသဒိသော–ပဌမဈာန်နှင့် တူသော၊ ပဥ္စင်္ဂိကော–သော၊ မဂ္ဂေါ–သည်၊ ဘဝေယျ–ဖြစ်ပါမူကား၊ အဟော ဝတ–အော် ကောင်းလေစွ၊ ဝါ–တစ်နည်း၊ ဒုတိယဇ္ဈာနာဒီသု–တို့တွင်၊ အညတရသဒိသော–တစ်ပါးပါးသောဈာန်နှင့်တူသော၊ စတုရင်္ဂဒိဘေဒေါ–စတုရင်္ဂအစရှိသော အပြားရှိသော၊ မဂ္ဂေါ–သည်၊ ဘဝေယျ–ကား၊ အဟော ဝတ–စွ၊ [စကားကျဉ်းအောင် "ဒုတိယဇ္ဈာနာဒီသု အညတရသဒိသော"ဟု ဆိုသည်၊ တကယ် ကြံသောအခါ "ငါ့မှာ ဒုတိယဈာန်မဂ် ဖြစ်လျှင် ကောင်းမှာဘဲ၊ တတိယဈာန်မဂ် ဖြစ်လျှင် ကောင်းမှာဘဲ" စသည်ဖြင့် ကြံသည်၊] ဣတိ ဧဝံ–သို့၊ ယောဂါဝစရဿ–ယောဂါဝစရပုဂ္ဂိုလ်၏သန္တာန်၌၊ ဥပ္ပန္နဇ္ဈာသယော–ဖြစ်သော အလိုဆန္ဒသည်၊ ပုဂ္ဂလဇ္ဈာသယောနာမ–မည်၏၊ [အားထုတ်အပ်သော ကမ္မဋ္ဌာန်း၌ သက်ဝင်၍ ဖြစ်သူကို "ယောဂါဝစရ"ဟု ဆိုသည်၊ "ယောဂေ+ အဝစရတီတိ ယောဂါဝစရော"ဟု ပြု။]

[ဤပြခဲ့သောစကားဖြင့် ပါဒကဇ္ဈာန, သမ္မသိတဇ္ဈာန, ပုဂ္ဂလဇ္ဈာသယ အမည်ရပုံကို ပြပြီး၍ ထိုပါဒကဈာနစသည်နှင့်တူစွာ မဂ်ဖြစ်ပေါ်လာပုံကို ပြလိုသောကြောင့် တတ္ထ စသည် မိန့်၊] တတ္ထ–ထိုပါဒကဈာန် အစရှိသည်တို့တွင်၊ ယေန–အကြင်ပုဂ္ဂိုလ်သည်၊ ပဌမဇ္ဈာနာဒီသု–လောကီပဌမဈာန် အစရှိသည်တို့တွင်၊ အညတရံ–သော၊ ဈာနံ–ကို၊ သမာပဇ္ဇိတွာ–၍၊ တတော–မှ၊ ဝုဋ္ဌာယ–ပြီး၍၊ ပကိဏ္ဏကသင်္ခါရေ–ရောပြွမ်းသော သင်္ခါရတို့ကို၊ [ဘုံသုံးပါး၌

---

**တတ္ထ ပဌမဇ္ဈာနာဒီသု**။ ။"မဂ်စိတ်တစ်မျိုး၌ ဘာ့ကြောင့် ဈာန်အင်္ဂါယုဉ်ပုံ မတူသနည်း"ဟု မေးဖွယ်ရှိသောကြောင့် တတ္ထ စသည် မိန့်ဟုလည်း တစ်နည်း ကျမ်းတက်ပါ၊ ဤစကား၏ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ အဋ္ဌသာလိနီမှ ယူ၍ ပြထားပြီ။

ဖြစ်သောသင်္ခါရတို့တွင် ဘယ်သင်္ခါရမဆို၊] သမ္မသိတွာ–၍၊ မဂ္ဂေါ–သည်၊ ဝါ–ကို၊ ဥပ္ပာဒိတော–ဖြစ်စေအပ်သည်၊ ဟောတိ၊ တဿ–ထိုပုဂ္ဂိုလ်၏၊ သောမဂ္ဂေါ–သည်၊ ပဋ္ဌမဇ္ဈာနာဒီသု–တို့တွင်၊ တံတံပါဒကဇ္ဈာနသဒိသော–ထိုထိုပါဒကဈာန်နှင့်တူသည်၊ ဟောတိ၊ ပန–အဖို့တစ်ပါးကား၊ ဝိပဿနာပါဒကံ–ဝိပဿနာ၏ အခြေခံဖြစ်သော၊ ကိဉ္စိ–တစ်စုံတစ်ခုသော၊ ဈာန်–သည်၊ သစေ နတ္ထိ–အံ့၊ (ဇဝံသတိ၊) ကေဝလံ–ဈာန်ဝင်စားခြင်းမဖက် သက်သက်၊ ပဋ္ဌမဇ္ဈာနာဒီသု–တို့တွင်၊ အညတရံ ဈာန် သမ္မသိတွာ မဂ္ဂေါ ဥပ္ပာဒိတော ဟောတိ–၏၊ တဿ–ထိုပုဂ္ဂိုလ်၏၊ သော–ထိုမဂ်သည်၊ သမ္မသိတဈာနသဒိသော–သမ္မသိတဈာန်နှင့်တူသည်၊ ဟောတိ။

[ပုဂ္ဂလဇ္ဈာသယကို ချဲ့လို၍"ယဒါပန"စသည် မိန့်၊] ပန–အဖို့တစ်ပါးကား၊ ယဒါ–၌၊ ယံကိဉ္စိ–သော၊ ဈာန်–ကို၊ သမာပဇ္ဇိတွာ–၍၊ [ဤစကားဖြင့် ပါဒကဈာန်ကို ပြ၏၊] တတော–ထိုဈာန်မှ၊ ဝုဋ္ဌာယ–၍၊ အညတရံ–တစ်ပါးပါးသော ဈာန်ကို၊ သမ္မသိတွာ–သုံးသပ်၍၊ [ဤစကားဖြင့် သမ္မသိတဈာန်ကို ပြ၏၊] မဂ္ဂေါ–မဂ်သည်၊ ဝါ–ကို၊ ဥပ္ပာဒိတော–ဖြစ်စေအပ်သည်၊ ဟောတိ–၏၊ တဒါ–ထိုအခါ၌၊ ပုဂ္ဂလဇ္ဈာသယဝသေန–ပုဂ္ဂိုလ်၏ အလို၏အစွမ်းဖြင့်၊ ဒွီသု–နှစ်ပါးကုန်သော ပါဒကဈာန် သမ္မသိတဈာန်တို့တွင်၊ အညတရသဒိသော–တစ်ပါးပါးသော ဈာန်နှင့် တူသောမဂ်သည်၊ ဟောတိ–၏၊ ပန–အဖို့တစ်ပါးကား၊ ပုဂ္ဂလဿ–၏၊ တထာ ဝိဓော–ထိုသို့သဘောရှိသော၊ အဇ္ဈာသယော–သည်၊ သစေ နတ္ထိ–အံ့၊ (ဇဝံသတိ) ဟေဋ္ဌိမဟေဋ္ဌိမဈာန တော–အောက်အောက်၌ ဖြစ်သောဈာန်မှ၊ ဝုဋ္ဌာယ–၍၊ ဥပရူပရိဈာနဓမ္မေ–အထက်ထက် ဈာန်တရားတို့ကို၊ သမ္မသိတွာ–၍၊ ဥပ္ပာဒိတမဂ္ဂေါ–သည်၊ ပါဒကဇ္ဈာနံ–ပါဒကဈာန်ကို၊ အနပေက္ခိတွာ–မရှုငဲ့မူ၍၊ သမ္မသိတဈာန သဒိသော–သမ္မသိတဈာန်နှင့် တူသည်၊ ဟောတိ–၏၊ ပန–အဖို့တစ်ပါး ကား၊ ဥပရူပရိဈာနတော–မှ၊ ဝုဋ္ဌာယ–၍၊ ဟေဋ္ဌိမဟေဋ္ဌိမဈာနဓမ္မေ–တို့ကို၊ သမ္မသိတွာ–၍၊ ဥပ္ပာဒိတမဂ္ဂေါ–သည်၊ သမ္မသိတဈာန်–ကို၊ အနပေက္ခိတွာ–၍၊ ပါဒကဈာနသဒိသော–ပါဒကဈာန်နှင့်တူသည်၊ ဟောတိ–၏၊ (ကသ္မာ–ကြောင့်၊) ဥပရူပရိဈာနသဒိသော–သည်၊ ဟောတိ–နည်း၊ [ဆိုအပ်ပြီးသော ရှေ့နှစ်ဝါကျကို ချုံ၍ စွဲသည်၊] ဟိ ယသ္မာ–ကြောင့်၊ ဟေဋ္ဌိမဟေဋ္ဌိမဈာန တော–ထက်၊ ဥပရူပရိဈာန်–သည်၊ ဗလဝတရံ–သာ၍ အားရှိ၏၊ ဣတိ–ကြောင့်၊ ဥပရူပရိဈာနသဒိသော ဟောတိ။

ပန–အဖို့တစ်ပါးကား၊သဗ္ဗတ္ထာပိ–အလုံးစုံသော ဝါဒ၌လည်း၊ [ပါဒကဈာနဝါဒ, သမ္မသိတဈာနဝါဒ, ပုဂ္ဂလဇ္ဈာသယ ဝါဒ၌လည်း–ဟူလို၊] ဝေဒနာနိယမော–သောမနဿ ဝေဒနာ ဥပေက္ခာ ဝေဒနာကို မှတ်သားခြင်းသည်၊

ဝုဋ္ဌာနဂါမိနိဝိပဿနာနိယမေန–ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ အမှတ်အသားဖြင့်၊ ဟောတိ–၏၊ သုက္ခဝိပဿကဿ–သုက္ခဝိပဿကပုဂ္ဂိုလ်၏၊ သကလဈာနင်္ဂနိယမော–အလုံးစုံသော ဈာန်အင်္ဂါကို မှတ်သားခြင်းသည်၊ တထာ–ထို့အတူ ဝုဋ္ဌာနဂါမိနီ ဝိပဿနာနိယမဖြင့်ဖြစ်၏၊ ဟိ–မှန်၊ တဿ–ထိုသုက္ခဝိပဿကပုဂ္ဂိုလ်၏၊ ပါဒကဈာနာဒီနံ–ပါဒကဈာန်အစရှိသည်တို့၏၊ အဘာဝေန–မရှိခြင်းကြောင့်၊ တေသံ–ထိုပါဒကဈာန်အစရှိသည်တို့၏၊ ဝသေန–ဖြင့်၊ နိယမာဘာဝတော–မှတ်သားခြင်း၏ မရှိခြင်းကြောင့်၊ ဝိပဿနာနိယမေန–ဝိပဿနာ အမှတ်အသားဖြင့်၊ ပဉ္စင်္ဂိကော၀–ငါးပါးသော အင်္ဂါရှိသည်သာလျှင်ဖြစ်သော၊ မဂ္ဂေါ–သည်၊ ဟောတိ–၏၊ ဣတိ–ဤသို့ မှတ်အပ်၏၊ အပိစ–သည်သာမကသေး၊ [သုက္ခဝိပဿကပုဂ္ဂိုလ်၌သာ ပဉ္စင်္ဂိကမဂ် ဖြစ်သည်မဟုတ်သေး–ဟူလို၊] သမာပတ္တိလာဘိနောပိ–ဈာန်သမာပတ်ကို ရခြင်းရှိသော ပုဂ္ဂိုလ်၏လည်း၊ ဈာနံ–ကို၊ ပါဒကံ–အခြေခံကို၊ အကတွာ–မပြုမူ၍၊ [“ပါဒကံ အကတွာ စ အသမ္မသိတွာ စ”ဟု ရှိလျှင် သာ၍ကောင်းသည်၊] ပကိဏ္ဏကသင်္ခါရေ–တို့ကို၊ သမ္မသိတွာ–၍၊ ဉပ္ပာဒိတမဂ္ဂေါ–သည်၊ ဝိပဿနာနိယမေနေဝ–သာလျှင်၊ ပဉ္စင်္ဂိကော၀ ဟောတိ၊ ဣတိ အယံ–ဤဆိုအပ်ပြီးကား၊ ဧတ္ထ–ဤ ဈာန်အင်္ဂါ ဝေဒနာတို့ကို မှတ်သားရာ၌၊ အဋ္ဌကထာဒိတော–အဋ္ဌကထာ ဋီကာတို့မှ၊ ဥဒ္ဓဋော–ထုတ်ဆောင်အပ်သော၊ ဝိနိစ္ဆယသာရော–အဆုံးအဖြတ်အနှစ်တည်း။

ပန–ဆက်၊ ထေရဝါဒဒဿနာဒိဝသပ္ပဝတ္တော–ထေရာဝါဒကို ပြခြင်းအစရှိသည်၏ အစွမ်းဖြင့်ဖြစ်သော၊ ပပဉ္စော–အကျယ်ကို၊ အဋ္ဌကထာဒီသု–တို့၌၊ ဝုတ္တနယေန ဝေဒိတဗ္ဗော၊ စ–ဆက်၊ ဧတ္ထ–ဤဈာန်အင်္ဂါ ဝေဒနာတို့ကို ဆုံးဖြတ်ရာ၌၊ ပပဉ္စော အဋ္ဌကထာဒီသု ဝုတ္တနယေန, ဝေဒိတဗ္ဗောယထာ–သို့၊

---

**ဝုဋ္ဌာန ။ပေ၊ နိယမေန**။ ။ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၌ သောမနဿနှင့် ယှဉ်လျှင် မဂ်၌လည်း သောမနဿနှင့် ယှဉ်ရသည်၊ ထိုဝိပဿနာ၌ ဉပေက္ခာနှင့်ယှဉ်လျှင် မဂ်၌လည်း ဉပေက္ခာနှင့် ယှဉ်ရသည်–ဟူလို၊ သို့ရာဝယ် လုံးလုံးပါဒက သမ္မသိတဈာန် မရှိသူ, သို့မဟုတ် ပ–ဒု–တ–စတုတ္ထဈာန် တစ်ပါးပါးကို ပါဒကသမ္မသိတ ပြုသူ၏ ဝုဋ္ဌာနဂါမိနီဝိပဿနာ၌ သောမနဿသာ ယှဉ်မည်၊ ပဉ္စမဈာန်ကို ပါဒကပြုသူ၏ ဝုဋ္ဌာနဂါမိနီဝိပဿနာ၌ကား ဉပေက္ခာသာ ယှဉ်ပေမည်။

**ပဉ္စင်္ဂိကော၀ မဂ္ဂေါ**။ ။ဝုဋ္ဌာနဂါမိနီဝိပဿနာဟူသည် ကာမာဝစရဝိပဿနာဉာဏ်နှင့် ယှဉ်သော မဟာကုသိုလ်ပင်တည်း၊ ထို့ကြောင့် ထိုဝိပဿနာ၌ ကာမာဝစရဖြစ်သော ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ငါးပါးလုံး ယှဉ်ရကား မဂ်၌လည်း ထိုဝိပဿာနာ၏ အမှတ်အသားအတိုင်း ဈာန်အင်္ဂါငါးပါးနှင့် ယှဉ်ရ၏၊ “သုက္ခဝိပဿကပုဂ္ဂိုလ်မှာ ပဌမဈာန်မဂ်သာ ရနိုင်သည်”ဟူလို။

ဇဝံ–တူ၊ သဗ္ဗတ္ထာပိ–အလုံးစုံသော သင်္ဂဟပါဠိရပ်၌လည်း၊ ဝိတ္ထာရနယော–အကျယ်နည်းကို၊ တတ္ထ တတ္ထ–ထိုထို အဌကထာ ဋီကာတို့၌၊ ဝုတ္တနယေန–ဖြင့်၊ ဂဟေတဗ္ဗော–ယူထိုက်၏၊ ဝါ–ယူကြပါလေ၊ ပန–ဆက်၊ ဧတ္ထ–ဤ အဘိဓမ္မတ္ထဝိဘာဝိနီမည်သော ဋီကာ၌၊ ဂန္ထဘီရုကဇနာနုဂ္ဂဟတ္ထံ–ကြီးလေးသော ကျမ်းဂန်မှ ကြောက်သော စာသင်သားအပေါင်းကို ချီးမြှောက်ခြင်း အကျိုးငှာ၊ သင်္ခေပကထာ–အကျဉ်းချုပ်စကားကို၊ အဓိပ္ပေတာ–အလိုရှိအပ်၏။

**၄၂။** ရူပါဝစရံ–ရူပါဝစရဖြစ်သော၊ စိတ္တံ–စိတ်ကို၊ ပဉ္စမာဒိပဌဝိဓျာနဘေဒေန–ပဉ္စမဈာန်အစရှိသော ငါးပါးအပြားရှိသောဈာန်တို့၏ အပြားအားဖြင့်၊ ဂယှတိယထာ–ယူအပ်သကဲ့သို့၊ ပဉ္စမဇ္ဈာနန္တျာဒိနာ–ပဉ္စမဈာန် အစရှိသည်ဖြင့်၊ ဝုစ္စတိယထာ–သို့၊ တထာ–တူ၊ အနုတ္တရံ–လောကုတ္တရာဖြစ်သော၊ စိတ္တမ္ပိ–စိတ်ကိုလည်း၊ ပဉ္စမဇ္ဈာနသောတာပတ္တိမဂ္ဂစိတ္တန္တျာဒိနာ–ပဉ္စမဇ္ဈာနသောတာပတ္တိမဂ္ဂစိတ္တံ အစရှိသည်ဖြင့်၊ ဂယှတိ–ယူအပ်၏၊ ဝါ–ဆိုအပ်၏၊ အာရုပ္ပဥ္စာပိ–ကိုလည်း၊ ဥပေက္ခေကဂ္ဂတာယောဂေန–ဥပေက္ခာ ဧကဂ္ဂတာနှင့်ယှဉ်ခြင်းကြောင့်၊ ဝါ–ယှဉ်သည့်အတွက်၊ အင်္ဂသမတာယ–ပဉ္စမဈာန်၏ ဈာန်အင်္ဂါနှင့်တူသည်၏ အဖြစ်ကြောင့်၊ ပဉ္စမဇ္ဈာနေ–ပဉ္စမဈာန်၌၊ ဂယှတိ–၏၊ ပဉ္စမဇ္ဈာနဝေါဟာရံ–ပဉ္စမဈာန်ဟူသော အခေါ်အဝေါ်ကို၊ လဘတိ–ရ၏၊ ဣတိ အတ္ထော–နက်။

အထဝါ–ကား၊ ရူပါဝစရံ–သော၊ စိတ္တံ–ကိုလည်းကောင်း၊ အနုတ္တရံ–သော၊ စိတ္တဥ္စ–ကိုလည်းကောင်း၊ ပဉ္စမာဒိဈာနဘေဒေ–ပဉ္စမဈာန် အစရှိသောဈာန် အပြား၌၊ ပဉ္စမဇ္ဈာနကုသလစိတ္တံ, ပဉ္စမဇ္ဈာနသောတာပတ္တိမဂ္ဂစိတ္တန္တျာဒိနာ–ဖြင့်၊

---

**ယထာ ။ပေ၊ ဂယှတိ။** ။ယထာ စ ရူပါဝစရံ–စသောဂါထာ၏ အဖွင့်တည်း၊ “ပဉ္စမာဒိဈာနဘေဒေ”ကို “ပဉ္စမာဒိ ပဌဝိဓ ဈာနဘေဒေန”ဟု ဖွင့်၏၊ ဘေဒေ၌ သတ္တမီကို ကရိဏ်းအနက်ဟောဟု သိစေ၏၊ [ဘေဒေန–မဟုတ်ဘဲ မူလက “ဘေဒေ” ဟုသာ ရှိမည်ထင်သည်၊ နောက်၌ “ပဉ္စမေ ဈာနေ ဂယှတိ”ဟု ရှိပုံကို ထောက်ပါ၊] “ပဉ္စမဇ္ဈာနန္တျာဒိနာ ဝုစ္စတိ”ဖြင့် “ပဉ္စမာဒိ ပဌဝိဓဈာနဘေဒေ ဂယှတိ”ကို အဖြောင့် ဖွင့်ပြသည်“ပဉ္စမဈာန်စသော ငါးပါးသော–အပြားအားဖြင့် ယူအပ်” ဟူရာ၌“ ပဉ္စမဈာန သောတာပတ္တိမဂ်စိတ်”စသည်ဖြင့် ဆိုအပ်၏”ဟု ဆိုလိုသည်။

**တထာ ။ပေ၊ ဂယှတိ။** ။ရူပဈာန်၏ “ပဉ္စမဈာန်စိတ်”စသည်ဖြင့် ဆိုရပုံသည် (ရူပစိတ်၌ ပြခဲ့သည့်အတိုင်း) ထင်ရှား၏၊ လောကုတ္တရာစိတ်၏ ပဉ္စမဈာန်စိတ် စသည်ဖြင့် ဆိုရပုံကား မထင်ရှား၊ လောက၌ ထင်ရှားသောအရာကို ဥပမာန, မထင်ရှားသောအရာကို ဥပမေယျအဖြစ်ဖြင့် ဆိုလေ့ရှိ၏၊ ထို့ကြောင့် ရူပစိတ်၏ ဈာနဘေဒအားဖြင့် ငါးပါးပြားပုံကို ဥပမာန, လောကုတ္တရာစိတ်၏ ဈာနဘေဒအားဖြင့် ငါးပါးပြားပုံကို ဥပမေယျအဖြစ်ဖြင့် ဆိုသည်။

ဂယှတိယထာ–ယှုအပ်သကဲ့သို့၊ ဝါ–ဆိုအပ်သကဲ့သို့၊ တထာ–တူ၊ အာရုပ္ပဋ္ဌာပိ–ကိုလည်း၊ ပဥ္စမေ–သော၊ ဈာနေ–ဈာန်၌၊ ဂယှတိ၊ ဣတိ–ကား၊ ယောဇနာ–ပုဒ်တို့ကိုယှဉ်စေခြင်းတည်း၊ ဟိ–မှန်၊ အာစရိယသာပိ–အရှင်အနုရုဒ္ဓါဆရာသည်လည်း၊ အယမေဝ ယောဇနာ–ဤ ဒုတိယ ယောဇနာနည်းကိုသာ၊ အဓိပ္ပေတာ–၏၊ ဣတိ–သို့၊ ဒိဿတိ–ထင်ရ၏၊ (ကသ္မာ–နည်း၊) နာမရူပပရိစ္ဆေဒေ–နာမရူပပရိစ္ဆေဒကျမ်း၌၊ ဥဇုကမေဝ–ဖြောင့်စွာသာလျှင်၊ ဝါ–တိုက်ရိုက်သာလျှင်၊ တထာ–ထိုဒုတိယယောဇနာနည်းအတိုင်း၊ ဝုတ္တတ္တာ–မိန့်ဆိုအပ်သည်၏အဖြစ်ကြောင့်တည်း၊ ဟိ–မှန်၏၊ တတ္ထ–ထိုနာမရူပပရိစ္ဆေဒ၌၊ ရူပါဝစရစိတ္တာနိ ။ပေ။ ပဉ္စမေတိ–ဟူ၍၊ ဝုတ္တံ–ဆိုအပ်ပြီ၊ [ရူပါဝစရစိတ္တာနိ–တို့ကိုလည်းကောင်း၊ အနုတ္တရာနိစ–တို့ကိုလည်းကောင်း၊ ပဌမာဒိဈာနဘေဒေ–ပဌမဈာန်အစရှိသော ဈာန်တို့၏အပြား၌၊ ဂယှန္တိ–ယှုအပ်ကုန်၏၊ အာရုပ္ပဋ္ဌာပိ–ကိုလည်း၊ ပဥ္စမေ–၌၊ ဂယှတိ။]

တသ္မာတိ–တသ္မာ ဟူသည်ကား၊ ယသ္မာ–အကြင့်ကြောင့်၊ ရူပါဝစရံ–ရူပါဝစရစိတ်ကို၊ ပဌမာဒိဈာနဘေဒေ–၌၊ ဂယှတိဝိယ–သို့၊ အနုတ္တရံပိ–ကိုလည်း၊ ပဌမာဒိဈာနဘေဒေ ဂယှတိ၊ အာရုပ္ပဋ္ဌာပိ–ကိုလည်း၊ ပဥ္စမေ–၌၊ ဂယှတိ၊ တသ္မာ–ထို့ကြောင့်၊ ဝါ–တစ်နည်း၊ ယသ္မာ–ကြောင့်၊ ဈာနင်္ဂယောဂဘေဒေန–ဈာန်အင်္ဂါတို့၏ ယှဉ်ပုံ အပြားအားဖြင့်၊ ဧကေကံ–တစ်ပါး တစ်ပါးသော

---

**အထဝါ**။ ။ဤနည်း၌ကား–ရူပ, လောကုတ္တရာနှစ်မျိုးလုံးကို ဥပမာန, အရူပစိတ်ကို ဥပမေယျအဖြစ်ဖြင့် ဆို၏၊ ထိုသို့ တစ်နည်းပြခြင်းမှာလည်း အရှင်အနုရုဒ္ဓါကိုယ်တိုင်ရေးသားအပ်သော နာမရူပပရိစ္ဆေဒကျမ်းလာ ဂါထာကို သာကေပြုသောကြောင့် ဖြစ်၏၊ သို့သော် ထိုဂါထာ၌ ယထာ, တထာမပါဘဲ စာသွားတစ်မျိုးဖြင့် ဆိုထားသောကြောင့် ထိုဂါထာကို သာကေပြုသင့်မည် မထင်။

**တသ္မာတိ ယသ္မာ**။ ။ကောဒသဝိဓံ တသ္မာ–စသောဂါထာကို ဖွင့်ပြလို၍ "တသ္မာတိ"စသည်မိန့်၊ နိယမဝါစက တသဒ္ဒါသည် အနိယမဝါစက ယသဒ္ဒါကို အမြဲငဲ့လျက်ရှိ၏၊ ထို့ကြောင့် ယသ္မာ–စသော အနိယမဝါကျကိုထည့်၍ ဖွင့်သည်။

**တသ္မာ ။ပေ။ ဂယှတိ**။ ။ဤဝါကျသည် "ယထာ စ ရူပါဝစရံ။ပေ။ပဥ္စမေ"ဂါထာကို အနိယမလုပ်သောဝါကျတည်း၊ "ထိုသို့ ရူပါဝစရစိတ်ကဲ့သို့ လောကုတ္တရာစိတ်၏လည်း ပဌမဈာန်အစရှိသောဈာန်တို့၏ အပြား၌ ယှုအပ်သည်၏အဖြစ်, အရူပစိတ်၏လည်း ပဥ္စမဈာန်၌ ယှုအပ်သည်၏အဖြစ်ကြောင့်"ဟု တသဒ္ဒါ၏ စွဲနက်ကို ပြသည်–ဟူလို။

**ယသ္မာဝါ ။ပေ။ ဂယှတိ**။ ။ဤနည်းကား "ဈာနင်္ဂယောဂဘေဒေန"စသော ရှေ့နှစ်ဂါထာကို အနိယမဝါကျလုပ်သောနည်းတည်း၊ တသ္မာ၌ တသဒ္ဒါဖြင့် ရှေ့နှစ်ဂါထာကို ပြန်၍စွဲပါ–ဟူလို၊ ထိုသို့ ရှေ့နှစ်ဂါထာကို အနိယမလုပ်ရာ၌လည်း ယထာစ ရူပါဝစရံ ဂါထာ၌ (ဖွင့်ပြခဲ့သော နှစ်နည်းတွင်) နောက်နည်းအတိုင်း ပြထားသည်–ဟုမှတ်၊ [ဈာနင်္ဂယောဂဘေဒေန စသောဂါထာနှင့်တကွ ရှေ့နည်းအတိုင်းလည်း စွဲနိုင်ပါ၏။]

လောကုတ္တရာ စိတ်ကို၊ ပဉ္စဓာ–ငါးပါးစီပြားသည်ကို၊ ကတွာ–၍၊ အနုတ္တရံ–သော၊ စိတ္တံ–ကို၊ စတ္တာလီသဝိဓန္တိ–လေးဆယ် အပြားရှိ၏ဟူ၍၊ ဝုစ္စတိ–၏၊ ရူပါဝစရလောကုတ္တရာနိ – ရူပါဝစရစိတ်, လောကုတ္တရာစိတ်တို့ကို၊ ပဉ္စမာဒိဈာနဘေဒေ–၌၊ ဂယှန္တိ ဝိယ–သို့၊ တထာ–တူ၊ အာရုပ္ပဉ္စာပိ–ကိုလည်း၊ ပဉ္စမေ–၌၊ ဂယှတိ–၏၊ တသ္မာ–ကြောင့်၊ ပဉ္စမာဒိကံ–ပဉ္စမဈာန် အစရှိသော၊ ဧကေကံ–တစ်ပါးတစ်ပါးသော၊ ဈာနံ–ဈာန်စိတ်ကို၊ [သင်္ဂြိုဟ်၌ပါသော ဤရိုတံ၌ စပ်၊] လောကိယံ–လောကီဖြစ်သော၊ တိဝိဓံ–သုံးပါးအပြားရှိသော ဈာန်စိတ်လည်းကောင်း၊ လောကုတ္တရံ–သော၊ အဋ္ဌဝိဓံ–ရှစ်ပါးအပြားရှိသော ဈာန်စိတ်လည်းကောင်း၊ ဣတိ–သို့၊ ဧကာဒသဝိဓံ–ဆယ့်တစ်ပါးစီ အပြားရှိ၏ဟူ၍၊ (ဤရိုတံ–၏၊) အန္တေတု–အဆုံး၌ကား၊ (ဋ္ဌိတံ–တည်သော၊) ဈာနံ–ဈာန်စိတ်သည်၊ တိဝိဓရူပါဝစရဒွါဒသဝိဓအရူပါဝစရအဋ္ဌလောကုတ္တရဝသေန–သုံးပါးအပြားရှိသော ရူပါဝစရစိတ်, ဆယ့်နှစ်ပါး အပြားရှိသော အရူပါဝစရစိတ်, ရှစ်ပါးအပြားရှိသော လောကုတ္တရာစိတ်တို့၏အပြားအားဖြင့်၊ တေဝီသတိဝိဓံ–နှစ်ဆယ့်သုံးပါး အပြားရှိသည်၊ (ဘဝေ–ဖြစ်၏၊) ဣတိ အတ္ထော–အနက်။

**၄၃။** ပါဒကဇ္ဈာနာဒိဝသေန–ဖြင့်၊ ဂဏနဝုဍ္ဍိ–အရေအတွက်၏ တိုးပွားခြင်းကို၊ ကုသလဝိပါကေသွေဝ–ကုသိုလ်, ဝိပါက်စိတ်တို့၌သာ၊ လဗ္ဘတိ–ရအပ်၏၊ [အချို့စာ၌ သမ္ဘဝတိ–ဟု ရှိ၏။] ဣတိ–ကြောင့်၊ တေသမေဝ–ထိုကုသိုလ် ဝိပါက်တို့၏သာ၊ ဂဏနံ–အရေအတွက်ကို၊ ဧကဝီသသတဂဏနာယ–(၁၂၁) ပါး အရေအတွက်၏၊ အင်္ဂဘာဝေန–အကြောင်း၏ အဖြစ်ဖြင့်၊ ဒဿေန္တော–ပြလိုသည်၊ (ဟုတွာ) အာဟ–ကား၊ သတ္တတိံ သာတျာဒိ–တည်း၊ ဣတိ–ဤဆိုအပ်ပြီးသောစကားအစဉ်ဖြင့်၊ အဘိဓမ္မတ္ထဝိဘာဝိနိယာနာမ–အဘိဓမ္မာ၏ အနက်တို့ကို ထင်စွာပြရာ ပြကြောင်း၏ အဖြစ်ကြောင့် အဘိဓမ္မတ္ထဘာဝနီ မည်သော၊ အဘိဓမ္မတ္ထသင်္ဂဟဝဏ္ဏနာယ–အဘိဓမ္မတ္ထသင်္ဂြိုဟ်၏ အဖွင့်၌၊ ပဌမပရိစ္ဆေဒဝဏ္ဏနာ–ပဌမပိုင်း၏ အဖွင့်သည်၊ ဝါ–ပဌမပိုင်းကို ဖွင့်ကြောင်း ဖွင့်ရာ ဋီကာသည်၊ နိဋ္ဌိတာ–ပြီးပြီ။

---

**တသ္မာ ၊ပေ၊ တျတ္ထော။** ။"တသ္မာတိ"ဟု စတည်ခဲ့သော တသ္မာ၏အဖွင့်သည် ဤနေရာကျမှ ဆုံး၏၊ ဤဝါကျ၌ အားလုံးထင်ရှားပြီ၊ အန္တေတု၌ကား "သဗ္ဗဈာနာဝသာနေ ဋ္ဌိတံ" စသည်ဖြင့် မဏိမဥ္ဇူ၌ ပထမဖွင့်၏၊ ထိုအလို "အန္တေ–ဈာန်အားလုံးတို့၏ အဆုံး၌၊ ဋ္ဌိတံ–တည်သော၊ ဈာနံတု–သည်ကား"ဟု ပေး၊ "အန္တံ ပန"ဟု မဏိမဥ္ဇူ၌ တစ်နည်း ဖွင့်ပြန်၏၊ ထိုအလို ပထမာအနက်၌ သတ္တမီသက်၍ "အဆုံးဈာန်သည်ကား"ဟု ပေးစေလိုသည်။

## စိတ်ပိုင်းအဖွင့် ပြီးပြီ။

# စေတသိက်ပိုင်း နိဿယ

**၁။** ဧဝံ–ဤဆိုအပ်ပြီးသော စကားအစဉ်ဖြင့်၊ တာဝ–စေတသိက်, ရုပ်, နိဗ္ဗာန်တို့မှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌ–သော၊) စိတ္တံ–ကို၊ ဘူမိဇာတိသမ္ပယောဂသင်္ခါရ ဈာနာရမဏမဂ္ဂဘေဒေန–ဘုံအပြား, ဇာတ်အပြား, သမ္ပယုတ်အပြား, သင်္ခါရ အပြား, ဈာန်အပြား, အာရုံအပြား, မဂ်အပြားအားဖြင့်၊ ယထာရဟံ–ဝေဖန်ထိုက် သည်အားလျော်စွာ၊ ဝိဘဇိတွာ–အကျယ်ဝေဖန်ပြီး၍၊ ဣဒါနိ–၌၊ စေတသိက ဝိဘာဂဿ–စေတသိက်ကို အကျယ်ဝေဖန်ခြင်း၏၊ အနုပ္ပတ္တတ္တာ–အစဉ်ရောက် လာသည်၏အဖြစ်ကြောင့်၊ ပဌမံ–ရာသိစသည်တို့မှ ရှေးဦးစွာ၊ တာဝ–အစဉ် အတိုင်း၊ စတုဗ္ဗိဓသမ္ပယောဂလက္ခဏသန္ဒဿနဝသေန–လေးပါး အပြားရှိ သော သမ္ပယောဂလက္ခဏာကို ပြခြင်း၏အစွမ်းဖြင့်၊ စေတသိကလက္ခဏံ– စေတသိက်၏ လက္ခဏာကို၊ ထပေတွာ–ထားပြီး၍လည်းကောင်း၊ တဒနန္တရံ– ထိုစေတသိက်၏လက္ခဏာကို ပြပြီးရာကာလ၏ အခြားမဲ့၌၊ အညသမာန အကုသလသောဘနဝသေန–အညသမာန်းရာသိ, အကုသလရာသိ, သောဘန ရာသိတို့၏အစွမ်းဖြင့်၊ တီဟိ–န်သော၊ ရာသီဟိ–အစုတို့ဖြင့်၊ စေတသိကဓမ္မေ– စေတသိက်တရားတို့ကို၊ ဥဒ္ဒိသိတွာ–သရုပ်အရ, ထုတ်ပြပြီး၍လည်းကောင်း၊

---

**ဧဝံ ၊ပေ၊ ဝိဘဇိတွာ။** ။စိတ်ပိုင်းကို ဖွင့်ပြပြီး၍ စေတသိက်ပိုင်းကို ဖွင့်ပြလိုသော အရှင်သုမင်္ဂလသာမိဋီကာဆရာသည် "ဧဝံ တာဝ"စသည်ကို မိန့်၊ "ဘူမိ၊ပေ၊ဘေဒေန" ၌ "ဘူမိဘေဒ, ဇာတိဘေဒ"စသည်ဖြင့် ဘေဒပုဒ်ကို ပုဒ်တိုင်းယှဉ်စေရသည်၊ ထိုတွင် ကာမ–ရူပ–အရူပ–လောကုတ္တရာစိတ်အပြားသည် ဘူမိဘေဒတည်း၊ ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာစိတ်အပြားသည် ဇာတိဘေဒတည်း၊ ဒိဋ္ဌိဂတ, ဉာဏသမ္ပယုတ် ဝိပ္ပယုတ် စိတ်အပြားသည် သမ္ပယောဂဘေဒတည်း၊ အသင်္ခါရိက, သသင်္ခါရိကစိတ်အပြားသည် သင်္ခါရဘေဒတည်း၊ ဈာန်အပြားအားဖြင့် ရူပစိတ်ပြားခြင်း, ကောင်းကင်ပညတ်စသော အာရုံလေးပါး အပြားအားဖြင့် အရူပစိတ်ပြားခြင်း, သောတာပတ္တိမဂ်စသော မဂ်လေးပါး အပြားအားဖြင့် လောကုတ္တရာစိတ် ပြားခြင်းသည် ဈာနဘေဒ, အာရမဏဘေဒ, မဂ္ဂဘေဒ တည်း၊ [မဂ္ဂါဒိဘေဒေနဟု ရှိလျှင် သာ၍ ကောင်း၏၊ အာဒိဖြင့် စက္ခုစသော မှီရာ, သမ္ပဋိစ္ဆန စသော ကိစ္စအားဖြင့် အဟိတ်စိတ် ပြားပုံများကို ယူ။]

**စတုဗ္ဗိဓ ၊ပေ၊ ထပေတွာ။** ။ဤ စကားဖြင့် ဧကုပ္ပာဒစသောဂါထာကို ရည်ရွယ် သည်၊ ထိုဂါထာ၌ ဧကုပ္ပာဒ, ဧကနိရောဓ, ဧကာလမ္ဗန, ဧကဝတ္ထုကဟု စိတ်၌ ယှဉ်ခြင်း၏လက္ခဏာ (သမ္ပယောဂလက္ခဏာ)လေးပါးကို ပြထား၏၊ ထိုလေးပါးကိုပင် စေတသိက်အမည်ရခြင်း၏ အမှတ်လက္ခဏာဟုလည်း ခေါ်၏၊ ထို့ကြောင့် "စတုဗ္ဗိဓ ၊ပေ၊ လက္ခဏသန္ဒဿနဝသေန စေတသိကလက္ခဏံ ထပေတွာ"ဟု ဆိုသည်၊ "စိတ်၌ ယှဉ်ခြင်း၏ လက္ခဏာလေးပါးနှင့် စေတသိက်မည်ခြင်း၏ လက္ခဏာလေးပါးသည် သဘောတူပင်"ဟူလို၊ ထိုလေးပါးကိုပင် "စေတသိက်၏အင်္ဂါ"ဟုလည်း ခေါ်ကြသည်။

တာသံ–ထိုစေတသိက်တရားတို့၏၊ သောဠသဟာကာရေဟိ–(၁၆)ပါးသော အခြင်းအရာတို့ဖြင့်၊ သမ္ပယောဂံ–သမ္ပယောဂနည်းကိုလည်းကောင်း၊ တေတ္တိံသ ဝိဓေန–(၃၃)ပါး အပြားအားဖြင့်၊ သင်္ဂဟဉ္စ–သင်္ဂဟနည်းကိုလည်းကောင်း၊ ဒဿေတုံ–ငှါ၊ ကေပ္ပဒနိရောဓာစာတျာဒိ–ကေပ္ပဒနိရောဓာစ အစရှိသော စကားရပ်ကို၊ [အာဒိဖြင့် စေတသိက်ပိုင်း တစ်ပိုင်းလုံးကို ဆိုလိုသည်၊] (အာစရိယေန) အာရဒ္ဓံ–အားထုတ်အပ်ပြီ။

ယေသံ(ဓမ္မာနံ)အကြင်တရားတို့၏၊ စိတ္တေန–နှင့်၊ သဟ–တကွ၊ ကေ တော–တစ်ပေါင်းတည်း၊ ဥပ္ပာဒေါစ–ဖြစ်ခြင်းသည်လည်းကောင်း၊ နိရော ဓောစ–ချုပ်ခြင်းသည်လည်းကောင်း၊ အတ္ထိ–ရှိ၏၊ ဣတိ–ကြောင့်၊ ဝါ–ထိုသို့ စိတ်နှင့် အတူတကွဖြစ်ခြင်း ချုပ်ခြင်းရှိကုန်သည်၏ အဖြစ်ကြောင့်၊ တေ (ဓမ္မာ)တို့သည်၊ [ဓမ္မာ စေတသိကာမှ ဓမ္မာကို ခွဲသည်၊] ကေပ္ပဒနိရောဓာ–ကေပ္ပဒနိရောဓတို့မည်၏၊ ယေသံ ဓမ္မာနံ–တို့၏၊ ကေံ–တစ်ခုတည်းသော၊ အာလမ္ဗနဉ္စ–အာရုံသည်လည်းကောင်း၊ ဝတ္ထုစ–မှီရာသည်လည်းကောင်း၊ အတ္ထိ–ရှိ၏၊ ဣတိ–ကြောင့်၊ တေဓမ္မာ–တို့သည်၊ ကောလမ္ဗနဝတ္ထုကာ–ကောလမ္ဗနဝတ္ထုကတို့မည်၏၊ ဧဝံ–လျှင်၊ စတူဟိ–န်သော၊ လက္ခဏေဟိ–တို့ဖြင့်၊ စေတောယုတ္တာ–စိတ်နှင့်ယှဉ်ကုန်သော၊ စိတ္တေန–နှင့်၊ သမ္ပယုတ္တာ–အညီအမျှ ကေပ္ပဒတာအစရှိသော အပြားတို့ဖြင့် ယှဉ်ကုန်သော၊ [စေတော ယုတ္တာကိုဖွင့်သည်၊] ဒွိပညာသ–သော၊ သလက္ခဏဓာရဏတော–မိမိ၏ လက္ခဏာကို ဆောင်တတ်ကုန်သည်၏ အဖြစ်ကြောင့်၊ ဓမ္မာ–ဓမ္မမည်သော

**တဒနန္တရံ ပေ၊ သင်္ဂဟဉ္စ။** ။"တဒနန္တရံ ပေ၊ ဥဒ္ဒိသိတွာ"ဖြင့် "ကထံ–ဖဿော ဝေဒနာ သညာ"မှစ၍ "ဒွိပညာသ ပဝုစ္စရေ"တိုင်အောင်သောစကားကို ရည်ရွယ်သည်၊ ထို့နောက် "တေသံ၊ပေ၊သင်္ဂဟဉ္စ"စကားဖြင့် သမ္ပယောဂနည်း, သင်္ဂဟနည်းကို ပြရာ စေတသိက်ပိုင်း အဆုံးတိုင်အောင် ရည်ရွယ်သည်၊ [ဤအနုသန္ဓေတက်ပုံကို ကြည့်၍ စေတသိက်ပိုင်း၌ (၁) စေတသိက်လက္ခဏာ ၄ပါး, (၂) အညသမာန်စသောရာသိ (စေတသိက်အစု) ၃ ပါး, (၃) သမ္ပယောဂနည်း (၁၆)ပါး, (၄) သင်္ဂဟနည်း(၃၃)ပါး, ဤသို့အားဖြင့် ပိဏ္ဍတ္ထ(အပေါင်းဖြစ်သော သိမ်းယှယ်အနက်များ) လေးမျိုးရှိကြောင်း မှတ်ပါ။]

**ကေတော ပေ၊ နိရောဓာ။** ။"ဥပ္ပာဒေါ စ + နိရောဓော စ ဥပ္ပာဒနိရောဓာ၊ ကေတော+ ဥပ္ပာဒနိရောဓာ ယေသံတိ ကေပ္ပဒနိရောဓာ"ဟု ဒွန်သမာသ်အတွင်းငုတ်သော ဗဟုဗ္ဗိဟိ ပြုစေလို၏၊ ကေပ္ပဒဟု ဆိုလိုလျက် ကေတောနိပါတ်မှ တောသဒ္ဒါကိုလည်း ချေထားသည်ဟု မဏိမဉ္ဇူဆို၏၊ ဘာသာဋီကာ၌ တစ်မျိုးဝစနတ္ထ ပြုထား၏၊ ကောလမ္ဗန ဝတ္ထုကာ၌ ကေသဒ္ဒါကား သဗ္ဗာသဗ္ဗနာမ်ပုဒ်ပင်တည်း၊ ရှေးနည်းအတိုင်း ဒွန်သမာသ် ပြုပြီးမှ "ကောနိ+အာလမ္ဗနဝတ္ထူနိ ယေသံတိ ကောလမ္ဗနဝတ္ထုကာ"ဟု ပြု၊ [ကပစ္စည်းကား သမာသန္တကပစ္စည်းတည်း။]

တရားတို့ကို၊ နိယတယောဂိနော–အမြဲယှဉ်ခြင်းရှိသည်လည်း ဖြစ်ကုန်သော၊ အနိယတယောဂိနော စ–အမြဲ ယှဉ်ခြင်း မရှိသည်လည်း ဖြစ်ကုန်သော၊ စေတသိကာ–တို့ ဟူ၍၊ မတာ–သိအပ်ကုန်၏၊ [သလက္ခဏာစာရဏာတောဖြင့် ဓမ္မ၏ သဒ္ဒပဝတ္တိနိမိတ်ကို ပြသည်၊ "အတ္တနော လက္ခဏံ ဓာရေန္တီတိ ဓမ္မာ"ဟု ဝိဂြိုဟ်ပြု။]

တတ္ထ–ထိုစေတောယုတ္တလက္ခဏာလေးပါးတို့တွင်၊ ကေပ္ပာဒမတ္တေနေဝ–အတူတကွ ဖြစ်ခြင်းမျှဖြင့်သာ၊ စေတောယုတ္တာတိ–စိတ်နှင့်ယှဉ်ကုန်သော တရားတို့ဟူ၍၊ ယဒိ အဓိပ္ပေတာ–အကယ်၍ အလိုရှိအပ်ကုန်အံ့၊ (ဝေသတိ) တဒါ–ဌ၊ စိတ္တေန–နှင့်၊ သဟ–တကွ၊ ဥပ္ပဇ္ဇမာနာနံ–ဖြစ်ကုန်သော၊ ရူပဓမ္မာနံပိ–ကမ္မဇ,စိတ္တဇရုပ်တရားတို့၏လည်း၊ စေတောယုတ္တတာ–စေတောယုတ္တတို့၏ အဖြစ်သည်၊ အာပဇ္ဇေယျ–ဖြစ်ရာ၏၊ ဣတိ–ကြောင့်၊ [ထိုသို့ စိတ်နှင့် ယှဉ်ကုန်သော ကမ္မဇ စိတ္တဇရုပ်တရားတို့၏ စေတောယုတ္တအဖြစ် ဖြစ်ရာသည်၏ အဖြစ်ကြောင့်၊] ကေနိရောဓဂ္ဂဟဏံ–ကေနိရောဓ သဒ္ဒါကို ယူခြင်းသည်၊ (ဟောတိ၊)

ဝေမ္ပိ–ဤသို့ ဖြစ်ပါသော်လည်း၊ စိတ္တာနုပရိဝတ္တိနော–စိတ်သို့ အစဉ်လိုက်၍ ဖြစ်သော၊ ဝိညတ္တိဒွယဿ–ဝိညတ်ဒွေး၏၊ ပသင်္ဂေါ–ငြိကပ်ခြင်းသည်၊ ဝါ–လျှဉ်းပါးခြင်းသည်၊ ဝါ–ကို၊ နိဝါရေတုံ–တားမြစ်ခြင်းငှာ၊ န သက္ကာ–မတတ်နိုင်၊ တထာ–ထိုမှတစ်ပါး၊ တေသံ–ဤတရားတို့၏၊ ကေတော–စိတ်နှင့်အတူတကွ၊ ဥပ္ပာဒေါ ဝါ–ဖြစ်ခြင်းသည်သော်လည်းကောင်း၊ နိရောဓော ဝါ–ချုပ်ခြင်းသည် သော်လည်းကောင်း၊ အတ္ထိ–၏၊ ဣတိ–ကြောင့်၊ ကေပ္ပာဒနိရောဓာ–တို့မည်၏၊ ဣတိ–သို့၊ ပရိကပ္ပေန္တဿ–ကြံစည်သောပုဂ္ဂိုလ်၏၊ (မတိယာ–အလိုအားဖြင့်၊) ပုရေတရံ–အထူးသဖြင့်ရှေးဦးစွာ၊ [လွန်ခဲ့ပြီးသော စိတ္တက္ခဏ(၁၇)ချက်ခန့်က၊] ဥပ္ပန္နိတွာ–ဖြစ်ပြီး၍၊ စိတ္တဿ–နောက်စိတ်၏၊ ဘင်္ဂက္ခဏေ–ဘင်ခဏ၌၊ နိရုဇ္ဈမာနံ–ချုပ်ကုန်သော၊ ရူပဓမ္မာနံပိ–ကမ္မဇ, စိတ္တဇရုပ် တရားတို့၏လည်း၊ ပသင်္ဂေါ–သည်၊ ဝါ–ကို၊ နိဝါရေတုံ–ငှာ၊ န သက္ကာ–နိုင်၊ ဣတိ–ကြောင့်၊ ကောလမ္ဗနဂ္ဂဟဏံ–ကောလမ္ဗနသဒ္ဒါကို ယူခြင်းသည်၊ (ဟောတိ)။

ယေ–အကြင် တရားတို့သည်၊ ဝေံ–ဤသို့၊ တိဝိဓလက္ခဏာ–သုံးပါးအပြားရှိသော လက္ခဏာ ရှိကုန်၏၊ တေ–ထိုတရားတို့သည်၊ နိယမတော–အမြဲအားဖြင့်၊ ကေဝတ္တုကာယေဝ–တူသောမှီရာ ရှိကုန်သည်သာ၊ ဣတိ (ဣမဿ အတ္ထဿ)–ဤအနက်အဓိပ္ပာယ်ကို၊ ဒဿနတ္ထံ–ပြခြင်း အကျိုးငှာ၊ ကေဝတ္ထုကဂ္ဂဟဏံ–ကေဝတ္ထုကသဒ္ဒါကို ယူခြင်းသည်၊ (ဟောတိ–၏) ဣတိ–ဤ အဓိပ္ပာယ်၏ဖြစ်သင့်ခြင်းကြောင့်၊ အတိပ္ပပဥ္စေန–အလွန်ချဲ့ထွင်ကြောင်း စကားဖြင့်၊ အလံ–အကျိုးမရှိတော့၊ ["တတ္ထ ယဒိ" စသော ဤဝါကျများ၏ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ။]

၂။ ကထန္တိ–ကထံဟူသော ပုစ္ဆာသည်၊ သရူပသမ္ပယောဂါကာရာန်–၅၂ပါး သရုပ်, ယှဉ်ပုံအခြင်းအရာတို့ကို၊ ကထေတုကမျတာပုစ္ဆာ–ဖြေခြင်းငှာ အလိုရှိသည်၏ အဖြစ်ကြောင့် မေးအပ်သောပုစ္ဆာတည်း၊ (ယော သဘာဝေါ–သည်၊) ဖုသတိ–အာရုံကို ထိတတ်၏၊ ဣတိ–ကြောင့်၊ (သော သဘာဝေါ) ဖဿော–ဖဿမည်၏၊ သွာယံ–ထိုဖဿသည်၊ ဖုသနလက္ခဏော–အာရုံကို ထိခြင်းလက္ခဏာရှိ၏၊ ဟိ–မှန်၏၊ အယံ–ဤဖဿသည်၊ အရူပဓမ္မော–နာမ်တရားသည်၊ သမာနောပိ–လည်း၊ အာရမဏေ–အာရုံ၌၊ ဖုသနာကာရေနေဝ–ထိခြင်းဟူသော အခြင်းအရာအားဖြင့်သာ၊ ပဝတ္တတိ–၏၊ စ–ဆက်၊ အဿ–ထိုဖဿ၏၊ သာ ဖုသနာကာရပ္ပဝတ္တိ–ထို ထိခြင်းဟူသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းကို၊ အမ္ဗိလခါဒကာဒိန်–ချဉ်သောအရသာကို စားသူ အစရှိသည်တို့ကို၊ ပဿန္တဿ–မြင်ရသော၊ ပရဿ–သူတစ်ပါး၏၊ ခေဠုပ္ပာဒါဒိ ဝိယ–တံထွေး၏ ဖြစ်ခြင်းစသည်ကိုကဲ့သို့၊ ဒဋ္ဌဗ္ဗာ–မှတ်ထိုက်၏၊ [ခါဒကာဒိန် ၌ အာဒိဖြင့် သစ်ပင်ဖျား၌ တက်ရောက်နေသူကို မြင်ရသော မြေပြင်မှာနေသူ၏ခြေသလုံးတုန်ခြင်းစသည်ကို ယူပါ၊အကျယ်ကို ဘာသာဋီကာ၌ပြထားပြီ၊]

(ယာ ဓမ္မဇာတိ) အာရမဏရသံ–အာရုံတည်းဟူသောအရသာကို၊ ဝေဒယတိ အနုဘဝတိ–ခံစားတတ်၏၊ ဣတိ (သာ ဓမ္မဇာတိ) ဝေဒနာ–မည်၏၊သာ–ထိုဝေဒနာသည်၊ ဝေဒယိတလက္ခဏာ–ခံစားခြင်းလက္ခဏာရှိ၏၊ ဟိ–မှန်၏၊ အာရမဏရသာနုဘဝန်–အာရုံအရသာကို ခံစားခြင်းကိစ္စသို့၊ ပတ္ဝာ–ရောက်၍၊ ဝါ–ရောက်လသော်၊ သေသသမ္ပယုတ္တဓမ္မာ–ဝေဒနာမှကြွင်းသော သမ္ပယုတ်တရားတို့သည်၊ ဧကဒေသမတ္တေနေဝ–တစ်စိတ်တစ်ဒေသမျှဖြင့်သာ၊ ရသံ–အရသာကို၊ အနုဘဝန္တိ –န်၏၊ ပန–အဖို့တစ်ပါးကား၊ ဧကံသတော (ဧက+အံသတော)–တစ်ခုသောအဖို့အားဖြင့်၊ ဝါ–စင်စစ်အားဖြင့်၊ ဣဿရဝတာယ–

---

**သရူပ ।ပေ၊ ပုစ္ဆာ။** ။စေတောယုတ္တာ ဒွိပညာသအရ ၅၂ ပါး သရုပ်ကိုလည်းကောင်း, စိတ်၌ ယှဉ်ပုံကိုလည်းကောင်း ဖြေလို၍ မေးသောပုစ္ဆာ–ဟူလို၊ ကထေတုကာမဿ+ဘာဝေါ ကထေတုကမျ၊ [ဏျပစ္စည်း,ကာ၌ ရဿ၊] ကထေတုကမျံယေဝ+ကထေတုကမျတာ၊ [တာပစ္စည်း သွတ္တ၊] ကထေတုကမျတာယ–ဖြေခြင်းငှာ အလိုရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ ဖြေလိုသော ဆန္ဒကြောင့်+ပုစ္ဆိတာ–မေးအပ်သော+ ပုစ္ဆာ–ပုစ္ဆာတည်း၊ ကထေတုကမျတာပုစ္ဆာ၊ အဒိဋ္ဌဇောတနာ, ဒိဋ္ဌသံသန္ဒနာ, ဝိမတိစ္ဆေဒနာ, အနုမတိ, ကထေတုကမျတာဟူသော ပုစ္ဆာငါးမျိုးရှိသည်တွင် ကထေတုကမျတာပုစ္ဆာ ဖြစ်သည်–ဟူလို၊ [အဒိဋ္ဌ–ဒိဋ္ဌ, ဝိနှင့် အ, ကထ ငါးပုစ္ဆာ။]

**အမှာ။** ။ဖဿ စသော စေတသိက်များ၏ ဝစနတ္ထနှင့် လက္ခဏာ စသည်ကို သင်္ဂြိုဟ်ဘာသာဋီကာ၌ အကျယ်ပြထားပြီ၊ ထို့ကြောင့် ဤနိဿယ၌ အဓိပ္ပာယ်ကို ပြတော့မည် မဟုတ်ပါ။

အစိုးရခြင်းရှိသူ၏ အဖြစ်ဖြင့်၊ ဝါ-ပိုင်စိုးပိုင်နင်းအားဖြင့်၊ ဝေဒနာဝ-သာ၊ အနုဘဝတိ၊ တထာဟိ-ထိုကြောင့်ပင်၊ ဧသာ-ဤဝေဒနာကို၊ သုဘောဇန ရသာနုဘဝနကရာဇာဝိယာတိ-ကောင်းသောဘောဇဉ်၏အရသာကို ခံစားသော ရှင်ဘုရင်နှင့် တူ၏ဟူ၍၊ ဝုတ္တာ-ဆိုအပ်ပြီ၊ ပန-ဆက်၊ သုခါဒိဝသေန- သုခ အစရှိသည်တို့၏အစွမ်းဖြင့်၊ အဿာ-ထိုဝေဒနာ၏၊ ဘေဒံ-အပြားကို၊ သယမေဝ-(အရှင်အနုရုဒ္ဓါ)ကိုယ်တိုင်သာလျှင်၊ ဝက္ခတိ-ဆိုလတ္တံ့၊[ပကိဏ်းပိုင်း ဝေဒနာသင်္ဂဟ၌ ဆိုလတ္တံ့။]

(ယာဓမ္မဇာတိ) နီလာဒိဘေဒံ-အညိုအစရှိသော အပြားရှိသော၊ အာရမဏံ- ကို၊ သဉ္ဇာနာတိ-မှတ်သိ သိတတ်၏၊ သညံ-အမှတ်အသားကို၊ ကတ္វာ- ပြု၍၊ [သံကို သညံကတွာဟု ဖွင့်သည်၊] ဇာနာတိ-၏၊ ဣတိ (သာ ဓမ္မဇာတိ) သညာ-သညာမည်၏၊ သာ-ထိုသညာသည်၊ သဉ္ဇာနနလက္ခဏာ-မှတ်သိ သိခြင်းလက္ခဏာရှိ၏၊ ဟိ-မှန်၏၊ သာ-ထိုသညာသည်၊ ဥပ္ပန္နမာနာ-ဖြစ်လတ် သော်၊ ဒါရုအာဒီသု-သစ်သားအစရှိသည်တို့၌၊ ဝဍ္ဍကီအာဒီနံ-လက်သမား အစရှိသူတို့၏၊ သညာဏကရဏံ ဝိယ-အမှတ်အသားကို ပြုခြင်းကဲ့သို့၊ ပစ္ဆာ- နောက်၌၊ သဉ္ဇာနနဿ-မှတ်သိ သိခြင်း၏၊ ကာရဏဘူတံ-အကြောင်း ဖြစ်၍ဖြစ်သော၊ အာကာရံ-အခြင်းအရာကို၊ ဂဟေတွာ-၍၊ ဥပ္ပဇ္ဇတိ-၏။

တေံ-ဤမှတ်သိ သိခြင်းသည်၊ နိမိတ္တကာရိကာယ-နောင်အခါသိဖို့ရန် အမှတ်အသားကို ပြုသောသညာ၏ အတွက်၊ တာဝယုဇ္ဇတိ-သင့်ပါစေဦးတော့၊ နိမိတ္တေန-ရှေ့အမှတ်အသားဖြင့်၊ သဉ္ဇာနန္တိယာ ပန-သိသော နောက်သညာ၏ အတွက်ကား၊ ကထံ-အဘယ်သို့သင့်ပါအံ့နည်း၊ ဣတိ-ဤကား စောဒနာ တည်း၊ သာပိ-ရှေးအမှတ်အသားဖြင့်သိသော ထိုသညာသည်လည်း၊ ပုန- တစ်ဖန်၊ အပရာယ-တစ်ပါးသော၊ သညာယ-သညာ၏၊ သဉ္ဇာနနဿ- မှတ်သိ သိခြင်း၏၊ နိမိတ္တံ-အမှတ်အသားဖြစ်သော၊ အာကာရံ-ကို၊ ဂဟေတွာ- ယူ၍၊ ဥပ္ပဇ္ဇတိ-၏၊ ဣတိ-ကြောင့်၊ ဧတ္ထ-ဤရှေးအမှတ်အသားဖြင့် သိသော နောက်သညာ၌၊ ကောစိ-သော၊ အသမ္ဘဝေါ-သညာဟူသော အမည်၏ မဖြစ်သင့်ခြင်းသည်၊ န-မရှိ၊ (ဣတိ-ဤကား အဖြေတည်း။)

---

**ဣဿရဝတာယ**။ ။ဣဿရသဒ္ဒါသည် အစိုးရသူ ပုဂ္ဂိုလ်ဒြဗ်ကို ဟော၏၊ ထို့ကြောင့် “ဣဿရဘာဝ”ဟု ဆိုလိုလျက် ဘာဝပုဒ်အကျေကြံ၍ (တစ်နည်း-ဘာဝပ္ပစ္စာနကြံ၍) ဣဿရ-အစိုးရသူ၏အဖြစ်ဟူသော အစိုးရခြင်းဂုဏ်ကို ယူပါ၊ ထို့နောက် အဿတ္ထိအနက်၌ (ဓေါသဝေါကဲ့သို့) ဝပစ္စည်းသက်၍ “ဣဿရဝါ” ဖြစ်၏ဟု မဏိမဥ္ဇူ ဆို၏၊ [“မဟန္တ သဿ+ဘာဝေါ မဟတ္တံ”၌ န္တကို ချေရသကဲ့သို့ “ဣဿရဝန္တ တာ”မှ န္တကို ချေလျှင်လည်း “ဣဿရဝတာ” ဟု ပြီးနိုင်ယည်သာ။]

(ယာဓမ္မဇာတိ)၊ စေတေတိ–စေ့စပ်တတ်၏၊ ဝါ–စေ့ဆော်တတ်၏၊ အတ္တနာ–မိမိနှင့်တကွ၊ သမ္ပယုတ္တဓမ္မေ–တို့ကို၊ အာရမဏေ–၌၊ အဘိသန္ဒဟတိ–စေ့စပ်တတ်၏၊ [ဤအဖွင့်ဖြင့် စေတနာ၏လက္ခဏာကို ဖွင့်သည်၊] ဝါ–တစ်နည်း၊ သင်္ခတာဘိသင်္ခရဏေ–သင်္ခတတရားတို့ကို ပြုစီမံခြင်း၌၊ ဗျာပါရံ–လုံ့လဗျာပါရသို့၊ အာပဇ္ဇတိ–ရောက်တတ်၏၊ [ဗျာပါရံ အာပဇ္ဇတိဖြင့် စေတနာ၏ ရသကို ဖွင့်သည်၊] ဣတိ–ကြောင့်၊ (သာ ဓမ္မဇာတိ) စေတနာ–မည်၏၊ တထာဟိ–ထိုစကား မှန်၏၊ ["သင်္ခတတရားတို့ကို ပြုစီမံခြင်း၌ လုံ့လဗျာပါရသို့ ရောက်တတ်၏"ဟူသော စကားသည် မှန်၏၊] အယမေဝ–ဤစေတနာကိုသာ၊ အဘိသင်္ခရဏေ–သင်္ခတတရားကို ပြုစီမံခြင်း၌၊ ပဓာနတ္တာ–ပြဋ္ဌာန်းသည်၏ အဖြစ်ကြောင့်၊ ဝိဘင်္ဂေ–ခန္ဓဝိဘင်းပါဠိတော်၌၊ သုတ္တန္တဘာဇနီယေ–သုတ္တန္တဘာဇနီယနည်း၌၊ သင်္ခါရက္ခန္ဓံ–သင်္ခါရက္ခန္ဓာကို၊ ဝိဘဇန္တေန–ဝေဖန်တော်မူသော မြတ်စွာဘုရားသည်၊ သင်္ခတမဘိသင်္ခရောန္တီတိ သင်္ခါရာတိ–သင်္ခတမဘိသင်္ခရောန္တီတိ သင်္ခါရာဟူ၍၊ ဝတွာ–ဟောတော်မူပြီး၍၊ စက္ခုသမ္ဖဿဇာ စေတနာတျာဒိနာ–စက္ခုသမ္ဖဿဇာစေတနာ အစရှိသည်ဖြင့်၊ နိဒ္ဒိဋ္ဌာ–ညွှန်ပြတော်မူအပ်ပြီ။

သာ–ထိုစေတနာကို၊ (ဒဠှဗ္ဗာ၌ စပ်) စေတယိတလက္ခဏာ–စေ့ဆော်ခြင်း လက္ခဏာရှိသည်၊ (ဟုတွာ–၍၊) ဇေဋ္ဌသိဿ မဟာဝၯကီအာဒယောဝိယ–တပည့်ကြီး,လက်သမားဆရာကြီးအစရှိသူတို့ကဲ့သို့၊ သကိစ္စပရကိစ္စသာဓိကာ–မိမိကိစ္စ, သူတစ်ပါးကိစ္စကို ပြီးစေတတ်သော သဘောတရားဟူ၍၊ ဒဠှဗ္ဗာ–မှတ်ထိုက်၏၊ ဧကဂ္ဂတာ ဝိတက္ကဝိစာရပီတီနံ–ဧကဂ္ဂတာ ဝိတက် ဝိစာရ ပီတိ တို့၏၊ သရူပဝိဘာဝနံ–သရုပ်ကို ထင်စွာပြခြင်းသည်၊ ဟေဋ္ဌာ–အောက်၌၊ အာဂတမေဝ–လာခဲ့သည်သာ၊ [ရူပါဝစရစိတ်၌ ဖွင့်ခဲ့ပြီ၊ ထို့ကြောင့် ဤ၌ ဖွင့်ဖွယ် မလိုတော့–ဟူလို။]

တေန–ထိုသဘောတရားဖြင့်၊ သမ္ပယုတ္တဓမ္မာ–တို့သည်၊ ဇီဝန္တိ–အသက်ရှင် ကြရကုန်၏၊ ဣတိ–ကြောင့်၊ ဝါ–ထိုသို့သမ္ပယုတ်တရားတို့၏အသက်ရှင်ကြောင်း ၏ အဖြစ်ကြောင့်၊ (တံဓမ္မဇာတံ) ဇီဝိတံ–မည်၏၊ တဒေဝ–ထိုဇီဝိတသည်ပင်၊

---

**သင်္ခတ၊ပေ၊ နိဒ္ဒိဋ္ဌာ။** ။သင်္ခတံ–သင်္ခတဖြစ်သော ရုပ်နာမ်တရားကို၊ အဘိသင်္ခရောန္တိ–ပြုပြင်စီမံတတ်ကုန်၏၊ ဣတိ–ကြောင့်၊ သင်္ခါရာ–သင်္ခါရတို့မည်၏၊ ဤသို့ မိန့်တော်မူပြီးလျှင် ထိုသင်္ခါရ အရကို"စက္ခုသမ္ဖဿဇာ စေတနာ"စသည်ဖြင့် စေတနာခြောက်ပါးကို အရကောက်တော်မူသည်၊ ထို့ကြောင့် စေတနာသည် သင်္ခတဖြစ်သော ယှဉ်ဖက် ရုပ်နာမ်ကို လည်းကောင်း, ကမ္မစေတနာဖြစ်သောအခါ အကျိုးဖြစ်သော သင်္ခတ ရုပ်နာမ်ကိုလည်း ကောင်း ပြုစီမံတတ်သော တရားဖြစ်ရကား "သင်္ခတာဘိသင်္ခရဏေ ဗျာပါရံ အာပဇ္ဇတိ" ဟူသော စကား၏ မှန်ကန်ကြောင်းကို ထိုပါဠိတော်က ထောက်ခံထားသည်–ဟူလို။

သဟဇာတာနုပါလနေ–သဟဇာတ်တရားတို့ကို စောင့်ရှောက်ခြင်း၌၊ အာဓိပစ္စယောဂေန–အကြီးအကဲ၏အဖြစ်နှင့် ယှဉ်ခြင်းကြောင့်၊ ဣန္ဒြိယံ–ဣန္ဒြေတည်း၊ ဣတိ–ဤနှစ်ပါးသောသတ္တိကြောင့်၊ ဇီဝိတိန္ဒြိယံ–မည်၏၊ [ရုပ်ဇီဝိတသဘော လည်းပါစေလို၍ "သဟဇာတာနုပါလနေ"ဟု ဆိုသည်၊ နာမ်ဇီဝိတသက်သက်ဖြစ်လျှင်ကား "သမ္ပယုတ္တာနုပါလနေ"ဟု ဆိုရမည်၊ "သဟဇာတ်"ဟု ဆိုရာ၌ တကွဖြစ်ဖက် နာမ်ရုပ်တို့ ပါဝင်သည်၊] တံ–ထိုဇီဝိတိန္ဒြေသည်၊ အနုပါလန လက္ခဏံ–သဟဇာတ်တရားတို့ကို စောင့်ရှောက်ခြင်း လက္ခဏာ ရှိ၏၊ ဥပ္ပလာဒိအနုပါလကံ–ကြာအစရှိသည်ကို စောင့်ရှောက်တတ်သော၊ ဥဒကံ ဝိယ–ရေကဲ့သို့တည်း။ [အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ကြည့်ပါ။]

ကရဏံ–အာရုံကို ပြုပေးခြင်း၊ ကာရော–ခြင်း၊ မနသ္မိံ–စိတ်၌၊ ကာရော–အာရုံကို ပြုပေးခြင်းသဘောတရားတည်း၊ မနသိကာရော–တရား၊ သော–ထိုမနသိကာရသည်၊ စေတသော–ကို၊ အာရမဏေ–၌၊ ဝါ–သို့၊ သမန္နာဟာရ လက္ခဏော–ကောင်းစွာ ဆောင်ခြင်းလက္ခဏာ ရှိ၏။

ဟိ–ဝိတက်, စေတနာ, မနသိကာရတို့၏ အထူးကို ဆိုဦးအံ့၊ ဝိတက္ကော–ဝိတက်သည်၊ သဟဇာတဓမ္မာနံ–တကွဖြစ်ဖက်တရားတို့ကို၊ အာရမဏေ–၌၊ အဘိနိရောပနသဘာဝတ္တာ–ရှေးရှုတင်ပေးခြင်း သဘောရှိသည်၏ အဖြစ်ကြောင့်၊ တေ–ထိုသဟဇာတ်တရားတို့ကို၊ တတ္ထ–ထိုအာရုံ၌၊ ပက္ခိပန္တော ဝိယ–ထည့်သွင်းသကဲ့သို့၊ ဟောတိ–၏၊ စေတနာ–သည်၊ အတ္တနာ–မိမိနှင့်တကွ၊ အာရမဏဂ္ဂဟဏေန–အာရုံကို ယူခြင်းအားဖြင့်၊ ယထာရဋ္ဌေ–အကြင် အကြင်ဝိတက်သည် တင်အပ်ကုန်သော၊ ဓမ္မေပိ–သဟဇာတ်တရားတို့ကိုလည်း၊ တတ္ထ တတ္ထ–ထိုထိုအာရုံ၌၊ နိယောဇေန္တီ –တိုက်တွန်းတတ်သည်၊ (ဟုတွာ) ဗလ နာယကောဝိယ–စစ်တပ်၏ ရှေ့ဆောင်အကြီးအကဲသည်ကဲ့သို့၊ ဟောတိ–၏၊ မနသိကာရော–သည်၊ တေသံ–ထိုသဟဇာတ်တရားတို့ကို၊ [အချို့စာ၌ "တေ"ဟုလည်း ရှိသည်၊] အာရမဏာဘိမုခံ–အာရုံသို့ရှေးရှု၊ ပယောဇနတော–ယှဉ်စေတတ်သည်၏ အဖြစ်ကြောင့်၊ အာဇာနီယာနံ–အာဇာနည်မြင်းတို့ကို၊ ပယောဇနကသာရထိဝိယ–ဖြောင့်အောင်ယှဉ်စေတတ်သော ရထာထိန်းကဲ့သို့၊ (ဟောတိ) ဣတိ အယံ–ဤသည်ကား၊ ဧတေသံ–ဤဝိတက် စေတနာ မနသိကာရတို့၏၊ ဝိသေသော–တည်း၊ [အဓိပ္ပာယ်ကို ဘာသာဋီကာမှာ ရှု။]

ဟိ–ထိုသို့အထူးပြခြင်းသည် သင့်၏၊ (တစ်နည်း) ဟိ–အနုသာသနီကို ပြဦးအံ့၊ တံတံယာထာဝသရသလက္ခဏံ–ထိုထို ဟုတ်မှန်တိုင်းသော မိမိတို့၏ ကိစ္စလက္ခဏာကို၊ သဘာဝတော–ထင်ရှားရှိသော သဘောအားဖြင့်၊ ဝါ–အစစ် အမှန်အားဖြင့်၊ ပဋိဝိဇ္ဈိတွာ–ထိုးထွင်းကာ သိတော်မူပြီး၍၊ ဘဂဝတာ–သည်။

တေ တေ ဓမ္မာ–ထိုထိုတရားတို့ကို၊ ဝိဘတ္တာ–အကျယ်ဝေဖန်တော်မူအပ်ကုန်ပြီ၊ ဣတိ–ကြောင့်၊ ဘဂဝတိ–သဗ္ဗညုတဉာဏ်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရား၌၊ သဒ္ဓါယ–ယုံကြည်ခြင်းအားဖြင့်၊ ဣမေ ဓမ္မာ–ဤဖဿစသောတရားတို့သည်၊ ဧဝံ ဝိသေသာ–ဤသို့ထူးကြကုန်၏၊ ဣတိ–သို့၊ ဩကပ္ပေတွာ–ဩကပ္ပနသဒ္ဓါဖြင့် သက်ဝင်ယုံကြည်၍၊ ဥဂ္ဂဟဏပရိပုစ္ဆာဒိဝသေန–သင်ယူခြင်း,အဖန်ဖန်မေးခြင်းအစရှိသည်တို့၏ အစွမ်းဖြင့်၊ တေသံ–ထိုဖဿအစရှိသောတရားတို့၏၊ သဘာဝသမဓိဂမာယ–သဘောကို ကောင်းစွာသိခြင်းငှာ၊ ဝါ–အစစ်အမှန်ကို ကောင်းစွာသိခြင်းငှာ၊ ယောဂေါ–အားထုတ်မှုကို၊ ကရဏီယော–ပြုထိုက်၏၊ ပန–ဗျတိရိတ်ကား၊ တတ္ထ တတ္ထ–ထိုထိုတရား၌၊ ဝိပ္ပဋိပန္နေဟိ–ဖောက်ဖောက်ပြန်ပြန် ကျင့်ကြကုန်သည်၊ (ဟုတွာ) သမ္မောဟော–လွန်စွာတွေဝေခြင်းသို့၊ န အာပဇ္ဇိတဗ္ဗော–မရောက်ထိုက်၊ ဣတိအယံ–ကား၊ ဧတ္ထ–ဤသဘာဝတို့ကို ကြံစည်ရာ၌၊ အာစရိယာနံ–တို့၏၊ အနုသာသနီ–အဆုံးအမတည်း။

သဗ္ဗေသမ္ပိ–န်သော၊ ဧကူနနဝုတိစိတ္တာနံ–တို့၏၊ ဝါ–တို့နှင့်၊ သာဓာရဏာ–တူသောဆောင်ခြင်းရှိသော စေတသိက်တို့တည်း၊ ဝါ–ဆက်ဆံသော စေတသိက်တို့တည်း၊ (ကသ္မာ–နည်း၊) နိယမတော–အမြဲအားဖြင့်၊ တေသု–ထိုစိတ်တို့၌၊ ဥပ္ပဇ္ဇနတော–ဖြစ်ခြင်းကြောင့်တည်း၊ ဣတိ–ကြောင့်၊ သဗ္ဗစိတ္တသာဓာရဏာ နာမ–သဗ္ဗစိတ္တသာဓာရဏတို့မည်၏။

**၃။** [ဝိတက် ဝိစာရတို့ကို ရူပစိတ်၌ ပြပြီးဖြစ်၍ အဓိမောက္ခကိုသာ ပြလိုသောကြောင့် အဓိမုစ္စနံ စသည်မိန့်၊] အဓိမုစ္စနံ–အာရုံ၌ စွဲစွဲမြဲမြဲသက်ဝင်ခြင်း၊ ဝါ–ဆုံးဖြတ်ခြင်း၊ အဓိမောက္ခော–ခြင်း၊ သော–ထိုအဓိမောက္ခကို၊ သန္နိဋ္ဌာနလက္ခဏော–ဆုံးဖြတ်းခြင်းလက္ခဏာရှိသည်၊ (ဟုတွာ) အာရမဏေ–၌၊ နိစ္စလဘာဝေန–လှုပ်ရှားခြင်းမရှိသည်၏ အဖြစ်ကြောင့်၊ ဣန္ဒခီလောဝိယ–တံခါးတိုင်နှင့်တူ၏ဟူ၍၊ ဒဋ္ဌဗ္ဗော–မှတ်ထိုက်၏၊ ဝီရာနံ–ရဲရင့်သူတို့၏၊ ဘာဝေါ–ဖြစ်ကြောင်းဖြစ်ရာတည်း၊ (တစ်နည်း) ကမ္မံ–အလုပ်တည်း၊ ဝါ–အမှုအရာတည်း၊ ဣတိ–ကြောင့်၊ ဝီရိယံ–မည်၏၊ ဝါ–တစ်နည်း၊ ဝိဓိနာ–ပုဗ္ဗပယောဂ, ဥပါယအစီအရင်ဖြင့်၊ ဤရယိတဗ္ဗံ ပဝတ္တေတဗ္ဗံ–ဖြစ်စေထိုက်သော တရားတည်း၊ ဣတိ,ဝီရိယံ–မည်၏၊ ဥဿာဟော–အားတက်သရောဖြစ်ခြင်းသဘောတည်း၊ သော–ထိုဝီရိယသည်၊သဟဇာတာနံ–တို့ကို၊ ဥပတ္ထမ္ဘနလက္ခဏော–

**သဗ္ဗစိတ္တသာဓာရဏာ**။ ။သမာနံ+ဓာရဏံ ယေသံတိ သာဓာရဏာ–စိတ်အားလုံးတို့ကို တူသောဆောင်ခြင်းရှိသော (စိတ်အားလုံး၌ ယှဉ်နိုင်သော) စေတသိက်များ၊ သာဓာရဏ နာမည်ပါသမျှဝယ် ဆိုင်ရာစိတ်အားလုံးကို အတူဆောင်နိုင် ယှဉ်နိုင်သည်ဟု မှတ်ပါ၊ ထိုသို့ အတူဆောင်နိုင်ခြင်းကိုပင် "ဆက်ဆံခြင်း"ဟု သုံးစွဲကြ၏။

ထောက်ပံ့ခြင်းလက္ခဏာရှိ၏၊ ဟိ–မှန်၏၊ ဝီရိယဝသေန–ဝီရိယ၏ အစွမ်းကြောင့်၊ တေသံ–ထိုသဟဇာတ်တရားတို့၏၊ ဩလီနဝုတ္တိတာ–ဆုတ်နစ်သောဖြစ်ခြင်းရှိကုန်သည်၏ အဖြစ်သည်၊ နဟောတိ–မဖြစ်၊ ဝေဠကတွာ–ဤအကြောင်းကြောင့်၊ ဣမဿ–ဤဝီရိယ၏၊ ဝိတက္ကာဒီဟိ–ဝိတက် အစရှိသည်တို့မှ၊ ဝိသေသော–သည်၊ .သုပါကဋော–အလွန်ထင်ရှားသည်၊ ဟောတိ။

ဆန္ဒနံ–လိုလားတောင့်တခြင်း၊ ဆန္ဒော–ခြင်း၊ အာရမဏေန–ဖြင့်၊ အတ္ထိကတာ–အလိုရှိသည်၏ အဖြစ်ဟူသော သဘောတည်း၊ [အာရုံကို ပြုလိုခြင်းသဘောတရား–ဟူလို၊] သော–ထိုဆန္ဒသည်၊ ကတ္တုကမျတာလက္ခဏော–အာရုံတစ်ခုခုကို ပြုခြင်းငှာ အလိုရှိသည်၏ အဖြစ်ဟူသော လက္ခဏာရှိ၏၊ တထာဟိ–ထိုစကားမှန်၏၊ သေ–ဤဆန္ဒကို၊ အာရမဏဂ္ဂဟဏေ–အာရုံကိုယူခြင်း၌၊ စေတသော–စိတ်၏၊ ဟတ္ထပ္ပသာရဏံဝိယာတိ–လက်ကို ဆန့်တန်းခြင်းကိုကဲ့သို့၊ ဝါ–လက်လှမ်းခြင်းကိုကဲ့သို့၊ ဝုစ္စတိ–ဆိုအပ်၏၊ စ–ဆက်၊ ဒါနဝတ္ထုဝိသဇ္ဇနဝသေန–လှူဖွယ်ဝတ္ထုကို စွန့်ခြင်း၏အစွမ်းဖြင့်၊ ပဝတ္တကာလေပိ–ဖြစ်ရာအခါ၌လည်း၊ သေ–ဤဆန္ဒသည်၊ ဝိသဇ္ဇိတဗ္ဗေန–စွန့်ထိုက်သော၊ တေန–ထိုလှူဖွယ်ဝတ္ထုဖြင့်၊ အတ္ထိကောဝ–အလိုရှိသည်သာ၊ (ကောဝိယ–အဘယ်သူကဲ့သို့နည်း၊) ခိပိတဗ္ဗဥသူနံ–ပစ်ထိုက်သောမြှားတို့ကို၊ ဂဟဏေ–လှမ်းယူခြင်း၌၊ အတ္ထိကော–အလိုရှိသော၊ ဣဿာသောဝိယ–လေးသမားကဲ့သို့တည်း။

သောဘနေသု–သောဘနစိတ်တို့၌လည်းကောင်း၊ တဒိတရေသုစ–သောဘနစိတ်မှတစ်ပါးသော အကုသိုလ်စိတ်,အဟိတ်စိတ်တို့၌လည်းကောင်း၊ ပကာရေန–ဖြင့်၊ ကိဏ္ဏာဝိပ္ပကိဏ္ဏာ–ရောပြွမ်းသောစေတသိက်တို့တည်း၊ ဣတိ, ပကိဏ္ဏကာ–ပကိဏ္ဏကတို့ မည်၏၊ [သဗ္ဗစိတ္တသာဓာရဏကဲ့သို့ စိတ်အားလုံး တန်းတူမယှဉ်နိုင်ဘဲ ရောပြွမ်းသော ပြွမ်းယှဉ်ကြသော စေတသိက်များဟူ–လို။]

**၄။** သောဘနာပေက္ခာယ–သောဘနကိုငဲ့သဖြင့်၊ ဝါ–သောဘနကို အပါဒါန်အဖြစ်ဖြင့်ထောက်စာ၍၊ ဣတရေ–သောဘနမှ တစ်ပါးသော အကုသိုလ်စိတ် အဟိတ်စိတ်တို့သည်လည်းကောင်း၊ ဣတရာပေက္ခာယ–သောဘနမှတစ်ပါးသော

---

**ဝီရာနံ ၊ပေ၊ ဝီရိယံ။** ။ရှေ့နှစ်ဝိကပ်၌ ဝီရနောင် ဘာဝ, ကမ္မအနက်၌ ဏျပစ္စည်းသက်၊ ရ ၏အကို ဣပြု၊ နောက်ဝိကပ်၌ "ဝိ+ဤရိယ"ဟု ပုဒ်ဖြတ်၊ ဝိကို ဝိဓိနာဟုဖွင့်သည်၊ ဤရဓာတ်, ကာရိတ်ကျေ, ဏျပစ္စည်းတည်း၊ ရှေးအဖို့က မိမိကိုယ်ကိုတိုက်တွန်းခြင်း, သူတစ်ပါးက တိုက်တွန်းခြင်းကို "ပုဗ္ဗပယောဂဝိဓိ"ဟု ခေါ်၏၊ ထိုထိုဤဤ အကြောင်း အကျိုး ကြံစည်ခြင်းကို "ဥပါယဝိဓိ"ဟု ခေါ်၏၊ ထိုပုဗ္ဗပယောဂဝိဓိဥပါယဝိဓိဖြင့် ဖြစ်စေအပ်သော နောက်နောက် ဝီရိယကို "ဝိဓိနာ ဤရယိတဗ္ဗံပဝတ္တေတဗ္ဗံ" ဟု ဆိုသည်။

အကုသိုလ်စိတ် အဟိတ်စိတ်တို့ကို ငဲ့သဖြင့်၊ ဝါ–သောဘနမှ တစ်ပါးသော အကုသိုလ်စိတ် အဟိတ်စိတ်တို့ကို အပါဒါန်အဖြစ်ဖြင့် ထောက်စာ၍၊ သောဘနာစ–သောဘနစိတ်တို့သည်လည်းကောင်း၊ အညေနာမ–အညတို့မည်၏၊ တေသံ–ထိုအညမည်သောစိတ်တို့၏၊ ဝါ–တို့နှင့်၊ သမာနာ–တူသော စေတသိက်တို့သည်၊ ဥဒ္ဒစ္စ သဒ္ဓါဒယောဝိယ–ဥဒ္ဒစ္စ အစရှိသော အကုသိုလ် စေတသိက်, သဒ္ဓါအစရှိသော သောဘနစေတသိက်တို့ကဲ့သို့၊ အကုသလာဒိသဘာဝါယေဝ–အကုသိုလ် အစရှိသော တစ်ဖက်သတ် သဘောရှိကုန်သည်သာ၊ န–မဟုတ်ကုန်၊ ဣတိ–ကြောင့်၊ အညသမာနာ–တို့မည်၏၊ [အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ရှု၊ ဤအဖွင့်၌ အကုသိုလ် အဟိတ်စိတ်တို့ကို “အသောဘန” ဟု နာမည် မတပ်ပုံကို သတိပြုပါ။]

၅။ ဧဝံ–ဤဆိုအပ်ပြီးသောနည်းဖြင့်၊ တာဝ–အကုသိုလ်စေတသိက်, သောဘနစေတသိက်တို့မှ ရှေးဦးစွာ၊ သဗ္ဗစိတ္တသာဓာရဏဝသေန–အလုံးစုံသော စိတ်တို့နှင့် ဆက်ဆံခြင်း၏ အစွမ်းဖြင့်လည်းကောင်း၊ ပကိဏ္ဏကဝသေနစ–ရောရော ပြွမ်းပြွမ်း၏ အစွမ်းဖြင့်လည်းကောင်း၊ သောဘနေတရသဘာဝေ–(သောဘန+ဣတရသဘာဝေ) သောဘနသဘောရှိကုန်, သောဘနမှတစ်ပါးသော သဘောရှိကုန်သော၊ တေရသ–န်သော၊ ဓမ္မေ–အညသမာန်း စေတသိက်တို့ကို၊ ဥဒ္ဒိသိတွာ–သရုပ်အရ ထုတ်ပြပြီး၍၊ ဣဒါနိ–၌၊ ဟေဋ္ဌာ–အောက်ဖြစ်သော၊ စိတ္တဝိဘာဂေ–စိတ်တို့ကို အကျယ်ဝေဖန်ရာ စိတ်ပိုင်း၌၊ နိဒ္ဒိဋ္ဌာနုက္ကမေန–ညွှန်ပြအပ်ပြီးသော အစဉ်အားဖြင့်၊ အကုသလဓမ္မပရိယာပန္နေ–အကုသိုလ်တရား၌ အကျုံးဝင်ကုန်သော စေတသိက်တို့ကို၊ ပဌမံ–ရှေးဦးစွာ၊ (ဒဿေတုံ–ငှာလည်းကောင်း၊) တတော–ထိုအကုသိုလ်စေတသိက်တို့မှ နောက်၌၊ သောဘနဓမ္မပရိယာပန္နေ–သောဘနတရား၌ အကျုံးဝင်သော စေတသိက်တို့ကို၊ ဒဿေတုံ စ–လည်းကောင်း၊ မောဟောတျာဒိ–မောဟော အစရှိသော စကားကို၊ (အာစရိယေန) ဝုတ္တံ၊ ပန–ဆက်၊ အဟေတုကာ–အဟိတ်ဖြစ်ကုန်သော၊ အာဝေဏိကာဓမ္မာ–သီးခြားဖြစ်သော စေတသိက်တရားတို့သည်၊ နတ္ထိ–မရှိကုန်၊ ဣတိ–ကြောင့်၊ တေ–ထို အဟိတ်စေတသိက်တို့ကို ဝိသုံ–သီးခြား၊ (အာစရိယေန) န ဝုတ္တာ–မဆိုအပ်ကုန်။

---

**ဧဝံ တာဝ ၊ပေ၊ န တေ ဝိသုံ ဝုတ္တာ။** ။အညသမာန်းစေတသိက်(၁၃)ပါးတို့ကို ပြပြီး၍ ယခုအခါ စိတ်ပိုင်း၌ အကျယ်ညွှန်ပြအပ်သော အစဉ်တွင် အကုသိုလ်စိတ်တို့ကို ပဌမပြခဲ့သည်အားလျော်စွာ အကုသိုလ်စေတသိက်တို့ကို ရှေးဦးစွာပြ၍ ထို့နောက်မှ သောဘန စေတသိက်တို့ကို ပြခြင်းငှာ “မောဟော”အစရှိသော စကားကို မိန့်သည်၊ သို့ရာဝယ် အကုသိုလ်စေတသိက်တို့၏အခြားမဲ့၌ (စိတ်အစဉ်အတိုင်း)အဟိတ်စေတသိက်တို့ကို ပြသင့်သော်လည်း အဟိတ်စေတသိက်ဟု သီးခြားမရှိသောကြောင့် ထို အဟိတ်စေတသိက်တို့ကို သီးခြားမဆိုအပ်။

(ယော သဘာဝေါ) အာရမဏော–၌၊ မုယုတိ–တွေဝေတတ်၏၊ ဣတိ (သော သဘာဝေါ) မောဟော–မောဟမည်၏၊ အညာဏ–ဉာဏ်၏ ဆန့်ကျင်ဘက် သဘောတရားတည်း၊ သော–ထိုမောဟသည်၊ အာရမဏ သဘာဝစ္ဆာဒနလက္ခဏော–အာရုံ၏ ဟုတ်မှန်သော သဘောကို ဖုံးကွယ်ခြင်း လက္ခဏာရှိ၏၊ ဟိ–မှန်၏၊ အာရမဏဂ္ဂဟဏဝသပ္ပဝတ္တော–အာရုံကို ယူခြင်း ၏ အစွမ်းဖြင့်ဖြစ်သည်၊ (သမာနော) ပိ–လည်း၊ သေ–ဤမောဟသည်၊ တဿ–ထိုအာရုံ၏၊ ယထာ သဘာဝပ္ပဋိစ္ဆာဒနာကာရေနေဝ–အကြင် အကြင် ဟုတ်မှန်သောသဘောကို ဖုံးကွယ်ခြင်းဟူသော အခြင်းအရာအားဖြင့်သာလျှင်၊ ပဝတ္တတိ–၏။

န ဟိရီယတိ န လဇ္ဇတိ–မရှက်တတ်၊ ဣတိ, အဟိရိကော–မည်၏၊ ပုဂ္ဂလော–ပုဂ္ဂိုလ်တည်း၊ ဝါ–တစ်နည်း၊ ဓမ္မသမူဟော–တရားအပေါင်းတည်း၊ အဟိရိကဿ–မရှက်တတ်သော ပုဂ္ဂိုလ်၏၊ ဝါ–မရှက်တတ်သော တရား အပေါင်း၏၊ ဘာဝေါ–ဖြစ်ကြောင်းဖြစ်ရာတည်း၊ အဟိရိက္ကံ–မရှက်တတ် သောပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာသဘော၊ ဝါ–မရှက်တတ်သော တရား အပေါင်း၏ ဖြစ်ကြောင်းဖြစ်ရာသဘော၊ တဒေဝ–ထိုအဟိရိက္ကသည်ပင်၊ အဟိရိကံ–မည်၏၊ [က တစ်လုံးကို ချေ၊] (ယံ ဓမ္မဇာတံ) န ဩတ္တပ္ပတိ– မလန့်တတ်၊ ဣတိ, (တံ ဓမ္မဇာတံ) အနောတ္တပ္ပံ–မည်၏၊ ["ဩတ္တပ္ပတီတိ ဩတ္တပ္ပံ၊ န+ဩတ္တပ္ပံ အနောတ္တပ္ပံ"ဟု ပြု။]

တတ္ထ–ထိုအဟိရိက အနောတ္တပ္ပနှစ်ပါးတို့တွင်၊ အဟိရိကံ–သည်၊ ဂါမ သူကရော–ရွာဝက်သည်၊ ဂူထတော–မစင်မှ၊ န ဇိဂုစ္ဆတိဝိယ–မစက်ဆုပ် သကဲ့သို့၊ (တထာ) ကာယဒုစ္စရိတာဒိတော–ကာယဒုစရိုက် အစရှိသည်မှ၊ [အာဒိဖြင့် ဝစီမနောဒုစရိုက်ကို ယူ၊] အဇိဂုစ္ဆနလက္ခဏာ–မစက်ဆုပ်ခြင်း လက္ခဏာရှိ၏၊ အနောတ္တပ္ပံ–သည်၊ သလဘော–ပိုးပရန်သည်၊ အဂ္ဂိတော– မီးမှ၊ န ဥတ္တသတိဝိယ–မထိတ်လန့်သကဲ့သို့၊ (တထာ) တတော–ထိုကာယ ဒုစရိုက် အစရှိသည်မှ၊ အနုတ္တာသလက္ခဏ–မထိတ်လန့်ခြင်း လက္ခဏာရှိ၏၊ တေန–ကြောင့်၊ ပေါရာဏာ–ရှေးဆရာတို့သည်၊ ဇိဂုစ္ဆတိ ၊ပေ၊ ပါဝကာတိ– ဟူ၍၊ အာဟု–ဆိုကြကုန်ပြီ၊ [သူကရော–ရွာဝက်သည်၊ ဂူထာ–မှ၊ န ဇိဂုစ္ဆတိ ဣဝ–သို့၊ (တထာ) အဟိရိကော–အရှက်မရှိသူသည်၊ ပါပါ– မကောင်းမှုဒုစရိုက်မှ၊ န ဇိဂုစ္ဆတိ–မစက်ဆုပ်၊ သလဘော–ပိုးပရန်ကောင်သည်၊ ပါဝကာ–မီးမှ၊ န ဘာယတိ ဣဝ–မကြောက်သကဲ့သို့၊ (တထာ) အနောတ္တပ္ပီ– ဩတ္တပ္ပမရှိသူသည်၊ ပါပါ–မှ၊ န ဘာယတိ–မကြောက်။]

ဥဒ္ဓတဿ–အထက်သို့ လွင့်တက်သောစိတ်၏၊ ဝါ–တုန်လှုပ်တတ်သော စိတ်၏၊ ဘာဝေါ–တည်း၊ ဥဒ္ဓစ္စံ–အထက်သို့ လွင့်တက်သော စိတ်၏ဖြစ်ကြောင်း ဖြစ်ရာ၊ ဝါ–တုန်လှုပ်သောစိတ်၏ ဖြစ်ကြောင်းဖြစ်ရာ၊ တံ–ထို ဥဒ္ဓစ္စသည်၊

စိတ္တဿ–၏၊ အဂ္ဂူပသမလက္ခဏံ–မငြိမ်သက်ခြင်းလက္ခဏာရှိ၏၊ (ကိမိဝ) ပါသာဏာဘိဃာတသမုဒ္ဓတဘသ္မာဝိယ–ကျောက်ခဲဖြင့် ပေါက်ခက်အပ်သည်ဖြစ်၍ အထက်သို့ လွင့်တက်သော ပြာနှင့် တူ၏၊ [ပါသာဏေန+အဘိဃာတော ပါသာဏာဘိဃာတော၊ ပါသာဏာဘိဃာတော ဟုတွာ သမုဒ္ဓတော ပါသာဏာဘိဃာတသမုဒ္ဓတော၊ (ဘသ္မာ)၊ ထောမနိဓိ၌ ဘသ္မန်–နပုလ္လိန်ဟု ဆို၏။]

(ယော သဘာဝေါ) လုဗ္ဘတိ–တပ်မက်ခင်မင် လိုချင်တတ်၏၊ ဣတိ, (သောသဘာဝေါ) လောဘော–မည်၏၊ သော–သည်၊ အာရမဏေ–၌၊ အဘိသင်္ဂလက္ခဏော–အလွန်ငြိကပ်ခြင်း လက္ခဏာရှိ၏၊ (ကော ဝိယ) မက္ကဋ္ဌာလေပေါဝိယ–မျောက်နှဲစေးကဲ့သို့တည်း၊ စိတ္တဿ–၏၊ အာလမ္ဗိတုကာမတာမတ္တံ–အာရုံပြုလိုသည်၏ အဖြစ်မျှသည်၊ ဆန္ဒော–ဆန္ဒတည်း၊ လောဘော–လောဘသည်၊ တတ္ထ–ထိုအာရုံ၌၊ အဘိဂိဇ္ဈန်–အလွန်တပ်မက်ခြင်းသဘောတည်း၊ ဣတိ အယံ–ဤသည်ကား၊ ဧတေသံ–ဤဆန္ဒ, လောဘတို့၏၊ ဝိသေသော–တည်း။

ဣဒမေဝ–ဤငါ့အယူသည်သာ၊ သစ္စံ–အမှန်တည်း၊ အညံ–ငါ့အယူမှ တစ်ပါး အခြားသောအယူသည်၊ မောဃံ–အချီးနှီးတည်း၊ ဣတိ–သို့၊ မိစ္ဆာဘိနိဝေသလက္ခဏာ–မှားမှားယွင်းယွင်း နှလုံးသွင်းခြင်း လက္ခဏာရှိသော သဘောသည်၊ ဒိဋ္ဌိ–ဒိဋ္ဌိမည်၏၊ ဟိ–ဉာဏ်,ဒိဋ္ဌိတို့၏အထူးကို ဆိုဦးအံ့၊ ဉာဏံ–ဉာဏ်သည်၊ အာရမဏံ–ကို၊ ယထာသဘာဝတော–အကြင် အကြင် ဟုတ်မှန်သော သဘောအားဖြင့်၊ ဇာနာတိ–သိတတ်၏၊ ဒိဋ္ဌိ–ဒိဋ္ဌိသည်၊ ယထာသဘာဝံ–ကို၊ ဝိဇဟိတွာ–စွန့်၍၊ အယာထာဝတော–မဟုတ်မမှန်သော အားဖြင့်၊ [အနိစ္စံစသည်ကို နိစ္စစသည်အားဖြင့်–ဟူလို၊] ဂဏှာတိ–ယူတတ်၏၊ ဣတိ အယံ ဧတေသံ ဝိသေသော။

အဟံ–ငါသည်၊ သေယျော–အမြတ်ဆုံးသည်၊ အသ္မိ–၏၊ ဣတိအာဒိနာ–ဖြင့်၊ မညတိ–မှတ်ထင်တတ်၏၊ ဣတိ–ကြောင့်၊ မာနော–မာနမည်၏၊ သော–ထိုမာနသည်၊ ဥဏ္ဏတိလက္ခဏော–ထောင်လွှား တက်ကြွခြင်းလက္ခဏာရှိ၏၊ တထာဟိ–ထို့ကြောင့်ပင်၊ သေ–ဤမာနကို၊ ကေတုကမျတာပစ္စုပဋ္ဌာနော–အမြင့်ဆုံးတံခွန်ကဲ့သို့ ပြုလိုသူ၏အဖြစ်ဖြင့် ယောဂီတို့ဉာဏ်တွင် ထင်လာ၏၊ ဣတိ–သို့၊ ဝုတ္တော–မိန့်ဆိုအပ်ပြီ။

(ယောသဘာဝေါ) ဒုဿတိ–ဖျက်ဆီးတတ်၏၊ ဣတိ, (သောသဘာဝေါ) ဒေါသော–မည်၏၊ သော–ထိုဒေါသသည်၊ စဏ္ဍိက္ကလက္ခဏော–ကြမ်းတမ်းသည်၏အဖြစ်ဟူသော လက္ခဏာရှိ၏၊ (ကောဝိယ) ပဟဋ္ဌာသီဝိသောဝိယ–ပုတ်ခတ်အပ်သော အဆိပ်ထန်သော မြွေကဲ့သို့တည်း၊ (ယာ ဓမ္မဇာတိ) ဣဿတိ–ငြူစူတတ်၏၊ ဣတိ (သာ ဓမ္မဇာတိ) ဣဿာ–မည်၏၊ သာ–ထိုဣဿာသည်၊ ပရသမ္ပတ္တိဥဿူယနလက္ခဏာ–သူတစ်ပါး၏စည်းစိမ်ကို ငြူစူခြင်းလက္ခဏာ ရှိ၏။

မစ္ဆရာယ–ဝန်တိုသူ၏၊ ဘာဝေါ–ဖြစ်ကြောင်းဖြစ်ရာတည်း၊ မစ္ဆရိယံ–ဝန်တိုသူ၏ဖြစ်ကြောင်းဖြစ်ရာ၊ ဝါ–တစ်နည်း၊ ဣဒံ အစ္ဆရိယံ–ဤအံ့သြဖွယ်သည်၊ အညေသံ–အခြားသူတို့အတွက်၊ မာ ဟောတု–မဖြစ်ပါစေလင့်၊ မယှမေဝ–ငါ၏အတွက်သာ၊ ဟောတု–ဖြစ်ပါစေ၊ ဣတိ–သို့၊ ပဝတ္တံ–ဖြစ်သောသဘောသည်၊ မစ္ဆရိယံ–မည်၏၊ တံ–ထိုမစ္ဆရိယသည်၊ အတ္တသမ္ပတ္တိနိဂူဟနလက္ခဏံ–မိမိစည်းစိမ်ကို လျှို့ဝှက်ခြင်းလက္ခဏာ ရှိ၏။

ကုစ္ဆိတံ–စက်ဆုပ်အပ်သော၊ ကတံ–ပြုအပ်သောအမှုတည်း၊ ဣတိ–ကြောင့်၊ ကုကတံ–ကုကတမည်၏၊ ကတာကတဒုစ္စရိတသုစရိတံ–ပြုအပ်ပြီးသောဒုစရိုက်, မပြုအပ်မိသောသုစရိုက်တည်း၊ ဟိ–မှန်၏၊ အကတမ္ပိ–မပြုအပ်သောအမှုကို လည်း၊ ကုကတန္တိ–ကုကတဟူ၍၊ ဝေါဟရန္တိ–ပြောဆိုကြကုန်၏၊ (ကိံ–အဘယ်သို့ပြောဆိုကြကုန်သနည်း၊) ယံ–အကြင်အမှုကို၊ မယာ–ငါသည်၊ အကတံ–မပြုအပ်၊ ဝါ–မပြုမိ၊ တံ–ထိုမှုသည်၊ ကုကတံ–စက်ဆုပ်အပ်သောပြုမှုတည်း။ ဣတိ–သို့၊ ဝေါဟရန္တိ–ပြောဆိုကြကုန်၏။

ပန–ဆက်၊ ဣဓ–ဤကုက္ကုစ္စဟူသော ပါဠ်၌၊ ကတာကတံ–ပြုအပ်ပြီးသော ဒုစရိုက်, မပြုအပ်မိသော သုစရိုက်ကို၊ အာရဗ္ဘ–အကြောင်းပြု၍၊ ဥပ္ပန္နော–ဖြစ်သော၊ ဝိပ္ပဋိသာရစိတ္တုပ္ပာဒေါ–နှလုံးမသာမယာခြင်း ဟူသော စိတ်ဖြစ်ခြင်းသည်၊ ကုကတံ–မည်၏၊ တဿ–ထိုကုကတမည်သော စိတ္တုပ္ပာဒ်၏၊ ဘာဝေါ–ဖြစ်ကြောင်းဖြစ်ရာတည်း၊ ကုက္ကုစ္စံ–ကုကတမည်သော စိတ္တုပ္ပာဒ်၏ ဖြစ်ကြောင်းဖြစ်ရာ၊ တံ–ထိုကုက္ကုစ္စသည်၊ ကတာကတဒုစ္စရိတသုစရိတာနုသောစနလက္ခဏံ–ပြုအပ်ပြီးသောဒုစရိုက်, မပြုအပ်မိသော သုစရိုက်ကို အစဉ်လိုက်၍ ဝမ်းနည်းခြင်းလက္ခဏာရှိ၏။

---

**ဂ။ကတံ။** ။ကု+ကတ၊ ကုသည် ကုစ္ဆိတအနက်ဟော၊ "ကတာကတ ဒုစ္စရိတ သုစရိတ"သည် ကုကတ၏ မူလဟောနက်တည်း၊ "ကတဒုစ္စရိတ, အကတသုစရိတ" ဟု (ယထာက္ကမနည်းအရ)အစဉ်အတိုင်းစပ်ပါ၊ မပြုအပ်ခဲ့မိသော သုစရိုက်ကို "ကုကတ"အရကောက်ရာ၌ ခိုင်မြဲစေလိုသောကြောင့် "ကုကတံပိ -ဟိ"စသည်မိန့်၊ လောက၌ မပြုခဲ့မိသော အရာကိုလည်း"ကုကတ–မပြုခဲ့မိတာ မှားတာဘဲ"ဟု ငြီးတွားပြောဆိုကြသည်–ဟူလို။

**ဣဓ ။ပေ၊ ကုက္ကုစ္စံ။** ။ကုကတ၏ မူလအနက်မှာ ပြုအပ်ပြီးဒုစရိုက်, မပြုအပ်မိသော သုစရိုက်တည်း၊ ဤ၌ကား ထိုဒုစရိုက် သုစရိုက်ကို တွေး၍ နှလုံးမသာမယာဖြစ်သော စိတ္တုပ္ပာဒ်ကို (ကာရဏူပစာရအားဖြင့်) ကောက်ယူပါ၊ ထိုသို့ကောက်ယူမှသာ" ကုကတဿ+ဘာဝေါ"၌ ဘာဝ၏အနက်အရ "နောင်တ–တစ်ဖန်ပူပန်ခြင်း (နောင်တရခြင်း) ဟူသော ကုက္ကုစ္စစေတသိက်ရမည်" ဟူလို။

ထိနနံ–စိတ်စက်မခံ့, အနေညံ့အောင်, ဖိဟနံ့ခြင်း၊ ဝါ–စိတ်၏ထိုင်းခြင်း၊ ထိနံ–ခြင်း၊ အနုဿာဟနာဝသံသီဒနဝသေန–အားတက်သရော မရှိခြင်း, ဆုတ်နစ်ခြင်း၏ အစွမ်းဖြင့်၊ သံဟတဘာဝေါ–နှိပ်စက်အပ်သကဲ့သို့ ဖြစ်သော စိတ်၏ ဖြစ်ကြောင်းဖြစ်ရာ သဘောတည်း၊ မိဒ္ဓနံ–စေတသိက်တရား, မခံ့ငြားအောင် ဟနံ့တားခြင်း၊ ဝါ–စေတသိက်တို့၏ မှိုင်းခြင်း၊ မိဒ္ဓ–ခြင်း၊ ဝိဂတသာမတ္ထိယတာ–ကင်းသော အစွမ်းရှိသော စေတသိက်တရားအပေါင်း၏ ဖြစ်ကြောင်းဖြစ်ရာ သဘောတရားတည်း၊ [စိတ်၏ ထိုထိုအာရုံယူရာ၌ ကင်းသောသတ္တိရှိခြင်း၊ (သတ္တိမရှိခြင်း)] ဝါ–တစ်နည်း အသတ္တိဝိဃာတော–အစွမ်းသတ္တိမရှိခြင်းဟူသော ပင်ပန်းခြင်းသဘောတရားတည်း၊ [အသတ္တိဧဝ+ ဝိဃာတော အသတ္တိဝိဃာတော၊] တတ္ထ–ထိုထိနမိဒ္ဓနှစ်ပါးတို့တွင်၊ ထိနံ–ထိနသည်၊ စိတ္တဿ–၏၊ အကမ္မညတာလက္ခဏံ–ထိုထိုအမှု၌ မကောင်းသည်၏အဖြစ် ဟူသောလက္ခဏာရှိ၏၊ မိဒ္ဓံ–မိဒ္ဓသည်၊ ဝေဒနာဒိက္ခန္ဓတ္တယဿ–ဝေဒနာ အစရှိသော ခန္ဓာသုံးပါးအပေါင်း၏၊ အကမ္မညတာလက္ခဏံ–၏၊ ဣတိအယံ–ကား၊ ဧတေသံ, ဝိသေသော၊ [ထိနမိဒ္ဓနှစ်ပါးတို့၏ ထိုထို အမှု၌ မကောင်းခြင်းကြောင့် ငိုက်မည်းခြင်း ဖြစ်သောအခါ ခန္ဓာကိုယ်ကြီးကိုမျှ မတ်မတ်မားမား ဖြစ်အောင်မထိန်းနိုင်၊ ထို့ကြောင့် ငိုက်မည်းသူ၏ ခန္ဓာကိုယ်သည် မခိုင်မြဲဘဲ ယိုင်လဲ၍ သွားရလေသည်။]

တထာဟိ–ပင်၊ ပါဠိယံ–ဓမ္မသင်္ဂဏီပါဠိတော်၌၊ တတ္ထ ကတမံ ထိနံ ၊ပေ၊အကမ္မညတာတျာဒိနာ–တတ္ထ ကတမံ ထိနံ ၊ပေ၊ အကမ္မညတာ အစရှိသည်ဖြင့်၊ ဣမေသံ–ဤထိနမိဒ္ဓတို့၏၊ နိဒ္ဒေသော–အကျယ်ညွှန်ပြကြောင်း စကားသည်၊ ပဝတ္တော–ဖြစ်ပြီ၊ [တတ္ထ–ထိုသဘောတရားတို့တွင်၊ ကတမံ–အဘယ်သဘောတရားသည်၊ ထိနံ–ထိန မည်သနည်း၊ စိတ္တဿ–၏၊ ယာ အကလ္လတာ–အကြင် မခံ့ညားသည်၏အဖြစ်သည်၊ ယာ အကမ္မညတာ–အကြင် ထိုထို အမှု၌ မကောင်းသည်၏ အဖြစ်သည်၊ (အတ္ထိ) သာ–ထို စိတ်၏ မခံ့ညားသည်၏အဖြစ်, ထိုထိုအမှု၌ မကောင်းသည်၏ အဖြစ်သည်၊ ထိနံ–ထိန မည်၏၊ တတ္ထ ကတမံ, မိဒ္ဓံ–နည်း၊ ကာယဿ–စေတသိက် အပေါင်း၏၊ ယာ အကလ္လတာ–သည်၊ ယာ အကမ္မညတာ–သည်၊ (အတ္ထိ) သာ–သည်၊ မိဒ္ဓံ–မိဒ္ဓ မည်၏။]

---

**အနုဿာဟန ၊ပေ၊ ဘာဝေါ**။ ။အနုဿာဟန အဝသံသီဒနဝသေနသည် သံဟတ၏ဝိသေသနတည်း၊ ထို့ကြောင့် အားတက်သရောမရှိခြင်း, ဆုတ်နစ်ခြင်းကိုပင်" သံဟတ–နှိပ်စက်အပ်သကဲ့သို့ဖြစ်ခြင်း"ဟု ဆိုသည်၊ စိတ်၏ နှိပ်စက်ထားအပ် သကဲ့သို့ ဖြစ်ခြင်းသည်လည်း ထိနကြောင့် ဖြစ်ရကား ထိနသည် သံဟတ၏ဖြစ်ကြောင်း သဘော တရားတည်း။

နနုစ (စောဒေမိ)–စောဒနာပါဦးအံ့၊ (ကိ-နည်း၊) ကာယသာတိ–ကာယသ ဟူ၍၊ ၀စနတော–ဟောတော်မူခြင်းကြောင့်၊ ရူပကာယဿပိ–ရူပကာယ၏လည်း၊ [ပိဖြင့် နာမကာယကို ပေါင်း၊] အကမ္မညတာ–သည်၊ မိဒ္ဓံ–မိဒ္ဓတည်း၊ ဣတိ–ကြောင့်၊ တဿ–ထိုမိဒ္ဓ၏၊ ရူပဘာဝေါပိ–ရုပ်၏ အဖြစ်သည်လည်း၊ [ပိဖြင့် နာမ်၏ အဖြစ်ကိုပေါင်း၊] အာပဇ္ဇတိ–ဖြစ်သင့်သည် မဟုတ်ပါလော၊ ဣတိ–သို့၊ နနုစ (စောဒေမိ)–စောဒနာပါ၏၊ တဿ–ထို မိဒ္ဓ၏၊ ရူပဘာဝေါ–ရုပ်၏အဖြစ်သည်၊ နာပဇ္ဇတိ–မဖြစ်သင့်၊ (ကသ္မာ–နည်း၊) တတ္ထ တတ္ထ–ထိုထို အဋ္ဌကထာဋီကာတို့၌၊ အာစရိယေဟိ–အဋ္ဌကထာ ဋီကာဆရာတို့သည်၊ အာနီတကာရဏာဝသေနေ၀–ထုတ်ဆောင်အပ်သော အကြောင်း၏အစွမ်းဖြင့်ပင်၊ အဿ–ထိုမိဒ္ဓ၏ ရုပ်အဖြစ်၏၊ ဝါ–ကို၊ ပဋိက္ခိတ္တတ္တာ–ပယ်မြစ်အပ်ပြီး၏ အဖြစ်ကြောင့်တည်း၊ တထာဟိ–ထိုစကား မှန်၏ မိဒ္ဓဝါဒိမတပ္ပဋိက္ခေပနတ္ထံ–မိဒ္ဓကို ရုပ်ဟု ပြောလေ့ရှိသူတို့၏အယူကို ပယ်ခြင်းအကျိုးငှာ၊ တေသံ–ထို မိဒ္ဓဝါဒီပုဂ္ဂိုလ်တို့၏၊ ဝါဒနိက္ခေပပုဗ္ဗကံ–ဝါဒကို ချထားခြင်းလျှင် ရှေ့သွားရှိသောအကြောင်းကို၊ [သူတို့ဝါဒကို ရှေးဦးစွာ ချပြ၍ ထို့နောက်မှ ပယ်ဖို့ရာအကြောင်းပြစကားကို၊] အဋ္ဌကထာဒီသု–တို့၌၊ ဗဟုဓာ–များသောအပြားအားဖြင့်၊ အာစရိယာ–အဋ္ဌကထာ ဋီကာဆရာတို့ သည်၊ ဝိတ္ထာရေန္တိ –ချဲ့ကြကုန်၏၊ အယံ ပန–ဤဆိုအပ်လတ္တံ့ကား၊ ထွေ–ဤဋီကာ၌၊ သင်္ဂဟော–အကျဉ်းချုပ် သိမ်းယူကြောင်းသင်္ဂဟဂါထာတည်း။

ကေစိ–အချို့ဆရာတို့သည်၊ မိဒ္ဓံ–မိဒ္ဓကို၊ ရူပန္တိ ပိ–ရုပ်ဟူ၍လည်း၊ ဝဒန္တိ–ပြောဆိုကြကုန်၏၊ တေ–မိဒ္ဓကို ရုပ်ဟု ပြောဆိုကြောင်း ဤစကားသည်၊ နယုဇ္ဇတိ–မသင့်၊ (ကသ္မာ–နည်း၊) ကာမစ္ဆန္ဒာဒယော–ကာမစ္ဆန္ဒ အစရှိသော တရားတို့ကို၊ ပဟာတဗ္ဗေသု–ပဟာတဗ္ဗတရားတို့၌၊ ဝုတ္တာဝိယ–ဟောတော် မူအပ်ကုန်သကဲ့သို့၊ (တထာ–တူ၊) မိဒ္ဓဿ–မိဒ္ဓ၏၊ ဝါ–ကို၊ ပဟာတဗ္ဗေသု–တို့၌၊ ဝုတ္တတ္တာ–ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်တည်း၊ ဟိ–မှန်၏၊ တေ–ဤမိဒ္ဓကို၊ ပဟာတဗ္ဗေသု–ပယ်ထိုက်ကုန်သော၊ နီဝရဏေသု–နီဝရဏ တရားတို့၌၊ အက္ခာတံ–ထည့်သွင်း၍ ဟောတော်မူအပ်ပြီ၊ ရူပန္တု–ရုပ်ကိုကား၊ ဒဿနာဒီနာ–သောတာပတ္တိမဂ် အစရှိသောတရားသည်၊ ပဟာတဗ္ဗံ–ပယ် ထိုက်၏ဟူ၍၊ န အက္ခာတံ–ဟောတော်မမူအပ်။

---

**ကေစိ ။ပေ၊ ဒဿနာဒိနာ**။ ။အချို့က မိဒ္ဓကို ရုပ်ဟုလည်း ခေါ်ကြ၏၊ ထိုစကား မသင့်၊ (ဘာ့ကြောင့်နည်း) ကာမစ္ဆန္ဒ စသော နီဝရဏများကဲ့သို့ ပဟာတဗ္ဗတရားတွင် ထည့်၍ ဟောတော်မူအပ်သောကြောင့်တည်း၊ ထိုစကားကို ခိုင်မြဲစေလို၍“ ပဟာတဗ္ဗေသု”စသည်ကို မိန့်သည်။

ဘိက္ခဝေ–ဘိက္ခုတို့၊ ရူပံ–ရုပ်သည်၊ နတုမှံ–သင်တို့၏ ဥစ္စာမဟုတ်၊ တံ– ဤ ရုပ်ကို၊ ပဇဟ–ပယ်စွန့်လော၊ ဣတိ ပါဠိတော–ဤ သို့ဟောတော် မူအပ်သော ပါဠိကြောင့်၊ ယတ္ထ–အကြင်ပါဠိတော်၌၊ ပဟေယျဘာဝလေသော ဝိ–ပယ်ထိုက်သည်၏ အဖြစ်ဟူသော အမြွက်ကိုလည်း၊ ဒိဿတိ–တွေ့မြင် အပ်၏၊ တတ္ထ–ထိုပါဠိတော်၌၊ တဗ္ဗိသယစ္ဆန္ဒရာဂပဟာနံ–ထိုရုပ်လျှင် အာရုံ ရှိသော ဆန္ဒရာဂကို ပယ်ခြင်းကို၊ ပကာသိတာ–ထင်ရှားပြတော်မူအပ်ပြီ၊ ဟိ– မှန်၏၊ တတ္ထ–ထိုပါဠိတော်၌၊ ယော ဆန္ဒရာဂေါ ပေါတိအာဒိကံ–ယော ဆန္ဒ ရာဂေါ ပေါ အစရှိသော စကားရပ်ကို၊ ["ယော ဘိက္ခဝေ ရူပသ္မိံ ဆန္ဒရာဂေါ၊ တံ ပဇဟထ"ကို အကျဉ်းချုံးထားသည်၊] ဝုတ္တံ–ဟောတော်မူအပ်ပြီ။

ရူပါရူပေသု–ရုပ်, နာမ်ဖြစ်ကုန်သော၊ မိဒ္ဓေသု–မိဒ္ဓတို့တွင်၊ တတ္ထ–ထို ပါဠိတော်၌၊ [နီဝရဏတရားတို့ကို ပယ်ဖို့ရာ ဟောတော်မူအပ်သော ပါဠိတော် ၌–ဟူလို၊] အရူပံ–နာမ်မိဒ္ဓကို၊ ဒေသိတံ–ဟောတော်မူအပ်ပြီ၊ ဣတိ–ဤသို့၊ စေ(ဝဒေယျ)အကယ်၍ပြောဆိုအံ့၊ တတ္ထ–ထိုပါဠိတော်၌၊ အဝိသေသေန– နာမ်မိဒ္ဓဟု အထူး မ မ သာမညအားဖြင့်၊ ပါဠိတော–ဟောတော်မူအပ်သော ပါဠိကြောင့်၊ တံ–ထို နာမ်မိဒ္ဓဟု ပြောဆိုဖွယ် အထူးသည်၊ နတ္ထိ–မရှိ။

ဟိ–ဆက်ဦးအံ့၊ ယံ မိဒ္ဓံ–အကြင် မိဒ္ဓကို၊ ရူပန္တိ–ရုပ်ဟူ၍၊ စိန္တိတံ–သင် စောဒကတို့ ကြံစည်အပ်ပြီ၊ တမ္ပိ–ထိုရုပ်ဟု ကြံစည်အပ်သော မိဒ္ဓသည်လည်း၊ မိဒ္ဓဘာဝတော–မိဒ္ဓ၏အဖြစ်ကြောင့်၊ ဣတရံဝိယ–အခြားသော နာမ်မိဒ္ဓကဲ့သို့၊ နီဝရဏံ–နီဝရဏတရားတည်း၊ ဣတိ–ဤသို့၊ အနုမာတုံ–အနုမာနဉာဏ်ဖြင့် မှန်းဆ၍ သိခြင်းငှာ၊ သက္ကာ – တတ်ကောင်း၏၊ စ – ထိုသို့ပင် မှန်းဆ၍

---

**န တုမှံ ၊ပေ၊ အာဒိကံ**။ ။"ရူပံ ဘိက္ခဝေ န တုမှာကံ၊ တံ ပဇဟထ"ဟူသော ခန္ဓသံယုတ် န တုမှာကဝဂ် ပါဠိတော်ပါဠ်ကြောင့် ရုပ်၏ပယ်ထိုက်သော တရားအဖြစ်ကို အနည်းငယ်တွေ့မြင်ရသော်လည်း ထိုပါဠိတော်၌ ရုပ်ကို ပယ်ဖို့ရန် ဟောတော်မူသည် မဟုတ်, ရုပ်လျှင် အာရုံရှိသော (ရုပ်ကို အာရုံပြု၍ဖြစ်သော) ဆန္ဒရာဂကို ပယ်ဖို့ရန် ဟောတော်မူခြင်းဖြစ်သည်၊ ထို့ကြောင့် ထိုပါဠိတော်–ဘာရဝဂ်၌ "ယော ဘိက္ခဝေ ရူပသ္မိံ ဆန္ဒရာဂေါ၊ တံ ပဇဟထ"ဟု ဟောတော်မူသည်။

**ရူပါ ၊ပေ၊ ပါဠိတော**။ ။ရုပ်မိဒ္ဓ, နာမ်မိဒ္ဓနှစ်မျိုးတွင် ပြခဲ့သော ပဟာတဗ္ဗအတွင်း သွင်း၍ ဟောတော်မူအပ်သော ပါဠိတော်၌ နာမ်မိဒ္ဓကိုသာ ဟောတော်မူသည်–ဟုဆိုအံ့၊ ထိုပါဠိတော်များ၌ ရုပ် နာမ်ဟု အထူး မ မဘဲ သာမည ဟောတော်မူသောကြောင့် ထိုသို့ ပြောဆိုခွင့်လည်း မရှိချေ။

**သက္ကာ ဟိ ၊ပေ၊ ဝိယ**။ ။အကြင် မိဒ္ဓကို ရုပ်ဟု (သင် စောဒက) ကြံစည်အပ်၏၊ (ပါဠိတော်၌ သာမညအားဖြင့် ဟောတော်မူရကား) သင်ကြံစည်အပ်သော ရုပ်မိဒ္ဓလည်း နီဝရဏပင် ဖြစ်၏ဟု မှန်းဆ၍ သိစရာကောင်းသည်။

သိကောင်းပါသော်လည်း၊ သမ္ပယောဂါဘိဓာနာ–သမ္ပယုတ်၏ အဖြစ်ကို ဟောတော်မူခြင်းကြောင့်၊ တံ–ထိုမိဒ္ဓသည်၊ နရူပံ–ရုပ်မဟုတ်၊ ဣတိ–ဤသို့၊ နိစ္ဆယော–ဆုံးဖြတ်ခြင်းသည်၊ (ဟောတိ) ဟိ–မှန်၏၊ အရူပီနံ–နာမ်ဖြစ်ကုန်သော၊ ခန္ဓာနံ–ခန္ဓာတို့၏၊ သမ္ပယောဂေါ–သမ္ပယုတ်ကို၊ ပဝုစ္စတိ–ဟောတော်မူအပ်၏၊ [သမ္ပယုတ္တပစ္စည်း စသည်ကို ကြည့်။]

တထာ–ထိုမှတစ်ပါး၊ ဝါ–သည်သာမကသေး၊ အာရုပ္ပေ–အရူပဘုံ၌၊ သမုပ္ပတ္တိပါဠိတော–ဖြစ်ခြင်းကို ဟောတော်မူအပ်သောပါဠိကြောင့်၊ ရူပတာ–ရုပ်၏ အဖြစ်သည်၊ နတ္ထိ၊ ခီဏာသဝါနံ–ရဟန္တာပုဂ္ဂိုလ်တို့၏၊ နိဒ္ဒါတု–ကျိန်းစက်တော်မူခြင်းသည်ကား၊ ကာယဂေလညတော–ခန္ဓာကိုယ်၏ ညှိုးနွမ်းသည်၏ အဖြစ်ကြောင့်၊ သိယာ–ဖြစ်၏၊ ဣတိ–ကား၊ သင်္ဂဟော–တည်း။

၆။ (ယာ ဓမ္မဇာတိ) သဒ္ဒဟတိ–ယုံကြည်တတ်၏၊ ဣတိ–ကြောင့်၊ (သာ ဓမ္မဇာတိ) သဒ္ဓါ–မည်၏၊ ဗုဒ္ဓါဒိသု–ဘုရားအစရှိသော အာရုံတို့၌၊ ပသာဒေါ–ကြည်ညိုခြင်းသဘောတရားတည်း၊ သာ–ထိုသဒ္ဓါသည်၊ သမ္ပယုတ္တဓမ္မာနံ–သမ္ပယုတ်တရားတို့ကို၊ ပသာဒနလက္ခဏာ–ကြည်လင်စေခြင်း လက္ခဏာရှိ၏၊ (ကိမိဝ) ဥဒကပ္ပသာဒကမဏိဝိယ–ရေနောက်ကို ကြည်လင်စေတတ်သော ပတ္တမြားရတနာကဲ့သို့တည်း၊ သရဏံ–အောက်မေ့ခြင်း၊ ဝါ–အမှတ်ရခြင်း၊ သတိ–ခြင်း၊ အသမ္မောသော–အာရုံကို မပျောက်ပျက်စေခြင်း သဘောတရားတည်း၊ သာ–ထိုသတိသည်၊ သမ္ပယုတ္တဓမ္မာနံ–တို့ကို၊ သာရဏာလက္ခဏာ–အောက်မေ့စေခြင်း လက္ခဏာရှိ၏၊ ဝါ–အမှတ်ရစေခြင်း လက္ခဏာရှိ၏။

---

**သမ္ပယောဂေါ ၊ပေ၊ ပဝုစ္စတိ**။ ။ထိုသို့ သိကောင်းရသော်လည်း "ထိနမိဒ္ဓနိဝရဏံ အဝိဇ္ဇာနိဝရဏေန နိဝရဏဉ္စေဝ နိဝရဏသမ္ပယုတ္တဉ္စ"ဟု သမ္ပယုတ္တသဒ္ဒါကို ဟောတော်မူသောကြောင့် ထိုမိဒ္ဓသည် ရုပ်မဟုတ်ဟု ဆုံးဖြတ်ထိုက်၏၊ မှန်၏–ရုပ်ခန္ဓာ တို့၏ သမ္ပယုတ်အဖြစ်ကို မဟောအပ်၊ "ရုပ်တရားဆိုသည်မှာ သမ္ပယုတ်တရားလည်း မရှိ၊ ဝိပ္ပယုတ်လည်း မရှိသော တရားဖြစ်သည်"ဟူလို။

**တထာ ၊ပေ၊ ရူပတာ**။ ။ပဋ္ဌာန်းပါဠိတော်ဝယ် "နိဝရဏံ ဓမ္မံ ပဋိစ္စ နိဝရဏော ဓမ္မော ဥပ္ပဇ္ဇတိ န ပုရေဇာတပစ္စယာ"ဟူသော ဤပါဠိဝိဘင်း၌ "အာရုပ္ပေ ကာမစ္ဆန္ဒံ နိဝရဏံ ပဋိစ္စ ထိနမိဒ္ဓံ ဥဒ္ဓစ္စံ အဝိဇ္ဇာနိဝရဏံ"ဟု ဟောတော်မူရကား (ရုပ်မိဒ္ဓဆိုလျှင် အရူပဘုံ၌ မဖြစ်နိုင်သောကြောင့်) မိဒ္ဓသည် ရုပ်မဟုတ်နိုင်။

**နိဒ္ဒါ ၊ပေ၊ သိယာ**။ ။သို့ဖြစ်လျှင် ရဟန္တာများသည် အဘယ့်ကြောင့် အိပ်ကြသနည်း၊ ရဟန္တာများ၏ အိပ်ချင်ခြင်းသဘောသည် မိဒ္ဓမဟုတ်ပါလောဟု စောဒနာဖွယ်ရှိသောကြောင့် နိဒ္ဒါစသည် မိန့်၊ ရဟန္တာတို့၏ အိပ်ခြင်းသည် မိဒ္ဓကြောင့် မဟုတ်၊ တစ်နေကုန်အောင် ဆိုင်ရာကိစ္စဖြင့် နေခဲ့ရာဝယ် ရုပ်၏ ညှိုးနွမ်းမှုကြောင့် အိပ်ရခြင်းဖြစ်သည်–ဟူလို၊ ဥပမာ–တစ်ချို့သစ်ပင်၏အရွက်များ ညနေအခါ ညှိုးနွမ်းသကဲ့သို့တည်း။

(ယာ ဓမ္မဇာတိ) ကာယ ဒုစ္စရိတာဒီဟိ–ကာယဒုစရိုက် အစရှိသည်တို့မှ၊ ဟိရိယတိ–ရှက်တတ်၏၊ ဇိဂုစ္ဆတိ–စက်ဆုပ်တတ်၏၊ ဣတိ (သာ ဓမ္မဇာတိ) ဟိရီ–မည်၏၊ သာ–ထိုဟိရီသည်၊ ပါပတော–မကောင်းမှု ဒုစရိုက်မှ၊ ဇိဂုစ္ဆန လက္ခဏာ–စက်ဆုပ်ခြင်းလက္ခဏာရှိ၏၊ (ယံ ဓမ္မဇာတံ) ကာယဒုစ္စရိတာဒီဟိ–တို့မှ၊ ဩတ္တပ္ပတိ–ထိတ်လန့်တတ်၏၊ ဣတိ(တံ ဓမ္မဇာတံ) ဩတ္တပ္ပံ–မည်၏၊ တံ–သည်၊ ပါပတော–မှ၊ ဉတ္တာသလက္ခဏံ–ထိတ်လန့်ခြင်းလက္ခဏာရှိ၏၊ အတ္တဂါရဝဝသေန–မိမိကို လေးစားခြင်း၏အစွမ်းဖြင့်၊ ပါပတော–မှ၊ ဇိဂုစ္ဆန တော–စက်ဆုပ်တတ်သည်၏အဖြစ်ကြောင့်၊ ဟိရီ–သည်၊ ကုလဝဓူ ဝိယ–အမျိုးကောင်းသတို့သမီးနှင့်တူ၏၊ ပရဂါရဝ ဝသေန–သူတစ်ပါးကို လေးစားခြင်း၏ အစွမ်းဖြင့်၊ ပါပတော–မှ၊ ဉတ္တာသနတော–ထိတ်လန့်တတ်သည်၏အဖြစ်ကြောင့်၊ ဩတ္တပ္ပံ–သည်၊ ဝေသိယာဝိယ–ပြည့်တန်ဆာမနှင့် တူ၏။

လောဘပ္ပဋိပက္ခော–လောဘ၏ ဆန့်ကျင်ဘက် သဘောတရားသည်၊ အလောဘော–မည်၏၊ သော–ထိုအလောဘသည်၊ အာရမဏေ–၌၊ စိတ္တဿ–စိတ်၏၊ အလဂ္ဂတာလက္ခဏော–မငြိကပ်သည်၏ အဖြစ်ဟူသောလက္ခဏာ ရှိ၏၊ မုတ္တဘိက္ခုဝိယ–ထိုထိုအာရုံ၌ မငြိကပ် လွတ်လပ်သော ရဟန်းကဲ့သို့ တည်း၊ ဒေါသပ္ပဋိပက္ခော–သည်၊ အဒေါသော–မည်၏၊ သော–သည်၊ အစဏ္ဍိက္ကလက္ခဏော–မကြမ်းတမ်းသည်၏အဖြစ်ဟူသော လက္ခဏာရှိ၏၊ အနုကူလ မိတ္တောဝိယ–အရာရာ၌ လိုက်လျောသော မိတ်ဆွေ နှင့်တူ၏၊ တေသုဓမ္မေသု–ထိုယှဉ်ဖက်တရားတို့၌၊ မဇ္ဈတ္တတာ–အလယ်အလတ်၌ တည့်မတ်သော သဘော ရှိသောစိတ်၏ ဖြစ်ကြောင်းဖြစ်ရာတည်း၊ ဝါ–လစ်လျူရှုခြင်းတည်း၊ တတြမဇ္ဈတ္တတာ–ထိုယှဉ်ဖက်တရားအပေါင်း၌ လစ်လျူရှုခြင်း၊ သာ–ထို တတြမဇ္ဈတ္တတာသည်၊ စိတ္တစေတသိကာနံ–တို့ကို၊ အဇ္ဈုပေက္ခနလက္ခဏာ–လစ်လျူရှုခြင်းလက္ခဏာ ရှိ၏၊ သမပ္ပဝတ္တာနံ–အညီအမျှ ဖြစ်ကုန်သော၊ အဿာနံ–မြင်းတို့ကို၊ အဇ္ဈုပေက္ခကော–အသင့်အားဖြင့် ရှုတတ်သော၊ ဝါ–လစ်လျူရှုတတ်သော၊ သာရထိဝိယ–ရထားထိန်းကဲ့သို့တည်း။

ကာယဿ–စေတသိက်အပေါင်း၏၊ ပဿမ္ဘနံ–ငြိမ်းအေးခြင်းတည်း၊ ကာယ ပဿဒ္ဓိ–ခြင်း၊ စိတ္တဿ–၏၊ ပဿမ္ဘနံ–တည်း၊ စိတ္တပဿဒ္ဓိ–ခြင်း၊ စ–ဆက်၊ ဥဘောပိ–နှစ်ပါးလည်းဖြစ်ကုန်သော၊ တော–ဤပဿဒ္ဓိတို့သည်၊ ကာယ စိတ္တ ဒရထဝူပသမလက္ခဏာ–စေတသိက်အပေါင်း,စိတ်၏ပူပန်ခြင်း၏ငြိမ်းအေးခြင်း လက္ခဏာရှိကုန်၏၊ ကာယဿ–၏၊ လဟုဘာဝေါ–ပေါ့ပါးလျင်မြန်သည်၏ အဖြစ်တည်း၊ ကာယလဟုတာ–အဖြစ်၊ တထာ–ထို့အတူစိတ်၏ ပေါ့ပါးလျင် မြန်သည်၏အဖြစ်သည်၊ စိတ္တလဟုတာ–မည်၏၊ တာ–ထိုလဟုတာတို့သည်၊

ကာယစိတ္တ ဂရုဘာဝ ဝုပသမလက္ခဏာ–စေတသိက်အပေါင်း စိတ်၏ လေးလံ ထိုင်းမှိုင်းသည်၏အဖြစ်၏ ငြိမ်းအေးခြင်းလက္ခဏာ ရှိကုန်၏၊ ကာယဿ–၏၊ မုဒုဘာဝေါ–နူးညံ့ပျော့ပျောင်းသည်၏ အဖြစ်တည်း၊ ကာယမုဒုတာ–အဖြစ်၊ တထာ–ထို့အတူ စိတ်၏ နူးညံ့ပျော့ပျောင်းသည်၏ အဖြစ်သည်၊ စိတ္တမုဒုတာ–မည်၏၊ တာ–ထို မုဒုတာတို့သည်၊ ကာယစိတ္တထဒ္ဓဘာဝဝူပသမလက္ခဏာ–စေတသိက်အပေါင်း, စိတ်၏ ခက်ထန်ကြမ်းတမ်းသည်၏အဖြစ်၏ ငြိမ်းအေးခြင်းလက္ခဏာ ရှိကုန်၏။

ကမ္မနိ–ကုသိုလ်အမှု၌၊ သာဓု–ကောင်းသောသဘောတည်း၊ ကမ္မညံ–ကုသိုလ်အမှု၌ ကောင်းသောသဘော၊ တဿ–၏၊ ဘာဝေါ–ဖြစ်ကြောင်း ဖြစ်ရာတည်း၊ ကမ္မညတာ–ကုသိုလ်အမှု၌ ကောင်းသောသဘော၏ဖြစ်ကြောင်း ဖြစ်ရာ၊ ကာယဿ–၏၊ ကမ္မညတာ–ကုသိုလ်အမှု၌ ကောင်းသော သဘော၏ ဖြစ်ကြောင်းဖြစ်ရာတည်း၊ ကာယကမ္မညတာ–ကုသိုလ်အမှု၌ ကောင်းသော သဘော၏ ဖြစ်ကြောင်းဖြစ်ရာ၊ တထာ–ထို့အတူ စိတ်၏ ကုသိုလ်အမှု၌ ကောင်းသော သဘော၏ဖြစ်ကြောင်းဖြစ်ရာသည်၊ စိတ္တကမ္မညတာ–မည်၏၊ တာ–ထိုကမ္မညတာတို့သည်၊ ကာယစိတ္တအကမ္မညဘာဝဝူပသမလက္ခဏာ–စေတသိက်အပေါင်း စိတ်၏ ကုသိုလ်အမှု၌ မကောင်းသည်၏ အဖြစ်၏ ငြိမ်းအေးခြင်းလက္ခဏာ ရှိကုန်၏။

ပဂုဏဿ–ပွန်းတီးလေ့လာ, ညောင်နာနာမရှိသော သဘောတရား၏၊ ဘာဝေါ–တည်း၊ ပါဂုညံ–ပွန်းတီးလေ့လာ, ညောင်နာနာမရှိသော သဘော၏ ဖြစ်ကြောင်းဖြစ်ရာ၊ တဒေဝ–ထိုပွန်းတီးလေ့လာ, ညောင်နာနာမရှိသော သဘော၏ ဖြစ်ကြောင်းဖြစ်ရာသည်ပင်၊ ပါဂုညတာ–မည်၏၊ တတာ–ထို့အတူ စိတ်၏ ပွန်းတီးလေ့လာ, ညောင်နာနာ မရှိသောသဘော၏ ဖြစ်ကြောင်း ဖြစ်ရာသည်၊ စိတ္တပါဂုညတာ–မည်၏၊ တာ–ထိုပါဂုညတာတို့သည်၊ ကာယ စိတ္တာနံ–စေတသိက်အပေါင်း စိတ်တို့၏၊ ဂေလညဝူပသမလက္ခဏာ–နာကျင်သည်၏ အဖြစ်၏ ငြိမ်းအေးခြင်းလက္ခဏာ ရှိကုန်၏။

ကာယဿ – ၏၊ ဥဇုကဘာဝေါ – ဖြောင့်မတ်သည်၏ အဖြစ်တည်း၊ ကာယုဇုကတာ–အဖြစ်၊ တထာ–ထို့အတူ စိတ်၏ ဖြောင့်မတ်သည်၏ အဖြစ်သည်၊ စိတ္တုဇုကတာ–မည်၏၊ တာ–ထိုဥဇုကတာတို့သည်၊ ကာယစိတ္တာနံ–စေတသိက်အပေါင်း စိတ်တို့၏၊ အဇ္ဇဝလက္ခဏာ–ဖြောင့်မတ်သည်၏ အဖြစ်ဟူသောလက္ခဏာ ရှိကုန်၏။

ပန–ဆက်၊ ယထာက္ကမံ–တိုင်း၊ တော–ဤကာယပဿဒ္ဓိအစရှိသော တရားတို့သည်၊ ကာယစိတ္တာနံ–တို့၏၊ သာရမ္ဘာဒိကရဓာတုက္ခောဘပဋိပက္ခပစ္စယ

သမုဋ္ဌာနာ–လွန်စွာ ညှဉ်းပန်းနှိပ်စက်ခြင်း အစရှိသည်ကို ပြုတတ်သော ဓာတ် ချောက်ချားခြင်း၏ ဆန့်ကျင်ဘက် အကြောင်းတို့ကြောင့် ဖြစ်ကုန်၏၊ စ–ဆက်၊ ဧတ္ထ–ဤကာယပဿဒ္ဓိ အစရှိသော ပုဒ်တို့၌၊ ကာယောတိ–ကာယော ဟူသော ပုဒ်ဖြင့်၊ ဝေဒနာဒိက္ခန္ဓတ္တယဿ–ဝေဒနာအစရှိသော ခန္ဓာသုံးပါး အပေါင်းကို၊ ဂဟဏံ–ယူခြင်းသည်၊ (ဟောတိ)။

စ–ဆက်၊ ယသ္မာ–ကြောင့်၊ ဧတေ–ဤပဿဒ္ဓိအစရှိသော တရားတို့သည်၊ ဒွေဒွေ ဓမ္မာဝ–နှစ်ပါးနှစ်ပါးသော တရားတို့သည်သာ၊ ကေတော–တပေါင်း တည်း၊ ဟုတွာ–၍၊ ယထာသကံပဋိပက္ခဓမ္မေ–အကြင်အကြင် မိမိဉစွာဖြစ်သော ဆန့်ကျင်ဘက် တရားတို့ကို၊ ဟနန္တိ–ပယ်သတ်နိုင်ကုန်၏၊ [ကာယပဿဒ္ဓိက စေတသိက်အပေါင်း၏ ဒရထကို ပယ်နိုင်၏၊ စိတ္တပဿဒ္ဓိက စိတ်၏ ဒရထကို ပယ်နိုင်၏၊ ကာယလဟုတာက စေတသိက်အပေါင်း၏ ဂရုဘာဝကို ပယ်နိုင်၏၊ ဤသို့ စသည်ဖြင့် မိမိဆိုင်ရာလက္ခဏာ၌ ပြခဲ့သော ပဋိပက္ခဓမ္မတို့ကို ပယ်နိုင်ပုံကို သိပါ၊] တသ္မာ–ကြောင့်၊ ဣဓေဝ–ဤပဿဒ္ဓိ အစရှိသည်တို့၌ သာ၊ ဒုဝိဓတာ–နှစ်ပါးအပြားရှိကုန်သည်၏အဖြစ်ကို၊ ဝုတ္တာ–ဟောတော်မူ အပ်ပြီ၊ သမာဓိအာဒီသု–သမာဓိအစရှိသောတရားတို့၌၊ ဒုဝိဓတာ–ကို၊ န ဝုတ္တာ–အပ်၊ [သမာဓိ တစ်ပါးတည်းက စေတသိက်ခန္ဓာရော စိတ်ရော တည်ကြည်စေနိုင်သောကြောင့် နှစ်ပါးခွဲ၍ ဟောဖွယ် မလို–ဟူလို။]

---

**သာရမ္ဘ ၊ပေ၊ သမုဋ္ဌာနာ**။ ။သုဋ္ဌု–လွန်စွာ၊ အာရမ္ဘော–ညှဉ်းပန်းနှိပ်စက်ခြင်းတည်း၊ သာရမ္ဘော–ခြင်း၊ ပဿဒ္ဓိ၌ ပြခဲ့သော ဒရထကိုပင် သာရမ္ဘဟု ဆိုသည်၊ ထိုပူလောင်မှုကို ပြုတတ်သော ဓာတ်ချောက်ချားခြင်းဟူသည် ပထဝီစသော ဓာတ်, သလိပ် သည်းခြေ သွေး လေစသော ဓာတ်တို့၏ ဖောက်ပြန်ခြင်းတည်း၊ ထိုဖောက်ပြန်ခြင်း၏ ဆန့်ကျင်ဘက် ဟူသည် ပထဝီစသော ဓာတ်တို့၏ ညီညွတ်ခြင်း, သလိပ် သည်းခြေ သွေး လေ စသော ဓာတ်တို့၏ ညီညွတ်ခြင်းတည်း၊ ထိုညီညွတ်ခြင်းကြောင့် ပဿဒ္ဓိများ ဖြစ်တတ်ကြသည်။

မုန်၏–မကျန်းမမာ ဖြစ်သောအခါ အလိုလိုစိတ်တို့၍ သာရမ္ဘစသော အကုသိုလ် စိတ်များ ဖြစ်လာတတ်၏၊ ပြခဲ့သော ဓာတ်များ ညီညွတ်၍ ကျန်းမာနေသည့်အခါ ကုသိုလ်စိတ်များ ဖြစ်တတ်၏၊ ထိုသို့ ကုသိုလ်ဖြစ်လျှင် ပဿဒ္ဓိစသော တရားတို့လည်း ပါဝင်တော့၏၊ သာရမ္ဘာဒိ၌ အာဒိဖြင့် လဟုတာ၌ ပြခဲ့သော ဂရုဘာဝကရ, မုဒုတာ၌ ပြခဲ့သော ထဒ္ဓဘာဝကရ, ကမ္မညတာ၌ ပြခဲ့သော အကမ္မည ဘာဝကရ, ပါဂုညတာ၌ ပြခဲ့သော ဂေလညကရ, ဉဇုကတာအတွက် ကုဋိလဘာဝ တို့ကို ယူ၍ ထို အားလုံးကိုပင် "ယထာက္ကမံ"ဟု ဆိုသည်၊ ထိုကြောင့် ပဿဒ္ဓိအတွက် "သာရမ္ဘကရ ဓာတုက္ခောဘ ပဋိပက္ခပစ္စယသမုဋ္ဌာန, လဟုတာအတွက် ဂရုဘာဝကရ ဓာတုက္ခောဘ ပဋိပက္ခပစ္စယ သမုဋ္ဌာန, ဤသို့ စသည်ဖြင့် သိပါ။

အပိစ–သည်သာမကသေး၊ စိတ္တပဿဒ္ဓိအာဒီဟိ–စိတ္တပဿဒ္ဓိ အစရှိသည် တို့ကြောင့်၊ [အာဒိဖြင့် စိတ္တလဟုတာ စသည့်ကိုယူ၊] စိတ္တဿေဝ–သာလျှင်၊ ပဿဒ္ဓါဒိဘာဝေါ–ငြိမ်းအေးခြင်းအစရှိသည်တို့၏ အဖြစ်သည်၊ [အာဒိဖြင့် လဟုဘာဝ စသည်ကို ယူ၊] ဟောတိ။ ပန–အဖို့တစ်ပါးကား၊ ကာယပဿဒ္ဓိ အာဒီဟိ–တို့ကြောင့်၊ တံသမုဋ္ဌာနပဏီတရူပဖရဏဝသေန–ထိုကာယပဿဒ္ဓိ အစရှိသည်တို့ကြောင့် ဖြစ်သော မွန်မြတ်သောရုပ်ကို ဖြန့်ခြင်း၏အစွမ်းဖြင့်၊ ရူပကာယဿပိ–ရူပကာယ၏လည်း၊ [ပိဖြင့် နာမကာယကိုပေါင်း၊] ပဿဒ္ဓါဒိ ဘာဝေါ–ငြိမ်းအေးခြင်း အစရှိသည်တို့၏ အဖြစ်သည်၊ ဟောတိ၊ ဣတိ– ထို့ကြောင့်၊ တဒတ္ထသန္ဒဿနတ္ထံစ–ထိုအနက်အဓိပ္ပာယ်ကို ထင်ရှားပြခြင်း အကျိုးငှာလည်း၊ ဧတ္ထ–ဤပဿဒ္ဓိအစရှိသည်တို့၌၊ ဒုဝိဓတာ–ကို၊ ဝုတ္တာ–ပြီ။

သဗ္ဗေသမ္ပိ–န်သော၊ သောဘနာနံ–သောဘနစိတ်တို့၏၊ ဝါ–တို့နှင့်၊ သာဓာရဏာ–တူသော ဆောင်ခြင်းရှိသော စေတသိက်တို့တည်း၊ ဝါဆက်ဆံ သော စေတသိက်တို့တည်း၊ (ကသ္မာ) နိယမေန–အမြဲအားဖြင့်၊ [နိယမေနဖြင့် ဝိရတိစသော စေတသိက်တို့၏ "အနိယမ–အမြဲမယှဉ်ပုံ"ကို ပြသည်၊] တေသု–ထိုသောဘနစိတ်တို့၌၊ ဥပ္ပဇ္ဇနတော–ဖြစ်ခြင်းကြောင့်တည်း၊ ဣတိ– ကြောင့်၊ သောဘနသာဓာရဏာ–တို့ မည်၏၊ [သောဘနသာဓာရဏာ– သောဘနစိတ် အားလုံးတို့နှင့် ဆက်ဆံသော စေတသိက်တို့။]

၇။ တောယ–ဤသဘောတရားဖြင့်၊ (တံသမင်္ဂိပုဂ္ဂလာ–ထိုသဘော တရားနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည်၊) သမ္မာ–စွာ၊ ဝဒန္တိ–ပြောဆိုကြကုန်၏၊ ဣတိ–ထိုသို့ ကောင်းစွာ ပြောဆိုကြောင်း၏ အဖြစ်ကြောင့်၊ (သာဓမ္မဇာတိ) သမ္မာဝါစာ–သမ္မာဝါစာမည်၏၊ ဝစီဒုစ္စရိတဝိရတိ–ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ခြင်း သဘောတရားတည်း၊ သာ–ထိုသမ္မာဝါစာသည်၊ မုသာဝါဒါ– မှ၊ ဝေရမဏီ–ရှောင်ကြဉ်ခြင်းလည်းကောင်း၊ ပိသုဏဝါစာ–မှ၊ ဝေရမဏီ– လ သ်းကောင်း၊ ဖရုသဝါစာ–မှ၊ ဝေရမဏီ–လည်းကောင်း၊ သမ္ဖပ္ပလာပါ–မှ၊ ဝေရမဏီ–လည်းကောင်း၊ ဣတိ–သို့၊ စတုဗ္ဗိဓာ–ရှိ၏။

---

**ဝေရမဏီ**။ ။ဝိရမတိ–ဒုစရိုက်မှ ရှောင်ကြဉ်တတ်၏၊ ဣတိ ဝေရမဏီ၊ ဝိရမန္တိ ဧတာယာတိ ဝေရမဏီ၊ ဝိရမဏံ ဝေရမဏီ၊ [ဝိပုဗ္ဗ ရမုဓာတ်, ယုကို အနပြု, နကို ဏပြန်စေ၍ "ဝိရမဏ"ဟု ဖြစ်၏၊ ဝိကို သုတ်ကြီးဖြင့် ဝေ ပြု, ဣတ္ထိဇောတက ဤပစ္စည်းသက်၍"ဝေရမဏီ"ဟု ဖြစ်၏။] "သဗ္ဗာ ဝေ တော ဝေရမဏီယော" ဟု ခုဒ္ဒကပါဠ အဋ္ဌကထာ၌ သုံးစွဲသောကြောင့် "ဝေရမဏီ"ဟု ဣတ္ထိလိင်ရှိကြောင်းကို သိရသည်၊ ["ဝိကာရဿ ဝေကာရံ ကတွာ ဝေရမဏီ" အဋ္ဌကထာ။]

**တစ်နည်း**။ ။ဝေရံ+မဏာတီတိ ဝေရမဏီ၊ ဝေရံ–ပါဏာတိပါတစသော အကုသိုလ် ရန်ကို+မဏာတိ (ပဇဟတိ) စွန့်ပစ်တတ်၏၊ ဣတိ ဝေရမဏီ၊ မဏဓာတ်သည် စာဂ

ကမ္မမေဝ–အလုပ်သည်ပင်၊ [အန္တ သဒ္ဒဿ–အန္တ သဒ္ဒါ၏၊ တဗ္ဘာဝဝုတ္တိတ္တာ–တဗ္ဘောအနက်၌ ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့်၊] ကမ္မန္တော–ကမ္မန္တ မည်၏၊ သုတ္တန္တ ဝနန္တာဒယောဝိယ–သုတ္တန္တ ဝနန္တ အစရှိသော သဒ္ဒါတို့ကဲ့သို့တည်း၊ သမ္မာ–စွာ၊ ပဝတ္တော–သော၊ ကမ္မန္တော–အလုပ်တည်း၊ သမ္မာကမ္မန္တော–ကောင်းစွာ ဖြစ်သောအလုပ်၊ ကာယဒုစ္စရိတ ဝိရတိ–ကာယဒုစရိုက် သုံးပါးမှ ရှောင်ကြဉ်ခြင်းသဘောတရားတည်း၊ သာ–ထိုသမ္မာကမ္မန္တသည်၊ [နောက်၌ ပြမည်၊ "သော ပန"စသည်ကိုထောက်လျှင် "သော တိဝိဓော"ဟု ရှိမှ ရှေ့နောက် ညီမည်၊] ပါဏာတိပါတာ ဝေရမဏီ ၊ပေ၊ ကာမေသု မိစ္ဆာစာရာ ဝေရမဏီ၊ ဣတိ တိဝိဓာ၊ ဧတေန–ဤ သဘောတရားဖြင့်၊ သမ္မာ–စွာ၊ အာဇီဝန္တိ–အသက်မွေးကြကုန်၏၊ ဣတိ–ထိုသို့ ကောင်းစွာအသက်မွေးကြောင်း၏အဖြစ်ကြောင့်၊ (သော သဘောဝေါ) သမ္မာအာဇီဝေါ–မည်၏၊ မိစ္ဆာဇီဝ ဝိရတိ–ကဲ့ရဲ့အပ်သော အသက်မွေးမှုမှ ရှောင်ကြဉ်ခြင်း သဘောတရားတည်း။

ပန–ဆက်၊ သော–ထိုသမ္မာအာဇီဝသည်၊ အာဇီဝဟေတုကကာယဝစီ ဒုစ္စရိတတော–အသက်မွေးခြင်းလျှင် အကြောင်းရှိသော ကာယဒုစရိုက် သုံးပါး, ဝစီဒုစ္စရိုက်လေးပါးမှ၊ ဝိရမဏဝသေန–ဖြင့်၊ သတ္တဝိဓော–ခုနစ်ပါး အပြား ရှိ၏၊ [ဤနည်းကား ရှင်လူအများ ဖြစ်တတ်သော မိစ္ဆာဇီဝမှ ရှောင်ကြဉ်ပုံ တည်း၊] ဝါ–တစ်နည်း၊ ကုဟနလပနာဒိမိစ္ဆာဇီဝ ဝိရမဏဝသေန–အံ့သြဖွယ်ကို ဖြစ်စေခြင်း, ပစ္စည်းလေးပါး၏ အနီး၌ ပြောဆိုခြင်း အစရှိသော မိစ္ဆာဇီဝမှ

---

(စွန့်ခြင်း) ဟိံသာ (ညှဉ်းဆဲခြင်း) အနက်ကို ဟော၏၊ ခုဒ္ဒကပါဌအဋ္ဌကထာ၌ "ပဇဟတိ"ဟု ဖွင့်သောကြောင့် စာဂအနက်ကို ယူသည်၊ [မဏဓာတ်, ဏ္ဍပစ္စည်းတည်း၊ ကောဋ္ဌိပုဒ်ကဲ့သို့ ဤနေရာ၌ ဏ္ဍပစ္စည်း (သက္ကတ၌ ဏ္ဍဉ်ပစ္စည်း) အဆုံးရှိသော်လည်း ဣတ္ထိလိင်ဟောတည်း၊ "ဝေရံ+မဏီ ဝေရမဏီ"ဟု ဒုတိယာတပ္ပုရိသ်တွဲ၊] ဤစကားကို ထောက်၍ "မဏီ–မဏီ"ဟု ဒွိကာရန္တ မှတ်ပါ။

**ကုဟန**။ ။စုရာဒိ ကုဟဓာတ်သည် ဝိမှာပန (အံ့သြစေခြင်း, အံ့သြလောက်အောင် ဝါကြွားခြင်း) အနက်ကိုဟော၏၊ ကုဟယတိ ဧတေနာတိ ကုဟနံ–အံ့သြစေကြောင်း ဝါကြွားကြောင်းအမှု၊ ထိုကုဟနဝတ္ထုသည် ပစ္စယပတိသေဝန, သာမန္တဇပ္ပန, ဣရိယာပထသဏ္ဌာပနအားဖြင့် သုံးပါးရှိ၏။

**ပစ္စယပတိသေဝန**။ ။မိမိကို ဒကာဒကာမတို့က သူတော်ကောင်းကြီးဟု ထင်အောင် ယုတ်မာသော စိတ်ထားဖြင့် ဆွမ်းသင်္ကန်းစသော ပစ္စည်းများကို ခေါင်းခေါင်းပါးပါး ခြိုးခြိုးခြံခြံ သုံးစွဲခြင်းသည် ပစ္စယပတိသေဝန မည်၏၊ ထိုသို့ ဟန်လုပ်မှုကြောင့် လူတို့က အထင်ကြီး၍ လှူဒါန်းအပ်သော ပစ္စည်းသည် မိစ္ဆာဇီဝ မည်၏၊ [အမှန်ပင် သူတော်ကောင်းစိတ်ဖြင့် ခေါင်းခေါင်းပါးပါး သုံးစွဲခြင်းကား မိစ္ဆာဇီဝ မဖြစ်ပါ။]

ရှောင်ကြဉ်ခြင်း၏ အစွမ်းဖြင့်၊ ဗဟုဝိဓော–ရှိ၏၊ [ဤနည်းကား ရဟန်းများ၌ ဖြစ်တတ်သော မိစ္ဆာဇီဝမှရှောင်ပုံတည်း။] ပန–ဆက်၊ တိဝိဓာပိ–န်သော၊ တော–ဤရှောင်ခြင်းတို့သည်၊ ပစ္စေကံ–အသီးအသီး၊ သမ္မတ္တသမာဒါနသမုစ္ဆေဒ ဝိရတိဝသေန–သမ္ပတ္တဝိရတိ, သမာဒါနဝိရတိ, သမုစ္ဆေဒဝိရတိတို့၏ အပြား အားဖြင့်၊ တိဝိဓာ ဝိရတိယောနာမ–သုံးပါးအပြားရှိသော ဝိရတိတို့ မည်၏၊ (ကသ္မာ) ယထာဝုတ္တဒုစ္စရိတေဟိ–အကြင် အကြင် ဆိုအပ်ပြီးသော ဒုစရိုက်တို့မှ၊ ဝိရမဏတော–ရှောင်ကြဉ်ခြင်းကြောင့်တည်း။

၈။ (ယာ ဓမ္မဇာတိ) ပရဒုက္ခေ–သူတစ်ပါး၏ဆင်းရဲသည်၊ သတိ–ဖြစ်လတ်သော်၊ သာဓူနံ–သူတော်ကောင်းတို့၏၊ ဟဒယခေဒံ–စိတ်နှလုံး၏ပင်ပန်းခြင်းကို၊ [ဟဒယကမ္ပနံဟု အခြားကျမ်း၌ ရှိ၏။] ကရောတိ–ပြုတတ်၏၊ ဇနေတိ–ဖြစ်စေတတ်၏၊ ဝါ–တစ်နည်း၊ ပရဒုက္ခံ–သူတစ်ပါး၏ဆင်းရဲကို၊ ကိရတိ ဝိက္ခိပတိ– ပစ်လွှင့်တတ်၏၊ ဝါ–တစ်နည်း၊ တံ–ထို သူတစ်ပါး၏ဆင်းရဲကို၊ ကိဏာတိ

---

**သာမန္တဇပ္ပန**။ ။ဈာန်မဂ်ဖိုလ်ကို ရသောပုဂ္ဂိုလ်ဟု လူအများကထင်အောင် ဈာန်၏ အနီးအပါး မဂ်ဖိုလ်၏ အနီးအပါး၌ စကားပြောခြင်း "မည်သည့် အချိန်မှာ မည့်သည့်တရားကို အားထုတ်ရင်း မည်သို့ဖြစ်လာသည်" စသည်ဖြင့် ပြောခြင်း စသည်ကို "သာမန္တဇပ္ပန"ဟု ခေါ်၏၊ သာမန္တ–ဈာန်မဂ်ဖိုလ်၏အနီး၌+ဇပ္ပန–ပြောဆိုခြင်း၊ ထိုသို့ ပြောဆိုခြင်းကြောင့် ရအပ်သောပစ္စည်းသည် မိစ္ဆာဇီဝဖြစ်၏။

**ဣရိယာပထသဏ္ဌာပန**။ ။လူတို့က မိမိကိုအထင်ကြီး၍ ကြည်ညိုအောင် ငြိမ်သက်စွာသွားခြင်း, ထိုင်ခြင်း, ရပ်ခြင်း, လျောင်းခြင်းကို ဣရိယာပထသဏ္ဌာပနဟု ခေါ်၏၊ ဣရိယာပထ–ဣရိယာပုထ်ကို+သဏ္ဌာပန–ကောင်းစွာထားခြင်း၊ ထိုသို့ ပြုသည့် အတွက် ရအပ်သောပစ္စည်းသည် မိစ္ဆာဇီဝဖြစ်၏၊ သိက္ခာပုဒ်ကို ရိုသေသောအားဖြင့် ကောင်းစွာသွားခြင်း စသည်မှာ ကုဟနဝတ္ထု မဟုတ်ပါ။

**လပန**။ ။"မိမိကို မည်သည့် မင်းကြီး, သူဌေးကြီး, ပွဲစားကြီးက ကြည်ညိုသည်" စသည်ဖြင့် လူတို့က အထင်ကြီးအောင် ဂုဏ်ဖော်ခြင်းသည် လပနမည်၏၊ ထိုသို့ ပြောခြင်းကြောင့် အထင်ကြီး၍ လှူအပ်သောပစ္စည်းသည် မိစ္ဆာဇီဝဖြစ်၏။

**အာဒိ**။ ။လပနာဒိ၌ အာဒိဖြင့် နေမိတ္တိကတာ, နိပ္ပေသိကတာ, လာဘေနလာဘံ နိဇိဂီသနတာတို့ကို ယူ၊ ထိုတွင် ပစ္စည်းလှူအောင် အရိပ်နိမိတ်ကိုပြုခြင်း (ပစ္စည်းလှူအောင်ချိတ်၍ ပြောခြင်း)သည် နေမိတ္တိကတာ မည်၏၊ မလှူဘဲမနေနိုင်အောင် အတင်းကပ်၍ ချောက်တန်ချောက်၍ ပြောခြင်းသည် နိပ္ပေသိကတာ မည်၏၊ တစ်အိမ်မှ ရအပ်သော လာဘ်ကို ပေး၍ ထိုအိမ်မှ လာဘ်ကို ယူခြင်းသည် လာဘေန လာဘံ နိဇိဂီသနတာ မည်၏၊ ထို အမှုများကြောင့် ရအပ်သောပစ္စည်းသည်လည်းကောင်း, သစ်သီးပေးခြင်း ပန်းပေးခြင်းစသော ကုလဒူသန အမှုကြောင့် ရအပ်သော ပစ္စည်းသည်လည်းကောင်း မိစ္ဆာဇီဝချည်းတည်း။

ဟိ သတိ–ညှဉ်းဆဲဖျက်ဆီးတတ်၏၊ ဝါ–တစ်နည်း၊ ဒုက္ခိတေသု–ဒုက္ခိတသတ္တာတို့၌၊ ကိရိယတိ ပသာရိယတိ–အာရုံပြုသောအားဖြင့် ဖြန့်အပ်၏၊ ဣတိ, (သာဓမ္မ ဇာတိ) ကရုဏာ–မည်၏၊ သာ–ထိုကရုဏာသည်၊ ပရဒုက္ခာပနယနကာမတာလက္ခဏာ–သူတစ်ပါး၏ ဆင်းရဲကို ပယ်ခြင်းကို အလိုရှိသူ၏ အဖြစ်ဟူသော လက္ခဏာရှိ၏၊ ဟိ–မှန်၏၊ တာယ–ထိုကရုဏာသည်၊ပရဒုက္ခံ–ကို၊ အပနီယတုဝါ–ပယ်အပ်မူလည်းပယ်အပ်ပစေ၊ ဝါ–ပယ်နိုင်မူလည်း ပယ်နိုင်ပစေ၊ မာ အပနီယတု ဝါ–မပယ်အပ်မူလည်း မပယ်အပ်ပစေ၊ ဝါ–မပယ်နိုင်မူလည်း မပယ်နိုင်ပစေ၊ တဒါကာရေနေဝ–ထို သူတစ်ပါး၏ ဆင်းရဲကို ပယ်လိုခြင်းဟူသော အခြင်းအရာ အားဖြင့်သာလျှင်၊ သာ–ထိုကရုဏာသည်၊ ပဝတ္တတိ–ဖြစ်၏။

တောယ–ဤသဘောတရားဖြင့်၊ (တံသမင်္ဂီပုဂ္ဂလာ–တို့သည်၊ (တစ်နည်း) သမ္ပယုတ္တဓမ္မာ–တို့သည်၊) မောဒန္တိ–ဝမ်းမြောက်ကုန်၏၊ ဣတိ–ဤသို့ ဝမ်းမြောက်ကြောင်း၏ အဖြစ်ကြောင့်၊ (သာ ဓမ္မဇာတိ) မုဒိတာ–မည်၏၊ သာ–ထိုမုဒိတာသည်၊ ပရသမ္ပတ္တိအနုမောဒနလက္ခဏာ–သူတစ်ပါး၏ပြည့်စုံခြင်းကို ဝမ်းမြောက်ခြင်းလက္ခဏာ ရှိ၏၊ အပ္ပမာဏသတ္တာရမဏတ္တာ–အတိုင်းအရှည် မရှိသော သတ္တဝါသည်လျှင်အာရုံရှိကုန်သည်၏ အဖြစ်ကြောင့်၊ အပ္ပမာဏာ–အပ္ပမာဏတို့ မည်၏၊ တာဝေ–ထို အပ္ပမာဏတရားတို့သည်ပင်၊ အပ္ပမညာ–တို့မည်၏။

နနုစ–အံ့၊ (ကိံ–နည်း) စတသော အပ္ပမညာတိ–ဟူ၍၊ ဝက္ခတိ–ဆိုလတ္တံ့ မဟုတ်ပါလော၊ (နဝမပရိစ္ဆေဒ၌ ဆိုလတ္တံ့မဟုတ်ပါလော၊) ကသ္မာ–ကြောင့်၊ ဧတ္ထပန–ဤဒုတိယပရိစ္ဆေဒ၌ကား၊ ဒွေယေဝ–နှစ်ပါးသာလျှင်ဖြစ်ကုန် သော၊ အပ္ပမညာ–တို့ကို၊ (အာစရိယေန) ဗုတ္တာ–ဆိုအပ်ကုန်သနည်း၊ ဣတိ–ဤသို့၊

---

**ကရုဏာ**။ ။"ကရောတိ၊ပေ၊ဇနေတိ"ဖြင့်"ကရောတီတိ ကရုဏာ"ဟူသော ဝစနတ္ထကို ပြ၏၊ ဇနေတိကား ကရောတိ၏အဖွင့်တည်း၊"ပြု"ဆိုသည်မှာ ဖြစ်စေခြင်း–ဟူလို၊ ကရဓာတ်, ယုကို အနပြု၊ နကို ဏပြု၊ဣတ္ထိဇောတက အာပစ္စည်း သက်လျှင်"ကရုဏာ"ဟု ဖြစ်၏၊ သုတ်ကြီးဖြင့် အကို ဥပြု၊ "ကိရတိ၊ပေ၊ပရဒုက္ခံ" ဖြင့်"ကိရတီတိ ကရုဏာ"ဟူသော ဝစနတ္ထကို ပြ၏၊ကိရဓာတ် ဝိက္ခိပနအနက်ဟော၊ ကိ၏ ဣကို အပြု၍ ရေးနည်းအတိုင်းပြီးစေ၊"ကိဏာတိဝါ"ဖြင့်"ကိဏာတီတိ ကရုဏာ"ဟု ပြ၏၊ ကိဓာတ် ဟိံသနအနက်ဟော၊ ကိ၏ ဣကို အပြု၊ ယုကို အန,ပြု နကို ဏပြု, ရလာ၊"ကိရိယတိ"ဖြင့်ကိရဓာတ်၊ကံဟောသာထူးသည်၊ ပသာရဏအနက်ဟော။

**အပ္ပမညာ**။ ။နတ္ထိ+ပမာဏံ ယာသံတိ အပ္ပမာဏာ၊ ယာသံ (ဓမ္မဇာတီနံ)–အကြင် သဘောတရားတို့၏၊ ပမာဏံ–အာရုံပြုအပ်သော သတ္တဝါတို့၏ အတိုင်းအရှည် အပိုင်းအခြားသည်၊ နတ္ထိ–မရှိ၊ ဣတိ, တာဓမ္မဇာတိယော, အပ္ပမာဏာ၊ ထို့နောက်မှ သွတ္ထအနက်၌ ဏျပစ္စည်းသက်၍"အပ္ပမာဏာဧဝ+အပ္ပမညာ"ဟု ဖြစ်သည်၊ [ဘာသာဋီကာ၌ ဝိဂ္ဂဟတစ်မျိုး ပြုထား၏။]

နနုစ–ပါ၏၊ အဒေါသတတြမဇ္ဈတ္တတာဟိ–အဒေါသစေတသိက်, တတြမဇ္ဈတ္တတာစေတသိက်တို့ဖြင့်၊ မေတ္တုပေက္ခာနံ–မေတ္တာဥပေက္ခာဟူသော အပ္ပမညာတို့၏၊ ဝါ–တို့ကို၊ ဂဟိတတ္တာ–ယူအပ်ကုန်သည်၏ အဖြစ်ကြောင့်၊ “ဧတ္ထ–၌၊ ဒွေယေဝ–တို့ကိုသာ၊ ဝုတ္တာ”ဟု ပြန်လှည့်။

ဟိ–ချဲ့၊ အဒေါသောယေဝ–အဒေါသစေတသိက်သည်ပင်၊ သတ္တေသု–တို့၌၊ ဟိတဇ္ဈာသယဝသပ္ပဝတ္တော–စီးပွား၌ဖြစ်သော အလို၏အစွမ်းဖြင့် ဖြစ်သည်၊ ဝါ–စီးပွား၌လိုလားသည်၊ (သမာနော–သော်) မေတ္တာ နာမ–မည်၏၊ [သတ္တဝါတို့၏ အကျိုးကို လိုလားသောအားဖြင့်ဖြစ်သော အဒေါသသည်ပင် မေတ္တာမည်သည်–ဟူလို၊] တတြမဇ္ဈတ္တတာယေဝ–သည်ပင်၊ တေသု–ထို သတ္တဝါတို့အပေါ်၌၊ ပဋိဃာနုနယဂ္ဂုပသမပ္ပဝတ္တာ–မုန်းခြင်း,ချစ်ခြင်း၏ငြိမ်းခြင်း၏အစွမ်းဖြင့်ဖြစ်သည်၊(သမာနာ) ဥပေက္ခာနာမ–မည်၏၊ [သတ္တဝါတို့အပေါ်၌ မုန်းခြင်း,ချစ်ခြင်း မရှိသောအားဖြင့်ဖြစ်သော တတြမဇ္ဈတ္တတာစေတသိက်သည်ပင် ဥပေက္ခာမည်၏–ဟူလို၊ ပဋိဃ–မုန်းခြင်း၊ အနုနယ–ချစ်ခြင်း။]

တေန–ကြောင့်၊ ပေါရာဏာ–တို့သည်၊ အဗျာပါဒေန၊ပေ၊ဥဘောတိ–အဗျာပါဒေန ၊ပေ၊ ဥဘောဟူ၍၊ အာဟု–န်ပြီ၊ [အဗျာပါဒေန–အဗျာပါဒဖြင့်၊ ဝါ–အဒေါသဖြင့်၊ မေတ္တာ–ကိုလည်းကောင်း၊ တတြမဇ္ဈတ္တတာယ–ဖြင့်၊ ဥပေက္ခာစ–ကိုလည်းကောင်း၊ ယသ္မာ–ကြောင့်၊ ဂဟိတာ–ယူအပ်ကုန်ပြီ၊ တသ္မာ–ထို့ကြောင့်၊ ဥဘော–နှစ်ပါးကုန်သော မေတ္တာ, ဥပေက္ခာတို့ကို၊ နဂဟိတာ–သီးခြား မယူအပ်ကုန်၊ ဝါ–သီးခြား မဆိုအပ်ကုန်၊]

(ယာဓမ္မဇာတိ) ပကာရေန–အပြားအားဖြင့်၊ ဇာနာတိ–သိတတ်၏၊ အနိစ္စာဒိဝသေန–အနိစ္စအစရှိသည်တို့၏ အပြားအားဖြင့်၊ အဝဗုဇ္ဈတိ–ထိုးထွင်း၍သိတတ်၏၊ ဣတိ (သာဓမ္မဇာတိ) ပညာ–မည်၏၊ [ပကာရေနကို အနိစ္စာဒိဝသေနဟုလည်းကောင်း ဇာနာတိကို အဝဗုဇ္ဈတိ ဟုလည်းကောင်း ဖွင့်သည်၊] သာဧဝ–ထိုပညာသည်ပင်၊ ယထာသဘာဝါဝဗောဓနေ–အကြင်အကြင် ဟုတ်မှန်သော သဘောကို ထိုးထွင်း၍သိခြင်း၌၊ အာဓိပစ္စယောဂတော–အကြီးအကဲ၏အဖြစ်နှင့် ယှဉ်ခြင်းကြောင့်၊ ဣန္ဒြိယံ–ဣန္ဒြေမည်၏၊ ဣတိ–ကြောင့်၊ ပညိန္ဒြိယံ–ပညိန္ဒြေမည်၏၊ [“ပညာဧဝ+ ဣန္ဒြိယံ ပညိန္ဒြိယံ” ဟု ပြု၊ ဣန္ဒြိယသဒ္ဒါသည်“အစိုးရခြင်း”အနက်ဟော၊ ထို့ကြောင့်“အာဓိပစ္စယောဂတော” ဟု ဖွင့်သည်၊]

အထ–စောဒနာပါဦးအံ့၊ (ကိံ–အဘယ်သို့ စောဒနာအံ့နည်း၊) သညာဝိညာဏပညာနံ–သညာ, ဝိညာဉ်, ပညာတို့၏၊ နာနာကရဏံ–အသီးအခြားပြုတတ်သော အထူးသည်၊ ကိံ–အဘယ်နည်း၊ ဣတိ–သို့၊ အထ–စောဒနာပါ၏၊

[နာနာ+ကရောတီတိ နာနာကရဏံ=တစ်ခုနှင့်တစ်ခုမတူခြင်း ထူးခြင်းသည် ရောရှ်မရအောင် တစ်သီးတစ်ခြားစီ ပြုရာရောက်၏၊ ထို့ ကြောင့် အထူးကို“ နာနာကရဏ”ဟု ဆိုသည်၊] တာဝ—ဝိညာဉ် ပညာတို့မှ ရှေးဦးစွာ၊ [နိဒ္ဒိဋ္ဌာ—ညွှန်ပြအပ်သော၊ (သင်္ဂဟာဒီကညွှန်ပြအပ်သော—ဟူလို၊] သညာ—သညာသည်၊ နီလာဒိဝသေန—အညို အစရှိသည်တို့၏အစွမ်းဖြင့်၊ သဉ္ဇာနနမတ္တံ—အမှတ်ပြု၍ သိခြင်းမျှကို၊ ဝါ—မှတ်သိသိခြင်းမျှကို၊ ကရောတိ—ပြု၏၊ လက္ခဏပဋိဝေဓံ—အနိစ္စအစရှိသောလက္ခဏာကို ထိုးထွင်း၍သိခြင်းကို၊ ကာတုံ—ပြုခြင်းငှာ၊ နသက္ကောတိ—မစွမ်းနိုင်၊ ဝိညာဏံ—ဝိညာဉ်သည်၊ လက္ခဏပဋိဝေဓံပိ—ကိုလည်း၊ [ပိဖြင့် သဉ္ဇာနနမတ္တကိုပေါင်း၊] သာဓေတိ—ပြီးစေနိုင်၏၊ ပန—ထိုသို့ပင် ပြီးစေနိုင်ပါသော်လည်း၊ ဥဿုက္ကာပေတွာ—လုလ္လဝီရိယကို ပြု၍၊ မဂ္ဂံ—အရိယာမဂ်သို့၊ ပါပေတုံ—ရောက်စေခြင်းငှာ၊ န သက္ကောတိ—မစွမ်းနိုင်၊ ပန—အဖို့တစ်ပါးကား၊ ပညာ—ပညာသည်၊ တိဝိဓမ္ပိ—သုံးပါးအပြားရှိသော သဉ္ဇာနနမတ္တ, လက္ခဏပဋိဝေဓ,မဂ္ဂပါပနကိုလည်း၊ ကရောတိ—ပြုနိုင်၏၊ ဗာလဂါမိက ဟေရညိကာနံ—ကလေးသူငယ်, ရွာသားကြီး, ငွေတိုက်စိုးတို့၏၊ ကဟာပဏာဝဗောဓနံ—အသပြာကိုသိခြင်းသည်၊ ဧတ္ထ—ဤသညာ,ဝိညာဉ်,ပညာတို့သိရာ၌၊ နိဒဿနံ—ညွှန်ပြကြောင်းဥပမာတည်း၊ ဝုတ္တံ—ဤသို့မှတ်အပ်၏၊ [အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ရှုပါ၊ “ဟေရညိက”ကို အဘိဓာန်နိဿယသစ်၌“ငွေတိုက်စိုး” ဟု ဆို၏၊]

စ—ဆက်၊ ဧတ္ထ—ဤ သညာ,ဝိညာဉ်,ပညာတို့တွင်၊ ဉာဏဝိပ္ပယုတ္တသညာယ—ဉာဏဝိပ္ပယုတ် သညာ၏၊ အာကာရဂ္ဂဟဏဝသေန—အခြင်းအရာကို မှတ်ယူခြင်း၏အစွမ်းဖြင့်၊ ဥပ္ပဇ္ဇနကာလေ—ဖြစ်ရာအခါ၌၊ ဝိညာဏံ—သည်၊ အဗ္ဗောဟာရိကံ—သိ၏ဟုပြောဆိုခြင်းကို မထိုက်သည်၊ ဝါ—မပြောပလောက်သည်၊ (ဟောတိ) သေသကာလေ—အာကာရဂ္ဂဟဏကာလမှ ကြွင်းသောအခါ၌၊ ဗလဝံ—အားရှိ၏၊ ပန—အဖို့တစ်ပါးကား၊ ဉာဏသမ္ပယုတ္တာ—ဉာဏ်နှင့်ယှဉ်ကုန်သော၊ ဥဘောပိ—နှစ်ပါးစုံသော သညာ, ဝိညာဉ်တို့သည်လည်း၊ တဒနုဂတိကာ—ထို ပညာသို့ အစဉ်လိုက်ရကုန်သည်၊ ဟောန္တိ။

---

**ဉာဏ ။ပေ၊ တဒနုဂတိကာ။** ။ပညာမပါသော ဉာဏဝိပ္ပယုတ်စိတ်ဝယ် သညာဖြင့် အနိစ္စစသော အခြင်းအရာကို မှတ်သိသိရာအခါ၌ စိတ်ဝိညာဉ်ပါသော်လည်း ထိုဝိညာဉ်၏ သိပုံမှာ မထင်ရှားတော့၊ ထိုသို့ မထင်ရှားခြင်းကို “ဝိညာဏံ အဗ္ဗောဟာရိကံ”ဟု ဆိုသည်၊ အနိစ္စစသော အခြင်းအရာကို မှတ်သိ သိရာအခါမှ တစ်ပါးသော လက္ခဏာကို ထိုးထွင်း၍ သိရာအခါ၌ ဝိညာဉ်၏သိပုံသည် သညာထက် အားရှိ၏၊ သညာ၏ မှတ်ပုံကား အဗ္ဗောဟာရိက—ဟူလို၊ ထို့ကြောင့် “သေသကာလေ ဗလဝံ”ဟု ဆိုသည်၊ ဉာဏသမ္ပယုတ်စိတ် ဖြစ်ရာအခါ၌ကား သညာ, ဝိညာဉ် နှစ်ပါးလုံးပင် ဉာဏ်၏ နောက်လိုက်များ ဖြစ်ကြသည်။

သဗ္ဗထာပီတိ (ပဒဿ)–သဗ္ဗထာပိဟူသောပုဒ်၏၊ ပဋ္ဌီသတီတိ (ပဒေန)– ပုဒ်နှင့်၊ သမ္ဗန္ဓော–စပ်ခြင်းသည်၊ (ဟောတိ) ["အလုံးစုံသောအပြားဖြင့်လည်း (၂၅)ပါး"ဟု ဝိသေသန, ဝိသေသျ အဖြစ်ဖြင့် စပ်ပါ–ဟူလို၊]

**၉။** တေရသညသမာနာတျာဒိ–တေရသညသမာနာ အစရှိသောဂါထာ သည်၊ တီဟိရာသီဟိ–သုံးပါးကုန်သောအစုတို့ဖြင့်၊ ဝုတ္တာနံ–ဆိုအပ်ပြီးကုန်သော စေတသိက်တို့ကို၊ သင်္ဂဟော–အကျဉ်းချုပ် သိမ်းယူကြောင်း ဂါထာတည်း၊ ["တေရသညသမာနာ"အစရှိသော ဂါထာကို ဆိုသည်၊ ရာသိသုံးပါးကား ထင်ရှားပြီ။]

## သမ္ပယောဂနည်းအဖွင့်

**၁၀။** [တေသံ စိတ္တာဝိယုတ္တာနံ ဂါထာကို ဖွင့်ပြလို၍ "စိတ္တေန သဟ" စသည်ကိုမိန့်၊] စိတ္တေန–စိတ်နှင့်၊ သဟ–တကွ၊ အဝိယုတ္တာ–မယှဉ်မဟုတ်သော တရားတို့တည်း၊ ဝါ–မယှဉ်ဘဲ မဖြစ်နိုင်သော တရားတို့တည်း၊ စိတ္တာဝိယုတ္တာ– တို့၊ [န+ယုတ္တာ ဝိယုတ္တာ၊ န+ဝိယုတ္တာ အဝိယုတ္တာ၊] စေတသိကာ–တို့တည်း၊ ဣတိ–ဤအနက်သည်၊ ဝါ–ကို၊ ဝုတ္တံ–ဆိုအပ်သည်၊ ဝါ–ဆိုလိုသည်၊ ဟောတိ၊ (ယောသဘာဝေါ) ဥပ္ပဇ္ဇတိ–အာရုံအစရှိသည်တို့ကြောင့် ဖြစ်တတ်၏၊ ဣတိ– ကြောင့်၊ (သောသဘာဝေါ) ဥပ္ပာဒေါ–ဥပ္ပါဒ မည်၏၊ စိတ္တမေဝ–စိတ်သည်ပင်၊ ဥပ္ပာဒေါ–ဖြစ်တတ်သော သဘောတရားတည်း၊ စိတ္တုပ္ပာဒေါ–စိတ်သည်ပင် ဖြစ်တတ်သော သဘောတရား၊ ပန–ဆက်၊ အညတ္ထ–အခြားသောပါဠိရပ်၌၊ သသမ္ပယုတ္တံ–ယှဉ်ဖက်စေတသိက်နှင့် တကွဖြစ်သော၊ စိတ္တံ–စိတ်ကို၊ စိတ္တုပ္ပာဒေါတိ–စိတ္တုပ္ပာဒဟူ၍၊ ဝုစ္စတိ၊ (ကိံ–အဘယ်သို့ ဝိဂြိုဟ်ပြု၍၊) ဝုစ္စတိ– နည်း၊ ဧတေန–ဤ တရားအပေါင်းဖြင့်၊ စိတ္တံ–သည်၊ ဥပ္ပဇ္ဇတိ–ဖြစ်ရ၏၊

---

**ဥပ္ပဇ္ဇတိ ။ပေ၊ စိတ္တုပ္ပာဒေါ။** ။"ဥပ္ပဇ္ဇတီတိ ဥပ္ပာဒေါ"ဟု ကတ္တုသာဓ်ပြုသောအခါ စိတ္တနှင့် အရတူသောကြောင့်"စိတ္တမေဝ+ဥပ္ပာဒေါ စိတ္တုပ္ပာဒေါ"ဟု ကမ္မဓာရဲသမာသ် ပြုရသည်၊ ဂါထာ၌ ဗဟုဝုစ်ဆိုထားခြင်းကား"စိတ္တုပ္ပာဒေါစ+စိတ္တုပ္ပာဒေါစ စိတ္တုပ္ပာဒါ" ဟု စိတ်အများရအောင် ဧကသေသ်ပြု၍ ဆိုထားခြင်းတည်း၊ တေသံ စိတ္တာ ဝိယုတ္တာနံ စိတ္တုပ္ပာဒေသု သမ္ပယောဂေါ ပဝုစ္စတိ–စိတ်တို့၌ စေတသိက်တို့၏ ယှဉ်ပုံကိုပြသော သမ္ပယောဂနည်းကို အစချီသောဂါထာဖြစ်၍ "စိတ္တုပ္ပာဒေသု"အရ စိတ်ကိုသာရအောင် ဖွင့်ထား၏၊ စိတ္တနှင့်အရတူအောင်"ဥပ္ပာဒံ"ဟု နပုံလိင်မထားဘဲ"ဥပ္ပာဒေါ"ဟု ပုံလိင် ထားခြင်းကား ပဒတတ်–ဏာပစ္စည်းဖြစ်၍ ထိုဏာပစ္စည်းက"အပစ္စယော ဏော ဒုတိယော, ဣပစ္စယော ပုမေ သိယုံ"နှင့်အညီ ပုလ္လိင်အရာ၌ သုံးရသောကြောင့်တည်း။

**အညတ္ထ ။ပေ၊ ကတ္တာ။** ။"စိတ္တုပ္ပာဒါန မိဇ္ဇ္စဝံ"အစရှိသော အခြားပါဠိရပ်၌ကား စေတသိက်နှင့်တကွသောစိတ်ကို "စိတ္တုပ္ပာဒ"ဟု ဆို၏၊ ထိုသို့ဆိုရာ၌ "ဥပ္ပာဒ" အရ စေတသိက်အပေါင်းရအောင် "ဥပ္ပဇ္ဇတိ စိတ္တံ ဧတေန"ဟု ကရဏသာဓ်ဝိဂြိုဟ် ပြုရသည်၊

ဣတိ–ထိုသို့ စိတ်၏ဖြစ်ကြောင်း၏အဖြစ်ကြောင့်၊ (သော–ထိုတရားအပေါင်းသည်၊) ဥပ္ပာဒေါ–ဥပ္ပာဒမည်၏၊ ဓမ္မသမူဟော–စေတသိက်တရားအပေါင်းတည်း၊ စိတ္တုပ္ပ–စိတ်လည်း၊ တံဥပ္ပာဒေါစ–ထိုစိတ်၏ဖြစ်ကြောင်း စေတသိက်အပေါင်းလည်း၊ ဣတိ–ကြောင့်၊ စိတ္တုပ္ပာဒေါ–မည်၏၊ ဣတိကတွာ–ဤသို့ဝိဂ္ဂြိုဟ်ပြု၍၊ သသမ္ပယုတ္တံ–သော၊ စိတ္တံ–ကို၊ စိတ္တုပ္ပာဒေါတိ–ဟူ၍၊ ဝုစ္စတိ–၏၊ ဟိ–ဆက်ဦးအံ့၊ သမာဟာရဒွန္ဒေပိ–သမာဟာရဒွန်၌လည်း၊ ပုလ္လိင်–ကို၊ ကတ္ထစိ–အချို့ပါဠိရပ်၌၊ သဒ္ဒဝိဒူ–သဒ္ဒါမြင်သိ,ပညာရှိတို့သည်၊ ဣစ္ဆန္တိ–လိုလားကြကုန်၏။

[ပုဒ်တို့၏ အချင်းချင်းစပ်ပုံကို ပြလို၍ တေသံ စိတ္တာဝိယုတ္တာနံ စသည်မိန့်၊] စိတ္တာဝိယုတ္တာနံ–စိတ်နှင့်တကွ မယှဉ်မဟုတ်ကုန်သော၊ ဝါ–စိတ်နှင့်တကွမယှဉ်ဘဲ မဖြစ်နိုင်ကုန်သော၊ တေသံ–ထိုစေတသိက်တို့၏၊ စိတ္တုပ္ပာဒေသု–ဖြစ်သော စိတ်တို့၌၊ ပစ္စေကံ–အသီးအသီး၊ သမ္ပယောဂေါ–ယှဉ်ပုံယှဉ်နည်းကို၊ ဣတော–ဤအခါမှ၊ (ဤ ၅၂ပါးသော စေတသိက်တို့ကို သရုပ်အရ ထုတ်ပြပြီးရာ အခါမှ၊) ပရံ–နောက်၌၊ ယထာယောဂံ–ယှဉ်သင့်သည်အားလျော်စွာ၊ ပဝုစ္စတိ–အပြားအားဖြင့် ဆိုအပ်၏၊ ဝါ–ဆိုအပ်တော့လတ္တံ့၊ ဣတိ–ကား၊ သမ္ဗန္ဓော–ပုဒ်တို့၏ ဆက်စပ်ပုံတည်း။

## ပကိဏ်းစေတသိက် သမ္ပယောဂနည်း

**၁၃။** သဘာဝေန–သဘောအားဖြင့်၊အဝိတက္ကတ္တာ–ဝိတက်မရှိကုန်သည်၏အဖြစ်ကြောင့်၊ [ဒွေပဉ္စဝိညာဉ်တို့၌ ဘာဝနာအစွမ်းကြောင့် ဝိတက်မယှဉ်သည်မဟုတ်,ပင်ကိုယ်သဘောအားဖြင့်ပင် ဝိတက်မယှဉ်သောကြောင့်–ဟူလို၊ ဤဟိတ်ကို ဝဇ္ဇေတာနိ၌စပ်] ဧဝေတိ–ဤကာမစိတ်လေးဆယ့်လေးပါးတို့သည်၊

---

ထို့နောက်မှ "စိတ္တံ စ+ဥပ္ပာဒေါ စ+စိတ္တုပ္ပာဒေါ"ဟု ဒွန်သမာသ်တွဲ၍ စိတ် စေတသိက်နှစ်ရပ်လုံးကို အရကောက်ရသည်၊ ယခုစာများ၌ "စိတ္တဉ္စ တံ ဥပ္ပာဒေါ စ"ဟု တံ ပါသည်ကား ဥပ္ပာဒပုဒ်က သမ္ဗန်ကို ငဲ့သောကြောင့် ဥပ္ပာဒ၏သမ္ဗန်ကို အပိုထည့်ခြင်းတည်းဟု မဏိမဉ္ဇူ ဖွင့်၏၊ "တဿ+ဥပ္ပာဒေါ တံဥပ္ပာဒေါ"ဟု ပြု။

**သမာဟာရဒွန္ဒေပိ။** ။"စိတ္တဉ္စ+ဥပ္ပာဒေါစ စိတ္တုပ္ပာဒေါ"ဟူသော ဒွန်သမာသ်သည် (ကေဝုစ်ချထားသောကြောင့်) သမာဟာရဒွန်တည်း၊ သမာဟာရဒွန်ဖြစ်လျှင် နပုံလိင်မဟုတ်ပါလော၊ အဘယ့်ကြောင့် ပုံလိင်ထားရသနည်း၊ ဤသို့ မေးဖွယ်ရှိသောကြောင့် "သမာဟာရဒွန္ဒေပိ ဟိ"စသည် မိန့်၊ သမာဟာရဒွန်အရာ၌လည်း အချို့အရာဝယ် ပုံလိင်ကို အလိုရှိအပ်ပါသည်–ဟူလို၊ ဥပမာ–အံမော နိဂ္ဂဟီတံ ဈလပေဟိ သုတ်၌ "အံမော"ဝသည်ကဲ့သို့တည်း၊ ဣတ္ထိလိင်ကိုလည်း အလိုရှိကြ၏၊ ဥပမာ "ဆန္ဒော စ+ရာဂေါ စ ဆန္ဒရာဂေါ" ... ဂ္ဂိသုဒ္ဓိ ၁ ဆန္ဒပါရိသုဒ္ဓိ" အစရှိသည်တည်း။

ဒွိပဉ္စဝိညာဏာနိ–ဒွေပဉ္စဝိညာဉ်တစ်ဆယ်တို့ကို၊ ဝဇ္ဇိတာနိ–ကြဉ်အပ်ကုန်ပြီ၊ ဣတိ–ကြောင့်၊ (ထိုသို့ ဒွေပဉ္စဝိညာဉ်တစ်ဆယ်တို့ကို ကြဉ်တတ်ကုန်သည်၏ အဖြစ်ကြောင့်) တာနိ–ထိုကာမစိတ်(၄၄)ပါးတို့သည်၊ ဒွိပဉ္စဝိညာဏဝဇ္ဇိတာနိ–ဒွိပဉ္စဝိညာဏဝဇ္ဇိတတို့မည်၏၊ ဝါ–တစ်နည်း၊ တေဟိ–ထိုဒွေပဉ္စဝိညာဉ်(၁၀) တို့သည်၊ တောနိ–ဤကာမစိတ်(၄၄)ပါးတို့ကို၊ ဝဇ္ဇိတာနိ–ကြဉ်အပ်ကုန်ပြီ၊ ဣတိ–ကြောင့်၊ (ထိုသို့ ဒွေပဉ္စဝိညာဉ်တစ်ဆယ်တို့သည် ကြဉ်အပ်ကုန်သည်၏ အဖြစ်ကြောင့်၊) တာနိ–တို့သည်၊ ဒွိပဉ္စဝိညာဏဝဇ္ဇိတာနိ–တို့ မည်၏၊ စတု စတ္တာလီသကာမာဝစရစိတ္တာနိ–(၄၄)ပါးသော ကာမာဝစရစိတ်တို့တည်း။

တေသု စေဝ–ထိုကာမစိတ် (၄၄)ပါးတို့၌လည်းကောင်း၊ ကောဒသသု–န်သော၊ ပဋ္ဌမဇ္ဈာနစိတ္တေသု စ–ပဌမဈာန်စိတ်တို့၌လည်းကောင်း၊ ဝိတက္ကော–ဝိတက်သည်၊ ဇာယတိ–ဖြစ်၏၊ ဝါ–ယှဉ်၏၊ (ကသ္မာ–နည်း၊) သေသာနံ–ပဌမဈာန်စိတ်မှကြွင်းသော ဒုတိယဈာန်စိတ် စသည်တို့၏၊ ဘာဝနာဗလေန–ဘာဝနာ၏ အစွမ်းကြောင့်၊ [ဝိတက်ကို စက်ဆုပ်သော ဒုတိယဈာန်၏ ဘာဝနာအစွမ်းကြောင့်–ဟူလို၊] အဝိတက္ကတ္တာ–ဝိတက်မရှိကုန်သည်၏ အဖြစ်ကြောင့်တည်း၊ ဣတိ–ကား၊ အဓိပ္ပာယော–အရှင်အနုရုဒ္ဓါဆရာ၏ အလို တည်း၊ [ဋီကာဆရာတို့ လက်ထက်၌ "ပဉ္စပညာသ စိတ္တေသု ဇာယတိ"ဟု ရှိသောကြောင့် "ဝိတက္ကော ဇာယတိ"ဟု ဆိုဟန်တူ၏၊ ယခုစာများ၌ကား "ပဉ္စပညာသစိတ္တေသု ဥပ္ပဇ္ဇတိ"ဟု ရှိသည်။]

**၁၄**။ တေသု ပဉ္စပညာသသဝိတက္ကစိတ္တေသုစေဝ–ထို(၅၅)ပါးသော သဝိတက္ကစိတ်တို့လည်းကောင်း၊ [ဣတိ၌ စပ်၊] ကောဒသသု–န်သော၊ ဒုတိယဇ္ဈာနစိတ္တေသု စ–တို့လည်းကောင်း၊ ဣတိ–သို့၊ ဆသဋ္ဌိစိတ္တေသု–(၆၆)ပါးသောစိတ်တို့၌၊ ဝိစာရော ဇာယတိ။

**၁၅**။ ဒွိပဉ္စဝိညာဏေဟိ–တို့လည်းကောင်း၊ ဝိစိကိစ္ဆာသဟဂတေန စ–လည်းကောင်း၊ ဣတိ ကောဒသဟိ–(၁၁)ပါးသော စိတ်တို့သည်၊ ဝဇ္ဇိတေသု–ကြဉ်အပ်ကုန်သော၊ အဋ္ဌသတ္တတိ စိတ္တေသု–တို့၌၊ အဓိမောက္ခော–သည်၊ ဇာယတိ–၏။

**၁၆**။ ပဉ္စဒွါရာဝဇ္ဇနေန–ပဉ္စဒွါရာဝဇ္ဇန်းလည်းကောင်း၊ ဒွိပဉ္စဝိညာဏေဟိ–တို့လည်းကောင်း၊ သမ္ပဋိစ္ဆနဒ္ဒယေန–လည်းကောင်း၊ သန္တီရဏတ္တယေန စ–သန္တီရဏသုံးခုတို့၏အပေါင်းလည်းကောင်း၊ ဣတိ,သောဠသဟိ–(၁၆)ပါးသော

---

**ဒွိပဉ္စဝိညာဏဝဇ္ဇိတာနိ**။ ။ပဌမနည်း၌ "တေဟိ"ဟူသော ကတ္တားပုဒ်၏အနက်ကို အရကောက်ရသောကြောင့် ဖိဝိတိန္ဒြိယောကဲ့သို့ အဝုတ္တကတ္တားကိုရသော တတိယာ ဗဟုဗ္ဗီဟိသမာသ်တည်း၊ "ဒွေပဉ္စဝိညာဉ်တစ်ဆယ်တို့ကို ကြဉ်တတ်ကုန်သော (ကာမစိတ် ၄၄ ပါးတို့)"ဟု ပေး၊ ဒုတိယနည်း၌ "ဒွိပဉ္စဝိညာဏေဟိ+ဝဇ္ဇိတာနိ ဒွိပဉ္စဝိညာဏ ဝဇ္ဇိတာနိ"ဟု ပြု၊ "ဒွေပဉ္စဝိညာဉ် တစ်ဆယ်တို့သည် ကြဉ်အပ်ကုန်သော (ကာမစိတ် ၄၄ ပါးတို့)"ဟု ပေး။

စိတ်တို့သည်၊ ဝတ္တေသု–ကြည်အပ်ကုန်သော၊ တေသတ္တတိယာ–(၇၃)ပါးသော၊ စိတ္တေသု–စိတ်တို့၌၊ ဝီရိယံ ဇာယတိ။

**၁၇။** ဒေါမနဿသဟဂတေဟိ–ဒေါမနဿသဟဂုတ်ဖြစ်ကုန်သော၊ ဒွီဟိ–နှစ်ပါးကုန်သောစိတ်တို့လည်းကောင်း၊ ဥပေက္ခာသဟဂတေဟိ–ကုန်သော၊ ပဥ္စပညာသစိတ္တေဟိ–တို့လည်းကောင်း၊ ကာယဝိညာဏဒွယေန–ကာယဝိညာဉ်ဒွေလည်းကောင်း၊ ကောဒသဟိ–န်သော၊ စတုတ္ထဈာနေဟိစ–စတုတ္ထဈာန်စိတ်တို့လည်းကောင်း၊ ဣတိ, သတ္တတိ စိတ္တေဟိ–၇၀ သောစိတ်သည်၊ ဝဇ္ဇိတေဟိ–န်သော၊ ဧကပညာသစိတ္တေသု–တို့၌၊ ပီတိ–သည်၊ ဇာယတိ။

**၁၈။** အဋ္ဌာရသဟိ–န်သော၊ အဟေတုကေဟိ–အဟိတ်စိတ်တို့လည်းကောင်း၊ ဒွီဟိ–န်သော၊ မောမူဟေဟိစ–လည်းကောင်း၊ ဣတိ ဝီသတိယာ–သော၊ စိတ္တေဟိ–တို့သည်၊ ဝဇ္ဇိတေသု–ကုန်သော၊ ဧကူနသတ္တတိ စိတ္တေသု–တို့၌၊ ဆန္ဒော–သည်၊ ဇာယတိ။

**၁၉။** တေ ပနာတိ–တေပနဟူသည်ကား၊ ပကိဏ္ဏကဝဇ္ဇိတာ–ပကိဏ်းစေတသိက်တို့သည် ကြဉ်အပ်သည်လည်းဖြစ်ကုန်သော၊ တံသဟဂတာစ–ထို ပကိဏ်းစေတသိက်တို့နှင့်တကွလည်းဖြစ်ကုန်သော၊ (တေ စိတ္တုပ္ပာဒါ–တို့သည်၊) ယထာက္ကမန္တိ–ဟူသည်ကား၊ ဝိတက္ကာဒိဆပကိဏ္ဏကဝဇ္ဇိတတံသဟိတ ကမာနုရူပတော–ဝိတက် အစရှိသော ခြောက်ပါးသော ပကိဏ်းစေတသိက်တို့သည် ကြဉ်အပ်သောစိတ်, ထိုဝိတက်အစရှိသော ခြောက်ပါးသော ပကိဏ်းစေတသိက်တို့နှင့်တကွဖြစ်သော စိတ်တို့၏ အစဉ်အားလျော်စွာ၊ [ဆသဋ္ဌိ–(၆၆)ပါးလည်းကောင်း, စသည်ဖြင့် သင်္ဂြိုဟ်၌ စပ်၊] ဆသဋ္ဌိ ပဥ္စပညာသတျာဒိ–ဆသဋ္ဌိပဥ္စပညာသ အစရှိသောသချာကို၊ ကေဝီသသတ ဂဏနဝသေန–စိတ်အကျယ် (၁၂၁)ပါး အရေအတွက်၏ အစွမ်းဖြင့်လည်းကောင်း၊ ကေူန နဝုတိဂဏနဝသေနစ–စိတ်အကျဉ်း တစ်ခုယုတ်ကိုးဆယ် အရေအတွက်၏ အစွမ်းဖြင့်လည်းကောင်း၊ ယထာရဟံ–စွာ၊ ယောဇေတဗ္ဗံ–ယှဉ်စေရာ၏၊ [ဆ သဋ္ဌိသချာသည် စိတ်အကျယ် (၁၂၁)ပါး အတွက်တည်း၊ ကောဒသ သချာသည် စိတ်အကျဉ်း တစ်ခုယုတ်ကိုးဆယ် အတွက်တည်း၊ ဤသို့ ထိုက်သလိုယှဉ်ပါစေ–ဟူလို။]

●●●●●●●●●●●

## အကုသိုလ်စိတ် သမ္ပယောနည်း

**၂၀။** သဗ္ဗာကုသလသာဓာရဏာတိ–ဟူ၍၊ ဝတွာ–ဆိုပြီး၍၊ တဒေဝ–ထို သဗ္ဗာကုသလသာဓာရဏအဖြစ်ကိုပင်၊ သမတ္ထေတုံ–ပြီးစေခြင်းငှာ၊ ဝါ–ခိုင်မြဲစေခြင်းငှာ၊ သဗ္ဗေသုပိတျာဒိ–သဗ္ဗေသုပိအစရှိသောဝါကျကို၊ (အာစရိယေန)ဝုတ္တံ၊ ဟိ–ချဲ့၊(တစ်နည်း)ဟိယသ္မာ–ကြောင့်၊ယောကောစိ–အမှတ်မရှိ တစ်စုံတစ် ယောက်သည်၊ ပါဏာတိပါတာဒီသု–ပါဏာတိပါတအစရှိသော ဒုစရိုက်တို့၌၊

ပဋိပဇ္ဇတိ–ကျင့်၏၊ဝါ–ပြု၏၊သော သဗ္ဗောပိ–ထိုအလုံးစုံသောသူ သည်လည်း၊ မောဟေန–မောဟဖြင့်၊ တတ္ထ–ထိုပါဏာတိပါတအစရှိသော ဒုစရိုက်တို့၌၊ အနာဒီနဝဒဿာဝီ–အပြစ်ကို မြင်လေ့မရှိသည်လည်းကောင်း၊ အဟိရိကေန–ဖြင့်၊ တတော–ထိုဒုစရိုက်တို့မှ၊ အဇိဂုစ္ဆန္တော–မစက်ဆုပ်သည်လည်းကောင်း၊ အနောတ္တပ္ပေန–ဖြင့်၊ အနောတ္တပ္ပန္တော–မထိတ်လန့်သည်လည်းကောင်း၊ ဥဒ္ဓစ္စေန–ဖြင့်၊ အဝူပသန္တောစ–မငြိမ်သက်သည်လည်းကောင်း၊ ဟောတိ–၏၊ တသ္မာ–ထို့ကြောင့်၊ တေ–ထို မောဟအစရှိသော စေတသိက်တို့ကို၊ သဗ္ဗာကုသလေသု–အလုံးစုံသော အကုသိုလ်စိတ်တို့၌၊ ဥပလဗ္ဘန္တိ–ရအပ်ကုန်၏၊ (ယှဉ်ကုန်၏။)

**၂၁။** လောဘသဟဂတစိတ္တေသွေဝါတိ တွေ–၌၊ ဧဝကာရော–ဧဝသဒ္ဒါသည်၊ အဓိကာရတ္ထာယပိ–အဓိကာရအကျိုးငှာလည်း၊ ဝါ–နောက်နောက်ဝါကျတို့၌ လိုက်ခြင်းအကျိုးငှာလည်း၊ ဟောတိ–၏၊ ဣတိ–ကြောင့်၊ ဒိဋ္ဌိသဟဂတစိတ္တေသူတိအာဒီသုပိ–ဒိဋ္ဌိသဟဂတစိတ္တေသု အစရှိသော ပုဒ်တို့၌လည်း၊ အဝဓာရဏံ–ဧဝသဒ္ဒါကို၊ ဒဋ္ဌဗ္ဗံ–မှတ်ထိုက်၏၊ ဟိ–မှန်၏၊ သက္ကာယာဒီသု–ပရမတ္ထအားဖြင့်ထင်ရှားရှိသော ခန္ဓာငါးပါးအပေါင်း အစရှိသည်တို့၌၊ အဘိနိဝိသန္တဿ–အတ္တဟု မှားမှားယွင်းယွင်း နှလုံးသွင်းသူ၏၊ ဝါ–စွဲလမ်းသူ၏၊ တတ္ထ–ထိုသက္ကာယအစရှိသည်တို့၌၊ မမာယနသမ္ဘဝတော–ငါ့ဥစ္စာဟု ဖြစ်ခြင်း၏ ဖြစ်သင့်ခြင်းကြောင့်၊ ဒိဋ္ဌိ–ဒိဋ္ဌိကို၊ လောဘသဟဂတစိတ္တေသွေဝ–တို့၌သာ၊ လဗ္ဘတိ–ရအပ်၏၊ [မမံ ဣတိ–ငါ့ဥစ္စာဟူ၍+အယနံ–ဖြစ်ခြင်း။]

မာနောပိ–မာနသည်လည်း၊အဟံမာနဝသေန–ငါဟူသော မာန၏အစွမ်းဖြင့်၊ ပဝတ္တနတော–ကြောင့်၊ ဒိဋ္ဌိသဒိသော–ဒိဋ္ဌိနှင့်တူသည်သာ၊ (ဟုတ္ဝာ) ပဝတ္တတိ၊ ဣတိ–ကြောင့်၊ ဒိဋ္ဌိယာ–နှင့်၊ သဟ–တကွ၊ ဧကစိတ္တုပ္ပာဒေ–၌၊န ပဝတ္တတိ–မဖြစ်နိုင်၊(ကိမိဝ) ကေသရသီဟော–ကေသရာခြင်္သေ့သည်၊အပရေန–အခြားသော၊ တထာဝိဓေန–ထိုသို့သဘောရှိသော ကေသရာခြင်္သေ့နှင့်၊ သဟ–ကွ၊ ဧကဂုဟာယံ–တစ်ခုတည်းသောဂူ၌၊ န ပဝတ္တတိဝိယ–မဖြစ်သကဲ့သို့တည်း။

စ–သည်သာမကသေး၊ ဒေါသမူလာဒီသုပိ–ဒေါသမူလအစရှိသော စိတ်တို့၌လည်း၊နဥပ္ပဇ္ဇတိ၊ (ကသ္မာ) အတ္တသိနေဟသန္နိဿယဘာဝေန–မိမိ၌ ချစ်ခြင်းလျှင် မှီရာရှိသည်၏ အဖြစ်ကြောင့်၊ ဝါ–မှီရာရှိသည့်အတွက်၊ ကေဝလ လောဘပဒဋ္ဌာနတ္တာ–စင်စစ်လောဘလျှင် နီးစွာသော အကြောင်းရှိသည်၏

---

**သက္ကာယာဒီသု။** ။သန္တော–ပရမတ္ထအားဖြင့် ထင်ရှားရှိသော+ကာယော–ခန္ဓာငါးပါးအပေါင်းတည်း၊ သက္ကာယော–ပေါင်း၊ထိုငါးပါးကို အတ္တဟုလည်းကောင်း,ထို ခန္ဓာငါးပါး၌ အတ္တရှိ၏ဟုလည်းကောင်း, ယူမှားသောဒိဋ္ဌိသည် သက္ကာယဒိဋ္ဌိ မည်၏၊ သက္ကာယာဒိ၌ အာဒိဖြင့် ခန္ဓာငါးပါးမှ အလွတ်ဖြစ်၍ ယူမှားအပ်သောပညတ်များကို ယူ။

အဖြစ်ကြောင့်တည်း၊ ဣတိ–ထိုကြောင့်၊ သော–ထိုမာနကို၊ ဒိဋ္ဌိဝိပ္ပယုတ္တေသွေဝ–တို့၌သာ၊ လဗ္ဘတိ၊ [ကိုယ့်ကိုယ်ကို ချစ်မှုသည် လောဘတည်း၊ မာနသည် ထိုလောဘကို အရင်းခံ၍ ဖြစ်ရကား လောဘမူမှ တစ်ပါးသော ဒေါသမူ စသော စိတ်တို့၌ မယှဉ်။]

၂၄။ တထာ–ထိုမှတစ်ပါး၊ ပရသမ္ပတ္တိ–သူတစ်ပါး၏ စည်းစိမ်ကို၊ ဥသူယန္တဿ–ငြူစူသည်လည်းဖြစ်သော၊ [ဤစကားဖြင့် ဣဿာကို ပြသည်၊] အတ္တသမ္ပတ္တိယာ–၏၊ ပရေဟိ–တို့နှင့်၊ သာဓာရဏဘာဝံ–ဆက်ဆံသည်၏အဖြစ်ကို၊ အနိစ္ဆန္တဿ–အလိုမရှိသည်လည်းဖြစ်သော၊ [မစ္ဆရိယကို ပြသည်၊] ကတာကတဒုစ္စရိတသုစရိတေ–ပြုအပ်ပြီးသော ဒုစရိုက်, မပြုမိအပ်သောသုစရိုက်တို့ကို၊ အနုသောစန္တဿ–အစဉ်လိုက်၍ ဝမ်းနည်းသည်လည်းဖြစ်သော၊ [ကုက္ကုစ္စကို ပြသည်၊] (ပုဂ္ဂလဿ–၏၊) တတ္ထ တတ္ထ–ထိုထိုအာရုံ၌၊ ပဋိဟနနဝသေနေဝ–ထိပါးချုပ်ချယ်ခြင်း၏ အစွမ်းဖြင့်သာ၊ ဝါ–ဒေါသ၏ အစွမ်းဖြင့်သာ၊ ပဝတ္တနတော–ကြောင့်၊ ဣဿာမစ္ဆရိယကုက္ကုစ္စာနိ–တို့ကို၊ ပဋိဃစိတ္တေသွေဝ–ဒေါသမူစိတ်တို့၌သာ၊ (လဗ္ဘန္တိ–န်၏။)

၂၅။ အကမ္မညတာပကတိကဿ–ထိုထိုအမှု၌ မကောင်းသည်၏ အဖြစ်ဟူသော သဘောရှိသောတရား၏၊ တထာ–ထို အကမ္မညတာ အခြင်းအရာအားဖြင့်၊ သဘာဝတိက္ခေသု–ပင်ကိုသဘောအားဖြင့် ထက်ကုန်သော၊ အသင်္ခါရိကေသု–အသင်္ခါရိကစိတ်တို့၌၊ ပဝတ္တနာယောဂတော–ဖြစ်ခြင်း၏ မသင့်ခြင်းကြောင့်၊ ဝါ–မဖြစ်သင့်ခြင်းကြောင့်၊ ထိနမိဒ္ဓံ–ကို၊ သသင်္ခါရိကေသွေဝ–တို့၌သာ၊ လဗ္ဘတိ၊ [အကမ္မညတာ သဘောဟူသည် ထိုင်းမှိုင်းနုံ့နဲ့ ခြင်းသဘောတည်း၊ ထိနမိဒ္ဓ၌ ထိုသဘောရှိနေသောကြောင့် အသင်္ခါရိကစိတ်တို့၌ မယှဉ်သင့်၊ ထိုကြောင့် "ထိနမိဒ္ဓံ သသင်္ခါရိကေသွေဝ လဗ္ဘတိ"ဟု ဆိုသည်၊ မဏိမဉ္ဇူ၌ "ယထာ ဣဿာ၊ပေ၊ကုက္ကုစ္စာနိ ပဋိဃစိတ္တေသွေဝ လဗ္ဘန္တိ၊ ဧဝံတိ အတ္ထော"ဟု တထာကို ဖွင့်သည်မှာ စဉ်းစားစရာတည်း။]

၂၇။ သဗ္ဗာပုညေသွေဝ–တို့၌ပင်၊ စတ္တာရော–န်သော၊ စေတသိကာ–တို့သည်၊ ဂတာ–ဖြစ်ကုန်၏၊ လောဘမူလေယေဝ–၌သာ၊ ယထာသမ္ဘဝံ–ဖြစ်သင့်သည့်အားလျော်စွာ၊ [လောဘက လောဘမူအားလုံး၌ယှဉ်၍ ဒိဋ္ဌိမာနတို့က လောဘမူအားလုံး၌ မယှဉ်နိုင်သောကြောင့် ယထာသမ္ဘဝံဟုဆိုသည်၊] တယော–သုံးပါးသော စေတသိက်တို့သည်၊ ဂတာ–န်၏၊ ဒွိသု–န်သော၊ ဒေါသမူလေသွေဝ–တို့၌သာ၊ စတ္တာရော–တို့သည်၊ ဂတာ–န်၏၊ တထာ–ထိုမှတစ်ပါး၊ သသင်္ခါရေယေဝ–၌သာ၊ ဒွယံ–ထိနမိဒ္ဓနှစ်ပါးအပေါင်းသည်၊ ဂတံ–ဖြစ်၏၊ ဣတိ အယံ–ကား၊ ယောဇနာ–ပုဒ်တို့ကို ယှဉ်စေခြင်းတည်း၊ ဝိစိကိစ္ဆာ ဝိစိကိစ္ဆာ

စိတ္တေ စာတိ တ္တေ–၌၊ စသဒ္ဒေါ–သည်၊ အဝဓာရဏေ–အဝဓာရဏအနက်၌၊ (ဟောတိ) ဝိစိကိစ္ဆာ–ဝိစိကိစ္ဆာစေတသိက်သည်၊ ဝိစိကိစ္ဆာစိတ္တေယေဝ–၌သာ၊ ဂတာ–ဖြစ်၏၊ က္လတိ အယံ–ကား၊ သမ္ဗန္ဓော–ဝေအနက်၏ စပ်ခြင်းတည်း။

## သောဘနစေတသိက် သမ္ပယောဂနည်း

၂၉။ လောကုတ္တရစိတ္တေသု–လောကုတ္တရာစိတ်တို့၌၊ ပါဒကၛ္ဈာနာဒိဝသေန–ပါဒက ဈာန် အစရှိသည်တို့၏အစွမ်းဖြင့်၊ ကဒါစိ–တစ်ရံတစ်ခါ၌၊ သမ္မာသင်္ကပ္ပဝိရဟော–သမ္မာသင်္ကပ္ပမှ ကင်းခြင်းသည်၊ သိယာ–ဖြစ်ရာသေး၏၊ ဝိရတီနံပန–ဝိရတိစေတသိက်တို့၏ ကား၊ အဘာဝေါ–မဖြစ်ခြင်းသည်၊ ဝါ–မယှဉ်ခြင်းသည်၊ နသိယာ–မဖြစ်ရာ၊ (ကသ္မာ–နည်း၊) မဂ္ဂဿ–၏၊ ကာယ ဒုစ္စရိတာဒီနံ–တို့ကို၊ သမုစ္ဆေဒဝသေန–အကြွင်းမဲ့ ပယ်ဖြတ်ခြင်း၏အစွမ်းဖြင့်၊ (ပဝတ္တနတော–ဖြစ်ခြင်းကြောင့်လည်းကောင်း၊) ဖလဿ–ဖိုလ်၏၊ တဒနုကူလ ဝသေန–ထို မဂ်အားလျော်သည်၏ အစွမ်းဖြင့်၊ ပဝတ္တနတော စ–ကြောင့်လည်း ကောင်းတည်း၊ က္လတိ–ကြောင့်၊ ဝိရတိယောပနတ္យာဒိ–ဝိရတိယော ပန အစ ရှိသော ဝါကျကို၊ (အာစရိယေန) ဝုတ္တံ။

သဗ္ဗထာပီတိ–ဟူသည်ကား၊ သဗ္ဗေဟိပိ–အလုံးစုံလည်းဖြစ်ကုန်သော၊ တံတံ ဒုစ္စရိတဒုရာဇီဝါနံ–ထိုထို ဒုစရိုက်ဒုရာဇီဝတို့ကို၊ ဝိဓမနဝသပ္ပဝတ္တေဟိ–ပယ်ဖျောက်ခြင်း၏ အစွမ်းဖြင့်ဖြစ်ကုန်သော၊ အာကာရေဟိ–အခြင်းအရာတို့ဖြင့်၊ ဟိ–မှန်၏၊ တောသံ–ဤ ဝိရတိစေတသိက်တို့၏၊ လောကိယေသု ဝိယ–လောကီမဟာကုသိုလ်စိတ်တို့၌ကဲ့သို့၊ လောကုတ္တရေသုပိ–တို့၌လည်း၊ မုသာဝါ ဒါဒီနံ–မုသာဝါဒအစရှိသည်တို့ကို၊ ဝိသုံဝိသုံ–အသီးအသီး၊ ပဟာနဝသေန–ပယ်ခြင်း၏အစွမ်းဖြင့်၊ ပဝတ္တိ–ဖြစ်ခြင်းသည်၊ နဟောတိ–မဖြစ်၊ (ကသ္မာ)

---

**လောကုတ္တရ ၊ပေ၊ တျာဒိ။** ။လောကီ ဒုတိယဈာန်စသည်ကို အခြေခံပါဒကပြု၍ ကမ္မဋ္ဌာန်းအားထုတ်စဉ် မဂ်ရသောအခါ ဒုတိယဈာန် စသောမဂ်ကို ရသောကြောင့် ဝိတက်တည်းဟူသော သမ္မာသင်္ကပ္ပ မယှဉ်ဘဲရှိရာ၏၊ မဂ်ဟူသည် ဒုစရိုက်တို့ကို သမုစ္ဆေဒပဟာန်ဖြင့် အကြွင်းမဲ့ ဖြတ်သောကြောင့် ထို ဒုစရိုက်တို့မှ ရှောင်ကြဉ်ခြင်း သဘောရှိသော ဝိရတိသုံးပါးကား မယှဉ်မရှိ, ကေန်ယှဉ်ရသည်သာ၊ ဖိုလ်စိတ် ဖြစ်သောအခါလည်း မဂ်နှင့်အလားတူဖြစ်သော ဝိရတိယှဉ်ရသည်။

**န ဟိ ၊ပေ၊ သမုစ္ဆိန္ဒနတော။** ။လောကီမဟာကုသိုလ်စိတ်တို့၌ မုသာဝါဒမှ ရှောင်ကြဉ်ခိုက်ဝယ် သမ္မာဝါစာသာဖြစ်၏၊ ကြွင်းနှစ်ပါး မဖြစ်၊ ဤသို့စသည်ဖြင့် အသီးအသီး ပယ်ရသကဲ့သို့ လောကုတ္တရာစိတ်၌ကား အသီးအသီး ပယ်ဖွယ်မလို၊ ဒုစရိုက်ဒုရာဇီဝ အားလုံးကို ဆိုင်ရာမဂ်ဖြင့် (မဂ်၏ သတ္တိအားလျော်စွာ) အကြွင်းမဲ့ ဖြတ်ခြင်းကြောင့် လောကုတ္တရာစိတ်၌ ဝိရတိသုံးပါး တစ်ပြိုင်နက် ယှဉ်ရသည်–ဟူလို။

သဗ္ဗေသမေဝ–န်သော၊ဒုစ္စရိတဒုရာစီဝါနံ–တို့ကို၊တေန တေန မဂ္ဂေန–ထိုထို မဂ်သည်၊ ကေသဉ္စိ–အချို့သော ဒုစရိုက် ဒုရာဇီဝတို့ကို၊ (ပဟာနဉ္စ စပ်) သဗ္ဗသော–ကြွင်းမဲ့ဥဿုံ အလုံးစုံအားဖြင့်၊ ကေသဉ္စိ–တို့၏၊ အပါယဂမနိယာဒိ အဝတ္ထာယ–အပါယဂမနိယ အစရှိသော အခိုက်အတန့်ကို၊ ပဟာနဝသေန–ဖြင့်၊ ဧကစ္စဏော–၌၊ သမုစ္ဆိန္နနတော–အကြွင်းမဲ့ဖြတ်နိုင်ခြင်းကြောင့်တည်း။

နနု စ–စောဒနာပါဦးအံ့၊ (ကိ) အယံ အတ္ထော–ဒုစရိုက်ဒုရာဇီဝတို့ကို အကြွင်းမဲ့ ပယ်ဖြတ်နိုင်ခြင်းဟူသော ဤအနက်သည်၊ ကေတောယေဝါတိ ဣမိနာဝ–ကေတော၀ ဟူသော ဤပုဒ်ဖြင့်ပင်၊ သိဒ္ဓေါ နနု–ပြီးသည်မဟုတ် ပါလော၊ ဣတိ–သို့၊ နနုစ–စောဒနာပါ၏၊ တံ–ထိုစောဒနာစကားသည်၊ န–မသင့်၊ (ကသ္မာ–နည်း၊) တိဿန္နံ–သုံးပါးကုန်သော ဝိရတိစေတသိက်တို့၏၊ ကေတောဝုတ္တိပရိဒီပနမတ္တေန–တစ်ပေါင်းထည်း ဖြစ်ခြင်းကို ပြခြင်းမျှဖြင့်၊ ဝါ–တစ်ပေါင်းထည်းဖြစ်ခြင်းကို ပြတတ်သော ကေတောသဒ္ဒါမျှဖြင့်၊ စတုဗ္ဗိဓ ဝစီဒုစ္စရိတာဒီနံ–လေးပါးအပြားရှိသော ဝစီဒုစရိုက် အစရှိသည်တို့၏၊ ပဋိပက္ခာကာရပဝတ္တိယာ–ဆန့်ကျင်ဘက် အခြင်းအရာအားဖြင့် ဖြစ်ခြင်း၏၊ ဝါ–ကို၊ အဒီပိတတ္တာ–မပြအပ် မပြနိုင်သည်၏အဖြစ်ကြောင့်တည်း၊ [စတုဗ္ဗိဓ ဝစီဒုစ္စရိတာဒီနံ၌ အာဒိသဒ္ဒါဖြင့် တိဝိဓကာယဒုစ္စရိတ, အာဇီဝဟေတုက သတ္တဝိဓဒုစ္စရိတတို့ကို ယူ။] ပန–ဝါဒန္တ ရကား၊ ကေစိ–အချို့ဆရာတို့သည်၊ ဣမမတ္ထံ–ဤ အနက်အဓိပ္ပာယ်ကို၊ အသလ္လေက္ခေတွာ–မမှတ်သားမူ၍သော် လျှင်၊ သဗ္ဗထာပီတိ ဣဒံ–သဗ္ဗထာပိဟူသော ဤပုဒ်သည်၊ အတိရိတ္တံ–ပိုလွန်၏၊ ဣတိ, ဝဒန္တိ–န်၏၊ တတ္ထ–ထိုသို့ ဆိုရာ၌၊ တေသံ–ထိုဆရာတို့၏၊ အညာဏမေဝ–မသိနိုင်ခြင်းသည်သာ၊ ကာရဏံ–အကြောင်းတည်း၊ [မသိနိုင်ခြင်းသည်သာ ထိုသို့ ဆိုခြင်း၏အကြောင်း ဖြစ်သည်၊ အကြောင်းတစ်ပါး ရှာဖွယ် မလို–ဟူလို။]

နိယတာတိ ဣမိနာပိ–နိယတာဟူသော ဤပုဒ်ဖြင့်လည်း၊ လောကိယေသု ဝိယ–လောကီမဟာကုသိုလ်စိတ်တို့၌ကဲ့သို့၊ ကဒါစိ–၌၊ သမ္ဘဝံ–ဖြစ်သင့် ခြင်းကို၊ နိဝါရေတိ–တားမြစ်၏၊ တထာဟိ–ထို စကားမှန်၏၊ တော–ဤဝိရတိ စေတသိက်တို့ကို၊ လောကိယေသု–တို့၌၊ ယေဝါပနကဝသေန–ယေဝါပနက ၏အဖြစ်ဖြင့်၊ ဒေသိတာ–ဟောတော်မူအပ်ကုန်ပြီ၊ ဣဓပန–ဤ လောကုတ္တရာ စိတ်၌ကား၊ သရူပေနေဝ–သရုပ်သကောင်အားဖြင့်သာ၊ ဒေသိတာ၊ [ဓမ္မသင်္ဂဏီ ပါဠိတော်မှာ လောကီမဟာကုသိုလ်စိတ်တို့၌ ဝိရတိ အမြဲမယှဉ်သောကြောင့် သရုပ်ထုတ်၍ မပြဘဲ, ယေဝါပနကတရား (ရောပြွမ်း သောပြွမ်းအစား) အားဖြင့်ဟောတော်မူခဲ့သည်၊ ဤလောကုတ္တရာစိတ်ကျမှ အမြဲယှဉ်သော ကြောင့် သမ္မာဝါစာစသည်ဖြင့် နာမည်တပ်၍ ဟောတော်မူအပ်သည်–ဟူလို။

ကာမာဝစရကုသလေသွေ၀ါတိ ဧတ္ထ–ဤပါဠိ၌၊ အ၀ဓာရဏေန–ဝေသဒ္ဒါဖြင့်၊ ကာမာဝစရဝိပါကကြိယေသု–ကာမာဝစရဝိပါက်, ကြိယာစိတ်တို့၌လည်းကောင်း၊ မဟဂ္ဂတေသုစ–မဟဂ္ဂုတ်စိတ်တို့၌လည်းကောင်း၊ သမ္ဘဝံ–ဖြစ်သင့်ခြင်းကို၊ နိဝါရေတိ–တားမြစ်၏၊ တထာစေဝ–ထိုအခြင်းအရာအားဖြင့်ပင်၊ ဝါ–ထိုအတိုင်းပင်၊ ဥပရိ–အထက်သင်္ဂဟနည်း၌၊ ဝက္ခတိ–ဆိုလတ္တံ့၊ [“ကြိယစိတ္တေသုပိ ဝိရတိဝဇ္ဇိတာ စသည်ဖြင့်”ဆိုလတ္တံ့–ဟူလို၊] ကဒါစိတိ–ဟူသည်ကား၊ မုသာဝါဒါဒိကေကဒုစ္စရိတေဟိ–မုသာဝါဒအစရှိသော တစ်ပါးတစ်ပါးသော ဒုစရိုက်တို့မှ၊ ပဋိဝိရမဏကာလေ–ရှောင်ကြဉ်ရာအခါ၌၊ (သန္နိဿန္တိ ၌စပ်၊) ကဒါစိ–၌၊ ဥပ္ပဇ္ဇန္တာပိ–ဖြစ်ပြန်ကုန်သော်လည်း၊ ဧကတော–တပေါင်းတည်း၊ န ဥပ္ပဇ္ဇန္တိ–မဖြစ်ကုန်၊(ကသ္မာ) ဝီတိက္ကမိတဗ္ဗဝတ္ထုသင်္ခါတာနံ–လွန်ကျူးထိုက်သောဝတ္ထုဟုဆိုအပ်ကုန်သော၊ အတ္တနော–မိမိ၏၊ အာရမဏာနံ–သူ့အသက် အစရှိသော အာရုံတို့၏၊ သမ္ဘ၀ါပေက္ခတ္တာ–ထင်ရှားရှိခြင်းကို ငဲ့ကုန်သည်၏ အဖြစ်ကြောင့်တည်း၊ ဣတိ–ကြောင့်၊ ဝိသုံ ဝိသုန္တိ–ဟူ၍၊ (အာစရိယေန) ဝုတ္တံ–ပြီ၊ [ဤအဓိပ္ပာယ်ကို အခြေပြု၍ပင် ပြထားပြီ။]

**၃၀။** အပ္ပနာပတ္တာနံ–အပ္ပနာသို့ရောက်ကုန်သော၊ အပ္ပမညာနံ–အပ္ပမညာတို့၏၊ ကဒါစိ–တစ်ရံတစ်ခါမျှ၊ သောမနဿရဟိတာ–သောမနဿမှကင်းသော၊ ပ၀တ္တိ–ဖြစ်ခြင်းသည်၊ န အတ္ထိ–မရှိ၊ ဣတိ–ကြောင့်၊ ပဌမ ၊ပေ၊ စိတ္တေသု စာတိ–ပဌမ ၊ပေ၊ စိတ္တေသုစဟူ၍၊ (အာစရိယေန) ဝုတ္တံ၊ [ကရုဏာ မုဒိတာကမ္မဋ္ဌာန်းဖြင့် ဈာန်ရသောပုဂ္ဂိုလ်၏ အပ္ပနာဈာန်၌ အမြဲ သောမနဿယှဉ်ရသည်၊ ထို့ကြောင့် သောမနဿ (သုခ)နှင့်ယှဉ်သောပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်ကိုသာ ရနိုင်၏၊ ပဉ္စမဈာန်ကို မရနိုင်၊]

ဝိနီဝရဏာဒိတာယ–ကင်းသော နီဝရဏရှိသောစိတ် အစရှိသည်၏အဖြစ်ကြောင့်၊ မဟတ္တံ–မြတ်သည်၏အဖြစ်သို့၊ ဂတာနိ–ရောက်ကုန်သောစိတ်တို့တည်း၊ ဣတိ,မဟဂ္ဂတာနိ–မဟဂ္ဂတတို့မည်၏၊ [“မဟတ္တံ+ဂတာနိ မဟဂ္ဂတာနိ”ဟု ပြု၊“မဟတ္တဂတ”ဟု ဆိုလိုလျက် တ္တပစ္စည်းကိုချေ။] ဝါ–တစ်နည်း၊ မဟန္တေဟိ–မြတ်ကုန်သော၊ ဈာယီဟိ–ဈာနလာဘီပုဂ္ဂိုလ်တို့သည်၊ ဂတာနိ ပတ္တာနိ–ရောက်အပ်ကုန်သောစိတ်တို့တည်း၊ ဣတိ,မဟဂ္ဂတာနိ–တို့မည်၏၊ [“မဟန္တေဟိ+ဂတာနိ မဟဂ္ဂတာနိ”ဟု ပြု၍ မဟန္တ ကို မဟာပြု။]

နာနာ ဟုတ္ဝာတိ–ဟူသည်ကား၊ ဘိန္နာရမဏတ္တာ–ကွဲပြားသော အာရုံရှိကုန်သည်၏အဖြစ်ကြောင့်၊ အတ္တနော–၏၊ အာရမဏဘူတာနံ–အာရုံဖြစ်၍ ဖြစ်ကုန်သော၊ ဒုက္ခိတသုခိတသတ္တာနံ–ဒုက္ခိတသတ္တဝါ,သုခိတသတ္တဝါတို့၏၊ အာပါတဂမနာပေက္ခတာယ–ရှေးရှုကျရောက်ခြင်းကို ရှုငဲ့ခြင်းရှိသည်၏အဖြစ်

ကြောင့်၊ ဝိသုံဝိသုံ–အသီးအသီး၊ ဟုတွာ–၍၊ (ဇာယန္တိ –န်၏၊) [ကရုဏာက ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ မုဒိတာကသုခိတသတ္တဝါပညတ်ကို အာရုံပြုသောကြောင့် အာရုံခြင်းမတူရကား ကေုပ္ပာဒနိရောဓစေသော လက္ခဏာလေးပါးတွင် ကောလသမ္ဗဏလက္ခဏာ ချို့တဲ့သောကြောင့် အတူမယှဉ်နိုင်ကြ–ဟူလို။]

ဧတ္ထာတိ–ဟူသည်ကား၊ ဣမေသု ကာမာဝစရစိတ္တေသု–ဤကာမာဝစရ စိတ်တို့တွင်၊ [ဥပေက္ခာ သဟဂတေသု၌ စပ်၊] ကရုဏာမုဒိတာဘာဝနာ ကာလေ–ကရုဏာမုဒိတာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများရာအခါ၌၊ အပ္ပနာ ဝီထိတော–အပ္ပနာဝီထိမှ၊ ပုဗ္ဗေ–ရှေ့၌၊ [ဈာနဝီထိမရောက်မီ–ဟူလို၊] ပရိစယ ဝသေန–အလေ့အကျက်၏အစွမ်းဖြင့်၊ ဝါ–အလေ့အကျက်ရသဖြင့်၊ ဥပေက္ခာ သဟဂတစိတ္တေဟိပိ–တို့ဖြင့်လည်း၊ ပရိကမ္မံ–ပရိကမ္မဘာဝနာသည်၊ ဟောတိ၊ (ကိမိဝ–နည်း၊) ပဂုဏဂန္ထံ–အဝါးဝစွာ လေ့လာအပ်ပြီးသော ကျမ်းစာကို၊ သဇ္ဈာယန္တဿ–သရဇ္ဈာယ်သော ပုဂ္ဂိုလ်၏၊ ကဒါစိ–၌၊ အညဝိဟိတဿာပိ–အခြားသော အာရုံ၌ထားအပ်သော စိတ်ရှိသည်ဖြစ်၍လည်း၊ သဇ္ဈာယနံ–သရဇ္ဈာယ်နိုင်ခြင်းသည်၊ (ဟောတိ) ယထာ–ဖြစ်သကဲ့သို့လည်းကောင်း၊ ပဂုဏ ဝိပဿနာယ–အဝါးဝစွာလေ့လာအပ်ပြီးသော ဝိပဿနာဖြင့်၊ သင်္ခါရေ–သင်္ခါရ တရားတို့ကို၊ သမ္မသန္တဿ–သုံးသပ်သော ယောဂီပုဂ္ဂိုလ်၏၊ ကဒါစိ–၌၊ ပရိစယဗလေန–ဖြင့်၊ ဉာဏဝိပ္ပယုတ္တစိတ္တေဟိပိ–တို့ဖြင့်လည်း၊ သမ္မသနံ–သုံးသပ်နိုင်ခြင်းသည်၊ (ဟောတိ) ယထာစ–လည်းကောင်းတည်း၊ ဣတိ–ကြောင့်၊ ဥပေက္ခာသဟဂတ ကာမာဝစရေသု–တို့၌၊ ကရုဏာမုဒိတာနံ–တို့၏၊ အသမ္ဘဝဝါဒေါ–မဖြစ်သင့်ဟူသောဝါဒကို၊ ကေစိဝါဒေါ–ကေစိဝါဒ ဟူ၍၊ ကတော–ပြီ။

အပ္ပနာဝီထိယံ ပန–အပ္ပနာဝီထိ၌ကား၊ တာသံ–ထိုကာမာဝစရ ကရုဏာ မုဒိတာတို့၏၊ [ပရိကံ,ဥပစာ,အနုလုံ ဂေါတြဘုကိစ္စတပ်သော အပ္ပမညာတို့၏၊] ဧကန္တတော–စင်စစ်အားဖြင့်၊ သောမနဿသဟဂတေသွေဝ–စိတ်တို့၌သာ၊ သမ္ဘဝေါ–ဖြစ်သင့်ခြင်းကို၊(ယှဉ်ခြင်းကို) ဒဋ္ဌဗ္ဗော–၏၊(ကသ္မာ–နည်း၊) ဘိန္နဇာတိကဿ–ပြားသောဇာတ်ရှိသော စိတ်၏၊ အာသေဝနပစ္စယာဘာဝေါ–

**အပ္ပနာဝီထိယံ ၊ပေ၊ ဘာဝတော။** ။ကုသိုလ်ဇာတ်ရှိသော တရားသည် အကုသိုလ်ဇာတ်ရှိသောတရားအား အာသေဝနသတ္တိဖြင့် ကျေးဇူးမပြုနိုင်သကဲ့သို့ ဥပေက္ခာဝေဒနာနှင့် ယှဉ်သော စိတ်ကလည်း သောမနဿဝေဒနာနှင့် ယှဉ်သော စိတ်အား အာသေဝနသတ္တိဖြင့် ကျေးဇူးမပြုနိုင်၊ ထို့ကြောင့် အပ္ပနာဝီထိကျ သောအခါ သောမနဿသဟဂုတ်ဖြစ်သော ကရုဏာစျာန် မုဒိတာစျာန်အား အာသေဝနသတ္တိဖြင့် ကျေးဇူးပြုမည့် ဂေါတြဘုကိစ္စတပ်သော ကရုဏာ မုဒိတာ သဟဂုတ်စိတ်၌လည်း ဧကန် သောမနဿဝေဒနာနှင့် ယှဉ်ရမည်–ဟူလို။

အာသေဝနပစ္စည်း၏ မရှိခြင်းသည်၊ (ဟောတိ) ဝိယ–သို့၊ ဘိန္နဝေဒနသပိ–ပြားသော ဝေဒနာရှိသော စိတ်၏လည်း၊ အာသေဝနပစ္စယာဘာဝတော–အာသေဝနပစ္စည်း၏ မရှိခြင်းကြောင့်တည်း။

**၃၂**။ တယော သောဠသစိတ္တေသုတိ–ကား၊ သမ္ဘာဝါစာဒယော–န်သော၊ တယော–န်သော၊ ဓမ္မာ–တရားတို့သည်၊ အဠလောကုတ္တရကာမာဝစရကုသလဝသေန–ရှစ်ပါးသော လောကုတ္တရာ,ရှစ်ပါးသော ကာမာဝစရကုသိုလ်၏ အစွမ်းဖြင့်၊ သောဠသစိတ္တေသု–တို့၌၊ ဇာယန္တိ –ဖြစ်ကုန်၏၊ ဝါ–ယှဉ်ကုန်၏။

## နိယတအနိယတယောဂီ

**၃၃**။ ဝေ–ဤဆိုအပ်ပြီးသောနည်းဖြင့်၊ နိယတာနိယတသမ္ပယောဂဝသေန–အမြဲယှဉ်ခြင်း, အမြဲမယှဉ်ခြင်းတို့၏ အစွမ်းဖြင့်၊ ဝုတ္တေသု–ဆိုအပ်ပြီးသောစေတသိက်တို့တွင်၊ အနိယတဓမ္မေ–အမြဲမယှဉ်သော စေတသိက်တရားတို့ကို၊ ဧကတော–တစ်ပေါင်းတည်း၊ ဒဿေတွာ–ပြ၍၊ သေသာနံ–ကြွင်းသောစေတသိက်တို့၏၊ နိယတဘာဝံ–အမြဲယှဉ်ကုန်သည်၏ အဖြစ်ကို၊ ဒီပေတုံ–ပြတော်မူခြင်းငှာ၊ "ဣဿာမစ္ဆေရ"တျာဒိ–"ဣဿာမစ္ဆေရ"အစရှိသော စကားရပ်ကို၊ (အာစရိယေန) ဝုတ္တံ၊ ဣဿာမစ္ဆေရကုက္ကုစ္စဝိရတိကရုဏာဒယော–ဣဿာမစ္ဆရိယကုက္ကုစ္စ, လောကီဝိရတီသုံးပါး, ကရုဏာမုဒိတာတို့သည်၊ နာနာ–တစ်သီးတစ်ခြား, တစ်ပါးစီတို့သည်၊ (ဟုတွာ) ကဒါစိ–တစ်ရံတစ်ခါ၌၊ ဇာယန္တိ –ဖြစ်ကုန်၏၊ [ဒေါသမူစိတ်၌ယှဉ်သော ဣဿာမစ္ဆရိယ ကုက္ကုစ္စတို့သည် သုံးပါးလုံးတစ်ပြိုင်နက် မယှဉ်ကြကုန်၊ ဣဿာယှဉ်ခိုက် မစ္ဆရိယကုက္ကုစ္စတို့ မယှဉ်၊ ဤသို့ စသည်ဖြင့် ဝိရတိသုံးပါးတို့သည်လည်းကောင်း, ကရုဏာ မုဒိတာတို့သည်လည်းကောင်း အသီးအသီး ယှဉ်ကြကုန်သည်–ဟူလို၊] မာနောစ–မာနသည်လည်း၊ ကဒါစိ–၌၊ အဟံ–သည်၊ သေယျော–အမြတ်ဆုံးသည်၊ အသ္မိ–ဖြစ်၏၊ ဣတိအာဒိဝသပ္ပဝတ္တိယံ–ဤသို့ အစရှိသော အစွမ်းဖြင့် ဖြစ်ရာအခါ၌၊ ဇာယတိ–ဖြစ်၏၊ [ကဒါစိကိုပင် "သေယျောဟမသ္မိ တျာဒိဝသပ္ပဝတ္တိယံ"ဟု ဖွင့်သည်၊ အာဒိဖြင့် "သဒိသောဟမသ္မိဟီနောဟမသ္မိ"

---

**ဝေံနိယတာ ၊ပေ၊ ဝုတ္တံ**။ ။ဤတိုင်အောင်သော စကားစဉ်ဖြင့် သမ္ပယောဂနည်းကို ဖွင့်ပြ၍ ပြီးလေပြီ၊ ထိုသမ္ပယောဂနည်း၌ အနိယတယောဂီစေတသိက်တို့ကို ပြရာဝယ် ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့က တခြား, လောကီဝိရတိ သုံးပါးတို့က တခြား, အပ္ပမညာက တခြား, မာနက တခြား, ထိနမိဒ္ဓတို့က တခြား, သူ့နေရာနှင့်သူပြခဲ့သောကြောင့် အနိယတယောဂီ စေတသိက် မည်မျှရှိ၏ဟု မသိရကား ဤနေရာ၌ အနိယတစေတသိက်တို့ကို ပေါင်း၍ ပြပြီးလျှင် ကျန်စေတသိက်တို့၏ နိယတယောဂီ အဖြစ်ကို ပြခြင်းငှာ "ဣဿာမစ္ဆေရ" အစရှိသော ဂါထာကို မိန့်တော်မူသည်။

စသည်ဖြင့် ဖြစ်ရာအခါကို ယူ၊] ထိနမိဒ္ဓံ-ထိနမိဒ္ဓသည်၊ တထာ ကဒါစိ-ထိုတစ်ရံတစ်ခါ၌၊ အကမ္မညတာဝသပ္ပဝတ္တိယံ-ထိုထိုအမှု၌ မကောင်းသည်၏ အဖြစ်၏အစွမ်းဖြင့် ဖြစ်ရာအခါ၌၊ သဟ-အတူတကွ၊ အညမညံ-အချင်းချင်း၊ အဝိပ္ပယောဂိဝသေန-မကင်းသော ယှဉ်ခြင်းရှိသည်၏ အစွမ်းဖြင့်၊ ဓာယတိ-၏၊ ဣတိ(အယံ)-ဤဆိုအပ်ပြီးကား၊ ယောဇနာ-ပုဒ်တို့ကို ယှဉ်စေခြင်းတည်း၊ [သဂြိုဟ်၌ပါသော တထာဖြင့် ကဒါစိကို ညွှန်၍ "တထာကဒါစိ"ဟု ဖွင့်သည်၊ ထိုကဒါစိကိုပင် "အကမ္မညတာဝသပ္ပဝတ္တိယံ" ဟု ဖွင့်၍ သဟကို "အညမညံ အဝိပ္ပယောဂိဝသေန"ဟု ဖွင့်သည်။]

အထဝါ-ထို့ပြင် တစ်နည်းကား၊ မာနေ့ာစာတိတ္တော-မာနော့စဟူသော ဤပါဠ်၌၊ စသဒ္ဒံ-စသဒ္ဒါကို၊ သဟာတိတ္တောပိ-သဟဟူသော ဤပါဠ်၌လည်း၊ ယောဇေတွာ-ယှဉ်စေ၍၊ ထိနမိဒ္ဓံ-သည်၊ တထာကဒါစိ-၌၊ သဟာစ-တကွလည်းကောင်း၊ [သသင်္ခါရိကပဉ္စိုဃေ-သသင်္ခါရိကဒေါသမူစိတ်၌လည်းကောင်း၊ ဒိဋ္ဌိဂတဝိပ္ပယုတ္တသသင်္ခါရိကေသုစ-ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိက စိတ်တို့၌လည်းကောင်း၊ ဣဿာမစ္ဆရိယကုက္ကုစ္စေဟိ-ဣဿာ မစ္ဆရိယ ကုက္ကုစ္စတို့နှင့်လည်းကောင်း၊ မာနေန စ-မာနနှင့်လည်းကောင်း၊ သဒ္ဓိံ-တကွလည်းကောင်း၊] ကဒါစိ-၌၊ တဒိတရသသင်္ခါရိကစိတ္တသမ္ပယောဂကာလေ-ထိုဒိဋ္ဌိဂတဝိပ္ပယုတ်မှ တစ်ပါးသော ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်နှင့် ယှဉ်ရာ အခါ၌လည်းကောင်း၊ တံသမ္ပယောဂကာလေပိ ဝါ-ထိုဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိက စိတ်နှင့် ယှဉ်ရာအခါ၌မူလည်း၊ နာနာစ-သည်လည်းကောင်း၊ ဓာယတိ-၏၊ ဣတိ-ဤသို့၊ ယောဇနာ-ပုဒ်တို့ကိုယှဉ်စေခြင်းကို၊ ဒဋ္ဌဗ္ဗာ-မှတ်ထိုက်၏။

---

**အထဝါ ။ပေ၊ မာနေန စ သဒ္ဓိံ**။ ။ဤနည်း၌ "မာနော့စ"မှ စကို "ထိနမိဒ္ဓံ တထာသဟ"၌ သဟနှင့်တွဲ၍ "ထိနမိဒ္ဓံ-သည်၊ သဟာစ-ဣဿာမစ္ဆရိယ ကုက္ကုစ္စနှင့် လည်းကောင်း, မာနနှင့်လည်းကောင်း တကွလည်း"ဟု အနက်ထွက်၏၊ "ဘယ်အခါဝယ် ဣဿာစသည်တို့နှင့်တကွ ထိနမိဒ္ဓဖြစ်သနည်း"ဟု မေးဖွယ်ရှိ၍ သဟစကို သသင်္ခါရိကပဉ္စိုဃေ, ဒိဋ္ဌိဂတဝိပ္ပယုတ္တသသင်္ခါရိကေသုစ၊ပေ၊သဒ္ဓိံ"ဟု ဖွင့်သည်၊ သသင်္ခါရိကပဉ္စိုဃစိတ်ဝယ် (တစ်ရံတစ်ခါ) ဣဿာမစ္ဆရိယကုက္ကုစ္စတို့နှင့်တကွ ထိနမိဒ္ဓဖြစ်၏၊ ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်နှစ်ပါးဝယ် (တစ်ရံတစ်ခါ) မာနနှင့် တကွ ထိနမိဒ္ဓဖြစ်သည်-ဟူလို။

**ကဒါစိ ၊ပေ၊ နာနာ စ**။ ။"သဟ စ-တကွလည်း"ဟု ဆိုသဖြင့်"နာနာစ-အသီးအသီးလည်း"ဟု စသဒ္ဒါဖြင့်ဆည်းနိုင်၏၊ ဘယ်အခါဝယ် အသီးအသီးဖြစ်သနည်း-ဟု မေးဖွယ်ရှိ၍"တဒိတရ၊ပေ၊နာနာ စ"ဟု မိန့်သည်၊ "တဒိတရတ+ဣတရ-ထိုမှ တစ်ပါးဟူသည် ဆိုအပ်ပြီးသော ဒိဋ္ဌိဂတဝိပ္ပယုတ်မှတစ်ပါးသော ဒိဋ္ဌိဂတသမ္ပယုတ်တည်း၊ ထိုဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်နှင့် ယှဉ်ရာအခါဝယ် (မာနက ဒိဋ္ဌိဂတသမ္ပယုတ်၌ မယှဉ်ရကား) မာနနှင့် တသီးတခြားအားဖြင့် ထိနမိဒ္ဓ ဖြစ်၏၊ ထိုဒိဋ္ဌိဂတသမ္ပယုတ်စိတ် ဖြစ်ရာအခါ၌လည်း (မာနမပါဘဲ) ထိနမိဒ္ဓချည်း တသီးတခြား ယှဉ်နိုင်၏။

ပန–ဝါဒန္တ ရကား၊ အပရေ–အခြားကုန်သော၊ အာစရိယာ–တို့သည်၊ မာနောစ–မာနသည်လည်းကောင်း၊ ထိနမိဒ္ဓဥ္စ–ထိနမိဒ္ဓသည်လည်းကောင်း၊ တထာ ကဒါစိ–၌၊ နာနာ–အသီးအသီး၊ ဟုတွာ–၍လည်းကောင်း၊ ကဒါစိ–၌၊ သဟ စ–အတူတကွလည်းကောင်း၊ ဇာယတိ–၏၊ ဣတိ ဧွံကမေဝ–ဤမျှလောက်ကိုသာ၊ ယောဇေသုံ–ယောဇနာကြကုန်ပြီ။

**၃၄။** သေသာတိ–သေသာဟူသည်ကား၊ ယထာဝုတ္တေဟိ–အကြင် အကြင် ဆိုအပ်ပြီးကုန်သော၊ ဧကာဒသဟိ–၁၁ ပါးကုန်သော၊ အနိယတေဟိ–အနိယတစေတသိက်တို့မှ၊ ဣတရေ–အခြားကုန်သော၊ ဧကစတ္တာလီသ–(၄၁)ပါးသော၊ (စေတသိကာ–တို့သည်၊ နိယတယောဂိနော–အမြဲယှဉ်ခြင်းရှိသော စေတသိက်တို့တည်း၊) ပန–ဝါဒန္တ ရကား၊ ကေစိ–အချို့ဆရာတို့သည်၊ ယထာဝုတ္တေဟိ–န်သော၊ အနိယတယေဝါပနကေဟိ–အနိယတယေဝါပနက စေတသိက်တို့မှ၊ သေသာ–ကြွင်းကုန်သော၊ နိယတယေဝါပနကာ–နိယတယေဝါပနကစေတသိက်တို့သည်၊ (နိယတယောဂိနော–တို့တည်း၊) ဣတိ–သို့၊ ဝဏ္ဏေန္တိ –ဖွင့်ကြကုန်၏၊ တံ–ထိုသို့ ဖွင့်ခြင်းသည်၊ တေသံ–ထိုကေစိဆရာတို့၏၊ မတိမတ္တံ–အလိုမျှသာတည်း၊ (ကသ္မာ–အဘယ့်ကြောင့်နည်း၊) ဣဓ–ဤ သမ္ပယောဂနည်း၌၊ ယေဝါပနကနာမေန–ယေဝါပနကနာမည်ဖြင့်၊ ကေသဉ္စိ–တစ်စုံတစ်ခုသော စေတသိက်တို့၏၊ ဝါ–မည်သည့် စေတသိက်တို့ကိုမျှ၊

---

**ဤအဖွင့်အရ သင်္ဂြိုဟ်၌ အနက်ယောဇနာပုံ။** ။ထိနမိဒ္ဓ–သည်၊ တထာ–ထို တစ်ရံတစ်ခါ၌၊ သဟာစ–ဒေါသမူ သသင်္ခါရိကစိတ်၌ ယှဉ်ခိုက် ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့နှင့်တကွလည်းကောင်း ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်၌ ယှဉ်ခိုက် မာနနှင့် တကွလည်းကောင်း၊ နာနာ စ–ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်၌ ယှဉ်ခိုက်၌ လည်းကောင်း, ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်၌ ယှဉ်ခိုက်သော်မှလည်းကောင်း တသီးတခြားလည်း၊ ဇာယတိ–၏။

**အပရေ ၊ပေ၊ ယောဇေသုံ။** ။အပရေဆရာတို့ ယောဇနာနည်း၌ ဣဿာ မစ္ဆရိယ ကုက္ကုစ္စတို့နှင့်တကွ ယှဉ်ပုံမပါ၊ မာနနှင့် တစ်သီးတစ်ခြားယှဉ်ပုံ, တကွယှဉ်ပုံကို ပြရာ၌လည်း "မည်သည့်စိတ်၌ယှဉ်ခိုက်"ဟု သေချာစွာ မပြ၊ ထိုကြောင့်"ဧွံကမေဝ–ဤမျှလောက်သာ၊ (မစုံမလင် မသေချာဘဲ) ယောဇနာကြသည်"ဟု ဆိုသည်။

**ဣဓ ၊ပေ၊ အနုဒ္ဓဋတ္တာ။** ။"ယေဝါပနက"ဟူသော နာမည်သည် "ဖဿော ဟောတိ, ဝေဒနာ ဟောတိ"စသည်ဖြင့် ဖဿဝေဒနာစသော နာမည်ကို အထင် အရှားဖော်ပြသကဲ့သို့ နာမည်ကို အထင်အရှားမပြဘဲ "ယေဝါပန တသ္မိံ သမယေ၊ပေ၊ ဓမ္မာ ဟောန္တိ"ဟု ဓမ္မသင်္ဂဏီပါဠိတော်ဝယ် ဟောတော်မူအပ်သော တရားများ၏ နာမည် တည်း၊ "ယေဝါပန ဣတိ–ယေဝါပနဟူ၍+ကီယန္တိ ကထီယန္တိ–ဟောအပ် ကုန်၏၊ ဣတိ ယေဝါပနကာ"ဟု ပြု၊ ထိုယေဝါပနကနာမည်ဖြင့် ထုတ်ပြအပ်သော တရားတို့သည် ဤသမ္ပယောဂနည်း၌ မရှိ၊ ထို့ကြောင့် "အနိယတယေဝါပနကေဟိ" စသော အဖွင့်သည် ထိုဆရာတို့၏ အလိုသာဖြစ်၏၊ ဤသင်္ဂြိုဟ်ကျမ်း၌ ထိုကဲ့သို့ မဖွင့်နိုင်–ဟုလို။

အနန္တရွတ္တာ–မထုတ်ဆောင်အပ်ကုန်သည်၏အဖြစ်ကြောင့်တည်း၊ (မဆိုအပ်ကုန်သည်၏အဖြစ်ကြောင့်–ဟူလို၊) ဟိ–မှန်၏၊ (တစ်နည်း) ဟိ–ချဲ့ဦးအံ့၊ ဧတ္ထ–ဤသမ္ပယောဂနည်း၌၊ ကေဝလံ–ယေဝါပနကနာမည်မဖက် သက်သက်၊ နိယတာနိယတဝသေန–အမြဲယှဉ်ခြင်း အမြဲမယှဉ်ခြင်းတို့၏ အစွမ်းဖြင့်၊ စိတ္တုပ္ပါဒေသု–ဖြစ်သော စိတ်တို့၌၊ ယထာရဟံ–ထိုက်သည်အားလျော်စွာ၊ လဗ္ဘမာနစေတသိကမတ္တသန္ဒဿနံ–ရထိုက်သော စေတသိက်မျှကို ညွှန်ပြခြင်းကို၊ အာစရိယေန–အရှင် အနုရုဒ္ဓါဆရာသည်၊ ကတံ–ပြုအပ်ပြီ၊ ယေဝါပနကနာမေန–ဖြင့်၊ ကေစိ–တစ်စုံတစ်ခုသော စေတသိက်တို့ကို၊ န ဥဒ္ဓဋာ–မထုတ်ဆောင်အပ်ကုန်၊ ဣတိ–ကြောင့်၊ (တံ–ထိုစကားသည်၊ တေသံ–ထို ကေစိဆရာတို့၏၊ မတိမတ္တံ–တည်း။)

## သင်္ဂဟနည်းအဖွင့်

ဧဝံ–သို့၊ တာဝ–သင်္ဂဟနည်းမှ ရှေးဦးစွာ၊ ဖဿာဒိသု–ဖဿအစရှိသော စေတသိက်တို့တွင်၊ အယံ ဓမ္မော–ဤတရားသည်၊ ဝါ–ဤစေတသိက်သည်၊ ဧတ္တကေသု–ဤမျှအတိုင်းအရှည် ရှိကုန်သော၊ စိတ္တေသု–တို့၌၊ ဥပလဗ္ဘတိ–ရအပ်၏၊ ဣတိ–သို့၊ စိတ္တပရိစ္ဆေဒဝသေန–ယှဉ်ရာစိတ်ကို ပိုင်းခြားခြင်း၏ အစွမ်းဖြင့်၊ ["ဝိတက္ကော ၊ပေ၊ ပဉ္စပညာသ စိတ္တေသု ဥပ္ပဇ္ဇတိ"စသည်ဖြင့် ယှဉ်ရာစိတ်ကို (၅၅ ပါး စသည်ဖြင့်) ပိုင်းခြား၍ ပြခြင်းအားဖြင့်၊] သမ္ပယောဂံ–သမ္ပယောဂနည်းကို၊ ဒဿေတွာ–ပြပြီး၍၊ ဣဒါနိ–ယခုအခါ၌၊ ဣမသ္မိံ စိတ္တုပ္ပါဒေ–ဤ ဖြစ်သော စိတ်၌၊ ဧတ္တကာ–ဤမျှ အတိုင်းအရှည်ရှိကုန်သော၊ စေတသိကာ–တို့သည်၊ (ဟောန္တိ–န်၏၊) ဣတိ–သို့၊ စေတသိကရာသိပရိစ္ဆေဒဝသေန–ယှဉ်သော စေတသိက်အစုကို ပိုင်းခြားခြင်း၏ အစွမ်းဖြင့်၊ ["ပဉ္စမဇ္ဈာနိကစိတ္တေသု ၊ပေ၊ ဆတ္တိံသ ဓမ္မာ သင်္ဂဟံ ဂစ္ဆန္တိ"စသည်ဖြင့် ယှဉ်သည့် စေတသိက်ကို ပိုင်းခြားပြခြင်းအားဖြင့်၊] သင်္ဂဟံ–သင်္ဂဟနည်းကို၊ ဒဿေတုံ–ပြခြင်းငှာ၊ သင်္ဂဟဉ္စာတျာဒိ–သင်္ဂဟဉ္စ အစရှိသော စကားကို၊ (အာစရိယေန) ဝုတ္တံ–ပြီ။

**၃၅။** ဆတ္တိံသာတျာဒိ–ဆတ္တိံသ အစရှိသော စကားသည်၊ တတ္ထ တတ္ထ–ထိုထို စိတ်၌၊ ယထာရဟံ–စွာ၊ လဗ္ဘမာနကဓမ္မဝသေန–ရထိုက်သောတရား၏ အစွမ်း ဖြင့်၊ ဂဏနာသင်္ဂဟော–အရေအတွက်ကို သိမ်းယူကြောင်း ဖြစ်သော သင်္ဂဟဂါထာတည်း။

**၃၆။** ပဌမဇ္ဈာနေ–ပဌမဈာန်၌၊ နိယုတ္တာနိ–ယှဉ်ကုန်သော၊ စိတ္တာနိ–စိတ်တို့တည်း၊ ဣတိ–ကြောင့်၊ ပဌမဇ္ဈာနိကစိတ္တာနိ–ပဌမဇ္ဈာနိကစိတ်တို့မည်၏၊ ဝါ–တစ်နည်း၊ တေသံ–ဤစိတ်တို့၏၊ တံ–ထိုပဌမဈာန်သည်၊ အတ္ထိ–၏၊ ဣတိ–ကြောင့်၊ (တာနိ–ထိုစိတ်တို့သည်၊) ပဌမဇ္ဈာနိကစိတ္တာနိ–ပဌမဇ္ဈာနိကစိတ်တို့

မည်၏၊ [ရှေ့နည်းဖြင့် "ပဌမဈျာနေ+နိယုတ္တာနိ ပဌမဈျာနိကာနိ"ဟု နိယုတ္တတဒ္ဓိတ်ကိုပြ၏၊ နောက်နည်းဖြင့် "ပဌမဈျာနံ စေတသံ အတ္ထိတိ ပဌမဈျာနိကာနိ" ဟု အသတ္ထိတဒ္ဓိတ်ကို ပြ၏။] အပ္ပမညာနံ–အပ္ပမညာ စေတသိက်တို့၏၊ သတ္တာရမဏတ္တာ–သတ္တဝါပညတ်လျှင် အာရုံရှိကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ လောကုတ္တရာနံ–လောကုတ္တရာစိတ်တို့၏၊ နိဗ္ဗာနာရမဏတ္တာစ–နိဗ္ဗာန်လျှင် အာရုံရှိကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အပ္ပမညာဝဇ္ဇိတာတိ–တာဟူ၍၊ (အာစရိယေန) ဝုတ္တံ–ပြီ၊ [ဤဝါကျ၏ ဆိုင်ရာဆောင်ပုဒ်ကို အခြေပြုသင်္ဂြိုဟ်၌ ပြထားပြီ၊] တထာတိ ဣမိနာ–တထာဟူသော ဤပါဠ်ဖြင့်၊ အညသမာနာ အပ္ပမညာဝဇ္ဇိတာသောဘဏ စေတသိကာ စ သင်္ဂဟံ ဂစ္ဆန္တီတိ–အညသမာနာ၊ပေ၊ဂစ္ဆန္တိ ဟူသော ဤပုဒ်အပေါင်းကို၊ အာကမုတိ–ဆွဲငင်၏၊ [တထာ၏ အနက်များကို "တထာ သောတဝိညာဏံ"ပုဒ်အဖွင့် ဘာသာဋီကာ၌ ပြထားပြီ၊ ထိုအနက်များတွင် အနုကမုန အနက်ကို "အာကမုတိ"ဟု ဆိုသည်၊ ရှေးဝါကျမှ "အညသမာနာ၊ပေ၊ဂစ္ဆန္တိ"ပုဒ်များကို တထာပုဒ်က ငင်သည်–ဟူလို၊]

ဥပေက္ခာသဟဂတာတိ–ပ်ူသည်ကား၊ ဝိတက္ကဝိစာရပီတိသုခဝဇ္ဇာ–ဝိတက်, ဝိစာရ, ပီတိ, သုခသည် ကြဉ်အပ်ကုန်သော၊ သုခဋ္ဌာနံ–သုခ အရာသို့၊ ပဝိဋ္ဌဥပေက္ခာယ–ဝင်သောဥပေက္ခာနှင့်၊ သဟဂတာ–တကွဖြစ်ကုန်သော၊ (တေဝေ–ထို(၃၃)ပါးသောစေတသိက်တို့ကိုပင်၊ သင်္ဂယှန္တိ–ပေါင်းယူအပ်ကုန်၏၊) ["ပဌမဈျာနိကစိတ္တေသုပိ ဥပေက္ခာသဟဂတာ တေဝေ သင်္ဂယှန္တိ"ဝါကျ၌ ဥပေက္ခာသဟဂတာ၏ အဖွင့်၊]

ပဉ္စကဈျာနဝသေနာတိ–ဟူသည်ကား၊ ဝိတက္ကဝိစာရေ–ဝိတက် ဝိစာရတို့ကို၊ ဝိသုံဝိသုံ–အသီးအသီး၊ အတိက္ကမိတွာ–လွန်မြောက်၍၊ ဘာဝေန္တဿ–စိတ်ကို တိုးပွားစေသော၊ ဝါ– ဘာဝနာပွားသော၊ နာတိတိက္ခဉာဏဿ–အလွန်မထက်သော ဉာဏ်ရှိသော ယောဂီပုဂ္ဂိုလ်၏၊ [မန္ဒပုဂ္ဂိုလ်၏–ဟူလို၊] ဝသေန–အစွမ်းဖြင့်၊ ဒေသိတဿ–ဟောတော်မူအပ်သော၊ ဈာနပဉ္စကဿ–ဈာန်ငါးပါးအပေါင်း၏၊ ဝသေန–ဖြင့်၊ (ပဉ္စဓာဝ–ငါးပါးအပြားအားဖြင့်သာလျှင်၊ သင်္ဂဟော–သိမ်းယူကြောင်း သင်္ဂဟနည်းသည်၊ ဟောတိ–၏။)

---

**ပဉ္စကဈျာနဝသေန**။ ။ပဉ္စကဈာန် (ဈာန်ငါးပါးအပေါင်း)၏အစွမ်းဖြင့် သင်္ဂဟနည်း ငါးပါးဖြစ်သည်ဟုဆိုသော အရှင်အနုရုဒ္ဓါသည် "စတုက္ကဈာန်၏အစွမ်းအားဖြင့် သင်္ဂဟနည်း လေးပါးသာ ရှိနိုင်၏"ဟူသော အဓိပ္ပာယ်ကို ပြသည်–ဟူလို၊ ဤအဖွင့်နှင့် စပ်၍ လောကီဈာန်၏ ငါးပါးပြားရပုံ, လေးပါးပြားရပုံကို ဘာသာဋီကာ၌ ပြထားပြီ၊ ထိုလောကီဈာန်ကို ပါဒကစသည် ပြု၍ ရအပ်သော လောကုတ္တရာဈာန်လည်း လောကီဈာန်နှင့် တူစွာ ငါးပါး, လေးပါး နှစ်မျိုးပင် ပြားရသည်။

ပန-ဆက်၊ တေ-ထို ဝိတက်ဝိစာရတို့ကို၊ ကေတော-တစ်ပေါင်းတည်း၊ အတိက္ကမိတွာ-လွန်မြောက်၍၊ ဘာဝေန္တဿ-သော၊ ဝါ-သော၊ တိက္ခဉာဏဿ-ထက်သောဉာဏ်ရှိသော ယောဂီပုဂ္ဂိုလ်၏၊ ဝသေန-ဖြင့်၊ ဒေသိတ စတုက္ကနယဈာနဝသေန-ဟောတော်မူအပ်သော စတုက္ကဈာန်၏ အစွမ်းဖြင့်၊ ဒုတိယဈာနိကေသု-ဒုတိယဈာန်၌ယှဉ်သောစိတ်တို့၌၊ ဝိတက္ကဝိစာရဝဇ္ဇိတာနံ-ဝိတက်ဝိစာရသည် ကြဉ်အပ်ကုန်သောသုံးဆယ့်လေးပါးသော စေတသိက်တို့၏၊ သမ္ဘဝတော-ဖြစ်သင့်ခြင်းကြောင့်၊ စတုဓာဝေ-လေးပါးအပြားအားဖြင့် သာလျှင်၊ သင်္ဂဟော-သိမ်းယူကြောင်းသင်္ဂဟနည်းသည်၊ ဟောတိ-၏၊ ဣတိ (အယံ)-ကား၊ အဓိပ္ပာယော-အရှင်အနုရုဒ္ဓါဆရာ၏ အလိုတည်း။

**၃၇။** စတုတ္ထပဉ္စမဈာနစိတ္တေသု-စတုတ္ထဈာန်စိတ်, ပဉ္စမဈာန်စိတ်တို့၌၊ တေတ္တိံသဒွယံ-တေတ္တိံသနှစ်ခုအပေါင်းလည်းကောင်း၊ ["တေတ္တိံသဒွယမိစ္စေဝံ"မှ တေတ္တိံသဒွယံ၏ အဖွင့်ဖြစ်သည်၊]

**၃၈။** တီသုတိ-ဟူသည်ကား၊ ကုသလဝိပါကကြိယဝသေန-ကုသိုလ်, ဝိပါက်, ကြိယာတို့၏ အစွမ်းဖြင့်၊ တိဝိဓေသု-သုံးပါးအပြားရှိကုန်သော၊ (ပဉ္စမဈာနိကစိတ္တေသု-ပဉ္စမဈာန်၌ ယှဉ်သောစိတ်တို့၌၊)

သီလဝိသုဒ္ဓိဝသေန-သီလဝိသုဒ္ဓိ၏ အစွမ်းဖြင့်၊ သုဝိသောဓိတကာယဝစီပယောဂဿ-ကောင်းစွာသုတ်သင်အပ်ပြီးသော ကာယပယောဂ, ဝစီပယောဂ ရှိသော ယောဂီပုဂ္ဂိုလ်၏ (သန္တာန်၌၊) ကေဝလံ-ကာယပယောဂ, ဝစီပယောဂ ကို သုတ်သင်ခြင်းနှင့် မဖက်သက်သက်၊ စိတ္တသမာဓာနမတ္တေန-စိတ်ကိုကောင်းစွာ ထားခြင်းမျှဖြင့်၊ ဝါ-စိတ်တည်ကြည်ရုံမျှဖြင့်၊ မဟဂ္ဂတဈာနာနိ-မဟဂ္ဂုတ်ဈာန်တို့သည်၊ ပဝတ္တန္တိ-ဖြစ်နိုင်ကုန်၏၊ ပန-ဗျတိရိတ်ကား၊ ကာယဝစီကမ္မာနံ-ကာယကံ, ဝစီကံတို့ကို၊ ဝိသောဓနဝသေန-ကာမာဝစရကုသိုလ်ကဲ့သို့ သုတ်သင်ခြင်း၏အစွမ်းဖြင့်၊ န (ပဝတ္တန္တိ)-ဖြစ်ကုန်သည်မဟုတ်၊ ဒုစ္စရိတဒုရာဇီဝါနံ-ဒုစရိုက်, ဒုရာဇီဝတို့ကို၊ သမုစ္ဆိန္ဒနပဋိပ္ပဿမ္ဘနဝသေနပိ-မဂ်ကဲ့သို့ အကြွင်းမဲ့ဖြတ်ခြင်း, ဖိုလ်ကဲ့သို့ တစ်ဖန်ငြိမ်းစေခြင်း၏ အစွမ်းဖြင့်လည်း၊ န (ပဝတ္တန္တိ)-ဖြစ်ကုန်သည် မဟုတ်၊ ဣတိ-ကြောင့်၊ ဝိရတိတ္တယဝဇ္ဇိတာတိ-တာဟူ၍၊ (အာစရိယေန) ဝုတ္တံ-ပြီ၊ [ဤအဓိပ္ပာယ်ကို ဘာသာဋီကာ၌ လည်းကောင်း ဆောင်ပုဒ်ကို အခြေပြု၍လည်းကောင်း ပြထားပြီ။]

ပစ္စေကမေဝါတိ-ကား၊ ဝိသုံဝိသုံယေဝ-အသီးအသီးသာလျှင်၊ [ပစ္စေကံကို "ပတိ+ဧကံ"ဟု ခွဲ၍"တစ်ပါးစီ တစ်ပါးစီ"ဟု သဒ္ဒါနက်ထွက်၏၊ဝိသုံ ဝိသုံကား အဓိပ္ပာယ်နက်တည်း၊] ပန္နရသသူတိ-ကား၊ ရူပါဝစရဝသေန-ရူပါဝစရစိတ်၏အစွမ်းဖြင့်၊ တီသု-သုံးပါးတို့လည်းကောင်း၊ အာရုပ္ပဝသေန-အာရုပ္ပစိတ်၏အစွမ်းဖြင့်၊ ဒွါဒသသု-(၁၂)ပါးတို့လည်းကောင်း၊ ဣတိ-သို့၊ ပန္နရသသု-

(၁၅)ပါးသောစိတ်တို့၌၊ အပ္ပမညာယော န လဗ္ဘန္တိ ဣတိ-ဣတိ ဟူသော ဤပါဠ်၌၊ ကာရဏံ-အကြောင်းကို၊ ဝုတ္တမေဝ-သာ၊ ["အပ္ပနာပတ္တာနံ အပ္ပမညာနံ န ကဒါစိ သောမနဿရဟိတာပဝတ္တိ အတ္ထိ"ဟု သမ္ပယောဂနည်း၌ အကြောင်း ပြခဲ့ပြီ-ဟူလို၊]

**၄၀။** ပဉ္စကမေဝါတိ-ကား၊ ကေကာယေဝ-တစ်ပါးစီတစ်ပါးစီသာလျှင်၊ (ယောဇေတဗ္ဗာ-ယှဉ်စေထိုက်ကုန်၏၊) [ပဉ္စကံ၌ ပတိသဒ္ဒါသည် ဝိစ္ဆာ ဝါစကဖြစ်၍ "ကေကာ"ဟု ဖွင့်သည်၊] ဟိ-မှန်၏၊ (တစ်နည်း၊) ဟိ (ယသ္မာ) ကြောင့်၊ အပ္ပမညာနံ-အပ္ပမညာစေတသိက်တို့၏၊ သတ္တာရမဏတ္တာ-သတ္တဝါ ပညတ်လျှင် အာရုံရှိကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဝိရတီနံ-ဝိရတီစေတသိက်တို့၏၊ ဝီတိက္ကမိတဗ္ဗဝတ္ထုဝိသယတ္တာစ-လွန်ကျူးထိုက်သော ဝတ္ထုလျှင် အာရုံရှိကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ တာသံ-ထိုအပ္ပမညာဝိရတီစေတသိက်တို့၏၊ ကေစိတ္တုပ္ပာဒေ-တစ်ခုတည်းသော စိတ္တုပ္ပာဒ်၌၊ သမ္ဘဝေါ-ဖြစ်သင့်ခြင်းသည်၊ နတ္ထိ-မရှိ၊ ဣတိ-ကြောင့်၊ (ပဉ္စက မေဝ-တစ်ပါးစီ တစ်ပါးစီသာလျှင်၊ ယောဇေတဗ္ဗာ-ယှဉ်စေထိုက်ကုန်၏၊) အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ဆောင်ပုဒ်ကို အခြေပြု၍ ပြထားပြီ၊]

လောကိယဝိရတီနံ-လောကီဝိရတိစေတသိက်တို့၏၊ ကေန္တကုသလ သဘာဝတ္တာ-ကေန်ကုသိုလ်သဘော ရှိကုန်သည်၏ အဖြစ်ကြောင့်၊ အဗျာက တေသု-အဗျာကတဖြစ်သောဝိပါက်, ကြိယာစိတ်တို့၌၊ သမ္ဘဝေါ-သည်၊ နတ္ထိ-မရှိ၊ ဣတိ-ကြောင့်၊ ဝိရတိဝဇ္ဇိတာတိ-တာဟူ၍၊ (အာစရိယေန) ဝုတ္တံ-ပြီ၊ [အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ၊] တေန-ကြောင့်၊ ပဉ္စသိက္ခာ ပဒါကုသလာယေဝါတိ-ငါးပါးသော သိက္ခာပုဒ်တို့သည် ကုသိုလ်တို့ချည်းသာ ဟူ၍၊ အာဟ-ဟောတော်မူပြီ၊ [သိက္ခာပဒဝိဘင်း၌ ဟောတော်မူသည်၊] ဣတရ ထာ-ဤသို့ မဟုတ်လျှင်၊ [ကုသိုလ်ချည်းသာ မဟုတ်လျှင်၊] သဒ္ဓါသတိအာဒ ယောဝိယ-သဒ္ဓါ, သတိအစရှိသော စေတသိက်တို့ကဲ့သို့၊ သိယာ ကုသလာ သိယာ အဗျာကတာတိ-တစ်ချို့က ကုသိုလ်တို့, တစ်ချို့က အဗျာကတတို့ ဟူ၍၊ ဝဒေယျ-ဟောတော်မူရာ၏၊ ["ဤသို့ကား ဟောတော်မမူ"ဟူလို။]

ပ႑-ဆက်၊ ဖလဿ-ဖိုလ်၏၊ မဂ္ဂပဋိဗိမ္ဗဘူတတ္တာ-မဂ်နှင့် အလားတူဖြစ်၍ ဖြစ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဒုစ္စရိတဒုရာဇီဝါနံ-တို့ကို၊ ပဋိပ္ပ သဒ္ဓနတော စ-တစ်ဖန် ငြိမ်းစေခြင်းကြောင့်လည်းကောင်း၊ လောကုတ္တရ ဝိရတီနံ-လောကုတ္တရာဝိရတိစေတသိက်တို့၏၊ ကေန္တကုသလတာ-ကေန်

**လောကိယ ၊ပေ၊ ဝိရတိဝဇ္ဇိတာ**။ ။လောကုတ္တရာဝိရတိတို့သည် မဂ်၌ ယှဉ်ခိုက် ကုသိုလ်သဘော ရှိ၍ ဖိုလ်၌ ယှဉ်ခိုက် အဗျာကတသဘော ရှိသောကြောင့် ကေန္တကုသလ သဘာဝ မဟုတ်ကြ၊ လောကီဝိရတိတို့ကား ကေန္တကုသလသဘာဝ ဖြစ်ကြသည်၊ ထို့ကြောင့် အဗျာကတဖြစ်သော မဟာဝိပါက် မဟာကြိယာစိတ်၌ မယှဉ်နိုင်ကြ။

ကုသိုလ်တို့၏ အဖြစ်သည်၊ န ယုတ္တာ–မသင့်၊ ဣတိ–ကြောင့်၊ တာသံ–ထို လောကုတ္တရာ ဝိရတိတို့ကို၊ တတ္ထ–ထို ကေန် ကုသိုလ်၏ အဖြစ်၌၊ အဂ္ဂဟဏံ–မယူရခြင်းသည်၊ (ဟောတိ–၏၊)

ကာမာဝစရဝိပါကာနံပိ–ကာမာဝစရ ဝိပါက်စိတ်တို့၏လည်း၊ ကေန္တ ပရိတ္တာရမဏတ္တာ–ကေန်ကာမတရားလျှင် အာရုံရှိကုန်သည်၏ အဖြစ်ကြောင့် လည်းကောင်း၊ အပ္ပမညာနံ–တို့၏၊ သတ္တာရမဏတ္တာ စ–ကြောင့်လည်း ကောင်း၊ ဝိရတီနံပိ–တို့၏လည်း၊ ကေန္တ ကုသလတ္တာ–ကေန်ကုသိုလ်၏ အဖြစ် ကြောင့်လည်းကောင်း၊ အပ္ပမညာဝိရတိဝဇ္ဇိတာတိ–တာဟူ၍၊ (အာစရိယေန) ဝုတ္တံ–ပြီ၊ [အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ။]

နနုစ–စောဒနာပါဦးအံ့၊ (ကိံ–နည်း၊) ပညတ္တာဒိအာရမဏံပိ–ပညတ် အစရှိ သော အာရုံရှိသည်လည်းဖြစ်သော၊ ကာမာဝစရကုသလံ–ကာမာဝစရ ကုသိုလ် သည်၊ ဟောတိ–ရှိ၏၊ ဣတိ–ကြောင့်၊ မဟဂ္ဂတလောကုတ္တရဝိပါကေဟိ–မဟဂ္ဂုတ်ဝိပါက်, လောကုတ္တရာဝိပါက်တို့သည်၊ (ကုသလသဒိသာရမဏေ ဟိ–ကုသိုလ်နှင့်တူသော အာရုံရှိကုန်သည်၊ (ဘဝိတဗ္ဗံ) ယထာ–ဖြစ်ရာသကဲ့သို့၊ (တထာ–ထို့ အတူ၊) တဿ–ထို ကာမာဝစရကုသိုလ်ကံ၏၊ ဝိပါကေနပိ–အကျိုးဖြစ်သော စိတ်သည်လည်း၊ ကုသလသဒိသာရမဏေန–ကုသိုလ်နှင့် တူသော အာရုံရှိသည်၊ ဘဝိတဗ္ဗံ (နနု)–ဖြစ်သင့်သည် မဟုတ်ပါလော၊ ဣတိ–သို့၊ (နနုစ–၏၊) ဣဒံ–ဤစကားကို၊ ဝေ–ဤ သင်စောဒက ပြောပြ တိုင်းသော အခြင်းအရာအားဖြင့်၊ န (ဒဋ္ဌဗ္ဗံ)–မမှတ်ထိုက်၊ (ကသ္မာ–နည်း၊ ကာမာဝစရဝိပါကဿ–ကာမာဝစရဝိပါက်၏၊) ကာမတဏှာဝီနဿ–ကာမ တဏှာနှင့်စပ်သော ကာမာဝစရကုသိုလ်ကံ၏၊ ဖလဘူတတ္တာ–အကျိုးဖြစ်၍ ဖြစ်သည်၏ အဖြစ်ကြောင့်တည်း။

ဟိ–ချဲ့၊ (တစ်နည်း) ဟိ–ဥပမာဆောင် ထင်အောင်ပြအံ့၊ ဒါသိယာ–ကျွန်မ ၏၊ ပုတ္တော–သားသည်၊ ဝါ–သားပေါက်ကလေးသည်၊ မာတရာ–အမိကျွန်မ သည်၊ ဣစ္ဆိတံ–အလိုရှိအပ်သော အမှုကို၊ ကာတုံ–ပြုခြင်းငှာ၊ အသက္ကောန္တော–မစွမ်းနိုင်သည်၊ (ဟုတွာ–၍၊) သာမိကေနေဝ–သခင်သည်သာလျှင်၊ ဣစ္ဆိတိ ဣစ္ဆိတံ–အလိုရှိအပ် အလိုရှိအပ်သောအမှုကို၊ ကရောတိ ယထာ–ပြုရသကဲ့သို့၊

---

**နနု စ**။ ။မဟဂ္ဂုတ်လောကုတ္တရာတို့၌ ကုသိုလ်နှင့်ဝိပါက်သည် အာရုံခြင်း တူကြရ သကဲ့သို့, ကာမကုသိုလ်နှင့် ဝိပါက်လည်း အာရုံခြင်း တူသင့်သည် မဟုတ်ပါလော၊ "ကာမကုသိုလ်သည် သတ္တဝါပညတ်ကိုလည်းကောင်း, ဝိတိက္ကမိတဗ္ဗဝတ္ထုကိုလည်း ကောင်း အာရုံပြုသကဲ့သို့ ကာမဝိပါက်လည်း ထိုတရားစုကို အာရုံပြုသင့်သည် မဟုတ်လော"ဟူလို။

**နယိဒမေဝံ**။ ။သင် စောဒနာသည့်အတိုင်း မဟုတ်၊ ကာမတဏှာနှင့် စပ်သော (ကာမကုသိုလ်)ကံ၏ အကျိုးဖြစ်ရကား ကျွန်မ၏သားသည် အမိကျွန်မ ပြုစေလိုရာကို မပြုနိုင်၊ အမိ၏ အရှင်သခင် ပြုစေလိုရာကိုသာ ပြုရသကဲ့သို့, အမိနှင့်တူသော ကာမ

ဇဝံ–တူ၊ ကာမတဏှာယတ္တတာယ–ကာမတဏှာနှင့်စပ်သည်၏ အဖြစ်ကြောင့်၊ ဒါသိသဒိသဿ–ကျွန်မနှင့်တူသော၊ ကာမဝစရကမ္မဿ–ကာမဝစရ ကုသိုလ်ကံ၏၊ ဝိပါကဘူတံ–အကျိုးဖြစ်၍ဖြစ်သော၊ စိတ္တံ–စိတ်သည်၊ တေန–ထို ကာမဝစရကုသိုလ်ကံသည်၊ ဂဟိတာရမဏံ–ယူအပ်သမျှအာရုံကို၊ အဂ္ဂဟေတွာ–မယူနိုင်မူ၍၊ ကာမတဏှာရမဏမေဝ–ကာမတဏှာ၏ အာရုံကိုသာ၊ ဂဏှာတိ–ယူရ၏၊ ဣတိ–ကြောင့်၊ (ဣဒံ–ကို၊ .ဇဝံ–ဖြင့်၊ န ဒဋ္ဌဗ္ဗံ–ထိုက်။)

ဒွါဒသဓာတိ–ကား၊ ကုသလဝိပါကကြိယဘေဒေသု–ကုသိုလ်, ဝိပါက်, ကြိယာအပြားတို့၌၊ ပစ္စေကံ–အသီးအသီး၊ စတ္တာရော စတ္တာရော–လေးပါး လေးပါးကုန်သော၊ ဒုကာ–ဒုက်တို့သည်၊ ဝါ–အစုံတို့သည်၊ (ဟောန္တိ –န်၏၊) ဣတိကတွာ–ဤ အကြောင်းကြောင့်၊ တီသု–ကုသိုလ်,ဝိပါက်,ကြိယာ သုံးပါး တို့၌၊ ဒွါဒသဓာ–(၁၂)ပါးအပြားအားဖြင့်၊ (သင်္ဂဟော–သည်၊ ဟောတိ–၏။)

**၄၂။** ဣဒါနိ–၌၊ ဣမေသု–ဤ သောဘနစိတ်တို့တွင်၊ ပဌမဇ္ဈာနိကာဒီဟိ–ပဌမဈာနိက အစရှိသော စိတ်တို့မှ၊ ဒုတိယဇ္ဈာနိကာဒီနံ–ဒုတိယဈာနိက အစရှိသော စိတ်တို၏၊ ဘေဒကရဓမ္မေ–ကွဲပြားခြင်းကို ပြုတတ်သောတရား တို့ကို၊ ဒဿေတုံ–ငှာ၊ အနုတ္တရေဈာနဓမ္မာတျာဒိ–အစရှိသော ဂါထာစကားကို၊ (အာစရိယေန) ဝုတ္တံ–ပြီ၊ အနုတ္တရေစိတ္တေ–လောကုတ္တရာစိတ်၌၊ ဝိတက္ကဝိစာရ ပီတိသုခဝသေန–ဝိတက်ဝိစာရပီတိသုခတို့၏ အစွမ်းဖြင့်၊ ဈာနဓမ္မာ–ဈာန်တရားတို့သည်၊ ဝိသေသကာ ဘေဒကာ–အထူးပြုတတ်ကုန်၏၊ မဇ္ဈိမေ–အလယ်ဖြစ်သော၊ မဟဂ္ဂတေ–မဟဂ္ဂုတ်စိတ်၌၊ အပ္ပမညာ–တို့သည်လည်း ကောင်း၊ ဈာနဓမ္မာစ–တို့သည်လည်းကောင်း၊ (ဝိသေသကာ–န်၏၊) ပရိတ္တေသု ကာမာဝစရေသု–ကာမာဝစရစိတ်တို့၌၊ ဝိရတိဉာဏပီတီစ–ဝိရတိ, ဉာဏ်, ပီတိတို့သည်လည်းကောင်း၊ အပ္ပမညာစ–တို့သည်လည်းကောင်း၊ ဝိသေသ ကာ–န်၏၊ တတ္ထ–ထို ဝိရတိ,ဉာဏ်,ပီတိ,အပ္ပမညာတို့တွင်၊ ဝိရတီ–တို့သည်၊ ကုသလေဟိ–ကုသိုလ်စိတ်တို့မှ၊ ဝိပါကကြိယာနံ–ဝိပါက် ကြိယာစိတ်တို့ကို၊ ဝိသေသကာ–န်၏၊ အပ္ပမညာ–တို့သည်၊ ကုသလကြိယေဟိ–ကုသိုလ်, ကြိယာ စိတ်တို့မှ၊ ဝိပါကာနံ–ဝိပါက်စိတ်တို့ကို၊ (ဝိသေသကာ–န်၏၊) ဉာဏပီတီပန– ဉာဏ်,ပီတိတို့သည်ကား၊ တီသု–ကုသိုလ်,ဝိပါက်,ကြိယာ သုံးပါးတို့၌၊ ပဌမ ယုဂဠာဒီဟိ–ပဌမအစုံ အစရှိသည်တို့မှ၊ ဒုတိယယုဂဠာဒီနံ–ဒုတိယအစုံ အစရှိသည်တို့ကို၊(ဝိသေသကာ–န်၏၊)၊ ဣတိ–သို့၊ ဒဋ္ဌဗ္ဗံ–၏၊ [ဉာဏသမ္ပယုတ်

ကုသိုလ်ကံ၏ အာရုံကို သားနှင့်တူသောဝိပါက်က လိုက်၍ မယူနိုင်၊ သခင်နှင့်တူသော ကာမတဏှာ၏ အာရုံပြုရာကိုသာ သားပေါက်နှင့်တူသော ကာမဝိပါက်က လိုက်၍ အာရုံပြုရသည်၊ [ကာမတဏှာကား ကာမစိတ် စေတသိက် ရုပ်ဟူသော ကာမတရား ကိုသာ အာရုံပြုသည်၊ ပညတ်စသော တရားကို အာရုံမပြု။]

အစုံမှ ဉာဏဝိပ္ပယုတ် အစုံကိုလည်းကောင်း သောမနဿသဟဂုတ် အစုံမှ ဥပေက္ခာသဟဂုတ် အစုံကိုလည်းကောင်း ထူးအောင် ပြုကုန်၏၊ ဤသို့ စသည်ဖြင့် အခြေပြု၍ ပြထားပြီ။]

၄၄။ ဒုတိယေ-အသင်္ခါရိကေတိ-ကား၊ ဒိဋ္ဌိဝိပ္ပယုတ္တေ-ဒိဋ္ဌိဝိပ္ပယုတ်ဖြစ်သော၊ အသင်္ခါရိကေ-အသင်္ခါရိကဉ္စ၊ လောဘမာနေန-လောဘမာနနှင့်၊ (သဒ္ဒိ-တကျ၊) တထေဝ-ထို ဆိုအပ်ပြီးသော စေတသိက်တို့သည်ပင်၊ အညသမာနာ-တို့သည်လည်းကောင်း၊ အကုသလသာဓာရဏာ စ-အကုသလသာဓာရဏ စေတသိက်တို့သည်လည်းကောင်း၊ ဧကူနဝီသတိ-တစ်ခုယုတ်နှစ်ဆယ်သော၊ ဓမ္မာ-စေတသိက်တို့သည်၊ (သင်္ဂဟ်-ပေါင်းယူအပ်ကုန်သည်၏ အဖြစ်သို့၊ ဂစ္ဆန္တိ-န်၏၊) ဣတိ (အယံ)-ကား၊ သမ္ဗန္ဓော-ပုဒ်တို့၏ ဆက်စပ်ခြင်းတည်း၊ [တထေဝ၏ ညွှန်ပြချက်ကိုပင် "အညသမာနာ ၊ပေ၊ ဝီသတိ ဓမ္မာ"ဟု သရုပ်ဖော်သည်။]

၄၅။ တတိယေတိ-ကား၊ ဥပေက္ခာသဟဂတဒိဋ္ဌိသမ္ပယုတ္တေ-ဥပေက္ခာသဟဂုတ် ဒိဋ္ဌိသမ္ပယုတ်ဖြစ်သော၊ အသင်္ခါရိကေ-၌။

၄၆။ စတုတ္ထေတိ-ကား၊ ဒိဋ္ဌိဝိပ္ပယုတ္တေ-သော၊ အသင်္ခါရိကေ-၌။

၄၇။ ပန-ဆက်၊ တေ္တ-ဤစေတသိက်တို့တွင်၊ [ဒေါသမူအသင်္ခါရိက စိတ်၌ယှဉ်သော စေတသိက်တို့တွင်၊] ဣဿာမစ္ဆရိယကုက္ကုစ္စာနိ-တို့ကို၊ ပစ္စေကမေဝ-သာလျှင်၊ ယောဇေတဗ္ဗာနိ-န်၏၊ (ကသ္မာ-နည်း၊) ဘိန္နာရမဏတ္တာယေဝ-ပြားသော အာရုံရှိကုန်သည်၏ အဖြစ်ကြောင့်ပင်တည်း၊ ဣတိ (အယံ)-ကား၊ အဓိပ္ပာယော-တည်း၊ [ဆောင်ပုဒ်ကို အခြေပြု၍ ပြထားပြီ။]

၅၀။ အဓိမောက္ခဿ-၏၊ နိစ္ဆယာကာရပဝတ္တိတော-ဆုံးဖြတ်ခြင်းဟူသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းကြောင့်၊ ဒွေဠ္ဟကသဘာဝေ-နှစ်လုံး နှစ်ခွဖြစ်ခြင်း သဘောရှိသော၊ ဝိစိကိစ္ဆာစိတ္တေ-၌၊ သမ္ဘဝေါ-ဖြစ်သင့်ခြင်းသည်၊ နတ္ထိ-မရှိ၊ ဣတိ-ကြောင့်၊ အဓိမောက္ခဝိရဟိတာတိ-တာဟူ၍၊ (အာစရိယေန) ဝုတ္တံ-ပြီ။

၅၁။ ဧကူနဝီသတိ-သော၊ (ဓမ္မာ-စေတသိက်တို့သည်၊) ပဌမ ဒုတိယ အသင်္ခါရိကေသု-ပဌမ အသင်္ခါရိကစိတ်, ဒုတိယ အသင်္ခါရိက စိတ်တို့၌၊ (သင်္ဂဟံ-သို့၊ ဂစ္ဆန္တိ-န်၏၊) အဋ္ဌာရသ-န်သော၊ (ဓမ္မာ-တို့သည်၊) တတိယ စတုတ္ထအသင်္ခါရိကေသု-တတိယအသင်္ခါရိကစိတ်, စတုတ္ထအသင်္ခါရိစိတ်တို့၌၊ (သင်္ဂဟံ ဂစ္ဆန္တိ၊) ဝီသ-သော၊(ဓမ္မာ) ပဉ္စမေ-ဖြစ်သော၊ အသင်္ခါရိကေ-၌၊ (သင်္ဂဟံ ဂစ္ဆန္တိ၊) ဧကဝီသ-သော၊(ဓမ္မာ)ပဌမဒုတိယသသင်္ခါရိကေသု-တို့၌၊ (သင်္ဂဟံ ဂစ္ဆန္တိ၊) ဝီသတိ-သော၊(ဓမ္မာ)တတိယစတုတ္ထသသင်္ခါရိကေသု-တို့၌၊ (သင်္ဂဟံ ဂစ္ဆန္တိ၊) ဒွါဝီသ-သော၊ (ဓမ္မာ) ပဉ္စမေ-သော၊ သသင်္ခါရိကေ-၌၊ (သင်္ဂဟံ ဂစ္ဆန္တိ၊) ပန္နရသ-န်သော၊ (ဓမ္မာ) မောမူဟဒွယေ-မောဟမူဒွေး၌၊

(သင်္ဂဟံ ဂစ္ဆန္တိ၊) ဣတိဝေ–သို့၊ အကုသလေ–အကုသိုလ်စိတ်၌၊ သတ္တဓာ–ဖြင့်၊ ဠိတာ–တည်ကုန်၏၊ ဣတိ (အယံ)–ကား၊ ယောဇနာ–တည်း။

**၅၂။** သာဓာရဏာတိ–ကား၊ သဗ္ဗေသမေဝ–အလုံးစုံသာလျှင်ဖြစ်ကုန်သော၊ အကုသလာနံ–အကုသိုလ်စိတ်တို့၏၊ သာဓာရဏာဘူတာ–တူသောဆောင်ခြင်းရှိသည်ဖြစ်၍ ဖြစ်ကုန်သော၊ ဝါ–ဆက်ဆံသည်ဖြစ်၍ ဖြစ်ကုန်သော၊ စတ္တာရော–လေးပါးသော စေတသိက်တို့လည်းကောင်း၊ ဆန္ဒပီတိအဓိမောက္ခဝဇ္ဇိတာ–ဆန္ဒ ပီတိ အဓိမောက္ခသည် ကြဉ်အပ်ကုန်သော၊ သမာနာအညသမာနာ–အညသမာန်းမည်ကုန်သော၊ အပရေ–အကုသလသာဓာရဏ စေတသိက်တို့မှ တစ်ပါးကုန်သော၊ ဒသ စ–တို့လည်းကောင်း၊ ဣတိ–သို့၊ စုဒ္ဒသ–န်သော၊ ဧတေ ဓမ္မာ–တို့ကို၊ သဗ္ဗာကုသလယောဂိနောတိ–အလုံးစုံသော အကုသိုလ်စိတ်၌ ယှဉ်ခြင်းရှိသော စေတသိက်တို့ဟူ၍၊ ပဝုစ္စန္တိ –န်၏၊ ဣတိ (အယံ)–ကား၊ ယောဇနာ–တည်း၊ [သမာနာကိုပင် "ဆန္ဒ ပီတိအဓိမောက္ခဝဇ္ဇိတာ အညသမာနာ"ဟု ဖွင့်သည်၊ ဤသို့ ဖွင့်သဖြင့် သမာနာ၌ "အည ဟူသော အစပုဒ် ကြေသည်"ဟု ပြသည်။]

**၅၄။** တထာတိ ဣမိနာ–ဖြင့်၊ အညသမာနေ–တို့ကို၊ ပစ္စာမသတိ–ပြန်၍ သုံးသပ်၏၊ ["တထာ–ထိုအညသမာန်းစေတသိက်တို့သည်"ဟု ပေးပါ–ဟူလို၊]

**၅၆။** မနောဝိညာဏဓာတုယာ ဝိယ–မနောဝိညာဏဓာတ်၏ကဲ့သို့၊ ဝိသိဋ္ဌမနနကိစ္စာယောဂတော (ကိစ္စ+အယောဂတော)–ထူးသော သိခြင်းကိစ္စနှင့် မယှဉ်ခြင်းကြောင့်၊ မနနမတ္တာ–သိခြင်းမျှဖြစ်သော၊ ဝါ–သိကာမတ္တဖြစ်သော၊ ဓာတု–ဓာတ်တည်း၊ ဣတိ–ကြောင့်၊ မနောဓာတု–မနောဓာတ် မည်၏၊ [ဤစကားနှင့်စပ်၍ ဘာသာဋီကာ ဝတ္ထုသင်္ဂဟ၌ ဓာတ်သုံးပါးအထူးအဖြစ်ဖြင့် ပြထားသည်၊] အဟေတုကပဋိသန္ဓိယုဂဠေတိ–ကား၊ ဥပေက္ခာသန္တီရဏဒွယေ–ဥပေက္ခာသန္တီရဏနှစ်ခုအပေါင်း၌။

**၅၈။** ဒွါဒသ–န်သော၊ (ဓမ္မာ–တို့သည်၊) ဟသနစိတ္တေ–ဟသိတုပ္ပါဒ်စိတ်၌၊ (သင်္ဂဟံ ဂစ္ဆန္တိ၊) ဧကာဒသ–န်သော၊ (ဓမ္မာ) ဝေါဋ္ဌပနသုခသန္တီရဏေသု–ဝုဋ္ဌောစိတ်, သုခသန္တီရဏစိတ်တို့၌၊ (သင်္ဂဟံ ဂစ္ဆန္တိ၊) ဒသ–န်သော၊ (ဓမ္မာ) မနောဓာတုတ္တိကာဟေတုကပဋိသန္ဓိယုဂဠေသေန–မနောဓာတ်သုံးခုအပေါင်း, အဟိတ်ပဋိသန္ဓေအစုံ၏ အစွမ်းဖြင့်၊ ပဉ္စသု–ငါးပါးသောစိတ်တို့၌၊ (သင်္ဂဟံ ဂစ္ဆန္တိ၊) သတ္တ–န်သော၊ (ဓမ္မာ) ဒွိပဉ္စဝိညာဏေသု–တို့၌၊ (သင်္ဂဟံ ဂစ္ဆန္တိ၊) ဣတိ–သို့၊ အဋ္ဌာရသာဟေတုကေသု–၁၈ ပါးသော အဟိတ်ဖြစ်ကုန်သော၊ စိတ္တုပ္ပာဒေသု–တို့၌၊ သင်္ဂဟော–သည်၊ စတုဗ္ဗိဓော–လေးပါးအပြားရှိသည်၊ ဟောတိ–၏၊ ဣတိ (အယံ)–ကား၊ ယောဇနာ–တည်း။

**၅၉။** တေတ္တိံသဝိဓသင်္ဂဟောတိ–ကား၊ အနုတ္တရေ–၌၊ ပဉ္စ–ငါးပါးသော သင်္ဂဟနည်းတို့လည်းကောင်း၊ မဟဂ္ဂတေ–၌၊ တထာ–ထို ငါးပါးသော သင်္ဂဟနည်းတို့လည်းကောင်း၊ ကာမာဝစရသောဘနေ–ကာမာဝစရသောဘန စိတ်၌၊ ဒွါဒသ–(၁၂)ပါးသောသင်္ဂဟနည်းတို့လည်းကောင်း၊ အကုသလေ–၌၊ သတ္တ–(၇)ပါးသော သင်္ဂဟနည်းတို့လည်းကောင်း၊ အဟေတုကေ–၌၊ စတ္တာရော–(၄)ပါးသော သင်္ဂဟနည်းတို့လည်းကောင်း၊ ဣတိ–သို့၊ တေတ္တိံသ ဝိဓသင်္ဂဟော–(၃၃)ပါးအပြားရှိသောသင်္ဂဟနည်းသည်၊ (ဟောတိ–၏၊)

**၆၀။** ဣတ္ထံ ယထာဝုတ္တနယေန–အကြင်အကြင် ဆိုအပ်ပြီးသောနည်းဖြင့်၊ [ဣတ္ထံကိုပင် "ယထာဝုတ္တနယေန"ဟု ဖွင့်သည်၊] စိတ္တာဝိယုတ္တာနံ–စိတ်နှင့် မယှဉ် မဟုတ်ကုန်သော၊ ဝါ–စိတ်နှင့်အမြဲယှဉ်ကုန်သော၊ စေတသိကာနံ–တို့၏၊ စိတ္တပရိစ္ဆေဒဝသေန–ယှဉ်ရာစိတ်ကို ပိုင်းဖြတ်ခြင်း၏အစွမ်းဖြင့်၊ ဝုတ္တံ–ဆိုအပ်သော၊ သမ္ပယောဂဉ္စ–သမ္ပယောဂနည်းကိုလည်းကောင်း၊ စေတသိက ရာသိပရိစ္ဆေဒဝသေန–ယှဉ်သောစေတသိက်တို့ကို ပိုင်းဖြတ်ခြင်း၏ အစွမ်းဖြင့်၊ ဝုတ္တံ–သော၊ သင်္ဂဟဉ္စ–သင်္ဂဟနည်းကိုလည်းကောင်း၊ ဉတွာ–သိပြီးခြင်းကြောင့်၊ ယထာယောဂံ–ယှဉ်ထိုက်သည့်အားလျော်စွာ၊ စိတ္တေန–ယှဉ်ရာစိတ်နှင့်၊ သမံ–အရေအတွက်ညီမျှသော၊ ဘေဒံ–စေတသိက်အပြားကို၊ ဥဒ္ဒိသေ–ထုတ်ပြရာ၏။

[ထို ထုတ်ပြနည်းကို ပြလို၍ "သဗ္ဗစိတ္တသာဓာရဏာ၊ပေ၊ကထေယျာတိ အတ္ထော"ဟု ဖွင့်သည်၊] တာဝ–စွာ၊ သတ္တ–နံသော၊ သဗ္ဗစိတ္တသာဓာရဏာ–တို့သည်၊ ဧကူနနဝုတိစိတ္တေသု–တစ်ခုယုတ်ကိုးဆယ်သော စိတ်တို့၌၊ ဥပ္ပဇ္ဇန တော–ဖြစ်ခြင်းကြောင့်၊ ဝါ–ယှဉ်ခြင်းကြောင့်၊ ပစ္စေကံ–အသီးအသီး၊ ဧကူန နဝုတိဝိဓာ–တစ်ခုယုတ်ကိုးဆယ်အပြားရှိကုန်၏၊ ပကိဏ္ဏကေသု–တို့တွင်၊ ဝိတက္ကော–သည်၊ ပဉ္စပညာသစိတ္တေသု–တို့၌၊ ဥပ္ပဇ္ဇနတော–ကြောင့်၊ ဝါ–ကြောင့်၊ ပဉ္စပညာသဝိဓော–(၅၅)ပါးအပြား ရှိ၏၊ ဣတိအာဒိနာ–ဤသို့ အစရှိသည်ဖြင့်၊ ကထေယျ–ဆိုရာ၏၊ ဣတိ အတ္ထော–နက်၊ [ဤအဓိပ္ပာယ် များကို အခြေပြု၍ပင် ပြထားပြီ။]

ဣတိ–ဤဆိုအပ်ပြီးသောစကားအစဉ်ဖြင့်၊ အဘိဓမ္မတ္ထဝိဘာဝနိယာ နာမ–သော၊ အဘိဓမ္မတ္ထသင်္ဂဟဝဏ္ဏနာယ–၏၊ ဒုတိယပရိစ္ဆေဒဝဏ္ဏနာ–သည်၊ နိဋ္ဌိတာ–ပြီ။

**စေတသိက်ပိုင်းအဖွင့် ပြီးပြီ၊**

**၁။** ဣဒါနိ–စေတသိကပရိစ္ဆေဒကို ဖွင့်ပြပြီးရာ ယခုအခါ၌၊ ယထာ ဝုတ္တာနံ–န်သော၊ စိတ္တစေတသိကာနံ–တို့၏၊ [သင်္ဂဟံ၌စပ်၊] ဝေဒနာဒိ ဝိဘာဂတော–ဝေဒနာအစရှိသော အပြားအားဖြင့်လည်းကောင်း၊ တံတံဝေဒနာဒိ ဘေဒဘိန္နစိတ္တုပ္ပာဒဝိဘာဂတော စ–ထိုထို ဝေဒနာအစရှိသော အပြားတို့ဖြင့် ပြားကုန် သော စိတ္တုပ္ပာဒ်တို့၏ အပြားအားဖြင့်လည်းကောင်း၊ ပကိဏ္ဏက သင်္ဂဟံ–ကို၊ ဒဿေတုံ–ငှာ၊ သမ္ပယုတ္တာယထာယောဂံတျာဒိ–ဂံ အစရှိသော ဂါထာစကားကို၊ (အာစရိယေန)အာရဒ္ဓံ–အားထုတ်အပ်ပြီ၊ ယထာယောဂံ–စွာ၊ သမ္ပယုတ္တာ–အညီအမျှ ဧကုပ္ပာဒတာ အစရှိသော အပြားတို့ဖြင့် ယှဉ်ကုန် သော၊ စိတ္တစေတသိကာ–ဖြစ်ကုန်သော၊ ဓမ္မာ–သဘောတရားတို့သည်၊ (ဟောန္တိ ၌စပ်၊) သဘာဝတော–မိမိမိမိ၏ သဘောအားဖြင့်၊ အတ္တနော အတ္တနော သဘာဝဝသေန–မိမိ မိမိ၏ သဘော၏အစွမ်းဖြင့်၊ (တေပညာသ ၌စပ်၊) ဧကူနနဝုတိဝိဓမ္ပိ–တစ်ခုယုတ် ကိုးဆယ်အပြားရှိသည်လည်းဖြစ်သော၊ စိတ္တံ–သည်၊အာရမဏဝိဇာနနသဘာဝသာမညေန–အာရုံကို သိခြင်းသဘောဖြင့် တူသည်၏ အဖြစ်ကြောင့်၊ ဧကဝိဓံ–တစ်ပါးသာ အဖို့ရှိ၏၊ ["သမာနသဘာဝေါ သာမညံ"ဟု ပြု၊] သဗ္ဗစိတ္တသာဓာရဏော–အလုံးစုံ သောစိတ်တို့နှင့် ဆက်ဆံသော၊ ဖဿော–ဖဿသည်၊ ဖုသနသဘာဝေန–အာရုံကို ထိခြင်း သဘောအားဖြင့်၊ ဧကဝိဓော–၏၊ ဣတိအာဒိနာ–ဤသို့ အစရှိသည်ဖြင့်၊ တေပညာသ–(၅၃)ပါးသည်၊ ဟောန္တိ–န်၏။

---

**ဣဒါနိ ၊ပေ၊ အာရဒ္ဓံ။** ။စေကသိက်ပိုင်းကို ဖွင့်ပြပြီး၍ ပဏ္ဏာသ်ပိုင်းကို ဖွင့်လိုသော ကြောင့် "ဣဒါနိ"စသည် မိန့်၊ ဤဂါထာ၌ "ဝေဒနာ၊ပေ၊ဝတ္ထုတော သင်္ဂဟော နာမ"ကို "ဝေဒနာသင်္ဂဟာဒိနာမကော"ဟု ဖွင့်သည်၊ စိတ္တုပ္ပာဒဝသေနေဝကို "တံ တံ ၊ပေ၊ ဝသေနေဝ"ဟု ဖွင့်သည်၊ "နကတ္တစိ တံဝိရဟေန"ကား ဝသေနေဝ၏ နိဝတ္တေဟဗ္ဗ အနက်ဖွင့်တည်း၊ "နိယတေ–သိအပ်၏"ဟု ပေးမည်စိုး၍ ဥပနိယတေ အာဟရိယတိ" ဟု ဖွင့်သည်။

**ဝေဒနာဒိ ၊ပေ၊ ဝိဘာဂတော။** ။"ဝေဒနာဒိ ၊ပေ၊ ဝိဘာဂ တော"ကို ဒဿေတုံ၌ စပ်၊ ဝေဒနာ,ဟိတ်,ကိစ္စ,ဒွါရ,အာရုံ,ဝတ္ထုအပြားအားဖြင့်လည်းကောင်း, ဝေဒနာစသော အပြားအားဖြင့်ပြားသော စိတ္တုပ္ပာဒ်တို့၏ အပြားအားဖြင့်လည်းကောင်း, ပကိဏ္ဏက သင်္ဂဟကို ပြခြင်းငှာ–ဟူလို၊ ဝေဒနာသင်္ဂဟ၌ "တိဝိဓာ ဝေဒနာ"စသည်ဖြင့် ဝေဒနာအပြားကို ပဌမပြ၍, "တတ္ထ သုခသဟဂတံ ၊ပေ၊ ကာယဝိညာဏမေကမေဝ" စသည်ဖြင့် ထိုဝေဒနာအပြားအားဖြင့် ပြားသောစိတ်အပြားကို ပြ၏၊ ဟေတုသင်္ဂဟ စသည်၌လည်းနည်းတူ၊ ထို့ကြောင့် "ဝေဒနာဒိ ဝိဘာဂတော ၊ပေ၊ စိတ္တုပ္ပာဒဝိဘာဂ တောစ"ဟု ဖွင့်သည်၊ ["ဝိဘဇီယတေတိ ဝိဘာဂေါ"ဟု ဝိဂ္ဂဟပြု၍ ဝေဖန်အပ်သော အပြားကို "ဝိဘာဂ"ဟု ခေါ်သည်။]

**၂။** ဣဒါနိ–၌၊ တေသံ ဓမ္မာနံ–ထို စိတ်, စေတသိက် တရားတို့၏၊ ယထာရဟံ–စွာ၊ ဝေဒနာဟေတုတော–ဝေဒနာ, ဟိတ်အားဖြင့်လည်းကောင်း၊ ကိစ္စဒွါရာလမ္ဗနဝတ္ထုတော–ကိစ္စ,ဒွါရ,အာရုံ,ဝတ္ထုအားဖြင့်လည်းကောင်း၊ သင်္ဂဟောနာမ–သင်္ဂဟမည်သော၊ ဝေဒနာသင်္ဂဟာဒိနာမကော–ဝေဒနာသင်္ဂဟ အစရှိသော အမည်ရှိသော၊ ပကိဏ္ဏကသင်္ဂဟော–ကို၊ စိတ္တုပ္ပာဒဝသေနေဝ–စိတ္တုပ္ပာဒ်တို့၏ အစွမ်းဖြင့်သာလျှင်၊ တံတံ ဝေဒနာဒိဘေဒဘိန္နစိတ္တုပ္ပာဒါနံ–ထိုထို ဝေဒနာအစရှိသောအပြားအားဖြင့် ပြားသောစိတ္တုပ္ပာဒ်တို့၏၊ ဝသေနေဝ–အစွမ်းဖြင့်သာလျှင်၊ (နီယတေ–ဆောင်ပြအပ်၏၊) ကတ္ထစိ–တစ်စုံတစ်ခုသော သင်္ဂဟ၌၊ ဝါ–မည်သည့်သင်္ဂဟ၌မျှ၊ တံဝိရဟေန–ထိုစိတ္တုပ္ပာဒ်တို့မှကင်းသဖြင့်၊ န (နီယတေ)–ဆောင်ပြအပ်မည် မဟုတ်၊ နီယတေ ဥပနီယတေ–ဆောင်ပြအပ်၏၊ အာဟရီယတိ–ဆောင်ပြအပ်၏၊ ဣတိ အတ္ထော–ဤကားအနက်။

## ဝေဒနာသင်္ဂဟ အဖွင့်

**၃။** တတ္ထာတိ–ကား၊ ဆသု–န်သော၊ တေသုသင်္ဂဟေသု–ထို သင်္ဂဟတို့တွင်၊ [ဝေဒနာသင်္ဂဟေ, ဟေတုသင်္ဂဟေ စသည်၌ စပ်၊] သုခါဒိဝေဒနာနံ–သုခအစရှိသော ဝေဒနာတို့ကိုလည်းကောင်း၊ [သင်္ဂဟော၌ စပ်၊] ဝါ–တို့၏လည်းကောင်း၊ [ဝိဘာဂ၌ စပ်] တံသဟဂတစိတ္တုပ္ပာဒါနဉ္စ–ထိုဝေဒနာနှင့် တကွဖြစ်သော စိတ္တုပ္ပာဒ်တို့ကိုလည်းကောင်း၊ ဝါ–တို့၏လည်းကောင်း၊ ဝိဘာဂဝသေန–ဝေဘန်အပ်သော အပြား၏ အစွမ်းဖြင့်၊ သင်္ဂဟော–သိမ်းယူရာ သိမ်းယူကြောင်း စကားရပ်သည်၊ ဝေဒနာသင်္ဂဟော–ဝေဒနာသင်္ဂဟ မည်၏၊ [ဤစကားနှင့်စပ်၍ မှတ်ဖွယ်ကို သင်္ဂြိုဟ်ဘာသာဋီကာ၌ ပြထားပြီ၊] ဒုက္ခတော–ဒုက္ခဝေဒနာမှလည်းကောင်း၊ သုခတော စ–သုခဝေဒနာမှလည်းကောင်း၊ အညာ–တစ်ပါးတခြားသော ဝေဒနာသည်၊ မ–ကာရာဂမဝသေန–မအက္ခရာ လာခြင်း၏ အစွမ်းဖြင့်၊ အဒုက္ခမသုခါ–အဒုက္ခမသုခါ မည်၏။

---

**ပကိဏ္ဏကသင်္ဂဟော။** ။ဝေဒနာဘေဒနှင့် ဝေဒနာဘေဒဘိန္နစိတ္တုပ္ပါဒ်တို့ကိုသာ ပြလျှင် "ဝေဒနာသင်္ဂဟ"ဟုသာ နာမည်တပ်ရာ၏၊ ယခုသော်ကား သင်္ဂဟတစ်မျိုးတည်း မဟုတ်, ဝေဒနာဟေတုစသော ခြောက်မျိုး အပြားကိုလည်းကောင်း,ထို ခြောက်မျိုး အားဖြင့် ပြားသောစိတ္တုပ္ပာဒ်များကိုလည်းကောင်း, ရောပြွမ်း၍ပြသောကြောင့် "ပကိဏ္ဏကသင်္ဂဟ" ဟု နာမည်တပ်သည်၊ ["ပကိဏ္ဏကော–ခြောက်မျိုးလုံး ရောပြွမ်းသော+သင်္ဂဟော–သင်္ဂဟ"။]

**ဒုက္ခတောပေ၊ဝသေန။** ။န+ဒုက္ခာ အဒုက္ခာ၊ န+သုခါ အသုခါ၊ န(အ)သည် အညအနက်ဟော၊ အဒုက္ခာစ+သာ+အသုခါစာတိ အဒုက္ခမသုခါ၊ (မ်) လာ၊ အဒုက္ခာ၌ အာကိုလည်း ရဿပြု၊ [အဒုက္ခာစ–ဒုက္ခမှတစ်ပါးလည်း ဟုတ်၏၊ သာ–ထို ဒုက္ခမှတစ်ပါးဟူသည်၊အသုခါစ–သုခမှတစ်ပါးလည်း ဟုတ်၏၊ ဣတိ အဒုက္ခမသုခါ။]

နနုစ–အံ့၊ (ကိံ–နည်း) ဒွေမာ ဘိက္ခဝေ ဝေဒနာ သုခါဒုက္ခာတိ–ဟူ၍၊ ဝစနတော–ဟောတော်မူခြင်းကြောင့်၊ ဝေဒနာ–တို့သည်၊ ဒွေဝေ–နှစ်ပါးတို့သာ လျှင် မဟုတ်ပါလော၊ ဣတိ–သို့၊ (နနုစ–၏၊) သစ္စံ–ဟောတော်မူအပ်သည် ကား မှန်၏၊ ပန–ထိုသို့ပင် မှန်ပါသော်လည်း၊ တံ–ထိုဒွေမာ ဘိက္ခဝေ အစရှိ သော စကားတော်ကို၊ [ဝုတ္တံ၌ စပ်] အနဝဇ္ဇပက္ခံ–အပြစ်မရှိသောအဖို့၌ ဖြစ် သော၊ အဒုက္ခမသုခံ–ကုသိုလ်,အဗျာကတ၌ဖြစ်သော အဒုက္ခမသုခဝေဒနာကို၊ သုခဝေဒနာယံ–သုခဝေဒနာ၌လည်းကောင်း၊သာဝဇ္ဇပက္ခံ–အပြစ်ရှိသောအဖို့၌ ဖြစ်သော၊ (အဒုက္ခမသုခံ–အကုသိုလ်၌ဖြစ်သော အဒုက္ခမသုခဝေဒနာကို၊) ဒုက္ခ ဝေဒနာယံ စ–၌လည်းကောင်း၊ သင်္ဂဟေတွာ–သိမ်းယူ၍၊ ဝုတ္တံ–ဟောတော်မူ အပ်ပြီ။

ကတ္တစိ–အချို့သော၊ သုတ္တေ–သုတ္တန်ပါဠိတော်၌၊ ယံကိဉ္စိ ဝေဒယိတမိဒမေတ္တ ဒုက္ခသ္မာတိ–သဟူသော၊ ယံပိဝစနံ–အကြင်စကားတော်သည်လည်း၊ (အတ္ထိ–၏၊) တံ–ထို စကားတော်ကို၊ သင်္ခါရဒုက္ခတာယ–သင်္ခါရဒုက္ခတို့၏ အဖြစ်ဖြင့်၊ သဗ္ဗဝေဒနာနံ–အလုံးစုံသော ဝေဒနာတို့၏၊ ဒုက္ခသဘာဝတ္တာ–ဒုက္ခသဘော ရှိကုန်သည်၏အဖြစ်ကြောင့်၊ ဝုတ္တံ–ပြီ၊ ယထာဟ–အဘယ်ကဲ့သို့ဟောတော်မူအပ် သနည်း၊ သင်္ခါရာနိစ္စတံ အာနန္ဒ၊ပေ၊ယံကိဉ္စိ ဝေဒယိတမိဒမေတ္တဒုက္ခသ္မာတိ– သဟူ၍၊ (အာဟ–ဟောတော်မူပြီ၊) [အာနန္ဒ–အာနန္ဒာ၊ သင်္ခါရာ နိစ္စတံ– သင်္ခါရတို့၏မမြဲကုန်သည်၏အဖြစ်ကိုလည်းကောင်း၊ သင်္ခါရဝိပရိဏာမတဉ္စ– သင်္ခါရတို့၏ ဖောက်ပြန်ခြင်း ရှိကုန်သည်၏ အဖြစ်ကိုလည်းကောင်း၊

---

**ဒွေမာ၊ပေ၊ဝုတ္တံ**။ ။စောဒကပုဂ္ဂိုလ်သည်“ဒွေမာ ဘိက္ခဝေ”စသော စကားတော်ကို နီတတ္ထ (တိုက်ရိုက် သိအပ်သော အနက်ရှိသော) ဒေသနာ ဟု ယူဆ၍“ဝေဒနာ နှစ်ပါးသာရှိသည်မဟုတ်လော”ဟု စောဒနာ၏၊ ပရိဟာရ် (အဖြေ)ဆရာကား နီတတ္ထ မဟုတ်, နေယျတ္ထ (ဆောင်၍ သိအပ်သော အနက်ရှိသော) ဒေသနာဖြစ် သောကြောင့် အဒုက္ခမသုခဝေဒနာကို သုခ–ဒုက္ခ၌ ထိုက်သည်အားလျော်စွာ သွင်း၍ ပြသည်၊ အနဝဇ္ဇပက္ခိက အဒုက္ခမသုခဟူသည် ကုသိုလ်အဗျာကတ၌ပါသော ဥပက္ခာဝေဒနာ တည်း၊ ထိုဝေဒနာကို သုခ၌သွင်းသည်၊ သာဝဇ္ဇပက္ခိက အဒုက္ခမသုခဟူသည် အကုသိုလ်၌ပါသော ဥပေက္ခာဝေဒနာတည်း၊ ထိုကို ဒုက္ခ၌သွင်းသည်။

**ယံပိ ၊ပေ၊ ဝုတ္တံ**။ ။ဤစကားသည် စောဒကကို ထပ်၍ ဖိသောစကားတည်း၊ သင်စောဒက အလိုအတိုင်းသာ သုတ္တန်ပါဠိတော်များကို လိုက်မည်ဆိုလျှင် ဝေဒနာ တစ်ပါးထည်း ဟောထားတော်မူရာ သုတ်များလည်း ရှိသေး၏–ဟူလို၊ ယထာဟ– စသည်ဖြင့် ဘုရားဟောပါဠိတော်ကို ထုတ်ပြသည်၊ ထိုပါဠိတော်၌ အနိစ္စသဘောချင်း ဝိပရိဏာမသဘောချင်း တူသောကြောင့် ဝေဒနာဟူသမျှကို ဒုက္ခဟုချည်း ဟောတော်မူ သည်၊ ဤပါဠိတော်ကို အသင်စောဒက၏ အလိုကျယူဆလျှင် ဝေဒနာသုံးပါး မရှိ, တစ်ပါးသာ ရှိ၏ဟု ယူဆရလိမ့်မည်–ဟူလို။

သန္ဓာယ–ရည်ရွယ်တော်မူ၍၊ မယာ–ငါသည်၊ ယံကိဉ္စိ ဝေဒယိတမိဒမေတ္ထ ဒုက္ခသ္မာတိ–သဿဟူ၍၊ ဘာသိတံ–ဟောတော်မူအပ်ပြီ၊] [ယံကိဉ္စိ ဝေဒယိတံ–အမှတ်မရှိ ကြွင်းမဲ့ဥဿုံ အလုံးစုံသော အကြင်ဝေဒနာသည်၊ (အတ္ထိ–၏) ဧတ္ထ–ဤတေဘူမကသင်္ခါရတို့၌၊ ဝါ–တေဘူမကဝဋ္ဋဒုက္ခတို့၌၊ (ပရိယာပန္နံ–အကျုံးဝင်သော၊ သဗ္ဗံ–အလုံးစုံသော၊ ဣဒံ (ဝေဒယိတံ) ဤဝေဒနာသည်၊ ဒုက္ခံ–ဒုက္ခသည်၊ အဿ–ဖြစ်၏၊] တသ္မာ–ကြောင့်၊ ဝါ–ထိုသို့ သုတ္တန်ပါဠိ တော်၏ နီတတ္ထမဟုတ်, နေယျတ္ထ၏ ့အဖြစ်ကြောင့်၊ ဝေဒနာ–ဝေဒနာ တို့သည်၊ တိဿောယေဝ–သုံးပါးတို့သာတည်း၊ ဣတိ–သို့၊ ဒဋ္ဌဗ္ဗာ–န်၏၊ တေန–ကြောင့်၊ ဘဂဝါ–သည်၊ တိဿော ဣမာ ဘိက္ခဝေ ဝေဒနာ သုခါ ဒုက္ခာ အဒုက္ခမသုခါ စာတိ–စဟူ၍၊ အာဟ–ဟောတော်မူပြီ။

ပန–ဆက်၊ ဧဝံ–ဤ ဆိုအပ်ပြီးသော စကားဖြင့်၊ တိဝိဓာပိ–သုံးပါးအပြားရှိ သည်လည်းဖြစ်ကုန်သော၊ တော–ဤဝေဒနာတို့ကို၊ ဣန္ဒြိယဒေသနာယံ–ဣန္ဒြေတို့ကို ဟောရာဒေနာတော်၌၊ [“ဣန္ဒြိယဝိဘင်းဒေသနာ, ဣန္ဒြိယသံယုတ် ဒေသနာ၌”ဟူလို၊] သုခိန္ဒြိယံ ၊ပေ၊ ဥပေက္ခိန္ဒြိယန္တိ–သုခိန္ဒြိယံ၊ပေ၊ ဥပေက္ခိန္ဒြိယံ ဟူ၍၊ ပဉ္စဓာ–ငါးပါးအပြားအားဖြင့်၊ ဒေသိတာ–ဟောတော်မူအပ်ကုန်ပြီ၊ ဣတိ–ထို့ကြောင့်၊ တံဝသေနပိ–ထို ဣန္ဒြေတို့၏ အစွမ်းဖြင့်လည်း၊ ဧတ္ထ–ဤဝေဒနာသင်္ဂဟ၌၊ ဝိဘာဂံ–ဝေဖန်အပ်သော အပြားကို၊ ဒဿေတုံ–ငှာ၊ သုခံဒုက္ခံတျာဒိ–အစရှိသော စကားကို၊ (အာစရိယေန) ဝုတ္တံ–ပြီ။

ဟိ–ချဲ့၊ ကာယိကမာနသိက သာတာသာတဘေဒတော–ကိုယ်၌ဖြစ်သော သာယာတတ်သောဝေဒနာ, မသာယာတတ်သော ဝေဒနာတို့၏အပြား, စိတ်၌ ဖြစ်သော သာယာတတ်သော ဝေဒနာ, မသာယာတတ်သော ဝေဒနာတို့၏ အပြားအားဖြင့်၊ သုခံ–သုခဝေဒနာကိုလည်းကောင်း၊ ဒုက္ခဉ္စ–ဒုက္ခဝေဒနာ ကိုလည်းကောင်း၊ ပစ္စေကံ–အသီးအသီး၊ ဒွိဓာ–နှစ်ပါးအပြားအားဖြင့်၊ ဝိဘဇိတွာ–ဝေဖန်တော်မူ၍၊ သုခိန္ဒြိယံ၊ ပေ၊ ဒေါမနဿိန္ဒြိယန္တိ–သုခိန္ဒြိယံ ၊ပေ၊ ဒေါမနဿိန္ဒြိယံဟူ၍၊ ဒေသိတာ–ပြီ၊ ဥပေက္ခာပန–ဥပေက္ခာကိုကား၊ အဒုဘာဝတော–သာတ,အသာတအပြား၏ မရှိခြင်းကြောင့်၊ ဥပေက္ခိန္ဒြိယန္တိ–ဟူ၍၊ ဧကဓာဝ–တစ်ပါးသော အဖို့အားဖြင့်သာလျှင်၊ (ဒေသိတာ–ပြီ။)

---

**ကာယိက ၊ပေ၊ ဒေသိတာ။** ။ကာယဒွါရ၌ဖြစ်သော ကာယဝိညာဏ်နှင့်ယှဉ်သော သုခကို ကာယိကသာတ, ထို၌ယှဉ်သော ဒုက္ခကို ကာယိကအသာတဟု ခေါ်၏၊ စိတ်၌ ယှဉ်သော သုခကို စေတသိကသာတ, ဒုက္ခကို စေတသိကအသာတဟု ခေါ်၏၊ ထိုကာယိကသုခ–ဒုက္ခကို သုခိန္ဒြေ, ဒုက္ခိန္ဒြေဟု နာမည်တပ်၍, ထိုစေတသိက သုခ ဒုက္ခကို သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေဟု နာမည်တပ်တော်မူသည်။

ဟိ–ထင်ရှားအောင်ပြဦးအံ့၊ (တစ်နည်း) ဟိ(ယသ္မာ)–ကြောင့်၊ သုခဒုက္ခာနိ–သုခ, ဒုက္ခတို့သည်၊ အညထာ–မာနသိကသာတ အသာတမှ တစ်ပါးသော အပြားအားဖြင့်၊ ကာယဿ–ကိုယ်ကို၊ အနုဂ္ဂဟံ–ချီးမြှောက်ခြင်းကိုလည်းကောင်း၊ ဥပဃာတဥ္စ–ညှဉ်းဆဲခြင်းကိုလည်းကောင်း၊ ကရောန္တိ ယထာ–ပြုကုန်သကဲ့သို့၊ အညထာ–ကာယိကသာတ, အသာတမှ တစ်ပါးသော အပြားအားဖြင့်၊ မနသော–စိတ်ကို၊ (အနုဂ္ဂဟံ–ကိုလည်းကောင်း၊ ဥပဃာတဥ္စ–ကိုလည်းကောင်း၊ ကရောန္တိ ယထာ–သို့၊) ဧဝံ–ဤအတူ၊ ဥပေက္ခာ–ဥပေက္ခာဝေဒနာသည်၊ (အညထာ–မာနသိကသာတ အသာတမှ တစ်ပါးသော အပြားအားဖြင့်၊ ကာယဿ–ကို၊ အနုဂ္ဂဟံ–ကိုလည်းကောင်း၊ ဥပဃာတဥ္စ–ကိုလည်းကောင်း၊) န (ကရောတိ)–မပြုတတ်၊ (အညထာ–ကာယိကသာတ အသာတမှ တစ်ပါးသော အပြားအားဖြင့်၊ မနသော–ကို၊ အနုဂ္ဂဟံ–ကိုလည်းကောင်း၊ ဥပဃာတဥ္စ–ကိုလည်းကောင်း၊ န ကရောတိ–တတ်၊) တသ္မာ–ကြောင့်၊ ["သုခဒုက္ခတို့ကဲ့သို့ ကိုယ်စိတ်ကို ချီးမြှောက်မှု, ညှဉ်းဆဲမှုကို မပြုတတ်သည်၏ အဖြစ်ကြောင့်"ဟူလို၊] (သာ–ထိုဥပေက္ခာဝေဒနာကို၊) ဧကဓာ–တစ်ပါးသော အဖို့အားဖြင့်သာလျှင်၊ ဒေသိတာ။

တေန–ထို့ကြောင့်၊ ပေါရာဏာ–ရှေးဆရာတို့သည်၊ ကာယိကံ မာနသံ ဒုက္ခံ၊ပေ၊ပဥ္စဓိန္ဒြိယဘေဒတောတိ–ကာယိကံ မာနသံ ဒုက္ခံ၊ပေ၊ပဥ္စဓိန္ဒြိယဘေဒတောဟူ၍၊ အာဟု–မိန့်တော်မူကြကုန်ပြီ၊ [ကာယိကံ–ကာယဒွါရ၌ဖြစ်သော၊ ဒုက္ခံ–ဒုက္ခဝေဒနာလည်းကောင်း၊ သုခံ စ–သုခဝေဒနာလည်းကောင်း၊ မာနသံ–စိတ်၌ဖြစ်သော၊ (ဒုက္ခံ–လည်းကောင်း၊ သုခံ စ–လည်းကောင်း၊) ဥပေက္ခာဝေဒနာ–ဥပေက္ခာဝေဒနာဟူသော၊ ဧကံ–တစ်ပါးတည်းသော၊ မာနသမေဝ–စိတ်၌သာလျှင်ဖြစ်သောဝေဒနာလည်းကောင်း၊ ဣတိ–သို့၊ ဣန္ဒြိယဘေဒတော–ဣန္ဒြေတို့၏ အပြားအားဖြင့်၊ ပဥ္စဓာ–ငါးပါးပြားကုန်၏။]

---

(**ယထာဟိ ၊ပေ၊ ဒေသိတာ**။ ။"ဥပေက္ခိန္ဒြိယံတိ ဧကဓာ"ကိုပင် ဥပမာဖြင့် ထင်ရှား ပြလို၍ "ယထာဟိ"စသည်မိန့်၊ ကာယိကသုခ ဖြစ်သောအခါ ခန္ဓာကိုယ်၌ ချမ်းသာ၏၊ ထိုချမ်းသာမှုကို "အနုဂ္ဂဟ–ချီးမြှောက်ခြင်း"ဟု ဆိုသည်၊ ကာယိကဒုက္ခ ဖြစ်သောအခါ ခန္ဓာကိုယ်ဆင်းရဲ၏၊ ထိုဆင်းရဲမှုကို "ဥပဃာတ"ဟု ဆိုသည်၊ စေတသိကသုခဒုက္ခဖြစ်သောအခါ စိတ်ချမ်းသာမှု ဆင်းရဲမှုကိုလည်း အနုဂ္ဂဟ–ဥပဃာတဟု ဆိုသည်၊ ဥပေက္ခာကား ထိုသို့ ချမ်းသာအောင်လည်း မပြုနိုင် ဆင်းရဲအောင်လည်း မပြုနိုင်၊ ထိုကြောင့် သုခဒုက္ခကို နှစ်ပါးစီ ဟောသကဲ့သို့ ဥပေက္ခာကို နှစ်ပါးမဟောဘဲ တစ်ပါးတည်းသာ ဟောတော်မူသည်။

**တေနာဟု**။ ။ကာယိကံမာနသံ–စသောဂါထာသည် သစ္စသံခိပ်ဂါထာတည်း၊ ထိုကျမ်းဆရာဖြစ်သော အရှင်ဓမ္မပါလ တစ်ပါးတည်းကိုပင် လေးစားသောအားဖြင့် "ပေါရာဏာ အာဟု"ဟု ဂါရဝဗဟုစ်ကို အသုံးပြုသည်။

တတ္ထ–ထိုဝေဒနာတို့တွင်၊ သုခံ–သုခဝေဒနာသည်၊ ဣဋ္ဌဖောဋ္ဌဗ္ဗာနုဘဝန လက္ခဏံ–ဣဋ္ဌဖြစ်သော ဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်းလက္ခဏာရှိ၏၊ ဒုက္ခံ–ဒုက္ခ ဝေဒနာသည်၊ အနိဋ္ဌဖောဋ္ဌဗ္ဗာနုဘဝနလက္ခဏံ–အနိဋ္ဌဖြစ်သော ဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်းလက္ခဏာရှိ၏၊ သောမနဿံ–သောမနဿဝေဒနာသည်၊ သဘာဝ တော–ပင်ကိုယ် သဘောအားဖြင့်လည်းကောင်း၊ ပရိကပ္ပတောဝါ–ကြံစည် အပ်သော သဘောအားဖြင့်လည်းကောင်း၊ ဣဋ္ဌာနုဘဝနလက္ခဏံ–ဣဋ္ဌာရုံကို ခံစားခြင်း လက္ခဏာရှိ၏၊ [သဘာဝတော ပရိကပ္ပတောတို့ကို ဣဋ္ဌတွင်စပ်၍ "သဘာဝဣဋ္ဌ, ပရိကပ္ပဣဋ္ဌအာရုံကို ခံစားခြင်းလက္ခဏာ ရှိ၏"ဟု မှတ်၊ သဘာဝ, ပရိကပ္ပဣဋ္ဌ အခွဲကို လောဘမူသောမနဿဖြစ်ကြောင်း၌ ညွှန်ပြခဲ့ပြီ၊] ဒေါမနဿံ–သည်၊ တထာ–ထိုသဘာဝ, ပရိကပ္ပအားဖြင့်၊ အနိဋ္ဌာနုဘဝန လက္ခဏံ–အနိဋ္ဌာရုံကိုခံစားခြင်းလက္ခဏာရှိ၏၊ ဥပေက္ခာ–သည်၊ မဇ္ဈတ္တာနုဘဝန လက္ခဏာ–အလယ်အလတ်၌ တည်သောသဘောရှိသော အာရုံကို ခံစားခြင်း လက္ခဏာ ရှိ၏။

၅။ ပစ္စေကံ–အသီးအသီး၊ ဝါ–ဈာန်စိတ် တစ်ပါးပါးလျှင်၊ လောကိယ လောကုတ္တရဘေဒေန–လောကီဈာန်စိတ်, လောကုတ္တရာဈာန်စိတ်တို့၏ အပြား အားဖြင့်၊ ကောဒသဝိဓတ္တာ–(၁၁)ပါးစီအပြားရှိကုန်သည်၏အဖြစ်ကြောင့်၊ စတုစတ္တာလီသ–(၄၄)ပါးသော၊ (မဟဂ္ဂတလောကုတ္တရစိတ္တာနိ စ–မဟဂ္ဂုတ်, လောကုတ္တရာစိတ်တို့လည်းကောင်း၊) [ပဌမဒုတိယ တတိယစတုတ္ထဇ္ဈာနသင်္ခါ တာနိ စတုစတ္တာလီသမဟဂ္ဂတလောကုတ္တရစိတ္တာနိ စေတိ၏ အဖွင့်တည်း။]

၇။ သေသာနီတိ–ကား၊ သုခဒုက္ခသောမနဿဒေါမနဿသဟဂတေဟိ– သုခသဟဂုတ်စိတ်,ဒုက္ခသဟဂုတ်စိတ်,သောမနဿသဟဂုတ်စိတ်, ဒေါမနဿ သဟဂုတ်စိတ်တို့မှ၊ အဝသေသာနိ–ကြွင်းကုန်သော၊[ပဥ္စပညာသစိတ္တာနိ၌ စပ်၊] အကုသလတော–အကုသိုလ်စိတ်တို့မှ၊ (ဥဒ္ဓဋ္ဋာနိ–ထုတ်ဆောင်အပ် ကုန်သော၊) (တစ်နည်း:) အကုသလတော–အကုသိုလ်ဖြစ်ကုန်သော၊ [တောပစ္စည်း ပဌမာ အနက်၌သက်၊ နောက်၌လည်း ဤသို့နှစ်နည်းပေး၊] ဆ–ခြောက်ပါး သော ဥပေက္ခာသဟဂုတ်စိတ်တို့လည်းကောင်း၊ အဟေတုကတော–အဟိတ်စိတ်တို့ မှ၊ (ဥဒ္ဓဋ္ဋာနိ–န်သော၊) စုဒ္ဒသ–ဆယ့်လေးပါးသော ဥပေက္ခာသဟဂုတ် စိတ်တို့ လည်းကောင်း၊ ကာမာဝစရသောဘနတော–ကာမာဝစရ သောဘနစိတ်တို့မှ၊ (ဥဒ္ဓဋ္ဋာနိ–န်သော၊) ဒွါဒသ–ဆယ့်နှစ်ပါးသော ဥပေက္ခာသဟဂုတ်စိတ်တို့ လည်းကောင်း၊ ပဥ္စမဇ္ဈာနိကာနိ–ပဥ္စမဈာန်၌ ယှဉ်ကုန်သော၊ တေဝီသ– နှစ်ဆယ့်သုံးပါးသော ဥပေက္ခာသဟဂုတ်စိတ်တို့လည်းကောင်း၊ ဣတိ–သို့၊ သဗ္ဗာနိပိ–အလုံးစုံလည်းဖြစ်ကုန်သော၊ ပဥ္စပညာသ–ငါးဆယ့်ငါးပါးသော၊ (စိတ္တာနိ–တို့သည်၊ ဥပေက္ခာသဟဂတစိတ္တာနေဝ–ဥပေက္ခာသဟဂုတ်စိတ် တို့ချည်းသာတည်း၊) [ဤသို့ သင်္ဂြိုဟ်ပါဌ်၌ လှမ်းစပ်။]

## ဟေတုသင်္ဂဟအဖွင့်

**၁၀။** လောဘာဒိဟေတူနံ–လောဘအစရှိသောဟိတ်တို့၏၊ ဝိဘာဂဝသေန–ဝေဖန်အပ်သော အပြား၏ အစွမ်းဖြင့်လည်းကောင်း၊ တံသမ္ပယုတ္တာဝသေနစ–ထိုဟိတ်တို့နှင့် ယှဉ်သောစိတ်တို့၏ အစွမ်းဖြင့်လည်းကောင်း၊ သင်္ဂဟော–သည်၊ ဟေတုသင်္ဂဟော–ဟေတုသင်္ဂဟမည်၏၊ ဟေတဝေါနာမ–ဟိတ်တို့မည်သည်၊ ဆဗ္ဗိဓာ–ခြောက်ပါးအပြားရှိကုန်သည်၊ ဘဝန္တိ–န်၏၊ ႗ကတိ(အယံ)ကား၊ သမ္ဗန္ဓော–တည်း၊ [ယခုသင်္ဂြိုဟ်ပါဠိ၌ကား"ဟေတဝေါ နာမ"ဟု မရှိ၊ "ဟေတူ နာမ"ဟု ရှိသည်၊ထိုဟေတူ နာမကိုလည်း ဆဗ္ဗိဓာဘဝန္တိ၌ စပ်ပါ၊] ပန–ဆက်၊ နေသံ–ထိုဟိတ်တို့၏၊ ဟေတုဘာဝေါ–ဟေတုအမည်၏ ဖြစ်ကြောင်းဖြစ်ရာ သဒ္ဒပဝတ္တိနိမိတ်သည်၊ သမ္ပယုတ္တာနံ–ယှဉ်ဖက်စိတ်,စေတသိက်တို့၏၊ သုပ္ပတိဋ္ဌိတဘာဝသာဓနသင်္ခါတော–ကောင်းစွာတည်တံ့ကုန်သည်၏ အဖြစ်ကို ပြီးစေတတ်သည်၏ အဖြစ်ဟု ဆိုအပ်သော၊ မူလဘာဝေါ–ရေသောက်မြစ်နှင့် တူသည်၏ အဖြစ်တည်း၊ ["သာဓနဘာဝသင်္ခါတော"ဟု ဆိုလိုလျက် ဘာဝပုဒ်ကြေသည်၊] ဟိ–မှန်၏၊ လဒ္ဓဟေတုပစ္စယာ–ရအပ်သော ဟေတုပစ္စည်း ရှိကုန်သော၊ ဝါ–ဟေတုသတ္တိဖြင့် ကျေးဇူးပြုခံကြရကုန်သော၊ ဓမ္မာ–ပစ္စယုပ္ပန်တရားတို့သည်၊ ဝိရူဋ္ဌမူလာ–စည်ပင်သော ရေသောက်မြစ်ရှိကုန်သော၊ ပါဒပါ ဝိယ – သစ်ပင်တို့ကဲ့သို့၊ ထိရာ – ခိုင်မြဲကုန်သည်၊

---

**လောဘာဒိ၊ပေ၊သင်္ဂဟော။** ။"လောဘာဒိဟေတူနံ တံ သမ္ပယုတ္တာဝသေန စ"ကိုကြည့်၍"ဟေတဝေါစ–ဟိတ်တို့လည်း၊ ဟေတုသမ္ပယုတ္တာစ–ဟေတုသမ္ပယုတ်စိတ္တုပ္ပာဒ်တို့လည်း၊ ဟေတဝေါ–ဟိတ်, ဟေတုသမ္ပယုတ်စိတ္တုပ္ပာဒ်တို့၊"ဟု ဧကဒေသသရူပေကသေသ်ပြု၊ ထို့နောက်"ဟေတူနံ–ဟိတ် ဟေတုသမ္ပယုတ်စိတ္တုပ္ပာဒ်တို့ကို+သင်္ဂဟော ဟေတုသင်္ဂဟော"ဟု ပြုစေလိုသည်၊ သို့သော် ဤအဖွင့်သည် အရှင်အနုရုဒ္ဓါ၏ အာဘော်မကျ၊ "ဝေဒနာဟေတုတော ၊ပေ၊ သင်္ဂဟော နာမ နီယတေ" ဟူသော ပဋိညာဉ်ကိုကြည့်၍ "ဟေတုတော–ဟိတ်အားဖြင့်+သင်္ဂဟော–စိတ္တုပ္ပာဒ်တို့ကို သိမ်းယူရာ စကားရပ်တည်း၊ ဟေတုသင်္ဂဟော–ရပ်၊"ဟု ပြုမှ အရှင်အနုရုဒ္ဓါ၏ အာဘော်ကျမည်၊ ဝေဒနာသင်္ဂဟစသော သင်္ဂဟတို့၌လည်း နည်းတူ။

**ဟေတုဘာဝေါ ပန**။ ။လောဘစသည်တို့၏ ဟေတုအမည်ရခြင်း၏ အကြောင်း (သဒ္ဒပဝတ္တိနိမိတ်)ကား အဘယ်ပါနည်းဟု မေးဖွယ်ရှိ၍ "ဟေတုဘာဝေါ ပန ၊ပေ၊ မူလဘာဝေါ"ဟု မိန့်၊ ဟေတုအမည်ရခြင်း၏ အကြောင်းကား ယှဉ်ဖက်တရားတို့ကို ခိုင်မြဲစေတတ်သော ရေသောက်မြစ်နှင့် တူသည်၏အဖြစ်တည်း၊ သစ်ပင်သည် ရေသောက်မြစ်ကောင်းလေ ခိုင်မြဲလေ ဖြစ်သကဲ့သို့, လောဘစသောတရားတို့၏ အာရုံ၌ စွဲမြဲလေ ယှဉ်ဖက်တရားတို့လည်း ထိုအာရုံအပေါ်၌ ခိုင်မြဲလေ ဖြစ်သည်–ဟူလို၊ ထိုအဓိပ္ပာယ်ကို ပြလို၍ "လဒ္ဓဟေတုပစ္စယာ ဟိ" စသည်ကို မိန့်၊ ဟေတုပစ္စည်းအခန်း (သုံးချက်စု) ဘာသာဋီကာ၌ ဤအဓိပ္ပာယ်များ ပြထားပြီ။

ဟောန္တိ–န်၏၊ အဟေတုကာဝိယ–အဟိတ်စိတ္တုပ္ပာဒ်တို့ကဲ့သို့၊ ဓလတလေ–ရေအပြင်၌၊ သေဝါလသဒိသာ–မှော်နှင့်တူကုန်သည်၊ န(ဟောန္တိ)န်၊ [မှော်တို့သည် အမြစ်မခိုင်သောကြောင့် လေလာတိုင်း လွင့်ရသကဲ့သို့ အဟိတ်စိတ်တို့လည်း အာရုံ၌ မခိုင်မြဲကြကုန်–ဟူလို၊] ဝေဠကတ္တာ–ကြောင့်၊ ဧတေ–ဤဟိတ်တို့ကို၊ မူလသဒိသတာယ–ရေသောက်မြစ်နှင့် တူကုန်သည်၏ အဖြစ်ကြောင့်၊ မူလာနီတိစ–မူလတို့ဟူ၍လည်း၊ ဝုစ္စန္တိ–ဆိုအပ်ကုန်၏၊ ["လောဘမူလ"စသည်ဖြင့် နာမည်တစ်မျိုးတပ်၍ ဆိုရသည်–ဟူလို၊]

ပန–ဝါဒန္တရကား၊ အပရေ–တို့သည်၊ ကုသလာဒီနံ–ကုသိုလ်အစရှိသည်တို့၏၊ [အာဒိဖြင့် အကုသိုလ်, အဗျာကတတို့ကို ယူ၊] ကုသလာဒိဘာဝသာဓနံ–ကုသိုလ်အစရှိသည်တို့၏ အဖြစ်ကိုပြီးစေတတ်သော, သတ္တိသည်၊ ဟေတုဘာဝေါ–ဟိတ်၏ဖြစ်ကြောင်း ဖြစ်ရာတည်း၊ ဣတိ–သို့၊ ဝဒန္တိ–န်၏၊ ဧဝံသတိ–ဤသို့ အပရေဆရာတို့ဆိုတိုင်း ဖြစ်လသော်၊ ဟေတူနံ–ဟိတ်တို့၏၊ အတ္တနော–မိမိ၏၊ ကုသလာဒိဘာဝသာဓနော–ကုသိုလ်အစရှိသည်တို့၏ အဖြစ်ကို ပြီးစေတတ်သော၊ အညော–အခြားသော၊ ဟေတု–ဟိတ်သည်၊ ဝါ–ကို၊ မဂ္ဂိတဗ္ဗော–ရှာမှီးထိုက်သည်၊ သိယာ–ဖြစ်ရာ၏။

တေသံ–ထိုဟိတ်တို့၏၊ ကုသလာဒိဘာဝေါ–ကုသိုလ်အစရှိသည်တို့၏ အဖြစ်သည်၊ သေသသမ္ပယုတ္တဟေတုပဋိဗဒ္ဓေါ–ကြွင်းသောယှဉ်ဖက်ဟိတ်တို့နှင့် စပ်သည်၊ (ဟောတိ–၏၊ ဣတိ–သို့၊)အထ(ဝဒေယျ)–အကယ်၍ ပြောဆိုအံ့၊ ဧဝမ္ပိ–ဤသို့ဖြစ်ပြန်သော်လည်း၊ မောမူဟစိတ္တသမ္ပယုတ္တဿ–မောဟမူစိတ်နှင့်

**အပရေ ၊ပေ၊ ဝဒန္တိ**။ ။ကုသိုလ်တရားတို့သည် အလောဘစသော ဟိတ်ကြောင့် ကုသိုလ်အဖြစ်–ဖြစ်ကြရ၏၊ ထို့ကြောင့် ကုသိုလ်တရားအဖြစ်ဖြင့် ဖြစ်ရခြင်း၏ အကြောင်းသည် အလောဘ အဒေါသ အမောဟတို့တည်း၊ အကုသိုလ် အဗျာကတတို့၏ အကုသိုလ်အဗျာကတ အဖြစ်ဖြင့် ဖြစ်ရခြင်းလည်း လောဘစသော အလောဘစသော ဟိတ်တို့ကြောင့်တည်း၊ ဤသို့လျှင် ကုသိုလ်စသည်ဖြစ်စေနိုင်သော သတ္တိကို ဟေတုအမည်ရခြင်း၏ အကြောင်းသဒ္ဒပဝတ္တိနိမိတ် ဟု အပရေဆရာတို့ဆိုကြသည်။

**ဧဝံသတိ**။ ။ထိုအပရေဝါဒ၌ (လဒ္ဓဒေါသ)ရထိုက်သောအပြစ်ကို ပြလို၍ "ဧဝံသတိ ၊ပေ၊န သိယာ"ဟု မိန့်သည်၊ ဤသို့ဖြစ်လျှင် "ဟေတူနံ ၊ပေ၊ မဂ္ဂိတဗ္ဗောသိယာ–အလောဘစသော ဟိတ်တို့၏ ကုသိုလ်အဗျာကတဖြစ်ကြောင်း, လောဘစသောဟိတ်တို့၏ အကုသိုလ်ဖြစ်ကြောင်းကို ပြီးစေဖို့ရာ အခြားဟိတ်တစ်မျိုး ရှာရလိမ့်မည်။

**အထ၊ပေ၊ကုသလာဒိဘာဝေါ**။ ။"ထို အလောဘစသော ဟိတ်တို့၏ ကုသိုလ် အဗျာကတဖြစ်မှု, လောဘစသော ဟိတ်တို့၏ အကုသိုလ်ဖြစ်မှုသည် ယှဉ်ဖက် ဟိတ်များနှင့် စပ်၏"ဟု ဆိုအံ့၊ "အလောဘ၏ ကုသိုလ်ဖြစ်ဖို့ရန် အဒေါသ အမောဟ ဟူသော ယှဉ်ဖက်ဟိတ်နှင့် စပ်၏၊ ဤသို့ စသည်ဖြင့် ဆိုလိုအံ့"ဟူလို။

ယှဉ်သော၊ ဟေတုနော–တစ်ပါးတည်းသောဟိတ်၏၊ အကုသလဘာဝေါ–အကုသိုလ်၏ အဖြစ်သည်၊ အပ္ပဋိဗဒ္ဓေါ–တစ်စုံတစ်ခုသောဟိတ်နှင့် စပ်ခြင်းမရှိသည်၊ သိယာ–ဖြစ်ပြန်ရာ၏။

တသ္မ–ထိုမောဟမူစိတ်နှင့် ယှဉ်သော ဟိတ်၏၊ သဘာဝတော–ပင်ကိုသဘောအားဖြင့်၊ အကုသလဘာဝေါပိ–အကုသိုလ်၏ အဖြစ်သည်လည်း၊ သိယာ–ရာ၏၊ (ဣတိ–သို့၊) အထ (ဝဒေယျ)အံ့၊ ဧဝံသတိ–သော်၊ သေသဟေတူနံပိ–မောဟမူစိတ်နှင့် ယှဉ်သောဟိတ်မှ ကြွင်းသော ဟိတ်တို့၏လည်း၊ သဘာဝတောဝ–ဖြင့်ပင်၊ ကုသလာဒိဘာဝေါ–သည်၊ (ဟောတိ–၏၊) ဣတိ–ကြောင့်၊ တေသံ ဝိယ–ထို ဟိတ်တို့၏ကဲ့သို့၊ သမ္ပယုတ္တဓမ္မာနံပိ–ဟိတ်နှင့် ယှဉ်သောတရားတို့၏လည်း၊ သော–ထို ကုသိုလ်အစရှိသည်၏ အဖြစ်သည်၊ ဟေတုပဋိဗဒ္ဓေါ–ဟိတ်နှင့် စပ်သည်၊ န သိယာ–မဖြစ်တော့ရာ။

စ–ဆက်၊ ကုသလာဒိဘာဝေါ–ကုသိုလ်အစရှိသည်တို့၏ အဖြစ်သည်၊ ဝါ–ကုသိုလ်၏ဖြစ်ကြောင်းဖြစ်ရာ, အကုသိုလ်၏ ဖြစ်ကြောင်းဖြစ်ရာ, အဗျာကတ၏ဖြစ်ကြောင်းဖြစ်ရာသည်၊ ဟေတုပဋိဗဒ္ဓေါ–ဟိတ်နှင့်စပ်သည်၊ ယဒိ(ဟောတိ)–အကယ်၍ဖြစ်အံ့၊ တဒါ–ထိုသို့ဖြစ်ရာအခါ၌၊ အဟေတုကာနံ–ယှဉ်ဖက်ဟိတ် မရှိကုန်သော အဟိတ်စိတ်တို့၏၊ အဗျာကတဘာဝေါ–အဗျာကတ၏အဖြစ်သည်၊ န သိယာ–မဖြစ်တော့ရာ၊ [ယှဉ်ဖက်ဟိတ် မရှိသည့်အတွက် အဟိတ်စိတ်တို့မှာ အဗျာကတနာမည်တောင် ရနိုင်စရာ မရှိတော့–ဟူလို၊] ဣတိ–ကြောင့်၊ ဝါ–အပရေဆရာတို့စကား၏ အခြေအမြစ် မရှိသည်၏ အဖြစ်ကြောင့်၊ အတိနိပ္ပုဋ္ဌနေန–အပရေဆရာတို့ကို အလွန်နှိပ်ကြောင်းစကားဖြင့်၊ အလံ–အကျိုးမရှိတော့ပြီ။

---

**ဧဝမ္ပိ ၊ပေ၊ အပ္ပဋိဗဒ္ဓေါသိယာ**။ ။ဤသို့ ဖြစ်လျှင် မောဟမူစိတ်၌ ယှဉ်သော မောဟဟိတ်မှာ ယှဉ်ဖက် အခြားဟိတ်တစ်ပါး မရှိသောကြောင့် မည်သည့် ဟိတ်နှင့်မျှ မစပ်ဘဲ အကုသိုလ်အဖြစ်သည် ပြီးစီးရာ ရောက်၏။

**အထ၊ပေ၊သိယာ**။ ။ထိုမောဟမူစိတ်၌ယှဉ်သော မောဟဟိတ်မှာ(ဆက်သွယ်ဖို့ရာဟိတ်မရှိသောကြောင့်) ပင်ကိုသဘောအတိုင်းပင် အကုသိုလ်ဖြစ်နေပါသည်–ဟု ဆိုရတော့မည်။

**ဧဝံသတိ၊ ပေ၊ န သိယာ**။ ။ဧဝံသတိ–ဤသို့ မောဟမူစိတ်၌ မောဟ၏ အခြားဟိတ်နှင့် မစပ်ဘဲ ပင်ကိုသဘောအားဖြင့် အကုသိုလ်ဖြစ်နိုင်ပြန်လျှင် ကြွင်းသော ဟိတ်များလည်း ပင်ကိုသဘောအားဖြင့်ပင် ကုသိုလ်စသည် ဖြစ်ရာ၏၊ ဤသို့ ဟိတ်ဟူသမျှတို့က ပင်ကိုသဘာဝအားဖြင့် ကုသိုလ်စသည် ဖြစ်နိုင်ပြန်လျှင် ဟိတ်မှ ကြွင်းသော သမ္ပယုတ်တို့လည်း ပင်ကိုအတိုင်းပင် (ဟိတ်နှင့် မစပ်ဘဲ) ကုသိုလ် စသည် ဖြစ်နိုင်စရာရှိသည်။

ပန–ဆက်၊ ကုသလာကုသလာနံ–ကုသိုလ်, အကုသိုလ်တို့၏၊ ကုသလာဒိဘာဝေါ–ကုသိုလ်အစရှိသည်တို့၏ အဖြစ်သည်၊ ယောနိသောအယောနိသောမနသိကာရပ္ပဋိဗဒ္ဓေါ–ယောနိသောမနသိကာရ, အယောနိသောမနသိကာရနှင့် စပ်၏၊ ယထာဟ–အဘယ်ကဲ့သို့ ဟောတော်မူသနည်း၊ ယောနိသော ဘိက္ခဝေ မနသိကရောတော ။ပေ၊ အဘိဝဍ္ဎန္တိတျာဒိ–ယောနိသော ။ပေ၊ အဘိဝဍ္ဎန္တိ အစရှိသော၊ (ယံဝစနံ–သည်၊ အတ္ထိ–၏၊ တံ ဝစနံ–ကို၊ ဘဂဝါ–သည်၊ အာဟ–ပြီ၊) [အင်္ဂုတ္တရ ဧကနိပါတ်, ဝီရိယာရမ္ဘာဒိဝဂ် သတ္တမသုတ်၌ ဟောတော်မူသည်၊ ဘိက္ခဝေ–တို့၊ ယောနိသော–သင့်လျော်သော အကြောင်းအားဖြင့်၊ မနသိ–စိတ်၌၊ ကရောတော–ပြုသောပုဂ္ဂိုလ်၏ (သန္တာန်၌) (တစ်နည်း) မနသိကရောတော–နှလုံးသွင်းသောပုဂ္ဂိုလ်၏ (သန္တာန်၌)၊ အနုပ္ပန္နာ–မဖြစ်ကုန်သေးသော၊ ကုသလာဓမ္မာ စေဝ–ကုသိုလ်တရားတို့သည်လည်း၊ ဥပ္ပဇ္ဇန္တိ–ဖြစ်ကုန်၏၊ ဥပ္ပန္နာ–ဖြစ်ပြီးကုသိုလ်နှင့် တူကုန်သော၊ ကုသလာဓမ္မာ စ–တို့သည်လည်း၊ အဘိဝဍ္ဎန္တိ–တိုးပွားကုန်၏။]

ပန–ကား၊ အဗျာကတာနံ–အဗျာကတတို့၏၊ အဗျာကတဘာဝေါ–အဗျာကတ၏ အဖြစ်သည်၊ နိရာနုသယသန္တာနပ္ပဋိဗဒ္ဓေါ–အနုသယမရှိသော ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်နှင့်စပ်၏၊ [ဤကား ကြိယာဇောဖြစ်သော အဗျာကတတို့ကို ရည်ရွယ်သည်၊] ကမ္မပ္ပဋိဗဒ္ဓေါ–ကံနှင့် စပ်၏၊ [ဤကား ဝိပါက် အဗျာကတတို့ကို ရည်ရွယ်သည်၊] အဝိပါကဘာဝပ္ပဋိဗဒ္ဓေါ စ–အကျိုးမပေးတတ်သည်၏ အဖြစ်ဟူသော သဘောနှင့်လည်း စပ်၏၊ [ဤကား ဝိပါက်, ကြိယာ အဗျာကတအားလုံးကို ရည်ရွယ်သည်၊] ဣတိ–သို့၊ ဒဋ္ဌဗ္ဗံ–မှတ်ထိုက်၏။

**၁၆။** ဣဒါနိ–၌၊ ဟေတူနံ–ဟိတ်တို့၏၊ ဇာတိဘေဒံ–ဇာတ်အားဖြင့် ကွဲပြားခြင်းကို၊ ဒဿေတုံ–ငှာ၊ လောဘောဒေါသောစာတျာဒိ–လောဘော ဒေါသော စ အစရှိသော ဂါထာစကားကို၊ (အာစရိယေန) ဝုတ္တံ–ပြီ၊ [လောဘ, ဒေါသ, မောဟဟိတ်တို့က အကုသိုလ်ဇာတ်, အလောဘ, အဒေါသ, အမောဟဟိတ်တို့က ကုသိုလ်,အဗျာကတဇာတ်၊ ဤသို့ ဇာတ်အားဖြင့် ပြားကြသည်–ဟူလို။]

---

**ကုသလာဒိဘာဝေါ ပန**။ ။အပရေဆရာတို့ စကား၏ အခြေအမြစ် မရှိလျှင် ကုသိုလ် အကုသိုလ် အဗျာကတတို့၏ အဖြစ်သည် အဘယ်တရားနှင့် စပ်သနည်းဟု မေးဖွယ်ရှိသောကြောင့်“ကုသလာဒိဘာဝေါ ပန ။ပေ၊ ဒဋ္ဌဗ္ဗံ”ဟု မိန့်၊ ကုသိုလ်၏ ဖြစ်ခြင်းသည် ယောနိသောမနသိကာရ, အကုသိုလ်၏ ဖြစ်ခြင်းသည် အယောနိသော မနသိကာရ, အဗျာကတ၏ ဖြစ်ခြင်းသည် နိရာနုသယသန္တာန်, ကံ, အဝိပါကဘာဝ တို့နှင့် စပ်၏၊ ယောနိသောမနသိကာရ စသည်ကြောင့် ကုသိုလ်စသည်ဖြစ်၏–ဟူလို၊ 'အကျယ်ကို ဝီထိပိုင်း “ယံကိဉ္စိ လဒ္ဓပစ္စယံ”ပုဒ်အဖွင့် ဘာသာဋီကာမှာ ရှုပါ။

## ကိစ္စသင်္ဂဟအဖွင့်

**၁၈။** ပဋိသန္ဓာဒီနံ–ပဋိသန္ဓေအစရှိကုန်သော၊ ကိစ္စာနံ–ကိစ္စတို့၏၊ ဝိဘာဂဝသေန–ဝေဘန်အပ်သော အပြား၏ အစွမ်းဖြင့်လည်းကောင်း၊ တံကိစ္စဝန္တာနံ–ထိုကိစ္စ ရှိသောစိတ္တုပ္ပာဒ်တို့၏၊ ပရိစ္ဆေဒဝသေနစ–အပိုင်းအခြား၏ အစွမ်းဖြင့်လည်းကောင်း၊ သင်္ဂဟော–သည်၊ ကိစ္စသင်္ဂဟော–ကိစ္စသင်္ဂဟမည်၏၊ ["ကိစ္စာနိစ+ကိစ္စဝန္တာနိစ ကိစ္စာနိ"ဟု ဧကသေသ်ပြု၍ "ကိစ္စာနံ+သင်္ဂဟော ကိစ္စသင်္ဂဟော"ဟု ပြုစေလို၏၊"ကိစ္စတော+သင်္ဂဟော"သာ အရှင်အနုရုဒ္ဓါ၏ အာဘော်တည်း၊] ဘဝတော–ဘဝတစ်ခုမှ၊ ဘဝဿ–ဘဝတစ်ခုကို၊ ပဋိသန္ဓာနံ–ဆက်စပ်ခြင်းသည်၊ ပဋိသန္ဓိကိစ္စံ–ပဋိသန္ဓေကိစ္စမည်၏၊ အဝိစ္ဆေဒပ္ပဝတ္တိဟေတုဘာဝေန–အဆက်မပြတ် ဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်ဖြင့်၊ ဘဝဿ–ဘဝ၏၊ အင်္ဂဘာဝေါ–အကြောင်း၏ အဖြစ်သည်၊ ဘဝင်္ဂကိစ္စံ–ဘဝင်ကိစ္စ မည်၏၊ အာဝဇ္ဇနကိစ္စာဒီနိ–အာဝဇ္ဇန်းကိစ္စ အစရှိသည်တို့ကို၊ ဟေဋ္ဌာ–အောက်၌၊ (စိတ္တပရိစ္ဆေဒ၌) ဝုတ္တဝစနတ္ထာနု သာရေန–ဆိုအပ်ပြီးသော ဝစနတ္ထကို အစဉ်လိုက်သဖြင့်၊ ယထာရဟံ–စွာ၊ ယောဇေတဗ္ဗာနိ–ယှဉ်စေထိုက်ကုန်၏၊ [အဓိပ္ပာယ်ကို ယှဉ်စေပါ–ဟူလို၊] အာရမဏေ–အာရုံ၌၊ တံတံကိစ္စသာဓနဝသေန–ထိုထိုကိစ္စကို ပြီးစေခြင်း၏ အစွမ်းဖြင့်၊ အနေကက္ခတ္တုံ(ဝါ)–အကြိမ်များစွာသော်လည်းကောင်း၊ ဧကက္ခတ္တုံ(ဝါ)–တစ်ကြိမ်သော်လည်းကောင်း၊ [မဂ်ဇော, အဘိညာဉ်ဇောတို့၏ တစ်ကြိမ်ဖြစ်ခြင်းကို ရည်ရွယ်သည်၊] ဇဝမာနဿဝိယ–အဟုန်ဖြင့် ဖြစ်သကဲ့သို့၊ ပဝတ္တိ–ဖြစ်ခြင်းသည်၊ ဇဝနကိစ္စံ–ဇောကိစ္စမည်၏၊ တံတံ ဇဝနဂ္ဂဟိတာရမဏဿ–ထိုထိုဇောသည် ယူအပ်ပြီး သောအာရုံကို၊ အာရမဏကရဏံ–အာရုံပြုခြင်းကိစ္စသည်၊ တဒါရမဏကိစ္စံ–တဒါရုံကိစ္စမည်၏၊ နိဗ္ဗတ္တဘဝတော–ဖြစ်ဆဲဘဝမှ၊ ပရိဂဠနံ–ရွေ့လျောခြင်းသည်၊ စုတိကိစ္စံ–စုတိကိစ္စမည်၏၊ [ဤကိစ္စတို့၏ ဝစနတ္ထနှင့် အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ။]

**၁၉။** ပန–ကား၊ ဣမာနိကိစ္စာနိ–ဤကိစ္စတို့သည်၊ ဌာနဝသေန–ဌာန၏ အစွမ်း ဖြင့်၊ ပါကဋ္ဌာနိ–ထင်ရှားကုန်သည်၊ ဟောန္တိ–န်၏၊ ဣတိ–ကြောင့်၊ တံ–ထိုဌာနကို၊ ဒါနိ–၌၊ ပဘေဒတော–အပြားအားဖြင့်၊ ဒဿေတုံ–ငှာ၊ ပဋိသန္ဓိတျာဒိ–ပဋိသန္ဓိအစရှိသော စကားကို၊(အာစရိယေန) ဝုတ္တံ–ပြီ၊ တတ္ထ–ထိုပဋိသန္ဓိ အစရှိသော စကားရပ်၌၊ ပဋိသန္ဓိယာ–ပဋိသန္ဓေကိစ္စ၏၊ ဌာနံ–တည်ရာသည်။ ပဋိသန္ဓိဌာနံ–ပဋိသန္ဓေဌာနမည်၏၊ ပဋိသန္ဓိဝိနိမုတ္တံ–ပဋိသန္ဓေကိစ္စမှလွတ်သော၊ ဌာနံနာမ–ဌာနမည်သည်၊ ကာမံနတ္ထိ–အကယ်၍ကား မရှိပါပေ၊ ပန–ထိုသို့ပင် မရှိပါသော်လည်း၊ သုခဂ္ဂဟဏတ္ထံ–လွယ်ကူစွာယူခြင်း အကျိုးငှာ၊ [ဉာဏ်ဖြင့် လွယ်ကူစွာသိဖို့ရာ–ဟူလို၊] သိလာပုတ္တကဿ သရီရံ တျာဒီသု ဝိယ–သိလာပုတ္တကဿ သရီရံ အစရှိသော စကားရပ်တို့၌ကဲ့သို့၊ အဘေဒေပိ–

အထူးအပြားမရှိသော ကိစ္စ, ဌာန၌လည်း၊ ဘေဒပရိကပ္ပနာ–အထူးအပြားကို ကြံစည်ခြင်းသည်၊ ဝါ–အထူးအပြားကို ကြံစည်၍ ပြောဆိုခြင်းသည်၊(ဟောတိ–၏၊) ဣတိ–သို့၊ ဒဋ္ဌဗ္ဗံ–၏၊[သိလာပုတ္တကဿ–ကျောက်ပြင်မ၏ သားကလေး သဖွယ်ဖြစ်သော ကျောက်တုံး၏၊ သရီရံ–ကိုယ်၊] သေသေသုပိ–ပဋိသန္ဓေဌာနမှ ကြွင်းသော ဘဝင်ဌာန စသည်တို့၌လည်း၊ ဧဝံ–ဤအတူတည်း၊ ဒဿနာဒီနံ–ဒဿနအစရှိကုန်သော၊ ပဉ္စန္နံ–ငါးပါးကုန်သော၊ ဝိညာဏာနံ–ဝိညာဏ်တို့၏၊ ဌာနံ–သည်၊ ပဉ္စဝိညာဏဌာနံ–ပဉ္စဝိညာဏဌာနမည်၏၊ အာဒိသဒ္ဒေန–အာဒိသဒ္ဒါဖြင့်၊ [ပဉ္စဝိညာဏဌာနာဒိဝသေန၌ အာဒိသဒ္ဒါဖြင့်၊] သမ္ပဋိစ္ဆနဌာနာဒီနံ–သမ္ပဋိစ္ဆိုန်းဌာန အစရှိသည်တို့ကို၊ သင်္ဂဟော–သိမ်းယူခြင်းသည်၊ (ဟောတိ–၏၊) [ဤသို့ ဋီကာကျော်၌ ကိစ္စနှင့် ဌာနကို မထူးဟု ဆိုထားသော်လည်း သင်္ဂြိုဟ်ဘာသာဋီကာ၌ကား ကိစ္စနှင့် ဌာနကို အထူးဟု ဆိုထားသည်။]

တတ္ထ–ထိုဌာနတို့တွင်၊ စုတိဘဝင်္ဂါနံ–စုတိစိတ်, ဘဝင်စိတ်တို့၏၊ အန္တရာ–အကြားသည်၊ ပဋိသန္ဓိဌာနံ–ပဋိသန္ဓေဌာနမည်၏၊ ပဋိသန္ဓိအာဝဇ္ဇနာနံ–ပဋိသန္ဓေစိတ်,အာဝဇ္ဇန်းစိတ်တို့၏လည်းကောင်း၊ ဇဝနာဝဇ္ဇနာနံ–ဇောစိတ်, အာဝဇ္ဇန်းစိတ်တို့၏လည်းကောင်း၊ တဒါရမဏာဝဇ္ဇနာနံ–တဒါရုံစိတ်, အာဝဇ္ဇန်း စိတ်တို့၏လည်းကောင်း၊ ဝေါဋ္ဌပနာဝဇ္ဇနာနံ–ဝုဋ္ဌောစိတ်,အာဝဇ္ဇန်း စိတ်တို့၏လည်းကောင်း၊ ကဒါစိ–မရဏာသန္နဝီထိဖြစ်ရာ တစ်ရံတစ်ခါ၌၊ ဇဝနစုတီနံ–ဇောစိတ်,စုတိစိတ်တို့၏လည်းကောင်း၊ တဒါရမဏစုတီနဉ္စ–တို့၏လည်းကောင်း၊ အန္တရာ–သည်၊ ဘဝင်္ဂဌာနံ–ဘဝင်္ဂဌာနမည်၏၊ ဘဝင်္ဂပဉ္စဝိညာဏာနံ–ဘဝင်စိတ်,ပဉ္စဝိညာဏ်စိတ်တို့၏လည်းကောင်း၊ ဘဝင်္ဂဇဝနာနဉ္စ–တို့၏လည်းကောင်း၊ အန္တရာ–သည်၊ အာဝဇ္ဇနဌာနံ–မည်၏၊ ပဉ္စဒွါရာဝဇ္ဇနသမ္ပဋိစ္ဆနာနံ–ပဉ္စဒွါရာဝဇ္ဇန်းစိတ်,သမ္ပဋိစ္ဆိုန်းစိတ်တို့၏၊ အန္တရာ ပဉ္စဝိညာဏဌာနံ၊ ပဉ္စဝိညာဏသန္တီရဏာနံ–တို့၏၊ အန္တရာ သမ္ပဋိစ္ဆနဌာနံ၊ သမ္ပဋိစ္ဆနဝေါဋ္ဌပနာနံ–တို့၏၊ အန္တရာ,သန္တီရဏဌာနံ၊ သန္တီရဏဇဝနာနံ–တို့၏လည်းကောင်း၊ သန္တီရဏဘဝင်္ဂါနဉ္စ–တို့၏လည်းကောင်း၊ အန္တရာ ဝေါဋ္ဌပနဌာနံ–ဝေါဋ္ဌပနဌာနမည်၏၊ ဝေါဋ္ဌပနတဒါရမဏာနံ–တို့၏လည်းကောင်း၊ ဝေါဋ္ဌပနဘဝင်္ဂါနံ–တို့၏လည်းကောင်း၊ ဝေါဋ္ဌပနစုတီနံ–တို့၏လည်းကောင်း၊ မနောဒွါရာဝဇ္ဇနတဒါရမဏာနံ–မနောဒွါရာဝဇ္ဇန်းစိတ်,တဒါရုံစိတ်တို့၏လည်းကောင်း၊ မနောဒွါရာဝဇ္ဇနဘဝင်္ဂါနံ–တို့၏လည်းကောင်း၊ မနောဒွါရာဝဇ္ဇနစုတီနဉ္စ–တို့၏လည်းကောင်း၊ အန္တရာ,ဇဝနဌာနံ၊ ဇဝနဘဝင်္ဂါနံ–တို့၏လည်းကောင်း၊ ဇဝနစုတီနဉ္စ–တို့၏လည်းကောင်း၊ အန္တရာ,တဒါရမဏဌာနံ၊ ဇဝနပဋိသန္ဓီနံ–တို့၏လည်းကောင်း၊ တဒါရမဏပဋိသန္ဓီနံ–တို့၏လည်းကောင်း၊ ဝါ–တစ်ရံတစ်ခါ၌၊ ဘဝင်္ဂပဋိသန္ဓီနံ–တို့၏လည်းကောင်း၊ အန္တရာ–သည်၊

စုတိဋ္ဌာနံနာမ–စုတိဋ္ဌာနမည်၏၊ [ဤဋ္ဌာနအပြား၏ အကျယ်မှာ ဝီထိချခန်းကို ကျွမ်းကျင်ပြီးသူအတွက် ခက်ခဲဖွယ် မရှိပါ။]

**၂၀။** [“တတ္ထ ဒွေ၊ပေ၊ပဋိသန္ဓိဘဝင်္ဂစုတိကိစ္စာနိနာမ”ဟူသော ဝါကျကို ဖွင့်ပြ လို၍“ဒွေ ဥပေက္ခာသဟဂတသန္တီရဏာနိ”စသည် မိန့်၊] ဒွေ–နှ်သော၊ ဥပေက္ခာသဟဂတသန္တီရဏာနိ–ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်တို့သည်၊ (ပဋိသန္ဓိဘဝင်္ဂစုတိကိစ္စာနိနာမ–ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်သော စိတ်တို့ မည်၏၊) (ကသ္မာ) သုခသန္တီရဏဿ–သုခသန္တီရဏစိတ်၏၊ ပဋိသန္ဓိဝသပ္ပဝတ္တိဘာဝါဘာဝတော–ပဋိသန္ဓေ၏ အစွမ်းဖြင့် ဖြစ်ခြင်းရှိသည်၏ အဖြစ်၏ မရှိခြင်းကြောင့်တည်း၊ ဣတိ(အယံ)–ဤသည်ကား၊ အဓိပ္ပာယော–အရှင်အနုရုဒ္ဓါ၏အလိုတည်း၊ ဝေဒ္ဓကတ္တာ–ကြောင့်၊ (သုခသန္တီရဏ၏ ပဋိသန္ဓေကိစ္စ မတပ်ခြင်းကြောင့်၊) ပဋ္ဌာနေ–ပဋ္ဌာန်းပါဠိတော်၌၊ ဥပေက္ခာသဟဂတံ ခမ္ဓံ ပဋိစ္စ ဥပေက္ခာသဟဂတော ခမ္ဓော ဥပ္ပဇ္ဇတိ န ဟေတုပစ္စယာတိ–ဥပေက္ခာသဟဂတံ၊ပေ၊န ဟေတုပစ္စယာဟူ၍၊ ဧဝံ–သို့၊ အာဂတဿ–လာသော၊ ဥပေက္ခာသဟဂတပဒဿ–ဥပေက္ခာသဟဂတပုဒ်၏၊ ဝိဘင်္ဂေ–အကျယ်ဝေဖန်ရာ ပါဠိတော်၌၊ အဟေတုကံ ဥပေက္ခာသဟဂတံ ဧကံ ခန္ဓံ ပဋိစ္စ ဒွေ ခန္ဓာ, ဒွေ ခန္ဓေ ပဋိစ္စ ဧကော ခန္ဓော၊ [ဤပါဠိတိုင်အောင် ပဝတ္တိအခါ၌ ဖြစ်ပုံကို ပြသည်၊] အဟေတုကပဋိသန္ဓိက္ခဏေ ဥပေက္ခာသဟဂတံ ဧကံ ခန္ဓံ ပဋိစ္စ ဒွေ ခန္ဓာ, ဒွေ ခန္ဓေ ပဋိစ္စ ဧကော ခန္ဓောတိ။ [ဤတိုင်အောင် ပဋိသန္ဓေအခါ၌ ဖြစ်ပုံကို ပြသည်။] အဟေတုကံ ၊ပေ၊ ဧကော ခန္ဓောတိ–ဟူ၍၊ ဧဝံ–သို့၊ ပဝတ္တိပဋိသန္ဓိဝသေန–ပဝတ္တိအခါ, ပဋိသန္ဓေအခါ၏အစွမ်းဖြင့်၊ ပဋိစ္စနယော–ပဋိစ္စနည်းကို၊ ဥဒ္ဓဋော–ထုတ်ဆောင်တော်မူအပ်ပြီ။

ပီတိသဟဂတသုခသဟဂတပဒဝိဘင်္ဂေပန–ပီတိသဟဂတပုဒ်, သုခသဟဂတပုဒ်၏ဝိဘင်း၌ကား၊ အဟေတုကံ ပီတိသဟဂတံ ဧကံ ခန္ဓံ ပဋိစ္စ ဒွေ ခန္ဓာ၊ပေ၊ဧကောခန္ဓောတိ–အဟေတုကံ၊ပေ၊ဧကောခန္ဓောဟူ၍၊ ပဝတ္တိဝသေနေဝ–ပဝတ္တိအခါ၏ အစွမ်းဖြင့်သာလျှင်၊ ဥဒ္ဓဋော–ပြီ၊ ပန–ဗျတိရိတ်ကား၊ အဟေတုကပဋိသန္ဓိက္ခဏေတျာဒိနာ–ဏေ အစရှိသည်ဖြင့်၊ ပဋိသန္ဓိဝသေန–

**သုခ ၊ပေ၊ အဓိပ္ပာယော**။ ။သုခသန္တီရဏစိတ်က ပဋိသန္ဓေကိစ္စ၏ အစွမ်းအားဖြင့် မဖြစ်ခြင်းကြောင့် ထိုကို ကြဉ်၍“ဒွေ ဥပေက္ခာသဟဂတသန္တီရဏစိတ္တာနိ”ဟု မိန့်သည်၊ [ပဋိသန္ဓိဝသေန+ပဝတ္တိ ယဿာတိ ပဋိသန္ဓိဝသပ္ပဝတ္တိ(စိတ္တံ)၊ တဿ+ဘာဝေါ ပဋိသန္ဓိဝသပ္ပဝတ္တိဘာဝေါ၊ တဗ္ဘာဝဿ–ထို ပဋိသန္ဓေ၏ အစွမ်းဖြင့်ဖြစ်ခြင်းရှိသော စိတ်၏ အဖြစ်၏+အဘာဝေါ ပဋိသန္ဓိ ၊ပေ၊ ဘာဝေါ။]

**ဝေဒ္ဓကတ္တာ ၊ပေ၊ ဒီပေတိ**။ ။သုခသန္တီရဏ၏ ပဋိသန္ဓေကိစ္စ မတပ်ကြောင်းကို ပဋ္ဌာန်းပါဠိတော်ဖြင့် သာကေပြလို၍ “ဝေဒ္ဓ ၊ပေ၊ န၊ပေ၊ ပဋိသန္ဓိဝသေန”ဟု မိန့်သည်၊ ဥပေက္ခာသဟဂုတ်သန္တီရဏအတွက် ပဝတ္တိအခါ၌ဖြစ်ပုံ ပဋိသန္ဓေအခါ၌ဖြစ်ပုံ နှစ်မျိုးကို

ပဋိသန္ဓေအခါ၏ အစွမ်းဖြင့်၊ န (ဥဒ္ဒေသော)–ထုတ်ဆောင်တော်မမူအပ်၊ တသ္မာ–ကြောင့်၊ ယထာဓမ္မသာသနေ–သဘာဝဓမ္မအားလျော်စွာဆုံးမရာ အဘိဓမ္မာပိဋကဝ်၌၊ အဝစနံပိ–ဟောတော်မမူခြင်းသည်လည်း၊ အဘာဝမေဝ–မရှိခြင်းကိုသာ၊ ဒီပေတိ–ပြ၏၊ ဣတိ–ကြောင့်၊ တဿ–ထိုသုခသန္တီရဏစိတ်၏၊ ပဋိသန္ဓိဝသေန–ဖြင့်၊ ပဝတ္တိ–ဖြစ်ခြင်းသည်၊ န အတ္ထိ–မရှိ၊ [ဥပေက္ခာသဟဂတံ–ဥပေက္ခာသဟဂုတ်ဖြစ်သော၊ ဧကံ–တစ်ပါးသော၊ ခန္ဓံ–ခန္ဓာကို၊ ပဋိစ္စ–စွဲ၍၊ ဒွေ–နှစ်ပါးကုန်သော၊ ခန္ဓာ–ခန္ဓာတို့သည်၊ (ဥပ္ပဇ္ဇန္တိ–န်၏၊) ဤသို့စသည်ဖြင့် အနက်ပေးပါ၊] ပန–ဆက်၊ ယတ္ထ–အကြင်ပါဠိ၌၊ လဗ္ဘမာနဿပိ–ရထိုက်ပါသော်လည်း၊ဝါ–ရထိုက်သည်လည်းဖြစ်သော၊ ကဿစိ–အချို့သောတရားကို၊ အဝစနံ–ဟောတော်မမူခြင်းသည်၊ (အတ္ထိ–၏၊) တတ္ထ–ထိုပါဠိရပ်၌၊ ကာရဏံ–အကြောင်းသည်၊ ဥပရိ–အထက်၌၊ အာဝိ–ထင်ရှားစွာ၊ ဘဝိဿတိ–လတ္တံ့။

**၂၅။** မနောဒွါရာဝဇ္ဇနဿ–ဝုဋ္ဌော ကိစ္စတပ်သော မနောဒွါရာဝဇ္ဇန်း၏၊ ပရိတ္တာရမဏေ–ပရိတ္တာရုံ၌၊ ဒွတ္တိက္ခတ္တုံ–နှစ်ကြိမ်သုံးကြိမ်၊ ပဝတ္တမာနဿပိ–ဖြစ်ပါသော်လည်း၊ ဇဝနကိစ္စံ–ဇောကိစ္စသည်၊ နတ္ထိ–မရှိ၊ ["ယာဝဇဝနုပ္ပါဒါပိ၊ ပေ၊ပရိတ္တံနာမ–တတ္ထ ဇဝနမ္ပိ အနုပ္ပဇ္ဇိတွာ ဒွတ္တိက္ခတ္တုံ ဝေါဋ္ဌပနမေဝ ပဝတ္တတိ" ကိုရည်ရွယ်သည်၊](ကသ္မာ–နည်း၊) တဿ–ထို မနောဒွါရာဝဇ္ဇန်း၏၊ အာရမဏရသာနုဘဝနာဘာဝတော–အာရုံ၏ အရသာကို ခံစားခြင်း၏ မရှိခြင်းကြောင့်တည်း၊ ဣတိ–ကြောင့်၊ အာဝဇ္ဇနဒွယဝဇ္ဇိတာနိတိ–နိ ဟူ၍၊ (အာစရိယေန) ဝုတ္တံ–ပြီ၊ ဧဝဥ္စကတွာ–ကြောင့်၊ (အာရုံ၏ အရသာကို ခံစားမှုမရှိခြင်းကြောင့်၊) အဋ္ဌကထာယံ–သာလိနီအဋ္ဌကထာ၌၊ ဇဝနဋ္ဌာနေ ဌတွာတိ–တွာဟူ၍၊ (အာစရိယေန–အဋ္ဌကထာဆရာသည်၊) ဝုတ္တံ–ပြီ၊ ဣတရထာ–ဤသို့ မဟုတ်လျှင်၊

---

ထုတ်ပြတော်မူပြီးလျှင် သုခသန္တီရဏအတွက်၌ကား ပဝတ္တိအခါ၌ ဖြစ်ပုံကိုသာ ထုတ်ပြ၍ ပဋိသန္ဓေအခါ၌ ဖြစ်ပုံကို ထုတ်ပြတော်မမူ၊ တရားဓမ္မ ရှိသည့်အားလျော်စွာ ဟောပြရာဖြစ်သော အဘိဓမ္မာဒေသနာတော်၌ မဟောခြင်းသည်ပင် ထို သုခသန္တီရဏ၏ ပဋိသန္ဓေအခါ၌ မဖြစ်ကြောင်းကို ပြတော်မူရာ ရောက်သည်။

**ယတ္ထပန ၊ပေ၊ ဘဝိဿတိ**။ ။အဘိဓမ္မာပါဠိတော် ဓမ္မသင်္ဂဏီ ရူပကဏ္ဍ၌ ဟဒယဝတ္ထုကို ရသင့်လျက် ဟောတော်မမူသောအချက်ရှိ၏၊ ထိုအချက်၌ "ဘာ့ ကြောင့် ဟောတော်မမူသည်"ဟု ပြဖို့အကြောင်း ရှိသေး၏၊ ထို အကြောင်းကို ရူပပရိစ္ဆေဒ အဖွင့်၌ ပြပါမည်–ဟူလို။

**မနောဒွါရာ ၊ပေ၊ သိယာတိ**။ ။ပရိတ္တာရုံကို အာရုံပြု၍ ဝီထိဖြစ်ရာ၌ ဝုဋ္ဌောကိစ္စတပ်သော မနောဒွါရာဝဇ္ဇန်းသည်နှစ်ကြိမ်သုံးကြိမ်ဖြစ်ရကား ဇောကိစ္စတပ်သည် မဟုတ်ပါလော–ဟု မေးဖွယ်ရှိသောကြောင့် "မနောဒွါရာဝဇ္ဇနဿ"စသည်မိန့်၊ နှစ်ကြိမ် သုံးကြိမ်ဖြစ်သော်လည်း အာရုံ၏အရသာကို ခံစားခြင်းဟူသော ဇော၏တာဝန်ကို မဆောင်နိုင်သောကြောင့် မနောဒွါရာဝဇ္ဇန်းသည် ဇောကိစ္စ မတပ်–ဟူလို။

(အာရုံ၏အရသာကို မခံစားနိုင်ခြင်းမှ တစ်ပါးခံစားနိုင်ခြင်းဟူသော အခြင်းအရာအားဖြင့်ဖြစ်လျှင်၊) ဇဝနံ ဟုတွာတိ–တွာဟူ၍၊ ဝတ္တဗ္ဗံ–ဆိုထိုက်သည်၊ သိယာ–ရာ၏၊ ဣတိ–ဤသို့ မှတ်ထိုက်၏။

ကုသလာကုသလဖလကြိယစိတ္တာနီတိ– ကား၊ ကေဝိသတိ– သော၊ လောကိယလောကုတ္တရကုသလာနိ–လောကီကုသိုလ်, လောကုတ္တရာကုသိုလ်စိတ်တို့လည်းကောင်း၊ [လောကုတ္တရာကုသိုလ်အကျဉ်းကို ရည်ရွယ်သည်၊ အကျယ်ကို ရည်ရွယ်လျှင် "သတ္တတ္တိံသ"ဟု ဆိုရလိမ့်မည်၊] ဒွါဒသ–န်သော၊ အကုသလာနိ–အကုသိုလ်စိတ်တို့လည်းကောင်း၊ စတ္တာရိ–န်သော၊ လောကုတ္တရဖလစိတ္တာနိ–လောကုတ္တရာဖိုလ်စိတ်တို့လည်းကောင်း၊ အဋ္ဌာရသ–န်သော၊ တေဘူမကကြိယစိတ္တာနိ–ဘုံသုံးပါး၌ဖြစ်သော ကြိယာစိတ်တို့လည်းကောင်း၊ (ဣတိ–သို့၊ ပဉ္စပညာသ–သော၊ စိတ္တာနိ–တို့သည်၊ ဇဝနကိစ္စာနိ–တို့မည်၏၊ ဤသို့ သင်္ဂြိုဟ်၌ လှမ်းစပ်။] ဟိ–ဆက်၊ ကေစိတ္တက္ခဏိကံပိ–တစ်ခုသော စိတ္တက္ခဏရှိသည်လည်းဖြစ်သော၊ လောကုတ္တရမဂ္ဂါဒိကံ–လောကုတ္တရာမဂ်အစရှိသောစိတ်သည်၊[အာဒိဖြင့် အဘိညာဉ်ကိုလည်းကောင်း, နိရောဓသမာပတ်မှ ထသောအခါ ဖိုလ်စိတ်ကိုလည်းကောင်း ယူ၊] တံ သဘာဝဝန္တတာယ–ထို အဟုန်ပြင်းစွာ ဖြစ်ခြင်းသဘော ရှိသည်၏အဖြစ်ကြောင့်၊ ဝါ–ထိုအာရုံ၏အရသာကိုခံစားခြင်းသဘောရှိသည်၏အဖြစ်ကြောင့်၊ ဇဝနကိစ္စံ နာမ–ဇောကိစ္စရှိသောစိတ်မည်၏၊ ဧကေကဂေါစရဝိသယံ–တစ်ပါးတစ်ပါးသော ကျက်စားရာအာရုံရှိသည်၊ (သမာနံ)ပိ–သော်လည်း၊ သဗ္ဗညုတညာဏံ–သဗ္ဗညုတညာဏ်တော်သည်၊ သကလဝိသယာဝဗောဓနေသာမတ္ထိယယောဂတော–အလုံးစုံသော အာရုံကို ထိုးထွင်း၍ သိခြင်း၌ စွမ်းနိုင်သည်၏အဖြစ်နှင့် ယှဉ်ခြင်းကြောင့်၊ ကဒါစိ–တစ်ရံတစ်ခါ၌၊ တံ နာမံ–ထိုသဗ္ဗညုတညာဏ်ဟူသော အမည်ကို၊ န ဝိဇဟတိ ယထာ–မစွန့်သကဲ့သို့တည်း၊ ဣတိ–သို့မှတ်အပ်၏။

---

**ဇဝနဋ္ဌာနေ**။ ။ထိုသို့ဇောကိစ္စ မတပ်သောကြောင့် အဋ္ဌသာလိနီအဋ္ဌကထာ, အဇ္ဈာကတဝိပါကပဒ အဖွင့်၌"ဇဝနဋ္ဌာနေ ဌတွာ"ဟု မိန့်၏၊ ဇောကိစ္စ တပ်နိုင်လျှင် "ဇဝနံ ဟုတွာ"ဟု မိန့်စရာရှိ၏၊ ထိုသို့ကား မမိန့်ပါ–ဟူလို။

**ယထာ ၊ပေ၊ ဝိဇဟတိ**။ ။အလုံးစုံကို သိသောဉာဏ်ကို သဗ္ဗညုတညာဏ် ဟုခေါ်၏၊ ထိုဉာဏ်သည် တကယ်သိရာ၌ သင်္ခါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်, ပညတ်ဟူသော ဉေယျတရားတို့တွင်လည်းကောင်း, သင်္ခါရဝိကာရအများ စသည်တို့တွင်လည်းကောင်း, တစ်ပါးစီတစ်ပါးစီကိုသာ သိ၏၊ သို့သော် အလုံးစုံကို သိစွမ်းနိုင်သော သတ္တိရှိသောကြောင့် တစ်ပါးစီတစ်ပါးစီကို သိခိုက်မှာလည်း "သဗ္ဗညုတာ"ဟူသော နာမည်ကို မစွန့်သကဲ့သို့ ထို့အတူမဂ်စိတ် အဘိညာဏ်စိတ် တို့သည် တစ်ကြိမ်တစ်ကြိမ်သာ ဖြစ်သော်လည်း အဟုန်ပြင်းစွာ ဖြစ်ခြင်းသဘော ရှိသောကြောင့် (အာရုံအရသာကို ခံစားခြင်းသဘောရှိသောကြောင့်)ဇဝနဟူသောအမည်ကို မစွန့်–ဟူလို။

၂၇။ ဝဝ-ဤသို့လျှင်၊ ကိစ္စဘေဒေန-ကိစ္စတို့၏ အပြားအားဖြင့်၊ ဝုတ္တာနေဝ-ဆိုအပ်ပြီးသောစိတ်တို့ကိုပင်၊ ယထာသကံ လဗ္ဘမာနကိစ္စဂဏနဝသေန-အကြင် အကြင် မိမိဥစ္စာဖြစ်သော ရထိုက်သောကိစ္စတို့ကို ရေတွက်ခြင်း၏ အစွမ်းဖြင့်၊ သမ္ပိဏ္ဍေတွာ-ပေါင်း၍၊ ဒသေတုံ-ငှာ၊ တေသုပနာတျာဒိ-အစရှိသော စကားကို၊ (အာစရိယေန) ဝုတ္တံ-ပြီ။

၃၃။ ပဋိသန္ဓာဒယော-ပဋိသန္ဓေ အစရှိကုန်သော၊ စိတ္တုပ္ပာဒါ-ဥပါဒ်သော စိတ်တို့သည်၊ နာမကိစ္စဘေဒေန-နာမည်, ကိစ္စတို့၏ အပြားအားဖြင့်၊ [ဤပါဠိကို ထပ်ဖွင့်လို၍"ပဋိသန္ဓာဒီနံ၊ပေ၊ဘေဒေန"ဟု မိန့်၊] ပဋိသန္ဓာဒီနံ-ပဋိသန္ဓေ အစရှိကုန်သော၊ နာမာနံ-နာမည်တို့၏လည်းကောင်း၊ ကိစ္စာနဉ္စ-ကိစ္စတို့၏ လည်းကောင်း၊ ဘေဒေန-အပြားအားဖြင့်၊ (စုဒ္ဒသ-၁၄ ပါးတို့လည်းကောင်း၊) [ဤနည်းအလို သင်္ဂြိုဟ်ပါဠိ၌ "နာမကိစ္စဘေဒေန-နာမည် ကိစ္စတို့၏အပြားအားဖြင့်"ဟု ပေး၊ "နာမာနိစ+ကိစ္စာနိစ နာမကိစ္စာနိ၊ နာမကိစ္စာနံ+ ဘေဒေါ နာမကိစ္စဘေဒေါ"ဟု ပြု၊] အထဝါ-ထိုပြင်တစ်နည်းကား၊ ပဋိသန္ဓာဒယော-ပဋိသန္ဓေ အစရှိသည်မည်ကုန်သော၊ တံနာမကာ-ထို ပဋိသန္ဓေ အစရှိသော အမည်ရှိကုန်သော၊ စိတ္တုပ္ပာဒါ-တို့သည်၊ ပဋိသန္ဓာဒီနံ-န်သော၊ ကိစ္စာနံ-တို့၏၊ ဘေဒေန-ဖြင့်၊ စုဒ္ဒသ-တို့လည်းကောင်း၊ ဌာနဘေဒေန-ဌာနတို့၏ အပြားအားဖြင့်၊ ပဋိသန္ဓာဒီနံယေဝ-ပဋိသန္ဓေအစရှိသည်ပင်လျှင်ဖြစ်ကုန်သော၊ ဌာနာနံ-ဌာနတို့၏၊ ဘေဒေန-ဖြင့်၊ ဒသဓာ-ဆယ်ပါးအပြားအားဖြင့်၊ ပကာသိတာ-ထင်ရှားပြအပ်ကုန်၏၊ ဣတိ (အယံ)-ကား၊ ယောဇနာ-တည်း။

ဧကကိစ္စဋ္ဌာနဒွိကိစ္စဋ္ဌာနတိကိစ္စဋ္ဌာနစတုကိစ္စဋ္ဌာနပဉ္စကိစ္စဋ္ဌာနာနိ-တစ်ကိစ္စ တစ်ဌာနရှိကုန်, နှစ်ကိစ္စ နှစ်ဌာနရှိကုန်, သုံးကိစ္စ သုံးဌာနရှိကုန်, လေးကိစ္စ လေးဌာနရှိကုန်, ငါးကိစ္စ ငါးဌာနရှိကုန်သော စိတ်တို့သည်၊ ယထာက္ကမံ-တိုင်း၊ အဋ္ဌသဋ္ဌိ-(၆၈)ပါးသည်လည်းကောင်း၊ တထာ-ထိုမှတစ်ပါး၊ ဒွေ စ-တို့သည်လည်းကောင်း၊ နဝ စ-ကိုးပါးတို့သည်လည်း ကောင်း၊ အဋ္ဌ စ-ရှစ်ပါးတို့သည်လည်းကောင်း၊ ဒွေ စ-တို့သည်လည်းကောင်း၊ (ဟောန္တိ-န်၏၊) ဣတိ-သို့၊ နိဒ္ဒိသေ-ညွှန်ပြရာ၏၊ ဣတိ (အယံ)-ကား၊ သမ္ဗန္ဓော-တည်း၊ [သင်္ဂြိုဟ်ပါဠိ၌ "ဧကဒွိတိစတုပဉ္စကိစ္စဋ္ဌာနာနိ" ဟူသောပါဌ်သည် နောက်ကနေသော်လည်း အနက်ပေးသောအခါ ရှေ့ကို လှည့်၍စပ်ပါ-ဟူလို။]

---

**အထဝါ**။ ။ဤနည်း၌ ပဋိသန္ဓာဒယောနာမကို "ပဋိသန္ဓာဒယော, တံ နာမကာ" ဟု ဖွင့်၏၊ "ပဋိသန္ဓာဒယော နာမ-ပဋိသန္ဓေအစရှိသည်မည်ကုန်သော"ဟု ပေး၊ "တံ နာမကာ" ကြည့်၍ "ပဋိသန္ဓေအစရှိသော အမည်ရှိကုန်သော"ဟု မပေးရ၊ နာမနှင့် ရှေ့ပုဒ်သည် ဗဟုဗ္ဗီဟိ မဖြစ်နိုင်။

## ဒွါရသင်္ဂဟအဖွင့်

**၃၅။** ဒွါရာနံ–ဒွါရတို့၏လည်းကောင်း၊ ဒွါရပ္ပဝတ္တစိတ္တာနဉ္စ–ဒွါရ၌ဖြစ်သော စိတ်တို့၏လည်းကောင်း၊ မရိစ္ဆေဒဝသေန–အပိုင်းအခြား၏ အစွမ်းဖြင့်၊ သင်္ဂဟော–သည်၊ ဒွါရသင်္ဂဟော–ဒွါရသင်္ဂဟမည်၏၊ အာဝဇ္ဇနာဒီနံ–အာဝဇ္ဇန်း အစရှိကုန်သော၊ အရူပဓမ္မာနံ–နာမ်တရားတို့၏၊ ပဝတ္တိမုခဘာဝတော–ဖြစ်ခြင်း ၏ အကြောင်း၏ အဖြစ်ကြောင့်၊ ဒွါရာနိဝိယ–တံခါးပေါက်နှင့် တူကုန်၏၊ ဣတိ–ကြောင့်၊ ဒွါရာနိ–ဒွါရတို့မည်၏။

**၃၆။** စက္ခုမေဝါတိ–ကား၊ ပသာဒစက္ခုမေဝ–ပသာဒစက္ခုသည်ပင်၊ (စက္ခုဒွါရံ–စက္ခုဒွါရမည်၏။) **၃၇။** အာဝဇ္ဇနာဒီနံ–အာဝဇ္ဇန်းအစရှိကုန်သော၊ မနာနံ–ဝိထိစိတ်တို့၏၊ (ဒွါရံ–ဖြစ်ကြောင်းတည်း၊ ဣတိ–ကြောင့်၊ မာနောဒွါရံ–မနောဒွါရ မည်၏။) ဝါ–တစ်နည်း၊ မနောယေဝ–ဘဝင်စိတ်သည်ပင်၊ ဒွါရံ–ဝိထိစိတ်တို့၏ ဖြစ်ကြောင်းတည်း၊ ဣတိ–ကြောင့်၊ မနောဒွါရံ–မည်၏။

---

**ဒွါရာနံ ။ပေ၊ ဒွါရသင်္ဂဟော။** ။"ဒွါရာနိ စ+ဒွါရိကစိတ္တာနိ စာတိ ဒွါရာနိ"ဟု ကေသေသပြု၍ "ဒွါရာနံ–ဒွါရ, ထို ဒွါရ၌ဖြစ်သောစိတ်တို့ကို+သင်္ဂဟော ဒွါရသင်္ဂဟော" ဟု ပြုစေလို၏၊ ဒွါရခြောက်ပါးရှိ၏–ဟု ပိုင်ခြားခြင်း၊ စက္ခုဒွါရိကစိတ် (၄၆)ပါး ရှိ၏–ဟု ပိုင်းခြားခြင်းကို "ပရိစ္ဆေဒဝသေန"ဟု ဆိုသည်၊ "ဒွါရတော+သင်္ဂဟော ဒွါရသင်္ဂဟော"သာ အရှင်အနုရုဒ္ဓါ၏ အလိုကျ ဝိဂ္ဂဟတည်း။

**အာဝဇ္ဇနာဒီနံ ။ပေ၊ ဒွါရာနိ။** ။ပကတိတံခါးပေါက်သည် လူတို့ ထွက်ရာဝင်ရာ ဖြစ်သကဲ့သို့ ပဉ္စဒွါရာဝဇ္ဇန်း စသော ပဉ္စဒွါရိကဝိထိစိတ်, မနောဒွါရာဝဇ္ဇန်း စသော မနောဒွါရိကဝိထိစိတ်တို့၏ ဖြစ်ရာ(ဖြစ်ကြောင်း)၏အဖြစ်ကြောင့် ပကတိတံခါးပေါက် (ဒွါရ)နှင့်တူရကား စက္ခုပသာဒ စသည်ကို ဒွါရဟု ခေါ်ရသည်၊ [ဒွါရပုဒ်ကို "ဒွိ+အာရ"ဟု ခွဲ၍ "ဒွေ+အရန္တိ ဂစ္ဆန္တိ ဧတ္ထ ဧတေဟိ ဝါတိ ဒွါရာနိ–ထွက်သူ ဝင်သူ, နှစ်ဖက်လူ တို့၏ သွားလာ ဝင်ထွက်ရာ ဝင်ထွက်ကြောင်းဖြစ်သော ပကတိတံခါးပေါက်တည်း၊ "ဒွါရာနိ ဝိယာတိ ဒွါရာနိ"ဟု ဥပမာတဒ္ဓိတ် ပြု၍ စက္ခု စသည် ရသည်။]

**ပသာဒစက္ခုမေဝ။** ။ဒိဗ္ဗစက္ခုစသော အခြားစက္ခုများကို တားမြစ်လို၍ "ပသာဒ" ဟု ဝိသေသနပြုသည်၊ စက္ခုမေဝ၌ ဧဝဖြင့်ကား အဝဓာရဏကမ္မဓာရည်းကို ပြ၏၊ "စက္ခုမေဝ+ဒွါရံ စက္ခုဒွါရံ"ဟု ပြုပါ–ဟူလို။

**အာဝဇ္ဇနာနံ ။ပေ၊ မနောဒွါရံ။** ။ "မနာနံ+အာဝဇ္ဇန်းစသောဝိထိစိတ်တို့၏+ဒွါရံ မနောဒွါရံ"ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ပြုစေလို၏၊ [ဤဝိဂ္ဂဟ၏ မသင့်ကြောင်းကို ဘာသာဋီကာ၌ ပြထား၏၊] "မနောယေဝ+ဒွါရံ မနောဒွါရံ"သာ ကျမ်းဆရာ၏ အာဘော်ကျ၏၊ မှန်၏–"တထာ သောတာဒယော သောတဒွါရာဒီနိ"ဟု တထာဖြင့် ညွှန်ပြသော အရှင်အနုရုဒ္ဓါသည် မနောဒွါရံတိုင်အောင် ကမ္မဓာရည်း ပြုစေလိုသော အာဘော်ရှိ၏။

ဘဝင်္ဂံ-ကား၊ အာဝဇ္ဇနာနန္တ ရံ-အာဝဇ္ဇန်း၏အခြားမဲ့၌ဖြစ်သော၊ ဘဝင်-ဘဝင်ကို၊ (မနောဒွါရန္တိ-ဟူ၍၊ ပဝုစ္စတိ-ဆိုအပ်၏၊) တေန-ကြောင့်၊ ပေါရာဏာ-တို့သည်၊ သာဝဇ္ဇနံ ဘဝင်္ဂ၊ မနောဒွါရန္တိ ဝုစ္စတိတိ-ဟူ၍၊ အာဟု-မိန့်တော်မူကြကုန်ပြီ၊ [သာဝဇ္ဇနံ-အာဝဇ္ဇန်းနှင့် တကွဖြစ်သော၊ ဘဝင်္ဂ-ဘဝင်ကိုကား၊ မနောဒွါရန္တိ-မနောဒွါရဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏၊ (တစ်နည်း) သာဝဇ္ဇနံ-အာဝဇ္ဇန်းနှင့်တကွဆက်လျက်ဖြစ်သော၊ ဝါ-အာဝဇ္ဇန်း၏ အခြားမဲ့၌ဖြစ်သော၊ ဘဝင်္ဂ-ဘဝင်္ဂုပစ္ဆေဒစိတ်ကိုကား၊ မနောဒွါရန္တိ-ဟူ၍၊ ဝုစ္စတိ-၏၊ ဤကား ဋီကာကျော်အလိုအတိုင်း အနက်တည်း။]

**၃၉**။ တတ္ထာတိ-ကား၊ တေသုစက္ခာဒိဒွါရေသု-ထို စက္ခုအစရှိသော ဒွါရတို့တွင်၊ စက္ခုဒွါရေ-စက္ခုဒွါရ၌၊ ဆစတ္တာလီသ-လေးဆယ့်ခြောက်ပါးသော၊ စိတ္တာနိ-တို့သည်၊ ယထာရဟံ-စွာ၊ ဥပ္ပဇ္ဇန္တိ-န်၏၊ ကထံ (အဃံ)-ကား၊ သမ္ဗန္ဓော-တည်း၊ ["တတ္ထနှင့် စက္ခုဒွါရေ"အစပ်ဝေး၍ "သမ္ဗန္ဓော"ဟု ထားသည်၊] ပဉ္စဒွါရာဝဇ္ဇနံ-ပဉ္စဒွါရာဝဇ္ဇန်းဟူသော၊ ဧကံ-တစ်ပါးသော စိတ်လည်းကောင်း၊ စက္ခုဝိညာဏာဒိနိ-စက္ခုဝိညာဏ် အစရှိကုန်သော၊ ဥဘယဝိပါကဝသေန-နှစ်ပါးသောဝိပါက်တို့၏အစွမ်းဖြင့်၊ သတ္တ-ခုနစ်ပါးသောစိတ်တို့လည်းကောင်း၊ [စက္ခုဝိညာဏ်ခွေး၊ သမ္ပဋိစ္ဆိုန်းခွေး၊ သန္တီရဏသုံးပါးကို ဆိုသည်၊] ဝေါဋ္ဌပနံ-ဝုဋ္ဌောဟူသော၊ ဧကံ-တစ်ပါးသော စိတ်လည်းကောင်း၊ ကာမာဝစရဇဝနာနိ-ကာမာဝစရဇောဖြစ်ကုန်သော၊ ကုသလာကုသလနိရာဝဇ္ဇန ကြိယဝသေန-ကုသိုလ်, အကုသိုလ်, အာဝဇ္ဇန်းမှတစ်ပါးသော ကြိယာစိတ်တို့၏အစွမ်းဖြင့်၊ ဧကူနတိံသ စ-တစ်ခုယုတ်သုံးဆယ်သော စိတ်လည်းကောင်း၊ တဒါရမဏာနိ-တဒါရုံဖြစ်ကုန်သော၊ အဂ္ဂဟိတဂ္ဂဟဏေန-မယူအပ်သေးသော မဟာဝိပါက်စိတ်တို့ကိုသာ ယူခြင်းဖြင့်၊ ["အဂဟိတာနံ+ ဂဟဏံ အဂ္ဂဟိတဂ္ဂဟဏံ"ဟု ပြု၊] ဝါ-ယူအပ်ပြီးသော သန္တီရဏစိတ်တို့ကို မယူခြင်းဖြင့်၊ ["ဂဟိတာနံ+အဂ္ဂဟဏံ အဂ္ဂဟိတဂ္ဂဟဏံ"ဟု အယုတ္တသမာသ် ပြု၊] အဋ္ဌေဝစ-ရှစ်ပါးသာလျှင်ဖြစ်သော စိတ်တို့လည်းကောင်း၊ [တဒါရုံ (၁၁)ပါးရှိသော်လည်း သန္တီရဏသုံးပါးက ယူပြီးဖြစ်၍ ရှစ်ပါးသာ ရှိ၏၊ (၁၁)ပါး မဟုတ်ဟု ဝေဖြင့် ကန့်၊] ကထံ-သို့၊ ဆစတ္တာလီသ-(၄၆) ပါးသော၊ (စိတ္တာနိ-တို့သည်၊ ဥပ္ပဇ္ဇန္တိ-န်၏၊ ဤသို့ သင်္ဂြိုဟ်၌ လှမ်းစပ်။)

---

**ဘဝင်္ဂံ ၊ပေ၊ ဝုစ္စတိ**။ ။"မနောဒွါရံ ပန ဘဝင်္ဂံ ပဝုစ္စတိ"ဟု သင်္ဂြိုဟ်၌ ဘဝင်သာမညကို မနောဒွါရဟု ဆိုထားပါလျက် ဝိထိအစဉ်အားဖြင့် အာဝဇ္ဇန်း၏ အခြားမဲ့ ရှေ့က ဘဝင်္ဂုပစ္ဆေဒကိုသာ "မနောဒွါရ"ဟု ယူခြင်း၊ "သာဝဇ္ဇနံ ဘဝင်္ဂ"စသော သစ္စသံခိပ်စကား၏ ဋီကာကျော်ဆိုလိုအပ်သော အဓိပ္ပာယ် မရခြင်းကို သင်္ဂြိုဟ်ဘာသာ ဋီကာ၌ ပြထားပြီ။

ယထာရဟန္တိ–ကား၊ ကူဋ္ဌာဒိအာရမဏော–ကူဋ္ဌအစရှိသောအာရုံ၌၊ ဝါ–ကူဋ္ဌာရုံ, အနိဋ္ဌာရုံ, ကူဋ္ဌမဇ္ဈတ္တာရုံ၌၊ ယောနိသော အယောနိသောမနသိကာရ နိရာနုသယာယသန္တာနာဒီနံ–ယောနိသောမနသိကာရ,အယောနိသောမနသိကာရ, ကင်းသော အနုသယရှိသော ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်အစရှိသည် တို့အား၊ အနုရူပဝသေန–လျော်သည်၏အစွမ်းဖြင့်၊(ဥပ္ပဇ္ဇန္တိ –နှ၏၊) [အကျယ်အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ။]

သဗ္ဗထာပီတိ–ကား၊ အာဝဇ္ဇနာဒိတဒါရမဏပရိယောသာနေန–အာဝဇ္ဇန်း အစရှိသော တဒါရုံအဆုံးရှိသော၊ သဗ္ဗေနပိ–အလုံးစုံးလည်းဖြစ်သော၊ ပကာ ရေန–အပြားအားဖြင့်၊ ကာမာဝစရာနေဝ–ကာမာဝစရစိတ်တို့ချည်းသာတည်း၊ ဣတိ(အယံ)–ကား၊ ယောဇနာ–အနက်,ပုဒ်တို့ကို ယှဉ်စေခြင်းတည်း၊ ဝါ–တစ် နည်း၊ သဗ္ဗထာပိ–အလုံးစုံးသော အပြားအားဖြင့်လည်း၊ စတုပညာသစိတ္တာနိ– ငါးဆယ့်လေးပါးသော စိတ်တို့သည်၊ (ကာမာဝစရာနေဝ–သာတည်း၊) ဣတိ (အယံ)–ကား၊ သမ္ဗန္ဓော–တည်း၊ သဗ္ဗထာပိ–လည်း၊ တံတံဒွါရိကဝသေန– ထိုထိုဒွါရ၌ဖြစ်သော စိတ်တို့၏အစွမ်းဖြင့်၊ ဋ္ဌိတာနိ–တည်ကုန်သော၊[စတုပညာ သစိတ္တာနိ၌စပ်၊ တစ်ချို့စာ၌“ဋ္ဌိတာနံဟုလည်းရှိ၏၊ အဂ္ဂဟိတဂ္ဂဟဏေန၌ လည်းမစပ်နိုင်,စတုန္နံယုဂဋ္ဌာနံ၌လည်း မစပ်သင့်သောကြောင့် ပါဠ်ပျက်တည်း၊] အဂ္ဂဟိတဂ္ဂဟဏေန–မယူအပ်သေးသော သောတဝိညာဉ် အစရှိသည်တို့ကို ယူခြင်းအားဖြင့်၊ ဝါ–ယူအပ်ပြီးသော ပဉ္စဒွါရာဝဇ္ဇန်း အစရှိသည်တို့ကို မယူခြင်း အားဖြင့်၊ စက္ခုဒွါရိကေသု–စက္ခုဒွါရ၌ဖြစ်ကုန်သော၊ ဆစတ္တာလီသစိတ္တေသု–

---

**သဗ္ဗထာပီတိ၊ ပေ၊ ယောဇနာ**။ ။သဗ္ဗထာပိဟူသော ပုဒ်၌ “အာဝဇ္ဇနာဒိ တဒါရမဏ ပရိယောသာနေန သဗ္ဗေနာပိ ပကာရေန”ဟူသော အနက်ကို ယှဉ်စေခြင်း (သုံးစွဲ စေခြင်း၊)ကိုလည်းကောင်း, သဗ္ဗထာပိကို ကာမာဝစရာနေဝ၌ စပ်ရမည်ဟု ပုဒ်ကို ယှဉ်စေခြင်းကိုလည်းကောင်း “ယောဇနာ”ဟု ဆိုသည်၊ ဝီထိစဉ်အားဖြင့် အာဝဇ္ဇန်းက စ၍ တဒါရုံဆုံးသည့်တိုင်အောင် အပြားကို “သဗ္ဗထာပိ–အလုံးစုံအပြား”ဟု ဆိုသည်။

**သဗ္ဗထာပိ ၊ပေ၊ သမ္ဗန္ဓော**။ ။“သဗ္ဗထာပိ ပဉ္စဒွါရေ စတုပညာသစိတ္တာနိ ကာမာဝစရာနေဝ”ဟူသော သင်္ဂြိုဟ်ပါဠိ၌ “သဗ္ဗထာပိကို စတုပညာသစိတ္တာနိ၌ ဝိသေသနအဖြစ်ဖြင့် စာစပ်ပါ”ဟု စာစပ်ကိုသာ ပြလို၍ “သမ္ဗန္ဓော”ဟု ဆိုသည်၊ ပဉ္စဒွါရ၌ အာဝဇ္ဇန်းအစ တဒါရုံအဆုံးရှိသော ဝီထိစိတ်အားလုံးသည် ကာမစိတ်ချည်းဖြစ်ကြ သည်–ဟူလို၊ [ဤ၌ ပါဌသေသ–ဒွာရစသည် မရှိဘဲလျက် စာစပ်လွဲမည်စိုး၍ “သမ္ဗန္ဓော”ဟု ထားရခြင်းတစ်မျိုးကို မှတ်ပါ။]

**အဂ္ဂဟိတဂ္ဂဟဏေန**။ ။ဤပုဒ်ကို သောတဝိညာဏာဒီနံ၊ပေ၊ပက္ခေပေန၌ စပ်၊ စက္ခုဒွါရိကစိတ် ၄၆ ပါးကို ရေတွက်ရာ၌ သမ္ပဋိစ္ဆိုန်းစသော ဝီထိစိတ်များကို ယူပြီးဖြစ်၍ မယူအပ်သေးသော သောတဝိညာဉ်, ဃာန, ဇိဝှါ, ကာယဝိညာဉ်တို့ကို ယူခြင်းအားဖြင့်

(၄၆)ပါးသော စိတ်တို့၌၊ သောတဝိညာဏာဒီနံ–သောတဝိညာဉ် အစရှိကုန်သော၊ စတုန္နံ–န်သော၊ ယုဂဠာနံ–အစုံတို့ကို၊ ပက္ခေပေန–ထည့်သွင်းခြင်းအားဖြင့်၊ စတုပညာသပိ–(၅၄)ပါးလုံးလည်းဖြစ်သော၊ (စိတ္တာနိ–တို့သည်၊ ကာမာဝစရာနေဝ–သာတည်း၊) ဣတိ အတ္ထော–ဤကား အနက်။

**၄၁။** စက္ခာဒိဒွါရေသု–စက္ခုအစရှိသောခြောက်ဒွါရတို့၌၊ အပ္ပဝတ္တနတော–မဖြစ်ခြင်းကြောင့်လည်းကောင်း၊ မနောဒွါရသင်္ခါတဘဝင်္ဂတော–မနောဒွါရဟုဆိုအပ်သော ဘဝင်၏အဖြစ်ကြောင့်လည်းကောင်း၊ အာရမဏန္တရဂ္ဂဟဏာဝသေန–ပဋိသန္ဓေယူအပ်ပြီးသော အာရုံမှတစ်ပါးသော အာရုံကိုယူခြင်း၏အစွမ်းဖြင့်၊ အပ္ပဝတ္တိတောစ–မဖြစ်ခြင်းကြောင့်လည်းကောင်း၊ ပဋိသန္ဓာဒိဝသေန–ပဋိသန္ဓေအစရှိသည်တို့၏ အစွမ်းဖြင့်၊ ပဝတ္တာနိ–ဖြစ်ကုန်သော၊ ဧကူနဝီသတိ–တစ်ခုယုတ်နှစ်ဆယ်သော၊ (စိတ္တာနိ–တို့သည်၊) ဒွါရဝိမုတ္တာနိ–ခြောက်ဒွါရမှလွတ်သော စိတ်တို့မည်၏။

**၄၂။** ဒွိပဉ္စဝိညာဏာနိ–ဒွေပဉ္စဝိညာဉ် တစ်ဆယ်တို့သည်၊ သက သက ဒွါရေ–မိမိ မိမိ၏ ဒွါရ၌၊ (ဥပ္ပဇ္ဇနတော–ဖြစ်ခြင်းကြောင့်လည်းကောင်း၊) ဆဗ္ဗိသတိမဟဂ္ဂတလောကုတ္တရဇဝနာနိ–(၂၆)ပါးသောမဟဂ္ဂုတ်,လောကုတ္တရာဇောတို့သည်၊ မနောဒွါရေယေဝ–မနောဒွါရ၌သာလျှင်၊ ဥပ္ပဇ္ဇနတော–ကြောင့်လည်းကောင်း၊ ဆတ္တိံသစိတ္တာနိ–(၃၆)ပါးသော စိတ်တို့သည်၊ ယထာရဟံ–စွာ၊ သကသကဒွါရာနုရူပံ–မိမိမိမိ၏ ဒွါရအားလျော်စွာ၊(ယထာရဟံ၏အဖွင့်၊) ဧကဒွါရိကစိတ္တာနိ–တစ်ဒွါရ၌ဖြစ်သော စိတ်တို့မည်၏၊ **၄၅။** ပဉ္စဒွါရေသု–ငါးဒွါရတို့၌၊ သန္တီရဏတဒါရမဏဝသေန–သန္တီရဏ,တဒါရုံတို့၏အစွမ်းဖြင့်

---

နောက်ထပ်ရှစ်ပါးထည့်၍ စတုပညာသဖြစ်သည်–ဟူလို၊ စတုပညာသပိ၌ ပိကား အစိတ်အစိတ်ကို ဆည်းသည်၊ (၅၄)ပါး၏ အစိတ်အပိုင်း တစ်ချို့သာမက, (၅၄)ပါးလုံးကိုပင် ကာမာဝစရတရားချည်းဖြစ်ကြသည်–ဟူလို၊ [ဤပိကို သမ္ဗိဏ္ဍာပိမှ ပိဟု မဏိမဉ္ဇူဆို၏၊ မိမိကား ရသင့်၍ အပိုထည့်အပ်သော ပိဟု ထင်သည်။]

**စက္ခာဒိ၊ပေ၊ဒွါရဝိမုတ္တာနိ။** ။စက္ခာဒိဒွါရေသု အပ္ပဝတ္တနတောဖြင့် ပဋိသန္ဓေစိတ်၏ ဒွါရဝိမုတ္တဖြစ်ခြင်း၏ အကြောင်းကို ပြ၏၊"ပဋိသန္ဓေစိတ်သည် တစ်ဘဝ၌ အစဆုံးဖြစ်ရသောကြောင့် ဒွါရခြောက်ပါးလုံး၌မဖြစ်"ဟူလို၊ မနောဒွါရသင်္ခါတ ဘဝင်္ဂတောဖြင့် ဘဝင်စိတ်၏ ဒွါရဝိမုတ္တ အမည်ရခြင်း၏ အကြောင်းကို ပြ၏၊"ဘဝင်စိတ်မှာ မိမိကိုယ်တိုင်ပင် မနောဒွါရဖြစ်နေသောကြောင့် ဘယ်ဒွါရ၌မျှ ဖြစ်ဖွယ်မလိုရကား ဒွါရဝိမုတ္တဖြစ်သည်"ဟူလို၊ "အာရမဏ၊ပေ၊အပ္ပဝတ္တိတော"ဖြင့် စုတိစိတ်၏ ဒွါရဝိမုတ္တ အမည်ရခြင်း၏ အကြောင်းကို ပြ၏၊"စုတိစိတ်ကား ပဋိသန္ဓေတုံးက ယူအပ်ပြီးသော အာရုံမှတစ်ပါး အခြားသော အာရုံကို မယူခြင်းကြောင့် (ထိုထိုဒွါရ၌ ဖြစ်သော စိတ်များကဲ့သို့ ထင်လာသော အာရုံအသစ်ကို မယူခြင်းကြောင့်) ဒွါရဝိမုတ္တဖြစ်သည်–ဟူလို၊ [မဏိမဉ္ဇူ၌ အမျိုးမျိုး ဖွင့်ထားသေး၏၊ သဘောကျလျှင် မှတ်ယူကြလေတော့။]

လည်းကောင်း၊ မနောဒွါရေ–၌၊တဒါရမဏာဝသေန စ–တဒါရုံ၏အစွမ်းဖြင့် လည်းကောင်း၊ ပဝတ္တနတော–ကြောင့်၊ ဆဒွါရိကာနိ စေဝ–ခြောက်ဒွါရ ၌လည်း ဖြစ်ကုန်၏၊ ပဋိသန္ဓာဒိဝသပ္ပဝတ္တိယာ–ပဋိသန္ဓေ အစရှိသည်တို့၏ အစွမ်းဖြင့်ဖြစ်ခြင်းကြောင့်၊ ဝါ–ဖြစ်ရာအခါ၌၊ ဒွါရဝိမုတ္တာနိ စ–ရုံခါခြောက် ဒွါရမှလည်း လွတ်ကုန်၏။

၄၇။ ပဥ္စဒွါရိကာနိစ–ငါးဒွါရ၌ ဖြစ်သော စိတ်တို့လည်း၊ ဆဒွါရိကာနိစ– ခြောက်ဒွါရ၌ဖြစ်သောစိတ်တို့လည်း၊ ပဥ္စဆဒွါရိကာနိ–ငါးဒွါရ၌ဖြစ်သောစိတ်, ခြောက်ဒွါရ၌ဖြစ်သောစိတ်တို့၊ ဆဒွါရိကာနိစ–တို့လည်း ဟုတ်၏၊ တာနိ– ထိုခြောက်ဒွါရ၌ဖြစ်သော စိတ်တို့ဟူသည်၊ ကဒါစိ–တစ်ရံတစ်ခါ၌၊ (ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်ရာ တစ်ရံတစ်ခါ၌၊) ဒွါရဝိမုတ္တာနိ စ–ခြောက်ဒွါရမှလည်း လွတ်ကုန်၏၊ ဣတိ–ဤနှစ်ပါးသော သတ္တိကြောင့်၊ ဆဒွါရိကဝိမုတ္တာနိ– တ္တတို့ မည်၏၊ [ဤကား ကမ္မဓာရည်းသမာသ်၊] အထဝါ–ကား၊ ဆဒွါရိကာနိ စ–တို့လည်း၊ ဒွါရဝိမုတ္တာနိစ–ခြောက်ဒွါရမှ လွတ်သောစိတ်တို့လည်း၊ ဣတိ– ကြောင့်၊ ဆဒွါရိကဝိမုတ္တာနိ–မည်၏၊ ဣတိ–သို့၊ ဧကဒေသသရူပေက သေသော–တစ်စိတ် သုတိတူသောပုဒ်တို့၏ တစ်ခုကြွင်းကို၊ ဒဋ္ဌဗ္ဗော–၏၊ [ရှေ့ပုဒ်မှ ဆဒွါရိကနှင့် နောက်ပုဒ်မှ ဆဒွါရိက တစ်စိတ်၏ သုတိတူခြင်းကို "ဧကဒေသသရူပ"ဟု ဆိုသည်၊ ထိုနှစ်ပုဒ်ကို တစ်ပုဒ်ကြွင်းပြု။]

## အာရမဏသင်္ဂဟအဖွင့်

**၄၈။** အာရမဏာနံ–အာရုံတို့၏၊ သရူပတော–သရုပ်အားဖြင့်လည်းကောင်း၊ ဝိဘာဂတော–ဝေဖန်အပ်သောအပြားအားဖြင့်လည်းကောင်း၊ တံဝိသယစိတ္တ တောစ–ထိုအာရုံလျှင် အာရုံရှိသော စိတ်အားဖြင့်လည်းကောင်း၊ သင်္ဂဟော– သည်၊ အာရမဏသင်္ဂဟော–အာရမဏသင်္ဂဟမည်၏၊ ["အာရမဏာနိ စ+ အာ ရမဏိကာ စ အာရမဏာနိ၊ တေသံ သင်္ဂဟော အာရမဏသင်္ဂဟော"ဟု ဋီကာအလို ဝိဂြိုဟ်ပြု၊ သို့သော် "အာရမဏတော+သင်္ဂဟော အာရမဏ သင်္ဂဟော"သာ အရှင်အနုရုဒ္ဓါ၏အလိုတည်း၊] ဝဏ္ဏဝိကာရ–အဆင်း၏ထူးခြား ပြောင်းလဲခြင်းသို့၊ အာပဇ္ဇမာနံ–ရောက်လျက်၊ ရူပယတိ ဟဒယင်္ဂတဘာဝံ

---

**အာရမဏာနံ၊ပေ၊သင်္ဂဟော။** ။အာရုံခြောက်ပါးအပြားကို "ဝိဘာဂ"ဟုလည်း ကောင်း, တတ္ထ ရူပမေဝ ရူပါရမဏံ"စသည်ဖြင့် ထိုအာရုံများ၏ သရုပ်ကို "သရူပ" ဟုလည်းကောင်း, စက္ခုဒွါရိကစိတ္တာနံ သဗ္ဗေသံပိ ရူပမေဝ အာရမဏံ" စသည်ကို "တံ ဝိသယစိတ္တ"ဟုလည်းကောင်း ဆိုသည်၊ [သင်္ဂြိုဟ်စာသွား၌ "အာရမဏာနိ နာမ ၊ပေ၊ ဆဗ္ဗိဓာနိ ဘဝန္တိ"ဟု ဝိဘာဂကို ပဌမပြသောကြောင့် "ဝိဘာဂတော သရူပတော" ဟု ရှေ့နောက် ထားသင့်ကြောင်း မဏိမဥ္ဇူ ဆိုသည်။]

ပကာသေတိ–စိတ်နှစ်လုံး၌ ဖြစ်သောသဘောကို ထင်ရှားပြတတ်၏၊ ဣတိ–ကြောင့်၊ ရူပံ–ရူပမည်၏၊ တဒေဝ–ထို ရူပသည်ပင်၊ [အာရမဏံ၌ စပ်၊] ဒုဗ္ဗလပုရိသေန–အားမရှိသော ယောကျ်ားသည်၊ ဒဏ္ဍာဒိ–ဒုတ်အစရှိသော ဝတ္ထုကို၊ (အာလမ္ဗိယတိ)ဝိယ–ဆွဲမှီအပ်သကဲ့သို့၊ (တထာ–ထို့အတူ၊) စိတ္တစေတသိကေဟိ–စိတ်,စေတသိက်တို့သည်၊ အာလမ္ဗိယတိ–ဆွဲမှီအပ်၏၊(ဣတိ–ကြောင့်၊ အာလမ္ဗနံ–နမည်၏၊) ဝါ–တစ်နည်း၊ တာနိ–ထိုစိတ်,စေတသိက်တို့သည်၊ အာဂန္တွာ–လာ၍၊ ဧတ္ထ–ဤအာရုံ၌၊ ရမန္တိ–မွေ့လျော်ကြကုန်၏၊ ဣတိ–ကြောင့်၊ အာရမဏံ–ဏမည်၏၊ ဣတိ–ကြောင့်၊ (တဒေဝအရ ရူပနှင့် အာရမဏကို သမာသ်စပ်ထားသောကြောင့်၊) ရူပါရမဏံ–ဏမည်၏။

(ယော သဘာဝေါ–အကြင်သဘောတရားသည်၊) သဒ္ဒိယတိ–ရွတ်ဆိုအပ်၏၊ ဣတိ–ကြောင့်၊ (သော သဘာဝေါ–သည်၊) သဒ္ဒေါ–သဒ္ဒမည်၏၊ သောယေဝ–ထိုသဒ္ဒသည်ပင်၊ အာရမဏံ–စိတ်, စေတသိက်တို့ လာ၍ မွေ့လျော်ရာတည်း၊ ဝါ–အာရုံတည်း၊ ဣတိ–ကြောင့်၊ သဒ္ဒါရမဏံ–ဏမည်၏။

---

**ဝဏ္ဏ ၊ပေ၊ ရူပံ**။ ။စရာဒိ ရူပဓာတ်သည် ထင်ရှားပြခြင်း အနက်ဟောတည်း၊ ထို့ကြောင့် ပကာသေတိကို"ရူပယတိ၏ အနက်ပြ"ဟု မှတ်၊ အဆင်းသည် (မျက်နှာနီခြင်း, မျက်နှာချိုခြင်း–စသည်ဖြင့် ထူးခြားသော သဘောသို့ ရောက်သောအခါ) စိတ်တွင်းမှာရှိသော အလိုသဘောကို ထင်ရှားပြတတ်၏၊ မျက်နှာနီသောအခါ ထို နီသောအဆင်းသည် အတွင်း၌ စိတ်ဆိုးနေသော သဘောကို ထင်ရှားပြ၏၊ ဤသို့ စသည်ဖြင့်သိလေ။

**အာလမ္ဗနံ**။ ။အားမရှိသောယောကျ်ားသည် တောင်ဝှေး, ဒုတ်, ကြိုးတန်းကို ထောက်မှီ၍ သွားလာထိုင်ထရသကဲ့သို့, စိတ်စေတသိက်များလည်း အာရုံရှိမှ ဖြစ်နိုင်ရကား အာရုံတည်းဟူသော ဒုတ်(တောင်ဝှေး–ကြိုးတန်း)ကို အာရုံပြုသော အားဖြင့် ဆွဲမှီ၍ ဖြစ်ကြရသည်–ဟူလို၊ ဤအလို"အာပုဗ္ဗ+လဗိဓာတ်, ယုပစ္စည်း၊ ဣကာရန္တ ဓာတ်ဖြစ်၍ နိဂ္ဂဟိတ်လာလျက် "အာလမ္ဗန"ဟု ဖြစ်၏။

**အာရမဏံ**။ ။စိတ်စေတသိက်တို့သည် အာရုံရှိမှ ဖြစ်နိုင်ရကား စိတ်စေတသိက်တို့၏ လာ၍ မွေ့လျော်ရာ ဖြစ်သောကြောင့် ရူပစသည်ကို "အာရမဏ"ဟုလည်း ခေါ်ရသည်၊ "အာဂန္တွာ+ရမန္တိ ဧတ္ထာတိ အာရမဏံ"ဟု ပြု၊ အာပုဗ္ဗ+ရမုဓာတ်, ယု ကို အနပြု၊ ရနောက် ဖြစ်၍ နကို ဏပြု၍ "အာရမဏ"ဟု ဖြစ်၏၊ တဒေဝဖြင့် "ရူပမေဝ+အာရမဏံ ရူပါရမဏံ"ဟု ပြသည်၊ သင်္ဂြိုဟ်ပါဠိ၌ "တတ္ထ ရူပမေဝ ရူပါရမဏံ"လည်း ဤအဝဓာရဏကမ္မဓာရည်းပြသော စကားပင်တည်း။

**သဒ္ဒိယတိ**။ ။ဤဝိဂ္ဂဟသည် ရွတ်ဆိုအပ်သော စိတ္တဇသဒ္ဒနှင့်သာ ဆိုင်၏၊ သဗ္ဗတိ–(သောတဝိညာဉ်၏ အာရုံအဖြစ်သို့)ရောက်တတ်၏၊ ဣတိ သဒ္ဒေါ"ဟု ပြုမှ စိတ္တဇ ဥတုဇသဒ္ဒနှစ်မျိုးလုံးနှင့်ဆိုင်မည်၊ သဗ္ဗဓာတ်မှ ဗ္ဗကို ဒ္ဒပြု၊ "သဒ္ဒေါယေဝ+အာရမဏံ"ဟု ဆက်၊ [သက္ကတ၌ "သဗ္ဗ"သည် ပါဠိ၌ သဒ္ဒဟု ဖြစ်၏။]

ဂန္ဓယတိ အတ္တနော ဝတ္ထုံ သူစေတိ–မိမိ၏တည်ရာဝတ္ထုကို ထင်ရှားပြု တတ်၏၊ ထွေ–ဤအရပ်၌၊ ဣဒံ–ဤဝတ္ထုသည်၊ အတ္ထိ–၏၊ ဣတိ–ဤသို့၊ ပေသုည်–ချောပစ်ကုန်းတိုက်မှုကို၊ ကရောန္တံ ဝိယ–ပြုသကဲ့သို့၊ ဟောတိ–ဖြစ်တတ်၏၊ ဣတိ–ကြောင့်၊ ဂန္ဓော–ဂန္ဓမည်၏၊ သောယေဝ–ထိုဂန္ဓသည်ပင်၊ အာရမဏံ–တည်း၊ ဂန္ဓာရမဏံ–ဂန္ဓသည်ပင်အာရုံ၊ ဝါ–ဂန္ဓာရုံ။

တံ–ထို အရသာကို၊ သတ္တာ–သတ္တဝါတို့သည်၊ ရသန္တိ အဿာဒေန္တိ–သာယာကုန်၏၊ ဣတိ–ထိုသို့သာယာအပ်သည်၏ အဖြစ်ကြောင့်၊ (သော–ထို အရသာသည်၊) ရသော–ရသမည်၏၊ သောယေဝ–ထိုအရသာသည်ပင်၊ အာရမဏံ–တည်း၊ ရသာရမဏံ–ရသသည်ပင်အာရုံ၊ ဝါ–ရသာရုံ။

ဖုသီယတိ–တွေ့ထိအပ်၏၊ ဣတိ–ကြောင့်၊ ဖောဋ္ဌဗ္ဗံ–ဖောဋ္ဌဗ္ဗ မည်၏၊ တဒေဝ–ထို ဖောဋ္ဌဗ္ဗသည်ပင်၊ အာရမဏံ–တည်း၊ ဖောဋ္ဌဗ္ဗာရမဏံ–ဖောဋ္ဌဗ္ဗ သည်ပင် အာရုံ၊ ဝါ–ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မောယေဝ–ဓမ္မသည်ပင်၊ အာရမဏံ–တည်း၊ ဓမ္မာရမဏံ–ဓမ္မသည်ပင် အာရုံ၊ ဝါ–ဓမ္မာရုံ။

**၄၉။** တတ္ထာတိ–ကား၊ တေသု ရူပါဒိအာရမဏေသု–ထို ရူပါရုံ အစရှိသော အာရုံတို့တွင်၊ ရူပမေဝါတိ–ကား၊ ဝဏ္ဏာယတနသင်္ခါတံ–ဝဏ္ဏာယတနဟု ဆိုအပ်သော၊ ရူပမေဝ–အဆင်းသည်ပင်၊ (ရူပါရမဏံ–ဏာမည်၏၊) သဒ္ဒါဒယောတိ–ကား၊ သဒ္ဒါယတနာဒိသင်္ခါတာ–သဒ္ဒါယတနအစရှိသည်ဟု ဆိုအပ်ကုန်သော၊ သဒ္ဒါဒယော–သဒ္ဒအစရှိသည်တို့သည်လည်းကောင်း၊ အာပေါဓာတုဝဇ္ဇိတဘူတတ္တယသင်္ခါတံ–အာပေါဓာတ်သည် ကြဉ်အပ်သော ဘူတရုပ်သုံးပါးအပေါင်းဟု ဆိုအပ်သော၊ ဖောဋ္ဌဗ္ဗာယတနဉ္စ–ဖောဋ္ဌဗ္ဗာယတနသည်လည်းကောင်း၊ (သဒ္ဒါရမဏာဒီနိ–သဒ္ဒါရုံ အစရှိသည်တို့မည်၏၊) ["တထာ သဒ္ဒါဒယော သဒ္ဒါရမဏာဒီနိ"၏ အဖွင့်ဖြစ်၍"သဒ္ဒါရမဏာဒီနိ"ဟုထည့်၍ စပ်။]

---

**ဂန္ဓာရမဏံ။** ။စုရာဒိ ဂန္ဓဓာတ်သည် သူစန(ထင်ရှားပြုခြင်း)အနက်ကို ဟော၏၊ ထို့ကြောင့် "ဂန္ဓယတိ အတ္တနော ဝတ္ထုံ သူစေတီတိ ဂန္ဓော"သာ လိုရင်းတည်း၊ ပုန်းကွယ်၍ နေစေကာမူ အနံ့က "ဒီမှာ ရှိတယ်"ဟု ဖော်ပြသကဲ့သို့ဖြစ်ရကား ပုန်းကွယ်နေသော ဒြပ်ဝတ္ထုနှင့် အနံ့ရှိရာကိုလိုက်၍ ရှာသူနှစ်ဦးအကြား၌ ကုန်းတိုက်သကဲ့သို့ ဖြစ်သောကြောင့် "ဣဒမေတ္ထ အတ္ထိ၊ပေ၊ဟောတိ"ဟု အဓိပ္ပာယ်ဖွင့်သည်၊ [ဤသို့ဖွင့်ခြင်းမှာလည်း သူစက သဒ္ဒါက ကုန်းတိုက်သူကို ဟောသောကြောင့်တည်း။]

**ရသန္တိ ၊ပေ၊ ရသော။** ။"တံ အဿာဒေန္တိ"၌ တံ ဟူသော အဝုတ္တကံ ကိုပင် အရကောက် ယူရသောကြောင့် "ရသန္တိ တံတိ ရသော"ကို အဝုတ္တကမ္မသာဓနဟု မှတ်၊ "အဿာဒေန္တိ"ကား ရသဓာတ်၏ အဖွင့်တည်း၊ "ရသီယတိ အဿာဒီယတိ–သာယာအပ်၏၊ ဣတိ ရသော"ဟုလည်း ဝုတ္တကမ္မသာဓန ပြုရိုး ရှိသည်သာ။

**၅၀။** ပဉ္စာရမ္မဏပ္ပသာဒါနိ–အာရုံငါးပါး, ပသာဒငါးပါးတို့ကို၊ ဌပေတွာ–ထား၍၊ သေသာနိ–ကြွင်းကုန်သော၊ သောဠသ–(၁၆)ပါးသော ရုပ်တို့သည်၊ သုခုမရူပါနိ–သုခုမရုပ်တို့မည်၏၊ ["ပသာဒသုခုမရူပ"၏ အဖွင့် တည်း။]

**၅၁။** ပစ္စုပ္ပန္နန္တိ–ကား၊ ဝတ္တမာနံ–ဖြစ်ဆဲရူပါရုံတည်း၊ ["တဒ္ဓပစ္စုပ္ပန္န"၏ အဖွင့်တည်း၊ "ဝတ္တမာနံ"ဟု ဖွင့်သဖြင့် သန္တတိပစ္စုပ္ပန်,အဒ္ဓါပစ္စုပ္ပန်တို့ မဟုတ်, ဥပါဒ် ဋီ ဘင်အားဖြင့် ဖြစ်ဆဲ "ခဏပစ္စုပ္ပန်"ဟု ပြသည်၊]

**၅၂။** ဆဗ္ဗိဓမ္ပိတိ–ကား၊ ရူပါဒိဝသေန–ရူပါရုံအစရှိသည်တို့၏ အပြားအားဖြင့်၊ ဆဗ္ဗိဓမ္ပိ–ခြောက်ပါး အပြားရှိသည့်လည်းဖြစ်သော အာရုံသည်၊ ("အာရမ္မဏံ ဟောတိ"၌ စပ်၊) ဝိနာသာဘာဝတော–ပျက်စီးခြင်း၏ မရှိခြင်းကြောင့်၊ ဝါ–ပျက်စီးခြင်း မရှိသည့်အတွက်၊ အတီတာဒိကာလဝသေန–အတိတ်အစရှိသော ကာလတို့၏အစွမ်းဖြင့်၊ န ဝတ္တဗ္ဗတ္တာ–မဆိုထိုက်သည်၏ အဖြစ်ကြောင့်၊ နိဗ္ဗာနံ–သည်လည်းကောင်း၊ ပညတ္တိစ–သည်လည်းကောင်း၊ ကာလဝိမုတ္တံ နာမ–ကာလဝိမုတ်အာရုံ မည်၏။

ယထာရဟန္တိ–ကား၊ ကာမာဝစရဇဝနအဘိညာသေသမဟဂ္ဂတာဒိဇဝနာနံ–ကာမာဝစရဇော, အဘိညာဉ်မှကြွင်းသော မဟဂ္ဂုတ်အစရှိသောဇောတို့အား၊ [အာဒိဖြင့် လောကုတ္တရာဇောကို ယူ၊] အနုရူပတော–လျော်သောအားဖြင့်၊ (အာရမ္မဏံ–သည်၊ ဟောတိ–၏၊) ဟိ–ချဲ့၊ ဟသိတုပ္ပါဒဝဇ္ဇနာနံ–ဟသိတုပ္ပါဒ် သည် ကြဉ်အပ်ကုန်သော၊ ကာမာဝစရဇဝနာနံ–ကာမာဝစရဇောတို့၏၊ ဆဗ္ဗိဓမ္ပိ–ခြောက်ပါးအပြားရှိသည်လည်းဖြစ်သော အာရုံသည်၊ တိကာလိကံ–ကာလသုံးပါး၌ ဖြစ်သည်လည်းကောင်း၊ ကာလဝိမုတ္တဉ္စ–ကာလသုံးပါးမှ

---

**ဝိနာသာ ၊ပေ၊ ဝိမုတ္တံနာမ။** ။ဝိနာသာဘာဝတောသည် နဝတ္တဗ္ဗတ္တာ၏ဟိတ်ကူတည်း၊ ဖြစ်၍ချုပ်ပြီးသော အာရုံကိုသာ "အတိတ်"ဟု ခေါ်ရသည်၊ နိဗ္ဗာန်နှင့် ပညတ်တို့ကား ထိုသို့ ချုပ်ပျက်ခြင်း(ဝိနာသ)မရှိသောကြောင့် "အတိတ်"ဟု မခေါ်အပ်၊ ဖြစ်ခြင်း ဥပါဒ်လည်းမရှိ–ဖြစ်လတ္တံ့လည်း မဟုတ်သောကြောင့် "ပစ္စုပ္ပန်, အနာဂတ်" ဟုလည်း မခေါ်အပ်၊ ထို့ကြောင့် ကာလသုံးရပ်မှလွတ်သော ကာလဝိမုတ္တတရားများ ဖြစ်ကြသည်၊ [သင်္ဂြိုဟ်၌ "ကာလဝိမုတ္တဉ္စ"ဟူသော စကားသည် နိဗ္ဗာန်နှင့် ပညတ်များကို ရည်ရွယ်သော စကားဖြစ်သည်–ဟူလို။]

**ကာမာဝစရ ၊ပေ၊ ဟောတိ။** ။"သေသာနံ ၊ပေ၊ ဟောတိ"တိုင်အောင် "ယထာရဟန္တိ ၊ပေ၊ အနုရူပတော"ဟူသော ရှေ့စကား၏အကျယ်တည်း၊ ဟသိတုပ္ပာဒ်မှတစ်ပါးသော ကာမဇောတို့သည် ရူပါရုံစသော အာရုံ, နိဗ္ဗာန် ပညတ်ဟူသော ကာလဝိမုတ်အာရုံကို အာရုံပြု၏၊ ဟသိတုပ္ပာဒ်ကား (ကာလဝိမုတ် မပါ၊) ရူပါရုံစသော အာရုံခြောက်ပါးကိုသာ အာရုံပြု၏၊ [ထိုသို့အာရုံပြုပုံကို "သေသာနိ ကာမာဝစရဝိပါကာနိ ဟသနစိတ္တဉ္စေတိ သဗ္ဗထာပိ ကာမာဝစရာရမ္မဏာနေဝ"၌ ကေန္တကာမအာရုံ ရှိကြောင်းကို ဆိုလတ္တံ့၊ ဋီကာ၌လည်း ဖွင့်လတ္တံ့။]

အလွတ်သည်လည်းကောင်း၊ (ဟုတွာ၊) အာရမဏ်-သည်၊ ဟောတိ-၏၊ ဟသိတ္တုပ္ပာဒဿ-ဟသိတုပ္ပာဒ်စိတ်၏၊ တိကာလိကမေဝ-တိကာလိက သည်သာလျှင်၊ (ဟုတွာ၊) (အာရမဏ်-သည်၊ ဟောတိ-၏၊) တထာဟိ-ထို စကားမှန်၏၊ အဿ-ထို ဟသိတုပ္ပာဒ်စိတ်၏၊ ကေန္တပရိတ္တာရမဏတံ-ကေန် ကာမအာရုံရှိသည်၏ အဖြစ်ကို၊ ဝက္ခတိ-ဆိုလတ္တံ့။

ပန-ကား၊ ဒိဗ္ဗစက္ခာဒိဝသပ္ပဝတ္တဿ-ဒိဗ္ဗစက္ခု အစရှိသည်တို့၏ အစွမ်းဖြင့်ဖြစ်သော၊ အဘိညာဇဝနဿ-အဘိညာဉ်ဇော၏၊ ယထာရဟံ-စွာ၊ ဆဗ္ဗိဓမ္မိ-ခြောက်ပါးအပြားရှိသည်လည်းဖြစ်သော အာရုံသည်၊ တိကာလိကံ-လည်းကောင်း၊ ကာလဝိမုတ္တဉ္စ-လည်းကောင်း၊ (ဟုတွာ၊) အာရမဏ်-သည်၊ ဟောတိ-၏၊ ပန-ဆက်၊ တတ္ထ-ဤ အဘိညာဉ်၏ အာရုံ၌၊ ဝိဘာဂေါ-ဝေဖန်အပ်သော အပြားသည်၊ နဝမပရိစ္ဆေဒေ-နဝမပရိစ္ဆေဒ၌၊ အာဝိ-စွာ၊ ဘဝိဿတိ-လတ္တံ့၊ ပန-ကား၊ သေသာနံ-အဘိညာဉ်ဇောမှကြွင်းသော မဟဂ္ဂုတ် အစရှိသော ဇောတို့၏၊ ကာလဝိမုတ္တံ-ကာလဝိမုတ်သည်လည်းကောင်း၊ အတီတဉ္စ-အတိတ်သည်လည်းကောင်း၊ (ဟုတွာ၊) ယထာရဟံ-စွာ၊ အာရမဏ်-သည်၊ ဟောတိ-၏။

**၅၃။** ပဋိသန္ဓိဘဝင်္ဂစုတိသင်္ခါတာနံ-ပဋိသန္ဓေ, ဘဝင်, စုတိဟု ဆိုအပ်ကုန်သော၊ ဒွါရဝိမုတ္တာနဉ္စ-ဒွါရဝိမုတ်စိတ်တို့၏လည်း၊ ဆဗ္ဗိဓမ္မိ-ခြောက်ပါး အပြားရှိသည်လည်းဖြစ်သော အာရုံသည်၊ အာရမဏ်-သည်၊ ဟောတိ-၏၊ ဣတိ (အယံ၊)သမ္ဗန္ဓော-တည်း၊ [ဒွါရဝိမုတ္တာနဉ္စ၊ပေ၊သင်္ခါတာနံကိုအာရမဏ် ဟောတိ၌လှမ်းစပ်၊ ဆဗ္ဗိဓမ္မိလည်းပစ္စုပ္ပန္နမတီတံစသည်ခြားလျက်အာရမဏ် ဟောတိ၌ လှမ်းစပ်၊ အစပ်ဝေး၍ စာစပ်ပုံကိုပြသော စကားတည်း၊] ပန-ဆက်၊ နေသံ-ထို ဒွါရဝိမုတ်စိတ်တို့၏၊ တံ အာရမဏ်-သည်၊ အာဝဇ္ဇနဿ-အာဝဇ္ဇန်း၏၊ (အာရမဏံ) ဝိယ-အာရုံကဲ့သို့၊ ကေနစိ-တစ်စုံတစ်ခုသောတရားသည်၊

---

**ဒိဗ္ဗစက္ခာဒိ ၊ပေ၊ အာရမဏံ ဟောတိ**။ ။အထက်ပါ အကျဉ်းစကားဝယ် ကာမာဝစရဇဝနကိုဖွင့်ပြီး၍ အဘိညာဉ်ကိုဖွင့်လိုသောကြောင့် "ဒိဗ္ဗစက္ခာဒိ" စသည်မိန့်၊ အဘိညာဉ်ဇော၏ အာရုံများမှာ ရူပါရုံစသော ခြောက်ပါးဖြစ်၍ တိကာလိက အာရုံ, နိဗ္ဗာန် ပညတ်ဟူသော ကာလဝိမုတ် အာရုံများတည်း၊ [နဝမပရိစ္ဆေဒ "အဘိညာဝသေန ပဝတ္တမာနံ ပန"စသော စကား၌ ဖွင့်လတ္တံ့။]

**သေသာနံ ပန**။ ။အဘိညာဉ်ကိုဖွင့်ပြီး၍ သေသမဟဂ္ဂတာဒိဇဝနကို ဖွင့်ပြလိုသောကြောင့် "သေသာနံ ပန" စသည်မိန့်၊ ထိုအဘိညာဉ်ဇောမှ ကြွင်းသော မဟဂ္ဂုတ်ဇောတို့၏ အာရုံကား ပထဝီကသိုဏ်းစသော ပညတ်ဖြစ်၍ ကာလဝိမုတ်လည်းရှိ၏၊ ဒုတိယစတုတ္ထအာရုပ္ပတို့အတွက် အတိတ်အာရုံလည်းရှိ၏၊ [အတိတ်အာရုံဖြစ်ပုံမှာ "အာရုပ္ပေသု ဒုတိယစတုတ္ထာနိ မဟဂ္ဂတာရမဏာနိ"၏ အဖွင့်ဘာသာဋီကာ၌ ပြထားပြီ။]

အဂ္ဂဟိတမေဝ–မယူအပ်သည်သာလျှင်၊ (ဟုတွာ–၍) ဂေါစရဘာဝံ–အာရုံ၏ အဖြစ်သို့၊ န ဂစ္ဆတိ–ရောက်သည် မဟုတ်၊ ပဉ္စဒွါရိကဇဝနာနံ–ပဉ္စဒွါရိကဇော တို့၏၊ (အာရမဏံ)ဝိယ–သို့၊ ကေန္တပစ္စုပ္ပန္နံ–ကေန်ပစ္စုပ္ပန်သည်၊ (ဟုတွာ) စ– လည်း၊ (ဂေါစရဘာဝံ–သို့၊) န (ဂစ္ဆတိ)–မဟုတ်၊ မနောဒွါရိကဇဝနာနံ–မနောဒွါရိက ဇောတို့၏၊ (အာရမဏံ)ဝိယ–ကဲ့သို့၊ တိကာလိကမေဝ–တိကာလိက သည်သာလျှင် သော်လည်းကောင်း၊ အဝိသေသေန–သာမညအားဖြင့်၊ ကာလဝိမုတ္တံ ဝါ–ကာလ ဝိမုတ်သည်သော်လည်းကောင်း၊ (ဟုတွာ)အပိ–ဖြစ်၍လည်း၊ (ဂေါစရဘာဝံ–သို့၊) န (ဂစ္ဆတိ)–မဟုတ်၊ မရဏာသန္နတော–မရဏာသန္နဝီထိမှ၊ ပုရိမဘာဂဇဝနာနံ– ရှေ့အဖို့၌ ဖြစ်သောဇောတို့၏၊ (အာရမဏံ)ဝိယ–ကဲ့သို့၊ ကမ္မကမ္မနိမိတ္တာဒိဝသေန– ကံ, ကမ္မနိမိတ် အစရှိသည်တို့၏ အစွမ်းဖြင့်၊ [အာဒိဖြင့် ဂတိနိမိတ်ကို ယူ၊]

---

**န အာဝဇ္ဇနဿ ဝိယ**။ ။ဤစကားသည် သင်္ဂြိုဟ်ပါဠိ၌ "ဘဝင်္ဂရေ ဆဒွါရဂ္ဂဟိတံ" ၏ အဖွင့်တည်း၊ အာဝဇ္ဇန်း၏အာရုံသည် မည်သည့်တရားကမျှ ယူ၍မပေးရဘဲ အစဆုံးထွက်၍ ယူအပ်သောအာရုံဖြစ်၏၊ ပဋိသန္ဓေ ဘဝင်,စုတိ ကိစ္စတပ်သော ဒွါရဝိမုတ်စိတ်တို့၏ အာရုံကား ထိုသို့မဟုတ်, အတီတာနန္တရဘာဝ, မရဏာသန္နဝီထိဝယ် (ခြောက်ဒွါရ၌ဖြစ်သော) မရဏာသန္နဇောတို့က ယူပေးအပ်သော အာရုံဖြစ်သည်–ဟူလို၊ [န အာဝဇ္ဇနဿ ဝိယ–စသော ဥပမာများသည် ယူအပ်သော အာရုံချင်း မတူပုံကို ပြသော ဝိသဒိသူပမာ များတည်း။]

**န စ ၊ပေ၊ ကေန္တ ပစ္စုပ္ပန္နံ**။ ။သင်္ဂြိုဟ်ပါဠိ၌ ပစ္စုပ္ပန္နမတီတံကို ကြည့်၍ဖွင့်သော အဖွင့်တည်း၊ ပဉ္စဒွါရိကဇောတို့၏ အာရုံသည် ပစ္စုပ္ပန်တစ်မျိုးသာ ရှိသကဲ့သို့, ဒွါရဝိမုတ်စိတ် တို့၏အာရုံသည် ပစ္စုပ္ပန်တစ်မျိုးသာမဟုတ်,ပစ္စုပ္ပန်လည်းရှိ အတိတ်လည်းရှိသည်–ဟူလို။

**နာပိ ၊ပေ၊ ဝိမုတ္တံ ဝါ**။ ။[ပစ္စုပ္ပန္နမတီတံနှင့် ပညတ္တိဘူတံဝါကို ကြည့်၍ ဖွင့်သည်၊] မနောဒွါရိကဇောတို့၏ အာရုံသည် တိကာလိကသာဖြစ်၍ ဒွိကာလိက မရှိသကဲ့သို့, ဒွါရဝိမုတ်စိတ်တို့၏ အာရုံမှာ ထိုသို့ တိကာလိက မဟုတ်, ပစ္စုပ္ပန် အတိတ်ဟူသော ဒွိကာလိက ဖြစ်သည်၊ သာမညကာလဝိမုတ်လည်း မဟုတ်, ပဌမအာရုပ္ပစိတ်အတွက် ကောင်းကင်ပညတ်ဟူသော ဝိသေသကာလဝိမုတ်အာရုံ, တတိယအာရုပ္ပအတွက် နတ္ထိဘောပညတ်ဟူသော ဝိသေသကာလ ဝိမုတ်အာရုံများလည်း ရှိသည်–ဟူလို။

**နာပိ ၊ပေ၊ ဝိနိမုတ္တံ**။ ။"ကမ္မကမ္မနိမိတ္တဂတိနိမိတ္တသမ္မတံ"ကို ကြည့်၍ဖွင့်သော အဖွင့်တည်း၊ မရဏာသန္နဝီထိမရောက်မီ ရှေ့အဖို့က ဇောဝီထိမ အာရုံမှာ ကံ, ကမ္မနိမိတ်,ဂတိနိမိတ်ဟူသော ဝေါဟာရ (နာမည်) မရှိ၊ ရူပါရုံကို ရူပါရုံဟုပင် ခေါ်ရ၏၊ ပေ၊ ဓမ္မာရုံကိုလည်း ဓမ္မာရုံဟုပင် ခေါ်ရ၏၊ ဤဒွါရဝိမုတ်စိတ်တို့၏ အာရုံကား ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟူသော အမည်နာမဝေါဟာရမှ လွတ်သောအာရုံ မဟုတ်၊ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟူသော အမည်ရှိသောအာရုံ ဖြစ်သည်–ဟူလို။

အာဂမသိဒ္ဓိဝေါဟာရဝိနိမုတ္တံ–ဖြစ်ပေါ်လာကြောင်း ကံကြောင့်ပြီးသော အမည်နာမဝေါဟာရမှ လွတ်သောအာရုံသည်၊ (ဟုတွာ)အပိ–လည်း၊ (ဂေါစရဘာဝံ–သို့၊) န (ဂစ္ဆတိ)–မဟုတ်၊ ဣတိ–ကြောင့်၊ ယထာသမ္ဘဝံ၊ပေ၊သမ္မတန္တိ–ယထာသမ္ဘဝံ ၊ပေ၊ သမ္မတံဟူ၍၊ အာဟ–မိန့်တော်မူပြီ။

တတ္ထ–ထိုယထာသမ္ဘဝံအစရှိသော စကားရပ်၌၊ ယထာသမ္ဘဝန္တိ–ကား၊ တံတံ ဘူမိကပဋိသန္ဓိဘဝင်္ဂစုတိနံ–ထိုထိုဘုံ၌ဖြစ်သော ပဋိသန္ဓေဘဝင် စုတိစိတ်တို့၏၊ တံတံဒွါရဂ္ဂဟိတာဒိဝသေန–ထိုထိုဒွါရ၌ဖြစ်သော ဇောသည် ယူပေးအပ်သော အာရုံအစရှိသည်တို့၏ အစွမ်းဖြင့်၊ သမ္ဘဝါနုရူပတော–ဖြစ်သင့်သည်အားလျော်စွာ၊ (အာရမဏံ ဟောတိ၊) ဟိ–ချဲ့၊ တာဝ–စုတိစိတ်မှရှေးဦးစွာ၊ ကာမာဝစရာနံ–ကာမာဝစရဖြစ်ကုန်သော၊ ပဋိသန္ဓိဘဝင်္ဂါနံ–ပဋိသန္ဓေ, ဘဝင်စိတ်တို့၏၊ ရူပါဒိပဉ္စာရမဏံ–ရူပါရုံအစရှိသော ငါးပါးသောအာရုံသည်၊ ဆဒွါရဂ္ဂဟိတံ–ဆဒွါရိကမရဏာသန္နဇောသည် ယူအပ်သည်လည်းကောင်း၊ ယထာရဟံ–စွာ၊ ပစ္စုပ္ပန္နံ–ပစ္စုပ္ပန်သည်လည်းကောင်း၊ အတီတဉ္စ–အတိတ်သည်လည်းကောင်း၊ (ဟုတွာ၊) ကမ္မနိမိတ္တသမ္မတံ–ကမ္မနိမိတ်ဟုသမုတ်အပ်သော၊ အာရမဏံ–သည်၊ ဟောတိ–၏။

တထာ–ထို့အတူ၊ ["ကာမာဝစရရူပါဒိပဉ္စာရမဏ, ဆဒွါရဂ္ဂဟိတ, ကမ္မနိမိတ္တသမ္မတ"တို့ကို ပြန်ညွှန်းသည်၊] စုတိစိတ္တဿ–စုတိစိတ်၏၊ အတီတမေဝ–အတိတ်သည်သာလျှင်၊ (ဟုတွာ အာရမဏံ ဟောတိ၊) ပန–ကား၊

---

**အာဂမသိဒ္ဓဝေါဟာရဝိနိမုတ္တံ**။ ။အာဂစ္ဆတိ ပဝတ္တတိ ဧတေနာတိ အာဂမော–ကံ, ကမ္မနိမိတ်, ဂတိနိမိတ်၏ ဖြစ်ပေါ်လာကြောင်း (ထင်လာကြောင်း) ဖြစ်သော ကုသိုလ်ကံ အကုသိုလ်ကံ၊ ထိုအာရုံများသည် မရဏာသန္နအခါ၌ ကံ၏အစွမ်းကြောင့် ထင်ပေါ်လာရကား ထိုကံကို "အာဂမ"ဟု ခေါ်သည်၊ အာဂမတော+သိဒ္ဓေါ အာဂမသိဒ္ဓေါ၊ ဝေါဟာရိတဗ္ဗော–ခေါ်ဝေါ်အပ်၏၊ ဣတိ ဝေါဟာရော–ခေါ်ဝေါ်အပ်သော နာမည်၊ အာဂမသိဒ္ဓေါ စ+သော+ဝေါဟာရောစာတိ အာဂမသိဒ္ဓဝေါဟာရော၊ တတော+ဝိနိမုတ္တံ အာဂမသိဒ္ဓဝေါဟာရဝိနိမုတ္တံ၊ [ကမ္မကမ္မနိမိတ္တာဒိဝသေန ဟူသော ဝိသေသနကို ဝေါဟာရ၌ စပ်၊ "ကံ ကမ္မနိမိတ် ဂတိနိမိတ်၏ အဖြစ်ဖြင့်+ ခေါ်အပ်သော နာမည်"ဟူလို။]

**တံတံဒွါရဂ္ဂဟိတာဒိဝသေန**။ ။ဆဒွါရဂ္ဂဟိတံကို ကြည့်၍ "တံတံဒွါရဂ္ဂဟိတံ"ဟု ဖွင့်၏၊ အာဒိဖြင့် ပစ္စုပ္ပန္နမတီတံ ပညတ္တိဘူတံ ကမ္မကမ္မနိမိတ္တံတို့ကို ယူပါ၊ စက္ခုဒွါရဖြင့် ယူအပ်သော အာရုံဖြစ်ထိုက်လျှင်လည်းကောင်း, ပစ္စုပ္ပန်ဖြစ်ထိုက်လျှင်လည်းကောင်း, သို့မဟုတ် အတိတ်ဖြစ်ထိုက်လျှင်လည်းကောင်း, ဤသို့ စသည်ဖြင့် ထိုက်သည်အားလျော်စွာ–ဟူလို၊ ထိုယထာသမ္ဘဝ ဖြစ်ပုံကို အကျယ်ပြလို၍ "ကာမာဝစရာနံ ဟိ ၊ပေ၊ သမ္မတမေဝ အာရမဏံ ဟောတိ"တိုင်အောင် မိန့်သည်၊ ထို အကျယ်အတိုင်း "ကာမသန္ဓိ, ဘဝင်သည်ကား" စချီ၍ အခိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ။

ဓမ္မာရမဏံ–သည်၊ တိဏ္ဏမ္ပိ–သုံးပါးလည်းဖြစ်ကုန်သော၊ တေသံ–ထို ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တို့၏၊ မနောဒွါရဂ္ဂဟိတမေဝ–မနောဒွါရိကမရဏာသန္နဇောသည် ယူအပ်သည်သာလျှင်လည်းကောင်း၊ အတီတံ–လည်းကောင်း၊ (ဟုတွာ၊) ကမ္မကမ္မနိမိတ္တသမ္မတံ–ကံ ကမ္မနိမိတ်ဟုသမုတ်အပ်သော၊ (အာရမဏံ ဟောတိ၊)

တထာ–ထို့အတူ၊ ရူပါရမဏံ–ရူပါရုံသည်၊ ကေမေဝ–တစ်ပါးတည်းသာလျှင်၊ (ဟုတွာ) မနောဒွါရဂ္ဂဟိတံ–မနောဒွါရိကမရဏာသန္နဇောသည် ယူအပ်သည်လည်းကောင်း၊ ကေန္တ ပစ္စုပ္ပန္နံ–ကေန်ပစ္စုပ္ပန်သည်လည်းကောင်း၊ (ဟုတွာ၊) ဂတိနိမိတ္တသမ္မတံ–ဂတိနိမိတ်ဟု သမုတ်အပ်သော၊ (အာရမဏံ ဟောတိ၊) ဣတိဝေံ–သို့၊ ကာမာဝစရပဋိသန္ဓာဒိနံ–ကာမာဝစရပဋိသန္ဓေ အစရှိသောစိတ်တို့၏၊ ယထာသမ္ဘဝံ–ဖြစ်သင့်သည်အားလျော်စွာ၊ ဆဒွါရဂ္ဂဟိတံ–သည်လည်းကောင်း၊ ပစ္စုပ္ပန္နံ–သည်လည်းကောင်း၊ အတီတဥ္စ–သည်လည်းကောင်း၊ (ဟုတွာ၊) ကမ္မကမ္မနိမိတ္တဂတိနိမိတ္တသမ္မတံ–ကံ,ကမ္မနိမိတ်, ဂတိနိမိတ်ဟု သမုတ်အပ်သော၊ အာရမဏံ–သည်၊ ဟောတိ–၏။

ပန–ကား၊ မဟဂ္ဂတပဋိသန္ဓာဒီသု–မဟဂ္ဂုတ် ပဋိသန္ဓေအစရှိသည်တို့တွင်၊ [အာဒိဖြင့်ဘဝင်, စုတိတို့ကို ယူ၊] ရူပါဝစရာနံ–ရူပါဝစရပဋိသန္ဓေ အစရှိသည်တို့၏လည်းကောင်း၊ ပဉ္စမတတိယာရုပ္ပာနဥ္စ–ပဉ္စမာရုပ္ပ,တတိယာရုပ္ပပဋိသန္ဓေတို့၏လည်းကောင်း၊ ဓမ္မာရမဏမေဝ–ဓမ္မာရုံသည်သာလျှင်၊ မနောဒွါရဂ္ဂဟိတံ–သည်လည်းကောင်း၊ ပညတ္တိဘူတံ–ပညတ်ဖြစ်၍ ဖြစ်သည်လည်းကောင်း၊ (ဟုတွာ၊) ကမ္မနိမိတ္တသမ္မတံ–သော၊ (အာရမဏံ ဟောတိ၊) တထာ–ထိုမှတစ်ပါး၊ ဒုတိယစတုတ္ထာရုပ္ပာနံ–ဒုတိယအာရုပ္ပ, စတုတ္ထအာရုပ္ပပဋိသန္ဓေတို့၏၊ အတီတမေဝ–အတိတ်သည်သာလျှင်၊ (ဟုတွာ အာရမဏံ ဟောတိ၊) ဣတိဝေံ–သို့၊ မဟဂ္ဂတပဋိသန္ဓိဘဝင်္ဂစုတီနံ–မဟဂ္ဂုတ် ပဋိသန္ဓေ,ဘဝင်,စုတိတို့၏၊ မနောဒွါရဂ္ဂဟိတံ–သည်လည်းကောင်း၊ ပညတ္တိဘူတံ(ဝါ)–သည်သော်လည်းကောင်း၊ အတီတံဝါ–သည်သော်လည်းကောင်း၊ (ဟုတွာ၊) ကမ္မနိမိတ္တသမ္မတမေဝ–ကမ္မနိမိတ်ဟု သမုတ်အပ်သည်သာလျှင်ဖြစ်သော၊ အာရမဏံ–သည်၊ ဟောတိ–၏။

ယေဘုယျေန ဘဝန္တရေ ဆဒွါရဂ္ဂဟိတန္တိ–ကား၊ ဗာဟုလ္လေန–များသည်၏ အဖြစ်အားဖြင့်၊ အတီတာနန္တရဘဝေ–လွန်ခဲ့ပြီးစ အခြားမဲ့ဘဝ၌၊ မရဏာသန္နပဝတ္တဆဒွါရိကဇဝနေဟိ–သေခါနီး၌ဖြစ်သော ခြောက်ဒွါရ၌ဖြစ်သောဇောတို့သည်၊

---

**ဆဒွါရဂ္ဂဟိတံ**။ ။သင်္ကြိုဟ်၌ရှိသော ဆဒွါရဂ္ဂဟိတံဝယ် ဆဒွါရဟူသော ဌာနဖြင့် ဌာနီဒွါရိကဇောတို့ကို ယူပါ–ဟု သိစေလို၍ “ဆဒွါရိကဇဝနေဟိ”ဟု ဖွင့်၏၊ မဥ္စာ ဥက္ကုဋ္ဌိ”၌ မဥ္စာသဒ္ဒါကဲ့သို့ ဆဒွါရသဒ္ဒါသည် ဌာနူပစာသဒ္ဒါဖြစ်သည်–ဟူလို။

ဂဟိတံ–ယူအပ်သည်၊ (ဟုတွာ အာရမဏံ ဟောတိ၊) ဟိ–ချဲ့၊ [ယေဘုယျေန နှင့်စပ်၍ ချဲ့အံ့–ဟူလို၊] အသညီဘဝတော–အသညီဘဝမှ၊ ဝါ–အသညသတ်ဘုံမှ၊ စုတာနံ–စုတေခဲ့သော သတ္တဝါတို့၏၊ (စုတေ၍ ကာမသုဂတိဘုံသို့ရောက်လာသောသတ္တဝါတို့၏၊) ပဋိသန္ဓိဝိသယဿ–ပဋိသန္ဓေ၏အာရုံကို၊ [ဂဟဏံ၌ စပ်၊] အနန္တရာတီတဘဝေ–အခြားမဲ့လွန်ခဲ့ပြီးသော အသညီ ဘဝ၌၊ ကေနစိ–တစ်စုံတစ်စုံသော၊ ဒွါရေန–ဒွါရသည်၊ ဝါ–ဒွါရိကမရဏာသန္နဇောက၊ ဂဟဏံ–ယူခြင်းသည်၊ နအတ္ထိ–မရှိ၊ ဣတိ–ကြောင့်၊ တဒေဝ–ထို အသညသတ်ဘုံမှ စုတေခဲ့သောသတ္တဝါတို့၏ပဋိသန္ဓေ၏ အာရုံကိုပင်၊ တေ္တ–ဤဘဝ၌ ရဝယ် ဆဒွါရဂ္ဂဟိတအဖြစ်၌၊ ယေဘုယျဂ္ဂဟဏေန–ယေဘုယျသဒ္ဒါဖြင့်၊ ဗျဘိစာရိတံ–အထူးအားဖြင့် ရှေးရှုဖြစ်စေအပ်ပြီ၊ (ကေန်မဟုတ်ခြင်းသို့ ရောက်စေအပ်ပြီ၊) ဟိ–မှန်၏၊ ကေဝလံ–သက်သက်၊ (ဆဒွါရိကမရဏာသန္နဇောသည် ယူပေးခြင်းနှင့် မဖက်သက်သက်၊) ကမ္မဗလေနေဝ–ကံ၏ အစွမ်းကြောင့်သာလျှင်၊ တေသံ–ထို အသညသတ်ဘုံမှ စုတေခဲ့သော သတ္တဝါတို့၏၊ ပဋိသန္ဓိယာ–ပဋိသန္ဓေစိတ်၏၊ ကမ္မကမ္မနိမိတ္တာဒိကံ–ကံ ကမ္မနိမိတ်အစရှိသော၊ အာရမဏံ–သည်၊ ဥပဋ္ဌာတိ–ထင်လာ၏။

တထာ ဟိ–ထို့ကြောင့်ပင်၊ သစ္စသင်္ခေပေ–သစ္စသံခိပ်ကျမ်း၌၊ အသညီဘဝတော–အသညီဘဝမှ၊ စုတဿ–စုတေသောသတ္တဝါ၏၊ ပဋိသန္ဓိနိမိတ္တံ–ပဋိသန္ဓေ၏ အာရုံကို၊ ပုစ္ဆိတွာ–မေးပြီး၍၊ ဘဝတ္တ ရကတံ ကမ္မံ ၊ ပေ ၊

---

**တဒေဝ ၊ပေ၊ ဗျဘိစာရိတံ။** ။တဒေဝါတိ ယထာဝုတ္တပဋိသန္ဓိအာရမဏမေဝ (ဆိုအပ်ပြီးသော အပြားရှိသော အသညသတ်မှ စုတေ၍ ကာမဘုံ၌ဖြစ်သော ပဋိသန္ဓေ၏ အာရုံကိုပင်၊) တေ္တ ဘဝတ္တရေ ဆဒွါရဂ္ဂဟိတဘာဝေ (ဤဘဝတစ်ပါးဝယ် ဆဒွါရိကမရဏာသန္နဇောသည် ယူအပ်သည်၏အဖြစ်၌) ဗျဘိစာရိတံ (အနေကန္တိကဘာဝံ အာစရိယေန ပါပိတံ၊) မဏိမဉ္ဇူ။ ဤအဖွင့် အတိုင်း နိဿယပေးထား၏ ဗျဘိစာရဟူသည် တစ်မျိုးတည်းမဟုတ်ဘဲ အခြားတစ်မျိုး ပါဝင်နေခြင်းတည်း၊ ဤ၌ ဆဒွ ရဂ္ဂဟိက တစ်မျိုးတည်း မဟုတ်ဘဲ ဆဒွါရဂ္ဂဟိက မဟုတ်သော ကမ္မဗလကြောင့် ထင်လာသော အာရုံ၏ ပါဝင်ခြင်းကို ဗျဘိစာရဟု ဆိုသည်၊ ထို့ကြောင့် "ဝိ+အဘိ+စာရ–မတူသောအနက်၏+ရှေးရှု+ဖြစ်ခြင်း ပါဝင်ခြင်း"ဟု သဒ္ဒတ္ထမှတ်၊ ထိုသို့ ပါဝင်လာလျှင် ဆဒွါရဂ္ဂဟိတံ အဖြစ်သည် ကေန်မုချ မဟုတ်, အနေကန် ဖြစ်လေတော့သည်။

**ပဋိသန္ဓိနိမိတ္တံ ပုစ္ဆိတွာ။** ။**နာသညာ စဝမာနဿ, နိမိတ္တံ န စုတိစ္စယံ၊**
**ဥဒ္ဓံ သန္ဓိနိမိတ္တံ ကိံ, ပစ္စယောပိ ကွ·နန္တရော။**

ယံ (ယေနကာရဏေန)–အကြင် အကြောင်းကြောင့်၊ အသညာ–အသညသတ်ဘုံမှ၊ စဝမာနဿ–စုတေဆဲသတ္တဝါ ၏၊ နိမိတ္တံ–ကံ,ကမ္မနိမိတ်,ဂတိနိမိတ်ဟူသောအာရုံသည်၊ န–မရှိ၊ စုတိစ–စုတိစိတ်သည်လည်း၊ န–မရှိ၊(တေနကာရဏေန–ကြောင့်၊) ဥဒ္ဓံ–အထက်ဖြစ်သော နောက်ဘဝ၌၊ သန္ဓိနိမိတ္တံ–ပဋိသန္ဓေ၏ အာရုံသည်၊ ကိံ–အဘယ်နည်း၊

ဥပဋ္ဌာပိတာဂေါစရေတိ–ဘဝင္ဂရကတံ ကမ္မံ ၊ပေ၊ ဥပဋ္ဌာပိတာဂေါစရေဟူ၍၊ ကေဝလံ–သက်သက်၊ ကမ္မဗလေနေဝ–ကြောင့်သာလျှင်၊ ပဋိသန္ဓိဂေါစရဿ–ပဋိသန္ဓေ၏ အာရုံ၏၊ ဥပဋ္ဌာနံ–ထင်လာခြင်းကို၊ ဝုတ္တံ–ဖွေဆိုအပ်ပြီ၊ [ဘဝင်္ဂရကတံ–အံ့သညသတ်ဘုံသို့ မရောက်မီ၊ တစ်ပါးသောဘဝဆီက ပြုအပ်ခဲ့သော၊ ယံကမ္မံ–အကြင်ကံသည်၊ ဩကာသံ–အကျိုးပေးခွင့်ကို၊လဘေ–ရ၏၊ တတော–ထိုသို့ရခြင်းကြောင့်၊ သာ သန္ဓိ–အသညသတ်မှစုတေ၍ ကာမဘုံ၌ ဖြစ်လာသော သတ္တဝါ၏ ထိုပဋိသန္ဓေသည်၊ တေနေဝ–ထိုအကျိုးပေးခွင့်ရသော ကံသည်သာလျှင်၊ ဥပဋ္ဌာပိတဂေါစရေ–ထင်စေအပ်သော အာရုံ၌၊ ဟောတိ–၏။]

ဟိ–လဒ္ဓဒေါသ ထင်ရှားပြအံ့၊ ဣတရထာ–ဤသို့မဟုတ်လျှင်၊(ကံ၏အစွမ်းကြောင့် ထင်လာသော အာရုံမဟုတ်လျှင်၊) ဇဝနဂ္ဂဟိတဿာပိ–မရဏာသန္နဇောသည်ယူအပ်သည်လည်းဖြစ်သော၊ အာရမဏဿ–၏၊ ကမ္မဗလေနေဝ–သည်သာလျှင်၊ ဥပဋ္ဌာပိယမာနတ္တာ–ထင်စေအပ်သည်၏ အဖြစ်ကြောင့်၊ တေနေဝါတိ–တေနေဝဟူသော၊ သာဝဓာရဏဝစနဿ–အဝဓာရဏာနှင့် တကွဖြစ်သော စကား၏၊ အဓိပ္ပာယသုညတာ–အဓိပ္ပာယ်မှ ကင်းဆိတ်သည် ၏ အဖြစ်သည်၊ အာပဇ္ဇေယျ–ဖြစ်ရာ၏၊ ဣတိ–ဤကားလဒ္ဓဒေါသတည်း။

နနုစ–အံ့၊ (ကိံ–နည်း၊) တေသမ္ပိ–ထိုအသညသတ်ဘုံမှ စုတေသောသတ္တဝါတို့၏လည်း၊ ပဋိသန္ဓိဂေါစရော–ပဋိသန္ဓေ၏အာရုံသည်၊ ကမ္မဘဝေ–ကံ၏ဖြစ်ရာဘဝ၌၊ ကေနစိ–တစ်စုံတစ်ခုသော၊ ဒွါရေန–ဖြင့်၊ ဇဝနဂ္ဂဟိတော–ဇောသည်ယူအပ်သည်၊ သမ္ဘဝတိ–ဖြစ်သင့်သည်မဟုတ်ပါလော၊ ဣတိ–သို့၊(နနု စ–၏

အနန္တရပစ္စယောပိ–အနန္တရပစ္စည်းတပ်သောတရားသည်လည်း၊ ကော–အဘယ်နည်း၊ ["အသညသတ်ဘုံ၌ ဆဒွါရိကမရဏာသန္နဇောသည် ယူအပ်သောအာရုံ မရှိသောကြောင့်၊ ပဋိသန္ဓေ၏အာရုံ ဘယ်က ရသနည်း" ဟု မေးလိုရင်း ဖြစ်သည်၊ "အသညသတ်ဘုံ၌ စုတိစိတ် မရှိသောကြောင့် ထိုမှ စုတေခဲ့သော သတ္တဝါ၏ ပဋိသန္ဓေစိတ်မှာ ဘယ်မှ အနန္တရပစ္စည်း ရသနည်း"ဟူသော အမေးကား ဤနေရာ၌ လိုရင်းမဟုတ်။]

**ဣတရထာ ဟိ**။ ။ဆိုခဲ့ပြီးသော သစ္စသံခိပ်စကားသည် အသညသတ်မှ စုတေခဲ့သော ပဋိသန္ဓေ၏ အာရုံအတွက်သာ ကံကြောင့်ထင်လာရပုံကို ပြဆိုသောစကား မဟုတ်ဘဲ သေခါနီးကာလ၌ (သတ္တဝါတိုင်း၏) ဆဒွါရိကဇော၏ အာရုံလည်း ကံကြောင့် ထင်လာရပုံကို ဆိုသောစကားဖြစ်လျှင် (တားမြစ်ဖို့ရာအနက် မရှိတော့သဖြင့်) "တေနေဝ"ဟု ဧဝသဒ္ဒါသည် အနက်အဓိပ္ပာယ် မရှိရာရောက်သည်–ဟူလို၊ ကြွင်းသော မှတ်ဖွယ်ကို ဘာသာဋီကာ၌ ပြထားပြီ။

**နနု စ၊ပေ၊သမ္ဘဝတီတိ**။ ။အသညသတ်သို့ မရောက်မီက ဤကာမဘုံ၌ ပဋိသန္ဓေကျိုးပေးမည့် ကံ၏ဖြစ်ရာ (ကံပြုရာ)ဘဝကို "ကမ္မဘဝ"ဟု ဆိုသည်၊ ကမ္မဿ+ဘဝေါ ကမ္မဘဝေါ၊ အသညသတ်မှ စုတေ၍ ကာမဘုံ၌ ဖြစ်လာသော သတ္တဝါ၏ ပဋိသန္ဓေစိတ်၏ အာရုံသည် (အသညသတ် မရောက်မီ) ထို ကမ္မဘဝတုန်းက ဇောသည် ယူအပ်သောအာရုံ ဖြစ်သင့်သည် မဟုတ်ပါလော–ဟု စောဒနာသည်။

ဣတိ အယံ–ကား၊ စောဒနာ–တည်း၊) ကမ္မကမ္မနိမိတ္တသမ္မတော–ကံ ကမ္မနိမိတ်ဟု သမုတ်အပ်သော အာရုံသည်၊ (ကမ္မဘဝေ–၌၊ ကေနစိ–သော၊ ဒွါရေန–ဖြင့်၊ ဇဝနဂ္ဂဟိတော–သည်၊) သမ္ဘဝတိ–ဖြစ်သင့်သည်ကား၊ သစ္စံ–မှန်ပါပေ၏၊ ပန–ထိုသို့ပင်မှန်ပါသော်လည်း၊ ဂတိနိမိတ္တသမ္မတော–ဂတိနိမိတ်ဟုသမုတ်အပ်သော အာရုံသည်၊ သဗ္ဗေသံပိ–အလုံးစုံသော သတ္တဝါတို့၏လည်း၊ မရဏကာလေယေဝ–သေခါနီးခါ၌သာ၊ ဥပဋ္ဌာတိ–ထင်လာ၏၊ (သေခါနီးမှ ထင်လာရိုးဖြစ်၏၊) ဣတိ–ကြောင့်၊ တဿ–ထို ဂတိနိမိတ်၏၊ ကမ္မဘဝေ–၌၊ ဂဟဏသမ္ဘဝေါ–ယူခြင်း၏ ဖြစ်သင့်ခြင်းသည်၊ ကုတော–အဘယ်မှာ ဖြစ်နိုင်အံ့နည်း။

အပိစ–စင်စစ်ကား၊ ဧတ္ထ–ဤဒွါရဝိမုတ်စိတ်တို့၏ အာရုံကိုပြရာ၌၊ မရဏာသန္နပဝတ္တဇဝနေဟိ–သေခါနီးအခါ၌ဖြစ်သော ဇောတို့သည်၊ ဂဟိတမေဝ–ယူအပ်သော အာရုံကိုသာလျှင်၊ သန္ဓာယ–၍၊ ဆဒွါရဂ္ဂဟိတန္တိ–တံဟူ၍၊ (အာစရိယေန၊) ဝုတ္တံ–ပြီ၊ ဝေဠုကတွာ–ကြောင့်၊ အာစရိယေန–သည်၊ ဣမသ္မိံ ယေဝအဓိကာရေ–ဤ ဒွါရဝိမုတ်စိတ်တို့ကို ပြရာအခန်း၌၊ ပရမတ္ထဝိနိစ္ဆယေ–ပရမတ္ထဝိနိစ္ဆယကျမ်း၌၊ မရဏာသန္နသတ္တဿ ၊ပေ၊ ပဋိသန္ဓိဘဝန္တရေတိ–

**သစ္စံ သမ္ဘဝတိ**။ ။ထိုကမ္မဘဝ၌ ကံ၏အာရုံဖြစ်သော (ကျောင်း, ဘုရားစသော) ကမ္မနိမိတ်ကို ကံစေတနာဖြစ်ခိုက် ဇောသည်လည်းကောင်း, ထိုကံ ထိုကမ္မနိမိတ်ကို ပြန်၍ အာရုံပြုသော(ပရစေတနာ)ဇောသည်လည်းကောင်း အာရုံပြုနိုင်၏၊ ထိုကံ ထိုကမ္မနိမိတ်သည် အသညသတ်ဘုံမှ စုတေ၍ ပဋိသန္ဓေစိတ်မှာ ထင်လာလျှင် "ဇဝနဂ္ဂဟိတ–ထိုကမ္မဘဝတုန်းက ဇောသည် ယူအပ်သော အာရုံ"ဟု ဆိုသင့်ပါပေ၏၊ သို့သော် လားရာဂတိဟူသော ဂတိနိမိတ်ကား သတ္တဝါတိုင်းမှာ သေခါနီးမှ (ဘဝသစ်ယူခါနီးမှ) ကပ်၍ ထင်လာသောကြောင့် ထို ကမ္မဘဝတုန်းက ဇောသည် မယူနိုင်၊ သင် စောဒက၏ "ဇဝနဂ္ဂဟိတ" ဟူသော စကားတွင် ဂတိနိမိတ် မပါဝင်နိုင်သောကြောင့် သင်၏ စကားသည် အားလုံးနိမိတ်၌ မပျံ့နှံ့၍ မစုံလင်–ဟု ပဋ္ဌမအပြစ်တင်သည်၊ [သဗ္ဗေသံ ဟူရာ၌ ကာမဘုံသို့ လာထိုက်သူ အားလုံးကို ဆိုလိုသည်၊ ဗြဟ္မာ့ဘုံသို့ ရောက်မည့် ပုဂ္ဂိုလ်များ၌ကား ကမ္မနိမိတ်သာ ထင်လေ့ရှိ၏။]

**အပိစေတ္ထ**။ ။"စောဒက၏ စောဒနာပုံ၌ မစုံလင်ရုံသာမက,သူ့စောဒနာချက်သည် ဤနေရာ၌ လုံးလုံးမဆိုင်"ဟု တစ်နည်းပြလို၍ အပိစေတ္ထ–စသည်မိန့်၊ "ဆဒွါရဂ္ဂဟိတံ"ဟူသော စကားကို သာမညဆဒွါရိကဇောကို ရည်ရွယ်၍ ဆိုသည် မဟုတ်, မရဏာသန္နကာလ၌ ဆဒွါရိကဇောကိုသာ ရည်ရွယ်၍ ဆိုသည်၊ ထို့ကြောင့် သင် စောဒက၏ "ကမ္မဘဝေ ကေနစိ ဒွါရေန"စသော စကားသည် ဤနေရာနှင့် လုံးလုံး မသက်ဆိုင်သော စကားဖြစ်သည်–ဟူလို။

**ဝေဠုကတွာ**။ ။"ဆဒွါရိကမရဏာသန္နဇောကို ရည်ရွယ်သည်"ဟု ဆိုရာ၌ သာဓကေ ပြလို၍ ဝေဠုကတွာ–စသည် မိန့်၊ ပရမတ္ထဝိနိစ္ဆယ–ဟူသည် အရှင်အနုရုဒ္ဓါ စီရင်အပ်သော ကျမ်းတည်း၊ ထိုကျမ်း၌ ဤနေရာမျိုးမှာပင် "မရဏာသန္နသတ္တဿ"စသည်ဖြင့်

မရဏာသန္နသတ္တဿ ၊ပေ၊ ပဋိသန္ဓိ ဘဝန္တရေဟူ၍၊ ဝုတ္တံ-ပြီ၊ [မရဏာသန္နသတ္တဿ-သေခါနီးသတ္တဝါ၏၊ ဆဒ္ဒါရေသု-ခြောက်ဒွါရတို့၌၊ ယထောပဋ္ဌိတဂေါစရံ-အကြင်အကြင် ထင်လာတိုင်းသော အာရုံဟူသော၊ တံ-ထိုအာရုံကို၊ အာရဗ္ဘ-အာရုံပြု၍၊ ဘဝန္တရေ-ဘဝတစ်ပါး၌၊ ပဋိသန္ဓိ-ပဋိသန္ဓေစိတ်သည်၊ (ဟောတိ၊)]

ပစ္စုပ္ပန္နံတဒါဒိနာ-ပစ္စုပ္ပန္နံ အစရှိသောပါဠ်ဖြင့်၊ အနာဂတဿ-အနာဂတ်အာရုံ၏၊ ပဋိသန္ဓိဂေါစရဘာဝံ-ပဋိသန္ဓေ၏ အာရုံ၏အဖြစ်ကို၊ နိဝါရေတိ-တားမြစ်၏၊ ဟိ-မှန်၏၊ (တစ်နည်း) ဟိ(ယသ္မာ)ကြောင့်၊ တံ-ထိုအနာဂတ်အာရုံသည်၊ အတီတကမ္မကမ္မနိမိတ္တာနိဝိယ-အတိတ်ဖြစ်သောကံ ကမ္မနိမိတ်တို့ကဲ့သို့၊ အနုဘူတံ-ခံစားအပ်, တွေကြုံအပ်ပြီးသည်၊ န (ဟောတိ)-မဟုတ်၊ [ဂတိနိမိတ် မှန်က ပစ္စုပ္ပန်ချည်းသာ ဆိုသောကြောင့် ဂတိနိမိတ် ချန်၍ "ကမ္မကမ္မနိမိတ္တာနိ"ဟုဆိုသည်၊] ပစ္စုပ္ပန္နကမ္မနိမိတ္တဂတိနိမိတ္တာနိ ဝိယ-ပစ္စုပ္ပန်ဖြစ်သော ကမ္မနိမိတ်ဂတိနိမိတ်တို့ကဲ့သို့၊ အာပါတာဂတံပိ-ရှေးရှုကျခြင်းသို့ ရောက်သော အာရုံသည်လည်း၊ န ဟောတိ-မဟုတ်၊ တ္တတိ-ကြောင့်၊ (ပစ္စုပ္ပန္နံတဒါဒိနာ-ဖြင့်၊ အနာဂတဿ-၏၊ ပဋိသန္ဓိဂေါစရဘာဝံ-ကို၊ နိဝါရေတိ-၏၊) [ကံအာရုံမှန်က အတိတ်အမြဲဖြစ်သောကြောင့် ကံကိုမထည့်ဘဲ "ကမ္မနိမိတ္တဂတိနိမိတ္တာနိ"ဟု ဆိုသည်၊ နာပိ-ဟု အပိပါပြီးဖြစ်သောကြောင့် "ဂတဉ္စ"ဟု စ မပါထိုက်ကြောင်းကို မဏိမဉ္ဇူဆိုသည်၊] စ-ဆက်၊ ကမ္မကမ္မနိမိတ္တာဒီနံ-ကံ ကမ္မနိမိတ်အစရှိသည်တို့၏၊ သရူပံ-သရုပ်သကောင်ကို၊ သယမေဝ-အရှင်အနုရုဒ္ဓါဆရာ ကိုယ်တိုင်သာလျှင်၊ဝက္ခတိ-ဆိုလတ္တံ့၊ [ဝီထိမုတ်ပိုင်း မရဏုပ္ပတ္တိအခန်း "ပဋိသန္ဓိဇနကံ ကမ္မံဝါ"စသည်ဖြင့် ကိုယ်တိုင် ဆိုလတ္တံ့။]

**၅၄,၅၅**။ တေသုတိ-ကား၊ ရူပါဒိပစ္စုပ္ပန္နာဒိကမ္မာဒိအာရမဏေသု-ရူပါရုံ အစရှိသော ပစ္စုပ္ပန်အစရှိသောကံ အစရှိသော အာရုံရှိကုန်သော၊ ဝိညာဏေသု-ဝိညာဏ်တို့တွင်၊ စေတသံ-ဤစက္ခုဝိညာဏ် အစရှိသည်တို့၏၊ ရူပါဒီသု-ရူပါရုံအစရှိသည်တို့တွင်၊ ဧကေကံ-တစ်ပါးစီတစ်ပါးစီသော၊ အာရမဏံ-သည်၊ (အတ္ထိ-၏၊) တ္တတိ-ကြောင့်၊(တာနိ-ထိုစက္ခုဝိညာဏ်အစရှိသည်တို့သည်၊)

---

"သေခါနီး၌ ထင်လာသော အာရုံသည် ဘဝသစ်၌ ပဋိသန္ဓေ၏ အာရုံဖြစ်သည်"ဟု မိန့်တော်မူသည်-ဟူလို၊ ["ဝေဠုကတ္ဟ, သာခေကာ, တစ်ဖြာလဒ္ဓဂုဏ်"ဟူသော နိယာမ်၌ ဤနေရာဝယ် သာခေကပြဟု မှတ်ပါ။]

**ရူပါဒိ ၊ပေ၊ ဝိညာဏေသု**။ ။ရူပါဒိဧကေကာရမဏာနေဝကို ကြည့်၍ "ရူပါဒိ"ဟုလည်းကောင်း, ပစ္စုပ္ပန္နမတီတံ ၊ပေ၊ ကမ္မကမ္မနိမိတ္တဂတိနိမိတ္တသမ္မတံကို ကြည့်၍ "ပစ္စုပ္ပန္နာဒိ, ကမ္မာဒိ"ဟုလည်းကောင်း ဖွင့်သည်၊ ရူပါဒိဖြင့် သဒ္ဒါရုံစသည်ကို လည်းကောင်း, ပစ္စုပ္ပန္နာဒိဖြင့်, အတိတ် ပညတ္တိဘူတကိုလည်းကောင်း, ကမ္မာဒိဖြင့် ကမ္မနိမိတ္တဂတိနိမိတ္တကိုလည်းကောင်း ယူရသည်။

ရူပါဒိကေကာရမဏာနိ–ဏာတို့မည်၏၊ [စက္ခုဝိညာဏာဒီနိ ရူပါဒိကေကာရမဏာနေဝ၏ အဖွင့်၊ ရူပါဒီသု ကောက်စသော အဖွင့်ကို ကြည့်၍ နိဒ္ဒါရဏသမာသ်ကို ဤ ကျမ်းဆရာအလိုရှိကြောင်းသိပါ၊] တေသု–ဤမနောဓာတ်သုံးပါး၏၊ ရူပါဒိကံ–ရူပါရုံအစရှိသော၊ ပဉ္စဝိဓမ္ပိ–ငါးပါး အပြားရှိသည်လည်းဖြစ်သော၊ အာရမဏံ–သည်၊(အတ္တ–၏) ဣတိ–ကြောင့်၊ (တံ–ထိုမနောဓာတ်သုံးပါးသည်၊) ရူပါဒိပဉ္စာရမဏံ–ဏာမည်၏၊ [မနောဓာတုတ္တိကံ ပန ရူပါဒိပဉ္စာရမဏံ၏ အဖွင့်။]

**၅၆။** ["သေသာနိ ကာမာဝစရဝိပါကာနိ ဟာသနစိတ္တဉ္စေတိ"ဟူသော ဝါကျကို ဖွင့်ပြလို၍ သေသာနီတိ ဒွိပဉ္စဝိညာဏ စသည်ကိုမိန့်၊] သေသာနီတိ–ကား၊ ဒွိပဉ္စဝိညာဏသမ္ပဋိစ္ဆနေဟိ–ဒွေပဉ္စဝိညာဏ်တစ်ဆယ်,သမ္ပဋိစ္ဆန်းဒွေးတို့မှ၊ အဝသေသာနိ–ကြွင်းကုန်သော၊ တောဒသ–န်သော၊ ကာမာဝစရဝိပါကာနိ–ကာမာဝစရဝိပါက်စိတ်တို့လည်းကောင်း၊ [ကာမဝိပါက်(၂၃)ပါး ရှိရာတွင် ဒွေပဉ္စဝိညာဏ်နှင့် သမ္ပဋိစ္ဆန်းတို့ကို တေသု စက္ခုဝိညာဏာဒီနိ စသည်ဖြင့် ဆိုခဲ့ပြီး ဖြစ်၍ ထိုစိတ်များကို သေသ၏ အပါဒါန်ခံသည်၊] သဗ္ဗထာပိ ကာမာဝစရာ ရမဏာနီတိ–ကား၊ သဗ္ဗေနပိ–အလုံးစုံလည်းဖြစ်သော၊ ဆဒွါရိကဒွါရဝိမုတ္တ ဆဠာရမဏဝသပ္ပဝတ္တာကာရေန–ဆဒွါရိကစိတ်, ဒွါရဝိမုတ်စိတ်, (၆)ပါးသော အာရုံရှိသော စိတ်တို့၏ အစွမ်းဖြင့်ဖြစ်သော အခြင်းအရာအားဖြင့်၊ နိဗ္ဗတ္တာနိ–ဖြစ်ကုန်သည်၊ (သမာနာနိ)ပိ–ဖြစ်ပါကုန်သော်လည်း၊ ကေဝ္လ ကာမာဝစရ သဘာဝဆဠာရမဏဂေါစရာနိ–ကေန် ကာမာဝစရသဘောရှိသော (၆)ပါးသော အာရုံဟူသော အာရုံရှိကုန်၏။

ဟိ–ချဲ့၊ ဧတ္ထ–ဤ(၁၁)ပါးသောကာမာဝစရဝိပါက်,ဟသိတုပ္ပါဒ်စိတ်တို့တွင်၊ တာဝ–ဟသိတုပ္ပါဒ်စိတ်မှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌာနိ–ညွှန်ပြအပ်ကုန်သော၊) ဝိပါကာနိ–(၁၁)ပါးသော ကာမာဝစရဝိပါက်စိတ်တို့သည်၊ သန္တီရဏာဒိဝသေန–သန္တီရဏကိစ္စ အစရှိသည်တို့၏ အစွမ်းဖြင့်၊ [အာဒိဖြင့် တဒါရုံကိစ္စကို ယူ၊]

---

**သဗ္ဗေနာပိ ၊ပေ၊ ဂေါစရာနိ။** ။ပဝတ္တာကာရေနကို ကြည့်၍ "သဗ္ဗေန+ အာကာရေန သဗ္ဗထာ"ဟု ပြု၊ ထို သဗ္ဗအာကာရဟူသည် သန္တီရဏ တဒါရုံကိစ္စ ဖောကိစ္စတပ်၍ ဆဒွါရိကစိတ် အဖြစ်ဖြင့် ဖြစ်သောအခြင်းအရာ, ပဋိသန္ဓေစသော ကိစ္စတပ်၍ ဒွါရဝိမုတ်စိတ်၏ အဖြစ်ဖြင့် ဖြစ်သောအခြင်းအရာ, ခြောက်ပါးသော အာရုံရှိသည်၏ အဖြစ်ဖြင့်ဖြစ်သော အခြင်းအရာတည်း ဟု သိစေလို၍ "ဆဒွါရိ ၊ပေ၊ ပဝတ္တာကာရေန"ဟု မိန့်သည်၊ မည်သို့ပင်ဖြစ်၍ မည်သို့ပင် အာရုံပြုနိုင်သည် ဖြစ်စေ ထိုအာရုံများသည် ကေန်ကာမအာရုံချည်း ဖြစ်ရမည်–ဟူလို၊ ရမဏာနေဝဉ္စ ဝေကြောင့်၊ "ကေဝ္လ"ဟု ထည့်၍ ဖွင့်သည်၊ [ဘာသာဋီကာ၌ သဗ္ဗထာပိအရကို တစ်မျိုးစကားဖြင့် ရေးထား၏၊ သဘောသွားမှာ အတူပင်တည်း။]

ရူပါဒိပဉ္စာရမဏော–ရူပါရုံ အစရှိသော ငါးပါးသော အာရုံလည်းဖြစ်သော၊ [ကာမာဝစရာရမဏောယေဝ၌ စပ်၊] ပဋိသန္ဓာဒိဝသေန–ပဋိသန္ဓေအစရှိသည်တို့၏အစွမ်းဖြင့်၊ ဆဋ္ဌာရမဏသင်္ခါတေ–ခြောက်ပါးသောအာရုံဟု ဆိုအပ်သည်လည်းဖြစ်သော၊ ကာမာဝစရာရမဏေယေဝ–၌သာလျှင်၊ ပဝတ္တန္တိ။

ဟသနစိတ္တံ ပိ–ဟသိတုပ္ပါဒ်စိတ်သည်လည်း၊ ပဓာနသာရုပ္ပဋ္ဌာနံ–ကမ္မဋ္ဌာန်းအားထုတ်ခြင်းအားလျောက်ပတ်သော အရပ်ကို၊ [ထိုအရပ်၌ရှိသော ရူပါရုံကို–ဟူလို၊] ဒိသွာ–၍၊ တုဿန္တဿ–နှစ်သက်သော ရဟန္တာပုဂ္ဂိုလ်၏ (သန္တာန်၌၊) ရူပါရမဏော–ရူပါရုံလည်းကောင်း၊ [ဓမ္မာရမဏောတိမှ ဣတိလုမ်းစပ်၊] ဘဏ္ဍာဘာဇနဋ္ဌာနေ–သင်္ကန်းစသောဘဏ္ဍာကို ဝေဖန်ရာအရပ်၌၊ မဟာသဒ္ဒံ–ကျယ်စွာသောအသံကို၊ သုတွာ–ကြား၍၊ [ဝေစုခံသော ရဟန်းတို့၏ လောလုပ္ပတဏှာကြောင့် ကျယ်စွာသော ပြောဆိုသံကို ကြား၍–ဟူလို၊] မေ–ငါသည်၊ ဇဝရူပါ–ဤသို့သဘောရှိသော၊ လောလုပ္ပတဏှာ–ကို၊ ဝါ–အလွန်လိုချင်တတ်သူ၏ ဖြစ်ကြောင်းဖြစ်ရာ တဏှာကို၊ ပဟီနာ–ပယ်အပ်ပေပြီ၊ ဣတိ–ဤသို့တွေး၍၊ တုဿန္တဿ–၌၊ သဒ္ဒါရမဏော–သဒ္ဒါရုံလည်းကောင်း၊ ဂန္ဓာဒီဟိ–နံ့သာအစရှိသည်တို့ဖြင့်၊ စေတိယပူဇနကာလေ–စေတီတော်ကို ပူဇော်ရာအခါ၌၊ တုဿန္တဿ–၌၊ ဂန္ဓာရမဏော–လည်းကောင်း၊ ရသသမ္ပန္နံ–အရသာနှင့်ပြည့်စုံသော၊ ပိဏ္ဍပါတံ–ဆွမ်းကို၊ သဗြဟ္မစာရီဟိ–သီတင်းသုံးဖော်တို့နှင့်တကွ၊ ဘာဇေတွာ–ဝေဖန်၍၊ ပရိဘုဉ္ဇနကာလေ–သုံးဆောင်ရာအခါ၌၊ တုဿန္တဿ–၌၊ ရသာရမဏော–ရသာရုံလည်းကောင်း၊ အာဘိသမာစာရိကဝတ္တပရိပူရဏကာလေ–အာဘိသမာစာရိကဝတ်ကို ဖြည့်ကျင့်ရာအခါ၌၊ တုဿန္တဿ–၌၊ ဖောဋ္ဌဗ္ဗာရမဏော–ဖောဋ္ဌဗ္ဗာရုံလည်းကောင်း၊

---

**လောလုပ္ပတဏှာ**။ ။"လုဘ–ဂိဒ္ဓေ"ဓာတ်နောင်· အစ်ပစ္စည်း၊ လုလုဟု ဒွေဘော်ပြုပြီးနောက် ရှေ့လု၏ ဥကို ဩပြု၊ "လောလုဘော"ဟု လည်းကောင်း ဘကို ပပြု၍ "လောလုပ္ပော"ဟုလည်းကောင်း ထောမနိမိရှိ၊ လောလုပ္ပဿ–အလွန်လိုချင်သူ၏+ဘာဝေါ လောလုပ္ပံ၊ လောလုပ္ပဉ္စ+တံ+တဏှာစာတိ လောလုပ္ပတဏှာ [မဏိမဉ္ဇူ၌ကား၊ "လုပ္ပတီတိ လုပေါ၊ အတိဝိယ (ပုနပ္ပုနံဝါ) လုပေါ လောလုပေါ" စသည်ဖြင့် ကြံလေသည်မှာ ဒိဝါဒိ လုပဓာတ်က ကျေပျောက်ခြင်း, ရှုပ်ပွေခြင်း အနက်ကိုသာ ဟောသောကြောင့် သင့်မည်မထင်။]

**အာဘိစာရိသမာစာရိကဝတ္တ**။ ။အဘိ (ဝိသိဋ္ဌော ဥတ္တမော)သမာစာရော အာဘိသမာစာရော၊ အာဘိသမာစာရံ+အာရဗ္ဘ+ပညတ္တံ အာဘိသမာစာရိကံ (ဝတ္တံ) ခန္ဓက၌လာသော ဥပဇ္ဈာယဝတ် စသည်ကို (ထူးသောအကျင့်ကို အကြောင်းပြု၍ ပညတ်အပ်သော ကျင့်ဝတ်များဖြစ်၍) အာဘိသမာစာရိကဝတ်ဟု ခေါ်၏၊ ထိုဝတ်ကို ဖြည့်ကျင့်ရာ၌ မျက်နှာသစ်ရေ ကပ်ခြင်း စသည်ဖြင့် အတွေ့အထိ များသောကြောင့် ဖောဋ္ဌဗ္ဗာရုံအတွက် ပုံစံထုတ်သည်။

ပုဗ္ဗေနိဝါသညာဏာဒီဟိ–ပုဗ္ဗေနိဝါသဉာဏ် အစရှိသော အဘိညာဉ်တို့သည်၊ ဂဟိတကာမာဝစရဓမ္မံ–ယူအပ်ပြီးသော ကာမာဝစရတရားကို၊ အာရဗ္ဘ–အာရုံပြု၍၊ တုသန္တိ သဃ–၌၊ ဓမ္မာရမဏော–ဓမ္မာရုံ လည်းကောင်း၊ ဣတိဇဝံ–သို့၊ ပရိတ္တဓမ္မပရိယာပန္နေသွေဝ–ကာမတရား၌ အကျုံးဝင်သည်သာလျှင် ဖြစ်ကုန်သော၊ ဆသု–န်သော၊ အာရမဏေသု–တို့၌၊ ပဝတ္တတိ–၏။

၅၇။ ["အကုသလာနိစေဝ ဉာဏဝိပ္ပယုတ္တကာမာဝစရ ဇဝနာနိစေတိ" ဟူသော ဝါကျကို ဖွင့်ပြလို၍ "ဒွါဒသာကုသလ"စသည်မိန့်။] ဒွါဒသာကုသလ အဋ္ဌဉာဏဝိပ္ပယုတ္တဇဝနဝသေန–(၁၂)ပါးသောအကုသိုလ်စိတ်, (၈)ပါးသော ဉာဏဝိပ္ပယုတ်ဇောတို့၏အစွမ်းဖြင့်၊ ဝီသ–သော၊ စိတ္တာနိ–တို့သည်၊ အတ္တနော–မိမိ၏၊ ဇဠုဘာဝတော(ဇဠဘာဝတော)–ထိုင်းမှိုင်းသည်၏အဖြစ်ကြောင့်၊ [ဉာဏသမ္ပယုတ်စိတ်များကဲ့သို့ မထက်မြက်သောကြောင့်–ဟူလို၊] လောကုတ္တရဓမ္မေ–လောကုတ္တရာတရားတို့ကို၊ အာရဗ္ဘ–၍၊ ပဝတ္တိတုံ–ငှာ၊ န သက္ကောန္တိ–မစွမ်းနိုင်ကုန်၊ ဣတိ–ကြောင့်၊ နဝဝိဓလောကုတ္တရဓမ္မေ–ကိုးပါးအပြားရှိကုန်သော လောကုတ္တရာတရားတို့ကို၊ ဝဇ္ဇေတွာ–ကြဉ်၍၊ တေဘူမကာနိ–ဘုံသုံးပါး၌ဖြစ်သော ရုပ်နာမ်တရားတို့ကိုလည်းကောင်း၊ ပညတ္တိဥ္စ–ပညတ်ကို လည်းကောင်း၊ အာရဗ္ဘ–၍၊ ပဝတ္တန္တိ–န်၏၊ ဣတိ–ကြောင့်၊ အကုသလာနိစေဝတျာဒိ–စေဝ အစရှိသော၊ (ယံ ဝစနံ–သည်၊ အတ္ထိ–၏၊ တံ ဝစနံ–ကို၊) အာဟ–ပြီ။

ဟိ–ချဲ့၊ ဣမေသု–ဤ(၂၀)သောစိတ်တိုတွင်၊ အကုသလတော–အကုသိုလ် စိတ္တုပ္ပာဒ်တို့တွင်၊ [တောပစ္စည်း နိဒ္ဒါရဏအနက်၌ သက်၊] (တစ်နည်း) အကုသလတော–အကုသိုလ်ဖြစ်ကုန်သော၊ [တောပစ္စည်း ပဌမာအနက်၌ သက်၊] စတ္တာရော–န်သော၊ ဒိဋ္ဌိဂတသမ္ပယုတ္တစိတ္တုပ္ပာဒါ–ဒိဋ္ဌိဂတသမ္ပယုတ် စိတ္တုပ္ပာဒ်တို့သည်၊ ပရိတ္တဓမ္မေ–ကာမတရားတို့ကို၊ အာရဗ္ဘ–အာရုံပြု၍၊ ပရာမသနအဿာဒနာဘိနန္ဒနကာလေ–အနိစ္စ စသည်မှတစ်ပါးသော နိစ္စ စသောအားဖြင့်သုံးသပ်ခြင်း, လွန်စွာသာယာခြင်း, လွန်စွာနှစ်သက်ခြင်း, တို့၏ ဖြစ်ရာအခါ၌၊ ကာမာဝစရာရမဏာ–ကာမာဝစရတရားလျှင် အာရုံရှိကုန်၏၊ တေနေဝါကာရေန–ထိုပရာမသန, အဿာဒန, အဘိနန္ဒနအခြင်း အရာအားဖြင့်ပင်၊ သတ္တဝီသတိ–သော၊ မဟဂ္ဂတဓမ္မေ–မဟဂ္ဂုတ်တရား တို့ကို၊ အာရဗ္ဘ–၍၊ ပဝတ္တိယံ–ဖြစ်ရာအခါ၌၊ မဟဂ္ဂတာရမဏာ–မဟဂ္ဂုတ်တရားလျှင်

---

**ပရာ ။ပေ၊ အဘိနန္ဒနကာလေ။** ။ပရတော–အနိစ္စ စသည်မှတစ်ပါးသော နိစ္စ စသော အခြင်းအရာအားဖြင့်+အာမသနံ–သုံးသပ်ခြင်းတည်း၊ ပရာမသနံ–ခြင်း၊ တရားကိုယ်မှာ ဒိဋ္ဌိတည်း၊ အာ+လွန်စွာ+သာဒနံ အဿာဒနံ၊ အဘိ+လွန်စွာ+နန္ဒနံ အဘိနန္ဒနံ၊ ဒုဗ္ဗလတဏှာ အဿာဒနံ၊ ဗလဝတီတဏှာ အဘိနန္ဒနံ၊ သပ္ပီတိကနိပ္ပီတိကာဝါ တဏှာ အဿာဒနံ၊ သပ္ပီတိကတဏှာဝ အဘိနန္ဒနံတိ ဒဋ္ဌဗ္ဗံ–မဏိမဉ္ဇူ။

အာရုံရှိကုန်၏၊ သမ္မုတိဓမ္မေ–ပရမတ္ထသဘာဝမဟုတ်, သမုတ်အပ်သော ပညတ်တရားတို့ကို၊ အာရဗ္ဘ–၍၊ ပဝတ္တိယံ–၌၊ ပညတ္တာရမဏာ–ပညတ်တရား လျှင် အာရုံရှိကုန်၏။

(အကုသလတော–တို့တွင်၊ (တစ်နည်း) အကုသလတော–ကုန်သော၊ စတ္တာရော–ကုန်သော၊ ဤပုဒ်များကိုရှေ့ဝါကျမှ လိုက်စေသည်၊) ဒိဋ္ဌိဝိပ္ပယုတ္တ စိတ္တုပ္ပာဒါပိ–ဒိဋ္ဌိဝိပ္ပယုတ်စိတ္တုပ္ပာဒ်တို့သည်လည်း၊ တေယေဝဓမ္မေ–ထို ကာမမဟဂ္ဂုတ် ပညတ်တရားတို့ကိုပင်၊ အာရဗ္ဘ–၍၊ ကေဝလံ–ပရာမသန မဖက် သက်သက်၊ [ဒိဋ္ဌိဝိပ္ပယုတ်ဖြစ်၍ ပရာမသန မပါ၊] အဿာဒနာဘိနန္ဒန ဝသေန–လွန်စွာသာယာခြင်း,လွန်စွာနှစ်သက်ခြင်းတို့၏အစွမ်းဖြင့်၊ ပဝတ္တိယံ–၌လည်း**ကောင်း**၊ ပဋိဃသမ္ပယုတ္တာ စ–ပဋိဃသမ္ပယုတ်စိတ္တုပ္ပာဒ်တို့သည် လည်း၊ **ဒုဿ**နပိပ္ပဋိသာရဝသေန–စိတ်ပျက်ခြင်း, နှလုံးမသာယာခြင်းတို့၏ အစွမ်းဖြင့်၊ (ပဝတ္တိယံ–၌လည်းကောင်း၊) ပရိတ္တမဟဂ္ဂတပညတ္တာရမဏာ– ကာမမဟဂ္ဂုတ်ပညတ်ဟူသော အာရုံရှိကုန်၏၊ နောက်၌ရှိသော ပရိတ္တမဟဂ္ဂတ ပညတ္တာရမဏောကို ဝုစ်ပြင်၍လိုက်စေသည်၊) ဝိစိကိစ္ဆာသဟဂတော–ဝိစိကိစ္ဆာ သဟဂုတ်စိတ္တုပ္ပာဒ်သည်၊ အနိဋ္ဌင်္ဂမနဝသေန–ဆုံးဖြတ်ခြင်းသို့ မရောက်ခြင်း၏ အစွမ်းဖြင့်၊ ["နိဋ္ဌ+အဂမနံ အနိဋ္ဌင်္ဂမနံ"ဟု အယုတ္တသမာသ် ပြု၊] (ပဝတ္တိယံ– လည်းကောင်း၊) ဥဒ္ဓစ္စသဟဂတော–ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပာဒ်သည်၊ ဝိက္ခိပန ဝသေန–ပျံ့လွင့်ခြင်း၏အစွမ်းဖြင့်လည်းကောင်း၊ အဝူပသမဝသေန စ– မငြိမ်သက်ခြင်း၏အစွမ်းဖြင့်လည်းကောင်း၊ ပဝတ္တိယံ–၌လည်းကောင်း၊ ပရိတ္တ မဟဂ္ဂတပညတ္တာရမဏော–ကာမ, မဟဂ္ဂုတ်, ပညတ်ဟူသောအာရုံ ရှိ၏။

ကုသလတော–ကုသိုလ်စိတ္တုပ္ပာဒ်တို့တွင်၊ (တစ်နည်း) ကုသလတော– ကုသိုလ်ဖြစ်ကုန်သော၊ စတ္တာရော–လေးပါးသော စိတ္တုပ္ပာဒ်တို့လည်းကောင်း၊ ကြိယတော–ကြိယစိတ္တုပ္ပာဒ်တို့တွင်၊ (တစ်နည်း) ကြိယတော–ကြိယာစိတ် ဖြစ်ကုန်သော၊ စတ္တာရော–တို့လည်းကောင်း၊ ဣတိ–သို့၊ အဋ္ဌ–န်သော၊ ဉာဏ ဝိပ္ပယုတ္တစိတ္တုပ္ပာဒါ–ဉာဏဝိပ္ပယုတ်စိတ္တုပ္ပာဒ်တို့သည်၊ သေက္ခပုထုဇ္ဇနခီဏာ သဝါနံ–သေက္ခပုဂ္ဂိုလ်, ပုထုဇဉ်ပုဂ္ဂိုလ် ရဟန္တာပုဂ္ဂိုလ်တို့၏၊ အသက္ကစ္စဒါန ပစ္စဝေက္ခဏဓမ္မဿဝနာဒီသု–လေးလေးစားစား မပြုဘဲ ပေးလှူခြင်း, လေးလေးစားစားမပြုဘဲ ဆင်ခြင်ခြင်း, လေးလေးစားစားမပြုဘဲ တရားနာခြင်း အစရှိသည်တို့၌၊ [ပစ္စဝေက္ခဏာဝီထိ၌ ပစ္စဝေက္ခဏာဇောကို "ပစ္စဝေက္ခဏ"ဟု ဆိုသည်၊] ပရိတ္တဓမ္မေ–တို့ကို၊ အာရဗ္ဘ–၍၊ ပဝတ္တိကာလေ–ဖြစ်ရာအခါ၌၊

---

**အသက္ကစ္စ ဒါန၊ သဝနာဒီသု**။ ။ပေးလှူဖွယ်ဝတ္ထုကို (ဉာဏ်ဖြင့် ဂရုမစိုက်ဘဲ) သာမန်ပေးရိုးပေးစဉ်ကို "အသက္ကစ္စဒါန"ဟု ဆိုသည်၊ [တမင်တကာ မလေးမစား လုပ်၍ပေးခြင်း မဟုတ်၊ ထိုသို့ တမင်တကာ မလေးမစားလုပ်၍ ပေးလျှင် အကုသိုလ် အခြံအရံပင် ပါဝင်ဦးလတ္တံ့၊] အသက္ကစ္စကို နောက်ပုဒ်များ၌ လိုက်စေ။

ကာမာဝစရာရမဏာ–ကုန်၏၊ အတိပဂုဏဗ္ဗာနပစ္စဝေက္ခဏကာလေ–အလွန်လေ့လာအပ်ပြီးသော ဈာန်ကို ဆင်ခြင်ရာအခါ၌၊ [ဉာဏ်မပါဘဲ ဆင်ခြင်၍ရကောင်းသောကြောင့် "အတိပဂုဏဗ္ဗာနပစ္စဝေက္ခဏ"ဟု ဆိုသည်၊] မဟဂ္ဂတာရမဏာ–ကုန်၏၊ ကသိဏနိမိတ္တာဒိသု–ကသိုဏ်းနိမိတ်အစရှိသော ပညတ်တို့၌၊ ပရိကမ္မာဒိကာလေ–ပရိကံ အစရှိသည်တို့ကို ပြုရာအခါ၌၊ ပညတ္တာရမဏာ–န်၏၊ ဣတိ–သို့၊ ဒဠှဗ္ဗံ–၏။

၅၈။ [ဉာဏသမ္ပယုတ္တကာမာဝစရကုသလာနိ ၊ပေ၊ သဗ္ဗာရမဏာနိကို ဖွင့်ပြလို၍ အရဟတ္တမဂ္ဂဖလဝဇ္ဇိတ စသည်ကိုမိန့်၊] (ဉာဏသမ္ပယုတ္တကာမာဝစရကုသလာနိစေဝ–ဉာဏသမ္ပယုတ် ကာမာဝစရကုသိုလ်တို့သည်လည်းကောင်း၊ ပဉ္စဇ္ဈာနသင်္ခါတံ–ပဉ္စမဈာန်ဟုဆိုအပ်သော၊ အဘိညာကုသလဉ္စ–အဘိညာဉ်ကုသိုလ်သည်လည်းကောင်း၊ ဤသို့ ပဓာနပုဒ်တို့ကို ထည့်၍ပေး၊) အရဟတ္တမဂ္ဂဖလဝဇ္ဇိတသဗ္ဗာရမဏာနိ–အရဟတ္တမဂ် အရဟတ္တဖိုလ်သည် ကြဉ်အပ်သော အလုံးစုံသော အာရုံရှိကုန်၏၊ (ကသ္မာ–နည်း၊ တေသံ–ထိုဉာဏသမ္ပယုတ် ကာမာဝစရကုသိုလ် အဘိညာဉ်ကုသိုလ်တို့၏၊ ထည့်၊) သေက္ခပုထုဇ္ဇနသန္တာနေသွေဝ–သေက္ခပုဂ္ဂိုလ် ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌သာလျှင်၊ ပဝတ္တနတော–ဖြစ်ခြင်းကြောင့်တည်း၊ ဟိ–ချဲ့၊ သေက္ခာပိ–သေက္ခပုဂ္ဂိုလ်တို့သည်လည်း၊ အရဟတော–ရဟန္တာပုဂ္ဂိုလ်၏၊ လောကိယစိတ္တံ–လောကီစိတ်ကို၊ ထပေတွာ–ထား၍၊ မဂ္ဂဖလသင်္ခါတံ–အရဟတ္တမဂ် အရဟတ္တဖိုလ်ဟု ဆိုအပ်သော၊ ပါဋိပုဂ္ဂလိကစိတ္တံ–သီးခြားဖြစ်သော ရဟန္တာပုဂ္ဂိုလ်၏ စိတ်ကို၊ [အခြားပုဂ္ဂိုလ်များနှင့် မဆက်ဆံသော စိတ်ဖြစ်၍ "သီးခြား"ဟု ဆိုသည်၊] ဇာနိတုံ–ငှာ၊ န သက္ကောန္တိ–မစွမ်းနိုင်ကုန်၊ (ကသ္မာ–နည်း၊) အနဓိဂတတ္တာ–မရအပ်သည်၏ အဖြစ်ကြောင့်တည်း၊ တထာ–ထို့အတူ၊ ပုထုဇ္ဇနာဒယောပိ–ပုထုဇဉ်အစရှိသော ပုဂ္ဂိုလ်တို့သည်လည်း၊ သောတာပန္နာဒီနံ–သောတာပန် အစရှိသော ပုဂ္ဂိုလ်တို့၏၊ (ပါဋိပုဂ္ဂလိကစိတ္တံ–သီးခြားဖြစ်သောပုဂ္ဂိုလ်၏ စိတ်ကို၊ [သောတာပတ္တိမဂ်ဖိုလ်,စသည်ကို ဆိုသည်၊] ဇာနိတုံ–ငှာ၊ န သက္ကောန္တိ–ကုန်။)

ပန–ကား၊ သေက္ခာနံ–သေက္ခပုဂ္ဂိုလ်တို့၏၊ အတ္တနော အတ္တနော–မိမိ မိမိ၏၊ မဂ္ဂဖလပစ္စဝေက္ခဏေ–မဂ်ဖိုလ်ကို ဆင်ခြင်ခြင်း၌လည်းကောင်း၊ ပရသန္တာနဂတမဂ္ဂဖလာရမဏာယ–သူတစ်ပါးသန္တာန်၌ဖြစ်သော မဂ်ဖိုလ်ဟူသော အာရုံရှိသော၊ အဘိညာယ–အဘိညာဉ်၏၊ ပရိကမ္မကာလေ–ပရိကံဇောဝီထိဖြစ်ရာအခါ၌လည်းကောင်း၊ အဘိညာစိတ္တေနေဝ–အဘိညာဉ်စိတ်ဖြင့်ပင်၊ မဂ္ဂဖလာနံ–မဂ်ဖိုလ်တို့ကို၊ ပရိစ္ဆိန္ဒနကာလေ စ–ပိုင်းခြား၍သိရာအခါ၌လည်းကောင်း၊ အတ္တနော အတ္တနော–၏၊ သမာနာနံ–တူသောပုဂ္ဂိုလ်တို့၏လည်းကောင်း၊ ဟေဋ္ဌိမာနဉ္စ–

အောက်၌ဖြစ်သော ပုဂ္ဂိုလ်တို့၏လည်းကောင်း၊ မဂ္ဂဖလဓမ္မေ-မဂ်ဖိုလ်တရားတို့ကို၊ အာရဗ္ဘ-၍၊ ကုသလဇဝနာနံ-ကုသိုလ်ဇောတို့၏၊ ပဝတ္တိ-ဖြစ်ခြင်းသည်၊ အတ္ထိ-ရှိနိုင်သေး၏၊ ဣတိ-ကြောင့်၊ အရဟတ္တမဂ္ဂဖလသဿ၀-အရဟတ္တမဂ် အရဟတ္တဖိုလ်ကိုသာလျှင်၊ ပဋိက္ခေပေါ-ပယ်မြစ်ခြင်းကို၊ ကတော-ပြုအပ်ပြီ။

ပန-ဆက်၊ ကာမာဝစရမဟဂ္ဂတပညတ္တိနိဗ္ဗာနာနိ-ကာမအာရုံ, မဟဂ္ဂုတ်အာရုံ, ပညတ်အာရုံ, နိဗ္ဗာန်အာရုံတို့သည်၊ သေက္ခပုထုဇ္ဇနာနံ-တို့၏၊ သက္ကစ္စဒါနပစ္စဝေက္ခဏဓမ္မသဝနသခ်ါရသမ္မသနကသိဏပရိကမ္မာဒိသု-လေးလေးစားစားပြု၍ ပေးလှူခြင်း, ဆင်ခြင်ခြင်း, တရားနာခြင်း, သင်္ခါရတရားတို့ကို အနိစ္စ **ဒုက္ခ**အနတ္တဟု သုံးသပ်ခြင်း, ကသိုဏ်းပရိကံပြုခြင်း အစရှိသည်တို့၌**လည်း**ကောင်း၊ တံတဒါရမဏိကာဘိညာနံ-ထိုထို ကာမ မဟဂ္ဂုတ်ပညတ် နိဗ္ဗာန်**ဟူသော** အာရုံရှိသောအဘိညာဉ်စိတ်တို့၏၊ ပရိကမ္မကာလေ-၌ လည်းကောင်း၊ ဂေါတြဘုဝေါဒါနကာလေ-ဂေါတြဘုဝေါဒါန်စိတ် ဖြစ်ရာအခါ၌လည်းကောင်း၊ ဒိဗ္ဗစက္ခာဒီဟိ-ဒိဗ္ဗစက္ခုအဘိညာဉ် အစရှိသည်တို့ဖြင့်၊ ရူပဝိဇာနနာဒိကာလေစ-ရုပ်ါရုံကိုသိရာ အစရှိသောအခါ၌လည်းကောင်း၊ ကုသလဇဝနာနံ-မဟာကုသိုလ်ဉာဏသမ္ပယုတ်, အဘိညာဉ်ဟုဆိုအပ်သော ကုသိုလ်ဇောတို့၏၊ ဂေါစရဘာဝံ-အာရုံ၏အဖြစ်သို့၊ ဂစ္ဆန္တိ-န်၏။

---

**သေက္ခာနံ ၊ပေ၊ ပဝတ္တိ အတ္ထိ**။ ။သောတာပန်ပုဂ္ဂိုလ်သည် ဉာဏသမ္ပယုတ် မဟာကုသိုလ်စိတ်ဖြင့် မိမိ၏သောတာပတ္တိဖိုလ်ကို ဆင်ခြင်နိုင်၏၊ အခြား သောတာပန်ပုဂ္ဂိုလ်၏ မဂ်ဖိုလ်ကို အာရုံပြုသော အဘိညာဉ်စိတ်၏ ပရိကမ်ဇောလည်း ဖြစ်နိုင်၏၊ အဘိညာဉ်စိတ်ဖြင့် ရှေးဘ၀က မိမိ၏ သောတာပတ္တိမဂ်ဖိုလ်, ယခုဘ၀ ရှေးဘ၀က သူတစ်ပါးတို့၏ သောတာပတ္တိမဂ်ဖိုလ်ကို ပိုင်းခြား၍ သိနိုင်၏၊ သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်တို့၏ ဉာဏသမ္ပယုတ် မဟာကုသိုလ်စိတ် အဘိညာဉ်စိတ်ကိုလည်း နည်းတူ၊ ထို ပုဂ္ဂိုလ်အားလုံးပင် မိမိနှင့်တန်းတူပုဂ္ဂိုလ်၏မဂ်ဖိုလ်, မိမိအောက်က ပုဂ္ဂိုလ်၏ မဂ်ဖိုလ်ကို သိနိုင်၏၊ အထက်ပုဂ္ဂိုလ်၏ မဂ်ဖိုလ်ကိုကား မသိနိုင်၊ ထို့ကြောင့် "အရဟတ္တမဂ္ဂဖလဝဇ္ဇိတသဗ္ဗာရမဏာနိ"ဟု ဆိုသည်၊ [အကျယ်ကို ဘာသာဋီကာမှာ ရှုပါ။]

**ကာမာဝစရ၊ပေ၊ဂစ္ဆန္တိ**။ ။အရဟတ္တမဂ္ဂဖလဝဇ္ဇိတသဗ္ဗာရမဏာနိ၌ "သဗ္ဗာရမဏ" အရ "ကာမာဝစရမဟဂ္ဂုတ် ပညတ် နိဗ္ဗာန်"ဟု သရုပ်ဖော်ပြသည်၊ ဤပုဒ်ကိုလည်း ဂေါစရဘာဝံ ဂစ္ဆန္တိ၌ စပ်၊ ဉာဏသမ္ပယုတ်စိတ်ဖြင့် လေးလေးစားစား ပြုရသည် ဖြစ်သောကြောင့် သက္ကစ္စဒါန စသည်ဖြင့် "သက္ကစ္စ"ဟု ဝိသေသန(မ)သည်၊ ထိုပုဒ်ကို ပရိကမ္မာဒိတိုင်အောင် နောက်နောက်ပုဒ်၌လည်း လိုက်စေ၊ "တံတဒါရမဏိကာဘိညာ" ဟူသည် ထိုကာမာဝစရ မဟဂ္ဂုတ် ပညတ်နိဗ္ဗာန်ကို အာရုံပြုသော အဘိညာဉ်တည်း၊ ထို အဘိညာဉ်တို့၏ ပရိကမ္မကာလဟူသည် မည်သည့်ပုဂ္ဂိုလ်၏ စိတ်ကို သိလို၏-ဟု ပရိကမ်ပြုရာအခါတည်း၊ ဂေါတြဘုဝေါဒါနကာလေတိုင်အောင် မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်တို့၏ ဖြစ်ရာအခါကို ပြသည်၊ ဒိဗ္ဗစက္ခာဒီဟိ ရူပဝိဇာနနကာလေဖြင့် ကုသိုလ်အဘိညာဉ်ဇော ဇောရာကာလကို ပြသည်။

၅၉။ [ဉာဏသမ္ပယုတ္တကာမာဝစရကြိယာနိစေဝ စသောဝါကျကို ဖွင့်ပြလို၍ သဗ္ဗထာပိ သဗ္ဗာရမဏာနိ စသည်ကို မိန့်၊] သဗ္ဗထာပိ သဗ္ဗာရမဏာနိတိ– ကား၊ ကာမာဝစရမဟဂ္ဂတသဗ္ဗလောကုတ္တရပညတ္တိဝသေန–ကာမ, မဟဂ္ဂုတ်, အလုံးစုံသော လောကုတ္တရာ, ပညတ်တို့၏ အပြားအားဖြင့်၊ သဗ္ဗထာပိ– အလုံးစုံသော အပြားအားဖြင့်လည်း၊ သဗ္ဗာရမဏာနိ–အလုံးစုံသော အာရုံ ရှိကုန်၏၊ ပန–ဗျတိရိက်ကား၊ အကုသလာဒယောဝိယ–အကုသိုလ်အစရှိသော စိတ်တို့ကဲ့သို့၊ [အာဒိဖြင့် မဟာကုသိုလ်ဉာဏဝိပ္ပယုတ်, ဉာဏသမ္ပယုတ်, အဘိညာဉ်ကုသိုလ်စိတ်တို့ကိုယူ၊] သပ္ပဒေသသဗ္ဗာရမဏာနိ–အစိတ်အပိုင်းနှင့် တကွဖြစ်သော အလုံးစုံသောအာရုံရှိကုန်သည်၊ န–မဟုတ်ကုန်၊ ဣတိအတ္ထော– ဤကား အဓိပ္ပာယ်နက်တည်း၊ ဟိ–မှန်၏၊ ကြိယာဇဝနာနံ–ကြိယာဇောတို့၏၊ သဗ္ဗညုတဉာဏာဒိဝသပ္ပဝတ္တိယံ–သဗ္ဗညုတဉာဏ်အစရှိသည်တို့၏ အစွမ်းဖြင့် ဖြစ်ရာအခါ၌လည်းကောင်း၊ [အာဒိဖြင့် အဘိညာဉ်စိတ်ကို ယူ၊] ဝေါဋ္ဌပနသ– ဝုဋ္ဌောစိတ်၏၊ တံတံ ပုရေစာရိကဝသပ္ပဝတ္တိယံ စ–ထိုထို သဗ္ဗညုတာဉာဏ် အစရှိသည်၏ ရှေ့သွား၏အစွမ်းဖြင့် ဖြစ်ရာအခါ၌လည်းကောင်း၊ကိဉ္စိ–တစ်စုံ တစ်ခုသော၊အဂေါစရံနာမ–ကျက်စားရာမဟုတ်သောအာရုံမည်သည်၊န အတ္ထိ– မရှိ၊ [ဝုဋ္ဌောသည် မနောဒွါရာဝဇ္ဇန်းကိစ္စတပ်၍ သဗ္ဗညုတဉာဏဇောဝီထိ၏ ရှေ့က ဖြစ်ရာ၌ သဗ္ဗညုတာဉာဏ် အာရုံပြုသလောက် အာရုံပြုနိုင်သည်။]

၆၀။ ပဌမတတိယာရုပ္ပာရမဏတ္တာ–ပဌမာရုပ္ပ တတိယအာရုပ္ပလျှင် အာရုံ ရှိကုန်သည်၏အဖြစ်ကြောင့်၊အာရုပ္ပေသု–အာရုပ္ပစိတ်တို့တွင်၊ဒုတိယစတုတ္ထာနိ– ဒုတိယစတုတ္ထအာရုပ္ပစိတ်တို့သည်၊ မဟဂ္ဂတာရမဏာနိ–န်၏။

၆၁။ သေသာနိ၊ပေ၊ပညတ္တာရမဏာနီတိ–ကား၊ ပန္နရသ–န်သော၊ ရူပါ ဝစရာနိ–ရူပါဝစရစိတ်တို့လည်းကောင်း၊ ပဌမတတိယာရုပ္ပာနိစ–ပဌမတတိယ အာရုပ္ပစိတ်တို့လည်းကောင်း၊ ဣတိ–သို့၊ ဧကဝီသတိ–သော၊(စိတ္တာနိ–တို့ သည်၊) ကသိဏာဒိပညတ္တိသု–ကသိုဏ်းအစရှိသော ပညတ်အာရုံတို့၌၊ ပဝတ္တန တော–ဖြစ်ခြင်းကြောင့်၊[အာရုံပြုခြင်းကြောင့်–ဟူလို၊]ပညတ္တာရမဏာနိ–န်၏။

**သဗ္ဗထာပိ သဗ္ဗာရမဏာနိ**။ ။အကုသလာနိစေဝ ဉာဏဝိပ္ပယုတ္တကာမာဝစရ ဇဝနာနိစေတိ လောကုတ္တရဝဇ္ဇိတသဗ္ဗာရမဏာနိ–စသော ဝါကျတို့၌ သဗ္ဗာရမဏ ဟု ဆိုရသော်လည်း လောကုတ္တရာတရားစသည် ကျန်သေးသောကြောင့် သပ္ပဒေသသဗ္ဗတည်း၊ ဤ၌ သဗ္ဗာရမဏာနိကား အကြွင်းအကျန် မရှိသောကြောင့် နိပ္ပဒေသသဗ္ဗတည်း၊ ထို့ကြောင့် “သဗ္ဗထာပိ”ဟု ဝိသေသန(မ)သည်၊ သဗ္ဗလောကုတ္တရဖြင့် သေက္ခပုထုဇဉ် ပုဂ္ဂိုလ်တို့၏ အာရုံကဲ့သို့ “အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်သော အစိတ်အပိုင်း လောကုတ္တရာ မဟုတ်”ဟု ပြသည်။

**၆၃။** [ပဋ္ဌဝီသပရိတ္တမှိ အစရှိသောဂါထာကိုဖွင့်ပြလို၍ တေဝီသတိစသည်ကို မိန့်၊] တေဝီသတိကာမာဝစရဝိပါကပဋ္ဌဒွါရာဝဇ္ဇနဟသနဝသေန-(၂၃)ပါးသော ကာမာဝစရဝိပါက်, ပဋ္ဌဒွါရာဝဇ္ဇန်း, ဟသိတုပ္ပာဒ်တို့၏အပြားအားဖြင့်၊ ပဋ္ဌဝီသတိ-သော၊ စိတ္တာနိ-တို့သည်၊ ပရိတ္တမှိ-ပရိတ္တမည်သော၊ ကာမာဝစရာ ရမဏာယေဝ-ကာမာဝစရအာရုံ၌သာလျှင်၊ ဘဝန္တိ-ဖြစ်ကုန်၏၊ ဟိ-မှန်၏၊ [ကာမာဝစရတရားကို ပရိတ္တဟု ခေါ်ခြင်းသည် မှန်၏-ဟူလို၊] ကာမာဝစရံ-ကာမာဝစရတရားသည်၊ မဟဂ္ဂတာဒယော-မဟဂ္ဂုတ်အစရှိသောတရားတို့ကို၊ ဝါ-မဟဂ္ဂုတ်,လောကုတ္တရာတရားတို့ကို၊ ဥပါဒါယ-ဉာဏ်ဖြင့် ကပ်ယူ၍၊ ဝါ-ထောက်စာ၍၊ မန္ဒာနုဘာဝတာယ-နုံ့သောအာနုဘော်ရှိသည်၏အဖြစ်ကြောင့်၊ ပရိသမန္တတော-ထက်ဝန်းကျင်၌၊ အတ္တံ ခဏ္ဍိတံဝိယ-ပိုင်းဖြတ်ထား အပ်သော ဝတ္ထုနှင့်တူ၏၊ ဣတိ-ကြောင့်၊ ပရိတ္တံ-မည်၏၊ ဆ-န်သော၊ စိတ္တာနိ-တို့သည်၊ .မဟဂ္ဂတေယေဝ-မဟဂ္ဂုတ်အာရုံ၌သာလျှင်၊(ဘဝန္တိ၊) ဣတိအာဒိနာ-ဤသို့အစရှိသောနည်းဖြင့်၊ သဗ္ဗတ္ထ-အလုံးစုံသောဝါကျတို့၌၊ သာဝဓာရဏာ ယောဇနာ-အဝဓာရဏာနှင့်တကွ အနက်ကို ယှဉ်စေခြင်းကို၊ ဒဋ္ဌဗ္ဗာ-၏။

## ဝတ္ထုသင်္ဂဟအဖွင့်

**၆၄။** ဝတ္ထုဝိဘာဂတော-ဝတ္ထုတို့၏ ဝေဖန်အပ်သော အပြားအားဖြင့် လည်းကောင်း၊ တဗ္ဗတ္ထုကစိတ္တပရိစ္ဆေဒဝသေန စ-ထိုဝတ္ထုဟူသောမှီရာရှိသော စိတ်တို့ကို ပိုင်ခြားခြင်း၏ အစွမ်းဖြင့်လည်းကောင်း၊ သင်္ဂဟော-သည်၊ ဝတ္ထုသင်္ဂဟော-ဝတ္ထုသင်္ဂဟမည်၏၊ ["ဝတ္ထုနိ စ+တဗ္ဗတ္ထုကာနိ စာတိ ဝတ္ထုနိ၊ ဝတ္ထုနံ+သင်္ဂဟော ဝတ္ထုသင်္ဂဟော"ဟု ပြုစေလိုဟန် တူ၏၊ သို့သော် "ဝတ္ထုတော+သင်္ဂဟော ဝတ္ထုသင်္ဂဟော"ဟု ပြုမှသာ အရှင်အနုရုဒ္ဓါ၏ အာဘော် ကျမည်၊] တေသု-ဤစက္ခုပသာဒ အစရှိသည်တို့၌၊ စိတ္တစေတသိကာ-စိတ်, စေတသိက်တို့သည်၊ တံနိဿယတ္တာ-ထိုတရားလျှင် မှီရာရှိကုန်သည်၏ အဖြစ်ကြောင့်၊ ဝသန္တိ-မှီနေကြရကုန်၏၊ ဣတိ-ကြောင့်၊ (ဝါ-ထိုသို့ စိတ် စေတသိက်တို့၏ မှီနေရာ၏ အဖြစ်ကြောင့်၊ တာနိ-ထိုစက္ခုအစရှိသည်တို့ သည်၊) ဝတ္ထုနိ-ဝတ္ထုတို့ မည်၏။

---

**ပရိတ္တံ**။ ။ပရိ+အတ္တဟု ပုဒ်ဖြတ်၍ ပရိကို သမန္တတော, အတ္တံကို ခဏ္ဍိတံဟု ဖွင့်သည်၊ အတ္တံကား အာပုဗ္ဗ ဒါ-အဝခဏ္ဍနေဟူသောဓာတ်နောင် တပစ္စည်းဖြင့် ပြီး၏၊ အာဒီယတေ အဝခဏ္ဍီယတေ-ပိုင်းဖြတ်အပ်၏၊ ဣတိ-ကြောင့်၊ အတ္တံ-မည်၏၊ သမန္တတော အတ္တံတိ ပရိတ္တံ-ထက်ဝန်းကျင် ပိုင်းဖြတ်အပ်သော ဝတ္ထု၊ ဘေးကဖြတ် အထက်ကဖြတ်နှင့် ဖြတ်ထားအပ်သော ဝတ္ထုကလေးသည် သေးငယ်သကဲ့သို့, ကာမ တရားတို့လည်း မဟဂ္ဂုတ် လောကုတ္တရာတို့ကို ထောက်လျှင် အာနုဘော်နည်းသောကြောင့် သေးငယ်သောဝတ္ထုနှင့် အလားတူရကား "ပရိတ္တ"အမည် ရသည်။

**၆၅။** တာနိ–ထို(၆)ပါးသောဝတ္ထုရုပ်တို့ကို၊ ကာမလောကေ–ကာမဘုံ၌၊ သဗ္ဗာနိပိ– အလုံးစုံတို့ကိုလည်း၊ လဗ္ဘန္တိ– ရအပ်ကုန်၏၊ (ကသ္မာ– နည်း၊) ပရိပုဏ္ဏာယတနဿ–ပြည့်စုံသော ဣန္ဒြေရှိသောပုဂ္ဂိုလ်၏၊ တတ္ထေဝ–ထိုကာမဘုံ၌သာလျှင်၊ ဥပလဗ္ဘနတော–ရအပ်သည်၏အဖြစ်ကြောင့်တည်း၊ ပန–ဆက်၊ ပိသဒ္ဒေန–သဗ္ဗာနိပိ၌ ပိသဒ္ဒါဖြင့်၊ အန္ဓဗဓိရာဒိဝသေန–ပဋိသန္ဓေအားဖြင့် ကန်းသူ, နားထိုင်းသူ အစရှိသည်တို့၏အစွမ်းဖြင့်၊ ကေသဉ္စိ–အချို့သော ပုဂ္ဂိုလ်တို့၏ (သန္တာနန်၌၊) အသမ္ဘဝံ–မဖြစ်သင့်ခြင်းကို၊ ဒီပေတိ–ပြ၏။

**၆၆။** ဗြဟ္မာနံ–ဗြဟ္မာတို့၏၊ ကာမဝိရာဂဘာဝနာဝသေန–ကာမဂုဏ်၌ စက်ဆုပ်သော ဘာဝနာ၏အစွမ်းဖြင့်၊ ဂန္ဓရသဖောဋ္ဌဗ္ဗေသု–ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့၌၊ ဝိရတ္တတာယ–မတပ်မက်ကုန်သည်၏ အဖြစ်ကြောင့်၊ ဝါ–မတပ်မက်ကုန်သည့်အတွက်၊ တဗ္ဗိသယပသာဒေသုပိ–ထိုဂန္ဓ,ရသ,ဖောဋ္ဌဗ္ဗလျှင် အာရုံရှိသော ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒတို့၌လည်း၊ ဝိရာဂ သဗ္ဘာဝတော–စက်ဆုပ်ခြင်း၏ ထင်ရှားသည်၏အဖြစ်ကြောင့်၊ ဃာနာဒိတ္တယံ–ဃာနအစရှိသော ဝတ္ထုရုပ် သုံးပါးတို့၏ အပေါင်းသည်၊ နတ္ထိ–မရှိ၊ ပန–ဆက်၊ ဗုဒ္ဓဒဿနဓမ္မဿဝနာဒိအတ္ထံ–ဘုရားဖူး, တရားနာခြင်း အစရှိသည်တို့၏ အကျိုးငှာ၊ စက္ခုသောတေသု–စက္ခုပသာဒ, သောတပသာဒတို့၌၊ အဝိရတ္တဘာဝတော–မစက်ဆုပ်သည်၏ အဖြစ်ကြောင့်၊ စက္ခာဒိဒွယံ–စက္ခု အစရှိသော ဝတ္ထုရုပ် နှစ်ပါးအပေါင်းကို၊ တတ္ထ–ထိုဗြဟ္မာ့ဘုံ၌၊ ဥပလဗ္ဘတိ– ရအပ်၏၊ [အဓိပ္ပာယ်အကျယ်ကို ဘာသာဋီကာ၌ ပြထားပြီ။]

**၆၇။** အရူပလောကေ–အရူပဘုံ၌၊ သဗ္ဗာနိပိ–အလုံးစုံလည်းဖြစ်ကုန်သော၊ ဆ–န်သော၊ ဝတ္ထူနိ–ဝတ္ထုရုပ်တို့သည်၊ နသံဝိဇ္ဇန္တိ–မရှိကုန်၊ (ကသ္မာ–နည်း၊) အရူပီနံ–အရူပဗြဟ္မာတို့၏၊ ရူပဝိရာဂဘာဝနာဗလေန–ရုပ်ကိုစက်ဆုပ်သော ဘာဝနာ၏အစွမ်းကြောင့်၊ တတ္ထ–ထိုအရူပဘုံ၌၊ သဗ္ဗေန–အလုံးစုံသော အပြား အားဖြင့်၊ သဗ္ဗံ–အလုံးစုံအကုန်အစင်၊ [“သဗ္ဗေနသဗ္ဗံ–အချင်းခပ်သိမ်း”ဟု ရှေးက ပေးကြ၏။] ရူပပ္ပဝတ္တိယာ–ရုပ်ဖြစ်ခြင်း၏၊ အဘာဝတော–မရှိခြင်းကြောင့်တည်း။

---

**ပိသဒ္ဒေန**။　။[“ပရိပုဏ္ဏာယတနဿ တတ္ထေဝ ဥပလဗ္ဘနတော”ဟု ဆိုသောကြောင့် သဗ္ဗာနိပိ၌ ပိသဒ္ဒါဖြင့် ကန်းသူ နားထိုင်းသူတို့၌ စက္ခုဝတ္ထု, သောတဝတ္ထုတို့ မရနိုင်၊ ဃာနပသာဒ မရှိသူမှာ ဃာနဝတ္ထုလည်း မရနိုင်၊ “ပိသဒ္ဒါဖြင့် ထိုမရနိုင်ခြင်းကို ဆည်းသည်”ဟု ဖွင့်သော်လည်း ထုံးစံကျမည် မထင်၊ အပေါင်းနောင် ထိုင်သော ပိသဒ္ဒါဖြင့် အစိတ်စိတ်ကိုသာ ဆည်းရိုးရှိသည်။]

၆၈။ ပဉ္စဝိညာဏာနေဝ–ပဉ္စဝိညာဉ်တို့သည်ပင်၊ နိဿတ္တနိဇ္ဇီဝဋ္ဌေန–သတ္တလည်း မဟုတ်ကုန်, ဇီဝလည်း မဟုတ်ကုန်သည်၏ အဖြစ်ဟူသော အနက်သဘောကြောင့်၊ ဓာတုယော–ဓာတ်တို့ မည်၏၊ ဣတိ–ကြောင့်၊ ပဉ္စဝိညာဏဓာတုယော–ပဉ္စဝိညာဏဓာတုတို့ မည်၏။

၆၉။ မနနမတ္တာ–သိကာမျှဖြစ်သော၊ ဓာတု–ဓာတ်တည်း၊ မနောဓာတု–သိကာမျှဖြစ်သောဓာတ်။[မတ္တသည် ဝေအနက်ဟော၊ ထိုမတ္တဖြင့် မနောဝိညာဏဓာတ်ကဲ့သို့ အထူးသိခြင်းကို ကန့်၊"မနောဧဝ+ဓာတု မနောဓာတု"ဟု ပြု။]

၇၀။ [အဝသေသာ မနောဝိညာဏဓာတုသင်္ခါတာစ ၊ပေ၊ ဟဒယံ နိဿာယေဝ ပဝတ္တန္တိ ကို ဖွင့်ပြလို၍"မနောယေဝ"စသည်မိန့်၊] မနောယေဝ–မနသည်ပင်၊ ဝိသိဋ္ဌဓာနနကိစ္စယောဂတော–မနောဓာတ်ထက် ထူးသော သိခြင်းကိစ္စနှင့်ယှဉ်ခြင်းကြောင့်၊ ဝိညာဏံ–ဝိညာဉ်လည်းမည်၏၊ နိဿတ္တနိဇ္ဇီဝဋ္ဌေန–သတ္တလည်းမဟုတ်, ဇီဝလည်းမဟုတ်သည်၏ အဖြစ်ဟူသောအနက် သဘောကြောင့်၊ ဓာတုစ–ဓာတ်လည်းမည်၏၊ ဣတိ–ကြောင့်၊ မနောဝိညာဏ ဓာတု–တုမည်၏၊ ဝါ–တစ်နည်းကား၊ မနသော–မှီရာတူသောစိတ်၏၊ ဝိညာဏဓာတု–ဝိညာဏဓာတ်တည်း၊ ဣတိ–ကြောင့်၊ မနောဝိညာဏဓာတု–တုမည်၏၊ ဟိ–ချဲ့၊သာ–ထိုမနောဝိညာဏဓာတ်သည်၊အနန္တရပစ္စယတော–အနန္တရပစ္စည်းဖြစ်သော၊ မနတောယေဝ–မှီရာတူသော ရှေ့စိတ်ကြောင့်သာလျှင်၊ သမ္ဘုယ–

**ပဉ္စ ၊ပေ၊ ဓာတုယော**။ ။ဓာတုသဒ္ဒါသည် "အတ္တနော သဘာဝံ ဓာရေတီ"နှင့်အညီ မိမိသဘောကို ဆောင်တတ်(ပြုပြင်ပြောင်းလွဲ၍ မရ, မိမိသဘောအတိုင်း ဖြစ်တတ်)ဟူသော အနက်ကို ဟော၏၊ (စက္ခုဝိညာဉ်သည် မြင်ခြင်းသဘော, သောတဝိညာဉ်သည် ကြားခြင်းသဘော,ဤသို့စသည်ဖြင့်) မိမိသဘောအတိုင်း ဖြစ်ရသောကြောင့် သတ္တဝါလည်း မဟုတ်, အသက်ကောင်(ဇီဝ)လည်း မဟုတ်ဟူသော အဓိပ္ပာယ်နက်ကိုလည်း ဓာတုသဒ္ဒါက ဟောပြလျက်ရှိ၏၊ ထို့ကြောင့်"နိဿတ္တနိဇ္ဇီဝဋ္ဌေန ဓာတုယော"ဟူသော အဖွင့်သည် ဓာတုသဒ္ဒါ၏ သဒ္ဒတ္ထမဟုတ်, အဓိပ္ပာယတ္ထအဖွင့်သာ၊ "ပဉ္စဝိညာဏာနိ ဧဝ+ဓာတုယော ပဉ္စဝိညာဏဓာတုယော"ဟု ပြုစေလိုသည်။

**မနောယေဝ ၊ပေ၊ မနောဝိညာဏဓာတု**။ ။"ဝိသိဋ္ဌဓာနန"ဖြင့် ဝိအနက်, ညာဏအနက်ကိုပြ၏၊ မနောဓာတ်ကဲ့သို့ သိကာမတ္တ(သိရုံ)မဟုတ်, အထူးသိခြင်းရှိသော ဓာတ်–ဟူလို၊ "မနောဧဝ+ဝိညာဏံ မနောဝိညာဏံ၊ တဉ္စ+တံ+ဓာတုစာတိ မနောဝိညာဏဓာတု"ဟု ပြု၊ နောက်နည်း၌ "ဝိညာဏံ စ+တံ+ဓာတု စာတိ ဝိညာဏဓာတု၊ မနသော+ဝိညာဏဓာတု မနောဝိညာဏဓာတု"ဟု ပြု။

**သာဟိ ၊ပေ၊ သမ္ဘုန္တီတိ ယောဟတိ**။ ။ဤနောက်နည်း၌ "မနသော (သမ္ဘန်)+ဝိညာဏဓာတု(သမ္ဗန္ဓီ)"ဟု သမ္ဗန်+သမ္ဗန္ဓီ ဖြစ်ပုံကို ချဲ့လို၍ သာဟိ စသည် မိန့်၊ မနတော–မနသောတို့၌ "မန"အရ မှီရာတူသော မနကို ယူပါ၊ ဝီထိစဉ်ကို ကြည့်လျှင် မနောဓာတ်အမည်ရသော ပဉ္စဒွါရာဝဇ္ဇန်းသည် မှီရာတူသော ပဉ္စဝိညာဉ်အား ကျေးဇူးပြုရ၏၊

ကောင်းစွာဖြစ်၍၊ မနသောယေဝ–မိုရာတူသော နောက်စိတ်၏သာလျှင်၊ အနန္တရပစ္စယဘူတာ–အနန္တရပစ္စည်းဖြစ်၍ ဖြစ်၏၊ ဣတိ–ကြောင့်၊ မနသော–ရှေ့စိတ်နောက်စိတ်၏၊ သမ္ဗန္ဓိနီ–ဆက်သွယ်ခြင်းရှိသည်၊ ဟောတိ–၏။

သတ္တိံရဏတ္တယဿ–သတ္တိံရဏသုံးပါးအပေါင်း၏လည်းကောင်း၊ အဋ္ဌမဟာဝိပါကာနံ–ရှစ်ပါးသော မဟာဝိပါက်တို့၏လည်းကောင်း၊ ပဋိဃဒွယဿ–ဒေါသမူဒွေး၏လည်းကောင်း၊ ပဌမမဂ္ဂဿ–သောတာပတ္တိမဂ်၏လည်းကောင်း၊ ဟာသိတုပ္ပာဒဿ–ဟာသိတုပ္ပာဒ်၏လည်းကောင်း၊ ပန္နရသရူပါဝစရာနဉ္စ–(၁၅) ပါးသော ရူပါဝစရစိတ်တို့၏လည်းကောင်း၊ ဝသေန–ဖြင့်၊ ပဝတ္တာ–ဖြစ်ကုန်သော၊ ယထာဝုတ္တမနောဓာတုပဉ္စဝိညာဏဓာတူဟိ–အကြင် အကြင် ဆိုအပ်ပြီးကုန်သော မနောဓာတ် ပဉ္စဝိညာဏဓာတ်တို့မှ၊ အဝသေသာ–ကြွင်းကုန်သော၊ မနောဝိညာဏဓာတုသင်္ခါတာ–မနောဝိညာဏဓာတ်ဟု ဆိုအပ်ကုန်သော၊ တိံသ–(၃၀)သော၊ ဓမ္မာစ–တရားတို့သည်လည်း၊ ကေဝလံ–မနောဝိညာဏဓာတ် မဖက် သက်သက်၊ မနောဓာတုယေဝ–မနောဓာတ်သည်သာ၊ [သင်္ခါတာစဒ္ဒ စသဒ္ဒါဖြင့် ဆည်းအပ်သောအနက်ကို "န ကေဝလံ မနောဓာတုယေဝ"ဟု ပြသည်၊](ဟဒယံ–ဟဒယဝတ္ထုရုပ်ကို၊ နိဿာယ–မှီ၍၊ ပဝတ္တတိ–ဖြစ်သည် ကား၊) န–မဟုတ်သေး၊ တထာ–ထိုမနောဓာတ်အတူ၊ ဟဒယံ–ကို၊ နိဿာယေဝ–မှီ၍သာလျှင်၊ ပဝတ္တန္တိ–န်၏၊ ဣတိ(အယံ)–ကား၊ သမ္ဗန္ဓော–ပုဒ်တို့၏စပ်ခြင်းတည်း၊ [ရူပါဝစရဝသေန၏ စပ်ရာပုဒ်ကို "ပဝတ္တာ"ထည့်၍ ရှေ့လှည့်စပ်၊သင်္ခါတာနောင် တိံသ ဓမ္မာထည့်၍ ပဝတ္တန္တိ၌ စပ်ပါ–ဟူလို။]

ဟိ–ဆက်၊ ဧကာဒသ–၁၁ ပါးကုန်သော၊ သန္တိံရဏမဟာဝိပါကာနိ–သန္တိံရဏမဟာဝိပါက်စိတ်တို့သည်၊ ဒွါရာဘာဝတော–ဖြစ်ရာဒွါရ၏(အရူပဘုံ၌) မရှိခြင်းကြောင့်လည်းကောင်း၊ ကိစ္စာဘာဝတော စ–ကိစ္စ၏ (အရူပဘုံ၌) မရှိခြင်းကြောင့်လည်းကောင်း၊ အာရုပ္ပေ–အရူပဘုံ၌၊ န ဥပ္ပဇ္ဇန္တိ–မဖြစ်ကုန်၊ အနိဋ္ဌာရဏာဝတ္ထုဿ–နိဝရဏအခိုက်အတန့်မဟုတ်သော၊ပဋိဃဿ–ဒေါသ၏၊

---

သမ္ပဋိစ္ဆိုန်းကား မိုရာမတူသော ပဉ္စဝိညာဉ်မှ အနန္တရပစ္စည်းဖြင့် ကျေးဇူးပြုခံရ၏၊ ပဉ္စဝိညာဏဓာတ်တို့လည်း မိုရာမတူသော ပဉ္စဒွါရာဝဇ္ဇန်းမှ အနန္တရပစ္စည်းဖြင့် ကျေးဇူးပြုခံရ၍ မိုရာမတူသော သမ္ပဋိစ္ဆိုန်းအား ကျေးဇူးပြုရ၏၊ ထို့ကြောင့် ထိုဓာတ် နှစ်မျိုးလုံးပင် မိုရာတူ မန၏ ဝိညာဉ်များ မဟုတ်ကြ၊ ထို့ကြောင့်ပင် သိပုံ အားမရှိကြရကား "မနော+ဝိညာဏ"ဟု နှစ်မည်မရဘဲ မနောဓာတု, ဝိညာဏဓာတုဟု တစ်မည်စီသာ ရကြ၏၊ သန္တိံရဏစိတ် တို့ကား မိုရာတူသော ရှေ့စိတ်မှ ကျေးဇူးပြုခံရ၍, မိုရာတူသော နောက်စိတ်အားလည်း ကျေးဇူးပြုရသောကြောင့် မိုရာတူ မန၏+ဝိညာဉ်များဖြစ်ကြ၏၊ ထို့ကြောင့်ပင် သိပုံအားရှိရကား "မနောဝိညာဏ"ဟု သိခြင်းအနက်ဟော သဒ္ဒါနှစ်မျိုးဖြင့် (အလွန်အကျူး အထူးသိသောဓာတ်ဟု) နာမည်တပ်ရသည်။

အဘာဝတော–မရှိခြင်းကြောင့်၊ တံသဟဂတံ–ထိုဒေါသနှင့်တကွဖြစ်သော၊ စိတ္တဒွယံ–စိတ်နှစ်ပါးအပေါင်းသည်၊ ရူပလောကေပိ–ရူပဘုံ၌သော်မှလည်း၊ နတ္ထိ–မရှိတုံသေး၏၊ အာရုပ္ပေ–အရူပဘုံ၌၊ ပဂေဝ–ရှေးဦးမဆွ အစကပင်၊ (နတ္ထိ–မရှိ။)

ပဌမမဂ္ဂေါပိ–သောတာပတ္တိမဂ်သည်လည်း၊ ပရတောဃောသပစ္စယာဘာဝေ–သူတစ်ပါးအထံမှ တရားသံဟူသောအကြောင်း၏မရှိခြင်းသည်၊ (သတိ–ဖြစ်လတ်သော်) သာဝကာနံ–သာဝကပုဂ္ဂိုလ်တို့၏သန္တာန်၌၊ အနုပ္ပဇ္ဇနတော–မဖြစ်ခြင်းကြောင့်လည်းကောင်း၊ ဗုဒ္ဓပစ္စေကဗုဒ္ဓါနံ–ဘုရားပစ္စေကဗုဒ္ဓါတို့၏၊ မနသာ...ကတော–လှူပြည်မှ၊ အညတ္ထ–အခြားဘုံ၌၊ အနိဗ္ဗတ္တနတော စ–မဖြစ်ခြင်းကြောင့်လည်းကောင်း၊(အရူပဘဝေ–အရူပဘုံ၌၊ န ဥပ္ပဇ္ဇတိ–မဖြစ်၊) ဟသနုပ္ပာဒ–ဟသိတုပ္ပါဒ်စိတ်သည်လည်း၊ ကာယာဘာဝတော–ပြုံးဖို့ရာကိုယ်၏ မရှိခြင်းကြောင့်၊ (အရူပဘဝေ န ဥပ္ပဇ္ဇတိ၊) ရူပါဝစရာနိ–ရူပါဝစရစိတ်တို့သည်၊ အရူပီနံ–အရူပဗြဟ္မာတို့၏၊ ရူပဝိရာဂဘာဝနာဝသေန–ရုပ်ကိုစက်ဆုပ်သော ဘာဝနာ၏အစွမ်းကြောင့်၊ တဒါရမဏေသု–ထိုရုပ်လျှင် အာရုံရှိကုန်သော၊ (ကသိုဏ်းရုပ်စသည်ကို အာရုံပြုကုန်သော၊) ဈာနေသုပိ–ရူပဈာန်တို့၌လည်း၊ ဝိရတ္တဘာဝတော–စက်ဆုပ်ကုန်သည်၏အဖြစ်ကြောင့်၊ အရူပဘဝေ–၌၊ န ဥပ္ပဇ္ဇန္တိ–န်၊ ဣတိ–ထို့ကြောင့်၊(ထိုသို့ အရူပဘုံ၌ မဖြစ်နိုင်ကုန်သည်၏ အဖြစ်ကြောင့်၊) သဗ္ဗာနိပိ–အလုံးစုံလည်း ဖြစ်ကုန်သော၊ တေတ္တိံသ–(၃၃)ပါးသော၊ တောနိ စိတ္တာနိ–ဤစိတ်တို့သည်၊ ဟဒယံ–ကို၊ နိဿာယေဝ–မှီ၍သာလျှင်၊ ပဝတ္တန္တိ–ဖြစ်ကုန်၏၊ [ဤဝါကျတို့၏အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ဆောင်ပုဒ်နှင့်တကွ ပြထားပြီ။]

**၇၁။** [အဝသေသကုသလာကုသလ၊ပေ၊နိဿာယ ဝါ အနိဿာယ ဝါ ဝါကျကို ဖွင့်ပြလိုသောကြောင့် “ပဥ္စ”စသည်ကိုမိန့်၊] ပဥ္စရူပါဝစရကုသလတော စသော တောပစ္စယန္တပုဒ်တို့သည် “အဝသေသ”၏ အပါဒါန်ကို ထည့်၍ ဖွင့်သောပုဒ်တို့တည်း၊] ပဥ္စရူပါဝစရကုသလတော–ငါးပါးသောရူပါဝစရကုသိုလ်စိတ်မှ၊အဝသေသာနိ–ကြွင်းကုန်သော၊ဒွါဒသ–(၁၂)ပါးကုန်သော၊လောကိယကုသလာနိ–လောကီကုသိုလ်စိတ်တို့လည်းကောင်း၊ ပဋိဃဒွယတော–ဒေါသမူ ဒွေးမှ၊အဝသေသာနိ–န်သော၊ဒသ–(၁၀)ပါးကုန်သော၊အကုသလာနိ–တို့လည်း ကောင်း၊ ပဥ္စဒွါရာဝဇ္ဇနဟသနရူပါဝစရကြိယေဟိ–ပဥ္စဒွါရာဝဇ္ဇန်း, ဟသိတုပ္ပါဒ် စိတ်တို့မှ၊အဝသေသာနိ–န်သော၊တေရသ–(၁၃)ပါးကုန်သော၊ကြိယစိတ္တာနိ–စိတ်တို့လည်းကောင်း၊ ပဌမမဂ္ဂတော–သောတာပတ္တိမဂ်မှ၊ အဝသေသာနိ–န်သော၊ သတ္တ–(၇)ပါးကုန်သော၊ အနုတ္တရာနိစ–လောကုတ္တရာစိတ်တို့လည်း ကောင်း၊ ဣတိ–ဤသို့၊ ဣမေသံ–ဤစိတ်တို့၏၊ ဝသေန–အပြားအားဖြင့်၊ ဒွေစတ္တာလီသဝိဓာ–(၄၂)ပါးအပြားရှိကုန်သော၊ မနောဝိညာဏဓာတုသင်္ခါတာ–

န်သော၊ ဓမ္မာ–တရားတို့သည်၊ ပဉ္စဝေါကာရဘဝေသေန–ပဉ္စဝေါကာရဘဝ၏ အစွမ်းဖြင့်၊ [ကာမဘုံ,ရူပဘုံ၌ဖြစ်ခိုက်–ဟူလို၊] ဟဒယံ–ကို၊ နိဿာယ ဝါ–မှီ၍လည်းကောင်း၊ စတုဝေါကာရဘဝေသေန–စတုဝေါကာရဘဝ၏ အစွမ်းဖြင့်၊ [အရူပဘုံ၌ ဖြစ်ခိုက်–ဟူလို၊] အနိဿာယ ဝါ–မမှီမူ၍လည်းကောင်း၊ (မည်သည့် ဝတ္ထုရုပ်ကိုမျှ မမှီဘဲ–ဟူလို၊) ပဝတ္တန္တိ–၏။

**၇၃။** ကာမဘဝေ–ကာမဘုံ၌၊ ဆဝတ္ထုံ–(၆)ပါးသောဝတ္ထုရုပ်ကို၊ နိဿိတာ–မှီကုန်သော၊ သတ္တ–ခုနစ်ပါးကုန်သော၊ ဝိညာဏဓာတုယော–ဝိညာဏဓာတ်တို့ကို၊ (မတာ–သိအပ်ကုန်၏၊) ရူပေဘဝေ–ရူပဘုံ၌၊ တိဝတ္ထုံ–သုံးပါးသော ဝတ္ထုရုပ်ကို၊ နိဿိတာ–န်သော၊ ဃာနဝိညာဏာဒိတ္တယဝဇ္ဇိတာ–ဃာနဝိညာဏဓာတ် အစရှိသော ဓာတ်သုံးပါးအပေါင်းသည် ကြဉ်အပ်ကုန်သော၊ စတုဗ္ဗိဓာ–လေးပါးအပြားရှိကုန်သော၊ဝိညာဏဓာတုယော–တို့ကို၊(မတာ–န်၏၊) အာရုပ္ပေ ဘဝေ–အရူပဘုံ၌၊ အနိဿိတာ–မမှီသော၊ ဧကော–တစ်ပါးသော၊ မနော ဝိညာဏဓာတု–မနောဝိညာဏဓာတ်ကို၊ မတာ–သိအပ်၏၊ ဣတိ (အယံ)–ကား၊ ယောဇနာ–ပုဒ်တို့ကို ယှဉ်စေခြင်းတည်း။

**၇၄။** ကာမာဝစရဝိပါကပဥ္စဒွါရာဝဇ္ဇနပဋိဃဒွယဟာသနဝသေန–ကာမာဝစရဝိပါက်, ပဉ္စဒွါရာဝဇ္ဇန်း, ဒေါသမူဒွေး, ဟသိတုပ္ပာဒ်တို့၏ အပြားအားဖြင့်၊ သတ္တဝီသတိ–(၂၇)ပါးသော၊ ကာမာဝစရာနိ–ကာမာဝစရစိတ်တို့လည်းကောင်း၊ ပန္နရသ–န်သော၊ ရူပါဝစရာနိ–စိတ်တို့လည်းကောင်း၊ ပဌမမဂ္ဂေါ–သောတာပတ္တိမဂ်လည်းကောင်း၊ ဣတိ–ဤသို့၊ တေစတ္တာလီသ–(၄၃)ပါးသော၊ (စိတ္တာနိ–တို့သည်၊) နိဿာယေဝ–မှီ၍သာလျှင်၊ ဇာယရေ–ဖြစ်ကုန်၏၊ တတောယေဝ–ထို(၄၃)ပါးမှပင်၊ အဝသေသာ–န်သော၊ အာရုပ္ပဝိပါကဝဇ္ဇိတာ–အရူပဝိပါက်သည် ကြဉ်အပ်ကုန်သော၊ ဒွေစတ္တာလီသ–(၄၂)ပါးသော၊(စိတ္တာနိ–တို့သည်၊) နိဿာယ စ–(ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက်) မှီ၍လည်းကောင်း၊ အနိဿာယ စ–(စတုဝေါကာရဘုံ၌ဖြစ်ခိုက်) မမှီမူ၍လည်းကောင်း၊ ဇာယရေ–န်၏၊ စတ္တာရော–လေးပါးကုန်သော၊ ပါကာရုပ္ပာ–အရူပဝိပါက်တို့သည်၊ အနိဿိတာယေဝ–မမှီကုန်သည်သာလျှင်၊ (ဟုတွာ–၍၊ ဇာယရေ–န်၏၊) ဣတိ (အယံ)–ကား၊ သမ္ဗန္ဓော–ပုဒ်တို့၏ စပ်ခြင်းတည်း။

ဣတိ–ဤ ဆိုအပ်ပြီးသော သဒ္ဒါအစဉ် အနက်အစဉ်ဖြင့်၊ အဘိဓမ္မတ္ထ ဝိဘာဝနိယာ နာမ–မည်သော၊ အဘိဓမ္မတ္ထသင်္ဂဟဝဏ္ဏနာယ–၌၊ တတိယ ပရိစ္ဆေဒဝဏ္ဏနာ–တတိယပရိစ္ဆေဒ၏ အဖွင့်သည်၊ နိဋ္ဌိတာ–ပြီ။

**ပကိဏ်းပိုင်းအဖွင့် ပြီးပြီ။**

# ဝီထိပိုင်းနိဿယ

**၁။** ဣစ္စေဝံ–ဤဆိုအပ်ပြီးသော သဒ္ဒါအစဉ် အနက်အစဉ်ဖြင့်၊ ယထာဝုတ္တနယေန–အကြင်အကြင် ဆိုအပ်ပြီးသောနည်းဖြင့်၊ စိတ္တုပ္ပာဒါနံ–စိတ်စေတသိက်ဖြစ်ကုန်သော၊ စတုန္နံ–န်သော၊ ခန္ဓာနံ–တို့၏၊ ဥတ္တရံ–ကောင်းမြတ်သော၊ ဝေဒနာသင်္ဂဟာဒိဝိဘာဂတော–ဝေဒနာသင်္ဂဟ အစရှိသည်ကို ဝေဖန်ခြင်းကြောင့်၊ ဥတ္တမံ–ကောင်းမြတ်သော၊ ပဘေဒသင်္ဂဟံ–ဝေဒနာသင်္ဂဟစသော အားဖြင့်ပြားသော ပကိဏ္ဏကသင်္ဂဟကို၊ ကတွာ–ပြုစီရင်ပြီး၍၊ ပုန–တစ်ဖန်၊ ကာမာဝစရာဒီနံ–ကာမာဝစရအစရှိကုန်သော၊ တိဏ္ဏံ–န်သော၊ ဘူမိနံ–ဘုံတို့၏ လည်းကောင်း၊ ဒွိဟေတုကာဒိပုဂ္ဂလာနဉ္စ–ဒွိဟိတ်အစရှိသောပုဂ္ဂိုလ်တို့၏ လည်းကောင်း၊ ဘေဒေန–အပြားအားဖြင့်၊ လက္ခိတံ–မှတ်သားအပ်သော၊ ဣဒံ–ဤစိတ်သည်၊ ဧတ္တကေဟိ–ဤမျှအတိုင်းအရှည်ရှိကုန်သော စိတ်တို့မှ၊ ပရံ–နောက်၌၊ (ပဝတ္တတိ–ဖြစ်၏၊) ဣမဿ–ဤစိတ်၏၊ အနန္တရံ–အခြားမဲ့၌၊ ဧတ္တကာနိ–ဤမျှအတိုင်းအရှည်ရှိကုန်သော၊ စိတ္တာနိ–တို့သည်၊ (ပဝတ္တန္တိ–န်၏၊)

---

**ဣစ္စေဝံ၊ပေ၊ ယထာနေသာ။** ။ပကိဏ္ဏကပိုင်းကို ဖွင့်ပြပြီး၍ ဝီထိပိုင်းကို ဖွင့်ပြလိုသော အရှင်သုမင်္ဂလသာမိ ဋီကာဆရာသည် "စိတ္တုပ္ပာဒါနမိစ္စေဝံ"စသောဂါထာကိုဖွင့်ပြလိုရကား "ဣစ္စေဝံ"စသည်ကိုမိန့်၊ ဣစ္စေဝံကို "ယထာဝုတ္တနယေန"ဟု ဖွင့်၏၊ ထိုသို့ ဖွင့်ပုံကို လောဘမူစိတ် နိဂုံး ဣစ္စေဝံ သဗ္ဗထာပိ အဖွင့်၌ ပြခဲ့ပြီ၊ "စိတ္တုပ္ပါဒ"အရ ဥပါဒ်သော (ဖြစ်သော) စိတ်ကိုသာ ရှေ့၌ ယူခဲ့သော်လည်း ဤနေရာ၌ စိတ်–စေတသိက်နှစ်ပါးစုံကို ယူစေလိုသောကြောင့် "စတုန္နံ ခန္ဓာနံ"ဟု ဖွင့်သည်၊ ထိုသို့ ဖွင့်ခြင်းမှာလည်း ပကိဏ်းပိုင်း အစ၌ "စိတ္တစေတသိကာ ဓမ္မာ"ဟု ဆိုခဲ့သောကြောင့်တည်း၊ ဥတ္တရံကို "ဝေဒနာသင်္ဂဟာဒိ ဝိဘာဂတော ဥတ္တမံ"ဟု ဖွင့်သည်၊ ပကိဏ်းပိုင်းကိုပင် ဝေဒနာသင်္ဂဟ စသောအားဖြင့် ပြားသောကြောင့် "ပဘေဒသင်္ဂဟ"ဟု ဆိုသည်၊ ဤတိုင်အောင် "ကတွာ သင်္ဂဟမုတ္တရံ" ၏ အဖွင့်တည်း။

**ပုန ၊ပေ၊ လက္ခိတံ။** ။"ဘူမိပုဂ္ဂလဘေဒေန"၏အဖွင့်တည်း၊ ဤအဖွင့်အလို "ဘူမိဝိဘာဂ ပုဂ္ဂလဘေဒ"အခန်းကိုသာ ရည်ရွယ်၍ "ဘူမိပုဂ္ဂလဘေဒေန"ဆိုသည်ဟုမှတ်၊ ထိုဘေဒေန၏ စပ်ဖို့ရာ "လက္ခိတံ"ပုဒ် ထည့်ပါ–ဟု ဆိုလိုသည်၊ လက္ခိတံပုဒ်ကို မထည့်သင့်ပုံ၊ "ဘူမိပုဂ္ဂလဘေဒ"အရ ဘူမိဝိဘာဂ ပုဂ္ဂလဘေဒသာမက ဝီထိမုတ်ပိုင်းက ဘုံပုဂ္ဂိုလ်ဆိုင်ရာများပါ ယူသင့်ပုံကို ဘာသာဋီကာ၌ ပြထားပြီ။

**ဣဒံ ၊ပေ ၊နိယာမိတံ။** ။"ပုဗ္ဗာပရနိယာမိတံ"၏အဖွင့်၊ (ဝီထိစဉ်အတိုင်း) "အာဝဇ္ဇန်းသည် ဘဝင်တို့မှ နောက်၌ ဖြစ်၏၊ အာဝဇ္ဇန်းနောက်၌ ပဉ္စဝိညာဉ်စသော စိတ်များ ဖြစ်ကြ၏" စသည်တည်း၊ "ဒွိက္ခတ္တုံ ဘဝင်္ဂေ စလိတေ"စသည်ကို ရည်ရွယ်၍ "ဣဒံ ဧတ္တကေဟိ" စသော စကားကို ဆိုသည်၊ ဤအဖွင့်အလို "ပုဗ္ဗာပရေဟိ+နိယာမိတံ ပုဗ္ဗာပရနိယာမိတံ"ဟု ပြု၊ ဘာသာဋီကာ၌ ဝိဂ္ဂဟတစ်မျိုး ပြ၍ ဤစကားဖြင့် ယူသင့်ရာ ဌာနများကိုလည်း ပြထားသည်။

ဣတိ ဓဝံ–ဤသို့၊ ပုဗ္ဗာပရစိတ္တေဟိ–ရှေ့စိတ် နောက်စိတ်တို့ဖြင့်၊ နိယာမိတံ–မှတ်သားအပ်သော၊ ပဋိသန္ဓိပဝတ္တိသု–ပဋိသန္ဓေအခါ,ပဝတ္တိအခါတို့၌၊ စိတ္တုပ္ပါဒါနံ–တို့၏၊ ပဝတ္တိသင်္ဂဟံနာမ–ဖြစ်ပုံကိုပြသော သင်္ဂဟမည်သော၊ တံ နာမကံ–ထိုပဝတ္တိသင်္ဂဟအမည်ရှိသော၊သင်္ဂဟံ–သင်္ဂဟကို၊ယထာသမ္ဘဝတော–ဖြစ်ငှသင့်သည်အားလျော်စွာ၊ သမာသေန–အကျဉ်းချုပ်အားဖြင့်၊ ပဝက္ခာမိ–ဆိုပေအံ့၊ ဣတိ(အယံ)–ကား၊ ယောဇနာ–ပုဒ်အနက်တို့ကို ယှဉ်စေခြင်းတည်း။

၂။ ဝတ္ထုဒွါရာရမဏသင်္ဂဟာ–ဝတ္ထုသင်္ဂဟ, ဒွါရသင်္ဂဟ, အာရမဏသင်္ဂဟတို့ကို၊ ဟေဋ္ဌာ–အောက်ပကိဏ္ဏကသင်္ဂဟ၌၊ ကထိတာ–ဆိုအပ်ပြီးကုန်သည်၊ (သမာနာ)ပိ–ဖြစ်ပါကုန်သော်လည်း၊ ပရိပုဏ္ဏကတ္တာ–အပြည့်အစုံ ပြ၍၊ [ပဝတ္တိသင်္ဂဟ၌သိထိုက်သော ဆက္ကခြောက်ပါးကိုအပြည့်အစုံပြ၍–ဟူလို၊] ပဝတ္တိသင်္ဂဟံ–ပဝတ္တိသင်္ဂဟကို၊ ဒဿေတုံ–ငှါ၊ (အာစရိယေန–အရှင်အနုရုဒ္ဓါဆရာသည်၊) ပုန–တဖန်၊ နိက္ခိတ္တာ–ထားအပ်ကုန်ပြီ၊–[အကျဉ်းချုပ်အားဖြင့် ထားအပ်ကုန်ပြီ–ဟူလို၊] ဝိသယာနံ–အာရုံတို့၏၊ ဒွါရေသု–ဒွါရတို့၌လည်းကောင်း၊ ဝိသယေသု–တို့၌၊ စိတ္တာနံစ–တို့၏လည်းကောင်း၊ ပဝတ္တိ–ဖြစ်ခြင်းသည်၊ ဝိသယပ္ပဝတ္တိ–ဝိသယပ္ပဝတ္တိ မည်၏၊ [ပဌမနည်း၌ "ဝိသယာနံ+ပဝတ္တိ ဝိသယပ္ပဝတ္တိ"ဟုပြု၊ဒုတိယနည်း၌ "ဝိသယေသု+ပဝတ္တိ ဝိသယပ္ပဝတ္တိ"ဟုပြု။]

၄။ တတ္ထာတိ–ကား၊ ဆသု–န်သော၊ တေသု ဆက္ကေသု–ထို ဆက္ကတို့တွင်။

၆။ စက္ခုဒွါရေ–စက္ခုဒွါရ၌၊ ပဝတ္တာ–ဖြစ်သော၊ ဝီထိ–ဝီထိသည်၊ စိတ္တပရမ္ပရာ–စိတ်တို့၏အဆက်ဆက်သည်၊ စက္ခုဒွါရဝီထိ–စက္ခုဒွါရဝီထိမည်၏၊ ဣတိအာဒိနာ–ဤသို့အစရှိသောနည်းဖြင့်၊ [နာမယောဇနာ ကာတဗ္ဗာ ပုဒ်တို့၌ စပ်ပါ၊ အာဒိဖြင့် "သောတဒွါရေ ပဝတ္တာ ဝီထိ သောတဒွါရဝီထိ"

---

**ပဋိသန္ဓိပဝတ္တိယံ**။　။"ပဋိသန္ဓိပဝတ္တိသု" အဖွင့်ကိုကြည့်၍ "ပဋိသန္ဓိပဝတ္တိယံ" ဟူသော သင်္ဂြိုဟ်ပါဌ်ကို ဝစနဝိပလ္လာသ(ဗဟုဝုစ်မှ ဧကဝုစ်ပြန်သော)နည်းဟု ဆိုကြ၏၊ ဘာသာဋီကာ၌ကား ဝိပလ္လာသ မဟုတ်ဟု ဆိုထား၏၊ ["ပဋိသန္ဓိပဝတ္တိယံ"ဟူသော ဤပါဌ်ကို ထောက်၍ ဤဂါထာသည် ဝီထိပိုင်း ဝီထိမုတ်ပိုင်း နှစ်ပိုင်းအတွက် ပဋိညာဉ် ဂါထာ ဖြစ်ကြောင်းကိုလည်း ဘာသာဋီကာ၌ ပြထားပြီ။]

**စက္ခု ၊ပေ၊ ဝုတ္တံ**။　။"ဆ ဝီထိယောပန စက္ခုဒွါရဝီထိ ၊ပေ၊ ဒွါရဝသေနဝါ,စက္ခုဝိညာဏဝီထိ ၊ပေ၊ ဝိညာဏဝသေနဝါ ၊ပေ၊ ယောဇေတဗ္ဗာ"ဟူသောဝါကျကိုဖွင့်လို၍ "စက္ခုဒွါရေ" စသည်ကိုမိန့်၊ ဝီထိကို "စိတ္တပရမ္ပရာ" ဟုဖွင့်၏၊ ထိုသို့ဖွင့်သဖြင့် ဝီထိသဒ္ဒါသည် "အစဉ်အဆက်" ဟူသောအနက်ကိုဟောသော အနိပ္ဖန္နပါဋိပဒိကပုဒ်ဟု သိစေ၏[ "ပန္တိဝီထျာဝလိသေဏီ" အဘိဓာန် (၅၃၉)။] ဝီထိဆိုရိုး ဘာသာဋီကာ၌ နိပ္ဖန္နပါဋိပဒိကလည်း ကြံထား‌သေး၏။

စသည်ကို ညွှန်သည်။] ဒွါရဝသေန(ဝါ)–ဒွါရ၏ အစွမ်းဖြင့်သော်လည်းကောင်း၊ တေန–ထိုစက္ခုဝိညာဉ်နှင့်၊ သဟ–တကွ၊ ကောရမဏကေဒွါရိကတာယ–တူသောအာရုံ, တူသောဒွါရ ရှိသည်၏အဖြစ်ဖြင့်၊ သဟာစရဏာဘာဝတော–တကွဖြစ်သည်၏အဖြစ်ကြောင့်၊ စက္ခုဝိညာဏသမ္ဗန္ဓိနီ–စက္ခုဝိညာဉ်နှင့်စပ်ခြင်းရှိသော၊ ဝီထိ–သည်၊ ဝါ–စိတ်တို့၏ အဆက်ဆက်သည်၊ စက္ခုဝိညာဏဝီထိ–ဏဝီထိ မည်၏၊ ဣတိအာဒိနာ–ဖြင့်၊ [အာဒိဖြင့် "သောတဝိညာဏသမ္ဗန္ဓိနီ+ဝီထိ သောတဝိညာဏဝီထိ"ကို ညွှန်ပြ၏။] ဝိညာဏဝသေန ဝါ–ဝိညာဉ်၏အစွမ်းအားဖြင့်သော်လည်းကောင်း၊ ဝီထိနံ–တို့၏၊ နာမယောဇနာ–နာမည်ကို ကပ်ယှဉ်စေခြင်းကို၊ ဝါ–နာမည်တပ်ခြင်းကို၊ ကာတဗ္ဗာ–ပြုထိုက်၏၊ ဣတိ–ဤအနက်ကို၊ ဒသေတုံ–ငှါ၊ စက္ခုဒွါရဝီထိတျာဒိ–အစရှိသော စကားရပ်ကို၊ (အာစရိယေန) ဝုတ္တံ–ပြီ။

**၇။** အတိမဟန္တန္တျာဒိသု–အတိမဟန္တံ အစရှိသောပုဒ်တို့၌၊ (အတ္ထော ဇဝေ ဝေဒိတဗ္ဗော၊) ကေစိတ္တက္ခဏာတီတံ–တစ်ခုသောစိတ္တက္ခဏကို လွန်ပြီးသည်၊ ဟုတွာ–၍၊ အာပါတံ–ရှေးရှု့ကျခြင်းသို့၊ အာဂတံ–ရောက်သော၊ သောဠသ စိတ္တက္ခဏာယုကံ–(၁၆)ချက် စိတ္တက္ခဏအသက်ရှိသောအာရုံသည်၊ အတိမဟန္တံ နာမ–အတိမဟန္တာရုံ မည်၏၊ ဝါ–အလွန်များသော စိတ္တက္ခဏ အသက်ရှိသော အာရုံ မည်၏၊ ဒွတ္တိစိတ္တက္ခဏာတီတံ–နှစ်ချက်သုံးချက်သော စိတ္တက္ခဏတို့ကို လွန်ပြီးသည်၊ ဟုတွာ–၍၊ ပန္နရသစုဒ္ဒသစိတ္တက္ခဏာယုကံ–(၁၅)ချက် စိတ္တက္ခဏ အသက်ရှိသောအာရုံ, (၁၄)ချက် စိတ္တက္ခဏအသက်ရှိသော အာရုံသည်၊ မဟန္တံ နာမ–မဟန္တ အာရုံ မည်၏ ဝါ–များသော စိတ္တက္ခဏ အသက်ရှိသော အာရုံမည်၏၊ [ဤစကားဖြင့် စိတ္တက္ခဏ နှစ်ချက်လွန်သော မဟန္တာရုံဝီထိ, စိတ္တက္ခဏသုံးချက်လွန်သော မဟန္တာရုံဝီထိ ဟု မဟန္တာရုံဝီထိ နှစ်မျိုးရှိကြောင်းကို ပြ၏။] စတုစိတ္တက္ခဏတော–လေးချက်သောစိတ္တက္ခဏမှ၊ ပဋ္ဌာယ–၍၊ ယာဝ နဝစိတ္တက္ခဏာတီတံ–ကိုးချက်တိုင်အောင်သော စိတ္တက္ခဏတို့ကို လွန်ပြီးသည်၊ ဟုတွာ–၍၊ တေရသစိတ္တက္ခဏတော–(၁၃)ချက်သောစိတ္တက္ခဏမှ၊ ပဋ္ဌာယ–၍၊ ယာဝ အဋ္ဌစိတ္တက္ခဏာယုကံ–ရှစ်ချက်တိုင်အောင်သော စိတ္တက္ခဏအသက်ရှိသောအာရုံသည်၊ ပရိတ္တံ နာမ–ပရိတ္တအာရုံ မည်၏၊ ဝါ–နည်းသောစိတ္တက္ခဏ

**စက္ခုဒွါရဝီထိ။** ။"စက္ခုဒွါရေ+ပဝတ္တာ+ဝီထိ စက္ခုဒွါရဝီထိ"ဟုပြု၊ စက္ခုဒွါရဝီထိ၌ ဖြစ်သမျှ စိတ်အစဉ်သည် စက္ခုဝိညာဉ်နှင့် အာရုံတူ ဒွါရတူ ဖြစ်ကြ၏၊ ထို့ကြောင့် စက္ခုဒွါရ၌ ဖြစ်သောစိတ်အစဉ်ကို စက္ခုဝိညာဉ်နှင့်အတူ ဖြစ်ရသောကြောင့် သဟာစရဏ (တကွဖြစ်ဘက်)နည်းအားဖြင့် "စက္ခုဝိညာဏသ+ဝီထိ စက္ခုဝိညာဏဝီထိ (စက္ခုဝိညာဉ်၏ ဝီထိ–စက္ခုဝိညာဉ်နှင့် စပ်ခြင်းရှိသောဝီထိ")ဟုလည်း ခေါ်ရသည်။

အသက်ရှိသောအာရုံမည်၏။[ဤစကားဖြင့် ပရိတ္တာရုံဝိထိခြောက်မျိုးရှိကြောင်းကို ပြ၏။] ဒသစိတ္တက္ခဏာတော–မှ၊ ပဋ္ဌာယ–၍၊ ယာဝ ပန္နရသစိတ္တက္ခဏာတိတံ–(၁၅)ချက်တိုင်အောင်သော စိတ္တက္ခဏကို လွန်ပြီးသည်၊ ဟုတွာ–၍၊ သတ္တစိတ္တက္ခဏတော–မှ၊ ပဋ္ဌာယ–၍၊ ယာဝ ဒွိစိတ္တက္ခဏာယုကံ–နှစ်ချက် တိုင်အောင်သော စိတ္တက္ခဏအသက်ရှိသော အာရုံသည်၊ အတိပရိတ္တံနာမ–အတိပရိတ္တာရုံ မည်၏၊ ဝါ–အလွန်နည်းသော စိတ္တက္ခဏအသက်ရှိသောအာရုံမည်၏၊ [ဤစကားဖြင့် အတိပရိတ္တာရုံဝိထိ ခြောက်မျိုးရှိကြောင်းကို ပြ၏။] ဝေဠု ကတွာ–ဤအကြောင်းကြောင့်၊ ကေစိတ္တက္ခဏတိတာနိတျာဒိ–တာနိ အစရှိသော၊ (ယံ ဝစနံ အတ္ထိ၊ တံ ဝစနံ–ကို၊ အာစရိယော–အရှင်အနုရုဒ္ဓါဆရာသည်၊) ဝက္ခတိ–ဆိုလတ့်၊ ဝိဘူတံ–ဝိဘူတဟူသည်၊ ပါကဋ္ဋံ–ထင်ရှားသော အာရုံတည်း၊ အဝိဘူတံ–တဟူသည်၊ အပါကဋ္ဋံ–မထင်ရှားသောအာရုံတည်း။

၈။ [ကထံ ဥပ္ပါဒဋ္ဌိတိ ဘင်္ဂဝသေန စသည်ကိုဖွင့်ပြလို၍ "ကထန္တိ" စသည်ကို မိန့်။] ကထန္တိ–ကား၊ ကေန ပကာရေန–အဘယ်အပြားအားဖြင့်၊ အတိမဟန္တာဒိဝသေန–အတိမဟန္တာရုံ အစရှိသည်တို့၏ အပြားအားဖြင့်၊ ဝိသယဝဝတ္ထာနံ–အာရုံတို့ကို ပိုင်းခြားသတ်မှတ်ခြင်းသည်၊ (ဟောတိ–ဖြစ်သနည်း၊) ဣတိ–ဤသို့၊ ပုစ္ဆိတွာ–မေးပြီး၍၊ စိတ္တက္ခဏဝသေန–စိတ္တက္ခဏ၏ အစွမ်းဖြင့်၊ တံ ဝဝတ္ထာနံ–ထိုပိုင်းခြားသတ်မှတ်ခြင်းကို၊ ပကာသေတုံ–ထင်ရှားပြခြင်းငှာ၊ ဥပ္ပါဒဋ္ဌိတိတျာတိ–ဥပ္ပါဒဋ္ဌိတိ အစရှိသောစကားရပ်ကို၊ (အာစရိယေန၊) အာရဒ္ဓံ–ပြီ၊ ဥပ္ပဇ္ဇနံ–ဖြစ်ခြင်း၊ ဥပ္ပါဒေါ–ခြင်း၊ အတ္တပဋိလာဘော–သဘောကို ရရှိခြင်းတည်း၊ ဘဉ္ဇနံ–ပျက်ခြင်း၊ ဘင်္ဂေါ–ခြင်း၊ သရူပဝိနာသော–သရုပ်သကောင်၏ ပျက်ခြင်းတည်း၊ ဥဘိန္နံ–ဥပါဒ် ဘင်နှစ်မျိုးတို့၏၊ ဝေမဇ္ဈေ–အလယ်၌၊ ဘင်္ဂါဘိမုခပ္ပဝတ္တိ–ဘင်သို့ ရှေးရှုသောဖြစ်ခြင်းသည်၊ ဌိတိ နာမ–ဌီ မည်၏။

---

**အတ္တပဋိလာဘော။** ။ဤအတ္တပဋိလာဘောသည် ဥပ္ပါဒေါ၏ အဘိဓေယျ (ဟောနက်)တည်း၊ အတ္တသဒ္ဒါ၏ "စိတ္တေ ကာယေ သဘာဝေ စ, သော အတ္တာ ပရမတ္တနိ"ဟူသော အဘိဓာန်လာ အနက်တို့တွင် သဘာဝအနက်ဟောတည်း၊ စိတ်ဥပါဒ်လျှင် ထိုဥပါဒ်သည်နှင့်တစ်ပြိုင်နက် စိတ်ဟူသောသဘောတရားသည် ဖြစ်ပေါ် လာ၏၊ ထို့ကြောင့် ပရမတ္ထတရားသဘောတစ်ခု ရရှိခြင်းကို "ဥပါဒ်ခြင်းဟု" ခေါ်သည်။

**သရူပဝိနာသော ၊ပေ၊ ဌိတိ။** ။သ–ထင်ရှားသော+ရူပ–အထည်ကိုယ်၊ ထင်ရှားရှိသော ပရမတ္ထအထည်ဒြဗ်ကို "သရူပ"ဟုခေါ်၏၊ အတ္တနှင့် အဓိပ္ပာယ်အတူပင်တည်း၊ ဥပါဒ်အခိုက်၌ဖြစ်ခဲ့ပြီးသော စိတ်ဟူသော အထည်ကိုယ်ဒြဗ်၏ ပျောက်ပျက်ခြင်းကို "ဘင်"ဟု ခေါ်သည်၊ ဥပါဒ်နှင့်ဘင် (အဖြစ်နှင့်အပျက်) အကြား၌ ပျက်ဖို့ရန် ရှေ့ရှုလျက် စိတ်၏ တန့်ရပ်တည်နေခြင်းကို "ဌီ"ဟု ခေါ်သည်။

ပန–ဝါဒန္တရကား၊ ကေစိ–အချို့ဆရာတို့သည်၊ စိတ္တဿ–၏၊ ဋ္ဌိတိက္ခဏံ–ဋ္ဌီခဏကို၊ ပဋိသေဓေန္တိ–တားမြစ်ကြကုန်၏၊ ဟိ–ချဲ့၊ အယံ–ဤဆိုအပ်လတ္တံ့ကား၊ နေသံ–ထိုကေစိဆရာတို့၏၊ အဓိပ္ပါယော–အလိုတည်း၊ စိတ္တယမကေ–၌၊ ဥပ္ပန္နံ ဥပ္ပဇ္ဇမာနံတိ ဝေမာဒိနံ–ဥပ္ပန္နံ ဥပ္ပဇ္ဇမာနံအစရှိသောပုဒ်တို့၏၊ ဝိဘင်္ဂေ–ဝေဖန်၍ ဖြေဆိုရာ ဝိသဇ္ဇနာပါဠိတော်၌၊ [ပုစ္ဆာကို ခွဲစိတ်ဝေဖန်၍ ဖြေကြောင်း ဖြစ်သောကြောင့် ဝိသဇ္ဇနာစကားကို"ဝိဘင်္ဂ"ဟု ဆိုသည်၊] ဘင်္ဂက္ခဏေ ဥပ္ပန္နံ ၊ပေ၊ ဥပ္ပဇ္ဇမာနန္တိဟာတျာဒိနာ–ဘင်္ဂက္ခဏေ ဥပ္ပန္နံ၊ပေ၊ဥပ္ပဇ္ဇမာနန္တိအစရှိသည်ဖြင့်၊ ဘင်္ဂုပ္ပါဒါဝ–ဘင်နှင့် ဥပါဒ်တို့ကိုသာ၊ (ဘဂဝတာ)ကထိတာ–ဟောတော်မူအပ်ကုန်ပြီ၊ ဋ္ဌိတိက္ခဏော–ဋ္ဌီခဏကို၊ န(ကထိတော)–ဟောတော်မမူအပ်၊[ဥပ္ပန္နံ–ဥပ္ပန္နမည်သောစိတ်သည်၊ ဥပ္ပဇ္ဇမာနံ–ဥပ္ပဇ္ဇမာနမည်သလော၊ (က္လတိ–ဤကား အမေး၊) ဘင်္ဂက္ခဏေ–ဘင်ခဏ၌၊ (စိတ္တံ–စိတ်သည်၊) ဥပ္ပန္နံ–ဥပ္ပန္နမည်၏၊ နောစ ဥပ္ပဇ္ဇမာနံ–ဥပ္ပဇ္ဇမာနကား မမည်၊ ဥပ္ပာဒက္ခဏေ–ဥပ္ပာဒ်ခဏ၌၊(စိတ္တံ–သည်၊)ဥပ္ပန္နဉ္စေဝ–(ခဏတ္တယသို့ ရောက်သည်၏အဖြစ်ကြောင့်) ဥပ္ပန္နလည်း မည်၏၊ဥပ္ပဇ္ဇမာနဉ္စ–(ဖြစ်ဆဲ၏အဖြစ်ကြောင့်)၊ဥပ္ပဇ္ဇမာနလည်း မည်၏၊] စ–လဒ္ဓံဒေါသ ထင်ရှားပြအံ့၊ စိတ္တဿ–၏၊ဋ္ဌိတိက္ခဏောပိ–ဋ္ဌီခဏသည်လည်း၊ယဒိ အတ္ထိ–အံ့၊ (ဧဝံသတိ–သော်၊) ဋ္ဌိတိက္ခဏေ ဘင်္ဂက္ခဏေစာတိ–ဋ္ဌိတိက္ခဏေ ဘင်္ဂက္ခဏေ စဟူ၍၊ ဝတ္တဗ္ဗံ–ဟောတော်မူထိုက်သည်၊ သိယာ–ဖြစ်၏၊ ["ဋ္ဌိတိက္ခဏေ ဘင်္ဂက္ခဏေ စ ဥပ္ပန္နံ"ဟု ဟောတော်မူထိုက်သည်–ဟူလို။]

[သုတ္တန်ပါဠိတော်ကို ထောက်၍ ဋ္ဌီခဏရှိ၏ဟု ယူဆဖွယ်ကို ပယ်လိုသောကြောင့်"အထ မတံ"စသည်ကို မိန့်၊] ဥပ္ပါဒေါ ပညာယတိ၊ပေ၊ပညာယတီတိ–ဥပ္ပါဒေါ ပညာယတိ၊ပေ၊ပညာယတိဟူသော၊သုတ္တန္တပါဠ–သုတ္တန်ပါဠိတော်

**ကေစိ**။ ။မူလဋီကာဆရာ အရှင်အာနန္ဒာကိုပင် "ကေစိ"ဟုဆို၏၊ မှန်၏–ခန္ဓဝိဘင်း မူလဋီကာ၌ "ယော စေတ္ထ စိတ္တဿ ဋ္ဌိတိက္ခဏော ဝုတ္တော၊ သောစအတ္ထိ နတ္ထီတိ ဝိစာရေတဗ္ဗော၊ စိတ္တယမကေဟိ"စသည်ဖြင့် စိတ်၏ဋ္ဌီခဏမရှိပုံကို အကျယ် ဆိုထား၏၊ [ဋီကာကျော်ဆရာ အရှင်သုမင်္ဂလသာမိသည် မူလဋီကာဆရာ၏ တပည့်အဆက် မဟုတ်၊ အနုဋီကာဆရာ အရှင်ဓမ္မပါလ–သာရတ္ထဋီကာဆရာ အရှင်သာရိပုတြာတို့၏တပည့်တည်း၊ ဤသို့ မိမိဆရာအဆက် မဟုတ်သောကြောင့် မူလဋီကာဆရာကို "ကေစိ"ဟု ဆိုသည်၊ ဤဋီကာကျော်၏ ဆိုအပ်လတ္တံ့ အဖြေစကား အားလုံးပင် အနုဋီကာ စကားချည်းတည်း။]

**နေသံ အဓိပ္ပာယော**။ ။စိတ္တယမိုက်၌ ဥပါဒ်ခဏနှင့် ဘင်ခဏကိုသာ ဟောတော်မူ၍ ဋ္ဌီခဏကို ဟောတော်မမူ၊ ဋ္ဌီခဏရှိလျှင် "ဋ္ဌိတိက္ခဏေ ဘင်္ဂက္ခဏေ စ ဥပ္ပန္နံ"ဟု ဟောတော်မူရာ၏၊ ဋ္ဌီခဏ မရှိသောကြောင့်သာ "ဋ္ဌိတိက္ခဏေ"ဟု ထည့်၍ ဟောတော်မမူခြင်း ဖြစ်သည်။

ပါဋ္ဌ်ကြောင့်၊ [အင်္ဂုတ္တရ,တိကနိပါတ် ပါဠိတော်ကြောင့်၊] ဋ္ဌိတိက္ခဏော– ဋ္ဌိခဏသည်၊ အတ္ထိ–ရှိ၏၊ ဣတိ–သို့၊ အထမတံ–အကယ်၍ သိအပ်သည် ဖြစ်အံ့၊ ဝါ–အကယ်၍ အလိုရှိအပ်ငြားအံ့၊ဉပ္ပါဒေါ–ဖြစ်ခြင်းသည်၊ ပညာယတိ– ထင်ရှား၏၊ ဝယော–ပျက်ခြင်းသည်၊ ပညာယတိ–၏၊ ဋ္ဌိတဿ–တည်နေသော တရား၏၊ အညထတ္တံ–တစ်ပါးသော အပြား၏အဖြစ်သည်၊ ပညာယတိ– ၏၊ (အညထာ–တစ်ပါးသောအပြား၏၊ ဘာဝေါ–အဖြစ်တည်း၊ အညထတ္တံ– တစ်ပါးသော အပြား၏အဖြစ်၊)] တတ္ထာပိ–ထိုသုတ္တန်ပါဠိတော် ပါဋ္ဌ်၌လည်း၊ ကေသိ့ံ ဓမ္မေ–တစ်ခုတည်းသောတရား၌၊ အညထတ္တဿ–တစ်ပါးသော အပြား၏အဖြစ်၏၊ အနုပ္ပဇ္ဇနတော–မဖြစ်နိုင်ခြင်းကြောင့်လည်းကောင်း၊ ပညာဏာဝစနတော စ–ထင်ရှားခြင်းအနက်ဟော ပညာယတိကြိယာကို ဆိုခြင်း ကြောင့်လည်းကောင်း၊ ပဗန္ဓဋ္ဌိတိယေဝ–ရုပ်နာမ် အစဉ်အဆက်၏ တည်ခြင်း ဟူသော ဋ္ဌိကိုသာ၊ အဓိပ္ပေတာ–အပ်၏၊ ခဏဋ္ဌိတိ–ခဏဋ္ဌိကို၊ န (အဓိပ္ပေတာ)–အလိုမရှိအပ်၊ [နု စဉ်၌ "စ" ပိုဟန်တူသည်။]

[စိတ္တယမိုက် ပါဠိတော်၌ ဋ္ဌိခဏမပါခြင်းကို ပြန်၍ ဆက်လိုသောကြောင့် "နု စ"စသည်ကိုမိန့်သည်၊] စ–ဆက်၊အဘိဓမ္မေ–အဘိဓမ္မာပါဠိတော်၌၊လဗ္ဘ မာနဿ–ရထိုက်သော တရားကို၊ အဝစနေ–ဟောတော်မမူခြင်း၌၊ ကာရဏံ– အကြောင်းသည်၊ န အတ္ထိ–မရှိ၊ တသ္မာ–ထို့ကြောင့်၊ (အဘိဓမ္မာပါဠိတော်ဝယ် ရထိုက်သောတရားကို မဟောဖို့ရန် အကြောင်းမရှိသည်၏ အဖြစ်ကြောင့်၊) ယထာဓမ္မသာသနေ–သဘာဝဓမ္မအားလျော်စွာ ဆုံးမရာ အဘိဓမ္မာပိဋကတ်၌၊ အဝစနမ္ပိ–ဟောတော်မမူခြင်းသည်လည်း၊ အဘာဝမေဝ–မရှိခြင်းကိုသာ၊ ဒီပေတိ–ပြ၏၊ ဣတိ(အယံ)–ကား၊ (နေသံ–တို့၏၊ အဓိပ္ပာယော–တည်း။)

တတ္ထ–ထိုစောဒနာစကားရပ်၌၊ (ပရိဟာရော–ကို၊ မယာ–သည်၊) ဝုစ္စတေ– ၏၊ ဝါ–အံ့၊ ဟိ–ချဲ့၊ ဥပ္ပါဒဘင်္ဂါနံ–ဥပါဒ်ဘင်တို့၏၊ ကေဓမ္မာဓာရဘာဝေ–

---

**သုတ္တန္တပါဠ္ဌတော**။ ။သုတ္တန်ပါဠိတော်၌ "ဋ္ဌိတဿ အညထတ္တံ" ဟုရှိသောကြောင့် "ဋ္ဌိခဏရှိသည်"ဟု ယူလျှင်,ဖြစ်ပျက်သော တရားတစ်ခုထည်းက တမျိုးတဖုံ ပြောင်းလွဲမှု မဖြစ်နိုင်ခြင်း, ပညာယတိ–ထင်ရှား၏"ဟု ထင်ရှားခြင်း အနက်ဟော "ပညာယတိ" သဒ္ဒါကိုသုံးစွဲထားခြင်းကြောင့် သုတ္တန်ပါဠိတော်၌လာသော ဋ္ဌိတသည် ပရမတ္ထတရား တစ်ခု၏ ဋ္ဌိမဟုတ်, တရားများစွာ ဖြစ်ပျက်နေသော အစဉ်အတန်း၏ တည်ရှိခြင်း ပဗန္ဓဋ္ဌိသာ ဖြစ်ရမည်၊ မှန်၏–တရားတစ်ခုတည်း၌ "ပညာယတိ–ထင်ရှား၏"ဟု ဆိုရလောက်အောင် အညထတ္တ (တစ်မျိုးတစ်ဖုံပြောင်းလွဲမှု) မရှိ၊ တရားပေါင်းများစွာ ဆက်ကာဆက်ကာ ဖြစ်ရာ၌သာ "အညထတ္တ"–ထင်ရှား နိုင်စရာရှိသည်၊ အဘိဓမ္မာ ပါဠိတော်၌ ဋ္ဌိတိကို ဟောတော်မမူခြင်းလည်း ဋ္ဌိခဏ မရှိကြောင်းကိုပင် ထင်ရှားပြ တော်မူရာ ရောက်သည်၊ ဤကား ကေစိဆရာတို့၏ အလို(အယူ)တည်း။

တစ်ခုသောတရားလျှင် တည်ရာရှိကုန်သည်၏အဖြစ်သည်၊ (သတိ)ပိ-ဖြစ်ပါသော်လည်း၊ ဥပ္ပါဒက္ခဏော-ဥပါဒ်ခဏသည်၊ အညော-ဘင်ခဏမှ တစ်မျိုးတခြားတည်း၊ ဘင်္ဂက္ခဏော-ဘင်ခဏသည်၊ အညော-ဥပါဒ်ခဏမှ တစ်မျိုးတခြားတည်း၊ ဣတိ-ကြောင့်၊ ဥပ္ပါဒါဝတ္ထာယ-ဥပါဒ်အခိုက်အတန့်မှ၊ ဘိန္နာ-ကွဲပြားသော၊ ဘင်္ဂါဝတ္ထာ-ဘင်အခိုက်အတန့်ကို၊ ဣစ္ဆိတာယထေဝ-အလိုရှိအပ်သကဲ့သို့၊ ဟိ-လဒ္ဓဒေါသထင်ရှားပြအံ့၊ (တနည်း) ကသ္မာ-ကြောင့်၊ ဣစ္ဆိတာ-အလိုရှိအပ်သနည်း၊ဟိ(ယသ္မာ)-ကြောင့်၊ ဣတရထာ-ဤသို့မဟုတ်လျှင်၊[ဥပါဒ်အခိုက်အတန့်မှ ကွဲပြားသော ဘင်အခိုက်အတန့်ကို အလိုရှိအပ်သည်မှတစ်ပါး အလိုမရှိအပ်လျှင်၊] အညောယေဝ-ချုပ်သောတရားမှ တစ်မျိုးတခြားသာလျှင်ဖြစ်သော၊ ဓမ္မော-သည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏၊ အညော(ယေဝ)-ဖြစ်သောတရားမှ တစ်မျိုးတခြားသာလျှင်ဖြစ်သော၊(ဓမ္မော-သည်၊) နိရုဇ္ဈတိ-ချုပ်၏၊ ဣတိ-ဤအပြစ်သည်၊အာပဇ္ဇေယျ-ဖြစ်ရာ၏၊(တသ္မာ-ကြောင့်၊ ဥပ္ပာဒါဝတ္ထာယ-မှ၊

---

**တတ္ထ ဝုစ္စတေ ယထေဝ ဟိ**။ ။ဆိုအပ်ပြီးသော စောဒနာစကား၏ အဖြေကို ပြလိုသောကြောင့် "တတ္ထ ဝုစ္စတေ"ဟု မိန့်၊ ဝုစ္စတေ ဟု စကားပလ္လင်ခံပြီးသည်ကို ချဲ့လို၍ "ယထေဝ ဟိ"စသည်မိန့်၊ ထိုအကျယ်ကား"ဝသေနာတိ"တိုင်အောင်တည်း။

**ယထေဝ ၊ပေ၊ ဣစ္ဆိတာ**။ ။"စိတ်၏+ဥပါဒ်ဘင်"ဟုဆိုရာ၌ "စိတ်" ဟူသည် တရားသဘော တစ်မျိုးတည်း၊ ဥပါဒ်ဘင်တို့ကား ထိုတရား၏ ဖြစ်ခြင်း ပျက်ခြင်းဟူသော အမှတ်လက္ခဏာတည်း၊ ထိုဖြစ်ခြင်း ပျက်ခြင်းဟူသော လက္ခဏာသည် စိတ်တည်းဟူသောတရား တစ်ခုအပေါ်၌ တည်၏၊ ထိုသို့ တရားတစ်ခုအပေါ်၌ တည်သော်လည်း ဖြစ်ခိုက် ဥပါဒ်ခဏသည် ဘင်ခဏမှ တခြား, ပျက်ခိုက် ဘင်ခဏလည်း ဥပါဒ်ခဏမှ တခြားတည်း၊ "ဥပါဒ်နှင့် ဘင်တို့သည် တရားတစ်ခုအပေါ်မှာ တည်ကြသော်လည်း အဖြစ်နှင့် အပျက်ကား တစ်ခုတည်း မဟုတ်"ဟူလို၊ ထိုအဖြစ်နှင့်အပျက်တို့၏ ကွဲပြားကြောင်းကို (မည်သူမဆို) အလိုရှိအပ်-အသိအမှတ် ပြုအပ်သောကြောင့် ထိုအများသိဖြစ်သော ကွဲပြားပုံကို "ယထေဝ၊ပေ၊ဣစ္ဆိတာ"ဟု ဥပမာအဖြစ်ဖြင့်ပြသည်။ [ဘင်အခိုက်က သေချာပြီး ဖြစ်သောကြောင့်လည်း အတိတ်ယော တပစ္စည်းဖြင့် "ဣစ္ဆိတာ" ဟုဆိုသည်။]

**ဣတရထာ ဟိ**။ ။ဥပါဒ်နှင့် ဘင်တို့ ကေဓမ္မာဓာရ မဟုတ်လျှင် အဘယ်အပြစ်ရှိသနည်း-ဟု မေးဖွယ်ရှိသောကြောင့် လဒ္ဓဒေါသ(ရအပ်သောအပြစ်ကို) ပြလိုရကား ဣတရထာ-စသည်မိန့်၊ ဥပါဒ်နှင့် ဘင်တို့တရားတစ်ခုထည်း၌ မတည်ဘဲ တရားတစ်မျိုးစီ တည်ကြလျှင် အဖြစ်တရားက တခြား, အပျက်တရားက တခြား, ဤသို့ ကွဲပြား၍ အသင့်ယုတ္တိမရှိသော ဩဇိတျဟီနဒေါသ ရောက်ရာသည်-ဟူလို၊ [ဣတရထာ-စသော ဝါကျသည် လိုရင်းမဟုတ်, စောဒနာဘွယ်ရှိ၍ အပိုထည့်အပ်သောဝါကျတည်း၊ ထို့ကြောင့် "ဧဝမေဝ"စသော ဝါကျကို "ယထေဝ ၊ပေ၊ ဣစ္ဆိတာ"ဝါကျနှင့် ပြန်၍ ဆက်ပါ။]

ဘိန္နာ–သော၊ ဘင်္ဂါဝတ္ထာ–ကို၊ ဣစ္ဆိတာယထေဝ–သို့၊) ဝေမဝ–သာလျှင်၊ ဥပ္ပါဒဘင်္ဂါဝတ္ထာဟိ–ဥပါဒ်အခိုက်အတန့် ဘင်အခိုက်အတန့်တို့မှ၊ ဘိန္နာ–သော၊ ဘင်္ဂါဘိမုခဝတ္ထာပိ–ဘင်သို့ရှေးရှုသော အခိုက်အတန့်ကိုလည်း၊ ဣစ္ဆိတဗ္ဗာ–အလိုရှိထိုက်သေး၏၊ သာ–ထိုဘင်သို့ ရှေးရှုသော အခိုက်အတန့်သည်၊ ဌိတိနာမ–ဌီမည်၏၊ [မုချအလိုရှိပြီး မဟုတ်ဘဲ, အလိုရှိထိုက်ကြောင်းကိုသာ ပြသောကြောင့် တဗ္ဗပစ္စည်းဖြင့် "ဣစ္ဆိတဗ္ဗာ"ဟု ဆိုသည်။]

ပါဠိယံပန–စိတ္တယမိုက်ပါဠိတော်၌ကား၊ ဝေနေယျဇ္ဈာသယာနုရောဓတော–ဝေနေယျတို့၏အလိုအားလျော်သဖြင့်၊ နယဒဿနဝသေန–မိဂပဒဝလဉ္ဇနနည်းကို ပြခြင်း၏အစွမ်းဖြင့်၊ သာ–ထိုဌီခဏကို၊ န ဝုတ္တာ–ဟောတော်မမူအပ်၊ ဟိ–မှန်၊ [ဝေနေယျတို့၏ အလိုအားလျော်စွာ စိတ္တယမိုက်ပါဠိတော်၌ ဌီခဏကို ဟောတော်မမူခြင်းသည် မှန်၏။] အဘိဓမ္မဒေသနာပိ–အဘိဓမ္မာဒေသနာတော်သည်လည်း၊ [ပိဖြင့် သုတ္တန်ဒေသနာကိုဆည်း၊] ကဒါစိ–၌၊ ဝေနေယျဇ္ဈာသယာနုရောဓေန–ဝေနေယျတို့၏အလိုအားလျော်သဖြင့်၊ ပဝတ္တတိ–ဖြစ်၏၊ ယထာ–ဥဒါဟရဏ်ကား၊ ရူပဿ–ရုပ်၏၊ ဥပ္ပါဒေါ–ဥပါဒ်တစ်ခုကို၊ ဥပစယော သန္တတိတိ–ဥပစယ, သန္တတိဟူ၍၊ ဒွိဓာ–နှစ်ပါးအပြားအားဖြင့်၊ ဘိန္ဒိတွာ–ခွဲခြား၍၊ ဒေသိတော(ယထာ)–ဟောတော်မူအပ်သကဲ့သို့တည်း။

---

**ဝေမဝ ။ပေ၊ ဌိတိနာမ။** ။ဥပါဒ်နှင့် ဘင် မတူသကဲ့သို့, ဥပါဒ် ဘင်တို့နှင့် မတူသော ဘင်သို့ ရှေးရှုနေသော အခိုက်အတန့်ကိုလည်း အလိုရှိထိုက်၏၊ (ဥပမာ–ခဲတစ်လုံးကို အပေါ်သို့ မြှောက်ပစ်ရာ၌ "တက်သွားခိုက်+ပြန်ကျခိုက်"ဟု အခိုက်အတန့် နှစ်မျိုးသာ ထင်ရှား၏၊ သို့သော် တက်ခြင်း အရှိန်ကုန်၍ ပြန်ကျဖို့ရန် ရပ်သော အခိုက်အတန့်ကား ရှိရသေး၏၊ ထို ပြန်ကျဘို့ ရှေ့ရှုသော အခိုက်အတန့်ကဲ့သို့, ပျက်ဖို့ရန် ရှေ့ရှုနေသော အခိုက်အတန့်ကလေးကိုပင် "ဌီ" ဟု ဆိုရသည်။

**ပါဠိယံ ။ပေ၊ သာ န ဝုတ္တာ။** ။ထိုသို့ ဌီခဏရနိုင်လျှင် စိတ္တယမိုက် ပါဠိတော်၌ အဘယ်ကြောင့် ဟောတော်မမူသနည်း–ဟု မေးဖွယ်ရှိသောကြောင့် "ပါဠိယံ ပန" စသည် မိန့်၊ ထိုစိတ္တယမိုက်ကို နာယူသော နတ်ပြဟ္မာဝေနေယျတို့က ဌီခဏ မပါမှ နားလည်ကြမည် ဖြစ်သောကြောင့် ဝေနေယျတို့၏ အလိုနှင့်လျော်အောင် မိဂပဒဝလဉ္ဇနနည်းကို ပြသောအားဖြင့် အလယ်က ဌီခဏကို ဟောတော်မမူဘဲ ချန်ထားသည်–ဟူလို၊ [မိဂပဒဝလဉ္ဇနနည်းကို နည်းလေးဆယ်မှာ ရှု။]

**အဘိဓမ္မ ။ပေ၊ ဒေသိတာ။** ။ဝေနေယျ၏ အလိုလိုက်၍ ဟောအပ်သော ဒေသနာသည် သုတ္တန်၌သာရှိသည် မဟုတ်လော–ဟု မေးဖွယ်ရှိသောကြောင့် "အဘိဓမ္မဒေသနာပိ" စသည် မိန့်၊ အဘိဓမ္မာဒေသနာလည်း ဝေနေယျ၏ အလိုလိုက်ရသောအရာ ရှိပါသည်–ဟူလို၊ ဥပမာ–ရုပ်၏ ဥပါဒ်ကို ဥပစယ–သန္တတိဟု နာမည်နှစ်မျိုး ခွဲ၍ ဟောရသော နေရာမျိုးတည်း။

သုတ္တေစ–သုတ္တန်ပါဠိတော်၌လည်း၊ တိကဏိမာနိ ဘိက္ခဝေ ၊ပေ၊ အညထတ္တံ ပညာယတီတိ–ဟူ၍၊ ဓဝံ–သို့၊ သင်္ခတဓမ္မဿေဝ–သင်္ခတတရား၏သာလျှင်၊ [ဧဝဖြင့် ပညတ်ကိုကန့်၊] လက္ခဏဒဿနတ္တံ–အမှတ်လက္ခဏာကို ပြခြင်း အကျိုးငှါ၊ ဥပ္ပါဒါဒီနံ–ဥပါဒ်အစရှိသည်တို့၏၊ ဝါ–တို့ကို၊ ဝုတ္တတ္တာ–ဟောတော်မူအပ်ကုန်သည်၏အဖြစ်ကြောင့်၊ ပဗန္ဓဿ–အစဉ်အဆက်ဖြစ်သော၊ ပညတ္တိသဘာဝဿ–ပညတ်သဘောရှိသော၊ အသင်္ခတဿ–အသင်္ခတတရား ၏၊ ဌိတိ–ဋီကို၊ တတ္ထ–ထိုသုတ္တန်ပါဠိတော်၌၊ ဝုတ္တာ–ပြီ၊ က္လတိ–သို့၊ ဝိညာတုံ–သိခြင်းငှါ၊ နသက္ကာ–မတတ်ကောင်း၊[ဘိက္ခဝေ–တို့၊ သင်္ခတဿ–သင်္ခတ ဖြစ်သောရုပ်နာမ်တရား၏၊ သင်္ခတလက္ခဏာနိ–သင်္ခတ၏အမှတ်အသားတို့ သည်၊က္ကမာနိတီဏိ–တို့တည်း၊ပေ၊ဥပ္ပါဒေါ–ဖြစ်ခြင်းကို၊ ပညာယတိ–သိအပ်၏ ၊ပေ၊ ဌိတဿ–တည်သောတရား၏၊ အညထတ္တံ–ကို၊ ပညာယတိ–၏။]

စ–ဆက်၊ ဥပသဂ္ဂဿ–ပ,ဥပသာရပုဒ်၏၊ ဓာတွတ္ထေယေဝ–ဉာဓာတ်၏ အနက်၌သာလျှင်၊ ပဝတ္တနတော–ကြောင့်၊ ပညာယတီတိဧတဿ–ပညာယတိ ဟူသော ဤပုဒ်၏၊ ဝိညာယတိ–သိအပ်၏၊ က္လတိ အတ္ထော–ဤအနက်သည်၊ (ပဟာတိ၊) တသ္မာ–ကြောင့်၊ ဧတ္တာဝတာ–ဤမျှလောက် အတိုင်းအရှည်ရှိသော အဘိဓမ္မာ သုတ္တန်ပါဠိတော်စကားဖြင့်၊ စိတ္တဿ–၏၊ ဌိတိက္ခဏော–သည်၊ ဝါ–ကို၊ ပဋိဗာဟိတုံ–တားမြစ်ခြင်းငှါ၊န ယုတ္တော–မသင့်၊က္လတိ–ကြောင့်၊(ဤမျှ လောက်သော အဘိဓမ္မာ သုတ္တန်ပါဠိတော်စကားဖြင့် ဋီခဏကို တားမြစ်ခြင်းငှါ မသင့်သည်၏အဖြစ်ကြောင့်၊) ဥပ္ပာဒဋ္ဌိတိဘင်္ဂဝသေနာတိ–နဟူသော၊ ဧတံ– ဤစကားကို၊(အာစရိယေန)သုဝုတ္တံ–ကောင်းစွာဆိုအပ်ပြီ၊ဝေဒ္ဒကတွာ–ကြောင့်၊

---

**သုတ္တေ စ၊ပေ၊ဝိညာတုံ**။ ။"ဥပ္ပါဒေါ ပညာယတိ"စသော သုတ္တန်ပါဠိတော်၌စာဒက ယူဆအပ်သော အနက်အဓိပ္ပာယ်မျိုး မဟုတ်ကြောင်းကို ရှင်းပြလို၍ "သုတ္တေ စ"စသည် မိန့်၊ သုတ္တန်ပါဠိတော်၌ "တိဏိမာနိ ဘိက္ခဝေ သင်္ခတဿ သင်္ခတလက္ခဏာနိ"စသည် ဖြင့် ရုပ်နာမ်ဟူသော သင်္ခတ တရား၏သာ အမှတ်လက္ခဏာကို ပြလို၍ "ဥပ္ပါဒေါ ပညာယတိ" စသည်ကို ဟောတော်မူသည်၊ ရုပ်အဆက်ဆက် နာမ်အဆက်ဆက်ဆိုလျှင် သန္တာနပညတ်သဘောဖြစ်နေရကား သင်္ခတမဟုတ်–အသင်္ခတဖြစ်နေ၏၊ ထို အသင်္ခတ၏ ဋီကို ထိုသုတ္တန်ပါဠိတော်၌ ဟောတော်မူသည်ဟု သိဖို့ရန် မဖြစ်နိုင်။

**ဥပသဂ္ဂဿ စ၊ပေ၊ဝသေနာတိ**။ ။ထိုပါဠိတော်ဝယ် "ပညာယတိ"ဟု ဟောတော်မူ ရာ၌ကား အဘယ်သို့ အနက်မှတ်ရမည်နည်း–ဟု မေးဖွယ်ရှိ၍ "ဥပသဂ္ဂဿ စ"စသည် မိန့်၊ ပဥပသာရသည် ဉာဓာတ်၏အနက်သို့ အစဉ်လိုက်သော ဓာတွတ္ထာနုဝတ္တက ဥပသာရ ဖြစ်သောကြောင့် "ထင်ရှား၏"ဟု အနက်မမှတ်ဘဲ "သိအပ်၏" ဟုသာ အနက်မှတ်ပါ– ဟူလို၊ မိမိပြအပ်ပြီသော အဖြေ၏ လဒ္ဓဂုဏ်ကို ပြလိုသောကြောင့် "တသ္မာ" စသည် မိန့်၊ ထို ပြအပ်ပြီးသော အဖြေ၏ ဖြစ်နိုင်သောကြောင့် "ဥပ္ပါဒဋ္ဌိတိဘင်္ဂဝသေန"ဟု

အဋ္ဌကထာယပ္ပိ–ခန္ဓဝိဘင်း အဋ္ဌကထာ၌လည်း၊ [ပိ–ဖြင့်သဂြိုဟ်ကျမ်းကို ပေါင်း၊] ကေကာသ ၊ပေ၊ တယောခဏာတိ–ဏာဟူ၍၊ (သင်္ဂဟကာရေန–အဋ္ဌကထာ ကျမ်းကိုပြုသော အရှင်ဗုဒ္ဓဃောသဆရာသည်၊) ဝုတ္တံ–ပြီ။

၉။ [တာနိ ပန သတ္တရသစိတ္တက္ခဏာနိ စသည်ကိုဖွင့်ပြလို၍, (တစ်နည်း) အဘယ်ကြောင့်စိတ်သက်သည် စိတ္တက္ခဏတစ်ချက်သာကြာ၍, ရုပ်သက်ကား စိတ္တက္ခဏတစ်ဆယ့်ခွန်နစ်ချက်ကြာသနည်း–ဟုမေးဖွယ်ရှိသောကြောင့် "အရူပံ လဟုပရိဏာမံ"စသည်ကို မိန့်၊] အရူပံ–နာမ်တရားသည်၊ လဟုပရိဏာမံ–လျင်မြန်သောဖောက်ပြန်ခြင်းရှိ၏၊ ဝါ–လျင်မြန်သောပျက်ခြင်းရှိ၏၊ ရူပံ–ရုပ်တရားသည်၊ဂရုပရိဏာမံ–လေးနှေးသောဖောက်ပြန်ခြင်းရှိ၏၊ဝါ–လေးနှေးသော ပျက်ခြင်းရှိ၏၊ (ကသ္မာ–နည်း) ဂါဟကဂဟေတဗ္ဗဘာဝဿ–အာရုံကို ယူတတ်သည်၏အဖြစ်ဟူသောစိတ်၏ကိစ္စ,ယူအပ်သည်၏အဖြစ်ဟူသောရုပ်၏ ကိစ္စ၏၊ တံတံ ခဏဝသေန–ထိုထို စိတ္တက္ခဏတစ်ချက်, စိတ္တက္ခ(၁၇)ချက်၏ အစွမ်းဖြင့်၊နိပ္ဖန္နတော–ပြီးစီးခြင်းကြောင့်တည်း၊ ဣတိ–ကြောင့်၊ တာနိတျာဒိ–တာနိ အစရှိသော၊ (ယံ ဝစနံ အတ္ထိ၊ တံ ဝစနံ အာစရိယော) အာဟ–ပြီ။

တာနီတိ–ကား၊တာဒိသာနိ–ထို စိတ္တက္ခဏကဲ့သို့ရှုအပ်ကုန်သော၊ သတ္တရသနံ့–(၁၇)ချက်ကုန်သော၊စိတ္တာနံ–တို့၏၊ခဏာနိဝိယ–ခဏနှင့်တူကုန်သော၊ခဏာနိ–ခဏတို့တည်း၊ သတ္တရသစိတ္တက္ခဏာနိ–(၁၇)ချက်သောစိတ်တို့၏ ခဏနှင့်

---

ဋ္ဌိတိကို ထည့်၍ ဆိုအပ်သောသဂြိုဟ်အဋ္ဌကထာစကားသည် ကောင်းစွာဆိုအပ်သော စကား (စောဒကပုဂ္ဂိုလ်တင်အပ်သော အပြစ်မရှိသောစကား) ဖြစ်သည်–ဟူလို၊ ["ဝေဠုကတ္ထာ" စသည်ကား သမ္မောဟဝိနောဒနီ (ခန္ဓဝိဘင်း) အဋ္ဌကထာကို သာကေပြုသော စကားတည်း။]

**အရူပံ ၊ပေ၊ နိပ္ဖန္နတော**။ ။နာမ်တရားသည် အာရုံကိုယူတတ်သော (ဂါဟက) တရားတည်း၊ ထိုအာရုံယူမှုကိစ္စ စိတ္တက္ခဏတစ်ချက်ခန့်ကာလဖြင့် ပြီးသောကြောင့် နာမ်တရားသည် အချုပ်မြန်၏၊ ရုပ်တရားသည် အာရုံအဖြစ်ဖြင့် ယူထိုက်သော (အယူခံရသော ဂဟေတဗ္ဗ)တရားတည်း၊ ထိုအယူခံရခြင်း ကိစ္စက စိတ္တက္ခဏ(၁၇)ချက်ခန့် ကြာသောကြောင့် ရုပ်သည်အချုပ်နှေး၏၊ [ပရိဏာမ်၌ ပရိပုဗ္ဗ နမုဓာတ်သည် အစားကြေခြင်း–ပျက်စီးခြင်းအနက်ကိုဟော၏၊ "ဂါဟေတဗ္ဗ"ဟု ယခုစာများ၌ တွေ့ရသော်လည်း မဏိမဉ္ဇူ၌ "ဂဟေတဗ္ဗ"ဟု ရှိ၏၊ နာမ် ရုပ်တို့ အချုပ်မြန်ပုံ–နှေးပုံဝယ် ဘာသာဋီကာ၌ တစ်မျိုးအကြောင်း ပြထားသေး၏။]

**တာဒိသာနိ**။ ။တသဒ္ဒါသည် ဆိုခဲ့ပြီးအနက်ကို ပြန်၍ညွှန်ပြခြင်းအနက်ရှိ၏၊ ထိုသို့ညွှန်ပြရာ၌ "တိုက်ရိုက်ညွှန်ပြခြင်း, ဆိုခဲ့ပြီးအနက်နှင့် အလားတူကိုညွှန်ပြခြင်း"ဟု နှစ်မျိုး ရှိ၏၊ တိုက်ရိုက်ညွှန်ပြရာ၌ ထိုအနက်ကိုဖော်၍ ဖွင့်လေ့ရှိ၏၊ အလားတူကို ညွှန်ပြရာ၌ "သော ဝိယ ဒိဿတီတိ တာဒိသော"ဟု ဝိဂ္ဂဟပြုရသောတာဒိသပုဒ်ဖြင့်

တူကုန်သော ခဏတို့၊ ဝါ–တနည်း၊ တာနိစိတ္တက္ခဏာနိ–ထို စိတ်၏ခဏတို့သည်၊ သတ္တရသ–(၁၇)ချက်သောခဏတို့သည်၊ (ရူပဓမ္မာနံ–တို့၏၊ အာယု–တည်း၊) ဣတိ–(အယံ)–ကား၊သမ္ဗန္ဓော–ပုဒ်တို့၏စပ်ခြင်းတည်း၊ ပန–ဆက်၊ ဝိသုံဝိသုံ–အသီးအသီး၊ ဧကပညာသ–(၅၁)ပါးသော၊ စိတ္တက္ခဏာနိ–စိတ္တက္ခဏတို့သည်၊ ဟောန္တိ–န်၏၊ [စိတ္တက္ခဏ အကြီးစားဖြင့် မရေတွက်ဘဲ ဥပါဒ်ခဏ ဋ္ဌီခဏ ဘင်ခဏဟူသော ခဏငယ်အသီးအသီးဖြင့် ရေတွက်လျှင် ခဏငယ် (၅၁)ချက်ခန့်ကြာသည်–ဟူလို။]

ရူပဓမ္မာနန္တိ–ကား၊ ဝိညတ္တိလက္ခဏရူပဝဇ္ဇာနံ–ဝိညတ်ဒွေး,လက္ခဏရုပ်လေးပါးသည်ကြဉ်အပ်ကုန်သော၊ ရူပဓမ္မာနံ–တို့၏၊ (အာယု–တည်း၊) ဟိ–မှန်၊ ဝိညတ္တိဒ္ဒယံ–ဝိညတ်ဒွေးသည်၊ ဧကစိတ္တက္ခဏာယုကံ–တစ်ချက်သော စိတ္တက္ခဏာသာ အသက်ရှိ၏၊ တထာဟိ–ထို့ကြောင့်ပင်၊ တံ–ထို ဝိညတ်ဒွေးကို၊ စိတ္တာနုပရိဝတ္တိဓမ္မေသု–စိတ္တာနုပရိဝတ္တိဓမ္မတို့၌၊ ဝုတ္တံ–ဟောတော်မူအပ်ပြီ၊ [စိတ္တာနုပရိဝတ္တိနောဓမ္မာ–ဟူသောမာတိကာပုဒ်၌ ဝိညတ်ဒွေးကို ထည့်သွင်း၍ ဟောတော်မူအပ်ပြီ–ဟူလို။] လက္ခဏရူပေသုပိ–လက္ခဏရုပ်တို့တွင်လည်း၊ ဇာတိစေဝ–ဇာတိသည်လည်းကောင်း၊ အနိစ္စတာစ–အနိစ္စတာသည်လည်းကောင်း၊ စိတ္တဿ–၏၊ ဥပ္ပါဒဘင်္ဂက္ခဏေဟိ–ဥပါဒ်ခဏ ဘင်ခဏတို့နှင့်၊ သမာနာယုကာ–တူသော အသက်ရှိကုန်၏၊ ပန–ကား၊ ဇရတာ–ဇရတာသည်၊ ဧကူနပညာသစိတ္တက္ခဏာယုကာ–တစ်ခုယုတ်ငါးဆယ်သော စိတ္တက္ခဏ အသက်ရှိ၏၊ [ဤဝါကျတို့၏ အကျယ်ကို ဘာသာဋီကာ၌ ပြထားပြီ၊] ဝေဠုကတ္တာ–ကြောင့်၊ တံ ၊ပေ၊ ဝိညတ္တိလက္ခဏန္တိ –တံ၊ပေ၊ဝိညတ္တိလက္ခဏံဟူ၍၊ ဝဒန္တိ–ရှေးဆရာတို့ဆိုကြကုန်၏၊ [ဝိညတ္တိလက္ခဏံ–ဝိညတ်ဒွေး, လက္ခဏရုပ်လေးပါးကို၊ ဝိနာ–ကြဉ်၍၊ တံ–ထိုရုပ်တရားသည်၊ သတ္တရသစိတ္တာယု–(၁၇)ချက်သောစိတ်၏ အသက်ရှိ၏၊ ဝါ–(၁၇)ချက်သောစိတ္တက္ခဏ အသက်ရှိ၏။]

ဖွင့်လေ့ရှိ၏၊ ဤ၌လည်း ရုပ်၏အသက်သည် နာမ်၏တွက်ကိန်းဖြင့် တစ်ဆဲ့ခုနစ်ချက်ခန့်ကာလကြာသောကြောင့် နာမ်၏အသက်ကို ဥပမာနအားဖြင့် "တာဒိသာနိ"ဟု ညွှန်ပြသည်၊ ထို့ကြောင့် "ခဏာနိဝိယ ခဏာနိ"ဟုလည်း ဝိဂ္ဂဟပြုသည်၊ [ဥပစာတင်စားလျှင် သဒိသူပစာ စကားတည်း၊]

**တာနိ ၊ပေ၊ သမ္ဗန္ဓော။** ။ဤနည်း၌ကား ဥပမာမဟုတ်တော့၊ ထို့ကြောင့် "တာဒိသာနိ"ဟု မဖွင့်ဘဲ"တာနိ ၊ပေ၊ သတ္တရသ"ဟု ဖွင့်သည်၊ တာနိ စိတ္တက္ခဏာနိ–တို့သည် (သာမညာ) သတ္တရသ–တစ်ဆဲ့ခုနစ်ချက်တို့သည်(ဝိသေသ)ဤသို့ ပေးစေလို၍ "သမ္ဗန္ဓော"ဟု ဖွင့်သည်၊[မဏိမဉ္ဇူ၌ကား"သတ္တရသနှင့် စိတ္တက္ခဏာနိကို ပဌမနည်း၌ သမာသ်,ဒုတိယနည်း၌ ဝါကျ"ဟု ဖွင့်၏၊ ထိုအဖွင့် အတိုင်း ဖြစ်နိုင်သော်လည်း သမာသ်ဝါကျအဖြစ်က လိုရင်းမဟုတ်၊ ဥပမာ ဟုတ်–မဟုတ်သာ လိုရင်းဖြစ်သည်။]

ပုန—ဝါဒန္တရ၊ ကေစိ—တို့သည်၊ [ဝဒန္တိ၌ စပ်၊] ပဋိစ္စသမုပ္ပာဒဋ္ဌကထာယံ—ပဋိစ္စသမုပ္ပာဒ် အဋ္ဌကထာ၌၊ [ပဋိစ္စသမုပ္ပာဒ်ဝိဘင်းကို ဖွင့်သော သမ္မောဟဝိနောဒနီအဋ္ဌကထာ၌၊] ဇွောတာဝတာ၊ပေ၊စိတ္တက္ခဏာယုကေဟိ—ယုကေဟူ၍၊ ဝစနတော—မိန့်ဆိုခြင်းကြောင့်၊ [မနောဒွါရဝယ် ဂတိနိမိတ်ဖြစ်သော ရူပါရုံ ထင်လာပုံကို မိန့်ဆိုသော ·စကားရပ်ကြောင့်၊] သောဠသ, စိတ္တက္ခဏာနိ—တို့သည်၊ ရူပဓမ္မာနံ—တို့၏၊ အာယု—တည်း၊ ဟိ—မှန်၊ ဥပ္ပဇ္ဇမာနမေဝ—ဥပါဒ်လျှင် ဥပါဒ်ခြင်းပင်။ [ဧဝ—ဖြင့် စိတ္တက္ခဏတစ်ချက်လွန်ခြင်းကို ကန့်၊] ရူပံ—ရုပ်အာရုံသည်၊ ဘဝင်္ဂစလနဿ—ဘဝင်လှုပ်ခြင်း၏၊ ပစ္စယော—အကြောင်းသည်၊ ဟောတိ—၏၊ ကထံ—သို့၊ ဝဒန္တိ—န်၏၊ [ဇွောတာဝတာ—ဤမျှ အတိုင်းအရှည်ရှိသော စိတ်အစဉ်ဖြင့်၊ ကောဒသ—(၁၁)ချက်ကုန်သော၊ စိတ္တက္ခဏာ—စိတ္တက္ခဏတို့သည်၊ အတီတာ—လွန်ကုန်ပြီးသည်၊ ဟောန္တိ—န်၏၊ အထ—ထိုမှနောက်၌၊ အဝသေသပဉ္စစိတ္တက္ခဏာယုကေ—ကြွင်းကျန်သော ငါးချက်သော စိတ္တက္ခဏအသက်ရှိသော ရူပါရုံ၌၊ (ပဋိသန္ဓိစိတ္တံ—သည်လည်းကောင်း၊ စတ္တာရိ—န်သော၊ ဘဝင်္ဂစိတ္တာနိ—တို့သည်လည်းကောင်း၊ ဥပ္ပဇ္ဇန္တိ—န်၏။)]

တယိဒံ(တံ+ဣဒံ)—ထိုကေစိဆရာတို့၏ စကားသည်၊ အသာရံ—အနှစ်သာရမရှိ၊ ဝါ—မကောင်း၊ (ကသ္မာ—နည်း၊) ပဋိသန္ဓိစိတ္တေန—နှင့်၊ သဟုပ္ပန္နံ—တကွဖြစ်သော၊ ရူပံ—ရုပ်တရားသည်၊ တတော—ထို ပဋိသန္ဓေစိတ်မှ၊ ပဋ္ဌာယ—၍၊ သတ္တရသမေန—(၁၇)ချက်မြောက်သော စိတ်နှင့်၊ သဒ္ဓိံ—တကွ၊ နိရုဇ္ဈတိ—၏၊ ပဋိသန္ဓိစိတ္တဿ—၏၊ ဌိတိက္ခဏေ—၌၊ ဥပ္ပန္နံ—သော၊ (ရူပံ—သည်၊) အဋ္ဌာရသမဿ—(၁၈)ချက်မြောက်သောစိတ်၏၊ ဥပ္ပာဒက္ခဏေန—ဥပါဒ်ခဏနှင့်၊ (သဒ္ဓိံ—ကွ၊) နိရုဇ္ဈတိ—၏၊ ဣတိ အာဒိနာ—ဤသို့အစရှိသည်ဖြင့်၊ အဋ္ဌကထာယမေဝ—ပဋိစ္စသမုပ္ပာဒ်အဋ္ဌကထာ၌ပင်၊ သတ္တရသစိတ္တက္ခဏာဿ—(၁၇)ချက်သော စိတ္တက္ခဏ၏၊ အာဂတတ္တာ—တိုက်ရိုက်လာသည်၏ အဖြစ်ကြောင့်တည်း။

ပန—ဆက်၊ ယတ္ထ—အကြင် ပဋိစ္စသမုပ္ပာဒ် အဋ္ဌကထာ၌၊ သောဠသ စိတ္တက္ခဏာနေဝ—တို့သည်သာလျှင်၊ ပညာယန္တိ—ထင်ရှားကုန်၏၊တတ္ထ—ထို

---

**ကေစိ၊ ပေ၊ ဝဒန္တိ**။ ။မနောဒွါရဝယ် ဂတိနိမိတ်ဖြစ်သော ရူပါရုံ ထင်လာပုံကိုပြရာ၌“ဘဝင်္ဂစလန,ဘဝင်္ဂုပစ္ဆေဒ,မနောဒွါရာဝဇ္ဇန်း,မရဏာသန္နဇောငါးကြိမ်, တဒါရုံနှစ်ကြိမ် စုတိ”(ဤတိုင်အောင် စိတ္တက္ခဏတစ်ဆဲ့တစ်ချက် လွန်သွားပြီ၊) “အထာဝသေသပဉ္စ စိတ္တက္ခဏာယုကေ”ဟု ဆိုသောကြောင့် ရူပါရုံသည် “စိတ္တက္ခဏ (၁၆)ချက်သာ အသက်ရှိ၏”ဟု ဤအဋ္ဌကထာအလို ကေစိဆရာတို့ ကောက်ချက်ချ၍၊ “ရူပါရုံ၏ အသက် စိတ္တက္ခဏ(၁၆)ချက်ရှိသကဲ့သို့ အခြားရုပ်တရားတို့လည်း စိတ္တက္ခဏ(၁၆)ချက်သာ အသက်ရှိ၏”ဟု ယူဆကြသည်။

ပဋိစ္စသမုပ္ပာဒ်အဋ္ဌကထာ၌၊ စိတ္တပ္ပဝတ္တိယာ–စိတ်ဖြစ်ခြင်း၏၊ ပစ္စယဘာဝ ယောဂျက္ခဏာဝသေန–အကြောင်း၏ အဖြစ်အားလျော်ကပ်သော ခဏ၏ အစွမ်းဖြင့်၊ နယော–သောဠသစိတ္တက္ခဏနည်းကို၊ (အာစရိယေန–အဋ္ဌကထာ ဆရာသည်၊) နီတော–ထုတ်ဆောင်အပ်ပြီ၊ ဟိ–မှန်၏၊ ဟေဋ္ဌိမကောဋိယာ– အောက်ထစ်ဆုံး အပိုင်းအခြားဖြင့်၊ ဧကစိတ္တက္ခဏမ္ပိ–တစ်ချက်သော စိတ္တက္ခဏ ကိုလည်း၊ အတိက္ကန္တသေဝ–လွန်ပြီးသည်သာလျှင်ဖြစ်သော၊ ရူပဿ–ရုပ် အာရုံ၏၊ အာပါတာဂမနသာမတ္ထိယံ–ရှေးရှုကျရောက်ခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်သည်၊ (ဟောတိ၊) ဣတိ–ကြောင့်၊ အတိဝိတ္ထာရေန–အလွန်ကျယ်ဝန်း သော စကားဖြင့်၊ အလံ–ပြီ။

**၁၀။** [ဧကစိတ္တက္ခဏာတီတာနိဝါစသော ဝါကျကို ဖွင့်ပြလို၍ "ဧက စိတ္တဿ"စသည်ကို မိန့်၊] ဧကစိတ္တဿ–၏၊ ခဏံဝိယ–ခဏကဲ့သို့သော၊ ခဏံ–ခဏတည်း၊ ဧကစိတ္တက္ခဏံ–တစ်ခုသောစိတ်၏ ခဏကဲ့သို့သော ခဏ၊ ဧတေသံ–ဤငါးပါးသော အာရုံတို့၏၊ အတီတံ–လွန်ပြီးသော၊ တံ–ထို တစ်ခုသော စိတ်၏ ခဏကဲ့သို့သော ခဏသည်၊ (အတ္ထိ–၏) ဣတိ– ကြောင့်၊ (တာနိ–ထိုငါးပါးသော အာရုံတို့သည်၊ ဧကစိတ္တက္ခဏာတီတာနိ– တီတတို့ မည်၏၊ ဝါ–တစ်နည်း၊ တောနိ–ဤငါးပါးသော အာရုံတို့သည်၊ တံ–ထို တစ်ခုသော စိတ်၏ ခဏကဲ့သို့သော ခဏကို၊ အတီတာနိ–နပြီ၊ ဣတိ–ကြောင့်၊ ဧကစိတ္တက္ခဏာတီတာနိ–တို့ မည်၏။

---

**ယတ္ထ ၊ပေ၊ သာမတ္ထိယံ**။ ။သို့ဖြစ်လျှင် ပဋိစ္စသမုပ္ပါဒ်အဋ္ဌကထာ၌ "ကောဒသ စိတ္တက္ခဏ ၊ပေ၊ အဝသေသပဉ္စစိတ္တက္ခဏာယုကေ"ဟု စိတ္တက္ခဏ(၁၆)ချက်ကိုသာ ပြထားသောကြောင့် ထိုစကား၌ အဘယ်သို့ မှတ်ရမည်နည်းဟု မေးဖွယ်ရှိ၍ "ယတ္ထပန" စသည်မိန့်၊ ထိုစကားရပ်၌ကား စိတ်ဖြစ်ခြင်း၏အကြောင်းအား လျော်ကပ်သောစကား တို့ကိုသာ ရည်ရွယ်၍ဆိုသည်–ဟုမှတ်ပါ၊ အာရုံထင်လာလျှင် ဘဝင်လှုပ်မှု(ဘဝင်္ဂစလန)မှ စ၍ စိတ်ဖြစ်ကြသည်၊ အတီတဘဝင်ကား အာရုံမထင်မီက ဖြစ်နှင့်သောကြောင့် ထိုစိတ်အစဉ်ဖြစ်ခြင်းနှင့် မဆိုင်၊ ဘဝင်္ဂစလနမှစ၍ ရေတွက်လျှင်လည်း စိတ္တက္ခဏ (၁၆)ချက်သာ ရှိသောကြောင့် "သောဠသစိတ္တက္ခဏနည်း"ကို ထုတ်ပြထားသည်။

**ဧက ၊ပေ၊ တီတာနိ**။ ။ပဉ္စာရုံတည်းဟူသောရုပ်တရား၏ လွန်ရာကာလကို ပြရာဖြစ်၍ စိတ္တက္ခဏတိုက်ရိုက်မရ၊ ရုပ်၏ခဏကိုသာရ၏၊ ထို့ကြောင့် စိတ်၏ ခဏကို ဥပမာလုပ်၍ "ခဏံ ဝိယာတိ ခဏံ"ဟု ရှေးဦးစွာ ဥပမာတဒ္ဓိတ်ကို ပြသည်၊ "ဧကစိတ္တဿ+ခဏံ ဧကစိတ္တက္ခဏံ၊ ဧကစိတ္တက္ခဏံ+အတီတံ+ယေသန္တိ ဧကစိတ္တက္ခဏာတီတာနိ"ဟု ပဌမနည်းအလို ဗဟုဗ္ဗီဟိသမာသ်ပြု၊ လွန်ပြီးသော တစ်ခုသော စိတ်၏ ခဏကဲ့သို့သော ခဏရှိသော ပဉ္စာရုံတို့၊ ဒုတိယနည်း၌ကား "ဧကစိတ္တက္ခဏံ+အတီတာနိ ဧကစိတ္တက္ခဏာ တီတာနိ"ဟု ဒုတိယတပ္ပုရိသ်သမာသ်ပြု၊ "တစ်ခုသောစိတ်၏ ခဏကဲ့သို့သော ခဏကို လွန်ပြီးကုန်သော ပဉ္စာရုံတို့"ဟုပေး။

အာပါတမာဂစ္ဆန္တီတိ–ကား၊ ရူပသဒ္ဒါရမဏာနိ–ရူပါရုံ သဒ္ဒါရုံတို့သည်၊ သကသကဌာနေ–မိမိ မိမိ၏ တည်ရာအရပ်၌၊ ဌတွာဝ–တည်၍သာလျှင်၊ ဂေါစရဘာဝံ–အာရုံ၏အဖြစ်သို့၊ ဂစ္ဆန္တိ–ရောက်ကုန်၏၊ ဣတိ–ကြောင့်၊ အာဘောဂါနုရူပံ–နှလုံးသွင်းအားလျော်စွာ၊ အနေကကလာပဂတာနိ–များစွာသော ရုပ်ကလာပ်တို့၌ တည်ကုန်သည်၊(ဟုတွာ) အာပါတံ–ရှေးရှုကျခြင်းသို့၊ အာဂစ္ဆန္တိ –ရောက်ကုန်၏။[အာပါတံပုဒ်၏အဆုံးအဖြတ်ကို ဘာသာဋီကာ၌ရှု။]

ပန–ကား၊ သေသာနိ–ရူပသဒ္ဒမှကြွင်းကုန်သော ဂန္ဓရသဖောဋ္ဌဗ္ဗာရုံတို့သည်၊ ဃာနာဒိနိဿယေသု–ဃာနပသာဒ အစရှိသည်တို့၏မှီရာမဟာဘုတ်တို့၌၊ ဝါ–ဃာနပသာဒ၏မှီရာ မဟာဘုတ်, ဇိဝှါပသာဒ၏မှီရာ မဟာဘုတ်, ကာယပသာဒ၏မှီရာ မဟာဘုတ်တို့၌၊ အလ္လီနာနေဝ–ငြိကပ်ကုန်သည်သာလျှင်၊ (ဟုတွာ–၍၊) ဝိညာဏုပ္ပတ္တိကာရဏာနိ–ဃာနဝိညာဉ် ဇိဝှါဝိညာဉ် ကာယဝိညာဉ်ဖြစ်ခြင်း၏ အကြောင်းတို့သည်၊ (ဟောန္တိ–န်၏၊) ဣတိ–ကြောင့်၊ ဧကေကကလာပဂတာနိပိ–တစ်ခုတစ်ခုသောရုပ်ကလာပ်၌ တည်ကုန်သည်လည်း၊ [ပိ–ဖြင့် အနေကကလာပဂတကို ပေါင်း။] (ဟုတွာ–၍၊ အာပါတံ–ရှေ့ရှုကျခြင်းသို့၊ အာဂစ္ဆန္တိ –ရောက်ကုန်၏။)

---

**ရူပသဒ္ဒါရမဏာနိ၊ပေ၊အာပါတံ အာဂစ္ဆန္တိ။** ။ရူပါရုံနှင့် သဒ္ဒါရုံတို့သည် အသမ္ပတ္တဂေါစရဂ္ဂါဟကဖြစ်သော စက္ခုသောတပသာဒရုပ်တို့၌ ထင်လာရကား ပသာဒ၌ မငြိကပ်ဘဲ မိမိတည်ရာအရပ်၌ တည်လျက်သာလျှင် အာရုံအဖြစ်သို့ ရောက်နိုင်ကြသည်၊ ဥပမာ–နေ လတို့သည် ယူဇနာများစွာဝေးကွာသော အရပ်တို့၌ တည်လျက်ပင် စက္ခုပသာဒ၌ ထင်လာနိုင်ကြ၏၊ မိုးချိန်းသံစသည်တို့၏ သောတပသာဒ ဝယ် ထင်လာကြရာ၌လည်း နည်းတူ၊ထိုသို့ ထင်လာရာ၌ရုပ်ကလာပ်တစ်ခုအပေါ်မှာ တည်ရှိသော ရူပါရုံ သဒ္ဒါရုံတို့က ထင်လာကြသည်မဟုတ်၊ ရုပ်ကလာပ်အများ တည်ရှိသော ရူပါရုံ သဒ္ဒါရုံ အများတို့ကသာ ထင်လာနိုင်ကြ၏၊ ထို့သို့ အများထင်လာရာ၌လည်း မြင်သူ ကြားသူ၏ နှလုံးသွင်းအားလျော်စွာ ထင်လာသည်၊ ဥပမာ–လူတစ်ယောက်ကို ကြည့်ရာဝယ် ကြည့်သူ၏ အာဘောဂ (နှလုံးသွင်း)က ဦးခေါင်းပိုင်းကို နှလုံးသွင်းလျှင် ဦးခေါင်းပိုင်းရှိ ရူပါရုံအများ ထင်လာ၏၊ ထိုသို့ စသည်ဖြင့် နှလုံးသွင်းအားလျော်စွာ ထင်လာပုံကို သိပါ။

**သေသာနိ ၊ပေ၊ ဂတာနိပိ။** ။ဂန္ဓရသဖောဋ္ဌဗ္ဗာရုံတို့သည်ကား သမ္ပတ္တဂေါစရဂ္ဂါဟက ဖြစ်ကြသော ဃာနဇိဝှါကာယပသာဒရုပ်တို့၌ထင်လာရကား ထိုပသာဒရုပ် တို့မှီရာ မဟာဘုတ်တို့၌ ထိလျက်ငြိလျက်ကပ်လျက် အာရုံအဖြစ်သို့ ရောက်ကြရသည်၊ ထိုသို့ ရောက်ရာ၌ ရူပသဒ္ဒတို့ကဲ့သို့ အနေကကလာပဂတ သာမက, ကလာပ်တစ်ခု၌ တည်သော ဂန္ဓစသည်ကလည်း ထင်လာနိုင်သည်–ဟု ဆိုလိုသတတ်၊ ဤအာရုံထင်လာပုံနှင့် စပ်၍ အကျယ်မှတ်ဖွယ်ကို ဘာသာဋီကာ၌ ဆိုထားပြီ။

ဟိ–မှန်၏၊ ဧကေကကလာပဂတာပိ–တစ်ခုတစ်ခုသော ရုပ်ကလာပ်၌ တည်သည်လည်း ဖြစ်ကုန်သော၊ ပသာဒါ–ပသာဒဝတ္ထုရုပ်တို့သည်၊ ဝိညာဏဿ–ဝိညာဉ်၏၊ အာဓာရဘာဝံ–တည်ရာ၏အဖြစ်သို့၊ ဂစ္ဆန္တိ–န်၏၊ ပန–ဆက်၊ တေ–ထို ဝိညာဉ်၏တည်ရာ ပသာဒရုပ်တို့သည်၊ ဘဝင်္ဂစလနဿ–ဘဝင်္ဂစလန၏၊ အနန္တရပစ္စယဘူတေန–အနန္တရပစ္စည်းဖြစ်၍ ဖြစ်သော၊ ဘဝင်္ဂေန–အတီတဘဝင်နှင့်၊ သဒ္ဓိံ–ကွ၊ ဉပ္ပန္နာ–ဖြစ်သောပသာဒရုပ်တို့တည်း၊ [ဤကား သမာနဝါဒ၊] အာဝဇ္ဇနေန–ပဉ္စဒွါရာဝဇ္ဇန်းနှင့်၊ သဒ္ဓိံ–ကွ၊ ဉပ္ပန္နာ–တို့တည်း၊ ဣတိ–သို့၊ အပရေ–တို့သည်၊(ဝဒန္တိ–န်၏၊) [ ဤဝါဒများနှင့် စပ်၍ မန္ဒာယုကစသော မှတ်ချက်များ ပေါ်လာသည်၊ ထိုမန္ဒာယုက စသည်ကို ဝီထိဆိုရိုးဘာသာဋီကာ၌ ပြထားပြီ၊]

ဒွိက္ခတ္တုံ ဘဝင်္ဂေ စလိတေတိ–ကား၊ ဝိသဒိသဝိညာဏုပ္ပတ္တိယောဂ္ဂတာဘာဝသင်္ခါတဘဝင်္ဂစလနဝသေန–မတူသော ဝိညာဉ်ဖြစ်ခြင်း၏ အကြောင်း၏အဖြစ်ဟု ဆိုအပ်သော ဘဝင်လှုပ်ခြင်း၏အစွမ်းဖြင့်၊ ပုရိမဂ္ဂဟိတာရမဏာသိ့ ယေဝ–ရှေး၌ ယူအပ်ပြီးသော အာရုံ၌ပင်၊ ဒွိက္ခတ္တုံ–နှစ်ကြိမ်၊ ဘဝင်္ဂေ–ဘဝင်သည်၊ ပဝတ္တေ–ဖြစ်လတ်သော်၊ ဟိ–ဆက်၊ (တစ်နည်း) ဟိ–ထင်ရှားအောင်ပြအံ့။

---

**ဧကေကကလာပဂတာပိ ဟိ**။ ။ဧကေကကလာပဂတာနိ–ဟူသော ရှေးစကားကို ခိုင်မြဲစေလိုသောကြောင့် "ဧကေကကလာပဂတာပိ ဟိ"စသည်ကို မိန့်သည်၊ စက္ခုပသာဒ စသော ပသာဒတစ်ခုရှိလျှင် စက္ခုဝိညာဉ်စသော ဝိညာဉ်၏ တည်ရာဝတ္ထုဖြစ်နိုင်၏၊ ဤစကားဖြင့် "ဃာနပသာဒတစ်ခုသည် ဃာနဝိညာဉ်၏ တည်ရာဝတ္ထုဖြစ်နိုင်၏" ဟု တိုက်ရိုက်ပြ၏၊ ထိုသို့ပြသဖြင့် "ဃာနပသာဒ၏ မှီရာမဟာဘုတ်၌ ကပ်ငြိ၍ထင်ရသော ဂန္ဓာရုံလည်း(ရုပ်ကလာပ်တစ်ခုချင်းတူမှသာ ကပ်ငြိ၍ဖြစ်နိုင်ရကား) ဂန္ဓာရုံလည်း ရုပ်ကလာပ်တစ်ခု၌ တည်လျက်ပင် ထင်လာနိုင်၏"ဟူသောရှေးစကားသည်"ယုတ္တိသင့်တန် မှန်ကန်သည်"ဟုသွယ်ဝိုက်၍ ပြသည်၊ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့အတွက်လည်း နည်းတူ။

**ဝိသဒိသ ၊ပေ၊ ပဝတ္တေ**။ ။သတ္တဝါတို့၏ စိတ်အစဉ်ဝယ် ဝီထိစိတ်မဖြစ်သောအခါ ဘဝင် အစဉ်ဖြစ်နေ၏၊ ဝီထိစိတ်သည် ထို ဘဝင်အစဉ်မှ မတူသောဝိညာဉ် (ဝိသဒိသ ဝိညာဏ) တည်း၊ ဘဝင်အစဉ်သည် နဂို ဖြစ်နေကြသဘောမှ လှုပ်လာလျှင် ဝီထိစိတ် အစဉ်ဖြစ်ဘို့ရန် အကြောင်းတစ်ခု ပေါ်လာပြီဟု မှတ်ပါ၊ ထို့ကြောင့် ဘဝင်္ဂစလနကို "ဝိသဒိသဝိညာဏုပ္ပတ္တိယောဂ္ဂတာဘာဝသင်္ခါတ"ဟု ဝိသေသနပြုသည်၊ ထိုဘဝင်သည် အာရုံအသစ် ထင်လာသောကြောင့် လှုပ်ရသော်လည်း ထိုအာရုံအသစ်ကို အာရုံမပြု၊ နဂိုယူမြဲဖြစ်သော (ကံကမ္မနိမိတ် ဂတိနိမိတ်) အာရုံတစ်ခုခုကိုသာ အာရုံပြု၍ နှစ်ကြိမ် ဖြစ်သည်၊ ["စလိတေ–လှုပ်"ဟူရာ၌ တုန်လှုပ်သွားခြင်းမဟုတ်, ဖြစ်ခြင်းသာတည်း–ဟု အဖြောင့်အနက်ကို ပြလို၍ "ပဝတ္တေ"ဟု ဖွင့်သည်။]

[နောက်၌ ဥပမာပါသောကြောင့် "တပ္ပာကဋ္ဌီကရဏ"ကြံသည်။] ပဋ္ဌသု–ကုန်သော၊ ပသာဒေသု–ပသာဒတို့၌၊ [ဃဋ္ဋိတေ၌ စပ်။] ယောဂျဒေသာဝတ္ထာန ဝသေန–သင့်လျော်သောအရပ်၌ ပိုင်းခြား၍ တည်ခြင်း၏အစွမ်းဖြင့်၊ အာရမဏေ–သည်၊ ဃဋ္ဋိတေ–ထိခိုက်လသော်၊ ပသာဒဃဋ္ဋနာနုဘာဝေန–ပသာဒ၌ ထိခိုက်ခြင်း၏ အစွမ်းသတ္တိကြောင့်၊ ဘဝင်္ဂသန္တတိ–ဘဝင်အစဉ်သည်၊ ဝေါစ္ဆိဇ္ဇမာနာ–ပြတ်စဲလတ်သော်၊ သဟသာ–အစောတလျင်၊ ဝါ–ထိခိုက်လျှင် ထိခိုက်ခြင်း၊ အနောစ္ဆိဇ္ဇိတွာ–မပြတ်မူ၍၊ ဝေဂေန–လျင်သောအဟုန်ဖြင့်၊ ဓာဝန္တော–ပြေးသော၊ ပုရိသော–သည်၊ ဌာတုကာမော–ရပ်လိုသည်၊(သမာနော) ပိ–သော်လည်း၊ ကေဒွိပဒဝါရေ–ခြေတစ်လှမ်းနှစ်လှမ်းတို့ကို၊ အတိက္ကမိတွာဝ–လွန်ပြီး၍သာလျှင်၊ တိဋ္ဌတိယထာ–ရပ်နိုင်သကဲ့သို့၊ ဧဝံ–တူ၊ ဒွိက္ခတ္တုံ–ကြိမ်၊ ဥပ္ပဇ္ဇိတွာဝ–ဖြစ်ပြီး၍သာလျှင်၊ သဲ့ဆ္ဆိဇ္ဇတိ–ပြတ်ရ၏။

တတ္ထ–ထိုဘဝင်စိတ်တို့တွင်၊ ပဌမစိတ္တံ–ပဌမဘဝင်စိတ်သည်၊ ဘဝင်္ဂသန္တတိံ–ကို၊ စာလေန္တံ ဝိယ–လှုပ်စေသကဲ့သို့၊ ဥပ္ပဇ္ဇတိ–၏၊ ဣတိ–ကြောင့်၊ ဘဝင်္ဂစလနံ–မည်၏၊ [စာလေန္တံ ဝိယဖြင့် တကယ်လှုပ်သွားသည် မဟုတ်, လှုပ်သလို ဖြစ်သွားသည်ဟု ပြ၏၊ "စလနံ ဝိယာတိ စလနံ၊ ဘဝင်္ဂဿ တံ စလနဥ္စာတိ ဘဝင်္ဂစလနံ"ဟုပြု။]ဒုတိယံ–ဒုတိယဘဝင်စိတ်ကို၊ တဿာ(ဘဝင်္ဂသန္တတိယာ)–ထိုဘဝင်အစဉ်၏၊သဲ့ဆ္ဆိဇ္ဇနာကာရေန–ပြတ်ခြင်းဟူသော အခြင်းအရာအားဖြင့်၊ ဥပ္ပဇ္ဇနတော–ကြောင့်၊ ဘဝင်္ဂုပစ္ဆေဒေါတိ–ဟူ၍၊ ဝေါဟရန္တိ–န်၏၊["ဥပစ္ဆိဇ္ဇတီတိ ဥပစ္ဆေဒေါ၊ ဘဝင်္ဂဿ+တံ+ဥပစ္ဆေဒေါစာတိ ဘဝင်္ဂုပစ္ဆေဒေါ" ဟုပြု။]ပန–ထိုသို့ပင် ဘဝင်္ဂစလနဘဝင်္ဂုပစ္ဆေဒဟု နာမည်တပ်၍ခေါ်အပ်ပါသော်လည်း၊ ဣဓ–ဤအဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၌၊ ဒွိက္ခတ္တုံ ဘဝင်္ဂေ စလိတေတိ–တေဟူ၍၊ အဝိသေသေန–နာမည်အထူးမပြ သာမညအားဖြင့်၊ ဝုတ္တံ–ဆိုအပ်ပြီ။

---

**ပဋ္ဌသုဟိ**။ ။ဘဝင်နှစ်ကြိမ် ဖြစ်ရခြင်းကို ထင်ရှားပြလို၍ "ပဋ္ဌသုဟိ" စသည်မိန့်၊ "ယောဂျဒေသ+အဝတ္ထာန"ဟူသည် စက္ခုပသာဒဝယ် ထင်နိုင်လောက်ရာအရပ်၌ ရူပါရုံ၏ တခြားအာရုံမှ သီးခြားလျက်တည်နေခြင်း, သောတပသာဒဝယ် ထင်လောက်ရာအရပ်၌ သဒ္ဒါရုံ၏အခြားအာရုံတို့မှ သီးခြားလျက် တည်နေခြင်းစသည်တည်း၊ ဤ ယောဂျဒေသ၌ တည်နေသောအာရုံသည် ဆိုင်ရာပသာဒ၌ ထိခိုက်(ထင်လာ)လတ်သော် ဘဝင်အစဉ်သည် (အာရုံအသစ်ထိခိုက်မှုကြောင့်)ပြတ်ရတော့မည်ဖြစ်၏၊ သို့သော် အပြေးလာသော ယောကျ်ားသည် ရပ်လိုလျှင် ချက်ချင်း မရပ်နိုင်သေးဘဲ တစ်လှမ်း နှစ်လှမ်းလွန်မှရပ်နိုင်သကဲ့သို့, ဘဝင်အစဉ်လည်း ချက်ချင်း မပြတ်သေးဘဲ နှစ်ကြိမ်လောက် ဖြစ်ပြီးမှ ပြတ်ရတော့သည်၊ [ဤအဓိပ္ပာယ်များ၏ အကျယ်နှင့်တကွ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ခေါ်ရခြင်း၏ အကြောင်းကို ဘာသာဋီကာ၌ ပြထားပြီ။]

နနုစ–အံ့၊(ကိ–နည်း၊) ရူပါဒိနာ–ရူပါရုံအစရှိသော အာရုံသည်၊ ပသာဒေ–ပသာဒရုပ်ကို၊ ဃဋ္ဋိတေ–ထိခိုက်အပ်သော်၊ တံနိဿိတသေဝ–ထိုပသာဒ၌မှီသောဝိညာဉ်၏သာလျှင်၊ စလနံ–လှုပ်ခြင်းသည်၊ ယုတ္တံ–သင့်၏၊ (တစ်နည်း) စလနံယုတ္တံ–လှုပ်သင့်၏၊ ပန–ကား၊ ကထံ–အဘယ့်ကြောင့်၊ ဟဒယဝတ္ထုနိဿိတဿ–ဟဒယဝတ္ထုကိုမှီသော၊ ဘဝင်္ဂဿ–ဘဝင်၏၊ (စလနံ–သည်၊ ယုတ္တံ–သင့်နိုင်ပါသနည်း၊) ဣတိ–သို့၊(နနုစ–ပါ၏၊)သန္တတိဝသေန–အစဉ်အဆက်၏အစွမ်းဖြင့်၊ ကောဗဒ္ဓတ္တာ–တစပ်ထည်းစပ်နေသည်၏အဖြစ်ကြောင့်၊ (ဟဒယဝတ္ထုနိဿိတဿ–သော၊ဘဝင်္ဂဿ–၏၊စလနံ–သည်၊ယုတ္တံ–၏။)

ဟိ–ချဲ့၊ ဘေရိယာ–စည်၏၊ ဧကေသ္မိံတလေ–တစ်ဖက်အပြင်၌၊ ဌိတသက္ခရာယ–တည်သောသကာ၌၊ မက္ခိကာယ–ယင်ကောင်သည်၊ နိသိန္နာယ–နားနေလသော်၊ အပရသ္မိံ–အခြားသော၊ တလေ–အပြင်ကို၊ (တစ်နည်း) အပရသ္မိံတလေ–ဟိုဘက်အပြင်ကို၊ ဒဏ္ဍာဒိနာ–ဒုတ်အစရှိသည်ဖြင့်၊ ပဟဋေ–ပုတ်ခတ်အပ်သော်၊ အနုက္ကမေန–အစဉ်အားဖြင့်၊ ဘေရိစမ္မဝရတ္တာဒီနံ–စည်ကိုကျက်ကြောင်းဖြစ်သော သရေကြိုး အစရှိသည်တို့၏၊ စလနေန–လှုပ်ခြင်းကြောင့်၊ သက္ခရာယ–သကာသည်၊ စလိတာယ–လှုပ်လသော်၊ မက္ခိကာယ–၏၊ ဥပ္ပတိတွာ–ပျံ၍၊ ဂမနံ–သွားခြင်းသည်၊ ဟောတိ ယထာ–ကဲ့သို့၊ ဧဝမေဝ–အတူသာလျှင်၊ ရူပါဒိနာ–သည်၊ ပသာဒေ–ကို၊ ဃဋ္ဋိတေ–သော်၊ တန္နိဿယေသု–ထိုပသာဒ၏မှီရာဖြစ်ကုန်သော၊ မဟာဘူတေသု–မဟာဘုတ်တို့သည်၊ စလိတေ–လှုပ်ကုန်လသော်၊ အနုက္ကမေန–ဖြင့်၊ တံ သမ္ဗန္ဓာနံ–ထို မဟာဘုတ်တို့နှင့် ဆက်သွယ်နေကုန်သော၊ သေသရူပါနမ္ပိ–ကြွင်းသောရုပ်တို့၏လည်း၊ စလနေန–ကြောင့်၊ ဟဒယဝတ္ထုမ္ပိ–သည်၊ စလိတေ–သော်၊ တံနိဿိတဿ–ထို ဟဒယဝတ္ထုကို မှီသော၊ ဘဝင်္ဂဿ–၏၊ စလနာကာရေန–လှုပ်ခြင်းဟူသော အခြင်းအရာအားဖြင့်၊ ပဝတ္တိ–ဖြစ်ခြင်းသည်၊ ဟောတိ–၏။

---

**နနုစ ။ပေ၊ ဘဝင်္ဂဿာတိ။** ။ရူပါရုံသည် စက္ခုပသာဒ၌ထိခိုက်သောအခါ ထိုပသာဒကိုမှီသော စက္ခုဝိညာဉ်ကသာ လှုပ်သင့်ပါလျက် အဘယ့်ကြောင့် ဟဒယဝတ္ထုကို မှီသောဘဝင်ကသာ လှုပ်ရသနည်း–ဟု စောဒနာသည်၊ [သဒ္ဒါရုံ စသည်တို့၏ သောတပသာဒ စသည်ဝယ် ထိခိုက်ရာ၌လည်း နည်းတူ။]

**သန္တတိ ။ပေ၊ ဗဒ္ဓတ္တာ။** ။မဟာဘုတ် အဆက်ဆက်အားဖြင့် တစပ်ထည်းစပ်လျက်နေသောကြောင့် ထိုကဲ့သို့လှုပ်ရသည်–ဟု အကျဉ်းဖြေပြီးလျှင် "ယထာဟိ"စသည်ဖြင့် အကျယ်ဖြေသည်၊ ထိုအဖြေလည်း "ဃဋ္ဋိတေ အညဝတ္ထုမ္ဟိ" စသောဂါထာကို အားကိုး၍ ဖြေသော အဖြေတည်း၊ သို့သော် ထိုဂါထာ၏ ဆိုလိုရင်းမှာ ဋီကာကျော် ယူဆသလို မဟုတ်ကြောင်းကို ဘာသာဋီကာ၌ ပြထားပြီ။

စ–သာကေကား၊ ဃဋ္ဋိတေ ၊ပေ၊ ဝဒေတိ–ဃဋ္ဋိတေ၊ ပေ၊ ဝဒေဟူ၍၊ ဝုတ္တံ–မိန့်ဆိုအပ်ပြီ၊ [သစ္စသံခိပ်၌ အရှင်ဓမ္မပါလ မိန့်ဆိုအပ်ပြီ၊] အညဝတ္ထုမှို–ဟဒယဝတ္ထုမှတစ်ပါးသော စက္ခုဝတ္ထုစသည်ကို၊ ဃဋ္ဋိတေ–ရူပါရုံစသည်တို့က ထိခိုက်အပ်သော်၊ အညနိဿိတကမ္ပနံ–အခြားသောဟဒယဝတ္ထုကို မှီသော ဘဝင်၏ လှုပ်ခြင်းသည်၊ .ကောဗဒ္ဓေန–တစပ်တည်း စပ်နေခြင်းကြောင့်၊ ဟောတိ–ဖြစ်နိုင်၏၊ ကထံ–ဤအကြောင်းကို၊ သက္ခရောပမာယာ (သက္ခရော ပမာယ)–သကာဥပမာဖြင့်၊ ဝဒေ–ပြောပြရာ၏။

[“ဘဝင်္ဂသောတံ ဝေါစ္ဆိန္ဒိတွာ စသောပါဠ်ကို ဖွင့်ပြလို၍ “ဘဝင်္ဂသောတန္တိ” စသည်ကိုမိန့်၊]ဘဝင်္ဂသောတန္တိ–ကား၊ ဘဝင်္ဂဝါဟံ–ဘဝင်အယဉ်ကို၊ ဝါ–ဘဝင်အစဉ်ကို၊ [ဝေါစ္ဆိန္ဒိတွာ၌ စပ်။] အာဝဇ္ဇန္တိတိ–ကား၊ တော်–ဤအာရုံသည်၊ ကိံ နာမ–အဘယ်မည်သော အာရုံနည်း၊ ဣတိ–သို့၊ ဝဒန္တံ ဝိယ–မဆိုတတ်သော်လည်းဆိုသကဲ့သို့၊ အာဘောဂံ–နှလုံးသွင်းမှုကို၊ ဝါ–ဆင်ခြင်မှုကို၊ ကုရုမာနံ–

**ဥပမာန ဥပမေယျ နှီးနှောပုံ**။ ။ဤဂါထာ၌ စည်မျက်နှာအပြင်ဝယ် တစ်ခုသော နေရာ၌ သကာသုတ်ထားပုံ, ထိုသကာပေါ်၌ ယင်နားပုံ, စည်မျက်နှာအပြင်ကို တုတ်ဖြင့် ခေါက်လိုက်ပုံ, ထိုသို့ ခေါက်သဖြင့် သကာပေါ်၌ နားသောယင်၏ ပျံသွားပုံများကို မှတ်သား၍, အာရုံ၏ ပသာဒ၌ ထိခိုက်ပုံသည် တုတ်ဖြင့် စည်မျက်နှာကို ခေါက်ပုံနှင့် တူ၏၊ အာရုံထိခိုက်ရာပသာဒ၏ တည်ရာ မဟာဘုတ်နှင့် ဟဒယဝတ္ထု၏ မှီရာ မဟာဘုတ်တို့ ဘုတ်အချင်းချင်း ဆက်သွယ်၍ ကောဗဒ္ဓဖြစ်ပုံသည် တုတ်ဖြင့် ခေါက်ရာ စည်မျက်နှာနှင့်သကာသုတ်ထားရာ စည်မျက်နှာတို့၏ ကောဗဒ္ဓဖြစ်ပုံနှင့် တူ၏၊ ထိုသို့ တစပ်တည်းဖြစ်သောကြောင့် မဟာဘုတ်၌မှီသော ဟဒယဝတ္ထု လှုပ်၍ ထိုဟဒယဝတ္ထု၌ မှီသော ဘဝင်၏လှုပ်ခြင်းသည် သကာပေါ်၌နားသော ယင်ကောင်၏ လှုပ်ရှား ပျံသွားပုံနှင့် တူသည်ဟု ဥပမာနနှင့် ဥပမေယျတို့ကို နှီးနှောပါ။

**ဘဝင်္ဂပ္ပဝါဟံ**။ ။သောတံကို ပဝါဟံဟု ဖွင့်သည်၊ ထိုသို ဖွင့်သဖြင့် သောတသဒ္ဒါ၏ နားစသောအနက်တို့ကို တားမြစ်၍ရေအယဉ်ဟူသော အနက်ကို သိစေ၏၊ သဝတိ–အောက်သို့ စီးသွားတတ်၏၊ ဣတိ သောတော၊ သောတောဝိယ–ရေအယဉ်နှင့်တူ၏၊ ဣတိ သောတော၊ ဝီထိစိတ်မဖြစ်လျှင် အဆက်မပြတ်ဖြစ်နေသော ဘဝင်အစဉ်လည်း အဆက်မပြတ် စီးနေသောရေအယဉ်နှင့်တူသောကြောင့် သောတ မည်၏၊ [ပဝါဟေတိ–မိမိအပေါ်၌ တည်သော သစ်ဆက်စသည်ကို မျောစေတတ် ဆောင်သွားတတ်၏၊ ဣတိ ပဝါဟော။]

**အာဘောဂံ ကုရုမာနံ**။ ။“ယခုထင်လာသောအာရုံသည် ဘာပါလိမ့်”ဟု ဆင်ခြင် သကဲ့သို့ ထိုအာရုံ၌ နှလုံးသွင်းမှုကို ပြုသောစိတ်ကို အာဝဇ္ဇန်းဟု ခေါ်၏၊ [ဝဒန္တံ ဝိယံ၌ ဝိယဖြင့် သဒိသူပစာကို ပြ၏၊ ဥပရိကျွာဓောတက (အလွန်အကဲပြောခြင်းကို ထွန်းပြတတ်သော) နိပါတ်ဟုလည်း ဆိုရ၏၊ ဥပရိ “ဘာပါလိမ့်”ဟု မပြောတတ်ဘဲနှင့် ပြောတတ်သကဲ့သို့ အလွန်အကျွံ+ချဲ့–ပြောဟောတတ်သော သဒ္ဒါ။

ပြုတတ်သော၊ [ ပဋ္ဌာန်ပါဠိဝဏ္ဏနာစိတ္တံ ဥပ္ပဇ္ဇိတ္ဘာ နိရုဇ္ဈတိ၌ စပ်၊] ပဿန္တန္တိ-ကား၊ ပစ္စက္ခတော-မျက်မှောက်အားဖြင့်၊ ဝါ-တိုက်ရိုက်အားဖြင့်၊ ပေက္ခန္တံ-ရှုမြင်တတ်သော၊ [စက္ခုဝိညာဏံ၌ စပ်။]

နနုစ-အံ့၊(ကိံ-နည်း၊) စက္ခုနာ ရူပံ ဒိသွာတိ-ဒိသွာဟူ၍၊ ဝစနတော-ဟောတော်မူခြင်းကြောင့်၊ စက္ခုန္ဒြိယမေဝ-စက္ခုန္ဒြေသည်သာ၊ (စက္ခုပသာဒသည်သာ၊) ဒဿနကိစ္စံ-မြင်ခြင်းကိစ္စကို၊ သာဓေတိ-ပြီးစေသည်မဟုတ်လော၊ ဝိညာဏံ-စက္ခုဝိညာဉ်သည်၊ (ဒဿနကိစ္စံ-ကို၊) န(သာဓေတိ)-မပြီးစေသည် မဟုတ်လော၊ ဣတိ-သို့၊ (နနုစ-ပါ၏) ဣဒံ-ဤ စက္ခုနာရူပံဒိသွာဟူသော စကားကို၊ ဧဝံ-ဤ သင်စောဒက ပြောပြုအပ်သော အနက်အားဖြင့်၊ န(ဒဋ္ဌဗ္ဗံ)-ထိုက်၊ (ကသ္မာ-နည်း၊) ရူပဿ-စက္ခုပသာဒရုပ်၏၊ အန္ဓဘာဝေန-ကာဏ်းသည်၏ အဖြစ်ကြောင့်၊ ဝါ-အတွက်၊ ရူပဒဿနေ-ရူပါရုံကိုမြင်ခြင်း၌၊ အသမတ္ထဘာဝတော-မစွမ်းနိုင်သည်၏အဖြစ်ကြောင့်တည်း၊ စ-လဒ္ဓဒေါသ ထင်ရှားပြအံ့၊ တံ-ထို စက္ခုန္ဒြေသည်၊ ရူပံ-ရုပါရုံကို၊ ယဒိပဿတိ-အကယ်၍ မြင်အံ့၊ တထာ သတိ-ထိုသို့ မြင်ခြင်းဖြစ်လသော်၊ အညဝိညာဏသမင်္ဂိနောပိ-စက္ခုဝိညာဉ်မှတစ်ပါးသော ဝိညာဉ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏လည်း၊ ရူပဒဿနပ္ပသင်္ဂေါ-ရူပါရုံကို မြင်ခြင်း၌ ကပ်ငြိဘွယ်သည်၊ ဝါ-ရူပါရုံကိုမြင်ခြင်း၌ လျဉ်းပါးဖွယ်သည်၊ သိယာ-၏။

ဧဝံ-ဤ ဆိုအပ်ပြီးသောနည်းဖြင့်၊ ဝိညာဏံ-စက္ခုဝိညာဉ်သည်၊ အဿ-ထိုစက္ခုပသာဒ၏၊တံ ကိစ္စံ-ထိုမြင်ခြင်းကိစ္စကို၊[(တစ်နည်း၊) ဝိညာဏံ-သည်၊ ဒဿနကိစ္စံ-ကို၊ ယဒိ သာဓေတိ-အကယ်၍ ပြီးစေအံ့၊] (ဧဝံသတိ-သော်၊)

**နနုစ**။ ။"စက္ခုနာ ရူပံ ဒိသွာန နိမိတ္တဂ္ဂါဟီ"စသောပါဠိတော်၌ "စက္ခုဖြင့် မြင်၍" ဟု ဟောတော်မူရကား မြင်ခြင်းကိစ္စကို စက္ခုန္ဒြေဟုခေါ်အပ်သော စက္ခုပသာဒသည်သာ ပြီးစေသည် (စက္ခုပသာဒကသာ မြင်နိုင်သည်) မဟုတ်လော-ဟု စောဒနာသည်။

**နယိဒမေဝံ ။ပေ၊ ဘာဝတော**။ ။ရုပ်တရားသည် သိမြင်တတ်သောသတ္တိ မရှိသော အကန်းတည်း၊ ထို့ကြောင့် "စက္ခုနာ ဒိသွာ"ဟူသော ထိုပါဠိတော်ကို အသင် စောဒက ယူဆအပ်သော အနက်အတိုင်း မမှတ်ရ။

**ယဒိစ ။ပေ၊ သိယာ**။ ။"စက္ခုပသာဒက ရူပါရုံကိုမြင်နိုင်စွမ်းလျှင် အဘယ်အပြစ်ရှိသနည်း"ဟု မေးဘွယ်ရှိ၍ "ယဒိစ"သည်ကို မိန့်၊ စက္ခုပသာဒရုပ်သည် အမြဲရှိနေသောကြောင့် ထို စက္ခုပသာဒက ရူပါရုံကိုမြင်စွမ်းနိုင်လျှင် စက္ခုဝိညာဉ်စိတ်မှ တစ်ပါးသော အခြားဝိညာဉ်စိတ်များဖြစ်ခိုက်၌လည်း ရူပါရုံကိုမြင်နေသည်ဟု လျှင်းပါးဖွယ် (ယုံမှားဖွယ်) ဖြစ်စရာ ရှိ၏၊ ထို့ကြောင့်"စက္ခုပသာဒသည် ရူပါရုံကို မမြင်နိုင်"ဟု မှတ်ပါ-ဟူလို။

ဝိညာဏာသ–ဝိညာဉ်၏၊ အပ္ပဋိဃန္တတ္တာ–အဆီးအတား မရှိသည်၏ အဖြစ်ကြောင့်၊ အန္တရိတရူပဿပိ–နံ့ရံစသည်ခြားကွယ်အပ်သော ရူပါရုံကိုလည်း၊ ဒဿနံ–မြင်နိုင်ခြင်းသည်၊ သိယာ–ဖြစ်ရာသည်မဟုတ်လော ။(ဣတိ–ဤကား စောဒနာတည်း၊) ဖလိကာဒိတိရောဟိတဿ–ဖလ်(မှန်)အစရှိသော အကွယ်အကာသည်ခြားကွယ်အပ်သော၊ ယဿ–အကြင်ရူပါရုံ၏၊ အလောကပ္ပဋိဗန္ဓော–အရောင်အလင်းကို တားဆီးခြင်းသည်၊ နတ္ထိ–မရှိ၊ အန္တရိတဿပိ–အခြားကွယ်အပ်သည်လည်းဖြစ်သော၊ (တဿ–ထိုရူပါရုံကို၊) ဒဿနံ–သည်၊ ဟောတု–ရှိပါစေတော့၊ [သင်စောဒက ပြောပြသည့်အတိုင်း ရှိပါစေတော့–ဟူလို၊] ပန–ကား၊ ကုဋ္ဋာဒိအန္တရိတဿ–တိုက်နံ့ရံ စသည်တို့ ခြားကွယ်အပ်သော၊ ယဿ–အကြင် ရူပါရုံ၏၊ အာလောကပ္ပဋိဗန္ဓော–သည်၊ အတ္ထိ–၏၊ တတ္ထ–ထိုရူပါရုံ၌၊ ပစ္စယာဘာဝတော–အာလောကဟူသော အကြောင်း၏ မရှိခြင်းကြောင့်၊ ဝိညာဏံ–စက္ခုဝိညာဉ်သည်၊ နုပ္ပဇ္ဇတိ–မဖြစ်နိုင်၊ ဣတိ–ကြောင့်၊ တဿ–ထို နံ့ရံ စသည်တို့ ခြားကွယ်အပ်သော ရူပါရုံကို၊ စက္ခုဝိညာဏေန–ဖြင့်၊ ဂဟဏံ–ယူခြင်းသည်၊ ` န ဟောတိ–မဖြစ်နိုင်။

ပန–ဆက်၊ စက္ခုန္နာတိ ဧတ္ထ–စက္ခုန္နာဟူသော ဤပါဌ်၌၊[စက္ခုန္နာ ရူပံ ဒိသွာဝယ် "စက္ခုန္နာ"ဟူသောပါဌ်၌၊] ဒွါရေန–ဒွါရဖြစ်သော၊ တေန–ထို စက္ခုပသာဒဖြင့်၊ ကာရဏဘူတေသ–အကြောင်းဖြစ်၍ဖြစ်သော၊(တေန–ထို

---

**ယဒိစေ ။ပေ၊ သိယာ။** ။ပသာဒရုပ်ကမမြင်နိုင်ဘဲ ဝိညာဉ်က မြင်နိုင်လျှင် (စိတ်ဝိညာဉ်ကို မည်သည့်အရာဝတ္ထုကမျှ ကွယ်၍ မထားနိုင်, မန္တလေးက နေ၍ ရန်ကုန်ရှိ အာရုံကို လှမ်း၍ ယူနိုင်သောကြောင့်) တစ်စုံတစ်ခု ခြားကွယ်နေသော ဟိုဘက် ရူပါရုံကိုလည်း စိတ်ဝိညာဉ်က မြင်နိုင်ရာရောက်သည် မဟုတ်လော–ဟု မူလစောဒက ပုဂ္ဂိုလ်က ပြန်၍ စောဒနာသည်။ [ဤဝါကျ၌ "ဝိညာဏာဿ"ဟုစာအများ ရှိ၏၊ ဝိညာဏာမဿ (ဝိညာဏံ+အဿ)ဟုဖြစ်စေ,"ဝိညာဏံ ဒဿနကိစ္စံ သာဓေတိ"ဟုဖြစ်စေ ပါဠ်ရှိသင့်၏။]

**ဟောတု ။ပေ၊ ဂဟဏံဟောတိ။** ။စောဒကပုဂ္ဂိုလ်၏စကားကို ပဌမ လိုက်လျော လို၍ "ဟောတု ။ပေ၊ နတ္ထိ"ဟု မိန့်သည်၊ မှန်ဖြင့်ကာအပ်သော ဟိုဘက် ရူပါရုံကို သင်စောဒက ပြောပြအပ်သည့်အတိုင်း မြင်ပါစေတော့၊ ဘာကြောင့်နည်း–မှန်အကာ၏ အရောင်အလင်းကို တားဆီးခြင်း မရှိသောကြောင့်တည်း၊ တိုက်နံ့ရံ ပျဉ်နံ့ရံ စသည် ခြားနေအပ်သော ရူပါရုံကိုကား အာလောက(အရောင်အလင်း)ကို ထိုနံ့ရံက တားဆီးထားသောကြောင့် စက္ခုဝိညာဏ် မဖြစ်နိုင်၊ ထို့ကြောင့် ထို အကာအကွယ်ရှိသော ရူပါရုံကို စက္ခုဝိညာဏ်က မယူနိုင်ချေ၊ [စက္ခာလောက, ရူပထင်ပြီ, မနသိ, လေးလီ စက္ခုဖို့"နှင့် အညီ အကြောင်းလေးပါးစုံမှ စက္ခုဝိညာဏ် ဖြစ်နိုင်၏၊ ဤသို့ နံ့ရံစသည် ခြားကွယ် နေရာ၌ အာလောကဟူသော အကြောင်းမရှိသောကြောင့် မမြင်နိုင်–ဟူလို။]

စက္ခုပ္ပသာဒဖြင့်၊) ဣတိ (အယံ)–ကား၊ အဓိပ္ပာယော–ဒွါရေနစ၏ အဓိပ္ပာယ် တည်း၊ အထဝါ–ထိုပြင်တစ်နည်းကား၊ မဇ္ဈာ–လင့်စင်တို့သည်၊ ဥက္ကုဋ္ဌိ– ကြွေးကြော်ခြင်းကို၊ ကရောန္တိ–နံ၏၊ ဣတိယထာ–ဤပုံစံ၌ကဲ့သို့၊ နိဿယပ္ပ ဋ္ဋိဗဒ္ဓါ–မှီရာစက္ခုပ္ပသာဒနှင့်ဆက်စပ်သော၊ နိဿိတကြိယာ–မှီတတ်သော ဝိညာဉ်၏ မြင်ခြင်းကြိယာကို၊ ဝုတ္တာ–မိန့်ဆိုအပ်ပြီ။

သမ္ပဋိစ္ဆန္နာတိ–ကား၊ တမေဝရူပံ–ထို ရူပါရုံကိုပင်၊ ပဋိဂ္ဂဏှန္တံ ဝိယ–ခံယူ သကဲ့သို့ဖြစ်သော၊(သမ္ပဋိစ္ဆနစိတ္တံ၌ စပ်၊) သန္တီရယံမာနန္တိ–ကား၊ တမေဝရူပံ– ကိုပင်၊ ဝီမံသန္တံ ဝိယ–စုံစမ်းသကဲ့သို့ဖြစ်သော၊ (သန္တီရဏစိတ္တံ၌ စပ်၊) ဝဝတ္ထ ပေန္တန္တံတိ–ကား၊ တမေဝရူပံ–ကိုပင်၊ သုဋ္ဌု–ကောင်းစွာ၊ သလ္လက္ခေန္တံ ဝိယ– မှတ်သားသကဲ့သို့ဖြစ်သော၊ (ဝေါဋ္ဌဗ္ဗနစိတ္တံ၌ စပ်၊) ဧတေန–ဤ ဓောသည်၊ ယောနိသောမနသိကာရာဒိဝသေန–ယောနိသောမနသိကာရ အစရှိသည်တို့၏ အစွမ်းဖြင့်၊ [အာဒိ–ဖြင့်အယောနိသောမနသိကာရနိရာနုသယသန္တာန(အနုသယ ကင်းသော ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်)ကို ယူ။] လဗ္ဘေါ–ရအပ်သော၊ ပစ္စယော–အကြောင်းသည်၊ (အတ္ထိ–၏၊) ဣတိ–ထိုသို့ ရအပ်သောအကြောင်း

---

**စက္ခုနာတိ ပနေတ္ထ**။ ။စက္ခုပ္ပသာဒရုပ်က ရူပါရုံကို မြင်ခြင်းကိစ္စ မပြီးစေနိုင်လျှင် "စက္ခုနာ ရူပံ ဒိသွာ"ဟူသောပါဠိတော်၌ အဘယ်သို့ အနက်မှတ်ရမည်နည်း–ဟု (စောဒကပုဂ္ဂိုလ်က ပြန်၍) မေးဖွယ်ရှိသောကြောင့် "စက္ခုနာ ပနေတ္ထ"စသည် မိန့်၊ စက္ခုနာ၌ "စက္ခုဒွါရဖြင့်"ဟု အနက်မှတ်ပါ–ဟူလို၊ ထို စက္ခုဒွါရဟူသော ပသာဒရုပ် သည် စက္ခုဝိညာဉ်က ရူပါရုံကို မြင်ရာ၌ (မြင်ခြင်း၏) အကြောင်းဖြစ်သောကြောင့် ဒွါရေနကို ကာရဏဘူတေနာတိ အဓိပ္ပာယော–ဟု ထပ်ဖွင့်သည်။ [စာအုပ်များ၌ "ကရဏဘူတေန"ဟု တွေ့ရသော်လည်း "ကာရဏဝသေနာတိ–အသာဓာရဏ ကာရဏာသ ဝသေန"ဟူသော ဝိသုဒ္ဓိမဂ် မဟာဋီကာ–ဣန္ဒြိယသံဝရသီလ "စက္ခုနာ ရူပံ ဒိသွာ" အဖွင့်ကို ထောက်၍ "ကာရဏ"သာ ပါဌ်မှန်ဟု မှတ်ပါ။]

**အထဝါ**။ ။"မဉ္စာဥက္ကုဋ္ဌိံ ကရောန္တိ"၌ လယ်တောဝယ် ဝက်စသည်ကို ခြောက် ဖို့ရန် ထိုးထားအပ်သော လင့်စင်ကို "မဉ္စ"ဟု ခေါ်၏၊ လင့်စင်၌ တည်သော လူများကို ကား "မဉ္စ"ဟု ဌာနအမည်ဖြင့် ခေါ်ရသကဲ့သို့ စက္ခုနာ ရူပံ ဒိသွာ၌လည်း စက္ခုပ္ပသာ၌ မှီသော စက္ခုဝိညာဉ်ကို "စက္ခု"ဟု ဌာနအမည်ဖြင့် ခေါ်ထား၏၊ "စက္ခုနာ" သည် ဌာနူပစာ သဒ္ဒါဖြစ်သည်–ဟူလို၊ အနက်ပေးရာ၌ သူ့နာမည်အတိုင်း "စက္ခုပ္ပသာဒ ဖြင့်"ဟု ပေး၍ အရကောက်သောအခါ၌သာ ဌာနူပစာရနည်းအားဖြင့် စက္ခုဝိညာဉ်ကို ကောက်ယူရသည်။ [ရှေးနည်း၌ကား ဥပစာမဟုတ် မုချသဒ္ဒါပင်တည်း၊ အချို့က "ကာရဏဘူတေန"ကို ကြည့်၍ "ကာရဏူပစာ"ဟု ရှေးနည်း၌ ယူကြသည်။]

**အမှာ**။ ။သမ္ပဋိစ္ဆန္နံ– စသော ပုဒ်များ၏ အနက်နှင့် အဓိပ္ပာယ်ကို ဝီထိစိတ် ဖြစ်ပုံအထိ ဘာသာဋီကာ၌ ပြထားပြီ။

ရှိသည်၏ အဖြစ်ကြောင့်၊ (တံ–ထိုဇောသည်၊) လဒ္ဓပစ္စယံ–ယမည်၏၊ ယံကိဉ္စိ–အမှတ်မရှိ တစ်စုံတစ်ခုသော၊ ဇဝနံ–ဇောသည်၊ (သတ္တက္ခတ္တုံ ဇဝတိဥ္စပ၊) ဣတိ(အယံ)–ကား။ သမ္ဗန္ဓော–ပုဒ်တို့၏ စပ်ခြင်းတည်း။

စ–ဆက်၊ မုစ္စမာနရဏသန္နကာလေသု–မိန်းမောတွေဝေရာအခါ သေခါနီးအခါတို့၌၊ ဆ ပဉ္စပိ–ခြောက်ကြိမ် ငါးကြိမ်လည်းဖြစ်ကုန်သော၊ ဇဝနာနိ–တို့သည်၊ ပဝတ္တန္တိ–န်၏၊ ဣတိ–ကြောင့်၊ ယေဘုယျေနာတိ–နဟူ၍၊ အာဟ–မိန့်ဆိုပြီ၊ ဇဝနာနုဗန္ဓာနီတိ–ကား၊ ပတိသောတဂါမိ–ရေညာသို့ ဆန်တက်သော၊နာဝံ–လှေ သဘော်သို့၊(ကိဉ္စိကာလံ–စိုးစဉ်းအနည်းငယ်သောကာလမျှ၊) နဒီသောတော–မြစ်ရေအယဉ်သည်၊(အနုဂတော)ဝိယ–အစဉ်လိုက်သကဲ့သို့၊ (ဇဝံ–တူ၊) ကိဉ္စိကာလံ–မျှ၊ ဇဝနံ–သို့၊ အနုဂတာနိ–အစဉ်လိုက်ကုန်သော၊ ဧတေသံ–ဤဝိပါက်စိတ်တို့၏၊ တဿ(ဇဝနဿ)–ထိုဇော၏၊ အာရမဏံ–အာရုံဟူသော၊ အာရမဏံ–သည်၊ (အတ္ထိ–ရှိ၏၊) ဣတိ–ထိုသို့ ထိုဇော၏ အာရုံဟူသောအာရုံရှိကုန်သည်အဖြစ်ကြောင့်၊ (တာနိ–ထို ဝိပါက်စိတ်တို့သည်၊) ဖြဟ္မဿသရော့ဒါဒီသုဝိယ–ဖြဟ္မဿရော အစရှိသောပါဠိရပ်တို့၌ကဲ့သို့၊ မဇ္ဈေပဒလောပဝသေန–အလယ်ဖြစ်သော အာရမဏပုဒ်ကို ချေခြင်း၏ အစွမ်းဖြင့်၊ တဒါရဏာနိ–ဏာတို့ မည်၏၊ တဒါရမဏာနိ စ–ထိုဇော၏ အာရုံဟူသော အာရုံ ရှိသောစိတ်တို့လည်း ဟုတ်ကုန်၏၊ တာနိ–ထို တဒါရမဏစိတ်တို့ဟူသည်၊ ပါကာနိ စ–ဝိပါက်စိတ်တို့လည်း ဟုတ်ကုန်၏၊ ဣတိ–ဤနှစ်ပါးသော သတ္တိကြောင့်၊ တဒါရမဏပါကာနိ–ကတို့မည်၏။

ယထာရဟန္တိ–ကား၊ အာရမဏဇဝနသတ္တာနုရူပံ–အာရုံ,ဇော,သတ္တဝါတို့အားလျော်စွာ၊ တထာ–ထိုအာရုံ,ဇော,သတ္တဝါတို့အားလျော်စွာ၊ ပဝတ္တိံ–ဖြစ်ခြင်းကို၊ သယမေဝ–အရှင်အနုရုဒ္ဓါဆရာကိုယ်တိုင်သာလျှင်၊ ပကာသယိဿတိ–ထင်ရှားပြလတ္တံ့၊ [ကာမာဝစရဇဝနာဝသာနေ–စသည်ဖြင့် ပြလတ္တံ့၊] ဘဝင်္ဂပါတောတိ–ကား၊ ဝီထိစိတ္တဝသေန–ဝီထိစိတ်တို့၏အစွမ်းဖြင့်၊ အပ္ပဝတ္တိတွာ–မဖြစ်မူ၍၊ စိတ္တဿ–၏၊ ဘဝင်္ဂပါတော ဝိယ–ဘဝင်၌ ကျခြင်းကဲ့သို့၊ (ဟောတိ–၏၊) ဘဝင်္ဂဝသေန–ဘဝင်၏ အဖြစ်ဖြင့်၊ ဥပ္ပတ္တိ–ဖြစ်ခြင်းသည်၊ (ဟောတိ၊) ဣတိ–ဤ အနက်သည်၊ ဝါ–ကို၊ ဝုတ္တံ–ဆိုအပ်သည်၊ ဝါ–ဆိုလိုသည်၊ ဟောတိ–၏။

---

**မဇ္ဈေပဒလောပဝသေန**။ ။ဖြဟ္မုနော+သရော ဖြဟ္မဿရော၊ ဖြဟ္မဿရော ဝိယ+သရော+ယဿာတိ ဖြဟ္မဿရော”ဟူရာ၌ “သရော”ဟူသော အလယ်ပုဒ်ကိုချေထားသကဲ့သို့ “တဿ + အာရမဏံ တဒါရမဏံ၊ တဒါရမဏံ + အာရမဏံ + ယေသန္တိ တဒါရမဏာနိ”ဟု “အာရမဏ”ဟူသော အလယ်ပုဒ်ကို ချေထားသည်။

စ–ဆက်၊ တွေ–ဤ ဝီထိစိတ်တို့၏ ဖြစ်ပုံကိုပြရာ၌၊ ဝီထိစိတ္တပ္ပဝတ္တိယာ ဝီထိစိတ်တို့၏ဖြစ်ပုံကို၊ သုခဂ္ဂဟနတ္ထံ–လွယ်ကူစွာ(ဉာဏ်ဖြင့်)ယူခြင်းအကျိုးငှါ အမ္ဗောပမာဒိကံ–သရက်သီးဥပမာ အစရှိသော ဥပမာကို၊ အာဟရန္တိ-ထုတ်ဆောင်ကြကုန်၏၊ [အာဒိဖြင့် အဋ္ဌသာလိနီဝိပါကုဒ္ဓါရကထာ၌ လာသော "ကြည့်သူများ တံခါးစောင့်သူ ပင့်ကူစသော ဥပမာများကို ယူ။] တတြ-ထိုဥပမာတို့တွင်၊ ဣဒံ–ဤဆိုအပ်လတ္တံ့ကား၊ အမ္ဗောပမာမတ္တံ–သရက်သီး ဥပမာမျှတည်း၊ ကိရ–ချဲ့၊ ကော–တစ်ယောက်သော၊ ပုရိသော–သည် ဖလိတမ္ဗရုက္ခမူလေ–ဖြစ်သော အသီးရှိသော သရက်ပင်၏ အနီးအောက်၌ ["ဖလာနိ+သဉ္ဇာတာနိ+ယဿ+အတ္ထိတိ ဖလိတော"(အမ္ဗရုက္ခော)၊ သဉ္ဇာဝ အဿတ္ထိအနက်၌ ဣတ ပစ္စည်းသက်။] သသီသံ–ဦးခေါင်းနှင့်တကွ သေ တစ်ကိုယ်လုံးကို၊ ပါရုပိတွာ–ခြုံ၍၊ (တစ်နည်း) သသီသံပါရုပိတွာ–ခေါင်းမြှ ခြုံ၍၊ နိဒ္ဒါယန္တော–အိပ်ပျော်လတ်သော်၊ အာသန္နေ–အနီးအပါး၌၊ ပတိတဿ ကြွေကျသော၊ ဧကဿ–တစ်လုံးသော၊ အမ္ဗဖလဿ–သရက်သီး၏၊ သဒ္ဒေန အသံကြောင့်၊ ပဗုဇ္ဈိတွာ–နိုး၍၊ သီသတော–မှ၊ ဝတ္ထံ–အဝတ်ကို၊ အပနေတွာ ဖယ်၍၊ စက္ခုံ–မျက်လုံးကို၊ ဥမ္မီလေတွာ–ဖွင့်၍လည်းကောင်း၊ ဒိသွာစ မြင်၍လည်းကောင်း၊ တံ–ထို သရက်သီးကို၊ ဂဟေတွာ–၍၊ မဒ္ဒိတွာ–နှိပ်နှ ဥပသိဃိတွာ–နမ်းရှူ၍၊ ပက္ကဘာဝံ–မှည့်သည်၏ အဖြစ်ကို၊ ဝါ–မှည့်မှန်းက ဥတွာ–သိ၍၊ ပရိဘုဉ္ဇိတွာ–သုံးဆောင်၍၊ ဝါ–စား၍၊ မုခဂတံ–ခံတွင်း ရောက်သော သရက်သီးကို၊ သေမှေန–သလိပ်နှင့်၊ သဟ–တကွ၊ အဇ္ဈေ ဟရိတွာ–မျိုချ၍၊ ပုန–တစ်ဖန်၊ တတ္ထေဝ–ထိုသရက်ပင်၏ အနီးအောက်၌ပင် နိဒ္ဒါယတိ–အိပ်မြဲ အိပ်ပြန်၏။

တတ္ထ–ထိုဥပမာစကားရပ်၌၊ ပုရိသဿ–၏၊ နိဒ္ဒါယနကာလော–အိပ်ပျေ ရာအခါကို၊ (ဒဋ္ဌဗ္ဗော)ဝိယ–မှတ်ထိုက်သကဲ့သို့၊(တထာ–တူ၊)ဘဝင်္ဂကာလော ဘဝင်ဖြစ်ရာအခါကို၊ (ဒဋ္ဌဗ္ဗော–မှတ်ထိုက်၏၊ ဝီထိစိတ်မဖြစ်မီ ရှေ့ဂ ဘဝင်ဖြစ်ရာအခါကို မှတ်ပါ–ဟူလို၊) ဖလဿ–သရက်သီး၏၊ ပတိဝ ကာလော–ကြွေကျရာအခါကို၊ (ဒဋ္ဌဗ္ဗော)ဝိယ၊ (တထာ) အာရမဏဿ–၏ ပသာဒဃဋ္ဋနကာလေ–ပသာဒ၌ ထိခိုက်ရာအခါကို၊ (ဒဋ္ဌဗ္ဗော၊) တဿ-ထို သရက်သီး၏၊ သဒ္ဒေန–အသံကြောင့်၊ ပဗုဒ္ဓကာလော–နိုးရာအခါကို (ဒဋ္ဌဗ္ဗော) ဝိယ၊ တထာ အာဝဇ္ဇနကာလော–ဆင်ခြင်ရာအခါကို၊ (ဒဋ္ဌဗ္ဗော ဥမ္မီလေတွာ–ဖွင့်၍၊ ဩလောကိတကာလော–ကြည့်အပ်ရာအခါကို၊ (ဒဋ္ဌဗ္ဗော ဝိယ–ကဲ့သို့၊ (တထာ) စက္ခုဝိညာဏပ္ပဝတ္တိကာလော–စက္ခုဝိညာဉ်၏ ဖြစ်ရာ အခါကို၊ (ဒဋ္ဌဗ္ဗော)၊ ဂဟိတကာလော–ယူအပ်ရာအခါကိုပေ၊ သမ္ပဋိစ္ဆန ကာလော–သမ္ပဋိစ္ဆိုန်းဖြစ်ရာအခါကိုပေ၊မဒ္ဒနကာလော–နှိပ်ကြည့်ရာအခါကို

၊ပေ၊ ဥပသိဃ်နကာလော–နမ်းရှုုရာအခါကို၊ ပေ၊ ဝေါဠပနကာလော–ဝုဋ္ဌော ဖြစ်ရာအခါကို ၊ပေ၊ ပရိဘောဂကာလော–သုံးဆောင်ရာအခါကို၊ ပေ၊ ဇဝန ကာလေ–ဇောဖြစ်ရာအခါကို၊ ပေ၊ မုခဂတံ–ကို၊ သေမှေန–နှင့်၊ သဟ– ကွ၊ အဇ္ဈောဟရဏကာလော–မျိုချရာအခါကို၊ ပေ၊ တဒါရမဏကာလော– တဒါရုံဖြစ်ရာ အခါကို၊ ပေ၊ ပုန–ဖန်၊ နိဒ္ဒါယနကာလော–ကို၊ (ဒဋ္ဌဗ္ဗော)ဝိယ– ကဲ့သို့၊ (တထာ) ပုန–ဖန်၊ ဘဝင်္ဂကာလော–ကို၊ (ဒဋ္ဌဗ္ဗော–၏။)

စ–ဆက်၊ ဣမာယ ဥပမာယ–ဤ ဥပမာဖြင့်၊ ကိံ(အတ္ထဇာတံ)–အဘယ် အနက်သဘောသည်၊ ဝါ–ကို၊ ဒီပိတံ–ပြအပ်သည်၊ ဟောတိ–နည်း၊ အာရမဏ ဃ–၏၊ ပသာဒဃဋ္ဋနမေဝ–ပသာဒ၌ ထိခိုက်ခြင်းသည်သာ၊ [ဧဝ–ဖြင့် ဆင်ခြင်ခြင်း စသည်ကို ကန့်၊] ကိစ္စံ–ကိစ္စတည်း၊ ဝါ–တာဝန်တည်း၊ အာဝဇ္ဇ နဃ–န်း၏၊ ဝိသယာဘုဇနမေဝ–အာရုံကို နှလုံးသွင်းခြင်းသည်သာ၊ (ကိစ္စံ– တည်း၊ ဝါ–တည်း၊) စက္ခုဝိညာဏဃ–၏၊ ဒဿနမတ္တမေဝ–မြင်ခြင်းမျှ သည်သာ၊(ကိစ္စံ) သမ္ပဋိစ္ဆနာဒီနဥ္စ–န်းအစရှိသည်တို့၏လည်း၊ ပဋိဂ္ဂဏှနာဒိမတ္တ မေဝ–အာရုံကိုခံယူခြင်း အစရှိသည်မျှသည်သာ၊ (ကိစ္စံ)၊ ပန–စင်စစ်ကား၊ ဇဝနဿေဝ–ဇော၏သာလျှင်၊ အာရမဏရသာနုဘဝနံ–အာရုံ၏အရသာကို ခံစားခြင်းသည်၊(ဟောတိ–၏၊) တဒါရဏဃစ–၏လည်း၊ တေန–ထို ဇော သည်၊ အနုဘူတဿေဝ–ခံစားအပ်ပြီးသော အာရုံကိုသာလျှင်၊ အနုဘဝနံ– ထပ်၍ ခံစားခြင်းသည်၊ (ဟောတိ–၏၊) ဣတိ ဧဝံ–သို့၊ ကိစ္စဝသေန– ကိစ္စ၏အစွမ်းဖြင့်၊ ဓမ္မာနံ–ရူပါရုံစသော တရားတို့၏၊ အညမညံ–အချင်းချင်း၊ အသံကိဏ္ဏတာ–မရောယှက်ကုန်သည်၏ အဖြစ်သည်၊ ဝါ–ကို၊ ဒီပိတာ– သည်၊ ဟောတိ–၏။

ပန–ဆက်၊ဧဝံ–သို့၊ ပဝတ္တမာနံ–ဖြစ်သော၊ စိတ္တံ–ကို၊ [နိယုဥ္စကေ ကာရကေ တို့၌ စပ်၊) တွံ–သည်၊ ဝါ–က၊ အာဝဇ္ဇနံနာမ–အာဝဇ္ဇနမည်သည်၊ ဟုတွာ– ၍၊ ဘဝင်္ဂါနန္တရံ–ဘဝင်၏ အခြားမဲ့၌၊ (ဟောဟိ–ဖြစ်လော၊ ဝါ–ဖြစ်ရမည်၊) တွံ–သည်၊ဝါ–က၊ ဒဿနာဒီသု–ဒဿနအစရှိသည်တို့တွင်၊ [အာဒိဖြင့် ဝသန, ဃာယန,သာယန,ဖုသန,တို့ကိုယူ၊]အညတရံ–တစ်ပါးပါးသည်၊ ဟုတွာ–၍၊ အာဝဇ္ဇနာနန္တ ရံ–န်း၏အခြားမဲ့၌၊ (ဟောဟိ–လော၊ ဝါ–ရမည်၊)ဣတိအာဒိနာ– ဖြင့်၊ နိယုဥ္စကေ–တိုက်တွန်းတတ်သူသည်၊ ကာရကေ–စီမံအုပ်ချုပ် ပြုလုပ်တတ် သူသည်၊ အသတိပိ–မရှိပါဘဲလျက်လည်း၊ ဥတုဗီဇနိယာမာဒိဝိယ–ဥတုနိယာမ,

**ဥတုဗီဇနိယာမာဒိဝိယ**။ ။ဆောင်းဥတု၌ ပွင့်လေ့ သီးလေ့ရှိသော အပွင့်အသီးတို့၏ ထိုဆောင်းဥတု၌သာ ပွင့်ကြ သီးကြ၍ နွေ–မိုဃ်းဥတုတို့၌ မပွင့် မသီးကြခြင်းသည် ဥတုနိယာမတည်း၊ ဥတု၏ သဘောအလိုက် မြဲသောဖြစ်ခြင်း–ဟူလို၊ နွေ–မိုဃ်း ဥတုတို့၌ ဖြစ်ပုံလည်း နည်းတူ၊ သရက်မျိုးစေ့မှ သရက်ပင်ပေါက်၍ သရက်သီးကိုသာ သီးခြင်းသည်

ဗီဇနိယာမ,အစရှိသည်ကဲ့သို့၊ စိတ္တနိယာမဝသေနေ၀–စိတ္တနိယာမ၏ အစွမ်းဖြင့်သာလျှင်၊ ဝါ–စိတ်တို့၏ မြဲသောဖြစ်ခြင်း သဘော၏ အစွမ်းဖြင့်သာလျှင်၊ ပဝတ္တတိ–၏၊ ဣတိ–သို့၊ ဝေဒိတဗ္ဗံ–၏၊ [တိုက်တွန်းစိမ်တတ်သော ထာဝရဘုရားစသည်တို့၏ မရှိပုံကို ကမ္မဋ္ဌာန်းပိုင်းဘာသာဋီကာ ကခ်ါဝိတရဏာဝိသုဒ္ဓိ အဖွင့်၌ ပြထားပြီ။]

**၁၁။** ဧတ္တာဝတာ–ဤ မျှအတိုင်းအရှည်ရှိသော စိတ်အစဉ်ဖြင့်၊ သတ္တရသ စိတ္တက္ခဏာနိ–(၁၇)ချက်သော စိတ္တက္ခဏတို့သည်၊ ပရိပူရေန္တိ–ပြည့်ကုန်၏၊ ဣတိ(အယံ)–ကား၊ သမ္မန္နော–ပုဒ်တို့၏ စပ်ခြင်းတည်း၊ [ဧတ္တာဝတာကို စုဒ္ဒသဝိထိစိတ္တုပ္ပါဒါစသည်ကို ကျော်၍ "ပရိပူရေန္တိ"၌ စပ်ပါ–ဟူလို။]

**၁၂။** ["ယာဝ တဒါရမဏုပ္ပါဒါ"စသည်ကို ဖွင့်ပြလို၍ "အပ္ပဟောန္တာတီတကန္တိ"စသည်ကို မိန့်။] အပ္ပဟောန္တာတီတကန္တိ–ကား၊ အပ္ပဟောန္တံ–တဒါရုံဖြစ်သည့်တိုင်အောင် မစွမ်းနိုင်သည်၊ ဝါ–မလောက်သည်၊ ဟုတွာ–၍၊ အတီတံ–လွန်ပြီးသည်၊(ဟုတွာ–၍)["အာပါတမာဂတံ၌စပ်၊ အပ္ပဟောန္တံ+ဟုတွာ+အတီတံ အပ္ပဟောန္တာတီတကံ"ဟုပြု၊ သမာသန္တ ကပစ္စည်းသက်။] နတ္ထိ တဒါရမဏုပ္ပါဒေါတိ–ကား၊ တာဝ–ပန္နရသစိတ္တက္ခဏာယုကမှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌေ–သော၊) စုဒ္ဒသစိတ္တက္ခဏာယုကေ–ထင်ပြီးသည်မှ, စ၍ ရေတွက် (၁၄)ချက် စိတ္တက္ခဏအသက်ရှိသော အာရုံ၌၊ အာရမဏာသ–၏၊ နိရုဒ္ဓတ္တာဝ–ချုပ်ပြီး၏အဖြစ်ကြောင့်သာလျှင်၊ တဒါရမဏံ–တဒါရုံသည်၊ နုပ္ပဇ္ဇတိ–မဖြစ်နိုင်၊ ဟိ–မှန်၊ (တစ်နည်း) ဟိ(ယသ္မာ)–ကြောင့်၊ ဧကဝိထိယံ–တစ်ဝီထိတည်း၌၊

ဗီဇနိယာမ (မျိုးစေ့သဘောအတိုင်းမြဲသောဖြစ်ခြင်း)တည်း၊ အာဒိဖြင့် ကမ္မနိယာမ (ကုသိုလ်ကံ၏ ကောင်းကျိုးပေးခြင်း, အကုသိုလ်ကံ၏ မကောင်းကျိုး ပေးခြင်းအားဖြင့် ကံသဘောအတိုင်း မြဲသောဖြစ်ခြင်း)ကိုလည်းကောင်း, ဓမ္မနိယာမ (ပစ္ဆိမဘဝိက ဘုရားအလောင်း၏ ပဋိသန္ဓေနေရာအခါ၌ မြေလှုပ်ရခြင်း စသောအားဖြင့် သဗ္ဗညုဉာဏ်၏ အရင်းခံဖြစ်သော ပဋိသန္ဓေဓမ္မ၏ သဘောအတိုင်း မြေလှုပ်မှု စသည်တို့၏ အမြဲဖြစ်ခြင်း) ကိုလည်းကောင်း ယူပါ၊ စိတ္တနိယာမနှင့်ပေါင်းလျှင် နိယာမငါးမျိုး ဖြစ်၏။

**ဥတုဗီဇနိယာမောစ, ကမ္မ ဓမ္မနိယာမတာ၊**
**စိတ္တဿ နိယာမောစာတိ, ဧဝယ္မာ ပဉ္စနိယာမတာ**
**ပုပ္ပါဒိတာရဏာံတုလျ–ဖလုပ္ပါဒေါ ဝိပါကဒေါ၊**
**မဟီကမ္ပော စိတ္တုပ္ပတ္တိ, နိဒဿနမိဒံ ကမာ။**

**စုဒ္ဒသ ၊ပေ၊ နပ္ပဇ္ဇတိ။** ။ဒုတိယမဟန္တာရုံဝိထိကို ရည်ရွယ်၍"စုဒ္ဒသ၊ပေ၊ နပ္ပဇ္ဇတိ" ဟု မိန့်သည်၊"အပဟောန္တာတီတကံ"ဟု ဆိုသောကြောင့် မဟန္တာရုံဝိထိ၌ အတီတဘွင် နှစ်ချက် သုံးချက် လွန်ပြီးမှ ထင်လာရမည်၊ ထိုတွင် အတီတဘွင် သုံးချက် လွန်ပြီးမှ

ကေသုစိ–အချို့သောစိတ်တို့သည် [ပဉ္စဒွါရာဝဇ္ဇန်းမှ စ၍ သတ္တမဇောတိုင်အောင် စိတ်တို့ကို ယူ၊] ပစ္စုပ္ပန္နာရမဏေသု–ပစ္စုပ္ပန်အာရုံ ရှိကုန်လတ်သော်၊ ကာနိစိ–အချို့သောစိတ်တို့သည်၊ အတီတာရမဏာနိ–အတိတ်အာရုံ ရှိကုန်သည်၊ နဟောန္တိ–မဖြစ်ကုန်၊ (တသ္မာ–ကြောင့်၊ တဒါရမဏံ–သည်၊ နုပ္ပဇ္ဇတိ–နိုင်၊)

ပန္နရသစိတ္တက္ခဏာယုကေပိ–ထင်ပြီးသည်မှ စ၍ရေတွက်, (၁၅)ချက် စိတ္တက္ခဏအသက်ရှိသော အာရုံ၌လည်း၊ ဇဝနုပ္ပတ္တိတော–ဇောခုနစ်ကြိမ်ဖြစ်ရာ အခါမှ၊ ပရံ–နောက်၌၊ ဧကမေဝစိတ္တက္ခဏံ–စိတ္တက္ခဏတစ်ချက်ခန့်ကာလသည်သာလျှင်၊ အဝသိဋ္ဌံ–ကြွင်းကျန်တော့၏၊ [အာရုံအသက် စိတ္တက္ခဏတစ်ချက်ခန့်သာကျန်တော့သည်–ဟူလို၊] ဣတိ–ကြောင့်၊ ဒွိက္ခတ္တုံ–နှစ်ကြိမ်၊ တဒါရမဏုပ္ပတ္တိယာ–တဒါရုံဖြစ်ခြင်း၏၊ အပ္ပဟောနကဘာဝတော–မလောက်သည်၏အဖြစ်ကြောင့်၊ ဒုတိယတဒါရမဏဿ–ဒုတိယတဒါရုံ၏၊ ဥပ္ပတ္တိ–ဖြစ်ခြင်းသည်၊ နတ္ထိ–မရှိ၊ ဣတိ–ကြောင့်၊ ပဌမမ္ပိ–ပဌမတဒါရုံသည်လည်း၊ နုပ္ပဇ္ဇတိ–မဖြစ်တော့၊ဟိ–မှန်၊ဒွိက္ခတ္တုမေဝ–နှစ်ကြိမ်သာလျှင်၊တဒါရမဏုပ္ပတ္တိ–ကို၊ ပါဠိယံ–စိတ်အကြိမ်ကို ရေတွက်ရာပါဠိ၌၊ နိယမိတာ–သတ်မှတ်အပ်ပြီ၊ (ကသ္မာ ဝိညာယတိ၊) စိတ္တပ္ပဝတ္တိဂဏနာယံ – စိတ်ဖြစ်ပုံကို ရေတွက်ရာ

---

ထင်လာသော ဒုတိယမဟဂ္ဂတ္တာရုံ၌ စိတ္တက္ခဏတစ်ဆယ့်လေးချက်သာ အာရုံအသက်ကျန်တော့၏၊ ဘဝင်္ဂစလနမှ စ၍ သတ္တမဇောတိုင်အောင် ရေတွက်လျှင် စိတ်အစဉ်လည်း (၁၄)ကြိမ် ရှိသွားပြီ၊ အာရုံလည်း (၁၇)ချက် အသက်စေ့၍ ချုပ်လေပြီ၊ ထိုကြောင့် တဒါရုံဖြစ်ခွင့်မရှိတော့ရကား "နတ္ထိ တဒါရမဏုပ္ပါဒေါ"ဟု သင်္ဂြိုဟ်၌ မိန့်သည်၊

**နဟိ ။ပေ၊ ဟောန္တိ**။ ။အာရုံက ချုပ်ပြီးဖြစ်လျှင် ထိုချုပ်ပြီးသော အတိတ်အာရုံကို အာရုံပြု၍ တဒါရုံဖြစ်သင့်သည် မဟုတ်လော–ဟု စောဒနာဘွယ်ရှိ၍ "နဟိ"စသည် မိန့်၊ မဂ္ဂဝီထိ ဖလဝီထိမှတစ်ပါးသော အခြားဝီထိများ၌ တစ်ဝီထိထည်းဝယ် ပဉ္စဒွါရာဝဇ္ဇန်းစသော တချို့စိတ်က ပစ္စုပ္ပန်ကို အာရုံပြု၍ တချို့စိတ်ကအတိတ်ကို အာရုံပြုသော အားဖြင့် မကွဲပြားကောင်းသောကြောင့် အတိတ်ကို အာရုံပြု၍ တဒါရုံမဖြစ်သင့်–ဟူလို။

**ပန္နရသ ။ပေ၊ နုပ္ပဇ္ဇတိ**။ ။အတီတဘဝင် နှစ်ချက်အလွန်တွင် ထင်လာသောအာရုံ၌ စိတ္တက္ခဏ အသက် (၁၅)ချက် ရှိသေး၍ တဒါရုံတစ်ကြိမ် ဖြစ်လောက်သေးသည် မဟုတ်လော၊ အဘယ့်ကြောင့် တဒါရုံ မဖြစ်သနည်း–ဟု မေးဘွယ်ရှိ၍ "ပန္နရသ ။ပေ၊ နုပ္ပဇ္ဇတိ"ဟု မိန့်သည်၊ ဒုတိယတဒါရုံဖြစ်ဘို့ရန် အာရုံက မလောက်သောကြောင့် ပဌမတဒါရုံလည်း မဖြစ်တော့။

**ဒွိက္ခတ္တုံ ။ပေ၊ အာဂတတ္တာ**။ ။[စိတ်အကြိမ်ကို ရေတွက်ပြရာဖြစ်သော အဋ္ဌသာလိနီ ဝိပါကုဒ္ဓါရကထာပါဠိကို "ပါဠိယံ"ဟု ဆိုသည်၊] ဒုတိယတဒါရုံမဖြစ်လျှင် ရှိပါစေတော့ "ပဌမတဒါရုံ၏ မဖြစ်ခြင်းကိုကား အဘယ့်ကြောင့် သိနိုင်သနည်း"ဟု မေးဖွယ်ရှိ၍ "ဒွိက္ခတ္တုမေဝဟိ"စသည် မိန့်၊ စိတ်ဖြစ်ပုံကို ရေတွက်၍ ပြရာဖြစ်သော (အဋ္ဌသာလိနီ)

ဝိပါကုဒ္ဒါရကထာ၌၊ သဗ္ဗဝါရေသု–အလုံးစုံသောဝါရတို့၌၊ [ရူပါရုံကို အာရုံပြု၍ စိတ်ဖြစ်ရာဝါဒ သဒ္ဒါရုံကို အာရုံပြု၍ စိတ်ဖြစ်ရာဝါဒ စသည်တို့ကို ယူ။] တဒါရမဏာနိ ဒွေတိ–တဒါရမဏာနိ ဒွေဟူ၍၊ ဒွိန္နမေဝ–နှစ်ကြိမ်သာလျှင်ဖြစ်ကုန်သော၊ စိတ္တဝါရာနံ–စိတ်အကြိမ်တို့၏၊ အာဂတတ္တာ–လာကုန်သည်၏အဖြစ်ကြောင့်၊ (ပါဠိဝိယံ–၌၊ နိယမိတာ–ပြီ၊ ဣတိ ဝိညာယတိ။)

ပန–ဆက်၊ ပရမတ္ထဝိနိစ္ဆယေ–၌၊ သကိံ ။ပေ၊ ဝဇ္ဇနာယောတိ–ဒယောဟူသော၊ ယံ–အကြင်စကားကို၊ ဝုတ္တံ–ပြီ၊ တံ–ထိုစကားကို၊ မဇ္ဈိမဘာဏကမတာနုသာရေန–မဇ္ဈိမဘာဏကထေရ်တို့၏အလိုသို့ အစဉ်လိုက်သဖြင့်၊ ဝုတ္တံ–ပြီ၊ ဣတိ–သို့၊ ဒဋ္ဌဗ္ဗံ–၏၊ [သကိံ–တစ်ကြိမ်သော်လည်းကောင်း၊ ဒွေဝါ–နှစ်ကြိမ်တို့သော်လည်းကောင်း၊ တဒါလမ္ဗ–တဒါရုံသည်၊ (ဟောတိ)၊ အာဝဇ္ဇနာဒယော–န်း အစရှိသောစိတ်တို့သည်၊ သကိံ–ကြိမ်၊ (ဟောန္တိ၊)] ပန–ဆက် ယသ္မာ–ကြောင့်၊ မဇ္ဈိမဘာဏကာနံ–မဇ္ဈိမဘာဏကထေရ်တို့၏၊ ဝါဒေါ–ဝါဒကို၊ ဟေဋ္ဌာ–၌၊ ဝုတ္တပါဠိယာ–ဆိုအပ်ပြီသောပါဠိနှင့်၊ အသံ သန္ဒနတော–မနီးနှော မတိုက်ဆိုင်ခြင်းကြောင့်၊ သမ္မောဟဝိနောဒနိယံ–သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌၊ ပဋိက္ခိတ္တော၀–ပယ်အပ်ပြီးသည်သာ၊ တသ္မာ–ကြောင့်၊ အာစရိယေနပိ–အရှင်အနုရုဒ္ဓါဆရာသည်လည်း၊ အတ္တနာ–မိမိသည်၊ အနဓိပ္ပေတတ္တာ ယေဝ–တစ်ကြိမ်ဖြစ်ခြင်းကို အလိုမရှိအပ်သည်၏ အဖြစ်ကြောင့်သာလျှင်၊ ဣမဗေဝ–ဤအဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၌လည်းကောင်း၊ နာမရူပပရိစ္ဆေဒေ စ–ကျမ်း၌လည်းကောင်း၊ သကိံ–တစ်ကြိမ်၊ တဒါရမဏုပ္ပတ္တိ–ကို၊ န ဝုတ္တာ–မဆိုအပ်။

ဝိပါကုဒ္ဒါရကထာ၌ ဝါရတိုင်းမှာပင် "တဒါရမဏာနိ ဒွေ"ဟု တဒါရုံ နှစ်ကြိမ်ဖြစ်ပုံကိုသာ ပြသောကြောင့် တဒါရုံ၏ဖြစ်ခြင်းကို နှစ်ကြိမ်သာ အမြဲသတ်မှတ် ထားရကား ပဥ္စမ တဒါရုံလည်း တစ်ကြိမ်တည်း မဖြစ်ဟု သိနိုင်သည်–ဟူလို၊ [ဉာပကဟိတ်ဖြစ်၍ "သိနိုင်သည်"ဟု ထည့်ရသည်။]

**ယံ ပန ။ပေ၊ ဒဋ္ဌဗ္ဗံ။** ။သို့ဖြစ်လျှင် အရှင်အနုရုဒ္ဓါစီရင်အပ်သော ပရမတ္ထဝိနိစ္ဆယ၌ "သကိံ ဒွေ ဝါ တဒါလမ္ဗံ"ဟု တဒါရုံတစ်ကြိမ်ဖြစ်ပုံကို ဆိုထား၏၊ ထိုစကားကို အဘယ်သို့ မှတ်ရမည်နည်းဟု မေးဖွယ်ရှိသောကြောင့် "ယံ ပန"စသည် မိန့်၊ ထိုစကားကို မဇ္ဈိမနိကာယ်ဆောင်ထေရ်တို့၏ အလိုအတိုင်း ဆိုအပ်သောစကားဟု မှတ်ပါ–ဟူလို။

**ယသ္မာပန ။ပေ၊ န ဝုတ္တာ။** ။ထိုဝါဒကို သမ္မောဟဝိနောဒနီအဋ္ဌကထာ၌ အရှင်မဟာဗုဒ္ဓဃောသထေရ်သည် ပယ်အပ်ပြီး ဖြစ်၍ မိမိ(အရှင်အနုရုဒ္ဓါ)လည်း တစ်ကြိမ် ဖြစ်ခြင်းကို အလိုမရှိသောကြောင့် ဤသင်္ဂြိုဟ်ကျမ်း၌လည်းကောင်း, နာမရူပပရိစ္ဆေဒ ကျမ်း၌လည်းကောင်း တဒါရုံတစ်ကြိမ်ဖြစ်ခြင်းကို မဆိုဘဲထားသည်။

[ယာဝဇဝနုပ္ပါဒါပိ စသောဝါကျကို ဖွင့်ပြလို၍ "ဝေါဋ္ဌပနုပ္ပါဒတော"စသည်ကို မိန့်၊ ] ဝေါဋ္ဌပနုပ္ပါဒတော-ဝုဋ္ဌော တစ်ကြိမ်ဖြစ်ရာအခါမှ၊ ပရံ-၌၊ ဆစိတ္တက္ခဏာဝသိဋ္ဌာယုကမ္ပိ-စိတ္တက္ခဏ ခြောက်ချက်ကြွင်းကျန်သော အသက်ရှိသည်လည်းဖြစ်သော၊ အာရမဏံ-သည်၊ အပ္ပာယုကဘာဝေန-နည်းသောအသက်ရှိသည်၏အဖြစ်ကြောင့်၊ဝါ-အတွက်၊ ပရိဒုဗ္ဗလတ္တာ-ထက်ဝန်းကျင်အားမရှိသည်၏ အဖြစ်ကြောင့်၊ ဇဝနုပ္ပတ္တိယာ-၏၊ ပစ္စယော-အကြောင်းသည်၊ န ဟောတိ-မဖြစ်နိုင်၊ ဟိ-မှန်၊ ဇဝနံ-သည်၊ ဥပ္ပန္နမာနံ-ဖြစ်ရသည်ရှိလတ်သော်၊ နိယမေန-အမြဲအားဖြင့်၊ သတ္တက္ခဏာယုကေယေဝ-(၇)ချက်စိတ္တက္ခဏအသက်ရှိသော အာရုံ၌သာလျှင်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏၊ ဣတိ အဓိပ္ပာယေန-ဤသို့သော အလိုဖြင့်၊ ဇဝနမ္ပိ အနုပ္ပဇ္ဇိတွာတိ-ဟူ၍၊ အာဟ-ပြီ။

စ-ဆက်၊ အယံ တွာပစ္စယော-အနုပ္ပဇ္ဇိတွာ၌ ဤတွာပစ္စည်းသည်၊ ဟေတုမှိ-ဟိတ်အနက်၌၊ (ဟောတိ-၏၊) ဇဝနဿပိ-၏လည်း၊ အနုပ္ပတ္တိယာ-မဖြစ်ခြင်းကြောင့် ့ ဣတိ အတ္ထော၊ [ဇဝနမ္ပိ-ဇော၏လည်း၊ အနုပ္ပဇ္ဇိတွာ-မဖြစ်ခြင်းကြောင့်"ဟုသကြိုဟ်၌အနက်ပေးပါ-ဟူလို၊] ဟိ-လဒ္ဓဒေါသ ထင်ရှားပြအံ့၊ (တစ်နည်း) ဟိ(ယသ္မာ)-ကြောင့်၊ ဣတရထာ-ဤသို့ မဟုတ်လျှင်၊ [(တစ်နည်း) ဣတရထာ-ဟိတ်အနက်မှတစ်ပါးသော အခြင်းအရာအားဖြင့်၊ အတ္ထော-ပုဗ္ဗကာလကြိယာဝိသေသနအနက်ကို၊ဂယှမာနေ-သော်၊] အပရကာလကြိယာယ-ပရိဝတ္တတိဟူသော အပရကာလကြိယာနှင့်၊ သမာနကတ္တုကတာ-

---

**ဝေါဋ္ဌပနုပ္ပါဒတော ၊ပေ၊ န ဟောတိ**။ ။အတီတဘဝင် လေးကြိမ်လွန်ပြီးနောက်ဘဝင်္ဂစလနမှ စ၍ ဝုဋ္ဌောတစ်ကြိမ်တိုင်အောင် ရေတွက်လျှင် အာရုံအသက် (၁၁)ချက်ရှိပြီ၊ ထို့ကြောင့် "ဆစိတ္တက္ခဏာဝသိဋ္ဌာယုကမ္ပိ အာရမဏံ"ဟု ဆိုသည်၊ ထို စိတ္တက္ခဏခြောက်ချက်ခန့်အသက်ကြွင်းရှိသော အာရုံသည် အလွန်အားနည်းသည့်အတွက် ဇောဖြစ်ဖို့ရန် ကျေးဇူးမပြုနိုင်၊ ကာမဇောမှန်လျှင် ရိုးရာအားဖြင့် ခုနစ်ကြိမ် ဖြစ်ရိုးရှိ၏၊ စိတ္တက္ခဏခြောက်ချက် အသက်ကြွင်းရှိသော အာရုံ၌ ဇောခုနစ်ကြိမ် မစောလောက်သော့ကြောင့်ဇောမဖြစ်တော့-ဟူလို။

**ဣတရထာဟိ**။ ။"အနုပ္ပဇ္ဇိတွာ-မဖြစ်ခြင်းကြောင့်"ဟု ဟိတ်အနက် မပေးဘဲ၊ "မဖြစ်မူ၍"ဟု ကြိယာဝိသေသန အနက်ပေးလျှင် အနုပ္ပဇ္ဇိတွာ၏ ကတ္တားသည် "ဇဝနံ"ဖြစ်၍ ပရိဝတ္တတိ၏ ကတ္တားက ဝေါဋ္ဌပနံ ဖြစ်သောကြောင့် ကတ္တားမတူဘဲဖြစ်လိမ့်မည်၊ ကတ္တားမတူလျှင် ဧကကတ္တုက မဟုတ်သောကြောင့် "ပုဗ္ဗကာလေကကတ္တုကာနံ"သုတ်ဖြင့် တွာပစ္စည်း မသက်နိုင်ဘဲ ရှိလိမ့်မည်၊ "မဖြစ်ခြင်းကြောင့်"ဟု ဟိတ်အနက်ပေးလျှင်ကား ဇဝနံကိုလည်း ကတ္တားအနက် မပေးရ "၏"ဟု သမ္ဗန်အနက်သာ ပေးရသောကြောင့် ကတ္တားတူဖွယ် မလိုတော့-ဟူလို။ [အခြေပြ၍ ဤအဓိပ္ပါယ်ကို ပြထားပြီ။]

တူသော ကတ္တားရှိသည်၏ အဖြစ်ကို၊ န လဗ္ဘတိ-မရအပ်၊ ကြတိ-ကြောင့်၊ (အယံ တွာပစ္စယော-သည်၊ ဟေတုမှိ-၌၊ ဟောတိ-၏၊) ဒွတ္တိက္ခတ္တုန္တိ-ကား၊ ဒွိက္ခတ္တုံ ဝါ-နှစ်ကြိမ်သော်လည်းကောင်း၊ တိက္ခတ္တုံ ဝါ-သော်လည်း ကောင်း၊ (ပရိဝတ္တတိ-၏)

ပန-ဝါဒန္တရ၊ ကေစိ-တို့သည်၊ တိက္ခတ္တုန္တိ ကြဒံ-တံဟူသော ဤသဒ္ဒါသည်၊ ဝစနသိလိဋ္ဌတာမတ္တပယောဇနံ-သဒ္ဒါ၏ ပြေပြစ်ချောမောသည်၏ အဖြစ်မျှသာ အကျိုးရှိ၏၊ ကြတိ-သို့၊ ဝဒန္တိ-န်၏၊ [ဝါစာသိလိဋ္ဌ အကျိုးငှါသာ "တိက္ခတ္တုံ" ဟု ဆိုထားသည်၊ အနက်အထူး မရှိ-ဟူလို၊] ပန-ဆက်၊ တံ-ထိုကေစိ ဆရာတို့၏ စကားသည်၊ တေသံ-ထိုကေစိဆရာတို့၏၊ အဘိနိဝေသမတ္တံ-များမှားယွင်းယွင်း နှလုံးသွင်းခြင်းမျှသာတည်း၊ [မှားမှားယွင်းယွင်း နှလုံးသွင်း ခြင်းကြောင့် ဆိုအပ်သော စကားဖြစ်သည်-ဟူလို။] ဟိ-မှန်၊ ဒွိက္ခတ္တုံ ၊ပေ၊ ပရိဝတ္တတိတိ-တိဟူ၍၊ ဝုတ္တေပိ-ဆိုအပ်သော်လည်း၊ [တိ မပါဘဲ ဆိုအပ်သော် လည်း-ဟူလို၊] ဝစနဿ-သဒ္ဒါ၏၊ အသိလိဋ္ဌဘာဝေါ-မချောမောသည်၏ အဖြစ်သည်၊ န အတ္ထိ-မရှိ၊ တိက္ခတ္တုံ-ကြိမ်၊ ပဝတ္တိယာ-ဝုဋ္ဌော ဖြစ်ခြင်းကို၊ ဗာဓကံ-တားမြစ်တတ်သော၊ ကိဉ္စိ ဝစနံ စ-တစ်စုံတစ်ခုသော သဒ္ဒါသည်လည်း၊ အဋ္ဌကထာဒီသု-အဋ္ဌကထာ ဋီကာတို့၌၊ န အတ္ထိ၊ ဧဝဉ္စ ကတွာ-ဤ အကြောင်းကြောင့်၊ [အဋ္ဌကထာ ဋီကာတို့၌ တားမြစ်ချက် မရှိသောကြောင့်၊] တတ္ထတတ္ထ-ထိုထိုအဖွင့်တို့၌၊ [အဋ္ဌကထာ ဋီကာတို့မှတစ်ပါး သီဟိုဠ်လို ရေးသားအပ်သော ကျမ်းစာတို့၌၊] သီဟဠသံဝဏ္ဏနာကာရာပိ-သီဟိုဠ်အဖွင့်ကို ပြုသော ဆရာတို့သည်လည်း၊ ဒွိက္ခတ္တုံ ဝါ တိက္ခတ္တုံ ဝါ ကြစ္စေဝ-ဝါ ဟူ၍ပင်၊ ဝဏ္ဏေန္တိ-န်၏၊ [မိမိ ဖွင့်သလို ဖွင့်ကြသည်-ဟူလို။]

ဝေါဋ္ဌပနမေဝ ပရိဝတ္တတိတိ-ကား၊ ဝေါဋ္ဌပနမေဝ-သည်သာ၊ ပုနပ္ပုနံ-အဖန်ဖန်၊ ဥပ္ပဇ္ဇတိ-၏၊ ["ပရိဝတ္တတိ" ပါဠ်ကိုယူ၍ ပရိကို "ပုနပ္ပုနံ" ဟု ဖွင့်ဟန် တူသည်၊ မဏိမဉ္ဇူဋ္ဌ်ကား ပဝတ္တတိပါဠ်ကိုယူ၍ "ပုနပ္ပုနံ" ကို "ဒွတ္တိက္ခတ္တုံ" အတွက် အပိုရအပ်သော သာမတ္ထိယအနက်ဟုဆိုသည်။] ပန-ဆက်၊ တံ-ထို ဝုဋ္ဌော်သို့၊ အပ္ပတွာ-မရောက်မူ၍၊ အန္တရာ-ဝုဋ္ဌော မဖြစ်မီ အကြား၌၊ စက္ခုဝိညာဏာဒီသု-စက္ခုဝိညာဉ် အစရှိသည်တို့၌၊ [အာဒိဖြင့် သမ္ပဋိစ္ဆိုန်း, သန္တီရဏတို့ကို ယူ၊] ဌတွာ-၍၊ စိတ္တပ္ပဝတ္တိယာ-ဝီထိစိတ်တို့၏ ဖြစ်ခြင်း၏၊ နိဝတ္တနံ-ဆုတ်နစ်ခြင်းသည်၊ နတ္ထိ-မရှိ၊ [အဋ္ဌသာလိနီ ဝိပါကုဒ္ဒါရကထာ၌ လာသော "ကြိယာမနောဓာတုယာ ၊ပေ၊ နေတံ ဌာနံ ဝိဇ္ဇတိ" ကို မှီ၍ ဆိုအပ်သော် စကားဖြစ်သည်၊ ထိုအဆိုကို ဘာသာဋီကာ၌ ပြထားပြီ။]

ပန-ဝါဒန္တရ၊ အာနန္ဒာစရိယော-အရှင် အာနန္ဒာဆရာသည်၊ [ဒီပေတိ၌စပ်၊] ဒွေ-ဤ ဝုဋ္ဌော နှစ်ကြိမ်သုံးကြိမ် ဖြစ်ရာ၌၊ အာဝဇ္ဇနာ ၊ပေ၊ ပစ္စယောတိ-ပစ္စယော ဟူ၍၊ အာဝဇ္ဇနာယ-မနောဒွါရာဝဇ္ဇန်း၏၊[အနန္တရပစ္စယဘာဝ၌ စပ်၊]

ကုသလာကုသလာနံ–ကုသိုလ် အကုသိုလ်တို့၏၊ [ပစ္စယဘာဝဥ္စ စပ်၊] အနန္တရ ပစ္စယဘာဝသ–အနန္တရပစ္စည်း အဖြစ်၏၊ [တ္တပစ္စည်း၌စပ်၊] ဝါ–ကို၊ [ဝုတ္တာဝယ် တပစ္စည်း၌ စပ်၊] ဝုတ္တတ္တာ–ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်လည်း ကောင်း၊ ဝေါဋ္ဌပနာဝဇ္ဇနာနံ–ဝုဋ္ဌောအာဝဇ္ဇန်းတို့၏၊ အတ္တန္တရာဘာဝတော စ–အနက်အထူး၏ မရှိခြင်းကြောင့်လည်းကောင်း၊ [တစ်မျိုးထည်းဖြစ်သော ကြောင့်–ဟူလို၊] ဥပတ္တိယံ–ဖြစ်ခြင်းသည်၊ သတိ–သော်၊ ဝေါဋ္ဌပနံ–သည်၊ (ဝုဋ္ဌောမှန်လျှင်၊) ကာမာဝစရကုသလာကုသလကြိယဇဝနာနံ–ကာမာဝစရ ကုသိုလ် အကုသိုလ်ကြိယာဇောတို့၏၊ ဧကန္တတော–စင်စစ်အားဖြင့်၊ အနန္တရ ပစ္စယဘာဝေနေဝ–အနန္တရပစ္စည်း၏အဖြစ်ဖြင့်သာလျှင်၊ ပဝတ္တေယျ–ဖြစ်ရာ၏၊ အညထာ–တစ်ပါးသော အခြင်းအရာအားဖြင့်၊ [အနန္တရသတ္တိမရှိသော အခြင်း အရာအားဖြင့်၊] နော(ပဝတ္တေယျ)–မဖြစ်ရာ၊ ဣတိ–ကြောင့်၊ မုဋ္ဌာကာလာဒီသု–မုဋ္ဌာကာလအစရှိသည်တို့၌၊ မန္ဒီဘူတဝေဂတာယ–နံ့သည်ဖြစ်၍ဖြစ်သော အဟုန် ရှိသည်၏အဖြစ်ကြောင့်၊ ဇဝနာပါရိပူရိယာ–ဇောခုနစ်ကြိမ် မပြည့်ခြင်းဖြင့်၊ ပရိတ္တာရမဏံ–ပရိတ္တာရုံကို၊ နိယမိတဗ္ဗံ–သတ်မှတ်ထိုက်၏၊ ဝေါဋ္ဌပနဿ–၏၊ ဒွတ္တိက္ခတ္တုံ–ကြိမ်၊ ပဝတ္တိယာ–ဖြစ်ခြင်းဖြင့်၊(ပရိတ္တာရမဏံ–ကို၊ န နိယမိတဗ္ဗံ–မသတ်မှတ်ထိုက်၊) ဣတိ–ဤအနက် အဓိပ္ပာယ်ကို၊ ဒီပေတိ–ပြ၏။

(အာနန္ဒာစရိယော-သည်၊) ဇဝံ–ဤသို့၊ ဝါ–ဤအဓိပ္ပာယ်ကို၊ ကိဉ္စာပိ ဒီပေတိ–အကယ်၍ကား ပြပါပေ၏၊ ပန–ထိုသို့ပင် ပြပါသော်လည်း၊ တိဟေတုက ဝိပါကာနိ–တိဟိတ်ဝိပါက်စိတ်တို့သည်၊ အနန္တရပစ္စယဘာဝေန–ဖြင့်၊ ဝုတ္တာ နေဝ–ဟောတော်မူအပ်ကုန်လျက်ပင်၊ ခီဏာသဝါနံ–တို့၏၊ စုတိဝသေန– စုတိ၏ အဖြစ်ဖြင့်၊ ပဝတ္တာနိ–န်သည်၊ (သမာနာနိ–န်လသော်၊) ကဿစိ–

**အာနန္ဒာ ၊ပေ၊ ဒီပေတိ**။ ။မူလဋီကာဆရာ အရှင်အာနန္ဒာသည် ဝုဋ္ဌောနှစ်ကြိမ် သုံးကြိမ်ဖြစ်ခြင်းကို အလိုမရှိ၊ "အာဝဇ္ဇန်းသည် ကုသိုလ် အကုသိုလ်ခန္ဓာ(ဇော)တို့အား အနန္တရသတ္တိဖြင့် ကျေးဇူးပြု၏"ဟု ပဋ္ဌာန်းပါဠိတော်၌ ဟောတော်မူ၏၊ ဝုဋ္ဌောနှင့် မနောဒွါရာဝဇ္ဇန်းလည်း တစ်မျိုးတည်းဖြစ်၏၊ ထို့ကြောင့် ဝုဋ္ဌောဖြစ်လျှင် ဧကန်ဇော စောရမည်၊ ထို့ကြောင့် အာရုံက ချုပ်ခါနီး၍ ဇောခုနစ်ကြိမ် မစောလောက်လျှင် မုဋ္ဌာကာလ, မရဏာသန္နကာလတို့၌ကဲ့သို့ ဇောလေးကြိမ် ငါးကြိမ် စောထိုက်၏၊ ထိုမျှလောက်မှ ဇော မစောနိုင်လျှင် အစကပင် ပဉ္စဒွါရာဝဇ္ဇန်းစသည်တို့ မဖြစ်သင့်–ဟု ယူဆလေသည် [မူလဋီကာပါဠိကို တိုက်ရိုက်ယူ၍ မဆိုသောကြောင့် "ဒီပေတိ–ထိုမူလဋီကာဆရာက ဤအဓိပ္ပာယ်ကို ပြ၏"ဟု ဆိုသည်။]

**ကိဉ္စာပိဧဝံဒီပေတိ**။ ။ဤသို့ ပြသော်လည်း အနန္တရပစ္စည်းအဖြစ်ဖြင့် ဟောထား တော်မူပါလျက် အကြောင်းချို့တဲ့လျှင် ထိုပစ္စည်းမတပ်သောအရာလည်း ရှိသေး၏၊ ဥပမာ–တိဟိတ်(ပဋိသန္ဓေ,ဘဝင်,စုတိကိစ္စတပ်သောဝိပါက်များကို အနန္တရပစ္စည်းအဖြစ်ဖြင့်

တစ်စုံတစ်ခုသော နောက်စိတ်၏၊ အနန္တရပစ္စယဘာဝံ–သို့၊ န ဂစ္ဆန္တိ–မရောက်ကုန်၊ ဣတိ–ထို့ကြောင့်၊ တာနိဝိယ–ထို တိဟိတ်ဝိပါက်စိတ်တို့ကဲ့သို့၊ ဝေါဋ္ဌပနမ္ပိ–သည်လည်း၊ ပစ္စယဝေကလ္လတော–အကြောင်းချို့တဲ့သည်၏ အဖြစ်ကြောင့်၊ ကုသလာကုသလာနံ–တို့၏၊ [အာဒိဖြင့် ကြိယာကို ယူ] အနန္တရပစ္စယော–သည်၊ န ဟောတိ–မဖြစ်၊ ဣတိ–သို့၊ ဝတ္တုံ–ဆိုခြင်းငှာ၊ န န သက္ကာ–မတတ်ကောင်းမဟုတ် တတ်ကောင်းသည်သာ၊ တသ္မာ–ကြောင့်၊ အဋ္ဌကထာသု–တို့၌၊ အာဂတနယေနေဝ–လာသောနည်းဖြင့်သာလျှင်၊ ဧတ္ထ–ဤ သင်္ဂြိုဟ်ကျမ်း၌၊ ပရိတ္တာရမဏံ–ပရိတ္တာရုံကို၊ နိယမိတံ–သတ်မှတ်အပ်ပြီ၊ ဣတိ–ဤသို့ မှတ်ထိုက်၏။

[ယာဝ ဝေါဋ္ဌပနုပ္ပါဒါ စ ပနစသော အတိပရိတ္တာရုံဝီထိကို ဖွင့်ပြလိုသော ကြောင့်၊ "နတ္ထိ ဝီထိစိတ္တုပ္ပါဒေါတိ"စသည်ကိုမိန့်၊] နတ္ထိ ဝီထိစိတ္တုပ္ပါဒေါတိ–ကား၊ ဥပရိမကောဋ္ဌာသ–အထက်၌ဖြစ်သော အပိုင်းအခြားဖြင့်၊ ဝါ–အလွန်ဆုံးအပိုင်းအခြားဖြင့်၊ သတ္တစိတ္တက္ခဏာယုကဿပိ–(၇)ချက်စိတ္တက္ခဏအသက်ရှိသော အာရုံ၏လည်း၊ [အတီတဘဝင် (၁၀)ကြိမ်လွန်ပြီးမှ ထင်လာသောကြောင့် (၇)ချက်ခန့် အသက်ကြွင်း ရှိသေးသော်လည်း၊] ဒွတ္တိက္ခတ္တုံ–ကြိမ်၊ ဝေါဋ္ဌပနုပ္ပတ္တိယာ–၏၊ အပ္ပဟောနကဘာဝတော–မလောက်သည်၏ အဖြစ်ကြောင့်၊ ဝီထိစိတ္တာနံ–တို့၏၊ ဥပ္ပါဒေါ–သည်၊ နတ္ထိ–မရှိ၊ ဘဝင်္ဂပါတောဝ–ဘဝင်၏ကျခြင်းသည်သာလျှင်၊ ဟောတိ၊ ဣတိ(အယံ)–ကား၊ အဓိပ္ပာယော–အရှင်အနုရုဒ္ဓါ၏အလိုတည်း၊ ["ဘဝင်္ဂပါတောဝ"ဟု တိုက်ရိုက် မဆိုသော်လည်း "နတ္ထိ ဝီထိစိတ္တုပ္ပါဒေါ–ဝီထိစိတ်တို့၏ ဖြစ်ခြင်းမရှိ"ဟု ဆိုသဖြင့် "ဘဝင်ကျရတော့သည်သာ"ဟူသော အဓိပ္ပာယ်ပင်ဖြစ်သည်–ဟူလို။] ဘဝင်္ဂစလနမေဝါတိ(ဧတ္ထ)–ပါဌ်၌၊ အဝဓာရဏဖလံ–ဧဝသဒ္ဒါ၏ အကျိုးကို၊ ဒဿေတုံ–ငှာ၊ နတ္ထိ ဝီထိစိတ္တုပ္ပါဒေါတိ–ဟူ၍၊ ဝုတ္တံ–ပြီ၊ ပန–ဝါဒန္တရ၊ အပရေ–တို့သည်၊ နတ္ထိ ဘဝင်္ဂုပစ္ဆေဒေါတိ–ဟူ၍၊ အဝဓာရဏဖလံ–ကို၊ ဒဿေန္တိ–ပြကြကုန်၏၊ ပန–ထိုသို့ပင် ပြကြပါကုန်သော်လည်း၊ တံ–ထိုဘဝင်္ဂုစ္ဆေဒ၏ မရှိခြင်းသည်၊ ဝီထိစိတ္တုပ္ပါဒါဘာဝဝစနေနေဝ–ဝီထိစိတ်ဖြစ် ခြင်း၏ မရှိခြင်းကို ဆိုကြောင်းဖြစ်သော နတ္ထိ ဝီထိစိတ္တုပ္ပါဒေါဟူသောစကားဖြင့်ပင်၊ သိဒ္ဓံ–ပြီး၏။

---

ဟောတော်မူ၏၊ သို့သော် ရဟန္တာတို့၏ စုတိကိစ္စတပ်ခိုက်၌ ထိုဝိပါက်စိတ်သည် အနန္တရသတ္တိဖြင့် ကျေးဇူးမပြုသကဲ့သို့တည်း၊ ထို့အတူ ဝုဋ္ဌောသည် ကုသိုလ် စသည်တို့အား (အာရုံ၏ အားနည်းခြင်းဟူသော ချို့တဲ့သောအကြောင်းကြောင့်) အနန္တရသတ္တိဖြင့် ကျေးဇူးမပြုဘဲရှိရသည်–ဟု မဆိုနိုင်မဟုတ်, ဆိုနိုင်သည်သာ၊ ထို့ကြောင့် အဋ္ဌကထာတို့၌လာသော နည်းအတိုင်း ဤ သင်္ဂြိုဟ်ကျမ်း၌ ဝုဋ္ဌော နှစ်ကြိမ် သုံးကြိမ်ဖြစ်ခြင်းဖြင့် သတ်မှတ်ထားသည်။

["နတ္ထိ ဝီထိစိတ္တုပ္ပါဒေါ–ဝီထိစိတ်မဖြစ်"ဟုဆိုလျှင်ပင်,ဘဝင်မပြတ်ဟူသော အနက်အဓိပ္ပာယ်ပြီးတော့၏၊တမင်ဆိုဖွယ်မရှိ–ဟူလို၊]ဟိ–မှန်၊ ဝီထိစိတ္တုပ္ပါဒေ– ဝီထိစိတ်၏ ဖြစ်ခြင်းသည်၊သတိ–သော်၊ဝါ–ရှိမှ၊ ဘဝင်္ဂ–သည်၊ ဥပ္ပစ္ဆိဇ္ဇတိ– ပြတ်၏၊ [သို့ဖြစ်လျှင်"နတ္ထိဘဝင်္ဂုပစ္ဆေဒေါ"ဟု–အဘယ်ကြောင့် မဆိုသနည်း– ဟု မေးဖွယ်ရှိသောကြောင့် "ဘဝင်္ဂုပစ္ဆေဒနာမေန ပန"စသည် မိန့်၊] ပန– ဆက်၊ ဘဝင်္ဂုပစ္ဆေဒနာမေန–ဒဟူသောနာမည်ဖြင့်၊ ဟေဋ္ဌာပိ–၌လည်း၊ ဝိသုံ– သီးခြား၊ အဝုတ္တတ္တာ–မဆိုအပ်သည်၏ အဖြစ်ကြောင့်၊ ဣဓ–အတိပရိတ္တာရုံ ဝီထိ၌၊ အဝိသေသေန–ဘဝင်္ဂစလနမေဝဟု သာမညအားဖြင့်၊ ဝုတ္တံ–ပြီ၊ [ဘဝင်္ဂေစလိတေ–ဟု အောက်၌ဆိုခဲ့သောကြောင့် ဤနေရာ၌လည်း "ဘဝင်္ဂ စလနမေဝ"ဟုသာဆို၍ ဘဝင်္ဂုပစ္ဆေဒ မဖြစ်ခြင်းကို အထူးမဆိုတော့–ဟူလို။]

သဗ္ဗသော–အလုံးစုံအားဖြင့်၊ ဝီထိစိတ္တုပ္ပတ္တိယာ–ဝီထိစိတ်ဖြစ်ခြင်း၏၊ အဘာ ဝတော–မရှိခြင်းကြောင့်၊ ပစ္ဆိမဝါရော၀–နောက်ဆုံးဝါရကိုသာ၊ ဣဓ–ဤ သင်္ဂြိုဟ်ကျမ်း၌၊ မောဃဝါရဝသေန–မောဃဝါရ၏အဖြစ်ဖြင့်၊ ဝါ–မောဃဝါရ ဟူသောနာမည်ဖြင့်၊ ဝုတ္တော–ဆိုအပ်ပြီ၊ အညတ္ထ ပန–အခြားသော အဋ္ဌသာလိနီ ၌ကား၊ ဒုတိယတတိယဝါရာပိ–ဒုတိယဇဝနဝါရ, တတိယဝေါဋ္ဌပနဝါရတို့ ကိုလည်း၊ တဒါရမဏဇဝနေဟိ–တဒါရုံဇောတို့မှ၊ သုညတ္တာ–ကင်းဆိတ်ကုန် သည်၏ အဖြစ်ကြောင့်၊ မောဃဝါရာတိ–မေဃဝါရတို့ဟူ၍၊ ဝုတ္တာ–နံပြီ။

အာရမဏဘူတာတိ–ကား၊ ဝိသယဘူတာ–အာရုံဖြစ်၍လည်းဖြစ်သော၊ ပစ္စယဘူတာစ–အကြောင်းဖြစ်၍လည်း ဖြစ်သော၊ (ဝိသယပ္ပဝတ္တိ ဝေဒိတဗ္ဗာ– ၌စပ်၊) ဟိ–မှန်၊ မာရော–မာရ်နတ်သည်၊ ဩတာရံ–ဝင်ရောက်ခွင့် အပေါက် အကြားကို၊ လဘတိ– ရ၏၊ မာရော– သည်၊ အာရမဏံ–အကြောင်းကို၊

---

**သဗ္ဗသော ။ပေ၊ ဝုတ္တာ။** ။မောဃသဒ္ဒါသည် (နိရတ္ထက) အကျိုးမရှိ–ဟူသော အနက် (ဟီန) ယုတ်လျော့–ဟူသောအနက်ကို ဟော၏၊"တဒါရမဏ ။ပေ၊ မောဃဝါရ သခ်ါတာန်"ဟု ဝီထိစိတ်တို့မှ ယုတ်လျော့သော နောက်ဆုံးဝါရကိုသာ ဤ သင်္ဂြိုဟ်ကျမ်းက "မောဃဝါရ"ဟု ခေါ်ထား၏၊ အဋ္ဌသာလိနီ၌ကား ဒုတိယဇဝနဝါရ တတိယဝေါဋ္ဌပနဝါရတို့ကိုလည်း တဒါရုံမှယုတ်လျော့, ဇောမှ ယုတ်လျော့သောကြောင့် "မောဃဝါရ"ဟု ခေါ်ထားသည်။

**အာရမဏဘူတာ။** ။အာရမဏသဒ္ဒါသည် ဝိသယ (စိတ်၏ ဖြစ်ရာအာရုံ) အနက်,ပစ္စယ (အကြောင်း) အနက်တို့ကို ဟော၏၊ ထို့ကြောင့် "ဝိသယဘူတာ– ပစ္စယဘူတာ စ"ဟု နှစ်နက်ဖွင့်သည်၊ ထိုသို့ ဖွင့်သဖြင့် အာရမဏကို "သဒ္ဒသရူပ ကေသေသနည်း"ဟု ကြံ၊ [အာရမဏံ စ–အာရုံလည်း၊ အာရမဏံ စ–အကြောင်းလည်း၊ အာရမဏံ၊] အာရမဏသဒ္ဒါ၏ ပစ္စယအနက် ဟောနိုင်ကြောင်းကိုလည်း "လဘတိ

လဘာတိ-၏၊ ဣတိ အာဒိသု ဝိယ-ဤသို့ အစရှိသော ပါဠိရပ်တို့၌ကဲ့သို့၊ ပစ္စယောပိ-အကြောင်းကိုလည်း၊ အာရမဏန္တိ-ဏံဟူ၍၊ ဝုစ္စတိ-၏၊ တေနေဝ-ထို့ကြောင့်ပင်၊ ဧတ္တ-ဤသဂြိုဟ်ကျမ်း၌၊ မောဃဝါရဿပိ-ရ၏လည်း၊ အာရမဏဘူတာ-အကြောင်းဖြစ်၍ ဖြစ်သော၊ ဝိသယပ္ပဝတ္တိ-အာရုံ၏ဖြစ်ခြင်းကို၊ (ဝေဒိတဗ္ဗာ-၏၊) ဣတိ-ဤအနက်အဓိပ္ပာယ်သည်၊ သိဒ္ဓံ-ပြီးစီး၏၊ ဟိ-မှန်၊ အတိပရိတ္တာရမဏံ-ရုံသည်၊ မောဃဝါရပညာပနဿ-မောဃဝါရဟု ပညတ်ခြင်း၏၊ ဝါ-မောဃဝါရဟု နာမည်တပ်ခြင်း၏၊ ပစ္စယော-အကြောင်းသည်၊ ဟောတိ-၏။

ဟိ-လဒ္ဓဒေါသ ထင်ရှားပြအံ့၊ ဣတရထာ-ဤသို့မဟုတ်လျှင်၊ [တစ်နည်း-ဣတရထာ-အတိပရိတ္တာရုံအတွက် အကြောင်းဟူသောအနက်မှ တစ်ပါးသော အခြင်းအရာအားဖြင့်၊ (အတ္တေ-လေးမျိုးလုံးအတွက် အာရုံဟူသော အနက်ကို၊ ဂဟေမာနေ-သော်၊)] ဘဝင်္ဂစလနဿ-န၏၊ သကသကဂေါစရေယေဝ-မိမိ မိမိဥစ္စာဖြစ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်အာရုံ၌သာလျှင်၊ ပဝတ္တနတော-ကြောင့်၊ ပစ္ဆိမဝါရဿ-နောက်ဆုံးဝါရ၏၊ အတိပရိတ္တာရမဏေ-အတိပရိတ္တာရုံ၌၊ ပဝတ္တိ-သည်၊ နတ္ထိ-မရှိ၊ ဣတိ-ကြောင့်၊ စတုန္နံ ၊ပေ၊ ဘူတာတိ ဝစနံ- စတုန္နံ ၊ပေ၊ ဘူတာဟူသောစကားသည်၊ ဒုရူပပါဒနံ-ယုတ္တိဖြင့်ပြီး စေအပ်သော စကားမဟုတ်သည်၊ သိယာ-၏၊ ဣတိ-အပြီးတည်း။

---

မာရော အာရမဏံ"ဟူသော မဟာဝဂ္ဂ-သတိပဋ္ဌာနသံယုတ်ပါဠိတော် ရှိသောကြောင့် သိနိုင်သည်၊ ထင်လာသောအာရုံသည် ပဌမ,ဒုတိယ,တတိယဝါရတို့အတွက် အာဝဇ္ဇန်း စသော ဝီထိစိတ်များ၏ ဝိသယ(အာရုံ)ထည်း၊ စတုတ္ထဝါရ၌ ဝီထိစိတ် လုံးဝမရှိသော ကြောင့် ထင်လာသောအာရုံသည် ဝိသယမဖြစ်၊ မောဃဝါရ-ဟု နာမည်တပ်၍ ပညတ်ဘို့ရန် အကြောင်းသာဖြစ်သည်။

**တေနေဝေတ္တ ၊ပေ၊ ဟောတိ**။ ။အာရမဏသဒ္ဒါ၏ ပစ္စယအနက်ကို ဖွင့်ရခြင်း၏ လဒ္ဓဂုဏ် (ရအပ်သောအကျိုးကျေးဇူး) ကိုပြလို၍ "တေနေဝေတ္တ၊ပေ၊သိဒ္ဓံ" ဟုမိန့်၊ ထိုသို့ ဖွင့်သဖြင့် "စတုန္နံ ဝါရာနံ အာရမဏဘူတာ ဝိသယပ္ပဝတ္တိ"၌ "မောဃဝါရ၏ အကြောင်းဖြစ်သော ဝိသယပ္ပဝတ္တိ"ဟူသော အနက်လည်း ပြီးစီးသည်-ဟူလို၊ ထိုစကားကို ခိုင်မြဲစေလို၍ "အတိပရိတ္တာရမဏံ ဟိ"စသည် မိန့်။

**ဣတရထာ ဟိ**။ ။အာရမဏသဒ္ဒါ၏ ဝိသယအနက်ကိုသာယူ၍ ပစ္စယအနက်ကို မယူလျှင် လဒ္ဓဒေါသကို ပြလိုသောကြောင့် ဣတရထာ ဟိ စသည်မိန့်၊ အာရမဏ သဒ္ဒါ၏ ဝိသယအနက်သာယူ၍ ပစ္စယအနက်ကို မယူလျှင် "စတုန္နံဝါရာနံ အာရမဏ ဘူတာ-လေးဝါရလုံး၏ အာရုံဖြစ်သော ဝိသယပ္ပဝတ္တိ"ဟူသော စကားသည် (ယုတ္တိ မရှိသော, မသင့်သော) စကားဖြစ်ခြင်းဟူသော အပြစ်ရစရာ ရှိသည်-ဟူလို။

**ဘဝင်္ဂစလနဿ**။ ။ဘာ့ကြောင့် ဒုရူပပါဒနအပြစ်ရစရာ ရှိသနည်းဟု မေးဖွယ်ရှိသော ကြောင့် "ဘဝင်္ဂစလနဿ ၊ပေ၊ နတ္ထိ"ဟု မိန့်၊ နောက်ဆုံးဝါရ၌ ဝီထိစိတ် လုံးလုံးမပါ၊

၁၆။ [ဝိထိစိတ္တာနိသတ္တေဝ-စသောဂါထာကို ဖွင့်ပြလို၍ "ပဉ္စဒွါရေ ယထာရဟံ"စသည်ကို မိန့်၊] ပဉ္စဒွါရေ-ပဉ္စဒွါရ၌၊ ယထာရဟံ-စွာ၊ တံတံ ဒွါရာနုရူပံ-ထိုထိုဒွါရအားလျော်စွာလည်းကောင်း၊ တံတံပစ္စယာနုရူပံ-ထိုထို အကြောင်းအားလျော်စွာလည်းကောင်း၊ တံတံအာရမဏာဒိအနုရူပဥ္စ-ထိုထို အာရုံ အစရှိသည်တို့အားလျော်စွာလည်းကောင်း၊ ဉပ္ပဇ္ဇမာနာနိ-ဖြစ်ကုန်သော၊ ဝီထိစိတ္တာနိ-ဝီထိစိတ်တို့သည်၊ [ဟောန္တိ၌စပ်၊] အာဝဇ္ဇန ၊ပေ၊တဒါရမဏ ဝသေန-ပဉ္စဒွါရာဝဇ္ဇန်း,စက္ခုဝိညာဉ်အစရှိသော ဒွေပဉ္စဝိညာဉ်, သမ္ပဋိစ္ဆိုန်း, သန္တီရဏ, ဝုဋ္ဌော,ဇော,တဒါရုံတို့၏အစွမ်းဖြင့်၊ အဝိသေသတော-အထူးမပြု, သာမညအားဖြင့်၊ သတ္တေဝ-ခုနစ်ပါးတို့သည်သာလျှင်၊ ဟောန္တိ-န်၏၊ စိတ္တုပ္ပါဒါ-စိတ်တို့၏ဖြစ်ခြင်းအာဖြင့်၊ စိတ္တာနံ-တို့၏၊ ဝိသုံဝိသုံ-အသီးအသီး၊ ဥပ္ပတ္တိ ဝသေန-အားဖြင့်၊ [စတုဒ္ဒသ၌ စပ်၊] ဝါ-တစ်နည်း၊ ဥပ္ပဇ္ဇမာနစိတ္တာနိယေဝ-

အာရုံအသစ်ထင်လာသောကြောင့် ဘဝင်လှုပ်ရုံသာဖြစ်၏၊ ထိုဘဝင်စလနလည်း မိမိ ယူမြဲဖြစ်သော (ကံ-ကမ္မနိမိတ်-ဂတိနိမိတ်) အာရုံတစ်ပါးပါးကိုသာ ယူ၏၊ အသစ် ထင်လာသော အာရုံကို မယူ၊ ဘဝင်စလနတွင် ဆုံးသော ပစ္ဆိမဝါရသည် ထိုအတိပရိတ္တ အာရုံအသစ်၌ အာရုံပြု၍ မဖြစ်ခြင်းကြောင့် ပစ္ဆိမဝါရပါ သိမ်းကြုံး၍ "စတုန္နံ ဝါရာနံ အာရမဏဘူတာ"ဟူသောစကားသည် ဒုရူပပါဒနအပြစ်, ရစရာရှိ သည်-ဟူလို။ [ဒု- မဟုတ်သော+ဥပပါဒန-ယုတ္တိဖြင့်ပြီးစေအပ်သော စကား၊ "ဥပပါဒန"ကို ထောမနိမိ၌ "ယုတ္တိယာ သမတ္တနံ"ဟု ဖွင့်၏၊ ထို့ကြောင့် "ဒု+ဥပပါဒနံ-ယုတ္တိမရှိသော (မသင့်သော) စကား"ဟု အဓိပ္ပာယ်မှတ်ပါ။]

**ယထာရဟံ**။ ။ယထာရဟံကို "တံတံ၊ပေ၊အနုရူပဥ္စ"ဟု ဖွင့်သည်၊ "အရဟာနံ+ အနုရူပံ ယထာရဟံ"ဟုပြု၊ တံတံဒွါရာနုရူပံဖြင့် စက္ခုဝိညာဉ်ဒွေး, သောတဒွါရစသည်၌ ဖြစ်ထိုက်သော သောတဝိညာဉ်,ဃာန,ဇိဝှါ,ကာယဝိညာဉ်ဒွေးတို့ကို ပြ၏၊ တံတံ ပစ္စယာနုရူပံဖြင့် (ယံကိဉ္စိ လဒ္ဓပစ္စယံ၌ဖွင့်ခဲ့သော) ယောနိသောမနသိကာရ, အယောနိသော မနသိကာရ, နိရာနုသယသန္တာနဟူသော အကြောင်းအားလျော်စွာ ဖြစ်သော ကာမ ကုသိုလ်ဇော-အကုသိုလ်ဇော-ကာမကြိယာဇောတို့ကို ပြ၏၊ အာရမဏာဒိ အနုရူပဥ္စ ပါဌ်ဖြင့် ဣဋ္ဌာရုံအားလျော်စွာ ဖြစ်ထိုက်သော ကုသလဝိပါက် စက္ခုဝိညာဉ် သမ္ပဋိစ္ဆိုန်း စသည်, အနိဋ္ဌာရုံအားလျော်စွာ ဖြစ်ထိုက်သော အကုသလဝိပါက် စက္ခုဝိညာဉ် စသည်, ဣဋ္ဌမဇ္ဈတ္တာရုံအားလျော်စွာ ဖြစ်ထိုက်သော ဥပေက္ခာသန္တီရဏ, ဥပေက္ခာတဒါရုံများကို ပြ၏၊ အာရမဏာဒိ၌ အာဒိဖြင့် ဇဝနသတ္တတို့ကို ယူ၍ ကာမဇော ကာမသတ္တဝါအား လျော်စွာ တဒါရုံ၏ ဖြစ်ခြင်းကို ပြ၏၊ ယထာရဟံ၏ စပ်ပုဒ်ကို "ဥပ္ပဇ္ဇမာနာနိ"ဟု ထည့်၍ စပ်စေလိုသောကြောင့် "ဥပ္ပဇ္ဇမာနာနိ"ဟု ထည့်သည်။

**အဝိသေသတော**။ ။ဇောကို ခုနစ်ကြိမ်ဟုလည်းကောင်း, တဒါရုံကို နှစ်ကြိမ်ဟု လည်းကောင်း အထူးမဆိုဘဲ, ဇောသာမညအားဖြင့် ရေတွက်၍ပြခြင်းကို "အဝိသေသတော သတ္တေဝ" ဟု ဆိုသည်။

ဖြစ်သောစိတ်တို့သည်ပင်၊ အာဝဇ္ဇနာ၊ပေ၊ဒွယဝသေန–အာဝဇ္ဇန်းအစရှိသော စိတ်ငါးပါးအပေါင်း, ဇောခုနစ်ကြိမ်, တဒါရုံနှစ်ကြိမ်တို့၏ အပြားအားဖြင့်၊ စတုဒ္ဒသ–(၁၄)ပါးတို့သည်၊ (ဟောန္တိ–န်၏၊) ဝိတတ္ထာရာပန–အကျယ်အားဖြင့် ကား၊ သဗ္ဗေသမေဝ–အလုံးစုံသာလျှင် ဖြစ်ကုန်သော၊ ကာမာဝစရာနံ–ကာမာဝစရစိတ်တို့၏၊ ယထာသမ္ဘဝံ–ဖြစ်သင့်သည်အားလျော်စွာ၊ တတ္ထ–ထို ပဉ္စဒွါရ၌၊ ဥပ္ပဇ္ဇနတော–ဖြစ်ခြင်းကြောင့်၊ စတုပညာသ–သည်၊ (ဟောန္တိ)၊ [ကာမဇောဝီထိ ဖြစ်၍ ကာမစိတ်(၅၄)သာ ဖြစ်ကြသည်–ဟူလို။]

ဣတ္ထာတိ–ကား၊ ဝိသယပ္ပဝတ္တိသင်္ဂဟော–အာရုံတို့၏ ဖြစ်ခြင်းကို သိမ်းယူရာ သိမ်းယူကြောင်း စကားရပ်၌၊ (ဝီထိစိတ္တပဝတ္တိနယော–ဝီထိစိတ်၏ ဖြစ်ပုံကို သိကြောင်းနည်းတည်း၊) [အယမေတ္ထ ပဉ္စဒွါရေ ဝီထိစိတ္တပဝတ္တိနယော–ဝီထိစိတ်၏ အဖွင့်တည်း။]

**၁၇။** မနောဒွါရိကစိတ္တာနံ–မနောဒွါရ၌ဖြစ်သော စိတ်တို့၏၊ အတီတာနာဂတမ္ပိ–အတိတ် အနာဂတ်လည်းဖြစ်သော၊ အာရမဏံ–သည်၊ ဟောတိ–ရှိ၏၊ ဣတိ–ကြောင့်၊ တေသံ–ထိုမနောဒွါရိကစိတ်တို့၏၊ အတိမဟန္တာဒိဝသေန–အတိမဟန္တာရုံအစရှိသည်တို့၏ အစွမ်းဖြင့်၊ ဝိသယဝဝတ္ထာနံ–အာရုံကို ပိုင်းခြားသတ်မှတ်ခြင်းကို၊ ကာတုံ–ငှာ၊ န သက္ကာ–မတတ်ကောင်း၊ ဣတိ–ကြောင့်၊ ဝိဘူတာဝိဘူတဝသေနေဝ–ထင်ရှားသောအာရုံ, မထင်ရှားသောအာရုံ တို့၏အစွမ်းဖြင့်သာလျှင်၊ ဧတံ–ဤအာရုံကို၊ နိယမေတုံ–သတ်မှတ်ခြင်းငှာ၊ ယဒိ ဝိဘူတမာရမ္မဏာဒိ–ဏံအစရှိသောစကားကို၊(အာဝရိယေန)ဝုတ္တံ–ပြီ။

---

**စိတ္တုပ္ပါဒါ**။ ။ပဌမနည်း၌ "စိတ္တာနံ+ဥပ္ပါဒေါ၊ စိတ္တုပ္ပါဒေါ"ဟု ပြုစေလို၏၊ ဝသေနဖြင့် ဥပ္ပါဒ၌ ပဉ္စမီဝိဘတ်ကို တတိယာဝိသေသန အနက်ဟော–ဟု သိစေ၏၊ ဥပ္ပဇ္ဇမာနစိတ္တာနိယေဝပဟူသော ဒုတိယနည်း၌ "ဥပ္ပဇ္ဇန္တီတိ ဥပ္ပါဒါ၊ စိတ္တာနိယေဝ+ဥပ္ပါဒါ စိတ္တုပ္ပါဒါ"ဟု အဝဓာရဏ ကမ္မဓာရည်းသမာသ်ကို ပြ၏။

---

**မနောဒွါရိက ၊ပေ၊ န သက္ကာ**။ ။အတိမဟန္တာရုံ–စသောနာမည်ဖြင့် အာရုံကို ခွဲခြားမှတ်သားခြင်းသည် အတီတဘဝင်လွန်ပုံ အနည်းအများလိုက်၍ မှတ်သားရခြင်း ဖြစ်၏၊ အတိတ် အနာဂတ်အရုံတို့ကား ဖြစ်ဆဲမဟုတ်သောကြောင့် "ဥပါဒ်ပြီးလျှင် အတီတ ဘဝင် မည်မျှလွန်မှ ထင်လာသည်"ဟု သတ်မှတ်၍မဖြစ်၊ ထို့ကြောင့် မနောဒွါရ သက်သက်၌ ထင်လာသောအာရုံကို အတိမဟန္တာရုံ စသည်ဖြင့် ခွဲခြားသတ်မှတ်မှု မပြုဘဲ ထင်ရှားသောအာရုံ-မထင်ရှားသောအာရုံဟု ခွဲခြားမှတ်သားခြင်းငှာ "ယဒိဝိဘူတ"စသည် ကို မိန့်သည်။ [ဘာသာဋီကာဝယ် အဓိပ္ပာယ်တစ်မျိုး ပြထားသေး၏။]

**၁၉။** ဧတ္တာတိ–ကား၊ မနောဒွါရေ–မနောဒွါရ၌၊ ပဉ္စဒွါရာဝေဇ္ဇနကာနံ–ပဉ္စဒွါရ၌ သီးခြားဖြစ်ကုန်သော၊ ဒွိပဉ္စဝိညာဏမနောဓာတုတ္တယဝသေန–ဒွေပဉ္စဝိညာဉ်တစ်ဆယ်, မနောဓာတ်သုံးပါးတို့၏အစွမ်းဖြင့်၊ တေရသစိတ္တာနံ–တစ်ဆယ့်သုံးပါးသော စိတ်တို့၏၊ တတ္ထ–ထို မနောဒွါရ၌၊ အပ္ပဝတ္တနတော–မဖြစ်ခြင်းကြောင့်၊ ဧကစတ္တာလီသ–(၄၁)ပါးဟူ၍၊ [ဝိဘာဝဃေ၌ စပ်၊ “ဝိတ္ထာရေန ပနေတ္ထေက·စတ္တာလီသ ဝိဘာဝယေ”၏ အဖွင့်။]

(အယံ–ဤဆိုအပ်ပြီးကား၊) ပရိတ္တဇဝနနယော–ကာမဇောကို သိကြောင်းနည်းတည်း။

*************

**၂၀,၂၁။** [အပ္ပနာဇဝနဝါရေ ပန စသည်ကို ဖွင့်ပြလို၍ “ဝိဘူတာဝိဘူတဘေဒေါ နတ္ထိ”စသည်ကို မိန့်၊] အာရမ္မဏာဿ–၏၊ ဝိဘူတကာလေယေဝ–ထင်ရှားရာအခါ၌သာလျှင်၊ အပ္ပနာသမ္ဘဝတော–အပ္ပနာဇော၏ ဖြစ်သင့်ခြင်းကြောင့်၊ ဝိဘူတာဝိဘူတဘေဒေါ–ဝိဘူတ အဝိဘူတအားဖြင့် ကွဲပြားခြင်းသည်၊ နတ္ထိ–မရှိ၊ ဟိ–မှန်၊ တတ္ထ–ထို အပ္ပနာဇောဝါရ၌၊ ဆဗ္ဗီသတိ ၊ပေ၊ ဇဝနေသု–၂၆ ပါးသော မဟဂ္ဂုတ်ဇော,လောကုတ္တရာဇောတို့တွင်၊ ယံကိဉ္စိ–အမှတ်မထား တစ်ပါးပါးသော၊ ဇဝနံ–သည်၊ အပ္ပနာဝီထိံ–အပ္ပနာဝီထိသို့၊ ဩတရတိ–သက်ရောက်၏၊ ဣတိ (အယံ)–ကား၊ သမ္ဗန္ဓော–ပုဒ်တို့၏ စပ်ခြင်းတည်း၊ [တတ္ထ၏ စပ်ဘို့ရန် “အပ္ပနာဝီထိ မောတရတိ”ဟု စာစပ်ပေးသောကြောင့် “သမ္ဗန္ဓော”ဟု ထားသည်၊ မဏိမဉ္ဇူ၌ တစ်မျိုးဖွင့်ခဲ့လေ၏။]

ပရိကမ္မောပစာရာနုလောမဂေါတြဘုနာမေန–ပရိကမ်,_ဥပစာ; အနုလုံ, ဂေါတြဘုနာမည်ဖြင့်၊ ယထာက္ကမံ–စွာ၊ ဥပ္ပဇ္ဇိတွာ–ဖြစ်၍၊ နိရုဒ္ဓေ–ချုပ်ပြီးသော်၊ ဣတိ(အယံ)–ကား၊ ယောဇနာ–ပုဒ်တို့ကို ယှဉ်စေခြင်းတည်း၊ [ယထာက္ကမံကို စတုက္ခတ္တုံ–တိက္ခတ္တုမေဝဝါနှင့် မတွဲဘဲ “ပရိကမ္မောပစာရာနုလောမဂေါတြဘုနာမေန”နှင့်တွဲစပ်၍ အဓိပ္ပာယ်မှတ်ပါဟု သိစေလိုသောကြောင့် “ယောဇနာ”ဟု ထားသည်၊ မဏိမဉ္ဇူ၌ တစ်မျိုးဖွင့်လေ၏။]

---

**ဝိဘူတ ၊ပေ၊ သမ္ဘဝတော။** ။ချာန် မဂ် ဖိုလ် ဇောများကို အပ္ပနာဇောဟု ခေါ်၏၊ ထိုချာန်မဂ်ဖိုလ်များကို ရအောင်ကြိုးစားရာ၌ ကသိုဏ်းစသောအာရုံများနှင့် နိဗ္ဗာန်အာရုံတို့ အလွန်ထင်ရှားမှ ချာန်မဂ်ဖိုလ်ကို ရနိုင်၏၊ ထို့ကြောင့် ဝိဘူတ–အဝိဘူတဟု ကွဲပြားမှု မရှိဘဲ ဝိဘူတအာရုံတစ်မျိုးသာ ရှိသည်ဟု မှတ်ပါ၊ “ဘေဒေါ နတ္ထိ”အရ နှစ်မျိုးလုံး မရှိဟု မမှတ်လင့်။ [မဏိမဉ္ဇူ၌ “တေဘူမကသင်္ခါရအာရုံ”ဟု ဖွင့်မှား၏၊ ထိုအာရုံသည် ကာမာဝစရ ဝိပဿနာဉာဏ်၏ အာရုံသာ ဖြစ်၍, အပ္ပနာဇော၏အာရုံ မဟုတ်။]

ဟိ–ချဲ့၊ ပဌမစိတ္တံ–ပဌမစိတ်သည်၊ အပ္ပနာယ–အပ္ပနာကို၊ ပရိကမ္မတ္တာ ပဋိသင်္ခါရကဘူတတ္တာ–ပြုစီမံတတ်သည်ဖြစ်၍ ဖြစ်သည်၏အဖြစ်ကြောင့်၊ ပရိကမ္မံ–ပရိကမ္မမည်၏၊ [ပရိကမ္မတ္တာကို "ပဋိသင်္ခါရကဘူတတ္တာ"ဟု ထပ်ဖွင့်သည်။] ဒုတိယံ–ဒုတိယစိတ်သည်၊ (အပ္ပနာယ–အပ္ပနာဇော၏၊) သမီပစာရိတ္တာ–အနီးအပါး၌ဖြစ်ခြင်း ရှိသည်၏အဖြစ်ကြောင့်၊ ဥပစာရံ–ဥပစာရမည်၏၊ ဟိ–မှန်၊ နာဂစ္ဆာသန္နော–အလွန်မနီးကပ်သည် (သမာနော)ပိ–သော်လည်း၊ နာတိဒူရပ္ပဝတ္တိ–အလွန်မဝေးသောအရပ်၌ ဖြစ်ခြင်းရှိသောအရာသည်၊ သမီပစာရီနာမ–အနီး၌ဖြစ်ခြင်း ရှိသည်မည်သည်၊ ဟောတိ–၏၊ ဝါ–တစ်နည်း၊ အပ္ပနံ–အပ္ပနာသို့၊ ဥပေစ္စ–ကပ်ရောက်၍၊ စရတိ–ဖြစ်တတ်၏၊ ဣတိ–ကြောင့်၊ ဥပစာရံ–မည်၏၊ တတိယံ–တတိယစိတ်သည်၊ ပုဗ္ဗဘာဂေ–၌၊ ပရိကမ္မာနံ–ပရိကမ်ဇောတို့အားလည်းကောင်း၊ ဥပရိ–၌၊ အပ္ပနာယစ–အပ္ပနာဇောအားလည်းကောင်း၊ အနုကူလတ္တာ–လျော်သည်၏အဖြစ်ကြောင့်၊ အနုလောမံ–မ မည်၏၊ စတုတ္ထံ–သည်၊ ပရိတ္တဂေါတ္တဿ–ကာမအနွယ်ကိုလည်းကောင်း၊ ပုထုဇ္ဇနဂေါတ္တဿစ–ပုထုဇဉ်အနွယ်ကိုလည်းကောင်း၊ အဘိဘာဝနတော–လွှမ်းမိုးတတ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ မဟဂ္ဂတဂေါတ္တဿ–မဟဂ္ဂုတ် အနွယ်ကိုလည်းကောင်း၊ လောကုတ္တရဂေါတ္တဿစ–လောကုတ္တရာအရိယာ အနွယ်ကိုလည်းကောင်း၊ ဘာဝနတော ဝဍ္ဎနတော–တိုးပွားစေတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဂေါတြဘု–ဘု မည်၏၊ [ပဌမစိတ္တံဟိ–မှစ၍ ဂေါတြဘုတိုင်အောင် ဝစနတ္ထနှင့် အဓိပ္ပာယ်ကို ဘာသာဋီကာ–ဝိထိပိုင်း ကမ္မဋ္ဌာန်းပိုင်းတို့၌ ဖွင့်ပြထားပြီ။]

စတ္တာရိ–န်သော၊ ဣမာနိနာမာနိ–ဤ ပရိကမ်အစရှိသော နာမည်တို့ကို၊ စတုက္ခတ္တုံ–ကြိမ်၊ ပဝတ္တိယံ–ဖြစ်ရာအခါ၌၊ အနဝသေသတော–အကြွင်းမရှိသော အားဖြင့်၊ လဗ္ဘန္တိ–ရအပ်ကုန်၏၊ [မန္ဒပညာပုဂ္ဂိုလ်သန္တာန်၌လေးကြိမ်ဖြစ်သော

**ပရိတ္တ ။ပေ။ ဂေါတြဘု**။ ။ပရိတ္တဂေါတ္တဿ ပုထုဇ္ဇနဂေါတ္တဿတို့ဖြင့် ဈာန်ဇော ရှေ့က ဂေါတြဘုကို ပြ၏၊ "ဂေါတ္တံ–ကာမအနွယ်ကို၊ (တစ်နည်း)ဂေါတ္တံ–ပုထုဇဉ် အနွယ်ကို၊ ဘဝတိ အဘိဘဝတိ–လွှမ်းမိုးတတ်၏၊ ဣတိ–ကြောင့်၊ ဂေါတြဘု"ဟုပြု၊ မဟဂ္ဂတဂေါတ္တဿ လောကုတ္တရဂေါတ္တဿတို့ဖြင့် မဟဂ္ဂုတ်ဇော မဂ်ဇောတို့၏ရှေ့က ဂေါတြဘုကို ပြ၏၊ "ဂေါတ္တံ–မဟဂ္ဂုတ်အနွယ်ကို၊ (တစ်နည်း)ဂေါတ္တံ–အရိယာ အနွယ်ကို၊ ဘာဝေတိ ဝဍ္ဎေတိ–တိုးတက်ဖြစ်ပွားစေတတ်၏၊ ဣတိ ဂေါတြဘု"ဟုပြု။

**ဣမာနိ ။ပေ။ ဝုတ္တံ**။ ။ပရိကံ စသောဇောတို့ကို "ဥပစာရသမာဓိဇော"ဟု ခေါ်၏၊ ထိုဇောများသည် မန္ဒ(နုံ့သောပညာရှိသော) ယောဂီပုဂ္ဂိုလ်၌ လေးကြိမ်စော၏၊ ထိုသို့ လေးကြိမ်စောရာ၌ ပရိကံစသောအမည်လေးပါးလုံး ရ၏၊ တိက္ခပညာပုဂ္ဂိုလ်၌ သုံးကြိမ်သာ စော၏၊ ထိုသို့ သုံးကြိမ်သာ စောရာ၌ ပရိကမ်နာမည်ကို ချန်ထားကြသည်၊ တတိယ ပါရာဇိက အာနာပါနဋ္ဌကား ပဌမဇောကို ပရိကံ,ဥပစာနှစ်မျိုးလုံး ခေါ်နိုင်၏ဟု ဖွင့်၏၊ [လေးကြိမ်, သုံးကြိမ်စောရခြင်းအကြောင်းကို ဘာသာဋီကာ၌ ပြထားပြီ။]

ကြောင့် "စတုက္ကတ္တံ"ဟု ဆိုသည်၊] တိကစ္တတ္တံ-ကြိမ်၊ ပဝတ္တိယံပန-၌ကား၊ အာဝဇ္ဇနလောမ ဂေါတြဘုနာမာနေဝ-ဘု နာမည်တို့ကိုသာလျှင်၊ လဗ္ဘန္တိ-နိ၏၊ ပန-ဝါဒန္တရ၊ အဋ္ဌကထာယံ-အဋ္ဌသာလိနီအဋ္ဌကထာ၌၊ ပုရိမာနံ-နိသော၊ တိဏ္ဏံ(ဝါ)-သုံးပါးသော ဇောတို့၏သော်လည်းကောင်း၊ ဒွိန္နံဝါ-နှစ်ပါးသောဇော တို့၏သော်လည်းကောင်း၊ အဝိသေသေနပိ-အထူးမပြု, သာမညအားဖြင့် လည်း၊ ပရိကမ္မာဒိနာမံ-ပရိကံအစရှိသောနာမည်ကို၊ ဝုတ္တံ-ပြီ။

ပဉ္စမံ-ငါးကြိမ်မြောက်သော်လည်းကောင်း၊ စတုတ္ထံဝါ-လေးကြိမ်မြောက် သော်လည်းကောင်း၊ ဥပ္ပဇ္ဇိတဗ္ဗအပ္ပနာနုရူပတော-ဖြစ်ထိုက်သော အပ္ပနာအား လျော်သောအားဖြင့်၊ စတုတ္တကံ့ (ဇဝဝါ)-လေးကြိမ်သာလျှင်သော်လည်း ကောင်း၊ တိကစ္တတ္တမေဝဝါ-သုံးကြိမ်သာလျှင်သော်လည်းကောင်း၊ [ဥပ္ပဇ္ဇိတွာ နိရုဇ္ဈေ၌ စပ်၊] ဣတိ (အယံ)-ကား၊ အဓိပ္ပာယော-အရှင်အနုရုဒ္ဓါဆရာ၏ အလိုတည်း၊ ပရိကမ္မာဒိနာမာနံ-ပရိကံ အစရှိသော အမည်တို့၏၊ အနဝသေသ တော-အားဖြင့်၊ လဗ္ဘမာနဝါရဒဿနတ္ထံ-ရထိုက်ရာဝါဒကို ပြခြင်းအကျိုးငှာ၊ စတုက္ကတ္တန္တိ-တံဟူ၍၊ အာဒိတော-အစ၌၊ ဝုတ္တံ-ပြီ၊ ပန-ကား၊ ဂဏန ပဋိပါဠိဝသေန-ဂဏန်းအစဉ်၏ အစွမ်းဖြင့်၊ ပဉ္စမံဝါတိ-ပဉ္စမံဝါဟူ၍၊ ဩသာနေ-အဆုံး၌၊ (အာစရိယေန) ဝုတ္တံ-ပြီ။ [ဤအဓိပ္ပာယ်ကို ဘာသာဋီကာ ၌ လက်ာနှင့်တကွ ပြထားပြီ။]

ယထာရဟန္တိ-ကား၊ ခိပ္ပာဘိညဒန္ဓာဘိညာနုရူပံ-လျင်မြန်သောအသိဉာဏ် ရှိသူ နှံ့နှေးသော အသိဉာဏ်ရှိသူတို့အားလျော်စွာ၊ ဟိ-ချဲ့၊ ခိပ္ပာဘိညဿ-လျင်မြန်သော အသိဉာဏ်ရှိသောပုဂ္ဂိုလ်၏၊ တိကစ္တတ္တံ-ကြိမ်၊ ပဝတ္တကာမာဝစရ ဇဝနာနန္တရံ-ဖြစ်သောကာမာဝစရဇော၏ အခြားမဲ့၌၊ စတုတ္ထံ-လေးကြိမ်မြောက်

**အဋ္ဌကထာယံပန**။ ။အပ္ပနာဇောကိုပြရာ အဋ္ဌသာလိနီစသော အဋ္ဌကထာ၌ကား နောက်ဆုံးတစ်ကြိမ်သာ "ဂေါတြဘု"ဟု နာမည်တပ်၍ ရှေ့ဇော(မန္ဒပုဂ္ဂိုလ်အတွက် သုံးကြိမ်, တိက္ခပုဂ္ဂိုလ်အတွက်နှစ်ကြိမ်)ကိုကား ပရိကမ်ဟုချည်းလည်းကောင်း, ဥပစာ ဟုချည်းလည်းကောင်း, အနုလုံဟုချည်းလည်းကောင်းနာမည်တပ်နိုင်၏-ဟု ဆိုသည်။

**စတုက္ကတ္တံ ။ပေ၊ အဓိပ္ပာယော**။ ။သင်္ဂြိုဟ်ပါဠိဝယ် "စတုက္ကတ္တံ တိကစ္တတ္တမေဝဝါ" ၏ နောက်၌ "ဥပ္ပဇ္ဇိတွာ နိရုဇ္ဈေ ယထာရဟံ"ခြားပြီးနောက် "စတုတ္ထံဝါ ပဉ္စမံဝါ" ဟုရှိသည်၊ ထို့ကြောင့် ပဉ္စမအပ္ပနာဇော စောမည်ဖြစ်လျှင် ထိုဇောအားလျော်စွာ ရှေ့က ဥပစာရသမာဓိဇောလေးကြိမ်ဖြစ်သည်၊ စတုတ္ထအပ္ပနာဇော စောမည်ဖြစ်လျှင် ထို ဇောအားလျော်စွာ ရှေ့က ဥပစာရသမာဓိဇော သုံးကြိမ်ဖြစ်သည်-ဟူလို၊ [ဇဝဖြင့် တားမြစ်အပ်သော အနက်ကိုအခြေပြု၍ ပြထားပြီ။

**ယထာရဟံ**။ ။လျင်မြန်သောဉာဏ်ရှိသူကို "ခိပ္ပာဘိည"ဟု ခေါ်၏၊ လျင်မြန်သော ဉာဏ်ကြောင့် ဥပစာရသမာဓိဇောဟု ခေါ်ရသော ကာမာဝစရဇောသည် သုံးကြိမ် စောရုံမျှဖြင့် ကိစ္စပြီး၏၊ ထို့ကြောင့် လေးကြိမ်မြောက်၌ အပ္ပနာဇော ဖြစ်နိုင်၏။

ဖြစ်သော၊ အပ္ပနာစိတ္တံ–အပ္ပနာစိတ်သည်၊ ဥပ္ပဇ္ဇတိ–၏၊ ဒန္ဓာဘိညည္မျ-
နှံ့နှေးသော အသိဉာဏ်ရှိသောပုဂ္ဂိုလ်၏၊ စတုက္ခတ္တုံ–ကြိမ်၊ ပဝတ္တဇဝနာ[illegible]
ဖြစ်သော ကာမာဝစရဇော၏ အခြားမဲ့၌၊ ပဉ္စမံ–ငါးကြိမ်မြောက်ဖြစ်သော[illegible]
အပ္ပနာစိတ္တံ–သည်၊ ဥပ္ပဇ္ဇတိ–၏၊ ပန–ဆက်၊ ယသ္မာ–ကြောင့်၊အလဒ္ဓါသေဝန[illegible]
မရအပ်သော အာသေဝနပစ္စည်းရှိသော၊ အနုလောမံ–အနုလုံသည်၊ ဂေါတြဘုံ–
ဂေါတြဘုကို၊ ဥပ္ပါဒေတုံ–ဖြစ်စေခြင်းငှါ၊ န သက္ကောတိ–နိုင်၊ စ–ဆက်၊
လဒ္ဓါသေဝနံ–ရအပ်သောအာသေဝနပစ္စည်းရှိသည်၊ (သမာနံ)ပိ–ဖြစ်ပြန်သော်
လည်း၊ ဆဋ္ဌံ–မြောက်လည်းကောင်း၊ သတ္တမံ–မြောက်လည်းကောင်း၊
[ပတိဋ္ဌာတုံ၌စပ်။] ဘဝင်္ဂဿ–၏၊ အာသန္နဘာဝေန–နီးသည်၏အဖြစ်ကြောင့်၊
ပပါတာသန္နပုရိသော–ချောက်ကမ်းပါးနှင့် နီးကပ်နေသောယောကျ်ားသည်၊
(ပတိဋ္ဌာတုံ–တည်မတ်စွာ ရပ်တည်ခြင်းငှာ၊ န သက္ကာတိ)ဝိယ–သို့၊ (တထာ–
တူ၊) အပ္ပနာဝသေန–အပ္ပနာ၏အစွမ်းဖြင့်၊ ပတိဋ္ဌာတုံ–တည်ခြင်းငှါ၊ န
သက္ကောတိ–နိုင်၊ တသ္မာ–ကြောင်၊ စတုတ္ထတော–လေးကြိမ်မြောက်မှ၊ ဩရံ–
အတွင်း၌လည်းကောင်း၊ ပဉ္စမတော–ငါးကြိမ်မြောက်မှ၊ ပရံ ဝါ–နောက်၌လည်း
ကောင်း၊အပ္ပနာ–အပ္ပနာဇောသည်၊န ဟောတိ–မဖြစ်နိုင်၊ ဣတိ–သို့၊ ဒဋ္ဌဗ္ဗံ–
၏၊[ဤဝါကျ၏ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ လက်ာနှင့်တကွ ပြထားပြီ။]

ယထာဘိနီဟာရဝသေနာတိ–ကား၊ ရူပါရူပလောကုတ္တရမဂ္ဂဖလာနုရူပ
သမထဝိပဿနာဘာဝနာစိတ္တာဘိနီဟာရဏာနုရူပတော–ရူပဈာန်,အရူပဈာန်,
လောကုတ္တရာဖြစ်သော မဂ်ဖိုလ်တို့အားလျော်သော သမထဘာဝနာစိတ်
ဝိပဿနာဘာဝနာစိတ်ကို ရှေးရှုဆောင်ခြင်းအား လျော်သောအားဖြင့်၊
[ဩတရတိ–၌ စပ်။] အပ္ပနာယ–အပ္ပနာ၏၊ ဝီထိ–ဝီထိတည်း၊ ဝါ–စိတ်အစဉ်
တည်း၊ အပ္ပနာဝီထိ–အပ္ပနာ၏ဝီထိ၊ ဝါ–အပ္ပနာစိတ်အစဉ်။

တတောပရံ ဘဝင်္ဂပါတောဝ ဟောတီတိ–ဟောတိဟူ၍၊ တွေ့ကေယေဝ–ဤ
မျှလောက်ကိုသာ၊ [ဇဝေဖြင့် အပ္ပနာဝသာနေ မပါခြင်းကို ကန့်။] ဝုတ္တေ–သော်၊

နှံ့နှေးသော ဉာဏ်ရှိသူကို “ဒန္ဓာဘိည”ဟု ခေါ်၏၊ နှံ့နှေးသောကြောင့်ပင် ဥပစာရ
သမာဓိဇော လေးကြိမ်စောပြီးမှ ငါးကြိမ်မြောက်၌ အပ္ပနာဇော ဖြစ်ရသည်။

**ယထာဘိနီဟာရဝသေန**။ ။ရူပဈာန် အရူပဈာန်ကိုရအောင် အားထုတ်သူသည်
မိမိ၏ သမထဘာဝနာစိတ်ကို ရူပဈာန်အရူပဈာန်သို့ ရှေးရှုဆောင်၏၊ မဂ်ဖိုလ် ရအောင်
ကမ္မဋ္ဌာန်းအားထုတ်သူသည် မိမိ၏ ဝိပဿနာဘာဝနာစိတ်ကို မဂ်ဖိုလ်သို့ ရှေးရှုဆောင်၏
ထို့ကြောင့် “ရူပါရူပ ၊ပေ၊ နုရူပတော”ဟု ဖွင့်သည်။ [အဘိနီဟာရဿ–ဘာဝနာစိတ်ကို
ရှေးရှုဆောင်ခြင်းအား+အနုရူပံ–လျော်သည်တည်း၊ ယထာဘိနီပဟာရံ–သည်။]

စတုတ္ထံ(ဝါ)–သော်လည်းကောင်း၊ ပဉ္စမံဝါ–သော်လည်းကောင်း၊ ဩတိဏ္ဏာ အပ္ပနာတော–သက်ရောက်သောအပ္ပနာဇောမှ၊ ပရံ–နောက်၌၊ ဘဝင်္ဂပါတောဝ–ဘဝင်ကျခြင်းသည့်သာလျှင်၊ ဟောတိ–၏၊ မဂ္ဂါနန္တရံ–မဂ်၏အခြားမဲ့၌၊ ဖလစိတ္တံ–သည်၊ န(ဟောတိ)–မဖြစ်တော့၊ သမာပတ္တိဝီထိယဉ္စ–သမာပတ္တိဝီထိ၌လည်း၊ ဈာနဖလစိတ္တာနိ–ဈာန်စိတ်, ဖိုလ်စိတ်တို့သည်၊ ပုနပ္ပုနံ–ထပ်ခါထပ်ခါ၊ (န ဟောန္တိ–ကုန်တော့၊) ဣတိ–ဤ အနက်အဓိပ္ပာယ်ကို၊ ဂဏှေယျုံ–ယူကုန်ရာ၏၊ ဣတိ–ကြောင့်၊ ပုန–ဖန်၊ အပ္ပနာဝသာနေတိ–နေဟူ၍၊ (အာစရိယေန) ဝုတ္တံ–ပြီ။

နိကာယန္တရိကာ–မဟာဝိဟာရဝါသီဂိုဏ်းမှ တစ်ပါးသောဂိုဏ်းသားဆရာတို့သည်၊ လောကိယပ္ပနာသု–လောကီအပ္ပနာတို့တွင်၊ ပဌမကပ္ပနာတော–ရှေးဦးစွာရအပ်သော အပ္ပနာမှ၊ ပရံ–၌၊ သတ္တဇဝနပူရဏာတ္ထံ–ဇောခုနစ်ကြိမ်ပြည့်ခြင်းအကျိုးငှါ၊ ဒွတ္တိက္ခတ္တုံ–ကြိမ်၊ ကာမာဝစရဇဝနာနံပိ–ကာမာဝစရဇောတို့၏လည်း၊ ပဝတ္တိံ–ဖြစ်ခြင်းကို၊ ဝဏ္ဏေန္တိ ကိရ–ဖွင့်ကြကုန်သတတ်၊ ဣတိ–ကြောင့်၊ တေသံ–ထို နိကာယန္တရိကဆရာတို့၏၊ မတိနိသေဓနတ္ထံ–အယူကို တားမြစ်ခြင်းအကျိုးငှာ၊ ဘဝင်္ဂပါတောဝါတိ–ဟူ၍၊ သာဝဓာရဏံ–ဝေသဒ္ဒါနှင့်တကွဖြစ်သော စကားကို၊ (အာစရိယေန) ဝုတ္တံ–ပြီ။

**ဧတ္ထကေယေဝ ဝုတ္တေ**။ ။ "အပ္ပနာဝီထိ မောတရတိ၊ တတောပရံ ဘဝင်္ဂပါတော" ဟုသာ မဆိုဘဲ တတောပရံ အပ္ပနာဝသာနေ ဘဝင်္ဂပါတောဟု အပ္ပနာဝသာနေကို အဘယ့်ကြောင့်ထည့်၍ ဆိုရသနည်းဟု မေးဖွယ်ရှိ၍ "ဧတ္တကေယေဝ ဝုတ္တေ"စသည် မိန့်၊ "အပ္ပနာဝသာနေ"မထည့်ဘဲ "တတောပရံ ဘဝင်္ဂပါတောဝ"ဟုသာ ဆိုလျှင် လေးကြိမ်မြောက် ငါးကြိမ်မြောက်၌ အပ္ပနာဇော စောပြီးနောက် ဘဝင်ကျ၏၊ မဂ်ဇောနောင် ဖိုလ်လည်းမဖြစ်တော့၊ သမာပတ်ဝင်စားရာအခါ၌ ဈာန်အကြိမ်များစွာ ဖိုလ်အကြိမ်များစွာလည်း မဖြစ်တော့"ဟု ယူမှားမည်စိုး၍ "အပ္ပနာဝီထိ မောတရတိ" ဟု ဆိုပြီးလျှင် နောက်ထပ် "အပ္ပနာဝသာနေ"ဟု ထည့်သည်၊ "စောသင့်သမျှ အပ္ပနာဇောတွေ စောပြီး၍ဆုံးမှ ဘဝင်ကျသည်"ဟူလို။

**နိကာယန္တရိကာ ။ပေ၊ ဝုတ္တံ**။ ။အပ္ပနာဝသာနေ ဘဝင်္ဂပါတော ဟောတိ"ဟုသာ မဆိုဘဲ "ဘဝင်္ဂပါတောဝ"ဟု အဝဓာရဏနှင့်တကွ အဘယ့်ကြောင့် ဆိုသနည်း–ဟု မေးဘွယ်ရှိသောကြောင့် "နိကာယန္တရိကာ"စသည် မိန့်၊ မဟာဝိဟာရဝါသီ ဂိုဏ်းသားမှ တစ်ပါးသော ဆရာတို့သည် လောကီအပ္ပနာခေါ်သော ဈာနဝီထိတို့၌ ပဌမရအပ်သော အပ္ပနာသည် ဈာန်တစ်ကြိမ် စောပြီးနောက် ခုနစ်ကြိမ်ပြည့်ဘို့ရန် မန္ဒပုဂ္ဂိုလ်၌ ကာမဇော နှစ်ကြိမ်, တိက္ခပုဂ္ဂိုလ်၌ ကာမဇော သုံးကြိမ်ထပ်၍ ဖြစ်သေး၏–ဟု ဖွင့်ကြ၏၊ ထိုဆရာတို့၏အယူကို တားမြစ်ခြင်းငှာ ဧဝသဒ္ဒါနှင့်တကွ "ဘဝင်္ဂပါတောဝ"ဟု မိန့်ဆိုရသည်၊ "အပ္ပနာဇောဆုံးလျှင် ကာမဇော ထပ်၍ မစောရ, ဘဝင်သာ ကျရသည်"ဟူလို။

၂၂။ တတ္ထာတိ–ကား၊ တေသုအဋ္ဌဉာဏသမ္ပယုတ္တကာမာဝစရဇဝနေသု–ထိုရှစ်ပါးသော ဉာဏသမ္ပယုတ်ကာမာဝစရဇောတို့တွင်လည်းကောင်း၊ တေသုဆဗ္ဗီသတိမဟဂ္ဂတလောကုတ္တရဇဝနေသုစ–ထိုနှစ်ဆယ့်ခြောက်ပါးသော မဟဂ္ဂုတ်လောကုတ္တရာဇောတို့တွင်လည်းကောင်း၊ ဝါ–နည်း၊ တတ္ထာတိ–ကား၊ တသ္မိံ အပ္ပနာဇဝနဝါရေ–ထို အပ္ပနာဇောဝါရ၌၊ [ပါဠိမှကံခိတဗ္ဗာ၌စပ်၊] သောမနဿသဟဂတဇဝနာနန္တရန္တိ–ကား၊ သောမနဿသဟဂတာနံ–ဂုတ်ဖြစ်ကုန်သော၊ စတုန္နံ–ဉာဏသမ္ပယုတ်လေးပါးကုန်သော၊ ကုသလကြိယာဇဝနာနံ–တို့၏၊ အနန္တရံ–၌၊ [ပါဠိမှကံခိတဗ္ဗာ၌စပ်၊] သောမနဿသဟဂတာဝါတိ–ဝဟူသည် ကား၊ စတုက္ကဇ္ဈာနဿ–ရှေ့ဈာန်လေးပါး အပေါင်း၏လည်းကောင်း၊ သုက္ခဝိပဿကာဒီနံ–သုက္ခဝိပဿကအစရှိသော ပုဂ္ဂိုလ်၏၊ မဂ္ဂဖလဿစ–၏လည်းကောင်း၊ ဝသေန–ဖြင့်၊ သောမနဿသဟဂတာဝ–သောမနဿသဟဂုတ် အပ္ပနာကိုသာလျှင်၊ (ပါဠိမှကံခိတဗ္ဗာ–ထိုက်၏၊) ဥပေက္ခာသဟဂတာ ပန–ဂုတ်အပ္ပနာကိုကား၊ န (ပါဠိမှကံခိတဗ္ဗာ)–အလိုမရှိထိုက်၊ (ကသ္မာ–နည်း၊) ဘိန္နဝေဒနာနံ–ကွဲပြားသော ဝေဒနာရှိသောစိတ်တို့၏၊ အညမညံ–ချင်း၊ အာသေဝနပစ္စယဘာဝဿ–အာသေဝနပစ္စည်းအဖြစ်၏၊ ဝါ–ကို၊ အနုဒ္ဓရဏတော–မထုတ်ဆောင်အပ်သည်၏ အဖြစ်ကြောင့်တည်း။

**တတ္ထာတိ၊ပေ၊ ဝါရေ**။ ။တတ္ထစ္စရာ၌ နောက်လာမည့် အစိတ်အစိတ်(နိဒ္ဒါရဏီယ) အနက်များကို ပေါင်း၍ စွဲရိုးရှိ၏၊ ဤ၌ မဟာကုသိုလ်ကြိယာဉာဏသမ္ပယုတ် ကာမဇော ရှစ်ပါး၏အစိတ်ကိုပြသော "သောမနဿ–ဥပေက္ခာသဟဂတဇဝနာနန္တရံ"ပုဒ်တို့ကိုလည်း ကောင်း, အပေါင်းအပ္ပနာဇော၏ အစိတ်ကိုပြသော "အပ္ပနာပိ သောမနဿသဟဂတာဝ ဥပေက္ခာသဟဂတာဝ"ပုဒ်တို့ကိုလည်းကောင်း တွေ့ရ၏၊ ထို့ကြောင့် ဥပစာရသမာဓိဇော များကို ရည်ရွယ်၍ "တေသု အဋ္ဌ ဉာဏသမ္ပယုတ္တကာမာဝစရဇဝနေသု"ဟုလည်းကောင်း, အပ္ပနာဇောကို ရည်ရွယ်၍ "တေသု စ ဆဗ္ဗီသတိ မဟဂ္ဂတလောကုတ္တရဇဝနေသု"ဟု လည်းကောင်း တတ္ထ၏ စွဲနက်ကို နှစ်ချက် ဖွင့်ပြသည်၊ တဖန် တတ္ထကို အာဓာရအနက် ကြံ၍ "ပါဠိမှကံခိတဗ္ဗာ"၌ စပ်ဖို့ရန် "တသ္မိံ အပ္ပနာဇဝနဝါရေ"ဟု တစ်နည်းဖွင့်ပြန်သည်။

**[ဆောင်] တတ္ထအစွဲ, စိတ်မရဲမှု, နောက်လွှဲအစု, အစိတ်ရှု, ရောယူ့ပေါင်း၍စွဲ။**

**သုက္ခဝိပဿကာဒီနံ**။ ။အာဒိဖြင့် ဈာနလာဘီကို ယူ၊ သုက္ခဝိပဿကပုဂ္ဂိုလ်သည် ပထမဈာန်နှင့်ယှဉ်သော မဂ်သာရ၏၊ ဈာနလာဘီဖြစ်သူလည်း ထိုထိုဈာန်ကို မဝင်စား မသုံးသပ်လျှင်လည်းကောင်း,ပဋ္ဌမဈာန်ကိုသာ ဝင်စားသုံးသပ်လျှင်လည်းကောင်း, စတုတ္ထ ဈာန်အထိ အောက်ဈာန်ကိုသာ ဝင်စားသုံးသပ်လျှင်သော်လည်းကောင်း သုခနှင့် ယှဉ်သော မဂ်သာ ရ၏။

**ဘိန္န ၊ပေ၊ အနုဒ္ဓရဏတော**။ ။ပဋ္ဌာန်း အာသေဝနပစ္စည်း၌ သောမနဿ–ဥပေက္ခာဟု ဝေဒနာကွဲပြားလျှင် အာသေဝနပစ္စည်းကို ထုတ်တော်မမူသောကြောင့် ဥပစာရသမာဓိ ဇောနှင့် အပ္ပနာသမာဓိဇောတို့ ရှေ့နောက် ဖြစ်ရာ၌ "သောမနဿချင်းချင်း ဥပေက္ခာ ချင်းချင်း ဝေဒနာတူရမည်"ဟု သိသာသည်–ဟူလို။

ပါဋိက်ခိတဗ္ဗာတိ–ကား၊ ပသံသိတဗ္ဗာ–ချီမွမ်းထိုက်၏၊ ဣစ္ဆိတဗ္ဗာ–အလိုရှိထိုက်၏၊ ဣတိဝုတ္တံ္ဟောတိ၊[အဋ္ဌကထာများ၌ "ပါဋိက်ခိတဗ္ဗာတိ ပသံသိတဗ္ဗာ"ဟု မဖွင့်ဘဲ "ပါဋိက်ခိတဗ္ဗာတိ ဣစ္ဆိတဗ္ဗာ၊ အဝဿံဘာဝီတိ ဒဋ္ဌဗ္ဗာ"ဟု ဖွင့်လေ့ရှိ၏၊] တတ္ထာပိ–ပိ ဟူသည်ကား၊ တသ္မိံ ကေဝေဒနာဇဝနဝါရေပိ–ထို တူသောဝေဒနာရှိသော ဇဝနဝါရ၌လည်း၊ ကုသလဇဝနာနန္တရန္တိ–ကား၊ စတုဗ္ဗိဓဉာဏသမ္ပယုတ္တကုသလဇဝနာနန္တရံ–လေးပါးအပြားရှိသော ဉာဏသမ္ပယုတ် ကုသိုလ်ဇော၏ အခြားမဲ့၌၊ ကုသလဇဝနံ–သည်၊ အပ္ပေတိ–၏၊ ကြိယဇဝနံ–သည်၊ န(အပ္ပေတိ)–အပ္ပနာမဖြစ်၊ (ကသ္မာ–နည်း၊) ဘိန္နသန္တာနေ–ကွဲပြားသောသန္တာန်၌၊နိဗ္ဗတ္တနတော–ဖြစ်ခြင်းကြောင့်တည်း၊ သမာပတ္တိဝီထိယံ–ဖလသမာပတ္တိဝီထိ၌၊ ဟေဋ္ဌိမံ–သော၊ ဖလတ္တယံစ–သည်လည်း၊ အပ္ပေတိ–၏၊ ဣတိ(အယံ)–ကား၊ အဓိပ္ပာယော–အရှင်အနုရုဒ္ဓါဆရာ၏ အလိုတည်း။

၂၃၊၂၄။ သုခပုညမှာ–သုခဝေဒနာရှိသော ကုသိုလ်မှ၊ သောမနဿ ၊ပေ၊ ဒွယတော–သောမနဿသဟဂုတ် တိဟိတ်ကုသိုလ်နှစ်ပါး အပေါင်းမှ၊ [သုခပုညမှာ ကို ထပ်ဖွင့်သည်၊] ပရံ–နောက်၌၊ အဂ္ဂဖလဝိပါက ၊ပေ၊ စတုက္ကဇ္ဈာနဇဝနဝသေန–အရဟတ္တဖိုလ်,ဝိပါက်ကြိယာဈာန်စိတ်သည် ကြဉ်အပ်သော လောကီလောကုတ္တရာ စတုက္ကဈာန်ဇော၏အစွမ်းဖြင့်၊ ဒွတ္တိံသ–(၃၂)ပါးသော၊ (အပ္ပနာ-အပ္ပနာဇောတို့သည်၊ သမ္ဘောန္တိ–ဖြစ်ကုန်၏၊) ဥပေက္ခကာ–ဥပေက္ခာဝေဒနာရှိသော၊ ဝါ–ဥပေက္ခာသဟဂုတ်ဖြစ်သော၊ တိဟေတုကကုသလဒွယတော–တိဟိတ်ကုသိုလ်နှစ်ပါးအပေါင်းမှ၊ပရံ–၌၊ တထေဝ–ထို့အတူပင်၊["အဂ္ဂဖလဝိပါကကြိယဝဇ္ဇိတလောကိယလောကုတ္တရ"]တိုင်အောင် ညွှန်းသည်။]

---

**ဘိန္န ၊ပေ၊ နိဗ္ဗတ္တနတော**။ ။ကုသိုလ်ဇောသည် ပုထုဇဉ်သေက္ခတို့သန္တာန်၌ဖြစ်၍ ကြိယာဇောက. ·ရဟန္တာသန္တာန်၌ဖြစ်ရကား သန္တာန်ကွဲပြားသောကြောင့် ကုသိုလ် အပ္ပနာဇော၏ အခြားမဲ့၌ ကြိယာအပ္ပနာဇော မဖြစ်နိုင်–ဟူလို။

**အဓိပ္ပာယော**။ ။"ကုသလဇဝနာနန္တရံ"ဟု ဆိုသောကြောင့် ကာမကုသိုလ်ဇော၏ အခြာမဲ့၌ အောက်ဖိုလ်သုံးခုဖြစ်ရာဌာနသည် ဖလသမာပတ္တိဝီထိသာတည်း၊ မဂ္ဂဝီထိ၌ ပါသောဖိုလ်ဇောတို့ကား မဂ္ဂါနန္တရ၌သာ ဖြစ်ကြ၏ ကာမကုသိုလ်ဇော၏ အခြားမဲ့၌ မဖြစ်ကြ၊ ထို့ကြောင့် "ကုသလဇဝနာနန္တ ရံပေ၊ဟေဋ္ဌိမဥ္စဖလတ္တယမပ္ပေတိ" ဟူသော စကားသည် ဖလသမာပတ်အခါကို ရည်ရွယ်သော စကားဖြစ်သည်–ဟု ဆိုလိုသတတ်။

**မှတ်ချက်**။ ။ဤအတိုင်းမှန်လျှင် မဂ္ဂဝီထိ၌ပါသော ဖလတ္တယကျန်နေ၏၊ "ကုသလဇဝနာနန္တ ရံ"၌ ကုသလဇဝနအရ ကာမကုသိုလ်, မဂ္ဂဝီထိ၌ ပါသော မဂ်ကုသိုလ်, နှစ်မျိုးလုံးကို ရည်ရွယ်လျှင် မဂ္ဂဝီထိ၌ပါသော ဖလတ္တယလည်းရသောကြောင့် "သမာပတ္တိဝီထိယံ"ဟု အထူးဆိုဖွယ် မလို။

ပဋ္ဌမဈ္ဈာနာနိ–ပဌမဈာန်ဖြစ်ကုန်သော၊ ဒွါဒသ–န်သော၊ (အပ္ပနာ–တို့သည်၊ သမ္ဗန္ဓ–န်၏၊) သုခိတကြိယတော–သုခဝေဒနာရှိသော ကြိယာဖြစ်သော၊ ဝါ–ဂုတ်ကြိယာဖြစ်သော၊ တိဟေတုကဒွယတော–တိဟိတ် ၂ ပါးအပေါင်းမှ၊ ပရံ–၌၊ ကြိယဈ္ဈာနစတုက္ကဿ–ရူပကြိယာဈာန်လေးပါးအပေါင်း၏လည်းကောင်း၊ အဂ္ဂဖလစတုက္ကဿစ–အရဟတ္တဖိုလ်ဈာန်လေးပါးအပေါင်း၏လည်းကောင်း၊ ဝသေန–ဖြင့်၊ အဋ္ဌ–န်သော၊ (အပ္ပနာ သမ္ဗန္ဓ၊) ဥပေက္ခကာ–သော၊ ဝါ–သော၊ တိဟေတုကဒွယတော–မှ၊ ပရံ–၌၊ ဥပေက္ခာသဟဂတ ရူပါရူပကြိယပဉ္စကဿ–ဥပေက္ခာသဟဂုတ်ဖြစ်သော ရူပအရူပကြိယဈာန် ငါး ပါးအပေါင်း၏လည်းကောင်း၊ အဂ္ဂဖလဿစ–အရဟတ္တဖိုလ်၏လည်းကောင်း၊ ဝသေန–ဖြင့်၊ ဆ–န်သော၊ အပ္ပနာ–တို့သည်၊ သမ္ဗန္ဓ–န်၏၊ [သုခပုညမှာ စသော သရုပ်အရကို အခြေပြု၍ပင် ပြခဲ့ပြီ။] ဇွေ့ာတိ–ကား၊ ဝီထိသင်္ဂဟာ ဓိကာရေ–ဝီထိသင်္ဂဟအရာ၌။

၂၅,၂၆။ [တဒါရမဏနိယာမကို ဖွင့်ပြလိုသောကြောင့် "သဗ္ဗတ္ထာပိတိ" စသည်ကို မိန့်။] သဗ္ဗတ္ထာပိတိ–ကား၊ ပဉ္စဒွါရ မနောဒွါရေပိ–ပဉ္စဒွါရ မနောဒွါရ၌လည်း၊ ကာမေတိ–ကား၊ ကာမဓမ္မေ–ကာမဓမ္မတွေဖြစ်သော၊ (အာရမဏေ–၌၊) ဟိ–မှန်၊ အတိက္ကဋ္ဌာရမဏ–ရုံကို၊ ဝိသုံ–သီးခြား၊ ဝက္ခတိ–ဆိုလတ္တံ့၊ [အတိက္ကဋ္ဌေ ပန စသည်ဖြင့် သီးခြားဆိုလတ္တံ့၊ ထို့ကြောင့် "ကာမေ"ကို ကာမ မဓ္မတွေ"ဟု ဖွင့်ရသည်–ဟူလို၊] ကုသလဝိပါကာနိ–ကုသလဝိပါက် ဖြစ်ကုန်သော၊ ပဉ္စဝိညာဏသမ္ပဋိစ္ဆနသန္တီရဏတဒါရမဏာနိ–ပဉ္စဝိညာဉ်, သမ္ပဋိစ္ဆိုန်း, သန္တီရဏ,တဒါရုံတို့သည်၊ (ဘဝန္တိ–န်၏၊) ဣတိ (အယံ)–ကား၊ သမ္ဗန္ဓော–တည်း၊[ရှေ့ဝါကျမှ "ပဉ္စဝိညာဏ"စသော ပုဒ်တို့ကို လိုက်စေ၍ စပ်ပါ–ဟူလို၊]

ကာမဓမ္မေ–ကာမဓမ္မတ္တာရုံ၌၊ သန္တီရဏတဒါရမဏာနိ–ရုံတို့သည်၊ ဥပေက္ခာသဟဂတာနေဝ–ဂုတ်တို့ချည်းသာတည်း၊ ဣတိ–ကြောင့်၊ အတိက္ကဋ္ဌေ ပန သောမနဿသဟဂတာနေဝါတိ–နေဝဟူ၍၊ အာဟ–မိန့်ပြီ၊ ဟိ–ချဲ့၊ ကမ္မာနုဘာဝတော–ကံ၏အစွမ်းသတ္တိကြောင့်၊ ပဝတ္တမာနဿ–ဖြစ်ရသော၊ ဝိပါကဿ–ဝိပါက်စိတ်၏၊ အာဒါသေ–ကြေးမုံ၌၊ ဝါ–မှန်၌၊ မုခနိမိတ္တံ–မျက်နှာရိပ်သည်၊ (နိဗ္ဗိကပ္ပံ) ဝိယ–အထူးပြုပြင်ခြင်း မရှိသကဲ့သို့၊ ဝါ–အထူးပြုပြင်၍ မရသကဲ့သို့၊ (တထာ-တူ၊) နိဗ္ဗိကပ္ပတာယ (နိ+ဝိကပ္ပတာယ)-အထူးပြုပြင်ခြင်း မရှိသည်၏အဖြစ်ကြောင့်၊ ပဂပ္ပေတွာ–ကြံကြံဖန်ဖန် ပြုလုပ်၍၊ ဂဟဏာဘာဝတော–အာရုံယူခြင်း၏မရှိခြင်းကြောင့်၊ ယထာရမဏမေဝ–ဣဋ္ဌ, အတိဣဋ္ဌ, အနိဋ္ဌအာရုံအားလျော်စွာသာ၊ ဝေဒနာယောဂေါ–ဝေဒနာ၏ယှဉ်ခြင်းသည်၊ ဟောတိ–၏။ [ဤအဓိပ္ပာယ်ကို ရည်ရွယ်၍ "ဝိပါက်အမှန်"ဟု ဆိုသည်။]

ပန–ကား၊ ကုသလာကုသလာနံ–ကုသိုလ်အကုသိုလ်ဇောတို့၏၊ အပ္ပဟီန ဝိပလ္လာသေသု–မပယ်အပ်သော ဝိပလ္လာသရှိကုန်သော၊ သန္တာနေသု–ပုထုဇဉ် သေက္ခပုဂ္ဂိုလ်တို့၏ သန္တာန်တို့၌၊ ပဝတ္တိယာ–ဖြစ်ခြင်းကြောင့်၊ ဝါ–ဖြစ်သည့် အတွက်၊ အတိဣဋ္ဌေပိ–အတိဣဋ္ဌာရုံ၌လည်း၊ ဣဋ္ဌမဇ္ဈတ္တအနိဋ္ဌာကာရတော– ဣဋ္ဌမဇ္ဈတ္တအခြင်းအရာ, အနိဋ္ဌအခြင်းအရာအားဖြင့်လည်းကောင်း၊ အနိဋ္ဌေပိ– ၌လည်း၊ ဣဋ္ဌ ဣဋ္ဌမဇ္ဈတ္တာကာရတော–ဣဋ္ဌအခြင်းအရာ,ဣဋ္ဌမဇ္ဈတ္တ အခြင်း အရာအားဖြင့်လည်းကောင်း၊ ဂဟဏံ–သည်၊ ဟောတိ–၏။

တထာဟိ–ထိုစကားကို ချဲ့ဦးအံ့၊ အသဒ္ဓါဒီနံ–သဒ္ဓါတရားမရှိသူ အစရှိ သည်တို့၏၊ ဗုဒ္ဓါဒီသု–ဘုရား အစရှိကုန်သော၊ အတိဣဋ္ဌာရမဏေသုပိ– အလွန်အလိုရှိအပ်သော အာရုံတို့၌သော်မှလည်း၊ ဥပေက္ခာဇဝနံ–ဥပေက္ခာဇော သည်၊ ဟောတိ–၏၊ [ဘုရားအစရှိသော အတိဣဋ္ဌာရုံကို ဣဋ္ဌမဇ္ဈတ္တအခြင်း အရာအားဖြင့် ယူသောကြောင့် ဥပေက္ခာဇောစောရသည်၊] တိတ္ထိယာဒီနဉ္စ– တိတ္ထိအစရှိသူတို့၏လည်း၊ ဒေါမနဿဇဝနံ–ဒေါမနဿဇောသည်၊ (ဟောတိ– ၏၊) [တိတ္ထိတို့မှာ အနိဋ္ဌအခြင်းအရာအားဖြင့် ယူသောကြောင့် ဒေါသဇော စောရသည်၊] စ–သည်သာမကသေး၊ ဂမ္ဘီရပ္ပကတိကာဒီနံ–နက်နဲသော သဘောရှိသူ အစရှိသည်တို့၏၊ ပဋိကူလာရမဏေ–စက်ဘွယ်အာရုံ၌၊ ဥပေက္ခာ ဇဝနံ–သည်၊ (ဟောတိ၊) [အနိဋ္ဌာရုံကို ဣဋ္ဌမဇ္ဈတ္တအခြင်းအရာအားဖြင့် ယူသော ကြောင့် ဥပေက္ခာဇော စောရသည်၊ဥပေက္ခာဖြစ်ကြောင်း၌ "ဂမ္ဘီရပ္ပကတိတာ" ပါသည်၊] သုနခါဒီနဉ္စ–ခွေးအစရှိသည်တို့၏လည်း၊ တတ္ထ–ထို ပဋိကူလအာ ရုံ၌၊ သောမနဿဇဝနံ–သောမနဿဇောသည်၊ (ဟောတိ၊) [ဤကား "အတိ ဣဋ္ဌေပိ ဣဋ္ဌမဇ္ဈတ္တအနိဋ္ဌာကာရတော, အနိဋ္ဌေပိ ဣဋ္ဌမဇ္ဈတ္တာကာရတော" ၏ အကျယ်တည်း။]

ပန–ထိုသို့ပင်ဖြစ်ပါသော်လည်း၊ (အားရုံအားလျော်စွာ ဇောစောပုံ မမှန်ဘဲ ပြောင်းလွဲပါသော်လည်း၊) အသုစိဒဿနေ–မစင်ကိုမြင်ရခြင်း၌၊ သုမနာယ မာနာနံ–ဝမ်းမြောက်ဝမ်းသာဖြစ်ကုန်သော၊ သုနခါဒီနံအပိ–ခွေးအစရှိသည် တို့၏သော်မှလည်း၊ [အပိစ–ဟု စ ပါသည်ကား မကောင်း၊] ပုရိမပဉ္စာဘာဂပ္ပ ဝတ္တာနိ–ဇော၏ရှေ့အဖို့ နောက်အဖို့၌ဖြစ်ကုန်သော၊ ဝိပါကာနိ–သန္တီရဏ, တဒါရုံဝိပါက်စိတ်တို့သည်၊ ယထာဝတ္ထုကမေဝ–အကြင်အကြင် တည်ရာအာရုံ အတိုင်းသာလျှင်၊ (ဟောန္တိ–န်၏၊) [နောက်၌"ယထာရမဏမေဝ"နှင့်အတူပင်၊]

**အပိစ ၊ပေ၊ သုနခါဒီနံ**။ ။ခွေးစသော သတ္တဝါတို့၏ အနိဋ္ဌာရုံ မစင်ကိုမြင်ရာ၌ ဝမ်းမြောက်၍ သောမနဿဇော စောကြစေကာမူ ဇော၏ရှေ့နောက်ဖြစ်သော သန္တီရဏ တဒါရုံဝိပါက်စိတ်တို့မှာ ဥပေက္ခာသဟဂုတ်တို့သာ ဖြစ်ကြရသည်–ဟူလို၊ [ဣဋ္ဌစသော အခွဲနှင့် ဤဋီကာကျော် အဓိပ္ပာယ်များကို ဘာသာဋီကာ၌ ဆိုထားပြီ။]

ဣတိ–ဤသို့ မှတ်ထိုက်၏၊ [ဤ အဓိပ္ပာယ်အားလုံးရည်ရွယ်၍ "ဝိပါက် အမှန်,ဇောအပြန်"ဟု ဆိုကြသည်၊] ပန-ဆက်၊ စက္ခုဝိညာဏာဒီနံ-စက္ခုဝိညာဉ် အစရှိသည်တို့၏၊ အတိဣဋ္ဌာနိဋ္ဌေသု–အတိဣဋ္ဌာရုံ, အနိဋ္ဌာရုံတို့၌၊ ပဝတ္တ မာနာနမ္ပိ–ဖြစ်ရပါကုန်သော်လည်း၊ ဥပေက္ခာသဟဂတဘာဝေ–ဥပေက္ခာသဟ ဂုတ်တို့၏ အဖြစ်၌၊ ကာရဏံ–အကြောင်းကို၊ ဟေဋ္ဌာ–၌၊ ကထိတမေဝ– ဆိုအပ်ပြီးသည်သာ၊ [အဟိတ်စိတ်အဖွင့်၌ ဆိုခဲ့ပြီ–ဟူလို။]

၂၇။ တတ္ထာပီတိ–ပိ ဟူသည်ကား၊ တဒါရမဏေသုပိ–တဒါရုံတို့တွင်လည်း၊ ["တေသု တဒါရမဏေသုပိ"ဟု ရှိလျှင်ကောင်း၏။] သောမနဿ ။ပေ၊ ဝသာနေတိ–ကား၊ သဟေတုကာဟေတုက သုခသဟဂတ ကြိယပဋ္ဌကာ ဝသာ နေ–သဟိတ် အဟိတ်ဖြစ်သော သုခသဟဂုတ် ကြိယာဇော(၅)ပါးအပေါင်း၏ အဆုံး၌၊ [အဟိတ်သုခသဟဂုတ် ဟသိတုပ္ပာဒ်(၁), မဟာကြိယာသောမနဿ သဟဂုတ်(၄)ကို ဆိုသည်၊] ခီဏာသဝါနံ–တို့၏၊ စိတ္တဝိပလ္လာသာဘာဝေန– စိတ်ဖောက်ပြန်ခြင်း၏ မရှိခြင်းကြောင့်၊ ကြိယဇဝနာနိပိ–တို့သည် လည်း၊ ယထာရမဏမေဝ–အာရုံအားလျော်စွာသာ၊ ပဝတ္တန္တိ–န်၏၊ ဣတိ–ကြောင့်၊ သောမနဿ ။ပေ၊ ဝသာနေတျာဒိ–နေအစရှိသောစကားကို၊ (အာစရိယေန) ဝုတ္တံ–ပြီ၊ ပန–ဝါဒန္တရကား၊ ကေစိ–န်သော၊ အာစရိယာ–သည်၊ ပဋ္ဌာနေ– ပဋ္ဌာန်းပါဠိတော်၌၊ ကုသလာကုသလေ ။ပေ၊ ဥပ္ပဇ္ဇတီတိ–တိဟူ၍၊ ကုသလာ ကုသလာနမေဝ–ကုသိုလ်,အကုသိုလ်တို့၏သာလျှင်၊ အနန္တရံ–၌၊ တဒါရမဏံ- တဒါရုံကို၊ ဝုတ္တံ–ဟောတော်မူအပ်ပြီ၊ ဣတိ–ကြောင့်၊ ကြိယဇဝနာနန္တရံ– ကြိယာဇော၏အခြားမဲ့၌၊ တဒါရမဏုပ္ပာဒေါ–တဒါရုံ၏ဖြစ်ခြင်းသည်၊ နတ္ထိ– မရှိ၊ ဣတိ–ဤသို့၊ ဝဒန္တိ–န်၏၊ [ကုသလာကုသလေ–ကုသိုလ်, အကုသိုလ် သည်၊ နိရုဒ္ဓေ–ချုပ်ပြီးလတ်သော်၊ ဝိပါကော–ဝိပါက်သည်၊ တဒါရမဏတာ– တဒါရုံ၏အဖြစ်ဖြင့်၊ ဥပ္ပဇ္ဇတိ–၏။]

---

**ခီဏာသဝါနံ ။ပေ၊ တျာဒိ**။ ။ရဟန္တာတို့၌ စိတ္တဝိပလ္လာသ (အာရုံယူရာ၌ စိတ်၏ ဖေါက်လွဲဖောက်ပြန် ဖြစ်မှု) မရှိသောကြောင့် အာရုံအလိုက် ဇောစောကြ၏၊ "အနိဋ္ဌ– ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာကြိယာဇော, အတိဣဋ္ဌာရုံ၌ သောမနဿ ကြိယာဇောများ စောကြ၏" ဟူလို၊ အာရုံအလိုက် ဖြစ်လေ့ရှိသော တဒါရုံများလည်း ဇောနှင့် သဘော တူပင်၊ သောမနဿဇောနောင် သောမနဿတဒါရုံ, ဥပေက္ခာဇောနောင် ဥပေက္ခာ တဒါရုံများ ဖြစ်ကြသည်–ဟူလို၊ [ကုသိုလ် အကုသိုလ်ဇောနောက်၌ကား တဒါရုံတို့သည် ဇောနှင့် ဝေဒနာချင်း တစ်ရံတစ်ခါတူ၍ တစ်ရံတစ်ခါ မတူကြ။]

**ကေစိ ။ပေ၊ ဝဒန္တိ**။ ။မူလဋီကာ စသော ဆရာများကိုပင် "ကေစိ"ဟု ဆိုသည်၊ ထိုဆရာတို့ကား–ပဋ္ဌာန်းပါဠိတော်၌ "ကုသလာကုသလေ နိရုဒ္ဓေ ဝိပါကော တဒါ ရမဏတာ ပဝတ္တတိ"ဟု ကုသိုလ် အကုသိုလ်နောက်၌သာ တဒါရုံကို ဟောတော်မူ၍

တတ္ထ–ထိုကေစိဆရာတို့၏စကား၌၊ (ပရိဟာရော မယာ) ဝုစ္စတေ–၏၊ ဝါ–အံ့၊ အဗျာကတာနန္တ ရမ္ပိ–အဗျာကတ၏အခြားမဲ့၌လည်း၊ တဒါရမဏံ–ကို၊ ယဒိ ဝုစ္စေယျ–အကယ်၍ဟောတော်မူအပ်ငြားအံ့၊ (ဇဝေသတိ–သော်၊) ပရိတ္တာ့ရမဏော–၌၊ ဝေါဋ္ဌပနာနန္တ ရမ္ပိ–ဝုဋ္ဌော၏အခြားမဲ့၌လည်း၊ တဿ–ထိုတဒါရုံ၏၊ ပဝတ္တိံ–ဖြစ်ခြင်းကို၊ မညေယျုံ–မှတ်ထင်ကုန်ရာ၏၊ ဣတိ–ဤသို့မှတ်ထင်ရာသည်၏ အဖြစ်ကြောင့်၊ ကြိယဇဝနာနန္တ ရံ–၌၊ န ဝုတ္တံ–ဟောတော်မမူအပ်၊ အလဗ္ဘနတော–မရအပ်သည်၏အဖြစ်ကြောင့်၊ (န ဝုတ္တံ–ဟောတော်မမူအပ်သည်ကား၊) န–မဟုတ်၊ [ဤနေရာဝယ် "နှစ်ခုပဋ္ဌိသေ, ခွဲဝေမရှိ"စသော နိယာမ်နှင့်မဆိုင်၊] ဟိ–မှန်၊ လဗ္ဘမာနဿပိ–ရထိုက်သော အနက်ကိုလည်း၊ ကေနစိ အဓိပ္ပာယေန–တစ်စုံတစ်ခုသော အလိုတော်ကြောင့်၊ ကတ္ထစိ–အချို့သော အဘိဓမ္မာပါဠိရပ်၌၊ အဝစနံ–ဟောတော်မမူခြင်းကို၊ ဒိဿတိ–တွေ့မြင်အပ်၏၊ (ကိမိဝ–နည်း၊) ဓမ္မသင်္ဂဟေ–ဓမ္မသင်္ဂဏီပါဠိတော်၌၊ လဗ္ဘမာနမ္ပိ–ရထိုက်သည်လည်းဖြစ်သော၊ ဟဒယဝတ္ထုံ–ဟဒယဝတ္ထုကို၊ ဒွေသနာဘေဒပရိဟာရတ္ထံ–ဒေသနာတော်ပျက်ခြင်းမှ, စောင့်ရှောက်ခြင်းအကျိုးငှာ၊ ဝါ–ဒေသနာတော် ပျက်မည်စိုးသောကြောင့်၊ န ဝုတ္တံ ယထာ–ဟောတော်မမူအပ်သကဲ့သို့တည်း၊ ဣတိ–ဤသို့ မှတ်ထိုက်၏၊ [ဒေသနာဘေဒပရိဟာရ အဓိပ္ပာယ်ကို ရုပ်ပိုင်း ဟဒယဝတ္ထုအဖွင့်၌ တွေ့ရလတ္တံ့။]

၂၈။ ဒေါမနဿသဟဂတဇဝနာဝသာနေ–ဒေါမနဿသဟဂုတ်ဇော၏ အဆုံး၌၊ တဒါရမဏာနိစေဝ–တို့သည်လည်းကောင်း၊ ဘဝင်္ဂါနိစ–တို့သည် သည်းကောင်း၊ ဥပေက္ခာသဟဂတာနေဝ–ဂုတ်တို့ချည်းသာလျှင်၊ ဘဝန္တိ–န်၏၊

---

ကြိယာဇောနောက်၌ တဒါရုံကို ဟောတော်မမူသောကြောင့် "သောမနဿသဟဂတ ကြိယဇဝနာနန္တရံ သောမနဿသဟဂတာနေဝ တဒါရမဏာနိ ဘဝန္တိ" စသော သဂြိုဟ်နှင့် အလားတူသော အဋ္ဌကထာစကားကို ပယ်ရှား၍ ကြိယာဇောနောင် တဒါရုံ မဖြစ်"ဟု ဆိုကြသည်။

**ယဒိ၊ပေ၊န ဝုတ္တံ**။ ။"အဗျာကတေ နိရုဒ္ဓေ ဝိပါကော တဒါရမဏတာ ပဝတ္တတိ" ဟောတော်မူလျှင် ပရိတ္တာရုံဝိထိ၌ ဝုဋ္ဌောနှစ်ကြိမ် သုံးကြိမ်နောင် အာရုံအသက် ကျန်သေးရကား အဗျာကတဖြစ်သော ဝုဋ္ဌောချုပ်ပြီးနောက် တဒါရုံဝိပါက် ဖြစ်၏"ဟု မှတ်ထင်စရာရှိရကား ကြိယာအဗျာကတနောင်လည်း တဒါရုံဖြစ်ခြင်းကို ရထိုက်လျက် မဟောဘဲ ထားသည်–ဟု ဖြေသည်၊ ရထိုက်လျက် မဟောဘဲ ချန်ထားသော တရားမျိုး အဘိဓမ္မာဝယ် ရှိပါ၏လော–ဟု မေးဖွယ်ရှိသောကြောင့် "လဗ္ဘမာနဿပိ၊ပေ၊န ဝုတ္တံ"ဟု မိန့်၊ ဓမ္မသင်္ဂဏီ ပါဠိတော်၌ ဟဒယဝတ္ထုရုပ်ကို ဒုကဲဒေသနာ(နှစ်ပါးတွဲဟောရသော ဒေသနာ) ပျက်မည် စိုး၍ မဟောဘဲ ချန်ထားခြင်းကဲ့သို့, ရလျက် မဟောသောအရာလည်း တွေ့မြင်ရပါသည်–ဟူလို။

သောမနဿသဟဂတာနိ–သောမနဿသဟဂုတ် တဒါရုံ, ဘဝင်တို့သည်၊ န(ဘဝန္တိ)–န်၊ (ကသ္မာ–နည်း၊) အညမညံ–အချင်းချင်း၊ [ဒေါမနဿနှင့် သောမနဿအချင်းချင်း–ဟူလို၊] ဝိရုဒ္ဓသဘာဝတ္တာ–ဆန့်ကျင်သော သဘော ရှိကုန်သည်၏အဖြစ်ကြောင့်တည်း၊ ဟိ–မှန်၊ တေနေဝ–ထိုသို့ ဆန့်ကျင်သော သဘောရှိကုန်သည်၏ အဖြစ်ကြောင့်ပင်၊ ပဋ္ဌာနေ–၌၊ ဒေါမနဿာနန္တရံ–ဒေါမနဿ၏ အခြားမဲ့၌၊ သောမနဿံ–ကိုလည်းကောင်း၊ တဒနန္တရံ–ထို သောမနဿ၏ အခြားမဲ့၌၊ ဒေါမနဿံစ–ကိုလည်းကောင်း၊ အနုဒ္ဓဋံ–ထုတ် ဆောင်တော်မမူအပ်။

တထာဟိ–ထိုစကားကို ချဲ့ဦးအံ့၊ သုခါယဝေဒနာယ၊ပေ၊ပစ္စယောတျာဒိနာ–ယောအစရှိသည်ဖြင့်၊ သုခဒုက္ခဝေဒနာယ–နာနှင့်၊ သမ္ပယုတ္တာ–ယှဉ်ကုန်သော၊ ဓမ္မာ–တို့ကို၊ အတ္တနော အတ္တနော–မိမိ မိမိနှင့်၊ သမာနဝေဒနာသမ္ပယုတ္တာနံ–တူသောဝေဒနာနှင့် ယှဉ်သောတရားတို့၏လည်းကောင်း၊ အဒုက္ခမသုခဝေဒနာယ-နှင့်၊ သမ္ပယုတ္တကာနဉ္စ–ယှဉ်သောတရားတို့၏လည်းကောင်း၊ အနန္တရပစ္စယ ဘာဝေန–ဖြင့်၊ ဒွိသုဒွိသုဝါရေသု–နှစ်ပါး နှစ်ပါးသော ဝါရတို့၌၊ ဝုတ္တာ–ဟောတော်မူအပ်ကုန်ပြီ၊ပန–ကား၊အဒုက္ခမသုခဝေဒနာယ–နှင့်၊သမ္ပယုတ္တကာ-ယှဉ်သောတရားတို့ကို၊ သမာနဝေဒနာသမ္ပယုတ္တာနံ–န်သော၊ (ဓမ္မာနံ–တို့၏ လည်းကောင်း၊) ဣတရဝေဒနာဒွယသမ္ပယုတ္တာနံ–အခြား သုခ ဒုက္ခဝေဒနာ နှစ်ပါးအပေါင်းနှင့်ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ–တို့၏လည်းကောင်း၊ အနန္တရ ပစ္စယဘာဝေန–ဖြင့်၊ တီသု ဝါရေသု–တို့၌၊ (ဝုတ္တာ–န်ပြီ၊) ဣတိ ဧဝံ–သို့၊ ဝေဒနတ္တိကေ–ဝေဒနာတိက်၌၊ သတ္တေဝ–(၇)ပါးသာလျှင် ဖြစ်ကုန်သော၊ အနန္တရပစ္စယဝါရာ–တို့ကို၊ ဝုတ္တာ–န်ပြီ။ စ–ဆက်၊ ဒေါမနဿာနန္တရံ–၌၊ သောမနဿံ(ဝါ)–သည်လည်းကောင်း၊ သောမနဿာနန္တရံ–၌၊ ဒေါမနဿံ ဝါ–သည်လည်းကောင်း၊ ယဒိ ဥပ္ပဇ္ဇေယျ–အံ့၊ (ဧဝံသတိ–သော်၊) သုခဒုက္ခဝေဒနာ သမ္ပယုတ္တာနမ္ပိ–တို့၏ လည်း၊ အညမညံ–ချင်း၊ အနန္တ ရပစ္စယဝသေန–အနန္တရ ပစ္စည်း၏အဖြစ်ဖြင့်၊ ဒွေဝါရေ–နှစ်ဝါရတို့ကို၊ ဝဍ္ဎေတွာ–တိုးပွားစေ၍၊ နဝဝါရာ–ကိုးဝါရတို့သည်၊ ဝါ–တို့ကို၊ ဝတ္တဗ္ဗာ–ဟောတော်မူထိုက်ကုန်သည်၊ သိယုံ–

---

**ဝိရုဒ္ဓသဘာဝတ္တာ**။ ။သောမနဿသည် သာယာခြင်းသဘောရှိ၍ ဒေါမနဿ ဝေဒနာကား မသာယာခြင်းသဘောရှိ၏၊ ဤသို့ သာယာခြင်း, မသာယာခြင်းအားဖြင့် သဘောခြင်းဆန့်ကျင်သောကြောင့် ဒေါသဇောနောက်၌ သောမနဿတဒါရုံလည်း မကျ,ဘဝင်လည်းမကျ–ဟူလို၊ "တေနေဝ ၊ပေ၊ အနုဒ္ဓဋံ"ဖြင့် ပဋ္ဌာန်းပါဠိတော်ကို သာဓကပြသည်၊ "တထာဟိ"စသည်ကား ထိုသာဓက၏ အကျယ်တည်း။

**ယဒိစ၊ပေ၊အတ္ထိ**။ ။ဒေါမနဿနောင် သောမနဿ, သောမနဿနောင်လည်း ဒေါမနဿ ဖြစ်နိုင်လျှင် သုခသမ္ပယုတ် ဒုက္ခသမ္ပယုတ်စိတ်တို့သည် အချင်းချင်း အနန္တရပစ္စည်း တပ်ရကား နောက်ထပ် နှစ်ဝါရချဲ့၍ ကိုးဝါရ ဟောရာ၏၊ ထို့သို့ကား ဟောတော်မမူပေ၊

န်ရာ၏၊ ဇဝံ ပန–ဤသို့ကား၊ ဝါ–ဤကိုးဝါရတို့ကိုကား၊န ဝုတ္တာ–ဟောတော်မမူအပ်ကုန်၊ တသ္မာ–ကြောင့်၊ တဒနန္တရံ–ထို သုခဒုက္ခတို့၏ အခြားမဲ့၌၊ တေသံ–ထိုသုခဒုက္ခတို့၏၊ ဥပ္ပတ္တိ–သည်၊ န အတ္ထိ–မရှိ၊ (ဣတိ–သို့၊ ဒဋ္ဌဗ္ဗံ–၏၊) [ဉာပကဟိတ် ဖြစ်၍ "ဣတိ ဒဋ္ဌဗ္ဗံ"ဟု ထည့်ပေးသည်။]

စ–ဆက်၊ ဧတ္ထ–ဤတဒါရမဏနိယမ၌၊ သော်မနဿ ၊ပေ၊ ဝသာနေတျာဒိနာ–နေအစရှိသောစကားဖြင့်၊ အယမ္ပိ နိယမော–ဤ မြဲသောအမှတ်အသားကိုလည်း၊ (အာစရိယေန) အနုညာတော–ခွင့်ပြုအပ်ပြီ၊ ပရိတ္တကုသလာဒေါသပါပသာတကြိယာ(ပရိတ္တကုသလ+အဒေါသပါပ+သာတကြိယာ)–ကာမာဝစရကုသိုလ်ရှစ်ပါး, ဒေါသမူဒွေးမှ တစ်ပါးသော အကုသိုလ်(၁၀)ပါး, သောမနဿသဟဂုတ်ကြိယာငါးပါးဟူသော၊ ဇဝါ–ဇောမှနောက်၌၊ ပဉ္စသု–န်သော၊ သုခိတေသု–သုခသဟဂုတ် တဒါရုံတို့တွင်၊ ယထာရဟံ–စွာ၊ ဧကံ–သော၊ တဒါလမ္ဗံ–တဒါရုံသည်၊ (ဟောတိ–၏၊)

ပါပါဇဝါ–အကုသိုလ်ဇော (၁၂)ပါးမှ နောက်၌လည်းကောင်း၊ ကာမာသုဘာဇဝါ စေဝ–ကာမကုသိုလ်ဇော (၈)ပါးမှ နောက်၌လည်းကောင်း၊ သောပေက္ခာ–ဥပေက္ခာသဟဂုတ်ဖြစ်သော၊ ကြိယာဇဝါ စ–ကြိယာဇော(၄)ပါးမှ နောက်၌လည်းကောင်း၊ သောပေက္ခေသု–ဥပေက္ခာသဟဂုတ် ဖြစ်ကုန်သော၊ ဆသု–(၆)ပါးသော တဒါရုံတို့တွင်၊ အနုရူပတော–လျော်သောအားဖြင့်၊ ဧကံ–သော၊ တဒါလမ္ဗံ–သည်၊ (ဟောတိ၊) ဣတိ–ဤသို့၊ (အယမ္ပိ နိယမော–ကိုလည်း၊ အာစရိယေန အနုညာ်တော–ပြီ။)

ဟိ–ဆက်၊ ဇဝနေန–ဇောဖြင့်၊ အယံတဒါရမဏနိယမော–ဤတဒါရုံ၏ မြဲသောအမှတ်အသားသည်၊ အဗျာဘိစာရီ–အနေကန်မဟုတ်၊ ဝါ–ကေန်ဖြစ်၏၊ ပန–ကား၊ ဉာဏသမ္ပယုတ္တဇဝနတော–ဉာဏသမ္ပယုတ်ဇောမှနောက်၌၊ ဉာဏသမ္ပယုတ္တတဒါရမဏံ–ဉာဏသမ္ပယုတ်တဒါရုံသည်၊ (ဟောတိ–၏၊) ဣတိ

---

ထိုသို့ ဟောတော်မမူသောကြောင့် ဒေါမနဿ၏ အခြားမဲ့၌ သောမနဿ, သောမနဿ၏ အခြားမဲ့၌ ဒေါမနဿတို့ဖြစ်ခြင်းမရှိဟု မှတ်ပါ–ဟူလို။

**ပရိတ္တ ၊ပေ၊ နုရူပတော။** ။ဤဂါထာ၏အဓိပ္ပာယ်ကို လိုရင်းစစ်၍ "ဥပေက်ကြိယာ–ဒေါသာခြောက်နောက်, တဒါခြောက်တည်း"စသော လင်္ကာကို (ပရမတ္ထသရူပဘေဒနီ လာသည့်အတိုင်း) အခြေပြု၍ ပြထား၏၊ ဂါထာ၌ "ဒေါသဇောနှင့် ဥပေက္ခာကြိယာဇောနှောင် ဥပေက္ခာတဒါရုံ(၆)ခု ဖြစ်၏၊ သုခကြိယာဇောနှောင် သောမနဿတဒါရုံ(၅)ခု ဖြစ်၏၊ ဒေါသဇောမှကြွင်းသော အကုသိုလ်ဇော(၁၀),, မဟာကုသိုလ်ဇော(၈), ဤ(၁၈)ပါးကား ရှေ့ဂါထာ နောက်ဂါထာနှစ်ခုလုံး၌ ပါသောကြောင့် ထို(၁၈)ပါးနှောင် တဒါရုံ(၁၁)ပါးလုံး ဖြစ်နိုင်၏–ဟု မှတ်။

အာဒိနယပ္ပဝတ္တော–ဤသို့အစရှိသော နည်းဖြင့်ဖြစ်သော အမှတ်အသားသည်၊ အနေကန္တိကော–ကေန်မဟုတ်၊[အာဒိနယပ္ပဝတ္တော၌ အာဒိဖြင့် “ဉာဏဝိပ္ပယုတ် ဇောနောင် ဉာဏသမ္ပယုတ်တဒါရုံ, အကုသိုလ်ဇောနောင် အဟိတ်တဒါရုံ” ဟူသော အမှတ်အသားဖြစ်၏–ဟု ယူ။] ဟိ–မှန်၊ ယေဘုယျေန–ဖြင့်၊ အကုသလဇဝနေသု–အကုသိုလ်ဇောတို့၌၊ ပရိစိတဿ–အလေ့အကျက်ရှိသူ၏၊ ကဒါစိ–တစ်ရံတစ်ခါ၌၊ ကုသလဇဝနေသု–တို့သည်၊ ဇဝိတေသု–ဇောကုန်သော် လည်းကောင်း၊ကုသလဇဝနေသု–တို့၌၊ပရိစိတဿ–၏၊ကဒါစိ–၌၊အကုသလ ဇဝနေသု–တို့သည်၊ ဇဝိတေသုဝါ–နှံသော်လည်းကောင်း၊ အကုသလာနန္တရံ– အကုသိုလ်၏ အခြားမဲ့၌၊ ပဝတ္တပရိစယေန–ဖြစ်သော အလေ့အကျက်ကြောင့်၊ တိဟေတုကဇဝနတောပိ–တစ်ရံတစ်ခါစောသော တိဟိတ်ဇောမှလည်း၊ ပရံ–၌၊ အဟေတုကတဒါရမဏံ–အဟိတ်တဒါရုံသည်၊ ဟောတိ–ဖြစ်နိုင်၏၊ [တိဟေတုကဇဝနတောပိ၌ ပိသဒ္ဒါသည် သမ္ဘာဝနာဇောတက၊ ဒွိဟိတ်ဇောကို ဆည်းသော ဂရဟာသမုစ္စည်း၊ တိဟိတ်ဇောနောင်တောင်မှ အဟိတ်တဒါရုံ ဖြစ်နိုင်သေး၏၊ ဒွိဟိတ်ဇောနောင် အဟိတ်တဒါရုံ ဖြစ်ခြင်းမှာ ပြောဖွယ်မရှိ– ဟူလို။]တထာ–တူ၊ ကုသလာနန္တရံ–၌၊ ပဝတ္တပရိစယေန–ကြောင့်၊ အကုသလ ဇဝနတော–မှ၊ပရံ–၌၊တိဟေတုကတဒါရမဏမ္ပိ–သည်လည်း၊(ဟောတိ–၏။)

ပန – ချီးမွမ်းဖွယ်ရာ သမ္ဘာဝနာကား၊ ပဋိသန္ဓိနိဗ္ဗတ္တကကမ္မံတော – ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံမှ၊ အညကမ္မေန–တစ်ပါးသော ကံကြောင့်၊

---

**အယဉ္စ ၊ပေ၊ အနေကန္တိကော။** ။“မည်သည့်ဇောနောင် မည်သည့်တဒါရုံများ ဖြစ်၏”ဟု ဇောဖြင့်တဒါရုံကို မှတ်သားခြင်းသည် သေချာ၏၊ [အဗျာဘိစာရီနှင့် ကေန္တိကသည် အဓိပ္ပာယ်တူ၏။] “ဉာဏသမ္ပယုတ်ဇောနောင် ဉာဏသမ္ပယုတ် တဒါရုံဖြစ်၏”စသော မှတ်သားခြင်းကား ကေန်မဟုတ်၊ ထိုသို့ ကေန်မဟုတ်ကြောင်း ကို ချဲ့လို၍ “ယေဘုယျေန ဟိ”စသည် မိန့်၊ ထိုအကျယ်၌ နဂိုရ်က အကုသိုလ် အဖြစ်များနေသူကို “အကုသလဇဝနေသု ပရိစိတဿ”ဟု လည်းကောင်း,ကုသိုလ် အဖြစ်များနေသူကို “ကုသလဇဝနေသု ပရိစိတဿ”ဟုလည်းကောင်း ဆိုသည်။

**အကုသလ–ကုသလ ၊ပေ၊ ပဝတ္တပရိစယေန။** ။ဤဝါကျ၌ “အကုသလဇဝနေသု ပရိစိတဿ ကဒါစိ ကုသလဇဝနေသု ဇဝိတေသု အကုသလာနန္တရံ ပဝတ္တပရိစယေန တိဟေတုကဇဝနတောပိ ပရံ အဟေတုကတဒါရမဏံ ဟောတိ, ကုသလဇဝနေသုဝါ ပရိစိတဿ ကဒါစိ အကုသလဇဝနေသု ဇဝိတေသု ကုသလာနန္တရံ ပဝတ္တပရိစယေန အကုသလဇဝနတော ပရံ တိဟေတုကတဒါရမဏံပိ”ဟု ရှေ့နောက်စကားချင်း တွဲထားပါ၊ အကုသိုလ်ဇော၏ အခြားမဲ့၌ အဟိတ်တဒါရုံဖြစ်မှုက အလေ့အကျက် ရနေသောကြောင့် တိဟိတ်ဇောနောင်လည်း အဟိတ်တဒါရုံ ဖြစ်တတ်သည်၊ ထို့အတူ ကုသိုလ်အခြားမဲ့၌ တိဟိတ်တဒါရုံဖြစ်မှုက အလေ့အကျက်ရနေသောကြောင့် အကုသိုလ်ဇောနောင်လည်း တိဟိတ်တဒါရုံ ဖြစ်တတ်သည်။

တဒါရမဏာပ္ပဝတ္တိယံ–တဒါရုံဖြစ်ရာအခါ၌၊ ဝတ္တဗ္ဗမေဝ–ဆိုဖွယ်သည်ပင်၊ နတ္ထိ–မရှိတော့၊ တထာစ–ထို့ကြောင့်ပင်၊ ပဋ္ဌာနေ–၌၊ အဟေတုကေ ခန္ဓေ၊ပေ၊ဥပ္ပဇ္ဇတီတိ–တိဟူ၍၊ ဝုတ္တံ–ပြီ၊ [အဟေတုကေ–အဟိတ်ဖြစ်ကုန်သော၊ ခန္ဓေ–တို့ကို၊ အနိစ္စတော–အနိစ္စအားဖြင့်လည်းကောင်း၊ ဒုက္ခတော–ဒုက္ခအား ဖြင့်လည်းကောင်း၊ အနတ္တတော–အနတ္တအားဖြင့်လည်းကောင်း၊ ဝိပဿတိ– ဝိပဿနာ ရှု၏၊ (ဤပါဠိဖြင့် ကုသိုလ်ဖြစ်ပုံကို ပြသည်၊ အကုသိုလ် ဖြစ်ပုံ ကို ပြသော ပါဠိကား မြှုပ်ထား၏၊) ကုသလာကုသလေ–ဇောသည်၊ နိရုဒ္ဓေ– ချုပ်ပြီးလတ်သော်၊ အဟေတုကောဝိပါကော–အဟိတ်ဝိပါက်သည်၊ တဒါ ရမဏတာ–တဒါရုံ၏ အဖြစ်ဖြင့်၊ ဥပ္ပဇ္ဇတိ–၏၊ ကုသလာကုသလေ နိရုဒ္ဓေ သဟေတုကော ဝိပါကော–သည်၊ တဒါရမဏတာ ဥပ္ပဇ္ဇတိ။]

တသ္မာတိ–ကား၊ ယသ္မာ–ကြောင့်၊ ဒေါမနဿသဟဂတဇဝနာဝသာနေ– ၌၊ (တဒါရမဏာနိစေဝ–တို့သည်လည်းကောင်း၊) ဥပေက္ခာသဟဂတာနေဝ– တို့ချည်းသာလျှင်၊ ဟောန္တိ–န်၏၊ တသ္မာ–ကြောင့်၊ (ဒေါမနဿသဟဂုတ် ဇော၏အဆုံး၌ တဒါရုံဘဝင်တို့၏ ဥပေက္ခာသဟဂုတ်တို့ချည်းသာဖြစ်ကုန်သည် ၏အဖြစ်ကြောင့်၊) ဒေါမနဿသဟဂတဇဝနာဝသာနေ–၌၊ ဥပေက္ခာသဟဂတ သန္တီရဏံ–ဏစိတ်သည်၊ ဥပ္ပဇ္ဇတိ–၏၊ ဣတိ(အယံ)–ကား၊ သမ္ဗန္ဓော–တည်း။

---

**အညကမ္မေန ၊ပေ၊ နတ္ထိ**။ ။ပြခဲ့သောနည်းသည် ပဋိသန္ဓေကျိုးပေးသော ကံတစ်ခု တည်းက တဒါရုံဝိပါက်ဟူသော ပဝတ္တိကျိုးကိုလည်း ပေးပုံကို ပြသော နည်းတည်း၊ ပဋိသန္ဓေကျိုးကို ပေးသော ကံမှ တစ်ပါးသော (ပဝတ္တိကျိုးကိုသာ ပေးသော) ကံကြောင့် တဒါရုံဝိပါက်ဖြစ်ရာ၌ကား (တိဟိတ်ဇောနောင် တိဟိတ်တဒါရုံသာ မဟုတ်ဘဲ) ကံအားလျော်စွာ ဒွိဟိတ် အဟိတ် တဒါရုံများလည်း ဖြစ်နိုင်ပုံ, (ဒွိဟိတ်ဇော, အဟိတ် ဇောနောင်လည်း) တိဟိတ်စသော တဒါရုံများလည်း ဖြစ်နိုင်ပုံမှာ အထူး ပြောစရာပင် မလိုတော့ပါ၊ "ပရိတ္တကုသလာဒေါသ–စသည်ဖြင့် မှတ်သားအပ်သော တဒါရုံထည်းက အခွင့်သာသော တဒါရုံများလည်း ဖြစ်နိုင်ပါသည်" ဟူလို။

**တထာ စ ဝုတ္တံ**။ ။ဆိုအပ်ပြီးသော စကား၏ သာဓကတည်း၊ ဤသာဓက၌ "ကုသလာကုသလေ နိရုဒ္ဓေ အဟေတုကော ဝိပါကော"ကို ထောက်၍ ကုသိုလ်ဖြစ်သော တိဟိတ်ဇောနောင်(ဒွိဟိတ်ဇောနောင်) အဟိတ်တဒါရုံဖြစ်နိုင်ကြောင်းကို သိရ၏၊ ကုသလာ ကုသလေ နိရုဒ္ဓေ သဟေတုကော ဝိပါကော"ကို ထောက်၍ အကုသိုလ်ဇောနောင် သဟိတ်တွင် ပါဝင်သော တိဟိတ်တဒါရုံများလည်း ဖြစ်နိုင်ကြောင်း သိရသည်။

**တသ္မာတိ ၊ပေ၊ သမ္ဗန္ဓော**။ ။"တသ္မာ သောမနဿပဋိသန္ဓိကဿ"စသော ဝါကျဝယ် တသ္မာ၌ တ၏ အနိယမအဖြစ်ဖြင့် "ဒေါနမနဿသဟဂတ"စသော ရှေ့ဝါကျကို ထည့်ပါ–ဟုလည်းကောင်း, တသ္မာကို "သောမနဿပဋိသန္ဓိကဿ" စသည်ကိုကျော်၍ "ဥပေက္ခာသဟဂတသန္တီရဏံ ဥပ္ပဇ္ဇတိ"၌ စပ်ပါ–ဟုလည်းကောင်း သိစေလို၍ "ယသ္မာ ၊ပေ၊ သမ္ဗန္ဓော"ဟု မိန့်သည်။

သောမနဿပဋိသန္ဓိကဿာတိက္ကမိနာဝ–သန္ဓိကဿဟူသော ဤပါဌ်ဖြင့်ပင်၊ ဘဝင်္ဂပါတာဘာဝေါ–ဒေါသဇော၏အဆုံး၌ ဘဝင်ကျမှု မရှိခြင်းသည်၊ ဝါ–ကို၊ ဒီပိတော၀–ပြအပ်ပြီးသည်သာ၊ ဟောတိ–၏၊ (ကသ္မာ–နည်း၊) ဒေါမနဿာနန္တရံ–၌၊ သောမနဿာဘာဝတော–သောမနဿ၏ မရှိခြင်းကြောင့်တည်း၊ ဣတိ–ကြောင့်၊ တံ–ထိုဘဝင်ကျမှု မရှိခြင်းကို၊ အဝတွာ–၍၊ တဒါရမဏာဘာဝမေဝ–တဒါရုံ၏မဖြစ်ခြင်းကိုသာလျှင်၊ ပရိကပ္ပေန္တော–ကြံဆလိုသည်၊ (ဟုတွာ–၍၊) ယဒိ၊ပေ၊နတ္ထီတိ–နတ္ထိဟူ၍၊ အာဟ–ပြီ၊ [ပရိကပ္ပဇောတက ယဒိ ပါသော ကြောင့် "ပရိကပ္ပေန္တော"ဟု ဆိုသည်၊ ထုံးစံအားဖြင့်ကား "တဒါရမဏာဘာဝမေဝ ဒဿေန္တော"ဟု ဆိုလိုသည်။]

သောမနဿပဋိသန္ဓိကဿ–သောမနဿပဋိသန္ဓေရှိသော၊ တိတ္ထိယာဒိနော–တိတ္ထိအစရှိသော ပုဂ္ဂိုလ်၏၊ ဗုဒ္ဓါဒိအတိက္ကဋ္ဌာရမဏေပိ–ဘုရားအစရှိသော အတိက္ကဋ္ဌာရုံ၌သော်မှလည်း၊ ပဋိဟတစိတ္တဿ–ဒေါသသည်ထိခိုက်အပ်သော စိတ်ရှိသည်ဖြစ်၍၊ ဒေါမနဿဇဝနေ–သည်၊ ဇဝိတေ–စောပြီးသော်၊ ဝုတ္တနယေန–ဖြင့်၊ ["ဒေါမနဿာနန္တရံ သောမနဿာဘာဝတော၊အတိက္ကဋ္ဌေ ပန သောမနဿသဟဂတာနေဝ သန္တီရဏတဒါရမဏာနိ"ဟု ဆိုအပ်ပြီးသော နည်းဖြင့်။] သောမနဿတဒါရမဏဿ–သောမနဿတဒါရုံ၏လည်းကောင်း၊ အတိက္ကဋ္ဌာရမဏေ–၌၊ ဥပေက္ခာသဟဂတတဒါရမဏဿစ–၏လည်းကောင်း၊ အနုပ္ပဇ္ဇနတော–မဖြစ်နိုင်ခြင်းကြောင့်၊ (တဒါရမဏဿ–၏၊ ဥပ္ပတ္တိသမ္ဘဝေါ–ဖြစ်သင့်ခြင်းသည်၊ ယဒိနတ္ထိ–အံ့၊) ဝါ–တစ်နည်း၊ ကေနစိ–တစ်စုံတစ်ခုသော၊ အသဟ္ပာယေန–မလျောက်ပတ်သောအကြောင်းကြောင့်၊ [မာတုဂါမကို မြင်၍ ရာဂဖြစ်ခြင်းစသော အကြောင်းကြောင့်၊] ပရိဟီနလောကိယဈာနံ–ယုတ်လျော့သော လောကီဈာန်ကို၊ အာရဗ္ဘ–အာရုံပြု၍၊ မေ–၏၊ ပဏီတဓမ္မော–မွန်မြတ်သော ဈာန်တရားသည်၊ နဋ္ဌော–ပျက်စီးချေပေါ့တကား၊ ဣတိ–သို့၊ ဝိပ္ပဋိသာရံ–နှလုံးမသာယာမှုကို၊ ဇနေန္တဿ–ဖြစ်စေသော၊ (သောမနဿပဋိသန္ဓိကဿ–၏၊) ဒေါမနဿဇဝနေ–သည်၊ သတိ–သော်၊ အကာမာဝစရာရမဏေ–

---

**သောမနဿ ၊ပေ၊ နတ္ထီတိ။** ။တစ်ဘဝ၌ ပဋိသန္ဓေ ဘဝင် စုတိတို့သည် စိတ်တစ်ခုတည်းသာ ဖြစ်ရသောကြောင့် သောမနဿပဋိသန္ဓေနေသူမှာ ဘဝင်ကျလျှင် သောမနဿဘဝင်သာ ကျရမည်၊ ဒေါသဇောနောင် ဖြစ်၍ သောမနဿဘဝင်လည်း မကျနိုင်၊ ထိုသို့ ဘဝင်မကျနိုင်ကြောင်းကိုကား "သောမနဿပဋိသန္ဓိကဿ"ပါဌ်ဖြင့် ပြပြီး ဖြစ်၍ အထူးမဆိုတော့ဘဲ တဒါရုံကျ–မကျကိုသာ ကြံစည် စဉ်းစားလိုသောကြောင့် "ယဒိ တဒါရမဏာသမ္ဘဝေါ နတ္ထိ"ဟု မိန့်သည်၊ ဤဝါကျအားလုံး၏ အဓိပ္ပာယ်ကို အခြေပြ၍ ပြထားပြီ။

ကာမာဝစရမဟုတ်သော ဈာန်အာရုံ၌၊ တဒါရမဏာဘာဝတော–တဒါရုံ၏ မဖြစ်ခြင်းကြောင့်၊ တဒါရမဏာသ–၏၊ ဥပ္ပတ္တိသမ္ဘဝေါ–သည်၊ ယဒိ နတ္ထိ–အံ့၊ ဣတိ (အယံ)–ကား၊ အဓိပ္ပာယော–အရှင် အနုရုဒ္ဓါဆရာ၏ အလိုတည်း၊ [သမ္ဘဝေါကို ဥပ္ပတ္တိဟု ဖွင့်၊]

ပရိစိတပုဗ္ဗန္တိ–ကား၊ ပုဗ္ဗေ–၌၊ ပရိစိတံ–လေ့ကျက်အပ်သော၊ တသ္မိံ ဘဝေ–၌၊ ယေဘုယျေန–ဖြင့်၊ ဂဟိတပုဗ္ဗံ–ရှေး၌ယူအပ်ပြီးသော၊ ဝါ–ယူအပ်ဖူးသော၊ (ပရိတ္တာရမဏံ အာရဗ္ဘ၌ စပ်၊) ဥပေက္ခာသဟဂတသန္တီရဏံ–ဏစိတ်သည်၊ နိရာဝဇ္ဇနံ–မိမိရှေ့က အာဝဇ္ဇန်းမရှိသည်၊ (သမာနံ)ပိ–သော်လည်း၊ ဥပ္ပဇ္ဇတိ–၏၊(ကိမိဝ–နည်း၊) နိရောဓာ–နိရောဓသမာပတ်မှ၊ ဝုဋ္ဌဟန္တဿ–ထသော အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်၏၊ ဖလစိတ္တံ–ဖိုလ်စိတ်သည်၊ (နိရာဝဇ္ဇနံ–သည်၊ သမာနံပိ–သော်လည်း၊ ဥပ္ပဇ္ဇတိ)ယထာ–ဖြစ်သကဲ့သို့တည်း၊ ဣတိ (အယံ)–ကား၊ အဓိပ္ပာယော–တည်း၊ ယထာ(ယေနကာရဏေန)–အကြင် အကြောင်းကြောင့်၊(နိရောဓာ–မှ၊ ဝုဋ္ဌဟန္တဿ–၏၊ ဖလစိတ္တံ–သည်၊ နိရာဝဇ္ဇနံ–သည်၊ သမာနမ္ပိ–သော်လည်း၊ ဥပ္ပဇ္ဇတိ–၏၊) တထာ(တေန ကာရဏေန–ကြောင့်၊ နိရာဝဇ္ဇံ ကထံ စိတ္တံ၊ပေ၊နိရောဓာဖလဒဿနာတိ–နာဟူ၍၊အာဟု–ရှေးဆရာတို့ ဆိုကြကုန်ပြီ၊[နိရာဝဇ္ဇံ–အာဝဇ္ဇန်းမရှိသည်၊ (သမာနံ–ဖြစ်ပါလျက်၊) စိတ္တံ–သည်၊ ကထံ–အဘယ်နည်းဖြင့်၊ ဟောတိ–ဖြစ်သနည်း၊ ဟိ–စောဒနာသင့်စွာ၊ တော–ဤအာဝဇ္ဇန်းကင်းလျက် စိတ်ဖြစ်ခြင်းကို၊ န သမ္မတံ–ရှေးသူမြတ်တို့ မသမုတ်အပ်သည် မဟုတ်ပါလော၊ (ဣတိ–ဤကား စောဒနာတည်း၊) နိယမော–အာဝဇ္ဇန်းရှိမှ စိတ်ဖြစ်နိုင်၏ဟူသော အမှတ်အသားသည်၊ န–မရှိ၊ (ကသ္မာ–နည်း၊) အာဝဇ္ဇာ–အာဝဇ္ဇန်းကို၊ ဝိနာ–ကြဉ်၍၊ နိရောဓာ–မှ၊ (ဝုဋ္ဌဟန္တဿ–ထသောအနာဂါမ်, ရဟန္တာပုဂ္ဂိုလ်၏၊) ဖလဒဿနာ–ဖိုလ်စိတ် ဖြစ်ခြင်းကို မြင်ရခြင်းကြောင့်တည်း၊ (ဣတိ–ဤကား အဖြေတည်း။)]

ပန–ပရိဟာရပက္ခမှတစ်ပါး စောဒကပက္ခကို ဆိုဦးအံ့၊ ကေန ကိစ္စေန–အဘယ်ကိစ္စဖြင့်၊ ဣဒံ စိတ္တံ–ဤ ဥပေက္ခာသဟဂုတ်သန္တီရဏစိတ်သည်၊ ပဝတ္တတိ–ဖြစ်သနည်း၊ ဣတိ–ဤကား အမေးတည်း၊ တာဝ–သန္တီရဏကိစ္စ စသည်တို့မှ ရှေးဦးစွာ၊(နိဒ္ဒိဋ္ဌေန–သော၊)တဒါရမဏကိစ္စေန–ဖြင့်၊ န ပဝတ္တတိ–မဖြစ်၊ (ကသ္မာ–နည်း၊) ဇဝနာရမ္မဏာသ–ဒေါသဇော၏ အာရုံကို၊ အဂ္ဂဟဏာ တော–မယူခြင်းကြောင့်တည်း၊ သန္တီရဏကိစ္စေနာပိ–ဖြင့်လည်း၊ န (ပဝတ္တတိ)–မဖြစ်၊ (ကသ္မာ–နည်း၊) ယထာသမ္ဘဝဋ္ဌိတဿ–သမ္ဘဝဋ္ဌိတ္တိန်းသည် အကြင် အကြင် ခံယူအပ်ပြီးသော အာရုံကို၊ သန္တီရဏဝသေန–စုံစမ်းခြင်း၏ အစွမ်းဖြင့်၊ အပ္ပဝတ္တနတော–မဖြစ်ခြင်းကြောင့်တည်း၊ ပဋိသန္ဓိစုတိသု–ပဋိသန္ဓေကိစ္စ, စုတိကိစ္စတို့၌၊ ဝတ္တဗ္ဗမေဝ–မဖြစ်ဟု ဆိုဖွယ်သည်ပင်၊ နတ္ထိ–မရှိ။

ပန–ကား၊ ပါရိသေသတော–ထက်ဝန်းကျင်ကြွင်းကျန်သောအားဖြင့်၊ ဝါ–ပါရိသေသနည်းအား;ဖြင့်၊ ဘဝဿ–ဘဝ၏၊ အင်္ဂဘာဝတော–အကြောင်း၏အဖြစ်ကြောင့်၊ ဘဝင်္ဂကိစ္စေန–ဖြင့်၊(ဣဒံ စိတ္တံ–သည်၊ ပဝတ္တတိ–၏၊) ဣတိ–ဤအနက်အဓိပ္ပာယ်သည်၊ ယုတ္တံ–သင့်မြတ်သည်၊ သိယာ–၏၊ [ဤအဓိပ္ပာယ်ကို ဘာသာဋီကာ၌လည်း ပြထားပြီ၊] ဟိ–မှန်၊ အာစရိယဓမ္မပါလတ္ထေရေန–ဆရာအရှင်ဓမ္မပါလထေရ်သည်လည်း၊ အယမတ္ထော–ကို၊ ဒဿိတောဝ–သည်သာ။ [အင္ဂုတ္တရသာလိနီအဗျာကတအဖွင့် အနုဋီကာ၌ ပြအပ်ပြီ။]

ပန–ဆက်၊ ပဋိသန္ဓိဘဝင်္ဂါနံ–တို့၏၊ ဓမ္မတော–တရားကိုယ်အားဖြင့်လည်းကောင်း၊ အာရမဏတော စ–အာရုံအားဖြင့်လည်းကောင်း၊ သမာနတံ–တူကုန်သည်၏အဖြစ်ကို၊ ယံ ဝက္ခတိ–အကြင် ဆိုလတ္တံ့၊ တံ–ထိုဆိုအပ်လတ္တံ့သောစကားကို၊ ယေဘုယျတောတိ–ယေဘုယျအားဖြင့်ဆိုအပ်သော စကားဟူ၍၊ ဒဋ္ဌဗ္ဗံ–၏၊ [ဤနေရာ၌ကား ပဋိသန္ဓေနှင့် ဘဝင်သည် တရားကိုယ်အားဖြင့်လည်းမတူ, အာရုံအားဖြင့်လည်းမတူ–ဟူလို၊] ဟိ–မှန်၊(တစ်နည်း၊) ဟိ (ယသ္မာ)–ကြောင့်၊ ဧကံ–တစ်ခုသော၊ ဣဒံ ဌာနံ–အာဂန္တုကဘဝင်ကျရာဤနေရာကို၊ ဝဇ္ဇေတွာ–ကြဉ်၍၊ ပဋိသန္ဓိဘဝင်္ဂါနံ–တို့၏၊ ဝိသဒိသတာ–မတူကုန်သည်၏ အဖြစ်သည်၊ န အတ္ထိ–မရှိ၊ (တသ္မာ–ကြောင့်၊ တံ–ထိုဆိုအပ်လတ္တံ့သော စကားကို၊ ယေဘုယျတောတိ–ဟူ၍၊ ဒဋ္ဌဗ္ဗံ–၏၊) တမနန္တရိတွာတိ–ကား၊တံ–ထိုဥပေက္ခာသဟဂုတ်သန္တီရဏစိတ်ကို၊အတ္တနော–မိမိဟူသော မူလဘဝင်၏၊ အနန္တရံ–အခြားမရှိသည်ကို၊ အဗျဝဟိတံ–တစ်စုံတစ်ခုသောစိတ်သည် မခြားကွယ်အပ်သည်ကို၊ ကတွာ–၍၊ တဒနန္တရံ–ထိုဥပေက္ခာသဟဂုတ်သန္တီရဏစိတ်၏ အခြားမဲ့၌၊ (ဘဝင်္ဂပါတောဝ–ဘဝင်ကျသည်သာလျှင်၊ ဟောတိ–၏၊) ဣတိ အတ္ထော–နက်။

---

**ယံ ပန ၊ပေ၊ အတ္ထိ**။ ။ဝိထိမုတ်ပိုင်း, ပဋိသန္ဓိစတုက္ကအဆုံး၌ "ပဋိသန္ဓိဘဝင်္ဂ" စသည်ဖြင့် ဆိုအပ်လတ္တံ့သော စကားကို ယေဘုယျအားဖြင့် (များရာလိုက်၍) ဆိုအပ်လတ္တံ့သော စကားဟု မှတ်ပါ၊ မှန်၏–ဘဝင်ကိစ္စတပ်သော စိတ်က ပဋိသန္ဓေ၏ အာရုံကို မယူရာဌာနသည် ဤတစ်နေရာသာ ဖြစ်၏၊ ဤတစ်နေရာမှ တစ်ပါး ပဋိသန္ဓေ၏ အာရုံနှင့် ဘဝင်၏ အာရုံတို့ မတူသောနေရာ မရှိ။

**အနန္တရိတွာ**။ ။အနန္တရသဒ္ဒါ၏ အနက်များစွာတို့တွင် ဤနေရာ၌ ဗျဝဓာန (ခြားကွယ်ခြင်း) အနက်ဟောတည်း၊ နတ္ထိ+အန္တရော+ယဿာတိ အနန္တရော–သန္တီရဏနှင့် မိမိအကြား၌ အခြားမရှိသော ဘဝင်၊ ဤ အနန္တရဟူသော သမာသ်နာမ် ပုဒ်နောင် "ဓာတွတ္ထေ နာမသ္မိ"ဟူသော ခါဒိကဏ္ဍ (၁၂) မောဂ္ဂလာန်သုတ်ဖြင့် ကရဓာတ်၏အနက်၌ ဣပစ္စည်းသက်,ထို့နောက် တွာပစ္စည်းသက်၍ "အနန္တရိတွာ"ဟု ဖြစ်ကြောင်းကို သိစေလို၍ "တံ၊ပေ၊ကတွာ"ဟု ဖွင့်သည်၊ "တဒနန္တရံ"ကား ဥဇုကတ္ထ(အဖြောင့်အနက်)ကို ဖွင့်သော စကားတည်း။

၂၉။ ["တထာ ကာမာဝစရဇဝနာဝသာနေ"ဟူသော စကားကို ဖွင့်ပြလိုသောကြောင့် "ကာမာဝစရ၊ပေ၊ဣဋ္ဌတ္တိ တိ"စသည်ကို မိန့်။] ကာမာဝစရ၊ပေ၊ ဣဋ္ဌတ္တိတိဧတ္ထ–ဟူသော ဤပါဠ်၌၊ ကာမာဝစရဇဝနာဝသာနေယေဝ–ကာမာဝစရဇော၏အဆုံး၌သာလျှင်၊ တဒါရမဏံ–ကို၊ ဣဋ္ဌတ္တိ–န်၏၊(ကသ္မာ–နည်း၊) ကာမတဏှာနိဒါနကမ္မနိဗ္ဗတ္တတ္တာ–ကာမတဏှာလျှင် အရင်းခံရှိသော ကံကြောင့် ဖြစ်ရသည်၏ အဖြစ်ကြောင့်တည်း၊ ဟိ–ချဲ့၊ တံ–ထိုတဒါရုံဝိပါက်စိတ်သည်၊ ကာမတဏှာဲဟေတုကေန–ကာမတဏှာလျှင် အကြောင်းရင်းရှိသော၊ ကမ္မုနာ–ကာမာဝစရကုသိုလ် အကုသိုလ်ကံသည်၊ ဇနိတံ–ဖြစ်စေအပ်သည်၊ (ဟုတွာ–၍၊) အတံသဘာဝသ–ထိုသဘောမရှိသော၊ ဝါ–ထို ကာမတဏှာ အရင်းခံခြင်း မရှိသော၊ ရူပါရူပါဝစရလောကုတ္တရဇဝနဿ–ရူပါဝစရဇော, အရူပါဝစရဇော, လောကုတ္တရာဇော၏၊ အနန္တရံ–၌၊ န ဥပ္ပဇ္ဇတိ၊ ကိံ ကာရဏာ–နည်း၊ အဇနကတ္တာ–မိမိကို မဖြစ်စေတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဇနကသမာနတ္တာဘာဝတော–ဇနကကံနှင့် တူသည်၏အဖြစ် မရှိခြင်းကြောင့်လည်းကောင်းတည်း။

ဟိ–ဥပမာဆောင်, ထင်အောင်ပြအံ့၊ ဂေဟတော–အိမ်ခန်းဆောင်မှ၊ ဗဟိ–သို့၊ နိက္ခမိတုကာမော–ထွက်လိုသော၊ ဗာလကော–ကလေးသည်၊ ဇနကံ–မိမိကိုဖြစ်စေတတ်သော မိဘကိုသော်လည်းကောင်း၊ တံသဒိသံဝါ–ထို မိဘနှင့်တူသော ဦးကြီး ဦးလေးစသူကိုသော်လည်းကောင်း၊ အင်္ဂုလိယံ–လက်ချောင်း၌၊ ဂဟေတွာ–ကိုင်၍၊ နိက္ခမတိယထာ–ထွက်သကဲ့သို့လည်းကောင်း၊ အညံ–သော၊ ရာဇပုရိသာဒိ–မင်းခစားယောကျ်ား အစရှိသူကို၊ (အင်္ဂုလိယံ ဂဟေတွာ)န (နိက္ခမတိယထာ)–သို့လည်းကောင်း၊ဧဝံ–တူ၊ဘဝင်္ဂဝိသယတော–ဘဝင်၏အာရုံမှ၊ အညတ္ထ–အခြားသောအာရုံ၌၊ ပဝတ္တမာနံ–ဖြစ်ရသော၊ တဒါရမဏံ–သည်၊ ဇနကံ–မိမိကိုဖြစ်စေတတ်သော၊ ကာမာဝစရကုသလာကုသလံ–ကာမာဝစရကုသိုလ်ဇော, အကုသိုလ်ဇောသို့သော်လည်းဂေါင်း၊ တံ သဒိသံ–ထိုကာမာဝစရကုသိုလ်ဇော, အကုသိုလ်ဇောနှင့်တူသော၊ ကာမာဝစရကြိယဇဝနံဝါ–သို့သော်လည်းကောင်း၊ အနုဗန္ဓတိ–အစဉ်လိုက်၏၊ ပန–ဗျတိရိက်ကား၊ တဿ–ထိုဇနကကံ၏(သဘောနှင့်)၊ ဝိသဒိသာနိ–မတူကုန်သော၊ မဟဂ္ဂတလောကုတ္တရဇဝနာနိ–တို့သို့၊ န(အနုဗန္ဓတိ)–အစဉ်မလိုက်၊ [ဘာသာဋီကာ၌ အဓိပ္ပာယ်ပြ ထားပြီ၊ ဤဆိုအပ်ပြီးသော အကျယ်ကို "ဇနကံ၊ပေ၊ လီလယာ"ဟူသော ပဋ္ဌမဂါထာဖြင့် အကျဉ်းချုပ်လတ္တံ့။]

[ကာမာဝစရဇဝနာဝသာနေကို ဖွင့်ပြပြီး၍ "ကာမာဝစရသတ္တာနံ" ဟူသော စကားကို ဖွင့်ပြလိုသောကြောင့် "တထာ ကာမာဝစရသတ္တာနမေဝ" စသည်ကို မိန့်။]တထာ–ထိုမှတစ်ပါး၊ကာမာဝစရသတ္တာနမေဝ–ကာမာဝစရသတ္တဝါတို့၏

သန္တာန်၌သာလျှင်၊ တဒါရမဏံ–တဒါရုံကို၊ ဣစ္ဆန္တိ–နှ်၏၊ ဖြဟ္မာနံ–တို့၏ သန္တာနဲ၌၊ (တဒါရမဏံ–ကို၊) န (ဣစ္ဆန္တိ)–နှ်၊ (ကသ္မာ–နည်း၊) တဒါရမဏူပ နိဿယဿ–တဒါရုံ၏ အားကြီးသော မှီရာဖြစ်သော၊ ကာမာဝစရပဋိသန္ဓိ ဗီဇဿ–ကာမာဝစရပဋိသန္ဓေဟူသော မျိုးစေ့၏၊ အဘာဝတော–မရှိခြင်း ကြောင့်တည်း၊ [ဆိုအပ်ပြီးသောအကျယ်ကို "ဗီဇဿာဘာဝတောၤပေၤသညိတံ" ဟူသော ဂါထာဖြင့် အကျဉ်းချုပ်လတ္တံ့။]

[ကာမာဝစရသတ္တာနံကို ဖွင့်ပြပြီး၍ "ကာမာဝစရဓမ္မေသွေဝ"စသော စကားကို ဖွင့်ပြလိုသောကြောင့် "တထာ ကာမာဝစရ ဓမ္မေသွေဝ"စသည်ကို မိန့်၊] တထာ–ပါး၊ အာရမဏဘူတေသု–အာရုံဖြစ်၍ဖြစ်ကုန်သော၊ ကာမာဝစရ ဓမ္မေသွေဝ–ကာမာဝစရတရားတို့၌သာလျှင်၊ (တဒါရမဏံ–ကို၊) ဣစ္ဆန္တိ– နှ်၏၊ ဣတရေသု–ကာမအာရုံမှတစ်ပါးသော မဟဂ္ဂုတ်လောကုတ္တရာ ပညတ်အာရုံတို့၌၊ (တဒါရမဏံ–ကို၊) န (ဣစ္ဆန္တိ)–နှ်၊ (ကသ္မာ–နည်း၊ ဣတရေသံ–ကာမအာရုံမှတစ်ပါးသော မဟဂ္ဂုတ်လောကုတ္တရာ ပညတ်အာရုံ တို့၏၊) အပရိစိတတ္တာ–မလေ့ကျက်အပ်ကုန်သည်၏ အဖြစ်ကြောင့်တည်း။

ဟိ–ဥပမာဆောင်, ထင်အောင်ပြဦးအံ့၊ သော ဗာလကော–ထို ရှေ့၌ ပြအပ်ခဲ့သော ကလေးသည်၊ ဇနကံ(ဝါ)–သို့သော်လည်းကောင်း၊ တံသဒိသံ ဝါ–သို့သော်လည်းကောင်း၊ အနုဂစ္ဆန္တော ပိ–အစဉ်လိုက်ပါသော်လည်း၊ အရညာဒိအပရိစိတဋ္ဌာနံ–တော အစရှိသော မလေ့ကျက်အပ်သော အရပ်သို့၊ ဂစ္ဆန္တံ–သွားသူနောက်သို့ န အနုဗန္ဓတွာ–အစဉ်မလိုက်မူ၍၊ ပမုခဂ်ဏာဒိမှိ– အိမ်ဦးစမုခ်,အိမ်ဝင်း၏လွင်ပြင် အစရှိသော၊ ပရိစိတဋ္ဌာနေယေဝ–လေ့ကျက် အပ်သော အရပ်၌သာလျှင်၊ အနုဗန္ဓတိယထာ–အစဉ်လိုက်သကဲ့သို့၊ ဧဝံ– တူ၊ ဣဒမ္ပိ–ဤတဒါရုံဝိပါက်သည်လည်း၊ ရူပါဝစရာဒိအပရိစိတာရမဏံ– ရူပါဝစရ အစရှိသော မလေ့ကျက်အပ်သော အာရုံကို၊ အာရဗ္ဘ–အာရုံပြု၍၊ ပဝတ္တန္တံ–ဖြစ်သော ကာမဇောနောက်သို့၊ နာနုဗန္ဓတိ–အစဉ်မလိုက်။

အပိစ–သည်သာမကသေး၊ ကာမတဏှာယတ္တကမ္မဇနိတတ္တာပိ–ကာမ တဏှာနှင့်စပ်သောကံသည် ဖြစ်စေအပ်သည်၏ အဖြစ်ကြောင့်လည်း၊ ဧတံ– တဒါရုံသည်၊ ကာမတဏှာရမဏေသု–ကာမတဏှာ၏ အာရုံဖြစ်ကုန်သော၊ ပရိတ္တဓမ္မေသွေဝ–ကာမတရားတို့၌သာလျှင်၊ ပဝတ္တတိ–၏၊ [ဤဆိုအပ်ပြီးသော အကျယ်ကို "ဌာနေပရိစိတေယေဝ"စသော ဂါထာဖြင့် အကျဉ်းချုပ်လတ္တံ့၊] ဣတိ–သို့၊ အယံအတ္ထော–ဤအနက်အဓိပ္ပာယ်ကို၊ (မယာ–သည်၊) ဝုတ္တော– ဆိုအပ်ပြီးသည်သာ၊ [ကာမာဝစရဝိပါက်စိတ်တို့၏ ပရိတ္တာရုံကိုသာ အာရုံပြုရပုံ ပြရာ သင်္ဂဟနည်း၌ "ကာမတဏှာဓိနဿ ဖလဘူတတ္တာ ၊ပေ၊ ကာမတဏှာ ရမဏမေဝ ဂဏှာတိ"စသည်ဖြင့် ဆိုခဲ့ပြီ–ဟူလို။]

စ–အကျဉ်းချုပ်ကား၊ ဧတ္တ–ဤဆိုအပ်ပြီးသော အနက်တို့၌၊ (သင်္ဂဟဂါထာယော–တို့သည်၊) ဟောန္တိ–န်၏၊ (ကိံ–အဘယ်သို့ ဖြစ်ကုန်သနည်း၊] ဤဂါထာများ၏ အနက်အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ။] ဇာလဒါရကလီလယာ (ဇာလဒါရကလီလာယ)–ကလေးငယ် စမ္ပာယ်နည်းဖြင့်၊ တဒါလမ္ဗံ–တဒါရုံသည်၊ ဇနကံ (ဝါ)–မိမိကို ဖြစ်စေတတ်သည်မူလည်းဖြစ်သော၊ တံသမာနံဝါ–မိမိကို ဖြစ်စေတတ်သော ဇောနှင့် တူသည်မူလည်းဖြစ်သော၊ ဇဝနံ–ကာမဇောသို့၊ အနုဗန္ဓတိ–အစဉ်လိုက်၏၊ တု–ဗျတိရိက်ကား၊ အညံ–သော၊ (ဇဝနံ–မဟဂ္ဂုတ်လောကုတ္တရာဇောသို့၊) န (အနုဗန္ဓတိ)–အစဉ်မလိုက်။

ဗီဇဿ–မျိုးစေ့၏၊ အဘာဝတော–မရှိခြင်းကြောင့်၊ ဗြဟ္မာနမ္ပိ–ဗြဟ္မာတို့၏ သန္တာန်၌လည်း၊ (တဒါလမ္ဗံ–တဒါရုံသည်၊) နတ္ထိ–မရှိနိုင်၊ ဟိ–မှန်၊ ကာမာဝစရသညိတံ–ကာမာဝစရဟု အသိအမှတ်ပြုအပ်သော၊ ပဋိသန္ဓိမနော–ပဋိသန္ဓေစိတ်သည်၊ ဣမဿ–ဤတဒါရုံဝိပါက်၏၊ ဗီဇံ–မျိုးစေ့တည်း။

ဇာလကော–ကလေးသည်၊ ပရိစိတေယေဝ–လေ့ကျက်အပ်သည်သာလျှင်ဖြစ်သော၊ ဌာနေ–အိမ်ဦးစမုခ်, အစရှိသောအရပ်၌၊ တံ–ထို မိဘ ဦးကြီး ဦးလေးနောက်သို့၊ အနုယာတိဝိယ–အစဉ်လိုက်သကဲ့သို့၊ အညတ္ထ–အခြားသော အရပ်၌၊ န (အနုယာတိဝိယ)–အစဉ်မလိုက်သကဲ့သို့၊ (တထာ–တူ၊) ဣဒံ–ဤတဒါရုံသည်၊ ပရိစိတေယေဝ–သော၊ ဌာနေ–ကာမအာရုံ ဟူသော အရပ်၌၊ တံ–ထိုကာမဇောနောက်သို့၊ အနုယာတိ–အစဉ်လိုက်၏၊ အညတ္ထ–ကာမအာရုံမှတစ်ပါးသော အာရုံ၌၊ န (အနုယာတိ)–အစဉ်မလိုက်၊ ဝါ–တစ်နည်း၊ တဏှာဝသေန–ကာမတဏှာနှင့်စပ်သဖြင့်၊ (တဒါလမ္ဗံ–သည်၊) ဟောတိ–၏၊ ဣတိ–သို့၊ (သင်္ဂဟဂါထာယော– ဟောန္တိ။)

နနုစ–အံ့၊ (ကိံ–နည်း၊) ကာမာဝစရပဋိသန္ဓိဗီဇာဘာဝတော‌တိ–တောဟူ၍၊ ဝုတ္တံ–ပြီ၊ တထာစ–ထိုသို့ဖြစ်လတ်သော်၊ စက္ခုဝိညာဏာဒီနမ္ပိ–စက္ခုဝိညာဉ် အစရှိသော ဝိပါက်တို့၏လည်း၊ အဘာဝေါ–(ဗြဟ္မာတို့သန္တာန်၌) မဖြစ်ခြင်းသည်၊ အာပဇ္ဇတိ–ဖြစ်သည်မဟုတ်လော၊ ဣတိ–ဤကား စောဒနာတည်း၊ နာပဇ္ဇတိ–မဖြစ်၊ (ကသ္မာ–နည်း၊) ဣန္ဒြိယပ္ပဝတ္တိအာနုဘာဝတော–စက္ခုန္ဒြေ သောတိန္ဒြေ ဖြစ်ခြင်း၏ အစွမ်းသတ္တိကြောင့်လည်းကောင်း၊ ဒွါရဝီထိဘေဒေ–ဒွါရအထူးအပြား, ဝီထိအထူးပြား၌၊ စိတ္တနိယမတောစ–စိတ်၏ဖြစ်ပုံ မြဲခြင်းကြောင့်လည်းကောင်းတည်း၊ [ဤဝါကျ၏ အဓိပ္ပာယ်ကို "မျိုးစေ့မရှိဘဲ ဝိပါက်တစ်မျိုးဖြစ်ပုံ"ဟု ခေါင်းတပ်၍ ဘာသာဋီကာ၌ ပြထားပြီ။]

၃၂။ [ဇဝနနိယမကို ဖွင့်ပြလိုသောကြောင့် "မန္ဒပ္ပဝတ္တိယန္တိ" စသည်ကို မိန့်။] မန္ဒပ္ပဝတ္တိယန္တိ–ကား၊ မရဏာသန္နကာလေ–သေခါနီးအခါ၌၊ ဝတ္ထုဒုဗ္ဗလတာယ–ဟဒယရုပ်၏ အားမရှိသည့်အတွက်၊ (ဇဝနဿ–ဇော၏၊) မန္ဒီဘူတဝေဂတ္တာ–နုံ့သည်ဖြစ်၍ဖြစ်သော အဟုန်ရှိသည်၏အဖြစ်ကြောင့်၊ မန္ဒံ–နုံ့သည်၊ ဝါ–ညံ့သည်၊ ဟုတွာ–၍၊ ပဝတ္တိယံ–ဖြစ်ရာအခါ၌၊ မရဏကာလာဒီသုတိ (ဓတ္တ)–ဒီသုဟူသော ဤပါဠိ၌၊ အာဒိသဒ္ဒေန–ဖြင့်၊ မုစ္ဆာကာလံ–မိန်းမော တွေဝေရာအခါကို၊ သင်္ဂဏှာတိ–၏။

၃၃။ ဘဂဝတော ၊ပေ၊ ဝဒန္တီတိ–ကား၊ ဘဂဝတော–၏၊ ယမကပါဋိဟာရိယကာလာဒီသု–ရေမီးအစုံဖြစ်သော တန်ခိုးပြာဋိဟာကို ပြရာအခါ အစရှိသော ကာလတို့၌၊ ဥဒကက္ခန္ဓအဂ္ဂိက္ခန္ဓပ္ပဝတ္တနာဒိအတ္ထံ–ရေအစု, မီးအစု၏ ဖြစ်ခြင်း အစရှိသော အကျိုးငှာ၊ ဝိသုံ ဝိသုံ–အသီးအသီး၊ ပါဒကဈာနံ–ပါဒကဈာန်ကို၊ သမာပဇ္ဇိတွာ–ပြီး၍၊ တတော–ထို ပါဒကဈာန်မှ၊ ဝုဋ္ဌာယ–ထပြီး၍၊ ဈာနဓမ္မေ–ဈာန်အင်္ဂါတရားတို့ကို၊ ဝိသုံ ဝိသုံ–သီး၊ အာဝဇ္ဇန္တဿ–ဆင်ခြင်တော်မူလတ်သော်၊ ဝါ–ဆင်ခြင်တော်မူသော၊ (ဘဂဝတော–၏။) အာဝဇ္ဇနဝသိတာယ–အာဝဇ္ဇနဝသီဘော်၏၊ မတ္တကပ္ပတ္တိယာ–အထွတ်အထိပ်သို့ ရောက်ခြင်းကြောင့်၊ အာဝဇ္ဇနတပ္ပရော၀–အာဝဇ္ဇန်းဟူသော ထိုစိတ်ညွှတ်ခြင်း၏

---

**မန္ဒပ္ပဝတ္တိယံ**။ ။ ဤပုဒ်၏အဖွင့်ကို ဘာသာဋီကာ၌ အကျယ်ပြထားပြီ၊ "မန္ဒီဘူတဝေဂတ္တာ"သာ လိုရင်းမူလဟိတ်တည်း၊ ဝတ္ထုဒုဗ္ဗလတာယ–ကား၊ "ဘာ့ကြောင့် မန္ဒီဘူတဝေဂဖြစ်ရသနည်း"ဟု မေးဖွယ်ရှိ၍ အကူအညီထည့်ရသော မူလီဟိတ်သာ၊ "အာဒိသဒ္ဒေန မုစ္ဆာကာလံ သင်္ဂဏှာတိ"ဟူသော စကားနှင့်စပ်၍ "အချို့အယူဝါဒနှင့် ဤကျမ်း၏ဝါဒ"ဟု ခေါင်းတပ်လျက် သင်္ဂြိုဟ်ဘာသာဋီကာ၌ စိစစ်ထား၏။

**ဘဂဝတော ၊ပေ၊ ဝဒန္တိ**။ ။ဤဝါကျ၏အဖွင့်ကိုလည်း ဘာသာဋီကာ၌ အကျယ်ပြထားပြီ၊ ယမကာနိ–ရေနှင့် မီးအစုံဖြစ်ကုန်သော၊ ပါဋိဟာရိယာနိ–တန်ခိုးပြာဋိဟာတို့တည်း၊ ယမကပါဋိဟာရိယာနိ–တို့၊ တေသံ+ကာလော ယမကပါဋိဟာရိယကာလော၊ အာဒိဖြင့်ယူရသော အခါများကိုလည်း ဘာသာဋီကာ၌ ပြထားပြီ။

**အာဝဇ္ဇနတပ္ပရော၀**။ ။တဿ–ထိုစိတ်ကို ရှေးရှုဆောင်ခြင်း၏၊ ပရံ–အလွန်ဆုံး အတိုင်းအရှည်တည်း၊ တပ္ပရံ–ရှည်၊ အာဝဇ္ဇနံ+တပ္ပရံ+ယဿာတိ အာဝဇ္ဇနတပ္ပရော၊ ဆင်ခြင်မှု အာဝဇ္ဇန်းသာ လိုရင်းဖြစ်၏၊ အာဝဇ္ဇန်းဖြစ်ဖို့ထက် အပိုအမို စိတ်ညွှတ်စရာ မလိုတော့–ဟူလို၊ ချဲ့ဦးအံ့–စတုတ္ထဈာန်မှထ၍ ထိုဈာန်၌ပါသော ဥပေက္ခာကေဂ္ဂတာ ဈာန်အင်္ဂါကို ဆင်ခြင်ဖို့ရန် ထိုဈာန်အင်္ဂါသို့ စိတ်ကို ရှေးရှုဆောင်ခြင်း (စိတ်ညွှတ်ခြင်း) ကို စိတ္တာဘိနီဟာရဟု ခေါ်၏၊ ထိုသို့ စိတ္တာဘိနီဟာရ ပြုသောအခါ ဘဝင်စလန ဘဝင်္ဂုပစ္ဆေဒဟု မပါလျှင်မပြီးသော ဘဝင်နှစ်ကြိမ်ဖြစ်ပြီးနောက် ဆင်ခြင်သော မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်ခြင်းသာ ပဓာနဖြစ်သည်ကို "အာဝဇ္ဇနတပ္ပရ"ဟု ဆိုသည်။

အလွန်အတိုင်းအရှည်ရှိသည်သာလျှင်ဖြစ်သော၊ စိတ္တာဘိနီဟာရော–စိတ်ကို ရှေးရှုဆောင်ခြင်းသည်၊ ဟောတိ–၏၊ ဣတိ–ကြောင့်၊ ယထာဝဇ္ဇိတဈာနင်္ဂါ ရမဏာနိ–အကြင် အကြင် ဆင်ခြင်အပ်ပြီးသော ဈာန်အင်္ဂါလျှင် အာရုံရှိကုန် သော၊ စတ္တာရိ(ဝါ)–လေးကြိမ်သော်လည်းဖြစ်ကုန်သော၊ ပဉ္စဝါ–ငါးကြိမ်သော် လည်းဖြစ်ကုန်သော၊ ပစ္စဝေက္ခဏဇဝနစိတ္တာနိ–ပစ္စဝေက္ခဏာဇောစိတ်တို့သည်၊ ပဝတ္တန္တိ–န်၏၊ ဣတိ–သို့၊ အဋ္ဌကထာစရိယာ–တို့သည်၊ ဝဒန္တိ–န်၏။

စ–ဆက်၊ ဘဂဝတောတိ ဣဒံ–တောဟူသောဤသဒ္ဒါသည်၊ နိဒ္ဒေသနမတ္တံ– ညွှန်ပြကြောင်းသဒ္ဒါမျှသာတည်း၊ ဝါ–နိဒဿနနည်းမျှသာတည်း၊ (ကသ္မာ– နည်း၊) အညေသမ္ပိ–ဘုရားမှ အခြားလည်း ဖြစ်ကုန်သော၊ ဓမ္မသေနာပတိ အာဒီနံ–တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတြာ အစရှိသောပုဂ္ဂိုလ်တို့၏၊ ဝေရူပေ–သော၊ အစ္စာယိကကာလေ–အလျင်အမြန် ဖြစ်စေအပ်ရာအခါ၌၊ အပရိပုဏ္ဏဇဝနာနံ–(၇)ကြိမ် မပြည့်သောဇောတို့၏၊ ပဝတ္တနတော–ဖြစ်ခြင်း ကြောင့်တည်း၊တထာ စ–ထိုအတိုင်းပင်၊အဋ္ဌကထာယံ–၌၊အယဥ္စ မတ္တကပ္ပတ္တာ ၊ပေ၊ ဝေရူပေ ကာလေတိ–ဟူ၍၊ ဝုတ္တံ–ပြီ၊[မတ္တကပ္ပတ္တာ–အထွတ်အထိပ်သို့ ရောက်သော၊အယဥ္စ ဝသိတာ–ဤဝသီဘော်သည်လည်း၊ ဘဂဝတော–၏၊ ယမကပါဋိဟာရိယကာလေ–အခါ၌လည်းကောင်း၊ အညေသံ–ဘုရားမှ အခြား သောပုဂ္ဂိုလ်တို့၏၊ဝေရူပေ–သော၊ကာလေ ဝါ–၌လည်းကောင်း၊(ဟောတိ–၏၊)]

ပန–ဆက်၊ စတ္တာရိ ပဉ္စဝါတိ–ဝါဟူသော၊ ဧတံစ–ဤ စကားကိုလည်း၊ တိက္ခိန္ဒြိယမုဒိန္ဒြိယဝသေန–ထက်မြက်သော ပညိန္ဒြေရှိသော ပုဂ္ဂိုလ်, နုံ့သော ပညိန္ဒြေရှိသော ပုဂ္ဂိုလ်တို့၏ အစွမ်းဖြင့်၊ ဂဟေတဗ္ဗံ–ယူထိုက်၏၊ ဣတိ– သို့၊ အာစရိယဓမ္မပါလတ္ထေရေန–ဆရာဓမ္မပါလထေရ်သည်၊ ဝုတ္တံ–မိန့်အပ်ပြီ၊ တသ္မာ–ကြောင့်၊ ဘဂဝတော–(တိက္ခိန္ဒြိဖြစ်တော်မူသော) မြတ်စွာဘုရား၏ သန္တာန်၌၊ စတ္တာရိ–န်သော၊ (ပစ္စဝေက္ခဏစိတ္တာနိ–ပစ္စဝေက္ခဏာ ဇောစိတ်တို့ သည်၊ ဘဝန္တိ–န်၏၊) အညေသံ–ဘုရားမှတစ်ပါးသော ပုဂ္ဂိုလ်တို့၏သန္တာန်၌၊ ပဥ္စပိ–ငါးကြိမ်လည်းဖြစ်ကုန်သော၊ (ပစ္စဝေက္ခဏာနိ–တို့သည်၊ ဘဝန္တိ–န်၏၊) ဣတိ–ဤသို့ခွဲခြားချက်သည်၊ ယုတ္တံဝိယ–သင့်မြတ်သကဲ့သို့၊ ဒိဿတိ–ထင်၏။

၃၄။ အာဒိကမ္မိကဿာတိ–ကား၊ အာဒိတော–၌၊ ကတယောဂကမ္မဿ– ပြုအပ်သော အားထုတ်မှုရှိသော ယောဂီပုဂ္ဂိုလ်၏၊ ပဌမံ–စွာ၊ နိဗ္ဗတ္တာ–သော၊ အပ္ပနာ–နာတည်း၊ ပဌမကပ္ပနာ–ရှေးဦးစွာဖြစ်သော အပ္ပနာ၊ အဘိညာဇဝနာန မ္ပိ–အဘိညာဉ်ဇောတို့၏ အတွက်လည်း၊ ပဌမကပ္ပနာယာတိ–ပဌမကပ္ပနာယ ဟူသော ဤသဒ္ဒါသည်၊ အဓိကာရော–လိုက်လာသည်၊ သိယာ–၏၊ ဣတိ– ကြောင့်၊ သမ္ဗဒ္ဓါပိတိ–ပိဟူ၍၊ အာဟ–ပြီ၊ [သမ္ဗဒ္ဓါပိဟူသော အာဓာရဖြင့်

"ပဌမကပ္ပနာယံ"ဟူသော အာဓာရကို တားမြစ်လိုက်သည်-ဟူလို၊ သဒ္ဒါကျမ်း၌ နောက်သုတ်က ကာရိသည် ရှေ့သုတ်မှ ကာရိကို တားမြစ်ခြင်းမျိုးကဲ့သို့တည်း။] ပဌမပ္ပတ္တိကာလေ-ရှေးဦးစွာ ဖြစ်ရာအခါ၌လည်းကောင်း၊ စိဏ္ဏဝသိကာလေ စ-လေ့ကျက်အပ်သော ဝသီဘော်ရှိရာအခါ၌လည်းကောင်း၊ ပဉ္စ-န်သော၊ အဘိညာဇဝနာနိ-လောကီအဘိညာဉ်ဇောတို့သည်၊ ဧကဝါရမေဝ-တစ်ကြိမ်သည်သာလျှင်၊ ဇဝန္တိ-စောကုန်၏၊ ဣတိ အတ္ထော-ဤကားအဓိပ္ပာယ်နက်၊ [လောကီအဘိညာဉ်ငါးပါးကို ရည်ရွယ်၍ "ပဉ္စ"ဟု ဆိုသည်။

**၃၅။** မဂ္ဂါယေဝ-မဂ်တို့သည်ပင်၊ ဥပ္ပဇ္ဇနတော-ဖြစ်ခြင်းကြောင့်၊ မဂ္ဂုပ္ပာဒါ-မဂ္ဂုပ္ပာဒတို့ မည်၏၊ ["ဥပ္ပဇ္ဇန္တီတိ ဥပ္ပာဒါ၊ မဂ္ဂါယေဝ+ဥပ္ပာဒါ မဂ္ဂုပ္ပာဒါ"ဟု ပြု၊] ယထာရဟံတိ-ကား၊ ပဉ္စမံဝါ-ငါးကြိမ်မြောက်သော်လည်းကောင်း၊ စတုတ္ထံဝါ-သော်လည်းကောင်း၊ ဥပ္ပန္နမဂ္ဂါနုရူပံ-ဖြစ်သောမဂ်အားလျော်စွာ၊ ဟိ-ချဲ့၊ ဧကာဝဇ္ဇနဝီထိယာ-တစ်ခုသော အာဝဇ္ဇန်းရှိသော ဝီထိ၏၊ သတ္တဇဝနပရမတ္တာ-ဇောခုနစ်ကြိမ်လျှင် အလွန်အတိုင်းအရှည် ရှိသည်၏အဖြစ်ကြောင့်၊ စတုတ္ထံ-လေးကြိမ်မြောက်၊ ဥပ္ပန္နမဂ္ဂတော-ဖြစ်သော မဂ်မှ၊ ပရံ-၌၊ တီဏိ-သုံးကြိမ်ကုန်သော၊ ဖလစိတ္တာနိ-တို့သည်၊ (ဟောန္တိ-န်၏၊)၊ ပဉ္စမံ-ငါးကြိမ်မြောက်၊ ဥပ္ပန္နမဂ္ဂတော-မှ၊ ပရံ-၌၊ ဒွေဝ-နှစ်ကြိမ်သာလျှင် ဖြစ်ကုန်သော၊ (ဖလစိတ္တာနိ-တို့သည်၊) ဟောန္တိ-န်၏၊ [ဒွေဝါ ဟု ရှိသည်ကား မကောင်း။]

**၃၆။** နိရောဓသမာပတ္တိကာလေပိ-ကား၊ နိရောဓဿ-နိရောဓသမာပတ်၏၊ ပုဗ္ဗဘာဂေ-ရှေးအဖို့၌၊ [နိရောဓသမာပတ်အတွင်း၌ စိတ်မဖြစ်သောကြောင့် "နိရောဓသမာပတ္တိကာလေ"၌ နိရောဓသမာပတ်မဝင်စားမီ,ဝင်စားခါနီး ရှေ့ကာလကို ယူပါ-ဟူလို၊သမာပတ္တိကာလေကို သမီပျူပစာစကားဟု ဆိုလိုသည်၊]

---

**အာဒိကမ္မိကဿ**။ ။အာဒိတော-အစ၌+ကတံ-ပြုအပ်သော+ကမ္မံ-ကမ္မဋ္ဌာန်းအားထုတ်မှုတည်း၊ အာဒိကမ္မံ=မှု၊ နောက်နောက်အခါ ဈာန်ဝင်စားဖို့ရန် အလေ့အလာရခြင်းကို "စိဏ္ဏဝသိဘာဝ"ဟု ဆို၏၊ ထို စိဏ္ဏဝသိဘာဝမျိုးမဟုတ်ဘဲ ပဌမဈာန်ရဖို့အတွက် မရမီအာထုတ်မှု၊ ဒုတိယဈာန်စသည် ရဖို့အတွက် မရမီအားထုတ်မှုများကို "အာဒိကမ္မ"ဟု ဆိုသည်၊ အာဒိနောင် "ကတံ"ပုဒ်ကျေသည်ဟု လည်းကောင်း, ကမ္မအရလည်း ကမ္မဋ္ဌာန်းအားထုတ်မှု ယူပါဟုလည်းကောင်း ပြလို၍ "ကတယောဂကမ္မဿ"ဟု ဖွင့်သည်၊ [ကြွင်းအဓိပ္ပာယ်များကို ဘာသာဋီကာမှာ ရှု၊]

**ဥပ္ပန္နမဂ္ဂါနုရူပံ**။ ။"ဒွေတီဏိ ဖလစိတ္တာနိ ယထာရဟံ"ဟု ဆိုသောကြောင့်ငါးကြိမ်မြောက် မဂ်ဖြစ်လျှင် (ခုနစ်ကြိမ်ပြည့်အောင်) ဖိုလ်နှစ်ကြိမ် ဖြစ်ထိုက်၏, လေးကြိမ်မြောက် မဂ်ဖြစ်လျှင် ဖိုလ်သုံးကြိမ် ဖြစ်ထိုက်သည်-ဟူလို၊ ဘာ့ကြောင့်နည်း...၊ ဝီထိတစ်ခုလျှင် ရိုးရာအားဖြင့် ဇောခုနစ်ကြိမ်သာ အလွန်ဆုံး ရှိရသောကြောင့်တည်း။

စတုတ္ထာရုပ္ပဇ္ဈာနန္တိ–ကား၊ ကုသလကြိယာနံ–တို့တွင်၊ အညတရံ–သော၊ နေဝသညာနာသညာယတနဇ္ဈာနံ–သည်၊ (ဇဝတိ–၏၊) အနာဂါမိခီဏာသဝါ ယေဝ–အနာဂါမ်,ရဟန္တာပုဂ္ဂိုလ်တို့သည်သာ၊ နိရောဓသမာပတ္တိံ–ပတ်ကို၊ သမာပဇ္ဇန္တိ–ဝင်စားနိုင်ကြကုန်၏၊[အကြောင်းကို ကမ္မဋ္ဌာန်းအဖွင့်ဘာသာဋီကာ၌ ပြထားပြီ၊] သောတာပန္နသကဒါဂါမိနော–သောတာပန်, သကဒါဂါမ်ပုဂ္ဂိုလ်တို့ သည်၊ (နိရောဓသမာပတ္တိံ–ကို၊) န (သမာပဇ္ဇန္တိ)–မဝင်စားနိုင်ကြကုန်၊ ဣတိ–ကြောင့်၊ အနာဂါမိဖလံ ဝါ အရဟတ္တဖလံ ဝါတိ–ဝါဟူ၍၊ ဝုတ္တံ–ပြီ၊ စ–ဆက်၊ ဧတ္ထ–ဤအနာဂါမိဖလံ ဝါ အရဟတ္တဖလံ ဝါဟူသောပါဌ်၌၊ ဝိဘတ္တိဝိပလ္လာသော–ဝိဘတ်၏ ဖောက်ပြန်ခြင်းကို၊ ဒဋ္ဌဗ္ဗော–၏၊ အနာဂါမိဖလေ ဝါ–အနာဂါမိဖိုလ်သည်သော်လည်းကောင်း၊ အရဟတ္တဖလေ ဝါ–သည်သော်လည်းကောင်း၊ ဣတိ(အတ္ထော)–နက်၊ တေန–ကြောင့်၊ နိရုဒ္ဓေတိ–ဒ္ဓေဟူ၍၊ အာဟ–ပြီ၊ [နိရုဒ္ဓေနှင့် သို့ဝိဘတ်ချင်း တူရမည်ဖြစ်သောကြောင့် ဖလံဝါ၌ သတ္တမီဝိဘတ်မှ ပဌမာဝိဘတ်ပြန်နေသည်–ဟူလို၊] ယထာရဟန္တိ–ကား၊ တံတံပုဂ္ဂလာနုရူပံ–ထိုထို အနာဂါမ်,ရဟန္တာပုဂ္ဂိုလ် အားလျော်စွာ၊(ဥပ္ပဇ္ဇိတွာ နိရုဒ္ဓေ၌ စပ်၊)

၃၈။ သဗ္ဗတ္ထာပိ သမာပတ္တိဝီထိယန္တိ–ကား၊ သကလာယပိ–အလုံးစုံလည်း ဖြစ်သော၊ ဈာနသမာပတ္တိဝီထိယံ–ဈာနသမာပတ္တိဝီထိ၌လည်းကောင်း၊ ဖလ သမာပတ္တိဝီထိယဉ္စ–၌လည်းကောင်း၊ [ဝီထိနိယမော နတ္ထိ၌ စပ်၊ နိရောဓ သမာပတ္တိ အတွင်း၌ ဝီထိစိတ် လုံးဝမဖြစ်သောကြောင့် နိရောဓသမာပတ်သည် ဝီထိ မဟုတ်၊ ထို့ကြောင့် သဗ္ဗထာပိအရ၌ နိရောဓသမာပတ်ကို ချန်ထားသည်၊]

၃၉။ ပရိတ္တာနိ–ပရိတ္တာဖြစ်ကုန်သော၊ ဇဝနာနိ–တို့ကို၊ ဥက္ကံသကောဋ္ဌိယာ–အလွန်အပိုင်းအခြားအားဖြင့်၊ [ဥက္ကဋ္ဌပရိစ္ဆေဒနည်းအားဖြင့်–ဟူလို၊] သတ္တက္ခတ္တုံ–၇ကြိမ်၊ မတာနိ–န်၏၊ ပန–ကား၊ မဂ္ဂါဘိညာ–မဂ်ဇော အဘိညာဉ်ဇော တို့ကို၊ သကိံ(ဧကဝါရမေဝ)–တစ်ကြိမ်သာလျှင်၊ မတာ–န်၏၊ အဝသေသာနိ–မဂ်ဇော အဘိညာဉ်ဇောမှကြွင်းကုန်သော၊ အဘိညာမဂ္ဂဝဇ္ဇိတာနိ–အဘိညာဉ် ဇော မဂ်ဇောတို့သည် ကြဉ်အပ်ကုန်သော၊ [အဝသေသာနိ၏ အဖွင့်၊ ထို အဖွင့်ကို ကြည့်၍ အဝသေသာနိ၏ အပါဒါန်ကို မဂ်နှင့် အဘိညာဉ်ဇောခံ၊] မဟဂ္ဂတ လောကုတ္တရဇဝနာနိ–တို့ကို၊ ဗဟူနိပိ–များစွာတို့ကိုလည်း၊ လဗ္ဘန္တိ–န်၏၊ (ကသ္မာ–ကြောင့်၊ ဗဟူနိပိ–တို့ကိုလည်း၊ လဗ္ဘန္တိ–န်သနည်း၊) သမာပတ္တိ ဝီထိယံ–ဈာနသမာပတ္တိဝီထိ, ဖလသမာပတ္တိဝီထိ၌၊ အဟောရတ္တမ္ပိ–နေ့ညဉ့် ပတ်လုံးလည်း၊ ပဝတ္တနတော–ဇောတို့၏ ဖြစ်ခြင်းကြောင့်၊ (ဗဟူနိပိ လဗ္ဘန္တိ–န်၏၊) အပိသဒ္ဒေန–ဗဟူနိပိ၌ အပိသဒ္ဒါဖြင့်၊ [သမ္ပိဏ္ဍေတိ၌ စပ်၊] လောကိယဈာနာနိ–လောကီဈာန်ဇောတို့ကို၊ ပဌမကပ္ပနာယံ–ရှေးဦးစွာဖြစ်သော

အပွနာ၌လည်းကောင်း၊ အန္တိမဖလဒွယဉ္စ–အဆုံးဖြစ်သော အနာဂါမိဖိုလ်, အရဟတ္တဖိုလ်နှစ်ပါးအပေါင်းကိုလည်း၊ နိရောဓာနန္တရံ–နိရောဓသမာပတ်၏ အခြားမဲ့၌လည်းကောင်း၊ ဧကဝါရံ–တစ်ကြိမ်၊ (လဗ္ဘန္တိ–န်၏၊) ဖလစိတ္တာနိ–တို့ကို၊ မဂ္ဂါနန္တရံ–မဂ်ဇောအ၏ အခြားမဲ့၌၊ ဒွတ္တိက္ခတ္တုမ္ပိ–နှစ်ကြိမ်သုံးကြိမ်လည်း၊ (လဗ္ဘန္တိ–န်၏၊) ဣတိ–ဤအနက်အဓိပ္ပာယ်ကို၊ သမ္ပိဏ္ဍေတိ–ပေါင်း၏။

**၄၀။** [ပုဂ္ဂလဘေဒကို ဖွင့်ပြလို၍ ဣဒါနိ စသည်မိန့်၊] ဣဒါနိ–ဇဝနနိယမကို ဖွင့်ပြပြီးရာယခုအခါ၌၊ ဒုဟေတုကာဟေတုကာပါယိကာဟေတုကတိဟေတုက ဝသေန–ဒွိဟိတ်ပုဂ္ဂိုလ်, သုဂတိအဟိတ်ပုဂ္ဂိုလ်, အပါယ်ဘုံ၌ဖြစ်သော ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်, တိဟိတ်ပုဂ္ဂိုလ်တို့၏အပြားအားဖြင့်၊ [သုဂတိအဟိတ်ပုဂ္ဂိုလ်ကို အဟေတုက, ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ကို "အာပါယိကာဟေတုက"ဟု ခေါ်၏၊ အပါယေ+နိဗ္ဗတ္တော အာပါယိကော၊] စတုဗ္ဗိဓာနံ–လေးပါးအပြားရှိကုန်သော၊ ပုထုဇ္ဇနာနံ–ပုထုဇဉ်ပုဂ္ဂိုလ်တို့လည်းကောင်း၊ [ဣတိဒ္ဓိ စပ်၊] မဂ္ဂဋ္ဌဖလဋ္ဌဝသေန–မဂ်၌တည်သောပုဂ္ဂိုလ်, ဖိုလ်၌တည်သော ပုဂ္ဂိုလ်တို့၏အပြားအားဖြင့်၊ [မဂ္ဂေ+ဋ္ဌိတော မဂ္ဂဋ္ဌော၊] အဋ္ဌဝိဓာနံ–န်သော၊ အရိယာနံ–အရိယာပုဂ္ဂိုလ်တို့လည်းကောင်း၊ ဣတိ–သို့၊ ဒွါဒသန္နံ–တစ်ကျိပ်နှစ်ယောက်ကုန်သော၊ ပုဂ္ဂလာနံ–ပုဂ္ဂိုလ်တို့၏(သန္တာန်၌၊) ဥပ္ပဇ္ဇနကဝီထိစိတ္တပရိစ္ဆေဒဒဿနတ္ထံ–ဖြစ်ထိုက်သော ဝီထိစိတ်တို့၏ အပိုင်းအခြားကို ပြခြင်းအကျိုးငှာ၊ ["အသေက္ခာနံ စတုစတ္တာလီသ" စသည်ဖြင့် ရနိုင်သောစိတ်တို့ကို ပိုင်းခြားပြ ခြင်းအကျိုးငှာ၊] ပဋ္ဌမံ–ရထိုက်သောစိတ်တို့မှ ရှေးဦးစွာ၊ တာဝ–အစဉ်အတိုင်း၊ တေသံ–ထိုပုဂ္ဂိုလ်တို့သည်၊ ဝဇ္ဇိတဗ္ဗစိတ္တာနိ–ကြဉ်ထိုက်သောစိတ်တို့ကို၊ ဒဿေတုံ–ငှာ၊ ဒုဟေတုကာနမဟေတုကာနဉ္စာတျာဒိ–ဒုဟေတုကာနမဟေတုကာနဉ္စ အစရှိသော၊ (ယံ ဝစနံ အတ္ထိ၊ တံ ဝစနံ အာစရိယော၊) အာဟ–ပြီ။

ဣမေသံ–ဤပုဂ္ဂိုလ်တို့၏၊ ပဋိသန္ဓိဝိညာဏာသဟဂတာလောဘာဒေါသ ဝသေန–ပဋိသန္ဓေဝိညာဏ်နှင့်တကွဖြစ်သော အလောဘဟိတ်, အဒေါသဟိတ်တို့၏အပြားအားဖြင့်၊ ဒွေ–န်သော၊ ဟေတူ–တို့သည်၊ (အတ္ထိ–န်၏၊) ဣတိ–ထိုသို့ ဟိတ်နှစ်ပါးရှိကုန်သည်၏ အဖြစ်ကြောင့်၊ (တေ–ထိုပုဂ္ဂိုလ်တို့သည်၊) ဒုဟေတုကာ–ကတို့ မည်၏၊ [မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ်ဖြင့် ပဋိသန္ဓေ နေသော ပုဂ္ဂိုလ်များတည်း၊ ဒွိဟိတ်ပုဂ္ဂိုလ်စသော အမည်သည် ပဋိသန္ဓေစိတ်နှင့် ယှဉ်ဘက်ဟိတ်ကို အကြောင်းပြု၍ ရအပ်သော အမည်တည်း၊ ပဋိသန္ဓေစိတ်၌ ဟိတ်နှစ်ပါးရှိလျှင် ဒွိဟိတ်ပုဂ္ဂိုလ်မည်၏၊ ထို့ကြောင့် "ပဋိသန္ဓိဝိညာဏ" စသည်ကို ဆိုသည်၊ ဒွိကို ဒုပြု၍ "ဒုဟေတုကာနံ"ဟု ရှိသည်။]

တာဒိသာနံ-ထိုကဲ့သို့ ရှုအပ်ကုန်သော၊ (ပဋိသန္ဓေဝိညာဉ်နှင့်တကွ ဖြစ်ကုန်သော၊) ဟေတူနံ-တို့၏၊ အဘာဝတော-မရှိခြင်းကြောင့်၊ အဟေတုကာ-ကတို့ မည်၏၊ [အဟိတ် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်နှစ်ပါးဖြင့် ပဋိသန္ဓေနေသောပုဂ္ဂိုလ်များ၊] မကာရော-သည်၊ ပဒသန္ဓိကရော-ပုဒ်တို့၏စေ့စပ်ခြင်းကို ပြုတတ်၏၊ [ဒုဟေတုကာနံဉ္စ နိဂ္ဂဟိတ်ကို (မ်)ပြု၍ အဟေတုကာနံပုဒ်နှင့် စပ်ထားသည်၊ ထိုသို့ စပ်သဖြင့် (မ်)အက္ခရာက နှစ်ပုဒ်ကို စေ့စပ်အောင်ပြုသည်။]

အပ္ပနာဇဝနာနိ-တို့ကို၊ န လဗ္ဘန္တိ-န်၊(ကသ္မာ-နည်း၊) ဝိပါကာဝရဏ သဗ္ဘာဝတော-အပ္ပနာဇောကို တားမြစ်တတ်သော ဝိပါက်၏ ထင်ရှားရှိခြင်းကြောင့်တည်း၊ ဟိ-မှန်၊ ဒွိဟေတုကာဟေတုကပဋိသန္ဓိ-ဒွိဟိတ်ပဋိသန္ဓေ, အဟိတ်ပဋိသန္ဓေကို၊ ဝိပါကာဝရဏန္တိ-ဏဟူ၍၊ ဝါ-အပ္ပနာဇောကို တားမြစ်တတ်သော ဝိပါက်ဟူ၍၊ ဝုစ္စတိ-၏၊ အပ္ပနာဇဝနာဘာဝတောယေဝ-အပ္ပနာဇော၏ မရှိခြင်းကြောင့်ပင်၊ အရဟတ္တံ-အရဟတ္တဖိုလ်စိတ်သည်၊ နတ္ထိ-မရှိ၊ ဣတိ-ကြောင့်၊ ကြိယာဇဝနာနိ-တို့ကို၊ န လဗ္ဘန္တိ-န်။

**၄၁။** သဟေတုကံ ဘဝင်္ဂ၊ပေ၊ပစ္စယောတိ-ယောဟူသော၊ ပါဠ္ဌတော-ပဌာန်းပါဠိတော်ပါဌ်ကြောင့်၊ အဟေတုကာနမ္ပိ-အဟိတ်ပုဂ္ဂိုလ်တို့၏ (သန္တာန်၌)လည်း၊ နာနာကမ္မေန-အမျိုးမျိုးသော ကံကြောင့်၊ ဒွိဟေတုကတဒါရမဏံ-ဒွိဟိတ်တဒါရုံသည်၊ သမ္ဘဝတိ-ဖြစ်သင့်၏၊ (ဣတိ-ဤ အနက်အဓိပ္ပာယ်ကို၊ ဝိညာယတိ-၏၊) ဒွိဟေတုကာနံ-ဒွိဟိတ်ပုဂ္ဂိုလ်တို့၏(သန္တာန်၌၊) ဝတ္တဗ္ဗမေဝ-ဆိုဖွယ်သည်ပင်၊ နတ္ထိ-မရှိ၊[အဟိတ်ပုဂ္ဂိုလ်၏သန္တာန်၌သော်မှ ဒွိဟိတ် တဒါရုံ

---

**ဝိပါကာ၊ ပေ၊ ဝုစ္စတိ။** ။အပ္ပနာဇဝနာနိ-တို့ကို+အာဝရတိ-မဖြစ်အောင်တားမြစ်တတ်၏၊ ဣတိ အာဝရဏော၊ ဝိပါကော စ-ပဋိသန္ဓေဝိပါက်လည်း ဟုတ်၏၊ သော+အာဝရဏောစာတိ ဝိပါကာဝရဏော၊ ဝိပါကာဝရဏဿ-၏၊ သဗ္ဘာဝေါ-(ဒွိဟိတ် အဟိတ်ပုဂ္ဂိုလ်တို့ သန္တာန်၌) ထင်ရှားရှိနေခြင်းတည်း၊ ဝိပါကာ၊ပေ၊ဝေါ-ခြင်း၊ အဘယ်ကို ဝိပါကာဝရဏဟု ဆိုအပ်သနည်း-ဟု မေးဖွယ်ရှိသောကြောင့် "ဒွိဟေတုကာ၊ပေ၊ဝုစ္စတိ"ဟု မိန့်သည်၊ ဒွိဟိတ် အဟိတ်ပဋိသန္ဓေ ဝိပါက်စိတ်ကို ဝိပါကာဝရဏဟု ခေါ်သည်-ဟူလို။

**အပ္ပနာ ၊ပေ၊ န လဗ္ဘန္တိ။** ။ ဝိပါကာဝရဏကြောင့် အပ္ပနာဇော မရနိုင်၊ အပ္ပနာဇော မရသောကြောင့်ပင် အပ္ပနာဇောတွင် ပါဝင်သော အရဟတ္တဖိုလ် မရှိ၊ အရဟတ္တဖိုလ်ဖြစ်မှ ရဟန္တာသန္တာန်၌ ကြိယာဇောရနိုင်ရကား အရဟတ္တဖိုလ် မဖြစ်သောကြောင့် ကြိယာဇော များ မရနိုင်။

**သဟေတုကံ ၊ပေ၊ သမ္ဘဝတိ။** ။"သဟေတုကံ ဘဝင်္ဂံ" အရ တဒါရုံကိစ္စတပ်သော ဝိပါက်ကို ယူ၍ "အဟေတုကဿ ဘဝင်္ဂဿ"အရ ပဋိသန္ဓေစိတ်နှင့်တူသော မူလဘဝင်ကို ယူပြီးလျှင် သဟိတ်ဘဝင် (တဒါရုံ)က အဟိတ်ဘဝင်အား အနန္တရသတ္တိဖြင့်

ဖြစ်နိုင်သေးတာပဲ, ထိုထက်မြင့်သော ဒွိဟိတ်ပုဂ္ဂိုလ်၏ သန္တာန်၌ ဒွိဟိတ် တဒါရုံဖြစ်နိုင်ကြောင်းကို အထူးပြောဖွယ်မလိုပါဟု သမ္ဘာဝနာပြုသည်။] ပန–ဆက်၊ မူလသန္ဓိယာ–မူလပဋိသန္ဓေ၏၊ ဧဉာဘာဝတော–ညံ့ဖျင်းထိုင်းမှိုင်းသည်၏အဖြစ်ကြောင့်၊ ဉဘိန္နမ္ပိ–နှစ်ယောက်လုံးသော ဒွိဟိတ် အဟိတ်ပုဂ္ဂိုလ်တို့၏ (သန္တာန်၌)လည်း၊ တိဟေတုကတဒါရမဏံ–ရုံသည်၊ နတ္ထိ–မရှိ၊ ဣတိ–ကြောင့်၊ တထာ ဉာဏသမ္ပယုတ္တဝိပါကာနိ စာတိ–စဟူ၍၊ အာဟ–ပြီ။

ပန–ဝါဒန္တရ၊ အာစရိယဓောတိပါလတ္ထေရေန–သည်၊ (ဝုတ္တံ၌ စပ်၊) သဟေတုကံ ဘဝင်္ဂန္တိ–ဂံဟူ၍၊ အဝိသေသေန–ဖြင့်၊ ဝုတ္တတ္တာ–ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်၊ အဟေတုကာနမ္ပိ–အဟိတ်ပုဂ္ဂိုလ်တို့၏(သန္တာန်၌) လည်း၊ တိဟေတုကတဒါရမဏံ–ကို၊ ဝတွာ–မိန့်ဆိုပြီး၍၊ ဣမ–ဤ သဂြိုဟ်ကျမ်း၌၊ ဉာဏသမ္ပယုတ္တဝိပါကာဘာဝဝစနဿ–ဉာဏသမ္ပယုတ်ဝိပါက်စိတ်၏ မရှိခြင်းကို ဆိုကြောင်းစကားကို၊ [တထာဉာဏသမ္ပယုတ္တဝိပါကာနိ စ–ဟူသော စကားကို၊] ပရိဟာသဝသေန–ပြက်ရယ်ပြုခြင်း၏ အစွမ်းဖြင့်၊ သော ဧဝ ပုစ္ဆိတဗ္ဗော, ယော တဿ ကတ္တာတိ–တ္တာဟူ၍၊ ဝုတ္တံ–မိန့်ဆိုအပ်ပြီ၊ [ယော–အကြင် ဆရာသည်၊ တဿ–ထိုစကားကို၊ ကတ္တာ–ပြုစီရင်တတ်၏၊ သော ဧဝ–ထိုဆရာကိုသာ၊ ပုစ္ဆိတဗ္ဗော–မေးထိုက်၏၊ ဝါ–မေးကြပါလေ။] ပန–ဆက်၊ တံ–

ကျေးဇူးပြုနိုင်၏ဟု ပါဠိရှိသောကြောင့် အဟိတ်ပုဂ္ဂိုလ်၏ သန္တာန်၌ ပဝတ္တိကျိုးကိုပေးသော ကံအမျိုးမျိုးကြောင့် သဟိတ်တွင်ပါသော ဒွိဟိတ် တဒါရုံ ဖြစ်နိုင်၏ဟု ယူရသည်၊ [ပါဠိတော်၏ စပ်ဖို့ရာ "ဝိညာယတိ"ဟု ထည့်၍စပ်ရသည်။]

**မူလ ၊ပေ၊ ဝိပါကာနိစာတိ။** ။"သဟေတုကံ ဘဝင်္ဂံ"ဟု တိဟိတ်တဒါရုံလည်း ပါသောကြောင့် အဟိတ်ပုဂ္ဂိုလ် ဒွိဟိတ်ပုဂ္ဂိုလ်တို့သန္တာန်၌ တိဟိတ်ဝိပါက် (တဒါရုံ) လည်း ဖြစ်နိုင်၏ဟု မှတ်ရမည်လောဟု မေးဖွယ်ရှိ၍ "မူလသန္ဓိယာ"စသည် မိန့်၊ မူလပဋိသန္ဓေဝိပါက်စိတ်က အဟိတ် ဒွိဟိတ်ဖြစ်၍ ဉာဏ်မယှဉ်ခဲ့သဖြင့် ညံ့ဖျင်းသောကြောင့် တိဟိတ်တဒါရုံကား မဖြစ်နိုင်ပါ၊ ထို့ကြောင့် "တထာ ဉာဏသမ္ပယုတ္တဝိပါကာနိ"ဟု အရှင်အနုရုဒ္ဓါ မိန့်သည်။

**အာစရိယ ၊ပေ၊ ကတ္တာတိ ဝုတ္တံ။** ။"သဟေတုကံ ဘဝင်္ဂံ"ဟု ဒွိဟိတ် တိဟိတ် နှစ်မျိုးလုံးနှင့်ဆိုင်သော သာမညစကားကြောင့် သုဂတိအဟိတ်ပုဂ္ဂိုလ်၏ သန္တာန်၌ တိဟိတ်တဒါရုံ (ဉာဏသမ္ပယုတ်ဝိပါက်စိတ်) လည်း ဖြစ်နိုင်၏–ဟု ဆိုပြီးလျှင် ဤသဂြိုဟ်ကျမ်း၌ အဟိတ်ပုဂ္ဂိုလ်သန္တာန်ဝယ် "ဉာဏသမ္ပယုတ် ဝိပါက်မရှိ"ဟု ပြသော "တထာ ဉာဏသမ္ပယုတ္တဝိပါကာနိစ"ဟူသော စကားကို ပြောင်သလို လှောင်သလို အနေအားဖြင့် "သော ဧဝ ပုစ္ဆိတဗ္ဗော, ယော တဿ ကတ္တာ"ဟု ဆိုလေသည်၊ [ဘာ့ကြောင့် ဉာဏသမ္ပယုတ် ဝိပါက်စိတ်တို့ အဟိတ် ဒွိဟိတ်ပုဂ္ဂိုလ်များ၏ သန္တာန်၌ မရပါသလဲဟု ကျမ်းပြုပုဂ္ဂိုလ် အရှင်အနုရုဒ္ဓါကိုသာ မေးကြလေတော့–ဟူလို။]

ထို စကားသည်၊ [တထာ ဉာဏသမ္ပယုတ္တဝိပါကာနိစ ဟူသော စကားသည်၊] ပရိဟာသဝသေန–ဖြင့်၊ ဝုတ္တံ–မိန့်ဆိုအပ်သည်၊ ဝါ–အဆိုခံရသည်၊ (သမာန်) ပိ–သော်လည်း၊ အာစရိယံ–အရှင်အနုရုဒ္ဓါဆရာကို၊ ပုစ္ဆိတွာ–မေးပြီး၍ သာလျှင်၊ ဝိဇာနနတ္ထံ–အများသိခြင်းအကျိုးငှာ၊ ဝုတ္တဝစနံဝိယ–မိန့်ဆိုအပ်သော စကားကဲ့သို့၊ ဌိတံ–တည်၏၊ တထာဟိ–ထိုစကားမှန်၏၊ အာစရိယေနေဝ– အရှင်အနုရုဒ္ဓါဆရာသည်ပင်၊ တွေ–ဤ ဉာဏသမ္ပယုတ်ဝိပါက်စိတ်မရှိခြင်း ဟူသော စကား၌၊ ကာရဏံ–အကြောင်းကို၊ ပရမတ္ထဝိနိစ္ဆယေ–၌၊ ဉာဏပါကာ ၊ပေ၊ မူလသန္ဓိယာတိ–ယာဟူ၍၊ ဝုတ္တံ–ပြီ၊ [မူလသန္ဓိယာ–မူလပဋိသန္ဓေ၏၊ ဧဒုတ္တာ–ညံ့ဖျင်းထိုင်းမှိုင်းသည်၏ အဖြစ်ကြောင့်၊ ဉာဏပါကာ–ဉာဏ သမ္ပယုတ် ဝိပါက်စိတ်တို့သည်၊ န ဝတ္တန္တိ–မဖြစ်ကုန်။]

ပန–ဝါဒန္တရ၊ အပရေ–တို့သည်၊(ဝဏ္ဏေန္တိ၌ စပ်၊)အဟေတုကာနံ–အဟိတ် ပုဂ္ဂိုလ်တို့၏ (သန္တာန်၌၊) သဟေတုကတဒါရမဏံ–သည်၊ ဟောတိယထာ– ကဲ့သို့၊ ဧဝံ–တူ၊ ဒွိဟေတုကာနံ–တို့၏(သန္တာန်၌၊) တိဟေတုကတဒါရမဏမ္ပိ– သည်လည်း၊ ဟောတိ–၏၊ ကူတိ–သို့၊ ဝဏ္ဏေန္တိ–န်၏၊ စ–ဆက်၊ တေသံ– ထို အပရေဆရာတို့၏၊ မတာနုရောဓေန–အယူအားလျော်သဖြင့်၊ ဣဓာပိ– ဤသင်္ဂြိုဟ်ကျမ်း၌လည်း၊ ဉာဏသမ္ပယုတ္တဝိပါကပဋိက္ခေပေါ–ဉာဏသမ္ပယုတ် ဝိပါက်ကို တားမြစ်ခြင်းကို၊ အဟေတုကေယေဝ–အဟိတ်ပုဂ္ဂိုလ်တို့ကိုသာ၊ သန္ဓာယ–၍၊ (ကတော–ပြီ၊) ကူတိ–သို့၊ ဝဒန္တိ–န်၏။

---

**တံ ပန ၊ပေ၊ ဌိတံ။** ။အရှင်ဇောတိပါလက ပြောင်သလို လှောင်သလို ပြော ဆိုထားပါသော်လည်း "တထာ ဉာဏသမ္ပယုတ္တဝိပါကာနိစ"ဟူသော ထို စကားကတော့ အရှင်အနုရုဒ္ဓါကို မေးပြီးမှ အများသိအောင် ဆိုထားသလို ခိုင်မြဲတည်တံ့လျက်ပင် ဖြစ်ပါသည်။

**တထာဟိ ၊ပေ၊ သန္ဓိယာတိ။** ။ဘာ့ကြောင့် တည်တံ့သနည်း–ဟု မေးဖွယ်ရှိသော ကြောင့် "တထာဟိ"စသော ဉာပက–သာဓကကို မိန့်သည်၊ အရှင်အနုရုဒ္ဓါ ကိုတိုင် ပြုစီရင်အပ်သော ပရမတ္ထဝိနိစ္ဆယကျမ်း၌ "ဉာဏပါကာ ၊ပေ၊ မူလသန္ဓိယာ" ဟု အဟိတ် ဒွိဟိတ်ပုဂ္ဂိုလ်တို့၌ ဉာဏသမ္ပယုတ်ဝိပါက်စိတ် မဖြစ်ခြင်း၏ အကြောင်းကို ပြဆိုထားသောကြောင့် "တထာ ဉာဏသမ္ပယုတ္တဝိပါကာနိ စ"ဟူသော စကားသည် ခိုင်မြဲ တည်တံ့လျက်ရှိပါသည်–ဟူလို။

**အပရေ ၊ပေ၊ ဝဒန္တိ။** ။အဟိတ်ပုဂ္ဂိုလ်သန္တာန်၌ (မူလပဋိသန္ဓေထက် တန်းမြင့် သော) ဒွိဟိတ်တဒါရုံ ဖြစ်နိုင်သကဲ့သို့ ထို့အတူ ဒွိဟိတ်ပုဂ္ဂိုလ်၏သန္တာန်၌လည်း (မူလ ပဋိသန္ဓေထက် တန်းမြင့်သော) တိဟိတ်တဒါရုံဖြစ်နိုင်၏–ဟု ဖွင့်ကြ၏၊ ထိုအယူနှင့် လျော်အောင် ဤသင်္ဂြိုဟ်ကျမ်း၌"တထာ ဉာဏသမ္ပယုတ္တဝိပါကာနိစ"ဟု ဉာဏသမ္ပယုတ် ပယ်ခြင်းကို "အဟိတ်ပုဂ္ဂိုလ်တို့ကိုသာ ရည်ရွယ်၍ ပြုအပ်၏"ဟု ဆိုကြသည်။

ပန–ထိုသို့ပင် ဆိုကြပါကုန်သော်လည်း၊ တတ္ထ–ထိုအပရေဆရာတို့၏ စကားဌ်၊ ပမာဏပါဌာဘာဝတော–ပမာဏပြုလောက်သောပါဌ်၏ မရှိခြင်းကြောင့်လည်းကောင်း၊ အာစရိယေန–သည်၊ ဥဘိန္နမ္ပိ–နှစ်ယောက်သော ဒွိဟိတ် သုဂတိအဟိတ် ပုဂ္ဂိုလ်တို့နှင့်လည်း၊ သာဓာရဏာဝသေန–ဆက်ဆံခြင်း၏ အစွမ်းဖြင့်၊ ဉာဏသမ္ပယုတ္တဝိပါကာဘာဝေ–ဉာဏသမ္ပယုတ်ဝိပါက်စိတ်၏ မရှိခြင်းဌ်၊ ကာရဏံ–ကို၊ ဝတွာ–မိန့်ဆိုပြီး၍၊ [ဇဋ္ဌတ္တာ–မူလပဋိသန္ဓိယာဟု မိန့်ဆိုပြီးဖြစ်၍၊] သမကမေဝ–အညီအမျှသာလျှင်၊ စိတ္တပရိစ္ဆေဒဿ–စိတ်အပိုင်းအခြား၏၊ ဝါ–ကို၊ ဒဿိတတ္တာ–ပြအပ်ပြီးသည်၏ အဖြစ်ကြောင့်၊ တေသံ–ထို အပရေဆရာတို့၏၊ ဝစနံ–ကို၊ ဝီမံသိတွာ–စူးစမ်းဆင်ခြင်၍၊ သမ္ပဋိစ္ဆိတဗ္ဗံ–လက်ခံထိုက်၏။

– စ–ဆက်၊ ဧတ္ထ–ဤ တထာ ဉာဏသမ္ပယုတ္တဝိပါကာနိစ သုဂတိယံဟူသော ဝါကျဌ်၊ (တစ်နည်း၊) ဧတ္ထ–ဤ ဒွိဟိတ် အဟိတ်ပုဂ္ဂိုလ်တို့တွင်၊ အဟေတုကာပေက္ခာယ–အဟိတ်ပုဂ္ဂိုလ်ကို ငဲ့ခြင်းအားဖြင့်၊ သုဂတိယန္တိ ဝစနံ–ယံဟူသော စကားကို၊ (အာစရိယေန ဝုတ္တံ၊) ပန–ဆက်၊ တံ–ထို သုဂတိယံဟူသော စကားသည်၊ အတ္ထတော–သာမတ္ထိယတ္ထအားဖြင့်၊ အနုညာတဒွိဟေတုက ဝိပါကာနံ–ခွင့်ပြုအပ်သော ဒွိဟိတ်ဝိပါက်စိတ်တို့၏၊ တတ္ထေဝ–ထို သုဂတိဘုံဌ်သာလျှင်၊ သမ္ဘဝဒဿနပရံ–ဖြစ်သင့်ခြင်းကို ပြရခြင်းလျှင် အလွန်အတိုင်းအရှည်ရှိ၏၊ တေန–ကြောင့်၊ ဒုဂ္ဂတိယံ ပနာတျာဒိ–ပန ဤသို့ အစရှိသော၊ (ယံဝစနံ အတ္ထိ၊ တံ ဝစနံ အာစရိယော) အာဟ–ပြီ။

---

**တတ္ထ ၊ပေ၊ သမ္ပဋိစ္ဆိတဗ္ဗံ။** ။ထိုအပရေစကားဌ် အရေးပါ အရာရောက်၍ ပမာဏပြုလောက်သော "တိဟေတုကံ ဘဝင်္ဂံ ဒုဟေတုကဿ ဘဝင်္ဂဿ အနန္တရပစ္စယေန ပစ္စယော"ဟူသော သက်သေခံပါဌ်လည်း မရှိသောကြောင့် လည်းကောင်း၊ အရှင်အနုရုဒ္ဓါကိုယ်တိုင် အဟိတ် ဒွိဟိတ်ပုဂ္ဂိုလ်နှစ်မျိုးလုံးနှင့် ဆက်ဆံအောင် "ဇဋ္ဌတ္တာ မူလသန္ဓိယာ"ဟု "ပဋိသန္ဓေစိတ်ဌ် ဉာဏ်မပါဘဲ ထိုင်းမှိုင်း ဖျင်းအသောကြောင့်"ဟု အကြောင်းပြစကားကို ဆိုပြီးလျှင် ထိုပရမတ္ထဝိနိစ္ဆယဌ်ပင်...

**"တိဟေတုကာနံ သမ္ဘေပိ, မာနသာ ပါယပါကိနံ၊**
**သတ္တတ္တိံသေဝ သေသာနံ, တေတာလီသ နိဒ္ဒေသေ"**ဟု

သုဂတိ အဟိတ်နှင့် ဒွိဟိတ်ပုဂ္ဂိုလ်တို့ဌ် တေတာလီသ(၄၁)ပါးဟု စိတ်ရပုံကို အညီအမျှ ပိုင်းခြားထားသောကြောင့်လည်းကောင်း ထိုအပရေ ဆရာတို့ စကားကို စဉ်းစားပြီးမှ လက်ခံကြပါလေ၊ "သူတို့စကားကို မစဉ်းမစား လက်မခံကြပါနှင့်"ဟူလို။

**အဟေတုကာ ၊ပေ၊ ပရံ။** ။ "ဒုဟေတုကာနမဟေတုကာနဥ္စ"ဌ် အဟေတုက အရဝယ် သုဂတိအဟိတ် ဒုဂ္ဂတိအဟိတ်နှစ်ပါးလုံးပါဝင်နေသောကြောင့် သုဂတိ အဟေတုကကိုငဲ့၍ "သုဂတိယံ"ဟုအထူးပြုရသည်၊ဒွိဟိတ်အတွက်မှာ "သုဂတိယံ"ဟု

**၄၃, ၄၅။** တိဟေတုကေသူတိ–ကား၊ ပဋိသန္ဓိ ၊ပေ၊ ဝသေန–ပဋိသန္ဓေ ဝိဉာဉ်နှင့် တကွဖြစ်သော အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ် တို့၏ အပြားအားဖြင့်၊ တိဟေတုကေသု–သုံးပါးသော ဟိတ်ရှိကုန်သော၊ ပုထုဇ္ဇနာဒီသု–အစရှိကုန်သော၊ နဝဝိဓပုဂ္ဂလေသု–သုံးပါးအပြားရှိသော ပုဂ္ဂိုလ်တို့တွင်၊ [ခီဏာသဝါနှံ့၌ စပ်၊ တိဟိတ်ပုထုဇဉ်, မဂ္ဂဋ္ဌလေး, ဖလဋ္ဌလေး ကို "နဝဝိဓပုဂ္ဂလ" ဟု ဆိုလိုသည်။]

ဒိဋ္ဌိ ၊ပေ၊ သေက္ခာနန္တိ–ကား၊ သိက္ခာယ–သုံးပါးသောသိက္ခာ၌၊ အပရိပူရ ကာရိတာယ–ပြည့်စုံလုံလောက်စွာ ပြုလေ့မရှိသည်၏ အဖြစ်ဖြင့်၊ သိက္ခန သီလတာယ–ကျင့်ခြင်းအလေ့ရှိကုန်သည်၏ အဖြစ်ကြောင့်၊ သေက္ခာတိ– သေက္ခတို့ဟူ၍၊ လဒ္ဓနာမာနံ–ရအပ်သော အမည်ရှိကုန်သော၊ သောတာပန္န သကဒါဂါမီနံ–သောတာပန်, သကဒါဂါမ် ဖြစ်ကုန်သော၊ ပုဂ္ဂလာနံ–တို့၏ (သန္တာနန္၌၊)[န လဗ္ဘန္တိ၌ စပ်၊] ဝါ–တို့သည်၊ [ပဟီနဲ၌ စပ်၊] ပဌမမဂ္ဂေနေဝ– သောတာပတ္တိမဂ်ဖြင့်ပင်လျှင်၊ သက္ကာယဒိဋ္ဌိဝိစိကိစ္ဆာနံ–သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ တို့၏၊ ဝါ–တို့ကို၊ ပဟီနတ္တာ–ပယ်အပ်ကုန်ပြီး၏အဖြစ်ကြောင့်၊ တံသဟဂတ ဇဝနာနိစေဝ–ထို ဒိဋ္ဌိ ဝိစိကိစ္ဆာနှင့်တကွဖြစ်ကုန်သော ဇောတို့ကိုလည်းကောင်း၊ စသဒ္ဒေန–ဖြင့်၊ အာကမိုတာနိ–ဆွဲငင်အပ်ကုန်သော၊ ခီဏာသဝါဝေဏိကာနိ– ရဟန္တာတို့၏ သီးခြားဖြစ်ကုန်သော၊ ကြိယဇဝနာနိ စ–တို့ကိုလည်းကောင်း၊ န လဗ္ဘန္တိ–မရအပ်ကုန်။

---

ဆိုဖွယ်မလိုပါ–ဟူလို၊ သင်္ဂြိုဟ်၌ "တထာ ဉာဏသမ္ပယုတ္တဝိပါကာနိစ သုဂတိယံ"ဟု ဉာဏသမ္ပယုတ္တဝိပါက်စိတ် မရကြောင်းကို တိုက်ရိုက်ဆိုသဖြင့် ဉာဏဝိပ္ပယုတ် ဝိပါက်စိတ်ကား ရနိုင်၏ ဟုဖွင့်ပြရာ ရောက်၏၊ ထို့ကြောင့် ထိုသုဂတိယံဟူသော စကားသည် "ဉာဏဝိပ္ပယုတ်ဝိပါက်ကို သုဂတိဘုံ၌သာ ရ၏"ဟုပြခြင်းသာ လိုရင်း ဖြစ်၏၊ ဒုဂ္ဂတိအပါယ်ဘုံ၌ကား ဉာဏဝိပ္ပယုတ်ဝိပါက်လည်း မရ–ဟူလို။

**သိက္ခာယ၊ ပေ၊ သေက္ခာတိ။** ။ပရိပူရံ–ထက်ဝန်းကျင်ပြည့်စုံစွာ+ကာရီ–ပြုလေ့ရှိသူ တည်း၊ ပရိပူရကာရီ–သူ၊ ရဟန္တာပုဂ္ဂိုလ်သာ သီလ သမာဓိ ပညာဟူသော သိက္ခာ ၃ပါးကို အပြည့်အစုံပြုကျင့်လေ့ရှိ၏၊ သောတာပန်,သကဒါဂါမ်,အနာဂါမ် ပုဂ္ဂိုလ် တို့ကား သီလ သမာဓိလည်း အပြည့်အစုံမဟုတ်သေး၊ ထို့ကြောင့် ထိုပုဂ္ဂိုလ်များကို "န+ပရိပူရကာရီနော အပရိပူရကာရီနော"ဟု ပြု၍ "အပရိပူရကာရီ"ဟု ခေါ်သည်၊ ထိုသို့ သိက္ခာပြည့်စုံဖို့ လိုသေးသောကြောင့်ပင် "သိက္ခန္တိ–ကျင့်ကုန်ဆဲ၊ ဝါ–ကျင့်နေတုန်း၊ ဣတိ သေက္ခာ"ဟု ဆိုလိုသည်၊ [သိက္ခဓာတ်, ဏပစ္စည်း,သိဒ္ဓိ ဝုဒ္ဓိပြု၊"သိက္ခာ+သီလံ+ ယေသံတိ သေက္ခာ"ဟု လည်း ပြု။]

**သောတာပန္န ၊ပေ၊ လဗ္ဘန္တိ။** ။အနာဂါမ်ကို နောက်ဝါကျ၌ ဆိုလတ္တံ့ ဖြစ်၍" သောတာပန္နသကဒါဂါမီနံ"ဟု ဆိုသည်၊ ဇဝနာနိစ၌ စသဒ္ဒါဖြင့် ရှေ့ဝါကျမှ ကြိယ ဇဝနာနိကို ငင်သည်၊ ထိုဇောတို့ကား ရဟန္တာသန္တာန်၌သာ သီးခြားဖြစ်သောကြောင့် "ခီဏာသဝါဝေဏိကာနိ"ဟု ဆိုသည်။

**၄၆။** ပဋိဃာဝဇ္ဇနာနိ စာတိ–ကား၊ ဒေါမနဿဝဇ္ဇနာနိစေဝ–ဒေါသမူဇော တို့ကိုလည်းကောင်း၊ ဒိဋ္ဌိသမ္ပယုတ္တဝိစိကိစ္ဆာသဟဂတကြိယဇဝနာနိ စ– ဒိဋ္ဌိသမ္ပယုတ်ဇော,ဝိစိကိစ္ဆာသဟဂုတ်ဇော,ကြိယာဇောတို့ကိုလည်းကောင်း၊ (န လဗ္ဘန္တိ–န်၊)

**၄၇။** လောကုတ္တရ ၊ပေ၊ သမုပ္ပဇ္ဇန္တီတိ–ကား၊ စတုန္နံ–န်သော၊ မဂ္ဂါနံ– တို့၏၊ ကေစိတ္တက္ခဏိကဘာဝေန–တစ်ခုသောစိတ္တက္ခဏရှိကုန်သည်၏ အဖြစ် ကြောင့်၊ ဝါ–ရှိကုန်သည့်အတွက်၊ ပုဂ္ဂလန္တရေသု–တစ်ပါးသော ပုဂ္ဂိုလ်တို့၌၊ အသမ္ဘဝတော–မဖြစ်သင့်ခြင်းကြောင့်လည်းကောင်း၊ ဟေဋ္ဌိမာနံ–အောက် အောက် ဖြစ်သောပုဂ္ဂိုလ်တို့သည်၊ ဥပရူပရိသုမာပတ္တိယာ–အထက် အထက် ဖြစ်သော သမာပတ်၏၊ ဝါ–ကို၊ အနဓိဂတတ္တာစ–မရအပ်သည်၏ အဖြစ် ကြောင့်လည်းကောင်း၊ ဥပရူပရိပုဂ္ဂလာနဉ္စ–အထက် အထက်ဖြစ်သော ပုဂ္ဂိုလ် တို့၏လည်း၊ [ပဋိပဿဒ္ဓတ္တာ၌ စပ်၊] အသမုဋ္ဌါဋ္ဌိတကမ္မကိလေသနိရောဓေန– မခွာအပ်သေးသော ကံကိလေသာတို့၏ ၊ချုပ်ခြင်းကြောင့်၊ ဝါ–အတွက်၊ ပုထုဇ္ဇနေဟိ–တို့မှ၊ သောတာပန္နာနံ–တို့၏၊ (ပုဂ္ဂလန္တရဘာဝူပဂမနံဝိယ– တစ်ပါးသောပုဂ္ဂိုလ်၏အဖြစ်သို့ ကပ်ရောက်ခြင်းကဲ့သို့၊) သောတာပန္နာဒီဟိ– သောတာပန်အစရှိသည်တို့မှ၊ ပုဂ္ဂလန္တရဘာဝူပဂမနေန–တစ်ပါးသောပုဂ္ဂိုလ်၏ အဖြစ်သို့ ကပ်ရောက်ခြင်းဖြင့်၊ ပဋိပဿဒ္ဓတ္တာစ–ငြိမ်းပျောက်ကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အဋ္ဌပိ–ရှစ်ပါးလည်းဖြစ်ကုန်သော၊ လောကုတ္တရ ဇဝနာနိ–တို့သည်၊ ယထာသကံမဂ္ဂဖလဋ္ဌာနံ–အကြင် အကြင် မိမိဥစ္စာဖြစ်သော မဂ်ဖိုလ်၌ တည်ကုန်သော၊ အရိယာနမေဝ–အရိယာပုဂ္ဂိုလ်တို့ (သန္တာနံ၌) သာလျှင်၊ သမုပ္ပဇ္ဇန္တိ–ကောင်းစွာ ဖြစ်ကုန်၏။

**၄၈။** ဣဒါနိ–ပယ်အပ်သော ဇောတို့ကို ပြပြီးရာ ယခုအခါ၌၊ တေသံ တေသံ ပုဂ္ဂလာနံ–ထိုထို ပုဂ္ဂိုလ်တို့၏ (သန္တာနံ၌) ယထာ ပဋိက္ခိတ္တဇဝနာနိ– အကြင် အကြင် ပယ်အပ်ပြီးသော ဇောတို့ကို၊ ဝဇ္ဇေတွာ–၍၊ ပါရိသေသတော–

**ပဋိဃာဝဇ္ဇနာနိ စ**။ ။ပဋိဃာဝဇ္ဇနာနိကို "ဒေါမနဿဇဝနာနိ"ဟု လည်းကောင်း, ရှေ့နှစ်ဝါကျ၌ရှိသော ဒိဋ္ဌိဂတသမ္ပယုတ် ဝိစိကိစ္ဆာသဟဂုတ် ကြိယာဇောတို့ကို စသဒ္ဒါဖြင့် ငင်၍ "ဒိဋ္ဌိ ၊ပေ၊ ကြိယဇဝနာနိစ"ဟုလည်းကောင်း ဖွင့်သည်။

**လောကုတ္တရ ၊ပေ၊ သမုပ္ပဇ္ဇန္တိ**။ ။ ဤဝါကျ၏ အဖွင့်အတိုင်း ဘာသာဋီကာ၌ အဓိပ္ပာယ်ရှင်းလင်းထားပြီ၊ ယာနိ ယာနိ–အကြင် အကြင် မဂ်ဖိုလ်တို့သည်+သကာနိ– မိမိဥစ္စာတို့တည်း၊ ယထာသကံ–အကြင် အကြင် မိမိဥစ္စာ၊ ယထာသကံ+မဂ္ဂဖလာနိ ယထာသကံမဂ္ဂဖလာနိ၊ [သမာသ်တွင်းဝယ် သကံ၌ နိဂ္ဂဟိတ် မကျေသော အလုတ္တ သမာသ်၊ တစ်နည်း–နိဂ္ဂဟိတ်ကျေပြီးမှ ထပ်၍ လာသည်၊] သောတာပတ္တိမဂ်သည် သောတာပတ္တိမဂ္ဂဋ္ဌပုဂ္ဂိုလ်၏ဥစ္စာ ၊ပေ၊ အရဟတ္တဖိုလ်သည် အရဟတ္တဖလဋ္ဌပုဂ္ဂိုလ်၏ ဥစ္စာ ဖြစ်သည်၊ ယထာသကံမဂ္ဂဖလေသု+တိဋ္ဌန္တီတိ ယထာသကံမဂ္ဂဖလဋ္ဌာ။

ထက်ဝန်းကျင် ကြွင်းကျန်သောအားဖြင့်၊ ဝါ–ပါရိသေသနည်းအားဖြင့်၊ [ဆိုအပ်ပြီးသော ဇောစိတ်တို့ကို မရထိုက်ဟု ဆိုသဖြင့်ကျန်သော ဇောစိတ်တို့ကို ရထိုက်၏ဟု သိရကြောင်းနည်းသည် "ပါရိသေသနည်း" မည်၏။] လဗ္ဘမာနဇဝနာနိ–ရထိုက်သောဇောတို့ကို၊ သမ္ပိဏ္ဍေတွာ–၍၊ဒဿေတုံ–ငှာ၊ အသေက္ခာနံ တျာဒိ–နံ့အစရှိသော ဂါထာစကားကို၊ (အာစရိယေန၊) ဝုတ္တံ–ပြီ၊ တိဝိဓ သိက္ခာယ–သုံးပါးအပြားရှိသော သိက္ခာ၌၊ ပရိပူရကာရိဘာဝတော–ပြည့်စုံစွာ ပြုလေ့ရှိကုန်သည်၏အဖြစ်ကြောင့်၊ အသေက္ခာနံ–အသေက္ခမည်ကုန်သော၊ ခီဏာသဝါနံ–ရဟန္တာပုဂ္ဂိုလ်တို့၏(သန္တာန်၌၊) တေတ္တိံသဝိဓကုသလာကုသလဿ–(၃၃)ပါးအပြားရှိသော ကုသိုလ် အကုသိုလ်စိတ်၏လည်းကောင်း၊ ဟေဋ္ဌိမဖလတ္တယဿ–အောက်ဖိုလ်သုံးပါးအပေါင်း၏လည်းကောင်း၊ ဝီထိမုတ္တာနံ–ဝီထိမုတ်ဖြစ်ကုန်သော၊ နဝမဟဂ္ဂတဝိပါကာနံစ–ကိုးပါးသော မဟဂ္ဂုတ်ဝိပါက်စိတ်တို့၏လည်းကောင်း၊ ဝသေန–ဖြင့်၊ ပဉ္စစတ္တာလီသဝဇ္ဇိတာနိ–(၄၅)ပါးသော စိတ်တို့သည်ကြဉ်အပ်ကုန်သော၊ သေသာနိ–(၄၅)ပါးမှကြွင်းကုန်သော၊ တေဝီသတိ ၊ပေ၊ ဖလဝသေန–(၂၃)ပါးသော ကာမာဝစရဝိပါက်စိတ်, (၂၀)သောကြိယာစိတ်,အရဟတ္တဖိုလ်စိတ်တို့၏အပြားအားဖြင့်၊ စတုစတ္တာလီသ–(၄၄)ပါးသော၊ ဝီထိစိတ္တာနိ–ဝီထိစိတ်တို့ကို၊ (ဥဒ္ဒိသေ၌စပ်၊) သမ္ဘဝါ–ဖြစ်သင့်သည့်အားလျော်စွာ၊ယထာလာဘံ–ရထိုက်သည်အားလျော်စွာ၊ကာမဘဝေ–၌၊ ဌိတာနံ–တည်ကုန်သောရဟန္တာပုဂ္ဂိုလ်တို့၏၊ ဝသေန–ဖြင့်၊ဥဒ္ဒိသေ–ညွှန်ပြရာ၏။

သေက္ခာနံ–တို့၏ (သန္တာန်၌၊) အဋ္ဌာရသ ၊ပေ၊ ဝိပါကဝသေန–(၁၈)ပါးသော ကြိယာဇောစိတ်,ဒိဋ္ဌိ ဝိစိကိစ္ဆာသဟဂုတ်စိတ်ငါးပါးအပေါင်း, အရဟတ္တဖိုလ်စိတ်, မဟဂ္ဂုတ်ဝိပါက်စိတ်တို့၏အပြားအားဖြင့်၊ တေတ္တိံသ–(၃၃)ပါးသော၊ (စိတ္တာနိ–တို့ကို၊) ဝဇ္ဇေတွာ–၍၊ တေဝီသတိ၊ပေ၊တ္တယဝသေန–(၂၃)ပါးသော ကာမာဝစရဝိပါက်စိတ်, အာဝဇ္ဇန်းဒွေး, (၂၁)ပါးသော ကုသိုလ်စိတ်,

**ပရိပူရ ၊ပေ၊ အသေက္ခာနံ**။ ။သေက္ခပုဂ္ဂိုလ်များကဲ့သို့ ဖြည့်ကျင့်ဆဲမဟုတ် (ဖြည့်ကျင့်ပြီး ဖြစ်)သောကြောင့် "အသေက္ခ"ဟု အမည်ရသည်၊ "န+သေက္ခာ+ အသေက္ခာ"ဟု ပြု၊ "ယတ္ထ အာသင်္ကာ, တတ္ထ ပဋိသေဓော"နှင့်အညီ သေက္ခလေလား ဟု ယုံမှားဖွယ်ရှိသောကြောင့် "န"ဟု ပဋိသေဓ ပြုရသည်၊ တစ်နည်း–(န+အ)တို့သည် ဝုဓိအနက်ဟော ကြ၍ တိုးပွားပြီးသော သေက္ခ, ဝါ–သေက္ခထိပ်ဆုံးဖြစ်သော ရဟန္တာ။

**သမ္ဘဝါ**။ ။ယထာသမ္ဘဝါ–ဟု ဆိုလိုလျက် ယထာဟူသော ပုဒ်ကို ချေထားသည်၊ ထို့ကြောင့် နောက်၌ "ယထာသမ္ဘဝတော"ဟု ဖွင့်လတ္တံ့၊ တောဖြင့် သမ္ဘဝါ၌ အာသည် သွာ၏ ကာရိယဟု ပြ၏၊ အဗျယီဘောဖြစ်လျက် "ယထာသမ္ဘဝံ"ဟု အံ မပြုခြင်းကား ပဉ္စမီ၌ အံ အပြုမရှိ–ဟု ရူပသိဒ္ဓိ ဆိုသောကြောင့်တည်း၊ သမ္ဘဝါကို "ယထာလာဘံ"ဟု ဖွင့်ခြင်းကား အဓိပ္ပာယ်ဖွင့်တည်း၊ ဈာနလာဘီ ရဟန္တာ၌သာ (၄၄)ပါး ရထိုက်၏၊ ဈာန်မရလျှင် မရတဲ့ဈာန်အတွက် လျှော့ပါ–ဟူလို။

(၇)ပါးသော အကုသိုလ်စိတ်, အောက်ဖိုလ်စိတ်သုံးပါးအပေါင်း၏ အပြားအား ဖြင့်၊ ဆပ္ပညာသ–(၅၆)ပါးသော၊ ဝီထိစိတ္တာနိ–တို့ကို၊ ယထာသမ္ဘဝံ–ဖြစ်သင့် သည့်အားလျော်စွာ၊ အဝိသေသတော–အားဖြင့်၊ ဥဒ္ဒိသေ–၏၊ ပန–ကား၊ ဝိသေသတော–အထူးအားဖြင့်၊ သောတာပန္နသကဒါဂါမိနံ–တို့၏ (သန္တာနံ၌၊) ဧကပညာသ–(၅၁)ပါးစီသော၊(ဝီထိစိတ္တာနိ–တို့ကို၊ဥဒ္ဒိသေ–၏၊) [သောတာပန် ပုဂ္ဂိုလ်၌ သောတာပတ္တိမဂ်ဖိုလ်နှစ်ပါးစုံ ထည့်၍ (၅၁)ပါး, သကဒါဂါမ်ပုဂ္ဂိုလ်၌ သကဒါဂါမိ မဂ်ဖိုလ်နှစ်ပါးစုံ ထည့်၍ (၅၁)ပါးစီ ဖြစ်သည်၊ မဂ်မပါဘဲ ဖလဋ္ဌပုဂ္ဂိုလ်သက်သက်ဆိုလျှင် (၅၀)သာ ဖြစ်သည်၊] အနာဂါမိနံ–တို့၏ (သန္တာနံ၌)၊ ဧကူနပညာသ–တစ်ခုယုတ်(၅၀)သော၊ (ဝီထိစိတ္တာနိ–တို့ကို၊ ဥဒ္ဒိသေ–၏၊) [အနာဂါမ်ပုဂ္ဂိုလ်၌ လည်း ယခင်(၅၁)ပါးတွင် ဒေါသမူနှစ်ခုကို နုတ်၍(၄၉)ပါးဖြစ်သည်၊ ဖလဋ္ဌပုဂ္ဂိုလ်သက်သက်ဆိုလျှင်(၄၈)ပါးဖြစ်သည်။]

အဝသေသာနံ–သေက္ခ, အသေက္ခပုဂ္ဂိုလ်မှကြွင်းကုန်သော၊ စတုန္နံ–န်သော၊ ပုထုဇ္ဇနာနံ–တို့၏ (သန္တာနံ၌၊) အဋ္ဌာရသ ၊ပေ၊ ဝိပါကဝသေန–(၁၈)ပါးသော ကြိယာဇောစိတ်, အလုံးစုံသော လောကုတ္တရာစိတ်, မဟဂ္ဂုတ်ဝိပါက်စိတ်တို့၏ အပြားအားဖြင့်၊ ပဉ္စတိံသ–(၃၅)ပါးသော၊ (စိတ္တာနိ–တို့ကို၊) ဝဇ္ဇေတွာ–၍၊ အဝသေသာနိ–န်သော၊ ကာမာဝစရ ၊ပေ၊ ကုသလဝသေန–ကာမဝိပါက်စိတ်, အာဝဇ္ဇန်းနှစ်ခု, လောကီကုသိုလ် အကုသိုလ်စိတ်တို့၏ အပြားအားဖြင့်၊ စတုပညာသ–(၅၄)ပါးသော၊ ဝီထိစိတ္တာနိ–တို့ကို၊ ယထာသမ္ဘဝတော–စွာ၊ အဝိသေသတော–ဖြင့်၊ [သုဂတိအဟိတ်ပုဂ္ဂိုလ်, ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် စသည်ဖြင့် မခွဲခြားဘဲ – ဟူလို၊] ဥဒ္ဒိသေ–၏၊ ပန–ကား၊ ဝိသေသတော–ဖြင့်၊ တိဟေတုကာနံ–တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ (သန္တာနံ၌၊) စတုပညာသေဝ–(၅၄)ပါးသာလျှင်ဖြစ်သော၊ (ဝီထိစိတ္တာနိ–တို့ကို၊) လဗ္ဘန္တိ–န်၏၊ ဒွိဟေတုကာ ဟေတုကာနံ–ဒွိဟိတ်ပုဂ္ဂိုလ်, သုဂတိအဟိတ်ပုဂ္ဂိုလ်တို့၏ (သန္တာနံ၌၊) ဉာဏ သမ္ပယုတ္တဝိပါကအပ္ပနာဇဝနဝဇ္ဇိတာနိ–ဉာဏသမ္ပယုတ်ဝိပါက်စိတ်, အပ္ပနာဇော သည် ကြဉ်အပ်ကုန်သော၊ ဧကစတ္တာလီသ–(၄၁)ပါးသော၊ (ဝီထိစိတ္တာနိ–တို့ကို၊ လဗ္ဘန္တိ–န်၏၊) အာပါယိကာနံ–အပါယ်၌ဖြစ်သော ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်တို့၏(သန္တာနံ၌၊) ဒွိဟေတုကဝိပါကဝဇ္ဇိတာနိ–ဒွိဟိတ် ဝိပါက်စိတ်တို့ သည် ကြဉ်အပ်ကုန်သော၊ သတ္တတ္တိံသ–(၃၇)ပါးသော၊ တာနေဝ ဝီထိစိတ္တာနိ– ထို ဝီထိစိတ်တို့ကိုပင်၊ (လဗ္ဘန္တိ–န်၏၊) ဣတိ–သို့၊ ဒဋ္ဌဗ္ဗံ–၏။

ပုဂ္ဂလာနံ–တို့၏၊ ဝသေန–ဖြင့်၊ စိတ္တပ္ပဝတ္တိဘေဒေါ–စိတ်ဖြစ်ပုံ အထူးအပြား တည်း၊ ပုဂ္ဂလဘေဒေါ–ပုဂ္ဂိုလ်တို့၏ စိတ်ဖြစ်ပုံအထူးအပြား။

**၄၉။** [ဘူမိဝိဘာဂကို ဖွင့်ပြလို၍ "သဗ္ဗာနိပိ"စသည် မိန့်၊] သဗ္ဗာနိပိ–အလုံးစုံလည်းဖြစ်ကုန်သော၊ [ရှစ်ဆယ်လုံးလည်း–ဟူလို၊] ဝီထိစိတ္တာနိ–တို့ကို၊ ဥပလဗ္ဘန္တိ–ရအပ်ကုန်၏၊ (ကသ္မာ–နည်း၊) ဆန္နံ–န်သော၊ ဒွါရာနံ–ဒွါရတို့၏လည်းကောင်း၊ သဗ္ဗေသံ–န်သော၊ ပုဂ္ဂလာနဥ္စ–တို့၏လည်းကောင်း။ တတ္ထ–ထိုကာမဘုံ၌၊ သမ္ဘဝတော–ဖြစ်သင့်ခြင်းကြောင့်တည်း၊ ယထာရဟန္တိ–ကား၊ တံတံဘဝါနုရူပံ–ထိုထို ဘုံအားလျော်စွာလည်းကောင်း၊ တံတံပုဂ္ဂလာနုရူပဥ္စ–ထိုထို ပုဂ္ဂိုလ်အားလျော်စွာလည်းကောင်း၊ (ဥပလဗ္ဘန္တိ၊)

**၅၂။** သဗ္ဗတ္ထာပိတျာဒိနာ–သဗ္ဗတ္ထာပိ အစရှိသော ဝါကျဖြင့်၊ ဈာနဝိညာဏာဒီနမ္ပိ–ဈာနဝိညာဉ်အစရှိသော စိတ်တို့ကိုလည်း၊ [အာဒိဖြင့် ဇိဝှာဝိညာဉ်၊ ကာယဝိညာဉ် စိတ်တို့ကို ယူ၊] ပဋိက္ခေပေါ–ပယ်ခြင်းသည်၊ ဟေတုသတိ–ဖြစ်လတ္တံ့၊ ဣတိ–ကြောင့်၊ ရူပါဝစရဘူမိယံ–ရူပါဝစရဘုံ၌၊ ပဋိဃဇဝန တဒါရမဏာနေဝ–ဒေါမနဿ, တဒါရုံမဟာဝိပါက်တို့ကိုသာ၊ ပဋိက္ခိတ္တာနိ–ပယ်အပ်ကုန်ပြီ၊ သဗ္ဗတ္ထာပီတိ–ကား၊ ကာမဘဝေ–ကာမဘုံ၌လည်းကောင်း၊ ရူပဘဝေ–၌လည်းကောင်း၊အရူပဘဝေစ–၌လည်းကောင်း၊[န လဗ္ဘန္တေဝ၌ စပ်။]

**၅၄။** ကာမေ ဘဝေ–၌၊ [သဂြိုဟ်၌ ကာမေကို "ဘဝေ"ထည့်၍ဖွင့်သဖြင့် ကာမ၌ ဘဝဟူသောနောက်ပုဒ် ကျေသည်ဟု သိစေ၏၊] ယထာရဟံ–စွာ၊ ဝီထိမုတ္တဝဇ္ဇိတာနိ–ဝီထိစိတ်ကိုးပါးသည်ကြဉ်အပ်ကုန်သော၊ အသီတိ–၈၀ သော၊ ဝီထိစိတ္တာနိ–တို့ကို၊(လဗ္ဘရေ–ရအပ်ကုန်၏၊)ရူပေ ဘဝေ–၌၊ ပဋိဃဒွယ ၊ပေ၊ မုတ္တကဝသေန–ဒေါသမူဒွေး, ရှစ်ပါးသောတဒါရုံ, ဃာနဝိညာဉ် အစရှိသော စိတ်ခြောက်ပါးအပေါင်း,ဝီထိမုတ်စိတ်တို့၏အပြားအားဖြင့်၊ ပဉ္စဝီသတိ–

---

**ဆန္နံ၊ ပေ၊ သမ္ဘဝတော။**　　။ရူပဘုံ၌ ဃာနစသော သုံးဒွါရ မရှိ, အရူပဘုံ၌ ပဥ္စဒွါရ မရှိ, ကာမဘုံ၌ကား ဒွါရအားလုံး ရှိသည်၊ ထို့ကြောင့် စက္ခုဝိညာဉ်စသော ဒွါရဆိုင်ရာ ဝီထိစိတ်အားလုံး ရနိုင်သည်–ဟူလို၊ ကာမဘုံ၌ ပုဂ္ဂိုလ်တစ်ကျိပ်နှစ်ယောက်လုံး ရှိခြင်းကြောင့် ဝီထိစိတ်အားလုံးလည်း ရနိုင်သည်။

**တံတံ ၊ပေ၊ ရူပဥ္စ။**　　။ကာမဘုံတစ်ခုလုံးအတွက် ဝီထိစိတ် ရှစ်ဆယ်ရသော်လည်း အပါယ်ဘုံဘဝ၌ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်မှာရသော (၃၇)ပါးသာ ရ၏၊ လူ့ဘုံနတ်ဘုံ၌လည်း သုဂတိအဟိတ် ဒွိဟိတ်ဖြစ်လျှင် (၄၁)ပါးသာ ရ၏၊ ဤသို့ ဘုံအလိုက် ပုဂ္ဂိုလ်အလိုက် ရထိုက်ပုံကိုလည်း သိပါ–ဟူလို။

**သဗ္ဗတ္ထာပိ ၊ပေ၊ ပဋိက္ခိတ္တာနိ။**　　။ရူပဘုံ၌ ဃာန ဇိဝှါ ကာယဝိညာဉ်တို့လည်း မရထိုက်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် "ပဋိဃဇဝနတဒါရမဏဝဇ္ဇိတာနိ"ဟု ဒေါသဇောနှင့် တဒါရုံသာ ကြဉ်ရသနည်း–ဟု မေးဖွယ်ရှိ၍ "သဗ္ဗတ္ထာပိ" စသည် မိန့်၊ "သဗ္ဗတ္ထာပိ စ ၊ပေ၊ န လဗ္ဘန္တေဝ"ဖြင့် ဃာန ဝိညာဉ်စသည်ကို ပယ်လတ္တံ့ဖြစ်သော ကြောင့် ဒေါသဇောနှင့် တဒါရုံကိုသာ ဤဝါကျ၌ ပယ်ထားသည်–ဟူလို။

(၂၅)ပါးသော၊(စိတ္တာနိ-တို့ကို၊)ဝဇ္ဇေတွာ-၍၊ သေသာနိ-န်သော၊ အာဝဇ္ဇနဒွယ ၊ပေ၊ ဇဝနဝသေန-အာဝဇ္ဇန်းနွေး, ကိုးပါးသော အဟိတ်ဝိပါက်စိတ်, (၅၃) ပါးသောဇောစိတ်တို့၏အပြားအားဖြင့်၊ စတုသဋ္ဌိ-(၆၄)ပါးသော၊ (ဝီထိစိတ္တာနိ-တို့ကို၊ လဗ္ဘရေ-န်၏၊) အရူပေ ဘဝေ-၌၊ တေဝီသတိ ၊ပေ၊ ဟာသနဝသေန-(၂၃)ပါးသော ကာမာဝစရဝိပါက်စိတ်, သောတာပတ္တိမဂ်စိတ်, (၁၅)ပါးသော ရူပါဝစရစိတ်, ဒေါသမူနွေး, အရူပဝိပါက်စိတ်, ပဉ္စဒွါရာဝဇ္ဇန်းဟူသော ကြိယာ မနောဓာတ်, ဟသိတုပ္ပာဒ်စိတ်တို့၏ အပြားအားဖြင့်၊ သတ္တစတ္တာလီသ-(၄၇)ပါးသော၊ (စိတ္တာနိ-တို့ကို၊) ဝဇ္ဇေတွာ-၍၊.သေသာနိ-န်သော၊ ဆဗ္ဗီသတိ ၊ပေ၊ဝဇ္ဇနဝသေန-(၂၆)ပါးသော ကာမာဝစရဇောစိတ်,(၈)ပါးသော အရူပါဝစရ ဇောစိတ်, (၇)ပါးသော လောကုတ္တရာဇောစိတ်, မနောဒွါရာဝဇ္ဇန်းစိတ်တို့၏ အပြားအားဖြင့်၊ ဒွေစတ္တာလီသ-(၄၂)ပါးသော၊ စိတ္တာနိ-တို့ကို၊ လဗ္ဘရေ ဥပလဗ္ဘန္တိ-န်၏၊ [လဗ္ဘရေကို "ဥပလဗ္ဘန္တိ"ဟု ဖွင့်သည်၊ န္တိကို ရေ ပြုထား သည်ဟု သိစေ၏။]

ပန-ဝါဒန္တရကား၊ ကေစိ-တို့သည်၊ ရူပဘဝေ-၌၊ အနိဋ္ဌာရမဏာဘာဝ တော-အနိဋ္ဌာရုံ၏ မရှိခြင်းကြောင့်၊ ဣမေ-ဤလူ့ပြည်သို့၊ အာဂတာနံယေဝ- လာသည်သာလျှင်ဖြစ်ကုန်သော၊ ဗြဟ္မာနံ-ဗြဟ္မာတို့၏ (သန္တာန်၌၊) အကုသလ ဝိပါကသမ္ဘဝေါ-အကုသလဝိပါက်၏ ဖြစ်သင့်ခြင်းသည်၊ (ဟောတိ-၏၊) [ဗြဟ္မာ့ဘုံ၌နေခိုက် အကုသလဝိပါက်စိတ် မဖြစ်၊ ထို့ကြောင့် ဘုံအားဖြင့် အကုသလဝိပါက်စိတ် မရနိုင်-ဟူလို၊] ဣတိ-ကြောင့်၊ တာနိ-ထိုအကုသလ ဝိပါက်တို့ကို၊ ပရိဟာပေတွာ-ယုတ်လျော့စေ၍၊ [စတုသဋ္ဌိထဲမှ အကုသလ ဝိပါက် စက္ခုသောတဝိညာဉ် သမ္ပဋိစ္ဆိုန်း သန္တီရဏလေးပါး လျော့စေသည်ကို "တာနိ ပရိဟာပေတွာ"ဟု ဆိုသည်၊] ပဉ္စပရိတ္တဝိပါကေဟိ-ငါးပါးသော ကာမဝိပါက်တို့နှင့်၊ [ကုသလဝိပါက် စက္ခုသောတဝိညာဉ် သမ္ပဋိစ္ဆိုန်းသန္တီရဏ (၂)ကို ဆိုသည်၊] သဒ္ဓိံ-ကွ၊ ရူပဘဝေ-၌၊ သဋ္ဌိယေဝ-(၆၀)သာလျှင်ဖြစ်သော၊ ဝီထိစိတ္တာနိ-တို့ကို၊ (လဗ္ဘရေ-န်၏၊) ဣတိ-သို့၊ ဝဒန္တိ-န်၏။

ပန-ထိုသို့ပင် ဆိုကြပါကုန်သော်လည်း၊ ဣမေ-ဤသင်္ဂြိုဟ်ကျမ်း၌၊ (ဝုတ္တာနိ၌ စပ်၊)တတ္ထ-ထိုဗြဟ္မာ့ပြည်၌၊ ဌတွာပိ-တည်၍လည်း၊ဣမံ လောကံ- ဤ လူ့ပြည်ကို၊ ပဿန္တာနံ-လှမ်းကြည့်ကုန်သော ဗြဟ္မာတို့၏ (သန္တာန်၌၊) အနိဋ္ဌာရမဏာဿ-ရုံ၏၊ အသမ္ဘဝေါ-မဖြစ်သင့်ခြင်းသည်၊ ဝါ-ကို၊ ဝတ္တုံ- ငှာ၊ န သက္ကာ-မတတ်ကောင်း၊ [ဖြစ်သင့်သည်-ဟူလို၊] ဣတိ-ကြောင့်၊ တေဟိ-ထိုအကုသလဝိပါက်တို့နှင့်၊ [ကေစိဆရာတို့ လျော့ထားအပ်သော အကုသလဝိပါက်လေးပါးတို့နှင့်၊] သဒ္ဓိံယေဝ-တကွသာလျှင်၊ တတ္ထ-ထို ဗြဟ္မာ့ပြည်၌၊ စတုသဋ္ဌိ-သော၊ (ဝီထိစိတ္တာနိ-တို့ကို၊) ဝုတ္တာနိ-ဆိုအပ်ကုန်ပြီ။

ဝေဠုကတ္တာ–ကြောင့်၊ ဓမ္မာနုသာရဏာယ်–ဓမ္မာနုသာရဏာမည်သော ကျမ်း၌၊ ယဒါ–အကြင်အခါ၌၊ ဖြဟ္မာနော–တို့သည်၊ ကာမာဝစရံ–ကာမာဝစရဖြစ်သော၊ အနိဋ္ဌာရမဏာ–အနိဋ္ဌာရုံကို၊ အာလမ္ဗန္တိ–အာရုံပြုကြကုန်၏၊ တဒါ–၌၊ တံ သုဂတိယမ္ပိ–ထို သုဂတိဖြဟ္မာ့ဘုံ၌လည်း၊ [ရူပဘဝသုဂတိကို "တံ သုဂတိယမ္ပိ"ဟု ဆိုသည်၊] အကုသလဝိပါက၊ပေ၊သန္တီရဏာန်–အကုသလ ဝိပါက်ဖြစ်သော စက္ခု, သောတဝိညာဉ်, သမ္ပဋိစ္ဆိုန်းဟူသော မနောဓာတ်, သန္တီရဏတို့၏၊ ဥပ္ပတ္တိ–သည်၊ သမ္ဘဝတိ–၏၊ ဣတိ–သို့၊ ဝုတ္တံ–ပြီ၊ [ဤဝါကျ၏အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ၊] ဘူမိဝသေန–ဘုံ၏အပြားအားဖြင့်၊ ဝိဘာဂေါ–ဝေဖန်အပ်သော စိတ်အပြားတည်း၊ ဘူမိဝိဘာဂေါ–ဘုံ၏ အပြားအားဖြင့် ဝေဖန်အပ်သော စိတ်အပြား၊ [ဘူမိဝသေန စိတ္တုပ္ပဝတ္တိယာ ဘေဒေါ–ဘုံအပြားဖြင့် စိတ်ဖြစ်ပုံကို ခွဲခြားခြင်းကို "ဘူမိဝိဘာဂ"ဟု ဆိုသည်။]

**၁၅**။ ယထာသမ္ဘဝန္တိ–ကား၊ တံတံဒွါရေသု–ထိုထို ဒွါရတို့၌လည်းကောင်း၊ တံတံဘဝေသုဝါ–ထိုထို ဘဝတို့၌လည်းကောင်း၊ သမ္ဘဝါနုရူပတော–ဖြစ်သင့်သည်အားလျော်စွာ၊ ယာဝတာယုကန္တိ–ကား၊ ပဋိသန္ဓိတော–ပဋိသန္ဓေမှ၊ ပရံ–၌၊ ဘဝနိကန္တိဝသေန–ဖြစ်ခါစ ဥပပတ္တိဘဝကို နှစ်သက်ခြင်း၏ အစွမ်းဖြင့်၊ ပဝတ္တမနောဒွါရိကစိတ္တဝီထိတော–ဖြစ်သော မနောဒွါရိက စိတ်ဝီထိမှ၊ ပဋ္ဌာယ–စ၍၊ စုတိစိတ္တာဝသာနံ–စုတိစိတ် အဆုံးတိုင်အောင်၊ ဝါ–တစ်နည်း၊ တတော–ထိုစုတိစိတ်မှ၊ ပုဗ္ဗေ–၌၊ ပဝတ္တဘဝင်္ဂါဝသာနံ–ဖြစ်သော ဘဝင်အဆုံးတိုင်အောင်၊ နိရောဓသမာပတ္တိယံ–နိရောဓသမာပတ်သည်၊ အသတိ–မရှိလသော်၊ အဗ္ဗောစ္ဆိန္နာ–မပြတ်မစဲသည်၊ (ဟုတွာ–၍၊ ပဝတ္တတိ–၏၊) ဣတိ (အယံ)–ကား၊ အဓိပ္ပာယော–အရှင်အနုရုဒ္ဓါဆရာ၏ အလိုတည်း၊ [နိရောဓသမာပတ်အခါ၌ ဝီထိအစဉ်ပြတ်သေးသောကြောင့် "အသတိ နိရောဓသမာပတ္တိယံ"ဟု ဆိုသည်၊] ဣတိ–ဖြင့်၊ အဘိဓမ္မတ္ထဝိဘာဝနိယာ နာမ–သော၊ အဘိဓမ္မတ္ထ သင်္ဂဟဝဏ္ဏနာယ–၌၊ စတုတ္ထပရိစ္ဆေဒဝဏ္ဏနာ နိဋ္ဌိတာ။

---

**ပဋိသန္ဓိတော ၊ပေ၊ စုတိစိတ္တာဝသာနံ**။ ။တစ်ဘဝ၌ "ပဋိသန္ဓေစိတ် ဘဝင်စိတ် ၁၅–၁၆ (မဏိမဉ္ဇူ၌ ၁၃–၁၄ ဟု ဆို၏၊) မနောဒွါရာဝဇ္ဇန်း ဘဝနိကန္တိက လောဘဇော ၇ ကြိမ်"ဟု စိတ်အစဉ် စ၍ ဖြစ်၏၊ ထိုတွင် ဝီထိစိတ်ကား မနောဒွါရာဝဇ္ဇန်းမှ စ၍ ဖြစ်၏၊ ထို့ကြောင့် ဘဝနိကန္တိ၌ မနောဒွါရာဝဇ္ဇန်းကို အဝိနာဘာဝနည်းအားဖြင့် ယူပါ၊ အဆုံး၌ကား စုတိ၏ရှေ့စိတ်တွင် ဝီထိစိတ်ဆုံး၏၊ ထို့ကြောင့် "စုတိစိတ္တာဝသာနံ"ဟု ဆိုသည်၊ တစ်နည်း–ဘဝင်ကျပြီးမှ စုတိကျလျှင် ဘဝင်၏ရှေ့၌ ဝီထိစိတ် ဆုံး၏၊ ထို့ကြောင့် "ဘဝင်္ဂါဝသာနံ ဝါ"ဟု ဆိုသည်။

## ဝီထိပိုင်းအဖွင့် ပြီးပြီ။

## ဝီထိမုတ်ပိုင်းနိဿယ

၁။ ဝွေ့ဘာဝတာ–ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်၊ ဝီထိသင်္ဂဟံ– ဝီထိသင်္ဂဟကို၊ ဒဿေတွာ–၍၊ ဣဒါနိ–၌၊ ဝီထိမုတ္တသင်္ဂဟံ–ဟာကို၊ ဒဿေတုံ– ငှာ၊ အာရဘန္တော–သော၊ (အာစရိယော) ဝီထိစိတ္တဝသေနေဝန္တျာဒိ–ဝံ အစရှိသော၊ (ယံ ဝစနံ အတ္ထိ၊ တံဝစနံ–ကို၊) အာဟ–ပြီ၊ ဧဝံ ယထာဝုတ္တနယေန– အကြင် အကြင် ဆိုအပ်ပြီးသောနည်းဖြင့်၊ [ဧဝံကို ယထာဝုတ္တနယေန ဟု ဖွင့်၏၊ ဝီထိပိုင်း၌ ဆိုအပ်ပြီးသော သဒ္ဒါအစဉ် အနက်အစဉ်ဖြင့်–ဟူလို၊] ဝီထိစိတ္တဝသေန–ဝီထိစိတ်တို့၏ အစွမ်းဖြင့်၊ [ဥဒီရိတော၌ စပ်၊] ပဝတ္တိယံ– ပဝတ္တိအခါ၌၊ ပဋိသန္ဓိတော–ပဋိသန္ဓေမှ၊ အပရန္တာဂေ–၌၊ စုတိပရိယောသာနံ– စုတိအဆုံးတိုင်အောင်၊ ပဝတ္တိသင်္ဂဟော နာမ–ပဝတ္တိသင်္ဂဟ မည်သော၊ သင်္ဂဟော–သင်္ဂဟကို၊ ဥဒီရိတော–ဆိုအပ်ပြီ၊ ဣဒါနိ–၌၊ တဒနန္တရံ–ထိုပဝတ္တိ သင်္ဂဟ၏ အခြားမဲ့၌၊ သန္ဓိယံ ပဋိသန္ဓိကာလေ–ပဋိသန္ဓေအခါ၌လည်းကောင်း၊ [ဝုစ္စတိ၌ စပ်၊] တဒါ သန္နတာယ–ထိုပဋိသန္ဓေနှင့် နီးသည်၏အဖြစ်ကြောင့်၊ တံဂဟဏေနေဝ–ထိုပဋိသန္ဓေအခါကို ယူခြင်းဖြင့်ပင်လျှင်၊ ဂဟိတစုတိကာလေ

---

**ပဝတ္တိယံ**။ ။နာနပ္ပကာရာ ဓမ္မာ ပဝတ္တန္တိ ဧတ္ထာတိ ပဝတ္တိ–တစ်ခုနှင့်တစ်ခု မတူကွဲပြား၍ အမျိုးမျိုးဖြစ်သောတရားတို့၏ ဖြစ်ရာအခါကို "ပဝတ္တိ"ဟု ခေါ်သည်၊ ပဋိသန္ဓေအခါ၌ ပဋိသန္ဓေစိတ် စေတသိက် ကမ္မဇရုပ်တို့သာ ဖြစ်၏၊ စုတိအခါ၌လည်း စုတိစိတ် စသည်သာ ဖြစ်၏၊ ပဝတ္တိအခါ၌ကား (ဝီထိစိတ်အမျိုးမျိုး ရုပ်အမျိုးမျိုး အားဖြင့်) တရားအမျိုးမျိုး ဖြစ်ကြသည်၊ ထိုပဝတ္တိအခါဟူသည် ပဋိသန္ဓေမှ နောက် စုတိမတိုင်မီ အခါတည်း၊ ထို့ကြောင့် "ပဝတ္တိယံ"ကို "ပဋိသန္ဓိတော ။ပေ၊ စုတိ ပရိယောသာနံ"ဟု ဖွင့်သည်၊ပဝတ္တိအခါ၌ ပဋိသန္ဓိစုတိတို့ မပါ၊ စုတိပရိယောသာနံကို မရိယာဒါဝဓိ (ကန်သင်း၏ ပိုင်းခြားခြင်းမျိုးဖြင့် ပိုင်းခြားသောစကား)ဟု မှတ်။

**ပဝတ္တိသင်္ဂဟော နာမ**။ ။[ပဝတ္တိ၌စပ်သော သမ္ဗန်ကို "စိတ္တုပ္ပါဒါနံ"ဟု ဝီထိပိုင်း အစ၌ ရှိခဲ့သည်၊] ပဝတ္တနံ ပဝတ္တိ–ဝီထိစိတ်တို့၏ ဖြစ်ခြင်း (ဖြစ်ပုံဖြစ်ဟန်)၊ ပဝတ္တိယာ+ သင်္ဂဟော ပဝတ္တိသင်္ဂဟော–ဝီထိစိတ်တို့၏ဖြစ်ပုံကို သိမ်းယူရာဖြစ်သော သင်္ဂဟ၊ သင်္ဂဟတစ်ပုဒ်ကို ထည့်စေလို၍ "ပဝတ္တိသင်္ဂဟောနာမ သင်္ဂဟော"ဟု ဖွင့်သည်၊ ဤ ပဝတ္တိသင်္ဂဟဟူသည် ဝီထိသင်္ဂဟပင်တည်း။

**သန္ဓိယံ ။ပေ၊ ဝုစ္စတိ**။ ။"သန္ဓိယံ ဒါနိ ဝုစ္စတိ"၌ သန္ဓိယံ ဟု ပဋိသန္ဓေအခါကို ပဓာနအားဖြင့် ဆိုသော်လည်း အပဓာနအားဖြင့် ပဋိသန္ဓေမတိုင်မီ နီးကပ်နေသော အတိတ်ဘဝ၏ စုတိကာလကို ယူပါ–ဟု ပြလို၍ "တဒါသန္နတာယ ။ပေ၊ စုတိ ကာလေစ"ဟု မိန့်သည်၊ [မရဏာသန္နပဝတ္တိအခန်း၌ စုတိကာလဝယ် နိမိတ်ထင်သည်မှ စ၍ စိတ်ဖြစ်ပုံပြသောကြောင့် သန္ဓိယံဖြင့် စုတိကာလကိုယူဖို့ ဖွင့်ပြသည်၊] ပဝတ္တိသင်္ဂဟောကို လိုက်စေ၍ "ပဝတ္တိ ။ပေ၊ ဝုစ္စတိ"ဟု မိန့်သည်၊ ဤ ပဝတ္တိကား "ပဝတ္တနံ–ဖြစ်ခြင်း၊ ပဝတ္တိ–ခြင်း"ဟု ပြ၍ ပဋိသန္ဓေစိတ် စုတိစိတ်တို့၏ ဖြစ်ပုံကို အရကောက်ပါ။

စ–ယူအပ်သောစုတိအခါ၌လည်းကောင်း၊ ပဝတ္တိသင်္ဂဟော–ဖြစ်ပုံကိုပြ, ပဝတ္တိမည်သော သင်္ဂဟကို၊ ဝုစ္စတိ–ဆိုအပ်၏၊ က္လတိ–(အယံ)–ကား၊ ယောဇနာ–ပုဒ်အနက်တို့ကို ယှဉ်စေခြင်းတည်း။

**၃။** ပုညသမ္ဘတာ–ကောင်းမှုဟု သမုတ်အပ်သော၊ အယာ–ကောင်းမှု၊ ယေဘုယျေန–ဖြင့်၊ အပဂတော–ကင်းသောအရပ်တည်း၊ က္လတိ–ကြောင့်၊ အပါယော–ယမည်၏၊ သောယေဝ–ထို အပါယသည်ပင်၊ ဘဝန္တိ ဧတ္ထ သတ္တာတိ–ဘဝန္တိဧတ္ထ သတ္တာဟူသော ဤဝစနတ္ထကြောင့်၊ ဘူမိ–ဘူမိမည်၏၊ က္လတိ–ကြောင့်၊ အပါယဘူမိ–မိမည်၏၊ [ဧတ္ထ–ဤဘုံ၌၊ သတ္တာ–တို့သည်၊ ဘဝန္တိ–ဖြစ်ကုန်၏၊ က္လတိ–ဤသို့သတ္တဝါတို့၏ ဖြစ်ရာ၏အဖြစ်ကြောင့်၊ ဘူမိ–ဘူမိမည်၏။] အနေကဝိဓသမ္ပတ္တိအဓိဋ္ဌာနတာယ–တစ်ပါးမက များသောအပြားရှိသောသမ္ပတ္တိ၏တည်ရာ၏အဖြစ်ကြောင့်၊ သောဘနာ–တင့်တယ်သည်လည်း ဟုတ်၏၊ ဂန္တဗ္ဗတော ဥပပဇ္ဇိတဗ္ဗတော–ရောက်ထိုက်သည်၏အဖြစ်ကြောင့်၊ ဂတိ–ဂတိလည်း ဟုတ်၏၊ က္လတိ–ဤနှစ်ပါးသောသတ္တိကြောင့်၊ သုဂတိ–သုဂတိ မည်၏၊ ကာမတဏှာသဟစရိတာ–ကာမတဏှာနှင့် တကွဖြစ်သော၊

---

**ယောဇနာ**။ ။ဇဝံကို ယထာဝုတ္တနယေနဟု ဖွင့်သကဲ့သို့တစ်ပုဒ်တစ်ပုဒ်၏ အနက်ကိုဖွင့်ခြင်းသည် အနက်တို့ကို ယှဉ်စေခြင်းတည်း၊ ပဝတ္တိသင်္ဂဟောကို ဝုစ္စတိနှင့် နီးကပ်စွာ ယှဉ်စေခြင်းသည်ကား ပုဒ်တို့ကို ယှဉ်စေခြင်းတည်း။

**ပုည ၊ပေ၊ ။အပါယော**။ ။"အပ+အယ"ဟု ခွဲ၍ အယကို "ပုညသမ္ဘတာ"ဟု ဖွင့်သည်၊ အယန္တိ(ဂစ္ဆန္တိ)ဧတေနာတိ အယော၊ လူနတ်ဗြဟ္မာတို့၌ဖြစ်သော သမ္ပတ္တိတို့၏ ဖြစ်ကြောင်းဖြစ်၍ ကုသိုလ်ကောင်းမှုကို "အယ"ဟု ခေါ်သည်၊ အပကို "အပဂတော"ဟု ဖွင့်၏၊ အယတော–သမ္ပတ္တိတို့၏ဖြစ်ကြောင်း ကောင်းမှုမှ+ အပဂတော–ကင်းသော နေရာတည်း၊ အပါယော–ရာ၊ ကောင်းမှုပြုခွင့်မရသည်ကို "ကောင်းမှုမှ ကင်းသည်"ဟု ဆိုသည်၊ အပါယ်ဘုံတွင် ပါဝင်သော နဂါး ဂဠုန်စသော တိရစ္ဆာန် အချို့မှာ ကောင်းမှုပြုခွင့် ရသေးသောကြောင့် "ယေဘုယျေန"ဟု ဆိုသည်၊ အပါယော ယေဝ+ဘူမိ အပါယဘူမိ၊ [ဘူမိကို "ဘဝန္တိ သတ္တာ ဧတ္ထာတိ ဘူမိ"ဟု ပြု။]

**အနေက ၊ပေ၊ ဘူမိ**။ ။"သု+ဂတိ"ဟု ခွဲ၊ သုကို "သောဘနာ"ဟု ဖွင့်၏၊ သောဘနအမည်ရခြင်း၏အကြောင်းကို "အနေက ၊ပေ၊ အဓိဋ္ဌာနတာယ"ဟု ပြသည်၊ "များစွာသောသမ္ပတ္တိတို့၏ တည်ရာဖြစ်သောကြောင့် တင့်တယ်ကောင်းမွန်သည်"ဟူလို၊ ဂန္တဗ္ဗတောဖြင့် "ဂန္တဗ္ဗာတိ ဂတိ"ဟု ဝိဂြိုဟ်ပြုစေလို၏၊ "ဂန္တဗ္ဗ–သွားအပ်"ဟု ပေးမည်စိုး၍ "ဥပပဇ္ဇိတဗ္ဗ–ရောက်အပ်"ဟု ဖွင့်သည်၊ သောဘနာ+ဂတိ သုဂတိ၊ "ကာမေတီတိ ကာမော"ဟု ပြု၍ ကာမတဏှာကို ယူ၊ ကာမေန+သဟစရိတာ (တကွဖြစ်သော)+သုဂတိ ကာမသုဂတိ၊ [သဟစရိတ အလယ်ပုဒ်ကျေ။] ကာမသုဂတိယေဝ+ဘူမိ ကာမသုဂတိဘူမိ။

သုဂတိ–တင့်တယ်သောဂတိတည်း၊ ကာမသုဂတိ–ကာမတဏှာနှင့် တကွဖြစ်သော တင့်တယ်သောဂတိ၊ သာယေဝ–ထိုကာမသုဂတိသည်ပင်၊ ဘူမိ–ဘုံတည်း၊ ဣတိ–ကြောင့်၊ ကာမသုဂတိဘူမိ–မိမည်၏၊ သေသေသုပိ–ကြွင်းသော ရူပါဝစရဘူမိ, အရူပါဝစရဘူမိတို့၌လည်း၊ ဧဝံ–ဤအတူတည်း။

၄။ အယတော သုခတော–ချမ်းသာမှ၊ နိဂ္ဂတော–ထွက်သွားသော အရပ်တည်း၊ ဣတိ–ကြောင့်၊ နိရယော–နိရယ မည်၏၊ တိရော–ဖီလာ၊ ဝါ–အလျားလိုက်၊ အဉ္စိတာ–သွားတတ်ကုန်၏၊ ဣတိ–ကြောင့်၊ တိရစ္ဆာနာ–နတို့ မည်၏၊ တေသံ–ထိုတိရစ္ဆာန်တို့၏၊ ယောနိ–ခန္ဓာဖြစ်ပုံ အထူးတည်း၊ တိရစ္ဆာနယောနိ–တိရစ္ဆာန်တို့၏ ခန္ဓာဖြစ်ပုံအထူး၊ တာယ–ထိုခန္ဓာဖြစ်ပုံအထူးဖြင့်၊ သတ္တာ–တို့သည်၊ အမိသိတာ–ပင်ကိုက မရောနှောကုန်သည်၊(သမာနာ) ပိ–န်သော်လည်း၊ [နဂိုက တစ်ကောင်နှင့်တစ်ကောင် ရောနှော၍ မနေကုန်သော်လည်း–ဟူလို၊] သမာနဇာတိတာယ–တူသောအမျိုးဇာတ် ရှိကုန်သည်၏ အဖြစ်ကြောင့်၊ယဝတ္တိ မိဿိတာဝိယ ယောတ္တိ–ရောသကဲ့သို့ဖြစ်ကုန်၏၊ဣတိ–ကြောင့်၊ ယောနိ–ယောနိမည်၏၊ ပန–ဆက်၊ သာ–ထိုယောနိဟူသည်၊ အတ္ထတော–ပရမတ္ထအားဖြင့်၊ ခန္ဓာနံ–ခန္ဓာတို့၏၊ ပဝတ္တိဝိသေသော–ဖြစ်ပုံအထူးတည်း။

---

**ဧဝံသေသေသုပိ**။ ။ရူပတရား၌ အာရုံပြုသောအားဖြင့်ဖြစ်သော တဏှာကို "ရူပေ+အဝစရတီတိ ရူပါဝစရံ"ဟု ပြု၊ ရူပါဝစရေနု+သဟာစရိတာ+ဘူမိ ရူပါဝစရဘူမိ၊ ထို့အတူ အရူပါဝစရဘူမိကိုလည်း ပြု။

**နိရယော**။ ။"နိ+အယ"ဟု ခွဲ၊ အယတိ ဝဍ္ဎတိ–ကောင်းမှုအတွက် တိုးတက်ကြီးပွား၏၊ ဣတိ အယော၊ တစ်နည်း–"အယိတဗ္ဗော (သာဒိတဗ္ဗော)–သာယာ ထိုက်၏၊ ဣတိ အယော"ဟု ပြု၍ သုခကို အယဟု ခေါ်၏၊ အယတော+ နိဂ္ဂတော နိရယော၊ ["နတ္ထိ+အယော ဧတ္ထာတိ နိရယော"ဟုလည်း ပြုနိုင်၏၊ သက္ကတ၌ "နိရ်"ဟု ရှိသောကြောင့် ကပ်စရာ အ,သရရှိလျှင် (ရ်) လာရသည်၊ နိဂ္ဂတောကဲ့သို့ ကပ်စရာ သရမရှိလျှင် ဒွေဘော်ပြုရသည်။]

**တိရစ္ဆာနယောနိ**။ ။တိရောသဒ္ဒါပုပဒ, အဉ္စုဓာတ်, ယုကို အန, တစ်နည်း–အာနပစ္စည်း၊ တိရော–ဖီလာ၊ ဝါ–(လူ နတ်တို့လို မတ်မတ် မဟုတ်ဘဲ အလျားလိုက်) +အဉ္စန္တိ–သွားတတ်ကုန်၏၊) ဣတိ (တိရဉ္စာနာ–ဟု ဖြစ်သင့်လျက် နိရုတ္တိနည်းအားဖြင့် ဉ္စကို စ္ဆပြု၍) တိရစ္ဆာနာ–ဟုဖြစ်၏၊ ယောနိသဒ္ဒါသည် "ခန္ဓကောဋ္ဌာသ, ပဿာဝမဂ္ဂ" စသော အနက်တို့တွင် ခန္ဓာတို့၏ အစုအနက်ကို ဟော၏၊ ထို့ကြောင့် "ခန္ဓာနံ ပဝတ္တိ ဝိသေသော"ဟု ဖွင့်သည်၊ ခွေးတို့၏ အခြား သတ္တဝါတို့နှင့် မတူသော ရုပ်ခန္ဓာဖြစ်ပုံ အထူးကိုစွဲ၍ "ခွေးမျိုး"ဟု ယောနိတစ်ခု သတ်မှတ်ရ၏ စသည်ဖြင့် ခန္ဓပဝတ္တိဝိသေသ ဖြစ်ပုံကို သိပါ၊ ထိုခန္ဓာအစုကိုပင် အမျိုးဟု ခေါ်ကြ၏၊ "ယု–မိဿနေ"ဟူသောဓာတ်, နိပစ္စည်း (တစ်နည်း–တိပစ္စည်း တိကို နိပြု)။

သုခတော–မှ၊ ပကဋ္ဌေန–ဝေးသည်၏အဖြစ်ဖြင့်၊ ဣတာ ဂတာ–ဖြစ်သော သတ္တဝါတို့တည်း၊ ဣတိ–ကြောင့်၊ပေတာ–ပေတတို့မည်၏၊ နိဇ္ဈာမတဏှိကာဒိ ဘေဒါနံ–နိဇ္ဈာမတဏှိကအစရှိသော အပြားရှိကုန်သော၊ ပေတာနံ–ပြိတ္တာတို့၏၊ ဝိသယော–နေရာအရပ်တည်း၊ ပေတ္တိဝိသယော–ပြိတ္တာတို့၏နေရာအရပ်။

ပန–ဆက်၊ ဧတ္ထ–ဤ နိရယ, တိရစ္ဆာနယောနိ, ပေတ္တိဝိသယသဒ္ဒါတို့တွင်၊ တိရစ္ဆာနယောနိ ပေတ္တိဝိသယဂ္ဂဟဏေန–တိရစ္ဆာနယောနိသဒ္ဒါ, ပေတ္တိဝိသယ သဒ္ဒါဖြင့်၊ ခန္ဓာနံယေဝ–ခန္ဓာတို့ကိုသာ၊ [ဧဝဖြင့် သူတို့၏ဖြစ်ရာဘုံကို ကန့်၊] ဂဟဏံ–ယူခြင်းသည်၊ (ဟောတိ–၏၊ ကသ္မာ–နည်း၊) တေသံ–ထို တိရစ္ဆာန် ပြိတ္တာတို့၏၊ တာဒိသဿ–ထိုကဲ့သို့ရှုအပ်သော၊ ဝါ–ထိုဘုံဌာနဖြစ်သော၊ ပရိစ္ဆိန္နောကာသဿ–ပိုင်းခြားအပ်သောအရပ်၏၊ အဘာဝတော–မရှိခြင်းကြောင့် တည်း၊ ဝါ–တစ်နည်း၊ အရညပဗ္ဗတပါဒါဒိကေ–တော, တောင်ခြေအစရှိသော၊ ယတ္ထ–အကြင်အရပ်၌၊ တေ–ထို တိရစ္ဆာန်ပြိတ္တာတို့သည်၊ နိဗဒ္ဓဝါသံ–အမြဲနေ ခြင်းကို၊ ဝသန္တိ–နေကြကုန်၏၊ [ဝါသံနှင့်ဝသန္တိပုဒ်တို့ အရမပြားသောကြောင့် အဘေဒဘေဒူပစာကြံ၊] တာဒိသဿ–သော၊ ဌာနဿ–တည်ရာ၏၊ ဝသေန– ဖြင့်၊ ဩကာသောပိ–နေရာအရပ်ကိုလည်း၊ ဂဟေတဗ္ဗော။

---

**ပေတာ**။ ။"ပ+ဣတာ"ဟု ခွဲ၊ ပကို "ပကဋ္ဌေန"ဟု ဖွင့်၊ ပကဋ္ဌေနကို "ဒူရ ဘာဝေန"ဟု မဏိမဥ္ဇူဖွင့်၏၊ "သုခတော–သုခမှ+ပကဋ္ဌေန–ဝေးသည်၏အဖြစ်ဖြင့်၊ ဣတာ–ဖြစ်သူတို့တည်း၊ ပေတာ–တို့"ဟု ပြု၊ ပေတာနံ+သမူဟော ပေတ္တိ၊ (တိပစ္စည်း) တစ်နည်း–"ပေတာဝေ ပေတ္တိ"ဟု သွတ္ထ၌ တိပစ္စည်း၊ ပေတ္တိယာ+ဝိသယော–နေရာတည်း၊ ပေတ္တိဝိသယော–ရာ၊ ["ပေတာနံ+ဝိသယော"ကား လဟုကနည်းအားဖြင့် ပြုထားသော ဝိဂ္ဂဟတည်း။]

**နိဇ္ဈာမတဏှိကာဒိဘေဒါနံ**။ ။ပေတ၏ သရုပ်ကို ပြလို၍ နိဇ္ဈာမစသည် မိန့်၊ နိဇ္ဈာမ၌ နိ+ဈာမဟု ခွဲ၊ နိဿေသတော–အကြွင်းမဲ့အားဖြင့်၊ အင်္ဂါရလာဟိ–မီးလျှံတို့သည်၊ ဈာယတေ ဒယှတေ–လောင်အပ်၏၊ ဣတိ နိဇ္ဈာမံ၊ (မပစ္စည်း၊) တစ်ကိုယ်လုံး မီးလောင် အပ်သောကိုယ်တည်း၊ တစ်ကိုယ်လုံး မီးလောင်အပ်လျှင် ထိုကိုယ်တွင်မှီသော တဏှာကိုလည်း လောင်အပ်ရာရောက်၏၊ ထိုကြောင့် "နိဇ္ဈာမာစ+သာ+တဏှာစာတိ နိဇ္ဈာမတဏှာ၊ နိဇ္ဈာမတဏှာ ဧတေသန္တိ နိဇ္ဈာမတဏှိကာ၊ မီးလောင်အပ်သဖြင့် ကာမဂုဏ်ခံစားလိုသော တဏှာမရှိသောပြိတ္တာ၊ အာဒိဖြင့် အမြဲ အစာငတ် ရေငတ်နေ သော ခုပ္ပိပါသပြိတ္တာ, သူတစ်ပါး၏ တံထွေး အံဖတ်စသည်ကို စားရသော ဝန္တာသ ပြိတ္တာ စသည်ကို ယူ၊ [ဝန္တံ–အံဖတ်ကို၊ အသတိ ဘက္ခတီတိ ဝန္တာသော။]

**ဧတ္ထ ပန**။ ။တိရစ္ဆာန်နှင့် ပြိတ္တာတို့၌ ဘုံဌာနရှိပါ၏လော–ဟု မေးဖွယ်ရှိ၍ "ဧတ္ထပန"စသည် မိန့်၊ ဘုံသီးခြား မရှိ, သူတို့၏ ကိုယ်ခန္ဓာကိုပင် "တိရစ္ဆာနယောနိ–ပေတ္တိဝိသယ"ဟု ခေါ်ရသည်–ဟူလို၊ တစ်နည်း–သူတို့၏ အမြဲနေရာ ဌာနကိုပင် ယောနိ–ဝိသယဟု ယူပါ–ဟူလို။

ဣဿရိယကိဋ္ဌာဒီဟိ–အစိုးရသူ၏အဖြစ်, ပျော်မြူးခြင်းအစရှိသည်တို့ဖြင့်၊ န သုရန္တိ န ဒိဗ္ဗန္တိ–မထွန်းပတတ်ကုန်၊ ဣတိ–ကြောင့်၊ အသုရာ–ရတို့မည်၏၊ ပေတာသုရာ–ပြိတ္တာအသုရာတို့တည်း၊ ပန–ကား၊ ဣတရေ–ပြိတ္တာအသုရာတို့မှတစ်ပါးသော နတ်အသုရာတို့သည်၊ န သုရာ–နတ်မဟုတ်ကုန်၊ သုရပ္ပဋိပက္ခာ–နတ်တို့၏ဆန့်ကျင်ဘက်တို့တည်း၊ ဣတိ–ကြောင့်၊ အသုရာ–ရတို့မည်၏၊ [အသုရာဍ္ဍ အသဒ္ဒါ၏ ပဋိပက္ခအနက်ဟောဟု ပြသည်၊] စ–ဆက်၊ ဣဓ–ဤအသုရကာယောဟူသောပုဒ်၌၊ ပေတာသုရာနမေဝ–ပြိတ္တာအသုရာတို့ကိုသာ၊ [ဧဝဖြင့် နတ်အသုရာတို့ကို ကန့်၊] ဂဟဏံ–သည်၊ (ဟောတိ–၏၊ ကသ္မာ–နည်း၊) ဣတရေသံ–ပြိတ္တာအသုရာမှတစ်ပါးသော နတ်အသုရာတို့ကို၊ တာဝတိံသေသု–တာဝတိံသာနတ်တို့၌၊ ဂဟဏဿ–ယူခြင်း၏၊ ဝါ–ကို၊ ဣစ္ဆိတတ္တာ–အလိုရှိအပ်သည်၏ အဖြစ်ကြောင့်တည်း၊ တထာဟိ–ထို့ကြောင့်ပင်၊ အာစရိယေန–အရှင်အနုရုဒ္ဓါဆရာသည်၊ တာဝတိံသေသု ၊ပေ၊ ဂတာတိ–ဂတာဟူ၍၊ ဝုတ္တံ–ပြီ၊ [ဝေပစိတ္တာသုရာ–ဝေပစိတ္တိအသုရာတို့သည်၊ တာဝတိံသေသု ဒေဝေသု–တာဝတိံသာနတ်တို့၌၊ ဂတာ–ဖြစ်ကုန်၏၊ ဝါ–ပါဝင်ကုန်၏၊ (နာမရူပပရိစ္ဆေဒ။)]

၅။ သတိ၊ပေ၊ဂုဏောဟိ–သတိ,ရဲရင့်သူ၏အဖြစ်, ဗြဟ္မစရိယအား လျောက်ပတ်သည်၏အဖြစ်အစရှိသောဂုဏ်တို့ဖြင့်၊ဥက္ကဋ္ဌမနတာယ–မြင့်မြတ်သောစိတ်ရှိသည်၏အဖြစ်ကြောင့်၊တေသံ–ဤလူတို့၏၊ဉဿန္နံ–ထက်မြက်သော၊မနော–စိတ်သည်၊(အတ္ထိ)၊ဣတိ–ကြောင့်၊(တေ–ထိုလူတို့သည်၊) မနုဿာ–မနုဿတို့

**အသုရကာယ**။ ။နတ်အသုရာတို့သည် ဣဿရိယ–အစိုးရ၏ဖြစ်ကြောင်းရာထူး, ကီဋ္ဌာ–ကာမဂုဏ်ဖြင့် ပျော်ပါးမှု, ဤသို့စသည်ဖြင့် ထွန်းပတတ်၏၊ အပါယ်ဘုံတွင် ပါဝင်သောအသုရာတို့ကား ထိုသို့ မထွန်းပနိုင်ကုန်၊ [အသဒ္ဒါသည် ပဋိသေဓအနက်ဟော၊] ဘာသာဋီကာ၌ ပြထားသော ကာလကဥ္စိကာခေါ် ပြိတ္တာအကြီးစားတို့တည်း၊ အသုရာနံ+ကာယော အသုရကာယော၊ ဘုံသီးခြားမရှိ, သူတို့၏နေရာ သမုဒ္ဒရာကမ်းစသော အရပ်ကိုပင် "အသုရကာယ်ဘုံ"ဟု ခေါ်သည်။

**သတိ ၊ပေ၊ ဂုဏောဟိ**။ ။ဗြဟ္မစရိယကို "အဋ္ဌင်္ဂိကမဂ္ဂဗြဟ္မစရိယ"ဟု နဝကအင်္ဂုတ္တိုရ် သတ္တဝါသဝဂ္ဂ အဋ္ဌကထာဖွင့်၏၊ ဗြဟ္မစရိယဿ+ယောဂျတာ–သင့်လျော်သည်၏ အဖြစ်တည်း၊ သတိ စ+သူရဘာဝေါ စ+ဗြဟ္မစရိယယောဂျတာ စာတိ သတိ ၊ပေ၊ ယောဂျတာယော ဤစကားသည် "တီဟိ ဘိက္ခဝေ ဌာနေဟိ ဇမ္ဗုဒီပကာ မနုဿာ ဥတ္တရကုရုကေ စ မနုဿေ အဓိဂ္ဂဏှန္တိ (လွှမ်းမိုးနိုင်ကုန်၏) ၊ပေ၊ သူရာ, သတိမန္တော, ဣဓ ဗြဟ္မစရိယဝါသော"ဟူသော အင်္ဂုတ္တိုရ်ပါဠိတော်ကို မှီသောစကားတည်း၊ ယောဂျတာဒိ၌ အာဒိဖြင့် ဒါန–ဥပုသ်သီလစသော ပါရမီဂုဏ်များကို ယူ၊ ဂုဏောဟိသည် ဥက္ကဋ္ဌမနတာဝယ် ဥက္ကဋ္ဌ၏ ဝိသေသန၊ ဥက္ကဋ္ဌမနတာယသည် ဉဿန္နံ၏ ဟိတ်။

မည်၏၊ တထာဟိ–ထိုစကားမှန်၏၊ ပရမသတိနေပက္ကာဒိပ္ပတ္တာ–လွန်မြတ်သော သတိ၏ ရင့်ကျက်သည်၏ အဖြစ်အစရှိသည်သို့ရောက်ကုန်သော၊ ဗုဒ္ဓါဒယောပိ–ဘုရားအစရှိသောပုဂ္ဂိုလ်တို့သည်လည်း၊ ဝါ–ဘုရား,ပစ္စေကဗုဒ္ဓါ,သာဝက တို့သည်လည်း၊ မနုဿဘူတာယေဝ–မနုဿဖြစ်၍ ဖြစ်ကုန်သည်သာတည်း။

စ–ဆက်၊ ဧတ္ထ–ဤဆိုအပ်ပြီးသော ဝစနတ္ထ၌၊ ဇမ္ဗုဒီပဝါသိနော–ဇမ္ဗုဒီပ (မဇ္ဈိမဒေသ)၌ နေလေ့ရှိကုန်သော လူတို့သည်၊ နိပ္ပရိယာယတော–ပရိယာယ် မဟုတ်, မုချအားဖြင့်၊မနုဿာ–မနုဿတို့မည်၏၊ ပန–ကား၊ တေဟိ–ထိုဇမ္ဗုဒီပ (မဇ္ဈိမဒေသ)၌ နေလေ့ရှိသော လူတို့နှင့်၊ သမာနရူပါဒိတာယ–တူသောရုပ် သဏ္ဌာန်အစရှိသည် ရှိကုန်သည်၏ အဖြစ်ကြောင့်၊ ပရိတ္တဒီပဝါသီဟိ–ဇမ္ဗူဒိပ်ဝယ်,ကျွန်းငယ်အရပ်၌ နေလေ့ရှိကုန်သော လူတို့နှင့်၊ သဒ္ဓိံ–ကွ၊ ဣတရ မဟာဒီပဝါသိနောပိ–ဇမ္ဗူဒိပ်မှတစ်ပါးသော ကျွန်းကြီး သုံးကျွန်း၌ နေလေ့ရှိသော လူတို့ကိုလည်း၊မနုဿာတိ–မနုဿတို့ဟူ၍၊ ဝုစ္စန္တိ–န်၏၊ ပန–ကား၊ လောကိယာ-လောကိသဒ္ဒါဆရာတို့သည်၊ မနုနော–မနုမည်သော၊ အာဒိခတ္တိယဿ–ကမ္ဘာဦး ဝယ် အစဆုံးမင်း၏၊ အပစ္စံ–မျိုးနွယ်အစဉ်တည်း၊ ပုတ္တာ–သားသမီးတို့တည်း။

---

**မှတ်ချက်**။ ။စာကိုယ်၌ အကောင်းဘက်က ထက်မြက်သောစိတ်ကို "ဥဿန္နမန" ဟု ဆိုလိုသည်၊ သို့သော် သတိနှင့် သူရဘာဝဂုဏ်တို့သည် အကောင်းဘက်သာ မဟုတ်, မကောင်းဘက်၌လည်း ရှိ၏၊ လူတစ်ယောက်ကို သတ်ဝံ့ခြင်းစသည်တို့မှာ မကောင်း ထက်မြက်ခြင်းတည်း၊ ထို့ပြင်–နတ်တို့သည် သုခအားကြီးသောကြောင့်လည်းကောင်း ငရဲသားတို့မှာ ဒုက္ခအားကြီးသောကြောင့်လည်းကောင်း သတိမကောင်းကြ၊ လူတို့ကား သုခဒုက္ခရောနေသောကြောင့် သတိမထားလျှင် ဒုက္ခတွေသာ များစရာရှိ၏၊ ထို့ကြောင့် အမြဲ သတိရှိကြရသည်၊ ကွင်းသောမှတ်ဖွယ်ကို ဘာသာဋီကာ၌ ပြထားပြီ။

**ပရမ ။ပေ၊ ပတ္တာ**။ ။"ပဋိပက္ခံ–ဆန့်ကျင်ဘက်ကို၊ နိပယတိ ဝိသောသေတိ–ခြောက်သွေ့စေတတ်၏၊ ဣတိ နိပကော၊ နိပကဿ+ဘာဝေါ နေပက္ကံ"ဟု ပြု၍ ဉာဏ်ပညာကို နေပက္ကံဟု အခြားနေရာ၌ ဆိုရသော်လည်း သတိနှင့် တွဲလာသော နေပက္ကသဒ္ဒါကား ထက်မြက်သောသတိကိုပင် ဟောရ၏၊ [တိက္ခဝိသဒဘာဝပ္ပတ္တာ ဟိ သတိနေပက္ကန္တိ ဝုစ္စတိ၊ ဝိသုဒ္ဓိမဂ်မဟာဋီကာ၊] ပရမသတိနေပက္ကာဒိ+ပတ္တာ ပရမ၊ပေ၊ ပတ္တာ၊ ပရမသတိနေပက္ကရှိကြသော ဘုရားစသည်တို့လည်း မနုဿပင် ဖြစ်တော်မူရကား "ဥက္ကဋ္ဌ ၊ပေ၊ မနုဿာ"ဟူသော စကားသည်မှန်ကန်၏–ဟူလို။

**တေဟိ ၊ပေ၊ ဝုစ္စန္တိ**။ ။ပြခဲ့သော ဝစနတ္ထအရ ဇမ္ဗူဒိပ်–မဇ္ဈိမဒေသ၌ဖြစ်ကြသော လူတို့သာ မုချမနုဿအမည် ရကြ၏၊ တောင်ကျွန်းတွင်ပါဝင်သော ကျွန်းငယ်များ, မြောက်ကျွန်းစသော ကျွန်းကြီး ကျွန်းငယ်များ၌ နေသူတို့ကား ဤလူများနှင့် ပုံသဏ္ဌာန် စသည်ချင်းတူသောကြောင့် သဒိသူပစာရအားဖြင့် မနုဿမည်ကြသည်–ဟူလို၊ ထို့နောက် ဘူမိရအောင် "မနုဿာနံ+နိဝါသော မနုဿာ"ဟု ဆင့်ပါ၊ နောက်၌လည်း ဤသို့ နိဝါသတဒ္ဓိတ် ဆင့်စေလို၍ "ဇဝံ သေသေသုပိ"ဟု မိန့်သည်။

[အပစ္စံကို ပုတ္တာဟု ဖွင့်သည်၊] ဣတိ-ကြောင့်၊ မနုဿာ-သဿတို့မည်၏၊ ဣတိ-သို့၊ ဝဒန္တိ-န်၏၊ မနုဿာနံ-လူတို့၏၊ နိဝါသဘူတာ-နေရာဖြစ်၍ ဖြစ်သော၊ ဘူမိ-ဘုံသည်၊ ဣမ-ဤကာမသုဂတိ ခုနစ်ဘုံကိုပြရာ၌၊ မနုဿာ-သာမည်၏၊ သေသေသုပိ-ကြွင်းသော စာတုမဟာရာဇိကာစသော ပုဒ်တို့၌ လည်း၊ ဧဝံ-ဤအတူတည်း။

ဧတေသံ-ဤနတ်တို့၏၊ စတူသု-န်သော၊ မဟာရာဇေသု-နတ်မင်းကြီး တို့၌၊ ဘတ္တိ-ဆည်းကပ်ခြင်းသည်၊ (အတ္ထိ-၏၊) ဣတိ-ကြောင့်၊ (တေ-ထိုနတ်တို့သည်၊) စာတုမဟာရာဇိကာ-ကတို့မည်၏၊ ဝါ-တစ်နည်း၊ စတုန္န-န်သော၊ မဟာရာဇာနံ-တို့၏၊ နိဝါသဋ္ဌာနဘူတေ-နေရာဖြစ်၍ဖြစ်သော၊ စတု မဟာရာဇေ-စာတုမဟာရာဇ်ဘုံ၌၊ ဘဝါ-ဖြစ်သောနတ်တို့တည်း၊ ဣတိ-ကြောင့်၊ စာတုမဟာရာဇိကာ-ကတို့မည်၏၊ မဃေန-မဃမည်သော၊ မာဏဝေန-လုလင်နှင့်၊သဒ္ဓိံ-ကွ၊တေတ္တိံသ-သုံးကျိပ်သုံးယောက်သော၊ သဟ ပုညကာရိနော-အတူတကွ ကောင်းမှုပြုလေ့ရှိသူတို့သည်၊ ဧတ္ထ-ဤနတ် ပြည် ၌၊ နိဗ္ဗတ္တာ-ဖြစ်ကုန်၏၊ ဣတိ-ကြောင့်၊ တံသဟစရိတဋ္ဌာနံ-ထိုသုံးကျိပ်သုံး ယောက်သော နတ်တို့နှင့်တကွ ဖြစ်သောအရပ်သည်၊ တေတ္တိံသ-သမည်၏၊ တဒေဝ-ထိုတေတ္တိံသသည်ပင်၊ တာဝတိံသံ-သမည်၏၊ ဧတေသံ-ဤနတ် တို့၏၊ တံ-ထိုတာဝတိံသဋ္ဌာနဟူသော၊ နိဝါသော-နေရာအရပ်သည်၊ (အတ္ထိ-၏၊) ဣတိ-ကြောင့်၊ (တေ-ထိုနတ်တို့သည်၊) တာဝတိံသာ-သတို့ မည်၏၊ ဣတိ-သို့၊ ဝဒန္တိ-န်၏၊ ပန-ထိုသို့ပင် ဆိုကြပါကုန်သော်လည်း၊ ယသ္မာ-ကြောင့်၊ စာတုမဟာရာဇိကာနံ-စာတုမဟာရာဇ်နတ်ပြည်တို့၏၊ သဟာသံ-တစ်ထောင်လည်းကောင်း၊တာဝတိံသာနံ-သာနတ်ပြည်တို့၏၊သဟာသံ-လည်း ကောင်း၊ ဣတိ-သို့၊ ဝစနတော-ဟောတော်မူခြင်းကြောင့်၊ သေသစက္ကဝါဠေ သုပိ-ဤ ကြွင်းသော စကြာဝဠာမှကြွင်းသော စကြာဝဠာတို့၌လည်း၊ ဆ ကာမာဝစရဒေဝ

**စတူသု ၊ပေ၊ ရာဇိကာ**။ ။စတူသု မဟာရာဇေသု ဘတ္တိ-စသော စကားသည် လဟုကနည်း ဝိဂြိုဟ်များတည်း၊ "စတ္တာရော+မဟာရာဇာနော စတုမဟာရာဇံ"ဟု ဒိဂုသမာသ်ပြု၍, ကုဝေရစသော နတ်မင်းလေးယောက်ကို အရကောက်၊ "စတုမဟာရာဇေ+ ဘတ္တိ ဧတေသံတိ စာတုမဟာရာဇိကာ"ဟု တဒ္ဓိတ်ဆင့်၍ ဏိကပစ္စည်းသက်၊ စတုန္နံ ဝါ-စသော နည်း၌ ယခင်နည်း ပြု၍ "စတုမဟာရာဇံ"အရ ဌာနီနတ်မင်းကြီးများ ဖြင့် ဌာနဘုံကိုပါ ဌာန္ယူပစာရအားဖြင့် ယူ၊ ထို့နောက် "စတုမဟာရာဇေ + ဘဝါ စာတုမဟာရာဇိကာ" ဟု ပြု၊ ဘူမိရအောင်ကား "စာတုမဟာရာဇိကာနံ + နိဝါသာ စာတုမဟာရာဇိကာ" ဟု နိဝါသတဒ္ဓိတ်ဆင့်။

**မဃေန ၊ပေ၊ တေတ္တိံသ**။ ။မဃလုလင်နှင့် အတူကောင်းမှုပြုသူ(၃၃)ယောက်တို့၏ ဖြစ်ရာဌာနကို "တေတ္တိံသ ဧတ္ထ နိဗ္ဗတ္တာ"ဟု ပြု၍ တေတ္တိံသ မည်၏၊ ထို့နောက် တာဝတိံသ ပြီးပုံကို ဘာသာဋီကာ၌ ကြည့်၊ ဤ ဝဒန္တိဝါဒ၏ မကောင်းပုံကို ပြလို၍ "ယသ္မာ ပန"စသည် မိန့်၊ ထို၏ အဓိပ္ပာယ်ကိုလည်း ဘာသာဋီကာ၌ ပြထားပြီ။

လောကာ–ခြောက်ထပ်သော ကာမာဝစရနတ်ပြည်တို့သည်၊ အတ္ထိ–နိ၏၊ တသ္မာ–ကြောင့်၊ ဧတံ–ဤ တာဝတိံသာဟူသော အမည်သည်၊ တဿ ဒေဝလောကဿ–ထို ဒုတိယနတ်ပြည်၏၊ နာမမတ္တမေဝ–အမည်မျှသာတည်း၊ ဣတိ–သို့၊ ဂဟေတဗ္ဗံ–မှတ်ယူထိုက်၏။

ဒုက္ခတော–ဆင်းရဲမှ၊ ယာတာ အပယာတာ–ကင်းသောနတ်တို့တည်း၊ ဣတိ–ကြောင့်၊ (တေ) ယာမာ–မတို့မည်၏၊ အတ္တနော–၏၊ သိရိသမ္ပတ္တိယာ–အသရေ၏ပြည့်စုံခြင်းအားဖြင့်၊ တုသံ(ပီတိံ)–နှစ်သက်ခြင်းကို၊ ဣတာ ဂတာ–ရောက်သောနတ်တို့တည်း၊ ဣတိ–ကြောင့်၊ (တေ) တုသိတာ–တတို့ မည်၏၊ [တုသံကို ပီတိံ, ဣတာကို ဂတာဟုဖွင့်သည်] ဧတေသံ–ဤနတ်တို့၏၊ နိမ္မာနေ–ဖန်ဆင်းအပ်သော စည်းစိမ်၌၊ ရတိ–မွေ့လျော်ခြင်းသည်၊ (အတ္ထိ–၏၊) ဣတိ–ကြောင့်၊(တေ–ထိုနတ်တို့သည်၊) နိမ္မာနရတိနော–တိတို့မည်၏၊ (ယေ–အကြင်နတ်တို့သည်၊)ပရနိမ္မိတေသု–သူတစ်ပါးတို့ဖန်ဆင်းအပ်ကုန်သော၊ ဘောဂေသု–စည်းစိမ်တို့၌၊ အတ္တနော–၏၊ ဝသံ–အလိုကို၊ ဝတ္တေန္တိ–လိုက်စေနိုင်ကုန်၏၊ ဣတိ–ကြောင့်၊ (တေ–တို့သည်၊) ပရနိမ္မိတဝသဝတ္တိနော–တ္တိတို့ မည်၏။

၇။ မဟာဗြဟ္မာနံ–မဟာဗြဟ္မာတို့၏၊ ပရိစာရိကတ္တာ–အလုပ်အကျွေးတို့၏ အဖြစ်ကြောင့်၊ တေသံ–ထိုမဟာဗြဟ္မာတို့၏၊ ပရိသတိ–ပရိသတ်၌၊ ဘဝါ–ဖြစ်သောဗြဟ္မာတို့တည်း၊ ဣတိ–ကြောင့်၊ ဗြဟ္မပါရိသဇ္ဇာ–ဇ္ဇတို့မည်၏၊ တေသံ–ထိုမဟာဗြဟ္မာတို့၏၊ ပုရောဟိတဋ္ဌာနေ–ပုရောဟိတ်အရာ၌၊ ဌိတတ္တာ–တည်ကုန်သည်၏ အဖြစ်ကြောင့်၊ ဗြဟ္မပုရောဟိတာ–တတို့မည်၏၊ ဈာနာဒီဟိ–ဈာန်အစရှိကုန်သော၊[အာဒိဖြင့် ဝဏ္ဏာဝန္တတာစသောဂုဏ်ကိုယူ၊] တေဟိ တေဟိ ဂုဏဝိသေသေဟိ–ထိုထို ဂုဏ်အထူးတို့ဖြင့်၊ ဗြူဟိတာ ပရိဝုဒ္ဓါ–တိုးပွားသော ပုဂ္ဂိုလ်တို့တည်း၊ ဣတိ–ကြောင့်၊ ဗြဟ္မာနော–ဗြဟ္မာတို့မည်၏၊ ဝဏ္ဏာဝန္တတာယ စေဝ–လှပသောအဆင်းရှိကုန်သည်၏ အဖြစ်ဖြင့်လည်းကောင်း၊ ဒီဃာယုကတာဒ်ဟိ စ–ဒီဃာယုကတာအစရှိသော ဂုဏ်တို့ဖြင့်လည်းကောင်း၊ ဗြဟ္မပါရိသဇ္ဇာဒီဟိ–ဗြဟ္မပါရိသဇ္ဇအစရှိသော ဗြဟ္မာတို့ထက်၊ [အာဒိဖြင့်ဗြဟ္မပုရောဟိတကို ယူ၊] မဟန္တာ–ကြီးကျယ်ကုန်သော၊ မဟာဗြဟ္မာနော–ဗြဟ္မာတို့တည်း၊ ဣတိ–ကြောင့်၊ မဟာဗြဟ္မာနော–ဟ္မာတို့ မည်၏၊ တယောပိ–သုံးမျိုးလည်း ဖြစ်ကုန်သော၊ ဧတေ–ဤဗြဟ္မာတို့သည်၊ ပဏီတ၊ပေ၊ဝါသိနော–မွန်မြတ်သော

---

**ပါရိသဇ္ဇာ**။ ။သ္မိံကို တိပြု၍ ပရိသတိ ပြီး၏၊ ပရိသာနောင် ဘဝအနက်၌ ဏျ သက်, ဒ်လာ "ပါရိသဒျ"ဟု ဖြစ်ပြီးမှ ဒျ ကို ဇပြု၊ ဒွေဘော်လာ၍ ပါရိသဇ္ဇ ဟု ပြီးနိုင်မည်၊ ထို့နောက် ဗြဟ္မာနှင့်တွဲပုံ, ပုရောဟိတပုဒ်ပြီးပုံ, ဗြဟ္မပုဒ်ပြီးပုံများကို ဘာသာဋီကာ၌ ပြထားပြီ။

အရောင်, အလွန်မွန်မြတ်သောအရောင်, အလွန်အကြူး အထူးမွန်မြတ်သော အရောင်တို့ဖြင့် တောက်ပကုန်သည် ဖြစ်၍, တူသောကောင်းကင်အပြင်၌ နေလေ့ရှိကုန်၏။

၈။ တေသံ–ဤ ဗြဟ္မာတို့၏၊ ဥပရိမေဟိ–အထက်ဗြဟ္မာတို့အောက်၊ ပရိတ္တာ–နည်းသော၊ အာဘာ–အရောင်သည်၊ (အတ္ထိ–၏၊) ဣတိ–ကြောင့်၊ (တေ–ထိုဗြဟ္မာတို့သည်၊) ပရိတ္တာဘာ–တို့မည်၏၊ တေသံ–ဤ ဗြဟ္မာတို့၏၊ အပ္ပမာဏာ–အတိုင်းအရှည်မရှိသော၊ ဝါ–များသော၊ အာဘာ–သည်၊ (အတ္ထိ–၏၊) ဣတိ–ကြောင့်၊ (တေ–တို့သည်၊) အပ္ပမာဏာဘာ–ဘတို့မည်၏၊ တေသံ-တို့၏၊ သပ္ပီတိ ၊ပေ၊ သန္တာနတ္တာ–ပီတိနှင့်တကွဖြစ်သော ဈာန်ကြောင့် ဖြစ်သော ခန္ဓာအစဉ်ရှိကုန်သည်၏ အဖြစ်ကြောင့်၊ ဝလာဟကတော–တိမ်တိုက်မှ၊ ဝိဇ္ဇုဝိယ–လျှပ်စစ်ကဲ့သို့၊ ဣတောစ–ဤမှလည်းကောင်း၊ ဣတောစ–လည်းကောင်း၊ အာဘာ–သည်၊ သရတိ နိဿရတိ–ထွက်သွားတတ်၏၊ ဣတိ–ကြောင့်၊ (တေ–တို့သည်၊) အာဘဿရာ–ရတို့မည်၏၊ ဝါ–နည်း၊ တေသံ–တို့၏၊ ဒဏ္ဍဒီပိကာယ–တိုင်ရှိသောဆီမီး၏၊ ဝါ–ဆီမီးတိုင်၏၊ အစ္စိဝိယ–အလျံကဲ့သို့၊ သရီရတော–ကိုယ်မှ၊ အာဘာ–သည်၊ ဆိဇ္ဇိတွာဆိဇ္ဇိတွာ–ပြတ်၍ ပြတ်၍၊ ပတန္တီ ဝိယ–ကျသကဲ့သို့၊ သရတိ နိဿရတိ–၏၊ ဣတိ–ကြောင့်၊ (တေ–တို့သည်၊) အာဘဿရာ–ရတို့မည်၏၊ ဝါ–နည်း၊ ယထာဝုတ္တာယ–အကြင်အကြင်ဆိုအပ်ပြီးသော၊ ပဘာယ–အရောင်၂မျိုးဖြင့်၊ အာဘာသနသီလာ–တောက်ပခြင်း အလေ့ရှိကုန်၏၊ ဣတိ, အာဘဿရာ–တို့မည်၏၊ တယောပိ–

**တယောပေတေ ၊ပေ၊ ဝါသိနော**။ ။"ပဏီတတရတမပဘာ+အဝဘာသိတ"ဟု ခွဲ၊"ပဏီတပဘာ,ပဏီတတရပဘာ,ပဏီတတမပဘာ"ဟုဆိုလိုလျက် ပဏီတပုဒ်တို့ကို ချေထားသည်၊ ပဏီတပဘာသည် ဗြဟ္မပါရိသဇ္ဇအတွက်, ပဏီတတရပဘာသည် ဗြဟ္မပုရောဟိတအတွက်, ပဏီတတမပဘာသည် မဟာဗြဟ္မာအတွက်တည်း၊ ထိုကဲ့သို့ သုံးမျိုးကွဲသော ကိုယ်ရောင်ကိုယ်ဝါ တန်ဆာရောင် ဗိမာန်ရောင်တို့ဖြင့်+အဝဘာသိတာ (ဩဘာသိတာ)–တောက်ပကုန်သည်တည်း၊ ကေတလေ–၌၊ [သမာနကာလေ–ဟုလည်း ရှိ၏၊] ဝါသိနော– ကေတလဝါသိနော၊ ပဏီတ ၊ပေ၊ ဘာသိတာ+ဟုတွာ+ ကေတလဝါသိနော ပဏီတ ၊ပေ၊ ဝါသိနော၊ ဗြဟ္မာသုံးမျိုးတို့သည် အရောင်ချင်း မတူကြ,နေရာဘုံဌာနကား တစ်ပြင်တည်းသာ–ဟူလို၊ [စာအုပ်တို့၌ "ပဏီတ တရတန" ဟု ပါ၌ပျက်သည်၊ "ဥက္ကဋ္ဌတရတမ"ဟု စိတ်လေးမျိုး ပြရာ၌ ဖွင့်ခဲ့သကဲ့ သို့ "တရ–တမ"ဟု ဤဋီကာဆရာ ထားလေ့ရှိသည်။]

**အာဘဿရာ**။ ။"သရတိ နိဿရတိ–ကိုယ်မှ ထွက်တတ်၏၊ဣတိ သရာ၊ အာဘာ+ သရာ ဧတေသံတိ အာဘဿရာ"ဟု ပဌမ ဒုတိယနည်း၌ ဝိဂ္ဂဟပြု၊ ယထာဝုတ္တာယ ဝါ–စသော တတိယနည်း၌ကား "အာဘာသနံ အာဘာသော–ထွန်းတောက်ခြင်း၊ အာ ပုဗ္ဗ

သုံးမျိုးလည်းရှိကုန်သော၊ တေ–ဤပြဟ္မာတို့သည်၊ ပဏီတ ၊ပေ၊ ဝါသိနော–မွန်မြတ်သောအရောင်, အလွန်မွန်မြတ်သောအရောင်, အလွန်အကြူး အထူးမွန်မြတ်သော အရောင်တို့ဖြင့် တောက်ပကုန်သည်ဖြစ်၍, တစ်ခုတည်းသောကောင်းကင်အပြင်၌ နေလေ့ရှိကုန်၏၊ [ရှေ့၌ သမာနတလ, ဤ၌ "ဧကတလ" ဟု စာနေပုံ ကွဲသည်။]

၉။ ဧကဃနာ–တစ်ခဲနက်သော၊ အစလာ–မတုန်လှုပ်သော၊ သရီရာဘာ–ကိုယ်ရောင်ကို၊ သုဘာတိ–သုဘာဟူ၍၊ ဝုစ္စတိ–၏၊ တေသံ–ဤပြဟ္မာတို့၏၊ ဥပရိဗြဟ္မေဟိ–အထက်ပြဟ္မာတို့အောက်၊ ပရိတ္တာ–သော၊ သာ–ထို တစ်ခဲနက်သောကိုယ်ရောင်သည်၊ (အတ္တိ–၏၊) ဣတိ–ကြောင့်၊ (တေ) ပရိတ္တသုဘာ–ဘာတို့မည်၏၊ တေသံ–တို့၏၊ အပ္ပမာဏာ–သော၊ ဝါ–သော၊ သုဘာ–တစ်ခဲနက်သောကိုယ်ရောင်သည်၊ (အတ္တိ–၏၊) ဣတိ–ကြောင့်၊ (တေ) အပ္ပမာဏသုဘာ–ဘာတို့မည်၏၊ ပဘာသမုဒယသင်္ခါတာဟိ–အရောင်အပေါင်းဟု ဆိုအပ်ကုန်သော၊ သုဘာဟိ–တစ်ခဲနက်သော ကိုယ်ရောင်တို့ဖြင့်၊ ကိဏ္ဏာ အာကိဏ္ဏာ–ရောပြွမ်းသော ဗြဟ္မာတို့တည်း၊ ဣတိ–ကြောင့်၊ သုဘကိဏှာ–ဏှာတို့မည်၏၊ စ–ဆက်၊ သုဘကိဏ္ဏာတိ–ဏ္ဏာဟူ၍၊ ဝတ္တဗ္ဗေ–ဆိုထိုက်လျက်၊ အာသဒ္ဒဿ–အာသဒ္ဒါ၏၊ ရဿတ္တံ–ရဿအဖြစ်ကိုလည်းကောင်း၊ အန္တိမဏကာရဿ–အဆုံးဏအက္ခရာ၏၊ ဟကာရံစ–ဟအက္ခရာကိုလည်းကောင်း၊ ကတွာ–၍၊ သုဘကိဏှာတိ–ဏှာဟူ၍၊ ဝုတ္တံ–ပြီ၊ တေပိ–ဤသုံးမျိုးသော ပြဟ္မာတို့သည်လည်း၊ ပဏီတ ၊ပေ၊ ဝါသိနော–န်၏။

၁၀, ၁၁။ တေသံ–ဤပြဟ္မာတို့၏၊ ဈာနပ္ပဘာဝနိဗ္ဗတ္တံ–ဈာန်၏အစွမ်းသတ္တိကြောင့်ဖြစ်သော၊ဝိပုလံ-ပြန့်ပြောသော၊ဖလံ-အကျိုးသည်၊(အတ္တိ၊) ဣတိ–ကြောင့်၊ (တေ–တို့သည်၊) ဝေဟပ္ဖလာ–လတို့မည်၏၊ [ဝိပုလကိုသုတ်ကြီးဖြင့် ဝေဟ ပြု၊] တေသံ–တို့၏၊ သညာဝိရာဂဘာဝနာ ၊ပေ၊ မတ္တတ္တာ–သညာကို စက်ဆုပ်သောဘာဝနာကြောင့် ဖြစ်သောရုပ်အစဉ်မျှသာ ရှိကုန်သည်၏ အဖြစ်ကြောင့်၊ သညာ–သညာသည်လည်းကောင်း၊ တံ မုခေန-ထို သညာကို

ဘာသဓာတ်, ဏှ ပစ္စည်း၊ ဘာ၌ရဿ, သ၌ဒွေဘော်၊ အာဘာသော+သီလံ တေသံတိ အာဘာဿရာ"ဟု ပြု၊ တဿီလအနက်၌ ရပစ္စည်း၊ ယထာဝုတ္တာယဖြင့် ရှေ့နှစ်ဝိကပ်၌ ဆိုအပ်သော အရောင်နှစ်မျိုးကို ညွှန်းသည်။

**ပဘာ၊ပေ၊သုဘကိဏှာတိ ဝုတ္တံ**။ ။စာအုပ်များ၌"သုဘေဟိ"ဟု ပုလ္လိင်တွေ့ရ၏၊ မဏိမဉ္ဇူလည်း ထိုအတိုင်း ဖွင့်၏၊ သို့သော် "သုဘေဟိ+ကိဏ္ဏာ"ဟု တွဲလျှင် ဘာ၌ အာကို ရဿပြုဖွယ်မလိုသောကြောင့်လည်းကောင်း, ဓမ္မဟဒယဝိဘင်း မူလဋီကာ၌ "သောဘနပဘာယ+ကိဏ္ဏာ သုဘာကိဏ္ဏာတိ ဝတ္တဗ္ဗေ"ဟု ရှိသောကြောင့်လည်းကောင်း "ပဘာသမုဒယသင်္ခါတာဟိ သုဘာဟိ"ဟု ရှိသင့်၏။

အဦးပြုသဖြင့်၊ ဝုတ္တာ–ဆိုအပ်ကုန်သော၊ အဝသေသာ–သညာမှကြွင်းကုန်သော၊ အရူပက္ခန္ဓာစ–နာမ်ခန္ဓာလေးပါးတို့သည်လည်းကောင်း၊ နတ္ထိ–န်၊ ဣတိ–ကြောင့်၊ (တေ–တို့သည်၊) အသညာ–ညတို့မည်၏၊ တေယေဝ–ထို အသည ဗြဟ္မာတို့သည်ပင်၊ သတ္တာ–သတ္တဝါတို့တည်း၊ ဣတိ, အသညသတ္တာ–တ္တတို့မည်၏၊ ဧတေပိ–ဤ ဗြဟ္မာတို့သည်လည်း၊ ပဏီတတရပဘာဝဘာသိတေ ကတလဝါသိနော–မွန်မြတ်သောအရောင်, အလွန်မွန်မြတ်သော အရောင်တို့ဖြင့် တောက်ပကုန် သည်ဖြစ်၍ တစ်ခုတည်းသော ကောင်းကင်အပြင်၌ နေလေ့ရှိကုန်၏၊ [ဘုံ နှစ်မျိုးသာ ရှိသောကြောင့် ပဏီတတမ မရှိသင့်၊ ပဏီတ, ပဏီတတရ နှစ်ခုသာ ရှိသင့်သည်။]

သုဒ္ဓါနံ–စင်ကြယ်ကုန်သော၊ အနာဂါမိအရဟန္တာနမေဝ–အနာဂါမ်, ရဟန္တာ ပုဂ္ဂိုလ်တို့၏သာ၊ အာဝါသာ–နေရာဘုံတို့တည်း၊ ဣတိ, သုဒ္ဓါဝါသာ–သာတို့မည်၏၊ ဝါ–နည်း၊ ဧတေသံ–ဤဗြဟ္မာတို၏၊ အနုနယပဋိဃာဘာဝတော–ချစ်ခြင်း, မုန်းခြင်းမရှိခြင်းကြောင့်၊ သုဒ္ဓေါ–စင်ကြယ်သော၊ အာဝါသော–နေခြင်းသည်၊ (အတ္ထိ–၏၊) ဣတိ, (တေ–တို့သည်၊) သုဒ္ဓါဝါသာ–သတို့မည်၏၊ တေသံ–ထို သုဒ္ဓါဝါသဗြဟ္မာတို့၏၊ နိဝါသဘူမိပိ–နေရာဘုံသည်လည်း၊ သုဒ္ဓါဝါသာ–သာတို့မည်၏၊ ["သုဒ္ဓါဝါသာနံ+နိဝါသာ သုဒ္ဓါဝါသာ" ဟု ပြု၊] ပန–ဆက်၊ ဣမေသု–ဤ သုဒ္ဓါဝါသဗြဟ္မာတို့တွင်၊ ပဌမတလဝါသိနော–ပဌမဘုံအပြင်၌ နေလေ့ရှိကုန်သော ဗြဟ္မာတို့သည်၊ အပ္ပကေန–အနည်းငယ်သော၊ ကာလေန–ဖြင့်၊ အတ္တနော–၏၊ ဌာနံ–ဘုံဌာန ကို၊ နဝိဇဟန္တိ–မစွန့်ကြကုန်၊ ဣတိ–ကြောင့်၊ အဝိဟာ–ဟာတို့ မည်၏၊ [ကမ္ဘာတစ်ထောင် တိုင်အောင် အသက်ရှည်ကြသော ကြောင့် "အနည်းငယ်သော အချိန် ကာလဖြင့် မိမိဘုံဌာနကို မစွန့်ကြ"ဟု ဆိုသည်။]

---

**သညာ ၊ပေ၊ အသညာ။** ။[နောက်၌ "သညာဝိရာဂံ ဘာဝေတွာ"ဟု လာလတ္တံ့အတိုင်း သညာဝိရာဂဘာဝနာ ဖြစ်ပုံကို သိပါ၊] "နိဗ္ဗတ္တံ"ဟု စာအုပ်များ၌ ရှိ၏၊ "နိဗ္ဗတ္တ"ဟု နောက်ပုဒ်နှင့် တသမာသ်ထဲ မဏိမဥ္ဇူ ဖွင့်၏၊ "နတ္ထိ+သညာ ဧတေသံတိ အသညာ"တို့သာ လိုရင်းတည်း၊ "တံ မုခေန၊ပေ၊အရူပက္ခန္ဓာ"ကား သညာမရှိလျှင် အခြားနာမ်တရားတို့ကား ရှိသေးသလော့–ဟုစောဒနာဖွယ်ရှိ၍ ထည့်အပ်သောစကားတည်း။

**အသညသတ္တာ။** ။သညာနှင့်တကွ နာမ်တရားအားလုံး မရှိလျှင် အာရုံငါးပါးကို မတပ်မက်တတ်သောကြောင့် "ရူပါဒီသု သဥ္ဇတီတိ သတ္တော"နှင့်မညီရကား "သတ္တဝါ" ဟု မခေါ်ရပြီလောဟု စောဒနာဖွယ်ရှိ၍ "သတ္တာ"ဟု ဆိုရသည်၊ သတ္တအမည်၏ ခန္ဓာအပေါင်း၌ ထင်ရှားသော ရုဠ္ဌီအမည်လည်း ဖြစ်နိုင်ရကား အထင်ရုဠ္ဌီအားဖြင့် ထိုအသညတို့ကို သတ္တဟု ခေါ်နိုင်ကြောင်း ပြလို၍ "အသညသတ္တ"ဟု သတ္တပုဒ်ကို ထည့်၍ နာမည်တပ်ရသည်။

ဒုတိယတလဝါသိနော–တို့သည်၊ ကေနစိ–တစ်စုံတစ်ခုသောအကြောင်းကြောင့်၊ နတပ္ပန္တိ–မပူပန်ကြကုန်၊ ဣတိ, အတပ္ပါ–ပွတို့မည်၏၊ တတိယတလဝါသိနော–တို့သည်၊ ပရမသုန္ဒရရူပတ္တာ–အလွန်ကောင်းသော ရုပ်အဆင်းရှိကုန်သည်၏အဖြစ်ကြောင့်၊ သုခေန–ချမ်းသာသဖြင့်၊ ဒိဿန္တိ–ရှုမြင်အပ်ကုန်၏၊ ဣတိ, သုဒဿာ–ဿတို့မည်၏၊ စတုတ္ထတလဝါသိနော–တို့သည်၊ သုပရိသုဒ္ဓဒဿနတ္တာ–အလွန်စင်ကြယ်သော မြင်ခြင်းရှိကုန်သည်၏ အဖြစ်ကြောင့်၊ သုခေန–ဖြင့်၊ ပဿန္တိ–မြင်တတ်ကုန်၏၊ ဣတိ, သုဒဿိနော–ဿီတို့မည်၏၊ ပန–ကား၊ ပဉ္စမတလဝါသိနော–ပဉ္စမဘုံအပြင်၌ နေလေ့ရှိကုန်သောဗြဟ္မာတို့သည်၊ ဥက္ကဋ္ဌသမ္ပတ္တိကတ္တာ–အကောင်းမြတ်ဆုံး စည်းစိမ်ရှိကုန်သည်၏ အဖြစ်ကြောင့်၊ တေသံ–ဤ ဗြဟ္မာတို့၏၊ ကနိဋ္ဌဘာဝေါ–ငယ်သည်၏အဖြစ်သည်၊ [ကနိဋ္ဌဘာဝဟု ဆိုလိုလျက် ဘာဝပုဒ်ကြေသည်၊] နတ္ထိ–မရှိ၊ ဣတိ–ကြောင့်၊ အကနိဋ္ဌာ–အကနိဋ္ဌတို့မည်၏။

၁၂။ အာကာသာနဉ္စာယတနေ–န ဟုသတ်မှတ်အပ်သော အရပ်၌၊ ပဝတ္တာ–ဖြစ်ကုန်သော၊ ပဌမာရုပ္ပဝိပါကဘူတစတုက္ခန္ဓာဧဝ–ပဌမအာရုပ္ပဝိပါက် ဖြစ်၍ဖြစ်သော နာမ်ခန္ဓာလေးပါးတို့သည်ပင်၊ အာကာသာနဉ္စာယတနဘူမိ–မိမည်၏၊ ဝါ–နည်း၊ တေဟိ–ထို နာမ်ခန္ဓာလေးပါးတို့ဖြင့်၊ ပရိစ္ဆိန္နသြကာသော–ပိုင်းခြားအပ်သော အရပ်သည်၊ အာကာသာနဉ္စာယတနဘူမိ – မိ မည်၏၊ [အာကာသာနဉ္စာယတနဝိပါက် စိတ်စေတသိက်တို့ဖြင့် ပဋိသန္ဓေတည်နေလျက် အဆက်ဆက်ဖြစ်ပွားသော နာမ်ခန္ဓာအစဉ်၏ ဖြစ်တည်ရာ ကောင်းကင်အပြင်ကိုပင် အာကာသာနဉ္စာယတနဘုံဟု ခေါ်သည်၊] သေသေသုပိ–ကြွင်းသော ဝိညာဏဉ္စာယတနဘူမိစသော ပုဒ်တို့၌လည်း၊ ဧဝံ–ဤအတူတည်း။

၁၃။ ပုထုဇ္ဇနာ–ပုထုဇဉ်ဖြစ်ကုန်သော၊ (ပုဂ္ဂလာစ–ပုဂ္ဂိုလ်တို့ကိုလည်းကောင်း၊) သောတာပန္နာ–သောတာပန်ဖြစ်ကုန်သော၊ (ပုဂ္ဂလာ)စ–တို့ကိုလည်းကောင်း၊ သကဒါဂါမိနော–ဂါမ်ဖြစ်ကုန်သော၊ ပုဂ္ဂလာပိစ–တို့ကိုလည်းကောင်း၊ သုဒ္ဓါဝါသေသု–သုဒ္ဓါဝါသဘုံတို့၌၊ သဗ္ဗထာ–ခပ်သိမ်းသော အပြားအားဖြင့်၊ (တစ်နည်း) သဗ္ဗဒါ–အခါခပ်သိမ်း၊ န လဗ္ဘန္တိ–န်၊ ဣတိ (အယံ)–ကား၊ သမ္ဗန္ဓော–ပုဒ်တို့၏စပ်ခြင်းတည်း၊ စ–ဆက်၊ ပုထုဇ္ဇနာဒီနံ–ပုထုဇဉ်အစရှိသော ပုဂ္ဂိုလ်တို့ကို၊ ပဋိက္ခေပေန–ပယ်ခြင်းဖြင့်၊ အနာဂါမိအရဟန္တာနမေဝ–အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တို့ကိုသာ၊ တတ္ထ–ထို သုဒ္ဓါဝါသဘုံ၌၊ လာဘော–ရခြင်းသည်၊ ဝါ–ကို၊ ဝုတ္တော–ဆိုအပ်ပြီးသည်၊ ဟောတိ–၏၊ [အဝုတ္တသိဒ္ဓိနည်းအားဖြင့် ဆိုပြီးဖြစ်သည်–ဟူလို၊]

၁၄။ သေသဌာနေသုတိ–ကား၊ သုဒ္ဓါဝါသအပါယအသညီဝဇ္ဇိတေသု–သုဒ္ဓါဝါသဘုံ, အပါယ်ဘုံ, အသညသတ်ဘုံတို့သည် ကြဉ်အပ်ကုန်သော၊

သေသဋ္ဌာနေသု–ကြွင်းသော ဘုံဋ္ဌာနတို့၌၊ အရိယာ–အရိယာပုဂ္ဂိုလ်တို့ကိုလည်း ကောင်း၊ အနရိယာပိ စ–အရိယာမဟုတ်, ပုထုဇဉ်ပုဂ္ဂိုလ်တို့ကိုလည်းကောင်း၊ လဗ္ဘန္တိ–ရအပ်ကုန်၏။ ။

**၁၆, ၁၇**။ ဩက္ကန္တိက္ခဏေတိ–ကား၊ ပဋိသန္ဓိက္ခဏေ–ပဋိသန္ဓေခဏ၌၊ ဇာတိယာ–ပဋိသန္ဓေအားဖြင့်၊ အန္ဓော–ကန်းသူတည်း၊ ဇစ္စန္ဓော–ပဋိသန္ဓေအားဖြင့် ကန်းသူ၊ ဇာတိက္ခဏေ–ပဋိသန္ဓေခဏ၌၊ အဏ္ဍဇဇလာဗုဇာ–အဉ္ဍ၌ ဖြစ်ကုန်, သားအိမ်၌ ဖြစ်ကုန်သော၊ သဗ္ဗေပိ–အလုံးစုံလည်း ဖြစ်ကုန်သော ဂဗ္ဘသေယျကသတ္တဝါတို့သည်၊ အစက္ခုကာ၀–စက္ခုမရှိကုန်သည်သာလျှင်၊ ကိဉ္စာပိ(ဟောန္တိ)–နိ၏၊ တထာပိ–ထိုသို့ပင် စက္ခုမရှိပါကုန်သော်လည်း၊ စက္ခာဒိ ဥပ္ပဇ္ဇနာရဟကာလေပိ–စက္ခုစသည်တို့ဖြစ်ထိုက်ရာ အခါ၌လည်း၊ [အနုပ္ပါ ဒေတဗ္ဗစက္ခုကော၌ စပ်၊] စက္ခုပ္ပတ္တိပေ၊သာမတ္ထိယေန–စက္ခုဖြစ်ခြင်းကို နှောက် ရှက်တတ်သောကံသည် တားမြစ်အပ်သော အစွမ်းသတ္တိရှိသောကံသည်၊ ဒိန္န ပဋိသန္ဓိနာ၀–ပေးအပ်သော ပဋိသန္ဓေကြောင့်သော်လည်းကောင်း၊ ကတရေန ပိ–အခြားလည်းဖြစ်သော၊ ကမ္မေနဝါ–ကံကြောင့်သော်လည်းကောင်း၊ အနုပ္ပါ ဒေတဗ္ဗစက္ခုကော–မဖြစ်စေထိုက်သော စက္ခုရှိသော၊ သတ္တော–သတ္တဝါသည်၊

---

**ဩက္ကန္တိက္ခဏေ**။ ။အဝပုဗ္ဗ ကမုဓာတ်, တိပစ္စည်းဖြင့်ပြီးသော ဩက္ကန္တိသဒ္ဒါသည် ပဋိသန္ဓိသဒ္ဒါ၏ ပရိယာယ်တည်း၊ ထို့ကြောင့် ဩက္ကန္တိက္ခဏေကို ပဋိသန္ဓိက္ခဏေ ဟု ဖွင့်သည်၊ ပဋိသန္ဓေစိတ်စေတသိက် ကမ္မဇရုပ်သည် ဘွားကနဲ ဖြစ်ပေါ်လာသောကြောင့် ကံ၏ အကျိုးပေးပုံကို နားမလည်သူတို့က ရှေ့ဘဝမှလာ၍ ဝင်ရောက်သည်ဟု ထင်ကြ၏၊ ထို့ကြောင့် "ဩက္ကမတိ–ရှေးဘဝမှလာ၍ ဝင်ရောက်သကဲ့သို့ ဖြစ်၏၊ ဣတိ ဩက္ကန္တိ"ဟု ပြု၊ ဩက္ကန္တိယာ+ခဏော ဩက္ကန္တိက္ခဏော။

**ကိဉ္စာပိ ၊ပေ၊ ဇစ္စန္ဓောနာမ**။ ။အဏ္ဍဇ–အဉ္ဍ၌ဖြစ်သော ငှက်စသော သတ္တဝါ၊ ဇလာဗုဇ–သားအိမ်၌ ဖြစ်သော လူ စသောသတ္တဝါ၊ ဤသတ္တဝါတို့သည် ပဋိသန္ဓေ စိတ္တက္ခဏ၌ စက္ခု သောတ ဃာန ဇိဝှါတို့ မဖြစ်ကြ၊ (၁၁)သတ္တာဟမြောက် အချိန် ရောက်မှ ဖြစ်ကြ၏၊ [နောက် ရူပပဝတ္တိက္ကမ၌ ထင်ရှားလတ္တံ့၊ [ထို့ကြောင့် ပဋိသန္ဓေခဏ ၌ အမြဲ· စက္ခုမရှိရကား အားလုံးဇစ္စန္ဓအမည် ရကြသလော–ဟု ·စောကြောဖွယ်ရှိ၍ "ကိဉ္စာပိ"စသည်မိန့်၊ "ပဋိသန္ဓေခဏ၌ စက္ခုမရှိခြင်းကို အကြောင်းပြု၍ ဇစ္စန္ဓခေါ်သည် မဟုတ်၊ ဖြစ်သင့်ရာအချိန်၌ စက္ခုဖြစ်ခြင်း မရှိသူကိုသာ ဇစ္စန္ဓဟု ခေါ်ရသည်"ဟူလို။

**ဆက်ဦးအံ့**–ပဋိသန္ဓေကျိုးကို ပေးသောကံ၌ စက္ခုဖြစ်ခြင်းကို အခြားကံတစ်မျိုးက တားမြစ်ထားလျှင် ထိုပဋိသန္ဓေကျိုးပေးသော ကံကလည်း စက္ခုကို မဖြစ်စေနိုင်၊ ပဋိသန္ဓေကျိုးကို ပေးသော ကံကို နှောင့်ယှက်သော ကံမှတစ်ပါး အခြားကံတစ်မျိုးက စက္ခုဖြစ်ချိန်ဝယ် မဖြစ်အောင် နှောင့်ယှက်ထားလျှင်လည်း စက္ခုကို မဖြစ်စေနိုင်၊ ထိုသို့ စက္ခုဖြစ်ချိန်ဝယ် ဖြစ်ခြင်း မရှိသူကို ဇစ္စန္ဓ(သန္ဓေကန်း)ဟု ခေါ်ရသည်။

ဇစ္စန္ဓောနာမ–ဇစ္စန္ဓမည်၏၊ ပန–ဝါဒန္တရကား၊ အပရေ–တို့သည်၊ ဇစ္စန္ဓောတိ–ကား၊ ပသူတိယံယေဝ–မွေးဖွားချိန်ပင်လျှင်၊ အန္ဓော–ကန်းသူတည်း၊ မာတုကုစ္ဆိယံ–၌၊ အန္ဓော–ကန်းသည်၊ ဟုတွာ–၍၊ နိက္ခန္တော–ထွက်လာသူတည်း၊ ဣတိ အတ္တော–နက်၊ တေန–ကြောင့်၊ ဒုဟေတုကတိဟေတုကာနံ–ဒွိဟိတ်ပုဂ္ဂိုလ်, တိဟိတ်ပုဂ္ဂိုလ်တို့၏၊ မာတုကုစ္ဆိယံ–၌၊ စက္ခုသ–ဖြစ်ပြီးသော စက္ခု၏၊ အဝိပန္နံ–မပျက်စီးခြင်းသည်၊ သိဒ္ဓံ–ပြီးစီး၏၊ ဣတိ–သို့၊ ဝဒန္တိ–န်၏။

ဇစ္စန္ဓာဒိနန္တိဧတ္ထ–နံဟူသော ဤပါဌ်၌၊ အာဒိဂ္ဂဟဏေန–ဖြင့်၊ ဇစ္စဗဓိရ ဇစ္စမူဂဇစ္စဇဠ ၊ပေ၊ မမ္မာဒီနံ–ပဋိသန္ဓေအားဖြင့် နားထိုင်းသူ, ပဋိသန္ဓေအားဖြင့် အသူ, ပဋိသန္ဓေအားဖြင့် ထိုင်းမှိုင်းသူ, ပဋိသန္ဓေအားဖြင့် ရူးနှမ်းသူ, ပဏ္ဍုက်, ဥဘတောဗျည်း, နပုံး, စကားထစ်အသူ, အစရှိသူတို့ကို၊ သင်္ဂဟော–သိမ်းယူခြင်းသည်၊ (ဟောတိ–၏၊) [ဘာသာဋီကာ၌ အကျယ်ပြထားပြီ၊] ပန–ဝါဒန္တရကား၊ အပရေ–တို့သည်၊ ကေစ္စေ–န်သော၊ အဟေတုကပဋိသန္ဓိကာ–အဟိတ်ပဋိသန္ဓေရှိသော သတ္တဝါတို့သည်၊ အဝိကလိန္ဒြိယာ–မချို့တဲ့သော ဣန္ဒြေရှိကုန်သည်၊ ဟုတွာ–၍၊ ထောကံ–အနည်းငယ်၊ ဝိစာရဏာပ္ပကတိကာ–စဉ်းစားတွေးတောခြင်းသဘောရှိကုန်သည်၊ ဟောန္တိ–၏၊ တာဒိသာနမ္ပိ–ထိုကဲ့သို့ ရှုအပ်သော ပုဂ္ဂိုလ်တို့ကိုလည်း၊ အာဒိသဒ္ဒေန–ဖြင့်၊ သင်္ဂဟော–သည်၊ (ဟောတိ–၏၊) ဣတိ–သို့၊ ဝဒန္တိ–န်၏။

တဂ္ဂတိကတ္တာ–ထို ဘုမ္မစိုးနတ်တို့၏ ဖြစ်ခြင်းနှင့် တူသော ဖြစ်ခြင်းရှိကုန်သည်၏ အဖြစ်ကြောင့်၊ ဘုမ္မဒေဝေ–ဘုမ္မစိုးနတ်တို့ကို၊ သိတာ နိဿိတာ–မှီသော နတ်တို့တည်း၊ ဣတိ–ကြောင့်၊ ဘုမ္မဿိတာ–တတို့ မည်၏၊

**အပရေ**။ ။အပရေဆရာတို့ကား ဇစ္စန္ဓ၌ ဇာတိအရ အဘိဓမ္မာသဘောအားဖြင့် စက္ခုဖြစ်ချိန်ကို မယူဘဲ, သုတ္တန်သဘောအားဖြင့် မွေးဖွားချိန်ကိုယူ၍ မွေးဖွားချိန်၌ အကန်းကလေး ဖွားလာလျှင် "ဇစ္စန္ဓ"ဟု ဆိုလို၏၊ [ဇာတိယာ–ဖြစ်ခြင်း မွေးခြင်းအားဖြင့်+အန္ဓော ဇစ္စန္ဓော၊] ထိုဆရာတို့ကား ဒွိဟိတ် တိဟိတ် ပုဂ္ဂိုလ်ဟူသမျှ အမိဝမ်း၌ နေစဉ်အခါဝယ် ဖြစ်ပြီးသောစက္ခုသည် မပျက်စီးနိုင်၊ ပျက်စီးလျှင် "သုဂတိအဟိတ်" ဖြစ်ရမည်ဟု အဓိပ္ပာယ်ကျရောက်သည်–ဟု ဆိုလိုကြသည်၊ [ထို အယူကို ဆရာတို့ မနှစ်သက်ကြောင်း ဘာသာဋီကာ၌ ပြထားပြီ။]

**အပရေ ပန**။ ။အပရေဆရာတို့ကား သုဂတိအဟိတ်ဖြင့် ပဋိသန္ဓေနေသော အချို့ပုဂ္ဂိုလ်များသည် စက္ခု သောတ ဃာန ဣန္ဒြေများ မချို့ဘဲလည်းရှိ၏၊ ထိုသို့ မချို့သော်လည်း ထိုထို အာရုံကို မြင်ရ ကြားရသောအခါ အများသိသလို မသိသေးဘဲ, အနည်းငယ်တွေးတောပြီးမှ သိတတ်ကြသည်၊ ထိုသူများကိုလည်း ဇစ္စန္ဓာဒိ၌ အာဒိဖြင့် သွင်းယူပါ–ဟု ဆိုကြသည်၊ သို့သော်ထိုသို့ တွေးတောပြီးမှ သိသူသည် ဇစ္စဇဠတွင် ပါဝင်နိုင်ရကား ဤဝါဒကို "အပရေဝါဒ"ဟု ဆိုထားသည်။

သုခသမုဿယတော–သုခအပေါင်းမှ၊ ဝိနိပါတာ–ဖောက်ပြန်၍ကျရောက်သူတို့တည်း၊ ဣတိ–ကြောင့်၊ ဝိနိပါတိကာ–ကတို့မည်၏၊ [အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြခဲ့ပြီ၊ တေသံ+ဂတိ တဂ္ဂတိ၊ တဂ္ဂတိဝိယ+ဂတိ ယေသံတိ တဂ္ဂတိကာ၊ ဂတိတစ်ပုဒ်ကြေ၊ ဝိနိပတန္တီတိ ဝိနိပါတာ၊ ဝိနိပါတာဧဝ+ဝိနိပါတိကာ။]

**၁၈။** သဗ္ဗတ္ထာပိ ကာမသုဂတိယန္တိ–ကား၊ ဒေဝမနုဿဝသေန–နတ်, လူတို့၏အပြားအားဖြင့်၊ သတ္တဝိဓာယပိ–၇ ပါးအပြားရှိသည်လည်းဖြစ်သော၊ ကာမသုဂတိယံ–ကာမသုဂတိဘုံ၌၊ [အဟိတ်ကုသလဝိပါက် အကျိုးပေးရာဌာနသည် လူ့ဘုံကာမသုဂတိတည်း၊ မဟာဝိပါက် ၈ ပါး၏အကျိုးပေးရာကား လူ့ဘုံကာမသုဂတိသာ မက,အလုံးစုံကာမသုံဂတိဟု ပြလို၍ စာကိုယ်၌ "သဗ္ဗတ္ထာပိ"ဟု မိန့်၍, ဋီကာ၌လည်း"သတ္တဝိဓာယပိ"ဟု ဖွင့်သည်။]

**၂၁။** တေသူတိ–ကား၊ ယထာဝုတ္တပဋိသန္ဓိယုတ္တေသု–အကြင်အကြင် ဆိုအပ်ပြီးသော ပဋိသန္ဓေနှင့်ယှဉ်ကုန်သော၊ ပုဂ္ဂလေသု–တို့တွင်၊ ဝါ–နည်း၊ အပါယာဒီသု–အပါယ်အစရှိကုန်သော၊ (ဘူမိသု–တို့တွင်၊) [စတုန္နံအပါယာနံ စသည်၌ စပ်၊] အာယုပ္ပမာဏဂဏနာယ–အသက်အတိုင်းအရှည်ကို ရေတွက်ခြင်း၏၊ နိယမော–အမြဲမှတ်သားဖွယ်သည်၊ နတ္ထိ–မရှိ၊ (ကသ္မာ–နည်း၊) ကေသဉ္စိ–အချို့သတ္တဝါတို့၏၊ စိရာယုကတ္တာ–ရှည်သောအသက်ရှိကုန် သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ကေသဉ္စိ–တို့၏၊ စိရတရာယုကတ္တာစ–အသချေ်တိုင်အောင် အလွန်ရှည်သော အသက်ရှိကုန်သည်၏ အဖြစ်ကြောင့် လည်းကောင်းတည်း၊ စ–သာဓကေကား၊ တထာ–ထိုအတိုင်းပင်၊ အာဟု–ရှေးဆရာတို့ ဆိုကြကုန်ပြီ၊ (ကိံ–နည်း) အာပါယိကမနုဿာယုပရိစ္ဆေဒေါ–အပါယ်ဘုံသား သတ္တဝါ,လူသတ္တဝါတို့၏ အသက်အပိုင်းအခြားသည်၊ န ဝိဇ္ဇတိ–မရှိ၊ တထာဟိ–

---

**တေသူတိ**။ ။ပထမနည်း၌ ဆိုအပ်ပြီးကို ငဲ့သော ဝုတ္တာပေက္ခ (တ) တည်း၊ "ဆိုအပ်ပြီးသော အပါယ်ပဋိသန္ဓေ ကာမသုဂတိပဋိသန္ဓေရှိသော ပုဂ္ဂိုလ်တို့တွင်" ဟူလို၊ ဒုတိယနည်းကား "အပါယာနံ မနုဿာနံ"စသည်ဖြင့် လာလတ္တံ့ကိုငဲ့သော ဝုစ္စမာနာပေက္ခ (တ) တည်း၊ "ထို အပါယစသော ဘုံတို့တွင်"ဟု ပေး၊ [အပါယာနံ–သည် "အပါယ" ဟူသောဌာနဖြင့် ဌာနီသတ္တဝါများကို ယူရသော ဌာနူပစာတည်း၊]

**တထာဟိ**။ ။အပါယ်ဘုံသားဖြစ်သော ကာလနဂါးမင်းသည် ဤကမ္ဘာဝယ် ပထမဆုံး ကကုသန်ဘုရားရှင်လက်ထက်တော်၌လည်း ရှိ၏၊ ငါတို့ဘုရားရှင် လက်ထက်တော်၌လည်း ရှိသေး၏၊ တစ်ကမ္ဘာပတ်လုံး အသက်ရှိမည်ဟု ဆိုကြသည်၊ လူဖြစ်သော မန္ဓာတ်စကြာမင်းကား သကြားသုံးဆယ့်ခြောက်ယောက် ပြောင်းသော်လည်း အသက်ရှည်လျက် ရှိသေး၏၊ ဘုမ္မစိုးနတ်များကို "ယက္ခ"ဟု ခေါ်သည်၊ ထို နတ်တို့လည်း တစ်ချို့မှာ တစ်ကမ္ဘာပတ်လုံး အသက်ရှည်ကြသတဲ့၊ ဤ အဓိပ္ပာယ်ကို အပါယေသုဟိ စသည်ဖြင့် ချဲ့သည်။

ထို စကားမှန်၏၊ ကာလော–ကာလနဂါးမင်းသည်လည်းကောင်း၊ [ဤစကားဖြင့် အပါယ်၌ဖြစ်သော သတ္တဝါတို့ကို ပြသည်၊] မန္ဓာတာ–မန္ဓာတ်စကြာမင်းသည်လည်းကောင်း၊ [ဤစကားဖြင့် လူကို ပြသည်၊] ကေစိ–န်သော၊ ယက္ခာ–ဘုမ္မစိုးနတ်တို့သည်လည်းကောင်း၊ စိရာယုနော–ရှည်သော အသက်ရှိကုန်၏၊ ဣတိ–သို့၊ (အာဟု–န်ပြီ။)

ဟိ–ချဲ့၊ အပါယေသု–အပါယ်ဘုံတို့၌၊ ကမ္မမေဝ–ကံသည်သာ၊ ပမာဏံ–လိုရင်းပမာဏတည်း၊ (ကသ္မာ–နည်း၊) တတ္ထ–ထိုအပါယ်ဘုံ၌၊ နိဗ္ဗတ္တာနံ–ဖြစ်ကုန်သောသတ္တဝါတို့၏၊ ယာဝ–အကြင်မျှလောက်၊ ကမ္မံ–အကုသိုလ်ကံသည်၊ န ခီယတိ–မကုန်သေး၊ တာဝ–ထိုအကုသိုလ်ကံ မကုန်သေးသမျှ၊ စဝနာဘာဝတော–စုတေခြင်း၏ မရှိခြင်းကြောင့်တည်း၊ ဘုမ္မဒေဝါနံ–ဘုမ္မစိုးနတ်တို့၏၊ တထာ–ထို့အတူ ကံသာပမာဏတည်း၊ ဟိ–မှန်၊ တေသုပိ–ထိုဘုမ္မစိုးနတ်တို့၌လည်း၊ နိဗ္ဗတ္တာ–ဖြစ်သောနတ်တို့သည်၊ ကေစိ–အချို့နတ်တို့သည်၊ သတ္တာဟာဒိကာလံ–ခုနစ်ရက်အစရှိသောကာလမျှ၊ တိဋ္ဌန္တိ–တည်ကြရကုန်၏၊ ကေစိ–တို့သည်၊ ကပ္ပမတ္တမ္ပိ–တစ်ကမ္ဘာပတ်လုံးလည်း၊ (တိဋ္ဌန္တိ–န်၏၊)[“ကပ္ပမတ္တမ္ပိတိ အာယုကပ္ပံပိ ကာလံ”ဟုမဏိမဉ္ဇူဖွင့်သည်ကို ဆင်ခြင်။]

မနုဿာနမ္ပိ–တို့၏လည်း၊ တထာ–ထို့အတူကံသာပမာဏတည်း၊ (ကသ္မာ–နည်း၊) ကဒါစိ–တစ်ရံတစ်ခါ၌၊ တေသမ္ပိ–ထို လူတို့၏လည်း၊ အသင်္ချေယျာယုကတ္တာ–အသင်္ချေယျအသက်ရှိကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ [အသင်္ချေယျအသက်တမ်းကို ရည်ရွယ်သည်၊] ကဒါစိ–၌၊ ဒသဝဿာယုကတ္တာ–ဆယ်နှစ်အသက်ရှိကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်းတည်း၊ [ဆယ်နှစ်တန်းကို ရည်ရွယ်သည်၊] ပန–ဆက်၊ ယော စိရံ ဇီဝတိ၊ပေ၊န ပါပုဏာတိတိ ဣဒံ–တိဟူသော ဤစကားတော်ကို၊ အဇ္ဇတနကာလိကေ–ယခုလက်ထက်၌ ဖြစ်သူတို့ကို၊ သန္ဓာယ–ရည်ရွယ်တော်မူ၍၊ (ဘဂဝတာ) ဝုတ္တံ–ဟောတော်မူအပ်ပြီ၊[ယော–အကြင်လူသည်၊ စိရံ–ကြာမြင့်စွာ၊ ဇီဝတိ–အသက်ရှင်၏၊ သော–

---

**ယောစိရံ၊ ပေ၊ ဝုတ္တံ**။ ။လူတို့တွင် အသင်္ချေယျတမ်းကာလ၌ တစ်ချို့အသက် အသင်္ချေရှည်၍ ဆယ်နှစ်တန်းကာလ၌ တစ်ချို့ဆယ်နှစ်သာ အသက်ရှည်သောကြောင့် အာယုပ္ပမာဏ မမြဲဟုဆိုလျှင် “ယော စိရံ ဇီဝတိ”စသော (“သုတ်မဟာဝါ–မဟာပဒါနသုတ်”စသည်၌ လာသော) ပါဠိတော်ကို အဘယ်ကို ရည်ရွယ်၍ ဟောတော်မူအပ်ပါသနည်း–ဟု မေးဖွယ်ရှိသောကြောင့် “ယော စိရံ ဇီဝတိ၊ပေ၊သန္ဓာယ ဝုတ္တံ”ဟု မိန့်သည်၊ ထို စကားကိုကား “ဘုရားလက်ထက်တော်တည်းဟူသော ယခုခေတ်ကို ရည်ရွယ်၍ ဟောတော်မူသည်–ဟူလို၊ [အပ္ပံဝါဘိယျောတိ–ဝဿသတတောဝါ ဥပရိ အပ္ပံ၊.အညံ ဝဿသတံ အပတွာ ဝီသံဝါ ၊ပေ၊ သဋ္ဌိံဝါ ဝဿာနိ ဇီဝတိ–မဟာပဒါန သုတ္တဋ္ဌကထာ။]

ထို လူသည်၊ ဝဿသတံ–အနှစ်တစ်ရာပတ်လုံးသော်လည်းကောင်း၊ ဘိယျော–အနှစ်တစ်ရာထက်အလွန်၊ အပ္ပံဝါ–အနည်းငယ်သော၂၀,၃၀,၄၀,၅၀,၆၀,ပတ်လုံးသော်လည်းကောင်း၊ ဇီဝတိ–၏၊ ဒုတိယံ–နှစ်ခုမြောက်သော၊ ဝဿသတံ–အနှစ်တစ်ရာသို့၊ (တစ်နည်း၊) ဒုတိယံ ဝဿသတံ–အနှစ်နှစ်ရာ သို့၊ နပါပုဏာတိ–မရောက်နိုင်၊ [ယခုလက်ထက်ဟူရာ၌ ထို စကားကို ဟောတော်မူရာ ဘုရားလက်ထက်တော်အခါကို မှတ်ပါ။]

၂၂။ ဒိဗ္ဗာနိပဉ္စဝဿသတာနီတိ–ကား၊ မနုဿာနံ–တို့၏၊ ပညာသဝဿာနိ–အနှစ်ငါးဆယ်တို့သည်၊ ဧကဒိနံ–တစ်နေ့တည်း၊ တဒနုရူပတော–ထိုနေ့အားလျော်စွာ၊ မာသသံဝစ္ဆရေ–လ, နှစ်တို့ကို၊ ပရိစ္ဆိန္ဒိတွာ–ပိုင်းဖြတ်၍၊ ဒိဗ္ဗပ္ပမာဏာနိ–နတ်ပြည်၌ဖြစ်သောပမာဏဖြစ်ကုန်သော၊ ပဉ္စဝဿသတာနိ–အနှစ်ငါးရာတို့သည်၊ အာယုပ္ပမာဏံ–အသက်အတိုင်းအရှည်သည်၊ ဟောတိ–၏၊ စ–သာကေကား၊ ယာနိ ပညာသဝဿာနိ ၊ပေ၊ ဒိဗ္ဗံ ပဉ္စသတံ မတန္တိ–တံဟူသော၊ ဧတံပိ–ဤ ဂါထာစကားကိုလည်း၊ ဝုတ္တံ–ရှေးဆရာတို့မိန့်ဆိုအပ်ပြီ၊ [မနုဿာနံတို့၏၊ ယာနိ ပညာသဝဿာနိ–အကြင်အနှစ်ငါးဆယ်တို့သည်၊ (သန္တိ–န်၏၊ တာနိ–ထို အနှစ်ငါးဆယ်တို့သည်၊) တဟိံ–ထိုစာတုမဟာရာဇ် နတ်ပြည်၌၊ ဒိနော–တစ်နေ့တည်း၊ တိံသရတ္တိဒိဝေါ–ညဥ့်နေ့သုံးဆယ်သည်၊ မာသော–တစ်လတည်း၊ ဒွါဒသမာသာ–ဆယ့်နှစ်လတို့သည်၊ သံဝစ္ဆရံ–တစ်နှစ်တည်း၊ တေန သံဝစ္ဆရေန–ထိုနှစ်ဖြင့်၊ ဒိဗ္ဗံ–သော၊ ပဉ္စသတံ–ကို၊ အာယု–စာတုမဟာ ရာဇ်နတ်သက်ဟူ၍၊ မတံ–၏။]

မနုဿဂဏနာယာတိ–ကား၊ မနုဿာနံ–တို့၏၊ သံဝစ္ဆရဂဏနာယ–နှစ်အရေအတွက်အားဖြင့်၊ [နဝုတိဝဿသတသဟဿပ္ပမာဏံ၌ စပ်၊ မနုဿဂဏနာယ၌ သံဝစ္ဆရပုဒ်ကြေသည်–ဟု ပြသည်၊] တတောစတုဂ္ဂုဏန္တိ–ကား၊ စာတုမဟာရာဇိကာနံ–စာတုမဟာရာဇ်နတ်တို့၏၊ ပညာသမာနုဿကဝဿပရိမိတံ–လူတို့၏ ဥစ္စာဖြစ်သော ငါးဆယ်သောနှစ်တို့ဖြင့် နှိုင်းယှဉ်အပ်သော၊ ဒိဝသံ–တစ်နေ့ကိုလည်းကောင်း၊ ဒိဗ္ဗာနိ–န်သော၊ ပဉ္စဝဿသတာနိစ–အနှစ်

**တတော စတုဂ္ဂုဏံ**။ ။ဂုဏဓာတ်သည် အာမေဍန–အထပ်ထပ်ပြုခြင်းအနက်ကိုလည်း ဟော၏၊ ထို့ကြောင့်"ဂုဏီယတေ–အထပ်ထပ်ပြုအပ်၏၊ ဝါ–မြှောက်အပ်၏၊ ဣတိ ဂုဏော (အာယုပ္ပမာဏကိုငဲ့၍ ဂုဏံ"လည်းသင့်၏၊) စတုဟိ+ဂုဏံ စတုဂ္ဂုဏံ၊ "စတုဂ္ဂုဏံ–လေးခုတို့ဖြင့် မြှောက်အပ်၊ ဝါ–လေးဆတက်"ဟူရာ၌ ရှေးဦးစွာ နေ့ကို နှစ်ဆတက်, ထို့နောက် နှစ်ကို နှစ်ဆတက်၊ ဤသို့ နေ့နှစ်ဆ နှစ် နှစ်ဆတက်ခြင်းကို လေးဆတက်ဟု ဆိုသည်၊ ဋီကာ၌ "ပညာ ၊ပေ၊ ဒိဝသံ"ကိုလည်းကောင်း,"ဒိဗ္ဗာနိ စ ပဉ္စဝဿသတာနိ"ကိုလည်းကောင်း, "ဒိဂုဏံ ကတွာ"နှင့် တွဲ၍ နေ့ နှစ်ဆ, နှစ် နှစ်ဆ တက်ပုံကို ပြ၏။

**ဆက်ဦးအံ့**–"လူတို့ အနှစ်ငါးဆယ်သည် စာတုမဟာရာဇ်၌ တစ်ရက်" ဟူရာ၌ "လူတို့၏ အနှစ်တစ်ရာသည် တာဝတိံသာ၌ တစ်ရက်"ဟု နေ့ကို နှစ်ဆ တက်ပါ၊

ငါးရာတို့ကိုလည်းကောင်း၊ ဒိဂုဏံ–နှစ်ခုဖြင့်မြှောက်အပ်သည်ကို၊ ဝါ–နှစ်ဆတက်သည်ကို၊ ကတွာ–၍၊ ဒိဗ္ဗဝဿသဟဿာနိ–နတ်၌ဖြစ်သော အနှစ်တစ်ထောင်သည်၊ တာဝတိံသာနံ–တာဝတိံသာနတ်တို့၏၊ (အာယုပ္ပမာဏံ–သည်၊) သမ္ဘဝတိ–ဖြစ်သင့်၏၊ ကထံ ဇေယံ–သို့၊ ဒိဝသသံဝစ္ဆရဒိဂုဏာဝသေန–နေ့ကို နှစ်ဆတက်ခြင်း, နှစ်ကို နှစ်ဆတက်ခြင်းတို့၏ အစွမ်းဖြင့်၊ စတုဂ္ဂုဏံ–လေးဆတက်အရေအတွက်သည်၊ (ဟောတိ–၏၊) ပန–ဆက်၊ တံ–ထိုလေးဆတက် အရေအတွက်သည်၊ ဒိဗ္ဗဂဏနာယ–တာဝတိံသာနတ်၌ဖြစ်သော အရေအတွက်ဖြင့်၊ ဝဿသဟဿံ–အနှစ်တစ်ထောင်သည်၊ (ဟောတိ–၏၊) မနုဿဂဏနာယ–လူတို့၏ အရေအတွက်ဖြင့်၊ သဋ္ဌိဝဿသတသဟဿာဓိကတိကောဋိပ္ပမာဏံ–အနှစ်ခြောက်သန်း အလွန်ရှိသော သုံးကုဋေအတိုင်းအရှည်သည်၊ ဝါ–သုံးကုဋေခြောက်သန်းအတိုင်းအရှည်သည်၊ ဟောတိ–၏။

တတော စတုဂ္ဂုဏံ ယာမာနန္တိ–ကား၊ တာဝတိံသာနံ–တို့၏၊ အာယုပ္ပမာဏတော–အသက်အတိုင်းအရှည်ထက်၊ ဝုတ္တနယေန–ဖြင့်၊ [နေ့ နှစ်ဆတက်,နှစ် နှစ်ဆတက်ရေတွက်နည်းဖြင့်၊] စတုဂ္ဂုဏံ–သည်၊ (ဟောတိ–၏၊) ဒိဗ္ဗဂဏနာယ–ယာမာနတ်၌ဖြစ်သော အရေအတွက်ဖြင့်၊ ဒွိသဟဿံ–နှစ်ထောင်သည်၊ (ဟောတိ) မနုဿဂဏနာယ–ဖြင့်၊ စတ္တာလီသဝဿသတ သဟဿာဓိကာ–အနှစ်လေးသန်းအလွန်ရှိကုန်သော၊ စုဒ္ဒသဝဿကောဋိယော–အနှစ် ၁၄ ကုဋေတို့သည်၊ ဟောန္တိ–န်၏၊ တတော ၊ပေ၊ တုသိတာနန္တိ–ကား၊ ဒိဗ္ဗာနိ–တုသိတာနတ်၌ဖြစ်ကုန်သော၊ စတ္တာလီသဝဿသဟဿာနိ–အနှစ်လေးထောင်တို့သည်၊ (ဟောန္တိ၊) မနုဿဂဏနာယ–ဖြင့်၊သဋ္ဌိ ၊ပေ၊ ဓိကာ–အနှစ်ခြောက်သန်း အလွန်ရှိကုန်သော၊ သတ္တပညာသဝဿကောဋိယော–အနှစ် ၅၇ ကုဋေတို့သည်၊ (ဟောန္တိ၊) တတော ၊ပေ၊ နိမ္မာနရတီနန္တိ–ကား၊ ဒိဗ္ဗာနိ–နိမ္မာနရတိနတ်၌ဖြစ်ကုန်သော၊ အဋ္ဌဝဿသဟဿာနိ–အနှစ်ရှစ်ထောင်တို့သည်၊ (ဟောန္တိ၊) မနုဿဂဏနာယ–ဖြင့်၊ ဒွေဝဿကောဋိသတာနိ–အနှစ်ကုဋေနှစ်ရာတို့သည်လည်းကောင်း၊ စတ္တာလီသ ၊ပေ၊ ဓိကာ–အနှစ်လေးသန်းအလွန်ရှိကုန်သော၊ တိံသဝဿကောဋိယောစ–နှစ်ပေါင်းကုဋေသုံးဆယ်တို့သည်လည်းကောင်း၊ (ဟောန္တိ၊) တတော ၊ပေ၊ ဝသဝတ္တီနန္တိ–ကား၊ ဒိဗ္ဗာနိ–ဝသဝတ္တိနတ်၌ဖြစ်ကုန်သော၊ သောဠသဝဿသဟဿာနိ–အနှစ်တစ်သောင်းခြောက်ထောင်တို့သည်၊ (ဟောန္တိ–န်၏။)

---

"စာတုမဟာရာဇ်တို့ အနှစ်ငါးရာသည် စာတုမဟာရာဇ်နတ်တို့၏ အသက်တမ်း" ဟူရာ၌လည်း "တာဝတိံသာနတ်တို့၏ အနှစ်တစ်ထောင်သည် ထိုနတ်တို့၏ အသက်တမ်း"ဟု နှစ်ကိုလည်း နှစ်ဆတက်ပါ–ဟူလို၊ [ဤနည်းသည် ရှုပ်ထွေးလှသောကြောင့် အခြေပြုနှင့် ဘာသာဋီကာတို့၌ စတုဂ္ဂုဏာတက်ပုံကို တစ်မျိုးပြထားသည်။]

**၂၃။** ပန–ဆက်၊ မနုဿဂဏန်–လူတို့၏အရေအတွက်ကို၊ သယမေဝ–အရှင်အနုရုဒ္ဓါကိုယ်တိုင်သာလျှင်၊ ဒဿေန္တော–သည်၊ (ဟုတ္ဝာ–၍၊) နဝသတဥ္စာတျာဒိ–တဥ္စအစရှိသော၊ (ယံဝစနံ အတ္ထိ၊ တံဝစနံ–ကို၊) အာဟ–ပြီ၊ ဝဿာနံ–နှစ်တို့၏၊ သမ္ဗန္ဓိ–စပ်ခြင်းရှိသော၊ နဝသတံကောဋိယော–ကုဋေကိုးရာတို့သည်လည်းကောင်း၊ ကေဝီသတကောဋိယော–နှစ်ဆယ့်တစ်ကုဋေတို့သည်လည်းကောင်း၊ တထာ–ထိုမှတစ်ပါး၊ သဋ္ဌိဝဿသဟဿာနိစ–အနှစ် ၆ သန်းတို့သည်လည်းကောင်း၊ ဝသဝတ္တီသု–ဝသဝတ္တီနတ်တို့၌၊ အာယုပ္ပမာဏံ–သည်၊ (ဟောတိ–၏၊) ဣတိ(အယံ)ကထာ–သည်၊ သမ္ဗန္ဓော–ပုဒ်တို့၏ စပ်ခြင်းတည်း၊ [နဝသတံပုဒ်ကို ကောဋိယောနှင့်, သဋ္ဌိပုဒ်ကို ဝဿသတ သဟဿာနိနှင့် စပ်ပါ–ဟူလို၊ "ဝဿာနံ သမ္ဗန္ဓိ"ပါဠ်ဖြင့် "ကုဋေကိုးရာစသော အရေအတွက်သည် နေ့နှင့် လနှင့်စပ်သော အရေအတွက်များမဟုတ်, နှစ်နှင့် စပ်သော အရေအတွက်ဖြစ်သည်"ဟု ပြသည်။]

**၂၅။** ဒုတိယစ္ဆာနဘူမိယန္တိ–ဘူမိယံဟူသော ဤစကားကို၊ စတုက္ကနယ ဝသေန–စတုက္ကနည်း၏ အစွမ်းဖြင့်၊ ဝုတ္တံ–ပြီ၊ တတော–ထို ပဋိသန္ဓေအခါမှ၊ ပရံ–နောက်ဖြစ်သော၊ ပဝတ္တိယံ–ပဝတ္တိအခါ၌လည်းကောင်း၊ စဝနကာလေစ–စုတေရာအခါ၌လည်းကောင်း၊ (တထာ ရူပမေဝ) ထို ရုပ်သည်ပင်၊ ဘဝင်စုတိ ဝသေန–ဘဝင်စုတိတို့၏ အဖြစ်ဖြင့်၊ ပဝတ္တိတွာ–ဖြစ်ပြီး၍၊ နိရုဇ္ဈတိ–ချုပ်၏၊ ဣတိ (အယံ)–ကား၊ ယောဇနာ–ပုဒ်အနက်တို့ကိုယှဉ်စေခြင်းတည်း။

---

**စတုက္ကနယဝသေန**။ ။ရူပဗြဟ္မာဘုံသည် ပဌမဈာန်ဘုံ, ဒုတိယဈာန်ဘုံ, တတိယဈာန်ဘုံ, စတုတ္ထဈာန်ဘုံဟုလေးဆင့်သာရှိ၏၊ ထိုလေးဆင့်ကို ဈာန်အားဖြင့် ခွဲလျှင် ပဌမဈာန်သည် ပဌမဈာန်ဘုံ၌ အကျိုးပေး၏၊ ဒုတိယဈာန် တတိယဈာန်နှစ် မျိုးလုံးသည် ဒုတိယဈာန်ဗြဟ္မာဘုံ၌သာ အကျိုးပေး၏၊ ဤသို့ တတိယဈာန် အကျိုးပေးရာဘုံကို ဒုတိယ ဈာန်ဘုံဟု ဆိုခြင်းသည် ဘုံလေးဆင့်ခွဲခြားသော စတုက္ကနည်းအားဖြင့် ဆိုခြင်းဖြစ်သည်–ဟု ဆိုလိုဟန်တူသည်။

**မှတ်ချက်**။ ။ပဉ္စကနည်းအားဖြင့် ဘုံငါးမျိုးခွဲခြားလျှင် "တတိယဈာန်သည် တတိယဈာန်ဗြဟ္မာဘုံ၌ အကျိုးပေး၏"ဟု ဆိုရပေလိမ့်မည်၊ သို့သော် ထိုသို့ ပဉ္စကနည်း အရ တတိယဈာန်၏ အကျိုးပေးရာဌာနဖြစ်သော တတိယဈာန်ဘုံဟူသည်လည်း ဒုတိယအဆင့်မှာရှိသော သုံးဘုံပင်ဖြစ်၏၊ ဤသို့ ဘုံ၌ စတုက္ကနည်းဟု မရှိရ, ထိုဘုံသို့ ရောက်ကြောင်းဈာန်၌သာ စတုက္ကနည်းဟု ရှိရကား "ဒုတိယ ၊ပေ၊ စတုက္ကနယဝသေန ဝုတ္တံ"ကို စဉ်စားသင့်၏။

**တတောပရံ ၊ပေ၊ နိရုဇ္ဈတိ**။ ။ဤပုဒ်တို့ကား "အသညသတ္တာနံပန၊ပေ၊ နိရုဇ္ဈတိ" ဟူသော ဝါကျ၏ အဖွင့်တည်း၊ "တထာ ပဝတ္တိယံ"မှ တထာဖြင့် "ရူပမေဝ"ကို ပြန်၍ညွှန်းသည်ဟု ပြလို၍ "တထာ ရူပမေဝ"ဟု ဖွင့်၏၊ ထို အဖွင့်အလို သင်္ဂြိုဟ်ပါဠိ၌ "ရူပမေဝ"တိုက်ရိုက် မပါဟု ဆိုသင့်၏၊ ယခုစာများ၌ တိုက်ရိုက်ပါနေသည်။

၂၉။ တေသုတိ–ကား၊ တာဟိ–ထိုပဋိသန္ဓေတို့ဖြင့်၊ ဂဟိတပဋိသန္ဓိကေသု–ယူအပ်သောပဋိသန္ဓေရှိကုန်သော၊ ဗြဟ္မေသု–ဗြဟ္မာတို့တွင်၊ [ဗြဟ္မပါရိသဇ္ဇာနံ, ဗြဟ္မပုရောဟိတာနံ စသည်၌ စပ်၊] ကပ္ပဿာတိ–ကား၊ အသင်္ချေယျကပ္ပဿ–အသင်္ချေယျကပ်၏၊ ဟိ–မှန်၊ ဗြဟ္မပါရိသဇ္ဇာဒီနံ–ဗြဟ္မပါရိသဇ္ဇအစရှိကုန်သော၊ တိဏ္ဏံ–သုံးမျိုးသောဗြဟ္မာတို့၏၊ မဟာကပ္ပဝသေန–မဟာကပ်၏အစွမ်းဖြင့်၊ အာယုပရိစ္ဆေဒေါ–အသက်အပိုင်းအခြားသည်၊ နသမ္ဘဝတိ–မဖြစ်သင့်၊ (ကသ္မာ–နည်း၊) ကေကပ္ပေပိ–တစ်ခုသော ကမ္ဘာ၌လည်း၊ တေသံ–ထိုသုံးမျိုးသော ဗြဟ္မာတို့၏၊ အဝိနာသာဘာဝေန–မပျက်စီးခြင်း၏ မရှိခြင်းကြောင့်၊ [ပျက်စီးရသည်သာဖြစ်ခြင်းကြောင့်–ဟူလို၊] ပရိပုဏ္ဏကပ္ပေ–ပြည့်စုံလုံလောက်သော ကမ္ဘာ၌၊ [တစ်ကမ္ဘာလုံး အသက်တမ်းပြည့်အောင်၊] အသမ္ဘဝတော–မဖြစ်သင့်ခြင်းကြောင့်တည်း၊ တထာဟိ–ထိုစကားကိုချဲ့ဦးအံ့၊ သေလောကော–ဤကမ္ဘာ လောကသည်၊ သတ္တဝါရေသု–ခုနစ်ကြိမ်တို့၌၊ အဂ္ဂိနာ–ကမ္ဘာဖျက်မီးကြောင့်၊ ဝိနဿတိ–ပျက်စီးရ၏၊ အဋ္ဌမေဝါရေ–ရှစ်ကြိမ်မြောက် တစ်ကြိမ်၌၊ ဥဒကေန–ကမ္ဘာဖျက်ရေကြောင့်၊ (ဝိနဿတိ–၏၊) ပုန–ဖန်၊ သတ္တဝါရေသု–တို့၌၊ အဂ္ဂိနာ–ကြောင့်၊ (ဝိနဿတိ၊) အဋ္ဌမေဝါရေ–၌၊ ဥဒကေန–ကြောင့်၊ (ဝိနဿတိ၊) ဣတိဝေံ–ဤသို့၊ အဋ္ဌသုအဋ္ဌသု–ရှစ်ပါးသော အဋ္ဌကတို့သည်၊ ပရိပုဏ္ဏေသု–ပြည့်ကုန်လသော်၊ ပစ္ဆိမေဝါရေ–နောက်ဆုံးအကြိမ်၌၊ ဝါတေန–ကမ္ဘာဖျက်လေကြောင့်၊ ဝိနဿတိ–၏၊ တတ္ထ–ထိုသို့ပျက်ရာ၌၊ ဝါ–ထို မီး ရေ,လေတို့တွင်၊ ပဌမဇ္ဈာနတလံ–ပဌမစျာန်ဘုံအပြင်ကို၊ ဥပါဒါယ–အစပြု၍၊ အဂ္ဂိနာ–ကြောင့်၊(ဝိနဿတိ) ဒုတိယတတိယဇ္ဈာနတလံ–ဒုတိယစျာန်ဘုံအပြင်, တတိယစျာန်ဘုံအပြင်ကို၊ ဥပါဒါယ–၍၊ ဥဒကေန–ကြောင့်၊ (ဝိနဿတိ) စတုတ္ထဇ္ဈာနတလံ–ကို၊ ဥပါဒါယ–၍၊ ဝါတေန–ကြောင့်၊ ဝိနဿတိ–၏။

---

ဤသို့ တထာအတွက် ရူပမေဝဟု အနက်ကိုလည်းကောင်း, ဘဝဂ်စုတိဝသေန ဟု ပုဒ်ကို ထည့်၍လည်းကောင်း ဖွင့်သောကြောင့် ယောဇနာ၌ အတ္ထ–ပဒယောဇနာ နှစ်မျိုးလုံး ပါသည်ဟု မှတ်။

**ဘဝဂ်စုတိဝသေန**။ ။"ဘဝဂ်စုတိဝသေန"ဟု ဆိုသော်လည်း စိတ်မဟုတ်၊ ကမ္မဇရုပ်သည်ပင် ဘဝမပြတ်အောင် ဆက်စပ်သောကြောင့် ဘဝင်လည်းမည်၏၊ နောက်ဆုံး ကမ္မဇရုပ်သည်ပင် အသညသတ်ဘဝမှ ရွေ့လျောကြောင်း ဖြစ်သောကြောင့် စုတိလည်း မည်၏။

**ဒုတိယတတိယဇ္ဈာနတလံ**။ ။ဤ၌ တတိယစျာန်ဘုံအပြင်ဟု ဆိုသော်လည်း တတိယ စျာန်၏ အကျိုးပေးရာဖြစ်၍ "တတိယဇ္ဈာနတလံ"ဟု ဆိုသည်၊ ဘုံအဆင့်အားဖြင့် ကား ဒုတိယအဆင့်သာတည်း၊ ဤသို့ယူမှ ဂါထာ၌ "အာပေန သုဘကိဏှာ တော– သုဘကိဏှာ တတိယဘုံအပြင်မှ အောက်တစ်လျှောက်လုံး ရေကြောင့် ပျက်၏"ဟူသော

စ–သာဓကေကား၊ သတ္တ သတ္တင္ဂိနာ ဝါရာ ၊ပေ၊ ဇဝံ လောကော ဝိနဿတိ တိ–တိဟူသော၊ ဇတံ–ဤဂါထာစကားကို၊ (ပေါရာဏောဟိ) ပိ–ရှေးဆရာတို့ သည်လည်း၊ ဝုတ္တံ–ပြီ၊ [သတ္တသတ္တဝါရာ–ခုနစ်ကြိမ် ခုနစ်ကြိမ်တို့တိုင်တိုင်၊ အင္ဂိနာ–ကမ္ဘာဖျက်မီးကြောင့်၊ (ဝိနဿတိ–ပျက်စီးရ၏၊) အဋ္ဌမေအဋ္ဌမေ–ရှစ်ကြိမ်မြောက် ရှစ်ကြိမ်မြောက် တစ်ကြိမ်၌၊ ဒကာ(ဒကေန) ကမ္ဘာဖျက် ရေကြောင့်၊ (ဝိနဿတိ–၏၊) ယဒါ–၌၊ စတုသဋ္ဌိ–၆၄ ကြိမ်သည်၊ ပုဏ္ဏာ– ပြည့်၏၊ (တဒါ–၌၊) ဧကော–တစ်ကြိမ်သော၊ ဝါယုဝရော–လေဖျက်ရာ အကြိမ်သည်၊ သိယာ–၏၊ [“ဝါယုဝါရော”ဟု ဆိုလိုလျက် ဆန်းကြောင့် “ဝါယုဝရော”ဟု ဖြစ်နေ၏။]

အာဘဿရာ–အာဘဿရာဘုံမှ၊ဝါ–ဒုတိယဈာန်သုံးဘုံမှ၊ဟေဋ္ဌာ–အောက် တစ်လျှောက်သည်၊ အင္ဂိနာ–ကြောင့်၊(ဝိနဿတိ–၏၊)[အာဘဿရာကို ဥက္ကဋ္ဌ နည်းအားဖြင့် မှတ်၍ ဆိုသည်၊ ဒုတိယဈာန်သုံးဘုံလုံးကိုပင် အာဘဿရာဟု မှတ်၊] သုဘကိဏှတော–သုဘကိဏှာဘုံမှ၊ ဝါ–တတိယဈာန်သုံးဘုံမှ၊ (ဟေဋ္ဌာ– သည်၊) အာပေန–ကမ္ဘာဖျက်ရေကြောင့်၊ (ဝိနဿတိ–၏၊) ဝေဟပ္ဖလတော– ဝေဟပ္ဖိုလ်ဘုံမှ၊ ဝါ–စတုတ္ထဈာန်မှ၊ (ဟေဋ္ဌာ–သည်၊) ဝါတေန–ကြောင့်၊ (ဝိနဿတိ–၏၊)ဇဝံ–ဤသို့၊လောကော–ကမ္ဘာလောကသည်၊ဝိနဿတိ–၏။

တသ္မာ–ကြောင့်၊ တိဏ္ဏမ္ပိ–သုံးမျိုးလည်းဖြစ်ကုန်သော၊ ပဌမဇ္ဈာနတလာနံ– ပဌမဈာန်ဘုံအပြင်တို့၏၊ ဧကကပ္ပေပိ–၌လည်း၊ အဝိနာသာဘာဝတော– မပျက်စီးခြင်း၏ မရှိခြင်းကြောင့်၊[ပျက်စီးရသည်သာဖြစ်ခြင်းကြောင့်၊] သကလ ကပ္ပေ–အလုံးစုံသောကမ္ဘာ၌၊ ဝါ–တစ်ကမ္ဘာပြည့်အောင်၊ တေသံ–ထိုပဌမ ဈာန်ဘုံအပြင်တို့၏၊ သမ္ဘဝေါ–ဖြစ်နိုင်ခြင်းသည်၊ နတ္ထိ–မရှိ၊ ဣတိ–ကြောင့်၊ အသင်္ချေယျကပ္ပဝသေန–အသင်္ချေယျကပ်၏အစွမ်းဖြင့်၊ တေသံ–ထိုပဌမဈာန် ဘုံအပြင်တို့၏၊ အာယုပရိစ္ဆေဒေါ–အသက်အပိုင်းအခြားကို၊ ဒဋ္ဌဗ္ဗော–၏။

ပန–ကား၊ ဒုတိယဇ္ဈာနာဒိတလတော–ဒုတိယဈာန်အစရှိသော ဘုံအပြင်မှ၊ ပဋ္ဌာယ–၍၊ပရိပုဏ္ဏဿ–ပြည့်စုံသော၊မဟာကပ္ပဿ–မဟာကပ်၏၊ ဝသေန– ဖြင့်၊ (အာယုပရိစ္ဆေဒေါ–ကို၊ ဒဋ္ဌဗ္ဗော–၏၊) အသင်္ချေယျကပ္ပဝသေန– အသင်္ချေယျကပ်၏အစွမ်းဖြင့်၊(အာယုပရိစ္ဆေဒေါ–ကို၊)န ဒဋ္ဌဗ္ဗော–ထိုက်၊စ– ဆက်၊ အသင်္ချေယျကပ္ပေါတိ–အသင်္ချေယျကပ်ဟူသည်၊[စတုတ္ထဘာဂေါ၌ စပ်၊] ယောဇနာယာမဝိတ္ထာရတော–တစ်ယူဇနာ အလျားအနံရှိသော၊ သေတသာသပ

စကားနှင့် ထပ်မိမည်၊ “စတုတ္ထဇ္ဈာနတလံ”ကိုလည်း တတိယဘုံ အဆင့်ကိုပင် စတုတ္ထ ဈာန်၏ အကျိုးပေးရာဖြစ်၍ ဆိုသည်ဟု မှတ်၊ [ဤမှနောက်၌ ကမ္ဘာပျက်ပုံ တည်ပုံနှင့် တကွ မဟာကပ်,အသင်္ချေယျကပ်,အန္တရကပ်အခွဲကို ဘာသာဋီကာ၌ အကျယ်ပြထားပြီ။]

ရာသိတော-မုန်ညင်းစေ့အပုံမှ၊ ဝဿသတဝဿသတစ္စယေန-အနှစ်တစ်ရာ, အနှစ်တစ်ရာလွန်ရာအခါ၌၊ ဧကေကဗီဇသ-တစ်ခု, တစ်ခုသောအစေ့ကို၊ ဟရဏေန-ဖယ်ရှားခြင်းအားဖြင့်၊ သာသပရာသိနော-မုန်ညင်းစေ့အပုံ၏၊ ပရိက္ခယေ-ကုန်ခြင်းသည် (သတိ) ပိ-ဖြစ်ပါသော်လည်း၊ အက္ခယသဘာဝ သ-မကုန်နိုင်ခြင်း သဘောရှိသော၊ မဟာကပ္ပဿ-၏၊ စတုတ္ထဘာဂေါ-လေးခုမြောက်အဖို့တည်း၊ ဝါ-လေးဖို့တစ်ဖို့တည်း။

ပန-ဆက်၊ သော-ထိုအသင်္ချေယျကပ်သည်၊ [စတုသဋ္ဌိအန္တရကပ္ပပ္ပမာဏော ဟောတိ၌ စပ်၊] သတ္ထရောဂဒုဗ္ဘိက္ခာန်-လက်နက်, အနာရောဂါ, ငတ်မွတ်ခေါင်းပါးခြင်းတို့တွင်၊ အညတရသံဝဋ္ဋေန-တစ်ပါးပါးအတွက် ပျက်စီးခြင်းကြောင့်၊ ဗဟူသု-များစွာကုန်သောသတ္တဝါတို့သည်၊ ဝိနာသံ-ပျက်စီးခြင်းသို့၊ ဥပဂတေသု-ကပ်ရောက်ပြီးကုန်လသော်၊ အဝသိဋ္ဌ၊ပေ၊နုဘာဝေန-ကြွင်းကျန်သော သတ္တဝါတို့၏သန္တာန်၌ဖြစ်သောကုသိုလ်ကံ၏အာနုဘော်ကြောင့်၊ ဒသဝဿတော-ဆယ်နှစ်တမ်းမှ၊ ပဋ္ဌာယ-၍၊ အနုက္ကမေန-အစဉ်အားဖြင့်၊ ဝါ-တစ, တစ၊ သတ္တေသု-တို့သည်၊ အသင်္ချေယျာယုကပ္ပမာဏေသု-အသင်္ချေယျ အသက်တမ်း ပမာဏရှိကုန်လသော်၊ ပုန-တစ်ဖန်၊ အသဒ္ဓမ္မသမာဒါနဝသေန-မသူတော်တို့၏တရားကို ဆောက်တည်ခြင်း၏ အစွမ်းဖြင့်၊ ကမေန-အစဉ်အားဖြင့်၊ ဝါ-တစ,တစ၊ ပရိဟာယိတွာ-ယုတ်လျော့၍၊ ဒသဝဿာယုကေသု-ဆယ်နှစ်တမ်းအသက်ရှိကုန်သည်၊ ဇာတေသု-ဖြစ်ကုန်လသော်၊ ရောဂါဒီနံ-ရောဂါ အစရှိသည်တို့တွင်၊ အညတရသံဝဋ္ဋေန-ကြောင့်၊ သတ္တာနံ-တို့၏၊ ယာဝ-လောက်၊ ဝိနာသပ္ပတ္တိ-ပျက်စီးခြင်းသို့ရောက်ခြင်းသည်၊ (အတ္ထိ-၏၊ တာဝ-ထို ပျက်စီးခြင်းသို့ရောက်သည်တိုင်အောင်၊) အယံ-ဤကပ်သည်၊ ဧကော-သော၊ အန္တရကပ္ပေါ-အန္တရကပ်တည်း၊ ဝါ-အသင်္ချေယျကပ်၏အကြား၌ ဖြစ်သောကပ်တည်း၊ ဣတိ,ဧဝံ-ဤသို့၊ ပရိစ္ဆိန္နဿ-ပိုင်းခြားအပ်သော၊ အန္တရကပ္ပဿ-အန္တရကပ်၏၊ ဝသေန-ဖြင့်၊ စတုသဋ္ဌိအန္တရကပ္ပပ္ပမာဏော-၆၄ခုသော အန္တရကပ် အတိုင်းအရှည်ရှိသည်၊ ဟောတိ-၏၊ ဝီသတိအန္တရကပ္ပပ္ပမာဏော-နှစ်ဆယ်သော အန္တရကပ်အတိုင်းအရှည် ရှိ၏၊ ဣတိ စ-ဤသို့လည်း၊ ဝဒန္တိ-န်၏။

**၄၅။ ၄၉။** အာကာသာနဉ္စာယတနံ-နဘုံသို့၊ ဥပဂစ္ဆန္တိ-ကပ်ရောက်ကြကုန်၏၊ ဣတိ-ကြောင့်၊ အာကာသာနဉ္စာယတနုပဂါ-ဂတို့မည်၏။...ကေမေ ဝါတိ-ကား၊ ဘူမိတော-ဘုံအားဖြင့်လည်းကောင်း၊ ဇာတိတော-လည်းကောင်း၊ သမ္ပယုတ္တဓမ္မတော-အားဖြင့်လည်းကောင်း၊ သင်္ခါရတော-အားဖြင့်လည်းကောင်း၊ သမာနမေဝ-တူသည်သာ၊ [တူပုံကို ဘာသာဋီကာ၌ ပြထားပြီ၊] ကေဇာတိယန္တိ-ကား၊ ကေသိံ ဘဝေ-တစ်ခုသောဘဝ၌။

**၅၀။** ["စတုဗ္ဗိဓာ ပဋိသန္ဓိ"ဟူသော မာတိကာ၏အကျယ်ကို ဖွင့်ပြပြီး၍၊ ယခုအခါ၌ "စတ္တာရိကမ္မာနိ"ဟူသော မာတိကာ၏ အကျယ်ကို ဖွင့်ပြလိုသောကြောင့် "ဣဒါနိ"အစရှိသောဝါကျကို မိန့်၊] ဣဒါနိ-ပဋိသန္ဓိစတုက္ကကို ဖွင့်ပြပြီးရာ ယခုအခါ၌၊ ကမ္မစတုက္ကံ-ကမ္မစတုက္ကကို၊ စတူဟာကာရေဟိ-လေးပါးကုန်သောအခြင်းအရာတို့ဖြင့်၊ ဝါ-လေးပါးကုန်သောအပြားတို့ဖြင့်၊ ဒဿေတုံ-ငှာ၊ ဇနကန္တျာဒိ-ဇနကံအစရှိသောဝါကျကို၊ (အာစရိယေန) အာရဒ္ဓံ-ပြီ၊[စတုအာကာရဟူသည် ကိစ္စစတုက္က,ပါကဒါနပရိယာယစတုက္က,ပါကကာလစတုက္က,ပါကဋ္ဌာနစတုက္ကဟူသော လေးမျိုးအပြားတည်း၊] (ယံ ကမ္မံ-အကြင်ကံသည်၊) ဇနယတိ-ဖြစ်စေတတ်၏၊ ဣတိ-ကြောင့်၊ (တံကမ္မံ-သည်၊) ဇနကံ-ကမည်၏၊ (ယံကမ္မံ) ဥပတ္ထမ္ဘေတိ-ထောက်ပံ့တတ်၏၊ ဣတိ-ကြောင့်၊ (တံကမ္မံ) ဥပတ္ထမ္ဘကံ-ကမည်၏၊ (ယံကမ္မံ) ဥပဂန္တွာ-ကပ်ရောက်၍၊ ပီဠေတိ-နှိပ်စက်တတ်၏၊ ဣတိ (တံကမ္မံ) ဥပပီဠကံ-ကမည်၏၊ (ယံကမ္မံ) ဥပဂန္တွာ-၍၊ ဃာတေတိ-သတ်ဖြတ်တတ်၏၊ ဣတိ (တံကမ္မံ) ဥပဃာတကံ-ကမည်၏။

တတ္ထ-ထို လေးပါးသောကံတို့တွင်၊ ပဋိသန္ဓိပဝတ္တီသု-ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌၊ ဝိပါကကဋတ္တာရူပါနံ-ဝိပါက်, ကဋတ္တာရုပ်တို့ကို၊ နိဗ္ဗတ္တိကာ-ဖြစ်စေတတ်သော၊ ကုသလာကုသလစေတနာ-ကုသိုလ် အကုသိုလ်စေတနာသည်၊ ဇနကံနာမ-ဇနကကံမည်၏၊ သယံ-ကိုယ်တိုင်၊ ဝိပါကံ-အကျိုးကို၊ နိဗ္ဗတ္တေတုံ-ဖြစ်စေခြင်းငှာ၊ အသက္ကောန္တမ္ပိ-မစွမ်းနိုင်ပါသော်လည်း၊ [ဇနကကံကဲ့သို့ ကိုယ်တိုင်အကျိုးမပေးနိုင်ပါသော်လည်း-ဟူလို၊] ကမ္မန္တရဿ-တစ်ပါးသောဇနက ကံ၏၊ စိရတရဝိပါကနိဗ္ဗတ္တနေ-ကြာမြင့်စွာ အကျိုးကို

---

**တတ္ထ ။ပေ။ ဇနကံ နာမ။** ။ပြခဲ့သော-ကံလေးပါးကို ချဲ့လို၍ တတ္ထစသည် မိန့်၊ ပဋိသန္ဓေအခါ၌ ပဋိသန္ဓေစိတ်နှင့်စေတသိက်ကို ပဋိသန္ဓိဝိပါကဟုလည်းကောင်း, ထို ပဋိသန္ဓေအခါ၌ ကမ္မဇရုပ်ကလာပ်များကို ပဋိသန္ဓေကဋတ္တာရုပ်ဟုလည်းကောင်း ခေါ်၏၊ ပဋိသန္ဓေစိတ္တက္ခဏမှ နောက်၌ (အမိဝမ်းတွင်း၌ အောင်းနေခိုက်ပင်ဖြစ်စေကာမူ အဘိဓမ္မာနည်းအရ) ပဝတ္တိအခါဟု ခေါ်ရ၏၊ထိုပဝတ္တိအခါ၌ ဘဝင်-ပဉ္စဝိညာဉ် သမ္ပဋိစ္ဆိုန်း သန္တီရဏ တဒါရုံကိစ္စတပ်သော ဝိပါက်စိတ်စေတသိက်များနှင့် ခဏတိုင်းဖြစ်နေသော ကမ္မဇရုပ်များကို ပဝတ္တိဝိပါက်-ကဋတ္တာရုပ်ဟု ခေါ်၏၊ ပဋိသန္ဓေအခါ ပဝတ္တိအခါ၌ ထို ဝိပါက် ကဋတ္တာရုပ်များကို ဖြစ်စေနိုင်သော ကုသိုလ် အကုသိုလ်စေတနာ (ကံ)သည် ဇနကကံ မည်၏။

**သယံ ။ပေ။ ဥပတ္ထမ္ဘကံ နာမ။** ။ဤဝါကျကို "သယံ ။ပေ။ နိဗ္ဗတ္တနေ ပစ္စယဘူတံ ကုသလာကုသလကမ္မံ ဥပတ္ထမ္ဘကံ နာမ"ဟုလည်းကောင်း,"သယံ ။ပေ။ ကမ္မန္တရဿ" ကိုလိုက်စေ၍ "ဝိပါကဿေဝ၊ပေ၊ပဝတ္တိပစ္စယဘူတံ ကုသလာကုသလကမ္မံ ဥပတ္ထမ္ဘကံ နာမ"ဟု လည်းကောင်း နှစ်ဝါကျခွဲပါ၊ ထိုတွင် ပဌမဝါကျဖြင့် (ကြာရှည်စွာ အကျိုးပေး

ဖြစ်စေခြင်း၌၊ ပစ္စယဘူတံ–အကြောင်းအထောက်အပံ့ ဖြစ်၍ဖြစ်သော၊ (ကုသလာကုသလကမ္မံ–ကုသိုလ် အကုသိုလ်ကံသည်၊ ဥပတ္ထမ္ဘကံနာမ–ကကံ မည်၏၊) [ဤသို့နောက်ဝါကျ၌ လှမ်းစပ်၊] ဝါ–နည်း၊ သုခဒုက္ခဘူတဿ–ကောင်းသော ဣဋ္ဌအကျိုး, မကောင်းသောအနိဋ္ဌအကျိုးဖြစ်၍ဖြစ်သော၊ ဝိပါက ဿေဝ–အကျိုး၏ပင်၊ ဝိစ္ဆေဒပစ္စယာနုပ္ပတ္တိယာစ–ပြတ်စဲခြင်း၏ အကြောင်း မဖြစ်ခြင်းငှာလည်းကောင်း၊ ဥပဗြူဟနပစ္စယုပ္ပတ္တိယာစ–တိုးပွားခြင်း၏ အကြောင်း၏ဖြစ်ခြင်းငှာလည်းကောင်း၊ ဇနကသာမတ္ထိယာနု ရူပံ–ဇနကကံ၏ အစွမ်းသတ္တိအားလျော်စွာ၊ စိရတရပ္ပဝတ္တိပစ္စယဘူတံ–ကြာမြင့်စွာဖြစ်ခြင်း၏ အကြောင်းဖြစ်၍ဖြစ်သော၊ ကုသလာကုသလကမ္မံ–သည်၊ ဥပတ္ထမ္ဘကံနာမ–၏။

ကမ္မန္တရဇနိတဝိပါကဿ-တစ်ပါးသောဇနကကံသည်ဖြစ်စေအပ်သောအကျိုး ၏၊ ဗျာဓိဓာတုဝိသမတာဒိနိမိတ္တဝိဗာဓနေန–အနာရောဂါဖြစ်ခြင်း, လေးပါး သော ဓာတ်တို့၏မညီညွတ်ကုန်သည်၏အဖြစ် အစရှိသည်တို့၏အကြောင်းကို

---

နိုင်အောင်) ဇနကကံကို ထောက်ပံ့ပံ့ ပြ၏၊ မှန်၏–“ကမ္မန္တရဿ ပစ္စယဘူတံ”ဖြင့် “မိမိမှ တစ်ပါးသောဇနကကံ၏ အထောက်အမံ့ဖြစ်သော ဥပတ္ထမ္ဘကကံ”ဟု ဆိုလို သည်၊ ထိုသို့ ထောက်ပံ့ရာ၌ ကုသိုလ်ဇနကကံကို ကုသိုလ်ဥပတ္ထမ္ဘကကံက, အကုသိုလ် ဇနကကံကို အကုသိုလ်ဥပတ္ထမ္ဘကကံက ထောက်ပံ့ပံ့ကိုသာ ဖွင့်ကြသည်။

**ဝိပါကဿေဝ ၊ပေ၊ ဥပတ္ထမ္ဘကံ နာမ**။ ။ဤဒုတိယဝါကျဖြင့် ဇနကကံ၏အကျိုး ဝိပါက်ကို ထောက်ပံ့ပံ့ပြ၏၊ မှန်၏–“ဝိပါကဿေဝ သုခဒုက္ခဘူတဿ”ဖြင့် ကုသိုလ် ဇနကကံ၏ အကျိုးဖြစ်သော သုခဝိပါက, အကုသိုလ်ဇနကကံ၏ အကျိုးဖြစ်သော ဒုက္ခဝိပါကကို ပြ၏၊ ထိုသို့ ကောင်းကျိုး ဆိုးကျိုးအစဉ်ကို ထောက်ပံ့ရာ၌ အစဉ် ညံ့ မသွားအောင် အစဉ်ပြတ်မသွားအောင် ထောက်ပံ့ခြင်း, နဂိုအစဉ်မှ တိုးတက်ကြီးပွားလာ အောင် ထောက်ပံ့ခြင်းဟု နှစ်မျိုးရှိသည်တွင် ဝိစ္ဆေဒပစ္စယ+အနုပ္ပတ္တိယာဖြင့် ညံ့မသွား အောင်, ဥပဗြူဟနပစ္စယုပ္ပတ္တိယာဖြင့် တိုးတက်လာအောင် ထောက်ပံ့ပံ့ကို ပြသည်၊ [သုခသည် ဣဋ္ဌ၏, ဒုက္ခသည် အနိဋ္ဌ၏ပရိယာယ်တည်။]

**မှတ်ချက်**။ ။ဤဋီကာကျော်၌ “ဝိစ္ဆေဒပစ္စယာနုပ္ပတ္တိယာ”ဟု ရှိ၏၊ တိကနိပါတ် ဒေဝဒူတဝဂ် အင်္ဂုတ္တိုရ်ဋီကာ၌ “ဝိဗာဓကေဝိစ္ဆေဒကပစ္စယာနုပ္ပတ္တိယာ”ဟု ရှိသည်၊ ထိုတွင် ဝိဗာဓကပစ္စယအနုပ္ပတ္တိဖြင့် ဇနကကံ၏အကျိုးကို ဥပပီဠကတံက မနှိပ်စက်နိုင် အောင် ထောက်ပံ့ပံ့ကိုပြ၍, ဝိစ္ဆေဒကပစ္စယအနုပ္ပတ္တိဖြင့် ဇနကကံ၏အကျိုးကို ဥပဃာတက ကံက မသတ်ဖြတ်နိုင်အောင် ထောက်ပံ့ပံ့ကိုပြသည်။

**ကမ္မန္တရ၊ပေ၊ဥပပီဠကံနာမ**။ ။ကမ္မန္တရဇနိတ–ဇနကကံဟူသော ကံတစ်ပါးသည် ဖြစ်စေအပ်သော+ဝိပါကဿ–ကုသိုလ်ဇနကကံ၏ ဣဋ္ဌအကျိုး, အကုသိုလ်ဇနကကံ၏ အနိဋ္ဌအကျိုး၏၊ ဤပုဒ်ကို စိရတရပ္ပဝတ္တိ၌ စပ်၊ ထိုအကျိုးနှစ်မျိုး၏ ကြာမြင့်စွာ ဖြစ် ခြင်း–ဟူလို၊ ထိုသို့ ကြာမြင့်စွာ ဖြစ်ခြင်းကို (ဥပဃာတကကံကဲ့သို့ တစ်ခါတည်း မဖြတ်လိုက်ဘဲ) နှိပ်စက်ရုံ နှိပ်စက်တတ်သော ကံသည် ဥပပီဠကကံ မည်၏။

တားမြစ်နှိပ်စက်ခြင်းအားဖြင့်၊ စိရတရပ္ပဝတ္တိဝိနိဗန္ဓကံ-ကြာမြင့်စွာဖြစ် ခြင်းကို တားမြစ်တတ်သော၊ ယံကိဉ္စိ-အမှတ်မရှိတစ်စုံတစ်ခုသော၊ ကမ္မံ-သည်၊ ဥပပီဠကကံနာမ-မည်၏၊ ပန-ကား၊ ဒုဗ္ဗလဿ-သော၊ ကမ္မဿ-ဇနက ကံ၏၊ ဇနကသာမတ္ထိယံ-ဆက်၍ဖြစ်စေနိုင်သော အစွမ်းသတ္တိကို၊ ဥပဟစ္စ-ကပ်ရောက်နှိပ်စက်၍၊ ဝိစ္ဆေဒကပစ္စယုပ္ပာဒနေန-ဖြတ်တောက်ခြင်း၏ အကြောင်းကို ဖြစ်စေခြင်းအားဖြင့်၊ တဿ-ထိုဇနကကံ၏၊ ဝိပါကံ-အကျိုးကို၊ ပဋိဗာဟိတွာ-(ဆက်လက်မဖြစ်အောင်)တားမြစ်ပြီး၍၊ သယံ-ကိုယ်တိုင်၊ ဝိပါက နိဗ္ဗတ္တကကမ္မံ-အကျိုးကိုဖြစ်စေတတ်သောကံသည်၊ ဥပဃာတကံနာမ-မည်၏။

---

**ဗျာဓိ ၊ပေ၊ ဝိဗာဓနေန**။ ။ဤပုဒ်၌ "ဗျာဓိနိမိတ္တ-ဓာတုဝိသမတာဒိနိမိတ္တ"ဟု ခွဲပါ၊ ထိုတွင် ဗျာဓိနိမိတ္တဝိဗာဓန-ဟူသည် အနာရောဂါဖြစ်ခြင်း၏ အကြောင်းအဖြစ်ဖြင့် တားမြစ်နှိပ်စက်ခြင်းတည်း၊ မှန်၏-ခန္ဓာအစဉ်၌ အနာရောဂါ ဖြစ်လာလျှင် ထို အနာရောဂါက ဇနကကံကြောင့်ဖြစ်သော ခန္ဓာအစဉ်ကို နှိပ်စက်ရာ ရောက်၏၊ သို့သော် ဥပပီဠကကံသည် အနာရောဂါကို တိုက်ရိုက် မဖြစ်စေနိုင်၊ အနာရောဂါဖြစ်ခြင်း၏ အကြောင်းဖြစ်သော အစာအာဟာရ မပြည့်စုံခြင်း, ဥတု ရေ မြေ မမျှတခြင်းစသော အကြောင်းများကိုသာ တွေ့ကြုံအောင် စီမံနိုင်သည်။

**ဓာတုဝိသမတာနိမိတ္တ**။ ။ပထဝီစသော ဓာတ်ကြီးလေးပါးတို့ မညီမညွတ်ကြလျှင် လည်း ဇနကကံကြောင့်ဖြစ်သော ခန္ဓာအစဉ်ကို နှိပ်စက်ရာရောက်၏၊ သို့သော် ထို ဓာတ်လေးပါး မညီညွတ်အောင် ဥပပီဠကကံက တိုက်ရိုက်မနှိပ်စက်နိုင်၊ မညီမ ညွတ်ခြင်း၏ အကြောင်းဖြစ်သော (စိတ်မချမ်းသာစေခြင်း, ဥတုမကောင်းနှင့်တွေ့ စေခြင်း, အစာအာဟာရ မမျှတစေခြင်းတို့ကို ဖြစ်စေနိုင်သည်၊ [ဋီကာကျော်စာအုပ်၌ "ဓာတု သမတာ"ဟု တွေ့ရ၏၊ အင်္ဂုတ္တိုရ်ဋီကာ၌ကား "ယေန ပစ္စနီကဘူတေန ရောဂဓာတု ဝိသမတာဒိနိမိတ္တတာယ ဝိဗာဓိယတိ"ဟု တွေ့ရ၏၊ ဓာတုဝိသမတာဖြစ်မှ နှိပ်စက်ရာ ရောက်သောကြောင့် အင်္ဂုတ္တိုရ်ဋီကာစကားသာလျှင် သဘာဝကျသည်၊ ဝိသမတာဒိ၌ အာဒိဖြင့် ဗဟိဒ္ဓက ဥတု, အာဟာရစသည်တို့၏ မညီမျှခြင်းကို ယူ။]

**ယံကိဉ္စိကမ္မံ**။ ။"ယံကိဉ္စိ ကမ္မံ"ဟု ဆိုသောကြောင့် "ကုသိုလ်ဥပပီဠကကံက အကုသိုလ်ဇနကကံ၏အကျိုးကို နှိပ်စက်သည်"ဟု ဆို၍ ခွေးသဏ္ဌာန်၌ ကောင်း မွန်စွာ စားရသောက်ရအောင် ကုသိုလ်ကံက အကျိုးပေးခြင်းသည် အကုသိုလ်ကံ၏ အကျိုးကို နှိပ်စက်ရာ ရောက်၏"ဟု ပြောဆိုကြသေး၏၊ သို့သော် ထိုအကျိုးသည် ကုသိုလ်ဇနကကံ ၏ ပဝတ္တိကျိုးဖြစ်သောကြောင့် ဥပပီဠက မဖြစ်ထိုက်။

**ဒုဗ္ဗလဿ ၊ပေ၊ ဥပဃာတကံ နာမ**။ ။မူလအကျိုးပေးနေသော ဇနကကံက သတ္တိ နည်းပါးသောကြောင့် ထို ဇနကကံ၏ အကျိုးကိုဖြတ်တောက်၍ မိမိက ဆက်လက် အကျိုးပေးသော ကံသည် ဥပဃာတကကံမည်၏၊ [ဥပဃာတကကံသည် သူ့ကိုယ်တိုင် ဆက်၍အကျိုးပေးသောအရာ, ဆက်၍ အကျိုးမပေးသောအရာဟု နှစ်မျိုး ရှိ၏၊ ထို နှစ်မျိုးကို ဘာသာဋီကာ၌ စိစစ်ထားပြီ။]

ဟိ–အထူးကား၊ ဇနကောပဃာတကာနံ–ဇနကကံ ဥပဃာတကကံတို့၏၊ အယံ–ကား၊ ဝိသေသော–တည်း၊ ဇနကံ–ဇနကကံသည်၊ ကမ္မန္တရဿ–တစ်ပါးသော ဇနကကံ၏၊ ဝိပါကံ–ကို၊ အနုပစ္ဆိန္ဒိတွာဝ–မဖြတ်တောက်မူ၍သာလျှင်၊ ဝိပါကံ–ကို၊ ဇနေတိ–ဖြစ်စေ၏၊ ဥပဃာတကံ–သည်၊ ဥပစ္ဆေဒနပုဗ္ဗကံ–ဖြတ်တောက်ခြင်းရှေးရှိသည်၊ (ဟုတွာ–၍၊ ဝိပါကံ–ကို၊ ဇနေတိ–၏၊) ဣတိ–ဤကားအထူးတည်း၊ ဣဒံ–ဤအဆုံးအဖြတ်သည်၊ တာဝ–အပရေဝါဒမှ ရှေးဦးစွာ၊ အဋ္ဌကထာသု–တို့၌၊ သန္နိဋ္ဌာနံ–အဆုံးအဖြတ်တည်း။

ပန–ဝါဒန္တရကား၊ အပရေ–အဋ္ဌကထာဆရာတို့မှ ဘစ်ပါးကုန်သော၊ အာစရိယာ–တို့သည်၊ [ဝဒန္တိ၌ စပ်၊] ဥပပီဠကကမ္မံ–သည်၊ ဗဟွာဗာဓတာဒိပစ္စယောပသံဟာရေန–များသော အနာရောဂါရှိသူ၏ အဖြစ်အစရှိသည်တို့၏ အကြောင်းကို ကပ်ဆောင်ခြင်းဖြင့်၊ ကမ္မန္တရဿ–တစ်ပါးသော ဇနကကံ၏၊ ဝိပါကံ–ကို၊ အန္တရန္တရာ–အကြား အကြား၌၊ ဝိဗာဓတိ–နှိပ်စက်တတ်၏၊ ဥပဃာတကံ ပန–သည်ကား၊ တံ–ထိုဇနကကံတစ်ပါး၏အကျိုးကို၊သဗ္ဗသော–ကြွင်းမဲ့ဥသံု အလုံးစုံအားဖြင့်၊ ဥပစ္ဆိန္ဒိတွာ–ဖြတ်တောက်ပြီး၍၊ အညဿ–အခြားသော ဇနကကံအား၊ ဩကာသံ–အကျိုးပေးခွင့်ကို၊ ဒေတိ–၏၊ သယံ ပန–မိမိသည်ကား၊န ဝိပါကနိဗ္ဗတ္တကံ–အကျိုးကို မဖြစ်စေနိုင်၊[အရှင်ဒေဝဒတ်၏

---

**ဇနကော ।ပေ। ဝိသေသော**။ ။ဇနကကံသည် (မိမိအလျှင် အကျိုးပေးနေသော ဇနကကံတစ်ပါး၏ အကျိုးကို မဖြတ်တောက်ဘဲ, ထိုကံအရှိန်ကုန်မှ) မိမိက အကျိုးပေးသည်၊ ဥပဃာတကကံကား ဇနကကံ၏ အကျိုးကို ဖြတ်တောက်ပြီးလျှင် မိမိက ဆက်လက်၍ အကျိုးပေးသည်”ဟု ဆိုလိုသတတ်၊ [ဆက်၍အကျိုးပေး–မပေးကို ဘာသာဋီကာ၌ ပြထားသည်။]

**အပရေ ।ပေ। ဝဒန္တိ**။ ။အပရေဆရာတို့ကား–ဥပပီဠကကံသည် ဇနကကံ၏ အကျိုးကိုတစ်ခါတည်း မဖြတ်ဘဲ မသေမီ အကြားအကြား၌ နှိပ်စက်၏၊ ထိုသို့ နှိပ်စက်ရာဝယ် အနာရောဂါဖြစ်ခြင်း၏ အကြောင်းကို ထိုပုဂ္ဂိုလ်သန္တာန်၌ ဆောင်ပို့သောအားဖြင့် နှိပ်စက်သည်၊ ဥပဃာတကကံကား အကြားအကြား၌ နှိပ်စက်ခြင်းမျိုးတို့ မဟုတ်ဘဲ တစ်ခါတည်း ပြတ်သွားအောင် ဖျက်ဆီးပြီးလျှင် အခြားဇနကကံတစ်မျိုးအား အကျိုးပေးခွင့် ပြု၏၊ သူ့ကိုယ်တိုင်ကား (ဇနကသတ္တိ မရှိသောကြောင့်) အကျိုးမပေးနိုင်၊ ဤသို့ ဆိုကြသည်။

**မှတ်ချက်**။ ။ဤ၌ ဗဟွာဗာဓတာဒိပစ္စယနှင့် ရှေ့၌ ဗျာဓိဓာတုဝိသမတာဒိနိမိတ္တသည် သဘောတူ၏၊ ထို့ကြောင့် ဗာဓတာဒိ၌ အာဒိဖြင့် ဓာတုဝိသမတာ စသည်ကို ယူ၊ ထို့ပြင်–ဥပပီဠကကံက နှိပ်စက်ရာဝယ် ဝိပါက်အစဉ်အားလုံး ကုန်၍ မသွား၊ ဥပဃာတကကံက သတ်ဖြတ်ရာ၌ကား ဝိပါက်အစဉ်အားလုံး ပြတ်သွား၏၊ ထို့ကြောင့် “သဗ္ဗသော ဥပစ္ဆိန္ဒိတွာ”ဆိုသည်ဟု မှတ်ပါ။

အာနန္တရိယကံသည် လူ့ဘဝအကျိုးကိုဖြတ်၍ အဝီစိ၌ အကျိုးဝိပါက်ကို ပေးခြင်းဖြင့် ဤစကား၏ မပြည့်စုံပုံကို ဘာသာဋီကာ၌ အကျယ်ပြထား၏။] ဟိ–လဒ္ဓဂုဏ်ကို ပြဦးအံ့၊ ဇဝ်–ဤသို့ အနက်အဓိပ္ပာယ်ကို ယူအပ်သော်၊ ဇနကတော–ဇနကကံမှ၊ ဣမဿ–ဤဥပဃာတကကံ၏၊ ဝိသေသော–အထူးသည်၊ သုပါကဋော–အလွန်ထင်ရှား၏၊ ဣတိ–ဤသို့၊ ဝဒန္တိ–န်၏။

ကိစ္စဝသေနာတိ–ကား၊ ဇနနဥပတ္ထမ္ဘနဥပပီဠနဥပစ္ဆေဒနကိစ္စဝသေန–ဖြစ်စေခြင်းကိစ္စ, ထောက်ပံ့ခြင်းကိစ္စ, ကပ်၍နှိပ်စက်ခြင်းကိစ္စ, ဖြတ်တောက်ခြင်းကိစ္စတို့၏ အစွမ်းဖြင့်၊ (စတ္တာရိ–န်သော၊ ကမ္မာနိ– ဟောန္တိ။]

**၅၁**။ ဂရုကန္တိ–ကား၊ မဟာသာဝဇ္ဇံ–ကြီးလေးသောအပြစ်ရှိသည်၊ ဟုတ္ွာစ–ဖြစ်၍လည်းကောင်း၊ မဟာနုဘာဝံ–ကြီးသောအာနုဘော်ရှိသည်၊ (ဟုတွာစ–၍လည်းကောင်း၊) အညေန–သော၊ ကမ္မေန–သည်၊ ပဋိဗာဟိတုံ–တားမြစ်ခြင်းငှာ၊ အသက္ကုဏေယျကမ္မံ–မစွမ်းနိုင်သောကံတည်း၊ အာသန္နန္တိ–ကား၊ မရဏကာလေ–သေခါနီးအခါ၌၊ အနုဿရိတံ–အောက်မေ့အပ်သော ကံသည်လည်းကောင်း၊ တဒါ–ထိုသေခါနီးအခါ၌၊ ကတဉ္စ–ပြုအပ်သော ကံသည်လည်းကောင်းတည်း၊ အာစိဏ္ဏန္တိ–ကား၊ အဘိဏှသော–မပြတ်အားဖြင့်၊ ကတံ–ပြုအပ်သော ကံတည်း၊ ဝါ–နည်း၊ ဧကဝါရံ–တစ်ကြိမ်၊ ကတ္ွာပိ–ပြုပြီး၍လည်း၊ အဘိဏှသော–မပြတ်အားဖြင့်၊ သမာသေဝိတံ–ကောင်းစွာမှီဝဲအပ်သောကံတည်း၊ ကဋတ္တာကမ္မန္တိ–ကား၊ ဂရုကာဒိဘာဝံ–ဂရုကကံ အစရှိသည်၏ အဖြစ်သို့၊ အသမ္ပတ္တံ–မရောက်သော၊ ကတမတ္တတောယေဝ–ပြုအပ်သည်၏

**ဇဝ်ဟိ ၊ပေ၊ သုပါကဋော**။ ။အပရေဆရာတို့က မိမိတို့ဝါဒ၏ အကျိုးရ (လဒ္ဓဂုဏ်) ကို ပြလိုသောကြောင့် ဇဝ်ဟိ–စသည် မိန့်၊ ဤသို့ အဓိပ္ပာယ်ယူမှသာ ဇနကကံမှ ဤဥပဃာတကကံ၏ ထူးခြားပုံ ထင်ရှားမည်၊ အဋ္ဌကထာတို့၌ ဆုံးဖြတ်သည့် အတိုင်း ဥပဃာတကကံက ဖြတ်တောက်ပြီးနောက် ဆက်လက်၍ အကျိုးပေးနေသေး' လျှင် ထိုဥပဃာတကကံသည် ဇနကကံအရာ၌ တည်သောကြောင့် ဇနကကံနှင့် ဥပဃာတကကံ၏ ထူးခြားပုံမထင်ရှားဘဲ ရှိလိမ့်မည်–ဟူလို။

**မဟာ ၊ပေ၊ အာနုဘာဝံ**။ ။ဝဇ္ဇမေဝ–အပြစ်သည်ပင်၊ အဝဇ္ဇံ–အဝဇ္ဇမည်၏၊ အ–အနက်မရှိ၊ တဗ္ဘာဝဝုတ္တိကမ္မဓာရည်းသမာသ်၊ သဟ+အဝဇ္ဇေန ယံ ဝတ္တတီတိ သာဝဇ္ဇံ၊ မဟန္တံ+ဟုတွာ+သာဝဇ္ဇံ မဟာသာဝဇ္ဇံ–ကြီးလေးသည်ဖြစ်၍ အပြစ်ရှိသောကံ၊ ဝါ–အပြစ်ကြီးသော ကံ၊ ဤစကားဖြင့် အကုသိုလ် ဂရုကကံကို ပြသည်၊ မဟာနုဘာဝံကား အခြားမဲ့၌ ဗြဟ္မာ့ပြည်အကျိုးကို ပေးနိုင်လောက်အောင် ကြီးမားသော အာနုဘော်ရှိသော ကုသိုလ် ဂရုကကံကိုပြသော စကားတည်း၊ ထိုသို့မဟာသာဝဇ္ဇမဟာနုဘာဝဖြစ်သောကြောင့်ပင် ထိုကံများကို အကျိုးမပေးနိုင်အောင် အခြားကံများက တားမြစ်ခြင်းငှာ မစွမ်းနိုင်။

အဖြစ်ကြောင့်ပင်၊ ကမ္မန္တိ–ကံဟူ၍၊ ဝတ္တဗ္ဗံ–ဆိုထိုက်သော၊ ကမ္မံ–ကံတည်း၊ [ကဋတ္တာ–ပြုအပ်သည်၏ အဖြစ်ကြောင့်၊ ကမ္မံ–ကံဟုခေါ် အပ်သောကံတည်း၊ ကဋတ္တာကမ္မံ–ပြုအပ်သည်၏ အဖြစ်ကြောင့် ကံဟု ခေါ်အပ်သော ကံ၊ ထိုကံတို့၏ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ။]

တတ္ထ–ထိုကံတို့တွင်၊ ကုသလံဝါ–ကုသိုလ်သည်မူလည်း၊ ဟောတု–ဖြစ်စေ၊ အကုသလံဝါ–သည်မူလည်း၊ (ဟောတု–စေ၊) ဂရုကာဂရုကေသု–ဂရုကကံ၊ ဂရုကမဟုတ်သောကံတို့တွင်၊ ယံ–အကြင်ကံသည်၊ ဂရုကံ–ကြီးလေး၏၊ အကုသလပက္ခေ–အကုသိုလ်၏အဖို့၌၊ မာတုဃာတကာဒိကမ္မံ–မာတုဃာတကကံ အစရှိသောကံသည်လည်းကောင်း၊ ကုသလပက္ခေ–၌၊ မဟဂ္ဂတကမ္မံဝါ–မဟဂ္ဂုတ်ကံသည်သော်လည်းကောင်း၊ (ဟောတိ–၏၊) အာသန္နာဒိကမ္မေ–အာသန္နအစရှိသောကံသည်၊ သတိပိ–ရှိပါသော်လည်း၊ တဒေဝ–ထိုဂရုကကံသည်သာလျှင်၊ ပဌမံ–စွာ၊ ဝိပစ္စတိ–အကျိုးပေး၏၊ ပရိတ္တံ–နည်းသော၊ ဥဒကံ–ကို၊ ဩတ္ထရိတွာ–လွှမ်းမိုး၍၊ ဂစ္ဆန္တော–သွားသော၊ မဟောဃောဝိယ–ကြီးသော ရေအယဉ်ကဲ့သို့တည်း၊ [အာသန္နစသောကံသည် အနည်းငယ်သော ရေနှင့်တူ၏၊ ဂရုကကံသည် ကြီးစွာသောရေအယဉ်နှင့် တူ၏။] တထာဟိ–ထို့ကြောင့်ပင်၊ (ထိုသို့ အာသန္နစသော ကံကို လွှမ်းမိုး၍ အကျိုးပေးနိုင်သောကြောင့်ပင်၊) တံ–ထိုကံကို၊ ဂရုကန္တိ–ဂရုကကံဟူ၍၊ ဝုစ္စတိ–၏။

တသ္မိံ–ထို ဂရုကကံသည်၊ အသတိ–သော်၊ ဒူရာသန္နေသု–ဝေးသောကံ၊ နီးသောကံတို့တွင်၊ ယံ–အကြင်ကံကို၊ ဝါ–သည်၊ အာသန္နံ–နီး၏၊ မရဏကာလေ–၌၊ အနုဿရိတံ–အောက်မေ့အပ်၏၊ [အာသန္နံကိုပင် "မရဏကာလေ အနုဿရိတံ" ဟု ထပ်ဖွင့်သည်၊] တဒေဝ–ထို နီးသောကံသည်သာ၊ ပဌမံ–စွာ၊ ဝိပစ္စတိ–၏၊ အာသန္နကာလေ–သေခါနီးအခါ၌၊ ကတေ–ပြုအပ်သော်၊ ဝတ္တဗ္ဗမေဝ–ဆိုဘွယ်သည်ပင်၊ နတ္ထိ–မရှိ၊ [သေခါနီးကာလ၌ အောက်မေ့အပ်သောကံသော်မှ ရှေးဦးစွာ အကျိုးပေးနိုင်လျှင် သေခါနီးကာလ၌ ပြုအပ်သော ကံ၏ ရှေးဦးစွာ အကျိုးပေးနိုင်ကြောင်းမှာ ဆိုဘွယ်မလိုတော့–ဟု သမ္ဘာဝနာပြုသော ဝါကျတည်း၊] တသ္မိံပိ–ထို အာသန္နကံသည်လည်း၊ အသတိ–သော်၊ အာစိဏ္ဏာနာစိဏ္ဏေသု စ–အာစိဏ္ဏကံ, အာစိဏ္ဏမဟုတ်သော ကံတို့တွင်လည်း၊ သုသီလျံ ဝါ–ကောင်းသောသီလရှိသူ၏အဖြစ်မူလည်းဖြစ်သော၊ [နေ့စဉ် ဒါန ပြုခြင်း, သီလဆောက်တည်ခြင်း, ဘာဝနာပွားခြင်းစသည်–ဟူလို၊] ဒုသီလျံ ဝါ–သီလမရှိသူ၏ အဖြစ်မူလည်းဖြစ်သော၊ [နေ့စဉ် သူ့အသက်ကို သတ်ခြင်း, လိမ်လည် လှည့်စားခြင်း စသည်–ဟူလို၊] ယံ–အကြင် ကံကို၊ အာစိဏ္ဏံ–အမြဲမပြတ် လေ့ကျက်အပ်၏၊ တဒေဝ–ထို ကံသည်သာ၊ ပဌမံ ဝိပစ္စတိ။

ပန–ကား၊ ကင္ဒုတ္တာကမ္မံ–သည်၊ လဒ္ဓါသေဝနံ–ရအပ်သော အာသေဝန ရှိသည်၊ (သမာနံ–သော်၊) [ဂရုကစသည် အဖြစ်သို့ မရောက်သော သာမည ပြုအပ်သော ကင္ဒုတ္တာကံကိုပင် ပြုပြီးနောက်၌ပြန်၍ ဝမ်းမြောက်လျှင် "လဒ္ဓ+ အာသေဝန"ဟု ဆိုသည်၊ ပဌာန်းထည်းက အာသေဝနပစ္စည်းမဟုတ်၊ တိဟိတ်ကုသိုလ်စသည် အခွဲ၌ အာသေဝန၏ အဓိပ္ပာယ်ကို ပြအံ့၊] ပုရိမာနံ–ရှေးကံသုံးမျိုးတို့၏၊ အဘာဝေန–မရှိခြင်းကြောင့်၊ ပဋိသန္ဓိံ–ပဋိသန္ဓေကျိုးကို၊ အာကမုတိ–ငင်နိုင်၏၊ ဣတိ–ဤသို့လျှင်၊ ဂရုကေ–ဂရုကကံသည်၊ အသတိ–သော်၊ အာသန္နံ–အာသန္နကံမည်သည်၊ (ဝိပစ္စတိ၊) တသ္မိံပိ–ထို အာသန္နကံ သည်လည်း၊ အသတိ, အာစိဏ္ဏံ–သည်၊ (ဝိပစ္စတိ၊) တသ္မိံပိ–သည်လည်း၊ အသတိ, ကင္ဒုတ္တာကမ္မံ–သည်၊ (ဝိပစ္စတိ၊) တေန–ကြောင့်၊ ပါကဒါနပရိယာယေနာတိ–နဟူ၍၊ (အာစရိယော) အာဟ–ပြီ၊ ဝိပါကဒါနာနုက္ကမေန–အကျိုးပေးခြင်း၏ အစဉ်အားဖြင့်၊ (စတ္တာရိ ကမ္မာနိ ဟောန္တိ၊) ဣတိ အတ္ထော–နက်၊ [ပါကကို ဝိပါက ဟုလည်းကောင်း, ပရိယာယကို အနုက္ကမ ဟုလည်းကောင်း ဖွင့်သည်။]

ပန–ဝါဒန္တရကား၊ အဘိဓမ္မာဝတာရာဒီသု–အဘိဓမ္မာဝတာရကျမ်း အစရှိသည်တို့၌၊ အာသန္နတော–န္နကံထက်၊ အာစိဏ္ဏံ–ဏ္ဏကံကို၊ ပဌမံ–စွာ၊ ဝိပစ္စန္တံ–အကျိုးပေးသည်ကို၊ ကတွာ–၍၊ ဝုတ္တံ–ပြီ၊ ပန–ထို သို့ပင်ဆိုအပ်ပါသော်လည်း၊ ဂေါဂဏပရိပုဏ္ဏာဿ–နွားအပေါင်းဖြင့်ပြည့်သော၊ ဝဇဿ–ခြံ၏၊ ဒွါရေ–တံခါးကို၊ ဝိဝဋေ–ဖွင့်အပ်သော်၊ ဝါ–ဖွင့်လိုက်လျှင်၊ အပရဘာဂေ–ခြံတံခါး၏ နောက်အဖို့၌၊ ဒမ္မဂဝဗလဝဂဝေသု–ဆုံးမထိုက်သော နွား, အားရှိသော နွားတို့ သည်၊ သန္တေသုပိ–ရှိပါကုန်သော်လည်း၊ ယော–အကြင်နွားသည်၊ ဝဇဒွါရဿ–ခြံတံခါး၏၊ အာသန္နော–နီးကပ်နေသည်၊ ဟောတိ–၏၊ အန္တမသော–ဖြင့်၊ ဒုဗ္ဗလဇရဂ္ဂဝေါပိ–အားမရှိသော နွားအိုသည်သော်လည်း၊ ဟောတု–ဖြစ်စေ၊ သောယေဝ–ထို တံခါးနှင့်နီးကပ်သော နွားသည်သာ၊ ပဌမတရံ–စွာ၊ နိက္ခမတိ ယထာ–ထွက်ရသကဲ့သို့၊ ဧဝံ–တူ၊ ဂရုကတော–ကကံမှ၊ အညေသု–န်သော၊ ကုသလာကုသလေသု–ကုသိုလ်ကံ, အကုသိုလ်ကံတို့သည်၊ သန္တေသုပိ–ထင်ရှား ရှိကုန်သော်လည်း၊[အာသန္န အာစိဏ္ဏ ကင္ဒုတ္တာကံ အဖြစ်ဖြင့်ရှိကုန်သော်လည်း၊] မရဏကာလဿ–သေခါနီးအခါ၏၊ အာသန္နတ္တာ–နီးကပ်သည်၏ အဖြစ် ကြောင့်၊ အာသန္နမေဝ–န္နကံသည်သာ၊ ပဌမံ–အာစိဏ္ဏကံ၏ ရှေးဦးစွာ၊ ဝိပါကံ–ကို၊ ဒေတိ–၏၊ ဣတိ–ကြောင့်၊ ဣဓ–ဤသင်္ဂြိုဟ်ကျမ်း၌၊ တံ–ထိုအာသန္နကံကို၊ ပဌမံ–အာစိဏ္ဏကံ၏ ရှေးဦးစွာ၊ ဝုတ္တံ–ပြီ၊ [ခြံတံခါးနှင့် အနီးဆုံး နွားအိုပင် ဖြစ်စေ ရှေးဦးစွာ ထွက်ရသကဲ့သို့, သေခါနီးကာလနှင့် နီးသော အာသန္နကံ သည် အာစိဏ္ဏကံ၏ ရှေးဦးစွာ အကျိုးပေးသသည်–ဟုလို။]

**၅၂။** ဒိဋ္ဌဓမ္မော–ဒိဋ္ဌဓမ္မဟူသည်၊ ဝါ–မျက်မှောက်ထင်ထင်, တွေ့မြင်အပ်သော သဘောဟူသည်၊ ပစ္စက္ခဘူတော–မျက်မှောက်ဖြစ်၍ ဖြစ်သော၊ ပစ္စုပ္ပန္နော–ပစ္စုပ္ပန်ဖြစ်သော၊ အတ္တဘာဝေါ–အတ္တဘောတည်း၊ တတ္ထ–ထို ပစ္စုပ္ပန်အတ္တဘော၌၊ ဝိပါကာနုဘဝနဝသေန–အကျိုးကိုခံစားခြင်း၏ အစွမ်းဖြင့်၊ ဝေဒိတဗ္ဗံ–ခံစားထိုက်သောကံတည်း၊ ဣတိ–ကြောင့်၊ ဒိဋ္ဌဓမ္မဝေဒနီယံ–ယကံမည်၏၊ ဒိဋ္ဌဓမ္မတော–မျက်မှောက်ထင်ထင်, တွေ့မြင်အပ်သောသဘောဟူသော ပစ္စုပ္ပန်အတ္တဘောမှ၊ အနန္တရံ–အခြားမဲ့ဘဝသို့၊ ဥပပဇ္ဇိတွာ–ကပ်ရောက်၍၊ ဝေဒိတဗ္ဗံ–ခံစားထိုက်သော ကံသည်၊ ဥပပဇ္ဇဝေဒနီယံ–ယကံမည်၏၊ [ဥပပဇ္ဇကို ဥပပဇ္ဇိတွာဟု ဖွင့်သည်၊] အပရေ အပရေ–တစ်ပါးသော တစ်ပါးသော၊ ဒိဋ္ဌဓမ္မတော–ပစ္စုပ္ပန်ဘဝမှ၊ ["ဒိဋ္ဌဓမ္မာနာဂတာနန္တရဘဝတော–ပစ္စုပ္ပန်ဘဝ, အနာဂတ် အခြားမဲ့ဘဝမှ"ဟု ရှိလျှင် ကောင်း၏၊] အညသ္မိံ–တစ်ပါးသော၊ ယတ္ထ ကတ္ထစိ–အမှတ်မရှိတစ်စုံတစ်ခုသော၊ အတ္တဘာဝေ–၌၊ ဝေဒိတဗ္ဗံ–သော၊ ကမ္မံ–သည်၊ အပရာပရိယဝေဒနီယံ–ကံမည်၏၊ [ဤ ပုဒ်၏အကျယ် အဆုံးအဖြတ်ကို ဘာသာဋီကာ၌ ပြထားပြီ၊] အဟောသိ ဝေ– ဖြစ်ပြီးသည်သာလျှင်ဖြစ်သော၊ ကမ္မံ–ကံတည်း၊ တဿ–ထို ကံ၏၊ ဝိပါကော– သည်၊ န အဟောသိ(စ)–ဖြစ်ပြီးလည်းမဟုတ်၊ န အတ္ထိ(စ)ဖြစ် ဆဲလည်းမဟုတ်၊ န ဘဝိဿတိစ–ဖြစ်လတ္တံ့လည်းမဟုတ်၊ ဣတိဝေ–ဤသို့၊ ဝတ္တဗ္ဗကမ္မံ–ဆိုထိုက်သော ကံသည်၊ အဟောသိကမ္မံ–အဟောသိကံမည်၏။

---

**ဒိဋ္ဌဓမ္မဝေဒနီယံ။** ။"ဒိဋ္ဌော+ဓမ္မော–ဒိဋ္ဌဓမ္မော"ဟု ပြု၍ မျက်မှောက် တွေ့မြင်အပ်သော သဘောကို "ဒိဋ္ဌဓမ္မ"ဟု ခေါ်၏၊ ထို သဘောဟူသည် ယခုတွေ့ရသော ပစ္စုပ္ပန် အတ္တဘော (ခန္ဓာကိုယ်) တည်း၊ ဝေဒိတဗ္ဗံတိ ဝေဒနီယံ၊ စုရာဒိ ဝိဒဓာတ်သည် ခံစားခြင်းအနက်ကို ဟောသောကြောင့် "ခံစားထိုက်သော ကံ"ဟု ပေး၊ ဒိဋ္ဌဓမ္မေ+ဝေဒနီယံ ဒိဋ္ဌဓမ္မဝေဒနီယံ၊ ဤဝိဂြိုဟ်အရ ပစ္စုပ္ပန်ဘဝ၌ ခံစားထိုက်သောအကျိုးကို တိုက်ရိုက်ရ သော်လည်း အကျိုး၏ ဒိဋ္ဌဓမ္မဝေဒနီယအမည်ကို အကြောင်းကံ၌ တင်စား၍ ဖလူပစာရအားဖြင့် အကြောင်းကံကို "ဒိဋ္ဌဓမ္မဝေဒနီယ"ဟု ခေါ်ရသည်၊ "ဒိဋ္ဌဓမ္မေ+ ဝေဒနီယံ (ခံစားအပ်သောအကျိုး) ယဿ"ဟု ဗဟုဗ္ဗီဟိဝစနတ္ထ ပြုလျှင် အကျိုးရှိသော ကံကို တိုက်ရိုက်ရသောနည်းကိုလည်း မဏိမဉ္ဇူ၌ ပြ၏။

**အဟောသိကံ။** ။မဏိမဉ္ဇူ၌ အဟောသိကမ္မံဝယ် အဟောသိပုဒ်ကို အာချာတ်ပုဒ်ဟု ယူ၍ "နာမာနံ သမာသော"၌ နာမာနံကို ယေဘုယျအားဖြင့် ဆိုသည်၊ အာချာတ်ပုဒ် နှင့်လည်း အနည်းငယ် သမာသ်ဖြစ်၏–ဟု ဆိုသွား၏၊ အမှန်မှာ–ဤ အဟောသိပုဒ် သည် အာချာတ်မဟုတ်၊ အဟောသိဟူသော မူလအာချာတ်ပုဒ်ကို အတုပြုထားသော အနုကရဏသဒ္ဒါ (ရုဠ္ဟီသဒ္ဒါ) သာတည်း၊ "အဟောသိစ+တံ+ကမ္မဉ္စာတိ အဟောသိကမ္မံ" ဟု ပြု။

တတ္ထ–ထို လေးပါးသောကံတို့တွင်၊ ပဋိပက္ခေဟိ–ဆန့်ကျင်ဘက်ဖြစ်သော တရားတို့သည်၊ အနဘိဘူတတာယ–မလွှမ်းမိုးအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ပစ္စယဝိသေသေန–အကြောင်းအထူးကြောင့်၊ ပဋိလဒ္ဓဝိသေသတာယစ–ရအပ်သော သတ္တိအထူးရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဗလဝဘာဝပ္ပတ္တာ–အားရှိသည်၏ အဖြစ်သို့ရောက်သော၊ တာဒိသဿ–ထိုကဲ့သို့ ရှုအပ်သော၊ ပုဗ္ဗာဘိသင်္ခါရဿ–ရှေ့အဖို့၌ ပြုပြင်မှု၏၊ ဝသေန–ဖြင့်၊ သာတိသယာ–လွန်ကဲသော သတ္တိရှိသည်၊ ဟုတွာ–၍၊ တသ္မိံ ယေဝအတ္တဘာဝေ–ထိုကံဖြစ်ရာ အတ္တဘော၌ပင်၊ ဝါ–ထို ပစ္စုပ္ပန်အတ္တဘော၌ပင်၊ ဖလဒါယိနီ–အကျိုးကို ပေးခြင်းရှိသော၊ ပဌမဇဝနစေတနာ–ပဌမဇောစေတနာသည်၊ ဒိဋ္ဌဓမ္မဝေဒနီယံ–ယကံမည်၏။

**တတ္ထ ။ပေ၊ ဒိဋ္ဌဓမ္မဝေဒနီယံ နာမ။** ။ထို ကံလေးပါးကို ချဲ့လို၍ တတ္ထစသည်မိန့်၊ "တတ္ထ ပဌမဇဝနစေတနာ ဒိဋ္ဌဓမ္မဝေဒနီယံ နာမ" သည် လိုရင်းတည်း၊ အဘယ်သို့သော ပဌမဇောစေတနာပါနည်း–ဟု မေးဘွယ်ရှိသောကြောင့် "ဗလဝဘာဝပ္ပတ္တာ, သာတိသယာ, တသ္မိံ ယေဝ အတ္တဘာဝေ ဖလဒါယိနီ" ဟူသော ဝိသေသနတို့ကို မိန့်သည်၊ "အားရှိသည်၏ အဖြစ်သို့ရောက်သော (အားရှိသော) ရိုးရိုးပဌမဇောတို့ထက် သတ္တိလွန်ကဲသော, ထိုကံပြုရာဘဝ၌ပင် အကျိုးပေးသော ပဌမဇောစေတနာ" ဟူလို၊ ဤ စကားဖြင့် ပဌမဇောစေတနာတိုင်းကို ဒိဋ္ဌဓမ္မဝေဒနီယကံ–ဟု မခေါ်ရ၊ ထိုကဲ့သို့ အားရှိ သတ္တိရှိ၍ ထိုဘဝ၌ပင် အကျိုးပေးနိုင်သော ပဌမဇော စေတနာကိုသာ ဒိဋ္ဌဓမ္မဝေဒနီယကံခေါ်ရသည်–ဟု မှတ်ပါ။

**ပဋိပက္ခေဟိ၊ပေ၊ဝိသေသတာယစ။** ။ဤနှစ်ပုဒ်ကား ဗလဝဘာဝပ္ပတ္တာ၏ ဟိတ်တည်း၊ ကုသိုလ်သည် အကုသိုလ်၏ဆန့်ကျင်ဘက်, အကုသိုလ်လည်း ကုသိုလ်၏ဆန့်ဘက်တည်း၊ ထိုသို့ ဆန့်ကျင်ဘက်ကံက ခန္ဓာအစဉ်မှာ လွှမ်းမိုးနေလျှင် ပဌမဇောသည် အားမရှိ၊ အားမရှိလျှင် ဒိဋ္ဌဓမ္မအကျိုးကို မပေးနိုင်၊ ထိုသို့ ဆန့်ကျင်ဘက်ကံ၏ လွှမ်းမိုးမှုမရှိမှ ပဌမဇောသည် အားရှိ၍ ဒိဋ္ဌဓမ္မအကျိုးကို ပေးနိုင်သည်၊ ပစ္စယဝိသေသ (ထူးသောအကြောင်း) ဟူသည် ကောင်းကျိုးပေးရာ၌ ဥပဓိသမ္ပတ္တိ–ပယောဂသမ္ပတ္တိစသော အကြောင်း, မကောင်းကျိုးပေးရာ၌ ဥပဓိဝိပတ္တိ စသော အကြောင်းတည်း၊ [ကမ္မသဝိပါကဒါနံ နာမ ဥပဓိပယောဂါဒိ ပစ္စယန္တရ သမဝါယေနေဝ ဟောတိ၊–အင်္ဂုတ္တိုရ်ဋီကာ။]

**တာဒိသဿ၊ ပေ၊ သာတိသယာ။** ။"တာဒိသ–ထို သာတိသယဖြစ်လောက်သော သဘောရှိသော+ပုဗ္ဗ–ကံအထမမြောက်မီ ရှေ့အဘို့၌+အဘိသင်္ခါရ–ဇောစိတ်ကို ပြုပြင်မှု"ဟူသည် အဓိပတိပစ္စည်းခန်း၌ လာသည့်အတိုင်း "ဆန္ဒရှိလျှင် ဤအမှုကို ဘာ့ကြောင့်မပြီးစီးစေဘဲ ရှိရမည်နည်း" စသည်ဖြင့် ဆန္ဒဝီရိယ စိတ္တ ပညာတစ်ပါးပါး တိုးတက်လာအောင် ရှေ့စိတ်က ပြုပြင်မှုတည်း၊ ထို ပြုပြင်မှုကြောင့် နောက်စိတ်သည် သတ္တိလွန်ကဲလာ၏၊ ထိုလွန်ကဲလာသော နောက်စိတ်တွင် ပါဝင်သော ပဌမဇောလည်း ရိုးရိုးပဌမဇောထက် သတ္တိလွန်ကဲလာနိုင်သည်၊ ထိုအကြောင်းများကြောင့် အားလည်းရှိ–သတ္တိလည်းလွန်ကဲသော ပဌမဇောသာ ဒိဋ္ဌဓမ္မအကျိုးကို ပေးနိုင်သည်–ဟူလို။

ဟိ–မှန်၊ သာ–ထို ပဌမဇောစေတနာသည်၊ ဝုတ္တပ္ပကာရေန–ဆိုအပ်ပြီးသော အပြားရှိသော အကြောင်းကြောင့်၊ ဗလဝဇဝနသန္တာနေ–အားရှိသော ဇောအစဉ်၌၊ ဂုဏာဝိသေသယုတ္တေသု–ဂုဏ်အထူးနှင့် ယှဉ်သော ပုဂ္ဂိုလ်တို့၌၊ ဥပကာရာပကာရဝသပ္ပဝတ္တိယာ–ကျေးဇူးပြုခြင်း, ကျေးဇူးမဲ့ပြုခြင်း၏ အစွမ်းဖြင့်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ အာသေဝနာလာဘေန (အာသေဝန+အလာဘေန)–အာသေဝနပစ္စည်းကို မရခြင်းကြောင့်၊ ဝါ–အာသေဝနပစ္စည်းကို မရသည့်အတွက်၊ အပ္ပဝိပါကတာယစ–နည်းသောအကျိုးရှိသည်၏အဖြစ်ကြောင့်လည်းကောင်း၊ လ္လတရဒ္ဓယံ ဝိယ–မိမိမှတစ်ပါးသောဥပပဇ္ဇဝေဒနီယ, အပရာပရိယဝေဒနီယ နှစ်ပါးအပေါင်းကဲ့သို့၊ ပဝတ္တသန္တာနုပရမာပေက္ခံ–ဖြစ်ဆဲ ခန္ဓာအစဉ်၏ ကင်းကွာခြင်းကို ရှုငဲ့ခြင်းသည်လည်းဖြစ်သော၊ ဩကာသလာဘာပေက္ခ–

**သာ ဟိ ၊ပေ၊ ဖလံ ဒေတိ။** ။ရှေ့စကားကို ခိုင်မြဲစေလို၍ "သာ ဟိ" စသည် မိန့်၊ "ဝုတ္တပ္ပကာရေန ဗလဝဇဝနသန္တာနေ" ဖြင့် ပဋိပက္ခေဟိ၊ပေ၊ဗလဝ ဘာဝပ္ပတ္တာကို ခိုင်မြဲစေ၏၊ ထို့ကြောင့် "ဝုတ္တပ္ပကာရ" ဟူသည် "ပဋိပက္ခေဟိ အနဘိဘူတတာယ, ပစ္စယဝိသေသေန ပဋိလဒ္ဓဝိသေသတာယ"ဟူသော အကြောင်းနှစ်ပါးတည်း၊ "ဂုဏာဝိသေသယုတ္တေသု ၊ပေ၊ ဝသပ္ပဝတ္တိ"ဟူသည် မဟာဒုတ်သည် ဂုဏာဝိသေသယုတ္တဖြစ်တော်မူသော ကဿပဘုရားရှင်အား ဆွမ်းလှူခြင်းဥပကာရ (ကျေးဇူး)ကို ပြု၏၊ နန္ဒလုလင်သည် ဥပ္ပလဝဏ်ထေရီမဟူသော ဂုဏာဝိသေသယုတ္တပုဂ္ဂိုလ်၌ အပကာရ (ကျေးဇူးမဲ့–ပြစ်မှားမှုကို ပြု၏၊ [စာအုပ်များ၌ "ဥပကာရာနုပကာရ"ဟု တွေ့ရ၏၊ ဇော်ကားသော အရာမျိုးကို "အပကာရ"ဟု ပါဠိသုံးရှိသည်၊ မဏိမဥ္ဇူ၌ကား "န+ကာရော–အပကာရော"ဟု ပြု၍ "ကျေးဇူးမပြုခြင်းဟု ဖွင့်၏။]

**အာသေဝနာ ၊ပေ၊ တာယ။** ။ဇောခုနစ်ကြိမ်တွင် ပဌမဇောမှစ၍ ရှေးရှေးဇောသည် ဒုတိယဇောစသော နောက်နောက်ဇောအား အာသေဝနသတ္တိဖြင့် အဆင့်ဆင့်ကျေးဇူးပြုရ၏၊ ပဌမဇောကား (မိမိရှေ့က ကျေးဇူးပြုပေးမည့်တရား မရှိသောကြောင့်) အာသေဝနသတ္တိဖြင့် ကျေးဇူးပြု မခံရ၊ ထိုသို့ ကျေးဇူးပြု မခံရသောကြောင့် အကျိုးနည်းနည်းပါးပါးသာ ပေးနိုင်ရကား အခြားကံနှစ်ပါးကဲ့သို့ နောက်ဘဝရောက်အောင် မဆိုင်းဘဲ ယခုဘဝမှာပင် ဖြစ်သမျှ အကျိုးကို ပေးရတော့သည်–ဟူလို။

**ပဝတ္တ ၊ပေ၊ ပေက္ခ ကမ္မံ။** ။ ပဝတ္တသန္တာန–ဖြစ်ဆဲခန္ဓာအစဉ်၏+ဥပရမ–ကင်းခြင်းကို+အပေက္ခံ–ငဲ့သောကံ၊ ဤစကားသည် ဥပပဇ္ဇဝေဒနီယကံကို စောင်းသော စကားတည်း၊ ဥပပဇ္ဇဝေဒနီယကံသည် ဖြစ်ဆဲခန္ဓာအစဉ်ကင်း၍ ဒုတိယဘဝရောက်မှ အကျိုးပေးသကဲ့သို့ ဤဒိဋ္ဌဓမ္မဝေဒနီယကံသည် ဖြစ်ဆဲခန္ဓာအစဉ်၏ ကင်းခြင်းကို မငဲ့ဘဲဖြစ်ဆဲခန္ဓာအစဉ်မှာပင် အကျိုးပေးသည်–ဟူလို၊ ဩကာသလာဘာပေက္ခံ–ကား အပရာပရိယကံကို စောင်းသောစကားတည်း၊ အပရာပရိယကံသည် အကျိုးပေးခွင့်ရမှုကိုငဲ့၍ အခွင့်ရရာ ဘဝကျမှ အကျိုးပေးသကဲ့သို့ ဤကံကား ထိုကဲ့သို့ငဲ့၍ မနေဘဲ ယခုဘဝတွင် အကျိုးပေးသည်–ဟူလို။

အခွင့်ရခြင်းကို ရှုငဲ့ခြင်းသည်လည်းဖြစ်သော၊ ကမ္မံ–သည်၊ န ဟောတိ–မဟုတ်၊ ဣတိ–ကြောင့်၊ ဣဓေဝ–ဤဘဝ၌ပင်၊ ပုပ္ဖမတ္တံဝိယ–အပွင့်မျှကဲ့သို့၊ ပဝတ္တိဝိပါကမတ္တံ–ပဝတ္တိအကျိုးမျှဖြစ်သော၊ အဟောတုကဖလံ–အဟိတ်အကျိုးကို၊ ဒေတိ–၏၊

ပန–ကား၊ အတ္ထသာဓိကာ–ကိစ္စကိုပြီးစေနိုင်သော၊ သတ္တမဇဝနစေတနာ–သတ္တမဇောစေတနာသည်၊ [ဥပပဇ္ဇဝေဒနီယံနာမဥ္စ ပါ၊] သန္နိဋ္ဌာပကစေတနာဘူတာ–အပြီးအဆုံးသို့ ရောက်စေနိုင်သော စေတနာဖြစ်၍ဖြစ်သည်၊ ဝုတ္တနယေန–ဖြင့်၊ ပဋိလဒ္ဓဝိသေသာ–ရအပ်သောသတ္တိထူးရှိသည်၊ (ဟုတ္တွာ–၍၊) အနန္တရတ္တဘာဝေ–အခြားမဲ့အတ္တဘော၌၊ ဝါ–ဒုတိယဘဝ၌၊ ဝိပါကဒါယိနီ–အကျိုးကိုပေးနိုင်သည်၊ (သမာနာ–သော်၊) ဥပပဇ္ဇဝေဒနီယံ နာမကံမည်၏၊ စ–ဆက်၊ သာ–ထို သတ္တမဇောစေတနာသည်၊ ပဋိသန္ဓိံ–ကို၊ ဒတွာဝ–ပေးပြီး၍သာလျှင်၊ ဝါ–ပေးပြီးမှသာလျှင်၊ ပဝတ္တိဝိပါကံ–ကို၊ ဒေတိ–ပေးနိုင်၏၊ ပဋိသန္ဓိယာ–ပဋိသန္ဓေကျိုးကို၊ အဒိန္နာယပန–မပေးအပ်သော်ကား၊ ပဝတ္တိဝိပါကံ–ကို၊ ဒေတိ–၏၊ ဣတိ–ဤသို့ဆိုဖွယ်သည်၊ နတ္ထိ–မရှိ၊ စုတိအနန္တရံ–စုတိ၏ အခြားမဲ့ကာလသည်၊ [ဒုတိယဘဝ၏ အစကာလဟူလို၊] ဥပပဇ္ဇဝေဒနီယဿ–ကံ၏၊ ဩကာသော–အခွင့်တည်း။

**ပုပ္ဖ ။ပေ၊ မတ္တံ ဒေတိ**။ ။ရှောက်ပင်စသော သစ်ပင်သည် အရွယ်ငယ်၍ နုနယ်သော ပဌမအချိန်ဝယ် အပွင့်သာ ပွင့်စေနိုင်၏၊ ထိုအပွင့်မှ အသီးမဖြစ်စေနိုင်၊ ဤပဌမဇောလည်း ဇောခုနစ်ကြိမ်ဝယ် ပဌမဆုံးဖြစ်၍ နုနယ်သောကြောင့် (အာသေဝနပစ္စည်းမရသောကြောင့်) အသီးနှင့်တူသော ပဋိသန္ဓေကျိုးကို မပေးနိုင်ဘဲ အပွင့်နှင့်တူသော ပဝတ္တိအကျိုးကိုသာ ပေးနိုင်၏၊ ထို ပဝတ္တိအကျိုးသည် ပဋိသန္ဓေကျိုးလောက်မကြီးကျယ်သောကြောင့် အပွအနက်ဟော မတ္တသဒ္ဒါဖြင့် "ဝိပါကမတ္တံ"ဟု ဆိုသည်၊ ထို ပဝတ္တိကျိုးကား–စက္ခုဝိညာဉ်စသော ဝိပါက်, ကမ္မဇရုပ်, ကံလျှင်အရင်းခံ၍ ဥတုကြောင့်ဖြစ်သော ရွှေငွေစသော ကမ္မပစ္စယဥတုဇရုပ်များတည်း၊ ထိုအကျိုးများ သည် အဟိတ်ဝိပါက်စိတ်နှင့် အဟိတ်အမည်ရသော ရုပ်တရားဖြစ်သောကြောင့် "အဟောတုကဖလံ"ဟု ဆိုသည်။

**အတ္ထ ။ပေ၊ ဥပပဇ္ဇဝေဒနီယံ နာမ**။ ။ပါဏာတိပါတစသော,ဒါနစသော အကြောင်းဝတ္ထု ကိစ္စစုကို "အတ္ထ"ဟု ခေါ်၊ ထို အတ္ထကို သတ္တမဇောစေတနာသာ ပြီးစေနိုင်၏၊ ထိုစေတနာသည် ကိစ္စကို ပြီးဆုံးစေနိုင်သောကြောင့် သန္နိဋ္ဌာပကစေတနာလည်း မည်၏၊ ပဋိပက္ခအနဘိဘူတပစ္စယဝိသေသတို့ကို "ဝုတ္တနယေန"ဟုဆိုသည်၊ ထို ဆိုအပ်ပြီးသော အကြောင်းတည်းဟူသော ဝိသေသကို ရမှ ဒုတိယဘဝ၌ အကျိုး ပေးနိုင်သည်။

**သာစ ။ပေ၊ ဩကာသော**။ ။သတ္တမဇောသည် ဒုတိယဘဝ၌ ပဋိသန္ဓေကျိုးကို ပဋိသန္ဓေခဏ၌ ပဌမပေးရမှ ပဝတ္တိကျိုးကို ဆက်၍ ပေးနိုင်၏၊ ပဋိသန္ဓေကျိုး မပေးလိုက်ရလျှင် ပဝတ္တိကျိုး သက်သက်ကို ပေး၏–ဟု မဆိုနိုင်၊ မှန်၏–ဤ ဘဝစုတိ၏

ပန–ဝါဒန္တ ရကား၊ ပဋိသန္ဓိယာ–ပဋိသန္ဓေကျိုးကို၊ ဒိန္နာယ–ပေးအပ်ပြီးသော်၊ [ဒုတိယဘဝ၌ ပဋိသန္ဓေကျိုးစ၍ပေးလျှင်–ဟူလို၊] ဓာတိသတေပိ–ဘဝအရာ၌ လည်း၊ ပဝတ္တိဝိပါကံ–ကို၊ ဒေတိ–၏၊ ဣတိ–သို့၊ အာစရိယာ–တို့သည်၊ (ဝဒန္တိ၊) [ဤအာစရိယဝါဒ၏ မသင့်ကြောင်းကို ဘာသာဋီကာ၌ စိစစ်ထားပြီ၊] ယထာဝုတ္တကာရဏဝိရဟတော–အကြင်အကြင် ဆိုအပ်ပြီးသော အကြောင်း တို့မှ ကင်းခြင်းကြောင့်၊ ဒိဋ္ဌဓမ္မဝေဒနီယာဒိဘာဝံ–ယက် အစရှိသည်တို့၏ အဖြစ်သို့၊ အသမ္ပတ္တာ–မရောက်သော၊ အာဒိပရိယောသာနစေတနာနံ–အစဖြစ် သော ပဌမဇောစေတနာ, အဆုံးဖြစ်သော သတ္တမဇောစေတနာတို့၏၊ မဇ္ဈေ– ၌၊ ပဝတ္တာ–သော၊ ပဉ္စစေတနာ–ငါးပါးသောစေတနာသည်၊ [အပရာပရိယ ဝေဒနီယံ နာမဖွဲ့စပ်၊] ဝိပါကဒါနသဘာဝဿ–အကျိုးပေးခြင်းသဘော၏၊ အနုပ္ပစ္ဆိန္နတ္တာ–မပြတ်စဲသည်၏ အဖြစ်ကြောင့်၊ ယဒါ ကဒါစိ–အမှတ်မထား တစ်ပါးပါးသော ဘဝ၌၊ ဩကာသလာဘေ–အကျိုးပေးခွင့်ကိုရခြင်းသည်၊ သတိ–သော်၊ ပဋိသန္ဓိပဝတ္တီသု–တို့၌၊ ဝိပါကံ–ကို၊ အဘိနိပ္ဖာဒေန္တီ–ပြီးစေတတ် သည်၊ (ဟုတွာ–၍၊) အပရာပရိယဝေဒနီယံ နာမ–ကံ မည်၏။

ပန–ကား၊ သကသကကာလာတီတံ–မိမိ၏ဥစ္စာ မိမိ၏ဥစ္စာဖြစ်သော ကာလကိုလွန်သော၊ ပုရိမကမ္မဒွယံ–ရှေးကံနှစ်ပါးအပေါင်းသည်၊ (အဟောသိ ကမ္မံ နာမ–ကံမည်၏၊) စ–ဆက်၊ တတိယမ္ပိ–သုံးခုမြောက်ဖြစ်သော အပရာ ပရိယဝေဒနီယကံသည်လည်း၊ သံသာရပ္ပဝတ္တိယာ–သံသရာ၏ဖြစ်ခြင်းသည်၊ (ခန္ဓာအာယတနဓာတ်တို့၏ အဆက်မပြတ်ဖြစ်ခြင်းတည်းဟူသော သံသရာ၏ ဖြစ်ခြင်းသည်၊) ဝေါစ္ဆိန္နာယ–ပြတ်စဲလတ်သော်၊ အဟောသိကမ္မံနာမ–မည်၏။

ပါကကာလဝသေနာတိ–ကား၊ ပစ္စုပ္ပန္နေ–ပစ္စုပ္ပန်ဘဝ၌လည်းကောင်း၊ တဒနန္တရေ–ထို ပစ္စုပ္ပန်ဘဝ၏ အခြားမဲ့ဖြစ်သော ဒုတိယဘဝ၌လည်းကောင်း၊

---

အခြားမဲ့ဖြစ်သော ဒုတိယဘဝ၏ အစကာလသည် ဥပပဇ္ဇဝေဒနီယကံ၏ အကျိုးပေးဖို့ရာ အခွင့်အခါတည်း၊ ထိုအချိန်၌ အခွင့်မရလိုက်လျှင် တစ်ဘဝလုံး ပဝတ္တိကျိုးပေးဖို့ရန် မျှော်လင့်ချက် မရှိတော့–ဟူလို၊ ဥပမာ–အိမ်၏တံခါးပေါက်ကိုမျှ ဝင်ခွင့်မရလျှင် အိမ်တွင်းလှည့်လည်ဖဖို့ မျှော်လင့်ချက် မရှိသကဲ့သို့တည်း၊ [ဤစကား၏ မသင့်ကြောင်းကို ဘာသာဋီကာ၌ စိစစ်ထားပြီ။]

**ယထာဝုတ္တ ၊ပေ၊ ဝေဒနီယံနာမ**။ ။ပဋိပက္ခေဟိ အနဘိဘူတတာယ–စသော အကြောင်းများကို "ယထာဝုတ္တကာရဏ"ဟု ဆိုသည်၊ ထိုအကြောင်းများ မရှိသောကြောင့် ဒိဋ္ဌဓမ္မဝေဒနီယစသောအဖြစ်သို့ မရောက်–ဟူလို၊ "ပဉ္စစေတနာ ၊ပေ၊ပဋိသန္ဓိပဝတ္တီသု ဝိပါကံ အဘိနိပ္ဖာဒေန္တီ"ထောက်၍ အလယ်ဇောငါးချက်သည် ပဋိသန္ဓေငါးကြိမ် အကျိုးပေးနိုင်၏–ဟု ယူကြ၏၊ ထို အယူမသင့်ကြောင်းကို ဘာသာဋီကာ၌ စိစစ်ထားပြီ။

ယဒါကဒါစိ–တတိယဘဝမှစ၍ အမှတ်မထားတစ်ပါးပါးသော ဘဝ၌လည်းကောင်း၊ ဣတိဝေ (ဣမေသု ကာလေသု)–ဤကာလတို့၌၊ ပုရိမာနံ–န်သော၊ တိဏ္ဏံ–သုံးပါးသော ကံတို့၏၊ ယထာပရိစ္ဆိန္နကာလဝသေန–အကြင်အကြင်ပိုင်းခြားအပ်သော ကာလ၏အစွမ်းဖြင့်လည်းကောင်း၊ ဣတရဿ–ထိုကံသုံးပါးမှတစ်ပါးသော အဟောသိကံ၏၊ တံကာလာဘာဝဝသေနစ–ထို အကျိုးပေးရာကာလ၏ မရှိခြင်း၏ အစွမ်းဖြင့်လည်းကောင်း၊ (စတ္တာရိ ကမ္မာနိ ဟောန္တိ၊) ဟိ–မှန်၏၊ အဟောသိကမ္မဿ–၏၊ ကာလာတိက္ကမတောဝ–အကျိုးပေးရာကာလကို လွန်ခြင်းကြောင့်သာလျှင်၊ ဝါ–အကျိုးပေးရာကာလကို လွန်မှုသာလျှင်၊ တံဝေါဟာရော–ထို အဟောသိကံဟူသော အခေါ်အဝေါ်သည်၊ (ဟောတိ၊) [ကာလာဘာဝနှင့် ကာလာတိက္ကမသည် အဓိပ္ပာယ်တူ၏။]

**၅၃။** ပါကဋ္ဌာနဝသေနာတိ–ကား၊ ပဋိသန္ဓိယာ–ပဋိသန္ဓေ၏၊ ဝိပစ္စနဘူမိဝသေန–အကျိုးဖြစ်ရာဘုံ၏အစွမ်းဖြင့်၊ (စတ္တာရိ ကမ္မာနိ ဟောန္တိ။)

**၅၄။** ဣဒါနိ–ယခုအခါ၌၊ အကုသလာဒိကမ္မာနံ–အကုသိုလ်အစရှိသော ကံတို့၏၊ [အာဒိဖြင့် ကာမာဝစရကုသိုလ်, ရူပါဝစရကုသိုလ်, အရူပါဝစရ ကုသိုလ်ကံတို့ကို ယူ၊] ကာယကမ္မဒွါရာဒိဝသေန–ကာယကမ္မဒွါရ အစရှိသည်တို့၏ အစွမ်းဖြင့်၊ ပဝတ္တိံ–ဖြစ်ပုံကိုလည်းကောင်း၊ စ–သည်သာမကသေး၊ [တံနိဒ္ဒေသမုခေနစ၌ စသဒ္ဒါသည် ပိုဟန်တူ၏၊] တံနိဒ္ဒေသမုခေန–ထို ဖြစ်ပုံကို ညွှန်ပြခြင်းကို အဦးပြုသဖြင့်၊ တေသံ–ထို အကုသိုလ်အစရှိသော ကံတို့၏၊ ပါဏာတိပါတာဒိဝသေန–ပါဏာတိပါတ အစရှိသည်တို့၏ အစွမ်းဖြင့်၊ ဒသဝိဓာဒိဘေဒဥ္စ–ဒသဝိဓအစရှိသော အပြားကိုလည်းကောင်း၊ ဒဿေတုံ–ငှာ၊ တတ္ထ အကုသလန္တျာဒိ–တတ္ထ အကုသလံ အစရှိသောဝါကျကို၊ (အာစရိယော)

**ပါကကာလဝသေန**။ ။ပါကဿ–အကျိုး၏+ကာလော–အခါတည်း၊ ပါကကာလော–ခါ၊ "အကျိုး၏+အခါ"ဟူရာ၌ အကျိုးနှင့်+အခါတို့ သမ္ဗန်+သမ္ဗန္ဓီ အဖြစ်ဖြင့် စပ်ရကား "အကျိုးနှင့်+စပ်သောအခါ"ဟု ဆိုလိုသည်၊ ထို့ကြောင့် အကျိုးဖြစ်ရာအခါသည်လည်းကောင်း အကျိုးမဖြစ်ရာအခါသည်လည်းကောင်း (အကျိုးနှင့် စပ်၍ နာမည်ရသောကြောင့်) "ပါကကာလ"ဟု ခေါ်နိုင်သည်၊ တစ်နည်း "ပါကဘာဝါဘာဝကာလ"ဟု ဆိုလိုလျက် "ဘာဝါဘာဝ"ဟူသော အလယ်ပုဒ်ကို ချေထားသော မဇ္ဈေလောပီသမာသ်တည်း။

**ဣဒါနိ ။ပေ၊ အာရဒ္ဓံ**။ ။"အကုသလာဒိ ကမ္မာနံ ။ပေ၊ ပဝတ္တိံ" ဖြင့် "တတ္ထ အကုသလံ ကာယကမ္မံ ဝစီကမ္မံ မနောကမ္မဉ္စေတိ ကမ္မဒွါရဝသေန တိဝိဓံ ဟောတိ"ကို ရည်ရွယ်သည်၊ "တံ နိဒ္ဒေသ ။ပေ၊ ဒသဝိဓာဒိဘေဒံ"ဖြင့် ကထံ ပါဏာတိပါတော–စသော အကျယ်ကို ရည်ရွယ်သည်၊ ကာယကမ္မဒွါရာဒိ၌ အာဒိဖြင့် ဝစီကမ္မဒွါရ မနောကမ္မဒွါရတို့ကို ယူ၊ ဒသဝိဓာဒိ၌ အာဒိဖြင့် စိတ္တုပ္ပာဒ်အားဖြင့် ၁၂ ပါးပြားပုံ, ကုသိုလ်ကံများ၏ အမျိုးမျိုးပြားပုံကိုလည်းကောင်း ယူ။

အာရဒ္ဓံ–ပြီ၊ ကာယဒွါရေ–၌၊ ပဝတ္တံ–သော၊ ကမ္မံ–ကံတည်း၊ ကာယကမ္မံ–ကာယဒွါရ၌ဖြစ်သော ကံ၊ ဝစီကမ္မာဒီနိ–ဝစီကမ္မ အစရှိသော သဒ္ဒါတို့သည်၊ ဇဝံ–ဤအတူတည်း။

**၅၅။** ပါဏာဿ–သတ္တဝါကို၊ ဝါ–ဇီဝိတိန္ဒြေကို၊ [ပါတနံ၌ စပ်၊] သဏိကံ–ဖြည်းဖြည်း၊ ပတိတုံ–ကျခြင်းငှာ၊ အဒတွာ–မပေးမူ၍၊ အတိဝ (အတိ+ဧဝ)–လျင်စွာသာလျင်၊ ပါတနံ–ကျစေခြင်းသည်၊ ဝါ–ကျစေကြောင်းစေတနာသည်၊ ပါဏာတိပါတော–မည်၏၊ ကာယဝါစာဟိ–ကိုယ်နှုတ်တို့ဖြင့်၊ အဒိန္နဿ–မပေးအပ်သော ဥစ္စာကို၊ အာဒါနံ–ယူခြင်းသည်၊ ဝါ–ယူကြောင်းစေတနာသည်၊ အဒိန္နာဒါနံ–နမည်၏၊ မေထုနဝီတိက္ကမသင်္ခါတေသု–မေထုန်ကျူးလွန်ခြင်းဟုဆိုအပ်ကုန်သော၊ ဝါ–မေထုန်ကျူးလွန်ကြောင်း စိတ္တုပ္ပါဒ်ဟု ဆိုအပ်ကုန်သော၊ ကာမေသု–ကိလေသာကာမတို့၌၊ မိစ္ဆာစရဏံ–ယုတ်ယုတ်မာမာကျင့်ခြင်းသည်၊ ဝါ–ယုတ်ယုတ်မာမာ ကျင့်ကြောင်းစေတနာသည်၊ ကာမေသုမိစ္ဆာစာရော–ကာမေသုမိစ္ဆာစာရ မည်၏။

---

**ကာယ ၊ပေ၊ ဒီနိ**။ ။ကာယ၏အရ ကာယဒွါရကို ယူပါ–ဟုလည်းကောင်း, ပဝတ္တဟူသော အလယ်ပုဒ်ကြေသည် ဟုလည်းကောင်း ပြလို၍ "ကာယဒွါရေ+ပဝတ္တံ+ကမ္မံ"ဟု မိန့်သည်၊ "ကာယေ+ပဝတ္တံ+ကမ္မံ ကာယကမ္မံ"ဟု ပြစေလိုရင်းတည်း၊ "ဝစိယံ+ပဝတ္တံ+ကမ္မံ, မနသ္မိံ+ပဝတ္တံ+ကမ္မံ"ဟု နောက်ပုဒ်များကို ပြစေလို၍ ဇဝံ–စသည် မိန့်။

**ပါဏာတိပါတော**။ ။ပါတော၌ ပတဓာတ် ကာရိတ်ကြေ, ဏပစ္စည်း၊ ပါတနံ–ကျစေခြင်း၊ ပါတော–ခြင်း၊ (တစ်နည်း) ပါတီယတေ ဧတေနာတိ ပါတော၊ ဧတေန–ဤသဘောတရားဖြင့်၊ ပါဏော–ကို၊ပါတီယတေ–ကျစေအပ်၏၊ ဣတိ–ဤသို့ ကျစေအပ်ကြောင်း၏ အဖြစ်ကြောင့်၊ သော–ထိုသဘောတရားသည်၊ (စေတနာသည်) ပါတော–မည်၏၊ "အတိဝ+ပါတော အတိပါတော၊ ပါဏာဿ+အတိပါတော"ဟု ပြုကြွင်းသော မှတ်ဖွယ်ကို ဘာသာဋီကာ၌ ပြထားပြီ။

**ကာမေသု မိစ္ဆာစာရော**။ ။ကာမသည် ရူပါရုံစသော ဝတ္ထုကာမ, ထိုအာရုံကို ခံစားတတ်သော တဏှာဟူသောကိလေသာကာမဟုနှစ်မျိုးရှိ၏၊ ထိုတွင်မေထုန်မှုကို ပြုသောအခါ၌ဖြစ်သော ကိလေသာကာမကို ယူစေလို၍ "မေထုန ၊ပေ၊ ကာမေသု"ဟု ဖွင့်သည်၊ မေထုန်သွားလာသော အခါ၌ဖြစ်သော ကိလေသာကာမကို "ကာမေသု"အရ ကာမဟု ယူပါ–ဟူလို၊ မိစ္ဆာသဒ္ဒါသည် လာမကအနက်ကို ဟော၏၊ သမီး ခင်ပွန်းချင်း ခံစားရာ၌ လောကအလိုက် မကဲ့ရဲ့ထိုက်သောကြောင့် မိစ္ဆာ–ဟု မဆိုရ၊ အခြားမိန်းမယောကျ်ားတို့နှင့် အတူခံစားရာ၌ကား ကဲ့ရဲ့ထိုက်သောကြောင့် "မိစ္ဆာ (ယုတ်မာသည်)"ဟု ဆိုရသည်၊ မိစ္ဆာ+စရဏံ မိစ္ဆာစာရော၊ ကာမေသု+မိစ္ဆာစာရော ကာမေသုမိစ္ဆာစာရော၊ ကာမေသု၌ သုဝိဘတ်မကြေသော အလုတ္တသမာသ်၊ ကြွင်းမှတ်ဖွယ်ကို ဘာသာဋီကာမှာရှု။

[ပါဏာတိပါတစသည်တို့၏ အရကောက်ကို ပြလို၍ တတ္ထစသည် မိန့်၊] တတ္ထ–ထို သုံးပါးတို့တွင်၊ ပါဏောတိ–ကား၊ ဝေါဟာရတော–ခေါ်ဝေါ်ပြော ဆိုကြောင်းပညတ်အားဖြင့်၊ သတ္တော–သတ္တဝါတည်း၊ [ဝေါဟာရီယတိ ဧတေနာ တိ ဝေါဟာရော၊ ခေါ်ဝေါ်ပြောဆိုကြောင်းပညတ်၊ ဝိ, အဝပုဗ္ဗဟရဓာတ် ဏပစ္စည်း၊] ပရမတ္ထတော–တ္ထအားဖြင့်၊ ဇီဝိတိန္ဒြိယံ–ဇီဝိတိန္ဒြေတည်း၊ တသ္မိံ ပါဏေ–ထိုသတ္တဝါ၌ ဝါ–ထိုဇီဝိတိန္ဒြေ၌၊ ပါဏသညိနော–ပါဏဟု အမှတ် ရှိသော်ပုဂ္ဂိုလ်၏၊ [စေတနာ၌လုမ်း စပ်၊] ဇီဝိတိန္ဒြိယုပစ္ဆေဒကပယောဂ သမုဋ္ဌာပိကာ–ဇီဝိတိန္ဒြေကို ဖြတ်တတ်သော ပယောဂကို ဖြစ်စေတတ်သော၊ ဝဓကစေတနာ–သတ်ကြောင်းစေတနာသည်၊ ပါဏာတိပါတော–တမည်၏။

ပရဘဏ္ဍေ–သူတစ်ပါး၏ဥစ္စာဘဏ္ဍာ၌၊ တထာသညိနော–ထို သူတစ် ပါး၏ ဥစ္စာဟုအမှတ်ရှိသောပုဂ္ဂိုလ်၏၊ တဒါဒါယကပယောဂသမုဋ္ဌာပိကာ– ထိုဥစ္စာကိုယူတတ်သောပယောဂကို ဖြစ်စေတတ်သော၊ ထေယျစေတနာ– ခိုးသူ၏ဖြစ်ကြောင်း စေတနာသည်၊ အဒိန္နာဒါနံ–နမည်၏၊ [ထေနဿ+ ဘာဝေါ ထေယျံ၊ ထေယျံစ+တံ စေတနာစာတိ ထေယျစေတနာ။]

အသဒ္ဓမ္မသေဝနဝသေန–သူတော်ကောင်းတို့၏ အကျင့်မဟုတ်သော မေထုန်မှီဝဲခြင်း၏ အစွမ်းဖြင့်၊ [သတံ+ဓမ္မော သဒ္ဓမ္မော၊ န+သဒ္ဓမ္မော အသဒ္ဓမ္မော၊ အသဒ္ဓမ္မဿ+သေဝနံ အသဒ္ဓမ္မသေဝနံ၊] ကာယဒွါရပ္ပဝတ္တာ– ကာယဒွါရ၌ဖြစ်သော၊ အဂန္တဗ္ဗဋ္ဌာနဝီတိက္ကမစေတနာ–မသွားလာထိုက်သော အရာဌာနကို ကျူးလွန်ကြောင်းစေတနာသည်၊ ကာမေသုမိစ္ဆာစာရော နာမ– ရမည်၏၊ [အဂန္တဗ္ဗဋ္ဌာနနှင့် အဂမနီယဝတ္ထုသည် တူ၏၊ ထိုအဂမနီယဝတ္ထု နှစ်ဆယ်ကို ဘာသာဋီကာ၌ ပြထားသည်၊] သုရာပါနမ္ပိ–ပါနကိုလည်း၊ ဝါ– သေရည်အရက်သောက်ကြောင်း စေတနာကိုလည်း၊ ဧတ္ထေဝ–ဤကာမေသု မိစ္ဆာစာရ၌ပင်၊ သင်္ဂယှတိ–သွင်းယူအပ်၏၊ ကသ္မာ) ရသ သင်္ခါတေသု–ရသာရုံဟုဆိုအပ်ကုန်သော၊ ကာမေသု–ဝတ္ထုကာမတို့၌၊ မိစ္ဆာစာရ ဘာဝတော–ယုတ်ယုတ်မာမာကျင့်ခြင်း၏ အဖြစ်ကြောင့်တည်း။

ကာယဝိညတ္တိသင်္ခါတေ ကာယဒွါရေတိ–ကား၊ ကာယေန–လှုပ်ရှားသော ကိုယ်ဖြင့်၊ အဓိပ္ပါယံ–အလိုကို၊ ဝိညာပနတော–သိစေတတ်သည်၏ အဖြစ် ကြောင့်လည်းကောင်း၊ သယံ–မိမိဟူသောဝိညတ်ကိုယ်တိုင်၊ကာယေန–လှုပ်ရှား သောကိုယ်ဖြင့်၊ ဝိညေယျတ္တာစ–သိအပ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊

---

**ကာယေန ၊ပေ၊ ကာယဝိညတ္တိသင်္ခါတေ**။ ။"ကာယေန၊ပေ၊ဝိညေယျတ္တာ"ဟူသော ဟိတ်နှစ်ပါးသည် ဝိညတ္တိပုဒ်၏ သဒ္ဒပဝတ္တိနိမိတ် (နာမလာဘဟိတ်) များတည်း၊ ဝိညတ္တိသဒ္ဒါဖြစ်ခြင်း၏အကြောင်း (ဝိညတ္တိနာမည်ရခြင်း၏အကြောင်း)ကို ပြသော

ကာယဝိညတ္တိသင်္ခါတေ–ကာယဝိညတ်ဟုဆိုအပ်သော၊ အဘိက္ကမာဒိဇနကစိတ္တဇဝါယောဓာတွာဒိကကလာပဿ–ရွေ့ရှုသွားခြင်းအစရှိသော အမူအရာကို ဖြစ်စေတတ်သော လွန်ကဲသောဝါယောဓာတ်ရှိသော စိတ္တဇရုပ်ကလာပ်၏၊ ဝိကာရဘူတေ–ထူးခြားသောအမူအရာဖြစ်၍ဖြစ်သော၊ သန္ထမ္ဘနာဒီနံ–ကောင်းစွာထောက်ပံ့ခြင်းအစရှိသည်တို့၏၊ ဝါ–ကို၊ သဟကာရိကာရဏဘူတေ–အတူတကွပြုလေ့ရှိသော အကြောင်းဖြစ်၍ဖြစ်သော၊ စောပနကာယဘာဝတော–လှုပ်ရှားသော ကိုယ်၏အဖြစ်ကြောင့်လည်းကောင်း၊ ကမ္မာနံ–ပါဏာတိပါတ စသောကံတို့၏၊ ပဝတ္တိမုခဘာဝတောစ–ဖြစ်ခြင်း၏အကြောင်း၏အဖြစ်ကြောင့်လည်းကောင်း၊ ကာယဒွါရသင်္ခါတေ–ရဟု ဆိုအပ်သော၊ ကမ္မဒွါရေ–ကမ္မဒွါရ၌။

ဟိတ်များဖြစ်သည်–ဟူလို၊ ထိုတွင်“ကာယေန+အဓိပ္ပာယံ ဝိညာပနတော”ဖြင့် “ဝိညာပေတီတိ ဝိညတ္တိ”ဟူသောဟေတုကတ္တုသာဓနကို ပြ၏၊ [ဝိပုဗ္ဗ ဉာဓာတ်, ကာရိတ်ကြေ, တိပစ္စည်း၊] ဝိညေယျတ္တာဖြင့် “ဝိညာယတီတိ ဝိညတ္တိ”ဟူသော သုဒ္ဓကမ္မသာဓနကို ပြ၏၊ ထို့နောက် “ကာယေန+ဝိညတ္တိ ကာယဝိညတ္တိ”ဟု ဆက်။–

**အဘိက္ကမာဒိ ။ပေ၊ ဝိကာရဘူတေ**။ ။ထိုကာယဝိညတ်သည် ဝိကာရရုပ်တစ်ပါးဖြစ်သောကြောင့် ကာယဝိညတ်ကို “ဝိကာရဘူတေ”ဟု ဆိုသည်၊ ထိုဝိညတ်သည် ပရမတ်စစ်မဟုတ်, အခြားဓာတ်တို့ထက် သတ္တိလွန်ကဲသော ဝါယောဓာတ်ပါရှိသော စိတ္တဇကလာပ်၏ ထူးခြားသော အမူအရာဖြစ်သောကြောင့် “ဝိကာရရုပ်”ဟု သမုတ်ရသည်၊ [ဝိ–ပင်ကိုယ်အနေမှထူးခြားသော+ကာရ–အမူအရာ၊] ထို သတ္တိလွန်ကဲသော ဝါယောဓာတ်သည် အဘိက္ကမစသည်ကို ဖြစ်စေတတ်၏၊ [အာဒိဖြင့် ပဋိက္ကမ, အာလောကိတ, ဝိလောကိတစသည်ကို ယူ၊] စိတ္တဇဝါယောဓာတု+အဓိကာ ယသ္မိံ တိ စိတ္တဇဝါယောဓာတွာဓိကော၊ သောစ+သော+ကာလပေါစာတိ စိတ္တဇ၊ပေ၊ကလာပေါ၊ အဘိက္ကမာဒီနံ+ဇနကော အဘိက္ကမာဒိဇနကော။

**သန္ထမ္ဘနာ ။ပေ၊ ကာရဏဘူတေ**။ ။အဘိက္ကမစသည်ကို ဖြစ်စေရာ၀ယ်ကိုယ်ကိုဖြစ်စေ, ကိုယ်၏အစိတ်အပိုင်းကိုဖြစ်စေ, သန္ထမ္ဘန–(ပျော့အိမနေအောင်) ထောက်ပံ့ထားခြင်း၊ အာင်ဖြင့်သန္ဓာရဏ (အောက်သို့ကျမသွားအောင်) ကောင်းစွာဆောင်ထားခြင်း, သဉ္စာလန–ကောင်းစွာလှုပ်ရှားစေခြင်းတို့ကို ယူ၊ ထို သန္ထမ္ဘနစသော အကျိုးများကို စိတ္တဇဝါယောဓာတ်က ဖြစ်စေရာ၀ယ် ဝိညတ်သည်ဝါယောဓာတ်နှင့် အတူပြုလေ့ရှိသော အကြောင်းဖြစ်၏၊ [ဝိကာရဘူတေ သဟကာရိကာရဏဘူတေတို့သည် ကာယဝိညတ်၏ သဘောကိုပြသော ဝိသေသနတို့တည်း၊ သဟ–ဝါယောဓာတ်နှင့်အတူ+ကာရိ–(သန္ထမ္ဘနစသည်ကို) ပြုလေ့ရှိသည်တည်း၊ သဟကာရိ–သည်၊ သဟကာရိစ+ တံ+ ကာရဏဉ္စာတိ သဟကာရိကာရဏံ။]

**စောပန ။ပေ၊ ကမ္မဒွါရေ**။ ။ဤကား ကာယဒွါရေ၏ အဖွင့်တည်း၊ “စောပနကာယဘာဝတော”ဖြင့် ကာယမည်ခြင်းအကြောင်းကို ပြ၏၊ လက်စသည်ကို လှုပ်စေတတ်သောကြောင့် “စောပေတီတိ စောပနော”အရ စောပနမည်၏၊ ကိုယ်ကာယ၏

ဟိ–မှန်၊ ["ကမ္မာနံ ပဝတ္တိမုခဘာဝတော"ဟူသောစကားမှန်သည်ဟူလို၊] တံတံကမ္မသဟဂတစိတ္တုပ္ပာဒေနေဝ–ထိုထိုကံနှင့် တကွဖြစ်သော စိတ္တုပ္ပာဒ်သည်သာလျှင်၊ သာဝိညတ္တိ–ထိုဝိညတ်ကို၊ ကိဥ္စာပိဇနီယတိ–အကယ်၍ကား ဖြစ်စေအပ်ပါပေ၏၊ တထာပိ–ထိုသို့ပင်ဖြစ်စေအပ်ပါသော်လည်း၊ တဿာ–ထိုဝိညတ်သည်၊ တထာ–ထိုကမ္မသဟဂတစိတ္တုပ္ပာဒ်ကြောင့်၊ ပဝတ္တမာနာယ–ဖြစ်လသော်၊ တံသမုဋ္ဌာပက ကမ္မဿ–ထိုဝိညတ်ကို ဖြစ်စေတတ်သောကံ၏၊ ကာယကမ္မာဒိဝေါဟာရော–ကာယကံအစရှိသော အခေါ်အဝေါ်သည်၊ ဝါ–ကာယကံအစရှိသောနာမည်သည်၊ ဟောတိ–၏၊ [အာဒိဖြင့် ဝစီကံကို ယူ၊] ဣတိ–ကြောင့်၊ သာဧဝ–ထိုဝိညတ်ကိုသာ၊ တဿ–ထိုကံ၏၊ ပဝတ္တိမုခဘာဝေန–ဖြစ်ခြင်း၏ အကြောင်း၏အဖြစ်ဖြင့်၊ ဝတ္တုံ–ငှာ၊ လဗ္ဘတိ–ရအပ်၏။

ကာယဒွါရေဝုတ္တိတောတိ–ကာယဒွါရေ ဝုတ္တိတောဟူ၍၊ ဧတ္ထကေစယေဝ–ဤမျှလောက်ကိုသာ၊ ဝုတ္တေ–ဆိုအပ်သော်၊ ယဒိဧဝံ–ယင်းသို့ဖြစ်လသော်၊ [ကာယဒွါရ၌ဖြစ်ခြင်းကြောင့် ကာယကံအမည်ရလျှင်–ဟူလို၊ နသိယာ၌ စပ်။]

အစိတ်အပိုင်းဖြစ်သောကြောင့် ဧကဒေသျူပစာရအားဖြင့် ကာယလည်း မည်၏၊ "ကမ္မာနံ ပဝတ္တိမုခဘာဝတော"ဖြင့် ဒွါရမည်ခြင်း၏ အကြောင်းကို ပြ၏၊ ဒွါရသဒ္ဒါသည် အကြောင်းအနက်ဟော–ဟူလို၊ ဝိညတ်ပါမှ ဝါယောဓာတ်က လက်စသည်ကို လှုပ်စေနိုင်၏၊ ဝိညတ်မပါသော ဝါယောဓာတ်သည် မလှုပ်စေနိုင်၊ ထို့ကြောင့် ကာယဝိညတ်ကိုပင် "စောပနကာယ"ဟုလည်းကောင်း, ဝိညတ်ပါမှ ပါဏာတိပါတ စသောကံများ အထမြောက်၏၊ ထို့ကြောင့် ဝိညတ်ကိုပင် ကံတို့၏ (အထမြောက်ကြောင်း)ဖြစ်ရကား"ဒွါရ"ဟုလည်းကောင်း (ကမ္မဒွါရ–ဟုလည်းကောင်း) ခေါ်ရသည်။

**ဝိဂ္ဂဟ**။ ။ကာယောဧဝ–လှုပ်ရှားသောကာယသည်ပင်+ဒွါရံ–ကံ၏ဖြစ်ကြောင်း တည်း၊ ကာယဒွါရံ–ကြောင်း၊ ကမ္မဿ+ဒွါရံ ကမ္မဒွါရံ၊ ဤစကားအရ "ကာယဝိညတ်နှင့်ကာယဒွါရကို အရတူ"ဟုမှတ်၊ ထို့ကြောင့်"ကာယဝိညတ္တိသင်္ခါတေ ကာယဒွါရေ" ဟု သင်္ဂြိုဟ်မိန့်သည်၊ [ကြွင်းသောမှတ်ဖွယ်ကို သင်္ဂြိုဟ်ဘာသာဋီကာ ဤနေရာနှင့် ရုပ်ပိုင်းဝိညတ်ခန်းမှာ ရှု။]

**ကိဥ္စာပိ ၊ပေ၊ လဗ္ဘတိ**။ ။"ကမ္မာနံ ပဝတ္တိမုခဘာဝတော"ဖြင့် "ဝိညတ်ကိုကံ၏ အကြောင်း"ဟု ဆရာဆို၏၊ ထိုဝိညတ်သည် စိတ္တဇရုပ်ဖြစ်ရကား ထိုဝိညတ်ကို ကံ(စေတနာ)နှင့် တကွဖြစ်သော စိတ်က ဖြစ်စေသည်မဟုတ်လော၊ (သို့ဖြစ်လျှင်ကံက အရင်းခံဖြစ်၍) ကံကိုသာ ဝိညတ်၏ဖြစ်ကြောင်းဟု ဆိုထိုက်၍ ဝိညတ်ကို ကံ၏ ဖြစ်ကြောင်းဟု မဆိုထိုက်သည် မဟုတ်လော–ဟုစောဒနာဖွယ်ရှိသောကြောင့် ကိဥ္စာပိ စသည်ကို မိန့်၊ ဝိညတ်ကို ကံ (စေတနာ)နှင့်တကွဖြစ်သောစိတ်က ဖြစ်စေရသည်မှာမှန်၏၊ သို့သော်–ဝိညတ်မဖြစ်သမျှ (စိတ်တွင်း၌ကြံစည်ရုံမျှဖြင့်) ကံ အထမမြောက်၊ ဝိညတ်ဖြစ်မှသာ ကံအထမြောက်၏၊ ထို့ကြောင့် ထိုဝိညတ်ကိုသာ ထိုကံ၏ဖြစ်ကြောင်းဟု ဆိုရပေသည်၊ [သာ တဿေဝ၌ ဧဝကိုသာ၌ ရွေ့၍ စပ်။]

ကမ္မဒွါရဝဝတ္ထာန်–ကံ,ဒွါရကိုပိုင်းခြားသတ်မှတ်ခြင်းသည်၊ နသိယာ–မဖြစ်ရာသည်မဟုတ်လော၊ ဟိ–ချဲ့၊ ကာယဒွါရေ–ကာယဒွါရ၌၊ ပဝတ္တံ–ဖြစ်သောကံကို၊ ကာယကမ္မန္တိ–ဟူ၍၊ ဝုစ္စတိ–ဆိုအပ်၏၊ ကာယကမ္မဿ–ကာယကံ၏၊ ပဝတ္တိမုခဘူတံ စ–ဖြစ်ခြင်း၏အကြောင်းဖြစ်၍ ဖြစ်သောဒွါရကိုလည်း၊ ကာယဒွါရန္တိ–ဟူ၍၊ (ဝုစ္စတိ၊) ပန–ဆက်၊ ပါဏာတိပါတာဒိကံ–ပါဏာတိပါတ အစရှိသောအမှုကို၊ ဝါစာယ–နှုတ်ဖြင့်၊ အာဏာပေန္တဿ–စေခိုင်းသူ၏၊ ကာယကမ္မံ–ကာယကံသည်၊ ဝစီဒွါရေပိ–ဝစီဒွါရ၌လည်း၊ ပဝတ္တတိ–ဖြစ်သေး၏၊ တ္တတိ–ကြောင့်၊ ဒွါရေန–ဖြင့်၊ ကမ္မဝဝတ္ထာန်–ကံကို ပိုင်းခြားသတ်မှတ်ခြင်းသည်၊ ဝါ–ကံကို ပိုင်းခြားသတ်မှတ် နာမည်တပ်ခြင်းသည်၊ န သိယာ–လော။

တထာ–ထိုမှတစ်ပါး၊ [ကမ္မဝဝတ္ထာနမဖြစ်ပုံမှတစ်ပါး ဒွါရဝဝတ္ထာန မဖြစ်ပုံကား၊] မုသာဝါဒါဒိံ–မုသာဝါဒအစရှိသောအမှုကို၊ ကာယဝိကာရေန–ကိုယ်၏ထူးခြားသော အမူအရာဖြင့်၊ ကရောန္တဿ–ပြုသူ၏၊ ဝစီကမ္မံ–သည်၊ ကာယဒွါရေပိ–၌လည်း၊ ပဝတ္တတိ–သေး၏၊ တ္တတိ–ကြောင့်၊ ကမ္မေန–ကံဖြင့်၊ ဒွါရဝဝတ္ထာန်–ဒွါရကိုပိုင်းခြားသတ်မှတ်ခြင်းသည်လည်း၊ ဝါ–ဒွါရကိုပိုင်းခြားသတ်မှတ် နာမည်တပ်ခြင်းသည်လည်း၊ နသိယာ–လော၊ တ္တတိ–ဤသို့သော၊ အယံ စောဒနာ–သည်၊ ပစ္စုပဋ္ဌေယျ–ရှေးရှုတည်ရာ၏၊ ဝါ–ဖြစ်ပေါ်လာရာ၏၊

---

**စောဒနာယေဝ ဝုတ္တေ**။ ။ဝုတ္တေကို ပစ္စုပဋ္ဌေယျ၌ စပ်၊ ဗာဟုလ္လသဒ္ဒါ မပါဘဲ “ကာယဒွါရေ ဝုတ္တိတော”လောက်သာ ဆိုထားလျှင် “ဤစောဒနာသည် ရှေးရှုတည်ရာ၏ (ဤသို့စောဒနာစရာ ရှိ၏၊)”ဟူလို။

**ယဒိဇဝံ၊ပေ၊န သိယာ**။ ။“ယဒိ ဇဝံ ကမ္မဒွါရဝဝတ္ထာနံ န သိယာ”သည် စောဒနာပုံကို အကျဉ်းပြသော သင်္ခေပဝါကျ၊ “ကာယဒွါရေ ဟိ ၊ပေ၊ န သိယာ”သည် ထိုစောဒနာပုံကို အကျယ်ပြသော ဝိတ္ထာရဝါကျ၊ [မဏိမဥ္ဇူ၌ကား “ကာယဒွါရေ ဟိ”၌ ဟိကို ဟေတု ဇောတကကြံ၍ “ဟိ–ယသ္မာ”ဟု ဖွင့်ပြီးလျှင် ကာယဒွါရန္တိမှ တ္တတိကို ဖလဇောတက ကြံ၍ ရှေ့ဝါကျကို ပြန်စပ်လေသည်။]

**ကာယဒွါရေ ဟိ**။ ။ကာယဒွါရ၌ဖြစ်သောကံကို “ကာယကမ္မ”ဟု ခေါ်၏၊ ပါဏာတိပါတကို နှုတ်ဖြင့်ခိုင်းလျှင် ထိုပါဏာတိပါတကံသည် ဝစီဒွါရ၌ဖြစ်ရကား ဒွါရတစ်ပါးသို့ ပြောင်းသွား၏၊ သို့ဖြစ်လျှင် ဒွါရဖြင့် ကံကို ပိုင်းခြားသတ်မှတ်၍ နာမည်တပ်လို့ မရဘဲ ရှိရာ၏။

**တထာ ၊ပေ၊ န သိယာ**။ ။ကာယကံ၏ဖြစ်ကြောင်းကို“ကာယဒွါရ”ဟုခေါ်၏၊ မုသာဝါဒကို နှုတ်မမြွက်ဘဲ ကိုယ်အမူအရာ (လက်ပြခြင်းစသောအမူအရာ)ဖြင့် ပြုရာ၌ မုသာဝါဒကံသည် ကာယဒွါရသို့ ပြောင်းသွား၏၊ သို့ဖြစ်လျှင် မုသာဝါဒ ဝစီကံ၏ ဖြစ်ကြောင်းဒွါရကို “ကာယဒွါရ”ဟု ခေါ်ရတော့မလိုဖြစ်ရကား ကံဖြင့် ဒွါရကို ပိုင်းခြားသတ်မှတ်၍ နာမည်တပ်လို့ မရဘဲ ရှိပြန်ရာ၏။

ဣတိ–ကြောင့်၊ ဗာဟုလ္လဝုတ္တိယာ–များသည်၏အဖြစ်အားဖြင့် ဖြစ်ခြင်းဖြင့်၊ ဝဝတ္ထာနံ–ပိုင်းခြားသတ်မှတ်ခြင်းကို၊ (နာမည်တပ်ခြင်းကို) ဒဿေတုံ–ငှာ၊ ဗာဟုလ္လဝုတ္တိတောတိ–ဟူ၍၊ (အာစရိယေန၊) ဝုတ္တံ–ပြီ။

ဟိ–ချဲ့၊ [ဗာဟုလ္လဝုတ္တိအားဖြင့် ပိုင်းခြားသတ်မှတ်ပုံကို ချဲ့သည်၊](တစ်နည်း) ဟိ–(ယသ္မာ)–ကြောင့်၊ ကာယကမ္မံ–သည်၊ ကာယဒွါရေယေဝ–၌သာလျှင်၊ ဗဟုလံ–များစွာ၊ ပဝတ္တတိ–ဖြစ်၏၊ အပ္ပံ–အနည်းငယ်၊ ဝစီဒွါရေ–၌၊ (ပဝတ္တတိ၊) ကာယဒွါရေယေဝ–၌သာလျှင်၊ ဗဟုလံ–စွာ၊ တသ္မာ ပဝတ္တနတော–ထိုသို့ဖြစ်ခြင်းကြောင့်၊ ကာယကမ္မဘာဝေါ–ကာယကံ၏ အဖြစ်သည်၊ ဝါ–ကာယကံဟူသော အမည်သည်၊ သိဒ္ဓေါ–ပြီးစီး၏၊ (ကောဝိယ–နည်း၊) ဝနစရကာဒီနံ–တောမုဆိုး အစရှိသူတို့၏၊ ဝနစရကာဒိဘာဝေါဝိယ–ဝနစရက အစရှိသည်၏အဖြစ်ကဲ့သို့တည်း၊ ဝါ–ဝနစရကအစရှိသော အမည်ကဲ့သို့တည်း။

တထာ–ပါ၊ (ကမ္မဝဝတ္ထာနမှတစ်ပါး၊ ဒွါရဝဝတ္ထာနကား၊) ကာယကမ္မ မေဝ–ကာယကံသည်သာလျှင်၊ ယေဘုယျေန–များသောအားဖြင့်၊ ကာယ ဒွါရေ–၌၊ ပဝတ္တတိ–၏၊ ဣတရာနိ–အခြားသော ဝစီကံမနောကံတို့ သည်၊ (ယေဘုယျေန, ကာယဒွါရေ, နပ္ပဝတ္တန္တိ–ကုန်၊) ကာယကမ္မဿ–၏၊ ယေဘု ယျေန–အားဖြင့်၊ ဧတ္ထေဝ–ဤကာယဒွါရ၌သာ၊ တသ္မာပဝတ္တနတော–ကြောင့်၊ ကာယကမ္မဒွါရဘာဝေါ–ကာယကမ္မဒွါရ၏အဖြစ်သည်၊ သိဒ္ဓေါ–၏၊ (ကောဝိယ–နည်း၊) ဗြာဟ္မဏဂါမာဒီနံ–ပုဏ္ဏားရွာ အစရှိသည်တို့၏၊ ဗြာဟ္မဏ ဂါမာဒိဘာဝေါဝိယ–ဗြာဟ္မဏဂါမအစရှိသည်အဖြစ်ကဲ့သို့တည်း၊ ဝါ–ဗြာဟ္မဏ ဂါမ အစရှိသည်၏အမည်ကဲ့သို့တည်း၊ ဣတိ–ကြောင့်၊ ကမ္မဒွါရဝဝတ္ထာနေ–

---

**ဣတိ ၊ပေ၊ ဝုတ္တိတောတိ ဝုတ္တံ**။ ။ဒွါရ်ဖြင့် မှတ်၍ ကံကို နာမည်တပ်လို့လည်း မဖြစ်နိုင်, ကံဖြင့်မှတ်၍ ဒွါရကို နာမည်တပ်လို့လည်း မဖြစ်နိုင်သောကြောင့် ဗာဟုလ္လ သဒ္ဒါထည့်၍ "ဗာဟုလ္လဝုတ္တိတော" ဟု အရှင်အနုရုဒ္ဓါ မိန့်တော်မူသည်၊ [ဗဟုလဿ+ ဘာဝေါ ဗာဟုလ္လံ၊ ဗာဟုလ္လေန+ဝုတ္တိ ဗာဟုလ္လဝုတ္တိ၊]

**ကာယကမ္မံတိ ၊ပေ၊ ဘာဝေါဝိယ**။ ။တော၌လှည့်လည်မှုက များနေသောကြောင့် မုဆိုးကို "ဝနေ+စရတီတိ ဝနစရကော" ဟု နာမည်တပ်ရာ၌ ဌာနဖြစ်သောတောဖြင့် ဌာနီမုဆိုးကို မှတ်၍ တဗ္ဗာဟုလ္လနည်းအားဖြင့် တပ်သောနာမည် ဖြစ်သကဲ့သို့ ပါဏာတိပါတကံသည် ကာယဒွါရ၌ အဖြစ်များ၍ အနည်းငယ်သော ဝစီဒွါရ၌ ဖြစ်သော ကြောင့် တဗ္ဗာဟုလ္လနည်းအားဖြင့် မှည့်ခေါ်အပ်သော နာမည်ဟု မှတ်။

**တထာ၊ပေ၊ဂါမာဒိဘာဝေါဝိယ**။ ။ပုဏ္ဏားလူမျိုးများ၏ နေရာရွာသည် (အနည်းငယ် သော အခြားလူမျိုးတွေပါနေသော်လည်း) ဌာနီဖြစ်သော ပုဏ္ဏားဖြင့် ဌာနရွာကို မှတ်၍ ယေဘုယျနည်းအားဖြင့် (ဗြာဟ္မဏဂါမ–ပုဏ္ဏားရွာဟု)တပ်ရသော နာမည်ဖြစ်သကဲ့သို့,

ကံ,ဒွါရကိုပိုင်းခြားသတ်မှတ်ခြင်း၌၊ ကောစိ–တစ်စုံတစ်ခုသော၊ ဝိဗန္ဓော–တားမြစ်တတ်သောအပြစ်သည်၊ နတ္ထိ၊ ဣတိ အယံ–ကား၊ ဧတ္ထ–ဤကာယဒွါရေ ဗာဟုလ္လဝုတ္တိတောဟူသော ပါဌ်၌၊ အဓိပ္ပာယော–အရှင်အနုရုဒ္ဓါ ဆရာ၏ အလိုတည်း။

**၅၆။** မုသာတိ–ကား၊ အဘူတံ–ပြောတိုင်းမဟုတ်သော၊ ဝတ္ထုံ–ဝတ္ထုတည်း၊ ဝါ–အကြောင်းအရာတည်း၊ ဧတေန–ဤစေတနာတရားဖြင့်၊ တံ–ထိုမဟုတ်မမှန်သော ဝတ္ထုကို၊ တစ္ဆတော–ဟုတ်မှန်သောအားဖြင့်၊ ဝဒန္တိ–ပြောဆိုကြကုန်၏၊ ဣတိ–ကြောင့်၊ (ထိုသို့မဟုတ်မမှန်သော ဝတ္ထုကို ဟုတ်မှန်သောအားဖြင့် ပြောဆိုကြောင်း၏ အဖြစ်ကြောင့်၊ သော–ထိုစေတနာတရားသည်၊) မုသာဝါဒေါ–မည်၏၊ (ယာ ဝါစာ–အကြင်စကားသည်၊) သာမဂ္ဂိံ–ညီညွတ်သူတို့၏ဥစ္စာကို၊ ဝါ–ညီညွတ်ခြင်းကို၊ ပိသတိ, သဥ္စုဏ္ဏေတိ–မှုန့်မှုန့်ညက်ညက်

---

ကာယကံ၏ အဖြစ်များရာ ဒွါရကိုလည်း (တစ်ရံတစ်ခါ ဝစီကံစသည်တို့ ဖြစ်စေကာမူ) ယေဘုယျနည်းအားဖြင့်(ကာယဒွါရဟု)မှည့်ခေါ်အပ်သည်ဟုမှတ်။[ဌာနဖြင့် ဌာနီကို မှတ်လျှင် တဗ္ဗာဟုလ္လ, ဌာနီဖြင့် ဌာနကိုမှတ်လျှင်ယေဘုယျနည်းဟု နည်းနှစ်ပါးထူးပုံကို သိပါ၊]

**အယမေတ္ထ အဓိပ္ပာယော။** ။အရှင်အနုရုဒ္ဓါသည် "ကာယဒွါရေ ဗာဟုလ္လဝုတ္တိတော ကာယကမ္မံနာမ"ဟု ဒွါရဖြင့် ကံကို နာမည်တပ်၍ သတ်မှတ်ပုံကိုသာပြ၏၊ ကံဖြင့် ဒွါရကို နာမည်တပ်၍ သတ်မှတ်ပုံကို တိုက်ရိုက်မပြ၊ ထိုသို့ တိုက်ရိုက်မပြသော်လည်း ကံဖြင့် ဒွါရကိုနာမည်တပ်၍ သတ်မှတ်ပုံကိုပါ အရှင်အနုရုဒ္ဓါက ပြလိုသည်–ဟု ဋီကာကျော်ဆရာ ဆိုသည်။

**မှတ်ချက်။** ။ဤ ဋီကာဆရာသည် အဋ္ဌသာလိနီ (ဒွါရကထာ) ကို ကြည့်၍ ဤစကားကို ဆိုဟန်တူ၏၊ သို့သော် ထိုဒွါရကထာကို နာမည်တပ်ရာ၌ "ကာယဒွါရ" ဟု မဆိုဘဲ, "ကာယကမ္မဒွါရ–ကာယကံ၏ဖြစ်ရာဒွါရ"ဟု ကမ္မသဒ္ဒါနှင့် တကွဆိုသောကြောင့် ထိုနာမည်အတိုင်းသာ ကံဖြင့် ဒွါရကိုသတ်မှတ်၍ ဖြစ်နိုင်သည်၊ "ကာယဒွါရ"ဟု ကမ္မသဒ္ဒါမပါဘဲဆိုသော သင်္ဂြိုဟ်၌ ကံဖြင့် ဒွါရကို သတ်မှတ်၍ မဖြစ်နိုင်၊ ထို့ကြောင့် "အယမေတ္ထ အဓိပ္ပာယော"ဟု ဆိုသော်လည်း အရှင်အနုရုဒ္ဓါ၏ အလိုမဖြစ်နိုင်–ဟု မှတ်၊ [ဝနစရကာဒိ၌ အာဒိဖြင့် ထုလ္လကုမာရိကာ ဂေါစရစသည်ကို လည်းကောင်း, ဗြာဟ္မဏဂါမာဒိ၌ အာဒိဖြင့် အမ္ဗဝနနာဂဝန (ကန့်ကော်တော), ခဒိရဝနစသည်ကိုလည်းကောင်း ယူပါ။]

**မုသာဝါဒေါ။** ။မုသာသဒ္ဒါသည် အဘူတအနက်ဟောသော နိပါတ်တည်း၊ ထို့ကြောင့် "မုသာတိ အဘူတံ ဝတ္ထုံ"ဟု ဖွင့်သည်၊"ဝဒန္တိ ဧတေနာတိ ဝါဒေါ၊ မုသာ+ဝါဒေါ မုသာဝါဒေါ"ဟု ပြုစေလို၍ "တံ၊ပေ၊ဝါဒေါ"ဟု မိန့်သည်၊ [မုသာ–မဟုတ်မမှန်သောဝတ္ထု (အကြောင်းအရာ)ကို+ဝါဒေါ–အဟုတ်အမှန်အားဖြင့် (အဟုတ်အမှန်လုပ်၍) ပြောဆိုကြောင်းစေတနာတည်း၊ မုသာဝါဒေါ–မဟုတ်မမှန်သော အကြောင်းအရာကို အဟုတ်အမှန် လုပ်၍ ပြောဆိုကြောင်းစေတနာ။]

ပြုတတ်၏၊ ဝိကိူပတိ–ပစ်လွှင့်တတ်၏၊ ဝါ–ဖျက်ဆီးတတ်၏၊ ဣတိ–ကြောင့်၊ (သာ ဝါစာ–သည်၊) ပိသုနာ–ပိသုနာမည်၏၊ ဝါ–တစ်နည်း၊ ပိယဘာဝံ–မိမိ၏ချစ်အပ်သူ၏ အဖြစ်ကိုလည်းကောင်း၊ သုညံ–သူတစ်ပါး၏အချစ်မှ ကင်းဆိတ်သည်ကိုလည်းကောင်း၊ ကရောတိ–၏၊ ဣတိ–ကြောင့်၊ (သာ ဝါစာ–သည်၊) ပိသုဏာ–ဏာမည်၏။

(ယာဝါစာ–သည်၊) အတ္တာနံပိ–ကိုလည်းကောင်း၊ ပရံပိ–ကိုလည်းကောင်း၊ ဖရုသံ–ကြမ်းတမ်းသည်ကို၊ ကရောတိ–၏၊ဣတိ–ကြောင့်၊(သာ ဝါစာ–သည်၊) ဖရုသာ–ဖရုသာမည်၏၊ ဝါ–တစ်နည်း၊ ကကစောဝိယ–လွှကဲ့သို့၊ ခရသမ္ဖဿာ–ကြမ်းတမ်းသော အတွေ့ရှိသော စကားတည်း၊ ဣတိ–ကြောင့်၊ ဖရုသာ–မည်၏၊ သံ–ချမ်းသာစီးပွားကို၊ (သုခံ–ချမ်းသာကိုလည်းကောင်း၊ ဟိတဥ္စ–စီးပွားကိုလည်းကောင်း၊) ဖလတိ,ဝိသရတိ,ဝိနာသေတိ–ဖျက်ဆီးတတ်၏၊ ဣတိ–ကြောင့်၊သမ္ဖံ–သမ္ဖမည်၏၊ အတ္တနော–မိမိအားလည်းကောင်း၊ပရေသဥ္စ–တို့အားလည်းကောင်း၊ အနုပကာရံ–လျော်သောကျေးဇူးကို မပြုတတ်သော၊ ယံကိဉ္စိ–အမှတ်မရှိ တစ်စုံတစ်ခုသော စကားတည်း၊ ဧတေန–ဤစေတနာ

---

**ပိသုနဝါစာ။** ။ပိသုဓာတ်သည် စုဏ္ဏ(အမှုန့်ပြုခြင်း) အနက်ကို ဟော၏၊ ထို့ကြောင့် ပိသတိကို "သာမဂ္ဂိံ သဉ္စုဏ္ဏေတိ"ဟု ဖွင့်၍ မုန့်မှုန့်ကဲ့သို့ အမှုန့်ဖြစ်သွားသည်ဟု ယူမည်စိုးသောကြောင့် သဉ္စုဏ္ဏေတိကို "ဝိကိူပတိ"ဟု အဓိပ္ပာယတ္ထ ဖွင့်သည်၊ ညီညွတ်နေသူ နှစ်ယောက်ကို ကွဲသွားအောင် ပြုလျှင် ထိုညီညွတ်မှုကို မှုန့်မှုန့်ညက်ညက် ဖျက်ဆီးရာ ရောက်၏၊ ဤနည်း၌ ပိသဓာတ်, ဥနန်ပစ္စည်းဖြင့် "ပိသုနာ"ဟု ဖြစ်၏။

**ပိယ ။ပေ၊ ကရောတီတိ ဝါ။** ။"ပိယဘာဝံ"ဟု ဆိုလိုလျက် ဘာဝပုဒ်ကို ချေ၊ "ပိယောစ+သုညောစ ပိယသုညံ"၊ ပိယသုညသဿ–ကို+ကရဏာ–ပြုတတ်သော စကားတည်း၊ "ပိယသုညကရဏာ"ဟု ဖြစ်သင့်လျက် "ပိ+သု+ဏာ"ကိုချန်၍ ကြွင်းအက္ခရာများကို ချေသောအားဖြင့် "ပိသုဏာ"ဟု ဖြစ်၏၊ ဤဝိဂ္ဂဟ၏ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ၊ [ပိသုဏာ စ+သာ+ဝါစာ စာတိ ပိသုဏာဝါစာ" ဟု တွဲ။]

**ဖရုသဝါစာ။** ။ဖရုသသဒ္ဒါသည် ကြမ်းကြမ်းတမ်းတမ်းဟူသော အနက်ကို ဟော၏၊ "ဖရုသံ+ကရောတိ"ဟူသော ပဌမနည်း၌ "ဖရုသကရဏာ"ဟု ဆိုလိုလျက် ကရဏာပုဒ်ကို ချေထား၏၊ "ခရသမ္ဖဿာဝါ"ဟူသော နောက်နည်း၌ လွှဖြင့် ဖြတ်ရာဝယ် မခံသာအောင်နာသကဲ့သို့ ဆဲဆိုသောစကားလည်း နားမခံသာအောင် နာသောကြောင့် စကားသံကို "ဖရုသာ"ဟု ခေါ်၏၊ စေတနာကိုလည်း အကျိုးစကားသံ၏ အမည်ကို တင်စား၍ ဖလူပစာရအားဖြင့် "ဖရုသာ"မည်၏–ဟု မှတ်၊ [မဏိမဥ္ဇူ၌ "ဖရုသကရဏာ"ဟု ဆိုလိုလျက် နောက်ပုဒ် ချေ–ဟု ဆို၏။]

**သမ္ဖပ္ပလာပ။** ။"သံ+ဖ"ဟု ခွဲ၍ သံဥပသာရသည် သုခ–ဟိတအနက်ကို ဟော၏၊ ဖလဓာတ်,ကွိပစ္စည်းဖြင့် ဓာတွန်လကို ချေ၍ "သမ္ဖ"ပြီးကြောင်းကို ပြလိုသောကြောင့် "သံ (သုခံ ဟိတဥ္စ)+ဖလတိ"ဟု မိန့်၊ ဖလဓာတ်၏ နိပ္ဖတ္တိ(အသီး သီးခြင်း, အကျိုး၏

တရားဖြင့်၊ တံ–ထိုစီးပွားချမ်းသာကို ဖျက်ဆီးတတ်သောစကားကို၊ ပလပတိ–ပြောဆိုတတ်၏၊ ဣတိ–ကြောင့်၊ (သော–ထို စေတနာတရားသည်၊) သမ္ဖပ္ပလာပေါ–မည်၏။

တတ္ထ–ထိုမုသာဝါဒ အစရှိသော လေးပါးတို့တွင်၊ အဘူတံ–ပြောတိုင်းမဟုတ်သော၊ ဝတ္ထုံ–ဝတ္ထုကို၊ ဘူတတော–ဟုတ်မှန်သောအားဖြင့်၊ ပရံ–ကို၊ ပညာပေတုကာမဿ–သိစေခြင်းငှာ အလိုရှိသူ၏၊ တထာ–ထို ဟုတ်မှန်သောအားဖြင့်၊ ဝိညာပနပ္ပယောဂသမုဋ္ဌာပိကာ–သိစေတတ်သော ကာယပယောဂ, ဝစီပယောဂကို ဖြစ်စေတတ်သော စေတနာသည်၊ မုသာဝါဒေါ–မည်၏၊ သော–ထို မုသာဝါဒသည်၊ ပရဿ–၏၊ အတ္ထဘေဒကရော–အကျိုးပျက်ခြင်းကိုပြုတတ်သည်၊ (သမာနော)ဝ–သော်သာ၊ ဝါ–မှသာ၊ ကမ္မပထော–အပါယ်လမ်းကြောင်း, မကောင်းသော အကုသိုလ်ကံသည်၊ ဟောတိ–၏၊ ဣတရော–အတ္ထဘေဒကရမှတစ်ပါးသော မုသာဝါဒသည်၊ ကမ္မမေဝ–ကံသည်သာ၊ (ဟောတိ) [အပါယ်မချနိုင်–ဟူလို၊] ပရေသံ–မိမိမှတစ်ပါးအခြားသော ချစ်သူတို့၏၊ ဘေဒကာမတာယ–ကွဲပြားခြင်းကို အလိုရှိသည်၏အဖြစ်ကြောင့်သော်လည်းကောင်း၊ အတ္တပ္ပိယကာမတာယဝါ–မိမိ၏ ချစ်အပ်သူ၏အဖြစ်ကို အလိုရှိသည်၏အဖြစ်ကြောင့်သော်လည်းကောင်း၊ ပရဘေဒကရဝစီပယောဂသမုဋ္ဌာပိကာ–သူတစ်ပါးတို့၏ ကွဲပြားမှုကိုပြုတတ်သော ဝစီပယောဂကို ဖြစ်စေတတ်သော၊ သံကိလိဋ္ဌစေတနာ–ညစ်ညမ်းသော စေတနာသည်၊ ပိသုဏဝါစာ–မည်၏၊ သာပိ–ထို ပိသုဏဝါစာသည်လည်း၊ (ပိဖြင့် မုသာဝါဒကိုပေါင်း၊) ဒွီသု–ချစ်သူနှစ်ယောက်တို့သည်၊ ဘိန္နေသုယေဝ–ကွဲကုန်သော်သာ၊ ဝါ–ကွဲကြမှသာ၊ ကမ္မပထော–အပါယ်လမ်းကြောင်း, မကောင်းသော အကုသိုလ်သည်၊ (ဟောတိ)။

ပရဿ–၏၊ မမ္မစ္ဆေဒကရဝစီပယောဂသမုဋ္ဌာပိကာ–အနာဆိုးပမာ, မခံသာသော အချက်ကိုဖြတ်တောက်မှုကို ပြုတတ်သော ဝစီပယောဂကိုဖြစ်စေတတ်သော၊ဧကန္တဖရုသစေတနာ–ဧကန်ကြမ်းတမ်းသောစေတနာသည်၊ ဖရုသဝါစာ–

ပြီးခြင်း) အနက်ကို ယူမည်စိုး၍ "ဝိသရတိ"ဟု ဖွင့်၏၊ ဝိပုဗ္ဗ သရဓာတ်၏ သံသပ္ပန (ပျံ့လွင့်ခြင်း) အနက်ကို ယူမည်စိုး၍ "ဝိနာသေတိ"ဟု ထပ်၍ ဖွင့်သည်၊ "ဖလတိ–ဖျက်ဆီးတတ်၏"ဟု ပေးပါ–ဟူလို၊ ပလပတိ ဧတေနာတိ ပလာပေါ၊ ပပုဗ္ဗ လပဓာတ်, ဏပစ္စည်း၊ "သမ္ဖဿ+ပလာပေါ သမ္ဖပ္ပလာပေါ"ဟု တွဲ။

**တတ္ထ ၊ပ၊ ကမ္မပထော။** ။ မုသာဝါဒစသည်တို့၏ အရကောက်နှင့်တကွ ကမ္မပထမြောက်–မမြောက်ကို ပြလို၍ တတ္ထစသည်မိန့်၊ ထိုအားလုံး၏အကျယ်ကို သင်္ဂြိုဟ်ဘာသာဋီကာ၌ ပြထားပြီ၊ [အပါယ်ရောက်ကြောင်းကံကို "ကမ္မပထ"ဟု ခေါ်သည်၊ ကမ္မံယေဝ–ကံသည်ပင်+ပထော–အပါယ်ရောက်ကြောင်းလမ်းတည်း၊ ကမ္မပထော–လမ်း။]

မည်၏၊ ဟိ–မှန်၊ စိတ္တသဏ္ဍာတာယ–စိတ်၏နူးညံ့သည်၏အဖြစ်သည်၊ သတိ–ရှိလသော်၊ ဖရုသဝါစာနာမ–မည်သည်၊ န ဟောတိ–မဖြစ်၊ သီတာ ၊ပေ၊ သမုဋ္ဌာပိကာ–သီတာမိဖုရားကို ဆောင်ယူခြင်းအစရှိသော အနက်အဓိပ္ပာယ် မရှိသော အကြောင်းအရာကို သိစေတတ်သော ပယောဂကို ဖြစ်စေတတ်သော၊ သံကိလိဋ္ဌစေတနာ–သည်၊ သမ္ဖပ္ပလာပေါ–မည်၏၊ ပန–ဆက်၊ သော–ထို သမ္ဖပ္ပလာပသည်၊ ပရေဟိ–မိမိမှတစ်ပါး အခြားနားထောင်သူတို့သည်၊ တသ္မိံ အနတ္ထေ–ထို အနက်အဓိပ္ပာယ်မရှိသော အကြောင်းအရာကို၊ ဂဟိတေယေဝ–အဟုတ်အမှန်ဟု ယူအပ်သော်သာ၊ ဝါ–မှသာ၊ ကမ္မပထော (ဟောတိ၊)။

ဝစီဝိညတ္တိသင်္ခါတေ ဝစီဒွါရေတိ–ကား၊ ဝါစာယ–နှုတ်ဖြင့်၊ အဓိပ္ပာယံ–ကို၊ ဝိညာပေတိ–၏၊ သယဉ္စ–မိမိဟူသောဝိညတ်ကိုလည်း၊ ဝါစာယ–ဖြင့်၊ ဝိညာယတိ–အပ်၏၊ ဣတိ–ဤ]ဝစနတ္ထကြောင့်၊ ဝစီဝိညတ္တိသင်္ခါတေ–ဝစီ ဝိညတ်ဟု ခေါ်ဆိုအပ်သော၊ ဝစီဘေဒ ၊ပေ၊ ကလာပဿ–စကားလုံး၏ကွဲပြား ခြင်းကို ပြုတတ်သော ပယောဂကိုဖြစ်စေတတ်သော လွန်ကဲသော ပထဝီဓာတ် ရှိသော စိတ္တသမုဋ္ဌာန်ရုပ်ကလာပ်၏၊ ဝိကာရရူပေ–သော၊ စောပနဝါစာ ဘာဝတော–လှုပ်ရှားသော ဝါစာ၏ အဖြစ်ကြောင့်လည်းကောင်း၊ (ဝစီ၏ အကြောင်းပြ) ကမ္မာနံ–မုသာဝါဒအစရှိသော ကံတို့၏၊ ပဝတ္တိမုခဘာဝတောစ–ကြောင့်လည်းကောင်း၊ (ဒွါရ၏အကြောင်းပြ) ဝစီဒွါရသင်္ခါတေ–သော၊ ကမ္မ ဒွါရေ–၌၊ ဗာဟုလ္လဝုတ္တိတောတိဣဒံ-ဤ]ပုဒ်သည်၊ ဝုတ္တနယမေဝ-ရှိသည်သာ။

---

**ဝစီ ၊ပေ၊ ဒွါရေ။** ။"ဝါစာယ ၊ပေ၊ ဝိညာယတိ"ဖြင့် ဝစီဝိညတ်မည်ခြင်း၏ အကြောင်း (သဒ္ဒပဝတ္တိနိမိတ်)ကို ပြ၏၊ ကာယဝိညတ္တိတုန်းကကဲ့သို့ ဝိဂ္ဂဟပြုပါ၊ ကာယဝိညတ်သည် ဝါယောဓာတ်သတ္တိလွန်ကဲခြင်းရှိသော စိတ္တသမုဋ္ဌာန်ရုပ်ကလာပ် ၏ ဝိကာရဖြစ်သကဲ့သို့, ဝစီဝိညတ်သည်လည်း ပထဝီဓာတ် သတ္တိလွန်ကဲခြင်းရှိသော စိတ္တသမုဋ္ဌာန်ရုပ်ကလာပ်၏ ဝိကာရဖြစ်သည်၊ မှန်၏–အသံဟူသော သဒ္ဒရုပ်သည် လည်ချောင်းစသောအရပ်ဝယ် ပထဝီဓာတ်ချင်း ထိခိုက်မှုကြောင့် ဖြစ်ပေါ်လာသော ရုပ်တည်း၊ ထိုသို့ထိခိုက်ရာဝယ် စိတ္တဇပထဝီဓာတ်သည် (ပြောဆိုသူ၏ အလိုကျအောင် ထိခိုက်ဖို့ရန်) ဝိညတ်အကူအညီ ပါရသေး၏၊ ထို့ကြောင့် "ဝစီဘေဒ၊ပေ၊ကလာပဿ ဝိကာရရူပေ"ဟု မိန့်သည်၊ အဓိပ္ပာယ်အကျယ်ကို ဝစီဝိညတ်ရုပ်ခန်းမှာ ရှု၊ [ဝစီယာ–စကားလုံး၏+ဘေဒေါ–တစ်လုံးနှင့်တစ်လုံး မတူအောင် ကွဲပြားခြင်းတည်း၊ ဝစီဘေဒံ+ ကရောတီတိ ဝစီဘေဒကရော၊ (ပယောဂေါ၊)]

**စောပန ၊ပေ၊ ကမ္မဒွါရေ။** ။"စောပနဝါစာဘာဝတော"ဖြင့် ဝစီမည်ခြင်း၏ အကြောင်းကို ပြ၏၊ "ကမ္မာနံ ပဝတ္တိမုခဘာဝတော"ဖြင့် ဒွါရမည်ခြင်း၏ အကြောင်းကို ပြ၏၊ "ဝစီဝေ–လှုပ်ရှားသော စကားသည်ပင်+ဒွါရံ–မုသာဝါဒစသော ကံတို့၏ ဖြစ်ကြောင်းတည်း၊ ဝစီဒွါရံ–ကြောင်း၊"ဟု ပြု။

**၅၇။** (ယာ ဓမ္မဇာတိ–သည်၊) ပရသမ္ပတ္တိံ–သူတစ်ပါး၏စည်းစိမ်ကို၊ အဘိမုခံ–ရှေးရှု၊ ဈာယတိ (လောဘဝသေန စိန္တေတိ)–လောဘ၏ အစွမ်းဖြင့် ကြံစည်တတ်၏၊ ဣတိ–ကြောင့်၊ (သာ ဓမ္မဇာတိ–သည်၊) အဘိဇ္ဈာ–မည်၏၊ ဓောနေ–ဤဒေါသဖြင့်၊ ဟိတသုခံ–စီးပွားချမ်းသာသည်၊ ဗျာပဇ္ဇတိ–ဖောက်ပြန်ပျက်စီးခြင်းသို့ရောက်တတ်၏၊ ဣတိ–ကြောင့်၊ ဝါ–ထိုသို့စီးပွားချမ်းသာ၏ ပျက်စီးခြင်းသို့ရောက်ကြောင်း၏ အဖြစ်ကြောင့်၊ (သော–ထိုဒေါသသည်၊) ဗျာပါဒေါ–မည်၏၊ (ယာ ဓမ္မဇာတိ–သည်၊) မိစ္ဆာ–မှားယွင်းသောအားဖြင့်၊ ဝိပရီတတော–အမှန်၏ပြောင်းပြန်အားဖြင့်၊ ပဿတိ–မြင်တတ်၏၊ ဣတိ(သာ ဓမ္မဇာတိ၊) မိစ္ဆာဒိဋ္ဌိ–မည်၏။

တတ္ထ–ထို အဘိဇ္ဈာအစရှိသောသုံးပါးတို့တွင်၊ ဣဒံ–ဤဥစ္စာသည်၊ မမံ–ငါ၏ဥစ္စာသည်၊["မမ+ဣဒံ မမံ"ဟုပြု၊] သိယာ–ဖြစ်ပါမူကား၊ အဟောဝတ–အော်–ကောင်းလေစွ၊ ဣတိဧဝံ–သို့၊ ပရဘဏ္ဍာဘိဇ္ဈာယနံ–သူတစ်ပါး၏ဘဏ္ဍာကို ရှေးရှုကြံစည်ခြင်းသည်၊ဝါ–ရှေးရှုကြံစည်တတ်သောလောဘသည်၊အဘိဇ္ဈာ–မည်၏ သာ–ထိုအဘိဇ္ဈာသည်၊ ပရဘဏ္ဍာဿ–သူတစ်ပါးဘဏ္ဍာကို၊ အတ္တနော–မိမိသို့၊ နာမနေနေဝ–ညွတ်စေခြင်းကြောင့်သာလျှင်၊ ဝါ–ညွတ်စေမှုသာလျှင်၊ ကမ္မပထော–သည်၊ ဟောတိ၊ အယံသတ္တော–ဤသတ္တဝါသည်၊ ဝါ–ဤ အကောင်သည်၊ ဝိနဿေယျ–ပျက်စီးပါမူကား၊ အဟောဝတ–စွ၊ ဣတိ ဇေဝံ, မနောပဒေါသော–စိတ်၏ပျက်စီးခြင်းသည်၊ ဝါ–စိတ်ကို ဖျက်ဆီးတတ်သော

---

**အဘိဇ္ဈာ**။ ။အဘိ၏ အဘိမုခအနက်ကိုလည်းကောင်း, ဈေဓာတ်၏ ဥပာန (လောင်ကျွမ်းခြင်း)အနက်ကို မယူဘဲ စိန္တနအနက်ကိုလည်းကောင်း ယူစေလို၍ "အဘိမုခံ၊ ပေ၊ စိန္တေတိ"ဟု မိန့်သည်၊ စိန္တနဟူသည်လည်း ဝိတက်၏ကြံခြင်း, စိတ်၏သိခြင်း မဟုတ်, လောဘ၏အစွမ်းဖြင့် လိုချင်သောကြံခြင်းဟု ပြလို၍ "လောဘဝသေန"ဟု ဖွင့်သည်၊ လောဘဖြင့် ကြံရာ၌လည်း လိုချင်ရုံသက်သက်ဖြင့် ကမ္မပထမမြောက်သေး၊ "သူ႔၏ဥစ္စာသည် (မတောင်းဘဲ မဝယ်ဘဲ) ငါ့ဥစ္စာဖြစ်လာလျှင် ကောင်းမှာပဲ" ဟု မတရားကြံစည်မှုသာ ကမ္မပထမြောက်သည်။

**ဗျာပါဒ**။ ။ဒေါသဖြစ်လျှင် မိမိ၏လည်းကောင်း, သူတစ်ပါး၏လည်းကောင်း စီးပွားချမ်းသာ ပျက်စီး၏၊ ထို့ကြောင့် "ဗျာပဇ္ဇတိ"စသည်ဖြင့် ဝစနတ္ထပြုသည်၊ ဝိ+အာပုဗ္ဗ ပဒဓာတ်, ဏပစ္စည်း၊ သို့သော် ဒေါသဖြစ်တိုင်း ကမ္မပထမမြောက်, သူတစ်ပါးကို သေကြေပျက်စီးစေလိုသော ဒေါသသာ ကမ္မပထမြောက်သည်။

**မိစ္ဆာဒိဋ္ဌိ**။ ။မိစ္ဆာသည်အမှားအနက်ကို ဟော၏၊ ထို့ကြောင့် "ဝိပရီတတော"ဟု ဖွင့်၏၊ ပဿတီတိ ဒိဋ္ဌိ၊ မိစ္ဆာ+ဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိ"ဟု ပြု၊ နတ္ထိ ဒိန္နံတိ အာဒိနာ၌ အာဒိဖြင့် "နတ္ထိ ယိဋ္ဌံ, နတ္ထိ ဟုတံ"စသည်ကို ယူ၊ ဘာသာဋီကာ၌ ထို ဒိဋ္ဌိများနှင့် တကွ ကမ္မပထမြောက်သော ဒိဋ္ဌိသုံးမျိုးပါ ပြထားသည်။

ဒေါသသည်၊ ဗျာပါဒေါ-မည်၏၊ ဒိန္နံ-ပေးလှူကြောင်း ဒါနစေတနာ၏ အကျိုးသည်၊ နတ္ထိ-မရှိ၊ ဣတိ အာဒိနာ-ဤသို့အစရှိသော၊ နယေန-ဖြင့်၊ ဝိပရီတဒဿနံ-အမှန်၏ပြောင်းပြန်အားဖြင့် မြင်ခြင်းသည်၊ ဝါ-မှားမှား ယွင်းယွင်း မြင်ခြင်းသည်၊ မိစ္ဆာဒိဋ္ဌိ-မည်၏၊ ပန-ဆက်၊ တေ္တ-ဤမိစ္ဆာဒိဋ္ဌိ၌၊ နတ္ထိ ၊ပေ၊ အကြိယဒိဋ္ဌိဟိယေဝ-နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, အကြိယဒိဋ္ဌိတို့ ဖြင့်သာလျှင်၊ ကမ္မပထဘေဒေါ-ကမ္မပထ၏ အထူးအပြားသည်၊ (ဟောတိ၊)

ပန-ဆက်၊ ဣမေသံ-ဤ ပါဏာတိပါတအစရှိသော ကံတို့၏၊ အင်္ဂါနိ ဝတ္တာနဝသေန-အင်္ဂါအစရှိသည်ကို ပိုင်းခြားသတ်မှတ်ခြင်း၏ အစွမ်းဖြင့်၊ [အာဒိဖြင့်ပယောဂကို ယူ] ပပဉ္စော-အကျယ်ကို၊ တတ္ထ တတ္ထ-ထိုထို အဋ္ဌသာလိနီအစရှိသော ကျမ်း၌၊ အာဂတနယေန-ဖြင့်၊ ဒဋ္ဌဗ္ဗော-၏၊ [သင်္ဂြိုဟ် ဘာသာဋီကာ၌လည်း ထိုအင်္ဂါပယောဂတို့ကို ပြခဲ့ပြီ၊] အညတြာပိ ဝိညတ္တိယာ တိ-ကား၊ ကာယဝစီဝိညတ္တိ-ကာယဝိညတ်, ဝစီဝိညတ်ကို၊ ဝိနာပိ-ကြဉ်၍လည်း၊ [အပိဖြင့် မကြဉ်ဘဲလည်း-ဟုဆည်း၊] တံ-ထိုကာယဝိညတ်, ဝစီဝိညတ်ကို၊ အသမုဋ္ဌာပေတွာပိ-မဖြစ်စေမူ၍လည်း၊ ဣတိအတ္ထော၊ စ-ဆက်၊ တေ္တ-ဤ ကမ္မပထတရားတို့၌၊ ဝိညတ္တိသမုဋ္ဌာပကစိတ္တသမ္ပယုတ္တာ-ဝိညတ်ကိုဖြစ်စေတတ်သော စိတ်နှင့်ယှဉ်ကုန်သော၊ အဘိဇ္ဈာဒယော-အဘိဇ္ဈာ အစရှိသော သုံးပါးတို့သည်၊ စေတနာပက္ခိကာဝ-စေတနာ၏အဖို့၌ ဖြစ်ကုန် သည်သာလျှင်၊ ဟောန္တိ-န်၏။

**၅၈။** ဒေါသမူလေန ဇာယန္တီတိ-ကား၊ သဟဇာတာဒိပစ္စယေန-သဟဇာတ အစရှိသော ပစ္စည်းဖြစ်သော၊ ဒေါသသင်္ခါတမူလေန-ဒေါသဟုဆိုအပ်သော မူလကြောင့်၊ ဝါ-တစ်နည်း၊ ဒေါသမူလကစိတ္တေန-ဒေါသမူလရှိသော စိတ်ကြောင့်၊ ဇာယန္တိ-ဖြစ်ကုန်၏၊ လောဘမူလာဒီဟိ-လောဘမူလအစရှိသည်

---

**ဝိညတ္တိသမုဋ္ဌာပက၊ပေ၊ပက္ခိကာဝ ဟောန္တိ**။ ။["အညတြာပိ ဝိညတ္တိယာ မနသ္မိံယေဝ ဗာဟုလ္လဝုတ္တိတော"တို့၏ အကျယ်ကို ဘာသာဋီကာ၌ အကျယ်ပြထားပြီ၊] "ဝိညတ္တိသမုဋ္ဌာပကစိတ်နှင့် အတူတကွဖြစ်သော အဘိဇ္ဈာစသည်" ဟူရာ၌ "သူတစ်ပါးဥစ္စာကို ကိုယ်တိုင်ခိုးယူရာဝယ် ကာယဝိညတ်ကို ဖြစ်စေတတ်သော စိတ်ဖြစ်၏၊ ထိုစိတ်နှင့်ယှဉ်သော အဘိဇ္ဈာလည်း ပါရှိ၏၊ ထိုအခါ ခိုးယူကြောင်း စေတနာသည် အဒိန္နာဒါန ကမ္မပထမြောက်၏၊ အဘိဇ္ဈာကား သီးခြား မနောကမ္မပထ မဖြစ်, ထိုစေတနာ၏ဘက်သား (စေတနာ၏ အဖော်နောက်လိုက်သာ) ဖြစ်သည်-ဟူလို၊ ဤသို့ စသည်ဖြင့် ပါဏာတိပါတစေတနာ ဖြစ်ရာ၌ ဗျာပါဒ ဒေါသ၏ စေတနာပက္ခိက ဖြစ်ပုံ, သူ့ဥစ္စာခိုးသော်လည်း အပြစ်မရှိဟု မိစ္ဆာအယူ ပါရှိလျှင် (ဒိဋ္ဌိသမ္ပယုတ်စိတ်ဖြင့် ခိုးလျှင်) မိစ္ဆာဒိဋ္ဌိ၏ စေတနာပက္ခိက ဖြစ်ပုံကို သိပါ။

တို့ကြောင့်၊ န (ဓာယန္တိ)–ကုန်၊ [အညတ္ထာပေါဟနနည်းဖြင့် တစ်ပါးအနက်ကို တားမြစ်နိုင်သောကြောင့် "န လောဘမူလာဒီဟိ"ဟု မိန့်သည်၊] ဟိ–မှန်၊ ဟသမာနာပိ–ပြုံးရယ်ပါကုန်သော်လည်း၊ ရာဇာနော–တို့သည်၊ ဒေါသစိတ္တေ နေဝ–ဒေါသနှင့်ယှဉ်သော စိတ်ဖြင့်သာလျှင်၊ ပါဏဝဓံ–သတ္တဝါကို သတ်ခြင်းကို၊ အာဏာပေန္တိ–စေခိုင်းကြကုန်၏၊ [စည်းစိမ်ခံစား၍ နဂိုက သောမနဿဖြင့် နေစဉ် သူပုန်တစ်ယောက် ဖမ်းယူလာသောအခါ, "သတ်လိုက်ကြပါ"ဟု စေခိုင်းရာ၌ ဒေါသစိတ်ဖြင့် စေခိုင်းသော်လည်း ရှေ့နောက်အဖို့၌ သောမနဿ ညှပ်၍ နေသောကြောင့် ဒေါသစိတ်ဖြစ်ကြောင်းကို သာမန်လူတို့ မသိနိုင်ဘဲ ရှိရလေသည်၊] တထာ–ထို့အတူ၊ ဖရုသဝါစာဗျာပါဒေသုပိ–တို့၌လည်း၊ ယထာရဟံ–စွာ၊ ဒဋ္ဌဗ္ဗံ–၏၊ မိစ္ဆာဒဿနဿ–များယွင်းသောအားဖြင့် မြင်ခြင်း၏၊ ဝါ–မိစ္ဆာဒိဋ္ဌိ၏၊ အဘိနိဝိသိတဗ္ဗဝတ္ထုသု–မှားမှားယွင်းယွင်း နှလုံးသွင်း ထိုက်သောဝတ္ထုတို့၌၊ လောဘပုဗ္ဗင်္ဂမမေဝ–လောဘရှေ့သွားလျက်သာလျှင်၊ အဘိနိဝိသနတော–နှလုံးသွင်းခြင်းကြောင့်၊ မိစ္ဆာဒိဋ္ဌိ စ လောဘမူလေနာတိ–ဟူ၍၊ (အာစရိယော) အာဟ–ပြီ။

° သေသာနိ ၊ပေ၊ သမ္ပဝတ္တီတိ–ကား၊ တာဝ–ဒေါသမူလကြောင့် ဖြစ်ပုံမှရှေးဦးစွာ၊ ယော–အကြင်ပုဂ္ဂိုလ်သည်၊ အဘိမတံ–အလွန် အလိုရှိအပ်သော၊ ဝါ–

---

**သဟဇာတာဒိ ၊ပေ၊ စိတ္တေန**။ ။"ဒေါသသမ္ပယုတ္တမူလေန"ကိုကြည့်၍ ပဌမနည်း၌ "ဒေါသသမ္ပယုတ်+မူလံ ဒေါသမူလံ"ဟု ကမ္မဓာရည်းပြု၊ ပါဏာတိပါတစေတနာကို ဒေါသက သဟဇာတ, နိဿယစသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏၊ ဖရုသဝါစာ၌လည်း နည်းတူ၊ ဗျာပါဒကား သူ့ကိုယ်တိုင် ဒေါသဖြစ်ရကား ဒေါသမူလကြောင့်ဖြစ်၏–ဟု မဆိုနိုင်၊ နောက်နည်းအရတွင် ပါဝင်လတ္တံ့၊ ဒုတိယနည်း၌ "စိတ္တေန"ဟု စိတ်ကို အရကောက်သောကြောင့် ဒေါသော+မူလံ ဧတဿာတိ ဒေါသမူလံ"ဟု ပြု၊ ပါဏာတိပါတစသော သုံးပါးကို ဒေါသမူလရှိသောစိတ်(ဒေါသမူစိတ်)က သဟဇာတ စသော သတ္တိဖြင့် ကျေးဇူးပြုရကား ထိုသုံးပါးသည် ဒေါသမူစိတ်ကြောင့် ဖြစ်၏၊ ဤ အဖွင့်ကို ကြည့်၍ "ဒေါသမူလေန–ဒေါသဟု ဆိုအပ်သော မူလကြောင့်၊ ဝါ–ဒေါသမူလ ရှိသောစိတ်ကြောင့်"ဟု နှစ်နက်ပေးရသည်။

**မိစ္ဆာ ၊ပေ၊ မူလေနာတိ**။ ။လောဘမူလကြောင့်ဖြစ်သော ကံသုံးပါးတွင် ကာမေသု မိစ္ဆာစာရနှင့် အဘိဇ္ဈာတို့၏ လောဘမူလ, လောဘမူလရှိသော စိတ်ကြောင့်ဖြစ်ပုံမှာ ထင်ရှားသောကြောင့် အထူးမဖွင့်ဘဲ မိစ္ဆာဒိဋ္ဌိအတွက်သာ ဖွင့်ပြလို၍ "မိစ္ဆာဒဿနဿ" စသည် မိန့်၊ မိစ္ဆာအယူ၏ "ငါ"ဟု နှလုံးသွင်းရာဝတ္ထုကား ခန္ဓာငါးပါးတည်း၊ ထို ခန္ဓာအပေါ်၌ စွဲလမ်းမှု (တဏှာလောဘ) ရှေ့သွားရှိမှသာ မိစ္ဆာအယူ ဖြစ်နိုင်သောကြောင့် "မိစ္ဆာဒိဋ္ဌိကို လောဘမူလ–လောဘမူလရှိသော စိတ်ကြောင့်ဖြစ်သည်"ဟု ဆိုသည်။

ဣဋ္ဌာရုံဖြစ်သော၊ ဝတ္ထုံ–ကိုလည်းကောင်း၊ [သောမနဿသဟဂတ လောဘ၏ အာရုံကိုဆိုသည်။] အနဘိမတံ–အလွန်အလိုမရှိအပ်သော၊ ဝါ–ဣဋ္ဌမဇ္ဈတ္တာရုံ ဖြစ်သော၊ (ဝတ္ထုံ) ဝါ–ကိုလည်းကောင်း၊ [ဥပေက္ခာသဟဂတ လောဘ၏ အာရုံကိုဆိုသည်။] အတ္တဗန္ဓုပရိတ္တာဏာဒိပ္ပယောဇနံ–မိမိကိုစောင့်ရှောက်ခြင်း, ဆွေမျိုးသားချင်းတို့ကို စောက်ရှောက်ခြင်း အစရှိသောအကျိုးကို၊ သန္ဓာယ–၍၊ ဟရတိ–ခိုးဆောင်၏၊ တဿ–ထိုပုဂ္ဂိုလ်၏၊ အဒိန္နာဒါနံ–သည်၊ လောဘ မူလေန–လောဘမူလကြောင့်၊ ဝါ–လောဘမူလရှိသောစိတ်ကြောင့်၊ ဟောတိ–၏၊ ဝေရနိယျာတနတ္ထံ–ရန်ကို အပ်နှင်းခြင်းအကျိုးငှာ၊ ဟရန္တဿ–လုယူသော ပုဂ္ဂိုလ်၏၊(အဒိန္နာဒါနံ–သည်၊)ဒေါသမူလေန–ကြောင့်၊ဝါ–ကြောင့်၊(ဟောတိ)။

နီတိပါဌကပ္ပမာဏတော–နီတိကျမ်းကို ပမာဏပြုသောအားဖြင့်၊ ဒုဋ္ဌနိဂ္ဂဟ နတ္ထံ–လူဆိုးလူမိုက်တို့ကို နှိပ်ခြင်းအကျိုးငှာ၊ ပရသန္တကံ–တစ်ပါးသော လူဆိုး လူမိုက်တို့၏ဥစ္စာကို၊ ဟရန္တာနံ–ဆောင်ယူကုန်သော၊ ရာဇူနံ–မင်းတို့၏၊ ဣဒံ သဗ္ဗံ–ဤအလုံးစုံသောဥစ္စာကို၊ ဗြာဟ္မဏာနံ–ပုဏ္ဏားတို့အား၊ ရာဇူဟိ–တို့သည်၊ ဒိန္နံ–ပေးအပ်ပြီ၊ ပန–ထိုသို့ပင်ပေးအပ်ပါသော်လည်း၊ တေသံ–ထိုပုဏ္ဏားတို့၏၊ သဗ္ဗဒုဗ္ဗလဘာဝေန–အလုံးစုံတို့အောက် အားနည်းကုန်သည်၏ အဖြစ်ကြောင့်၊ [လူနည်းစုဖြစ်နေသောကြောင့်–ဟူလို၊] အညေ–ပုဏ္ဏားမှတစ်ပါး အခြားလူတို့ သည်၊ ပရိဘုဉ္ဇန္တိ–သုံးဆောင်ကြကုန်၏၊ အတ္တသန္တကမေဝ–မိမိတို့ဥစ္စာကိုသာ၊ ဗြာဟ္မဏာ-တို့သည်၊ပရိဘုဉ္ဇန္တိ-န်၏။ဣတိအာဒိနိ-ဤသို့အစရှိသောစကားတို့ကို၊

**သေသာနိ ၊ပေ၊ ဒွီဟိ မူလေဟိ**။ ။အဒိန္နာဒါနစသော ကျန်လေးပါးတို့တွင် အဒိန္နာဒါန သည် အလွန်အလိုရှိအပ်သောဝတ္ထုကိုဖြစ်စေ, အလိုမရှိအပ်သော ဝတ္ထုကို ဖြစ်စေ, မိမိကို သို့မဟုတ် မိမိ၏ဆွေမျိုးသားမယားကို (ထိုဥစ္စာဖြင့်) စောင့်ရှောက်ဖို့ရန် ခိုးယူရာ၌ လောဘမူလကြောင့်ဖြစ်၏၊ ဝေရနိယျာတန–ရန်စသောအားဖြင့် (သို့မဟုတ် လက်စား ခြေသောအားဖြင့်) လူ့ဥစ္စာကို လုယူရာ၌ ဒေါသမူလကြောင့် ဖြစ်သည်။

**နီတိ ၊ပေ၊ မောဟမူလေန**။ ။သဂြိုဟ်၌ အကုသိုလ်ကံတရားတို့၏ လောဘဒေါသ ကြောင့် ဖြစ်ပုံကိုသာပြ၍ မောဟကြောင့်ဖြစ်ပုံကို မပြ၊ လောဘဒေါသဖြစ်တိုင်း မောဟ ပါရသောကြောင့် အထူးပြဖွယ်မလိုဟု ယူဆဟန်တူသည်၊ သို့သော် တချို့ကိစ္စ၌ မောဟအရင်းခံ၍ (မောဟမူလပဓာနအဖြစ်ဖြင့်) ဖြစ်သေးရကား ထိုဖြစ်ပုံကို ပြလိုသော ကြောင့် "နီတိ၊ပေ၊မောဟမူလေန"ဟု မိန့်သည်။

**နီတိ ၊ပေ၊ ရာဇူနံ**။ ။ရာဇနီတိစသော နီတိကျမ်းတို့၌ "လူမိုက်ကိုဒဏ်တပ်ရမည်၊ လူကောင်းသူကောင်းကို ပူဇော်ရမည်"ဟု နည်းလမ်းညွှန်ပြထား၏၊ ထိုနည်းလမ်းကို ပမာဏပြုသော (အလွန်လေးစားသော) မင်းတို့သည် လူမိုက်တို့ကို နှိမ်ဖို့ရန် ဒဏ် တပ်၍ ဥစ္စာယူကြ၏၊ ထိုယူခြင်း အဒိန္နာဒါနသည် မောဟမူလအရင်းခံ၍ (မသိနား မလည်၍) ဖြစ်၏။

ဝတ္တာ–၍၊ သကာသညာယဝေ–မိမိဥစ္စာဟူသော အမှတ်သညာဖြင့်သာလျှင်၊ ယံကိဉ္စိ–အမှတ်မရှိတစ်စုံတစ်ခုသော ဥစ္စာကို၊ ဟရန္တာနံ–ဆောင်ယူကုန်သော၊ ဗြာဟ္မဏာနဉ္စ–တို့၏လည်းကောင်း၊ ကမ္မဖလသမ္ဗန္ဓာပဝါဒီနဉ္စ–ကံနှင့်အကျိုး ဆက်သွယ်မှုကို ပယ်ရှားတားမြစ်တတ်သူတို့၏လည်းကောင်း၊ (အဒိန္နာဒါနံ–သည်၊) မောဟမူလေန–ကြောင့်၊ ဝါ–ကြောင့်၊(ဟောတိ)ဇေဝံ–လျှင်၊ မုသာဝါဒါဒီသုပိ–တို့၌လည်း၊ ယထာရဟံ–စွာ၊ ယောဇေတဗ္ဗံ–ယှဉ်စေရာ၏။

**၆၃**။ ဆသု–န်သော၊ အာရမဏေသု–တို့၌၊ တိဝိဓကမ္မဝသေန–သုံးပါး အပြားရှိသော ကံ၏အစွမ်းဖြင့်၊ ဥပ္ပဇ္ဇမာနံပိ–ဖြစ်ပါသော်လည်း၊ ဝါ–ဖြစ်သည် လည်းဖြစ်သော၊ ဇတံ–ဤကာမာဝစရကုသိုလ်သည်၊ တိဝိဓနိယမေန–သုံးပါး

---

**ဗြာဟ္မဏာ ၊ပေ၊ ဟရန္တာနံ**။ ။ရှေးဘုရင်များ ဘိသိက်သွန်းပြီးစကာလ၌ "သမဏ ဗြာဟ္မဏတို့အား တိဏကဋ္ဌဥဒကတို့ကို ပေးလှူပါ၏၊ အလိုရှိတိုင်း သုံးကြပါစေ" ဟု ဆိုလေ့ရှိ၏၊ ထိုအဆိုသည် တောထဲ၌ ပိုင်ရှင်မရှိသော မြက်, ထင်း, ရေကို ရည်ရွယ်ချက် ရှိသော်လည်း ပုဏ္ဏားတို့ကမူ "နေရာတိုင်းမှာပင် သူတို့ပိုင် ဖြစ်သည်၊ သူတို့ အားမရှိ၍(လူနည်းစုဖြစ်နေ၍) အားရှိသူတို့က (လူများစုက) သုံးစွဲနေကြသည်"ဟု ယူဆ၍ ဘာပစ္စည်းမဆို မိမိပိုင်ဟု သဘောထားလျက် ယူကြလေ၏၊ ထိုယူခြင်းလည်း အစစ်အမှန်ကိုနားမလည်မှု မောဟမူလအရင်းခံလျက် ရှိသည်။

**ကမ္မ ၊ပေ၊ ဝါဒီနဉ္စ**။ ။"ကံရလျှင် နောင်အကျိုးရှိရမည်, ကံနှင့်အကျိုးသည် ဆက်စပ်လျက်ရှိသည်"ဟူသော အယူကို ပယ်ရှားကြ–ကံနှင့်ကံ၏အကျိုးကို မယုံကြည်ကြသူ အများလူတို့၏ (ယခုအခါဝယ် ကမ္မဝါဒီမဟုတ်သူတို့၏) သူတစ်ပါး ဥစ္စာကိုယူခြင်း အဒိန္နာဒါနလည်း မောဟမူလအရင်းခံလျက် ရှိသည်၊ ထိုသို့ဖြစ်ရာ၌ လောဘဒေါသတို့လည်း နောက်လိုက်အဖြစ်ဖြင့် ပါဝင်ကြသည်။

**ဇဝံ မုသာဝါဒီသုပိ**။ ။မိမိကိုလည်းကောင်း, မိမိ၏ဆွေမျိုးမိတ်ဆွေကိုလည်းကောင်း စောင့်ရှောက်ဖို့ရန် ရုံး၌မတရားသက်သေခံ၍ လိမ်ခြင်းသည် လောဘမူလကြောင့်ဖြစ်၏ ရန်ကို စ၍ ဖြစ်စေခြင်း, တိုးပွားစေခြင်းငှာ လိမ်၍ပြောခြင်းသည်ဒေါသမူလကြောင့် ဖြစ်၏၊ လူမိုက်ကိုနှိမ်ဖို့ရန် လိမ်ရာ၌ အပြစ်မရှိဟု ယူဆ၍ လိမ်ခြင်းစသည်သည် မောဟမူလကြောင့် ဖြစ်၏၊ ဤသို့စသည်ဖြင့်ယှဉ်စပ်၍ အဓိပ္ပာယ် မှတ်ပါလေ။

**တိဝိဓနိယမေန**။ ။ကာမာဝစရကုသိုလ်ကံသည် ရူပါရုံစသော အာရုံခြောက်ပါးတွင် တစ်ပါးပါးကို အာရုံပြု၍ သုံးပါးသောကံတို့တွင် တစ်ပါးပါးသောကံ၏အဖြစ်ဖြင့် ဖြစ်နိုင်၏၊ ထိုသို့ ဖြစ်နိုင်ရာ၌ ဒါနပြုလျက်သော်လည်း ဖြစ်ရမည် သီလစောင့်လျက် သော်လည်း ဖြစ်ရမည်၊ ဘာဝနာပွားလျက်သော်လည်း ဖြစ်ရမည်၊ ထိုသုံးပါးမှ လွတ်၍ အာရုံခြောက်ပါးကိုလည်း အာရုံမပြုနိုင်,ကံတစ်ပါးမျှလည်း မဖြစ်နိုင်၊ ဥပမာ– ပန်းတည်းဟူသောရူပါရုံကို ကိုယ်တိုင်ယူ၍ ဘုရားလှူရာ၌ ကာယကံရူပါရုံဒါန ဖြစ်၏၊ ဤသို့စသည်ဖြင့် သိပါ၊ ဤသို့လျှင် ဒါန သီလ ဘာဝနာသည် ကာမာဝစရကံ၏ (မကင်းစကောင်းသော) အမှတ်အသားတည်း၊ ထို့ကြောင့် "တိဝိဓနိယမေန"ဟု ဆိုသည်။

အပြားရှိသော အမုတ်အသားဖြင့်၊ ဥပ္ပန္နတိ–၏၊ ဣတိ–ကြောင့်၊ တထာ ဒါနသီလဘာဝနာဝသေနာတိ–ဟူ၍၊(အာစရိယော) အာဟ၊ ဟိ–မှန်၊ ["သုံးပါး အပြား"ဟူသော စကားမှန်၏–ဟူလို၊] ဒသဓာ–အားဖြင့်၊ နိဒ္ဒိသိယမာနာနံ– အကျယ်ညွှန်ပြအပ်ကုန်သော၊ ပုညကြိယဝတ္ထုနံ–ပုညကြိယဝတ္ထုတို့တွင်၊ ဒွိန္နံ– နှစ်ပါးတို့ကိုလည်းကောင်း၊ [ဒါနဌသွင်းယူရသော ပတ္တိဒါန, ပတ္တာနုမောဒန နှစ်ပါးတို့ကိုရည်ရွယ်သည်၊] ပုန–တစ်ဖန်၊ ဒွိန္နံ–တို့ကိုလည်းကောင်း၊ [သီလ၌ သွင်းယူရသော အပစာယန, ဝေယျာဝစ္စနှစ်ပါးကို ရည်ရွယ်သည်၊] တိဏ္ဏဥ္စ– သုံးပါးတို့ကိုလည်းကောင်း၊ [ဘာဝနာ၌သွင်းယူရသော ဓမ္မဿဝန ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မသုံးပါးကို ရည်ရွယ်သည်၊] ယထာက္ကမံ–တိုင်း၊ ဒါနာဒီသု–ဒါနအစရှိ ကုန်သော၊ ဝါ–ဒါန, သီလ, ဘာဝနာဟူကုန်သော၊ တီသွေဝ–သုံးပါးသော ပုကြိယာဝတ္ထုတို့၌သာ၊ သင်္ဂဟော–သွင်းယူရခြင်းသည်၊ (ဟောတိ၊) ပန– ဆက်၊ ဧတ္ထ–ဤသို့သွင်းယူရာ၌၊ ကာရဏံ–အကြောင်းကို၊ ပရတော–နောက်၌၊ ဝက္ခာမ–ဆိုကုန်အံ့၊ [ဣမေသု ပန ဒသသု အစရှိသော ပါဌ်၌ "တံသဘာဝတ္တာ"အစရှိသည်ဖြင့် ဆိုလတ္တံ့–ဟူလို၊] ပန–ဆက်၊ ဆဠာရမဏေသု– တို့၌လည်းကောင်း၊ တိဝိဓကမ္မဒွါရေသုစ–သုံးပါးအပြားရှိသော ကံ၏ဖြစ် ကြောင်းတို့၌လည်းကောင်း၊ နေသံ–ထိုပုညကြိယဝတ္ထုတို့၏၊ ပဝတ္တိယောဇနာ– ဖြစ်ပုံကိုယှဉ်စေခြင်းကို၊ အဋ္ဌကထာဒီသု–အဋ္ဌသာလိနီ အဋ္ဌကထာ အစရှိသည် တို့၌၊ အာဂတနယေန–ဖြင့်၊ ဂဟေတဗ္ဗာ–ယူထိုက်၏၊ [အဋ္ဌသာလိနီ "စိတ္တံ ဥပ္ပန္နံ ဟောတိ ရူပါရမဏံဝါ"စသော ပါဠိတော်အဖွင့်၌ အကျယ်ပြထား၏၊]

**၆၅။** စေတန (ဓမ္မဇာတေန)–ဤ စေတနာသဘောတရားဖြင့်၊ ဒီယတိ– ပေးလှူအပ်၏၊ ဣတိ–ထိုသို့ ပေးလှူကြောင်း၏အဖြစ်ကြောင့်၊ (တံဓမ္မဇာတံ– သည်၊) ဒါနံ– မည်၏၊ ပရိစ္စာဂစေတနာ– စွန့်ကြဲကြောင်း စေတနာတည်း၊ သေသေသုပိ–ကြွင်းသော သီလအစရှိသော ပုညကြိယဝတ္ထုတို့၌လည်း၊ ဧဝံ– ဤအတူတည်း၊ [စေတနာကိုပင် အရကောက်ပါ–ဟူလို၊] သီလတိ–ကောင်းစွာ ထားတတ်၏၊ ဣတိ, သီလံ–မည်၏၊ ကာယဝစီကမ္မာနိ–ကာယကံ, ဝစီကံတို့ ကို၊ သမာဒဟတိ–ကောင်းစွာထားတတ်၏၊ သမ္မာ–ကောင်းစွာ၊ ဝါ–အပြစ်မရှိ အောင်၊ ထပေတိ–ထားတတ်၏၊ ဣတိအတ္ထော၊ ဝါ–တစ်နည်း၊ သီလယတိ– ဥပဓာရေတိ–ကပ်၍ဆောင်ထားတတ်၏၊ ဣတိ, သီလံ၊ ပန–ဆက်၊ ဧတ္ထ– ဤ ဥပဓာရေတိဟူသောပါဌ်၌၊ ဥပဓာရဏံ–ကပ်၍ ဆောင်ခြင်းဟူသည်၊ ကုသလာနံ–တို့၏၊ အဓိဋ္ဌာနဘာဝေါ–တည်ရာ၏အဖြစ်တည်း၊ [ကုသိုလ်တရား တို့ကို တည်တံ့အောင် ဆောင်ထားခြင်းကို "တည်ရာ၏အဖြစ်"ဟု ဆိုသည်၊] တထာဟိ–ကြောင့်ပင်၊ သီလေပတိဋ္ဌာယတျာဒိ–သီလေပတိဋ္ဌာယ အစရှိသော စကားကို၊(ဘဂဝတာ၊) ဝုတ္တံ၊ တောယ–ဤစေတနာဖြင့်၊ ကုသလေ ဓမ္မေ–တို့ကို၊

ဘာဝေတိ အာသေဝတိ–အဖန်ဖန်မှီဝဲတတ်၏၊ ဘာဝေတိ ဝဍေ္ဍတိ–တို ပွားစေတတ်၏၊ ဣတိ, ဘာဝနာ–မည်၏၊ ["အာသေဝတိ"သည် ဘာဝေတိ၏ သဘောကိုပြသော သဘာဝတ္ထတည်း၊ ဘာဝနာဟူသမျှ ကုသိုလ်ကို အဖန်ဖန် မှီဝဲခြင်း (ဖြစ်စေခြင်း) သဘောရှိသည်–ဟူလို၊]

စေတေန (ဓမ္မဇာတေန)–ဖြင့်၊ အပစာယတိ–ရိုသေမှုကို ပြုတတ်၏၊ ပူဇာဝသေန–ပူဇော်ခြင်း၏အစွမ်းဖြင့်၊ သာမီစိ–ရိုသေမှုကို၊ ကရောတိ–၏၊ ဣတိ, (တံ ဓမ္မဇာတံ၊) အပစာယနံ–မည်၏၊ [မလွဲသာ၍, ကြောက်၍ ရိုသေမှု ပြုရသည် မဟုတ်ဟု သိစေလို၍ "ပူဇာဝသေန"ဟု ထည့်သည်၊] တံတံ ကိစ္စကရဏေ–ထိုထိုကိစ္စကို ပြုခြင်း၌၊ ဗျာဝဋဘာဝေ–ကြောင့်ကြစိုက်သူ၏၊ ဘာဝေါ–ဖြစ်ကြောင်းဖြစ်ရာသည်၊ ဝေယျာဝစ္စံ–မည်၏၊ စေတေန(ဓမ္မဇာတေန)–ဖြင့်၊ အတ္တနော–၏၊ သန္တာနေ–၌၊ နိဗ္ဗတ္တာ–ဖြစ်သော၊ ပတ္တိ–ကုသိုလ်အဖို့ကို၊ ဒီယတိ–ပေးအပ်၏၊ ဣတိ, (တံ ဓမ္မဇာတံ၊) ပတ္တိဒါနံ–မည်၏၊ တောယ–ဤစေတနာဖြင့်၊ ပတ္တိ–ရောက်အပ်ရအပ်သော ကုသိုလ်အဖို့ကို၊ အနုမောဒတိ–ဝမ်းမြောက်တတ်၏၊ ဣတိ, (သာ) အနုမောဒနာ–မည်၏၊ စေတေန (ဓမ္မဇာတေန)–ဖြင့်၊ ဓမ္မံ–ကို၊ သုဏန္တိ–နာယူကြကုန်၏၊ ဣတိ, (တံ ဓမ္မဇာတံ) ဓမ္မဿဝနံ–မည်၏၊ တောယ–ဤ စေတနာဖြင့်၊ ဓမ္မံ, ဒေသေန္တိ–ဟောကြကုန်၏၊ ဣတိ, (သာ) ဓမ္မဒေသနာ–မည်၏၊ ဒိဋ္ဌိယာ–အယူကို၊ ဝါ–အသိဉာဏ်ကို၊ ဥဇုကရဏံ–ဖြောင့်မှန်အောင်ပြုခြင်းသည်၊ ဒိဋ္ဌိဇုကမ္မံ–မည်၏၊ [ဒါနစသောပုဒ်တို့၏ ဝစနတ္ထနှင့် အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ။]

[ဒါနစသည်တို့ကို အရကောက်နှင့်တကွ အကျယ်ပြလို၍ "တတ္ထ"စသည် မိန့်၊] တတ္ထ–ထို ဒါနအစရှိသည်တို့တွင်၊ (ဒါနံနာမသီလံနာမစသည်၌ စပ်၊) သာနုသယသန္တာနဝတော–အနုသယနှင့်တကွဖြစ်သော ခန္ဓာအစဉ်ရှိသော ပုထုဇဉ်, သေက္ခ၏(သန္တာန်၌) (ပဝတ္တစေတနာ၌ စပ်၊) ပရေသံ–တို့ကို၊ ပူဇာနုဂ္ဂဟကာမတာယ–ပူဇော်ခြင်း, ချီးမြှောက်ခြင်းကို အလိုရှိသူ၏အဖြစ်ကြောင့်၊ [မိမိကငယ်လျှင် ကြီးသူကိုပူဇော်လိုခြင်း, မိမိကကြီးလျှင် ငယ်သူကို ချီးမြှောက်လိုခြင်းကြောင့်-ဟူလို၊] အတ္တနော–၏၊ ဝိဇ္ဇမာနဝတ္ထုပရိစ္စဇနဝသပ္ပဝတ္တစေတနာ–ထင်ရှားရှိသော ဝတ္ထုကို စွန့်လှူခြင်း၏ အစွမ်းဖြင့်ဖြစ်သော စေတနာသည်၊

---

**သာနုသယ ၊ပေ၊ ဒါနံနာမ။** ။အနုသယကင်းပြီးပုဂ္ဂိုလ်ဟူသည် ရဟန္တာတည်း၊ ထို ရဟန္တာသန္တာန်၌ ဖြစ်သောစေတနာသည် ပုညကြိယဝတ္ထု မဟုတ်သောကြောင့် "သာနုသယသန္တာနဝတော"ဟု ဆိုသည်၊ [သ+အနုသယ–အနုသယနှင့်တကွ ဖြစ်သော+ သန္တာန–ခန္ဓာအစဉ်၊] တစ်ချို့က "ဒါနဟူသည် စေတနာတည်း၊ ထို့ကြောင့် မရှိသော ဝတ္ထုကို စိတ်ကူးဖြင့် ပေးလှူခြင်းလည်း ဒါနဖြစ်၏"ဟု ယူကြ၏၊ ထိုအယူကို ပယ်လို၍ "ဝိဇ္ဇမာနဝတ္ထုပရိစ္စဇနဝသပ္ပဝတ္တစေတနာ"ဟု မိန့်သည်။

ဒါနံနာမ–၏၊ ဒါနဝတ္ထုပရိယေသနဝသေန–လှူဖွယ်ဝတ္ထုကို ရှာမှီးခြင်း၏ အစွမ်းဖြင့်လည်းကောင်း၊ ဒိန္နဿ–ပေးလှူအပ်ပြီးသော ဝတ္ထုကို၊ သောမနဿ စိတ္တေန–သောမနဿနှင့် ယှဉ်သောစိတ်ဖြင့်၊ (ဝမ်းမြောက်သောစိတ်ဖြင့်၊) အနုဿရဏဝသေန–အဖန်ဖန်အောက်မေ့ခြင်း၏ အစွမ်းဖြင့်လည်းကောင်း၊ ပဝတ္တာ–န်သော၊ ပုဗ္ဗပစ္ဆာဘာဂစေတနာ–ဒါန၏ရှေ့အဖို့ နောက်အဖို့၌ဖြစ်သော စေတနာတို့သည်၊ ဧတ္ထေဝ–ဤဒါန၌ပင်၊ သမောဓာနံ–ပေါင်းခြင်းသို့၊ ဂစ္ဆန္တိ–ရောက်ကုန်၏၊ [ဒါနဝတ္ထုပရိယေသနဝသေနပဝတ္တာပုဗ္ဗဘာဂစေတနာဟု တွဲ၊ ဤစကားဖြင့် ပုဗ္ဗစေတနာကိုပြသည်၊ အနုဿရဏဝသေန ပဝတ္တာပစ္ဆာဘာဂ စေတနာဟု တွဲ၊ ဤစကားဖြင့် အပရစေတနာကို ပြသည်။] ဧဝံ–တူ၊ သေ သေသုပိ–ကြွင်းသော သီလအစရှိသည်တို့၌လည်း၊ ယထာရဟံ–စွာ၊ ဒဋ္ဌဗ္ဗံ–၏၊ [ပုဗ္ဗအပရစေတနာတို့၏ မုဉ္စစေတနာဖြစ်သော သီလစသည်၌ ပါဝင်ပုံကို မှတ်ပါ။]

နိစ္စသီလာဒိဝသေန–နိစ္စသီလအစရှိသည်တို့၏ အစွမ်းဖြင့်၊ [အမြဲစောင့် ထိန်းအပ်သော ၅ ပါးသီလ စသည်၊ အာဒိဖြင့် အမြဲမဟုတ် တစ်ခါတစ်ရံသာ ဆောက်တည်အပ်သော သီလကို ယူ၊] ပဉ္စဝါ–၅ ပါးသော်လည်းဖြစ်ကုန်သော၊ အဋ္ဌဝါ–န်သော၊ ဒသဝါ–န်သော၊ သီလာနိ–တို့ကို၊ သမာဒိယန္တဿ–ဆောက် တည်သူ၏လည်းကောင်း၊ ပရိပူရေန္တဿ–ဖြည့်ကျင့်သူ၏လည်းကောင်း၊ [ဆောက်တည်ပြီးနောက် ဖြည့်ကျင့်သူ–ဟူလို၊] အသမာဒိယိတွာပိ–မဆောက် တည်မူ၍လည်း၊ ဝါ–ဘဲလည်း၊ သမ္ပတ္တကာယဝစီဒုစ္စရိတတော–ရောက်လာ သော ကာယဒုစရိုက်, ဝစီဒုစရိုက်မှ၊ ဝိရမန္တဿ–ရှောင်ကြဉ်သူ၏လည်း ကောင်း၊ [သတ်ဖို့ရန် ကြုံလာလျှင် မသတ်ဘဲ, ခိုးဖို့ရန် ကြုံလာလျှင် မခိုးဘဲ ရှောင်ကြဉ်သူ–ဟူလို၊] ပဗ္ဗဇန္တဿ–ရှင်သာမဏေ ပြုသူ၏လည်းကောင်း၊ ဥပသမ္ပဒမာဠကေ–ရဟန်းခံရာတန်ဆောင်းဝန်း၌၊ သံဝရံ–စောင့်စည်းကြောင်း သီလကို၊ သမာဒိယန္တဿ–ဆောက်တည်သူ၏လည်းကောင်း၊ [ရဟန်းခံ ကမ္မဝါစာနားထောင်နေသည်ကိုပင် ဆောက်တည်ဟု ဆိုသည်၊] စတုပါရိ သုဒ္ဓိသီလံ–စတုပါရိသုဒ္ဓိသီလကို၊ ပရိပူရေန္တဿ–ဖြည့်ကျင့်သူ၏လည်းကောင်း၊ (သန္တာနေ–၌၊) ပဝတ္တစေတနာ–သည်၊ သီလံနာမ–မည်၏။

စတ္တာလီသာယ–လေးဆယ်သော၊ ကမ္မဋ္ဌာနေသု–တို့၌လည်းကောင်း၊ (ဤ စကားဖြင့် သမထဘာဝနာ၏ အာရုံကို ပြသည်၊) ခန္ဓာဒိသု–ခန္ဓာအစရှိကုန် သော၊ဘူမိသု–ဘုံတို့၌လည်းကောင်း၊ [ဖြစ်ရာအာရုံကို ဘုံဟုခေါ်သည်၊ဤစကား ဖြင့် ဝိပဿနာဘာဝနာ၏ အာရုံကိုပြသည်၊] ပရိကမ္မသမ္မသနဝသပ္ပဝတ္တာ– ပရိကမ်ပြုခြင်း, သုံးသပ်ခြင်း၏ အစွမ်းဖြင့်ဖြစ်သော၊ ["ပထဝီ, ပထဝီ" စသည်ဖြင့် ကမ္မဋ္ဌာန်းစီဖြန်းမှုကို ပြုခြင်းသည် ပရိကမ္မ,အနိစ္စ ဒုက္ခစသည်ဖြင့်

သုံးသပ်ခြင်းသည် သမ္မသန၊] အပ္ပနံ–အပ္ပနာသို့၊ အပ္ပတ္တာ–မရောက်သေးသော၊ ဂေါတြဘုပရိယောသာနစေတနာ–ဂေါတြဘုအဆုံးရှိသော စေတနာသည်၊ ဘာဝနာနာမ–မည်၏၊ [အပ္ပနာဈာန်–မဂ်သို့ရောက်လျှင် ကာမာဝစရကုသိုလ် မဟုတ်တော့၊ ဤနေရာကား ကာမာဝစရကံကို ပြနေသော အရာတည်း၊ ထို့ကြောင့်"ဂေါတြဘုပရိယောသာနစေတနာ"ဟု ဆိုသည်၊] နိရဝဇ္ဇဝိဇ္ဇာဒိပရိယာပုဏ္ဏစေတနာပိ–အပြစ်မရှိသော အတတ်ပညာ အစရှိသည်ကို သင်ယူကြောင်း စေတနာသည်လည်း၊ ဧတ္ထေဝ–ဤဘာဝနာ၌ပင်၊ သမောဓာနံ–ပေါင်းဆုံခြင်းသို့၊ ဂစ္ဆတိ–ရောက်၏။

ဝယသာ–အရွယ်အားဖြင့်လည်းကောင်း၊ ဂုဏေဟိစ–ဂုဏ်တို့ဖြင့်လည်းကောင်း၊ ဇေဋ္ဌာနံ–ကြီးသူတို့ကို၊ စီဝရာဒီသု–သင်္ကန်းအစရှိသော လာဘ်တို့၌၊ ပစ္စာသာရဟိတေန–မြော်လင့်တောင့်တခြင်းမှ ကင်းသော၊ အသံကိလိဋ္ဌဇ္ဈာသယေန–မညစ်နွမ်းသော အဇ္ဈာသယဖြင့်၊ ပစ္စုဋ္ဌာနအာသနာဘိနီဟာရာဒိဝိဓိနာ–ခရီးဦးကြိုဆိုခြင်း, နေရာကိုရွေးရှုဆောင်ပေးခြင်း အစရှိသော အစီအရင်ဖြင့်၊ ဗဟုမာနကရဏစေတနာ–များစွာမြတ်နိုးမှုကို ပြုကြောင်းစေတနာသည်၊ အပစာယနံနာမ–၏၊ တေသမေဝ–ထို အသက်သိက္ခာ ဂုဏ်ဝါ ကြီးရင့်သူတို့၏ ပင်လျှင်ကောင်း၊ ဂိလာနာနဥ္စ–မကျန်းမာသူတို့၏လည်းကောင်း၊ ယထာဝုတ္တဇ္ဈာသယေန–အကြင်အကြင် ဆိုအပ်ပြီးသော အသံကိလိဋ္ဌဇ္ဈာသယဖြင့်၊ တံတံကိစ္စကရဏစေတနာ–ထိုထိုကိစ္စကို ပြုကြောင်းစေတနာသည်၊ ဝေယျာဝစ္စံနာမ–၏၊ အတ္တနော–၏၊ သန္တာနေ–၌၊ နိဗ္ဗတ္တသ–ဖြစ်သော၊ ပုညဿ–ကို၊ ပရေဟိ–တို့နှင့်၊ သာဓာရဏဘာဝံ–ဆက်ဆံသည်၏အဖြစ်ကို၊ ပစ္စာသီသနစေတနာ–တောင့်တကြောင်းစေတနာသည်၊ ပတ္တိဒါနံနာမ–၏၊ ပရေဟိ–တို့သည်၊ ဒိန္နဿ ဝါ–ပေးအပ်သည်မူလည်းဖြစ်သော၊ အဒိန္နဿ ဝါ–မပေးအပ်သည်မူလည်းဖြစ်သော၊ ပုညဿ–ကောင်းမှုကို၊ မစ္ဆေရမလဝိနိဿဋေန–မစ္ဆေရအညစ်အကြေးမှ လွတ်သော၊ စိတ္တေန–ဖြင့်၊ အဗ္ဘာနုမောဒနစေတနာ–အဖန်ဖန်ဝမ်းမြောက်ကြောင်း စေတနာသည်၊ ပတ္တာနုမောဒနာနာမ–၏၊ [ကုသိုလ်ရှင်တို့က အမျှမပေးဝေလျှင် "ပတ္တိ"ဟု အမည်မရနိုင်၊ ထို့ကြောင့် "အဒိန္နဿပိ"သည် ပတ္တာနုမောဒနအမည်နှင့် မလျော်၊ အဋ္ဌသာလိနီ၌ "အဗ္ဘာနုမောဒနာ"ဟုရှိ၏၊ ထိုအမည်သာ လျော်၏၊ ဘာသာဋီကာမှာ ကြည့်ပါ။]

ဓံ–ဤသို့၊ ဣမံ ဓမ္မံ–ကို၊ သုတွာ–နာပြီး၍၊ [ဤတရားကို ဤနည်းအားဖြင့် နာပြီးလျှင်–ဟူလို၊] တတ္ထ–ထိုတရား၌၊ ဝုတ္တနယေန–ဟောတော်မူအပ်သော နည်းဖြင့်၊ ပဋိပဇ္ဇန္တော–ကျင့်လတ်သော်၊ လောကိယလောကုတ္တရဂုဏဝိသေသဿ–လောကီ,လောကုတ္တရာဂုဏ်အထူး၏၊ ဘာဂီ–အဖို့ရှိသည်၊ ဘဝိဿာမိ–အံ့၊

ဝါ–တစ်နည်း၊ ဗဟုသုတော–များသောသုတရှိသည်၊ ဟုတ္ဝာ–၍၊ ပရေသံ–
တို့အား၊ ဓမ္မဒေသနာဒီဟိ–တရားဟောခြင်းအစရှိသည်တို့ဖြင့်၊ အနုဂ္ဂဏှိသာမိ–
ချီးမြှောက်အံ့၊ ဣတိစေဝံ–သို့၊ အတ္တနော–၏လည်းကောင်း၊ [ဤစကားဖြင့်
ဝေမိမံ၊ပေ၊ဘာဂီ ဘဝိဿာမိ”ကို ရည်ရွယ်သည်၊] ပရေသံ–တို့၏လည်း
ကောင်း၊ [ဤစကားဖြင့်“ဗဟုဿုတော ၊ပေ၊ အနုဂ္ဂဏှိဿာမိ”ကို ရည်ရွယ်
သည်၊] ဟိတဖရဏဝသပ္ပဝတ္တေန–စီးပွားကို ဖြန့်ခြင်း၏ အစွမ်းဖြင့်ဖြစ်သော၊
အသံကိလိဋ္ဌဇ္ဈာသယေန–မညစ်နွမ်းသော အလိုဆန္ဒဖြင့်၊ ဟိတူပဒေသ သဝန
စေတနာ–အစီးအပွားကို ညွှန်ပြတတ်သော ကြားနာကြောင်းစေတနာသည်၊
ဓမ္မသဝနံနာမ–၏၊ နိရဝဇ္ဇဝိဇ္ဇာဒိသဝနစေတနာပိ–အပြစ်မရှိသော အတတ်
အစရှိသည်ကို ကြားနာကြောင်းစေတနာကိုလည်း၊ ဧတ္ထေဝ–ဤဓမ္မသဝန၌ပင်၊
သင်္ဂယှတိ–၏၊ လာဘသက္ကာရာဒိနိရပေက္ခတာယ–လာဘသက္ကာရအစရှိသည်
၌ ငဲ့ကွက်ခြင်း မရှိသည်၏ အဖြစ်ဖြင့်၊ ယောနိသော–သင့်သောအကြောင်း
အားဖြင့်၊ မနသိ–စိတ်၌၊ ကရောတော–ပြုသူ၏၊ (တစ်နည်း၊) မနသိ
ကရောတော–နှလုံးသွင်းသူ၏၊ ဟိတူပဒေသစေတနာ–စီးပွားကို ညွှန်ပြကြောင်း
စေတနာသည်၊ ဓမ္မဒေသနာနာမ–၏၊ နိရဝဇ္ဇဝိဇ္ဇာဒိဥပဒိသနစေတနာပိ–
အပြစ်မရှိသော အတတ်အစရှိသည်ကို ညွှန်ပြကြောင်းစေတနာသည်လည်း၊
ဧတ္ထေဝ–ဤဓမ္မဒေသနာ၌ပင်၊ သင်္ဂဟံ–သို့၊ ဂစ္ဆတိ–၏။

အတ္ထိ ဒိန္နံ ၊ပေ၊ ဝသေန–အတ္ထိဒိန္နံ အစရှိသောနည်းဖြင့်ဖြစ်သော မှန်ကန်စွာ
မြင်ခြင်း၏အစွမ်းဖြင့်၊ ဒိဋ္ဌိယာ–အသိဉာဏ်ကို၊ ဝါ–အယူကို၊ ဥဇုကရဏံ–
သည်၊ ဒိဋ္ဌိဇုကမ္မံ နာမ–၏၊ ယဒိဧဝံ–လျှင်၊ [ဒိဋ္ဌိယာ–ကို၊ ဝါ–ကို၊ ဥဇုကရဏံ–
သည်၊ ဒိဋ္ဌိဇုကမ္မံ နာမ–သည်၊ ယဒိ ဟောတိ–အံ့၊ ဧဝံသတိ–သော်, ဟုလည်း
ပေးပါ၊] ဉာဏဝိပ္ပယုတ္တစိတ္တုပ္ပာဒဿ–ဉာဏဝိပ္ပယုတ်စိတ္တုပ္ပာဒ်၏၊ ဒိဋ္ဌိဇုကမ္မ
ပုညကြိယဘာဝေါ–ဒိဋ္ဌိဇုကမ္မပုညကြိယ၏အဖြစ်ကို၊ ဝါ–ဒိဋ္ဌိဇုကမ္မ
ပုညကြိယအမည်ကို၊ န လဗ္ဘတိ–မရအပ်သည် မဟုတ်လော၊ ဣတိ–ဤသို့
စောဒနာအံ့၊ [ဉာဏဝိပ္ပယုတ်ဖြစ်၍ ဉာဏ်မပါသောကြောင့် ဉာဏ်ကို ဖြောင့်
အောင် မပြုနိုင်ရကား ဉာဏဝိပ္ပယုတ် စိတ္တုပ္ပာဒ်၌ ဒိဋ္ဌိဇုကမ္မ ပုညကြိယဝတ္ထု
မရထိုက်သည်မဟုတ်လော,ဟု စောဒနာသည်။] နော န လဗ္ဘတိ–မရအပ်
သည်မဟုတ်,ရအပ်သည်သာ၊ (ကသ္မာ–နည်း၊) ပုရိမပစ္ဆိမစေတနာနမ္ပိ–ရှေ့အဖို့
နောက်အဖို့၌ဖြစ်သော စေတနာတို့၏လည်း၊ တံတံပုညကြိယာသွေဝ–တိုထို
ပုညကြိယာတို့၌ပင်၊ သင်္ဂဏှနတော–သွင်းယူနိုင်ခြင်းကြောင့်တည်း၊ [ဉာဏ
ဝိပ္ပယုတ်ဖြစ်သော ပုဗ္ဗ–အပရစေတနာတို့၏ဒိဋ္ဌိဇုကမ္မပုညကြိယဝတ္ထု၌
ပါဝင်နိုင်ခြင်းကြောင့် ဉာဏဝိပ္ပယုတ်စိတ္တုပ္ပာဒ်လည်း ဒိဋ္ဌိဇုကမ္မပုညကိရိယ
အမည်ရနိုင်သည်–ဟူလို၊] ဟိ–မှန်၊ ဥဇုကရဏဝေလာယံ–ဖြောင့်အောင်ပြု
ချိန်၌၊ ဉာဏသမ္ပယုတ္တမေဝ–ဉာဏသမ္ပယုတ်သာလျှင်ဖြစ်သော၊ စိတ္တံ–သည်၊
ကိဉ္စာပိ ဟောတိ–၏၊ ပန–လည်း၊ ပုရိမ ပစ္ဆာဘာဂေ–ရှေ့အဖို့,နောက်အဖို့၌၊

ဉာဏဝိပ္ပယုတ္တံပိ–ဉာဏဝိပ္ပယုတ်လည်းဖြစ်သော၊ (စိတ္တံ–သည်၊) သမ္ဘဝတိ–ဖြစ်သင့်၏၊ ဣတိ–ကြောင့်၊ တဿပိ–ထို ဉာဏဝိပ္ပယုတ် စိတ္တုပ္ပာဒ်၏လည်း၊ ဒွိဟေတုကမ္မဘာဝေါ–ဒွိဟိတ်ကမ္မ၏အဖြစ်သည်၊ ဝါ–ဒွိဟေတုကမ္မဟူသောနာမည်သည်၊ ဉပပဇ္ဇတိ–ဖြစ်သင့်၏၊ ဣတိ–ကြောင့်၊ အတိပ္ပပဉ္စေန–ဖြင့်၊ အလံ–ရှိပြီ။

[ပုညကြိယဝတ္ထုဆယ်ပါး၏ အကျဉ်းအားဖြင့် သုံးပါးဖြစ်ပုံကိုပြလို၍ "ဣမေသု ပန"စသည် မိန့်၊] ပန–ဆက်၊ ဒသသု–န်သော၊ ဣမေသု–ဤ ပုညကြိယဝတ္ထုတို့တွင်၊ ပတ္တိဒါနာနုမောဒနာ–ပတ္တိဒါန အနုမောဒနာတို့သည်၊ ဒါနေ–ဒါန၌၊ သင်္ဂဟံ–သွင်းယူအပ်ကုန်သည်၏အဖြစ်သို့၊ ဂစ္ဆန္တိ–န်၏၊(ကသ္မာ–နည်း၊) တံသဘာဝတ္တာ–ထို ဒါနသဘောရှိသည်၏ အဖြစ်ကြောင့်တည်း၊ ဟိ–ချဲ့၊ (တစ်နည်း၊) ဟိ (ယသ္မာ)–ကြောင့်၊ ဒါနံပိ–သည်လည်း၊ ဣဿာမစ္ဆေရာနံ–ဣဿာမစ္ဆရိယတို့၏၊ ပဋိပက္ခံ–ဆန့်ကျင်ဖက်တည်း၊ တေပိ–ဤပတ္တိဒါနအနုမောဒနာတို့သည်လည်း၊ ["တော"ဟု ဆိုသင့်လျက် လိင်ဝိပလ္လာသပြုထားသည်၊] ဣဿာမစ္ဆေရာနံ–တို့၏၊ ပဋိပက္ခာ–တို့တည်း၊ (တစ်နည်း၊) တေပိ–ဤ ပတ္တိဒါနပတ္တာနုမောဒနတရားတို့သည်လည်း၊ ဣဿာမစ္ဆေရာနံ ပဋိပက္ခာ၊ [တေတိ ပတ္တိဒါနပတ္တာနုမောဒနသင်္ခါတာ ဓမ္မာတိ အတ္ထော၊ မဏိမဉ္ဇူ။] တသ္မာ သမာနပဋိပက္ခတာယ–ထိုသို့တူမျှသော ဆန့်ကျင်ဘက် ရှိကုန်သည်၏ အဖြစ်ကြောင့်၊ ဝါ–ရှိကုန်သည့်အတွက်၊ ဧကလက္ခဏတ္တာ–တူသောလက္ခဏာရှိကုန်သည်၏ အဖြစ်ကြောင့်၊ တေ–ထို ပတ္တိဒါနအနုမောဒနာတို့ကို၊ ဝါ–ထို ပတ္တိဒါနပတ္တာနုမောဒနတရားတို့ကို၊ [ဤ"တေ"လည်း တေနှင့်အတူပင်၊] ဒါနမယပုညကြိယဝတ္ထုမှို–ဒါနမယ ပုညကြိဝတ္ထု၌၊ သင်္ဂယှန္တိ–န်၏၊ အပစာယနဝေယျာဝစ္စာ–တို့ကို၊ သီလမယ ပုညေဝ–သီလမယပုညကြိယ၌ပင်၊ သင်္ဂယှန္တိ–န်၏၊ (ကသ္မာ–နည်း၊) စာရိတ္တသီလဘာဝတော–စာရိတ္တသီလ၏ အဖြစ်ကြောင့်တည်း၊ ပန–ကား၊ ဒေသနာ သ ၊နဒိဋ္ဌိဇုကာ–ဓမ္မဒေသနာ,ဓမ္မဿဝန,ဒိဋ္ဌိဇုကတို့သည်၊ ကုသလဓမ္မာသေဝန တော–ကုသိုလ်တရားတို့ကို အဖန်ဖန်မှီဝဲတတ်သည်၏ အဖြစ်ကြောင့်၊ ဘာဝနာ မယေ–ဘာဝနာမယပုညကြိယ၌၊ သင်္ဂဟံ ဂစ္ဆန္တိ၊ ဣတိ–သို့၊ အာစရိယဓမ္မ ပါလတ္ထေရေန–သည်၊ ဝုတ္တံ။

ပန–ဝါဒန္တရကား၊ အပရေ–ဆရာဓမ္မပါလထေရ်မှ တစ်ပါးအခြားသော ပုဂ္ဂိုလ်တို့သည်၊ ဒေသေန္တော–ဟောစဉ်လည်းကောင်း၊ သုဏန္တော–နာစဉ် လည်းကောင်း၊ ဒေသနာနုသာရေန–ဒေသနာကို အစဉ်လိုက်သဖြင့်၊ ဉာဏံ–ကို၊ ပေသေတွာ–စေလွှတ်၍၊ လက္ခဏာနိ–လက္ခဏာတို့ကို၊ ပဋိဝိဇ္ဈ ပဋိဝိဇ္ဈ–ထိုးထွင်းကာသိ၍ ထိုးထွင်းကာသိ၍၊ ဒေသေတိ (စ)–ဟောလည်းဟော၏၊ သုဏာတိစ–နာလည်းနာ၏၊ စ–ဆက်၊ တာနိ ဒေသနာသဝနာနိ–ထိုဟောခြင်း

နာခြင်းတို့သည်၊ ပဋိဝေဓမေဝ–ထိုးထွင်း၍ သိခြင်းကိုပင်၊ အာဟရန္တိ–ဆောင် နိုင်ကုန်၏၊ ဣတိ–ကြောင့်၊ ဒေသနာသဝနာ–ဓမ္မဒေသနာ, ဓမ္မသဝနတို့သည်၊ ဘာဝနာမယေ–ဘာဝနာမယ ပုညကြိယဝတ္ထု၌၊ သင်္ဂဟံ ဂစ္ဆန္တိ ဣတိ–သို့၊ ဝဒန္တိ၊ ဓမ္မဒါနသဘာဝတော–တရားကို ပေးခြင်းသဘော၏ အဖြစ်ကြောင့်၊ ဒေသနာ–ဓမ္မဒေသနာသည်၊ ဒါနမယေ–ဒါနမယပုညကြိယဝတ္ထု၌၊ သင်္ဂဟံ ဂစ္ဆတိ၊ ဣတိပိ–သို့လည်း၊ ဝတ္တုံ–ငှာ၊ သက္ကာ၊ တထာဟိ–ထို့ကြောင့်ပင်၊ သဗ္ဗဒါနံ၊ပေ၊ဇိနာတီတိ–ဟူ၍၊ (ဘဂဝတာ) ဝုတ္တံ၊ [သဗ္ဗဒါနံ–အလုံးစုံသော ဒါနကို၊ ဓမ္မဒါနံ–ဓမ္မဒါနသည်၊ ဇိနာတိ–အောင်၏၊ အလုံးစုံသောဒါနထက် ဓမ္မဒါနက သာသည်–ဟူလို၊] ဒိဋ္ဌိဇုကမ္မံ–သည်၊ သဗ္ဗတ္ထာပိ–အလုံးစုံသော ပုညကြိယဝတ္ထုတို့၌လည်း၊ တထာ–ထို့အတူ၊ (သင်္ဂဟံ ဂစ္ဆတိ၊) (ကသ္မာ–နည်း၊) သဗ္ဗေသံ–အလုံးစုံသော ပုညကြိယဝတ္ထုတို့၏၊ နိယမနလက္ခဏတ္တာ–အကျိုးကြီးဖို့ရန် မှတ်ကြောင်းလက္ခဏာ၏ အဖြစ်ကြောင့်တည်း။

ဟိ–ချဲ့၊ ဒါနာဒီသု–တို့တွင်၊ ယံကိဉ္စိ–အမှတ်မရှိ တစ်စုံတစ်ခုသော ပုညကြိယဝတ္ထုသည်၊ အတ္ထိဒိန္နံတျာဒိနယပ္ပဝတ္တာယ–အတ္ထိ ဒိန္နံအစရှိသော နည်းဖြင့် ဖြစ်သော၊ သမ္မာဒိဋ္ဌိယာ–သမ္မာဒိဋ္ဌိသည်၊ ဝိသောဓိတံ–သုတ်သင်အပ်သည်၊ (သမာနံ–သော်၊) ဝါ–ဖြစ်မူ၊ [သမ္မာဒိဋ္ဌိပါမှ–ဟူလို၊]မဟပ္ဖလံ–များသောအကျိုးရှိသည်၊ မဟာနိသံသံ–များသောအာနိသင်ရှိသည်၊ ဟောတိ–၏၊ [အကျိုးရင်းကိုဖလ,အကျိုးဆက်ကို အာနိသံသဟု ခွဲ၊]ဝေဠုကတ္တာ–ဤအကြောင်းကြောင့်၊ ဒီဃနိကာယဋ္ဌကထာယံ–ဒီဃနိကာယ်အဋ္ဌကထာ၌၊ ဒိဋ္ဌိဇုကမ္မံ ၊ပေ၊ နိယမနလက္ခဏံတိ–ဟူ၍၊ ဝုတ္တံ–ပြီ၊ [ဒိဋ္ဌိဇုကမ္မံ–သည်၊ သဗ္ဗေသံ–အလုံးစုံသော ပုညကြိယဝတ္ထုတို့၏၊ နိယမနလက္ခဏံ–အကျိုးကြီးဖို့ရန် မှတ်ကြောင်း လက္ခဏာတည်း၊] ဧဝံ–လျှင်၊ ဒါန ၊ပေ၊ ဝသေန–ဒါန သီလ ဘာဝနာတို့၏ အစွမ်းဖြင့်၊ တီသု–သုံးပါးတို့၌၊ ဣတရေသံ–အခြားသော ပုညကြိယဝတ္ထုတို့ကို၊

**အပရေ ပန ၊ပေ၊ဝဒန္တိ**။ ။ဤအပရေဆရာတို့ကား တရားနာရင်း တရားဟောရင်း ဉာဏ်ကို ထိုတရားနောက်သို့ တစ်ခါတည်းပါသွားအောင် စေလွှတ်၍ (ဝါ–ဉာဏ်ဖြင့် စူးစိုက်၍) နာမှု ဟောမှုကိုပြုသောကြောင့် အနိစ္စစသော လက္ခဏာများကို ဝိပဿနာ ဉာဏ်ဖြင့် ထိုးထွင်းကာ ထိုးထွင်းကာ ဟောလည်းဟော နာလည်း နာ၏၊ ထိုကဲ့သို့ ဟောမှု နာမှုတို့သည် ဘာဝနာပွားသကဲ့သို့ ပဋိဝေဓဉာဏ်ကို စွမ်းဆောင်နိုင်ရကား ဘာဝနာ၌ သွင်းယူရသည်ဟု ဆိုကြသည်၊ ထိုစကားလည်း သင့်၏၊ ထိုသို့ တရားဟောမှု တရား နာမှုက ဘာဝနာသဘော သက်ရောက်နေသောကြောင့်ပင် တချို့ တချို့၌ တရားအဆုံးမှာ ဟောသူလည်း တရားရကြ, နာသူလည်း တရားရကြလေသည်။

သင်္ဂဏှနတော–သွင်းယူနိုင်ခြင်းကြောင့်၊ သခေ်ပတော–အကျဉ်းချုပ်အားဖြင့်၊ တိဝိဓမေဝ–သုံးပါးအပြားရှိသည်သာလျှင်ဖြစ်သော၊ ပုညကြိယဝတ္ထု–သည်၊ ဟောတိ–၏၊ ဣတိ–သို့၊ ဒဋ္ဌဗ္ဗံ–၏၊ တထာစေဝ–ထိုအတိုင်းပင်၊ အာစရိယေန–အရှင် အနုရုဒ္ဓါဆရာသည်၊ ဟေဋ္ဌာ–၌၊ ဒဿိတံ–အပ်ပြီ၊ ဝါ–ပြခဲ့ပြီ၊ ["တထာ ဒါန သီလ ဘာဝနာဝသေန"ဟု ပြခဲ့ပြီ–ဟူလို၊]

**၆၇။** (ရူပါဝစရကုသလံ–ရူပါဝစရကုသိုလ်ကံသည်၊) မနောကမ္မမေဝ–မနောကံသာတည်း၊[ဝေဖြင့် ကာယကံ ဝစီကံတို့ကို ကန့်၊] (ကသ္မာ–နည်း၊) ဝိညတ္တိသမုဋ္ဌာပကတ္တာဘာဝေန–ဝိညတ်ကို ဖြစ်စေတတ်သည်၏ အဖြစ်၏ မရှိခြင်းကြောင့်၊ ဝါ–မရှိသည့်အတွက်၊ ကာယဒွါရာဒီသု–တို့၌၊ [အာဒိဖြင့် ဝစီဒွါရကိုသာ ယူ၊] အပ္ပဝတ္တနတော–မဖြစ်ခြင်းကြောင့်တည်း၊ တံစ ရူပါဝစရကုသလံ–ထို ရူပါဝစရကုသိုလ်ကံသည်လည်း၊ ဘာဝနာမယံ–ဘာဝနာသာတည်း၊ (ကသ္မာ–နည်း၊) ဒါနာဒိဝသေန–ဒါန အစရှိသည်တို့၏ အစွမ်းဖြင့်၊ အပ္ပဝတ္တနတော–တည်း၊ အပ္ပနာပတ္တံ–အပ္ပနာသို့ရောက်၏၊ (ကသ္မာ–နည်း၊) ပုဗ္ဗဘာဂပ္ပဝတ္တာနံ–အပ္ပနာ၏ရှေ့အဖို့၌ဖြစ်သော ဘာဝနာတို့ ၏၊ ကာမာဝစရဘာဝတော–ကာမာဝစရကံ၏ အဖြစ်ကြောင့်တည်း၊ ဈာနင်္ဂဘေဒေနာတိ–ကား၊ ပဋိပဒါဒိဘေဒတော–ပဋိပဒါအစရှိသော အပြားအားဖြင့်၊ အနေကဝိဓတ္တေ–များသောအပြားရှိသည်၏ အဖြစ်သည်၊ (သတိ)ပိ–သော်လည်း၊ အင်္ဂါတိက္ကမဝသေန–အောက်အောက် ဈာန်အင်္ဂါကို လွန်ခြင်း၏အစွမ်းဖြင့်၊ နိဗ္ဗတ္တဇ္ဈာနင်္ဂဘေဒတော–ဖြစ်သောဈာန်အင်္ဂါတို့၏ အပြားအားဖြင့်၊ ပဉ္စဝိဓံ–ရှိသည်၊ ဟောတိ–ဖြစ်၏။

**၆၈။** အာရမဏဘေဒေနာတိ–ကား၊ ကသိဏုဂ္ဃါဋိမံ–ကသိုဏ်းကိုးပါးတို့တွင် တစ်ပါးပါးကို ခွာခြင်းကြောင့် ရအပ်သော၊ အာကာသံ–ကောင်းကင်

---

**ဝိညတ္တိ ၊ပေ၊ အပ္ပဝတ္တနတော။** ။ကာယဝိညတ် ဝစီဝိညတ်ကို ကာယဒွါရ ဝစီဒွါရဟု ခေါ်ရကား ထိုဝိညတ်ကို ဖြစ်စေနိုင်သော စေတနာသာ ကာယကံ–ဝစီကံ အမည် ရနိုင်သည်၊ ဤရူပါဝစရစိတ်ကား ဝိညတ်ကိုဖြစ်စေနိုင်သော သတ္တိပင်မရှိ၊ [တတ္ထ အပ္ပနာဇဝနံ စသော သင်္ဂြိုဟ်နှင့် မနောဓာတုံ, တဒါရုံကား–စသော ရုပ်ပိုင်းလင်္ကာကို သတိပြုပါ၊] ထို့ကြောင့် ကာယကံ ဝစီကံမရှိဘဲ မနောကံတစ်မျိုးသာ ရှိရလေသည်။

**ပဋိပဒါဒိ ၊ပေ၊ ဟောတိ။** ။အာဒိဖြင့် သုခပ္ပဋိပဒါ ဒန္ဓာဘိညာ၌ အဘိညာကိုလည်းကောင်း, အာရုံကိုလည်းကောင်း, ဒုက္ခာပဋိပဒါ ဒန္ဓာဘိညပရိတ္တ ပရိတ္တာရမဏဈာန်, ဒုက္ခာပဋိပဒါ ဒန္ဓာဘိညပရိတ္တ အပ္ပမာဏာရမဏဈာန် စသည်အားဖြင့် များစွာရှိ သည်ကို "အနေကဝိဓတ္တေပိ"ဟု ဆိုသည်၊ [ထိုများပုံကို ဓမ္မသင်္ဂဏီပါဠိတော် ရူပါဝစရ စိတ် အခန်းမှာ ရှုပါ၊] အင်္ဂါတိက္ကမဝသေန၌လည်း "ဒုတိယဈာန်သည် ဝိတက်ကို လွန်၏၊ တတိယဈာန်သည် ဝိစာရကို လွန်၏"စသည်ဖြင့် အင်္ဂါတိက္ကမဖြစ်ပုံကို သိပါ။

ပညတ်လည်းကောင်း၊ အာကာသဝိသယံ–ကောင်းကင်ပညတ်လျှင် အာရုံရှိသော၊ မနော–ပဌမာရုပ္ပဝိညာဉ်စိတ်လည်းကောင်း၊ တဒဘာဝေါ–ထို ပဌမာရုပ္ပဝိညာဉ်၏ မရှိခြင်းဟူသော နတ္ထိဘောပညတ်လည်းကောင်း၊ တဒါလမ္ဗံ–ထို နတ္ထိဘောပညတ်လျှင်အာရုံရှိသော၊ ဝိညာဏံ–တတိယာရုပ္ပဝိညာဉ်လည်းကောင်း၊ ဣတိ–သို့၊ စတုဗ္ဗိဓံ–ရှိ၏၊ ဣတိ–လျှင်၊ စတုန္နံ–န်သော၊ ဣမေသံ အာရမဏာနံ–တို့၏၊ ဘေဒေန–အားဖြင့်၊ (စတုဗ္ဗိဓံ ဟောတိ။)

၆၉။ တ္တောတိ–ကား၊ ပါကဋ္ဌာနဝသေန–ပါကဋ္ဌာန၏အစွမ်းဖြင့်၊ စတုဗ္ဗိဓေသု–န်သော၊ ဣမေသု ကမ္မေသု–ဤကံတို့တွင်၊ [အကုသိုလ်ကံ, ကာမာဝစရကုသိုလ်ကံ, ရူပါဝစရကံ, အရူပါဝစရကံတို့တွင်–ဟူလို၊ ဤပုဒ်ကို အကုသလကမ္မံ စသည်၌ စပ်၊] ဥဒ္ဓစ္စရဟိတန္တိ–ကား၊ ဥဒ္ဓစ္စသဟဂတစေတနာရဟိတံ–ဥဒ္ဓစ္စသဟဂုတ်စေတနာမှ ကင်းသော၊ ကောဒသဝိဓံ–ရှိသော၊ အကုသလကမ္မံ–သည်၊ (ပဋိသန္ဓိံ ဇနေတိ၌ စပ်၊) ပန–ပရိဟာရပက္ခမှတစ်ပါး, စောဒကပက္ခကို ဆိုဦးအံ့၊ အဓိမောက္ခဝိရဟေန–အဓိမောက္ခမှ ကင်းခြင်းကြောင့်၊ သဗ္ဗဒုဗ္ဗလမ္ပိ–အလုံးစုံသော အကုသိုလ်တို့အောက် အားနည်းသည်လည်းဖြစ်သော၊ ဝိစိကိစ္ဆာသဟဂတံ–ဝိစိကိစ္ဆာသဟဂုတ်စိတ်သည်၊ ပဋိသန္ဓိံ–ပဋိသန္ဓေကျိုးကို၊ အာကမုတိ–ငင်နိုင်၏၊ အဓိမောက္ခသမ္ပယောဂေန–အဓိမောက္ခနှင့် ယှဉ်ခြင်းကြောင့်၊ တတော–ထိုဝိစိကိစ္ဆာသဟဂုတ်စိတ်ထက်၊ ဗလဝန္တ မ္ပိ–အားရှိသည်လည်းဖြစ်သော၊ ဥဒ္ဓစ္စသဟဂတံ–သည်၊ (ပဋိသန္ဓိံ–ကို၊) နာကမုတိ–မငင်နိုင်၊ တ္တေ–ဤဥဒ္ဓစ္စသဟဂုတ်စိတ်၏ ပဋိသန္ဓေကျိုးကို မငင်နိုင်ရာ၌၊ ကာရဏံ–အကြောင်းကား၊ ကိံ–နည်း၊ ဣတိ–ဤကားစောဒနာတည်း၊ ပဋိသန္ဓိဒါနသဘာဝါဘာဝတော–ပဋိသန္ဓေကျိုးကို ပေးခြင်းသဘော၏ မရှိခြင်းကြောင့်တည်း။

---

**ဥဒ္ဓစ္စစေတနာရဟိတံ။** ။ဥဒ္ဓစ္စရဟိတံ–ဟူသော သဂြိုဟ်ပါဠ်ကို "ဥဒ္ဓစ္စစေတနာရဟိတံ"ဟု ဖွင့်၏၊ ကံကိုပြသော အရာဌာနဖြစ်သောကြောင့် "ဥဒ္ဓစ္စ"အရ ဥဒ္ဓစ္စစေတနာကို ယူပါ–ဟူလို၊ ဥဒ္ဓစ္စရဟိတံ၌လည်း "စေတနာ"ဟူသော အလယ်ပုဒ်ကျေသည်–ဟု မှတ်။

**ကိံပနေတ္ထ ကာရဏံ။** ။ပဋိသန္ဓေကျိုးပေးသော အကုသိုလ်ကံတို့တွင် ဝိစိကိစ္ဆာသဟဂုတ်စေတနာ ပါဝင်၏၊ ထို ဝိစိကိစ္ဆာ၌ အဓိမောက္ခစေတသိက် မယှဉ်၊ ဤသို့ အဓိမောက္ခမယှဉ်သောကြောင့် အားနည်းသော ဝိစိကိစ္ဆာစေတနာသည် ပဋိသန္ဓေကျိုး ငင်နိုင် (ပေးနိုင်) ပါလျှက်, အဓိမောက္ခယှဉ်သောကြောင့် အားကြီးသော ဥဒ္ဓစ္စစေတနာသည် ပဋိသန္ဓေကျိုးကို မငင်နိုင် (မပေးနိုင်)၊ ဤသို့အားနည်းသော ဝိစိကိစ္ဆာ စေတနာက ပဋိသန္ဓေကျိုးကို ပေးနိုင်ပါလျှက် အားကြီးသော ဤဥဒ္ဓစ္စသဟဂုတ် စေတနာက ပဋိသန္ဓေကျိုး မပေးရာ၌ အကြောင်းကား အဘယ်ပါနည်း–ဟူလို။

ဟိ–မှန်၊ [အခြားနေရာ၌ ဟိတ်နောင် ဝိတ္ထာရသုံးသော်လည်း ဤနေရာ၌ ဒဠှသာသင့်သည်၊] ဗလဝံ–အားရှိသောစိတ်သည်၊ (ပဋိသန္ဓိ–ကို၊) အာကမှတိ–၏၊ ဒုဗ္ဗလံ–အားမရှိသောစိတ်သည်၊ (ပဋိသန္ဓိ–ကို၊) နာကမှတိ–နိုင်၊ ဣတိ–ဤသို့သော၊ အယံဝိစာရဏာ–ဤ ဆိစစ်ခြင်းသည်၊ ပဋိသန္ဓိဒါနသဘာဝေသု ယေဝ–ပဋိသန္ဓေကျိုးပေးနိုင်ခြင်းသဘောရှိသော စိတ်တို့၌သာလျှင်၊ (ဟောတိ၊) ပန–ကား၊ ယဿ–အကြင်ဥဒ္ဒစ္စသဟဂုတ်စိတ်၏၊ ပဋိသန္ဓိဒါနသဘာဝေါ ယေဝ–ပဋိသန္ဓေကျိုးကို ပေးခြင်းသဘောသည်ပင်၊ နတ္ထိ၊ တဿ–ထို ဥဒ္ဒစ္စသဟဂုတ်စိတ်၏၊ ဗလဝဘာဝေါ–အားရှိသည်၏အဖြစ်သည်၊ ပဋိသန္ဓိအာကမှနေ–ပဋိသန္ဓေကျိုးကိုငင်ခြင်း၌၊ န ကာရဏံ–အကြောင်း မဟုတ်။

ပန–ပရိဟာရပက္ခမှတစ်ပါး, စောဒကပက္ခကို ဆိုဦးအံ့၊ ဥဒ္ဒစ္စသဟဂတဿ–၏၊ ပဋိသန္ဓိဒါနသဘာဝေါ–ပဋိသန္ဓေကျိုးကို ပေးခြင်းသဘောသည်၊ နတ္ထိ၊ ဣတိဧတံ–ဤ အနက်အဓိပ္ပာယ်ကို၊ ကထံ–အဘယ်အကြောင်းကြောင့်၊ ဝိညာတဗ္ဗံ–သိနိုင်သနည်း၊ ဒဿနေနပဟာတဗ္ဗေသု–သောတာပတ္တိမဂ်သည် ပယ်ထိုက်သောတရားတို့၌၊ (ဥဒ္ဒစ္စသဟဂတဿ–၏၊) အနာဂတတ္တာ–မလာသည်၏အဖြစ်ကြောင့်၊ ဝါ–မပါသည်၏အဖြစ်ကြောင့်၊ (ဥဒ္ဒစ္စသဟဂတဿ–၏၊ ပဋိသန္ဓိဒါနသဘာဝေါ–သည်၊ နတ္ထိ၊ ဣတိဧတံ–ဤအနက်အဓိပ္ပာယ်ကို၊ ဝိညာတဗ္ဗံ–သိနိုင်၏။)

ဟိ–ချဲ့၊ အကုသလာ–တို့သည်၊ ဒဿနေနပဟာတဗ္ဗာ–သောတာပတ္တိမဂ် ပယ်ထိုက်သော အကုသိုလ်တို့လ ာင်း၊ ဘာဝနာယပဟာတဗ္ဗာ–အထက်မဂ်သုံးပါးသည် ပယ်ထိုက်သော အကုသိုလ်တို့လည်းကောင်း၊ သိယာ–အချို့၊ ဒဿနေနပဟာတဗ္ဗာ–သောတာပတ္တိမဂ်သည် ပယ်ထိုက်သော အကုသိုလ်တို့ လည်းကောင်း၊ [ဤစကားဖြင့် အပါယဂမနီယ သဘောရှိသော အကုသိုလ်

---

**ပဋိသန္ဓိဒါန ။ပေ၊ ဗလဝံ ဟိ**။ ။ဥဒ္ဒစ္စစေတနာကိုယ်တိုင်က ပဋိသန္ဓေကျိုး ပေးခြင်းသဘော မရှိသောကြောင့် ထိုသို့ပဋိသန္ဓေကျိုးကို မဆွဲငင် မဆောင်ယူနိုင်ဘဲ ရှိရသည်၊ ထိုစကားကို မြဲစေလို၍ "ဗလဝံ ဟိ" မိန့်၊ "အားရှိသော စေတနာသည် ပဋိသန္ဓေကို ဆွဲငင်နိုင်ရမည်၊ အားမရှိသော စေတနာက ပဋိသန္ဓေကို မဆွဲနိုင်ရ"ဟု ခွဲခြား စိစစ်ခြင်းသည် ပဋိသန္ဓေကျိုးပေးနိုင်သော သဘောရှိသော ကံတို့၌သာ သင့်၏၊ နဂိုကပင် ပဋိသန္ဓေကျိုးကို ပေးနိုင်သော သဘောမရှိသော ကံများ၌ အားရှိနေခြင်းမှာ (ပဋိသန္ဓေကျိုး ပေးဖို့ရန်) အကြောင်းမဟုတ်ပါ။

**ကထံ ။ပေ အနာဂတတ္တာ**။ ။ဥဒ္ဒစ္စသဟဂုတ်စေတနာ၏ ပဋိသန္ဓေကျိုး ပေးနိုင်ခြင်း သဘော မရှိကြောင်းကို အဘယ့်ကြောင့် သိနိုင်သနည်း ဟု မေးလျှင် သောတာပတ္တိမဂ် ပယ်ရမည့် အကုသိုလ်တို့တွင် ဥဒ္ဒစ္စသဟဂုတ်စေတနာ မပါသောကြောင့် သိနိုင်သည် ဟု ဖြေ၊ ထိုကို ချဲ့လို၍ "တိဝိဓာ ဟိ"စသည် မိန့်။

များကို ပြသည်။] သိယာ–အချို့၊ ဘာဝနာယ ပဟာတဗ္ဗာ–အထက်သုံး ပါးသည် ပယ်ထိုက်သော အကုသိုလ်တို့လည်းကောင်း၊ [ဤစကားဖြင့် အပါယ ဂမနီယသဘော မရှိသော အကုသိုလ်များကို ပြသည်။] ဣတိ–သို့၊ တိဝိဓာ– န်၏၊ တတ္ထ–ထိုသုံးပါးတို့တွင်၊ ဒိဋ္ဌိ ။ပေ။ စိတ္တုပ္ပာဒါ–ဒိဋ္ဌိဂတသမ္ပယုတ် စိတ္တုပ္ပာဒ်, ဝိစိကိစ္ဆာသမ္ပယုတ်စိတ္တုပ္ပာဒ်တို့သည်၊ ဒဿနေနပဟာတဗ္ဗာနာမ– တို့မည်၏၊ (ကသ္မာ–နည်း။) ပဌမံ–သကဒါဂါမိမဂ် စသည်တို့မှ ရှေးဦးစွာ၊ နိဗ္ဗာနဒဿနဝသေန–နိဗ္ဗာန်ကို မြင်ခြင်း၏ အစွမ်းကြောင့်၊ ဒဿနန္တိ– ဒဿနဟူ၍၊ လဒ္ဓနာမေန–ရအပ်သော အမည်ရှိသော၊ သောတာပတ္တိမဂ္ဂေန– သည်၊ ပဟာတဗ္ဗတ္တာ–ပယ်ထိုက်ကုန်သည်၏ အဖြစ်ကြောင့်တည်း၊ ဥဒ္ဓစ္စ သမ္ပယုတ္တစိတ္တုပ္ပာဒေါ–သည်၊ ဘာဝနာယပဟာတဗ္ဗော နာမ–၏၊ (ကသ္မာ– နည်း။) အဂ္ဂမဂ္ဂေန်–အရဟတ္တမဂ်သည်၊ ပဟာတဗ္ဗတ္တာ–ပယ်ထိုက် သည်၏ အဖြစ်ကြောင့်တည်း။

ဟိ–မှန်၊ [အဂ္ဂမဂ္ဂကို ဘာဝနာဟု ခေါ်ဆိုရခြင်းသည် မှန်၏။] ဥပရိမဂ္ဂတ္တ ယံ–အထက်မဂ်သုံးပါးအပေါင်းကို၊ ပဌမမဂ္ဂေန–သည်၊ ဒိဋ္ဌနိဗ္ဗာနေ–မြင်အပ် ပြီးသောနိဗ္ဗာန်၌၊ ဘာဝနာဝသေန–တိုးပွားစေခြင်း၏ အစွမ်းဖြင့်၊ ဝါ–တိုး၍မြင် ခြင်း၏ အစွမ်းဖြင့်၊ [ဤ၌ ဘူဓာတ်သည် ဝဍ္ဎနအနက်ဟော။] ပဝတ္တနတော– ဖြစ်ခြင်းကြောင့်၊ ဘာဝနာတိ–ဘာဝနာဟူ၍၊ ဝုစ္စတိ၊ ပန–ကား၊ ဒိဋ္ဌိဝိပ္ပယု တ္တ ။ပေ။ စိတ္တုပ္ပာဒါ–တို့သည်၊ သိယာ ။ပေ။ ပဟာတဗ္ဗာ–တို့မည်၏၊ (ကသ္မာ– နည်း။) တေသံ–ထိုဒိဋ္ဌိဝိပ္ပယုတ်စိတ္တုပ္ပာဒ်,ဒေါမနဿသမ္ပယုတ်စိတ္တုပ္ပာဒ်တို့၏၊ အပါယနိဗ္ဗတ္တကာဝတ္ထာယ–အပါယ်၌ ဖြစ်စေတတ်သည်၏ အဖြစ်ဟူသော အခိုက်အတန့်၏၊ ဝါ–ကို၊ ပဌမမဂ္ဂေန–သည်၊ (ပဟီယမာနတ္တာ–ပယ်အပ် သည်၏ အဖြစ်ကြောင့်လည်းကောင်း၊) သေသဖဟလာဖဟလာဝတ္ထာယ– ကြွင်းသော ထုထဲသည်၏အဖြစ်ဟူသော အခိုက်အတန့်, မထူထဲသည်၏အဖြစ် ဟူသော အခိုက်အတန့်၏၊ ဝါ–ကို၊ ဥပရိမဂ္ဂေဟိ–တို့သည်၊ ပဟီယမာနတ္တာ– အဆင့်ပယ်အပ်သည်၏ အဖြစ်ကြောင့်လည်းကောင်းတည်း၊ [သောတာပတ္တိမဂ် စသည်တို့၏ ပယ်ပုံအစဉ်ကို တိကမာတိကာ ဒဿနတိက် ကြည့်၍ သိကြ ပါလေ။] တတ္ထ–ထိုအကုသိုလ်တို့တွင်၊သိယာဒဿနေနပဟာတဗ္ဗမှိ–သိယာ ဒဿနေနပဟာတဗ္ဗအကုသိုလ်ကိုလည်း၊ ဒဿနေနပဟာတဗ္ဗသာမညေန–

**ဒဿနဘာဝနာခေါ်ပုံ**။ ။နိဗ္ဗာန်ကို ရှေးဦးစွာ မြင်တတ်သော သောတာပတ္တိ မဂ်သည် ဒဿနမည်၏၊ ထို့ ကြောင့် "ပဌမံ နိဗ္ဗာနဒဿနဝသေန ဒဿနန္တိ လဒ္ဓနာမေန"ဟု ဆိုသည်၊ "ပဌမံ နိဗ္ဗာနံ ပဿတီတိ ဒဿနံ"ဟု ပြု၊ မြင်အပ်ပြီးကို တိုးပွားစေတတ် (ထပ်၍မြင်တတ်သော) အထက်မဂ်များကို "ဘာဝနာ"ဟု ခေါ်၏၊ ထို့ကြောင့်"ပဌမမဂ္ဂေန ဒိဋ္ဌနိဗ္ဗာနေဘာဝနာဝသေန ပဝတ္တနတော ဘာဝနာတိ ဝုစ္စတိ"ဟု ဆိုသည်၊ "ဘာဝေတိ–တိုးပွားစေတတ် ၏၊ ဣတိ ဘာဝနာ"ဟု ပြု။

သောတာပတ္တိ မဂ်သည် ပယ်ထိုက်သော အကုသိုလ်၏အဖြစ်ဖြင့် တူသည်၏ အဖြစ်ကြောင့်၊ ဣဓ–ဤဒဿနေနပဟာတဗ္ဗေသုံအနာဂတတ္တာ ဟူသောပါဠ်၌၊ ဒဿနေနပဟာတဗ္ဗန္တိ–တဗ္ဗဟူ၍၊ (အာစရိယာ–တို့သည်၊) ဝေါဟရန္တိ–ခေါ်ဆို ကြကုန်၏။

စ–ဆက်၊ [ပြတ်ပြီးဆက်၊] တစ်နည်း, စ–လဒ္ဓဒေါသ ထင်ရှားပြအံ့၊ [ယဒိနောက်မှ, နိပါတ်ပြ, လဒ္ဓဒေါသစွဲ၊] ဥဒ္ဓစ္စသဟဂတံ–သည်၊ ပဋိသန္ဓိံ– ကို၊ ယဒိ ဒဒေယျ–အံ့၊ တဒါ–ထိုပဋိသန္ဓေကျိုးပေးရာ အခါ၌၊ အကုသလ ပဋိသန္ဓိယာ–၏၊ သုဂတိယံ–သုဂတိဘုံ၌၊ အသမ္ဘဝတော–မဖြစ်သင့်ခြင်း ကြောင့်၊ အပါယေသွေဝ–အပါယ်ဘုံတို့၌သာလျှင်၊ ဒဒေယျ–ရာ၏၊ စ– ဆက်၊ အပါယဂါမိနိယံ–အပါယ်သို့ ရောက်စေတတ်သော အကုသိုလ်ကံသည်၊ အဝဿံ–မချွတ်ကေန်၊ ဒဿနေန ပဟာတဗ္ဗံ–သောတာပတ္တိမဂ်သည် ပယ်ထိုက်သည်၊ သိယာ–ရာ၏၊ ဣတရထာ–ဤသို့မဟုတ်လျှင်၊ အပါယ ဂါမိနိယသ–အပါယ်သို့ ရောက်စေတတ်သော အကုသိုလ်၏၊ ဝါ–ကို၊ အပ္ပဟီနတ္တာ–မပယ်အပ်သည်၏ အဖြစ်ကြောင့်၊ သေက္ခာနံ–သေက္ခတို့၏၊

---

**တတ္ထ ၊ပေ၊ ဝေါဟရန္တိ**။ ။ရှေ့၌ "ဒဿနေန ပဟာတဗ္ဗေသု အနာဂတတ္တာ"ဟု ဆိုခဲ့၏၊ ဤနေရာ၌ အကုသိုလ်သုံးမျိုး ခွဲပြရာဝယ် "သိယာ ဒဿနေန ပဟာတဗ္ဗ" အကုသိုလ်လည်း ရှိပြန်၏၊ ထိုသိယာ ဒဿနေနပဟာတဗ္ဗ အကုသိုလ်၌လည်း ဥဒ္ဓစ္စ မပါ၊ ထို့ကြောင့် ရှေ့၌လည်း "ဒဿနေန ပဟာတဗ္ဗ သိယာ ဒဿနေန ပဟာတဗ္ဗေသု အနာဂတတ္တာ"ဟု ဆိုသင့်သည် မဟုတ်ပါလော–ဟု စောဒနာဖွယ် ရှိသောကြောင့် "တတ္ထ ၊ပေ၊ ဝေါဟရန္တိ"ဟု မိန့်သည်၊ သိယာ ဒဿနေန ပဟာတဗ္ဗ အကုသိုလ်ကိုလည်း သောတာပတ္တိမဂ်သည် ပယ်ထိုက်သော အကုသိုလ်ချင်း တူသောကြောင့် ("သိယာ" မထည့်တော့ဘဲ) "ဒဿနေန ပဟာတဗ္ဗ"ဟုပင် ဤနေရာ၌ ခေါ်ထား၏၊ ထို့ကြောင့် "ဒဿနေနပဟာတဗ္ဗ,သိယာ ဒဿနေန ပဟာတဗ္ဗေသု အနာဂတတ္တာ"ဟု နာမည်နှစ်မျိုး မဆိုဘဲ,"ဒဿနေန ပဟာတဗ္ဗေသု"ဟုနာမည် တစ်မျိုးတည်း ဆိုခဲ့သည်–ဟူလို၊ ["ဣဓ၊ဓာတိ–ဣဓမသ္မိံ ဒဿနေန ပဟာတဗ္ဗေသူတိ ပဒေ" ဟု မဏိမဥ္ဇူဖွင့်သော်လည်း ထိုအဖွင့်ကို မကြိုက်၍ နိဿယ၌ တစ်မျိုးပေးလိုက်သည်။]

**ယဒိစ**။ ။"ဥဒ္ဓစ္စသဟဂတဿ ပဋိသန္ဓိဒါနသဘာဝေါ နတ္ထိ"ဖြင့် ဥဒ္ဓစ္စသဟဂုတ် ၏ ပဋိသန္ဓေကျိုး မပေးဟု ဆိုခဲ့ပြီ၊"ပဋိသန္ဓေကျိုးပေး၏–ဟု ယူဆလျှင် အဘယ် အပြစ်ရှိမည်နည်း"ဟု မေးဖွယ်ရှိသောကြောင့်"ယဒိစ"စသည် မိန့်၊ ပဋိသန္ဓေကျိုး ပေးလျှင် သုဂတိဘုံ၌ အကုသလဝိပါက် ပဋိသန္ဓေမဖြစ်နိုင်သောကြောင့် အပါယ်ဘုံ၌ ပေးရလိမ့်မည်၊ အပါယ်ဘုံ၌ ပေးလျှင်လည်း ဒဿနေနပဟာတဗ္ဗ အကုသိုလ်သာ ဖြစ်စရာရှိသည်။

**ဣတရထာ၊ပေဝိရုဇ္ဈနတော**။ ။ဆိုအပ်ပြီးသော စကားကို ပြောင်းပြန်လုပ်၍ "ဥဒ္ဓစ္စ သဟဂုတ်သည် အပါယ်ပဋိသန္ဓေလည်း ပေးရမည်၊ ဒဿနေနပဟာတဗ္ဗအကုသိုလ်လည်း မဟုတ်ရ"ဟုဆိုလျှင် အပါယ်ရောက်ကြောင်းစိတ်ကို သေက္ခပုဂ္ဂိုလ်တို့ မပယ်ရသေးဟု

အပါယုပ္ပတ္တိ–အပါယ်၌ဖြစ်ခြင်းဟူသော အပြစ်သည်၊ အာပဇ္ဇတိ–ဖြစ်၏၊ ပန–စင်စစ်ကား၊ တေ၀–ဤသေက္ခပုဂ္ဂိုလ်တို့၏ အပါယ်၌ဖြစ်ခြင်းသည်လည်း၊ န ယုတ္တံ–မသင့်၊ (ကသ္မာ–နည်း၊) စတူဟာ ၊ပေ၊ ၀စနေဟိ–ဓမ္မောအစရှိသော စကားတော်တို့နှင့်၊ သဟ–တကွ၊ ဝိရုဇ္ဈနတော–ဆန့်ကျင်ခြင်းကြောင့်တည်း၊ ပန–ဆက်၊ တေသ–ဤ ဥဒ္ဓစ္စသဟဂုတ်စိတ်၏၊ ဒဿနေနပဟာတဗ္ဗ ဘာဝေ–တဗ္ဗ၏အဖြစ်သည်၊ သတိစ–ဖြစ်ပြန်သော်လည်း၊ သိယာ ဒဿနေန ပဟာတဗ္ဗာတိ ဣမဿ–တဗ္ဗာဟူသော ဤမာတိကာပုဒ်၏၊ ဝိဘင်္ဂေ–အကျယ် ဝေဖန်ရာ ပဒဘာဇနီ၌၊ ဝတ္တဗ္ဗံ–ဟောတော်မူထိုက်သည်၊ သိယာ–၏၊ ပန–စင်စစ်ကား၊ တေ၀–ဤဥဒ္ဓစ္စသဟဂုတ်စိတ်ကိုလည်း၊ နဝုတ္တံ–အပ်၊ [ဝုတ္တန္တိ ဟု ဣတိနှင့်ရှိသည်ကားမကောင်း၊ ဣတိ–ဤသို့မှတ်အပ်၏ဟု သော်လည်း ပေး။]

(ကဿစိ–အချို့ပုဂ္ဂိုလ်၏ ဝိတက္ကော–အကြံသည်၊) အထသိယာ–အကယ်၍ ဖြစ်အံ့၊ (ကိံ–ရာသနည်း၊) အပါယဂါမိနိယော–သော၊ ရာဂေါ–သည်လည်း ကောင်း၊ ဒေါသော–သည်လည်းကောင်း၊ မောဟော–သည်လည်းကောင်း၊ တဒေကဋ္ဌာ–ထိုရာဂ,ဒေါသ,မောဟနှင့်တကွ တစ်ခုတည်းသောစိတ်၌ တည် ကုန်သော၊ ဝါ–တစ်ယောက်တည်းသောပုဂ္ဂိုလ်၌ တည်ကုန်သော၊ ကိလေသာ စ–တို့သည်လည်းကောင်း၊ (ဒဿနေနပဟာတဗ္ဗာ နာမ–တို့ မည်၏၊) ဣတိ ဇေ–သို့၊ ဒဿနေနပဟာတဗ္ဗေသု–တဗ္ဗတရားတို့၌၊ ဝုတ္တတ္တာ–ကြောင့်၊ ဥဒ္ဓစ္စ သဟဂတစေတနာယ–ကို၊ တတ္ထ–ထို ဒဿနေနပဟာတဗ္ဗတရားတို့၌၊ သင်္ဂဟော–သည်၊ဝါ–ကို၊ဝတ္တုံ–ငှာ၊သက္ကာ–တတ်ကောင်း၏၊ဣတိ–ဤသို့သော အကြံသည်၊ အထ သိယာ–အံ့၊ တံ–ထိုအကြံသည်၊န (ယုတ္တံ)၊(ကသ္မာ–နည်း၊) တဿ–ထိုဥဒ္ဓစ္စသဟဂုတ်စိတ်၏၊ ဝါ–ကို၊ ကေဝလတော–အားဖြင့်၊ ဘာဝနာယ ပဟာတဗ္ဗဘာဝေန–ဘာဝနာယပဟာတဗ္ဗ၏အဖြစ်ဖြင့်၊ ဝုတ္တတ္တာ–ဟောတော်

အဓိပ္ပာယ်ကျရောက်သောကြောင့် သေက္ခပုဂ္ဂိုလ်များ အပါယ်ကျခွင့် ရှိနေပြန်၏၊ ထိုသို့ အပါယ်ကျခြင်းလည်း မသင့်လျော်ချေ၊ ဘာ့ကြောင့်နည်း–"စတူဟာပါယေဟိ စ ဝိပ္ပမုတ္တော"ဟု ရတနသုတ်၌လည်းကောင်း "အဝိနိပါတဓမ္မော" ဟု ထိုထို ပါဠိတော်၌ လည်းကောင်း ဟောအပ်သော စကားနှင့် ဆန့်ကျင်စရာ ရှိသောကြောင့်တည်း။

**သတိစ ၊ပေ၊ ဝုတ္တံ**။ ။ဥဒ္ဓစ္စသဟဂုတ်သည် ဒဿနေနပဟာတဗ္ဗတရားဖြစ်လျှင် သိယာ ဒဿနေနပဟာတဗ္ဗပုဒ်၏ (အကျယ်)ဝိဘင်း၌ ဥဒ္ဓစ္စသဟဂုတ်ကို ထည့်၍ ဟောသင့်၏၊ ထိုသို့လည်း မဟောအပ်၊ ထို့ကြောင့် ဒဿနေနပဟာတဗ္ဗတွင် ဥဒ္ဓစ္စ သဟဂုတ် မပါဝင်–ဟူလို။

**အထသိယာ ၊ပေ၊ တံ န**။ ။တိုက်ရိုက် နာမည်တပ်၍သာ ဝိဘင်း၌ မဟောခြင်း ဖြစ်သည်၊ "တဒေကဋ္ဌာစ ကိလေသာ–ထို လောဘ, ဒေါသ, မောဟတို့နှင့် အတူတကွ တစ်ခုတည်းသော စိတ်၌ တည်သော ကိလေသာ" ဟူသော စကားတွင် ဥဒ္ဓစ္စလည်း

မူအပ်သည်၏ အဖြစ်ကြောင့်တည်း၊ ဟိ–သာကေကား၊ ကတမေ၊ ပေ၊စိတ္တုပ္ပာဒေါတိ–ဟူသော၊ ဇော်–ဤပဒဘာဇနီစကားကို၊ (ဘဂဝတာ) ဝုတ္တံ၊ [ကတမေဓမ္မာ–အဘယ်တရားတို့သည်၊ ဘာဝနာယပဟာတဗ္ဗာ–ဘာဝနာယ ပဟာတဗ္ဗမည်ကုန်သနည်း၊ ဥဒ္ဓစ္စသဟဂတော–ဥဒ္ဓစ္စသဟဂုတ်ဖြစ်သော၊ စိတ္တုပ္ပာဒေါ–သည်၊ (ဘာဝနာယပဟာတဗ္ဗော–မည်၏၊)] တသ္မာ–ကြောင့်၊ (ဥဒ္ဓစ္စသဟဂုတ်စိတ်၏ ဧကန် ဘာဝနာယပဟာတဗ္ဗတရား အဖြစ်ဖြင့်ဟော တော်မူအပ်သည်၏ အဖြစ်ကြောင့်၊) ဒဿနေနပဟာတဗ္ဗေသု–တဗ္ဗတရားတို့ ၌၊ အဝစနံ–ဟောတော်မမူခြင်းသည်၊ ဣမဿ–ဤဥဒ္ဓစ္စသဟဂုတ် စိတ်၏၊ ပဋိသန္ဓိဒါနာဘာဝံ–ပဋိသန္ဓေကျိုး ပေးခြင်း၏မရှိခြင်းကို၊ သာဓေတိ–ပြီးစေ၏။

နနုစ–စောဒနာပါဦးအံ့၊ (ကိံ–အံ့နည်း၊) ပဋိသမ္ဘိဒါဝိဘင်္ဂေ–ပဋိသမ္ဘိဒါ ဝိဘင်းပါဠိတော်၌၊ ယသ္မိံ ၊ပေ၊ အတ္ထပဋိသမ္ဘိဒါတိ–ဟူ၍၊ ဇဝံ–သို့၊ ဥဒ္ဓစ္စသဟ ဂတစိတ္တုပ္ပာဒံ–ဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပာဒ်ကို၊ ဥဒ္ဓရိတွာ–ထုတ်ဆောင်တော်မူ၍၊ တဿ–ထိုဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပာဒ်၏၊ ဝိပါကောပိ–အကျိုးကိုလည်း၊ ဥဒ္ဓတော– ထုတ်ဆောင်တော်မူအပ်ပြီ၊ ဣတိ–ထို့ကြောင့်၊ ကထံ–အဘယ်နည်းဖြင့်၊ အဿ–ထို ဥဒ္ဓစ္စသဟဂုတ် စိတ္တုပ္ပာဒ်၏၊ ပဋိသန္ဓိဒါနာဘာဝေါ–ပဋိသန္ဓေ ကျိုးပေးခြင်း၏ မရှိခြင်းကို၊ (အမှေဟိ–တို့သည်၊) သမ္ပဋိစ္ဆိတဗ္ဗော–လက်ခံနိုင်ပါ အံ့နည်း၊ ဣတိ–သို့၊(နနုစ–စောဒနာပါ၏၊) [ယသ္မိံ သမယေ–၌၊ အကုသလံ– ဖြစ်သော၊ ဥပေက္ခာသဟဂတံ–ဖြစ်သော၊ ဥဒ္ဓစ္စသမ္ပယုတ္တံ–ဥဒ္ဓစ္စသမ္ပယုတ် ဖြစ်သော၊ ရူပါရမ္မဏံဝါ–ရူပါရုံလျှင် အာရုံရှိသည်မူလည်းဖြစ်သော ၊ပေ၊ ဓမ္မာ ရမ္မဏံဝါ–ဖြစ်သော၊ စိတ္တံ–သည်၊ ယံယံဝါပန–အမှတ်မရှိ တစ်စုံတစ်ခုသော အာရုံကို၊ အာရဗ္ဘ–အာရုံပြု၍၊ ဥပ္ပန္နံ–ခဏတ္တယသို့ရောက်သည်၊ ဟောတိ– ၏၊ တသ္မိံ သမယေ–ထိုအခါ၌၊ ဖဿော–သည်၊ ဟောတိ ၊ပေ၊ အဝိက္ခေပေါ–

မေးဟာနှင့်အတူယှဉ်ရကား ပါဝင်သည်–ဟု ကြံစရာရှိ၏၊ ထိုအကြံလည်း မသင့်၊ ဘာ့ကြောင့်နည်း၊...ထိုဥဒ္ဓစ္စကို ဘာဝနာယပဟာတဗ္ဗဟု တိုက်ရိုက် ဟောတော်မူသော ကြောင့်တည်း၊ ["တသ္မာ"စသည်ကား လဒ္ဓဂုဏ်ဝါကျ။]

**နနုစ ၊ပေ၊ သမ္ပဋိစ္ဆိတဗ္ဗော။** ။ဓမ္မသင်္ဂဏီပါဠိတော်ဖြင့် စောဒနာဖွယ်များကို ပြပြီး၍, ဝိဘင်းပါဠိတော်ဖြင့် စောဒနာဖွယ်များကို ပြလိုကြောင့် "နနု စ"စသည် မိန့်၊ ပဋိသမ္ဘိဒါဝိဘင်းပါဠိတော်ဝယ် "ဥဒ္ဓစ္စသမ္ပယုတ္တံ ၊ပေ၊ တေသံ ဝိပါကေ"ဟူသော စကားကို ထောက်၍ "ဥဒ္ဓစ္စသဟဂုတ်သည် အကျိုးပေးနိုင်၏" ဟု သိသာ၏၊ ထိုအကျိုးလည်း "ဝိပါကေ"ဟု သာမညဟောတော်မူသောကြောင့် ပဋိသန္ဓေကျိုး–ပဝတ္တိကျိုး နှစ်မျိုးလုံးနှင့် ဆိုင်၏၊ ထို့ကြောင့် ဥဒ္ဓစ္စသဟဂုတ်၏ ပဋိသန္ဓေကျိုး မပေးနိုင်ကြောင်းကို အဘယ်နည်းဖြင့် လက်ခံနိုင်ပါအံ့နည်း၊ လက်မခံနိုင်ပါ–ဟူလို။

အဝိကွေပသည်၊ ဟောတိ၊ ဣမေဓမ္မာ-တို့သည်၊ အကုသလာ-တို့တည်း၊ ဣမေသုဓမ္မေသု-ဤတရားတို့၌၊ ဉာဏံ-သည်၊ ပဋိသမ္ဘိဒါ-မည်၏၊ တေသံ-ထိုအကုသိုလ်တို့၏၊ ဝိပါကေ-အကျိုး၌၊ ဉာဏံ-သည်၊ အတ္ထပဋိသမ္ဘိဒါ-မည်၏၊]အယံ-ဤအကျိုးကို၊ပဋိသန္ဓိဒါနံ-ပဋိသန္ဓေကျိုးပေးခြင်းကို၊သန္ဓာယ-ရည်ရွယ်၍၊ န ဥဒ္ဓတော-ထုတ်ဆောင်တော်မူအပ်သည်မဟုတ်၊ အထ ခေါ-စင်စစ်ကား၊ ပဝတ္တိဝိပါကံ-ကို၊ သန္ဓာယ-၍၊ (ဥဒ္ဓတော-ထုတ်ဆောင်တော်မူအပ်ပြီ။)

ပန-ဆက်၊ ပဋ္ဌာနေ-ပဋ္ဌာန်းပါဠိတော်၌၊ သဟဇာတာ၊ပေ၊ကမ္မပစ္စယေန ပစ္စယောတိ-ဟူ၍၊ ဒဿနေနပဟာတဗ္ဗစေတနာ ယဝေ-ဒဿနေနပဟာတဗ္ဗ စေတနာ၏သာလျှင်၊ သဟဇာတနာနက္ခဏိက ကမ္မပစ္စယဘာဝံ-သဟဇာတ ကမ္မပစ္စည်း, နာနက္ခဏိကကမ္မပစ္စည်း၏ အဖြစ်ကို၊ ဥဒ္ဓရိတွာ-ပြီး၍၊ သဟဇာတာ၊ပေ၊ပစ္စယောတိ-ဟူ၍၊ ဘာဝနာယပဟာတဗ္ဗစေတနာယ-၏၊ သဟဇာတကမ္မပစ္စယဘာဝေါဝ-သဟဇာတကမ္မပစ္စည်း၏ အဖြစ်ကိုသာ၊ ဥဒ္ဓတော-ပြီ၊ နာနက္ခဏိကကမ္မပစ္စယဘာဝေါပန-နာနက္ခဏိက ကမ္မပစ္စည်း၏ အဖြစ်ကိုကား၊ န (ဥဒ္ဓတော)-အပ်၊ စ-ဆက်၊ နာနက္ခဏိကကမ္မပစ္စယံ-ကို၊ ဝိနာ-ကြဉ်၍၊ ပဋိသန္ဓိအာကမုနံ-ပဋိသန္ဓေကျိုးကို ငင်ခြင်းသည်၊ န အတ္ထိ-မရှိ၊ တသ္မာ-ကြောင့်၊ တဿ-ထိုဥဒ္ဓစ္စသဟဂုတ်စိတ်၏၊ သဗ္ဗထာပိ-အားဖြင့် လည်း၊ ပဋိသန္ဓိဒါနံ-သည်၊ နတ္ထိ၊ ဣတိ-ဤသို့မှတ်အပ်၏။

ပန-ဝါဒန္တရကား၊ ဥဒ္ဓစ္စစေတနာ-သည်၊ ဥဘယဝိပါကမ္ပိ-နှစ်ပါးစုံသော ပဋိသန္ဓေကျိုး,ပဝတ္တိကျိုးကိုလည်း၊န ဒေတိ-မပေး၊(ကသ္မာ-နည်း၊)ပဋ္ဌာနေ-၌၊

---

**နာယံ ၊ပေ၊ သန္ဓာယ**။ ။ဤဥဒ္ဓစ္စသဟဂုတ်စိတ္တုပ္ပါဒ်၏ ဝိပါက်ကို ထုတ်ပြတော်မူရာ၌ ပဋိသန္ဓေကျိုးကို ရည်ရွယ်တော်မူ၍ ထုတ်ပြခြင်းမဟုတ်, ပဝတ္တိကျိုးကို ရည်ရွယ်တော်မူ၍ ထုတ်ပြခြင်းဖြစ်သောကြောင့် ဥဒ္ဓစ္စသဟဂုတ်၏ ပဋိသန္ဓေကျိုး မပေးကြောင်းကို လက်ခံသင့်ပါသည်-ဟူလို။

**ပဋ္ဌာနေ ၊ပေ၊ အာကမုနံ အတ္ထိ**။ ။"ဝိပါကေ"ဟု သာမညဟောတော်မူပါလျက် "အဘယ့်ကြောင့် ပဋိသန္ဓေကျိုး မပေးနိုင်-ဟု မှတ်ရပါမည်နည်း"ဟု မေးဖွယ်ရှိ၍ "ပဋ္ဌာနေ ပန"စသည် မိန့်၊ ပဋ္ဌာန်းပါဠိတော် ကမ္မပစ္စည်းဝယ် ဒဿနေနပဟာတဗ္ဗတရားများအတွက် သဟဇာတ-နာနက္ခဏိကနှစ်မျိုးကို ဟောတော်မူ၍ ဥဒ္ဓစ္စသဟဂုတ်ပါသော ဘာဝနာယပဟာတဗ္ဗ အတွက်ကား နာနက္ခဏိကမပါဘဲ သဟဇာတတစ်မျိုးသာ ထုတ်ဖော်ဟောပြတော်မူ၏၊ နာနက္ခဏိကကမ္မသတ္တိ မရှိဘဲလည်း ပဋိသန္ဓေကျိုး မပေးနိုင်၊ ထို့ကြောင့် "ဥဒ္ဓစ္စစေတနာကို (ဓမ္မသင်္ဂဏီပါဠိတော်နည်းဖြင့် ဖြစ်စေ, ဝိဘင်းပါဠိတော်နည်းဖြင့်ဖြစ်စေ, ပဋ္ဌာန်းပါဠိတော်နည်းဖြင့်ဖြစ်စေ) အလုံးစုံသောနည်းဖြင့် ပဋိသန္ဓေကျိုး မပေးနိုင်"ဟုသာ မှတ်ပါ-ဟူလို၊ [တသ္မာ-စသည်ကား လဒ္ဓဂုဏ်။]

နာနက္ခဏိကကမ္မပစ္စယဘာဝဿ–နာနက္ခဏိကကမ္မပစ္စည်းအဖြစ်၏၊ ဝါ–ကို၊ အနုဒ္ဓဋ္ဌတ္တာ–ထုတ်ဆောင်တော်မမူအပ်သည်၏အဖြစ်ကြောင့်တည်း၊ ဣတိ–ဤသို့သော၊ ယံ–အကြင်စကားကို၊ ကေ–အချို့ဆရာတို့သည်၊ ဝဒန္တိ–န်၏၊ တံ–ထိုစကားသည်၊ တေသံ–ထိုကေဆရာတို့၏၊ မတိမတ္တံ–အယူမျှသာတည်း၊ (ကသ္မာ–နည်း၊) ပဋ္ဌိသမ္ဘိဒါဝိဘင်္ဂေ–၌၊ ဥဒ္ဓစ္စသဟဂတာနမ္ပိ–တို့၏လည်း၊ ပဝတ္တိဝိပါကဿ–ပဝတ္တိအကျိုး၏၊ဝါ–ကို၊ ဥဒ္ဓဋ္ဌတ္တာ–ထုတ်ဆောင်အပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ပဋ္ဌာနေ–၌၊ ပဋိသန္ဓိဝိပါကာဘာဝမေဝ–ပဋိသန္ဓေကျိုး၏ မရှိခြင်းကိုသာလျှင်၊ သန္ဓာယ–၍၊ နာနာက္ခဏိကကမ္မပစ္စယဘာဝဿ–၏၊ ဝါ–ကို၊ အနုဒ္ဓဋ္ဌတ္တာ စ–မထုတ်ဆောင်အပ်သည်၏ အဖြစ်ကြောင့်လည်းကောင်းတည်း။

ဟိ–လဒ္ဓဒေါသ, ထင်ရှားပြအံ့၊ ပဝတ္တိဝိပါကံ–ကို၊ သန္ဓာယ–၍၊ နာနက္ခဏိကကမ္မပစ္စယဘာဝေါ–ကို၊ ယဒိဝုစ္စေယျ–အကယ်၍ ဟောတော်မူအပ်ငြားအံ့၊ တဒါ–ဟောတော်မူရာ ထိုအခါ၌၊ အဿ–ထိုဥဒ္ဓစ္စသဟဂုတ်စိတ်၏၊ ပဋိသန္ဓိဝိပါကမ္ပိ–ပဋိသန္ဓေကျိုးကိုလည်း၊ မညေယျုံ–မှတ်ထင်ကုန်ရာ၏၊ [မှတ်ထင်ခြင်းတည်းဟူသော အပြစ်သို့ရောက်၏–ဟူလို၊] ဣတိ–ကြောင့်၊ [ထိုသို့ထင်မှားစရာရှိသောကြောင့်၊] လဒ္ဓမာနဿာပိ–ရထိုက်သည်လည်းဖြစ်သော၊ ပဝတ္တိဝိပါကဿ–၏၊ ဝသေန–ဖြင့်၊ နာနက္ခဏိကကပစ္စယဘာဝေါ–နာနက္ခဏိက ကမ္မပစ္စည်း၏အဖြစ်ကို၊ နဝုတ္တော–ဟောတော်မမူအပ်၊ တသ္မာ–ကြောင့်၊ တဿ–ထိုဥဒ္ဓစ္စသဟဂုတ်စိတ်၏၊ ပဝတ္တိဝိပါကံ–ကို၊ နိဝါရေတုံ–တားမြစ်ခြင်းငှာ၊ နှ သက္ကာ–မတတ်ကောင်း၊ တေန–ထို့ကြောင့်၊ ပဝတ္တိယံ ပနတျာဒိ–ပဝတ္တိယံပန အစရှိသော (ယံဝစနံ အတ္ထိ, တံ ဝစနံ အာစရိယော၊) အာဟ–ဆိုပြီ၊[ပဝတ္တိယံ ပန သဗ္ဗမ္ပိဒ္ဒွါဒသဝိဓံ–ဟု ပဝတ္တိကျိုးအတွက် ဥဒ္ဓစ္စသဟဂုတ်ကိုပါ ထည့်၍ အကုသိုလ်ဆယ့်နှစ်ဟု ဆိုသည်–ဟူလို၊ တေနာဟ ဖြင့် အရှင်အနုရုဒ္ဓါ၏ စကားကိုပင် သာဓကေလုပ်၍ ပြသည်။]

---

**ယံပနေကောၤပေၤအနုဒ္ဓဋ္ဌတ္တာ။** ။နာနက္ခိကကမ္မသတ္တိရှိသောတရားသည် ပဋိသန္ဓေကျိုး ပဝတ္တိကျိုးနှစ်မျိုးလုံးကို ပေး၏၊ ပဋ္ဌာန်းပါဠိတော်ဝယ် နာနက္ခဏိကကမ္မပစ္စည်းကို (ဥဒ္ဓစ္စပါသောဘာဝနာယပဟာတဗ္ဗအတွက်) ထုတ်ဖော်ဟောပြတော်မမူခြင်းကြောင့် နာနက္ခဏိကကမ္မပစ္စည်းအဖြစ်ဖြင့် အဟောမခံရသော ဥဒ္ဓစ္စသဟဂုတ်သည် ပဝတ္တိကျိုးကိုလည်း မပေးနိုင်–ဟု ကေဆရာတို့ ဆိုကြသည်။

**တံ တေသံ ၤပေၤ အနုဒ္ဓဋ္ဌတ္တာ။** ။ထိုအယူသည် ထို ကေဆရာတို့၏ အယူမျှသာ ဖြစ်၏၊ "အများလက်ခံနိုင်လောက်သောအယူ မဟုတ်" ဟူလို၊ ဘာ့ကြောင့်နည်း၊ ပဋိသမ္ဘိဒါဝိဘင်း၌ ဥဒ္ဓစ္စ၏ အကျိုးကို ထုတ်ပြထားခြင်း, ပဋ္ဌာန်း၌ကား ပဋိသန္ဓေကျိုး မပေးနိုင်ပုံကို ရည်ရွယ်တော်မူ၍ နာနက္ခဏိကကမ္မပစ္စည်းကို ထုတ်ပြတော်မမူခြင်းကြောင့်တည်း။

ပန–ဝါဒန္တရကား၊ အာစရိယဗုဒ္ဓမိတ္တာဒယော–ဆရာဗုဒ္ဓမိတ္တအစရှိသော ပုဂ္ဂိုလ်တို့သည်၊ (ဝဏ္ဏေန္တိဋ္ဌ လှမ်းစပ်၊) ဥဒ္ဓစ္စသဟဂတံ–ဥဒ္ဓစ္စသဟဂုတ်သည်၊ ဘာဝနာယပဟာတဗ္ဗမ္ပိ–တဗ္ဗဥဒ္ဓစ္စသဟဂုတ်သည်လည်း၊ အတ္ထိ၊ န ဘာဝနာယ ပဟာတဗ္ဗမ္ပိ–န ဘာဝနာယ ပဟာတဗ္ဗဥဒ္ဓစ္စသဟဂုတ်သည်လည်း၊ အတ္ထိ–၏၊ တေသု–ထိုဘာဝနာယပဟာတဗ္ဗ, န ဘာဝနာယပဟာတဗ္ဗ နှစ်ပါးတို့တွင်၊ ဘာဝနာယပဟာတဗ္ဗံ–ဘာဝနာယပဟာတဗ္ဗဥဒ္ဓစ္စသဟဂုတ်သည်၊ သေက္ခသန္တာနပ္ပဝတ္တံ–သေက္ခသန္တာန်၌ ဖြစ်၏၊ ဣတရံ–အခြားသော န ဘာဝနာယ ပဟာတဗ္ဗဥဒ္ဓစ္စသဟဂုတ်သည်၊ ပုထုဇ္ဇနသန္တာနပ္ပဝတ္တံ–ပုထုဇဉ်သန္တာန်၌ ဖြစ်၏၊ ဖလဒါနဉ္စ–အကျိုးပေးခြင်းသည်လည်း၊ ပုထုဇ္ဇနသန္တာနပ္ပဝတ္တဿေဝ–ပုထုဇဉ်သန္တာန်၌ဖြစ်သော ဥဒ္ဓစ္စသဟဂုတ်၏အတွက်သာလျှင်၊ (ဟောတိ–၏၊) ဣတရဿ–အခြားသော သေက္ခသန္တာန်၌ဖြစ်သော ဥဒ္ဓစ္စသဟဂုတ၏ အတွက်၊ န(ဟောတိ၊) ဣတိဧဝံ–သို့၊ ဥဒ္ဓစ္စသဟဂတံ–ကို၊ ဒွိဓာ–နှစ်ပါးအပြားအားဖြင့်၊ ဝိဘဇိတွာ–၍၊ ဧကဿ–ပုထုဇဉ်သန္တာန်၌ဖြစ်သောတစ်ပါးသော ဥဒ္ဓစ္စသဟဂုတ်၏၊ ဥဘယဝိပါကဒါနံ–နှစ်ပါးစုံသော ပဋိသန္ဓေကျိုး ပဝတ္တိကျိုး ပေးခြင်းကိုလည်းကောင်း၊ ဧကဿ–သေက္ခသန္တာန်၌ဖြစ်သောတစ်ပါးသော ဥဒ္ဓစ္စသဟဂုတ်၏၊ သဗ္ဗထာပိ–အလုံးစုံသော အပြားအားဖြင့်လည်း၊ (ပဋိသန္ဓေ ပဝတ္တိအားဖြင့်လည်း–ဟူလို၊) ဝိပါကာဘာဝံ–အကျိုး၏ မရှိခြင်းကိုလည်း ကောင်း၊ ဝဏ္ဏေန္တိ–ဖွင့်ဆိုကြကုန်၏။

ပန–ဆက်၊ ဧတ္ထ–ဤသို့ဖွင့်ဆိုရာ၌၊ တေသံ–ထိုအာစရိယဗုဒ္ဓမိတ္တ အစရှိသောပုဂ္ဂိုလ်တို့၏၊ ယော ဝိနိစ္ဆယော–အကြင်အဆုံးအဖြတ်သည်လည်းကောင်း၊ တဿ–ထိုအဆုံးအဖြတ်ကို၊ ယံနိရာကရဏဉ္စ–အကြ ်ကင်းအောင်ပြုခြင်း ပယ်ခြင်းသည်လည်းကောင်း၊ သဗ္ဗထာပိ–ဖြင့်လည်း၊ ဝိပါကာဘာဝဝါဒီနံ–အကျိုးမရှိဟု ပြောဆိုလေ့ရှိသောပုဂ္ဂိုလ်တို့၏၊ ယံ မတိပဋိက္ခေပနံစ–အကြင် အယူကိုပယ်မြစ်ခြင်းသည်လည်းကောင်း၊(အတ္ထိ၊)ဣဓ–ဤအဘိဓမ္မတ္ထဝိဘာဝနီ ဋီကာ၌၊ အဝုတ္တံ–မဆိုအပ်သော၊ တံ သဗ္ဗံ–ထိုအလုံးစုံသောစကားကို၊ ပရမတ္ထ

---

**အာစရိယ ၊ပေ၊ ဝေဒိတဗ္ဗံ။** ။ဆရာဗုဒ္ဓမိတ္တစသောထေရ်တို့က "သေက္ခသန္တာန်၌ ဖြစ်သော ဥဒ္ဓစ္စသဟဂုတ်သည် ဘာဝနာယပဟာတဗ္ဗ–အထက်မဂ်ပယ်ရသော တရားဖြစ်၍ ဘယ်နည်းနှင့်မျှ ပဋိသန္ဓေကျိုး ပဝတ္တိကျိုးကို မပေး၊ ပုထုဇဉ်သန္တာန်၌ ဖြစ်သော ဥဒ္ဓစ္စသဟဂုတ်ကား ဘာဝနာယပဟာတဗ္ဗ မဟုတ်သောကြောင့် ပဋိသန္ဓေ ကျိုး ပဝတ္တိကျိုးနှစ်မျိုးလုံးကို ပေးနိုင်၏"ဟု ဆိုကြ၏၊ ထိုဆရာတို့၏ ဝိနိစ္ဆယ စသည်ကို ပရမတ္ထမဉ္ဇူသာ(ဝိသုဒ္ဓိမဂ်မဟာဋီကာ)စသည်နှင့် အဘိဓမ္မာဝတာရအဖွင့်၌ ရှုပါလေ–ဟု ညွှန်ပြသည်။

မဋ္ဌုသာဒီသု–ပရမတ္ထမဋ္ဌုသာ အစရှိသော ကျမ်းတို့၌လည်းကောင်း၊ ဝိသေသ တော–အားဖြင့်၊အဘိဓမ္မတ္ထဝိကာသိနိယာ နာမ–အဘိဓမ္မတ္ထဝိကာသိနီ မည် သော၊ အဘိဓမ္မာဝတာရသံဝဏ္ဏနာယံစ–အဘိဓမ္မာဝတာရ၏ အဖွင့်၌လည်း ကောင်း၊ ဝုတ္တနယေန, ဝေဒိတဗ္ဗံ–ထိုက်၏၊ ဝါ–ပါလေ၊ ["ဣဓ အဝုတ္တံ"ကို မဏိမဋ္ဌုဦ ရှေ့ပုဒ်များနှင့်တွဲ၍ ဝါကျအဆုံးသတ်အဖြစ်ဖြင့် ဆိုထား၏၊သို့သော် "အဝုတ္တံ"ဟု ကြိယာအဆုံးသတ် အဖြစ်ဖြင့် ဆိုရိုးမရှိသောကြောင့် စဉ်းစားပါ။]

သဗ္ဗတ္ထာပိကာမလောကေတိ–ကား၊ သုဂ္ဂတိဒုဂ္ဂတိဝသေန–ဖြင့်၊ သဗ္ဗသ္မိံပိ– အလုံးစုံလည်းဖြစ်သော၊ ကာမလောကေ–ကာမဘုံ၌၊ [သုဂတိဒုဂ္ဂတိစုံသော ကြောင့်"သဗ္ဗတ္ထ"ဆိုသည်–ဟူလို၊] ယထာရဟံတိ–ကား၊ ဒွါရာရမဏာနုရူပံ– ဒွါရအာရုံ အားလျော်စွာ၊ (ဝိပစ္စတိ–၏၊) [ရူပဘုံ၌ ဃာနဇိဝှါကာယဒွါရတို့ မရှိသောကြောင့် ဂန္ဓာရုံစသည်ကိုလည်း အာရုံမပြုရကား, ရူပဘုံ၌ ရထိုက်သော စက္ခု သောတ မနောဒွါရနှင့် ထိုဒွါရတို့၏ဆိုင်ရာအာရုံတို့အလိုက်သာ အကျိုး ပေးရသည်–ဟူလို၊] အပါယေသုပိ–အပါယ်ဘုံတို့၌လည်း၊ နာဂသုပဏ္ဏာဒီနံ– နဂါး,ဂဠုန်အစရှိသောသတ္တဝါတို့၏၊ မဟာသမ္ပတ္တိဝိသယံ–ကြီးကျယ်သော စည်းစိမ်ချမ်းသာလျှင်အာရုံရှိသော၊ယံ ဝိပါကဝိညာဏံ–အကြင်ဝိပါက်ဝိညာဏ် သည် လည်းကောင်း၊ နိရယဝါသီနံ–ငရဲ၌ နေလေ့ရှိသူတို့၏၊ မဟာမောဂ္ဂလ္လာန တ္ထေရဒဿနာဒီသု–အရှင်မဟာမောဂ္ဂလ္လာန်ထေရ်ကို ဖူးမြင်ရရာအခါ အစရှိသည် တို့၌၊ ယဥ္စ ဝိပါကဝိညာဏံ–သည်လည်းကောင်း၊ ဥပ္ပဇ္ဇတိ–၏၊ တံ–ထိုဝိပါက် ဝိညာဏ်သည်၊ ကုသလကမ္မဿေဝ–ကုသိုလ်ကံ၏သာလျှင်၊ ဖလံ–အကျိုး တည်း၊ ဟိ–မှန်၊ အကုသလဿ–၏၊ ဣဋ္ဌဝိပါကော–အလိုရှိအပ် ကောင်းမြတ် သော အကျိုးသည်၊ န သမ္ဘဝတိ–မဖြစ်သင့်၊ ဟိ–သာဓကကား၊ အဋ္ဌာနမေတံ ၊ပေ၊ သံဝိဇ္ဇတီတိ–ဟူသော၊ ဧတံ (သုတ္တံ)–ဤ ပါဠိတော်ကို၊ (ဘဂဝတာ၊) ဝုတ္တံ၊ [ဘိက္ခဝေ–တို့၊ ယံ–အကြင် အကြောင်းကြောင့်၊ ဝါ–အကြင် အခွင့် ကြောင့်၊ အကုသလဿကမ္မဿ–အကုသိုလ်ကံ၏၊ ဣဋ္ဌော–အလိုရှိအပ်သော၊

**အပါယေသုပိ**။ ။ကာမာဝစရကုသိုလ်ကံ၏ ကာမဘုံအားလုံး၌ အကျိုးပေးရာဝယ် အပါယ်ဘုံ၌ ပေးပုံကို ပြလို၍"အပါယေသုပိ"စသည် မိန့်၊ ပိဖြင့် ကာမသုဂတိကို ပေါင်းသည်၊ သုပဏ္ဏာဒိ၌ အာဒိဖြင့် နေ့ခံ၍ညစံရသော ဝေမာနိကပြိတ္တာ, ဆင်ရတနာ မြင်းရတနာ စသည်များကို ယူ၊ အရှင်မောဂ္ဂလ္လာန်သည် ငရဲမီးကို ငြိမ်းအောင်ဖန်ဆင်း၍ ငရဲသို့ ကြွပြီးလျှင် တရားဟောတော်မူသည်၊ ထိုအခါ ငရဲသားတို့၌ ကုသလဝိပါက် စက္ခုဝိညာဏ် သောတဝိညာဏ် စသည်တို့ ဖြစ်၏၊ ဒဿနာဒီသု၌ အာဒိဖြင့် အရှင်မောဂ္ဂလ္လာန်၏ တရားသံ သက်န်းအနံ့ကို ရခြင်း သဝန ဃာယနစသည်ကို ယူ၊ တသ္မာ ၊ပေ၊ ဇနေတိ–စသည်ကား ကာမကုသိုလ်ကံ၏ အပါယ်ဘုံ၌ အကျိုးပေးနိုင်ပုံ ၏ လဒ္ဓဂုဏ်ကို ပြသော ဝါကျတည်း။

ကန္တော၁–နှစ်သက်အပ်သော၊ ဝိပါကော–သည်၊ သံဝိဇ္ဇတိ–ရှိ၏၊ တေ–ဤ အကြောင်းသည်၊ အဋ္ဌာနံ–သင့်သောအကြောင်း မဟုတ်၊၂(သော–ဤအခွင့်သည်၊) အနဝကာသော–သင့်သောအခွင့် မဟုတ်၊] တသ္မာ–ကြောင့်၊ ကုသလကမ္မံ–သည်၊ အပါယေသုပိ–ဘုံ၌တို့လည်း၊ အဟေတုကဝိပါကာနိ–အဟိတ်ကုသလဝိပါက်တို့ကို၊ (စက္ခုဝိညာဏ် စသည်ကို၊) ဇနေတိ–ဖြစ်စေ၏။

စ–ဆက်၊ အညဘူမိကဿ–အခြားဘုံ၌ဖြစ်သော၊ ကမ္မဿ–ရူပါဝစရကံ၏၊ အညဘူမိကဝိပါကာဘာဝတော–အခြားဘုံ၌ဖြစ်သောအဟိတ်ဝိပါက်၏ မရှိခြင်းကြောင့်လည်းကောင်း၊ ကာမဝိရာဂဘာဝနာယ–ကာမဂုဏ်ကို စက်ဆုပ်သော ရူပါဝစရဘာဝနာ၏၊ ကာမတဏှာဝိသယဝိညာဏုပ္ပာဒနာယောဂတော–ကာမတဏှာ၏အာရုံဖြစ်သောရူပါရုံစသည်လျှင် အာရုံရှိသောဝိညာဏ်ကို ဖြစ်စေခြင်း၏ မသင့်ခြင်းကြောင့်လည်းကောင်း၊ မဟဂ္ဂတာနုတ္တရကုသလာနံ–မဟဂ္ဂုတ် လောကုတ္တရာကုသိုလ်တို့၏၊ ကေန္တသဒိသဝိပါကတ္တာ–ကေန်တူသော အကျိုးရှိကုန်သည်၏အဖြစ်ကြောင့်၊ဝါ–အတွက်၊[ဤဟိတ်ကား နောက်လာမည့် အဘာဝတောဟိတ်၏အကူအညီဟိတ်တည်း၊ ထို့ကြောင့် "တော"ဟု မထားဘဲ "တ္တာ" ဟု ထားသည်၊] ရူပါဝစရကမ္မေန–ကြောင့်၊ အဟေတုကဝိပါကုပ္ပတ္တိယာ–အဟိတ်ဝိပါက်ဖြစ်ခြင်း၏၊ အဘာဝတော စ–မရှိခြင်းကြောင့်လည်းကောင်း၊

---

**အညဘူမိကဿ**။ ။"အဟေတုကဝိပါကာနိ ပန အဋ္ဌပိ သဗ္ဗတ္ထာပိ ကာမလောကေ"ကို ဖွင့်ပြီး၍ "ရူပလောကေ စ ယထာရဟံ"ကို ဖွင့်လိုသောကြောင့် "အညဘူမိကဿ"စသည် မိန့်၊ စက္ခုဝိညာဏ်စသော ဝိပါက်တို့သည် ကာမဘုံတွင် ပါဝင်သော ဝိပါက်တို့တည်း၊ ["ကာမေ တေဝီသ ပါကာနိ"ကို ထောက်၊] ထို ကာမဝိပါက်ကို ဘုံချင်းမတူသော ရူပကံက အကျိုးမပေးနိုင်၊ ထို့ကြောင့်" အညဘူမိက ကမ္မဿ အညဘူမိကဝိပါကာဘာဝတော"ဟု မိန့်သည်။

**ကာမဝိရာဂ ။ပေ၊ ယောဂတော**။ ။ထို့ပြင် ရူပကံသည် ကာမဂုဏ်အာရုံကို စက်ဆုပ်သော ကံတည်း၊ ရူပါရုံစသည်ကား ကာမတဏှာ၏ အာရုံတည်း၊ ထိုကာမဂုဏ်ကို စက်ဆုပ်သော ကာမဝိရာဂဘာဝနာဖြစ်သော ရူပါဝစရကံသည် ကာမဂုဏ်အာရုံကို အာရုံပြုသော စက္ခုဝိညာဏ်စသော အကျိုးကို ပေးဖို့ရန် မသင့်လျော်၊ ဘာ့ကြောင့်နည်း– အကြောင်းနှင့်အကျိုး ဆန့်ကျင်နေသောကြောင့်တည်း–ဟူလို။

**ကေန္တ ။ပေ၊ အဘာဝတော**။ ။မဟဂ္ဂုတ် လောကုတ္တရာကုသိုလ်သည် "ဇနေတိ သဒိသံ ပါကံ"နှင့်အညီ တူသော အကျိုးကိုသာ ပေးလေ့ရှိသောကြောင့် စက္ခုဝိညာဏ်စသော ဝိပါက်များက အကြောင်းရူပကံနှင့် မတူသဖြင့် ရူပကံက စက္ခုဝိညာဏ်စသော ကာမဝိပါက်အကျိုးကို မပေး–ဟူလို၊ ထို ပြခဲ့သောအကြောင်းသုံးမျိုးကြောင့် ကာမသိုလ်ကံကသာ ထို ရူပဘုံ၌ရှိသော ဒွါရအာရုံအလိုက် ထိုက်သည်အားလျော်စွာ စက္ခုဝိညာဏ်စသော အကျိုးကို ပေးရသည်။

ရူပလောကေပိ–ရူပဘုံ၌လည်း၊ ယထာရဟံ–ဒွါရအာရုံအလိုက်, ထိုက်သည်အားလျော်စွာ၊ ရူပါနိဒိဝိသယာနိ–ရူပါရုံအစရှိသောအာရုံရှိကုန်သော၊ တာနိ–ထိုအဟိတ်ဝိပါက်တို့ကို၊ အဘိနိပ္ဖာဒေတိ–ဖြစ်စေ၏၊ ဣတိ–ကြောင့်၊ သဗ္ဗတ္ထာပိကာမလောကေတျာဒိ–အစရှိသောဝါကျကို၊ (အာစရိယေန၊) ဝုတ္တံ။

**၇၁။** ပန–ဆက်၊ ဧဝံ–သို့၊ ဝိပစ္စန္တံ–အကျိုးပေးသော၊ ကမ္မံ–ကံသည်၊ သောဠသကၥပေၥဝသေန–(၁၆)ပါးသောဝိပါက်တို့၏ အပေါင်း, (၁၂)ပါးသောဝိပါက်တို့၏အပေါင်း, (၈)ပါးသောဝိပါက်တို့၏ အပေါင်း၏အပြားအားဖြင့်၊ တိဓာ–သုံးပါးအပြားအားဖြင့်၊ ဝိပစ္စတိ–ရင့်ကျက်၏၊ ဝါ–အကျိုးပေး၏၊ ဣတိ–သို့၊ ဒဿေတုံ–ငှာ၊ တတ္ထာပီတျာဒိ–တတ္ထာပိ အစရှိသောဝါကျကို၊ (အာစရိယေန) ဝုတ္တံ၊ တတ္ထာပီတိ–ကား၊ ဧဝံ–သို့၊ ဝိပစ္စမာနေ–အကျိုးပေးသော၊ ကုသလကမ္မေပိ–ကုသိုလ်ကံတွင်လည်း၊ (တိဟေတုကမုက္ကဋ္ဌ–စသည်၌စပ်၊) ဥက္ကဋ္ဌန္တိ–ကား၊ ကုသလပရိဝါရလာဘတော–ကုသိုလ်အခြံအရံကို ရခြင်းကြောင့်၊ ဝိသိဋ္ဌ–ထူးခြားသော၊ ဝါ–တစ်နည်း၊ ပစ္ဆာ–ကံပြုရာကာလမှနောက်၌၊ အာသေဝနပ္ပဝတ္တိယာ–အဖန်ဖန်ကို ထုံမွမ်းခြင်း၏အဖြစ်ကြောင့်၊ ဝိသိဋ္ဌ–သော၊ (ကုသလံ–သည်၊) ဟိ–မှန်၊ (တစ်နည်း) ဟိ–ချဲ့၊ ယံကမ္မံ–ကို၊ အတ္တနော–၏၊ ပဝတ္တိကာလေ–ဖြစ်ရာအခါ၌၊ ပုရိမပစ္ဆာဘာဂပ္ပဝတ္တေဟိ–ရှေ့အဖို့ နောက်အဖို့၌ ဖြစ်ကုန်သော၊ ကုသလကမ္မေဟိ–တို့သည်၊ ပရိဝါရိတံ–ခြံရံအပ်၏၊

**ဥက္ကဋ္ဌန္တိ ၊ပေ၊ ဝိသိဋ္ဌံ။** ။ဥက္ကဋ္ဌကို ဝိသိဋ္ဌဟု ဖွင့်၏၊ ဘာ့ကြောင့် ထူးသနည်းဟု အကြောင်းကို မေးဖွယ်ရှိ၍ "ကုသလပရိဝါရလာဘတော"ဟု ဖွင့်သည်၊ ကုသိုလ်မပြုမီ ပုဗ္ဗစေတနာအခိုက်၌ (လှူဖွယ်ဝတ္ထု ရှာဖွေခိုက်, သီလဆောက်တည်ဖို့ ကြံစည်ခိုက်, ဘာဝနာပွားဖို့ ပြင်ဆင်ခိုက်၌) ကုသိုလ်ဇောစိတ်တွေ ဖြစ်နေခြင်းကို"ရှေ့အဖို့၌ ကုသိုလ်ခြံရံသည်"ဟု ဆို၏၊ ဒါနစသည်ပြုပြီးရာ အပရစေတနာ အခိုက်၌ ထိုကုသိုလ်ကိုး၁ကြောင်းပြု၍ ဝမ်းမြောက်သော ကုသိုလ်ဇောစိတ်တွေ ဖြစ်နေခြင်းကို"နောက်အဖို့၌ ကုသိုလ်ခြံရံသည်"ဟုဆိုသည်၊ ဤအဓိပ္ပာယ်ကိုရည်ရွယ်၍"ရှေ့နောက်၂ရပ်, ကုသိုလ်ညှပ်, ဥက္ကဋ္ဌ်ဆင့်၍ခေါ်"ဟု ဆိုသည်။

**ပစ္ဆာ အာသေဝနပ္ပဝတ္တိယာ ဝါ။** ။ယုတ်တရက် ဒါန ပြုမှု, သီလ ဆောက်တည်မှု စသည်ဖြစ်ရာဝယ် ရှေ့အဖို့၌ ပုဗ္ဗစေတနာ ဖြစ်ခွင့်မရဘဲလည်း ရှိတတ်၏၊ ထိုကုသိုလ်မျိုး၌ကား နောက်မှ အာသေဝနရလျှင်လည်း ဥက္ကဋ္ဌဖြစ်နိုင်၏ဟု တစ်နည်းပြပြန်သည်၊ "အာသေဝန" ဟူရာ၌ ပဋ္ဌာန်းအာသေဝနပစ္စည်း မဟုတ်၊ ထိုကုသိုလ်ကို အာရုံပြု၍ အဖန်ဖန်ဝမ်းမြောက်ခြင်းကို ("ကုသိုလ်ပြုခဲ့ရသည်မှာ လွန်စွာကျေနပ်ဖွယ်ကောင်းပေသည်"ဟု တွေးတိုင်းဝမ်းမြောက်ခြင်းကို) အာသေဝနရခြင်း, အထုံရခြင်း–ဟု ဆိုသည်၊ [ဤနည်းကို မှီး၍ အကုသိုလ်ခြံရံပုံ, ဝမ်းမမြောက်နိုင်ဘဲ ဝိပ္ပဋိသာရဖြစ်ပုံကိုလည်း သိပါ။]

(တံ–ထိုကံသည်၊ ဥက္ကဋ္ဌ–မည်၏၊) ဝါ–တစ်နည်း၊ ပစ္ဆာ–ကံပြုရာ ကာလမှ နောက်၌၊ အာသေဝနလာဘေန–အဖန်ဖန်ထုံမွမ်းမှုကို ရခြင်းအားဖြင့်၊ သမုဒါစိဏ္ဏံ–(သံ+ဥ+အာစိဏ္ဏံ)–ကောင်းစွာ အထက်အထက်၌ လေ့ကျက်အပ်၏၊ ဝါ-မပြတ်မလပ် လေ့ကျက်အပ်၏၊ တံ-ထိုကံသည်၊ ဥက္ကဋ္ဌ-မည်၏။

ပန–ကား၊ ယံ–အကြင်ကံကို၊ ကရဏကာလေ–ပြုရာအခါ၌၊ အကုသလကမ္မေဟိ–တို့သည်၊ ပရိဝါရိတံ–ခြံရံအပ်၏၊(တံ–ထိုကံကို၊ ဩမကန္တိ–ဟူ၍၊ ဝါ–ညံ့သောကုသိုလ်ဟူ၍၊ ဒဋ္ဌဗ္ဗံ–ထိုက်၏၊) ဝါ–တစ်နည်း၊ ပစ္ဆာ–ကံပြုရာ ကာလမှ နောက်၌၊ တေ–ဤအမှုကို၊ မယာ–သည်၊ ဒုက္ကဋံ–မကောင်းသဖြင့် ပြုအပ်ပြီ၊ ဝါ–အပြုမှားလေပြီ၊ ဣတိ–သို့၊ ဝိပ္ပဋိသာရုပ္ပာဒနေန–နှလုံးမသာယာခြင်းကို ဖြစ်စေခြင်းဖြင့်၊ ပရိဘာဝိတံ–အဖန်ဖန် ထုံမွမ်းအပ်၏၊ တံ–ထိုကံကို၊ ဩမကန္တိ–ဟူ၍၊ ဒဋ္ဌဗ္ဗံ–ထိုက်၏။

ပဋိသန္ဓိံ တိ–ကား၊ ကေမေဝ–တစ်ခုသာလျှင်ဖြစ်သော၊ ပဋိသန္ဓိံ-ပဋိသန္ဓေကို၊ (ဒေတိ၊) ဟိ–မှန်၊ ဧကေနကမ္မေန–တစ်ခုသောကံကြောင့်၊ အနေကာသု–များစွာကုန်သော၊ ဇာတီသု–ဘဝတို့၌၊ ပဋိသန္ဓိ–သည်၊ န ဟောတိ–မဖြစ်၊ ပဝတ္တိဝိပါကောပန–ပဝတ္တိအကျိုးသည်ကား၊ဇာတိသတေပိ–ဘဝအရာ၌လည်းကောင်း၊ ဇာတိသဟဿေပိ–ဘဝအထောင်၌လည်းကောင်း၊ ဟောတိ–၏၊ ယထာဟ-အဘယ်ကဲ့သို့ ဟောတော်မူသနည်း၊တိရစ္ဆာန၊ပေ၊ပါဋိကင်္ခိတဗ္ဗာတိ–ဟူ၍၊ (အာဟ–ဟောတော်မူပြီ၊) [တိရစ္ဆာနဂတေ–တိရစ္ဆာန်သတ္တဝါ၌၊ ဝါ–အား၊ဒါနံ–ကို၊ ဒတွာ–ပေးပြီး၍၊ဝါ–ပေးခြင်းကြောင့်၊သတဂုဏာ–တစ်ရာသော အာနိသင်ရှိသော၊ ဒက္ခိဏာ–အလှူကို၊ (ဝါ–ဒါနစေတနာကို၊) ပါဋိကင်္ခိတဗ္ဗာ–အလိုရှိထိုက်၏။]

ပန–ဆက်ဦးအံ့၊ တွေ–ဤကုသိုလ်ကံတွင်၊ ဉာဏံ–သည်၊ ဇစ္စန္ဓာဒိဝိပတ္တိနိမိတ္တသာ–ဇစ္စန္ဓအစရှိသော ဝိပတ္တိ၏အကြောင်းဖြစ်သော၊ မောဟဿ–မောဟ၏၊ ဝါ–တစ်နည်း၊ သဗ္ဗာကုသလဿေဝ–အလုံးစုံသော အကုသိုလ်၏သာလျှင်၊ ပဋိပက္ခံ–ဆန့်ကျင်ဖက်တည်း၊ တသ္မာ–ကြောင့်၊ (ထိုသို့ဉာဏ်၏ မောဟ၏, သို့မဟုတ် အလုံးစုံသော အကုသိုလ်၏ ဆန့်ကျင်ဖက်၏ အဖြစ်ကြောင့်၊)

---

**ယထာဟ**။ ။ဇာတိသတ ဇာတိသဟဿ အကျိုးပေးပုံကိုပြသော ဥပရိပဏ္ဏာသ (ဒက္ခိဏာဝိဘင်္ဂ)သုတ်တော် သာဓကတည်း၊ “သတဂုဏာတိ–သတာနိသံသာ”ဟု ထိုအဋ္ဌကထာ ဖွင့်၏၊ ခွေးစသော တိရစ္ဆာန်တစ်ကောင်အား အဝကျွေးသော ကုသိုလ်ကြောင့် ဘဝပေါင်းတစ်ရာ၌ အာယု ဝဏ္ဏ သုခ ဗလ ပဋိဘာနဟူသော အကျိုးငါးပါးကို ရနိုင်သည်–ဟူလို၊ ထိုပါဠိတော်၌“ပုထုဇ္ဇနဒုဿီလေ ဒါနံ ဒတွာ သဟဿဂုဏာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ”ဟု ရှိ၏၊ ထို့ကြောင့်“ဇာတိ သဟဿေပိ”ဟု ဆိုသည်၊ ထိုသုတ်၌ “ဇာတိသတသဟဿ”စသည်လည်း ပါ၏။

တံသမ္ပယုတ္တံ–ထိုဉာဏ်နှင့်ယှဉ်သော၊ ကမ္မံ–တိဟိတ်ကံသည်၊ ဇစ္စန္ဓာဒိ ဝိပတ္တိပစ္စယံ–ဇစ္စန္ဓအစရှိသော ဝိပတ္တိ၏အကြောင်းသည်၊ န ဟောတိ–မဖြစ်၊ ဣတိ–ကြောင့်၊ တိဟေတုကံ–တိဟိတ်ကံသည်၊ အတိဒုဗ္ဗလံ–(တိဟိတ်ဩမက ဖြစ်၍) အလွန်အားနည်းသည်၊ သမာနမ္ပိ–သော်လည်း၊ ဒုဟေတုကပဋိသန္ဓိ မေဝ–ဒွိဟိတ် ပဋိသန္ဓေကိုသာ၊ အာကမုတိ–ဆွဲငင်ဆောင်ယူ၏၊ အဟေတုကံ– အဟိတ်ပဋိသန္ဓေကို၊ န (အာကမုတိ)–မဆွဲငင်။

ဒုဟေတုကံ–ဒုဟိတ်ဖြစ်သော၊ကမ္မံ စ–သည်လည်း၊ဉာဏသမ္ပယောဂါဘာဝ တော–ဉာဏ်နှင့်ယှဉ်ခြင်း၏မရှိခြင်းကြောင့်၊ ဉာဏဖလုပ္ပာဒနေ–ဉာဏ်အကျိုးကို ဖြစ်စေခြင်း၌၊ အသမတ္ထံ–မစွမ်းနိုင်၊ ယထာ–ဥဒါဟရဏ်ကား၊ အလောဘ သမ္ပယောဂါဘာဝတော–အလောဘနှင့်ယှဉ်ခြင်း၏ မရှိခြင်းကြောင့်၊ အလောဘ ဖလုပ္ပာဒနေ–အလောဘအကျိုးကို ဖြစ်စေခြင်း၌၊ အသမတ္ထံ–မစွမ်းနိုင်သော၊ အကုသလကမ္မံ ယထာ–အကုသိုလ်ကံကဲ့သို့တည်း၊ ဣတိ–ကြောင့်၊ တံ– ထိုဒွိဟိတ်ကံသည်၊ အတိဉက္ကဋ္ဌံ–အလွန်မြတ်သည်၊ သမာနမ္ပိ–သော်လည်း၊ ဒုဟေတုကမေဝ–ဒွိဟိတ်သာလျှင်ဖြစ်သော၊ ပဋိသန္ဓိံ–ကို၊ အာကမုတိ–ငင်နိုင် ၏၊ တိဟေတုကံ–သော၊ (ပဋိသန္ဓိံ–ကို၊) န (အာကမုတိ–မငင်နိုင်၊) ဣတိ– ကြောင့်၊ တိဟေတုက၊ပေ၊တျာဒိ–အစရှိသောဝါကျကို၊ (အာစရိယေန) ဝုတ္တံ။

ဧတ္ထ–ဤတိဟိတ်ဩမက ကုသိုလ်ကံ၏ ဒွိဟိတ်ပဋိသန္ဓေကျိုးကို ပေးရာ၌၊ (ကဿစိ–တစ်စုံတစ်ယောက်သော၊ စောဒကဿ–စောဒက၏၊ ဤဒိသီ– ဤကဲ့သို့ရှုအပ်သော၊ စောဒနာ–စောဒနာသည်၊) သိယာ–ဖြစ်ရာ၏၊ (ကီဒိသီ– အဘယ်ကဲ့သို့ရှုအပ်သော၊ စောဒနာ–စောဒနာသည်၊ သိယာ–နည်း၊) ပဋိသမ္ဘိဒါ မဂ္ဂေ–ပဋိသမ္ဘိဒါမဂ်၌၊ ဂတိသမ္ပတ္တိယာ–ဂတိ၏ပြည့်စုံခြင်း၌၊ ဝါ–ပြည့်စုံသော သုဂတိဘဝ၌၊ ဉာဏသမ္ပယုတ္တေ (ဉာဏသမ္ပယုတ္တာ)–ဉာဏသမ္ပယုတ်ဖြစ်သော၊ ဥပပတ္တိ–ပဋိသန္ဓေသည်၊ အဋ္ဌန္နံ–န်သော၊ ဟေတူနံ–ဟိတ်တို့၏၊ ပစ္စယာ– အကြောင်းကြောင့်၊ဝါ–အစွမ်းသတ္တိကြောင့်၊ ဟောတိ–၏၊ ဣတိ–ဤပါဠိတော် ပါဌ်ဖြင့်၊ (ဝုတ္တာ၌ စပ်၊) ကုသလဿကမ္မဿ–ကုသိုလ်ကံ၏၊ ဇဝနက္ခဏေ–

**ယသ္မာ ၊ပေ၊ နာဟေတုကံ**။ ။မောဟသည် ဇစ္စန္ဓစသော ဝိပတ္တိအကျိုးပေးဖို့ရန် အထောက်အပံ့ ဖြစ်၏၊ ဉာဏ်ကား ထိုမောဟ၏(တစ်နည်း–အကုသိုလ်အားလုံး၏) ဆန့်ကျင်ဘက်ဖြစ်၏၊ ထို့ကြောင့် ဉာဏသမ္ပယုတ်ကုသိုလ်သည် ဇစ္စန္ဓစသည် ဖြစ်ခြင်း၏ အကြောင်း မဟုတ်ရကား တိဟိတ်ဩမက ဖြစ်၍ အားနည်းစေကာမူ ဒွိဟိတ်ပဋိသန္ဓေ ကျိုးကိုသာ ပေး၏၊ ဇစ္စန္ဓစသော အဟိတ်ပဋိသန္ဓေကျိုးကို မပေးပါ။

**ဧတ္ထ သိယာ**။ ။တိဟိတ်ဩမက ကုသိုလ်ကံက ဒွိဟိတ်ပဋိသန္ဓေကျိုး ပေး၏– ဟူသောစကား၌ အရှင်သာရိပုတ္တရာ ဟောတော်မူအပ်သော ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကို ထောက်ထား၍ တစ်စုံတစ်ယောက်က စောဒနာပုံကို ပြလို၍ "ဧတ္ထသိယာ"စရီသည်၊

ဓောခဏာ၌၊ တိဏ္ဏံ-န်သော၊ (ဟေတုနံ-ဟိတ်တို့၏လည်းကောင်း၊) နိက္ခန္တိက္ခဏေ-ကုသိုလ်ကို တပ်နှစ်သက်ရာ ခဏာ၌၊ ဒွိန္နံ-န်သော၊ (ဟေတုနံ-တို့၏လည်းကောင်း၊) ပဋိသန္ဓိက္ခဏေ-ပဋိသန္ဓေခဏာ၌၊ တိဏ္ဏံ-န်သော၊ ဟေတုနံစ-တို့၏လည်းကောင်း၊ ဝသေန-အားဖြင့်၊ အဋ္ဌန္နံ-န်သော၊ ဟေတုနံ-ဟိတ်တို့၏၊ ပစ္စယာ-အကြောင်းကြောင့်၊ ဉာဏသမ္ပယုတ္တုပ္ပတ္တိ-ဉာဏသမ္ပယုတ် ပဋိသန္ဓေကို၊ (ဝုတ္တာယထာ-ဟောတော်မူအပ်သကဲ့သို့လည်းကောင်း၊)

တထာ-ထိုမှတစ်ပါး၊ ဝါ-သည်သာမကသေး၊ ဂတိသမ္ပတ္တိယာ-၌၊ ဝါ-၌၊ ဉာဏဝိပ္ပယုတ္တေ(ဉာဏဝိပ္ပယုတ္တာ)-ဖြစ်သော၊ ဥပပတ္တိ-သည်၊ ဆန္နံ-န်သော၊ ဟေတုနံ-တို့၏၊ ပစ္စယာ-ကြောင့်၊ ဟောတိ-၏၊ ဣတိ-ဤပါဠိတော်ပါဌ်ဖြင့်၊ဇဝနက္ခဏေ-၌၊ဒွိန္နံ,(ဟေတုနံ-တို့၏လည်းကောင်း၊) နိက္ခန္တိက္ခဏေ-၌၊ ဒွိန္နံ-န်သော၊ (ဟေတုနံ-တို့၏လည်းကောင်း၊) ပဋိသန္ဓိက္ခဏေ-၌၊ ဒွိန္နံ-န်သော၊ ဟေတုနံစ-တို့၏လည်းကောင်း၊ဝသေန-အားဖြင့်၊ ဆန္နံ-ကုန်သော၊ ဟေတုနံ-ဟိတ်တို့၏၊ ပစ္စယာ-ကြောင့်၊ ဉာဏဝိပ္ပယုတ္တုပ္ပတ္တိ-ဉာဏဝိပ္ပယုတ် ပဋိသန္ဓေကို၊ ဝုတ္တာယထာ-သို့လည်းကောင်း။

---

ပဋိသမ္ဘိဒါမဂ်၌ သုဂတိဘဝဝယ် ရှစ်ပါးသောဟိတ်တို့၏ သတ္တိကြောင့် ဉာဏသမ္ပယုတ် (တိဟိတ်)ပဋိသန္ဓေဖြစ်ပုံကိုလည်းကောင်း၊ ထို့ပြင်-ခြောက်ပါးသော ဟိတ်တို့၏ သတ္တိကြောင့် ဉာဏဝိပ္ပယုတ် ပဋိသန္ဓေဖြစ်ပုံကိုလည်းကောင်း ဟောတော်မူသကဲ့သို့, ဤ၌အတူ သုဂတိဘဝ၌ခုနစ်ပါးသောဟိတ်တို့၏သတ္တိကြောင့် ဉာဏဝိပ္ပယုတ်ပဋိသန္ဓေဖြစ်ပုံကို ဟောတော်မမူ၊ ထိုသို့ ဟောတော်မမူသောကြောင့် တိဟိတ်ကံက ဒွိဟိတ်ပဋိသန္ဓေကို ဆွဲငင်ယူဆောင်ခြင်း မရှိနိုင်သည် မဟုတ်ပါလော၊ ဤသို့ စောဒနာသည်။

**ဂတိသမ္ပတ္တိယာစသည်**။ ။ထိုစောဒနာစကားရပ်၌ သုဂတိဘဝကို"ဂတိသမ္ပတ္တိ-ပြည့်စုံသောဂတိ"ဟု ဆိုသည်၊ ဉာဏသမ္ပယုတ္တေစကား ပဋ္ဌမာအနက်၌ သတ္တမီ တည်း၊ ဣတ္ထံလိင် နေရမည်ဖြစ်လျက် ပုံလိန်ပြန်ထားသော လိင်္ဂဝိပလ္လာသလည်း ဖြစ်သည်၊ အဋ္ဌန္နံ ဟေတုနံကိုပင် "ကုသလဿ ကမ္မဿ ဇဝနက္ခဏေ"စသည်ဖြင့် ရှစ်ပါးသရုပ်ကို ဖေါ်သည်၊ကုသိုလ်ကံပြုစဉ် ဉာဏသမ္ပယုတ်ဖြစ်၍ အလောဘစသော ဟိတ်သုံးပါး, မိမိကုသိုလ်ကို သာယာနှစ်သက်သော လောဘသဟဂုတ်စိတ် ဖြစ်ရာ၌ လောဘ-မောဟ ဟိတ်နှစ်ပါး, ပဋိသန္ဓေအခါ ဉာဏသမ္ပယုတ်ဝိပါက်စိတ် ဖြစ်ရာ၌ အလောဘစသော အဗျာကတဟိတ်သုံးပါး, ဤသို့ ဟိတ်ရှစ်ပါး၏ အစွမ်းသတ္တိကြောင့် ဉာဏသမ္ပယုတ် ပဋိသန္ဓေဝိပါက် ဖြစ်ရသည်၊] ဤပါဠိတော်ကို ကြည့်၍ မိမိကုသိုလ်ကို လောဘစိတ်ဖြင့် ပြန်၍ သာယာလေ့ရှိပုံကို သိပါ။]

**တထာ**။ ။နောက်၌ (ဥပမာနိဂုံး, ဥပမေယျဓောတက-နှစ်မည်ရသော) ဇဝသဒ္ဒါ ရှိသောကြောင့် တထာကို သမုစ္စယတ္ထဟု မဏိမဉ္ဇူဖွင့်သည်၊ "ထိုမှတစ်ပါး"ဟုလည်းကောင်း,"သည်သာမကသေး"ဟုလည်းကောင်း တစ်ခုခုပေးပါ၊ ဉာဏဝိပ္ပယုတ်ပဋိသန္ဓေ၏ အကြောင်းဖြစ်သော ဟိတ်ခြောက်ပါးဟူရာ၌ ဒွိဟိတ်ကုသိုလ်ပြုစဉ် ဟိတ်နှစ်ပါး, မိမိကုသိုလ်ကို ပြန်၍နှစ်သက်ချိန်၌ ဟိတ်နှစ်ပါး, ပဋိသန္ဓေအခိုက်၌ ဟိတ်နှစ်ပါးတည်း။

ဝေ–ဤ့အတူ၊ ဂတိသမ္ပတ္တိယာ–၌၊ ဝါ–၌၊ ဉာဏဝိပ္ပယုတ္တေ (ဉာဏဝိပ္ပယုတ္တာ)–သော၊ဥပပတ္တိ–သည်၊သတ္တန္နံ, ဟေတူနံ, ပစ္စယာ–ကြောင့်၊ဟောတိ–၏၊ ဣတိ–သို့၊ တိဟေတုကကမ္မေန–တိဟိတ်ကံကြောင့်၊ ဒုဟေတုကပဋိသန္ဓိယာ–ဒွိဟိတ်ပဋိသန္ဓေ၏၊ ဝါ–ကို၊ အဝုတ္တတ္တာ–ဟောတော်မမူအပ်သည်၏အဖြစ်ကြောင့်၊ တိဟေတုကဿ–တိဟိတ်ဩမကကံ၏၊ ဒုဟေတုကပဋိသန္ဓိအာကမနံ–ဒွိဟိတ်ပဋိသန္ဓေကို ငင်ခြင်းသည်၊ နတ္ထိ–မရှိသည် မဟုတ်ပါလော၊ ဣတိ (ဤဒိသီ)–ဤကဲ့သို့ရှုအပ်သော၊ (စောဒနာ–ခြင်းသည်၊ သိယာ–၏။)

ဣဒံ–ဤတိဟိတ် ဩမကကုသိုလ်၏ ဒွိဟိတ်ပဋိသန္ဓေကျိုးပေး၏ ဟူသော စကားကို၊ ဝေ–ဤသင်စောဒက ပြောပြအပ်သည့်အတိုင်း၊ န(ဒဋ္ဌဗ္ဗံ)–ထိုက်၊ (ကသ္မာ–ကြောင့်နည်း၊) ဒုဟေတုကောမကကမ္မေသု–ဒွိတ်ဟိတ် ဩမကကံသည်၊ အဟေတုကပဋိသန္ဓိယာ–အဟိတ်ပဋိသန္ဓေ၏၊ ဝါ–ကို၊ (ဒါတဗ္ဗတ္တံ ဝိယ–ပေးထိုက်သည်၏အဖြစ်ကဲ့သို့၊ ဝေ–ဤ့အတူ၊) တိဟေတုကောမကမ္မေန–တိဟိတ်ဩမကကံသည်၊ သာမတ္ထိယာနုရူပတော–အစွမ်းသတ္တိအားလျော်သောအားဖြင့်၊ [ဒွိဟိတ်ပဋိသန္ဓေသာ ပေးနိုင်လောက်သော အစွမ်းသတ္တိအားဖြင့်–ဟူလို၊] ဒုဟေတုကပဋိသန္ဓိယာဝ–ဒွိဟိတ်ပဋိသန္ဓေ၏သာလျှင်၊ ဝါ–ကိုသာလျှင်၊ ဒါတဗ္ဗတ္တာ–ပေးထိုက်သည်၏အဖြစ်ကြောင့်တည်း၊[သို့ဖြစ်လျှင် "ဂတိသမ္ပတ္တိယာ ဉာဏဝိပ္ပယုတ္တေ သတ္တန္နံ ဟေတူနံ ပစ္စယာ ဥပပတ္တိ ဟောတိ"ဟု အဘယ့်ကြောင့် ဟောတော်မမူပါသနည်း၊ ဤသို့ မေးဖွယ်ရှိသောကြောင့် ကမ္မသရိက္ခကဝိပါကဒဿနတ္ထံ စသည် မိန့်၊] ပန–ထိုသို့ပင် ပေးထိုက်ပါသော်လည်း၊ "ကမ္မသရိက္ခကဝိပါကဒဿနတ္ထံ–ကံနှင့်တူသော ဝိပါက်ကို ပြခြင်းငှာ၊ မဟာထေရေန–အရှင်သာရိပုတ္တရာ မဟာထေရ်သည်၊ သာဝသေသော–အကြွင်းအကျန်နှင့် တကွဖြစ်သော၊ ပါဌော–ပါဠိတော်ပါဠ်ကို၊ ကတော–ပြုတော်မူအပ်ပြီ။

---

**ဇဝ ဂတိသမ္ပတ္တိယာ ၊ပေ၊ အာကမနံ**။ ။အကယ်၍ တိဟိတ်ဩမက ကံကြောင့် ဒွိဟိတ်ပဋိသန္ဓေကျိုးကို ပေးရလျှင်"ကံပြုခိုက် ဟိတ်သုံးပါး,နိကန္တိအခိုက် ဟိတ်နှစ်ပါး, ဒွိဟိတ် ပဋိသန္ဓေအခိုက် ဟိတ်နှစ်ပါးအားဖြင့် ဟိတ်ခုနစ်ပါးကြောင့် ဉာဏဝိပ္ပယုတ် ပဋိသန္ဓေဖြစ်၏"ဟု ဟောတော်မူရာ၏၊ ထိုသို့ကား ဟောတော်မမူ၊ ထို့ကြောင့် တိဟိတ် ကုသိုလ်ကံကြောင့် ဒွိဟိတ်ပဋိသန္ဓေကျိုး မပေးနိုင်–ဟု စောဒနာသည်။

**နယိဒမေဝံ**။ ။အဖြေစကား၏ လိုရင်းကား–ဒွိဟိတ်ဩမကံသည် မိမိအောက်လျော့သော အဟိတ်ကုသလဝိပါက် ပဋိသန္ဓေကျိုးကို ပေးရသကဲ့သို့ တိဟိတ်ဩမက ကံလည်း မိမိအောက်လျော့သော ဒွိဟိတ်ပဋိသန္ဓေကျိုးကို ပေးထိုက်၏၊ သို့သော်လည်း ကံနှင့်ထပ်တူအကျိုးကို ပြတော်မူလို၍ တိဟိတ်ဩမကကြောင့် ဒွိဟိတ်ပဋိသန္ဓေ ဖြစ်ပုံကို အရှင်သာရိပုတ္တရာ ဟောတော်မမူဘဲ ချန်ထားတော်မူသည်–ဟူလို။

ဣတရထာ–ဤသို့မဟုတ်လျှင်၊ စတုန္နံဟေတူနံပစ္စယာတိ–စတုန္နံ ဟေတူနံ ပစ္စယာဟူ၍၊ ဝစနာဘာဝတော–ဟောတော်မူခြင်း၏ မရှိခြင်းကြောင့်၊ ဒုဟေတုကကမ္မေန–ဒုဟိတ်ကံကြောင့်၊ အဟေတုကူပပတ္တိယာတိ–အဟိတ်ပဋိသန္ဓေ၏လည်း။ အဘာဝေါ–မဖြစ်ခြင်းဟူသော အပြစ်သည်၊ အာပဇ္ဇတိ–ဖြစ်၏၊ တသ္မာ–ကြောင့်၊ သုဂတိယံ–၌၊ ဇစ္စန္ဓဗဓိရာဒိဝိပတ္တိယာ–ဇစ္စန္ဓ, ဇစ္စဗဓိရ အစရှိသော ဝိပတ္တိ၏၊ အဟေတုကူပပတ္တိ–အဟိတ်ပဋိသန္ဓေကို၊ ဝဇ္ဇေတွာ–ရှောင်ကြဉ်တော်မူ၍၊ ဝါ–ဟောတော်မမူဘဲ၊ ဂတိသမ္ပတ္တိယာ–ဂတိ၏ ပြည့်စုံခြင်း၌၊ ဝါ–ပြည့်စုံသော သုဂတိဘဝ၌၊ သဟေတုကူပပတ္တိဒဿနတ္ထံ–သဟိတ်ပဋိသန္ဓေကို ပြခြင်းအကျိုးငှာ၊ ဒုဟေတုကူပပတ္တိဝေ–ဒုဟိတ် ပဋိသန္ဓေကို သာလျှင်၊ ဉဒ္ဓဋ္ဌာယထာ–ထုတ်ပြအပ်သကဲ့သို့၊ အဟေတုကူပပတ္တိ–အဟိတ် ပဋိသန္ဓေကို၊ န ဉဒ္ဓဋ္ဌာ ယထာ–ထုတ်ပြတော်မမူအပ်သကဲ့သို့၊ ဧဝံ–ဤအတူ၊ ကမ္မသရိက္ခကဝိပါကဒဿနတ္ထံ–ငှာ၊ တိဟေတုကကမ္မေန–ကြောင့်၊ တိဟေတုကူပပတ္တိဝေ–တိဟိတ်ပဋိသန္ဓေကိုသာ၊ ဉဒ္ဓဋ္ဌာ–ထုတ်ပြတော်မူအပ်ပြီ၊ ဒုဟေတုကူပပတ္တိ–ဒုဟိတ်ပဋိသန္ဓေကို၊ န (ဉဒ္ဓဋ္ဌာ၊) ပန–ထိုသို့ မထုတ်ပြအပ်ပါသော်လည်း၊ အလဗ္ဘနတောတိ–မရခြင်းကြောင့်ဟူ၍၊ န ဒဋ္ဌဗ္ဗံ–မမှတ်ထိုက်။

**၇၄။** ဧဝံ–လျှင်၊ ကောယ–တစ်ပါးသော၊ စေတနာယ–ကြောင့်၊ သောဠသ ဝိပါကာနိ–၁၆ ပါးသော ဝိပါက်တို့သည်၊ (ဟောန္တိ–နှ်၏၊) ဧတ္ထေဝ–ဤ တစ်ပါးသော စေတနာကြောင့်ပင်၊ ဒွါဒသကမဂ္ဂေါ–၁၂ ပါးအပြားရှိသော ဝိပါက်သည်လည်းကောင်း၊ အဟေတုကဋ္ဌကမ္ပိ–အဟိတ်ဝိပါက်ရှစ်ပါးအပေါင်း သည်လည်းကောင်း၊(ဟောတိ–၏၊) ဣတိ–သို့၊ ပဝတ္တဿ–ဖြစ်သော၊ တိပိဋကစူဠနာဂတ္ထေရဝါဒဿ–တိပိဋကစူဠနာဂထေရ်၏ဝါဒ၏၊ ဝသေန–အစွမ်းဖြင့်၊ ဝိပါကပ္ပဝတ္တိံ–ဝိပါက်ဖြစ်ပုံကို၊ ဒဿေတွာ–ပြီး၍၊ ဣဒါနိ–၌၊ ကောယ–သော၊

---

**ဣတရထာ**။ ။ဤသို့ဒေသနာ ချန်ထားသည်ဟု မယူဘဲ ဒေသနာတော်ကို တိုက်ရိုက် ရှိတိုင်းသာ ယူရမည်ဆိုလျှင် "စတုန္နံ ဟေတူနံ ပစ္စယာ ဥပပတ္တိ ဟောတိ"ဟု ဟောတော် မမူသောကြောင့် ဒွိဟိတ်ဩမကကံကြောင့် အဟိတ်ပဋိသန္ဓေ၏ ဖြစ်ခြင်းလည်း မရှိနိုင်– အပြစ်ရောက်ရာ၏၊ အမှန်အားဖြင့်ကား ဒွိဟိတ်ဩမကကြောင့် အဟိတ်ပဋိသန္ဓေ ဖြစ်ရ မည်သာ။

**တသ္မာ ၊ပေ၊ ဒဋ္ဌဗ္ဗံ**။ ။ဤကား ဖလဝါကျကြီးတည်း၊ ထိုပြခဲ့သော အကြောင်းများ ကြောင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော်ဝယ် သုဂတိဘဝ၌ ဒွိဟိတ်ပဋိသန္ဓေကိုသာ ပြ၍ အဟိတ်ပဋိသန္ဓေကို မပြသကဲ့သို့, ထိုအတူကံနှင့်တူသော အကျိုးကို ပြခြင်းငှာ တိဟိတ်ကံ ကြောင့် တိဟိတ်ပဋိသန္ဓေကိုသာ ထုတ်ပြ၍ ဒွိဟိတ်ပဋိသန္ဓေကို ထုတ်ပြတော်မမူ၊ ထိုသို့ ထုတ်ပြတော် မမူခြင်းကိုလည်း မရထိုက်သောကြောင့်, မဟုတ်, ရထိုက်လျက် ထုတ်ပြတော်မမူခြင်းဟု မှတ်ပါ။

စေတနာယ–ကြောင့်၊ ဒွါဒသဝိပါကာနိ–ဆယ့်နှစ်ပါးသော ဝိပါက်တို့သည်၊ (ဟောန္တိ–န်၏၊) ဧတ္တေဝ–ဤတစ်ပါးသောစေတနာကြောင့်ပင်၊ ဒသကမဂ္ဂေါ–ဆယ်ပါးအပြားရှိသော ဝိပါက်သည်လည်းကောင်း၊ အဟေတုကဋ္ဌကမ္ပိ–သည်လည်းကောင်း၊ (ဟောတိ–၏၊) ဣတိ–သို့၊ အာဂတသ္မ–လာသော၊ မောရဝါပီဝါသိမဟာဓမ္မရက္ခိတတ္ထေရဿ–မောရဝါပီအရပ်၌နေလေ့ရှိသော မဟာဓမ္မရက္ခိတထေရ်၏၊ (မော့ရဝါပီဝါသိမဟာဒတ္တတ္ထေရဿ–၏၊) ဝါဒဿပိ–ဝါဒ၏လည်း၊ ဝသေန–ဖြင့်၊ (ဝိပါကပ္ပဝတ္တိံ–ကို၊) ဒဿတုံဌာ၊ အသင်္ခါရံ ၊ပေ၊ တျာဒိ–ဝိပါကာနိအစရှိသော ဂါထာစကားကို၊ (အာစရိယေန၊) ဝုတ္တံ။

မုခေန–မျက်နှာသည်၊ စလိတေ–လှုပ်လသော်၊ အာဒါသတလေ–မှန်အပြင်၌၊ မုခနိမိတ္တံ–မျက်နှာရိပ်သည်၊ စလတိယထာ–လှုပ်သကဲ့သို့၊ ဧဝံ–တူ၊ အသင်္ခါရကုသလဿ–အသင်္ခါရကုသိုလ်၏၊ အသင်္ခါရဝိပါကောဝ–အသင်္ခါရဝိပါက်သည်သာ၊ ဟောတိ–၏၊ သသင်္ခါရော–သသင်္ခါရဝိပါက်သည်၊ န (ဟောတိ–၏၊) အာဂမနတောဝ–အကျိုး၏ဖြစ်ပေါ်လာကြောင်း ကံကြောင့်သာလျှင်၊ သင်္ခါရဘေဒေါ–သင်္ခါရတို့၏ အထူးအပြားသည်၊ (ဟောတိ–၏၊) ဣတိ အယံ–ဤဆိုအပ်ပြီးကား၊ ဧတ္တ–ဤဝါဒ၌၊ အဓိပ္ပါယော–အရှင်မဟာဓမ္မရက္ခိတမထေရ်၏အလိုတည်း၊ (အရှင်မဟာဒတ္တထေရ်၏အလိုတည်း၊) ပန–ထိုသို့ပင်ဆိုပါသော်လည်း၊ ယသ္မာ–ကြောင့်၊ ဝိပါကဿ–ဝိပါက်၏၊ သင်္ခါရဘေဒေါ–ကို၊ ပစ္စယဝသေန–နီးကပ်သော အကြောင်း၏အစွမ်းဖြင့်၊ ဣစ္ဆိတော–

---

**ဧဝံ ၊ပေ၊ ဒဿေတုံ ဝုတ္တံ။** ။ပြခဲ့သောဝါဒသည် တိပိဋကစူဠနာဂထေရ်၏ဝါဒတည်း၊ ထိုဝါဒ၌“တိဟေတုကမုက္ကဋ္ဌ ၊ပေ၊ သောဠသဝိပါကာနိ ဝိပစ္စတိ”စသော စကားကို ရည်ရွယ်၍ “သောဠသဝိပါကာနိ ဒွါဒသကမဂ္ဂေါ အဟေတုကဋ္ဌ”ဟု ဆိုသည်၊ [ဒွါဒသမဂ္ဂေါတိ–ဒွါဒသကပ္ပကာရော၊] ထို တိပိဋကစူဠနာဂထေရ်၏ ဝါဒကို ပြပြီး၍ မောရဝါပီဝါသိမဟာဒတ္တထေရ်၏ဝါဒကို ပြလိုသော အရှင်အနုရုဒ္ဓါသည် “အသင်္ခါရံ သသင်္ခါရ”စသော ဂါထာကို မိန့်သတည်း၊ ဤဝါဒ၌ တိဟိတ်ဥက္ကဋ္ဌစေတနာ တစ်ပါးကြောင့် ရအပ်သော အသင်္ခါရသက်သက်, သို့မဟုတ် သသင်္ခါရသက်သက် ၁၂ပါးသောအကျိုး စသည်ကို ပြသည်၊ [အဋ္ဌသာလိနီ၌ “မဟာဒတ္တထေရ်”ဟု ရှိ၏၊ “မဟာဓမ္မရက္ခိတထေရ”ဟု မရှိ၊]

**ယထာ ၊ပေ၊ အဓိပ္ပါယော။** ။မဟာဒတ္တထေရ်၏ ဆိုလိုရင်းကား–မှန်ကြည့်ရာ၌ မျက်နှာလှုပ်လျှင် မှန်တွင်း၌ထင်နေသော မျက်နှာရိပ်လည်း လှုပ်ရသကဲ့သို့, အကြောင်းကုသိုလ်က အသင်္ခါရဖြစ်လျှင် အကျိုးဝိပါက်လည်း အသင်္ခါရသာ ဖြစ်ထိုက်သည်၊ သသင်္ခါရဝိပါက် မဖြစ်ထိုက်၊ [သသင်္ခါရကံကြောင့်လည်း သသင်္ခါရဝိပါက်သာ ဖြစ်ထိုက်၏၊] ဤသို့ အကျိုးတရား၏ ဖြစ်ပေါ်လာခဲ့ရာ အကြောင်းကံအတိုင်းသာ ဝိပါက်၌ သင်္ခါရအကွဲအပြား ရှိနိုင်သည်–ဟုဆိုလိုသည်၊ [အာဂစ္ဆတိ ပဝတ္တတိ ဖလံ ဧတေနာတိ အာဂမနံ–အကျိုးတရား၏ ဖြစ်ပေါ်လာကြောင်း ကံ၊]

အလိုရှိအပ်၏၊ ကမ္မဝသေန–ရှေးကံ၏အစွမ်းအားဖြင့်၊ န(ဣဒ္ဓိတော) တသ္မာ–ကြောင့်၊ သေ–ဤထေရ်၏ဝါဒကို၊ ကေစိဝါဒေါ–ကေစိဝါဒဟူ၍၊ ကတော–ပြုအပ်ပြီ၊ တေသန္တိ–ကား၊ ဇေ၀ဝါဒီနံ–ဤသို့ပြောဆိုလေ့ရှိကုန်သော၊ တေသံ–ထိုထေရ်တို့၏၊ (ဝါဒေ–၌၊) ယထာက္ကမန္တိ–ကား၊ တိဟေတုကုက္ကဋ္ဌာဒီနံ–တိဟိတ်ဥက္ကဋ္ဌကံ အစရှိသည်တို့၏၊ အနုက္ကမေန–အစဉ်အားဖြင့်။

ဒွါဒသဝိပါကာနီတိ–ကား၊ တိဟေတုက ၊ပေ၊ ကမ္မဿ–တိဟိတ်ဥက္ကဋ္ဌ အသင်္ခါရိကကံ, သသင်္ခါရိကကံ၏၊ ဝသေန–ဖြင့်၊ ယထာက္ကမံ–တိုင်း၊ သသင်္ခါရိကစတုက္ကဝဇ္ဇိတာနိ–သင်္ခါရိကလေးပါးအပေါင်းသည် ကြဉ်အပ်ကုန်သော၊ ဒွါဒသ–န်သော၊ (ဝိပါကာနိ–ဝိပါက်တို့ကိုလည်းကောင်း၊) အသင်္ခါရိကစတုက္ကဝဇ္ဇိတာနိ–အသင်္ခါရိကလေးပါးအပေါင်းသည် ကြဉ်အပ်ကုန်သော၊ ဒွါဒသ–န်သော၊ ဝိပါကာနိ စ–တို့ကိုလည်းကောင်း၊ (ဥဒ္ဒိသေဒ္ဓ လှမ်းစပ်၊) တထာ–ထိုမှတစ်ပါး၊ တိဟေတုကောမကဿ–တိဟိတ်ဩမက ဖြစ်သော၊ (ကမ္မဿ–၏လည်းကောင်း၊) ဒုဟေတုကုက္ကဋ္ဌဿ–ဒုဟိတ်ဥက္ကဋ္ဌ ဖြစ်သော၊ ကမ္မဿ စ–၏လည်းကောင်း၊ ဝသေန–ဖြင့်၊ ဒုဟေတုကသသင်္ခါရဒွယဝဇ္ဇိတာနိ–ဒုဟိတ်သသင်္ခါရိကနှစ်ပါးအပေါင်းသည် ကြဉ်အပ်ကုန်သော၊ (ဒသ–န်သော၊ ဝိပါကာနိ–တို့ကိုလည်းကောင်း၊) ဒုဟေတုကာသင်္ခါရဒွယဝဇ္ဇိတာနိ–ဒုဟိတ်အသင်္ခါရိက နှစ်ပါးအပေါင်းသည် ကြဉ်အပ်ကုန်သော ဒသ–န်သော၊ ဝိပါကာနိ စ–တို့ကိုလည်းကောင်း၊ ဒုဟေတုကောမကဿ–ဒုဟိတ်ဩမက ကံ၏၊ ဝသေန–ဖြင့်၊ ဒုဟေတုကဒွယဝဇ္ဇိတာနိ–ဒုဟိတ်နှစ်ပါးအပေါင်းသည် ကြဉ်အပ်ကုန်သော၊ [ယခင်ဆယ်ပါးထည်းကနှစ်ပါးကို ထပ်ကြဉ်သည်၊] အဋ္ဌ–န်သော၊ ဝိပါကာနိ စ–တို့ကိုလည်းကောင်း၊ ယထာဝုတ္တဿ–အကြင် အကြင် ဆိုအပ်ပြီးသောနည်းကို၊ တိဟေတုကမုက္ကဋ္ဌာဒိနာ–တိဟေတုကမုက္ကဋ္ဌ အစရှိသောပါဌ်ဖြင့်၊ ဝုတ္တနယဿ–ဆိုအပ်ပြီးသောနည်းကို၊ [ယထာဝုတ္တဿကို ထပ်ဖွင့်သည်၊] အနုသာရေန, အနုဿရဏေန–အစဉ်လိုက်သဖြင့်၊ တဿ တဿ–ထိုထိုဝိပါက်၏၊ ယထာသမ္ဘဝံ, သမ္ဘဝါနုရူပတော–ဖြစ်သင့်သည့်အား လျော်စွာ၊ ဥဒ္ဒိသေ–ထုတ်ပြရာ၏။

---

**ယသ္မာ ၊ပေ၊ ကတော**။ ။မဟာဝိပါက်စိတ်သည် ပဋိသန္ဓေဘဝင် စုတိ တဒါရုံကိစ္စ တပ်၏၊ ပဋိသန္ဓေဝိပါက်စိတ်၏ အသင်္ခါရိကအဖြစ်သည် ကံနှင့် မဆိုင်၊ ပဋိသန္ဓေကျိုး ပေးရာဝယ် ကံ–ကမ္မနိမိတ်–ဂတိနိမိတ်ထင်မှု၌ ပယောဂပါခြင်း/မပါခြင်း အကြောင်းနှင့် ဆိုင်၏၊ [ဘဝင်စုတိကား ပဋိသန္ဓေစိတ်၏ နောက်လိုက်တည်း၊] တဒါရုံကိစ္စတပ်ရာ၌ ရှေ့ကဖြစ်သော ဇော၏ အသင်္ခါရိက/သသင်္ခါရိကအတိုင်း ဖြစ်ရ၏၊ [အကျယ်ကို ဘာသာဋီကာမှာ ရှုပါ၊] ထို့ကြောင့် ဤဝါဒကို (တကယ်ဖြစ်ပုံနှင့် မကိုက်သောကြောင့်) အောက်ချ၍ ကေစိဝါဒဟု ဆိုထားသည်၊ [ကေစနပုဒ်ကား ကေစိနှင့်တူသော နိပါတ်ပုဒ် တည်း။]

**၇၅။** [ရူပါဝစရကံ၏ ပါကဋ္ဌာနကို ဖွင့်ပြလို၍"ပရိတော အတ္တံ"စသည် မိန့်၊] ပရိတော–ထက်ဝန်းကျင်မှ၊ အတ္တံ, ခဏ္ဍိတံဝိယ–ပိုင်းဖြတ်အပ်သော အရာဝတ္ထုကဲ့သို့၊ အပ္ပါနုဘာဝံ–နည်းသောအာနုဘော်ရှိသောဈာန်တည်း၊ ဣတိ–ကြောင့်၊ ပရိတ္တံ–မည်၏၊[ပုဒ်ပြီးပုံကို ပဥ္စဝီသပရိတ္တမိုဂ်ါထာ၌ ပြခဲ့ပြီ၊] ပကဋ္ဌဘာဝံ–ပြဋ္ဌာန်းသည်၏အဖြစ်သို့၊ ဝါ–မွန်မြတ်သည်၏အဖြစ်သို့၊ နီတံ–ဆောင်အပ်သောဈာန်တည်း၊ ဣတိ–ကြောင့်၊ ပဏီတံ–မည်၏၊ ဥဘိန္နံ–ပရိတ္တ,ပဏီတ နှစ်ပါးတို့၏၊မဇ္ဈေ–အလယ်၌၊ဘဝံ–ဖြစ်သောဈာန်သည်၊မဇ္ဈိမံ–မည်၏၊တတ္ထ–ထိုသုံးမျိုးသောဈာန်တို့တွင်၊ ပဋိလဒ္ဓမတ္တံ–ရအပ်ကာမျှဖြစ်သော၊ အနာသေဝိတံ–အဖန်ဖန်မမှီဝဲအပ်သောဈာန်သည်၊ပရိတ္တံ–မည်၏၊ ဣတိ–သို့၊ အဝိသေသတောဝ–အထူးမ မ, သာမညအားဖြင့်သာလျှင်၊အဋ္ဌကထာယံ–၌၊ ဝုတ္တံ–ပြီ၊ တထာ–ထို့အတူ၊ နာတိသုဘာဝိတံ–အလွန်မပွားစေအပ်သော၊ အပရိပုဏ္ဏဝသိဘာဝံ–မပြည့်စုံသောဝသီဘော်ရှိသော ဈာန်သည်၊ မဇ္ဈိမံ–မည်၏၊ ပန–ကား၊ အတိဝိယ–အလွန်အကဲသာလျှင်၊ သုဘာဝိတံ–ကောင်းစွာပွားစေအပ်သော၊ သဗ္ဗသော–ကြွင်းမဲ့ဥဿုံ, အလုံးစုံအားဖြင့်၊ ပရိပုဏ္ဏဝသိဘာဝံ–ပြည့်စုံသော ဝသီဘော်ရှိသောဈာန်သည်၊ပဏီတံ–မည်၏၊ ဣတိ–သို့၊(ဝုတ္တံ–ပြီ။)

ပန–ဝါဒန္တရကား၊ အာစရိယေန–အရှင်အနုရုဒ္ဓါဆရာသည်၊ တ္ထေ–ဤ သုံးမျိုးသောဈာန်တို့တွင်၊ ပရိတ္တံပိ–ပရတ္တဈာန်ကိုလည်း၊ ဤသကံ–အနည်းငယ်၊ လဒ္ဓါသေဝနမေဝ–ရအပ်သော အာသေဝနရှိသော ဈာန်ကိုသာ၊ အဓိပ္ပေတံ–အလိုရှိအပ်၏၊ ဣတိ–ဤအဓိပ္ပာယ်သည်၊ ဒိဿတိ–ထင်ရှား၏၊ တထာဟိ–

---

**ပဏီတံ မဇ္ဈိမံ။** ။[ပပုဗ္ဗ+နီဓာတ်, တပစ္စည်း၊ ပဥပသာရဖြစ်သောကြောင့် နကို ဏပြုသည်၊] ပကို"ပကဋ္ဌဘာဝံ"ဟု ဖွင့်သည်၊ "မြတ်သည်၏အဖြစ်သို့+ဆောင်အပ်" ဟု သဒ္ဒတ္ထ, "မွန်မြတ်"ဟု ဝေါဟာရတ္ထပေး၊ မဇ္ဈေနောင်ဘဝအနက်၌ ဣမ ပစ္စည်း သက်၍ "မဇ္ဈိမံ"ဟု ဖြစ်၏။

**တတ္ထ၊ပေ၊ပဏီတံ။** ။ဈာန်ရပြီးနောက် အထပ်ထပ် မဝင်စားအပ်သော (ရရုံမျှသာ ဖြစ်သော) ဈာန်သည် တန်ခိုးသတ္တိနည်းသော ပရိတ္တဈာန်တည်း၊ အထပ်ထပ် ဝင်စားအပ် (ပွားများစေအပ်)သော်လည်း ဝသီဘော်ပြည့်စုံလောက်အောင် မပွားများ အပ်သေးသော ဈာန်သည် မဇ္ဈိမဈာန်တည်း၊ ဝသီဘော်ငါးပါး ပြည့်စုံအောင် ပွားများစေအပ်ပြီးသော ဈာန်သည် ပဏီတဈာန်တည်း။

**အာစရိယေန၊ ပေ၊ ဝုတ္တံ။** ။"သမာနာသေဝနေ လဒ္ဓေ"စသော ဂါထာသည် အရှင် အနုရုဒ္ဓါစီရင်အပ်သော နာမရူပပရိစ္ဆေဒကျမ်းလာ ဂါထာတည်း၊ ထိုဂါထာ၌ "အာသေဝနေ လဒ္ဓေ မဟဗ္ဗလေ–အာသေဝနပစ္စည်းကို ရသည့်အတွက် အားရှိမှသာ မဟဂ္ဂုတ်ကုသိုလ်သည် အကျိုးပေး၏"ဟု ပဋ္ဌမနှစ်ပါဒဖြင့် ဆိုပြီး၍, "ထိုကဲ့သို့ အာသေဝနပစ္စည်းကို မရ၍ အားမရှိသောကြောင့် အဘိညာဉ်ဇောသည် ပဋိသန္ဓေအကျိုးကို

ထိုစကားမှန်၏၊ အနေန–ဤအရှင်အနုရုဒ္ဓါဆရာသည်၊ နာမရူပပရိစ္ဆေဒေ–နာမရူပပရိစ္ဆေဒကျမ်း၌၊ သမာနာ၊ပေ၊ဝိပစ္စတီတိ–န ဝိပစ္စတိဟူသောဂါထာဖြင့်၊ သမာနဘူမိကတောဝ–တူသောဘုံရှိသော တရားမှသာလျှင်၊ အာသေဝန လာဘေန–အာသေဝနပစ္စည်းကိုရခြင်းကြောင့်၊ဝါ–ရသည့်အတွက်၊ ဗလဝဘာဝ တော–အားရှိသည်၏အဖြစ်ကြောင့်၊ မဟဂ္ဂတဓမ္မာနံ–မဟဂ္ဂုတ်တရားတို့၏၊ ဝိပါကဒါနံ–အကျိုးပေးခြင်းကို၊ ဝတွာ–မိန့်ဆိုပြီး၍၊ တဒဘာဝတော–ထို အာသေဝနပစ္စည်း၏ မရှိခြင်းကြောင့်၊ အဘိညာယ–အဘိညာဉ်၏၊ အဝိပစ္စနံ–အကျိုးမပေးခြင်းကို၊ ဝုတ္တံ–ပြီ၊ [သမာနာသေဝနေ–တူသော အာသဝနပစ္စည်းကို၊ လဒ္ဓေ–ရအပ်သည်ဖြစ်၍၊ ဝါ–ရအပ်သည့်အတွက်၊ မဟဗ္ဗလေ–ကြီးသော အားအစွမ်းသည်၊ ဝိဇ္ဇမာနေ–ရှိလတ်သော်၊ ဝါ–ရှိမှ၊ (မဟဂ္ဂတကုသလံ–မဟဂ္ဂုတ်ကုသိုလ်သည်၊) ဝိပစ္စတိ–အကျိုးပေး၏၊ တာဒိသံ–ထိုကဲ့သို့ ရှုအပ်သော၊ ဟေတုံ–သမာနာသေဝနအကြောင်းကို၊ အလဒ္ဓါ–မရ၍၊ ဝါ–မရခြင်းကြောင့်၊ အဘိညာ–အဘိညာဉ်သည်၊ န ဝိပစ္စတိ–အကျိုးမပေး။]

ဝါ–တစ်နည်း၊ ဟီနေဟိ–ယုတ်ညံ့ကုန်သော၊ [ဝီမံသာနှင့်အရတူ“ဟီနာ”ဟု ရှိမှကောင်းမည်၊] ဆန္ဒစိတ္တဝီရိယဝီမံသာဟိ–ဆန္ဒ, စိတ်, ဝီရိယ, ဝီမံသတို့သည်၊ နိဗ္ဗတ္တိတံ–ဖြစ်စေအပ်သောဈာန်သည်၊ ပရိတ္တံ–ပရိတ္တ မည်၏၊ မဇ္ဈိမေဟိ–အလယ် အလတ်ဖြစ်ကုန်သော၊ ဆန္ဒာဒီဟိ–ဆန္ဒအစရှိသော အဓိပတိတို့သည်၊ (နိဗ္ဗတ္တိတံ–သည်၊)မဇ္ဈိမံ–မည်၏၊ ပဏီတေဟိ–မွန်မြတ်ကုန်သော၊(ဆန္ဒာဒီဟိ–တို့သည်၊ နိဗ္ဗတ္တိတံ–သည်၊) ပဏီတံ–မည်၏၊ ဣတိ–ဤသို့ ဖြစ်သင့်ခြင်းကြောင့်၊ အတိပ္ပပဋ္ဌေန–ဖြင့်၊ ႏခလံ–အကျိုးမရှိပြီ။

---

မပေး”ဟု ဒုတိယနှစ်ပါဒဖြင့် ဆို၏၊ ထို့ကြောင့် အရှင်အနုရုဒ္ဓါ အလိုအားဖြင့် “ပဋိသန္ဓေကျိုး ပေးရမည့် ပရိတ္တဈာန်သည် နည်းနည်းပါးပါးတော့ အာသေဝနပစ္စည်း ရရှိရဦးမည်”ဟု ဆိုလိုသည်။

**သမာနဘူမိ၊ပေ၊လာဘေန**။ ။ဈာန်ဝင်စားသောအခါ ဈာန်ဇောနှစ်ကြိမ်မှ စ၍ အကြိမ်များစွာ ဖြစ်၏၊ ထိုသို့ဖြစ်ရာ၌ နောက်နောက် ဈာန်သည် ရှေးရှေးဈာန်မှ အာသေဝနပစ္စည်းကိုရ၏၊ ထို အာသေဝနပစ္စည်းလည်း ရူပါဝစရဘုံချင်းတူသော ဈာန်စိတ်မှရအပ်သော အာသေဝနပစ္စည်းဖြစ်သည်၊ [ဤနေရာ၌ ပဋ္ဌာန်း အာသေဝန ပစ္စည်းကိုပင် “အာသေဝန”ဟု ခေါ်သည်၊]

**ဟီနေတိဝါ ၊ပေ၊ ပပဉ္စေန**။ ။ဈာန်ကိုမရမီရှေ့အဖို့၌ ဆန္ဒစသော အဓိပတိလေးပါး၏ ညံ့မှုဖြစ်နေလျှင် ဈာန်အခိုက်၌လည်း ယှဉ်ဘက် ဆန္ဒစသည်တို့ ညံ့နေတတ်၏၊ ထိုသို့ ညံ့နေသောဈာန်ကို ပရိတ္တဈာန်–ဟု ခေါ်ရသည်၊ မဇ္ဈိမ ပဏီတ ဖြစ်ပုံလည်း ဤနည်း အတိုင်းတည်း၊ [ဤသို့ပရိတ္တဈာန်စသည် ဖြစ်ခြင်း၏ အကြောင်းကို နှစ်မျိုး ပြထားရာ၌ စိစစ်ဖွယ်ရှိသည်ကို ဘာသာဋီကာ၌ စိစစ်ထားသည်။]

**၈၄။** ပဋ္ဌမဇ္ဈာနံ ဘာဝေတွာတိ–ကား၊ အဘိညာဘာဝံ–အဘိညာဉ်၏ အဖြစ်သို့၊ အသမ္ပတ္တံ–မရောက်သော၊ ပဌမဇ္ဈာနံ–ပဌမဈာန်ကို၊ တိဝိဓမ္ပိ–သုံးပါးအပြားရှိအောင်လည်း၊ [ပရိတ္တ, မဇ္ဈိမ, ပဏီတသုံးပါးအပြားရှိအောင်–ဟူလို၊] ဘာဝေတွာ–ဖြစ်စေ၍၊ ပန–ဆက်၊ အဘိညာဘာဝပ္ပတ္တဿ–အဘိညာဉ်၏အဖြစ်သို့ ရောက်သောဈာန်၏၊ အဝိပါကဘာဝေါ–အကျိုးမပေးသည်၏ အဖြစ်သည်၊ အလဒ္ဓါတာဒိသန္နျာဒိနာ–အလဒ္ဓါတာဒိသံ အစရှိသောပါဠ်ဖြင့်၊ အာစရိယေန–အရှင် အနုရုဒ္ဓါဆရာသည်၊ သာဓိတော–ပြီးစေအပ်ပြီ။

ပန–ဝါဒန္တရကား၊ မူလဋီကာကာရာဒယော–မူလဋီကာကျမ်းပြုဆရာဖြစ်သော အရှင်အာနန္ဒာ အစရှိသော ပုဂ္ဂိုလ်တို့သည်၊ အညထာပိ–တစ်ပါးသော အပြားအားဖြင့်လည်း၊ တံ–ထိုအဘိညာဉ်၏ အကျိုးမပေးပုံကို၊ သာဓေန္တိ–ပြီးစေကြကုန်၏၊ ပန–ဆက်၊ တံ–ထိုအဘိညာဉ်၏ အကျိုးမပေးပုံကို၊ သခ်ေပတော–အားဖြင့်၊ တတ္ထတတ္ထ–ထိုထို ဋီကာ၌လည်းကောင်း၊ ဝိတ္ထာရတော–အကျယ်အားဖြင့်၊ အဘိဓမ္မတ္ထဝိကာသနိယံစ–အဘိဓမ္မတ္ထဝိကာသနိဋီကာ၌လည်းကောင်း၊ ဝုတ္တနယေန–ဖြင့်၊ ဒဋ္ဌဗ္ဗံ–ထိုက်၏။ [ဘာသာဋီကာ၌လည်း အဓိပ္ပာယ်ပြထား၏။]

သညာဝိရာဂံ ဘာဝေတွာတိ–ကား၊ သညာ–သညာသည်၊ ရောဂေါ–ရောဂါတည်း၊ သညာ–သည်၊ ဂဏ္ဍော–အိုင်းအနာတည်း၊ ဣတိအာဒိနာ–ဤသို့အစရှိသော၊ (နယေနဝါ–နည်းဖြင့်သော်လည်းကောင်း၊) စိတ္တံ–သည်၊ ဓီ–ထွီထွီထွေးထိုက်၏၊ စိတ္တံ–သည်၊ ဓိဗ္ဗတံ–စက်ဆုပ်ဖွယ်အကျင့်၏ဖြစ်ကြောင်းတည်း၊ ဣတိအာဒိနာ–သော၊ နယေန ဝါ–သော်လည်းကောင်း၊ အရူပပ္ပဝတ္တိယာ–နာမ်တရားဖြစ်ခြင်း၏၊ အာဒီနဝဒဿနေန–အပြစ်ကို မြင်ခြင်းကြောင့်လည်းကောင်း၊

---

**သညာ ၊ပေ၊ နယေန**။ ။[နယေနကို အာဒီနဝဒဿနေနန၌ စပ်] ရောဂေါ ဂဏ္ဍောတို့သည် သဒိသူပစာစကားတည်း၊ ထိုကြောင့် သညာသဒ္ဒါ၏ ဣတ္ထိလိင် မလိုက်ဘဲ မူလလိင်အတိုင်း ပုံလိင်ထားရသည်၊ ဓီသဒ္ဒါသည် စက်ဆုပ်ခြင်းအနက်ဟော နိပါတ်တည်း၊ ဓီ+ဝတံ ယေနာတိ ဓိဗ္ဗတံ–စက်ဆုပ်ဖွယ် အကျင့်၏ ဖြစ်ကြောင်းတရား၊ ဤ"သညာ ရောဂေါ"စသော စကားနှစ်ရပ်သည် "အရူပပ္ပဝတ္တိယာ အာဒီနဝ ဒဿနေန"အရ နာမ်တရား၌ အပြစ်မြင်ပုံကို ပြသောစကားတည်း။

**နိဒဿနနည်း**။ ။ထိုသို့နာမ်တရားအားလုံး၌ အပြစ်မြင်ပုံကို ပြသောကြောင့် "သညာ ရောဂေါ, သညာ ဂဏ္ဍော"ဟု အပြစ်မြင်ရာ၌ သညာစေတသိက်တစ်ခုကို ခေါင်းတပ်၍ ပြသော နိဒဿနနည်းဟု မှတ်၊ "သညာသည် ဟို အာရုံမှတ်, ဒီ အာရုံမှတ်နှင့် မကောင်းတာကိုလည်း မှတ်တတ်ရကား ရောဂါ–အိုင်းအနာပင် ဖြစ်သည်"ဟူလို၊ ဓီ စိတ္တံ–စသည်ဖြင့် အပြစ်ရှုရာ၌လည်း နည်းတူ၊ "စိတ်သည် ဟို အာရုံသိ, ဒီ အာရုံသိနှင့် မကောင်းသောအရာကိုလည်း သိတတ်ရကား စိတ်ကြောင့် မကောင်းသော အကျင့်ကို လည်း ကျင့်မိကြလေသည်–ဟူလို။

တဒဘာဝေ–ထိုနာမ်တရားမရှိခြင်း၌၊ ပဏ္ဏတ္တိဘာဝသန္တိဋ္ဌာနေနစ–မွန်မြတ်သည်၏အဖြစ်ကို ဆုံးဖြတ်ခြင်းကြောင့်လည်းကောင်း၊ ဝါယောကသိဏေ (ဝါ)–ဝါယောကသိုဏ်း၌သော်လည်းကောင်း၊ ကေသဉ္စိ–အချို့ဆရာတို့၏၊ မတေန–အလိုအားဖြင့်၊ ပရိစ္ဆိန္နာကာသကသိဏေဝါ–ပရိစ္ဆိန္နာကာသ ကသိုဏ်း၌သော်လည်းကောင်း၊ ဘာဝနာဗလေန–ဘာဝနာ၏အစွမ်းကြောင့်၊ တေန–ထိုပုဂ္ဂိုလ်သည်၊ ပဋိလဒ္ဓိတဗ္ဗဘာဝေ–ရထိုက်သောဘဝ၌၊ အရူပဿ–နာမ်တရား၏၊ အနိဗ္ဗတ္တိသဘာဝါပါဒနဝသေန–မဖြစ်ခြင်းသဘောသို့ ရောက်စေခြင်း၏အစွမ်းဖြင့်၊ အရူပပဝိရာဂဘာဝနံ–နာမ်တရားကို စက်ဆုပ်ကြောင်း ပဋ္ဌမဈာန်ဘာဝနာကို၊ ဘာဝေတွာ–ပွားစေပြီး၍၊ .ဝါ–ပွားစေခြင်းကြောင့်၊ အညသတ္တေသု–အသညသတ်ဘုံတို့၌၊ ကမ္မကြိယဝါဒိနော–ကံကို ပြုအပ်၏ဟု ပြောလေ့ရှိကုန် သော၊ တိတ္ထိယာဝေ–တိတ္ထိတို့သည်သာလျှင်၊ ဥပ္ပဇ္ဇန္တိ–န်၏၊ ဣတိ–ဤဆို အပ်ပြီးကား၊ အဓိပ္ပာယော–အရှင်အနုရုဒ္ဓါဆရာ၏ အလိုတည်း၊ ပန–ဆက်၊ တေ–ထိုအသညသတ်ဘုံ၌ဖြစ်သော ပုဂ္ဂိုလ်တို့သည်၊ ယေန ဣရိယာပထေန–အကြင်ဣရိယာပုထ်ဖြင့်၊ ဣဓ–ဤလူ့ပြည်၌၊ မရန္တိ–သေကုန်၏၊ တေနေဝ–ထိုဣရိယာပုထ်ဖြင့်သာလျှင်၊ တတ္ထ–ထိုအသညသတ်ဘုံ၌၊ နိဗ္ဗတ္တန္တိ–န်၏၊ ဣတိ, ဒဋ္ဌဗ္ဗံ၊ [သွားခြင်းဣရိယာပုထ်မှ တစ်ပါးသော ဣရိယာပုထ် သုံးပါးတွင် "လူ့ဘဝ၌ ရပ်လျက်သေလျှင် အသညသတ်ဘုံ၌ ရပ်လျက် ကမ္ဘာငါးရာပတ်လုံး တည်နေ၏" စသည်ဖြင့် သိလေ။]

---

**ဝါယော ။ပေ၊ ဘာဝေတွာ။** ။သညာ ရောဂါ–စသည်ဖြင့် အပြစ်ရှုမှုသည် ဘာဝနာ မပွားမီ ရှေ့အဖို့၌ ဖြစ်သော ကာမဝစရစိတ်ဖြင့် ဖြစ်၏၊ ထို အပြစ်ရှုမှုကို အခြေခံ၍ ပဋ္ဌမဈာန်ကိုပင် ထပ်မံဝင်စား ပွားများသောအခါ ထိုပဋ္ဌမဈာန်သည်ပင် အရူပဝိရာဂ ဘာဝနာဖြစ်၏၊ ဝိရဇ္ဇတိ ဧတေနာတိ ဝိရာဂေါ၊ အရူပေ+ဝိရာဂေါ–အရူပဝိရာဂေါ၊ သောစ+သော+ဘာဝနာစာတိ အရူပရာဂဘာဝနာ၊ ထိုပဋ္ဌမဈာန်ကို ထပ်မံဖြစ်စေ (ပွားစေ)ရာ၌ ဝါယောကသိုဏ်းကို အာရုံပြုရသည်ဟု လည်းကောင်း၊ ပရိစ္ဆိန္နာကာသဟု ဆိုအပ်သော အာကာသကသိုဏ်းကို အာရုံပြုရသည်ဟုလည်းကောင်း ဝါဒကွဲသည်၊ ထိုအရူပဝိရာဂဘာဝနာသည် ထိုဘာဝနာရှင်၏ ရထိုက်သော ဘဝ၌နာမ်တရား မဖြစ် စေနိုင်သောသတ္တိရှိ၏၊ ထို့ကြောင့် "တေန ။ပေ၊ သဘာဝါပါဒနဝသေန"ဟု မိန့်သည်။

**ကမ္မ ။ပေ၊ တိတ္ထိယာဧဝ။** ။တိတ္ထသဒ္ဒါသည်"ဆိပ်ကမ်း"အနက်ကို ဟော၏၊ ဆိပ်ကမ်း၌ ငုပ်ကြ ဖော်ကြသကဲ့သို့ အယူဝါဒအမျိုးမျိုး၌လည်း ငုပ်သလို ဖော်သလို ယူဆကြသောကြောင့် အယူဝါဒ ဟူသမျှကိုလည်း"တိတ္ထံ ဝိယာတိ တိတ္ထံ"နှင့်အညီ "တိတ္ထ"ဟု ခေါ်၏၊ ထိုအယူဝါဒရှိသူများကိုလည်း "တိတ္ထံ ယေသံ အတ္ထီတိ (တိတ္ထိကာ, ကကို ယပြု၍) တိတ္ထယာ"ဟု ခေါ်၏၊ ထိုတိတ္ထိယတို့သည် မိစ္ဆာအယူရှိသူများ မဟုတ်ကြ၊ ကံကိုပြုလျှင် နောင်အခါ အကျိုးပေးသောကြောင့် "ကံကို ပြုအပ်ရာရောက်၏"ဟု ပြောလေ့ရှိသူ (ကံ၏ အကျိုးကို ယုံကြည်သူ)များတည်း။

**၈၆။** အနာဂါမိ ၊ပေ၊ ဥပ္ပဇ္ဇန္တီတိ–ကား၊ အနာဂါမိနော–အနာဂါမ်ဖြစ်ကုန်သော၊ အရိယာယေဝ–အရိယာပုဂ္ဂိုလ်တို့သည်သာလျှင်၊ ပုထုဇ္ဇနာဒိကာလေ ဝါ–ပုထုဇဉ် အစရှိသည် ဖြစ်ရာအခါ၌သော်လည်းကောင်း၊ [အာဒိဖြင့် သကဒါဂါမ်တိုင်အောင် ယူ၊] ပစ္ဆာပိဝါ–အနာဂါမ်ဖြစ်ပြီးရာကာလမှ နောက်၌သော်လည်းကောင်း၊ ပဉ္စမဈာန်–ကို၊ တိဝိဓမ္ပိ–သုံးပါးအပြားရှိအောင်လည်း၊ ဘာဝေတွာ–၍၊ ဝါ–ကြောင့်၊ သဒ္ဓါဒိက္ကန္ဒြိယဝေမတ္တတာနုက္ကမေန–သဒ္ဓါအစရှိသော ဣန္ဒြေတို့၏ မတူကုန်သည်၏ အဖြစ်ဟူသော အစဉ်အားဖြင့်၊ ပဉ္စသု–န်သော၊ သုဒ္ဓါဝါသေသု–တို့၌၊ ဥပ္ပဇ္ဇန္တိ–န်၏၊ [ပုထုဇဉ် သောတာပန် သကဒါဂါမ် အဖြစ်တုန်းက ပဉ္စမဈာန်ရသူဖြစ်စေ, အနာဂါမ်ဖြစ်ပြီးမှ ပဉ္စမဈာန်ရသူဖြစ်စေ, သဒ္ဓိန္ဒြေလွန်ကဲခြင်းကြောင့် အဝိဟာဘုံ၌, ဝီရိယိန္ဒြေလွန်ကဲခြင်းကြောင့် အတပ္ပာဘုံ၌ ဖြစ်၏၊ ဤသို့ စသည်ဖြင့် အခြေပြု၍ ပြခဲ့ပြီ။]

**၈၇။** ယထာက္ကမံ–အစဉ်အတိုင်း၊ ဘာဝေတွာ–၍။ ဝါကြောင့်၊ ယထာက္ကမံ–တိုင်း၊ အာရုပ္ပေသု–အရူပလေးဘုံတို့၌၊ ဥပ္ပဇ္ဇန္တိ–န်၏၊ ဣတိ–ဤသည်ကား၊ ယောဇနာ–ပုဒ်တို့ကို ယှဉ်စေခြင်းတည်း၊ [အာရုပ္ပေသု ဥပ္ပဇ္ဇန္တိ၌ ယထာက္ကမံ ပုဒ်ကို လိုက်၍ ယှဉ်စေပါ–ဟူလို၊] စ–ဆက်၊ ယထာက္ကမံတိ–ကား၊ ပဌမာရုပ္ပာဒိအနုက္ကမေန–ပဌမအာရုပ္ပအစရှိသော အစဉ်အားဖြင့် (ဘာဝေတွာ–၍၊) (အရူပေသု ဥပ္ပဇ္ဇန္တိ၌ စပ်။)

စ–ဆက်၊ သဗ္ဗမ္ပိ–အလုံးစုံလည်းဖြစ်သော၊ တေ–ဤ“ပဌမဈာနံ ပရိတ္တံ ဘာဝေတွာ”အစရှိသော စကားကို၊ တဿ တဿဝ ဈာနဿ–ထိုထိုဈာန်၏သာလျှင်၊ အာဝေဏိကဘူမိဝသေန–သီးခြားဖြစ်သော ဘုံ၏အစွမ်းဖြင့်၊ ဝုတ္တံ–ဆိုအပ်ပြီ၊ ပန–စင်စစ်ကား၊ နိကန္တိယာ–ထိုထိုဘုံ၌ တပ်မက်ခြင်းတဏှာသည်၊ သတိ–ရှိလတ်သော်၊ ပုထုဇ္ဇနာဒယော–ပုထုဇဉ် အစရှိသော ပုဂ္ဂိုလ်တို့သည်၊ [အာဒိဖြင့် သကဒါဂါမ်တိုင်အောင် ယူ၊ အနာဂါမ်၌ နိကန္တိ မရှိနိုင်၊] ယထာလဒ္ဓဈာနဿ–အကြင်အကြင် ရအပ်ပြီးသောဈာန်၏၊ ဘူမိဘူတေသု–ဘုံဖြစ်၍ဖြစ်ကုန်သော၊ သုဒ္ဓါဝါသဝဇ္ဇိတေသု–သုဒ္ဓါဝါသဘုံသည် ကြဉ်အပ်ကုန်သော၊ ယတ္ထကတ္ထစိ–အမှတ်မရှိ တစ်စုံတစ်ခုသောဘုံ၌၊ နိဗ္ဗတ္တန္တိ–န်၏၊ [နိကန္တိကြောင့် အမျိုးမျိုးသော ဘုံ၌ဖြစ်ကြရသည်၊ သုဒ္ဓါဝါသရောက်မည့်သူ၌ကား နိကန္တိတဏှာ မရှိ၊ ထို့ကြောင့် ကြဉ်ရသည်၊] တထာ–တူ၊ ကာမဘဝေပိ–ကာမဘုံ၌လည်း၊ ကာမာဝစရကမ္မဗလေန–ကာမာဝစရကံ၏အစွမ်းကြောင့်၊ (နိဗ္ဗတ္တန္တိ၊) [ဈာန်ရပုဂ္ဂိုလ်သည် ရူပဘုံ၌ နိကန္တိရှိလျှင် ထိုနိကန္တိတဏှာကြောင့် ကာမဘုံ၌လည်း ဖြစ်နိုင်၏၊ ထိုသို့ဖြစ်ရာဝယ် ဈာန်ကြောင့် ဖြစ်သည်မဟုတ်၊ ကာမာဝစရကံ၏အစွမ်းကြောင့် ဖြစ်ရသည်–ဟူလို၊] ဟိ–မှန်၏၊ ဣဒ္ဓိတိ ၊ပေ၊ ဝိသုဒ္ဓတ္တာတိ–ဟူ၍၊ (ဘဂဝတာ) ဝုတ္တံ–ပြီ၊ [ဘိက္ခဝေ–တို့၊ သီလဝတော–

သီလရှိသူ၏၊ စေတောပဏိဓိ–စိတ်၏တောင့်တခြင်းသည်၊ ဣဇ္ဈတိ–ပြည့်စုံ၏၊ (ကသ္မာ, စေတောပဏိဓိယာ–စေတောပဏိဓိ၏၊) ဝိသုဒ္ဓတ္တာ–စင်ကြယ်သည်၏ အဖြစ်ကြောင့်တည်း။]

ပန–ကား၊ (တစ်နည်း) အနာဂါမိနော–အနာဂါမ်ပုဂ္ဂိုလ်တို့သည်၊ ကာမ ရာဂဿ–ကာမရာဂ၏၊ ဝါ–ကို၊ သဗ္ဗသော–အားဖြင့်၊ ပဟီနတ္တာ–ပယ်အပ် ပြီး၏အဖြစ်ကြောင့်၊ ကာမဘဝေသု–တို့၌၊ နိကန္တိ–တပ်နှစ်သက်တတ်သော တဏှာကို၊ န ဥပ္ပာဒေန္တိ–မဖြစ်စေကြကုန်၊ ဣတိ–ကြောင့်၊ ကာမလောက ဝဇ္ဇိတေ–ကာမလောကသည်ကြဉ်အပ်သော၊ ယထာလဒ္ဓဈာနဘူမိဘူတေ–အကြင်အကြင် ရအပ်ပြီးသော ဈာန်၏ဘုံဖြစ်၍ဖြစ်သော၊ ယတ္ထကတ္ထစိ–အမှတ်မရှိ တစ်စုံတစ်ခုသောဘုံ၌၊ နိဗ္ဗတ္တန္တိ–ဖြစ်ကြကုန်၏၊ ဟိ–မှန်၏၊ သုဒ္ဓါဝါသေသု–သုဒ္ဓါဝါသဘုံတို့၌၊ အနာဂါမိနောယေဝ–အနာဂါမ်ပုဂ္ဂိုလ်တို့ သည်သာလျှင်၊နိဗ္ဗတ္တန္တိ–န်၏၊ဣတိ–သို့၊နိယမော–အမြဲသတ်မှတ်,ဆုံးဖြတ်ခြင်း သည်၊ အတ္ထိ–၏၊ ပန–ဗျတိရိက်ကား၊ တေ–ထိုအနာဂါမ်ပုဂ္ဂိုလ်တို့သည်၊ အညတ္ထ–သုဒ္ဓါဝါသမှတစ်ပါးအခြားသောရူပအရူပဘုံတို့၌၊န နိဗ္ဗတ္တန္တိ–မဖြစ်ကြ ကုန်၊ ဣတိ–သို့၊ နိယမော–သည်၊ နတ္ထိ–မရှိ၊ ဝေဠုကတ္ဝာ–ဤအကြောင်း ကြောင့်၊ အာစရိယေန–သည်၊ သုဒ္ဓါဝါသွ၊ပေ၊ဝိဝဇ္ဇိတာတိ–ဟူ၍၊ ဝုတ္တံ–ပြီ။

---

**အနာဂါမိနော ပန**။ ။အနာဂါမ်ပုဂ္ဂိုလ်အတွက် နိကန္တိကြောင့် ဖြစ်ပုံကိုပြလို၍ "အနာဂါမိနော ပန"စသည် မိန့်၊ အနာဂါမ်ပုဂ္ဂိုလ်တို့သည် "ကာမရာဂ ဗျာပါဒါနံ အနဝသေသပ္ပဟာနေန အနာဂါမိနာမ ဟောတိ အနာဂန္တာ ဣတ္ထတ္တံ"ဟု ကမ္မဋ္ဌာန်းပိုင်း၌ လာလတ္တံ့အတိုင်း ကာမရာဂကို အကြွင်းမဲ့ပယ်အပ်ပြီးဖြစ်သောကြောင့် ဤကာမဘုံ၌ နိကန္တိပင် မရှိရကား ကာမဘုံမှကြွင်းသော ရူပ–အရူပဘုံ၌သာ နိကန္တိဖြစ်စရာ ရှိတော့၏၊ ထိုသို့နိကန္တိရှိလျှင်လည်းကောင်း, မိမိကလည်း ထိုနိကန္တိရှိရာ ဘုံနှင့် ဆိုင်သော ဈာန်ကိုရပြီးဖြစ်လျှင်လည်းကောင်း ထိုဘုံများတွင် မည်သည့်ဘုံ၌မဆို ဖြစ်နိုင်ကြသည်။

**သုဒ္ဓါဝါသေသု ဟိ**။ ။"အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပ္ပဇ္ဇန္တိ"ဟု ဆိုခဲ့သော ကြောင့် အနာဂါမ်ပုဂ္ဂိုလ်မှန်လျှင် သုဒ္ဓါဝါသဘုံ၌သာ ဖြစ်ရမည် မဟုတ်ပါလော၊ အဘယ့်ကြောင့် "ယတ္ထကတ္ထစိ နိဗ္ဗတ္တန္တိ"ဟု ဆိုရပါသနည်း–ဟု မေးဖွယ်ရှိသောကြောင့် "သုဒ္ဓါဝါသေသု ဟိ"စသည် မိန့်၊ ဘုံကို မူတည်ထားလျှင် "သုဒ္ဓါဝါဘုံ၌ အနာဂါမ်သာ ဖြစ်ရမည်၊ ပုထုဇဉ် သောတာပန်စသည် မဖြစ်ရ"ဟု အမြဲသတ်မှတ်ချက်ရှိ၏၊ ပုဂ္ဂိုလ်ကိုမူတည်ထားလျှင် "ထိုအနာဂါမ်များ အခြားဘုံ၌ မဖြစ်ရ"ဟု အမြဲတားမြစ် ချက်ကား မရှိ၊ သုဒ္ဓါဝါသဘုံမှတစ်ပါး အခြားရူပ အရူပဘုံများ၌လည်း ဖြစ်ခွင့်ရှိသည်၊ ထို့ကြောင့် "ယတ္ထ ကတ္ထစိ နိဗ္ဗတ္တန္တိ"ဟု ဆိုနိုင်သည်–ဟူလို၊ နိဗ္ဗတ္တန္တိအရလည်း ပဋိသန္ဓေနေသောအားဖြင့် ဖြစ်ခြင်းကို ယူပါ၊ [ဂါထာသည် အရှင်အနုရုဒ္ဓါ စီရင်အပ်သော ပရမတ္ထဝိနိစ္ဆယကျမ်းလာ ဂါထာတည်း။]

[သုဒ္ဓါဝါသေသု–တို့၌၊ အနာဂါမိပုဂ္ဂလာဝ–အနာဂါမ်ပုဂ္ဂိုလ်တို့သည်သာ၊ ဥပပဇ္ဇရေ–ဖြစ်ကြရကုန်၏၊[“သုဒ္ဓါဝါသေသု ဟိ အနာဂါမိနောယေဝ နိဗ္ဗတ္တန္တိ” ဟူသော စကားကို ပြန်ညွှန်းသည်၊] ကာမဓာတုမှိ–ကာမဘုံ၌၊ အနာဂါမိဝိဝဇ္ဇိတာ–အနာဂါမ်သည်ကြဉ်အပ်ကုန်သော၊ (ပုဂ္ဂလာနံ–ပုထုဇဉ်, သောတာပန်, သကဒါဂါမ်ပုဂ္ဂိုလ်တို့သည်၊)ဓာယန္တိ–ဖြစ်ကြရကုန်၏၊ [“တထာ ကာမဘဝေပိ ကမ္မဗလေန”ဟူသော စကားကို ပြန်ညွှန်းသည်၊]

ပန–ဆက်၊ သုက္ခဝိပဿကာ–သုက္ခဝိပဿကတို့သည်၊ ဝါ–ဈာန်စေးမကပ်သဖြင့် ခြောက်ကပ်ကပ် ဝိပဿနာရှိသူတို့သည်၊ (သမာနာ)ပိ–ဖြစ်ပါကုန်သော်လည်း၊ တေ–ဤအနာဂါမ်ပုဂ္ဂိုလ်တို့သည်၊ မရဏကာလေ–သေခါနီးအခါ၌၊ ဧကန္တေနေဝ–ဧကန်အားဖြင့်သာလျှင်၊ သမာပတ္တိံ–ဈာန်သမာပတ်ကို၊ နိဗ္ဗတ္တေန္တိ–ဖြစ်စေနိုင်ကုန်၏၊ (ကသ္မာ–ကြောင့်နည်း၊) သမာဓိမှိ–သမာဓိ၌၊ ပရိပူရကာရိဘာဝတော–ဖြည့်ကျင့်မှုကို ပြုလေ့ရှိကုန်သည်၏ အဖြစ်ကြောင့်တည်း၊ ဣတိ–သို့၊ ဒဋ္ဌဗ္ဗံ–ထိုက်၏။

ပန–ဆက်၊ ဣတ္ထိယောပိ–တို့သည်လည်း၊ အရိယာဝါ–အရိယာတို့သည်မူလည်း၊ (ဟောန္တု–ဖြစ်စေကုန်၊) အနရိယာဝါ–အရိယာမဟုတ်သော ပုထုဇဉ်တို့သည်မူလည်း(ဟောန္တု–ကုန်၊) အဋ္ဌသမာပတ္တိလာဘိနိယောပိ–ရှစ်ပါးသော သမာပတ်ကို ရခြင်းရှိသူတို့သော်မှလည်း၊ ဗြဟ္မပါရိသဇ္ဇေသုယေဝ–ဗြဟ္မပါရိသဇ္ဇာဗြဟ္မာတို့၌သာလျှင်၊ နိဗ္ဗတ္တန္တိ–န်၏၊ ဣတိ–သို့၊ အဋ္ဌကထာယံ–၌၊ ဝုတ္တံ–ပြီ၊ [ဤဝါကျ၏ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ၊]

အပိစ–စိုးစဉ်းအနည်းငယ်, ဆိုဖွယ်အထူးကား၊ ဧတ္ထ–ဤဘုံတို့တွင်၊ ဝေဟပ္ဖလ၊ပေ၊ဘဝါနံ–ဝေဟပ္ဖိုလ်ဘုံ, အကနိဋ္ဌဘုံ, ဓငၤ ၎ ဿ ဘုံရုပ္ပဖြစ်သော နေဝသညာနာသညာယတနဘုံတို့၏၊ သေဋ္ဌဘဝဘာဝတော–မြတ်သောဘုံဘဝတို့၏အဖြစ်ကြောင့်၊ တတ္ထ–ထိုသုံးဘုံတို့၌၊ နိဗ္ဗတ္တာ–ဖြစ်ကုန်သော၊ အရိယာ–တို့သည်၊ အညတ္ထ–အခြားဘုံတို့၌၊ နုပ္ပဇ္ဇန္တိ–မဖြစ်တော့ကုန်၊ တထာ–ထို့အတူ၊ အဝသေသေသု– ထိုသုံးဘုံမှ ကြွင်းကုန်သော၊ ဥပရူပရိဗြဟ္မလောကေသု–

---

**သုက္ခဝိပဿကာ ပန**။ ။အနာဂါမ်တို့သည် ကာမဘုံ၌ မဖြစ်နိုင်ကြလျှင် ဈာန်မရသော သုက္ခဝိပဿက အနာဂါမ်တို့သည် ဘယ်နည်းဖြင့် ဗြဟ္မာ့ဘုံ၌ ဖြစ်နိုင်ကြသနည်း–ဟု မေးဖွယ်ရှိသောကြောင့် “သုက္ခဝိပဿကာ ပန”စသည် မိန့်၊ အနာဂါမ်တို့သည် စောစောက ဈာန်မရ၍ သုက္ခဝိပဿကဖြစ်ကြသော်လည်း ကာမစ္ဆန္ဒနီဝရဏ ဗျာပါဒနီဝရဏတို့ကို အကြွင်းမဲ့ ပယ်ပြီးဖြစ်၍ ကာမစ္ဆန္ဒ၏ ဆန့်ကျင်ဘက်ဖြစ်သော သမာဓိက ပြည့်စုံလုံလောက်ပြီး ဖြစ်သောကြောင့် သေခါနီး၌ ဧကန်မုချ ဈာန်သမာပတ်ကို ဖြစ်စေနိုင်ကြ (ဈာန်ရကြ)သည်၊ ထို့ကြောင့် အနာဂါမ်မှန်လျှင် ဗြဟ္မာ့ပြည်၌သာ အမြဲဖြစ်ရမည်–ဟူလို။

အထက်အထက် ဗြဟ္မာ့ပြည်တို့၌၊ နိဗ္ဗတ္တာ–ကုန်သော၊ (အရိယာ–တို့သည်၊) ဟေဋ္ဌိမဟေဋ္ဌိမေသု–အောက်အောက်ဘုံတို့၌၊ (နုပ္ပဇ္ဇန္တိ–တော့ကုန်၊) ဟိ–သာဓကကား၊ အာစရိယေန–သည်၊ ဝေဟပ္ဖလေ၊ပေ၊ပဋိသန္ဓိ–ဟူသော၊ ဇော်–ဤဂါထာစကားကို၊ ဝုတ္တံ–ပြီ၊ [ဝေဟပ္ဖလေ–ဝေဟပ္ဖိုလ်ဘုံ၌လည်းကောင်း၊ အကနိဋ္ဌေ–ဘုံ၌လည်းကောင်း၊ ဘဝဂ္ဂေ စ–ဘဝတို့၏ အဆုံးဖြစ်သော နေဝသညာနာသညာယတနဘုံ၌လည်းကောင်း၊ပတိဋ္ဌိတာ–တည်ကုန်သော၊သဗ္ဗေ–ကုန်သော၊ အရိယပုဂ္ဂလာ–တို့သည်၊ ပုန–တစ်ဖန်၊ အညတ္ထ–အခြားဘုံ၌၊ န ဇာယန္တိ–မဖြစ်တော့ကုန်၊ ဗြဟ္မလောကဂတာ–ဗြဟ္မာဘုံသို့ရောက်ပြီးကုန်သော၊ အရိယာ–တို့သည်၊ ဟေဋ္ဌာ–အောက်အောက်ဘုံတို့၌၊ နောပပဇ္ဇရေ–မဖြစ်တော့ကုန်၊] [အပိစေတ္ထမှ စ၍ ဤ“နောပပဇ္ဇရေ”တိုင်အောင်သော ဝါကျတို့၏ အဓိပ္ပာယ်ကို ဘာသာဋီကာ မရဏုပ္ပတ္တိအဖွင့် အဆုံးမှာ အကျယ်ပြထားပြီ။]

**၈၉။** အာယုက္ခယေနာတျာဒိသု–အာယုက္ခယေနအစရှိသော ပါဠိရပ်တို့၌၊ (ဝိနိစ္ဆယော, ဧဝံ ဝေဒိတဗ္ဗော၊) ကမ္မာနုဘာဝေ–ကံ၏အာနုဘော်သည်၊ (ဤ ဘဝကို ပေးလိုက်သောရှေးကံ၏ အစွမ်းသတ္တိသည်၊) သတိပိ–ရှိသော်လည်း၊ တံတံဂတိသု–ထိုထိုဂတိတို့၌၊ ယထာပရိစ္ဆိန္နဿ–အကြင်ကြင် ပိုင်းခြားအပ်သော၊ အာယုနော–အသက်တမ်း၏၊ (တစ်ရာတမ်း, ၇၅နှစ်တမ်းစသော အသက်တမ်း၏–ဟူလို၊) ပရိက္ခယေန–ကုန်ခန်းခြင်းကြောင့်၊ မရဏံ–သေခြင်းသည်၊ အာယုက္ခယမရဏံ–မည်၏၊ တတ္ထတတ္ထ–ထိုထိုဂတိ၌၊ပရိစ္ဆိန္နာယုသေသေ–ပိုင်းခြားအပ်သော အသက်တမ်း၏ အကြွင်းအကျန်သည်လည်းကောင်း၊ ဂတိ ၊ပေ၊ သာမဂ္ဂိယဥ္စ–ဂတိကာလအစရှိသာ အကြောင်း၏ညီညွတ်ခြင်းသည်

**သတိပိ ၊ပေ၊ သာမဂ္ဂိယဉ္စ။** ။ခုနှစ်ဆယ့်ငါးနှစ် အသက်တမ်းရှိသော အခါဝယ် အသက်ခြောက်ဆယ် အရွယ်ရှိသူမှာ ပိုင်းခြားအပ်သော အသက်တမ်း အကြွင်းရှိသေး၏၊ ထိုသို့ ရှိသေးခြင်းကို “သတိပိ ပရိစ္ဆိန္နာယုသေသေ“ဟု ဆိုသည်၊ ထိုထိုရောက်ရာဘဝကို “ဂတိ”ဟု ခေါ်၏၊ ထိုထိုဘဝ၌ ကောင်းသော ကာလနှင့် ကာလပျက်များကို ကာလ–ဟု ဆို၏၊ ထိုထို ဂတိ ကာလ စသည်တို့က ကောင်း၍ အကြောင်းညီညွတ်နေသည်ကို “ဂတိ” ၊ပေ၊ သာမဂ္ဂိယံ”ဟု ဆိုသည်။

**ဂတိကာလာဒိ။** ။အာဒိဖြင့် ဥပဓိ(လှ–မလှ, ကျန်းမာ, မကျန်းမာသောရုပ်အဆင်း), ပယောဂ (အသက်ရှည်အောင် ကြိုးစားမှု လုံ့လနှင့် ဉာဏ်)တို့ကို ယူ၊ မှန်၏–ကာလ ဂတိ ဥပဓိ ပယောဂတို့ ပြည့်စုံနေလျှင် ရှေးကံသည် ကောင်းကျိုးပေးခွင့်ရ၏၊ ညံ့ဖျင်းနေလျှင် မကောင်းကျိုးပေးခွင့် ရသည်။

**ကာလောပဓိပယောဂါနံ, ဂတိယာ စ ယထာရဟံ၊**
**သမ္ပတ္တိံ စ ဝိပတ္တိံ စ, ကမ္မမာဂမ္မ ပစ္စတိ။**

လည်းကောင်း၊ သတိပိ–သော်လည်း၊ တံတံဘဝသာဓကေသာ–ထိုထိုဘဝကို ပြီးစေနိုင်သော၊ ကမ္မနော–ရှေးကံ၏၊ ပရိနိဋ္ဌိတဝိပါကတ္တာ–ပြီးပြီးသော အကျိုး ရှိသည်၏ အဖြစ်ကြောင့်၊ (အကျိုးပေး၍ ပြီးပြီဖြစ်သောကြောင့်၊)မရဏံ–သည်၊ ကမ္မက္ခယမရဏံ–မည်၏၊ အာယုကမ္မာနံ–အသက်တမ်း, ကံစွမ်းတို့၏၊ သမကမေဝ–အညီအမျှသာလျှင်၊ ပရိက္ခီဏတ္တာ–ကုန်ခန်းသည်၏အဖြစ်ကြောင့်၊ မရဏံ–သည်၊ ဥဘယက္ခယမရဏံ–မည်၏။

ဒုဝိဓေ–နှစ်ပါးအပြားရှိသော၊ တသ္မိံ–ထိုအသက်တမ်းကံစွမ်းသည်၊ သတိပိ–သော်လည်း၊ ပုရိမဘဝသိဒ္ဓသ–ရှေးဘဝ၌ပြီးစီးခဲ့သော၊ ကဿစိ–တစ်စုံတစ်ခုသော၊ ဥပစ္ဆေဒကကမ္မနော–ဥပစ္ဆေဒကကံ၏၊ ဗလေန–အစွမ်းကြောင့်၊ သတ္ထဟရဏာဒီဟိ–လက်နက်ကိုဆောင်ခြင်းအစရှိကုန်သော၊ [လက်နက်ဖြင့် ကိုယ့်ကိုယ်ကိုသတ်ခြင်း၊ အာဒိဖြင့်–ကြိုးဆွဲချသေခြင်း, အဆိပ်သောက်သေခြင်း များကို ယူ၊] ဥပက္ကမေဟိ–လုံ့လတို့ကြောင့်၊ ဥပစ္ဆိဇ္ဇမာနသန္တာနာနံ–ပြတ်စဲသော ခန္ဓာအစဉ်ရှိသူတို့၏၊ (မရဏံ, ဥပစ္ဆေဒကမရဏံ–ဥပစ္ဆေဒကမရဏမည်၏၊) ဝါ–တစ်နည်း၊ ဂုဏမဟန္တေသု–ဂုဏ်အားဖြင့်ကြီးမြတ်သောပုဂ္ဂိုလ်တို့၌၊ ကတေန–ပြုအပ်သော၊ ကေနစိ–တစ်စုံတစ်ခုသော၊ ဥပက္ကမေန–လုံ့လဖြင့်၊ အာယူဟိတဥပစ္ဆေဒကကမ္မနော–အားထုတ်အပ်သောဥပစ္ဆေဒကကံသည်၊ ပဋိဗာဟိတ သာမတ္ထိယဿ–တားမြစ်အပ်သောအစွမ်းသတ္တိရှိသော၊ (အစွမ်းသတ္တိကိုအတား အမြစ်ခံရသော၊) ကမ္မဿ–၏၊ တံတံအတ္တဘာဝပ္ပဝတ္တနေ–ထိုထို အတ္တဘောကို အဆက်မပြတ် ဖြစ်စေခြင်း၌၊ အသမတ္ထဘာဝတော–မစွမ်းနိုင် သည်၏အဖြစ် ကြောင့်၊ ဒုသိမာရကလာဗုရာဇာဒီနံဝိယ–ဒုသိမာရ်နတ်, ကလာဗုမင်း, အစရှိသူ တို့၏ကဲ့သို့၊ တင်္ခဏေယေဝ–ထိုခဏ၌ပင်၊ ဝါ–ခဏခြင်းပင်၊ ဌာနာ–တည်ရာမှ၊

**တံတံ ၊ပေ၊ ဝိပါကတ္တာ**။ ။ထိုထိုအသက်တမ်းလည်း ကြွင်းကျန်သေးခြင်း, ဂတိ ကာလစသည်တို့၏ အကြောင်းညီညွတ်ခြင်းရှိနေသော်လည်း ယခုရရှိသောဘဝကို စီမံ လိုက်သော ရှေးကံက အကျိုးပေးခြင်းကိစ္စ ပြီးပြီ(ကံစွမ်းသတ္တိကုန်ပြီ၊)ဖြစ်၍ နောက်ထပ် ဆက်လက်မပေးနိုင်လျှင် သေရတော့၏၊ ထိုသေခြင်းကို "ကမ္မက္ခယမရဏ"ဟုခေါ်သည်။

**ပုရိမ ၊ပေ သန္တာနာနံ**။ ။ရှေးရှေးက အကုသိုလ်ကံကြောင့် ကိုယ့်ကိုယ်ကို လက်နက် ဖြင့် သတ်၍ သေခြင်း, အဆိပ်သောက်၍ သေခြင်းစသည်နှင့် သူတစ်ပါးက သတ်ခြင်း စသောပယောဂကြောင့် ခန္ဓာအစဉ် ပြတ်စဲရသူတို့ကို "ပုရိမ ၊ပေ၊ သန္တာနာနံ"ဟု ဆိုသည်၊ သန္တာနာနံကို မရဏံ၌ စပ်။

**ဂုဏ ၊ပေ၊ ဌာနစဝနေန**။ ။ယခုဘဝမှာပင် သီလစသော ဂုဏ်ထူးရှိသူကို စော်ကားလျှင် ထိုမကောင်းမှုသည် ဥပစ္ဆေဒကကံ ထိုက်၏၊ ထိုဥပစ္ဆေဒကကံ၏ တားမြစ်မှုကြောင့် ဤဘဝအကျိုးကို ပေးနေသော ရှေးကံသည် (ဆက်၍ ပေးဖို့ရန်) သတ္တိ ကုန်ခန်းသွား၏၊

စာဝနဝသေန–ရွေ့လျောစေခြင်း၏ အစွမ်းဖြင့်၊ ပဝတ္တံ–ဖြစ်သော၊ မရဏံ–သည်၊ ဥပစ္ဆေဒကမရဏံ နာမ–မည်၏၊ ပန–ဆက်၊ ဣဒံ–ဤဥပစ္ဆေဒက မရဏသည်၊ နေရယိကာနံ–ငရဲ၌ဖြစ်သူတို့၏အတွက်လည်းကောင်း၊ ဥတ္တရကုရုဝါသီနံ–မြောက်ကျွန်း၌နေလေ့ရှိသူတို့၏အတွက်လည်းကောင်း၊ ကေသဉ္စိ–အချို့ကုန်သော၊ [ဘုမ္မဇိုဝ်းနတ်မှ တစ်ပါးဖြစ်၍ အချို့ကုန်သော၊] ဒေဝါနံ စ–နတ်တို့၏အတွက်လည်းကောင်း၊ န ဟောတိ–မဖြစ်၊ တေန–ထို့ကြောင့်၊ (သစ္စသံ ခေပေ–သစ္စသံခိပ်၌၊) ဥပက္ကမေန ။ပေ၊ ကမ္မုနာတိ–ဟူ၍၊ အာဟု–ဆိုကြကုန်ပြီ၊ [ဥပက္ကမေနဝါ–သူတစ်ပါးတို့၏ လုံ့လကြောင့်သော်လည်းကောင်း၊ ဥပစ္ဆေဒကကမ္မုနာ (ဝါ)–ဥပစ္ဆေဒကကံကြောင့်သော်လည်းကောင်း၊ ကေသဉ္စိ–အချို့သောဘုမ္မဇိုဝ်းနတ်တို့၏၊ (မရဏံ–သည်၊ ဟောတိ–၏၊) ဤစကားကို ဘာသာဋီကာ၌ စိစစ်ထား၏၊] မရဏသ္သ–သေခြင်း၏၊ ဥပ္ပတ္တိပဝတ္တိ–ဖြစ်ပုံတည်း၊ မရဏုပ္ပတ္တိ–ပုံ။

**၉၀။** မရဏကာလေတိ–ကား၊ မရဏာသန္နကာလေ–သေခါနီးအခါ၌၊ ယထာရဟန္တိ–ကား၊ တံတံဂတိသု–ထိုထိုဂတိတို့၌၊ ဥပ္ပဇ္ဇကသတ္တာနုရူပံ–ဖြစ်လတ္တံ့သော သတ္တဝါတို့အားလျော်စွာ၊ (ပစ္စုပဋ္ဌာတိ၌ စပ်၊) ပန–ဆက်၊ ကတ္တစိ–တစ်စုံတစ်ခုသောဘဝ၌၊ ဝါ–မည်သည့်ဘဝ၌မျှ၊ အနုပ္ပဇ္ဇမာနဿ–ဖြစ်တော့မည်မဟုတ်သော၊ ခီဏာသဝဿ–ရဟန္တာပုဂ္ဂိုလ်၏၊ ယထောပဋ္ဌိတံ

---

ထို့ကြောင့် ဆက်၍ ဤဘဝခန္ဓာအစဉ်ကို မဖြစ်စေနိုင်ရကားထိုဥပစ္ဆေဒကကံဖြစ်ပြီး၍ မကြာမီပင် စုတေရတော့သည်၊ [ဒုသိမာရ်နတ်, ကလာဗုမင်းတို့၏ဝတ္ထုကို ဘာသာဋီကာ ဥပဃာတကကံအခန်း၌ ပြထားပြီ၊]

**မရဏာသန္နကာလေ**။ ။“မရဏကာလေ”အရ တိုက်ရိုက်ယူလျှင် စုတိစိတ္တက္ခဏရ၏၊ ထိုခဏ၌ ကံစသောအာရုံများ အသစ်မထင်နိုင်ကြ၊ [ပဋိသန္ဓေစိတ်တုံးက ယူပြီးသော အဟောင်းအာရုံကိုသာ ယူရသည်၊] ထို့ကြောင့် မရဏဖြင့် မရဏာသန္နကို သမီပျူပစာရအားဖြင့် ယူစေလိုသောကြောင့် (တစ်နည်း–အာသန္နဟူသော အလယ်ပုဒ်ကျေသည်ဟု သိစေလိုသောကြောင့်) “မရဏာသန္နကာလေ”ဟု ဖွင့်သည်၊ [အနီးရှိသော “သမီပီ”၏ မရဏအမည်ကို အနီး“သမီပ”၌ တင်စားခြင်းကို “သမီပျူပစာ”ဟု ခေါ်သည်၊]

**ယထာရဟံ**။ ။ဤယထာရဟံကို ပစ္စုပဋ္ဌာတိ၌ စပ်စေ၍“ထိုထိုဂတိ၌ ဖြစ်ဦးမည့် သတ္တဝါတို့အားသာ ကံစသော အာရုံတစ်ပါးပါး ထင်ထိုက်၏၊ မည်သည့် ဂတိ၌မျှ ဖြစ်တော့မည်မဟုတ်သော ရဟန္တာမှာ ကံစသော အာရုံတစ်ပါးပါးမထင်ထိုက်၊” ဟု ယူဆသောကြောင့် “တံတံဂတိသု ဥပ္ပဇ္ဇနကသတ္တာနုရူပံ”ဟု ဋီကာကျော်ဆရာ. ဖွင့်လေသည်၊ [ဤ ယထာရဟံအတွက် ဘာသာဋီကာ၌ တစ်မျိုးပြထားသည်၊]

**ကတ္တစိပန ။ပေ၊ နိမိတ္တာဒယော**။ ။ထိုထိုဂတိ၌ ဖြစ်ထိုက်သော သတ္တဝါတို့အားသာ ကံစသော အာရုံတစ်ပါးပါးထင်လျှင် မည်သည့်ဂတိ၌မျှ ဖြစ်တော့မည် မဟုတ်သော ရဟန္တာ၏ မရဏာသန္နအခါ၌ အဘယ်အရာကို အာရုံပြု၍ ဝီထိစိတ်ဖြစ်ပါသနည်းဟု

(ယထာ+ဥပဋ္ဌိတံ)–အကြင်အကြင်ကပ်၍တည်နေသော၊ ဝါ–ထင်နေကျဖြစ်သော၊ နာမရူပဓမ္မာဒိကမေဝ–နာမ်တရား,ရုပ်တရားအစရှိသော တရားသည်သာလျှင်၊ စုတိပရိယောသာနာနံ–စုတိအဆုံးရှိသော မရဏာသန္နဝီထိစိတ်တို့၏၊ [မဏိမဥ္ဇူ၌"မနောဒွါရိကမရဏာသန္နဝီထိတစ်မျိုးသာ ယူသည်၊] ဂေါစရဘာဝံ–အာရုံ၏အဖြစ်သို့၊ ဂစ္ဆတိ–ရောက်၏၊ ကမ္မကမ္မနိမိတ္တာဒယော–ကံ,ကမ္မနိမိတ်အစရှိသည်တို့သည်၊ (ဂေါစရဘာဝံ––သို့၊) န (ဂစ္ဆန္တိ)–ကုန်။

ဥပလဒ္ဓပုဗ္ဗန္တိ–ကား၊ စေတိယဒဿနာဒိဝသေန–စေတီတော်ကိုဖူးမြင်ရခြင်းအစရှိသည်တို့၏ အစွမ်းဖြင့်၊ ပုဗ္ဗေ–ရှေး၌၊ ဥပလဒ္ဓံ–ရအပ်သည်လည်းဖြစ်သော၊ ဥပကရဏာဘူတန္တိ–ကား၊ ပုပ္ဖာဒိဝသေန–ပန်းအစရှိသည်တို့၏အစွမ်းဖြင့်၊ ဥပကရဏာဘူတံ–အဆောက်အဦး ဖြစ်၍လည်းဖြစ်သော၊ ဥပလဘိတဗ္ဗံတိ–ကား၊ အနုဘဝိတဗ္ဗံ–လျော်စွာလည်းဖြစ်ထိုက်သော၊ (ဂတိနိမိတ္တံ၌ စပ်၊) ဥပဘောဂဘူတန္တိ-ကား၊အစ္ဆရာ ၊ပေ၊ အာဒိကံ-နတ်သမီး,ဗိမာန်,ပဒေသာပင်,ငရဲမီးအစရှိသော၊ ဥပဘုဉ္ဇိတဗ္ဗံ–ခံစားထိုက်သည်လည်းဖြစ်သော၊ ဟိ–ချဲ့၊ အစ္ဆရာ၊ပေ၊အာဒိဂတံ-နတ်သမီး,ဗိမာန်,ပဒေသာပင်,အမိဝမ်းရေ အစရှိသည်၌တည်သော၊ ရူပါယတနံ-ရူပါရုံသည်၊ သုဂတိနိမိတ္တံ-ကောင်းသောဂတိ၏ အထိမ်းအမှတ်တည်း၊

---

မေးဖွယ်ရှိသောကြောင့် "ကတ္တစိ ပန"စသည် မိန့်၊ ရဟန္တာပုဂ္ဂိုလ်မှာ မရဏာသန္နသို့ မရောက်မီရှေးရှေးက ထင်နေကျဖြစ်သော ရုပ်တရား နာမ်တရား(အာဒိဖြင့် လက္ခဏာ ပညတ်တို့ကို ယူ၊) တစ်ပါးပါးသည် မရဏာသန္နဝီထိ၌ ထင်လာသည်–ဟူလို၊ ဒိကမေဝ၌ ဧဝ၏ နိဝတ္တေတဗ္ဗတ္ထကို ပြလို၍ "န ကမ္မကမ္မနိမိတ္တာဒယော"ဟု မိန့်၊ ဤအာဒိဖြင့် ဂတိနိမိတ်ကို ယူ။

**စုတိပရိယောသာနာနံ**။ ။စုတိ+ပရိယောသာနာ+ယေသံတိ စုတိပရိယောသာနာနိ၊ ယေသံ–အကြင်ဝီထိစိတ်တို့၏၊ စုတိ–စုတိစိတ်ဟူသော+ပရိယောသာနာ–အဆုံးသည်၊ အတ္ထိ–၏ ဟုပေး၊ "စုတိပရိယောသာနာနံ"အရ၌ ပရိနိဗ္ဗာန်စုတိစိတ် မရ, စုတိရှေ့က မရဏာသန္နဝီထိစိတ်များသာ ရ၏၊ ထို့ကြောင့် ဤပုဒ်ကို "အတဂ္ဂဏာသံဝိညာဏဗဟုဗ္ဗီဟိသမာသ်ပုဒ်"ဟု မှတ်၊ ထိုသမာသ်၏သဘောကို သဒ္ဒါကျမ်းများ၌ ရှုပါ၊ ရဟန္တာတို့၏ စုတိစိတ်ကား ထိုဘဝပဋိသန္ဓေဘဝင်တို့၏ အာရုံနှင့်တူသော ကံ ကမ္မနိမိတ် ဂတိနိမိတ် တစ်ပါးပါးကိုသာ ထုံးစံအတိုင်း အာရုံပြုရသည်၊ [ဤအဓိပ္ပာယ် နှင့်စပ်၍ အကျယ်ကို ဘာသာဋီကာမှာ ရှု၊]

**ဥပလဘိတဗ္ဗစသည်**။ ။ဥပလဒ္ဓပုဗ္ဗ–စသည်တို့၏ အဓိပ္ပာယ်ကို အခြေပြုနှင့် ဘာသာဋီကာတို့၌ အကျယ်ပြထားပြီ၊ ဥပလဘိတဗ္ဗဘဝါနုရူပံဝယ် ဥပလဘိတဗ္ဗကို "အနုဘဝိတဗ္ဗံ"ဟု ဖွင့်၏၊ "အနုဘဝိတဗ္ဗ ခံစားထိုက်" ဟုဆိုလျှင် ဂတိသည် မခံစားထိုက်သောကြောင့်လည်းကောင်း, နောက်လာမည့်"ဥပဘောဂ"နှင့်လည်း အနက်အဓိပ္ပာယ်ထပ်နေသောကြောင့်လည်းကောင်း "အနုဘဝိတဗ္ဗ–လျော်စွာဖြစ်ထိုက်" ဟု ပေးလိုက်သည်။

နိရယဂ္ဂိ ၊ပေ၊ ဂတံ–ငရဲမီး, ငရဲထိန်းအစရှိသည်၌တည်သော၊ (ရူပါယတနံ–သည်၊) ဒုဂ္ဂတိနိမိတ္တံ–မကောင်းသောဂတိ၏ အထိမ်းအမှတ်တည်း၊ ဂတိယာ–ဂတိ၏၊ နိမိတ္တံ–အမှတ်အသားတည်း၊ ဝါ–အကြောင်းတည်း၊ ဂတိနိမိတ္တံ–ဂတိ၏အမှတ်အသား၊ ဝါ–အကြောင်း၊ ကမ္မဗလေနာတိ–ကား၊ ပဋိသန္ဓိနိဗ္ဗတ္တကဿ–ပဋိသန္ဓေကိုဖြစ်စေတတ်သော၊ ကုသလာကုသလကမ္မဿ–ကုသိုလ်ကံ, အကုသိုလ်ကံ၏၊ အာနုဘာဝေန–အစွမ်းသတ္တိကြောင့်။

ဆန္နံဒွါရာနန္တိ–ကား၊ ဝက္ခမာနနယေန–ဆိုအပ်လတ္တံ့သောနည်းဖြင့်၊ ယထာသမ္ဘဝံ–ဖြစ်ထိုက်သည်အားလျော်စွာ၊ ဆန္န–ခြောက်ပါးကုန်သော၊ ဥပပတ္တိဒွါရာနံ–ဥပပတ္တိဒွါရတို့တွင်၊ (အညတြသ္မိံ–အမှတ်မထား တစ်ပါးပါးသောဒွါရ၌၊ ပစ္စုပဋ္ဌာတိ–ရှေးရှုထင်လာ၏၌ စပ်၊) ကုသလကမ္မံ–ကုသိုလ်ကံသည်၊ ယဒိ ဝိပစ္စတိ–အကယ်၍အကျိုးကိုဖြစ်စေအံ့၊ ဝါ–အကျိုးပေးမည်ဖြစ်အံ့၊ တဒါ–ထိုအခါ၌၊ ပရိသုဒ္ဓံ–ထက်ဝန်းကျင်စင်ကြယ်သော၊ ကုသလစိတ္တံ–သည်၊ ပဝတ္တတိ–၏၊ အထ–သို့မဟုတ်၊ အကုသလကမ္မံ–သည်၊ (ယဒိ ဝိပစ္စတိ–အံ့၊ ဝါ–ဖြစ်အံ့၊) တဒါ–၌၊ ဥပက္ကိလိဋ္ဌံ–သော၊ အကုသလစိတ္တံ–သည်၊ (ပဝတ္တတိ–၏၊) ဣတိ–ကြောင့်၊ ဝိပစ္စပေါက္ကိလိဋ္ဌံဝါတိ–ဟူ၍၊ (အာစရိယော–သည်၊) အာဟ–ပြီ။

တေန–ကြောင့်၊ (ထိုသို့အကျိုးပေးမည့် ကံအားလျော်စွာ ရှေးရှုထင်လာသည်၏ အဖြစ်ကြောင့်၊) ဘဂဝါ–သည်၊ နိမိတ္တဿာဒ၊ပေ၊ထိရုဉ္စာနယောနိ ဝါတိ–အာဟ–ပြီ၊ [ဘိက္ခဝေ–တို့၊ နိမိတ္တဿာဒဂဓိတံဝါ–ယောက်ျား, မိန်းမဟူသောပုံသဏ္ဌာန်နိမိတ်ကို သာယာတတ်သော ရာဂဖြင့် မက်မောသည်မူလည်းဖြစ်သော၊ အနုဗျဉ္ဇနဿာဒဂဓိတံဝါ–လက်, ခြေစသော အစိတ်စိတ်ကို သာယာတတ်သောရာဂဖြင့် မက်မောသည်မူလည်းဖြစ်သော၊ ဝိညာဏံ–ဝိညာဉ်သည်၊ တိဋ္ဌမာနံ–တည်လသော်၊ တိဋ္ဌတိ–တည်၏၊ တသ္မိံသမယေ–၌၊ ကာလံ–

---

**ဝက္ခ ၊ပေ၊ ဒွါရာနံ**။ ။"ကာမာဝစရပဋိသန္ဓိယာ ဆဒွါရဂ္ဂဟိတံ"စသည်ဖြင့် ဆိုအပ်လတ္တံ့ကို "ဝက္ခမာနနယေန"ဟု ဆိုသည်၊ ထိုဆိုအပ်လတ္တံ့သော နည်းဖြင့် ခြောက်ဒွါရ၌ထင်လာသည်–ဟူလို၊ ဒွါရသည် "ဥပပတ္တိဒွါရ, ကမ္မဒွါရ"ဟု နှစ်မျိုးရှိ၏၊ ဝီထိစိတ်ဖြစ်ခြင်း၏အကြောင်းကို ဥပပတ္တိဒွါရဟုခေါ်၏၊ ကံ၏ဖြစ်ကြောင်းကို ကမ္မဒွါရ–ဟုခေါ်၏၊ စက္ခုစသော ခြောက်ဒွါရသည် ဥပပတ္တိဒွါရတည်း၊ ကာယဝိညတ်ဝစီဝိညတ်သည် ကမ္မဒွါရတည်း၊ "ဆန္နံ ဒွါရာနံ"အရ၌ ဥပပတ္တိဒွါရကို ယူရမည်ဟု သိစေလို၍ "ဥပပတ္တိဒွါရာနံ"ဟု ဖွင့်သည်၊ [ဥပပတ္တိ–ဝီထိစိတ် ဖြစ်ခြင်း၏+ဒွါရ–အကြောင်း၊ ဤအခွဲကို ဒွါရရုပ်အခန်း ဘာသာဋီကာ၌ ပြထား၏။]

**နိမိတ္တ၊ပေ၊ဂဓိတံ ဝါ**။ ။နိမိတ္တဿဒ္ဒါသည် ယောက်ျား, မိန်းမဟူသော ပုံသဏ္ဌာန် အမှတ်အသားကို ဟော၏၊ ထိုသို့ မိန်းမတစ်ကိုယ်လုံး,ယောက်ျားတစ်ကိုယ်လုံးကို သိမ်းကြုံး၍ သာယာတတ်သော တဏှာသည် "နိမိတ္တဿာဒ" မည်၏၊ နိမိတ္တဿာဒေန–

သေချိန်ကို၊ ဝါ–သေခြင်းကို၊ စေ ကရောတိ–အကယ်၍ ပြုအံ့၊ (ဧဝံသတိ–သော်၊) ယံ–အကြင်အကြောင်းကြောင့်၊ ဒွိန္နံ–န်သော၊ ဂတီနံ–ဂတိတို့ တွင်၊ နိရယံ ဝါ–နိရယဂတိသော်လည်းဖြစ်သော၊ တိရစ္ဆာနယောနိံ ဝါ–တိရစ္ဆာနဂတိယောနိသော်လည်းဖြစ်သော၊ ဝါ–တိရစ္ဆာန်မျိုးသော်လည်း ဖြစ်သော၊ အညတရံ–တစ်မျိုးမျိုးသော၊ ဂတိံ–ဂတိ၌၊ ဥပပဇ္ဇေယျ–ဖြစ်ရာ၏၊ ဧတံဌာနံ–ဤအကြောင်းသည်၊ ဝိဇ္ဇတိ–ရှိ၏။]

တဗ္ဗောဏတံ ဝါတိ–ကား၊ တသ္မိံ ဥပပဇ္ဇိတဗ္ဗဘဝေ–ထိုဖြစ်ထိုက်သောဘဝ၌၊ ဩဏတံဝိယ–ညွတ်ကိုင်းသကဲ့သို့၊ ဝါ–တစ်နည်း၊ တဗ္ဗောဏတံ ဧဝါတိ–တဗ္ဗောဏတံ+ဧဝဟူ၍၊ ပဒစ္ဆေဒေါ–ပုဒ်ဖြတ်မှုကို၊ (ကာတဗ္ဗော–၏၊) [ညွတ်ပုံ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ၊] ဗာဟုလ္လေနာတိဧတ္ထ–ဟူသောပါဌ်၌၊ အဓိပ္ပာယော–ကို၊ ယေဘုယျေန ဘဝန္တရေတိဧတ္ထ–ပါဌ်၌၊ ဝုတ္တနယေန–ဆိုအပ်ပြီးသောနည်းဖြင့်၊ ဒဋ္ဌဗ္ဗော–ထိုက်၏၊ [ပကိဏ်းပိုင်း, အာရမ္မဏသင်္ဂဟ ယေဘုယျေန ဘဝန္တရေ အဖွင့်၌ “အသညဘဝတော စုတာနံ ဟိ”စသည်ဖြင့် ဖွင့်ခဲ့သည့်အတိုင်း မှတ်ပါ–ဟူလို။]

အထဝါ–ထို့ပြင်တစ်နည်းကား၊ ယထာရဟံတိ ဣမိနာဝ–ယထာရဟံ ဟူသော ဤပါဌ်ဖြင့်ပင်လျှင်၊ သော–ထိုအနက်အဓိပ္ပာယ်ကို၊ သင်္ဂဟေတုံ–သိမ်းယူခြင်းငှာ၊ သက္ကာ–တတ်ကောင်း၏၊ ဣတိ–ထို့ကြောင့်၊ ဗာဟုလ္လေနာတိ ဣမိနာ–ဤပါဌ်ဖြင့်၊ (ဒီပိတံ–၌ စပ်၊) သဟာသာ–အဆောတလျှင်၊ ဩတ္ထိဒ္ဓမာန ဓိဝိတာနံ–ပြတ်စဲသောဇီဝိတိန္ဒြေရှိသူတို့၏၊ သဏိကံ–ဖြည်းဖြည်း၊ မရန္တာနံဝိယ–သေကြရသူတို့၏ကဲ့သို့၊ အဘိက္ခဏံဧဝ–မပြတ်သာလျှင်၊ [သင်္ဂြိုဟ်ပါဌ်လာ အဘိဏှံ၏ အဖွင့်တည်း၊] န (ပဝတ္တတိ)–ဖြစ်သည်မဟုတ်၊ ဣတိ–အနက် အဓိပ္ပာယ်ကို၊ ဒီပိတံ–ပြအပ်ပြီ၊ ဣတိ–သို့၊ ဝိညာယတိ–သိအပ်၏၊. အဘိနဝ ကရဏဝသေနာတိ–ကား၊ တင်္ခဏေ–ထိုသေခါနီးခဏ၌၊ ကရီယမာနံ ဝိယ–

မိန်းမတစ်ကိုယ်လုံးစသော အမှတ်အသားကို သာယာသော ရာဂဖြင့်+ဂမိတံ မက်မောသော ဝိညာဉ်တည်း”ဟု ပြု၊ “အနု–အဖန်ဖန်၊ ဗျဉ္ဇယတိ–ကိလေသာကို ထင်ရှားပြတတ် (ကိလေသာဖြစ်စေတတ်)၏”နှင့်အညီ လက်ခြေစသော ကိုယ်အင်္ဂါအစိတ်, စကားပြောပုံ အမူအရာစသည်ကို “အနုဗျဉ္ဇန”ဟု ခေါ်၏၊ အဿာဒဂမိတံနှင့် ရှေ့အတိုင်းတွဲ။

**အထဝါ**။ ။အသညဘဝမှ စုတေသူတို့အတွက် ကံ စသောအာရုံ မထင်ခြင်းကို “မရဏကာလေ ပန ယထာရဟံ”၌ ယထာရဟံပုဒ်ဖြင့်ပင် သွင်းယူနိုင်၏၊ “ထင်ထိုက်မှထင်မည်”ဟု ဆိုသဖြင့်“အသညသတ်မှ စုတေသူတို့အား မထင်ထိုက်၍ မထင်”ဟု အဓိပ္ပာယ်ရသည်–ဟူလို၊ ထို့ကြောင့် “ဗာဟုလ္လေန”ဖြင့် ကျောက်ပြင်ပေါ်၌ နားနေသော ယင်ကောင်ကလေးကို ကျောက်တုံးဖြင့် ဖိသတ်ရာ၌ စိတ်အစဉ်သည် အဘိဏှ

ပြုအပ်သကဲ့သို့၊ အတ္တာနံ-မိမိဟူသော ကံကို၊ အဘိနဝကရဏဝသေန-အသစ်ပြုခြင်း၏ အစွမ်းဖြင့်၊ [ဒွါရပတ္တံ-မနောဒွါရသို့ရောက်သည်၊ ဟောတိ-၏၊ ၌စပ်၊ အဘိနဝကရဏပြုပုံကို ဘာသာဋီကာ၌ ပြထားပြီ၊]

**၉၁**။ ပစ္စာသန္နမရဏာသာတိ-ကား၊ ဧကဝီထိပ္ပမာဏာယုကဝသေန-တစ်ဝီထိပမာဏရှိသော အသက်၏ အစွမ်းဖြင့်သော်လည်းကောင်း၊ တတော-ထို တစ်ဝီထိပမာဏရှိသော အသက်ထက်၊ ကိဉ္စိ-စိုးစဉ်းအနည်းငယ်၊ အဓိကာယုကဝသေနဝါ-ပိုလွန်သော အသက်၏အစွမ်းဖြင့်သော်လည်းကောင်း၊ သမာသန္နမရဏာသ-အလွန်နီးကပ်သော သေခြင်းရှိသော၊ (တဿ-ထိုသတ္တဝါ၏၊ ၌စပ်၊) ဝီထိစိတ္တာဝသာနေတိ-ကား၊ တဒါရမ္မဏပရိယောသာနာနံ-တဒါရုံ အဆုံးရှိသည်မူလည်းဖြစ်ကုန်သော၊ ဇဝနပရိယောသာနာနံဝါ-ဇောအဆုံး ရှိသည်မူလည်းဖြစ်ကုန်သော၊ ဝီထိစိတ္တာနံ-ဝီထိစိတ်တို့၏၊ အဝသာနေ-အဆုံး၌၊ (စုတိစိတ္တံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ၌ စပ်၊) တတ္ထ-ထိုနှစ်ပါးတို့တွင်၊ ကာမဘဝတော-ကာမဘုံမှ၊ စဝိတွာ-စုတေ၍၊ တတ္ထေဝ-ထိုကာမဘုံ၌ပင်၊ ဥပ္ပဇ္ဇမာနာနံ-ဖြစ်လတ္တံ့သောသတ္တဝါတို့၏၊ တဒါရမ္မဏပရိယောသာနာနိ-တဒါရုံအဆုံးရှိသောဝီထိစိတ်တို့သည်၊ (ဟောန္တိ-န်၏၊) သေသာနံ-ကြွင်းသော သတ္တဝါတို့၏၊ ဇဝနပရိယောသာနာနိ-ဇောအဆုံးရှိသော ဝီထိစိတ်တို့သည်၊ (ဟောန္တိ-န်၏၊) ဣတိ-ဤသို့၊ ဓမ္မာနုသာရဏိယံ-ဓမ္မာနုသာရဏီကျမ်း၌၊ ဝုတ္တံ-ပြီ။

ဘဝင်္ဂက္ခယေဝါတိ-ကား၊ ဧကဇဝနဝီထိတော-တစ်ခုသော ဇောဝီထိထက်၊ အဓိကတရာယုသေသော-ပိုလွန်သောအသက်အကြွင်းသည်၊ ယဒိသိယာ-အကယ်၍ရှိအံ့၊ (ဇဝံသတိ-သော်၊) တဒါ-၌၊ ဘဝင်္ဂါဝသာနေ-ဘဝင်၏အဆုံး ၌သော်လည်းကောင်း၊ (စုတိစိတ္တံ-သည်၊) ဥပ္ပဇ္ဇိတွာ-၍၊ နိရုဇ္ဈတိ-၏၊ အထ-

(အဆက်မပြတ် အထပ်ထပ်) ဖြစ်ခြင်းမရှိ, အနည်းငယ်သာဖြစ်၍ သေရသောကြောင့် "ဗာဟုလ္လေန"ဖြင့် ထိုကဲ့သို့ အလျင်အမြန် သေရသူ အနည်းငယ်ကို တားမြစ်သည်-ဟူလို၊ [ဘာသာဋီကာ၌လည်း ပြထားပြီ၊]

**သမာသန္နမရဏာဿ**။ ။အနီးကပ်ဆုံးကို "ပစ္စာသန္နမရဏ"ခေါ်သည်ဟု ပြလို၍ သမာသန္နမရဏာဿ"ဟု ဖွင့်သည်၊ မည်မျှ နီးကပ်သနည်း-ဟု မေးဖွယ်ရှိ၍ "ဧက ။ပေ၊ ဝသေန"ဟု ဖွင့်သည်၊ မရဏာသန္နဝီထိဆုံးလျှင် စုတိစိတ်ဖြစ်လောက်အောင်, သို့မဟုတ်-ထို ဝီထိနောင် ဘဝင်အနည်းငယ်ကျ၍ စုတိစိတ်ဖြစ်လောက်အောင် နီးကပ်နေသည်-ဟူလို၊ [ဧကဝီထိပ္ပမာဏာယုကဝသေနဖြင့် သင်္ဂြိုဟ်၌ လာသော "ဝီထိစိတ္တာဝသာနေ စဝနဝသေန" ပါဠ်ကို ရည်ရွယ်သည်၊ တတော ကိဉ္စိ အဓိကာယုက ဝသေနဖြင့် "ဘဝင်္ဂက္ခယေ ဝါ စဝနဝသေန"ပါဠ်ကို ရည်ရွယ်သည်။]

သို့မဟုတ်၊ ဧကစိတ္တက္ခဏာယုသေသော–တစ်ခုသော ‘စိတ္တက္ခဏရှိသော အသက်အကြွင်းသည်၊ ယဒိသိယာ–အံ့၊ (ဇဝံသတိ–သော်၊) တဒါ–၌၊ ဝိထိစိတ္တာဝသာနေ–ဝီတိစိတ်၏အဆုံး၌၊ (စုတိစိတ္တံ–သည်၊ ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈတိ၊) တဥ္စ–ထိုစုတိစိတ်သည်လည်း၊ အတီတကမ္မာဒိဝိသယမေဝ–အတိက်ကံ အစရှိသော အာရုံရှိသည်သာလျှင်တည်း၊ [ဤဘဝပဋိသန္ဓေစိတ်၏ အာရုံကို လိုက်၍ ယူရမည်ဖြစ်သောကြောင့် ကာလအားဖြင့် အတိတ်သာဖြစ်ရမည်၊ ကံစသော ၃ ပါးတွင်ကား တစ်ပါးပါးဖြစ်နိုင်၏။]

တဿာနန္တရမေဝါတိက္ကမိနာ–ဟူသော ဤပါဌ်ဖြင့်၊ အန္တရာဝဝါဒိမတံ–အကြား၌ တစ်ဘဝရှိ၏ဟု ပြောဆိုလေ့ရှိသူတို့၏ အယူကို၊ ပဋိက္ခိပတိ–ပယ်မြစ်၏၊ [အန္တရာဝအဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထား၏။] ယထာရ ဟန္တိ–ကား၊ ကမ္မကရဏကာလဿ–ကံပြုရာကာလအားလည်းကောင်း၊ ဝိပါကဒါနကာလဿစ–အကျိုးပေးရာကာလအားလည်းကောင်း၊ အနုရူပဝသေ န–လျော်သည်၏ အစွမ်းဖြင့်၊ [သခ်ါရေ ဇနီယမာနံ၌ စပ်၊] အထဝါ–ထို့ ပြင်တစ်နည်းကား၊ ဝိပစ္စမာနကကမ္မာနုရူပံ–အကျိုးပေးလတ္တံ့သော ကံအား လျော်စွာ၊ အနုသယဝသေန(ဝါ)–အနုသယ၏ အစွမ်းဖြင့်သော်လည်း ကောင်း၊ ဇဝနသဟဇာတဝသေနဝါ–ဇောနှင့်တကွဖြစ်သည်၏ အစွမ်းဖြင့်သော်လည်း ကောင်း၊ ပဝတ္တိအနုရူပတော–ဖြစ်ခြင်းအားလျော်စွာ၊ [သခ်ါရေန ဇနီယမာနံ၌ စပ်၊] ဣတိ အတ္ထော–နက်။

---

**အဓိက ၊ပေ၊ ဧကစိတ္တက္ခဏာယုသော**။ ။မရဏာသန္နဇောဝီထိနောင် ကြွင်းသော စိတ္တက္ခဏတစ်ချက်ဟူသည် စုတိစိတ္တက္ခဏတည်း၊ ထို့ကြောင့် စိတ္တက္ခဏတစ်ချက်ခန့် အသက်ကြွင်းထက် ပို၍ ဘဝင်ချလောက်အောင် စိတ္တက္ခဏကျန်သေးသည်ကို "အဓိကတရာယုသေသ"ဟု ဆိုသည်ဟု မှတ်။

**ယထာရဟံ**။ ။ကံပြုရာကာလသည် ဤဘဝဖြစ်လျှင် သခ်ါရသည် (နောက်ဘဝ၌ အကျိုးပေးတော့မည့်) ဥပပဇ္ဇဝေဒနီယကံ သခ်ါရဖြစ်၏၊ ကံပြုရာကာလသည် ရှေးရှေးဘဝဖြစ်လျှင် (နောက်ဘဝ၌ အကျိုးပေးမည့် သခ်ါရဖြစ်ရကား) အပရာပရိယ ဝေဒနီယ ကံသခ်ါရဖြစ်၏၊ ဤသို့ ကံပြုရာကာလအလိုက် သခ်ါရအမည်ရပုံကို ပြလို၍ ယထာရဟံကို"ကမ္မကရဏကာလဿ အနုရူပဝသေန"ဟု ဖွင့်သည်။

**တစ်နည်း**။ ။အကျိုးပေးရာကာလသည် အနန္တရဘဝဖြစ်လျှင် ဥပပဇ္ဇဝေဒနီယအမည် ရသော ကံသခ်ါရဖြစ်၏၊ ရှေးကံ၏ အကျိုးပေးရာကာလသည် အပရာပရဘဝ ဖြစ်လျှင် အပရာပရိယ အမည်ရသော ကံသခ်ါရ ဖြစ်၏၊ ဤသို့ ဝိပါကကာလကို အကြောင်းပြု၍ ကံသခ်ါရအမည်ရပုံကို ပြလို၍ ယထာရဟံကို "ဝိပါကံ ဒါနကာလဿ စ အနုရူပ ဝသေန"ဟု ဖွင့်သည်၊ ဤနှစ်နည်းလုံးပင် အရှင်အနုရုဒ္ဓါ၏ အာဘော်ကျမည် မထင်၊ ထို့ကြောင့် ဘာသာဋီကာ၌ အထဝါတက်သော နောက်နည်းကို အဓိပ္ပာယ်ပြထားသည်။

နနု–စောဒနာပါဦးအံ့၊ (ကိံ–အဘယ်သို့စောဒနာအံ့နည်း၊) အဝိဇ္ဇာနုသယ ပရိက္ခိတ္တေနာ'တျာဒိ–အဝိဇ္ဇာနုသယပရိက္ခိတ္တေန အစရှိသော စကားကို၊ (အာစရိယေန–သည်၊) ဝုတ္တံ–ပြီ၊ ဇဝနသဟဇာတာနဉ္စ–ဇောနှင့်တကွဖြစ်သော အဝိဇ္ဇာတဏှာတို့၏လည်း၊ ကထံ–အဘယ်နည်းဖြင့်၊ အနုသယဘာဝေါ–အနုသယ၏အဖြစ်သည်၊ ဝါ–အနုသယဟူသော အမည်သည်၊ (ဟောတိ–ဖြစ်နိုင်ပါသနည်း၊) ဣတိ–သို့၊ (နနုစ–ပါဌ်၊) အယံ–ဤဇောနှင့်တကွ ဖြစ်သော အဝိဇ္ဇာတဏှာတို့၏ အနုသယအမည်ရခြင်းသည်၊ န ဒေါသော–အပြစ်မဟုတ်၊ (ကသ္မာ–နည်း၊) အနုသယသဒိသတာယ–အနုသယနှင့် တူကုန်သည်၏အဖြစ်ကြောင့်၊ ဝါ–တူကုန်သည့်အတွက်၊ တာသမ္ပိ–ထိုဇောနှင့် တကွ ဖြစ်ကုန်သော အဝိဇ္ဇာတဏှာတို့၏လည်း၊ အနုသယဝေါဟာရဘာဝတော– အနုသယဟူသော အခေါ်အဝေါ် ရှိကုန်သည်၏ အဖြစ်ကြောင့်တည်း၊ ဣတရထာ–ဤသို့ မဟုတ်လျှင်၊ အကုသလကမ္မသဟဇာတာနံ–အကုသိုလ်နှင့် တကွဖြစ်သော အဝိဇ္ဇာတဏှာတို့ကိုလည်းကောင်း၊ ဝါ–တစ်နည်း၊ [အကုသိုလ် ဆိုင်ရာ၌ တစ်နည်း–ဟူလို၊] ဘဝတဏှာသဟဇာတာနံ–ဘဝတဏှာနှင့် တကွဖြစ်သော အဝိဇ္ဇာတို့ကိုလည်းကောင်း၊ စုတိအာသန္နဇဝနသဟဇာတာနဉ္စ– စုတိ၏အနီးဖြစ်သော ဇောနှင့်တကွဖြစ်ကုန်သော အဝိဇ္ဇာတဏှာတို့ကိုလည်း ကောင်း၊ သင်္ဂဟော–သွင်းယူခြင်းသည်၊ န သိယာ–မဖြစ်တော့ရာ။

---

**နနု စ**။ ။အနုသယကိလေသာ–ဟူသည် သတ္တဝါတို့သန္တာန်၌ မင်ဖြင့်မပယ်ရသေး သမျှ အစဉ်လိုက်ပါနေသော ဓာတ်သဘောတည်း၊ ဥပါဒ် ဋ္ဌီ ဘင်အားဖြင့် အထင်အရှား ဖြစ်လာသောအခါ အနုသယဟု မခေါ်ဘဲ, ပရိယုဋ္ဌာနကိလေသာ ဟု ခေါ်သည်၊ ထို့ကြောင် "အဝိဇ္ဇာနုသယပရိက္ခိတ္တေန တဏှာနုသယမူလကေန"ပုဒ်၏ အဖွင့်၌ ဇဝနသဟဇာတ အဝိဇ္ဇာတဏှာတို့ကို ဖွင့်ပြခဲ့ရာဝယ် ဇောနှင့်တကွ ဖြစ်ပေါ် ဥပါဒ်သော အဝိဇ္ဇာတဏှာကို အနုသယဟု မခေါ်ထိုက်သည် မဟုတ်ပါလော၊ အဘယ်နည်းဖြင့် အနုသယခေါ်နိုင်သနည်း–ဟု စောဒနာသည်။

**အနုသယသဒိသတာယ**။ ။သတ္တဝါတို့သန္တာန်ဝယ် ကိန်းဝပ်နေသော အနုသယ ကိလေသာနှင့် ဇဝနသဟဇာတကိလေသာတို့၏ အဝိဇ္ဇာချင်း တဏှာချင်း တူနေသောကြောင့် သဒိသူပစာရအားဖြင့် ဇဝနသဟဇာတ အဝိဇ္ဇာတဏှာကိုလည်း အနုသယဟု ခေါ်နိုင်၏၊ ထို့ကြောင့် ဇဝနသဟဇာတ အဝိဇ္ဇာ တဏှာတို့ကို အနုသယဟု ခေါ်ရာ၏၊ အသင်စောဒကပုဂ္ဂိုလ်က "အနုသယမခေါ်ထိုက်"ဟု တင်အပ်သော အပြစ်သည် အရှင်အနုရုဒ္ဓါ၌ မဖြစ်ပါ–ဟူလို။

**ဣတရထာ ဟိ**။ ။ဇဝနသဟဇာတအဝိဇ္ဇာတဏှာတို့ကို သဒိသူပစာအားဖြင့် အနုသယ ဟု မခေါ်နိုင်လျှင် အကုသလကမ္မပထသဟဇာတ–အကုသိုလ်ပြုတုန်းက တကွဖြစ်သော အဝိဇ္ဇာ တဏှာ, ဘဝတဏှာသဟဇာတ–ဘဝကိုတောင့်တ၍ ကုသိုလ်မဖြစ်မီ ဘဝတဏှာအခိုက်၌ တကွဖြစ်သောအဝိဇ္ဇာ, မရဏာသန္န အကုသိုလ်ဇောနှင့်တကွဖြစ်သော အဝိဇ္ဇာ တဏှာတို့ကို "အဝိဇ္ဇာနုသယပရိက္ခိတ္တေန တဏှာနုသယမူလကေန" ပါဌ်ဖြင့်

အဝိဇ္ဇာဝ–အဝိဇ္ဇာသည်ပင်၊ အပ္ပဟီနဋ္ဌေန–မဂ်ဖြင့် မပယ်အပ်သေးသည်၏ အဖြစ်ကြောင့်၊ ဝါ–မဂ်ဖြင့် မပယ်အပ်သေးသည့်အတွက်၊ အနုသယနတော– အစဉ်မပြတ် ကိန်းဝပ်ခြင်းကြောင့်၊ ပဝတ္တနတော–အဆက်မပြတ် ဖြစ်ခြင်း ကြောင့်၊ [ပသည် "ပဗန္ဓ"အနက်ဟော၊] အနုသယော–အနုသယ မည်၏၊ တေန–ထို အဝိဇ္ဇာနုသယသည်၊ ပရိက္ခိတ္တေန, ပရိဝါရိတေန–ခြံရံအပ်သော၊ (သင်္ခါရေန ဇနိယမာနံ၌ စပ်၊) ဣမဿ–ဤသင်္ခါရ၏၊ တဏှာနုသယောဝ– တဏှာနုသယသာလျှင်ဖြစ်သော၊ သဟကာရိကာရဏဘူတံ–အတူတကွ အကျိုးတရားကို ပြုလေ့ရှိသော အကြောင်းဖြစ်၍ဖြစ်သော၊ မူလံ ပဓာန်– ပြဓာန်းသော အကြောင်းသည်၊ (အတ္ထိ–၏၊) ဣတိ–ကြောင့်၊ (သော– ထိုသင်္ခါရသည်၊) တဏှာနုသယမူလကော–မည်၏။

သင်္ခါရေနာတိ–ကား၊ ကုသလာကုသလကမ္မေန–ကုသိုလ်ကံ, အကုသိုလ် ကံဖြစ်သော၊ ဝါ–တစ်နည်း၊ ကမ္မသဟဇာတဖဿာဒိဓမ္မသမုဒါယေန– ကံနှင့်တကွဖြစ်သော ဖဿအစရှိသော တရားအပေါင်းဖြစ်သော၊ ဝါ– တစ်နည်း၊ စုတိအာသန္နဇဝနသဟဇာတေန–မရဏာသန္နဇောနှင့်တကွဖြစ်သော ကံ,ထိုကံနှင့်တကွဖြစ်သော ဖဿအစရှိသော တရားအပေါင်းဖြစ်သော၊ တေန– ထိုသင်္ခါရသည်၊ ဇနိယမာနံ–ဖြစ်စေအပ်သော၊ (မာနသံ ပတိဋ္ဌာတိ ဘဝန္တရေ၌ စပ်၊) ဟိ–ချဲ့၊ အဝိဇ္ဇာယ–သည်၊ ပဋိစ္ဆန္နာဒီနဝဝိသယေ–ဖုံးလွှမ်းအပ်သော

---

မသိမ်းယူနိုင်ခြင်းဟူသော အပြစ်ရောက်စရာ ရှိသည်၊ အမှန်အားဖြင့်ကား ထိုပါဠိများဖြင့် ထိုသဟဇာတ အဝိဇ္ဇာတဏှာတို့ကိုလည်း သိမ်းယူရမည်၊ ထိုသို့ သိမ်းယူမှသာ နောက်လာမည့် ဂါထာစကား၌ "အဝိဇ္ဇာတဏှာ သင်္ခါရ သဟဇေဟိ"ဟူသော စကားနှင့် လိုက်လျောမည်–ဟူလို။

**သဟကာရိကာရဏဘူတံ**။ ။သဟ–ကံ, သင်္ခါရနှင့် အတူတကွ+ကာရိ– အကျိုးကိုပြုလေ့ရှိသည်တည်း၊ သဟကာရိ–သည်၊ [သုခကာရိဒါနံ၌ကဲ့သို့ နပုံလိင် ရဿ၊] သဟကာရိစ+တံ+ကာရဏံစာတိ သဟကာရိကာရဏံ၊ တံ+ဟုတွာ+ဘူတံ သဟကာရိ ကာရဏဘူတံ၊ ကုသိုလ်ဖြစ်စေ, အကုသိုလ်ဖြစ်စေ တဏှာရှိမှ ထိုထိုဘဝအကျိုးကို ပေးနိုင်၏၊ တဏှာကုန်ခန်း၍ ရဟန္တာဖြစ်လျှင် ကောင်းမှုတွေကို များစွာပြုသော်လည်း အကျိုးမရတော့၊ ထို့ကြောင့် တဏှာကို "သင်္ခါရနှင့်အတူအကျိုးကို ပြုလေ့ရှိသော ပဓာနအကြောင်း:"ဟု ဆိုသည်။

**သင်္ခါရေန**။ ။ဤအဖွင့်အရ သင်္ခါရအတွက်လေးနည်းကောက်သည်၊ ၁–ကုသိုလ်, အကုသိုလ်စေတနာ, ၂–ထို စေတနာနှင့်တကွဖြစ်သော ဖဿစသော ယှဉ်ဘက်တရား အပေါင်း, ၃–မရဏာသန္နဇောနှင့် တကွဖြစ်သော စေတနာ, ၄–ထိုစေတနာနှင့် တကွဖြစ်သော ဖဿစသော တရားအပေါင်းတည်း၊ ဤပုဒ်၏အဖွင့်နှင့် "အဝိဇ္ဇာယ ဟိ ပဋိစ္ဆန္နာဒီနဝဝိသယေ"စသည်တို့၏ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ အကျယ်ပြထားပြီ။

အပြစ်ရှိသောအာရုံ၌၊ တဏှာ–သည်၊ နာမေတိ–ညွတ်စေ၏၊ ခိပနကသင်္ခါရ သမ္မတာ–ဘဝသစ်၌ ပစ်ချတတ်သော သင်္ခါရဟု သမုတ်အပ်ကုန်သော၊ ယထာ ဝုတ္တသင်္ခါရာ–အကြင်အကြင် ဆိုအပ်ပြီးသော သင်္ခါရတို့သည်၊ ခိပန္တိ–ဘဝသစ်၌ ပစ်ချတတ်ကုန်၏၊ ယထာဟ–အဘယ်သို့ ဆိုကုန်သနည်း၊ အ္ဝဇ္ဇာ ၊ပေ၊ ဘဝန္တိ ဟာတိ–ဟူ၍၊ အာဟု–ရှေးဆရာတို့ ဆိုကြကုန်ပြီ။

[အပါယိနံ–အပါယ်ဘုံသို့ သွားမည့် သတ္တဝါတို့သည်၊ အဝိဇ္ဇာတဏှာ သင်္ခါရသဟဇေဟိ–တကွဖြစ်သော အဝိဇ္ဇာတဏှာသင်္ခါရတို့သည်၊ ဝိသယာဒီန ဝစ္ဆာဒံ–(ဝိသယ+အာဒီနဝ+အစ္ဆာဒံ)–ထင်လာသော အာရုံ၏ အပြစ်ကိုဖုံးလွှမ်း ခြင်းသည်လည်းကောင်း၊ နာမနံ–ပဋိသန္ဓေဝိညာဏ်ကို အာရုံသို့ညွတ်စေခြင်း သည်လည်းကောင်း၊ ခိပနံပိစ–ပဋိသန္ဓေဝိညာဏ်ကို ပစ်ချခြင်းသည်လည်း ကောင်း၊ ဟောတိ–၏၊ သေသာနံ–ကြွင်းသော သုဂတိသွားမည့်ပုဂ္ဂိုလ်တို့၏၊ အပ္ပဟီနေဟိ–မဂ်ဖြင့် မပယ်အပ်သေး၍ ကိန်းဝပ်လျက်ရှိသော အဝိဇ္ဇာ တဏှာ အနုသယတို့သည်၊ ဆာဒနံ–အာရုံ၏အပြစ်ကို ဖုံးလွှမ်းခြင်းသည်လည်း ကောင်း၊ နာမနံပိစ–အာရုံသို့ညွတ်စေခြင်းသည်လည်းကောင်း၊ ဟောတိ–၏၊ ဣဟ–ဤသုဂတိသို့ ရောက်မည့်သတ္တဝါ၌၊ ခိပကာ–ပစ်ချတတ်ကုန်သော၊ သင်္ခါရာပန–သင်္ခါရတို့သည်ကား၊ ကုသလာဝ–ကုသိုလ်တို့သာလျှင်၊ ဘဝန္တိ–န်၏။]

သမ္ပယုတ္တေဟိပရိဂ္ဂယှမာနန္တိ–ကား၊ အတ္တနာ–မိမိဟူသော ပဋိသန္ဓေစိတ်နှင့်၊ သမ္ပယုတ္တေဟိ–အညီအမျှ ကေ့ပ္ပာဒတာ အစရှိသော အပြားတို့ဖြင့် ယှဉ်ကုန် သော၊ ဖဿာဒီဟိ–ဖဿအစရှိကုန်သော၊ ဓမ္မေဟိ–တို့သည်၊ သမ္ပယုတ္တ ပစ္စယာဒိနာ–သမ္ပယုတ္တပစ္စည်းအစရှိသည်ဖြင့်၊ [အာဒိဖြင့် သဟဇာတ အညမည စသည်ကို ယူ၊] ပရိဂါရေတွာ–ခြံရံ၍၊ ဂယှမာနံ–ယူအပ်သော၊ (ပဋိသန္ဓိသင်္ခါတံ မာနသံ–၌စပ်၊) သဟဇာတ၊ပေ၊ဘူတန္တိ–ကား၊ အတ္တနာ–မိမိဟူသော ပဋိသန္ဓေ စိတ်နှင့်၊ သဟဇာတာနံ–တကွဖြစ်ဖက် တရားတို့၏၊ ပတိဋ္ဌာနဘာဝေန– တည်ရာ၏ အဖြစ်ဖြင့်၊ ပဓာနဘူတံ–ပဓာနဖြစ်၍ဖြစ်သော၊ (ပဋိသန္ဓိသင်္ခါတံ မာနသံ–၌စပ်၊) ဟိ–မှန်၊ [ပဓာနဘူတံဟူသော စကားမှန် သည်–ဟူလို၊] မနောပုဗ္ဗင်္ဂမာ ဓမ္မာတိ–ဟူ၍၊ (ဘဂဝတာ) ဝုတ္တံ–ဟောတော်မူအပ်ပြီ၊ [ဓမ္မာ– စေတသိက်ခန္ဓာတရား သုံးပါးတို့သည်၊ မနောပုဗ္ဗင်္ဂမာ–စိတ်သာလျှင် ရှေ့သွား ခေါင်းဆောင် ရှိကုန်၏။]

ဘဝန္တရပဋိသန္ဓာနဝသေနာတိ–ကား၊ ပုရိမဘဝန္တရဿ–ရှေးဘဝတစ်ပါး ကိုလည်းကောင်း၊ ပစ္ဆိမဘဝန္တရဿစ–နောက်ဘဝ တစ်ပါးကိုလည်းကောင်း၊ အညမည်–အချင်းချင်း၊ ကောဗဒ္ဓံ ဝိယ–တစ်စစပ်တည်း ဖွဲ့စပ်အပ်သကဲ့သို့၊ ပဋိသန္ဓာနဝသေန–ဆက်စပ်ခြင်း၏ အစွမ်းဖြင့်၊ ဥပ္ပဇ္ဇမာနမေဝ–ဥပါဒ်လျှင်

ဥပါဒ်ခြင်းသာလျှင်၊ (ဘဝန္တ ရေ–ဘဝတစ်ပါး၌၊) ပတိဋ္ဌာတိ–တည်၏၊ ဣတော–ဤပစ္စုပ္ပန်ဘဝမှ၊ ဂန္တွာ–အနာဂတ်ဘဝသို့ သွား၍၊ န ပတိဋ္ဌာတိ–တည်သည် မဟုတ်၊ ဣတိ (အယံ)–ဤဆိုအပ်ပြီးကား၊ အဓိပ္ပာယော–အရှင်အနုရုဒ္ဓါ၏ အလိုတည်း၊ [ဤဘဝ၌ ဥပါဒ်ပြီးမှ နောက်ဘဝသွား၍ ၌–ဘင်အဖြစ်ဖြင့် တည်သည်မဟုတ်၊ ဥပါဒ်လျှင် ဥပါဒ်ခြင်း ဘဝသစ်၌ တည်သည်ဟူသော ဤအနက်အဓိပ္ပာယ်ကို ဥပ္ပဇ္ဇမာနမေဝ၌ ဧဝဖြင့် တားမြစ်အပ်သော နိဝတ္တေတဗ္ဗတ္ထအဖြစ်ဖြင့် ရနိုင်သည်–ဟူလို။]

ဟိ–မှန်၊ ပုရိမဘဝပရိယာပန္နော–ရှေးဘဝ၌ အကျုံးဝင်သော၊ ကောစိ–တစ်စုံတစ်ခုသော၊ ဓမ္မော–တရားသည်၊ဘဝန္တရံ–ဘဝတစ်ပါးသို့၊န သင်္ကမတိ–ပြောင်းရွှေ့သည်မဟုတ်၊ ပုရိမဘဝပရိယာပန္နဟေတုဟိ–ရှေးဘဝ၌အကျုံးဝင်သော အကြောင်းတို့နှင့်၊ ဝိနာပိ–ကင်း၍လည်း၊ န ဥပ္ပဇ္ဇတိ–ဖြစ်သည်မဟုတ်၊ ပဋိဃောသပဒီပမုဒ္ဒါဝိယ–ပဲ့တင်သံ, ဆီမီးလျှံ, တံဆိပ်ခတ်နှိပ်ခြင်းကဲ့သို့တည်း၊ ဣတိ–ထို့ကြောင့်၊ အတိပ္ပပဉ္စေန–ဖြင့်၊ အလံ–ပြီ၊[သမ္ပယုတ္တေဟိ ပရိဂ္ဂယှမာနံမှ စ၍ မုဒ္ဒါဝိယတိုင်အောင် ဘာသာဋီကာ၌ အဓိပ္ပာယ်ပြထားပြီ။]

**၉၂**။ မန္ဒံ–အပဟုန်ရှော့ရဲ့, နုံ့နဲ့နဲ့သည်၊ ဟုတွာ–၍၊ ပဝတ္တာနိ–ဖြစ်ကုန်သော ဇောတို့သည်၊ မန္ဒပ္ပဝတ္တာနိ–အပဟုန်ရှော့ရဲ့, နုံ့နဲ့နဲ့ဖြစ်ကုန်သော ဇောတို့သည်၊ မနောဒွါရေ–၌၊ ဂတိနိမိတ္တဝသေန–ဂတိနိမိတ်၏အစွမ်းဖြင့်၊ ပဉ္စဒွါရေ–၌၊ ကမ္မနိမိတ္တဝသေန–ကမ္မနိမိတ်၏အစွမ်းဖြင့်၊ ပစ္စုပ္ပန္နာရမဏေသု–ပစ္စုပ္ပန်အာရုံတို့သည်၊ အာပါတဂတေသု–ရှေးရှုကျခြင်းသို့ ရောက်ကုန်သော်၊ ဣတိ (အယံ)–ဤဆိုအပ်ပြီးကား၊ အဓိပ္ပာယော–အရှင်အနုရုဒ္ဓါ၏ အလိုတည်း၊ [ပစ္စုပ္ပန်အာရုံထင်လာဟူရာဝယ် မနောဒွါရ၌ ဂတိနိမိတ်ထင်လာ၍, ပဉ္စဒွါရ၌ ကမ္မနိမိတ်ထင်လာခြင်းကို ဆိုလိုသည်–ဟူလို၊ ကံအာရုံမှာ အတိတ်သာဖြစ်၍ ပစ္စုပ္ပန်အာရုံကို ပြရာဝယ် မဆိုင်သောကြောင့် ချန်ထားသည်၊ ဂတိနိမိတ်, ကမ္မနိမိတ်တို့၏ ပစ္စုပ္ပန်ဖြစ်နိုင်ပုံကို ဘာသာဋီကာ၌ ပြထားပြီ။]

ပဋိသန္ဓိ ။ပေ၊ လဗ္ဘတီတိ–ကား၊ တာဝ–ပဉ္စဒွါရမှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌေ–ညွှန်ပြအပ်သော၊) မနောဒွါရေ–၌၊ ပဋိသန္ဓိယာ–၏လည်းကောင်း၊ စတုန္နံ–န်သော၊ ဘဝင်္ဂါနဉ္စ–ဘဝင်တို့၏လည်းကောင်း၊ (ပစ္စုပ္ပန္နာရမဏဘာဝေါ–ပစ္စုပ္ပန်အာရုံရှိကုန်သည်၏ အဖြစ်ကို၊ လဗ္ဘတိ–ရအပ်၏၊) ပဉ္စဒွါရေ–၌ကား၊ ပဋိသန္ဓိယာဝ–၏သာလျှင်၊ (ဧဝဖြင့် ဘဝင်ကို ကန့်၊) ပစ္စုပ္ပန္နာရမဏဘာဝေါ–ပစ္စုပ္ပန်အာရုံရှိသည်၏ အဖြစ်ကို၊ လဗ္ဘတိ–၏၊ [မနောဒွါရေ တာဝ စသည်ကို ချဲ့ပြလို၍"တထာဟိ"စသည် မိန့်၊] တထာဟိ–ထို စကားကိုချဲ့ဦးအံ့၊ ကဿစိ–တစ်စုံတစ်ယောက်သော သတ္တဝါ၏၊ မနောဒွါရေ–၌၊ အာပါတံ–ရှေးရှုကျခြင်းသို့၊ အာဂတံ–ရောက်သော၊ ပစ္စုပ္ပန္နံ–ပစ္စုပ္ပန်ဖြစ်သော၊ ဂတိနိမိတ္တံ–ဂတိနိမိတ်ကို၊

အာရဗ္ဘ–အာရုံပြု၍၊ ဥပ္ပန္နာယ–ဖြစ်သော၊ တဒါရမဏပရိယောသာနာယ–တဒါရုံအဆုံးရှိသော၊ စိတ္တဝီထိယာ–စိတ်အစဉ်၏၊ (မရဏာသန္နဝီထိ၏၊) အနန္တ ရံ–အခြားမဲ့၌၊ စုတိစိတ္တေ–စုတိသည်၊ ဥပ္ပန္နေ–ဖြစ်လသော်၊ တဒနန္တ ရံ–ထို စုတိစိတ်၏အခြားမဲ့၌၊ ပဋ္ဌစိတ္တက္ခဏာယုကေ–စိတ္တက္ခဏငါးချက် အသက်ရှိသော၊ အာရမဏေ–ဂတိနိမိတ်အာရုံ၌၊ ပဝတ္တာယ–ဖြစ်သော၊ ပဋိသန္ဓိယာ–၏လည်းကောင်း၊ စတုန္နံ–န်သော၊ ဘဝင်္ဂါနံ–တို့၏လည်းကောင်း၊ (ပစ္စုပ္ပန္နာရမဏေ–ပစ္စုပ္ပန်အာရုံ၌၊ ပဝတ္တိ–ဖြစ်ခြင်းကို၊ ဥပလဗ္ဘတိ–၏၊–၌ လှမ်းစပ်။)

[ပဋ္ဌဒွါရေ ပနစသည်ကို ချဲ့ပြလို၍"ပဋ္ဌဒွါရေစ"စသည် မိန့်၊] ပဋ္ဌဒွါရေ စ–၌လည်း၊ ဉာတကာဒီဟိ–ဆွေမျိုးအစရှိသည်တို့သည်၊ ဥပဋ္ဌာပိတေသု–ဖြစ်စေအပ်ကုန်သော၊ ဝါ–ထင်စေအပ်ကုန်သော၊ ဒေယျဓမ္မေသု–ပေးလှူထိုက်သော သဘောရှိသောပစ္စည်းဝတ္ထုတို့၌၊ ဝဏ္ဏာဒိကေ–အဆင်းအစရှိသည်တို့ကို၊ [ထိုဝတ္ထုတို့၌ တည်သောအဆင်းအစရှိသည်တို့ကို၊] အာရဗ္ဘ–၍၊ ယထာရဟံ–ဇွာ၊ ပဝတ္တာယ–သော၊ စိတ္တဝီထိယာ–၏လည်းကောင်း၊ (မရဏာသသန္နဝီထိ၏ လည်းကောင်း၊) စုတိစိတ္တဿ–၏လည်းကောင်း၊ ဧကစိတ္တက္ခဏာယုကေ–စိတ္တက္ခဏတစ်ချက်အသက်ရှိသော၊အာရမဏေ–ကမ္မနိမိတ်အာရုံ၌၊ပဝတ္တာယ–သော၊ ပဋိသန္ဓိယာ–၏၊ ပစ္စုပ္ပန္နာရမဏေ–၌၊ ပဝတ္တိ–ကို၊ ဥပလဗ္ဘတိ–ရအပ်၏၊ က္လတိ အယံ–ကား၊ ဧတ္ထ–ဤဝိဘာဝနီဋီကာ၌၊ သင်္ခေပေါ–အကျဉ်းချုပ်တည်း၊ ဝိတ္ထာရော ပန–ကိုကား၊ ဝိသုဒ္ဓိမဂ္ဂေ–ဝိသုဒ္ဓိမဂ်၌သော်လည်းကောင်း၊ ဝိဘင်္ဂဋ္ဌကထာယံဝါ–ဝိဘင်းအဋ္ဌကထာ၌သော်လည်းကောင်း၊ သင်္ခါရပစ္စယဝိညာဏပဒဝဏ္ဏနာယံ–သင်္ခါရပစ္စယာဝိညာဏပုဒ်အဖွင့်၌၊ ဝုတ္တနယေန–ဖြင့်၊ ဒဋ္ဌဗ္ဗော–၏။

---

**စတုန္နံ ဘဝင်္ဂါနံ**။ ။အတိတဘဝင်မှစ၍ မရဏာသန္နဇော ၅ကြိမ်, တဒါရုံ ၂ကြိမ်, စုတိ, ဤတိုင်အောင် အာရုံအသက်ဆယ့်နှစ်ချက်သာ ရှိသေး၏၊ ထို့ကြောင့် ပဋိသန္ဓေ အသစ်နှင့်ဘဝင် လေးကြိမ်တို့ ပစ္စုပ္ပန်အာရုံကို ဆက်၍ ယူကြရသည်၊ ဤစကားကို တဒါရုံကျသော ဝီထိကို ရည်ရွယ်၍ ဆိုသည်၊ ဇောနောင် စုတိကျသော မနောဒွါရ မရဏာသန္နဝီထိ ဖြစ်လျှင်ကား ဘဝင် (၆)ကြိမ်တိုင်အောင် ပစ္စုပ္ပန်အာရုံကို အာရုံပြုကြရသည်–ဟု မှတ်ပါ။

**ပဋ္ဌဒွါရေ စ**။ ။ဆွေမျိုးများက အာရုံကောင်းထင်လာအောင် ကြိုးစားသဖြင့် စက္ခုဒွါရ၌ ပန်းစသော ရူပါရုံဖြစ်စေ, တရားသံစသော သဒ္ဒါရုံဖြစ်စေ ဤသို့စသည်ဖြင့် ပဋ္ဌဒွါရ၌ ထင်လာပုံကို ဘာသာဋီကာ၌ ပြထားပြီ၊ ပဋ္ဌဒွါရမရဏာသန္နဝီထိဖြစ်သောကြောင့် စုတိစိတ်ရောက်လျှင် အာရုံအသက်(၁၆)ချက်ရှိရကား ပဋိသန္ဓေသစ်တစ်ခုသာ ပစ္စုပ္ပန် အာရုံကို ယူနိုင်ပုံကိုလည်း ဘာသာဋီကာ၌ ပြထားပြီ၊ ဇောအဆုံးရှိသော ဝီထိဖြစ်လျှင်ကား ပဋိသန္ဓေနောင် ဘဝင်နှစ်ကြိမ်တိုင်အောင် ပစ္စုပ္ပန်အာရုံကို ယူနိုင်ပါသေး၏။

ဆဒွါရဂ္ဂဟိတန္တိ–ကား၊ ကမ္မနိမိတ္တံ–ကို၊ ဆဒွါရဂ္ဂဟိတံ–ခြောက်ဒွါရဖြင့် ယူအပ်၏၊ ဂတိနိမိတ္တံ–ကို၊ ဆဋ္ဌဒွါရဂ္ဂဟိတံ–ခြောက်ခုမြောက် မနောဒွါရဖြင့် ယူအပ်၏၊ ဣတိ–သို့၊ ယထာသမ္ဘဝံ–လျော်စွာ၊ ယောဇေတဗ္ဗံ–ယှဉ်စေရာ၏၊ ဝါ–ရမည်၊ ပန–ဝါဒန္တရကား၊ အပရေ–တစ်ပါးသော ဆရာတို့သည်၊ အဝိသေသတော–အထူးမပြု၊ သာမညအားဖြင့်၊ ဝဏ္ဏေန္တိ–ဖွင့်ကြကုန်၏၊ သစ္စသင်္ခေပေပိ–သစ္စသံခိပ်၌လည်း၊ တေနေဝ အဓိပ္ပာယေန–ထိုအဓိပ္ပာယ်ဖြင့် ပင်၊ ပဉ္စဒွါရေ ၊ပေ၊ ဒွိဂေါစရေတိ–ဟူသော ဣဒံ–ဤဂါထာဝက်စကားကို၊ ဝုတ္တံ–ပြီ၊ [ပဉ္စဒွါရေ–၌၊ သန္ဓိ–ပဋိသန္ဓေသည်၊ ကမ္မံ–ကံအာရုံကို၊ ဝိနာ–ကြဉ်၍၊ ဒွိဂေါစရေ–ကမ္မနိမိတ် ဂတိနိမိတ်ဟူသော နှစ်ပါးသောအာရုံ၌၊ သိယာ–ဖြစ်ရာ၏။]

ပန–ထိုသို့ပင် ဖွင့်ကြ ဆိုကြပါသော်လည်း၊ အဋ္ဌကထာယံ–၌၊ ဂတိနိမိတ္တံ– ၊ပေ၊ဂစ္ဆတီတိ–ဟူ၍၊ ဝုတ္တတ္တာ–ဆိုအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ တဒါရမဏာယ–ထိုဂတိနိမိတ်လျှင် အာရုံရှိသော၊ ပဉ္စဒွါရိကပဋိသန္ဓိယာ–ပဉ္စဒွါရိကပဋိသန္ဓေ၏၊ ဝါ–ကို၊ အဒဿိတတ္တာစ–မပြအပ်သည်၏အဖြစ်ကြောင့် လည်းကောင်း၊ မူလဋီကာဒီသု–မူလဋီကာအစရှိသည်တို့၌၊ (စကို ဝုတ္တတ္တာနောင် ထိုင်စေ) ကမ္မဗလေန–ကံ၏အစွမ်းသည်၊ ဥပဋ္ဌာပိတံ–ဖြစ်စေအပ်သော၊ ဝါ– ထင်စေအပ်သော၊ ဝဏ္ဏာယတနံ–ရူပါရုံသည်၊ သုပိနံ–အိပ်မက်ကို၊ ပဿန္တဿ ဝိယ စ–မြင်မက်သူ၏ကဲ့သို့လည်းကောင်း၊ ဒိဗ္ဗစက္ခုဿဝိယစ–ဒိဗ္ဗစက္ခု၏ကဲ့သို့ လည်းကောင်း၊ မနောဒွါရေယေဝ–၌သာလျှင်၊ (ဧဝဖြင့် ပဉ္စဒွါရကန့်၊) ဂေါစရ

**ဆဒွါရဂ္ဂဟိတံ**။ ။သင်္ဂြိုဟ်၌ "ဆဒွါရဂ္ဂဟိတံ ကမ္မနိမိတ္တံ ဂတိနိမိတ္တဉ္စ"ဟု ရှိ၏၊ ထိုပါဠ်၌ "ဆဒွါရံစ+ဆဋ္ဌဒွါရံစ ဆဒွါရံ"ဟု ဧကသေသ်ပြု၍ ကမ္မနိမိတ်နှင့် စပ်ရာ၌ "ဆဒွါရဂ္ဂဟိတံ"ဟု ယှဉ်စပ်၍ ဂတိနိမိတ်နှင့် စပ်ရာ၌ "ဆဋ္ဌဒွါရဂ္ဂဟိတံ"ဟု ဖြစ်သင့်သလို ယှဉ်စပ်ပါ–ဟူလို။

**အပရေပန**။ ။အပရေဆရာတို့ကား ဤကဲ့သို့ အထူးမခွဲခြားဘဲ ဆဒွါရဂ္ဂဟိတံ ပုဒ်ကို ကမ္မနိမိတ်, ဂတိနိမိတ်နှစ်မျိုးလုံးနှင့် ယှဉ်တွဲဖို့ရန် ဖွင့်ကြ၏။

**သစ္စသံခေပေပိ**။ ။သစ္စသံခိပ်၌လည်း ဤအတိုင်းပင်ဆို၏ မှန်၏–"ပဉ္စဒွါရဝယ် ကံမှတစ်ပါးသော ကမ္မနိမိတ်, ဂတိနိမိတ်ဟူသော အာရုံနှစ်ပါး၌ ပဋိသန္ဓေစိတ်က အာရုံပြု၍ဖြစ်၏"ဟု ဂါထာ၌ဆိုသဖြင့် ကမ္မနိမိတ်, ဂတိနိမိတ်နှစ်ပါးလုံးပင် ပဉ္စဒွါရ ဂ္ဂဟိတပြု၍ ဖြစ်နိုင်၏ဟု ဆိုရာရောက်၏၊ [မနောဒွါရဂ္ဂဟိတံကား ကံ, ကမ္မနိမိတ်, ဂတိနိမိတ်သုံးပါးလုံးနှင့်ဆိုင်၏၊ ထို့ကြောင့် ကမ္မနိမိတ်, ဂတိနိမိတ်နှစ်ပါးလုံးပင် (မနောဒွါရနှင့်တကွ) ဆဒွါရဂ္ဂဟိတချည်း ဖြစ်၏ဟု ဆိုရာရောက်သည်။]

**အဋ္ဌကထာယံ ပန**။ ။"အပရေနှင့် သစ္စသံခိပ်ဆရာတို့ ဆိုသည့်အတိုင်း မှတ်ရမည် လော"ဟု မေးဖွယ်ရှိသောကြောင့် "အဋ္ဌကထာယံ ပန"စသည်မိန့်၊ ထိုဆရာတို့ ဆိုကြ သော်လည်း ဉာဏဝိဘင်းအဋ္ဌကထာ၌ "ဂတိနိမိတ်သည် မနောဒွါရ၌ ထင်လာ၏"ဟု

ဘာဝံ–အာရုံ၏အဖြစ်သို့၊ ဂစ္ဆတိ–ရောက်၏၊ က္ကတိ–ဤသို့၊ နိယမေတွာ–ဝေသဒ္ဒါဖြင့်သတ်မှတ်၍၊ ဝုတ္တတ္တာစ–ကြောင့်လည်းကောင်း၊ တေသံ–ထို အပရေဆရာ သစ္စသံခိပ်ဆရာတို့၏၊ ဝစနံ–ကို၊ အာစရိယာ–ငါတို့၏ ဆရာတို့သည်၊ နသမ္ပဋိစ္ဆန္တိ–လက်မခံကြကုန်။

ပစ္စုပ္ပန္နန္တိ ဧတ္ထ–၌၊ [စပါနေသည်ကား အပို, သင်္ဂြိုဟ်ပါဠိ၌ စ မပါ၊] တာဝ–ကမ္မနိမိတ်မှရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌ–သော၊) ဂတိနိမိတ္တံ–သည်၊ ပစ္စုပ္ပန္နာရမဏံ–သည်၊ ယုဇ္ဇတိ–သင့်ပါ၏၊ ကမ္မနိမိတ္တံပန–ကိုကား၊ ပဋိသန္ဓိဇနက ကမ္မသော၀–ပဋိသန္ဓေကိုဖြစ်စေတတ်သော ကံ၏သာလျှင်၊ နိမိတ္တဘူတံ–နိမိတ်ဖြစ်၍ဖြစ်သော အာရုံကို၊ အဓိပ္ပေတံ–အလိုရှိအပ်၏၊ က္ကတိ–ထို့ကြောင့်၊ စုတိအာသန္နဇဝနေဟိ–စုတိ၏အနီးဖြစ်သော ဇောတို့သည်၊ (မရဏာသန္နဇောတို့သည်၊) ဂဟိတဿ–ယူအပ်သော၊ တဿ–ထို ကမ္မနိမိတ်၏၊ ပစ္စုပ္ပန္နဘာဝေါ–ပစ္စုပ္ပန်၏အဖြစ်သည်၊ ကထံ–အဘယ်နည်းဖြင့်၊ သမ္ဘဝတိ–ဖြစ်သင့်နိုင်ပါအံ့နည်း၊ (နသမ္ဘဝတိဧဝ–မဖြစ်နိုင်သည်သာလျှင် မဟုတ်ပါလော၊ ကသ္မာ–အဘယ့်ကြောင့်နည်း၊) ဟိ (ယသ္မာ)–ကြောင့်၊ [ဤ ယသ္မာကို စောဒနာအဆုံးကျမှ တသ္မာထည့်၍ ပြန်လှည့်လိမ့်မည်၊] တဒေ၀–ထိုမရဏာသန္နဇောသည်ပင်၊ အာရမဏုပဋ္ဌာပကံ–(ပဋိသန္ဓေစိတ်၌) အာရုံကိုထင်စေရသည်လည်းကောင်း၊ တဒေ၀–ထို မရဏာသန္နဇောသည်ပင်၊ ပဋိသန္ဓိဇနကံ–ပဋိသန္ဓေကို ဖြစ်စေရသည်လည်းကောင်း၊ နဘ၀ေယျ–မဖြစ်နိုင်၊ (ကသ္မာ–ကြောင့်နည်း၊) ဥပစိတဘာဝါဘာ၀တော–ဆည်းပူးအပ်သည်၏အဖြစ်၏ မရှိခြင်းကြောင့်လည်းကောင်း၊ အနဿာဒိတတ္တာစ–မသာယာအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်းတည်း။

ဟိ–မှန်၊ (တစ်နည်း၊) ဟိ–ချဲ့၊ ကတတ္တာ ဥပစိတတ္တာတိ–ဟူ၍၊ ဝစနတော–ဟောတော်မူခြင်းကြောင့်၊ ပုနပ္ပုနံ–အဖန်ဖန်အထပ်ထပ်၊ လဒ္ဓါသေဝနမေ၀–ရအပ်သော အာသေဝနရှိသည်သာလျှင်ဖြစ်သော၊ ကမ္မံ–သည်၊ ပဋိသန္ဓိံ–ကို၊

---

ဆို၍ ထိုဂတိနိမိတ်ကို အာရုံပြုသော ပဥ္စဒွါရပဋိသန္ဓေကို မပြချေ၊ မူလဋီကာ၌လည်း "ကံအစွမ်းကြောင့် ထင်လာသော ရူပါရုံသည် အိပ်မက်မြင်မက်သူအား ထင်လာပုံ ထင်လာနည်း, ဒိဗ္ဗစက္ခုအား ထင်လာပုံ ထင်လာနည်းအားဖြင့် မနောဒွါရ၌သာ ထင်လာ၏"ဟု ဝေသဒ္ဒါဖြင့် အသေအချာ မှတ်သား၍ ဆိုထား၏၊ ထို့ကြောင့် ထို အပရေနှင့် သစ္စသံခိပ်ဆရာတို့ စကားကို ငါတို့ဆရာများ လက်မခံကြ–ဟူလို။

**ပစ္စုပ္ပန္နန္တိ၊ပေ၊ သမ္ဘဝတိ**။ ။သင်္ဂြိုဟ်ဝယ် "ကမ္မနိမိတ္တံ ဂတိနိမိတ္တဉ္စ ပစ္စုပ္ပန္နမတီတာရမဏံ ဥပလဗ္ဘတိ"ဟု ဆိုထားရာ၌ "ဂတိနိမိတ်အတွက် ပစ္စုပ္ပန်ဆိုသည်မှာ ရောက်ရမည့်ဂတိ၌ ယခုရှိဆဲအာရုံက ထင်ခြင်းဖြစ်သောကြောင့် သင့်ပါ၏၊ ကမ္မနိမိတ်ကား ပဋိသန္ဓေကျိုးပေးရမည့်ကံ၏ အာရုံကိုသာ ကမ္မနိမိတ်အဖြစ်ဖြင့် အလိုရှိအပ်ရကား မရဏာသန္နဇောသည်ယူအပ်သော ပစ္စုပ္ပန်အာရုံသည် အဘယ်မှာ ကမ္မနိမိတ် ဖြစ်နိုင်ပါအံ့နည်း"ဟု စောဒနာသည်။

အာကမုတိ–ငင်နိုင်၏၊ စ–ဥပစိတဘာဝါဘာဝတော၏ အကျယ်မှတစ်ပါး, အနသာဒိတတ္တာ၏ အကျယ်ကိုဆိုဦးအံ့၊ ပဋိသမ္ဘိဒါမဂ္ဂေ–၌၊ နိက္ခိက္ခဏေ–မိမိကံကိုနှစ်သက်ရာခဏ၌၊ ဒွိန္န–န်သော၊ ဟေတူနံ–ဟိတ်တို့၏၊ ပစ္စယာပိ–အကြောင်းကြောင့်လည်း၊ သဟေတုကပဋိသန္ဓိယာ–သဟိတ်ပဋိသန္ဓေ၏၊ ဝါ–ကို၊ ဝုတ္တတ္တာ–ဟောတော်မူအပ်သည်၏အဖြစ်ကြောင့်၊ ကတူပစိတမ္ပိ–ပြုအပ်ပြီးသော ဥပစိတရှိသည်လည်းဖြစ်သော၊ ကမ္မံ–သည်၊ တဏှာယ–သည်၊ အသာဒိတမေဝ–သာယာအပ်သည်သာလျှင်၊ (သမာနံ–ဖြစ်လတ်သော်၊ ဝါ–ဖြစ်မှ၊) ဝိပါကံ–အကျိုးကို၊ အဘိနိပ္ဖာဒေတိ–ဖြစ်စေနိုင်၏။

စ–ဆက်၊ တဒါ–ထိုမရဏာသန္နအခါ၌၊ ပဋိသန္ဓိယာ–နှင့်၊ သမာနဝီထိယံ ဝိယ–တူသောဝီထိ၌ကဲ့သို့၊ ပဝတ္တမာနာနိ–ဖြစ်ကုန်သော၊ စုတိအာသန္နဇဝနာနိ–စုတိ၏အနီးဖြစ်သော ဇောတို့သည်၊ (မရဏာသန္နဇောတို့သည်၊) ကထံ–အဘယ်သို့လျှင်၊ ပုနပ္ပုနံ–အဖန်ဖန်အထပ်ထပ်၊ လဒ္ဓါသေဝနာနိ–ရအပ်သော အာသေဝနရှိကုန်သည်၊ သိယုံ–ဖြစ်နိုင်ပါကုန်အံ့နည်း၊ စ–သည်သာမကသေး၊ ကထံ–အဘယ်သို့လျှင်၊ တာနိ–ထို စုတိ၏အနီးဖြစ်သောဇောတို့သည်၊ (ထို မရဏာသန္နဇောတို့သည်၊) တဒါ–ထိုမရဏာသန္နအခါ၌၊ တဏှာယ–သည်၊ ပရာမဋ္ဌာနိ–သုံးသပ်အပ်ကုန်သည်၊ (သိယုံ–အံ့နည်း။)

အပိစ–သည်သာမကသေး၊ ပစ္စုပ္ပန္နံ–ပစ္စုပ္ပန်ဖြစ်သော၊ ကမ္မနိမိတ္တံ–သည်၊ စုတိအာသန္နပဝတ္တာနံ–စုတိအနီး၌ဖြစ်ကုန်သော၊ ပဉ္စဒွါရိကဇဝနာနံ–ပဉ္စဒွါရိက ဇောတို့၏လည်း၊ အာရမဏံ–သည်၊ ဟောတိ–၏၊ ပဉ္စဒွါရိကကမ္မဥ္စ–ပဉ္စဒွါရိက ကံသည်လည်း၊ ပဋိသန္ဓိနိဗ္ဗတ္တနကံ–ပဋိသန္ဓေကို ဖြစ်စေနိုင်သည်၊ န ဟောတိ–မဖြစ်၊ (ကသ္မာ–နည်း၊) ပရိဒုဗ္ဗလဘာဝတော–ထက်ဝန်းကျင်အားမရှိသည်၏ အဖြစ်ကြောင့်တည်း၊ ဣတိ–ဤသို့၊ အဋ္ဌကထာယံ–၌၊ ဝုတ္တံ–ပြီ၊ ဣတိ–ထို့ကြောင့်၊ (စုတိအာသန္နဇဝနေဟိ–တို့သည်၊ ဂဟိတသ–သော၊ တသ–ထိုကမ္မနိမိတ်၏၊ ပစ္စုပ္ပန္နဘာဝေါ–ပစ္စုပ္ပန်၏အဖြစ်သည်၊ ကထံသမ္ဘဝတိ–နည်း၊ န သမ္ဘဝတိဧဝ–မဖြစ်နိုင်သည်သာလျှင် မဟုတ်ပါလော၊ ဣတိ–ဤကား စောဒနာတည်း။)

---

**နဟိ ။ပေ၊ ဝုတ္တံတိ**။ ။ထိုသို့စောဒနာရခြင်း၏ အကြောင်းကို ပြလို၍ "န ဟိ" စသည် မိန့်၊ ["ကတတ္တာ ။ပေ၊ အာကမုတိ"သည် ဥပစိတဘာဝါဘာဝတော၏ အကျယ်တည်း၊ "ပဋိသမ္ဘိဒါမဂ္ဂေစ ။ပေ၊ ပရာမဋ္ဌာနိ"သည် အနသာဒိတတ္တာ၏ အကျယ်တည်း၊ တဒါစ–စသည်ကား ထိုနှစ်မျိုးကို ပြန်၍ချဲ့သော အဆက်တည်း၊ အပိစ–စသည်မှာ တစ်မျိုးထပ်၍ အကြောင်းပြခြင်းတည်း၊ ထိုအားလုံးကို ဘာသာဋီကာ၌ ပြထားပြီ။]

တေ်–ဤသင်္စောဒကၡ၏ အကြောင်းပြသည်၊ သစ္စံ–မှန်ပါပေ၏၊ ပန–ထိုသို့ ပင်မှန်ပါသော်လည်း၊ ဉာတကာဒီဟိ–ဆွေမျိုးအစရှိသူတို့သည်၊ ဥပဋ္ဌာပိတေသု–ကပ်၍တည်စေအပ်ကုန်သော၊ ဝါ–ထင်စေအပ်ကုန်သော၊ ပုပ္ဖာဒီသု–ပန်းအစရှိသော ဝတ္ထုတို့သည်၊ သန္နိဟိတေသွေဝ–အနီး၌တည် ရှိကုန်စဉ်သာလျှင်၊ မရဏာသန္နဝတော–သေခြင်း၏ဖြစ်သင့်ခြင်းကြောင့်၊ တတ္ထ–ထိုပန်းအစရှိသော ဝတ္ထုတို့၌၊ ဝဏ္ဏာဒိကံ–အဆင်းအစရှိသော အာရုံကို၊ အာရဗ္ဘ–အာရုံပြု၍၊ စုတိအာသန္နဝီထိတော–စုတိ၏အနီးဖြစ်သောဝီထိမှ၊ (ဝါ–မရဏာသန္နဝီထိမှ၊) ပုရိမဘာဂပ္ပဝတ္တာနံ–ရှေ့အဖို့၌ဖြစ်ကုန်သော၊ ပဋိသန္ဓိဇနနသမတ္ထာနံ–ပဋိသန္ဓေကိုဖြစ်စေခြင်း၌ စွမ်းနိုင်ကုန်သော၊ မနောဒွါရိကဇဝနာနံ–မနောဒွါရိကဇောတို့၏၊ [ဤစကားဖြင့် အားနည်းသော ပဉ္စဒွါရိကဇောကိုတားမြစ်သည်၊] အာရမဏဘူတေန–အာရုံဖြစ်၍ဖြစ်သော ကမ္မနိမိတ်နှင့်၊ သဟ–ကွ၊ သမာနတ္တာ–တူသည်၏အဖြစ်ကြောင့်၊ တဒေကသန္တတိပတိတံ–ထိုကမ္မနိမိတ်နှင့် တစ်ခုတည်းသော အစဉ်၌ကျရောက်သော၊ စုတိအာသန္နဇဝနဂ္ဂဟိတမ္ပိ–စုတိ၏အနီးဖြစ်သော ဇောသည်ယူအပ်သည်လည်း၊ ပစ္စုပ္ပန္နံ–ဖြစ်သော၊ ဝဏ္ဏာဒိကံ–အဆင်းအစရှိသော အာရုံကို၊ ကမ္မနိမိတ္တဘာဝေန–ကမ္မနိမိတ်၏ အဖြစ်ဖြင့်၊ ဝါ–ကမ္မနိမိတ်ဟူသော နာမည်ဖြင့်၊ ဝုတ္တံ–ပြီ။

---

**သစ္စမေတံ ၊ပေ၊ ဝုတ္တံ**။ ။ကမ္မနိမိတ်၏ ပစ္စုပ္ပန်မဖြစ်နိုင်ခြင်း၏ အကြောင်းပြသော စောဒကစကား အားလုံး၏ မှန်ကန်ကြောင်းကို "သစ္စမေတံ"ဟု ဝန်ခံပြီးလျှင် ထိုသို့ မှန်သော်လည်း ကမ္မနိမိတ်အစစ်နှင့်တူသောကြောင့် သဒိသူပစာရအားဖြင့် မရဏာသန္နဇော သည် ယူအပ်သော ပစ္စုပ္ပန်အဆင်းစသည်ကိုလည်း ကမ္မနိမိတ်အဖြစ်ဖြင့် ဆိုနိုင်သည်–ဟု ဖြေသည်။

**သမာနတ္တာ**။ ။[သမာနတ္တာကို ဝုတ္တံ၌ စပ်၊] မရဏာသန္နဝီထိ မရောက်မီ ရှေ့နား၌ဖြစ်သော မနောဒွါရိကဇောတို့၌ ပဋိသန္ဓေကျိုးကိုပေးနိုင်သော ကံ(စေတနာ) ပါရှိ၏၊ ဘာ့ကြောင့်နည်း–ဥပစိတ (အထပ်ထပ်ဖြစ်မှု အာသေဝန ဖြစ်သောကြောင့် လည်းကောင်း, သေခါနီးမှ အလွန်အားကိုးလောက်သော ကံဖြစ်၍ အဿာဒ (နိကန္တိ တဏှာဖြင့် သာယာမှုလည်း) ဖြစ်သောကြောင့်လည်းကောင်း, မနော ဒွါရိကဇောဖြစ်၍ (ပဉ္စဒွါရိကဇောများကဲ့သို့ အားမနည်းဘဲ) အားရှိသောကြောင့်လည်းကောင်းတည်း၊ ထို့ကြောင့် ထိုစေတနာသည် ယခု အကျိုးပေးတော့မည် ဖြစ်လျှင် ထိုစေတနာ၏ အာရုံဖြစ်သော ပန်းအဆင်းစသည်လည်း ကမ္မနိမိတ်အစစ်ပင်တည်း၊ မရဏာသန္နဇောက ဆက်၍ယူအပ်သော အာရုံသည် ထိုကမ္မနိမိတ်အစစ်နှင့် အဆင်း စသည်ချင်းတူ၏၊ ထို့ကြောင့် သဒိသူပစာရအားဖြင့် ထိုမရဏာသန္နဇော၏ အာရုံကို လည်း ကမ္မနိမိတ်အဖြစ်ဖြင့် ဆိုထားသည်။

**တဒေကသန္တတိ ပတိတံ**။ ။မရဏာသန္နဇောသို့ မရောက်မီမနောဒွါရိကဇောသည် ယူအပ်သောအဆင်းနှင့် (သန္တတိပညတ်အားဖြင့်) တစ်ခုတည်းသာ ဖြစ်၏၊ [ပရမတ္ထအားဖြင့် ခဏတိုင်းပျက်သောကြောင့် တစ်ခုတည်းမဟုတ်သော်လည်း သန္တတိ

ဝေဋ္ဌကတ္တာ–ကြောင့်၊ အာနန္ဒာစရိယေန–မူလဋီကာဆရာ အရှင်အာနန္ဒာသည်၊ ပဋ္ဌဒ္ဓါရေစ ၊ပေ၊ ဒဋ္ဌဗ္ဗန္တိ–ဟူ၍၊ ဝုတ္တံ–ပြီ၊ [ပဋ္ဌဒ္ဓါရေစ–မရဏာသန္နပဋ္ဌဒ္ဓါရ၌လည်း၊ အာပါတံ–ရှေ့ရှုကျခြင်းသို့၊ အာဂစ္ဆန္တံ–ရောက်သော၊ ပစ္စုပ္ပန္နံ–သော၊ ကမ္မနိမိတ္တံ–ကို၊ (ဒဋ္ဌဗ္ဗံ၌ စပ်၊) ဝါ–သည်၊ (ဥပ္ပန္နံ တံသဒိသံ၌ စပ်၊) အာသန္နကတကမ္မာရမဏာသန္နတိယံ–မရဏာသန္နဝိထိ၏ အနီး၌ပြုအပ်သောကံ၏အာရုံအစဉ်၌၊ ဥပ္ပန္နံ–ဖြစ်၏၊ တံသဒိသံ–ထို ကမ္မနိမိတ်နှင့် အလားတူ၏၊ ဣတိ–သို့၊ ဒဋ္ဌဗ္ဗံ–မှတ်ထိုက်၏။]

**၉၄**။ ယထာရဟန္တိ–ကား၊ ဒုတိယ ၊ပေ၊ တတိယာနံ–ဒုတိယ, စတုတ္ထ, ပဉ္စမ တတိယဖြစ်ကုန်သော၊ ပဋိသန္ဓိနံ–အရူပပဋိသန္ဓေတို့အား၊ အနုရူပတော–လျော်သောအားဖြင့်၊[ဒုတိယ,စတုတ္ထအရူပပဋိသန္ဓေ၏အာရုံသည် အစဉ်အတိုင်း ပဉ္စမာရုပ္ပဝိညာဉ်စိတ်နှင့် တတိယာရုပ္ပဝိညာဉ်စိတ်ဟူသော မဟဂ္ဂုတ်ကမ္မနိမိတ်တည်း၊ ပဉ္စမ,တတိယအရူပပဋိသန္ဓေ၏အာရုံကား ကောင်းကင်ပညတ်နှင့် နတ္ထိဘောပညတ် ကမ္မနိမိတ်တည်း၊ ဤသို့ ယထာရဟ ဖြစ်ပုံကို သိပါ။]

**၉၅**။ အာရုပ္ပစုတိယာ–အာရုပ္ပစုတိမှ၊ ပရံ–နောက်၌၊ ဟေဋ္ဌိမာရုပ္ပဝဇ္ဇိတာ–အောက်အောက် အရူပသည် ကြဉ်အပ်ကုန်သော၊ အာရုပ္ပပဋိသန္ဓိယော–အာရုပ္ပပဋိသန္ဓေတို့သည်၊ ဟောန္တိ–န်၏၊ (ကသ္မာ–နည်း၊) ဥပရူပရိအရူပီနံ–အထက်ထက် အရူပဖြဟ္မာတို့၏၊ ဟေဋ္ဌိမဟေဋ္ဌိမကမ္မဿ–အောက်အောက်ကံကို၊ အနာယူဟနတော–အားမထုတ်ခြင်းကြောင့်တည်း၊ ပန–ဆက်၊ ဥပစာရဇ္ဈာနဿ–ဥပစာရဈာန်၏၊ ဗလဝဘာဝတော–အားရှိသည်၏ အဖြစ်ကြောင့်၊ တဿ–ထိုဥပစာရဈာန်၏၊ ဝိပါကဘူတာ–အကျိုးဖြစ်၍ဖြစ်ကုန်သော၊ ကာမတိဟေတုကာ–ကာမတိဟိတ်ဖြစ်ကုန်သော၊ ပဋိသန္ဓိယော–တို့သည်၊ ဟောန္တိ–န်၏၊

ရူပါဝစရစုတိယာ–ရူပါဝစရစုတိမှ၊ ပရံ–၌၊ အဟေတုကရဟိတာ–အဟိတ်ပဋိသန္ဓေမှကင်းကုန်သော၊ ဥပစာရဇ္ဈာနာနုဘာဝေနေဝ–ဥပစာရဈာန်၏အာနုဘော်ကြောင့်ပင်၊ ဒုဟေတု၊ပေ၊ပဋိသန္ဓိယော–ဒုဟိတ် တိဟိတ်ပဋိသန္ဓေတို့သည်၊ သိယုံ–န်၏၊ ကာမတိဟေတုမှာ–ကာမတိဟိတ်ဖြစ်သော၊ စုတိတော–မှ၊ ပရံ–၌၊ သဗ္ဗာဝေ–အလုံးစုံသာလျှင်ဖြစ်ကုန်သော၊ ကာမ၊ပေ၊ပရိယာပန္နာ–

ပညတ်အားဖြင့် တစ်ခုတည်းဖြစ်သည်–ဟူလို၊] ဤသို့ တစ်ခုတည်းသော အစဉ်၌ ကျရောက်သော (သန္တတိပညတ်အားဖြင့် နှစ်ခုမဟုတ်, တစ်ခုတည်းဖြစ်သော) ပန်းစသော အဆင်းအာရုံကို မရဏာသန္နဇော၏ အာရုံဖြစ်ခိုက်မှာလည်း ကမ္မနိမိတ် ဟုပင် ဆိုရသည်၊ [မူလဋီကာ၏ "အာသန္နကတကမ္မာရမဏာသန္တတိယံ ဥပ္ပန္နံ"နှင့် တဒေကသန္တတိပတိတံ" ဟူသော ဤစကားသည် အဓိပ္ပာယ်အတူပင်တည်း၊]

ကာမဘဝ, ရူပဘဝ, အရူပဘဝ၌ အကျုံးဝင်ကုန်သော၊ ယထာရဟံ-လျော်စွာ၊ အဟေတုကာဒိပဋိသန္ဓိယော-အဟိတ် အစရှိသော ပဋိသန္ဓေ (၂၀)တို့သည်၊ သိယုံ-န်၏၊ ဣတရာ-ဆိုအပ်ပြီးမှ တစ်ပါးသော၊ ဒွိဟေတုကာဟေတုက စတိတော-ဒွိဟိတ်, အဟိတ်စုတိမှ၊ ပရံ-၌၊ ကာမေသွေဝ-ကာမဘဝလျှင် ဖြစ်ကုန်သော၊ ဘဝေသု-ဘဝတို့၌၊ တိဟေတုကာဒိပဋိသန္ဓိယော-တိဟိတ် အစရှိသော ပဋိသန္ဓေတို့သည်၊ သိယုံ-န်၏၊ [ဤဂါထာအဖွင့်၏ အဓိပ္ပာယ်မှာ အခြေပြုနှင့်ဘာသာဋီကာ၌ ပြထားပြီ၊]

**၉၉**။ ပဋိသန္ဓိယာ-ပဋိသန္ဓေစိတ်၏၊ နိရောဓဿ-ချုပ်ခြင်း၏၊ ဝါ-ဘင်၏၊ အနန္တရတော-အခြားမဲ့မှ၊ ပဋိသန္ဓိနိရောဓာနန္တရတော-ပဋိသန္ဓေစိတ်ချုပ်ခြင်း၏ အခြားမဲ့မှ၊ တဒေဝစိတ္တန္တိ-ကား၊ တံသဒိသတာယ-ထို ပဋိသန္ဓေစိတ်နှင့် အလားတူသည်၏ အဖြစ်ကြောင့်၊ ဝါ-အတွက်၊ တဗ္ဗောဟာရပဝတ္တတ္တာ-တဒေဝစိတ္တံဟူသော ထိုအခေါ်အဝေါ်ဖြစ်နိုင်သည်၏ အဖြစ်ကြောင့်၊ တဒေဝ စိတ္တံ-ထို ပဋိသန္ဓေစိတ်သည်ပင်၊ [ဘဝင်္ဂသန္တတိသင်္ခါတံ-သော၊ မာနသံ-သည်၊ ပဝတ္တတိ-၏၊ ဟု ထည့်စပ်၊] တာနိယေဝသြသမာနီတိယထာ-ထို ဆေးတို့ပင် ဟူသကဲ့သို့တည်း၊ [အခြေပြု၌ အဓိပ္ပာယ်ကို ပြထားပြီ။]

အသတိဝီထိစိတ္တုပ္ပာဒေတိ-ကား၊ အန္တရန္တရာ-ဘဝင်၏အကြား အကြား၌၊ ဝီထိစိတ္တာနံ-ဝီထိစိတ်တို့၏၊ ဥပ္ပာဒေ-ဖြစ်ခြင်းသည်၊ အသတိ-မရှိလတ်သော်၊ [ဘဝင်္ဂသန္တတိသင်္ခါတံ မာနသံ ပဝတ္တတိ၌ စပ်၊] တဒေဝစိတ္တံ-ထို ပဋိသန္ဓေ စိတ်သည်ပင်၊ စုတိစိတ္တံ-စုတိစိတ်သည်၊ ဟုတွာ-၍၊ နိရုဇ္ဈတိ-ချုပ်၏၊ ဣတိ-သို့၊ သမ္ဗန္ဓော-ပုဒ်တို့ကို ဆက်စပ်ခြင်းသည်၊ (ဟောတိ-၏၊ ...တဒေဝ စိတ္တံ ဟူသော ပုဒ်ကို လိုက်စေ၍ စပ်ပါ-ဟူလို၊) ယာဝဝဋ္ဋမူလသမုစ္ဆေဒါ-ဝဋ်မြစ် ပြတ်စဲသည့်တိုင်အောင်၊ ပရိဝတ္တန္တာ-အဆက်ဆက် လည်ကုန်လျက်၊ ပဝတ္တန္တိ-ဖြစ်ကုန်၏၊ ဣတိ-ဤကား၊ အဓိပ္ပာယော-အရှင်အနုရုဒ္ဓါ၏ အလိုတည်း။

**၁၀၂**။ ဣဟ ဘဝေ-ဤပစ္စုပ္ပန်ဘဝ၌၊ ပဋိသန္ဓိစေဝ-သည်လည်းကောင်း၊ ဘဝင်္ဂဉ္စ-သည်လည်းကောင်း၊ ဝီထိယောစ-ဝီထိတို့သည်လည်းကောင်း၊ စုတိစ-သည်လည်းကောင်း၊ (ပရိဝတ္တန္တိ) ယထာ-ဆက်ကာ ဆက်ကာ ဖြစ်ကုန်သကဲ့သို့၊ တထာ-ထို့အတူ၊ ပုန-ဖန်၊ ဘဝန္တရေ-ဘဝတစ်ပါး၌၊ ပဋိသန္ဓိဘဝင်္ဂန္တိဧဝမာဒိကာ-ပဋိသန္ဓေ ဘဝင် ဤသို့ အစရှိသော၊ အယံ စိတ္တသန္တတိ-ဤစိတ်အစဉ်သည်၊ ပရိဝတ္တတိ-ဆက်ကာ ဆက်ကာ ဖြစ်၏၊ ဣတိ-ကား၊ ယောဇနာ-တည်း။

ပန-ဝါဒန္တရကား၊ ကေစိ-အချို့ဆရာတို့သည်၊ ဣမဿ ပရိစ္ဆေဒေ-ဤ ပဉ္စမအပိုင်း၌၊ ဝီထိမုတ္တသင်္ဂဟဿဝ-ဝီထိမုတ်စိတ်ကို သိမ်းကျုံးယူကြောင်း

စကား၏သာလျှင်၊ ဝါ–ကိုသာလျှင်၊ ဒဿိတတ္တာ–ပြအပ်သည်၏အဖြစ်ကြောင့်၊ ပဋိသန္ဓိဘဝင်္ဂစုတိနမေဝ–ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တို့ကိုသာ၊ ဣဓ–ဤဂါထာ၌၊ ဂဟဏံ–ယူခြင်းသည်၊ ယုတ္တံ–သင့်၏၊ ဣတိအဓိပ္ပာယေန–ဤသို့သောအလိုဖြင့်၊ ပဋိသန္ဓိဘဝင်္ဂဝီထိယောတိဣမဿ–ပဋိသန္ဓိဘဝင်္ဂ ဝီထိယောဟူသော ဤပုဒ်၏၊ ပဋိသန္ဓိဘဝင်္ဂပ္ပဝါဟာ–ပဋိသန္ဓေ ဘဝင်အယဉ် တို့သည်၊ (ပရိဝတ္တန္တိ–ဆက်ကာဆက်ကာ ဖြစ်ကြကုန်၏၊) ဣတိ အတ္ထံ–ဤအနက်ကို၊ ဝဒန္တိ–ဆိုကြကုန်၏။

တံ–ထိုစကားသည်၊ တေသံ–ထို ကေစိဆရာတို့၏၊ မတိမတ္တံ–အသိဉာဏ် မျှသာတည်း၊ ဝါ–အယူမျှသာတည်း၊ (ကသ္မာ–ကြောင့်နည်း၊) ပဝတ္တိသင်္ဂဟ ဒဿနာဝသာနေ–ပဝတ္တိသင်္ဂဟကို ပြခြင်း၏အဆုံး၌၊ တတ္ထ–ထိုပဝတ္တိသင်္ဂဟ၌၊ သင်္ဂဟိတာနံ–သိမ်းယူအပ်ကုန်သော၊ သဗ္ဗေသမေဝ–အလုံးစုံသော ပဋိသန္ဓေ, ဘဝင်, ဝီထိ, စုတိစိတ်တို့ကိုပင်၊ နိဂမနဿ–နိဂုံးအုပ်ခြင်း၏၊ ဝါ–ကို၊ အဓိပ္ပေတတ္တာ–အလိုရှိအပ်သည်၏ အဖြစ်ကြောင့်တည်း၊ ဟိ–လဒ္ဓဂုဏ်ကို ပြဦးအံ့၊ ဧဝံ–ဤသို့ပဋိသန္ဓေ ဘဝင် ဝီထိစုတိအားလုံးကို သိမ်းကြုံးယူခြင်း သည်၊ သတိ–ဖြစ်လတ်သော်၊ ပဋိသန္ဓါယပနေတမဒ္ဒုဝံတိ ဧတ္ထ–ဟူသော ဤပါဌ်၌၊ သဗ္ဗေသမေဝ–လုံးစုံသော ပဋိသန္ဓေ, ဘဝင်, ဝီထိ, စုတိတို့ကိုပင်၊ တေသဒ္ဒေန–တေသဒ္ဒါဖြင့်၊ ပရာမသနံ–သုံးသပ်ခြင်းသည်၊ ဝါ–စွဲယူခြင်းသည်၊ သုဋ္ဌု–ကောင်းစွာ၊ ဥပပန္နံ–ပြည့်စုံလုံလောက်သည်၊ ဟောတိ–ဖြစ်၏။

---

**ကေစိ ပန ဓေပ၊ ဥပပန္နံ။** ။ကေစိဆရာတို့သည် ဝီထိမုတ်ပိုင်း နိဂုံးဖြစ်သောကြောင့် ဝီထိမုတ်မည်သော ပဋိသန္ဓေ ဘဝင် စုတိတို့ကိုသာ ယူသင့်၏၊ ဝီထိပိုင်းနှင့်ဆိုင်သော ဝီထိစိတ်တို့ကို မယူသင့်၊ ထို့ကြောင့် ပဋိသန္ဓိဘဝင်္ဂဝီထိယောပါဌ်၌ ဝီထိသဒ္ဒါအတွက် ပဝါဟ–အယဉ် (အစဉ်) အနက်ကို ယူလိုကြသည်၊ ဤဋီကာဆရာကား ဤနိဂုံးသည် ဝီထိပိုင်းနှင့် ဝီထိမုတ်ပိုင်း နှစ်ပိုင်းလုံး၏ နိဂုံးဖြစ်၏၊ ထို့ကြောင့် ဝီထိနှင့် ဝီထိမုတ်စိတ် တို့၏ ဖြစ်ပုံကိုပြသော ပဝတ္တိသင်္ဂဟ နှစ်ပါးလုံး၏ အဆုံးဝယ် ဝီထိစိတ်ကိုလည်း ယူသင့်သည်–ဟု ယူဆ၍ "ဝီထိ"အရ ဝီထိစိတ်ကိုပင် ဖွင့်ပြသည်။

**မှတ်ချက်။** ။ဝီထိပိုင်းအစ၌ "ပဝတ္တိသင်္ဂဟံ နာမ, ပဋိသန္ဓိပဝတ္တိယံ"ဟု ဝီထိပိုင်း ဝီထိမုတ်ပိုင်း နှစ်ပိုင်းလုံးကို "ပဝတ္တိသင်္ဂဟံ"ဟု နာမည်တပ်ခဲ့သောကြောင့် ဤဋီကာကျော် ဖွင့်သည့်အတိုင်းသာ သင့်သည်။

**လဒ္ဓဂုဏ်။** ။ဧဝံ ဟိ သတိကား လဒ္ဓဂုဏ်ဝါကျတည်း၊ ထိုသို့ ဝီထိစိတ်ကိုပါ ယူလိုက်မှ တေအစွဲ၌ ဝီထိစိတ်ပါ စွဲရသဖြင့် အနက်ပြည့်စုံခြင်း အကျိုးရသည်၊ "တေ– ဤပဋိသန္ဓေ ဘဝင် ဝီထိ စုတိအားလုံးကို၊ အဓုဝံ–မမြဲ"ဟု ဝိပဿနာတင်ရာ၌ ဝီထိစိတ် တွေပါ ပါနေသောကြောင့် အဓုဝဖြစ်သော တရားအားလုံး စုံလင်သည်–ဟူလို။

ယထာဝုတ္တံ–အကြင်အကြင် ဆိုအပ်ပြီးသော၊ စေတံ ဝင္ဋပဝတ္တံ–ဤ မပြတ် ဖြစ်သောဝဋ်ကို၊ အဲဒ္ဓုဝံ–မခိုင်ခန့်ဟူ၍၊ အနိစ္စံ–မမြဲဟူ၍၊ ပလောကဓမ္မံ–ပျက်စီးခြင်းသဘောရှိ၏ဟူ၍၊ ပဋိသင်္ခါယ, ပစ္စဝေက္ခိတွာ–ပညာဖြင့်ဆင်ခြင်၍၊ ဗုဓာ, ပဏ္ဍိတာ–ပညာရှိတို့သည်၊ စိရာယ, စိရံကာလံ–ကြာမြင့်စွာသော ကာလပတ်လုံး၊ သုဗ္ဗတာ–သီလဖြူစင်, ဓုတင်ကိုဖြည့်, သမာဓိလောင်း, ကောင်းသော အကျင့်ရှိကြကုန်သည်၊ ဟုတွာ–၍၊ အစ္စုတံ–စုတေခြင်းမရှိသော၊ ဓုဝံ–ခိုင်မြဲသော၊ အစလနဓမ္မံ–ရွေ့လျောခြင်းသဘော မရှိသော၊ ပဒံ, နိဗ္ဗာနံ–ကို၊ အဓိဂန္တွာ–၍၊ မဂ္ဂဖလညာဏေန–မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့်၊ သစ္ဆိကတွာ–မျက်မှောက်ပြု၍၊ တတောယေဝ–ထိုသို့မျက်မှောက်ပြုခြင်းကြောင့်ပင်၊ သုဋ္ဌု–ကောင်းစွာ၊ သမုစ္ဆိန္နသိနေဟဗန္ဓနာ–ဖြတ်တောက်အပ်ပြီးသော တဏှာအစေး တည်းဟူသော အနှောင်အဖွဲ့ရှိကုန်သည်၊ ဝါ–တဏှာအစေးတည်းဟူသော အနှောင်အဖွဲ့ကို ဖြတ်တောက်ပြီးကုန်သည်၊ (ဟုတွာ–၍၊) သမံ, နိရုပဓိသေသ နိဗ္ဗာနဓာတုံ–ခန္ဓာငါးပါးတည်းဟူသော ဥပဓိအကြွင်းအကျန် မရှိသော နိဗ္ဗာနဓာတ်သို့၊ သေယန္တိ, ပါပုဏိသန္တိ–ရောက်ကြရကုန်လတ္တံ့။

ဣတိ–ဤ ဆိုအပ်ပြီးသော သဒ္ဒါအစဉ် အနက်အစဉ်ဖြင့်၊ အဘိဓမ္မတ္ထ ဝိဘာဝနိယာနာမ–အဘိဓမ္မတ္ထဝိဘာဝနီမည်သော၊ အဘိဓမ္မတ္ထသင်္ဂဟဝဏ္ဏနာ ယ–အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၏ အဖွင့်၌၊ ဝါ–အဖွင့်တွင်၊ ဝီထိမုတ္တပရိစ္ဆေဒ ဝဏ္ဏနာ–သည်၊ နိဋ္ဌိတာ–ပြီးပြီ။

---

**အနက်ဖွင့်ပုံ။** ။ပနေတံ၌ စေတံကို ပြခဲ့သော "ပဋိသန္ဓေ ဘဝင် ဝီထိ စုတိ"ဟူသော ဝဋ်တရားကို စွဲပါဟု သိစေလို၍ "ယထာဝုတ္တံ ဝဋ္ဋပဝတ္တံ"ဟု ဖွင့်သည်၊ ပ–အဆက်မပြတ်၊+ဝတ္တ–ဖြစ်သော+ဝဋ္ဋ–ဝဋ်တရား၊ ပဋိသင်္ခါယကို "ပစ္စဝေက္ခိတွာ"ဟု ဖွင့်သောကြောင့် သင်္ခါယ၌ ယသည် တွာပစ္စည်း၏ကာရိယ ဟု သိစေ၏၊ ဗုဓာကို "ပဏ္ဍိတာ"ဟု ဖွင့်၏၊ စိရာယကို "စိရံကာလံ"ဟု ဖွင့်သောကြောင့် စိရာယ သဒ္ဒါသည် စိရကာလအနက်ကို ဟောသော ဒုတိယန္တနိပါတ်ပုဒ်ဟု သိစေ၏။

အစ္စုတံကို "ဓုဝံ, အစလနဓမ္မံ"ဟု ဖွင့်၏၊ ထိုသို့ဖွင့်သဖြင့် စုတံ၌ တပစ္စည်း၏ ဘာဝဟောဖြစ်ကြောင်းကိုလည်းကောင်း, "နတ္ထိ+စုတံ ယဿာတိ အစ္စုတံ"ဟူသော သမာသ်ကိုလည်းကောင်း သိစေ၏၊ ပဒံကို "နိဗ္ဗာနံ"ဟု ဖွင့်သဖြင့် အဘိဓာန်၌ လာသော ပဒပုဒ်၏အနက်တို့တွင် နိဗ္ဗာန်အနက်ဟောဟု ပြ၏၊ "ပါပုဏိတဗ္ဗံ–မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြင့် ရောက်ထိုက်၏၊ ဣတိ ပဒံ"ဟု ပြု၊ သုသမုစ္ဆိန္န၌ သုကို "သုဋ္ဌု"ဟု ဖွင့်၏၊ သမံကို "နိရုပဓိသေသနိဗ္ဗာနဓာတုံ"ဟု ဖွင့်၏၊ သေယန္တိကို "ပါပုဏိသန္တိ"ဟု ဖွင့်သည်။

## ဝီထိမုတ်ပိုင်းအဖွင့် ပြီးပြီ။

# ရုပ်ပိုင်းနိဿယ

**၁။** ဝေ–ဤသို့၊ (ဝါ–ဤဆိုအပ်ပြီးသော ငါးပိုင်းတို့ဖြင့်၊) တာဝ–ရုပ်, နိဗ္ဗာန်တို့မှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌ–သော၊ အဘိဓမ္မတ္ထံ၌စပ်၊) စိတ္တစေတသိက ဝသေန–စိတ်, စေတသိက်တို့၏ အပြားအားဖြင့်၊ ဒုဝိခံ–နှစ်ပါးအပြားရှိသော၊ အဘိဓမ္မတ္ထံ–အဘိဓမ္မတ္ထကို၊ ဒဿယိတွာ–ပြပြီး၍၊ ဣဒါနိ–၌၊ ရူပံ–ရုပ်ကိုလည်း ကောင်း၊ တဒနန္တရံ–ထိုရုပ်၏အခြားမဲ့၌၊ နိဗ္ဗာနံစ–နိဗ္ဗာန်ကိုလည်းကောင်း၊ ဒဿယိတုံ–ငှာ၊ ဝါ–ပြခြင်းကို၊ [မဏိမဉ္ဇူ၌ အာရဘန္တော၏ ကံကို ပြလိုသော ကြောင့် ဒဿယိတုံကို "ဒဿနံ"ဟု ကမ္မတ္ထဖွင့်၏၊] အာရဘန္တော–အားထုတ် တော်မူလိုသော၊ (အာစရိယော–သည်၊) ဧတ္တာဝတာတျာဒိ–အစရှိသော၊ (ယံ ဝစနံ–သည်၊ အတ္ထိ၊ တံ ဝစနံ–ကို၊) အာဟ–မိန့်ပြီ။ [(အာစရိယော–သည်၊ ယံ ဝစနံ–ကို၊) အာဟ–ပြီ၊ (တံ ဝစနံ–သည်၊) ဧတ္တာဝတာတျာဒိ–အစရှိသည် တည်း ဟုလည်း ပေး။]

သပ္ပဘေဒပဝတ္တိကာ–ပဘေဒလည်း ရှိကုန်, ပဝတ္တိလည်း ရှိကုန်သော၊ ဥဒ္ဒေသ၊ပေ၊ဝသေန–အကျဉ်း,အကျယ်,တစ်ဖန်အကျယ်တို့၏အစွမ်းဖြင့်၊ တီဟိ–ကုန်သော၊ ပရိစ္ဆေဒေဟိ–အပိုင်းတို့ဖြင့်၊ ဝုတ္တပ္ပဘေဒဝန္တော–ဆိုအပ်ပြီးသော အပြားရှိသည်လည်း ဖြစ်ကုန်သော၊ ပဝတ္တိပဋိသန္ဓိဝသေန–ပဝတ္တိပဋိသန္ဓေ ဝတို့၏ အစွမ်းဖြင့်၊ ဒွီဟိ–န်သော၊ ပရိစ္ဆေဒေဟိ–တို့ဖြင့်၊ ဝုတ္တပ္ပဝတ္တိဝန္တော စ–

---

**သပ္ပဘေဒ**။ ။သပ္ပဘေဒကို "ဥဒ္ဒေသ ၊ပေ၊ ဝုတ္တပ္ပဘေဒဝန္တော"ဟု ဖွင့်၏၊ ဥဒ္ဒေသ၊ပေ၊ဝသေနကို ဝုတ္တ၌စပ်၊ "အကျဉ်းချုပ် ဥဒ္ဒေသအားဖြင့်လည်း ဆိုအပ်, အကျယ်နိဒ္ဒေသအားဖြင့်လည်း ဆိုအပ်, ထပ်၍ ချဲ့ကြောင်း ပဋိနိဒ္ဒေသအားဖြင့်လည်း ဆိုအပ်ခဲ့သည်–ဟူလို၊ ထိုသို့ အောက်သုံးပိုင်းဖြင့် ဆိုအပ်ခဲ့သော စိတ်တစ်ခုယုတ်၉၀, အကျယ်(၁၂၁)ပါး, စေတသိက်(၅၂)ပါး ပြားသည်ကို "ပဘေဒ"ဟု ခေါ်သည်။

**မှတ်ချက်**။ ။စိတ်(၈၁)တွင် ကာမစိတ်(၅၄), ရူပစိတ်(၁၅) ဤသို့ စသောအားဖြင့် ကွဲပြားခြင်း, အကုသိုလ်စိတ်(၁၂) အဟိတ်(၁၈) ဤသို့စသောအားဖြင့် ကွဲပြားခြင်း များလည်း စိတ်၏ပဘေဒပင်တည်း၊ စေတသိက်(၅၂)တွင် သဗ္ဗစိတ္တသာဓာရဏ(၇), ပကိဏ်း(၆)စသောအားဖြင့် ကွဲပြားခြင်း, လောကုတ္တရာစိတ်၌ ယှဉ်သော စေတသိက် (၃၆)စသောအားဖြင့် ကွဲပြားခြင်းများလည်း စေတသိက်၏ ပဘေဒပင်တည်း၊ ဝေဒနာ သင်္ဂဟ၌ ဝေဒနာအားဖြင့် စိတ်,စေတသိက်တို့ကို သိမ်းယူခြင်းစသောအားဖြင့် ပကိဏ်း ပိုင်းလာ ကွဲပြားခြင်းများလည်း စိတ်,စေတသိက်နှစ်ပါးလုံး၏ ပဘေဒပင်တည်း၊ ဤသို့ အဓိပ္ပာယ်ယူမှ "တီဟိ ပရိစ္ဆေဒေဟိ ဝုတ္တပ္ပဘေဒဝန္တော"၏ အဓိပ္ပာယ် ပြည့်စုံမည်။

**သပ္ပဝတ္တိကာ**။ ။"ပဝတ္တိ ၊ပေ၊ ဝုတ္တပ္ပဝတ္တိဝန္တော စ"ဟု ဖွင့်၏၊ ဝီထိပိုင်း၌ ဆိုအပ်ခဲ့သော ဝီထိစိတ် (ယှဉ်ဖက် စေတသိက်)တို့၏ ဖြစ်ခြင်း, ဝီထိမုတ်ပိုင်း၌ ဆိုအပ်ခဲ့သော ပဋိသန္ဓေစိတ် (စေတသိက်)တို့၏ ဖြစ်ခြင်းကို "ပဝတ္တိ"ဟု ခေါ်သည်၊

ဆိုအပ်ပြီးသော ဖြစ်ခြင်းရှိသည်လည်း ဖြစ်ကုန်သော၊ စိတ္တစေတသိကာ–စိတ်, စေတသိက်ဖြစ်ကုန်သော၊ ဓမ္မာ–ပရမတ္ထတရားတို့ကို၊ ဇတ္တာဝတာ–ဤမျှလောက်သောငါးပိုင်းတို့ဖြင့်၊ ပဉ္စဟိ–န်သော၊ ပရိစ္ဆေဒေဟိ–တို့ဖြင့်၊ [ဇတ္တာဝတာသည် ပရိစ္ဆေဒအနက်ဟောနိပါတ်ပုဒ်၊ ထို့ကြောင့် "ပဉ္စဟိ ပရိစ္ဆေဒေဟိ"ဟု ဖွင့်သည်၊] ဟိယသ္မာ–ကြောင့်၊ ဝိဘတ္တာ–ဝေဖန်အပ်ကုန်ပြီ၊ တသ္မာ–ကြောင့်၊ ဣဒါနိ–၌၊ ယထာနုပ္ပတ္တံ–အကြင် အကြင် အစဉ်အားဖြင့် ရောက်လာသော၊ ရူပံ–ရုပ်ကို၊ ပဝုစ္စတိ–အပြားအားဖြင့် ဆိုအပ်၏၊ ဝါ–ဆိုအပ်တော့လတ္တံ့၊ ဣတိအယံ–ဤသည်ကား၊ ယောဇနာ–ပုဒ်တို့ကို ယှဉ်စေခြင်း, အနက်တို့ကို ယှဉ်စေခြင်းတည်း။ [သပ္ပဘေဒပဝတ္တိကာ စသည်ကို စိတ္တစေတသိကာ ဓမ္မာ စသည်နှင့် စပ်သင့်ရာ ပုဒ်ချင်း တွဲ၍ ပြခြင်းသည် ပုဒ်တို့ကို ယှဉ်စေပုံတည်း၊ "ဥဒ္ဒေသ ။ပေ၊ ဝုတ္တပ္ပဝတ္တိဝန္တော" စသည်ကား ရထိုက်သော အနက်တို့ကို ယှဉ်စေပုံတည်း။]

၂။ ဣဒါနိ–၌၊ ယထာ၊ပေ၊ဝိဘာဂတ္ထံ–အကြင်ကြင် ဝန်ခံအပ်ပြီးသော ရုပ်ကို ဝေဖန်ခြင်းအကျိုးငှာ၊ မာတိုကံ–ခေါင်းစဉ် မာတိကာကို၊ ထပေတုံ–ထားခြင်းငှာ၊ သမုဒ္ဒေသာတျာဒိ–အစရှိသော စကားကို၊ (အာစရိယေန–သည်၊) ဝုတ္တံ–ပြီ၊ သင်္ခေပတော–အားဖြင့်၊ ဥဒ္ဒိသနံ–သရုပ်အရ, ထုတ်ပြခြင်းသည်၊ သမုဒ္ဒေသော–မည်၏၊ [သံ+ဥဒ္ဒေသ၊ သံသည် သင်္ခေပအနက်ဟောဟု သိစေ၏၊] ဧကဝိဓာဒိဝသေန–ဧကဝိဓ အစရှိသည်တို့၏အပြားအားဖြင့်၊ ဝိဘဇနံ–ဝေဖန်ခြင်းသည်၊ ဝိဘာဂေါ–မည်၏၊ ["ဧကဝိဓမ္ပိ၊ပေ၊ကထံ–ပဿာဒ သင်္ခါတံ"စသောစကားဖြင့် ခွဲခြားဝေဖန်ပုံကို သိပါ၊] ဧတသ္မာ–ဤအကြောင်းမှ၊ ဖလံ–အကျိုးသည်၊ သမုဋ္ဌာတိ–ပေါ်ထွက်လာ၏၊ ဝါ–ဖြစ်၏၊ ဣတိ–ထို့ကြောင့်၊ (ထိုသို့ အကျိုးတရား၏ ဖြစ်ခဲ့ရာ၏ အဖြစ်ကြောင့်၊) တံ–ထိုအကြောင်းသည်၊ သမုဋ္ဌာနံ–မည်၏၊ ကမ္မာဒယော–ကံအစရှိကုန်သော၊ ရူပဇနကပစ္စယာ–ရုပ်ကို ဖြစ်စေတတ်သော အကြောင်းတို့တည်း၊ [သမုဋ္ဌာနာ အရ ရုပ်ကို ဖြစ်စေတတ်သော ကံ စိတ် ဥတု အာဟာရတို့ကို ကောက်ယူပါ–ဟူလို၊] စက္ခုဒသကာဒယော–စက္ခုဒသကအစရှိသော ရုပ်အပေါင်းတို့သည်၊ ကလာပါ–ကလာပ်တို့ မည်၏၊ ပဝတ္တိက္ကမတော စေတိ–ပဝတ္တိက္ကမတောစ ဟူသည်ကား၊ ဘဝ၊ပေ၊ ဘေဒေန–ဘုံဘဝ, အချိန်ကာလ, သတ္တဝါတို့၏ အပြားအားဖြင့်၊ ရူပါနံ–ရုပ်တို့၏၊ ဥပ္ပတ္တိက္ကမတော–ဖြစ်ပုံအစဉ်အားဖြင့်လည်းကောင်း၊ (ပဉ္စဓာဒ္ဓိစပ်)။

---

ဟိုသို့ ပဘေဒလည်း ရှိကုန်, ပဝတ္တိလည်း ရှိကုန်သော စိတ်စေတသိက်တို့ကို အောက် (၅)ပိုင်းတို့ဖြင့် အကျယ်ဝေဖန်၍ ပြီးပြီ–ဟူလို။

**ဥပ္ပတ္တိက္ကမတော**။ ။ကာမစသော ဘုံ, ပဋိသန္ဓေစသောအခါ, ဂဗ္ဘသေယျကစသော သတ္တဝါ, ဤသို့ ဘဝ, ကာလ, သတ္တဝါတို့၏ အပြားအားဖြင့်, ရုပ်တို့၏ ဖြစ်ပုံ

**၃။** ဥပါဒိန္နာနုပါဒိန္နသန္တာနေသု–ဥပါဒိန္နသန္တာန်, အနုပါဒိန္နသန္တာန်တို့၌၊ ဝါ–သက်ရှိသန္တာန်, သက်မဲ့သန္တာန်တို့၌၊ သသမ္ဘာရဓာတုဝသေန–အဆောက်အဦးနှင့် တကွဖြစ်သော ဓာတ်တို့၏အစွမ်းဖြင့်၊ မဟန္တာ–ကြီးကုန်သည်၊ ဟုတွာ–၍၊ ဘူတာ, ပါတုဘူတာ–ထင်ရှားဖြစ်သော တရားတို့တည်း၊ ဣတိ–ကြောင့်၊ မဟာဘူတာ–တတို့ မည်၏၊ (ဝါ–ကြီးကြီးမားမား ထင်ရှာ့သော တရားတို့ မည်၏။)

အထဝါ–ထို့ပြင် တစ်နည်းကား၊ အနေကဝိဓအဗ္ဘုတဝိသေသဒဿနေန–တစ်ပါးမက များသောအပြားရှိသော အံ့ဩဖွယ် အထူးကို ပြခြင်းကြောင့်လည်းကောင်း၊ အနေကာဘူတဒဿနေနဝါ–တစ်ပါးမက များသော မဟုတ်မမှန်သော အရာဝတ္ထုကို ပြခြင်းကြောင့်လည်းကောင်း၊ တေသု–ဤတရားတို့၌၊

---

အစဉ်အားဖြင့်–ဟူလို၊ ထိုသို့ ကာမဘုံစသည်အလိုက် ဖြစ်ပုံအစဉ်ကိုလည်း "သဗ္ဗာနိပိ ပနေတာနိ ရူပါနိ ကာမလောကေ"စသော စကား, "ပဋိသန္ဓိယံ ပန, ဣစ္စေဝံ ပဋိသန္ဓိ မုပါဒါယ"စသော စကား, "သံသေဒဇာနဉ္စေဝ"စသော စကားများ၌ သိရလတ္တံ့။

**ဥပါဒိန္နာ၊ပေ၊မဟာဘူတာ**။ ။"မဟန္တာ (ဟုတွာ)+ဘူတာ, မဟာဘူတာ"ဟု ပြုလိုရင်းတည်း၊ မဟန္တဖြစ်ခြင်း၏ အကြောင်းကို ပြလို၍ "ဥပါဒိန္နာ၊ပေ၊ဝသေန"ဟု မိန့်၊ အသူရိန်နတ်ကြီး ဒါနော၊ရက္ခိုရ်ကြီးစသော သက်ရှိသတ္တဝါများကို "ဥပါဒိန္န"ဟု ခေါ်၏၊ "ဥပါဒိန္န ကမ္မဇရုပ် ပါရှိသော သတ္တဝါများ"ဟူလို၊ မြင့်မိုရ်တောင်ကြီးစသော သက်မဲ့အရာဝတ္ထုကို "အနုပါဒိန္န"ဟု ခေါ်၏၊ ထိုသက်ရှိသက်မဲ့တို့၏ သန္တာန်(ခန္ဓာအစဉ်)၌ ပထဝီ စသော ဓာတ်လေးပါးတို့ မဟန္တဖြစ်ကြသည်–ဟူလို။

**သသမ္ဘာရဓာတုဝသေန**။ ။ပထဝီစသော မဟာဘုတ်တို့သည် ပင်ကိုသဘောအားဖြင့် (အသူရိန်နတ်ကြီးသန္တာန်မှာ ဖြစ်စေ, ပိုးမွှားကလေးသန္တာန်မှာ ဖြစ်စေ) အကြီးအငယ်ဟု ကွဲပြားမှုမရှိပါဘဲ အဘယ်၏ အစွမ်းအားဖြင့် မဟန္တ ဖြစ်ရသနည်း–ဟု မေးဖွယ်ရှိ၍ "သသမ္ဘာရဓာတုဝသေန"ဟု မိန့်သည်၊ "သမ္ဘာရ"ဟူသည် ပရမတ်အစစ်ကို ဆောင်၍ထားသော အဆောက်အဦးတည်း၊ ဥပမာ–စက္ခုပသာဒသည် ပရမတ်အစစ်တည်း၊ ထိုပသာဒကို ဆောင်၍ထားသော မျက်လုံးတစ်လုံးကား သမ္ဘာရတည်း၊ ထိုမျက်လုံးနှင့် တကွဖြစ်သော ပသာဒစက္ခုကို "သသမ္ဘာရစက္ခု"ဟု ခေါ်သကဲ့သို့, အသူရိန်နတ်၏ တစ်ကိုယ်လုံးသည် မဟာဘုတ်တို့ကို ဆောင်၍ထားသော သမ္ဘာရတည်း၊ ထိုသမ္ဘာရနှင့် တကွဖြစ်သော မဟာဘုတ်ကား သသမ္ဘာရဓာတ်တည်း၊ မဟာဘုတ် တစ်ခုချင်းမှာ မကြီးကျယ်သော်လည်း သသမ္ဘာရဓာတ်အနေအားဖြင့် ကြီးကြီးမားမား ဖြစ်၍ အများမျက်မြင် ထင်ရှားသောကြောင့် "မဟန္တာ ဟုတွာ ဘူတာ"အရ မဟာဘူတ အမည်ရသည်၊ ပါတုဘူတာကား ဘူတာ၏ အနက်ဖွင့်တည်း။

**အထဝါ ၊ပေ၊ မာယာကာရာဒယော**။ ။အနေကဝိဓ အဗ္ဘုတဝိသေသဒဿနေန သည် "မဟန္တာနိ + အဗ္ဘုတာနိ တေသု"ဟူသော ဝိဂ္ဂဟ၏အကြောင်းပြတည်း၊ "များစွာသော အံ့ဩဖွယ် ဒံ့သူးအဆန်းတို့ကို ပြတတ်သောကြောင့် မျက်လှည့်သည်များကို

မဟန္တာဒိနိ–များစွာကုန်သော၊ အဗ္ဘုတာနိ–အံ့ဩဖွယ်တို့သည်လည်းကောင်း၊ အဘူတာနိ ဝါ–မဟုတ်မမှန်သော အရာဝတ္ထုတို့သည်လည်းကောင်း၊ (သန္တိ–န်၏၊) ဣတိ–ကြောင့်၊ မဟာဘူတာ–တို့မည်၏၊ မာယာကာရာဒယော–မျက်လှည့်သည် အစရှိသူတို့တည်း။

သယံ–မိမိ မဟာဘုတ်တို့ကိုယ်တိုင်၊ အနီလာဒိသဘာဝါနေဝ–နီလအစရှိသော သဘောမရှိကုန်သည်သာလျှင်၊ (ဟုတွာ–၍၊ ဝါ–ပါလျက်၊) နီလာဒိ ဥပါဒါယရူပဒဿနာဒိတော–နီလအစရှိသော ဥပါဒါရုပ်ကို ပြခြင်း အစရှိသည် အားဖြင့်၊ [နီလာဒိ၌ အာဒိဖြင့် ပီတ လောဟိတ စသည်ယူ၊ ရူပဒဿနာဒိတော ၌ အာဒိဖြင့်ကား သာဝန,ဃာယန စသည်ကို ယူ၊] တေဟိ–ထိုမျက်လှည့်သည် အစရှိသူတို့နှင့်၊ သမာ–တူသောတရားတို့တည်း၊ ဣတိ–ကြောင့်၊ မဟာဘူတာ–တို့ မည်၏။

ဝါ–တစ်နည်း၊ မနာပဝဏ္ဏသဏ္ဌာနာဒိဟိ–မြတ်နိုးဖွယ်အဆင်းသဏ္ဌာန် အစရှိသည်တို့ဖြင့်၊ သတ္တာနံ–သတ္တဝါတို့ကို၊ ဝဉ္စကာ–လှည့်ပတ်တတ်ကုန်သော၊ [ဝဉ္စိကာဟု ရှိသည်ကား မကောင်း၊ အာဒယောနှင့် အရတူ ပုလ္လိင်ရုပ် ရှိမှ ကောင်းမည်၊] ယက္ခိနိအာဒယောဝိယ–ဘီလူးမ အစရှိသူတို့ကဲ့သို့၊ မနာပက္ခတ္ထိ ပုရိသရူပဒဿနာဒိနာ–မြတ်နိုးဖွယ်သော မိန်းမရုပ်, ယောကျ်ားရုပ်ကို ပြခြင်း အစရှိသည်အားဖြင့်၊ သတ္တာနံ–တို့ကို၊ ဝဉ္စကတ္တာ–လှည့်ပတ်တတ်ကုန်သည်၏

---

"မဟာဘူတ"ဟု ခေါ်ကြသည်–ဟူလို၊ ဤနည်း၌ "မဟာအဗ္ဘုတ"ဟု ဆိုလိုလျက် အ–ဗတို့ကို ချေ, ဥကို ဒီဃပြုထားသည်၊ အနေကာဘူတဒဿနေနသည် "မဟန္တာဒိ+ အဘူတာနိ ဒေဿသု"၏ အကြောင်းပြပါသည်၊ "များစွာသော မဟုတ်တရုတ်တွေကို ပြတတ်သောကြောင့်လည်း မျက်လှည့်သည်များကို "မဟာဘူတ"ဟု ခေါ်ကြသည်–ဟူလို၊ မာယံ–လှည့်ပတ်မှုကို+ကရောတီတိ မာယာကာရော၊ အာဒိဖြင့် ဘီလူးမကို ယူကြသည်။

**တေဟိ သမာနာ**။ ။ဤပါဌ်ဖြင့် "မဟာဘူတာဝိယာတိ မဟာဘူတာ"ဟူသော ဥပမာတဒ္ဓိတ်ကို ပြ၏၊ "သယံ အနီလာဒိ ၊ပေ၊ ဒဿနတော"ဖြင့် မျက်လှည့်သမားနှင့် တူပုံကို ပြ၏၊ မျက်လှည့်သမားသည် ပတ္တမြားမဟုတ်သော ရွံ့ခဲကို ပတ္တမြားလုပ်၍ အံ့ဩဖွယ်ရာကို ပြတတ်သကဲ့သို့, ပထဝီစသော ဓာတ်တို့သည် မိမိတို့က အညို အရွှေ စသည် မဟုတ်ပါဘဲ အညိုစသော အဆင်း (ဝဏ္ဏ) ဥပါဒါရုပ်ကို ပြတတ်ကြသည်။ [မဟာဘုတ်ကို မှီ၍ ဝဏ္ဏ ဂန္ဓစသော ရုပ်များက ဖြစ်ရသောကြောင့် ထိုအဆင်းကို မဟာဘုတ်က ပြသည်–ဟု ဆိုသည်။]

**မနာပ ၊ပေ၊ ဝဉ္စကတ္တာ**။ ။ဘီလူးမသည် နဂိုက မြတ်နိုးစရာ မကောင်းသော်လည်း မြတ်နိုးစရာ အဆင်းကို ဖန်ဆင်း၍ လှည့်စားတတ်သကဲ့သို့, ပထဝီစသော ဓာတ်များလည်း လှပသော မိန်းမ ယောကျ်ား ပုံသဏ္ဌာန်ဖြင့် သတ္တဝါတို့ကို လှည့်ပတ်တတ်သောကြောင့် ဘီလူးမဟူသော မဟာဘူတနှင့် တူကြလေသည်။ [ဝဉ္စကတ္တာ နောက်၌

အဖြစ်ကြောင့်၊ (ဧတေသု–ဤတရားတို့၌၊ မဟန္တာဒိ–များစွာကုန်သော၊ အဘူတာနိ–မဟုတ် မမှန်သော အရာဝတ္ထုတို့သည်၊ သန္တိ–န်၏၊ ဣတိ–ကြောင့်၊ မဟာဘူတာ–တို့ မည်၏။)

ဟိ–သာဓကကား၊ မဟန္တာ၊ပေ၊သမ္မတာတိ–ဟူသော။ ဧတံ–ဤဂါထာ စကားကို၊ (ပေါရာဏောဟိ)ပိ–တို့သည်လည်း၊ ဝုတ္တံ–ပြီ၊ [မဟန္တာ–ကြီးမားကုန်သည်၊ (ဟုတွာ–၍၊) ပါတုဘူတာ–ထင်ရှားဖြစ်ကုန်သော တရားတို့တည်း၊ ဣတိ–ထို့ကြောင့်၊ မဟာဘူတာတိ–တို့ဟူ၍၊ သမ္မတာ (သံ+မတာ)ကောင်းစွာ သိအပ်ကုန်၏၊ ဝါ–သမုတ်အပ်ကုန်၏၊ [ဤကား "မဟန္တာ ဟုတွာ ၊ပေ၊ မဟာဘူတာ"၏ သာဓကတည်း၊] ဝါ–တစ်နည်း၊ အဘူတေန–မဟုတ်မမှန်သော အရာဝတ္ထုဖြင့်၊ ဝဉ္စကတ္တာ–လှည့်ပတ်တတ်ကုန်သည်၏ အဖြစ်ကြောင့်၊ မဟာဘူတသမာ–မဟာဘူတအမည်ရသော မျက်လှည့်သည် ဘီလူးမတို့နှင့် တူကုန်သော တရားတို့တည်း၊ ဣတိ–ကြောင့်၊ (မဟာဘူတာတိ–တို့ဟူ၍၊ သမ္မတာ–ကုန်၏၊ ဝါ–န်၏၊) [ဤစကားဖြင့် "တေဟိ သမာနာ"စသည်၏ သာဓကကို ပြ၏။]

အထဝါ–ထို့ပြင် တစ်နည်းကား၊ မဟန္တပါတုဘာဝတော–ကြီးကြီးမားမား ထင်ရှားကုန်သည်၏ အဖြစ်ကြောင့်၊ မဟန္တာဒိ–မဟန္တတို့လည်း ဟုတ်၏၊ ဧတေသု–ဤတရားတို့၌၊ ဥပါဒါရူပါနိ–ဥပါဒါရုပ်တို့သည်၊ ဘဝန္တိ–ဖြစ်ကုန်၏၊ ဣတိ–ကြောင့်၊ ဘူတာနိ စ–ဘူတတို့လည်း ဟုတ်၏၊ ဣတိ–ဤနှစ်ပါးသော သတ္တိကြောင့်၊ မဟာဘူတာနိ–တတို့ မည်၏။

မဟာဘူတေ–မဟာဘုတ်တို့ကို၊ ဥပါဒါယ–စွဲမှီ၍၊ ပဝတ္တံ–ဖြစ်သော၊ ရူပံ–ရုပ်တည်း၊ ဥပါဒါရူပံ–မဟာဘုတ်တို့ကို စွဲမှီ၍ ဖြစ်သော ရုပ်၊ [ဥပါဒါယပဝတ္တရူပံ–ဟု ဆိုလိုလျက် ယနှင့် ပဝတ္တဟူသော အလယ်ပုဒ် ကြေသည်၊] ယဒိဧဝံ–ယင်းသို့ဖြစ်လျှင်၊ [ဧဝံ–ဤသို့၊ မဟာဘူတေ–တို့ကို၊ ဥပါဒါယ–၍၊ ပဝတ္တံ–သော၊ ရူပံ–သည်၊ ဥပါဒါရူပံ–ဥပါဒါရုပ်သည်၊ · ယဒိ ဟောတိ–အံ့၊

ဝိဂြိုဟ် ပါနေသည်မှာ ပိုဟန်တူ၏၊ "ဝဉ္စကတ္တာ မဟာဘူတာ"ဟု ရှိသင့်သည်ဟု မဏိမဥ္ဇူ ဆိုသည်၊ မဟာဘူတာလည်း ပါဖွယ်လိုမည် မထင်၊ ဝဉ္စကတ္တာ "တေဟိ သမာနာ"ဟု ရှေ့ကို ပြန်လှည့်၍ စပ်သင့်မည် ထင်သည်။]

**အထဝါ၊ပေ၊ဘူတာနိ။** ။ဤနည်း၌ "မဟန္တာဒိ စ+တာနိ+ဘူတာနိစာတိ မဟာဘူတာနိ"ဟု ပြုစေလိုရင်းတည်း၊ ဘာ့ကြောင့် မဟန္တမည်ရသနည်းဟု မေးဖွယ် ရှိ၍ "မဟန္တပါတုဘာဝတော"ဟု မိန့်သည်၊ [ဤဟိတ်ကို မဏိမဉ္ဇူ မကြိုက်သော်လည်း ဤအတိုင်းသာ ရှိရမည်၊] ဘာ့ကြောင့် ဘူတမည်ရသနည်းဟု မေးဖွယ်ရှိ၍ ဘဝန္တိ ဧတေသု ဥပါဒါရူပါနီတိ"ဟု မိန့်သည်၊ ဥပါဒါရုပ်တို့၏ ဖြစ်ရာ မှီရာ ဖြစ်သောကြောင့် ဘူတမည်ရသည်–ဟူလို၊ "ဥပါဒါရူပါနီတိ"ဟု ဣတိနှင့် ဘကွ ရှိစေ။

ဇဝံသတိ–သော်ဟုလည်း ပေး။] ဧကံ၊ပေ၊မဟာဘူတာတျာဒိဝစနတော–ဧကံ ၊ပေ၊မဟာဘူတာ အစရှိသောစကားတော်ကို ဟောတော်မူခြင်းကြောင့်၊ ဧကေက မဟာဘူတာ–တစ်ပါး တစ်ပါးသော မဟာဘုတ်တို့သည်၊ သေသမဟာ ဘူတာနံ–ကြွင်းသော မဟာဘုတ်တို့၏၊ နိဿယာ–မှီရာတို့သည်၊ ဟောန္တိ– န်၏၊ ဣတိ–ကြောင့်၊ တေသမ္ပိ–ထိုမဟာဘုတ်တို့၏လည်း၊ ဥပါဒါရူပတာ ပသင်္ဂေါ–ဥပါဒါရုပ်၏ အဖြစ်၌ ကပ်ငြိဖွယ်သည်၊ ဝါ–ဥပါဒါရုပ် မည်လေ သလောဟု တွေးတော လျှဉ်းပါးဖွယ်သည်၊ (ဟောတိ–ဖြစ်သည် မဟုတ်ပါ လော၊) ဣတိ–ဤကား စောဒနာတည်း။

ဣဒံ–ဤစကားကို၊ ဇဝံ–ဤ သင်စောဒကံ,ပြောပြအပ်သော အခြင်းအရာ အားဖြင့်၊ န(ဒဋ္ဌဗ္ဗံ)–ထိုက်၊ (ကသ္မာ–နည်း၊) ဥပါဒါယေဝ(ဥပါဒါယ+ဧဝ)– မှီရုံသာ မှီ၍၊ ပဝတ္တရူပါနံ–ဖြစ်သောရုပ်တို့၏၊ တံသမညာသိဒ္ဓိတော–ထို ဥပါဒါရုပ်ဟူသော အမည်၏ ပြီးစီးခြင်းကြောင့်တည်း၊ ဟိ–ချဲ့၊ ယံ–အကြင် ရုပ်သည်၊ မဟာဘူတေ–တို့ကို၊ ဥပါဒိယတိ–စွဲမှီတတ်၏၊ သယံ စ–ကိုယ်တိုင် လည်း၊ အညေဟိ–အခြားသော ရုပ်တို့သည်(အခြား မဟာဘုတ်နှင့် ဥပါဒါရုပ် တို့သည်)၊ ဥပါဒီယတိ–စွဲမှီအပ်၏၊ တံ–ထိုမှီလဲမှီတတ်, မှီလည်း မှီအပ်သော ရုပ်သည်၊ (မဟာဘူတေ–တို့ကို၊) ဥပါဒိယတေဝ–မှီရုံသာ မှီတတ်၏၊ ကေနစိ– တစ်စုံတစ်ခုသောရုပ်သည်၊ န ဥပါဒီယတိ–မမှီအပ်၊ တဒေဝ–ထိုမှီရုံသာ မှီတတ် ၍ မမှီအပ်သောရုပ်သည်သာ၊ ဥပါဒါရူပံ–ဥပါဒါရုပ်တည်း၊ ဣတိ–ကြောင့်၊ ဘူတာနံ–မဟာဘုတ်တို့၏၊ တဗ္ဗောဟာရပ္ပသင်္ဂေါ–ထိုဥပါဒါရုပ် ဟူသော အခေါ်အဝေါ်၏ ငြိကပ်ဖွယ်သည်၊ (ဝါ–လျှဉ်းပါးဖွယ်သည်၊) နတ္ထိ–မရှိ။

အပိစ–သည်သာမကသေး၊ စတုန္နံ၊ပေ၊ဥပါဒါရူပန္တိ–ဟူသော ဤစကား သည်၊ ဥပါဒါရူပလက္ခဏံ–ဥပါဒါရုပ်၏ လက္ခဏာတည်း၊ ဣတိ–ထို့ကြောင့်၊ တယော–သုံးပါးသော မဟာဘုတ်တို့ကို၊ ဥပါဒါယ–စွဲမှီ၍၊ ပဝတ္တာနံ–ဖြစ်ကုန် သော ဘူတရုပ်တို့၏၊ ဥပါဒါရူပတာ–ဥပါဒါရုပ်၏ အဖြစ်သည်၊ ဝါ–ဥပါဒါ ရုပ်ဟူသော အမည်သည်၊ နတ္ထိ–မရှိ၊ ဣတိ–ဤကားအဖြေတည်း။ [ဤ နှစ်နည်းလုံး၏ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ဆောင်ပုဒ်နှင့်တကွ ပြထားပြီ။]

၄။ ပထနဋ္ဌေန–တည်ရာ၏အဖြစ်ဖြင့် ထင်ရှားသည်၏အဖြစ်ကြောင့်၊ ပထဝီ–မည်၏၊ ပကတိပထဝီ–ပကတိမြေသည်၊ တရုပဗ္ဗတာဒီနံ–သစ်ပင်, တောင်အစရှိသော အရာဝတ္ထုတို့၏၊ (ပတိဋ္ဌာနာ–တည်ရာသည်၊) ဟောတိဝိယ– ကဲ့သို့၊ (ဇဝံ–ဤအတူ၊) သဟဇာတရူပါနံ–ဘက်ဖြစ်ဖက် ရုပ်တရားတို့၏၊ [တစ်ကလာပ်တည်း၌ အတူတကွဖြစ်ဖက် ရုပ်တရားတို့၏–ဟူလို၊] ပတိဋ္ဌာန ဘာဝေ,–တည်ရာ၏အဖြစ်ဖြင့်၊ ပက္ခာယတိ–ထင်ရှား၏၊ ဥပဋ္ဌာတိ–ထင်လာ၏၊

[စိတ်ထဲမှာ ထင်လာမြင်လာသည်–ဟူလို၊] ဣတိ ဝုတ္တံ ဟောတိ၊ ပထဝီဓာ–ပထဝီသည်ပင်၊ သလက္ခဏဓာရဏာဒိတော–မိမိ၏ သဘောလက္ခဏာကို ဆောင်ခြင်း အစရှိသော အကြောင်းကြောင့်လည်းကောင်း၊ နိဿတ္တနိဇ္ဇီဝဋ္ဌေန–သတ္တလည်းမဟုတ်, ဇီဝလည်းမဟုတ်သည်၏ အဖြစ် ဟူသော အနက်သဘောကြောင့်လည်းကောင်း၊ သရီရသေလာဝယဝဓာတုသဒိသတ္တာ စ–ကိုယ်၏ အစိတ်အပိုင်းဖြစ်သော ရသ အစရှိသော ဓာတ်, ကျောက်တောင်၏ အစိတ်အပိုင်းဖြစ်သော ဆေးဒန်းမြင်းသီလာ အစရှိသော ဓာတ်တို့နှင့် တူသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဓာတု–ဓာတ်မည်၏။

---

**ပထနဋ္ဌေန၊ပေ၊ဥပဋ္ဌာတိ။** ။ပထ(ပြထ)ဓာတ်သည် ချာတ (ထင်ရှားခြင်း)အနက်ကို ဟော၏၊ ထို့ကြောင့် "ပက္ခာယတိ"ဟု ဖွင့်၍, ထိုပက္ခာယတိကို "ဥပဋ္ဌာတိ"ဟု ထပ်၍ ဖွင့်သည်၊ ပကတိမြေ(ပထဝီ)သည် သစ်ပင်–တောင်စသော အရာဝတ္ထုတို့၏ တည်ရာ ဖြစ်သကဲ့သို့ မဟာဘုတ်ပထဝီလည်း တစ်ကလာပ်တည်း၌ အတူဖြစ်ဖက် ရုပ်တို့၏ တည်ရာအဖြစ်ဖြင့် ထင်ရှားသည်။ [ဝိဂ္ဂဟကို ဘာသာဋီကာ၌ ပြထားပြီ။]

**ပထဝီဓာ ဓာတု။** ။"ပထဝီဓာ+ဓာတု"ဟု ပြုစေလိုရင်းတည်း၊ "သရီရ၊ပေ၊ သဒိသတ္တာစ"တို့ကား ဓာတုမည်ခြင်း၏ အကြောင်းကိုပြသော သဒ္ဒပဝတ္တိနိမိတ်တည်း၊ "သလက္ခဏဓာရဏာ"ဖြင့် "အတ္တနော သဘာဝံ ဒဓာတိ (ဓာရေတီ)တိ ဓာတု"ဟု ပြုစေလို၏၊ "မိမိသဘောလက္ခဏာကို ဆောင်"ဟူသည် ပထဝီဓာတ်တည်းဟူသော မိမိ၏ ကက္ခဠ(ခိုင်မာခြင်း)လက္ခဏာ အထင်အရှား ရှိနေခြင်းတည်း၊ လက္ခဏာဒိ၌ အာဒိဖြင့် ဓာတုဝိဘင်း အဋ္ဌကထာ၌လာသော "အနေကပ္ပကာရံ သံသာရဒုက္ခံ ဒဟတိ ဝိဒဟတိ–စီမံတတ်၏၊ ဣတိ ဓာတု"စသော ဝစနတ္ထကို ပြ၏။

**နိဿတ္တ၊ပေ၊ဋ္ဌေန။** ။ဤပါဠိဖြင့် "ဓာတုသဒ္ဒါသည် နိဿတ္တနိဇ္ဇီဝအနက်ကို ဟောသော အနိပ္ဖန္နပါဋိပဒိကပုဒ်"ဟု ပြ၏၊ ဝိဂ္ဂဟပြုဖွယ် မလို၊ ပထဝီဟူသော သဘောတရားသည် သတ္တဝါ အသက်ကောင် မဟုတ်, ဓာတ်သဘောမျှသာ ဖြစ်သည်–ဟူလို။ ["ဓမ္မာ–နိဿတ္တနိဇ္ဇီဝသဘာဝါ"ဟူသော အဖွင့်နှင့် သဘောတူပင်တည်း။]

**သရီရ ၊ပေ၊ သဒိသတ္တာ စ။** ။"သရီရာဝယဝ, သေလာဝယဝ"ဟု ခွဲ၊ ကိုယ်၏ အစိတ်အပိုင်းဖြစ်သော ရသ (အရည်ဓာတ်) သောဏိတ (သွေး)စသည်တို့ကို လောက၌ "ဓာတု"ဟု ခေါ်ကြ၏၊ ဤပထဝီစသော သဘောတို့လည်း ခန္ဓာငါးပါး၏ အဝယဝ(အစိတ်အပိုင်း) ဖြစ်ရကား ထိုဓာတ်များနှင့် အစိတ်အပိုင်းချင်း တူ၏၊ ထို့ပြင် လောက၌ ကျောက်တောင်၏ အစိတ်အပိုင်းဖြစ်သော ဆန်းကြယ်ကုန်သော ဆေးဒန်း, မြင်းသီလာ စသည်ကို "ဓာတု"ဟု ခေါ်ကြ၏၊ ဤပထဝီစသော သဘောတရားတို့လည်း သိထိုက်သော ဉေယျတရားတို့၌ ပါဝင်သော ဆန်းကြယ်သော အစိတ်အပိုင်း ဖြစ်ရကား ထိုဓာတ်များနှင့် အစိတ်အပိုင်းချင်း တူကြ၏၊ "ဓာတုဝိယ–ကိုယ်၏ အစိတ်အပိုင်း, ကျောက်တောင်၏ . အစိတ်အပိုင်း ဖြစ်သော ဓာတ်နှင့် တူ၏၊ ဣတိ–ဓာတု"ဟု ပြုပါ။

(ယော သဘာဝေါ-သည်၊) သဟဇာတရူပါနိ-တို့ကို၊ အာပေတိ, (တစ်နည်း) အပေါတိ, ပတ္ထရတိ-ပြန့်တတ်၏၊ ဣတိ-ကြောင့်၊ (သော သဘာဝေါ-သည်၊ အာပေါ-မည်၏၊ သုဒ္ဓကတ္တုသာဓ်ဝိဂြိုဟ်၊) ဝါ-တစ်နည်း၊ (သဟဇာတ ရူပါနိ-တို့ကို၊ အာပယတိ ဗြူဟေတိ, ဝဍ္ဎေတိ-တိုးပွားစေတတ်၏၊ ဣတိ, အာပေါ၊ ဟေတုကတ္တုသာဓ်ဝိဂြိုဟ်)။

(ယော သဘာဝေါ-သည်၊) တေဇေတိ, ပရိပါစေတိ-ကျက်စေတတ်၏၊ ဣတိ-ကြောင့်၊ (သောသဘာဝေါ-သည်၊ တေဇော-မည်၏၊) ဝါ-တစ်နည်း၊ (ယော သဘာဝေါ-သည်၊) တိက္ခဘာဝေန-ထက်သည်၏အဖြစ်ကြောင့်၊ သေသဘူတတ္တယံ-ကြွင်းသော ဘုတ်သုံးပါးအပေါင်းကို၊ တေဇေတိ, နိသေတိ, ဥသ္မာပေတိ-ပူစေ၏၊ ဣတိ-ကြောင့်၊ (သော သဘာဝေါ-သည်၊) တေဇော-မည်၏။

(ယောသဘာဝေါ-သည်၊) ဒေသန္တရုပ္ပတ္တိဟေတုဘာဝေန-အရပ်တစ်ပါး၌ ဖြစ်ခြင်း၏ အကြောင်း၏အဖြစ်ဖြင့်၊ ဘူတသင်္ဃာတံ-မဟာဘုတ်အပေါင်းကို၊ ဝါယတိ, ပါပေတိ-အရပ်တစ်ပါးသို့ ရောက်စေတတ်၏၊ ဣတိ-ကြောင့်၊ (သော သဘာဝေါ-သည်၊) ဝါယော-မည်၏။ [ဤပုဒ်၏ ဝစနတ္ထနှင့်တကွ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ။]

ပန-ဆက်၊ စတဿောပိ-လေးပါးလည်းဖြစ်ကုန်သော၊ ဧတာ-ဤဓာတ်တို့သည်၊ ယထာက္ကမံ-တိုင်း၊ ကထိနတ္တါပေါလက္ခဏာ-ခိုင်မာသည်၏အဖြစ် ဟူသော လက္ခဏာ, အရည်၏အဖြစ်ဟူသော လက္ခဏာ, အပူငွေ့၏ အဖြစ် ဟူသော လက္ခဏာ, ထောက်ပံ့တတ်သည်၏ အဖြစ်ဟူသော လက္ခဏာ ရှိကုန်၏၊ ဣတိ-သို့၊ ဒဋ္ဌဗ္ဗံ-၏။

---

**အာပေတိ, အာပယတိ**။ ။အာပေါ၌ အပဓာတ်, ဏပစ္စည်း၊ အပဓာတ်သည် တနာဒိဂိုဏ်းတည်း၊ ထို့ကြောင့် "အာပေတိ"ကို စဉ်းစားသင့်၏၊ "အပေါတီတိ အာပေါ"ဟု သုဒ္ဓကတ္တု၌ ဝစနတ္ထ ပြသင့်မည် ထင်၏၊ "အာပယတိ"ကား ဟေတုကတ္တုသာဓ်၏ ဝစနတ္ထတည်း၊ ဤသို့ ဟေတုကတ္တုသာဓ် ပြခြင်းမှာလည်း အာပေါဓာတ်၏ ပရိဗြူဟနရသကို ရည်ရွယ်၍ ပြခြင်းတည်း၊ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ။

**တေဇေတိ**။ ။တိဇဓာတ်၏ ပရိပါစနအနက် မရှိသော်လည်း "ဓာတူနံ အနေကတ္ထတ္တာ"အရ ပရိပါစေတိဟု ဖွင့်သည်၊ ထိုသို့ ဖွင့်ခြင်းလည်း ပရိပါစနရသကို မှန်း၍ ဖွင့်ခြင်းတည်း၊ "နိသေတိ"ကား "တိဇ-နိသာနေ"ဟူသော ဓာတ်နက်အတိုင်း ဖွင့်ခြင်းတည်း၊ ထက်စေခြင်း ဟူသည်လည်း အတူဖြစ်ဖက် ဘူတရုပ်သုံးပါးကို အငွေ့ ရစေခြင်းတည်း၊ ထို့ကြောင့် "ဥသာပေတိ"ဟု ဖွင့်သည်။ [ဥသ္မာပေတိ-ဟု ရှိသည်ကား ပါဠိမျက်၊ "ဥသ-ဒါဟေ"ဟုသာ ဓာတ်ကျမ်း၌ရှိသည်၊ "ဥသ္မာယတိ-အငွေ့ကို ပြု၏"ဟု ဥသ္မနာမ်နောင် အာယပစ္စည်းဖြင့် နာမဓာတ်သော်လည်း ကြံ။]

၅။ စက္ခာဒီနံ–စက္ခု အစရှိသောပုဒ်တို့၏၊ ဝစနတ္ထော–ဝစနတ္ထကို၊ ယောဋ္ဌာ–ဋ္ဌ၍(အဟိတ်စိတ် အဖွင့်၌၊) ကထိတောဝ–ဆိုအပ်ပြီးသည်သာ၊ စတုန္နံ–န်သော၊ မဟာဘူတာနံ–တို့၏၊ ပသန္နဘာဝဟေတုကတ္တာ–ကြည်လင်ကုန်သည်အဖြစ်၏ အကြောင်း၏အဖြစ်ကြောင့်၊ ပသာဒရူပံနာမ–မည်၏၊ [ဤအဖွင့်အလို "ပသာဒယတိ–မဟာဘုတ်တို့ကို ကြည်လင်စေတတ်၏၊ ဣတိ, ပသာဒေါဟု ပြုပါ၊ ဘာသာဋီကာ၌ကား တစ်မျိုး ပြထား၏၊] ပန–ဆက်၊ တံ–ထိုပသာဒရုပ် ငါးပါးသည်၊ ယထာက္ကမံ–တိုင်း၊ ဒဋ္ဌုပေ၊လက္ခဏံ–ကြည့်ရှုခြင်းငှာ အလိုရှိသူ၏ အဖြစ်ဟူသော ရူပတဏှာ,ကြားခြင်းငှာ အလိုရှိသူ၏အဖြစ်ဟူသော သဒ္ဒတဏှာ, နမ်းရှုခြင်းငှာ အလိုရှိသူ၏အဖြစ်ဟူသော ဂန္ဓတဏှာ,သာယာခြင်းငှာ အလိုရှိသူ ၏ အဖြစ်ဟူသော ရသတဏှာ, ထိတွေ့ခြင်းငှာ အလိုရှိသူ၏အဖြစ်ဟူသော ဖောဋ္ဌဗ္ဗတဏှာလျှင် အရင်းခံရှိသော ကံကြောင့် ဖြစ်သော မဟာဘုတ်တို့ကို ကြည်လင်စေခြင်း လက္ခဏာ ရှိ၏။ [အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ။]

တတ္ထ–ထိုပသာဒရုပ်တို့တွင်၊ တာဝ–သောတပသာဒစသည်တို့မှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌ–သော၊) စက္ခု–စက္ခုပသာဒသည်၊ ကဏှမဏ္ဍလဿ–မျက်နက်ဝန်း၏၊ မဇ္ဈေ–အလယ်ဖြစ်သော၊ ဉကာသိရုပ္ပမာဏေ–သန်းဦးခေါင်း ပမာဏရှိသော၊ (ပဒေသေ၌စပ်၊) အဘိမုခေ–ရှေးရှုအရပ်၌၊ ဋ္ဌိတာနံ–တည်သူတို့၏၊ သရီရသဏ္ဌာနုပ္ပတ္တိပဒေသေ–ကိုယ်သဏ္ဌာန်၏ ဖြစ်ပေါ်ရာအရပ်၌၊ ဝါ–သူငယ်ရိပ် ထင်ရာအရပ်၌၊(ပဝတ္တိ၌စပ်၊) တေလ–ဆီသည်၊ ပိစုပဋလာနိ–ဝါဂွမ်းလွှာ(၇) ထပ်တို့ကို၊ (ဗျာပတိ)ဣဝ–ပျံ့နှံ့သကဲ့သို့၊ ဧဝံ–တူ၊ သတ္တက္ခိပဋလာနိ–မျက်လွှာ (၇)ထပ်တို့ကို၊ ဗျာပေတွာ–ပျံ့နှံ့၍၊(ပဝတ္တတိ၌စပ်၊) ဓာရဏ၊ပေ၊ကိစ္စာဟိ–ဆောင်ခြင်း, ရေချိုးစေခြင်း, တန်ဆာဆင်ပေးခြင်း, ယပ်ခတ်ပေးခြင်းကိစ္စ ရှိကုန်သော၊ စတုဟိ–လေးယောက်ကုန်သော၊ ဓာတီဟိ–အထိန်းတော်တို့သည်၊ ခတ္တိယကုမာရော–မင်းသားသည်၊ (ကတူပကာရော–ပြုအပ်သော ကျေးဇူးရှိသည်၊ ဟောတိ) ဝိယ–ကဲ့သို့၊ (တထာ–တူ၊) သန္ဓာရဏ ၊ပေ၊ ကိစ္စာဟိ–ကောင်းစွာ ဆောင်ထားခြင်းကိစ္စ, ဖွဲ့စည်းခြင်းကိစ္စ, ရင့်ကျက်စေခြင်းကိစ္စ, ကောင်းစွာရွေ့ရှားစေခြင်းကိစ္စရှိကုန်သော၊ စတူဟိ–န်သော၊ ဓာတူဟိ–တို့သည်၊

---

**စက္ခုတာဝ ၊ပေ၊ ပဝတ္တတိ။** ။"မဇ္ဈေ ကဏှမဏ္ဍလဿ ဉကာသိရုပ္ပမာဏေ ၊ပေ၊ ပဒေသေ"ပါဌ်တို့ဖြင့် စက္ခုပသာဒ၏ တည်ရာဌာနနှင့် ထိုတည်ရာအရပ်၏ ပမာဏကို ပြသည်၊ "စက္ခုပသာဒသည် မျက်နက်ဝန်းအလယ် သန်းဦးခေါင်း ပမာဏရှိသော သူငယ်ရိပ် ထင်ရာအရပ်ဝယ် တည်ရှိသည်"ဟူလို၊ "တေလမိဝ ၊ပေ၊ ဗျာပေတွာ" ပါဌ်ဖြင့် စက္ခုပသာဒရုပ်ကလာပ်၏ ပျံ့နှံ့တည်နေပုံကို ပြသည်၊ ဆီသည် ဝါဂွမ်းလွှာ (၇)ထပ်ကို ပျံ့သကဲ့သို့ စက္ခုပသာဒလည်း မျက်လွှာ(၇)ထပ်ကို ပျံ့နှံ့၍ တည်သည်။

ကတူပကာရံ–ပြုအပ်သော ကျေးဇူးရှိသည်၊ (ဟုတွာ–လည်းကောင်း၊) ဥတု စိတ္တာဟာရေဟိ–ဥတု စိတ် အာဟာရတို့သည်၊ ဥပတ္ထမ္ဘိယမာနံ–ထောက်ပံ့အပ်သည်၊ (ဟုတွာ–လည်းကောင်း၊) အာယုနာ–ဇီဝိတိန္ဒြေဟူသော အသက်သည်၊ ပရိပါလိယမာနံ–စောင့်ရှောက်အပ်သည်၊ (ဟုတွာ–လည်းကောင်း၊) ဝဏ္ဏာဒီဟိ–ဝဏ္ဏအစရှိသော ရုပ်တို့သည်၊ ပရိဝါရိတံ–ထက်ဝန်းကျင် ခြံရံအပ်သည်၊ (ဟုတွာ–လည်းကောင်း၊) ယထာယောဂံ–ယှဉ်ထိုက်သည်အားလျော်စွာ၊ စက္ခုဝိညာဏာဒီနံ–စက္ခုဝိညာဏ်အစရှိသော ဝီထိစိတ်တို့၏၊ ဝတ္ထုဒွါရဘာဝံ–ဝတ္ထု၏အဖြစ်, ဒွါရ၏အဖြစ်ကို၊ သာဓေန္တံ–ပြီးစေလျက်၊ ပဝတ္တတိ–၏၊ ဣတရံ–ပသာဒစက္ခုမှ တစ်ပါးသော မျက်လုံးကို၊ သသမ္ဘာရစက္ခုတိ–သသမ္ဘာရ စက္ခုဟူ၍၊ ဝါ–အဆောက်အဦးနှင့် တကွဖြစ်သော စက္ခုဟူ၍၊ ဝုစ္စတိ–၏။

ဧဝံ–ဤ့အတူ၊ သောတာဒယောပိ–သောတအစရှိသော ပသာဒတို့သည် လည်း၊(အဘိဗျာပေတွာပဝတ္တန္တိ၌စပ်၊) ယထာက္ကမံ–တိုင်း၊ သောတဗိလဗ္ဘန္တရေ–နားချိုင့်အတွင်း၌၊ အင်္ဂုလိဝေဌနာကာရံ–လက်စွပ်ကွင်းသဏ္ဍာန်ရှိသော၊ ဥပစိတ တနုတမ္ဗလောမံ–စီရရီပေါက်သော နုနယ်နီမြန်းသော အမွေးရှိသော၊ (ပဒေသံ–အရပ်ကိုလည်းကောင်း၊) နာသိကဗ္ဘန္တရေ–နှာခေါင်းအတွင်း၌၊ အဇပဒသဏ္ဍာနံ–

**ဓာရဏာပေါကတူပကာရံ**။ ။ဤပါဌ်ဖြင့် အတူတကွဖြစ်သော မဟာဘုတ်လေးပါးက စက္ခုပသာဒအား သဟဇာတနိဿယစသော သတ္တိတို့ဖြင့် ကျေးဇူးပြုနေပုံကို ပြသည်၊ မင်းသားကလေးကို အထိန်းတော်လေးယောက်က ကျေးဇူးပြုသကဲ့သို့ စက္ခုပသာဒကို လည်း တစ်ကလာပ်တည်း၌ အတူတကွ ဖြစ်ဖက် မဟာဘုတ်လေးပါးက ကျေးဇူးပြုနေ သည်–ဟူလို၊ သန္ဓာရဏသည် ပထဝီဓာတ်၏ကိစ္စ, ဗန္ဓနသည် အာပေါဓာတ်၏ကိစ္စ, ပရိပါစနသည် တေဇောဓာတ်၏ ကိစ္စ, သမုဒီရဏသည် ဝါယောဓာတ်၏ကိစ္စတည်း၊ ဓာရဏသည် သန္ဓာရဏ၏ ဥပမာ, နဟာပနသည် ဗန္ဓန၏ ဥပမာ, [အာပေါဓာတ်၏ ဥပမာဖြစ်၍ "နဟာပန–ရေချိုးပေးခြင်း"ဟု ဆိုသည်၊] မဏ္ဍနသည် ပရိပါစန၏ ဥပမာ, ဗီဇနသည် သမုဒီရဏ၏ ဥပမာတည်း၊ [ဝါယောဓာတ်၏ ဥပမာ ဖြစ်၍ "ဗီဇန"ဟု ဆိုသည်။]

**ဥတုစိတ္တာဟာရေဟိ ဥပတ္ထမ္ဘိယမာနံ**။ ။ဤပါဌ်ဖြင့် ကမ္မဇရုပ်ဖြစ်သော စက္ခုပသာဒ ကို ဥတု စိတ် အာဟာရတို့က သုတ္တန်ပကတူပနိဿယနည်းအားဖြင့် ထောက်ပံ့လျက် ရှိသည်ကို ပြသည်၊ **အာယုနာ ပရိပါလိယမာနံ**–ဖြင့် တစ်ကလာပ်တည်း၌ဖြစ်သော ဇီဝိတရုပ်က စောင့်ရှောက်နေသည်ဟု ပြသည်၊ **ဝဏ္ဏာဒီဟိ ပရိဝါရိတံ**–ဖြင့် ဝဏ္ဏ ဂန္ဓ ရသ ဩဇာဟူသော အတူ ဖြစ်ဖက် ရုပ်တို့က ခြံရံလျက် ရှိသည်ကို ပြသည်။

**ယထာယောဂံ သာဓေန္တံ**။ ။စက္ခုပသာဒသည် စက္ခုဝိညာဏ်၏ ဝတ္ထုလည်းဖြစ်, ဒွါရလည်း ဖြစ်၍ ပဉ္စဒွါရဝဇ္ဇန်း သမ္ပဋိစ္ဆိုန်းစသော ဝီထိစိတ်တို့၏ ဒွါရသာ ဖြစ်သော ကြောင့် "ယထာယောဂံ–ယှဉ်ထိုက်သည်အားလျော်စွာ"ဟု ဆိုသည်၊ ဤစက္ခုပသာဒနှင့် စပ်၍ မှတ်ဖွယ်ကို ဘာသာဋီကာ၌လည်း ရှုပါဦး။

ဆိတ်ခွာသဏ္ဌာန်ရှိသော၊ (ပဒေသံ-ကိုလည်းကောင်း၊) ဇိဝှာမဇ္ဈေ-လျှာအလယ်၌၊ ဥပ္ပလဒလဂ္ဂသဏ္ဌာနံ-ကြာညိုပွင့်ဖတ်၏ အဖျားသဏ္ဌာန်ရှိသော၊ ပဒေသံ-ကိုလည်းကောင်း၊ အဘိဗျာပေတွာ-ပျံ့နှံ့၍၊ ပဝတ္တန္တိ-ဖြစ်ကုန်၏။

ပန-ကား၊ ဣတရံ-စက္ခု, သောတ, ဃာန, ဇိဝှာမှတစ်ပါးသော ကာယပသာဒသည်၊ [ဖရိတွာ ပဝတ္တတိ၌ စပ်။] ကမ္မဇတေဇသ-ကမ္မဇတေဇော၏၊ ဝါ-ကံကြောင့်ဖြစ်သော ပါစကဝမ်းမီး၏၊ ပတိဋ္ဌာနံ-တည်ရာအရပ်ကိုလည်းကောင်း၊ ကေသဂ္ဂ၊ပေ၊စမ္မာနိစ-ဆံဖျား, အမွေးဖျား, ခြေသည်း လက်သည်းဖျား, ခြောက်သော အရေတို့ကိုလည်းကောင်း၊ ထပေတွာ-ချန်ထား၍၊ အဝသေသံ-ကြွင်းသော၊ သကလသရီရံ-အလုံးစုံသောကိုယ်ကို၊ ဖရိတွာ-ပျံ့နှံ့၍၊ ပဝတ္တတိ-၏၊ ဧဝံ သန္တေပိ-ဤသို့ ဖြစ်ပါသော်လည်း၊ (ဤသို့ တစ်ကိုယ်လုံး ဖြန့်၍ ဖြစ်ပါသော်လည်း၊) ဣတရေဟိ-အခြားသော စက္ခု သောတ ဃာန ဇိဝှာ ပသာဒတို့နှင့်၊ တဿ-ထိုကာယပသာဒ၏၊ သင်္ကရော-ရောနှောခြင်းသည်၊ န ဟောတိ-မဖြစ်၊ (ကသ္မာ-နည်း၊) ဘိန္နနိဿယလက္ခဏတ္တာ-ကွဲပြားသော မှီရာမဟာဘုတ်, ကွဲပြားသော လက္ခဏာရှိသည်၏ အဖြစ်ကြောင့်တည်း။

ဟိ-မှန်၊ [အခြားနေရာ၌ ဟိတ်နောင်ဖြစ်လျှင် ဝိတ္ထာရသာ များ၏၊ ဤ၌ကား ဒဠှီသာ သင့်သည်၊]ကေနိဿယာနိပိ-တူသော မှီရာမဟာဘုတ်ရှိသည်လည်း ဖြစ်ကုန်သော၊ ရူပရသာဒီနိ-ရူပရသအစရှိသော ရုပ်တို့သည်၊ လက္ခဏာဘေဒတော-လက္ခဏာအားဖြင့် ကွဲပြားခြင်းကြောင့်၊ အသံကိဏ္ဏာနိ-မရောနှောကုန်သည်၊ (ဟောန္တိ-ဖြစ်ကြတုံသေး၏၊) ဘိန္နနိဿယာ-ကွဲပြားသော မှီရာမဟာဘုတ် ရှိကုန်သော၊ ပသာဒါ-ပသာဒတို့သည်၊ ကိံ ပန(သံကိဏ္ဏာ)-အဘယ်ကြောင့် ရောနှောကုန်အံ့နည်း။ [ဤအဓိပ္ပာယ်ကို ဘာသာဋီကာ၌ ရှုပါ။]

၆။ အာပေါဓာတုယာ-အာပေါဓာတ်၏၊ သုခုမဘာဝေန-သိမ်မွေ့သည်၏ အဖြစ်ကြောင့်၊ ဝါ-သိမ်မွေ့သည့်အတွက်၊ ဖုသိတုံ-တွေ့ထိခြင်းငှာ၊ အသက္ကုဏေယျတ္တာ-မတတ်ကောင်းသည်၏အဖြစ်ကြောင့်၊ အာပေါ၊ပေ၊သင်္ခါတန္တိ-ဟူ၍၊ (အာစရိယေန-သည်၊) ဝုတ္တံ-ပြီ၊ ဟိ-ဆက်၊ သီတတာ-အေးသည်၏ အဖြစ်ဟူသော သဘောကို၊ ဖုသိတွာ-ထိ၍၊ ကိဉ္စာပိ ဂယှတိ-အကယ်၍ကား ယူအပ် ယူနိုင်ပါပေ၏၊ (စိတ်ဖြင့် သိနိုင်ပါပေ၏-ဟူလို၊) ပန-ထိုသို့ပင် ယူအပ်ပါသော်လည်း၊ သာ-ထိုသီတတာသည်၊ တေဇောယေဝ-ဥဏှတေဇောသာတည်း။ [ဧဝဖြင့် အာပေါ မဟုတ်ဟု ကန့်သည်။]

---

**သီတတာ၊ပေ၊အဘာဝတော**။ ။"သီတဿ+ဘာဝေါ သီတတာ"ဟု ဘာဝတဒ္ဓိတ်ဆင့်သောအခါ တာပစ္စည်း၏အနက်သည် ဂုဏ်(သတ္တိ)ကို ရ၏၊ [ဒြဗ်ပေါ်မှာ, ဘောဆင့်လာ, ဂုဏ်သာ ထိုပုဒ်အရတည်း၊] ဤနေရာ၌ ထိုဂုဏ်(သတ္တိ)သည် သီးခြား. မရှိ၊

ဟိ–မှန်၊ ဥဏှတ္တေ–ပူသည်၏အဖြစ်သည်၊ မန္ဒေ–နည်းပါးလတ်သော်၊ ဝါ–လျော့သွားလတ်သော်၊ သီတဗုဒ္ဓိ–အအေး၌ဖြစ်သောအသိသည်၊ ဝါ–အအေးဟူသော အမှတ်သညာသည်၊ (ဟောတိ၊ ကသ္မာ–နည်း၊) သီတတာသင်္ခါတဿ–သီတတာဟု ဆိုအပ်သော၊ ကဿစိ–တစ်စုံတစ်ခုသော၊ ဂုဏဿ–ဂုဏ်(သတ္တိ)၏၊ အဘာဝတော–မရှိခြင်းကြောင့်တည်း၊ တဿိဒံ–ထိုသီတတာဂုဏ်၏ သီးခြားမရှိခြင်းကို၊ သီတဗုဒ္ဓိယာ–အအေး၌ဖြစ်သော အသိ၏၊ ဝါ–အအေး၌ဖြစ်သော အမှတ်သညာ၏၊ အနဝဋ္ဌိတဘာဝတော–အမြဲ မတည်သည်၏ အဖြစ်ကြောင့်၊ ဝိညာယတိ–၏၊ (ကိသ္မိံ ဝိယ–အဘယ်၌ကဲ့သို့နည်း၊) ပါရာပါရေ ဝိယ–ဟိုဘက်ကမ်း, ဤဘက်ကမ်း ဟူရာ၌ ကဲ့သို့တည်း။ [အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ။]

တထာ ဟိ–ထိုစကားကို ချဲ့ဦးအံ့၊ ဃမ္မကာလေ–နွေအခါ၌၊ အာတပေ–နေပူ၌၊ ဌတွာ–တည်ပြီး၍၊ ဆာယံ–အရိပ်သို့၊ ပဝိဋ္ဌာနံ–ဝင်လာသူတို့၏၊ သီတဗုဒ္ဓိ–အအေး၌ဖြစ်သော အသိသည်၊ ဝါ–အအေး၌ဖြစ်သော အမှတ်သညာသည်၊ ဟောတိ–၏၊ တတ္ထေဝ–ထိုအရပ်၌ပင်၊ စိရကာလံ–ကြာမြင့်စွာသော ကာလပတ်လုံး၊ ဌိတာနံ–တည်သူတို့၏၊ ဥဏှဗုဒ္ဓိ–အပူ၌ဖြစ်သော အသိသည်၊ ဝါ–အပူ၌ဖြစ်သော အမှတ်သညာသည်၊ (ဟောတိ–၏၊) စ–လဒ္ဓဒေါသ, ထင်ရှားပြအံ့၊ သီတတာ–အေးသည်၏အဖြစ်သည်၊ အာပေါဓာတု–အာပေါဓာတ်သည်၊ ယဒိသိယာ–အံ့၊ (ဧဝံသတိ–သော်၊) ဥဏှဘာဝေန–ပူသည်၏အဖြစ်နှင့်၊ သဟ–ကွ၊ ဧကသ္မိံ ကလာပေ–တစ်ကလာပ်တည်း၌၊ ဥပလဗ္ဘေယျ–ရအပ်ရာ၏၊ ဧဝံ စ–ဤသို့လည်း၊ [တစ်ကလာပ်တည်း၌ အတူတည်နေခြင်းကိုလည်း၊] န ဥပလဗ္ဘတိ–မရအပ်, မရနိုင်၊ တသ္မာ–ကြောင့်၊ သီတတာ–သည်၊ န အာပေါဓာတု–အာပေါဓာတ် မဟုတ်၊ ဣတိ–သို့၊ ဝိညာယတိ–၏။

---

ထိုသို့ သီးခြား မရှိသောကြောင့် ဥဏှတေဇော လျော့သွားလျှင် ထိုဥဏှတေဇော လျော့သော အရာဝတ္ထု၌ စမ်းသပ်ကြည့်သူတို့မှာ "သီတဗုဒ္ဓိ–အအေးဟူသော အမှတ်သညာ" ဖြစ်ပေါ်လာ၏။ [ဗုဒ္ဓိဟု ဆိုသော်လည်း ဉာဏ်သိ မဟုတ်, သညာသိ စိတ်သိသာတည်း။]

**တထာ ဟိ၊ပေ၊ဥဏှဗုဒ္ဓိ။** ။အမြဲပူအိုက်နေသော နွေအခါဝယ် နေပူ၌ ရပ်တည်ပြီး၍ အရိပ်သို့ ဝင်လာသူတို့မှာ "အေးမြပါပေ့"ဟု အမှတ်သညာ ဖြစ်၏၊ ထိုအရိပ်မှာပင် အတော်ကြာကြာ နေသူတို့မှာတော့ "တယ်ပူသကို"ဟု ဥဏှသညာ ဖြစ်ပေါ်၏၊ ဤစကားဖြင့် "အေးသည်–ပူသည်"ဟူသော အမှတ်သညာသည် တစ်နေရာတည်း တစ်ချိန်တည်းမှာပင် အမျိုးမျိုး ဖြစ်နိုင်၏ဟု ပြ၏၊ ထိုသို့ ပြသဖြင့် သီတတာဟူသော အအေးသည် အာပေါဓာတ် မဟုတ်ကြောင်းကိုလည်း သိစေသည်။ [သီတံ ဣတိ+ဗုဒ္ဓိ သီတဗုဒ္ဓိ၊ ဥဏှံ ဣတိ+ဗုဒ္ဓိ ဥဏှဗုဒ္ဓိ။]

ပန–ဝါဒန္တရ၊ ယေ–အကြင်သူတို့သည်၊ ဒြဝတာ–ယိုစီးသောအရည်၏ ဖြစ်ကြောင်းဖြစ်ရာသဘောသည်၊ အာပေါဓာတု–အာပေါဓာတ်တည်း၊ သာစ–ထိုဒြဝတာကိုလည်း၊ ဖုသိတွာ–ထိ၍၊ ဂယှတိ–ယူအပ် ယူနိုင်၏၊ ဣတိ–သို့၊ ဝဒန္တိ–န်၏၊ တေ–ထိုသူတို့ကို၊ ဝတ္တဗ္ဗာ–ပြောဆိုထိုက်ကုန်၏၊ (ကိံ–နည်း၊) ဒြဝတာ နာမ–ဒြဝတာမည်သည်ကို၊ ဖုသိတွာ–၍၊ ဂယှတိ–၏၊ ဣတိ ဣဒံ–ဤသို့ မှတ်ထင်ခြင်းသည်၊ အာယသ္မန္တာနံ–အရှင်တို့၏၊ အဘိမာနမတ္တံ–မှတ်ထင်သင့်သည်ကို လွန်၍မှတ်ထင်ခြင်းမျှသာတည်း၊ ဝါ–အထင်မှားခြင်းမျှသာတည်း၊ (ကိသ္မိံ ဝိယ–နည်း၊) သဏ္ဌာနေ ဝိယ–ပုံသဏ္ဌာန်၌ကဲ့သို့တည်း၊ ဣတိ–သို့၊ (ဝတ္တဗ္ဗာ–န်၏၊) ဟိ–သာဓကကား၊ ဒြဝတာ၊ပေ၊ တထာတိ–ဟူသော၊ ဧတံ–ဤဂါထာစကားကို၊ ပေါရာဏေဟိ–တို့သည်၊ ဝုတ္တံ–ပြီ။

[ဒြဝတာသဟဝုတ္တိနီ–အရည်၏အဖြစ်ဟူသော အာပေါဓာတ်နှင့် တကွဖြစ်ကုန်သော၊ တီဏိ–ပထဝီ,တေဇော,ဝါယောအားဖြင့် သုံးပါးကုန်သော၊ ဘူတာနိ–မဟာဘုတ်တို့ကို၊ သမ္ဖုသံ–ကောင်းစွာထိမိသော၊ အယံ လောကော–ဤလူအပေါင်းသည်၊ ဒြဝတံ–အရည်၏အဖြစ်ဟူသော အာပေါဓာတ်ကို၊ သမ္ဖုသာမိ–ကောင်းစွာ ထိမိ၏၊ ဣတိ–သို့၊ အဘိမညတိ–လွန်၍ မှတ်ထင်၏၊ ဝါ–အထင်မှား၏၊ ဘူတေ–မဟာဘုတ်တို့ကို၊ ဖုသိတွာ–၍၊ သဏ္ဌာနံ–ပုံသဏ္ဌာန်ကို၊ မနသာ–စိတ်ဖြင့်၊ ဝါ–မနောဒွါရိကဝီထိဖြင့်၊ ဂဏှတော–ယူသူသည်၊ ပစ္စက္ခတော–မျက်မှောက်အားဖြင့်၊ ဝါ–တိုက်ရိုက်အားဖြင့်၊ ဖုသာမိ–ထိ၏၊ ဣတိ–သို့၊ (ဝိညေယျံ)ယထာ–သိထိုက်သကဲ့သို့၊ တထာ–ထို့အတူ၊ ဒြဝတာ–အရည်၏အဖြစ်ဟူသော အာပေါဓာတ်ကို၊ ဝိညာယျာ–သိထိုက်၏။ ဤဂါထာတို့၏ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ။]

ပဉ္စဝိညာဏဝိသယဘာဝတော–ပဉ္စဝိညာဏ်၏ အာရုံ၏ အဖြစ်ကြောင့်၊ ဂေါစရရူပံ နာမ–မည်၏၊ ဟိ–မှန်၊ ဧတ္ထ–ဤအာရုံ၌၊ ဂါဝေါ ဣန္ဒြိယာနိ–စက္ခုစသော ဣန္ဒြေတို့သည်၊ စရန္တိ–ဖြစ်ကုန်၏၊ ဣတိ–ကြောင့်၊ ဝါ–ထိုသို့ စက္ခုစသော ဣန္ဒြေတို့၏ ဖြစ်ရာ၏အဖြစ်ကြောင့်၊ ဂေါစရန္တိ–ဂေါစရဟူသော၊ ဧတံ–ဤအမည်သည်၊ အာရမဏဿ–၏၊ နာမံ–တည်း၊ ပန–ဆက်၊ပဉ္စဝိဓမ္ပိ–သော၊ တံ ဧတံ–ထိုဂေါစရရုပ်သည်၊ ယထာက္ကမံ–တိုင်း၊ စက္ခုဝိညာဏာဒီနံ–တို့၏၊

---

**ဂေါစရရူပံ**။ ။ဂေါသဒ္ဒါသည် "ဣန္ဒြေ"ဟူသော အနက်ကို ဟော၏၊ ထို့ကြောင့် "ဂါဝေါ+စရန္တိ+ဧတ္ထာတိ ဂေါစရံ"ဟု ဝိဂြိုဟ်ပြု၍ စက္ခုစသော ဣန္ဒြေတို့၏ ဖြစ်ရာအာရုံကို "ဂေါစရ"ဟု ခေါ်ကြသည်၊ ထိုဂေါစရကိုပင် "ဝိသယ"ဟုလည်း ခေါ်သေး၏၊ "ဝိသေသေန သေန္တိ ပဝတ္တန္တိ ဧတ္ထာတိ ဝိသယော–စိတ်တို့၏ အထူးအားဖြင့် ဖြစ်ရာအာရုံ"ဟု ပြု၊ တချို့နေရာ၌ ဂေါစရနှင့် ဝိသယသည် တူ၏၊ ဤနေရာ၌ကား မတူ။

ဂေါစရဘာဝလက္ခဏံ–အာရုံ၏အဖြစ်ဟူသော လက္ခဏာရှိ၏၊ ဝါ–တစ်နည်း၊ စက္ခာဒိပဋိဟနနလက္ခဏံ–စက္ခုအစရှိသော ပသာဒတို့၌ ထိခိုက်ခြင်း လက္ခဏာရှိ၏။ [ဤ လက္ခဏာ စသည်ကိုလည်း ဘာသာဋီကာမှာ ရှု။]

**၇။** ဣတ္ထိယာ–မိန်းမ၏၊ ဘာဝေါ–ဖြစ်ကြောင်းဖြစ်ရာ ရုပ်တည်း၊ ဣတ္ထိတ္တံ–ဣတ္ထိ၏ဖြစ်ကြောင်းဖြစ်ရာရုပ်၊ ပုရိသဿ–ယောကျ်ား၏၊ ဘာဝေါ–ဖြစ်ကြောင်းဖြစ်ရာရုပ်တည်း၊ ပုရိသတ္တံ–ရုပ်၊ တတ္ထ–ထိုဣတ္ထိတ္တ ပုရိသတ္တတို့တွင်၊ ဣတ္ထိတ္တံ–မိန်းမ၏ဖြစ်ကြောင်းဖြစ်ရာ ရုပ်သည်၊ ဣတ္ထိ၊ပေ၊လက္ခဏံ–ဣတ္ထိလိင်္ဂ, ဣတ္ထိနိမိတ္တ,ဣတ္ထိကုတ္တ,ဣတ္ထိအာကပ္ပတို့၏ အကြောင်း၏အဖြစ်ဟူသော လက္ခဏာရှိ၏၊ ပုရိသတ္တံ–ယောကျ်ား၏ဖြစ်ကြောင်းဖြစ်ရာ ရုပ်သည်၊ ပုရိသ၊ပေ၊လက္ခဏံ–ပုရိသလိင်္ဂ အစရှိသည်တို့၏ အကြောင်း၏ အဖြစ်ဟူသော လက္ခဏာ ရှိ၏။

တတ္ထ–ထိုလိင်္ဂအစရှိသည်တို့တွင်၊ ဣတ္ထီနံ–တို့၏၊ အင်္ဂဇာတံ–အင်္ဂါဇာတ်သည်၊ ဣတ္ထိလိင်္ဂံ–ဣတ္ထိလိင်္ဂမည်၏၊ သရာဓိပ္ပာယာ–အသံ,အလိုဆန္ဒတို့သည်၊ ဣတ္ထိနိမိတ္တံ–မည်၏၊(ကသ္မာ–နည်း၊) ဣတ္ထီတိ–ဟူ၍၊ သဉ္ဇာနနဿ–သိမှတ်ခြင်း၏၊ ပစ္စယဘာဝတော–အကြောင်း၏ အဖြစ်ကြောင့်တည်း၊ အဝိသဒ ၊ပေ၊ နိသဇ္ဇာဒိ–မသန့်ရှင်းသော ရပ်ခြင်း, သွားခြင်း, ထိုင်ခြင်း အစရှိသော အမူအရာသည်၊ ဣတ္ထိကုတ္တံ–မည်၏၊ [မသန့်ရှင်းဟူရာ၌ မူရာမာယာ ပါသည်ကို ဆိုလိုသည်၊] ဣတ္ထိသဏ္ဌာနံ–မိန်းမပုံသဏ္ဌာန်သည်၊ ဣတ္ထာကပ္ပော–မည်၏၊ ပုရိသလိင်္ဂါဒီနိပိ–ပုရိသလိင်္ဂအစရှိသည်တို့ကိုလည်း၊ ဝုတ္တနယေန–ဖြင့်၊ ဒဋ္ဌဗ္ဗာနိ–န်၏။ ["ပုရိသာနံ အင်္ဂဇာတံ ပုရိသလိင်္ဂံ၊ပေ၊ဝိသဒဌာနဂမနနိသဇ္ဇာပုရိသကုတ္တံ"စသည်ဖြင့် ပြောင်းပြန်ပြန်၍ သိပါလေ။]

အဋ္ဌကထာယံ ပန–၌ကား၊ အညထာ–ဆိုအပ်ပြီးသော အဖွင့်မှတစ်ပါးသော အပြားအားဖြင့်၊ ဣတ္ထိလိင်္ဂါဒီနိ–ဣတ္ထိလိင်္ဂ အစရှိသည်တို့ကို၊ ဝဏ္ဏိတာနိ–ဖွင့်အပ်ကုန်ပြီ၊ ပန–ဆက်၊ တံ–ထိုအဖွင့်ကို၊ ဧဝံ–ဤဆိုအပ်လတ္တံ့သော ဂါထာဖြင့်၊ သင်္ဂဟေတွာ–သိမ်းယူ၍၊ ဝဒန္တိ–ရှေးဆရာတို့ ဆိုကြကုန်၏၊(ကိံ–နည်း၊) လိင်္ဂံ၊ပေ၊ဂမနာဒိကံတိ–ဟူ၍၊ (ဝဒန္တိ)၊ [ဟတ္ထာဒိသဏ္ဌာနံ–လက်အစရှိသော ပုံသဏ္ဌာန်သည်၊ လိင်္ဂံ–လိင်္ဂမည်၏၊ မိဟိတာဒိကံ–ပြုံးရယ်ခြင်းအစရှိသော အမှတ်အသားသည်၊ နိမိတ္တံ–နိမိတ္တ မည်၏၊ သုပ္ပာဒိနာ–ဗန်းငယ်, စကောငယ် အစရှိသည်ဖြင့်၊ ကီဠာ–ငယ်စဉ်၌ ကစားခြင်းသည်၊ ကုတ္တံ–ကုတ္တ မည်၏၊

သရာ၊ပေ၊ဘာဝတော။ ။စကားပြောသံ၏ နူးညံ့ပုံ, အသံသေးငယ်ပုံကို ကြားရလျှင် မိန်းမဟု သိနိုင်၏၊ ယောကျ်ား လိုချင်ခြင်း, ယောကျ်ားကို ကြည့်လို မြင်လိုခြင်းသည် ဣတ္ထာဓိပ္ပာယတည်း၊ "သဉ္ဇာနနဿပစ္စယ"ကို ကြည့်၍ "နိမိနာတိ သဉ္ဇာနာတိ ဧတေနာတိ နိမိတ္တံ"ဟု ပြု။

ဂမနာဒိကံ–သွားခြင်း အစရှိသော အမူအရာသည်၊ အာကပ္ပော–အာကပ္ပ မည်၏။...[ဤဂါထာကို မူတည်၍ ဘာသာဋီကာ၌ အဓိပ္ပာယ် ပြထားပြီ။]

တေန–ဤရုပ်ဖြင့်၊ ဣတ္ထာဒိအဘိဓာနံ–ဣတ္ထီ အစရှိသော သဒ္ဒါသည် လည်းကောင်း၊ ဗုဒ္ဓိ စ–အသိဉာဏ်သည်လည်းကောင်း၊ ဘဝတိ–ဖြစ်၏၊ ဣတိ ကတွာ–ဤအကြောင်းကြောင့်၊ ဘာဝရူပံ နာမ–ဘာဝရုပ် မည်၏၊ [ဤပါဠိဖြင့် "ဘဝန္တိ ဗုဒ္ဓိသဒ္ဒါ ဧတေနာတိ ဘာဝေါ"ဟူသော ဝိဂြိုဟ်ကို ပြ၏၊ ထိုဝိဂြိုဟ်၏ အဓိပ္ပာယ်ကို ဘာဝတံဒီတ်အဖွင့်များမှာ ရှု၊] ပန–ဆက်၊ တံ တော်–ထိုဘာဝရုပ် သည်၊ ကာယိန္ဒြိယံ ဝိယ–ကာယိန္ဒြေကဲ့သို့(ကာယပသာဒကဲ့သို့)၊ သကလ သရီရံ–ကို၊ ဖရိတွာ–၍၊ တိဋ္ဌတိ–၏။ [ဘောပသာဒ, ဇီဝိတ စသည်ဖြင့် ဘာသာဋီကာ၌ ပြထားပြီ။]

၈။ ဟဒယမေဝ–ဟဒယသည်ပင်၊ မနောဓာတု မနောဝိညာဏဓာတူနံ–မနောဓာတ်,မနောဝိညာဏဓာတ်တို့၏၊ နိဿယတ္တာ–မှီရာ၏အဖြစ်ကြောင့်၊ [နိဿယတ္တာ၏သမ္ဗန်ကို "ဟဒယံဿ"ဟု ခံ၊] ဝတ္ထု စ–ဝတ္ထုလည်း ဟုတ်၏၊ ဣတိ–ကြောင့်၊ ဟဒယဝတ္ထု–မည်၏၊ တထာ ဟိ–ထိုစကားမှန်၏၊ တံ–ထိုဟဒယဝတ္ထုသည်၊ ဓာတုဒ္ဒယနိဿယဘာဝလက္ခဏံ–မနောဓာတ်, မနော ဝိညာဏဓာတ်ဟူသော ဓာတ်နှစ်ပါးအပေါင်း၏ မှီရာ၏အဖြစ်ဟူသော လက္ခဏာ ရှိ၏၊ တဉ္စ–ထိုဟဒယဝတ္ထုသည်လည်း၊ ဟဒယကောသဗ္ဘန္တရေ–နှလုံးအိမ်အတွင်း၌၊ အမုပသတမတ္တံ–တစ်လက်ဖက်၏ ထက်ဝက်မျှရှိသော၊ လောဟိတံ–သွေးကို၊ နိဿာယ–၍၊ ဝတ္တတိ–၏။

ပန–ဆက်၊ ရူပကဏ္ဍေ–ရူပကဏ္ဍပါဠိတော်၌၊ [ဓမ္မသင်္ဂဏီပါဠိတော် ရူပကဏ္ဍ၌–ဟူလို၊] အဝုတ္တဿပိ–ဟောတော်မမူအပ်သည်လည်း ဖြစ်သော၊ တဿ–ထိုဟဒယရုပ်၏၊ အာဂမတော–အာဂုံအားဖြင့်လည်းကောင်း၊ ယုတ္တိ တောစ–အသင့်ယုတ္တိအားဖြင့်လည်းကောင်း၊ အတ္ထိဘာဝေါ–ရှိသည်၏အဖြစ်ကို၊ ဒဋ္ဌဗ္ဗော–၏၊ တတ္ထ–ထိုအာဂမ,ယုတ္တိတို့တွင်၊ ယံ ရူပံ၊ပေ၊ပစ္စယောတိ–ဟူ၍၊ ဧဝံ–သို့၊ အာဂတံ–သော၊ ပဋ္ဌာနဝစနံ–ပဋ္ဌာန်းပါဠိတော်သည်၊ အာဂမော–အာဂုံတည်း၊ [ယံ ရူပံ–အကြင်ရုပ်တစ်မျိုးကို၊ နိဿာယ–၍၊ မနောဓာတုစ–သည်လည်းကောင်း၊ မနောဝိညာဏဓာတုစ–သည်လည်းကောင်း၊ ပဝတ္တန္တိ–န်၏၊ ("မနောဓာတု စ, မနောဝိညာဏဓာတု စ"နှစ်ခုကို ငဲ့၍ "ပဝတ္တန္တိ"ဟု ဗဟုဝုစ်ဖြင့် ဆိုသည်၊ အင်္ဂါသိတသချာတည်း၊) တံ ရူပံ–သည်၊ မနောဓာတုယာ စ–အားလည်းကောင်း၊ မနောဝိညာဏဓာတုယာ စ–အားလည်းကောင်း၊ တံ သမ္ပယုတ္တကာနံ–ထိုမနောဓာတ်, မနောဝိညာဏဓာတ်တို့နှင့် အညီအမျှ ကျေပွာဒတာ အစရှိသော အပြားတို့ဖြင့် ယှဉ်ကုန်သော၊ ဓမ္မာနံ စ–တို့အားလည်း ကောင်း၊ နိဿယပစ္စယေန–နိဿယပစ္စယသတ္တိဖြင့်၊ ပစ္စယော–သည်၊ (ဟောတိ)။["အာဂစ္ဆန္တိ အတ္တတ္ထပရတ္ထာ တွေ တေနဝါတိ အာဂမော"နှင့်အညီ

မိမိ သူတစ်ပါး အစီးအပွားတို့၏ လာရာလာကြောင်း ဖြစ်၍ (ဘုရားဟော ပါဠိတော်ကို) အာဂမဟု ခေါ်သည်။]

ယုတ္တိ ပန–ယုတ္တိကိုကား၊ ဧဝံ–ဤဆိုအပ်လတ္တံ့သောနည်းဖြင့်၊ ဒဋ္ဌဗ္ဗံ–မှတ်ထိုက်၏၊ (ကိံ–နည်း၊) ကာမရူပိနံ–ကာမ, ရူပဘုံသားတို့၏၊ [အရူပဘုံ၌ ရုပ်မရှိ၍ စိစစ်ဖွယ်မလို၊] ဒွေ–ကုန်သော၊ ဓာတူ–မနောဓာတ်, မနောဝိညာဏ ဓာတ်တို့သည်၊ စက္ခုဝိညာဏာဒယော ဝိယ–စက္ခုဝိညာဏဓာတ် အစရှိသည်တို့ ကဲ့သို့၊ ရူပါနုဗန္ဓဝုတ္တိတ္တာ–ရုပ်သို့ အစဉ်လိုက်သော ဖြစ်ခြင်းရှိကုန်သည်၏အဖြစ် ကြောင့်၊ နိဿန္ဒဘူတိကာဓာရာ–နိဿန္ဒဥပါဒါရုပ်ဟူသော မှီရာရှိကုန်၏။ [ဘူတေ နိဿိတာ ဘူတိကာ–ဘူတရုပ်၌ မှီကုန်သော ဥပါဒါရုပ်တို့။]

တော–ဤဓာတ်နှစ်ပါးတို့သည်၊ စက္ခာဒိ–စက္ခု အစရှိသော ပသာဒကို၊ န နိဿိတာ–မမှီကုန်၊ (ကသ္မာ–နည်း၊) တဿ–ထိုစက္ခု အစရှိသောပသာဒ၏၊ အညာဓာရဘာဝတော–တစ်ပါးသော စက္ခုဝိညာဏဓာတ် စသည်တို့၏ တည်ရာ၏ အဖြစ်ကြောင့်တည်း၊ ရူပါဒိကေပိ–ရူပါရုံ အစရှိသည်တို့ကိုလည်း၊ (န နိဿိတာ–နှ်၊ ကသ္မာ–နည်း၊) တေသံ–ထိုရူပါရုံ အစရှိသည်တို့၏၊ ဗဟိဒ္ဓါပိ–ခန္ဓာကိုယ်မှ အပြင်ပ၌လည်း၊ ပဝတ္တိတော–ဖြစ်ခြင်းကြောင့်တည်း။

ဇီဝိတံ စာပိ–ဇီဝိတရုပ်ကိုလည်း၊ (န နိဿိတာ–နှ်၊ ကသ္မာ–နည်း၊) တဿ–ထိုဇီဝိတရုပ်၏၊ ကိစ္စန္တရနိယုတ္တိတော–သဟဇာတ်ရုပ်တို့ကို စောင့်ရှောက်ခြင်း ကိစ္စတစ်မျိုးနှင့် ယှဉ်နေရခြင်းကြောင့်တည်း၊ ဘာဝဒွယံ စ–ဘာဝရုပ်နှစ်ပါး အပေါင်းကိုလည်း၊ (န နိဿိတာ–နှ်၊ ကသ္မာ–နည်း၊) တဿ–ထိုဘာဝရုပ် နှစ်ပါးသည်၊ အသန္တေပိ–မရှိပါသော်လည်း၊ ပဝတ္တိတော–နပုံး ပဏ္ဍုက်သန္တာန်၌ ဖြစ်နိုင်ခြင်းကြောင့်တည်း၊ တသ္မာ–ကြောင့်၊ တဒည–ထိုဆိုအပ်ပြီးသော ရုပ်တို့မှတစ်ပါးသော၊ ယံ ဝတ္ထု–အကြင်မှီရာရုပ်တစ်မျိုးသည်၊ အတ္ထိ–၏၊ တံ–ထိုဝတ္ထုရုပ်ကို၊ ဘူတိကံတိ–ဘူတရုပ်တို့ကို မှီသော ဥပါဒါရုပ်တစ်မျိုး ဟူ၍၊ ဝိဇာနိယံ–သိအပ်၏။

တု–ထိုသို့ ဝတ္ထုရုပ်တစ်မျိုး ရှိပါသော်လည်း၊ ဝတ္ထာလမ္ဗဒုကာနံ–ဝတ္ထုဒုက်, အာရမဏဒုက်တို့၏၊ ဒေသနာဘေဒတော–ဒေသနာစဉ် ပျက်မည့် အရေး ကြောင့်၊ ဣဒံ–ဤဟဒယဝတ္ထုရုပ်ကို၊ ဓမ္မသင်္ဂဏီပါဠိသို့–ဓမ္မသင်္ဂဏီ ရူပကဏ္ဍ ပါဠိတော်၌၊ မဟေသိနာ–မဟာဣသိ, မုနိထွတ်တင်, ဘုရားရှင်သည်၊ န အက္ခာတံ–ဟောပြတော်မမူအပ်၊ ဣတိ–ဤသို့၊ (ယုတ္တိ–ကို၊ ဒဋ္ဌဗ္ဗာ–၏။) [အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ။]

**၉။** တေန–ထိုသဘောတရားဖြင့်၊ (သဟဇာတရူပါနိ–သဟဇာတ်ရုပ်တို့ သည်၊) ဇီဝန္တိ–အသက်ရှင်ကြရကုန်၏၊ ဣတိ–ကြောင့်၊ (တံ–ထိုသဘောတရား သည်၊) ဇီဝိတံ–ဇီဝိတမည်၏၊ တဒေဝ–ထိုဇီဝိတသည်ပင်၊ ကမ္မဇရူပပရိပါလနေ-

ကမ္မဇရုပ်တို့ကို စောင့်ရှောက်ခြင်း၌၊ အာဓိပစ္စယောဂတော–အကြီးအကဲ၏ အဖြစ်နှင့် ယှဉ်ခြင်းကြောင့်၊ ဣန္ဒြိယံ–ဣန္ဒြေတည်း၊ ဣတိ–ကြောင့်၊ ဇီဝိတိန္ဒြိယံ–ယ မည်၏၊ [“ဇီဝိတမေဝ+ဣန္ဒြိယံ ဇီဝိတိန္ဒြိယံ”ဟု ပြုစေလိုရင်းတည်း၊] တထာဟိ–ထို စကား မှန်၏၊ တံ–ဤဇီဝိတိန္ဒြေသည်၊ ကမ္မဇရူပပရိပါလန လက္ခဏံ–ကမ္မဇရုပ်တို့ကို စောင့်ရှောက်ခြင်းလက္ခဏာ ရှိ၏။

ဟိ–မှန်၊ ယထာသကံ ခဏမတ္တဋ္ဌာယီနံပိ–အကြင် အကြင် မိမိဉစ္စာဖြစ်သော ခဏမျှ၌ တည်ခြင်းရှိသည်လည်း ဖြစ်ကုန်သော၊ သဟဇာတာနံ–တကွဖြစ်ဖက် ရုပ်တို့ကို၊ ဝါ–တို့၏၊ ပဝတ္တိဟေတုဘာဝေန–ဖြစ်တည်ခြင်း၏အကြောင်း၏ အဖြစ်ဖြင့်သာလျှင်၊ အနုပါလကံ–စောင့်ရှောက်တတ်၏၊ [တကွဖြစ်ဖက် ကမ္မဇရုပ်တို့သည် တည်ရိုးတည်စဉ်အတိုင်း ခဏငယ်(၅၁)ချက်ခန့်မျှ တည်ကြ သော်လည်း ထိုသို့ တည်ရာဝယ် ဇီဝိတိန္ဒြေက စောင့်ရှောက်လျက် ရှိရသေး သည်–ဟူလို၊] ဟိ–မှန်၊ တေသံ–ထိုတကွဖြစ်ဖက် ရုပ်တို့၏၊ ကမ္မံယေဝ–ကံသည် သာလျှင်၊ ဌိတိကာရဏံ–တည်ခြင်း၏ အကြောင်းသည်၊ န ဟောတိ–မဟုတ်၊ [ဇီဝိတလည်း တည်ခြင်း၏အကြောင်းဖြစ်သည်–ဟူလို၊] (ကသ္မာ–နည်း၊) အာဟာရဇာဒီနံ–အာဟာရဇအစရှိသော ရုပ်တို့၏၊ အာဟာရာဒိ–အာဟာရ အစရှိသောအကြောင်းသည်၊(တင်္ခဏေ–ထိုရုပ်တို့၏ဖြစ်ဆဲခဏ၌၊ ဘဝတိ)ဝိယ–ထင်ရှားရှိသကဲ့သို့၊ (တထာ–တူ၊) ကမ္မဿ–၏၊ တင်္ခဏာဘာဝတော–ထိုကမ္မဇ ရုပ်တို့၏ ဖြစ်ဆဲခဏ၌ ထင်ရှားမရှိခြင်းကြောင့်တည်း၊[ဤအဓိပ္ပာယ်ကို ဘာသာ ဋီကာ ရုပ်ဇီဝိတိန္ဒြေအဖွင့်၌ ပြထားပြီ၊] ပန–ဆက်၊ ဣဒံ–ဤဇီဝိတိန္ဒြေသည်၊ ပါစနဂ္ဂိနာ–ပါစကဝမ်းမီးနှင့်၊ သဟ–တကွ၊ အနုဝသေသဉပါဒိန္နကာယံ–အကြွင်းမရှိသော ဉပါဒိန္နကိုယ်ကို၊ ဗျာပေတွာ–၍၊ ပဝတ္တတိ။

**၁၀။** ကဗဠံ–အစာကို၊ ကတွာ–၍၊ အဇ္ဈောဟရီယတိ–စားမျိုအပ်၏၊ [“ခံတွင်းသို့ ရှေးရှုဆောင်အပ်၏”ဟု သဒ္ဒတ္ထပေး၊] ဣတိ–ကြောင့်၊ ကဗဠီကာရော အာဟာရော–မည်၏၊ [အလွယ်တကူ ဝိဂြိုဟ်ပြုထားသည်၊ “ကရီယတေတိ+ ကာရော၊ကဗဠံ+ကာရော ကဗဠီကာရော၊ အာဟရီယတေ အဇ္ဈောဟရီယတေတိ အာဟာရော”ဟု ပြုစေလိုရင်းတည်း၊] စ–ဆက်၊ ဣဒံ–ဤ ကဗဠီကာရော အာဟာရောဟူသော စကားကို၊ သဝတ္ထုကံ–တည်ရာဝတ္ထုနှင့်တကွဖြစ်သည်ကို၊ ကတွာ–၍၊ အာဟာရံ–ပရမတ္ထအာဟာရကို၊ ဒဿေတုံ–ငှာ၊ ဝုတ္တံ–ပြီ။ [အာဟာရရုပ်ချည်းသက်သက် အပြခက်သောကြောင့် အစာတည်းဟူသော တည်ရာဝတ္ထုနှင့်တကွ “ကဗဠီကာရော အာဟာရော”ဟု ဟောတော်မူသည်–ဟူလို။]

ပန–စင်စစ်ကား၊ သေန္ဒြိယ၊ပေ၊ဘူတာ–ဇီဝိတိန္ဒြေနှင့် တကွဖြစ်သော ခန္ဓာ ကိုယ်ကို ထောက်ပံ့ခြင်း၏ အကြောင်းဖြစ်၍ ဖြစ်သော၊ အင်္ဂ၊ပေ၊သန်္ဓိတာ–

အင်္ဂါကြီးငယ်သို့ အစဉ်လိုက်သော အရသာကို ဆောင်တတ်သော ရုပ်ဟု ဆိုအပ်သော၊ အဇ္ဈောပေါ-ဘူတာ-စားမြိုအပ်သော အာဟာရ၏ အဆီ, အစေး ဖြစ်၍ ဖြစ်သော၊ သြဇာ-သြဇာသည်၊ ဣဓ-ဤကဗဋီကာရော အာဟာရော ဟူသော ပါဠိ၌၊ အာဟာရရုပံ နာမ-အာဟာရရုပ် မည်၏၊ တထာဟိ-ထိုစကား မှန်၏၊ တေ-ဤ အာဟာရရုပ်သည်၊ သေန္ဒြိယပေါလက္ခဏံ-ဇီဝိတိန္ဒြေနှင့် တကွဖြစ်သော ခန္ဓာကိုယ်ကို ထောက်ပံ့ခြင်း၏ အကြောင်း၏ အဖြစ်ဟူသော လက္ခဏာ ရှိ၏၊ [သေန္ဒြိယကာလဟု ဆိုသောကြောင့် ဇီဝိတိန္ဒြေ မရှိသော ဗဟိဒ္ဓရုပ်များကိုကား မထောက်ပံ့နိုင်ဟု သိပါ၊] ဝါ-တစ်နည်း၊ သြဇာဋ္ဌမကရူပါဟရဏလက္ခဏံ-သြဇာလျှင် ရှစ်ခုမြောက်ရှိသော အာဟာရဇ ရုပ်ကို ဆောင်ထားခြင်း လက္ခဏာ ရှိ၏။ [သြဇဋ္ဌမကရုပ်ကို ဖြစ်စေခြင်းကိုပင် "ဆောင်ထားသည်"ဟု ဆိုသည်။]

**၁၁။** [သဘာဝရူပံ စသည်ကို ဖွင့်ပြလိုသောကြောင့် "ကက္ခဠတ္တာဒိနာ" စသည်မိန့်၊] ကက္ခဠတ္တာဒိနာ-ကက္ခဠတ္တ အစရှိသော၊ အတ္တနော အတ္တနော-မိမိ, မိမိ၏၊ သဘာဝေန-သဘောအားဖြင့်၊ ဥပလဗ္ဘနတော-ရအပ်သည်၏ အဖြစ် ကြောင့်၊(ဉာဏ်ဖြင့် ကပ်၍ သိအပ်သည်၏အဖြစ်ကြောင့်၊) သဘာဝရူပံ နာမ-မည်၏၊ ဥပ္ပာဒါဒီဟိ-ဥပ္ပာဒ အစရှိကုန်သော၊ ဝါ-တစ်နည်း၊ အနိစ္စတာဒီဟိ-အနိစ္စတာအစရှိကုန်သော၊ လက္ခဏေဟိ-အမှတ်အသားတို့နှင့်၊သဟိတံ-တကွ ဖြစ်သော ရုပ်တည်း၊ ဣတိ-ကြောင့်၊ သလက္ခဏံ-မည်၏၊ ပရိစ္ဆေဒါဒိဘာဝံ-ပရိစ္ဆေဒ အစရှိသည်တို့၏အဖြစ်ကို၊ ဝိနာ-၍၊ အတ္တနော-၏၊ သဘာဝေန-သဘောအားဖြင့်၊ ကမ္မာဒီဟိ-ကံအစရှိကုန်သော၊ ပစ္စယေဟိ-အကြောင်းတို့ သည်၊ နိပ္ဖန္နတ္တာ-ဖြစ်စေအပ်သည်၏အဖြစ်ကြောင့်၊ နိပ္ဖန္နရူပံ နာမ-မည်၏။

---

**သေန္ဒြိယပေါသင်္ခါတာ။** ။ဇီဝိတိန္ဒြိယသင်္ခါတေန ဣန္ဒြိယေန သဟဝတ္တတီတိ သေန္ဒြိယော၊ သေန္ဒြိယောယေဝ ကာယော သေန္ဒြိယကာယော၊ တဿ ဥပတ္ထမ္ဘနံ သေန္ဒြိယကာယောပတ္ထမ္ဘနံ၊ တဿ ဟေတု သေန္ဒြိယကာယောပတ္ထမ္ဘနဟေတု၊ သေန္ဒြိယ ကာယောပတ္ထမ္ဘနဟေတု ဟုတွာ ဘူတာ သေန္ဒြိယပေါဘူတာ၊ အင်္ဂ အင်္ဂ အင်္ဂမင်္ဂ၊ အင်္ဂမင်္ဂ အနုဿရတီတိ အင်္ဂမင်္ဂါနုသာရီ၊ ရသံ+ဟရော ရသဟရော၊ အင်္ဂမင်္ဂါနုသာရီ စ+သော+ရသဟရော စာတိ အင်္ဂမင်္ဂါနုသာရီရသဟရော၊ အဇ္ဈောဟရိတဗ္ဗာဟာရဿ သိနေဟဘူတာ အဇ္ဈောဟရိတဗ္ဗာဟာရသိနေဟဘူတာ။

**ပရိစ္ဆေဒါဒီပေါနိပ္ဖန္နရူပံ နာမ။** ။အာကာသဓာတ်အတွက် "ပရိစ္ဆေဒ"ဟု ဆို၏၊ အာဒိဖြင့် ဝိညတ်အတွက် ဝိကာရ, လဟုတာ စသည်တို့အတွက် လဟုဘာဝ, မုဒုဘာဝ, ကမ္မညဘာဝ, ဥပစယ စသည်တို့အတွက် ဥပစယန စသည်ကို ယူ၊ ထိုပရိစ္ဆေဒ စသည်တို့ကား ကံစသော အကြောင်းအရာတို့က ဖြစ်စေအပ်သည် မဟုတ်၊ ကံစသော အကြောင်းအရာတို့က နိပ္ဖန္နရုပ်ကို ဖြစ်စေရာဝယ် အလိုလို ပါလာကြသည်။

ရုပ္ပနသဘာဝေါ–ဖောက်ပြန်ခြင်းသဘောသည်၊ ရူပ်–ရူပမည်၏၊ တေန–ထိုဖောက်ပြန်ခြင်းသဘောနှင့်၊ ယုတ္တံပိ–ယှဉ်သောရုပ်သည်လည်း၊ ရူပ်–မည်၏၊ ယထာ–ဥဒါဟရဏ်ကား၊ အရိသသော နီလုပ္ပလံတိ–အရိသသော နီလုပ္ပလံ ဟူသကဲ့သို့တည်း၊ [အရိသသောဖြင့် အဿတ္တိတဒ္ဓိတ်ကို ပြ၍, နီလုပ္ပလံဖြင့် ဂုဏရူပစာကို ပြသည်၊ အကျယ်ကို ဘာသာဋီကာ၌ ပြထားပြီ။] သွာယံ ရူပသဒ္ဒေါ–ထိုရူပသဒ္ဒါသည်၊ ရုဠှိယာ–အထင်ရုဠှီအားဖြင့်၊ အတံသဘာဝေပိ–ထိုဖောက်ပြန်ခြင်းသဘော မရှိသော အနိပ္ဖန္နရုပ်၌လည်း၊ ပဝတ္တတိ–ဖြစ်သေး၏၊ ဣတိ–ကြောင့်၊ အပရေန–တစ်ပါးသော၊ ရူပသဒ္ဒေန–ရူပသဒ္ဒါဖြင့်၊ ဝိသေသေတွာ–အထူးပြု၍၊ ဝါ–ဝိသေသန မ၍၊ ရူပရူပံတိ–ရူပရူပဟူ၍၊ ဝုတ္တံ–ပြီ၊ ယထာ–ကား၊ ဒုက္ခဒုက္ခံတိ–ဒုက္ခဒုက္ခ ဟူသကဲ့သို့တည်း၊ ပရိစ္ဆေဒါဒိဘာဝံ–ကို၊ အတိက္ကမိတွာ–လွန်၍၊[ပရိစ္ဆေဒ စသည် မဟုတ်ဘဲ–ဟူလို၊] သဘာဝေနေဝ–သာလျှင်၊ ဥပလဗ္ဘနတော–ရအပ်သည်၏အဖြစ်ကြောင့်၊ ဝါ–အတွက်၊ လက္ခဏတ္တယာ ရောပနေန–အနိစ္စတာ အစရှိသော လက္ခဏာသုံးပါးအပေါင်းကို တင်ခြင်းဖြင့်၊ သမ္မသိတုံ–သုံးသပ်ခြင်းငှာ၊ အရဟတ္တာ–ထိုက်သည်၏အဖြစ်ကြောင့်၊ သမ္မသန ရူပံ–မည်၏။ [ဤဝါကျတို့၏ အကျယ်ကို ဘာသာဋီကာ၌လည်းကောင်း၊ အခြေပြုသင်္ဂြိုဟ်၌လည်းကောင်း ပြထားပြီ။]

**၁၂။** (ယော–အကြင်အပိုင်းအခြားကို၊) န ကသတိ–မရေးခြစ်အပ်၊ ဣတိ–ကြောင့်၊ (သော–သည်၊) အကာသော–မည်၏၊ အကာသော ယေဝ–အကာသ သည်ပင်၊ အာကာသော–မည်၏၊ နိဇ္ဇီဝဋ္ဌေန–ဇီဝမဟုတ်သည်၏အဖြစ်ဟူသော အနက်သဘောကြောင့်၊ [နိဇ္ဇီဝအဓိပ္ပာယ်ကို ရှေး၌ ပြခဲ့ပြီ၊] ဓာတုစ–ဓာတ်လည်း မည်၏၊ ဣတိ–ကြောင့်၊ အာကာသဓာတု–မည်၏၊ စက္ခုပေါရူပါနံ–စက္ခုဒသက အစရှိသော တစ်ခုတစ်ခုသော ကလာပ်၌ ဖြစ်ကုန်သောရုပ်တို့၏၊ (အသံကိဏ္ဏ ဘာဝဥ္စစပ်၊) ကလာပန္တရေဟိ–ကလာပ်တစ်ပါးတို့နှင့်၊ အသံကိဏ္ဏဘာဝါပါဒန ဝသေန–ရောနှောခြင်း မရှိကုန်သည်၏ အဖြစ်သို့ ရောက်စေခြင်း၏အစွမ်းဖြင့်၊ ပရိစ္ဆေဒကံ–ပိုင်းခြားတတ်သော၊ (ရူပ်–သည်၊ ပရိစ္ဆေဒရူပ် နာမ–မည်၏၊) ဝါ–တစ်နည်း၊ တေဟိ–ထိုတစ်ခုသောကလာပ်၌တည်သောရုပ်တို့သည်၊ ပရိစ္ဆိဇ္ဇမာနံ-

---

ထို့ကြောင့် "ပရိစ္ဆေဒါဒိဘာဝံ ဝိနာ"ဟု ဆိုသည်၊ ထိုအာကာသဓာတ် စသည်တို့ကဲ့သို့ ပရိစ္ဆေဒစသော သဘော မဟုတ်ဘဲ ကံစသော အကြောင်းတရားတို့က ဖြစ်စေအပ်သော ရုပ်များကို "နိပ္ဖန္နရုပ်"ဟု ခေါ်သည်။

**ပရိစ္ဆေဒရူပ်။** ။"ပရိစ္ဆိန္ဒတီတိ ပရိစ္ဆေဒေါ၊ (ဏပစ္စည်းဖြစ်၍ ပုလ္လိင်) ပရိစ္ဆေဒေါ စ သော ရူပဥ္စာတိ ပရိစ္ဆေဒရူပံ"ဟု ပြုစေလို၍ "ပရိစ္ဆေဒကံ ရူပံ"ဟု မိန့်သည်၊ ကလာပ်နှစ်ခု စပ်မိသောအခါ ထိုကလာပ်နှစ်ခုကို မရောနှောအောင် ပိုင်းခြားတတ်သောရုပ်–ဟူလို၊

ပိုင်းခြားအပ်သော၊ (ရုပ်–သည်၊ ပရိစ္ဆေဒရုပ် နာမ) ဝါ–တစ်နည်း၊ တေသံ–ထိုတစ်ခုသော ကလာပ်၌ တည်သောရုပ်တို့ကို၊ ပရိစ္ဆေဒမတ္တံ–ပိုင်းခြားခြင်းသဘောမျှဖြစ်သော။ ရုပ်–သည်၊ ပရိစ္ဆေဒရုပ်–မည်၏၊ ဟိ–မှန်၊ တံ–ထိုပရိစ္ဆေဒရုပ်သည်၊ တံ တံ ရူပကလာပံ–ထိုထိုရုပ်ကလာပ်ကို၊ ပရိစ္ဆိန္နန္တံ ဝိယ–ပိုင်းခြားသကဲ့သို့၊ ဟောတိ–၏။ [တကယ် မပိုင်းခြားသော်လည်း ပိုင်းခြားသကဲ့သို့ ဖြစ်သောကြောင့် "ပရိစ္ဆိန္နန္တံဝိယ"ဟု ဆိုသည်၊ ပရိစ္ဆေဒကံ၏ ဒဋ္ဌီဝါကျတည်း။]

စ–ဆက်၊ ကလာပန္တရဘူတာတော့ဟိ–ကလာပ်တစ်ပါး၌ဖြစ်သောမဟာဘုတ်တို့သည်၊ ကလာပန္တရဘူတာနံ–ကလာပ်တစ်ပါး၌ ဖြစ်သော မဟာဘုတ်တို့၏၊ ဝါ–တို့ကို၊ သမ္ဗန္ဓဘာဝေ–ကောင်းစွာ တွေ့ထိအပ်ကုန်သည်၏အဖြစ်သည်၊ ဝိဇ္ဇမာနေပိ–ထင်ရှားရှိပါသော်လည်း၊ တံ တံ ရူပဝိဝိတ္တတာ–ထိုထိုရုပ်တို့၏ ကင်းဆိတ်ကုန်သည်၏အဖြစ်သည်၊ ရူပပရိယန္တော–ရုပ်တို့၏ အဆုံးအပိုင်းအခြားသည်၊ [တံတံ ရူပဝိဝိတ္တတာ ထပ်ဖွင့်၊] အာကာသော–မည်၏။

စ–ဆက်၊ သော–ထို အာကာသသည်၊ ယေသံ–အကြင် ရုပ်ကလာပ်တို့ကို၊ ပရိစ္ဆေဒေါ–ပိုင်းခြားတတ်၏၊ တေဟိ–ထိုရုပ်ကလာပ်တို့သည်၊ သယံ–မိမိဟူသော အာကာသကို၊ အသမ္ဖုဋ္ဌောယေဝ–မထိအပ်၊ မထိနိုင်သည်သာ၊ အညထာ–မထိအပ်သည်မှ တစ်ပါးသော ထိအပ်၏ဟူသော အခြင်းအရာအားဖြင့်၊ (အတ္တေ–အနက်ကို၊ ဂယှမာနေ–ယူအပ်သော်၊) ပရိစ္ဆိန္နတာ–ပိုင်းခြားအပ်သည်၏ အဖြစ်သည်၊ န သိယာ–မဖြစ်ရာ၊ (ကသ္မာ–နည်း၊) တေသံ ရူပါနံ–ထို ရုပ်တို့၏၊ ဗျာပီဘာဝါပတ္တိတော–ပျံ့နှံ့ခြင်း ရှိသည်၏ အဖြစ်သို့

---

တစ်နည်း–ပရိစ္ဆိဇ္ဇတေတိ ပရိစ္ဆေဒေါ (ကမ္မသာဓနံ)၊ ရုပ်နှင့် ရှေ့နည်းအတိုင်း တွဲ၊ ဘေးပတ်ဝန်းကျင် ကလာပ်တို့က သူ့ကို ဝိုင်း၍ ပိုင်းခြားအပ်သောကြောင့် အာကာသဓာတ်ကို ပရိစ္ဆေဒရုပ် ခေါ်သည်–ဟူလို၊ တစ်နည်း–အစစ်အမှန်အားဖြင့် ပိုင်းခြားခြင်းသဘောမှတစ်ပါး ပိုင်းခြားတတ်သော ကတ္တုသတ္တိလည်း မရှိ၊ ပိုင်းခြားအပ်သော ကမ္မသတ္တိလည်း မရှိသောကြောင့် "ပရိစ္ဆေဒမတ္တံ"ဟု မတ္တသဒ္ဒါဖြင့် ပြ၏၊ "ပရိစ္ဆိဇ္ဇနံ–ပိုင်းခြားခြင်း၊ ပရိစ္ဆေဒေါ–ခြင်း"ဟု ဘာဝသာဓန ပြု။

**ဝိဇ္ဇမာနေပိ စ၊ပေ၊အာကာသော**။ ။ထိကပ် စပ်နေသော ကလာပ်တို့သည် အချင်းချင်း ထိလျက်ရှိသော်လည်း ထိုထိုကလာပ်တို့၏ အဆုံးအပိုင်းအခြား အကြားတစ်မျိုးကား ရှိသေး၏၊ ထိုအကြားတစ်မျိုးကို "အာကာသ"ဟု ခေါ်သည်။

**ယေသသ္မ၊ပေ၊ဗျာပီဘာဝါပတ္တိတော**။ ။မိမိသည် ပိုင်းခြားအပ်သော ရုပ်ကလာပ်တို့ကလည်း မိမိကို မထိအပ်–မထိနိုင်၊ အကယ်၍ ထိနိုင်သည်ဟု ဆိုလျှင် မိမိဟူသော အာကာသကို ဝိုင်း၍ နေကြသော ရုပ်ကလာပ်တို့လည်း (သီးခြား၍ မတည်ဘဲ) ရောနှော ပျံ့နှံ့သွားရာ၏၊ ထို့ကြောင့် "အာကာသကို ပတ်ဝန်းကျင် ရုပ်ကလာပ်တို့က မထိအပ်–မထိနိုင်"ဟု သိရသည်။

ရောက်ခြင်းကြောင့်တည်း၊ ဟိ–မှန်၊ အဗျာပိတတာ–ပျံ့နှံ့ခြင်း မရှိသည်၏ အဖြစ်သည်၊ အသမ္ဗုဋ္ဌတာ–မတွေ့ထိအပ်သည်၏အဖြစ်တည်း၊ တေန– ကြောင့်၊ ဘဂဝါ–သည်၊ အသမ္ဖုဋ္ဌံ၊ပေ၊ဘူတေဟိ”တိ–ဟူ၍၊ အာဟ– ဟောတော်မူပြီ။ [“စတူဟိ–န်သော၊ မဟာဘူတေဟိ–မဟာဘုတ်တို့သည်၊ အသမ္ဖုဋ္ဌံ–မတွေ့ထိအပ်သော သဘောလည်းကောင်း”ဟု ပါဠိတော်ပေး။]

**၁၃**။ စလမာနကာယေန–လှုပ်ရှားသော ကိုယ်ဖြင့်၊ အဓိပ္ပာယံ–အလိုကို၊ ဝိညာပေတိ–သိစေတတ်၏၊ သယဉ္စ–မိမိဟူသော ဝိညတ်ကိုလည်း၊ တေန– ထိုလှုပ်ရှားသော ကိုယ်ဖြင့်၊ ဝိညာယတိ–သိအပ်၏၊ ဣတိ–ထို့ကြောင့်၊ ကာယ ဝိညတ္တိ–မည်၏၊ [“အဓိပ္ပာယံ ဝိညာပေတိတိ ဝိညတ္တိ”ဟု ဟေတုကတ္တုသာခ် လည်းကောင်း၊ “ဝိညာယတီတိ ဝိညတ္တိ”ဟု ကမ္မသာခ်လည်းကောင်း ပြု၍ “ကာယေန+ဝိညတ္တိ ကာယဝိညတ္တိ”ဟု တပ္ပုရိသ်သမာသ် တွဲစပ်စေလိုသည်၊] သဝိညာဏကသဒ္ဒသင်္ခါတဝါစာယ–သဝိညာဏကသဒ္ဒဟု ဆိုအပ်သော ဝါစာ ဖြင့်၊ ဝါ–သက်ရှိအသံဟု ဆိုအပ်သော ဝါစာဖြင့်၊ အဓိပ္ပာယံ–ကို၊ ဝိညာပေတိ– ၏၊ သယဉ္စ–မိမိဟူသော ဝိညတ်ကိုလည်း၊ တာယ–ထိုသက်ရှိအသံဟု ဆိုအပ် သော ဝါစာဖြင့်၊ ဝိညာယတိ–သိအပ်၏၊ ဣတိ–ကြောင့်၊ ဝစီဝိညတ္တိ–မည်၏၊ [ဝစီအရ သက်ရှိ အသံကို ကောက်၍ “ဝစိယာ+ဝိညတ္တိ ဝစီဝိညတ္တိ”ဟု ပြုစေလိုရင်းတည်း။]

တတ္ထ–ထိုကာယဝိညတ်, ဝစီဝိညတ်တို့တွင်၊ အဘိက္ကမ၊ပေ၊ဓာတုယာ– ရှေ့သို့ သွားခြင်းအစရှိသော ကြိယာကို ဖြစ်စေတတ်သော စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်၏၊ (သဟကာရီကာရဏ, ဝိကာရတို့၌ စပ်၊) သဟဇာတ၊ပေ၊ စလိတေသု–တကွဖြစ်ဖက် ရုပ်တို့ကို ကောင်းစွာ ထောက်ပံ့ခြင်း, ကောင်းစွာ ဆောင်ထားခြင်း, တကွဖြစ်ဖက် ရုပ်တို့ကို လှုပ်ရှားခြင်းတို့၌၊ သဟကာရီ ကာရဏဘူတော–အတူတကွ အကျိုးပြုလေ့ရှိသော အကြောင်းဖြစ်၍ဖြစ်သော၊ ဖန္ဒ၊ဘန၊ပေ၊ဝိမုတ္တော–လှုပ်ရှားသောကိုယ်, လှုပ်ရှားခြင်း, ထိုလှုပ်ရှားခြင်း၏ အကြောင်းဖြစ်သော ဝါယောဓာတ်မှ လွတ်သော၊ မဟန္တံ–ကြီးစွာသော၊ ပါသာဏံ–ကျောက်ခဲကို၊ ဥက္ခိပန္တသ–ကြွမြှောက်သူ၏၊ သဗ္ဗထာမေန–အလုံးစုံ သော အစွမ်းဖြင့်၊ ဂဟဏကာလေ–ကိုင်ယူရာအခါ၌၊ ဥဿာဟနဝိကာရော ဝိယ–အားထုတ်ခြင်း၏ထူးခြားသော အမူအရာကဲ့သို့၊ ရူပကာယဿ– ရူပကာယ၏၊ ပရိပ္ဖန္ဒနပစ္စယဘာဝေန–လှုပ်ရှားခြင်း၏အကြောင်း၏အဖြစ်ဖြင့်၊

---

**တတ္ထ၊ပေ၊ကာယဝိညတ္တိ**။ ။ဤဝါကျဖြင့် ကာယဝိညတ်၏ သရုပ်ကို ကောက်ပြ သည်၊ “ဝိကာရော ကာယဝိညတ္တိ”သည် လိုရင်းတည်း၊ ဝိကာရရုပ်ဖြစ်သောကြောင့် “ဝိကာရော ကာယဝိညတ္တိ”ဟု ဆိုသည်၊ “ဝိ–ထူးခြားသော+ကာရော–အမူအရာသည် ကာယဝိညတ် မည်၏”ဟူလို။

ဥပလဒ္ဓမာနော–ကပ်၍ ရအပ်သော၊ (ကပ်၍သိအပ်သော)၊ ဝိကာရော– ထူးခြားသော အမူအရာသည်၊ ကာယဝိညတ္တိ–မည်၏။

ဟိ–မှန်၊ [ဝိကာရကို ကာယဝိညတ်ဟု ခေါ်ခြင်းသည် မှန်၏၊] သာ– ထိုဝိကာရဟူသော ဝိညတ်သည်၊ ဖန္ဒမာနကာယေန–လှုပ်ရှားသောကိုယ်ဖြင့်၊

---

**အဘိက္ကမာဒိပေဝါယောဓာတုယာ**။ ။"အဘယ်၏ ထူးခြားသော အမူအရာပါနည်း" ဟု မေးဖွယ်ရှိ၍ "အဘိက္ကမပေဝါဓာတုယာ"ဟု မိန့်၊ "စိတ္တဇဝါယောဓာတ်၏ ထူးခြားသောအမူအရာ"ဟူလို၊ ရှေ့သို့ သွားခြင်း, အာဒိဖြင့် ပဋိက္ကမ (ပြန်ခြင်း) အာလောကိတ, ဝိလောကိတ စသည်ကို ယူ၊ ထို အဘိက္ကမ စသော ကြိယာသည် သွားခြင်းစသည်ကို ပြုလိုသော စိတ်ကြောင့်ဖြစ်၍ ထိုစိတ် ဖြစ်သည်နှင့် တစ်ပြိုင်နက် စိတ္တဇရုပ်များ ဖြစ်၏၊ ထိုရုပ်များတွင် (လှုပ်ရှားရမည့် ကိစ္စကို ရွက်ဆောင်ရာဖြစ်၍) ဝါယောဓာတ် သည် သတ္တိလွန်ကဲ၏၊ ထိုစိတ္တဇဝါယောဓာတ်သည် အခြားအခါ၌ဖြစ်သော ဝါယောဓာတ် ရိုးရိုး မဟုတ်ဘဲ, ထူးခြားသော အမူအရာ(ဝိကာရ)တစ်မျိုး ပါသော ဝါယောဓာတ်တည်း၊ ထိုဝိကာရကို ကာယဝိညတ်ဟု ခေါ်သည်။

**သဟဇာတ၊ပေ၊ကာရဏဘူတော**။ ။ထိုဝိကာရသည် ဝါယောဓာတ်၌ အဘယ်သို့ အကူအညီ ရပါသနည်းဟု မေးဖွယ်ရှိ၍ "သဟဇာတ၊ပေ၊ဘူတော"ဟု မိန့်၊ ဝါယောဓာတ် သည် တကွဖြစ်သော ရုပ်တို့ကို လျော့မသွားအောင် ထောက်ပံ့ထား၏၊ လဲကျမသွား အောင် ဆောင်ထား၏၊ ရှေ့သို့ သွားခြင်း စသည်ဖြစ်အောင် လှုပ်ရှားစေ၏၊ ထိုသို့ သန္ထမ္ဘန စသော အမှုကို ဝါယောဓာတ်က ဖြစ်စေရာ၌ ဤဝိကာရရုပ်သည် သဟကာရီ ကာရဏ(အတူပြုဖက် အကြောင်းအထောက်အပံ့) ဖြစ်သည်။ [ကူညီသည်–ဟူလို။]

**ဖန္ဒန၊ပေ၊ဝိနိမုတ္တော**။ ။ထိုဝိကာရရုပ်သည် ဖန္ဒမာနကာယ (လှုပ်ရှားနေသော ရုပ်အပေါင်း) မဟုတ်၊ ထိုရုပ်အပေါင်းမှလည်း အလွတ် ဖြစ်၏၊ ဖန္ဒန(လှုပ်ရှားခြင်း အမူအရာလည်း မဟုတ်၊ ထိုအမူအရာမှလည်း အလွတ်ဖြစ်၏၊ တံဟေတုကဝါယောဓာတု (ထိုလှုပ်ရှားသောကိုယ်, လှုပ်ရှားခြင်းတို့၏ အကြောင်းဖြစ်သော ဝါယောဓာတ်)လည်း မဟုတ်, ထိုဝါယောဓာတ်မှလည်း အလွတ် ဖြစ်သည်၊ လှုပ်ရှားသော ကိုယ် စသည်ကို "ဝိကာရ"ဟု မဆိုရ–ဟူလို။

**မဟာန္တံ၊ပေ၊ဥဿာဟော ဝိယ**။ ။အားကစားသူမှာ ကျောက်ခဲကြီးကို ကြွမြှောက်ရာ၌ အားကုန်လွှဲ၍ အံသွားကြိတ်လျက် အားထုတ်သော အမူအရာအထူး ဖြစ်၏၊ ထိုအမူအရာကို လူအများ သိနိုင်သောကြောင့် ဥပမာအဖြစ်ဖြင့် ပြသော်လည်း ထိုအမူအရာ၌ ဝါယောဓာတ်၏ ထူးခြားသော အမူအရာ ဝိကာရလည်း ပါဝင်သည်။

**ရူပကာယဿ၊ပေ၊ဥပလဒ္ဓမာနော**။ ။ရူပကာယ၏ လှုပ်ရှားခြင်းသည် ဝါယောဓာတ် ကြောင့် ဖြစ်၏၊ ထိုဝါယောဓာတ်ကြောင့် ရူပကာယလှုပ်ရှားရာ၌ ဤဝိကာရရုပ်က လိုရာအရပ်ဖက်သို့ လှုပ်ရှားအောင် ကျေးဇူးပြု၏၊ ထို့ကြောင့် "ပရိပ္ဖန္ဒနပစ္စယဘာဝေန ဥပလဒ္ဓမာနော"ဟု ဝိသေသန ပြုသည်။ [စိတ်ဖြင့် သိအပ်သည်ကို "ဥပလဒ္ဓ–ရအပ်" ဟု ဆိုသည်၊ စိတ်ဖြင့် ယူ၍ ရကောင်းသော ဝိကာရရုပ်–ဟူလို။]

အဓိပ္ပာယ်–ကို၊ ဝိညာပေတိ–၏၊ ဟိ–မှန်၊ (တစ်နည်း) ဟိ(ယသ္မာ)–ကြောင့်၊ ဝိညတ္တိဝိကာရရုပ်ဟိတေသု–ဝိညတ်ဟူသော ဝိကာရရုပ်မှ ကင်းကုန်သော၊ ရုက္ခ စလနာဒီသု–သစ်ပင်၏လှုပ်ခြင်းအစရှိသည်တို့၌၊ သေ–ဤသစ်ပင်သည်၊ ကဒ္ဒံ–ဤအမှုကို၊ ကာရေတိ–ပြုစေလို၏၊ ဣတိ–သို့၊ အဓိပ္ပာယဂ္ဂဟဏံ–အလိုကို ယူခြင်းကို၊ န ဒိဋ္ဌံ–မတွေ့မမြင်အပ်၊ ဣတိ–ကြောင့်၊ သာ, ဖန္ဒမာနကာယေန အဓိပ္ပာယံ ဝိညာပေတိ–၏၊ ဣတိ–သို့၊ ဝိညာယတိ–သိအပ်၏၊ [ဤသို့ ရှေ့ဝါကျကို ပြန်လှည့်၍ ဉာပကဟိတ် ဖြစ်သောကြောင့် "ဝိညာယတိ" ဟုလည်း ထည့်ရသည်၊] စ–ကား၊ ဟတ္ထစလနာဒီသု–လက်၏လှုပ်ခြင်း အစရှိသောအမှုအရာတို့၌၊ ဖန္ဒမာနကာယဂ္ဂဟဏာနန္တရံ–လှုပ်ရှားသောကိုယ်ကို ယူကြောင်းဝီထိ၏ အခြားမဲ့၌၊ အဝိညာယမာနန္တရေဟိ–မသိအပ်သော အထူးရှိကုန်သော၊ မနောဒွါရဇဝနေဟိ–မနောဒွါရ၌ဖြစ်သော ဇောတို့သည်၊ (မနော ဒွါရိကဇောတို့သည်၊) ဂဟမာနတ္တာ–ယူအပ်သည်၏အဖြစ်ကြောင့်၊ ဝါ–သိအပ် သည်၏ အဖြစ်ကြောင့်၊) သယဥ္စ–မိမိဟူသော ဝိညတ်ကိုလည်း၊ ကာယေန– လှုပ်ရှားသောကိုယ်ဖြင့်၊ ဝိညာယတိ–သိအပ်၏။

ပန–ပရိဟာရပက္ခမှတစ်ပါး, စောဒကပက္ခကို ဆိုဦးအံ့၊ ကထံ–သို့လျှင်၊ ဝိညတ္တိဝသေန–ဝိညတ်၏အစွမ်းဖြင့်၊ ဟတ္ထစလနာဒယော–လက်လှုပ်ခြင်း

---

**န ဟိ၊ပေ၊ဒိဋ္ဌံ**။ ။"ဝိညတ်က အလိုကို သိစေတတ်"ဟူသော စကားကို ခိုင်မြဲစေ လို၍, တစ်နည်း–ဗျတိရေက(ပြောင်းပြန်) အကြောင်းကို ပြလို၍ "န ဟိ၊ပေ၊ဒိဋ္ဌံ"ဟု မိန့်၊ လေတိုက်၍ သစ်ပင်စသည်တို့ လှုပ်ရာ၌ ဝိညတ်မပါသောကြောင့် "ဤလှုပ်သော အရာဝတ္ထု (သစ်ကိုင်းစသည်)က ငါ့ကို မည်သည့်အမှု ပြုစေလိုသည်"ဟု အလိုဆန္ဒ ယူမှု သိမှုကို မတွေ့ရ၊ ဤလက်လှုပ်ခြင်း စသည်၌ကား ဝိကာရရုပ်တစ်မျိုးပါသော ကြောင့် အလိုဆန္ဒကို သိကြရ၏၊ ထို့ကြောင့် "ထိုဝိကာရရုပ်က အလိုဆန္ဒကို သိစေ တတ်၏"ဟု သိနိုင်သည်–ဟူလို။

**ဟတ္ထ၊ပေ၊ဝိညာယတိ**။ ။"အဓိပ္ပာယံ ဝိညာပေတိ"ဟူသော ဟေတုကတ္တုသာခ်၏ အကျယ်မှတစ်ပါး "ဝိညာယတိ"ဟူသော ကမ္မသာခ်၏ အကျယ်ကို ပြလိုသောကြောင့် "ဟတ္ထစလနာဒီသု"စသည် မိန့်၊ လက်လှုပ်ပြသောအခါ လှုပ်သောလက်ကို မြင်သော စက္ခုဒွါရဝီထိ, တဒနုဝတ္တိကမနောဒွါရဝီထိများ ဖြစ်၏၊ ထို့နောက် တတိယမြောက် သုဒ္ဓမနောဒွါရဝီထိဖြင့် ဝိညတ်ကို ယူရ သိရ၏၊ ဤသို့ မနောဒွါရဝီထိဖြင့် သိအပ်သော ကြောင့် "သယဥ္စ ကာယေန ဝိညာယတိ"ဟု ကမ္မသာခ်ေန ပြခဲ့ရသည်။

**အဝိညာယမာနန္တရေဟိ**။ ။စက္ခုဒွါရဝီထိ, တဒနုဝတ္တိကမနောဒွါရဝီထိ ဖြစ်ပြီးနောက် တတိယမြောက် မနောဒွါရဝီထိဖြင့် သိရသော်လည်း လူအများက မြင်လျှင် မြင်ခြင်း စက္ခုဒွါရဝီထိဖြင့် သိသည်ဟု မှတ်ထင်ကြ၏၊ စက္ခုဒွါရ တဒနုဝတ္တိကမနောဒွါရဝီထိတို့နှင့် ဝိညတ်ကို သိသော သုဒ္ဓမနောဒွါရဝီထိ၏ ကွဲလွဲထူးခြားပုံကို မသိကြ၊ ထို့ကြောင့် "အဝိညာယမာနန္တရေဟိ"ဟု တတိယမနောဒွါရဝီထိကို ဝိသေသန ပြုသည်။

အစရှိသော အမူအရာတို့သည်၊ ဟောန္တိ–ဖြစ်ကုန်သနည်း၊ ဣတိ–ဤကား အမေးတည်း၊ (ပရိဟာရော–ကို၊ မယာ–သည်၊) ဝုစ္စတေ–အပ်၏၊ ဝါ–ဦးအံ့၊ ကောဝဇ္ဇနဝီထိယံ–တစ်ခုသောအာဝဇ္ဇန်းရှိသော မနောဒွါရဝီထိ၌၊ သတ္တသု–(၇)ကြိမ်ကုန်သော၊ ဇဝနေသု–ဇောတို့တွင်၊ သတ္တမ၊ပေ၊ဓာတု–သတ္တမဇော ကြောင့် ဖြစ်သော ဝါယောဓာတ်သည်၊ ဝိညတ္တိ၊ပေ၊သဟိတာ–ဝိညတ္တိဟူသော ဝိကာရနှင့် တကွဖြစ်သည်၊ (ဟုတ္တာ)ဝ–၍သာလျှင်၊ ပဌမ၊ပေ၊သမုဋ္ဌာနာဟိ–ပဌမဇော အစရှိသည်တို့ကြောင့် ဖြစ်ကုန်သော၊ ဝါယောဓာတူဟိ–တို့မှ၊ လဒ္ဓေါပတ္ထမ္ဘာ–ရအပ်သော အထောက်အပံ့ ရှိသည်၊ (ဟုတွာ)၊ ဒေသန္တရုပ္ပတ္တိ ဟေတုဘာဝေန–အရပ်တစ်ပါး၌ ဥပါဒ်ခြင်း၏အကြောင်း၏အဖြစ်ဖြင့်၊ စိတ္တဇံ–တကွဖြစ်ဖက် စိတ္တဇရုပ်ကို၊ စလယတိ–လှုပ်စေ၏၊ ပန–ဆက်၊ ပဌမဇဝနာဒိ သမ္ဘူတာ–ပဌမဇော အစရှိသည်တို့ကြောင့် ကောင်းစွာဖြစ်ကုန်သော ဝါယော ဓာတ်တို့သည်၊ (တစ်နည်း–ပုရိမဇဝနသမ္ဘူတာ–ရှေ့ဇော(၆)ကြိမ်ကြောင့် ကောင်းစွာဖြစ်ကုန်သော ဝါယောဓာတ်တို့သည်၊) သန္ထမ္ဘန၊ပေ၊မတ္တကရာ–ကောင်းစွာ ထောက်ပံ့ခြင်း, ကောင်းစွာ ဆောင်ထားခြင်းမျှကိုသာ ပြုတတ်ကုန်သည်၊ (ဟုတ္တာ)၊ တဿာ–ထိုသတ္တမဇောကြောင့် ဖြစ်သော ဝါယောဓာတ်အား၊ ဥပကာရာယ–လျော်သောကျေးဇူးကို ပြုခြင်းငှာ၊ ဟောန္တိ–န်၏၊ ဣတိ–ဤသို့လျှင်၊ (ဝိညတ္တိဝသေန–ဖြင့်၊ ဟတ္ထ စလနာဒယော–တို့သည်၊ ဟောန္တိ–န်၏။ ဤသို့ ကထံအမေးကို ပြန်၍ အုပ်ပါ။)

ဟိ–ဥပမာဆောင်, ထင်အောင်ပြအံ့၊ သတ္တဟိယုဂေဟိ–ထမ်းပိုး(၇)တုံးတို့ဖြင့်၊ အာကမ္ဗိတဗ္ဗသကဋ္ဌေ–ဆွဲငင်ထိုက်သော လှည်း၌၊ [နွား(၇)ရှဉ်းဖြင့် ဆွဲမှ ရွေ့မည့် လှည်း၌–ဟူလို၊] သတ္တမယုဂယုတ္တာယေဝ–သတ္တမထမ်းပိုး၌ ကပ်ယှဉ် အပ်သည်သာလျှင် ဖြစ်ကုန်သော၊ ဂေါဏာ–နွားတစ်ရှဉ်းတို့သည်၊ ဟေဋ္ဌာ–၌၊

---

**ကောဝဇ္ဇန၊ပေ၊ဟောန္တိ**။ ။(မနောဒွါရာဝဇ္ဇန်းတစ်ခုသာ ပါရှိ၍, ပဉ္စဒွါရဝီထိကဲ့သို့ ပဉ္စဒွါရာဝဇ္ဇန်းနှင့် ဝုဋ္ဌောဟု အာဝဇ္ဇန်းနှစ်မျိုး မပါသောကြောင့်) မနောဒွါရဝီထိကို "ကောဝဇ္ဇနဝီထိ"ဟု ဆိုသည်၊ [ပဉ္စဒွါရဇောတို့ကား ဝိညတ်ကို မဖြစ်စေတတ်ကြ၊] ဇော(၇)ကြိမ်တွင် သတ္တမဇောကြောင့် ဖြစ်သော ဝါယောဓာတ်သည် ဝိကာရရုပ်ဟူသော ဝိညတ်နှင့် တကွဖြစ်၍ အတူဖြစ်သော စိတ္တဇရုပ်ကို အရပ်တစ်ပါးရောက်အောင် လှုပ်ရှား စေနိုင်၏၊ ရှေ့ဇော(၆)ကြိမ်ကြောင့် ဖြစ်သော ဝါယောဓာတ်တို့ကား ထောက်ပံ့ခြင်း, ကောင်းစွာ ဆောင်ထားခြင်းမျှတို့ကို ပြုလျက် သတ္တမဇောကြောင့် ဖြစ်သော ဝါယောဓာတ် ကို ထောက်ပံ့ရုံသာ တတ်နိုင်ကြ၏၊ လှုပ်ရှားအောင် မတတ်နိုင်ကြ။

**ယထာ ဟိ၊ပေ၊ဟောန္တိ**။ ။နွား(၇)ရှဉ်းဖြင့် ဆွဲမှ ရွေ့မည့် လှည်း၌ ရှေ့နွား(၆)ရှဉ်း တို့သည် လှည်းကို တောင့်ထားကြ, ဆွဲဆောင်ကြသော်လည်း ရွေ့အောင် မတတ်နိုင် ကြဘဲ သတ္တမနွားတစ်ရှဉ်း၏ အကူအညီမျှသာ ဖြစ်ကြ၍ သတ္တမနွားတစ်ရှဉ်းသည်သာ လှုပ်ရှားအောင် ပြုနိုင်သကဲ့သို့တည်း။ [ဝါယောဓာတ်တို့နှင့် နွားတို့သည် တူ၏၊ လှုပ်ရှားသော လက်စသည်နှင့် လှည်းသည် တူ၏။]

ဆသု ယုဂေသု–ထမ်းပိုး(၆)စင်းတို့၌၊ ယုတ္တဂေါဏေဟိ–ကပ်ယှဉ်အပ်သော နွားတို့မှ၊ လဒ္ဓူပတ္ထမ္ဘာ–နှ်သည်၊ (ဟုတ္တာ) သကဋံ–ကို၊ စာလေန္တိ–လှုပ်စေနိုင်ကုန်၏၊ ပန–ဆက်၊ ပဌမယုဂါဒိယုတ္တာ–ပဌမထမ်းပိုး အစရှိသည်တို့၌ ကပ်ယှဉ်အပ်ကုန်သော နွားတို့သည်၊ ဥပတ္ထမ္ဘနပေယမတ္တမေဝ–ထောက်ပံ့ခြင်း, ကောင်းစွာ ဆောင်ထားခြင်းမျှကိုသာ၊ သာဓေန္တာ–ပြီးစေကုန်လျက်၊ တေသံ–ထိုသတ္တမထမ်းပိုး၌ ကပ်ယှဉ်အပ်သော နွားတို့အား၊ ဥပကာရာယ–လျော်သော ကျေးဇူးကို ပြုခြင်းငှာ၊ ဟောန္တိ ယထာ–ဖြစ်ကုန်သကဲ့သို့၊ ဧဝံ–ဤ့အတူ၊ ဣဒံ သမ္ပဒံ–ဤဥပမာနနှင့် ပြည့်စုံသော ဥပမေယျကို၊ ဒဋ္ဌဗ္ဗံ–၏။

စ–ဆက်၊ ဧတ္ထ–ဤစာလယတိ စိတ္တဇံဟူသောပါဌ်၌၊ ဒေသန္တရုပ္ပတ္တိယေဝ– အရပ်တစ်ပါး၌ ဥပါဒ်ခြင်းသည်ပင်၊ စလနံ–လှုပ်ခြင်းမည်၏၊ (ကသ္မာ–နည်း၊) ဥပ္ပန္နဒေသတော–ဖြစ်ရာအရပ်မှ၊ ကေသဂ္ဂမတ္တမ္ပိ–တစ်ဆံဖျားမျှလည်း၊ ဓမ္မာနံ–ပရမတ္ထတရားတို့၏၊ သင်္ကမနာဘာဝတော–ပြောင်းရွှေ့ခြင်း၏ မရှိခြင်းကြောင့်တည်း၊ ဣတရထာ–ဤသို့ မဟုတ်လျှင်၊ နေသံ–ထိုပရမတ္ထတရားတို့၏၊ အဗျာပါရကတာ–ဗျာပါရ မရှိကုန်သည်၏ အဖြစ်သည်လည်းကောင်း၊ ခဏိကတာ စ–တစ်ခဏမျှသာ တည်ကုန်သည်၏ အဖြစ်သည်လည်းကောင်း၊ န သိယာ–မဖြစ်ရာ။

---

**ဒေသန္တရပေ၊စလနံ။** ။"စာလယတိ စိတ္တဇံ"ပါဌ်၌ "စလန–လှုပ်ခြင်း"ဟူသည် အဘယ်နည်းဟု မေးဖွယ်ရှိ၍ "ဒေသန္တရပေ၊စလနံ"ဟု မိန့်၊ "လှုပ်ခြင်း"ဟူရာ၌ လူအများ၏ အထင်အားဖြင့် "လက် စသော အရာဝတ္ထု တစ်ခုလုံး ရွှေ့၍ ရွှေ့၍ နေခြင်း"ဟု ထင်ကြသော်လည်း ပရမတ္ထအစစ်အားဖြင့် ထိုလက်စသည်တို့ မရွှေ့နိုင်ကြ၊ ပဌမရုပ်အစု ချုပ်ပြီးနောက် ဒုတိယရုပ်အစု ဖြစ်သောအခါ ပဌမနေရာ၌ မဖြစ်ကြဘဲ ဒုတိယ တစ်နေရာ၌ ဖြစ်၍, တတိယရုပ်အစုလည်း ဒုတိယနေရာ၌ မဖြစ်ကြဘဲ တတိယနေရာ၌ ဖြစ်ကြ၏၊ ဤသို့ နေရာရွှေ့၍ရွှေ့၍ ဥပါဒ်မှု(ဖြစ်မှု)သည် လက်ဖျောက် တစ်ချက်တီးခန့် ခဏ၌ပင် ကုဋေများစွာ ဖြစ်နိုင်ရကား လူအများက လက် စသော အရာဝတ္ထုကြီး လှုပ်သည်ဟု ထင်မှတ်ကြလေသည်။

**ဥပ္ပန္နပေ၊ဘာဝတော။** ။"ဘာ့ကြောင့် ဒေသန္တရ၌ ဥပါဒ်ခြင်း(ဖြစ်ခြင်း)ကို လှုပ်ခြင်း" ဟု ခေါ်သနည်းဟု မေးဖွယ်ရှိ၍ "ဥပ္ပန္နပေ၊ဘာဝတော"မိန့်၊ ရုပ်တရားတို့သည် အဖြစ်အပျက် အလွန်မြန်ရကား မူလဖြစ်ရာ အရပ်မှ တစ်ဆံချည်မျှ မရွှေ့နိုင်ကြ၊ ဖြစ်ရာ အရပ်မှာပင် ချုပ်ကြရသည်၊ ထို့ကြောင့် နောက်ဖြစ်သော ရုပ်တို့က မူလအရပ်မှ တစ်ပါးသော အရပ်၌ ဥပါဒ်ခြင်းကိုသာ လှုပ်ခြင်းဟု ခေါ်ရသည်–ဟူလို။

**ဣတရထာပေ၊ န သိယာ။** ။"ရုပ်တရားတို့သည် အရပ်တစ်ပါး၌ နောက်ထပ် ဥပါဒ်ခြင်းမဟုတ်, နဂိုဖြစ်နေသော ရုပ်သည်ပင် နေရာရွှေ့၍ သွားခြင်း"ဟု ယူလျှင် "အဘယ်အပြစ် ရှိသနည်း"ဟု မေးဖွယ်ရှိ၍ "ဣတရထာ" စသည် မိန့်၊ "နဂို ဖြစ်သော ရုပ်သည်ပင် နေရာရွှေ့ကာ လှုပ်ရှားပါသည်" ဟု ဆိုလျှင် ရုပ်တရားသည်

စ–ဆက်၊ ဒေသ၊ပေ၊ဘာဝေါတိ–ဟူသော ဤပါဠ်၌၊ ယထာ–အကြင် အခြင်းအရာအားဖြင့် ဖြစ်လတ်သော်၊ အတ္တနာ–မိမိဟူသော ဝါယောဓာတ်နှင့်၊ [သတ္တမဇဝနသမုဋ္ဌာနဝါယောဓာတ်နှင့်–ဟူလို၊] သဟဇရူပါနိ–တကွဖြစ်ဖက် ရုပ်တို့သည်၊ ဟေဋ္ဌိမ၊ပေ၊ရူပေဟိ–အောက်၌ဖြစ်သောဇောတို့ကြောင့် ဖြစ်သော ရုပ်တို့သည်၊ ပတိဋ္ဌိတဋ္ဌာနတော–တည်ရာအရပ်မှ၊ အညတ္တ–အခြားအရပ်၌၊ ဥပ္ပဇ္ဇန္တိ–ဥပါဒ်နိုင်ကုန်၏၊ ဧဝံ–ဤသို့ အခြားအရပ်၌ ဥပါဒ်နိုင်လောက်သော အခြင်းအရာအားဖြင့်၊ တေဟိ–ထိုတကွဖြစ်ဖက် ရုပ်တို့နှင့်၊ သဟ–တကွ၊ တတ္တ–ထိုအခြားအရပ်၌၊ ဥပ္ပတ္တိယေဝ–ဖြစ်ခြင်းပင်တည်း။ [ဝါယောဓာတ်၏ ဖြစ်ခြင်းပင်တည်း–ဟူလို၊] ဣတိ–သို့၊ ဒဋ္ဌဗ္ဗံ–၏။

ပန–ဆက်၊ ဧတ္ထ–ရူပကာယ၌၊ ဝါ–ဤစတုဇရုပ်တို့တွင်၊ စိတ္တဇေ–စိတ်ကြောင့် ဖြစ်သောရုပ်သည်၊ (စိတ္တဇရုပ်သည်)၊ စလိတေ–လှုပ်လတ်သော်၊ တံ သမ္ဗန္ဓေန–ထိုစိတ္တဇရုပ်နှင့် စပ်ခြင်းကြောင့်၊ ဣတရမ္ပိ–အခြားသော ကမ္မဇ ဥတုဇ အာဟာရဇရုပ်သည်လည်း၊ စလတိ–လှုပ်၏၊ (ကိမိဝ–အဘယ်ကဲ့သို့ နည်း၊) နဒီသောတေ–မြစ်ရေအယဉ်၌၊ ပက္ခိတ္တ ၊ပေ၊ ဝိယ–ပစ်ချအပ်သော နွားချေးခဲကဲ့သို့တည်း၊ တထာ–ထိုအခြင်းအရာအားဖြင့်၊ (ဒေသန္တရုပ္ပတ္တိဟေတု အဖြစ်ဖြင့်–ဟူလို၊) စာလယိတုံ–လှုပ်စေခြင်းငှာ၊ အသက္ကောန္တိယောပိ–မစွမ်းနိုင် ပါကုန်သော်လည်း၊ဝါ–မစွမ်းနိုင်သည်လည်းဖြစ်ကုန်သော၊ ပဌမ၊ပေ၊ဓာတုယော-

---

အဗျာပါရမ်ဟုတ်, သဗျာပါရ–လှုပ်မှု ဗျာပါရရှိရာ ရောက်ခြင်းဟူသော အပြစ်, တစ်ခဏမျှ တည်သည် မဟုတ်, ပဗန္ဓ–အတော်ကြာကြာ ဆက်ကာဆက်ကာ တည်သည် ဟူသော အပြစ် ဖြစ်စရာ ရှိသည်–ဟူလို။ [အမှန်အားဖြင့် ပရမတ္ထတရားမှန်လျှင် ဗျာပါရလည်း မရှိ, တစ်ခဏမျှသာလည်း တည်နိုင်ကြသည်။]

**ဒေသန္တရုပ္ပတ္တိဟေတုဘာဝေါတိ စ**။ ။"ဒေသန္တရုပ္ပတ္တိဟေတုဘာဝေန"ဟု ဆိုအပ်ပြီး သော စကားကို ထပ်၍ အဓိပ္ပာယ် ပြလိုသောကြောင့် "စ"ဟု မိန့်၊ ပြတ်ပြီး ဆက်သော ဝါကျာရမ္ဘဇောတကတည်း၊ ဝါယောဓာတ်သည် မိမိက အခြားအရပ်၌ ဥပါဒ်လျှင် မိမိနှင့်အတူဖြစ်သော စိတ္တဇရုပ်များလည်း နဂိုဖြစ်ရာအရပ်၌ ထပ်၍ မဖြစ်ဘဲ အခြားအရပ်၌ ဖြစ်ကြရ၏၊ ဤနည်းအားဖြင့် မိမိနှင့် အတူဖြစ်သော စိတ္တဇရုပ်များ၏ အခြားအရပ်၌ ဥပါဒ်ရခြင်းသည် ဝါယောဓာတ်ကြောင့် ဖြစ်ရကား ဝါယောဓာတ်ကို "ဒေသန္တရုပ္ပတ္တိ ဟေတုဘာဝ–အရပ်တစ်ပါး၌ အခြားရုပ်များ ဥပါဒ်ရခြင်း၏ အကြောင်း၏အဖြစ်"ဟု ဆိုရသည်။

**ဧတ္ထ ပန**။ ။စိတ္တဇရုပ်က လှုပ်ရှားလျှင် ကမ္မဇ စသော ရုပ်သုံးမျိုးကား မလှုပ်ရှားဘဲ တည်နေသလောဟု စောဒနာဖွယ် ရှိ၍ "ဧတ္ထ ပန"စသည် မိန့်၊ မြစ်ရေလှုပ်လျှင် ထိုရေပေါ်၌ တည်သော နွားချေးခဲလည်း လှုပ်ရသကဲ့သို့ စိတ္တဇရုပ် လှုပ်လျှင် စိတ္တဇနှင့် ဆက်သွယ်နေရသော ကမ္မဇစသော ရုပ်များလည်း လှုပ်ကြရသည်–ဟူလို။ [နွားချေးခဲနှင့် တိဇရုပ်, ရေအယဉ်နှင့် စိတ္တဇရုပ် တူ၏။]

ပဌမဈာေ အစရှိသည်တို့ကြောင့် ဖြစ်သော ဝါယောဓာတ်တို့သည်၊ ဝိညတ္တိ၊ပေ၊ ယေဝ–ဝိညတ်ဟူသော ဝိကာရရုပ်နှင့် တကွဖြစ်ကုန်သည်သာတည်း၊ (ကသ္မာ–အဘယ့်ကြောင့် သိအပ်သနည်း၊) ယေန ဒိသာဘာဂေန–အကြင်အရပ်အဖို့ဖြင့်၊ အယံ–ဤ ပုဂ္ဂိုလ်သည်၊ အဘိက္ကမာဒီနိ–ရှေ့သို့ သွားခြင်းအစရှိသော အမူအရာတို့ကို၊ ပဝတ္တေတုကာမော–ဖြစ်စေခြင်းငှာ အလိုရှိ၏၊ တဒဘိ၊ပေ၊သမ္ဘဝတော–ထိုအရပ်သို့ ရှေးရှုသည်၏ အဖြစ်ဖြင့် ထူးခြားသော အမူအရာ၏ ဖြစ်သင့်ခြင်းကြောင့်၊ (ဝိညာယတိ–၏၊) ဝေဠု ကတ္ဝာ–ဤအကြောင်းကြောင့်၊ မနောဒွါရာဝဇ္ဇနသဿာပိ–၏လည်း၊ ဝိညတ္တိသမုဋ္ဌာပကတ္တံ–ဝိညတ်ကို ဖြစ်စေနိုင်သည်၏ အဖြစ်ကို၊ ဝက္ခတိ–ဆိုလတ္တံ့။

ဝစီဘေဒ၊ပေ၊ဓာတုယာ–စကားလုံးကွဲပြားမှုကို ပြုတတ်သောစိတ်ကြောင့် ဖြစ်သော ပထဝီဓာတ်၏၊ (ဃဋ္ဋနဥ္စလည်းကောင်း, ဝိကာရဥ္စလည်းကောင်း စပ်၊) အက္ခရုပ္ပတ္တိ၊ပေ၊ရူပေဟိ–အက္ခရာဖြစ်ရာ ဌာန်၌တည်သော ဥပါဒိန္နကမ္မဇရုပ်တို့နှင့်၊ ဝါ–ကမ္မဇပထဝီတို့နှင့်၊ သဟ–ကွ၊ ဃဋ္ဋနပစ္စယဘူတော–ထိခိုက်ခြင်း၏ အကြောင်းဖြစ်၍ ဖြစ်သော၊ ဧကော–တစ်မျိုးသော၊ ဝိကာရော–

---

**တထာ၊ပေ၊သမ္ဘဝတော**။ ။ပဌမဈာေစသည်ကြောင့်ဖြစ်သော ဝါယောဓာတ်တို့သည် သတ္တမဈာေကြောင့် ဖြစ်သော ဝါယောဓာတ်ကဲ့သို့ လှုပ်စေခြင်းငှာ မတတ်နိုင်သော်လည်း ဝိညတ်ဟူသော ဝိကာရရုပ်ကား ပါရှိသည်သာ၊ ဘာ့ကြောင့်နည်း–ရှေ့သို့ သွားလိုလျှင် ထိုရှေးရှေး ဝါယောဓာတ်တို့ကလည်း ရှေ့ဘက်သို့ သဟဇာတ်ရုပ်တို့ကို ထောက်ပံ့မှုစသည်ကို ပြုနိုင်ခြင်းမှာ ဝိညတ်ဟူသော ဝိကာရရုပ်က စိတ္တဇဝါယောဓာတ်ကို ရှေ့ဘက်သို့ (လှေပဲ့သလို) ပဲ့ပေးသောကြောင့် ဖြစ်သည်။

**ဝေဠု၊ပေ၊ဝက္ခတိ**။ ။ရှေ့ဈာေ(၆)ကြိမ်ကြောင့် ဖြစ်သော ဝါယောဓာတ်တို့၌လည်း ဝိညတ်ပါကြောင်းကို အဘယ်ကို ထောက်၍ သိနိုင်သနည်းဟု မေးဖွယ်ရှိ၍ "ဝေဠု၊ပေ၊ဝက္ခတိ"ဟု မိန့်၊ "ဝေါဋ္ဌပနကာမာဝစရဇဝနာဘိညာ ပန ဝိညတ္တိမ္ပိ သမုဋ္ဌာပေန္တိ" ဟု နောက်၌ ဆိုလတ္တံ့စကားဝယ် "ဝုဋ္ဌော ဟူသော မနောဒွါရာဝဇ္ဇန်းသော်မှ ဝိညတ်ရုပ်ကို ဖြစ်စေနိုင်၏"ဟု ဆိုသောကြောင့် ရှေ့ဈာေများလည်း ဝိညတ်ကို ဖြစ်စေနိုင်ရကား ရှေးဈာေ(၆)ကြိမ်ကြောင့် ဖြစ်သော ဝါယောဓာက်တို့မှာလည်း ဝိညတ် ပါ၏ဟု သိနိုင်သည်–ဟူလို။

**မှတ်ချက်**။ ။"မနောဒွါရာဝဇ္ဇနသဿာပိ"၌ အပိသည် ဂရဟာဈာေတက၊ "မနောဒွါရာဝဇ္ဇန်းစိတ်ကလေးသော်မှ ဝိညတ်ကို ဖြစ်စေနိုင်သေးလျှင် ထိုထက် သတ္တိကောင်းသော ပဌမဈာေ စသည်တို့၏ ဝိညတ် ဖြစ်စေနိုင်ပုံကို အထူးပြောဖွယ် မလို"ဟု သမ္ဘာဝနာကို ဆည်းပါ။ ["ဝေဠု ကတွာ, သာဓကော, တစ်ဖြာ လဒ္ဒဂုဏ်"ဟူသော နှစ်မျိုးတွင် ဤဝါကျသည် သာဓကဝါကျတည်း။]

ဝိကာရရုပ်သည်၊ ဝါ–ထူးခြားသောအမူအရာသည်၊ ဝစီဝိညတ္တိ–မည်၏၊ ပန–ဆက်၊ တွေ့–၌ဝစီဝိညတ်အရာ၌၊ ယံ–အကြင်စကားကို၊ ဝတ္တုံ–ဆိုထိုက်၏၊ တံ–ထိုစကားကို၊ ကာယဝိညတ္တိယံ–၌၊ ဝုတ္တနယေန–ဖြင့်၊ ဒဋ္ဌဗ္ဗံ–ထိုက်၏၊ ပန–အထူးကား၊ အယံ–၌ဆိုအပ်လတ္တံ့ကား၊ ဝိသေသော–တည်း၊ တတ္ထ–ထိုကာယဝိညတ်အရာ၌၊ ဖန္ဒ၊ပေ၊နတ္ထိ ရန္တိ–ဟူ၍၊ ဝုတ္တံ ယထာ–သကဲ့သို့၊ ဧဝံ–ဤ့အတူ၊ ဣဓ–၌ဝစီဝိညတ်အရာ၌၊ သူယျမာနသဒ္ဒသဝနာနန္တ ရံတိ–ဟူ၍၊ (ဝါ–ကြားအပ်သော အသံကို ကြားသိကြောင်း ဝီထိ၏ အခြားမဲ့၌ဟူ၍၊)

---

**ဝစီ၊ပေ၊ဝစီဝိညတ္တိ**။ ။ကာယဝိညတ်ကို အံကျယ်ပြပြီး၍ ဝစီဝိညတ်ကို အကျယ် ပြလိုသောကြောင့် "ဝစီ၊ပေ၊ဝိညတ္တိ"ဟု မိန့်၊ ံစိတ္တဇဝါယောဓာတ်၏ ထူးခြားသော အမူအရာ ဝိကာရသည် ကာယဝိညတ်မည်သကဲ့သို့, စိတ္တဇပထဝီဓာတ်၏ ထူးခြားသော အမူအရာ ဝိကာရသည် ဝစီဝိညတ် မည်၏၊ ထို့ကြောင့် "စိတ္တသမုဋ္ဌာနပထဝိယာ ဧကော ဝိကာရော ဝစီဝိညတ္တိ"ဟု မိန့်သည်။

**ဝစီဘေဒကရ၊ပေ၊ဓာတုယာ**။ ။"ပုရိသော"ဟု အသံထွက်ရာ၌ "ပု"ကို ရွတ်ဆိုလို သော စိတ်ကြောင့် "ပု"ဟု အသံထွက်၏၊ "ရိ"ကို, "သော"ကို ရွတ်ဆိုလိုသော စိတ်နှစ်မျိုးကြောင့် "ရိ"ဟူသောအသံ, "သော"ဟူသော အသံ ထွက်၏၊ ထို့ကြောင့် စိတ်ကို "ဝစီဘေဒကရစိတ္တ"ဟု ဆိုသည်။ [ဝစိယာ–စကားလုံး၏+ဘေဒေါ–တစ်သံနှင့် တစ်သံ, တစ်လုံးနှင့် တစ်လုံး မတူအောင် ကွဲပြားခြင်းတည်း၊ ဝစီဘေဒေါ–ခြင်း၊ ဝစီဘေဒံ+ကရောတီတိ ဝစီဘေဒကရံ (စိတ္တံ)။]

**အက္ခရုပ္ပတ္တိ၊ပေ၊ပစ္စယဘူတော**။ ။ပြခဲ့သော စိတ္တဇပထဝီဓာတ်သည် အက္ခရာဖြစ်ရာ လည်ချောင်းစသော အရပ်၌ရှိသော ကမ္မဇရုပ်များနှင့် ထိခိုက်မှ အသံဖြစ်၏၊ ထိုသို့ ထိခိုက်ဖို့ရန်လည်း ဝိညတ်ဟူသော ဝိကာရရုပ်က ကျေးဇူးပြုလျက် ရှိ၏၊ ပထဝီဓာတ်သည် အက္ခရာသံ ဖြစ်ပေါ်ရာ ရုပ်များနှင့် ထိခိုက်သောအခါ (အရမ်း မထိခိုက်ဘဲ) ဝစီဝိညတ်၏ ပဲ့ကိုင်ပေးမှုကြောင့် အသံဖြစ်လာအောင် ထိခိုက်ရသည်–ဟူလို။

**ယံ ပနေတ္ထ၊ပေ၊ဒဋ္ဌဗ္ဗံ**။ ။"သာ ဟိ သဝိညာဏကသဒ္ဒသင်္ခါတာယ ဝါစာယ အဓိပ္ပာယံ ဝိညာပေတိ၊ န ဟိ ဝိညတ္တိဝိကာရရဟိတေသု ဝါယုဝနပ္ပတိ နဒီဃောသာဒီသု (လေတိုက်သံ, သစ်ပင်ကြီးများ ရိုက်ခတ်သံ, မြစ်ရေသံ စသည်တို့၌) ဣဒမေသ ကာရေတီတိ အဓိပ္ပာယဂ္ဂဟဏံ ဒိဋ္ဌန္တိ၊ အဝိညာယမာနန္တရေဟိ မနောဒွာရဇဝနေဟိ ဂယှမာနတ္တာ သယဥ္စ ဝါစာယ ဝိညာယတိ"ဟူသော စကားတို့ကို ရည်ရွယ်၍ "ယံ ပနေတ္ထ ဝတ္တဗ္ဗံ ၊ပေ၊ ဒဋ္ဌဗ္ဗံ"ဟု ဆိုသည်။

**အယံ ပန ဝိသေသော**။ ။"အားလုံးကိုပင် ကာယဝိညတ်၌ ဆိုအပ်ပြီးသော နည်းအတိုင်း မှတ်ရမည်လော"ဟု မေးဖွယ်ရှိ၍ "အယံ ပန ဝိသေသော"ဟု မိန့်၊ အားလုံးကား မတူပါ, အထူး ရှိပါသေးသည်–ဟူလို၊ ကာယဝိညတ်၌ "ဖန္ဒမာန ကာယဂ္ဂဟဏာနန္တရံ"နေရာ၌ "သူယျမာနသဒ္ဒသဝနာနန္တရံ"ဟု ပုဒ်ကို ပြောင်းလွှဲ၍ ယှဉ်ပါစေ၊ ထို့ပြင် ပဋ္ဌမဇော စသည်ကြောင့် ဖြစ်သော ပထဝီဓာတ်တို့က သတ္တမ

ယောဇေတဗ္ဗံ–ယှဉ်စေထိုက်၏၊ စ–ဆက်၊ ဣဓ–ဤ ဝစီဝိညတ်အရာ၌၊ သန္တမ္ဘနာဒီနံ–သန္တမ္ဘနအစရှိသည်တို့၏၊ အဘာဝတော–မရှိခြင်းကြောင့်၊ သတ္တမ၊ပေ၊ နယော–အစရှိသောနည်းကို၊ န လဗ္ဘတိ–မရအပ်၊ ဟိ–မှန်၊ ဃဋ္ဋနေန–ပထဝီဓာတ်တို့၏ ထိခိုက်ခြင်းနှင့်၊ သဒ္ဒိ ယေဝ–တစ်ပြိုင်နက်သာလျှင်၊ သဒ္ဒေါ–အသံသည်၊ ဥပ္ပဇ္ဇတိ–၏၊ ဃဋ္ဋနဥ္စ–ထိခိုက်ခြင်းကိုလည်း၊ ပဌမဇဝနာဒီသုပိ–ပဌမဇော အစရှိသည်တို့၌လည်း၊ (ဝါ–ပဌမဇော စသည်ကြောင့်ဖြစ်သော ပထဝီဓာတ်တို့၌လည်း၊) လဗ္ဘတေဝ–ရအပ်သည်သာ။ [ဤစကားနှင့်စပ်၍ စိစစ်ချက်ကို ဝီထိဆိုရိုး ဝိညတ်ခန်းမှာ ရှု။]

စ–ဆက်၊ တတ္ထ–ဤဝိညတ်ကို သိရာ၌၊ ဥဿာပေတွာ–စိုက်ထူ၍၊ ဗဒ္ဓ၊ပေ၊ ရုပါနိ–ဖွဲ့ချည်အပ်သော နွားဦးခေါင်း, ထန်းရွက် အစရှိသော အဆင်းတို့ကို၊ ဒိသွာ–၍၊ တဒနန္တရပ္ပဝတ္တာယ–ထိုမြင်ကြောင်းဝီထိ၏အခြားမဲ့၌ဖြစ်သော၊ အဝိညာယမာနန္တရာယ–မသိအပ်သော အထူးရှိသော၊ မနောဒွါရဝီထိယာ–မနောဒွါရဝီထိဖြင့်၊ ဂေါသီသာဒီနံ–နွားဦးခေါင်း အစရှိသည်တို့၏၊ ဥဒက သဟစာရိတပ္ပကာရံ–ရေနှင့်တကွ ဖြစ်လေ့ရှိသည်၏ အဖြစ်ဟူသော အပြားရှိသော၊ သညာဏံ–အမှတ်သညာကို၊ ဂဟေတွာ–ယူ၍၊ (ဝါ–ယူကြောင်းဝီထိဖြစ်၍၊) ဥဒကဂ္ဂဟဏံ–ရေကို ဉာဏ်ဖြင့် ယူရခြင်းသည်၊ (ရေရှိမှန်း သိရခြင်းသည်၊) ဟောတိ ယထာ–ကဲ့သို့၊ ဧဝံ–ဤ့အတူ၊ ဝိပ္ဖန္ဒ၊ပေ၊သဒ္ဒေ–လှုပ်ရှားသော ကိုယ်, ရွတ်ဆိုအပ်သော အသံတို့ကို၊ ဂဟေတွာ–၍၊ (ယူကြောင်းဝီထိဖြစ်၍)၊ တဒနန္တရပ္ပဝတ္တာယ–ထိုဝီထိ၏ အခြားမဲ့၌ ဖြစ်သော၊ အဝိညာယမာနန္တရာယ–ရှိသော၊ ပုရိမ၊ပေ၊နိဿယာယ–ရှေး၌ ပြီးပြီးသော ဆက်စပ်ခြင်းလျှင် အားကြီးသော မှီရာ အကြောင်းရှိသော၊ မနောဒွါရဝီထိယာ – ဖြင့်၊

---

ပထဝီဓာတ်ကို ထောက်ပံ့ဖွယ် မလိုသောကြောင့် "သတ္တမဇဝနသမုဋ္ဌိတာ (သမုဋ္ဌာန ဝါယောဓာတု)စသော နည်းကိုလည်း ဤဝစီဝိညတ်၌ မရနိုင်၊ ပထဝီဓာတ်ချင်း ထိခိုက်သည်နှင့် တစ်ပြိုင်နက် အသံ ဖြစ်၏၊ ထို ထိခိုက်မှုကို ပဌမဇော စသည် အခိုက်မှာလည်း ရကောင်းသည်သာ။

**တတ္ထ စ ယထာ၊ပေ၊ဟောတိ**။ ။အလိုဆန္ဒနှင့်ဝိကာရ နှစ်မျိုးလုံး သိပုံကို ဥပမာဖြင့် ထင်ရှားပြလို၍ "တတ္ထစ"စသည် မိန့်၊ ရှေးရှားသော တောခရီး၌ "ဤနေရာမှာ ရေရှိ၏" ဟု ခရီးသွားတို့ သိကြဖို့ရန် နွားဦးခေါင်း, သို့မဟုတ် ထန်းရွက်စသော တစ်မျိုးမျိုးကို မြင့်သော သစ်ပင်ထိပ်၌ ဖွဲ့ချည်ထားတတ်ကြ၏၊ ခရီးသွားသူတို့လည်း ထိုအမှတ်အသားသည် ရေရှိကြောင်း အထိမ်းအမှတ်ဟု ရှေးရှေးကပင် အမှတ်သင်္ကေတ ရှိခဲ့ကြ၏၊ ထို့ကြောင့် သစ်ပင်ပေါ်က နွားဦးခေါင်းကို မြင်သောအခါ စက္ခုဒွါရဝီထိ, တဒနုဝတ္တိက မနောဒွါရဝီထိ ဖြစ်၏၊ ထို့နောက် နွားဦးခေါင်း၏ ရေနှင့် အဆက်အသွယ်ရှိသည်ကို အမှတ်ရသော မနောဒွါရဝီထိ ဖြစ်၏၊ ထိုနောက်မှ ရေရှိကြောင်းကို သိသော စတုတ္ထ မနောဒွါရဝီထိ ဖြစ်၏။

သာဓိပ္ပာယဝိကာရဂ္ဂဟဏံ–အလိုနှင့်တကွ ထူးခြားသော အမူအရာကို ယူခြင်းသည်၊ ဝါ–သိခြင်းသည်၊ ဟောတိ–၏၊ ဣတိ အယံ–ဤဆိုအပ်ပြီးကား၊ ဒွိန္နံ–နှစ်ပါးကုန်သော ကာယဝိညတ် ဝစီဝိညတ်တို့၏၊ သာဓာရဏာ–ဆက်ဆံသော၊ ဥပမာ–တည်း။

**၁၄။** လဟုဘာဝေါ–ပေါ့ပါးသော နိပ္ဖန္နရုပ်၏ ဖြစ်ကြောင်းဖြစ်ရာ အမူအရာသည်၊ [ဝိကာရရုပ် ဖြစ်၍ "အမူအရာ"ဟု ပေးသည်၊] လဟုတာ–မည်၏၊ မုဒုဘာဝေါ–နူးညံ့သောနိပ္ဖန္နရုပ်၏ ဖြစ်ကြောင်းဖြစ်ရာ အမူအရာသည်၊ မုဒုတာ–မည်၏၊ ကမ္မညဘာဝေါ–ထိုထိုအမှု၌ ကောင်းသောနိပ္ဖန္နရုပ်၏ ဖြစ်ကြောင်းဖြစ်ရာအမူအရာသည်၊ ကမ္မညတာ–မည်၏၊ စ–ဆက်၊ ယထာက္ကမံ-တိုင်း၊ တော–ဤ လဟုတာ မုဒုတာ ကမ္မညတာတို့သည်၊ အရောဂိနော–ရောဂါ မရှိသူ၏၊ (အဂရုတာ)ဝိယ–မလေးလံသည်၏ 'အဖြစ်ကဲ့သို့၊ (တထာ–ထို့အတူ၊) ရူပါနံ–

---

**ဝေါဒေါဝိကာရဂ္ဂဟဏံ ဟောတိ**။ ။ထို့အတူ "ဤသို့ လက်ယပ်လျှင် လာစေလို၏, (လာ)ဟု ပြောလျှင် လာစေလို၏"ဟု ရှေးရှေးက သင်္ကေတရှိသူမှာ လက်ယပ်၍ ခေါ်ရာ၌ လှုပ်သောလက်ကို မြင်သော စက္ခုဒွါရဝီထိ, တဒနုဝတ္တိကမနောဒွါရဝီထိများ ဖြစ်ကြ၏၊ (လာ)ဟု အသံကြားရာ၌လည်း သောတဒွါရိက, တဒနုဝတ္တိကမနောဒွါရိက ဝီထိများ ဖြစ်ကြ၏၊ ထို့နောက် တတိယမနောဒွါရဝီထိဖြင့် ဝိညတ်ကိုသိသော ဝီထိဖြစ်၏၊ ထို့နောက်မှ စတုတ္ထဝီထိဖြင့် လာစေလိုသော အလိုဆန္ဒကို သိသော ဝီထိဖြစ်သည်။

**ပုရိမ၊ပေ၊နိဿယာဟယ**။ ။ထိုသို့ အလိုဆန္ဒကို သိရာ၌ ရှေးက "ဤသို့ လက်ယပ်လျှင် (လာဟု ခေါ်လျှင်) လာစေလို၏"ဟု မှတ်သားဖူးသော ရှေးသင်္ကေတက ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုရဦးမည်၊ ရှေးသင်္ကေတ(အမှတ်အသား) မရှိဘူးသော ကလေး လူပြိန်း စသူတို့မှာ လက်ယပ်သော်လည်းကောင်း, လာဟု ခေါ်သော်လည်းကောင်း အလိုဆန္ဒကို မသိနိုင်ပါ၊ ထို့ကြောင့် "ပုရိမသိဒ္ဓသမ္ဗန္ဓူပနိဿယာယ"ဟု မနောဒွါရဝီထိယာကို ဝိသေသန(မ)သည်၊ ဤနေရာဝယ် ဝီထိဆိုရိုး၌ ပြထားသော ဤဂါထာကို မှတ်သားရာ၏၊ အဓိပ္ပာယ်ကိုလည်း ဝီထိဆိုရိုးမှာ ရှုပါ။

**ရူပံ ပဌမစိတ္တေန, တီတံ ဒုတိယစေတသာ၊**
**တတိယေန တု ဝိညတ္တိံ, ဘာဝံ စတုတ္ထစေတသာ။**

**ဒွိန္နံ သာဓာရဏာ ဥပမာ**။ ။နွားဦးခေါင်း, သို့မဟုတ် ထန်းရွက်စသော ဝတ္ထုသည် လက်လှုပ်ခြင်း စသည်, "လာ"ဟူသော အသံစသည်နှင့် တူ၏၊ နွားဦးခေါင်း စသည်ကို မြင်ရခြင်းသည် လက်လှုပ်မှုကို မြင်ရခြင်း, အသံကို ကြားရခြင်းနှင့် တူ၏၊ နွားဦးခေါင်း စသည်၏ ရေနှင့် အဆက်အသွယ် ရှိကြောင်းကို သိရခြင်းသည် ဝိညတ်ကို သိရခြင်းနှင့် တူ၏၊ ထို့နောက် ရေရှိမှန်းကို သိရခြင်းသည် အလိုဆန္ဒကို သိရခြင်းနှင့် တူ၏၊ ဤသို့ နွားဦးခေါင်း ထန်းရွက် စသော ဥပမာသည် ဝိညတ်နှစ်မျိုးလုံးကို သိပုံနှင့် ဆက်ဆံသော ဥပမာ ဖြစ်သည်။

နိပ္ဖန္နရုပ်တို့၏၊ အဂရုတာ–မလေးလံကုန်သည်၏ အဖြစ်သည်လည်းကောင်း၊ သုပရိမဒ္ဒိတစမ္မသ–ကောင်းစွာနယ်အပ်သောသားရေ၏၊ (အကထိနတာ)ဝိယ–မခက်မာသည်၏အဖြစ်ကဲ့သို့၊ (တထာ–ထို့အတူ၊ ရူပါနံ–တို့၏၊) အကထိနတာ–မခက်မာကုန်သည်၏အဖြစ်သည်လည်းကောင်း၊ သုဓန္တသုဝဏ္ဏာသ–ကောင်းစွာ မှုတ်လွှင့်အပ်ပြီးသော အညစ်အကြေးရှိသော ရွှေ၏၊ ဝါ–လှော်ပြီး ဦးပြီးသော ရွှေ၏၊ (အနုကူလဘာဝေါ)ဝိယ–ထိုထို တန်ဆာပြုလုပ်မှုအားလျော်သည်၏ အဖြစ်ကဲ့သို့၊ (တထာ–တူ၊) သရီရကြိယာနံ–ကိုယ်ဖြင့် ပြုအပ်သော အမှုတို့အား၊ အနုကူလဘာဝေါ–လိုက်လျောသည်၏ အဖြစ်သည်လည်းကောင်း၊ (ဟောန္တိ–န်၏၊) ဣတိ–သို့၊ ဒဋ္ဌဗ္ဗာ–န်၏။ [တော ငဲ့၍ ဟောန္တိဟု ချသည်၊ ထိုတောကို ငဲ့၍ "ဒဋ္ဌဗ္ဗာတိ ယောဇနာ"ဟု မဏိမဉ္ဇူ ရှိ၏။]

ဟိ–မှန်၊ အညမညံ–အချင်းချင်း၊ ဝါ–တစ်ပါး တစ်ပါးကို၊ အဝိဇဟန္တသဘာဝိ–မစွန့်သည်လည်း ဖြစ်သော၊ လဟုတာဒိတ္တယသ–လဟုတာ အစရှိသော ရုပ်သုံးပါးအပေါင်း၏၊ တံတံဝိကာရာဓိကရူပေဟိ–ထိုထိုလွန်ကဲသော ဝိကာရ ရှိသော ရုပ်တို့ဖြင့်၊ နာနတ္တံ–ထူးသည်၏ အဖြစ်ကို၊ ဝုစ္စတိ–၏၊ ဟိ–ချဲ့၊ ဒန္ဓတ္တ ၊ပေ၊သမုဋ္ဌာနာ–လေးလံသည်၏အဖြစ်ကို ပြုတတ်သော အာပေါဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော စိတ် ဥတု အာဟာရဟူသော အကြောင်းတို့ကြောင့်ဖြစ်သော၊ ရူပဝိကာရော–နိပ္ဖန္နရုပ်တို့၏ ထူးခြားသော

---

**ယထာက္ကမံ၊ပေ၊ဒဋ္ဌဗ္ဗံ**။ ။"ရူပါနံ အဂရုတာ"သည် လဟုတာ၏အတွက်တည်း၊ ရောဂါ မရှိ(ကျန်းမာ)သူသည် ပေါ့ပေါ့ပါးပါး ရှိသကဲ့သို့, နိပ္ဖန္နရုပ်တို့၏ မလေးလံ မထိုင်းမှိုင်းဘဲ ပေါ့ပါးခြင်းသဘောသည် လဟုတာ၏ သဘောတည်း၊ "အကထိနတာ" သည် မုဒုတာ၏အတွက်တည်း၊ ကောင်းစွာနယ်အပ်သော သားရေသည် နူးညံ့သကဲ့သို့, နိပ္ဖန္နရုပ်တို့၏ မခက်ထန်ခြင်း (နူးညံ့ခြင်း)သဘောသည် မုဒုတာ၏ သဘောတည်း၊ "အနုကူလဘာဝေါ"သည် ကမ္မညတာ၏အတွက်တည်း၊ ကောင်းစွာ လှော်ပြီး ဦးပြီးသော ရွှေသည် ပုတီး, နားတောင်းစသော တန်ဆာပြုလုပ်မှုအား လျော်သကဲ့သို့, ကိုယ်မှုဆိုင်ရာ ကိစ္စတို့အား လိုက်လိုက်လျောလျော ကောင်းသောသဘောသည် ကမ္မညတာ၏ သဘောတည်း၊ ဤသို့ အစဉ်အတိုင်း မှတ်ပါ–ဟူလို။ [သုဓန္တ=သု+ဓမိတ–ကောင်းစွာ မှုတ်လွှင့်အပ်သော အညစ်အကြေး။]

**အညမညံ၊ပေ၊ဝုစ္စတိ**။ ။ထိုရုပ်သုံးပါးသည် တစ်ပါးဖြစ်လျှင် အခြားနှစ်ပါးလည်း ဖြစ်ရ၏၊ ခွဲ၍ ဖြစ်လေ့မရှိကြ၊ သို့သော် အမူအရာထူးခြားပုံ (ဝိကာရ)က သုံးမျိုး ရှိသောကြောင့် သုံးမျိုးခွဲ၍ ပြရသည်။

**ဒန္ဓတ္တ၊ပေ၊ကမ္မညတာ**။ ။ဖွဲ့စည်းခြင်း သဘောရှိသော အာပေါဓာတ် ပျက်လျှင် ရုပ်ခန္ဓာသည် လေး၏၊ ထိုလေးလံမှုကို ပြုတတ်သော ဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက်ကား စိတ်ချမ်းသာခြင်း, ဥတုသာယာခြင်း, အစာအာဟာရက မိမိနှင့် သင့်တော်ခြင်းတည်း၊ ထိုအကြောင်းတို့ကြောင့် နိပ္ဖန္နဖြစ်သော တိဇ(စိတ် ဥတု အာဟာရဇ)

အမူအရာသည်၊ လဟုတာ–လဟုတာ မည်၏၊ ထဒ္ဓတ္တ၊ပေ၊သမုဋ္ဌာနော–ခက်မာသည်၏အဖြစ်ကို ပြုတတ်သော ပထဝီဓာတ် ချောက်ချားခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော စိတ် ဥတု အာဟာရဟူသော အကြောင်းတို့ကြောင့် ဖြစ်သော၊ (ရူပဝိကာရော–သည်၊) မုဒုတာ–မည်၏၊ သရီရကြိယာနံ–ကိုယ်ဖြင့် ပြုအပ်သော အမှုကိစ္စတို့အား၊ အနနုကူလ၊ပေ၊သမုဋ္ဌာနော–မလိုက်ရောသည်၏ အဖြစ်ကို ပြုတတ်သော ဝါယောဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက် ဖြစ်သော စိတ် ဥတု အာဟာရဟူသော အကြောင်းတို့ကြောင့်ဖြစ်သော၊ (ရူပဝိကာရော–သည်၊) ကမ္မညတာ–မည်၏၊ ဣတိ–ဤသို့ မှတ်အပ်၏။

**၁၅**။ ဥပစယနံ–ပဋ္ဌမစီခြင်း၊ ဝါ–ပဋ္ဌမဖြစ်ခြင်း၊ ဥပစယော–ပဋ္ဌမစီခြင်း၊ ဝါ–ပဋ္ဌမဖြစ်ခြင်း၊ ["စိ–စယေ"ဓာတ်နှင့် လျော်ညီစွာ အုတ်ကို ပထမစ၍ စီသကဲ့သို့ ပဋ္ဌမဖြစ်ခြင်းကိုပင် "စ၍စီခြင်း"ဟု ဆိုသည်၊] ပဋ္ဌမစယော–ပဋ္ဌမစီခြင်း၊ ဝါ–ပဋ္ဌမဖြစ်ခြင်း၊ ဣတိ အတ္ထော–နက်၊ (ကသ္မာ–ကြောင့်၊ ဣတိ အတ္ထော–သည်၊ ဟောတိ–နည်း၊) ဥပညတ္တံတျာဒီသုဝိယ–ဥပညတ္တံ အစရှိသော ပါဠိရပ်တို့၌ကဲ့သို့၊ ဥပသဒ္ဒဿ–၏၊ ပဋ္ဌမတ္ထဇောတနတော–ပဋ္ဌမအနက်ကို ထွန်းပြတတ်သည်၏အဖြစ်ကြောင့်၊ (ဣတိ အတ္ထော ဟောတိ)။ [ဥပညတ္တံ–စ၍ အသိအမှတ် ပြုအပ်၏၊ ဥပသဒ္ဒါ၏ ဥပရိအနက်ဟောလည်း ရှိသေး၏၊ ထိုအနက်၏ အဓိပ္ပာယ်ကို ဘာသာဋီကာမှာ ရှု။]

သန္တာနော–ဆက်စပ်ကျယ်ပွားခြင်း၊ သန္တတိ–ခြင်း၊[တန–ဝိတ္ထာရေ"နှင့် အညီ "တာနော"သဒ္ဒါသည် တနဓာတ်, ဏပစ္စည်းဖြင့် ပြီးသောကြောင့် "ကျယ်ပွားခြင်း"ဟု ပေးရသည်၊] ပဗန္ဓော–ဆက်စပ်လျက် ဖြစ်ခြင်း၊ ဣတိ အတ္ထော–နက်၊ တတ္ထ–ထိုဥပစယ သန္တတိတို့တွင်၊ ပဋိသန္ဓိတော–ပဋိသန္ဓေ အခါမှ၊ ပဋ္ဌာယ–၍၊ ယာဝ–လောက်၊ စက္ခာဒိဒသကာနံ–စက္ခု အစရှိသော ဒသကတို့၏၊ ဥပ္ပတ္တိ–ဖြစ်ခြင်းသည်၊ (အတ္ထိ–၏၊) ဧတ္ထန္တရေ–ဤအတွင်း၌၊ ရူပုပ္ပာဒေါ–ရုပ်တို့၏ ဖြစ်ခြင်းသည်၊ ဥပစယော နာမ–မည်၏၊ [ဂဗ္ဘသေယျက သတ္တဝါတို့ကို ရည်ရွယ်၍ "ယာဝ စက္ခာဒိဒသကာနံ ဥပ္ပတ္တိ"ဟု ဆိုသည်၊ သံသေဒဇ, ဩပပါတိကသတ္တဝါတို့ကား ပဋိသန္ဓေခဏဝယ် တစ်ပြိုင်နက်

---

ရုပ်တို့၏ ပေါ့ပါးခြင်းဟူသော ထူးခြားသော အမူအရာသည် လဟုတာ၏သဘောတည်း၊ ဤနည်းအတိုင်း ပထဝီဓာတ် ချောက်ချားခြင်း၏ ဆန့်ကျင်ဘက်အကြောင်း, ဝါယော ဓာတ် ချောက်ချားခြင်း၏ ဆန့်ကျင်ဘက်အကြောင်းများလည်း စိတ် ဥတု အာဟာရတို့ ချမ်းသာခြင်း, သပ္ပာယဖြစ်ခြင်းတည်း၊ ထိုသို့ ဖြစ်သောအခါ မုဒုတာ ကမ္မညတာဟူသော ဝိကာရတို့ ဖြစ်ကြလေသည်။ [ဘာသာဋီကာ၌ အကျယ်ပြထားပြီ။]

စက္ခုဒသက စသည်တို့ ဖြစ်ကြသည်၊ စက္ခာဒိ၌ အာဒိဖြင့် သောတ, ဃာန, ဇိဝှာ တို့ကို ယူ။] တတော–ထိုစက္ခာဒိဒသကတို့ ဖြစ်ရာအခါမှ၊ ပရံ–နောက်နောက် ဖြစ်ခြင်းသည်၊ သန္တတိ နာမ–မည်၏။

ယထာသကံခဏမတ္တဋ္ဌာယီနံ–အကြင် အကြင် မိမိဥစ္စာဖြစ်သော ခဏမျှ တည်ခြင်း ရှိကုန်သော၊ ရူပါနံ–တို့၏၊ နိရောဓပေဝသေန–ချုပ်ခြင်းသို့ ရှေးရှု ဖြစ်ခြင်း၏ အစွမ်းဖြင့်၊ ဇီရဏံ–ဆွေးမြေ့ခြင်းသည်၊ ဇရာ–မည်၏၊ သာယေဝ–ထိုဇရာသည်ပင်၊ ဇရတာ–မည်၏၊ ["ဇရာယေဝ ဇရတာ"ဟု ပြု၊ တာပစ္စည်း သွတ္ထ–ဟူလို၊] နိစ္စဓုဝဘာဝေန–မြဲသည်၏အဖြစ်, ခိုင်သည်၏အဖြစ်ဖြင့်၊ န ဣက္ခံ, အနုပဂန္တဗ္ဗံ–ဉာဏ်ဖြင့် မကပ်ရောက်ထိုက်၊ ဣတိ–ထို့ကြောင့်၊ အနိစ္စံ–မည်၏၊ တဿ–ထိုအနိစ္စဖြစ်သော ရုပ်တရား၏၊ ဘာဝေါ–ဖြစ်ကြောင်း ဖြစ်ရာ လက္ခဏာသည်၊ အနိစ္စတာ–မည်၏၊ ရူပပရိဘေဒေါ–ရုပ်တို့၏ ပျက်ခြင်းတည်း၊ ဓမ္မာနံ–တရားတို့ကို၊ (လက္ခဏာ၌ စပ်၊) ဝါ–တို့၏၊ (အဝတ္ထာ၌ စပ်၊) တံတံ အဝတ္ထာဝသေန–ထိုထိုဖြစ်ခြင်း, တည်ခြင်း, ပျက်ခြင်း အခိုက်အတန့်၏အစွမ်းဖြင့်၊ လက္ခဏဟေတုတ္တာ–မှတ်သားခြင်း၏အကြောင်း၏ အဖြစ်ကြောင့်၊ လက္ခဏရူပံ နာမ–မည်၏။ [လက္ခဏဟေတုတ္တာ၌ ဟေတုကို ကြည့်၍ "လက္ခီယတိ အနေနာတိ လက္ခဏံ"ဟု ကရဏသာဓ်ပြု။]

**၁၆။** ဇာတိရူပမေဝါတိ–ကား၊ ပဋိသန္ဓိတော–ပဋိသန္ဓေအခါမှ၊ ပဋ္ဌာယ–၍၊ ရူပါနံ–ရုပ်တို့၏၊ ခဏေ ခဏေ–ခဏတိုင်း ခဏတိုင်း၌၊ ဥပ္ပတ္တိဘာဝတော–ဖြစ်ခြင်းသဘော၏ အဖြစ်ကြောင့်၊ ဇာတိသင်္ခါတံ–ဇာတိဟု ဆိုအပ်သော၊ ရူပုပ္ပတ္တိဘာဝေန–ရုပ်၏ ဥပါဒ်ခြင်းသဘော၏ အဖြစ်ဖြင့်၊ (ပဋိဗဒ္ဓ၌ စပ်၊)

---

**အနိစ္စတာ။** ။"န+ဣက္ခ"ဟု ခွဲ၊ ဣက္ခ၌ ဣဓာတ်, တျပစ္စည်း, တျကို စပြု, ဒွေဘော်လာ၍ "ဣက္ခ"ပြီးသည်ဟု မဏိမဉ္ဇူ ဆို၏၊ ဣက္ခံ–ဉာဏ်ဖြင့် ကပ်ရောက်ထိုက်သည်+န–မဟုတ်၊ အနိစ္စံ–နိစ္စဓုဝဟု ဉာဏ်ဖြင့် မကပ်ရောက်ထိုက်သော ခန္ဓာငါးပါးတည်း၊ ဤနေရာ၌ ရုပ်သာ လိုရင်း၊ အနိစ္စဿ+ဘာဝေါ အနိစ္စတာ။ [အခြားနေရာ၌ နိစ္စသဒ္ဒါသည် အမြဲအနက်ဟော အနိပ္ဖန္နပါဋိပဒိကပုဒ်ဟု ဆို၏၊ ထိုအလို နိစ္စ၌ ဓာတ်ပစ္စည်း ကြံဖွယ် မလို။]

**ပဋိသန္ဓိတောပေပဝုစ္စတိ။** ။"ပဋိသန္ဓိတောပေဥပ္ပတ္တိဘာဝတော"ဖြင့် ဇာတိအမည် ရခြင်း၏ အကြောင်း (ပဝတ္တနိမိတ်)ကို ပြ၏၊ ခဏတိုင်း ဖြစ်ခြင်း သဘောတရား ဖြစ်သောကြောင့် "ဇာတိ"ခေါ်သည်–ဟူလို၊ "ရူပုပ္ပတ္တိပေသမ္မတဥ"ဖြင့် ရုပ်ခေါ်ရခြင်း၏ အကြောင်းကို ပြ၏၊ ရုပ်နှင့်စပ်သော ဖြစ်ခြင်းသဘော ဖြစ်သောကြောင့် "ရုပ်"ဟု သမုတ်ရသည်–ဟူလို၊ "သမ္မတ"ဟူသော ပါဌ်ဖြင့် ရုပ်အစစ် မဟုတ်ကြောင်း, ရုပ်ဟု သမုတ်ထားအပ်ကြောင်းကို ပြသည်။

စတုပေ၊ဝုတ္တိတ္တာ-လေးပါးသော သန္တတိရုပ်နှင့်စပ်သော ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့်၊ ရူပသမ္မတတ္တ-ရုပ်ဟုသမုတ်အပ်သည်လည်းဖြစ်သော၊ ဇာတိရူပ မေဝ-ဇာတိရုပ်ကိုပင်၊ ဥပစယသန္တတိဘာဝေန-ဥပစယသန္တတိ၏အဖြစ်ဖြင့်၊ ဝါ-ဥပစယသန္တတိအမည်ဖြင့်၊ ဝုစ္စတိ-၏၊ (ကသ္မာ-ကြောင့်၊ ဇာတိရူပမေဝ-ကိုပင်၊ ဥပစယသန္တတိဘာဝေန-ဖြင့်၊ ဝုစ္စတိ-နည်း၊) ပဌမ၊ပေ၊ဘေဒတော-ပဌမဖြစ်ခြင်း၊ အထက် အထက်၌ ဖြစ်ခြင်းဟု ဆိုအပ်သော ဖြစ်ပုံအခြင်းအရာ ၏ကွဲပြားခြင်းကြောင့်၊ ဝေနေယျဝသေန-ဝေနေယျတို့၏ အလိုအားဖြင့်၊ ဝါ-ဝေနေယျရွှာသယအားဖြင့်၊ ဥပစယောသန္တတိတိ-ဟူ၍၊ ဝိဘဇိတွာ-ခွဲခြား ဝေဖန်တော်မူ၍၊ ဝုတ္တတ္တာ-ဟောတော်မူအပ်သည်၏အဖြစ်ကြောင့်၊ (ဇာတိ ရူပမေဝ-ကိုပင်၊ ဥပစယသန္တတိဘာဝေန-ဖြင့်၊ ဝုစ္စတိ-၏၊) ဝေဠုကတွာ-ကြောင့်၊ တာသံ-ထိုဥပစယသန္တတိတို့၏၊ နိဒ္ဒေသေ-အကျယ်ညွှန်ပြရာ ပါဠိတော်၌၊ အတ္ထတော-အနက်သဘောအားဖြင့်၊ အဘေဒံ-မကွဲပြားသည်၏ အဖြစ်ကို၊ (ဘာဝပ္ပဓာန)၊ ဒဿေတုံ-ငှာ၊ ယော၊ပေ၊သန္တတီတိ-ဟူ၍၊ ဝုတ္တံ-ပြီ၊ [အာယတနာနံ-စက္ခုစသော အာယတနတို့၏၊ ယော အာစယော-အကြင် ဖြစ်ခြင်းသည်၊ (အတ္ထိ-၏၊) သော-ထိုဖြစ်ခြင်းသည်၊ ရူပဿ-၏၊ ဥပစယော-မည်၏၊ ရူပဿ-၏၊ ယော ဥပစယော-အကြင်ဖြစ်ခြင်းသည်၊ (အတ္ထိ-၏၊) သော-ထိုဖြစ်ခြင်းသည်၊ ရူပဿ-၏၊ သန္တတိ-မည်၏။]

ကောဒသပဝိဓမ္မီတိ-ကား၊ သဘာဂသင်္ဂဟဝသေန-သဘောတူသော ရုပ်တို့ကို သိမ်းယူခြင်း၏အစွမ်းဖြင့်၊ ကောဒသပ္ပကာရံ-တစ်ဆယ့်တစ်ပါး အပြားရှိသည်၊ (သမာနံ)ပိ-သော်လည်း။ (သရူပဝသေန-ဖြင့်၊ အဋ္ဌဝီသတိ ဝိဓံ-သည်၊ ဟောတိ။ ဤသို့ သင်္ကြိဟ်အတိုင်း ထည့်စပ်။)

---

**စတုသန္တတိရူပံ**။ ။ကံကြောင့် အစဉ်အဆက် ကျယ်ပြန့်သွားသော ရုပ်အစဉ်သည် ကမ္မသန္တတိရုပ်, စိတ်ကြောင့်၊ပေ၊ ဥတုကြောင့်၊ပေ၊ အာဟာရကြောင့် အစဉ်အဆက် ကျယ်ပြန့်သွားသော ရုပ်အစဉ်သည် အာဟာရသန္တတိရုပ်၊ ဤရုပ်အစဉ်လေးပါးအပေါင်း ကို "စတုသန္တတိရူပံ"ဟု ခေါ်သည်၊ ထိုစတုသန္တတိရုပ်နှင့် စပ်သော ဖြစ်ခြင်းရှိသော ကြောင့် ဌာနရုပ်၏ ရုပ်အမည်ကို ဇာတိအပေါ်၌ တင်စား၍ ဌာနူပစာရအားဖြင့် ဇာတိကို ရုပ်ဟု သမုတ်ရသည်-ဟူလို။

**ယော၊ပေ၊သန္တတိ**။ ။ယောအရနှင့် သောအရကို ထပ်တူထား၍ ဓမ္မသင်္ဂဏီပါဠိတော်၌ ဟောတော်မူခြင်းကြောင့် "ဥပစယသန္တတိတို့၏ တရားကိုယ်မှာ မကွဲမပြား-တစ်ခုတည်း သာ"ဟု သိရ၏၊ ထိုသို့ ပါဠိတော်၌ တစ်သဘောတည်း ထားသော်လည်း အဋ္ဌသာလိနီ အဋ္ဌကထာ၌ကား တစ်ဘဝ၌ ပဌမဖြစ်ခြင်း, ရုပ်မစုံခင် အထက် အထက်၌ ဖြစ်ခြင်းကို "ဥပစယ"ဟုလည်းကောင်း, ရုပ်စုံပြီးနောက် ဆက်ကာ ဆက်ကာ ဖြစ်ခြင်းကို "သန္တတိ" ဟုလည်းကောင်း ခွဲခြားသည်။

**၁၇။** စတ္တာရော–န်သော၊ ဘူတာ–မဟာဘုတ်တို့လည်းကောင်း၊ ပဥ္စ–ကုန်သော၊ ပသာဒါ–ပသာဒရုပ်တို့လည်းကောင်း၊ စတ္တာရော–န်သော၊ ဝိသယာ–ဝိသယရုပ်တို့လည်းကောင်း၊ ဒုဝိဓော–နှစ်ပါးအပြားရှိသော၊ ဘာဝေါ–ဘာဝရုပ်လည်းကောင်း၊ ဟဒယရူပံ–လည်းကောင်း၊ ဣိဟိ–န်သော၊ ဇီဝိတာဟာရရူပေဟိ–ဇီဝိတရုပ်, အာဟာရရုပ်တို့နှင့်၊ သဟ–တကွ၊ အဋ္ဌာရသဝိဓံ–တစ်ဆယ့်ရှစ်ပါး အပြားရှိသော၊ ဣစ္စပိ ဣဒံ–ဤနိပ္ဖန္နရုပ်လည်းကောင်း၊ [ဣတိဒ္ဓ လှမ်းစပ်၊] တထာ–ထိုမှတစ်ပါး၊ ပရိစ္ဆေဒေါ စ–ရုပ်လည်းကောင်း၊ ဒုဝိဓာ–သော၊ ဝိညတ္တိ–ဝိညတ်ရုပ်လည်းကောင်း၊ တိဝိဓော–သော၊ ဝိကာရော–ရုပ်လည်းကောင်း၊ စတုဗ္ဗိဓံ–သော၊ လက္ခဏံ–ရုပ်လည်းကောင်း၊ ဣတိ–သို့၊ ရူပါနံ–တို့၏၊ ပရိစ္ဆေဒဝိကာရာဒိဘာဝံ–ပရိစ္ဆေဒ, ဝိကာရအစရှိသော သဘောကို၊ [အာဒိဖြင့် လက္ခဏကို ယူ၊] ဝိနာ–၍၊ ဝိသုံ–သီးခြား၊ ပစ္စယေဟိ–အကြောင်းတို့ကြောင့်၊ အနိဗ္ဗတ္တတ္တာ–မဖြစ်ကုန်သည်၏အဖြစ်ကြောင့်၊ [ဤနိပ္ဖန္နရုပ်များ၏ ဖြစ်ဖို့ရန် ကံစသောအကြောင်းတို့က သီးခြားပြုရသည် မဟုတ်, နိပ္ဖန္နရုပ်တို့ကို ဖြစ်စေရာ၌ အလိုလို ပါသွားကြသည်–ဟူလို၊] အနိပ္ဖန္နာ–အနိပ္ဖန္နာဟူကုန်သော၊ ဒသ–န်သော၊ ဣမေ စ–ဤရုပ်တို့လည်းကောင်း၊ [န+နိပ္ဖန္နာ အနိပ္ဖန္နာ"ဟု ပြု၊] ဣတိ–သို့၊ အဋ္ဌဝီသတိဝိဓံ–သည်၊ ဘဝေ–၏။

**၁၈။** ဣဒါနိ–ဤရူပသမုဒ္ဒေသကို ဖွင့်ပြပြီးရာ ယခုအခါ၌၊ ယထာ ဥဒ္ဒိဋ္ဌရူပါနံ–အကြင် အကြင် သရုပ်အရ, ထုတ်ပြအပ်ပြီးသော ရုပ်တို့၏၊ [ရူပသမုဒ္ဒေသ၌ သရုပ်ထုတ်ပြအပ်ပြီးသော ရုပ်တို့၏၊] ဧကဝိဓာဒိနယဒဿနတ္ထံ–ဧကဝိဓ အစရှိသောနည်းကို ပြခြင်းအကျိုးငှာ၊ သဗ္ဗဥ္စ ပနေတံတျာဒိ–အစရှိသော ဝါကျကို၊ (အာစရိယေန–သည်၊) ဝုတ္တံ၊ သမ္ပယုတ္တဿ–ယှဉ်ဖက်ဖြစ်သော၊ အလောဘာဒိဟေတုနော–အလောဘ အစရှိသောဟိတ်၏၊ အဘာဝါ–မရှိခြင်းကြောင့်၊ အဟေတုကံ–အဟေတုက မည်၏၊ ယထာသကံပစ္စယဝသေန္တတာယ–အကြင် အကြင် မိမိဥစ္စာ ဖြစ်သော ကံစသော အကြောင်းရှိသည်၏ အဖြစ်ကြောင့်၊ သပ္ပစ္စယံ–သပ္ပစ္စယ မည်၏။

အတ္တာနံ–မိမိကို၊ အာရဗ္ဘ–၍၊ ပဝတ္တေဟိ–ဖြစ်ကုန်သော၊ ကာမာသဝါဒီဟိ–ကာမာသဝ အစရှိသည်တို့နှင့်၊ သဟိတတ္တာ–တကွဖြစ်သည်၏အဖြစ်ကြောင့်၊ သာသဝံ–သာသဝ မည်၏၊ ပစ္စယေဟိ–ကံစသော အကြောင်းတို့သည်၊ အဘိသင်္ခတတ္တာ–ပြုစီမံအပ်သည်၏ အဖြစ်ကြောင့်၊ သင်္ခတံ–သင်္ခတ မည်၏၊ ဥပါဒါနက္ခန္ဓသင်္ခါတေ–ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော၊ လောကေ–သင်္ခါရ လောက၌၊ နိယုတ္တတာယ–ယှဉ်သည်၏အဖြစ်ကြောင့်၊ လောကိယံ–မည်၏၊ [ကာမုပါဒါန် (လောဘ)စသော တရားတို့၏ အာရုံဖြစ်သော တေဘူမက လောကီခန္ဓာ ဟူသမျှကို ဥပါဒါနက္ခန္ဓာဟု ခေါ်၏။]

ကာမတဏှာယ–ကာမတဏှာ၏၊ အဝစရိတတ္တာ–သက်ဝင်ကျက်စားအပ်ရာ၏ အဖြစ်ကြောင့်၊ ကာမာဝစရံ–ကာမဝစရ မည်၏၊ အရူပဓမ္မာနံ ဝိယ–နာမ်တရားတို့၏ကဲ့သို့၊ ကဿစိ–တစ်စုံတစ်ခုသော၊ အာရမဏဿ–အာရုံကို၊ အဂ္ဂဟဏတော–မယူနိုင်ခြင်းကြောင့်၊ အဿ–ထိုရုပ်၏၊ အာရမဏံ–သည်၊ န–မရှိ၊ ဣတိ–ကြောင့်၊ အနာရမဏံ–အနာရမဏ မည်၏၊ တဒင်္ဂါဒိဝသေန–တဒင်္ဂပဟာန် အစရှိသည်တို့၏ အစွမ်းဖြင့်၊ ပဟာတဗ္ဗတာဘာဝတော–ပယ်ထိုက်သည်၏ အဖြစ်၏ မရှိခြင်းကြောင့်၊ အပ္ပဟာတဗ္ဗံ–အပ္ပဟာတဗ္ဗ မည်၏၊ ဣတိသဒ္ဒေါ–ဣတိသဒ္ဒါသည်၊ ပကာရတ္ထော–အတူဟူသော အနက်ရှိ၏၊ တေန–ထို့ကြောင့်၊ အဗျာကတံ တျာဒိကံ–အဗျာကတံ အစရှိသော၊ [ရုပ်ဟူသမျှ အဗျာကတချည်းတည်း၊] ဣတိ–ဤသို့ အစရှိသော၊ သဗ္ဗံ–သော၊ ကောဋ္ဌာသနယံ–ကောဋ္ဌာသနည်းကို၊ သင်္ဂဏှာတိ–သိမ်းယူ၏။ [အဟေတုကံ စသည်တို့၏ အဓိပ္ပာယ်နှင့် ဝစနတ္ထကို ဘာသာဋီကာ၌ ပြထားပြီ။]

**၁၉။** အတ္တဘာဝသင်္ခါတံ–အတ္တဘောဟု ဆိုအပ်သော၊ အတ္တာနံ–အတ္တကို၊ အဓိကိစ္စ–စွဲမှီ၍၊ ဥဒ္ဒိဿ–ရည်စူး၍၊ ပဝတ္တတ္တာ–ဖြစ်သည်၏အဖြစ်ကြောင့်၊ အဇ္ဈတ္တိကရူပံ–အဇ္ဈတ္တိကရုပ် မည်၏၊ ဟိ–ဆက်၊ အညေပိ–ပသာဒရုပ်၅ခုမှ တစ်ပါးလည်းဖြစ်ကုန်သော၊ အဇ္ဈတ္တသမ္ဘူတာ–အဇ္ဈတ္တသန္တာန်၌ဖြစ်သော တရားတို့သည်၊ ကာမံအတ္ထိ–အကယ်၍ကား ရှိပါပေကုန်၏၊ ပန–ထိုသို့ပင် ရှိပါကုန်သော်လည်း၊ ရုဠှီဝသေန–အထင်ရှဋ္ဌိ၏အစွမ်းဖြင့်၊ စက္ခွာဒိကံယေဝ–စက္ခုအစရှိသော ပသာဒရုပ်သည်သာလျှင်၊ အဇ္ဈတ္တိကံ–အဇ္ဈတ္တိက မည်၏၊ အထ ဝါ–ထို့ပြင်တစ်နည်းကား၊ မယံ–စက္ခုစသော ငါတို့သည်၊ ယဒိ–န ဟောမ–အကယ်၍ ခန္ဓာကိုယ်၌ မဖြစ်ကုန်အံ့၊ တွံ–သင် အတ္တဘောသည်၊ ကဋ္ဌကလိင်္ဂရူပမော–

---

**အတ္တဘာဝ၊ပေ၊ပဝတ္တတ္တာ**။ ။အဇ္ဈတ္တိကံ "အဓိ+အတ္တ"ဟု ခွဲပါ၊ "အတ္တာနံ+အဓိကိစ္စ ပဝတ္တတ္တာ"ဖြင့် "အတ္တာနံ+အဓိကိစ္စ ပဝတ္တံ အဇ္ဈတ္တံ"ဟူသော ဝစနတ္ထကို ပြ၏၊ သမာသ်အရာ၌ အဓိသဒ္ဒါသည် အဓိကိစ္စအနက်, ပဝတ္တအနက် နှစ်မျိုးလုံးကို ဟောနိုင်၏၊ ထို့ကြောင့် အဓိအတွက် "အဓိကိစ္စ ပဝတ္တံ"ဟု ဝိဂြိုဟ်ပြုနိုင်သည်၊ [ရူပသဒ္ဒိ အဗျယီဘော အဇ္ဈတ္တံပုဒ်အဖွင့် ဘာသာဋီကာကို ကြည့်ပါ၊] "အတ္တဘာဝသင်္ခါတံ"ဖြင့် အတ္တာနံ၌ "အတ္တ"အရ ခန္ဓာကိုယ် အတ္တဘောကို ယူပါဟု သိစေ၏၊ သို့သော် ဤအတ္တာနံ၌ အတ္တသဒ္ဒါသည် ခန္ဓာကိုယ် အတ္တဘောဟူသော အနက်ကို မဟော၊ "အတ္တ"ဟူသော အနက်ကိုသာ ဟော၏၊ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ရှုပါ။

**အဇ္ဈတ္တိကံ**။ ။ဋီကာကျော် အလိုအားဖြင့် "အဇ္ဈတ္တမေဝ အဇ္ဈတ္တိကံ"ဟု သွတ္ထတဒ္ဓိတ် ပြုစေလို၏၊ "အဇ္ဈတ္တေ–အဇ္ဈတ္တတရားအပေါင်း၌+ဘဝံ–ဖြစ်သော (ပါဝင်သော)ရုပ်တည်း၊ အဇ္ဈတ္တိကံ–ရုပ်"ဟု ဘာဝတဒ္ဓိတ်ပြုလျှင် သာ၍ ကောင်းသည်၊ အဇ္ဈတ္တိကအမည်၏ ရုဠှီနာမည် ဖြစ်ပုံကို ဤဋီကာကျော် မှီ၍ သာသာဋီကာ၌ ပြထားပြီ။

ထင်းအနုပ်အဖွဲ့ဟူသော ဥပမာရှိသည်၊ ဝါ–ထင်းအနုပ်အဖွဲ့နှင့် တူသည်၊ ဘဝိဿတိ–ဖြစ်လတ္တံ့၊ ဣတိ–သို့၊ ဝဒန္တာ ဝိယ–မဆိုသော်လည်း ဆိုကုန်သကဲ့သို့၊ အတ္တဘာဝဿ–အတ္တဘောအား၊ သာတိသယံ–အလွန်အကဲနှင့်တကွ၊ ဥပကာရတ္တာ–လျော်သော ကျေးဇူးကို ပြုတတ်ကုန်သည်၏ အဖြစ်ကြောင့်၊ စက္ခာဒီနေဝ–စက္ခု စသည်တို့သည်သာလျှင်၊ ဝိသေသတော–အားဖြင့်၊ အဇ္ဈတ္တိကာနိ နာမ–အဇ္ဈတ္တိကတို့ မည်၏၊ ဝါ–တစ်နည်း၊ အတ္တသဒ္ဒါတံ–အတ္တဟု ဆိုအပ်သော၊ စိတ္တံ–ကို၊ အဓိကိစ္စ–စွဲမှီရည်စူး၍၊ တဿ–ထိုစိတ်၏၊ ဒွါရဘာဝေန–ဒွါရ၏အဖြစ်ဖြင့်၊ ပဝတ္တတိ–၏၊ ဣတိ–ကြောင့်၊ အဇ္ဈတ္တံ–မည်၏၊ တဒေဝ–ထိုအဇ္ဈတ္တမည်သော ရုပ်သည်ပင်၊ အဇ္ဈတ္တိကံ–အဇ္ဈတ္တိက မည်၏၊ တတော–ထိုအဇ္ဈတ္တိကရုပ်မှ၊ ဗဟိဘူတတ္တာ–အပဖြစ်သည်၏ အဖြစ်ကြောင့်၊ ဣတရံ–ပသာဒရုပ်ငါးခုမှ တစ်ပါးသော၊ တေဝီသတိဝိဓံ–နှစ်ဆယ့်သုံးပါး အပြားရှိသော ရုပ်သည်၊ ဗာဟိရရူပံ–ဗာဟိရရုပ် မည်၏။

**၂၀–၂၂။** ဣတရံ–ပသာဒ, ဟဒယရုပ်မှတစ်ပါးသော၊ ဗာဝီသတိဝိဓံ–(၂၂)ပါးအပြားရှိသော ရုပ်သည်၊ န ဝတ္ထုရူပံ–ဝတ္ထုရုပ် မမည်၊ ["အဝတ္ထုရူပံ–အဝတ္ထုရုပ် မည်၏"ဟု ရှိလျှင်ကောင်း၏။] အဋ္ဌဝိဓမ္ပိ–ရှစ်ပါးအပြားရှိသည်လည်း ဖြစ်သော ရုပ်သည်၊ ဣန္ဒြိယရူပံ–မည်၏၊ (ကသ္မာ–နည်း၊) ပဉ္စဝိညာဏေသု–ပဉ္စဝိညာဏ်တို့၌လည်းကောင်း၊ လိင်္ဂါဒီသု–လိင် အစရှိသည်တို့၌လည်းကောင်း၊ သဟဇရူပပရိပါလနေ စ–တကွဖြစ်သော ရုပ်တို့ကို စောင့်ရှောက်ခြင်း၌လည်းကောင်း၊ အာဓိပစ္စယောဂတော–အကြီးအကဲ၏အဖြစ်၌ ယှဉ်ခြင်းကြောင့်တည်း၊

---

**အထ ဝါ။** ။ဤနည်း၌လည်း အဇ္ဈတ္တိက အမည်၏ စက္ခု စသည်၌သာ သာ၍ ထင်ရှားပုံကို ပြသော အထင်ရှဋ္ဌိဖြစ်ကြောင်း ထင်ရှားပြန်သည်၊ တစ်နည်း–"အဇ္ဈတ္တာနံ+ဝိသေသော အဇ္ဈတ္တိကံ"ဟု ဝိသေသတဒ္ဓိတ်ကို ပြသည်ဟုသော်လည်း ကြံ၊ မဏိမဉ္ဇူ၌ အတိသယနည်းကို ပြသော စကားဟု ဤနည်းကို ဆိုသည်။

**အတ္တသခ်ါတံ၊ပေ၊အဇ္ဈတ္တိကံ။** ။ဤနည်း၌ အတ္တသဒ္ဒါသည် "စိတ်"ဟူသော အနက်ဟောတည်း၊ "စိတ္တံ အဓိကိစ္စ–စိတ်ကို စွဲ၍"ဟူသည် "စိတ်အတွက်–စိတ်ဖြစ်နိုင်အောင်"ဟု ဆိုလိုသည်၊ စိတ်ဖြစ်ဖို့ရန် "စက္ခုဒွါရ၊ပေ၊ကာယဒွါရဟူသော ဒွါရအဖြစ်ဖြင့် ဖြစ်သော ရုပ်"ဟူလို၊ ဝိဂြိုဟ်မှာ "အတ္တာနံ အဓိကိစ္စ ပဝတ္တံ"ပင်တည်း။

**ပဉ္စ၊ပေ၊ယောဂတော။** ။"ပဉ္စဝိညာဏေသု အာဓိပစ္စယောဂတော"ဖြင့် စက္ခုစသော ပသာဒငါးပါး၏ ဣန္ဒြေမည်ကြောင်းကို ပြ၏၊ "လိင်္ဂါဒီသု အာဓိပစ္စယောဂတော"ဖြင့် ဘာဝရုပ်နှစ်ပါး၏ ဣန္ဒြေမည်ကြောင်းကို ပြ၏၊ [လိင်္ဂါဒိ၌ အာဒိဖြင့် ပြခဲ့သော နိမိတ္တ, ကုတ္တ, အာကပ္ပတို့ကို ယူ၊] "သဟဇ၊ပေ၊ယောဂတော"ဖြင့် ဇီဝိတရုပ်၏ ဣန္ဒြေမည်ကြောင်းကို ပြ၏၊ အစိုးရပုံကို အကျယ်ပြလို၍ "ပသာဒရူပဿ"စသည်ကို မိန့်၊ ထိုအဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ။

ဟိ–ချဲ့၊ ပဋ္ဌဝိဓေသ–ရှိသော၊ ပသာဒရူပဿ–၏၊ စက္ခုဝိညာဏာဒီသု–တို့၌၊ အာဓိပစ္စ–အကြီးအကဲ၏အဖြစ်သည်၊ ဝါ–အစိုးရခြင်းသည်၊ (ဟောတိ–၏၊ ကသ္မာ–နည်း၊) အတ္တနော–မိမိဟူသော ပသာဒရုပ်၏၊ ပဋ္ဌမန္ဒာဒိဘာဝေန–ထက်သည်၏အဖြစ်, နုံ့သည်၏အဖြစ် အစရှိသည်တို့၏ အဖြစ်ကြောင့်၊ တေသမ္ပိ–ထိုစက္ခုဝိညာဏ်အစရှိသည်တို့၏လည်း၊ ဝါ–တို့ကိုလည်း၊ ပဋ္ဌမန္ဒာဒိဘာဝါပါဒနတော–ထက်သည်၏အဖြစ်, နုံ့သည်၏အဖြစ် အစရှိသည်၏ အဖြစ်သို့ ရောက်စေခြင်းကြောင့်တည်း။ [အာဒိဖြင့် မထက်လွန်း မနုံ့လွန်းသော အလယ်အလတ်ကို ယူ။]

ဘာဝဒ္ဒယဿပိ–ဘာဝရုပ်နှစ်ပါး အပေါင်း၏လည်း၊ ဣတ္ထိလိင်္ဂါဒီသု–ဣတ္ထိလိင်္ဂ အစရှိသည်တို့၌၊ [အာဒိဖြင့် ဣတ္ထိနိမိတ္တ, ဣတ္ထိကုတ္တ စသည်တို့ကို ယူ၊] အာဓိပစ္စ–သည်၊ ဝါ–သည်၊ (ဟောတိ–၏၊ ကသ္မာ–နည်း၊) ယထာသကံ ပစ္စယေဟိ–အကြင် အကြင် မိမိဥစ္စာဖြစ်သော ကံစိတ် စသော အကြောင်းတို့ကြောင့်၊ ဥပ္ပဇ္ဇမာနာနမ္ပိ–ဖြစ်ရပါကုန်သော်လည်း၊ ဝါ–ဖြစ်ရသည်လည်း ဖြစ်ကုန်သော၊ တေသံ–ထိုလိင်္ဂစသည်တို့၏၊ (ဝါ–ထိုလိင်္ဂ, နိမိတ္တ, ကုတ္တ, အာကပ္ပတို့၏၊) ယေဘုယေန–အားဖြင့်၊ သဘာဝကသန္တာနေယေဝ–ဘာဝရုပ်နှင့်တကွဖြစ်သော သန္တာန်၌သာလျှင်၊(ဘာဝရုပ် ပါရှိသော သန္တာန်၌သာလျှင်။) တံတံဒါကာရေန–ထိုထိုအခြင်းအရာအားဖြင့်၊ [လက်ခြေပုံသဏ္ဌာန် ကြီးခြင်း ငယ်ခြင်း အခြင်းအရာ, ပြုံးရယ်ခြင်းစသော အခြင်းအရာအားဖြင့်–ဟူလို၊] ဥပ္ပဇ္ဇနတော–ကြောင့်တည်း၊ ပန–ဗျတိရိက်ကား၊ ဣန္ဒြိယပစ္စယဘာဝတော–ဣန္ဒြိယပစ္စည်း၏အဖြစ်ကြောင့်၊(အာဓိပစ္စ–သည်၊ ဝါ–သည်၊) န(ဟောတိ)–ဖြစ်သည်မဟုတ်။ [ဣန္ဒြိယပစ္စယသတ္တိဖြင့် လိင်္ဂစသည်ကို ကျေးဇူး မပြုနိုင်၊ အကျယ်ကို သုံးချက်စု ဣန္ဒြိယပစ္စည်း၏အဖွင့် ဘာသာဋီကာမှာ ရှု။]

စ–ကား၊ ဇီဝိတဿ–ဇီဝိတရုပ်၏၊ ကမ္မဇပါလနေ–ကမ္မဇရုပ်တို့ကို စောင့်ရှောက်ခြင်း၌၊ အာဓိပစ္စ–သည်၊ ဝါ–သည်၊ (ဟောတိ–၏၊ ကသ္မာ–နည်း၊) တေသံ–ထိုကမ္မဇရုပ်တို့၏၊ ယထာသကံ ခဏဋ္ဌာနဿ–အကြင် အကြင် မိမိဥစ္စာဖြစ်သော ခဏပတ်လုံး တည်ခြင်း၏၊ ဇီဝိတိန္ဒြိယပ္ပဋိဗဒ္ဓတ္တာ–ဇီဝိတိန္ဒြေနှင့် စပ်သည်၏အဖြစ်ကြောင့်တည်း၊ သယဉ္စ–မိမိဟူသော ဇီဝိတိန္ဒြေသည်လည်း၊ အတ္တနာ–မိမိသည်၊ ဋ္ဌပိတဓမ္မသမ္ဗန္ဓေနေဝ–ဥပါဒ်မှ ဘင်တိုင်အောင် ထားအပ်သောတရားနှင့် စပ်ခြင်းကြောင့်သာလျှင်၊ ပဝတ္တတိ–ဖြစ်၏၊ (ကော ဝိယ–အဘယ်ကဲ့သို့နည်း၊) နာဝိကော ဝိယ–လှေသမားကဲ့သို့တည်း။

၂၃။ ဝိသယ၊ပေ၊ဝသေန–အာရုံ၏အဖြစ်, အာရုံရှိသည်၏ အဖြစ်သို့ ရောက်ခြင်း၏ အစွမ်းဖြင့်၊ ထူလတ္တာ–ရုန့်ရင်းသည်၏ အဖြစ်ကြောင့်၊ ဝါ–ထင်ရှားသည်၏ အဖြစ်ကြောင့်၊ ဩဠာရိကရူပံ–ဩဠာရိကရုပ် မည်၏၊

တတောယေ၀–ထိုသို့ ထင်ရှားခြင်းကြောင့်ပင်၊ ဂဟဏာသ–ဉာဏ်ဖြင့် ယူခြင်း၏၊ ၀ါ–ကို၊ သုကရတ္တာ–လွယ်ကူစွာ ပြုအပ်သည်၏အဖြစ်ကြောင့်၊ သန္တိကေ ရူပံ, အာသန္နရူပံ နာမ–အနီးရုပ် မည်၏။ [သန္တိကေကို အာသန္နဟု ဖွင့်သည်။]

သယံ–ကိုယ်တိုင်လည်းကောင်း၊ နိဿယ၀သေန စ–မှီရာမဟာဘုတ်၏ အစွမ်းဖြင့်လည်းကောင်း၊ သမ္ပတ္တာနံ–ကောင်းစွာ ထိရောက်သော ရုပ်တို့၏ လည်းကောင်း၊ အသမ္ပတ္တာနဉ္စ–ကောင်းစွာ မထိရောက်သော ရုပ်တို့၏လည်း ကောင်း၊ ယော ပဋိမုခဘာ၀ေါ–အကြင် ရှေးရှုကုန်သည်၏ အဖြစ်သည်၊ (ယံ) အညမညပတနံ–အကြင် အချင်းချင်း ကျရောက်ခြင်းသည်၊ (အတ္တိ–၏၊) သော–ထိုရှေးရှုကုန်သည်၏အဖြစ်သည်၊ ပဋိဃော ဝိယ–ထိခိုက်ခြင်းနှင့် တူ၏၊ ဣတိ–ကြောင့်၊ ပဋိဃော–မည်၏၊ ဟိ–ဥပမာဆောင်, ထင်အောင် ပြဦးအံ့၊ ပဋိဃာတော–ထိခိုက်ခြင်းသည်၊ သတိ–ဖြစ်လတ်သော်၊ ဒုဗ္ဗလဿ–အားနည်းသောအရာ၀တ္ထု၏၊ စလနံ–လှုပ်ခြင်းသည်၊ ဟောတိ ယထာ–ကဲ့သို့၊ ဧ၀ံ–ဤ့အတူ၊ အညမညံ–အချင်းချင်း၊ ပဋိမုခဘာဝေ–ရှေးရှုသည်၏အဖြစ် သည်၊ သတိ–ရှိလတ်သော်၊ အရူပသဘာ၀တ္တာ–နာမ်သဘောတရား၏ အဖြစ် ကြောင့်၊ ဒုဗ္ဗလဿ–အားမရှိသော၊ ဘဝင်္ဂဿ–၏၊ စလနံ–သည်၊ ဟောတိ–၏၊

---

**ထူလတ္တာ။** ။ဤဟိတ်သည် ဩဠာရိက မည်ခြင်း၏ အကြောင်းပြဟိတ်တည်း၊ ထူထဲသောကြောင့် (“ထူ”ဆိုသည်မှာလည်း “ထင်ရှားသောကြောင့်”) ဩဠာရိက အမည် ရသည်–ဟူလို၊ ဘာ့ကြောင့် ထင်ရှားသနည်းဟု မေးဖွယ်ရှိ၍ “ဝိသယ၊ပေ၊ပတ္တိ၀သေန”ဟု မိန့်၊ ရူပါရုံဟူသော ဝိသယ၏ စက္ခုပသာဒဟူသော ဝိသယီ၌ ထိခိုက်ခြင်းကို “ဝိသယ ဝိသယီဘာ၀ပ္ပတ္တိ”ဟု ဆိုသည်၊ ထိုသို့ အာရုံအဖြစ်သို့ ရောက်ခြင်း, အာရုံ၏ ထင်ရှားရာ ဝိသယီအဖြစ်သို့ ရောက်ခြင်းကြောင့် ဉာဏ်ဖြင့် မှန်း၍ ကြည့်သောအခါ ရူပါရုံစသော စက္ခုပသာဒစသော ရုပ်များသည် ဉာဏ်ထဲမှာ (စိတ်ထဲမှာ) ပေါ်လွင် ထင်ရှားလာ၏၊ ဤထင်ရှားခြင်းသည် ထူလ–ဩဠာရိကဖြစ်သောကြောင့်တည်း။

**ယော၊ပေ၊ပဋိဃော။** ။သပ္ပဋိဃရုပ်တို့တွင် သယံ သမ္ပတ္တဖြင့် ဖောဋ္ဌဗ္ဗာရုံက ပြ၏၊ မဟာဘုတ်ဖြစ်သောကြောင့် မိမိဘာသာ ထိရောက်နိုင်သည်–ဟူလို၊ နိဿယ၀သေန သမ္ပတ္တဖြင့် ဃာန ဇိဝှာ ကာယနှင့် ဂန္ဓ ရသတို့ကို ပြ၏၊ ထိုရုပ်တို့ကား မဟာဘုတ်ကို မှီရမှ ထိရောက်နိုင်သည်–ဟူလို၊ အသမ္ပတ္တာနံဖြင့် စက္ခု,သောတဟူသော အသမ္ပတ္တဂ္ဂါဟက ရုပ်နှင့် ရူပါရုံ,သဒ္ဒါရုံတို့ကို ပြ၏၊ ဆိုင်ရာပသာဒ၌ ထိုအာရုံတို့၏ ရှေးရှုမိခြင်း ကျရောက် ခြင်းသည် အချင်းချင်း ထိခြင်းနှင့်တူသောကြောင့် “ပဋိဃော ဝိယာတိ ပဋိဃော” အရ ပဋိဃ မည်၏၊ ထို့နောက် “ပဋိဃော ယဿ အတ္ထိတိ သပ္ပဋိဃံ”ဟု ဆက်။

**ယထာ ဟိ၊ပေ၊စလနံ ဟောတိ။** ။ရူပါရုံစသည်နှင့် စက္ခုပသာဒ စသည်တို့ ထိခိုက်ပုံကို ထင်ရှားစေလို၍ ပြအပ်သော ဥပမာစကားတည်း၊ လောက၌ ထိခိုက်မိကြ သော အရာ၀တ္ထု နှစ်ခုတွင် အားနည်းသော အရာ၀တ္ထုက လှုပ်မြဲ ဖြစ်၏၊ ရူပါရုံက

ယဿ–အကြင်ရုပ်၏၊ ပဋိဃော–ထိခိုက်သကဲ့သို့ ဖြစ်ခြင်းသည်၊ အတ္ထိ–၏၊ ဣတိ–ကြောင့်၊ တံ–ထိုရုပ်သည်၊ သပ္ပဋိဃံ–မည်၏။

တတ္ထ–ထိုသပ္ပဋိဃရုပ်တို့တွင်၊ သယံ–ကိုယ်တိုင်၊ သမ္ပတ္တိ–ကောင်းစွာ ထိရောက်ခြင်းသည်၊ ဖောဋ္ဌဗ္ဗဿ–ဖောဋ္ဌဗ္ဗာရုံ၏အတွက်၊ (ဟောတိ–၏၊) နိဿယဝသေန–မှီရာမဟာဘုတ်၏ အစွမ်းဖြင့်၊ သမ္ပတ္တိ–သည်၊ ဃာန၊ပေ၊ ရသာနံ–ဃာန, ဇိဝှာ, ကာယ, ဂန္ဓ, ရသတို့၏အတွက်၊ (ဟောတိ–၏၊) ဥဘယထာပိ–သယံ, နိဿယနှစ်ပါး အပြားအားဖြင့်လည်း၊ အသမ္ပတ္တိ–ကောင်းစွာ မထိရောက်ခြင်းသည်၊ စက္ခု၊ပေ၊သဒ္ဒါနံ–စက္ခု, သောတ, ရူပ, သဒ္ဒ တို့၏အတွက် (ဟောတိ–၏၊) ဣတိ–သို့၊ ဒဋ္ဌဗ္ဗံ–ထိုက်၏၊ ဣတရံ–ပသာဒ, ဝိသယမှ တစ်ပါးသော၊ သောဠသဝိဓံ–ရှိသောရုပ်သည်၊ ဩဠာရိကတာဒိသ ဘာဝါဘာဝတော–ဩဠာရိကတာ အစရှိသော သဘော၏ မရှိခြင်းကြောင့်၊ သုခုမရူပါဒိကံ–သုခုမရုပ် အစရှိသော အမည်သည်၊ (ဟောတိ–၏။)

၂၄။ ကမ္မတော–ကံကြောင့်၊ ဇာတံ–ဖြစ်သော၊ အဋ္ဌာရသဝိဓံ–(၁၈)ပါးအပြား ရှိသော ရုပ်သည်၊ ဥပါဒိန္နရူပံ–မည်၏၊ (ကသ္မာ–နည်း၊) တဏှာဒိဋ္ဌိဟိ–တို့သည်၊ ဥပေတေန–ကပ်ရောက်အပ်သော၊ ကမ္မုနာ–ကံသည်၊ အတ္တနော–မိမိ၏၊ ဖလဘာဝေန–အကျိုး၏အဖြစ်ဖြင့်၊ အာဒိန္နတ္တာ ဂဟိတတ္တာ–ယူအပ် သည်၏ အဖြစ်ကြောင့်တည်း၊ [အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ၊] ဣတရံ–ကမ္မဇရုပ်မှတစ်ပါးသော၊ အဂ္ဂဟိတဂ္ဂဟဏေန–ယူအပ်ပြီးသော ရုပ်တို့ကို မယူခြင်းဖြင့်၊ ဝါ–မယူအပ်သေးသော ရုပ်တို့ကို ယူခြင်းဖြင့်၊ ဒသဝိဓံ–ရှိသောရုပ်သည်၊ အနုပါဒိန္နရူပံ–မည်၏။ [ကမ္မဇရုပ်တို့၌ သွင်းယူအပ် ပြီးသော အဝိနိဗ္ဘောဂ အာကာသတို့ကိုပါ ရေတွက်လျှင် အနုပါဒိန္နရုပ် (၁၉)ပါး ဖြစ်သည်–ဟူလို။]

၂၅။ ဒဋ္ဌဗ္ဗဘာဝသင်္ခါတေန–မြင်ထိုက်သည်၏အဖြစ်ဟု ဆိုအပ်သော၊ ဒဿနေန–မြင်ထိုက်သည်၏အဖြစ်နှင့်၊ သဟ–တကွ၊ (ယံ–အကြင်ရုပ်သည်၊) ဝတ္တတိ–၏၊ ဣတိ–ကြောင့်၊ (တံ–ထိုရုပ်သည်၊) သနိဒဿနံ–မည်၏၊ ဟိ–မှန်၊

---

စက္ခုပသာဒ (ဒွါရ)၌ ထိခိုက်သောအခါ ဘဝင်ဟူသော မနောဒွါရ၌လည်း ထိခိုက်မိ၏၊ ထို့ကြောင့် အားနည်းသော ဘဝင်သည် လှုပ်ရ၏၊ ထိုသို့ ဘဝင်လှုပ်ရပုံကို ထောက်၍ ရူပါရုံ စက္ခုပသာဒ စသည်တို့ (စံက္ခု စသည်က အားရှိ၍ မလှုပ်စေကာမူ) ထိမိကြောင်း ကား ထင်ရှားသည်–ဟူလို။ [ဇေကေကမာရမဏံ ဒွိသု ဒွိသု ဒွါရေသု အာပါတမာဂစ္ဆတိ– အဋ္ဌသာလိနီ။]

**ဒဋ္ဌဗ္ဗဘာဝသင်္ခါတေန**။ ။နိဒဿနကို “ဒဋ္ဌဗ္ဗ”ဟု ဖွင့်ပြီးလျှင် “ဘာဝ”ဟု တည့်ဖွင့်သဖြင့် “နိဒဿန”၌ ဘာဝပစ္စယ (တစ်နည်း–ဘာဝပုဒ်ကျေသော ဘာဝလော) ကြံပါဟု သိစေ၏၊ ထိုကြံပုံကို ဘာသာဋီကာ၌ ပြထားပြီ။

စက္ခုဝိညာဏဂေါစရဘာဝေါ–စက္ခုဝိညာဏ်၏အာရုံ၏အဖြစ်ကို၊ နိဒဿနံတိ–ဟူ၍၊ ဝုစ္စတိ–၏၊ စ–ဆက်၊ တဿ–ထိုနိဒဿန၏၊ ရူပါယတနတော–ရူပါရုံမှ၊ အနညတ္တေ–တစ်မျိုးတခြား မဟုတ်သည်၏အဖြစ်သည်၊ (သတိ)ပိ–သော်လည်း၊ အညေဟိ–အခြားကုန်သော၊ ဓမ္မေဟိ–တရားတို့မှ၊ တံ–ထိုရူပါရုံကို၊ ဝိသေသေတုံ–အထူးပြုခြင်းငှာ၊ အညံ ဝိယ–တစ်မျိုးတခြားကို ကဲ့သို့၊ ကတွာ–၍၊ ဝတ္တုံ–ဆိုခြင်းငှာ၊ ဝဋ္ဋတိ–၏၊ ဣတိ–ကြောင့်၊ သဟ၊ပေ၊သနိဒဿနတ္တိ–ဟူ၍၊ (မယာ, ဝုတ္တံ၊) ဟိ–မှန်၊ ဓမ္မဘာဝသာမညေန–တရားသဘောအားဖြင့် တူသည်၏အဖြစ်ဖြင့်၊ ဧကီဘူတေသု–တစ်ခုတည်းကဲ့သို့ ဖြစ်၍ ဖြစ်ကုန်သော၊ ဓမ္မေသု–တို့တွင်၊ နာနတ္တကရော–ထူးသည်၏အဖြစ်ကို ပြုတတ်သော၊ ယော ဝိသေသော–အကြင်သတ္တိအထူးသည်၊ (အတ္ထိ–၏၊ သော–ထိုသတ္တိအထူးကို၊ အညောဝိယ–တစ်မျိုးတခြားကို ကဲ့သို့၊ ကတွာ–၍၊ ဥပစရိတုံ–ခေါ်ဝေါ်ပြောဆိုခြင်းငှာ၊ ဝါ–ဥပစာတင်စားခြင်းငှာ၊ ယုတ္တော–သင့်၏၊ ဟိ–အကျိုးကား၊ ဧဝံ–ဤသို့ ဥပစာတင်စား၍ ဆိုလတ်သော်၊ အတ္ထဝိသေသာဝဗောဓော–အနက်အထူးကို ထိုးထွင်း၍ သိခြင်းသည်၊ ဟောတိ–၏။

---

**စက္ခု၊ပေ၊ဝုစ္စတိ**။ ။စက္ခုဝိညာဏ်၏ အာရုံဟူသည် ရူပါရုံတည်း၊ ထိုစက္ခုဝိညာဏ်၏ အာရုံ၏ ဖြစ်ကြောင်းဖြစ်ရာ သတ္တိဟူသည် စက္ခုဝိညာဏ်အား ကျေးဇူးပြုနိုင်သော အာရမဏသတ္တိတည်း၊ ထိုသတ္တိကို "နိဒဿန"အရ ကောက်ပါ–ဟူလို။

**တဿ စ၊ပေ၊နိဒဿနတ္တိ**။ ။ရူပါရုံနှင့် ရူပါရုံ၏ သတ္တိသည် နှစ်မျိုး မကွဲပြား၊ သို့သော် "နိဒဿနဘာဝ(သတ္တိ)နှင့်တကွ ဖြစ်သောတရား"ဟု ဆိုမှ သဒ္ဒါရုံစသော အခြားတရားတို့၌ ထိုသတ္တိ မရှိသောကြောင့် ထိုအခြားတရားတို့မှ ရူပါရုံက ကွဲပြားနိုင်မည်၊ ထို့ကြောင့် "သတ္တိနှင့် သတ္တိမန္တတရား"ဟု နှစ်မျိုး မကွဲပြားသော်လည်း ကွဲပြားသကဲ့သို့ အဘေဒဘေဒူပစာရအားဖြင့် "နိဒဿနဘာဝ(သတ္တိ)နှင့်တကွဖြစ်သောတရား" ဟု ဆိုထားသည်။

**ဓမ္မဘာဝ၊ပေ၊ယုတ္တော**။ ။ရုပ်တရား(နာမ်တရားပါ) အားလုံးသည် ဓမ္မအဖြစ်ဖြင့် တစ်မျိုးတည်း, တစ်ခုတည်းလို ဖြစ်နေ၏၊ "ဓမ္မ"ဟု ခေါ်လျှင် "တရားအားလုံး ပါဝင်နေသည်"ဟူလို၊ ထိုဓမ္မသာမညအားဖြင့် တစ်မျိုးတည်းဖြစ်သော တရားတို့၌ ထူးအောင်ပြုတတ်သော သတ္တိကို သတ္တိရှိသော တရားမှ တစ်မျိုးတခြား မဟုတ်သော်လည်း တစ်မျိုးတခြားကဲ့သို့ ဥပစာ တင်စား၍ ပြောဆိုသင့်သည်။

**ဧဝဉ္စိ၊ပေ၊ဟောတိ**။ ။ဤဝါကျဥ္စကား ဥပစာတင်စား၍ ဆိုရခြင်း၏ အကျိုးပြလဒ္ဓဂုဏ်ဝါကျတည်း၊ "သနိဒဿနတရား"ဟူရာ၌ ရူပါရုံကို ကောက်ယူရသည်–ဟု သဒ္ဒါရုံစသော အခြားတရားတို့မှ ထူးခြားသော ရူပါရုံတရားဟူသော အနက်ကို သိရခြင်းသည် ဥပစာ တင်စား၍ ဆိုရခြင်း၏ အကျိုးဖြစ်သည်–ဟူလို။

၂၆။ အသမ္ဗုတ္တဝသေနာတိ–ကား၊ အတ္တာနံ–စက္ခု သောတဟူသော မိမိသို့၊ အသမ္ဗုတ္တဿ–ကောင်းစွာ မရောက်သော၊ ဂေါစရဿ–အာရုံ၏၊ ဝသေန–ဖြင့်၊ ဝါ–တစ်နည်း၊ အတ္တနာ–စက္ခု သောတဟူသော မိမိသည်၊ ဝိသယပ္ပဒေသံ–အာရုံရှိရာ အရပ်သို့၊ အသမ္ဗုတ္တဝသေန–ကောင်းစွာ မရောက်ခြင်း၏အစွမ်းဖြင့်၊ [ဂေါစရဂ္ဂါဟကရူပံ၌ စပ်၊ မိမိဟူသော စက္ခု သောတသို့ အာရုံမကပ်ငြိ မထိရောက်, မိမိဟူသော စက္ခု သောတကလည်း အာရုံရှိရာ အရပ်သို့ မကပ်ငြိ မထိရောက်ခြင်း၏ အစွမ်းဖြင့်–ဟူလို၊] ဟိ–မှန်၊ စက္ခုသောတာနိ–တို့သည်၊ ရူပသဒ္ဒေဟိ–တို့သည်၊ အသမ္ဗုတ္တာနိ–ကောင်းစွာ မရောက်အပ်ကုန်သည်၊ (ဟုတွာ–၍၊ အာရမဏံ–ကို၊ ဂဏှန္တိ–န်၏၊) ဝါ–တစ်နည်း၊ သယံ–မိမိဟူသော စက္ခု သောတတို့ကိုယ်တိုင်၊ ·တာနိ–ထိုရူပါရုံ, သဒ္ဒါရုံတို့သို့၊ အသမ္ဗုတ္တာနေဝ–မကပ်ငြိ, မထိရောက်ကုန်သည်သာလျှင်၊ (ဟုတွာ)၊ အာရမဏံ, ဂဏှန္တိ၊ တေန–ထို့ကြောင့်၊ စက္ခုသောတံ ပနေတေသု၊ပေ၊သရူပါတနန္တိ–ဟူသော၊ တံ–ဤဂါထာအပေါင်းကို၊ (ပေါရာဏေဟိ–တို့သည်၊) ဝုစ္စတိ–၏။ [ဤဂါထာတို့၏ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ။]

ပန–ဆက်၊ ဧတေသု–ဤပသာဒရုပ်တို့တွင်၊ စက္ခုသောတံ–စက္ခုပသာဒ, သောတပသာဒသည်၊ အသမ္ဗုတ္တဂ္ဂါဟကံ–မိမိထံမှောက်သို့ မရောက်သော အာရုံကို ယူတတ်သည်၊ ဟောတိ–၏၊ (ကသ္မာ–ကြောင့်၊ ဝိညာယတိ–နည်း၊) သန္တရာဓိကဂေါစရေ (သ အန္တရ+အဓိကဂေါစရေ)–အခြားအကွယ်ရှိသောအာရုံ, လွန်ကဲကြီးမားသောအာရုံ၌၊ ဝိညာဏုပ္ပတ္တိဟေတုတ္တာ–စက္ခုဝိညာဏ်, သောတဝိညာဏ် ဖြစ်ခြင်း၏ အကြောင်း၏အဖြစ်ကြောင့်၊ (ဝိညာယတိ–၏။)

တထာ ဟိ–ထိုစကားကို ချဲ့ဦးအံ့၊ စက္ခု–စက္ခုပသာဒသည်၊ ဝါ–စက္ခုပသာဒကို မှီသော စက္ခုဝိညာဏ်သည်၊ ဒူရဒေသဋ္ဌံ–ဝေးသောအရပ်၌ တည်သော၊ (ဝဏ္ဏံ–အဆင်းကိုလည်းကောင်း၊)ဖလိကာဒိတိရောဟိတံ–ဖန်,မှန်စသည် ခြားကွယ်အပ်သော၊ (ဝဏ္ဏံ–ကိုလည်းကောင်း၊) နဂါဒီနံ–တောင်အစရှိသည်တို့၏၊ မဟန္တံ–ကြီးမားသော၊ ဝဏ္ဏံစ–ကိုလည်းကောင်း၊ ဥဒိက္ခတိ–မြင်စွမ်းနိုင်၏။

အာကာသာဒိဂတော–ကောင်းကင်အစရှိသော အရပ်ဝေး၌ တည်သော၊ (သဒ္ဒေါ–အသံသည်လည်းကောင်း၊) ကုစ္ဆိစမ္မာန္တရိကော–ဝမ်းရေ၏ အခြားမဲ့၌ တည်သော၊ (သဒ္ဒေါ)ပိ စ–သည်လည်းကောင်း၊ ဃဏ္ဍာဒီနံ–ခေါင်းလောင်း အစရှိသည်တို့၏၊ မဟန္တော–ကြီးမားသော၊ (အသံရုပ်ကလေးတွေ ပေါင်းမိနေသဖြင့် ကြီးမားသော၊) သဒ္ဒေါ စ–သည်လည်းကောင်း၊ သောတဿ–သောတပသာဒ၏၊ ဝါ–သောတပသာဒကို မှီသော သောတဝိညာဏ်၏၊ ဂေါစရော–အာရုံသည်၊ (ဟောတိ–၏။)

တံ–ထို စက္ခု,သောတ နှစ်ပါးသည်၊ ဝိသယဒေသံ–ရူပါရုံ, သဒ္ဒါရုံရှိရာ အရပ်သို့၊ ဂန္တွာ–၍၊ဖရိတွာ–အာရုံပေါ်၌ ဖြန့်အုပ်၍၊ ဂဏှာတိ–ယူ၏၊ ဣတိ စေ–

ဤသို့ ဆိုကြသော်။ (ဇဝံသတိ–ဤသို့ ဆိုတိုင်းမှန်လျှင်။) အဓိဋ္ဌာနဝိဓာနေပိ– ဒိဗ္ဗစက္ခု,ဒိဗ္ဗသောတအဘိညာဉ်၏ရှေ့, အဓိဋ္ဌာန်ကို စီမံရာ၌လည်း၊ သော– ထိုရူပ သဒ္ဒ နှစ်ပါးသည်၊ တဿ–ထို စက္ခု သောတ နှစ်ပါး၏၊ ဂေါစရော– အာရုံသည်၊ သိယာ–ဖြစ်ရာ၏။

သော–ထိုရူပ,သဒ္ဒ နှစ်ပါးစုံသည်၊ ဘူတပ္ပဗန္ဓတော–မဟာဘုတ်အဆက်ဆက် အားဖြင့်၊ ဣန္ဒြိယသန္နိဓိ–စက္ခုန္ဒြေ, သောတိန္ဒြေတို့၏ တည်နေရာ အရပ်သို့၊ ယာတိ–ရောက်လာ၏၊ ဣတိ စေ–ဤသို့ ဆိုကြသော်၊ (ဇဝံသတိ–ဤသို့ဆိုတိုင်း ဖြစ်လတ်သော်၊) ကမ္မစိတ္တောဇသမ္ဘူတော–ကံ,စိတ်,အာဟာရတို့ကြောင့် ဖြစ်သော၊ ဝဏ္ဏော–အဆင်းသည်လည်းကောင်း၊ စိတ္တဇော–စိတ်ကြောင့်ဖြစ် သော၊ သဒ္ဒေါ စ–သည်လည်းကောင်း၊ တေသံ–ထိုစက္ခု သောတတို့၏၊ ဂေါစရာ–အာရုံတို့သည်၊ န ဟောန္တိ–မဖြစ်ကုန်တော့ရာ၊ (ကသ္မာ–ကြောင့်နည်း၊) ဟိ(ယသ္မာ)–ကြောင့်၊ တေ–ထိုကံ,စိတ်,အာဟာရတို့ကြောင့် ဖြစ်သော အဆင်း နှင့် စိတ်ကြောင့်ဖြစ်သော အသံတို့သည်၊ ဗဟိ–ခန္ဓာကိုယ်မှ, အပြင်ပ၌၊ န သမ္ဘောန္တိ–မဖြစ်ကြကုန်၊ (တသ္မာ–ထို့ကြောင့်တည်း၊) ပါဠေ စ–ပဋ္ဌာန်း ပါဠိတော်၌လည်း၊ အဝိသေသေန–အထူးမ မ, သာမညအားဖြင့်၊ တေ–ထို ဝဏ္ဏ သဒ္ဒတို့ကို၊ တံ ဝိသယာဝ–ထိုစက္ခု သောတတို့၏ အာရုံတို့ချည်းဟူ၍ သာလျှင်၊ ဝုတ္တာ–ဟောတော်မူအပ်ကုန်ပြီ။

စ–ဆက်ဦးအံ့၊ တေ ဒွယံ–ဤ စက္ခု,သောတ နှစ်ပါးအပေါင်းသည်၊ အတ္တသမီပံယေဝ–မိမိ၏ အနီးအာရုံကိုသာလျှင်၊ ယဒိ ဂဏှာတိ–အကယ်၍ ယူအံ့၊ (ဇဝံသတိ–ဤသို့ ယူလတ်သော်၊) အက္ခိဝဏ္ဏံ–မျက်လုံး၏ အဆင်းကို လည်းကောင်း၊ တထာ–ထိုမှတစ်ပါး၊ ဘမုကဿ–မျက်ခုံး၏၊ မူလံစ–အရင်းကို လည်းကောင်း၊ ပဿေယျ–မြင်ရရာ၏၊ သဒ္ဒဿ–အသံ၏၊ ဒိသာဒေသ ဝဝတ္ထာနံ စ–ဖြစ်ရာအရပ်မျက်နှာ, တည်ရာဒေသကို ပိုင်းခြားနိုင်ခြင်းသည် လည်း၊ န ဘဝေယျ–မဖြစ်ရာ၊ စ–သည်သာမကသေး၊ သရဝေဓိဿ–အသံကို မှန်း၍ ပစ်သော လေးသမား၏၊ သကဏ္ဏော–မိမိ နားတွင်း၌၊ သရပါတန်– မြားကို ကျစေရခြင်းသည်၊ သိယာ–ဖြစ်ရာ၏။

ဝိညာဏဓိဋ္ဌိတံ–ဝိညာဏ်၏ တည်ရာသည်၊ ဟုတွာ–၍၊ တံ တံ ၊ပေ၊ သဘာဝတ္တာ–ထို ထို အာရုံကို ယူခြင်းသဘော ရှိသည်၏ အဖြစ်ကြောင့်၊

---

**ဝိညာဏ၊ပေ၊သဘာဝတ္တာ**။ ။စက္ခုပသာဒသည် အနာရမဏတရား ဖြစ်သောကြောင့် သူ့ကိုယ်တိုင်က အာရုံကို မယူတတ်၊ ဋ္ဌာနီ စက္ခုဝိညာဏ်က ရူပါရုံ ယူတတ်သည်ကို ဋ္ဌာန စက္ခုပသာဒအပေါ် တင်စား၍ ဋ္ဌာနျူပစာရအားဖြင့် စက္ခုပသာဒကို ဂေါစရဂ္ဂါဟက ရုပ်ဟု ခေါ်သည်–ဟူလို၊ သောတ စသည်၌လည်း နည်းတူ။

ဂေါစရဂ္ဂါဟကရုပ်-မည်၏၊ ဣတရံ-ပသာဒမှတစ်ပါးသော၊ တေဝီသတိဝိဓံ-ရှိသောရုပ်သည်၊ အဂေါစရဂ္ဂါဟကရုပ်-မည်၏။ (ကသ္မာ-နည်း၊) ဂေါစရဂ္ဂဟဏာဘာဝတော-အာရုံကို ယူခြင်း၏ မရှိခြင်းကြောင့်တည်း။

**၂၇။** ဝဏ္ဏိတဗ္ဗော, ဒဋ္ဌဗ္ဗော-ရှုမြင်ထိုက်၏၊ ဣတိ-ကြောင့်၊ ဝဏ္ဏော-မည်၏၊ အတ္တနော-၏၊ ဥဒယာနန္တရံ-ဖြစ်ခြင်း၏အခြားမဲ့၌၊ (ဋ္ဌီခဏာ၌-ဟူလို၊) ရူပံ-ရုပ်ကို၊ ဇနေတိ-ဖြစ်စေတတ်၏၊ ဣတိ-ကြောင့်၊ ဩဇာ-မည်၏၊ ကတ္တစိပိ-တစ်စုံတစ်ခုသော အရပ်၌လည်း၊ အညမညံ-အချင်းချင်း၊ ဝိနိဗ္ဘုဇနဿ, ဝိသုံ ဝိသုံ ပဝတ္တိယာ-အသီးအသီး ဖြစ်ခြင်း၏၊ [ဝိနိဗ္ဘုဇနဿကိုပင် "ဝိသုံ ဝိသုံ ပဝတ္တိယာ"ဟု ထပ်၍ ဖွင့်သည်၊] အဘာဝတော-မရှိခြင်းကြောင့်၊ အဝိနိဗ္ဘောဂရူပံ-မည်၏၊ ဟိ-မှန်၊ ရူပလောကေ-ရူပဘုံ၌၊ ဂန္ဓာဒီနံ-ဂန္ဓ အစရှိသည်တို့၏၊ (ဝါ-ဂန္ဓ ရသ ဩဇာတို့၏၊) အဘာဝဝါဒီ မတမ္ပိ-မရှိဟု ပြောလေ့ရှိသူတို့၏ အယူကိုလည်း၊ တတ္ထ တတ္ထ-ထိုထိုဋီကာတို့၌၊ အာစရိယေဟိ-တို့သည်၊ ပဋိက္ခိတ္တမေဝ-ပယ်အပ်ပြီးသည်သာ။

---

**ဝဏ္ဏော ဩဇာ။** ။ဝဏ္ဏဓာတ်၏ ဒဿနအနက်ကို ဓာတ်ကျမ်း၌ မတွေ့ရ၊ "ဓာတူနံ အနေကတ္ထတ္တာ"နှင့်အညီ ဤနေရာ၌ ဒဿနအနက် ကြံ၍ ဝဏ္ဏိတဗ္ဗောကို ဒဋ္ဌဗ္ဗောဟု ဖွင့်ဟန်တူသည်၊ အခြားနေရာ၌ "ဝဏ္ဏေတိ အတ္တနော ဒဗ္ဗံ ပကာသေတိ-မိမိတည်ရာ ဒြဗ်ကို ထင်ရှားပြတတ်၏၊ ဣတိ ဝဏ္ဏော"ဟု ပြုသည်၊ ဩဇာ၌ "အဝ+ဇာ"ဟု ပုဒ်ခွဲ၍ အဝ ဥပသာရ၏ အနက်ကို "ဥဒယာနန္တရံ"ဟု အနန္တရအနက် ဖွင့်သည်၊ မိမိ ဥပါဒ်ပြီး၏ အခြားမဲ့ဟူသည် ဋ္ဌီခဏတည်း၊ ထိုဋ္ဌီခဏ၌ အာဟာရဇရုပ်ကို ဖြစ်စေတတ်သောကြောင့် "ဩဇာ"ဟု ခေါ်သည်၊ ဇနဓာတ်, ကွိပစ္စည်း။

**အဝိနိဗ္ဘောဂရူပံ။** ။ဘုဇနံ (ပဝတ္တနံ)ဘောဂေါ၊ ဘောဂေါယေဝ နိဘောဂေါ၊ (နိအနက်မရှိ၊) ဝိသုံ ဝိသုံ+နိဘောဂေါ ယဿာတိ ဝိနိဗ္ဘောဂေါ=အသီးအသီး (ခွဲ၍) ဖြစ်ခြင်းရှိသောရုပ်၊ န+ဝိနိဗ္ဘောဂေါ အဝိနိဗ္ဘောဂေါ၊ ဤသို့ ဝစနတ္ထ ပြုစေလို၍ "ကတ္တစိ ။ပေ။ အဘာဝတော-မည်သည့် နေရာ၌မဆို အချင်းချင်း ခွဲ၍ မဖြစ်ခြင်းကြောင့်"ဟု ဆိုသည်၊ [မဏိမဉ္ဇူ ဝိဂ္ဂဟ၊] ကတ္တစိပိ၌ ပိသဒ္ဒါသည် သမ္ဘာဝနာ၊ ရုပ်ဖြစ်ရာ အရပ်အားလုံး၌ ခွဲ၍ မဖြစ်သော ရုပ်များ-ဟူလို။ ["ဝိနိဗ္ဘုဇနဿ"ဟု မဏိမဉ္ဇူ၌ ပါဌ်ရှိ၏။]

**ရူပလောကေ။ပေ။ပဋိက္ခိတ္တံ။** ။ရူပဘုံ၌ ဂန္ဓ ရသ ဩဇာ မရှိဟု အချို့က ယူကြ၏၊ [မူလဋီကာဆရာကို ရည်ရွယ်သည်၊] ထိုအလိုအားဖြင့် ထိုသုံးပါးမပါဘဲ တစ်သီးတခြား ငါးပါးဖြစ်နိုင်သေးရကား ရှစ်ပါးလုံးကို အဝိနိဗ္ဘောဂ (မကွဲ မပြားသောရုပ်)ဟု ဆိုခြင်းသည် မှန်ပါ၏လောဟု မေးဖွယ်ရှိသောကြောင့် "ရူပလောကေ"စသည် မိန့်၊ ဂန္ဓ စသည်ကို ရူပဘုံ၌ မရှိဟူသော ဝါဒကို ဆရာတို့ ပယ်ပြီးဖြစ်သောကြောင့် ရှစ်ပါးလုံး အဝိနိဗ္ဘောဂဟူသော အမည်သည် မှန်၏-ဟူလို။ [တိုအယူကို "ရူပလောကေ ပန"စသော သင်္ဂြိုဟ်အဖွင့် ဘာသာဋီကာ၌ ပြထားပြီ။]

**၂၈။** ကုသစေတနံ့ ဝေဋ္ဌာပိ–ဟူသော ဤပါဠိ၌လည်း၊ [ပိ–ဖြင့် "ကုသလ အဋ္ဌာရသဝိဓံပေတံ"တုန်းက ကုသလကို ပေါင်းသည်။] ကုသလသဒ္ဒေါ–သည်၊ ပကာရတ္ထော–အတူဟူသော အနက်ရှိ၏၊ တေန–ထို့ကြောင့်၊ ကုသ–ဤသဂြိုဟ်ကျမ်း၌၊ အနာဂတမ္ပိ–မလာသည်လည်း ဖြစ်သော၊ သဗ္ဗံ–အလုံးစုံသော၊ ဒုက တိကာဒိဘေဒံ–ဒုက, တိက အစရှိသော အပြားကို၊ သင်္ဂဏှာတိ–၏။ [ထို အပြားကား ဓမ္မသင်္ဂဏီပါဠိတော်၌ နိပ္ပန္န အနိပ္ပန္နအပြား, ကမ္မဇ အကမ္မဇ, နေဝကမ္မဇနာကမ္မဇ အပြား စသည်ဖြင့် လာသည်။]

**၂၉။** [ရူပသမုဋ္ဌာန်ခန်းကို ဖွင့်ပြလို၍ "တာနိ ပန"စသည် မိန့်။] တာနိ ကမ္မာဒီနိ–ထိုကံ အစရှိသော အကြောင်းတို့သည်၊ ကာနိ ပန–အဘယ်တို့နည်း၊ (ကုသ စ–ဤသို့လည်းကောင်း၊) ကထံ–အဘယ်အခြင်းအရာအားဖြင့်၊ (ရူပ သမုဋ္ဌာနာနိ–ရုပ်ကို ဖြစ်စေနိုင်ကုန်သနည်း၊ ကုသလ စ–လည်းကောင်း၊) ကတ္ထ–အဘယ်၌၊ (ရူပသမုဋ္ဌာနာနိ–သနည်း၊ ကုသလ စ–လည်းကောင်း၊) ကဒါ–အဘယ် အခါ၌၊ ရူပသမုဋ္ဌာနာနိ–သနည်း၊ ကုသလ စ–လည်းကောင်း၊ (ပုစ္ဆိတဗ္ဗဘာဝတော– မေးထိုက်သည်၏ အဖြစ်ကြောင့်၊) တတ္ထတျာဒိ–ရှိသော၊ (ယံ ဝစနံ အတ္ထိ, တံ ဝစနံ–ကို၊ အာစရိယော–သည်၊) အာဟ–ပြီ၊ ပဋိသန္ဓိမုပါဒါယာတိ–ကား၊ ပဋိသန္ဓိစိတ္တဿ–ပဋိသန္ဓေစိတ်၏၊ ဥပ္ပါဒက္ခဏံ–ဥပါဒ်ခဏကို၊ ဥပါဒါယ– အစပြု၍၊ ခဏေ ခဏေတိ–ကား၊ ဧကေကဿ–တစ်ပါး တစ်ပါးသော၊ စိတ္တဿ–၏၊ တီသု တီသု–သုံးပါး သုံးပါးကုန်သော၊ ခဏေသု–ခဏတို့၌၊ (သမုဋ္ဌာပေတိ–ဖြစ်စေ၏၊) နိရန္တရမေဝ–အကြားမရှိသာလျှင်၊ (သမုဋ္ဌာပေတိ– ၏၊) ကုသလ ဝုတ္တံ ဟောတိ။

["ဆရာအားလုံးပင် စိတ်၏ ခဏသုံးပါး ရှိ၏"ဟု ယူကြသလောဟု မေးဖွယ် ရှိ၍ "အပရေ ပန"စသည် မိန့်။] ပန–ဝါဒန္တရကား၊ အပရေ–တစ်ပါးသော ဆရာတို့သည်၊[မူလဋီကာဆရာကို စောင်းသည်၊] စိတ္တဿ–၏၊ ဋ္ဌိတိက္ခဏံ– ဋ္ဌီခဏကိုလည်းကောင်း၊ ဘင်္ဂက္ခဏေ–ဘင်ခဏ၌၊ ရူပုပ္ပာဒံ စ–ရုပ်တို့၏ ဖြစ်ခြင်းကိုလည်းကောင်း၊ ပဋိသေဓေန္တိ–တားမြစ်ကြကုန်၏၊ တတ္ထ–ထို ဋ္ဌိတိက္ခဏာဘာဝ, ဘင်္ဂက္ခဏေ ရူပုပ္ပာဒါဘာဝတို့တွင်၊ ဋ္ဌိတိက္ခဏာဘာဝေ–

---

**ကာနိ၊ပေ၊ကဒါစ။** ။"ကာမာဝစရံ ရူပါဝစရဉ္စေတိ ကုသလာကုသလံကမ္မံ,... အာရုပ္ပဝိပါကဒွိပဉ္စဝိညာဏဝဇ္ဇိတံ ပဉ္စသတ္တတိဝိဓံပိ စိတ္တံ,... သီတုဏှောတုသမညာတာ တေဇောဓာတု,... ဩဇာသင်္ခါရော အာဟာရော"ဟူသော ကံစသည်တို့၏ သရုပ်ပြ စကားကို ရည်ရွယ်၍ "ကာနိ တာနိ ကမ္မာဒီနိ"ဟု ပုစ္ဆာထုတ်သည်၊ အဘိသင်္ခတံ"ကို ရည်ရွယ်၍ "ကထံ"ဟုလည်းကောင်း, အဇ္ဈတ္တိကသန္တာနေ...အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ"တို့ကို ရည်ရွယ်၍ "ကတ္ထ"ဟုလည်းကောင်း,"ပဋိသန္ဓိမုပါဒါယ, ပဌမဘဝင်္ဂမုပါဒါယ, ဋ္ဌိတိပ္ပတ္တာဝ, ဌာနပ္ပတ္တောဝ"တို့ကို ရည်ရွယ်၍ "ကဒါ"ဟုလည်းကောင်း ပုစ္ဆာထုတ်သည်။

ဋ္ဌိခဏာ၏ မရှိခြင်း၌၊ တေသံ–ထိုအပရေဆရာတို့၏၊ ဥပပတ္တိံစေဝ–အသင့်ယုတ္တိကိုလည်းကောင်း၊ ဝါ–အကြောင်းပြကိုလည်းကောင်း၊ တတ္ထ–ထိုအကြောင်း၌၊ ဝတ္တဗ္ဗဥ္စ–ဆိုထိုက်သော ချေပချက်ကိုလည်းကောင်း၊ ဟေဋ္ဌာ–အောက်ဝိထိပရိစ္ဆေဒအဖွင့်၌၊ ကိဥ္စာပိ ကထိတမေဝ–အကယ်၍ကား ဖွင့်ဆိုအပ်ပြီးသာလျှင်တည်း၊ ပန–ထိုသို့ပင် ဖွင့်ဆိုအပ်ပြီး ဖြစ်ပါသော်လည်း၊ ဣဓာပိ–ဤရူပပရိစ္ဆေဒအဖွင့်၌လည်း၊ ဘင်္ဂက္ခဏေ–၌၊ ရူပုပ္ပာဒါဘာဝေ–ရုပ်ဖြစ်ခြင်း၏ မရှိခြင်း၌၊ ဥပပတ္တိယာ–အသင့်ယုတ္တိနှင့်လည်းကောင်း၊ ဝါ–အကြောင်းပြနှင့်လည်းကောင်း၊ တတ္ထ–ထိုအကြောင်း၌၊ ဝတ္တဗ္ဗေန စ–ဆိုထိုက်သော ချေပချက်နှင့်လည်းကောင်း၊ သဟ–တကွ၊ သုခဂ္ဂဟဏတ္ထံ–အလွယ်တကူ ယူနိုင်ခြင်းအကျိုးငှာ၊ သင်္ဂဟေတွာ–သင်္ဂဟဂါထာဖြင့် သိမ်းကြုံး၍၊ ဝုစ္စတိ–ဆိုအပ်၏၊ ဝါ–ဆိုဦးအံ့။

ဥပ္ပန္နံ ဥပ္ပဇ္ဇမာနန္တိ ဧဝမာဒီနံ–ဥပ္ပန္နံ ဥပ္ပဇ္ဇမာနံ အစရှိသော ပုဒ်တို့၏၊ ဝိဘင်္ဂေ–ဝေဖန်၍ ဖြေဆိုရာ ဝိသဇ္ဇနပါဠိတော်၌၊ ဘင်္ဂက္ခဏာသို–၌၊ (စိတ္တံ–သည်၊ ဥပ္ပန္နံ–ဥပ္ပန္နသာ မည်၏၊ နော စ ဥပ္ပဇ္ဇမာနကံ–ဥပ္ပဇ္ဇမာန ကား မမည်၊ ဥပ္ပာဒေ–ဥပါဒ်ခဏာ၌၊ ဥပ္ပဇ္ဇမာနံ–ဥပ္ပဇ္ဇမာနလည်း မည်၏၊ ဥပ္ပန္နဉ္စ–ဥပ္ပန္နလည်း မည်၏၊ ဣတိ–အာဒိနာ–ဤသို့ အစရှိသည်ဖြင့်၊ ဘင်္ဂုပ္ပာဒါ–ဘင်နှင့် ဥပါဒ်တို့ကိုသာ၊ (ဘဂဝတာ–သည်၊) အက္ခာတာ–ဟောတော်မူအပ်ကုန်ပြီ၊ စိတ္တဿ–၏၊ ဌိတိက္ခဏော–ဋ္ဌိခဏာကို၊ န အက္ခာတော–ဟောတော်မမူအပ်။

ဥပ္ပာဒေါ စ–ဖြစ်ခြင်းသည်လည်းကောင်း၊ ဝယော စေဝ–ပျက်ခြင်းသည်လည်းကောင်း၊ ဋ္ဌိတဿ–တည်နေသော သင်္ခတတရား၏၊ အညထတ္တံ စ–တစ်ပါးသော အပြား၏ အဖြစ်သည်လည်းကောင်း၊ ပညာယတိ–ထင်ရှား၏၊ ဣတိ–ဤသို့၊ ဝုတ္တတ္တာ–သုတ္တန်ပါဠိတော်၌ ဟောတော်မူအပ်ပြီး၏ အဖြစ်ကြောင့်၊ ဋ္ဌိတိ–ဋ္ဌီသည်၊ အတ္ထိ–၏၊ ဣတိ–ဤသို့၊ စေ မတံ–အကယ်၍ သိအပ်ငြားအံ့၊ (ဧဝံသတိ–ဤသို့ သိအပ်သော်။)

**သင်္ဂဟာပိဓပေ၊ ဝုစ္စတိ။** ။စိတ်၏ ဋ္ဌီခဏ မရှိဟူသော အယူ၌ အပရေဆရာတို့၏ အကြောင်းပြချက်ကိုလည်းကောင်း, ထိုအကြောင်း၌ အဖြေစကားကိုလည်းကောင်း, ဝိထိပရိစ္ဆေဒ–ဥပ္ပာဒဋ္ဌိတိဘင်္ဂဝသေနအဖွင့်၌ "စိတ္တယမကေ ဥပ္ပန္နံ ဥပ္ပဇ္ဇမာနန္တိ"စသည်ဖြင့် ဆိုအပ်ပြီးသော်လည်း ဤရူပပရိစ္ဆေဒ ရူပသမုဋ္ဌာနအဖွင့်၌လည်း ဘင်ခဏဝယ် ရုပ်မဖြစ်ဟူသော အချက်၌ အကြောင်းပြနှင့်လည်းကောင်း, ထိုအကြောင်းကို ချေပသော ပရိဟာရစကားနှင့်လည်းကောင်း အတူတကွ ထပ်၍ ပြဦးမည်၊ ထိုသို့ ပြရာ၌လည်း မှတ်၍ လွယ်ကူအောင် ဂါထာဖြင့် ပြဆိုမည်။ ["ဥပ္ပန္နုပ္ပဇ္ဇမာနန္တိ၊ပေ၊နိဿေဓောဃေဝ သဗ္ဗထာ"တို့သည် ဋ္ဌီခဏ မရှိဟူသော ဝါဒဘက်မှ အကြောင်းပြစကားတို့တည်း၊ "ဝုစ္စတေ တတ္ထ ကေသို့၊ပေ၊အတ္ထော ဝိညာယတေ ဣတိ"တို့ကား ထိုဝါဒကို ချေပသော ပရိဟာရစကားတို့တည်း၊ ထိုစကား(ဂါထာ)တို့၏ အဓိပ္ပာယ်ကို ဝိဃိပိုင်း၌ ဖွင့်ခဲ့သည့် အတိုင်း သိပါ။]

ကေသွိံ ဓမ္မေ–တစ်ခုတည်းသောတရား၌၊ အညထတ္တာသ–တစ်ပါးသော အပြား၏အဖြစ်၏၊ အနုပလဒ္ဓိတော–မရနိုင်ခြင်းကြောင့်လည်းကောင်း၊ ပညာဏာ ဝစနာ စ–(ထင်ရှားခြင်းအနက်ကို ဟောသော) ပညာယတိကြိယာကြောင့် လည်းကောင်း၊ တတ္ထပိ–ထိုသုတ္တန်ပါဠိတော်၌လည်း၊ ပဗန္ဓဋ္ဌိတိဝေ–ရုပ်နာမ် အစဉ်အဆက်၏ တည်ခြင်းဟူသော ဋ္ဌီကိုသာ၊ ဝုတ္တာ–ဟောတော်မူအပ်ပြီ၊ တသ္မာ–ကြောင့်၊ ပါဠိယံ–ပါဠိတော်၌၊ စိတ္တဿ–၏၊ ဌိတိ–ဋ္ဌီကို၊ န ဒိဿတိ– မတွေ့မမြင်အပ်၊ အဘိဓမ္မေ–အဘိဓမ္မာပါဠိတော်၌၊ အဘာဝေါပိ–မရှိခြင်း သည်လည်း၊ သဗ္ဗထာ–အလုံးစုံသော အပြားအားဖြင့်၊ နိသေဓေယေဝ– တားမြစ်ခြင်းပင်တည်း။

ယဒါ–အကြင်အခါ၌၊ ယဿ–အကြင်ပုဂ္ဂိုလ်၏(သန္တာန်၌)၊ [ရှေးက "အား"ဟု ပေးကြ၏။] သမုဒယော–သမုဒယသစ္စာသည်၊ နိရုဇ္ဈတိ–ချုပ်ဆဲ၊ တဒါ–ထိုအခါ၌၊ အဿ–ထိုပုဂ္ဂိုလ်၏(သန္တာန်၌)၊ ဒုက္ခံ–ဒုက္ခသစ္စာသည်၊ ဥပ္ပဇ္ဇတိကိံ–ဖြစ်ဆဲလော၊ ဣတိ–ဤသို့သော၊ ဧတ္ထ ပဉှေ–ဤပြဿနာ၌၊ နောတိ–နောဟူ၍၊ နိသေဓိတော–တားမြစ်တော်မူအပ်ပြီ၊ (တသ္မာ–ထိုသို့ တားမြစ်တော်မူအပ်သည်၏ အဖြစ်ကြောင့်၊) ဘင်္ဂသွိံ–ဘင်ခဏ၌၊ ရူပုပ္ပာဒေါ– ရုပ်၏ဖြစ်ခြင်းသည်၊ န–မရှိ၊ တသ္မာ–ကြောင့်၊ သဗ္ဗေပိ–အလုံးစုံလည်း ဖြစ်ကုန် သော၊ ပစ္စယာ–ကံ,စိတ်,ဥတု,အာဟာရဟူသော အကြောင်းတို့သည်၊ စိတ္တဿ– ၏၊ ဥပ္ပာဒေယေဝ–ဥပါဒ်ခဏ၌သာလျှင်၊ ရူပဟေတူ–ရုပ်၏ဖြစ်ကြောင်းတို့ တည်း၊ ဣတိ–သို့၊ ကေစန–အချို့ဆရာတို့သည်၊ (ဝဒန္တိ–ဆိုကြကုန်၏။)

တတ္ထ–ထိုစကားရပ်၌၊ (ပရိဟာရော–အဖြေကို၊ ဝါ–ချေပကြောင်းစကားကို၊ မယာ–သည်၊) ဝုစ္စတေ–ဆိုအပ်၏၊ ဝါ–ဦးအံ့၊ ကေသွိံ ဓမ္မေယေဝ–တစ်ခု တည်းသော တရား၌ပင်၊ ဥပ္ပာဒါဝတ္ထတော–ဥပါဒ်အခိုက်အတန့်မှ၊ ဘိန္နာ– ကွဲပြားသော၊ ဘင်္ဂါဝတ္ထာ–ဘင်အခိုက်အတန့်ကို၊ မတာယထာ–သိအပ်သကဲ့သို့၊

---

**ယဒါ၊ပေ၊ဟောတူတိ**။ ။အပရေဆရာတို့၏ ဋ္ဌီခဏမရှိခြင်း၌ အသင့်ယုတ္တိကို ပြပြီး၍ ဘင်ခဏဝယ် ရုပ်မဖြစ်ခြင်း၌ အကြောင်းယုတ္တိ (ဥပပတ္တိ)ကို ပြလိုသောကြောင့် "ယထာ ၊ပေ၊ ဟောတူတိ"ဟု မိန့်၊ "ယဒါ၊ပေ၊ဥပ္ပဇ္ဇတိ"ဖြင့် "ယဿ ဝါ ပန သမုဒယသစ္စံ နိရုဇ္ဈတိ၊ တဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ"ဟူသော ပြဿနာကို ပြ၏၊ ထိုပြဿနာကို "နော–သမုဒယသစ္စာ ချုပ်ရာအခါ၌ ဒုက္ခသစ္စာ (လောကီရုပ်နာမ်အားလုံး) မဖြစ်"ဟု သစ္စယမိုက်ပါဠိတော်၌ တားမြစ်တော်မူသည်၊ [အကယ်၍ သမုဒယသစ္စာ ချုပ်ဆဲ ဘင်ခဏ၌ ရုပ်နှင့်တကွ ဒုက္ခသစ္စာဖြစ်လျှင် "အာမန္တာ"ဟု ဖြေတော်မူရာ၏၊ ထိုသို့ ဖြေတော်မမူ–ဟူလို၊] ထို့ကြောင့် ရုပ်ဖြစ်ခြင်း၏ အကြောင်းဖြစ်သော ကံ စိတ် ဥတု အာဟာရတို့သည် စိတ်၏ ဥပ္ပာဒ်ခဏ၌သာ ရုပ်ကို ဖြစ်စေနိုင်ကြသည်၊ ဤကား အပရေ ဆရာတို့ဘက်က အကြောင်းပြချက်တည်း။ [အပရေဆရာတို့ကို "ကေစန"ဟု ဆိုသည်။

ဝါ–အလိုရှိအပ်သကဲ့သို့၊ တထေဝ–ထိုအတူသာလျှင်၊ ဘင်္ဂဿ–ဘင်သို့၊ အဘိမုခါဝတ္တာ–ရှေးရှုသော အခိုက်အတန့်ကို၊ ဣစ္ဆိတဗ္ဗာ–အလိုရှိထိုက်၏၊ အယံ–ဤဘင်သို့ ရှေးရှုသော အခိုက်အတန့်သည်၊ ဌိတိ–ဌီပင်တည်း။

တု–ထိုသို့ပင် ဌီရှိပါသော်လည်း၊ နယဒဿနတော–မိဂပဒဝလဉ္ဇနနည်းကို ပြခြင်းအားဖြင့်၊ သော–ဤဌီခဏကို၊ ဝိဘင်္ဂေ–ဝေဖန်၍ ဖြေဆိုရာ ဝိသဇ္ဇန ပါဠိတော်၌၊ န ဒေသိတော–ဟောတော်မမူအပ်၊ သင်္ခတဿေဝ–သင်္ခတတရား၏ သာလျှင်၊ လက္ခဏံ–အမှတ်လက္ခဏာကို၊ ဝတွာ–ဆိုခြင်းငှာ၊ ဥပ္ပာဒအာဒီနံ–ဥပ္ပာဒ အစရှိသော ပုဒ်တို့၏၊ ဝါ–ဥပ္ပာဒေါ ဝယော ဌိတဿ အညထတ္တံ–ဟူသော ပုဒ်တို့၏၊ဝါ–ပုဒ်တို့ကို၊ဒေသိတတ္တာ–ဟောတော်မူအပ်ကုန်သည်၏အဖြစ်ကြောင့်၊ တတ္ထာပိ–ထိုသုတ္တန်ပါဠိတော်၌လည်း၊ ပဗန္ဓဿ–အဆက်မပြတ် ဖွဲ့စပ်သော ရုပ်နာမ်တရား၏၊ ဌိတိ–ဌီကို၊ န ဤရိတာ–ဟောတော်မမူအပ်သည် မဟုတ်။

ဥပသဂ္ဂဿ–ပညာယတိ၌ ပ ဥပသာရပုဒ်၏၊ ဓာတူနံ–တို့၏၊ အတ္ထေယေဝ–၌သာလျှင်၊ ပဝတ္တိတော–ဖြစ်ခြင်းကြောင့်၊ [ဓာတွတ္ထာနုဝတ္တက–ဟူလို၊] ပညာယတီတိ တေသ စ–ပညာယတိဟူသော ဤပုဒ်၏လည်း၊ ဝိညာယတေ ဣတိ–သိအပ်၏ဟူသော၊ အတ္ထော–သည်၊ (ဟောတိ–၏။)

ရူပဿ–၏၊ ဘင်္ဂေ–ဘင်ခဏ၌၊ အနုပ္ပာဒေါ–မဖြစ်ခြင်းကို၊ စိတ္တဇာနံ–စိတ္တဇရုပ်တို့၏၊ ဝသေနဝါ–အစွမ်းဖြင့်သော်လည်းကောင်း၊ အာရုပ္ပံ–အရူပဘုံ၌ ဖြစ်သော ဒုက္ခသစ္စာ သမုဒယသစ္စာကို၊ အဘိသန္ဓာယ ဝါ–ရည်ရွယ်၍သော် လည်းကောင်း၊ ဘာသိတော–ဟောတော်မူအပ်ပြီ၊ ဟိ–မှန်၊ ယာ ယထာလာဘ ယောဇနာ–အကြင် ရထိုက်သည်အားလျော်စွာ အနက်ကို ယှဉ်စေရခြင်းသည်၊ (အတ္ထိ–၏၊) အယံ–ဤရထိုက်သည်အားလျော်စွာ အနက်ကို ယှဉ်စေရခြင်း သည်၊ ယမကဿ–ယမိုက်ပါဠိတော်၏၊ သဘာဝေါ–သဘောတည်း၊ ဝါ–ထုံးစံတည်း၊ ဣတိ–ဤသို့၊ (ပရိဟာရော–ကို၊ ဝုစ္စတေ–၏၊) တတော–ထိုဆိုအပ်ပြီးသော အကြောင်းကြောင့်၊ စိတ္တဋ္ဌိတိ–စိတ်၏ဌီသည်၊ န (အတ္ထိ)–

**ဘင်္ဂေ ၊ပေ၊ ဝသေန ဝါ**။ ။"ဘင်္ဂေ ၊ပေ၊ ယောဇနာ"ကား ဘင်ခဏ၌ မဖြစ်ဟု အကြောင်းပြချက်ကို ပြန်၍ ချေပသောစကားတည်း၊ ဘင်ခဏ၌ ဒုက္ခသစ္စာ(ရုပ်)တရား မဖြစ်ဟု ဟောတော်မူခြင်းမှာ စိတ္တဇရုပ် မဖြစ်ခြင်းကို ရည်ရွယ်၍ ဟောတော်မူခြင်း ဖြစ်ပါသည်၊ ကမ္မဇ ဥတုဇ အာဟာရဇတို့ကို မရည်ရွယ်ပါ–ဟူလို။

**အာရုပ္ပံ၊ပေ၊ယောဇနာ**။ ။(တစ်နည်း) ရုပ်မရှိရာ အရူပဘုံကို ရည်ရွယ်၍ သမုဒယသစ္စာ ချုပ်ဆဲခဏ၌ ဒုက္ခသစ္စာ (ရုပ်)မဖြစ်ဟု ဟောတော်မူသည်၊ ဤသို့ ရသင့်သလို အနက်အဓိပ္ပာယ်ကို ယှဉ်စပ်၍ ယူရသောနည်း ရှိနိုင်၏လောဟု မေးဖွယ် ရှိသောကြောင့် "ယမကဿ ဟိ"ဟု မိန့်၊ ဤသို့ ယူရသော ယထာလာဘယောဇနာ နည်းသည် ယမိုက်အတွက် ထုံးစံဖြစ်သည်–ဟူလို။

မရှိသည်ကား၊ န–မဟုတ်၊(အတ္ထိဝေ–ရှိသည်သာ၊) ဘင်္ဂေ–၌၊ ရူပဿ–၏၊ အသမ္ဘဝေါ စ–မဖြစ်သင့်ခြင်းသည်လည်း၊ န (အတ္ထိ)–မရှိ၊ (သမ္ဘဝေါ ဝေ–ဖြစ်သင့်ခြင်းသည်သာ၊ အတ္ထိ–၏၊) ဣတိ–ဤသို့၊(သင်္ဂဟေတွာ–၍၊ဝုစ္စတိ–၏။)

**၃၁။** အရူပဝိပါကဿ–အရူပဝိပါက်၏၊ (ထည့်)၊ ရူပဝိရာဂဘာဝနာနိဗ္ဗတ္တတ္တာ–ရုပ်ကို စက်ဆုပ်သော အရူပဈာန်ဟူသော ဘာဝနာကြောင့်ဖြစ်ရသည်၏ အဖြစ်ကြောင့်၊ ဝါ–ဖြစ်ရသည့်အတွက်၊ ဟေတုနော–အကြောင်းဖြစ်သော အရူပဈာန်၏၊ တဗ္ဗိဓုရတာယ–ထိုရုပ်၏ ဆန့်ကျင်ဘက်၏အဖြစ်ကြောင့်လည်းကောင်း၊ အနောကာသတာယစ–ရုပ်၏ ဖြစ်ရာအရပ် မဟုတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အရူပဝိပါကာ–အရူပဝိပါက်တို့လည်းကောင်း၊ (ဒွိပဉ္စဝိညာဏာနိ စနှင့် ပေါင်း၊) ရူပဇနနေ–ရုပ်ကို ဖြစ်စေခြင်း၌၊ ဝိသေသပစ္စယေဟိ–ထူးသောအကြောင်းဖြစ်ကုန်သော၊ ဈာနင်္ဂေဟိ–ဈာနင်တို့နှင့်၊ သမ္ပယောဂါဘာဝတော–ယှဉ်ခြင်း၏မရှိခြင်းကြောင့်၊ ဒွိပဉ္စဝိညာဏာနိစ–ဒွေပဉ္စဝိညာဏ်(၁၀)တို့လည်းကောင်း၊ ဣတိ–ဤသို့၊ စုဒ္ဒသ–ကုန်သော၊ စိတ္တာနိ–တို့သည်၊ ရူပံ–ကို၊ န သမုဋ္ဌာပေန္တိ–မဖြစ်စေနိုင်ကုန်၊ ဣတိ–ထို့ကြောင့်၊ အာရုပ္ပ၊ပေ၊ဝဇ္ဇိတန္တိ–ဟူ၍၊ (အာစရိယေန–သည်၊) ဝုတ္တံ။

ပန–ဆက်၊ ပဋိသန္ဓိစိတ္တံ–သည်လည်းကောင်း၊ စုတိစိတ္တဉ္စ–သည်လည်းကောင်း၊ ကေ့နစိသတိဘဝင်္ဂသောဝ–တစ်ခုယုတ်နှစ်ဆယ်သော ဘဝင်၏သာလျှင်၊ အန္တောဂဓတ္တာ–အတွင်းဝင်သည်၏အဖြစ်ကြောင့်၊ စိတ္တန္တရံ–စိတ်အထူးသည်၊ န ဟောတိ–မဟုတ်၊ ဣတိ–ထို့ကြောင့်၊ တဿ–ထိုပဋိသန္ဓေစိတ်,

---

**တတော၊ပေ၊အသမ္ဘဝေါ**။ ။ဤစကားကား ဆိုအပ်ပြီးသော စကားတို့၏ အကျိုးပြဖလဝါကျတည်း၊ ဆိုအပ်ပြီးသော ချေပချက်ကြောင့် စိတ်၏ ဌီခဏလည်း မရှိမဟုတ်, ရှိသည်သာ၊ ဘင်ခဏ၌ ရုပ်ဖြစ်ခြင်းလည်း မရှိမဟုတ်, ရှိသည်သာ–ဟူလို။

**ရူပဝိရာဂ၊ပေ၊တာယစ**။ ။အရူပဝိပါက်သည် ရုပ်ကို စက်ဆုပ်သော အရူပဈာန်ဘာဝနာကြောင့် ဖြစ်၏၊ အကြောင်းဖြစ်သော အရူပဈာန်နှင့် ရုပ်တရားတို့လည်း ဆန့်ကျင်ဘက် ဖြစ်ကြ၏၊ ဤသို့ မိမိကို ဖြစ်စေသော အကြောင်းဈာန်က ရုပ်နှင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့် အရူပဝိပါက်သည် ရုပ်ကို မဖြစ်စေနိုင်၊ [နိဗ္ဗတ္တတ္တာသည် တဗ္ဗိဓုရတာယဟိတ်၏ ဟိတ်ကူတည်း၊] ထို့ပြင် အရူပဝိပါက်သည် အရူပဘုံ၌သာ (ပဋိသန္ဓေ,ဘဝင်,စုတိကိစ္စတပ်၍)ဖြစ်၏၊ ထိုအရူပဘုံ၌ကား ရုပ်၏ ဖြစ်ခွင့်ရရာ ဩကာသ မဟုတ်၊ ထိုသို့ ဩကာသမဟုတ်သောကြောင့်လည်း အရူပဝိပါက်တို့ ရုပ်ကို မဖြစ်စေနိုင်။

**ရူပဇနနေ၊ပေ၊ဘာဝတော**။ ။စိတ်က ရုပ်ကို ဖြစ်စေရာ၌ စေတသိက်အများပင် အကူအညီ ရကြ၏၊ ထိုစေတသိက်တို့တွင် ဝိတက်စသော ဈာန်အင်္ဂါ စေတသိက်တို့ကား အထူးပင် အကူအညီရကြပေသည်၊ ထိုဈာန်အင်္ဂါနှင့် မယှဉ်သောကြောင့် ဒွေပဉ္စဝိညာဏ်သည် ရုပ်ကို မဖြစ်စေနိုင်။

စုတိစိတ်ကို၊ ဝဇ္ဇနံ–ရှောင်ကြဉ်ခြင်းကို၊ (အာစရိယေန၊) န ကတံ–မပြုအပ်၊ (ဝဇ္ဇနံ–ကို၊) ကိဥ္စာပိ န ကတံ–အကယ်၍ကား မပြုအပ်ပါပေ၊ ပန–ထိုသို့ပင် မပြုအပ်ပါသော်လည်း၊ ပစ္စာဇာတပစ္စယရဟိတံ–ပစ္စာဇာတပစ္စည်းမှ ကင်းသည် လည်း ဖြစ်သော၊ ဝါ–ကင်းသည်၏အဖြစ်ကြောင့်လည်းကောင်း၊ (ဟေတုမန္တ ဝိသေသနံ၊ ဒုဗ္ဗလဝတ္ထုဥ္စပိ၊) အာဟာရာဒီဟိ–အာဟာရအစရှိသော အကြောင်း တို့သည်၊ အနုပတ္ထဒ္ဓံ စ–မထောက်ပံ့အပ်သည်လည်းဖြစ်သော၊ ဝါ–မထောက်ပံ့ သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဒုဗ္ဗလဝတ္ထုံ–အားနည်းသောမှီရာဝတ္ထုကို၊ နိဿာယ–၍၊ ပဝတ္တတ္တာ–ဖြစ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ အတ္တနော– မိမိဟူသော ပဋိသန္ဓေစိတ်၏၊ အာဂန္တုကတာယ စ–ဘဝသစ်၌ ရောက်ခါစ အာဂန္တုက၏အဖြစ်ကြောင့်လည်းကောင်း၊ ကမ္မဇရူပေဟိ–ကမ္မဇရုပ်တို့သည်၊ စိတ္တသမုဋ္ဌာနရူပါနံ–စိတ်ကြောင့်ဖြစ်သော ရုပ်တို့၏၊ ဌာနံ–တည်ရာကို (နေရာ ကို)၊ ဂဟေတွာ–ယူ၍၊ ဌိတတ္တာ စ–တည်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ ပဋိသန္ဓိစိတ္တံ–ပဋိသန္ဓေစိတ်သည်၊ ရူပသမုဋ္ဌာပကံ–ရုပ်ကို ဖြစ်စေနိုင်သည်၊ န ဟောတိ။

ပန–ကား၊ စုတိစိတ္တေ–၌၊ တာဝ–မူလဋီကာမှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌာယံ– ညွှန်ပြအပ်သော၊) အဋ္ဌကထာယံ–၌၊ ဂူပသန္တဝဋ္ဋမူလသို–ငြိမ်းအေးပြီးသော ဝဋ်မြစ်ရှိသော၊ သန္တာနေ–ရဟန္တာပုဂ္ဂိုလ်၏သန္တာန်၌၊ သာတိသယံ–အလွန် အကဲနှင့်တကွ၊ သန္တဝုတ္တိတာယ–ငြိမ်သက်သော ဖြစ်ခြင်းရှိသည်၏ အဖြစ် ကြောင့်၊ ခီဏာသဝဿေဝ–ရဟန္တာပုဂ္ဂိုလ်၏သာ၊ စုတိစိတ္တံ–သည်၊ ရူပံ–ကို၊ န သမုဋ္ဌာပေတိ–နိုင်၊ ဣတိ–သို့၊ ဝုတ္တံ–မိန့်ဆိုအပ်ပြီ၊ အာနန္ဒာစရိယာဒယော ပန– မူလဋီကာကျမ်းပြု အရှင်အာနန္ဒာအစရှိသော ဆရာတို့သည်ကား၊ သဗ္ဗေသမ္ပိ– အလုံးစုံသောသတ္တဝါတို့၏လည်း၊ စုတိစိတ္တံ–သည်၊ ရူပံ–ကို၊ န သမုဋ္ဌာပေတိ– နိုင်၊ ဣတိ–သို့၊ ဝဒန္တိ–ဆိုကြကုန်၏၊ ပန–ဆက်၊ နေသံ–ထို ဆရာတို့၏၊ ဝိနိစ္ဆယော–ကို၊ သခေပတော–အားဖြင့်၊ မူလဋီကာဒီသု–မူလဋီကာအစရှိသော ကျမ်းတို့၌လည်းကောင်း၊ ဝိတ္ထာရတော–အားဖြင့်၊ အဘိဓမ္မတ္ထဝိကာသနိယံ စ–အဘိဓမ္မတ္ထဝိကာသနီ မည်သော ကျမ်း၌လည်းကောင်း၊ (အဘိဓမ္မာဝတာရ ဋီကာကို ဆိုသည်၊) ဝုတ္တနယေန–ဖြင့်၊ ဒဋ္ဌဗ္ဗော–မှတ်ထိုက်၏။

---

**ပဋိသန္ဓိ ပေ၊ န ကတံ**။ ။ပဋိသန္ဓေစိတ်နောင် ဖဋမဘဝင်စိတ်မှစ၍ ရုပ်ကို ဖြစ်စေသောကြောင့် ပဋိသန္ဓေစိတ်သည် ရုပ်ကို မဖြစ်စေနိုင်၊ စုတိစိတ်ဟူသမျှလည်း ရုပ်ကို မဖြစ်စေနိုင်ဟု မူလဋီကာ ဆို၏၊ အဋ္ဌကထာ၌ကား ရဟန္တာတို့ စုတိသာ ရုပ်ကို မဖြစ်စေနိုင်ဟု ဆို၏၊ ထိုသို့ ပဋိသန္ဓေစိတ်နှင့် စုတိစိတ်တို့ ရုပ်ကို မဖြစ်စေနိုင်ကြ သော်လည်း သူတို့အတွက် စိတ်အရေအတွက် မလျော့၊ ဘဝင်အတွင်း၌ ပါသွားကြသည်။

ပဋ္ဌမဘဝင်္ဂမုပါဒါယာတိ–ကား၊ ပဋိသန္ဓိယာ–၏၊ အနန္တရနိဗ္ဗတ္တပဋ္ဌမဘဝင်္ဂတော–အခြားမဲ့၌ဖြစ်သော ပဋ္ဌမဘဝင်မှ၊ ပဋ္ဌာယ–၍၊ ဇာယန္တမေဝ–ဥပါဒ်လျှင် ဥပါဒ်ခြင်းသာလျှင်၊ (ဟုတ္ဂာ)၊ သမုဋ္ဌာပေတိ–ဖြစ်စေ၏၊ ပန–ဆက်၊ ဌိတံ (ဝါ)–တည်ဆဲသည်လည်းကောင်း၊ ဘိဇ္ဇမာနံ ဝါ–ပျက်ဆဲသည်လည်းကောင်း၊ (ဟုတ္ဂာ–၍)၊ န (သမုဋ္ဌာပေတိ)–ဖြစ်စေသည် မဟုတ်၊ (ကသ္မာ–နည်း၊) အနန္တရာဒိပစ္စယလာဘေန–အနန္တရ အစရှိသော ပစ္စည်းကို ရခြင်းကြောင့်၊ [အာဒိဖြင့် သမနန္တရ, နတ္ထိ, ဝိဂတတို့ကို ယူ၊] ဥပ္ပာဒက္ခဏေယေဝ–သာလျှင်၊ ဇနကသာမတ္ထိယယောဂတော–ရုပ်ကို ဖြစ်စေနိုင်သော အစွမ်းသတ္တိနှင့် ယှဉ်ခြင်းကြောင့်တည်း။

**၃၂။** ဣရိယာယ, ကာယိကကြိယာယ–ကိုယ်၌ဖြစ်သော အမူအရာ၏၊ ဝါ–ကိုယ်၌ဖြစ်သော အမူကိစ္စ၏၊ ပဝတ္တိပဌဘာဝတော–ဖြစ်ခြင်း၏အကြောင်း၏ အဖြစ်ကြောင့်၊ ဣရိယာပထော–ဣရိယာပထမည်၏၊ ဂမနာဒိ–သွားခြင်း အစရှိသော လေးပါးတည်း၊ အတ္ထတော–တရားကိုယ်အနက်အားဖြင့်၊ တဒဝတ္ထာ–ထိုသွားခြင်းစသော အခိုက်အတန့်ရှိသော၊ ရူပပဝတ္တိ–ရုပ်တို့၏ ဖြစ်ခြင်းတည်း၊ တမ္ပိ–ထိုဣရိယာပုထ်ကိုလည်း၊ သန္ဓာရေတိ–ကောင်းစွာဆောင်ထား၏၊ ယထာပဝတ္တံ–ဖြစ်မြဲတိုင်းသော ဣရိယာပုထ်ကို၊ ဥပထမ္ဘေတိ–ထောက်ပံ့ထား၏။ [သန္ဓာရေတိကိုပင်“ယထာပဝတ္တံ ဥပထမ္ဘေတိ”ဟု ထပ်ဖွင့်သည်။]

---

**ဣရိယာယ၊ပေ၊ဂမနာဒိ။** ။ဣရဓာတ်, ဏျပစ္စည်း, ဣလာ၍ ပြီးသော “ဣရိယာ” သဒ္ဒါသည် ဖြစ်ခြင်းအမူအရာ အနက်ကို ဟော၏၊ ထို့ကြောင့် “ကာယိကကိရိယာယ” ဟု ဖွင့်သည်၊ ဣရိယာယ–ကိုယ်၌ဖြစ်သော အမူအရာဟူသမျှ၏ (ကိုယ်အမူ၏)+ ပထော–ဖြစ်ကြောင်းတည်း၊ ဣရိယာပထော၊ ဤခန္ဓာကိုယ်ဖြင့် ပြုဖွယ်ဟူသမျှသည် သွားလျက်သော်လည်း ဖြစ်ရ, ရပ်လျက်သော်လည်း ဖြစ်ရ, ထိုင်လျက်သော်လည်း ဖြစ်ရ, လျောင်းလျက်သော်လည်း ဖြစ်ရ၏၊ ထိုလေးမျိုးမှလွတ်၍ မဖြစ်နိုင်၊ ထို့ကြောင့် သွားခြင်းစသည်ကို “ဣရိယာပထ”ဟု ခေါ်သည်။

**အတ္ထတော ၊ပေ၊ ပဝတ္တိ။** ။“သွား, ရပ်, ထိုင်, လျောင်း”ဟု ခေါ်ခြင်းမှာ လောကပြောရိုးအတိုင်း ခေါ်ခြင်းသာတည်း၊ ပရမတ္ထအလို တရားကိုယ်အားဖြင့်ကား သွားခိုက်၌ ရုပ်တို့၏ ဖြစ်ခြင်းကို ၊ပေ၊ လျောင်းခိုက်၌ ရုပ်တို့၏ ဖြစ်ခြင်းကို “ဣရိယာပထ”ဟု ခေါ်သည်။

**သန္ဓာရေတိ။** ။[သဂြိုဟ်၌ “သန္ဓာမေတိ”ဟု ရှိ၏၊ ဋီကာကျော်ဆရာ တွေ့ရသော ပါဠ်၌က “သန္ဓာရေတိ”ဟု ဖြစ်ဟန်တူသည်၊] “ဣရိယာပုထ်ကို ကောင်းစွာဆောင်ခြင်း” ဟူသည် စ၍ ဖြစ်စေခြင်း မဟုတ်၊ နောက်လာမည့် ဝုဋ္ဌောစသော စိတ်များကြောင့် ဖြစ်နေသော ဣရိယာပုထ်ကို (ဖြစ်မြဲတိုင်း, ရပ်လျှင် ရပ်မြဲတိုင်း, သွားလျှင် သွားမြဲတိုင်း စသည်ဖြင့် မပျက်အောင်) ထောက်ပံ့ထားခြင်းတည်း။ [အိပ်ပျော်သောအခါ၌ကား ဘဝင်စိတ်က ထိုကဲ့သို့ ဆောင်မထားနိုင်သောကြောင့် ကိုယ်အင်္ဂါများ ဆုတ်နစ်ရ, လဲလျောင်း၍နေကြရလေသည်။]

ဟိ–ဥပမာဆောင်, ထင်အောင်ပြအံ့၊ ဝီထိစိတ္တေဟိ–ဝီထိစိတ်တို့နှင့်၊ အဗ္ဗော ကိဏ္ဏေ–မရောပြွမ်းသော၊ ဘဝင်္ဂေ–ဘဝင်သက်သက်သည်၊ ပဝတ္တမာနေ– ဖြစ်လတ်သော်၊ [အိပ်ပျော်နေစဉ်ကို ရည်ရွယ်သည်၊] အင်္ဂါနိ–လက်ခြေစသော အင်္ဂါတို့သည်၊ ဩသီဒန္တိ ယထာ–အောက်၌ နစ်မြုပ်ကြပုံကဲ့သို့၊ ဝါ–လဲလျောင်း ကြပုံကဲ့သို့၊ ဧဝံ–ဤအတူ၊ ဝက္ခမာနေသု–ဆိုအပ်လတ္တံ့ကုန်သော၊ ဒွတ္တိံသ ဝိဓေသုစ–(၃၂)ပါး အပြားရှိသည်လည်း ဖြစ်ကုန်သော၊ [ဝေါဋ္ဌပနကာမာဝစရ ဇဝနအဘိညာဉ်ကို ဆိုသည်၊] ဆဗ္ဗီသတိယာ(စ)–(၂၆)ပါးလည်း ဖြစ်သော၊ [အပ္ပနာဇော ဆဗ္ဗီသတိကို ဆိုသည်၊] ဧတေသု ဇာဂရဏစိတ္တေသု–ဤနိုးကြား ကြောင်း စိတ်တို့သည်၊ ပဝတ္တမာနေသု–ဖြစ်ကုန်လတ်သော်၊ (အင်္ဂါနိ–တို့ သည်၊) န (ဩသီဒန္တိ)–မဆုတ်နစ်ကုန်၊ ပန–အနွယကား၊ တဒါ–ဇာဂရဏ စိတ်တို့ ဖြစ်ရာ ထိုအခါ၌၊ အင်္ဂါနိ–တို့သည်၊ ဥပတ္ထဒ္ဓါနိ–ထောက်ပံ့အပ်ကုန် သည်၊ (ဟုတွာ–၍)၊ ယထာ၊ပေ၊ဘာဝေနေဝ–ဖြစ်မြဲတိုင်းသော ဣရိယာပုထ်၏ အဖြစ်ဖြင့်သာလျှင်၊ ပဝတ္တန္တိ–ကုန်၏။

**၃၃။** ကေဝလံ–ဝိညတ် မဖက်, သက်သက်၊ ရူပိရိယာပထာနေဝ–ရုပ် သာမည, ဣရိယာပုထ်တို့ကိုသာလျှင်၊ သမုဋ္ဌာပေန္တိ–ဖြစ်စေကုန်သည်ကား၊ န–မဟုတ်သေး၊ ဝိညတ္တိံပိ–ဝိညတ်ကိုလည်း၊ သမုဋ္ဌာပေန္တိ–ဖြစ်စေကုန်သေး၏၊ [ဣရိယာပထမ္ဘိ၌ ပိဖြင့် ရုပ်သာမည, ဣရိယာပုထ်ကို ပေါင်းပါ–ဟူလို၊] ပန– ဆက်၊ အဝိသေသသဝစနေ–သာမညအားဖြင့် ဆိုခြင်းသည်၊ (သတိ)ပိ–သော် လည်း၊ [မနောဒွါရပ္ပဝတ္တဇဝန, ပဉ္စဒွါရပ္ပဝတ္တဇဝနဟု မခွဲခြားဘဲ "ဝေါဋ္ဌပန ကာမာဝစရဇဝန"ဟု သာမညအားဖြင့် ဆိုသော်လည်း–ဟူလို၊] တွေ–ဤဝုဋ္ဌော ကာမဇောတို့တွင်၊ မနောဒွါရပ္ပဝတ္တာနေဝ–မနောဒွါရ၌သာ ဖြစ်ကုန်သော၊ ဝေါဋ္ဌပနဇဝနာနိ–ဝုဋ္ဌော ကာမဇောတို့သည်၊ ဝိညတ္တိသမုဋ္ဌာပကာနိ–ဝိညတ်ကို ဖြစ်စေနိုင်ကုန်၏၊ တထာ–ထိုမနောဒွါရ၌ဖြစ်သော သောမနဿဇောတို့သည်ပင်၊ ဟာသဇနကာနိ စ–ပြုံးရယ်ခြင်းကို ဖြစ်စေနိုင်ကုန်သည်လည်း၊(ဟောန္တိ–န်၏၊ ကသ္မာ–နည်း၊) ပဉ္စဒွါရပ္ပဝတ္တာနံ–ပဉ္စဒွါရ၌ ဖြစ်သော စိတ်တို့၏၊ ပရိဒုဗ္ဗလ ဘာဝတော–ထက်ဝန်းကျင် အားနည်းကုန်သည်၏ အဖြစ်ကြောင့်တည်း။

စ–ဆက်၊ တွေ–ဤရုပ်, ဣရိယာပုထ်, ဝိညတ်တို့တွင်၊ ရူပဝိနိမုတ္တော– ရုပ်မှ အလွတ်ဖြစ်သော၊ ဣရိယာပထော(ဝါ)–သည်လည်းကောင်း၊ (ရူပ ဝိနိမုတ္တာ–သော၊) ဝိညတ္တိဝါ–သည်လည်းကောင်း၊ ကာမံ နတ္ထိ–အကယ်၍ကား မရှိပါပေ၊ တထာပိ–ထိုသို့ပင် မရှိပါသော်လည်း၊ သမ္ဘံ–သော၊ ရူပသမုဋ္ဌာပကံ– ရုပ်ကို ဖြစ်စေနိုင်သော၊ စိတ္တံ–(၇၅)ပါးသောစိတ်သည်၊ ဣရိယာပထူပတ္ထမ္ဘကံ– ဣရိယာပုထ်ကို ထောက်ပံ့နိုင်သည်လည်းကောင်း၊ ဝိညတ္တိဝိကာရဇနကဥ္စ– ဝိညတ်ဟူသောဝိကာရကို ဖြစ်စေနိုင်သည်လည်းကောင်း၊ န ဟောတိ–မဟုတ်၊

ပန–အနွယကား၊ ယံစိတ္တံ–သည်၊ ဝိညတ္တိဇနကံ–ဝိညတ်ကို ဖြစ်စေနိုင်၏၊ တံ–ထိုစိတ်သည်၊ ဓေကံသတော–ဧကန်အားဖြင့်၊ ဣရိယာပထူပတ္ထမ္ဘကံ–ဣရိယာပုထ်ကို ထောက်ပံ့နိုင်၏၊ (ကသ္မာ–နည်း၊) ဣရိယာပထဿ–၏၊ ဝိညတ္တိယာ–ကာယဝိညတ်နှင့်၊ သဟ–တကွ၊ အဝိနာဘာဝတော–ကင်း၍ မဖြစ်နိုင်ခြင်းကြောင့်တည်း၊ ဣရိယာပထူပတ္ထမ္ဘကဥ္စ–ဣရိယာပုထ်ကို ထောက်ပံ့နိုင်သော စိတ်သည်လည်း၊ ရူပဇနကံ–ရုပ်သာမညကို ဖြစ်စေနိုင်၏၊ ဣတိ ဣမဿ ဝိသေသဿ–ဤအထူးကို၊ ဒဿနတ္ထံ–ငှာ၊ ရူပတော–ရုပ်သာမညမှ၊ ဣရိယာပထဝိညတ္တိနံ–တို့ကို၊ ဝိသုံ–သီးခြား၊ ဂဟဏံ–သည်၊ (ဟောတိ–၏။) [အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ရှုပါ။]

**၃၄**။ တေရသာတိ–ကား၊ ကုသလတော–မဟာကုသိုလ်စိတ်ရှစ်ပါးတို့တွင်၊ ဝါ–မဟာကုသိုလ်စိတ်ဖြစ်ကုန်သော၊ စတ္တာရိ–လေးပါးသော သောမနဿ သဟဂုတ်စိတ်တို့လည်းကောင်း၊[“ကုသိုလ်မှ”ဟု အပါဒါန် ပေးဖို့ရန် အပါဒါနိ စပ်ပုဒ် မရှိ] အကုသလတော–အကုသိုလ်စိတ်တို့တွင်၊ ဝါ–ကုန်သော၊ စတ္တာရိ–လေးပါးသော လောဘမူ သောမနဿသဟဂုတ်တို့လည်းကောင်း၊ ကြိယတော–ကြိယာစိတ်တို့တွင်၊ ဝါ–န်သော၊ ပဉ္စ–ငါးပါးသော ဟသိတုပ္ပါဒ် မဟာကြိယာ သောမနဿသဟဂုတ်စိတ်တို့လည်းကောင်း၊ ဣတိ–ဤသို့၊ တေရသ–န်သော၊ (သောမနဿဇဝနာနိ–သောမနဿဇောတို့သည်၊ ဟသနမ္ပိ–ပြုံးရယ်ခြင်းကို လည်း၊ ဇနေန္တိ–ဖြစ်စေကုန်၏၊) ဟိ–ချဲ့၊ တေသု–ထို(၁၃)ပါးသောစိတ်တို့တွင်၊ ပုထုဇ္ဇနာ–တို့သည်၊ အဋ္ဌဟိ–န်သော၊ ကုသလာကုသလေဟိ–ကုသိုလ်စိတ် အကုသိုလ်စိတ်တို့ဖြင့်၊ ဟသန္တိ–ပြုံးရယ်ကုန်၏၊ သေက္ခာ–သေက္ခပုဂ္ဂိုလ် တို့သည်၊ ဒိဋ္ဌိသဟဂတဝဇ္ဇိတေဟိ–ဒိဋ္ဌိသဟဂုတ်သည် ကြဉ်အပ်ကုန်သော၊ (ကုသလာကုသလေဟိ–ကုသိုလ် အကုသိုလ်စိတ် ၆ ပါးတို့ဖြင့်၊ ဟသန္တိ–န်၏၊) အသေက္ခာ ပန–အသေက္ခပုဂ္ဂိုလ်တို့သည်ကား၊ ပဉ္စဟိ–န်သော၊ ကြိယစိတ္တေဟိ–တို့ဖြင့်၊ ဟသန္တိ–ပြုံးတော်မူကုန်၏။ [ဤအဓိပ္ပာယ်နှင့်စပ်၍ ကျက်မှတ်ဖွယ်ကို အခြေပြု၌ ဆောင်ပုဒ်နှင့်တကွ ပြထားပြီ။]

တတ္ထာပိ–ထိုကြိယာစိတ်တို့တွင်လည်း၊ ဗုဒ္ဓါ–တို့သည်၊ စတူဟိ–န်သော၊ သဟေတုကကြိယစိတ္တေဟေဝ–သဟိတ် မဟာကြိယာ သောမနဿသဟဂုတ် စိတ်တို့ဖြင့်သာလျှင်၊ ဟသန္တိ–ပြုံးတော်မူကုန်၏၊ အဟေတုကေန–အဟိတ် ဟသိတုပ္ပါဒ်စိတ်ဖြင့်၊ န (ဟသန္တိ)–ပြုံးတော်မမူကုန်၊ (ကသ္မာ–နည်း၊) အတီတံသာဒိသု–အတိတ်အဖို့ အစရှိသော အာရုံတို့၌၊ အပ္ပဋိဟတဉာဏ–မပိတ်ပင် မဆီးတားအပ်သော သဗ္ဗညုတဉာဏ်တော်သို့၊ ပတ္တာ–၍၊ တီဟိ–န်သော၊ ဣမေဟိ ဓမ္မေဟိ–ဤဂုဏ်တော်တို့နှင့်၊ [အတီတံသ, အနာဂတံသ, ပစ္စုပ္ပန္နံသ အာရုံသုံးမျိုး၌ဖြစ်သော ဉာဏ်တော်သုံးပါးတို့နှင့်၊] သမန္နာဂတဿ–

ပြည့်စုံတော်မူသော၊ ဗုဒ္ဓဿ–အလုံးစုံကို သိတော်မူသော၊ ဘဂဝတော–မြတ်စွာဘုရား၏၊ သဗ္ဗံ–သော၊ ကာယကမ္မံ–ကာယကံတော်သည်၊ ဉာဏပုဗ္ဗင်္ဂမံ–ဉာဏ်ဟူသော ရှေ့သွားရှိ၏၊ ဉာဏာနုပရိဝတ္တံ–ဉာဏ်တော်သို့ အစဉ်လိုက်၏၊ ဣတိ–သို့၊ ဝစနတော–ဟောတော်မူခြင်းကြောင့်တည်း၊ ဟိ–မှန်၊ ဝိစာရပညာ ရဟိတဿ–စူးစမ်းတတ်သော ပညာမှ ကင်းသော၊ [ဉာဏ်နှင့် မယှဉ်သော–ဟူလို၊] ဟသိတုပ္ပာဒဿ–၏၊ ဗုဒ္ဓါနံ–ဘုရားရှင်တို့၏(သန္တာန်၌)၊ ပဝတ္တိ–ဖြစ်ခြင်းသည်၊ န ယုတ္တာ–မသင့်၊ ဣတိ–သို့၊ ဝဒန္တိ–န်၏။ ["ဉာဏာနုပရိဝတ္တံ" နေရာ၌ "ဉာဏာနုပရိဝတ္တိ"ဟုလည်း ရှိသည်။]

ပန–ထိုသို့ပင် ဆိုကြပါကုန်သော်လည်း၊ ဟသိတုပ္ပာဒစိတ္တေန–သည်၊ ပဝတ္တိယမာနမ္ပိ–ဖြစ်စေအပ်ပါသော်လည်း၊ ဝါ–ဖြစ်စေအပ်သည်လည်းဖြစ်သော၊ တေသံ–ထိုဘုရားရှင်တို့၏၊ သိတကရဏံ–ပြုံးမှုကို ပြုတော်မူခြင်းသည်၊ ပုဗ္ဗေ ၊ပေ၊ဉာဏာနံ–ပုဗ္ဗေနိဝါသဉာဏ်, အနာဂတံသဉာဏ်, သဗ္ဗညုတဉာဏ်တို့သို့၊ အနုဝတ္တကတ္တာ–အစဉ်လိုက်သည်၏ အဖြစ်ကြောင့်၊ ဉာဏာနုပရိဝတ္တံယေဝ–ဉာဏ်တော်သို့ အစဉ်လိုက်သည်သာတည်း၊ ဣတိ–ဤသို့ မှတ်အပ်၏၊ ဝေဠကတ္တာ–ကြောင့်၊ အဌကထာယံ–အဌသာလိနီ အဌအထာ၌၊ တေသံ ဉာဏာနံ–တို့၏၊ စိဏ္ဏာပရိယန္တေ–လေ့ကျက်အပ်ပြီး၏ အဆုံး၌၊ ဝါ–ဖြစ်ပြီး၏အဆုံး၌၊ ဣဒံ စိတ္တံ–ဤဟသိတုပ္ပာဒ်စိတ်သည်၊ ဥပ္ပဇ္ဇတိ–၏၊ ဣတိ–ဤသို့၊ ဝုတ္တံ–ပြီ၊ တသ္မာ–ကြောင့်၊ [ပုဗ္ဗေနိဝါသအနာဂတံသသဗ္ဗညုတဉာဏ်တော်သို့ အစဉ်လိုက်သည်၏အဖြစ်ကြောင့်၊] တဿ–ထိုဟသိတုပ္ပာဒ်စိတ်၏၊ ဗုဒ္ဓါနံ–ဘုရားရှင်တို့၏(သန္တာန်၌၊) ပဝတ္တိ–ဖြစ်ခြင်းသည်၊ ဝါ–ကို၊ နိဝါရေတုံ–ငှာ၊ န သက္ကာ–မတတ်ကောင်း။ [ဤဝဒန္တိဝါဒနှင့်စပ်သော အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ။]

**၃၅။** ပဋ္ဌာ၊ပေ၊လာဘေန–ပဋ္ဌာဇာတ အစရှိသော ပစ္စည်းတို့၏ အထောက်အပံ့ကို ရခြင်းကြောင့်၊ ဌိတိက္ခဏေယေဝ–သာလျှင်၊ ဥတုသြဇာနံ–တို့၏၊ ဗလဝ ဘာဝေါ–အားရှိကုန်သည်၏အဖြစ်သည်၊ (ဟောတိ–၏၊) ဣတိ–ကြောင့်၊ တေဇောဇာတုဋ္ဌိတိပ္ပတ္တာတျာဒိ–ဋ္ဌိတိပ္ပတ္တာ အစရှိသောဝါကျကို၊ (အာစရိယေန) ဝုတ္တံ–ပြီ။ [ဤဝါကျနှင့်စပ်၍ စိစစ်ဖွယ်ကို ဘာသာဋီကာ၌ ပြထားပြီ။]

**၃၇။** တတ္ထ–ထိုရုပ်တို့တွင်၊ ဟဒယိန္ဒြိယရူပါနိ–ဟဒယရုပ် ဣန္ဒြိယရုပ်ဟူကုန်သော၊ န၀–၉ ပါးသောရုပ်တို့သည်၊ ကမ္မတောယေဝ–ကံကြောင့်သာလျှင်၊ ဇာတတ္တာ–ဖြစ်ကုန်သည်၏ အဖြစ်ကြောင့်၊ ကမ္မဇာနေဝ–ကမ္မဇတို့ချည်းသာတည်း၊ ဟိ–မှန်၊ ယံ–အကြင်ရုပ်သည်၊ ဇာတံ–ဖြစ်ပြီးလည်း ဟုတ်၏၊ ဇာယတိ–ဖြစ်ဆဲလည်း ဟုတ်၏၊ ဇာယိဿတိ စ–ဖြစ်လတ္တံ့လည်း ဟုတ်၏၊ တံ–ထိုရုပ်ကို၊ ကမ္မဇံ ဣတိ–ဟူ၍၊ ဝုစ္စတိ–၏၊ ယထာ–ပုံစံကား၊ ဒုဒ္ဓံ ဣတိ–ဒုဒ္ဓ ဟူသကဲ့သို့တည်း။ [ဒုဒ္ဓ–ညှစ်အပ်ပြီး, ညှစ်အပ်ဆဲ, ညှစ်အပ်လတ္တံ့ဖြစ်သော နို့ရည်။]

၄၀။ ပစ္စုပ္ပန္နပစ္စယာပေက္ခတ္တာ–ပစ္စုပ္ပန်အကြောင်းကို ငဲ့သည်၏အဖြစ်ကြောင့်၊ လဟုတာဒိတ္တယံ–လဟုတာ အစရှိသော ရုပ်သုံးပါးအပေါင်းသည်၊ ကမ္မဇံ–သည်၊ န ဟောတိ–မဟုတ်၊ ဣတရထာ–ဤသို့ မဟုတ်လျှင်၊ [ကမ္မဇ မဟုတ်သည်မှတစ်ပါး ကမ္မဇဟုတ်လျှင်၊] သဗ္ဗဒါ–အခါခပ်သိမ်း၊ ဘာဝီဟိ–ဖြစ်လေ့ရှိသော ရုပ်တို့သည်၊ ဘဝိတဗ္ဗံ–ဖြစ်ရာ၏၊ ဣတိ–ကြောင့်၊ လဟုတာ၊ပေ၊ သမ္ဘောတိတိ–ဟူ၍၊ (အာစရိယေန) ဝုတ္တံ–ပြီ။ [ဤနှင့်စပ်၍ မှတ်ဖွယ်ကို ဘာသာဋီကာ၌ ပြထားပြီ။]

၄၃။ ကေန္တကမ္မဇာနိ–ကေန်ကမ္မဇ ဟူကုန်သော၊ နဝ–ကိုးပါးကုန်သော ရုပ်တို့လည်းကောင်း၊ စတုဇေသု–ဇတုဇရုပ်တို့တွင်၊ ကမ္မဇာနိ–ကမ္မဇဟူကုန်သော၊ နဝ–တို့လည်းကောင်း၊ ဣတိ–သို့၊ အဋ္ဌရသ–(၁၈)ပါးသော ရုပ်တို့သည်၊ ကမ္မဇာနိ–ကမ္မဇရုပ်တို့တည်း၊ ပဥ္စ၊ပေ၊ဝသေန–ငါးပါးသော ဝိကာရရုပ်, သဒ္ဒရုပ်, အဝိနိဗ္ဘောဂရုပ်, အာကာသဓာတ်၏ အပြားအားဖြင့်၊ ပန္နရသ–(၁၅)ပါးသော ရုပ်တို့သည်၊ စိတ္တဇာနိ–စိတ္တဇရုပ်တို့တည်း၊ သဒ္ဒေါ–သဒ္ဒရုပ်လည်းကောင်း၊ လဟုတာဒိတ္တယံ–လဟုတာအစရှိသော ရုပ်သုံးပါးအပေါင်းလည်းကောင်း၊ အဝိနိဗ္ဘောဂါကာသရူပါနိ–အဝိနိဗ္ဘောဂ, အာကာသရုပ်ဟူကုန်သော၊ နဝ–ကိုးပါးသောရုပ်တို့လည်းကောင်း၊ ဣတိ–ဤသို့၊ တေရသ–(၁၃)ပါးသော ရုပ်တို့သည်၊ ဥတုဇာနိ–ဥတုဇရုပ်တို့ မည်၏၊ လဟုတာ၊ပေ၊ဝသေန–လဟုတာ အစရှိသော ရုပ်သုံးပါးအပေါင်း, အဝိနိဗ္ဘောဂရုပ်, အာကာသဓာတ်တို့၏အပြားအားဖြင့်၊ ဒွါဒသ–(၁၂)ပါးသော ရုပ်တို့သည်၊ အာဟာရဇရူပါနိ–အာဟာရဇ ရုပ်တို့တည်း။

၄၄။ ကေဝလံ–ရုပ်စစ်မဖက်, သက်သက်၊ ဇာယမာနာဒိရူပါနံ–ဖြစ်ဆဲ အစရှိသော ရုပ်ကလာပ်တို့၏၊ ဇာယ၊ပေ၊ရူပါနံ–ဖြစ်ဆဲ, ရင့်ဆဲ, ပျက်ဆဲ ရုပ်ကလာပ်တို့၏၊ ("ဇာယမာနာဒိရူပါနံ"ကို ထပ်ဖွင့်သည်၊) သဘာဝတ္တာ–

---

**ယထာဒုဒ္ဒံ**။ ။"ခီရံ ဒုဒ္ဒံ ပယော ထည်"ဟူသော အဘိဓာန်၌ ဒုဒ္ဒသဒ္ဒါသည် နို့ရည်အနက်ကို ဟော၏၊ နို့ညှစ် သာမညကို ဟောသောကြောင့် ညှစ်အပ်ပြီး, ညှစ်အပ်ဆဲ, ညှစ်အပ်လတ္တံ့ သုံးမျိုးလုံးနှင့် ဆိုင်၏၊ ဒုဒ္ဒ၌ ဒုဟဓာတ်, တပစ္စည်း၊ ဒုယှတေ ဒုယှိတ္ထ ဒုယှိဿတေတိ ဒုဒ္ဒံ–ညှစ်အပ်ဆဲ, ညှစ်အပ်ပြီး, ညှစ်အပ်လတ္တံ့ဖြစ်သော နို့ရည်၊ ဤပုဒ်၌ တပစ္စည်းသည် ပစ္စုပ္ပန်, အတိတ်, အနာဂတ် သုံးမျိုးနှင့် ဆက်ဆံသော ကာလသာမန်ကို ဟောသကဲ့သို့ "ကမ္မတော ဇာတံ ကမ္မဇံ"၌ ဇာတံဝယ် တပစ္စည်းလည်း ပစ္စုပ္ပန်, အတိတ်, အနာဂတ် သုံးမျိုးနှင့် ဆက်ဆံသော ကာလသာမန်ကို ဟောရကား ကမ္မဇံ အရ ကာလသုံးမျိုးနှင့် ဆက်ဆံသော ကမ္မဇရုပ်ကို ယူရသည်–ဟူလို။

သဘောတံထွာ, ဓမ္မတာတို့၏အဖြစ်ကြောင့်၊ သဘာဝမတ္တံ–ဖြစ်ခြင်းစသော သဘောမျှကို၊ ဝိနာ–ကြဉ်၍၊ အတ္တနော–မိမိ၏၊ ဇာတိအာဒိလက္ခဏာဘာဝံ တော–ဖြစ်ခြင်းအစရှိသော လက္ခဏာ၏မရှိခြင်းကြောင့်၊ လက္ခဏာနိ–လက္ခဏာ ရုပ်တို့သည်၊ ကေဟိစိ ပစ္စယေဟိ–ဘယ်အကြောင်းတို့ကြောင့်မျှ၊ န ဇာယန္တိ– မဖြစ်ကုန်၊ ဣတိ–သို့၊ ပကာသိတံ–ထင်ရှားပြအပ်ပြီ၊ ဟိ–မှန်၊ (တစ်နည်း) ဟိ–ချဲ့၊ ဥပ္ပာဒါဒိယုတ္တာနံ–ဥပါဒ် အစရှိသည်တို့နှင့် ယှဉ်ကုန်သော၊ ဝါ– ဥပါဒ်,ဌီ,ဘင်တို့နှင့် ယှဉ်ကုန်သော၊ စက္ခာဒီနံ–စက္ခုအစရှိသည်တို့၏၊ ဇာတိအာဒီနိ–ဖြစ်ခြင်းအစရှိကုန်သော၊ လက္ခဏာနိ–လက္ခဏာတို့သည်၊ ဝိဇ္ဇန္တိ (ယထာ)–ထင်ရှားရှိကုန်သကဲ့သို့၊ ဝေံ–ဤို့အတူ၊ ဇာတိအာဒီနံ–ဇာတိ အစရှိ သည်တို့၏၊ (ဇာတိအာဒီနိ–ဖြစ်ခြင်းအစရှိကုန်သော၊ လက္ခဏာနိ–လက္ခဏာတို့ သည်၊) န(ဝိဇ္ဇန္တိ)–ထင်ရှားမရှိကုန်၊ တေသမ္ပိ–ထိုဇာတိအစရှိသည်တို့၏လည်း၊ ဇာတိအာဒီနိ–ဖြစ်ခြင်းအစရှိသည်တို့သည်၊ ယဒိသိယုံ–အကယ်၍ ရှိကုန်အံ့၊ ဝေံ–ဤသို့ ရှိကုန်လတ်သော်၊ အနဝဋ္ဌာနမေဝ–အပိုင်းအခြား မရှိတော့သည် သာ၊ ဝါ–မပြီးဆုံးနိုင်တော့သည်သာ၊ အာပဇ္ဇေယျ–ဖြစ်ရာ၏။

ပန–ဆက်၊ ရူပါပေ၊တျာဒီသု–အစရှိသော ပါဠိရပ်တို့၌၊ ဇာတိယာ– ဇာတိ၏၊ ကုတောစိ–တစ်စုံတစ်ခုသော အကြောင်းကြောင့်၊ ယံ ဇာတတ္တံ– အကြင် ဖြစ်သည်၏အဖြစ်ကို၊ အနုညာတံ–ခွင့်ပြုတော်မူအပ်ပြီ၊ တမ္ပိ–ထို တစ်စုံတစ်ခုသော အကြောင်းကြောင့် ဖြစ်သည်၏အဖြစ်ကိုလည်း၊ ရူပဇနက ပစ္စယာနံ–ရုပ်ကို ဖြစ်စေတတ်သော အကြောင်းတို့၏၊ ရူပုပ္ပာဒနံ–ရုပ်ကို ဖြစ်စေခြင်းကို၊ ပတိစ္စ–စွဲ၍၊ (တစ်နည်း) ရူပုပ္ပာဒနံ ပတိစ္စ–ရုပ်ကို ဖြစ်စေခိုက်၌၊ အနုပရတဗျာပါရာနံ–မကင်းသော ဗျာပါရရှိသော ရုပ်တို့၏၊ ပစ္စယဘာဝူပ ဂမနက္ခဏေ–အကြောင်း၏အဖြစ်သို့ ကပ်ရောက်ဆဲခဏ၌၊ ဇာယမာန ဓမ္မဝိကာရဘာဝေန–ဖြစ်ဆဲတရားတို့၏ ဝိကာရ၏အဖြစ်ဖြင့်၊ လဗ္ဘမာနကံ– ရအပ်သည်၏အဖြစ်ကို၊ သန္ဓာယ–ရည်ရွယ်တော်မူ၍၊ (အနုညာတံ–ပြီ၊) ဣတိ–သို့၊ ဒဋ္ဌဗ္ဗံ–၏။ [ဤဝါကျနှင့် စပ်၍ မှတ်ဖွယ်ကို ဘာသာဋီကာ၌ "ဥပစယနှင့် သန္တတိတို့ ကမ္မဇစသည် ဖြစ်ပုံ"ဟု ခေါင်းတပ်၍ ပြထားပြီ။]

---

**အနဝဋ္ဌာနမေဝ။** ။န+အဝဋ္ဌာနမေဝ–အပိုင်းအခြား မရှိတော့သည်သာလျှင်၊ အာပဇ္ဇေယျ–၏၊ ဇာတိသည် သဘာဝဓမ္မအစစ်ဖြစ်လျှင် ထိုဇာတိမှာလည်း ဇာတိ, ဇရတာ, အနိစ္စတာ (ဥပါဒ် ဌီ ဘင်) သုံးမျိုး ရှိရလိမ့်ဦးမည်၊ ဇရတာမှာလည်း ထို့အတူ ဇာတိ, ဇရတာ, အနိစ္စတာ သုံးမျိုး, အနိစ္စတာမှာလည်း ထိုသုံးမျိုး ရှိရလိမ့်ဦးမည်၊ ဒုတိယဇာတိ စသည်မှာလည်း ဇာတိ ဇရတာ အနိစ္စတာ ရှိရလိမ့်မည်၊ တတိယဇာတိ စသည်မှလည်း ထို့အတူ ရှိရလိမ့်မည်၊ သို့ဖြစ်လျှင် ဇာတိ ဇရတာ အနိစ္စတာတို့၏ ဖြစ်ခြင်း စသည်သည် မပြီးနိုင် မဆုံးနိုင် ရှိရာတော့လတ္တံ့။

ဇာတိ ဘိက္ခဝေ၊ပေ၊ပဋိစ္စသမုပ္ပန္နံတိ–ဟူသော၊ ယံပိ ဝစနံ–အကြင် သုတ္တန် စကားတော်သည်လည်း၊ (အတ္ထိ–၏၊) တတ္ထာပိ–ထိုသုတ္တန်စကားတော်၌လည်း၊ ပဋိစ္စသမုပ္ပန္နာနံ–အကြောင်းကိုစွဲ၍ ဖြစ်သောတရားတို့၏၊ လက္ခဏာဘာဝတော–ဖြစ်ခြင်း, ရင့်ခြင်း, ပျက်ခြင်းလက္ခဏာတို့၏ အဖြစ်ကြောင့်တည်း၊ ဣတိ အယံ–ကား၊ ဧတ္တ–ဤဇာတိစသည်တို့၏ ပဋိစ္စသမုပ္ပန္နဖြစ်ရာ၌၊ အဘိသန္ဓိ–ဘုရားအလိုတော်တည်း၊ [ဘိက္ခဝေ–တို့၊ ဇာတိ–သည်၊ ဝါ–ကို၊ သင်္ခတာ–အကြောင်းတရားတို့သည် ပြုစီမံအပ်၏၊ ပဋိစ္စသမုပ္ပန္နာ–အကြောင်းတရားကို စွဲ၍ ဖြစ်၏၊ ဇရာမရဏံ–သည်၊ ဝါ–ကို၊ သင်္ခတံ–၏၊ ပဋိစ္စသမုပ္ပန္နံ–၏၊] တေန–ကြောင့်၊ ပေါရာဏာ–တို့သည်၊ ပါဠေ၊ပေ၊သင်္ခတတောဒီတာတိ–ဟူ၍၊ အာဟ–ကုန်ပြီ၊ [ပါဠေ–အဘိဓမ္မာရူပကဏ္ဍပါဠိတော်၌၊ ဇာတိယာ–ဇာတိ၏၊ ကုတောစိ–တစ်စုံတစ်ခုသော အကြောင်းကြောင့်၊ ဇာတတ္တံ–ဖြစ်သည်၏အဖြစ်ကို၊ ပရိယာယတော–ပရိယာယ်အားဖြင့်၊ (ဥဒိတံ–ဟောတော်မူအပ်ပြီ၊)[ဤနှစ်ပါဒဖြင့် "ယံ ပန၊ပေ၊ဒဋ္ဌဗ္ဗံ"ဟူသော ဝါကျ၏ သာဓကကို ပြသည်၊] သင်္ခတာနံ–သင်္ခတရုပ်တရားတို့၏၊ သဘာဝတ္တာ–ဖြစ်ခြင်း,ရင့်ခြင်း,ပျက်ခြင်း သဘောတို့၏ အဖြစ်ကြောင့်၊ တီသု–ဇာတိ,ဇရတာ,အနိစ္စတာ သုံးပါးတို့၌၊ သင်္ခတာ–သင်္ခတ၏အဖြစ်ကို၊ ဝါ–သင်္ခတနာမည်ကို၊ ဥဒိတာ–သုတ္တန်ပါဠိတော်၌ ဟောတော်မူအပ်ပြီ။ [ဤနှစ်ပါဒဖြင့်ကား "ယမ္ပိ ဇာတိ ဘိက္ခဝေ၊ပေ၊ လက္ခဏာဘာဝတော"တိုင်အောင်သော ဝါကျ၏ သာဓကကို ပြသည်။]

---

၄၅။ [ရူပကလာပအခန်းကို ဖွင့်ပြလိုရ် "ယသ္မာ ပန"စသည် မိန့်၊] ပန–ဆက်၊(တစ်နည်း) ပန–ရူပသမုဋ္ဌာန်၏ အဖွင့်မှတစ်ပါး, ရူပကလာပ၏အဖွင့်ကို ဆိုဦးအံ့၊ ယသ္မာ–ကြောင့်၊ ဧတာနိ ရူပါနိ–ဤရုပ်တို့သည်၊ ကမ္မာဒိတော–ကံအစရှိသော အကြောင်းကြောင့်၊ ဥပ္ပဇ္ဇမာနာနိပိ–ဖြစ်ပါကုန်သော်လည်း၊ ဧကေကံ–တစ်ပါးစီ,တစ်ပါးစီ၊ န သမုဋ္ဌဟန္တိ–ဖြစ်ကုန်သည်မဟုတ်၊ အထ ခေါ–စင်စစ်ကား၊ ပိဏ္ဍာတော၀–အပေါင်းအားဖြင့်သာလျှင်၊ ဝါ–ကလာပ်စည်းအားဖြင့်သာလျှင်၊ (သမုဋ္ဌဟန္တိ–ဖြစ်ကုန်၏၊) တသ္မာ–ကြောင့်၊ ပိဏ္ဍာနံ–အပေါင်းဖြစ်သော ရုပ်ကလာပ်တို့၏၊ ဂဏနပရိစ္ဆေဒံ–ဂဏန်းအားဖြင့် ပိုင်းခြားခြင်းကိုလည်းကောင်း၊ [ကမ္မဇကလာပ်(၉)စည်း, စိတ္တဇကလာပ်(၆)စည်း စသော အပိုင်းအခြားကိုလည်းကောင်း၊] သရူပဉ္စ–သရုပ်ကိုလည်းကောင်း၊ [စက္ခုဒသက ကလာပ်,သောတဒသက ကလာပ် စသော သရုပ်ကိုလည်းကောင်း၊] ဒဿေတုံ–ငှာ၊ ကေဟ္ပာဒါတျာဒိ–အစရှိသော ဝါကျကို၊ (အာစရိယေန) ဝုတ္တံ၊ သဟဝုတ္တိနောတိ–ကား၊ ဝိသုံ ဝိသုံ–အသီးအသီး၊ ကလာပဂတရူပဝသေန–ကလာပ်၌ဖြစ်သော ရုပ်တို့၏အစွမ်းဖြင့်၊ သဟဝုတ္တိနော–တကွဖြစ်ခြင်းရှိကုန်သော၊ သဗ္ဗကလာပါနံ–အလုံးစုံသော ကလာပ်တို့၏၊ အညမညံ–အချင်းချင်း၊

သဟုပ္ပတ္တိဝသေန–တကွဖြစ်ခြင်း၏အစွမ်းဖြင့်၊ န (သဟဝုတ္တိနော)–သဟဝုတ္တိ မဟုတ်ကုန်သော။ [တစ်ကလာပ်ထဲ၌ ဖြစ်သော ရုပ်တို့၏ တကွဖြစ်ခြင်းကို သဟဝုတ္တိဟု ခေါ်သည်၊ စက္ခုဒသကကလာပ်, သောတဒသကကလာပ်စသော ကလာပ်တို့၏ အတူတကွဖြစ်ခြင်းကို သဟဝုတ္တိ ခေါ်သည် မဟုတ်–ဟူလို၊ ဤ သဟဝုတ္တိနောကို ကေဝိသတိ၌ စပ်။]

**၄၆။** အဿ–ထိုရုပ်၏၊ ဒသ–န်သော၊ ပရိမာဏာ–အတိုင်းအရှည်တို့သည်၊ (သန္တိ–န်၏၊) ဣတိ–ကြောင့်၊ ဒသကံ–ဒသကမည်၏၊ တေံ–ဤ ဒသက ဟူသော အမည်သည်၊ သမုဒါယဿ–ရုပ်အပေါင်း၏၊ နာမံ–အမည်တည်း၊ စက္ခုနာ–စက္ခုပသာဒရုပ်ဖြင့်၊ ဥပလက္ခိတံ–မှတ်သားအပ်သော၊ ဒသကံ–ဆယ်ခု အတိုင်းအရှည်ရှိသော ရုပ်အပေါင်းတည်း၊ စက္ခုဒသကံ–စက္ခုပသာဒရုပ်ဖြင့် မှတ်သားအပ်သော ဆယ်ခုအတိုင်းအရှည်ရှိသော ရုပ်အပေါင်း၊ [ဤအလို ဥပလက္ခိတဟူသော အလယ်ပုဒ်ကျေသော တတိယာတပ္ပုရိသ်ဟု မှတ်၊] ဝါ–တစ်နည်း၊ တပ္ပဓာနံ–ထိုစက္ခုပသာဒ ပဓာနရှိသော၊ ဒသကံ–တည်း၊ စက္ခုဒသကံ–စက္ခုပသာဒ ပဓာနရှိသော ရုပ်ဆယ်ခုအပေါင်း၊ [ဤအလို ပဓာနအလယ်ပုဒ် ကျေသော ကမ္မဓာရဲသမာသ်ဟုမှတ်၊] သေသေသုပိ–ကြွင်းသော သောတဒသက အစရှိသော ပုဒ်တို့၌လည်း၊ ဧဝံ–ဤ့အတူတည်း။

**၄၇။** ဝစီဝိညတ္တိဂ္ဂဟဏေန–ဝစီဝိညတ္တိသဒ္ဒါဖြင့်၊ သဒ္ဒေါပိ–သဒ္ဒရုပ်သည် လည်း၊ ဝါ–သဒ္ဒရုပ်ကိုလည်း၊ သင်္ဂဟိတော–သိမ်းယူအပ်သည်၊ ဟောတိ–၏၊ (ကသ္မာ–နည်း၊) တဿာ–ထိုဝစီဝိညတ်၏၊ တဒဝိနာဘာဝတော–ထိုသဒ္ဒရုပ်နှင့် ကင်း၍ မဖြစ်ခြင်းကြောင့်တည်း၊ [တဒဝိနာဘာဝတောတိ–တေန သဒ္ဒေန အဝိနာဘာဝတော၊–မဏိမဉ္ဇူ၊] ဣတိ–ကြောင့်၊ ဝစီဝိညတ္တိ ဒသကန္တိ–ဟူ၍၊ (အာစရိယေန) ဝုတ္တံ။ [ဤကား "ဝစီဝိညတ္တိသဒ္ဒေဟိ သဟ ဝစီဝိညတ္တိ ဒသကံ"၏အဖွင့်တည်း၊ ဝစီဝိညတ်ဟု ဆိုလျှင် သဒ္ဒရုပ် ပါတော့သည်၊ ဘာ့ကြောင့်နည်း၊ ထိုဝစီဝိညတ်က သဒ္ဒရုပ်နှင့် ကင်း၍ မဖြစ်နိုင်ခြင်းကြောင့် တည်း၊ ထို့ကြောင့် "ဝစီဝိညတ္တိသဒ္ဒဒသကံ"ဟု နာမည်ရှည်ရှည် မတပ်တော့ဘဲ "ဝစီဝိညတ္တိဒသကံ"ဟုသာ နာမည်တိုတို တပ်တော့သည်–ဟူလို။]

**၅၀။** ပန–ဆက်၊ ကေဝိသတိ–သော၊ ဧတေ ကလာပါ–ဤကလာပ်တို့ သည်၊ သဗ္ဗေပိ–အလုံးစုံတို့သည်လည်း၊ သဗ္ဗတ္ထ–အလုံးစုံ အဇ္ဈတ္တသန္တာန်,ဗဟိဒ္ဓ သန္တာန်တို့၌၊ ဟောန္တိ ကိံ–ဖြစ်ကုန်သလော၊ ဥဒါဟု–သို့မဟုတ်၊ ကေစိ–အချို့ ရုပ်ကလာပ်တို့သည်၊ ကတ္ထစိ–တချို့သောသန္တာန်၌၊ (ဟောန္တိ ကိံ–န်သလော၊) ဣတိ–ဤသို့ မေးဖွယ်ရှိသောကြောင့်၊ တတ္ထတတ္ထာဒိ–တတ္ထ အစရှိ သော၊ (ယံ ဝစနံ–သည်၊ အတ္ထိ–၏၊ တံ ဝစနံ–ကို၊ အာစရိယော–သည်၊) အာဟ ပြီ။ [ထို (၂၁) ပါးသော ရုပ်ကလာပ်တို့တွင် သုဒ္ဓဋ္ဌက ကလာပ်,

သဒ္ဒနဝကကလာပ်ဟူသော ဥတုသမုဋ္ဌာနကလာပ် နှစ်စည်းသည် ဗဟိဒ္ဓ၌လည်း ရနိုင် (ပိဖြင့် အဇ္ဈတ္တ၌လည်း ရနိုင်)၏၊ ကြွင်း (၁၉)ကလာပ်ကား အဇ္ဈတ္တ (သက်ရှိ)သန္တာန်၌သာ ရနိုင်သည်–ဟူလို။]

**၅၂။** [ရူပကလာပကို ဖွင့်ပြပြီး၍ ယခုအခါ ရူပပဝတ္တိက္ကမကို ဖွင့်ပြလိုသော ဋီကာဆရာသည် "ဣဒါနိ"စသည် မိန့်၊] ဣဒါနိ–ရူပကလာပကို ဖွင့်ပြပြီးရာ ယခုအခါ၌၊ နေသံ–ထိုရုပ်ကလာပ်တို့၏၊ သမ္ဘဝဝသေန–ဖြစ်သင့်ခြင်း၏ အစွမ်းဖြင့်လည်းကောင်း၊ ပဝတ္တိပဋိသန္ဓိဝသေန–ပဝတ္တိအခါ,ပဋိသန္ဓေအခါ၏ အစွမ်းဖြင့်လည်းကောင်း၊ ယောနိဝသေန–ယောနိ၏အစွမ်းဖြင့်လည်းကောင်း၊ ပဝတ္တိံ–ဖြစ်ပုံကို၊ ဒဿေတုံ–ငှာ၊ သဗ္ဗာနိ ပနေတာနိတျာဒိ–အစရှိသောဝါကျကို၊ (အာစရိယေန) ဝုတ္တံ၊ ယထာရဟန္တိ–ကား၊ သ,ဘာဝကပရိပုဏ္ဏာယတနာနံ–ဘာဝရုပ်နှင့် တကွဖြစ်သော ပြည့်စုံသော အာယတနရှိသော ပုဂ္ဂိုလ်တို့အား၊ အနုရူပတော–လျော်သောအားဖြင့်၊ (ဥပလဗ္ဘန္တိ၌ စပ်။)

**၅၃။** ကမလကုဟရဂဗ္ဘမလာဒိသံသေဒဋ္ဌာနေသု–ပဒုမ္မာကြာတိုက်, ကိုယ်ဝန်အညစ်အကြေး အစရှိသော စေးကပ်သော အရပ်တို့၌၊ ဇာတာ–ဖြစ်သော သတ္တဝါတို့တည်း၊ သံသေဒဇာ–စိုစိုစွတ်စွတ် စေးကပ်သောအရပ်တို့၌ဖြစ်သော သတ္တဝါတို့။ [ကမလဿ(ပဒုမဿ) + ကုဟရံ(အဗ္ဘန္တရံ) ကမလကုဟရံ၊ "ဂဗ္ဘဿ–ကိုယ်ဝန်သူငယ်၏၊ ဝါ–အမိဝမ်းတိုက်၏ + မလံ–သွေး စသော အညစ်အကြေးတည်း၊ ဂဗ္ဘမလံ–ကြေး။]

နေသံ–ထိုသတ္တဝါတို့၏၊ ဥပပါတော–ဘဝဟောင်းမှ ခုန်လွှားသကဲ့သို့ ကျရောက်ခြင်းသည်၊ အတ္ထိ–၏၊ ဣတိ–ကြောင့်၊ (တေ–ထိုသတ္တဝါတို့သည်၊) ဩပပါတိကာ–တို့မည်၏၊ စ–ဆက်၊ ထွေ–ဤ ဩပပါတိကာနံဟူသောပါဌ်၌၊ ဥက္ကံသဂတိပရိစ္ဆေဒဝသေန–လွန်ကဲသော ဂတိကို ပိုင်းခြားခြင်း၏အစွမ်းဖြင့်၊ ဝိသိဋ္ဌဥပပါတော–ထူးကဲသော ဥပပါတ်ပဋိသန္ဓေကို၊ ဂဟိတော–ယူအပ်ပြီ၊

---

**သမ္ဘဝ၊ပေ၊ပဝတ္တိံ**။ ။သမ္ဘဝဝသေနဖြင့် "ယထာရဟံ"ကို ရည်ရွယ်သည်၊ ပဝတ္တိပဋိသန္ဓိဝသေနဖြင့် "ပဝတ္တိယံ, ပဋိသန္ဓိယံ ပန"တို့ကို ရည်ရွယ်သည်၊ ယောနိဝသေနဖြင့် "ဂဗ္ဘသေယျကသတ္တာနံ ပန"စသည်ကို ရည်ရွယ်သည်၊ မဏိမဉ္ဇူ၌ကား "သမ္ဘဝဝသေနာတိ ပဝတ္တိပဋိသန္ဓီသု သံသေဒဇာဒိယောနီသု စ ဥပ္ပတ္တိံ ယုဇ္ဇမာနကဝသေန"ဟု ဖွင့်သည်၊ ထိုအလို–"ပဝတ္တိအခါ, ပဋိသန္ဓေအခါတို့၌လည်းကောင်း, သံသေဒဇ စသော ယောနိတို့၌လည်းကောင်း ဖြစ်သင့်ခြင်း၏ အစွမ်းဖြင့်"ဟု ပေးစေလိုသည်။ [ယထာရဟံတိ စသော အဖွင့်ကို ဘာသာဋီကာ၌ စိစစ်ထားပြီ။]

ယထာ–ဥဒါဟရဏ်ကား၊ အဘိရူပဿ၊ပေ၊ဒါတဗ္ဗာတိ–ဒါတဗ္ဗာဟူသကဲ့သို့တည်း၊ [အဘိရူပဿ–လွန်ကဲသောအဆင်းရှိသော ယောကျ်ားအား၊ ကညာ–သတို့သမီးကို၊ ဒါတဗ္ဗာ–ပေးထိုက်၏။] သတ္တဒသကာနိ–ခုနစ်ပါးသော ဒသကတို့သည်၊ ပါတုဘဝန္တိ–ထင်ရှားဖြစ်ကုန်၏၊ (ကသ္မာ–နည်း၊) ပရိပုဏ္ဏာယတနဘာဝေန–ပြည့်စုံသော အာယတန၏အဖြစ်ဖြင့်၊ ဥပလဗ္ဘနတော–ရနိုင်ခြင်းကြောင့်တည်း၊ [သံသေဒဇဥပပါတ်သတ္တဝါတို့မှာ ပဋိသန္ဓေအခါ၌ စက္ခာယတနစသည်တို့ အပြည့်အစုံ ရနိုင်ခြင်းကြောင့်–ဟူလို၊] ဇစ္စန္ဓ၊ပေ၊အာဒိကပ္ပိကာနံ–ပဋိသန္ဓေအားဖြင့် ကန်းသူ, ပဋိသန္ဓေအားဖြင့် နားထိုင်းသူ, ပဋိသန္ဓေအားဖြင့် ဃာနပသာဒ မရှိသူ, နပုံးပဏ္ဍုက်, ကမ္ဘာဦး၌ ဖြစ်သူတို့၏၊ ဝသေန–ဖြင့်၊ ကဒါစိ–တစ်ရံတစ်ခါ၌၊န လဗ္ဘန္တိ–မရအပ်ကုန်။ ["ဇာတိ+ဗဓိရော"ဟု ပုဒ်ဖြတ်သောအခါ တိမှဖြစ်သော (စ)ဗျည်း၏ကပ်ဖို့ရာ သရမရှိသောကြောင့် "ဗဓိရော ယေဝ အဗဓိရော"ဟု (အ)အတွက် အနက်မရှိသော တဗ္ဗာဝဂ္ဂတ္တိကမ္မဓာရည်းကို မဏိမဥ္ဇူ၌ ပြသည်။]

တတ္ထ–ထိုကဒါစိ န လဗ္ဘန္တိဟူသော စကားရပ်၌၊ သုဂတိယံ–သုဂတိဘုံ၌၊ မဟာနုဘာဝေန–ကြီးသော အာနုဘော်ရှိသော၊ ကမ္မုနာ–ကံကြောင့်၊ နိဗ္ဗတ္တမာနာနံ–ဖြစ်ရကုန်သော၊ ဩပပါတိကာနံ–ဥပပါတ်ပဋိသန္ဓေရှိသော နတ်,လူတို့၏၊ ဣန္ဒြိယ၊ပေ၊ယောဂတော–ဣန္ဒြေတို့၏ ချို့တဲ့ကုန်သည်၏အဖြစ်၏ မသင့်ခြင်းကြောင့်၊ စက္ခု၊ပေ၊လာဘော–စက္ခု,သောတ,ဃာနပသာဒတို့ မရခြင်းသည်၊ သံသေဒဇာနံ–သံသေဒဇပုဂ္ဂိုလ်တို့၏(အတွက်)၊ (ဟောတိ–၏၊)

---

**ဥက္ကံသ၊ပေ၊ဒါတဗ္ဗာ။** ။"အဘိရူပယောကျ်ားအား သတို့သမီးကို ပေးထိုက်၏" ဟူရာ၌ ရုပ်ချောရုံမျှကို အဘိရူပဟု မဆိုလို၊ သတို့သမီးနှင့် ထိုက်တန်အောင် အမျိုးဇာတ်, စည်းစိမ် စသည်တို့ဖြင့် ထူးကဲ သာလွန်သော အဆင်းလှသူကို ဆိုလိုသကဲ့သို့, ထို့အတူ "ဥပပါတ်ပဋိသန္ဓေ"ဟု ဆိုသော်လည်း စက္ခုစသော ဒသက(၇)ပါးလုံး ရထိုက်သော ဥပပါတ်ပဋိသန္ဓေ ဖြစ်ရမည် ဖြစ်သောကြောင့် စက္ခုစသော အာယတနနှင့် ဘာဝရုပ်များ ရထိုက်သော ဥပပါတ်ကို ယူပါ–ဟူလို။ [ဤ ဥက္ကံသဂတိ စသောစကား၌ မဏိမဥ္ဇူ ဖွင့်သည့်အတိုင်း ရေးသားလိုက်ရသော်လည်း အဓိပ္ပာယ်ကား ကောင်းလှမည် မထင်ပါ၊ ဥက္ကဋ္ဌဝသေနနှင့် အဓိပ္ပာယ်တူ ဖြစ်လျှင်လည်း ဤဋီကာကျော်ဖွင့်သလို ဥက္ကံသဂတိကို ပိုင်းခြားဖွယ် လိုမည် မဟုတ်ပါ၊ ပါရာဇိကဏ်အဋ္ဌကထာဝယ် "သော ဣမံ လောကံ သဒေဝကံ"စသော ပါဠိတော်ကို ဖွင့်ရာ၌ "ဥက္ကံသဂတိ"ဟူသော စကားကို သာရတ္ထ၌ "ဒေဝဂတိ"ဟု ဖွင့်ပါသည်၊ စဉ်းစား၍ ယူကြပါကုန်။]

**သုဂတိယံ၊ပေ၊ဝသေန ပိ။** ။သုဂတိဘုံ၌ ဩပပါတိကပုဂ္ဂိုလ်ဟူသည် လူနှင့် နတ်ဗြဟ္မာတို့တည်း၊ ထိုတွင် လူဟူသည်လည်း ကြီးမားသော ကုသိုလ်ကံကြောင့် ဖြစ်ရသော [illegible]သော ဥပပါတ်ပဋိသန္ဓေ နေနိုင်ကြ၏၊ နတ် ဗြဟ္မာတို့၏ ကြီးမားသော ကံကြောင့် ဖြစ်ရကြောင်းမှာ ဆိုဖွယ်ရာပင် မလို၊ ထိုသို့ ကြီးမားသောကံကြောင့် ဖြစ်ရသည့်အတွက်

ဘာဝါလာဘော–ဘာဝရုပ်ကို မရခြင်းသည်၊ ပဌမကပ္ပိကဩပပါတိကာန်–ကမ္ဘာဦး၌ဖြစ်သော ဥပပါတ်ပဋိသန္ဓေရှိသူ လူတို့၏၊ ဝသေနပိ–ဖြင့်လည်း၊ (ဟောတိ–၏၊) ပန–ကား၊ ဒုဂ္ဂတိယံ–ဒုဂ္ဂတိဘုံ၌၊ စက္ခုပေါလာဘော–စက္ခု, သောတ,ဘာဝရုပ်ကို မရခြင်းသည်၊ ဒွိန္နမ္ပိ–သံသေဒဇ ဩပပါတိက နှစ်ဦးလုံးတို့၏လည်း၊ ဝသေန–ဖြင့်၊ (ဟောတိ–၏၊) ဃာနာလာဘော–ဃာနကို မရခြင်းသည်၊ သံသေဒဇာနမေဝ–သံသေဒဇပုဂ္ဂိုလ်တို့၏သာလျှင်၊ ဝသေန–ဖြင့်၊ (ဟောတိ–၏၊) ဩပပါတိကာနံ–တို့၏၊ ဝသေန–ဖြင့်၊ န (ဟောတိ)–မဖြစ်၊ ဣတိ–ဤသို့၊ ဒဋ္ဌဗ္ဗံ–ထိုက်၏။

တထာဟိ–ထိုစကားမှန်၏၊ ဓမ္မဟဒယဝိဘင်္ဂေ–၌၊ ကာမဓာတုယာ–ကာမဓာတ်၏၊ ဥပပပတ္တိက္ခဏေ–ပဋိသန္ဓေခဏာ၌၊ ကဿစိ–အချို့ပုဂ္ဂိုလ်၏ (သန္တာန်၌)၊ ဧကာဒသ–န်သော၊ အာယတနာနိ–အာယတနတို့သည်၊ ပါတုဘဝန္တိ–ထင်ရှားဖြစ်ကုန်၏၊ [သဒ္ဒါယတနကြဉ်၍ (၁၁)ပါးဖြစ်သည်၊] ကဿစိ–အချို့သော ဇစ္စန္ဓပုဂ္ဂိုလ်၏(သန္တာန်၌)၊ ဒသ–န်သော၊ (အာယတနာနိ–တို့သည်၊ ပါတုဘဝန္တိ–န်၏၊) [စက္ခာယတနနှင့် သဒ္ဒါယတန ကြဉ်သည်၊] ကဿစိ–အချို့သောဇစ္စဗဓိရပုဂ္ဂိုလ်၏(သန္တာန်၌)၊အပရာနိပိ–အခြားလည်း ဖြစ်ကုန်သော၊ ဒသ–န်သော၊(အာယတနာနိ ပါတုဘဝန္တိ၊)[သောတာယတနနှင့် သဒ္ဒါယတန ကြဉ်သည်၊] ကဿစိ–အချို့သောဇစ္စန္ဓ,ဇစ္စဗဓိရပုဂ္ဂိုလ်တို့၏(သန္တာန်၌)၊ နဝ–န်သော၊ (အာယတနာနိ ပါတုဘဝန္တိ၊) [စက္ခု, သောတနှင့် သဒ္ဒကို ကြဉ်သည်၊] ကဿစိ–အချို့သော ဂဗ္ဘသေယျကပုဂ္ဂိုလ်၏ သန္တာန်၌၊ သတ္တ–န်သော၊

---

စက္ခုစသော ဣန္ဒြေများ မချို့သင့်၊ ထို့ကြောင့် "ကဒါစိ န လဗ္ဘန္တိ"ဟူသော စကားကို သံသေဒဇပုဂ္ဂိုလ်တို့သန္တာန်၌ စက္ခု,သောတ,ဃာန,ဘာဝတို့ မရခြင်းကိုလည်းကောင်း, ကမ္ဘာဦးက လူတို့အတွက် ဘာဝရုပ် မရခြင်းကိုလည်းကောင်း ရည်ရွယ်၍ ဆိုသည်၊ ဝသေနပိ၌ ပိဖြင့် သံသေဒဇကို ပေါင်း၊ ထိုသံသေဒဇတို့အတွက် ဘာဝရုပ်လည်း မရ-ဟူလို။ [ဝိကလာနံ+ဘာဝေါ ဝေကလ္လံ၊ ဣန္ဒြိယာနံ+ဝေကလ္လံ ဣန္ဒြိယဝေကလ္လံ၊ ဣန္ဒြိယဝေကလ္လဿ+အယောဂေါ (မသင့်ခြင်းတည်း) ဣန္ဒြိယဝေကလ္လာယောဂေါ။]

**မှတ်ချက်။** ။သုဂတိယံ မဟာနုဘာဝေန စသော စကားအားလုံးကို ကောက်ချက်ချလျှင် ဂဗ္ဘသေယျကပုဂ္ဂိုလ်နှစ်မျိုးနှင့် သံသေဒဇပုဂ္ဂိုလ်တို့ သန္တာန်၌ စက္ခု,သောတ, ဃာန,ဘာဝရုပ်တို့ ချို့ကောင်း၏၊ ဒုဂ္ဂတိ, အပါယ်, ဩပပါတိကပုဂ္ဂိုလ်တို့၌ စက္ခု, သောတ, ဘာဝ ချို့ကောင်း၏၊ (ဃာနကား မချို့ကောင်း၊) သုဂတိ ဩပပါတိက ပုဂ္ဂိုလ်တို့တွင် ကမ္ဘာဦးလူတို့၌သာ ဘာဝရုပ် ချို့ကောင်းသည်၊ ဤအားလုံးကို ရည်ရွယ်၍ ပရမတ္ထသရူပဘေဒနီ၌ အောက်ပါလင်္ကာကို ဆိုတော်မူသည်။

**[ဆောင်] စက္ခု–သောတ, ဃာန–ဘာဝါ, ချို့ကောင်းရာကား, နှစ်ဖြာ ဂဗ္ဘ, သံသေဒမှတ်၊ ဥပပါတ်မှာ, ပါယ်၌သာလျှင်, စက္ခာ–သောတ, ဘာဝ ချို့ဘိ၊ သုဂတိကား, ကပ်ဦးသား, ချို့ငြား ဘောတစ်ခု။**

(အာယတနာနိ ပါတုဘဝန္တိ၊) [စက္ခု, သောတ, ဃာန, ဇိဝှာ, သဒ္ဒါယတနကို ကြဉ်သည်၊] ဣတိ–သို့၊ ဝစနတော–ဟောတော်မူခြင်းကြောင့်၊ ပရိပုဏ္ဏိန္ဒြိယဿ–ပြည့်စုံသော စက္ခု စသော ဣန္ဒြေရှိသော၊ သြပပါတိကဿ–၏(အတွက်)၊ သဒ္ဒါယတနဝဇ္ဇိတာနိ–သဒ္ဒါယတနသည် ကြဉ်အပ်ကုန်သော၊ ဧကာဒသ–န်သော၊ အာယတနာနိ–တို့ကို၊ ဝုတ္တာနိ–ဟောတော်မူအပ်ကုန်ပြီ၊ အန္ဓဿ–ပဋိသန္ဓေအားဖြင့် ကန်းသောပုဂ္ဂိုလ်၏(အတွက်)၊ စက္ခာယတနဝဇ္ဇိတာနိ–စက္ခာယတနသည် ကြဉ်အပ်ကုန်သော၊ [သဒ္ဒအပြင် စက္ခာယတန ထပ်ကြဉ်သည်၊] ဒသ–န်သော၊ (အာယတနာနိ–တို့ကို၊ ဝုတ္တာနိ–န်ပြီ၊) ဗဓိရဿ–ပဋိသန္ဓေအားဖြင့် နားထိုင်းသောပုဂ္ဂိုလ်၏(အတွက်)၊ သောတာယတနဝဇ္ဇိတာနိ–အပ်ကုန်သော၊ တထာ–ထို့အတူ၊ (ဒသ–န်ကုန်သော၊ အာယတနာနိ ဝုတ္တာနိ၊) အန္ဓဗဓိရဿ–ကန်းလည်း ကန်း, နားလည်း ထိုင်းသော ပုဂ္ဂိုလ်၏(အတွက်)၊ တဒုဘယဝဇ္ဇိတာနိ–ထိုစက္ခု,သောတ နှစ်ပါးစုံသည် ကြဉ်အပ်ကုန်သော၊ နဝ–န်သော၊ (အာယတနာနိ ဝုတ္တာနိ)၊ ဂဗ္ဘသေယျကဿ–ဂဗ္ဘသေယျကပုဂ္ဂိုလ်၏(အတွက်)၊ စက္ခုပေ၊ဝဇ္ဇိတာနိ–စက္ခု,သောတ,ဃာန,ဇိဝှာ, သဒ္ဒါယတနသည် ကြဉ်အပ်ကုန်သော၊ သတ္တ–န်သော၊ အာယတနာနိ–တို့ကို၊ ဝုတ္တာနိ–န်ပြီ၊ (ဣတိ–သို့၊ ဒဋ္ဌဗ္ဗံ–ထိုက်၏။) [ဝစနတော၏ စပ်ပုဒ် မရှိ၍ "ဣတိ ဒဋ္ဌဗ္ဗံ" ထည့်၍ အနက်ပေးသည်။]

ပန–ဆက်ဦးအံ့၊ အဃာနကောပိ–အဃာနကလည်းဖြစ်သော၊ သြပပါတိကော–သြပပါတိကသတ္တဝါသည်၊ ယဒိ သိယာ–အကယ်၍ ရှိအံ့၊ (ဧဝံသတိ–သော်၊) အန္ဓဗဓိရာဃာနကာနံ–အန္ဓပုဂ္ဂိုလ်, ဗဓိရပုဂ္ဂိုလ်, အဃာနကပုဂ္ဂိုလ် သုံးမျိုးတို့၏၊ ဝသေန–ဖြင့်၊ တိကူတ္တံ–သုံးကြိမ်၊ ဒသ–န်သော၊ (အာယတနာနိ–တို့သည်၊ ဝါ–တို့ကို၊ ဝတ္တဗ္ဗာနိ–ဟောတော်မူထိုက်ကုန်သည်၊ သိယုံ–ဖြစ်ကုန်ရာ၏၊) အန္ဓ၊ပေ၊ဃာနကာနံ–အန္ဓဗဓိရပုဂ္ဂိုလ်, အန္ဓာဃာနကပုဂ္ဂိုလ်, ဗဓိရာ ဃာနက ပုဂ္ဂိုလ်သုံးမျိုးတို့၏၊ ဝသေန–ဖြင့်၊ တိကူတ္တံ–သုံးကြိမ်၊ နဝ–န်သော၊ (အာယတနာနိ ဝတ္တဗ္ဗာနိ သိယုံ)၊ စ–သည်သာ မကသေး၊ အန္ဓဗဓိရာ ဃာနကဿ–ပဋိသန္ဓေအားဖြင့် ကန်းလည်း ကန်း,နားလည်း ထိုင်း, ဃာနလည်း မရှိသောပုဂ္ဂိုလ်၏၊ ဝသေန–ဖြင့်၊ အဋ္ဌ–န်သော၊ အာယတနာနိ–တို့သည်၊ ဝါ–တို့ကို၊ ဝတ္တဗ္ဗာနိ–န်သည်၊ သိယုံ–န်ရာ၏၊ ဧဝံ ပန–ဤသို့ကား၊ န ဝုတ္တာနိ–ဟောတော်မမူအပ်ကုန်၊ တသ္မာ–ကြောင့်၊ သြပပါတိကဿ–၏၊ ဃာန ဝေကလ္လံ–ဃာန၏ချို့တဲ့သည်၏အဖြစ်သည်၊ နတ္ထိ–မရှိ၊ ဣတိ–ဤသို့ မှတ်အပ်၏၊ တထာစ–ထိုအတိုင်းပင်၊ ယမကဋ္ဌကထာယံ–၌၊ အဃာနကော၊ပေ၊ ဝဒေယျာတိ–ဟူ၍၊ ဝုတ္တံ–ပြီ။ [အဃာနကော–ဃာန မရှိသော၊ သြပပါတိ ကော–သည်၊ နတ္ထိ–မရှိ၊ ယဒိဘဝေယျ–အကယ်၍ ရှိအံ့၊ (ဧဝံသတိ–သော်၊) ကဿစိ အဋ္ဌာယတနာနိတိ–ဟူ၍၊ ဝဒေယျ၊–ဟောတော်မရာ၏။]

ပန–ကား၊ သံသေဒဇာနံ–သံသေဒဇတို့(အတွက်)၊ ဈာနာဘာဝေါ–ဈာနနှ၏မရှိခြင်းသည်၊ ဝါ–ကို၊ နိဝါရေတုံ–ငှာ၊ န သက္ကာ–ကောင်း၊ (ကသ္မာ–နည်း၊) ကာမ၊ပေ၊တျာဒိပါဠိယာ–အစရှိသောပါဠိတော်၏၊ ဝါ–ကို၊ (ဝုတ္တတ္တာဒ္ဓ လှမ်းစပ်၊) ဩပပါတိကယောနိမေဝ–ဩပပါတိကယောနိကိုသာလျှင်၊ သန္ဓာယ–ရည်ရွယ်တော်မူ၍လည်းကောင်း၊ သတ္တာယတနဂ္ဂဟဏာသ–သတ္တာယတန သဒ္ဒါ၏၊ အညေသံ–ဂဗ္ဘသေယျကမှ အခြားသော သတ္တဝါတို့၏(အတွက်)၊ အသမ္ဘဝတော–မဖြစ်သင့်ခြင်းကြောင့်၊ ဂဗ္ဘသေယျကမေဝ–ဂဗ္ဘသေယျကကိုသာ လျှင်၊ သန္ဓာယ စ–မူ၍လည်းကောင်း၊ ဝုတ္တတ္တာ–ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်တည်း၊ ပန–ဆက်၊ သံသေဒဇယောနိကာ–သံသေဒဇယောနိ ရှိသော သတ္တဝါတို့ကို၊ ပရိပုဏ္ဏာယတနဘာဝေန–ပြည့်စုံသော အာယတန ရှိကုန်သည်၏အဖြစ်ကြောင့်၊ ဩပပါတိကသင်္ဂဟံ–ဩပပါတိကသတ္တဝါ၌ သွင်းယူခြင်းကို၊ ကတွာ–၍၊ ဝုတ္တာ–နံပြီ၊ ဣတိ–ဤသို့သော၊ ယံ အဋ္ဌကထာ ဝစနံ–အကြင် အဋ္ဌကထာစကားသည်၊ (အတ္ထိ–၏၊) တမ္ပိ–ထို အဋ္ဌကထာ စကားကိုလည်း၊ ပရိပုဏ္ဏာယတနာနံယေဝ–ပြည့်စုံသော အာယတနရှိသည် သာလျှင်ဖြစ်ကုန်သော၊ သံသေဒဇာနံ–တို့ကို၊ ဩပပါတိကေသု–ဩပပါတိက သတ္တဝါတို့၌၊ သင်္ဂဟဝသေန–သိမ်းယူခြင်း၏အစွမ်းဖြင့်၊ ဝုတ္တံ–မိန့်ဆိုအပ်ပြီ။

ပန–ဝါဒန္တရကား၊ အပရေ–တစ်ပါးသောဆရာတို့သည်၊ ယမကေ–ယမိုက် ပါဠိတော်၌၊ဈာနဇိဝှာနံ–ဈာန,ဇိဝှာတို့၏၊ သဟစာရိတာ–တကွဖြစ်လေ့ရှိကုန် သည်၏ အဖြစ်ကို၊ ဝုတ္တာ–ဟောတော်မူအပ်ပြီ၊ ဣတိ–ကြောင့်၊ အဇိဝှကဿ– ဇိဝှာမရှိသော သတ္တဝါ၏၊ အသမ္ဘဝတော–ကြောင့်၊ အဃာနကဿပိ–ဃာန မရှိသော သတ္တဝါ၏လည်း၊ အဘာဝမေဝ–မရှိခြင်းကိုသာ၊ ဝဏ္ဏေန္တိ–ဖွင့်ဆိုကြ ကုန်၏၊ တတ္ထာပိ–ထိုယမိုက်ပါဠိတော်၌လည်း၊ စက္ခုသောတာနိ–တို့သည်၊ ရူပဘဝေ–ရူပဘဝ၌၊ ဃာနဇိဝှာဟိ–တို့နှင့်၊ ဝိနာ–၍၊ ပဝတ္တန္တိ ယထာ–နံသကဲ့သို့၊ ဧဝံ–ဤ့အတူ၊ ဃာနဇိဝှာ–တို့သည်၊ အညမညံ–ချင်း၊ ဝိနာ–၍၊ န ပဝတ္တန္တိ–နံ၊

---

**အပရေ ၊ပေ၊ ဝဏ္ဏေန္တိ**။ ။အဘိဓမ္မာဋီကာ (မူလဋီကာ)ဆရာ အရှင်အာနန္ဒာကို "အပရေ"ဟု ဆိုသည်၊ အာယတနယမိုက်ပါဠိတော်၌ "ယဿ ဃာနာယတနံ ဥပ္ပဇ္ဇတိ, တဿ ဇိဝှာယတနံ ဥပ္ပဇ္ဇတီတိ၊ အာမန္တာ၊ ယဿ ဝါ ပန ဇိဝှာယတနံ၊ပေ၊အာမန္တာ" ဟု ဟောတော်မူ၏၊ ထိုပါဠိတော်အလိုအားဖြင့် "ဃာနဖြစ်လျှင် ဇိဝှာဖြစ်, ဇိဝှာဖြစ်လျှင် လည်း ဃာနဖြစ်"ဟု တကွဖြစ်ဖက် အနေအားဖြင့် ဃာနနှင့် ဇိဝှာကို တွဲ၍ ဟောတော် မူရကား ဇိဝှာချို့သူ မရှိသကဲ့သို့, ဃာန ချို့သူလည်း မရှိထိုက်ဟု ဖွင့်ကြ၏။

**တတ္ထာပိ၊ပေ၊ဝတ္တုံ**။ ။"ယထာ၊ပေ၊အညမညံ ဝိနာ ပဝတ္တန္တိ"၌ ယထာ စသော ဥပမာနဝါကျသည် န ဧဝံ စသော ဥပမေယျဝါကျနှင့် မတူသော ဝိသဒိသူပမာဝါကျ တည်း၊ ရူပဘုံ၌ စက္ခု,သောတတို့သည် ဃာန,ဇိဝှာတို့နှင့် ကင်း၍ (ခွဲ၍)ဖြစ်ကြသကဲ့သို့,

(ကသ္မာ–နည်း၊) ဒွိန္နမ္ပိ–ဃာန, ဇိဝှာ နှစ်ပါးလုံးတို့၏လည်း၊ ရူပဘာဝေ–၌၊ အနုပ္ပဇ္ဇနတော–မဖြစ်ခြင်းကြောင့်တည်း၊ ဣတိ ဧဝံ–ဤသို့၊ ဝိသုံ ဝိသုံ–အသီးအသီး၊ ကာမဘဝေ–၌၊ အပ္ပဝတ္တိဝသေန–မဖြစ်ခြင်း၏အစွမ်းဖြင့်၊ တေသံ–ထိုဃာန, ဇိဝှာတို့၏၊ သဟာစာရိတာ–ကို၊ ဝုတ္တာ–အပ်ပြီ၊ ဣတိ–သို့၊ ဝတ္တုံ–ငှာ၊ န န သက္ကာ–မတတ်ကောင်းသည် မဟုတ်, တတ်ကောင်းသည်သာ၊ ဣတိ–ဤသို့ မှတ်အပ်၏။

**၅၄။** ဂဗ္ဘေ(မာတုကုစ္ဆိယံ)–အမိဝမ်း၌၊ သေန္တိ–ကိန်းတတ်ဖြစ်တတ်ကုန်၏၊ ဣတိ–ကြောင့်၊ ဂဗ္ဘသေယျကာ–တို့မည်၏၊ တေယေဝ–ထိုဂဗ္ဘသေယျကတို့သည်ပင်၊ ရူပါဒီသု–ရူပါရုံအစရှိသော အာရုံတို့၌၊ သတ္တတာယ–ငြိကပ်တတ်ကုန်သည်၏အဖြစ်ကြောင့်၊ သတ္တာ–သတ္တတို့ မည်၏၊ ဣတိ–ကြောင့်၊ ဂဗ္ဘသေယျကသတ္တာ–တို့မည်၏၊ တေ–ဤဂဗ္ဘသေယျကသတ္တဝါတို့သည်၊ အဏ္ဍဇဇလာဗုဇာ–ဥ၌ဖြစ်သောသတ္တဝါ,သားအိမ်၌ဖြစ်သောသတ္တဝါတို့တည်း၊ တိံသတိ ဒသကာနိ–သုံးပါးသောဒသကတို့သည်၊ ပါတုဘဝန္တိ–န်၏၊ ယာနိ–ယင်းသုံးပါးသော ဒသကတို့ကို၊ ကလလရူပန္တိ–ကလလရုပ်ဟူ၍၊ ဝုစ္စန္တိ–ဆိုအပ်ကုန်၏၊ စ–ဆက်၊ ပရိပိဏ္ဍိတာနိ–ကလာပ်သုံးရပ် ပေါင်းစပ်အပ်ကုန်သော၊ တာနိ–ထိုဒသကတို့သည်၊ ဇာတိဥဏ္ဏာယ–ဖွားပြီးခါစ, သိုးကလေးအမွေး၏၊ ပသန္နတိလတေလေ–ကြည်စွာသော နှမ်းဆီ၌၊ ပက္ခိပိတွာ–ထည့်ပြီး၍ (နှစ်ပြီး၍)၊ ဥဒ္ဓဋ္ဋသ–ထုတ်ဆယ်အပ်သော၊ ဧကဿ အံသုနော–အမွေး တစ်မျှင်၏၊

---

ဃာန, ဇိဝှာတို့သည် အချင်းချင်း ကင်း၍(ခွဲ၍) မဖြစ်ကြ၊ ဘာ့ကြောင့်နည်း၊ ဃာန, ဇိဝှာ နှစ်မျိုးလုံးပင် ရူပဘုံ၌ မဖြစ်ဘဲ ကာမဘုံ၌သာ ဖြစ်သောကြောင့်တည်း။

**ဧဝံ၊ပေ၊ဝုတ္တာ။** ။ဤဝါကျကား နိဂုံးတည်း၊ ဤဆိုအပ်ပြီးသည့်အတိုင်း ဃာန,ဇိဝှာ နှစ်ပါးလုံးပင် ကာမဘုံ၌သာ အဖြစ်တူမျှ၍ ဘုံအားဖြင့် တကွဲတခြားစီ မဖြစ်ခြင်းဟူသော သဟာစာရိတာကို ဟောတော်မူသော ပါဠိတော် ဖြစ်သည်၊ ထိုပါဠိတော်ထောက်၍ ဃာန မချို့ကောင်းဟု မယူထိုက်ပါ–ဟူလို။ [အပရေဆရာတို့ ဆိုပုံက ပါဠိတော်ကို ကိုးကား၍ ဆိုသောကြောင့် ထိုအပရေဝါဒကို ဋီကာဆရာက ပယ်ချ၍ ဃာန ချို့ပုံကို ပြသော်လည်း ထိထိမိမိ မရှိလှချေ။]

**ဂဗ္ဘသေယျကသတ္တာနံ။** ။ဂဗ္ဘသဒ္ဒါသည် ကိုယ်ဝန်သူငယ်အနက်, တိုက်ခန်းအနက်, အမိဝမ်းအနက်တို့ကို ဟော၏၊ ဤ၌ အမိဝမ်းအနက်ဟောဟု သိစေလို၍ "မာတုကုစ္ဆိယံ"ဟု ဖွင့်သည်၊ ဂဗ္ဘေ+သေန္တီတိ ဂဗ္ဘသေယျာ (ဏျပစ္စည်း ကတ္တားဟော)၊ ဂဗ္ဘသေယျာယေဝ ဂဗ္ဘသေယျကာ (ကပစ္စည်း သွတ္ထ၊) "ရူပါဒီသု သတ္တတာယ"ဖြင့် "ရူပါဒီသု သဇ္ဇန္တီတိ သတ္တာ"ဟု ပြစေလို၏၊ ဂဗ္ဘသေယျကာ စ+တေ+သတ္တာ စာတိ ဂဗ္ဘသေယျကသတ္တာ၊ ထိုဂဗ္ဘသေယျကသတ္တဝါတို့သည် အဏ္ဍဇ, ဇလာဗုဇအားဖြင့် နှစ်မျိုးပြား၏၊ ဇလာဗုဇ ပုဒ်ပြီးပုံကို ဘာသာဋီကာ၌ ရှုပါ။

(အင္ဂေ၌ စပ်၊) ပဋ္ဌရိတွာ–ယိုစီး၍၊ အင္ဂေ–အဖျား၌၊ ဌိတဗိန္ဒုမတ္တာနိ–တည်သော ဆီပေါက်မျှ အတိုင်းအရှည် ရှိကုန်သည်၊ အစ္ဆာနိ–ကြည်လင်ကုန်သည်၊ ဝိပ္ပသန္နာနိ–အထူးသဖြင့် ကြည်လင်ကုန်သည်၊ (ဟောန္တိ–န်၏)။

အဘာဝကသတ္တာနံ–ဘာဝရုပ်မရှိသော သတ္တဝါတို့၏၊ ဝသေန–အစွမ်းဖြင့်၊ ကဒါစိ–တစ်ရံတစ်ခါ၌၊ န လဗ္ဘတိ–အပ်၊ တတောပရန္တိ–ကား၊ ပဋိသန္ဓိတော–ပဋိသန္ဓေအခါမှ၊ ပရံ–နောက်၌၊ ပဝတ္တိကာလေတိ–ကား၊ သတ္တမေ သတ္တာဟေ–ခုနစ်ခုမြောက် သတ္တာဟ၌၊ ဝါ–တစ်နည်း၊ ဋီကာကာရမတေန–မူလဋီကာ ကျမ်းပြုဆရာ အရှင်အာနန္ဒာ၏ အလိုအားဖြင့်၊ ဧကာဒသမေ သတ္တာဟေ–(၁၁)ခုမြောက် သတ္တာဟ၌။

ကမေနာတိ–ကား၊ စက္ခုဒသကပါတုဘာဝတော–စက္ခုဒသက ထင်ရှား ဖြစ်ရာအခါမှ၊ သတ္တာဟာတိက္ကမေန–ခုနစ်ရက်ကို လွန်သဖြင့်၊ သောတဒသကံ–က,လည်းကောင်း၊ တတော–ထိုသောတဒသက ထင်ရှားရာအခါမှ၊ သတ္တာဟာ တိက္ကမေန–သဖြင့်၊ ဃာနဒသကံ–လည်းကောင်း၊ တတော–ထိုဃာနဒသက ထင်ရှားရာအခါမှ၊ သတ္တာဟာတိက္ကမေန–သဖြင့်၊ ဇိဝှာဒသကံ–လည်းကောင်း၊ ဣတိဝေ–သို့၊ အနုက္ကမေန–အားဖြင့်၊ (ဟောန္တိ–န်၏၊) ဟိ–မှန်၊ အဋ္ဌကထာယမ္ပိ–၌လည်း၊ အယံ အတ္တော–ကို၊ ဒဿိတော၀–ပြအပ်သည်သာ။ [ကလလ ရေကြည်မှစ၍ သတ္တမသတ္တာဟ, တစ်နည်း– ဧကာဒသမသတ္တာဟ၌ စက္ခု စသည်တို့ ဖြစ်ပုံ, ကမေန–ကမ္မေန မူကွဲပုံ, အဓိပ္ပာယ် အမှန်ယူပုံများကို သင်္ဂြိုဟ်ဘာသာဋီကာ၌ အကျယ်ပြထားပြီ။]

၅၅။ ဌိတိကာလန္တိ–ကား၊ ပဋိသန္ဓိစိတ္တဿ–၏၊ ဌိတိကာလံ–ကို၊ (ဥပါဒါယ–အစပြု၍၊) ဟိ–မှန်၊ ပဋိသန္ဓိစိတ္တသဟဇာတာ–ပဋိသန္ဓေစိတ်နှင့်တကွ ဖြစ်သော၊ ဥတု–သည်၊ ဌာနပ္ပတ္တာ–ဌီခဏသို့ ရောက်သည်၊ (ဟုတွာ–၍၊) တဿ–ထိုပဋိသန္ဓေစိတ်၏၊ ဌိတိက္ခဏေ–၌၊ သုဒ္ဓဋ္ဌကံ–သုဒ္ဓဋ္ဌက ကလာပ်ကို၊ သမုဋ္ဌာပေတိ–၏၊ တဒါ–ထိုဌီခဏ၌၊ ဥပ္ပန္နာ–ဖြစ်သော၊ (ဥတု–သည်၊) ဘင်္ဂက္ခဏေ–(ပဋိသန္ဓေစိတ်၏)ဘင်ခဏ၌၊ (သုဒ္ဓဋ္ဌကံ–ကို၊ သမုဋ္ဌာပေတိ–၏၊) ဣတိအာဒိနာ–သော၊ အနုက္ကမေန–အစဉ်အားဖြင့်၊ ဥတု–သည်၊ ရူပံ–ကို၊ ဇနေတိ–၏၊ ဩဇာဖရဏမုပါဒါယာတိ–ကား၊ ဂဗ္ဘသေယျကဿ–ဂဗ္ဘသေယျကသတ္တဝါ၏၊ မာတု–အမိ၏၊ အဇ္ဈောဟဋာဟာရတော–စားမျိုအပ်သော အာဟာရမှလည်းကောင်း၊ သံသေဒဇောပပါတိကာနံ–သံသေဒဇ သတ္တဝါ, ဩပပါတိကသတ္တဝါတို့၏၊ မုခဂတသေမှာဒိတော စ–ခံတွင်း၌ ဖြစ်သော သလိပ် အစရှိသည်မှလည်းကောင်း၊ ဩဇာယ–၏၊ ရသဟရဏီ အနုသာရေန–အရသာကို ဆောင်တတ်သော အကြောကို အစဉ်လျှောက်သဖြင့်၊ သရီရေ–၌၊ ဖရဏကာလတော–ပျံ့နှံ့ရာအခါမှ၊ ပဋ္ဌာယ–စ၍၊ (ပဝတ္တတိ–၏)။ [အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ။]

**၅၆။** တေသ–ဤ(၁၇)ချက်မြောက်စိတ်၏၊ ဥပရိမံ–အထက်၌ဖြစ်သော၊ စုတိစိတ္တံ–သည်၊ (အတ္တ–၏၊) ဩတိ–ကြောင့်၊ (တံ–ထို ၁၇ ချက်မြောက်စိတ်သည်၊) စုတိစိတ္တောပရိ–စုတိစိတ္တောပရိမည်၏၊ [ဥပရိကို "ဥပရိမံ"ဟုဖွင့်သည်၊] ကမ္မဇရူပါနိ–တို့သည်၊ န ဥပ္ပဇ္ဇန္တိ–ကုန်၊ (ကသ္မာ–နည်း၊) တဒုပ္ပတ္တိယံ–ထိုကမ္မဇရုပ်တို့၏ ဖြစ်ခြင်းသည်၊ (သတိ–ရှိလတ်သော်၊) မရဏာဘာဝတော–သေခြင်း၏ မရှိခြင်းကြောင့်တည်း၊ ဟိ–မှန်၊ ကမ္မဇရူပဝိစ္ဆေဒေ–ကမ္မဇရုပ်တို့၏ပြတ်စဲရာအခါ၌၊ မတောတိ–သေပြီဟူ၍၊ ဝုစ္စတိ–အပ်၏၊ ယထာဟ–အဘယ်ကဲ့သို့ ဟောတော်မူသနည်း၊ အာယု၊ပေ၊ကလိင်္ဂရန္တိ–ဟူ၍၊ (အာဟ–ဟောတော်မူပြီ။)

[အာယု–ရုပ် နာမ်နှစ်ဝ, ဇီဝိတဟူသော အသက်သည်လည်းကောင်း၊ ဥသ္မာ စ–ကမ္မဇတေဇောဟူသော ကိုယ်ငွေ့သည်လည်းကောင်း၊ ဝိညာဏံ–ဝိပါက်ဝိညာဏ်သည်လည်းကောင်း၊ ယဒါ–၌၊ ဣမံ ကာယံ–ဤ ကိုယ်ကို၊ ဇဟန္တိ–စွန့်ကုန်၏၊ တဒါ–၌၊ (အယံ ကာယော–သည်၊) နိရတ္ထံ–အကျိုးမရှိသော၊ ဝါ–အသုံးမဝင်သော၊ ကလိင်္ဂရံဝ–ထင်းပုပ် ထင်းဆွေးကဲ့သို့၊ အပဝိဒ္ဓေါ–သုံး၍မဖြစ်, စွန့်ပစ်အပ်သည်၊ (ဟုတွာ–၍၊) သေတိ–သုသာန်တစ, သချိုင်းဝ၌, ကိန်းရလေ၏။]

ပုရေတရန္တိ–ကား၊ သတ္တရသမသ–(၁၇)ချက်မြောက်စိတ်၏၊ ဥပ္ပါဒက္ခဏေ–ဥပါဒ်ခဏ၌၊ (ဥပ္ပန္နာနိ၌ စပ်၊) [(၁၇)ချက်မြောက်စိတ်၏ ဌီခဏမှ စ၍ ကမ္မဇရုပ်သစ်များ မဖြစ်ကြ၊ ဥပါဒ်ခဏ၌သာ ဖြစ်ကြသည်၊] တတော ၊ပေ၊ ဝေါစ္ဆိဇ္ဇတိတိ–ကား၊ အဇီဝကသန္တာနေ–အသက်မရှိသော ရုပ်အစဉ်၌၊ တေသံ–ထိုစိတ္တဇ,အာဟာရဇရုပ်တို့၏၊ ဥပ္ပတ္တိယာ–ဖြစ်ခြင်း၏၊အဘာဝတော–မရှိခြင်းကြောင့်၊ ယထာနိဗ္ဗတ္တံ–အကြင် အကြင် ဖြစ်ပြီးသော၊ စိတ္တဇံ–စိတ္တဇရုပ်သည်လည်းကောင်း၊ အာဟာရဇဉ္စ–အာဟာရဇရုပ်သည်လည်းကောင်း၊ တတော–ထိုစုတိ၏ဘင်ခဏမှ၊ ပရံ–နောက်၌၊ ကိဉ္စိကာလံ–စိုးစဉ်း အနည်းငယ်သော ကာလမျှ၊ ပဝတ္တိတွာ–ဖြစ်၍၊ နိရုဇ္ဈတိ–ချုပ်၏၊ [ကိဉ္စိကာလံအရ ဖြစ်သင့်သော ကာလို အခြေပြုသကြိုဟ်၌ပင် ဆောင်ပုဒ်နှင့်တကွ ပြထားပြီ၊] ပန–ဝါဒန္တရကား၊ အပရေ–န်သော၊ အာစရိယာ–မူလဋီကာကျမ်းပြု ဆရာတို့သည်၊ စိတ္တဇရူပံ–သည်၊ စုတိစိတ္တတော–မှ၊ ပုရေတရမေဝ–ရှေးဦးစွာသာလျှင်၊ ဝေါစ္ဆိဇ္ဇတိ–ပြတ်စဲ၏၊ ဣတိ–သို့၊ ဝဏ္ဏေန္တိ–ဖွင့်ဆိုကြကုန်၏။ [ဤ အပရေဆရာတို့ဝါဒနှင့် စပ်၍ သိမှတ်ဖွယ်ကိုလည်း ဘာသာဋီကာ၌ ပြထားပြီ။]

**၅၈။** ရူပလောကေ–ရူပဘုံ၌၊ ဃာန၊ပေ၊ကာယာနံ–တို့၏၊ အဘာဝေ–မရှိခြင်း၌၊ ကာရဏံ–အကြောင်းကို၊ ဝုတ္တမေဝ–ဆိုအပ်ပြီးသည်သာ၊ [ပကိဏ်းပိုင်း, ဝတ္ထုသင်္ဂဟ၌ ဆိုအပ်ခဲ့ပြီး–ဟူလို၊] ပန–ကား၊ ဘာဝဒွယံ–ဘာဝရုပ်နှစ်ခု အပေါင်းသည်၊ ဗဟလကာမရာဂူပနိဿယတ္တာ–ထူထဲသော ကာမရာဂ၏ မှီရာ အကြောင်း၏အဖြစ်ကြောင့်လည်းကောင်း၊ ဗြဟ္မာနံ–တို့၏၊ တဒဘာဝတော–ထိုကာမရာဂ၏ မရှိခြင်းကြောင့်လည်းကောင်း၊ တတ္ထ–ထိုရူပဘုံ၌၊ န ပဝတ္တတိ–မဖြစ်၊ အာဟာရဇကလာပါနိ စ–အာဟာရဇကလာပ်တို့ကိုလည်း၊ န လဗ္ဘန္တိ–ကုန်၊ (ကသ္မာ–နည်း၊) အဇ္ဈောဟဋာဟာရာဘာဝေန–စားမျိုအပ်သော ဗဟိဒ္ဓ အာဟာရ၏ မရှိခြင်းကြောင့်၊ သရီရဂတဿပိ–ကိုယ်၌တည်သည်လည်း ဖြစ်သော၊ အာဟာရဿ–အဇ္ဈတ္တအာဟာရ၏၊ ရူပသမုဋ္ဌာပနာဘာဝတော–ရုပ်ကို ဖြစ်စေခြင်း၏မရှိခြင်းကြောင့်တည်း၊ ဟိ–မှန်၊ ဗာဟိရံ–အပဉ္စဖြစ်သော၊ ဥတုံ–ဥတုလည်းဖြစ်သော၊ အာဟာရဉ္စ–အာဟာရလည်းဖြစ်သော၊ ဥပနိဿယံ–အားကြီးသော မှီရာကို၊ လဘိတွာ–ရ၍၊ ဝါ–ရမှ၊ ဥတုအာဟာရာ–အဇ္ဈတ္တ ဥတု, အဇ္ဈတ္တအာဟာရတို့သည်၊ ရူပံ–ကို၊ သမုဋ္ဌာပေန္တိ–န်၏၊ ဇီဝိတနဝကန္တိ–ကား၊ ကာယာဘာဝတော–ကာယပသာဒ၏မရှိခြင်းကြောင့်၊ ကာယဒသက ဋ္ဌာနိယံ–ကာယဒသကအရာ၌တည်သော၊ ဇီဝိတနဝကံ–ဇီဝိတနဝကလည်း ကောင်း။ [ဣတိ၌ စပ်၊ ဇီဝိတဆက္က, စက္ခုသတ္တက စသော အခေါ်ကို ဘာသာဋီကာ၌ ရှုပါ။]

**၅၉။** အတိရိစ္စတီတိ–ကား၊ သေသဗြဟ္မာနံ–အသညသတ်မှ ကြွင်းသော ဗြဟ္မာတို့၏၊ ပဋိသန္ဓိယံ–ပဋိသန္ဓေအခါ၌လည်းကောင်း၊ ပဝတ္တေ စ–၌လည်း ကောင်း၊ ဥပလဘိတဗ္ဗရူပတော–ရထိုက်သော ရုပ်မှ၊ အဝသိဋ္ဌံ–ကြွင်းကျန်ရစ်သည်၊ ဟောတိ–၏၊ ပန–ဆက်၊ မရဏကာလေ–၌၊ ဗြဟ္မာနံ–တို့၏၊ သရီရနိက္ခေပါဘာဝတော–အလောင်းကောင်ကို ပစ်ချရခြင်း၏ မရှိခြင်းကြောင့်၊ သဗ္ဗေသံပိ–အလုံးစုံသော ဗြဟ္မာတို့၏လည်း၊ တိသမုဋ္ဌာနာနိ–သုံးပါးသော အကြောင်းတို့ကြောင့်ဖြစ်သော ရုပ်တို့သည်လည်းကောင်း၊ [အသညသတ်မှ တစ်ပါးသော ဗြဟ္မာတို့အတွက်၊] ဒွိသမုဋ္ဌာနာနိ စ–နှစ်ပါးသော အကြောင်း ကြောင့် ဖြစ်သော ရုပ်တို့သည်လည်းကောင်း၊ [အသညသတ်အတွက်၊] သဟေဝ–အတူတကွသာလျှင်၊ နိရုဇ္ဈန္တိ–န်၏။

**၆၀။** ရူပေသု–အသညသတ်သည် ကြည်အပ်သော ရူပ(၁၅)ဘုံတို့၌၊ တေဝီသတိ–(၁၃)ပါးသော၊ (ရူပါနိ–တို့သည်၊ ဟောန္တိ–န်၏၊ ကသ္မာ–နည်း၊) ဃာန၊ပေ၊ဝသေန–ဃာနပသာဒ,ဇိဝှာပသာဒ,ကာယပသာဒ,ဘာဝရုပ်နှစ်ပါး အပေါင်းတို့၏အပြားအားဖြင့်၊ ပဉ္စန္နံ–ငါးပါးသောရုပ်တို့၏၊ အဘာဝတော–တည်း၊ ပန–ဝါဒန္တရကား၊ ကေစိ–တို့သည်၊ လဟုတာဒိတ္တယမ္ပိ–လဟုတာ

အစရှိသော ရုပ်သုံးပါးအပေါင်းသည်လည်း၊ တေသု–ထိုအသညသတ်သည် ကြဉ်အပ်သော ရူပ(၁၅)ဘုံတို့၌၊ နတ္ထိ–မရှိ၊ (ကသ္မာ–နည်း၊) ဒန္ဓတ္တ၊ပေ၊ ဘာဝတော–ဒန္ဓတ္တကရ အစရှိသော ဓာတ်ချောက်ချားခြင်း၏ မရှိခြင်းကြောင့် တည်း၊ ဣတိ–သို့၊ ဝဒန္တိ–နန်၏၊ တံ–ထိုအကြောင်းသည်၊ အကာရဏံ–သင့်သောအကြောင်း မဟုတ်၊ (ကသ္မာ–နည်း၊) ဟိ(ယသ္မာ)–ကြောင့်၊ တဗ္ဗိ ရောဓိမ္မပ္ပဝတ္တိ–ထို ဒန္ဓတ္တကရာဒိ ဓာတုက္ခောဘတို့၏ ဆန့်ကျင်ဘက်ဖြစ်သော လဟုတာစသော တရားတို့၏ ဖြစ်ခြင်းသည်၊ ဂူပသမေတဗ္ဗာပေက္ခာ–ငြိမ်းစေထိုက်သော ဓာတ်ချောက်ချားခြင်းကို ရှုငဲ့ခြင်းရှိသည်၊ န–မဟုတ်၊ တထာ–ထို ဂူပသမေတဗ္ဗကို ရှုငဲ့ခြင်းသည်၊ သတိ–လတ်သော်၊ သဟေတုကြိယ စိတ္တေသု–သဟိတ်မဟာကြိယာစိတ်တို့၌၊ လဟုတာဒီနံ–လဟုတာ အစရှိသော စေတသိက်တို့၏၊ အဘာဝပ္ပသင်္ဂဟော–မဖြစ်ခြင်း၌ လျှဉ်းပါးဖွယ် ရှိခြင်း ကြောင့်တည်း။

သဒ္ဒေါဝိကာရောတျာဒိ–အစရှိသောဂါထာကို၊ သဗ္ဗေသမ္ပိ–အလုံးစုံသော ပုဂ္ဂိုလ်တို့၏လည်း၊ ဝါ–တို့နှင့်လည်း၊ သာဓာရဏဝသေန–ဆက်ဆံခြင်း၏ အစွမ်းဖြင့်၊ ဝုတ္တံ–ပြီ။

---

**ကေစိ၊ပေ၊အဘာဝတော**။ ။ရူပဘုံ၌ ဒန္ဓတ္တကရ–လေးလံသည်၏အဖြစ်ကို ပြုတတ်သော ဓာတ်ဖောက်ပြန်ခြင်း, (အာဒိဖြင့်) ထဒ္ဓတ္တကရ–ကြမ်းတမ်းသည်၏ အဖြစ်ကို ပြုတတ်သော ဓာတ်ဖောက်ပြန်ခြင်း, အကမ္မညတ္တကရ–ထိုထိုအမှု၌ မကောင်းသည်၏ အဖြစ်ကို ပြုတတ်သော ဓာတ်ဖောက်ပြန်ခြင်း မရှိသောကြောင့် ထိုဒန္ဓတ္တ စသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်သော လဟုတာ, မုဒုတာ, ကမ္မညတာ ရုပ်သုံးမျိုး မရနိုင်ဟု ကေစိဆရာတို့ ဆိုကြသည်။

**တံ အကာရဏံ၊ပေ၊ပဝတ္တတိ**။ ။လဟုတာ စသောရုပ်သုံးပါးသည် (ဓာတုက္ခောဘကို ငြိမ်းဖို့ရာ) ဒန္ဓတ္တ စသော ဆန့်ကျင်ဘက်ကို ငဲ့နေသည် မဟုတ် (ဆန့်ကျင်ဘက် ငြိမ်းသတ်စရာကို ငြိမ်းရမှ ဖြစ်သည်မဟုတ်၊) စိတ် ဥတု အာဟာရ အကြောင်းတို့က သပ္ပာယဖြစ်နေလျှင် အမြဲ လဟုတာ စသည်တို့ ဖြစ်ကြသည်၊ ထို့ကြောင့် "ဒန္ဓတ္တကရာဒိ ဓာတုက္ခောဘာဘာဝတော"သည် ယုတ္တိရှိသောအကြောင်း မဟုတ်။

**တထာ သတိ၊ပေ၊ပသင်္ဂတော**။ ။"ဒန္ဓတ္တကရ၊ပေ၊ဘာဝတော"ဟူသော အကြောင်း သည် ယုတ္တိရှိလျှင် အဘယ်အပြစ် ရှိသနည်း–ဟု မေးဖွယ်ရှိသောကြောင့် "တထာ သတိ"စသည် မိန့်၊ ထိုအကြောင်းသည် ယုတ္တိရှိလျှင် သဟိတ်ကြိယာစိတ်သည် ရဟန္တာတို့သန္တာန်မှာ ဖြစ်သောကြောင့် လေးလံသည်၏အဖြစ် စသည်ကို ပြုတတ်သော ထိန မိဒ္ဓစသော တရားများ မရှိကြ၊ ထိုတရားများ မရှိလျှင် ထိုတရားတို့ကို ပယ်တတ် (ငြိမ်းတတ်)သော လဟုတာစသော စေတသိက်တို့ ဖြစ်ဖွယ်မလို–ဟု ထင်မှားစရာ ရှိခြင်းဟူသော အပြစ်ရှိသည်၊ အမှန်ကား–ရဟန္တာသန္တာန်၌ ငြိမ်းသတ်စရာ မရှိသော်လည်း ထိုလဟုတာစသော စေတသိက်များကား ထိုကြိယာစိတ်၌ အမြဲယှဉ်လျက် ရှိရသည်သာ။

**၆၂။** ဝေတ္တာဝတာ–ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်၊ ["တတ္ထ စိတ္တံတာဝ"မှစ၍ "န ကိဉ္စိပိ န လဗ္ဘတိ"တိုင်အောင်သော စကားအစဉ်ဖြင့်၊] စိတ္တ၊ပေ၊ရူပါနိ–တို့ကို၊ ဝိဘာဂတော–အကျယ်ဝေဖန်အပ်သော အပြားအားဖြင့်၊ နိဒ္ဒိသိတွာ–ညွှန်ပြပြီး၍၊ ဣဒါနိ–၌၊ နိဗ္ဗာနံ–ကို၊ နိဒ္ဒိသန္တော–အကျယ် ညွှန်ပြလိုသော၊ (အာစရိယော–သည်၊) နိဗ္ဗာနံ ပနာတျာဒိ–အစရှိသော၊ (ယံ ဝစနံ–သည်၊ အတ္ထိ–၏၊ တံ ဝစနံ–ကို၊) အာဟ–ပြီ၊ စတု၊ပေ၊လောကိယနာ–ဤပါဠိဖြင့်၊ နိဗ္ဗာနသဿ–နိဗ္ဗာန်၏၊တံတံအရိယပုဂ္ဂလာနံ–ထိုထိုအရိယာပုဂ္ဂိုလ်တို့၏(ဉာဏ်၌)၊ ပစ္စက္ခသိဒ္ဓတ္တံ–မျက်မှောက်အားဖြင့် ထင်ရှားသည်၏အဖြစ်ကို၊ ဒဿေတိ–၏၊ မဂ္ဂ၊ပေ၊လောကိယနာ–ဤပါဠိဖြင့်၊ ကလျာဏပုထုဇ္ဇနာနံ–ရုပ်နာမ်အကြောင်း, ကောင်းကောင်းသိမြင်, ကလျာဏပုထုဇဉ်တို့၏၊ အနုမာနသိဒ္ဓတံ–အစဉ် လျောက်၍ သိတတ်သောဉာဏ်အား ထင်ရှားသည်၏အဖြစ်ကို၊ ဝါ–မှန်းဆ၍ သိတတ်သောဉာဏ်အား ထင်ရှားသည်၏အဖြစ်ကို၊ (ဒဿေတိ–၏။)

ဟိ–မှန်၊ သစ်တဓမ္မာရမဏံ–သစ်တတရားလျှင် အာရုံရှိသည်မူလည်းဖြစ် သော၊ ပညတ္တာရမဏံ ဝါ–ပညတ်တရားလျှင် အာရုံရှိသည်မူလည်းဖြစ်သော၊ ဉာဏံ–ဉာဏ်သည်၊ ကိလေသာနံ–ကိလေသာတို့ကို၊ သမုစ္ဆေဒပဋိပ္ပဿမ္ဘနေ–အကြွင်းမဲ့ဖြတ်ခြင်း, တစ်ဖန်ငြိမ်းစေခြင်း၌၊ အသမတ္ထံ–မစွမ်းနိုင်၊ [သမုစ္ဆေဒေ

**ပစ္စက္ခအနုမာနသိဒ္ဓ**။ ။"သစ္ဆိကာတဗ္ဗံ–မျက်စိအောက်၌ ရောက်နေသလို နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏"ဟု ဆိုသောကြောင့် နိဗ္ဗာန်ကို အာရုံပြုနိုင်သော အရိယာပုဂ္ဂိုလ်၌ တိုက်ရိုက်ထင်ရှားသော ပစ္စက္ခသိဒ္ဓတရားဟု ပြ၏၊ မဂ်ဖိုလ် မရသေးသော်လည်း ရုပ်နာမ်၏ အကြောင်းကိုကား ကောင်းကောင်းသိပြီးသော ကလျာဏပုထုဇဉ်တို့၌ (သစ်တ ရုပ် နာမ်၏ ပြောင်းပြန်ဖြစ်သော အသစ်တနိဗ္ဗာန်သည် ဤတရားမျိုးဖြစ်ဖို့ရန် ရှိ၏)ဟု အနုမာနသိဒ္ဓ(မှန်းဆတတ်သော ဝိပဿနာဉာဏ်အား ထင်ရှားသော)တရား ဖြစ်သည်ဟုလည်း ပြသည်။

**မှတ်ချက်**။ ။ဤဋီကာ၌ နိဗ္ဗာန်ကို ပုထုဇဉ်များအတွက် "အနုမာနသိဒ္ဓ"ဟု ဆိုသော်လည်း အနုဋီကာ ဒုကမာတိကာအဖွင့်၌ကား နိဗ္ဗာန်ကို သြကပ္ပနသိဒ္ဓ(သက်ဝင် ယုံကြည်တတ်သော သဒ္ဓါကြောင့် ထင်ရှားသော)တရားဟု ဆိုသည်၊ [ကောစိ သြကပ္ပနသိဒ္ဓေါ၊ ယော ပစုရဇနဿ အစ္စန္တံ အဒိဋ္ဌော သဒ္ဓါဝိသယော သဂ္ဂနိဗ္ဗာနာဒိ= လူအများတို့ စင်စစ် မမြင်နိုင်သော ဘုရားစကားတော်ကို ယုံကြည်မှုသဒ္ဓါ၏အရာ ဖြစ်သော တမလွန်ဘဝ နတ်ပြည် နိဗ္ဗာန် စသောအရာသည် သြကပ္ပနသိဒ္ဓတည်း၊ ဤသို့ သာမန်လူများအတွက် ဘုရားဟောထားသောကြောင့်သာ ယုံကြည်ရသော တရားဖြစ်သော် လည်း ကလျာဏပုထုဇဉ်တို့မှာ ရုပ်နာမ်ကို အနိစ္စ ဒုက္ခ အနတ္တ ရှုလိုက်လျှင် နိဗ္ဗာန်၏ နိစ္စ သုခ ဖြစ်ပုံကိုလည်း မှန်းဆနိုင်သောကြောင့် အနုမာနသိဒ္ဓဟု ဤဋီကာက ဆိုထားဟန် တူသည်။ [ဤစကားအရ သိဒ္ဓသုံးမျိုးကို မှတ်ပါ။] •

[ဆောင်] **အနုမာန, သြကပ္ပနှင့်, ပစ္စက္ခတစ်ဖြာ, သုံးမျိုးလာ, မှတ်ပါသိဒ္ဓတည်း။**

အသမတ္တံဖြင့် မင်္ဂကဲ့သို့ အကြွင်းမဲ့ မဖြတ်နိုင်ကြောင်း ပြ၏၊ ပဋိပဿမ္ဘနေ အသမတ္တံဖြင့် ဖိုလ်ကဲ့သို့ မငြိမ်းစေနိုင်ကြောင်း ပြ၏၊] လောကေ စ–၌လည်း၊ ကိလေသသမုစ္ဆေဒါဒိ–ကိလေသာကို အကြွင်းမဲ့ဖြတ်ခြင်း အစရှိသော တရားသည်၊ အတ္ထိ–၏၊ [အာဒိဖြင့် ပဋိပဿမ္ဘနကို ယူ၊] တသ္မာ–ကြောင့်၊ သင်္ခတာပေ၊ ဝိပရီတော–သင်္ခတတရား, ပညတ်တရားတို့၏ ပြောင်းပြန်ဖြစ်သော၊ (သင်္ခတတရားလည်း မဟုတ်, ပညတ်တရားလည်း မဟုတ်သော၊) ကိလေသာနံ–တို့ကို၊ သမုစ္ဆေဒပဋိပဿဒ္ဓိကရာနံ–အကြွင်းမဲ့ ပယ်ဖြတ်ခြင်း, တစ်ဖန်ငြိမ်းစေခြင်းကို ပြုတတ်ကုန်သော၊ မဂ္ဂဖလာနံ–တို့၏၊ အာရမဏဘူတော–အာရုံဖြစ်၍ ဖြစ်သော၊ နိဗ္ဗာနံ နာမ–နိဗ္ဗာန်မည်သော၊ ဧကော–တစ်ပါးသော၊ ဓမ္မော–သည်၊ အတ္ထိ–၏၊ ဣတိ–ဤအနက်သဘောသည်၊ သိဒ္ဓံ–ထင်ရှား၏။

စ–ဆက်၊ ပစ္စက္ခာ၊ပေ၊သန္တသနေန–ပစ္စက္ခသိဒ္ဓ, အနုမာနသိဒ္ဓ၏အဖြစ်ကို ပြသဖြင့်၊ နိဗ္ဗာနံ–သည်၊ အဘာဝမတ္တံ–မရှိခြင်းပညတ်သာတည်း၊ ဣတိ–ဤသို့၊ ဝိပ္ပဋိပန္နာနံ–ဖောက်ဖောက်ပြန်ပြန်ကျင့်သူ လူပြိန်း လူအတို့၏၊ ဝါဒံ–အယူဝါဒကို၊ နိသေဓေတိ–တားမြစ်၏၊ ဣတိ–ဤသို့ဖြစ်နိုင်သောကြောင့်၊ အတိပ္ပပဉ္စေန–ဖြင့်၊ အလံ–ပြီ၊ ခန္ဓာဒိဘေဒေ–ခန္ဓာအစရှိသော အပြားရှိကုန်သော၊ တေဘူမက ဓမ္မေ–တို့ကို၊ ဟေဋ္ဌုပရိယဝသေန–အောက်အထက်၌ ဖြစ်ခြင်း၏အစွမ်းဖြင့်၊ [အကြွင်းအကျန် မရှိအောင် အာရုံပြုသည်ကို "ဟေဋ္ဌုပရိယ–အောက်အထက်၌ ဖြစ်ခြင်း"ဟု ဆိုသည်၊] ဝိနနတော သံသိဗ္ဗနတော–ချုပ်စပ်တတ်သည်၏အဖြစ်ကြောင့်၊ ဝါနသင်္ခါတာယ–ဝါနဟု ဆိုအပ်သော၊ တဏှာယ–မှ၊ နိက္ခန္တတ္တာ–ထွက်မြောက်တတ်သည်၏အဖြစ်ကြောင့်၊ ဝိသယာတိက္ကမဝသေန–တဏှာ၏ နယ်ကို ကျော်လွန်ခြင်း၏အစွမ်းဖြင့်၊ အတီတတ္တာ–လွန်မြောက်သည်၏အဖြစ်ကြောင့်၊ (နိဗ္ဗာနန္တိ–ဟူ၍၊ ပဝုစ္စတိ–၏၊) [အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ရှု။]

၆၃။ သဘာဝတောတိ–ကား၊ အတ္တနော–မိမိဟူသော နိဗ္ဗာန်၏၊ သန္တိ လက္ခဏေန–ငြိမ်းအေးခြင်းဟူသော လက္ခဏာဖြင့်၊(ကေဝိဓမ္မိ၌ စပ်၊) ["သကို အတ္တနော, ဘာဝကို(သန္တိ)လက္ခဏာ"ဟု ဖွင့်သည်၊] ကာမုပါဒါနာဒီဟိ–ကာမုပါဒါန် အစရှိသော ဥပါဒါန်တရားတို့သည်၊ ဥပါဒီယတိ–ကပ်၍ ယူအပ်, စွဲလမ်းအပ်၏၊ ဣတိ–ကြောင့်၊ ဥပါဒိ–မည်၏၊ တေ–ဤဥပါဒိဟူသောအမည်သည်၊ ပဉ္စက္ခန္ဓဿ–လောကီခန္ဓာငါးပါး၏၊ အဓိဝစနံ–တည်း၊ [လောကီဝိပါက်နှင့် ကမ္မဇရုပ်ကိုသာ "ဥပါဒိ"အရ ကောက်ယူသော နည်းလည်းရှိသေး၏၊] ဥပါဒိယေဝ–လောကီခန္ဓာငါးပါးသော ဥပါဒိသည်ပင်၊ ကိလေသေဟိ–ပယ်အပ်သော ကိလေသာတို့မှ၊ သေသော–ကြွင်းကျန်ရစ်သော တရားတည်း၊ [illegible]ကြောင့်၊ ဥပါဒိသေသော–မည်၏၊ (ယာ–အကြင် နိဗ္ဗာနဓာတ်သည်၊) [illegible]ဒိသေသနှင့်၊ ဝါ–ထိုကိလေသာတို့မှ ကြွင်းကျန်ရစ်သော လောကီ

ခန္ဓာငါးပါးနှင့်၊ သဟ–တကွ၊ ဝတ္တတိ–၏၊ ဣတိ–ကြောင့်၊ (သာ–ထိုနိဗ္ဗာန ဓာတ်သည်၊) သဥပါဒိသေသာ–သာ မည်၏၊ သာ ဧဝ–ထို သဥပါဒိသေသာ သည်ပင်၊ နိဗ္ဗာနဓာတု–နိဗ္ဗာနဓာတ်တည်း၊ ဣတိ–ကြောင့်၊ သ၊ပေ၊ဓာတု–မည်၏၊ ကာရဏပရိယာယေနာတိ–ကား၊ သဥပါဒိသေသာဒိဝသေန–သဥပါဒိ သေသ အစရှိသည်တို့၏အစွမ်းဖြင့်၊ ပညာပနေ–ပညတ်ခြင်း၌၊ ဝါ–နာမည် တပ်ခြင်း၌၊ ကာရဏဘူတဿ–အကြောင်းဖြစ်၍ဖြစ်သော၊ ဥပါဒိ၊ပေ၊ဘာဝဿ–ဥပါဒိသေသ ရှိခြင်း, မရှိခြင်း၏၊ လေသေန–အမြွက်အားဖြင့်၊ [ဒုဝိဓံ၌ စပ်၊ ပရိယာယေနကို "လေသေန"ဟု ဖွင့်၏၊ ထိုကာရဏလေသဟူသည်လည်း ကာရဏူပစာတည်း၊ သဥပါဒိသေသ စသည်အကျယ်ကို ဘာသာဋီကာ၌ ရှု။]

၆၄။ အာရမဏတော–အာရုံအားဖြင့်လည်းကောင်း၊ သမ္ပယောဂတော စ–သမ္ပယုတ်အားဖြင့်လည်းကောင်း၊ ရာဂ ၊ပေ၊ မောဟေဟိ–တို့မှ၊ သုညတ္တာ–ကင်းဆိတ် သည်၏အဖြစ်ကြောင့်၊ သုညံ–မည်၏၊ သုညမေဝ–သုညမည်သော နိဗ္ဗာန်သည်ပင်၊ သုညတံ–မည်၏၊ တထာ–ထိုမှတစ်ပါး၊ ရာဂါဒိနိမိတ္တ ရဟိတတ္တာ–ရာဂအစရှိသော နိမိတ်မှ ကင်းသည်၏အဖြစ်ကြောင့်၊ အနိမိတ္တံ–မည်၏၊ ရာဂါဒိပ္ပဏိဓိရဟိတတ္တာ–ရာဂ အစရှိသော ရှေးရှုထားတတ် (တောင့်တ တတ်)သော တရားမှ ကင်းသည်၏အဖြစ်ကြောင့်၊ အပ္ပဏိဟိတံ–မည်၏၊ ဝါ–တစ်နည်း၊ သဗ္ဗသင်္ခါရေဟိ–အလုံးစုံသောသင်္ခါရတို့မှ၊ သုညတ္တာ–ကြောင့်၊ သုညတံ–မည်၏၊ သဗ္ဗ၊ပေ၊ဘာဝတော–အလုံးစုံသော သင်္ခါရနိမိတ်တို့၏ မရှိခြင်းကြောင့်၊ ဝါ–အလုံးစုံသော သင်္ခါရဟူသော အထည်ကိုယ် ပုံသဏ္ဌာန်၏ မရှိခြင်းကြောင့်၊ အနိမိတ္တံ–မည်၏၊ တဏှာပဏိဓိယာ–တောင့်တတတ်သော တဏှာ၏၊ အဘာဝတော–ကြောင့်၊ အပ္ပဏိဟိတံ–မည်၏။

---

**သုညတံ**။ ။သုညသဒ္ဒါသည် ကင်းဆိတ်ခြင်း (မရှိခြင်း)အနက်ကို ဟော၏၊ နိဗ္ဗာန်သည် ရာဂစသည်တို့၏ အာရုံပြုကိုလည်း မခံရ, ရာဂစသည်တို့နှင့်လည်း မယှဉ် သည့်အတွက် ရာဂစသည်တို့မှ ကင်းဆိတ်၏၊ တစ်နည်း–သင်္ခါရအားလုံးမှ ကင်းဆိတ်၏၊ ထို့ကြောင့် နိဗ္ဗာန်သည် သုည မည်၏၊ သုညမေဝ သုညတံ၊ တပစ္စည်း သွတ္ထ။

**အနိမိတ္တံ**။ ။နိမိတ္တသဒ္ဒါသည် အမှတ်အသား(အရိပ်နိမိတ်)ကို ဟော၏၊ နိဗ္ဗာန်သည် ရာဂစသော အမှတ်အသား မရှိသောကြောင့်, တစ်နည်း–သင်္ခါရ အမှတ်အသား မရှိသောကြောင့် အနိမိတ္တ မည်၏၊ တစ်နည်း–နိမိတ္တသဒ္ဒါသည် ပုံသဏ္ဌာန်အနက်ကို ဟော၏၊ သင်္ခါရတို့သည် ကမ္ဗဋ္ဌာန်းရှုသော ယောဂီတို့ ဉာဏ်၌ ပုံသဏ္ဌာန်ကဲ့သို့ ထင်ရ၏၊ နိဗ္ဗာန်၌ကား ထိုကဲ့သို့ ပုံသဏ္ဌာန် မရှိ၊ ထို့ကြောင့် "အနိမိတ္တ"မည်၏ဟုလည်း ယူကြသည်။ [နိမိတ္တဓမ္မာ သင်္ခါရာ၊ တေဟိ သနိမိတ္တာ သဝိဂ္ဂဟာဝိယ (အထည်ကိုယ် ပုံသဏ္ဌာန် ရှိကုန်သကဲ့သို့) ဥပဋ္ဌဟန္တိ၊–အံ၌သာလိနီ လောကုတ္တရာအဖွင့် အနုဋီကာ။]

**၆၅။** စဝနာဘာဝတော–ရွေ့လျားခြင်း၏ မရှိခြင်းကြောင့်၊ အစ္စုတံ–ရွေ့လျောခြင်းလည်း မရှိထသော၊ အန္တသ ပရိယောသာနဿ–ဘင်ဟူသော အဆုံးကို၊ [ဒုတိယာအနက်၌ ဆဋ္ဌီသက်၊] အတိက္ကန္တတ္တာ–လွန်သည်၏အဖြစ်ကြောင့်၊ အစ္စန္တံ–ဘင်ဟူသော အဆုံးကိုလည်း လွန်ပြီးထသော၊ ပစ္စယေဟိ–ကံစသော အကြောင်းတို့သည်၊ အသင်္ခတတ္တာ–မပြုစီမံအပ်သည်၏အဖြစ်ကြောင့်၊ အသင်္ခတံ–ကံစသော အကြောင်းတို့သည် မပြုစီမံအပ်သည်လည်း ဖြစ်ထသော၊ အတ္တနော–မိမိဟူသော နိဗ္ဗာန်ထက်၊ ဥတ္တရိတရဿ–သာလွန်သော တရား၏၊ အဘာဝတော–ကြောင့်၊ (အနုတ္တရံ–မိမိထက် သာလွန်သောတရားလည်း မရှိထသော၊) ဝါ–တစ်နည်း၊ သဟဓမ္မေန–အကြောင်းယုတ္တိနှင့်တကွ၊ ဝတ္တဗ္ဗဿ–ပြောဆိုထိုက်သော၊ ဥတ္တရဿ–မိမိထက် မြတ်သောတရား၏၊ အဘာဝတော–ကြောင့်၊ အနုတ္တရံ–မိမိထက် မြတ်သောတရားလည်း မရှိထသော၊ (ပဒံ–နိဗ္ဗာန်ကို၊) ဝါနတော တဏှာတော–မှ၊ မုတ္တတ္တာ–လွတ်ပြီးကုန်သည်၏အဖြစ်ကြောင့်၊ သဗ္ဗသော–အားဖြင့်၊ အပဂတတ္တာ–ကင်းပြီးကုန်သည်၏အဖြစ်ကြောင့်၊ ဝါနမုတ္တာ–တဏှာမှ လွတ်တော်မူပြီးကုန်သော၊ မဟန္တေ–မြတ်ကုန်သော၊ သီလက္ခန္ဓာဒိကေ–သီလက္ခန္ဓ အစရှိသော ဂုဏ်ကျေးဇူးတို့ကို၊ သေန္တိ ဂဝေသန္တိ–ရှာမှီးတော်မူတတ်ကုန်၏၊ ဣတိ–ကြောင့်၊ မဟေသယော–မဟေသိတို့ မည်၏၊ [ဘာသန္တိ၌ စပ်၊ "သေန္တိ ဂဝေသန္တိ"ဟု ပစ္စုပ္ပန်ဖြင့် ဆိုသောကြောင့် သီလက္ခန္ဓ စသည်ကို ရှာနေကြသော ကလျာဏပုထုဇဉ်နှင့် တကွ အရိယာပုဂ္ဂိုလ်အားလုံး ရသည်၊ သေိ သု+ဂဝေသိ သူတိ ဣသယော၊ မဟန္တာ+ဣသယော မဟေသယော၊ ဤအလို သီလက္ခန္ဓ စသည်ကို ရှာပြီးတော်မူကြသော ဘုရားရှင်တို့သာ ရသည်၊] ဣတိ စိတ္တံတျာဒိ–ဣတိ စိတ္တံ အစရှိသော ဂါထာစကားသည်၊ ဆဟိ– န်သော၊ ပရိစ္ဆေဒေဟိ– တို့ဖြင့်၊ ဝိဘတ္တာနံ–ဝေဖန်အပ်ပြီးကုန်သော၊ စိတ္တာဒီနံ–စိတ်အစရှိသော ပရမတ္ထတရားတို့၏၊ နိဂမနံ–အပြီးအဆုံးသို့ ရောက်ကြောင်းစကားတည်း၊ ဝါ–နိဂုံးစကားတည်း။...ဣတိ–ဖြင့်၊ အဘိဓမ္မတ္ထဝိဘာဝနိယာ နာမ–မည်သော၊ အဘိဓမ္မတ္ထသင်္ဂဟဝဏ္ဏနာယ–၌၊ ဆဋ္ဌပရိစ္ဆေဒဝဏ္ဏနာ–သည်၊ (ရူပပရိစ္ဆေဒဝဏ္ဏနာ)–သည်၊ နိဋ္ဌိတာ–ပြီးပြီ။

---

**အပ္ပဏိဟိတံ**။ ။ပဏိဓိနှင့် ပဏိဟိတသဒ္ဒါသည် ပ,နိပုဗ္ဗ ဓာဓာတ်ချည်း ဖြစ်၍ အာရုံတစ်ခု၌ ရှေးရှုထားခြင်းအနက်, တောင့်တခြင်းအနက်ကို ဟော၏၊ နိဗ္ဗာန်၌ ထိုကဲ့သို့ အာရုံတစ်ခု၌ ရှေးရှုထားတတ်သော ရာဂ ဒေါသ မောဟလည်း မရှိ၊ တောင့်တတတ်သော တဏှာလည်း မရှိ၊ ထို့ကြောင့် အပ္ပဏိဟိတ မည်၏။ [ဂါထာ အနက်ဖွင့်ပုံ ထင်ရှားပြီ။]

**ရုပ်ပိုင်းအဖွင့်ပြီးပြီ။**

# သမုစ္စည်းပိုင်းနိဿယ

၁။ [ရူပပရိစ္ဆေဒကို ဖွင့်ပြပြီး၍, ယခုအခါ၌ သမုစ္စယပရိစ္ဆေဒကို ဖွင့်ပြလိုသော ဋီကာဆရာသည်"သလက္ခဏာ"စသည်ကိုမိန့်၊] သလက္ခဏာ–မိမိ၏လက္ခဏာရှိကုန်သော၊ စိန္တနာဒိသလက္ခဏာ–အာရုံကိုသိခြင်းအစရှိသော မိမိ၏လက္ခဏာရှိကုန်သော၊ စိတ္တ၊ပေ၊ဝသေန–စိတ်, စေတသိက်, နိပ္ဖန္နရုပ်, နိဗ္ဗာန်တို့၏ အပြားအားဖြင့်၊ ဒွါသတ္တတိပ္ပဘေဒါ–(၇၂)ပါးအပြားရှိကုန်သော၊ ဝတ္ထုဓမ္မာ–ပရမတ်အလို, အထည်ကိုယ် ရစကောင်းသောတရားတို့ကို၊ သဘာဝဓမ္မာ–ထင်ရှားရှိသော သဘောတရားတို့ကို၊ ဝုတ္တာ–ဆိုအပ်ကုန်ပြီ၊ [ရှေ့(၆)ပိုင်းဖြင့် ဆိုအပ်ကုန်ပြီ–ဟူလို၊] ဣဒါနိ–၌၊ တေသံ သဘာဝဓမ္မာနံ–ထိုထင်ရှားရှိသော သဘောတရားတို့၏၊ ယထာပယောဂံ–ယှဉ်ထိုက်သည့် အားလျော်စွာ၊ ဧကေကသမုစ္စယဝသေန–တစ်ခုစီ, တစ်ခုစီ ပေါင်းစုခြင်း၏ အစွမ်းဖြင့်၊ ယောဂါနုရူပတော–ယှဉ်ထိုက်သည့်အားလျော်စွာ၊ အကု၊ပေ၊ဘေဒံ–အကုသိုလ်အစရှိသော အပြားရှိသော၊ သမုစ္စယံ, ရာသိ–အစုကို၊ ပဝက္ခာမိ–ဆိုပေအံ့၊ ဣတိ–ဤဆိုအပ်ပြီးကား၊ ယောဇနာ–ပုဒ်အနက်တို့ကို ယှဉ်စေခြင်းတည်း။

---

**စိန္တနာဒိသလက္ခဏာ**။ ။"အာရမဏံ စိန္တေတီတိ စိတ္တံ"ဟူသောဝစနတ္ထကို ရည်ရွယ်၍ စိတ်၏လက္ခဏာကို "စိန္တန"ဟု ဆိုသည်၊ လက္ခဏာရသစသည်ကို ပြရာ၌ကား စိတ်ကို "ဂါနနလက္ခဏံ" ဟု ဆိုသည်၊ စိန္တနာဒိ၌ အာဒိဖြင့် ဖဿ၏ ဖုသန, ဝေဒနာ၏ အနုဘဝနစသည်ကို ယူ၊ "သဿ+လက္ခဏံ သလက္ခဏံ၊ သလက္ခဏံ+ယေသံတိ လက္ခဏာ"ဟု ပြု၊ [အနိပ္ဖန္နရုပ်တို့ကို ဝတ္ထုဓမ္မအရ၌ မယူရခြင်း၏ အကြောင်းကို ဘာသာဋီကာ၌ ပြထားပြီ၊]

**ဣဒါနိ ၊ပေ၊ ပဝက္ခာမိ**။ ။ယထာပယောဂံကို "ဧကေက ၊ပေ၊ နုရူပတော"ဟု ဖွင့်၏၊ ထိုသို့ဖွင့်သဖြင့် "ယောဂဿ–သဘာဝဓမ္မတို့ကို အာသဝတစ်စု, ဩဃတစ်စု စသည်ဖြင့် ပေါင်းစုသောအားဖြင့် ယှဉ်တွဲထိုက်သော တရားအား+အနုရူပံ ယထာယောဂံ" ဟု ပြု၍ နာကိုလည်း ဝိသေသနအနက်၌ သက်စေ၍ အံပြုထားသည်–ဟု သိစေသည်၊ သမုစ္စယံကို "ရာသိ"ဟု ဖွင့်၏၊ ထို ရာသိဟူသည်လည်း အကုသလသင်္ဂဟတစ်စု, မိဿကသင်္ဂဟတစ်စု စသော လေးစုကို ဆိုသည်ဟု သိစေလို၍"အကုသလ သင်္ဂဟာဒိ ဘေဒံ"ဟု ဝိသေသနပြုသည်၊ [သင်္ဂြိုဟ်ဘာသာဋီကာ၌ကား ဤအယူကို သဘော မတူ၍အာသဝတစ်စု, ဩဃတစ်စုစသည်ကို "သမုစ္စယ (ရာသိ)"ဟု ဆိုခဲ့သည်။

**ယောဇနာ**။ ။"ဒွါသတ္တတိဝိဓာ ဝတ္ထုဓမ္မာ သလက္ခဏာ"ဟူသော ဂါထာ၌ "သလက္ခဏာ ဒွါသတ္တတိဝိဓာ ဝတ္ထုဓမ္မာ"စသည်ဖြင့် ပုဒ်တို့ကို ရှေ့နောက်ပြောင်းလွဲ၍ ယှဉ်စေခြင်းသည် ပဒယောဇနာတည်း၊ သလက္ခဏာကို "စိန္တနာဒိသလက္ခဏာ"ဟု အနက်ဖွင့်ခြင်း,ဒွါသတ္တတိဝိဓာကို "စိတ္တ ၊ပေ၊ ဝသေနဒွါသတ္တတိပဘေဒါ"ဟု ဖွင့်ခြင်း, ဝတ္ထုဓမ္မာကို "သဘာဝဓမ္မာ"ဟု ဖွင့်ခြင်း, တေသံကို "သဘာဝဓမ္မာနံ"ဟုလည်းကောင်း,

၂။ အကုသလာနမေဝ–တို့ကိုသာလျှင်၊ [ဧဝဖြင့် ကုသိုလ်နှင့်အဗျာကတကို ကန့်၊] သဘာဂဓမ္မဝသေန–သဘောတူသောတရားတို့၏ အစွမ်းဖြင့်၊ သင်္ဂဟော–သိမ်းယူရာ, သိမ်းယူကြောင်းစကားရပ်သည်၊ အကုသလသင်္ဂဟော–မည်၏၊ ကုသလာဒိဝသေန–ဖြင့်၊ မိဿကာနံ–ရောနှောသောတရားတို့ကို၊ သင်္ဂဟော–သည်၊ မိဿကသင်္ဂဟော–မည်၏၊ [ကုသလာဒိ၌ အာဒိဖြင့် အကုသိုလ်, အဗျာကတကို ယူ၊] သစ္စာ၊ပေ၊သခါတဿ–သစ္စာ ၄ ပါးကို ထိုးထွင်း၍ သိတတ်သော ဉာဏ်ဟု ဆိုအပ်သော၊ အရိယမဂ္ဂဿ–အရိယာမဂ်၏၊ ပစ္စေ–အသင်းအပင်း၌၊ ဘဝါနံ–ဖြစ်ကုန်သော၊ ဗောဓိပက္ခိယာနံ–ဗောဓိပက္ခိယ မည်ကုန်သော၊ ဝါ–မဂ်ဉာဏ်၏ အသင်းအပင်း၌ ဖြစ်ကုန်သော၊ သတိပဋ္ဌာနာဒိဘေဒါနံ–သတိပဋ္ဌာန် အစရှိသော အပြားရှိကုန် သော၊ ဓမ္မာနံ–တို့ကို၊ သဘာဂဝတ္ထုဝသေန–သဘောတူသောဝတ္ထု၏ အစွမ်းဖြင့်၊ သင်္ဂဟော–သည်၊ ဗောဓိပက္ခိယသင်္ဂဟော–မည်၏၊ [ဤနှင့်စပ်၍ ဝစနတ္ထများကို ဘာသာဋီကာ၌ ပြထားပြီ၊] ခန္ဓာဒိဝသေန–ခန္ဓာ အစရှိသည်တို့၏ အစွမ်းဖြင့်၊ သဗ္ဗေသံ–အလုံးစုံသောတရားတို့ကို၊ သင်္ဂဟော–သည်၊ သဗ္ဗသင်္ဂဟော–မည်၏။

၃။ ပုဗ္ဗကောဋိယာ–ရှေးအစွန်းအစ၏၊ အပညာယနတော–မထင်ရှားခြင်းကြောင့်၊ ဝါ–မသိအပ်သည်၏အဖြစ်ကြောင့်၊ (ဘာဝပ္ပဓာန, ဘာဝလောပ၊)ဝါ–မထင်ရှားသည့်အတွက်၊(ဟိတ်ကူ) စိရပါရိဝါသိယဋ္ဌေန–ကြာမြင့်စွာ ထုံအပ်သည်၏အဖြစ်ဟူသောအနက်ကြောင့်၊ (အာသဝါ–အာသဝတို့ မည်၏၊) [ဤအဓိပ္ပာယ်ကို သဂြိုဟ်ဘာသာဋီကာ၌ ပဌမဝိကပ်အဖြစ်ပြထားပြီ၊]ဝါ–တစ်နည်း၊ ဝဏတော–အနာမှ၊ ဝိဿန္ဒမာနယူသာဝိယ–ယိုစီးတတ်သောပြည်အစေးကဲ့သို့၊ စက္ခာဒိတော–စက္ခုအစရှိသော(၆)ဒွါရမှ၊ဝိသယေသု–ရူပအစရှိသောအာရုံတို့၌၊ ဝိဿန္ဒနတော–ယိုစီးတတ်ကုန်သည်၏အဖြစ်ကြောင့်၊ အာသဝါ–တို့မည်၏၊ [ဤအဓိပ္ပာယ်ကိုလည်း ဘာသာဋီကာ၌ တတိယဝိကပ်အဖြစ် ပြထားပြီ။]

---

ယထာယောဂံကို "ယောဂါနုရူပံ"ဟု လည်းကောင်း, သမုစ္စယံကို "ရာသိံ"ဟု လည်းကောင်း ဖွင့်ခြင်းသည် အတ္ထယောဇနာ (ထိုထိုပုဒ်၌ ရထိုက်သော အနက်ကို ယှဉ်ကပ်ပေးခြင်း)တည်း။

**သဘာဂဓမ္မဝသေန**။ ။အာသဝချင်းသဘောတူ၍ "စတ္တာရော အာသဝါ"ဟု သိမ်းယူခြင်းစသည်ကို "သဘာဂဓမ္မဝသေန သင်္ဂဟော"ဟု ဆိုလိုသည်၊ "အကုသလာနံ+သင်္ဂဟော အကုသလသင်္ဂဟော"ဟု ပြု၊ နောက်သင်္ဂဟများ၌လည်း ဤနည်းမှီပါ၊ [နောက် ဗောဓိပက္ခိယသင်္ဂဟ၌ကား "သဘာဂဝတ္ထုဝသေန"ဟု ဝတ္ထုသဒ္ဒါကို ဆိုထားသည်၊ ကာယဝေဒနာစသော တရားသည် သတိ၏တည်ရာ အကြောင်း ဝတ္ထုဖြစ်၏၊ ဤသို့စသည်ဖြင့် အကြောင်းဝတ္ထုကို ရစေလိုသောကြောင့် "ဝတ္ထု"ဟု ဆိုသည်၊]

အထဝါ–ထို့ပြင်တစ်နည်းကား၊ ဘဝတော–ဖြစ်ရာဘုံအားဖြင့်၊ အာဘဝဂ္ဂ–ဘဝဂ်တိုင်အောင်၊ [ဘဝဂ်ဟု ခေါ်အပ်သော နေဝသညာနာသညာယတနဘုံတိုင်အောင်–ဟူလို၊] ဓမ္မတော–အာရုံတရားအားဖြင့်၊ အာဂေါတြဘုံ–ဂေါတြဘုတိုင်အောင်၊ သဝတ္တိ–ဖြစ်တတ်ကုန်၏၊ ဣတိ–ကြောင့်၊ အာသဝါ–တို့ မည်၏။

စ–ဆက်၊ တွေ–ဤ အာသဝါဟူသောပုဒ်၌၊ အာကာရော–အာအက္ခရာသည်၊ အဝဓိအတ္တော–ပိုင်းခြားခြင်းအနက်ရှိ၏၊ အဝဓိစ–ပိုင်းခြားခြင်းသည်လည်း၊ မရိယာဒါဘိဝိဓိဝသေန–မရိယာဒ, အဝဓိ, အဘိဝိဓိ အဝဓိတို့၏အပြားအားဖြင့်၊ ဒုဝိဓော–ရှိ၏၊ တတ္ထ–ထို ၂ ပါးတို့တွင်၊ အာပါဋလိပုတ္တံ–ပါဋလိပုတ်ပြည်တိုင်အောင်၊ ဝါ–ပါဋလိပုတ်ပြည်အထိ၊ ဒေဝေါ–မိုးသည်၊ ဝုဋ္ဌော–ရွာပြီ၊ ဣတိအာဒီသုဝိယ–ဤသို့အစရှိသော ပြယုဂ်တို့၌ကဲ့သို့၊ ကြိယံ–ကြိယာကို၊ (ရွာခြင်းကြိယာစသည်ကို၊) ဗဟိ–မိမိ၏အပ၌၊ ကတွာ–ပြု၍၊ ပဝတ္တော–ဖြစ်သော အဝဓိသည်၊ မရိယာဒေါ–မရိယာဒ အဝဓိမည်၏၊ (ဝါ–ကံဘောင်စည်းရိုးကဲ့သို့ ထက်ဝန်းကျင် ပိုင်းဖြတ်တတ်သော အဝဓိမည်၏၊) အာဘဝဂ္ဂ–ဘဝဂ်တိုင်အောင်၊ ဝါ–ဘဝဂ်ကိုလွှမ်းမိုး၍၊ သဒ္ဒေါ–ကျော်စောသံသည်၊ အဗ္ဘုဂ္ဂတော–လွှမ်းမိုး၍တက်ပြီ၊ ဣတိအာဒီသုဝိယ–ဤသို့ အစရှိသော ပြယုဂ်တို့၌ကဲ့သို့၊ ကြိယံ–ကို၊ (လွှမ်းမိုး၍ တက်ခြင်းစသော ကြိယာကို၊) ဗျာပေတွာ–မိမိအပေါ်၌ ပျံ့နှံ့စေ၍၊ ပဝတ္တော–ဖြစ်သော အဝဓိသည်၊ အဘိဝိဓိ–အဘိဝိဓိ အဝဓိမည်၏၊ (ဝါ–လွှမ်းမိုး၍ ထားအပ်ရာ အဝဓိမည်၏၊) ပန–အတ္ထုဒ္ဓါရ သာမညမှတစ်ပါး, အတ္ထုဒ္ဒေသ ဝိသေသကို ဆိုဦးအံ့၊ ဣဓ–ဤ အာသဝါဟူသော ပုဒ်၌၊ (အာကာရော–ကို၊) အဘိဝိဓိမှိ–အဘိဝိဓိ အဝဓိ အနက်၌၊ ဒဋ္ဌဗ္ဗော–ထိုက်၏၊ [ဤအဓိပ္ပာယ်ကိုလည်း ဘာသာဋီကာ၌ ဒုတိယ ဝိကပ်အဖြစ် ပြထားပြီ။] တထာဟိ–ထိုစကား မှန်၏၊ တေ–ဤအာသဝတို့သည်၊ နိဗ္ဗတ္တိဋ္ဌာနဘူတေ–ဖြစ်ရာဌာနဖြစ်၍ဖြစ်သော၊ ဘဝဂ္ဂေ စ–၌လည်းကောင်း၊ အာရမဏဘူတေ–အာရုံဖြစ်၍ဖြစ်သော၊ ဂေါတြဘုမှိ စ–၌လည်းကောင်း၊ ပဝတ္တန္တိ–န်၏၊ ["နိဗ္ဗတ္တိဋ္ဌာနဘူတေ စ ဘဝဂ္ဂေ အာရမဏဘူတေ စ ဂေါတြဘုမှိ ပဝတ္တန္တိ"ဟု ရှိသင့်၏။]

စ–ဆက်၊အညေသု–လောဘ,ဒိဋ္ဌိ,မောဟတို့မှတစ်ပါးကုန်သော၊အာဘဝဂ္ဂ–တိုင်အောင်လည်းကောင်း၊အာဂေါတြဘုံစ–တိုင်အောင်လည်းကောင်း၊သဝန္တေသု–ယိုစီးတတ်, ဖြစ်တတ်ကုန်သော၊ မာနာဒီသု–မာနအစရှိသောတရားတို့သည်၊ ဝိဇ္ဇမာနေသု–ရှိကုန်သော်လည်း (ပိအကျေကြံ၊) အတ္တ၊ပေ၊ဝသေန–အတ္တ,အတ္တ၏ ဥစ္စာဟု ယူခြင်း၏ အစွမ်းဖြင့်၊ ဝါ–ငါ, ငါ့ဥစ္စာဟု ယူခြင်း၏ အစွမ်းဖြင့်၊ အဘိဗျာပနတော–အလွှန်ပျံ့နှံ့တတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ မဒကရဏဋ္ဌေန–မူးယစ်အောင်ပြုတတ်သည့်အတွက်၊ [ဟိတ်ကျ၊] အာသဝသဒိသတာယ စ–အရက်စိမ်ရည်နှင့် တူသည်၏ အဖြစ်ကြောင့်လည်းကောင်း၊

ဧတေယေ၀–ဤလောဘ ဒိဋ္ဌိ မောဟတို့သည်သာ၊ အာသဝဘာဝေန–ဖြင့်၊ နိရုဠှာ–ထင်ရှားကုန်၏၊ ဣတိ–သို့၊ ဒဋ္ဌဗ္ဗံ–၏၊ [ဤဝါကျ၏အဓိပ္ပာယ်ကိုလည်း ဘာသာဋီကာ၌ ရှု။]

ကာမောယေ၀–သည်ပင်၊ အာသဝေါ–အာသဝတည်း၊ ကာမာသဝေါ–ကာမသည်ပင်အာသဝ၊ ကာမရာဂေါ–ကာမရာဂတည်း၊ ရူပါရူပဘဝေသု–ရူပဘဝ,အရူပဘဝတို့၌၊ ဆန္ဒရာဂေါ–လိုလားတပ်မက်တတ်သောလောဘသည်၊ ဘဝါသဝေါ–မည်၏၊ ဈာနနိကန္တိ–ဈာန်ကိုတပ်နှစ်သက်တတ်သောလောဘကို လည်းကောင်း၊ သဿတဒိဋ္ဌိသဟဂတော–မြဲ၏ဟုဖြစ်သော ဒိဋ္ဌိနှင့်တကွ ဖြစ်သော၊ ရာဂေါစ–ရာဂကိုလည်းကောင်း၊ ဧတ္ထေဝ–ဤဘဝါသဝ၌ပင်၊ သင်္ဂယှတိ–သွင်းယူအပ်၏၊ တတ္ထ–ထို ၃ မျိုးတို့တွင်၊ ပဌမော–ပဌမဖြစ်သော ဆန္ဒရာဂသည်၊ ဥပပတ္တိဘဝေသု–ရူပဘဝ, အရူပဘဝဟူသော ဥပပတ္တိဘဝ တို့၌၊ ရာဂေါ–တပ်မက်တတ်သော ရာဂတည်း၊ ဒုတိယော–ဒုတိယဖြစ်သော ဈာနနိကန္တိရာဂသည်၊ ကမ္မဘဝေ–ဈာနစေတနာဟူသော ကမ္မဘဝ၌၊ (ရာဂေါ–တည်း၊) တတိယော–တတိယဖြစ်သော သဿတဒိဋ္ဌိသဟဂတရာဂသည်၊ ဘဝဒိဋ္ဌိသဟဂတော–မြဲ၏ဟုဖြစ်သော ဒိဋ္ဌိနှင့်တကွ ဖြစ်သော၊ (ရာဂေါ–တည်း၊) [သဿတဒိဋ္ဌိနှင့် ဘဝဒိဋ္ဌိသည် သဘောတူ၏၊ ဥစ္ဆေဒဒိဋ္ဌိနှင့် ဝိဘဝဒိဋ္ဌိသည် သဘောတူ၏။] ဒွါသဋ္ဌိဝိဓာ–သော၊ ဒိဋ္ဌိ–သည်၊ ဒိဋ္ဌာသဝေါ–မည်၏၊ ဒုက္ခာဒီသု–ဒုက္ခသစ္စာ အစရှိကုန်သော၊ စတူသု–န်သော၊ သစ္စေသု–တို့လည်းကောင်း၊ [ဣတိ၌ စပ်၊] ပုဗ္ဗန္တေ–ရှေးအတိတ်ဖြ စ်သော ခန္ဓာ အာယတနဓာတ်အဖို့လည်းကောင်း၊ အပရန္တေ–နောက်အနာဂတ် ဖြစ်သော ခန္ဓာ အာယတနဓာတ်အဖို့လည်းကောင်း၊ ပုဗ္ဗာပရန္တေ–ရှေးအတိတ်, နောက် အနာဂတ်ဖြစ်သော ခန္ဓာ အာယတန ဓာတ်အဖို့လည်းကောင်း၊ ပဋိစ္စသမုပ္ပာ ဒေသု–ပဋိစ္စသမုပ္ပာဒ်တရားတို့လည်းကောင်း၊ ဣတိ–သို့၊ အဋ္ဌသု–န်သော၊ ဌာနေသု–ဌာနတို့၌၊ အညာဏံ–ဉာဏ်၏ဆန့်ကျင်ဘက်မောဟသည်၊ အဝိဇ္ဇာ သဝေါ–မည်၏၊ [ဤအာသဝတို့၏ တရားကိုယ်ကို အခြေပြု၍လည်း ပြထား ၏၊ သို့သော် ဤအတိုင်း မဟုတ်။].

၄။ ဩဃဋ္ဌရိတ္ဘာ–လွှမ်းမိုး၍၊ ဟရဏတော–ဆောင်တတ်သည်၏ အဖြစ် ကြောင့်၊ (ဇလပ္ပဝါဟော–ရေအယဉ်ကို၊ ဩဃောတိ–ဟူ၍၊ ဝုစ္စတိ–၏၊)ဝါ– တစ်နည်း၊ ဩဟနနတော, ဟေဋ္ဌာ ကတ္ဘာ ဟနနတော–အောက်၌ ထား၍

**ဩဃဋ္ဌရိတ္ဘာ ဟရဏတော။** ။ဩဃဿ၌ အဝပုဗ္ဗ,ဟရဓာတ်၊ အဝသည် ဩဃဋ္ဌရဏ အနက်ဟော၊ ဟရကို သုတ်ကြီးဖြင့် ဃပြု–ဟု မဏိမဉ္ဇူဆို၍ "ဩဃဋ္ဌရိတ္ဘာ+ ဟရတီတိ ဩဃော"ဟု ပြုစေလိုသတတ်၊ မိမိကား ဟရဏယောဖြင့် ဟနဓာတ်၏ ဂတိအနက်ကို ပြသည်ဟု ထင်၏၊ ထို့ကြောင့် "အဝ+ဟန"ပင် ဖြစ်မည်ထင်သည်။

နှိပ်စက်တတ်သည်၏အဖြစ်ကြောင့်၊ ဩသီဒါပနတော–အောက်၌ နှစ်မြှုပ်စေ တတ်သည်၏အဖြစ်ကြောင့်၊ ဝါ–အောက်၌ နှစ်မြှုပ်တတ်သည်၏အဖြစ်ကြောင့်၊ ဇလပ္ပဝါဟော–ကို၊ ဩဃောတိ–ဩဃဟူ၍၊ ဝုစ္စတိ–၏၊ စ–ဆက်၊ တေ– ဤ လောဘ ဒိဋ္ဌိ မောဟတို့သည်၊ သတ္တေ–တို့ကို၊ ဩတ္ထရိတွာ–၍၊ ဟရန္တာ– ဆောင်ကုန်လတ်သော်၊ ဝဋ္ဋသ္မိံ–ဝဋ်ဆင်းရဲ၌၊ သတ္တေ–တို့ကို၊ ဩသီဒါပေန္တာ ဝိယ–နစ်မြှုပ်စေကုန်သကဲ့သို့၊ ဝါ–နှစ်မြှုပ်ကုန်သကဲ့သို့၊ ဟောန္တိ–န်၏၊ ဣတိ– ဤသို့၊ ဝါ–ဤနည်းအားဖြင့်၊ ဩဃသဒိသတာယ–ရေအယဉ်နှင့် တူကုန်သည် ၏အဖြစ်ကြောင့်၊ ဩဃာ–တို့ မည်၏၊ ပန–ဆက်၊ ဤအကုသလသင်္ဂဟ၌၊ [မဏိမဉ္ဇူ၌ကား–"တေသ္မိံ ဃနိဒ္ဒေသေ"ဟု ဖွင့်လေသည်၊] အာသဝါယေဝ– ဆိုအပ်ပြီးသော အာသဝတို့ကိုပင်၊ ယထာဝုတ္တာဌေန–အကြင် အကြင် ဆိုအပ်ပြီး သော အနက်ကြောင့်၊ ["ဩတ္ထရိတွာ ဟရဏာတော, ဩဟနနတော"ဟု ဆိုအပ်ခဲ့ပြီးသော အနက်ကြောင့်–ဟူလို၊] ဩဃာတိ စ–တို့ဟူ၍လည်း၊ ဝုစ္စန္တိ–န်၏၊ [ဩဃဟု နာမည်တစ်မျိုး တပ်ကုန်၏–ဟူလို။]

၅။ ဝဋ္ဋသ္မိံ–ဝဋ်ဆင်းရဲ၌၊ ဝါ–တစ်နည်း၊ ဘဝယန္တကေ–ဘဝတည်းဟူသော ယန္တရား၌၊ သတ္တေ–တို့ကို၊ (ယောဇေန္တိ–ယှဉ်ကပ်, တပ်ထားတတ်ကုန်၏၊ ဣတိ–ကြောင့်၊ ယောဂါ–ယောဂတို့ မည်၏။)[ဤအလို "ဝဋ္ဋသ္မိံ ယောဇေန္တီတိ ယောဂါ၊ ဘဝယန္တကေ ယောဇေန္တီတိ ယောဂါ"ဟု ပြု၊ လှည်း၌ နွားတို့ကို တပ်ထားသကဲ့သို့ သတ္တဝါတို့ကို ဝဋ်၌, သို့မဟုတ် ဘဝယန္တရား၌ တပ်ထား တတ်ကုန်သည်–ဟူလို၊] ဝါ–တစ်နည်း၊ ကမ္မဝိပါကေန–ကံ၏အကျိုးနှင့်၊ ဝါ–တစ်နည်း၊ ဘဝန္တရာဒီဟိ–ဘဝတစ်ပါး အစရှိသည်တို့နှင့်၊ ဝါ–တစ်နည်း၊ ဒုက္ခေန–နှင့်၊ သတ္တေ–တို့ကို၊ ယောဇေန္တိ–ယှဉ်စေတတ်ကုန်၏၊ ဣတိ– ကြောင့်၊ ယောဂါ–တို့ မည်၏၊ [ဤအလို "ကမ္မဝိပါကေန ယောဇေန္တီတိ ယောဂါ၊ ဘဝန္တရာဒီဟိ ယောဇေန္တီတိ ယောဂါ၊ ဒုက္ခေန ယောဇေန္တီတိ ယောဂါ"ဟု ပြု၊] ဟေဋ္ဌာ–၌၊ ဝုတ္တဓမ္မာဝ–ဆိုအပ်ပြီးသော လောဘ ဒိဋ္ဌိ မောဟတုရားတို့ပင်တည်း။

၆။ နာမကာယေန–နာမ်အပေါင်းနှင့်၊ ရူပကာယံ–ရုပ်အပေါင်းကို၊ ဝါ– တစ်နည်း၊ ပစ္စုပ္ပန္နကာယေန–ပစ္စုပ္ပန်ရုပ်နာမ်အပေါင်းနှင့်၊ အနာဂတကာယံ–

---

**ဩဟနနတော**။ ။ဩဟနနတော "ဟေဋ္ဌာကတွာ ဟနနတော"ဟု ပဌမဖွင့်၏၊ အဝသည် ဟေဋ္ဌာကရဏာ အနက်ဟောဟု သိစေ၏၊ ဟနဓာတ်ကား ဟိံသာအနက်ပင် တည်း၊ "အောက်၌ထား၍ နှိပ်စက်ခြင်း" ဟူသည် နှစ်မြှုပ်ခြင်းပင် ဖြစ်သောကြောင့် "ဩသီဒါပနတော"ဟု အဓိပ္ပာယတ္ထဖွင့်သည်၊ [မဏိမဉ္ဇူ၌ကား ဩသီဒါပနတော ကိုပင် သဒ္ဒတ္ထဟု ယူ၍ ဟိံသာအနက် ဂတိအနက်ကို တားမြစ်သည်–ဟု ဆိုသည်။]

အနာဂတ်ရုပ်နာမ်အပေါင်းကို၊ ဂဏ္ဌေန္တိ–ထုံးဖွဲ့တတ်ကုန်၏၊ ဒုပ္ပမုစ္စံ (ဒုပ္ပမုဥ္စံ)– ဖြေ၍မပြေနိုင်အောင်၊ ဝေဌေန္တိ–ရစ်ပတ်တတ်ကုန်၏၊ ဣတိ–ကြောင့်၊ ကာယ ဂန္ထာ–တို့ မည်၏၊ ဂေါသီလာဒိနာ–နွားတို့၏အလေ့ အစရှိသော၊ သီလေန– အလေ့ဖြင့်လည်းကောင်း၊ ဝတေန–အကျင့်ဖြင့်လည်းကောင်း၊ တဒုဘယေနစ– ထိုအလေ့အကျင့်နှစ်ပါးစုံဖြင့်လည်းကောင်း၊ သုဒ္ဓိ–ကိလေသာမှ စင်ကြယ်ခြင်း သည်၊ ဝါ–သံသရာမှ စင်ကြယ်ခြင်းသည်၊ (ဟောတိ–၏၊) ဣတိ ဧဝံ–သို့၊ ပရတော–မှန်သည်မှတစ်ပါး မှားသောအားဖြင့်၊ အသဘာဝ တော–အစစ်အမှန် မဟုတ်သောအားဖြင့်၊ အာမသနံ–သုံးသပ်ခြင်းသည်၊ ဝါ–သုံးသပ်ကြောင်းဒိဋ္ဌိ သည်၊ ပရာမာသော–မည်၏၊ ["သီလဗ္ဗတ္ဘသ+ပရာမာသော သီလဗ္ဗတ ပရာမာသော"ဟုဆက်၊] ဣဒမေဝ–ဤငါ၏အယူသည်သာလျှင်၊ သစ္စံ–အမှန် တည်း၊ အညံ–အခြားအယူသည်၊ မောဃံ–အချည်းအနှီးတည်း၊ ဣတိ–သို့၊ အဘိနိဝိသနံ–စွဲစွဲမြဲမြဲသက်ဝင်ခြင်းသည်၊ ဒဠှဂ္ဂါဟော–ခိုင်ခိုင်မြဲမြဲယူခြင်းသည်၊ ဝါ–ခိုင်ခိုင်မြဲမြဲယူကြောင်းဒိဋ္ဌိသည်၊ ဣဒံသစ္စာဘိနိဝေသော–မည်၏၊ [ဤ သီလဗ္ဗတ စသည်တို့၏ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ။]

၇။ ပန္နငေါ–မြွေသည်၊ ["ပန္နေန်(ကုဋိလေန သရီရေန)–ကောက်သော ကိုယ်ဖြင့်+ဂစ္ဆတီတိ ပန္နဂေါ" ဤသို့ စသည်ဖြင့် မဏိမဉ္ဇူ၌ ဝိဂြိုဟ်များစွာ ဆိုထားလေသည်။] မဏ္ဍူကံ–ဖားကို၊ (ဘုသံ–မြဲစွာ၊)(အာဒိယတိ)ဝိယ–ဖမ်းယူ တတ်သကဲ့သို့၊ ဘုသံ,ဒဠှံ–မြဲမြဲစွာ၊ အာရမဏံ–ကို၊ အာဒိယန္တိ–ယူတတ်ကုန်၏၊ ဣတိ–ကြောင့်၊ ဥပါဒါနာနိ–တို့ မည်၏၊ ကာမောယေဝ–ကိလေသာကာမ သည်ပင်၊ ဥပါဒါနံ–အာရုံကို စွဲမြဲစွာယူတတ်သောတရားတည်း၊ (ကာမုပါဒါနံ– ကိလေသာကာမသည်ပင် အာရုံကို စွဲမြဲစွာယူတတ်သောတရား၊) ဝါ–တစ်နည်း၊ ကာမေ–ဝတ္ထုကာမတို့ကို၊ ဥပါဒိယတိ–စွဲမြဲစွာယူတတ်၏၊ ဣတိ–ကြောင့်၊ ကာမုပါဒါနံ–မည်၏၊ မေ–၏၊ ဣမိနာသီလဝတာဒိနာ–ဤအလေ့အကျင့် အစ ရှိသည်ဖြင့်၊ သံသာရသုဒ္ဓိ–သံသရာမှ စင်ကြယ်ခြင်းသည်၊ (ဟောတိ–၏၊) ဣတိဧဝံ–သို့၊ သီလဝတာဒီနံ–တို့ကို၊ ဂဟဏံ–ယူခြင်းသည်၊ ဝါ–စွဲလမ်းခြင်း သည်၊ [ဂဟဏံသည် ဥပါဒါန်၏အဖွင့်၊] သီလဗ္ဗတုပါဒါနံ–မည်၏။

ဧတေန–ဤအယူဖြင့်၊ ဝဒန္တိ–ပြောဆိုကြကုန်၏၊ ဣတိ–ထိုသို့ ပြောဆို ကြောင်း၏အဖြစ်ကြောင့်၊ (သော–ထိုအယူသည်၊) ဝါဒေါ–မည်၏၊ ခန္ဓေဟိ– ခန္ဓာတို့မှ၊ ဗျတိရိတ္တာ၊ပေ၊ဝသေန–ကွဲပြားသောအတ္တ, မကွဲပြားသောအတ္တကို ယူခြင်း၏ အစွမ်းဖြင့်၊ ဝီသတိ–သော၊ ပရိကပ္ပိတဿ–မိစ္ဆာအယူရှိသူတို့သည်

**ဗျတိရိတ္တာ၊ပေ၊ဝသေန**။ ။ ဗျတိရိတ္တကို ဝိသေသဟုလည်းကောင်း, အဗျတိရိတ္တကို အဝိသေသဟုလည်းကောင်း မဏိမဉ္ဇူ ဖွင့်၏၊ ထောမနိဓိ၌ "ဝိ+အတိ+ရိစဓာတ်, ဘ္တပစ္စည်း" ဖြင့် "ဘိန္န–ကွဲပြား" ဟူသော အနက်ကို ဖွင့်၏၊ "ရုပံ အတ္တတော

ကြံဆအပ်သော၊ အတ္တနော-အတ္တကို၊ ဝါဒေါ-ပြောဆိုကြောင်းအယူသည်၊ အတ္တဝါဒေါ-မည်၏၊ သောယေဝ-ထို အတ္တဝါဒသည်ပင်၊ ဥပါဒါနံ-တည်း၊ ဣတိ-ကြောင့်၊ အတ္တဝါဒုပါဒါနံ-မည်၏။

**၈။** ဈာနာဒိဝသေန-ဖြင့်၊ ဥပ္ပန္နကကုသလစိတ္တံ-ဖြစ်သောကုသိုလ်စိတ်ကို၊ နိသေဓေန္တိ-တားမြစ်တတ်ကုန်၏၊ တထာ-ထိုဈာန်အစရှိသော အခြင်းအရာအားဖြင့်၊ တဿ-ထိုကုသိုလ်စိတ်အား၊ ဝါ-၏၊ ဥပ္ပဇ္ဇိတုံ-ငှာ၊ ဝါ-ဖြစ်ခွင့်ကို၊ နဒေန္တိ-န်၊ ဣတိ-ကြောင့်၊ နီဝရဏာနိ-တိုမည်၏၊ [နိသေဓေန္တိကို "တထာ၊ပေ၊ နဒေန္တိ"ဟု ထပ်ဖွင့်သည်၊] ဝါ-တစ်နည်း၊ ပညာစက္ခုနော-ပညာစက္ခုကို၊ အာဝရဏဋ္ဌေန-ပိတ်ဆို့တတ်ကုန်သည်၏ အဖြစ်ကြောင့်၊ နီဝရဏာ-တို့မည်၏၊ [ကာမစ္ဆန္ဒစသော နီဝရဏတို့ဖြစ်သောအခါ ကာမာဝစရပညာသော်မှ ဖြစ်ခွင့်မရ၊ ဈာန်မဂ်ပညာမှာ ပြောဖွယ်ရာပင်မရှိ၊] ပဉ္စသု-န်သော၊ ကာမဂုဏေသု-တို့၌၊ အဓိမတ္တရာဂသင်္ခါတော-လွန်ကဲသောရာဂဟု ဆိုအပ်သော၊[မိမိဈာန်ကို မိမိနှစ်သက်သော ဈာနနိကန္တိစသောတဏှာသည် (နည့်သောကြောင့်) ဈာန်တရားကို မတားမြစ်၊ ထို့ကြောင့် "အဓိမတ္တရာဂ သင်္ခါတော"ဟု ဆိုသည်၊] ကာမောယေဝ-ကိလေသာကာမသည်ပင်၊ ဆန္ဒနဋ္ဌေန-လိုလားနှစ်သက်တတ်သည်၏ အဖြစ်ကြောင့်၊ ဆန္ဒောစ-ဆန္ဒလည်း မည်၏၊ ဣတိ-ကြောင့်၊ ကာမစ္ဆန္ဒော-မည်၏၊ သောယေဝ-ထို ကာမစ္ဆန္ဒသည်ပင်၊ နီဝရဏံ-ကုသိုလ်စိတ်ကိုတားမြစ်တတ်သောတရားတည်း၊ ဝါ-ပညာစက္ခုကို တားမြစ်သော တရားတည်း၊ ဣတိ-ကြောင့်၊ ကာမစ္ဆန္ဒနီဝရဏံ-မည်၏။

ဧတေန-ဤဒေါသကြောင့်၊ စိတ္တံ-သည်၊ ဗျာပဇ္ဇတိ-ဖောက်ပြန်ခြင်းသို့ ရောက်တတ်၏၊ ဝိနဿတိ-ပျက်စီးတတ်၏၊ [ဗျာပဇ္ဇတိကိုပင်"ဝိနဿတိ"ဟု အဓိပ္ပာယ်ဖွင့်သည်၊] ဣတိ-ကြောင့်၊ (ထိုသို့စိတ်၏ဖောက်ပြန်ပျက်စီးခြင်းသို့ ရောက်ကြောင်း၏ အဖြစ်ကြောင့်၊) သော-ထိုဒေါသသည်၊ ဗျာပါဒေါ-မည်၏၊

---

သမနုပဿတိ-ရုပ်ကို အတ္တဟု ရှု၏"စသည်၌ ခန္ဓာနှင့်အတ္တကို မခွဲဘဲ ရှုခြင်းသည် ရုပ်ခန္ဓာမှ မကွဲပြားသော ရှုခြင်းတည်း၊ "ရူပဝန္တံ ဝါ အတ္တာနံ-အတ္တကို ရုပ်ရှိ၏"ဟု ရှုရာ၌ကား အတ္တအရ ဝေဒနာစသော နာမ်ခန္ဓာ ၄ ပါးတွင် တစ်ပါးပါးကိုလည်း ရှု၏၊ နာမ်ခန္ဓာ ၄ ပါးမှ အလွတ်ဖြစ်သော အတ္တဟုလည်း ရှု၏၊ ထိုသို့ ခန္ဓာမှ အလွတ်ဟု ရှုခြင်းသည် ဗျတိရိတ္တ(ခန္ဓာမှကွဲပြားသော) ရှုခြင်းတည်း၊ ခန္ဓာတစ်ပါးလျှင် ဒိဋ္ဌိ ၄ မျိုးရှိသောကောင့် ၂၀ ဟု ဆိုသည်၊ [(၁) ရူပံ အတ္တတော သမနုပဿတိ၊ (၂) ရူပဝန္တံ ဝါ အတ္တာနံ၊ (၃) အတ္တနိ ဝါ ရူပံ-အတတ၌ ရုပ်ကိုရှု၏၊ (၄) ရူပသ္မိံ ဝါ အတ္တာနံ-ရုပ်၌ အတ္တကို ရှု၏၊ ဤနည်းအတိုင်း ဝေဒနာစသည်ကို မှတ်၍ အတ္တကို သွင်းပါ။]

မေ–ငါ၏၊ အနတ္တံ–အကျိုးမဲ့ကို၊ အစရိ–ကျင့်ဖူးပြီ၊ ဣတိ၊ပေ၊ပဒဋ္ဌာနတာယ–ဤသို့ အစရှိသောနည်းဖြင့်ဖြစ်သော ကိုးပါးအပြားရှိသော အာဃာတဝတ္ထုလျှင် နီးစွာသော အကြောင်းရှိသည်၏ အဖြစ်ကြောင့်၊ နဝဝိဓော–သော၊ (ဒေါသော–သည်၊) ဝါ–တစ်နည်း၊ အဋ္ဌာနကောပေန–အရာမဟုတ်သည်၌ စိတ်ဆိုးတတ်သောကောပနှင့်၊သဟ–တကွ၊ဒသဝိဓော–သော၊ဒေါသော–သည်၊(ဗျာပါဒေါ–မည်၏၊) [အာဃာတဝတ္ထု ၉ပါး, တစ်နည်း ၁၀ပါးကို ဒေါသစေတသိက်ခန်း၌ ပြခဲ့ပြီ၊] သောယေဝ–ထိုဗျာပါဒသည်ပင်၊ နီဝရဏံ–တည်း၊ ထိနမိဒ္ဓနီဝရဏံ–ထိနမိဒ္ဓသည်ပင် နီဝရဏ၊ တထာ–တူ၊ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏံ–ဥဒ္ဓစ္စကုက္ကုစ္စသည်ပင် နီဝရဏ။ [ဤနှင့်စပ်၍ မှတ်ဖွယ်ကို ဘာသာဋီကာ၌ ပြထားပြီ။]

ပန–ပရိဟာရပက္ခမှတစ်ပါး, စောဒကပက္ခကို ဆိုဦးအံ့၊ ကသ္မာ–ကြောင့်၊ တေဘိန္နဓမ္မာ–ဤ ကွဲပြားသော တရားတို့ကို၊ ဒွေဒွေ–ထိန မိဒ္ဓ, ဥဒ္ဓစ္စ ကုက္ကုစ္စအားဖြင့် ၂ ပါး ၂ ပါးတို့ကို၊ ဧကနီဝရဏဘာဝေန–တစ်ပါးထည်းသော နီဝရဏ၏ အဖြစ်ဖြင့်၊ ဝုတ္တာ–ကုန်သနည်း၊ ဣတ–ဤကား အမေးတည်း၊ ကိစ္စာဟာရပဋိပက္ခာနံ–ကိစ္စ, အကြောင်း, ဆန့်ကျင်ဘက်တို့၏၊ သမာနဘာဝတော–တူကုန်သည်၏ အဖြစ်ကြောင့်၊ (တေ ဘိန္နဓမ္မာ–တို့ကို၊ ဒွေ ဒွေ–တို့ကို၊ ဧကနီဝရဏဘာဝေန–ဖြင့်၊ ဝုတ္တာ–န်ပြီ၊) ဣတိ–ဤကား အဖြေတည်း၊ ဟိ–ချဲ့၊ ထိနမိဒ္ဓါနံ–တို့၏၊ စိတ္တလ္လီနတာ–စိတ္တလ္လီနတ်၏၊ ဝါ–စိတ် စေတသိက်၏၊ လယာပါဒနကိစ္စံ–တွန့်ဆုတ်ခြင်းသို့ ရောက်စေခြင်းကိစ္စသည်၊ သမာနံ–တူ၏၊ ဥဒ္ဓစ္စကုက္ကုစ္စာနံ–တို့၏၊ အဝူပသန္တဘာဝကရဏံ–မငြိမ်းအေးကုန်သည်၏အဖြစ်ကို ပြုခြင်းကိစ္စသည်၊ (သမာနံ–၏။)

တထာ–ထိုမှတစ်ပါး၊ [ကိစ္စတူပုံမှတစ်ပါး, အကြောင်းတူပုံကား၊] ပုရိမာနံ–ရှေး၌ ဖြစ်ကုန်သော၊ ဒွိန္နံ–ထိန မိဒ္ဓ နှစ်ပါးတို့၏၊ တန္ဒီ–ပျင်းရိခြင်းသည်လည်းကောင်း၊ ဝိဇမ္ဘိတာ–ကိုယ်လက်ဆန့်တန်းခြင်းရှိသူ၏အဖြစ်သည်လည်းကောင်း၊ အာဟာရော–အကြောင်းတည်း၊ ဟေတု–အကြောင်းတည်း၊ ဣတိ အတ္ထော–နက်၊ ပစ္ဆိမာနံ–န်သော၊ (ဒွိန္နံ–ဥဒ္ဓစ္စ ကုက္ကုစ္စ နှစ်ပါးတို့၏၊) ဉာတိဗျသနာဒိဝိတက္ကနံ–ဉာတိဗျသနအစရှိသည်ကို ကြံစည်ခြင်းသည်၊ (အာဟာရော–တည်း၊) စ–အဖို့တစ်ပါကား၊ [အာဟာရမှတစ်ပါး, ပဋိပက္ခကား၊] ပုရိမာနံ–န်သော၊ (ဒွိန္နံ–တို့၏၊) ဝီရိယံ–သည်၊ ပဋိပက္ခဘူတံ–ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်၏၊ ပစ္ဆိမာနံ–ကုန်သော၊ (ဒွိန္နံ–တို့၏၊) သမထော–သမထသည်၊ ဝါ–သမာဓိသည်၊ ပဋိပက္ခဘူတော–၏၊ ဣတိ–ဤသို့ မှတ်အပ်၏၊ တေန–ကြောင့်၊ ပေါရာဏာ–တို့သည်၊ ကိစ္စာ ၊ပေ၊ ဝိရောဓိနောတိ–ဟူ၍၊ အာဟု–န်ပြီ။

ဟိ–အကြောင်းကို ပြဦးအံ့၊ တ္တေ–ဤနီဝရဏတို့တွင်၊ ကိစ္စဟာရဝိပက္ခာနံ–ကိစ္စ, အကြောင်း, ဆန့်ကျင်ဘက်တို့၏၊ ဧကတ္တာ–တစ်မျိုးတည်း၏ အဖြစ်ကြောင့်၊ တာဒိနာ–တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်၊ ဉဒ္ဓစ္စကုက္ကုစ္စံ–ဥဒ္ဓစ္စနှင့် ကုက္ကုစ္စကိုလည်းကောင်း၊ ထိနမိဒ္ဓဥ–ထိနနှင့် မိဒ္ဓကိုလည်းကောင်း၊ ဧကံ–တစ်ခုတည်းသော နီဝရဏကို၊ ကတံ–ပြုတော်မူအပ်ပြီ။

လီနတာ – တွန့်ဆုတ်သူ၏ အဖြစ်သည်လည်းကောင်း၊ အသန္တတာ – မငြိမ်းအေးသူ၏ အဖြစ်သည်လည်းကောင်း၊ တေသံ–ထို ထိန မိဒ္ဓ, ဥဒ္ဓစ္စ ကုက္ကုစ္စတို့၏၊ ကိစ္စံ–ကိစ္စတည်း၊ တန္ဒီ–ပျင်းရိခြင်းသည်လည်းကောင်း၊ ဉာတိဝိတက္ကနံ–ဉာတိဗျသန စသည်ကို ကြံစည်ခြင်းသည်လည်းကောင်း၊ တေသံ–တို့၏၊ ဟေတု–အကြောင်းတည်း၊ ဝီရိယသမထာ–ဝီရိယသမထဟူကုန်သော၊ ဣမေ–ဤတရားတို့သည်၊ တေသံ–တို့၏၊ ဝိရောဓိနော–ဆန့်ကျင်ဘက်တို့တည်း၊ [အခြေပြဋ္ဌ ဤဂါထာအရ ဆောင်ပုဒ် ပြခဲ့ပြီ။]

**၉။** အပ္ပဟီနဋ္ဌေန–မင်္ဂဖြင့် မပယ်အပ်ကုန်သေးသည်၏အဖြစ်ကြောင့်၊ အနုအနု–အဖန်ဖန်,အထပ်ထပ်ထပ်၊သန္တာနေ–ခန္ဓာအစဉ်၌၊သေန္တိ–ဖြစ်တတ်ကုန်၏၊ ဣတိ–ကြောင့်၊ အနုသယာ–တို့ မည်၏၊ အနုရူပံ–ကိလေသာဖြစ်ဖို့ရန် လျော်ကပ်သော၊ကာရဏံ–အကြောင်းကို၊လဘိတ္တွာ–ရ၍၊ဝါ–ရလတ်သော်၊ ဉပ္ပဇ္ဇန္တိ–ဖြစ်တတ်ကုန်၏၊ ဣတိအတ္တော–နက်၊ ဟိ–မှန်၊ [အပ္ပဟီနဋ္ဌေနစသော စကားသည်မှန်၏–ဟူလို၊] အပ္ပဟီနာ–မင်္ဂဖြင့် မပယ်အပ်ကုန်သေးသော၊ ကိလေသာ–တို့သည်၊ ကာရဏလာဘေ–ကိလေသာဖြစ်ဖို့ရန် အကြောင်းကို ရခြင်းသည်၊ သတိ–ရှိလတ်သော်၊ ဉပ္ပဇ္ဇနာရဟာ–ဖြစ်ခြင်းကို ထိုက်ကုန်သည်၊ (ဟုတ္တွာ–၍၊) သန္တာနေ–၌၊အနု–အဖန်ဖန် အထပ်ထပ်၊သယိတာဝိယ–ကိန်းဝပ်ကုန်သကဲ့သို့၊ ဟောန္တိ–န်၏၊ ဣတိ–ကြောင့်၊ တဒဝတ္ထာ–ထို ကိန်းဝပ်ခြင်း အခိုက်အတန့်ရှိသောကိလေသာတို့ကို၊[ဤပါဌ်ဖြင့် ပရိယုဋ္ဌာနအခိုက်အတန့်, ဝီတိက္ကမအခိုက်အတန့်ကို ကန့်သည်၊]အနုသယာတိ–တို့ဟူ၍၊ ဝုစ္စန္တိ–န်၏။

ပန–ဆက်၊ တေ–ထို အနုသယတို့ဟူသည်၊ နိပ္ပရိယာယတော–ပရိယာယ် မဟုတ် မုချအားဖြင့်၊ အနာဂတာ–အနာဂတ်ဖြစ်ကုန်သော၊ ကိလေသာ–တို့တည်း၊ [အနာဂတ်ကိလေသာဟု ဆိုသော်လည်း ထိုသို့ မဟုတ်ကြောင်းကို ဘာသာဋီကာ၌လည်း စိစစ်ထားပြီ၊] အတီတပစ္စုပ္ပန္နာပိ–အတီတ်, ပစ္စုပ္ပန် ကိလေသာတို့ကိုလည်း၊ တံသဘာဝတ္တာ–ထိုကိန်းဝပ်ခြင်းသဘော ရှိကုန်သည်၏ အဖြစ်ကြောင့်၊ တထာ–ထိုအနုသယတို့ဟူ၍၊ ဝုစ္စန္တိ–န်၏၊ ဟိ–မှန်၊ ကာလဘေဒေန–အတိတ်စသောကာလ၏ ကွဲပြားခြင်းကြောင့်၊ ဓမ္မာနံ–ပရမတ္ထတရားတို့၏၊သဘာဝဘေဒေါ–သဘောအားဖြင့် ကွဲပြားခြင်းသည်၊န အတ္ထိ–မရှိ။

အပ္ပဟီနဋ္ဌေန–ကြောင့်၊ အနုသယာ–အနုသယတို့မည်ကုန်သည်၊ ယဒိ (ဟောန္တိ)–န်အံ့၊(ဇဝ် ဟောန္တေသု–ဤသို့ဖြစ်ကုန်လတ်သော်၊) သဗ္ဗေပိ–န်သော၊ ကိလေသာ–(၁၀)ပါးသောကိလေသာတို့သည်၊ အပ္ပဟီနာ–မဂ်ဖြင့်မပယ်အပ်ကုန်သေးသည်၊(သမာနာ–ဖြစ်ကုန်လတ်သော်၊) အနုသယာ–န်သည်၊ ဘဝေယျုံ နနု–ဖြစ်ကုန်ရာသည် မဟုတ်လော၊ ဣတိ–စောဒနာတည်း၊ မယံ–တို့သည်၊ အပ္ပဟီနတာမတ္တေန–မဂ်ဖြင့် မပယ်အပ်သေးသည်၏ အဖြစ်မျှကြောင့်၊ အနုသယာတိ–ဟူ၍၊ န ဝဒါမ–မဆိုလိုကုန်၊ အထခေါ–စင်စစ်ကား၊ အပ္ပဟီနဋ္ဌေန–ကြောင့်၊ ထာမဂတာ–အားအစွမ်းရှိသည်၏ အဖြစ်သို့ ရောက်ကုန်သော၊ ကိလေသာ–တို့သည်၊ အနုသယာ–တို့ မည်၏၊ ဣတိ–သို့၊ (ဝဒါမ–ဆိုလိုကုန်၏၊) ထာမဂမနဋ္ဌ–အားအစွမ်းရှိသည်၏အဖြစ်သို့ ရောက်ခြင်းသည်လည်း၊ အနညာသာဓာရဏော–အခြားသော ကိလေသာတို့နှင့် ဆက်ဆံခြင်း မရှိသော၊ ကာမရာဂါဒီနမေဝ–ကာမရာဂအစရှိသော(၆)ပါးတို့၏သာလျှင်၊ အာဝေဏိကော–သီးခြားဖြစ်သော၊သဘာဝေါ–သဘောတည်း၊ဣတိ–ကြောင့်၊ဝိဝါဒေန–ငြင်းခုံကြောင်းစကားဖြင့်၊ အလံ–အကျိုးမရှိတော့ပြီ၊ ကာမရာဂေါယေဝ–သည်ပင်၊ အနုသယော–တည်း၊ ကာမရာဂါနုသယော–သည်ပင် အနုသယ၊ [ဤအဓိပ္ပာယ်အားလုံးကို ဘာသာဋီကာ၌ ကျယ်ဝန်းစွာ ပြထားပြီ။]

**၁၀–၁၂။** (ယာနိ ဓမ္မဇာတာနိ–အကြင်လောဘစသော တရားသဘောတို့သည်၊) သံယောဇေန္တိ, ဗန္ဓန္တိ–နှောင်ဖွဲ့တတ်ကုန်၏၊ ဣတိ–ကြောင့်၊ (တာနိ ဓမ္မဇာတာနိ–တို့သည်၊) သံယောဇနာနိ–သံယောဇဉ်တို့ မည်၏၊ တေဟိ–ဤ လောဘအစရှိသည်တို့သည်၊ စိတ္တံ–စိတ်ကို၊ ကိလိဿတိ, ဥပတပ္ပတိ–လောင်အပ်၏၊ ဣတိ–ထိုသို့ လောင်တတ်ကုန်သည်၏အဖြစ်ကြောင့်၊ (တေ–ထိုလောဘအစရှိသောတရားတို့သည်၊) ကိလေသာ–တို့မည်၏၊ ဝါ–တစ်နည်း၊ တေဟိ–ဤလောဘအစရှိသော တရားတို့သည်၊ စိတ္တံ–ကို၊ ကိလိဿတိ, ဗာဓီယတိ–နှိပ်စက်အပ်၏၊ ဣတိ–ကြောင့်၊ (ဝါ–ထိုသို့ စိတ်ကို နှိပ်စက်တတ်ကုန်သည်၏ အဖြစ်ကြောင့်၊ တေ–ထို လောဘအစရှိသော တရားတို့သည်၊) ကိလေသာ–တို့ မည်၏။

---

**ကိလေသာ**။ ။ကိလိသဓာတ်သည် ဥပတာပ(ပူလောင်ခြင်း)အနက်, ဝိဗာဓန (နှိပ်စက်ခြင်း) အနက်တို့ကို ဟော၏၊ ထို့ကြောင့် ပဌမနည်း၌ ဥပတပ္ပတိဟု ဖွင့်၍, ဒုတိယနည်း၌ ဗာဓီယတိဟု ဖွင့်သည်၊ နှစ်နည်းလုံးပင် (ဝိဂ္ဂြိုဟ်အတွင်း၌ ကံကို ဟော၍, နိပ္ဖန္နပြီးသောအခါ ကတ္တားအနက်ကို အရကောက်ရသော) အဝုတ္တကတ္တုသာဓနချည်းတည်း၊ အဋ္ဌသာလိနီ၌ကား ကတ္တုသာဓ်ဝိဂ္ဂြိုဟ်ပင် ပြု၍ "ဝိဗာဓတိ, ဥပတာပေတိ"ဟု ဖွင့်သည်၊ "မီးသည် အိမ်ကို လောင်၏"ဟူရာ၌ကဲ့သို့ ဥပတာပ–လောင်ခြင်းကြိယာသည် သကမ္မကတည်း။

**၁၃။** ကာမဘဝနာမေနာတိ–ကား၊ ကာမဘဝသင်္ခါတာနံ–ကာမဘဝဟုဆို အပ်ကုန်သော၊ အာရမဏာနံ–တို့၏၊ နာမေန–အမည်အားဖြင့်၊ (တဗ္ဗတ္ထုကြ တဏှာ အဓိပ္ပေတာ၌ စပ်၊) တထာပဝတ္တန္တိ–ကား၊ သီလဗ္ဗတာဒီနိ–အလေ့ အကျင့်အစရှိသည်တို့ကို၊ ပရတော–မှန်သည်မှတစ်ပါး မှားသောအားဖြင့်၊ အာမသနာဒိဝသေန–သုံးသပ်ခြင်းအစရှိသည်တို့၏ အစွမ်းဖြင့်၊ ပဝတ္တံ–သော၊ (ဒိဋ္ဌိဂတံမေဝ၌ စပ်။)

**၁၄။** အာသဝါ စ–အာသဝေါတရားတို့သည်လည်းကောင်း၊ ဩဃာ စ– တို့သည်လည်းကောင်း၊ ယောဂါ စ–တို့သည်လည်းကောင်း၊ ဂန္ထာ စ–ဂန္ထတရား တို့သည်လည်းကောင်း၊ ဝတ္ထုတော, ဓမ္မတော–ပရမတ္ထသဘောအားဖြင့်၊ ဝုတ္တ နယေန–ဆိုအပ်ပြီးသောနည်းဖြင့်၊ (ရှေ့၌ အရကောက်ခဲ့သောနည်းဖြင့်၊) တယော–သုံးပါးစီတို့တည်း၊ တထာ–ထိုမှတစ်ပါး၊ ဥပါဒါနာ–ဥပါဒါန်တို့ကို၊ တဏှာဒိဋ္ဌိဝသေန–တဏှာ, ဒိဋ္ဌိတို့၏အပြားအားဖြင့်၊ ဒုဝေ–နှစ်ပါးတို့ဟူ၍၊ ဝုတ္တာ–ဆိုအပ်ကုန်ပြီ၊ ထိန ၊ပေ၊ ကုက္ကုစ္စာနံ–ထိန,မိဒ္ဓ,ဥဒ္ဓစ္စ, ကုက္ကုစ္စတို့ကို၊ ဝိသုံ–သီးခြား၊ ဂဟဏာတော–ယူခြင်းကြောင့်၊ နီဝရဏာ–တို့သည်၊ အဋ္ဌ– ရှစ်ပါးတို့သည်၊ သိယုံ–နိ၏၊ [ဟိတ်အတွင်း သွင်းပေးသည်၊] အနုသယာ– တို့သည်၊ ဆဠေဝ–ခြောက်ပါးတို့သာလျှင်၊ ဟောန္တိ–နိ၏၊ (ကသ္မာ–နည်း၊) ကာမ၊ပေ၊နုသယာနံ–ကာမရာဂအနုသယ,ဘဝရာဂအနုသယတို့၏၊ ဝါ–တို့ကို၊ တဏှာသဘာဝေန–တဏှာသဘောအားဖြင့်၊ ဧကတော–တပေါင်းတည်း၊ ဂဟိတတ္တာ–ယူအပ်ကုန်သည်၏အဖြစ်ကြောင့်တည်း၊ သညောဇနာ–သံယောဇဉ် တို့ကို၊ နဝ–ကိုးပါးတို့ဟူ၍၊ မတာ–သိအပ်ကုန်၏၊ (ကသ္မာ–နည်း၊) ဥဘယတ္ထ– နှစ်ပါးစုံသောသုတ္တန်နည်း,အဘိဓမ္မာနည်းတို့၌၊ ဝုတ္တာနံ–ဟောတော်မူအပ် ကုန်သော၊ တဏှာသဘာဝါနံ–တဏှာသဘောရှိသော သံယောဇဉ်တို့၏လည်း ကောင်း၊ ဝါ–တို့ကိုလည်းကောင်း၊ ဒိဋ္ဌိသဘာဝါနဥ္စ–တို့၏လည်းကောင်း၊ ဝါ–တိုကိုလည်းကောင်း၊ ဧကေကံ–တစ်ခုစီ,တစ်ခုစီ၊ သင်္ဂဟိတတ္တာ–ကြောင့် တည်း၊ ပန–ကား၊ ကိလေသာ–တို့သည်၊ သုတ္တန္တဝသေန–သုတ္တန်၏အစွမ်းဖြင့် လည်းကောင်း၊ အဘိဓမ္မဝသေနပိ–ဖြင့်လည်းကောင်း၊ ဒသ–ဆယ်ပါးတို့ ချည်းတည်း၊ ဣတိဧဝံ–ဤသို့လျှင်၊ ပါပါနံ–မိမိကိန်းရာ, သတ္တဝါကို အပါယ် လေးရွာသို့ ရောက်စေတတ်ကုန်သော၊ အကုသလာနံ–အကုသိုလ်တို့ကို၊ သင်္ဂဟော–သိမ်းယူရာ သိမ်းယူကြောင်း စကားရပ်ကို၊ နဝဓာ–ဖြင့်၊ (မယာ) ဝုတ္တော–ပြီ။

**စ**–ဆက်၊ ဧတ္ထ–ဤ အကုသလသင်္ဂဟ၌၊ လောဘဒိဋ္ဌိယော–လောဘ, ဒိဋ္ဌိတို့ကို၊ နဝါဋ္ဌသင်္ဂဟာ–ကိုးဌာန,ရှစ်ဌာနတို့၌ သွင်းယူအပ်ကုန်၏၊ [အာသဝ **စသော** ကိုးဌာနလုံး၌ လောဘကို,နီဝရဏမှ တစ်ပါးသော ရှစ်ဌာန၌ ဒိဋ္ဌိကို **သွင်းယူပါ၊]** အဝိဇ္ဇာ–ကို၊ သတ္တသင်္ဂဟာ–ခုနစ်ဌာန၌ သွင်းယူအပ်၏၊ [ဂန္ထ,

ဥပါဒါနမှတစ်ပါးသော(၇)ဌာန၊]ပဋ္ဌိယော–ကို၊ ပဉ္စသင်္ဂဟော–(၅)ဌာန၌ သွင်းယူအပ်၏၊ [အာသဝ, ဩဃ, ယောဂ, ဥပါဒါနမှတစ်ပါး (၅)ဌာန၊] ကန်္ဒါ–ဝိစိကိစ္ဆာကို၊ စတုသင်္ဂဟာ–(၄)ဌာန၌ သွင်းယူအပ်၏၊ [အာသဝ, ဩဃ, ယောဂ, ဂန္ထ, ဥပါဒါနမှတစ်ပါး(၄)ဌာန၊] မာနုဒ္ဓစ္စာ–တို့ကို၊ တိသင်္ဂဟာ–(၃)ဌာန၌ သွင်းယူအပ်ကုန်၏၊ [မာနကို အနုသယ, သံယောဇဉ်, ကိလေသာ သုံးဌာန၌, ဥဒ္ဓစ္စကို နီဝရဏ, သံယောဇဉ်, ကိလေသာ (၃)ဌာန၌ သွင်းယူ၊] ထိနံ–ကို၊ ဒွိသင်္ဂဟံ–(၂)ဌာန၌ သွင်းယူအပ်၏၊ [နီဝရဏ, ကိလေသာ (၂) ဌာန၊] ကုက္ကုစ္စ ၊ပေ၊ နိဂုဟနာ–ကုက္ကုစ္စ,မိဒ္ဓ အဟိရိက အနောတပ္ပ ဣဿာ မစ္ဆရိယတို့ကို၊ [ဤ၌"နိဂုဟန–လျှို့ဝှက်ခြင်း"ဟူသည် မစ္ဆရိယပင်တည်း၊] ဧကသင်္ဂဟိတာ–(၁)ဌာန၌ သွင်းယူအပ်ကုန်၏၊ [ကုက္ကုစ္စနှင့်မိဒ္ဓကို နီဝရဏ၌, အဟိရိကနှင့်အနောတပ္ပကို ကိလေသာ၌, ဣဿာနှင့်မစ္ဆရိယကို သံယောဇဉ်၌ သွင်းယူပါ၊] ဣစ္စေဝံ–ဤသို့လျှင်၊ ပါပါ–အကုသိုလ်တရားတို့ကို၊ နဝသင်္ဂဟာ–(၉)ဌာနတို့၌ သွင်းယူအပ်ကုန်၏၊ ဣတိ–ဤကား အပြီးတည်း။

**၁၅–၁၆။** ဟေတုသု–ဟိတ်တို့၌၊ ဝတ္တဗ္ဗံ–ဆိုထိုက်သောစကားကို၊ ဟေဋ္ဌာ–အောက်၌၊ (ဟေတုသင်္ဂဟ၌၊) (မယာ) ဝုတ္တမေဝ–ပြီးသည်သာ၊ အာရမဏံ–ကို၊ ဝါ–သို့၊ ဥပဂန္တွာ–ကပ်ရောက်၍၊ စိန္တနသင်္ခါတေန–သိခြင်းဟုဆိုအပ်သော၊ ဥပနိဇ္ဈာယနဋ္ဌေန–ဥပနိဇ္ဈာယနအနက်ကြောင့်လည်းကောင်း၊ ယထာရဟံ–လျော်စွာ၊ပစ္စနီကဓမ္မဈာယနဋ္ဌေန စ–ဆန့်ကျင်ဘက်နီဝရဏတို့ကို လောင်တတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ (တစ်နည်း၊ ပစ္စနီကဓမ္မဈာပနဋ္ဌေ စ–ဆန့်ကျင်ဘက် နီဝရဏတို့ကို လောင်စေတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊) ဈာနာနိ စ–ဈာနတို့လည်းဟုတ်၏၊ တာနိ–ထိုဈာနတို့ဟူသည်၊ သမုဒိတာနံ–ဈာန်အင်္ဂါအပေါင်းတို့၏၊ အဝယဝဘာဝေန–အစိတ်၏အဖြစ်ဖြင့်၊ အင်္ဂီယန္တိ,ဉာယန္တိ–သိအပ်ကုန်၏၊ ဣတိ–ကြောင့်၊ အင်္ဂါနိ စ–အင်္ဂါတို့လည်းဟုတ်၏၊ ဣတိ–ဤနှစ်ပါးသောသတ္တိကြောင့်၊ ဈာနင်္ဂါနိ–ဈာနင်္ဂါတို့ မည်၏။

---

**ဈာနင်္ဂါနိ**။ ။ဈာန+အင်္ဂဟုခွဲ၊"အာရမဏံ၊ပေ၊ဈာယနဋ္ဌေန စ"ဖြင့် ဈာန မည်ခြင်း၏ အကြောင်းပဝတ္တိနိမိတ်ကို ပြ၏၊ "အာရမဏံ ဈာယန္တိ ဥပနိဇ္ဈာယန္တီတိ ဈာနာနိ" ဟုလည်းကောင်း "ပစ္စနီကဓမ္မေ ဈာယန္တီတိ ဈာနာနိ"ဟုလည်းကောင်း ဝစနတ္ထပြုပါ–ဟူလို၊ ဈာယနဋ္ဌေနနေရာဝယ် ဈာပနဋ္ဌေနဟု စာအများရှိ၏၊ ထိုအလို "ပစ္စနီကဓမ္မေ ဈာပေန္တီတိ ဈာနာနိ"ဟု ပြု၊ [ယထာရဟံ အဓိပ္ပာယ်ကို ဘာသာဋီကာ ရှုပစိတ်အဖွင့်၌ ရေးခဲ့သော "ဝိတက္ကော ထိနမိဒ္ဓဿ, ဝိစိကိစ္ဆာယ ဝိစာရော" စသော ဂါထာအတိုင်း ဝိတက်သည် ထိနမိဒ္ဓနီဝရဏကို လောင်၏၊ ဝိစာရသည် ဝိစိကိစ္ဆာနီဝရဏကို လောင်၏၊ ဤသို့ စသည်ဖြင့် သိပါ၊] သမုဒိတာနံ၊ပေ၊ဉာယန္တိဖြင့် အင်္ဂါနိ၏ ဝစနတ္ထကို ပြသည်၊

စ–ဆက်၊ အဝယဝဝိနိမုတ္တဿ–အစိတ်ဈာန်အင်္ဂါတို့မှလွတ်သော၊ သမုဒါယဿ–အပေါင်းဈာန်၏၊ အဘာဝေ–မရှိခြင်းသည်၊ (သတိ)ပိ–ဖြစ်ပါသော်လည်း၊ သေနင် ၊ပေ၊ ဝိယ–သေနင်, ရထင်အစရှိသည်တို့ကဲ့သို့၊ ဝိသုံဝိသုံ–အသီးအသီး၊ ဝါ–တစ်ခုစီ, တစ်ခုစီ၊ (ဟုတ္ဟာ–၍၊ ဝါ–ဖြစ်လသော်၊) အင်ဘာဝေန–အင်္ဂါ၏အဖြစ်ဖြင့်၊ ဝုစ္စန္တိ–ဆိုအပ်ကုန်၏၊ ကေဝလာ–တည်း၊ ဟုတ္ဟာ–၍၊ ဝါ–သော်၊ ဈာနဘာဝေန–ဈာန်၏အဖြစ်ဖြင့်၊ (ဝုစ္စန္တိ–န်၏၊) [ဤ အဓိပ္ပာယ်ကို အဓဲခြေပြဋ္ဌပင် ရူပါဝစရစိတ်၌ရေးခဲ့ပြီ၊] စ–ဆက်၊ ဧတ္ထ–ဤ ဈာန်အင်္ဂါတို့တွင်၊ ဒေါမနဿံ–ဒေါမနဿသည်၊ အကုသလဈာနင်–အကုသိုလ်ဈာန်အင်္ဂါတည်း၊ သေသာနိ–ဒေါမနဿမှကြွင်းသော ဝိတက်အစရှိသော တရားတို့သည်၊ ကုသလ ၊ပေ၊ ဈာနင်္ဂါနိ–ကုသိုလ်, အကုသိုလ်, အဗျာကတဈာန်အင်္ဂါတို့တည်း။

၁၇။ သုဂတိဒုဂ္ဂတီနံ–သုဂတိ, ဒုဂ္ဂတိတို့သို့လည်းကောင်း၊ နိဗ္ဗာနဿစ–နိဗ္ဗာန်သို့လည်းကောင်း၊ အဘိမုခံ–ရှေးရှု၊ ပါပနတော–ရောက်စေတတ်ကုန်သည်၏ အဖြစ်ကြောင့်၊ မဂ္ဂါ–တို့မည်၏၊ [မဂ္ဂသဒ္ဒါသည် လမ်းဟူသော အနက်ကို ဟော၏၊ လမ်းသည် ဆိုင်ရာအရပ်သို့ ရောက်စေသကဲ့သို့ သမ္မာဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိစသည်တို့လည်း သုဂတိ, ဒုဂ္ဂတိ, နိဗ္ဗာန်သို့ရောက်စေနိုင်ကြသည်၊] တေသံ–ထို သုဂတိ, ဒုဂ္ဂတိ, နိဗ္ဗာန်တို့၏၊ ပထဘူတာနိ–လမ်းကြောင်းဖြစ်၍ ဖြစ်ကုန်သော၊ အင်္ဂါနိ–အစိတ်အပိုင်းတို့တည်း၊ (မဂ္ဂင်္ဂါနိ–သုဂတိ, ဒုဂ္ဂတိ, နိဗ္ဗာန်၏လမ်းကြောင်းဖြစ်သော အစိတ်အပိုင်းတို့၊) ["မဂ္ဂဘူတာနိ+အင်္ဂါနိ မဂ္ဂင်္ဂါနိ"ဟုပြု] ဝါ–တစ်နည်း၊ အင်္ဂိဿ–ရှစ်ပါးသော အင်္ဂါရှိသော၊ မဂ္ဂဿ–အပေါင်းဖြစ်သောမင်၏၊ အင်္ဂါနိ–တို့တည်း၊ မဂ္ဂင်္ဂါနိ–အပေါင်းဖြစ်သော မင်၏ အစိတ်အပိုင်းတို့၊သမ္မာ–ကောင်းစွာ၊အဝိပရီတတော–မဖောက်မပြန်သောအားဖြင့်၊ [သမ္မာကိုပင်"အဝိပရီတတော"ဟုအဓိပ္ပာယ်ဖွင့်သည်၊] ပဿတိ–ရှုတတ်၏၊ ဣတိ–ကြောင့်၊ သမ္မာဒိဋ္ဌိ–မည်၏၊ ပန–ဆက်၊ သာ–ထိုသမ္မာဒိဋ္ဌိသည်၊ အတ္ထိ၊ပေ၊ဝသေန–အတ္ထိဒိန္နံအစရှိသည်တို့၏ အပြားအားဖြင့်၊ ဒသဝိဓာ–၏။

"အင်္ဂိယန္တိ တိ အင်္ဂါနိ"ဟု ပြုစေလိုရင်းတည်း၊ အင်ဓာတ်သည် ဉာဏအနက်ဟောဟု သိစေလို၍ "ဉာယန္တိ"ဟု ဖွင့်သည်၊ ထို့နောက် "ဈာနာနိစ+ တာနိ+အင်္ဂါနိစာတိ ဈာနင်္ဂါနိ"ဟု ပြု။

**မှတ်ချက်**။ ။"ဈာယန–လောင်" ဟူသည် သကမ္မကကြိယာတည်း၊ "မီးသည် အိမ်ကို လောင်၏"စသည်တည်း၊ ဤ၌လည်း "ဈာန်သည် နီဝရဏတို့ကို လောင်၏"ဟု ကာရိတ်မပါဘဲ အဓိပ္ပာယ်ရ၏၊ ထို့ကြောင့် ကာရိတ်မပါသော"ဈာယနဋ္ဌေန"သာ မူလ ပါဠိဖြစ်ဟန်တူ၏၊ သို့သော် စာအုပ်များ၌ကား ဏာပေပစ္စည်းဖြင့် "ဈာပန"ဟု ရှိသောကြောင့် ရေးက မိမိရေးအပ်သော စာတို့၌လည်း ဈာပန အဓိပ္ပာယ်ကိုပင် ရေးခဲ့မိသည်။

[ဆယ်ပါးသရုပ်ကို ဝိထိမုတ်ပိုင်း ဒိဋ္ဌိဇုကမ္မအဖွင့်၌ ပြခဲ့ပြီ၊] ဝါ–တစ်နည်း၊ ပရိညာဒိကိစ္စဝသေန–ပရိညာအစရှိသောကိစ္စတို့၏ အပြားအားဖြင့်၊ စတုဗ္ဗိဓာ–၏၊ [ပရိညာဒိ၌ အာဒိဖြင့်ပဟာန, သစ္ဆိကရဏ, ဘာဝနာကိစ္စတို့ကို ယူ၊] တေန–ဤသဘောတရားဖြင့်၊ သမ္မာ–မဖောက်မပြန် မှန်ကန်စွာ၊ သင်္ကပ္ပန္တိ–ကြံစည်တတ်ကုန်၏၊ ဣတိ–ထိုသို့ ကောင်းစွာကြံစည်ကြောင်း၏ အဖြစ်ကြောင့်၊ (သော–ထိုသဘောတရားသည်၊) သမ္မာသင်္ကပ္ပော–မည်၏၊ သော–ထို သမ္မာသင်္ကပ္ပသည်၊ နေက္ခမ္မ ၊ပေ၊ ဝသေန–နေက္ခမ္မသင်္ကပ္ပ ၊ပေ၊ အဝိဟိံသာသင်္ကပ္ပတို့၏ အပြားအားဖြင့်၊ တိဝိဓော–၏။

သမ္မာဝါစာဒယော–သမ္မာဝါစာအစရှိသောတရားတို့ကို၊ ဟေဋ္ဌာ–အောက်၌၊ (စေတသိက်ပိုင်း သောဘနရာသိအဖွင့်၌၊) ဝိဘာဝိတာဝ–ထင်စွာပြအပ်ကုန်ပြီးသည်သာ၊ တေန–ဤသဘောတရားဖြင့်၊ သမ္မာ–စွာ၊ ဝါယမန္တိ–အားထုတ်ကြကုန်၏၊ ဣတိ–ထိုသို့ကောင်းစွာအားထုတ်ကြောင်း၏ အဖြစ်ကြောင့်၊ (သော–သည်၊) သမ္မာဝါယာမော–မည်၏၊ တေယ–ဤသဘောတရားဖြင့်၊ သမ္မာ–စွာ၊ သရန္တိ–အမှတ်ရတတ်ကုန်၏၊ ဣတိ–ထိုသို့ကောင်းစွာ အမှတ်ရကြောင်း၏အဖြစ်ကြောင့်၊ (သာ–သည်၊) သမ္မာသတိ–မည်၏၊ ပန–ဆက်၊ ဣမေသံ–ဤသမ္မာဝါယာမ, သမ္မာသတိတို့၏၊ ဘေဒံ–အထူးအပြားကို၊ ဥပရိ–အထက်၌၊ ဝက္ခတိ–ဆိုလတ္တံ့၊ [ဗောဓိပက္ခိယအခန်း၌" သတိပဋ္ဌာန် လေးပါး, သမ္မပ္ပဓာန်လေးပါး"ဟု ဆိုလတ္တံ့–ဟူလို၊] တေန–ဤသဘောတရားသည်၊ သမ္မာ–စွာလည်းကောင်း၊ သာမဉ္စ–ကိုယ်တိုင်လည်းကောင်း၊ စိတ္တံ–ကို၊ အာဓိယတိ–ထားအပ်၏၊ ဣတိ–ထိုသို့ စိတ်ကို မဖောက်မပြန် ကိုယ်တိုင်ထားတတ်သည်၏ အဖြစ်ကြောင့်၊ (သော–သည်၊) သမ္မာသမာဓိ–မည်၏၊ [အဝုတ္တကတ္တုသာဓနေ...သမ္မာသမာဓိဟု သမ္မာပါနေသောကြောင့် သံအတွက် "သာမံ"ဟု ဖွင့်သည်၊ သမ္မာ မပါသော အခြားနေရာ၌ကား သံအတွက် သမ္မာဟု ဖွင့်၍ "သမ္မာ အာဓိယတိ စေတနာတိ သမာဓိ"ဟု ဖွင့်ရမည်၊] ပဋ္ဌမဇ္ဈာနာဒိဝသေန–ပဋ္ဌမဈာန် အစရှိသည်တို့၏ အပြားအားဖြင့်၊ ပဉ္စဓာ–ငါးပါးပြားသော၊ ကေဂ္ဂတာ–ကေဂ္ဂတာစေတသိက်တည်း၊ မိစ္ဆာဒိဋ္ဌိအာဒယော–မိစ္ဆာဒိဋ္ဌိ အစရှိသော တရားတို့သည်၊ ဒုဂ္ဂတိမဂ္ဂတ္တာ–ဒုဂ္ဂတိလမ်းကြောင်းတို့၏ အဖြစ်ကြောင့်၊ မဂ္ဂင်္ဂါနိ–တို့ မည်၏။

**၁၈**။ ဒဿနာဒီသု–မြင်ခြင်းအစရှိသော ကိစ္စတို့၌၊ [အာဒိဖြင့်–သဝန, ဃာယန,သာယန,ဖုသနတို့ကို ယူ၊] စက္ခုဝိညာဏာဒီနိ–စက္ခုဝိညာဉ်အစရှိသည်တို့သည်လည်းကောင်း၊ဝါ–တို့ကိုလည်းကောင်း၊[အနုဝတ္တာပေန္တာ၌ ကာရိတ်ကံ, ဓာတ်ကတ္တားအဖြစ်ဖြင့် စပ်၊ အာဒိဖြင့်–သောတဝိညာဉ်, ဃာန, ဇိဝှါ,ကာယဝိညာဉ်တို့ကို ယူ၊ ဤစကားဖြင့်–စက္ခုန္ဒြေစသော ရုပ်ဣန္ဒြေငါးပါးကို ပြသည်၊] ယေဘုယျေန–အားဖြင့်၊ [ယောကျ်ားဖြစ်လျက် မိန်းမလို, မိန်းမဖြစ်လျက်

ယောကျ်ားလို, လိင်္ဂနိမိတ္တစသည် ဖြစ်နိုင်သေး၍ "ယေဘုယျေန" ဟုဆိုသည်။] တံ ။ပေ၊ ပဝတ္တိယံ-ထို ဘာဝရုပ်နှင့်တကွဖြစ်သော ခန္ဓာအစဉ်၏ ဖြစ်ခြင်း၌၊ လိင်္ဂါဒီဟိ-လိင်္ဂအစရှိသည်တို့သည်လည်းကောင်း၊ ဝါ-တို့ကိုလည်းကောင်း၊ [အာဒိဖြင့်-ဘာဝရုပ်ခန်း၌ ပြခဲ့သော နိမိတ္တ, ကုတ္တ, အာကပ္ပတို့ကိုယူ၊ ဤစကားဖြင့် ဘာဝိန္ဒြေနှစ်ပါးကို ပြသည်။] ဇီဝနေ-အသက်ရှင်ခြင်း၌၊ (၌ပေးသမျှ တို့ကို ဣဿရဋ္ဌေနဥ် စပ်၊) ဇီဝန္တေ ဟိ-အသက်ဆဲဖြစ်ကုန်သော၊ ကမ္မဇ၊ပေ၊ ဓမ္မေဟိ-ကမ္မဇရုပ်, သမ္ပယုတ်တရားတို့သည်လည်းကောင်း၊ ဝါ-တို့ကိုလည်း ကောင်း၊ [ရုပ်-နာမ် ဇီဝိတနှစ်မျိုးရှိ၍ ကမ္မဇရူပ, သမ္ပယုတ္တဓမ္မဟု ဆိုသည်၊ ဤစကားဖြင့် ဇီဝိတိန္ဒြေကို ပြသည်။] မနနေဇာနနေ-သိခြင်း၌၊ သမ္ပယုတ္တ ဓမ္မေဟိ-တို့သည်လည်းကောင်း၊ ဝါ-တို့ကိုလည်းကောင်း၊ [မနိန္ဒြေကို ပြသည်။]

သုခိတာဒိဘာဝေ-သုခိတ အစရှိသည်တို့၏ အဖြစ်၌၊ သုခိတာဒီဟိ-သုခိတအစရှိသည်တို့နှင့်၊ ဝါ-သုခဝေဒနာ အစရှိတို့နှင့်၊ သဟဇေဟိ-တကွ ဖြစ်ဖက်တရားတို့သည်လည်းကောင်း၊ ဝါ-တို့ကိုလည်းကောင်း၊ [ဤစကားဖြင့် ဝေဒနိန္ဒြေငါးပါးကို ပြသည်။] သဒ္ဓဟနာဒီသု-ယုံကြည်ခြင်းအစရှိသည်တို့၌၊ [အာဒိဖြင့်-ဝီရိယန, သရဏ, သမာဒဟန, ပဇာနနတို့ကို ယူ၊] သဒ္ဓဟနာဒိ ဝသပ္ပဝတ္တေဟိ-ယုံကြည်ခြင်းအစရှိသည်တို့၏ အစွမ်းဖြင့်ဖြစ်ကုန်သော၊ [အာဒိဖြင့်-အားထုတ်ခြင်း, အမှတ်ရခြင်း, တည်ကြည်ခြင်း, သိခြင်းတို့ကို ယူ၊] တေဟေဝ-(သဟဇေဟိ)-ထိုတကွဖြစ်ဖက် တရားတို့သည်ပင်လည်း ကောင်း၊ ဝါ-တို့ကိုပင်လည်းကောင်း၊ [ဤစကားဖြင့်-သဒ္ဓိန္ဒြေ ၊ပေ၊ ပညိန္ဒြေ, ဤငါးပါးကို ပြသည်၊] အနညာတံ-(အနမတဂ္ဂသံသာရဝယ် တစ်ရံတစ်ခါမျှ) မသိအပ်ဖူးသော နိဗ္ဗာန်ကို၊ ဝါ-သစ္စာလေးပါးတရားကို၊ ဉဿာမိ-သိအံ့၊ ဝါ-သိအောင်အားထုတ်အံ့၊ ဣတိ-သို့၊ ပဝတ္တိယံ-ဖြစ်ရာအခါ၌၊ တထာ ပဝတ္တေဟိ-ထိုမသိအပ်ဖူးသော တရားထူးကို သိအောင် အားထုတ်အံ့ဟူသော အခြင်းအရာအားဖြင့် ဖြစ်ကုန်သော၊ သဟဇာတေဟိ-တို့သည်လည်းကောင်း၊ ဝါ-တို့ကိုလည်းကောင်း၊ [ဤစကားဖြင့် အနညာတညဿာမီတိန္ဒြေကို ပြသည်၊] အာဇာနနေ-အောက်မဂ်သုံးပါးသည် သိအပ်ပြီးသော အပိုင်းအခြား အတိုင်း သိခြင်း၌လည်းကောင်း၊ [အညိန္ဒြေကို ပြသည်၊] အညာတာဝိဘာဝေ စ-သိပြီးသူ၏ အဖြစ်၌လည်းကောင်း၊ [အညာတာဝိန္ဒြေကို ပြသည်၊] အာဇာ ၊ပေ၊ ပဝတ္တေဟိ-အောက်မဂ်သုံးပါးသည် သိအပ်ပြီးသော အပိုင်းအခြားအတိုင်း သိခြင်းအစရှိသည်တို့၏ အစွမ်းဖြင့် ဖြစ်ကုန်သော၊ [အာဒိဖြင့်-အညာတာဝိ ဘာဝကို ယူ၊] သဟဇာတေဟိ-တို့သည်လည်းကောင်း၊ ဝါ-တို့ကို လည်း ကောင်း၊ အတ္တာနံ-မိမိဟူသော စက္ခုပသာဒ စသည်သို့၊ အနုဝတ္တာပေန္တာ-အစဉ် လိုက်စေနိုင်ကုန်သော၊ ဓမ္မာ-စက္ခုပသာဒ စသော တရားတို့သည်၊

ဣလ္လသရဋ္ဌေန–အစိုးရကုန်သည်၏ အဖြစ်ဟူသောအနက်ကြောင့်၊ ဣန္ဒြိယာနိ နာမ–ဣန္ဒြိယတို့ မည်၏၊ ဣတိ–ကြောင့်၊ စက္ခုန္ဒြိယန္တျာဒိ–အစရှိသော၊ (ယံ ဝစနံ အတ္ထိ, တံ ဝစနံ အာစရိယော) အာဟ–ပြီ၊ [ဣလ္လသရဋ္ဌေန–ဖြင့် ဣန္ဒြိယသဒ္ဒါသည် ဣလ္လသရအနက်ဟော အနိပ္ဖန္နပါဒိပဋိကသဒ္ဒါတည်းဟု သိစေသည်၊ ဘာသာဋီကာ၌ကား တစ်မျိုးပြထား၏၊ ရှုပါ၊]

ပန–ဝါဒန္တရကား၊ အဋ္ဌကထာယံ–၌၊ (ဣန္ဒြိယဝိဘင်း အဋ္ဌကထာ၌၊) အပရေပိ–ဣလ္လသရဋ္ဌမှ တစ်ပါးလည်း ဖြစ်ကုန်သော၊ ဣန္ဒလိင်္ဂဋ္ဌာဒယော–ဣန္ဒလိင်္ဂဋ္ဌအစရှိကုန်သော၊ ဣန္ဒြိယဋ္ဌာ–ဣန္ဒြိယသဒ္ဒါ၏ အနက်တို့ကို၊ ဝုတ္တာ–န်ပြီ၊ ဗီဝိတိန္ဒြိယံတိ–ကား၊ ရူပါရူပဝသေန–ရုပ်ဗီဝိတိန္ဒြေ နာမ်ဗီဝိတိန္ဒြေတို့၏ အပြားအားဖြင့်၊ ဒုဝိဓံ–သော၊ ဗီဝိတိန္ဒြိယံ–တည်း၊ အနမတဂ္ဂေ–မသိအပ်သော အစရှိသော၊ သံသာရေ–၌၊ အနညာတံ–မသိအပ်သေးသော၊ အမတံပဒံ–မသေခြင်း၏အကြောင်းဖြစ်သော နိဗ္ဗာန်ကို၊ ဝါ–တစ်နည်း၊ စတုသစ္စဓမ္မမေဝ–သစ္စာလေးပါးတရားကိုပင်၊ ဉဿာမိ–သိအံ့၊ ဣတိဧဝံအဇ္ဈာသယေန–ဤသို့ရှေးအဖို့၌ဖြစ်သော အဇ္ဈာသယဖြင့်၊ ပဋိပန္နဿ–ကျင့်သော ပုဂ္ဂိုလ်၏၊ ဣန္ဒြိယံ–သည်၊ အနညာတညဿာမီတိန္ဒြိယံ–မည်၏၊ အာဇာနာတိ–အပိုင်း အခြားအတိုင်းသိတတ်၏၊ ပဌမမဂ္ဂေန–သည်၊ ဒိဋ္ဌမရိယာဒံ–မြင်အပ်ပြီးသော သစ္စာလေးပါးအပိုင်းအခြားကို၊ အနတိက္ကမိတွာ–မကျော်လွန်မူ၍၊ [အာဇာနာတိ ဝယ်“အာ”၏ မရိယာဒအနက်ကို “ပဌမ၊ပေ၊အနတိက္ကမိတွာ”ဟု ဖွင့်သည်၊] ဇာနာတိ–၏၊ ဣန္ဒြိယဉ္စ–ဣန္ဒြေလည်းဟုတ်၏၊ ဣတိ–ကြောင့်၊ အညိန္ဒြိယံ–မည်၏၊ အညာတာဝိနော–သိအပ်ပြီးသော ရဟန္တာပုဂ္ဂိုလ်၏၊ စတ္တာရိ–န်သော၊ သစ္စာနိ–တို့ကို၊ ပဋိဝိဇ္ဈိတွာ–ထိုးထွင်းကာသိပြီး၍၊ ဋ္ဌိတဿ–တည်သော၊ အရဟတော–ရဟန္တာပုဂ္ဂိုလ်၏၊ [အညာတာဝိနောကို“စတ္တာရိ ၊ပေ၊ အရဟတော”ဟု ဖွင့်သည်၊] ဣန္ဒြိယံ–တည်း၊ စ–ဆက်၊ ဧတ္ထ–ဤပညာကို အရကောက် ရသော ဣန္ဒြေတို့တွင်၊ ဓမ္မသရူပဝိဘာဝနတ္ထံ–ပညာတည်းဟူသော တရားသရုပ်ကို ထင်စွာပြခြင်းအကျိုးငှာ၊ ပညိန္ဒြိယဂ္ဂဟဏံ–ပညိန္ဒြေကို ယူခြင်းသည်၊ (ဟောတိ–၏၊) ပုဂ္ဂလ၊ ပေ၊ ဝိဘာဝနတ္ထံ–ပုဂ္ဂိုလ်၏ အဇ္ဈာသယ, ကိစ္စဝိသေသကို ထင်စွာပြခြင်းအကျိုးငှာ၊ အနညာတညဿာမီတိန္ဒြိယာဒီနံ–အနညာတညဿာမီတိန္ဒြိယအစရှိသောဣန္ဒြေတို့ကို၊ဂဟဏံ–သည်၊(ဟောတိ–၏၊) [ပုဂ္ဂလဇ္ဈာသယ, ကိစ္စဝိသေသတို့၏ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ၊]

စ–ဆက်၊ ဧတ္ထ–ဤဣန္ဒြိယနိဒ္ဒေသ၌၊ သတ္တပညတ္တိယာ–သတ္တဝါဟု နာမည် ပညတ်ခြင်း၏၊ ဝိသေသနိဿယတ္တာ–ထူးသော မှီရာအကြောင်းတို့၏ အဖြစ် ကြောင့်၊ အဇ္ဈတ္တိကာယတနာနိ–အဇ္ဈတ္တိကာယတနတို့ကို၊ အာဒိတော–အစ၌၊

ဝုတ္တာနိ–န်ပြီ၊ ပန–ဆက်၊ မနိန္ဒြိယံ–ကို၊ အဇ္ဈတ္တိကာ ၊ပေ၊ သာမညေန–အဇ္ဈတ္တိကာယတန၏ အဖြစ်ဖြင့်တူသည်၏အဖြစ်ကြောင့်၊ ဧတ္ထေဝ–ဤအဇ္ဈတ္တိကာယတန၌ပင်၊(အာစရိယေန)၊ဝတ္တဗ္ဗံ–ဆိုထိုက်သည်၊ (သမာနံ)ပိ–သော်လည်း၊ အရူပိန္ဒြိယေဟိ–အခြားသော နာမ်ဣန္ဒြေတို့နှင့်၊ သဟ–တကွ၊ ဧကတော–တည်း၊ ဒဿနတ္ထံ–ပြတော်မူခြင်းအကျိုးငှာ၊ ဓိဝိတိန္ဒြိယာနန္တ ရံ–ဓိဝိတိန္ဒြေ၏အခြားမဲ့၌၊ ဝုတ္တံ–ပြီ၊ သာ အယံပညတ္တိ–ထိုသတ္တဟူသော နာမည်ပညတ်သည်၊ ဣမေသံ–ဤဘာဝရုပ်တို့၏၊ ဝသေန–ကြောင့်၊ ဣတ္ထိတိ–မိန်းမဟူ၍လည်းကောင်း၊ ပုရိသောတိ–လည်းကောင်း၊ ဝိဘာဂံ–ခွဲခြားဝေဖန်အပ်သည်၏ အဖြစ်သို့၊ ဂစ္ဆတိ–၏၊ ဣတိ (ဣမဿ အတ္ထဿ)–ဤအနက်အဓိပ္ပာယ်ကို၊ ဒဿနတ္ထံ–ငှာ၊ တဒနန္တ ရံ–ထို အဇ္ဈတ္တိကာယတန၏ အခြားမဲ့၌၊ ဘာဝဒွယံ–ဘာဝိန္ဒြေနှစ်ပါးအပေါင်းကို၊ (ဝုတ္တံ–ပြီ၊)

တယိမေ ဥပါဒိန္နဓမ္မာ–ထို ဥပါဒိန္န ကမ္မဇရုပ်တရားတို့သည်၊ [မဏိမဉ္ဇူသ၌တကို အဝိဘတ္တိကနိဒ္ဒေသစသည်ဖြင့် များစွာဆိုထားလေသည်၊ ] ဣမဿ–ဤဓိဝိတိန္ဒြေ၏၊ ဝသေန–ကြောင့်၊ တိဋ္ဌန္တိ–တည်နိုင်ကုန်၏၊ ဣတိ–ဤအနက်အဓိပ္ပာယ်ကို၊ ဒဿနတ္ထံ–ငှာ၊ တတော–ထို ဘာဝိန္ဒြေနှစ်ပါးအပေါင်းမှ၊ ပရံ–၌၊ ဓိဝိတိန္ဒြိယံ–ကို၊ (ဝုတ္တံပြီ၊) သတ္တသညိတော–သတ္တဟုသမုတ်အပ်သော၊ ဓမ္မပုဉ္ဇော–တရားအစုသည်၊ ပဗန္ဓဝသေန–အစဉ်အဆက်၏အစွမ်းဖြင့်၊ ပဝတ္တမာနော–လသော်၊ ဣမာဟိဝေဒနာဟိ–တို့ကြောင့်၊ သံကိလိဿတိ–ညစ်နွမ်းရ၏၊ ဣတိ–ဤအနက်အဓိပ္ပာယ်ကို၊ ဒဿနတ္ထံ–ငှာ၊ တတော–ထို မနိန္ဒြေမှ၊ (ပရံ–၌၊) ဝေဒနာပဉ္စကံ–ဝေဒနိန္ဒြေငါးပါးအပေါင်းကို၊ (ဝုတ္တံ–ပြီ၊) ပန–ဆက်၊ တာဟိ–ထိုဝေဒနာတို့မှ၊ ဝိသုဒ္ဓိကာမာနံ–စင်ကြယ်ခြင်းကို အလိုရှိသောပုဂ္ဂိုလ်တို့၏၊ .ဝေါဒါန၊ပေ၊ဒဿနတ္ထံ–ဖြူစင်ခြင်း၏ အဆောက်အဦကို ပြခြင်းအကျိုးငှာ၊ တတော–ထို ဝေဒနိန္ဒြေငါးပါးအပေါင်းမှ၊ (ပရံ–၌၊) သဒ္ဓါဒိပဉ္စကံ–သဒ္ဓါအစရှိသော ဣန္ဒြေငါးပါးအပေါင်းကို၊ (ဝုတ္တံ–ပြီ၊)

စ–ဆက်၊ သမ္ဘတဝေါဒါနသမ္ဘာရာ–စုဆောင်းအပ်ပြီးသော ဝေါဒါနသမ္ဘာရရှိသောပုဂ္ဂိုလ်တို့သည်၊ ဣမေဟိ–ဤတရားတို့ကြောင့်၊ ဝိသုဇ္ဈန္တိ–စင်ကြယ်ဆဲ

**သတ္တပညတ္တိယာ ၊ပေ၊ ဝုတ္တာနိ**။ ။ရူပါဒီသု သဋ္ဌတိတိ သတ္တော၊ ရူပါရုံစသော အာရုံငါးပါးတို့၌ ကပ်ငြိတတ်သောကြောင့်“သတ္တ”ဟု နာမည်တပ်၍ ပညတ်ရာ၌ စက္ခာယတနစသော အဇ္ဈတ္တိကာယတနတို့သည် ထိုနာမည်ရဖို့ရန် ထူးသော အကြောင်းများ ဖြစ်ကြ၏၊ မှန်၏–စက္ခုပသာဒမရှိလျှင် ရူပါရုံ၌ မငြိကပ်နိုင်၊ မငြိကပ်နိုင်လျှင်“သတ္တ”ဟူသော နာမည်အစစ်မရနိုင်၊ [သဒ္ဒါယတနစသည်၌လည်း ဤနည်းကိုမှီ၍ စိစစ်ပါ၊]ဤသို့ “သတ္တ”ဟုနာမည်တပ်၍ ပညတ်မှု၌ ထူးကဲသော အကြောင်းဖြစ်သောကြောင့် စက္ခုစသော အဇ္ဈတ္တိကရုပ်ဣန္ဒြေ ငါးပါးတို့ရှေးဦးစွာ ဟောတော်မူအပ်သည်–ဟူလို၊ [အခြားသော မှတ်ဖွယ်များနှင့်လက်ာကို ဘာသာဋီကာမှာ ရှု၊]

လည်း ဖြစ်ကုန်၏၊ [အနညာတညဿာမိတိန္ဒြေကို ရည်ရွယ်၍ ဆိုသည်၊] ဝိသုဒ္ဓိပ္ပတ္တာ–စင်ကြယ်ခြင်းသို့ ရောက်ကုန်သည်လည်းကောင်း၊ [အညိန္ဒြေကို ရည်ရွယ်၍ ဆိုသည်၊] နိဋ္ဌိတကိစ္စာ စ–ပြီးပြီးသော ကိစ္စရှိကုန်သည်လည်းကောင်း၊ [အညာတာဝိန္ဒြေကို ရည်ရွယ်၍ ဆိုသည်၊] ဟောန္တိ–န်၏၊ ဣတိ–ဤ အနက်အဓိပ္ပာယ်ကို၊ ဒဿနတ္ထံ–ငှာ၊ အန္တေ–အဆုံး၌၊ တီဏိ–သုံးပါးသော ဣန္ဒြေတို့ကို၊ ဝုတ္တာနိ–န်ပြီ၊ ဧတ္တာဝတာ–ဤမျှအတိုင်းအရှည်ရှိသော ဣန္ဒြေ (၂၂)ပါးဖြင့်၊ အဓိပ္ပေတတ္ထသိဒ္ဓိ–အလိုရှိအပ်သော အနက်အဓိပ္ပာယ်၏ ပြီးစီးခြင်းသည်၊ (ဟောတိ–၏၊) ဣတိ–ကြောင့်၊ အညေသံ–အခြားသောတရားတို့ကို၊ အဂ္ဂဟဏံ–(ဣန္ဒြိယဒေသနာ၌)မယူခြင်းသည်၊ (ဟောတိ၊) ဣတိ–ကြောင့်၊ ဣဒံ–ဤဆိုအပ်ပြီးသောအကြောင်းသည်၊ တေသံ–ဤဣန္ဒြေတို့ကို၊ အနုက္ကမေန–အားဖြင့်၊ ဒေသနာယ–ဟောတော်မူခြင်း၏၊ ကာရဏံ–အကြောင်း တည်း၊ ဣတိ–ကြောင့်၊ အတိပ္ပပဉ္စေန–ဖြင့်၊ အလံ–ပြီ။

**၁၉။** အသဒ္ဓိယ ၊ပေ၊ သဒ္ဓါတေဟိ–သဒ္ဓါမရှိသူဖြစ်ကြောင်းဖြစ်ရာ အကုသိုလ်စိတ္တုပ္ပာဒ်, ပျင်းရိသူ၏ဖြစ်ကြောင်းဖြစ်ရာ အကုသိုလ်စိတ္တုပ္ပာဒ်, မေ့လျော့ကြောင်း အကုသိုလ်စိတ္တုပ္ပာဒ်, ဥဒ္ဓစ္စ, အဝိဇ္ဇာ, အဟိရိက, အနောတ္တပ္ပ ဟု ဆိုအပ်ကုန်သော၊ ပဋိပက္ခဓမ္မေဟိ – ဆန့်ကျင်ဘက်တရားတို့သည်၊ အကမ္ပိယဋ္ဌေန–မတုန်လှုပ်စေအပ်ကုန်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ သမ္ပယုတ္တဓမ္မေသု– ယှဉ်ဖော် ယှဉ်ဖက်တရားတို့၌၊ ထိရဘာဝေန စ–ခိုင်မြဲကုန်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ သဒ္ဓါဒီနိ–သဒ္ဓါ အစရှိကုန်သော၊ သတ္တ–ခုနစ်ပါးသော တရားတို့သည်၊ ဗလာနိ–ဗိုလ်တို့ မည်၏၊ ပန–ကား၊ အဟိရိကာနောတ္တပ္ပဒွယံ–အဟိရိက အနောတ္တပ္ပ နှစ်ပါးအပေါင်းသည်၊ သမ္ပယုတ္တဓမ္မေသု–တို့၌၊ ထိရဘာဝေနေဝ–ခိုင်မြဲသည်၏အဖြစ်ကြောင့်သာလျှင်၊ (ဗလံ–ဗိုလ်မည်၏၊) [ဧဝဖြင့် ပဋိပက္ခအကမ္ပိယကို ကန့်၊ အကမ္ပိယ, ထိရဘာဝ တို့၏ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ၊]

**၂၀။** အတ္တာဓိနပ္ပဝတ္တိနံ–မိမိနှင့်စပ်သောဖြစ်ခြင်းရှိသောသမ္ပယုတ်တရားတို့၏၊ ပတိဘူတာ–အရှင်သခင်ဖြစ်၍ဖြစ်ကုန်သော၊ ဓမ္မာ–တို့သည်၊ အဓိပတီ–တို့မည်၏၊ [ဝစနတ္ထနှင့်အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ရှု၊] ဟိ–ချဲ့၊ ဆန္ဒဝတော–ဆန္ဒရှိသော ပုဂ္ဂိုလ်၏၊ ဝါ–မှာ၊ ကိံ နာမ–အဘယ်မည်သော အကျိုးသည်၊ န သိဇ္ဈတိ–မပြီးစီးဘဲ ရှိအံ့နည်း၊ ဣတိအာဒိကံ–ဤသို့ အစရှိသော၊ ပုဗ္ဗာ ၊ပေ၊ နိဿယံ–ရှေ့အဘို့၌ ပြုစီမံခြင်းဟူသော ဥပနိဿယကို၊ လဘိတွာ–၍၊ ဥပ္ပဇ္ဇမာနေ–ဖြစ်သော၊ စိတ္တေ–စိတ်၌၊ဆန္ဒာဒယော–ဆန္ဒအစရှိသောတရားတို့သည်၊ ဓုရဘူတာ–ပဓာနဖြစ်၍ဖြစ်ကုန်သည်၊ ဝါ–ဝန်ဆောင်ဖြစ်၍ဖြစ်ကုန်သည်၊

(ဟုတွာ–၍) သယံ–မိမိတို့ကိုယ်တိုင်၊ သမ္ပယုတ္တဓမ္မေ–သမ္ပယုတ်တရားတို့ကို၊ သာဓယမာနာ–ပြီးစေကုန်သည်၊ ဟုတွာ–၍၊ ပဝတ္တန္တိ–န်၏၊ တေစ–ထိုယှဉ်ဖက်တရားတို့သည်လည်း၊ တေသံ–ထိုဆန္ဒအစရှိသောတရားတို့၏၊ ဝသေန–ဖြင့်၊ ပဝတ္တန္တိ–န်၏၊ တေန–ထို့ကြောင့်၊ တေ–ထိုဆန္ဒအစရှိသော တရားတို့သည်၊ အတ္တာဓိနာနံ–မိမိနှင့်စပ်သော သမ္ပယုတ်တရားတို့၏၊ ပတိဘာဝေန–အရှင်သခင်၏အဖြစ်ဖြင့်၊ ပဝတ္တန္တိ–န်၏၊ [ဤအဓိပ္ပာယ်များကို ဘာသာဋီကာ "ယထာသမ္ဘဝံ" အဓိပတိ ဧကောဝ လဗ္ဘတိ"အဖွင့်၌ ပြခဲ့ပြီ။]

အညေသံ–မိမိမှ တစ်ပါးကုန်သော၊ အဓိပတိဓမ္မာနံ–အဓိပတိဖြစ်နိုင်သော တရားတို့၏၊ အဓိပတိ ၊ပေ၊ ဝသေန–အဓိပတိအဖြစ်ကိုတားမြစ်ခြင်း၏ အစွမ်းဖြင့်၊ ဣဿရိယံ–အစိုးရသည်၏အဖြစ်သည်၊ ဝါ–အစိုးရခြင်းသည်၊ အဓိပတိတာ–အဓိပတိ၏အဖြစ်မည်၏၊ ဣန္ဒြိယန္တု ရေသု–တစ်ပါးသော ဣန္ဒြေတို့သည်၊ သန္တေသုပိ–န်သော်လည်း၊ ကေဝလံ–တားမြစ်ခြင်းမဖက်, သက်သက်၊ ဒဿနာဒိသု–မြင်ခြင်းအစရှိသော ကိစ္စတို့၌၊ စက္ခုဝိညာဏာဒီဟိ–စက္ခုဝိညာဉ် အစရှိသော တရားတို့သည်၊ ဝါ–တို့ကို၊ အနုဝတ္တာပနမတ္တံ–မိမိသို့ လိုက်စေခြင်းမျှသည်၊ ဣန္ဒြိယတာ–ဣန္ဒြေ၏အဖြစ်မည်၏၊ ဣတိအယံ–ကား၊ အဓိပတိ ဣန္ဒြိယာနံ–အဓိပတိ, ဣန္ဒြေတို့၏၊ ဝိသေသော–တည်း။

၂၁။ (ယေ–အကြင်တရားတို့သည်၊) ဩဇဋ္ဌမကရူပါဒယော–ဩဇာဋ္ဌမက ရုပ်အစရှိသည်တို့ကို၊ အာဟရန္တိ–ဆောင်တတ်ကုန်၏၊ ဣတိ–ကြောင့်၊ (တေ–ထိုတရားတို့သည်၊) အာဟာရာ–တို့မည်၏၊ ဟိ–ချဲ့၊ ကဗဠီကာရာဟာရော–ကဗဠီကာရ အာဟာရသည်၊ ဩဇဋ္ဌမကရူပံ–ဩဇာလျှင် (၈)ခုမြောက်ရှိသော ရုပ်ကို၊ အာဟရတိ–၏၊ ဖဿာဟာရော–သည်၊တိဿော–န်သော၊ ဝေဒနာ–

**အညေသံ၊ပေ၊ဝိသေသော။** ။အဓိပတိ,ဣန္ဒြေတို့၏ အထူးကို ပြလို၍ "အညေသံ ၊ပေ၊ ဝိသေသော"ဟုမိန့်၊ ဆန္ဒစသော တရားတစ်ပါးပါးက အဓိပတိဖြစ်ခိုက်, အခြားသော ဝီရိယစသည်တို့၏ အဓိပတိအဖြစ်ကို တားမြစ်သောအားဖြင့် အစိုးရခြင်းသည် အဓိပတိ၏ အစိုးရခြင်းတည်း၊ စက္ခုဒသကကလာပ်၌ စက္ခုပသာဒ, ဇီဝိတဟု ဣန္ဒြေထိုက်သော တရားနှစ်ပါး ပါဝင်၏၊ စက္ခုပသာဒသည် မြင်ခြင်းကိစ္စ၌ စက္ခုဝိညာဉ် စိတ်စေတသိက် တရားတို့ကို မိမိအလိုသို့ လိုက်စေသောအားဖြင့် အစိုးရ၏၊ ဇီဝိတိန္ဒြေ အစိုးရခြင်းကိုကား မတားမြစ်၊ ဇီဝိတိန္ဒြေကလည်း တကွဖြစ်ဖက်ရုပ်တို့ကို စောင့်ရှောက်ခြင်း ကိစ္စ၌ အစိုးရ၏၊ စက္ခုပသာဒ၏ အစိုးရခြင်းကိုကား မတားမြစ်၊ ဤသို့ကိုယ့်ဆိုင်ရာကိစ္စ၌ ကိုယ်သာအစိုးရ၍ သူတစ်ပါး ကိစ္စ၌ အစိုးရခြင်းကို မတားမြစ်သောအားဖြင့် အစိုးရခြင်းသည် ဣန္ဒြေ၏ အစိုးရခြင်းတည်း၊ ဤသို့ အဓိပတိ,ဣန္ဒြေတို့၏ အစိုးရပုံအထူးကို မှတ်ပါ၊ [ဘာသာဋီကာ၌လည်း ဥပမာနှင့် တကွ ပြထား၏၊]

တို့ကို၊ (အာဟရတိ–၏၊) မနော ၊ပေ၊ သန္နိတံ–ဟု ဆိုအပ်သော၊ ကုသလာ ၊ပေ၊ ကမ္မံ–ကုသိုလ်, အကုသိုလ်ကံသည်၊ တီသု–န်သော၊ ဘဝေသု–ဘဝတို့၌၊ ပဋိသန္ဓိံ–ကို၊ (အာဟရတိ–၏၊) ဝိညာဏာဟာရသန္နိတံ–ဝိညာဏာဟာရဟု ဆိုအပ်သော၊ ပဋိသန္ဓိဝိညာဏံ–ပဋိသန္ဓေဝိညာဉ်သည်၊ သဟဇာတနာမရူပေ–တကွဖြစ်ဖက် နာမ်ရုပ်တို့ကို၊ အာဟရတိ–၏၊ [ဆိုလိုရင်းအဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ၊] သကသကပစ္စယုပ္ပန္နေ–မိမိ မိမိ၏ ပစ္စယုပ္ပန်တရားတို့ကို၊ အာဟရန္တာ–ဆောင်တတ်ကုန်သော၊ အညေပိ–ကဗဠီကာရအာဟာရစသော လေးပါးမှ အခြားသော တရားတို့သည်လည်း၊ ကိဉ္စာပိ အတ္ထိ–အကယ်၍ကားရှိပါပေကုန်၏၊ ပန–ထိုသို့ပင်ရှိပါကုန်သော်လည်း၊ အဇ္ဈတ္တိကသန္တတိယာ–အဇ္ဈတ္တခန္ဓာအစဉ်၏၊ [အဇ္ဈတ္တိကံ၌ ဣက အနက်မရှိ၊] ဝိသေသပစ္စယတ္တာ–ထူးသော အကြောင်းတို့၏အဖြစ်ကြောင့်၊ ဣမေယေဝ စတ္တာရော–ဤကဗဠီကာရ အာဟာရစသော လေးပါးတို့ကိုသာ၊ အာဟာရာတိ–တို့ဟူ၍၊ (ဘဂဝတာ) ဝုတ္တာ–န်ပြီ၊ [ဤအမေးအဖြေကိုလည်း ဘာသာဋီကာ၌ ပြထားပြီ၊]

ဟိ–ချဲ့၊ ကဗဠီကာရာဟာရဘက္ခာနံ–ကဗဠီကာရအာဟာရဟူသော အစာရှိကုန်သော၊ သတ္တာနံ–တို့၏၊ ရူပကာယဿ–၏၊ ကဗဠီကာရာဟာရော–သည်၊ ဝိသေသပစ္စယော–ထူးသောအကြောင်းတည်း၊ (ကသ္မာ–နည်း၊) ကမ္မာဒိဇနိတဿပိ–ကံအစရှိသည်တို့သည် ဖြစ်စေအပ်သည်လည်းဖြစ်သော၊ တဿ–ထို ရူပကာယ၏၊ ကဗဠီကာရာဟာရူပတ္ထမ္ဘုပလေနေဝ–ကဗဠီကာရ အာဟာရဟူသော အထောက်အပံ့၏ အစွမ်းကြောင့်သာလျှင်၊ ဒသဝဿာဒိပ္ပဝတ္တိသမ္ဘဝတော–ဆယ်နှစ်အစရှိသော ကာလပတ်လုံး ဖြစ်တည်ခြင်း၏ ဖြစ်သင့်ခြင်းကြောင့်တည်း၊ တထာဟိ–ထိုစကားမှန်၏၊ သေ(သော)–ဤကဗဠီကာရအာဟာရကို၊ ကုမာရဿ–သတို့သား၏၊ ဓာတိဝိယာ(တိ)–အထိန်းနှင့်တူ၏ဟူ၍လည်းကောင်း၊ ဂေဟဿ–လဲလုပြိုလုသောအိမ်၏၊ ဥပတ္ထမ္ဘနကယန္တံဝိယာတိ–ထောက်ထားသော ယန္တရားနှင့်တူ၏ဟူ၍လည်းကောင်း၊ ဝါ–ထောက်ကျားနှင့်တူ၏ဟူ၍လည်းကောင်း၊ ဝုတ္တော–(အဋ္ဌကထာ၌)ဆိုအပ်ပြီ။

---

**ကမ္မာဒိ ၊ပေ၊ ဝုတ္တော။** ။မိဘနှစ်ပါးကြောင့်ဖြစ်သော သတို့သားသည် အထိန်းက နို့ချိုတိုက်ကျွေး၍ မွေးသောကြောင့်သာ အသက်ရှင်ရသကဲ့သို့လည်းကောင်း, လဲလုပြိုလုသော အိမ်အိုသည် “ကျား”ဟု ခေါ်သော ထောက်တိုင်၏ တွန်းကန်ထားခြင်းကြောင့်သာ တည်တံ့နိုင်သကဲ့သို့လည်းကောင်း, ထို့အတူ ကံ, စိတ်, ဥတုတို့ကြောင့်ဖြစ်သော ရူပကာယသည်လည်း ကဗဠီကာရအာဟာရ၏ ထောက်ပံ့မှုကြောင့်သာ ဆယ်နှစ်, အနှစ်နှစ်ဆယ်စသော ကာလပတ်လုံး ဖြစ်တည်နိုင်သည်–ဟူလို၊ [ကြွင်းသော အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ရှုပါ၊]

ဖဿောပိ–ဖဿာဟာရသည်လည်း၊ သုခါဒိဝတ္ထုဘူတံ–သုခအစရှိသော ဝေဒနာတို့၏ တည်ရာဖြစ်၍ဖြစ်သော၊ အာရမဏံ–ကို၊ ဖုသန္တောယေဝ– ထိလျက်သာလျှင်၊ ဝါ–ထိရင်းပင်၊ သုခါ ။ပ။ ပဝတ္တနေန–သုခ အစရှိသော ဝေဒနာကို ဖြစ်စေခြင်းအားဖြင့်၊ သတ္တာနံ–တို့၏၊ ဌိတိယာ–တည်ခြင်း၏၊ ပစ္စယော–အကြောင်းသည်၊ ဟောတိ–၏၊ မနောသဉ္စေတနာ–မနောသဉ္စေတနာ ဟာရသည်၊ ကုသလာ ။ပေ၊ ဝသေန–ကုသိုလ်ကံ,အကုသိုလ်ကံတို့၏အစွမ်း ဖြင့်၊ ဝါ–ကုသိုလ်ကံ, အကုသိုလ်ကံတို့၏ အဖြစ်ဖြင့်၊ အာယူဟမာနာယေဝ– အားထုတ်လျက်သာလျှင်၊ ဝါ–အားထုတ်ရင်းပင်၊ ဘဝမူလနိပ္ဖာဒနတော– တစ်ဘဝ၏ အရင်းအမြစ်ဖြစ်သော ပဋိသန္ဓေဝိညာဉ်ကို ပြီးစေခြင်းအားဖြင့်၊ သတ္တာနံ–တို့၏၊ ပေ၊ ဟောတိ–၏၊ ဝိညာဏံ–ဝိညာဏာဟာရသည်၊ ဝိဇာနန္တမေဝ–သိလျက်သာလျှင်၊ ဝါ–သိရင်းပင်၊ နာမရူပပဝတ္တနေန–နာမ်ရုပ် တို့ကို ဖြစ်စေခြင်းအားဖြင့်၊ သတ္တာနံ–တို့၏ ။ပေ။ ဟောတိ–၏၊ ဣတိဝေံ– သို့၊ တေယေဝ–ဤကဗဠီကာရာဟာရ အစရှိသောလေးပါးတို့ကိုသာ၊ အဇ္ဈတ္တ သန္တာနဿ–အဇ္ဈတ္တခန္ဓာအစဉ်၏၊ ဝိသေသပစ္စယတ္တာ–ထူးသောအကြောင်း တို့၏ အဖြစ်ကြောင့်၊ အာဟာရာတိ–တို့ဟူ၍၊ ဝုတ္တာ–ဟောတော်မူအပ်ကုန်ပြီ၊ [ဤ အဓိပ္ပာယ်များကို ဘာသာဋီကာ၌ ဆောင်ပုဒ်နှင့်တကွ ပြထားပြီ၊] ဖဿာဒီနံ–ဖဿာဟာရ အစရှိသည်တို့၏၊ ဒုတိယာဒိဘာဝေါ–ဒုတိယ အစရှိ သည်တို့၏ အဖြစ်သည်၊ ဒေသနာက္ကမတော–ဒေသနာအစဉ်အားဖြင့်၊ (မြတ်စွာဘုရားဟောတော်မူစဉ်အားဖြင့်၊) (ဟောတိ–၏၊) ဥပ္ပတ္တိက္ကမတော– ဖြစ်စဉ်အားဖြင့်၊ န (ဟောတိ)–ဖြစ်သည် မဟုတ်၊ [ဤအဓိပ္ပာယ်များကို အခြေပြု၍ ရှုပါ။]

၂၆။ ပဉ္စဝိညာဏာနံ–တို့၏၊ ဝိတက္ကဝိရဟေန–ဝိတက်မကင်းခြင်းကြောင့်၊ အာရမဏေသု–တို့၌၊ အဘိနိပါတမတ္တတ္တာ–ရှေးရှုကျခြင်းမျှတို့၏ အဖြစ် ကြောင့်၊ တေသု–ထို ပဉ္စဝိညာဉ်တို့၌၊ ဝိဇ္ဇမာနာနိပိ–ထင်ရှားရှိပါကုန်သော လည်း၊ ဝါ–ထင်ရှားရှိသည်လည်း ဖြစ်ကုန်သော၊ ဥပေက္ခာသုခဒုက္ခာနိ– ဥပေက္ခာ, သုခ, ဒုက္ခတို့ကို၊ ဥပနိဇ္ဈာနာကာရဿ–စူးစူးစိုက်စိုက် ရှုခြင်းဟူသော အခြင်းအရာ၏၊ အဘာဝတော–ကြောင့်၊ ဈာနင်္ဂဘာဝေန–ဈာနင်၏အဖြစ်ဖြင့်၊ နဥဒ္ဓဋာနိ–မထုတ်ဆောင်အပ်ကုန်၊ ဟိ–မှန်၊ ဝိတက္ကပစ္ဆိမကံဈာနင်္ဂံ–ဟူ၍၊ ဝုတ္တံ–(အဋ္ဌကထာ၌)ဆိုအပ်ပြီ၊ [ဈာန်င်္ဂ–သည်၊ ဝိတက္ကပစ္ဆိမကံ–ဝိတက်ဟူသော နောက်ဆုံးတရားရှိ၏၊ ဝါ–ဝိတက်ဟူသော ပဓာနတရားရှိ၏၊] ဒွိပဉ္စဝိညာဏ ။ပေ၊ ဝသေန–ဒွေပဉ္စဝိညာဉ်တစ်ဆယ်, မနောဓာတ်သုံးပါးအပေါင်း, သန္တီရဏ သုံးပါးအပေါင်းတို့၏ အပြားအားဖြင့်၊ သောဠသစိတ္တေသု–တို့၌၊ ဝီရိယာဘာဝ တော–ဝီရိယ၏ မရှိခြင်းကြောင့်၊ တတ္ထ–ထိုတစ်ဆယ့်ခြောက်ပါးသောစိတ်တို့၌၊ ဝိဇ္ဇ[illegible]နာပိ–ထင်ရှားရှိပါသော်လည်း၊ ဝါ–ထင်ရှားရှိသည်လည်းဖြစ်သော၊

သမာဓိ–သည်၊ ဗလဘာဝံ–ဗိုလ်၏အဖြစ်သို့၊ န ဂစ္ဆတိ–မရောက်၊ ဟိ–မှန်၊ ဝီရိယပစ္စိမကာံဗလန္တိ–ဟူ၍၊ ဝုတ္တံ–ပြီ။ တထာ–ထိုမှတစ်ပါး၊ အဋ္ဌာရသာ ဟေတုကေသု–တို့၌၊ ဟေတုဝိရဟတော–ဟိတ်မှကင်းခြင်းကြောင့်၊ မဂ္ဂင်္ဂါနိ–တို့ကို၊ န လဗ္ဘန္တိ–န်၊ ဟိ–မှန်၊ ဟေတုပစ္ဆိမကာံမဂ္ဂင်္ဂန္တိ–ဟူ၍၊ ဝုတ္တံ–ပြီ၊ ဣတိ ဣမံ အတ္ထံ–ဤအနက်အဓိပ္ပာယ်ကို၊ မနသိ–၌၊ နိဓာယ–ထား၍၊ တစ်နည်း၊ မနသိနိဓာယ–နှလုံးသွင်း၍၊ ပဋ္ဌဝိညာဏေသုတျာဒိ–သော၊ (ယံဝစနံ–သည်၊ အတ္ထိ–၏၊ တံဝစနံ–ကို၊ အာစရိယော–သည်၊) အာဟ–ပြီ၊ ဈာနင်္ဂါနိ–ဈာနင်တို့ကို၊ န လဗ္ဘန္တိ–မရအပ်ကုန်၏၊ ဣတိ–သို့၊ သမ္ဗန္ဓော–(ကာံ+ကြိယာအဖြစ်ဖြင့်၊) စပ်ခြင်းသည်၊ (ဟောတိ–၏၊)

အဓိမောက္ခဝိရဟတော–အဓိမောက္ခမှကင်းခြင်းကြောင့်၊ ဝိစိကိစ္ဆာစိတ္တေ–၌၊ ဧကဂ္ဂတာ–သည်၊ စိတ္တဋ္ဌိတိမတ္တံ–စိတ်၏တည်ခြင်းမျှသာတည်း၊ ပန–ဗျတိရိက်ကား၊ မိစ္ဆာ ၊ပေ၊ ဝေါဟာရံ–မိစ္ဆာသမာဓိ, သမာဓိန္ဒြေ, သမာဓိဗိုလ် ဟူသော ခေါ်ဝေါ်ခြင်းသို့၊ န ဂစ္ဆတိ–မရောက်၊ ဣတိ–ကြောင့်၊ တထာဝိစိကိစ္ဆာ စိတ္တေတျာဒိ–သော၊(ယံ ဝစနံ–သည်၊ အတ္ထိ–၏၊ တံ ဝစနံ–ကို၊ အာစရိယော–သည်၊) အာဟ–ပြီ။ [ဤဝါကျအားလုံးတို့၏ အဓိပ္ပာယ်ကို ပါဠိမှန်ပြခြင်း နှင့်တကွ ဘာသာဋီကာ၌ ပြထားပြီ၊ ဆောင်ပုဒ်များကို အခြေပြု၍ ရှုပါ။]

၂၈။ ဒွိဟေတုက ၊ပေ၊ ဂဟဏေန–ဒွိဟေတုက တိဟေတုကသဒ္ဒါဖြင့်၊ ဧကဟေတုကေသု–ဧဟိတ်ဇောတို့၌၊ အဓိပတီနံ–အဓိပတိတို့၏၊ အဘာဝံ–မရှိခြင်းကို၊ ဒဿေတိ–၏၊ [ဧကဟေတုကေသု နေရာဝယ် “ဧကဟေတုကာ ဟေတုကေသု”ဟု မူလပါဠိရင်းရှိဟန်တူသည်၊ သို့မဟုတ် ဧကဟိတ်ဇောတို့ ၌သော်မှ အဓိပတိတို့မရနိုင်တုံသေး၏၊အဟိတ်ဇောတို့၌ အဓိပတိမရကြောင်းမှာ ဆိုဖွယ်ရာမရှိ ဟုသော်လည်းကြံ၊] ဇဝနေသွေဝါတိ (ဧတ္ထ)–ဟူသော ဤပါဌ်၌၊ အဝဓာရဏံ–ဧဝသဒ္ဒါသည်၊ လောကိယဝိပါကေသု–လောကီဝိပါက်စိတ်တို့၌၊ အဓိပတီနံ–တို့၏၊ အသမ္ဘဝဒဿနတ္ထံ–မဖြစ်သင့်ခြင်းကို ပြရခြင်းအကျိုး ရှိ၏၊ ဟိ–မှန်၊ တေ–ထိုလောကီဝိပါက်စိတ်တို့သည်၊ ဆန္ဒာဒီနိ–ဆန္ဒအစရှိသည် တို့ကို၊ ပုရေက္ခတွာ–ရှေ့သွားပြု၍၊ န ပဝတ္တန္တိ–မဖြစ်ကုန်။

ဝီမံသာဓိပတိနော–၏၊ ဒွိဟေတုကဇဝနေသု–ဒွိဟိတ်ဇောတို့၌၊ အသမ္ဘဝံ တော–မဖြစ်သင့်ခြင်းကြောင့်လည်းကောင်း၊ စိတ္တာ ၊ပေ၊ နိဿယဿ–စိတ်ကို ပြုစီမံခြင်းဟူသော ဉပနိဿယရှိသောတရား၏၊ သမ္ဘဝါနုရူပတော စ–ဖြစ်သင့်သည်အားလျော်စွာလည်းကောင်း၊ လဗ္ဘမာနတံ–ရထိုက်သည်၏ အဖြစ်ကို၊ သန္ဓာယ–၍၊ ယထာသမ္ဘဝန္တိ–ဟူ၍၊ အာဟ–မိန့်ဆိုပြီ၊ [ဤနေရာ၌ “အသမ္ဘဝတော–သမ္ဘဝါနုရူပတော”ဟု အကြောင်းနှစ်မျိုးပြထားသော်လည်း ဧကောဝ လဗ္ဘတိ၌ စပ်ရမည်ဖြစ်သောကြောင့် “အသမ္ဘဝတော”သည် လိုရင်းမ ဟုတ်၊ စ–လည်းပါးဖွယ်မလို၊ သို့သော် ပါဠ်ရှိတိုင်း အနက်ပေးလိုက်သည်၊]

ကောဝ-တစ်ပါးတည်းကိုသာ၊ လဗ္ဘတိ-ရအပ်၏၊(ကသ္မာ-နည်း၊) ဣတရထာ-ဤသို့မဟုတ်လျှင်၊ [တစ်ပါးသာ မဟုတ်ဘဲ နှစ်ပါး သုံးပါး လေးပါး အဓိပတိတပ်လျှင်၊] အဓိပတိ ၊ပေ၊ ယောဂတော-အဓိပတိဖြစ်ခြင်း၏ မသင့်ခြင်းကြောင့်တည်း၊ [အကြီးအချုပ် ဟူသည်မှာ တစ်ပါးတည်း ရှိရိုးတည်း၊ နှစ်ပါး သုံးပါး လေးပါး အဓိပတိတပ်လျှင် "အကြီးအချုပ် အဓိပတိ"ဟု ဆိုရန်မသင့်သောကြောင့်-ဟူလို၊] ဟိ-မှန်၊ တေနေဝ-ကြောင့်ပင်၊ ဘဂဝတာ-သည်၊ ဟေတုဟေတု ၊ပေ၊ တျာဒိနာ-အစရှိသည်ဖြင့်၊ ဟေတု ၊ပေ၊ နိဒ္ဒေသေ-သဥ်၊ (ဝုတ္တာ) ဝိယ-ဟောတော်မူအပ်ကုန်သကဲ့သို့၊ [ဟိတ်အများရအောင် "ဟေတူ"ဟု ဗဟုဝုစ်ဖြင့် ဟောတော်မူသကဲ့သို့၊] အဓိပတီ အဓိပတိ ၊ပေ၊ တျာဒိနာ-အစရှိ သည်ဖြင့်၊ အဝတွာ-ဟောတော်မမူဘဲ၊ [အဓိပတိအများရအောင် "အဓိပတီ"ဟု ဗဟုဝုစ်ဖြင့် ဟောတော်မမူဘဲ၊] ဆန္ဒာ ၊ပေ၊ တျာဒိနာ-ဖြင့်၊ ကေကာ ၊ပေ၊ ဝသေနေဝ-တစ်ပါးတစ်ပါးသော အဓိပတိတို့၏ အစွမ်းဖြင့်သာလျှင်၊ ဝါ-တစ်ပါးတစ်ပါးသော အဓိပတိတို့၏ အမည်ဖြင့်သာလျှင်၊ အဓိပတိပစ္စယော-အဓိပတိပစ္စည်းကို၊ ဥဒ္ဒိဋ္ဌော-ထုတ်ဆောင်တော်မူအပ်ပြီ။

၂၉။ ဝတ္ထုတော-ပရမတ်အလို, တရားကိုယ်အားဖြင့်၊ ဓမ္မဝသေန-တရားကိုယ်၏ အစွမ်းဖြင့်၊ [ဝတ္ထုတောကို ထပ်ဖွင့်သည်၊] ဟေတုဓမ္မာ-ဟိတ်တရားတို့သည်၊ ဆ-တို့တည်း၊ ဈာနင်္ဂါနိ-တို့သည်၊ ပဉ္စ-တို့တည်း၊ (ကသ္မာ-နည်း၊) သောမန ၊ပေ၊ ပေက္ခာနံ-သောမနဿ, ဒေါမနဿ,ဥပေက္ခာတို့၏၊ ဝါ-တို့ကို၊ ဝေဒနာဝသေန-ဝေဒနာ၏အစွမ်းဖြင့်၊ ဝါ-ဝေဒနာ၏အဖြစ်ဖြင့်၊ ကေတော-တပေါင်းတည်း၊ ဝါ-ပေါင်း၍၊ ဂဟိတတ္တာ-ယူအပ်ကုန်သည်၏ အဖြစ်ကြောင့်တည်း၊ မဂ္ဂင်္ဂါနိ-မဂ္ဂင်တို့သည်၊ နဝ-တို့တည်း၊ (ကသ္မာ-နည်း၊) မိစ္ဆာ ၊ပေ၊ သမာဓီနံ-မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိတို့၏၊ ဝါ-တို့ကို၊ ဝိတက္က ၊ပေ၊ သဘာဝေန-ဝိတက်,ဝီရိယ,စိတ္တေကဂ္ဂတာသဘောအားဖြင့်၊ သမ္မာသင်္ကပ္ပာဒီဟိ-တို့နှင့်၊ ဝါ-သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသမာဓိတို့နှင့်၊ ကေတော-တည်း၊ ဝါ-ပေါင်း၍၊ ဂဟိတတ္တာ-တည်း၊ ဣန္ဒြိယဓမ္မာ-တို့သည်၊ သောဠသ-တို့တည်း၊(ကသ္မာ-နည်း၊) ပဉ္စန္နံ-န်သော၊ ဝေဒနိန္ဒြိယာနံ-တို့၏၊ ဝါ-တို့ကို၊ ဝေဒနာသာမညေန-ဝေဒနာချင်းတူသည်၏ အဖြစ်ဖြင့် လည်းကောင်း၊ [ကေတောဂဟိတတ္တာဌ် စပ်၊] တိဏ္ဏံ-န်သော၊ လောကုတ္တရိန္ဒြိယာနံ-လောကုတ္တရာဣန္ဒြေတို့၏လည်းကောင်း၊ ဝါ-တို့ကိုလည်းကောင်း၊ ပညိန္ဒြိယဿ စ-၏လည်းကောင်း၊ ဝါ-ကိုလည်းကောင်း၊ ဉာဏသာမညေန-ဉာဏ်ချင်း တူသည်၏ အဖြစ်ဖြင့်၊ ကေတော-တည်း၊ ဝါ-၍၊ ဂဟိတတ္တာ-ကြောင့်လည်းကောင်း၊ ရူပါရူပဇီဝိတိန္ဒြိယာနံ-ရုပ်ဇီဝိတိန္ဒြေ,

နာမ်ဓီဝိတိန္ဒြေတို့၏၊ ဝါ–တို့ကို၊ ဝိသုံ–သီးခြား၊ ဝါ–နှစ်ပါးခွဲ၍၊ ဂဟိတတ္တာ–ယူအပ်ကုန်သည်၏အဖြစ်ကြောင့်လည်းကောင်းတည်း၊ ပန–ကား၊ ဗလဓမ္မာ–တို့ကို၊ ယာထာဝုတ္တနယေနေဝ–အကြင် အကြင်ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်၊ နဝ–တို့ဟူ၍၊ ဤရိတာ–န်၏၊ အဓိပတိဓမ္မာ–တို့ကို၊ စတ္တာရော–တို့ဟူ၍၊ ဝုတ္တာ–န်၏၊ အာဟာရာ–တို့ကို၊ တထာ(စတ္တာရော)–ထို့အတူ ၄ ပါးတို့ဟူ၍လည်းကောင်း၊ [သဂြိုဟ်ပါဠိဝယ် "တထာဟာရာ"၌ တထာကိုပင် "စတ္တာရော–"ဟု ဖွင့်သည်၊] ဝုတ္တာ–န်၏၊ ဣတိ–ဤသို့လျှင်၊ ကုသလာဒိဟိ–န်သော၊ တီဟိ–သုံးပါးသော တရားတို့ဖြင့်၊ သမာကိဏ္ဏော–သော၊ တတော ယေဝ–ထိုသို့ ရောပြွမ်းသည်၏ အဖြစ်ကြောင့်ပင်၊ မိဿကသင်္ဂဟော–မိဿကသင်္ဂဟမည်သော၊ ဧဝံ နာမကော–ဤသို့ မိဿကသင်္ဂဟ အမည်ရှိသော၊ သင်္ဂဟော–ကို၊ သတ္တဓာ–ဖြင့်၊ ဝုတ္တော–ပြီ။

စ–ဆက်၊ တေ္တ–ဤမိဿကသင်္ဂဟ၌၊ ပညာ–ကို၊ ပဥ္စသင်္ဂဟိတာ–ငါးဌာန၌သွင်းယူအပ်၏၊ ပန–ကား၊ ဝါယာမေကဂ္ဂတာ–ဝီရိယကေဂ္ဂတာတို့ကို၊ စတုသင်္ဂဟိတာ–လေးဌာန၌သွင်းယူအပ်ကုန်၏၊ စိတ္တံ–စိတ်သည် လည်းကောင်း၊ သတိစေဝ–သည်လည်းကောင်း၊ တိသင်္ဂဟာ–သုံးဌာန၌ သွင်းယူခြင်းရှိ၏၊ သက်ပ္ပော–ကိုလည်းကောင်း၊ ဝေဒနာ–ကိုလည်းကောင်း၊ သဒ္ဓါ–ကိုလည်းကောင်း၊ ဒုကသင်္ဂဟိတာ–နှစ်ဌာန၌ သွင်းယူအပ်ကုန်၏ဟူ၍၊ မတာ–သိအပ်ကုန်၏၊ သေသာ–န်သော၊ အဠဝီသတိ–သော၊ (ဓမ္မာ–တို့ကို၊) ဧကေက သင်္ဂဟာ–တစ်ပါးတစ်ပါးသော ဌာန၌ သွင်းယူရခြင်း ရှိကုန်၏ဟူ၍၊ ဘာသိတာ–ဆိုအပ်ကုန်ပြီ။ [ပညာသည် ဟေတုဌာန၌ အမောဟဟိတ်အဖြစ်ဖြင့်၊ မဂ္ဂဌာန၌ သမ္မာဒိဋ္ဌိအဖြစ်ဖြင့်၊ ဣန္ဒြေဌာန၌ ပညိန္ဒြေစသည်အဖြစ်ဖြင့်၊ ဗလဌာန၌ ပညာဗိုလ်အဖြစ်ဖြင့်၊ အဓိပတိဌာန၌ ဝီမံသာဓိပတိအဖြစ်ဖြင့် ပါဝင်သည်၊ ဤသို့ စသည်ဖြင့် ဝါယာမ စသည်တို့ လေးဌာန စသည်၌ ပါဝင်ပုံကို သိပါလေ။]

**၃၀**။ [ဗောဓိပက္ခိယသင်္ဂဟကို ဖွင့်ပြလို၍"ပဋ္ဌာတိ"စသည် မိန့်၊] (ယံ ဓမ္မဇာတံ–သည်၊) ပဋ္ဌာတိ–အာရုံ၌ခွဲမြဲစွာ သက်ဝင်တည်နေတတ်၏၊ ဣတိ–ကြောင့်၊ (တံ ဓမ္မဇာတံ–သည်၊) ပဋ္ဌာနံ–ပဋ္ဌာနမည်၏၊ အသုဘဂ္ဂဟဏာဒိဝသေန–အသုဘအခြင်းအရာကိုယူခြင်း အစရှိသည်တို့၏ အစွမ်းဖြင့်၊ အနုပဝိသိတွာ–အစဉ်အတိုင်းသက်ဝင်၍၊ ကာယာဒိအာရမဏေ–ကာယအစရှိသောအာရုံ၌၊ ပဝတ္တတိ–၏၊ ဣတိအတ္ထော–နက်၊ [အနုပဝိသိတွာဖြင့် ပဋ္ဌာန၌ ပ ဥပသာရုပုဒ်၏ အနုပဝိသနအနက်ကို သိစေသည်၊] သတိယေဝ–သည်ပင်၊ ပဋ္ဌာ[illegible]–အာရုံ၌ခွဲမြဲစွာ သက်ဝင်တည်နေတတ်သော တရားတည်း၊ သတိပဋ္ဌာန–သတိသည်ပင် အာရုံ၌ခွဲမြဲစွာ သက်ဝင်တည်နေတတ်သောတရား၊ ပန–ဆက်၊

တံ–ထို သတိပဋ္ဌာန်သည်၊ ကာယ ।ပေ၊ ဓမ္မေသု–ကာယ, ဝေဒနာ, စိတ္တ, ဓမ္မဟူသော အာရုံတို့၌၊ အသုဘ ।ပေ၊ ဝသေန–အသုဘဟူသော အခြင်းအရာ, ဒုက္ခဟူသောအခြင်းအရာ, အနိစ္စဟူသောအခြင်းအရာ အနတ္တဟူသော အခြင်းအရာကို ယူခြင်း၏ အစွမ်းဖြင့်လည်းကောင်း၊ သုဘ၊ ပေ၊ ဝသေနစ–သုဘဟု ဖောက်ဖောက်ပြန်ပြန်ဖြစ်သော သညာ, သုခဟုဖောက်ဖောက်ပြန်ပြန် ဖြစ်သေ သညာ, နိစ္စဟု ဖောက်ဖောက်ပြန်ပြန်ဖြစ်သော သညာ, အတ္တဟု ဖောက်ဖောက်ပြန်ပြန်ဖြစ်သော သညာကို ပယ်ခြင်း၏ အစွမ်းဖြင့်လည်း ကောင်း၊ စတုဗ္ဗိဓံ–ရှိ၏၊ ဣတိ–ကြောင့်၊ စတ္တာရောသတိပဋ္ဌာနာတိ–ဟူ၍၊ ဝုတ္တံ–ပြီ၊ [ဤအဓိပ္ပာယ်များကို ဘာသာဋီကာ၌လည်းကောင်း, အခြေပြဋ္ဌိ လက်ာနှင့်တကွလည်းကောင်း ပြခဲ့ပြီ။]

ကုစ္ဆိတာနံ–စက်ဆုပ်အပ်ကုန်သော၊ ကေသာဒီနံ–ဆံ အစရှိသော ၃၂ ကောဋ္ဌာသတို့၏၊ အာယော–ဖြစ်တည်ရာတည်း၊ ဣတိ–ကြောင့်၊ ကာယော–မည်၏၊ သရီရံ–ကိုယ်တည်း၊ [ဤအလို"အယန္တိ ပဝတ္တန္တိ ဧတ္ထာတိ အာယော၊ ကုစ္ဆိတာနံ+အာယောတိ ကာယော"ဟု ပြု၊ မဏိမဉ္ဇူ၌ကား "အယန္တိ ဥပ္ပဇ္ဇန္တိ တတောတိ ကာယော"ဟု ပြုလေသည်၊] ဝါ–တစ်နည်း၊ အဿာသပဿာသ သာနံ–ထွက်သက် ဝင်သက်တို့၏၊ သမူဟော–အပေါင်းတည်း၊ ကာယော– ထွက်သက်ဝင်သက်တို့၏ အပေါင်း၊ [ဤအလို ကာယသဒ္ဒါသည် သမူဟ အနက်ဟော အနိပ္ဖန္နပါဠိပဒိကပုဒ်တည်း။] တဿ–ထိုဆံ အစရှိသော ကောဋ္ဌာသတို့၏ ဖြစ်တည်ရာကိုယ်ကို၊ ဝါ–ထွက်သက်ဝင်သက်အပေါင်းကို၊ အနုပဿနာ–အဖန်ဖန်ရှုတတ်သော သတိသည်၊ ပရိကမ္မဝသေန–ပရိကမ္မ ဘာဝနာ၏ အစွမ်းဖြင့်လည်းကောင်း၊ ဝါ–သမထဘာဝနာ၏ အစွမ်းဖြင့် လည်းကောင်း၊ ဝိပဿနာဝသေနစ–ဝိပဿနာဘာဝနာ၏ အစွမ်းဖြင့်လည်း ကောင်း၊ သရဏံ–အမှတ်ရခြင်းသည်၊ ကာယာနုပဿနာ–မည်၏၊ ["အနု ပဿနာကို "ပရိကမ္မ ।ပေ၊ သရဏံ"ဟု ဖွင့်သောကြောင့် အနုပဿနာအရ သတိကို ကောက်ယူစေလိုသည်၊] အခြားနေရာ၌ကား အနုပဿနာဟုဆိုလျှင် ဉာဏ်ကို ကောက်ယူရမြဲတည်း၊ ဒုက္ခဒုက္ခ ।ပေ၊ ဘူတာနံ–ဒုက္ခဒုက္ခ, ဝိပရိဏာမ ဒုက္ခ, သင်္ခါရဒုက္ခဖြစ်၍ဖြစ်ကုန်သော၊ ဝေဒနာနံ–တို့၏၊ ဝသေန–ဖြင့်၊ အနု ပဿနာ–အဖန်ဖန်ရှုတတ်သော သတိသည်၊ ဝေဒနာနုပဿနာ–မည်၏။

---

**ဒုက္ခ ဒုက္ခ ।ပေ၊ ဝေဒနာနံ**။　။ဒေါသမူဒွေး, ဒုက္ခသဟဂုတ် ကာယဝိညာဏ်တို့၌ ယှဉ်သော ဝေဒနာသည် ဒုက္ခအစစ်ဖြစ်သောကြောင့် "ဒုက္ခဒုက္ခ"မည်၏၊ သုခ ဥပေက္ခာဝေဒနာတို့သည် ဖောက်ပြန်ပျက်စီးခြင်းသဘောရှိသောကြောင့် "ဝိပရိဏာမ ဒုက္ခ"တို့ မည်၏၊ ထို ဒုက္ခ, သုခ, ဥပေက္ခာဝေဒနာတို့သည် ဖြစ်အောင် ပြုစီမံရခြင်း တည်းဟူသော သင်္ခါရနှင့် မကင်းသောကြောင့် "သဗ္ဗေ သင်္ခါရာ ဒုက္ခာ"အရ သင်္ခါရဒုက္ခ တွင် ပါဝင်ကြကုန်၏။

တထာ–ထိုမှတစ်ပါး၊ သရာဂ ၊ပေ၊ ဝသေန–သရာဂစိတ်, မဟဂ္ဂုတ်စိတ် အစရှိသည်တို့၏ အစွမ်းဖြင့်လည်းကောင်း၊ [ပါဠိတော်၌ "သရာဂံ စိတ္တံ(ကို) သရာဂံ စိတ္တံတိ–(ဟူ၍) ပဇာနာတိ"စသည်ဖြင့် လာသောကြောင့် "သရာဂ မဟဂ္ဂတာဒိဝသေနဟု ဆိုသည်၊ အာဒိဖြင့် သဥတ္တရစိတ် စသည်ကို ပါဠိတော် အတိုင်း ယူ၊] သမ္ပယောဂဘူမိဘေဒေန–သမ္ပယုတ်အပြား, ဘုံအပြားအားဖြင့် လည်းကောင်း၊ [သမ္ပယောဂအားဖြင့် ပြားပုံစသည်ကို စိတ်ပိုင်း၌ပင် ပြခဲ့ပြီ၊] ဘိန္နသဿဝ–ကွဲပြားပြီးသာလျှင်ဖြစ်သော၊ စိတ္တဿ–ကို၊ အနုပဿနာ–သည်၊ စိတ္တာနုပဿနာ–မည်၏၊ ဘိန္နလက္ခဏာနမေဝ–ကွဲပြားသော လက္ခဏာရှိသည် သာလျှင်ဖြစ်ကုန်သော၊ သညာသင်္ခါရာနံ–သညာ, ဖဿအစရှိသော သင်္ခါရ ဖြစ်ကုန်သော၊ ဓမ္မာနံ–တို့ကို၊ အနုပဿနာ–သည်၊ ဓမ္မာနုပဿနာ–မည်၏၊ [ကာယာနုပဿနာဖြင့် ရူပက္ခန္ဓာ, ဝေဒနာနုပဿနာဖြင့် ဝေဒနက္ခန္ဓာ, စိတ္တာ နုပဿနာဖြင့် ဝိညာဏက္ခန္ဓာတို့ကို ကောက်ယူပြီးဖြစ်၍ သညာက္ခန္ဓာနှင့် ဖဿအစရှိသော သင်္ခါရက္ခန္ဓာတို့ကိုသာ ပါရိသေသနည်းအားဖြင့် ဓမ္မာနုပဿနာ အရကောက်ယူပါ–ဟု သိစေလို၍"သညာသင်္ခါရာနံ ဓမ္မာနံ"ဟု ဓမ္မသရုပ်ကို ထုတ်ပြသည်။]

**၃၁။** ဧတေန–ဤ သဘောတရားဖြင့်၊ သမ္မာ–ကောင်းစွာ၊ ပဒဟန္တိ– အားထုတ်ကြကုန်၏၊ ဣတိ–ကြောင့်၊ (တံ–ထို သဘောတရားသည်၊) သမ္မပ္ပဓာနံ–မည်၏၊ ဝါယာမော–ဝါယာမတည်း၊ သောစ–ထို ဝါယာမသည် လည်း၊ ကိစ္စဘေဒေန–ကိစ္စ၏အပြားအားဖြင့်၊ စတုဗ္ဗိဓော–ရှိ၏၊ [ဥပ္ပန္နပါပက ကို ပယ်ခြင်းကိစ္စ, အနုပ္ပန္နပါပကကို မဖြစ်စေခြင်းကိစ္စစသည်ဖြင့် ကိစ္စ(၄) ပါးပြားပုံကို သဂြိုဟ်ပါဠိ အတိုင်းသိ၊] ဣတိ–ကြောင့်၊ စတ္တာရော ၊ပေ၊ တျာဒိ–အစရှိသော၊ (ယံ ဝစနံ အတ္ထိ၊ တံ ဝစနံ–ကို၊ အာစရိယော) အာဟ– ပြီ၊ အသုဘ၊ပေ၊ဝသေန–အသုဘကို နှလုံးသွင်းခြင်းဟူသော ကမ္မဋ္ဌာန်းကို အားထုတ်ခြင်း အစရှိသည်တို့၏ အစွမ်းဖြင့်၊ ဝါယမနံ–အားထုတ်ခြင်းသည်၊ ဝါယာမော–မည်၏၊ ဘိယျောဘာဝါယာတိ–ကား၊ အဘိဝုဒ္ဓိယာ–တိုးပွားခြင်း ငှာ၊ (ဝါယာမော–အားထုတ်ခြင်းလည်းကောင်း, ၌စပ်၊ ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ၏ အဖွင့်တည်း။)

**၃၂။** ဧတေယ–ဤ သဘောတရားဖြင့်၊ အဓိဋ္ဌာနာဒိကံ–အဓိဋ္ဌာန်ခြင်း အစရှိသော တန်ခိုးသည်၊ ဣဇ္ဈတိ–ပြီးစီး၏၊ ဣတိ–ကြောင့်၊ ဝါ–ထိုသို့ တန်ခိုး၏ပြီးစီးကြောင်း၏ အဖြစ်ကြောင့်၊ (သာ–ထို သဘောတရားသည်၊) ဣဒ္ဓိ–မည်၏၊ ဣဒ္ဓိဝိဓဉာဏံ–ဣဒ္ဓိဝိဓဉာဏ်တည်း၊ [ဤ စကားနှင့်စပ်၍ စိစစ်ချက်ကို ဘာသာဋီကာ၌ ပြထားသည်၊] ဣဒ္ဓိယာ–တန်ခိုး၏၊ ပါဒေါ– အခြေခံတည်း၊ ဣဒ္ဓိပါဒေါ–တန်ခိုး၏အခြေခံ၊ ဆန္ဒောယေဝ–သည်ပင်၊ ဣဒ္ဓိပါ ဒေါ–တန်ခိုး၏အခြေခံတည်း၊ ဆန္ဒိဒ္ဓိပါဒေါ–ဆန္ဒသည်ပင် တန်ခိုး၏အခြေခံ။

**၃၅။** (ယော–အကြင် ပုဂ္ဂိုလ်သည်၊) ဗုဇ္ဈတိ–သိတတ်၏၊ ဣတိ–ကြောင့်၊ (သော–ထိုပုဂ္ဂိုလ်သည်၊) ဗောဓိ–မည်၏၊ အာရဒ္ဓဝိပဿကတော–အားထုတ်အပ်သော ဝိပဿနာရှိသော ပုဂ္ဂိုလ်မှ၊ ပဋ္ဌာယ–၍၊ ယောဂါဝစရော–ကမ္မဋ္ဌာန်းအားထုတ်မှု၌ သက်ဝင်ကျက်စားသော ပုဂ္ဂိုလ်တည်း၊ ဝါ–တစ်နည်း၊ သော–ထို ယောဂါဝစရပုဂ္ဂိုလ်သည်၊ သတိအာဒိကာယ–သတိအစရှိသော၊ ယာယ ဓမ္မသာမဂ္ဂိယာ–အကြင်တရားတို့၏ ပေါင်းဆုံညီညွတ်ခြင်းဖြင့်၊ သစ္စာနိ–သစ္စာလေးပါးတို့ကို၊ ဗုဇ္ဈတိ ပဋိဝိဇ္ဈတိ–ထိုးထွင်း၍သိတတ်၏၊ ဝါ–တစ်နည်း၊ ကိလေသနိဒ္ဒါတော–ကိလေသာတည်းဟူသော အိပ်ပျော်ခြင်း မှ၊ ဝုဋ္ဌာတိ–ထတတ်၏၊ ဝါ–တစ်နည်း၊ ကိလေသ ၊ပေ၊ ဘာဝတော–ကိလေသာတည်းဟူသော တွန့်ဆုတ်ခြင်း၏ မရှိခြင်းကြောင့်၊ မဂ္ဂဖလပ္ပတ္တိယာ–မဂ်ဖိုလ်သို့ ရောက်ခြင်းအားဖြင့်၊ ဝိကသတိ–ပွင့်လင်းတတ်၏၊ ဣတိ–ကြောင့်၊ သာ ဓမ္မသာမဂ္ဂီ–ထို တရားတို့၏ ပေါင်းဆုံညီညွတ်ခြင်းသည်၊ ဗောဓိ–မည်၏၊ တဿ ဗောဓိဿ–ထိုသိတတ်သော ယောဂါဝစရပုဂ္ဂိုလ်၏၊ ဝါ–တစ်နည်း၊ တဿာ ဗောဓိယာ–ထိုသစ္စာလေးပါးတရားကို ထိုးထွင်း၍သိကြောင်း ဓမ္မသာမဂ္ဂီ၏၊ ဝါ–ထိုကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးကြားကြောင်းဓမ္မသာမဂ္ဂီ၏၊ ဝါ–ထို မဂ်ဖိုလ်သို့ရောက်ခြင်းအားဖြင့် ပွင့်ကြောင်းဓမ္မသာမဂ္ဂီ၏၊ အင်္ဂဘူတာ–အကြောင်းဖြစ်၍ ဖြစ်ကုန်သောတရားတို့တည်း၊ ဣတိ, ဗောဇ္ဈင်္ဂါ–တို့ မည်၏။

---

**ဗောဇ္ဈင်္ဂ**။ ။ဗောဓိ+အင်္ဂ၊ ဗုဇ္ဈတီတိ ဗောဓိဟု ကတ္တုသာခ်ပြု၍, ယောဂါဝစရပုဂ္ဂိုလ်ကို အရကောက်ပြီးလျှင်"ဗောဓိဿ+အင်္ဂါ ဗောဇ္ဈင်္ဂါ"ဟုပြု၊ တစ်နည်း–ဗုဓဓာတ်၏ ဉာဏ–ဇာဂရဏ–ဝိကသနအားဖြင့် အနက်သုံးမျိုးရှိကြောင်းကို "သမ္မာသမ္ဗုဒ္ဓမတုလံ"ဂါထာတွန်းကပင် ဖွင့်ပြခဲ့ပြီ၊ ထိုတွင် ဉာဏအနက်ကို ရည်ရွယ်၍ "ယာယ ၊ပေ၊ သစ္စာနိ– ပဋိဝိဇ္ဈတိ"ဟု ဖွင့်သည်၊ ဇာဂရဏ (နိုးကြားခြင်း) အနက်ကို ရည်ရွယ်၍ "ကိလေသနိဒ္ဒါတော ဝါ ဝုဋ္ဌာတိ"ဟု ဖွင့်ပြီးလျှင်, ဝိကသန (ပွင့်ခြင်း) အနက်ကို ရည်ရွယ်၍ "ကိလေသ၊ပေ၊ဝိကသတိ"ဟု ဖွင့်သည်၊ ဤသုံးဝိကပ်လုံးမှာပင် "ဗုဇ္ဈတိ ယာယာတိ ဗောဓိ"ဟု ကရဏသာခ်ပြု။

ယာယ (ဓမ္မသာမဂ္ဂိယာ)–အကြင် သတိစသော တရားတို့၏ ပေါင်းဆုံညီညွတ်ခြင်းဖြင့်၊ ယောဂါဝစရော–ယောဂါဝစရပုဂ္ဂိုလ်သည်၊ ဗုဇ္ဈတိ–သစ္စာလေးပါးကို သိတတ်၏၊ ဝါ–တစ်နည်း–ဗုဇ္ဈတိ–ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးတတ်၏၊ ဝါ–တစ်နည်း–ဗုဇ္ဈတိ–မဂ်ဖိုလ်သို့ရောက်ခြင်းအားဖြင့် ပွင့်တတ်၏၊ ဣတိ–ဤသို့ သစ္စာလေးပါးကိုသိကြောင်း, ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးကြောင်း, မဂ်ဖိုလ်သို့ ရောက်ခြင်းအားဖြင့် ပွင့်ကြောင်း၏ အဖြစ်ကြောင့်၊ သာ ဓမ္မသာမဂ္ဂီ–သည်၊ ဗောဓိ–ဗောဓိမည်၏၊ ထို့နောက် ဣတ္ထိလိင်ဖြစ်၍ "ဗောဓိယာ + အင်္ဂါ ဗောဇ္ဈင်္ဂါ"ဟု ပြု၊ ဘာသာဋီကာ၌ကား ဝိဂြိုဟ်တစ်မျိုး ပြထား၏။

ပန–ဆက်၊ တေ–ထိုဗောဇ္ဈင်တို့သည်၊ ဓမ္မဝသေန–တရားကိုယ်၏ အပြားအားဖြင့်၊ သတ္တဝိဓာ–နိ၏၊ ဣတိ–ကြောင့်၊ သတိ၊ပေ၊တျာဒိ–သော၊ (ယံ ဝစနံ အတ္ထိ၊ တံ ဝစနံ အာစရိယော) အာဟ–ပြီ၊ သတိယေဝ–သည်ပင်၊ သုန္ဒရော–ကောင်းသော၊ ဗောဇ္ဈင်္ဂေါ–တည်း၊ (သတိသမ္ဗောဇ္ဈင်္ဂေါ–သတိသည်ပင်ကောင်းသော ဗောဇ္ဈင်၊) ဝါ–တစ်နည်း၊ သုန္ဒရဿ–သော၊ ဗောဓိဿ–သိတတ်သောယောဂါဝစရပုဂ္ဂိုလ်၏၊ ဝါ–တစ်နည်း၊ သုန္ဒရာယ–သော၊ ဗောဓိယာ–၏၊ [ရှေ့နည်းအတိုင်း သုံးဝိကပ် အနက်ကျယ် ပေးပါ။] အင်္ဂေါ–အကြောင်းတည်း၊ ဣတိ–ကြောင့်၊ သတိသမ္ဗောဇ္ဈင်္ဂေါ–မည်၏၊ ဓမ္မေ–တို့ကို၊ ဝိစိနာတိ ဥပပရိက္ခတိ–စူးစမ်းစိစစ်တတ်၏၊ ဣတိ–ကြောင့်၊ ဓမ္မဝိစယော–မည်၏၊ ဝိပဿနာပညာ–တည်း၊ ဣဓ–ဤ ဗောဇ္ဈင်္ဂနိဒ္ဒေသ၌၊ တတြမဇ္ဈတ္တုပေက္ခာ–သည်၊ ဥပေက္ခာတိ–မည်၏၊ [ဝေဒနုပေက္ခာ မဟုတ်ဟူလို၊]

**၄၀။** သတ္တဓာ တတ္ထ သင်္ဂဟောတိ–ဟူ၍၊ ဝတွာ–၍၊ ပုန–တစ်ဖန်၊ တံ–ထိုခုနစ်ပါးအပြားရှိသော သင်္ဂဟကို၊ ဒဿေတုံ–ငှာ၊ သင်္ကပ္ပပဿဒ္ဓိစာတျာဒိ–ကို၊ ဝုတ္တံ–ဆိုအပ်ပြီ၊ တတ္ထ–ထိုစကားရပ်၌၊ ဝီရိယံ–သည်၊ သမ္မပ္ပဓာန ၊ပေ၊ ဝသေန–သမ္မပ္ပဓာန်လေးပါးအပေါင်း, ဝီရိယိဒ္ဓိပါဒ်, ဝီရိယိန္ဒြေ, ဝီရိယဗိုလ်, ဝီရိယသမ္ဗောဇ္ဈင်, သမ္မာဝါယာမမဂ္ဂင်တို့၏ အစွမ်းဖြင့်၊ နဝကိစ္စတ္တာ–ကိုးကိစ္စရှိသည်၏အဖြစ်ကြောင့်၊ နဝဋ္ဌာနံ–(၉)ဌာနရှိ၏၊ သတိ–သည်၊ သတိပဋ္ဌာန ၊ပေ၊ ဝသေန–ဖြင့်၊ အဋ္ဌကိစ္စတ္တာ–ကြောင့်၊ အဋ္ဌဋ္ဌာနာ–၏၊ သမာဓိ–သည်၊ သမာဓိန္ဒြိယ၊ပေ၊ဝသေန–ဖြင့်၊ စတုကိစ္စတ္တာ–ကြောင့်၊ စတုဋ္ဌာနော–၏၊ ပညာ–သည်၊ ပဉ္စဋ္ဌာနာ–၏၊ (ကသ္မာ) ဝီမံသိဒ္ဓိပါဒ ၊ပေ၊ ဝသေန–ဖြင့်၊ ပဉ္စကိစ္စတ္တာ–တည်း၊ [ဤသို့လည်း ပေးနိုင်သည်၊] သဒ္ဓါ–သည်၊ ဒွိဋ္ဌာနာ–၏၊ (ကသ္မာ) သဒ္ဓိန္ဒြိယ သဒ္ဓါဗလဝသေန–ဖြင့်၊ ဒွိကိစ္စတ္တာ–တည်း၊ ဥတ္တမာနံ–မြတ်ကုန်သော၊ ဗောဓိပက္ခိယဘာဝေန–ဗောဓိပက္ခိယတို့၏အဖြစ်ကြောင့်၊ ဝိသိဋ္ဌာနံ–ထူးကုန်သော၊ သတ္တတ္တိံသဓမ္မာနံ–တို့၏၊ ပဝရော ဥတ္တမော–ကောင်းမြတ်သော၊ သော ဝိဘာဂေါ–ဤခွဲခြားဝေဖန်အပ်သော အထူးအပြားသည်၊ .(ဟောတိ–၏၊)

**၄၁။** အဋ္ဌဝိဓေပိ–သော၊ လောကုတ္တရေ–၌၊ သတ္တတ္တိံသဓမ္မာ–တို့သည်၊ ဟောန္တိ–နိ၏၊ သင်္ကပ္ပပီတိယော–တို့သည်ကား၊ ဝါ–အချို့သော လောကုတ္တရာစိတ်၌၊ နဟောန္တိ–ကုန်၊ ဒုတိယဇ္ဈာနိကေ–ဒုတိယဈာန်နှင့်ယှဉ်သောစိတ်၌၊ သင်္ကပ္ပဿ–၏လည်းကောင်း၊ စတုတ္ထပဉ္စမဇ္ဈာနိကေ–၌၊ ပီတိယာစ–၏လည်းကောင်း၊ အသမ္ဘဝတော–ကြောင့်၊ ဝါ–အချို့သောလောကုတ္တရာစိတ်၌၊ န ဟောန္တိ–ကုန်၊ [သင်္ကပ္ပ ၊ပေ၊ ဟောန္တိကို "ဒုတိယဇ္ဈာနိကေ ၊ပေ၊ န ဟောန္တိ ဝါ"ဟု ထပ်ဖွင့်သည်၊] လောကိယေ-ဖြစ်သော၊ စိတ္တေပိ-ကုသိုလ်, ကြိယာစိတ်၌လည်း၊ သီလ ၊ပေ ၊ပဝတ္တိယံ–သီလဝိသုဒ္ဓိအစရှိသော ခြောက်ပါးသော

ဝိသုဒ္ဓိတို့၏ဖြစ်ရာအခါ၌၊ ယထာယောဂံ–စွာ၊ တံတံကိစ္စသဓ–ထိုထိုကိစ္စအား၊ အနုရူပဝသေန–ဖြင့်၊ [ယထာယောဂံကိုပင် "တံတံ ကိစ္စသဓ အနုရူပဝသေန" ဟု ဖွင့်သည်၊] ကေစိ–အချို့သော ဗောဓိပက္ခိယတရားတို့သည်၊ ကတ္ထစိ–အချို့သော လောကီစိတ်၌၊ ဝိသုံ ဝိသုံ–အသီးအသီး၊ ဟောန္တိ–န်၏၊ ကတ္ထစိ–အချို့သော လောကီစိတ်၌၊ နဝါဟောန္တိ–မဖြစ်သည်လည်းရှိကုန်၏၊ [အဓိပ္ပာယ်ကို အခြေပြ၌ ပြခဲ့ပြီ၊]

၄၂။ [သဗ္ဗသင်္ဂဟကို ဖွင့်ပြလို၍ "အတီတာနာဂတာ"အစရှိသော ဝါကျကို မိန့်၊] အတီတာ ၊ပေ၊ ဘိန္နာ–အတိတ်, အနာဂတ်, ပစ္စုပ္ပန်အစရှိသော အပြားတို့ဖြင့်ပြားကုန်သော၊ တေတေသဘာဝဓမ္မာ–ထို ထို သဘောတူတရားတို့သည်၊ ဧကဇ္ဈံ–တစ်ပေါင်းတည်း၊ ရာသဋ္ဌေန (ရာသိ+အဋ္ဌေန)–အစု၏ အဖြစ်ဟူသော အနက်ကြောင့်၊ ခန္ဓာ–တို့မည်၏၊ တေန–ကြောင့်၊ ဘဂဝါ–သည်၊ တဒေကဇ္ဈံ ၊ပေ၊ တျာဒိ–အစရှိသော၊ (ယံဝစနံ အတ္ထိ, တံဝစနံ) အာဟ–ပြီ၊ [တံ–ထို အတိတ်အနာဂတ် ပစ္စုပ္ပန်အစရှိသော အပြားတို့ဖြင့် ပြားသောရုပ်ကို၊ ဧကဇ္ဈံ–တည်း၊ အဘိသံယူဟိတွာ–ပေါင်းစု၍၊ အဘိသင်္ခိပိတွာ–ချုံး၍၊ အယံ–ဤ ရုပ်အပေါင်းကို၊ ရူပက္ခန္ဓော–ရူပက္ခန္ဓာဟူ၍၊ ဝုစ္စတိ–၏၊...ခန္ဓဝိဘင်းပါဠိတော်၊ ရာသဋ္ဌေနခန္ဓာ၏ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ အကျယ်ပြထားပြီ၊] ပန–ဆက်၊ တေ တေ ခန္ဓာ–ထိုခန္ဓာတို့ကို၊ ဘာဇန၊ပေ၊ဝိကပ္ပဝသေန–ထည့်ရာ ခွက်ဟု အထူးကြံဆခြင်း, ဘောဇဉ်ဟု အထူးကြံဆခြင်း, ဟင်းလျာဟု အထူးကြံဆခြင်း, ထမင်းချက်သမားဟု အထူးကြံဆခြင်း, စားတတ်သူဟု အထူးကြံဆခြင်း၏ အစွမ်းဖြင့်၊ ပဉ္စဝ–တို့ကိုသာ၊ ဝုတ္တာ–န်ပြီ၊ ဣတိ–ကြောင့်၊ ရူပက္ခန္ဓောတျာဒိ–အစရှိသော၊ (ယံ ဝစနံ အတ္ထိ, တံဝစနံ အာစရိယော) အာဟ–ပြီ။

ဟိ–ချဲ့၊ ရူပံ–ရုပ်သည်၊ ဝေဒနာနိဿယတ္တာ–ဝေဒနာ၏မှီရာ၏အဖြစ်ကြောင့်၊ ဘာဇနဋ္ဌာနိယံ–ခွက်အရာ၌တည်၏၊ ဝေဒနာ–သည်၊ ဘုဉ္စိတဗ္ဗတ္တာ–ခံစားထိုက်သည်၏အဖြစ်ကြောင့်၊ ဘောဇနဋ္ဌာနိယာ–ဘောဇဉ်အရာ၌တည်၏၊ သညာ–သည်၊ ဝေဒနာ ၊ပေ၊ ဟေတုတ္တာ–ဝေဒနာ၌ သာယာခြင်းကို ရခြင်း၏ အကြောင်း၏အဖြစ်ကြောင့်၊ ဗျဉ္ဇနဋ္ဌာနိယာ–ဟင်းလျာအရာ၌တည်၏၊ သင်္ခါရာ–တို့သည်၊အဘိသင်္ခရဏတော–ပြုစီမံတတ်ကုန်သည်၏အဖြစ်ကြောင့်၊ ဘတ္တကာရကဋ္ဌာနိယာ–ထမင်းချက်သမားအရာ၌ တည်ကုန်၏၊ ဝိညာဏံ–သည်၊ ဥပဘုဉ္ဇကတ္တာ–သုံးဆောင်ခံစားတတ်သည်၏အဖြင့်ကြောင့်၊ ဘုဉ္ဇကဋ္ဌာနိယံ–စားတတ်သူအရာ၌တည်၏၊ စ–ဆက်၊ ဧတ္တာဝတာ–ဤမျှအတိုင်းအရှည်ရှိသောခန္ဓာငါးပါးဖြင့်၊ အဓိပ္ပေတတ္ထသိဒ္ဓိ–အလိုရှိအပ်သောအကျိုး၏ ပြီးစီးခြင်းသည်၊ (ဟောတိ–၏၊) ဣတိ–ကြောင့်၊ ပဉ္စဝ–တို့ကိုသာ၊ ဝုတ္တာ–န်ပြီ၊

ဒေသနာက္ကမေပိ–ဟောတော်မူပုံအစဉ်၌လည်း၊ ဣဒမေဝ–ဤခွက်အစရှိသည် နှင့် တူသည်၏အဖြစ်သည်သာလျှင်၊ကာရဏံ–တည်း၊(ကသ္မာ–နည်း၊)ယတ္တ– အကြင်ခွက်၌၊ ဘုဥ္စတိ–စားရ၏၊ ယဥ္စ–အကြင်ဘောဇဉ်ကိုလည်း၊ ဘုဥ္စတိ– ၏၊ ယေနစ–အကြင်ဟင်းလျာဖြင့်လည်း၊ ဘုဥ္စတိ–၏၊ ယောစ–အကြင် စဖိုသည်,သည်လည်း၊ ဘောဇကော–စားစေတတ်၏၊ ဝါ–ချက်ပြုတ် ကျွေးမွေး တတ်၏၊ ယောစ–အကြင်သူသည်လည်း၊ ဘုဥ္ဇိတာ–စားတတ်၏၊ [တုပစ္စည်း၊] တေသံ–ထိုစားရာ ခွက်, စားအပ်သော ဘောဇဉ်, စားကြောင်း ဟင်းလျာ, စားစေတတ်သူ, စားတတ်သူတို့၏၊ ဝါ–တို့ကို၊ အနုက္ကမေန–ဖြင့်၊ ဒဿေတု ကာမတ္တာ–ပြခြင်းငှာအလိုရှိသည်၏ အဖြစ်ကြောင့်တည်း၊ [ဤဥပမာ၏ အဓိပ္ပာယ်ကိုလည်း ဘာသာဋီကာ၌ ပြထားပြီ။]

**၄၃။** ဥပါဒါနာနံ–ဥပါဒါန်တို့၏၊ ဂေါစရာ–အာရုံဖြစ်ကုန်သော၊ ခန္ဓာ–တို့တည်း၊ ဥပါဒါနက္ခန္ဓာ–ဥပါဒါန်တို့၏အာရုံဖြစ်ကုန်သော ခန္ဓာတို့၊ ပန–ဆက်၊ တေ–ထိုဥပါဒါနက္ခန္ဓာတို့သည်၊ ဥပါဒါနဝိသယဘာဝေန–ဥပါဒါန် တို့၏ အာရုံ၏အဖြစ်ဖြင့်၊ ဂဟိတာ–န်သော၊ ရူပါဒယော–န်သော၊ ပဉ္စေဝ– တို့ပင်တည်း၊ ဣတိ–ကြောင့်၊ ရူပုပါဒါနက္ခန္ဓောတျာဒိ–ကို၊ (အာစရိယေန) ဝုတ္တံ–ပြီ၊ ဟိ–(ခန္ဓ, ဥပါဒါနက္ခန္ဓ) အထူးကို ဆိုဦးအံ့၊ သဗ္ဗသဘာဝဓမ္မ သင်္ဂဟတ္တံ–အလုံးစုံသဘောတူသော တရားတို့ကို သိမ်းယူခြင်းအကျိုးငှာ၊ သာသဝါ–အာသဝေါတရားတို့နှင့် တကွဖြစ်ကုန်သော၊ ဝါ–အာသဝေါ တရားတို့၏ အာရုံဖြစ်ကုန်သော၊ (ဓမ္မာပိ–လောကီတရားတို့ကိုလည်းကောင်း၊) အနာသဝါ–အာသဝေါတရားမရှိကုန်သော၊ ဝါ–အာသဝေါတရားတို့၏ အာရုံ မဟုတ်ကုန်သော၊ ဓမ္မာပိ–လောကုတ္တရာတရားတို့ကိုလည်းကောင်း၊ အဝိ သေသတော–(ဥပါဒါနဟု)အထူးမ မ,သာမညအားဖြင့်၊ပဉ္စက္ခန္ဓာတိ–တို့ဟူ၍၊ ဒေသိတာ–န်ပြီ၊ ပန–ကား၊ ဝိပဿနာဘူမိသန္ဒဿနတ္တံ–ဝိပဿနာဉာဏ်၏ ဖြစ်ရာ အာရုံကိုပြခြင်းအကျိုးငှာ၊ သာသဝါဝ–အာသဝေါ တရားနှင့်တကွ ဖြစ်သော လောကီတရားတို့ကိုသာ၊ ဝါ–အာသဝေါတရားတို့ ၏ အာရုံဖြစ် သော လောကီတရားတို့ကိုသာ၊ ဥပါဒါနက္ခန္ဓာတိ–တို့ဟူ၍၊ (ဒေသိတာ– န်ပြီ၊) [ဤအဓိပ္ပာယ်ကို အခြေပြ၌ ဆောင်ပုဒ်နှင့်တကွ ပြထားပြီ။]

[ရုပ်သည် သာသဝ, အနာသဝဟုနှစ်မျိုးပြားသလော–ဟုမေးဖွယ်ရှိသော ကြောင့်"ယထာ ပနေတ္တ"စသည် မိန့်၊] ပန–ဆက်၊ တွေ–ဤခန္ဓာငါး ပါးတို့တွင်၊ ဝေဒနာဒယော–ဝေဒနာအစရှိသောတရားတို့သည်၊ သာသဝါစ– သာသဝတို့သည်လည်းကောင်း၊ အနာသဝါစ–အနာသဝတို့သည်လည်းကောင်း၊ (ဟောန္တိ)ယထာ–သို့၊ ဧဝံ–ဤ့အတူ၊ ရူပံ–သည်၊ န(ဟောတိ)–မဖြစ်၊ (ကသ္မာ– နည်း၊) ကေန္တကာမာဝစရတ္တာ–ကေန်ကာမာဝစရတရား၏အဖြစ်ကြောင့်တည်း၊ [ရုပ်သည် ကေန်ကာမဝစရတရားဖြစ်သောကြောင့် သာသဝ, အနာသဝဟု

နှစ်မျိုးမပြား၊ သာသဝတစ်မျိုးသာ ဖြစ်သည်-ဟူလို၊ "သဗ္ဗေ ပနေတံ ရူပံ၊ပေ၊သာသဝံ ၊ပေ၊ ကာမာဝစရံ"တို့ကို ထောက်ပါ၊]

[ထိုသို့ နှစ်မျိုးမပြားလျှင် အဘယ့်ကြောင့် ခန္ဓာတို့၌လည်းကောင်း, ဥပါဒါနက္ခန္ဓာတို့၌လည်းကောင်း သွင်း၍ နှစ်ဌာန ဟောတော်မူရပါသနည်း-ဟု မေးဖွယ်ရှိသောကြောင့်"သဘာဂရာသိဝသေန"စသည် မိန့်၊] ပန-ထိုသို့ပင် (သာသဝ, အနာသဝဟု)နှစ်မျိုး မပြားပါသော်လည်း၊ သဘာဂရာသိဝသေန-သဘောတူသော ရုပ်တရားတစ်စု၏အစွမ်းဖြင့်၊ တံ-ထိုရုပ်ကို၊ ခန္ဓေသု-ခန္ဓဒေသနာတို့၌၊ ဒေသိတံ-ပြီ၊ ပန-ကား၊ ဥပါဒါနိယဘာဝေန-ဥပါဒါန်တို့၏ အာရုံ၏အဖြစ်ဖြင့်လည်းကောင်း၊ရာသိဝသေန စ-ရုပ်တရားတစ်စု၏အစွမ်းဖြင့်လည်းကောင်း၊ဥပါဒါနက္ခန္ဓေသု-တို့၌၊(ဒေသိတံ-ပြီ၊) ဣတိ-သို့၊ဒဋ္ဌဗ္ဗံ-၏။

**၄၄။** တေ္တ (တေသုဓမ္မဇာတေသု)-ဤသဘောတရားတို့၌၊ တံတံ ဒွါရာရမဏာ-ထိုထိုဒွါရ, ထိုထိုအာရုံရှိကုန်သော၊ စိတ္တစေတသိကာ-စိတ်, စေတသိက်တို့သည်၊တေန တေန ကိစ္စေန-ထိုထိုကိစ္စဖြင့်၊ အာယတန္တိ ,ဃဋေန္တိ , ဝါယမန္တိ-အားထုတ်ကြကုန်၏၊ ဣတိ-ကြောင့်၊ (ထိုသို့ စိတ် စေတသိက်တို့၏ ထိုထိုကိစ္စဖြင့် အားထုတ်ရာတို့၏ အဖြစ်ကြောင့်၊ တာနိ ဓမ္မဇာတာနိ-တို့သည်၊ အာယတနာနိ-တို့မည်၏၊) ဝါ-တစ်နည်း၊ အာယဘူတေ-အာယဖြစ်၍ဖြစ်ကုန်သော၊ တေ ဓမ္မေ-ထိုစိတ်စေတသိက်တရားတို့ကို၊ တာနိ-ဤစက္ခာယတန အစရှိသည်တို့သည်၊တနောန္တိ,ဝိတ္ထာရေန္တိ-ချဲ့ထွင်တတ်ကုန်၏၊ဣတိ-ကြောင့်၊

---

**အာယတန္တိ တေ္တ**။ ။ဤနည်း၌ "အာယတန္တိ တေ္တာတိ အာယတနာနိ"ဟု ပြု၊ အာပုဗ္ဗ ယတီဓာတ် အားထုတ်ခြင်းအနက်ကိုသိစေလို၍ "ဃဋေန္တိ"ဟု လည်းကောင်း, ဃဋဓာတ်၏ စေ့စပ်ခြင်းအနက်ကို ယူမည်စိုး၍ "ဝါယမန္တိ"ဟုလည်းကောင်း ဖွင့်သည်၊ စက္ခာယတန(ဒွါရ)၌ တည်လျက်, ရူပါယတန(ရူပါရုံ)ကို အာရုံပြု၍ စက္ခုဝိညာဏ် စိတ်စေတသိက်တို့ မြင်ခြင်းကိစ္စဖြင့် ဖြစ်ခြင်းကို "အားထုတ်"ဟု ဆိုသည်၊ ဤသို့ စသည်ဖြင့် သိလေ။

**အာယဘူတေဝါ**။ ။ဤနည်း၌ "အာယ+တန"ဟုခွဲ၊ "တံတံ ဒွါရာရမဏေသု-ထိုထို ဒွါရအာရုံတို့၌၊ အာယန္တိ-ဖြစ်တတ်ကုန်၏၊"နှင့်အညီစိတ်စေတသိက်တို့ ကို "အာယ"ဟု ခေါ်ပါ၊ ထို့ကြောင့် "အာယဘူတေ တေ ဓမ္မေ"ဟု ဖွင့်သည်၊ [ဣဓာတ် ဏပစ္စည်းဖြင့် "အာယ"ဟု ပြီးစေ၊] တနောန္တီတိ တနာနိ၊ တနဓာတ်၏ ဝိတ္ထာရ အနက်ကို သိစေလို၍ ဝိတ္ထာရေန္တိ ဟု ဖွင့်သည်၊ အာယေ-တို့ကို+တနာနိ-ချဲ့ထွင်တတ်သောတရားတို့တည်း၊ အာယတနာနိ-တို့၊ [စက္ခာယတန, ရူပါယတန တို့ရှိသောကြောင့် စက္ခုဝိညာဏ်စိတ်စေတသိက်တို့ ဖြစ်နိုင်ရကား ထိုတရားတို့ကို ထိုအာယတနတို့က အကျယ် အကျယ် ဖြစ်ပွားအောင် ချဲ့ပေးကြရာ ရောက်သည်-ဟူလို။]

(အာယမည်သော စိတ်စေတသိက်တို့ကို ချဲ့တတ်ကုန်သည်၏အဖြစ်ကြောင့်၊) (အာယတနာနိ––တို့မည်၏၊) ဝါ–တစ်နည်း၊ (ယာဓမ္မဇာတာနိ–တို့သည်၊) အာယတံ–ရှည်လျားလှစွာသော၊ သံသာရဒုက္ခံ–သံသရာဆင်းရဲကို၊ နယန္တိ–ဆောင်တတ်ကုန်၏၊ ပဝတ္တေန္တိ–ဖြစ်စေတတ်ကုန်၏၊ ဣတိ–ကြောင့်၊ (ထိုသို့ရှည်စွာသော သံသရာဆင်းရဲကို ဆောင်တတ်, ဖြစ်စေတတ်ကုန်သည်၏ အဖြစ်ကြောင့်၊ တာနိဓမ္မဇာတာနိ–တို့သည်၊) အာယတနာနိ–တို့မည်၏၊ ဝါ–တစ်နည်း၊ စက္ခုဝိညာဏာဒီနံ–စက္ခုဝိညာဏ်အစရှိသော စိတ်စေတသိက်တို့၏၊ ကာရဏဘူတာနိ–အကြောင်းဖြစ်၍ဖြစ်သော. တရားတို့တည်း၊ ဣတိ–ကြောင့်၊ အာယတနာနိ–တို့မည်၏၊ [နောက်ဆုံးဝိကပ်၏ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ၊]

အပိစ–သည်သာမကသေး၊ လောကေ–လောက၌၊ နိဝါသ၊ပေ၊သဉ္ဇာတိဋ္ဌာနံ–နေရာအရပ်, ပေါ်ထွက်ရာအရပ်, ပေါင်းဆုံရာအရပ်, ပေါက်ဖွားရာအရပ်ကို၊ အာယတနန္တိ–ဟူ၍၊ ဝုစ္စတိ–၏၊ [ဝုစ္စတိ–ဟု ဆိုသောကြောင့် အာယတနသဒ္ဒါသည် နိဝါသစသောအနက်၌ ထင်ရှားသော အထင်ရုဋ္ဌိသဒ္ဒါတည်းဟု သိစေသည်၊] တသ္မာ–ကြောင့်၊ တေပိ–ဤစက္ခုပသာဒ, ရူပါရုံအစရှိသော တရားတိုသည်လည်း၊ [တောနိပိ–ဟု ရှိလျှင်ကောင်းမည်၊] တံတံဒွါရိကာနံ–ထိုထိုဒွါရ၌ ဖြစ်သည်လည်းဖြစ်ကုန်သော၊ စက္ခုဝိညာဏာဒီနံ–စက္ခုဝိညာဏ်အစရှိသော စိတ်စေတသိက်တို့၏၊ နိဝါသဋ္ဌာနတာယ–နေရာဌာန ၏အဖြစ်ကြောင့်လည်းကောင်း၊ အာကိဏ္ဏဘာဝေန–ရောပြွမ်းသည်၏ အဖြစ်ဖြင့်၊ [စိတ်စေတသိက်တို့၏ ရောနှောခြင်းကို ဆိုသည်၊] ပဝတ္တာနံ–န်သော၊ တေသမေဝ–ထိုစက္ခုဝိညာဏ်အစရှိသော စိတ်စေတသိက်တို့၏ပင်၊ အာကရဋ္ဌာနတာယ–ပေါ်တွက်ရာ ဌာန၏အဖြစ်ကြောင့်လည်းကောင်း၊ [အာကရသဒ္ဒါသည် ကျောက်ထွက်ရာ ကျောက်တွင်းအရပ်ကဲ့သို့ ပေါ်ထွက်ရာအရပ်ကို ဟောသည်–ဟူလို၊]ဒွါရာရမဏာဘော–အားဖြင့်၊သမောသရဏ္ဍာနံ–ပေါင်းဆုံသက်ရောက်ကုန်သော၊(တေသမေဝ–တို့၏ပင်၊)သမောသရဏဋ္ဌာနတာယ–ပေါင်းဆုံရာဌာန၏ အဖြစ်ကြောင့်လည်းကောင်း၊ တတ္ထေဝ–ထိုဒွါရအာရုံတို့၌ပင်၊ ဥပ္ပဇ္ဇန္တာနံ–န်သော၊ (တေသမေဝ–တို့၏ပင်) သဉ္ဇာတိဋ္ဌာနတာယ စ–ပေါက်ဖွားရာဌာန၏ အဖြစ်ကြောင့်လည်းကောင်း၊ [သတ္တဝါတို့၏ ပေါက်ဖွားရာအရပ်ကဲ့သို့

---

**အာယတံ ဝါ**။ ။"အာယတ+န"ဟု ခွဲ၍ "န"၌နီဓာတ်, အပစ္စည်းဟု ကြံ၊နီဓာတ်၏ ဆောင်ခြင်းအနက်ကိုပင် "ပဝတ္တေန္တိ"ဟု အဓိပ္ပာယ်ဖွင့်သည်၊ တစ်နည်း–ဓာတူနံ အနေကတ္ထတ္တာနှင့်အညီ နီဓာတ်ကိုပင် ပဝတ္တနအနက်ဟော ဟု သိစေသည်၊ ဤစက္ခုစသည်ရှိသောကြောင့် တဏှာတိုးပွား၍ သံသရာရှည်ရကား ရှည်စွာသော သံသရာဒုက္ခကို စက္ခုစသည်တို့က ဖြစ်စေကြသည်–ဟူလို။

ပေါက်ဖွားရာအရပ်ကို အာယတနသဒ္ဒါကဟောသည်-ဟူလို၊] အာယတနာနိ-တို့မည်၏၊ ပန-ဆက်၊ တာနိ-ထို အာယတနတို့သည်၊ (ဟောဋ္ဌိဥ္စပ်၊) ဒွါရဘူတာနိ-ဒွါရဖြစ်၍ဖြစ်ကုန်သော၊ အဇ္ဈတ္တိကာယတနာနိ-အဇ္ဈတ္တိကာယတနဖြစ်ကုန်သော၊ ဆ-(၆)ပါးသောအာယတနတို့လည်းကောင်း၊ အာရမဏဘူတာနိ-န်သော၊ဗာဟိရာယတနာနိ-န်သော၊ဆစ-တို့လည်းကောင်း၊ ဣတိ-သို့၊ ဒွါဒသဝိဓာနိ-ကုန်သည်၊ (ဟောဋ္ဌိ-န်၏၊) ဣတိ-ကြောင့်၊ စက္ခာယတနံ တျာဒိ-သော၊ (ယံ၀စနံ အတ္ထိ၊ တံ ၀စနံ အာစရိယော) အာဟ-ပြီ၊ စက္ခု စ-စက္ခုလည်း ဟုတ်၏၊ တံ-ထိုစက္ခုဟူသည်၊ အာယတနဥ္စ-(ဆိုအပ်ပြီးသော ၀စနတ္ထကြောင့်၊) အာယတနလည်း ဟုတ်၏၊ ဣတိ-ကြောင့်၊ စက္ခာယတနံ-မည်၏၊ သေသေသုပိ-စက္ခာယတနမှကြွင်းသော သောတာယတန စသည်တို့၌လည်း၊ ဧဝံ-ဤ့အတူတည်း။

တတ္ထ-ထို(၁၂)ပါးသော အာယတနတို့တွင်၊ [အဇ္ဈတ္တိကာယတနေသု၌ စပ်၊] အဇ္ဈတ္တိကာယတနေသု-တို့တွင်၊ [စက္ခာယတနံ စသည်၌ စပ်၊] သနိဒဿနသပ္ပဋိဃာရမဏတ္တာ-မြင်အပ်သည်၏အဖြစ်နှင့်တကွ, ထိပါးတတ်သည်၏အဖြစ်နှင့်တကွဖြစ်သော ရူပါရုံဟူသော အာရုံရှိသည်၏ အဖြစ်ကြောင့်၊ စက္ခာယတနံ-သည်၊ဝိဘူတံ-ထင်ရှား၏၊ဣတိ-ကြောင့်၊ တံ-ထိုစက္ခာယတနကို၊ ပဌမံ-စွာ၊ ဝုတ္တံ-မိန့်ဆိုအပ်ပြီ၊ တဒနန္တရံ-ထို စက္ခာယတန၏ အခြားမဲ့၌၊ အနိဒဿနသပ္ပဋိဃာရမဏာနိ-မြင်အပ်သည်၏အဖြစ်ကား မရှိ, ထိပါးတတ်သည်၏ အဖြစ်နှင့်တကွဖြစ်သော အာရုံရှိသော၊ ဣတရာနိ-စက္ခာယတနမှ တစ်ပါးသောသောတ, ဃာန, ဇိဝှါ, ကာယာယတနတို့ကို၊ ဝုတ္တာနိ-န်ပြီ၊ တတ္ထာပိ-ထို သောတ စသော အာယတနတို့တွင်လည်း၊ အသမ္ပတ္တဂ္ဂါဟကသာမညေန-အသမ္ပတ္တဂ္ဂါဟကရုပ်ချင်းတူသည်၏အဖြစ်ကြောင်၊ စက္ခာယတနာနန္တရံ-၌၊ သောတာယတနံ-ကို၊ ဝုတ္တံ-ပြီ၊ ဣတရေသု-စက္ခု သောတမှတစ်ပါးသော သမ္ပတ္တဂ္ဂါဟကအာယတနတို့တွင်၊ သီဃတရံ-စွာ၊ အာရမဏဂ္ဂါဟကသမတ္ထတ္တာ-အာရုံကိုယူခြင်း၌ စွမ်းနိုင်သည်၏အဖြစ်ကြောင့်၊ဃာနာယတနာနံ-ကို၊ ပဌမံ-ဇိဝှါ, ကာယာယတနတို့မှ ရှေးဦးစွာ၊ ဝုတ္တံ-ပြီ၊ ဟိ-မှန်၊ ပုရတော-၌၊ ထပိတမတ္တဿ-ထားအပ်ကာမျှဖြစ်သော၊ ဘောဇနာဒိကဿ-ဘောဇဉ် အစရှိသောဝတ္ထု၏၊ဂန္ဓော-သည်၊ ဝါတာနုသာရေန-လေကို အစဉ်လျှောက်သဖြင့်၊ ဃာနေ-ဃာနပသာဒ၌၊ ပဋိဟညတိ-ထိခိုက်၏။

ပန-ကား၊ တဒနန္တရံ-ထိုဃာနာယတန၏အခြားမဲ့၌၊ ပဒေသဝုတ္တိသာမညေန-ကိုယ်၏ တစ်စိတ်တစ်ပိုင်း၌ ဖြစ်ခြင်းအားဖြင့် တူသည်၏အဖြစ်ကြောင့်၊ ဇိဝှါယတနံ-ကို၊ ဝုတ္တံ-ပြီ၊ တတော-ထို ဇိဝှါယတနမှ၊ (ပရံ-၌၊) သဗ္ဗဋ္ဌာနိကံ-အလုံးစုံအရပ်၌ဖြစ်သော၊ ဝါ-တစ်ကိုယ်လုံး၌ဖြစ်သော၊ ကာယာယတနံ-ကို၊

(ဝုတ္တံ၊) တတော–ထို ကာယာယတနမှ၊ (ပရံ) ပဉ္စန္နံပိ–ငါးပါးသော အာယတန တို့၏လည်း၊ ဂေါစရဂ္ဂဟဏသမတ္ထံ–အာရုံကို ယူခြင်း၌ စွမ်းနိုင်သော၊ မနာယတနံ–ကို၊ (ဝုတ္တံ–ပြီ၊) ပန–ကား၊ ယထာဝုတ္တာနံ–အကြင် အကြင် ဆိုအပ်ပြီးကုန်သော အဇ္ဈတ္တိကာယတနတို့၏၊ အနုက္ကမေန–ဖြင့်၊ တေသံ တေသံ–ထိုထိုစက္ခုအစရှိသော အာယတနတို့၏၊ အာရမဏာနိ–အာရုံဖြစ်ကုန် သော၊ ရူပါယတနာဒီနိ–ရူပါရုံအစရှိသော ဗာဟိရာယတနတို့ကို၊ ဝုတ္တာနိ– န်ပြီ၊ [အစီပွာယ်ကို ဘာသာဋီကာ၌ ဆောင်ပုဒ်နှင့်တကွ ပြထားပြီ။]

**၄၅။** (ယာ ဓမ္မဇာတိယော–တို့သည်၊) အတ္တနော–၏၊ သဘာဝံ–သဘော ကို၊ ဓာရေန္တိ–ဆောင်တတ်ကုန်၏၊ ဣတိ–ကြောင့်၊ (ထိုသို့ မိမိသဘောကို ဆောင်တတ်ကုန်သည်၏ အဖြစ်ကြောင့်၊ တာ ဓမ္မဇာတိယော–တို့သည်၊) ဓာတုယော–ဓာတုတို့ မည်၏၊ အထဝါ–ထို့ပြင် တစ်နည်းကား၊ (ယာ ဓမ္မဇာတိယော၊) ယထာသမ္ဘဝံ–လျော်စွာ၊ အနေကပ္ပကာရံ–တစ်ပါးမက များသော အပြားရှိသော၊ သံသာရဒုက္ခံ–ကို၊ ဝိဒဟန္တိ–စီမံတတ်ကုန်၏၊ ဣတိ–ကြောင့်၊ (ထိုသို့ တစ်ပါးမကများသော အပြားရှိသော သံသာရဒုက္ခကို စီမံတတ်ကုန်သည်၏အဖြစ်ကြောင့်၊ တာဓမ္မဇာတိယော–တို့သည်၊)ဓာတုယော– တို့ မည်၏၊ စ–တစ်နည်းကား၊ ဘာရဟာရေဟိ–ဝန်ကို ထမ်းဆောင်သူတို့ သည်၊ ဘာရော–ဝန်ကို၊ (ဓီယတိ,ဓာရီယတိ) ဝိယ–ထမ်းဆောင်အပ်သကဲ့သို့၊ (တထာ–တူ၊ ယာ ဓမ္မဇာတိယော–တို့ကို၊) သတ္တေဟိ–တို့သည်၊ ဓီယန္တိ, ဓာရီယန္တိ–ဆောင်အပ်ကုန်၏၊ ဣတိ–ကြောင့်၊ (ထိုသို့ သတ္တဝါတို့သည် ထမ်းဆောင်အပ်ကုန်သည်၏ အဖြစ်ကြောင့်၊ တာ ဓမ္မဇာတိယော–တို့သည်၊) ဓာတုယော–တို့ မည်၏။

စ–တစ်နည်းကား၊ တော–ဤသဘောတရားတို့သည်၊ အဝသဝတ္တနတော– မိမိအလိုသို့ မလိုက်စေနိုင်ကုန်သည်၏ အဖြစ်ကြောင့်၊ ဒုက္ခဝိဓာနမတ္တမေဝ–

---

**ဝိဒဟန္တိ**။ ။ဓာတု၌ ဓာဓာတ်၏အနက်ကို ဝိဒဟန္တိဟု ဖွင့်သည်၊"သံသာရဒုက္ခံ ဒဟန္တိ ဝိဒဟန္တီတိ ဓာတုယော"ဟု ကတ္တုသာဓနပြု၊ ဂါထာ၌ ဝိဒဟတိသည် ဤဝိဂ္ဂဟကိုပင် ကေဝုစ်ဖြင့် ပြသော ပုဒ်တည်း။

**ဓီယန္တိ**။ ။ဓီယန္တိကို ဓာရီယန္တိဟု ထပ်ဖွင့်သည်၊ "ဓီယန္တီတိ ဓာတုယော"ဟု ကမ္မသာဓနပြု၊ ဝန်ထမ်းသမားတို့သည် ဝန်ထုပ်ကြီးကို ထမ်းဆောင်အပ်သကဲ့သို့, သတ္တဝါတို့လည်း ဖြစ်ချည်–ပျက်ချည် အတည်မကျ ဒုက္ခများလှသော စက္ခုစသည်ကို ထမ်းဆောင်၍ နေကြရသည်–ဟူလို၊ ဂါထာ၌ အစဉ်မဟုတ်ဘဲ"ဓီယတေ"လာလတ္တံ့။

**အဝသ ၊ပေ၊ တော**။ ။ဤစကားဖြင့် "ဝိဓာနံ–ဒုက္ခကိုစီမံခြင်း၊ ဓာတု–ဒုက္ခကို စီမံခြင်း"ဟု ဘာဝသာဓနကို ပြ၏၊ ဓာတ်အားလုံး၏ ဖြစ်ခြင်းမျှသည် ဒုက္ခ၏ဖြစ်ခြင်း သာ၊ မိမိအလိုသို့ လိုက်စေနိုင်သောကတ္တုသတ္တိစသည် တစ်စုံတစ်ရာမျှ မရှိ–ဟူလို၊ ဂါထာ၌ "ဝိဓာနံ"ဟု ဒုတိယဌာန၌ လာလတ္တံ့။

ဒုက္ခကို စီမံခြင်းမျှသည်သာလျှင်၊ (ဟောန္တိ–န်၏၊) စ–တစ်နည်းကား၊ တောဟိ–ဤသဘောတရားတို့ဖြင့်၊ သတ္တေဟိ–တို့သည်၊ သံသာရဒုက္ခံ–ကို၊ အနုဝိဓီယတိ–စီမံအပ်၏၊ ဣတိ–ကြောင့်၊ (ထိုသို့ သံသာရဒုက္ခကို စီမံကြောင်းတို့၏ အဖြစ်ကြောင့်၊ တာ ဓမ္မဇာတိယော–တို့သည်၊) ဓာတုယော–တို့ မည်၏၊ စ–တစ်နည်းကား၊ တထာဝိဟိတံ–ထိုအခြင်းအရာဖြင့် စီမံအပ်ပြီးသော သံသာရဒုက္ခကို၊ တေဟေဝ–ဤ စက္ခုစသော သဘောတရားတို့၌သာ၊ ဓီယတိ, ထပီယတိ–ထားအပ်၏၊ ဣတိ–ကြောင့်၊ (ထိုသို့ သတ္တဝါတို့ စီမံအပ်သော သံသာရဒုက္ခကို ထားအပ်ရာ၏အဖြစ်ကြောင့်၊ တာ ဓမ္မဇာတိယော–တို့သည်၊) ဓာတုယော–တို့ မည်၏၊ စ–တစ်နည်းကား၊ ရသ ၊ပေ၊ ဝိယ–ရသဓာတ်, သွေးဓာတ် အစရှိသော ကိုယ်၏ အစိတ်အပိုင်းဖြစ်သော ဓာတ်တို့ကဲ့သို့ လည်းကောင်း၊ ဟရိတာလ ၊ပေ၊ ဝိယ စ–ဆေးဒန်း, မြင်းသီလာ အစရှိသော ကျောက်၏ အစိတ်အပိုင်းဖြစ်သော ဓာတ်တို့ကဲ့သို့လည်းကောင်း၊ ဥဿဟ ဝယဝဘူတာ–သိထိုက်သောတရားတို့၏ အစိတ်အပိုင်းဖြစ်၍ ဖြစ်ကုန်၏၊ ဣတိ–ကြောင့်၊ ဓာတုယော–တို့မည်၏။

ယထာဟ–အဘယ်ကဲ့သို့ မိန့်ဆိုကြကုန်သနည်း၊ ဝိဒဟတိ၊ပေ၊ဓာတုယော–တိ–ဟူ၍၊ အာဟ–မိန့်ဆိုကြကုန်ပြီ၊ ဝိဒဟတိ–သံသာရဒုက္ခကို စီမံတတ်၏၊ ဣတိ ဝါ–ဤအကြောင်းကြောင့်လည်းကောင်း၊ ဝိဓာနံ–သံသာရဒုက္ခကို စီမံခြင်းမျှသာတည်း၊ ဣတိဝါ–ကြောင့်လည်းကောင်း၊ ဓီယတေ–သတ္တဝါတို့သည် ထမ်းဆောင်အပ်၏၊ ဣတိဝါ–လည်းကောင်း၊ တောယ–ဤ သဘောတရားဖြင့်၊ ဝိဓီယတေ–သံသာရဒုက္ခကိုစီမံအပ်၏၊ ဣတိဝါ–လည်းကောင်း၊ ဧတ္ထ–ဤ သဘောတရား၌၊ ဓီယတေ–သံသာရဒုက္ခကို ထားအပ်၏၊ ဣတိဝါ–လည်းကောင်း၊ ဓာတုသမ္မတာ–ဓာတုဟု သမုတ်အပ်၏၊ သရီရ ၊ပေ၊ ဝိယ–

---

**အနုဝိဓီယတေ တောဟိ**။ ။ဤပါဠိဖြင့် "ဓီယတေ တောဟိတိ ဓာတုယော"ဟု ကရဏသာဓနကို ပြ၏၊ သတ္တဝါတို့က သံသာရဒုက္ခကို စီမံရကြောင်း တရားများ ဖြစ်သည်–ဟူလို၊ ဂါထာ၌ "ဓီယတေ တောယ"ဟု လာလတ္တံ့။

**ဓီယတိ တောသု**။ ။ဓီယတိကို ထပီယတိဟု ဖွင့်သည်၊ ဤနည်းဖြင့် "ဓီယတိ တောသုတိ ဓာတုယော"ဟု အဓိကရဏသာဓနကို ပြ၏၊ ရှေ့နည်း၌ ပြခဲ့သော သတ္တဝါတို့ စီမံအပ်သော သံသရာဒုက္ခကို ထားရာတရားများ–ဟူလို၊ "ဓီယတိဧတ္ထ"ဟု ဂါထာ၌ လာလတ္တံ့။

**ရသသောဏိတာဒိ၊ပေ၊ဓာတုယော**။ ။ဤဝိကပ်၏ အဓိပ္ပာယ်ကို ပထဝီဓာတုအဖွင့်၌ ပြခဲ့ပြီ၊ ဤနည်း၌ သဒ္ဒိသူပစာ, တစ်နည်း "ဓာတုယောဝိယ–ကိုယ်၏စိတ် အပိုင်းဖြစ်သော ရသသောဏိတစသော ဓာတ်, ကျောက်၏ အစိတ်အပိုင်းဖြစ်သော ဆေးဒန်းမြင်းသီလာ စသော ဓာတ်တို့နှင့်(အစိတ်အပိုင်းခြင်းအားဖြင့်)တူကုန်၏၊ဣတိ ဓာတုယော"ဟု ပြ၏။

ကိုယ်၏အစိတ်အပိုင်းဖြစ်သော ရသအစရှိသော ဓာတ်, ကျောက်၏အစိတ်အပိုင်းဖြစ်သော ဆေးဒန်းမြင်းသီလာ အစရှိသောဓာတ်တို့နှင့် တူကုန်၏၊ (ဣတိ¬ကြောင့်၊) ဓာတုယော–တို့ မည်၏။]

ပန–ဆက်၊ တာ–ထို ဓာတ်တို့သည်၊ မနာယတနံ–ကို၊ သတ္တ ၊ပေ၊ ဝသေန–ခုနစ်ပါးသော ဝိညာဏဓာတ်တို့၏ အစွမ်းဖြင့်၊ သတ္တဓာ–ဖြင့်၊ ဘိန္ဒိတွာ–ခွဲခြား၍၊ အဝသေသေဟိ–န်သော၊ ကောဒ္ဒသာယတနေဟိ–တို့နှင့်၊ သဟ–တကွ၊ အဋ္ဌာရသ–န်သော၊ ဓာတူ–ဓာတ်တို့ကို၊ ဝုတ္တာ–န်ပြီ၊ ဣတိ–ကြောင့်၊ စက္ခုဓာတုတျာဒိ–သော၊ (ယံ ဝစနံ အတ္ထိ၊ တံ ဝစနံ အာစရိယော၊) အာဟ–ပြီ၊ ကမကာရဏံ–ရှေ့နောက်စဉ်ခြင်း၏ အကြောင်းကို၊ ဝုတ္တနယေန–(အာယတနဥ္)ဆိုအပ်ပြီးသော နည်းဖြင့်၊ ဒဋ္ဌဗ္ဗံ–၏။

**၄၆။** အရိယကရဏတ္တာ–အရိယာ၏အဖြစ်ကို ပြုတတ်ကုန်သည်၏အဖြစ်ကြောင့်၊ အရိယာနိ–အရိယတို့လည်းဟုတ်၏၊ တစ္ဆဘာဝတော–မှန်ကန်ကုန်သည်၏အဖြစ်ကြောင့်၊ သစ္စာနိ–သစ္စာတို့လည်းဟုတ်၏၊ ဣတိ–ဤနှစ်ပါးသောသတ္တိကြောင့်၊ အရိယသစ္စာနိ–တို့မည်၏၊ ["အရိယကရ+သစ္စာနိ" ဟု ဆိုလိုလျက် အရိယကရဟူသော ရှေ့နှစ်ပုဒ်တွင် ကရဟူသော နောက်ပုဒ်ကို ချေထားသည်၊ အရိယဥ္စလည်း "အရိယဘာဝ"ဟု ဆိုလိုလျက် ဘာဝပ္ပဓာန ဘာဝလောပကြံ၊] ဟိ–ချဲ့၊ ဣမာနိ–ဤ အရိယသစ္စာတို့သည်၊ စတ္တာရော–ကုန်သော၊ ပဋိပန္နကေ–ကျင့်ဆဲ မဂ္ဂဋ္ဌပုဂ္ဂိုလ်တို့လည်းကောင်း၊ စတ္တာရော–ကုန်သော၊ ဖလဋ္ဌေ–ဖိုလ်၌တည်သော ပုဂ္ဂိုလ်တို့လည်းကောင်း၊ ဣတိ–သို့၊ အဋ္ဌ–၈ ယောက်ကုန်သော၊ အရိယပုဂ္ဂလေ–အရိယာပုဂ္ဂိုလ်တို့ကို၊ သာဓေန္တိ–ပြီးစေနိုင်ကုန်၏၊ [အရိယကရမှ ကရကိုပင် "သာဓေန္တိ"ဟု ဖွင့်သည်၊] (ကသ္မာ–နည်း၊) သစ္စပဋိဝေဓေ–သစ္စာတို့ကို ထိုးထွင်း၍သိခြင်းသည်၊ အသတိ–မရှိလသော်၊ တေသံ–ထိုပုဂ္ဂိုလ်တို့၏၊ အရိယ ၊ပေ၊ ဂမနတော–အရိယာအဖြစ်သို့မကပ်ရောက်နိုင်ခြင်းကြောင့်လည်းကောင်း၊ စ–အနွယကား၊ တသ္မိံ–ထို သစ္စာတို့ကို ထိုးထွင်း၍သိခြင်းသည်၊ သတိ–ဖြစ်လသော်၊ ကေဝလေန–ကေန်အားဖြင့်၊ တဗ္ဘာဝူပဂမနတော–ထို အရိယာ၏အဖြစ်သို့ ကပ်ရောက်နိုင်ခြင်းကြောင့်လည်းကောင်းတည်း၊ [သစ္စာလေးပါးကို ထိုးထွင်း၍ မသိလျှင် အရိယာမဖြစ်, ထိုးထွင်း၍ သိမှသာ အရိယာဖြစ်နိုင်သောကြောင့် "ဤသစ္စာလေးပါးတို့က အရိယာအဖြစ်ကို ပြုတတ်ကြသည်"ဟူလို၊]

ပန–ကား၊ ဒုက္ခ၊ပေ၊မဂ္ဂါနမေဝ–ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂတို့၏သာလျှင်၊ ယထာက္ကမံ–အစဉ်အတိုင်း၊ ဗာဓကတ္တံ–မိမိကိန်းရာ သတ္တဝါကို ညှဉ်းဆဲတတ်သည်၏ အဖြစ်သည်လည်းကောင်း၊ ပဘဝတ္တံ–ဒုက္ခ၏အစအမွန်၏ အဖြစ်သည်လည်းကောင်း၊ နိဿရဏတ္တံ–ဒုက္ခ, သမုဒယတို့၏ ထွက်မြောက်ရာ၏

အဖြစ်သည်လည်းကောင်း၊ နိယျာနိကတ္တံ–ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သည်၏ အဖြစ်သည်လည်းကောင်း၊ (ဟောတိ–၏၊) အညေသံ–အခြားသောတရားတို့၏၊ (ဗာဓကတ္တံ–သည်လည်းကောင်း၊ ပဘဝတ္တံ–သည်လည်းကောင်း၊ နိဿရဏတ္တံ–သည်လည်းကောင်း၊ နိယျာနိကတ္တံ–သည်လည်းကောင်း၊) န–မရှိ၊ စ–ဆက်၊ ဒုက္ခာဒီနံ–ဒုက္ခအစရှိသည်တို့၏၊ ဗာဓ ။ပေ၊ ယေဝ–ဗာဓကအစရှိသည်တို့၏ အဖြစ်သည်သာလျှင်၊ (ဟောတိ–၏၊) အဗာဓကာဒိဘာဝေါ–ဗာဓကမဟုတ် အစရှိသည်တို့၏ အဖြစ်သည်၊ န(ဟောတိ) တသ္မာ–ကြောင့်၊ အညတ္တာ ။ပေ၊ သဓါတေန–ဒုက္ခအစရှိသည်တို့မှ တစ်ပါးသော တရားတို့၌ မဖြစ်ခြင်း, ဒုက္ခအစရှိသောတရားတို့၌သာ ပျံ့နှံ့ခြင်း ရှိကုန်သည်၏ အဖြစ်ဟုဆိုအပ်သော၊ လက္ခဏေန–လက္ခဏာအားဖြင့်၊ ဝါ–သစ္စာလေးပါး၏ အမှတ်အသားအားဖြင့်၊ ဧတာနိ–ဤသစ္စာတို့သည်၊ တစ္ဆာနိ–မှန်ကုန်၏။

တေန–ကြောင့်၊ ပေါရာဏာ–တို့သည်၊ ဗောဓာနုရူပံ၊ပေ၊တတောတိ–ဟူ၍၊ အာဟု–န်ပြီ၊ [အရိယသစ္စာနိ–တို့သည်၊ (ထည့်) ဗောဓာနုရူပံ–သစ္စာလေးပါးကို သိခြင်းအားလျော်စွာ၊ စတုရော–လေးမျိုးကုန်သော၊ မလေ–ကိလေသာအညစ်အကြေးတို့ကို၊ ဆိန္ဒန္တေ–ဖြတ်တောက်တတ်ကုန်သော၊ [“သောတာပတ္တိမဂ်သည် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကို ဖြတ်တောက်တတ်၏”စသည်ဖြင့် မဂ်ကိစ္စလေးပါး

---

**ဒုက္ခသမုဒယ ။ပေ၊ တစ္ဆာနိ**။ ။“အရိယကရတ္တာ”ဟူသော ဟိတ်ပါဌ်၏အကျယ်ကို ပြပြီး၍ “တစ္ဆဘာဝတော”၏ အကျယ်ကို ပြလိုသောကြောင့် “ဒုက္ခသမုဒယ ။ပေ၊ တစ္ဆာနိ”ဝါကျတို့ကို မိန့်၊ ဒုက္ခသစ္စာသည် မိမိကိန်းရာ သတ္တဝါကို ညှဉ်းဆဲနှိပ်စက်တတ်သော ဗာဓကသတ္တိ ရှိ၏၊ ထို ဗာဓကသတ္တိသည် အညတ္ထာဘာဝ–ဒုက္ခမှ တစ်ပါးအခြားတရား၌ မရှိ၊ တတ္ထဗျာပီ–ထို ဒုက္ခ၌သာ ပျံ့နှံ့ခြင်း ရှိသည်၊ ဤလက္ခဏာအားဖြင့် ဒုက္ခသည် မှန်ကန်သောသစ္စာတစ်ပါး ဖြစ်သည်။

သမုဒယသစ္စာသည် ဒုက္ခ၏ပဘဝတ္ထ–အစအမွန်ဖြစ်ခြင်း သဘောရှိ၏၊ ထိုပဘဝသတ္တိသည် အညတ္ထာဘာဝ–တဏှာမှတစ်ပါး အခြားတရား၌မရှိ၊ တတ္ထဗျာပီ–ထိုတဏှာ၌သာ ပျံ့နှံ့ပြင်း ရှိသည်၊ ဤလက္ခဏာအားဖြင့် တဏှာဟူသော သမုဒယသည် မှန်ကန်သော သစ္စာတစ်ပါး ဖြစ်သည်။

နိဗ္ဗာန်သည် နိဿရဏ–ဒုက္ခသမုဒယတို့၏ ထွက်မြောက်ရာဟူသော သဘောရှိ၏၊ ထိုနိဿရဏသတ္တိသည် အညတ္ထာဘာဝ–နိဗ္ဗာန်မှ တစ်ပါး အခြားတရားတို့၌ မရှိ၊ ထတ္ထဗျာပီ–ထိုနိဗ္ဗာန်၌သာ ပျံ့နှံ့ခြင်းရှိသည်၊ ဤ လက္ခဏာအားဖြင့် နိဗ္ဗာန်ဟူသော နိရောဓသည် မှန်ကန်သော သစ္စာတစ်ပါးဖြစ်သည်။

မဂ္ဂင်ရှစ်ပါးသည် နိယျာနိက–ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်၏၊ ထို နိယျာနိကသတ္တိသည် မဂ္ဂင်ရှစ်ပါးမှတစ်ပါး အခြားတရားတို့၌ မရှိ၊ တတ္ထ ဗျာပီ–ထိုမဂ္ဂင်ရှစ်ပါး၌သာ ပျံ့နှံ့ခြင်းရှိသည်၊ ဤလက္ခဏာအားဖြင့် မဂ္ဂင်ရှစ်ပါးဟူသော မဂ္ဂသည်မှန်ကန်သော သစ္စာတစ်ပါး ဖြစ်ရသည်။

ပယ်ပုံအတိုင်း သိပါလေ၊] စတ္တာရော–မဂ္ဂဋ္ဌလေးယောက်လည်းဖြစ်ကုန်သော၊ ခီဏာဒေါသေ–ကုန်ပြီးသော ကိလေသာအပြစ်ရှိကုန်သော၊ စတ္တာရော စ–ဖလဋ္ဌလေးယောက်လည်း ဖြစ်ကုန်သော၊ အရိယပုဂ္ဂလေ–တို့ကို၊ သာဓေတ္တိ–န်၏၊...[ဤဂါထာဖြင့် "အရိယကရတ္တာ"အကျယ်၏သာကေကို ပြသည်၊]

ဧတေဟိ–ဤဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂတို့မှ၊ အညတ္ထ–အခြားသော တရားတို့၌၊ ဗာဓကတ္တာဒိ–ဗာဓက၏အဖြစ် အစရှိသည်ကို၊ နဟိလဗ္ဘတိ–မရအပ်မနိုင်သည်သာ၊ ဧတေသံ–ဤ ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂတို့၏၊ အဗာဓကတ္တာဒိ–ဗာဓကမဟုတ်ကုန်သည်၏အဖြစ် အစရှိသည်သည်၊ န–မရှိ၊ တတော–ထို့ကြောင့်၊ ဧတာနိ–ဤသစ္စာတို့သည်၊ ဝေ–စင်စစ်၊ တစ္ဆာနိ–မှန်ကန်ကုန်၏၊ [ဤ ဂါထာဖြင့်ကား"တစ္ဆဘာဝတော"အကျယ်၏သာကေကို ပြသည်၊] ဝါ–တစ်နည်း၊ အရိယာနံ–တို့၏၊ သစ္စာနိ–တို့တည်း၊ (ကသ္မာ–နည်း၊) တေဟိ–ထို အရိယာပုဂ္ဂိုလ်တို့သည်၊ ပဋိဝိဇ္ဈိတဗ္ဗတ္တာ–ထိုးထွင်း၍ သိထိုက်ကုန်သည်၏အဖြစ်ကြောင့်တည်း၊ ဣတိ–ကြောင့်၊ အရိယသစ္စာနိ–တို့မည်၏၊ ဝါ–တစ်နည်း၊ အရိယဿ–အရိယာဖြစ်တော်မူသော၊ သမ္မာသမ္ဗုဒ္ဓဿ–မြတ်စွာဘုရား၏၊ သစ္စာနိ–တို့တည်း၊ (ကသ္မာ၊) တေန–ထို မြတ်စွာဘုရားသည်၊ ဒေသိတတ္တာ–ဟောတော်မူအပ်ကုန်သည်၏ အဖြစ်ကြောင့်တည်း၊ ဣတိ–ထို့ကြောင့်၊ အရိယသစ္စာနိ–တို့မည်၏၊ ပန–ဆက်၊ တာနိ–ထို အရိယသစ္စာတို့သည်၊ သံကိလိဋ္ဌာ ၊ပေ၊ ဝသေန–ညစ်နွမ်းသော အကျိုးအကြောင်း, မညစ်နွမ်းသော အကျိုးအကြောင်းတို့၏ အပြားအားဖြင့်၊ စတုဗ္ဗိဓာ–န်၏၊ ဣတိ–ကြောင့်၊ စတ္တာရိအရိယသစ္စာနီတျာဒိ–အစရှိသော၊ (ယံ ဝစနံ အတ္ထိ၊ တံ ဝစနံ အာစရိယော၊) အာဟ–ပြီ၊ [ဒုက္ခနှင့် သမုဒယကို သံကိလိဋ္ဌဖလနှင့် ဟေတု, နိရောဓနှင့် မဂ္ဂကို အသံကိလိဋ္ဌဖလနှင့် ဟေတုဟု ဆိုသည်၊]

တတ္ထ–ထို သစ္စာလေးပါးတို့တွင်၊ ကုစ္ဆိတတ္တာ–စက်ဆုပ်အပ်သည်၏အဖြစ် ကြောင့်လည်းကောင်း၊ တုစ္ဆတ္တာ စ–အချည်းနှီး၏အဖြစ်ကြောင့်လည်းကောင်း၊

---

**နာဗာဓကတ္တမေတေသံ**။ ။ယခုစာတို့၌ "နာဗာဓကတ္တမေတေသံ"ဟု ရှိ၏၊ "ဧတေသံ အဗာဓကတ္တာဒိ န ဟောတိ"ဟု မဏိမဉ္ဇူဖွင့်သောကြောင့်လည်းကောင်း, "န အဗာဓကာဒိ ဘာဝေါ"ဟု အကျယ်ဆိုခဲ့သောကြောင့်လည်းကောင်း, "နာဗာဓကတ္တာဒိဧတေသံ"ဟု ပြင်လိုက်သည်။

**ဒုက္ခံ**။ ။"ဒု+ခံ"ဟု ခွဲ၊ ဒုသဒ္ဒါသည် ကုစ္ဆိတအနက်ကို ဟော၏၊ ခံသဒ္ဒါကား ကောင်းကင်ဟူသော အနက်ကိုဟော၏၊ ဤနေရာ၌ကား ကောင်းကင်ကဲ့သို့ အချည်းနှီး ဟူသော အနက်ကို သဒိသူပစာရအားဖြင့် ဟောသည်၊ ထို့ကြောင့် "ကုစ္ဆိတတ္တာ, တုစ္ဆတ္တာစ"ဟု ဖွင့်သည်၊ "စက်ဆုပ်အပ်သည်ဖြစ်၍ အချည်းနှီးသောတရား"ဟူလို။

ဒုက္ခံ–မည်၏၊ ကမ္မာဒိပစ္စယသန္နိဓာနေ–ကံ အစရှိသော အကြောင်းတို့၏အနီး၌ စုဝေးတည်နေခြင်းသည်၊ (သတိ–သော်၊) ဒုက္ခုပ္ပေါ၊တာယ–ဒုက္ခဖြစ်ခြင်း၏ အကြောင်း၏အဖြစ်ကြောင့်၊ တေသ္မာ–ဤတရားမှ၊ ဝါ–ဤတရားကြောင့်၊ ဒုက္ခံ–သည်၊ သမုဒေတိ–ကံ အစရှိသော အကြောင်းနှင့် ပေါင်းမိလသော် ဖြစ်ပေါ်လာတတ်၏၊ ဣတိကတွာ–ဤသို့ ဝိဂြိုဟ်ပြု၍၊ ဝါ–ဤအကြောင်းကြောင့်၊ သမုဒယော–မည်၏၊ ဒုက္ခဿ–၏၊ သမုဒယော–ကံ အစရှိသော အကြောင်းနှင့်ပေါင်းမိလသော် ဖြစ်ကြောင်း (ဖြစ်ခဲ့ရာ) တရားတည်း၊ ဒုက္ခသမုဒယော–တရား။ တွေ–ဤတရား၌၊ ဝါ–တစ်နည်း၊ တေန–ဤတရားကြောင့်၊ ဒုက္ခဿ–၏၊ အနုပ္ပာဒနိရောဓော–တစ်ဖန်ဖြစ်ခြင်းမရှိသော ချုပ်ခြင်းသည်၊ (အတ္ထိ–၏၊) ဣတိ–ကြောင့်၊ (ဒုက္ခ၏ချုပ်ရာ ချုပ်ကြောင်း၏ အဖြစ်ကြောင့်၊) သော–ထိုတရားသည်၊ ဒုက္ခနိရောဓော–မည်၏၊ ဒုက္ခနိရောဓံ–ဒုက္ခ၏ချုပ်ရာချုပ်ကြောင်းဖြစ်သော နိဗ္ဗာန်သို့၊ ဂစ္ဆတိ–အာရုံပြုသောအားဖြင့် သွားတတ်၏၊ တာယ–ဤတရားဖြင့်၊ တံ–ထိုဒုက္ခ၏ချုပ်ရာ ချုပ်ကြောင်း ဖြစ်သောနိဗ္ဗာန်သို့၊ ပဋိပဇ္ဇန္တိ စ–ရောက်လည်းရောက်ကြရကုန်၏၊ ဣတိ–ကြောင့်၊ (ဝါ–ထိုသို့ ဒုက္ခ၏ချုပ်ရာချုပ်ကြောင်း နိဗ္ဗာန်သို့အာရုံပြုသောအားဖြင့် သွားတတ်, ရောက်ကြောင်း၏အဖြစ်ကြောင့်၊) ဒုက္ခ ၊ပေ၊ ပဋိပဒါ–မည်၏။

---

**ဒုက္ခသမုဒယော**။ ။သမုဒယော၌"သံ+ဥ+အယ"ဟု ခွဲ၊ သံသဒ္ဒါသည် သမောဓာန အနက်ကို ဟော၏၊ ထိုသမောဓာနအနက်ဟူသည် သန္နိဓာန–အနီး၌စုဝေး တည်နေ ခြင်းတည်း၊ ထို့ကြောင့် သံကို "ကမ္မာဒိ ၊ပေ၊ သန္နိဓာန"ဟု ဖွင့်သည်၊ ဥဒေတိ တေသ္မာတိ ဥဒယော၊ သန္နိဓာနေ+ဥဒယော သမုဒယော၊ သန္နိဓာနေ–ကံ အစရှိသော အကြောင်းတို့နှင့် ပေါင်းမိလသော်၊ ဥဒယော–ဒုက္ခ၏ဖြစ်ကြောင်းဖြစ်ခဲ့ရာ တရား တည်း၊ သမုဒယော–ကံအစရှိသောအကြောင်းတို့ နှင့်ပေါင်းမိလသော် ဒုက္ခ၏ ဖြစ်ကြောင်းဖြစ်ခဲ့ရာ တရား၊ "ဒုက္ခဿ+သမုဒယော ဒုက္ခသမုဒယော"ဟု ပြု၊ "တဏှာကြောင့် ဒုက္ခ ဖြစ်သည်"ဟု ဆိုသော်လည်း တဏှာချည်းသက်သက်ကြောင့် ဖြစ်သည်မဟုတ်၊ ကံအစရှိသော အခြားအကြောင်းများလည်းပါမှ ဇာတိဒုက္ခမှစ၍ ဒုက္ခအမျိုးဖြစ်သည်–ဟူလို။

**ဒုက္ခနိရောဓော**။ ။နိရုဇ္ဈတိ တွေ တေနာတိ ဝါ နိရောဓော၊ ချုပ်ကြောင်းချုပ်ရာ တရား၊ ထိုချုပ်ခြင်းသည် ဘင်ခဏ စုတိခဏ၌ ချုပ်ခြင်းမျိုးကဲ့သို့ နောက်ထပ်ပြန်၍ ဖြစ်သော ချုပ်ခြင်းမျိုးမဟုတ်ဟု သိစေလို၍"အနုပ္ပာဒ"ဟု ဝိသေသနကူမသည်၊ ဒုက္ခဿ+နိရောဓော ဒုက္ခနိရောဓော။

**ဒုက္ခနိရောဓဂါမိနိပဋိပဒါ**။ ။ဒုက္ခနိရောဓံ–ဒုက္ခ၏ ချုပ်ရာချုပ်ကြောင်းဖြစ်သော နိဗ္ဗာန်သို့၊ ဂစ္ဆတိ–အာရုံပြုသောအားဖြင့် သွားတတ်၏၊ ဣတိ–ကြောင့်၊ ဒုက္ခနိရောဓဂါမိနီ–မည်၏၊ ဒုက္ခနိရောဓံ ပဋိပဇ္ဇန္တိ တာယာတိ ပဋိပဒါ၊ တာယ–ဤ သမ္မာဒိဋ္ဌိစသော

၄၇။ စေတသိကာနံ–တို့၏လည်းကောင်း၊ သောဠသသုခုမရူပါနံ–တို့၏လည်းကောင်း၊ နိဗ္ဗာနဿစ–၏လည်းကောင်း၊ ဝသေန–အပြားအားဖြင့်၊ ဧကူနသတ္တတိ–တစ်ခုယုတ် ခုနစ်ဆယ်သော၊ ဓမ္မာ–တို့သည်၊ အာယတနေသု–အာယတနတို့တွင်၊ ဓမ္မာယတနံ–ဟူ၍လည်းကောင်း၊ ဓာတူသု–တို့တွင်၊ ဓမ္မဓာတူတိစ–ဓမ္မဓာတ်ဟူ၍လည်းကောင်း၊ သင်္ခံ–ခေါ်ဝေါ်အပ်ကုန်သည်၏ အဖြစ်သို့၊ ဂစ္ဆန္တိ–ရောက်ကုန်၏။

၄၉။ သေသာ စေတသိကာတိ–ကား၊ ဝေဒနာသညာဟိ–တို့မှ၊ သေသာ–ကြွင်း ကုန်သော၊ ပညာသ–ငါးဆယ်သော၊ စေတသိကာ–စေတသိက်တို့လည်းကောင်း၊ ပန–ပရိဟာရပက္ခမှတစ်ပါး, စောဒကပက္ခကို ဆိုဦးအံ့၊ ကသ္မာ–ကြောင့်၊ ဝေဒနာသညာ–တို့ကို၊ ဝိသုံ–သင်္ခါရက္ခန္ဓာမှသီးခြား၊ ကတာ–ပြုအပ်ကုန်သနည်း၊ ဣတိ–ဤကားအမေးတည်း၊ ဝဋ္ဋဓမ္မေ–ဝဋ်တရားတို့၌၊ အဿာဒ ၊ပေ၊ ဘာဝတော–သာယာတတ်သော တရား, ထို တရား၏အကြောင်း အဆောက်အဦး၏ အဖြစ်ကြောင့်၊ (ဝေဒနာသညာ–တို့ကို၊ ဝိသုံ–ခြား၊ ကတာ–နုံပြီ၊) ဟိ–ချဲ့၊ တေဘူမကဓမ္မေသု–တေဘူမကတရားတို့၌၊ ဝေဒနာ–သည်၊ အဿာဒဝသပ္ပဝတ္တာ–သာယာခြင်း၏အစွမ်းဖြင့်ဖြစ်၏၊ အသုဘာဒီသု–တို့၌၊ (ဝါ–အသုဘ, အနိစ္စ,ဒုက္ခ, အနတ္တတို့၌၊) သုဘာဒိ ၊ပေ၊ ဝသေန–သုဘအစရှိသော သညာဝိပလ္လာသ၏ အစွမ်းဖြင့်၊ (ဝါ–သုဘ, နိစ္စ, သုခ, အတ္တဟူသော သညာဝိပလ္လာသ၏ အစွမ်းဖြင့်၊) တဿာ–ထိုဝေဒနာ၏၊ တဒါကာရပ္ပဝတ္တိ–ထိုသာယာသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းသည်၊ (ဟောတိ–၏၊) ဣတိ–ကြောင့်၊ သညာ–သည်၊ တဒုပကရဏဘူတာ–ထိုဝေဒနာ၏ အကြောင်းအဆောက်အဦ ဖြစ်၍ ဖြစ်၏၊ တသ္မာ–ကြောင့်၊ သံသာရဿ–၏၊ ပဓာနဟေတုတာယ–ပဓာနအကြောင်း၏ အဖြစ်ကြောင့်၊ တော–ဤ ဝေဒနာသညာတို့ကို၊ ဝိနိဘုဇိတွာ–သင်္ခါရက္ခန္ဓာမှ သီးခြားခွဲ၍၊ ဒေသိတာ–နုံပြီ၊ ဣတိ–ဤကား အဖြေတည်း။

ဟိ–သာဓကကား၊ ဝဋ္ဋဓမ္မေသု ၊ပေ၊ မုဒါဟဋ္ဌံတိ–ဟူသော၊ ဧတံ–ဤ ဂါထာစကားကို၊ အာစရိယေန–သည်၊ ဝုတ္တံ–(နာမရူပပရိစ္ဆေဒကျမ်း၌) ဆိုအပ်ပြီ၊ [ဝဋ္ဋဓမ္မေသု–ဝဋ်တရားတို့၌၊ အဿာဒံ–သာယာတတ်သော ဝေဒနာကို လည်းကောင်း၊ ("အဿာဒ"ပုဒ်သည် တဏှာဖြင့်သာယာအပ်သော ဝေဒနာကို အရကောက်လျှင် ကံဟောပုဒ်လည်းဖြစ်၏၊ ဝေဒနာကိုယ်တိုင် သာယာခံစား တတ်သောကြောင့် ကတ္တားဟော ပုဒ်လည်းဖြစ်၏၊) တဒဿာဒုပသေစနံ–

တရားဖြင့်၊ ဒုက္ခနိရောဓံ–သို့၊ ပဋိပဇ္ဇန္တိ–အရိယာပုဂ္ဂိုလ်တို့ ရောက်ကြရကုန်၏၊ ဣတိ–ထိုသို့အရိယာပုဂ္ဂိုလ်တို့၏ ရောက်ကြောင်း၏ အဖြစ်ကြောင့်၊ သာ–ထိုသမ္မာဒိဋ္ဌိစသော တရားသည်၊ ပဋိပဒါ–မည်၏၊ ဒုက္ခနိရောဓဂါမိနီစ+ သာ+ပဋိပဒါစာတိ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ။

ထိုသာယာခြင်း၌ သွင်းလောင်းထည့်ခပ်အပ်သော သညာကိုလည်းကောင်း၊ ဝိနိဘုဇ္ဇ-သင်္ခါရက္ခန္ဓာမှ သီးခြားခွဲ၍၊ နိဒဿေတုံ-ညွှန်ပြခြင်းငှာ၊ ခန္ဓဒွယံ-ခန္ဓာနှစ်ပါးအပေါင်းကို၊ ဥဒါဟဋံ-ထုတ်ပြတော်မူအပ်ပြီ၊ [ဤ အမေးအဖြေတို့၏ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ အကျယ်တဝင့် ဖွင့်ပြထားပြီ၊]

**၅၀။** နနုစ-စောဒနာပါဦးအံ့၊ အာယတနဓာတူသု-အာယတန, ဓာတ်တို့၌၊ နိဗ္ဗာနံ-ကို၊ သင်္ဂဟိတံ-ပြီ၊ ခန္ဓေသု-တို့၌၊ ကသ္မာ-ကြောင့်၊ န သင်္ဂဟိတံ-မသွင်းယူအပ်သနည်း၊ ဣတိ-ဤသို့စောဒနာဖွယ်ရှိသောကြောင့်၊ ဘေဒါဘာဝေနာတျာဒိ-သော၊ (ယံ ဝစနံ အတ္ထိ၊ တံ ဝစနံ အာစိရယော) အာဟ-ပြီ၊ ဟိ-မှန်၊ အတီတာဒိဘေဒဘိန္နာနံ-အတိတ်အစရှိသော အပြားတို့ဖြင့် ပြားသောတရားတို့၏၊ ရာသဋ္ဌေန(ရာသိ+အဋ္ဌေန)-အစု၏အဖြစ်ဟူသော အနက်ကြောင့်၊ ခန္ဓဝေါဟာရော-ခန္ဓဟူသောအခေါ်အဝေါ်သည်၊ (ဟောတိ-၏၊) ဣတိ-ကြောင့်၊ နိဗ္ဗာနံ-သည်၊ ဘေဒါဘာဝတော-အတိတ်အစရှိသော အပြားတို့၏မရှိခြင်းကြောင့်၊ ခန္ဓသင်္ဂဟတော-ခန္ဓာ၌သွင်းယူခြင်းမှ၊ နိဿဋံ-လွတ်၏၊ ဝိနိမုတ္တံ-လွတ်၏၊ ဣတိအတ္ထော-နက်၊ [အဓိပ္ပာယ်ကို အခြေပြု၍ပင် ဆောင်ပုဒ်နှင့်တကွ ပြထားပြီ၊]

**၅၁။** ဆန္နံ-န်သော၊ ဒွါရာနံ-တို့၏လည်းကောင်း၊ ဆန္နံ-န်သော၊ အာရမဏာနဉ္စ-တို့၏လည်းကောင်း၊ ဘေဒေန-ဖြင့်၊ အာယတနာနိ-တို့သည်၊ ဒွါဒသ-တို့သည်၊ ဘဝန္တိ-န်၏၊ ဆန္နံ-န်သော၊ ဒွါရာနံ-တို့၏လည်းကောင်း၊ ဆန္နံ-န်သော၊ အာရမ်မဏာနံ-တို့၏လည်းကောင်း၊ တဒုဘယံ-ထိုဒွါရ, အာရုံ နှစ်ပါးစုံကိုလည်းကောင်း၊ နိဿာယ-၍၊ ဥပ္ပန္နာနံ-န်သော၊ တတ္တကာနမေဝ-ထိုခြောက်ပါး အတိုင်းအရှည်ရှိသည်သာလျှင်ဖြစ်ကုန်သော၊ ဝိညာဏာနံ-ဝိညာဏ်တို့၏လည်းကောင်း၊ ပရိယာယေန-ပရိယာယ်အားဖြင့်၊ ကမေန-အစဉ်အားဖြင့်၊ ဓာတုယော-တို့သည်၊ အဋ္ဌာရသ-တို့သည်၊ ဘဝန္တိ-န်၏၊ [ပရိယာယေန၏ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ၊]

**၅၂။** ဣမဿ-ဤဝဋ္ဋတရား၏၊ တီဿော-န်သော၊ ဘူမိယော-ဖြစ်ရာဘုံတို့သည်၊ (သန္တိ-န်၏၊) ဣတိ-ကြောင့်၊ (တံ-ထိုဝဋ္ဋတရားသည်၊) တိဘူမံ-တိဘူမမည်၏၊ တိဘူမံယေဝ-သုံးပါးသောဘုံရှိသောဝဋ္ဋတရားသည်ပင်၊ တေဘူမကံ-မည်၏၊ ဧတ္ထ-ဤတေဘူမကတရား၌၊ ကမ္မံ-ကံသည်လည်းကောင်း၊ တဗ္ဗိပါကောစ-ထို ကံ၏အကျိုးသည်လည်းကောင်း၊ ဝတ္တတိ-ဖြစ်၏၊ ဣတိ-ကြောင့်၊ (ကံနှင့်အကျိုး၏ ဖြစ်ရာတည်ရာ၏ အဖြစ်ကြောင့်၊ တံ-ထိုတေဘူမကာ

**တေဘူမကံ။** ။ဋီကာကျော်၌ တိဘူမံကို ဗဟုဗ္ဗီဟိသမာသ်ပြုထားခြင်းသည် ထုံးစံမဟုတ်၊ "တိဘူမံယေဝ တေဘူမကံ" ဟု သွတ္တအနက်၌ က ပစ္စည်း သက်ရဖြင်လည်း တိ၌ တေ ဟု ဝုဒ္ဓိ မဖြစ်နိုင်၊ ထို့ကြောင် ဋီကာကျော် စာသွာ မကောင်း၊ ဟ်သော

တရားသည်၊) ဝဋ္ဋံ–မည်၏၊ တဏှာတိ–ကား၊ ကာမတဏှာဒိဝသေန–ကာမတဏှာ အစရှိသည်တို့၏အပြားအားဖြင့်၊ (ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာတို့၏ အပြားအားဖြင့်၊) တိဝိဓာ–သုံးပါးအပြားရှိသော၊ (ဤ တိဝိဓာဟူသမျှ နောက်တဏှာ၌ လှမ်းစပ်၊) ပုန–ဖန်၊ ဆဠာရမဏဝသေန–ခြောက်ပါးသော အာရုံတို့၏ အပြားအားဖြင့်၊ အဋ္ဌာရသဝိဓာ–ရှိသော၊ အတီတာ၊ပေ၊ ဝသေန–အတိတ်, အနာဂတ်, ပစ္စုပ္ပန်တို့၏အပြားအားဖြင့်၊ စတုပညာသဝိဓာ–ငါးဆယ့်လေးပါးအပြားရှိသော၊ အဇ္ဈတ္တိက ၊ပေ၊ ဝသေန–အဇ္ဈတ္တတရား၌ အာရုံပြုသောတဏှာ, ဗာဟိရတရား၌ အာရုံပြုသော တဏှာတို့၏ အပြား အားဖြင့်၊. အဋ္ဌသတပ္ပဘေဒါ–တစ်ရာ့ရှစ်ပါး အပြားရှိသော၊ တဏှာ–တဏှာတည်း။

ပန–ပရိဟာရပက္ခမှတစ်ပါး, စောဒကပက္ခကိုဆိုဦးအံ့၊ ကသ္မာ–ကြောင့်၊ အညေသု–တဏှာမှအခြားကုန်သော၊ ဒုက္ခဟေတူသု–ဒုက္ခ၏အကြောင်း တရားတို့သည်၊ [အဝိဇ္ဇာ, ကံ, အာဟာရ,ဖဿ,ဝိညာဏ်ဟူသော ပစ္စယပရိဂ္ဂဟဉာဏ်ခန်း၌ပြအပ်သော အကြောင်းတို့သည်။] သန္တေသုပိ–ရှိပါကုန် လျက်လည်း၊ တဏှာယေဝ–ကိုသာ၊ သမုဒယောတိ–သမုဒယဟူ၍၊ ဝုတ္တာ–ဟောတော်မူအပ်ပါသနည်း၊ ဣတိ–ဤကားအမေးတည်း၊(တဏှာယ–၏၊) ပဓာနကာရဏတ္တာ–ပြဋ္ဌာန်းသောအကြောင်း၏အဖြစ်ကြောင့်၊(တဏှာယေဝ–ကိုသာ၊သမုဒယောတိ–ဟူ၍၊ဝုတ္တာ–ပြီ၊) ဟိ–ချဲ့၊ကမ္မ၊ပေ၊ဘာဝေန–ကံ၏ဆန်းကြယ်သည်၏အဖြစ်၏အကြောင်း၏ အဖြစ်ကြောင့်လည်းကောင်း၊ ဝါ–ကံ၏ ဆန်းကြယ်သည်၏

---

ဘူမိယော တိဘူမံ၊ (သမာဟာရဒိဂု) တိဘူမေ+ဘဝံ တိဘူမကံ၊ (ဘဝအနက် က–သက်၊) "တိဘူမကံယေဝ တေဘူမကံ"ဟု ပြု၊ (သွတ္ထ၌ ဏပစ္စည်း ထပ်သက်၊) [ဝဋ္ဋံကိုလည်း "ဝတ္တတိ ဧတ္ထာတိ ဝဋ္ဋံ"ဟု ပြုထားခြင်းသည် မကောင်း၊ ဝဋ္ဋတရားကိုယ်တိုင်က ကံ+အကျိုး အဖြစ်ဖြင့်လည်းကောင်း, ကိလေသာ အဆက်ဆက်အားဖြင့်လည်းကောင်း လည်တတ်သောကြောင့် "ဝတ္တတီတိ ဝဋ္ဋံ"ဟု ပြုမှ ကောင်းမည်၊]

**ကမ္မဝိစိတ္တ ၊ပေ၊ ကာရဏတ္တာ**။ . ။"ဒုက္ခဝိစိတ္တတာကာရဏတ္တာ"သည် ပဓာနအကြောင်းတည်း၊ အမျိုးမျိုး အဖုံဖုံသော ဒုက္ခ၏ဆန်းကြယ်ကြောင်း ဖြစ်သောကြောင့် တဏှာသည် ဒုက္ခ၏ထူးသော အကြောင်းတည်း၊ ထို့ကြောင့် တဏှာကို ဒုက္ခသမုဒယဟု ဆိုရသည်–ဟူလို၊ "အဘယ့်ကြောင့် တဏှာသည် ဒုက္ခဆန်းကြယ်ခြင်း၏ အကြောင်းဖြစ်ရသနည်း"ဟု မေးဖွယ်ရှိ၍ "ကမ္မဝိစိတ္တ ၊ပေ၊ ဘာဝူပဂမနေန"ဟု ဟိတ်ကူနှစ်ရပ်ကို ထည့်ရသည်၊ ချဲ့ဦးအံ့–

**ကမ္မဝိစိတ္တတာဟေတုဘာဝေန**။ ။ရှေးဦးစွာ လူ့ချမ်းသာစသည်ကို တောင့်တသော တဏှာဖြစ်၏၊ ထိုတဏှာကြောင့် လူ့ချမ်းသာစသည်ရဖို့ရန် ကုသိုလ်ကံကို ပြု၏၊ ထိုကုသိုလ်ကံတွင်လည်း မိန်းမအဖြစ်ဖြင့် ချမ်းသာဖို့လိုလားသောတဏှာ, ယောကျ်ားအဖြစ်ဖြင့် ချမ်းသာဖို့ လိုလားသော တဏှာကြောင့် မိန်းမဖြစ်ကြောင်းကံ, ယောကျ်ားဖြစ်ကြောင်း

အဖြစ်ဖြင့် အကြောင်းဖြစ်သည့်အတွက်လည်းကောင်း၊ ကမ္မ ၊ပေ၊ ဂမနေနစ– ကာ၏အဖော်သဟဲ၏ အဖြစ်သို့ ကပ်ရောက်ခြင်းကြောင့်လည်းကောင်း၊ ဝါ– ကပ်ရောက်သည့်အတွက်လည်းကောင်း၊ ဒုက္ခ ၊ပေ၊ ကာရဏတ္တာ–ဒုက္ခ၏ ဆန်းကြယ်သည်၏ အဖြစ်ဟူသော အကြောင်း၏အဖြစ်ကြောင့်၊ တဏှာ– သည်၊ ဒုက္ခသ–၏၊ ဝိသေသကာရဏံ–ထူးသော အကြောင်းသည်၊ (ဟောတိ–၏၊) ဣတိ–ဤကား အဖြေတည်း။

မဂ္ဂေါ–မဂ္ဂင်ရှစ်ပါးကို၊ ဒုက္ခ ၊ပေ၊ နာမေန–အမည်ဖြင့်၊ ဝုတ္တော–မိန့်တော်မူ အပ်ပြီ၊ မဂ္ဂေါ၊ပေ၊မတောတိ (တွေ)–ဤပါဠိ၌၊ မဂ္ဂေါတိ–မဂ္ဂေါဟူ၍၊ ပုန– ဖန်၊ မဂ္ဂဂ္ဂဟဏံ–မဂ္ဂသဒ္ဒါကို၊ ယောဇေတဗ္ဗံ–ယှဉ်စေထိုက်၏၊ ["လောကုတ္တရော– လောကုတ္တရာဖြစ်သော၊ မဂ္ဂေါ–မဂ္ဂင်တရားကိုယ်ရှစ်ပါးကို၊ (မဂ္ဂေါ–မဂ္ဂသစ္စာ ဟူ၍၊) မတော–သိအပ်၏"ဟု မဂ္ဂေါသဒ္ဒါ အပိုတစ်ခု ထည့်၍ အနက်ပေးပါ– ဟူလို၊]

**၅၃။** မဂ္ဂယုတ္တာ–မဂ်နှင့်ယှဉ်ကုန်သော၊ [ဖဿာဒယော၌ စပ်၊] အဋ္ဌင်္ဂိက ဝိနိမုတ္တာ–အင်္ဂါရှစ်ပါးရှိသောမဂ်မှ လွတ်ကုန်သော၊ သေသာ–အဋ္ဌင်္ဂိကမဂ်မှ ကြွင်းကုန်သော၊မဂ္ဂသမ္ပယုတ္တာ–န်သော၊ဖဿာဒယော–ဖဿအစရှိသောတရား တို့လည်းကောင်း၊ သသမ္ပယုတ္တံ–သမ္ပယုတ်တရားနှင့်တကွဖြစ်သော၊ ဖလဉ္စ– ဖိုလ်တရားလည်းကောင်း၊ ဣတိ–သို့၊ ဧတေ–ဤတရားတို့သည်၊ နိပ္ပရိယာယ တော–ပရိယာယ်မဟုတ်,မုချအားဖြင့်၊ဝါ–အစစ်အမှန်အားဖြင့်၊ စတုပဟိ–န်သော၊

---

ကံ, ဟု ကွဲပြား ဆန်းကြယ်လာပြန်၏၊ ဤသို့စသည်ဖြင့် ကံဆန်းကြယ်၏အကြောင်းသည် တဏှာသာတည်း၊ ထိုသို့ ကံဆန်းကြယ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် ဒုက္ခ ဆန်းကြယ်ခြင်း၏ အကြောင်းလည်း ဖြစ်ပြန်သည်။

**ကမ္မသဟာယဘာဝူပဂမနေန စ**။　။ကုသိုလ်ကံနှင့် တချို့ အကုသိုလ်ကံကို ပြုရာ၌ တဏှာသည် အနုသယသဘောအားဖြင့် အဖော်သဟဲ ဖြစ်၍နေ၏၊ လောဘမူ အကုသိုလ်ကံကို ပြုရာ၌ကား တဏှာသည် သဟဇာတအားဖြင့်လည်း အဖော်သဟဲဖြစ်၍ နေ၏၊ "အဝိဇ္ဇာနုသယပရိက္ခိတ္တေန, တဏှာနုသယမူလကေန သင်္ခါရေန ဇနီယမာနံ" ကို ထောက်ပါ၊ ဤသို့ တဏှာသည် ကံ၏အဖော်သဟဲအဖြစ်သို့ ကပ်ရောက်ခြင်းကြောင့် လည်း ထိုကံ အကျိုးပေးရာ၌ ဒုက္ခအမျိုးမျိုး ဆန်းကြယ်ရကား ထိုဒုက္ခဆန်းကြယ်ခြင်း၏ အကြောင်းလည်း ဖြစ်ရပြန်သည်။

**မဂ္ဂယုတ္တာဖလာ**။　။မဂ္ဂယုတ္တာကို "အဋ္ဌင်္ဂိက ၊ပေ၊ ဖဿာဒယော"ဟု ဖွင့်သည်၊ ဆိုလိုရင်းမှာ မဂ်နှင့်ယှဉ်သော မဂ်စိတ္တုပ္ပာဒ်(၂၈)ခုသည်လည်းကောင်း, ဖိုလ်စိတ္တုပ္ပာဒ် (၃၇)ခုသည်လည်းကောင်း သစ္စာ၌သွင်းယူခြင်းမှ လွတ်၏–ဟူလို၊ ဖိုလ်ဟူရာ၌ သမ္မာသင်္ကပ္ပစသော (၈)ပါးကိုသာ "ဖိုလ်"ဟု ခေါ်သည်၊ ထို့ကြောင့် ကြွင်းသော စိတ်စေတသိက်များ ပါဝင်အောင် "သသမ္ပယုတ္တံ"ဟု ဝိသေသနပြုရသည်။

သစ္စဟိ–တို့မှ၊ ဝိနိဿဋ္ဌာ ဝိနိဂ္ဂတာ–လွတ်ထွက်ကုန်၏၊ ပန–ကား၊ ပရိယာယတော–အားဖြင့်၊ အညာတာဝိန္ဒြိယနိဒ္ဒေသေပိ–၌လည်း၊ မဂ္ဂင်္ဂ–မဂ္ဂပရိယာပန္နံတိ–ဟူ၍၊ ဝုတ္တတ္တာ–ဟောတော်မူအပ်သည်၏အဖြစ်ကြောင့်၊ [ဓမ္မသင်္ဂဏီပါဠိတော်၊] ဖလဓမ္မေသု–တို့၌၊ သမ္မာဒိဋ္ဌာဒီနံ–သမ္မာဒိဋ္ဌိအစရှိသော ၈ ပါးတို့၏၊ ဝါ–တို့ကို၊ မဂ္ဂသစ္စေ–၌လည်းကောင်း၊ ဣတရေသံ–သမ္မာဒိဋ္ဌိအစရှိသောရှစ်ပါးမှ တစ်ပါးကုန်သော၊ မဂ္ဂဖလသမ္ပယုတ္တာနံ–မင်ဖိုလ်နှင့်ယှဉ်သော တရားတို့၏၊ ဝါ–တို့ကို၊ သင်္ခါရဒုက္ခသာမညေန–သင်္ခါရဒုက္ခချင်းတူသည်၏ အဖြစ်ကြောင့်၊ ဒုက္ခသစ္စေ–၌လည်းကောင်း၊ သင်္ဂဟော–သည်၊ ဝါ–ကို၊ ကာတုံ–ငှာ၊ သက္ကာ–၏၊ ဟိ–လဒ္ဓဂုဏ်ကို ပြဦးအံ့၊ [သွင်းယူရခြင်း၏ အကျိုးကို ပြဦးအံ့၊] ဧဝံ–ဤသို့သွင်းယူရခြင်းသံည်၊ သတိ–သော်၊ သစ္စဒေသနာယပိ–စတုသစ္စဒေသနာတော်၏လည်း၊သဗ္ဗသင်္ဂါဟိကတာ–အလုံးစုံသောတရားတို့ကို သိမ်းယူနိုင်သည်၏အဖြစ်သည်၊ဥပပန္နာ–ပြည့်စုံသည်၊ဟောတိ–၏။

ပန–ပရိဟာရပက္ခမှတစ်ပါး, စောဒကပက္ခကို ဆိုဦးအံ့၊ ကသ္မာ–ကြောင့်၊ ခန္ဓာဒယော–န်သော၊ ဗဟူ–န်သော၊ ဓေတဓမ္မာ–တို့ကို၊ (အာစရိယေန) ဝုတ္တာ–န်သနည်း၊ ဣတိ–ဤကား အမေးတည်း၊ ဘဂဝတာပိ–သည်လည်း၊ တထေဝ–ထိုအတိုင်းပင်၊ ဒေသိတတ္တာ–ကြောင့်၊ (ခန္ဓာဒယော ဗဟူ ဓေတဓမ္မာ ဝုတ္တာ) (ဣတိ–ဤကား အဖြေတည်း၊) ဘဂဝတာပိ–သည်လည်း၊ ကသ္မာ–ကြောင့်၊ တထာ–ထိုအတိုင်း၊ ဒေသိတာ–န်သနည်း၊ ဣတိ–ဤကား အမေးတည်း၊ တိဝိဓသတ္တာနုဂ္ဂဟာဿ–သုံးမျိုးအပြားရှိသော သတ္တဝါတို့ကို ချီးမြှောက်ခြင်း၏၊ ဝါ–ကို၊ အဓိပ္ပေတတ္တာ–အလိုတော်ရှိအပ်သည်၏ အဖြစ်ကြောင့်၊ (တထာ–ထို များသောအပြားအားဖြင့်၊ ဒေသိတာ–န်ပြီ၊) ဟိ–ချဲ့၊ နာမ၊ပေ၊ဝသေန–နာမ်၌ တွေဝေသောသတ္တဝါ, ရုပ်၌ တွေဝေသောသတ္တဝါ, ထိုနာမ်ရုပ်နှစ်ပါးစုံ၌ တွေဝေသောသတ္တဝါတို့၏ အပြားအားဖြင့်လည်းကောင်း၊ တိက္ခ ၊ပေ၊ ဝသေန–ထက်မြက်သောပညာဣန္ဒြေရှိသော သတ္တဝါ, မထက်မြက်သော ပညိန္ဒြေရှိသော သတ္တဝါ, နုံ့သော ပညိန္ဒြေရှိသော သတ္တဝါတို့၏ အပြားအားဖြင့်လည်းကောင်း၊ သံခိတ္တ ၊ပေ၊ ဝသေန စ–အကျဉ်းကို နှစ်သက်သောသတ္တဝါ, အလယ်အလတ်ကို နှစ်သက်သောသတ္တဝါ, အကျယ်ကို နှစ်သက်သော သတ္တဝါတို့၏ အပြားအားဖြင့်လည်းကောင်း၊ သတ္တာ–တို့သည်၊ တိဝိဓာ–သုံးမျိုးစီ အပြားရှိကုန်၏။

---

**သစ္စဒေသနာယပိ**။ ။သစ္စဒေသနာယပိ၌ ပိဖြင့် အာယတန, ဓာတုဒေသနာတို့သာ တရားအားလုံးကို သွင်းယူနိုင်သည် မဟုတ်သေး, သစ္စဒေသနာကလည်း တရားအားလုံးကို သွင်းယူနိုင်သည်–ဟု အာယတန, ဓာတုဒေသနာတို့ကို ပေါင်းသည်၊ သစ္စဒေသနာ၌ သွင်းယူပုံကို အခြေပြ၍ ဆောင်ပုဒ်နှင့်တကွ ပြထားပြီ။

တေသု–ထို သတ္တဝါတို့တွင်၊ နာမသံမူဠာနံ–နာမ်၌တွေဝေသော သတ္တဝါတို့၏အတွက်၊ ခန္ဓဂ္ဂဟဏံ–ခန္ဓဒေသနာတော်ကို ယူခြင်းသည်၊ (ဟောတိ–၏၊ ကသ္မာ–နည်း၊) တတ္ထ–ထို ခန္ဓဒေသနာတော်၌၊ နာမဿ–နာမ်တရား၏၊ ဝါ–ကို၊ စတုဓာ–ဖြင့်၊ ဝိဘတ္တတ္တာ–ဝေဖန်တော်မူအပ်သည်၏ အဖြစ်ကြောင့်တည်း၊[ရုပ်ကို တစ်ပါးသာပြ၍ နာမ်တရားကိုလေးပါးတိုင်အောင် ချဲ့ထွင်ပြတော်မူသောကြောင့်–ဟူလို၊] ရူပသံမူဠာနံ–ရုပ်၌တွေဝေသော သတ္တဝါတို့၏အတွက်၊ အာယတနဂ္ဂဟဏံ–သည်၊ (ဟောတိ–၏၊ ကသ္မာ၊) တတ္ထ–ထို အာယတနဒေသနာတော်၌၊ ရူပဿ–ရုပ်တရား၏၊ ဝါ–ကို၊ အဍ္ဎေကာဒသဓာ–အခွဲအားဖြင့်တစ်ဆယ့်တစ်ပါးအပြားအားဖြင့်၊ ဝါ–တစ်ဆယ်ခွဲအားဖြင့်၊ ဝိဘတ္တတ္တာ–တည်း၊ ဥဘယသံမူဠာနံ–နာမ်ရုပ်နှစ်ပါးစုံ၌ တွေဝေသော သတ္တဝါတို့၏အတွက်၊ ဓာတုဂ္ဂဟဏံ–သည်၊ (ဟောတိ–၏၊ ကသ္မာ၊) တတ္ထ–ထို ဓာတုဒေသနာတော်၌၊ ဥဘယေသံပိ–နာမ်ရုပ်နှစ်ပါးစုံတို့၏လည်း၊ ဝါ–တို့ကိုလည်း၊ ဝိတ္ထာရတော–အားဖြင့်၊ ဝိဘတ္တတ္တာ–တည်း၊ တထာ–ပါး၊ တိက္ခိန္ဒြိယာနံ–ထက်မြက်သော ပညိန္ဒြေရှိသော သတ္တဝါတို့၏ အတွက်လည်းကောင်း၊ သံခိတ္တရုစိကာနဉ္စ–အကျဉ်းကို နှစ်သက်သော သတ္တဝါတို့၏အတွက်လည်းကောင်း၊ ခန္ဓဂ္ဂဟဏံတျာဒိ–ခန္ဓဂ္ဂဟဏံ အစရှိသောစကားကို၊ ယောဇေတဗ္ဗံ–ယှဉ်စေထိုက်၏၊ ["နာတိတိက္ခိန္ဒြိယာနံ မဇ္ဈိမရုစိကာနဉ္စ အာယတနဂ္ဂဟဏံ, မုဒိန္ဒြိယာနံ ဝိတ္ထာရရုစိကာနဉ္စ ဓာတုဂ္ဂဏံ"ဟု ယှဉ်စေပါ–ဟူလို၊]

ပန–ဆက်၊ တိဝိဓမ္ပိ–သော၊ တံ ဧတံ–ထို ခန္ဓာ အာယတနဓာတ်ဟူသော တရားသဘောသည်၊ ပဝတ္တိ ၊ပေ၊ ဝသေန–တဏှာကြောင့်ဖြစ်ခြင်း ဟူသော ဒုက္ခ, တဏှာ၏ ဆုတ်နစ်ရာဖြစ်သော နိရောဓ, ထို နှစ်ပါးစုံ၏အကြောင်း ၏ အစွမ်းဖြင့်၊ ဒိဋ္ဌ–မြင်အပ်သည်၊ (သမာနံ) ဧဝ–ဖြစ်သော်သာ၊ ဝါ–မှသာ၊ ဥပကာရာဝဟံ–လျော်သောကျေးဇူးကိုဆောင်နိုင်သည်၊ (ဟောတိ–၏၊) အညထာ–တစ်ပါးသော အခြင်းအရာအားဖြင့်၊ [မမြင်လျှင်–ဟူလို၊] (ဥပကာရာဝဟံ–သည်၊) နေဝ (ဟောတိ)–မဖြစ်၊ [သစ္စာကို သိခြင် ဟူသော တရားထူးကို မရနိုင်၍ ကျေးဇူးမများ–ဟူလို၊] ဣတိ–ကြောင့်၊ သစ္စဂ္ဂဟဏံ–သစ္စဒေသနာတော်ကို ယူခြင်းသည်၊ (ဟောတိ–၏၊) ဣတိ–ဤသို့၊ ဒဋ္ဌဗ္ဗံ။

ဣတိ–ဤ ဆိုအပ်ပြီးသောစကားအစဉ်ဖြင့်၊ အဘိဓမ္မတ္ထဝိဘာဝနိယာ နာမ–သော၊ အဘိဓမ္မတ္ထသင်္ဂဟဝဏ္ဏနာယ–အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၏ အဖွင့်၌၊ သတ္တမပရိစ္ဆေဒဝဏ္ဏနာ (သမုစ္စယပရိစ္ဆေဒဝဏ္ဏနာ)–သည်၊ နိဋ္ဌိတာ–ပြီ ပြီ။

**—။ သမုစ္စည်းပိုင်းအဖွင့် ပြီးပြီ။ ။—**

# ပစ္စည်းပိုင်းနိဿယ

**၁။** ဣဒါနိ–သမုစ္စယသင်္ဂဟကို ပြပြီးရာ ယခုအခါ၌၊ ယထာဝုတ္တနာမရူပ ဓမ္မာနံ–အကြင်အကြင် ဆိုအပ်ပြီးသော နာမ်ရုပ်တရားတို့၏၊ ပဋိစ္စ ၊ပေ၊ ဝသေန–ပဋိစ္စသမုပ္ပာဒ်နည်း, ပဋ္ဌာန်းနည်းတို့၏ အစွမ်းဖြင့်၊ ပစ္စယေ– အကြောင်းတို့ကို၊ ဒဿေတုံ–ငှာ၊ ယေသံတျာဒိ–ယေသံအစရှိသော ဂါထာ စကားကို၊ (အာစရိယေန) အာရဒ္ဓံ–ပြီ၊ ပစ္စယေဟိ–အဝိဇ္ဇာစသော ဟေတု စသော အကြောင်းတရားတို့သည်၊ သင်္ခတတ္တာ–ပြုစီမံအပ်ကုန်သည်၏ အဖြစ် ကြောင့်၊ သင်္ခတာနံ–သင်္ခတမည်ကုန်သော၊ ယေသံ ပစ္စယုပ္ပန္နဓမ္မာနံ–အကြင် ပစ္စုပ္ပန်တရားတို့အား၊ [ပစ္စယာဌ် စပ်၊] ဝါ–တို့၏၊ [ဋ္ဌိတိ,ဥပ္ပတ္တိတို့၌ စပ်၊] ယေ ပစ္စယာ ဓမ္မာ–အကြင် ပစ္စည်းတရားတို့သည်၊ ယထာယေနာကာရေန– အကြင်ဟေတုသတ္တိ အစရှိသော အခြင်းအရာအားဖြင့်၊ ပစ္စယာ–ကျေးဇူးပြု တတ်ကုန်၏၊ ဋ္ဌိတိယာ (စ)–တည်ခြင်းငှာလည်းကောင်း၊ ဥပ္ပတ္တိယာစ– ဖြစ်ခြင်းငှာလည်းကောင်း၊ ဥပကာရကာ–န်၏။

တံဝိဘာဂံ–ထို ဝေဖန်အပ်သောအပြားကို၊ တေသံ ပစ္စယုပ္ပန္နာနံ–ထို ပစ္စုပ္ပန် တရားတို့၏လည်းကောင်း၊ တေသံ ပစ္စယာနံ–ထိုပစ္စည်းတရားတို့၏ လည်း ကောင်း၊ တဿ ပစ္စယာကာရဿ စ–ထိုကျေးဇူးပြုပုံ အခြင်းအရာ၏ လည်း ကောင်း၊ ပဘေဒံ–အပြားကို၊ သမုစ္စယသင်္ဂဟာနန္တရေ–သမုစ္စယသင်္ဂဟာ၏

**ယေသံ ၊ပေ၊ ဥပကာရကာ။** ။"ပစ္စယေဟိ သင်္ခတတ္တာ"သည် သင်္ခတအမည် ရခြင်း၏အကြောင်းကိုပြသော(နာမလာဘ)ဟိတ်တည်း၊ ထိုဟိတ်ကို ကြည့်၍ "ပစ္စယေဟိ သင်္ခရိယန္တေတိ သင်္ခတာ"ဟု ပြု၊ ပစ္စယုပ္ပန္နဓမ္မာနံဖြင့် ထိုသင်္ခတတရားဟူသည် သင်္ခါရစသော, သဟိတ်စိတ္တုပ္ပာဒ်စသော ပစ္စယုပ္ပန်တရားများတည်း–ဟု သင်္ခတ၏ ဟောနက် (အဘိဓေယျ)ကို ပြသည်၊ ပစ္စယာ်ကို ဋ္ဌိတိယာ ဥပ္ပတ္တိယာစ ဥပကာရကာ"ဟု ဖွင့်သည်၊ [ဖြစ်စေတည်စေ, ဤနှစ်ထွေ, ခေါ်လေ ကျေးဇူးပြု၊]

**ပစ္စယာ။** ။ပစ္စယသဒ္ဒါ၏အနက်သည် လက္ခဏတ္ထ သဒ္ဒတ္ထဟု နှစ်မျိုးရှိ၏၊ ထိုတွင်"ကျေးဇူးပြု"ဟူသောအနက်သည် လက္ခဏတ္ထ (ကျေးဇူးပြုခြင်းလက္ခဏာ– ဟူသောအနက်) တည်း၊ အကြောင်းဟူသော အနက်ကား သဒ္ဒတ္ထတည်း၊ ထိုတွင်" ဥပကာရကာ"ဟူသော အဖွင့်သည် လက္ခဏတ္ထကိုပြသော အဖွင့်တည်း၊ ဋ္ဌိတိ ဥပ္ပတ္တိအားဖြင့် ကျေးဇူးပြုပုံကို ဘာသာဋီကာ သုံးချက်စုအဖွင့်၌ ပြထားပြီ။

**တံ ဝိဘာဂံ ၊ပေ၊ ပဘေဒံ။** ။တံ၏စွဲနက်သည် ရှေ့အနိယမဝါကျ၌ ယသဒ္ဒါဖြင့်ပြခဲ့ သော "ယေသံ ယေ ဓမ္မာ ယထာ"တို့၏ အနက်ပင်တည်း–ဟုသိစေလို၍ "တေသံ ပစ္စယုပ္ပန္နာနံ, တေသံ ပစ္စယာနံ, တဿစ ပစ္စယာကာရဿ"ဟု ဖွင့်၏၊ ပဘေဒံကား ဝိဘာဂံ၏အဖွင့်တည်း၊ "ဝိဘဇ္ဇတေတိ ဝိဘာဂေါ–ဝေဖန်အပ်သောအပြား၊ တေသံ+ ဝိဘာဂေါ တံဝိဘာဂေါ"ဟု ပြု။

အခြားမဲ့ဖြစ်သော၊ ဣဟ ဣမသ္မိံ ဌာနေ–ဤဌာန၌၊ ယထာရဟံ–စွာ၊ တံတံ ပစ္စယုပ္ပန္နဓမ္မေ–ထိုထို ပစ္စယုပ္ပန်တရားသည်၊ သတိ–ရှိလသော်၊ တံတံပစ္စယာနံ–ထိုထိုအကြောင်းတို့၏၊ တံတံ ၊ပေ၊ နုရူပံ–ထိုထို ကျေးဇူးပြုတတ်သည်၏အဖြစ်ဟူသောအခြင်းအရာအားလျော်စွာ၊ [ယထာရဟံကိုပင် "တံတံ ပစ္စယုန္နဓမ္မေ ၊ပေ၊နုရူပံ"ဟု ဖွင့်သည်၊] ဣဒါနိ–၌၊ ပဝက္ခာမိ–အံ့၊ ဣတိ–ဤဆိုအပ်ပြီးကား၊ ယောဇနာ–ပုဒ်, အနက်တို့ကို ယှဉ်စေခြင်းတည်း၊ [ပုဒ်အချင်းချင်းလည်း ယှဉ်စေခြင်း, ထိုထိုပုဒ်၌ ရထိုက်သော အနက်ကိုလည်း ယှဉ်စေခြင်း–ဟူလို။]

၂။ တတ္ထ–ထို ပဋ္ဌိစ္စသမုပ္ပာဒပဋ္ဌာနနယဝသေနဟူသော စကားရပ်၌၊ (အတ္ထော ဓဝံ ဝေဒိတဗ္ဗော၊) တေသ္မာ–ဤအကြောင်းမှ၊ ပစ္စယသာမဂ္ဂိံ–အကြောင်းတရားတို့၏ ညီညွတ်ခြင်းကို၊ ပဋ္ဌိစ္စ–ရှေးရှုရောက်၍၊ ဝါ–စွဲမှီ၍၊ သမ်ဂန္တွာ–အညီအမျှရောက်၍၊ ဖလာနံ–အကျိုးတရားတို့၏၊ ဥပ္ပာဒေါ–ဖြစ်ခြင်းသည်၊ (အတ္ထိ–၏၊) ဣတိ–ကြောင့်၊ (ထိုသို့ ပစ္စယာသာမဂ္ဂီကို စွဲမှီပေါင်းဆုံ၍ အကျိုးတရားတို့၏ ဖြစ်ခဲ့ရာ၏အဖြစ်ကြောင့်၊ သော–ထိုအကြောင်းသည်၊) ပဋ္ဌိစ္စသမုပ္ပာဒေါ–မည်၏၊ ပစ္စယာကာရော–အဝိဇ္ဇာစသော အကြောင်းတရားတို့၏ ကျေးဇူးပြုပုံ အခြင်းအရာသတ္တိတည်း၊ [ဤပါဠ်ဖြင့် ပဋ္ဌိစ္စသမုပ္ပာဒ၏ ဟောနက် (အဘိဓေယျ)ကို ပြသည်၊] တွေ–ဤကျမ်း၌၊ နာနပ္ပကာရာနိ–

**ဣဟ ၊ပေ၊ နုရူပံ**။ ။ဣဟ၏စွဲနက်ကို "ဣမသ္မိံ ၊ပေ၊ ဌာနေ"ဟု ပြသည်၊ "ယထာရဟံ–ဆိုထိုက်သည်အားလျော်စွာ"ဟူသည် ဟေတုပစ္စယုပ္ပန်စသောအကျိုးတရားတို့ ရှိလျှင် ဟိတ်ခြောက်ပါးစသော အကြောင်းတရားတို့က ဟေတုသတ္တိဖြင့် ကျေးဇူးပြုပုံကို ဆိုထိုက်၏၊ ဤသို့ စသည်ဖြင့် "ဆိုထိုက်သည်အားလျော်စွာ ဆိုမည်" ဟူလို။

**တတ္ထ ၊ပေ၊ ပဋ္ဌိစ္စသမုပ္ပာဒေါ**။ ။တတ္ထဖြင့်"ပဋ္ဌိစ္စသမုပ္ပာဒ ပဋ္ဌာနနယဝသေန" ဟူသောစကားကို ပြန်၍ ဖွဲ့သည်၊ ပဋ္ဌိစ္စသမုပ္ပာဒေါ၌"ပဋ္ဌိစ္စ+သံ+ဥပ္ပာဒေါ"ဟု သုံးပုဒ်ခွဲ၊ ပဋ္ဌိစ္စ၌ ပဋိရှေးရှိသော ဣဓာတ်, တွာပစ္စည်းတည်း၊ ပဋ္ဌိစ္စ၏ ကံကို "ပစ္စယသာမဂ္ဂိံ"ဟု ထည့်သည်၊ "သမ်ဂန္တွာ"ကား သံဥပသာရ၏ သင်္ဂတအနက်ကို ပြသော အဖွင့်တည်း၊ "ပေါင်းဆုံ၍"ဟူလို၊ [မဏိမဥ္ဇူ၌ "ဂန္တွာ"ကို ပဋ္ဌိစ္စ၌ ဣဓာတ်၏ အနက်–ဟု ဆိုလေသည်၊] ဖလာနံ ဥပ္ပာဒေါ တေသ္မာဖြင့် "ဥပ္ပဇ္ဇတိ ဖလံ တေသ္မာတိ ဥပ္ပာဒေါ"ဟူသော အပါဒါနသာဓနကို ပြသည်၊ "သင်္ဂမ္မ+ဥပ္ပာဒေါ သမုပ္ပာဒေါ၊ ပဋ္ဌိစ္စ+သမုပ္ပာဒေါ ပဋ္ဌိစ္စသမုပ္ပာဒေါ"ဟု တွဲ။

**ဆိုလိုရင်းကား**–အဝိဇ္ဇာသည် သင်္ခါရအားကျေးဇူးပြုရာ၌ အဝိဇ္ဇာတစ်ပါးတည်းက ကျေးဇူးပြုသည်မဟုတ်, အာရုံမနသိကာရစသော အကြောင်းတို့ စုံစုံညီညီပေါင်းဆုံမိမှ ကျေးဇူးပြုသည်–ဟူလို၊ သို့ရာဝယ် ထိုသို့ ကျေးဇူးပြုရာ၌ အဝိဇ္ဇာက ပဓာနအကြောင်းဖြစ်သောကြောင့် အဝိဇ္ဇာကို ခေါင်းတပ်၍ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ–အဝိဇ္ဇာကြောင့် သင်္ခါရတို့ ဖြစ်ကြ၏"ဟု ဆိုသည်။

အထူးထူးသော အပြားရှိကုန်သော၊ ဌာနာနိပစ္စယာ–အကြောင်းတို့သည်၊ (သန္တိ–န်၏၊) ဣတိ အာဒိနာ–ဤသို့အစရှိသော ဝစနတ္တကြောင့်၊ ပဋ္ဌာန်–မည်၏၊ အနန္တ ၊ပေ၊ပကရဏံ–အဆုံးမရှိသော နည်းရှိသော အလုံးစုံများပြားသော အကြောင်းရှိသော ကျမ်းကြီးတည်း၊ တတ္ထ–ထို ပဋ္ဌာန်းကျမ်း၌၊ ဒေသိတန ယော–ဟောတော်မူအပ်သောနည်းသည်၊ ပဋ္ဌာနနယော–မည်၏။

**၃**။ တတ္ထာတိ–ကား၊ ဒွိသု–န်သော၊ တေသု နယေသု–ထိုပဋိစ္စသမုပ္ပာဒ် နည်း, ပဋ္ဌာန်းနည်းတို့တွင်၊ [ပဋိစ္စသမုပ္ပာဒနယော,ပဋ္ဌာနနယောဟူသော သဂြိုဟ်၌ လှမ်းစပ်၊] တဿ ပစ္စယဓမ္မဿ–ထို အဝိဇ္ဇာအစရှိသော အကြောင်း တရား၏၊ ဘာဝေန–ဖြစ်ခြင်းကြောင့်၊ ဘဝန်သီလဿ–ဖြစ်ခြင်း အလေ့ရှိသော သင်္ခါရအစရှိ သော အကျိုးတရား၏၊ ဘာဝေါ–ဖြစ်ခြင်းသည်၊ တဗ္ဘာဝဘာ ဝိဘာဝေါ–တဗ္ဘာဝ ၊ပေ၊ ဘာဝမည်၏၊ သောယေဝ–ထိုတဗ္ဘာဝ ၊ပေ၊ ကာရမတ္တ ဖြင့်၊ အာကာရမတ္တံ–အခြင်းအရာမျှတည်း၊ တေန–ထိုတဗ္ဘာဝ ၊ပေ၊ ဘာဝ သည်ပင်၊ ဥပလက္ခိတော–မှတ်သားအပ်သော နည်းသည်၊ တဗ္ဘာဝ ၊ပေ၊ ပလက္ခိတော–တ မည်၏၊[ဤပုဒ်တို့၏ အစိတ်အစိတ်အဓိပ္ပာယ်ကို ဘာသာ ဋီကာ၌ ပြထားပြီ၊] တေနေဝ–ဤ တဗ္ဘာဝ ၊ပေ၊ ပလက္ခိတောဟူသော ပုဒ်ဖြင့်ပင်၊ တဒဘာဝါ ၊ပေ၊ ပလက္ခိတတာပိ–ထို အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့၏ မဖြစ်ခြင်း ကြောင့် သင်္ခါရအစရှိသော အကျိုးတရား တို့၏ မဖြစ်ခြင်းဟူသော အခြင်းအရာ လောက်မျှဖြင့် မှတ်သားအပ်သည်၏ အဖြစ်သည်လည်း၊ ဝါ–ကိုလည်း၊ အတ္ထတော–အနက်သဘောအားဖြင့်၊ ဒဿိတာ–ပြအပ်ပြီးသည်၊ ဟောတိ–၏၊ ဟိ–မှန်၏၊ အန္ဝယဗျတိရေက ဝသေန–အန္ဝယနည်း, ဗျတိရေကနည်း၏အစွမ်းဖြင့်၊ ပစ္စလက္ခဏံ–အကြောင်း တရားတို့၏ အမှတ်အသားကို၊ ဒဿေတဗ္ဗံ–ပြထိုက်၏၊ တေန–ကြောင့်၊ ဘဂဝါ–သည်၊ ဣမသ္မိံ ၊ပေ၊ နိရုဇ္ဈတီတိ–ဟူ၍၊ အာဟ–ပြီ၊ [ဣမသ္မိံ–ဤ အဝိဇ္ဇာအစရှိသော အကြောင်းတရားသည်၊ သတိ–ရှိလတ်သော်၊ ဣဒံ–ဤ သင်္ခါရအစရှိသော အကျိုးတရားသည်၊ ဟောတိ–၏။

---

**နာနပ္ပကာရာ ၊ပေ၊ ပဋ္ဌာနနယော**။ ။ပ ကို "နာနပ္ပကာရ"ဟု ဖွင့်၏၊ ပသဒ္ဒါသည် ပကာရအနက်ဟော–ဟူလို၊ ဌာနကို "ပစ္စယ"ဟု ဖွင့်၏၊ ထွေဖြင့် "နာနပ္ပကာရာနိ+ ဌာနာနိ ဧတ္ထာတိ ပဋ္ဌာန်"ဟူသော သတ္တမီဗဟုဗ္ဗီဟိသမာသ်ကို ပြသည်၊ အာဒိသဒ္ဒါ ဖြင့်"ကုသလာဒယော ဓမ္မာ ဟေတု ပစ္စယာဒိဝသေန ပဋ္ဌီယန္တိ ဧတ္ထာတိ ပဋ္ဌာန်" စသော ဝိဂြိုဟ်ကို ပြသည်၊ "အနန္တနယ သမန္တပဋ္ဌာန မဟာပကရဏံ"ကား ပဋ္ဌာန်၏ ဟောနက် (အဘိဓေယျ) တည်း၊ တတ္ထ ဒေသိတနယောဖြင့်"ပဋ္ဌာနေ+ဒေသိတော+ နယော ပဋ္ဌာနနယော"ဟု "ဒေသိတ"အလယ်ပုဒ်ကျေခြင်းရှိသော တပ္ပုရိသ်သမာသ် ကို ပြသည်၊ ပဋိစ္စသမုပ္ပာဒေ၌လည်း "ပဋိစ္စသမုပ္ပာဒဒီပနော+နယော ပဋိစ္စသမုပ္ပာဒ နယော"ဟု "ဒီပန"အလယ်ပုဒ်ကျေခြင်းရှိသော တပ္ပုရိသ်ပင်တည်။

ဣမသ–ဤ အဝိဇ္ဇာအစရှိသော အကြောင်းတရား၏၊ ဥပ္ပါဒါ–ဖြစ်ခြင်းကြောင့်၊ ဣဒံ–သည်၊ ဥပ္ပဇ္ဇတိ–၏၊ (ဤကား အန္ဝယနည်း၊ "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ သင်္ခါရပစ္စယာ ဝိညာဏံ"စသည်ပင်တည်း၊) ဣမသ္မိံ–သည်၊ အသတိ–မရှိလသော်၊ ဣဒံ–သည်၊ နဟောတိ–မဖြစ်၊ ဣမဿ–၏၊ နိရောဓာ–ချုပ်ခြင်းကြောင့်၊ ဣဒံ–သည်၊ နိရုဇ္ဈတိ–၏၊ [ဤကား ဗျတိရေကနည်းတည်း၊ ဗျတိရေကပါဠိတော်ကား–"အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော"စသည်ပင်တည်း။]

["ပဋ္ဌာနနယော ပန အာဟစ္စ ပစ္စယဋ္ဌိတိ"စသော ဝါကျကို ဖွင့်ပြလို၍ "ပဋိစ္စဖလံ"စသည်မိန့်၊] တေသွာ–ဤအကြောင်းမှ၊ ပဋိစ္စ–စွဲ၍၊ ဖလံ–သည်၊ ဧတိ–ဖြစ်တတ်၏၊ ဣတိ–ကြောင့်၊ (ထိုသို့စွဲ၍ အကျိုး၏ဖြစ်ခဲ့ရာ၏အဖြစ်ကြောင့်၊ သော–ထိုအကြောင်းသည်၊) ပစ္စယော–မည်၏၊ တဒါယတ္တဝုတ္တိတာယ–ထိုအကြောင်းနှင့်စပ်သော ဖြစ်ခြင်းရှိသည်၏အဖြစ်ကြောင့်၊ ဧတ္ထ–ဤအကြောင်း၌၊ ဖလံ–သည်၊ တိဋ္ဌတိ–တည်ရ၏၊ ဣတိ–ကြောင့်၊ (ထိုသို့အကျိုး၏တည်ရာ၏အဖြစ်ကြောင့်၊ သာ–ထို အကြောင်းသည်၊) ဌိတိ–မည်၏၊ အာဟစ္စ ဝိသေသေတွာ–အထူးပြု၍၊ ပဝတ္တာ–သော၊ ပစ္စယသင်္ခါတာ–ပစ္စည်းဟုဆိုအပ်သော၊ ဌိတိ–အကျိုးတရား၏တည်ရာအကြောင်းသည်၊ အာဟစ္စပစ္စယဋ္ဌိတိ–မည်၏၊ ဟိ–မှန်၏၊ (တစ်နည်း၊) ဟိ–ချဲ့၊ ပဋိစ္စသမုပ္ပါဒနယော–သည်၊ တဗ္ဘာဝ ၊ပေ၊ မတ္တံ–ထိုအဝိဇ္ဇာစသော အကြောင်းတရားတို့၏ ဖြစ်ခြင်းကြောင့် ဖြစ်လေ့ရှိသော သင်္ခါရစသော အကျိုးတရားတို့၏ ဖြစ်ပုံအခြင်းအရာမျှကို၊ ဥပါဒါယ–ယူ၍၊ ပဝတ္တတ္တာ–ကြောင့်၊ ဟေတာဒိ၊ပေ၊ဝိသေသံ–ဟေတုစသောပစ္စည်းဖြင့် မှတ်သားခြင်းအထူးကို၊ အနပေက္ခိတွာ–မငဲ့မူ၍၊ အဝိသေသတော၀–သာမညအားဖြင့်သာလျှင်၊ပဝတ္တတိ–၏၊ပန–ကား၊အယံ–ဤပဋ္ဌာန်းနည်းသည်၊ ဟေတာဒိ တံတံ ပစ္စယာနံ–ဟေတုအစရှိသော ထိုထို ပစ္စည်းတို့၏၊ တဿ တဿ ဓမ္မန္တရဿ–ထိုထို ပစ္စယုပ္ပန်တရား တစ်မျိုးအား၊ တံတံ၊ပေ၊ဝိသေသံ–ထိုထိုကျေးဇူးပြုတတ်သည်၏ အဖြစ်ဟူသော အစွမ်းသတ္တိအခြင်းအရာအထူးကို၊ ဥပါဒါယ–၍၊ ဝိသေ့သေတွာ–၍၊ ပဝတ္တော–၏၊ ဣတိ–ကြောင့်၊ အာဟစ္စ ၊ပေ၊ ပဝုစ္စတီတိ–ဟူ၍၊ အာဟ–ပြီ၊ ["ပဝတ္တောတိ အာဟ အာဟစ္စ၊ပေ၊ပဝုစ္စတီတိ"ဟု ရှိစေ၊ ယခုစာအုပ်များ၌"အာဟ"တစ်ပုဒ်ကျနေသည်၊ မဏိမဥ္ဇူ၌ကား"ပဝုစ္စတိ"ဟု တွေ့ရ၏။]

---

**ပဋိစ္စ ၊ပေ၊ ပစ္စယဋ္ဌိတိ။** ။ဤ၌ ပြထားသော ဝိဂ္ဂြိုဟ်အတိုင်း ပစ္စယသဒ္ဒါနှင့် ဌိတိသဒ္ဒါတို့သည် အကြောင်းဟူသော အနက်ကို ဟောခြင်းအားဖြင့် တူကုန်၏၊ ထို့ကြောင့် "သင်္ခါတာ"ဟု အလယ်ပုဒ်ကို ထည့်၍ ပြသည်၊ [ရှေ့ပုဒ် နောက်ပုဒ်တို့ အရတူလျက် လိင်မတူရာ၌ သင်္ခါတဖြစ်စေ,ဘူတဖြစ်စေ အလယ်၌ထည့်၍ပြသည်၊] "ပစ္စယသင်္ခါတာ+ဌိတိ ပစ္စယဋ္ဌိတိ"ဟု ဝိဂ္ဂြိုဟ်ပြု၊ဘာသာဋီကာ၌ကား ဌိတိအရ သတ္တိကို ကောက်ယူ၍

ပန–ဝါဒန္တရကား၊ ကေစိ–တို့သည်၊ အာဟစ္စ–ထိခိုက်၍၊ ကဏ္ဍတာလုအာဒီသု–လည်ချောင်း, အာစောက်အစရှိသော အရပ်တို့၌၊ ပဟရိတွာ–ထိခိုက်၍၊ ဝုတ္တဠ္ဌိတိ–ဟောတော်မူအပ်သော အကြောင်းသည်၊ အာဟစ္စပစ္စယဋ္ဌိတိ–မည်၏၊ ဣတိ–သို့၊ ဝဏ္ဏေန္တိ–န်၏၊ ပန–ဆက်၊ တံ–ထိုကေစိဆရာတို့၏ စကားသည်၊ သဝနမတ္တေနေဝ–ကြားရုံမျှဖြင့်ပင်လျှင်၊ တေသံ–ထိုကေစိဆရာတို့၏၊ အဝဟာသိတဗ္ဗဝစနတံ–ရယ်ဖွယ်စကားရှိသူတို့၏ အဖြစ်ကို၊ ပကာသေတိ–ထင်ရှားပြ၏၊ ဟိ–မှန်၊ (တစ်နည်း၊) ဟိ (ယသ္မာ)–ကြောင့်၊ ပဋ္ဌိစ္စသမုပ္ပာဒနယော (ဝါ)–ပဋ္ဌိစ္စသမုပ္ပာဒ်နည်းသည်မူလည်း၊ ဟောတု–ဖြစ်စေ၊ အညော–သော၊ ကောစိ–သော၊ နယောဝါ–ပဋ္ဌာန်းစသောနည်းမူလည်း၊ ဟောတု–ဖြစ်စေ၊ ကဏ္ဍတာလုအာဒီသု–တို့၌၊ အနာဟစ္စ–မထိခိုက်မူ၍၊ ဒေသေတုံ–ငှာ၊ န သက္ကာ–ကောင်း၊ ဣတိ–ကြောင့်၊ (တံ–ထိုကေစိဆရာတို့၏စကားသည် ။ပေ။ ပကာသေတိ–၏။)

ဝေါမိဿိတွာတိ–ကား၊ ပဋ္ဌာနနယံပိ–ကိုလည်း၊ ပဋ္ဌိစ္စသမုပ္ပာဒေယေဝ–ပဋ္ဌိစ္စသမုပ္ပာဒ်နည်း၌သာလျှင်၊ ပက္ခိပိတွာ–ထည့်သွင်း၍၊ တဗ္ဘာဝဘာဝိဘာဝေန်–ထိုအဝိဇ္ဇာစသော အကြောင်းတရားတို့၏ ဖြစ်ခြင်းကြောင့် ဖြစ်လေ့ရှိသော သင်္ခါရအစရှိသော အကျိုးတရားတို့၏ ဖြစ်ခြင်းဖြင့်လည်းကောင်း၊ ဟေတာဒိပစ္စယဝသေနစ–ဟေတုစသောပစ္စည်း၏အစွမ်းဖြင့်လည်းကောင်း၊ မိဿေတွာ–ရောေ၍၊ သင်္ဂဟကာရာဒယော–အဋ္ဌကထာကျမ်းကိုပြုသော အရှင်ဗုဒ္ဓဃောသအစရှိကုန်သော၊ အာစရိယာ–တို့သည်၊ ပပဉ္စေန္တိ ဝိတ္ထာရေန္တိ–ချဲ့ကြကုန်၏၊ မယံပန–ကား၊ ဝိသုံ ဝိသုံယေဝ–သာလျှင်၊ [ပဋ္ဌိစ္စသမုပ္ပာဒ်နည်း တခြား, ပဋ္ဌာန်းနည်း တခြားသာလျှင်–ဟူလို၊] ဒဿယိဿာမ–ပြကုန်အံ့၊ ဣတိ–ဤသည်ကား၊ အဓိပ္ပာယော(အရှင်အနုရုဒ္ဓါဆရာ၏)–အလိုတည်း၊ [ရောနှော၍ ဖွင့်ပုံကို ဘာသာဋီကာ၌ ပြထားပြီ။]

---

“တိဋ္ဌန္တိ ဧတာယာတိ ဌိတိ၊ ပစ္စယာနံ+ဌိတိ ပစ္စယဋ္ဌိတိ” ဟု ဝိဂြိုဟ် ပြုခဲ့သည်၊ အာဟစ္စကို “ဝိသေသေတွာ”ဟု ဖွင့်၍ “ပဝတ္တာ”ဟူသော အလယ်ပုဒ် ကျေကြောင်းကို ပြလိုသောကြောင့် “ပဝတ္တာ”ဟု ထည့်သည်၊ အာဟစ္စ+ပဝတ္တာ+ပစ္စယဋ္ဌိတိ အာဟစ္စပစ္စယဋ္ဌိတိ။

**ကေစိပန ။ပေ။ သက္ကာ**။ ။ကေစိဆရာတို့ကား အာဟစ္စ၌ အာပုဗ္ဗ ဟနဓာတ်၏ ညှဉ်းဆဲနှိပ်စက်ခြင်းအနက်ကိုယူ၍ လည်ချောင်း, အာစောက်အစရှိသော အရပ်တို့၌ ထိခိုက်ပုတ်ခတ်၍ (ညှဉ်းဆဲ၍) ဟောတော်မူအပ်သောကြောင့် “အာဟစ္စ၊ ပေ၊ဝုတ္တဋ္ဌိတိ”ဟု မိန့်ဆိုကြောင်းကို ဖွင့်ကြသည်၊ ထိုစကားသည် ရယ်ဖွယ်မျှသာ ဖြစ်၏၊ ဘာ့ကြောင့် နည်း–ပဋ္ဌိစ္စသမုပ္ပာဒ်နည်းဖြစ်စေ, ပဋ္ဌာန်းစသော အခြားနည်း ဖြစ်စေ, လည်ချောင်း, အာစောက်အစရှိသော အရပ်တို့၌ မထိခိုက်မပုတ်ခတ်ဘဲ ဟောတော်မူခြင်းငှာ မတတ်ကောင်းရကား ထိုအဓိပ္ပာယ်ကို ပြဖွယ်မလိုဘဲ ပြနေသော ကြောင့်တည်း။

**၄။** (ယာ ဓမ္မဇာတိ–သည်၊) န ဝိဇာနာတိ–သစ္စာလေးပါး စသည်ကို မသိတတ်၊ ဣတိ–ကြောင့်၊ (သာ ဓမ္မဇာတိ–သည်၊) အဝိဇ္ဇာ–မည်၏၊ ဝါ–တစ်နည်း၊ (ယာ ဓမ္မဇာတိ) အဝိန္ဒိယံ–မရထိုက်သော၊ ကာယဒုစ္စရိတာဒိံ–ကာယဒုစရိုက် အစရှိသည်ကို၊ ဝိန္ဒတိ ပဋိလဘတိ–ရတတ်၏၊ ဣတိ–ကြောင့်၊ (သာ ဓမ္မဇာတိ) အဝိဇ္ဇာ–မည်၏၊ ဝါ–တစ်နည်း၊ (ယာ ဓမ္မဇာတိ) ဝိန္ဒိယံ–ရထိုက်သော၊ ကာယသုစရိတာဒိံ–ကို၊ န ဝိန္ဒတိ–မရတတ်၊ ဣတိ–ကြောင့်၊ (သာ ဓမ္မဇာတိ) အဝိဇ္ဇာ–မည်၏၊ ဝါ–တစ်နည်း၊ (ယာ ဓမ္မဇာတိ) ဝိဒိတဗ္ဗံ–သိထိုက်သော၊ စတုသစ္စာဒိကံ–သစ္စာ လေးပါးအစရှိသောတရားကို၊ ဝိဒိတံ–သိအပ်သည်ကို၊ န ကရောတိ–မပြုတတ်၊ ဣတိ–ကြောင့်၊ (သာ ဓမ္မဇာတိ) အဝိဇ္ဇာ–မည်၏၊ ဝါ–တစ်နည်း၊ (ယာ ဓမ္မဇာတိ) အဝိဇ္ဇမာနေ–ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ဣတ္ထိ ပုရိသ စသည်၌၊ ဇဝါပေတိ–သတ္တဝါတို့ကို လျင်စွာဖြစ်စေတတ်၏၊ ဣတိ–ကြောင့်၊ (သာ ဓမ္မဇာတိ) အဝိဇ္ဇာ–မည်၏၊ ဝါ–တစ်နည်း၊ (ယာ ဓမ္မဇာတိ) ဝိဇ္ဇမာနေ–ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာ စသည်၌၊ န ဇဝါပေတိ–သတ္တဝါတို့ကို လျင်စွာ မဖြစ်စေတတ်၊ ဣတိ–ကြောင့်၊ (သာ ဓမ္မဇာတိ) အဝိဇ္ဇာ–မည်၏၊ တေ–ဤ အဝိဇ္ဇာဟူသော အမည်သည်၊ စတူသု–န်သော၊ အရိယသစ္စေသု–တို့၌လည်းကောင်း၊ ပုဗ္ဗန္တာဒိသု–ရှေ့အတိတ်ဖြစ်သော ခန္ဓာ, အာယတန, ဓာတ်အဖို့ အစရှိကုန်သော၊ [အာဒိဖြင့် အပရန္တ,ပုဗ္ဗာပရန္တ, ပဋိစ္စသမုပ္ပာဒ်တို့ကို ယူ၊] စတူသု–လေးဌာနတို့၌လည်းကောင်း၊ အညာဏာသ–မသိခြင်း၏၊ ဝါ–သိခြင်း၏ ဆန့်ကျင်ဘက် မောဟ၏၊ နာမံ–တည်း၊ အဝိဇ္ဇာဝေ–သည်ပင်၊ ပစ္စယော–

---

**န ဝိဇာနာတီတိ အဝိဇ္ဇာ။** ။"အ+ဝိဇ္ဇာ"ဟု ခွဲ၊ ဝိဇ္ဇာ၌ "ဝိဒ–ဉာဏေ"ဟူသော ဓာတ်, ဏျပစ္စည်း၊ ဒျကို ဇပြုပြီးမှ ဒွေဘော်လာ, အာပစ္စည်းသက်၊ "ဝိဒတိ ဇာနာတီတိ ဝိဇ္ဇာ"ဟု ပြုပြီးမှ "န+ဝိဇ္ဇာ အဝိဇ္ဇာ"ဟု ပြုပါ၊ "ဝိဇာနာတိ"ကား ဝိဒဓာတ်၏ အနက်ကို ပြသော ပုဒ်တည်း၊ ["ဝိဇာနာတီတိ ဝိဇ္ဇာ"ဟု ဝိဒဓာတ်၏ အနက်ဖြင့် ဝိဂ္ဂဟပြုလျှင် ဓာတွတ္ထဝိဂ္ဂဟ–ဟု ခေါ်၏။]

**အဝိန္ဒိယံ ။ပေ၊ န ဝိန္ဒတိ။** ။ဤစကားတို့ကား ဝိဂြိုဟ်ပြတည်း၊ ဝိန္ဒတီတိ ဝိဇ္ဇာ၊ ဝိဒဓာတ်သည် ရခြင်းအနက်ဟော၊ "န+ဝိဇ္ဇာ အဝိဇ္ဇာ"ဟု ပြု၊ "ဝိန္ဒတိ–မရထိုက်သော ဒုစရိုက်ကိုမရဘဲ, ရထိုက်သော သုစရိုက်ကို ရတတ်၏"ဟု ပေး။

**ဝေဒိတဗ္ဗံ ။ပေ၊ ကရောတိ။** ။ဤစကားလည်း ဝိဂြိုဟ်ပြပင်၊ ဝိဂြိုဟ်စစ်မှာ–ပဌမပြခဲ့သော "ဝိဒတီတိ ဝိဇ္ဇာ"ပင်တည်း၊ မှန်၏–"သိအပ်သည်ကို ပြုတတ်"နှင့် "သိတတ်"မှာ သဘောတူပင်တည်း၊ ထိုနောက် "န+ဝိဇ္ဇာ အဝိဇ္ဇာ"ဟု ဆက်။

**အဝိဇ္ဇမာနေဝါ ဇဝါပေတီ။** ။"အဝိဇ္ဇမာနဇဝါ"ဟု ဆိုလိုလျှက် "အဝိ+ဇာ"ကို ယူ, ကျန်သမျှကိုဝဏ္ဏနာသနိရုတ္တိနည်းဖြင့်ချေ၍, ဒွေဘော်လာပြီးမှ "အဝိဇ္ဇာ"ဟု ပြီး၏၊ "ဝိဇ္ဇမာနေ+န ဇဝါပေတိ"ကား ပြောင်းပြန်အနက်ပြသာ ဖြစ်သည်။

အကြောင်းတည်း၊ အဝိဇ္ဇာပစ္စယော–အဝိဇ္ဇာသည်ပင်အကြောင်း၊ တတော အဝိဇ္ဇာ ပစ္စယာ–ထိုအဝိဇ္ဇာဟူသော အကြောင်းကြောင့်၊ [သင်္ခါရာ သမ္ဘဝန္တိ၌ စပ်၊]

သင်္ခတံ–ပြုစီမံအပ်သော အကျိုးတရားကို၊ အဘိသင်္ခရောန္တိ–တိုက်ရိုက်ပြုစီမံ တတ်ကုန်၏၊ ဣတိ–ကြောင့်၊ သင်္ခါရာ–တို့မည်၏၊ ကုသလာကုသလကမ္မာနိ– လောကီကုသိုလ်, အကုသိုလ်ကံတို့တည်း၊ [ဤ ဝစနတ္ထနှင့်တကွ လော ကုတ္တရာကိုမယူရခြင်း၏ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ၊] တေ– ထို သင်္ခါရတို့သည်၊ ပုညာဘိသင်္ခါရော–လည်းကောင်း၊ အပုညာဘိသင်္ခါရော– လည်းကောင်း၊ အာနေဉ္ဇာဘိသင်္ခါရော–လည်းကောင်း၊ ဣတိ–သို့၊ တိဝိဓာ– န်၏၊ တတ္ထ–ထိုသင်္ခါရတို့တွင်၊ ကာမရူပါဝစရာ–ကာမာဝစရ, ရူပါဝစရဟူ ကုန်သော၊ တေရသ–ကုန်သော၊ ကုသလစေတနာ–ကုသိုလ်စေတနာတို့သည်၊ ပုညာဘိသင်္ခါရော–မည်၏၊ ဒွါဒသ–န်သော၊ အကုသလစေတနာ–တို့သည်၊ အပုညာဘိသင်္ခါရော–တို့မည်၏၊ စတဿော–န်သော၊ အာရုပ္ပစေတနာ– အရူပစေတနာတို့သည်၊ အာနဉ္ဇာဘိသင်္ခါရော–မည်၏၊ ဣတိဝေ–ဤသို့၊ ဧကူနတိံသ–တစ်ခုယုတ်သုံးဆယ်သော၊ တောစေတနာ–တို့သည်၊ သင်္ခါရာ နာမ–တို့မည်၏၊ ပဋိသန္ဓိဝသေန–ပဋိသန္ဓေ၏ အစွမ်းဖြင့်၊ ဧကူနဝီသတိဝိဓံ– တစ်ခုယုတ် နှစ်ဆယ်အပြားရှိသော၊ ဝိပါကစိတ္တံ–ဝိပါက်စိတ်သည်လည်း ကောင်း၊ ပဝတ္တိဝသေန–ပဝတ္တိ၏အစွမ်းဖြင့်၊ ဒွတ္တိံသဝိဓံ–သုံးဆယ့်နှစ်ပါး အပြားရှိသော၊ ဝိပါကစိတ္တံ–လောကီဝိပါက်စိတ်လည်းကောင်း၊ ဝိညာဏံနာမ– မည်၏၊ [ဝိညာဏံအရ စိတ်အားလုံးကို မယူဘဲ ဝိပါက်စိတ်ကိုသာ ယူပါ– ဟူလို။]

နာမဥ္စ–လည်း၊ ရူပဥ္စ–လည်း၊ နာမရူပံ–နာမ်ရုပ်၊ တတ္ထ–ထိုနာမ်ရုပ်တို့တွင်၊ နာမံ–သည်၊ ဧတ္ထ–ဤပဋိစ္စသမုပ္ပါဒ်အရာ၌၊ ဝါ–ဤနာမရူပံပုဒ်၌၊ ဝေဒနာဒိ က္ခန္ဓတ္တယံ–ဝေဒနာအစရှိသော ခန္ဓာသုံးပါးအပေါင်းတည်း၊ [ဝိညာဏက္ခန္ဓာကို ဝိညာဏံအရ၌ ယူပြီးဖြစ်၍ စေတသိက်ခန္ဓာသုံးပါးကိုသာ နာမံအရ ယူတော့ သည်၊] ရူပံပန–သည်ကား၊ ဘူတုပါဒါယဘေဒတော–ဘူတရုပ်, ဥပါဒါရုပ် တို့၏အပြားအားဖြင့်၊ ဒုဝိဓံ–သော၊ ကမ္မသမုဋ္ဌာနရူပံ–ကံကြောင့်ဖြစ်သောရုပ် တည်း၊ တဒုဘယံပိ–ထို နာမ်ရုပ်နှစ်ပါးစုံကိုလည်း၊ ဧတ္ထ–ဤ ပဋိစ္စသမုပ္ပါဒ် အရာ၌၊ ဝါ–ဤ နာမရူပံဟူသောပုဒ်၌၊ ပဋိသန္ဓိဝိညာဏသဟဂတံ–ပဋိသန္ဓေ ဝိညာဉ်နှင့်တကွဖြစ်၏ဟူ၍၊ ဒဋ္ဌဗ္ဗံ–၏၊ [ပဋိသန္ဓေ ဥပါဒ်ခဏ၌ ကမ္မဇရုပ်သာ ဖြစ်သောကြောင့်"ကမ္မသမုဋ္ဌာနရူပံ"ဟု ဆိုသည်၊] နာမရူပပစ္စယာတိဧတ္ထ– ၌၊ နာမဥ္စ–လည်း၊ ရူပဥ္စ–လည်း၊ နာမရူပဥ္စ–လည်း၊ နာမရူပံ–နာမ်, ရုပ်, နာမ်ရုပ်၊ ဣတိ–သို့၊ သရူပေကသေသော–သုတိတူသောပုဒ်တို့၏ တစ်ပုဒ်ကြွင်း ကို၊ ဝေဒိတဗ္ဗော–၏၊ [အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ရှု။]

စက္ခာဒီနိ–န်သော၊ဆ–န်သော၊အဇ္ဈတ္တိကာယတနာနိ–တို့သည်၊ (အာယတနံ နာမ–မည်၏၊) ကေသဥ္စိ–အချို့ဆရာတို့၏၊ မတေန–အလိုအားဖြင့်၊ ရူပါဒီနိ–န်သော၊ ဆ–န်သော၊ ဗာဟိရာယနာနိပိ–တို့သည်လည်း၊ ဝါ–တစ်နည်း အားဖြင့်၊ အာယတနံနာမ–မည်၏၊ ဆအာယတနာနိစ–ခြောက်ပါးသောအာယ နတို့လည်း၊ ဆဠာယတနဥ္စ–ခြောက်ခုမြောက်မနာယတနလည်း၊ သဠာယတနံ–ခြောက်ပါးသောအာယတန,ခြောက်ခုမြောက်မနာယတန၊ [အဓိပ္ပာယ်ကို ဘာသာဋီကာ မှာ ရှု၊] စက္ခုသမ္ဖဿာဒိဝသေန–စက္ခုသမ္ဖဿအစရှိသည်တို့၏ အစွမ်းဖြင့်၊ ဆဒွါရိကော–ခြောက်ဒွါရ၌ဖြစ်သော၊ ဖဿော–သည်၊ ဖဿော နာမ–မည်၏။'

သုခ ၊ပေ၊ ဝသေန–သုခ, ဒုက္ခ, ဥပေက္ခာတို့၏အပြားအားဖြင့်၊ ဝေဒနာ–သည်၊ တိဝိဓာ–၏၊ ကာမတဏှာ–လည်းကောင်း၊ ဘဝတဏှာ–လည်းကောင်း၊ ဝိဘဝတဏှာ–လည်းကောင်း၊ ဣတိ–သို့၊ တဏှာ–သည်၊ တိဝိဓာ–၏၊ ပန–ဆက်၊ ဆဠာရမဏာဒိဝသေန–ခြောက်ပါးသောအာရုံတို့၏ အပြားအားဖြင့်၊ အဋ္ဌသတပ္ပဘေဒါ–တစ်ရာ့ရှစ်ပါး အပြားရှိသည်၊ ဟောတိ–၏၊ [တဏှာကို ငဲ့၍ "ဟောတိ"ရှိစေ၊ တဏှာအပြား(၁၀၈)ကို အခြေပြု၌ ပြခဲ့ပြီ၊] ကာမုပါဒါနာဒိဝသေန–ဖြင့်၊ ဥပါဒါနာနိ–တို့သည်၊ စတ္တာရိ–တို့တည်း။

စ–(တဏှာ,ကာမုပါဒါန်အထူးကို၊)ဆက်ဦးအံ့၊တေ္တ–ဤတဏှာ ဥပါဒါန်တို့တွင်၊ ဒုဗ္ဗလာ–အားမရှိသော၊ တဏှာ–သည်၊ တဏှာနာမ–မည်၏၊ ဗလဝတီ–အားရှိသော၊ (တဏှာ–သည်။) ဥပါဒါနံ–မည်၏၊ ဝါ–တစ်နည်း၊ အသမ္ပတ္တဝိသယပတ္ထနာ–မရောက်အပ် မရအပ်သေးသောအာရုံကို တောင်းတခြင်းသည်၊ တဏှာ–မည်၏၊ တမသိ–အမိုက်မှောင်၌၊ စောရာနံ–တို့၏၊ ဟတ္ထပ္ပသာရဏံဝိယ–ခိုးဖို့ရန် လက်ကိုဆန့်တန်းခြင်းနှင့်တူ၏၊ သမ္ပတ္တဝိသယဂ္ဂဟဏံ–ရောက်အပ်ရအပ်ပြီးသော အာရုံကိုယူခြင်းသည်၊ ဥပါဒါနံ–မည်၏၊ စောရာနံ–ခိုးသူတို့၏၊ ဟတ္ထပ္ပတ္တဿ–လက်သို့ရောက်ပြီးသောပစ္စည်းကို၊ ဟဂဏံဝိယ–ကိုင်ထားခြင်းနှင့်တူ၏၊ တဏှာ–သည်၊ အပ္ပိစ္ဆတာပဋိပက္ခာ–အပ္ပိစ္ဆတာဂုဏ်၏ ဆန့်ကျင်ဘက်တည်း၊ဝါ–လိုချင်ခြင်းမရှိသူ၏ဆန့်ကျင်ဘက်တည်း၊ ဥပါဒါနံ–သည်၊ သန္တောသပဋိပက္ခံ–သန္တောသဂုဏ်၏ဆန့်ကျင်ဘက်တည်း၊ဝါ–တင်းတိမ်

---

**ကေသဥ္စိ ၊ပေ၊ အာယတနံ နာမ။** ။ဗာဟိရာယတနကို "သဠာယတနပစ္စယာ ဖဿော"ဝယ် အာယတနအရ၌ သွင်းယူ၊ ဘာ့ကြောင့်နည်း–ရူပါရုံကြောင့် စက္ခုသမ္ဖဿ, သဒ္ဒါရုံကြောင့် သောတသမ္ဖဿစသည် ဖြစ်သောကြောင့်တည်း၊ သိုရာဝယ် ဤ ပဋိစ္စသမုပ္ပာဒ်သည် သတ္တဝါတစ်ယောက်၏ သံသရာလည်ပုံကို ပြသောကြောင့် သတ္တဝါ အပြင်က ဗာဟိရာယတနကို ကောက်ယူသော ဝါဒကို ကေသဥ္စိမတ (ကေစိဝါဒ)ဟု ဆိုသည်။

ရောင့်ရဲခြင်း၏ ဆန့်ကျင်ဖက်တည်း၊ တဏှာ–သည်၊ ပရိယေသနဒုက္ခမူလ်–ရှာမှီးခြင်းကြောင့်ဖြစ်သော ဒုက္ခ၏အရင်းခံတည်း၊ ဥပါဒါန်–သည်၊ အာရက္ခဒုက္ခမူလ်–စောင့်ရှောက်ရခြင်းကြောင့် ဖြစ်သော ဒုက္ခ၏အရင်းခံတည်း၊ ဣတိ အယံ–သည်ကား၊ တေသံ–ဤတဏှာ, ကာမုပါဒါန်တို့၏၊ ဝိသေသော–တည်း၊ [တဏှာနှင့် ကာမုပါဒါန်အထူးကို အခြေပြု၍ ဆောင်ပုဒ်နှင့်တကွ ပြထားပြီ။]

ကမ္မဘဝေါ–လည်းကောင်း၊ ဥပပတ္တိဘဝေါ–လည်းကောင်း၊ ဣတိ–သို့၊ ဘဝေါ–သည်၊ ဒုဝိဓော–၏၊ တတ္ထ–ထိုနှစ်ပါးတို့တွင်၊ ပဌမော–ပဌမကမ္မဘဝသည်၊ တေသွာ–ဤကံမှ၊ ဝါ–ကြောင့်၊ ဖလံ–သည်၊ ဘဝတိ–၏၊ ဣတိ–ဤအပါဒါနသာဓနေဝစနတ္ထကြောင့်၊ ဘဝေါ–မည်၏၊ သော–ထိုကမ္မဘဝသည်၊ ကာမာဝစရကုသလာကုသလာဒိဝသေန–ဖြင့်၊ [အာဒိဖြင့် မဟဂ္ဂုတ်ကို ယူ၊] ဧကူနတိံသဝိဓော–၏၊ ပန–ကား၊ ဒုတိယော–ဒုတိယဥပပတ္တိဘဝသည်၊ ဘဝတိ–ဖြစ်တတ်၏၊ ဣတိ–ဤကတ္တုသာဓ် ဝစနတ္ထကြောင့်၊ ဘဝေါ–မည်၏၊ သော–ထိုဥပပတ္တိဘဝသည်၊ ကာမဘဝါဒိဝသေန–ဖြင့်၊ နဝဝိဓော–၏၊ [၉ ပါးသရုပ်နှင့် အရကောက်ကို ဓာတုကထာ အကောက်မှာ ရှု။]

စ–ဆက်၊ ဥပါဒါနပစ္စယာ ဘဝေါတိဧတ္ထ–၌၊ ဥပပတ္တိဘဝေါပိ–ကိုလည်း၊ [ပိဖြင့် ကမ္မဘဝကိုပေါင်း၊] အဓိပ္ပေတော–၏၊ ဘဝပစ္စယာဇာတီတိ(ဧတ္ထ)–၌၊ ကမ္မဘဝေါဝ–ကိုသာ၊ အဓိပ္ပေတော–၏၊ [ဧဝဖြင့် ဥပပတ္တိဘဝကို ကန့်၊] ဟိ–မှန်၊ သော–ထိုကမ္မဘဝသည်၊ ဇာတိယာ–အား၊ ပစ္စယော–သည်၊ ဟောတိ–၏၊ ဣတရော–ကမ္မဘဝမှတစ်ပါးသော ဥပပတ္တိဘဝသည်၊ (ဇာတိယာ–အား၊ ပစ္စယော–သည်၊) န(ဟောတိ)–မဖြစ်၊ ဟိ–မှန်၊ သော–ထိုဥပပတ္တိဘဝဟူသည်၊ ပဌမာ၊ပေ၊သဘာဝေါ–ပဌမဖြစ်သော ခန္ဓာ၏သဘော ဖြစ်သော၊ ဇာတိယေဝ–ဇာတိပင်တည်း၊ စ–ဆက်၊ တဒေဝ–ထို ပဌမဖြစ်သော ခန္ဓာ၏သဘောသည်ပင်၊ တဿ–ထိုဇာတိဟူသော သဘော၏၊ ကာရဏံ–သည်၊ နယုတ္တံ–မသင့်၊ [ပဋိသန္ဓေစိတ္တက္ခဏ၌ဖြစ်သော ရုပ်နာမ်ခန္ဓာသည် ဥပပတ္တိဘဝမည်၏၊ ထို ရုပ်နာမ်ခန္ဓာတို့၏ ပဌမဆုံးဖြစ်ခြင်းသည် ဇာတိ မည်၏၊ ထို့ကြောင့် ဥပပတ္တိဘဝနှင့် ဇာတိသည် မကွဲပြားသောကြောင့် အကြောင်းနှင့်အကျိုးမဖြစ်နိုင်–ဟူလို။]

တေသံတေသံ သတ္တာနံ–ထိုထိုသတ္တဝါတို့၏၊ တံတံဂတိအာဒီသု–ထိုထိုဂတိ အစရှိသည်တို့၌၊ အတ္တဘာဝပဋိလာဘော–အတ္တဘောကိုရခြင်းသည်၊ ဇာတိ–ဇာတိမည်၏၊ စ–ဆက်ဦးအံ့၊ တထာ–ထိုအခြင်းအရာအားဖြင့်၊ နိဗ္ဗတ္တဿ–ဖြစ်ပြီးသော၊ အတ္တဘာဝဿ–အတ္တဘော၏၊ ပုရာဏဘာဝေါ–ဟောင်းနွမ်းသည်၏အဖြစ်သည်၊ ဇရာ–မည်၏၊ ဧကဘဝပရိစ္ဆိန္နဿ–တစ်ခုသောဘဝဖြင့် ပိုင်းခြားအပ်သော၊ တဿေဝ(အတ္တဘာဝဿ)–ဤအတ္တဘော၏ပင်၊ ပရိယောသာနံ–

ပြီးဆုံးခြင်းသည်၊ မရဏ–မည်၏၊ [ဤကား သုတ္တန်နည်းအရ ကောက်ပြခြင်းတည်း၊ အဘိဓမ္မာနည်းအတိုင်း ဓာတုကထာအကောက်၌ ကောက်သည်၊] ဉာတိဗျသနာဒီဟိ–ဆွေမျိုးတို့၏ ပျက်စီးခြင်းအစရှိသော ဗျသနတို့သည်၊ [အာဒိဖြင့် ဘောဂ,ရောဂ,သီလ, ဒိဋ္ဌိဗျသနတို့ကို ယူ၊] ဖုဋ္ဌဿ–တွေ့ထိအပ်သော သတ္တဝါ၏၊ စိတ္တသန္တာပေါ–စိတ်၏ပူပန်ခြင်းသည်၊ (စိတ်၏ပူပန်ကြောင်း ဒေါမနဿသည်၊) သောကော–မည်၏၊ တဿေဝ–ထို ဉာတိဗျသနစသည်တို့သည် တွေ့ထိအပ်သော သတ္တဝါ၏ပင်၊ ဝစီပလာပေါ–နှုတ်ဖြင့်ပြောဆို ငိုကြွေးခြင်းသည်၊ (ငိုကြွေးခြင်းကြောင့်ဖြစ်သော စိတ္တဇ ဝိပလ္လာသသဒ္ဒရုပ်သည်၊) ပရိဒေဝေါ–မည်၏၊ ကာယိကဒုက္ခဝေဒနာ–ကိုယ်၌ဖြစ်သော ဒုက္ခဝေဒနာသည်၊ ဒုက္ခံ–မည်၏၊ မာနသိကဒုက္ခဝေဒနာ–စိတ်၌ဖြစ်သော ဒုက္ခဝေဒနာသည်၊ ဒေါမနဿံ–မည်၏၊ ဉာတိဗျသနာဒီဟိ–တို့သည်၊ ဖုဋ္ဌဿ–၏၊ အဓိမတ္တစေတောဒုက္ခပ္ပဘာဝိတော–လွန်ကဲသောစိတ်၏ ဆင်းရဲခြင်းသည်ဖြစ်စေအပ်သော၊ဘုသော–ပြင်းထန်သော၊အာယာသော–ပင်ပန်းခြင်းသည်၊ (ပင်ပန်းကြောင်းဒေါသသည်၊) ဥပါယာသော–မည်၏၊ [သောက, ပရိဒေဝ ဥပါယာသ အထူးကို အခြေပြု၌ ဆောင်ပုဒ်နှင့်တကွ ပြထားပြီ။]

စ–ဆက်ဦးအံ့၊ ဧတ္ထ–ဤ ပဋိစ္စသမုပ္ပာဒ်နည်း၌၊ ဝတ္တာရမဏာဒိကေ–ဝတ္ထုအာရုံအစရှိသော၊ ပစ္စယန္တရေ–တစ်ပါးသောအကြောင်းသည်၊ သတိပိ–သော်လည်း၊ အဝိဇ္ဇာဒိ ဧကေကပစ္စယဂ္ဂဟဏံ–အဝိဇ္ဇာအစရှိသော တစ်ပါးတစ်ပါးသော အကြောင်းကို ယူခြင်းသည်၊ ပဓာနဘာဝတော(စ)–ပြဋ္ဌာန်းသည်၏အဖြစ်ကြောင့်လည်းကောင်း၊ ပါကဋဘာဝတော စ–ထင်ရှားသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ (ဟောတိ) က္တတိ–သို့၊ ဒဋ္ဌဗ္ဗံ–၏၊ [အဓိပ္ပာယ်ကို ဘာသာဋီကာ ပဋိစ္စသမုပ္ပာဒ်နည်းအဖွင့် ရှေ့ပိုင်း၌ ပြထားပြီ။]

စ–ဆက်၊ ဧတ္ထ–ဤ ပဋိစ္စသမုပ္ပာဒ်နည်း၌၊ ဝါ–ဤ အဝိဇ္ဇာ, သင်္ခါရစသည်တို့တွင်၊ အဝိဇ္ဇာနုသယိတေယေဝ–အဝိဇ္ဇာသည် ကိန်းအပ်သည်သာလျှင်ဖြစ်သော၊ သန္တာနေ–(ပုထုဇဉ်,သေက္ခတို့၏၊) သန္တာန်၌၊ သင်္ခါရာနံ–တို့၏၊ ဝိပါကဓမ္မဘာဝေန–အကျိုးကိုဖြစ်စေခြင်းသဘောရှိကုန်သည်၏အဖြစ်ဖြင့်၊ ပဝတ္တနတော–ဖြစ်ခြင်းကြောင့်၊ အဝိဇ္ဇာပစ္စယာ–ကြောင့်၊ သင်္ခါရာ–တို့သည်၊ သမ္ဘဝန္တိ–န်၏၊ [အဝိဇ္ဇာမကင်းသေးသော ပုထုဇဉ်သေက္ခတို့၏ သန္တာန်၌သာ ပြုပြုသမျှ စေတနာသည် သင်္ခါရအမည် ရ၏၊ အဝိဇ္ဇာကင်းပြီးသော ရဟန္တာ သန္တာန်၌ကား စေတနာသည် အကျိုးဝိညာဉ်ကို မဖြစ်စေသောကြောင့် သင်္ခါရ အမည်မရ၊ ကြိယာသာဖြစ်သည်၊] စ–ဆက်၊ ဝိညာဏဥ္စ–သည်လည်း၊ သင်္ခါရဇနိတံ–သင်္ခါရသည်ဖြစ်စေအပ်သည်၊ ဟုတွာ–၍၊ဝါ–မှ၊ ဘဝန္တရေ–၌၊

ပတိဋ္ဌာတိ–တည်နိုင်၏၊ [ရိုးရိုးစိတ်ဝိညာဉ်သည် ဘဝတစ်ပါး၌ မတည်နိုင်၊] သင်္ခါရသည် ဖြစ်စေအပ်သော စိတ်ဝိညာဉ်သာ ဘဝတစ်ပါး၌ တည်နိုင်သည်–ဟူလို၊] ဟိ–မှန်၊ (တစ်နည်း)ဟိ (ယသ္မာ)ကြောင့်၊ ဇနကာဘာဝေ–ဖြစ်စေတတ်သောသင်္ခါရ မရှိခြင်းသည်၊ (သတိ–သော်၊) တဿ–ထို ဝိပါက်ဝိညာဉ်၏၊ ဥပ္ပတ္တိ–သည်၊ နသိယာ–ရာ၊[သင်္ခါရကြောင့်သာဝိညာဉ်ဖြစ်သည်။ သင်္ခါရမရှိလျှင် ဝိညာဉ်မဖြစ်ဟု အန္ဝယဗျတိရေကနည်းအားဖြင့် ဖွင့်ပြသည်၊] တသ္မာ–ကြောင့်၊ သင်္ခါရပစ္စယာ–ကြောင့်၊ ဝိညာဏံ–သည်၊ (သမ္ဘဝတိ–၏။)

စ–ဆက်၊ နာမရူပံ–သည်၊ ပုဗ္ဗင်္ဂမာ ၊ပေ၊ ပတ္ထဒ္ဓံ–ရှေ့သွားလည်းဖြစ်, တည်ရာလည်းဖြစ်၍ဖြစ်သော ဝိညာဉ်သည် ထောက်ပံ့အပ်သည်၊ (သမာနံ–သော်၊ ဝါ–မှ၊) ပဋိသန္ဓိပဝတ္တီသု–တို့၌၊ ပတိဋ္ဌဟတိ–တည်နိုင်၏၊ ဣတိ–ကြောင့်၊ ဝိညာဏပစ္စယာ–ကြောင့်၊ နာမရူပံ–သည်၊ (သမ္ဘဝတိ–၏၊) ["သဟဇာတာနမဓိဋ္ဌာနဘာဝေနပုဗ္ဗင်္ဂမဘူတံ"ဟူသောသင်္ဂြိုဟ် မရဏာပွတ္တိပါဠိကို ထောက်၍" ပုဗ္ဗင်္ဂမာဓိဋ္ဌာနဘူတ"ဟု ဝိသေသနပြုသည်၊ ထိုပဋိသန္ဓေဝိညာဉ်၏ အထောက်အပံ့ကိုရမှ ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့၌ နာမ်ရုပ်ကို ဖြစ်စေနိုင် သည်–ဟူလို၊] စ–ဆက်၊ သဠာယတနဥ္စ–သည်လည်း၊ နာမရူပနိဿယမေဝ–နာမ်ရုပ်ဟူသော မှီရာရှိသည်သာလျှင်၊ (ဟုတွာ–၍၊ ဝါ–မှ၊) ဆဗ္ဗိဓဖဿဿ–၆ ပါးအပြားရှိသော ဖဿ၏၊ ဒွါရဘာဝေန–ဒွါရ၏အဖြစ်ဖြင့်၊ ဝါ–အာယတန၏အဖြစ်ဖြင့်၊ ယထာရဟံ–စွာ၊ ပဝတ္တတိ–၏၊ အညထာ–တစ်ပါးသော အခြင်းအရာအားဖြင့်၊ [နာမ်ရုပ် အမှီ မရလျှင်–ဟူလို၊] နော (ပဝတ္တတိ)–ဖြစ်သည်မဟုတ်၊ ဣတိ–ကြောင့်၊ နာမရူပပစ္စယာ–ကြောင့်၊ သဠာယတနံ–သည်၊ (သမ္ဘဝတိ–၏။)

စ–ဆက်၊ ဖဿော–သည်၊ သဠာယတနသမ္ဘဝေ–သဠာယတန၏ဖြစ်ခြင်းသည်၊ (သတိ) ယေဝ–ရှိသော်သာ၊ ဝါ–ရှိမှသာ၊ အာရမဏံ–ကို၊ ဖုသတိ–ထိနိုင်၏၊ ဟိ–မှန်၊ ဒွါရာဘာဝေ–ဒွါရ၏မရှိခြင်းသည်၊ ဝါ–အာယတန၏မရှိခြင်းသည်၊ (သတိ–သော်၊) တဿ–ထိုဖဿ၏၊ ဥပ္ပတ္တိ–သည်၊ နသိယာ–ရာ၊ ဣတိ-ကြောင့်၊ သဠာယတနပစ္စယာ–ကြောင့်၊ ဖဿော–သည်၊ (သမ္ဘဝတိ–၏၊) စ–ဆက်၊ ဣဋ္ဌာနိဋ္ဌမဇ္ဈတ္တံ–ဣဋ္ဌ,အနိဋ္ဌ,မဇ္ဈတ္တဖြစ်သော၊ အာရမဏံ–ကို၊ ဖုသန္တောယေဝ–ထိရသော်သာ၊ ဝါ–ထိရမှသာ၊ ဝေဒနံ–ကို၊ ဝေဒယတိ–ခံစားနိုင်၏၊ အညထာ–ဖြင့်၊[အာရုံကို မထိရလျှင်–ဟူလို၊] နော(ဝေဒယတိ)–မခံစားနိုင်၊ ဣတိ–ကြောင့်၊ ဖဿပစ္စယာ–ကြောင့်၊ဝေဒနာ–သည်၊ (သမ္ဘဝတိ–၏၊)

စ–ဆက်၊[တစ်မျိုးပြီးတစ်မျိုးပြသောကြောင့်"စ–အဖို့တစ်ပါး"လည်းပေး၏၊] ဝေဒနီယေသု–ခံစားအပ်ကုန်သော၊ ဓမ္မေသု–အာရုံတရားတို့၌၊ အဿာဒါနုပဿိနော–သာယာဖွယ်ဟု, အဖန်ဖန်ရှုလေ့ရှိသော ပုဂ္ဂိုလ်၏ (သန္တာန်၌၊)

ဝေဒနာဟေတုကာ–ဝေဒနာဟူသော အကြောင်းရှိသော၊ တဏှာ–သည်၊ သမုဋ္ဌာတိ–ဖြစ်၏၊ ဣတိ–ကြောင့်၊ ဝေဒနာပစ္စယာ–ကြောင့်၊ တဏှာ–သည်၊ (သမ္ဘဝတိ–၏၊) စ–ဆက်၊ တဏှာသိနေဟပိပါသိတာယေဝ–တဏှာတည်းဟူသော အစေးဖြင့်သုံးဆောင် စားသောက်လိုသူတို့သည်သာ၊ [မဏိမဉ္ဇူ၌“တသိတာယေဝ”ဟု ရှိ၏၊“တဏှာတည်းဟူသော အစေးဖြင့် တောင်းတသူတို့သည်သာ”ဟု ပေး] ဥပါဒါနိယေသု–ဥပါဒါန်၏အာရုံဖြစ်ကုန်သော၊ ဓမ္မေသု–တို့၌၊ ဥပါဒါယ–စွဲလမ်းခြင်းငှာ၊ ဒဋ္ဌဘာဝါယ–ခိုင်မြဲသည်၏အဖြစ်ဟူသော အကျိုးငှာ၊[ဥပါဒါယကို“ဒဋ္ဌဘာဝါယ”ဟု ထပ်ဖွင့်သည်၊]သံဝတ္တန္တိ–န်၏၊ဟိ–မှန်၊ တဏှာယ–ဖြင့်၊ ရူပါဒီနိ–ရူပအစရှိသော အာရုံတို့ကို၊ အဿာဒေတွာ အဿာဒေတွာ–လွန်စွာသာယာ၍, လွန်စွာသာယာ၍၊ ကာမေသု–တို့၌၊ ပါတဗျတံ–သုံးဆောင်ခံစားတတ်သူတို့၏အဖြစ်သို့၊ အာပဇ္ဇန္တိ–န်၏၊ဣတိ–ကြောင့်၊ တဏှာ–သည်၊ ကာမုပါဒါနဿ–၏၊ ပစ္စယော–အကြောင်းသည်၊ (ဟောတိ–၏၊) [ဘူတဂါမပါတဗျတာယပုဒ်ကဲ့သို့ ပါဓာတ်, တဗျပစ္စည်းဖြင့်“ပါတဗျ”ဟု ပြီးသည်။]

တထာ–ပါး၊ ရူပါဒိဘေဒေ–ရူပအစရှိသော အပြားရှိသော အာရုံ၌၊ ဂဓိတော–မက်မောသူသည်၊ နတ္ထိဒိန္နံတျာဒိနာ–နတ္ထိဒိန္နံအစရှိသည်ဖြင့်၊ မိစ္ဆာဒဿနံ–မိစ္ဆာအယူကိုလည်းကောင်း၊ [ဒိဋ္ဌုပါဒါန်ကို ပြသည်၊] သံသာရတော–မှ၊ မုစ္စိတုကာမော–လွတ်ခြင်းငှာအလိုရှိသည်၊ (ဟုတ္វာ၊) အသုဒ္ဓိမဂ္ဂေ–စင်ကြယ်ခြင်း၏အကြောင်းမဟုတ်သော အလေ့အကျင့်၌၊ သုဒ္ဓိမဂ္ဂပရာမာသံ–စင်ကြယ်ခြင်း၏ အကြောင်းဟု မှားမှားယွင်းယွင်း သုံးသပ်ခြင်း ကိုလည်းကောင်း၊ [သီလဗ္ဗတုပါဒါန်ကို ပြသည်၊] ခန္ဓေသု–အတ္တတ္တနိယဂါဟဘူတံ–အတ္တ, အတ္တနိယဟု ယူတတ်သည်ဖြစ်၍ဖြစ်သော၊ (ငါ, ငါ့ဥစ္စာဟု ယူတတ်သည်ဖြစ်၍ဖြစ်သော၊) အတ္တဝါဒဒဿနဒွယဉ္စ–အတ္တဝါဒ အယူနှစ်ပါးအပေါင်းကိုလည်းကောင်း၊ ဂဏှာတိ–ယူ၏၊ [အတ္တဟုယူခြင်း, အတ္တနိယဟု ယူခြင်း–ဟူလို၊ ဤစကားဖြင့် အတ္တဝါဒုပါဒါန်ကို ပြသည်၊] တသ္မာ–ကြောင့်၊ ဒိဋ္ဌုပါဒါနိနံပိ–တို့၏လည်း၊ ပစ္စယော–သည်၊ (ဟောတိ–၏၊) ဣတိ–ကြောင့်၊ တဏှာပစ္စယာ–ကြောင့်၊ ဥပါဒါနံ–သည်၊ (သမ္ဘဝတိ–၏။)

ယထာရဟံ–စွာ၊သမ္ပယောဂါနန္တရဝသေန–သမ္ပယုတ်၏အစွမ်း,အနန္တရ၏အစွမ်းဖြင့်၊ ဥပါဒါနပတိဋ္ဌိတာယေဝ–ဥပါဒါန်၌ တည်သည်သာလျှင် ဖြစ်ကုန်သော၊ သတ္တာ–တို့သည်၊ ကမ္မာယူဟနာယ–ကံကို အားထုတ်ခြင်းငှာ၊ [ကမ္မဘဝကို အားထုတ်ခြင်းငှာ၊] သံဝတ္တန္တိ–န်၏၊ ဣတိ–ကြောင့်၊ ဥပါဒါနံ–သည်၊ ဘဝဿ–(ကမ္မ)ဘဝ၏၊ ပစ္စယော–သည်၊(ဟောတိ–၏၊)[လောဘမူအကုသိုလ်ကမ္မဘဝကို အားထုတ်ရာ၌ ဥပါဒါန်တို့သည် သမ္ပယုတ်အားဖြင့် တည်ရာဖြစ်ကုန်၏၊ ကြွင်းသောကုသိုလ်, အကုသိုလ်ကမ္မဘဝကို အားထုတ်ရာ၌ကား

အနုသယအားဖြင့် တည်ရာ ဖြစ်ကုန်၏၊ ထို့ကြောင့် "ယထာရဟံ သမ္ပယောဂါနုသယဝသေန"ဟု ဆိုသည်။] ဥပပတ္တိဘဝသင်္ခါတာ–သော၊ ဇာတိစ–ကိုလည်း၊ ကမ္မဘဝဟေတုကာယေဝ–ကမ္မဘဝဟူသော အကြောင်းရှိ သည်သာလျှင်၊ (ဟုတွာ–၍၊) ဗီဇတော–မျိုးစေ့ကြောင့်၊ အင်္ကုရော–အညွန့် အညှောက်ကို၊ (သမုပလဗ္ဘတိ) ဝိယ–ရအပ်သကဲ့သို့၊ (တထာ–တူ၊) တတ္ထတတ္ထ–ထိုထိုဘဝ၌၊ သမုပလဗ္ဘတိ–ရအပ်၏၊ ဣတိ–ကြောင့်၊ ဘဝေါ–သည်၊ ဇာတိယာ–၏၊ ပစ္စယောနာမ–မည်၏၊ [ကမ္မဘဝကြောင့် ပဋ္ဌိသန္ဓေစိတ္တုပ္ပာဒ် ဖြစ်လျှင် ဇာတိလည်း ပါလာသည်၊ ထိုဇာတိကိုပင် "ဥပပတ္တိဘဝ" ဟုခေါ် သည်ဟု ပြလို၍"ဥပပတ္တိ ဘဝသင်္ခါတာ ဇာတိ"ဟု ဆိုသည်။]

စ–ဆက်၊ ဇာတိယာ–သည်၊ သတိဝေ–ရှိသော်သာ၊ ဝါ–ရှိခြင်းကြောင့်သာ၊ ဇရာမရဏသမ္ဘဝေါ–ဇရာမရဏတို့၏ ဖြစ်ခြင်းသည်၊ (ဟောတိ–၏၊) ဟိ–မှန်၊ အဇာတာနံ–မဖြစ်သောသတ္တဝါတို့၏၊ ဇရာမရဏသမ္ဘဝေါ–သည်၊ နဟောတိ–မရှိ၊ ဣတိ–ကြောင့်၊ ဇာတိ–သည်၊ ဇရာမရဏာနံ–တို့၏၊ ပစ္စယော–သည်၊ (ဟောတိ–၏၊) ဝံ–ဤသို့လျှင်၊ ဧတေသံ–ဤ အဝိဇ္ဇာအစရှိသော တရားတို့၏၊ တဗ္ဘာဝဘာဝိဘာဝေါ–ထို အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့၏ ဖြစ်ခြင်းကြောင့်, ဖြစ်လေ့ရှိသော သင်္ခါရအစရှိသော အကျိုးတရားတို့၏ ဖြစ်ခြင်းကို၊ ဒဋ္ဌဗ္ဗော–မှတ်ထိုက်၏။

ဧဝမေတဿ ။ပေ၊ ဟောတီတိ–ကား၊ ယထာဝုတ္တေန–အကြင်အကြင် ဆိုအပ်ပြီးသော၊ ပစ္စယပရမ္ပရဝိဓိနာ–အကြောင်းအဆက်ဆက်ဟူသော စီမံဖန်ဆင်းမှုကြောင့်၊ (သမုဒယော–ဖြစ်ခြင်းသည်၊ ဟောတိ–ထင်ရှား၏၊) [ဧဝံကို"ယထာ ။ပေ၊ ဝိဓိနာ"ဟု ဖွင့်သည်။] ပန–ဗျတိရိက်ကား၊ ဣဿရ နိမ္မာနာဒီဟိ–ဗြဟ္မာမင်းအစရှိသော အစိုးရသူတို့၏ ဖန်ဆင်းမှုအစရှိ သည်တို့ကြောင့်၊ (သမုဒယော–သည်၊ နဟောတိ–ထင်ရှားသည်မဟုတ်၊) ဝဋ္ဋသင်္ခါတ ဿ–သော၊ ကေဝလဿ–သော၊ သုခါဒီဟိ–တို့နှင့်၊ အသမ္မိဿဿ–မရောနှောသော၊ ဝါ–တစ်နည်း၊ သကလဿ–အလုံးစုံသော၊ ဧတဿ ဒုက္ခန္ဓဿ ဒုက္ခရာသိဿ–ဤဒုက္ခအစု၏၊ (သမုဒယော နိဗ္ဗတ္တိ–ဖြစ်ခြင်းသည်၊ ဟောတိ–၏၊)သုခသုဘာဒီနံ–တို့၏၊ သမုဒယော နိဗ္ဗတ္တိ–သည်၊ န ဟောတိ–ထင်ရှား သည် မဟုတ်၊ ဧတ္ထ ဣမသ္မိံ ပစ္စယသင်္ဂဟာဓိကာရေ–ဤပစ္စယသင်္ဂဟအရာ၌၊ [ပဋ္ဌိစ္စသမုပ္ပာဒနယော၌ စပ်။]

---

**ဧတဿ ။ပေ၊ နိဗ္ဗတ္တိ ဟောတိ**။ ။ကေဝလဿကို "အသမ္မိဿဿ"တစ်နည်း "သကလဿ"ဟု နှစ်နည်းဖွင့်သည်၊ ဒုက္ခက္ခန္ဓဿနှင့်တွဲ၍ "သုဘ, သုခစသည်တို့နှင့် မရောမယှက် သက်သက်သော ဒုက္ခအစု၊ ဝါ–အားလုံးဒုက္ခအစု"ဟု အနက်မှတ်၊ ခန္ဓသဒ္ဒါ၏"အစု"အနက်ကိုဟောကြောင်းကို သိစေလို၍"ရာသိဿ"ဟုဖွင့်သည်၊ သမုဒယောကို"နိဗ္ဗတ္တိ"ဟုဖွင့်သဖြင့် သမုဒယသဒ္ဒါ၏ဖြစ်ခြင်းအနက်ကိုသာ ယူရမည်ဟုသိ။

**၅,၆။** သတတံ–အဆက်မပြတ်၊ အတတိ ဂစ္ဆတိ ပဝတ္တတိ–ဖြစ်တတ်၏၊ ဣတိ–ကြောင့်၊ အဒ္ဓါ–မည်၏၊ ကာလော–တည်း၊ [အတဓာတ်၏ ဂတိအနက်ကိုလည်းကောင်း, ဂမုဓာတ်၏ ပဝတ္တနအနက်ကိုလည်းကောင်း သိစေလို၍ ဂစ္ဆတိ ပဝတ္တတိဟု ဖွင့်သည်။] အဝိဇ္ဇာသင်္ခါရာ–အဝိဇ္ဇာသင်္ခါရတို့သည်၊ အတီတော–အတိတ်ဖြစ်သော၊ အဒ္ဓါ–ကာလတည်း၊ (ကသ္မာ–နည်း၊) ဧတ္ထ–ဤပဋိစ္စသမုပ္ပါဒ်နည်း၌၊ အတီတ၊ပေ၊ဟေတူနမေဝ–အတိတ်ဘဝ၌ အကျုံးဝင်သော အကြောင်းတို့၏သာလျှင်၊ ဝါ–တို့ကိုသာလျှင်၊ အဓိပ္ပေတတ္တာ–တည်း၊ [ပစ္စုပ္ပန်၌လည်း အဝိဇ္ဇာသင်္ခါရတို့ကိုသာ ဤပဋိစ္စသမုပ္ပါဒ်နည်းကို ပြရာ၌ အလိုရှိအပ်သောကြောင့် ဝတ္တိစ္ဆာအားဖြင့်“ အဝိဇ္ဇာသင်္ခါရာ အတီတော အဒ္ဓါ” ဟုဆိုသည်။] အဒ္ဓါဂ္ဂဟဏေန စ–အဒ္ဓါသဒ္ဒါဖြင့်လည်း၊ အဝိဇ္ဇာဒီနံ–န်သော၊ ဓမ္မာနမေဝ–တို့၏သာလျှင်၊ ဝါ–တို့ကိုသာလျှင်၊ ဂဟဏံ–ယူရခြင်းသည်၊ (ဟောတိ၊ ကသ္မာ၊) တဗ္ဗိနိမုတ္တဿ–ထို အဝိဇ္ဇာအစရှိသော တရားတို့မှ အလွတ်ဖြစ်သော၊ ကဿစိ–သော၊ ကာလဿ–ကာလကို၊ အနုပလဗ္ဘနတော–ပရမတ္ထအားဖြင့် မရနိုင်ခြင်းကြောင့်တည်း၊ [ဌာနကာလဖြင့် ဌာနီတရားတို့ကို ဌာနူပစာအားဖြင့်“အဒ္ဓါ”ဟု ခေါ်ထားသည်၊ ဘာ့ကြောင့်နည်း–ထိုတရားတို့မှ အလွတ်ဖြစ်သော ကာလဟု သီးခြားမရှိသောကြောင့် တည်း။] ဟိ–မှန်၊ [“အဝိဇ္ဇာအစရှိသော တရားတို့မှအလွတ်ဖြစ်သော ကာလကို ပရမတ္ထအားဖြင့် မရနိုင်”ဟူသော စကားသည်မှန်၏။] နိရုဒ္ဓါနုပ္ပာဒါဧဝ–ချုပ်ပြီး, မဖြစ်သေးသည်သာလျှင်ဖြစ်ကုန်သော၊ ဓမ္မာ–တို့ကို၊ အတီတာ ၊ပေ၊ ဝသေန–အတိတ်ကာလ, အနာဂတ်ကာလ၏ အစွမ်းဖြင့်လည်းကောင်း၊ ဥပ္ပာဒါ ၊ပေ၊ ပန္နာ–ဥပါဒ် အဲစရှိသော ခဏသုံးပါးအပေါင်း၌ အကျုံးဝင်ကုန်သော၊ (ဓမ္မာ) စ–တို့ကိုလည်း၊ ပစ္စုပ္ပန္နကာလဝသေန–ဖြင့်လည်းကောင်း၊ ဝေါဟရီယန္တိ–ခေါ်ဝေါ် အပ်ကုန်၏၊ [ချုပ်ပြီးသောတရားကို အတိတ်ကာလ, မဖြစ်သေးသော တရားကို အနာဂတ် ကာလ, ခဏတ္တယ၌ အကျုံးဝင်သော ဖြစ်ဆဲတရားကို ပစ္စုပ္ပန်ကာလဟု ခေါ်သည် ကာလဟုကား သီးခြားမရှိ။]

---

“ဒုက္ခက္ခန္ဓဿ” ဟူသော ပါဠိ၌အရ အညတ္ထာပေါဟနနည်းအားဖြင့် သုဘ, သုခစသည်တို့၏ ဖြစ်ခြင်းမဟုတ်–ဟုသိနိုင်သောကြောင့် “န သုဘသုခါဒီနံ”ဟု ထည့်သည်၊ [ရှေ့နည်း၌လည်း အညတ္ထာပေါဟနနည်းအရ အကြောင်း အဆက်ဆက် ဟူသော စီမံမှုကြောင့်သာ ဖြစ်သည်၊ ဗြဟ္မာမင်းစသော အစိုးရသူ တို့၏ စီမံဖန်ဆင်းမှု စသည်တို့ကြောင့် ဖြစ်သည်မဟုတ်–ဟု သိနိုင်သောကြောင့် “န ဣဿရ နိမ္မာနာဒီဟိ”ဟု ထည့်သည်၊ ဝိဓိသဒ္ဒါသည် စီမံတတ်, ဖန်ဆင်း တတ်သော အရာကို ဟော၏၊ ထို့ကြောင့် ပစ္စယပရမ္ပရဝိဓိ၏ ပြောင်းပြန်ကို “နံ ဣဿရ နိမ္မာနာဒီဟိ”ဟု ဖွင့်သည်၊ ကြွင်းသော ကျေးဇူးပြုပုံကို ဘာသာဋီကာ၌ ရှု။]

ဇာတိဇရာမရဏံ–သည်၊ အနာဂတော–သော၊ အဒ္ဓါ–တည်း၊ (ကသ္မာ၊) ပစ္စုပ္ပန္နဟေတုတော–ပစ္စုပ္ပန်အကြောင်းကြောင့်၊ အနာဂတေ–နောင်အခါ၌၊ နိဗ္ဗတ္တနတော–ဖြစ်ရခြင်းကြောင့်တည်း၊ မဇ္ဈေ–၌၊ အဋ္ဌ–ရှစ်ပါးသောတရားတို့သည်၊ ပစ္စုပ္ပန္နော–သော၊ အဒ္ဓါ–တည်း၊ (ကသ္မာ၊) အတီတဟေတုတော–အတိတ်ဘဝ၌ဖြစ်သော အကြောင်းကြောင့်၊ ဣဓ–ဤပစ္စုပ္ပန်ဘဝ၌၊ နိဗ္ဗတ္တနကဖလသဘာဝတ္တာ–ဖြစ်သော အကျိုးသဘောရှိကုန်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ [ဝိညာဉ်, နာမ် ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ကို ရည်ရွယ်သည်၊] အနာဂတဖလဿ–အနာဂတ်ဘဝ၌ဖြစ်သောအကျိုး၏၊ ဣဓ–ဤဘဝ၌၊ ဟေတုသဘာဝတ္တာစ–အကြောင်းသဘောရှိကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ [တဏှာ, ဥပါဒါန်, ကမ္မဘဝတို့ကို ရည်ရွယ် သည်၊] မဇ္ဈေ–၌၊ ဝိညာဏာဒီနိ–န်သော၊ အဋ္ဌ–တို့သည်၊ အင်္ဂါနိ–(ပဋိစ္စသမုပ္ပာဒ်၏) အင်္ဂါတို့သည်၊ ပစ္စုပ္ပန္နော–သော၊ အဒ္ဓါ–တည်း၊ ["မဇ္ဈေ အဋ္ဌ ပစ္စုပ္ပန္နော အဒ္ဓါ"ဟု ဆိုလျှင် ပြီးနိုင်သောကြောင့် "မဇ္ဈေ ဝိညာဏာဒီနိ ၊ပေ၊ အဒ္ဓါ"သည် စကားထပ်သကဲ့သို့ ရှိ၏၊ မဏိမဥ္ဇူဋ္ဌကား အမျိုးမျိုး ဖွင့်ပြလေသည်။]

၈။ သောကပရိဒေဝါဒယောပိ–သောက, ပရိဒေဝအစရှိသော တရားတို့ကိုလည်း၊ [အာဒိဖြင့် ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့ကိုယူ၊] အင်္ဂဘာဝေန–အင်္ဂါ၏အဖြစ်ဖြင့်၊ ဝတ္တဗ္ဗာနနု–ဟောတော်မူထိုက်ကုန်သည်မဟုတ် ပါလော၊ ဣတိ–ဤသို့မေးဖွယ်ရှိသောကြောင့်၊ သောကာဒိဝစနန္တျာဒိ–သော၊ (ယံဝစနံ အတ္ထိ၊ တံ ဝစနံ အာစရိယော၊) အာဟ–ပြီ၊ သောကာဒိဝစနံ–သောက အစရှိသောသဒ္ဒါသည်၊ ဇာတိယာ–၏၊ နိဿန္ဒဿ–အကျိုးဆက်ကို၊ အမုချ ဖလမတ္တဿ–မုချမဟုတ်သော အကျိုးဆက်မျှကို၊ [နိဿန္ဒဿကို ထပ်ဖွင့်သည်၊] နိဒဿနံ–ညွှန်ပြကြောင်းသဒ္ဒါတည်း၊ ပန–ဗျတိရိတ်ကား၊ ဝိသုံ–အသီးအခြား၊ အင်္ဂဒဿနံ–ပဋိစ္စသမုပ္ပာဒ်အင်္ဂါကို ညွှန်ပြကြောင်းသဒ္ဒါသည်၊ န–မဟုတ်၊ ဣတိ–အတ္ထော၊ [ဤဝါကျ၏, အဓိပ္ပာယ်ကို အခြေပြ၌ ပြခဲ့ပြီ။]

၉။ တဏှုပါဒါနဘဝါပိ ၊ပေ၊ ဘဝန္တိ–ကား၊ ကိလေသဘာဝသာမညတော–ကိလေသာအဖြစ်ဖြင့် တူသည့်အဖြစ်ကြောင့်၊ အဝိဇ္ဇာဂ္ဂဟဏေန–အဝိဇ္ဇာကို ယူသဖြင့်၊ တဏှုပါဒါနာနိ–တဏှာ, ဥပါဒါန်တို့ကို၊ (ဂဟိတာနိ–န်ပြီ၊) ကမ္မဘဝသာမညတော–ကမ္မအဖြစ်ဖြင့် တူသည်၏အဖြစ်ကြောင့်၊ သင်္ခါရဂ္ဂဟဏေန–စေတနာဟူသော သင်္ခါရကိုယူသဖြင့်၊ ကမ္မဘဝေါ–ကမ္မဘဝကို၊ ဂဟိတော–ပြီ၊ တထာ–ထိုမှတစ်ပါး၊ တဏှုပါဒါနဘဝဂ္ဂဟဏေနစ–တဏှာ, ဥပါဒါန်, ကမ္မဘဝတို့ကို ယူခြင်းဖြင့်လည်း၊ အဝိဇ္ဇာသင်္ခါရာ–တို့ကို၊ ဂဟိတာ–န်ပြီ၊ ဣတိ–ကား၊ သမ္ဗန္ဓော–ပုဒ်တို့၏ဆက်စပ်ခြင်းတည်း၊ [ဂဟိတာပုဒ်ကို ထည့်စပ်ပါ–ဟူလို၊]

ဇုတ္တာပိ–ဤသို့ယူရာ၌လည်း၊ ဝုတ္တနယေန–ဖြင့်၊ (ကိလေသာအဖြစ်ဖြင့်တူခြင်း, ကံအဖြစ်ဖြင့် တူခြင်းဟူသောနည်းဖြင့်၊) တေသံ–ထိုတဏှာ ဥပါဒါန် ကမ္မဘဝ တို့ကို၊ ဂဟဏေန–ဖြင့်၊ တေသံ–ထို အဝိဇ္ဇာသင်္ခါရတို့ကို၊ သင်္ဂဟော–သိမ်းယူခြင်းကို၊ ဒဋ္ဌဗ္ဗော–၏၊ ဝိညာဏ ၊ပေ၊ ဝေဒနာနံ–တို့၏၊ ဇာတိဇရာ ဘင်္ဂါဝ–ဖြစ်ခြင်း, ရင့်ခြင်း, ပျက်ခြင်းတို့ကိုသာလျှင်၊ ဇာတိ (တိစ)–ဇာတိဟူ၍ လည်းကောင်း၊ ဇရာမရဏန္တိ စ–ဟူ၍လည်းကောင်း၊ ဝုတ္တာ–န်ပြီ၊ ဣတိ–ကြောင့်၊ ဇာတိ ၊ပေ၊ တျာဒိ–သော၊ (ယံဝစနံ အတ္ထိ၊ တံဝစနံ အာစရိယော) အာဟ–ပြီ၊ [ဤသို့ ယူရပုံများကိုလည်း အခြေပြ၍ပင် ပြခဲ့ပြီ။]

**၁၀။** အတီတေ ဟေတဝေါပဉ္စာတိ–ကား၊ သရူပတော–အားဖြင့်၊ (ဘဂဝတာ) ဝုတ္တာနံ–န်သော၊ ဒွိန္နံ–န်သော၊ အဝိဇ္ဇာသင်္ခါရာနံ–တို့၏လည်း ကောင်း၊ [ဝသေန၌ စပ်၊] သင်္ဂဟဝသေန–သိမ်းယူခြင်း၏အစွမ်းဖြင့်၊ ဂဟိတာနံ–န်သော၊ တိဏ္ဏံ–န်သော၊ တဏှုပါဒါနဘဝါနဉ္စ–တဏှာ ဥပါဒါန် ကမ္မဘဝ တို့၏လည်းကောင်း၊ ဝသေန–အပြားအားဖြင့်၊ ပစ္စုပ္ပန္နဖလဿ–ပစ္စုပ္ပန် အကျိုးတရားငါးပါး၏၊ ပစ္စယာ–အကြောင်းဖြစ်ကုန်သော၊ အတီတဘဝေ–၌၊ နိဗ္ဗတ္တာ–ဖြစ်ခဲ့ကုန်သော၊ ပဉ္စ–န်သော၊ ဟေတဝေါ–တို့လည်း ကောင်း၊ ဣဒါနိ ဖလပဉ္စကန္တိ–ကား၊ အတီတေဟေတုပစ္စယာ–အတိတ် အကြောင်း ဟူသော အကြောင်းကြောင့်၊ (အတိတ်ဘဝက အကြောင်းငါးပါးဟူသော အကြောင်းကြောင့်၊) ဣဓ ပစ္စုပ္ပန္နေ–ဤ ပစ္စုပ္ပန်ဘဝ၌၊ [ဣဒါနိကို" ဣဓ ပစ္စုပ္ပန္နေ"ဟု ဖွင့်သည်၊] နိဗ္ဗတ္တံ–သော၊ ဝိညာဏာဒိဖလပဉ္စကံ–ဝိညာဉ် အစရှိသော အကျိုးငါးပါးအပေါင်းလည်းကောင်း။

ဣဒါနိ ဟေတဝေါ ပဉ္စာတိ–ကား၊ သရူပတော–အားဖြင့်၊ (ဘဂဝတာ) ဝုတ္တာနံ–န်သော၊ တဏှာဒီနံ–န်သော၊ (တဏှာ, ဥပါဒါန်, ကမ္မဘဝဟူကုန် သော၊) တိဏ္ဏံ–တို့၏လည်းကောင်း၊ သင်္ဂဟတော–အားဖြင့်၊ လဒ္ဓါနံ–ရအပ်ကုန် သော၊ အဝိဇ္ဇာသင်္ခါရာနံ–ဟူကုန်သော၊ ဒွိန္နဉ္စ–တို့၏လည်းကောင်း၊ ဝသေန–ဖြင့်၊ အာယတိံ–နောင်ဘဝ၌၊ ဖလဿ–၏၊ ပစ္စယာ–န်သော၊ ဣဒါနိ–ယခုပစ္စုပ္ပန်ဘဝ၌၊ ပဉ္စ–န်သော၊ ဟေတဝေါ–တို့လည်းကောင်း၊ အာယတိံ ဖလ

---

**သရူပတော ၊ပေ၊ ဟေတဝေါပဉ္စ။** ။အတိတ်အကြောင်းကိုပြရာ၌ ပဋိစ္စသမုပ္ပာဒ် ပါဠိတော်ဝယ် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"ဟု အဝိဇ္ဇာသင်္ခါရနှစ်ပါးသာ သရုပ်သကောင် အားဖြင့်ဆိုသည် ပါသည်ကိုရည်ရွယ်၍ "သရူပတော၊ပေ၊အဝိဇ္ဇာသင်္ခါရာနံ"ဟု ဆို သည်၊ အဝိဇ္ဇာဖြင့် တဏှာ ဥပါဒါန်တို့ကို သိမ်းယူရခြင်း, သင်္ခါရဖြင့် ကမ္မဘဝကို သိမ်းယူရ ခြင်းကို ရည်ရွယ်၍ "သင်္ဂဟ ဝသေန ၊ပေ၊ ဘဝါနဉ္စ"ဟု မိန့်သည်၊ ဤသို့ တိုက်ရိုက်ဟော အပ်သော သရုပ်အားဖြင့်လည်းကောင်း, သိမ်းယူရခြင်းအားဖြင့်လည်းကောင်း "အတီတေ ဟေတဝေါပဉ္စ" အရ အတိတ်အကြောင်း ငါးပါးဖြစ်သည်။

ပဉ္စကန္တိ–ကား၊ ဇာတိဇရာမရဏာဂ္ဂဟဏေန–ဖြင့်၊ (ဘဂဝတာ) ဝုတ္တံ–သော၊ ပစ္စုပ္ပန္နဟေတုပစ္စယာ–ပစ္စုပ္ပန်အကြောင်းဟူသော အကြောင်းကြောင့်၊ အနာဂတေ–နောင်ဘဝ၌၊ နိဗ္ဗတ္တနက ၊ပေ၊ ပဉ္စကံ–ဖြစ်လတ္တံ့သော အကျိုးငါးပါးအပေါင်းလည်းကောင်း၊ က္လတိဝေ–ဤသို့၊ ဝီသတိ–သော၊ (ဓမ္မာ–တို့သည်၊) အတီတာဒီသု–အတိတ်အစရှိသော ကာလတို့တွင်၊ တတ္ထ တတ္ထ–ထိုထိုကာလ တို့၌၊ အာကရိယန္တိ–ထင်ရှားပြအပ်ကုန်၏၊ က္လတိ–ကြောင့်၊ အာကာရာ–တို့မည်၏။ [ယခုစာအုပ်တို့၌ "အကိရိယန္တိ"ဟု ရှိ၏၊ သို့သော် အာပုဗ္ဗ ကရ ဓာတ်, ဏပစ္စည်းဖြင့်ပြီးသော အာကာရာ၏ ဝိဂ္ဂဟဖြစ်သော ကြောင့် "အာကရိယန္တိ"ဟု ရှိမှ သင့်မည် ထင်သည်။]

အတီတဟေတူနံ–အတိတ်အကြောင်းတို့၏လည်းကောင်း၊ က္လဒါနိ–၌၊ ဖလပဉ္စကဿ စ–၏လည်းကောင်း၊ အန္တရာ–၌၊ ဧကော–တစ်ခုသော၊ သန္ဓိ–(ဟေတုဖလ)အစပ်လည်းကောင်း၊က္လဒါနိ–၌၊ဖလပဉ္စကဿ–၏လည်းကောင်း၊ က္လဒါနိ–၌၊ ဟေတုနဉ္စ–တို့၏လည်းကောင်း၊ အန္တရာ–၌၊ ဧကော–သော၊ (သန္ဓိ–ဖလဟေတုအစပ်လည်းကောင်း၊) က္လဒါနိ–၌၊ ဟေတူနံ–တို့၏လည်းကောင်း၊ အာယတိံ–၌၊ ဖလဿ စ–၏လည်းကောင်း၊ အန္တရာ–၌၊ ဧကော–သော၊ (သန္ဓိ–ဖလဟေတုအစပ်လည်းကောင်း၊) က္လတိ ဝေ–သို့၊တိသန္ဓိ–သုံးပါးသော အစပ်သည်၊ (ဟောတိ၊) ဟိ–သာဓကကား၊ သင်္ခါရ ၊ပေ၊ သန္ဓိံတိ–ဟူသော၊ ဝေ–ဤ စကားကို၊ ဝုတ္တံ–ပြီ၊ (သမ္မောဟဝိနောဒနီပဋိစ္စသမုပ္ပာဒ ဝိဘင်းအဋ္ဌကထာ၌ ဆိုအပ်ပြီ၊) [သင်္ခါရဝိညာဏာနံ–တို့၏၊ အန္တရာ–၌၊ ဧကော–သော၊ (သန္ဓိ–ဟေတုဖလအစပ်တည်း၊) ဝေဒနာတဏှာနံ–တို့၏၊ အန္တရာ–၌၊ ဧကော–သော၊ (သန္ဓိ–ဖလဟေတု အစပ်တည်း၊) ဘဝဇာတီနံ–တို့၏၊ အန္တရာ–၌၊ ဧကော–သော၊ သန္ဓိ–တည်း။

ဟိ–ဆက်ဦးအံ့၊ ဧတ္ထ–ဤ သုံးပါးသော အစပ်တို့တွင်၊ ပဌမော–သော၊ သန္ဓိ–အစပ်သည်၊ ဟေတုတော–အကြောင်းကြောင့်၊ ဖလဿ–အကျိုး၏၊ အဝိစ္ဆေဒပ္ပဝတ္တိဘာဝတော–မပြတ်မစဲဖြစ်ခြင်းရှိသည်၏အဖြစ်ကြောင့်၊ ဟေတုဖလသမ္ဗန္ဓဘူတော–အကြောင်းအကျိုး အစပ်ဖြစ်၍ဖြစ်၏၊ တတိယော–သော၊ (သန္ဓိ–သည်၊) တထာ–ထို ဟေတုဖလသမ္ဗန္ဓတည်း၊ ပန–ကား၊ ဒုတိယော–သော၊ (သန္ဓိ–သည်၊) ဖလတော–ကြောင့်၊ ဟေတုနော–၏၊ အဝိစ္ဆေဒပ္ပဝတ္တိဘာဝတော–ကြောင့်၊ဖလဟေတုသမ္ဗန္ဓဘူတော–အကျိုးအကြောင်း အစပ်ဖြစ်၍ဖြစ်၏၊ ဟိ–မှန်၏၊ (တစ်နည်း) ဟိ (ယသ္မာ)–ကြောင့်၊ ဖလဘူတောပိ–အကျိုးဖြစ်၍လည်းဖြစ်သော၊ ဓမ္မော–ဝိညာဉ်စသောတရားသည်၊ အညဿ–သော၊ ဟေတုသဘာဝဿ–အကြောင်းသဘောဖြစ်သော၊ ဓမ္မဿ–တဏှာစသောတရား၏၊ ပစ္စယော–သည်၊ (ဟောတိ) က္လတိ–ကြောင့်၊ ဒုတိယော–သော၊ သန္ဓိ–သည်၊ (ဖလဟေတုသမ္ဗန္ဓဘူတော–၏၊) ဧတ္ထ–ဤအဖို့အစု၌၊ [ရှေးက"ဤအလွှာ၌"ဟု ပေးကြသည်၊] အဝိဇ္ဇာဒယော (စ)–အဝိဇ္ဇာစသော

အကြောင်းတရားတို့ကိုလည်းကောင်း၊ ဝိညာဏာဒယော စ–ဝိညာဉ်စသော အကျိုးတရားတို့ကိုလည်းကောင်း၊ သင်္ခိပိယန္တိ–ချုံးချဉ်းအပ် ပေါင်းစုအပ်ကုန်၏၊ ဣတိ–ကြောင့်၊ ဝါ–ထိုသို့ ချုံးချဉ်းအပ် ပေါင်းစုအပ်ရာ၏ အဖြစ်ကြောင့်၊ (သော–ထို အဖို့အစုသည်၊ ဝါ–ထို အလွှာသည်၊) သင်္ခေပေါ–မည်၏၊ အတီတဟေတု–အတိတ်အကြောင်းလည်းကောင်း၊ ဧတရဟိ–ယခုပစ္စုပ္ပန်ဘဝ၌၊ ဝိပါကော–အကျိုးလည်းကောင်း၊ ဧတရဟိ–၌၊ ဟေတု–လည်းကောင်း၊ အာယတိံ–နောင်ဘဝ၌၊ ဝိပါကော–လည်းကောင်း၊ ဣတိ–ဤသို့၊ စတ္တာရော–တို့သည်၊ သင်္ခေပါ–ချုံးချဉ်းအပ် ပေါင်းစုအပ်ရာ အဖို့အစုတို့တည်း၊ [ဝါ–အလွှာတို့တည်း၊] ဣတိ–ထို့ကြောင့်၊ စတုသင်္ခေပါ–တို့မည်၏။

**၁၁။** ကမ္မ ၊ပေ၊ တိတ္တွေ–၌၊ အာယတိံ–နောက်ဘဝ၌၊ ပဋိသန္ဓိယာ–၏၊ ပစ္စယစေတနာ–အကြောင်းဖြစ်သော စေတနာသည်၊ ဘဝေါနာမ–မည်၏၊ ပုရိမကမ္မဘဝသ္မိံ–ကံဖြစ်ရာ ရှေးဘဝ၌၊ [သင်္ခါရာ၌ စပ်၊] ဣဓ–ဤပစ္စုပ္ပန်ဘဝ၌၊ ပဋိသန္ဓိယာ–၏၊ ပစ္စယစေတနာ–အကြောင်းဖြစ်သော စေတနာသည်၊ သင်္ခါရာ–တို့မည်၏၊ ဣတိ–သို့၊ ဝေဒိတဗ္ဗာ–န်၏၊ [ကမ္မဝဋ္ဋ တွင် ကမ္မဘဝနှင့် သင်္ခါရနှစ်မျိုးပါဝင်သောကြောင့် ထို နှစ်မျိုး၏အထူးကို ဤစကားဖြင့် ပြသည်၊ အဓိပ္ပာယ်ကို အခြေပြုသင်္ဂြိုဟ် ပဋိစ္စသမုပ္ပာဒ်နည်း ရှေ့ပိုင်း၌ ဆောင်ပုဒ်နှင့်တကွ ပြခဲ့ပြီ၊] အဝသေသာစာတိ–ကား၊ ဝိညာ၊ပေ၊ ဝသေန–ဝိညာဉ်အစရှိသော ငါးပါးအပေါင်း၊ ဇာတိ၊ ဇရာ၊ မရဏတို့၏ အပြားအားဖြင့်၊ သတ္တဝိဓာ–န်သော၊ ပစ္စုပ္ပန္နဖလဝသေန–ပစ္စုပ္ပန်အကျိုး၏ အဖြစ်ဖြင့်၊ ဝုတ္တဓမ္မာ–ဟောတော်မူအပ်သောတရားတို့တည်း၊ ပန–ဆက်၊ ဥပပတ္တိ၊ပေ၊တိ(တ္တွေ)–၌၊ အနာဂတပရိယာပန္နာ–အနာဂတ်ဘဝ၌ အကျုံးဝင်ကုန်သော ဝိညာဏာဒိပဉ္စက၊ ဇာတိ၊ဇရာ၊မရဏတို့ကို၊ ဝေဒိတဗ္ဗာ–န်၏၊ ဘဝသဒ္ဒေန–ဖြင့်၊ ကမ္မဘဝဿပိ–၏လည်း၊ ဝါ–ကိုလည်း၊ ဝုစ္စမာနတ္တာ–ဟောတော်မူအပ်သည်၏အဖြစ်ကြောင့်၊ ဘဝေကဒေသသဒ္ဒေါ–ဘဝေက ဒေသသဒ္ဒါကို၊ ဝုတ္တော–ဆိုအပ်ပြီ။

**၁၂။** ပုဗ္ဗန္တဿ–ရှေးအတိတ်ဖြစ်သော ခန္ဓာအာယတနဓာတ်အဖို့၏၊ မူလံ–အကြောင်းကား၊ အဝိဇ္ဇာ–တည်း၊ အပရန္တဿ–နောက် အနာဂတ်ဖြစ်သော

---

**အဝသေသာစ ၊ပေ၊ ဝေဒိတဗ္ဗာ။** ။ဝိညာဏာဒိဖလပဉ္စကကို ပစ္စုပ္ပန်အကျိုးဟု ဆိုခဲ့ပြီ၊ ထို ဝိညာဉ်စသည်ကို ယူသဖြင့် ထိုဝိညာဉ်စသည်တို့၏ ဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ခြင်းဟူသော ဇာတိ ဇရာ မရဏတို့ကိုလည်း ပစ္စုပ္ပန်အကျိုးဟု ယူနိုင်ရကား "သတ္တဝိဓာ ၊ပေ၊ ဝုတ္တဓမ္မာ"ဟု ဆိုသည်၊ အနာဂတ် ဇာတိ၊ ဇရာ၊ မရဏတို့ကား "ဥပပတ္တိဘဝသင်္ခါတော ဘဝေကဒေသော"အရတွင် ပါဝင်ပြီ၊ မှန်၏–ဥပပတ္တိဘဝဟူသည် ဝိညာဉ်နာမ်ရုပ် တို့ပင်တည်း၊ ထိုဝိညာဉ် နာမ်ရုပ်တို့ကို ယူသဖြင့် ထိုဝိညာဉ် နာမ်ရုပ်တို့၏ ဇာတိ၊ ဇရာမရဏတို့ကိုလည်း ယူနိုင်ပြန်သည်။

ခန္ဓာအာယတနဓာတ် အဖို့၏၊ မူလံ–ကား၊ တဏှာ–တည်း၊ ဣတိ–ကြောင့်၊ အဝိဇ္ဇာ၊ပေ၊မူလာနီတိ–ဟူ၍၊ (အာစရိယော) အာဟ–ပြီ၊ [ထိုတရားနှစ်ပါး၏ ရှေးအတွက် မူလ, နောက်အတွက် မူလဖြစ်ပုံကို အခြေပြု၍ ပြထားပြီ၊]

**၁၃။** အဝိဇ္ဇာတဏှာသင်္ခါတာနံ–န်သော၊ တေသမေဝဝဋ္ဋမူလာနံ–ထိုဝဋ်မြစ်တရားတို့၏သာလျှင်၊ နိရောဓေန–ချုပ်ခြင်းကြောင့်၊ အနုပ္ပါဒဓမ္မတာပတ္တိယာ–နောင်တစ်ဖန် မဖြစ်ခြင်းသဘောရှိသည်၏အဖြစ်သို့ ရောက်ခြင်းကြောင့်၊ [နိရောဓေနကို ထပ်ဖွင့်သည်၊] သစ္စပ္ပဋိဝေဓတော–သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းအားဖြင့်၊ သိဒ္ဓါ–ပြီးစီးသော၊ အပ္ပဝတ္တိယာ–နောင်တစ်ဖန် မဖြစ်ခြင်းကြောင့်၊ [အနုပ္ပါဒဓမ္မတာပတ္တိယာ–ကို ထပ်ဖွင့်သည်၊] ဝဋ္ဋံ–ဝဋ်တရားသည်၊ နိရုဇ္ဈတိ–၏။

အဘိဏှသော အဘိက္ခဏံ–မပြတ်မလတ်၊ ဇရာမရဏာသင်္ခါတာယ–သော၊ မုစ္ဆာယ–တွေဝေမိန်းမောကြောင်းတရားသည်၊ [ဤ၌မုစ္ဆာကို ဇရာမရဏာနှင့် အရတူ ဖွင့်ပြထားသော်လည်း ဘာသာဋီကာ၌ကား အရကွဲအားဖြင့် ပြထားသည်၊] ပီဠိတာနံ–နှိပ်စက်အပ်ကုန်သော၊ သောကာဒိသမပ္ပိတာနံ–သောကအစရှိသည်သည် သက်ရောက်အပ်ကုန်သော၊ သတ္တာနံ–တို့၏ (သန္တာန်၌) ကာမာသဝါဒိအာသဝါနံ–ကာမာသဝအစရှိသော အာသဝေါ တရားတို့၏၊ သမုပ္ပါဒတော–ဖြစ်ခြင်းကြောင့်၊ ပုန–တစ်ဖန်၊ အဝိဇ္ဇာစ–သည်လည်း၊ ပဝတ္တတိ–(ဆက်၍)ဖြစ်ပြန်၏၊ ဟိ–မှန်၊ အာသဝ ၊ပေ၊ သမုဒယောတိ–ဟူ၍၊ (အာသဝေါတရားတို့၏ဖြစ်ခြင်းကြောင့် အဝိဇ္ဇာ၏ ဖြစ်ခြင်းဟူ၍၊) ဝုတ္တံ–ဟောတော်မူအပ်ပြီ၊ တေန–ဤ(အာသဝါနံ သမုပ္ပါဒါအစရှိသော) ဂါထာစကားဖြင့်၊ အဝိဇ္ဇာယပိ–၏လည်း၊ ပစ္စယော–သည်၊ ဝါ–ကို၊ ဒဿိတော–သည်၊ ဟောတိ–၏၊ ဣတရထာ–လျှင်၊ (အဝိဇ္ဇာ၏ အကြောင်း ကိုမပြလျှင်၊) ပဋိစ္စသမုပ္ပါဒါစက္ကံ–ပဋိစ္စသမုပ္ပါဒ်စက်သည်၊ အဗဒ္ဓံ–မဖွဲ့စပ်အပ်သည်၊ ဝါ–မလည်သည်၊ သိယာ–၏၊ ဣတိ–ဤသို့ မှတ်အပ်၏၊ [ဤဂါထာ၏ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ။]

ဣစ္စေဝံ ဝုတ္တနယေန–ဤဆိုအပ်ပြီးသောနည်းဖြင့်၊ အာဗဒ္ဓံ–အဆက်မပြတ်ဖွဲ့စပ်အပ်သော၊ အဝိစ္ဆိန္နံ–မပြတ်မစဲသော၊ [အာဗဒ္ဓ၏အဖွင့်၊] အနာဒိကံ–အစမရှိသော၊ အာဒိရဟိတံ–အစမှကင်းသော၊ [အနာဒိကံ၏အဖွင့်၊] တိဘူမက ပရိယာပန္နတ္တာ–ဘုံသုံးပါး၌ အကျုံးဝင်သည်၏အဖြစ်ကြောင့်၊ တေဘူမကံ–ဘုံသုံးပါး၌ အကျုံးဝင်သော၊ ကိလေသ ၊ပေ၊ ဝသေန–ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်တို့၏ အစွမ်းဖြင့်၊ တိဝဋ္ဋဘူတံ–သုံးပါးသော ဝဋ်ဖြစ်၍ ဖြစ်သော (တရားကို၊) ပဋိစ္စသမုပ္ပါဒေါတိ–ဟူ၍၊ မဟာမုနိ–မြတ်သော မုနိဖြစ်တော်မူသော၊ သမ္မာသမ္ဗုဒ္ဓေါ–မြတ်စွာဘုရားသည်၊ ပဋ္ဌပေသိ–အပြားအားဖြင့် ဟောထားတော်မူပြီ၊ ပညပေသိ–ပညတ်တော်မူပြီ။

**၁၄။** [ပဋိစ္စသမုပ္ပာဒ်နည်းကို ဖွင့်ပြပြီး၍ယခုအခါ၌ ပဋ္ဌာန်းနည်းကို ဖွင့်ပြလိုသော အရှင်သုမင်္ဂလသာမိ ဋီကာဆရာသည် ဧဝံအစရှိသော ပါဠ်ကိုမိန့်၊] ဧဝံ–ဤဆိုအပ်ပြီးသော စကားအစဉ်ဖြင့်၊ ("အဝိဇ္ဇာပစ္စယာ သင်္ခါရာ"အစ "ပဋ္ဌပေသိ မဟာမုနိ"တိုင်အောင်သော စကားအစဉ်ဖြင့်၊) ပဋိစ္စသမုပ္ပာဒနယံ–ကို၊ ဝိဘာဂတော–ဝေဖန်အပ်သောအပြားအားဖြင့်၊ (အခွန့်သုံးပါး, အင်္ဂါ ၁၂ ပါး စသော အပြားအားဖြင့်၊) ဒဿေတွာ–ပြပြီး၍၊ ဣဒါနိ–၌၊ ပဋ္ဌာနနယံ–ကို၊ ဒဿေတုံ–ငှာ၊ ဟေတုပစ္စယောတျာဒိ–ဟေတုပစ္စယော အစရှိသော စကားရပ်ကို၊ (အာစရိယေန) ဝုတ္တံ၊ တတ္ထ–ထို ဟေတုပစ္စယော အစရှိသော စကားရပ်၌၊ (အတ္ထော ဧဝံ ဝေဒိတဗ္ဗော) ဧတ္ထ–ဤအကြောင်း၌၊ [ဧတေန–ဟုလည်း ရှိ၏၊"ဤ အကြောင်းဖြင့်"ဟုပေး၊ ပတိဋ္ဌာတိကို ထောက် လျှင် တည်ရာအာဓာရကသာ၍ကောင်းသည်၊] ဖလံ–သည်၊ ဟိနောတိ ပတိဋ္ဌာတိ–တည်ရ၏၊ ဣတိ–ကြောင့်၊ (ထိုသို့ အကျိုး၏တည်ရာ၏ အဖြစ် ကြောင့်၊ သော–ထိုအကြောင်းသည်၊) ဟေတု–ဟေတု မည်၏၊ ဓာတုသဒ္ဒါနံ–ဓာတ်ဖြစ်သော သဒ္ဒါတို့၏၊ အနေကတ္ထတ္တာ–များသော အနက်ရှိကုန်သည်၏ အဖြစ်ကြောင့်၊ ဣဓ–ဤဟေတုဟူသောပါဌ်၌၊ ဟိသဒ္ဒေါ–သည်၊ ပတိဋ္ဌတ္ထော–တည်ခြင်းအနက် ရှိ၏၊ ဣတိ–သို့၊ ဒဋ္ဌဗ္ဗော–၏၊ ["ဟိ–ဂတိမှိ"အရ ဟိသဒ္ဒါသည် အခြားနေရာ၌ ဂတိအနက်ကို ဟောသော်လည်း ဤနေရာ၌ကား "ဓာတူနံ အနေကတ္ထတ္တာ"အရ ပတိဋ္ဌာအနက်ကို ဟောသည်–ဟူလို။]

ဝါ–တစ်နည်း၊ ဥဒ္ဓံ–အထက်သို့၊ သြဇံ–သြဇာကို၊ (မြေ ရေတို့၏ အဆီအနှစ်ကို၊) အဘိဟရန္တေန–ပို့ဆောင်သော၊ မူလေန–အမြစ်ကြောင့်၊ ပါဒပေါ–သစ်ပင်သည်၊ ဟိနောတိ ဂစ္ဆတိ ပဝတ္တတိဝိယ–ဖြစ်ရသကဲ့သို့၊ ဝုဒ္ဓိံ–ကြီးပွားခြင်းသို့၊ ဝိရူဠှိံ–စည်ပင်ခြင်းသို့၊ အာပဇ္ဇတိဝိယ–ရောက်ရသကဲ့သို့၊ (ဧဝံ–တူ၊) ကမ္မနိဒါနဘူတေန–ကံ၏အကြောင်းရင်း အခြေခံဖြစ်၍ဖြစ်သော၊ ဧတေန–ဤ ဟိတ်တရားကြောင့်၊ တပ္ပစ္စယံ–ထိုကံဟူသော အကြောင်းရှိသော၊ ဖလံ–သည်၊ ဟိနောတိ ဂစ္ဆတိ ပဝတ္တတိ–၏၊ ဝုဒ္ဓိံ–သို့၊ ဝိရူဠှိံ–သို့၊ အာပဇ္ဇတိ–၏၊

---

**ဟိနောတိ ၊ပေ၊ ဟေတု**။ ။"ဟိ–ဂတိမှိ"အရ ဟိဓာတ်၏ ဂတိအနက်ကို ပြလို၍ "ဂစ္ဆတိ"ဟု ဖွင့်သည်၊ ဂမုဓာတ်၏ ပဝတ္တနအနက်ကိုပြလို၍ ဂစ္ဆတိကို "ပဝတ္တတိ"ဟု ဖွင့်သည်၊ "ဝုဒ္ဓိံ ဝိရူဠှိံ အာပဇ္ဇတိ"ကား အဓိပ္ပာယတ္ထတည်း၊ သစ်ပင်၏ကြီးပွားခြင်း, စည်ပင်ခြင်းကဲ့သို့ အကျိုးတရား၏ ဖြစ်ခြင်း,ကြီးပွားခြင်းကို "ဝုဒ္ဓိ"ဟု ဆိုသည်၊ ထိုသို့ ကြီးပွားရာဝယ် အကျိုးတရား၏ စည်စည်ကားကား ဖြစ်နေခြင်းကို "ဝိရူဠှိ"ဟု ဆိုသည်၊ ဥပမာ–ရေသောက်မြစ်ကြောင့် သစ်ပင်တစ်ပင်၏ ကြီးပွားခြင်းကို "ဝုဒ္ဓိ"ဟု ဆို၍ အခက်အရွက်အပွင့်အသီးတို့ဖြင့် စည်ပင်နေခြင်းကို "ဝိရူဠှိ" ဟု ဆိုကဲ့သို့တည်း၊ ဟိတ် ၆ ပါးသည် သစ်ပင်၏ အမြစ်နှင့်တူ၏၊ ဟေတုပစ္စယုပ္ပန် နာမ်တရားတို့သည် သစ်ပင်၏

ဣတိ–ကြောင့်၊ (သော–ထို အကြောင်းသည်၊) ဟေတု–မည်၏၊ ဟေတုစ–ဟိတ်လည်းဟုတ်၏၊ သော–ထိုဟိတ်ဟူသည်၊ ပစ္စယောစ–ပစ္စည်းလည်းဟုတ်၏၊ ဣတိ–ဤနှစ်ပါးသော သတ္တိကြောင့်၊ ဟေတုပစ္စယော–မည်၏၊ ဟေတု–ဟိတ်သည်၊ ဟုတွာ–ဖြစ်၍၊ ပစ္စယော–ကျေးဇူးပြုတတ်သော တရားသည်၊ ဟေတုဘာဝေန–ဟိတ်၏အဖြစ်ဖြင့်၊ (ဟိတ်၏ဖြစ်ကြောင်းဖြစ်ရာသတ္တိဖြင့်၊) ပစ္စယော–တည်း၊ ဣတိ ဝုတ္တံ ဟောတိ။

မူလဋ္ဌေန–အခြေအမြစ်ဟူသော အနက်ကြောင့်၊ ဟေတု–မည်၏၊ ဥပကာရဋ္ဌေန–ကျေးဇူးပြုတတ်သည်၏ အဖြစ်ဟူသော အနက်ကြောင့်၊ ပစ္စယော–မည်၏၊ ဣတိ–သို့၊ သင်္ခေပတော–အားဖြင့်၊ မူလဋ္ဌေန–အခြေအမြစ်ဟူသော မူလအနက်အားဖြင့်၊ ဥပကာရကော–သော၊ ဓမ္မော–သည်၊ ဟေတုပစ္စယော–မည်၏၊ ပန–ဆက်၊သော–ထိုဟေတုပစ္စည်းဟူသည်၊[ဆ ဓမ္မာဒ္ဓ စပ်၊] ပဝတ္တေ–ပဝတ္တိအခါ၌၊ စိတ္တသမုဋ္ဌာနာနံ–စိတ်ကြောင့် ဖြစ်ကုန်သော၊ ပဋိသန္ဓိယံ–၌၊ ကမ္မသမုဋ္ဌာနာနံ–န်သော၊ ရူပါနံ စ–တို့အားလည်းကောင်း၊ ဥဘယတ္ထ–နှစ်ပါးစုံသော ပဝတ္တိပဋိသန္ဓေအခါ၌၊ သမ္ပယုတ္တာနံ–ယှဉ်ဖက်ဖြစ်ကုန်သော၊ နာမဓမ္မာနဥ္စ–တို့အားလည်းကောင်း၊ ရုက္ခဿ–၏၊ မူလာနိ–တို့သည်၊ (သုပ္ပတိဋ္ဌိတဘာဝသာဓနာနိ) ဝိယ–ကောင်းစွာ တည်တံ့သည်၏ အဖြစ်ကို ပြီးစေနိုင်ကုန်သကဲ့သို့၊ (တထာ–တူ၊) သုပ္ပတိဋ္ဌိတဘာဝေ–မူလဋ္ဌေန–ကောင်းစွာတည်တံ့သည်၏အဖြစ်ကို ပြီးစေတတ်သည်၏ အဖြစ်ဟုဆိုအပ်သော မူလအနက်အားဖြင့်၊ ဥပကာရကာ–န်သော၊ (လောဘာဒယော–န်သော၊ တစ်ချို့စာအုပ်၌ပါ၏၊) ဆ–န်သော၊ ဓမ္မာ–တို့တည်း၊ ဣတိ–သို့၊ဒဋ္ဌဗ္ဗ–၏၊[“သော ပန

---

ကြီးပွားခြင်းနှင့် တူ၏၊ ရုပ်တရားတို့ကား သစ်ပင်၏ စည်ပင်ခြင်းနှင့် တူသည်၊ ကံကြောင့် အကျိုးတရား၏ ကြီးပွားစည်ပင်ရာ၀ယ် ဟိတ်သည် အရင်းခံဖြစ်၏၊ လောဘ, ဒေါသ, မောဟအားကြီးလေ အကုသိုလ်ပြုရာ၌ ကြီးကျယ်လေဖြစ်၍ အလောဘ, အဒေါသ, အမောဟအားကြီးလေ ကုသိုလ်ပြုရာ၌ ကြီးကျယ်လေဖြစ်သည်၊ ထို့ကြောင့် ဟိတ်ခြောက်ပါးကို “ကမ္မနိဒါနဘူတ” (ကံ၏အရင်းခံ)”ဟု ဆိုသည်။

**ဟေတုဘာဝေန**။ ။ “ဟေတု+ဟုတွာ+ပစ္စယော”ဟု ဟုတွာ အလယ်ပုဒ် ကြေသော ကမ္မဓာရည်းသမာသ်ပြုရာ၌“ဟေတု”အရ ဟိတ်ခြောက်ပါးတရားကိုသာ ရနေသော်လည်း ထိုဟိတ်တရား၏ သတ္တိကို အရကောက်ပါ–ဟု သိစေလို၍ “ဟေတုဘာဝေန”ဟု သတ္တိရအောင် အဓိပ္ပာယ်နက် ဖွင့်ပြသည်။

**မှတ်ချက်**။ ။“ဟေတုဘာဝေန” အဖွင့်ကို ရှု၍ ဟုတွာ၌ ဘာဝေန၏အနက်, ဟေတု၌ ပဥ္စမာကို ဆဋ္ဌီအနက်ဟောဟု ကြံပြီးလျှင် “ဟေတု–ဟိတ်၏+ဟုတွာ–အဖြစ်ဖြင့်”ဟု ပေးကြသည်မှာ ကျမ်းဆရာ၏ အာသော်မကျပါ၊ “ဒွိန္နံ ပဋိစ္စ ဘာဝတ္တံ–စသော ဘေဒစိန္တာဂါထာလည်း ဤအဓိပ္ပာယ်မျိုးကို မဆိုလိုပါ။

၊ပေ၊ နာမဓမ္မာနဉ္စ” ဖြင့် ဟောတုပစ္စယုပ္ပန်တရားတို့ကို ပြသည်၊ “ရက္ခသ၊ပေ၊ဆဓမ္မာ”ဖြင့် ဟောတုပစ္စည်းတရားတို့ကို ပြသည်၊ ဤအလုံးစုံကို သုံးချက်စုဘာသာဋီကာ ပစ္စည်း ပစ္စယုပ္ပန်ကို ကြည့်၍ သိပါ။]

ဒုဗ္ဗလေန–အားမရှိသော ပုဂ္ဂိုလ်သည်၊ (အဖိုးအို, လူမမာစသူသည်၊) ဒဏ္ဍာဒိကံ–တောင်ဝှေးအစရှိသော ဝတ္ထုကို၊ (အာလမ္ဗိယတိ) ဝိယ–ဆွဲကိုင်အပ်သကဲ့သို့၊ (တထာ–တူ၊) စိတ္တစေတသိကေဟိ–တို့သည်၊ အာလမ္ဗိယတိ ဂယှတိ–ဆွဲယူအပ်၏၊ ဣတိ–ကြောင့်၊ အာလမ္ဗနံ–မည်၏၊ [ဤဝိဂြိုဟ်အလို“အာလမ္ဗနံ”ဟု ရှိသင့်သည်၊ အဓိပ္ပာယ်ကို သုံးချက်စုဘာသာဋီကာ၌ရှု၊] ဟိ–ချဲ့၊ စိတ္တစေတသိကာ–တို့သည်၊ ယံယံဓမ္မံ–အကြင်အကြင်တရားကို၊ အာရဗ္ဘ–၍၊ ပဝတ္တန္တိ–ဖြစ်ရကုန်၏၊ တေ တေဓမ္မာ–ထိုထို ပစ္စည်းတရားတို့သည်၊ တေသံ တေသံဓမ္မာနံ–ထိုထိုစိတ်စေတသိက် ပစ္စယုပ္ပန်တရားတို့၏၊ အာရမဏပစ္စယောနာမ–အာရမဏပစ္စည်းမည်၏၊ ဟိ–မှန်၊ [“ယံယံဓမ္မံ, တေတေဓမ္မာ”ဟု ရုပ်, နာမ်, ပညတ်, နိဗ္ဗာန်ဓမ္မအားလုံးကို သိမ်းကျုံး လိုက်ခြင်းသည်မှန်၏၊] ယော ဓမ္မော–သည်၊ [ရုပ်နာမ်,ပညတ်,နိဗ္ဗာန်အားလုံး–ဟူလို၊] စိတ္တစေတသိကာနံ–တို့၏၊ အာရမဏပစ္စယဘာဝံ–အာရမဏပစ္စည်း၏ အဖြစ်သို့၊ န ဂစ္ဆေယျ–မရောက်နိုင်၊ သော ဓမ္မော–သည်၊ န အတ္ထိ–မရှိ၊ [အာရုံတစ်ခုရှိလျှင် စိတ်စေတသိက်အများလည်း ဖြစ်, ဆက်ကာ ဆက်ကာလည်း အများဖြစ်နိုင်သောကြောင့် အာရုံကို “ယံ ယံ ဓမ္မံ”ဟု ဂေဝုစ်, အာရမဏိကကို “ယေ ယေ ဓမ္မာ”ဟု ဗဟုဝုစ်ထားသည်။]

အတ္တာဓိနပ္ပဝတ္တီနံ–မိမိနှင့်စပ်သော ဖြစ်ခြင်းရှိသော ပစ္စယုပ္ပန်တရားတို့၏၊ ပတိဘူတော–အရှင်သခင်ဖြစ်၍ဖြစ်သည်၊ (ဟုတွာ၊) ပစ္စယော–ကျေးဇူးပြုတတ်သော တရားသည်၊ အဓိပတိပစ္စယော–မည်၏၊ [“အဓိနာနံ+ပတိ အဓိပတိ”ဟု ပြုစေလိုသည်၊ အဓိပ္ပာယ်ကို သုံးချက်စုဘာသာဋီကာ၌ ပြထားပြီ။]

တေသသ ပစ္စယသ–ဤပစ္စည်းတရား၏၊ ပစ္စယုပန္နေန–ပစ္စယုပ္ပန်တရားနှင့်၊ သဟ–တကွ၊အန္တရံ–အကြားကာလသည်၊ဝါ–အကြားတရားသည်၊န ဝိဇ္ဇတိ–မရှိ၊ ဣတိ–ကြောင့်၊ (သော–ထိုပစ္စည်းတရားသည်၊) အနန္တရပစ္စယော–မည်၏၊ သဏ္ဌာနာဘာဝေ–ပုံသဏ္ဌာန်၏ မရှိခြင်းကြောင့်၊ သုဋ္ဌု–လွန်စွာ၊ အနန္တရပစ္စယော–အကြားမရှိသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရားသည်၊ သမနန္တရပစ္စယော–မည်၏၊ အတ္တနော အတ္တနော–မိမိ မိမိ၏၊ အနန္တ ရံ–၌၊ အနု ၊ပေ ၊သမတ္ထော–လျော်သော စိတ္တုပ္ပာဒ်ကို ဖြစ်စေခြင်း၌ စွမ်းနိုင်သော၊ [စက္ခုဝိညာဉ်၏ အခြားမဲ့၌ သမ္ပဋိစ္ဆိုန်းစိတ္တုပ္ပာဒ်သည်လျော်၏၊ သမ္ပဋိစ္ဆိုန်း၏ အခြားမဲ့၌ သန္တီရဏစိတ္တုပ္ပာဒ်သည် လျော်၏၊ ဤသို့ စသည်ဖြင့် လျော်သော စိတ္တုပ္ပာဒ်ကို ဖြစ်စေခြင်း၌ စွမ်းနိုင်သည်-ဟူလို၊ အဓိပ္ပာယ်အကျယ်ကို သုံးချက်စု

ဘာသာဋီကာ၌ ရှု။] ပုရိမပုရိမနိရုဒ္ဓေါ–ရှေးရှေး၌ ချုပ်ပြီးသော၊ ဓမ္မော–ကို၊ အနန္တရပစ္စယော (တိစ)–ပစ္စည်းဟူ၍လည်းကောင်း၊ သမနန္တရပစ္စယောတိစ–ဟူ၍လည်းကောင်း၊ ဝုစ္စတိ–၏၊ ဟိ–မှန်၊ ဗျဉ္ဇနမတ္တေနေဝ–သဒ္ဒါမျှဖြင့်သာလျှင်၊ နေသံ–ထိုပစ္စည်း နှစ်ပါးတို့၏၊ ဝိသေသော–ကို၊ (ဥပလဗ္ဘတိ၊) [သံ ပါခြင်း, မပါခြင်းမျှသာ ထူးသည်–ဟူလို၊] အတ္ထတောပန–တရားကိုယ်အနက်အားဖြင့်ကား၊ ဥဘယမ္ပိ–နှစ်ပါးစုံသော သဒ္ဒါသည်လည်း၊ သမနန္တရနိရုဒ္ဓဿေဝ–လွန်စွာ အခြားမဲ့ဖြစ်၍ ချုပ်ပြီးသော တရားကိုသာလျှင်၊ အဓိဝစနံ–ဟောသောသဒ္ဒါတည်း၊ ဟိ–မှန်၊ နေသံ–ထို ပစ္စည်းနှစ်ပါးတို့၏၊ အတ္ထတော–ဖြင့်၊ ဘေဒေါ–အထူးအပြားကို၊ န ဥပလဗ္ဘတိ–မရအပ်။

ပန–ဝါဒန္တရကား၊ ကေစိ–တို့သည်၊ အတ္ထာနန္တရတာယ ၊ပေ၊ သမနန္တရပစ္စယောတိ–ဟူသော၊ ယံ–အကြင်စကားကို၊ ဝဒန္တိ–ဆိုကုန်၏၊ [အတ္ထာနန္တရတာယ–အနက်ဒြပ်ပရမတ်တရား ခြားကွယ်ခြင်းမရှိသည်၏ အဖြစ်ဖြင့်၊ အနန္တရပစ္စယော–သည်၊ (ဟောတိ၊) ကာလာနန္တရတာယ–အချိန်ကာလခြားကွယ်ခြင်း မရှိသည်၏အဖြစ်ဖြင့်၊ သမနန္တရပစ္စယော–သည်၊ (ဟောတိ)] တံ–ထိုစကားသည်၊ နိရောဓာ ၊ပေ၊ ပစ္စယောတျာဒိဟိ–အစရှိသော ပါဠိတော်စကားတို့နှင့်၊ ဝိရုဇ္ဈတိ–၏၊ [နိရောဓာ–နိရောဓသမာပတ်မှ၊ ဝုဋ္ဌဟန္တဿ–ထသောပုဂ္ဂိုလ်၏၊ နေဝသညာ နာသညာယတနံ–နေဝသညာနာသညာယတနစျာန်သည်၊ ဖလသမာပတ္တိယာ–အား၊ သမနန္တရပစ္စယေန–သမနန္တရပစ္စယသတ္တိဖြင့်၊ ပစ္စယော–ကျေးဇူးပြုသည်၊ (ဟောတိ)] ဟိ–မှန်၊ နေဝသညာ နာသညာယတနံ–သည်၊ သတ္တာဟာဒိကာလံ–ခုနစ်ရက် အစရှိသောကာလပတ်လုံး၊ နိရုဒ္ဓံ–ချုပ်ပြီးသည်၊ (ဟုတွာ) ဖလ သမာပတ္တိယာ–အား၊ သမနန္တရပစ္စယော–သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်၊ (ဟောတိ) တသ္မာ–ကြောင့်၊ အဘိနိဝေသံ–မှားမှားယွင်းယွင်း နှလုံးသွင်းခြင်းကို၊ အကတွာ–၍၊ ဧတ္တ–ဤ ပစ္စည်းနှစ်ပါးတို့၌၊ ဗျဉ္ဇနမတ္တတောဝ–ဖြင့်သာလျှင်၊ နာနာကရဏံ–အသီးအခြား ပြုတတ်သော အထူးကို၊ ပစ္စေတဗ္ဗံ–ယုံကြည်ထိုက်၏၊ အတ္ထတော–အားဖြင့်၊ (နာနာကရဏံ–ကို၊) န (ပစ္စေတဗ္ဗံ)–ထိုက်။

ဟိ–ဆက်၊ ပုဗ္ဗဓမ္မနိရောဓဿ–ရှေးတရား၏ချုပ်ခြင်းဟူသော ဘင်၏လည်း ကောင်း၊ ပစ္ဆာဓမ္မုပ္ပာဒဿစ–နောက်၌ဖြစ်သော တရား၏ဖြစ်ခြင်းဟူ သော ဥပါဒ်၏လည်းကောင်း၊ အန္တရာဘာဝေန–အကြားမရှိသည်၏အဖြစ်ဖြင့်၊ ဥပ္ပာဒနသမတ္ထတာယ–နောက်စိတ်ကိုဖြစ်စေခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်ဖြင့်၊ နိရောဓေ–ရှေးစိတ်၏ ချုပ်ခြင်းသည်၊ အနန္တရပစ္စယတာ–အနန္တရပစ္စည်း၏ အဖြစ်မည်၏၊ (အနန္တရပစ္စယသတ္တိမည်၏၊) ဣဒံ–ဤ စိတ်သည်၊ ဣတော–

ဤစိတ်မှ၊ ဥဒ္ဓံ-အထက်၌၊ (ဟောတိ) ဣဒံ-သည်၊ (ဣတော-မှ) ဟေဋ္ဌာ-၌၊ (ဟောတိ) ဣဒံ-သည်၊ (ဣတော-မှ၊) သမန္တတော-ဘေးပတ်ဝန်းကျင်၌၊ (ဟောတိ) ဣတိ-ဤသို့၊ ဝိဘာဂါဘာဝေန-ခွဲခြားဝေဖန်ခြင်း၏ မရှိခြင်းကြောင့်၊ (ခွဲခြားဝေဖန်၍ မရခြင်းကြောင့်၊) [အချို့စာ၌ ဤပုဒ်ကျနေသည်၊ မဏိမဥ္ဇူနှင့်မူလဋီကာတို့၌ပါသည်၊] အပ္ပနာ-မိမိဟူသော ရှေ့စိတ်နှင့်၊ ကေတ္တ-တစ်ခုတည်း၏အဖြစ်ကို၊ ဥပနေတွာဝိယ-ကပ်ဆောင်သကဲ့သို့၊ သုဋ္ဌု-လွန်စွာ၊ ဝါ-အလွန့်ကိုယ်၊ အနန္တရဘာဝေန-အကြားမရှိသည်၏အဖြစ်ဖြင့်၊ ဥပ္ပာဒေတုံ-ငှာ၊ သမတ္ထံ-စွမ်းနိုင်သည်၊ ဟုတွာ-၍၊ နိရောဓော-ရှေ့စိတ်၏ ချုပ်ခြင်းသည်၊ သမနန္တရပစ္စယတာ-မည်၏၊ ဣတိ ဓံ-သို့၊ ဗျဥ္ဇနမတ္တတော ဝ-သာလျှင်၊ ဘေဒေါ-သည်၊(ဟောတိ) [ဤအဓိပ္ပာယ်ကို"သဏ္ဍာနာဘာဝေန" ၏၊ အဓိပ္ပာယ်အဖြစ်ဖြင့် သုံးချက်စုဘာသာဋီကာ၌ ပြထားပြီ။]

ဟိ-ဆက်၊ နိရောဓပစ္စယဿာပိ-နိရောဓသမာပတ်၏အကြောင်းလည်း ဖြစ်သော၊ [နိရောဓသမာပတ်၏ ရှေ့အဖို့၌ဖြစ်သော-ဟူလို၊] နေဝသညာနာသညာယတနဿ-ဈာန်၏လည်းကောင်း၊ အသညုပ္ပတ္တိယာ-အသညသတ်ဘုံ၌ ဖြစ်ခြင်း၏၊ ပုရိမဿ-ရှေးဖြစ်သော၊ စုတိစိတ္တဿ စ-၏လည်းကောင်း၊ [ဤသမ္ဘန်များကို "သမတ္ထတာ အတ္ထိ"၌ လှမ်းစပ်၊] ကာလန္တရေပိ-ကာလ တစ်ပါးခြားကွယ်ရာအခါ၌လည်း၊ [ခုနစ်ရက်စသောကာလ, ကမ္ဘာငါးရာကာလ ခြားနေသော်လည်း-ဟူလို၊] ဥပ္ပဇ္ဇန္တာနံ-န်သော၊ ဖလပဋိသန္ဓီနံ-ဖိုလ်, ပဋိသန္ဓေ တို့၏၊[နေဝသညာနာသညာယတနသမာပတ်၏ ပစ္စယုပ္ပန်ဖြစ်သော အနာဂါမိဖိုလ်, အရဟတ္တဖိုလ်, အသညသတ်ဘုံ မရောက်မီစုတိ၏ ပစ္စယုပ္ပန်ဖြစ်သော ပဋိသန္ဓေ-ဟူလို၊] အန္တရာ-၌၊ သမာနဇာတိယေဝ-တူသော ဇာတ်ရှိသော၊ အရူပဓမ္မေန-နာမ်တရားဖြင့်၊ ဗျဝဓာနာဘာဝတော-ခြားကွယ်ခြင်း၏ မရှိခြင်း ကြောင့်လည်းကောင်း၊ ဘိန္နဇာတိကာနံ-ပြားသောဇာတ်ရှိကုန်သော၊ ရူပဓမ္မာနံ-တို့၏၊ ဗျဝဓာရဏော-ခြားကွယ်မှုကိုပြုခြင်း၌၊အသမတ္ထတာယစ-မစွမ်းနိုင်သည် ၏အဖြစ်ကြောင့်လည်းကောင်း၊ [နာမ်တရားကို ဇာတ်တူ နာမ်တရားခြင်းသာ ခြားကွယ်နိုင်သည်၊ ဇာတ်ပြားသော ရုပ်တရားက ခြားကွယ်အောင် မပြုနိုင်၊ အဓိပ္ပာယ်အကျယ်ကို သုံးချက်စုဘာသာဋီကာ၌ ရှု၊] နိရန္တရုပ္ပာဒနေ-အကြား မရှိဖြစ်စေခြင်း၌လည်းကောင်း၊ (အနန္တ ရပစ္စည်းကို ရည်ရွယ်သည်၊) ကေတ္တ-တစ်ခုတည်း၏အဖြစ်ကို၊ ဥပနေတွာဝိယ-ကပ်ဆောင်သကဲ့သို့၊ ဥပ္ပာဒနေ-ဖြစ်စေခြင်း၌လည်းကောင်း၊ (သမန္တ ရပစ္စည်းကို ရည်ရွယ်သည်၊) သမတ္ထတာ-စွမ်းနိုင်သည်၏အဖြစ်သည်၊ အတ္ထိ-၏၊ ဣတိ-ကြောင့်၊ တေသမ္ပိ-ထို နေဝသညာနာသညာယတနဈာန်, အသညသတ်ဘုံ မရောက်မီရှေးဘဝ စုတိတို့၏လည်း၊ အနန္တရ ၊ပေ၊ ပစ္စယတာ-ပစ္စည်း၏အဖြစ်ကို၊ ဝါ-အနန္တရ

ပစ္စယသတ္တိ, သမနန္တရပစ္စယသတ္တိကို၊ လဗ္ဘတိ–ရအပ်ရနိုင်၏၊ တသ္မာ–ကြောင့်၊ ဓမ္မတော–တရားကိုယ်အားဖြင့်၊ အဝိသေသေ–မထူးကုန်သည်၏ အဖြစ်သည်၊ (ဘာဝပ္ပဓာန) (သတိ)ပိ–သော်လည်း၊ တထာ တထာ–ထိုထို အခြင်းအရာ အားဖြင့်၊ (သံဥပသာရ ပါခြင်း မပါခြင်းဟူသောအခြင်း အရာအားဖြင့်၊) ဗုဒ္ဓနကာနံ–သိနိုင်ကုန်သော၊ ဝေနေယျာနံ–တို့၏၊ ဝသေန–ဖြင့်၊ ဥပသဂ္ဂတ္ထဝိသေသမတ္တတောဝ–သံဟူသော ဥပသာရပုဒ်၏ အနက်ထူးမျှ ဖြင့်သာလျှင်၊ ဘေဒေါ–ကို၊ ပစ္စေတဗ္ဗော–၏၊ ဣတိ–ဤသို့မှတ်အပ်၏၊ [အကြား အကြား၌ အမှာစကား မရေးခဲ့သော အဓိပ္ပာယ်များကို သုံးချက်စု ဘာသာဋီကာ၌ ပြထားပြီ။]

အတ္တနော–မိမိဟူသော ပစ္စည်းတရား၏၊ အနုပ္ပတ္တိယာ–မဖြစ်ခြင်းကြောင့်၊ ဝါ–မဖြစ်သည့်အတွက်၊ သဟုပ္ပန္နာနံပိ–တကွဖြစ်သော ပစ္စယုပ္ပန်တရားတို့၏ လည်း၊ အနုပ္ပတ္တိတော–ကြောင့်၊ ပဒီပေါ–ဆီမီးသည်၊ ပကာသဿ–အရောင်အလင်းအား၊ (သဟုပ္ပာဒဘာဝေန–တကွဖြစ်ခြင်း၏ အဖြစ်ဖြင့်၊ ပစ္စယော)ဝိယ–ကျေးဇူးပြုတတ်သကဲ့သို့၊ (တထာ–တူ၊) သဟုပ္ပန္နာနံ–တို့အား၊ ဝါ–တို့၏၊ သဟုပ္ပာဒဘာဝေန–ဖြင့်၊ ပစ္စယော–သော၊ သဟဇာတပစ္စယော–ပစ္စည်းသည်၊ အရူပိနော–နာမ်ဖြစ်ကုန်သော၊ စတုက္ခန္ဓာ–လေးပါးသော ခန္ဓာတို့လည်းကောင်း၊ စတ္တာရော–န်သော၊ မဟာဘူတာ–တို့လည်းကောင်း၊ ပဋိသန္ဓိက္ခဏေ–၌၊ ဝတ္ထုဝိပါကာ–ဟဒယဝတ္ထု, ပဋိသန္ဓေဝိပါက်ဖြစ်ကုန်သော၊ ဓမ္မာစ–တို့လည်းကောင်းတည်း။] ဆီမီးမရှိလျှင် အရောင်အလင်းမရှိနိုင်သကဲ့သို့, မိမိတည်းဟူသော ပစ္စည်းတရား မရှိလျှင် ပစ္စယုပ္ပန်တရားများလည်း မရှိနိုင်၊ ဆီမီးဖြစ်မှ အရောင်အလင်း ဖြစ်နိုင်သကဲ့သို့, မိမိတည်းဟူသော ပစ္စည်းတရား ဖြစ်မှ ပစ္စယုပ္ပန်တရားကိုလည်း ကျေးဇူးပြုသော ပစ္စည်းသည် သဟဇာတ ပစ္စည်းတည်း၊ အဓိပ္ပာယ်ကို သုံးချက်စုဘာသာဋီကာ၌ ပြထားပြီ။]

အညမညံ–အချင်းချင်းကို၊ ဝါ–တစ်ချောင်းက တစ်ချောင်းကို၊ ဥပတ္ထမ္ဘယမာနံ–ထောက်ပံ့တတ်သော၊တိဒဏ္ဍံဝိယ–သစ်သားသုံးချောင်းကဲ့သို့၊အတ္တနော–အား၊ ဥပကာရကဓမ္မာနံ–လျော်သောကျေးဇူးကို ပြုတတ်သော တရားတို့အား၊ ဝါ–တို့ကို၊ ဥပတ္ထမ္ဘကဘာဝေန–ထောက်ပံ့တတ်သည်၏ အဖြစ်ဖြင့်၊ ပစ္စယော–ကျေးဇူးပြုတတ်သောတရားသည်၊ အညမညပစ္စယော–မည်၏၊ စ–(အညမည, သဟဇာတအထူးကို) ဆက်ဦးအံ့၊ အညမညတာဝသေနေဝ–အချင်းအချင်း၏ အဖြစ်၏အစွမ်းဖြင့်သာလျှင်၊(အပြန်အလှန်၏အစွမ်းဖြင့်သာလျှင်၊) ဥပကာရက တာ–လျော်သောကျေးဇူးကို ပြုတတ်သည်၏ အဖြစ်သည်၊ အညမညပစ္စယ တာ–မည်၏၊ သဟဇာတမတ္တေန–တကွ ဖြစ်ကာမျှဖြင့်၊ (ဥပကာရကတာ–သည်၊) န (အညမညပစ္စယတာ) – အညမညပစ္စယသတ္တိ မဟုတ်၊

[တကွဖြစ်ကာမျှဖြင့် ကျေးဇူးပြုသောသတ္တိကား သဟဇာတသတ္တိ-ဟူလို၊] ဣတိ အယံ-ကား၊ ဒွိန္နံ-န်သော၊ တေသံ-ဤအညမညပစ္စည်း, သဟဇာတ ပစ္စည်းတို့၏၊ ဝိသေသော။

တထာဟိ-ထိုစကားကိုချဲ့ဦးအံ့၊ သဟဇာတပစ္စယဘာဝိယေဝ-သဟဇာတ ပစ္စည်းအဖြစ်ဖြင့် ဖြစ်လေ့ရှိသည်သာလျှင်ဖြစ်သော၊ ကောစိ-အချို့သောတရား သည်၊ အညမညပစ္စယော-သည်၊ န ဟောတိ-မဖြစ်၊ (ကသ္မာ-ကြောင့်၊ ဝိညာယတိ-သိအပ်သနည်း၊) စိတ္တဇရူပါနံ-တို့၏၊ သဟဇာတပစ္စယဘာဝိ နော-သဟဇာတပစ္စည်းအဖြစ်ဖြင့် ဖြစ်လေ့ရှိသော၊ နာမဿ-(စိတ်စေတသိက် ဟူသော၊) နာမ်တရား၏လည်းကောင်း၊ ဥပါဒါရူပါဒါနံ-တို့၏၊ သဟဇာတ ပစ္စယဘာဝီနံ-န်သော၊ မဟာဘူတာနဉ္စ-တို့၏လည်းကောင်း၊ အညမညပစ္စယ ဘာဝဿ-အညမညပစ္စည်း၏အဖြစ်၏၊ အနုဒ္ဒဋ္ဌတ္တာ-(ပစ္စယနိဒ္ဒေသ၌) မထုတ် ပြအပ်သည်၏အဖြစ်ကြောင့်၊ (ဝိညာယတိ-၏၊) [ဥာပကဟိတ်ဖြစ်၍ "ဝိညာယတိ"ဟု ထည့်ပါ။]

ဟိ-လဒ္ဒဒေါသထင်ရှားပြအံ့၊ သဟဇာတဘာဝေနေဝ-သဟဇာတ၏ အဖြစ်ဖြင့်ပင်လျှင်၊ အတ္တနော-အား၊ ဥပကာရကာနံ-လျော်သောကျေးဇူးကို ပြုတတ်သောတရားတို့ကို၊ ဥပကာရကတာ-(ပြန်၍)လျော်သောကျေးဇူးကို ပြုတတ်သည်၏အဖြစ်သည်၊ အညမညပစ္စယတာ-သည်၊ ယဒိသိယာ-အံ့၊ တဒါ-ထိုသို့ဖြစ်လသော်၊ သဟာပေပစ္စယေဟိ-တို့သည်၊ သမာနေဟိ-တူမျှကုန်သည်၊ ဘဝိတဗ္ဗံ-ဖြစ်ရာ၏၊ [စင်စစ်ကား မတူမျှ-ဟူလို၊] ဣတိ-ဤသို့မှတ်အပ်၏။

ပဋ္ဌော-ကားပုံအဝတ်သည်၊ စိတ္တကမ္မဿ-ဆန်းဆန်းကြယ်ကြယ် ပြုလုပ် အပ်သော ပန်းချီဆေးရေးရုပ်၏၊ (နိဿယဘူတော-မှီရာဖြစ်၍ဖြစ်သည်၊ (ဟောတိ)ဝိယ-ကဲ့သို့၊ (တထာ)သဟဇာတနာမရူပါနံ-တကွဖြစ်သော နာမ်ရုပ် တို့၏၊ နိဿယဘူတာ-န်သော၊ စတုက္ခန္ဓာ-လေးပါးသော နာမက္ခန္ဓာတို့လည်း ကောင်း၊ ပထဝီ-မြေကြီးသည်၊ တရုပဗ္ဗတာဒီနံ-သစ်ပင်, တောင်အစရှိသော

**တထာဟိ ၊ပေ၊ အနုဒ္ဒဋ္ဌတ္တာ။** ။နာမက္ခန္ဓာလေးပါးသည် စိတ္တဇရုပ်တို့အား သဟဇာတ သတ္တိဖြင့် ကျေးဇူးပြုသော်လည်း အညမညသတ္တိဖြင့်ကျေးဇူးမပြုနိုင်၊ ဤစကားဖြင့် ကောစိအရ စိတ္တဇရုပ်တို့အား ကျေးဇူးပြုသော အချို့သောနာမ်တရားဟု မှတ်၊ မဟာဘုတ်လေးပါးသည် ဥပါဒါရုပ်တို့အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသော်လည်း အညမညသတ္တိဖြင့် ကျေးဇူး မပြုနိုင်၊ ဤစကားဖြင့် ကောစိအရ ဥပါဒါရုပ်တို့အား ကျေးဇူးပြုသော မဟာဘုတ်တရား-ဟု မှတ်၊ ပဋိသန္ဓေခဏ၌ ဝတ္ထုဝိပါကတို့ကား သဟဇာတလည်း ဟုတ်, အညမညလည်း ဟုတ်ကြသည်၊ ထိုဝတ္ထုရုပ်နှင့် နာမ်ဝိပါက် များ မပါသောကြောင့် "ကောစိ"ဟု ဆိုသည်၊ ထိုကဲ့သို့ ကျေးဇူးမပြုနိုင်ကြောင်းကို ပဋ္ဌာန်းပစ္စယနိဒ္ဒေသ၌ ထုတ်ဖော်ဟောပြတော်မမူသောကြောင့် သိနိုင်သည်-ဟူလို။

ဝတ္ထုတို့ကို၊ (အာစရဏာ)ဝိယ–ဆောင်ထားတတ်သကဲ့သို့၊ (တထာ) အာစရဏာတောယေဝ–ဆောင်တတ်သည်၏အဖြစ်ဖြင့်သာလျှင်၊ သဟ၊ပေ၊ဓာတူနံ–တကွဖြစ်သော ရုပ်,သတ္တဝိညာဏဓာတ်တို့၏၊ ယထာက္ကမံ–တိုင်း၊ နိဿယာ–မှီရာဖြစ်ကုန်သော၊ ဘူတရုပ်–လည်းကောင်း၊ ဝါ–ပထဝီဓာတ်လည်းကောင်း၊ ဝတ္ထုစ–စက္ခုစသော ဝတ္ထုခြောက်ပါးလည်းကောင်း၊ က္ကတိ–သို့၊ က္ကမေ (ဓမ္မာ)–တို့သည်၊ နိဿိတကေဟိ–မှီတတ်သောပစ္စယုပ္ပန်တရားတို့သည်၊ နိဿီယတိ–မှီအပ်၏၊ က္ကတိကတ္ဝာ–ဤသို့ဝစနတ္ထပြု၍၊ ဝါ–ဤအကြောင်းကြောင့်၊ နိဿယပစ္စယောနာမ–မည်၏၊ [ဤအဓိပ္ပါယ်ကို သုံးချက်စုဘာသာဋီကာ၌ မူလဋီကာကို မှီး၍ ပြထားပြီ၊ အာစရအဖြစ်ဖြင့် တည်ရာကို ပြရာဝယ် မူလဋီကာ၌ ပထဝီနှင့် ဝတ္ထုရုပ်ကိုသာ ပြ၏၊ ဤ၌မဟာဘုတ်လေးပါးလုံးနှင့် ဝတ္ထုရုပ်ကို ပြသည်။]

ဗလဝဘာဝေန–အားရှိသည်၏အဖြစ်ဖြင့်၊ နိဿယော–မှီအပ်သော၊ (မှီရာဖြစ်သော၊) ပစ္စယော–သည်၊ ဥပနိဿယော–မည်၏၊ (ကသ္မာ) ဥပသဒ္ဒဿ–၏၊ အတိသယဇောတကတ္တာ–အလွန်အကဲဟူသော အနက်ကိုထွန်းပြတတ်သည်၏အဖြစ်ကြောင့်တည်း၊ [ဗလဝနှင့်အတိသယ သဘောတူ၊] ပန–ဆက်၊ တဿ–ထိုဥပနိဿယပစ္စည်း၏၊ ဘေဒံ–ကို၊ ဝက္ခတိ–(ကိုယ်တိုင်) ဆိုလတ္တံ့၊ ["ဥပနိဿယော ပန တိဝိဓော ၊ပေ၊ ပကတူပနိဿယောစေတိ"ဟု ဆိုလတ္တံ့။]

ဆ–န်သော၊ ဝတ္ထုနို–တို့လည်းကောင်း၊ ဆ–န်သော၊ အာရမဏာနိစ–တို့လည်းကောင်း၊ က္ကတိ–ဤသို့၊ က္ကမေ–ဤတရားတို့သည်၊ ပစ္စယုပ္ပန္နတော–ပစ္စယုပ္ပန်တရားမှ၊ ပဌမံ–စွာ၊ ဥပ္ပဇ္ဇိတွာ–ဖြစ်ပြီး၍၊ ပဝတ္တမာနဘာဝေန–ဖြစ်တည်ဆဲ၏အဖြစ်ဖြင့်၊ ဥပကာရကာ–တရားတို့သည်၊ ပုရေဇာတပစ္စယော–မည်၏၊ ["ပဌမံ ဥပ္ပဇ္ဇိတွာ"ဖြင့် ပစ္စည်းတရားက အလျှင်ဥပါဒ်နှင့်ရမည်–ဟုလည်းကောင်း, "ပဝတ္တမာနဘာဝေန"ဖြင့် ဌီအခိုက်၌ တည်ရှိရမည်–ဟုလည်းကောင်း ပြသည်၊ မှန်၏–အတ္ထိပစ္စည်းဟူသမျှ ပစ္စယုပ္ပန်အခိုက်၌ ကျေးဇူးပြုသည်၊ ဤပုရေဇာတလည်း ပုရေဇာတတ္ထိပင်တည်း၊။]

ပစ္ဆာဇာတပစ္စယေ–သည်၊ အသတိ–သော်၊ သန္တာနဋ္ဌိတိဟေတုဘာဝံ–အစဉ်သန္တာန်တည်ခြင်း၏ အကြောင်း၏အဖြစ်သို့၊ အဂစ္ဆန္တဿ–မရောက်သော၊ ကာယဿ–ရုပ်အပေါင်းကို၊ ဥပတ္ထမ္ဘနဘာဝေန–ထောက်ပံ့တတ်သည်၏အဖြစ်ဖြင့်၊ ဥပပကာရကာ–န်သော၊ ပစ္ဆာဇာတာ–နောက်၌ဖြစ်ကုန်သော၊ စိတ္တစေတသိကာ–န်သော၊ ဓမ္မာ–တို့သည်၊ ပစ္ဆာဇာတပစ္စယော–မည်၏၊ သော–ထိုပစ္ဆာဇာတပစ္စည်းကို၊ ဂိဇ္ဈပေါတကသရီရာနံ–လင်းတငယ်ကလေးတို့၏ ကိုယ်တို့အား၊ (ဥပကာရိကာ–သော၊) အာဟာရာသာစေတနာဝိယ–အာဟာရ၌တွယ်တာသော စေတနာကိုကဲ့သို့၊ ဒဋ္ဌဗ္ဗော–၏၊ [အဓိပ္ပာယ်ကို သုံးချက်စုဘာသာဋီကာ၌ ရှုပါ။]

ပုရိမ ။ပေ၊ ဂန္ထေ ၁–ရှေးရှေးဖြစ်သော လေ့ကျက်အပ်သော ကျမ်းစာသည်၊ (ရှေးရှေးဖြစ်သော ကျမ်းစာကို လေ့ကျက်ခြင်းသည်၊) အတ္တသဒိသဿ–မိမိနှင့်သဘောတူသော၊ ဥတ္တရုတ္တရဂန္ထဿ–နောက်နောက်ဖြစ်သော ကျမ်းစာ၏၊ (နောက်နောက်ဖြစ်သော ကျမ်းစာကိုလေ့ကျင့်ခြင်း၏၊) ပဂုဏဗလဝဘာဝေန–လေ့လာအပ်သည်၏အဖြစ်, အားရှိသည်၏အဖြစ်ဖြင့်၊ ပစ္စယောဝိယ–ကျေးဇူးပြုသကဲ့သို့၊ ကုသလာဒိဘာဝေန–ကုသိုလ်အစရှိသည်တို့၏အဖြစ်ဖြင့်၊ အတ္တသဒိသဿ–မိမိနှင့် သဘောတူသောတရား၏၊ ဝါ–ကို၊ ပဂုဏ၊ပေ၊ ဂါဟဏံ–လေ့လာအပ်သည်၏အဖြစ်, အားရှိသည်၏အဖြစ်သည် အထူးပြုအပ်သော မိမိနှင့်တူသော ဇာတ်ရှိသည်၏အဖြစ်ကို ယူစေခြင်းသည်၊ အာသေဝနံ–အာသေဝနမည်၏၊ တေန–ထို အာသေဝနသတ္တိဖြင့်၊ သဇာတိယဓမ္မာနံ–တူသောဇာတ်ရှိသောတရားတို့အား၊ ပစ္စယာ–န်သော၊ သဇာတိယဓမ္မာဝ-တူသောဇာတ်ရှိသော တရားတို့သည်သာလျှင်၊ အာသေဝနပစ္စယော–မည်၏။

ဟိ–မှန်၊ ဘိန္နဇာတိကာ–ပြားသောဇာတ်ရှိသော တရားတို့သည်၊ ဘိန္နဇာတိကေဟိ–တို့သည်၊ ဝါ–တို့ကို၊ [ဂါဟာပေတုံ၌ ကာရိတ်ကံ, ဓာတ်ကတ္တား အဖြစ်ဖြင့် ‘စပ်၊] အာသေဝနဂုဏေန–အာသေဝနဂုဏ်အားဖြင့်၊ (အာသေဝနသတ္တိဖြင့်၊) ပဂုဏ ။ပေ၊ ဝိသိဋ္ဌံ–လေ့လာအပ်သည်၏အဖြစ်ဖြင့်, အားရှိသည်၏အဖြစ်သည် အထူးပြုအပ်သော၊ ကုသလာဒိဘာဝသင်္ခါတံ–ကုသိုလ်အစရှိသည်တို့၏အဖြစ်ဟုဆိုအပ်သော၊ အတ္တနော–၏၊ ဂတိံ–အလားကို၊ ဝါ–ဖြစ်ပုံကို၊ ဂါဟာပေတုံ–ငှာ၊ နသက္ကောန္တိ–ကုန်၊ သယံစ–မိမိဟူသော ဘိန္နဇာတိကပစ္စယုပ္ပန်တရားတို့ကလည်း၊ တတော–ထိုဘိန္နဇာတိကပစ္စည်းတရားမှ၊ (ပဂုဏ ။ပေ၊ ဝိသိဋ္ဌံ–သော၊ ကုသလာဒိဘာဝသင်္ခါတံ–သော၊ ဂတိံ–ကို၊) န ဂဏှန္တိ–နိုင်ကုန်၏၊ ပန–ဆက်၊ တေ–ထို အာသေဝနပစ္စည်းတရားတို့သည်၊ အနန္တရာတီတာနိ–အခြားမဲ့ဖြစ်၍ လွန်ကုန်ပြီးသော၊ လောကိယ ။ပေ၊ စေဝ–လောကီကုသိုလ်, အကုသိုလ်ဇောတို့လည်းကောင်း၊ အနာဝဇ္ဇနကြိယဇဝနာနိ စ –အာဝဇ္ဇန်းမှတစ်ပါးသော ကြိယာဇောတို့လည်းကောင်းတည်း၊ ဣတိ ဒဋ္ဌဗ္ဗံ။

---

- **ပုရိမပုရိမ။ပေ။ဂန္ထဿ**။ ။ကျမ်းဂန်ကို သင်ယူရာ၌ သင်ယူခါစဝယ် ခက်ခဲသော်လည်း တဖြည်းဖြည်း အခြေရသောအခါ နောက်နောင်သင်ယူမှုမှာ လွယ်ကူလာ၏၊ ထိုသို့ လွယ်ကူခြင်းသည် ရှေးရှေးသင်ယူမှုက ကျေးဇူးပြုသောကြောင့်တည်း၊ ထိုသို့ ရှေးရှေး သင်ယူမှုက ကျေးဇူးပြု၏–ဟု ဆိုသော်လည်း သဒ္ဒါကို သင်ယူခြင်းသည် သင်္ဂြိုဟ်ကို သင်ယူခြင်းအား ကျေးဇူးမပြုနိုင်၊ သဒ္ဒါ သဒ္ဒါချင်း, သင်္ဂြိုဟ် သင်္ဂြိုဟ်ချင်း ဇာတ်တူ ကျမ်းစာချင်းသာ ကျေးဇူးပြုနိုင်သည်၊ ထို့ကြောင့် “အတ္တသဒိသဿ ပဂုဏဗလဝဘာဝေန ပစ္စယော”ဟုစပ်ပုဒ်ထည့်သည်၊ မဏိမဥ္ဇူ၌ကား တစ်မျိုးထည့်လေ၏၊ [ဇောတို့ ဇာတ်တူချင်းသာ ကျေးဇူးပြုပုံကို သုံးချက်စုဘာသာဋီကာ၌ ပြထားပြီ၊]

စိတ္တ ။ပေ၊ ဘာဝေန–စိတ်၏ပယောဂဟုဆိုအပ်သော အမှုအရာကြိယာ၏ အဖြစ်ဖြင့်၊ ["ကမ္မ"ဟူသောပုဒ်ကို "ကရဏံ ကမ္မံ"ဟု ဝိဂြိုဟ်ပြုရသောကြောင့် "ကြိယာ"ဟု ဆိုသည်၊ စိတ်၏ပယောဂဟူသည် ကမ္မဟူသော ဤစေတနာပင်တည်း၊] သဟဇာတာနံ–တကွဖြစ်သော စိတ် စေတသိက် စိတ္တဇရုပ်တို့အားလည်းကောင်း၊ [သဟဇာတကမ္မ၏ ပစ္စယုပ္ပန်ကို ရည်ရွယ်သည်၊] နာနက္ခဏိကာနံ–ပစ္စည်းတရား ဖြစ်ရာခဏမှ ကွဲပြားသော ခဏ၌ဖြစ်ကုန်သော၊ ဝိပါကာနံ–ဝိပါက်စိတ် စေတသိက်တို့အားလည်းကောင်း၊ ကဋတ္တာရုပ်ပနန္တ–တို့အားလည်းကောင်း၊ [နာနက္ခဏိကကမ္မ၏ ပစ္စယုပ္ပန်ကို ရည်ရွယ်သည်၊] ဥပကာရိကာ–သော၊ စေတနာ–သည်၊ ကမ္မပစ္စယော–မည်၏၊ [အဓိပ္ပာယ်ကို သုံးချက်စုဘာသာဋီကာ၌ ရှုပါ။]

အတ္တနော–၏၊ နိရုဿာဟသန္တဘာဝေန–ဥဿာဟမရှိသော ငြိမ်သက်သော တရား၏အဖြစ်ဖြင့်၊ [ဥပကာရကာ၌ စပ်၊] သဟဇာတ နာမရူပါနံ–တကွဖြစ်သောနာမ်ရုပ်တို့အား၊ [ဥပကာရကာ၌ စပ်၊] ဝါ–တို့၏၊ [သန္တဘာဝ၌ စပ်၊] နိရုဿာဟသန္တဘာဝါယ–ဥဿာဟမရှိသော ငြိမ်သက်ကုန်သည်၏ အဖြစ်ဟူသောအကျိုးငှာ၊ ဥပကာရကာ–န်သော၊ ဝိပါကစိတ္တစေတသိကာ–ဝိပါက်ဖြစ်သောစိတ် စေတသိက်တို့သည်၊ ဝိပါကပစ္စယော–မည်၏။

ဟိ–ချဲ့၊ တေ–ထိုဝိပါက်ဖြစ်သော စိတ်စေတသိက်တို့သည်၊ ပယောဂေန–ပယောဂဗျာပါရဖြင့်၊ အသာဓေတဗ္ဗတာယ–မပြီးစေထိုက်ကုန်သည်၏ အဖြစ်ကြောင့်၊ ဝါ–အတွက်၊ ကမ္မဿ–၏၊ ဝါ–ကို၊ ကဋတ္တာ–ပြုအပ်ပြီး၏ အဖြစ်ကြောင့်၊ (ပြုခဲ့သောကြောင့်၊) နိပ္ဖန္နမာနမတ္တတော–ပြီးစီးရသော အကျိုးတရားမျှ၏အဖြစ်ကြောင့်၊ နိရုဿာဟသန္တဘာဝါ–ဥဿာဟမရှိသော ငြိမ်သက်သည်၏အဖြစ်ရှိကုန်သည်၊ ဟောန္တိ–န်၏၊ ကိလေသဝူပသမသန္တဘာဝါ–ကိလေသာ၏ ငြိမ်းအေးခြင်းဟူသော ငြိမ်သက်သည်၏ အဖြစ်ရှိကုန်သည်၊ န ဟောန္တိ–န်၊ [နိရုဿာဟသန္တ, ကိလေသဝူပသမသန္တ–ဟု သန္တ နှစ်မျိုးရှိ၏၊ ထိုတွင် နိရုဿာဟသန္တကို ဤ၌ယူပါ–ဟူလို၊] ဟိ–မှန်၊ တထာသန္တဘာဝ တောယေဝ–ထို နိရုဿာဟသန္တ၏အဖြစ်ကြောင့်ပင်၊ ဘဝင်္ဂါဒယော–ဘဝင် အစရှိသော စိတ်စေတသိက်တို့ကို၊ ဒုဗ္ဗိညေယျာ–မသိအပ်,မသိနိုင်ကုန်၊ ပန–ဆက်၊ အဘိ၊ပေ၊မတ္တာ–ပဉ္စဝိညာဏ်၏ ရှေးရှုကျရောက်ခြင်း, သမ္ပဋိစ္ဆိုန်း၏ ခံယူခြင်း, သန္တီရဏ၏ စုံစမ်းခြင်းမျှ ဖြစ်ကုန်သော၊ ဝိပါကာ–ဝိပါက်တရားတို့ကို၊ ဒုဗ္ဗိညေယျာ၀–န်သည်သာ၊ ဇဝနပ္ပဝတ္တိယာ၀–ဝီထိအတွင်း၌ဇော၏ ဖြစ်ခြင်းကြောင့်သာလျှင်၊ နေသံ–ထိုပဉ္စဝိညာဉ်, သမ္ပဋိစ္ဆိုန်း, သန္တီရဏတို့၏၊ ရူပါဒိဂ္ဂဟိတတာ–ရူပါရုံအစရှိသည်တို့၏ ယူအပ်ကုန်သည်၏အဖြစ်ကို၊ ဝိညာယတိ–၏၊ [ဤအားလုံး၏ အဓိပ္ပာယ်ကို သုံးချက်စုဘာသာဋီကာ၌ ရှုပါ။]

ရူပါရူပါနံ–ရုပ်တရား, နာမ်တရားတို့ကို၊ ဥပတ္ထမ္ဘကတ္တေန–ထောက်ပံ့တတ်သည်၏အဖြစ်ဖြင့်၊ ဥပကာရကာ–န်သော၊ စတ္တာရော–န်သော၊ အာဟာရာ–တို့သည်၊ အာဟာရပစ္စယော–မည်၏၊ [ဇနကသတ္တိ မရှိတော့ဘူးလော–ဟုမေးဖွယ်ရှိသောကြောင့်"သတိပိ"စသည်မိန့်၊] ဟိ–မှန်၊ ဇနကဘာဝေ–ဖြစ်စေတတ်သည်၏အဖြစ်သည်၊ (ဇနကသတ္တိသည်၊) သတိပိ–သော်လည်း၊ ဥပတ္ထမ္ဘကတ္တမေဝ–သည်သာလျှင်၊ (ဥပတ္ထမ္ဘကသတ္တိသည်သာလျှင်၊) အာဟာရဿ–၏၊ ပဓာနကိစ္စံ–ပြဋ္ဌာန်းသောကိစ္စတည်း၊ ဇနယန္တောပိ–ဖြစ်စေပါသော်လည်း၊ ဝါ–ဖြစ်စေသည်လည်းဖြစ်သော၊ အာဟာရော–သည်၊ အဝိစ္ဆေဒဝသေန–မပြတ်စဲခြင်း၏အစွမ်းဖြင့်၊ (ပစ္စယုပ္ပန်တရားတို့ကို မပြတ်စဲအောင်၊) ဥပတ္ထမ္ဘေန္တောဝ–ထောက်ပံ့လျက်သာလျှင်၊ ဇနေတိ–၏၊ ဣတိ–ကြောင့်၊ ဥပတ္ထမ္ဘကဘာဝေါဝ–ထောက်ပံ့တတ်သည်၏ အဖြစ်သည်သာလျှင်၊ အာဟာရဘာဝေါ–အာဟာရ၏အဖြစ် မည်၏၊ (အာဟာရပစ္စယသတ္တိ မည်၏၊) [အဓိပ္ပာယ်ကို သုံးချက်စုဘာသာဋီကာ၌ ရှု။]

တေသုတေသုကိစ္စေသု–ထိုထို (ဒဿနစသော)ကိစ္စတို့၌၊ ပစ္စယုပ္ပန္နဓမ္မေဟိ–တို့သည်၊ ဝါ–တို့ကို၊ [အနုဝတ္တာပနဉ္စ ကာရိတ်ကံ, ဓာတ်ကတ္တားအဖြစ်ဖြင့်စပ်၊] အတ္တာနံ–ကို၊ အနုပေပဝတ္တနေ–လိုက်စေခြင်းဟုဆိုအပ်သော အစိုးရသည်၏ အဖြစ်ဖြင့်၊ ပစ္စယော–သည်၊ ဣန္ဒြိယပစ္စယော–မည်၏၊ [အဓိပ္ပာယ်ကို သုံးချက်စုဘာသာဋီကာ၌ ရှု။]

အာရမ္မဏူပေ၊ ဝသေန–အာရမ္မဏူပနိဇ္ဈာန်,လက္ခဏူပနိဇ္ဈာန်တို့၏အစွမ်းဖြင့်၊ ဥပဂန္တွာ–ကပ်ရောက်၍၊ အာရမ္မဏနိဇ္ဈာနကာ–အာရုံကိုရှုတတ်ကုန်သော၊ ဝိတက္ကာဒယော–ဝိတက်အစရှိသော စေတသိက်တို့သည်၊ ဈာနပစ္စယော–မည်၏၊ [ရူပ, အရူပဈာန်သည် "အာရမ္မဏူပနိဇ္ဈာန်"မည်၏၊ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာကို ရှုတတ်သော ဝိပဿနာဉာဏ်, မဂ်, ဖိုလ်တို့သည် "လက္ခဏူပနိဇ္ဈာန်"မည်၏၊ ဈာနသတ္တိကိုသုံးချက်စုဘာသာဋီကာ၌ ပြထားပြီ။]

သုဂတိတော(ဝါ)–သုဂတိမှသော်လည်းကောင်း၊ ပုညတော(ဝါ)–ကောင်းမှုမှသော်လည်းကောင်း၊ ဒုဂ္ဂတိတော(ဝါ)–မှသော်လည်ကောင်း၊ ပါပတောဝါ–မှသော်လည်းကောင်း၊ နိယျာနဋ္ဌေန–ထွက်မြောက်တတ်သည် ၏အဖြစ်ဖြင့်၊ ဥပကာရကာ–န်သော၊ သမ္မာဒိဋ္ဌာဒယော–သမ္မာဒိဋ္ဌိအစရှိသော တရားတို့သည်၊ မဂ္ဂပစ္စယော–မည်၏။

ပရမတ္ထတော–အားဖြင့်၊ ဘိန္နာ–န်သည်၊ (သမာနာ)ပိ–န်သော်လည်း၊ ဧကီဘာဝဂတာဝိယ–တစ်ခုတည်း၏အဖြစ်သို့ ကပ်ရောက်ကုန်သကဲ့သို့၊ ဧကုပ္ပာဒါ၊ ၊ပေ၊ လက္ခဏေန– ဧကုပ္ပာဒ အစရှိသည်တို့၏ အဖြစ်ဟု ဆိုအပ်သော သမ္ပယုတ်လက္ခဏာအားဖြင့်၊ ဥပကာရကာ–န်သော၊ နာမဓမ္မာဝ–တို့သည်သာ၊

[ဧဝဖြင့် ရုပ်တရားကို ကန့်၊] သမ္ပယုတ္တပစ္စယော-မည်၏၊ [သံအနက်, ဥပ အနက်နှင့် အဓိပ္ပာယ်ကို သုံးချက်စုဘာသာဋီကာ၌ ပြထားပြီ။]

အညမညသမ္ဗန္ဓတာယ-အချင်းချင်းဆက်သွယ်ခြင်းရှိကုန်သည်၏အဖြစ်ဖြင့်၊ ယုတ္တာ-န်သည်၊ သမာနာပိ-န်သော်လည်း၊ ဝိပ္ပယုတ္တဘာဝေန-မယှဉ်ကုန်သည်၏အဖြစ်ကြောင့်၊ ဝိသံသဋ္ဌတာယ-မရောနှောကုန်သည်၏ အဖြစ်ကြောင့်၊ နာနတ္တုပဂမနေန- အသီး အသီးသော သဘောသို့ ကပ်ရောက်ခြင်းဖြင့်၊ ဥပကာရကာ-န်သော၊ ဝတ္ထု-ဝတ္ထုရုပ်ခြောက်ပါးသည်လည်းကောင်း၊ စိတ္တစေတသိကာ-တို့သည်လည်းကောင်း၊ ဝိပ္ပယုတ္တပစ္စယော-မည်၏။ [အဓိပ္ပာယ်ကို သုံးချက်စုဘာသာဋီကာ၌ ရှု။]

ပစ္စုပ္ပန္နသဘာဝသင်္ခါတေန-ပစ္စုပ္ပန်သဘောဟုဆိုအပ်သော၊ အတ္ထိဘာဝေန-ထင်ရှားရှိသည်၏အဖြစ်ဖြင့်၊ တာဒိသဿေဝ-ထိုကဲ့သို့ရှုအပ်သည်ပင်ဖြစ်သော၊ (ပစ္စုပ္ပန်အဖြစ်ဖြင့် ထင်ရှားသည်ပင်ဖြစ်သော၊) ဓမ္မဿ-ကို၊ ဥပတ္ထမ္ဘကတ္တေန-ဖြင့်၊ ဥပကာရကာ-န်သော၊ သဟဇာတ ၊ပေ၊ တျာဒိနာ-ဖြင့်၊ ဝက္ခမာနဓမ္မာ-ဆိုအပ်လတ္တံ့သောတရားတို့သည်၊ အတ္ထိပစ္စယော-မည်၏၊ ဟိ-မှန်၊ ဇနကတ္တေ-ဖြစ်စေတတ်ကုန်သည်၏အဖြစ်သည်၊ (ဇနကသတ္တိသည်၊) သတိပိ-သော်လည်း၊ ဋ္ဌိတိယံယေဝ-ဌီအခိုက်၌သာလျှင်၊ အတ္ထိပစ္စယာနံ-တို့၏၊ ဗျာပါရော-သည်၊ သာတိသယော-အလွန်အကဲနှင့်တကွဖြစ်၏၊ ဣတိ-ကြောင့်၊ တေသံ-ထိုအတ္ထိပစ္စည်းတို့၏၊ ဥပတ္ထမ္ဘကတာဝ-ထောက်ပံ့တတ်ကုန်သည်၏ အဖြစ်ကိုသာလျှင်၊ ဂဟိတာ-ပြီ၊ [အဓိပ္ပာယ်ကို သုံးချက်စုဘာသာဋီကာ၌ ရှု။]

ကေသိဉ္စိ-တစ်စုသော၊ ဖဿာဒိဓမ္မသမုဒါယေ-ဖဿအစရှိသော တရားအပေါင်းသည်၊ ပဝတ္တမာနေ-ဖြစ်လသော်၊ ဝါ-ဖြစ်နေစဉ်၊ ဒုတိယဿ-နှစ်စုမြောက်သော၊ (ဖဿာဒိဓမ္မသမုဒါယဿ-၏၊) အဘာဝတော-မဖြစ်နိုင်ခြင်းကြောင့်၊ အတ္တနော-မိမိဟူသောပစ္စည်းတရား၏၊ ဋ္ဌိတိယာ-တည်ခြင်းကြောင့်၊ ဩကာသံ-ဖြစ်ခွင့်ကို၊ အလဘန္တာနံ-န်သော၊ အနန္တရံ-၌၊ ဥပ္ပဇ္ဇမာနက စိတ္တစေတသိကာနံ-ဖြစ်လတ္တံ့သောစိတ်စေတသိက်တို့အား၊ ဩကာသဒါန ဝသေန-ဖြစ်ခွင့်ပေးခြင်း၏အစွမ်းဖြင့်၊ ဥပကာရကာ-န်သော၊ အနန္တရနိရုဒ္ဓါ-အခြားမဲ့ ဖြစ်၍ချုပ်ပြီးကုန်သော၊ စိတ္တစေတသိကာ-တို့သည်၊ နတ္ထိပစ္စယော-မည်၏။ [အဓိပ္ပာယ်ကို သုံးချက်စုဘာသာဋီကာ၌ ရှု။]

အတ္တနော-၏၊သဘာဝါဝိဂမနေန-အထည်ကိုယ်သဘောမှ မကင်းသေးခြင်းကြောင့်၊ အပ္ပဝတ္တမာနာနံ-ဖြစ်ခွင့်မရသော နောက်နောက်တရားတို့အား၊ ဝိဂတဘာဝေန-မိမိက ကင်းကွာသည်၏အဖြစ်ဖြင့်၊ ဥပကာရကာယေဝ-ကျေးဇူးပြုတတ်သည်ပင်လျှင် ဖြစ်ကုန်သော၊ ဓမ္မာ-တို့သည်၊ ဝိဂတပစ္စယော-မည်၏၊ [အဓိပ္ပာယ်ကို သုံးချက်စုဘာသာဋီကာ၌ ရှု။]

နိရောဓာနုပဂမနဝသေန–ချုပ်ခြင်းသို့မကပ်ရောက်ခြင်း၏အစွမ်းဖြင့်၊ ဥပကာရကာ–န်သော၊ အတ္ထိပစ္စယာဝ–တို့သည်ပင်၊ အဝိဂတပစ္စယော–မည်၏၊ သသဘာဝတာ မတ္တေန–မိမိ၏ ပရမတ္ထအထည်ကိုယ် ထင်ရှားရှိသည်အဖြစ်မျှဖြင့်၊ဥပကာရကတာ–သည်၊အတ္ထိပစ္စယတာ–မည်၏၊ နိရောဓာနုပဂမနဝသေန–ဖြင့်၊ ဥပကာရကတာ–သည်၊ အဝိဂတပစ္စယတာ–မည်၏၊ ဣတိ–သို့၊ နေသံ–ထိုပစ္စည်းနှစ်ပါးတို့၏၊ဓမ္မာဝိသေသော–ဓမ္မအားဖြင့်မထူးကုန်သည်၏အဖြစ်သည်၊ (သတိ)ပိ၊ ပစ္စယတာဝိသေသော–ပစ္စယသတ္တိအားဖြင့်အထူးကို၊ ဒဋ္ဌဗ္ဗော–၏။

ဟိ–တိုက်တွန်းဦးအံ့၊ ဓမ္မာနံ–ပရမတ္ထတရားတို့၏၊ သမတ္ထတာဝိသေသံ–စွမ်းနိုင်ကုန်သည်၏ အဖြစ်ဟူသောသတ္တိထူးကို၊ သဗ္ဗာကာရေန–အားဖြင့်၊ ဉတွာ–သိတော်မူပြီး၍၊ ဘဂဝတာ–သည်၊ စတုဝီသတိပစ္စယာ–၂၄ပစ္စည်းတို့ကို၊ ဒေသိတာ–န်ပြီ။ ဣတိ–သို့၊ ဘဂဝတိ–၌၊ သဒ္ဓါယ–ယုံကြည်ခြင်းဖြင့်၊ ဧတေ ဓမ္မာ–တို့သည်၊ ဧဝံဝိသေသာ–ဤသို့ထူးခြားကုန်၏၊ ဣတိ–သို့၊ သုတမယ ညာဏံ–သုတမယဉာဏ်ကို၊ (ကြားနာကြည့်ရှုခြင်းကြောင့်ဖြစ်သော ဉာဏ်ကို၊) ဥပ္ပာဒေတွာ–ဖြစ်စေပြီး၍၊ စိန္တာဘာဝနာမယညာဏေဟိ–စိန္တာမယဉာဏ်, ဘာဝနာမယဉာဏ်တို့ဖြင့်၊ (ကြံစည်ခြင်း ကြောင့်ဖြစ်သောဉာဏ်, ကမ္မဋ္ဌာန်း ပွားများခြင်းကြောင့် ဖြစ်သောဉာဏ်တို့ဖြင့်၊) တဒဘိသမယာယ–ထိုသတ္တိထူးကို ထိုးထွင်း၍သိခြင်းငှာ၊ ယောဂေါ–အားထုတ်မှုကို၊ ကရဏီယော–ပြုထိုက်၏၊ ဝါ–ပြုကြပါလေ၊ [အဓိပ္ပာယ်ကို သုံးချက်စုဘာသာဋီကာ၌ ပြထားပြီ။]

ဟိ–တိုက်တွန်းသင့်၏၊ ဓမ္မသာမဂ္ဂိယသ–တရားအပေါင်း၏ ညီညွတ်ခြင်း၏၊ ဝါ–ညီညွတ်ခြင်းသဘောရှိသော တရားအပေါင်း၏၊ အဝိသေသေ–မထူးသည်၏အဖြစ်သည်၊ (သတိ)ပိ–သော်လည်း၊ တထာတထာ–ထိုထို အခြင်းအရာအားဖြင့်၊ ဝိနေတဗ္ဗပုဂ္ဂလာနံ–ဆုံးမထိုက်သောပုဂ္ဂိုလ်တို့၏၊ ဝသေန–ဖြင့်၊ [ဝေနေယျဇ္ဈာသယ၏အစွမ်းဖြင့်–ဟူလို] ဟေဋ္ဌာ–၌၊ ဝုတ္တောပိ–ဟောတော်မူအပ်ပြီးလည်းဖြစ်သော၊ ပစ္စယော–ပစ္စည်းတရားကို၊ ပုန–တစ်ဖန်၊ ပကာရန္တရေန–တစ်မျိုးသော အပြားအားဖြင့်၊ ဝုစ္စတိ–ဟောတော်မူအပ်၏၊ [အနန္တရပစ္စည်းကို ဟောတော်မူပြီးနောက် တစ်ဖန် သမနန္တရ,နတ္ထိ,ဝိဂတပစ္စည်းတို့ကို ဟောတော်မူပြန်သည်, စသည်ဖြင့် သိပါ၊](ကိမိဝ–အဘယ်ကဲ့သို့နည်း၊) အဟေတုကဒုကံ–အဟေတုကဒုက်ကို၊ ဝတွာပိ–ဟောတော်မူပြီး၍လည်း၊ ဟေတုဝိပ္ပယုတ္တဒုကံ–ကို၊(ဝုစ္စတိ) ဝိယ–ဟောတော်မူအပ်သကဲ့သို့တည်း၊ ဣတိ ဒဋ္ဌဗ္ဗံ၊ [အဟေတုကဒုက်နှင့်ဟေတုဝိပ္ပယုတ္တဒုက်သည် အရကောက်တူသော်လည်း ဝေနေယျဇ္ဈာသယ၏အစွမ်းဖြင့် ထပ်၍ ဟောတော်မူသကဲ့သို့–ဟူလို။]

**၂၄ပစ္စည်းအကျဉ်းအဖွင့် ပြီးပြီ။**

**၁၅။** [ဆတာနာမံ တု နာမဿ စသောဂါထာကို ဖွင့်ပြလို၍ "နာမံ"စသည် မိန့်။] နာမံ စတုက္ခန္ဓသင်္ခါတံ နာမံ–ခန္ဓာ လေးပါးဟုဆိုအပ်သော နာမ်သည်၊ တာဒိသဿေဝ–ထိုကဲ့သို့ရှုအပ်သည်သာလျှင်ဖြစ်သော၊ နာမဿ–နာမ်ခန္ဓာ လေးပါးအား၊ ဆဓာ (ဆဟာကာရေဟိ–)ခြောက်ပါးသော အခြင်းအရာတို့ဖြင့်၊ ပစ္စယော–သည်၊ ဟောတိ–၏၊ တဒေဝ–ထို ခန္ဓာလေးပါးဟုဆိုအပ်သော နာမ်သည်ပင်၊ သမုဒိတာနံ–အပေါင်းဖြစ်ကုန်သော၊ နာမရူပီနံ–နာမ်, ရုပ်တို့အား၊ ပဉ္စဓာ–ငါးပါးသော အခြင်းအရာတို့ဖြင့်၊ ပစ္စယော ဟောတိ၊ (နာမံ–ခန္ဓာလေးပါးဟုဆိုအပ်သောနာမ်သည်၊) ပုန–တစ်ဖန်၊ ဘူတုပါဒါယဘေဒဿ–ဘူတရုပ်, ဥပါဒါရုပ်ဟူသောအပြားရှိသော၊ ရူပဿ–အား၊ ဧကဓာ–တစ်ပါးသောအဖို့ဖြင့်၊ ပစ္စယော၊ ဟောတိ၊ စ–အဖို့တစ်ပါးကား၊ ရူပံ–သည်၊ နာမဿ–အား၊ ဧကဓာ–ဖြင့်၊ ပစ္စယော (ဟောတိ)၊ ပညတ္တိနာမရူပါနိ–ပညတ်, နာမ်ရုပ်တို့သည်၊ နာမဿ–အား၊ ဒွိဓာ(ဒွိပ္ပကာရာ)–နှစ်ပါးသော အပြားအားဖြင့်၊ ပစ္စယာ–န်သည်၊ ဟောန္တိ–န်၏၊ ပန–အဖို့တစ်ပါးကား၊ သမုဒိတံ–အပေါင်းဖြစ်သော၊ ဒွယံ (နာမရူပဒွယံ)–နာမ်,ရုပ်နှစ်ပါးအပေါင်းသည်၊ တာဒိသဿေဝ–ထိုကဲ့သို့ရှုအပ်သည်သာလျှင်ဖြစ်သော၊ ဒွယဿ (နာမရူပဒွယဿ)–အား၊ နဝဓာ–တို့ဖြင့်၊ ပစ္စယောစ–သည်လည်း၊ (ဟောတိ) ဣတိဧဝံ–သို့၊ ပစ္စယာ–တို့သည်၊ ဆဗ္ဗိဓာ–ခြောက်ပါးသောအပြားအားဖြင့်၊ ဋ္ဌိတာ–န်၏။

**၁၆။** [ပုရိမာနိ ဇဝနာနိစသည်ကို ဖွင့်ပြလို၍ "ဝိပါကာဗျာကတံ"စသည်မိန့်။] ဝိပါကာဗျာကတံ–ဝိပါက်အဗျာကတသည်၊ ကမ္မဝသေန–ကံ၏အစွမ်းကြောင့်၊ ဝိပါကဘာဝပ္ပတ္တံ–ဝိပါက်အဖြစ်သို့ ရောက်သည်၊ (ဟုတွာ) ကမ္မ၊ပေ၊ဝိယ–ကံ၏အဟုန်သည် ပစ်ချအပ်သည်ဖြစ်၍ ကျရောက်သကဲ့သို့၊ ဟုတွာ–၍၊ ပဝတ္တမာနံ–ဖြစ်ရသည်၊ (ဟုတွာ–၍၊ ဝါ–ဖြစ်ခြင်းကြောင့်၊) အတ္တနော–၏၊ သဘာဝံ–သဘောကို၊ ဂါဟေတွာ–(နောက်နောက် စိတ်ကို) ယူစေ၍၊ ပရိဘာဝေတွာ–ထုံမွမ်း၍၊ အညံ–အခြားသောစိတ်ကို၊ နေဝ ပဝတ္တေတိ–မဖြစ်စေနိုင်၊ [ဤစကားဖြင့် ပစ္စည်းမဖြစ်ကြောင်းကို ပြသည်၊] ပုရိမဝိပါကာနုဘာဝံ–ရှေးဖြစ်သောဝိပါက်၏အာနုဘော်ကို၊ ဂဟေတွာစ–ယူ၍လည်း၊ န ဥပ္ပဇ္ဇတိ–နိုင်၊ [ရှေးဝိပါက်၏အာနုဘော်ကိုယူ၍ ပစ္စယုပ္ပန်လည်း မဖြစ်နိုင်–ဟူလို။]

စ–ဆက်၊န မဂ္ဂပစ္စယာ အာသေဝနေ ဧကန္တိ–ဟူ၍၊ဝစနတော–ဟောတော်မူခြင်းကြောင့်၊ အဟေတုကကြိယေသု–အဟိတ်ကြိယာစိတ်တို့တွင်၊ ဟသိတုပ္ပာဒဿေဝ–စိတ်၏သာလျှင်၊ အာသေဝနတာဥဒ္ဓရဏေန–အာသေဝန၏အဖြစ်ကို ထုတ်ဆောင်တော်မူခြင်းကြောင့်၊ အာဝဇ္ဇနဒွယံ–အာဝဇ္ဇန်းဒွေးသည်၊ အာသေဝနပစ္စယော–သည်၊န ဟောတိ၊ဣတိ–သို့၊ဝိညာယတိ–သိအပ်သိနိုင်၏၊

တသ္မာ–ကြောင့်၊ ဇဝနာနေဝ–ဇောတို့ချည်းသာ၊ အာသေဝနပစ္စယဘာဝံ–သို့၊ ဂစ္ဆန္တိ–န်၏၊ ဣတိ–ကြောင့်၊ ပုရိမာနံ ၊ပေ၊ တျာဒိ–သော၊ (ယံ ဝစနံ အတ္ထိ၊ တံ ဝစနံ အာစရိယော) အာဟ၊ [အဓိပ္ပာယ်များကို အာသေဝနပစ္စည်း, ပစ္စယုပ္ပန်ကို ကြည့်၍ သိပါ၊]

ဧတ္ထ–ဤ ပုရိမာနိ ဇဝနာနိအစရှိသောပါဠ်၌၊ အဝိသေသဝစနေ–(ဇဝနာနိ) ဟု သာမညအားဖြင့်ဆိုခြင်းသည်၊ (သတိ)ပိ–သော်လည်း၊ လောကိယ ၊ပေ၊ ဇဝနာနေဝ–လောကီကုသိုလ်, အကုသိုလ်, အဗျာကတဇောတို့ကိုသာလျှင်၊ [ဇဝဖြင့် လောကုတ္တရာဇောကို ကန့်၊] ဒဋ္ဌဗ္ဗာနိ–န်၏၊ (ကသ္မာ) လောကုတ္တရ ဇဝနာနံ–တို့၏၊ အာသေဝနဘာဝဿ–အာသေဝနပစ္စည်း၏ အဖြစ်၏၊ ဝါ–ကို၊ အနုဒ္ဓဋ္ဌတ္တာ–(ပဋ္ဌာန်းပါဠိတော်၌) ထုတ်ပြတော် မမူအပ်သည်၏ အဖြစ်ကြောင့်တည်း၊ ဧဝဉ္စကတွာ–ကြောင့်၊ ပဋ္ဌာနဋ္ဌကထာယံ–၌၊ လောကုတ္တရော ၊ပေ၊ နတ္ထီတိ–ဟူ၍၊ ဝုတ္တံ၊ ဟိ–ချဲ့၊ တတ္ထ–ထိုလောကုတ္တရာဇောတို့တွင်၊ ကုသလံ–ကုသိုလ်ဇောသည်၊ ဘိန္နဇာတိကဿ–(အဗျာကတ ဖြစ်၍) ပြားသော ဇာတ်ရှိသော ဖိုလ်ဇော၏၊ ပုရေစရတ္တာ–ရှေ့သွား၏ အဖြစ်ကြောင့်၊ တေန–ထိုဘိန္နဇာတိကဖြစ်သော ဖိုလ်ဇောသည်၊ ဝါ–ကို၊ [ဂဏှာပေတိ၌ ကာရိတ်ကံ, ဓာတ်ကတ္တားအဖြစ်ဖြင့်စပ်၊] အာသေဝနဂုဏံ–ကို၊ (အာသေဝနသတ္တိကို၊) နဂဏှာပေတိ–စေနိုင်၊ [ဤစကားဖြင့် မဂ်ဇောတို့ အာသေဝနပစ္စည်း မတပ်ကြောင်းကို ပြသည်၊] ဖလစိတ္တာနိ စ–တို့သည်လည်း၊ ဇဝနဝသေန–ဖြင့်၊ ဉပ္ပဇ္ဇမာနာနိပိ–ဖြစ်ပါကုန်သော်လည်း၊ ဝိပါကဗျာကတေ–၌၊ ဝုတ္တနယေန–ဖြင့်၊ (“ကမ္မဝသေနဝိပါကဘာဝပ္ပတ္တံ”စသည်ဖြင့် ဆိုအပ်ခဲ့သောနည်းဖြင့်၊) အာသေဝနံ–အာသေဝနသတ္တိကို၊ န ဂဏှန္တိ–နိုင်ကုန်၊ [ဖိုလ်ဇောတို့ ပစ္စယုပ္ပန် မဖြစ်–ဟု ပြသည်၊] အညံ စ–အခြားသော တရားကိုလည်း၊ န ဂါဟာပေန္တိ–စေနိုင်ကုန်၊ [ဖိုလ်ဇောတို့ပင် အာသေဝနပစ္စည်းမဖြစ်–ဟု ပြသည်၊]

[ဤစကားနှင့်စပ်၍ ဝါဒန္တရကို ပြလိုသောကြောင့် “ယမ္ပိ”စသည် မိန့်၊] အာသေဝန ၊ပေ၊ နတ္ထီတိ–ဟူ၍၊ ယမ္ပိ–အကြင်စကားကိုလည်း၊ အာစရိယဓမ္မ

**န မဂ္ဂ ၊ပေ၊ ဧကံ**။ ။န မဂ္ဂပစ္စယာ အာသေဝနေ–န မဂ္ဂ အာသေဝနဒုကဝ်၌၊ ဧကံ–တစ်ခုသော၊ အဗျာကတေန–အဗျာကတံဟူသော ဝိသဇ္ဇနာကို၊ လဗ္ဘတိ–၏၊ ဆိုလိုရင်းကား–အဟိတ်စိတ်အားလုံးသည် မဂ္ဂပစ္စည်း မရသော်ကြောင့် န မဂ္ဂတည်း၊ “ထိုမဂ္ဂမရဘဲ အာသေဝနတစ်ခု ရသည်” ဟူရာ၌ ဇောကိစ္စတပ်သော ဟသိတုပ္ပာဒ်တည်း၊ ထို့ကြောင့် အာသေဝနပစ္စည်း၏အရာဝယ် ဇောကိစ္စမတပ်သော အာဝဇ္ဇန်းဒွေးကို မယူရကြောင်း သိနိုင်သည်–ဟူလို၊ [“န ဟောတိ”နောင် “ဣတိ ဝိညာယတိ” ထည့်၍ စပ်ခြင်းကား “ဝစနတော”ပုဒ်က ဉာပကဟိတ်ဖြစ်သောကြောင့်တည်း၊]

ပါလတ္တေရေန-ဆရာဓမ္မပါလထေရ်သည်၊ ဝုတ္တံ-ပြီ၊ တမ္ပိ-ထိုစကားကိုလည်း၊ ယေဘုယျဝသေန-နည်း၏အစွမ်းဖြင့်၊ ဝုတ္တံ-ပြီ၊ ဣတိ ဝိညာယတိ၊ [အာသေဝနပစ္စည်းတပ်သော ဇောတို့က များသောကြောင့် ယေဘုယျနည်းဖြင့် ဆိုအပ်သည်-ဟူလို၊] ဣတရထာ-လျှင်၊ (ယေဘုယျနည်းအားဖြင့်ဆိုခြင်း မဟုတ်ဘဲ, မုချအားဖြင့် ဆိုခြင်းဖြစ်လျှင်၊) အာစရိယဿ-၏၊ အသမ ၊ပေ၊ ပွသင်္ဂေါ-မစဉ်းမစား ဆိုမှားသူ၏အဖြစ်၌ လျှဉ်းပါးဖွယ်သည်၊ သိယာ-ဖြစ်ရာ၏၊ (ဤမျှလောက် အသိဉာဏ်ရှိသော ဆရာတော်လည်း မစဉ်းမစား ဆိုမှားခြင်းမဖြစ်နိုင်ပါ-ဟူလို၊) [အ+သံ+အပေက္ခိတ-မစဉ်းမစားဘဲ (အသမ ဝေက္ခိတနှင့်သဘောတူ၊)+အဘိဓာယကတ္တ-ဆိုတတ်သူ၏အဖြစ်။]

[ဖိုလ်ဇောတို့ကိုကား ဆရာပြု၍ သိရပါပြီ၊ မဂ်ဇောလည်း ပစ္စည်းပစ္စယုပ္ပန် နှစ်မျိုးလုံးပင် မရသလောဟု မေးဖွယ်ရှိသောကြောင့် "မဂ္ဂေါပန"စသည်မိန့်၊] ပန-ဆက်၊ မဂ္ဂေါ-သည်၊ ဂေါတြဘုတော-မှ၊ [ဂေါတြဘုကိုမှတ်၍ဆိုသည်၊ ဝေါဒါန်ကိုလည်း ရ၏၊] အာသေဝနံ-ကို၊ န ဂဏှာတိ-နိုင်၊ ဣတိ-ဤသို့သော ဆိုဖွယ်သည်၊ နတ္ထိ၊ [မဂ်သည် ဂေါတြဘုမှ အာသေဝနပစ္စည်းကို ရသည်၊ ပစ္စယုပ္ပန်ဖြစ်သည်-ဟူလို၊] (ကသ္မာ) ဘူမိအာဒိဝသေန-ဘုံအစရှိသည်တို့၏ အစွမ်းဖြင့်၊ နာနာဇာတိတာယ-ကွဲပြားသော ဇာတ်ရှိသည်၏အဖြစ်၏၊ ဝါ ကို၊ အနဓိပ္ပေတတ္တာ-အလိုမရှိအပ်သည်၏အဖြစ်ကြောင့်တည်း၊ [ဘုံစသည် ပြားခြင်းကား အရေးမကြီး-ဟူလို၊] တထာဟိ-ထိုစကားမှန်၏၊ ပဋ္ဌာနေ-၌၊ ဂေါတြဘု၊ပေ၊ပစ္စယောတိ-ဟူ၍၊ ဝုတ္တံ-ပြီ။]

[သမ္ပယုတ္တပစ္စည်းတပ်သော တရားတို့ကို ဖွင့်ပြလို၍"ကေပ္ပာဒတာ"စသည် မိန့်၊] ကေပ္ပာဒတာ၊ပေ၊ဘာဝတော-ကေပ္ပာဒတာ အစရှိသောလေးပါးအပြား ရှိသော သမ္ပယောဂလက္ခဏာ၏မရှိခြင်းကြောင့်၊ သဟုပ္ပန္နာနံပိ-တကွဖြစ်ပါ ကုန်သော်လည်း၊ ဝါ-တကွဖြစ်သည်လည်းဖြစ်ကုန်သော၊ ရူပဓမ္မာနံ-တို့၏၊ သမ္ပယုတ္တပစ္စယတာ-သမ္ပယုတ္တပစ္စည်း၏အဖြစ်သည်၊ နတ္ထိ၊ ဣတိ-ကြောင့်၊ စိတ္တ ၊ပေ၊ အညမညန္တိ-ဟူ၍၊ ဝုတ္တံ-ပြီ။

**၁၇။** ဟေတု ၊ပေ၊ နာမရူပါနန္တိ-ကား၊ တယောပိ-န်သော၊ တေ-ဤ ဟိတ်,ဈာနင်,မဂ္ဂင်တို့သည်၊ ပဋိသန္ဓိယံ-ပဋိသန္ဓေအခါ၌၊ ကမ္မသမုဋ္ဌာနာနံ-ကံကြောင့်ဖြစ်ကုန်သော၊ ပဝတ္တိယံ-ပဝတ္တိအခါ၌၊ စိတ္တသမုဋ္ဌာနာနံ-စိတ်ကြောင့် ဖြစ်ကုန်သော၊ ရူပါနဉ္စ-တို့အားလည်းကောင်း၊ ဥဘယတ္ထ-နှစ်ပါးစုံသော ပဋိသန္ဓေပဝတ္တိအခါ၌၊ သဟဇာတာန်-န်သော၊ နာမာနဉ္စ-တို့အားလည်း ကောင်း၊ ဟေတာဒိပစ္စယေန-ဟေတုအစရှိသော ပစ္စယသတ္တိဖြင့်၊ [အာဒိဖြင့် ဈာန, မဂ္ဂတို့ကိုယူ၊] ပစ္စယာ-ကုန်သည်၊ ဟောန္တိ-န်၏၊ ဟိ-မှန်၏၊ [ပဋိသန္ဓေ ကမ္မဇရုပ် ပဝတ္တိစိတ္တဇရုပ်အား ကျေးဇူးပြုဟူသော စကားသည် မှန်၏၊]

သဟဇာတရူပန္တိ–ဟူ၍၊ (အာဂတေ–သော၊) သဗ္ဗတ္ထ–အလုံးစုံသောစကား၌၊ ပဋိသန္ဓိယံ၊ပေ၊စိတ္တသမုဋ္ဌာနန္တိ–ဟူ၍၊ ဝက္ခတိ–ဆိုလတ္တံ့၊ [ဤအတိုင်းတော့ မဟုတ်တတ်၊ "သဟဇာတရူပန္တိ ပနေတ္ထ၊ပေ၊ဒုဝိဓံ ဟောတီတိ ဝေဒိတဗ္ဗံ"ဟု ဆိုလတ္တံ့။]

သဟဇာတစေတနာတိ–ကား၊ အန္တမသော–ဖြင့်၊ စက္ခုဝိညာဏာဒီဟိပိ–စက္ခုဝိညာဏ်အစရှိသည်တို့နှင့်လည်း၊ သဟဇာတစေတနာ–တကွဖြစ်သော စေတနာသည်၊ [ပစ္စယော ဟောတိ၌စပ်၊] သဟဇာတာနံနာမရူပါနန္တိ–ကား၊ သဗ္ဗာပိ–အလုံးစုံလည်းဖြစ်သော၊ စေတနာ–သည်၊ နာမာနံ–တကွ ဖြစ်သော နာမ်တို့အားလည်းကောင်း၊ ပဋိသန္ဓိသဟဂတာ–ပဋိသန္ဓေစိတ်နှင့် တကွဖြစ်သော၊ စေတနာ–သည်၊ ကမ္မသမုဋ္ဌာနရူပါနံ–ကံကြောင့်ဖြစ်သော ရုပ်တို့အား လည်းကောင်း၊ ပဝတ္တိယံ–၌၊ ရူပသမုဋ္ဌာပကစိတ္တသဟဂတာ–ရုပ်ကို ဖြစ်စေတတ်သော စိတ်နှင့်တကွဖြစ်သော၊ [ရုပ်ကို မဖြစ်စေနိုင်သော "အရူပဝိပါက်နှင့် ဒွေပဉ္စဝိညာဏ်တစ်ဆယ်"ကို ကြဉ်လိုသောကြောင့် "ရူပသမုဋ္ဌာပကစိတ္တသဟဂတာ"ဟု ဆိုသည်၊] စေတနာ–သည်၊ စိတ္တသမုဋ္ဌာန ရူပါနဉ္စ–တို့အား လည်းကောင်း၊ [ဤတိုင်အောင်သောစကားဖြင့် "သဟဇာတကမ္မ၏" ပစ္စည်း, ပစ္စယုပ္ပန်ကို ပြသည်၊] နာနက္ခဏိကာစေတနာတိ–ကား၊ ဝိပါကက္ခဏတော–ဝိပါက်ဖြစ်ရာခဏမှ၊ နာနက္ခဏေ–ကွဲပြားသောခဏ၌၊ အတီတာဘဝါဒီသု–အတိတ်ဘဝအစရှိသောခဏတို့၌၊["နာနက္ခဏိက"ကို ထပ်ဖွင့်သည်၊]"အာဒိ" ဖြင့် ပစ္စုပ္ပန်ဘဝကို ယူ၊] နိဗ္ဗတ္တာ–သော၊ ကုသလာကုသလစေတနာ–သည်၊ [ကမ္မာဘိနိဗ္ဗတ္တာနံ နာမရူပါနံ၌ စပ်၊] နာမရူပါနန္တိ–ကား၊ ဥဘယတ္ထပိ–နှစ်ပါးစုံသော ပဋိသန္ဓေ ပဝတ္တိအခါ၌လည်း၊ နာမရူပါနံ–တို့အား၊ [ပစ္စယော ဟောတိ၌စပ်၊ဤစကားဖြင့် နာနက္ခဏိကကမ္မ၏ပစ္စည်းပစ္စယုပ္ပန်ကို ပြသည်။]

ဝိပါကက္ခန္ဓာတိ–ကား၊ ပဋိသန္ဓိဝိညာဏာဒိကာ–ပဋိသန္ဓေဝိညာဏ် အစရှိကုန်သော၊ ဝိပါကာ–ဝိပါက်ဖြစ်ကုန်သော၊ အရူပက္ခန္ဓာ–နာမက္ခန္ဓာတို့သည်၊ [သဟဇာတာနံ နာမရူပါနံ၌ စပ်၊] ဟိ–မှန်၊ ("အရူပက္ခန္ဓာ"ဟူသော စကားသည် မှန်၏၊) ကမ္မသမုဋ္ဌာနံ–ကံကြောင့်ဖြစ်ရသည်၊(သမာနံ)ပိ–သော်လည်း၊ ရူပံ–သည်၊ ဝိပါကဝေါဟာရံ–ဝိပါက်ဟူသောအခေါ်အဝေါ်ကို၊ န လဘတိ၊ (ကသ္မာ) အရူပဓမ္မဘာဝေန–နာမ်တရား၏အဖြစ်ဖြင့်လည်းကောင်း၊ သာရမဏဘာဝေန စ–အာရုံကိုယူတတ်သော တရား၏အဖြစ်ဖြင့်လည်းကောင်း၊ ကမ္မသဒိသေသု–ကံနှင့် တစ်ထပ်တည်း တူကုန်သော၊ အရူပဓမ္မေသ္ဝေဝ–တို့၌ သာလျှင်၊ ဝိပါကသဒ္ဒဿ–၏၊ နိရုဠ္ဟတ္တာ–ထင်ရှားသည်၏အဖြစ်ကြောင့် တည်း။ [အဓိပ္ပာယ်ကို သင်္ဂြိုဟ်ဘာသာဋီကာ စိတ်ပိုင်း "အကုသလဝိပါကစိတ္တာနိ" အဖွင့်၌ ပြထားပြီ။]

**၁၈။** ပုရေ ၊ပေ၊ ကာယဿာတိ–ကား၊ ပစ္စယဓမ္မတော–မှ၊ ပုရေ–၌၊ ဥပ္ပန္နဿ–ဖြစ်ပြီးသော၊ ဣမဿ ရူပကာယဿ–ဤရူပကာယအား၊ [ပစ္ဆာဇာတဝသေန ပစ္စယော ဟောတိ၌စပ်] ပန–ပရိဟာရပက္ခမှတစ်ပါး စောဒကပက္ခကို ဆိုဦးအံ့၊ ပစ္စယုပ္ပန္နဿ–ပစ္စယုပ္ပန်တရား၏၊ ပုရေ–၌၊ ဝါ–အလျှင်၊ နိဗ္ဗတ္တိယံ–ဖြစ်ခြင်းသည်၊ (သတိ–သော်၊ ဝါ–ဖြစ်ပါလျက်၊) ပစ္ဆာ–၌၊ ဇာတဿ–ဖြစ်သောတရား၏၊ ဝါ–ဖြစ်သောတရားက၊ ပစ္စယတာ–ကျေးဇူးပြုနိုင်သည်၏အဖြစ်သည်၊ ကထံ–အဘယ်နည်းဖြင့်၊(ဟောတိ–ဖြစ်နိုင်သနည်း၊) ဣတိ–ဤကား အမေးတည်း၊ ပစ္ဆာ ၊ပေ၊ အဂစ္ဆန္တဿာတိ–ဟူ၍၊ (မယာ) ဝုတ္တံနနု–ဆိုအပ်ပြီးသည် မဟုတ်ပါလော၊ ကသ္မာ–ကြောင့်၊ သန္တာနပ္ပဝတ္တဿ–အစဉ်အဆက်ဖြစ်တည်ခြင်း၏၊ ဟေတုဘာဝုပတ္ထမ္ဘနေ–အကြောင်း၏အဖြစ်ကို ထောက်ပံ့ခြင်း၌၊ (အကြောင်းဖြစ်ဖို့ရန်ထောက်ပံ့ခြင်း၌၊) ဣမဿ–ဤနောက်၌ ဖြစ်သောပစ္စည်းတရား၏၊ ဗျာပါရော–ဗျာပါရသည်၊(ဟောတိ) ဣတိ–ကြောင့်၊ ကောစိ–သော၊ ဝိရောဓော–ဆန့်ကျင်ဘက်အပြစ်သည်၊ န (ဟောတိ)–မဖြစ်။

**၁၉။** ပဋိသန္ဓိယံ–၌၊ စက္ခာဒိဝတ္ထူနံ–စက္ခုအစရှိသော ဝတ္ထုရုပ်တို့၏၊ အသမ္ဘဝတော–မဖြစ်သင့်ခြင်းကြောင့်လည်းကောင်း၊ (ပဋိသန္ဓိယံ–၌၊) သမ္ဘဝေ–ဖြစ်သင့်ခြင်းသည်၊ သတိ–သော်၊ တံတံဝိညာဏာနံ–(စက္ခုဝိညာဏ်အစရှိသော၊) ထိုထိုဝိညာဏ်တို့၏၊ ပစ္စယဘာဝါနုပဂမနတော–ပစ္စည်း၏အဖြစ်သို့ မကပ်ရောက်ခြင်းကြောင့်လည်းကောင်း၊ပဋိသန္ဓိဝိညာဏေန–နှင့်၊သဟုပ္ပန္နဿ–သော၊ ဟဒယဝတ္ထုနော–၏၊' ပုရေဇာတကတာဘာဝတော စ–ပုရေဇာတအဖြစ်၏

---

**ကထံပန ၊ပေ၊ န ကောစိ ဝိရောဓော။** ။"ရှေးဦးအလျှင်ဖြစ်ပြီးသော တရားကို နောက်မှဖြစ်သောတရားက ကျေးဇူးပြု၏"ဟူရာ၌ လောကယုတ္တိ မရှိလှသောကြောင့် "ကထံ ပန"စသည်ဖြင့် ပုစ္ဆာထုတ်သည်၊ အဖြေ၏ဆိုလိုရင်းကား–နောက်ဖြစ်သော ပစ္စယုပ္ပန်တရားက ရှေးရှေးသောပစ္စည်းတရားကို ဖြစ်အောင် ကျေးဇူးပြုသည် မဟုတ်၊ မိမိလျှင်ဖြစ်ပြီးသော တရားသည် မိမိဖြစ်သောအခါ ဋီအခိုက်မှာတည်ရှိနေသေးသဖြင့် ထို တည်ရှိနေသေးသော တရားကို အစဉ်အဆက်တည်အောင် ထောက်ပံ့သောအားဖြင့် ကျေးဇူးပြုသည်၊ ထို့ကြောင့် "နောက်ဖြစ်သောတရားက ရှေးရှေးသောတရားကို ကျေးဇူးပြု၏"ဟူသောစကား၌ ဆန့်ကျင်ဖွယ်အပြစ် မရှိပါ–ဟူလို။

**ပဋိသန္ဓိ ၊ပေ၊ ပဝတ္တိယံ။** ။ဂဗ္ဘသေယျကသတ္တဝါတို့၌ ပဋိသန္ဓေအခါဝယ် စက္ခု၊ သောတ, ဃာန, ဇိဝှါဝတ္ထုရုပ်လေးခုတို့မရှိခြင်းကိုရည်ရွယ်၍ "ပဋိသန္ဓိယံ၊ပေ၊ အသမ္ဘဝတော"ဟုဆိုသည်၊ ဂဗ္ဘသေယျကသတ္တဝါတို့၌ ကာယဝတ္ထုရှိ၍ သံသေဒဇ, ဩပပါတိကသတ္တဝါတို့၌ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယဝတ္ထုတို့ ရှိသော်လည်း ထိုပဋိသန္ဓေခဏ၌ စက္ခုဝိညာဏ်စသည်တို့အား ကျေးဇူးမပြုနိုင်သည်ကို ရည်ရွယ်၍ "သတိစ၊ပေ၊ပစ္စယဘာဝါနုပဂမနတော"ဟု ဆိုသည်၊ ထိုပုဂ္ဂိုလ်အားလုံး၌ပင် ပဋိသန္ဓေ

မရှိခြင်းကြောင့်လည်းကောင်း၊ ဆဝတ္ထုနို ပဝတ္တိယန္တိ-ဟူ၍၊ ဝုတ္တံ-(ပဝတ္တိယံ ဟု အထူးပြု၍ ဆိုအပ်ပြီ၊) စ-ဆက်၊ ပဉ္စာရမဏာနိ ပဉ္စဝိညာဏဝီထိယာတိ ဣဒံ-ဝီထိယာဟူသော ဤစကားကို၊ အာရမဏပုရေဇာတနိဒ္ဒေသေ-၌၊ အာဂတံ-လာသော၊ (အာရမဏပုရေဇာတကို၊) သန္ဓာယ ဝုတ္တံ။

ပန-ဆက်၊ ပဉ္စာဝါရေ-၌၊ သေက္ခောဝါ-သည်သော်လည်းကောင်း၊ ပုထုဇ္ဇနောဝါ-သည်သော်လည်းကောင်း၊ စက္ခုံ-စက္ခုဝတ္ထုကို၊ အနိစ္စတောဝါ-အားဖြင့်လည်းကောင်း၊ ဒုက္ခတောဝါ-အားဖြင့်လည်းကောင်း၊ အနတ္တတောဝါ-လည်းကောင်း၊ ဝိပဿတိ-ဝိပဿနာရှု၏၊ ဣတိအာဒိနာ-သည်ဖြင့်၊ အဝိသေသေန-(ပစ္စုပ္ပန်, အတိတ်ဟု) အထူးမမ, သာမညအားဖြင့်၊ ပစ္စုပ္ပန္နစက္ခာဒီနံမ္ပိ-ပစ္စုပ္ပန်စက္ခုအစရှိသည်တို့၏လည်း၊ ဝါ-တို့ကိုလည်း၊ [အာဒိဖြင့် အတိတ်စက္ခု စသည်ကို ယူ၊] ဂဟိတတ္တာ-ကြောင့်၊ အာရမဏပုရေဇာတံ-ဇာတဖြစ်သော၊ ဓမ္မာရမဏမ္ပိ-ကိုလည်း၊ မနောဝိညာဏဝီထိယာ-မနောဝိညာဏဝီထိအတွက်၊ လဗ္ဘတိ၊ ဟိ-မှန်၊ ယံ ပစ္စုပ္ပန္နဓမ္မာရမဏံ-ကို၊ ဂဟေတွာ-၍၊ မနောဒွါရိက ဝီထိ-သည်၊ ပဝတ္တတိ-၏၊ တံ-ထိုပစ္စုပ္ပန်ဓမ္မာရုံသည်၊ တဿ-ထို မနောဒွါရိကဝီထိ၏၊ အာရမဏပုရေဇာတံ-သည်၊ ဟောတိ-၏၊ ဣတိ-သို့၊ တေ-ဤ ပစ္စုပ္ပန်ဓမ္မာရုံ၏ အာရမဏပုရေဇာတ၏ အဖြစ်သည်၊ အတ္ထတောပိ-အနက်သဘောအားဖြင့်လည်း၊ [ပိဖြင့် ပဉ္စာဝါရ၌ ဟောတော်မူ ခြင်းကြောင့်သာ မဟုတ်ဟု ပေါင်းသည်၊] သိဒ္ဓံ-ထင်ရှား၏။

၂၂။ [ဉပနိဿယ၏ အကျယ်ကို ပြလို၍ "ပကတိယာဝေ"စသည် မိန့်၊] ပကတိယာဝေ-ပင်ကိုယ်သဘောအားဖြင့်သာလျှင်၊ ပစ္စယန္တရရဟိတေန-ပစ္စည်းတစ်ပါးမှ ကင်းသဖြင့်၊ အတ္တနော-၏၊ သဘာဝေနေဝ-အားဖြင့်သာ လျှင်၊ ဉပနိဿယော-အားကြီးသောမှီရာအကြောင်းတည်း၊ ပကတူပနိဿ ယော-ပင်ကိုသဘောအားဖြင့်ပင်အားကြီးသော မှီရာအကြောင်း၊ အာရမဏာ

ခဏ၌ ဟဒယဝတ္ထုရှိသော်လည်း တကွဖြစ်ဖက် ပဋိသန္ဓေဝိညာဏ်အား ပုရေဇာတသတ္တိ ဖြင့် ကျေးဇူးမပြုနိုင်သည်ကို ရည်ရွယ်၍ "ဟဒယဝတ္ထုနောပေါဘာဝတော"ဟု ဆိုသည်၊ ထိုဆိုအပ်ပြီးသော အကြောင်းတို့ကြောင့် ဝတ္ထုရုပ်ခြောက်ပါးသည် ပဝတ္တိအခါ၌သာ သတ္တဝိညာဏဓာတ်အား ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုသည်။

**ပဉ္စာဝါရေပန ၊ပေ၊ သိဒ္ဓံ။** ။ပဉ္စာဝါရဝယ် စက္ခုစသည်ကို အနိစ္စ,ဒုက္ခ,အနတ္တဟု ရှု၏-ဟူရာ၌ ပစ္စုပ္ပန်စက္ခုစသည်ကို ယူထားသောကြောင့် ထိုစက္ခုစသည်သည် ဓမ္မာရုံ ဖြစ်၏၊ ထိုဓမ္မာရုံသည် ဖြစ်ပြီး၍ ဋီအခိုက်ကျမှ ဝိပဿနာဉာဏ်တည်းဟူသော မနော ဝိညာဏဝီထိအား ကျေးဇူးပြုသောကြောင့် အာရမဏပုရေဇာတ ဖြစ်သည်၊ ဝတ္ထုပုရေဇာတ မဟုတ်-ဟူလို၊ ထိုကဲ့သို့ အာရမဏပုရေဇာတဖြစ်ကြောင်းမှာ ပဋ္ဌာန်းပါဠိတော် ပဉ္စာဝါရ၌ ဟောတော်မူခြင်းကြောင့်သာ မဟုတ်သေး, အနက်သဘောအားဖြင့်လည်း ထင်ရှားသည်-ဟု ပြလို၍ "အတ္ထတောပိ ဟောတိ"စသည် မိန့်။

နန္တရေဟိ–အာရမဏာပစ္စည်း, အနန္တရပစ္စည်းတို့နှင့်၊ အသံမိသော–မရောနှောသော၊ ပုထဂေဝ–တသီးတခြားသာလျှင်ဖြစ်သော၊ ကောစိ–အချို့သော၊ ဥပနိဿယော–တည်း၊ ဣတိ ဝုတ္တံ ဟောတိ၊ ["ကောစိ ဥပနိဿယော"ဟု ဆိုသဖြင့် အာရမဏ, အနန္တရတို့နှင့် ရောနှောသော"ပကတူပနိဿယ"လည်း ရှိသည်–ဟု မှတ်၊] အထဝါ–ထို့ပြင် တစ်နည်းကား၊ ပကတော–မိမိသန္တာန်၌ ဖြစ်စေအပ်,မှီဝဲအပ်သော၊ ဥပနိဿယော–အားကြီးသောမှီရာအကြောင်းတည်း၊ ပကတူပနိဿယော–မိမိသန္တာန်၌ ဖြစ်စေအပ်, မှီဝဲအပ်သော အားကြီးသော မှီရာအကြောင်း၊ [ဤဝိဂြိုဟ်နှစ်မျိုးလုံး၏အဓိပ္ပာယ်ကို သုံးချက်စုဘာသာဋီကာ၌ ရှေ့နောက်ပြန်၍ ပြထားပြီ။]

စ–ဆက်၊ ပကတောတိဧတ္ထ–၌၊ ပကာရော–သည်၊ ဥပသဂ္ဂေါ–ဥပသာရတည်း၊ သော–ထို ပ, ဥပသာရသည်၊ အတ္တနော–၏၊ ဖလဿ–အကျိုးကို၊ ဥပ္ပာဒနသမတ္ထဘာဝေန–ဖြစ်စေခြင်း၌ စွမ်းနိုင်သည်၏အဖြစ်ဖြင့်၊ သန္တာနေ–မိမိသန္တာန်၌၊ နိပ္ဖာဒိတဘာဝံ–ဖြစ်စေအပ်ပြီး၏အဖြစ်ကိုလည်းကောင်း၊ အာသေဝိတဘာဝဉ္စ–မှီဝဲအပ်သည်၏အဖြစ်ကိုလည်းကောင်း၊ ဒီပေတိ–၏၊ (ထွန်းပြ၏–ဟူလို၊) တသ္မာ–ကြောင့်၊ အတ္တနော–၏၊ သန္တာနေ–၌၊ နိပ္ဖန္နော–ဖြစ်သော၊ ဝါ–ဖြစ်စေအပ်သော၊ [ကာရိတ်အကျေ ကြံ၊] ရာဂါဒိ–ရာဂ အစရှိသည်သည်လည်းကောင်း၊ သဒ္ဓါဒိ–သည်လည်းကောင်း၊ ဝါ–တစ်နည်း၊ ဥပသေဝိတော–မှီဝဲအပ်သော၊ ဥတုဘောဇနာဒိ–ဥတု, ဘောဇဉ်အစရှိသည်သည်လည်းကောင်း၊ ပကတူပနိဿယော–မည်၏၊ တထာစေဝ–ထိုအတိုင်းပင်၊ (အာစရိယော၊) နိဒ္ဒိသတိ–အကျယ် ညွှန်ပြ၏၊ ["ရာဂါဒယော ပန ဓမ္မာ" စသည်ဖြင့် အကျယ်ညွှန်ပြသည်–ဟူလို။]

၂၃။ ဂရုကတန္တိ–ကား၊ ဂရုံ–အလေးအမြတ်ကို၊ ကတွာ–၍၊ ပစ္စဝေက္ခိတံ–ဆင်ခြင်အပ်သည်၊ (သမာနံ–သော်၊ အာရမဏူပနိဿယော–သည်၊ ဟောတိ–၏၊) တထာဟိ–ထိုစကားကိုချဲ့ဦးအံ့၊ ဒါနံ–အလှူကို၊ ဒတွာ–ပေးပြီး၍၊ သီလံ–ကို၊ သမာဒိယိတွာ–ပြီး၍၊ ဥပေါသထကမ္မံ–ဥပုသ်စောင့်သုံးမှုကို၊ ကတွာ–ပြီး၍၊

---

**ပကတိယာ ၊ပေ၊ ဝုတ္တံ ဟောတိ**။ ။"ပင်ကိုသဘော"ဟူရာ၌ အခြားသော ပစ္စည်းတို့နှင့် မရောနှောဘဲ မိမိ၏ နဂိုသဘောအတိုင်း–ဟု အဓိပ္ပာယ်ရ၏၊ ထို့ကြောင့် "ပကတိယာ ဧဝ"ဟု ဧဝသဒ္ဒါထည့်၍ ပြ၏၊ ထို ဧဝဖြင့် အာရမဏ, အနန္တရဟူသော ဥပနိဿယ နှစ်မျိုးကို ကန့်၊ ထို့ကြောင့် "ပစ္စယန္တရရဟိတေန အတ္တနော သဘာဝေနေဝ"ဟု ထပ်ဖွင့်သည်၊ "သဗ္ဗပဒံ သာဝဓာရဏံ"အရ "ပကတိယာဧဝ+ဥပနိဿယော ပကတူပ နိဿယော"ဟု ဧဝထည့်၍ ဝစနတ္ထပြု၊ "ပစ္စယန္တရရဟိတေန"ကို "အာရမဏာနန္တရေဟိ အသံမိသော ပုထဂေဝ"ဟု ထပ်ဖွင့်သည်၊ ဥပနိဿယ သုံးမျိုးတွင် အာရမဏ, အနန္တရတို့နှင့် မရောနှောသော သီးခြားပစ္စည်းတစ်မျိုး–ဟူလို။

တံ–ထိုဒါန,သီလ,ဥပုသ်စောင့်သုံးမှုကို၊ ဂရုံကတွာ–အလေးပြု၍၊ ပစ္စဝေက္ခတိ–၏၊ ဣတိအာဒိနာ–ဖြင့်၊ ဒါန ၊ပေ၊ မဂ္ဂါဒီနိ–ဒါန,သီလ,ဥပုသ်စောင့်သုံးမှု,ရှေး၌ ပြုအပ်သော ကောင်းသောအကျင့်,ဈာန်,ဂေါတြဘု,ဝေါဒါန်မဂ်အစရှိသည်တို့ကို၊ ဂရုံကတွာ–၍၊ ပစ္စဝေက္ခဏဝသေန–ဆင်ခြင်ခြင်း၏အစွမ်းဖြင့်၊ အဿ–ထို အာရမဏူပနိဿယပစ္စည်း၏၊ နိဒ္ဒေသော–အကျယ်ညွှန်ပြကြောင်း စကားသည်၊ ပဝတ္တော–ဖြစ်၏။

**၂၄။** ပုရိမာပုရိမာ–ရှေး၌ဖြစ်ကုန်, ရှေး၌ဖြစ်ကုန်သော၊ ကုသလာ–န်သော၊ ဓမ္မာ–တို့သည်၊ ပစ္ဆိမာနံပစ္ဆိမာနံ–နောက်၌ဖြစ်ကုန်, နောက်၌ဖြစ်ကုန်သော၊ ကုသလာနံ–ကုန်သော၊ ဓမ္မာနံ–တို့အား၊ ဥပနိဿယပစ္စယေန–အနန္တရူပနိဿယသတ္တိဖြင့်၊ ပစ္စယော–သည်၊ (ဟောတိ) ဣတိအာဒိနာ–သော၊ နယေန–ဖြင့်၊ အနန္တရပစ္စယေန–နှင့်၊ သဒ္ဓိံ–တကွ၊ နာနတ္တံ–ကွဲပြားသည်၏အဖြစ်ကို၊ အကတွာ–၍၊ အနန္တရူပနိဿယဿ–ပစ္စည်း၏၊ အာဂတတ္တာ–(ပစ္စယနိဒ္ဒေသ၌)လာသည်၏အဖြစ်ကြောင့်၊ အနန္တရနိရုဒ္ဓါတဗ္ဗာဒိ–ကို၊ (အာစရိယေန) ဝုတ္တံ။

ဧဝံသန္တေပိ–ဤသို့ပင်ဖြစ်ပါသော်လည်း၊ (တရားကိုယ်အားဖြင့် မထူးပါသော်လည်း၊) အတ္တနော–၏၊ အနန္တရံ–၌၊ အနုရူပစိတ္တုပ္ပာဒနဝသေန–လျော်သောစိတ်တို့ကို ဖြစ်စေခြင်း၏အစွမ်းဖြင့်၊ အနန္တရပစ္စယော–သည်၊ (ဟောတိ) ဗလဝကာရဏဘာဝသေန–(လျော်သောစိတ်ကိုဖြစ်စေဖို့ရန်။) အားကြီးသော အကြောင်း၏အစွမ်းဖြင့်၊ အနန္တရူပနိဿယပစ္စယော–သည်၊ (ဟောတိ) ဣတိ အယံ–ကား၊ ဧတေသံ–ဤအနန္တရပစ္စည်း, အနန္တရူပနိဿယပစ္စည်းတို့၏၊ ဝိသေသော–သတ္တိထူးပုံတည်း၊ [စက္ခုဝိညာဏ်၏အခြားမဲ့၌ သမ္ပဋိစ္ဆိုန်းဖြစ်ဖို့ရန်လျော်၏၊ ဤသို့ စသည်ဖြင့် မိမိ၏အခြားမဲ့၌ လျော်သောစိတ်ကို ဖြစ်စေနိုင်သောသတ္တိသည်" အနန္တရသတ္တိ"မည်၏၊ ထိုသို့ လျော်သောစိတ်ကို ဖြစ်စေရာ၌ စက္ခုဝိညာဏ်စသောတရားက သမ္ပဋိစ္ဆိုန်း စသည်တို့၏ အားကြီးသောမှီရာ အကြောင်းဖြစ်ခြင်းသည် "အနန္တရူပနိဿယသတ္တိ"မည်၏၊ ဤသို့ သတ္တိထူးသည်–ဟူလို။]

**၄၅။** ယထာရုစံ–စွာ၊ [အဇ္ဈတ္တဖြစ်ထိုက်လျှင် အဇ္ဈတ္တ,ဗဟိဒ္ဓဖြစ်ထိုက်လျှင် ဗဟိဒ္ဓအားလျော်စွာ–ဟူလို၊] အဇ္ဈတ္တဉ္စ–မိမိသန္တာန်၌လည်းကောင်း၊ ဗဟိဒ္ဓါစ–အပသန္တာန်၌လည်းကောင်း၊ ရာဂါဒယော–န်သော၊ (ဓမ္မာစ–တို့သည်လည်းကောင်း၊) ၊ပေ၊ သေနာသနဉ္စ–ကျောင်းအိပ်ရာ နေရာသည်လည်းကောင်း၊ (ပကတူပနိဿယပစ္စယော–သည်၊ ဟောတိ–၏၊) ဣတိ (အယံ)–ကား၊ ယောဇနာ–တည်း၊ ဟိ–ချဲ့၊ ရာဂါဒယော–ရာဂ အစရှိသော တရားတို့ကို၊ အဇ္ဈတ္တံ–၌၊ နိပ္ဖာဒိတာ–ဖြစ်စေအပ်ကုန်ပြီ၊ ပုဂ္ဂလာဒယော–ပုဂ္ဂိုလ် အစရှိသည်တို့ကို၊

[အာဒိဖြင့် ဥတု, သေနာသနတို့ကို ယူ၊] ဗဟိဒ္ဓါ–၌၊ သေဝိတာ–မှီဝဲအပ်ကုန်ပြီ၊ တထာဟိ–ထိုအတိုင်းပင်၊ အာစရိယေန–သည်၊ ရာဂ ။ပေ။ နိသေဝိတာတိ–ဟူ၍၊ ဝုတ္တံ–(နာမရူပပရိစ္ဆေဒ၌) မိန့်ဆိုအပ်ပြီ၊ [ရာဂသဒ္ဓါဒယော–ရာဂ, သဒ္ဓါ အစရှိကုန်သော၊ ဓမ္မာ–တို့ကို၊ အဇ္ဈတ္တံ–၌၊ အနုဝါသိတာ–အဖန်ဖန်ထုံစေအပ်ကုန်ပြီ၊ ဝါ–ဖြစ်စေအပ်ကုန်ပြီ၊ သတ္တသင်္ခါရဓမ္မာစ–ပုဂ္ဂလဟူသော သတ္တဝါ, ဘောဇန, ဥတု, သေနာသနဟူသော သင်္ခါရတရားတို့ကိုကား၊ ဗဟိဒ္ဓါ–၌၊ ဥပနိသေဝိတာ–မှီဝဲအပ်ကုန်ပြီ။]

အထဝါ–ထို့ပြင်တစ်နည်းကား၊ အဇ္ဈတ္တဉ္စ ။ပေ။ ဓမ္မာနန္တိ–ဟူ၍၊ ယထာဒ္ဒိတဝသေနေဝ–အကြင်အကြင် တည်မြဲတိုင်းသော ပါဠိ၏အစွမ်းဖြင့်သာလျှင်၊ ယောဇနာ–ပုဒ်တို့ကိုယှဉ်စေခြင်းသည်၊ (ဟောတိ–၏။)

ဟိ–ချဲ့၊ အတ္တနော–၏၊ ရာဂါဒယော–တို့သည်လည်းကောင်း၊ သဒ္ဓါဒယောစ–တို့သည်လည်းကောင်း၊ အတ္တနော–၏၊ ကုသလာဒိဓမ္မာနံ–တို့၏လည်းကောင်း၊ ကလျာဏမိတ္တဿ–ကောင်းသောမိတ်ဆွေ၏၊ သဒ္ဓါဒိကေ–သဒ္ဓါအစရှိသည်တို့ကို၊ နိဿာယ–၍၊ ကုသလံ–ကို၊ ကရောန္တာနံ–န်သော၊ ပရေသံ–တို့၏၊ (ကုသလာဒိဓမ္မာနဉ္စ–တို့၏လည်းကောင်း၊) ဥပနိဿယာ–အားကြီးသောမှီရာအကြောင်းတို့သည်၊ ဟောန္တိ–န်၏၊ တတ္ထ–ထို ရာဂစသည် သဒ္ဓါစသည်တို့တွင်၊ ကာမရာဂါဒယော–တို့ကို၊ နိဿာယ–၍၊ ကာမဘဝါဒီသု–တို့၌၊ နိဗ္ဗတ္တနတ္ထံ–ဖြစ်ခြင်းအကျိုးငှာ လည်းကောင်း၊ ရာဂါဒိဝူပသမတ္ထဉ္စ–ရာဂအစရှိသည်တို့၏ငြိမ်းအေးခြင်း အကျိုးငှာလည်းကောင်း၊ ဒါန ။ပေ။ ဘာဝနာ–ဒါန,သီလ,ဥပေါသထ,ဈာန်, အဘိညာဉ်,ဝိပဿနာ, မဂ်ကိုပွားစေခြင်းတို့သည်၊ (ဟောန္တိ၊) စ–သည်သာမကသေး၊ ရာဂါဒိဟေတုကာ–ရာဂအစရှိသောအကြောင်းရှိကုန်သော၊ ဥပရူပရိ–အဆင့်ဆင့်၊ ရာဂါဒယော–တို့သည်၊ ဟောန္တိ–န်၏၊ ဣတိ–သို့၊ ယထာရဟံ–ကုသိုလ်အကုသိုလ် အလိုက်, ထိုက်သည်အားလျော်စွာ၊ ဒဋ္ဌဗ္ဗံ–၏၊ ဟိ–မှန်၊ယံယံ–အကြင်အကြင်အကြောင်းကို၊ နိဿာယ–၍၊ ယဿယဿ–အကြင်အကြင်အကျိုး၏၊ သမ္ဘဝေါ–ဖြစ်သင့်ခြင်းသည်၊ (ဟောတိ)တံတံ-ထိုထိုအကြောင်းသည်၊ တဿတဿ-ထိုထိုအကျိုး၏၊ ပကတူပနိဿယော-သည်၊ ဟောတိ–၏၊ ဟိ–မှန်၊ ယဒိဒံ (ယော+အယံ၊)

**အထဝါ ။ပေ၊ ယောဇနာ။** ။ပဌမနည်း၌“အဇ္ဈတ္တဉ္စ”ကို ရာဂ,သဒ္ဓါ,သုခ,ဒုက္ခတို့နှင့် တွဲ၍ “ဗဟိဒ္ဓါစ”ကို ပုဂ္ဂလ,ဥတု,ဘောဇန,သေနာသနတို့နှင့် တွဲသည်၊ နောက်နည်း၌ကား အဇ္ဈတ္တ,ဗဟိဒ္ဓနှစ်မျိုးလုံးကိုပင် “အကုသလာဒိဓမ္မာနံ”စသည်နှင့်တွဲသည်၊ ထိုသို့တွဲရာ၌ ပဌမနည်းဝယ် “ယထာရဟံ အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါစ”ဟု ရှေ့ကိုယူ၍ အနက်ပေးရ၏၊ ဤဒုတိယနည်း၌ကား ရာဂါဒယောစသည်ကို အနက်ပေးပြီးမှ သူ့နေရာ၌ရှိသည့်အတိုင်း “ယထာရဟံ အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါစ”ကို အနက်ပေးရသည်။

ဥပနိဿယပစ္စယော–သည်၊ (အတ္ထိ–၏၊) သေ(သော)–ဤဥပနိဿယပစ္စည်း သည်၊ ပစ္စယမဟာပဒေသော–ပစ္စယမဟာပဒေသတည်း၊ ဝါ–အရာကျယ် သော ပစ္စည်းတည်း၊ ဣတိ–သို့၊ ဝုတ္တံ–(အဋ္ဌကထာ၌)ဆိုအပ်ပြီ၊ တထာစ– ထို့ကြောင့်ပင်၊ ဗဟုဓာ၊ပေ၊နိဿယောတိ–ဟူ၍၊(အာစရိယော) အာဟ–ပြီ။

သဒ္ဓါဒယောတိ–ကား၊ သီလ ၊ပေ၊ ပညာ–သီလ, သုတ, စာဂ, ပညာတို့ တည်း၊ ဟိ–ချဲ့၊ အတ္တနော–၏၊ သဒ္ဓါဒိကံ–သဒ္ဓါအစရှိသည်ကို၊ ဥပနိဿာယ– ၍၊ အတ္တနော–၏၊· ဒါနသီလာဒယော–တို့သည်၊ (ဟောန္တိ)၊ တထာ–တူ၊ ကလျာဏမိတ္တာနံ–တို့၏၊ သဒ္ဓါဒယော–တို့ကို၊ ဥပနိဿာယ–၍၊ ပရေသဥ္စ– တို့၏လည်း၊ ဒါနသီလာဒယော–တို့သည်၊ ဟောန္တိ–န်၏၊ ဣတိဧဝံ–ဤ အနက်သဘောသည်၊ ပါကဋ္ဋ–ထင်ရှား၏၊ သုခံဒုက္ခံတိ–ကား၊ ကာယိကံ– ကိုယ်၌ဖြစ်သော၊ သုခံ–သည်လည်းကောင်း၊ ဒုက္ခံ–သည်လည်းကောင်း၊ ပုဂ္ဂလောတိ–ကား၊ ကလျာဏမိတ္တာဒိပုဂ္ဂလော–ကလျာဏမိတ္တ အစရှိသော ပုဂ္ဂိုလ်သည်လည်းကောင်း၊ [အာဒိဖြင့် ပါပမိတ္တကို ယူ၊] ဘောဇနန္တိ–ကား၊ သပ္ပာယာဒိဘောဇနံ–သပ္ပာယအစရှိသောဘောဇဉ်သည်လည်းကောင်း၊ [အာဒိ ဖြင့် အသပ္ပာယဘောဇဉ်ကို ယူ၊] ဥတုပိ–သည်လည်း၊ တာဒိသောဝ–ထိုကဲသို့ ရှုအပ်သော သပ္ပာယအစရှိသော ဥတုပင်တည်း၊ [“ဤပကတူပနိဿယပစ္စည်း ၏ အကြား အကြား၌ အမှာအထား မပြုအပ်သော အဓိပ္ပာယ်ကို သုံးချက်စု ဘာသာဋီကာ၌ ပြည့်စုံစွာ ပြထားပြီ။]

၂၇။ အဓိပတိ ၊ပေ၊ ပစ္စယာ ဘဝန္တီတိ–ဟူ၍၊ သင်္ခေပေန–အကျဉ်းချုပ်အား ဖြင့်၊ ဝုတ္တံ–ဆိုအပ်ပြီးသော၊ အတ္ထံ–ကို၊ ဝိတ္ထာရေတုံ–အကျယ်ချဲ့ခြင်းငှာ၊ တတ္ထ၊ပေ၊မာရမဏံတျာဒိ–ကို၊ (အာစရိယေန) ဝုတ္တံ–ပြီ၊ ဂရုကတမာရမဏန္တိ– ကား၊ ပစ္စဝေက္ခဏ အဿာဒါဒိနာ–ဆင်ခြင်ခြင်း,သာယာခြင်းအစရှိသည်ဖြင့်၊ ဂရုကတံ–အလေးပြုအပ်သော၊ အာရမဏံ–သည်၊ (အာရမဏာဓိပတိဝသေန ပစ္စယော၌ စပ်၊) ဟိ–ချဲ့၊ ဈာန ၊ပေ၊ ဘေဒံ–ဈာန်,မဂ်,ဖိုလ်,ဝိပဿနာနိဗ္ဗာန် အစရှိသော အပြားရှိသော၊ တံ–ထို ဂရုကတအာရုံသည်၊ ပစ္စဝေက္ခဏ ၊ပေ၊ဓမ္မေ–ဆင်ခြင်တတ်,သာယာတတ်အစရှိသောတရား,မဂ်,ဖိုလ်, အစရှိသော တရားတို့ကို၊ အတ္တာဓိနေ–မိမိနှင့် စပ်သည်တို့ကို၊ ကရောတိ–၏၊ ဣတိ–

---

**တဉ္စ၊ပေ၊အာရမဏာဓိပတိနာမ။** ။“ဈာန၊ပေ၊နိဗ္ဗာနာဒိဘေဒံ”ဖြင့် ဂရုကတအာရုံ ပစ္စည်းအပြားကို ပြသည်၊ နိဗ္ဗာနာဒိ၌ အာဒိဖြင့် ဒါန, သီလ, ဥပေါသထကမ္မကို ယူ၊ “ပစ္စဝေက္ခဏ၊ပေ၊ဓမ္မေ”ဖြင့် ပစ္စယုပ္ပန်တရားကို ပြသည်၊ အလေးဂရုပြု၍ ဆင်ခြင်အပ်, သာယာအပ်သောဈာန်တရားသည်“အာရမဏာဓိပတိ”ပစ္စည်း၊အလေးဂရုပြု၍ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဉာဏစိတ္တုပ္ပာဒ်,သာယာတတ်သော သုခဝေဒနာသည်(တစ်နည်း)ရာဂသည် အာရမဏာဓိပတိပစ္စည်း၏ပစ္စယုပ္ပန်၊ အဿာဒါဒိ၌အာဒိဖြင့်“ဒိဋ္ဌိ,ဝိစိကိစ္ဆာ”စသည်ကို ယူ၊

ကြောင့်၊ အာရမဏာဓိပတိနာမ-မည်၏၊ ဂရုကာတဗ္ဗတာမတ္တေန-အလေးပြုအပ်သည်၏ အဖြစ်မျှကြောင့်၊ အာရမဏာဓိပတိ-မည်၏၊ ဂရုကတော-အလေးပြုအပ်သည်၊ (ဟုတ္မာ-ဖြစ်၍လည်း၊ ဝါ-ဖြစ်သည့်အပြင်လည်း၊) ဗလဝကာရဏဘွေန-အားကြီးသောအကြောင်း၏အဖြစ်ကြောင့်၊ အာရမဏူပနိဿယော-မည်၏၊ ဣတိအယံ-ကား၊ ဧတေသံ-ဤအာရမဏာဓိပတိပစ္စည်း အာရမဏူပနိဿယပစ္စည်းတို့၏၊ ဝိသေသော-အထူးတည်း။

သဟဇာတာဓိပတိ၊ပေ၊နာမရူပါနန္တိ-သဟဇာတာ၊ပေ၊နာမရူပါနံဟူသည်ကား၊ ဆန္ဒ၊ပေ၊ဝီမံသာနံ-ဆန္ဒ, စိတ္တ,ဝီရိယ,ဝီမံသတို့၏၊ ဝသေန-အပြားအားဖြင့်၊ စတုဗ္ဗိဓောပိ-လေးပါးအပြားရှိသည်လည်းဖြစ်သော၊ သဟဇာတာဓိပတိ-သည်၊ ယထာရဟံ-စွာ၊ [ဆန္ဒဖြစ်ထိုက်လျှင် ဆန္ဒ,စိတ္တဖြစ်ထိုက်လျှင် စိတ္တ, စသည်အားလျော်စွာ-ဟူလို၊] သဟဇာတနာမရူပါနံ-တကွဖြစ်သော နာမ်, ရုပ်တို့အား၊ ပဝတ္တိယံယေဝ-၌သာ၊ သဟဇာတာဓိပတိဝသေန-သဟဇာတာဓိပတိပစ္စည်း၏အစွမ်းဖြင့်၊ ပစ္စယော-သည်၊ (ဟောတိ-၏။)

၂၈။ ရူပဓမ္မာသ-ရုပ်တရား၏၊ အရူပဓမ္မံ-နာမ်တရားကို၊ ပတိ-စွဲ၍၊ သဟဇာတပစ္စယတာ-သဟဇာတပစ္စည်း၏အဖြစ်ကို၊ ပဋိသန္ဓိယံ-၌၊ ဝတ္ထု ဝသေန-ဟဒယဝတ္ထု၏အစွမ်းဖြင့်၊ ဝုတ္တာ-ပြီ၊ [ရုပ်ကနာမ်အားသဟဇာတသတ္တိဖြင့်, ကျေးဇူးပြုရာ၌ ပဋိသန္ဓေအခါ "ဟဒယဝတ္ထု"ရုပ်တစ်မျိုးသာရှိသည်-ဟူလို၊] ဣတိ-ကြောင့်၊ ဝတ္ထုဝိပါကာအညမညန္တိ-ဟူ၍၊(အာစရိယော) အာဟ။

၃၀။ ပန-ကား၊ ယသ္မာ-ကြောင့်၊ အညမညုပတ္ထမ္ဘနဝသေနေဝ-အချင်းချင်းထောက်ပံ့ခြင်း၏အစွမ်းကြောင့်သာလျှင်၊ အညမညပစ္စယတာ-အညမညပစ္စည်း၏အဖြစ်မည်၏၊ ဝါ-အညမညသတ္တိမည်၏၊ သဟဇာတမတ္တတော-တကွဖြစ်ခြင်းမျှကြောင့်၊ န (အညမညပစ္စယတာ)-အညမညပစ္စယသတ္တိမဟုတ်၊ [ဝသေနေဝ-၌ ဧဝ၏နိဝတ္တေတဗ္ဗတ္ထကို "န သဟဇာတမတ္တတော"ဟုပြသည်၊] ဣတိ-ကြောင့်၊ ပဝတ္တိယံ-၌၊ရူပံ-သည်၊ နာမာနံ-တို့၏၊ အညမညပစ္စယော-ပစ္စည်းသည်၊ န ဟောတိ၊ တသ္မာ-ကြောင့်၊ စိတ္တ၊ပေ၊အညမညန္တိ-ဟူ၍၊ (အာစရိယေန) ဝုတ္တံ၊ တထာ-တူ၊ ရူပါဒါရူပါနိစ-တို့သည်လည်း၊

---

မဂ်,ဖိုလ်,ဝိပဿနာဉာဏ်တို့ကို ဆင်ခြင်ရာ၌လည်း နည်းတူ၊ မဂ်,ဖိုလ်ကို ဆင်ခြင်ရာ၌ "ရာဂ"စသည်တို့ ပစ္စယုပ္ပန်မဖြစ်နိုင်ခြင်းသာ ထူး၏၊ နိဗ္ဗာန်ကို အာရုံပြုရာ၌ နိဗ္ဗာန်သည် အာရမဏာဓိပတိပစ္စည်း၊ မဂ်, ဖိုလ်ပစ္စဝေက္ခဏာဉာဏ်တို့သည် ပစ္စယုပ္ပန်၊ မဂ္ဂဖလာဒိ၌-အာဒိဖြင့် နိဗ္ဗာန်ကို အာရုံပြုသော "ဂေါတြဘု, ဝေါဒါန်"တို့ကို ယူ၊ "အတ္တာဓိနေ ကရောတိ"ပါဠိဖြင့် ထိုအာရုံတို့၏ အဓိပတိအမည်ရကြောင်း "အဓိနာန်+ပတိ အဓိပတိ"ဟု ဝစနတ္ထ ပြုရကြောင်းကို ပြသည်။

ဘူတရူပါနံ–တို့၏၊ အညမညပစ္စယာ–တို့သည်၊ နဟောန္တိ–ဣတိ–ကြောင့်၊ မဟာဘူတာအညမညန္တိ–ဟူ၍၊ (အာစရိယေန) ဝုတ္တံ။

**၃၁။** နနုစ–အံ့၊ (ကိံ–အဘယ်သို့စောဒနာအံ့နည်း၊) အရူပိနော၊ပေ၊နာမရူပါနန္တိ တိ–ဟူ၍၊ ဝုတ္တံ–ပြီ၊ ဧဝဥ္စသတိ–ဤသို့ဖြစ်လသော်၊ အသညီနံ–အသညသတ်သတ္တဝါတို့၏၊(သန္တာနေ၌၊) သဟဇာတာဟာရဿ–တကွဖြစ်သော အာဟာရ၏၊ အသမ္ဘဝတော–မဖြစ်သင့်ခြင်းကြောင့်၊ သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာတိ–ဟူသော၊ ဣဒံ–ဤစကားကို၊ ကထံ–အဘယ်နည်းဖြင့်၊ နီယတိ–ဆောင်ရွက် မှတ်သားအပ်ပါသနည်း၊ (ဣတိ–သို့၊ နနုစ–ပါ၏၊ ပရိဟာရော မယာ၊) ဝုစ္စတေ၊ မနော ၊ပေ၊ ဝသပ္ပဝတ္တဿ–မနောသဉ္စေတနာဟာရ၏ အစွမ်းဖြင့် ဖြစ်သော၊ ကမ္မဿ–ရှေးကံ၏၊ ဝါ–တစ်နည်း၊ တံသဟဂတာနံ–ထိုရှေးကံနှင့်တကွဖြစ်ကုန်သော၊ သေသာဟာရာနံပိ–မနောသဉ္စေတနာဟာရမှ) ကြွင်းသော ဖဿာဟာရ, ဝိညာဏာဟာရတို့၏လည်း၊ ကမ္မူပနိဿယပစ္စယေဟိ–ကမ္မပစ္စည်း, ဥပနိဿယပစ္စည်းတို့ဖြင့်၊ [ဖဿ, ဝိညာဏာဟာရတို့သည် ဥပနိဿယသတ္တိဖြင့် မနောသဉ္စေတနာဟာရသည် ကမ္မ ဥပနိဿယသတ္တိနှစ်မျိုးဖြင့်၊ ဤသို့ ယထာလာဘနည်းအားဖြင့် ယူ၊] ပစ္စယတ္တပရိယာယံ–ကျေးဇူးပြုတတ်သည်၏ အဖြစ်ဟူသော ပရိယာယ်ကို၊ ဂဟေတွာ–ယူတော်မူ၍၊ သဗ္ဗသတ္တာနံ–တို့၏၊ အာဟာရဋ္ဌိတိကာ–အာဟာရဟူသော တည်ကြောင်းရှိကုန်သည်၏အဖြစ်ကို၊ (အာဟာရကြောင့် တည်ရကုန်သည်၏အဖြစ်ကို) ဝုတ္တာ–ဟောတော်မူအပ်ပြီ၊ အာဟာရပစ္စယဘာဝတော–အာဟာရပစ္စည်း၏ အဖြစ်ကြောင့်၊ န ဝုတ္တာ–ဟောတော်မူအပ်သည် မဟုတ်၊ ဣတိ (ပရိဟာရော ဝုစ္စတေ။)

---

**နနုစ ၊ပေ၊ နီယတိ။** ။"အရူပိနော အာဟာရာ သဟဇာတာနံ နာမရူပါနံ"ဟူသော ပါဠိ၌အရ နာမ်အာဟာရတို့ကသာတကွဖြစ်ဖက် ရုပ်နာမ်တရားတို့အား ကျေးဇူးပြု၏–ဟု ဟောတော်မူခြင်းကြောင့် အသညသတ်ဘုံဝယ် နာမ်အာဟာရ မရှိရကား အသညသတ်ရုပ်များကို အဘယ် အာဟာရတို့က ကျေးဇူးပြုသနည်း၊ စားမျိုခြင်း မရှိသောကြောင့် ကဗဠီကာရာဟာရ မရှိကြောင်းမှာ လျှဉ်းပါးဖွယ်မရှိ၊ ထိုသို့ အာဟာရမရှိလျှင်"သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ–သတ္တဝါဟူသမျှ အာဟာရကြောင့် တည်ကြရ၏"ဟူသော သုတ္တန်ပါဠိတော် စကားနှင့်ဆန့်ကျင်နေသည် မဟုတ်ပါလော–ဟု စောဒနာသည်။

**ဝုစ္စတေ။** ။"သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ"ဟူသော စကားသည် ဤအာဟာရပစ္စည်းကို ရည်ရွယ်၍ ဟောတော်မူအပ်သော မုချစကား မဟုတ်၊ အသညသတ်ဘုံသို့ ရောက်နေသော သတ္တဝါမှာ ရှေးဘဝက ပြုခဲ့သော မနောသဉ္စေတနာဟာရဟူသော ကံတရား ရှိ၏၊ ထိုကံနှင့် တကွဖြစ်သော ဖဿာဟာရ, ဝိညာဏာဟာရများလည်း ရှိ၏၊ ထိုအာဟာရတို့က ကမ္မသတ္တိ ပကတူပနိဿယသတ္တိတို့ဖြင့် အသညသတ်ရုပ်တရားများကို

၃၂။ ပဉ္စပသာဒါတျာဒိသု–ပဉ္စပသာဒါအစရှိသော ပါဠိရပ်တို့၌၊ ဣတ္ထိန္ဒြိယ ပုရိသိန္ဒြိယာ–တို့ကို၊ န ဂဟိတာနန–မယူအပ်ကုန်သည် မဟုတ်ပါလော၊ဣတိ– ဤကား အမေးတည်း၊န ဂဟိတာ–မယူအပ်ကုန်သည်ကား၊ သစ္စံ–၏၊ တေသံ– ထို ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေတို့၏၊ လိင်္ဂါဒီဟိ–တို့သည်၊ [အာဒိဖြင့် နိမိတ္တ, ကုတ္တ အာကပ္ပတို့ကို ယူ] အနုဝတ္တနီယတာ–အစဉ်လိုက်စေအပ်ကုန်သည်၏ အဖြစ်သည်၊ ယဒိပိအတ္ထိ–အကယ်၍ကား ရှိပါပေ၏၊ ပန–ထိုသို့ပင် ရှိပါသော် လည်း၊ သာ(အနုဝတ္တနီယတာ)–ထို အစဉ်လိုက်စေအပ်ကုန်သည်၏အဖြစ် သည်၊ ပစ္စယဘာဝတော–ဣန္ဒြိယပစ္စယသတ္တိ၏ အဖြစ်ကြောင့်၊ န (အတ္ထိ)– ရှိသည် မဟုတ်၊ ဟိ–ထင်ရှားအောင် ပြဦးအံ့၊ ဇီဝိတာဟာရာ–ဇီဝိတရုပ်, အာဟာရရုပ်တို့သည်၊ ယေသံ–အကြင်ပစ္စယုပ္ပန်တရားတို့၏၊ ပစ္စယာ–ပစ္စည်း တို့သည်၊ ဟောန္တိ–န်၏၊ တေသံ–ထိုပစ္စယုပ္ပန်တရားတို့ကို၊ အနုပါလကာ– စောင့်ရှောက်တတ်ကုန်သည်လည်းကောင်း၊ [ဇီဝိတကို ရည်ရွယ်သည်၊] ဥပတ္ထမ္ဘကာ–ထောက်ပံ့တတ်ကုန်သည်လည်းကောင်း၊ [အာဟာရကို ရည်ရွယ် သည်၊] အတ္ထိ ၊ပေ၊ ဘူတာစ–အတ္ထိပစ္စည်း, အဝိဂတပစ္စည်းဖြစ်၍ ဖြစ်ကုန် သည်လည်းကောင်း၊ ဟောန္တိ ယထာ–ကဲ့သို့၊ ဧဝံ–တူ၊ ဣတ္ထိပုရိသဘာဝါ– ဣတ္ထိဘာဝရုပ်, ပုရိသဘာဝရုပ်တို့သည်၊ (ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေတို့သည်၊) လိင်္ဂါဒီနံ–လိင်္ဂအစရှိသည်တို့အား၊ ကေနစိ–တစ်စုံတစ်ခုသော၊ ဥပကာရေန– လျော်သောကျေးဇူးကိုပြုခြင်းဖြင့်၊ (အနုပါလကစသည်တို့တွင် တစ်စုံတစ်ခု သော ကျေးဇူးဖြင့်၊) ဥပကာရာ–လျော်သောကျေးဇူးကို ပြုတတ်ကုန်သည်၊ န ဟောန္တိ–န်။

ပန–စင်စစ်ကား၊ ကေဝလံ–(ကျေးဇူးပြုခြင်းမဖက်) သက်သက်၊ ယထာ သကေဟေဝ–အကြင်အကြင် မိမိဥစ္စာသာလျှင်ဖြစ်ကုန်သော၊ ကမ္မာဒိပစ္စယေ ဟိ–ကံအစရှိသောအကြောင်းတို့ကြောင့်၊ ပဝတ္တမာနာနံ–ဖြစ်ရကုန်သော၊ လိင်္ဂါဒီနံ–တို့၏၊ [အပ္ပဝတ္တိတော၌စပ်၊] ယထာ–အကြင်အခြင်း အရာအားဖြင့် ဖြစ်လသော်၊ ဣတ္ထာဒိဂ္ဂဟဏဿ–ဣတ္ထိအစရှိသည်ကို ယူခြင်း၏၊ (မိန်းမ, ယောကျ်ားဟု သိတတ်သောဉာဏ်၏၊) ပစ္စယဘာဝေါ–အကြောင်း၏ အဖြစ် သည်၊ ဟောတိ–၏၊ တတော–ထို အခြင်းအရာမှ၊ အညေန–အခြားသော၊

ကမ္မာဝါးရာ တည်နေနိုင်အောင် ကျေးဇူးပြုလျက် ရှိသောကြောင့် "သဗ္ဗေသတ္တာ. အာဟာရ ဋ္ဌိတိကာ"ဟု ဟောတော်မူသည်၊ ["သဗ္ဗေသတ္တာ–အလုံးစုံသောသတ္တဝါတို့သည်၊ အာဟာရ ဋ္ဌိတိကာ–အာဟာရဟူသော တည်ကြောင်း ရှိကုန်၏၊ ဝါ–အာဟာရကြောင့် တည်ကြရ ကုန်၏"ဟု ပေး၊ အဋ္ဌကထာတို့၌ကား "ပစ္စယဋ္ဌိတိကာ–အကြောင်းတရားဟူသော တည်ကြောင်း ရှိကုန်၏၊"ဟု အာဟာရကို ပစ္စယဟု ဖွင့်လေ့ရှိသည်။]

အာကာရေန–ဖြင့်၊ တံ သဟိတသန္တာနေ–ထို ဘာဝရုပ်နှင့်တကွဖြစ်သော သန္တာန်၌၊ အပ္ပဝတ္တိတော–(များသောအားဖြင့်) မဖြစ်ခြင်းကြောင့်၊ နေသံ–ထိုဘာဝရုပ်တို့၏၊ လိင်္ဂါဒီဟိ–တို့သည်၊ အနုဝတ္တနီယတာ–ကိုလည်းကောင်း၊ ဣန္ဒြိယတာစ–ဣန္ဒြိယ၏အဖြစ်ကိုလည်းကောင်း၊ (ဣန္ဒြိယနာမည်ကိုလည်းကောင်း၊) ဝုစ္စတိ–ဟောတော်မူအပ်၏၊ တသ္မာ–ကြောင့်၊ တေသံ–ထို ဘာဝရုပ်တို့၏၊ ဣန္ဒြိယပစ္စယဘာဝေါ–ကို၊ န ဝုတ္တော–ဟောတော်မမူအပ်၊ [ဤအဖြေဝါကျ၏ လိုရင်းအဓိပ္ပာယ်များကို သုံးချက်စုဘာသာဋီကာ၌ ပြထားပြီ။]

**၃၃။** စက္ခာဒိနံ–စက္ခုအစရှိသော ဝတ္ထုရုပ်တို့၏၊ အဗ္ဘန္တရတော–အတွင်းမှ၊ နိက္ခမန္တာနံဝိယ–ထွက်လာကုန်သကဲ့သို့၊ ပဝတ္တာနံ–န်သော၊ ယေသံ နာမာနံ–တို့၏လည်းကောင်း၊ [စက္ခုဝိညာဏ်စသော နာမ်တရားများကို ရည်ရွယ်သည်၊] နာမသန္နိဿယေနေဝ–နာမ်ဟူသောမှီရာကြောင့်သာလျှင်၊ ဥပ္ပဇ္ဇမာနာနံ–န်သော၊ယေသဥ္စရူပါနံ–တို့၏လည်းကောင်း၊ [ပဋိသန္ဓေအခါ ဟဒယဝတ္ထုနှင့် နောက်နောက်စေတသိက်တို့၏ကျေးဇူးပြုခြင်းကို ခံရသော ပစ္ဆာဇာတပစ္စယုပ္ပန် ရုပ်တရားတို့ကို ရည်ရွယ်သည်၊] သမ္ပယောဂါသင်္ကာ–သမ္ပယုတ်အဖြစ်၌ ယုံမှားဖွယ်သည်၊ (သမ္ပယုတ်လေလားဟု ယုံမှားဖွယ်သည်၊) ဟောတိ–ရှိ၏၊ တေသမေဝ–ထိုနာမ်,ရုပ်တို့၏သာလျှင်၊ ဝိပ္ပယုတ္တပစ္စယတာ–သည်၊ ဟောတိ။

ပန–ကား၊ ရူပါနံ–တို့၏၊ ရူပေဟိ–တို့နှင့်၊ သာသင်္ကာ–ထို ယုံမှားဖွယ်သည်၊ နတ္ထိ၊ [ဘူတရုပ်လေးပါးက ဥပါဒါရုပ်အား ကျေးဇူးပြုရာ၌ "သမ္ပယုတ်လေလား"ဟု ယုံမှားဖွယ်မရှိ–ဟူလို၊] ဝတ္ထုသန္နိဿယေနေဝ–ဝတ္ထုရုပ်ဟူသော မှီရာကြောင့်သာလျှင်၊ ဇာယန္တာနံ–ဖြစ်ရကုန်သော တရားတို့၏၊ ဝိသယဘာဝမတ္တံ–အာရုံ၏အဖြစ်မျှသည်၊ အာရမဏံ–အာရုံတည်း၊ ဣတိ–ကြောင့်၊ တေနာပိ–ထိုအာရုံနှင့်လည်း၊ တေသံ–ထို ဝတ္ထုရုပ်ကို မှီ၍ ဖြစ်ရသောတရားတို့၏၊ သမ္ပယောဂါသင်္ကာ–သည်၊ နတ္ထိ၊ [ရူပါရုံသည် စက္ခုဝတ္ထုကိုမှီ၍ ဖြစ်ရသော စက္ခုဝိညာဏ်၏အာရုံမျှသာဖြစ်ရကား စက္ခုဝိညာဏ်စသည်နှင့် "ရူပါရုံစသည်တို့ "သမ္ပယုတ်လေလား"ဟု ယုံမှားဖွယ်မရှိ–ဟူလို၊] ဣတိ–ကြောင့်၊ ယေသံ–အကြင်တရားတို့၏၊ သမ္ပယောဂါသင်္ကာ–သည်၊ အတ္ထိ၊ တေသမေဝ–ထိုတရားတို့၏သာလျှင်၊ ဝိပ္ပယုတ္တပစ္စယတာပိ–ဝိပ္ပယုတ္တပစ္စည်း၏ အဖြစ်ကိုလည်း၊ ဝုတ္တာ–ဟောတော်မူအပ်ပြီ၊ ဣတိ–ကြောင့်၊ သြက္ကန္တိ ကာဝဝတ္ထုတာဒိ–သော၊ (ယံ ဝစနံ အတ္ထိ၊ တံဝစနံ အာစရိယော)အာဟ၊ [ဤဝိပ္ပယုတ္တ၏ အဓိပ္ပာယ်များကိုလည်း သုံးချက်စုဘာသာဋီကာ၌ အသီးအသီး အကျယ်ပြထားပြီ။]

**၃၄။** သဗ္ဗထာ သဗ္ဗာကာရေန–အလုံးစုံသော အခြင်းအရာအားဖြင့်၊ ယထာရဟံ–စွာ၊ နာမဝသေန–နာမည်၏အစွမ်းဖြင့်၊ ဝုတ္တံ–သော၊ တိဝိဓေဟ ဇာတံ–သုံးပါးအပြားရှိသော သဟဇာတလည်းဖြစ်သော၊ ဒုဝိဓပုရေဇာတံ–

နှစ်ပါးအပြားရှိသော ပုရေဇာတလည်းဖြစ်သော၊ ကေဝိဓံပစ္ဆာဇာတဥ္စ–တစ်ပါးသော အဖို့ရှိသော ပစ္ဆာဇာတလည်းဖြစ်သော၊ ပစ္စယဇာတံ–ပစ္စည်းအပေါင်းလည်းကောင်း၊ အာဟာရေသု–တို့တွင်၊ ကဗဠီကာရော အာဟာရော–ကဗဠီကာရအာဟာရလည်းကောင်း၊ ရူပဇီဝိတိန္ဒြိယံ–လည်းကောင်း၊ ဣတိ–ဤသို့၊ အယံ ပဥ္စဝိဓောပိ–ဤငါးပါးအပြားရှိသော ပစ္စည်းသည်လည်း၊ အတ္ထိ ပစ္စယော (စ)–သည်လည်းကောင်း၊ အဝိဂတပစ္စယောစ–သည်လည်းကောင်း၊ ဟောတိ–၏။ [ဤအဓိပ္ပာယ်ကို အခြေပြဥ္ဇပင် ပြခဲ့ပြီ။]

ပစ္စုပ္ပန္နသဘာဝေန–ပစ္စုပ္ပန်သဘောဖြစ်သော၊ အတ္ထိဘာဝေန–ထင်ရှားရှိသည်၏အဖြစ်ဖြင့်၊ တာဒိသဿေဝ–သော၊ ဓမ္မဿ–ပစ္စုပ္ပန်သဘောရှိသော တရားကို၊ ဥပတ္ထမ္ဘကတ္တာ–ထောက်ပံ့တတ်သည်၏ အဖြစ်ကြောင့်၊ အတ္ထိဘာဝါဘာဝေန–ထင်ရှားရှိသည်၏အဖြစ်၏မရှိခြင်းကြောင့်၊ (ထင်ရှားမရှိရာအခါ၌၊) အနုပကာရကာနမေဝ–လျော်သောကျေးဇူးကို မပြုတတ်သော တရားတို့၏ပင်လျှင်၊ အတ္ထိဘာဝေန–ထင်ရှားရှိသည်၏ အဖြစ်ဖြင့်၊ (ထင်ရှားရှိရာအခါ၌၊) ဥပကာရကတာ–လျော်သောကျေးဇူးကိုပြုတတ်သည်၏ အဖြစ်သည်၊ အတ္ထိ ပစ္စယဘာဝေါ–အတ္ထိပစ္စည်း၏အဖြစ်မည်၏၊ ဣတိ–ထို့ကြောင့်၊ သဗ္ဗဒါဘာဝိနော–အခါခပ်သိမ်း ထင်ရှားရှိသော၊ နိဗ္ဗာနဿ–နိဗ္ဗာန်၏၊ အတ္ထိပစ္စယတာ–အတ္ထိပစ္စည်း၏အဖြစ်သည်လည်းကောင်း၊ အဝိဂတပစ္စယတာ စ–သည်လည်းကောင်း၊ နတ္ထိ–မရှိ။ ဝါ–တစ်နည်း၊ ဥပ္ပာဒါဒိယုတ္တာနံ–ဥပါဒ်အစရှိသည်တို့နှင့် ယှဉ်သောရုပ်နာမ်၏တို့၏၊ နတ္ထိ ၊ပေ၊ ဝိရဒ္ဓေါ–ထင်ရှားမရှိသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သည်၏အဖြစ်နှင့် ဆန့်ကျင်ဘက်လည်းဖြစ်သော၊ ဝိဂတ ၊ပေ၊ ဝိရဒ္ဓေါစ–ကင်းသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သည်၏အဖြစ်နှင့် ဆန့်ကျင်ဘက်လည်းဖြစ်သော၊ ဥပကာရကဘာဝေါ–လျော်သောကျေးဇူးကို ပြုတတ်သည်၏အဖြစ်သည်၊ အတ္ထိပစ္စယတာဒိကာ–အတ္ထိပစ္စည်း၏ အဖြစ်အစရှိသည် မည်၏၊ ဝါ–အတ္ထိ, အဝိဂတပစ္စည်း၏အဖြစ်မည်၏၊ ဣတိ–ကြောင့်၊ တဿ–ထို နိဗ္ဗာန်၏၊ တပ္ပစ္စယတ္တပ္ပသင်္ဂေါ–ထို အတ္ထိ,အဝိဂတပစ္စည်း၏ အဖြစ်၌လျှည်းပါးဖွယ်သည်၊ န–မရှိ။

စ–ဆက်ဦးအံ့၊ ဧတ္ထ–ဤအတ္ထိ,အဝိဂတပစ္စည်းတို့တွင်၊ ရူပဇီဝိတိန္ဒြိယံ–ကို၊ ဩဇာဝိယ–ဩဇာကိုကဲ့သို့၊ ဌိတိက္ခဏေဝ–ဌီခဏ၌သာ၊ ဥပကာရကတ္တာ–ကြောင့်၊ သဟဇာတပစ္စယေသု–တို့၌၊ န ဂယှတိ–မယူအပ်၊ ဣတိ–ကြောင့်၊ ဝိသုံ–အသီးအခြား၊ ဝုတ္တံ–ပြီ၊ [ဤအဓိပ္ပာယ်ကိုလည်း သုံးချက်စုဘာသာဋီကာ၌ပြထားပြီ။]

**၃၅။** ဣဒါနိ–၌၊ သဗ္ဗေပိ–န်သော၊ ပစ္စယာ–တို့သည်၊ သင်္ခေပတောပိ–အားဖြင့်လည်း၊ စတုဓာဧဝ–လေးပါးအပြားသာလျှင်ရှိကုန်၏၊ ဣတိ–ဤ

အနက်အဓိပ္ပာယ်ကို၊ ဒဿေတုံ-ငှာ၊ အာရမဏ ၊ပေ၊ ဂစ္ဆန္တီတိ-ဟူ၍၊ (အာစရိယေန).ဝုတ္တံ၊ ဟိ-ချဲ့၊ ယော (ပစ္စယော) သည်၊ စိတ္တစေတသိကာနံ-တို့၏၊ အာရမဏဘာဝံ-သို့၊ နဂစ္ဆေယျ-ရာ၊ သကသကပစ္စယယုပ္ပန္နသ-မိမိမိမိပစ္စယုပ္ပန်တရား၏၊ ဥပနိဿယဘာဝံစ-အားကြီးသောမှီရာအကြောင်း၏ အဖြစ်သို့လည်း၊ န ဂစ္ဆတိ-မရောက်၊ ကောစိ-တစ်စုံတစ်ခုသော၊ သော ပစ္စယော-သည်၊ (န အတ္ထိ) လောကပ္ပဝတ္တိယာ-လောကဖြစ်ခြင်း၏၊ ကမ္မ ဟေတုကတ္တာ-ကံဟူသော အကြောင်းရှိသည်၏ အဖြစ်ကြောင့်၊ ဖလဟေတု ပစာရဝသေန-လောကပဝတ္တိအကျိုး၌ ကံဟူသောအကြောင်းကို တင်စားခြင်း၏အစွမ်းဖြင့်၊ (ကာရဏူပစာရအားဖြင့်) သဗ္ဗေပိ-အလုံးစုံသော ပစ္စည်းတို့ သည်လည်း၊ ကမ္မသဘာဝံ-ကံသဘောကို၊ နာတိဝတ္တန္တိ-မလွန်နိုင်ကုန်၊ တေစ-ထိုပစ္စည်းတို့သည်လည်း၊ ပရမတ္ထတော-အားဖြင့်လည်းကောင်း၊ လောက သမ္မုတိဝသေနစ-လောကသမ္မုတိ၏အစွမ်းဖြင့်လည်းကောင်း၊ ဝိဇ္ဇမာနာယေဝ-ထင်ရှားရှိကုန်သည်သာ၊ ဣတိ-ကြောင့်၊ သဗ္ဗေပိ-အလုံးစုံသောပစ္စည်းတို့ သည်လည်း၊ စတူသု-လေးပါးသောပစ္စည်းတို့၌၊ သမောဓာနံ-သို့၊ ဂစ္ဆန္တိ-န်၏၊ [ဤအဖွင့်အားလုံး၏ မှားယွင်းပုံကို သုံးချက်စုဘာသာဋီကာ၌ "သင်္ဂြိုဟ်လာ လေးမျိုးအားဖြင့် ခွဲဟန်"ဟု ခေါင်းတပ်၍ ပြထားပြီ။]

**၃၆။** ဣဒါနိ-၌၊ယံ-အကြင်ရုပ်ကို၊ တတ္ထတတ္ထ-ထိုထိုပစ္စည်း၌၊ သဟဇာတ ရူပန္တိ-ဟူ၍၊ ဝုတ္တံ၊ တံသဗ္ဗံ-ထိုအလုံးစုံသော သဟဇာတရုပ်ကို၊ အဝိသေသ တော-အားဖြင့်၊ န ဒဋ္ဌဗ္ဗံ-ထိုက်၊ ဣတိ-ဤ အနက်ဓိပ္ပာယ်ကို၊ ဒဿေတုံ-ငှာ၊ သဟဇာတရူပန္တျာဒိ-ကို၊ ဝုတ္တံ-ပြီ၊ ဟိ-ချဲ့၊ ပဋိသန္ဓိယံ-၌၊ စိတ္တသမုဋ္ဌာန ရူပါဘာဝတော-စိတ်ကြောင့်ဖြစ်သော ရုပ်၏ မရှိခြင်းကြောင့်လည်းကောင်း၊ ပဝတ္တိယံ-၌၊ ကမ္မသမုဋ္ဌာနာနံ-ကမ္မသမုဋ္ဌာန်ရုပ်တို့၏၊ စိတ္တစေတသိကေဟိ-တို့နှင့်၊ သဟုပ္ပတ္တိနိယမာဘာဝတောစ-တကွဖြစ်ခြင်း၌ မြဲသောအမှတ်သား၏ မရှိခြင်းကြောင့်လည်းကောင်း၊ သဟဇာတရူပန္တိ-သဟဇာတရူပ်ဟူသည်၊ [ဒုဝိဓံ ဟောတိ၌ စပ်၊] သဗ္ဗတ္ထာပိ-အလုံးစုံသော ပစ္စည်းတို့၌လည်း၊ ပဝတ္တေ-၌၊ စိတ္တသမုဋ္ဌာနံ-န်သော၊ ရူပါနံ-တို့၏လည်းကောင်း၊ ပဋိသန္ဓိယံ-၌၊ ကဋတ္တာ ၊ပေ၊ ရူပါနဉ္စ-ကဋတ္တာရုပ်ဆိုအပ်သော ကမ္မဇရုပ်တို့၏လည်းကောင်း၊ ဝသေန-အပြားအားဖြင့်၊ ဒုဝိဓံ-သည်၊ ဟောတိ-၏၊ ကမ္မဿ-၏၊ ဝါ-ကို၊ ကတတ္တာ-ကြောင့်၊ နိဗ္ဗတ္တမာနာနိ-ဖြစ်ရကုန်သော၊ ရူပါနိ-ရုပ်တို့တည်း၊ ကဋတ္တာရူပါနိ-

---

**သဟုပ္ပတ္တိနိယမာဘာဝတော။** ။စိတ်၏ ဥပါဒ်ခဏ၌ ဖြစ်သော ကမ္မဇရုပ်တို့သာ စိတ်နှင့် သဟုပ္ပတ္တိဖြစ်၍, စိတ်၏ဌီခဏ ဘင်ခဏ၌ဖြစ်သော ကမ္မဇရုပ်နှင့် နိရောဓ သမာပတ်အတွင်း၌ဖြစ်သော ကမ္မဇရုပ်တို့၏ သဟုပ္ပတ္တိမဖြစ်သောကြောင့် ကမ္မဇရုပ်တို့မှာ သဟုပ္ပတ္တိအဖြစ်၌ အမြဲသတ်မှတ်ချက် မရှိကြ။

ကံပြုအပ်သည်၏အဖြစ်ကြောင့် ဖြစ်ရသောရုပ်တို့၊ [အလယ်၌ နိဗ္ဗတ္တမာန ပုဒ်ကျေ၍ သမ္ဘာဝိဘတ် မကျေသောသမာသ်။]

**၃၇**။ ဣတိဖေ၀-ဤသို့၊ ဝုတ္တနယေန-ဖြင့်၊ သမ္ဘဝါ-(ယထာသမ္ဘဝံ) ဖြစ်သင့်သည်အားလျော်စွာ၊ [သမ္ဘဝါကို"ယထာသမ္ဘဝံ"ဟု ထပ်ဖွင့်သည်၊ တေကာလိက တို့တွင် အချို့ပစ္စည်းက ဒွိကာလိက, အချို့ပစ္စည်းက ဧကကာလိကလည်းရှိသောကြောင့် "သမ္ဘဝါ"ဟု ဆိုသည်၊] တေကာလိကာ-ကာလသုံးပါး၌ ဖြစ်သည်လည်း ဖြစ်ကုန်သော၊ အန္တရ ၊ပေ၊ ဝိဂတဝသေန-အနန္တရ သမနန္တရ, အာသေဝန,နတ္ထိ, ဝိဂတတို့၏အပြားအားဖြင့်၊ ပဉ္စန္နံ-န်သော၊ အတီတ ကာလိကာနံ-အတိတ်ကာလ၌ဖြစ်သော ပစ္စည်းတို့၏လည်းကောင်း၊ အတီတ ဝတ္တမာနဝသေန-အတိတ်,ပစ္စုပ္ပန်၏ အပြားအားဖြင့်၊ ဒွိကာလိကဿ-ကာလ နှစ်ပါး၌ဖြစ်သော၊ ကမ္မပစ္စယဿ-၏လည်းကောင်း၊ အာရမဏအဓိပတိ ဥပနိဿယပစ္စယာနံ-အာရမဏ,အဓိပတိ,ဥပနိဿယ,ပစ္စည်းဟူကုန်သော၊ တိကာလိကာနံ-ကာလသုံးပါး၌ဖြစ်သော ပစ္စည်းတို့၏လည်းကောင်း၊ ဣတရေသံ-ဆိုအပ်ပြီးသော ပစ္စည်းကိုးပါးမှ တစ်ပါးကုန်သော၊ ပန္နရသန္နံ-န်သော၊ ပစ္စုပ္ပန္နကာလိကာနဉ္စ-ပစ္စုပ္ပန်ကာလ၌ဖြစ်သော ပစ္စည်းတို့၏လည်းကောင်း၊ ဝသေန-အားဖြင့်၊ ကာလတ္တယဝဏ္ဏော-ကာလသုံးပါးရှိသည်လည်း ဖြစ်ကုန်သော၊ [တေကာလိကာကိုပင် "အနန္တရ၊ပေ၊ကာလတ္တယဝဏ္ဏော"ဟု ဖွင့် သည်၊] နိဗ္ဗာနပညတ္တိဝသေန-နိဗ္ဗာန်,ပညတ်တို့၏အစွမ်းဖြင့်၊ ကာလ ဝိမုတ္တာစ-ကာလသုံးပါးမှအလွတ်လည်းဖြစ်ကုန်သော၊ စက္ခာဒိရာဂါဒိ သဒ္ဓါဒိ ဝသေန-စက္ခု အစရှိသောတရား, ရာဂအစရှိသောတရား, သဒ္ဓါအစရှိသော တရားတို့၏အစွမ်းဖြင့်၊ အဇ္ဈတ္တိကာစ-အဇ္ဈတ္တ၌လည်းဖြစ်ကုန်သော၊ ပုဂ္ဂလ ဥတုဘောဇနာဒိဝသေန-ပုဂ္ဂိုလ်,ဥတု, ဘောဇဉ်အစရှိသည်တို့၏ အစွမ်းဖြင့်၊ တတော-ထိုအဇ္ဈတ္တမှ၊ ဗဟိဒ္ဓါ စ-အပ၌လည်းဖြစ်ကုန်သော၊ ပစ္စယုပ္ပန္န ဘာဝေန-ကံ အစရှိသောအကြောင်းတို့ကြောင့် ဖြစ်ရကုန်သည်၏ အဖြစ် ကြောင့်၊ သင်္ခတာ စ-သင်္ခတလည်းဖြစ်ကုန်သော၊ တတော-ထိုမှတစ်ပါး၊ တပ္ပဋိပက္ခဘာဝေန-ထိုသင်္ခတ၏ ဆန့်ကျင်ဘက်၏အဖြစ်ကြောင့်၊ အသင်္ခတာ စ-အသင်္ခတလည်းဖြစ်ကုန်သော၊ ဓမ္မာ-တို့သည်၊ [တေကာလိကာမှ စ၍ ဝိသေသနအားလုံးကို ဤ"ဓမ္မာ"၌စပ်၊ ဓမ္မာကို ပစ္စယာနာမ၌ စပ်၊] ပညတ္တိ နာမရူပါနံ-တို့၏၊ ဝသေန-ဖြင့်၊ သင်္ခေပတော-အကျဉ်းအားဖြင့်၊ တိဝိဓာ- ဖြင့်၊ ဋ္ဌိတာ-န်သည်၊ (ဟုတ္ဝာ) သဗ္ဗထာ-အလုံးစုံသော အခြင်းအရာအားဖြင့်၊ [စတုဝီသတိ၌ စပ်၊] ပဋ္ဌာနေ-ပဋ္ဌာန်းကျမ်း၌၊ အနန္တနယ၊ပေ၊ ပကရဏေ- အနန္တနယသမန္တ ပဋ္ဌာန်းမည်သော ကျမ်း၌၊ [ပဋ္ဌာနေကို ထပ်ဖွင့်သည်၊] စတုဝီသတိသင်္ခါတာ-နှစ်ဆယ့်လေးပါးဟု ဆိုအပ်ကုန်သော၊ ပစ္စယာနာမ- တို့ မည်၏၊ ဣတိ-ဤကား၊ ယောဇနာ-ပုဒ်, အနက်တို့ကို ယှဉ်စေခြင်းတည်း။

**၃၈, ၃၉။** တတ္တာတိ–ကား၊ တေသု ပညတ္တိနာမရူပေသု–ထို ပညတ် နာမ်ရုပ်တို့တွင်၊ ["ရူပဓမ္မာ,ပညတ္တိ"တို့၌ စပ်။] ပညတ္တိ–ပညတ်သည်၊ ဝစနီယ ဝါစကဘေဒါ–ဟောအပ်သော အတ္ထပညတ်, ဟောတတ်သော သဒ္ဒပညတ် အားဖြင့်၊ ဒုဝိဓာ–နှစ်ပါးအပြားရှိ၏၊ ဣတိ–ထို့ကြောင့်၊ ပညာပီယတ္တာတျာဒိ–ကို၊ (အာစရိယေန) ဝုတ္တံ၊ ပညာပီယတ္တာတိ–ကား၊ တေန တေနပကာရေန–ထိုထိုဘူမိ,ပဗ္ဗတ အစရှိသော အပြားအားဖြင့်၊ ဉာပေတဗ္ဗတ္တာ–သိစေထိုက် သည်၏အဖြစ်ကြောင့်၊ (ပညတ္တိ–အတ္ထပညတ်လည်းကောင်း၊) ဣမိနာ–ဤ ပညာပီယတ္တာ ပညတ္တိဟူသော ပါဌ်ဖြင့်၊ ရူပါဒိဓမ္မာနံ–ရုပ်အစရှိသောတရား တို့၏၊ သမူဟသန္တာန ၊ပေ၊ ဘေဒါ–အပေါင်း,အစဉ်,အခိုက်အတန့် အထူး အစရှိသော အပြားရှိသော၊ သမ္မုတိသစ္စဘူတာ–သမ္မုတိသစ္စာ ဖြစ်၍ဖြစ်သော၊ ဥပါဒါပညတ္တိသင်္ခါတာ–ဥပါဒါ ပညတ်ဟုဆိုအပ်သော၊ အတ္ထပညတ္တိ–ကို၊ (အာစရိယေန) ဝုတ္တာ–ပြီ၊ ဟိ–မှန်၊ သာ–ထိုအတ္ထပညတ်ကို၊ နာမပညတ္တိယာ–(ဘူမိ,ပဗ္ဗတအစရှိသော) နာမည်ပညတ်ဖြင့်၊ ပညာပီယတိ–အပြားအားဖြင့် သိစေအပ်၏၊ [တစ်ယောက်နှင့်တစ်ယောက် စကားပြောသော အခါဖြစ်စေ, မသိ၍မေးလာသော အခါဖြစ်စေ ဘူမိပဗ္ဗတစသော နာမည်ပည်တ်ဖြင့် သိစေရ သည်–ဟူလို။]

ပညာပနတောတိ–ကား၊ ပကာရေဟိ–ဘူမိ,ပဗ္ဗတအစရှိသော အပြားတို့ဖြင့်၊ အတ္ထပညတ္တိယာ–ကို၊ ဉာပနတော–သိစေတတ်သည်၏ အဖြစ်ကြောင့်၊ (ပညတ္တိ–သဒ္ဒပညတ်လည်းကောင်း၊) ဟိ–မှန်၊ [မဏိမဉ္ဇူသ၌ ဟိ ကို ဝေသဒ္ဒါ၏ အနက်,ပနသဒ္ဒါ၏ အနက်ဟုကြံလေသည်၊ "ဤပါဌ်ဖြင့်သာလျှင်, ဤပါဌ် ဖြင့်ကား" ဟူလို၊] ဣမိနာ–ဤ ပညာပနတော ပညတ္တိဟူသော ပါဌ်ဖြင့်၊

---

**ဣမိနာ ၊ပေ၊ အတ္ထပညတ္တိ ဝုတ္တာ။** ။"ပညာပီယတ္တာ ပညတ္တိ"ဟူသော ပါဌ်ဖြင့် အတ္ထပညတ်ကို ပြသည်–ဟူလို၊ ထိုအတ္ထပညတ်သည် သမူဟပညတ်, သန္တာနပညတ်, အဝတ္ထာဝိသေသပညတ်, ဤသို့ စသည်အားဖြင့် များသောကြောင့် "သမူဟသန္တာန အဝတ္ထာဝိသေသာဒိဘေဒါ"ဟု ဆိုသည်၊ [ဤ၌ "သန္တာနာဒိ" ဟု အာဒိ ပါသည်ကို မဏိမဉ္ဇူ မကြိုက်၊ သမူဟ စသည်တို့၏ အဓိပ္ပာယ်ကို နောက်၌ လာလတ္တံ့။]

အဝတ္ထာဝိသေသပညတ်ဟူသည်–ငယ်ရွယ်သော အခိုက်အတန့် အထူးကိုစွဲ၍ "ကလေး"ဟုလည်းကောင်း,ပျိုရွယ်သော အခိုက်အတန့် အထူးကိုစွဲ၍"လူပျို"ဟု လည်းကောင်း,ဤသို့စသည်ဖြင့် ပညတ်အပ်သော အတ္ထပညတ်တည်း၊ [ဝိသေသာဒိ၌ အာဒိဖြင့်–နောက်လာမည့် အတ္ထပညတ်များကိုယူ၊] ထိုသမူဟပညတ်စသည်သည် လောကီ လူတို့ သမုတ်ထားအပ်သောကြောင့် "ရထ"ဟု ခေါ်လျှင် မှန်ကန်ရကား သမ္မုတိသစ္စာ ဖြစ်၏၊ ရထား၏အစိတ်အပိုင်း စသည်၏အပေါင်းကို ဖြစ်စေ, အခိုက်အတန့်အထူးကို ဖြစ်စေ စွဲမှီ၍ ပညတ်အပ်သောကြောင့် "ဥပါဒါပညတ်"ဟုလည်း ခေါ်ဆိုအပ်သည်

ပညာပေတီတိ ပညတ္တိတိ-ဟူ၍၊ လဒ္ဓနာမာ-ရအပ်သောအမည်ရှိသော၊ အတ္ထာနံ-အနက်တို့၏၊ ဝါ-အတ္ထပညတ်တို့၏၊ အဘိဓာနသင်္ခါတာ-အမည်ဟု ဆိုအပ်သော၊ နာမပညတ္တိ-ကို၊ (အာစရိယေန၊) ဝုတ္တာ-ပြီ၊ [“လဒ္ဓနာမာနံ”ဟု စာအများ ရှိ၏၊ “ပညာပေတီတိ ပညတ္တိ”သည် နာမပညတ္တိ၏ ဝစနတ္ထဖြစ်၍ “နာမ ပညတ္တိ”၌ စပ်ရမည် ဖြစ်ရကား “လဒ္ဓနာမာ”ဟု ပါဌ်မှန် ရှိစေ၊ နာမပညတ်ဟူသည် အနက်ဒြပ်ကို ဟောပြတတ်သော သဒ္ဒါချည်း ဖြစ်သော ကြောင့် “အတ္ထာနံ အဘိဓာနသင်္ခါတာ”ဟု ဝိသေသနပြုသည်။]

**၄၀။** ဘူတ ၊ပေ၊ မုပါဒါယာတိ-ကား၊ပဗန္ဓဝသေန-အစဉ်အဆက်၏ အစွမ်းဖြင့်၊ ပဝတ္တမာနာနံ-န်သော၊ ပထဝါဒိကာနံ-ပထဝီအစရှိကုန်သော၊ မဟာဘူတာနံ-တို့၏၊ ပတ္တဋ္ဌသင်္ဂဟတာဒိအာကာရေန-ပြန့်ကျယ်သည်၏ အဖြစ်, သိမ်းယူအပ်သည်၏ အဖြစ်အစရှိသော အခြင်းအရာအားဖြင့်၊ ပရိဏာမာကာရံ-ထက်ဝန်းကျင်ညွတ်ကိုင်းပုံအခြင်းအရာကို၊ ပရိဏတဘာဝ သင်္ခါတံ-ထက်ဝန်းကျင် ညွတ်ကိုင်းသည်၏ အဖြစ်ဟုဆိုအပ်သော၊ အာကာရံ-ကို၊[ပရိဏာမာကာရံကိုထပ်ဖွင့်သည်၊]ဥပါဒါယ-ဉာဏ်ဖြင့်ကပ်ယူ၍၊နိဿယံ-(ဉာဏ်၏) မှီရာကို၊ ကတွာ-၍၊ တထာတထာတိ-ကား၊ ဘူမာဒိဝသေန-ဘူမိအစရှိသည်တို့၏အစွမ်းဖြင့်၊ ဘူမိပဗ္ဗတာဒိကာတိ-ကား၊ ဘူမိပဗ္ဗတရုက္ခာ ဒိကာ-မြေကြီး,တောင်,သစ်ပင်အစရှိသော၊ သန္တာနပညတ္တိ-သန္တာနပညတ် လည်း ကောင်း၊ သမ္ဘာရသန္နိဝေသာကာရန္တိ -ကား၊ ဒါရုမတ္တိကာတန္တာဒိနာ- သစ်သား, မြေညက်, ချည်မျှင်အစရှိကုန်သော၊ သမ္ဘာရာနံ(ဥပကရဏာနံ)- အဆောက်အဦးတို့၏၊ သန္နိဝေသာကာရံ-စုဝေးတည်နေပုံ အခြင်းအရာကို၊ ရစနာဒိ ၊ပေ၊ အာကာရံ-စီပုံစဉ်ပုံ အစရှိသည်တို့သည် အထူးပြုအပ်သော ထိုထိုပုံသဏ္ဌာန် အစရှိသော အခြင်းအရာကို၊ [သန္နိဝေသာကာရံကို ထပ်ဖွင့် သည်၊ ဥပါဒါယ၌ စပ်၊] ရထသကဋာဒိကာတိ-ကား၊ ရထ၊ ပေ၊ ပဋ္ဌာဒိကာတိ-ရထား, လှည်း, ရွာ, အိုး, အဝတ်အစရှိသော၊ သမူဟပညတ္တိ- လည်းကောင်း၊ [အာဒိဖြင့် ဂေဟစသည်ကို ယူ။]

စန္ဒာဝဋ္ဋနာဒိကန္တိ-ကား၊ စန္ဒိမသူရိယနက္ခတ္တာနံ-လ,နေ,နက္ခတ်တို့၏၊ သိနေရုံ-မြင့်မိုရ်တောင်ကို၊ ပဒက္ခိဏဝသေန-လက်ျာရစ် လှည့်လည်သည်၏ အစွမ်းဖြင့်၊ ဥဒယာဒိအာဝဋ္ဋနာကာရံ-တက်လာခြင်းအစရှိသော လှည့်လည် ပုံအခြင်းအရာကို၊ [ဥပါဒါယ၌ စပ်၊] ဒိသာကာလာဒိကာတိ-ကား၊ ပုရတ္ထိမ ဒိသာဒိကာ-အရှေ့အရပ် အစရှိသော၊ ဒိသာပညတ္တိ-လည်းကောင်း၊ ပုဗ္ဗဏှာ ဒိကာ-နံနက်အခါ အစရှိသော၊ ကာလပညတ္တိ-လည်းကောင်း၊ မာသောတု ဝေသာခမာသာဒိကာ-လ, ဥတု, (လတို့တွင်လည်း) ကဆုန်လ အစရှိသော၊ တံတံနာမဝိသိဋ္ဌာ-ထိုထိုနာမည်ဖြင့် အထူးပြုအပ်သော၊ မာသာဒိပညတ္တိစ- မာသ အစရှိသော ပညတ်လည်းကောင်းတည်း။

အသမ္ဘုဋ္ဌာကာရန္တိ–ကား၊ တံတံရူပကလာပေဟိ–ထိုထိုရုပ်ကလာပ်တို့သည်၊ အသမ္ဖုဋ္ဌ–မတွေ့ထိအပ်သော၊ သုသိရာဒိအာကာရံ–အခေါင်း အစရှိသော အခြင်းအရာကို၊ [ဥပါဒါယဥ္စ စပ်၊] ကူပဂုဟာဒိကာတိ–ကား၊ ကူပဂုဟာဆိဒ္ဒါ ဒိကာ–တွင်း, ဂူ, အပေါက်စရှိသော၊ အာကာသပညတ္တိ–အာကာသပညတ် လည်းကောင်း၊ တံတံဘူတနိမိတ္တန္တိ–ကား၊ ပထဝီကသိဏာဒိတံတံဘူတနိမိတ္တံ– ပထဝီကသိုဏ်းအစရှိသော ထိုထို မဟာဘုတ်နိမိတ်ကိုလည်းကောင်း၊ ဘာဝနာ ဝိသေသန္တိ–ကား၊ ဘာဝနာယ–၏၊ ပရိကမ္မာဒိဘေဒံ–ပရိကမ်အစရှိသော အပြားရှိသော၊ ပဗန္ဓဝိသေသံ–အစဉ်အဆက်အထူးကိုလည်းကောင်း၊ [ဥပါဒါယ ဥ္စ စပ်၊] ကသိဏနိမိတ္တာဒိကာတိ–ကား၊ ကသိဏာသုဘနိမိတ္တာဒိဘေဒါ– ကသိုဏ်းနိမိတ်,အသုဘနိမိတ်အစရှိသောအပြားရှိသော၊ ယောဂီနံ–ယောဂီတို့၏ ဉာဏ်အား၊ ဥပဋ္ဌိတာ–ထင်လာသော၊ ဥဂ္ဂဟပဋိဘာဂါဒိဘေဒါ–ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်အစရှိသော အပြားရှိသော၊ [မဏိမဉ္ဇူ၌ ဥဂ္ဂဟပဋိဘာဂါဒိဝယ် "အာဒိ"ဖြင့်"ပရိကမ္မနိမိတ်ကို ယူရမည်ဟု ဆိုလေသည်၊] နိမိတ္တပညတ္တိ– နိမိတ်ပညတ်လည်းကောင်း၊ ဧဝမာဒိပ္ပဘေဒါတိ–ကား၊ ကသိဏုဂ္ဃာဋိမာကာသ ၊ပေ၊ ဘေဒါစ–ကသိဏုဂ္ဃာဋိမာကာသပညတ်, နိရောဓပညတ်,ကသိုဏ်းပညတ် အစရှိသော အပြားရှိသော ပညတ်လည်းကောင်း၊ အတ္တစ္ဆာယာကာရေနာတိ– ကား၊ ပရမတ္ထဓမ္မသ္သ–၏၊ ဆာယာကာရေန–အရိပ်အရောင် အခြင်းအရာ အားဖြင့်၊ ပဋိဘာဂါကာရေန–အတုအရောင် အခြင်းအရာအားဖြင့်၊ [သင်္ခါယတိ စသည်၌ စပ်၊ အကြားအကြား၌ အမှာမရေးအပ်သော အဓိပ္ပာယ်များကို အခြေပြုသဂြိုဟ်၌ ပြထားပြီ။]

**၄၁။** နာမ ၊ပေ၊ နာမနေနာတိ–ကား၊ နာမံ–နာမလည်းကောင်း၊ နာမကမ္မံ– လည်းကောင်း၊ နာမဓေယျံ–လည်းကောင်း၊ နိရုတ္တိ–လည်းကောင်း၊ ဗျဉ္ဇနံ– လည်းကောင်း၊ အဘိလာပေါ–အဘိလာပလည်းကောင်း၊ ဣတိ–သို့၊ ဆဟိ– န်သော၊ ဣမေဟိနာမေဟိ–ဤနာမည်တို့ဖြင့်၊ (ပရိဒီပိတာ–ထင်ရှားပြအပ် ၏၊) တတ္ထ–ထို နာမ စသည်တို့တွင်၊ (ယံ ဝစနံ–အကြင် သဒ္ဒါသည်၊) အတ္ထေသု–တို့၌၊ နမတိ–ညွတ်တတ်၏၊ ဣတိ–ကြောင့်၊ (တံဝစနံ) နာမံ– မည်၏၊ ["အတ္ထေသု နမတိ"နေရာ၌ "အတ္ထေ နမတိ, အတ္ထံ နမတိ"ဟု အခြားနေရာ၌ ရှိ၏၊] တံ–နာမည်သည်၊ အန္ဝတ္ထရုဠှီဝသေန–အန္ဝတ္ထနာမ်, ရုဠှီနာမ်တို့၏ အပြားအားဖြင့်၊ ဒုဝိဓံ–၏၊ သာမည ၊ပေ၊ ဝသေန– သာမညနာမ်, ၊ပေ၊ ယဒိစ္ဆာနာမ်တို့၏ အပြားအားဖြင့်၊ စတုဗ္ဗိဓံ–၏၊ [အန္ဝတ္ထ စသော နာမ်အပြားကို ရူပသိဒ္ဓိဘာသာဋီကာ နာမ်အစ၌ ရှုပါ။]

နာမမေဝ–နာမသည်ပင်၊ နာမကမ္မံ–နာမကမ္မမည်၏၊ ["ကရီယတေတိ ကမ္မံ၊ နာမမေဝ+ကမ္မံ နာမကမ္မံ"ဟု ပြု၊ ကမ္မသဒ္ဒါ အနက်မရှိမဟုတ်, နာမနှင့်

ကမ္မအရတူဟု ပြသည်။] တထာ–ထိုနာမသည်ပင်၊ နာမဓေယျံ–မည်၏၊ အက္ခရဒ္ဓါရေန–အက္ခရာကို အကြောင်းပြုသဖြင့်၊ အတ္ထံ–ကို၊ နီဟရိတွာ–ထုတ်ဖော်၍၊ ဥ တ္တိ (ကထန်)ရွတ်ဆိုခြင်းတည်း၊ (ရွတ်ဆိုအပ်သောသဒ္ဒါတည်း၊) နိရုတ္တိ–ထုတ်ဖော်၍ ရွတ်ဆိုအပ်သောသဒ္ဒါ၊ အတ္ထံ–ကို၊ ဗျဥ္ဇယတိ–ထင်ရှား ပြတတ်၏၊ က္လတိ–ကြောင့်၊ ဗျဥ္ဇနံ–မည်၏၊ အဘိလပတိ–အနက်ကို ရှေ့ရှု ဟောတတ်၏၊ (တစ်နည်း) အဘိလပ္ပတိ–အနက်သို့ ရှေးရှုရွတ်ဆိုအပ်၏၊ က္လတိ–ကြောင့်၊ အဘိလာပေါ–မည်၏၊ သဒ္ဒ ၊ပေ၊ က္ကမော–သဒ္ဒါအဖြစ်ဖြင့် ဖြစ်သော အက္ခရာတို့၏ စုဝေးတည်နေစေအပ်သော အစဉ်တည်း။

ပန–ဆက်၊ သာ အယံ နာမပညတ္တိ–ထို နာမပညတ်သည်၊ ဝိဇ္ဇမာန ၊ပေ၊ ဝသေန–ဝိဇ္ဇမာနပညတ်,အဝိဇ္ဇမာနပညတ်, ထိုနှစ်ပါးစုံရောစပ်အပ်သော ပညတ်တို့၏ အပြားအားဖြင့်၊ ဆဗ္ဗိဓာ–သည်၊ ဟောတိ–၏၊ က္လတိ–ဤအနက်ကို၊ ဒဿေတုံ–ငှာ၊ ဝိဇ္ဇမာနပညတ္တိတျာဒိ–ကို၊ (အာစရိယေန) ဝုတ္တံ၊ တောယ ပညာပေန္တိ တိ–ကား၊ ရူပဝေဒနာတျာဒိနာ–ရုပ်,ဝေဒနာအစရှိသည်ဖြင့်၊ ပကာသေန္တိ-ထင်ရှားပြကြရကုန်၏။[အဓိပ္ပာယ်ကို အခြေပြုသင်္ဂြိုဟ်၌ပြထားပြီ။]

၄၂။ ဥဘိန္နံတိ–ကား၊ ဝိဇ္ဇမာနာဝိဇ္ဇမာနာနံ–ဝိဇ္ဇမာန,အဝိဇ္ဇမာနဟူကုန်သော၊ ဒွိန္နံ–နှစ်ပါးသောပညတ်တို့ကို၊ [ဝေါမိဿကဝသေန၌ စပ်၊]အဿ–ထို ရဟန္တာ ပုဂ္ဂိုလ်၏၊ ပဥ္စ–န်သော၊ အဘိညာ–(လောကီ)အဘိညာဉ်တို့လည်းကောင်း၊ အာသဝက္ခယဉာဏံ–အာသဝက္ခယဉာဏ်ဟူသော လောကုတ္တရာ အဘိညာဉ်လည်းကောင်း၊ က္လတိ–သို့၊ ဆ–န်သော၊ အဘိညာ–တို့သည်၊ (သန္တိ) က္လတိ–ကြောင့်၊ (သော–ထိုရဟန္တာပုဂ္ဂိုလ်သည်၊) ဆဠဘိညော–မည်၏၊ စ–ဆက်၊ ဧတ္ထ–ဤဆဠဘိညဟူသောပညတ်၌၊အဘိညာနံ–(၆ပါးသော)အဘိညာဉ်တို့၏၊

---

**အက္ခရဒ္ဓါရေ ၊ပေ၊ နိရုတ္တိ**။ ။ရွတ်ဆိုအပ်သော တစ်လုံး တစ်လုံးသော အသံသည် "အက္ခရာ"တည်း၊"နိရုတ္တိ"ဟူသော အမည်ကား အက္ခရာ အပေါင်းဖြစ်သော နာမည် တစ်ခု၏ အမည်တည်း၊ ထို့ကြောင့် အကြောင်း (အစိတ်)ဖြစ်သော အက္ခရာ၏ အမည်ကို အကျိုး (အပေါင်း) ဖြစ်သော သဒ္ဒါပေါ် တင်စား၍ ကာရဏူပစာရအားဖြင့် သဒ္ဒါကိုလည်း "နိရုတ္တိ"ဟု ခေါ်ပါ–ဟူလို။

**သဒ္ဒ ၊ပေ၊ က္ကမော**။ ။ဤပါဌ်ဖြင့် နာမည်စသည်တို့၏ အဘိဓေယျကို ပြသည်၊ သဒ္ဒီယန္တိ ဥစ္စာရီယန္တီတိ သဒ္ဒါ၊ (ရွတ်ဆိုအပ်သော တစ်လုံးတစ်လုံးသော အသံတို့၊) သဒ္ဒါယေဝ+ဂတာ သဒ္ဒဂတာ၊ သဒ္ဒဘာဝေန+ဂတာ ပဝတ္တာ သဒ္ဒဂတာ၊ သဒ္ဒဂတာ စ+တေ+အက္ခရာစာတိ သဒ္ဒဂတအက္ခရာ၊ (အသံ အဖြစ်ဖြင့် ဖြစ်သောအက္ခရာတို့၊) သန္နိဝေသီယတေတိ သန္နိဝေသော၊ သန္နိဝေသောစ+သော+ကမောစာတိ သန္နိဝေသက္ကမော၊ သဒ္ဒဂတအက္ခရာနံ+သန္နိဝေသက္ကမော သဒ္ဒ ၊ပေ၊ က္ကမော၊"ဘူမိ"ဟု ဆိုရာ၌ "ဘူ"ဟူသော သဒ္ဒအက္ခရာ, မိဟူသော သဒ္ဒအက္ခရာတို့၏ အစုအဝေးအစဉ်သည်"ဘူမိ"ဟု သဒ္ဒပညတ် ဖြစ်လာ၏၊ ဤသို့ စသည်ဖြင့် သိပါ။

ဝိဇ္ဇမာနတ္တာ–(ပရမတ္ထအားဖြင့်) ထင်ရှားရှိကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ တပ္ပဋိလာဘိနော–ထို အဘိညာဉ်တို့ကို ရခြင်းရှိသော၊ ပုဂ္ဂလာ–ရဟန္တာပုဂ္ဂိုလ်၏၊ အဝိဇ္ဇမာနတ္တာစ–(ပရမတ္ထအားဖြင့်) ထင်ရှား မရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အယံ–ဤ ဆဠဘိညဟူသော ပညတ်သည်၊ ဝိဇ္ဇမာနေန ၊ပေ၊ နာမ–ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ် မည်၏၊ (ထင်ရှားရှိသော ပညတ်နှင့်ရောစပ်အပ်သော ထင်ရှားမရှိသောပညတ် မည်၏၊) [နောက်၌လည်း ဤနည်းအတိုင်း မြန်မာပြန်ပါ၊] တထာ–ပါး၊ ဣတ္ထိယာ–၏၊ အဝိဇ္ဇမာနတ္တာ–ကြောင့်လည်းကောင်း၊ သဒ္ဒဿ–သဒ္ဒရုပ်၏၊ ဝိဇ္ဇမာနတ္တာစ–ကြောင့်လည်းကောင်း၊ ဣတ္ထိသဒ္ဒေါတိ–ဣတ္ထိသဒ္ဒေါဟူသော ပညတ်သည်၊ အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ္တိ–မည်၏၊ ပသာဒစက္ခုနော–၏လည်းကောင်း၊ တန္နိဿိတဝိညာဏဿစ–ထိုစက္ခုပသာဒကိုမှီသောဝိညာဉ်၏လည်းကောင်း၊ ဝိဇ္ဇမာနတ္တာ–ကြောင့်၊ စက္ခုဝိညာဏန္တိ–ဟူသောပညတ်သည်၊ ဝိဇ္ဇမာနေနဝိဇ္ဇမာနပညတ္တိ–မည်၏၊ ရညောစ–၏လည်းကောင်း၊ ပုတ္တဿစ–၏လည်းကောင်း၊ သမ္မုတိသစ္စဘူတတ္တာ–သမ္မုတိသစ္စာဖြစ်၍ ဖြစ်သည်၏အဖြစ်ကြောင့်၊ [ပရမတ္ထအားဖြင့်ကား ထင်ရှားမရှိသည်၏ အဖြစ်ကြောင့်–ဟူလို၊] ရာဇပုတ္တောတိ–ဟူသော ပညတ်သည်၊ အဝိဇ္ဇမာနေနအဝိဇ္ဇမာနပညတ္တိ–မည်၏၊ (ထင်ရှား မရှိသော ပညတ်နှင့် ရောစပ်အပ်သော ထင်ရှားမရှိသောပညတ် မည်၏။)

**၄၃**။ ဝစီဃောသာနုသာရေနာတိ–ကား၊ ဘူမိ ၊ပေ၊ သဒ္ဒဿ–ဘူမိ,ပဗ္ဗတ,ရူပ ဝေဒနာအစရှိသော စကားလုံးဖြစ်သောအသံကို၊ အနုသာရေန အနုဂမနေန–စဉ်လိုက်သဖြင့်၊ အနုဿရဏေန–အစဉ်လိုက်၍မှတ်သဖြင့်၊ အာရမ္မဏကာရဏေန–အာရုံပြုသဖြင့်၊ပဝတ္တာယ–သော၊ သောတဝိညာဏဝီထိယာ–သောတဝိညာဏဝီထိ၏၊ ပဝတ္တိတော–ဖြစ်ခြင်းမှ၊ အနန္တရံ–၌၊ ဥပ္ပန္နဿ–သော၊ကာဒံ–ဤနာမည်သည်၊ ဤဒိဿ–သော၊ အတ္ထဿ–အနက်ဒြပ်၏၊ နာမံ–နာမည်တည်း၊ ဣတိ–သို့၊ ပုဗ္ဗေဃေဝ–(အသံကို မကြားမီ) ရှေးအဖို့၌ပင်၊

---

**ဘူမိ ၊ပေ၊ ကရဏေန**။　 ။ဝစီမယသဒ္ဒဿသည် "ဝစီဃောသ"၏ အဖွင့်တည်း၊ မယအနက်မရှိ၊ စကားလုံးဖြစ်သော အသံဟူလို၊ "ဘူမိ,ပဗ္ဗတ"ဟူသော စကားသံသည် သမ္မုတိအနက်ဖြစ်သော အတ္ထပညတ်ကိုပြသော စကားသံတည်း၊ "ရူပ,ဝေဒနာ" ဟူသော စကားသံသည် ပရမတ်အနက်ဖြစ်သော အတ္ထပညတ်ကိုပြသော စကားသံတည်း၊ "အနုသာရေန"ဝယ်သရဓာတ်၏ ဂတိအနက်ကို ယူစေလို၍ "အနုဂမနေန"ဟု ပထမ ဖွင့်သည်၊ ထိုအနုဂမန ဟူသည်လည်း စိတ်ဖြင့် လိုက်ခြင်းတည်း–ဟု သိစေလို၍ "အနုဿရဏေန"ဟု ဖွင့်သည်၊ စိတ်ဖြင့် လိုက်ခြင်းဟူသည်လည်း ထိုအသံကို အာရုံပြုခြင်းတည်း–ဟု သိစေလို၍ "အာရမ္မဏကရဏေန"ဟု အဖြောင့်အနက်ကို ဖွင့်ပြသည်၊ [ပစ္ဆိမံ ပစ္ဆိမံ ပုရိမဿ ပုရိမဿ အတ္ထဝစနံ"တည်း။]

ဂဟိတ ။ပေ၊ နိဿယဿ-ယူအပ်သော သင်္ကေတလျှင် အားကြီးသောမှီရာ အကြောင်းရှိသော၊ မနောဒွါရဿ-မနောဒွါရ၏၊ (မနောဒွါရိက ဝိညာဏ်အစဉ်၏၊) နာမ ။ပေ၊ ပဝတ္တဿ-(ဘူမိစသော)နာမည်ကို သိသောအခြင်းအရာအားဖြင့်ဖြစ်သော၊ မနောဒွါရိကဝိညာဏသန္တာနဿ-မနောဒွါရိက ဝိညာဏ်အစဉ်၏၊ ဂေါစရာ (အာရမဏဘူတာ)-အာရုံဖြစ်၍ဖြစ်သော၊ [သာ အယံ ပညတ္တိ၌ စပ်။]

တတော နာမဂ္ဂဟဏတော-ထို(ဘူမိ,ပဗ္ဗတစသော) နာမည်ကို ယူကြောင်းဝီထိမှ၊ ပရံ-၌၊ သမ္မုတိပရမတ္ထဝိသယာယ-သမ္မုတိအနက်, ပရမတ် အနက်ဟူသော ဟောရာရှိသော၊ ယဿာ နာမပညတ္တိယာ-အကြင် နာမ ပညတ်ကို၊ အနုသာရေန အနုဂမနေန-ဖြင့်၊ သမ္မုတိပရမတ္ထဘေဒါ-သမ္မုတိအနက်, ပရမတ်အနက် အပြားရှိကုန်သော၊အတ္ထာ-အနက်ဒြပ်တို့ကို၊ ဝိညာယန္တိ-န်၏၊ ဘူမိပဗ္ဗတရူပဝေဒနာဒိကာ-ဘူမိ,ပဗ္ဗတ,ရူပ,ဝေဒနာအစရှိသော၊ ပညာပေတဗ္ဗတ္ထပညာပိကာ-အပြားအားဖြင့် သိစေထိုက်သော အနက်ကို အပြားအားဖြင့် သိစေတတ်သော၊ လောကသင်္ကေတေန-လောကသင်္ကေတအားဖြင့်၊ နိမ္မိတာ-ဖန်ဆင်းအပ်သော၊ လောကဝေါဟာရေန-လောကအခေါ်အဝေါ်အားဖြင့်၊ သိဒ္ဓါ-ထင်ရှားသော၊ [လောကသင်္ကေတကို လောကဝေါဟာရ, နိမ္မိတာကို သိဒ္ဓါဟု ထပ်ဖွင့်၏၊] မနောဒွါရဂ္ဂဟိတာ-တတိယမနောဒွါရိကဝီထိဖြင့် ယူအပ်သော၊ အက္ခရာဝလိဘူတာ-(ဘူ, မိစသော) အက္ခရာအစဉ်ဖြစ်၍ဖြစ်သော၊ သာယံ (သာ+အယံ)ပညတ္တိ-ထိုပညတ်ကို၊ ဝိညေယျာ-သိထိုက်၏၊ ပညာပနတော-အပြားအားဖြင့် သိစေတတ်သည်၏အဖြစ်ကြောင့်၊ ပညတ္တိသင်္ခါတာ-ပညတ်ဟုဆိုအပ်သော၊ နာမပညတ္တိ-နာမပညတ်တည်း၊ ဣတိ-သို့၊ ဝိညေယျာ-၏၊ ["နာမပညတ္တီတိ"ဟု ထည့်၍ စပ်ပါ-ဟူလို၊ အခြေပြဳဌ်ကား ဤအဖွင့်သို့ မလိုက်ဘဲ လောကသင်္ကေတ နိမ္မိတာကို အဓိပ္ပာယ်တစ်မျိုး ပြထားသည်။]

---

**မနောဒွါရဿ ။ပေ၊သင်္ကေတောပနိဿယဿ။** ။"မနောဒွါရဿ"အရ ဌာနဒွါရဖြင့် ဌာနီ ဝိညာဏ်အစဉ်ကို ဌာနူပစာရအားဖြင့် ယူစေလိုသောကြောင့် "မနောဒွါရိကဝိညာဏသန္တာနဿ"ဟု ဖွင့်သည်၊ ထို ဝိညာဉ်အစဉ်သည် ဘူမိ,ရူပ စသောနာမည်ကို သိတတ်သော တတိယမနောဒွါရိကဝီထိ ဖြစ်သောကြောင့် "နာမစိန္တနာကာရပဝတ္တဿ"ဟု ဝိသေသန ကူမသည်၊ [ဝိညာဏသန္တာနဿကို ဂေါစရာ၌ စပ်၊] ဝိညာဏ်အစဉ်၏အာရုံ-ဟူလို၊ ထို တတိယမနောဒွါရိကဝိညာဏ် အစဉ်က အာရုံပြုနိုင်, သိနိုင်ခြင်းမှာလည်း အသံမကြားမီ ရှေးရှေးကာလက "ဤသဒ္ဒါသည် ဤအနက်ကို ဟော၏"ဟု အမှတ်သင်္ကေတရှိဖူးမှ ဖြစ်၏၊ ထိုအမှတ်သင်္ကေတက ထိုဝိညာဏ်အစဉ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသောကြောင့်သာ အာရုံပြုနိုင်, သိနိုင်သည်၊ ထို့ကြောင့် "မနောဒွါရိကဝိညာဏသန္တာနဿ"ကို "ဣဒမိဒိဿဿ ။ပေ၊သင်္ကေ တောပနိဿယဿ"ဟု ဝိသေသန ကူမပြန်သည်။

စ–ဆက်၊ ဧတ္ထ–ဤ ဂါထာ၌၊ သောတဝိညာဏဝီထိယာ–၏၊ အနန္တရ ဘာဝိနိ–အခြားမဲ့၌ ဧကန်ဖြစ်လေ့ရှိသော၊ မနောဒွါရိကဝီထိမှ–တဒနုဝတ္တိက မနောဒွါရိကဝီထိကိုလည်း၊ သောတဝိညာဏဝီထိဂ္ဂဟဏေနေဝ–သောတ ဝိညာဏဝီထိသဒ္ဒါဖြင့်သာလျှင်၊ သင်္ဂဟေတွာ–သိမ်းယူ၍၊ သောတဝိညာဏ ဝီထိယာတိ–ဟူ၍၊ (အာစရိယေန) ဝုတ္တံ၊ ["သောတဝိညာဏဝီထိယာ–သောတ ဝိညာဏဝီထိ, တဒနုဝတ္တိကမနောဒွါရဝီထိ၏"ဟု အနက်ပေးပါ-ဟူလို။]

ဟိ–ချဲ့၊ ဃဋ္ဋာဒိသဒ္ဒံ–ဃဋအစရှိသောအသံကို၊ သုဏန္တ သ–ကြားသော ပုဂ္ဂိုလ်၏၊ ဧကမေကံ–တစ်လုံးတစ်လုံးသော၊ သဒ္ဒံ–ဃ ဟူသောအသံ, ဋ ဟူသောအသံကို၊ အာရဗ္ဘ–၍၊ ပစ္စုပ္ပန္နာတီတာရမဏဝသေန–ပစ္စုပ္ပန်အာရုံ, အတိတ်အာရုံတို့၏ အစွမ်းဖြင့်၊ ဒွေဒွေ–နှစ်ခုနှစ်ခုကုန်သော၊ ဇဝနဝါရာ– ဇောဝါရတို့သည်၊ (ဟောန္တိ–န်၏၊) ["ဃ"ဟူသောအသံကို အာရုံပြု၍ သောတ ဝိညာဏဝီထိ, တဒနုဝတ္တိကမနောဒွါရဝီထိတစ်စုံ၊ "ဋ"ဟူသောအသံကို အာရုံပြု၍ ထို့အတူ တစ်စုံဖြစ်သည်ဟူလို–ဟူလို၊] ဗုဒ္ဓိယာ–သိတတ်သော စိတ်ဖြင့်၊ ဂဟိတနာမပဏ္ဏတ္တိဘူတံ–ယူအပ်သော နာမည်ပညတ်ဖြစ်၍ ဖြစ်သော၊ အက္ခရာဝလိ–ဃ+ဋဟူသော အက္ခရာအစဉ်ကို၊ အာရဗ္ဘ–၍၊ ဧကော–တစ်ခုသော၊ (ဇဝနဝါရော–သည်၊ ဟောတိ–၏၊) [ဤ ဇောဝါရကို အက္ခရာစဉ်အပေါင်းကို အာရုံပြုသောကြောင့် "သမူဟဂ္ဂဟဏဝီထိ"ဟုခေါ် သည်၊] တ္တတိဝေ–ဤသို့လျှင်၊ သောတဝိညာဏဝီထိယာ–၏၊ အနန္တရာယ– အခြားမဲ့ဖြစ်သော၊ အတီတသဒ္ဒါရမဏာယ–အတိတ်အသံဟူသော အာရုံရှိ သော၊ ဇဝနဝီထိယာ–ဇောဝီထိ၏၊ အနန္တရံ–၌၊ နာမပညတ္တိယာ–နာမည် ပညတ်ကို၊ ဂဟဏံ–ယူခြင်းသည်လည်းကောင်း၊ (ယူကြောင်း, သိကြောင်း ဇောဝါရသည်လည်းကောင်း၊) တတော–ထို နာမပညတ် ကို သိကြောင်းဝီထိမှ၊ ပရံ–၌၊ အတ္ထာဝဗောဓော–အနက်ဒြပ်ကို ထိုးထွင်း၍ သိခြင်းသည်လည်း ကောင်း၊) သိတတ်သော ဇောဝါရသည်လည်းကောင်း၊) (ဟောတိ) တ္တတိ– သို့၊ အာစရိယာ–တို့သည်၊ (ဝဒန္တိ –န်၏၊) [ဃဋ္ဋာဒိသဒ္ဒံစသော ဝီထိအစဉ်ကို ဝီထိနှင့်သုံးချက်စုဘာသာဋီကာ၌ ပြထားပြီ။]...

တ္တတိ–ဖြင့်၊ အဘိဓမ္မတ္ထဝိဘာဝနိယာနာမ–သော၊ အဘိဓမ္မတ္ထသင်္ဂဟ ဝဏ္ဏနာယ–၌၊ အဋ္ဌမပရိစ္ဆေဒဝဏ္ဏနာ (ပစ္စယပရိစ္ဆေဒဝဏ္ဏနာ)–သည်၊ နိဋ္ဌိတာ– ပြီ။

## ပစ္စည်းပိုင်းအဖွင့် ပြီးပြီ။

## ကမ္မဋ္ဌာန်းပိုင်းနိဿယ

၁။ ဣတော ပစ္စယနိဒ္ဒေသတော–ဤပစ္စယနိဒ္ဒေသမှ၊ ပရံ–၌၊ နီဝရဏာနံ–တို့ကို၊ သမဏဒွေန–ငြိမ်းစေတတ်သည်၏ အဖြစ်ဟူသော အနက်ကြောင့်၊ သမထသင်္ခါတာနံ–သမထဟုဆိုအပ်သည်လည်း ဖြစ်ကုန်သော၊ အနိစ္စာဒိဝိဝိဓာကာရတော–အနိစ္စ အစရှိသော အထူးထူး အပြားပြားသော အခြင်းအရာအားဖြင့်၊ [အာဒိ–ဖြင့် ဒုက္ခ, အနတ္တ, အသုဘတို့ကို ယူ။] ဒဿနဋ္ဌေန–ရှုမြင်တတ်သည်၏ အဖြစ်ဟူသော အနက်ကြောင့်၊ ဝိပဿနာသင်္ခါတာနဉ္စ–ဝိပဿနာဟု ဆိုအပ်သည်းလည်း ဖြစ်ကုန်သော၊ ဒွိန္နံ–နှစ်ပါးကုန်သော၊ ဘာဝနာနံ–ဘာဝနာတို့၏၊ ဒုဝိခံပိ–နှစ်ပါးအပြားရှိသည် လည်းဖြစ် သော၊ ကမ္မဋ္ဌာနံ–ကို၊ ဒုဝိဓဘာဝနာကမ္မဿ–နှစ်ပါးအပြားရှိသော ဘာဝနာအားထုတ်မှု၏၊ ပဝတ္တိဋ္ဌာနတာယ–ဖြစ်ခြင်း၏ တည်ရာ၏ အဖြစ်ကြောင့်၊ (ဖြစ်ရာဋ္ဌာန၏ အဖြစ်ကြောင့်၊) ကမ္မဋ္ဌာနဘူတံ–ကမ္မ+ဋ္ဌာန် ဖြစ်၍ဖြစ်သော၊ အာရမဏံ–ကိုလည်းကောင်း၊ ဥတ္တရုတ္တရယောဂကမ္မဿ–နောက်နောက် အားထုတ်မှု၏၊ ပဒဋ္ဌာနတာယ–နီးစွာသောအကြောင်း၏ အဖြစ်ကြောင့်၊ ကမ္မဋ္ဌာနဘူတံ–ကမ္မ+ဋ္ဌာန်ဖြစ်၍ ဖြစ်သော၊ ဘာဝနာဝီထိဉ္စ–ဘာဝနာအစဉ်ကို လည်းကောင်း၊ ယထာက္ကမံ–အစဉ်အားလျော်စွာ၊ သမထဝိပဿနာနုက္ကမေန–သမထ, ဝိပဿနာအစဉ်အားဖြင့်၊ [ယထာက္ကမံ ကိုထပ်ဖွင့်သည်] ပဝက္ခာမိ–အံ့၊ ဣတိ–ကား၊ ယောဇနာ–ပုဒ်အနက်တို့ကို ယှဉ်စေခြင်းတည်း၊ [ဣတောကို ရှေးဦးစွာ ထားခြင်း, သမထဝိပဿနာနံ ဘာဝနာနံတို့ကို အစဉ်အတိုင်း ထားခြင်း, ဒုဝိခံပိကို ကမ္မဋ္ဌာနံ၏ရှေ့က ထားခြင်းတို့ကား ပဒယောဇနာတည်း၊ "ပစ္စယနိဒ္ဒေသတော"ကား ဣတော၌ ယှဉ်စပ်ဖို့အတွက် အနက်ကိုပြသော အတ္ထယောဇနာတည်း၊ ဤသို့ စသည်ဖြင့် သိလေ၊ ဤ ဂါထာတစ်ရပ်လုံး၏ အဓိပ္ပာယ်ကို သင်္ဂြိုဟ်ဘာသာဋီကာ၌ ကျယ်ဝန်းစွာ ပြထားပြီ။]

၂။ ရာဂေါဝ–ရာဂသည်ပင်၊ စရိတာ–မပြတ်မလပ်ဖြစ်ခြင်းတည်း၊ ပကတိ–သတ္တဝါ၏ ပင်ကိုသဘောတည်း၊ ဣတိ–ကြောင့်၊ ရာဂစရိတာ–ရာဂစရိတာမည်၏၊ [စရိတာကို "ပကတိ"ဟု အဓိပ္ပာယ်ဖွင့်သည်၊ သတ္တဝါတစ်ယောက်၏ ပင်ကိုသဘောကို "စရိုက်"ဟု ခေါ်သည်–ဟူလို။] ဒေါသစရိတာဒယောပိ–ဒေါသစရိတာ အစရှိသော ပုဒ်တို့သည်လည်း၊ ဧဝံ–ဤအတူတည်း၊ ["ဒေါသောဝ + စရိတာ (ပကတိ) ဒေါသစရိတာ"စသည်ဖြင့် ဝိဂြိုဟ်ပြုပါ–ဟူလို] စရိတသင်္ဂဟောတိ–ကား၊ မူလစရိတဝသေန–မူလစရိုက်ခြောက်မျိုးတို့၏အစွမ်းဖြင့်၊ ပုဂ္ဂလသင်္ဂဟော–ပုဂ္ဂိုလ်ခြောက်မျိုးတို့ကို သိမ်းယူခြင်းသည်၊ (ဟောတိ)။ ["ရာဂစရိတာ"ဖြင့် "ရာဂ စရိုက်ရှိသူကို" သိမ်းယူ၏၊ ဤသို့ စသည်ဖြင့် သိပါ။]

ပန–ဆက်၊ သံသဂ္ဂဝသေန–(စရိုက် ၆ ပါးကို) ရောနှောခြင်း၏အစွမ်းဖြင့် တေသဋ္ဌိ–၆၃ မျိုးသော၊ စရိတာ–တို့သည်၊ ဟောန္တိ–န်၏၊ ဟိ–သာကေကား၊ ရာဂါဒိကေ ၊ပေ၊ သတ္တသတ္တကန္တိ–ဟူသော၊(တော်ဂါထာဝစနံ–ကို၊) ဝုတ္တံ–(ရှေး ဆရာတို့) မိန့်ဆိုအပ်ပြီ၊ [ရာဂါဒိကေ–ရာဂအစရှိသော၊ တိကေ–တိက်၌၊ သတ္တ–ခုနစ်မျိုးသောစရိုက်တို့သည်၊(ဟောန္တိ )၊သဒ္ဓါဒိကေ–သော၊တိကေ–၌၊ သတ္တ–တို့သည်၊(ဟောန္တိ)၊ကေဒ္ဒိတိကမူလမိ–ကေမူ,ဒွိမူ,တိမူ၌၊ မိဿတော–ရောနှောသောအားဖြင့်၊ သတ္တသတ္တကံ–သတ္တကခုနစ်လီသည်၊(ဟောတိ–၏။)]

ဟိ–ချဲ့ဦးအံ့၊ ဧတ္ထ–ဤဂါထာ၌၊ ရာဂစရိတာ–ရာဂစရိုက်လည်းကောင်း၊ ဒေါသစရိတာ–လည်းကောင်း၊ မောဟစရိတာ–လည်းကောင်း၊ ရာဒေါသ စရိတာ–လည်းကောင်း၊ ရာဂမောဟစရိတာ–လည်းကောင်း၊ ဒေါသမောဟ စရိတာ–လည်းကောင်း၊ ရာဂဒေါသမောဟစရိတာ–လည်းကောင်း၊ ဣတိဧဝံ–သို့၊ ရာဂါဒိကေ–ရာဂအစရှိသော၊ တိကေ–တိက်၌၊ ဧကံ–တစ်ခုသော၊ သတ္တကံ–စရိုက်(၇)ပါးအပေါင်းသည်၊ (ဟောတိ၊) တထာ–ပါး၊ သဒ္ဓါစရိတာ–လည်းကောင်း၊ ဗုဒ္ဓိစရိတာ–လည်းကောင်း၊ ဝိတက္ကစရိတာ–လည်းကောင်း၊ သဒ္ဓါဗုဒ္ဓိ စရိတာ–လည်းကောင်း၊ သဒ္ဓါဝိတက္ကစရိတာ–လည်းကောင်း၊ ဗုဒ္ဓိဝိတက္က စရိတာ–လည်းကောင်း၊ သဒ္ဓါဗုဒ္ဓိဝိတက္ကစရိတာ–လည်းကောင်း၊ ဣတိ–ဤသို့၊ သဒ္ဓါဒိကေ–သော၊တိကေပိ–၌လည်း၊ဧကံ–သော၊ (သတ္တကံ–သည်၊ ဟောတိ၊) ဣတိဧဝံ–သို့၊ ဒွေ–န်သော၊ တိကေ–တို့ကို၊ အမိဿိတွာ–မရောနှောမူ၍၊ စုဒ္ဒသ–န်သော၊စရိတာ–စရိုက်တို့သည်၊ဟောန္တိ–န်၏၊ပန–ကား၊ရာဂါဒိတိကေ–ရာဂ အစရှိသောတိက်ကို၊[ယောဇိတေ–၌ စပ်၊] ကေ၊ပေ၊ဝသေန–ကေမူ, ဒွိမူ, တိမူတို့၏အစွမ်းဖြင့်၊ သဒ္ဓါဒိတိကေန–သဒ္ဓါ အစရှိသောတိက်နှင့်၊ သဟ–တကွ၊ ယောဇိတေ–ယှဉ်စေအပ်သော်၊ ရာဂသဒ္ဓါစရိတာ–ရာဂသဒ္ဓါစရိတာ လည်းကောင်း၊ရာဂဝိတက္ကစရိတာ–လည်းကောင်း၊ ရာဂသဒ္ဓါဗုဒ္ဓိစရိတာ–လည်းကောင်း၊ ရာဂသဒ္ဓါဝိတက္ကစရိတာ–လည်းကောင်း၊ ရာဂဗုဒ္ဓိဝိတက္ကစရိတာ–လည်းကောင်း၊ ရာဂသဒ္ဓါဗုဒ္ဓိဝိတက္ကစရိတာ–လည်းကောင်း၊ ဣတိ–ဤသို့၊ ရာဂမူလနယေ–ရာဂမူလရှိသောနည်း၌၊ဧကံ–သော၊သတ္တကံ–သည်၊(ဟောဂ^ိ)။

တထာ–ပါး၊ ဒေါသသဒ္ဓါစရိတာ–လည်းကောင်း၊ ဒေါသဗုဒ္ဓိစရိတာ–လည်းကောင်း၊ ဒေါသဝိတက္ကစရိတာ–လည်းကောင်း၊ ဣတိအာဒိနာ–ဤသို့ အစရှိသောနည်းဖြင့်၊ [အာဒိဖြင့် ဒေါသသဒ္ဓါဗုဒ္ဓိစရိတ, ဒေါသသဒ္ဓါဝိတက္ကစရိတ, ဒေါသဗုဒ္ဓိဝိတက္ကစရိတ, ဒေါသသဒ္ဓါဗုဒ္ဓိဝိတက္ကစရိတတို့ကို ယူ။] ဒေါသမူလ နယေပိ–၌လည်း၊ ဧကံ–သော၊(သတ္တကံ ဟောတိ)၊ မောဟသဒ္ဓါစရိတာ–လည်းကောင်း၊ ဣတိ အာဒိနာ–ဖြင့်၊ မောဟမူလနယေပိ–၌လည်း၊ ဧကံ–သော၊ (သတ္တကံ ဟောတိ) [ရာဂနေရာ၌ "မောဟ"သွင်းရုံမျှသာ ထူးသည်။] ဣတိ ဧဝံ–သို့၊ ဧကမူလနယေ–၌၊ သတ္တကတ္တယံ–သတ္တကသုံးပါးအပေါင်းသည်၊

ဟောတိ၊ စ–ဆက်၊ ဧတ္ထ–ဤကေမူလနည်း၌၊ (သတ္တကတ္တယံ–သည်၊ ဟောတိ၊) ယထာ–သို့၊ ဧဝံ–တူ၊ ဒွိမူလကနယေပိ–နှစ်ပါးသော မူလရှိသော နည်း၌လည်း၊ ရာဂ ၊ပေ၊ စရိတာ–လည်းကောင်း၊ ရာဂဒေါသဗုဒ္ဓိစရိတာ–လည်းကောင်း၊ ရာဂဒေါသဝိတက္ကစရိတာ–လည်းကောင်း၊ ဣတိအာဒိနာ–ဖြင့်၊ သတ္တကတ္တယံ–သည်၊ (ဟောတိ)။

ပန–ကား၊ တိမူလကနယေ–၌၊ ရာဂ ၊ပေ၊ စရိတာ–လည်းကောင်း၊ ဣတိအာဒိနာ–ဖြင့်၊ ဧကံ–သော၊ သတ္တကံ–သည်၊ (ဟောတိ) ဣတိ ဧဝံ–သို့၊ မိဿတော–ဖြင့်၊ သတ္တသတ္တကဝသေန–သတ္တက ၇လီ၏ အစွမ်းဖြင့်၊ ဧကူနပညာသ–တစ်ခုယုတ်ငါးဆယ်သော၊ စရိတာ–တို့သည်၊ ဟောန္တိ–န်၏၊ ဣတိ–ဤသို့၊ ဧကူနပညာသ–တစ်ခုယုတ်ငါးဆယ်သော၊ ဣမာ–ဤစရိုက်တို့လည်းကောင်း၊ ပုရိမာ–ရှေ့၌ဖြစ်ကုန်သော၊ စုဒ္ဒသ–တစ်ဆယ့်လေးပါးသော စရိုက်တို့လည်းကောင်း၊ ဣတိ–သို့၊ တေသဋ္ဌိ–သော၊ စရိတာ–တို့ကို၊ ဒဋ္ဌဗ္ဗာ–န်၏၊ ပန–ဝါဒန္တရကား၊ ကေစိ–တို့သည်၊ ဒိဋ္ဌိယာ–ဒိဋ္ဌိစရိုက်နှင့်၊ သဒ္ဓိံ–ကွ၊ စတုသဋ္ဌိ–ခြောက်ဆယ့်လေးပါးသော စရိုက်တို့သည်၊ (ဟောန္တိ)၊ ဣတိ–သို့၊ ဝဏ္ဏေန္တိ–ဖွင့်ကြကုန်၏။ [အဓိပ္ပာယ်မှာ ပါဠ်လျောက်ဖြင့်ပင် ထင်ရှားပြီ၊ ဘာသာဋီကာ၌လည်း အကျယ်ပြထားသည်။ •

၄။ ဘာဝနာယ–အပ္ပနာဘာဝနာကို၊ ပဋိသင်္ခါရကမ္မဘူတာ–ပြုစီမံတတ်သော အလုပ်ဖြစ်၍ဖြစ်သော၊(ဘာဝနာ–သည်၊) ပရိကမ္မဘာဝနာနာမ–မည်၏၊ ဝါ–တစ်နည်း၊ (ဘာဝနာယ–အပ္ပနာဘာဝနာ၏) အာဒိကမ္မဘူတာ–အစအလုပ် ဖြစ်၍ဖြစ်သော၊ ပုဗ္ဗဘာဂဘာဝနာ–ရှေ့အဖို့၌ဖြစ်သောဘာဝနာသည်၊ ပရိကမ္မ ဘာဝနာနာမ–မည်၏၊ နီဝရဏဝိက္ခမ္ဘနတော–နီဝရဏတို့ကို ခွာနိုင်ရာအခါမှ၊ ပဋ္ဌာယ–၍၊ ဂေါတြဘုပရိယောသာနာ–ဂေါတြဘုအဆုံးရှိသော၊ ကာမာဝစရ ဘာဝနာ–သည်၊ ဥပစာရဘာဝနာနာမ–မည်၏၊ (ကသ္မာ)၊ ဂါမူပစာရာဒယော ဝိယ–ရွာ၏ဥပစာ အစရှိသည်တို့ကဲ့သို့၊ အပ္ပနာယ–အပ္ပနာဘာဝနာ၏၊ သမီ ပစာရိတ္တာ–အနီး၌ ဖြစ်လေ့ရှိသည်၏အဖြစ်ကြောင့်တည်း။

---

**ပရိကမ္မဘာဝနာ နာမ**။ ။ပဋိသင်္ခါရကမ္မဘူတာကို ကြည့်၍ "ပရိကရောတိ ပဋိသင်္ခရောတိ–အပ္ပနာဘာဝနာကိုပြုစီမံတတ်၏၊ဣတိ ပရိကမ္မံ"ဟုပြု၊ ဤဝိဂ္ဂဟ အလိုအားဖြင့် ဥပစာရဘာဝနာလည်း ပရိကံအမည်ရနိုင်သောကြောင့်"အာဒိကမ္မဘူတာ ဝါ"ဟု နောက်တစ်နည်းပြသည်၊ ဤနည်း၌ကား ပရိသဒ္ဒါသည် အာဒိ အနက်ဟော တည်း၊ အာဒိဘူတံ–အပ္ပနာဘာဝနာ၏ ရှေးအစဖြစ်သော+ကမ္မံ–အလုပ်တည်း၊ ပရိ ကမ္မံ–အလုပ်၊ "ပရိကမ္မံ စ+တံ+ဘာဝနာစာတိ ပရိကမ္မဘာဝနာ" ဟုဆက်၊ ကမ္မဋ္ဌာန်း အားထုတ်မှုဟူသည် အပ္ပနာသို့ရောက်ဖို့ရန်ချည်း ဖြစ်သောကြောင့် "ဘာဝနာယ"ကို "အပ္ပနာဘာဝနာ၏" ဟုအနက်ပေးရသည်။ [ ဥပစာရဘာဝနာ အပ္ပနာဘာဝနာ တို့၏ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ။]

မဟဂ္ဂတဘာဝပ္ပတ္တာ–မဟဂ္ဂုတ်အဖြစ်သို့ ရောက်သော၊ ["မဟဂ္ဂတာနုတ္တရဘာဝပ္ပတ္တာ"ဟု ရှိလျှင် ကောင်း၏။] (ဘာဝနာ–သည်) အပ္ပနာဘာဝနာ နာမမည်၏၊ (ကသ္မာ–အဘယ့်ကြောင့်အပ္ပနာမည်သနည်း၊)အပ္ပနာ ၊ပေ၊ ပမုခတ္တာ–အပ္ပနာ ဟုဆိုအပ်သော ဝိတက်အမျိုးရှိသည်၏ အဖြစ်ကြောင့်တည်း၊ ဟိ–ချဲ့၊ သမ္ပယုတ္တဓမ္မေ–တို့ကို၊ အာရမဏေ–၌၊ ဝါ–သို့၊ အပ္ပေန္တောဝိယ–တင်သွင်းသကဲ့သို့၊ ပဝတ္တတိ–ဖြစ်တတ်၏၊ ဣတိ–ထို့ကြောင့်၊ ဝိတက္ကော–သည်၊ အပ္ပနာ–မည်၏၊ တထာဟိ–ထိုစကားမှန်၏၊ သော–ထိုဝိတက်ကို၊ အပ္ပနာ ဗျပ္ပနာတိ–ဟူ၍၊ နိဒ္ဒိဋ္ဌော–ညွှန်ပြတော်မူအပ်ပြီ၊ [ဓမ္မသင်္ဂဏီပါဠိတော်၌ ညွှန် ပြတော်မူအပ်ပြီ–ဟူလို။] ပန–ဆက်၊ တပ္ပမုခတာဝသေန–ထိုဝိတက်အမျိုး ရှိကုန်သည်၏ အဖြစ်၏အစွမ်းဖြင့်၊ သဗ္ဗေပိ–ကုန်သော၊ မဟဂ္ဂတာနုတ္တရဈာနဓမ္မာ–မဟဂ္ဂုတ်လောကုတ္တရာဖြစ်သော ဈာန်တရားတို့ကို၊ အပ္ပနာတိ–ဟူ၍၊ ဝုစ္စန္တိ–ကုန်၏၊ ["အပ္ပနာ ၊ပေ၊ မုခတ္တာ" စသော စကားတို့၏ အဓိပ္ပာယ်ကို သင်္ဂြိုဟ်ဘာသာဋီကာ အပ္ပနာဇောဝါရအဖွင့်၌ ပြခဲ့ပြီ။]

၅။ ပရိကမ္မဿ–ပရိကမ္မဘာဝနာ၏၊ နိမိတ္တံ–နိမိတ်တည်း၊(ကသ္မာ၊) အာရဏတ္တာ–အာရုံ၏အဖြစ်ကြောင့်တည်း၊ ဣတိ–ထို့ကြောင့်၊ ပရိကမ္မနိမိတ္တံ–မည်၏၊ ကသိဏမဏ္ဍလာဒိ–ကသိုဏ်းဝန်း အစရှိသည်တည်း၊ တဒေဝ–ထိုကသိုဏ်းဝန်း အစရှိသော အာရုံသည်ပင်၊ စက္ခုနာ–မျက်စိဖြင့်၊ ဒိဋ္ဌံဝိယ–မြင်အပ်သကဲ့သို့၊ မနသာ–ဖြင့်၊ ဥဂ္ဂဟေတဗ္ဗံ–ယူထိုက်သော၊ နိမိတ္တံ–နိမိတ်တည်း၊ (ဥဂ္ဂဟနိမိတ္တံ–စိတ်ဖြင့် ယူထိုက်သောနိမိတ်၊) ဝါ–တစ်နည်း၊ ဥဂ္ဂဏှန္တဿ–စိတ်ဖြင့်ယူတတ်သော ယောဂီပုဂ္ဂိုလ်၏၊ နိမိတ္တံ–တည်း၊ ဣတိ-ကြောင့်၊ ဥဂ္ဂဟနိမိတ္တံ–မည်၏၊ တပ္ပဋိဘာဂံ–ထိုဥဂ္ဂဟနိမိတ်နှင့် အလားတူသော၊ ဝဏ္ဏာဒိကသိဏဒေါသရဟိတံ–အဆင်းအစရှိသော ကသိုဏ်းအပြစ်မှ ကင်းသော၊ [ကသိုဏ်းအပြစ်မှကင်းပုံကို ဘာသာဋီကာ ပဋိဘာဂနိမိတ်အဖွင့်မှာ ရှု။] နိမိတ္တံ–တည်း၊ (ကသ္မာ၊) ဥပစာရပ္ပနာနံ–ဥပစာရဘာဝနာ,အပ္ပနာဘာဝနာတို့၏၊ အာရမဏတ္တာ–အာရုံ၏ အဖြစ်ကြောင့်တည်း၊ ဣတိ–ထို့ကြောင့်၊ ပဋိဘာဂနိမိတ္တံ–မည်၏။ [ဤနိမိတ် သုံးမျိုးတို့၏ အဓိပ္ပာယ်ကိုလည်း ဘာသာဋီကာ၌ ပြထားပြီ။]

၆။ ပထဝီယေဝ–မြေသည်ပင်၊ ကေဒေသေ–တစ်ခုသော အစိတ်အပိုင်း၌၊ အဋ္ဌတွာ–စိတ်အားဖြင့် မတန့်ရပ်မူ၍၊ အနန္တဿ–အဆုံးအပိုင်းအခြား မရှိသော အရပ်၏၊ ဝါ–ကို၊ ဖရိတဗ္ဗတာယ–အာရုံပြုသောအားဖြင့် ဖြန့်ထိုက်သည်၏ အဖြစ်ကြောင့်၊ ဝါ–ဖြန့်ထိုက်သည့်အတွက်၊ သကလဋ္ဌေန–အလုံးစုံဟူသော အနက်ကြောင့်၊ကသိဏံ–ကသိဏမည်၏၊ ဣတိ–ထို့ကြောင့်၊ ပထဝီကသိဏံ–မည်၏၊ ကသိဏမဏ္ဍလံ–ကသိုဏ်းဝန်းကိုလည်ကောင်း၊ ပဋိဘာဂနိမိတ္တံ–

ပဋိဘာဂနိမိတ်ကိုလည်းကောင်း၊ တဒါရမဏံ–ထိုပဋိဘာဂနိမိတ်လျှင် အာရုံရှိသော၊ ဈာနဥ္စ–ဈာန်ကိုလည်းကောင်း၊ ပထဝီကသိဏန္တိ–ဟူ၍၊ ဝုစ္စတိ–၏၊ [ဤအဓိပ္ပာယ်ကိုလည်း ဘာသာဋီကာ "ပထဝီကသိဏံ"ပုဒ်အဖွင့်၌ ရှုပါ။] အာပေါကသိဏာဒီသုပိ–အာပေါကသိဏအစရှိသောပုဒ်တို့၌လည်း၊ တထာ–ထို့အတူတည်း၊ တတ္ထ–ထို ၁၀ပါးသောကသိုဏ်းတို့တွင်၊ ပထဝါဒီနိ–ပထဝီအစရှိကုန်သော၊ စတ္တာရိ–လေးပါးသောကသိုဏ်းတို့သည်၊ ဘူတကသိဏာနိ–မဟာဘုတ်ကသိုဏ်းတို့တည်း၊ နီလာဒီနိ–နီလအစရှိကုန်သော၊ စတ္တာရိ–တို့သည်၊ ဝဏ္ဏကသိဏာနိ–အဆင်းကသိုဏ်းတို့တည်း၊ ပရိစ္ဆိန္နာကာသော–ပတ်ဝန်းကျင်ပိုင်းခြားအပ်သော ကောင်းကင်သည်၊ အာကာသကသိဏံ–အာကာသကသိုဏ်းတည်း၊ [အိုးမျက်နှာဝပေါက်, ပြတင်းပေါက်, တံခါးပေါက်, နံရံပေါက်စသည်များတည်း။] စန္ဒာဒိအာလောကော–လ အစရှိသည်တို့၏အရောင်သည်၊ အာလောကကသိဏံ–အာလောကကသိုဏ်း မည်၏၊ ဣတိ–ဤသို့၊ ဒဋ္ဌဗ္ဗံ–၏။

၇။ ဥဒ္ဓံ–သေသည်မှ အထက်ဖြစ်သော နောက်ကာလ၌၊ ဓုမာတံ သူနံ–ဖူးဖူးရောင်သော၊ ဆဝသရီရံ–အလောင်းကောင်သည်၊ ဥဒ္ဓုမာတံ–ဥဒ္ဓုမာတမည်၏၊ တဒေဝ–ထိုဥဒ္ဓုမာတသည်ပင်၊ ကုစ္ဆိတဋ္ဌေန–ကုစ္ဆိတအနက်ကြောင့်၊ ဥဒ္ဓုမာတကံ–မည်၏၊ [ကုစ္ဆိတအနက်၌ ကပစ္စည်းသက်ထားသည်–ဟူလို၊] သေသေသုပိ–ဥဒ္ဓုမာတကမှကြွင်းသောဝိနီလကအစရှိသောပုဒ်တို့၌လည်း၊ ဧဝံ–ဤအတူတည်း၊ [ကပစ္စည်း ကုစ္ဆိတအနက်ဟောချည်းတည်း–ဟူလို၊] သေတရတ္တာဒိနာ–အဖြူ,အနီအစရှိသောအဆင်းဖြင့်၊ ဝိမိဿိတံ–ရောနှောသော၊ ယေဘုယျေန–ဖြင့်၊ နီလဝဏ္ဏံ–ညိုသောအဆင်းရှိသော၊ ဆဝသရီရံ–သည်၊ ဝိသေသတော–အားဖြင့်၊ နီလကံ–ညိုသောအဆင်းရှိသော အလောင်းကောင်တည်း၊ ဣတိ ကတွာ–ဤသို့ဝစနတ္ထပြု၍၊ ဝိနီလကံ–မည်၏၊ [ဝိသဒ္ဒါဝိသေသအနက်ဟော–ဟူလို၊ အခြေပြုသဂြိုဟ်၌ကား ဝိမိဿအနက်ဟော–ဟု တစ်မျိုးကြံခဲ့သည်။]

ဝိဿဝန္တပုဗ္ဗကံ–ယိုစီးသောပြည်ရှိသော စက်ဆုပ်ဖွယ် အလောင်းကောင်သည်၊ ဝိပုဗ္ဗကံ–မည်၏၊ မဇ္ဈေ–၌၊ ဒွိဓာ–နှစ်ပါးသော အပြားအားဖြင့်၊ ဝါ–၂ပိုင်း၊ ဆိန္နံ–ဖြတ်အပ်သော အလောင်းကောင်သည်၊ ဝိစ္ဆိဒ္ဒကံ–မည်၏၊ သောဏ သိင်္ဂါလာဒီဟိ–အိမ်ခွေး,တောခွေး အစရှိသောသတ္တဝါတို့သည်၊ ဝိဝိဓာကာရေန–အထူးထူး အပြားပြားသော အခြင်းအရာအားဖြင့်၊ ခါယိတံ–ခဲစားအပ်သော အလောင်းကောင်သည်၊ ဝိက္ခာယိတကံ–မည်၏၊ သောဏ သိင်္ဂါလာဒီဟိ–တို့သည်၊ [တစ်ချို့နေရာ၌ "အရီဟိ"ဟု ရှိ၏။] ဝိဝိဓေနာကာရေန–ဖြင့်၊ ခဏ္ဍိတွာ–ကိုက်ဖြတ်၍၊ တတ္ထ တတ္ထ–ထိုထိုအရပ်၌၊ ခိတ္တံ–ပစ်လွှင့်အပ်သော အလောင်းကောင်သည်၊ ဝိက္ခိတ္တကံ–မည်၏။

ကာကပဒါဒိ အာကာရေန–ကျီးခြေသဏ္ဍာန်အစရှိသော အခြင်းအရာအားဖြင့်၊ သတ္တေန–ဓားဖြင့်၊ ဟနိတွာ–ညှဉ်းဆဲ၍၊ ဝိဝိဓံ–အထူးထူး အပြားပြား၊ ခိတ္တံ–သည်၊ ဟတဝိက္ခိတ္တကံ–မည်၏။ လောဟိတပဂ္ဃရဏကံ–သွေးတို့ကို သွန်ချတတ်သော အလောင်းကောင်သည်၊ လောဟိတကံ–မည်၏၊ ["ဇဝံ သေသေသုပိ"ဟု ဆိုခဲ့သောကြောင့် "လောဟိတံ ယဿာတိ လောဟိတံ၊ ကုစ္ဆိတံ လောဟိတံ လောဟိတကံ"ဟုပြု။] ကိမိကုလပဂ္ဃရဏကံ–ပိုးလောက်မျိုးတို့ကို သွန်ချတတ်သော အလောင်းကောင်သည်၊ ပုဠုဝကံ–မည်၏၊ [ဤ၌လည်း" ပုဠုဝါ ဧတ္ထ သန္တီတိ ပုဠုဝံ၊ ကုစ္ဆိတံ ပုဠုဝံ ပုဠုဝကံ"ဟုပြု၊ အခြေပြု၍ကား တစ်မျိုး ပြထားသည်။] အန္တမသော–အားဖြင့်၊ ဇင်္ဃပိ–တစ်ချောင်းလည်းဖြစ်သော၊ အဋ္ဌိ–အရိုးသည်၊ အဋ္ဌိကံ–မည်၏။ [ဤအားလုံး၏ ပုဒ်နက်အကျယ်ကို အခြေပြု၍ ပြထားပြီ။]

၈။ အနုအနု–အဖန်ဖန် အထပ်ထပ်၊ သရဏံ–အမှတ်ရခြင်း သတိသည်၊ အနုဿတိ–အနုဿတိမည်၏၊ အရဟတာ ၊ပေ၊ နုဿတိ–အရဟတာ အစရှိသော ဘုရားဂုဏ်တော် ကိုးပါးလျှင် အာရုံရှိသော အဖန်ဖန် အမှတ်ရခြင်း သတိသည်၊ ဗုဒ္ဓါနုဿတိ–မည်၏၊ သွာက္ခာတတာ ၊ပေ၊ နုဿတိ–သွာက္ခာတတာ အစရှိသော တရားဂုဏ်တော်ခြောက်ပါးလျှင် အာရုံရှိသော အဖန်ဖန် အမှတ်ရခြင်း သတိသည်၊ ဓမ္မာနုဿတိ–မည်၏၊ သုပ္ပဋိပန္နတာ၊ပေ၊နုဿတိ–သုပ္ပဋိပန္နတာ အရှိသော သံဃာ့ဂုဏ်တော် ကိုးပါးလျှင် အာရုံရှိသော အဖန်ဖန် အမှတ်ရခြင်း သတိသည်၊ သံဃာနုဿတိ–မည်၏။ [ဂုဏ်တော်ကို ရအောင် "အရဟတာ"စသည်ဖြင့် တာပစ္စည်းထည့်ရသည်၊ တာပစ္စည်း မပါလျှင် ဒြပ်သာ ရသည်။] အခဏ္ဍတာဒိနာ–မကျိုးမပြတ်သည်၏အဖြစ် အစရှိသည်ဖြင့်၊ သုပရိသုဒ္ဓဿ–အလွန်သန့်ရှင်းစင်ကြယ်သော၊ အတ္တနော–၏၊ သီလဂုဏဿ–သီလဂုဏ်ကို၊ အနုဿရဏံ–အဖန်ဖန်အမှတ်ရခြင်း သတိသည်၊ သီလာနုဿတိ–မည်၏၊ ဝိဂတ ၊ပေ၊ ဝသေန–ကင်းသော မစ္ဆေရအညစ်အကြေးရှိသူ၏အဖြစ် အစရှိသည်၏အစွမ်းဖြင့်၊ (မစ္ဆေရအညစ်အကြေးမှ ကင်းသူ၏အဖြစ် အစရှိသည်၏ အစွမ်းဖြင့်၊) အတ္တနော–၏၊ စာဂါနုဿရဏံ–စွန့်ကြဲခြင်းဂုဏ်ကို အဖန်ဖန် အမှတ်ရခြင်း သတိသည်၊ စာဂါနုဿတိ–မည်၏၊ ယေဟိ သဒ္ဓါဒီဟိ–အကြင်သဒ္ဓါ အစရှိသောဂုဏ်တို့နှင့်၊ သမန္နာဂတာ–ပြည့်စုံကုန်သော၊ ဒေဝါ–နတ်, ဗြဟ္မာတို့သည်၊ ဒေဝတ္တံ–နတ်, ဗြဟ္မာတို့၏ အဖြစ်သို့၊ ဂတာ–ရောက်ကြကုန်ပြီ၊ တာဒိသာ–ထိုကဲ့သို့ ရှုအပ်ကုန်သော၊ ဂုဏာ–ဂုဏ်တို့သည်၊ မယိ–ငါ၌၊ သန္တိ–ရှိပါကုန်သည်တကား၊ ဣတိ ဧဝံ–သို့၊ ဒေဝတာ–နတ်,ဗြဟ္မာတို့ကို၊ သက္ခိဋ္ဌာနေ–သက်သေအရာ၌၊ ဌပေတွာ–၍၊ အတ္တနော–၏၊ သဒ္ဓါဒိဂုဏာနုဿရဏံ–သဒ္ဓါ စသောဂုဏ်ကို အဖန်ဖန် အမှတ်ရခြင်းသတိသည်၊ ဒေဝတာနုဿတိ–မည်၏။

သဗ္ဗဒုက္ခူပသမဘူတဿ–အလုံးစုံသောဆင်းရဲတို့၏ ငြိမ်းအေးရာဖြစ်၍ ဖြစ်သော၊ နိဗ္ဗာနဿ–၏၊ ဂုဏာနုဿရဏံ–ဂုဏ်ကို အဖန်ဖန် အမှတ်ရခြင်း သတိသည်၊ ဥပသမာနုဿတိ–မည်၏၊ ဇီဝိတိန္ဒြိယုပစ္ဆေဒဘူတဿ–ဇီဝိတိန္ဒြေ၏ ပြတ်စဲခြင်းဖြစ်၍ဖြစ်သော၊ မရဏဿ–သေခြင်းကို၊ အနုဿရဏံ–သည်၊ မရဏာနုဿတိ–မည်၏၊ ကေသာဒိကာယကောဋ္ဌာသေ–ဆံပင်အစရှိသော ၃၂ ကောဋ္ဌာသအပေါင်း၌၊ ဂတာ(ပဝတ္တာ)–အာရုံပြုသောအားဖြင့် ဖြစ်သော၊ သတိ–သည်၊ ကာယဂတာသတိ–မည်၏၊ အာနဉ္စ–ထွက်သက်လည်း၊ အပါနဉ္စ–ဝင်သက်လည်း၊ (တစ်နည်း) အာနဉ္စ–ဝင်သက်လည်း၊ အပါနဉ္စ–ထွက်သက်လည်း၊ အာနာပါနံ–ထွက်သက် ဝင်သက်၊ ဝါ–ဝင်သက်ထွက်သက်၊ အဿာသ ပဿာသာ–အဿာသ ပဿာသတို့တည်း၊ တဒါရမဏာ–ထိုအဿာသ, ပဿာသလျှင် အာရုံရှိသော၊ သတိ–သည်၊ အာနာပါနဿတိ–မည်၏၊ [ဗုဒ္ဓါနုဿတိ စသည်တို့၏ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ။]

၉။ မိတ္တတိ သိနိယှတိ–ချစ်ခင်စိုစွပ်, စေးကပ်တတ်၏၊ တ္တတိ–ကြောင့်၊ မေတ္တာ–မေတ္တာမည်၏၊ ["မိဒ–သိနေဟေ" ဟူသော ဓာတ်နောင် တပစ္စည်းနှင့် တ္တတ္ထိဓောတက အာပစ္စည်းသက်၍ "မေတ္တာ" ဟု ပြီးသည်၊] ဝါ–တစ်နည်း၊ မိတ္တေသု–မိတ်ဆွေ၏ အပေါ်တို့၌၊ ဘဝါ–ဖြစ်သော သဘောတရားတည်း၊ တ္တတိ–ကြောင့်၊ မေတ္တာ–မေတ္တာမည်၏၊ သာ–ထို မေတ္တာသည်၊ သတ္တာနံ–တို့၏၊ ဟိတ၊ပေ၊လက္ခဏာ–စီးပွားချမ်းသာကို ဆောင်ခြင်းလက္ခဏာ ရှိ၏၊ ကရုဏာ–သည်၊ ပရ၊ပေ၊လက္ခဏာ–သူတစ်ပါးတို့၏ဆင်းရဲကို ပယ်ဖျောက်ခြင်း၌ အလိုရှိသူ၏အဖြစ်ဟူသော လက္ခဏာရှိ၏၊ မုဒိတာ–သည်၊ ပရ၊ပေ၊ လက္ခဏာ–သူတစ်ပါး၏ ပြည့်စုံခြင်းကို ဝမ်းမြောက်ခြင်း လက္ခဏာရှိ၏၊ [ဤ နှစ်ပုဒ်တို့၏ ဝိဂြိုဟ်ကို စေတသိက်ပိုင်း သဂြိုဟ်ဘာသာဋီကာ၌ ပြခဲ့ပြီ၊] ဥပေက္ခာ–သည်၊ ဣဋ္ဌာနိဋ္ဌေသု–ဣဋ္ဌာရုံ,အနိဋ္ဌာရုံတို့၌၊ မဇ္ဈတ္တာကာရပဝတ္တိ လက္ခဏာ–အလယ်အလတ်၌ တည့်မတ်သောသဘောရှိသည်၏အဖြစ်ဟူသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာ ရှိ၏၊ အပ္ပမာဏသတ္တာရမဏတ္တာ–အတိုင်းအရှည်မရှိသော သတ္တဝါပညတ်လျှင် အာရုံရှိသည်၏၊ အဖြစ်ကြောင့်၊

---

**မဇ္ဈတ္တာကာရပ္ပဝတ္တိလက္ခဏာ**။ ။မဇ္ဈေ ဌိတော အတ္တာ (သဘာဝေါ) ယဿာတိ မဇ္ဈတ္တော၊ ချစ်ခြင်းဘက်၌လည်းမပါ, မုန်းခြင်းဘက်၌လည်း မပါဘဲ အလယ်အလတ်၌ တည်သောသဘောရှိသူ၊ ထို့နောက် ဘာဝပ္ပစ္စနကြဲ၍ "ထိုသဘောရှိသူ၏အဖြစ်"ကို ကောက်ပါ၊ ထိုသို့ ကောက်မှ အာကာရနှင့် အရတူ၍ "မဇ္ဈတ္တော စ+သော+အာကာရော စာတိ မဇ္ဈတ္တာကာရော"ဟုဖြစ်သည်၊ မဇ္ဈတ္တာကာရေန+ပဝတ္တိ မဇ္ဈတ္တာကာရပဝတ္တိ၊ သာ+လက္ခဏံ ယဿာတိ မဇ္ဈတ္တာကာရပဝတ္တိလက္ခဏာ"ဟု ပြု။ [အကျယ်ကို ဘာသာဋီကာ၌ ပြထားပြီ။]

အပ္ပမညာ–မည်၏၊ [အဓိပ္ပာယ်ကို စေတသိက်ပိုင်း ဘာသာဋီကာ၌ပြထားပြီ။] ဥတ္တမဝိဟာရဘာဝတော–မြတ်သော နေကြောင်းတရား၏ အဖြစ်ကြောင့်၊ ဗြဟ္မဝိဟာရော–မည်၏၊ ဝါ–တစ်နည်း၊ ဥတ္တမာနံ–မြတ်သောပုဂ္ဂိုလ်တို့၏၊ ဝိဟာရဘာဝတော–နေကြောင်းတရား၏ အဖြစ်ကြောင့်၊ ဗြဟ္မဝိဟာရော–မည်၏၊ [အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ရှုပါ။]

**၁၀။** ဂမန ၊ပေ၊ ဝ္ဝသေန–အစာရှာသွားရခြင်း, ရှာမှီးရခြင်း, သုံးစားရခြင်း အစရှိသည်ကို ဆင်ခြင်ခြင်း၏အစွမ်းဖြင့်၊ ကဗဠီကာရာဟာရေ–၌၊ ပဋိကူလ်–စက်ဆုပ်ရွံရှာဖွယ်တည်း၊ ဣတိ–သို့၊ ပဝတ္တာ–သော၊ သညာ–သည်၊အာဟာရေ ပဋိကူလသညာ–မည်၏။ [အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ရှု။]

**၁၁, ၁၂။** ပထဝီဓာတုအာဒီနံ–ပထဝီဓာတ်အစရှိကုန်သော၊ စတုန္န–န်သော၊ ဓာတူနံ–တို့ကို၊ သလက္ခဏတော–မိမိလက္ခဏာအားဖြင့်လည်းကောင်း၊ ကေသာဒိသသမ္ဘာရာဒိတောစ–ဆံပင်အစရှိသော အဆောက်အဦးနှင့် တကွ ဖြစ်သောဓာတ် အစရှိသောအားဖြင့်လည်းကောင်း၊ ဝဝတ္ထာနံ–ပိုင်းခြားသတ်မှတ်တတ်သောဉာဏ်သည်၊ စတုဓာတုဝဝတ္ထာနံ–မည်၏၊ အရူပေ–အရူပ ဖြစ်သော၊ အာရမဏေ–၌၊ [ကောင်းကင်ပညတ် စသောအာရုံ၌၊] ပဝတ္တာ–ဖြစ်သော တရားတို့သည်၊ အာရုပ္ပာ–အာရုပ္ပတို့ မည်၏။ [အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ရှု။]

**၁၃။** ဣဒါနိ–၌၊ တဿတဿပုဂ္ဂလဿ–၏၊ စရိတာနုကူလကမ္မဋ္ဌာနံ–စရိုက်အားလျော်သော ကမ္မဋ္ဌာန်းကို၊ ဒဿေတုံ–ငှာ၊ စရိတာသုပနတျာဒိ–ပနအစရှိသော စကားရပ်ကို၊ (အာစရိယော) အာဟ၊ တေဿ–ဤပုဂ္ဂိုလ်၏၊ ရာဂေါ–ရာဂသာလျှင်ဖြစ်သော၊ စရိတံ–စရိုက်သည်၊ ပကတိ–ပင်ကိုသဘော သည်၊ (အတ္ထိ၊) ဣတိ–ကြောင့် (သော–သည်၊) ရာဂစရိတော–တမည်၏၊ ရာဂဗဟုလော–များသောရာဂရှိသော၊ ပုဂ္ဂလော–တည်း၊ (အသုဘကမ္မဋ္ဌာန ဿ-အသုဘကမ္မဋ္ဌာန်း၏၊ ဘာဝသမ္ဗန်ထည့်သည်၊) ရာဂဿ–၏၊ ဥဇုပစ္စနီက ဘာဝတော–ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်၏အဖြစ်ကြောင့်၊ အသုဘကမ္မဋ္ဌာနံ–သည်၊ တဿ–ထိုရာဂစရိုက်ရှိသူအား၊ သပ္ပာယံ–လျောက်ပတ်၏။

အာနာပါနံ–အာနာပါနကမ္မဋ္ဌာန်းသည်၊ မောဟစရိတဿ–မောဟစရိုက်ရှိသူအားလည်းကောင်း၊ ဝိတက္ကစရိတဿ စ–လည်းကောင်း၊ သပ္ပာယံ–၏၊ (ကသ္မာ–နည်း၊အာနာပါနဿ–န၏၊ တ္တာသမ္ဗန်ထည့်သည်၊) ဗုဒ္ဓိဝိသယဘာဝေန-

---

**ဥဇုပစ္စနီကဘာဝတော။** ။သဒ္ဓါစသော စရိုက်ကောင်းများအတွက် ထိုစရိုက်တို့ပွားအောင် အလျော်ကမ္မဋ္ဌာန်းကို ပေးရ၏၊ ရာဂစသော မကောင်းသော စရိုက်များ အတွက်ကား ထို စရိုက်လျော့သွားအောင် ဆန့်ကျင်ဘက် ကမ္မဋ္ဌာန်းကို ပေးရသည်။

ဉာဏ်ပညာ၏ အာရုံ၏အဖြစ်ကြောင့်၊ ဝါ–ဉာဏ်ပညာ၏ အာရုံဖြစ်သည့်အတွက်၊ မောဟပ္ပဋိပက္ခတ္တာ–မောဟ၏ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဝိတက္ကသန္ဓာဝနဿ–ဝိတက်ဟူသော ပြေးသွားခြင်းကို၊ နိဝါရကတ္တာစ–တားမြစ်တတ်သည်၏ အဖြစ်ကြောင့်လည်းကောင်းတည်း။

ဆ–ခြောက်ပါးကုန်သော၊ ဗုဒ္ဓါနုဿတိအာဒယော–တိအစရှိသောကမ္မဋ္ဌာန်းတို့သည်၊ သဒ္ဓါစရိတဿ–သဒ္ဓါစရိုက်ရှိသူအား၊ သပ္ပာယာ–န်၏၊ (ကသ္မာ–နည်း၊ ဗုဒ္ဓါနုဿတိအာဒီနံ–တို့၏၊) သဒ္ဓါဗုဒ္ဓိဟေတုဘာဝတော–သဒ္ဓါတိုးပွားခြင်း၏အကြောင်း၏အဖြစ်ကြောင့်တည်း။

**၁၇။** မရဏဥပသမသညာဝဝတ္ထာနိ–မရဏာနုဿတိ,ဥပသမာနုဿတိ အာဟာရေပဋိကူလသညာ, စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်းတို့သည်၊ ဗုဒ္ဓိစရိတဿ–ပညာစရိုက်ရှိသူအား၊ သပ္ပါယာနိ–န်၏၊ (ကသ္မာ၊ တေသံ–ထိုကမ္မဋ္ဌာန်းတို့၏၊) ဂမ္ဘီရဘာဝတော–နက်နဲကုန်သည်၏အဖြစ်ကြောင့်၊ ဝါ–နက်နဲကုန်သည့်အတွက်၊ ဗုဒ္ဓိယာဝေ–ပညာ၏သာလျှင်၊ ဝိသယတ္တာ–အရာ၏အဖြစ်ကြောင့်တည်း။

**၁၈။** သေသာနိတိ–ကား၊ စတုဗ္ဗိဓဘူတကသိဏာ ၊ပေ၊ အာရုပ္ပစတုက္ကဝသေန–လေးပါးအပြားရှိသော မဟာဘုတ်ကသိုဏ်း, အာကာသကသိုဏ်း, အာလောက ကသိုဏ်း, အာရုပ္ပလေးပါး အပေါင်းတို့၏ အပြားအားဖြင့်၊ ဒသဝိဓာနိ–ဆယ်ပါးအပြားရှိကုန်သော ကမ္မဋ္ဌာန်းတို့သည်၊ (သဗ္ဗေသမ္ပိ သပ္ပာယာနိ၌ စပ်၊) တတ္ထာပိတိ–ကား၊ ဒသသု–န်သော၊ တေသု ကမ္မဋ္ဌာနေသု–တို့တွင်၊ ပုထုလံ–ပြန့်ကျယ်ကြီးမားသော ကသိုဏ်းဝန်းသည်၊ မောဟစရိတဿ–အား၊ သပ္ပာယံ–၏၊(ကသ္မာ၊) သမ္ဗာဓေ–ကျဉ်းမြောင်းသော၊ ဩကာသေ–အာရုံတည်းဟူသော အရပ်၌၊ စိတ္တဿ–၏၊ ဘိယျောသော–လွန်သော၊ မတ္တာယ–အတိုင်းအရှည်ဖြင့်၊ (အတိုင်းထက်အလွန်)၊ သမ္မူယှနတော–တွေဝေခြင်းကြောင့်တည်း၊ ခုဒ္ဒကံ–ကျဉ်းငယ်သော ကသိုဏ်းဝန်းသည်၊ ဝိတက္ကစရိတဿ–အား၊ သပ္ပာယံ–၏၊ (ကသ္မာ) မဟန္တာရမဏဿ–ကြီးသောအာရုံ၏၊ ဝိတက္ကသန္ဓာဝနပစ္စယတ္တာ–ဝိတက်ပြေးသွားခြင်း၏ အကြောင်း၏အဖြစ်ကြောင့် တည်း။

---

**ဗုဒ္ဓိဝိသယဘာဝေန မောဟပ္ပဋိပက္ခတ္တာ။** ။မောဟပ္ပဋိပက္ခတ္တာသည် "မောဟစရိတဿ"၏ဟိတ်တည်း၊ ဗုဒ္ဓိဝိသယဘာဝေနသည်"မောဟပ္ပဋိပက္ခတ္တာ"၏ ဟိတ်ကူတည်း၊ ထိုစကားရပ်၌"ဗုဒ္ဓိဝိသယဘာဝေန" ဟူသည်ကို စဉ်းစားသင့်၏၊ ဘာ့ကြောင့်နည်း...အာနာပါနသည် ထွက်သက်ဝင်သက် အပေါင်းဟူသော ပညတ်ကို အာရုံပြုရကား ဉာဏ်ပညာဖြင့် အစဉ်တစိုက် လိုက်နေဖွယ်မလို၊ သတိဖြင့်သာ လိုက်ဖို့ လိုသောကြောင့်တည်း။

စ–ဆက်၊ ဥဇုပစ္စနီကဘာဝတော စေဝ–ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်လည်းကောင်း၊ အတိသပ္ပာယတာယစ–အလွန်လျှောက်ပတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ တေ်–ဤ သပ္ပာယဘေဒစကားကို၊ ဝုတ္တံ–ပြီ၊ ပန–စင်စစ်ကား၊ ရာဂါဒီနံ–ရာဂအစရှိသော စရိုက်ဆိုးတို့ကို၊ အဝိက္ခမ္ဘိကာ ဝါ–မခွာနိုင်သည်လည်းဖြစ်သော၊ သဒ္ဓါဒီနံ–သဒ္ဓါအစရှိသောစရိုက်ကောင်းတို့ကို၊ အနုပကာရိကာ ဝါ–လျော်သောကျေးဇူးကို မပြုတတ်သည်လည်းဖြစ်သော၊ ကသိဏာဒိဘာဝနာ နာမ–ကသိုဏ်းအစရှိသော ဘာဝနာမည်သည်၊ နတ္ထိ–မရှိ။ [ဤအဓိပ္ပာယ်အားလုံးကို အခြေပြု၍ ပြထားပြီ။]

**၁၉**။ သဗ္ဗတ္တာပိတိ–ကား၊ စတ္တာလီသကမ္မဋ္ဌာနေသုပိ–(၄၀)သောကမ္မဋ္ဌာန်းတို့၌လည်း၊ (ပရိကမ္မဘာဝနာ လဗ္ဘတေဝ၌ စပ်၊) (ဗုဒ္ဓါနုဿတိအာဒီသု–န်သော၊ အဋ္ဌသု–(၈)ပါးသောကမ္မဋ္ဌာန်းတို့၌လည်းကောင်း၊ သညာဝဝတ္ထာနေသု စ–အာဟာရေပဋိကူလသညာ,စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်းတို့၌လည်းကောင်း၊) အပ္ပနာ–အပ္ပနာဘာဝနာသည်၊ နတ္ထိ၊ [ဤသို့ သင်္ဂြိုဟ်ပါဠိထည့်၍ အနက်ပေး၊] ဗုဒ္ဓဂုဏာဒီနံ–ဘုရားဂုဏ်တော် အစရှိသည်တို့၏၊ ပရမတ္ထဘာဝတော–ပရမတ်တရားတို့၏အဖြစ်ကြောင့်လည်းကောင်း၊ ဝါ–ပရမတ်ဖြစ်သည့်အတွက်လည်းကောင်း၊(အသင်္ကုဏေယျတ္တာ၏ ဟိတ်ကူ၊)အနေကဝိဓတ္တာ–တစ်ပါးမက များသောအပြားရှိကုန်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဝါ–အတွက်လည်းကောင်း၊ ကေဿပိ–တစ်ပါးသော အာရုံ၏လည်း၊ ဂမ္ဘီရဘာဝတောစ–နက်နဲသည်၏အဖြစ်ကြောင့်လည်းကောင်း၊ ဝါ–အတွက်လည်းကောင်း၊ ဗုဒ္ဓါနုဿတိအာဒီသု–န်သော၊ ဒသသု–န်သော၊ ကမ္မဋ္ဌာနေသု–တို့၌၊ အပ္ပနာဝသေန–အပ္ပနာ၏အစွမ်းဖြင့်၊ သမာဓိဿ–သမာဓိ၏၊ ပတိဋ္ဌာတုံ–တည်ခြင်းငှါ၊ အသင်္ကုဏေယျတ္တာ–မစွမ်းနိုင်သည်၏အဖြစ်ကြောင့်၊ အပ္ပနာဘာဝံ–အပ္ပနာဘာဝနာ၏အဖြစ်သို့၊ အပတွာ–မရောက်မူ၍၊ သမာဓိ–သမာဓိသည်၊ ဥပစာရဘာဝေန–ဥပစာ၏အဖြစ်ဖြင့်၊ ပတိဋ္ဌာတိ–တည်ရ၏၊ [ဤအဓိပ္ပာယ်ကို ဂါထာနှင့်တကွ သင်္ဂြိုဟ်ဘာသာဋီကာ၌ ပြထားပြီ။]

[ပရမတ်အာရုံဖြစ်၍ အပ္ပနာမဖြစ်နိုင်လျှင် အဘယ့်ကြောင့် မဂ်ဖိုလ်တရားတို့သည် နိဗ္ဗာန်တည်းဟူသောပရမတ်ကို အာရုံပြု၍လည်းကောင်း ဒုတိယစတုတ္ထအာရုပ္ပသမာဓိသည် ပဌမာရုပ္ပဝိညာဉ် တတိယာရုပ္ပဝိညာဉ်ဟူသော ပရမတ်ကို အာရုံပြု၍လည်းကောင်း,အပ္ပနာသို့ရောက်ရသနည်းဟု မေးဖွယ်ရှိသောကြောင့် "လောကုတ္တရသမာဓိ ပန"စသည် မိန့်၊] ပန–ဆက်၊ လောကုတ္တရသမာဓိ–ဓိသည်လည်းကောင်း၊ ဒုတိယစတုတ္ထာရုပ္ပသမာဓိ စ–ဒုတိယာရုပ္ပသမာဓိ, စတုတ္ထာရုပ္ပသမာဓိသည်လည်းကောင်း၊ သဘာဝဓမ္မေပိ–ပရမတ္ထသဘော တရားဟူသော အာရုံ၌လည်း၊ (ပရမတ္ထသဘောတရားကို အာရုံပြု၍–ဟူလို၊)

ဘာဝနာဝိသေသဝသေန–ဘာဝနာအထူး၏ အစွမ်းကြောင့်၊ အပ္ပနံ–သို့၊ ပါပုဏာတိ–ရောက်နိုင်၏၊ ဟိ–မှန်၏၊ (တစ်နည်း) ဟိ–ချဲ့၊ ဝိသုဒ္ဓိဘာဝနာ နုက္ကမဝသေန–သီလစသောဝိသုဒ္ဓိ,သမ္မသနဉာဏ်စသော ဘာဝနာအစဉ်၏ အစွမ်းကြောင့်၊ လောကုတ္တရော–ရာသည်၊ အပ္ပနံ–မဂ်ဖိုလ်ဟူသော အပ္ပနာသို့၊ ပါပုဏာတိ–၏၊ အာရမဏာသမတိက္ကမဘာဝနာဝသေန–အောက်အောက်အာရုံ ကို လွန်မြောက်ကြောင်း ဘာဝနာ၏အစွမ်းကြောင့်၊ အာရုပ္ပသမာဓိ–ဓိသည်၊ (အပ္ပနံ–သို့၊ ပါပုဏာတိ–၏၊) ဟိ–မှန်၊ အပ္ပနာပတ္တသောဝ–အပ္ပနာသို့ ရောက်သည်သာလျှင်ဖြစ်သော၊ စတုတ္ထဇ္ဈာနသမာဓိနော–ရူပစတုတ္ထဈာန် သမာဓိ၏၊ အာရမဏာသမတိက္ကမနမတ္တံ–အောက်အောက်အာရုံကို လွန် မြောက်ခြင်းမျှသည်၊ ဟောတိ–၏။ [ဤ အဓိပ္ပာယ်ကိုလည်း သင်္ဂြိုဟ်ဘာသာ ဋီကာ၌ "နိဗ္ဗာန်နှင့် မဟဂ္ဂုတ်ပရမတ်အာရုံများ"ဟုခေါင်းတပ်၍ ပြထားပြီ။]

၂၁။ ["တတ္ထာပိ ဒသကသိဏာနိ အာနာပါနဥ္စ ပဉ္စကဇ္ဈာနိကာနိ"စသည် ကိုဖွင့်ပြလို၍ "ပဉ္စပိ ဈာနာနိ"စသည်ကို မိန့်၊] တေသံ–ဤကသိုဏ်းဆယ် ဖြာ, အာနာပါနဿတိကမ္မဋ္ဌာန်းတို့၏၊ ပဉ္စပိ–ငါးပါးလည်းဖြစ်ကုန်သော၊ ဈာနာနိ–တို့သည်၊ အတ္ထိ–နိ်၏၊ ဝါ–တစ်နည်း၊ တတ္ထ–ထို ငါးပါးသော ဈာန်တို့၌၊ နိယုတ္တာနိ–ယှဉ်သောကမ္မဋ္ဌာန်းတို့တည်း၊ ဣတိ–ကြောင့်၊ (တာနိ– ထိုကသိုဏ်းဆယ်ဖြာ,အာနာပါနဿတိကမ္မဋ္ဌာန်းတို့သည်၊) ပဉ္စကဇ္ဈာနိကာနိ– ကတို့မည်၏၊ [ပဉ္စန္နံ သမူဟော ပဉ္စကံ၊ ပဉ္စကံ+ဈာနံ ပဉ္စကဇ္ဈာနံ၊ ဤသို့ပြုပြီး မှ "ပဉ္စကဇ္ဈာနံ ယေသံ အတ္ထီတိ ပဉ္စကဇ္ဈာနိကာနိ"ဟု ပဌမနည်းအလို အဿတ္ထိတဒ္ဓိတ်ကိုလည်းကောင်း,"ပဉ္စကဇ္ဈာနေ နိယုတ္တာနိ ပဉ္စကဇ္ဈာနိကာနိ" ဟု ဒုတိယနည်းအလို နိယုတ္တတဒ္ဓိတ်ကိုလည်းကောင်း ပြုပါ။]

၂၂။ အသုဘဘာဝနာယ–၏၊ ပဋိကူလာရမဏတ္တာ–စက်ဆုပ်ဖွယ်အာရုံ ရှိသည်၏အဖြစ်ကြောင့်၊ စဏ္ဍသောတာယ–ကြမ်းတမ်းသော ရေအယဉ်ရှိသော၊ နဒိယာ–၌၊ အရိတ္တဗလေန–ထိုးဝါး၏ အစွမ်းကြောင့်၊ နာဝါ–လှေသည်၊ (ပဝတ္တတိ) ဝိယ–ဖြစ်တည်ရသကဲ့သို့၊ (ဧဝံ–တူ၊) ဝိတက္ကဗလေနေဝ–ဝိတက် ၏အစွမ်းကြောင့်သာလျှင်၊ တတ္ထ–ထို စက်ဆုပ်ဖွယ်အာရုံ၌၊ စိတ္တံ–သည်၊ ပဝတ္တတိ–၏၊ ဣတိ–ကြောင့်၊ အသုဘကမ္မဋ္ဌာနေ–၌၊ အဝိတက္ကဇ္ဈာနာသမ္ဘဝ တော–ဝိတက်မရှိသော ဒုတိယဈာန်စသည်တို့၏ မဖြစ်သင့်ခြင်းကြောင့်၊ ပဌမဇ္ဈာနိကာတိ–ကာဟူ၍၊(အာစရိယေန)ဝုတ္တံ–ပြီ၊ [ဤအဓိပ္ပာယ်ကို ဂါထာ နှင့်တကွ ဘာသာဋီကာ၌ ပြထားပြီ။]

၂၃။ မေတ္တာကရုဏာမုဒိတာနံ–တာတို့၏၊ ဒေါမနဿသဟဂတဗျာပါဒ ဝိဟိံသာနဘိရတီနံ–ဒေါမနဿနှင့် တကွဖြစ်သောဗျာပါဒ, ဒေါမနဿနှင့်

တကွဖြစ်သောဝိဟိံသ, ဒေါမနဿနှင့်တကွဖြစ်သော အနဘိရတိတို့ကို၊ ပဟာယကတ္တာ–ပယ်တတ်ကုန်သည်၏ အဖြစ်ကြောင့်၊ ဒေါမနဿပဋိပက္ခေန–ဒေါမနဿ၏ ဆန့်ကျင်ဘက်ဖြစ်သော၊ သောမနဿေနေဝ–ဿနှင့်သာလျှင်၊ သဟဂတတာ–တကွဖြစ်ကုန်သည်၏အဖြစ်သည်၊ ယုတ္တာ–သင့်၏၊ ဣတိ–ကြောင့်၊ မေတ္တာဒယော၊ပေ၊စတုက္ကဇ္ဈာနိကာတိ–ဟူ၍၊ (အာစရိယေန) ဝုတ္တာ–ပြီ၊ [အနဘိရတိဟူသည် သူတစ်ပါးစည်းစိမ်ကို အာရုံပြု၍ မမွေ့ မလျော်နိုင်သော(သူတစ်ပါး ချမ်းသာပြည့်စုံသည်ကို ဝမ်းမမြောက်နိုင်သော) ဒေါသတစ်မျိုးတည်း၊ ဤဝါကျ၏ အဓိပ္ပာယ်ကိုလည်း ဘာသာဋီကာ၌ ပြထားပြီ။]

၂၄။ သဗ္ဗေ သတ္တာ–တို့သည်၊ သုခိတာ–လွန်စွာဖြစ်သော ချမ်းသာရှိကြကုန်သည်၊ ဟောန္တု–ဖြစ်ကြပါစေကုန်သတည်း၊ [**မေတ္တာပွားပုံ၊** "သဥ္ဇာတံ သုခံ ယေသန္တိ သုခိတာ"ဟုပြု၍ သဥ္ဇာတအဿတ္ထိအနက်၌ ဣတ ပစ္စည်းသက်၊] (သဗ္ဗေ သတ္တာ–တို့သည်၊) ဒုက္ခာ–ဆင်းရဲမှ၊ မုစ္စန္တု–လွတ်မြောက်ကြပါစေကုန်သတည်း၊(**ကရုဏာပွားပုံ**) (သဗ္ဗေ သတ္တာ–တို့သည်) လဒ္ဓသုခသမ္ပတ္တိတော–ရအပ်ပြီးသော ချမ်းသာ, စည်းစိမ်မှ၊ မာ ဝိဂစ္ဆန္တု–မကင်းကွာကြပါစေကုန်သတည်း၊ (**မုဒိတာပွားပုံ**) ဣတိ–သို့၊ မေတ္တာဒိဝသပ္ပဝတ္တံ–မေတ္တာအစရှိသည်တို့၏ အစွမ်းဖြင့်ဖြစ်သော၊ ဗျာပါရတ္တယံ–သတ္တဝါတို့အပေါ်၌ ကြောင့်ကြဗျာပါရ သုံးပါးအပေါင်းကို၊ ပဟာယ–၍၊ ကမ္မဿကတာဒဿနေန–ကံသာလျှင် မိမိဥစ္စာ ရှိကုန်သည်၏ အဖြစ်ကို ရှုသဖြင့်၊ သတ္တေသု–သတ္တဝါတို့၌၊ မဇ္ဈတ္တာကာရပ္ပဝတ္တဘာဝနာနိဗ္ဗတ္တာယ–အလယ်အလတ်၌တည်သော သဘောရှိသူ၏ အဖြစ်ဟူသော အခြင်းအရာဖြင့်ဖြစ်သော ဘာဝနာကြောင့်ဖြစ်သော၊ တတြမဇ္ဈတ္တုပေက္ခာယ–တတြမဇ္ဈတ္တုပေက္ခာ၏၊ ဗလဝတရတ္တာ–အလွန်အားရှိသည်၏ အဖြစ်ကြောင့်၊ ဥပေက္ခာဗြဟ္မဝိဟာရဿ–ရ၏၊ သုခသဟဂတတာ သမ္ဘဝတော–သုခနှင့်တကွဖြစ်သည်၏အဖြစ်၏ မဖြစ်သင့် ခြင်းကြောင့်၊ ဥပေက္ခာပဉ္စမဇ္ဈာနိကာတိ–ဟူ၍၊ (အာစရိယေန) ဝုတ္တာ၊ [ဤ ဝါကျ၏ အဓိပ္ပာယ်ကိုလည်း ဘာသာဋီကာ၌ ဥပေက္ခာဗြဟ္မဝိဟာရနှင့် ဤ ဝါကျ၏ အဖွင့်မှာ ရှု၊ မဏိမဉ္ဇူ ၌ "သုခသဟဂတဘာဝဿ+အယုတ္တိတော"ဖွင့်ပုံကို ထောက်၍လည်းကောင်း, စာသွားကိုကြည့်၍လည်းကောင်း "သုခသဟဂတတာသမ္ဘဝတော"ဟု ဘာဝတ္ထ တာပစ္စည်းပါသင့်၏၊ "သဟဂတတာ+အသမ္ဘဝတော"ဟု ပုဒ်ဖြတ်။]

၂၆, ၂၇။ [နိမိတ္တဘေဒကို ဖွင့်ပြလို၍ "ယထာရဟံ" စသည်ကို မိန့်၊] ယထာရဟန္တိ–ကား၊ တံတံအာရမ္မဏာနုရူပတော–ထိုထို အာရုံအားလျော်သော အားဖြင့်၊ (လဗ္ဘန္တေဝ၌ စပ်) ကသိဏ–အချို့သော၊ အာရမ္မဏဿ–ဘုရားဂုဏ်တော်စသောအာရုံ၏၊ အပရိဗျတ္တတာယ–မထင်ရှားသည်၏အဖြစ်ကြောင့်၊

ပရိယာယေနာတိ–န ဟူ၍၊ (အာစရိယေန) ဝုတ္တံ၊ ဟိ–မှန်၊ ကသိဏာသုဘ ကောဋ္ဌာသာနာပါနသတိသွေဝ – ကသိုဏ်းဆယ်ပါး, အသုဘာဆယ်ပါး, ကောဋ္ဌာသပညတ်, အာနာပါနဿတိတို့၌သာလျှင်၊ ပရိဗုဒ္ဓနိမိတ္တသမ္ဘဝေါ– ထင်ရှားသော နိမိတ်၏ ဖြစ်သင့်ခြင်းသည်၊ (ဟောတိ) ဣတိ–ဤသို့ မှတ်အပ်၏၊ [ဤ အဓိပ္ပာယ်ကိုလည်း ဘာသာဋီကာ၌ ပြထားပြီ။]

**၂၈, ၂၉။** ပထဝီ ।ပေ၊ ဥဂ္ဂဏှန္တဿာတိအာဒိမှိ–ပထဝီ ।ပေ၊ ဥဂ္ဂဏှန္တဿ အစရှိသော ပါဠိ၌ရပ်၌၊ (အတ္ထော ဇဝံ ဝေဒိတဗ္ဗော) တာဝ–နိမိတ် မယူမီရှေး ဦးစွာ၊ စတုပါရိသုဒ္ဓိသီလံ–ကို၊ ဝိသောဓေတွာ–သုတ်သင်ပြီး၍လည်း ကောင်း၊ ဒသဝိဓံ–သော၊ ပလိဗောဓံ–ပလိဗောဓကြီးကို၊ [အာဝါသ, ကုလ လာဘစသော ပလိဗောဓကြီးဆယ်ပါးကို၊] ဥပစ္ဆိန္ဒိတွာ–ဖြတ်တောက်ပြီး၍လည်းကောင်း၊ ပိယ ।ပေ၊ သမန္နာဂတံ–ပိယဂရုဘာဝနီယစသော ဂုဏ်တို့နှင့် ပြည့်စုံသော၊ [ပိယော ဂရုဘာဝနီယော, "ဝတ္တာဝစနက္ခမော" စသော ဂုဏ်နှင့် ပြည့်စုံသော၊] ကလျာဏမိတ္တံ–ကောင်းသောမိတ်ဆွေဖြစ်သော ဆရာသမားသို့၊ ဥပသင်္ကမိတွာ–၍လည်းကောင်း၊ အတ္တနော–၏၊ စရိယာနုကူလံ–စရိက်အားလျော်သော၊ ကမ္မဋ္ဌာနံ–ကို၊ ဂဟေတွာ–၍လည်းကောင်း၊ အဋ္ဌာရသဝိဓံ–သော၊ အနနုရူပ ဝိဟာရံ–မလျော်သောကျောင်းကို၊[မဟာဝါသ, နဝါဝါသစသော (၁၈)ပါးသော ကျောင်းတိုက်ကို။] ပဟာယ–၍လည်းကောင်း၊ ပဉ္စင်္ဂသမန္နာဂတေ–အင်္ဂါ ငါးပါးနှင့်ပြည့်စုံသော၊ အနုရူပဝိဟာရေ–လျော်သော ကျောင်း၌၊ [မဝေးနီးမော, မရောလူရှင်, မှက်ခြင်ပါးနည်း, ပစ္စည်းမိတ်ဆွေ, ရလွယ်ပေ, ငါးထွေ ကျောင်းအင်္ဂါ။] ဝိဟရန္တဿ–နေလျက်၊ ကေသ ।ပေ၊ ပဠိဗောဓံ–ဆံ, ခြေသည်း, လက်သည်း ပယ်ခြင်းအစရှိသော သေးငယ်သော ပလိဗောဓ ဖြတ်တောက်မှုကို၊ ကတွာ–၍လည်းကောင်း။

ကသိဏမဏ္ဍလာဒီနိ–ကသိုဏ်းဝန်း အစရှိသည်တို့ကို၊ ပုရတော–ရှေ့တည့် တည့်၌၊ ကတွာ–ထား၍လည်းကောင်း၊ အာနာပါနကောဋ္ဌာသာဒီသု–အာနာ ပါနကောဋ္ဌာသအစရှိသော အာရုံတို့၌၊ စိတ္တံ–ကို၊ ထပေတွာ–၍လည်းကောင်း၊ [ကသိုဏ်းဝန်းဖြစ်လျှင် ကသိုဏ်းဝန်းကို ရှေ့၌ထား၍,အာနာပါနစသည်ဖြစ်လျှင် အာနာပါနစသည်၌ စိတ်ကိုထား၍ စီးဖြန်းပါ–ဟူလို၊] နိသီဒိတွာ–ထိုင်ပြီး ၍၊ ပထဝီပထဝီတျာဒိနာ–ပထဝီပထဝီအစရှိသော၊ တံတံ ဘာဝနာနုက္ကမေန– တိုထိုဘာဝနာအစဉ်ဖြင့်၊ ပထဝီကသိဏာဒီသု–ပထဝီကသိုဏ်းအစရှိကုန်သော၊ တံတံ တဒါရမဏေသု–ထိုထိုအာရုံတို့၌၊ နိမိတ္တံ–ကို၊ ဥဂ္ဂဏှန္တဿ–စိတ်ဖြင့် ယူသော ယောဂီပုဂ္ဂိုလ်၏၊(တမာရမဏံ၌ စပ်၊) အယံ–ဤဆိုအပ်ပြီးကား၊ ထွေ– ဤအဘိဓမ္မတ္ထဝိဘာဝနီဋီကာ၌၊ သင်္ခေပေါ–အကျဉ်းချုပ်တည်း၊ ဝိတ္ထာရတော ပန–အကျယ်အားဖြင့်ကား၊ ဘာဝနာ–ပွားများပုံကို၊ ဝိသုဒ္ဓိမဂ္ဂတော–မှ၊

ဂဟေတဗ္ဗာ–၏၊ ဝါ–ယူပါလေ၊ ဟိ–မှန်၊ ဒုဝိဓမ္ပိ–သော၊ ဘာဝနာဝိဓာနံ–ဘာဝနာအစီအစဉ်ကို၊ ဣဓ–ဤ သဂြိုဟ်ကျမ်း၌၊ အာစရိယေန–သည်၊ အတိသင်္ခေပတော–အလွန်ကျဉ်းသောအားဖြင့်၊ ဝုတ္တံ–ပြီ၊ စ–ဆက်ဦးအံ့၊ တဒတ္ထဒဿနတ္ထံ–ထို အနက်ကိုပြခြင်းအကျိုးငှာ၊ ဝိတ္ထာရနယေ–အကျယ်နည်းကို၊ အာဟရိယမာနေ–ဆောင်အပ်သော်၊ အတိပပဉ္စော–အလွန်ကျယ်သော စကားအစဉ်သည်၊ သိယာ–၏၊ ဣတိ–ကြောင့်၊ မယမ္ပိ–သုမင်္ဂလသာမိ ဋီကာဆရာ ငါတို့သည်လည်း၊ တံ–ထိုအနက်ကို၊ န ဝိတ္ထာရေဿာမ–မချဲ့ကုန်တော့အံ့၊ [ဤ နိဿယ၌လည်း အကျယ်မချဲ့တော့ပြီ၊ ချဲ့သင့်သမျှကိုလည်း သင်္ဂြိုဟ်ဘာသာဋီကာ၌ ပြထားပြီ။]

ယဒါပနာပေ။သမုဂ္ဂဟိတန္တိ–ကား၊ ဧဝံ–သို့၊ ပဝတ္တာနုပုဗ္ဗဘာဝနာဝသေန–ဖြစ်သော အစဉ်အတိုင်း ပွားများခြင်း၏အစွမ်းဖြင့်၊ ယဒါ–၌၊ တံ ပရိကမ္မနိမိတ္တံ–ထို ပရိကမ္မနိမိတ်သည်၊ ဝါ–ကို၊ စိတ္တေန–ဖြင့်၊ သမ္မာ–စွာ၊ ဥဂ္ဂဟိတံ–ယူအပ်ပြီးသည်၊ ဟောတိ–၏၊ မနောဒွါရဿအာပါထမာဂတန္တိ–ကား၊ စက္ခုံ–ကို၊ နိမ္မီလေတွာ–မှိတ်၍သော်လည်းကောင်း (ကသိုဏ်းဝန်းအနီးအပါး၌ မျက်စိမှိတ်၍သော်လည်းကောင်း–ဟူလို) အညတ္ထ–ကသိုဏ်းဝန်းရှိရာအရပ်မှ တစ်ပါးသောအရပ်သို့၊ ဂန္တွာဝါ–သွား၍သော်လည်းကောင်း၊ မနသိကရောန္တဿ–နှလုံးသွင်းသောယောဂီပုဂ္ဂိုလ်၏၊ ကသိဏမဏ္ဍလသဒိသမေဝ–ကသိုဏ်းဝန်းနှင့် တူသည်သာလျှင်၊ ဟုတွာ–၍၊ မနောဒွါရိကဇဝနာနံ–တို့၏၊ အာပါထံ–သို့၊ အာဂတံ–သည်၊ ဟောတိ–၏၊ သမာဓိယတီတိ–ကား၊ ဝိသေသတော–အထူးအားဖြင့်၊ စိတ္တေကဂ္ဂတာပတ္တိယာ–စိတ်၏တည်ကြည်ခြင်းသို့ ရောက်ခြင်းအားဖြင့်၊ သမာဟိတာ–ကောင်းစွာအာရုံ၌ ထားအပ်သည်၊ ဝါ–တည်ကြည်သည်၊ ဟောတိ–၏။

**၃၀, ၃၁**။ စိတ္တသမာဓာနဝသေန–စိတ်၏ တည်ကြည်ခြင်း၏ အစွမ်းဖြင့်၊ ပုဂ္ဂလောပိ–ယောဂီပုဂ္ဂိုလ်သည်လည်း၊ သမာဟိတောယေဝ–ကောင်းစွာအာရုံ၌ ထားအပ်သော စိတ်ရှိသည်သာလျှင်၊ ဝါ–တည်ကြည်သည်သာလျှင်၊ (ဟောတိ) ဣတိ–ကြောင့်၊ တထာသမာဟိတဿာတိ–ဟူ၍၊ (အာစရိယေန) ဝုတ္တံ၊ (ပုဂ္ဂိုလ်ကို ဟောသော "သမာဟိတဿ" ပုဒ်ဖြင့် မိန့်ဆိုအပ်သည် ဟူလို) တပ္ပဋိဘာဂန္တိ–ကား၊ ဥဂ္ဂဟနိမိတ္တသဒိသံ–ဥဂ္ဂဟနိမိတ်နှင့် တူသော၊ (အာရမဏ ၌စပ်) ဟိ–မှန်၊ တတောယေဝ–ထို ဥဂ္ဂဟနိမိတ်နှင့်တူသည်၏ အဖြစ်ကြောင့်ပင်လျှင်၊ တံ–ထိုအာရုံကို၊ ပဋိဘာဂနိမိတ္တန္တိ –မိတ်ဟူ၍၊ ဝုစ္စတိ–၏၊ (ပဋိဘာဂသဒ္ဒါသည် အတူဟူသောအနက်ကို ဟော၏၊) ပန–ဆက်၊ တံ–ထိုပဋိဘာဂနိမိတ်သည်၊ ဥဂ္ဂဟနိမိတ္တတော–ဥဂ္ဂဟနိမိတ်ထက်၊ အတိပရိသုဒ္ဓံ–အလွန်စင်ကြယ်သည်၊(ဟောတိ)။ [စင်ကြယ်ပုံကို တိမ်တိုက်မှ ထွက်လာသော လဝန်း စသည်တို့ဖြင့် ဥပမာပြကြသည်။]

ဝတ္ထုဓမ္မဝိမုစ္စိတန္တိ–ကား၊ ပရမတ္ထဓမ္မတော–ပရမတ္ထသဘောတရားမှ၊ ဝိမုတ္တံ–လွတ်သော၊ (ပညတ်ဖြစ်သည် ဟူလို) ဝါ–တစ်နည်း၊ ဝတ္ထုဓမ္မတော–ဝတ္ထုဒြပ် သဘောတရားမှ၊ ကသိဏမဏ္ဍလဂတကသိဏဒေါသတော – ကသိုဏ်းဝန်း၌ တည်ရှိတတ်သော ကသိုဏ်း၏ အပြစ်မှ၊ ဝိနိမုတ္တံ–လွတ်သော၊ [ပဌမနည်းကို အခြေပြုနှင့် ဘာသာဋီကာတို့၌ ပြထား၏၊ ဒုတိယနည်း၌ကား ဝတ္ထုသဒ္ဒါသည် အထည်ဒြပ်ဟူသော အနက်ကို ဟော၏၊ ပရိကမ္မနိမိတ် ဖြစ်သော ကသိုဏ်းဝန်း၌ လက်ချောင်းရာစသော အပြစ်များ ထင်နေတတ်သေး ၏၊ ဤပဋိဘာဂနိမိတ်၌ကား လက်ချောင်းရာစသော အပြစ်မှ လွတ်ကင်း၍ အထူးသန့်ရှင်းသည် ဟူလို၊] ဘာဝနာယ–ဘာဝနာကြောင့်၊ နိဗ္ဗတ္တတ္တာ– ဖြစ်သည်၏အဖြစ်ကြောင့်၊ ဘာဝနာမယံ–ဘာဝနာမယဖြစ်သော၊ (အာရမဏံ၌ စပ်) သမပ္ပိတန္တိ–ကား၊ သုဋ္ဌု–ကောင်းစွာ၊ အပ္ပိတံ–တင်သွင်းအပ်သည်၊ ဝါ–သက်ရောက်သည်၊ (ဟောတိ) တတော ပဋ္ဌာယာတိ–ကား၊ ပဋိဘာဂ နိမိတ္တုပ္ပတ္တိတော–ပဋိဘာဂနိမိတ်ဖြစ်ရာအခါမှ၊ ပဋ္ဌာယ–၍၊ (ဥပစာရဘာဝနာ နိပ္ဖန္နာ နာမ ဟောတိ၌ စပ်။)

**၃၃။** [ဝသိဘော် ငါးပါးကိုဖွင့်ပြလို၍ "ပဉ္စသု ဈာနင်္ဂေသု" စသည်မိန့်၊] ပဉ္စသု–န်သော၊ ဈာနင်္ဂေသု–ဈာန်အင်္ဂါတို့တွင်၊ ဧကေကာရမဏေ–တစ်ပါး တစ်ပါးသော ဈာန်အင်္ဂါဟူသောအာရုံ၌၊ ဥပ္ပန္နာဝဇ္ဇနာနန္တရံ–ဖြစ်သောအာဝဇ္ဇန်း ၏ အခြားမဲ့၌၊ စတုပဉ္စဇဝနကတိပယဘဝင်္ဂတော–လေးကြိမ် ငါးကြိမ်သော ဇော, အနည်းငယ်သော ဘဝင်မှ၊ (တိက္ခပုဂ္ဂိုလ်အတွက် လေးကြိမ်, မန္ဒပုဂ္ဂိုလ် အတွက်ငါးကြိမ်) ပရံ–နောက်၌၊ ဝါ–အလွန်၊ အဂန္တွာ–စိတ်အစဉ် မသွားမူ၍၊ အပရာပရံ–အဆက်ဆက်၊ ဈာနင်္ဂါဝဇ္ဇနသမတ္ထတာ–ဈာန်အင်္ဂါကို ဆင်ခြင်ခြင်း ၌ စွမ်းနိုင်သည်၏အဖြစ်သည်၊ အာဝဇ္ဇနဝသိတာနာမ–အာဝဇ္ဇနဝသိဘော် မည်၏၊ သမာပဇ္ဇိတုကာမတာနန္တရံ–ဝင်စားခြင်းငှာ အလိုရှိသူ၏ အဖြစ်၏ အခြားမဲ့၌၊ [ဝင်စားလိုသောဆန္ဒ၏ အခြားမဲ့၌၊] ကတိပယဘဝင်္ဂတော– အနည်းငယ်သော ဘဝင်မှ၊ ပရံ–၌၊ ဝါ–အလွန်၊ အဂန္တွာ–၍၊ ဥပ္ပန္နာဝဇ္ဇနာနန္တရံ– ၌၊ သမာပဇ္ဇိတုံ–ဈာန်ဝင်စားခြင်းငှာ၊ သမတ္ထတာ–စွမ်းနိုင်သည်၏ အဖြစ်သည်၊ သမာပဇ္ဇနဝသိတာနာမ–သမာပဇ္ဇနဝသိဘော် မည်၏။

သေတု–တံတားသည်၊ ဝါ–ရေကာတာရိုးသည်၊ [တံ ဟူသောစကားသည် ရေကို ပြောသော ပေါရာဏစကားတည်း၊ တံ–ရေကို+တား–တားဆီးထား သောတာရိုး၊] သီဃသောတာယ–လျင်မြန်သောအယဉ်ရှိသော၊ နဒိယာ–၏၊ သြဃံ–ရေအယဉ်ကို၊(ဥပစ္ဆိန္ဒတိ)ဝိယ–ဖြတ်တောက်ဆီးတားသကဲ့သို့၊ (တထာ– တူ၊) ဘဝင်္ဂဝေဂံ– ဘဝင်အဟုန်ကို၊ ဥပစ္ဆိန္ဒိတွာ– ဖြတ်တောက် ဆီးတား၍၊

ယထာ ပရိစ္ဆိန္နကာလံ–အကြင် အကြင် ပိုင်းခြားအပ်သော ကာလပတ်လုံး၊ ဈာနံ–ဈာန်စိတ်ကို၊ ဌပေတုံ–တန့်ထားခြင်းငှာ၊ သမတ္ထတ္တာ–သည်၊ ဘဝင်္ဂပါတတော–ဘဝင်ကျခြင်းမှ၊ ဝါ–ဘဝင်မကျအောင်၊ (ဈာန်အစဉ် နောက်၌ ဘဝင်ကျခြင်းမှ၊) ရက္ခဏယောဂျတာ–စောင့်ရှောက်ခြင်း၌ စွမ်းနိုင်သည်၏ အဖြစ်သည်၊ အဓိဋ္ဌာနဝသိတာနာမ–အဓိဋ္ဌာနဝသီဘော်မည်၏၊ ယထာ ပရိစ္ဆိန္နကာလံ–ကို၊ အနတိက္ကမိတွာ–မလွန်မူ၍၊ ဈာနတော–မှ၊ ဝုဋ္ဌာန သမတ္ထတာ–ထခြင်း၌စွမ်းနိုင်သည်၏ အဖြစ်သည်၊ ဝုဋ္ဌာနဝသိတာ နာမ–ဝုဋ္ဌာနဝသီဘော် မည်၏၊

အထဝါ–ထို့ပြင်တစ်နည်းကား၊ ယထာပရိစ္ဆိန္နကာလတော–အကြင်အကြင် ပိုင်းခြားအပ်သော ကာလမှ၊ ဥဒ္ဓံ–အထက်သို့၊ ဂန္တုံ–ငှာ၊ အဒတွာ–မူ၍၊ ထပနသမတ္ထတာ–ဈာန်အစဉ်ကို ထားခြင်း၌ စွမ်းနိုင်သည်၏အဖြစ်သည်၊ အဓိဋ္ဌာနဝသိတာ နာမ–မည်၏၊ ယထာပရိစ္ဆိန္နကာလတော–မှ၊ အန္တော–၌၊ အဝုဋ္ဌဟိတွာ–မထမူ၍၊ ယထာကာလဝသေနေဝ–အကြင်အကြင် (ပိုင်းခြားအပ်သောကာလ၏ အစွမ်းဖြင့်သာလျှင်၊ ဝုဋ္ဌာနသမတ္ထတာ–ထခြင်း၌ စွမ်းနိုင်သည်၏အဖြစ်သည်၊ ဝုဋ္ဌာနဝသိတာ နာမ–မည်၏၊ ဣတိ–ဤ အနက်၏ ဖြစ်ခြင်းကြောင့်၊ အတိပ္ပပဉ္စေန–ဖြင့်၊ အလံ–ပြီ၊ ပန–ကား၊ ပစ္စဝေက္ခဏ ဝသိတာ–ပစ္စဝေက္ခဏ ဝသီဘော်သည်၊ အာဝဇ္ဇနဝသိတာယ ဧဝ–အာဝဇ္ဇန ဝသီဘော်ကြောင့်သာလျှင်၊ သိဒ္ဓါ–ပြီးစီး၏၊ ဟိ–မှန်၊ အာဝဇ္ဇနာနန္တရဇဝနာ နေဝ–အာဝဇ္ဇန်း၏ အခြားမဲ့၌ဖြစ်သော ဇောတို့သည်သာလျှင်၊ ပစ္စဝေက္ခဏ ဇဝနာနိ နာမ–တို့မည်၏။ [ ဝသီဘော်ငါးပါး၏ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ဆောင်ပုဒ်ကို အခြေပြု၍ ပြထားပြီ။]

ဝိတက္ကာဒိက ။ပေ။ ပဟာနာယာတိ–ကား၊ ဒုတိယဈာနာဒီဟိ–ဒုတိယဈာန် အစရှိသည်တို့ကြောင့်၊ ဝိတက္ကာဒိသြဠာရိကင်္ဂါနံ–ဝိတက်အစရှိသော ရုန့်ရင်းသောဈာန်အင်္ဂါတို့၏၊ ဈာနက္ခဏေ–ဒုတိယစသောဈာန်တို့၏ ခဏ၌၊ အနုပ္ပါဒါယ–မဖြစ်ခြင်းငှာ၊ ပဒဟတောတိ–ကား၊ ပရိကမ္မံ–ကမ်ကို၊ ကရောန္တဿ–သော၊ (ပရိကမ်ပြုသောအားဖြင့်၊ "အားထုတ်သော"ဟူလို) ပန–ဆက်၊ ဝိတက္ကာဒီသု–ဝိတက်အစရှိသော ဈာန်အင်္ဂါတို့၌၊ နိကန္တိဝိက္ခမ္ဘနတော–

**ဒုတိယဈာနာဒီဟိ ။ပေ။ အနုပ္ပါဒါယ**။　။ဒုတိယဈာန်ကြောင့် ဝိတက် တည်းဟူသော ရုန့်ရင်းသော ဈာန်အင်္ဂါမဖြစ်ခြင်း ။ပေ။ ပဥ္စမဈာန်ကြောင့် သုခတည်းဟူသော ရုန့်ရင်းသော ဈာန်အင်္ဂါမဖြစ်ခြင်းငှာ၊ (ပဒဟတော၌ စပ်) ထိုဝိတက်စသော ဈာန် အင်္ဂါတို့၏ မဖြစ်ခြင်းသည် ဒုတိယစသော ဈာန်တို့၏ ဖြစ်ခိုက်ခဏ၌သာတည်း၊ ဈာန်မှထလျှင်ကား ထိုဈာနလာဘီပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဝိတက် ဝိစာရစသော ဈာန်အင်္ဂါတို့ ဖြစ်ကြသည်သာ ထို့ကြောင့် "ဈာနက္ခဏေ"ဟု ဆိုသည်။

တပ်မက်မှုကို ခွာရာအခါမှ၊ ပဌာယ–၍၊ တဿ–ထိုယောဂီပုဂ္ဂိုလ်၏ (သန္တာ၁န် ၌) ဥပစာရဘာဝနာ–နာသည်၊ နိပ္ဖန္နာနာမ–ပြီးစီးသည် မည်သည်၊ ဟောတိ၊ ဣတိ–သို့၊ ဒဋ္ဌဗ္ဗံ–၏၊ [ဤဝါကျ၏ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ၊] ယထာရုပတ္တို–ကား၊ တံတံဈာနိကကသိဏာဒိအာရမဏာနုရူပံ–ထိုထို ဈာန်ရှိ သော ကသိုဏ်းအစရှိသော အာရုံအားလျော်စွာ၊ (အပ္ပေတွိ၌ စပ်၊) [ကသိုဏ်း ဆယ်ပါး,အာနာပါန,ဗြဟ္မဝိဟာရ ရှေ့သုံးပါး၏ အာရုံဖြစ်သော သတ္တဝါ ပညတ် သုံးမျိုးသည် ဒုတိယ တတိယ စတုတ္ထနှင့်ယှဉ်၏၊ ဤသို့ စသည်ဖြင့် "တတ္ထာပိ ဒသကသိဏာ"စသည်၌ ဆိုခဲ့သည့်အတိုင်း ထိုထိုဈာန်နှင့်ယှဉ်သော အာရုံအားလျော်စွာ ဒုတိယဈာန်စသော အပွနာ့များဖြစ်ကြသည်။]

**၃၆။** [အာကာသဝဇ္ဇိတကသိဏေသု စသည်ကို ဖွင့်ပြလို၍ "အာကာသ" စသည်မိန့်] "အာကာသကသိဏာဿ–၏၊ ဝါ–ကို၊ ဥဂ္ဃါဋေတုံ–ခွာခြင်းငှာ၊ အသက္ကုဏေယျတ္တာ–မတတ်ကောင်းသည်၏ အဖြစ်ကြောင့်၊ အာကာသဝဇ္ဇိတ ကသိဏေသု တိ–သုဟူ၍၊ (အာစရိယေန) ဝုတ္တံ၊ [အာကာသဝဇ္ဇိတ၏ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ၊ [ကသိဏန္တိ–ကား၊ ကသိဏပဋိဘာဂ နိမိတ္တံ–ကသိုဏ်းဟူသော ပဋိဘာဂနိမိတ်ကို၊ ဥဂ္ဃါဋေတွာတိ–ကား၊ အမနသိ ကာရဝသေန–နှလုံးမသွင်းခြင်း၏ အစွမ်းဖြင့်၊ ဥဒ္ဓရိတွာ–ထုတ်ခွာ၍၊ [ဥဂ္ဃါဋေတွာ၏ အဓိပ္ပာယ်ကိုလည်း ဘာသာဋီကာ၌ ပြထားပြီ] အနန္တဝသေန ၊ပေ၊ကရောန္တဿာတိ–ကား၊ အနန္တံ အာကာသံ,အနန္တံ အာကာသန္တိ–သံဟူ၍၊ အာကာသံ–ကောင်းကင်ပညတ်ကို၊ အာရဗ္ဘ–အာရုံပြု၍၊ ပရိကမ္မံ–ကမ်ကို၊ ဝါ–အဖန်ဖန်စီးဖြန်း ပွားများမှုကို၊ ကရောန္တဿ–သော၊ ပန–ဗျတိရိတ်ကား၊ ကေဝလံ–အာကာသမဖက် သက်သက်၊ အနန္တံ အနန္တန္တိ–န္တံဟူ၍၊ (ပရိကမ္မံ– ကို၊) န (ကရောန္တဿ)–ပြုသည်မဟုတ်သော၊ (ယောဂိနော–ယောဂီပုဂ္ဂိုလ်၏ သန္တာ၁န်၌၊) [အာကာသံ မပါဘဲ "အနန္တံ အနန္တံ"ဟု ပရိကမ်ပြုရသည်မဟုတ်, "အနန္တံ အာကာသံ အနန္တံ အာကာသံ"ဟု ပရိကမ်ပြုရမည်–ဟူလို] ဝိညာဏဉ္စာ ယတနေပိ–၌လည်း၊ ဧဝံ–ဤ့အတူတည်း၊ ["အနန္တံ ဝိညာဏံ အနန္တံ ဝိညာဏံ"ဟု ပရိကမ်ပြုရမည်၊ ဝိညာဏံမပါဘဲ "အနန္တံ အနန္တံ"ဟု ပရိကမ် မပြုရ–ဟူလို] အနန္တန္တိ–န္တံဟူ၍၊ အဝတွာပိ–မဆိုမူ၍လည်း၊ အာကာသော၊ ပေ၊ဝိညာဏန္တိ–ဏံဟူ၍၊ မနသိကာတုံ–နှလုံးသွင်းခြင်းငှာ၊ ဝဋ္ဋတိ–အပ်၏၊ ဣတိ–ဤသို့၊ အာစရိယာ (ဝဒန္တိ)။

**၃၇။** သန္တမေတံ ၊ပေ၊ ကရောန္တဿာတိ–ကား၊ အဘာဝမတ္တာရမဏ တာယ–မရှိခြင်းမျှဟူသော အာရုံရှိသည်၏အဖြစ်ကြောင့်၊ ဝါ–နတ္ထိဘောပညတ် ကိုမျှ အာရုံပြုသည်၏ အဖြစ်ကြောင့်၊ ဧတံ–ဤတတိယာရုပ္ပဝိညာဉ်၊ သန္တံ–

ငြိမ်သက်၏၊ စေတံ–သည်၊ ပဏီတံ–မွန်မြတ်၏၊ ဣတိ–သို့၊ ဘာဝေန္တဿ–ပွားစေအပ်သော ယောဂီပုဂ္ဂိုလ်၏ (သန္တာဝန်၌)။ [စတုတ္ထာရုပ္ပမပွေတိ၌ စပ် "သန္တ မေတံ"ဟု ချီးမွမ်းပါလျက် တတိယာရုပ္ပဝိညာဉ်ကို လွန်မြောက်ပုံကို "ချီးမွမ်းသော်လည်းမလိုချင်"ဟု ခေါင်းတပ်၍ ဘာသာဋီကာ ပြထားပြီ။]

**၄၀။** အဝသေသေသုစာတိ–ကား၊ကသိဏာဒီဟိ–ကသိုဏ်းအစရှိသည်တို့နှင့်၊ သဟ–တကွ၊ အပ္ပနာဝဟကမ္မဋ္ဌာနတော–အပ္ပနာကိုဆောင်နိုင်သောကမ္မဋ္ဌာန်းမှ၊ အဝသေသေသု–န်သော၊ ဗုဒ္ဓါနုဿတိအာဒီသု–ဗုဒ္ဓါနုဿတိအစရှိကုန်သော၊ အဋ္ဌသု–ရှစ်ပါးသောကမ္မဋ္ဌာန်းတို့လည်းကောင်း၊ သညာဝဝတ္ထာနေသုစ–အာဟာရေပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းတို့လည်းကောင်း၊ ဣတိ–သို့၊ ဒသသု–န်သော၊ ကမ္မဋ္ဌာနေသု–တို့၌၊ ပရိကမ္မံကတွာတိ–ကား၊ သော ဘဂဝါ ဣတိပိ အရဟံ, သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါတျာဒိနာ–သော၊ ဝုတ္တဝိဓာနေန–ဝိသုဒ္ဓိမဂ်၌ ဆိုအပ်သော အစီအစဉ်ဖြင့်၊ ပရိကမ္မံ–ကို၊ ကတွာ–၍၊ သာဓုကမုဂ္ဂဟိတေတိ–ကား၊ ဗုဒ္ဓါဒိဂုဏာ ၊ပေ၊ ဝသေန–ဘုရားအစရှိသော ဂုဏ်တော်တို့၌ ညွတ်သောစိတ်,ကိုင်းသောစိတ်, ရှိုင်းသော စိတ်ရှိသူ၏ အဖြစ်၏အစွမ်းဖြင့်၊ သုဋ္ဌု–စွာ၊ ဥဂ္ဂဟိတေ–ယူအပ်သော်၊ ပရိကမ္မဥ္စသမာဓိယတီတိ–ကား၊ ပရိကမ္မဘာဝနာ–သည်၊ သမာဟိတာ–ကောင်းစွာအာရုံ၌ထားအပ်သည်၊ (တည်ကြည်သည်၊) (ဟုတွာ) နိပ္ပဇ္ဇတိ–ပြီးစီး၏၊ ဥပစာရောစသမ္ပဇ္ဇတီတိ–ကား၊ နီဝရဏာနိ–တို့ကို၊ ဝိက္ခမ္ဘေန္တော–ခွာလျက်၊ ဥပစာရသမာဓိစ–သည်လည်း၊ ဥပ္ပဇ္ဇတိ–၏။

စတ္တာလီသကမ္မဋ္ဌာနနယော–လေးဆယ်သော ကမ္မဋ္ဌာန်းတို့ကို သိရာသိကြောင်း နည်းသည်၊ (နိဋ္ဌိတော–ပြီ။)

**၄၁။** အဘိညာဝသေန ပဝတ္တမာနန္တိ–ကား၊ အဘိ (ဝိသေသတော)–အထူးအားဖြင့်၊ ဇာနနဋ္ဌေန–သိတတ်သည်၏ အဖြစ်ဟူသော အနက်ကြောင့်၊ အဘိညာသင်္ခါတံ–အဘိညာဉ်ဟု ဆိုအပ်သော၊ [အဘိ (ဝိသေသတော) ဇာနနဋ္ဌေနဖြင့် "အဘိညာ"ပုဒ်၏သဒ္ဒပဝတ္တိနိမိတ်ကိုပြသည်၊"အဘိ(ဝိသေသတော)+ဇာနာတီတိ အဘိညာ"ဟုပြု၊] ဣဒ္ဓိဝိဓာဒိပဉ္စလောကိယာဘိညာဝသေန–ဣဒ္ဓိဝိဓ အစရှိသော ငါးပါးသော လောကီအဘိညာဉ်တို့၏ အစွမ်းဖြင့်၊ ပဝတ္တမာနံ–သော၊(ရူပါဝစရပဉ္စမဈာန် အပွေတိ၌ စပ်၊)အဘိညာပါဒက ၊ပေ၊ ဝုဋ္ဌဟိတွာတိ–ကား၊ ကသိဏာနုလောမာဒီဟိ–ကသိုဏ်းအနုလုံ အစရှိကုန်သော၊

---

**ကသိဏာနုလောမာဒီဟိ ၊ပေ၊ ကတွာ။** ။ပထဝီကသိုဏ်းကို အာရုံပြု၍ ပဉ္စမဈာန်ကိုဝင်စား, ထို့နောက် အာပေါကသိုဏ်းကို အာရုံပြု၍ ပဉ္စမဈာန်ကိုဝင်စား,ဤသို့ စသည်ဖြင့် ကသိုဏ်းအစဉ်အတိုင်း ပဉ္စမဈာန်ဝင်စားခြင်းကို "ကသိဏာနုလောမ"ဟု

စုဒ္ဒသဟိ–၁၄ ပါးကုန်သော၊ အာကာရေဟိ–တို့ဖြင့်၊ စိတ္တံ–ကို၊ ပရိဒမေတွာ–ဆုံးမပြီး၍၊ အဘိနီဟာရက္ခမံ–စိတ်ကို အဘိညာဉ်သို့ ရှေးရှုဆောင်ခြင်း၌ခံ့ သည်ကို၊ ကတွာ–၍၊ ဥပေက္ခေကဂ္ဂတာယောဂတော–ပဥ္စမဈာန်က ဥပေက္ခာ ကေဂ္ဂတာနှင့်ယှဉ်ခြင်းကြောင့်၊ ဝါ–ယှဉ်သည့်အတွက်၊ အနုရူပတ္တာ–အဘိညာဉ် အားလျော်သည်၏ အဖြစ်ကြောင့်၊ ရူပါဝစရပဥ္စမဇ္ဈာနမေဝ–ရူပါဝစရပဥ္စမ ဈာန်သာလျှင်ဖြစ်သော၊ (နောက်ပဥ္စမဈာန်၌ စပ်၊ "ဧဝ"ဖြင့် အရူပ ပဥ္စမဈာန် ကိုကန့်ပါ၊) အဘိညာနံ–တို့၏၊ ပါဒကံ–အခြေခံဖြစ်သော၊ ပတိဋ္ဌာနဘူတံ–တည်ရာဖြစ်၍ဖြစ်သော၊ ပထဝါဒိကသိဏာရမဏံ–ပထဝီအစရှိသော ကသိုဏ်း လျှင်အာရုံရှိသော၊ ပဥ္စမဇ္ဈာနံ–ပဥ္စမဈာန်ဟူသော၊ တံ–ထိုဈာန်ကို၊ သမာပဇ္ဇိတွာ–ဝင်စားပြီး၍၊ တတော–ထိုပဥ္စမဈာန်မှ၊ ဝုဋ္ဌာယ–၍၊ အဓိဋ္ဌေယျာဒိကမာဝဇ္ဇေတွာ တိ–ကား၊ ဣဒ္ဓိဝိဓဉာဏဿ–ဣဒ္ဓိဝိဓအဘိညာဏ်၏၊ ပရိကမ္မကာလေ–ပရိကမ်ပြုရာအခါ၌၊ အဓိဋ္ဌာတဗ္ဗံ–အဓိဋ္ဌာန်ထိုက်သော၊ ဝိကုဗ္ဗနိယံ–အထူးထူး ပြုစီမံထိုက်သော၊ သတာဒိကံ (ဝါ)–တစ်ရာအစရှိသော အာရုံကိုသော်လည်း ကောင်း၊ (ဤစကားဖြင့် အဓိဋ္ဌာနိဒ္ဓိ၏ အာရုံကို ပြ၏၊) ကောမာရရူပါဒိကံဝါ– သတို့သား၏ အဆင်းအစရှိသော အာရုံကိုသော်လည်းကောင်း၊ (ဤစကားဖြင့် ဝိကုဗ္ဗနိဒ္ဓိ အဘိညာဉ်၏ အာရုံကို ပြသည်၊ ရူပံ ဝါမှ ဝါကို လိုက်စေ။)

---

ဆိုသည်၊ အာဒိ ဖြင့် အလောကကသိုဏ်းကို အာရုံပြု၍ ပဥ္စမဈာန်ကို ဝင်စား, ထို့နောက် အာကာသကသိုဏ်းကို အာရုံပြု၍ ပဥ္စမဈာန်ကိုဝင်စား, ဤသို့ နောက်ပြန် ဝင်စားခြင်းတည်းဟူသော ကသိဏပဋိလောမ၊ ကသိုဏ်းအစမှ စ၍ အဆုံးတိုင်အောင်, ကသိုဏ်းအဆုံးမှစ၍ အစတိုင်အောင် အပြန်အလှန်ဝင်စားခြင်းတည်းဟူသော ကသိဏာ နုလောမ ပဋိလောမ, ဤသို့ အစရှိသည်ကိုယူ၊ [အကျယ်ကို ဝိသုဒ္ဓိမဂ်မှာ ရှု၊] ဤသို့ ဝင်စားပုံသည် (၁၄)မျိုးရှိသောကြောင့် "စုဒ္ဒသဟာကာရေဟိ" ဟု ဆို၏၊ အပြန်အလှန် ဝင်စားခြင်းသည် စိတ်ကို သိမ်မွေ့နူးညံ့အောင် ဆုံးမခြင်းတည်း၊ ထို့ကြောင့် "စိတ္တံ ပရိဒမေတွာ"ဟု ဆိုသည်၊ ထိုသို့ ဆုံးမပြီးသောအခါကျမှ စိတ်သည် ဆိုင်ရာ အဘိညာဉ်၏ အာရုံသို့ ရှေးရှုဆောင်ခြင်းငှာ ခံ့သည်။

**ဥပေက္ခေကဂ္ဂတာယောဂတော အနုရူပတ္တာ**။ ။အဘိညာဉ်သို့ ရှေးရှုဆောင်ရာ၌ အဘယ့်ကြောင့် ရူပပဥ္စမဈာန်ကို အခြေခံရသနည်း–ဟု မေးဖွယ်ရှိသောကြောင့် "အနုရူပတ္တာ"ဟူသော ဟိတ်ကို မိန့်၊ ရူပပဥ္စမဈာန်က အဘိညာဉ်အားလျော်သော ကြောင့်–ဟူလို၊ အဘယ့်ကြောင့် ရူပပဥ္စမဈာန်က အဘိညာဉ်အားလျော်ရသနည်း–ဟု ထပ်၍မေးဖွယ်ရှိသောကြောင့် "ဥပေက္ခေကဂ္ဂတာ ယောဂတော"ဟူသော ဟိတ်ကူကို မိန့်၊ အဘိညာဉ်သည် ဥပေက္ခာ ကေဂ္ဂတာနှင့် ယှဉ်သကဲ့သို့ ရူပပဥ္စမဈာန်ကလည်း ဥပေက္ခာ ကေဂ္ဂတာနှင့် ယှဉ်သောကြောင့် အဘိညာဉ်အားလျော်သည်–ဟူလို။ [စာအုပ်များ၌ "အနုရူပတ္တာ စ"ဟု စပါသည်မှာ မသင့်၊ "ဥပေက္ခေကဂ္ဂတာ ယောဂတော" သည် "အနုရူပတ္တာ" ၏ ဟိတ်ကူမျှသာ ဖြစ်သည်။]

ဒိဗ္ဗသောတသ−ဒိဗ္ဗသောတအဘိညာဉ်၏၊ ပရိကမ္မကာလေ−၌၊ ထူလ သုခုမဘေဒံ−ကြီးမားသောအသံ,သိမ်မွေ့သောအသံအပြားရှိသော၊ သဒ္ဒံဝါ− အသံကိုသော်လည်းကောင်း၊ (ဤစကားဖြင့် ဒိဗ္ဗသောတအဘိညာဉ်၏အာရုံ ကိုပြသည်၊) စေတောပရိယညာဏဿ−၏၊ ပရိကမ္မကာလေ−၌၊ ပရဿ− သူတစ်ပါး၏၊ ဟဒယဂ်ုတဝဏ္ဏဒဿနေန−နှလုံး၌ဖြစ်သောသွေးအဆင်းကို ကြည့်ရှုခြင်းဖြင့်၊ သရာဂါဒိဘေဒံ−သရာဂအစရှိသော အပြားရှိသော၊ စိတ္တံဝါ− ကိုသော်လည်းကောင်း၊ (ဤစကားဖြင့် ပရစိတ္တဝိဇာနနအဘိညာဉ်၏အာရုံကို ပြသည်၊) ပုဗ္ဗေနိဝါသာနုဿတိညာဏဿ−၏၊ ပရိကမ္မသမယေ−၌၊ ပုရိမ ဘဝေသု−တို့၌၊ စုတိစိတ္တာဒိဘေဒံ−စုတိစိတ်အစရှိသော အပြားရှိသော၊ ပုဗ္ဗေ နိဝုတ္ထက္ခန္ဓံ ဝါ−ရှေးရှေးဘဝ၌ နေအပ်ဖူးသော ခန္ဓာကိုသော်လည်းကောင်း၊ (ဤ စကားဖြင့် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်၏အာရုံကိုပြသည်) ဒိဗ္ဗစက္ခုဿ−၏၊ ပရိကမ္မသမယေ−၌၊ ဩဘာသဖရိတဋ္ဌာနဂတံ−အရောင် အလင်းဖြန့်အပ်သော အရပ်၌ဖြစ်သော၊ ရူပံဝါ−အဆင်းကိုသော်လည်း ကောင်း၊ (ဤစကားဖြင့် ဒိဗ္ဗစက္ခု အဘိညာဉ်၏ အာရုံကို ပြသည်၊) အာဝဇ္ဇေတွာ− ၍၊ (ပရိကမ္မံ ကရောန္တဿ၌ စပ်။)

ပရိကမ္မံ ကရောန္တဿာတိ−ကား၊ သတံ−တစ်ရာသည်၊ ဟောမိ−ဖြစ်လို၏၊ သဟဿံ−တစ်ထောင်သည်၊ ဟောမိ−၏၊ ဣတိ အာဒိနာ−ဖြင့်၊ ပရိကမ္မံ− ကို၊ ကရောန္တဿ−ပြုသောယောဂီပုဂ္ဂိုလ်၏သန္တာန်၌၊ ရူပါဒီသူတိ−ကား၊ ပရိကမ္မဝိသယဘူတေသု−ပရိကမ်ဇော၏ အာရုံဖြစ်၍ဖြစ်ကုန်သော၊ ရူပ ၊ပေ၊ ဘေဒေသု−ရူပါရုံ, ပါဒကဈာန်, သဒ္ဒါရုံ, သူတစ်ပါးတို့၏စိတ်, ရှေးဘဝ၌ နေ အပ်ဖူးသော ခန္ဓာအစရှိသော အပြားရှိကုန်သော၊ အာရမဏေသု−တို့၌၊ ဟိ− ချဲ့၊ ဧတ္ထ−ဤအဘိညာဉ်တို့တွင်၊ တာဝ−ဒိဗ္ဗသောတ အဘိညာဉ်စသည်တို့မှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌဿ−သော) ဣဒ္ဓိဝိဓဉာဏဿ−၏၊ ပါဒကဈာနံ−ပါဒက ဈာန်လည်းကောင်း၊ ကာယော−ကိုယ်လည်းကောင်း၊ ရူပါဒိအဓိဋ္ဌာနေ−ရူပါရုံ စသည်ကိုအဓိဋ္ဌာန်ခြင်း၌၊ ရူပါဒီနိစ−ရူပါရုံအစရှိသည်တို့လည်းကောင်း၊ ဣတိ− ဤသို့၊ ဆ−န်သော၊ အာရမဏာနိ−တို့သည်၊ (ဟောန္တိ)၊ တတ္ထ−ထို(၆)ပါးသော

**ဟဒယဂ်ုတဒဿနေန**။ ။သူတစ်ပါး၏စိတ်ကို သိလိုသောပုဂ္ဂိုလ်သည် ရှေးဦးစွာ နှလုံးသွေး၏ အဆင်းကို ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုရသည်၊ ထိုသို့ ကြည့်ရှုသောအခါ သောမနဿကြောင့်ဖြစ်လျှင် နိဂြောဓပက္က−ပင်ညောင်သီးမှည့် အဆင်းကဲ့သို့ နီဝင်း သော နှလုံးသွေးအဆင်းကို မြင်ရလိမ့်မည်၊ ဒေါမနဿကြောင့်ဖြစ်လျှင် ဇမ္ဗုပက္က− ဇမ္ဗုသပြေသီးမှည့် အဆင်းကဲ့သို့ ညိုမည်းသော နှလုံးသွေးအဆင်းကို မြင်ရလိမ့်မည်၊ ဥပေက္ခာဖြစ်လျှင် တိလတေလ−နှမ်းဆီ အဆင်းကဲ့သို့ နှလုံးသွေးအဆင်းကို မြင်ရလိမ့် မည်၊ ထို့ကြောင့် အဘိညာဉ်ဝင်စားလျှင် သရာဂစသော စိတ်ကို ခွဲခြားဖို့ရန် နှလုံး သွေး အဆင်းကို ရှေးဦးစွာ ကြည့်ရသည်။ [အကျယ်ကို ဝိသုဒ္ဓိမဂ်မှာ ရှု။]

အာရုံတို့တွင်၊ ပါဒကဇ္ဈာနံ–သည်၊ အတီတမေ၀–အတိတ်သာတည်း၊ ကာလယောသည်၊ ပစ္စုပ္ပန္နော–တည်း၊ ဣတရံ–ပါဒကဈာန, ကာယမှတစ်ပါးသော ရုပ်ပါရုံအစရှိသည်သည်၊ ပစ္စုပ္ပန္နံ (ဝါ)–သည်သော်လည်းကောင်း၊ အနာဂတံဝါ–သည်သော်လည်းကောင်း၊ (ဟောတိ)။

ပန–အဖို့တစ်ပါးကား၊ ဒိဗ္ဗသော်တဿ–ဒိဗ္ဗသောတအဘိညာဉ်၏၊ (အာရမဏံ–သည်) သဒ္ဒေါယေဝ–တည်း၊ သောစ–ထိုသဒ္ဒါရုံသည်လည်းပစ္စုပ္ပန္နော–တည်း၊ ပန–ကား၊ ပရစိတ္တဝိဇာနနာယ–ပရစိတ္တဝိဇာနနအဘိညာဉ်၏၊ အတီတေ–၌၊ သတ္တဒိဝသေသု(စ)–ခုနစ်ရက်တို့၌လည်းကောင်း၊ အနာဂတေ–၌၊ သတ္တဒိဝသေသုစ–တို့၌လည်းကောင်း၊ ပဝတ္တံ–ဖြစ်သော၊ ပရိတ္တာဒိသု–ကာမစိတ်အစရှိသည်တို့တွင်၊ ယံကိဉ္စိ–သော၊ တိကာလိကံ–ကာလသုံးပါး၌ ဖြစ်သော၊ စိတ္တမေ၀–သည်သာလျှင်၊ [ဝေဖြင့် စေတသိက်ကိုကန့်] အာရမဏံ–သည်၊ ဟောတိ–၏၊ ဣတိ–သို့၊ မဟာအဋ္ဌကထာစရိယာ–တို့သည်၊(ဝဒန္တိ) ပန–ဝါဒန္တရကား၊ သင်္ဂဟကာရာဒယော–အဋ္ဌကထာကျဉ်းကို ပြုကုန်သော အရှင်ဗုဒ္ဓဃောသ အစရှိသော ဆရာတို့သည်၊ စတ္တာရောပိ–န်သော၊ ခန္ဓာ–တို့သည်၊ (အာရမဏံ–သည်၊ ဟောတိ၊) ဣတိ–သို့၊ ဝဒန္တိ–န်၏။

ပန–ပရိဟာရပက္ခမှတစ်ပါး စောဒကပက္ခကို ဆိုဦးအံ့၊ ကထံ–အဘယ်နည်းဖြင့်၊ အဿာ–ထို ပရစိတ္တဝိဇာနနအဘိညာဉ်၏၊ ပစ္စုပ္ပန္နစိတ္တာရမဏတာ–ပစ္စုပ္ပန်စိတ်ဟူသော အာရုံရှိသည်၏အဖြစ်သည်၊ (ဟောတိ–ဖြစ်နိုင်သနည်း၊) စ–ဆက်၊ အာဝဇ္ဇနာယ–မနောဒွါရာဝဇ္ဇန်းသည်၊ ဂဟိမေ၀–ယူအပ်သော စိတ်သည်သာလျှင်၊ ဣဒ္ဓိစိတ္တဿ – ပရစိတ္တဝိဇာနနအဘိညာဉ်စိတ်၏၊ အာရမဏံ–သည်၊ ဟောတိနနု–လော၊ စ–ဆက်၊ အာဝဇ္ဇနာယ–သည်၊ ပစ္စုပ္ပန္နစိတ္တံ–ကို၊ အာရမဏံ– ကို၊ ကတွာ–၍၊ နိရုဒ္ဓမာနာယ–ချုပ်လသော်၊ တံ သမကာလ မေ၀–ထိုချုပ်ရာ ကာလနှင့် ညီမျှသော ကာလ၌သာလျှင်၊ ပရဿ–သူတစ် ပါး၏၊ စိတ္တံပိ–သည်လည်း၊ နိရုဇ္ဈတိ–ချုပ်သွား၏၊ ဣတိ–ကြောင့်၊ အာဝဇ္ဇနဇဝနာနံ–မနောဒွါရာဝဇ္ဇန်း; ပရိကမ်စသောဇောတို့၏၊ ကာလဝသေန–ပစ္စုပ္ပန်ကာလ၏အစွမ်းဖြင့်၊ ဧကာရမဏတာ–တစ်ခုသောအာရုံရှိသည်၏ အဖြစ်သည်၊ န သိယာ (နနု)–မဖြစ်နိုင်ရာသည် မဟုတ်လော၊ မဂ္ဂဖလဝီထိတော–မဂ္ဂဝီထိ, ဖလဝီထိမှ၊ အညတ္ထ–အခြားသောဝီထိ၌၊ အာဝဇ္ဇနဇဝနာနံ–အာဝဇ္ဇန်းဇောတို့၏၊ ကထဉ္စိ–တစ်စုံတစ်ခုသော အကြောင်းကြောင့်၊ (မည်သည့် အကြောင်းကြောင့်မျှ၊) နာနာရမဏတာ–အမျိုးမျိုးသော အာရုံရှိသည်၏အဖြစ်ကို၊ န အိဋ္ဌေတာ (နနု)–အလိုမရှိထိုက်သည် မဟုတ်ပါလော၊ ဣတိ–ဤကား စောဒနာတည်း။ [မဂ္ဂဝီထိ ဖလဝီထိ၌ကား အာဝဇ္ဇန်းစသည်က တေဘူမကတရားကို အာရုံပြု၍ ဂေါတြဘုမဂ်ဖိုလ်တို့က နိဗ္ဗာန်ကို အာရုံပြုသည်။]

တာဝ–မူလဋီကာဝါဒမှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌာယံ–သော) အဋ္ဌကထာယံ–၌၊ သန္တတိအဒ္ဓါပစ္စုပ္ပန္နာရမဏာတာ–သန္တတိပစ္စုပ္ပန်, အဒ္ဓါပစ္စုပ္ပန်ဟူသော အာရုံရှိသည်၏ အဖြစ်ကို၊ ယောဇိတာ–ယှဉ်စေအပ်ပြီ၊ ပန–ဝါဒန္တရကား၊ အာနန္ဒာစရိယော–မူလဋီကာကျမ်းပြုဆရာ အရှင်အာနန္ဒာသည်၊ ဘဏတိ–မိန့်ဆို၏၊ (ကိံ–အဘယ်သို့ မိန့်ဆိုသနည်း) ပါဒကဇ္ဈာနတော–မှ၊ ဝုဋ္ဌာယ–၍၊ ပစ္စုပ္ပန္နာဒိဝိဘာဂံ–ပစ္စုပ္ပန်အစရှိသော ဝေဖန်အပ်သောအပြားကို၊ အကတွာ–မပြုမူ၍၊ ကေဝလံ–(ပစ္စုပ္ပန်စသည်ကို ဝေဖန်ခြင်းမဖက်) သက်သက်၊ ဣမဿ စိတ္တံ ဇာနာမိစ္စေဝ–ဤ သူ၏စိတ်ကိုသိလို၏ ဟူ၍သာလျှင်၊ ပရိကမ္မံ–ကို၊ ကတွာ–၍၊ ပုနပိ–တစ်ဖန်လည်း၊ ပါဒကဇ္ဈာနံ–ကို၊ သမာပဇ္ဇိတွာ–၍၊ ဝုဋ္ဌာယ–၍၊ အဝိသေသေနေဝ–(ပစ္စုပ္ပန်စိတ်စသည်ဖြင့်) အထူးမမ, သာမညအားဖြင့်သာလျှင်၊ စိတ္တံ–ကို၊ အာဝဇ္ဇေတွာ–၍၊ တိဏ္ဏံဝါ–သုံးပါးသော်လည်း ဖြစ်ကုန်သော၊ စတုန္နံဝါ–လေးပါးလည်းဖြစ်ကုန်သော၊ ပရိကမ္မာနံ–ပရိကမ် ဇောတို့၏၊ [တိက္ခ, မန္ဒပုဂ္ဂိုလ်အလိုက်သုံးပါး, လေးပါးကွဲပြားသည်၊] အနန္တရံ–၌၊ စေတောပရိယညာဏေန–စေတောပရိယအဘိညာဉ်ဖြင့်၊ ပရဿ–၏၊ စိတ္တံ–ကို၊ ပဋိဝိဇ္ဈတိ–ထိုးထွင်း၍ သိ၏၊ (ကိမိဝ–နည်း၊) ဒိဗ္ဗစက္ခုနာ–ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်၊ ရူပံ–ရူပါရုံကို၊ (ပဋိဝိဇ္ဈတိ) ဝိယ–သို့တည်း၊ ပစ္ဆာ–၌၊ ကာမာဝစရစိတ္တေဟေဝ–ဖြင့်၊ သရာဂါဒိဝဝတ္ထာနံပိ–သရာဂစိတ် အစရှိ သော ပိုင်းခြားသတ်မှတ်ခြင်းကိုလည်း၊ ကရောတိ–၏၊ (ကိမိဝ–နည်း၊) နီလာဒိဝဝတ္ထာနံ–အညိုအစရှိသော အဆင်းကို ပိုင်းခြားသတ်မှတ်ခြင်းကို၊ (ကာမာဝစရစိတ္တေဟေဝ–ဖြင့်၊ ကရောတိ) ဝိယ–သို့တည်း။

စ–ဆက်၊ သဗ္ဗာနိ–န်သော၊ တာနိ–ထိုအာဝဇ္ဇန်းအစရှိသောစိတ်တို့သည်၊ အဘိပေါ၊နေဝ–မိမိ၏ ရှေးရှုသည်ဖြစ်၍ဖြစ်သော စိတ်ဟူသော အာရုံရှိကုန်သည် သာလျှင်တည်း၊ စ–ဆက်၊ အနိဋ္ဌေ–(နာနာရမဏာအဖြစ်ကို) အလိုမရှိအပ်သော၊ ဌာနေ–အရာ၌လည်း၊ နာနာရမဏတာဒေါသော–အမျိုးမျိုးသောအာရုံရှိသည်၏ အဖြစ်ဟူသော အပြစ်သည်၊ နတ္ထိ–မရှိ၊ (ကသ္မာ) အဘိန္နာကာရပ္ပဝတ္တိတော–စိတ်ဟူသော မကွဲပြားသော အခြင်းအရာ၏ ဖြစ်ခြင်းကြောင့်တည်း။

---

**ပဋိဝိဇ္ဈတိ ။ပေ၊ ဝဝတ္ထာနံ ဝိယ**။ ။ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ရူပါရုံသာမညကို သိသကဲ့သို့, ပရစိတ္တဝိဇာနနအဘိညာဉ်ဖြင့်လည်း စိတ်သာမညကို သိ၏၊ ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် ရူပါရုံသာမညကို သိသော ဝီထိဖြစ်ပြီးနောက် ကာမဇောမနောဒွါရဝီထိဖြင့် ထိုရူပါရုံ၏ အညို အရွှေစသော အဆင်းဝိသေသကို ပိုင်းခြား၍ သိသကဲ့သို့ ပရစိတ္တ ဝိဇာနနအဘိညာဉ်ဖြင့် စိတ်သာမညကို သိပြီးနောက်မှ ကာမဇောမနောဒွါရဝီထိဖြင့် "ဤသူ၏ ယခုဖြစ်နေသောစိတ်သည် သရာဂစိတ်တည်း, သို့မဟုတ် ဝီတရာဂစိတ်တည်း" ဤသို့ စသည်ဖြင့် ပိုင်းခြား၍ သိသည်။

ဣတိ–သို့၊ (ဘဏတိ–၏) [ဤ အမေးအဖြေတို့၏ အဓိပ္ပာယ်ကို သင်္ဂြိုဟ်ဘာသာဋီကာ မနောဒွါရဝီထိအဖွင့်၌ “ပစ္စုပ္ပန်စိတ်ကို အာရုံပြုပုံ”ဟု ခေါင်းတပ်၍ ပြခဲ့ပြီ။]

ပုဗ္ဗေ ၊ပေ၊ ဉာဏဿ–တိအဘိညာဉ်၏၊ ပုဗ္ဗေ–ရှေးရှေးဘဝ၌၊ နိဝုတ္ထက္ခန္ဓာ–နေအပ်ဖူးသော ခန္ဓာတို့သည်လည်းကောင်း၊ ခန္ဓပ္ပဋိဗဒ္ဓါနိ–ခန္ဓာနှင့်ဆက်စပ်ကုန်သော၊ နာမဂေါတ္တာနိစ–နာမည်အနွယ်တို့သည်လည်းကောင်း၊ နိဗ္ဗာနဉ္စ–သည်လည်းကောင်း၊ အာရမဏံ–သည်၊ ဟောတိ–၏၊ ပန–ကား၊ ဒိဗ္ဗစက္ခုဉာဿ– ဒိဗ္ဗစက္ခုအဘိညာဉ်၏၊ (အာရမ္မဏံ–သည်) ပစ္စုပ္ပန္န–ဖြစ်သော၊ ရူပမေဝ–ရူပါရုံသည်သာတည်း၊ ဣတိအယံ–ကား၊ ဧတေသံ–ဤ အဘိညာဉ်စိတ်တို့၏၊ အာရမဏဝိဘာဂေါ–အာရုံတို့၏ အပြားတည်း၊ [“အယမေတာသံ”ဟု ရှိလျှင် “ဤ အဘိညာဉ်တို့၏”ဟု ပေးပါ၊] ယထာရဟမပ္ပေတိတိ–ကား၊ တံတံ ပရိကမ္မာနုရူပတော–ထိုထို ပရိကမ်အားလျော်သောအားဖြင့်၊ အပ္ပေတိ–အပ္ပနာသို့ရောက်၏၊ [“သတံ ဟောမိ,သဟဿံ ဟောမိ” စသည်ဖြင့် ပရိကမ်ပြုလျှင် ထိုသတ,သဟဿစသောနိမ္မိတရုပ်ကို အာရုံပြုသော ဣဒ္ဓိဝိဓအဘိညာဉ် ဖြစ်၏၊ ဤသို့စသည်ဖြင့် သိပါလေ၊ အဓိပ္ပာယ်အကျယ်ကို ဝီထိနှင့်သုံးချက်စုဘာသာဋီကာ အဘိညာဝီထိအခန်းမှာ ရှုပါ။]

**၄၂။** ဣဒါနိ–၌၊ အာရမဏာနံ–တို့၏၊ ဘေဒေန–အားဖြင့်၊ အဘိညာဘေဒံ–အဘိညာဉ်အပြားကို၊ ဒဿေတုံ–ငှာ၊ ဣဒ္ဓိဝိဓာဒိကျာဒိ–ဣဒ္ဓိဝိဓ အစရှိသော ဂါထာစကားကို၊ (အာစရိယော) အာဟ–ပြီ၊ တေသ–ဤ အဘိညာဉ်၏၊ အဓိဋ္ဌာနာဒိ–အဓိဋ္ဌာန်ခြင်း အစရှိသော၊ ဣဒ္ဓိပ္ပဘေဒေါ–ဣဒ္ဓိအပြားသည်၊ (အတ္ထိ) ဣတိ–ကြောင့်၊ (သာ–ထိုအဘိညာဉ်သည်) ဣဒ္ဓိဝိဓာ–မည်၏၊ [ဣဒ္ဓိအပြားကို ဘာသာဋီကာမှာ ရှု] ဒိဗ္ဗာနံ–နတ်ပြည်၌ဖြစ်သော နတ်တို့၏၊ သောတသဒိသတာယ–သောတပသာဒနှင့်တူသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဒိဗ္ဗ ၊ပေ၊ တာယစ–ဒိဗ္ဗဝိဟာရကို မှီသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဒိဗ္ဗဉ္စ–ဒိဗ္ဗလည်းဟုတ်၏၊ တံ–ထို ဒိဗ္ဗဟူသည်၊ သောတဉ္စ–လည်းဟုတ်၏၊ ဣတိ–ကြောင့်၊ ဒိဗ္ဗသောတံ–မည်၏။

**ဒိဗ္ဗသောတံ**။ ။“ဒိဗ္ဗာနံ သောတသဒိသတာယ”၌ ဒိဗ္ဗာနံကို “ဒေဝါနံ”ဟု မဏိမဥ္ဇူဖွင့်၏၊ ဒေဝါနံ–ဟု ရှိလျှင် သာ၍ ရှင်း၏၊ ထိုပါဠ်ဖြင့် “ဒိဝိ–နတ်ပြည်၌၊ ဘဝံ–ဖြစ်သော သောတံတည်း၊ ဒိဗ္ဗံ–နတ်ပြည်၌ဖြစ်သော သောတ၊ ဒိဗ္ဗံဝိယာတိ ဒိဗ္ဗံ” ဟု ပြု၊ “ဒိဗ္ဗဝိဟာရသန္နိဿိတာယ”၌ စတုတ္ထဈာန်ကို “ဒိဗ္ဗဝိဟာရ” ဟု ခေါ်သည်၊ ထို ဒိဗ္ဗဝိဟာရကို မှီ၍ရအပ်သောကြောင့် ဈာနအကြောင်းဈာန်၏ ဒိဗ္ဗအမည်ကို ဈာန်အကျိုးအဘိညာဉ်ပေါ် တင်စား၍ ဈာနူပစာရ ကာရဏူပစာရအားဖြင့် “ဒိဗ္ဗ”ဟု ခေါ်သည်၊ “ဒိဗ္ဗဉ္စ+တံ+သောတဉ္စာတိ ဒိဗ္ဗသောတံ”ဟု ပြု။

တောယ–ဤအဘိညာဉ်ဖြင့်၊ ပရေသံ–တို့၏၊ စိတ္တံ–ကို၊ ဝိညာယတိ–သိအပ်၏၊ ဣတိ–ကြောင့်၊ (သာ–ထိုအဘိညာဉ်သည်) ပရစိတ္တဝိဇာနနာ–မည်၏၊ အတ္တနော–၏၊ သန္တာနေ–ခန္ဓာအစဉ်၌၊ ဝုတ္ထဝသေနစေဝ–နေအပ်ဖူးသည်၏ အစွမ်းဖြင့်လည်းကောင်း၊ [ဤ စကားဖြင့် "အဇ္ဈာဝုတ္ထ နိဝါသ"ကို ပြသည်] ဂေါစရနိဝါသဝသေနစ–အာရုံဟူသော နိဝါသ၏အစွမ်းဖြင့်လည်းကောင်း၊ ပုဗ္ဗေ–ရှေးရှေးဘဝ၌၊ အတီတဘဝေသု–အတိတ်ဘဝတို့၌၊ [ပုဗ္ဗေကို ထပ်ဖွင့်သည်] ခန္ဓာဒီနံ–ခန္ဓာအစရှိသည်တို့ကို၊ [အာဒိဖြင့်ဆိုအပ်ခဲ့ပြီးသော ခန္ဓာနှင့်စပ်သော အမည်,အနွယ်, နိဗ္ဗာန်တို့ကို ယူ] အနုဿရဏံ–အဖန်ဖန် အမှတ်ရခြင်းသတိသည်၊ ပုဗ္ဗေနိဝါသာနုဿတိ–မည်၏၊ [အဓိပ္ပာယ်ကို ဘာသာဋီကာ၌ရှု] ဝုတ္တနယေနဖြင့် ["ဒိဗ္ဗာနံ သောတသဒိသတာယ"စသည်ကို ညွှန်းသည်၊] ဒိဗ္ဗဥ္စ–နတ်ပြည်၌ဖြစ်သော စက္ခုပသာဒနှင့်တူသည်လည်း ဟုတ်၏၊ ဝါ–ဒိဗ္ဗဝိဟာရကို မှီသည်လည်း ဟုတ်၏၊ တံ–ထို ဒိဗ္ဗဟူသည်၊ စက္ခုစ–ရူပါရုံကို မြင်တတ်သည်လည်း ဟုတ်၏၊ ဣတိ–ကြောင့်၊ ဒိဗ္ဗစက္ခု–မည်၏၊ ပန–ဆက်၊ ဒိဗ္ဗစက္ခုမေဝ–ဒိဗ္ဗစက္ခုအဘိညာဉ်ကိုပင်၊ စုတူပပါတ ညာဏန္တိ–စုတူပပါတဉာဏ်ဟူ၍၊ ဝုစ္စတိ–၏၊ ယထာ ၊ပေ၊ ညာဏာနိပိ–ယထာကမ္မုပဂဉာဏ်,အနာဂတံသဉာဏ်တို့သည်လည်း၊ ဒိဗ္ဗစက္ခုဝသေနေဝ–ဖြင့်သာလျှင်၊ ဣဇ္ဈန္တိ–ပြီးစီးကုန်၏၊ ဟိ–မှန်၊ တေသံ–ထို ယထာကမ္မုပဂ ဉာဏ်,အနာဂတံသဉာဏ် တို့၏၊ ဝိသုံ–သီးခြား၊ ပရိကမ္မံ–သည်၊ န အတ္ထိ–မရှိ၊ [ထို ဉာဏ်တို့ကို ရဖို့ရန် ရှေးဦးစွာပရိကမ် အားထုတ်ဖွယ်မလို၊ ထို ဉာဏ်တို့ကို ဖြစ်စေခါနီး၌ကား၊ ထုံးစံအတိုင်း ပရိကမ် ပြုရသည်။]

တတ္ထ–ထိုဉာဏ်တို့တွင်၊ တာဝ–ယထာကမ္မုပဂဉာဏ်မှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌ ဿ–သော) အနာဂတံသညာဏဿ–၏၊ အနာဂတေ–အနာဂတ်၌၊ သတ္တ ဒိဝသတော–ခုနစ်ရက်မှ၊ ပရံ–၌၊ ပဝတ္တနကံ–ဖြစ်လတ့်သော၊ စိတ္တစေတသိကံ–သည်လည်းကောင်း၊ ဒုတိယဒိဝသတော–ဒုတိယနေ့မှ၊ ပဋ္ဌာယ–၍၊ ပဝတ္တနကံ–သော၊ ယံကိဉ္စိ–အကြင်အမှတ်မရှိ ကြွင်းမဲ့ဥဿုံ, အလုံးစုံသည် လည်းကောင်း၊ [ခန္ဓာ,အမည်, အနွယ် နိဗ္ဗာန် စသောအားလုံး၊] အာရမဏံ–သည်၊ ဟောတိ–၏၊ (ကသ္မာ) ဟိ (ယသ္မာ)–ကြောင့်၊ တံ–ထိုအနာဂတံသဉာဏ်သည်၊ သဝိသယေ–မိမိဆိုင်ရာအာရုံ၌၊ သဗ္ဗညုတညာဏဂတိကံ–သဗ္ဗညုတဉာဏ်၏ ဖြစ်ခြင်းနှင့်တူသော ဖြစ်ခြင်းရှိ၏၊ [သဗ္ဗညုတဉာဏ်နှင့် အလားတူ၏–ဟူလို] ဣတိ–ကြောင့်၊ (ယံကိဉ္စိ–သည်၊ အာရမဏံဟောတိ)၊ [အဓိပ္ပာယ်ကို ဝိထိ သုံးချက်စု ဘာသာဋီကာ အဘိညာဝီထိခန်းမှာ ရှုပါ] ပန–ကား၊ ယထာ ကမ္မုပဂညာဏဿ–၏၊ ကုသလာကုသလသင်္ခါတာ–သော၊ စေတနာ–သည်၊ အာရမဏံ–သည်၊ (ဟောတိ) ဝါ–တစ်နည်း၊ စတ္တာရောပိ–န်သော၊ ခန္ဓာ–တို့သည်၊

(စေတနာနှင့်တကွ နာမ်ခန္ဓာအားလုံး)၊ အာရမဏ–သည်၊ (ဟောတိ) ဣတိ ဒဋ္ဌဗ္ဗံ–၏၊ ဂေါစရဝသေန–အာရုံ၏အ စွမ်းဖြင့်၊ ဘေဒေါ–အဘိညာဉ်တို့၏ အပြားတည်း၊ ဂေါစရဘေဒေါ–အာရုံ၏ အစွမ်းဖြင့် အဘိညာဉ်တို့၏အပြား၊ [ဤ အဘိညာဉ်တို့၏ ဖြစ်ပုံအကျယ်ကိုလည်း သဂြိုဟ်ဘာသာဋီကာနှင့် ဝိထိဘာသာဋီ၌ ပြထားပြီ။]....သမထကမ္မဋ္ဌာနနယော–သမထကမ္မဋ္ဌာန်းတို့ကို သိကြောင်းနည်းသည်၊ (နိဋ္ဌိတော–ပြီ)။

◆◆◆◆◆◆◆◆◆◆◆

၄၃။ အနိစ္စာဒိဝသေန–အနိစ္စ အစရှိသည်တို့၏ အစွမ်းဖြင့်၊ [အာဒိ–ဖြင့် ဒုက္ခ, အနတ္တတို့ကိုယူ၊ "အနိစ္စတာဒိဝသေန"ဟု ရှိလျှင် ကောင်း၏။] ဝိဝိဓာကာရေန–အထူးထူးအပြားပြားသော အခြင်းအရာအားဖြင့်၊ ပဿတိ–ရှုတတ်၏၊ ဣတိ–ကြောင့်၊ ဝိပဿနာ–မည်၏၊ အနိစ္စာနုပဿနာဒိကာ–အနိစ္စာနုပဿနာ အစရှိသော၊ ဘာဝနာပညာ–ဘာဝနာပညာတည်း၊ တဿာ–ထို ဝိပဿနာ၏၊ ကမ္မဋ္ဌာနံ–အားထုတ်မှု၏ တည်ရာအာရုံတည်း၊ ဝိပဿနာကမ္မဋ္ဌာနံ–ဝိပဿနာ၏အားထုတ်မှု၏ တည်ရာအာရုံ၊ ဝါ–တစ်နည်း၊ သာယေဝ–ထို ဝိပဿနာသည်ပင်၊ ကမ္မဋ္ဌာနံ–နောက်နောက် အားထုတ်မှု၏ တည်ရာအခြေခံတည်း၊ ဣတိ–ကြောင့်၊ ဝိပဿနာကမ္မဋ္ဌာနံ–မည်၏၊ တသ္မိံ ဝိပဿနာကမ္မဋ္ဌာနေ–ထိုဝိပဿနာကမ္မဋ္ဌာန်း၌၊ သတ္တဝိဓေန–ဖြင့်၊ ဝိသုဒ္ဓိသင်္ဂဟော–ဝိသုဒ္ဓိတို့ကို သိမ်းယူကြောင်း စကားရပ်သည်၊ (ဟောတိ–၏) ဣတိ–သို့၊ သမ္ဗန္ဓော–ပုဒ်တို့၏ စပ်ခြင်းသည်၊ ဟောတိ။

၄၄, ၄၅။ အနိစ္စတာယေဝ–နိစ္စတာသည်ပင်၊ လက္ခိတဗ္ဗံ–မှတ်သားထိုက်သောသဘောတည်း၊ (ဣတိ ဝါ–ထို့ ကြောင့်လည်းကောင်း၊) အနေန–ဤ အမှတ်အသားဖြင့်၊ လက္ခီယတိ–မှတ်သားအပ်၏၊ ဣတိ ဝါ–လည်းကောင်း၊

**ဝိပဿနာကမ္မဋ္ဌာနံ**။ ။ဝိပဿနာပုဒ်၏ ဝိဂ္ဂြိုဟ်ကို စာကိုယ်အတိုင်း သိပါ၊ ဝိကို "ဝိဝိဓာကာရေန"ဟု ဖွင့်သည်၊ "အနိစ္စာ ပေ၊ ဘာဝနာပညာ"ကား ထို ဝိပဿနာ ပုဒ်၏ အဘိဓေယျတည်း၊ [ကမ္မဋ္ဌာန်ပုဒ်၏ ဝိဂ္ဂြိုဟ်နှစ်မျိုးကို ကမ္မဋ္ဌာနသင်္ဂဟအစ၌ ပြခဲ့ပြီ။] "ကမ္မဿ+ဌာနံ ကမ္မဋ္ဌာနံ"ကို ရည်ရွယ်၍ "တဿာ ကမ္မဋ္ဌာနံ"ဟု ဖွင့်သည်၊ "ဝိပဿနာယ+ကမ္မဋ္ဌာနံ ဝိပဿနာကမ္မဋ္ဌာနံ"ဟု ပြု၊ ဝိပဿနာယ–ဝိပဿနာဉာဏ်၏+ကမ္မဋ္ဌာနံ–အားထုတ်မှု၏ တည်ရာအာရုံတည်း၊ ဝိပဿနာကမ္မဋ္ဌာနံ–ရုံ၊ "သာ ယေဝကမ္မဋ္ဌာနံ"ဖြင့်"ဝိပဿနာယေဝ+ကမ္မဋ္ဌာနံ ဝိပဿနာကမ္မဋ္ဌာနံ"ဟု ပြသည်၊ ဝိပဿနာယေဝ–ရှေးရှေးသော ဝိပဿနာသည်ပင်+ကမ္မဋ္ဌာနံ–နောက်နောက်အားထုတ်မှု၏ တည်ရာအခြေခံတည်း၊ ဝိပဿနာကမ္မဋ္ဌာနံ–ခံ၊ "ဝိပဿနာကမ္မဋ္ဌာနေ"ဟူသော အစ်ပုဒ်ကို "သတ္တဝိဓေန ဝိသုဒ္ဓိသင်္ဂဟော"ဟူသော အဆုံးပုဒ်နှင့် တွဲပါ–ဟု သိစေလို၍ "တသ္မိံ ပေ၊ သမ္ဗန္ဓော"ဟု ဖွင့်သည်။

လက္ခဏံ–မည်၏၊ အနိစ္စလက္ခဏံ–အနိစ္စတာသည်ပင် မှတ်သားထိုက်သော သဘော၊ ဝါ–အနိစ္စတာသည်ပင် မှတ်သားကြောင်း အမှတ်သား၊ ဥဒယ ၊ပေ၊ ဘာဝေါ ဝ–ဖြစ်ခြင်းပျက်ခြင်းသည် နှိပ်စက်အပ်သည်ဟု ဆိုအပ်သော ဒုက္ခ၏ အဖြစ်သည်ပင်၊ လက္ခဏံ–မှတ်သားထိုက်သော သဘောတည်း၊ ဝါ–မှတ်သားကြောင်း အမှတ်အသားတည်း၊ ဣတိ–ကြောင့်၊ ဒုက္ခလက္ခဏံ–မည်၏၊ ပရပရိကပ္ပိတဿ–သာသနာဝင်ပုဂ္ဂိုလ်တို့မှ တစ်ပါးသော တိတ္ထိတို့ သည် ကြံဆအပ်သော၊ အတ္တနော–အတ္တ၏၊ အဘာဝေါ–မရှိခြင်းသည်၊ အနတ္တာ–အတ္တမဟုတ်သည်၏အဖြစ်မည်၏၊တဒေဝ–ထို အနတ္တတာသည်ပင်၊ [“လိင်္ဂဝိပလ္လာသ”ဟု မဏိမဥ္ဇူဆို၏၊ “သာဝေယဝ”ဟု ရှိလျှင် ကောင်းသည်] လက္ခဏံ–တည်း၊ ဣတိ–ကြောင့်၊ အနတ္တလက္ခဏံ–မည်၏၊ တိဏ္ဏံ–န်သော၊ လက္ခဏာနံ–တို့ကို၊ အနုအနု–အဖန်ဖန်အထပ်ထပ်၊ ပဿနာ–ရှုတတ်သော ဉာဏ်သည်၊ အနိစ္စာနုပဿနာဒိကာ–အနိစ္စာနုပဿနာ အစရှိသည် မည်၏။

**၄၆။** ခန္ဓာဒီနံ–တို့ကို၊ ဝါ–တို့၏၊ [အာဒိဖြင့် ယှူဖွယ်များကို “ခန္ဓာဒိနယ မာရဗ္ဘ”အဖွင့် ဘာသာဋီကာ၌ ပြထားပြီ။] ကလာပတော–အပေါင်းအစုအား ဖြင့်၊ သမ္မသနဝသပ္ပဝတ္တံ–သုံးသပ်ခြင်း၏ အစွမ်းဖြင့်ဖြစ်သော၊ ဉာဏံ–သည်၊ သမ္မသနဉာဏံ–မည်၏၊ ဥပ္ပါဒ ၊ပေ၊ ပဝတ္တံ–ဥပါဒ်နှင့် ဘင်တို့ကို အဖန်ဖန် ရှုခြင်း၏ အစွမ်းဖြင့်ဖြစ်သော၊ ဉာဏံ–သည်၊ ဥဒယဗ္ဗယဉာဏံ–မည်၏၊ ဥဒယံ–ဖြစ်ခြင်းကို၊ ဝါ–ဥပါဒ်ကို၊ မုဉ္စိတွာ–(အာရုံမပြုဘဲ)လွှတ်၍၊ ဝယေ–ပျက်ခြင်းဘင်၌၊ ပဝတ္တံ–(အာရုံပြုသောအားဖြင့်)ဖြစ်သော၊ ဉာဏံ–သည်၊ ဘင်္ဂဉာဏံ–မည်၏၊ သင်္ခါရာနံ–တို့ကို၊ ဘယတော–ကြောက်ဖွယ်ဘေး အားဖြင့်၊ အနုပဿနာဝသေန–အဖန်ဖန်ရှုခြင်း၏ အစွမ်းဖြင့်၊ ပဝတ္တံ–သော၊ ဉာဏံ–သည်၊ ဘယဉာဏံ–မည်၏၊ ဒိဋ္ဌဘယာနံ–မြင်အပ်ပြီးသော ဘေးရှိ ကုန်သော၊ (သင်္ခါရာနံ–တို့ကို) အာဒီနဝတော–အပြစ်အားဖြင့်၊ ပေက္ခနဝသေ န–ရှုခြင်း၏ အစွမ်းဖြင့်၊ ပဝတ္တံ–သော၊ ဉာဏံ–သည်၊ အာဒီနဝဉာဏံ–မည်၏၊ ဒိဋ္ဌာဒီနဝေသု–မြင်အပ်ပြီးသော အပြစ်ရှိကုန်သော၊ (သင်္ခါရေသု–တို့၌) နိဗ္ဗိန္ဒန ဝသပ္ပဝတ္တံ–ငြီးငွေ့ခြင်း၏ အစွမ်းဖြင့်ဖြစ်သော၊ ဉာဏံ–သည်၊ နိဗ္ဗိဒါဉာဏံ–မည်၏။

---

**ပရပေါအတ္တနော။** ။“ပရပရိကပ္ပိတဿ”ဖြင့် တိတ္ထိတို့ကြံဆသော အတ္တမှတစ်ပါး သော ပြောဆိုရိုးအတ္တကို ကန့်သည်၊ “အတ္တာ ဟိ အတ္တနော နာထော”စသည်ဖြင့် ဟောတော်မူအပ်သော အတ္တသည် ဝေါဟာရအတ္တ (ပြောဆိုရိုးအတ္တ) တည်း၊ ဘုရားရှင် သည် တကယ်မရှိသော ပညတ်ကိုသော်လည်း အများနားလည်အောင်သုံးနှုံးတော် မူရ၏၊ ဤစကားအရ ပရပရိကပ္ပိတအတ္တ, ဝေါဟာရအတ္တဟု အတ္တအသုံး နှစ်မျိုးကို မှတ်ပါ၊ [ပရပရိကပ္ပိတအတ္တကို သင်္ဂြိုဟ်ဘာသာဋီကာ၌ ပြထားပြီ။]

နိဗ္ဗိန္ဒိတွာ–၍၊ သင်္ခါရေဟိ–တို့မှ၊ မုစ္စိတုကာမတာဝသေန–လွတ်ခြင်းငှာအလိုရှိသည်၏အဖြစ်၏ အစွမ်းဖြင့်၊ ပဝတ္တံ–သော၊ ဉာဏံ–သည်၊ မုစ္စိတုကမျတာညာဏံ–မည်၏၊ မုဥ္စနဿ–လွတ်ခြင်း၏၊ ဥပါယသမ္ပဋိပါဒနတ္ထံ–အကြောင်းကိုပြီးစေခြင်းအကျိုးငှာ၊ ပုန–တစ်ဖန်၊ သင်္ခါရာနံ–တို့ကို၊ ပရိဂ္ဂဟာဝသပ္ပဝတ္တံ–(အနိစ္စ,ဒုက္ခ, အနတ္တဟု)သိမ်းပိုက်ခြင်း၏ အစွမ်းဖြင့်ဖြစ်သော၊ ဉာဏံ–ပဋိသင်္ခါဉာဏံ–မည်၏၊ ပဋိသင်္ခါတမေဝ္ဝသုံ–တစ်ဖန် ရှုဆင်ခြင်အပ်သောသင်္ခါရတရားတို့၌၊ ဘယနန္ဒိဝိဝဇ္ဇနဝသေန–ကြောက်ခြင်း နှစ်သက်ခြင်းကိုရှောင်ကြဉ်ခြင်း၏ အစွမ်းဖြင့်၊ အဇ္ဈုပေက္ခိတွာ–လျစ်လျူရှု၍၊ ပဝတ္တံ–သော၊ ဉာဏံ–သည်၊ သင်္ခါရုပေက္ခာဉာဏံ–မည်၏၊ ပုရိမာနံ–ရှေးဖြစ်ကုန်သော၊ နဝန္နံ–ကိုးပါးသော(ဉာဏ်တို့၏)၊ ကိစ္စနိပ္ဖတ္တိယာ–ကိစ္စပြီးစီးခြင်းအားလည်းကောင်း၊ [ဤ၌ "နဝန္နံ"ဟု ဆိုသော်လည်း နောက်အကျယ်ပြ၌ "အဋ္ဌန္နံ ဝိပဿနာဉာဏာနံ"ဟု ဆိုလတ့်ဖြစ်သောကြောင့် "နဝန္နံ"သည် မှားဟန်တူ၏၊ ဥဒယဗ္ဗယဉာဏ်အခိုက်၌ ဝိပဿနုပက္ကိလေသတို့နှင့် တွေ့နေသောကြောင့် ဝိပဿနုပက္ကိလေသလွတ်ပြီးသော နောက်ပိုင်း ဥဒယဗ္ဗယဉာဏ်မှစ၍ ရှေ့ဝိပဿနာဉာဏ်ရှစ်ပါးကို ယူရသည်၊] ဥပရိ–အထက်ဖြစ်သော မဂ်ခဏ၌၊ သတ္တတိံသာယ–သော၊ ဗောဓိပက္ခိယဓမ္မာနံ စ–တို့အားလည်းကောင်း၊ အနုကူလံ–လျော်သော၊ ဉာဏံ–သည်၊ အနုလောမဉာဏံ–မည်၏။ [ဤ ဉာဏ်စဉ်ဆယ်ပါးတို့၏ အကျယ်ကို ဘာသာဋီကာ၌ ပြထားပြီ။]

၄၇။ အတ္တသုညတာယ–အတ္တမှ ကင်းဆိတ်သည်၏အဖြစ်ကြောင့်၊ သုညတော–သုညတမည်၏၊ သံယောဇနာဒီဟိ–တို့မှ၊ ဝိမုစ္စနဋ္ဌေန–လွတ်ခြင်းဟူသော အနက်ကြောင့်၊ ဝိမောက္ခော–မည်၏၊ နိစ္စနိမိတ္တာဒိနော–နိစ္စနိမိတ်အစရှိသည်၏၊ အဘာဝတော–မရှိခြင်းကြောင့်၊ အနိမိတ္တော–မည်၏၊ ပဏိဟိတဿ–တောင့်တတတ်သော တဏှာ၏၊ တဏှာပဏိဓိဿ–တောင့်တတတ်သော တဏှာ၏၊ ["ပဏိဟိတဿ"ကိုထပ်ဖွင့်သည်။] အဘာဝတော–ကြောင့်၊ အပ္ပဏိဟိတော–မည်၏။ [အဓိပ္ပာယ်ကို အခြေပြုနှင့်ဘာသာဋီကာတို့၌ ပြထားပြီ။]

၄၈။ ယော–အကြင်ပုဂ္ဂိုလ်သည်၊ နံ–ထို သီလကို၊ ပါတိ–စောင့်ရှောက်၏၊ တံ–ထို စောင့်ရှောက်သော ပုဂ္ဂိုလ်ကို၊ အပါယာဒီဟိ–န်သော၊ ဒုက္ခေဟိ–ဆင်းရဲတို့မှ၊ [အာဒိဖြင့် ဝဋ္ဋဆင်းရဲကိုယူ၊] မောက္ခေတိ–လွတ်စေတတ်၏၊ ဣတိ–ကြောင့်၊ ပါတိမောက္ခံ–မည်၏၊ တဒေဝ–ထို ပါတိမောက္ခသည်ပင်၊ ကာယဒုစ္စရိတာဒီဟိ–တို့မှ၊ သံဝရဏတော–စောင့်ရှောက်တတ်သည်၏ အဖြစ်ကြောင့်၊ သံဝရော–မည်၏၊ သမာ၊ပေ၊ဋ္ဌေန–ကာယကံ ဝစီကံတို့ကို ကောင်းစွာထားခြင်း,ကုသိုလ်တရားတို့ကို ကပ်၍ဆောင်ထားခြင်းဟူသော အနက်ကြောင့် သီလဋ္ဌ–သီလလည်းမည်၏၊ ဣတိ–ကြောင့်၊ ပါတိမောက္ခသံဝရသီလံ–မည်၏။

မနုဋ္ဌဥ္ဆာနံ–မနိန္ဒြေလျှင် ခြောက်ခုမြောက်ရှိကုန်သော၊ ဣန္ဒြိယာနံ–စက္ခုစသော ဣန္ဒြေတို့ကို၊ ရူပါဒီသု–ရူပအစရှိသော အာရုံခြောက်ပါးတို့၌၊ သံဝရဏာ ဝသေန–စောင့်စည်းခြင်း၏အစွမ်းဖြင့်၊ ပဝတ္တံ–သော၊ သီလံ–သည်၊ ဣန္ဒြိယ သံဝရသီလံ–မည်၏၊ မိစ္ဆာဇီဝဝိဝဇ္ဇနေန–မိစ္ဆာဇီဝကိုရှောင်ကြဉ်ခြင်းအားဖြင့်၊ အာဇီဝဿ–အသက်မွေးမှု၏၊ ပရိသုဒ္ဓိဝသပ္ပဝတ္တံ–ထက်ဝန်းကျင် စင်ကြယ်ခြင်း၏အစွမ်းဖြင့်ဖြစ်သော၊ သီလံ–သည်၊ အာဇီဝပါရိသုဒ္ဓိသီလံ–မည်၏၊ ပစ္စယေ–ပစ္စည်းလေးပါး၌၊ သန္နိဿိတံ–ကောင်းစွာမှီသော၊ တေသံ–ထိုပစ္စည်းလေးပါး တို့၏၊ ဣဒမတ္ထိကတာယ–ဤ ပစ္စည်းဖြင့် အကျိုးရှိသည်၏ အဖြစ်ကို၊ ပစ္စဝေက္ခဏာသီလံ–ဆင်ခြင်ခြင်းဟူသော သီလသည်၊ ပစ္စယသန္နိဿိတသီလံ–မည်၏၊ စတုဗ္ဗိဓတ္တာ–လေးပါးအပြားရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဒေသနာ ၊ပေ၊ ဝသေန–ဒေသနာပြောခြင်း, စောင့်စည်းခြင်း, တရားသဖြင့်ရှာ မှီးခြင်း, ပစ္စဝေက္ခဏာ ဆင်ခြင်ခြင်း၏အစွမ်းဖြင့်၊ ပရိသုဒ္ဓတ္တာစ–ထက်ဝန်းကျင် စင်ကြယ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ စတုပါရိသုဒ္ဓိသီလံနာမ– မည်၏။ [အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ။]

**၅၀။** စိတ္တဿ–ကို၊ [ဝိသောဓနေ၌ စပ်၊] ဝါ–၏၊ [ဘာဝ၌ စပ်။] ဝိနီဝရဏာ ၊ပေ၊ဝသေန–နီဝရဏမရှိသည်၏ အဖြစ်သို့ရောက်စေခြင်း၏အစွမ်းဖြင့်၊ ဝိသော ဓနတော–သုတ်သင်တတ်သည်၏ အဖြစ်ကြောင့်၊ စိတ္တဝိသုဒ္ဓိနာမ–ဒ္ဓိမည်၏၊

---

**သီလံ**။ ။“သမာဓာနဋ္ဌေန”ဟူသော ဟိတ်ဖြင့်“သီလယတိ ကာယဝစီကမ္မာနိ သမာဒဟတီတိ သီလံ”ဟူသော ဝစနတ္ထကို ပြ၏၊ ကာယကံ ဝစီကံတို့ကို ကောင်းစွာ ထားတတ်သောကြောင့် သီလမည်၏–ဟူလို၊“ဥပဓာရဏဋ္ဌေန”ဟူသော ဟိတ်ဖြင့် “သီလယတိ ကုသလဓမ္မေ ဥပဂန္တာဓာရေတီတိ သီလံ”ဟူသော ဝစနတ္ထကို ပြ၏၊ ကုသိုလ်တရားတို့ကို ကပ်၍ ဆောင်ထားတတ်သောကြောင့် သီလမည်၏–ဟူလို၊ [ကြွင်းသော မှတ်ဖွယ်များကို ဘာသာဋီကာ၌ ပြထားပြီ။]

**ဣဒမတ္ထိကတာ**။ ။အတ္ထော ယဿ အတ္ထီတိ အတ္ထိကော၊ ဣမိနာ+အတ္ထိကော ဣဒမတ္ထိကော၊ သက်န်းကို ဝတ်ခြင်းကြောင့် သီတပဋိဃာတ ဥဏှပဋိဃာတစသော အကျိုးရှိသူသည် ဣဒမတ္ထိက–ဤသင်္ကန်းဖြင့် အကျိုးရှိသူမည်၏၊(တစ်နည်း) အယံ– ဤသီတပဋိဃာတစသော+အတ္ထော–အကျိုးတည်း၊ ဣဒမတ္ထော–ကျိုး၊ ဣဒမတ္ထော+ ယဿ အတ္ထီတိ ဣဒမတ္ထိကော၊ ဣဒမတ္ထိကဿ+ဘာဝေါ ဣဒမတ္ထိကတာ၊ ဆွမ်းကို သုံးဆောင်ရခြင်းကြောင့် ခန္ဓာကိုယ်၏ တည်တန့်ခြင်းစသော အကျိုးသည် ဣဒမတ္ထိ ကတာမည်၏၊ ဤသို့စသည်ဖြင့် ပစ္စဝေက္ခဏာ၌လာသော အကျိုးများတည်း။

**စိတ္တဝိသုဒ္ဓိ နာမ**။ ။“စိတ္တဿ ၊ပေ၊ ဝိသောဓနတော”ဟူသော ပဋ္ဌမနည်းဖြင့် “ဝိသုဇ္ဈတိ ဧတာယာတိ ဝိသုဒ္ဓိ,စိတ္တဿ+ဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ–စိတ်၏နီဝရဏတို့မှ စင်ကြယ်ကြောင်းဖြစ်သော သမာဓိ”ဤဝစနတ္ထကို ပြသည်၊“စိတ္တသီသေန၊ပေ၊ဝါ ကတ္တာ”ဖြင့် စိတ္တအရစိတ်ကိုခေါင်းတပ်၍ပဓာနနည်းအားဖြင့်“စိတ္တ”ဟု ဆိုသော်လည်း

ဝါ–တစ်နည်း၊ စိတ္တသီသေန–စိတ်ကို အဦးပြုသဖြင့်၊ နိဒ္ဒိဋ္ဌတ္တာ–ညွှန်ပြအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဝိသုဒ္ဓတ္တာစ–(နီဝရဏတို့မှ)စင်ကြယ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဣတိ ကတွာ–ဤအကြောင်းကြောင့်၊ စိတ္တဝိသုဒ္ဓိ နာမ–မည်၏။

**၅၁။** ဓမ္မာနံ–ပရမတ္ထတရားတို့၏၊ သာမညသဘာဝါ–သာမညအမှတ်အသား, မိမိတစ်ပါးထည်း၏ အမှတ်အသားတို့သည်၊ လက္ခဏံ–လက္ခဏာ မည်၏၊ ["သာမညံ ဝါ သဘာဝေါ ဝါ, ဓမ္မာနံ လက္ခဏံ မတံ"ဟု ဆိုသောကြောင့် "သာမညလက္ခဏာ, သဘာဝလက္ခဏာ"ဟု နှစ်မျိုးရှိ၏၊ ထို့ကြောင့် "ကိစ္စသမ္ပတ္တိယော"ကဲ့သို့ "သာမညသဘာ ဝါ"ဟု ဗဟုဝုစ်ဖြင့် ရှိသင့်သည်။] ကိစ္စသမ္ပတ္တိယော–ကိစ္စ,သမ္ပတ္တိတို့သည်၊ ရသော–ရသမည်၏၊ ဥပဋ္ဌာနာကာရော–ဉာဏ်၌ထင်လာသော အခြင်းအရာသည်လည်းကောင်း၊ ဖလဥ္စ–အကျိုးသည်လည်းကောင်း၊ ပစ္စုပဋ္ဌာနံ–မည်၏၊ ဣတိ ဧဝံ–သို့၊ ဝုတ္တာနံ–(အဋ္ဌကထာ၌)ဆိုအပ်ကုန်သော၊ လက္ခဏာဒီနံ–တို့၏၊ ဝသေန–ဖြင့်၊ [ပရိဂ္ဂဟော၌ စပ်] ဖဿော–သည်၊ ဖုသနလက္ခဏော–တွေ့ထိ ခြင်းလက္ခဏာ ရှိ၏၊ ပထဝီ–သည်၊ ကက္ခဠလက္ခဏာ–ခက်မာခြင်းလက္ခဏာ ရှိ၏၊ ဣတိ အာဒိနာ–ဖြင့်၊ ဝိတ္ထာရတော–ဖြင့်လည်းကောင်း၊ နာမံ–သည်၊ နမနလက္ခဏံ–ညွတ်ခြင်းလက္ခဏာရှိ၏၊ ရူပံ–သည်၊ ရုပ္ပနလက္ခဏံ–ဖောက်ပြန်ခြင်း လက္ခဏာရှိ၏၊ ဣတိ အာဒိနာ–ဖြင့်၊ သင်္ခေပတောစ–ဖြင့်လည်းကောင်း၊ ပရိဂ္ဂဟော–ပိုင်းခြား၍ယူခြင်းသည်၊ ပစ္စတ္တလက္ခဏာဒိဝသေန–အသီးအသီးသော လက္ခဏာအစရှိသည်တို့၏ အစွမ်းဖြင့်၊ ["ဖုသနလက္ခဏော ဖဿော" စသည် ဖြင့်တရားတစ်ပါးတစ်ပါး၏ လက္ခဏာကို ပစ္စတ္တလက္ခဏာ ဟု ဆိုသည်၊ အာဒိဖြင့် ရသ,ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို ယူ။] ပရိစ္ဆိန္ဒ–ပိုင်းခြား၍၊ ဂဟဏံ–ယူခြင်းသည် (ယူကြောင်း ဖြစ်သောဉာဏ်သည်) [ပရိဂ္ဂဟောကို ထပ်ဖွင့်သည်။] ဒုက္ခသစ္စဝဝတ္ထာနံ–ဒုက္ခသစ္စာဖြစ်သော နာမ်ရုပ်တရားတို့ကို ပိုင်းခြား၍ သိတတ်သောဉာဏ်သည်၊ [ပရိဂ္ဂဟော၏အရကို ပြသည်။] ဒိဋ္ဌိဝိသုဒ္ဓိ နာမ–မည်၏၊ (ကသ္မာ) နာမရူပတော–နာမ်ရုပ် မှ၊ အညော–သော၊ အတ္တာ–အတ္တသည်၊ နတ္ထိ၊ ဣတိ–သို့၊ ဒဿနတော–မြင်တတ်သည်၏အဖြစ်ကြောင့်၊ ဒိဋ္ဌိ စ–ဒိဋ္ဌိလည်း ဟုတ်၏၊ အတ္တဒိဋ္ဌိမလဝိသောဓနတော–အတ္တဒိဋ္ဌိအညစ်အကြေးကို သုတ်သင်တတ်သည်၏အဖြစ်ကြောင့်၊ ဝိသုဒ္ဓိ စ–ဝိသုဒ္ဓိလည်း ဟုတ်၏။

---

သမာဓိတိုင်အောင် ယူပါ–ဟူလို၊ ထို သမာဓိသည် နီဝရဏအညစ်အကြေးတို့မှ စင်ကြယ်သောကြောင့် ဝိသုဒ္ဓိလည်း မည်၏၊ ထို့ကြောင့် "ဝိသုဇ္ဈတီတိ ဝိသုဒ္ဓိ၊ စိတ္တမေဝ+ဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ" ဟု ကမ္မဓာရည်း ပြုဖို့ရန် ပြသည်၊ ဤ စိတ္တဝိသုဒ္ဓိ အရ သမာဓိရကြောင်းကို သဂြိုဟ်အတိုင်း သိပါ။ [ဤ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ဝိဂ္ဂဟတစ်မျိုးဖြင့် ပြထားပြီ။]

ဣတိ ကတွာ–ဤအကြောင်းကြောင့်တည်း။ [လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်တို့၏ သဘောကို စိတ်ပိုင်းဘာသာဋီကာ "စိတ္တံ"ပုဒ်အဖွင့်၌လည်းကောင်း, ဒိဋ္ဌိဝိသုဒ္ဓိ၏ အဓိပ္ပာယ်ကို ဒိဋ္ဌိဝိသုဒ္ဓိအဖွင့်၌လည်းကောင်း ပြထားပြီ။]

**၅၂**။ ပစ္စယပရိဂ္ဂဟောတိ–ကား၊ နာမဥ္စ–သည်လည်းကောင်း၊ ရူပဥ္စ–သည်လည်းကောင်း၊ တာဝ–(ပဝတ္တိအခါမှ)ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌာယံ၊) ပဋိသန္ဓိယံ–၌၊ အဝိဇ္ဇာ၊ပေ၊ဝသေန–အဝိဇ္ဇာ, တဏှာ,ဥပါဒါန်, ကံဟူသော အကြောင်းတို့၏အစွမ်းဖြင့်၊ နိဗ္ဗတ္တတိ–ဖြစ်၏၊ ပဝတ္တိယဥ္စ–၌လည်း၊ ရူပံ–သည်၊ ကမ္မ၊ပေ၊ ဝသေန–ကံ,စိတ်,ဥတု,အာဟာရဟူသော အကြောင်းတို့၏အစွမ်းဖြင့်၊ (နိဗ္ဗတ္တတိ–၏၊) နာမဉ္စ–သည်လည်း၊ စက္ခု၊ပေ၊ ဝသေန–စက္ခုပသာဒ, ရူပါရုံအစရှိသော နိဿယပစ္စည်း, အာရမဏပစ္စည်း အစရှိသော အကြောင်းတို့၏အစွမ်းဖြင့်၊ (နိဗ္ဗတ္တတိ–၏၊) [စက္ခုပသာဒနှင့်နိဿယ, ရူပါရုံနှင့် အာရမဏတွဲပါ၊] စ–ဆက်၊ ဝိသေသတော–အားဖြင့်၊ ယောနိသော၊ပေ၊သမ္ပတ္တိယာ–ယောနိသော မနသိကာရအစရှိသော လေးပါးသောစက်၏ပြည့်စုံခြင်းကြောင့်၊ ကုသလံ–ကုသိုလ်ဟူသောနာမ်သည်၊ (ဥပ္ပဇ္ဇတိ–၏၊) တဗ္ဗိပရိယာယေန–ထိုလေးပါးသော သမ္ပတ္တိစက်၏ ပြောင်းပြန်ဖြစ်သော ဝိပတ္တိစက်ကြောင့်၊ အကုသလံ–သည်၊ (ဥပ္ပဇ္ဇတိ) ကုသလာကုသလဝသေန–ကုသိုလ်, အကုသိုလ်ကံတို့၏ အစွမ်းကြောင့်၊ ဝိပါကော–ဝိပါက်ဟူသော နာမ်သည်၊ (ဥပ္ပဇ္ဇတိ) ဘဝင်္ဂါဒိဝသေန–ဘဝင် အစရှိသည်တို့၏ အစွမ်းကြောင့်၊ အာဝဇ္ဇနံ–သည်၊ (ဥပ္ပဇ္ဇတိ) ခီဏာသဝသန္တာနဝသေန–ရဟန္တာတို့၏သန္တာန်၏အစွမ်းကြောင့်၊ ကြိယဇဝနံ–သည်လည်းကောင်း၊ အာဝဇ္ဇနဉ္စ–သည်လည်းကောင်း၊ ဥပ္ပဇ္ဇတိ။

ဣတိဧဝံ–ဤသို့၊သာဓာရဏာသာဓာရဏဝသေန–ဆက်ဆံသောအကြောင်း မဆက်ဆံသော အကြောင်းတို့၏အစွမ်းကြောင့်၊ တီသု–န်သော၊ အဒ္ဓါသု– ကာလတို့၌၊နာမရူပပဝတ္တိယာ–နာမ်ရုပ်ဖြစ်ခြင်း၏၊ ပစ္စက္ခာဒိသိဒ္ဓသ–မျက်မှောက် အစရှိသည်အားဖြင့် ပြီးစီးသော၊ ကမ္မာဒိပစ္စယဿ–ကံအစရှိသော

**ပစ္စက္ခာဒိသိဒ္ဓဿ**။ ။အာဒိဖြင့် အနုမာနသိဒ္ဓကို ယူ၊ စက္ခုပသာဒ, ရူပါရုံ, အာလောက, မနသိကာရဟူသော အကြောင်း လေးပါးမစုံလျှင် စက္ခုဝိညာဉ်မဖြစ်နိုင်–ဟု သိရခြင်းသည် "ပစ္စက္ခသိဒ္ဓ–မျက်မြင်အားဖြင့် ပြီးစီးသောသိရခြင်း"တည်း၊ သတ္တဝါတို့ တစ်ယောက်နှင့်တစ်ယောက် မတူခြင်းကို အစဉ်လိုက်၍ ရှေးကံကြောင့်–ဟု မှန်းဆ၍ သိရခြင်းသည် "အနုမာနသိဒ္ဓ"တည်း။ [မည်သည့်နည်းနှင့်မျှ မှန်းဆ၍ မသိဘဲ "ပရလောကရှိ၏, နိဗ္ဗာန်ရှိ၏"ဟု သိရခြင်းသည် ဘုရားရှင်၌ ယုံကြည်မှု သဒ္ဓါကြောင့် ဖြစ်ရကား "ဩကပ္ပနသိဒ္ဓ"မည်၏၊ (သဒ္ဓေယျသိဒ္ဓ–ဟုလည်း ခေါ်၏၊) အသွင်အပြင် အမူအရာကို ကြည့်၍ သိရခြင်းသည် "အာကပ္ပသိဒ္ဓ" မည်၏၊ ထို သိဒ္ဓ နှစ်မျိုးကို ဤနေရာ၌ မလို။]

အကြောင်းကို၊ ပရိဂ္ဂဏှာနံ–ပိုင်းခြား၍ယူခြင်းသည်၊ (ပိုင်းခြား၍ယူတတ်သော ဉာဏ်သည်၊) သမုဒယသစ္စဿ–ရုပ်နာမ်တို့၏ အကြောင်းဖြစ်သော သမုဒယ သစ္စာကို၊ [တဏှာကိုသာ "သမုဒယသစ္စာ"ဟု ခေါ်သည်မဟုတ်, နာမ်ရုပ်တို့ ၏ အကြောင်းဟူသမျှကိုလည်း "သမုဒယသစ္စာ"ဟု ခေါ်သည်၊] ဝဝတ္ထာနံ– ပိုင်းခြား၍ သိတတ်သောဉာဏ်သည်၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ နာမ–မည်၏၊ (ကသ္မာ–နည်း၊) အဟံ–ငါဟူသော အတ္တသည်၊ အတီတမဒ္ဓါနံ–အတိတ် ကာလ၌၊ အဟောသိံ နုခေါ–ဖြစ်ဖူးလေပြီလော၊ ဣတိအာဒိကာယ–ဤသို့ အစရှိသော၊ သောဠသဝိဓာယ–သော၊ (ကင်္ခါယ–ယုံမှားခြင်းကိုလည်း ကောင်း၊) သတ္တရိ–မြတ်စွာဘုရား၌၊ ကင်္ခတိ–ယုံမှား၏၊ ဣတိ အာဒိကာယ– သော၊ အဋ္ဌဝိဓာယ–သော၊ ကင်္ခါယစ–ကိုလည်းကောင်း၊ ဝိတရဏတော အတိက္ကမနတော–လွန်မြောက်ခြင်းကြောင့်၊ ကင်္ခါဝိတရဏာ–ကင်္ခါဝိတရဏာ လည်း ဟုတ်၏၊ အဟေတုက ၊ပေ၊ ဝိသောဓနတော–အဟေတုကဒိဋ္ဌိ,ဝိ သမဟေတုကဒိဋ္ဌိဟူသော အညစ်အကြေးကို သုတ်သင်တတ်သည်၏ အဖြစ် ကြောင့်၊ ဝိသုဒ္ဓိစ–ဝိသုဒ္ဓိလည်းဟုတ်၏၊ ဣတိ ကတွာ–ဤအကြောင်းကြောင့် တည်း။ [ဤ ဝိသုဒ္ဓိ၏အကျယ်ကို ဘာသာဋီကာ၌ ပြထားပြီ။]

**၅၃**။ တတော ပစ္စယပရိဂ္ဂဟတော–ထိုပစ္စယပရိဂ္ဂဟဉာဏ်မှ၊ ပရံ–၌၊ တထာပရိဂ္ဂဟိတေသု–ထို ဆိုအပ်ခဲ့ပြီးသော အခြင်းအရာအားဖြင့် ပိုင်းခြား၍ ယူအပ်ပြီးကုန်သော ၊ပစ္စတ္တ၊ပေ၊ ဝသေန–အသီးအသီးသော လက္ခဏာ အစရှိ သည်တို့ကို ပိုင်းခြား၍သိခြင်း၏အစွမ်းဖြင့်လည်းကောင်း၊ ပစ္စယဝဝတ္ထာန ဝသေနစ–အကြောင်းကို ပိုင်းခြား၍ သိခြင်း၏အစွမ်းဖြင့်လည်းကောင်း၊ ပရိဂ္ဂဟိတေသု–ပိုင်းခြား၍ ယူအပ်ပြီးကုန်သော၊ [တထာပရိဂ္ဂဟိတေသု၌ တထာကို "ပစ္စတ္တ ၊ပေ၊ ဝဝတ္ထာနဝသေနစ"ဟု ထပ်ဖွင့်သည်၊] လောကုတ္တရ ဝဇ္ဇေသု–လောကုတ္တရာသည်ကြဉ်အပ်ကုန်သော၊ တေဘူမိပရိယာပန္နေသု– ဘုံသုံးပါး၌အကျုံးဝင်ကုန်သော၊ အတီတာဒိဘေဒဘိန္နေသု–အတိတ်အစရှိ သောအပြားတို့ဖြင့်ပြားကုန်သော၊ နာမရူပေသု–တို့၌၊ ခန္ဓာဒိနယံ–ခန္ဓာအစ ရှိသောနည်းကို၊ အာရဗ္ဘ–အာရုံပြု၍၊ ပဉ္စခန္ဓ ၊ပေ၊ ဝသေန–ငါးပါးသော ခန္ဓာ, ခြောက်ပါးသောဒွါရ, ခြောက်ပါးသောအာရုံ, ခြောက်ပါးသောဒွါရ၌ ဖြစ်သော ဝိညာဉ်ခြောက်ပါးတရားအစရှိသည်တို့၏ အစွမ်းဖြင့်၊ အာဂတံ– (ပဋိသမ္ဘိဒါမဂ်၌)လာသော၊ ခန္ဓာဒိနယံ–ကို၊ အာရဗ္ဘ–၍၊ [ခန္ဓာဒိနယမာရဗ္ဘကို ထပ်ဖွင့်သည်၊ ခန္ဓာဒိနယ၏ အကျယ်ကို ဘာသာဋီကာ၌ ပြထားပြီ။] ကလာပ ဝသေန (ပိဏ္ဍဝသေန) အပေါင်း၏အစွမ်းဖြင့်၊ သင်္ခိပိတွာ–အကျဉ်းချုံးပြီး ၍၊ အတီတေ–အတိက်ဘဝ၌၊ ဇာတံ–ဖြစ်ပြီးသော၊ ယံရူပံ–သည်၊ (အတ္ထိ၊) တံ–ထိုအတိက်ရုပ်သည်၊ အတီတေဝ–အတိက်ဘဝ၌ပင်၊ နိရုဒ္ဓံ–ချုပ်ခဲ့ပြီ၊ အနာဂတေ–၌၊ ဘာဝိ–ဖြစ်လတ္တံ့သော၊ ယံ ရူပံ–သည်၊ (အတ္ထိ) တံပိ–

ထိုအနာဂတ်ရုပ်သည်လည်း၊ တတ္ထေဝ-ထိုအနာဂတ်ဘဝ၌သာလျှင်၊ နိရုဇ္ဈိဿတိ-ချုပ်လတံ့၊ ပစ္စုပ္ပန္နံ-ပစ္စုပ္ပန်ဖြစ်သော၊ ယံ(ရူပံ)-သည်၊(အတ္ထိ)၊ တံ-ထိုပစ္စုပ္ပန်ရုပ်သည်၊ အနာဂတံ-အနာဂတ်ဘဝသို့၊ အပ္ပတွာ-မရောက်မူ၍၊ ဧတ္ထေဝ-ဤပစ္စုပ္ပန်ဘဝ၌သာလျှင်၊ နိရုဇ္ဈတိ-၏၊ အဇ္ဈတ္တ၊ပေ၊ရူပါဒယော-အဇ္ဈတ္တရုပ်, ဗဟိဒ္ဓရုပ်, သုခုမရုပ်, ဩဠာရိကရုပ်, ဟီနရုပ်, ပဏီတရုပ် အစရှိသည်တို့သည်၊ [အာဒိ-ဖြင့် ဒူရေရုပ်, သန္တိကေရုပ်တို့ကို ယူ။] တထာ-ထို့အတူတည်း။

တသ္မာ-ကြောင့်၊ ခယဋ္ဌေန-ကုန်ခန်းခြင်းသဘောကြောင့်၊ ခယဂမနတော-ကုန်ခြင်းသို့ရောက်ခြင်းကြောင့်၊ အနိစ္စံ-အနိစ္စတည်း၊ အတ္တာဒိဝသေန-အတ္တအစရှိသည်တို့၏အစွမ်းဖြင့်၊န ဣစ္စံ အနုပဂန္တဗ္ဗံ-မကပ်ရောက်ထိုက်၊ဘယဋ္ဌေန-ဘေးဟူသောသဘောကြောင့်၊ ဘယကရတ္တာ-ဘေးကို ပြုတတ်သည်၏အဖြစ်ကြောင့်၊ [ဘယဋ္ဌေနကိုထပ်ဖွင့်သည်။] ဒုက္ခံ-တည်း၊ အသာရကဋ္ဌေန-အနှစ်သာရမရှိသည်၏ အဖြစ်ဟူသောသဘောကြောင့်၊ အတ္တသာရာဒိအဘာဝေန-အတ္တဟူသော အနှစ်အစရှိသည်တို့၏ .မရှိခြင်းကြောင့်၊ [အသာရကဋ္ဌေနကိုထပ်ဖွင့်သည်။] အနတ္တာ-တည်း၊ ဣတိ-ဤသို့လည်းကောင်း။

စက္ခု-စက္ခုဒွါရသည်၊ အနိစ္စံ-တည်း၊ ၊ပေ၊ မနော-မနောဒွါရသည်၊ (အနိစ္စံ-တည်း၊) [ဤစကားဖြင့် ဒွါရခြောက်ပါးအားဖြင့် သုံးသပ်ပုံကို ပြသည်။] ရူပံ-ရူပါရုံ သည်၊(အနိစ္စံ-တည်း၊) ၊ပေ၊ ဓမ္မာ-ဓမ္မာရုံတို့သည်၊ (အနိစ္စာ-တည်း၊) [ဤစကားဖြင့် အာရုံခြောက်ပါးအားဖြင့် သုံးသပ်ပုံကို ပြသည်၊] စက္ခုဝိညာဏံ-သည်၊ (အနိစ္စံ) ၊ပေ၊ မနောဝိညာဏံ-သည်၊အနိစ္စံ-တည်း၊ ဒုက္ခံ-တည်း၊ အနတ္တာ-တည်း၊ [ဤစကားဖြင့် ဝိညာဉ် ခြောက်ပါးအားဖြင့် သုံးသပ်ပုံကို ပြသည်၊] ဣတိ အာဒိနာ-ဖြင့်၊ အတီတာဒိအဒ္ဓါနဝသေန-အတိတ်အစရှိသော ကာလ၏ အစွမ်းဖြင့်လည်းကောင်း၊ အတီတာဒိသန္တာနဝသေန-အတိတ်အစရှိသော ခန္ဓာအစဉ်၏အစွမ်းဖြင့်လည်းကောင်း၊ အတီတာဒိခဏဝသေန စ-အတိတ်အစရှိသော ခဏ၏ အစွမ်းဖြင့်လည်းကောင်း၊ သမ္မသနဉာဏေန-ဖြင့်၊ ဟုတွာ ၊ပေ၊ ဝသပ္ပဝတ္တေန-ဖြစ်ပြီး၍ မရှိခြင်းဟူသော အခြင်းအရာ, ဖြစ်ခြင်း ပျက်ခြင်းတို့သည် နှိပ်စက်အပ်သည်၏ အဖြစ်ဟူသော အခြင်းအရာ, မိမိအလို၌ မဖြစ်ခြင်းဟူသော အခြင်းအရာဟု ဆိုအပ်သော

---

**ခယဋ္ဌေန အနိစ္စံ**။ ။ခယဋ္ဌေနကို"ခယဂမနတော"ဟု အဓိပ္ပာယ်ဖွင့်သည်၊ သဒ္ဒတ္ထမှာ "ခယဋ္ဌေန-ကုန်ခန်းခြင်းအနက်ကြောင့်"ဟုသာတည်း၊ အနိစ္စံကို"န+ဣစ္စံ ဟုပဋ္ဌမဖွင့်၏၊"န+ဣစ္စံ+အနိစ္စံ"ဟု ပြုပါ-ဟူလို၊ ဣစ္စံ၌ ဣဓာတ် ကံဟော တျပစ္စည်းသက်၊ စပြု, ဒွေဘော်လာ၊ ဣဓာတ်၏ ဂတိအနက်နှင့် တျပစ္စည်း၏ အနက်ကိုသိစေလို၍ "အတ္တာဒိဝသေန အနုပဂန္တဗ္ဗံ"ဟု ဒုတိယဖွင့်သည်၊ "အတ္တ သုခ သုဘ"ဟု ဉာဏ်ဖြင့် မကပ်ရောက်ထိုက် မသိထိုက်သော တရားမှန်သမျှကို အနိစ္စချည်းဖြစ်သည်-ဟူလို။

လက္ခဏာသုံးပါးအပေါင်းကို သုံးသပ်ခြင်း၏ အစွမ်းဖြင့်ဖြစ်သော၊ ကလာပသမ္မသနညာဏေန–ကလာပသမ္မသနဉာဏ်ဖြင့်၊ [သမ္မသနညာဏေနကို ထပ်ဖွင့်သည်။] လက္ခဏတ္တယံ–ကို၊ သမ္မသန္တဿ–သုံးသပ်သော၊ ပရိမဇ္ဇန္တဿ–ဉာဏ်ဖြင့် အဖန်ဖန်ပွတ်တိုက်သော။ [သမ္မသန္တဿကို ထပ်ဖွင့်၍၊ ယောဂိနော၌ စပ်။]

ပန–ကား၊ သမ္မသနညာဏေ–သည်၊ ဥပ္ပန္နေ–ဖြစ်ပြီးလသော်၊ ပုန–တစ်ဖန် တေသ္ဝေဝ တေဘူမကသင်္ခါရေသု–ထို တေဘူမကသင်္ခါရတို့၌ပင်၊ အဝိဇ္ဇာသမုဒယာ–အဝိဇ္ဇာ၏ ဖြစ်ခြင်းကြောင့်၊ ရူပသမုဒယော–ရုပ်၏ ဖြစ်ခြင်းသည်၊ (ဟောတိ) တဏှာသမုဒယာ ။ပေ၊ ရူပသမုဒယော–သည်၊ (ဟောတိ) တထာ–ပါး၊ အဝိဇ္ဇာနိရောဓာ–အဝိဇ္ဇာ၏ ချုပ်ခြင်းကြောင့်၊ ရူပနိရောဓော–သည်၊ (ဟောတိ) တဏှာနိရောဓာ, ရူပနိရောဓော, ကမ္မ ။ပေ၊ အာဟာရနိရောဓာ–ကြောင့်၊ ရူပနိရောဓော–သည်၊ (ဟောတိ) ဣတိဧဝံ–သို့၊ ရူပက္ခန္ဓေ–၌လည်းကောင်း၊ ဝေဒနာ ။ပေ၊ သုပိ–ဝေဒနက္ခန္ဓာ,သညာက္ခန္ဓာ,သင်္ခါရက္ခန္ဓာတို့၌လည်း၊ အာဟာရံ–အာဟာရဟူသော အကြောင်းကို၊ အပနေတွာ–ဖယ်၍၊ ဖဿသမုဒယာ(တိစ)–ယာဟူ၍လည်းကောင်း၊ ဖဿနိရောဓာတိစ–ဟူ၍လည်းကောင်း၊ ဧဝံ–သို့၊ ဖဿံ–ကို၊ ပက္ခိပိတွာ–ထည့်၍လည်းကောင်း၊ ဝိညာဏက္ခန္ဓေ–၌၊ နာမရူပသမုဒယာ(တိ)–ဟူ၍လည်းကောင်း၊ နာမရူပနိရောဓာတိ–ဟူ၍လည်းကောင်း၊နာမရူပံ–ကို၊ ပက္ခိပိတွာ–လည်းကောင်း၊ ပစ္စယသမုဒယဝသေန–အကြောင်းတို့၏ ဖြစ်ခြင်း၏ အစွမ်းလည်းကောင်း၊ ပစ္စယနိရောဓဝသေနစ–အကြောင်းတို့၏ ချုပ်ခြင်း၏ အစွမ်းလည်းကောင်း၊ [ဣတိ၌ စပ်။]

ပစ္စယေ–အကြောင်းတို့ကို၊ အနာမသိတွာ–မသုံးသပ်မူ၍၊ ပစ္စုပ္ပန္နက္ခန္ဓေသု–ပစ္စုပ္ပန်ခန္ဓာတို့၌၊ နိဗ္ဗတ္တိလက္ခဏမတ္တဿ–ဖြစ်ခြင်းလက္ခဏာမျှကိုလည်းကောင်း၊ ဝိပရိဏာမလက္ခဏမတ္တဿစ–ဖောက်ပြန်ပျက်စီးခြင်းလက္ခဏာမျှကိုလည်းကောင်း၊ဒဿနေန–ရှုခြင်းဟူသော၊ခဏဝသေနစ–ခဏ၏ အစွမ်းလည်းကောင်း၊ ဣတိ–သို့၊ ဧကေကသ္မိံ ခန္ဓေ–တစ်ပါးတစ်ပါးသောခန္ဓာ၌၊ ပစ္စယဝသေန–အကြောင်း၏ အစွမ်းဖြင့်၊ စတုဓာ–၄ ပါးအပြားလည်းကောင်း၊ ခဏဝသေန–ဖြင့်၊ ဧကဓာစ–တစ်ပါးသောအပြားလည်းကောင်း၊ ဣတိ–သို့၊ ပဉ္စဓာ–ဖြင့်၊

**ကလာပသမ္မသနညာဏေန**။ ။ဤ ဋီဆရာသည် အဒ္ဓါအားဖြင့်သုံးသပ်နည်း, သန္တတိအားဖြင့် သုံးသပ်နည်း, ခဏအားဖြင့် သုံးသပ်နည်းတို့ကိုလည်း "ကလာပသမ္မသန"ဟုချည်း ဆိုလိုဟန်တူသည်၊ အမှန်မှာ–ကလာပသမ္မသနသည် အဒ္ဓါသမ္မသနစသည်တို့မှ တစ်မျိုးတစ်ခြားသာတည်း။ [ထို ကလာပသမ္မသနနည်းစသည်အားဖြင့် သုံးသပ်ပုံကို ဘာသာဋီကာ၌ ပြထားပြီ။]

**ဧကေကသ္မိံ ခန္ဓေ ။ပေ၊ ဒဿဒဿ**။ ။အကြောင်း လေးပါးအားဖြင့်လည်းကောင်း, ခဏအားဖြင့်လည်းကောင်း, ငါးပါးသောရှုနည်း ရှိ၏၊ ထိုငါးပါးတွင် ဥဒယကို ရှုနည်းငါးပါး, ဝယကို ရှုနည်းငါးပါး ဤသို့ ခွဲခြားလျှင် ခန္ဓာတစ်ပါး တစ်ပါး၌ "၁၀"ပါးစီ ရ၏၊

ဥဒယံ–ဖြစ်ခြင်းလည်းကောင်း၊ ပဉ္စဓာ–ဖြင့်၊ ဝယံ–ပျက်ခြင်းလည်းကောင်း၊ ဣတိ–သို့၊ ဒသ၊ပေ၊ဝသေန–(၁၀)ပါး(၁၀)ပါးသောအဖြစ်အပျက်ကို ရှုခြင်း၏ အစွမ်းဖြင့်၊ သမပညာသာကာရေဟိ–အတိကျ(၅၀)သောအခြင်း အရာတို့ဖြင့်၊ ဥဒယဗ္ဗယဉာဏေန–ဖြင့်၊ ဥဒယဗ္ဗယံ–ဖြစ်ခြင်းပျက်ခြင်းကို၊ သမနုပဿန္တဿ–အဖန်ဖန်ရှုသော၊ အာရဒ္ဓဝိပဿကဿ–အားထုတ်အပ်သော ဝိပဿနာရှိသော၊ ယောဂိနော–ယောဂီပုဂ္ဂိုလ်၏ (သန္တာန်၌)။ [ဩဘာသော စသည်၌ စပ်။]

ဝိပဿနာစိတ္တသမုဋ္ဌာနော–ဝိပဿနာစိတ်ကြောင့်ဖြစ်သော၊ သရီရတော–ကိုယ်မှ၊ နိစ္ဆရဏအာလောကသင်္ခါတော–ထွက်သော အရောင်အလင်းဟုဆိုအပ်သော၊ဩဘာသော–ကိုယ်ရောင်ကိုယ်ဝါလည်းကောင်း။[ဣတိ၌လှမ်းစပ်။]

ဝိပဿနာစိတ္တသဟဇာတာ–ဝိပဿနာစိတ်နှင့် တကွဖြစ်သော၊ ခုဒ္ဒိကာဒိ ပဉ္စဝိဓာ–ခုဒ္ဒိကာအစရှိသော ငါးပါးအပြားရှိသော၊ ပီတိ–ပီတိလည်းကောင်း။

တထာ–ထို ဝိပဿနာစိတ်နှင့်တကွဖြစ်သော၊ ကာယ ၊ပေ၊ လက္ခဏာ–ကိုယ်စိတ်၏ပူလောင်ခြင်းကို ငြိမ်းစေခြင်းလက္ခဏာရှိသော၊ ကာယစိတ္တဝသေန–ကိုယ်, စိတ်တို့၏အပြားဖြင့်၊ ဒုဝိဓာ–သော၊ ပဿဒ္ဓိ–ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ, လည်းကောင်း။

ဗလဝသဒ္ဓိန္ဒြိယသင်္ခါတော–အားရှိသော သဒ္ဓိန္ဒြေဟု ဆိုအပ်သော၊ အဓိမောက္ခော–ဆုံးဖြတ်တတ်သော တရားလည်းကောင်း၊ သမ္ပပ္ပဓာနကိစ္စသာဓကော–သမ္ပပ္ပဓာန်ကိစ္စကို ပြီးစေတတ်သော၊ ဝီရိယ ၊ပေ၊ သင်္ခါတော–ဝီရိယသမ္ဗောဇ္ဈင်ဟု ဆိုအပ်သော၊ ပဂ္ဂဟော–ချီးမြှောက်တတ်သော တရားလည်းကောင်း။

အတိပဏီတံ–အလွန်မွန်မြတ်သော၊ သုခံ–သုခလည်းကောင်း၊ ဣန္ဒ၊ပေ၊ သဒိသံ–သိကြားပစ်လွှတ်အပ်သော ဝရဇိန်လက်နက်နှင့်တူသော၊ တိလက္ခဏဝိပဿနာဘူတံ–သုံးပါးသောလက္ခဏာကို အထူးထူးအပြားပြားရှုတတ်သည်ဖြစ်၍ဖြစ်သော၊ ဉာဏံ–လည်းကောင်း။

သတိပဋ္ဌာနဘူတာ–သတိပဋ္ဌာန်ဖြစ်၍ဖြစ်သော၊ စိရ ၊ပေ၊ သမတ္ထာ–ကြာမြင့်စွာသော ကာလ၌ပြုအပ်ခဲ့ပြီးသောကိစ္စ အစရှိသည်ကို အဖန်ဖန် အမှတ်ရခြင်း၌စွမ်းနိုင်သော၊ ဥပဋ္ဌာနသင်္ခါတာ–အာရုံ၌ ကပ်၍တည်တတ်သော တရားဟုဆိုအပ်သော၊ သတိ–လည်းကောင်း။

---

ထိုတွင် ဝိညာဏက္ခန္ဓာ၌ ရှုပုံကို အကျဉ်းချုပ်ပြအံ့၊ "အဝိဇ္ဇာပစ္စယာ ဝိညာဏသမုဒယော, တဏှာပစ္စယာ၊ပေ၊ကမ္မပစ္စယာ၊ပေ၊နာမရူပပစ္စယာ ဝိညာဏသမုဒယော၊ ဤအတူ "အဝိဇ္ဇာနိရောဓာ ဝိညာဏနိရောဓော"စသည်ဖြင့် ပစ္စယ(အကြောင်း)၏ အစွမ်းဖြင့် ရှုနည်း(၈)ပါး ရှိ၏၊ ထို့နောက် "ဝိညာဏ်၏ဖြစ်ခြင်းကို ရှုခြင်း, ဝိညာဏ်၏ ပျက်ခြင်းကို ရှုခြင်း"ဟု ခဏအားဖြင့် ရှုနည်း(၂)ပါး ရှိ၏၊ ဤနည်းအားဖြင့် ဝိညာဏက္ခန္ဓာ၌ ရှုနည်း(၁၀)ပါး ရှိသည်။

သမ ၊ပေ၊ ဓာတာ–အညီအမျှဖြစ်သော ဝိပဿနာနှင့်တကွဖြစ်သော၊ [လျော့၍လည်း မသွား, လွန်၍လည်း မနေဘဲ အညီအမျှ ဖြစ်ခြင်းကို "သမပ္ပဝတ္တ"ဟုဆို သည်၊] ဥပေက္ခာ ၊ပေ၊ ဘူတာ–ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်၍ ဖြစ်သော၊ တတြမဇ္ဈတ္တုပေက္ခာ–လည်းကောင်း၊ မနောဒွါရေ–၌၊ အာဝဇ္ဇနုပေက္ခာ စ–လည်းကောင်း၊ ဣတိ–သို့၊ ဒုဝိဓာပိ–သော၊ ဥပေက္ခာ–လည်းကောင်း။

သြဘာသာဒီသု–သြဘာသအစရှိကုန်သော၊ နဝသု–ကိုးပါးသောတရားတို့သည်၊ ဥပ္ပန္နေသု–ဖြစ်ကုန်လသော်၊ "မေ–၏၊ ဝါ–ငါ့မှာ၊ ဣတော–ဤအခါမှ၊ ပုဗ္ဗေ–ရှေး၌၊ ဧဝရူပေါ–ဤသို့သဘောရှိသော၊ သြဘာသော–ကိုယ်ရောင် ကိုယ်ဝါသည်၊ န ဥပ္ပန္နပုဗ္ဗောဝတ–မဖြစ်ဖူးပါတကား"၊ ဣတိအာဒိနာ–သော၊ နယေန–ဖြင့်၊ တတ္ထ–ထိုသြဘာသ အစရှိသည်တို့၌၊ အာလယံ–ကပ်ငြိတွယ်တာခြင်းကို၊ ကုရုမာနာ–ပြုတတ်သော၊ သုခု ၊ပေ၊ နိကန္တိ စ–သိမ်မွေ့သော တဏှာသဘောဖြစ်သော နိကန္တိ လည်းကောင်း။

ဣတိ–သို့၊ သြဘာသာဒီသု–န်သော၊ ဒသသု–န်သော၊ ဝိပဿနုပက္ကိလေသေသု–ဝိပဿနာ၏ ညစ်နွမ်းကြောင်း ဘေးရန်တို့သည်၊ ဥပ္ပန္နေသု–သော်၊"မေ–၏၊ ဝါ–မှာ၊ ဧဝရူပါ–န်သော၊ သြဘာသာဒယော–သြဘာသ အစရှိသည်တို့သည်၊န ဥပ္ပန္နပုဗ္ဗာဝတ–မဖြစ်ဖူးပါကုန်တကား၊ အဒ္ဓါ–မချွတ်၊ (အဟံ–သည်၊) မဂ္ဂပ္ပတ္တော–မဂ်သို့ရောက်သည်၊ ဝါ–မဂ်ရသည်၊ အသ္မိ–ဖြစ်၏၊ ဖလပ္ပတ္တော–သည်၊ ဝါ–သည်၊ အသ္မိ–၏၊" ဣတိ–သို့၊ အဂ္ဂဟေတွာ–မယူမူ၍၊ ဣမေ သြဘာသာဒယော–တို့သည်၊ တဏှာ ၊ပေ၊ တာယ–တဏှာ, ဒိဋ္ဌိ,မာနတို့၏တည်ရာတို့၏အဖြစ်ကြောင့်၊ န မဂ္ဂေါ–လမ်းမှန်မဟုတ်၊ အထ ခေါ–စင်စစ်ကား၊ ဝိပဿန ၊ပေ၊ ဓေ–ဝိပဿနာ၏ ညစ်နွမ်းကြောင်းတို့သာတည်း၊ တဗ္ဗိနိမုတ္တံ–ထိုဥပက္ကိလေသတို့မှလွတ်သော၊ ဝီထိပဋိပန္န–ဝိပဿနာ၏ အာရုံလမ်းသို့သွားသော၊ ဝိပဿနာညာဏံ ပန–သည်ကား၊ မဂ္ဂေါ–လမ်းမှန်တည်း၊ ဣတိ ဧဝံ–သို့၊ မဂ္ဂါမဂ္ဂလက္ခဏာသ–လမ်းမှန် လမ်းမမှန်ခြင်း၏လက္ခဏာကို ၊ ဝဝတ္ထာနံ–ပိုင်းခြားသတ်မှတ်တတ်သော၊ နိဋ္ဌယနံ–ဆုံးဖြတ်တတ်သောဉာဏ်သည်၊ မဂ္ဂါမဂ္ဂသ–လမ်းမှန် လမ်းမမှန်ကို၊ ဇာန နတော–သိတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ (ဉာဏမည်ခြင်း၏ အကြောင်း) ဒဿနတော–မြင်တတ်သည်၏ အဖြစ်ကြောင့် လည်းကောင်း၊ (ဒဿနမည်ခြင်း၏ အကြောင်း) အမဂ္ဂေ–လမ်းမှန်မဟုတ်သော ဝိပဿန ပက္ကိလေသ၌၊ မဂ္ဂသညာယ–လမ်းမှန်ဟု ဖြစ်သောသညာကို၊ ဝိသောဓနေ တောစ–ကြောင့်လည်းကောင်း၊ (ဝိသုဒ္ဓိမည်ခြင်း၏ အကြောင်း) မဂ္ဂါ ၊ပေ၊ နာမ–မည်၏။ [ သြဘာသစသော ဆယ်ပါးမှစ၍ ဤဝိသုဒ္ဓိ တိုင်အောင် အဓိပ္ပာယ်များကို အခြေပြုနှင့် ဘာသာဋီကာတို့၌ ပြထားပြီ။]

၅၄။ ယာဝါနုလောမာတိ–ကား၊ ယာဝ သစ္စာနုလောမာ–သစ္စာနုလောမ ဉာဏ်တိုင်အောင်၊ နဝ ၊ပေ၊ နီတိ–ကား၊ ခန္ဓာနံ–တို့၏၊ ဥဒယဥ္စ–ဖြစ်ခြင်းကိုလည်းကောင်း၊ ဝယဥ္စ–ပျက်ခြင်းကိုလည်းကောင်း၊ ဇာနနကံ–သိတတ်သော၊ ဥဒယဗ္ဗယညာဏံ–လည်းကောင်း၊[အနုလောမညာဏ္တိ၏ ဣတိဒ္ဓ လှမ်းစပ်။] ဥဒယံ–ကို၊ မုဥ္စိတွာ–လွှတ်၍၊ ဘင်္ဂမတ္တာနုပေက္ခကံ–ပျက်ခြင်းမျှကို ရှုတတ်သော၊ ဘင်္ဂညာဏံ–လည်းကောင်း၊ သီဟာဒီနံ–ခြင်္သေ့အစရှိသည်တို့၏၊ (ဘာယိတဗ္ဗာကာရော) ဝိယ–ကြောက်ဖွယ် အခြင်းအရာကဲ့သို့၊ (တထာ၊) ဘင်္ဂဝသေန–ပျက်ခြင်း၏အစွမ်းဖြင့်၊ ဥပဋ္ဌိတာနံ–ထင်လာကုန်သော (သင်္ခါရ တို့၏)၊ ဘာယိတဗ္ဗာကာရာနုပေက္ခကံ–ကြောက်ဖွယ်အခြင်းအရာကို ရှုတတ်သော၊ ဘယညာဏံ–လည်းကောင်း။

အာဒိတ္တဃရသ–မီးလောင်အပ်သောအိမ်၏၊ (အာဒီနဝါကာရော) ဝိယ–အပြစ်ဟူသော အခြင်းအရာကဲ့သို့၊ (တထာ၊) တထာနုပေက္ခိတာနံ–ထိုကြောက်ဖွယ် အခြင်းအရာအားဖြင့် အဖန်ဖန်ရှုအပ်ပြီးကုန်သော သင်္ခါရတို့၏၊ အာဒီန ဝါကာရာနုပေက္ခကံ–အပြစ်ဟူသောအခြင်းအရာကိုရှုတတ်သော၊ အာဒီနဝညာ ဏံ–လည်းကောင်း၊ ဒိဋ္ဌာဒီနဝေသု–မြင်အပ်ပြီးသော အပြစ်ရှိကုန်သောသင်္ခါရ တို့၌၊ နိဗ္ဗိန္ဒနဝသေန–ငြီးငွေ့ခြင်း၏အစွမ်းဖြင့်၊ ပဝတ္တံ–သော၊ နိဗ္ဗိဒါညာဏံ–လည်းကောင်း၊ ဇာလာဒိတော–ပိုက်ကွန်အစရှိသည်မှ၊ မစ္ဆာဒိကာ–ငါးအစရှိ သော သတ္တဝါတို့သည်၊ (မုစ္စိတုကာမာ)ဝိယ–လွတ်ခြင်းငှာ အလိုရှိကုန်သကဲ့သို့၊ (တထာ) တေဟိ တေဘူမကဓမ္မေဟိ–တို့မှ၊ မုစ္စိတုကာမတာဝသေန–ဖြင့်၊ ပဝတ္တံ–သော၊ မုစ္စိတုကမျတာညာဏံ–လည်းကောင်း။

သမုဒ္ဒသကုဏီ–သမုဒ္ဒရာ၌ ဆောင်ယူအပ်သောငှက်မသည်၊ (ပုနပ္ပုနံ–ထပ်၊ ပဿတိ) ဝိယ–အရပ်တို့ကိုကြည့်သကဲ့သို့၊ (တထာ) မုဥ္စနုပါယသမ္ပာဒနတ္ထံ–လွတ်ခြင်း၏အကြောင်းကို ပြီးစေခြင်းအကျိုးငှာ၊ ဒိဋ္ဌာဒီနဝေသုပိ–မြင်အပ်ပြီး သော အပြစ်ရှိကုန်သော သင်္ခါရတို့၌လည်း၊ ပုနပ္ပုနံ–ထပ်၊ သမ္မသနဝသပ္ပဝတ္တံ–သုံးသပ်ခြင်း၏ အစွမ်းဖြင့်ဖြစ်သော၊ ပဋိသင်္ခါနုပဿနာညာဏံ–လည်းကောင်း၊ စတ္တဘရိယော – စွန့်အပ်ပြီးသော မယားရှိသော၊ (မယားကို စွန့်ပြီးသော၊)

---

**ယာဝါနုလောမာ**။ ။"သစ္စာနုလောမ"ဟု ဆိုလိုလျက် သစ္စ ဟူသော ရှေ့ပုဒ်ကို ချေထားသည်ဟု သိစေလို၍ အနုလောမာကို "သစ္စာနုလောမာ"ဟု ဖွင့်သည်၊ သစ္စာ နုလောမ၌လည်း "သစ္စပဋိဝေဓာနုလောမ"ဟု ဆိုလိုလျက် ပဋိဝေဓဟူသော အလယ်ပုဒ်ကို ချေထားသည်၊ သစ္စာလေးပါးကို ထိုးထွင်း၍ သိတတ်သော မဂ်ဉာဏ် သည် သစ္စပဋိဝေဓဉာဏ်မည်၏၊ ထိုမဂ်ဉာဏ်အားလျော်သော မဂ္ဂဝီထိ၌ပါသော ပရိကမ်, ဥပစာ, အနုလုံတို့သည် အနုလောမဉာဏ် မည်၏။ [နောက်၌ "မဂ္ဂဝီထိယံ ၊ပေ၊ အနုလောမညာဏံ"ဟု လာလတ္တံ့။]

ပုရိသော–သည်၊ (ဥပေက္ခတိ) ဝိယ–(မယားဟောင်းအပေါ်၌) လျစ်လျူရှု သကဲ့သို့၊ (တထာ) ဒိဋ္ဌာဒီနဝေသု–န်သော၊ တေသု သင်္ခါရေသု–တို့၌၊ ဥပေက္ခနာကာရပ္ပဝတ္တံ–လျစ်လျူရှုခြင်းဟူသော အခြင်းအရာအားဖြင့်ဖြစ်သော၊ သင်္ခါရုပေက္ခာဉာဏံ–လည်းကောင်း။

အနိစ္စာ ၊ပေ၊ တာယ–အနိစ္စအစရှိသော လက္ခဏာကို အထူးထူးအပြားပြား ရှုတတ်သည်၏အဖြစ်ကြောင့်၊ ဟေဋ္ဌာ–၌၊ ပဝတ္တာနံ–န်သော၊ အဋ္ဌန္နံ–န်သော၊ ဝိပဿနာဉာဏာနံ–တို့အားလည်းကောင်း၊ ဥဒ္ဓံ–၌၊ မဂ္ဂက္ခဏေ–၌၊ အဓိဂန္တဗ္ဗာနံ–ရထိုက်ကုန်သော၊ သတ္တ ၊ပေ၊ ဓမ္မာနဉ္စ–တို့အားလည်းကောင်း၊ အနုလောမတော–လျော်သည်၏အဖြစ်ကြောင့်၊ မဂ္ဂဝီထိယံ–မဂ္ဂဝီထိ (အတွင်း) ၌၊ ဂေါတြဘုတော–မှ၊ ပုဗ္ဗေ–၌၊ ပဝတ္တံ–သော၊ သစ္စာ ၊ပေ၊ သင်္ခါတံ–သစ္စာနုလောမိကဉာဏ်ဟု ဆိုအပ်သော၊ [ပရိကမ်, ဥပစာ, အနုလုံတို့ကိုဆိုသည်၊] နဝမံ–(၉) ခုမြောက်ဖြစ်သော၊ အနုလောမဉာဏံ–လည်းကောင်း။

ဣတိ–သို့၊ နဝ–ကုန်သော၊ ဣမာနိ ဉာဏာနိ–တို့သည်၊ ဉာဏဒဿနဝိသုဒ္ဓိယာ–(မဂ်တရားတည်းဟူသော) ဉာဏဒဿနဝိသုဒ္ဓိ၏၊ ပဋိပဒါ ဘာဝတော–ရောက်ကြောင်း အကျင့်၏အဖြစ်ကြောင့်လည်းကောင်း၊ [ပဋိပဒါ မည်ခြင်း၏ အကြောင်းပြ။] တိလက္ခဏဇာနနဋ္ဌေန–လက္ခဏာသုံးပါးကို သိတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ [ဉာဏမည်ခြင်း၏ အကြောင်းပြ။] ပစ္စက္ခတော–မျက်မှောက်အားဖြင့်၊ ဒဿနဋ္ဌေန–မြင်တတ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ [ဒဿနမည်ခြင်း၏ အကြောင်းပြ၊] ပဋိပက္ခတော–ဆန့်ကျင်ဘက်ကိလေသာမှ၊ ဝိသုဒ္ဓတ္တာစ–ကြောင့်လည်းကောင်း၊ [ဝိသုဒ္ဓိမည်ခြင်း၏ အကြောင်းပြ။] ပဋိပဒါ ၊ပေ၊ နာမ–မည်၏၊ [ဉာဏ်စဉ်ဆယ်ပါးနှင့် ဤဝိသုဒ္ဓိတို့၏ အဓိပ္ပာယ်များကိုလည်း ဘာသာဋီကာ၌ အကျယ်ပြထားပြီ၊] ဆဗ္ဗိသုဒ္ဓိနယော–ခြောက်ပါးသော ဝိသုဒ္ဓိတို့ကို သိကြောင်းနည်းသည်၊ (နိဋ္ဌိတော)။

**၅၅။** ဝိပဿနာယ–ဝိပဿနာဉာဏ်၏၊ ပရိပါကော–ရင့်ကျက်ခြင်းတည်း၊ ဝိပဿနာပရိပါကော–ခြင်း၊ သင်္ခါရုပေက္ခာဉာဏံ–ဉာဏ်တည်း၊ ["သင်္ခါရုပေက္ခာဉာဏ်ကို ဝိပဿနာ၏ရင့်ကျက်ခြင်း"ဟု ဆိုသည်။] တံ–ထို (ဝိပဿနာဉာဏ်၏ ရင့်ကျက်ခြင်းဟူသော) သင်္ခါရုပေက္ခာဉာဏ်ကို၊ အာဂမ္မ–ရောက်၍၊ ပဋိစ္စ–စွဲမှီ၍၊ ဣဒါနိ အပ္ပနာ ဥပ္ပဇ္ဇိဿတိတိ–ကား၊ ဣဒါနိ–၌၊ အပ္ပနာသင်္ခါတော–သော၊ လောကုတ္တရမဂ္ဂေါ–သည်၊ ဥပ္ပဇ္ဇိဿတိ–ဖြစ်တော့လတ္တံ့၊ ဣတိ–သို့၊ ဝတ္တဗ္ဗက္ခဏေ–ဆိုထိုက်ရာခဏ၌၊ ယံကိဉ္စိတိ–ကား၊ သင်္ခါရုပေက္ခာယ–သင်္ခါရုပေက္ခာဉာဏ်သည်၊ ဂဟိတေသု–ယူအပ်ပြီးကုန်သော၊ တီသု–သုံးပါးသော လက္ခဏာတို့တွင်၊ ဧကံ–တစ်ပါးသော၊ ယံကိဉ္စိ–အမှတ်မရှိသော လက္ခဏာကို၊ (အာရဗ္ဘ–၍။)

**၅၆။** ဝိပဿနာယ–၏၊ မတ္ထကပ္ပတ္တိယာ–အထွတ်အထိပ်သို့ရောက်ခြင်း အားဖြင့်၊ သိခါပ္ပတ္တာ–အထွတ်အထိပ်သို့ရောက်သော၊ အနု ၊ပေ၊ တာယ– အနုလောမဉာဏ်နှင့်တကွ ဖြစ်သည်၏အဖြစ်ကြောင့်၊ သာနုလောမာ–အနု လောမဉာဏ်နှင့် တကွဖြစ်သော၊ (ယာ–အကြင်ဝိပဿနာဉာဏ်သည်၊ အတ္ထိ– ၏၊) သာဧဝ–ထိုအနုလောမဉာဏ်နှင့်တကွဖြစ်သော ဝိပဿနာဉာဏ်သည်ပင်၊ သင်္ခါရေသု–တို့၌၊ ဥဒါသီနတ္တာ–လျစ်လျူရှုတတ်သည်၏ အဖြစ်ကြောင့်၊ သင်္ခါရုပေက္ခာ–မည်၏၊ [သင်္ခါရေသု+ဥပေက္ခာ သင်္ခါရုပေက္ခာ။] ယထာနုရူပံ– အကြင်အကြင် ထိုက်သည်အားလျော်စွာ၊ အပါယာဒိတော–မှလည်းကောင်း၊ [အာဒိဖြင့် သုဂတိကာမ, ရူပါရူပဘဝတို့ကိုယူ၊ သောတာပတ္တိမဂ်သည် သုဂတိဘဝ ကာမဘဝတွင် ခုနစ်ဘဝမှအထက် ဖြစ်ရမည့် သုဂတိဘဝ, အနာဂါမိမဂ်အတွက် ကာမဘဝ,အရဟတ္တမဂ်အတွက်ရူပါရူပဘဝမှ ထမြောက် သည်၊] သင်္ခါရနိမိတ္တတောစ–မှလည်းကောင်း၊ ဝုဋ္ဌဟနတော–ထခြင်းကြောင့်၊ ဝုဋ္ဌာနသင်္ခါတံ–သော၊ မဂ္ဂံ–သို့၊ ဂစ္ဆတိ–ရောက်တတ်၏၊ ဣတိ–ကြောင့်၊ ဝုဋ္ဌာန ဂါမိနီ–မည်၏။

**၅၇, ၅၈။** အဘိသမ္ဗောန္တန္တိ–ကား၊ ပါပုဏန္တံ–ရောက်လျက်၊ [ပဝတ္တာတိ၌ စပ်။] ပရိဇာနန္တောတိ–ကား၊ ဒုက္ခံ–ဒုက္ခသစ္စာသည်၊ တွေကံ–ဤမျှအတိုင်း အရှည်ရှိ၏၊ [တဏှာကြဉ်သော တေဘူမကတရားတည်း။] ဣတော–ဤ တဏှာကြဉ်ထား, တေဘူမကတရားမှ၊ ဝါ–တရားအောက်၊ ဥဒ္ဓံ–နာခိကံ– အယုတ်အလွန်သည်၊ န–မရှိ၊ ဣတိ–သို့၊ ပရိစ္ဆိဇ္ဇ–ပိုင်းခြား၍၊ ဇာနန္တော– သိလျက်၊ [“ပရိကို ပရိစ္ဆိဇ္ဇ”ဟု ဖွင့်သည်၊] သစ္ဆိကရောန္တောတိ–ကား၊ အာရမဏကရဏ ဝသေန–ဖြင့်၊ ပစ္စက္ခံ–မျက်မှောက်ကို၊ ကရောန္တော–လျက်၊ မဂ္ဂ ၊ပေ၊ ဝသေနာ တိ–ကား၊ မဂ္ဂသစ္စသင်္ခါတဿ–သော၊ သမ္မပ္ပယုတ္တာမဂ္ဂင် သင်္ခါတဿ–ယှဉ်ဖက်ဖြစ်သော မဂ္ဂင်ဟုဆိုအပ်သော၊ စတုတ္ထသစ္စဿ– လေးခုမြောက် သစ္စာကို၊ [ဝမှန၌ စပ်၊] ဝါ–၏၊ [ပစ္စယော၌ စပ်၊] သဟဇာတာဒိပစ္စယော–သဟဇာတ အစရှိသော ပစ္စည်းသည်၊ ဟုတွာ–၍၊ ဝမှနဝသေန–တိုးပွားစေခြင်း၏အစွမ်းဖြင့်၊ [အပ္ပနာဝီထိ ဩတရတိ၌ စပ်။]

---

**မဂ္ဂသစ္စံ ၊ပေ၊ ဝသေန**။ ။“မဂ္ဂသစ္စံ ဘာဝနာဝသေန အပ္ပနာဝီထိမောတရတိ” ဟူသော သင်္ဂြိုဟ်ပါဠိ၌ ဩတရတိ၏ ကတ္တားသည်“တဿာနန္တရမေဝ မဂ္ဂေါ”၌ မဂ္ဂေါသဒ္ဒါတည်း၊ ထိုမဂ္ဂအရ သမ္မာဒိဋ္ဌိဟူသော မဂ်ဉာဏ်ကိုယူ၊ မဂ္ဂသစ္စာဟူသည်ကား သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးလုံးတည်း၊ ထို့ကြောင့် “မဂ္ဂသစ္စ ၊ပေ၊ စတုတ္ထသစ္စဿ”ဟု ဖွင့်သည်၊ သမ္မာဒိဋ္ဌိမဂ်ဉာဏ်သည် သမ္မာသင်္ကပ္ပစသည်တို့အား သဟဇာတစသော ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသောကြောင့် “သဟဇာတာဒိပစ္စယော”ဟု ဖွင့်သည်၊ “သမ္မာဒိဋ္ဌိသင်္ခါတေန မဂ္ဂင်္ဂေန သမ္ပယုတ္တသမ္မာသင်္ကပ္ပာဒိသတ္တဝိဓမဂ္ဂင်္ဂကထိတဿ” မဏိမဉ္ဇူ၊ ဘာဝနာဝသေနကို “ဝမှနဝသေန”ဟု ဖွင့်၏၊ သို့သော် မိမိသန္တာန်၌ ဖြစ်စေခြင်းဟူသော ဥပ္ပာဒနအနက်က သာ၍ ကောင်းသည်။

ကေသေဝ–သော၊ ဉာဏာသ–မဂ်ဉာဏ်၏၊ စတုကိစ္စသာခနံ–လေးပါးသော ကိစ္စကို ပြီးစေခြင်းကို၊ [ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း, သမုဒယသစ္စာကို ပယ်ခြင်း, နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း, မဂ္ဂသစ္စာကို ဖြစ်ပေါ်လာစေခြင်းဟူသော ကိစ္စလေးချက်ကို ပြီးစေခြင်း–ဟူလို၊] ပဒီပါဒီနံ–ဆီမီးအစရှိသည်တို့၏၊ ဝဋ္ဋ ။ပေ၊ ဒဿနတော–မီးစာကို လောင်ခြင်းအစရှိသောလေးပါးသော ကိစ္စကို မြင်ခြင်းအားဖြင့်လည်းကောင်း၊ [ဤစကားဖြင့် လောကယုတ္တိကို ပြသည်၊] ယော ဘိက္ခဝေ ဒုက္ခံ ပဿတိတျာဒိ အာဂမတော စ–ပဿတိ အစရှိသော အာဂုံပါဠိတော်အားဖြင့်လည်းကောင်း၊ [အာဒိဖြင့် "ဒုက္ခသမုဒယမ္ပိ သော ပဿတိ, ဒုက္ခနိရောဓမ္ပိ ပဿတိ, ဒုက္ခနိရောဓဂါမိနိပဋိပဒမ္ပိ ပဿတိ" ဟူသော ပါဠိတော်ကို ယူ၊] [ဤစကားဖြင့် အာဂမယုတ္တိကို ပြသည်၊] သမ္ဘဋ္ဌိတ္တဖွံ့–လက်ခံထိုက်၏။

**၁၉။** ဒွေ ။ပေ၊ ပဝတ္တိတွာ–ကား၊ မဂ္ဂပ္ပဝတ္တိယာ–မဂ်ဖြစ်ခြင်းအား၊ အနုရူပတော–အားဖြင့်၊ ဒွေဝါ–နှစ်ပါးသော်လည်းဖြစ်ကုန်သော၊ တီဏိဝါ–နှ်သော၊ ဖလစိတ္တာနိ–တို့၏၊ [ပဝတ္တိတွာ–ဖြစ်ပြီးခြင်းကြောင့်၌ စပ်၊ ပရိကမ်, ဥပစာ, အနုလုံ, ဂေါတြဘု, ငါးကြိမ်မြောက် မဂ်ဖြစ်လျှင် ဖိုလ်စိတ် နှစ်ကြိမ်ဖြစ်ခြင်းသည်လျော်၏၊ ဥပစာ, အနုလုံ, ဂေါတြဘု, လေးကြိမ်မြောက် မဂ်ဖြစ်လျှင် ဖိုလ်စိတ်သုံးကြိမ် ဖြစ်ခြင်းသည်လျော်၏၊ ထိုကြောင့် "အနုရူပတော"ဟု ဆိုသည်။] အပနီတဂ္ဂိမှိ–ပယ်အပ်ပြီးသော မီးရှိသော၊ ဌာနေ–၌၊ ဉဏှတ္တနိဗ္ဗာပနတ္ထာယ–ပူသည်၏အဖြစ်ကို ငြိမ်းစေခြင်းအကျိုးငှာ၊ ဃဋ္ဋေဟိ–ရေအိုးတို့ဖြင့်၊ အဘိသိဉ္စမာနံ–သွန်လောင်းအပ်သော၊ ဥဒကံဝိယ–ကဲ့သို့၊ သမုစ္ဆိန္နကိလေသေပိ–အကြွင်းမဲ့ဖြတ်အပ်ပြီးသော ကိလေသာရှိသည်လည်းဖြစ်သော၊ (ကိလေသာတို့ကို အကြွင်းမဲ့ ဖြတ်ပြီးလည်းဖြစ်သော၊) သန္တာနေ–အရိယာပုဂ္ဂိုလ်တို့၏ သန္တာန်၌၊ ဒရထပဋိပ္ပဿမ္ဘကာနိ–ပူလောင်ခြင်းကို ငြိမ်းစေတတ်ကုန်သည်၊ ဟုတွာ–၍၊ ပဝတ္တိတွာ–ဖြစ်ခြင်းကြောင့်၊ တေသံ–ထို ဖိုလ်တို့၏၊ ပဝတ္တိယာ–ကြောင့်၊ ဣတိ ဝုတ္တံ ဟောတိ၊ ["ပဝတ္တိယာ–"ဟု ဖွင့်သဖြင့် တွာပစ္စည်း ဟိတ်အနက်၌ သက်–ဟု သိစေ၏၊] ပစ္စဝေက္ခဏာဉာဏာနီတိ–ကား၊ မဂ္ဂဖလာဒိဝိသယာနိ–မဂ် ဖိုလ်စသည်လျှင် အာရုံရှိကုန်သော၊ ကာမာဝစရဉာဏာနိ–တို့သည်၊ (ဟောန္တိ၊) ယာနိ–ယင်း ပစ္စဝေက္ခဏာဉာဏ်တို့ကို၊ သန္ဓာယ–၍၊ ဝိမုတ္တသ္မိံ ။ပေ၊ ဟောတီတိ–ဟူ၍၊

---

**အပနီတဂ္ဂိမှိစသည်**။ ။ဖိုလ်တရားတို့သည် မဂ်ကြောင့် ငြိမ်းပြီးသောကိလေသာတို့ကို တစ်ဖန်ထပ်၍ ငြိမ်းစေတတ်သောကြောင့် ပဋိပဿဒ္ဓိပဟာနသတ္တိ ရှိ၏၊ ထို့ကြောင့် မီးလောင်သောနေရာဝယ် မီးကို ပယ်ရှားပြီးနောက် ထိုနေရာ၌ ကျန်သောအပူကို ငြိမ်းကြောင်း ရေနှင့်တူသည်–ဟု ဥပမာပြကြသည်။

ဝုတ္တံ-(ပါဠိတော်၌) ဟောတော်မူအပ်ပြီ၊ [ပါဠိတော်ဝယ် များစွာသောဌာန၌ လာ၏၊ (စိတ္တေ-သည်၊ ဝိမုတ္တသ္မိံ-ကိလေသာတို့မှ လွတ်ပြီးလသော်၊) (မေ-ငါ၏၊ စိတ္တံ-သည်၊) ဝိမုတ္တံ-ကိလေသာတို့မှလွတ်ပြီ၊ ဣတိ-သို့၊ ဉာဏံ-ပစ္စဝေက္ခဏာဉာဏ်သည်၊ ဟောတိ-၏။]

၆၀။ ဣဒါနိ-၌၊ ပစ္စဝေက္ခဏာယ-ပစ္စဝေက္ခဏာဉာဏ်၏၊ ဘူမိံ-ဖြစ်ရာ အာရုံကို၊ ဒဿေတုံ-ငှာ၊ မဂ္ဂ ဖလဥ္စာတျာဒိ-မဂ္ဂဖလဥ္စအစရှိသော ဂါထာစကားကို (အာစရိယေန)ဝုတ္တံ၊ တတ္ထ-ထို မဂ္ဂဖလဥ္စအစရှိသော ဂါထာစကားရပ်၌၊ (အတ္တော ဧဝံ ဝေဒိတဗ္ဗော) "အဟံ-သည်၊ ဣမိနာ မဂ္ဂေန-ဤလမ်းဖြင့်၊ ဝါ-ဤမဂ်ဖြင့်၊ အာဂတော၀တ-လာခဲ့ရပြီတကား၊" ဣတိ-သို့၊ မဂ္ဂံ-မဂ်ကိုလည်းကောင်း၊ [ဤနေရာ၌ "ပစ္စဝေက္ခတိ"ပါသည်ကား မကောင်း၊ ကံ အချင်းချင်း ဆည်းဖို့ရန် "နိဗ္ဗာနဉ္စ"၌ စ, ပါလတ္တံ့,] တတော-ထိုမှနောက်၌၊ "မေ-သည်၊ အယံနာမ အာနိသံသော-ဤမည်သော အကျိုးအာနိသင်ကို၊ လဒ္ဓေါ (၀တ)-ရအပ်ပေပြီတကား၊" ဣတိ-သို့၊ တဿ-ထိုမဂ်၏၊ ဖလံ-အကျိုးဖြစ်သော ဖိုလ်ကိုလည်းကောင်း၊ တတော-၌၊ "မေ-သည်၊ အယံနာမ ဓမ္မော-ဤမည်သောနိဗ္ဗာန်တရားကို၊ အာရမဏတော-အာရုံအားဖြင့်၊ သစ္ဆိကတော(၀တ)-မျက်မှောက်ပြုအပ်ပေပြီတကား၊" ဣတိ-သို့၊ နိဗ္ဗာနဉ္စ-ကိုလည်းကောင်း၊ ပဏ္ဍိတော-သည်၊ ပစ္စဝေက္ခတိ-ဧကန်ဆင်ခြင်၏။

တတော-၌၊ "မေ-သည်၊ ဣမေ နာမ ကိလေသာ-ဤမည်သော ကိလေသာတို့ကို၊ ပဟီနာ-ပယ်အပ်ကုန်ပြီ၊" ဣတိ-သို့၊ ပဟီနေ-ပယ်အပ်ကုန်ပြီးသော၊ ကိလေသေ-တို့ကိုလည်းကောင်း၊" ဣမေ နာမ ကိလေသာ-တို့သည်၊ အဝသိဋ္ဌာ-ကြွင်းကျန်ကုန်သေး၏"၊ ဣတိ-သို့၊ အဝသိဋ္ဌ ကိလေသေ-ကြွင်းကျန်သော ကိလေသာတို့ကိုလည်းကောင်း၊ ပစ္စဝေက္ခတိဝါ-ဆင်ခြင်သည်လည်းရှိ၏၊ န ဝါ (ပစ္စဝေက္ခတိ)-မဆင်ခြင်သည်လည်းရှိ၏၊ ကောစိ-အချို့သော၊ သေက္ခော-သေက္ခပုဂ္ဂိုလ်သည်၊ ပစ္စဝေက္ခတိ-၏၊ ကောစိ-သော၊ (သေက္ခော)၊ န ပစ္စဝေက္ခတိ-မဆင်ခြင်၊ တတ္ထ-ထို ဆင်ခြင်ခြင်း မဆင်ခြင်ခြင်း၌၊ ကာမစာရော-အလိုအတိုင်း ဖြစ်ခြင်းသည်၊ (ဟောတိ) ဣတိ-ကား၊ အဓိပ္ပာယော-အရှင်အနုရုဒ္ဓါ၏ အလိုတည်း၊ ["ပစ္စဝေက္ခတိ ဝါ နဝါ"၏အဓိပ္ပာယ်တည်း၊ အချို့သေက္ခပုဂ္ဂိုလ်များ ဆင်ခြင်၍, အချို့သေက္ခ ပုဂ္ဂိုလ်များ မဆင်ခြင်ခြင်းမှာ အလိုအတိုင်း ဖြစ်နိုင်သည်-ဟူလို။]

တထာဟိ- ထိုစကား မှန်၏၊ မဟာနာမော- မဟာနာမ် မည်သော၊ သက္ကော-သာကီဝင်သည်၊ ကောသု ၊ပေ၊ အပ္ပဟီနောတိ-ဟူ၍၊ အပ္ပဟီနေ-မပယ်အပ်ကုန်သေးသော၊ ကိလေသေ-တို့ကို၊ ပုစ္ဆိ-ပြီ၊ [အဝသိဋ္ဌကိလေသာကို

မဆင်ခြင်မိသောကြောင့် မေးသည်–ဟူလို၊ ဘန္တေ–မြတ်စွာဘုရား၊ မေ–သည်၊ ကောသု နာမ ဓမ္မော–အဘယ်မည်သောတရားကို၊ အဇ္ဈတ္တံ–မိမိသန္တာန်၌၊ အပ္ပဟီနော–မပယ်အပ်ပါသေးသနည်း။] ပန–ဆက်၊ အရဟတော–ရဟန္တာပုဂ္ဂိုလ်၏၊ အဝ၊ပေ၊ဝေက္ခဏံ–ကြွင်းကျန်သောကိလေသာတို့ကို ဆင်ခြင်ခြင်းသည်၊ (ဆင်ခြင်ကြောင်း ပစ္စဝေက္ခဏာဉာဏ်သည်၊) နတ္ထိ–မရှိ၊ (ကသ္မာ) သဗ္ဗကိလေသာနံ–အလုံးစုံသောကိလေသာတို့၏၊ ဝါ–တို့ကို၊ ပဟီနတ္တာ–ပယ်အပ်ကုန်ပြီး၏အဖြစ်ကြောင့်တည်း၊ တသ္မာ–ကြောင့်၊ တိဏ္ဏံ–န်သော၊ သေက္ခာနံ–သေက္ခတို့၏၊ပန္နရသ–န်သော၊ (ပစ္စဝေက္ခဏာဉာဏာနိ–တို့လည်းကောင်း၊) အရဟတော–၏၊ စတ္တာရိ–န်သော၊ (ပစ္စဝေက္ခဏာဉာဏာနိ–တို့လည်းကောင်း၊ဣတိ–သို့၊ ဧကူနဝီသတိ–သော၊ ပစ္စဝေက္ခဏာဉာဏာနိ–တို့သည်၊ (ဟောန္တိ–န်၏၊) ဣတိ ဒဋ္ဌဗ္ဗံ။

ဆဗ္ဗိသုဒ္ဓိက္ကမေနာတိ–ကား၊ သီလစိတ္တဝိသုဒ္ဓိနံ–သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိတို့၏၊ ဝသေန–ဖြင့်၊ မူလဘူတာနံ–အခြေခံဖြစ်၍ဖြစ်ကုန်သော၊ ဒွိန္နံ–နှစ်ပါးသောဝိသုဒ္ဓိတို့လည်းကောင်း၊ ဒိဋ္ဌိဝိသုဒ္ဓိအာနံ–ဒိဋ္ဌိဝိသုဒ္ဓိအစရှိသော ဝိသုဒ္ဓိတို့၏၊ ဝသေန–ဖြင့်၊ သရီရဘူတာနံ–အထည်ကိုယ်ဖြစ်၍ဖြစ်ကုန်သော၊ စတုန္နံ–လေးပါးသော ဝိသုဒ္ဓိတို့လည်းကောင်း၊ ဣတိ–သို့၊ ဆန္နံ–န်သော၊ တာသံ ဝိသုဒ္ဓီနံ–တို့၏၊ ကမေန–အစဉ်အားဖြင့်၊ စတုန္နံ–န်သော၊ သစ္စာနံ–တို့ကို၊ ဇာနနတော–သိခြင်းကြောင့်လည်းကောင်း၊ [ဉာဏ၏သဒ္ဒပဝတ္တိနိမိတ် ဟိတ်၊] ပစ္စက္ခကရဏတော–မျက်မှောက်ပြုတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ [ဒဿန၏ သဒ္ဒပဝတ္တိနိမိတ်ဟိတ်၊] ကိလေသမလေဟိ–ကိလေသာအညစ်အကြေးတို့မှ၊ ဝိသုဒ္ဓတ္တာစ–ကြောင့်လည်းကောင်း၊ [ဝိသုဒ္ဓိ၏ သဒ္ဒပဝတ္တိနိမိတ် ဟိတ်၊] ဉာဏဒဿနဝိသုဒ္ဓိနာမ–မည်၏၊ [သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိတို့ကို ခြေ, ဒိဋ္ဌိစသောဝိသုဒ္ဓိ လေးပါးကိုအထည်ကိုယ်, ဉာဏဒဿနဝိသုဒ္ဓိကို ဦးခေါင်းဟု ဆိုလိုဟန်တူ၏၊] တွေ့တာတိ–ကား၊ ဝိပဿနာကမ္မဋ္ဌာနေ–၌၊ သတ္တဝိသုဒ္ဓိနိဒ္ဒေသော–ခုနစ်ပါးသော ဝိသုဒ္ဓိတို့ကို အကျယ်ညွှန်ပြကြောင်း စကားရပ်သည်၊ (နိဋ္ဌိတော။)

၆၁။ တတ္ထ (တသ္မိံ ဥဒ္ဒေသေ)–ထိုဥဒ္ဒေသ၌၊ သင်္ခါရေသု–တို့၌၊ ယောအတ္တာဘိနိဝေသော–အကြင်အတ္တဟု စွဲစွဲလမ်းလမ်းသက်ဝင်ခြင်းသည်၊ ကမ္မဿ–ကံကို၊ ကာရကော–ပြုတတ်သည်လည်းဖြစ်သော၊ ဖလဿ–အကျိုးကို၊ ဝေဒကော စ–ခံစားတတ်သည်လည်းဖြစ်သော၊သော–၎င်းအသက်ကောင်သည်၊

**တတ္ထ တသ္မိံ ဥဒ္ဒေသေ**။ ။ဥဒ္ဒေသအခန်း၌ အနိစ္စာနုပဿနာစသော သုံးမျိုး, သုညတာနုပဿနာစသော သုံးမျိုး, သုညတောဝိမောက္ခောစသော သုံးမျိုးကို အကျဉ်းချုပ်အားဖြင့် ဆိုခဲ့ပြီ၊ ထိုဆိုခဲ့ပြီးသော ဥဒ္ဒေသ၌–ဟူလို “တသ္မိံ ဥဒ္ဒေသေ” ဟူသော အာဓာရကို

မေ–၏၊ အတ္တာ–တည်း၊ ဣတိဝေ–သို့၊ အဘိနိဝေသော–စွဲစွဲလမ်းလမ်း သက်ဝင်ခြင်းသည်၊ ဒဠ္ဟဂ္ဂါဟော–စွဲစွဲမြဲမြဲ ယူခြင်းသည်၊ (အတ္တိ–၏) [ယော အတ္တာဘိနိဝေသောကို "ကမ္မဿ ၊ပေ၊ အဘိနိဝေသော"ဟု ဖွင့်သည်၊ တစ်ဖန် "အဘိနိဝေသော"ကို "ဒဠ္ဟဂ္ဂါဟော"ဟု ထပ်ဖွင့်သည်၊ အတ္တစွဲလမ်းပုံကို ဘာသာဋီကာ၌ ပြထားပြီ၊] တံ–ထိုစွဲစွဲမြဲမြဲ ယူခြင်းကို၊ မုဉ္စန္တီ–လွတ်တတ်သော၊ အနတ္တာတိ–အနတ္တဟူ၍၊ ပဝတ္တာ–သော၊ အနုပဿနာဝ–အနုပဿနာ သည်ပင်၊ [ဒွါရံ ဟောတိ၌. စပ်၊] အတ္တ ၊ပေ၊ နုပဿနတော–အတ္တမှ ကင်းဆိတ်သည်၏အဖြစ်ဟူသော အခြင်းအရာကို အဖန်ဖန် ရှုတတ်သည်၏ အဖြစ်ကြောင့်၊ သုညတာနုပဿနာ နာမ–သုညတာနုပဿနာ မည်သော၊ ဝိမောက္ခမုခံ–ဝိမောက္ခမုခတည်း၊ "ပဋိပက္ခတော–ဆန့်ကျင်ဘက် ကိလေသာတို့မှ၊ ဝိမုတ္တိဝသေန–လွတ်ခြင်း၏အစွမ်းကြောင့်၊ ဝိမောက္ခသင်္ခါ တဿ–ဝိမောက္ခဟုဆိုအပ်သော၊ လောကုတ္တရမဂ္ဂဖလဿ–လောကုတ္တရာ မဂ်ဖိုလ်၏၊ ဒွါရံ–ဝင်ကြောင်းတံခါးသည်၊" ဟောတိ–၏၊ [ဝိမောက္ခမုခံကို "ပဋိပက္ခတော၊ ပေ၊ ဒွါရံ"ဟု ဖွင့်သည်၊ ဤဝါကျ နောက်ဝါကျတို့၏ အဓိပ္ပာယ်တို့ကို ဘာသာဋီကာ၌ "ဝိမောက္ခ"ဟု ခေါင်းတပ်၍ ပြထားပြီ။]

၆၂။ သင်္ခါရေသု–တို့၌၊ အနိစ္စန္တိ–အနိစ္စဟူ၍၊ ပဝတ္တာ–သော၊ အနုပဿနာ–သည်၊ အနိစ္စေ–အနိစ္စဖြစ်သောသင်္ခါရ၌၊ နိစ္စန္တိ–ဟူ၍၊ ပဝတ္တံ–သော၊ သညာ ၊ပေ၊ သင်္ခါတံ–သညာဝိပလ္လာသ, စိတ္တဝိပလ္လာသ, ဒိဋ္ဌိဝိပလ္လာသ ဟု ဆိုအပ်သော၊ ဝိပလ္လာသနိမိတ္တံ–ဝိပလ္လာသနိမိတ်ကို၊ မုဉ္စန္တီ ပဇဟန္တီ–ပယ်စွန့်တတ်သော၊ ဝိပလ္လာသ ၊ပေ၊ နုပဿနတော–ဝိပလ္လာသနိမိတ်မှ ကင်းသောအခြင်းအရာကို အဖန်ဖန် ရှုတတ်သည်၏ အဖြစ်ကြောင့်၊ အနိမိတ္တာနုပဿနာ နာမ–မည်သော၊ ဝိမောက္ခမုခံ–သည်၊ ဟောတိ–၏၊ ဣတိ–သို့၊ သမ္ဗန္ဓော–ပုဒ်တို့၏စပ်ခြင်းသည်၊(ဟောတိ) [အနိမိတ္တာနုပဿနာ နာမနောင်"ဝိမောက္ခမုခံ ဟောတိ" ထည့်၍စပ်ပါ–ဟု သိစေလို၍ "သမ္ဗန္ဓော" ဟုပြသည်၊]

၆၃။ ဒုက္ခန္တိ–ဟူ၍၊ပဝတ္တာနုပဿနာ–ဖြစ်သောအနုပဿနာသည်၊ သင်္ခါရေ သု–တို့၌၊"ဇော–ဤတရားသည်၊ မမံ–ငါ့ဟာတည်း၊ ["မမ+ဣဒံ မမံ"ဟုပြု၊] ဇော–သည်၊ သုခံ–သုခတည်း"၊ ဣတိ အာဒိနာ–သော၊ နယေန–ဖြင့်၊ ပဝတ္တံ–

"အနတ္တာနုပဿနာ, အနိစ္စာနုပဿနာ, ဒုက္ခာနုပဿနာ"တို့၌လည်းကောင်း, "သုညတာ နုပဿနာ နာမ, အနိမိတ္တာနုပဿနာ နာမ, အပ္ပဏိဟိတာနုပဿနာ နာမ ဝိမောက္ခမုခံ ဟောတိ"တို့၌လည်းကောင်း စပ်၊ [မဏိမဉ္ဇူသာ၌ကား "ဝုတ္တာ တိဿော အနုပဿနာ စ ဝေဒိတဗ္ဗာ,ဝုတ္တာနိ တီဏိ ဝိမောက္ခမုခါနိ စ ဝေဒိတဗ္ဗာနိ, ဝုတ္တာ တယော ဝိမောက္ခာ စ ဝေဒိတဗ္ဗာတိ သေသော"ဟု ထည့်၍ စပ်သောနည်းကိုလည်း ပြ၏။]

သော၊ ကာမ ၊ပေ၊ သဒ်ါတံ–ကာမတဏှာ, ဘဝတဏှာဟု ဆိုအပ်သော၊ တဏှာပဏိဓိ–တောင့်တတတ်သော တဏှာကို၊ တဏှာပတ္ထနံ–တောင့်တ တတ်သောတဏှာကို၊ [တဏှာပဏိဓိ ကို ထပ်ဖွင့်သည်၊] မုဥ္စန္တိ–သော၊ ဒုက္ခာကာရဒဿနေန–ဒုက္ခအခြင်းအရာကို ရှုခြင်းဖြင့်၊ ပရိစ္စဇန္တိ–စွန့်လွှတ် တတ်သော၊ [မုဥ္စန္တိ ကို ထပ်ဖွင့်သည်၊] ပဏိဓိ ၊ပေ၊ နုပဿနတော–တောင့်တ ဖွယ်မှ ကင်းသော အခြင်းအရာကို အဖန်ဖန် ရှုတတ်သည်၏ အဖြစ်ကြောင့်၊ အပ္ပဏိ ၊ပေ၊ နာမ–မည်သော၊ (ဝိမောက္ခမုခံ ဟောတိ။)

**၆၄။** တသ္မာတိ–ကား၊ ယသ္မာ–ကြောင့်၊ တိဿန္နံ–န်သော၊ တောသံ– ဤအနုပဿနာတို့၏၊ တီဏိ–သုံးမျိုးကုန်သော၊ တောနိ နာမာနိ–ဤအမည် တို့သည်၊ (ဟောန္တိ) [၁၊ သုညတာနုပဿနာမည်သော ဝိမောက္ခမုခ, ၂၊ အနိ မိတ္တာနုပဿနာမည်သော ဝိမောက္ခမုခ, ၃၊အပ္ပဏိဟိတာနုပဿနာမည်သော ဝိမောက္ခမုခဟု နာမည်သုံးမျိုး၊] တသ္မာ–ကြောင့်၊ ဝုဋ္ဌာနဂါမိနိဝိပဿနာ– ဝုဋ္ဌာနဂါမိနီဝိပဿနာသည်၊ အနတ္တတော–အားဖြင့်၊ ယဒိ ဝိပဿတိ–အံ့၊ (ဧဝံသတိ–သော်၊) သုညတောနာမ–မည်သော၊ ဝိမောက္ခော–ဝိမောက္ခသည်၊ ဟောတိ–၏၊ (ကသ္မာ)အာဂမနဝသေန–မဂ်၏ဖြစ်ပေါ်လာကြောင်း ဝိပဿနာ ၏အစွမ်းဖြင့်၊ လဒ္ဓနာမတ္တာ–ရအပ်သောအမည်ရှိသည်၏အဖြစ်ကြောင့်တည်း၊ [ဤသုညတ၏ အဓိပ္ပာယ်ကိုလည်း ဘာသာဋီကာ ဝိမောက္ခအဖွင့်၌ ပြထားပြီ၊]

**၆၆။** ဝိပဿနာဂမနဝသေနာတိ–ကား၊ ဝိပဿနာ၊ပေ၊ဝသေန–ဝိပဿနာ ဟုဆိုအပ်သော အာဂမန၏အစွမ်းဖြင့်၊ [တီဏိနာမာနိ လဘတိဳ့ စပ်၊] တောန–ဤဝိပဿနာဉာဏ်ကြောင့်၊ မဂ္ဂေါစ–သည်လည်းကောင်း၊ (ဧတေန– ဤမဂ်ကြောင့်၊) ဖလဥ္စ–သည်လည်းကောင်း၊ အာဂစ္ဆတိ–ဖြစ်ပေါ်လာတတ်၏၊ ဣတိ–ကြောင့်၊ (ထိုသို့မဂ်ဖိုလ်တို့၏ဖြစ်ပေါ်လာကြောင်း၏အဖြစ်ကြောင့်) ဝိပဿနာ–ဝိပဿနာသည်လည်းကောင်း၊ မဂ္ဂေါစ–မဂ်သည်လည်းကောင်း၊ ဣဓ–ဤဝိပဿနာဂမနဝသေန, မဂ္ဂါဂမနဝသေန ဟူသောပါဌ်၌၊ အာဂမနံ နာမ–အာဂမနမည်၏၊ [အာဂမန၏ အဓိပ္ပာယ်ကို "တထာ ဖလဥ္စ ၊ပေ၊ မဂ္ဂဝီထိယံ"ပုဒ်အဖွင့် ဘာသာဋီကာ၌ ပြထားပြီ။]

**၆၇။** ယထာဝုတ္တနယေနာတိ–ကား၊ ပုဗ္ဗေ–၌၊ ဝုတ္တ ၊ပေ၊ ဝသေန–ဆို အပ်ခဲ့ပြီးသော အနတ္တာနုပဿနာ အစရှိသည်တို့၏အစွမ်းဖြင့်၊ [ဝိပဿန္တာနံ ၌စပ်၊] ယထာ ၊ပေ၊ မာနမ္ပိတိ–ကား၊ ယထာလဒ္ဓမဂ္ဂဿ–အကြင်အကြင်ရအပ် သောမဂ်၏၊ ဖလဘူတံ–အကျိုးဖြစ်၍ဖြစ်သော၊ အတ္တနောအတ္တနော–မိမိ မိမိဟူသောမဂ်၏၊ ဖလံ–အကျိုးသည်၊ ဥပ္ပဇ္ဇမာနမ္ပိ–ဖြစ်သော်လည်း၊ မဂ္ဂါဂမန ဝသေန–ဖိုလ်၏ဖြစ်ပေါ်လာကြောင်း မဂ်၏အစွမ်းဖြင့်၊ အလဘိတွာ–နာမည် မရမူ၍၊ ဝိပဿနာဂမနဝသေနေဝ–ဖိုလ်၏ဖြစ်ပေါ်လာကြောင်း ဝိပဿနာ၏ အစွမ်းဖြင့်သာလျှင်၊ ဖလသမာပတ္တိကာလေ–ဖလသမာပတ် ဝင်စားရာအခါ၌၊

တိဏ္ဏံ–န်သော၊ နာမာနံ–တို့ကို၊ လဘတိ–ရ၏၊ (ကသ္မာ) တဒါ–ထိုဖလ သမာပတ်ဝင်စားရာ အခါ၌၊ မဂ္ဂပ္ပဝတ္တာဘာဝေန–မဂ်၏ဖြစ်ခြင်း၏ မရှိခြင်းကြောင့်၊ (မဂ်ဖြစ်ပေါ်လာခြင်း မရှိသည့်အတွက်၊) တဿ–ထို မဂ်၏၊ ဒွါရဘာဝါယောဂတော–အကြောင်းအဖြစ်၏ မသင့်ခြင်းကြောင့်တည်း၊ ["ယထာသကံ ဖလမုပ္ပဇ္ဇမာနမ္ပိ"၏ အဓိပ္ပာယ်ကို ဘာသာဋီကာ၌ ပြထားပြီ၊]

အာရမဏဝသေနာတိ–ကား၊ သဗ္ဗသင်္ခါရသုညတတ္တာ–အလုံးစုံသောသင်္ခါရတို့မှ ကင်းဆိတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ သင်္ခါရနိမိတ္တရဟိတတ္တာ–သင်္ခါရနိမိတ်မှ ကင်းသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ တဏှာပဏိဓိရဟိတတ္တာစ–တောင့်တတတ်သော တဏှာမှကင်းသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ သုညတ ၊ပေ၊ ဝန္တံ–သုညတနာမည်, အနိမိတ္တနာမည်, အပ္ပဏိဟိတနာမည်ရှိသော၊ နိဗ္ဗာနံ–ကို၊ အာရဗ္ဘ–၍၊ ပဝတ္တတ္တာ–ကြောင့်၊ တဿ–ထို နိဗ္ဗာန်ဟူသော အာရုံ၏၊ ဝသေန–အစွမ်းဖြင့်လည်းကောင်း၊ [နာမတ္တယံ ၊ပေ၊ သမမေဝ၌ စပ်၊] သရသဝသေနာတိ–ကား၊ ရာဂါဒိသုညတတ္တာ–ရာဂအစရှိသည်တို့မှ ကင်းဆိတ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ ရူပ ၊ပေ၊ ရဟိတတ္တာ–ရူပနိမိတ်အစရှိသော အာရုံမှကင်းသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ကိလေသပဏိဓိရဟိတတ္တာ–တောင့်တတတ်သော ကိလေသာတို့မှ ကင်းသည်၏အဖြစ်ကြောင့်လည်းကောင်း၊ အတ္တနော–၏၊ ဂုဏဝသေန–ဂုဏ်၏အစွမ်းဖြင့်လည်းကောင်း၊သဗ္ဗတ္ထာတိ–ကား၊ မဂ္ဂဝီထိယံ–၌လည်းကောင်း၊ ဖလသမာပတ္တိဝီထိယဉ္စ–၌လည်းကောင်း၊ သဗ္ဗေသမ္ပီတိ–ကား၊ မဂ္ဂဿ–၏လည်းကောင်း၊ ဖလဿပိ–၏လည်းကောင်း၊ (နာမတ္တယံ–နာမည်သုံးမျိုးတို့၏ အပေါင်းသည်၊ သမမေဝ–တူသည်သာ။)

********

၆၈။ တေသု–ဤသောတာပန်ပုဂ္ဂိုလ်၏၊ သတ္တက္ခတ္တုံ–ခုနစ်ကြိမ်၊ သတ္တသုဝါရေသု–ခုနစ်ကြိမ်တို့၌၊ [သတ္တက္ခတ္တုံ၏ အဖွင့်၊] ကာမသုဂတိယံ–၌၊ ပဋိသန္ဓိဂ္ဂဟဏံ–ပဋိသန္ဓေယူခြင်းဟူသော၊ ပရမံ–လွန်သောအတိုင်းအရှည် သည်၊(အတ္ထိ) ဣတိ–ကြောင့်၊ (သော–ထို သောတာပန်ပုဂ္ဂိုလ်သည်၊) သတ္တက္ခတ္တုပရမော–သတ္တက္ခတ္တုပရမမည်၏၊ ပန–ဗျတိရိတ်ကား၊ အဋ္ဌမာဒိကာမဘာဝဂါမိ–ရှစ်ခုမြောက်အစရှိသော ကာမဘဝသို့သွားလေ့ ရှိသည်၊ န (ဟောတိ)–မဖြစ်၊ ဣတိ–ဤကား၊ အဓိပ္ပာယော–(သတ္တက္ခတ္တု ပရမောပုဒ်၏) အဓိပ္ပာယ်တည်း၊ [၇ကြိမ်မြောက်စသည်၌ကား ကာမဘဝဝယ် ပဋိသန္ဓေမနေတော့–ဟူလို၊] ယံ–ယင်း သတ္တက္ခတ္တုပရမသောတာပန်ပုဂ္ဂိုလ်ကို၊ သန္ဓာယ–၍၊ န တေ ဘဝံ အဋ္ဌမ မာဒိယန္တီ တိ–ဟူ၍၊ ဝုတ္တံ–ပြီ၊ [ရတနသုတ်၌ ဟောတော်မူအပ်သည်–ဟူလို၊] တေ–ထိုသတ္တက္ခတ္တုပရမသောတာပန်ပုဂ္ဂိုလ်တို့သည်၊ အဋ္ဌမံဘဝံ–ရှစ်ခုမြောက်

ဘဝကို၊ န အာဒိယန္တိ–မယူတော့ကုန်၊ ပန–ဆက်၊ ရူပါ၊ပေ၊ဘဝံ–ရူပသုဂတိ၊ အရူပသုဂတိဘဝသို့၊ သတ္တဝါရတော–၇ ကြိမ်ထက်၊ ပရမ္ပိ–အလွန်လည်း၊ ဂစ္ဆတိ–သွားသေး၏၊ ဣတိ–သို့၊ အာစရိယာ–တို့သည်၊ (ဝဒန္တိ–ကုန်၏၊)

၆၉။ ရာဂဒေါသမောဟာနန္တိ(တွေ့)–၌၊ မောဟဂ္ဂဟဏံ–မောဟသဒ္ဒါကို၊ ရာဂ၊ပေ၊မောဟံ–ရာဂဒေါသတို့နှင့်တကွ တစ်ခုထည်းသောစိတ်၌ တည်သော မောဟကို၊ သန္ဓာယ–၍၊ (ဝုတ္တံ–ပြီ) ဣတိ–သို့၊ ဒဋ္ဌဗ္ဗံ–၏၊ [မောဟကို သီးခြားမပယ်နိုင်သေး၊ ရာဂဖြစ်ရာဝယ် ရာဂနှင့်ယှဉ်၍ တစ်ခုထည်းသော စိတ်၌အတူတကွဖြစ်သောမောဟကို ရည်ရွယ်သည်–ဟူလို၊]

၇၀, ၇၂။ တေဿ–ဤ ရဟန္တာပုဂ္ဂိုလ်၏၊ ခီဏာ–ကုန်ပြီးကုန်သော၊ စတ္တာရော–ကုန်သော၊ အာသဝါ–အာသဝေါတို့သည်၊ (သန္တိ–ကုန်၏၊) ဣတိ–ကြောင့်၊ (သော–ထိုရဟန္တာပုဂ္ဂိုလ်သည်၊) ခီဏာသဝေါ–မည်၏၊ ဒက္ခိဏာရ ဟေသု–အလှူကို ခံထိုက်သော ပုဂ္ဂိုလ်တို့တွင်၊ အဂ္ဂတ္တာ–မြတ်သည်၏ အဖြစ်ကြောင့်၊ အဂ္ဂဒက္ခိဏေယျော–မည်၏၊ [အဂ္ဂေါ+စ+သော+ ဒက္ခိဏေ ယျောစာတိ အဂ္ဂဒက္ခိဏေယျော၊] သဗ္ဗေသမ္ပိတိ–ကား၊ စတုန္နမ္ပိ–န်သော၊ အရိယပုဂ္ဂလာနံ–တို့၏၊ ဝါ–တို့နှင့်၊ (သာဓာရဏာဝ၌ စပ်။)

---

၇၃။ စိတ္တစေတသိကာနံ–တို့၏၊ အပ္ပဝတ္တိသင်္ခါတဿ–မဖြစ်ခြင်းဟု ဆိုအပ်သော၊ နိရောဓဿ–ချုပ်ခြင်းသို့၊ သမာပတ္တိ–ကောင်းစွာ ရောက်ခြင်း တည်း၊ နိရောဓသမာပတ္တိ–စိတ်စေတသိက်တို့၏ ချုပ်ခြင်းသို့ ကောင်းစွာ ရောက်ခြင်း၊ ဒိဋ္ဌေဝ ဓမ္မေ–မျက်မှောက်ဘဝ၌ပင်၊ စိတ္တနိရောဓံ–စိတ်၏ချုပ်ခြင်း သို့၊ ပတွာ–၍၊ ဝိဟရဏံ–နေခြင်းတည်း၊ ဝါ–နေကြောင်းသမာပတ်တည်း။

အနာဂါမိနဉ္စေ ဝါတိ–ကား၊ [သဂြိုဟ်၌ "အနာဂါမိနဉ္စေဝ"ဟု ရှိသည်၊] ကာမရူပဘဝေဿနံ–ကာမဘဝ, ရူပဘဝ၌တည်ကုန်သော၊ အဋ္ဌသမာပတ္တိ လာဘိနမေဝ–ရှစ်ပါးသောသမာပတ်ကို ရခြင်းရှိသည်သာလျှင်ဖြစ်ကုန်သော၊ အနာဂါမိနံ–အနာဂါမ်ပုဂ္ဂိုလ်တို့၏ (သန္တာန်၌) လည်းကောင်း၊ ဝါ–တို့သည် လည်းကောင်း၊ တထာ–တူ၊ ခီဏာသဝါနဉ္စ–ရဟန္တာပုဂ္ဂိုလ်တို့၏ (သန္တာန်၌) လည်းကောင်း၊ ဝါ–တို့သည်လည်းကောင်း၊ (လဗ္ဘတိ–၏။)

တတ္ထာတိ–ကား၊ နိရောဓသမာပတ္တိယံ–နိရောဓသမာပတ်၌၊ ယာဝ ၊ပေ၊ ဂန္ထာတိ–ကား၊ ဧဝံ–ဤ ဆိုအပ်ပြီးသော အစဉ်အားဖြင့်၊ ["ယထာက္ကမံ ပဌမ ဈာနာဒိမဟဂ္ဂတသမာပတ္တိ"စသည်ဖြင့် သဂြိုဟ်၌ဆိုအပ်ပြီးသော အစဉ်အား ဖြင့်–ဟူလို၊]သမထဝိပဿနာနံ–တို့၏၊ ယုဂ၊ပေ၊ဝသေန–ထမ်းပိုး၌ ဖွဲ့အပ်သော

နွားအစုကဲ့သို့ အစုဖွဲ့အုပ်သည်၏အဖြစ်သို့ ရောက်စေခြင်း၏ အစွမ်းဖြင့်၊ ယာဝ–လောက်၊ အာကိဉ္စညာယတနံ–န ဈာန်သည်၊ (အတ္ထိ) တာဝ–ထို အာကိဉ္စညာယတနဈာန်တိုင်အောင်၊ ဂန္တွာ–၍၊ [ဈာန်အစဉ်အတိုင်း ဝင်စားသော အားဖြင့်သွား၍–ဟူလို၊] အဓိဋ္ဌေယျာဒိကန္တိ–ကား၊ ကာယပ္ပဋိဗဒ္ဓံ–ကိုယ်နှင့်စပ်သော အရာဝတ္ထုကို၊ ထပေတွာ–၍၊ ဝိသုံဝိသုံ–အသီးအသီး၊ ထပိတာ၊ ပေ၊ ဂေဟာဒီနံ–ထားအပ်သော သင်္ကန်းအစရှိသောပရိက္ခရာ, ကျောင်း အစရှိသည်တို့ကို၊ အဂ္ဂိအာဒိနာ–မီးအစရှိသည်သည်၊ အဝိနာသနာဓိဋ္ဌာနံ–မဖျက်ဆီးနိုင်အောင် ဓိဋ္ဌာန်ခြင်းလည်းကောင်း၊ သံဃ ၊ပေ၊ သနာနံ–သံဃာ၏ မျှော်လင့်ဆိုင်းငံ့ခြင်း, မြတ်စွာဘုရား၏ ခေါ်တော်မူခြင်းတို့၏၊ ပုရေတရံ–ရှေးဦးစွာ၊ ဝုဋ္ဌာနံ–သမာပတ်မှ ထနိုင်ခြင်းလည်းကောင်း၊ သတ္တာဟဗ္ဘန္တရေ–ခုနစ်ရက်အတွင်း၌၊ အာယု ၊ပေ၊ ဩလောကနံ–အာယုသင်္ခါရ၏ဖြစ်ပုံကို ကြည့်ခြင်းလည်းကောင်း၊ ဣတိ–သို့၊ စတုဗ္ဗိဓံ–သော၊ အဓိဋ္ဌာနာဓိကံ–အဓိဋ္ဌာန်ခြင်း အစရှိသော၊ ပုဗ္ဗကိစ္စံ–ကို၊ ကတွာ–၍၊ [နေဝသညာနာသညာယတနံ သမာပဇ္ဇတိ၌ စပ်၊ ဤနိရောဓသမာပတ်နှင့်စပ်၍ မှတ်ဖွယ်ကို ဝိထိနှင့် သုံးချက်စု ဘာသာဋီကာ နိရောဓသမာပတ္တိအခန်း၌ ပြထားပြီ။]

**၇၅။** ပဋိပတ္တိရသဿာဒန္တိ–ကား၊ ဈာန၊ပေ၊ဘောဒံ–ဈာန်ချမ်းသာ, ဖိုလ်ချမ်းသာအစရှိသော အပြားရှိသော၊ သမထ ၊ပေ၊ ဿာဒံ–သမထဝိပဿနာ ဟူ သော ပဋိပတ်၏သာယာအပ်သော အရသာကို၊ (ပတ္တယန္တေန–တောင့်တ သော ပုဂ္ဂိုလ်သည်၊) [ဤပုဒ်၏အဓိပ္ပာယ်ကိုလည်း၊ အခြေပြု၌ ပြထားပြီ။]

ဣတိ–ဤဆိုအပ်ပြီးသော စကားအစဉ်ဖြင့်၊ အဘိဓမ္မတ္ထဝိဘာဝနိယာနာမ–အဘိဓမ္မတ္ထဝိဘာဝနီမည်သော အဘိဓမ္မတ္ထသင်္ဂဟဝဏ္ဏနာယ–အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်း၏ အဖွင့်၌၊ နဝမပရိစ္ဆေဒဝဏ္ဏနာ (ကမ္မဋ္ဌာနပရိစ္ဆေဒဝဏ္ဏနာ)–နဝမပိုင်း၏ အဖွင့်သည်၊ နိဋ္ဌိတာ–ပြီးပြီ။

---

**ယုဂနဒ္ဓဘာဝါပါဒါနဝသေန။** ။နဟ–ဗန္ဓနေ၊ နယုတိ–ဖွဲ့တပ်အပ်၏၊ ဣတိ–နဒ္ဓေါ၊ (သံနဒ္ဓေါပုဒ်ကဲ့သို့ ရုပ်ပြီးစေ) ယုဂေ–ထမ်းပိုး၌+နဒ္ဓေါ–ဖွဲ့တပ်အပ်သောနွားအစုံ (နွားတစ်ရှဉ်း)တည်း၊ ယုဂနဒ္ဓေါ–စုံ၊ ယုဂနဒ္ဓေါ ဝိယာတိ ယုဂနဒ္ဓေါ–ထမ်းပိုး၌ ဖွဲ့တပ် အပ်သော နွားအစုံနှင့်တူသော သမထဝိပဿနာအစုံ၊ ပဋ္ဌမဈာန်ကို ဝင်စားခြင်းသည် သမထတည်း၊ ထိုပဋ္ဌမဈာန်၌ရှိသော ဝိတက်စသည်ကို အနိစ္စ ဒုက္ခ အနတ္တဟု ရှုခြင်းသည် ဝိပဿနာတည်း၊ ဤသို့ သမထ ဝိပဿနာအစုံကို "ယုဂနဒ္ဓ"ဟု ဆိုသည်၊ ထိုသို့ အစုံ အစုံအားဖြင့် ပဌမဈာန်မှစ၍ ဝင်စားခြင်း ရှုခြင်းကို "ယုဂနဒ္ဓဘာဝ+အာပါဒန"ဟုဆိုသည်။

**ကမ္မဋ္ဌာန်းပိုင်းနိဿယ ပြီးပြီ။**

**(က)** ယဿ–အကြင်နမ္ပမည်သာ, ဒါယကာ၏၊ စာရိတ္တေန ကုလာစာရေ န–အမျိုးကောင်းတို့၏အကျင့်ဖြင့်၊ သောဘိတေ–တင့်တယ်သော၊ ဝိသာလ ကုလေ–ကျယ်ပြန့်သောအမျိုး၌၊ ဝါ–ဆွေကြီးမျိုးကြီး၌၊ ဥဒယောနိဗ္ဗတ္တိ– ဖြစ်ခြင်းသည်၊ (အတ္ထိ)တေန–(စာရိတ္တသောဘိတဝိသာလကုလောဒယေန)– ထိုကဲ့သို့သော အမျိုးကောင်းတို့၏ အကျင့်ဖြင့်တင့်တယ်သော ကျယ်ပြန့်သော အမျိုး၌ ဖြစ်ခြင်းလည်းရှိထသော၊ ယဿ–အကြင် နမ္ပမည်သာ, ဒါယကာ ၏၊ ကမ္ဗာဒိဝိသယာယ–ကံ အစရှိသည်လျှင် အာရုံရှိသော၊ သဒ္ဓါယ–သဒ္ဓါ၏၊ အဘိဝုဍ္ဍော–တိုးပွားခြင်းသည်လည်းကောင်း၊ ပရိသုဒ္ဓေါ–စင်ကြယ်သော၊ ဒါနသီလာဒိဂုဏာနံ–ဒါန သီလအစရှိသောဂုဏ်တို့၏၊ ဥဒယောစ–တိုးတက် ခြင်းသည်လည်းကောင်း၊ (အတ္ထိ)၊ တေန (သဒ္ဓါဘိဝုဍ္ဍိပရိသုဒ္ဓဂုဏောဒယေန)– ထိုကဲ့သို့သော သဒ္ဓါ၏ တိုးပွားခြင်း, စင်ကြယ်သော ဒါန သီလ အစရှိသော ဂုဏ်တို့၏ တိုးတက်ခြင်းလည်း ရှိထသော၊ နမ္ပဝှယေန (နမ္ပနာမကေန)– နမ္ပ အမည်ရှိသော ဒါယကာသည်၊ [အဝှယကို "နာမ" ဟု ဖွင့်သည်။]

ပရာနုကမ္ပံ–သူတစ်ပါးတို့အတွက် အဖန်ဖန်တုန်လှုပ်တတ်သော ကရုဏာကို ဝါ–သူတစ်ပါးတို့အပေါ်၌ သနားစောင့်ရှောက် ချီးမြှောက်ခြင်းကို၊ သာသနေ– အဘိဓမ္မာပရိယတ္တိသာသနာတော်၌၊ သုခေါ ၊ပေ၊ လက္ခဏံ–လွယ်ကူစွာသက်ဝင် နိုင်သောဉာဏ်ကို ရင့်ကျက်စေခြင်းလက္ခဏာရှိသော၊ ပရာနုဂ္ဂဟံ–သူတစ်ပါး တို့ကို ချီးမြှောက်ခြင်းကို၊ [ပရာနုကမ္ပံကို "သာသနေ ၊ပေ၊ ပရာနုဂ္ဂဟံ" ဟု

---

**စာရိတ္တေန ၊ပေ၊ တေန**။ ။စာရိတ္တေနကို "ကုလာစာရေန" ဟုလည်းကောင်း, ဥဒယော ကို "နိဗ္ဗတ္တိ" ဟုလည်းကောင်း ဖွင့်သည်၊ "နိဗ္ဗတ္တိယဿ" ဖြင့် ဗဟုဗ္ဗီဟိသမာသ်ကို ပြသည်၊ ဝိသာလံ စ–ကျယ်ပြန့်(ကြီးကျယ်)သည်လည်း ဟုတ်၏+တံ+ကုလံ စာတိ ဝိသာလကုလံ၊ "စာရိတ္တေန+သောဘိတံ စာရိတ္တသောဘိတံ, စာရိတ္တသောဘိတဉ္စ+ တံ+ဝိသာလကုလဉ္စာတိ စာရိတ္တသောဘိတဝိသာလကုလံ" ဟု ရှေးဦးစွာ သမာသ်တွဲ၊ ထို့နောက် "စာရိတ္တသောဘိတဝိသာလကုလေ+ဥဒယော ယဿာတိ စာရိတ္တသောဘိတ ဝိသာလကုလောဒယော" ဟု ပြု၊ တေနဖြင့် "စာရိတ္တသောဘိတဝိသာလကုလောဒယေန" ဟု မူလအတိုင်း ဝိဘတ်ချွ ထားဖို့ရန် ညွှန်ပြသည်။

**ကမ္ဗာဒိ ၊ပေ၊ တေန**။ ။သဒ္ဓါ၏ ယုံကြည်ရာ အာရုံသည် ကံ,ကံ၏အကျိုး, ပစ္စုပ္ပန်လောက,တမလွန်လောက,ရတနတ္တယဂုဏ် အစရှိသောအားဖြင့် များသော ကြောင့် "ကမ္ဗာဒိဝိသယာယ" ဟု သဒ္ဓါ၏ အာရုံကို ပြသည်၊ "သဒ္ဓါယ+အဘိဝုဍ္ဍော သဒ္ဓါဘိ ဝုဍ္ဍော, ဂုဏာနံ+ဥဒယော ဂုဏောဒယော, ပရိသုဒ္ဓေါစ+သော+ဂုဏောဒယော စာတိ ပရိသုဒ္ဓဂုဏောဒယော" ဟု ရှေးဦးစွာ သမာသ်တွဲ၊ ထို့နောက် "သဒ္ဓါဘိဝုဍ္ဍော+ပရိသုဒ္ဓ ဂုဏောဒယော ယဿာတိ သဒ္ဓါဘိဝုဍ္ဍိပရိသုဒ္ဓဂုဏောဒယော" ဟု ပြု၊ တေနဖြင့် ရှေ့နည်းအတိုင်း ဝိဘတ်ချွ ခံဖို့ရန် ညွှန်ပြသည်။

ထပ်ဖွင့်သည်၊ အနုကမ္ပာသဒ္ဒါသည် ဒုက္ခိတသတ္တဝါတို့ကို မြင်ရလျှင် တုန်လှုပ်တတ်သော ကရုဏာကို ဟော၏၊] ပဏိဓာယ ပတ္ထေတွာ–တောင့်တ၍၊ [ပဏိဓာယကို "ပတ္ထေတွာ"ဟု ထပ်ဖွင့်သည်၊] ယံ ပကရဏံ–အကြင် အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကို၊ ပတ္ထိတံ အဘိယာစိတံ–တောင်းပန်အပ်ပြီ၊ [ပတ္ထိတံ "အဘိယာစိတံ"ဟု ထပ်ဖွင့်သည်၊] တံ–ထို အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းသည်၊ ဧတ္တာဝတာ–ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်၊ ("သမ္မာ သမ္ဗုဒ္ဓမတုလံ"အစ "နဝမော ပရိစ္ဆေဒေါ"တိုင်အောင်သော စကားအစဉ်ဖြင့်၊) ပရိနိဋ္ဌိတံ–ဝန်းကျင်ပတ်ကုံး, ကမ္ပတ်ဖုံး၍, နိဂုံးအရောက်, ပြီးမြောက်ပေပြီ၊ ဣတိ–ဤကား၊ ယောဇနာ–ပုဒ်,အနက်တို့ကိုယှဉ်စေခြင်းတည်း။

(ခ) ပကရဏပ္ပသုတေန–ကျမ်းဂန်ကိုအားထုတ်ကြောင်းဖြစ်သော၊ ဝိပုလေန–ပြန့်ပြောသော၊ တေန ပုညေန–ထို ကောင်းမှုကြောင့်၊ ပညာဝဒါတေန အရိယမဂ္ဂပညာ ပရိသုဒ္ဓေန–အရိယာမဂ်ပညာ၏ ထက်ဝန်းကျင် စင်ကြယ်ကြောင်းဖြစ်သော၊ [အရိယာမဂ်ကို ရကြောင်းဖြစ်သော–ဟူလို၊] သီလာဒိဂုဏေန–သီလအစရှိသော ဂုဏ်ဖြင့်၊ သောဘိတာ–တင့်တယ်ကုန်သော၊ တတောယေဝ–ထိုသို့ တင့်တယ်ခြင်းကြောင့်ပင်၊ လဇ္ဇိနော–မကောင်းမှုမှ ရှက်ခြင်းရှိကုန်သော၊ ဘိက္ခူ–ရဟန်းတော်တို့သည်၊ [မညန္တု၌စပ်၊] ဓညာနံ–ပုဉ်းရှင် ကံရှင်, သမ္ဘာရှင်တို့၏၊ အဓိဝါသဘူတံ–စိုးအုပ်၍ နေရာဖြစ်၍ဖြစ်သော၊ ဥဒိတောဒိတံ (အစ္စန္တပ္ပသိဒ္ဓံ)–အပိုင်းခြားကို လွန်၍ထင်ရှားသော၊ ဝါ–အာကျော်အမော်ဖြစ်သော၊ တုမူလသောမံ နာမ–တုမူလသောမမည်သော၊ ဝိဟာရံ–ကျောင်းတိုက်ကြီးကို၊ ပုညဝိဘဝဿ–ကောင်းမှုတည်းဟူသော စည်းစိမ်၏၊ ဥဒယသံ၁ါတာယ–တိုးတက်ခြင်းဟုဆိုအပ်သော၊ မင်္ဂလတ္ထာယ–မင်္ဂလာအကျိုးငှာ၊ အာယုဂန္တံ–ယုဂ်လေးကြိမ်သုဉ်း, ကမ္ဘာဆုံးသည့်တိုင်အောင်၊ မညန္တု–အမြဲမပြတ်, အမှတ်ရကြပါစေသတည်း၊ တတ္ထ–ထို တုမူလသောမ ကျောင်းတိုက်ကြီး၌၊ နိဝါသိနော–အမြဲနေကြကုန်သော၊ ဘိက္ခူ–တို့သည်၊ ဣဒိသာ–ဤကဲ့သို့ရှုအပ်သူတို့သည်၊ [ပညာဝဒါတ ဂုဏ သောဘိတ စသော ဂုဏ်ရှိသူတို့သည်၊] ဟောန္တု–ဖြစ်ကြပါစေသတည်း၊ ဣတိ–ဤဆိုအပ်ပြီးကား၊

---

**တုမူလသောမ**။　။ထိုကျောင်းတိုက်ကြီး၏ အမည်ကို ဤဝိဘာဝနီဋီကာဆရာက "တုမူလသောမ"ဟု ဆိုသော်လည်း သင်္ဂြိုဟ်ဘာသာဋီကာ နိဒါန်း၌ကား "မူလသောမ" ဟု ရေးသားထားသည်၊ "မညန္တု–အမြဲမပြတ်, အမှတ်ရကြပါစေ"ဟူရာ၌ ဤကျောင်းတိုက်ကြီးကို အသိအမှတ်ပြုရုံသာမက, ကျောင်းတိုက်၌ နေကြသော ရဟန်းတော်တို့သည် ပညာဝဒါတဂုဏသောဘိတ စသောဂုဏ်တို့နှင့်ပြည့်စုံသော ရဟန်းတော်တို့ချည်းသာ ဖြစ်ကြပါစေ"ဟုတောင့်တသည်၊ [ကြွင်းသောအဓိပ္ပာယ်ကို အခြေပြုသင်္ဂြိုဟ်၌ ပြထားပြီ။]

အဓိပ္ပာယော–အရှင်အနုရုဒ္ဓါ၏အလိုတည်း၊...စ–နိဂုံးကို ဆိုဦးအံ့၊ အဘိဓမ္မတ္ထဝိဘာဝနီနာမ–(အဘိဓမ္မာ၏အနက်တို့ကို ထင်စွာပြရာပြကြောင်း၏အဖြစ်ကြောင့်) အဘိဓမ္မတ္ထဝိဘာဝနီမည်သော၊ အယံ အဘိဓမ္မတ္ထသင်္ဂဟဋီကာ–ဤအဘိဓမ္မတ္ထသင်္ဂြိုဟ်ဋီကာသည်၊ နိဋ္ဌိတာ–ပြီးပြီ။

## နိဂမနကထာ

**၁,၂။** ရမ္မေ–နှလုံးမွေ့လျော်, ပျော်ဖွယ်ရာကောင်းသော၊ နဂရာဓိရာဇေ–မြို့တကာတို့ထက် လွန်ကဲသော မြို့မင်းဖြစ်သော၊ ပုလတ္ထိနဂရေ–ပုလတ္ထိမြို့၌၊ မဟာဘုဇေနေ–ကြီးကျယ်သော ဘုန်းလက်ရုံးရှိသော၊ ပရက္ကမဘုဇေန–ပရက္ကမဘုဇမည်သော၊ ရညာ–မင်းသည်၊ ကာရာပိတေ–ဆောက်လုပ်စေအပ်သော၊ ရမ္မ၊ပေ၊ရာမေ–မွေ့လျော်ဖွယ်ကောင်းသော ပြာသာဒ်ဦးပြည်း, ဥယျာဉ်တို့ဖြင့် အလွန်မွေ့လျော်ဖွယ်ကောင်းသော၊ ဇေတဝနေ–ဇေတဝန်မည်သော၊ ဝိဟာရေ–ကျောင်းတိုက်၌၊ သမ္ဗန္န ၊ပေ၊ တေဟိ–ပြည့်စုံသောသီလ, ဣန္ဒြေကို ဆုံးမခြင်း, စိတ်ကို စောင့်စည်းခြင်းတို့ဖြင့် နှစ်သက်အပ်ကုန်သော၊ ဂုဏာကရေဟိ–ဂုဏ်အပေါင်းတို့၏ တည်ရာဖြစ်ကုန်သော၊ ဝသိဂဏေဟိ–ရဟန္တာအပေါင်းတို့သည်၊ သမ္မာနိတော–လွန်စွာမြတ်နိုးအပ်သည်လည်း ဖြစ်ထသော၊ ဝါ–လွန်စွာမြတ်နိုးခံရသည်လည်းဖြစ်ထသော၊ မုနိန္ဒဝစနာဒိသု–ဘုရားဟောဖော်, ပါဠိတော်အစရှိကုန်သော၊ အနေကဂန္ထ ဇာတေသု–တစ်ပါးမကများစွာသောကျမ်းဂန်အထူးအပြားတို့၌၊ ဝိဒူဟိ–ပညာရှိတို့သည်၊ မဟိတံ–ပူဇော်အပ်သော၊ အာစရိယတံ–ဆရာတော်၏အဖြစ်သို့၊ ပတ္တောစ–ရောက်ပြီးလည်းဖြစ်ထသော၊ ယော–အကြင်ထေရ်သည်၊ ဝသတိ–သီတင်းသုံးတော်မူ၏၊ [ဤဂါထာတို့ဖြင့် အရှင်သုမင်္ဂလသာမိ ဋီကာဆရာ၏ ဆရာဖြစ်သော အရှင်သာရိပုတ္တရာ၏ ဂုဏ်ကိုလည်းကောင်း, ထိုအရှင်သာရိပုတ္တရာ၏ သီတင်းသုံးရာဇေတဝန်ကျောင်းတိုက်ကိုလည်းကောင်း, ထိုကျောင်းတိုက် ဒါယကာတော်မင်းနှင့် ထိုမင်း၏ နေပြည်တော်ကိုလည်းကောင်း ပြသည်။]

**၃။** စ–ဆက်ဦးအံ့၊ ဣဟ–ဤသာသနာတော်၌၊ ယဿ–အကြင် ဆရာဖြစ်သော အရှင်သာရိပုတ္တရာထေရ်၏၊ ဉာဏာနုဘာဝံ–ဉာဏ်၏အစွမ်းသတ္တိကို၊ သူစယန္တိ–ထင်ရှားပြတတ်ကုန်သော၊ ဝိနယဋ္ဌကထာဒိကာနံ–ဝိနည်းအဋ္ဌကထာ

---

**တေန ၊ပေ၊ အဓိပ္ပာယော။** ။ပညာဝဒါတေနကို "အရိယမဂ္ဂပညာပရိသုဒ္ဓေန"ဟု ဖွင့် သည်၊"ပညာဝဒါတောစ+သော+ဂုဏောစာတိ ပညာဝဒါတဂုဏော, ပညာဝဒါတဂုဏေန+သောဘိတာ ပညာဝဒါတဂုဏသောဘိတာ"ဟု ပြု၊ "အနက်တူသဒ္ဒါ, ဆင့်၍လာ, မြင့်ရာအနက်ပေး"နှင့်အညီ "ဥဒိတ"နှစ်ပုဒ်အနက်တူ သဒ္ဒါဆင့်၍ လာသောကြောင့် "အစ္စန္တ–အပိုင်းအခြားကို လွန်၍ + ပသိဒ္ဓ–ထင်ရှားသော" ဟု အနက်ပေးသည်၊ "တစ်ကျွန်းလုံး ထင်ရှားသော ကျောင်းတိုက်ကြီး"ဟူလို။

အစရှိသည်တို့၏၊ သာရတ္ထဒီပနီမှခါ–သာရတ္ထဒီပနီ အစအမှူးရှိကုန်သော၊ [သာရတ္ထဒီပနီကား ဝိနည်းအဋ္ဌကထာ၏ဋီကာတည်း၊ မုခဖြင့် အင်္ဂုတ္တရအဋ္ဌကထာ၏ဋီကာအစရှိသည်တို့ကိုယူ၊] သံဝဏ္ဏနာစ–အဖွင့်ဋီကာတို့သည်လည်း၊ မဓုရတ္ထသာရသန္နိပနေန–ချိုမြိန်ကောင်းမြတ်သော အနက်အဓိပ္ပာယ် အနှစ်တို့ကို ထင်ရှားပြခြင်းအားဖြင့်၊ သုဇနံ–သူတော်ကောင်းအပေါင်းကို၊ ပရိတောသယန္တိ–ထက်ဝန်းကျင်နှစ်သက်စေနိုင်ကုန်၏၊ [ဗဟုဝုစ်ဖြစ်၍ အန္တိ ဝိဘတ်၊ ဝသန္တတိလကပါဒဖြစ်၍ န္တိကို ပါဒန္တဂရုဟု ယူ၊ ဤဂါထာဖြင့် အရှင်သာရိပုတ္တရာထေရ်၏ သာရတ္ထဒီပနီစသော ဋီကာကျမ်းပေါင်းများစွာကို ပြုစုသော ကျမ်းပြု ဆရာတော်တစ်ပါး ဖြစ်ကြောင်းကိုလည်းကောင်း, ထိုကျမ်းများ၏ အများသုံးအဖြစ်ဖြင့် ထင်ရှားကျော်စောကြောင်းကိုလည်းကောင်း ပြသည်၊]

၄။ ထာမ ၊ပေ၊ ကရသ–ခိုင်မြဲသည်၏ အဖြစ်သို့ရောက်သော ကောင်းမြတ်သောဂုဏ်တို့၏ တည်ရာဖြစ်တော်မူသော၊ တဿ သာရိပုတ္တထေရဿ–ထိုသည့်ဆရာ အရှင်သာရိပုတ္တရာထေရ်၏၊ အနုကမ္ပံ–ဒက္ခိတ သတ္တဝါ, မြင်သောခါ၀ယ်, လျော်စွာထပ်ထပ်, တုန်လှုပ်တတ်သော ကရုဏာကို၊ ဝါ–သနားစောင့်ရှောက်, ချီးမြှောက်ခြင်းကို၊ အဝလမ္ဗိယ–အမှီတကဲ, သဟဲပြုရ၍၊ ယော (အဟံ)–အကြင် ငါသည်၊ အနေကဂန္ထဝိသယံ–တစ်ပါးမက, များပြားလှစွာ, ကျမ်းဂန်လျှင် အရာရှိသော၊ ပဋ္ဋုတံ–ကျွမ်းကျင်တတ်သိသူ၏အဖြစ်ကို၊ အလတ္ထံ–ရပေပြီ၊ တဿ (မေ)–ထိုငါ၏၊ ဧသ ဉာဏဝိဘာဝေါ–ဤ ဆရာ့ အထံမှ ရအပ်သော ဉာဏ်၏ပြည့်စုံခြင်းသည်၊ ဝိဘဝေကဟေတု (ဝိဘဝ+ ကေဟေတု)–ပစ္စုပ္ပန်သံသရာ,နှစ်ဖြာသော ပြည့်စုံခြင်းတို့၏ တစ်ခုတည်းသော အကြောင်းပေတည်း၊ [ဤ ဂါထာဖြင့် ခိုင်မြဲ ကောင်းမြတ်သော ဂုဏ်အပေါင်း တို့၏ တည်ရာဖြစ်သော အရှင်သာရိပုတ္တရာဆရာတော်၏ အထံမှ ကျမ်းဂန်များ ကို သင်ယူ၍ တတ်သိရကြောင်းကိုလည်းကောင်း, ထိုတတ်သိခြင်းဟူသော ဉာဏ်၏ပြည့်စုံခြင်းသည် ပစ္စုပ္ပန်သံသရာ နှစ်ဖြာသောပြည့်စုံခြင်းကို ရဖို့ရန် တစ်ခုတည်းသော အကြောင်းဖြစ်ကြောင်းကို လည်းကောင်းပြသည်။]

၅။ သောဟံ (သော+အဟံ)–ထို ငါသည်၊ တေသ သံသုဒ္ဓဝါယာမဿ–လောကီမဖက်, သက်သက်သန့်ရှင်း, ဤအားထုတ်ရခြင်း၏၊ အာနုဘာဝတော–တန်ခိုးရှိန်စော်, အာနုဘော်ကြောင့်၊ အဒ္ဓါ–မချွတ်ကေန်၊ မေတ္တေယျသတ္ထုနော–ကုံကော်အောင်မြေ, ဗုဒ္ဓဟော၀ယ်, ငါးထွေသောမာရ်, ပယ်လှန်တော်မူမည့်, အရိမေတ္တေယျဘုရားရှင်၏၊ သာသနဒါယာဒေါ–သာသနာ၏, လောကုတ္တရာကိုးတန်, အမွေကို ခံယူနိုင်သူသည်၊ ဟေဿံ–ကေန်စင်စစ် ဖြစ်ရပါလို၏၊ [ဤ ဂါထာဖြင့် အရိမေတ္တေယျဘုရားရှင်၏ သာသနာတော်ဝယ် ရဟန္တာဖြစ်ဖို့ရန် ဆုတောင်းသည်။]

၆။ တဒါ–အရိမေတ္တေယျ, ဗုဒ္ဓပွင့်ရာ, ထိုအခါ၌၊ တဿ–ထိုအရိမေတ္တေယျ ဘုရားရှင်၏၊ သာသနံ–သာသနာတော်ကို၊ ဇောတယန္တံ–ထွန်းလင်းစေတော်မူသော၊ သုဒ္ဓမာနသံ–ရိုးသားဖြူစင်,စိတ်မြတ်အရှင် ဖြစ်တော်မူသော၊ သာရိသမ္ဘဝံ–သာရိပုတြာအမည်ရှိတော်မူသော၊ မေ–ငါ၏၊ ဂုရုံ–ကျောက်ထီးအတူ, အလေးမူအပ်, ဆရာတော်မြတ်ကို၊ ပဿေယျံ–မျက်ဝါးထင်ထင်, ဖူးလည်းဖူးမြင်ရပါလို၏၊ သက္ကရေယျံစ–ကောင်းစွာကော်ရော်, ပူဇော်လည်း ပူဇော်ရပါလို၏။

၇။ စတုဝီသေဟိ–နှစ်ဆယ့်လေးရက် အတိုင်းအရှည်ရှိကုန်သော၊ ဒိနေဟိ–နေ့ရက်တို့ဖြင့်၊ အယံဋီကာ–ဤ အဘိဓမ္မတ္ထဝိဘာဝနီဋီကာသည်၊ နိဋ္ဌိတာ ယထာ–ပြီးစီးအောင်မြင်သကဲ့သို့၊ တထာ–ထို့အတူ၊ ပါဏိနံ–သတ္တဝါတို့၏၊ ကလျာဏသင်္ကပ္ပါ–ကောင်းသော အကြံအစည်ဟူသမျှတို့သည်၊ သီဃံ–လျင်လျင်မြန်မြန်၊ သိဇ္ဈန္တု–ပြီးစီးအောင်မြင်ပါစေကုန်သတည်း၊ [“(၂၄)ရက်ဖြင့် ဤဋီကာပြီးစီး”သည်ဟူရာ၌ ဆရာဖြစ်သော အရှင်သာရိပုတ္တရာ၏ သီဟိုဠ်ဘာသာဖြင့် ရေးသားအပ်ပြီးသော အဘိဓမ္မတ္ထသင်္ဂြိုဟ်အဖွင့်ကို ပါဠိဘာသာ ပြန်ဆိုသောကြောင့် (၂၄)ရက်ဖြင့် ပြီးရသည်–ဟု ပြောစမှတ်ပြုကြသည်၊] ဣတိ–နိဂုံးကို ပြဆိုရာစကားရပ် အပြီးသတ်သတည်း၊ ဣတိ–ဤဆိုအပ်ပြီးသော စကားအစဉ်ဖြင့်၊ ဘဒန္တသာရိပုတ္တမဟာထေရဿ–အရှင်သာရိပုတ္တရာ မဟာထေရ်မြတ်၏၊ သိဿေန–တပည့်ဖြစ်သော အရှင်သုမင်္ဂလသာမိသည်၊ ရစိတာ–စီရင်အပ်သော၊ အဘိဓမ္မတ္ထဝိဘာဝနီ နာမ–မည်သော၊ အဘိဓမ္မတ္ထသင်္ဂဟဋီကာ–အဘိဓမ္မတ္ထသင်္ဂြိုဟ်ဋီကာသည်၊ နိဋ္ဌိတာ–ပြီးပြီ။

---

**ဇောတယန္တံ ၊ပေ၊ သာရိသမ္ဘဝံ**။ ။ဤ ဝိဘာဝနီဋီကာဆရာ အရှင်သုမင်္ဂလ၏ ဆရာဖြစ်သော အရှင်သာရိပုတြာသည် အရိမေတ္တေယျမြတ်စွာဘုရား လက်ထက်တော်၌ သာသနာပြု ရဟန္တာဖြစ်ဖို့ရန် ဆုတောင်းထားပြီး ဖြစ်၏။

**အန္တိမေ အတ္တဘာဝမှိ, မေတ္တေယျံ မုနိပုင်္ဂဝံ၊**
**လောကဂ္ဂပုဂ္ဂလံ နာထံ, သဗ္ဗသတ္တဟိတေ ရတံ၊**
**ဒိသွာန တဿ ဓီရဿ, သုတွာ သဒ္ဓမ္မဒေသနံ၊**
**အဓိဂန္တွာ ဖလံ အဂ္ဂံ, သောဘေယျံ ဇိနသာသနံ**။ (သာရတ္ထနိဂုံး)

ထို့ ကြောင့် အရှင်သုမင်္ဂလသာမိဋီကာဆရာကလည်း မိမိဆရာကို ထိုအခါ၌ ဖူးမြင်လို ပူဇော်လိုကြောင်း ဆုတောင်းသည်၊ သာရိသမ္ဘဝံ၌ “သာရိပုတ္တ”ဟူသော နာမည်ကိုပင် နာမသမ္မုဋ္ဌာ ပဟောဋ္ဌိနည်းအားဖြင့် “သာရိသမ္ဘဝံ”ဟု ဆိုထားသည်၊ “သာရိယာ+သမ္ဘဝေါ သာရိသမ္ဘဝေါ (သာရိပုဏ္ဏေးမမှ ဖြစ်ပွားသူ)”ဟူသည်နှင့် “သာရိယာ+ပုတ္တော သာရိပုတ္တော” ဟူသည် အဓိပ္ပာယ်တူပင်တည်း။

**ကျမ်းပြီးပုံ**။ ။အဘိဓမ္မာအဋ္ဌကထာနှင့် မူလဋီကာကို ပေါက်ရောက်အောင် မသင်ဖူးလျှင်လည်းကောင်း၊ အဘိဓမ္မာညဝါကို ဝီထိ၃ချက်စုနှင့်တကွကုန်အောင် မဆိုဖူးလျှင်လည်ကောင်း "ဋီကာကျော် တက်ရုံမျှဖြင့် အဘိဓမ္မာကျမ်းကျင်သူ မဖြစ်နိုင်"ဟု ယူဆပါသည်၊ အဘိဓမ္မာညဝါများနှင့် အဘိဓမ္မာပါဠိတော် အဋ္ဌကထာ ဋီကာတို့ကို သေချာစွာ သင်ယူဖူးလျှင်လည်း ဤဋီကာကျော်ကို သင်ဖို့ မလိုတော့ပါ၊ ထို့ကြောင့် ဋီကာကျော်၏အဖွင့်ကို ရေးသားလိုသောဆန္ဒ မရှိလှပါ၊ သို့ရာတွင် ယခုခေတ် စာသင်နည်းမှာ တကယ်တတ်သိဖို့ထက် စာမေးပွဲတွေ အောင်ဖို့က ပဓာနလို ဖြစ်နေသောကြောင့် ထိုကဲ့သို့ ပုဂ္ဂိုလ်များသည် ဋီကာကျော်လောက်ကိုပင် ပြီးဆုံးအောင် မသင်ချင်ရကား "ထိုပုဂ္ဂိုလ်များ အလွယ်တကူ သင်ယူနိုင်ကြပါစေတော့"ဟု သဘောထား၍ ပို့ချယင်းရေးသားခဲ့ရာ ၁၈–လခန့်ဖြင့် ပြီးဆုံး၍ ဝမ်းမြောက်ဝမ်းသာ နိဂုံးအုပ်နိုင်ပါသည်။

သိဗ္ဗိတ္တဘော ဘာသာဋီကာ, ဒေသဘာသာယ သခ်တာ၊
ဗျာချာနာ အဘိဓမ္မတ္ထ–ဝိဘာဝနီယဝဏ္ဏနာ။

အဘိဓမ္မတ္ထဝိဘာဝနီယဝဏ္ဏနာ–အဘိဓမ္မတ္ထဝိဘာဝနီ, အမည်တင့်ဆန်း, ဋီကာကျမ်း၏အဖွင့်ဖြစ်သော၊ ဗျာချာနာ–နိဿယည်းအဓိပ္ပါယ်, အသွယ်သွယ်ဖြင့်, အကျယ်ဖွင့်ကြောင်း, ခေတ်မီကောင်းသော၊ ဒေသဘာသာယ–ကိုယ့်ပြည်ဒေသ, ပြောနေကျသည့်, မြန်မာဆိုင်ရာ, အမိဘာသာဖြင့်၊ သခ်တာ–တစ်သန့်တစ်သန့်, အကန့်–ကန့်လျက်, ခွဲခွဲစီရရီ, တည်ကြည်စွာစီရင်အပ်သော၊ ဘာသာဋီကာ–ဘာသာဋီကာ, ခေါ်နိုင်ပါသည့်, မှီရာသိပ်သည်း, နိဿယည်းသည်လည်း၊ သိဗ္ဗိတ္တဘော–ထောင့်သုံးရာကယ်, နှစ်ဆယ်နှင့်နှစ်, သက္ကရာဇ်၏, တွက်စစ်မာသ, ပြာသိုလ၌, လုံးဝပေါက်ရောက်, ပြီးမြောက်ပြန်ပြီတကား။

**အပြည့်အစုံရေးသားခြင်း**။ ။ဤဋီကာကျော်နိဿယကို ပုံနှိပ်ချိန်မှာ, အဋ္ဌသာလိနီနှင့် မူလဋီကာ၏ အဖွင့်များကိုလည်းကောင်း, ပါစိတျာဒိအဋ္ဌကထာ၏အဖွင့်ကိုလည်းကောင်း ပို့ချယင်းရေးသားနေပါသည်၊ ထိုသို့ရေးသားနေသည်ကို သိရှိတော် မူသော မန္တလေးမြို့ စာချဆရာတော်တစ်ပါး မိန့်တော်မူသည်မှာ"တပည့်တော်တို့ ကိုယ်တော်တို့က ကြံကြံစည်စည် ပို့ချရေးသားနေကြသော်လည်း အများစုစာသင်သား တို့ကမူ ထိုခက်ခဲသော အဓိပ္ပာယ်ကို သိဖို့ရန်ထက် စာမေးပွဲအောင်ဖို့အချက်ကိုသာ မှတ်ယူနေကြတော့သည်" ဟူ၏၊ တပည့်တော်လည်း ထိုအကြောင်းကို ကောင်းစွာ သိပြီး ဖြစ်ပါသည်။

**ရည်ရွယ်ချက်**။ ။တပည့်တော်၏ ရှေးရှေးမြန်မာဆရာတော်အဆက်ဆက်တို့သည် နောင်လာ နောက်သားတို့အတွက် မဓုဋီကာယောဇနာနှင့် နိဿယဂဏ္ဌိများကို စီစဉ်တော်မူခဲ့ကြ၏၊ ထိုကျမ်းစာတို့ကို အမှီပြုရသောကြောင့် တပည့်တော်၏ ဆရာသမားများတိုင်အောင် ပါဠိတော်အဋ္ဌကထာတို့၌ ကျွမ်းကျင်တော်မူကာ တပည့်တော်ကို သင်ပြတော်မူခဲ့ကြပေသည်၊ ယခုနှင့် နောင်အခါ၌လည်း စာမေးပွဲအောင်မှုကို ပဓာနမပြုလိုသော ဆန္ဒရှင်များ ရှိရဦးမည်သာ၊ ထိုပုဂ္ဂိုလ်များအတွက် တပည့်တော်၏ နိဿယနှင့် ဘာသာဋီကာတို့သည် မှီခိုစရာ ဖြစ်ရစ်ပါစေဟူသောရည်ရွယ်ချက်ဖြင့်သာ ကြိုးကြိုးစားစား သာသနာ့တာဝန်ကို ဆောင်ခြင်းဖြစ်ပါသည်။

**ယဒိအညာ ဥပ္ပဇ္ဇေထ, ဣတောပိ သုခသမ္မတာ၊**
**တသောကာသံ ပဒါနာယ, အယံ အန္တရဓာယတံ။**

ဣတောပိ–အများမိုးလောက်, ခရီးရောက်၍, ပြီးမြောက်ခဲ့ရာ, ဤဘာသာဋီကာထက်လည်း။ သုခသမ္မတာ–ကြည့်ရှုပို့ချ, လွယ်ကူလှသဖြင့်, အားရဖွယ်တောင်း, အကောင်းဟု သမုတ်အပ်သော၊ အညာ–ဝိဘာဝနီမည်သာ, ကျမ်းဋီကာ၏, မိုရာကျစ်လစ်, အဖွင့်သစ်တစ်မျိုးသည်၊ ယဒိ ဥပ္ပဇ္ဇေထ–ပညာလိုလား, နောက်နောက်သားတို့, ကြိုးစားရစ်သော်, အကယ်၍ဖြစ်ပေါ်လာအံ့၊ တဿာ–ထိုသို့ဖြစ်ရစ်, အဖွင့်သစ်၏၊ ဩကာသံ ပဒါနာယ–ထွန်းတောက်တင့်ရေး, အခွင့်ပေးခြင်းငှါ၊ အယံ–လပေါင်းများမြောက်, လွန်အားဆောက်မှ, ထွန်းတောက်ပေါ်တင့်, ဤအဖွင့်သည်၊ အန္တရဓာယတံ–ရိုးရာမတဲ့, တိုးကာငဲ့၍, ကပ်ဖွဲ့မနေ, ကွယ်ပျောက်ရစ်ပါစေသတည်း။

**သမ္ဗုဒ္ဓယာမိ ထေရာနံ, ယေသာဟံ သမ္ပဂ္ဂဟိတော၊**
**သုသိက္ခိတော.ဘိဓမ္မေပိ, ပတ္တော္မှိ ပကတညုတံ။**

ယေသံ ထေရာနံ–အထက်ဝေဟင်, နေအသွင်သို့, မြေပြင်ထင်ရှား, အကြင် ဆရာတော်ဘုရားတို့သည်၊ သမ္ပဂ္ဂဟိတော–အထူးစောင့်ရှောက်, ချီးမြောက်အပ်သော၊ အဟံ–ငါသည်၊ အဘိဓမ္မေပိ–ဘုရားရှင့်အရာ, နက်နဲစွာသား, အဘိဓမ္မာတရား၌လည်း။ သုသိက္ခိတော–ကောင်းစွာပို့ချ, သင်ပြုအပ်သည်ဖြစ်၍၊ ပကတညုတံ–သဘောသကန်, တရားမှန်ကို, ကေန်သိမြင်, ကျွမ်းကျင်သူ၏အဖြစ်သို့၊ ပတ္တော+အမှိ–ခေတ်အလျှောက်, လေးစားလောက်အောင်, မဖောက်မသွေ, ရောက်ရပေ၏၊ တေသံ ထေရာနံ–ကျေးဇူးတော်ရှင်, ဂုဏ်အင်ကြီးမား, ထို ဆရာတော်ဘုရားတို့အား၊ သမ္ဗုဒ္ဓယာမိ–ကျမ်းစာရေးသား, ကောင်းမှုများဖြင့်, လေးစားကော်ရော်, ပူဇော်ပါ၏။

**စတုစက္ကံ ဝတ္တိယာန, ယာနံ မလပရိဂ္ဂဟံ၊**
**ယာနာယ အမတံ ပါရံ, ကဿံ ပုရိသကာရိယံ။**

စတုစက္ကံ–သမ္ပတ္တိစက်, လေးချက်စုပေါင်း, စက်ခေါင်းလေးခုရှိထသော၊ ဗလပရိဂ္ဂဟံ–ရန်ပေါင်းခွင်းဖြို, ငါးဦးဗိုလ်တို့, ကိုယ်စီစောင့်ကြပ်, အုပ်ချုပ်အပ်ထသော၊ ယာနံ– အသွားလျှင်လျှင်, အများတင်လည်း, အားအင်ခိုင်ဖြိုး, မဂ္ဂင်တည်းဟူသော ယာဉ်ပျံတော်ကြီးကို၊ ဝတ္တိယာန–မတိမ်းမစောင်း, လည်စေကြောင်းဖြင့်, ကောင်းစွာအစဉ်, မောင်းကာနှင်၍၊ အမတံ ပါရံ–ဤဘက်မှာနေ, အားလုံးသေလျက်, ဟိုပြေရောက်မှ, ဘေးကင်းရမည့်, အမတခေါ်, နေပြည်တော်သို့၊ ယာနာယ–ကိလေသာဟူ, ရန်သူပစ်ဖောက်, ဗုံးအမြောက်တို့, မကြောက်မနား, အရောက်သွားခြင်းငှာ၊ ပုရိသကာရိယံ–ယောကျ်ားမှန်က, ပြုရဲရမည့်, ကမ္မာ့လက်ရိုး, လုံ့လမျိုးကို၊ ကဿံ–ငါးဦး ဗိုလ်ချုပ်, အဖော်လုပ်၍, မဆုတ်ရစေ,... ပြုလုပ်ပေအံ့သတည်း။

**ဋီကာကျော်နိဿယပြီးပြီ။**